
www.burmeseclassic.com




BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ



(၁) ဒီဝါ တပတိ အာဒိစ္စော၊
ရတ္တိမာ ဘာတိ စန္ဒိမာ။
သန္နဒ္ဓေါ ခတ္တိယော တပတိ၊
ဈာယီ တပတိ ဗြာဟ္မဏော။

(၂) အထ သဗ္ဗ မဟော ရတ္တိ
ဗုဒ္ဓေါ တပတိ တေဇသာ။
တာဒိသံ တေဇ သမ္ပန္နံ၊
ဗုဒ္ဓံ ဝန္ဒာမိ အာဒရံ။

(၃) နမက္ကာရ နုဘာဝေန၊
သဗ္ဗေ ပူရေန္တု သင်္ကပ္ပါ။ ။

JUL 2014

BURMESE CLASSIC

မဂ္ဂဇင်း

အတွဲ (၃၄) အမှတ် (၈)
၂၀၁၄ ခုနှစ် ဩဂုတ်လ

burmeseclassic.com

www.burmeseclassic.com







## နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

### ဘာသာရေးဆောင်းပါးများ


၅ ဘဝချင်းတူ ရှင်းပင်းကူညီ (ကဗျာ)
**မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး**
၆ သွေးကပြောသော ဘာသာစကား(၁)
**မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး**
၁၄ လယ်တီဆရာတော်ဘုရားကြီး စီရင်သော လက္ခဏာတော်ကြီး(၃၂)ပါး ဘုရားရှိခိုး
**မြဝင်း(ဓဿန)**
၁၇ နရပတိစည်သူမင်းကြီးတည်ထားတော်မူခဲ့သော ရွှေအင်တောင်ဘုရား
**ဒေါက်တာခေါ်နု(တောင်ကြီး)**
၂၅ လျောင်းတော်မူ
**ငွေထာသာ(တွံတေး)**
၂၉ ကမ္ဘာ့အံ့ချီးမကုန် မြတ်ရွှေတိဂုံရင်ပြင်တော်မှ ဆုတောင်းပြည့် မွေ့ခေတီဘုရား
**ကံဝင်း**
၃၄ ပထမံဝိဇ္ဇာရေ ထွက်ရပ်ပေါက်လောကီပညာနှင့် ကျေးဇူးရှင် စစ်ကွင်းဆရာတော် ဦးစန္ဒောဘာသ (၂၀)
**ပထမံဆရာဦးအေးရွှေ**
၄၅ ဝင့်ကြွေးတော်ဖြေ ပြေလိမ့်နိုး
**ကိုအေးမြင့်(မဟာဝိဇ္ဇာ၊ ရွှေ-သု)**
၅၃ ညောင်ပင်သာဆရာတော်ကြီး ဦးဉာဏောဒယတ်တရ
**တင်အောင်(စက်မှုတက္ကသိုလ်)**
၅၈ ထူးခြားစွာဖူးမြော်ရသော ရှင်ဥပဂုတ္တရဟန္တာမြတ်
**မျိုးတင့်(ညောင်လေးပင်)**
၆၄ ခရီးသွားရာ အားကိုးရာ
**ဉာဏ်ထိန်**
၆၉ ထူးခြားစွာ မျက်လုံးတော်ပွင့်တော်မူလာသော မုံရွာမြို့ ဒေါနဲခြံရပ်ကွက်ရှိ တောင်ကုန်းလောကမာရဇိန်ဗုဒ္ဓရုပ်ပွားတော်မြတ်
**ညီညီထွန်း(မုံရွာ)**
၇၄ ညီတော်အာနန္ဒာ၏ ပါရမီဇာတ်လမ်းများ
**ဝဏ္ဏသီရိ**
၇၉ ရွှေကံကူလေပုံသစ်တော်ရုပ်ရှင်တော်မြတ်၏ကာယားပြည်နယ် လွိုင်ကော်မြို့ ဒေသစာရီခရီးစဉ်
**ဘိုဘို(ရွှေကံကူ)**
၈၉ တိဿရသေ့ကြီးပုံရိပ်တော်နှင့် ထင်ရှားဖူးမြော် ကျိုက်ထီးရိုးစေတီတော်
**မင်းမြတ်သိန်း(လားရှိုး)**
၉၅ ငပလီကမ်းခြေ ဇီးဖြူကုန်းကျေးရွာမှ မောင်တော်၊ နမတော် ဂဠုန်ရကျောက် မောင်နှမများ
**ရွှေချိုအောင်(ငပလီ)**
၉၉ မြေမြို့ဘုရားပျက် သမိုင်းစာမျက်နှာဆက်သော စောမိညှိစေတီတော်
**မောင်စိမ်းဝေ(ထားဝယ်)**
၁၂၂ တရားအားထုတ်သူ တစ်ယောက်အကြောင်း(၁၁)
**ထုံးတောင်-အရှင်ဓမ္မဝီယ(မြောင်)**
၁၂၇ ဗုဒ္ဓမြတ်စွာသာသနာ ရောင်ဝါနေသို့ထွန်းစေဖို့ မျိုးဆက်သစ်လူငယ်များအတွက် သိမှတ်စရာများ
**ဆရာဦးစိန်လှိုင်(ကျိုက်လတ်)**


### သုတရသဆောင်းပါး


၂၇ ဟီရိုရှိမြဲသွယ်ပွဲ
**သုတဝင်း**
၁၁၂ အဘအောင်မင်းခေါင်နှင့် ဝိဇ္ဇာဂန္ဓာရီခရီးစဉ်(၄)
**အဂ္ဂဓါလှိုင်း**
၁၃၄ ကရုဏာလူမျိုး(၂)
**မေတ္တာရှင်(ရွှေပြည်သာ)**
၁၄၁ ကညာပျို ကြာညိုရန့်သင်းစေသော် အပိုင်း(၁)
**ဦးမင်းဇော်(ရွှေနဝင်း)**
၁၅၄ မြန်မာ့ရိုးရာ နတ်ယုံကြည်မှုလေ့လာ(၆၄)
**မောင်သန်းဆွေ(ထားဝယ်)**
၁၇၂ မိစ္ဆာမီးပြတိုက်
**လှမ်းထက်**
၁၇၅ အစွဲအလမ်းကလေးများ(၁)
**သက်လုံ**
၁၈၆ ယုန်သားအညှီနံ့ မနံအောင်ချက်နည်း
**စုစန္ဒာအောင်(ကျောက်ပုံ)**
၁၈၇ ဆရာကြီးဦးပုံချိုနှင့်တေဘုမ္မာသီချင်း
**မောင်ပွင့်ဉာဏ်(မောရ)**
၁၉၅ အာဆင်းနစ်အဆိပ်သင့်ခြင်း
**စွမ်းထက်ချောင်**
၂၀၇ ငါးချဉ်ဖတ်အရည်နှင့် အခြောက်ပြုလုပ်နည်း
**တင်ညိုအေး(နဂါးမြို့တော်)**
၂၁၉ စိတ်စွမ်းအင်စုံထောက်ကြီးကရာဇက်၏ ပျောက်နေသောကလေးအလောင်းဖော်ထုတ်ပုံ
**မနော့ာသုတေသီ**
၂၃၉ စကားပြောသော ထိပ်တန်းလျှို့ဝှက်မှုဝတ္ထုဇာတ်လမ်းများ
**လှမိုး(ပညာရေး)**


www.burmeseclassic.com

www.burmeseclassic.com



၂၅၇ တာရှည်ခံသည့်
သရက်သီးဗိုးတီပြုလုပ်နည်း
သန္ဓါ(ဥပဒေ)

၃၀၄ ကပ္ပိယဘိုမင်းနှင့်
ဂန္ဓာလရာဇ်ခေးကုထုံးများ
ကိုစနေ

၃၁၇ မုဗ္ဗာမပြည့်ရှင်ဓါရီရှ(၃)
နိုင်ခင်မောင်လေး

၃၂၆ ကိုလိုနီခေတ်
မြို့အုပ်ကြီးတစ်ဦးမှတ်တမ်း
အနောက်တံခါးမှူးမောင်မှူး

၃၄၀ ဓမ္မတာထိမ်မြင်းနှင့်ဆက်နွယ်နေသော
ဦးနှောက်အကျိတ်ရောဂါ
ရိုရိုဌေး



## သုရဿတိုင်းရင်းဆေး


၂၆ ဝက်မြံခွေ့ဉ်ခံဆေးနည်းနှင့်
ကင်းကိုက်ပျောက်ဆေးနည်း
အောင်သိန်းဝင်း(ပွင့်ဖြူ)

၄၀ နှုးနှာခါးနှာပျောက်စေရာ
(လိမ်းဆေးဆီ)
နတ်မောက်မင်းသန့်နိုင်

၄၄ ကြို့ထိုးသည့်ရောဂါမပေါ်ပါနှင့်
ပညာကျော်

၁၄၇ ဆိုင်ကယ်ဇိုပ်ဖောအပူလောင်လျှင်
စိုးမင်း(မြောက်စည်း)

၁၂၃ လက်တွေ့သွေးအန်ပျောက်စေသော
သစ်ရွက်နှစ်မျိုး
အေးရွှေ(ဗီးကုန်း)

၁၃၃ နွယ်မြက်သစ်ပင်ဆေးဖက်ဝင်
မဟာနွယ်(မန်းတက္ကသိုလ်)

၁၃၂ ခွေးလေးယားအယဉ်စေ့၏အစွမ်း
နေပြည်တော်ကျော်ကျော်စိုး

၁၅၀ အရိုးပျော့နှင့်ဥသျှစ်ခွဲ
နေပြည်တော်ကျော်ကျော်စိုး

၁၅၅ လေဖြတ်၊လေဖြန်ခလေငန်း
ဤဆေးစွမ်း
နတ်မောက်လှမြင့်သစ်

၁၅၉ အသက်ရှည်ကျန်းမာစေဖို့
အချိန်နာရီများကိုဂရုစိုက်ကြပါစို့
မျိုးတင့်(ညောင်လေးပင်)

၂၃၃ သွေးအန်သွေးထွေးဖြစ်ခဲ့ပါက
နေပြည်တော်ကျော်ကျော်စိုး

၃၆၆ နင်းခုအစိုးအခြောက်
သက်သာပျောက်စေဖို့
အခါကြီး(၄)မျိုး
သန္ဓါ(ဥပဒေ)


## သုရဿဝတ္ထုတို


၉၂ သေရွာပြန်အဘွား
ဒေါ်မြသန်းကြည်(အန်လျှင်)

၁၀၄ အသိတရား၏လမ်း
နတ်မောက်လှမြင့်သစ်

၁၁၈ အကျွတ်တရားရသည့်မောင်သောင်း
မြနန်းရှင်

၁၄၃ ဝိညာဉ်လိပ်ပြာသံသရာ
မြဦး

၁၄၈ ဂမ္ဘီရဆန်သည့်ထိုဒိုပ်မက်
ရာမြေ-ကျော်ဇေ

၁၅၈ ကောရာဇ်ပင်အောက်
ယန်းအတူကောက်သူ
ဝင်းထွန်းအောင်(စစ်/ဆေး)

၁၆၆ ရသေ့ကြီးဦးရွှေအွဲ့နှင့်
ထူးဆန်းသောမြွေတောင်ထိုဏ်ဂူ
ခင်နှင်းရီ

၁၇၈ မိုက်ပေါက်အောင်စားတဲ့သူ
မောင်မောင်ချစ်ဦး(မုံရွာ)

၁၉၀ ရယ်သံ
ဝင်းထင်(ရွှေရောင်မြေ)

၂၀၂ သိုက်နန်းရှင်များ
မောစက်ရှင်(တျိုင်ထင်)

၂၀၈ ကျေးဇူးရှိလျှက် အဆပ်ခက်
မျိုးသစ်

၂၁၂ ကျွန်ုပ်တို့ကျွန်းပေါ်မှ
ဆံရှည်ကိုယ်တော်တစ်ပါး
မောင်တူထင်(မော်လမြိုင်)

၂၂၈ သေရည်သစ္စာ
နေမိဋ္ဌာ

၂၄၂ ထမင်းတစ်နပ်ပို့ရသောအကျိုး
ဆရာဦးစိန်လှိုင်(ကျိုက်ထော်)



၂၄၇ ဘဝတစ်ကွေ့ ခဿတွေ့လည်း
ထာဝရမမေ့နိုင်သောပညာရှင်
တက္ကသိုလ်ဝင်းမြင့်

၂၅၄ မြင့်မြတ်သူ၏သစ္စာတရားနှင့်ကျိန်စာ
အရှင်သုမေဓာဘိ

၂၅၈ လူဝင်စားမိကျောင်းစိန်
နှင်းဝင်းကျော်ခေါင်

၂၆၆ ဘဝပေါင်းကာအလွမ်းရှင်မလေး
နေဝန်းသစ်

၂၇၄ ကျွဲသဘာမစ္ဆရိယ
တိုးထက်

၂၈၂ (၆)နာရီ (၇)လက်၊ (၈)ယောက်
ရှမ်းခွင်ကျော်-မောင်တော်သိ

၂၈၆ ဆင်ဖြူတော်ကြီးနှင့်ကျွန်တော်
သပိတ်ကျင်း-ကျော်ကျော်ထွန်း

၂၉၂ သုံးဆယ့်တစ်ဘုံမှာ
သုံးဆယ့်တစ်ပုံတီးခတ်ရင်း
မောင်သင်းထုံ(ကျောက်မဲ)

၂၉၈ မောင့်ရစ်လေဦး
ရွှေပြည့်စိုး(မိုးကုတ်)

၃၁၂ လက်ပံလှချိုင့်ဂုမ်းပုံပြင်
မောင်မှူးကြီးသိန်းဝင်း

၃၂၀ နွားမကြီးနဲ့နိုစို့တဲ့ သူခိုးကြီးငန်းမြွေ
မောင်ထင်းနိုင်

၃၃၈ တောနက်ထဲက စေတီတော်လေး၏
ရာဇဝင်
မောထွန်း

၃၅၀ ပေါက်စ၏ဘဝအတွေ့တွေ့
ခင်မောင်အေး(မန္တလေး)

၃၇၆ လိုင်းလေကြားမှသေရွာပြန်များ
ရွှေစင်သား

၃၈၄ မပဲ့ပါကြောက်သော ဆင်ဦးစီးသရွေ့
တင်အေးကျော်(အောင်လံ)


www.burmeseclassic.com

www.burmeseclassic.com



## သုရဿ ပညာရပ်


၁၂၉ မဟာဘုတ်ဒသာအဟောပညာ(၃)နှင့်
ယတြာများ
**ဦးကြည်ဝင်း(ရွှေစင်)ချောက်**

၁၈၂ နေ၏ထူးခြားချက်၊
နေ၏လျှို့ဝှက်ချက်(၂)
**ဖုန်းမြှီအောင်**

၂၂၂ အင်္ဂဝိဇ္ဇာလက်တွေ့ပညာ
**ဆရာဦးမောင်မောင်သန်း**
**(ရင်ကိုအေးမြစေသား)**

၂၃၆ လူသားတို့၏ကံတရားကိုဖော်ပြသော
မွဲများအကြောင်း
**လှထွန်းအောင်(ရှပဓေ)**

၂၇၀ တားရော့ကားချပ်များအား
ချဉ်းကပ်လေ့လာခြင်း
**ဆရာစိုး-ရွှေအာရုဏ်ဦး**
**(တားရော့သုတေသီ)**
**မိုးကောင်း**

၃၀၉ ချက္ကရစ္စမ်းအင်နှင့်ရောဂါကုထုံးများ
**မောင်ကျော်တိုင်**

၃၃၄ သင့်စွမ်းအင်သင့်ကိုယ်ခံအားကောင်း
စေမည့် ဖုန်းရွှေမျှော (၁၆၈)
**ဦးအောင်လှိုင်(သုဝဏ္ဏ)**

၃၅၆ အလွယ်လေ့လာလက္ခဏာပညာ
**ဆရာမော်**

၃၆၀ သေးကြူနှစ်ပါး ပေါင်းရုံးထား
နဂါးနင့်မှ သုံးပါးရှ၏
**သုရိန်ထွန်း(ဝိဇ္ဇာစရဏ)ပြည်**

၃၆၂ နာမည်မြင်ကွင်း
**ဆရာဦးမောင်မောင်သန်း**
**(ရင်ကိုအေးမြစေသား)**

၃၆၇ နှစ်ဆယ်ရာစု၏
အကြီးမြတ်ဆုံးရုပဗေဒပညာရှင်
အိုင်းစတိုင်း၏ဘဝနှင့်
လက္ခဏာပညာအမြင်
**ဆရာချမ်းမင်း(LL.B)**

၃၇၉ ဂမ္ဘီရဝိဇ္ဇာမယသိဒ္ဓိ
မြန်မာ့အင်းအမျိုးအစားများအား
လေ့လာခြင်း
**တြိရတနာ-ဆရာဝေယျာထင်း**

၃၉၁ ကိန်းဂဏန်းများနှင့်သင်
**ဦးအောင်လှိုင်(သုဝဏ္ဏ)**


## သုရဿလက်တွေ့အသုံးချ


၄၁ အနန္တသိဒ္ဓိသဗ္ဗသုခအကျိုးကိုရစေသော
သရဏဂုံပဌာန်းအဓိဋ္ဌာန်
**ဘုန်းခေါင်**

၆၈ ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ
နေသိဒ္ဓိနက္ခတ်မင်္ဂလာအခါတော်
**ရှိန်းအောင်(ဂမ္ဘီရ)**

၁၀၃ ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ
အထွက်၊ အဝင်၊ ခပါင်နက္ခတ်ဗေဒ
**ဦးအောင်စောလှိုင်(ပုသိမ်)**

၁၂၁ အိမ်ဆောက်မည့်သူများ
ဒါတွေသိထားပါ
**မုဒိတာ(ကျိုက်လတ်)**

၁၅၂ ငွေဆိုတဲ့ငွေ ရကြပါစေ
**ဆရာဦးစိန်လှိုင်(ကျိုက်လတ်)**

၁၉၉ တိရစ္ဆာန်များပျောက်ခဲ့သော်
**နေပြည်တော်ကျော်ကျော်စိုး**

၂၂၇ ဖျားစွဲခြင်း၏ကောင်းကျိုးဆိုးပြစ်
သုခဖြစ်စေ
**ညွန့်ဝင်း(နတ်တလင်း)**

၂၄၅ ကျွန်ုပ်နှင့် ပထမံဘိုးဘိုးအောင်ပေးခဲ့
သော နဝင်းသိဒ္ဓိဗျည်းစမအင်း
**ဘုန်းခေါင်**

၂၆၅ ပုရွက်ဆိတ်အန္တရာယ်ကို
ဒီလိုကာကွယ်ပါ
**စိုးထွန်း(ဥပဒေ)**

၂၉၆ ထီ
**ဆရာဦးမောင်မောင်သန်း**
**(ရင်ကိုအေးမြစေသား)**

၃၂၅ ပြည်မြန်မာ၏သိပ်ရာသီပြောင်း
မန်ဒိန်းဇာတာဟောကိန်း
**မင်းရှိန်အောင်**

၃၉၅ ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ
ကံမြင့်ကံပွင့်အစီအရင်
**ပြည်သိန်းကျော်**

၃၉၈ နိမိတ်စွဲလမ်းတတ်သူများအတွက်
သုရဿလက်ဆောင်
**ဆရာဦးမောင်မောင်သန်း**
**(ရင်ကိုအေးမြစေသား)**

၄၀၂ ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ
ကောင်းကျိုးပေးဖြာ
တစ်နေ့တာလမ်းညွှန်
**ဒေါ်ခင်စံသူ (B.Sc)**

၄၀၄ ၂၀၁၄ ခုနှစ်၊ ဩဂုတ်လအတွက်
ခုနစ်ရက်သားသမီးဟောစာတမ်း
**ဆရာဦးမောင်မောင်သန်း**
**(ရင်ကိုအေးမြစေသား)**



**နာယက**
ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)
**စာတည်းချုပ်**
ဦးအောင်မြတ်
**ဆုပ်ချုပ်မှုစာတည်း**
ဒေါ်သန်းသန်း(ခ)
ဒေါ်ချောသီရိနိုင်
**စာတည်းအဖွဲ့**
ကျော်မင်းထွန်း
ဝေလှဲ့လှဲ့ထွဏ်း

**ဥပဒေအကြံပေး**
ဦးထွန်းရွှေ
B.A (Law);L.L.B
လွှတ်တော်ချုပ်ရုံးရှေ့နေ
**ထုတ်ဝေသူ**
ဦးအောင်မြတ်
(မြ-၀၄၃၂၉)

**မျက်နှာဖုံးနှင့်**
**အတွင်းပန်းချီ**
စိုးအောင်
**သုရဿစာလုံးဒီဇိုင်း**
တိုကျော်မင်းမောင်
**အတွင်းဓာထင်**
color king
**မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်**
ဦးဝင်းအောင် (မြ-၀၅၁၃၁)
သန်းထိုက်ရတနာအော့ဖ်ဆက်
အမှတ်(၈၄၈၆) လမ်း(၅၀)
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း ၀၁- ၂၉၈၆၇၄

**ဖြန့်ချိရေးမှူး**
အောင်မြင့်သန်း
ထွန်းမြူတာစာစီ
ရုရုလှိုင်၊ ချမ်းငြိမ်ကျော်၊
ဓိမ္မန်ထွန်း၊ ဝင်းမြ၊ ဓိဓိပိုင်
**ရုံးအဖွဲ့**
အေးအေးစန်း၊ ဝှမ့်၊ ဇုဇုခံ၊
ကြူကြူနိုင်၊ တင်မိုးနိုင်
နှင်းနှင်း၊ နု
**စာတည်းအဖွဲ့ရုံးခန်းနှင့်ဖြန့်ချိရေး**
ပညာရွှေတောင်စာအုပ်တိုက်
အမှတ်(၉၀၉၂) ပန်းဆိုးတန်းလမ်း
ကျောက်တံတားမြို့နယ်၊ရန်ကုန်။
ဖြန့်ချိရေး- ၀၁-၃၈၇၃၁၈
စာမူနှင့်ကြော်ငြာ -၀၁- ၂၄၀၆၉၀
**မျှဝေသ**
တစ်ဦးတည်း ကိုယ်စားလှယ်
ထွန်းဦးစာပေ
**နေပြည်တော်ချွင်းမှား-**
သော်တာစန်း၊ သရဖူ၊ ရွှေရည်ဝင်း၊
မော်လမြိုင်-ကျော်ကျော်စာပေ
ရှမ်းတောင်ကသား-ဂါနဒီ၊ မိလုံမှာ
ပဲခူး- သဝင်စာပေ
ပထိတ-တာလေးမောင်၊ ရွှေမောင်း
မကွေး -ရွှေပြည်စိုး
တောင်ငူ-ဦးထွန်း၊ ဦးလှမောင်
မြန်အောင်-လှုတုမေဗ္ဗာ
အုပ်ရေ ၁၀၀၀
လက်ကားဖြန့်ဈေး ( ၂၇၀၀ ) ကျပ်


www.burmeseclassic.com

www.burmeseclassic.com

**ဘဝချင်းတူ ရှိန်းမင်းကျော်ညီ**

- ငါလည်းပဲ ဘုရားမဟုတ်
  ဟုတ်ရာဟုတ် ချော်ရာချော်
  မကျော့တကျော်။
- နင်လည်းပဲ ဘုရားမဟုတ်။
  မြုပ်ရာမြုပ် ပေါ်ရာပေါ်
  မတော့်တတော်။
- အားလုံးပဲ အနေတော်
  ရွှေလှော်တို့ဖြင့် ဟုတ်ကြသေးဘူး။
- အလေးထား
  အရေးအသား စာကိုင်မှာဖြင့်
  ငါယိုင်လျှင် နင်ဝင်ဖမ်းလို့ရယ်
  လှမ်းကူပါဦး...။

(၁၁၆၃ ခုနှစ်၊ နတ်တော် [illegible] ၇ ရက်)
ပဋ္ဌ[illegible]

**မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး**





www.burmeseclassic.com

www.burmeseclassic.com

**ကျမ်းဦးနိဒါန်း**

*ဘာသာဝါဒါယ ပဝတ္တံ၊ လောဟိ*
*တံ သဒ္ဒံ ပစ္စယော။*
*သာပန စတ္တာရော ဇတော၊ သံဝမ*
*န္တိမိပတေယျာ။*
*တေဟိ ဗလဝတော ကိစ္စံ၊ သိဒ္ဓ*
*တိယေဝ ကီနာမ။*

**ဘာသာဝါဒယ** - ဘုရားအစထား ဆရာ ဆရာ့စကား အစဉ်လိုက်စားခဲ့ရာမှ၊ **ပဝတ္တံ** - ဖြစ်ပေါ်စီးဆင်းလာသော၊ **လောဟိတံ** - သွေးအားများသည်၊ **သဒ္ဒံ (သဒ္ဒါယ)** - အသက်ချင်းနှော သွေးချင်းပြောရာမှဖြစ်သော ယုံကြည်ချက်အား၊ **ပစ္စယော ဥပကာရကော** - ကျေးဇူးပြု၏။ **သာပန** - ထိုယုံကြည်ချက်သည်ကား၊ **စတ္တာရော** - လေးပါးတစ်တွဲ ကဲဆင့်လျက်ကရှိကုန်သော၊ **ဇတော အဓိပတေယျာ** - ဆန္ဒကြီးမှု၊ ဝီရိယကြီးမှု၊ စိတ်ကြီးမှု၊ ပညာကြီးမှုတို့ကို၊ **သံဝမန္တိ** - တိုးပွားစေကုန်၏၊ **တေဟိ** - ထိုအဓိပတိလေးမျိုးတို့ကသာ၊ **ဗလဝတောပန** -အားကောင်းလာပါမူကား၊ **ကီနာမ ကိစ္စံ** - အဘယ်ကိစ္စမဆို၊ **သိဒ္ဓတိယေဝ** - ပြီးစီးရတော့သည်သာ။ ။

**ယုံကြည်ချက်သည်**
**အခန်းတိုင်းဖွင့်ရာ၏ရှေ့သော့**

ဘာသာသည် ယုံကြည်ရာမှ ဖြစ်ပေါ်လာခဲ့၏။ ယုံကြည်ထိုက်သူတို့၏စကားကို လက်ခံကျင့်သုံး ကိုယ်တွေ့ထုံး ပွင့်ပေါ်ရာမှတည်း။ သို့ကြောင့် ဘာသာ ဟူသော စကား၏ နောက်ဝါဒ တစ်လုံး ကောက်ထည့်ပေးထားရ၏။

ဘုရားစကား ယုံကြည်စွာ လက်ခံကျင့်သုံးက ဗုဒ္ဓဘာသာဝင်။ အခြားစကား ယုံကြည်လက်ခံ ကျင့်သုံးပါက အခြားဘာသာဝင်။ ဤမျှသာကွာ၏။ ဘာသာကား ဘာသာချည်းပင်တည်း။

ယနေ့ လက်ခံ ကျင့်သုံးနေကြသော ဘာသာတို့မပေါ် ထွန်းမီကဆိုပါမူ တော၊ တောင်၊ သစ်ပင်နှင့် အရာမ်ဥယျာဉ်များကို တစ်ဆင့်စကားတစ်ဆင့်ကြားဖြင့် အားကိုးကြရ၏။ ပူဇော်ပ,သကြရ၏။ ပူဇော်မှန်းသိ၍ ပိုင်လိုကိုင်လိုသူ လှည့်ဝင်လာသောအခါတွင်မူကား အိပ်မက်ပေး၍လည်း ယုံကြည်ရန်စကား အာမခံထားလာကြ၏။ ပူးဝင်ပူးကပ်ဖြင့်လည်း ယုံကြည်ရန်စကား အားပေးအားမြှောက်ထားလာကြ၏။ ကိုယ်ထင်ပြခြင်းဖြင့်လည်း ယုံကြည်ရန်စကား ကိုယ်တွေ့ထားလာကြ၏။

ယနေ့တိုင် တောတောင်ထူထပ်

# မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး
# သွေးကပြောသော ဘာသာစကား





www.burmeseclassic.com

www.burmeseclassic.com

ရာ၊ လူသူပါးကျဲရာတို့၌ အစွမ်းပြသကြ ဆဲတည်း။ မြို့ကြီးပြကြီးထဲကနေ ဟိုဖယ်၊ သည်ပုတ်လုပ်နေခြင်းကား အသိမနှံ့စပ်ခြင်းကြောင့်သာ။ ထိုစဉ်ကယုံကြည်ခြင်းကား ကြောက်လန့်ခြင်းကို အရင်းပြု၍ ယုံကြည်ရခြင်းပင်။ အင်အားမရှိသေးသောသူအား ကြောက်လန့်စရာကား ခြောက်လှန့်မြဲ မဟုတ်လော။ လူသူအင်အားကလည်း ယနေ့လို တစုတဝေးတည်းမစုမိကြသေး။ စိတ်ဓာတ်အင်အားကလည်း ယနေ့လို အသိကြွယ်၊ အမြင်ကြွယ် မဝင့်ထည်ကြသေး။

ထိုမှနောက် 'ကမ္ဘာအစ ဗြဟ္မာကြီး လေးယောက်က' တွင် နှစ်ယောက်တသာ ဖိုမဆက်ဆံရေးကောက်ကိုင်ပြီး အိမ်ထောင်သားမွေး မျိုးဆက်သွေးထားရေးသို့ရွေ့ရှုသွားကြပြီး ကျန်နှစ်ယောက်တို့မှာမူကား ဗြဟ္မာ့ပြည်ကပါသောစျာန်တရားအတိုင်း ညွှတ်ကိုင်းအားထားလျက်က အိမ်ရာမထောင် အမှောင်မချနေမြဲနေလာခဲ့ကြရာ ယခင်များကကဲ့သို့ပင် စျာန်စိတ်များဖြစ်ပွားလာကြ၏။ စျာန်ဝသီဘော်များ ပွားများလာနိုင်ကြ၏။

ထိုအခါ နောက်ဘဝများကို ပြန်အောက်မေ့နိုင်သောဉာဏ်ဖြစ်ပေါ်လာချေတော့ရာ -

'ငါတို့ကား ထာဝရဘုရား၏ သားတော်များ၊ ငါတို့ကား ထာဝရဘုရားကိုယ်ပွားထားသော တမန်တော်များ'

ဤသို့လျှင် ကြွေးကြော်လာကြကုန်၏။

ထိုစဉ် လင်ထား၊ မယားဖက်တို့လို မကလက်သည်ကိုလည်း အများသိ၊ အိမ်ထောင်သားဖွင့် အကျင့်မျိုးမဟုတ်သောအကျင့် ကျင့်နေသည်ကိုလည်း အများအမြင်။ ထိုနှစ်ချက်ကပင် ယုံလောက်စရာဖြစ်နေချေရာ လူအင်အား၊ စိတ်ဓာတ်အင်အားများကလည်း ကိုယ့်ကိုယ်ကိုယ် အားမကိုးလောက်ဖြစ်နေရကား ယင်းတို့အပေါ် အကြွင်းမဲ့ယုံပုံအပ်လိုက်ကြပြီ။

သဒ္ဓါသည် ဆေးဝါး၊ မန္တန်များထက်လည်း အစွမ်းထက်၏။ သဒ္ဓါသည် ဘုရင်၊ စစ်သူကြီး၊ သက်ဦးဆံပိုင်ကြီးများထက်လည်း အာဏာကြီး၏။ သို့ကြောင့် ထိုသူများက ငါတာဝန်ယူ





www.burmeseclassic.com

www.burmeseclassic.com









သည်ဆိုရုံမျှဖြင့်ပင် အရဲပိုလာတော့၏။ 'ငါ့အမိန့်တော်' ပြောကာမျှဖြင့်ပင် ရောဂါရောဘယပါ ပျောက်ကင်းသွားကြတော့၏။

ခေတ်မီသူတို့ကား တမန်တော်၏ ထံတော်ပါး ဘာသာဝင်သွားကြပြီ။ ရိုးစွဲတို့ကား ထုံးစံအတိုင်း နတ်ကိုးကွယ်ခြင်းဖြင့်ပင် သောင်တင်နေကြပြီ။ ထိုမှတစ်ဆင့် ဗုဒ္ဓ ဟူ၍ ဘုရားပွင့်လာသောအခါတွင်မူကား မိမိကိုယ်ပိုင်ဉာဏ်အသုံးချကာ ခွဲခြမ်းဝေဖန်တတ်လာသူများက ဗုဒ္ဓဘာသာဝင်အဖြစ် ကူးပြောင်းခံယူလာကြပြီး မိမိကိုယ်ပိုင်ဉာဏ်အသုံးမချတတ်သေးသူများကား တမန်တော်အမည်ခံသူများ၏ တစ်ဆင့်စကား၌ပင်နားသက်နေခဲ့ကြပြီ။

အားလုံးချိုသော် ယုံကြည်ခြင်းဖြင့် ဘာသာထွန်းကားစေ၏။ ကြောက်ရွံ့ခြင်းကို အရင်းတည်၍ ဘာသာဝင်ခံယူလာကြ၏။

ကမ္ဘာကြီးလည်း သက်တမ်းရင့်၊ လူအများလည်း ဘဝစုံ၊ ဘာသာများလည်း အသားကျဖြစ်လာသော ယနေ့ကာလ အခါသမယတွင်ကား ဘာသာရေး သွေးဖြင့်မွေးထုတ်နိုင်ကြပြီ။ ခေတ်မီခြင်း၏ သင်္ကေတတည်း။ ဘာသာသွေးအစွဲဖြင့်ပင်သွင်းပေးနိုင်ကြပြီ။ နည်းပညာထွန်းကားခြင်း၏သင်္ကေတတည်း။

ဤစာစဉ်ကား အကျင့်မှဖြစ်သော သွေး (စရိုက်သွေး) တို့ကို အခြေခံ၍ ဘာသာသွေးမွေးမြူပေးရပုံများကို ဖွင့်ဆိုပြသမည်ဖြစ်ရာ မိဘတို့က လက်ခံသင့်သောသွေး၊ လက်မခံသင့်သောသွေးများကို ရွေးစိစစ်၍ မျိုးဆက်သားသမီးများအား ဘာသာအမွေပေးခဲ့ကြရန်နှင့် လက်ဆင့်ခံ သားသမီးများကလည်း ဘိုးဘွားစဉ်ဆက် ထိန်းသိမ်းကာ အမွေပေးထားခဲ့ပါသော ဘာသာသွေးနှင့် ဘာသာရေးအမွေများကို သွေးမပျက် လက်မပြောင်း တစ်ကြောင်းတည်းလမ်းအတိုင်း ဆက်လက်ထမ်းကြရန် တိုက်တွန်းလိုသော စာစဉ်တည်း။

**ဘာသာသွေးလှ၍**
**ဘာသာအသားကျကြပါစေ။**

၁၃၆၄ ခု၊
တန်ဆောင်မုန်းလပြည့်ကျော်
၅ ရက်နေ့၊
စံရိပ်ငြိမ် (ကျော်တော)

❐

**သွေးသည် အသက်**

သွေးသည် လူသားတိုင်းအတွက် အသက်တည်း။

ထိုလူသားတိုင်း သွေးဖြင့်ပင် ခန္ဓာကိုယ်ထောက်ပံ့ပေးသော ဘုတ်တို့ကို ကြီးထွားစေ၊ ခိုင်မာစေ၏။ သွေးဖြင့်ပင် ခန္ဓာကိုယ်အလုပ်လုပ်စေ၏။ သွေးဖြင့်ပင် စိတ်ကိုဖြစ်ပွားစေ၊ နိုးကြားစေ၊ ဝေဖန်စေ၏။ သွေးသည် လူသားတို့အားကိုးရာ ထောက်ပံ့ရေးစခန်းတည်း။ သွေးသည် လူသားတို့မှီခိုရာ ဝါဒရေးရာ သင်တန်းကျောင်းတည်း။

လေသည် လူသားအတိုင်းအတွက် အလုပ်ခွင်လက်နက်တည်း။ ထိုလူသားတိုင်း လေဖြင့် ခန္ဓာကိုယ်အား လှုပ်ရှားစေ၏။ လေဖြင့်ပင် ကိုယ်အမူရာ၊ နှုတ်အမူအရာ သရုပ်ပါစေ၏။

ထိုလေဖြင့်ပင် စိတ်ကို ဆင်ခြင်စေပြီး အခြေအနေကို ငုံ့လင့်စေခြင်း၊ သေချာသည်နှင့် ဆုံးဖြတ်စေခြင်း၊ ဆုံးဖြတ်ပြီးသည်နှင့် နေရာမှထစေကာ ကောင်းရာဆိုးထား အာရုံခံစားစေခြင်း မှတ်ချက်ပေး၍ နောင်အတွက် အတေးအစွဲချန်ထားခဲ့စေခြင်းအထိ အသိဝင်စေ၏။ သို့ကြောင့် လေသည် လူသားတိုင်း၏ အလုပ်ခွင်သုံး လက်နည်းတည်း။ သွေးသည် ဝါဒရေးရာပင်မစခန်းတည်း။

အမာခံကိုယ်ထည်ကြီးသည်ကား သွေးဖြစ်ပစ္စည်းများထားသိုရာ ဂိုဒေါင်၊ အပူပေးဓာတ်အားများသည်ကား လေသွားခရီးကြားက စောင့်ကြိုနေကြသော ခရီးသည်များ။

ရေဓာတ်ဖြင့် မြေ ကြီးပွားစေခဲ့ပြီး လေဓာတ်ဖြင့် မီး ဖြစ်ပွားလာစေခဲ့ခြင်းများတည်း။ အများအားဖြင့် အထင်ဖြစ်စေသော ဘူတရုပ်ခန္ဓာကိုတည်ဆောက်ကြရာ၌ အခြေခံ ထိုဘုတ်ကြီးလေးမျိုး



www.burmeseclassic.com

www.burmeseclassic.com

တို့သည် အဓိကဇာတ်ဆောင်များပင်တည်း။

ထိုဘုတ်ကြီးလေးပါးမွေးဖွားပေးရာ (ဘုတ်ပစ္စည်းအမျိုးအစား (၄၂) ပါး ထုတ်လုပ်ပေးရာ) ဌာနကား အာဟာရ ခြောက်ပါးပင်ဖြစ်ရာ -

ဆန်၊ ဂျုံမှသည် အချို၊ အဆိမ့်၊ သတ္တိများအများအစားထုတ်ယူနိုင်သော အစားအစာများက အမာခံကိုယ်ထည်၊ မြေဓာတ်၏ ရိက္ခာဖြည့် အာဟာရ။

ဘူး၊ ဖရုံ၊ သခွား၊ ကြံ စသည်များမှသည့်-ချိုအေးသတ္တိများ အများအစား ထုတ်ယူနိုင်သော အစားအစာများက အမာခံကိုယ်ထည်အားမွမ်းမံပေးရသော ရေဓာတ်၏ရိက္ခာဖြည့်အာဟာရများ။

ချင်း၊ ငရုတ် စသည် အပူပေးအခိုး၊ ရှောက်၊ သံပရာ စသည်မှသည် အအေးပေးအခိုးပါသတ္တိများ အများအစားထုတ်ယူနိုင်သော အစားအစာများက အမာခံကိုယ်ထည်လည်း ကြီးထွားရင့်ကျက်စေ၊ သတ္တိကုန် အဟောင်းများလည်း ဖျက်သိမ်းပြီးဖြစ်စေ ပြုပြင်ပေးရန် လေဓာတ်နှင့် ပူးတွဲတာဝန်ယူ။

လက်ဖက်၊ ကြက်ဟင်းခါး စသည်များမှသည် ဖန်၊ ခါး၊ လေသတ္တိများ အများအစားထွက်ရှိတတ်သော အစားအစာများက အမာခံကိုယ်ထည်ကြီး၏ တစ်ကိုယ်လုံးသို့ သွေးများကို တွန်းပို့ပေးရန် အပူအားကိုလည်း ဖြန့်ဖြူးပေးရန် ကိုယ်တိုင်လည်း ကိုယ်ကာယ၊ အမူရာပြတိုင်း ပါဝင်ရန် တာဝန်ယူ။

မှတ်ချက် - ချို၊ ချဉ်၊ ငန်၊ ဖန်၊ စပ်၊ ခါး (၆)ပါးတွင် အငန်ကား ဝမ်းတွင်းဝယ် ကျန်အရသာငါးပါးတို့ အပူလွှန်ကဲ သုံးရာမှလည်း အလိုလိုရနေခြင်း၊ ဓာတ်ထိန်းမှုဖြစ်ခြင်းများကြောင့် ဘုတ်လေးပါးတို့၏ အဓိကဇာတ်ဆောင်နေရာ၌ မပါဝင်။

ထိုအာဟာရများ သူတို့သတ္တိ သူတို့ အစွမ်းပြလျက်က တစ်ဖက်နှင့်တစ်ဖက် ခတ်ဖက်လုပ်ကြရာ ဆိုင်ရာဓာတ်အားများ ရုပ်ကိုယ်တွင်း၌ ဖြစ်ပွားလာစေ၏။ ဖြစ်ပွားလာစေရန် အစာအိမ်၏ အတွင်းရှိ အစာကို ကြေညက်စေနိုင်စွမ်းသော ပါစကတေဇောဓာတ်၏ လောင်ကျွမ်းမှု အပူဓာတ်အား ဝင်လာသမျှသော အစာများကို ခြေဖျက်ပေးခြင်း၊ ဓာတ်အမျိုးအစားခွဲခြားသန့်စင်ပေးခြင်းများဖြင့် ဆိုင်ရာဓာတ်များအား ဖြစ်ပွားလာစေခဲ့ကြ၏။

ပါစကတေဇော (အစာအိမ်အလုပ်ခန်း တာဝန်ခံ) က ချက်ဖျက်ပေးသဖြင့် သူ့အစုနှင့်သူ ကွဲပြားလာသော ထိုဓာတ်သတ္တိအစိတ်အပိုင်းများကိုကား လေ (၆) မျိုးတို့တွင် စုန်လေ၊ ဆန်လေကို ချန်လှပ်၍ ကျန်လေးမျိုးတို့ဖြင့် ခန္ဓာကိုယ်တစ်ခွင်လုံးသို့ အစာများကို သွေးအဖြစ်ဖြင့် သယ်ဆောင်ဖြန့်ဖြူးပေး၏။

လေများနှင့်အတူ အပူခိုးများကလည်း ဝိုင်းကူတွန်းပေး၏။ သို့ဖြင့် ခန္ဓာခွင်တစ်ခုလုံး သွေးနေရာ သွေးအား၊ သည်းခြေနေရာ သည်းခြေအားမှသည် အရိုး၊ အသား၊ အရေ၊ အကြော စသည်များသို့ပါမကျန် (၃၂) ဌာနစလုံးတို့သို့ ဆိုင်ရာသတ္တိပြုအစိတ်အပိုင်းများ ဖြန့်ပို့ပေးကြ၏။

ဤလူ့ဘဝ စတင်ချိန် အစစွာသော အခြေအနေကား ဘဝ၏အသက်ဖြစ်သောသွေးကို မိဘတို့၏ သုက်သွေး အမှီပြုခဲ့ရ၏။ မိဘတို့၏ သွေးနှစ်မျိုးကြားမှ ထွန်းကားလာသောဘဝ စတင်စ ထိုကလလရေကြည်ဥလေးကို ကြီးထွားရင့်ကျက်စေရာ၌ကား မိခင်၏သားအိမ်တွင်းရှိ လေနှင့် အပူအားများကို အမှီပြုခဲ့ရ၏။ ဘုတ်သွင်းဓာတ်အားများကိုလည်း မိခင်စားသုံးသော အစာများကို မိခင်ဝမ်းတွင်းနှင့် မိမိချက်ကြိုးနှစ်ခု ဆက်သွယ်ပေးထားကာ ချက်မမှနေ သွင်းယူအားဖြည့်ခဲ့ရ၏။ လူ့ဘဝ လူဖြစ်လိုသူတိုင်း၏ အစစွာသော ကံအကျိုးဆက် အဖက်လုပ်ခြင်းများတည်း။

- ဤလူ့ဘဝ စတင်စ မိဘသွေးမှချည်း။
- အဖတ်တင်ဖို့ ပီပြင်ဖို့ မိခင်နို့မှဖြစ်သည်ချည်း။
- အစာမှချက် သွေးအစက် ချက်ကြိုးဆက်မှ ထွက်သည်ချည်း။

ဤနည်းဖြင့် မိခင်ဝမ်းတွင်းဝယ် (၉) လကျော်ကြာ ခိုအောင်းနေကြရပြီး ခန္ဓာများရင့်ကျက်စေခဲ့ရ၏။ အာယတနခေါ် ဆိုင်ရာတံခါး အကြည်ထားများ ထင်ရှားစေခဲ့ရ၏။ ဘဝရုပ်လုံးကို သွေးဖြင့်ဖော်၍ လေအပူတို့ဖြင့် ဤအခြေသို့ ရောက်အောင်ခေါ် ခဲ့ရ၏။

ယနေ့ခြေအနေကား မိမိခန္ဓာရှိ (၃၂) ဌာနတို့၏ လိုအပ်ချက်သွေးဖြင့် ဆက်သွယ်၍ ပံ့ပိုးရာတိုင်း မိမိ၏ ကံ၊ စိတ်တို့က မိဘအရာ၊ ဥတုက သွေးချက်စက်ရုံအရာ၊ အာဟာရများက သွေးထွက်ပစ္စည်းကုန်ကြမ်းကြီးအရာတို့ဖြင့် ကိုယ်တိုင် စီမံခွင့်ရနေကြရာ. . .

အစာစားချင်စိတ်ဖြစ်ပေါ် လာပြီ။ စိတ်က နှိုးဆော်ရေးသမား။ အစာစားခြင်းကိစ္စ အကောင်ထည်ဖော်လိုက်ပြီ။ ကံက အိမ်သူမယား၊ ဤနည်းဖြင့် အရသာခြောက်မျိုး ခန္ဓာတွင်း အတင်းထိုးပေးနေကြရပြီ။ ဤနည်းဖြင့် အတွင်း၊ အပြင် ဥတုခိုးခန္ဓာတွင်းဓာတ် မပြတ်နှိုးပေးနေကြရပြီ။

ထိုနည်းအတိုင်း အစာမှသွေး၊ သွေးမှအသား၊ အသားမှအဆီ၊ အဆီမှ အဆီခဲ၊ အဆီခဲမှ သုက်သွေးတို့အထိ သွေးများကိုညှစ်၊ သွေးဆီအနှစ်ဖြစ်ပေါ် လာစေရာ စင်စစ် သွေးသည် အသက်တည်း။ စင်စစ် သွေးသည် အသက်ပွားရတနာတစ်ပါးတည်း။ စင်စစ် သွေးသည် ဘဝအတွက် အသက်ဆက်ကံရိယာတစ်ပါးတည်း။

- *သွေးသည်အသက် ထိုအချက် လက်သင့်ခံကြပါ။*
- *သင့်သွေးဖြင့်ပင် သင့်အသွင် ပီပြင်ကျန လှပြပါ။*
- *သင့်သွေးဖြင့်သာ သင့်ဘာသာ စည်သာထင်းထင်း လင်းပြပါ။*
- *သွေးဖြင့်အသက် ပန္နက်ကွက် ရိုက် ဦးရိုးစိုက်၍ လူ့ဦးမျိုးရိုး ကိုးစားဘာသာ သာသနာ၏ ဂေဟာဆောက်အုံ နန်းမြို့ပုံ အုံ့ဂုဏ်ဖြစ်စေမင်း။ ။*

## သွေးမှဖြစ်သောညဉ်များ

လူ့၌ ဖြစ်ပွင့်နေကြသော ကျင့်စဉ်များကား အဆိုး သုံးစား၊ အကောင်း သုံးပါးတည်း။ အဆိုးကား တိရစ္ဆာန်ပြည်မှ အမွေခံလာသော ကျင့်စဉ်များ။ အကောင်းကား ဤလူ့ပြည်ရောက်မှ လူနှင့်တူစွာ ပြင်သုံးထားသော ကျင့်စဉ်များ။

ယင်းတို့ကို စရိုက် (စရိတ) ဟူ၍ ခေါ် ဝေါ်သုံးစွဲ၏။ ထိုစရိုက်များကို ညဉ်က ဦးစီး၏။ ညဉ်ကိုကား မနောတွင်းနေ သွေးကပင် စီစဉ်ညွှန်ကြားပေးနေ၏။

ညဉ်သည် လူဖြစ် လူလိုသိ၊ ခွေးဖြစ် ခွေးလိုသိ စသည်ကိုလည်း စီမံခန့်ခွဲပေး၏။ ညဉ်သည် ခန္ဓာအကြိုက်အလိုက်ပေးရာ၌လည်း ဘုတ်အဖွဲ့ဥက္ကဋ္ဌဝင်လုပ်သေး၏။ ညဉ်သည် အတိတ်စွဲ ပွဲထုတ် ကပြသရုပ်ဆောင်စေရာ၌လည်း ဒါရိုက်တာဝင်လုပ်ပေးသေး၏။

ညဉ်သည် ဘဝကောင်း၊ဆိုးအမျိုးမျိုး ကျင်လည်ခဲ့ရစဉ်က စွဲကျန်နေရစ်ခဲ့ကြသောအလေ့များကို အနုသယနှစ်မျိုး



www.burmeseclassic.com

www.burmeseclassic.com

(သဏ္ဌာန်မှီ၊ အာရုံမှီ) မှတစ်ဆင့် လက်သင့်ခံကာ မူရင်းဟန်ပန်အတိုင်း ပြန်လည်ဖော်ထုတ်ရာ၌ သူ့အတူ နှစ်ယောက်မရှိ တစ်ဖက်ကမ်းခပ် စွမ်းနိုင်၏။

သို့ကြောင့် ဉာဉ်စကားပြောလျှင် တိရစ္ဆာန်မပါ ပွဲမပြီးဘဝသည် တိရစ္ဆာန်မှစခဲ့ရသောကြောင့်၊ လူ့အကြောင်းပြောလျှင်လည်း တိရစ္ဆာန်မပါ ပွဲမပြီး။ တိရစ္ဆာန်မှ လူသို့ကူးခဲ့ရသောကြောင့်။ လူနှင့် တိရစ္ဆာန်အကြောင်းပြောလျှင်လည်း မူလအခြေခံ ဘုတ်မလှန်လျှင် ပွဲမပြီး။ လူရော တိရစ္ဆာန်များပါ ဘုတ်သက်ဖြင့် အသက်ရှင်၊ ဘုတ်အလျှင်ဖြင့် ဉာဉ်ဖြစ်လာသောကြောင့်။

ထိုတွင် လူသိ၊ ခွေးသိသိစေသော ဉာဉ်မှီခိုသော ဟဒယဝတ္ထုခေါ် မနော တည်ရာ နှလုံးအိမ်သည် ကံဖြင့် စီရင်ထားသောအရာ။ ဘဝင်လေခေါ် စိတ်ဆင်ခြင်ရန် နှိုးဆော်ပေးရသော ဇီရဏ တေဇောနှင့် တွဲဖက်ရာ တုစ္ဆိသယလေသည်လည်း ကံဖြင့် စီရင်ထားသော အရာ။

အာရုံကို ဆင်ခြင်ရာ၊ ဘဝကိုနှိုးစေရာ ထိုနှစ်ခုစလုံးပင် ကံမျိုးချည်းဖြစ်ကြရာ ဘဝင်လေ ဆင်ခြင်စိတ်မှ ထဖြစ်သော ဉာဉ်သည်လည်း ကံနှင့်မကင်းရချေပြီ။

လက်ရှိကံနှင့် အတိတ်ကံတို့ ဆက်သွယ်ရာ ကိရိယာအစိတ်အပိုင်းတည်း။ သို့ကြောင့် ကောင်းမှုကံမှ ဖြစ်ပွင့်လာသောလူကို လူလိုသိစေလိုသော် ဉာဉ်သည် အတိတ်ကျန် ကံဟောင်းကံတပ်များနှင့် လက်ရှိကံများဖြစ်သော စိတ်နှိုး၊ ကိုယ်လှုပ်၊ နှုတ်ဖွင့်အားလုံးကို ဆက်စပ်ပေးမှ လူသိ သိခွင့်ရသည်။

ထိုစဉ် နှလုံးသွေးနုနု ဘဝင်လေထု မကောင်းမိ ကလေးအရွယ်လူမမည်များမှနေ မသိမသာ လူလားမြောက်ကာလတွင်ကား လူသားတိုင်းကြုံက်သင့်ရာ၊ ကြောက်သင့်ရာသိလာပြီဖြစ်သော အရွယ်တည်း။ ထိုအရွယ်တွင်ကား ဉာဉ်အစွမ်းပြ၊ ဇများပါ ပြသလာကြပြီ။ စရိုက်ဘက်လုထွက်လာချေပြီ။ ကာလသား လက်,စမ်းပြချိန်တည်း။

မကောင်းမှုကံအမျိုးမျိုးတို့မှ ဖြစ်ပွင့်လာကြသော ခွေး စသည် တိရစ္ဆာန်များ၌ ဘဝနှင့်လိုက်ဖက်ရာ အသိ သိစေ၊ ရှိစေကြရာ၌လည်း သည့်အတူချည်းတည်း။

လူသည် ခွေးလို မကျင့်တတ်။ ဉာဉ်က ဇာတ်ကိုဖြတ်ချပေးထားခြင်းကြောင့်။ ခွေးသည်လည်း ကြောင်လို မကျင့်တတ်။ ခွေးနှင့် ကြောင်တို့အကြား ဉာဉ်က ဇာတ်ခြားပေးထားခြင်းကြောင့်။

တစ်ဖန် ဉာဉ်သည် ခန္ဓာအကြိုက်အလိုက်ပေးရာ၌လည်း မိမိစတည်းချရာခန္ဓာသည် မည်သည့်ဓာတ်ဘုတ်ကို အမာခံထား၊ မည်သည့်ဓာတ်ဘုတ်များ အရံအဖြစ်ထားသည်ကိုလည်း လှုပ်ရှားမှု သူသိ၏။ မည်သည့်အစာ အားသွန်ခွန်စိုက် အလိုက်ပေးရမည်ကို လည်းကောင်း၊ မည်သည့်အကျင့်ကျင့်စေရမည်ကို လည်းကောင်း သူသိ၏။ သိသည့်အလျောက်လည်း ခန္ဓာခွင်နေသွေးတို့က ဆန္ဒပြအစာတောင်းတိုင်းတောင်းတိုင်း မိခင်သည် သားသမီးတစ်ဦးစီတို့၏ အကြိုက်ဟင်းတို့ကို လိုက်ဆယ်ပေးကျွေးနေသည့်ပမာ၊ ဆေးဆရာသည် လူနာနှင့်သင့်ရာ ဓာတ်စာကိုရွေးချယ်၍ ပေးကျွေးစေသည်ပမာ။

ပထဝီဆောင်ခန္ဓာရှင်အား ချိုဆိမ့်များများ၊ အခြားအရံထား ဓာတ်ညှိရုံသာစား။ အာပေါဆောင်ခန္ဓာရှင်အား ချိုအေးများများ၊ အခြားအရံကား ဓာတ်ညှိရုံသာစား။ တေဇောဆောင်ခန္ဓာရှင်အား ချဉ်-ပူ-စပ်များများ၊ အခြားကား ထိန်းပေးရုံလေး။ ဝါယောဆောင်ခန္ဓာရှင်အား ဖန်ခါးများများ၊ အခြားကား ထိန်းပေးရုံလေး။

ဤအမာခံအချက်တို့ကို မူတည်၍ 'ပြောင်းဖူးချက်ဟင်းကလေးစားချင်လိုက်တာ၊ ဘူးသီးဟင်းချိုလေးသောက်ချင်လိုက်တာ၊ ငရုတ်သီးထောင်းပါလျှင်သာကောင်း၊ လက်ဖက်သုပ်ကလေးနှင့်ဆို ဗိုသင့်' စသည် စသည့် ဓာတ်သက်ဝင်အစာများကို ထိုဉာဉ်က ရွေးကောက်ပေးလေ့ရှိသည်သာ။ မွေးရာပါ ဉာဉ်က ခန္ဓာရှင်အား (ပွဲကိုင်နေရာမှနေ) အစာရှာဖွေကျွေးမွေးနေခြင်းတည်း။

မှတ်ချက် - ထမင်း၊ ခေါက်ဆွဲ၊ ကြာဆံ စသည်များကား မည်သည့်ခန္ဓာမဆို ပထဝီ(၂၀)တို့ကို အမာခံထား တည်ဆောက်ထားရခြင်းကြောင့် အားလုံးဆိုင် ဘုံစာများမှတ်ပါ။

ထိုမှနောက်တွင်ကား အစာမှဖြစ်သော သွေးအားများ၏လှုပ်ရှားပုံအမူရာပြအတွင်းနေ ကာယဝိညာဏ် (ကာယတွင်းက ဇ,ထပြနေသော ဉာဉ်သိ) များကြောင့် ဉာဉ်ဖြစ်လာကြရတော့သည်သာ။ လူလားမြောက်လေ သွေးများက သွေးစကားပြောလေလေတည်း။ ထိုဉာဉ်မှ လှုပ်ရှားပြသလာကြသော အမူအကျင့်များကား တစ်ဦးနှင့်တစ်ဦး မတူညီကြပြီ။

(က) ပထဝီဆောင်ကား နေးကွေး၏။ ဣန္ဒြေကြီး၏။ တန်ရုံနှင့် စိတ်မဆိုး။

(ခ) အာပေါဆောင်ကား အေးဆေးပြီးသွက်လက်၏။ တန်ရုံနှင့်အပြုံးမပျက်။

(ဂ) တေဇောဆောင်ကား ဂနာမငြိမ်၊ ဣန္ဒြေမရ ထစ်ခနဲဆိုတုတ်ကြိမ်း၊ ဓားကြိမ်း။

(ဃ) ဝါယောဆောင်ကား ပေါ့ပြက်ပြက်နှစ်ဖက်လွှ။ ထစ်ခနဲဆို သာရာဘက်ပါပြီး။

(င) ဓာတ်ရောဓာတ်ဖောက်များကား များရာစု၊ လုယက်ဝင်၊ ဘာမဆို သူတင်ကိုယ်တင်။

ပွဲကိုင်ဉာဉ်၏ အစီအစဉ်အတိုင်း ထိုခန္ဓာရှင်များ လှုပ်ရှားပြသလာကြလေသောအခါ အားလွန်ပေါ် သိစိတ်က အသေထိုင်၍ ဆန့်ကျင်ဘက်များ၊ သဘောတူများ အားပြိုင်လာချိန် ဉာဉ်အပြင် စရိုက်ဟူ၍ သီးခြားပြောဆိုခွင့်ရလာချေပြီ။

စိတ်၏ကြံစည်ပုံ၊ နှုတ်ဖွင့်လွှတ်ပုံ၊ ကိုယ်အမူရာစုံများသည် အထက်ကဆိုခဲ့သော ဓာတ်ဆောင်များအတိုင်း ဉာဉ်စရိုက်များဖြင့် ဓာတ်ကောင်များ အစွမ်းပြလာချိန်တည်း။

ထိုစဉ် -

(က) ပထဝီအစာသည် အစာမှ ရိုးရိုးသွေး၊ ရိုးရိုးသွေးမှသည် သုက်သွေးအထိအားပေးနေပြီး ခြင်ဆီအားကောင်းခြင်း၊ အရိုးအဆစ်ခွင်ကျခြင်း၊ အကြောသန်မာခြင်း စသည်များလည်း အများထက် ထွန်းကားလာချေရာ သုက်သွေးသုံး တဏှာအကျင့်၌ သူမတူ စွာလာပြီ။

မှတ်ချက် - လူဖြစ်က ဘုရင်ဖြစ်လျှင်ဖြစ် မဖြစ် ဇိမ်ခေါင်း၊ နတ်ဖြစ်က သိကြားမင်းဖြစ်လျှင်ဖြစ်၊ မဖြစ် နတ်သမီးအများပေါင်းခွင့်ရနတ်သား၊ အခြားတိရစ္ဆာန် စသည်များ၌လည်း ဖိုကစ်ကောင်မတစ်သင်း ဤသို့ ကမြင်းခွင့်ရဘဝများစွာ ကျင်လည်ခဲ့ရရာမှ လူသားများ ဇပါဉာဉ်ပါလာကြရာ ဤပထဝီဆောင်၊ မဆောင်ကား လိုရင်းမပျက်တော့ချေ။ (အခြားလည်းနည်းတူ)

(ခ) အာပေါအစာသည်လည်း

www.burmeseclassic.com

အစာမှရိုးရိုးသွေး၊ ထိုရိုးရိုးသွေးမှပင် သုက်သွေးအထိ ထိုးဝင်အားကောင်း ချေတော့ရာ ခြင်ဆီ၊ အဆာစ်အမြစ်၊ အကြောများလည်း သန်မာ၊ ခန္ဓာက လည်း စိုပြည်၊ အသားအရေများ အထူး ကြည်လင်မည်။ တဏှာကား ပထဝီ ဆောင်ထက်ပင် သွေးသွက် ဤနွေလည်း ကလက်သောကြောင့် ထိန်းမရဇာတ် ခင်းကျင်းနေတတ်လေ၏။

မှတ်ချက် - ထိုဓာတ်ရှင် (၂) မျိုး စလုံး တဏှာစေးအထွက်သန်သလောက် အစွဲလည်းသန်ကြမည်။ အဆန်းကို အမြဲ တမ်းတ၊ ဆန်းသမျှနောက် ဆန်၍လည်း လိုက်နေကြဦးမည်။

(ဂ) တေဇောဆောင်အစာသည် အပူခိုး သွင်းအားကြီးသောအစာဖြစ်နေ ရကား အစာမှသွေး၊ တစ်ဖန် သွေးမှ သုက်သွေးအထိ ခရီး၌ သူတွင်ပူးတွဲပါ သော ပထဝီဓာတ်၊ အာပေါဓာတ်တို့သို့ သတ္တိမျှဝင်သွားစေပြီး မှုရင်းကား ခန္ဓာ ၏ သွေးကြော၊ လေကြော စသည်များ၌ သာ ခိုအောင်းနေတတ်၏။ သွေးကို လှုပ်ခါစေပြီး အသား၊ အကြောများပါ ဆတ်ဆတ်တုန်စေသောသတ္တိ သူ၌ အပြည့်ရှိ၏။ သွေးလေသောင်းကျန်း ဆိုးသွမ်းသည့်အလျောက် ဘာမဆိုလုပ် ရဲ၏။ ပြောရဲကြဲရဲ၏။ သို့ကြောင့် သူ့ အကျင့်ကား ဒေါသခိုးကြီးစိုးသော ဒေါသကျင့်မျှသာ။

(ဃ) ဝါယောဆောင်အစာသည် လေခိုးသွင်း အားကြီးလွန်းသော အစာ ဖြစ်နေရကား အစာမှ သွေး စသည်များ ကား ပါလေဟန်မျှသာရှိပြီး လေအား များကသာ ခန္ဓာတစ်ခွင်လုံးရှိ အကြော နှင့်တကွ အရိုး၊ အသား စသည်များ အထိ ဖြန့်ကြက်နေရစ်တော့မည်။ အတိတ်ဆောင်းကံကြောင့် ဖြစ်သော ဘဝင်လေနှင့်တကွ အင်္ဂါကြီး၊ ငယ်သို့ လျှောက်သောလေ အဖို့အစုများ၌ အစောင့်ချထားသောလေ အထက် လှုန်၊ အောက်လျှောသော လေပိုလေ လျှံ အသက်ဆက် ဝင်၊ ထွက်လေတို့ကို အားပေးအားမြှောက်အဖြစ် အထူး ထောက်ပံ့နေတော့သည်။

ဤလေများကြောင့် ဉာဉ်စိတ်များ နိုးထ ဟိုဟိုသည်သည်လည်း ဖျံ့လွင့် ရ၏။ ဉာဉ်စိတ်ဆကြွမှုအားကြီးခြင်း ကြောင့်လည်း ထိုလေများ ဟိုသည်ပြေး လွှားပေးနေကြရ၏။ ဤလေဆောင် သတ္တိကြောင့်ပင် မောဟသည် ဖြစ်ထွန်း ပွင့်ပေါ်၍လာရသည်။

သို့ကြောင့် လေများထန်လွန်း သောအခါ ပျံ့လွင့်စိတ်အားကြီးလာမည် (ဥဒ္ဓစ္စ)။ လေ၌ အပူပါတွဲပါလာသော အခါ ပူပန်စိတ်သို့ခရီးစဉ်မည်(ကုက္ကုစ္စ)။ လေများ အားကြီးလိုက်တန့်လိုက်အခါ ဇဝေဇဝါ ချီတုံချတုံစိတ်ဖြစ်လာမည် (ဝိစိ ကိစ္ဆာ)။ လေများအားပျော့ မဆော့တော့ သောအခါ တွေဝေငေးမောနေမည် (မူရင်းမောဟ)။ အဘိဓမ္မာတို့၏ဆိုင်ရာ များ သဘာဝဓမ္မမှ ဆင်းသက်လာခြင်း ၏ ပုံပြသက်သေတည်း။

မှတ်ချက် - ဓာတ်ကြောင်း၏ဓာတ် ကောင်လှုပ်ရှားပုံကား အမျိုးမျိုးဖြစ်နေ၍ ဤ၌ မပြသာပြီ။

အထက်ပါ အစာနှင့်ဆက်သော ဉာဉ်နှင့်အကျင့်များကို ချုပ်လိုက်သော်-

၁။ ပထဝီဆောင်၊ အာပေါဆောင် ဓာတ်ကောင်တို့၏ မူလသဘာဝ ကား ကာမရာဂ တဏှာဝင် လောဘ။

၂။ တေဇောဆောင် ဓာတ်ကောင် များ၏မူလသဘာဝကား ဗျာပါဒ အာဃာတပင်း ဒေါသ။

၃။ ဝါယောဆောင် ဓာတ်ကောင် များ၏မူလသဘာဝကား အဝိဇ္ဇာ မုဠှသွင်း မောဟ။

ယင်းတို့သည် ဓာတ်တို့၏ သဘာဝအရ လည်းကောင်း၊ ဘဝကို မိဘမဲ့ အညီဖွား တိရစ္ဆာန်များမှ စတင် ကြရခြင်းကြောင့် လည်းကောင်း၊ တိရစ္ဆာန်သုံး ဉာဉ်နှင့် စရိုက်များဆိုရ၏။ ထိုစဉ် တိရစ္ဆာန်သော်မှ ပထဝီဆောင် ဖျံ့ ဝက် စသည်၊ တေဇောဆောင် ကျား၊ သစ် စသည်၊ ဝါယောဆောင် အသီး အနှံနှင့် အရွက်စား ငှက်နှင့် ယုန်၊ နွား စသည်များ ဉာဉ်လမ်း ခွဲတမ်းချကြမည်။ သွေးမှဖြစ်သောဉာဉ်ခန္ဓာအလိုက် အစား အစာများဖြင့် တန်ဆာဆင်ပေးရာမှ စရိုက်ဖြစ်ပုံများတည်း။

**အရင်းအနှီးများစွာဖြင့် အောက်သားများ အညာတက်လာသောအခါ**

တိရစ္ဆာန်မှ လူဖြစ်လာရန် အခွင့်အလမ်းကား အလွန်လျှင်နည်းပါး လှစွာ၏။ မောဟက တိရစ္ဆာန်တို့ဘဝ ကို ထောင်ပမာ ရှေ့နောက်ပိတ်ဆီးကာ ခြားပေးထား၏။ မောဟ၏ ဖုံးပိတ်ထား ခြင်းကို အခွင့်ကောင်းယူ၍ လောဘက ကြိုက်စိတ်ဖြင့် မွှန်းတွန်းခိုင်း၏။ မောဟ ၏ပိတ်ဆို့ပေးခြင်းကို အကာအကွယ်ယူ ၍ ဒေါသကမုန်းစိတ်ဖြင့်မွှန်း တွန်းခိုင်း ၏။

ထိုတိရစ္ဆာန်များ အိပ်၊ စား၊ ကာမ တို့တာဝန်အရေးသုံးပါးမှတစ်ပါး အခြား မရှိတော့ပြီ။ ရံတစ်ခါ သူတစ်ပါးဖျက် ဘဝပျက်ကို စွဲလျက်က ရှေ့တစ်ဘဝ ဆက်ကြရ၏။ ရံတစ်ခါ မိမိက သူတစ်ပါး ကို ဖျက်ရင်းက မိမိပါပျက် ရှေ့တစ်ဘဝ ဆက်ကြရ၏။

သို့ဖြင့်ပင် အညီဖွားမှ ဥဒ္ဓိဖွား၊ တစ်ဖန် ဥဒ္ဓိဖွားမှ အမိဝမ်းတွင်းအောင်း ဘဝများ တသီတတန်း လမ်းမဆုံးမျှော် မဆုံး ရက်ပိုင်းဖြင့်လည်း ဘဝသုဉ်း၊ လပိုင်းဖြင့်လည်း ဘဝသုဉ်း နှစ်ပိုင်းကြီး၊ ငယ် များဖြင့်လည်း ဘဝသုဉ်း၍ လုံးပါး ပါးခဲ့ရချေသည်။

သို့ဖြင့်ပင် ရံတစ်ခါ ကိုယ်ကနိုင် ရာစားဘဝ၊ ရံတစ်ခါ ကိုယ်က အစံဘဝ များဖြင့်လည်း ပုံလုံတစ်လှည့်၊ ငါးပျံ တစ်လှည့် လှည့်ခဲ့ရပေါင်းများ များလွန်း လှချေသည်။

ထိုအခါ ကြိုက်ဉာဉ်၊ မကြိုက်ဉာဉ်၊ မသိဉာဉ်များ အစွဲနာခွာမှုရ ခါချရမှန်း ပင် မသိတတ်ပြီ။ ကြိုက် ကြိုက်သလို၊ မကြိုက် မကြိုက်သလို၊ မသိ မသိသလို အကျင့်များလည်း ရင့်ထွားလွန်းအား ကြီးနေကြပြီ။

ယင်းမူလသဘာဝ (မောဟ၊ လောဘ၊ ဒေါသ) သုံးမျိုးတို့ကို မူလ အခြေတည်ထား၍ အထင်ကြီး မြတ်နိုး၊ စိုးမိုးရန် ယှဉ်ပြိုင်ခြင်း မာန၊ ငါပိုင်သိမ်း ပိုက်လိုခြင်း သိမ်းပိုက်ခြင်း ဒိဋ္ဌိ၊ မနာလို ဝန်တိုခြင်း ဣဿာနှင့် မစ္ဆရိယနှစ်ပါး၊ ရှက်ရကောင်းမှန်းပင် မသိတတ်တော့ ခြင်း၊ ကြောက်ရကောင်းမှန်းလည်း မသိ တတ်တော့ခြင်း အဟိရိကနှင့် အနောတ္တ ပ္ပနှစ်ပါး၊ အာရုံလက်လွှတ် စိတ်ထမ်းပိုး ချွတ်ထားခြင်း ထိနမိဒ္ဓနှစ်ပါး။ ထိုအညစ် တရား မူလခိုများလည်း ဆင့်ပွားလာ တော့သည်။

ယင်းအညစ်များ အမှီထား၍ သံယောဇဉ်တရားကိုယ်ဆယ်ပါးစသည့် အယုတ်တရားများလည်း မူလသဘာဝ ဓမ္မတို့၏ လက်ဝေခံ မူလသဘာဝများ အဖြစ် ထိုးဝင်လာကြတော့သည်။

တိရစ္ဆာန် လက်ငုတ် နုတ်ချွတ်ရန် ကား အလှမ်းဝေးလွန်းလှချေသည်။ ထို တိရစ္ဆာန်တို့၏ တစ်ခုတည်းသော ထွက် ပေါက်မှာ ဥဒ္ဓိဖွား ဘဝတွင် မိမိ၏သား ငယ်များအား အစာရှာဖွေပေးကမ်းခြင်း၊ ဝမ်းကျောင်းအတတ်သင်ဒါန ဤမျှ လောက်သာ ဘေးရန်အကာအကွယ်



www.burmeseclassic.com

www.burmeseclassic.com

ပေးခြင်း၊ အသက်မွေးအတတ်သင်ဒါန ဤမျှလောက်သာ။

အကယ်တိတိ ဖိုသတ္တဝါဖြစ်နေပါမူ စားကျက်ထားပေးခြင်း၊ ထိန်းသိမ်းစောင့်ရှောက်ခြင်း ဒါနမျှလောက်သာ၊ ထိုဒါနများ၌ မေတ္တာ၊ ကရုဏာ၊ မုဒိတာများ ပါဝင်နေသောကြောင့်။

ထိုအရင်းအနှီးတွင် လူတို့နှင့် အကျွမ်းဝင်ခွင့်ရခြင်း၊ မရသော်မှ မြင်ခွင့်ရခြင်းများ ပေါင်းမိလာသောအခါ လူအစွဲဖြင့် လူထဲဝင်ခွင့်ရစေခဲ့ကြပြီ။ လူဘဝရောက် ပထမဆုံးသောလူ့တိရစ္ဆာန်များတည်း။

ထိုစဉ် သာသနာတော်ကြီးနှင့်လည်း ကြုံမည်၊ သူတော်ကောင်းလည်း ပေါင်းသင်းမိမည်ဆိုက ဗီဇမမှန်သော်မှ ဝန်းကျင်အရံကြောင့် ဒါနမှု၊ သီလမှု၊ ကိုယ်နှုတ်ဖြင့်လည်းပြု၊ စိတ်ကလည်း ဒါနဝုဏ်၊ သီလဝုဏ် ရှေးရှုတတ်လာသော လူ့တိရစ္ဆာန်အကောင်များ သွားကြလေ နတ်ဘုံ၊ သည်ဘဝ ဆန်တက်ခွင့်မရကြသေးသော်မှ နောင်အတွက် ရိက္ခာစုဘူးကားထားမိသွားကြပြီ။

သာသနာတော်ကြီးနှင့်လည်း မကြုံ၊ ကြုံသော်မှ မလှုံတက်သောအကောင်၊ သူတော်ကောင်းများနှင့်လည်း မဆုံမိ၊ ဆုံမိကြသော်မှ မယုံတတ်သောအကောင်၊ ထိုအကောင်များတား မူရင်းစွဲ၏။ ဆွဲအချခံရခြင်းကြောင့် ပြန်ကြလေ တိရစ္ဆာန်ဘုံ။

ဤဆိုခဲ့ပြီး ဓာတ်သဘာဝသုံးစား (ပထဝီနှင့် အာပေါ၊ တေဇော၊ ဝါယော) တို့နှင့် ဥဉ်ထားသုံးချက် ကျင့်ကွက်သုံးဖြာ ခမ္မတာတို့သည် မူလဘဝတို့၏ အနေအထားကို ပြောပြနေခြင်းသာ။ ဤသို့ပြောပြခြင်း၏ ရည်ရွယ်ခြင်းကား မူရင်းနှင့်ကင်း၍ မူဖျားဖြစ်မလာနိုင်ခြင်းဟူသော ဝမရှိဘဲ ဝိလုပ်၍မရပုံကို ထင်ဟပ်ပေးခြင်းတည်း။

ယနေ့ ကမ္ဘဌာန်းနည်းပြုလုပ်နေကြသော ဆရာများ တပည့်တို့၏အစားအသောက်နှင့် စားသောက်ပုံ အမူအရာများ အကဲခတ်၍ ပြုပြင်ပေးနေကြရသည်ကို သတိပြု။

ယနေ့ ထိုကမ္ဘဌာန်းနည်းပြများသည်ပင် မိမိ၏တပည့်များ သွားလာလှုပ်ရှားနေပုံနှင့် လေယူလေသိမ်း အသံထွက်များ စနည်းနာ၍ ပြုပြင်ပေးနေကြရသည်ကို သတိပြု။

ထိုအားလုံး စရိုက်နှင့် ဉာဉ်ကို အကဲခတ်၍ ၎င်းတို့နှင့် သင့်တော်မည့်နည်းများ ပေးအပ်ရသည်ချည်းဖြစ်ရာ အစာ၊ သွေး၊ ဉာဉ်၊ စရိုက် ဆက်နွယ်ပုံကား ထင်ရှားနေချေပြီ။ ဤကား ဉာဉ်ဖြင့် အတိတ်စွဲ ပွဲထုတ်ရာ၌ တစ်စိတ်တစ်ဒေသတည်း။

**သွေးမှဖြစ်သောအကျင့်များ**

- သွေးသည် အသက်. . . သွေးချင်းဆက်၍ အသက်ဆွဲဆန့်ပေးနေရခြင်းကြောင့်။
- သွေးသည် အသက်. . . ဧသွေးချင်းဆင့်၍ ဉာဉ်အကျင့်ရွက်လွှင့်ပေးနေရခြင်းကြောင့်။
- သွေးသည် အသက်. . . သွေးဆိုးကြား သွေးကောင်းထား၍ သူကောင်းလူကောင်းများ ဖွားပေးနေရခြင်းကြောင့်။

အထက်၌ ဉာဉ်စိတ်မှနေ အကျင့်ခေါ် စရိုက်ဖြစ်ပေါ်လာပုံ ထုတ်ဆိုခဲ့ပြီးပြီ။ ဤ၌ကား ဉာဉ်ဆိုး၊ ဘဝဆိုးများမှ ဉာဉ်ကောင်း၊ ဘဝကောင်း ပြောင်းလွဲထူထောင်ရပုံများနှင့် ဉာဉ်ကြောင့် သွေးများအရောင်ပြောင်းကာ ဉာဉ်မှတစ်ဆင့် စရိုက်သို့ကူးဆက်လာရပုံများ ထပ်ဆင့်ထုတ်ဆိုပြမည်။ သို့မဟုတ် အတိတ်စွဲ ဉာဉ်ပွဲဝင်ခြင်းကို ကန့်ကွက်၍ လက်ရှိဖြင့်တွဲ ပွဲထုတ်ပေးခြင်းများ။

ဉာဉ်တို့ကိုထုတ်ပြရာ၌ လူဖြစ် လူသိဉာဉ်၊ ခန္ဓာအကြိုက်လိုက်သော ဉာဉ်နှင့် အတိတ်စွဲ ပွဲထုတ်ပေးသောဉာဉ်ဟူ၍ သုံးမျိုးခွဲဝေပြခဲ့ရာ အထက်နှစ်မျိုးကား ပြီးစီးခဲ့ပြီ။ ဤ၌ကား အတိတ်စွဲ ပွဲထုတ်ပေးသော ဉာဉ်အရ လူတို့စရိုက်ကွဲလာကြရပုံ ပြသရန် အလှည့်ရောက်လာပြီ။

ယနေ့လူသားတို့သည် သံသရာတစ်နံတစ်လျား အခေါက်ခေါက်အခါခါ အစုန်အဆန် အသွားများခဲ့ကြပြီ။ ယနေ့လူသားတို့သည် ဘာသာအမျိုးမျိုး၊ လူမျိုးအဖုံဖုံ အစုံဝင်ဆံ့ခဲ့ကြဖူးပြီ။

သို့ကြောင့် ယနေ့လူသားများ မျိုးရိုးဉာဉ်၊ မိဘဉာဉ်၊ ပင်ကိုဉာဉ်များ မွေးရာပါ ဗီဇဉာဉ်အဖြစ် သူထက်သူ အစွမ်းပြလျက် ပွဲထွက်နေကြတော့ရာ ငရုတ်သီး ညပြန်၊ နံနက်ပြန်တီးလျက် ရာဂသောင်းကျန်း တဏှာပန်း အကြမ်းပရမ်းပွင့်နေကြပြီ။ လက်ဖက်သုပ် ပလုတ်ပလောင်းအုပ်လျက်ကလည်း ရာဂသောင်းတဏှာပန်း အကြမ်းအရမ်းပွင့်နေကြပြီ။

သည့်အတူ အသားဆီပြန်၊ ဆီမွှေးဘီလံများ စားသုံးလျက်က ကိုးတီးကျက်တတ် မေ့မက်နေသူများ အရည်ရွှင်အချိုပေါ့ဖြစ်သော ဟင်းအမျိုးမျိုးစားလျက်ကလည်း မေ့ကြောဆွဲ၍ ပျင်းတွဲနေသူများ သို့မဟုတ် ဆတ်ဆတ်ကြဲအဆဲကြမ်း၊ ဒေါသသရမ်းသူများနှင့် အင်နှင့်အားနှင့် ထုနှင့်ထည်နှင့် တိုးပွားလာနေကြတော့ရာ. . .

အချိုအဆိမ့် စားသုံးသူများက ရာဂ၊ ချိုပေါ့ စားသုံးသူများကလည်း ရာဂ၊ ချဉ်၊ ပူ၊ စပ်သမားများက ဒေါသ၊ ဖန်ခါးစားသမားများက မောဟ၊ မူလဘူတ ဓာတ်သဘာဝတို့၏ ခွဲတမ်းချစကား ဤနေရာမှနေ ရုပ်သိမ်းလိုက်ပြီ။

ယင်းအစား ယနေ့လူသားများနှင့် လိုက်ဖက်ရာ စကားပြောကြားရသော် အတိတ်အာရုံခံစားခွင့်ရခဲ့စဉ်တုန်းက အစွဲနာ အမာရွတ်ပမာ ထင်ကျန်နေရစ်ခဲ့ကြသော အကျင့်များစွာထဲမှ ပွဲဝင်အများဆုံး၊ စိတ်အနှစ်ခြိုက်ဆုံးသော အသိမှတ်ပြုတစ်ခု ဝသီပါအဖြစ် ယခုဘဝပါလာခဲ့ပြီး ထိုဝသီပါဝါသနာအတိုင်းလျှင်. . .

ရာဂပွဲ စွဲပြီးသမျှ အစွဲကြီးကြသူများက မမြင်လိုက်သည်နှင့် ရဖို့ချည်းသိနေတော့သည်။ ဒေါသစွဲ အစွဲကြီးသူများက မမြင်လိုက်နှင့် ချဖို့ချည်းသာ သိသိနေတော့သည်။ မောဟစွဲ အစွဲနာသူများက မတွေ့လိုက်နှင့် အ, ဖို့ချည်းသာ သိသိနေတော့သည်။

ဤသို့လျှင် အာရုံအစဉ်၊ ယနေ့အမြင်ဉာဉ်ဖြင့် အတိတ်စွဲပွဲထုတ်ပေးနေကြပြီ ဟူ၍သာ ဆိုခွင့်ရှိတော့သည်။

ထိုစဉ် -

ရာဂ ပြင်းထန်သော ချင်ခြင်းတပ်အင်း၊

တဏှာသွေး အစေးပေါက် သွေးငန်းလေငန်းဖောက်သည်အထိ ငြိကပ်နေသောအင်း၊

ကာမစ္ဆန္ဒ ရသမျှလို လိုသမျှရဘာမဆို ရလို ယူလို မြူလိုသည့်အင်း။

ယင်းတို့သည် . . . လောဘဟူသော သဘာဝသည် ခန္ဓာကတောင်းဆိုသော သွေးသားလှုပ်ရှားမှုအကြောင်းပြု၍ ဓာတ်စာအလိုရှိခဲ့၏။ ထိုဓာတ်စာက အကြိုက်ကျသို့ဆွဲဝင်သွား၏။ မသိမှုအဝိဇ္ဇာနှင့်အတူ ဘဝစတင်ထူထောင်စဉ်က ပါဝင်သော လောဘနှင့် ပူးပေါင်းသွား၏။ ယင်းလောဘသည် အာရုံကျရာ တစ်စတစ်စလိုက်ပါမိခဲ့ရာမှ ယနေ့ကာမစ္ဆန္ဒ၊ တဏှာ၊ ရာဂဟူသော အမည်နာမများဖြင့် တင်ပွန်းတပ်ခံနေရခြင်းများပင်။



www.burmeseclassic.com

www.burmeseclassic.com

သည်မျှ ဘွဲ့လွန်တို့ တသီတသန်းကြီး တန်းဆွဲခံထားရလျှင် ထိုလောဘသည် ခန္ဓာကိန်း၊ အာရုံကိန်း အနုသယအဖြစ် ဘဝတိုင်းပါလာနေရပြီ။ ခန္ဓာကိန်းကား သွေးနှင့်အတူ အဖြစ်များပြီး သွေးလှုပ်သမျှ ညဥ့်ဝင်၊ ညဥ့်ထွင်သမျှ လိုက်လံကျင့်၊ လိုက်လံကျင့်သမျှ အစွဲတိုးပွား၊ ယနေ့ ဝသီပါ ဝါသနာကြီး (တဏှာဘီလူးကြီး) အစီးခံနေကြရပြီ။

ကုလားဘဝမှ ငရုတ်သီးစားလည်း ဝါသနာပါကား အသားကြားက ကစားပြနေပြီ။ ရှမ်း၊ ဗမာမှ လက်ဖက်ကြိုက်လည်း ဝါသနာကြီးကား အသည်းကြားက ကစားပြနေပြီ။

တစ်ဖန် . . .

အာဃာတပြင်းထန် အခိုးသန်လွန်းသော အကြမ်း၊

ပဋိဃ ပြင်းထန် အတိုက်ထန်လွန်းသောအကြမ်း၊

ဗျာပါဒ ပြင်းထန်၊ တစ်ယူသန်လွန်းသော အကြမ်း၊

ယင်းတို့သည်လည်း ဒေါသ ဟူသော သဘာဝသည် ခန္ဓာက လက်မခံသော သွေးသားထောင်ထားခြားနားပေးမှုအကြောင်းပြု၍ လိုရာမရမှု၊ လိုရာရပြီး သားလက်လွှတ်ဆုံးရှုံးခံရမှု၊ မလိုရာကလာပြီး စပ်ဖက်မှုခံရရာမှ ထိုကိစ္စများ၌ အကြိုက်မကျသို့ ဓမ္မတာက ဆွဲဝင်သွားပြီး မသိမှု အဝိဇ္ဇာနှင့်အတူ ဘဝစတင်ထူထောင်စကပင် ပါရှိလာခဲ့၏။

ထိုမှနောက် အာရုံချရာ တစ်စတစ်စလိုက်ပါမိခဲ့ရာ ယနေ့ စိတ်တွင်းထဖြစ်များခြင်းဖြင့် အားမရကြတော့ဘဲ ခေါင်းမာစွာ ပြုကျင့်ခြင်း၊ အတိုက်အခံအသတ်အပုတ်အားကြီးလာခြင်း၊ ရန်လိုမှု အမြဲထားခြင်းအထိ အဖိခံနေကြရပြီ။

တစ်ဖန်လည်း . . .

အဟိရိက ရှက်ရကောင်းမှန်းပင် မသိတတ်နိုင်သော အမိုက်၊

အနောတ္တပ္ပ - (နောင်တစ်ဖန် ပြန်ခံရဦးမည်ကိုပင်) ကြောက်ရကောင်းမှန်း မသိတတ်နိုင်သော အမိုက်၊

မောဟ - အာရုံကြော ဇောမဝင် မြင်လျက်ကမမြင်မိ၊ ကြားလျက်ကမကြားမိ စသည်များအထိ မှိုင်တက်နေသောအမိုက်၊

ယင်းတို့သည်လည်း အဝိဇ္ဇာဟူသော ဉာဏ်ဖြင့်မသိ (သညာကခန္ဓာရှိ သညာကပြောသောအသိဖြင့်ပင်) အာရုံမိရာ စိတ်လိုက်ပါစေရာမှ အာရုံဝတ္ထုတို့၏ အတွေ့အထိ ပညတ်သိသိရာသို့ဆွဲဝင်သွားပြီး အကြိုက်ကျမှု၊မကျမှုတို့ နှင့်အတူ ဘဝစတင်ထူထောင်စကပါလာသော မောဟနှင့် ပူးပေါင်း၏။ ထိုမှနောက် အာရုံဆွဲရာ ထိုမောဟတွဲလဲခိုပါမိချေရာ ယနေ့မသိတွင် အမိုက်တွဲအမိုက်ထဲ အမည်းစွဲ ဝင်ခံနေကြရပြီ။

အစဉ်အလာကား ဝါသနာ၊ ညဉ်၊ စရိုက်ဖြစ်သော်လည်း ယနေ့ ဝါသနာသွေး မထမီကပင် ညဉ့်ပွင့်ညဉ့်မဝင့်မီ အကျင့်ဦးနေကြတော့ပြီဖြစ်ရာ ဤနည်းဖြင့်ပင် ရာဂပူး ဘီလူးတစ်ပိုင်း၊ လူတစ်ပိုင်း အရိုင်းစိုင်းနေကြပြီ။ ဤနည်းဖြင့်ပင် ဒေါသခဲ သရဲတစ်ဝက်၊ လူတစ်ဝက်ဖြစ်နေကြပြီ။ ဤနည်းဖြင့်ပင် မောဟစီးတင်ကျီးတငေးလူတငေးဖြစ်နေကြပြီ။

ထိုနည်းဖြင့်ပင် 'ကိုယ့်လူ မင်းလည်းလူ၊ ငါလည်းလူ၊ လူလူချင်း ငါ့ကုလားက မားပါတယ်ပြောပြီး စားတဲ့ဖဲအမားလို မလုပ်စမ်းပါနဲ့' အပြောတွင်ကျယ်နေကြရာ ရုပ်ကသာလူ၊ စိတ်ကားလူစိတ် ဟုတ်၊ မဟုတ် သရုပ်စစ်ကြည့်သင့်ကြပြီ။

## အကြောင်းမဲ့သွေးက အကြောင်းမဲ့များမွေးဖွားပေးခဲ့ရာ

သတ္တဝါတို့၏ အစသည် မသိရာမှပင် စတင်ကြရရိုးရှိရာ ပြင်ပဘူတရုပ်လေးပါးတို့ကို အခြေခံ၍ သံသေဒဇခေါ် အညှီမှ ဘဝစကြရ၏။ အတိတ်အကြောင်းမဲ့တည်း။

ထိုစဉ် မိုးဦးလေဦးကျ အပူခိုး၊ အအိုက်ခိုးများထကြွနေခြင်း၊ သစ်ဆွေးသစ်ခြောက်နှင့် ရွက်ခြောက်များ မိုးမိရာမှ ပုပ်ရိလာခြင်း၊ နေ့-ညနှစ်ပါးတို့၏ အပူ၊ အအေးများက ကစားပေးခြင်း။ ထိုအကြောင်းမဲ့အခြေခံအချက်များ၏ အကြားမှပင် အစဦးဘဝ စတင်ခဲ့ကြရာ မသိရာမှ စတင်လာခြင်း ဖြစ်ရတော့၏။

တစ်ဖန် ထိုကံ၊ စိတ်အကြောင်းမဲ့ ဥတုတစ်ဖွဲ့တည်းဖြင့် ဖြစ်ခွင့်ရဘဝသည်လည်း လူမဟုတ် တိရစ္ဆာန်၊ တိရစ္ဆာန်သော်မှ ခန္ဓာသေး၍ အသိသိရုံလေးမျှသော အသေးစား တုတ်၊ ပျ၊ ပိုးလောက်ငယ်လေးများ (ရေဖြစ်ကလည်း ရေညှိပိုးငယ်လေးများ) မှ စတင်ကြရရာ ဘဝဟူသည် ထိုမသိရာမှ စတင်ခြင်း ဘွင်းဘွင်းပေါ် လာရတော့၏။

ထိုတိရစ္ဆာန်၌ မသိခြင်းမောဟက အခြေခံ၊ ခန္ဓာရသဖြင့် ခာတ်စာရလိုခြင်း၊ ဝမ်းကျောင်းမှု လောဘတွင် ခန္ဓာရသဖြင့် နေရာမှန်ရလိုခြင်း အသက်မွေးမှု လောဘများက အရံအဖြစ်ဖြင့် ဘဝဖြစ်ထွန်းစေကြရ၏။ ယင်း လိုမှုကြောင့်ပင် မလိုမှုဒေါသလည်း တန်ပြန်အဖြစ်ဖြင့် လည်းကောင်း၊ ထမ်းပိုးထမ်းအဖြစ်ဖြင့် လည်းကောင်း ဖြစ်ပွင့်လာပြန်ရာ . . .

သညာကွန္ခာ၏ မှတ်တမ်းအရ ဝိညာဏကွန္ခာက အသိလုပ်ရခြင်း - **အဝိဇ္ဇာ**။ မိမိခန္ဓာရှိ သွေးသားတို့၏ အလိုအရအကြိုက်ကျပေးနေရခြင်း-**လောဘ**။ မိမိခန္ဓာက လက်မခံသည်ကို မကောင်းဟူ၍ အသိအမှတ်ပြုပေးနေရခြင်း - **ဒေါသ**။ ထိုတိရစ္ဆာန်၌ ဤစိတ်သုံးမျိုးမျှသာ ထွန်းကား၏။ အစသော် သွေးတောင်းညဉ်၊ နောက်သော် အကျင့်၊ ထို့နောက် ဝါသနာဆင့်ဆင့်လာတော့သည်။

ထို့နောက် ဖျံ၊ ဝက် စသည်ဘဝအရ များလာကြသောအခါ ရာဂစရိုက်အားကြီးလာမည်။ ကျား၊ သစ် စသည်ဘဝအရများလာကြသောအခါ ဒေါသစရိုက်အားကြီးလာမည်။ အအိပ်ကြီးသော် တင်တိုးငှက် စသည်ဘဝအရများလာကြသောအခါ မောဟစရိုက်အားကြီးလာမည်။

အလေ့မှာအလာများ ခဏပြီးခဏ အာရုံဝင်စားခဲ့ရာမှ အားလွန်ကျင့်များ ထွန်းကားလာခြင်းတည်း။

မှတ်ချက် - ထိုတိရစ္ဆာန်များ၌ပင် စရိုက်လွန် (အကျင့်လွန်) တစ်ခုကောင်းမျှမက နှစ်မျိုးပူး၊ သုံးမျိုးပူး ဘက်စုံထူးများလည်း ဖြစ်ပွားနှင့်နေကြပြီး သုံးမျိုးစလုံးပင် နောက်ခံ၊ ထိုသုံးမျိုးစလုံးပင် ရှေ့ထွက်အားဖြင့်လည်း အုပ်စုလိုက်အစွမ်းပြနေကြပြီ။

ဤနည်းဖြင့် တိရစ္ဆာန်ဘဝပေါင်း ထောင်ပေါ် သိန်းဆောင်း ဂဏန်းပေါင်း မရေတွက်နိုင်ခဲ့ကြပြီ။ ဤနည်းဖြင့်ပင် တိရစ္ဆာန်တို့၏အလေ့အထ ညဉ်ပါရာ အကျင့်ချ ဇပြနေကြပြီ။ အဝိဇ္ဇာ (မောဟ)၊ လောဘ၊ ဒေါသသုံးမျိုးကား တိရစ္ဆာန်တို့မူပိုင်လက်သုံးများတည်း။

ထိုစရိုက်သုံးမျိုး အတိုးအပွားဖြင့်ပင် ဤလူပြည်ဘက်ခရီးဆက်ခဲ့ကြရာ လူဆိုသော်လည်း သညာပေါ် တွင်သာတိတင်ရုံမျှသာရှိပြီး အသိဉာဏ်ပညာများ မယှဉ်မိကြသေးသမျှ လူအရာကား မဝင်ဖြစ်ကြသေး။

(ဆက်ရန်)

မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး



www.burmeseclassic.com

www.burmeseclassic.com

# မြဝင်း(ဒဿန)

## လယ်တီဆရာတော်ဘုရားကြီးစီရင်သော

## လက္ခဏာတော်ကြီး(၃၂)ပါးဘုရားရှိခိုး

(၁)

တစ်ခါသော် တောရဘုန်းကြီးသည် ကျွန်တော့်ထံသို့ စာအုပ်ကလေးတစ်အုပ်ကို လှူဒါန်းနှင့်ပို့လိုက်ပါသည်။ ထိုစာအုပ်ကလေးမှာ မုံရွာမြို့ လယ်တီဆရာတော်ဘုရားကြီး ရေးသား စီရင်တော်မူအပ်သော 'လက္ခဏာတော်ကြီးဘုရားရှိခိုး'နှင့် လယ်တီပဏ္ဍိတ ရေးသားစီရင်တော်မူအပ်သော 'ဗုဒ္ဓထောမနာဂါထာနှင့် ဘုန်းတော်ဘွဲ့ရတု' ဖြစ်ပါသည်။ ရန်ကုန်မြို့ ကဝိမျက်မှန် စာပုံနှိပ်တိုက်က ၁၂၈၁ ခုနှစ်၊ ဝါခေါင်လအတွင်း ပုံနှိပ်ခဲ့ခြင်းဖြစ်ရာ စာအုပ်ကလေး၏ သက်တမ်းမှာ (၈၅) နှစ်ခန့်ရှိပြီ ဖြစ်ပါသည်။ စာအုပ်ကလေးမှာ အတော့်ကို ဟောင်းနေပြီး စာရွက်များမှာ ဝါကြွန့်ကြွန့်ဖြစ်နေပါသည်။

ကျွန်တော်သည် ထိုစာအုပ်လေးကိုရသည်နှင့် ကျေးဇူးရှင်လယ်တီဆရာတော်ဘုရားကြီးနှင့်တပည့်ပညာရှိပုဂ္ဂိုလ်များရေးအပ်သော 'ဝတ်ရွတ်စဉ်ပေါင်းချုပ်' ခေါ် 'လယ်တီစာပေအမြုတေများ' စာအုပ်ကို လှန်လှော၍ လယ်တီဆရာတော်ဘုရားကြီး၏ 'လက္ခဏာတော်ကြီးဘုရားရှိခိုး' ပါ၊ မပါ ကြည့်မိပါသည်။ လယ်တီဆရာတော်ဘုရားကြီး၏ လက္ခဏာတော်ကြီးဘုရားရှိခိုးကို မတွေ့ရပါ။ လယ်တီပဏ္ဍိတ၏ 'လက္ခဏာတော်ကြီးသုံးဆယ့်နှစ်ပါးဘုရားရှိခိုး'ကိုသာ တွေ့ရပါသည်။

(၂)

ကျွန်တော်သည် လယ်တီဆရာတော်ဘုရားကြီး၏ 'လက္ခဏာတော်ကြီးဘုရားရှိခိုး'ကို ဖတ်ကြည့်ပါသည်။ ဆရာတော်ဘုရားကြီးသည် ရှေးဦးစွာ မဟာပုရိသလက္ခဏာတော်ကြီး သုံးဆယ့်နှစ်ပါးကို သရုပ်နှင့်တကွ ပြဆိုပါသည်။ ထိုသို့ ပြဆိုပြီးမှ လက္ခဏာတော်ကြီးတို့၏အကျိုးကို ပါဠိတော်၌လာသည့်အတိုင်း သံပေါက်လင်္ကာနှင့် ပြဆိုပါသည်။ ယခု စာဖတ်သူတို့ ကြည်ညိုနိုင်ကြစေရန် ဖော်ပြအပ်ပါသည်။

### သရုပ်နှင့်တကွ မဟာပုရိသလက္ခဏာ တော်ကြီးဘုရားရှိခိုးကိုပြဆိုပေအံ့

၁။ ဗုဒ္ဓေါ - မြတ်စွာဘုရားသည်၊ သုပ္ပတိဋ္ဌိတပါဒေါ - မြေ၌ တညီတညွတ်တည်းသောခြေဘဝါးအပြင်ရှိတော်မူ၏။

၂။ စက္ကပါဒေါ-ခြေဘဝါးတော်အပြင်၌တစ်ထောင်သောအကန့်အကွက်ရှိသော စက်လက္ခဏာတော်နှင့်ပြည့်စုံတော်မူ၏။

၃။ အာယတပဏှိ-ရှည်သောပနောင့်ရှိတော်မူ၏။

၄။ ဒီဃင်္ဂုလိ-ရှည်သောလက်ချောင်း၊ ခြေချောင်းရှိတော်မူ၏။





www.burmeseclassic.com

www.burmeseclassic.com

၅။ ဗြဟ္မုဇုဂတ္တော - ဗြဟ္မာမင်း၏ ကိုယ်ကဲ့သို့ဖြောင့်မတ်သောကိုယ်ရှိတော်မူ၏။

၆။ မုဒုတလုဏဟတ္ထပါဒေါ - နူးညံ့ပျို့နုသော လက်ဘဝါးအပြင်၊ ခြေဘဝါးအပြင်ရှိတော်မူ၏။

၇။ ဇာလဟတ္ထပါဒေါ - ရွှေပွတ်လုံးကိုစီကဲ့သို့ ညီညွတ်သော လက်ချောင်းအစွန်း၊ ခြေချောင်းအစွန်းရှိတော်မူ၏။

၈။ ဥဿင်္ခပါဒေါ - အထက်သို့မြင့်သောခြေမျက်စိရှိတော်မူ၏။

၉။ ဧဏိဇင်္ဃော - အထက်သို့ အဖျားမူသော မွေးညှင်းရှိတော်မူ၏။

၁၀။ ဧဏိဇင်္ဃော - ဧဏီမည်သော သားကောင်၏ သလုံးသားကဲ့သို့ လုံးသောသလုံးသားရှိတော်မူ၏။

၁၁။ ဒီဃဟတ္ထော - ကိုယ်တော်ကို မကိုင်းမညွတ်မူ၍ ပုဆစ်ဒူးဝန်းကို သုံးသပ်နိုင်သောရှည်သွယ်သော လက်ရုံးလက်မောင်းရှိတော်မူ၏။

၁၂။ နိဂြောဓပရိမဏ္ဍလော - အရပ်နှင့် အလံမျှသဖြင့် ပညောင်ပင်ကဲ့သို့ဝန်းသောကိုယ်ရှိတော်မူ၏။

၁၃။ ကောသောဟိတဝတ္ထဂုယှော - အအိမ်ဖြင့် ဖုံးအပ်သော ပုရိသလက္ခဏာရှိတော်မူ၏။

၁၄။ သုဝဏ္ဏော - ဇမ္ဗူရစ်ရွှေအဆင်းနှင့်တူသောအရေအဆင်းရှိတော်မူ၏။

၁၅။ သုခုမသဝီ - အလွန်နူးညံ့သော အရေရှိတော်မူ၏။

၁၆။ ဧကကလောမော - တခုတခုသော မွေးတွင်း၌ တခုတခုစီသောပေါက်သော မွေးညှင်းရှိတော်မူ၏။

၁၇။ ဥဒ္ဓဂ္ဂလောမော - မျက်လုံးနှစ်ဖက်တို့၏အလယ်၌ သောက်ရှူးကြယ်ကဲ့သို့ တင့်တယ်ထွန်းပလျက် လက်ျာရစ်ခွေ ငွေကြယ်ပွင့်အလားကဲ့သို့ ထင်ရှားသော ဥဏ္ဏာလုံမွေးရှင်ရှိတော်မူ၏။

၁၈။ သတ္တုဿဒေါ - လက်ဖမိုး (၂)၊ ခြေဖမိုး (၂)၊ ပခုံးစွန်း (၂)၊ လည်ကုပ်တော်ဟု ဆိုအပ်သော (၇)ဝါးသောဌာနတို့၌ မောက်ဖြိုးသော အသားအရေရှိတော်မူ၏။

၁၉။ သီဟပုဗ္ဗဍ္ဎကာယော - ခြင်္သေ့မင်း၏ရှေ့ထက်ဝက်ကဲ့သို့ ပြည့်ဖြိုးသော ကိုယ်အင်္ဂါရှိတော်မူ၏။

၂၀။ စိတန္တရံသော - ကျောရိုးကြောင်းမရှိ ပြည့်ဖြိုးသောလက်ပြင်ကြားကျောသားကျောရှေ့ရှိတော်မူ၏။

၂၁။ သမဝဋ္ဋက္ခန္ဓော - ရွှေမရိုးစည်ကဲ့သို့ ညီမျှလုံးစည်းသော လည်ပင်းလည်တိုင်ရှိတော်မူ၏။

၂၂။ ရသဂ္ဂသဂ္ဂီ - လည်ပင်း၌ ဆုံစည်းကုန်လျက် ရသဓာတ်ညွှန့်တို့ကို တကိုယ်လုံးဆောင်သောထထောင်သောရသကြောရှိတော်မူ၏။

၂၃။ သီဟဟနု-ခြင်္သေ့မင်း၏အောက်မေးနှင့်တူသော ပြည့်ဝန်းသောမေး (၂) ခုရှိတော်မူ၏။

၂၄။ စတ္တာလီသဒန္တော - လေးဆယ်အရေအတွက်ပြည့်သော သွားရှိတော်မူ၏။

၂၅။ အဝိရဠဒန္တော - မကျဲမူ၍ အလွန်စေ့သောသွားအစဉ်ရှိတော်မူ၏။

၂၆။ သမဒန္တော - လွှဖြင့်ဖြတ်သကဲ့သို့ အလွန်ညီညွတ်သောသွားအစွန်းရှိတော်မူ၏။

၂၇။ သုသုက္ကဒါဌော - သောက်ရှူးကြယ်အတူ ဆွတ်ဆွတ်ဖြူသော အစွယ် (၄) ခု ရှိတော်မူ၏။

၂၈။ ပဟုတဇိဝှော - နဖူးပြင်ကိုဖုံးနိုင်သောအလွန်ပြန့်ကွယ်သောလျှာအပြင်ရှိတော်မူ၏။

၂၉။ ဗြဟ္မဿရေ - ဗြဟ္မာမင်း၏အသံကဲ့သို့သောအင်္ဂါရှစ်ပါးနှင့် ပြည့်စုံသောအသံရှိတော်မူ၏။

၃၀။ အဘိနီလနေတ္တော - အလွန်ညိုမှောင်သောမျက်နက်ဝန်းရှိတော်မူ၏။

၃၁။ ဂေါပခုမော-နွားငယ်၏မျက်ကွင်းကဲ့သို့ပွင့်လင်းရွှန်းစက်သောမျက်ကွင်းရှိတော်မူ၏။

၃၂။ ဥဏှီသသီသော - ဇမ္ဗူရစ်ရွှေခြားသဖွယ် တင့်တယ်သော နဖူးသင်းကျစ်ဖြင့်ခြယ်လှယ်အပ်သော ဦးခေါင်းတော်ရှိတော်မူ၏။

ဇဝံ လက္ခဏာ - ဤသို့လက္ခဏာကြီးတို့နှင့် ပြည့်စုံတော်မူသော၊ ဗုဒ္ဓံ - မြတ်စွာဘုရားကို၊ အဟံ - အကျွန်ုပ်သည်၊ ဝန္ဒာမိ - ရှိခိုးပါ၏။

အမြဲဘုရားရှိခိုးရန် **ဇဝံ လက္ခဏံ ဗုဒ္ဓ အဟံ ဝန္ဒာမိ**ပါဌ်ကိုထည့်လိုက်သည်။

ဤကား မဟာပုရိသလက္ခဏာတော်ကြီး (၃၂) ပါးတည်း။

(သတ်ပုံမှာ မူရင်းအတိုင်း ဖြစ်ပါသည်။)

ဤလက္ခဏာတော်ကြီးတို့အကျိုးကိုလည်း ပါဠိတော်နှင့်ဟောတော်မူသည်ကို သံပေါက်လက်ာဖြင့် ပြဆိုပေဦးအံ့။

၁။ ညီညာဘဝါး၊ ရန်နှစ်ပါး၊ လှုပ်ရှားမတတ်သား၊ မြေ၌ တညီတညွတ်တည်း ခြေဖဝါးအပြင်ရှိသောသူကို ကိုယ်တွင်းရန်သူ၊ ကိုယ်ပရန်သူတို့ လှုပ်ရှားစေခြင်းငှာ မတတ်နိုင်။ ခိုင်မြဲသော ကတိသစ္စာရှိတတ်၏။ ခိုင်မြဲသောသီလ၊ ခိုင်မြဲသောသမာဓိ၊ ခိုင်မြဲသောပညာရှိတတ်၏ဟူလို။ ထိုမှ ပြန်ဘတ်အားဖြင့် မြေ၌ တစေ့တစောင်းတည်သော ခြေဖဝါးရှိသောသူကို ကိုယ်တွင်းရန်သူ၊ ကိုယ်ပရန်သူတို့ကြောင့် လှုပ်ရှားလွယ်၏။ ကတိမမြဲ၊ သစ္စာမမြဲရှိတတ်၏။ ဟောလေ။ ခြေဖဝါးပြည့်သည်၊ မပြည့်သည်ကို ခြေရာကိုမြင်သဖြင့်လည်း သိနိုင်၏။ ဤသူကား ကတိသစ္စာရှိ၏။ ဤသူကား ကတိသစ္စာမရှိဟု ခြေကိုမြင်သဖြင့် သိနိုင်ဟောနိုင်၏။ နောက်လက္ခဏာတော်ကြီးတို့၌လည်း ဤနည်းအတိုင်း အပြန်အလှန်အားဖြင့် နှစ်ပါးစီနှစ်ပါးစီသိလေ။

၂။ ခြေတွင်တစ်ဘန်၊ စက်ရှိပြန်၊ ခြံရံများတတ်စွာ။ ခြေဖဝါးအပြင်၌ စက်လက္ခဏာရှိသောသူသည် အခြံအရံများတတ်၏ဟုဟောလေ။ ဤလက္ခဏာကား လူသာမန်တို့၌ ပီပီသသရှိခဲ၏။ အရိပ်အရောင်မျှရှိလျှင်ပင် အခြံအရံအကျိုးပေးတတ်၏။ ဖြစ်ဒက်ကိုလည်း သိလေ။

၃။ ပကျောင့်၊ လက်၊ ခြေ၊ ရှည်တုံပေ၊ ကိုယ်နေမတ်ရပ်စွာ။

၄။ အသက်ရှည်ဘို့၊ အင်္ဂါတို့၊ မချို့သိအပ်ရာ။ ခြေပကျောင့်ရှည်ခြင်း၊ ခြေချောင်း၊ လက်ချောင်း ရှည်သွယ်ခြင်း၊ ကိုယ်ခန္ဓာဖြောင့်မတ်ခြင်း။ဤလက္ခဏာသုံးပါးနှင့်ပြည့်စုံသောသူသည် အသက်ရှည်တတ်၏။ အသက်တမ်းပြည့်အောင်နေရတတ်၏။ ဥပစ္ဆေဒကကံနှင့် မသေနိုင်ဟူလို။ ဤသုံးပါးတွင် တစ်ပါးပါးရှိလျှင်ပင် အသင့်အတင့်အကျိုးကို ဟောသင့်၏။

၅။ နူးညံ့ညီမျှ၊ ခြေလက်စ၊ မိတ္တသင်္ဂဟာ၊ ခြေဘဝါးအပြင်၊ လက်ဘဝါးအပြင် နူးညံ့အံ့။ လက်မမှတစ်ပါးသော ခြေချောင်း၊ လက်ချောင်း အစွန်းအစရှည် ညီညာအံ့။ ထိုသူ မိတ်တရားဆွေတရားနှင့်ပြည့်စုံအံ့။ လက်ဘဝါး၊ ခြေဘဝါးကြမ်းတမ်း၍ လက်ချောင်း၊ ခြေ



www.burmeseclassic.com

www.burmeseclassic.com

ချောင်းမညီလွန်းသောသူသည် မိတ်ဖျက်တတ်၏။ မိတ်မပြုအပ်သောသူမည်၏။ ပြန့်ဘက်ဟောနည်းတည်း။ မြတ်စွာဘုရားကဲ့သို့ကား မညီနိုင်ကြ။ အရှည်အတိုထောက်၍ သင့်တင့်အောင် ဟောရာ၏။

၆။ ဖမျက်မြင့်သော်၊ မွေးဖျားမောင်၊ လူပေါ်ထွက်မြတ်ရာ၊ ခြေမျက်စိပေါက်ချက်၊ အထက်ကျခဲ့သော်ငင်း၊ မွေးညှင်းတို့သည် အထက်သို့ချည်းအဖျားမော်ကုန်သော်ငင်း လူအများအပေါ်၌ အကြီးအကဲဖြစ်တတ်၏။ ခြေမျက်စိအပေါက်အောက်ကျလွန်းသော်ငင်း၊ မွေးညှင်းတို့သပ်အောက်သို့ချည်းအဖျားမူလွန်းသော်ငင်း သူဝန်ထမ်းဖြစ်တတ်၏။

၇။ ချောသွယ်မြင်းခေါင်း၊ မြင်တုံ့ရှောင်း၊ လာဘ်ကောင်းရတတ်စွာ။

လုံစည် ချောသွယ်သော သလုံးမြင်းခေါင်းရှိခဲ့လျှင် အသုံးဆောင်မျိုးတို့၌ အကောင်းအမွန်ကိုရတတ်၏။ သလုံးမြင်းခေါင်း ထစ်ထစ်ဖုဖုကိုမြင်လျှင် အကောင်းအမွန်ကို မရတတ်ဟု ဟောလေ။

၈။ လက်တံရှည်လျား၊ ကိုယ်ဝန်ပြေား၊ ပေါမျှားမြတ်ဥစ္စာ။ မြတ်စွာဘုရား၏ လက်ရုံး လက်မောင်း၊ လက်တံတို့သည် မကိုင်းညွတ်မူ၍ ပုဆစ်တော်ကို သုံးသပ်နိုင်ကုန်၏။ အရပ်နှင့် အလံမျှတသဖြင့် ပြည့်ဝန်းသောကိုယ်ရှိ၏။ လောက၌ကား လက်တံနှစ်ဘက်အတော်အကျယ် ရှည်သွယ်လျှင်ပင် ဥစ္စာများတတ်၏။ အလွန်တိုခဲ့လျှင် ဥစ္စာနည်းပါးတတ်၏ဟု ဟောရာ၏။

၉။ အံအိမ်ဖုံးပြေား၊ နိမိတ်အား၊ သားကောင်းထွန်းတတ်စွာ သိသာပြီ။ အပြန်အလှန်ယူလေ။

၁၀။ အရေအဆင်း၊ ရွှေနှယ်ဝင်း၊ အခင်းအရုံသာ၊ ရွှေ၏အဆင်းကဲ့သို့ဝါဝင်းသော အရေအဆင်းရှိခဲ့လျှင်လည်း ကောင်း၊ အဖြူကောင်း၊ အရုံကောင်း၊ အဝတ်ကောင်း အကျိုးပေးတတ်၏။

၁၁။ အရေသဏ္ဍာန်၊ နူးညံ့ပြန်၊ ဉာဏ်ပညာဖို့ရာ။ ကိုယ်ရေကိုယ်သား နူးညံ့ခဲ့လျှင် ဉာဏ်ပညာကို ဟောလေ။ ပြန်ဘက်အားဖြင့် ကိုယ်ရေကိုယ်သား ကြမ်းတမ်းခဲ့လျှင် ဉာဏ်ပညာနည်းတတ်၏။

၁၂။ မွေးညှင်းခြားနား၊ မွေးရှင်ပွား၊ အများလိုလိုက်ရာ။ တစ်ခုခုသော မွေးညှင်းတွင်း၌ တစ်ချောင်းတစ်ချောင်းစီသာ ခြားနား၍ မွေးညှင်းပေါက်ခြင်း၊ ဥဏ္ဏာလုံမွေးရှင်ပေါက်ဖွားခြင်း၊ ဤလက္ခဏာ (၂) ပါးကို မြင်လျှင် သူအများတို့သည် မိမိအလိုကိုလိုက်ကြရကုန်အံ့ဟု ဟောလေ။

၁၃။ ခုနစ်အင်သီး၊ ဖြိုးမောက်ခြင်း၊ လာဘ်ကြီးမိုးသို့ရွာ။ ခြေဖမိုး (၂)၊ လက်ဖမိုး (၂)၊ ပခုံးစွန်း (၂)၊ လည်ကုပ် (၁)၊ ဤအင်္ဂါ (၇) ပါးအသီးသီး ဖြိုးမောက်ခဲ့သော် လာဘ်သပ္ပကာများတတ်၏ဟူလို။

၁၄။ ကိုယ်လုံးထွားကြီး၊ ကျောလယ်ဖြိုး၊ လုံးစည်လည်တိုင်သာ။

၁၅။ သူတော်တရား၊ ခုနစ်ပါး၊ လျော့ပြေားမရှိရာ။

ခြင်္သေ့၏ရှေ့ထက်ဝက်ကဲ့သို့ ကိုယ်လုံးကိုယ်ပေါက်ကြီးထွား၏။ ကျောလယ်မောက်ဖြိုး၏။ ဖြိုးဖြိုးရီးရီးရှိ၏။ လည်တိုင်လည်ပင်း လုံးလုံးစည်းစည်းရှိ၏။ ဤလက္ခဏာ (၃) ပါးနှင့် ပြည့်စုံလျှင် သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ၊ ဟိရိဩတ္တပ္ပဟူသောသူတော်ကောင်းဥစ္စာရွှေရတနာ (၇) ပါးတို့မှ ယုတ်လျော့ခြင်းမရှိ ပြည့်စုံတတ်၏ဟူလို။

၁၆။ အကြောထောင်တုံ၊ လည်ဝတ်ဆုံ၊ လုံးစုံကင်းအနာ။ အထက်သို့တက်သောအဖျားရှိကြကုန်သော ရသကြောတစ်ထောင်တို့သည် လည်ပင်း၌ပေါင်းဆုံကြကုန်အံ့။ အနာရောဂါကင်းရှင်းတတ်၏။

၁၇။ ခြင်္သေ့မေးတူ၊ မေးထွားမူ၊ ရန်သူမဖျက်သာ။ ခြင်္သေ့မင်း၏မေးကဲ့သို့ ဝန်းသော ကြီးမားထွားကျိုင်းသော မေးအင်္ဂါရှိပြေားအံ့။ ကိုယ်တွင်းရန်သူ ကိုယ်ပရန်သူတို့ မဖျက်ဆီးနိုင်ဟူလို။

၁၈။ လေးဆယ်စေ့မြဲ၊ သွားမကျဲ၊ မကွဲပရိသာ။ သွားသည် ချောင်းရေအားဖြင့် လေးဆယ်စေ့စုံ၏။ အလွန်စိပ်၏။ ဤလက္ခဏာ (၂) ပါးနှင့် ပြည့်စုံသောသူအား အခြံအရံပရိသတ်ကွဲပြားခြင်းမရှိ ညီညွတ်၏။ သွားနည်းအံ့။ သွားကျဲအံ့။ အခြံအရံပရိသတ်တကွဲတပြားရှိတတ်၏။ ပရိသတ်အတွက်ကြောင့် ဒုက္ခများတတ်၏ ဟောလေ။

၁၉။ သွားစွန်းညီမျှ၊ စွယ်ဖြူဆွ၊ သုဒ္ဓပရိသာ၊ လွှဖြင့်ဖြတ်၍ထားဘိကဲ့သို့ သွားစွန်းညီညွတ်ခြင်းလက္ခဏာ၊ သောက်ရှူးကြယ်ကဲ့သို့ အစွယ်လေးချောင်း၏ ရွှန်းစက်ဖြူစင်ခြင်း လက္ခဏာ (၂) ပါးသည် အခြံအရံပရိသတ်စင်ကြယ် တင့်တယ်ခြင်းနိမိတ်တည်း၊ သွားတို့၏အစွန်းအစမညီညွတ်ခြင်း၊ အစွယ်လေးချောင်း မလှပခြင်းသည် အခြံအရံပရိသတ် ယုတ်ညံ့ခြင်း၏ နိမိတ်တည်း။

၂၀။ ရှည်ပြန့်လျှာဟန်၊ ဗြဟ္မာသံ၊ အာဏာလွှန်ကဲစွာ၊ လျှာ၏ရှည်ပြန့်ခြင်း၊ ဗြဟ္မာမင်း၏ အသံနှင့်တူသော အသံ၏ ပြည့်စုံခြင်း၊ ဤလက္ခဏာနှစ်ပါးသည် စကားဩဇာကြီးမြတ်ခြင်း၊ အာဏာတိက္ကမ ထက်မြက်ခြင်း၏ နိမိတ်တည်း။ ပြစ်ဒဏ်ကိုလည်းဆိုလေ၏။

၂၁။ မျက်နက်ရွှန်းစည်၊ မျက်ကြည်ချစ်မည်လူတိုင်းသာ။ အလွန်မည်းနက်ရွှန်းစည်သော မျက်နက်ရှိခြင်း၊ မျက်မှောင်တွင်း ရွှန်းရွှန်းစက်ကြည်ရွှင်ခြင်း ဤလက္ခဏာ (၂) ပါးနှင့် ပြည့်စုံသောသူသည် မြင်သူအပေါင်းတို့ ချစ်ကြည်ရ၏။ မျက်နက်ကြောင်သောသူ၊ မျက်ကွင်းမလှသောသူသည် လူချစ်လူခင်နည်းပါး၏ဟု ဟောလေ။ အရပ်ဒေသသို့လိုက်၍သိလေ။

၂၂။ သင်းကျစ်ချယ်ဆင်၊ ဦးခေါင်းမြင်၊ လူရှင်ခညောင်းရာ။ နဖူးသင်းကျစ်ရှိသောသူသည် ဗိုလ်လူအများ လိုက်စားခညောင်းရာဖြစ်၏ဟူလို။

ဤကား (၃၂)ပါးသောလက္ခဏာတော်ကြီးတို့၏ အကျိုးတည်း။

(သတ်ပုံမှာ မူရင်းအတိုင်း ဖြစ်ပါသည်။)

(၃)

လယ်တီဆရာတော်ဘုရားကြီးသည် လက္ခဏာတော်ကြီး (၃၂) ပါး၏ အကျိုးကို စီရင်ရာ၌ ဗုဒ္ဓဘာသာဝင်တို့သည် လက္ခဏာတော်ကြီး (၃၂) ပါး၏ အကျိုးကိုကြည့်၍ ရှင်တော်ဘုရားအား ကြည်ညိုတတ်စေရန်သာမက လူ၏အင်္ဂါရုပ်ကိုကြည့်၍ဟောလိုသူတို့လည်း ထိုအကျိုးတရားများကို နည်းမှီ၍ ဟောတတ်စေရန် ရည်ရွယ်ခဲ့ဟန်တူပါသည်။

ထို့ကြောင့် ဆရာတော်ကြီးက -

'လက္ခဏာတော်တို့ကို လည်းကောင်း၊ အကျိုးတို့ကို လည်းကောင်း နှုတ်တတ်ရွရွရ၍ နေရာကျသိသောသူသည် လူကိုမြင်လျှင်၊ အသံကိုကြားလျှင် အကျိုးအပြစ်ကို သိနိုင်သည်များ၏။ အထက်ပါ ပါဠိအနက်နှင့် ဤသံပေါက်ကို အရဆောင်လေ'

ဟု ရေးခဲ့လေသည်။

မြဝင်း (ဒီသာန)



www.burmeseclassic.com

www.burmeseclassic.com




နရပတိစည်သူမင်းကြီးတည်ထားတော်မူခဲ့သော

# ရွှေအင်းတောင်ဘုရား


ဒေါက်တာဒေါ်နု(တောင်ကြီး)

ရွှေအင်းတောင်စေတီတော်မြတ်ကြီးကို ရပ်စောက်မြို့နယ် ဖောင်းတော်ကျေးရွာအုပ်စုရှိ နောင်ခမ်းရွာမြောက်ဘက် အနီရောင်အဆင်းရှိသော တောင်ထူနှန်းပေါ်တွင် တည်ထားသည်။ စေတီဒကာမှာ အလောင်းစည်သူခေါ် နရပတိစည်သူမင်းကြီးဖြစ်ကြောင်းကို ရွှေအင်းတောင်ကျောင်းတိုက်ဆရာတော်ထံမှ ဖတ်ခွင့်ရသော ပေစာက ဖော်ပြထားသည်။

နမောတဿ အစချီ၍ ရေးသားထားသော (၄၂) ရွက်ပါ ပေစာကို ကြိုးလျှို၍ ပူးတွဲထားပြီး အထက်နှင့်အောက်ကို သစ်သားပြားအကာဖြင့် ဖုံးအုပ်ထားသည်။ ပေစာထုပ်ကို အဝါရောင်ကတ္တီပါ



ထီးတော်နှင့်စိန်ဖူးတော်ကို အနီးကပ်ဖူးမြော်ရစဉ်



ရွှေအင်းတောင်ဘုရားအနောက်ဘက်မုခ်တွင် တည်ထားသော အရံစေတီတော်



ရွှေအင်းတောင်ဘုရား တောင်ဘက်မုခ်



www.burmeseclassic.com

www.burmeseclassic.com

အိတ်ဖြင့် သေသပ်လှပစွာ ထုပ်ပိုးထားသည်။ ရွှေအင်တောင်ကျောင်းဒါယိကာ ဦးစိန်ပေါ်ကိုယ်တိုင် ကျောင်းသို့ လိုက်ပါပို့ဆောင်ပေးသဖြင့် ဆရာတော်က လိုလိုလားလားဖြင့် ပေစာကိုထုတ်ပြခြင်း ဖြစ်သည်။


ပေစာမျက်နှာ(၁၂)တွင် ရပ်စောက် အကြောင်းကို ဤသို့ ရေးသားထားသည်။ ဖောင်တော်ဖြင့် ရုက္ခသဝါသိ အရပ်သို့ရောက်လျှင် ပိန္နဲသီးအမှည့်ကို ဖောင်တော်ပေါ်၌စားသည်။ အစေ့ကို အမိဋ္ဌာန်ဖြင့်ချရာ အပင်ပေါက်သည်။ နောင်တွင် ရပ်စောက်ဟုခေါ်တွင်သည်။ ရပ်စောက်တွင် ရွှေပိန္နဲစေတီတည်သည်။

ရပ်စောက်မှ အနောက်အရပ်သို့ မင်းကြီးကြည့်တော်မူလျှင် နီနီသော ကုန်းတစ်ခုကို မြင်တော်မူ၏။ သမဖြူ သမညိုတို့ကိုခေါ်၍ မေးတော်မူလေသော် ဤကုန်းသည်ကား ရှေးသော အခါ ကုမ္ဘဘယသွေးအံ့တောင်ကုန်း ဖြစ်ပါသည်ဟု လျှောက်လေ၏။ ယင်းသို့ တပြီးကား ဖောင်တော်ဆိုက်စေ၊ ငါ ဘုရားစေတီဘုရားတည်ထားမည့် ဌာပနာတိုက်တွင် အနက် (၅၂) တောင်တူးစေပြီးမှ ရတနာကျောက်မြို့ (၂) ပြည်နှင့် ဓာတ်မွေတော်တစ်ဆူ သွတ်သွင်းတော်မူပြီးမှ ကျောက်ဖျာကြီးကိုယူ၍ လုံခြုံစွာ နှစ်ထပ်ပိတ်အုပ်၍တည်ထားတော်မူခဲ့သည်။

"ငါတည်ထားတော်မူသော သွေးအံ့တောင်ဘုရားရှင်ကို နောက်ထပ်



သွေးအံ့တောင်ဘုရား (ခေါ်) ရွှေအင်တောင်စေတီတော်မြတ်ကြီးအား
တောင်ဘက်အရပ်မှဖူးမြော်ရပုံ



မြန်မာနှစ် ၁၃၇၈ ခု၊ ဝါခေါင်လက ပြုပြင်မွမ်းမံ၍ ရွှေသင်္ကန်းကပ်လှူထားသော
ရွှေအင်တောင်စေတီတော်




ရွှေအင်တောင်ဘုရားနှင့် ရှေးဟောင်းသိမ်ကျောင်းတော်



www.burmeseclassic.com

www.burmeseclassic.com



ရွှေအင်တောင်ကျောင်းတိုက်
ဘုရားဆောင်မှ ဗုဒ္ဓရုပ်ပွားတော်



စေတီတော်မုခ်အတွင်း ဖူးမြော်ရသော
မြတ်စွာဘုရားရှင်၏ရုပ်ပွားတော်



ရွှေအင်တောင်စေတီတော်မုခ်ဦးမှ သပ္ပာယ်စွာ
သီတင်းသုံးနေတော်မူသော ဗုဒ္ဓမြတ်စွာဘုရား



ရွှေအင်တောင်စေတီတော်မုခ်ဦးမှ
သပ္ပာယ်စွာ သီတင်းသုံးနေတော်မူသော
ဗုဒ္ဓမြတ်စွာဘုရားဆင်းတုတော်



ရွှေအင်တောင်စေတီတော်မုခ်ဝမှ
စက္ကူမြေချ၍ စံမြန်းနေတော်မူသော
ဗုဒ္ဓဆင်းတုတော်



ရွှေအင်တောင်စေတီတော်မြတ်ကြီးတွင်
အုတ်ကျောင်းဆုံပုံဖြင့် အချိုးကျလှပစွာ
ထုဆစ်ထားသော မြောက်ဘက်မုခ်

လောင်း၍ တည်ထားသုတ်သင်ပြင်ဆင်သောသူ၊ မြေတလင်းညီညွတ်၍ ပေါင်းတမြက်ကလည်းလှည်းသောသူ၊ ဆွမ်း၊ သင်ပုတ်၊ ရေချမ်း၊ ပန်းပေါက်ပေါက်တို့နှင့် လျှူဒါန်းဖူးမြော်ပူဇော်သောသူတို့သည် နိဗ္ဗာန်တရားတော်မြတ်ကို ရစေသတည်း။ ယခင်မျက်မှောက်ဘဝမှာပင် ခပ်သိမ်းသော ရောဂါအန္တရာယ်ကင်းပျောက်စေသတည်း"

အဓိဋ္ဌာန်ဆုတောင်းပထနာပြုခဲ့ပြီးမှ လက်ယာရစ်ပတ်လှည့်တော်မူ၏ဟု ရေးသား ဖော်ပြထားသည်ကို ဖတ်ခဲ့ရပါသည်။

ရှေးအခါ ရမ္မဝတီ ယခု အင်းလေးဒေသတွင် နရပတိစည်သူမင်းကြီး



ရွှေအင်တောင်စေတီခေါင်းလောင်းတော်တွင် အသေးစိတ် ထွင်းထုထားသော
လက်ရာမြောက်လှသည့် ကမ္ဘာ့ဇာယကန္တဘီလူးခေါင်းပုံ




www.burmeseclassic.com


www.burmeseclassic.com



ရွှေအင်တောင်ကျောင်းတိုက်ဘုရားဆောင်



ရွှေအင်တောင်စေတီတော်အနောက်မှန်ရှိ
ရှေးဟောင်းသိမ်ကျောင်းတော်



မြန်မာနှစ် ၁၃၄၄ ခု၊ တပေါင်းလပြည့်ကျော် (၅) ရက်နေ့က တည်ဆောက်ပြီးစီးခဲ့သော
ရွှေအင်တောင်ကျောင်းတိုက်ကြီး



ရွှေအင်တောင်ကျောင်းတိုက်အတွင်း
တည်ထားသော မဟာဗောဓိပုံတူ
လေးမျက်နှာဘုရား



ရွှေအင်တောင်ဘုရား
တောင်ဘက်မုခ်အနီးတည်ထားသော
ဗုဒ္ဓဂယာမှ မဟာဗောဓိပုံတူစေတီတော်
(လေးမျက်နှာဘုရား)



ရွှေအင်တောင်စေတီတော်မြတ်ကြီး၏
အရှေ့မုခ်တွင် ဘုံပျံ (၉) ဆင့်ဖြင့်
လက်ရာမြောက်စွာ တည်ဆောက်ထားသော
မုခ်ဦးအား အနီးကပ်မြင်ကွင်း


တည်ထားကိုးကွယ်ခဲ့သော စေတီတော်ပေါင်း (၄၂) ဆူရှိသည်ဟု ဆိုသည်။ ဖောင်းတောတိုက်နယ်၏ တောင်ဘက်ကပ်လျက်တွင် တည်ရှိသော အလယ်ချောင်ရွာထိပ်တွင် ရွှေပန်းခွက်စေတီ၊ ထိုမှ တောင်ဘက်အရပ် ပင်းတယမြို့နယ်ထဲတွင် ရွှေပုထိုးစေတီ၊ ပင်းတယဂူတွင် ကျောက်ဂူဗုဒ္ဓေါစေတီ၊ ပွေးလှမြို့နယ်တွင် မြစေတီ စသည်ဖြင့် အင်းလေးကန်တော်တစ်နံတစ်လျှားရှိ မြို့နယ်တိုင်းလိုလိုတွင် စေတီတော်များကို ဖြန့်ကြက်တည်ထားတော်မူခဲ့ပါသည်။

ဖောင်စကြာရတော်မူသော နရပတိစည်သူမင်းကြီး၏ တန်ခိုးဝေဇော်အာနုဘော်ကြောင့် တန်ခိုးကြီးဘုရား


www.burmeseclassic.com



ရွှေအင်းတောင်စေတီတော်မြတ်ကြီးအား နောင်ခမ်းရွာဘက်ထပ်မှ မျှော်ရှု



ရွှေကြာ့ဘုရားဦးတော်ပုံပန်းချီကား



မီးအလင်းတော်ပါလွှာက်ရေးလွှမ်းခြင်းအကြပ်ဖြတ်ပြပန်းချီကား



ရှေးဟောင်းစေတ်ဘွားကြီးတည့်ရှိခဲ့သော အရှေ့မှစ၍ ရေးထက်ရာများနှာကြက်

စေတီများ နေ့ချင်းညချင်း ပေါ်ပေါက်လာသည်ကား သာသနာအနှစ် (၅၀၀၀) တည်တံ့ရေးကို အထောက်အပံ့ပေးနိုင်ခဲ့သည်မှန်၏။ လက်ရှိကာလတွင်ကား တောကြိုအုံကြားရှိ တန်ခိုးကြီးဘုရားစေတီတို့မှာ ပြုပြင်ထိန်းသိမ်းနိုင်သူ မနအင်အားတောင့်တင်းသော ဒကာများ မရှိကြတော့။ ထိုထက်ဆိုးသည်ကား တန်ခိုးကြီးဘုရားစေတီရှိ ဆင်းတုတော်များ၊ ခေါင်းလောင်းတော်များ၊ ရှေးဟောင်းပစ္စည်းအရောင်းအဝယ်လောကထဲသို့ ရောက်ကုန်ခြင်းပင် ဖြစ်ကြ၏။

ရွှေအင်းတောင် ကျောင်းတော်တွင် ကျောင်းထိုင်သံဃာနည်းပါးခြင်း၊ အလှူ့ကျကပ္ပိယစနစ်ကြောင့် ဘုရား



ရွှေအင်းတောင်ကျောင်းတိုက်
အရုပ်လေးမျက်နှာကောက်တို့ထုလုပ်ထားသော
သွပ်ထားကျောင်းဆောင်သစ်




ရွှေအင်းတောင်စေတီတော်အရှေ့ဘက်မုခ်ဦးရှိ
ရုပ်နမူနာနှင့်ပေဆောင်နေသော ကုံးကော်ပင်





www.burmeseclassic.com

www.burmeseclassic.com



ရွှေဦးရွှက်သစ်ရှုမျှော်ဖွယ် တင့်တယ်နေသော ကုံကော်ပင်နှင့် ရေမဟောင်းသိမ်ဇရပ် (ရွှေအင်တောင်ဘုရား)


ရွှေအင်တောင်ကျောင်းတိုက်မှ ရေမဟောင်းဥပုသ်ဇရပ်


ရွှေအင်တောင်ကျောင်းတိုက်အနောက်ဘက်တွင် အသစ်တည်ဆောက်ပြီးစ ဥပုသ်တိုက်

တန်ဆောင်းလုံခြုံရေးတို့ မထိန်းသိမ်းနိုင်ခြင်းတို့ကြောင့် ကျောင်းရှိ ရုပ်ပွားတော်များ၊ ခေါင်းလောင်းတော်များ၊ များစွာအခိုးခံရပါတော့သည်။ သို့သော် ဘုရားဒကာက မိဋ္ဌာန်ဆုတောင်းခဲ့မှုနှင့် ဆန့်ကျင်၍ ဖျက်လိုဖျက်ဆီး လောဘမီးတောက်လောင်ခဲ့ကြသော အစမှဝါဒီတို့မှာ (၁) မင်းပြစ်မင်းဒဏ်တရားစီရင်ခံရပြီး (၂) ပြစ်ဒဏ်မှ လွတ်လာပြီးသည့်တိုင် မိမိခန္ဓာကိုယ်အတွင်းမှ မခံမရပ်နိုင်လောက်အောင် ပူလောင်သောဝေဒနာကို ခံစားရပြီး တိရစ္ဆာန်ကဲ့သို့အော်၍ သေပွဲဝင်သွားခဲ့ရသည့်ပုဂ္ဂိုလ်တစ်ဦးကို ရွှေအင်တောင်ဂေါပကတို့က ကိုယ်တိုင်ကိုယ်ကျ တွေ့မြင်လိုက်ကြရသည်ဟု ဆိုသည်။

ရွှေအင်တောင်ကျောင်းတွင် ဦးစိန်ပေါ၊ ဦးဆံဦး၊ ဦးဆံလှတို့အမှူးပြုသော ဂေါပက(၇)ဦးရှိပါသည်။ သူတို့၏ရှိစုမဲ့စု ဒါနနှင့် အရပ်လေးမျက်နှာမှ ဒကာတို့၏လှူဒါန်းမှုဖြင့် ၁၃၇၅ ခု၊ တပေါင်းလမှစတင်၍ ရွှေအင်တောင်စေတီတော်မြတ်ကြီးကို အုတ်ရိုးကျန်သည်အထိခွာ၍ ပြန်လည် ပြုပြင်မွမ်းမံခဲ့ကြရာ (၆) လအတွင်း ရွှေသင်္ကန်းကပ်နိုင်သည်အထိ ပြီးစီးခဲ့သည်ဟု ဆိုပါသည်။

ရွှေအင်တောင်ကျောင်းတိုက်၏ ကျောင်းထိုင်ဆရာတော်မှာ အသက်(၃၈)၊ ဝါတော်(၁၈)ဝါရ ဦးပဥ္စင်း အရှင်စန္ဒာသီရိ ဖြစ်ပါသည်။ နောင်ခမ်းရွာဇာတိ ခမည်းတော် ဦးကွယ်၊ မယ်တော်



www.burmeseclassic.com


www.burmeseclassic.com



ကြေးပေါင်းလောင်းတော်၏ အနုစိတ်လက်ရာနှင့် ခေါင်းလောင်းစာ



၂၀၀၉ ခုနှစ်က ပျံလွန်တော်မူသွားသော
ယခင် ရွှေအင်တောင်ကျောင်းတိုက်
ပဓာန နာယကဆရာတော် အရှင်ဇေယျ



နရပတိစည်သူမင်းကြီး၏သမိုင်းစာပေထုပ်မှ ပျက်နေချင်းဆိုင်ပေစာနှစ်ရွက်ပုံ



ရွှေအင်တောင်ကျောင်းတိုက်
ကျောင်းထိုင်ဆရာတော် အရှင်ဓမ္မာသီရိ



ရွှေအင်တောင်ကျောင်းတိုက်အတွင်း အသစ်တည်ဆောက်နေသော နှစ်ထပ်ကျောင်းဆောင်သစ်



နရပတိစည်သူသမိုင်းပေစာ စာမျက်နှာ(၁၂)အားဖတ်ပြနေသော
ဦးဝိတ်ထာနန်းကောဒိကျော် နှင့် ကူးယူရေးသားနေသော စာရေးသူ

ဒေါ်နော်တိုး၏ သတ္တမမြောက် သားရတနာဖြစ်ပြီး ကျောက်တောကျောင်းတိုက်ဆရာတော် ဦးကလျာဏကို ဥပဇ္ဈာယ်ဆရာပြု၍ ရဟန်းဘောင်သို့ တက်ရောက်လာသူဖြစ်ပြီး ရွှေအင်တောင်ကျောင်းတိုက်တွင် သီတင်းသုံးလာသည်မှာ (၅) ဝါသို့တိုင်ခဲ့သူ ဖြစ်သည်။

ယခင် ကျောင်းထိုင်ဆရာတော်ကြီးမှာ ဘုရားဖြူရွာသား အရှင်ဇေယျ ဖြစ်ပြီး ၂၀၀၉ ခုနှစ်က ပျံလွန်တော်မူခဲ့ပါသည်။ မကွယ်လွန်မီ နှစ်ပေါင်း(၄၀) ခန့် ရွှေအင်တောင်ကျောင်းတိုက်တွင် သာသနာကို ထိန်းသိမ်းစောင့်ရှောက်သွားခဲ့ပါသည်။

ရစ်စောက်စော်ဘွားလက်ထက်



www.burmeseclassic.com

www.burmeseclassic.com



ရွှေအင်တောင်ကျောင်းတိုက်ရှိ ရှေးဟောင်းခေါင်းလောင်းတော်ကြီး



ကျောက်တော်ရွာနေ ဘုရားဒကာ သာမုံ၊ မြန်မာနှစ် ၁၂၄၆ ခုနှစ်၊ ကဆုန်လက သွန်းလောင်းလှူဒါန်းထားသော ကြေးခေါင်းလောင်းစာကို ဖတ်ကြားပေးခဲ့ကြသော ဒေါက်တာနန်းအေးမိုးကျော်နှင့် ဦးကုလား



ရွှေအင်တောင်စေတီတော်အရှေ့မြောက်ဘက်ရှိ ဘုရားတောင်



ရွှေအင်တောင်ကျောင်းအနောက်ဘက်ရှိ မှိုင်းမှုန် ပလောင်အင်းတောင်နောက်ခံမြင့် တောင်တောတန်းတော်ကြီးကျောင်း



ရွှေအင်တောင်ဘုရားဖူးနိုင်ရန် နတ်လမ်းဖွင့်သူ ဂေါပက ဦးဆိုင်းစိန်ဝေ

က တန့်ဆောင်တိုင်မီးထွန်းပွဲတော်အား ရွှေအင်တောင် စေတီရင်ပြင်ပေါ်တွင် နှစ်စဉ် စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိသည်ဟု ဆိုပါသည်။

လက်ရှိကာလတွင် ရွှေပန်းခွက်ဆရာတော်နှင့် ရပ်စောက်မြို့ လေသာကျောင်းဆရာတော်တို့က ဦးစီးပြီး နှစ်စဉ် တပေါင်းလပြည့်ကျော်ကာလတွင် မုတင်၊ ဒုလ္လဘတရားစခန်း ဖွင့်လှစ်ပေးလျက်ရှိသည်ဟု သိရပါသည်။ ဤတရားစခန်းတွင် ဒုလ္လဘရဟန်းဝတ်သူများသည် သစ်ရိုပ်ဝါးရိပ်တွင် ပက်လက်ကုလားထိုင်တစ်လုံးစီဖြင့်သာ မုတင်ဆောင်ကြရသည်ဟု ဆိုပါသည်။ ထိုတရားစခန်းမှ ရရှိသောနဝကမအလှူတို့ကို ဆရာတော် (၂) ပါးက စေတီတော်ကြီး ပြုပြင်ထိန်းသိမ်းရန် နှစ်စဉ်လှူဒါန်းသွားကြသည်ဟု ကြားသိရပါသည်။

ဗုဒ္ဓဘာသာနွယ်ဝင် သူတော်စင်အပေါင်းတို့ ခင်ဗျား။ ယခုမျက်မှောက်ဘဝမှာ ခပ်သိမ်းသော ရောဂါအန္တရာယ်တို့မှ ကင်းပျောက်လိုပါသလား၊ နိဗ္ဗာန်တရားတော်မြတ်ကိုရလိုပါသလား။

နရပတိစည်သူမင်းကြီးတည်ထားကိုးကွယ်ခဲ့သော စေတီတော် (၄၂) ဆူသို့ ရှေးရှုရှ၍ ပြုပြင်ထိန်းသိမ်းမှုအလှူတော်များကို ပြုလုပ်ကြပါရန်ဟု နိဗ္ဗာန်အကျိုးမျှော်၍နှိုးဆော်လိုက်ရပါကြောင်း။

ဒေါက်တာဒေါ်နီနီ(ဒေါင်ကြီး)

www.burmeseclassic.com



ငွေလသာ
(တွဲတား)

# လျှောင်းတော်မူ

မြန်မာပြည်တစ်ဝန်းလုံးရှိ အမြို့မြို့အနယ်နယ်အရပ်ရပ်တို့တွင် မြတ်စွာဘုရားရှင်အပေါင်းတို့၏ ဓာတ်တော်၊ မွေတော်တို့ဖြင့် တည်ထား ကိုးကွယ်ကြကုန်သော စေတီပုထိုးတော်များ၊ ရုပ်ပွားတော်များနှင့် မြတ်စွာဘုရားရှင်အပေါင်းတို့အား ရည်မျှော်မှန်း၍ တည်ထားကိုးကွယ်ကြကုန်သော စေတီအဆူဆူ၊ ရုပ်ပွားတော်မြတ်အဆူဆူတို့ နေရာတိုင်းမှာ လက်ညှိုးထိုးမလွဲအောင်ရှိနေကြကုန်၏။

ထိုသို့သော ရုပ်ပွားတော်များတွင် လျှောင်းတော်မူ ရုပ်ပွားတော်မြတ်များလည်း အပါအဝင်ဖြစ်ပါလေ၏။

ထိုလျှောင်းတော်မူ ရုပ်ပွားတော်မြတ်များအား စာရေးသူတို့သည် ဘယ်အရပ်ဒေသမှာပဲ ဖူးမြော်ရဖူးမြော်ရ လျှောင်းတော်မူဆိုလျှင် တစ်ပုံစံတည်း အထင်တိုးကွယ်ကြသည်ဟုထင်ကြလေသည်။ ဗုဒ္ဓဆိုင်ရာအမေးအဖြေမှ ထိုနိုင်းဆရာတော် ဖြေကြားထားသည်များကို ဖတ်ရမှ ကွဲပြားခြားနားပုံများအား သိခွင့်ရခဲ့လေသည်။

ထို့ကြောင့် စာရေးသူ သိသလို အားလုံးမရှိသတ်များလည်း သိနိုင်ကြစေရန် ရေးသား တင်ပြလိုက်ရပါသည်။

မြတ်စွာဘုရားရှင်၏ လျှောင်းတော်မူရုပ်ပွားတော်များကို ဖူးမြော်ရာမှ လျှောင်းတော်မူရုပ်ပွားတော်မြတ်များအား လက်ယာနံတောင်းဖြင့် လျှောင်းတော်မူသည်ကိုသာ တွေ့ကြရပါ၏။ ထိုသည်ကား စာဆိုနှင့်အညီ ထုလုပ်ထားခြင်းကြောင့် ဖြစ်ပါ၏။

အင်္ဂုတ္တရပါဠိတော် စတုက္ကနိပါတ် (၂၆၆) မှ အိပ်ခြင်းလေးမျိုးကို ဘုရားရှင်ဟောတော်မူပါ၏။သုတ်အမည်ကတော့ သယျသုတ် ဖြစ်လေသည်။

သုတ်၏အဓိပ္ပာယ်က လောကမှာ အိပ်ခြင်းလေးမျိုးရှိသည်ဟု ဆိုခြင်းဖြစ်သည်။

၁။ ပြိတ္တာတို့ရဲ့အိပ်ခြင်း၊
၂။ ကာမဂုဏ်ခံစားသူတို့ရဲ့အိပ်ခြင်း၊
၃။ ခြင်္သေ့တို့ရဲ့အိပ်ခြင်း၊
၄။ ဘုရားရှင်တို့ရဲ့အိပ်ခြင်း
တို့ ဖြစ်ကြလေသည်။

**၁။ ပြိတ္တာတို့ရဲ့အိပ်ခြင်း**

ပြိတ္တာတို့ဟာ ပက်လက်အိပ်ကြပါသတဲ့။ ဘာကြောင့် ပက်လက်အိပ်သလဲဆိုတော့ ပြိတ္တာမှာ အသားအသွေးနည်းတယ်လို့ ဆိုပါသည်။ ဒါကြောင့် အရိုးစုကောင်ကြီးလိုဖြစ်နေတဲ့ ပြိတ္တာတို့ဟာ လက်ဝဲ၊ လက်ယာမလူးလွန့်နိုင်တာမို့ ထိုသို့အိပ်ရခြင်း ဖြစ်သည်ဟု ဆိုပါသည်။

**၂။ ကာမဂုဏ်ခံစားသူတို့အိပ်ခြင်း**

သူတို့ကတော့ လက်ဝဲဘက်ကို စောင်းပြီး အိပ်ကြပါသည်။ ဘာဖြစ်လို့ ထိုသို့အိပ်သလဲဆိုတော့ သူတို့ရဲ့ဇနီးက လက်ဝဲဘက်ရှိနေခြင်းကြောင့် ဖြစ်လေသည်။

**၃။ ခြင်္သေ့တို့ရဲ့အိပ်ခြင်း**

ခြင်္သေ့ကတော့ လက်ယာနံစောင်းနဲ့ အိပ်ပါသတဲ့။ အဋ္ဌကထာဆရာက အောက်ပါအတိုင်း ဖွင့်ဆိုထားပါသည်။

ခြင်္သေ့ဟာ တန်ခိုးကြီးများတဲ့အတွက်ကြောင့် ရှေ့ခြေနှစ်ချောင်းတို့ကို တစ်ဌာန၊ နောက်ခြေထောက်နှစ်ချောင်းကို တစ်ဌာနထားပြီး အမြီးကို ပေါင်ကြားထဲသွင်းထားတတ်သည်။

ပြီးတော့ ရှေ့ခြေ၊နောက်ခြေတို့ရဲ့ တည်နေရာအရပ်၊ အမြီးတို့ရဲ့ တည်နေရာအရပ်ကို ကောင်းစွာမှတ်ထားပြီး ရှေ့ခြေ၊ နောက်ခြေထက်မှာ ဦးခေါင်းကို



www.burmeseclassic.com

www.burmeseclassic.com

တင်ထားလျက်အိပ်သည်။

နိုးလာတဲ့အခါ ဦးခေါင်းကိုထောင်ပြီး မူလကမှတ်ထားတဲ့ လက်၊ခြေ၊အမြီး ရွှေ့၊ မရွှေ့ကို ကြည့်လေသည်။ အကယ်၍ ရွှေ့နေခဲ့လျှင် 'ရဲရင့်တဲ့ငါတို့ခြသေ့ ထုံးနှင့် မကိုက်ညီဘူး'ဆိုပြီး စိတ်မချမ်းမြေ့စွာနှင့် အဲဒီနေရာမှာသည်း ဆက်အိပ်နေပါသတဲ့။

ဒါမှမဟုတ်ဘဲ မူလမှတ်သားထားတဲ့အတိုင်း မရွှေ့ဘဲတည်ရှိနေတယ်ဆိုလျှင် နှစ်သက်ရွှင်လန်းတဲ့စိတ်ဖြစ်ပေါ်ပြီး အိပ်ရာကထ၊ လည်ဆံမွေးများကိုခါ၊ သုံးကြိမ်တိုင်တိုင်ဟောက်ပြီးမှ စားကျက်ကို ထွက်ခွာသွားတတ်တယ်လို့ ဖွင့်ဆိုထားပါသည်။

## ၄။ ဘုရားရှင်တို့ရဲ့အိပ်ခြင်း

ဘုရားရှင်တို့သည် စတုတ္ထစျာန်ကို ဝင်စားရင်း ကျိန်းစက်တော်မူလေသည်။

စတုတ္ထစျာန်ဖြင့် ကျိန်းစက်တော်မူခြင်းကို ဘုရားရှင်၏ ကျိန်းစက်ခြင်းဟု ဆိုပါသည်။ ခြင်္သေ့မင်းဟာ လက်ယာနံတောင်းဖြင့် အိပ်စက်သလို ဘုရားရှင်များလည်း လက်ယာနံတောင်းဖြင့် လျောင်းစက်သည်ဟု ဆိုပါသည်။

လျောင်းစက်တဲ့အခါ လက်ယာခြေတော်မှာ လက်ဝဲခြေထောက်ကို စဉ်းငယ်လွန်ပြီး (အနည်းငယ်ခွာ၍) တင်ထားလေသည်။ ဘာကြောင့်လဲဆိုတော့ ဖမျက်တစ်ခုနှင့် ဖမျက်တစ်ခု၊ ပုဆစ်ဒူးဝန်းတစ်ခုနှင့် ပုဆစ်ဒူးဝန်းတစ်ခု ထိခိုက်နေလျှင် ဝေဒနာမပြတ်ဖြစ်နေတတ်သောကြောင့် စိတ်ရဲ့တည်ငြိမ်မှုမရှိခြင်း၊ အိပ်၍မပျော်ခြင်းတို့ဖြစ်တတ်သောသဘောရှိလေရာ ဖမျက်ချင်း၊ ဒူးချင်း မထိအောင် စဉ်းငယ်လွန်ထားခြင်း ဖြစ်လေသည်။ ထိုကဲ့သို့ အနေအထားပြုပြီးမှ သတိသမ္ပဇဉ်တရားနှလုံးသွင်းရင်း ဘယ်အချိန်ထမလို့လဲ၊ နိုးထမယ့်အချိန်အပိုင်းအခြားကို သတ်မှတ်ပြီးမှ ကျိန်းစက်တော်မူလေသည်။

ကျမ်းဂန်များတွင် ဘုရားရှင်ရဲ့ ကျိန်းစက်ပုံကို ဤသို့ဖွင့်ဆိုထားသည့်အတွက် လျောင်းတော်မူထုလုပ်တဲ့အခါ စာဆိုနှင့်အညီ လက်ယာနံတောင်းဖြင့် လျောင်းတော်မူပုံကို ထုလုပ်ကြခြင်း ဖြစ်လေသည်။

အကယ်၍ လက်ဝဲနံတောင်းဖြင့် လျောင်းစက်ပုံထုလုပ်ခဲ့လျှင် ကာမဂုဏ်ခံစားသူတို့ရဲ့ပုံမျိုးဖြစ်သွားမှာမို့ လောကအပြစ်သင့်မည်စိုး၍ လက်ဝဲနံတောင်းဖြင့် လျောင်းစက်တော်မူပုံကို မထုလုပ်ကောင်းဟု သိရှိရလေသည်။

မြန်မာပြည်အရပ်ရပ်မှာရှိကြကုန်သော ရှေးသာလျောင်းများသည် အရှေ့၊ အနောက်၊ တောင်၊ မြောက်အရပ်လေးမျက်နှာကို သင့်လျော်သလို ဦးခေါင်းတော်ထားပြီး ထုလုပ်ကြပါသည်။

သုတ်မဟာဝါ ပါဠိတော် မဟာပရိနိဗ္ဗာနသုတ်မှာ ဘုရားရှင်က -

"အာနန္ဒာ၊ အင်ကြင်းပင်အစုံတို့၏အကြား၌ မြောက်အရပ်သို့ ဦးခေါင်းပြု၍ ညောင်စောင်းကို ခင်းလော့။ ငါ ပင်ပန်း၏။ လျောင်းစက်အံ့"

ဟု မိန့်တော်မူပြီး ညောင်စောင်းထက်မှာ မြောက်အရပ်သို့ ဦးခေါင်းပြု၍ လျောင်းစက်တော်မူကြောင်း ပြဆိုထားပါသည်။

သည်သုတ်တော်အရ မြောက်ဘက်အရပ်သို့ ဦးခေါင်းပြုတဲ့ လျောင်းတော်မူပုံကို ပရိနိဗ္ဗာန်စံတော်မူပုံလို့ခေါ်ဆိုကြလေသည်။

အရှေ့ဘက်သို့ ဦးခေါင်းပြုထားသော လျောင်းတော်မူပုံအား လျောင်းစက်အနားယူတော်မူပုံလို့ သတ်မှတ်ကြလေသည်။

တောင်အရပ်သို့ ဦးခေါင်းပြုထားပါက ဖလသမာပတ်ဝင်စားပုံ (နိဗ္ဗာန်ကိုမျက်မှောက်ပြု) ပေါင်းလဲဘုရားလို့ သတ်မှတ်ကြလေသည်။

အနောက်ဘက်ကို ဦးခေါင်းပြုထားသော လျောင်းတော်မူကိုတော့ နိရောဓသမာပတ်ဝင်စားပုံ (သစ္စာလေးပါးကိုဖော်ခြင်း) လို့ သတ်မှတ်ကြလေသည်။

အထက်ပါ အကြောင်းအရာများသည် လျောင်းတော်မူရုပ်ပွားတော်မြတ်တို့၏သိမှတ်ဖွယ်ရာများ ဖြစ်ကြပါသည်။ မှတ်သားရသလောက် ရေးသား တင်ပြရပါ၏။

ဖမျက်-ခြေဖနောင့်နှင့်ခြေမျက်စိကြား၌ရှိသည့်အရာ။ ဘုရားရှင်၌သာ ထိုဖမျက်ရှိသည်။

ထိုဖမျက်ကြောင့် လမ်းလျှောက်သည့်အခါတိုင်း ခြေဖဝါးကိုမြင်နိုင်။

ဖလသမာပတ် - နိဗ္ဗာန်ကိုမျက်မှောက်ပြုပွားများပုံ။

နိရောဓသမာပတ်-လေးပါးသောသစ္စာတရားတို့အား ဆင်ခြင်ပွားများ။

ငွေလသာ (၄ ဘား)

# ဝက်ခြံညှော်ခံဆေးနည်းနှင့် ကင်းကိုက်ပျောက်ဆေးနည်း

**အောင်သိန်းဝင်း(ပွင့်ဖြူ)**

'မေးဖျားစခေါက်၊ ဝက်ခြံပေါက် ဝမ်းမြောက်ဝမ်းသာမရှိရာ' ဟု စာဆိုရှိသည်။

မေးဖျားတွင် ဝက်ခြံပေါက်ကဆိုးသည်။ နီရဲပြီးပြောင်နေသည်။ ရောင်ရမ်းသည်။ တချို့ဆို အနာရှိန်ကြောင့် ဖျားတတ်သည်။ ညှော်နံ့ကမရ၊ ညှော်ဝင်ပြီး အသက်အန္တရာယ်ပင် စိုးရိမ်ရသည်။ ငရုတ်သီးညှော်၊ ကြက်သွန်ဖြူညှော်၊ နွားချေးမီးညှော်၊ သစ်ရွက်စိမ်းအမှိုက်မီးညှော်၊ ပလတ်စတစ်မီးညှော်ဆို ပိုဆိုး၏။

ထိုသို့ဖြစ်က ဘူးသီးအစိမ်းစားခြင်း၊ ညှော်ခံမြစ်ကိုသွေး၍ ဆားနှင့်သောက်ခြင်း၊ မော်ရိယမန်းဆေးသောက်ခြင်းပြုတတ်ကြသည်။

ညှော်ဝင်က ညှော်ထုတ်၊ ညှော်ခံနိုင်ရန် ကျပ်ခိုး၊ ရှိန်းခိုး၊ နနွင်း၊ ချဉ်းခါးရွက်သတ္တုရည်၊ ဆားအနည်းငယ်၊ ခုံညင်းဆန်သွေးသောအရည်ကို ဆန်ဆေးရည်နှင့် ရောသောက်ခြင်းဖြင့် ညှော်မကြောက်ရပါ။ ညှော်ဒဏ်ခံနိုင်သည်။ ညှော်ဝင်က ညှော်ထွက်၏။ ဝက်ခြံကို ထုံးတို့ခြင်း၊ ဝက်ကြွတ်ခေါက်သွေးလိမ်းခြင်းဖြင့် ပျောက်ကင်းနိုင်ပါသည်။

❐

ကင်းသုံးကင်း တစ်ကင်းပြီးသည်ဟု ဆိုကြသည်။

ကင်းခြေများ၊ ကင်းမလက်မည်း ကင်းမြီးကောက် ဟူ၍ (၃) မျိုးရှိသည်

ကင်းကိုက်က ကင်းကိုက်သောနေရာကို ကြက်သွန်နီထက်ခြမ်းခြမ်းပြီး ထုံးသုတ်ပွတ်ပေးခြင်းဖြင့် သက်သာပျောက်ကင်းစေပါသည်။

အောင်သိန်းဝင်း (ပွင့်ဖြူ)

www.burmeseclassic.com

www.burmeseclassic.com

ခေါင်းစဉ်မှ ပါဠိဘာသာသည် ရှက်ခြင်း၊ ကြောက်လန့်ခြင်းဟု ပြန်ဆိုရုံမျှဖြင့် ပြည့်စုံ၏။

မြန်မာအဘိဓာန်အလိုရမူ ကဲ့ရဲ့ခံရခြင်း၊ အထင်သေးခံရခြင်း၊ ဂုဏ်သိက္ခာထိခိုက်ခြင်း စသည့် အကြောင်းတရားကြောင့် 'စိုးရိမ်ပူပန်စိတ်' ဖြစ်ကာ မဝံ့မရဲဖြစ်ခြင်း၊ တွန့်ဆုတ်ခြင်းတို့ကို 'အရှက်' ဟု လည်းကောင်း၊ ဘေးအန္တရာယ်တစ်စုံတစ်ရာကြောင့် တုန်လှုပ်ချောက်ချားခြင်း၊ ထိတ်လန့်ခြင်း၊ရွံ့ခြင်းတို့ကို 'အကြောက်' ဟုလည်းကောင်း အကျယ်တဝင့် ဖွင့်ဆိုထား၏။

ရွံ့ခြင်း မလွဲမသွေဖြစ်ပေလိမ့်မည်။

တစ်ဖန် 'ကြောက်လွဲ ရဲမင်းဖြစ်' ဟူသော စကားပုံသည် ကြောက်ရွံ့တွန့်ဆုတ်နေလျှင် ရသင့်ရထိုက်သောအကျိုးကျေးဇူးကိုမရရှိဘဲ မကြောက်မရွံ့စွန့်စားအားထုတ်လျှင် အကျိုးထူးရနိုင်ကြောင်း ဖော်ညွှန်းခြင်း ဖြစ်၏။ သို့သော် ပြုလိုရလိုသည့်ဆန္ဒအတွက် ကြံစည်သည်နှင့် အထပ်ထပ်သုံးသပ်၍ ဆုံးဖြတ်ပြီးမှ ကောင်းသောအလုပ်ကို အားထုတ်ရ၏။

ကိုယ်စိတ်နှလုံးစောင့်စည်းထိန်းသိမ်းနိုင်မှုဟူသော ဂုဏ်သိက္ခာ လူတိုင်းနှင့် ထိုက်တန်ရေးမှာ ကောင်းမှုနှင့် မကောင်းမှုတို့ကို ဝေဖန်ပိုင်းခြား၍ မကောင်းမှုပြုရန် ရှက်ခြင်း၊ ကြောက်လန့်ခြင်းသည် အခြေခံအလေ့အကျင့်ဖြစ်၏။ ထိုအလေ့အကျင့်သည် 'ဘာသာတရားအဆုံးအမ၊ မိဘ ဆရာများ၏ သွန်သင်ညွှန်ပြမှု' တို့ဖြင့် ရရှိနိုင်သော်

# သုတဝင်း

## ဟိရီဩတ္တပ္ပ



လူတစ်ဦးချင်း၏ အရှက်သည် တွေညီ ကွဲပြားခြားနားမှုရှိနိုင်သော်လည်း အကြောက်သည် အများအားဖြင့် နီးစပ်မှုရှိ၏။ လောကနိယာမအရ ခွန့်တွဲနေသည့် ဆန့်ကျင်ဘက်တရားများထဲမှ အရှက်နှင့် အကြောက်သည် ဆန့်ကျင်ဘက်အသွင်ကိုမဆောင်သော်လည်း အရှက်သည် စိုးရိမ်ပူပန်စိတ်၌ အခြေခံသဖြင့် အကြောက်သဘောသက်ရောက်သည့်အတွက် လွယ်လင့်တကူ အစွန်းရောက်တတ်လေ၏။ အကြောင်းမှာ 'အရှက်ကြီးလျှင် အကြောက်ကြီး' သကဲ့သို့ 'ငတ်မရှက်' ဟု လက်သုံးစကားဖြင့် ကိုယ်ကျင့်တရားဖျက်ပြားစေရန် ထွက်ပေါက်ရှာနိုင်သောကြောင့် ဖြစ်၏။

အရှက်နှင့်အကြောက်၏ဆန့်ကျင်ဘက်သည် စွမ်းရည်၊ စွမ်းအား၊ အစွမ်းထက်သော 'သတ္တိ' သာ ဖြစ်၏။ ယင်းသည် ကိုယ်စိတ်နှလုံးစောင့်စည်းထိန်းသိမ်းနိုင်မှု သို့မဟုတ် ဂုဏ်သိက္ခာပေါ် တွင်မူတည်၏။

ကဲ့ရဲ့ခံရခြင်း၊ အထင်သေးခံရခြင်း၊ ဂုဏ်သိက္ခာထိခိုက်ခြင်း စသည်တို့ကို အလေးဂရုမပြုသော အရှက်ကင်းမဲ့သူသည် အန္တရာယ်တစ်စုံတစ်ရာပေါ်၌ ကြီးထွားလမ်းလျှောက်နေသူ မိုက်ရူးရဲသာဖြစ်၏။ ထိုသူသည်လည်း အန္တရာယ်တစ်စုံတစ်ရာကျရောက်သည့်အခါတွင် တုန်လှုပ်ချောက်ချားခြင်း၊ ထိတ်လန့်ခြင်း၊



www.burmeseclassic.com

www.burmeseclassic.com

လည်း လိုက်နာရသူ၏ ကျင့်ကြံမှုသာ အဓိကဖြစ်၏။

မြန်မာမှုနယ်ပယ်၌ လူအများစုသည် 'အသက်ထက် အရှက်ကို ပိုရှိ တန်ဖိုးထား၏'။ အရှက်ကင်းမဲ့သူသည် အရှက်ထက် ငွေကြေးနှင့် မိမိအခွင့်အရေးအတွက်သာ ရှေးရှုလေ့ရှိ၏။ အရှက်ကင်းမဲ့လျှင် အကြောက်ကင်းမဲ့မည်ဟု ပုံသေကားချမှတ်ယူနိုင်ခြင်းမရှိဘဲ ၎င်းတို့၏မိုက်မဲမှုအတိုင်း မိုက်ဇာတ်သိမ်းကြရ၏။

အရှက်နှင့် အကြောက်သည် လူ့အဖွဲ့အစည်းအတွက် မရှိမဖြစ် လိုအပ်သည့် လောကပါလတရား ဖြစ်၏။ လူတိုင်း ကိုယ်နှုတ်နှလုံး စောင့်စည်းထိန်းသိမ်းသော၊ မကောင်းမှုပြုရန် ရှက်ကြောက်သော လူ့အဖွဲ့အစည်းတွင်သာ လောကပါလတရား ထွန်းကားနိုင်မည်ဖြစ်၏။ လောကပါလတရားထွန်းကားရေးအတွက် ကိုယ်စိတ်နှလုံးစောင့်စည်းထိန်းသိမ်းသူ၊ မကောင်းမှုပြုရန် ရှက်တတ်ကြောက်တတ်သူများက သတ္တဝါအားလုံး ကိုယ်စိတ်ချမ်းသာမြဲရန်၊ ဥပဒ်ရန်ဘေးကင်းရန်၊ လူအချင်းချင်းလှည့်ပတ်ခြင်း၊ လူအချင်းချင်း အထင်သေးခြင်း၊ လူအချင်းချင်း ဆင်းရဲလိုခြင်းကင်းရှင်းစေရန် မေတ္တာဘာဝနာပွားကြရ၏။

မည်သည့်ဘာသာတရားတွင်မဆို လူတို့၏ ယဉ်ကျေးလိမ္မာမှုနှင့် ကြီးပွားချမ်းသာမှုတို့ကိုသာ ဆုံးမညွှန်ပြ၏။ လူတို့၏ ကိုယ်မှု နှုတ်မှု စိတ်မှုတို့ကို ကောင်းစွာကျင့်ကြံပြုလုပ်ရန် တိုက်တွန်း၏။ အထူးသဖြင့် သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်ရန်၊ ပိုင်ရှင်မပေးအပ်သော ဥစ္စာပစ္စည်းကို ခိုးယူခြင်း၊ မတရားယူခြင်းတို့မှ ရှောင်ကြဉ်ရန်၊ ကာမဂုဏ်၌ မှားယွင်းစွာကျင့်ကြံခြင်းမှရှောင်ကြဉ်ရန် စသည့် 'ကိုယ်မှု'၊ မဟုတ်မမှန်ပြောဆိုခြင်း၊ ကုန်းတိုက်စကားပြောဆိုခြင်း၊ ဆဲရေးတိုင်းထွာခြင်း၊ ကြမ်းတမ်းသောစကားပြောဆိုခြင်း၊ အကျိုးမရှိအနှစ်မဲ့သောစကားကို ပြောဆိုခြင်းတို့မှ ရှောင်ကြဉ်ရန် စသည့် 'နှုတ်မှု'၊ သူတစ်ပါးအပေါ် မတရားကြံစည်ခြင်း၊ သူတစ်ပါးကို သေကျေပျက်စီးစေလိုခြင်း၊ အယူမှားခြင်းတို့မှ ရှောင်ကြဉ်ရန် 'စိတ်မှု' တို့ကို တားမြစ်၏။

သို့သော်လည်း လူ့အဖွဲ့အစည်းတွင် အဆိုပါ 'သုရိစတ' မည်သော ကိုယ်မှု နှုတ်မှု စိတ်မှုများသည် တစ်စတစ်စ လျော့နည်းလျက်ရှိ၏။ ဆုပ်ကပ်ဖျက်ကပ်ဟူ၍ လျစ်လျူ[illegible]မထားဘဲ မိသားစုလူ့အဖွဲ့အစည်းမှစ၍ နိုင်ငံလူ့အဖွဲ့အစည်းအထိ စာရိတ္တမြင့်တင်ရေးဆောင်ရွက်သင့်၏။

မြန်မာ့လူ့အဖွဲ့အစည်းသည် (၃၈) ဖြာ မင်္ဂလာတရားဖြင့် ထုံမွှမ်းထားသော လူ့အဖွဲ့အစည်းဖြစ်၍ မင်္ဂလာတရားအားလုံး စောင့်စည်းထိန်းသိမ်းနိုင်မှုမရှိသော်မှ 'သောဝစဿတာ' မည်သော ဆုံးမစကား နားထောင်လွယ်သူ ဖြစ်အောင် ကြိုးစား၍ 'အတ္တသမ္မာပဏိဓိစ' မိမိစိတ်ကို ကောင်းစွာ ထိန်းသိမ်းသည့် အလေ့အကျင့်ထားရမည်။

သို့မှသာ 'ဂါရဝေါစ' ရိုသေထိုက်သူကို ရိုသေခြင်း၊ 'ကတညုတာ' သူတစ်ပါးကျေးဇူးကိုသိခြင်း၊ 'နိဝါတောစ' မာန်မာနမရှိခြင်း၊ 'ခန္တီ' သည်းခံခွင့်လွှတ်ခြင်း၊ 'သန္တုဋ္ဌိစ' နှစ်သိမ့်ရောင့်ရဲခြင်း စသည့် အကျိုးကျေးဇူးများရနိုင်မည် ဖြစ်၏။

အရေးကြီးဆုံး မင်္ဂလာတစ်ပါးသည် 'ဗာဟုသစ္စ' မည်သော အကြားအမြင်ဗဟုသုတရှိခြင်း ဖြစ်၏။ အကြားအမြင်ဗဟုသုတရှိမှသာလျှင် 'အသေဝနာ စ ဗာလာနံ' လူမိုက်တို့ကို ဆည်းကပ်ခြင်းမှ ရှောင်ကြဉ်နိုင်မည်ဖြစ်သကဲ့သို့ 'အာရတီ(ပါပါ)' မကောင်းမှုတို့ကို ကြိုတင်ဆုံးဖြတ်၍ ရှောင်ကြဉ်နိုင်မည်လည်းဖြစ်၏။

အဆိုပါ မင်္ဂလာတရား (မင်္ဂလသုတ္တန်) သည် မြတ်စွာဘုရားဟောကြားတော်မမူမီ (၁၂) နှစ်ကာလကပင် ကြီးပွားချမ်းသာရေး (မင်္ဂလာတရား) များပေါ်လာလိမ့်မည်ဟု ကောလာဟလဖြစ်ပေါ်ခဲ့၏။ ယင်းကောလာဟလအရ ကြီးပွားချမ်းသာရေး (မင်္ဂလာတရား) ကို အမျိုးမျိုးအဓိပ္ပာယ်ဖော်ဆောင်ခဲ့ကြ၏။ အချို့က ကောင်းသောအဆင်းကို မြင်ရလျှင် ကြီးပွားကြောင်း (ဒိဋ္ဌမင်္ဂလာ) ဟုလည်းကောင်း၊ အချို့က ကောင်းသော အသံကိုကြားရလျှင် ကြီးပွားကြောင်း (သုတမင်္ဂလာ)ဟု လည်းကောင်း၊ အချို့က ကောင်းသောအနံ့အရသာ၊ အတွေ့ခံစားရလျှင် ကြီးပွားကြောင်း (မုတမင်္ဂလာ) ဟု လည်းကောင်း သုံးအုပ်စုကွဲပြားကာ အငြင်းပွားကြကုန်၏။

ယင်းငြင်းခုံမှုသည် လူတို့မှတစ်ဆင့် ကိုယ်စောင့်နတ်များမှစ၍ ဗြဟ္မာ့ပြည်တိုင်အောင် ပျံ့နှံ့ခဲ့လေ၏။ သို့သော် တိကျသေအဖြေကို မရခဲ့ကြပေ။ နောက်ဆုံးတွင် နတ်တစ်ပါးသည် အနာထပိဏ်သူဌေး ဆောက်လုပ် လှူဒါန်းထားသော ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူသည့် မြတ်စွာဘုရားရှင်ထံ ရောက်ရှိလာပြီး ကြီးပွားချမ်းသာကြောင်း မင်္ဂလာတရားတော် ဟောကြားတော်မူပါရန် လျှောက်ထားသဖြင့် မင်္ဂလသုတ္တန်ကို ရှေးဦးစွာ ဟောကြားတော်မူခဲ့၏။

သုတ္တန်တွင် ကုသိုလ်ရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေး၊ စားဝတ်နေရေး၊ အိမ်ထောင်ရေး၊ ပေါင်းသင်းဆက်ဆံရေး၊ ကျန်းမာရေး စသည့် အမျိုးဘာသာသာသနာရေးကိစ္စပါဝင်၏။ ယင်းသုတ္တန်အား မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုသည့် သာသနာနှစ် ၁ ခုနှစ် (ဘီစီ ၅၄၄ ခုနှစ်)၊ ဝါခေါင်လပြည့်နေ့မှစ၍ (၇) လကြာအောင် ရဟန္တာမထေရ်ကြီး အပါး (၅၀၀) မှ သုတ္တန်၊ ဝိနည်း၊ အဘိဓမ္မာ တရားတော်များ အမှားအယွင်းမရှိအောင် အတည်ပြုရန် စုပေါင်းနှုတ်တက်၍ ပထမဆုံးသင်္ဂါယနာတင်ရာ၌ မြတ်စွာဘုရားထံတော်မှ အရဆောင်ခဲ့သော အာနန္ဒာမထေရ်မှ အရှင်မဟာကဿပမထေရ်အား လျှောက်ထားပြီး သင်္ဂါယနာတင်ခဲ့သည့်သုတ္တန်ဖြစ်ကြောင်း လေ့လာရ၏။

သင်္ဂါယနာတင်ခြင်းသည် မြတ်စွာဘုရား ဟောကြားတော်မူခဲ့သည့် သုတ်၊ ဝိနည်း၊ အဘိဓမ္မာတရားဒေသနာတော်များအတိုင်း တစ်စုံတစ်ရာ ဖြည့်စွက်ခြင်း၊ နုတ်ပယ်ခြင်းမရှိဘဲ အတည်ပြုခဲ့ခြင်းဖြစ်သဖြင့် မင်္ဂလသုတ္တန်သည် မျက်မှောက်ကာလအထိ လူ့အဖွဲ့အစည်းအား စောင့်ရှောက်ထားဆဲ ဖြစ်၏။ လောကပါလတရားကို လမ်းညွှန်ပြသဆဲ ဖြစ်၏။ အရှက်အကြောက်ကင်းမဲ့သူသည် မင်္ဂလာတရားကို ဆန့်ကျင်သွေဖည်နေကြောင်းကိုလည်း သက်သေပြနေဆဲ ဖြစ်၏။

သို့ဖြစ်ပါ၍ သုံးဆယ့်ရှစ်ဖြာ မင်္ဂလာထဲမှ ဆုံးမစကား နားထောင်လွယ်သူဖြစ်အောင် ကြိုးစား၍ မိမိစိတ်ကို ကောင်းမွန်စွာ ထိန်းသိမ်းကာ 'မကောင်းမှုမှန်သမျှကို' ဟိရိ ရှက်ခြင်း၊ ဩတ္တပ ကြောက်လန့်ခြင်းတို့ဖြင့် ရှောင်ကြဉ်ကြမည်ဆိုပါက လောကပါလတရား မုချ ထွန်းကားနိုင်မည်ဟု အလေးအနက် ယုံကြည်မျှော်လင့်ရင်း နိဂုံးချုပ်အပ်ပါသည်။

သုဘာဝင်း

www.burmeseclassic.com

www.burmeseclassic.com




# ကံဝင်း

## ကမ္ဘာ့အံ့ချီးမကုန် မြတ်ရွှေတိဂုံရင်ပြင်တော်မှ ထင်ရှားကျော်ကြား စေတီဘုရားများ

# ဆုတောင်းပြည့် ဓမ္မစေတီဘုရား အမှတ်(၆)

ကမ္ဘာ့အံ့ချီးမကုန် မြတ်ရွှေတိဂုံရင်ပြင်တော်မှ ထင်ရှားကျော်ကြားစေတီဘုရားများ လစဉ် တင်ပြလာသည်မှာ (၅)ဆူတိုင်ခဲ့ပါပြီ။ ယခုလ (၆)ဆူမြောက် တင်ပြလိုသည်က ဆုတောင်းပြည့် ဓမ္မစေတီဘုရား ဖြစ်တော်မူပါသည်။

ဓမ္မစေတီဘုရားဟု ဆိုသည်နှင့် ဦးစွာပထမ ပြေးသတိရမိသည်က ဓမ္မစေတီမင်းတရား ဖြစ်ပါသည်။ ဓမ္မစေတီမင်းသည် သာသနာ့ဝန်ထမ်း ရှင်ရဟန်း ဖြစ်တော်မူခဲ့၍ ဘုရင်မကြီးရှင်စောပု၏ သိက္ခာထပ်ထားတော်မူသည့် သားရဟန်းတော် ဖြစ်ပါသည်။ ဘုရင်မကြီးရှင်စောပုသည် ရွှေတိဂုံစေတီမြတ်ကြီးအား လွန်စွာ ကြည်ညိုတော်မူလှသဖြင့် နေ့စဉ်နေ့တိုင်းနီးပါး ဘုရားကြီးမှာသာ အချိန်ကုန်တော်မူပါသည်။ တစ်နေ့သ၌ ဘုရင်မကြီး စဉ်းစားမိသည်မှာ သူ့တွင် အသက်အရွယ်ရလာ၍လည်းကောင်း၊ ရွှေတိဂုံဘုရားကြီးကိုသာ နေ့စဉ်ရှိခိုးပူဇော်လှူဒါန်းနေလိုသောဆန္ဒတော်များ



ဓမ္မစေတီရုပ်ပွားတော်




လက်ဝဲလက်ယာ၌ တွေ့မြင်ရသော ဒေါင်းပုံ




လက်ဝဲလက်ယာ၌ တွေ့မြင်ရသော ယုန်ပုံ



www.burmeseclassic.com


www.burmeseclassic.com

ကြောင့် လည်းကောင်း တိုင်းပြည်နိုင်ငံ အုပ်ချုပ်ရေးတွင် လစ်ဟင်းသကဲ့သို့ဖြစ်နေသည်ဖြစ်ရာ စိတ်ချရမည့်သူတွေ့ပါက ထီးနန်းလွှဲပေးရန် စိတ်အကြံဖြစ်ပေါ်လာလေ၏။

ထီးနန်းအရိုက်အရာလွှဲရန် အမျိုးမျိုးအဖုံဖုံ စဉ်းစားသော် အဖြေမရ၊ လူရှာမရဖြစ်နေ၏။ တစ်ရေးနိုးသော် အကြံပေါ် ဆိုသည့်အတိုင်း တစ်ရေးနိုးသောအချိန် တွေးမိသည်က မိမိသိက္ခာထပ်ထား သားရဟန်းတော်သည်သာ အသင့်တော်ဆုံး၊ မင်းကျင့်တရား (၁၀) ပါးနှင့်အညီ အုပ်ချုပ်နိုင်မည့်သူ၊ ဘာသာသာသနာထွန်းကားအောင် ဆောင်ရွက်မည့်သူဟု စဉ်းစားမိလေ၏။ စိတ်ကူးကြံစည်ထားသည့်အတိုင်း တိုင်းပြည်အုပ်ချုပ်ရေးကိစ္စအဝဝကို ရှင်ရဟန်းလူထွက်အား လွှဲအပ်ပြီးသောအခါ သမီးတော်ကို မိဖုရားအရာထား၍ မြန်မာနှစ် ၈၂၀ ပြည့်နှစ်တွင် နန်းတက်ကာ ဓမ္မစေတီမင်းအဖြစ် မင်းကျင့်တရားနှင့်အညီ အုပ်ချုပ်မင်းလုပ်စေခဲ့ပါသည်။

**ဓမ္မစေတီမင်းကြီးကောင်းမှုတော်များ**

ဓမ္မစေတီမင်းကြီးသည် တိုင်းပြည်ကို မင်းကျင့်တရား (၁၀) ပါးနှင့်အညီ မင်းလုပ်အုပ်ချုပ်နေသည့်အပြင် ရဟန်းလူထွက်ပီပီ ဘာသာတရားတော်ပြန့်ပွားရေးအတွက်ပါ မနေမနား ရွက်ဆောင်ကြိုးပမ်းတော်မူပါသည်။ ဦးစွာပထမ ကြေးပိဿာချိန် တစ်သောင်းကို ခေါင်းလောင်းတော်ကြီးပြုလုပ်၍ လှူဒါန်းတော်မူခဲ့ပါသည်။ ထိုခေါင်းလောင်းတော်






ရဟန်းသံဃာတော်များလည်း ယုံကြည်စွာ အဓိဋ္ဌာန်ပြုကြ၏



ဓမ္မစေတီဘုရားရှေ့တော်မှောက်အရောက်သွား ပုတီးစိပ်သူများ



www.burmeseclassic.com

www.burmeseclassic.com

ကြီးသည် တစ်လုံးဆိုဆိုရသလောက် အောင် ဓမ္မစေတီခေါင်းလောင်းကြီး အဖြစ် ထင်ရှားကျော်ကြားတော်မူခဲ့ပါသည်။ ထိုဓမ္မစေတီခေါင်းလောင်းတော်မှာ အဝ ၈ တောင် (၁၂ ပေ)၊ အကျယ်မှာ ၁၂ တောင် (၁၈ ပေ) ရှိတော်မူ၍ ကြေးစင်ကြေးသား အကောင်းစားနှင့် ငွေစင်ငွေသားများပါ ထည့်သွင်းသွန်းလောင်းထားသည်ဖြစ်၍ ခေါင်းလောင်းတော်ကြီးသည် ရောင်ဝါဝင်းဝင်းထင်ထင်လင်းလင်းရှိလှပါသည်။ ထိုခေါင်းလောင်းတော်ကြီးကို ဓမ္မစေတီမင်းသည် မြန်မာနှစ် ၈၄၇ ခုနှစ်မှာ သွန်းလောင်း လှူဒါန်းတော်မူခဲ့ကြောင်း သိရပါသည်။

(မှတ်ချက်။ ။ ထင်ရှားကျော်ကြားလှသော ဓမ္မစေတီခေါင်းလောင်းတော်ကြီးကို မြန်မာနှစ် ၉၆၅ ခုနှစ်အတွင်း သန်လျင်မြို့စား နယ်ချဲ့ပေါ်တူဂီလူမျိုး ဘုလားဇေင်ကာဆိုသူမှ အဓမ္မယူဆောင်သွားရာ ဒေါပုံမြစ်ထဲအရောက် နစ်မြုပ်ပျောက်ဆုံးသွားသည့်အပြင် သယ်ဆောင်လာသူ အတော်များများ သေကျေကြကြောင်း သိရပါသည်။ တရားဝင်အတည်ပြု၍မရသော အရပ်သုံးစကားအရ ထိုဓမ္မစေတီခေါင်းလောင်းကြီးသွန်းလောင်းစဉ်က လောကဓာတ်အစီရင်များ စီရင်ထားသည်ဖြစ်၍ ထိုခေါင်းလောင်းကြီးတွင် အစောင့်အရှောက်များစွာရှိလျက် နှစ်ပေါင်း (၄၀၀) ကျော်အတွင်း အဖွဲ့ပေါင်း မြောက်မြားစွာမှ အကြိမ်ပေါင်းမြောက်မြားစွာ ရှာဖွေ ဆယ်ယူကြသော်လည်း ယနေ့တိုင် ရှာဖွေဆယ်ယူ၍မရ ဖြစ်နေပါသည်။ ယခုအခါ မွန်ပြည်နယ်မှ ထင်ရှားကျော်ကြား ဆရာတော်ဘုရားကြီးတစ်ပါး ဦးဆောင်၍ ကန်တော့ပွဲများပေးကာ ပြန်လည်ဆယ်ယူတော့မည်ဟု သတင်းရရှိပါသည်။ စာရေးသူ)

ဓမ္မစေတီမင်းကြီးသည် ရွှေတိဂုံစေတီတော်တည်ထားပုံသမိုင်းနှင့်ဗညားဦး စသော မင်းများ၏ ကောင်းမှုကို ရေးထိုးထားသည့် မွန်-မြန်မာ-ပါဠိ သုံးဘာသာဖြင့် ကျောက်စာတိုင်ကြီး (၃) ချပ်ကို ရင်ပြင်တော်၏ အောက် ပေ (၅၀) နိမ့်နက်သောနေရာ အရှေ့ဘက်စောင်းတန်း၏ဘေးတွင် စိုက်ထူလှူဒါန်းခဲ့ပါသည်။ (ယခုအခါ ရွှေတိဂုံစေတီတော်ရင်ပြင်တော် တနင်္ဂနွေထောင့်အနောက်ဘက်တွင် အဘဘိုးမင်းခေါင်ရုပ်ပုံတော်အနီး၌တည်ရှိပါသည်။) ကျောက်စာကို နှိုင်းယှဉ်ရင်းသားတို့ထုံးစံအတိုင်း မြောက်ဘက်သို့လှည့်လျက်တည်ထားပြီး မြောက်ဘက်တွင် မွန်ဘာသာပါရှိ၍ တောင်ဘက်၌ မြန်မာဘာသာနိဿယကျောက်စာ ပါရှိပါသည်။ တစ်ဖန် ဓမ္မစေတီဘုရားနှင့် ကျား-ခြသေ့ဘုရားများကို ခေါင်းလောင်းကြီးလှူသည့်နှစ် ၈၄၇ ခုနှစ်မှာပင် လှူဒါန်းခဲ့သည်ဟု သိရှိရပါသည်။ ယင်းဘုရားနှစ်ဆူမှာ ဆုတောင်းပြည့် အဓိဋ္ဌာန်အောင်မြင်ကြကာ ရွှေတိဂုံ စေတီတော် အံ့ဖွယ်ဘုရားများအဖြစ် ထင်ရှားပြီး ရွှေတိဂုံစေတီတော် တနင်္လာထောင့် ရင်ပြင်တော်အနီးရှိ



ဓမ္မစေတီမင်း၏ကောင်းမှုတော်
ကျား-ခြသေ့ဘုရား



လိုဏ်ဂူတော်အတွင်းမှ
ဆုတောင်းပြည့်သည်ဆိုသော ရုပ်ပွားတော်



ဓမ္မစေတီလိုဏ်ဂူအတွင်းမှ ရုပ်ပွားတော်များ





www.burmeseclassic.com

www.burmeseclassic.com



အဘဘိုးမင်းခေါင်ရုပ်ပုံတော်ရှေ့မှ ဓမ္မစေတီမင်းကျောက်စာတိုက်



ဓမ္မစေတီမင်းကျောက်စာတိုက်တွင်းမှ ကျောက်စာများ

ဘိုးဘိုးအောင်ဆုတောင်းပြည့်ဘုရား၏ အနောက်ဘက်တွင် ရှိပါသည်။

(၂၆၀၀ ပြည့်အထူးထုတ်စာအုပ် စာ-၂၄/၂၅)

**ဓမ္မစေတီမင်း အမြဲရွတ်ဖတ် ပူဇော်သော ဂါထာတော်**

စာရေးသူသည် ယခုလ ဆုတောင်းပြည့်ဓမ္မစေတီဘုရားသမိုင်းအား ရေးသား တင်ပြရန် စီစဉ်ပြီးသောအခါ အပတ်စဉ် တနင်္လာနေ့ မွေးနေ့တွင် ရွှေတိဂုံဘုရားပေါ်သို့ တက်ပါသည်။ အပတ်စဉ် မွေးနေ့တိုင်း ပြုမြဲကိစ္စ ဒါန၊ သီလ၊ ဘာဝနာလုပ်ငန်းများပြီးပါက တနင်္လာထောင့် ရေကြည်တော်ဝတ်အသင်းနှင့်ကပ်လျက်ရှိ ဆုတောင်းပြည့်ဓမ္မစေတီဘုရား၏ ရှေ့တော်မှောက် အရောက်သွား၍ ဘုရားရှိခိုး မေတ္တာပို့သ မျှတပေးဝေ ကောင်းမှုအထွေထွေ ပြုလုပ်ပါသည်။ ဓမ္မစေတီဘုရားနှင့် ပတ်သက်သော သမိုင်းကြောင်းများကိုလည်း ရှာဖွေလေ့လာ မှတ်တမ်းတင်လေ့ရှိပါသည်။ တစ်နေ့သ၌ စာရေးသူသည် ဓမ္မစေတီဘုရားအကြောင်း စာရေးသား မှတ်တမ်းပြုစုနိုင်စေခြင်းငှာ ဓမ္မစေတီဘုရားတန်ဆောင်းနောက်ဆုံးဘက်အခြမ်း၌ထိုင်၍ အခြေအနေအရပ်ရပ်ကို အကဲခတ်နေလေ၏။

ထိုစဉ်ခဏ၌ ယောဂီရောင်ဝတ်စုံဝတ်၊ ယောဂီရောင်လွယ်အိတ်ကိုလွယ်၊ ယောဂီရောင်တဘက်ကို ခေါင်းပေါင်းထား၊ အဓိဋ္ဌာန်ဝင်နေသူဟု ယူဆရသူသည် အဓိဋ္ဌာန်ပုတီး ပြီးမြောက်၍ ထိုင်ရာမှထ အညောင်းဆန့်ပြီး တန်ဆောင်းအပြင်ဘက်သို့ လှည့်ထွက်လာသောအခါ စာရေးသူမှ ဆီးကြိုမိတ်ဆက်လိုက်၏။

သူ၏ အမည်မှာ ဦးအောင်တိုး ဖြစ်၍ မြောက်ဥက္ကလာတွင် နေထိုင်ကြောင်း သိရပါသည်။ ဆုတောင်းပြည့်ဓမ္မစေတီဘုရားနှင့်ပတ်သက်၍ ထူးခြားမှုအတွေ့အကြုံများကြုံတွေ့ဖူးပါသလားမေးသောအခါ ဦးအောင်တိုးက ယခင်က ရွှေတိဂုံဘုရားပေါ် မကြာခဏတက်ပြီး အဆင်ပြေရာနေရာများတွင်အတည်တကျမရှိ ပုတီးစိပ်ပြီး အချိန်ကုန် အိမ်ပြန်လေ့ရှိကြောင်း၊ မိသားစုစားဝတ်နေရေးက အိမ်မှာ အိမ်ဆိုင်ဖွင့်ထား၍ အမျိုးသမီးနှင့် သမီးများက ရောင်းချကြပါကြောင်း၊ မိမိက ပင်စင်စားဖြစ်၍ စီးပွားရေးက ရရစားစားနှင့် ပိုလျှံသည် မရှိကြောင်း၊ ရွှေတိဂုံတွင် ဘုရားတက်ရင်း ရင်းနှီးသော ဓမ္မမိတ်ဆွေများက ရွှေတိဂုံပေါ်မှာ ပြီးပြီးရောသဘောမျိုး၊ ကုသိုလ်ရရင်ပြီးရောဆိုရင်း ဘုရားရှိခိုး ပုတီးစိပ်မည့်အစား တိတိကျကျ နေရာဒေသရွေးချယ်ပြီး အဓိဋ္ဌာန်ပြု ပုတီးစိပ် ဂါထာရွတ်သင့်ကြောင်း အကြံပေးကြသဖြင့် ဦးအောင်တိုးသည် လွန်ခဲ့သော (၆) လမှစ၍ ရွှေတိဂုံအောင်မြေမှ စတင်ပြီး (၉) ရက်တစ်ခါ အဓိဋ္ဌာန်ဝင် သက်သတ်လွတ်စား ပွားများလာသောအခါ မိမိအား ကြည်ညိုလေးစားသူများ၊ ရိုသေသူများ၊ မိမိအား ပေးချင်ကမ်းချင် ကန်တော့ချင်သူများ များပြားလာပြီး မိမိတို့အိမ်ဆိုင်ကလေးသည်လည်း စတိုးဆိုင်အသေးစားသဖွယ်လိုရာရနိုင်သည့် ဆိုင်ကလေးအဖြစ်တိုးတက်လာသည်ကို ထင်ထင်ရှားရှား လက်တွေ့ကျကျ တွေ့မြင်ရပါကြောင်း၊ ရွှေတိဂုံရင်ပြင်တော်မှ ထင်ရှားကျော်ကြား စေတီတော်များတွင် လှည့်လည် အဓိဋ္ဌာန်ဝင်လာသောအခါ ယခုလသည် ဓမ္မစေတီဆုတောင်းပြည့်မှာ 'အဓိဋ္ဌာန်ဝင်နေပါကြောင်း၊ ဓမ္မစေတီမင်းသည် သာသနာပြုမင်းအဖြစ် ကျော်ကြားခဲ့သောဘုရင်ဖြစ်သည်နှင့်အညီ သာသနာတော်ကြီး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်တော်မူခဲ့သော မင်းမြတ်တစ်ပါး ဖြစ်တော်မူခဲ့၏။

ထိုဓမ္မစေတီ၌ အဓိဋ္ဌာန်စတင်ဝင်မည့်နေ့ ကဆုန်လပြည့်နေ့ ၁၃-၅-၂၀၁၄ နေ့ နံနက်အရုဏ်တက်ချိန် အိပ်မက်ထဲ၌ သူတောင်စင်ပုဂ္ဂိုလ်တစ်ပါးမှ ဓမ္မစေတီမင်း အမြဲရွတ်ဖတ်ပူဇော်ခဲ့သော 'သဗ္ဗဇယမင်္ဂလာဂါထာတော်' တစ်ပုဒ် ပုတီးတစ်လုံး ၁၀၈ ပုဒ်၊ ၁၀၈ လုံး နေ့စဉ်စိပ်ပါ။ အလွန်ထူးခြားမည်ဆို၍ ပုတီးစိပ်နေပါကြောင်း၊ ယနေ့သည် အဓိဋ္ဌာန်ပြီးမြောက်တဲ့နေ့ဖြစ်ပါ၍ အဓိဋ္ဌာန်အပြီးမှာ ပြုခဲ့သမျှ (၇)ရက်သားသမီးများနှင့် (၁၁) ဘုံသား ဒေဝနေယျတို့အား



www.burmeseclassic.com

www.burmeseclassic.com

အမှုဝေပြီးချိန်မှာ စာရေးသူနှင့် ဦးစွာပထမတွေ့ရသည်ဖြစ်၍ အတိတ်နိမိတ်သဘောအရ အမိဌာန်အပြီး ဦးစွာပထမတွေ့ရသူမှာ 'ကံဝင်း' ဖြစ်၍ သူ့ဘဝမှာ ကံတွေဝင်း ကံတွေလင်းလျက် တိုးတက်လာတော့မည်ဟု ယုံကြည်ပါကြောင်း စာရေးသူအား ဝမ်းမြောက်စွာပြောပြပါသည်။

**မွေ့စေတီမင်း အမြဲရွတ်ဖတ် ပူဇော်တော်မူခဲ့သည့် အလုံးစုံအောင်မြင်သော သဗ္ဗဇယမင်္ဂလာဂါထာတော်**

ဒိဝါတပတိ အာဒိစ္စော၊
ရတ္တိမာ ဘာတိ စန္ဒိမာ
သန္နဒ္ဓေါ ခတ္တိယော တပတိ၊
ဈာယီ တပတိ ဗြာဟ္မဏော၊
အထ သဗ္ဗ မဟောရတ္တိံ၊
ဗုဒ္ဓေါ တပတိ တေဇသာ။
တာဒိသံ တေဇသမ္ပန္နံ၊
ဗုဒ္ဓံ ဝန္ဒာမိ အာဒရံ။
ဧတေန သစ္စဝဇ္ဇေန၊
သောတ္ထိ မေ ဟောတု သဗ္ဗဒါ။

**အနက်** -

**အာဒိစ္စော** - နေမင်းသည်၊ **ဒိဝါ** - နေ့အခါ၌၊ **တပတိ**-ထွန်းလင်းတောက်ပ၏၊ **စန္ဒိမာ** - လမင်းသည်၊ **ရတ္တိံ** - ညဉ့်အခါ၌၊ **အာဘာတိ**-ထွန်းလင်းတောက်ပ၏။

**ခတ္တိယော** - ရှင်ဘုရင်သည်၊ **သန္နဒ္ဓေါ**- ချပ်ဝတ်တန်ဆာဆင်ပါမှသာလျှင်၊ **တပတိ**-ထွန်းလင်းတောက်ပ၏၊ **ဗြာဟ္မဏော**- ရဟန္တာသည် ဈာန်ဝင်စားမှသာလျှင် **တပတိ** - ထွန်းလင်းတောက်ပ၏။

**အထ** - ထိုနေ, လ, ရှင်ဘုရင်, ရဟန္တာတို့ထက်၊ **ဗုဒ္ဓေါ** - မြတ်စွာဘုရားသည် **သဗ္ဗမဟောရတ္တိံ** - အလုံးစုံ နေ့ညဉ့်မခြား အမြဲသာလျှင်၊ **တေဇသာ**-တန်ခိုးတော်ဖြင့်၊ **တပတိ** - ထွန်းလင်းတောက်ပတော်မူပါပေ၏။

**တာဒိသံ တေဇသမ္ပန္နံ ဗုဒ္ဓံ** - ထိုမျှလောက် တန်ခိုးကြီးမားတော်မူလှစွာသော မြတ်စွာဘုရားကို၊ **အဟံ**-အကျွန်ုပ်သည် **အာဒရံ** - ရိုသေစွာ၊ **ဝန္ဒာမိ** - ရှိခိုးပါ၏။

**ဧတေန သစ္စဝဇ္ဇေန** - ဤသို့ မှန်ကန်သော သစ္စာစကားကြောင့်၊ **မေ** - အကျွန်ုပ်အား၊ **သဗ္ဗဒါ** - အခါခပ်သိမ်း၊ **သောတ္ထိ** - ကောင်းကျိုးချမ်းသာ မင်္ဂလာသည် **ဟောတု** - ဖြစ်ပါစေသတည်း။

**ဂါထာတော်အညွှန်း**

ဤဂါထာသည် ဓမ္မပါဠိတော် ဗြာဟ္မဏဝဂ် အာနန္ဒတ္ထေရဝတ္ထု (ဓမ္မ၊ ၆၉) လာ ဂါထာ ဖြစ်သည်။

မြတ်စွာဘုရားသည် သာဝတ္ထိပြည် ပုဗ္ဗာရုံကျောင်း၌ သီတင်းသုံးနေတော်မူစဉ်အခါ မဟာပဝါရဏာပြုသော လပြည့်နေ့ညနေချမ်းတွင် (နေလည်း မဝင်သေး၊ လကလည်းထွက်စအချိန်) ကောသလမင်းကြီးသည် မင်းမြောက်တန်ဆာတို့ ဆင်ယင်၍ မြတ်စွာဘုရားထံတော်ပါး၌ ခစား၍နေ၏။

ထိုအချိန်တွင် ကာဠုဒါယီထေရ်သည်လည်း မြတ်စွာဘုရား၏ မနီးမဝေးမှာ ဈာန်ဝင်စား၍ ရဟန္တာတို့၏ကျက်သရေဖြင့် နေတော်မူ၏။

ရှင်အာနန္ဒာသည် ... ဝင်ခါနီးဖြစ်သောနေ၏ကျက်သရေ၊ လပြည့်ဝန်း၏ကျက်သရေ၊ မင်းမြောက်တန်ဆာတို့ဖြင့် တောက်ပြောင်နေသော ကောသလမင်းကြီး၏ကျက်သရေ၊ ဈာန်သမာပတ်ဝင်စားနေသော ရဟန္တာ၏ကျက်သရေတို့ကို ကြည့်ရှုပြီးလျှင် အလုံးစုံသော ကျက်သရေအရောင်အဝါတို့ထက် အရှင်မြတ်၏ကျက်သရေတော်သည်လျှင် သာလွန်ကဲပို တင့်တယ်ပါသည် ဟူ၍ လျှောက်ထားသည်တွင် ဒိဝါတပတိ အစရှိသော ဂါထာကို မြတ်စွာဘုရား ဟောကြားတော်မူလေသည်။

ပညာရှိအမတ်ကြီးတစ်ဦးသည် ဘာတိတမင်း တောင်းပန်သဖြင့် သဗ္ဗဇယမင်္ဂလဂါထာတော်ကို ရွတ်ဆိုသောကြောင့် အသပြာတစ်ထောင် ဆုလာဘ်အဖြစ် ရရှိခဲ့ကြောင်း နိဒါနဝဂ္ဂသံယုတ်၊ ဘိက္ခုသံယုတ်၊ အဌကထာ၌ ဆိုလေသည်။

သဗ္ဗဇယမင်္ဂလာဂါထာကို ထိုင်နေသောအခါ၊ အိပ်နေသောအခါ၊ ရပ်နေသောအခါ၊ သွားလာနေသောအခါ ပေါင်းကူရိယာပုတ်လေးပါးတို့၌ ရွတ်ဆိုကြည်ညိုကြပါက မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးအား ရှိခိုးခြင်းကိစ္စပြီး၍ ဗုဒ္ဓါနုဿတိကမ္မဌာန်းစီးဖြန်းခြင်းလည်း ဖြစ်သဖြင့် ဘေးအန္တရာယ် အနှောင့်အယှက် အဖျက်အဆီး စသော လူတို့အလိုမရှိအပ်သည့် အနိဋ္ဌဖလ အမင်္ဂလာအပေါင်းမကောင်းကျိုးဟူသမျှကင်းပျောက်၍ ကောင်းကျိုးချမ်းသာ မင်္ဂလာအပေါင်းရောက်ပါလိမ့်မည်။ အရာရာ ကြံတိုင်းအောင်၍ ဆောင်တိုင်းမြောက်ကြပါလိမ့်မည်။

ရှေးရှေးသော ပိဋကတ်တတ်ကျမ်းတတ်ပညာရှိပုဂ္ဂိုလ်မြတ် အဆက်ဆက်ကိုလည်း ဤဂါထာတော်ကို များစွာအလေးအမြတ်ပြုတော်မူကြကုန်လေသည်။

သက်တော်ရှည် အဘိဓဇမဟာရဋ္ဌဂုရု သာသနာပိုင် စံကင်းဆရာတော်ဘုရားကြီးသည် ၁၃၂၀ ပြည့်နှစ်ကဇာတိ (လင်းယဉ်ရွာ) ၌ တရားအမွေပေးသောအားဖြင့် ဓမ္မကျောက်စာတိုင်ကို စိုက်ထူပေးတော်မူခဲ့သည်။ ယင်းကျောက်စာတိုင်တွင် ဒိဝါတပတိဂါထာနှင့် အဋ္ဌာနမေတ်ဂါထာတော်ကို ရေးထားကြောင်း တွေ့မြင်နိုင်ပါသည်။

(ဦးရွှေဝင်း၊ မန္တလေး
သူတော်စင်ပုဂ္ဂိုလ်ထူးများ၏
ဂါထာတော်များ၊
စာ-၉၉/၁၀၀/ ၁၀၁)

စာရှုသူဓမ္မမိတ်ဆွေများအနေဖြင့် စီးပွားရေး၊ လူမှုရေး၊ ပညာရေးလုပ်ငန်းများ အခက်အခဲတစ်ရပ်အနေဖြင့် အကျပ်အတည်းဆိုက်နေကြလျှင်သော်လည်းကောင်း၊ ကျန်းမာရေးမကောင်း၍ မရှင်မလန်း ခပ်နွမ်းနွမ်းဖြစ်နေပါလျှင်လည်းကောင်း၊ အားကိုးအားထားပြုစရာ ဘုရားမြတ် ဘဂဝါ ဂါထာတော်ရှိပြီမို့ ရွှေတိဂုံဘုရား တနင်္လာထောင့်ရပ်ဝန်းမှာ တည်တော်မူ ဓမ္မစေတီမင်း တည်ထား ဆုတောင်းပြည့် ဓမ္မစေတီဘုရားရှေ့တော်မှောက် အရောက်သွား၍ အမင်္ဂလာအပေါင်း မကောင်းကျိုး ဟူသမျှ ကင်းစင်ပပျောက်၍ ကောင်းကျိုးချမ်းသာ မင်္ဂလာအပေါင်း ခံစားကြရပြီး ကြံတိုင်းအောင် ဆောင်တိုင်းမြောက်စေမည့် သဗ္ဗဇယမင်္ဂလာဂါထာတော်မြတ်ကို ရွတ်ဖတ်ပူဇော် (၉) ရက် မပျက်မကွက် စိတ်ကြံသမျှ အမိဌာန်ပြုလိုက်ကြပါ။ လိုရာပြီးမြောက် ခရီးရောက်မှာအမှန်ဖြစ်ကြောင်း ရဲရဲတောက်သစ္စာစကားဖြင့် ရေးသား တင်ပြအပ်ပါသည်။

မေတ္တာများစွာဖြင့်
ကံဝင်း

**ကျမ်းကိုးစာရင်း**

၁။ ရွှေတိဂုံစေတီတော် ၂၆၀၀ ပြည့် အထူးထုတ်စာအုပ်
၂။ မင်းသော်တာရေး ရွှေတိဂုံအောင်မြေမှ အံ့ဖွယ်ကိုးပါး
၃။ ဦးရွှေဝင်း(မန္တလေး)ရေး သူတော်စင်ပုဂ္ဂိုလ်ထူးများ၏ အစွမ်းထက်ဂါထာတော်များစာအုပ်
၄။ ကိုယ်တိုင် သွားရောက် ဖူးမြော်လေ့လာမှုများ



www.burmeseclassic.com

www.burmeseclassic.com



ပထမပိဋကာရေ
ထွက်ရပ်ပေါက်လောကပညာရှင်

# ကျေးဇူးရှင်စစ်ကွင်းဆရာတော်ကြီး ၂၀

ပထမံဆရာဦးအေးရွှေ

**ဘီလူးမျက်နှာသဏ္ဍာန် ဖွဲ့စည်းဖြစ်တည်နေသော ကျောက်တုံးတစ်တုံး**

စစ်ကွင်းမြို့ပေါ်မှ ဆန်စက်ပိုင်ရှင် ဦးမောင်သိန်းသည်လည်း ဆရာတော် ဦးစန္ဒောဘာသအား ကြည်ညိုကိုးကွယ်သူများတွင် တစ်ယောက်အပါအဝင်ဖြစ်၏။ ဦးမောင်သိန်းအနေဖြင့် မူလက စစ်ကွင်းဆရာတော်အား သာမန်ဆရာတော်တစ်ပါးဟုသာ အထင်အမြင်ရှိခဲ့သဖြင့် စစ်ကွင်းကျွန်းတောကျောင်းသို့ သမားရိုးကျ မိရိုးဖလာထုံးစံအတိုင်းသာ သွားလာသည့်အဆင့်မျိုးလောက်သာ ရှိခဲ့၏။

သို့သော်လည်း တစ်ချိန်တွင် မိသားစုအတွင်း၌ ဖြစ်ပေါ်လာသည့် ပြဿနာကြီးတစ်ခုကြောင့် ဖြေရှင်းမရသည့် အခြေအနေကြီးတစ်ရပ် ဖြစ်ပေါ်လာတော့၏။ ထိုပြဿနာကို မည်သို့ဖြေရှင်းရမည်မသိဘဲ အချိန်တွေသာကုန်ခဲ့၏။ ဆရာပေါင်းသာစုံခဲ့၏။ ရက်မှ လ၊ လမှ နှစ်၊ နှစ်မှ နှစ်ပေါင်းများစွာသာ တိုင်ခဲ့၏။ အကြောင်းကား ထူးမလာခဲ့ပေ။ ပျက်စီးဆုံးရှုံးမှုများသာ တစ်ခုပြီး တစ်ခု တက်လာခဲ့၏။ မည်သို့မျှ ရပ်တန့်အောင်ပြု၍မရခဲ့ပေ။

တစ်ခါတစ်ရံတွင် လောက၏ သဘာဝသည်ပင် ထူးဆန်းလှ၏။ သူကိုယ်တိုင်ပင် အကြောင်းတရားများ၊ အခြေအနေများ တိုက်ဆိုင်မှုများဖြင့် ပေါင်းဆုံကာ အကြောင်းအပေါင်းသင့်သွားသောအခါတွင် မမျှော်မှန်းနိုင်သော၊ မျှော်လင့်မထားသော ကိစ္စရပ်ကြီးငယ်များ ဖြစ်ပေါ်လာတော့၏။

ထိုသို့ ဖြစ်လာသောအခါတွင်လည်း တစ်ခါတစ်ရံတွင် လူသားများ ဖန်တီးသည့် ပယောဂဆန်ဆန်ပုံစံမျိုး ဖြစ်လာတော့၏။ ထိုသဘာဝပယောဂသည်လည်း အခန့်မသင့်လျှင် လောက၏ ပျက်စီးရာပျက်စီးကြောင်းအမှုတို့ကို ပြုလေတော့၏။ ထိုသို့ပြုရာတွင် သဘာဝပယောဂသည် လူဖန်တီးသည့် ပယောဂများထက် အဆပေါင်းများစွာ ပိုလွန်ပြင်းထန်ကြောင်း တွေ့ရ၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့အပြင် ပြဿနာအရင်းအမြစ်တို့ ရှာဖွေရာတွင်လည်း လူသားတို့ ဖန်တီးသည့် ပယောဂ၌ နောက်ကွယ်မှ ထွက်သည်ကို ရှာဖွေဖော်ထုတ်ရာတွင် ပြဿနာသိပ်မရှိသော်လည်း သဘာဝပယောဂ၏ နောက်ကွယ်မှ လက်သည်တို့ ရှာဖွေခြင်းကား လွယ်ကူသည့်ကိစ္စတော့ မဟုတ်ပေ။ ထို့အတူ ထိုပယောဂကြောင့် ဖြစ်ပေါ်လာသည့် နောက်ဆက်တွဲ ပြဿနာကိုလည်း အပြီးအပြတ် ဖြေရှင်းပေးရန်သည်လည်း လွယ်ကူသည့်ကိစ္စတော့ မဟုတ်ပေ။ ထို့ကြောင့် သဘာဝ၏ အဖြစ်အပျက်များသည် လူသားတို့ ဖန်တီးသည့် အဖြစ်အပျက်များထက် များစွာပိုလွန်၏။ ခက်ခဲနက်နဲ ရှုပ်ထွေးခြင်း ဆန်းကြယ်လှပါတော့၏။



www.burmeseclassic.com

www.burmeseclassic.com

**ပြဿနာစတင်လာခြင်း**

ကိုမောင်သိန်းသည် အချိန်တန် အရွယ်ရောက်လာပြီး တဖြည်းဖြည်းနှင့် အိမ်ထောင်ပြုရမည့်အရွယ်သို့ရောက်ရှိလာခဲ့၏။ ထိုအခါ မိဘများက သားဖြစ်သူအား အိမ်ထောင်ချပေးရန် စီစဉ်ကြ၏။ ကိုမောင်သိန်း၏ မိဘများသည်လည်း စီးပွားရေးပြေလည်ကြ၏။ လုပ်ငန်းကိုင်ငန်းလည်း အဆင်ပြေကြ၏။ သို့သော်လည်း သူတို့၏မိသားစုတွင် သားထောက်သမီးခံနည်းသဖြင့် မိသားစုဦးရေလည်း အလွန်နည်းလျက်ရှိလေ၏။ ထို့ကြောင့် ကိုမောင်သိန်း၏ မိဘများသည် သားသမီးများ၊ မြေးမြစ်များနှင့် မြိုင်မြိုင်ဆိုင်ဆိုင် သိုက်သိုက်ဝန်းဝန်းနေလို၏။

သို့ဖြစ်ပါသောကြောင့် သားဖြစ်သူ ကိုမောင်သိန်းအား အိမ်ထောင်ချပေးပြီး မြေးများရရှိစေရန် ရည်သန်ကြလေ၏။ ထို့ကြောင့် သင့်လျော်သည့် အိမ်ထောင်ဖက်ကို ရှာဖွေကြရာ တွေ့ရှိသဖြင့် ကိုမောင်သိန်းနှင့် စုလျားရစ်ပတ် လက်ထပ်ထိမ်းမြားပေးလိုက်ကြ၏။ အိမ်ထောင်ကျပြီးနောက်ပိုင်း ကိုမောင်သိန်း၏အိမ်ထောင်ရေးအခြေအနေအရပ်ရပ်တို့သည် သာယာဖြောင့်ဖြူးခဲ့၏။ ကြည်နူးဖွယ်၊ သာယာဖွယ်များသာအတိပြီးခဲ့၏။

ကိုမောင်သိန်း၏ ဇနီးမယားကလည်း အစစအရာရာ လိုလေသေးမရှိ မယားဝတ္တရား ကျေပွန်ခဲ့သဖြင့် သူတို့၏ အိမ်ထောင်ရေးသည် အချိုပေါ် သကာလောင်းဖြစ်ခဲ့၏။ ထို့ကြောင့်လည်း ကိုမောင်သိန်းသည် သူ၏ရရှိလာသော ဘဝပေးအခြေအနေကို အလွန်ပင် ကျေနပ်ပျော်ရွှင်နေတော့၏။

သို့ဖြင့် ကိုမောင်သိန်း၏ အိမ်ထောင်ရေးသည် လမှနှစ်သို့တိုင်အချိန်များ အလီလီကုန်သွားခဲ့၏။ ကိုမောင်သိန်း၏ ဇနီးသည်မှာ သားသမီးမရနိုင်ဘဲရှိနေတော့၏။ ကိုမောင်သိန်း၏ မိဘများကလည်း ထိုသားသမီးအရနောက်ကျနေခြင်းကို လက်မခံနိုင်ဘဲ စိတ်ပူပန်နေကြ၏။ ထိုကိစ္စနှင့် ပတ်သက်ပြီး ကိုမောင်သိန်းတို့လည်း အတော်ပင်ကြိုးစားလုပ်ကိုင်ကြပါသည်။ သို့သော်လည်း အချည်းနှီးသာ ဖြစ်ခဲ့၏။

နောက်ဆုံးတွင် တတ်ကျွမ်းနားလည်သည့် ဆရာဝန်၊ သမားတော်ကြီးများနှင့်ပြသ၏။ တိုင်ပင်၏။ အကြံဉာဏ်ရယူကြ၏။ညွှန်ကြားသည့်အတိုင်းလည်း တစ်သဝေမတိမ်း လိုက်နာကြ၏။ သို့သော်လည်း ထူးခြားမလာခဲ့ပေ။ သို့ဖြင့် သမားတော်ကြီး နောက်တစ်ဦးပြောင်းခဲ့ပြန်၏။ ထူးခြားမလာခဲ့ပေ။ ဤသို့ဖြင့် သမားတော်ကြီးများကို တစ်ဦးအဆင်မပြေလျှင် နောက်တစ်ဦးပြောင်းပြခဲ့၏။ နောက်ဆုံးတွင် ဆေးပညာရှင်များ၏ အကူအညီသာမကဘဲ လောကီပညာရှင်များ၏အကူအညီကိုပါရယူခဲ့၏။ ဤအခါတွင်မှ နှစ်အတန်ကြာ သားသမီးမရနိုင်ဖြစ်ခဲ့ရသော အခြေအနေသည် ပြောင်းလဲသွားပြီး ပဋိသန္ဓေ သားသမီးရရှိလာတော့၏။ ထိုအခါ ကိုမောင်သိန်းကား အထူးပျော်ရွှင်ဝမ်းမြောက်သွားတော့၏။ မိုးမမြင်လေမမြင် အပျော်ကြီးပျော်သွားတော့၏။ အဘယ်မျှပျော်သနည်းဟူမူ ကိုမောင်သိန်းသည် လက်ခမောင်းများပင်ထခတ်မိသည်အထိ ဖြစ်တော့၏။

ကိုမောင်သိန်းထက်ပို၍ ဝမ်းသာသူများကား သူ၏မိဘများပင် ဖြစ်၏။ သူတို့သည်လည်း အထူးပင် နှစ်ထောင်းအားရဖြစ်ကာ ဝမ်းသာပီတိအဟုန်ဖြင့် တပြုံးပြုံးဖြစ်နေကြ၏။

ထို့ကြောင့် ကိုမောင်သိန်းတို့မိသားစုသည် ကိုယ်ဝန်ကို အထူးဂရုစိုက်ကြ၏။ အစစအရာရာ လိုလေသေးမရှိ ပြည့်စုံစေကြ၏။ သို့ဖြင့် ကိုယ်ဝန်သည် တစစနှင့်ရင့်လာပြီး (၉) လကျော် (၁၀) လစေ့ရောက်ကာ အောင်မြင်စွာမွေးဖွားလာတော့၏။ထိုသားဦးကား ယောကျာ်းလေးဖြစ်နေသဖြင့် ကိုမောင်သိန်းအဖို့ အချိုပေါ် သကာလောင်းဘိအလား ပို၍ပင် နှစ်ထောင်းအားရဖြစ်နေလေတော့၏။

အဆိုပါ သားဦးလေးသည် မွေးကတည်းကပင် ကျန်းမာသန်စွမ်းလှပါသည်။ မကျန်းမာခြင်း၊ ချူချာခြင်း လုံးဝမရှိပေ။ ထို့ကြောင့် မိဘများနှင့် ဘိုးဘွားများသည် ဝမ်းသာပီတိဖြစ်ကြရ၏။ ဤသို့ဖြင့် ကလေးငယ်သည် အသက် (၁) နှစ်အရွယ်သို့ ရောက်ရှိလာခဲ့၏။ ထိုမှ မကြာမတင်မီပင် ကလေးငယ်သည် ကောက်ကာငင်ကာ ရုတ်တရက် သေဆုံးသွားတော့၏။

ထိုအခါ ဖခင်ဖြစ်သူ ကိုမောင်သိန်းနှင့် ဘိုးဘွားဖြစ်သူတို့ အလွန်ပင် ထိခိုက်ကြေကွဲရတော့၏။ မရပ်မတည်နိုင်အောင်ပင်ဖြစ်ကြရ၏။ ထိုကဲ့သို့ ပြင်းထန်သော ရောဂါတစ်စုံတစ်ရာမျှမရှိဘဲ ရုတ်ခြည်းသေဆုံးသွားရသည့် အကြောင်းအရင်းကိုလည်း စဉ်းစား၍ မရအောင်၊ ရှာဖွေ၍မရအောင်ဖြစ်ကြရ၏။

နောက်ဆုံးတွင် မည်သို့မျှ အဖြေရှာမရသဖြင့် လက်လျှော့လိုက်ကြ၏။ ထို့နောက်တွင် နောက်ထပ်သားသမီး တစ်ယောက်ယူရန် ကြိုးစားကြပြန်၏။ ကံကောင်းထောက်မသဖြင့် ကိုယ်ဝန်ထပ်ရပြန်၏။ ထိုကိုယ်ဝန်ကိုလည်း အထူးပင် ဂရုစိုက်သဖြင့် အချိန်စေ့ရောက်သောအခါ လွယ်ကူချောမောစွာပင် မွေးဖွားနိုင်ခဲ့ပါသည်။ ထိုကလေးငယ်သည်လည်း ယောကျာ်းလေးပင်ဖြစ်၏။ ကျန်းမာသန်စွမ်းရောဂါကင်းသူပင် ဖြစ်၏။ ထိုကလေးငယ်သည်လည်း တစ်စတစ်စကြီးပြင်းလာပြီး အသက်တစ်နှစ်အရွယ်သို့ ရောက်ရှိလာသောအခါ၌ ရှေ့သားဦးကလေးကဲ့သို့ မမျှော်လင့်ဘဲ ရုတ်တရက် ကောက်ကာငင်ကာပင် ထပ်မံသေဆုံးသွားခဲ့ပြန်ပါတော့၏။

ပထမတစ်ကြိမ် ဖြစ်ပျက်ခြင်း အကြောင်းကြောင်းသောအကြောင်းတို့ကြောင့်သော် လည်းကောင်း၊ ကံတရားကြောင့်သော် လည်းကောင်း၊ ပဋ္ဌာန်းဆက်မရှိ၍ လည်းကောင်း စသည်ဖြင့် အမျိုးမျိုးသောအကြောင်းတို့ဖြင့် ဖြေသိမ့်နိုင်အောင် ကြိုးစား၍ရခဲ့ပါသေးသည်။ ယခုအဖြစ်ကား ပထမအကြိမ် မဟုတ်။ ဒုတိယအကြိမ်မြောက် ထပ်မံဖြစ်ခြင်းပင်။ ဒဏ်ရှိခဲ့သည့် အနာဟောင်းပေါ်တွင် ဒုတိယအကြိမ် ဒဏ်ထပ်ထိခြင်းဖြစ်သဖြင့် ပထမအကြိမ်ထက် အဆပေါင်းများစွာ နာကျင်သောခံစားမှုကို အလူးအလဲခံကြရ၏။ ပထမအကြိမ်ဖြစ်ခြင်းသည် တိုက်ဆိုင်မှုဟု ဆိုနိုင်သော်လည်း ယခု ဒုတိယအကြိမ်မြောက် ကလေးငယ်သေဆုံးခြင်းသည် တိုက်ဆိုင်မှု မဖြစ်နိုင်တော့ပေ။ အဘယ်ကြောင့်ဆိုသော် ကလေးငယ် တစ်နှစ်တင်းတင်းပြည့်ချိန်တွင် ပထမကလေးရော ဒုတိယကလေးကပါ သေဆုံးခြင်းပင် ဖြစ်၏။ ဤကိစ္စသည် သာမန်တိုက်ဆိုင်မှုတစ်ခုမဖြစ်နိုင်ဟုသာ သုံးသပ်ရပါတော့မည်။ ဤကိစ္စနှင့် ပတ်သက်၍ နောက်ကွယ်မှ ကြိုးကိုင်စီစဉ်နေမှုတစ်စုံတစ်ရာသည်ရှိနိုင်သည်ဟု အဖြေထုတ်ရမည်ကဲ့သို့ရှိနေတော့၏။

ဤကိစ္စအတွက် မည်သို့ပြုရပါမည်နည်း။ အဖြေလည်းရှာမရပေ။ ယခုအတိုင်း မေ့မေ့ပျောက်ပျောက်ထားလျှင်လည်း ပြီးသွားချင်မှပြီးပေမည်။ အကယ်



www.burmeseclassic.com

www.burmeseclassic.com

၍ နောက်ကလေးတစ်ယောက်ပြန်ယူပြီး မွေးလျှင်လည်း ယခုကဲ့သို့ အဖြစ်ဆိုးမျိုး မကြုံတွေ့နိုင်ဟု မည်သူမျှလည်း အာမခံနိုင်မည် မဟုတ်ပေ။ ထို့ကြောင့် ဤကိစ္စအတွက် အဖြေရှာကိုရှာရမည်သာ ဖြစ်၏။ နားလည်တတ်ကျွမ်းသူ ပညာရှင်များနှင့်တွေ့ပြီး တိုင်ပင်ရမည်သာ ဖြစ်၏။

ထို့ကြောင့် ကိုမောင်သိန်း သူ့မိသားစုများ၊ မိဘများ၊ ဆွေမျိုးများနှင့် တိုင်ပင်ကြ၏။ ထို့ကြောင့် စစ်ကွင်းရှိ လောကီပညာရပ်ဆိုင်ရာ ကျွမ်းကျင်သူ ဆရာသမားများနှင့်တိုင်ပင်ပြီး အဖြေရှာကြည့်ကြ၏။ ထိုဆရာများလည်း သူ့တို့နည်းသူတို့ဟန်ဖြင့် လုပ်ကိုင်အဖြေထုတ်ကြည့်၏။ အဖြေကို မတွေ့ကြပေ။

ထို့ကြောင့် ကိုမောင်သိန်းတို့လည်း အခြားနယ်အခြားအရပ်ဒေသရှိ နာမည်ကြီးသောဆရာများထံ မဖြစ်မနေ ရောက်အောင်သွားပြီး အကူအညီယူခဲ့၏။ အချို့သော ဆရာများက အဝေးမှနေပြီး ကိုမောင်သိန်းနေထိုင်ရာအိမ်သို့ ထုံးလုပ်ပေး၏။ အချို့သောဆရာများကလည်း ကိုမောင်သိန်းနေထိုင်ရာ အိမ်အထိသို့ ကိုယ်တိုင်ကိုယ်ကျလိုက်လာပြီး လုပ်ကိုင်ဆောင်ရွက်ပေး၏။ အချို့သောဆရာများကလည်း အိမ်တွင်ပွဲများထိုးပြီး အနှောင့်အယှက် အဖျက်အဆီးများကင်းရှင်းစေရန် စီမံဆောင်ရွက်ပေးကြ၏။ ထိုအချိန်ကာလအတောအတွင်း စစ်ကွင်းမြို့ရှိ ကိုမောင်သိန်းတို့အိမ်တွင် လောကီပညာရပ်ဆိုင်ရာဆရာများ တစ်ယောက်ဆင်း၊ တစ်ယောက်တက်ဖြင့် ခြေချင်းလိမ်လျက် မပြတ်မလပ် အောင်ရှိနေလေတော့၏။

ထိုဆရာများ၏ အဆိုအရတော့ ဤအိမ်တွင် မည်သည့်အနှောင့်အယှက်မှမရှိဟု လည်းကောင်း၊ အန္တရာယ်ကင်းသွားပြီ၊ ဘေးကင်းသွားပြီဟု လည်းကောင်း အမျိုးမျိုးသတ်မှတ်ပြောဆိုသွားကြ၏။ သို့သော် ဤကိစ္စဖြစ်ပေါ်ခြင်း၏ အဓိကလက်သည်အကြောင်းကိုတော့ မည်သူမျှ ဖော်ထုတ်နိုင်ခဲ့ခြင်းတော့ မရှိကြပေ။

ဤသို့ ပြဿနာ၏အဖြေကို ရှာနေရင်းပင် ကိုမောင်သိန်း၏ ဇနီးသည် ဒုတိယကိုယ်ဝန်သည် ဖြစ်တည်လာပြန်လေတော့၏။ ထိုအခါ မိသားစုအားလုံးတို့သည် ယခင်နှစ်ကြိမ်ခံထားရပြီးဖြစ်၍ ယခုအကြိမ်တွင်လည်း အခြေအနေကို မယုံမရဲဖြင့် စိတ်အပူကြီးသာ ပူနေခဲ့ကြတော့၏။ ကိုမောင်သိန်းကလည်း ပို၍စိတ်ချသထက်စိတ်ချစေရန် နာမည်ကြီးဆရာမှန်သမျှ ပင့်ဖိတ်ပြီး လိုအပ်သော နည်းလမ်းများအတိုင်း လုပ်ကိုင်စေ၏။ ထိုအချိန် ကိုယ်ဝန်ကလည်း တဖြည်းဖြည်းရင့်လာပြီး မွေးချိန်သို့တိုင်သဖြင့် မွေးဖွားလာတော့၏။ အောင်အောင်မြင်မြင် ချောချောမောမောပင် မွေးဖွားနိုင်ခဲ့၏။ သားယောက်ျားလေးပင်ဖြစ်၏။

ထိုကဲ့သို့ သားယောက်ျားလေး မွေးသဖြင့် ကိုမောင်သိန်းသည် ပျော်ရွှင်ခြင်း၊ ဝမ်းမြောက်ခြင်း စသည့် ခံစားမှုများ ဖြစ်ပေါ်သော်လည်း လွတ်လွတ်လပ်လပ် မပျော်ရွှင်နိုင်ပေ။ စိတ်ထဲမှ တထင့်ထင့်ဖြစ်သော စိုးရိမ်ပူပန်ခြင်းမျိုး ဖြစ်ခဲ့ရ၏။ အဖြေကလည်း ချက်ချင်း မသိနိုင်သေးပေ။ မွေးပြီးအသက်တစ်နှစ်ပြည့်မှသာ သေ၊ မသေကို ဆုံးဖြတ်နိုင်မည် ဖြစ်၏။ ထိုအချိန်မတိုင်မီကား တထင့်ထင့်ပင်ဖြစ်နေရမည် ဖြစ်၏။

သို့ဖြင့် ကိုမောင်သိန်း၏ ဒုတိယမြောက် သားငယ်သည် တဖြည်းဖြည်းကြီးလာတော့၏။ အသက်တစ်နှစ်ပြည့်ရန်တစ်လအလိုသို့ပင်ရောက်ရှိလာတော့၏။ မိသားစုဆွေမျိုးများအားလုံး၏ စိုးရိမ်ပူပန်မှုသည် တစ်စထက်တစ်စသာ မြင့်တက်လာတော့၏။ ထိုနေ့တွင်ပင် ကလေးငယ်သည် ကောက်ကာငင်ကာ ဆုံးပါးသွားပြန်ပါတော့၏။

ထိုအခါ အားလုံးပင် ဝမ်းနည်းခြင်း၊ အံ့ဩခြင်း၊ ထိတ်လန့်တုန်လှုပ်ခြင်းဖြစ်ရပါတော့၏။ ယခင်က ကလေးနှစ်ဦးသည် တစ်နှစ်ပြည့်သောအခါတွင်မှ ဆုံးပါး၏။ ယခုကား ဆရာပေါင်းများစွာတို့၏ အမျိုးမျိုးသော အစီအရင်တို့ဖြင့် ပြုလုပ်သောအခါတွင်မှ ယခင် ကလေးများလောက်ပင် သက်တမ်းမရှည်ဘဲ ပို၍ပင် သက်တမ်းတိုသွားသကဲ့သို့ ဖြစ်နေတော့၏။ ထို့ကြောင့်ပင် ပို၍ထိတ်လန့်အံ့ဩရတော့၏။ ယခုအခါတွင် တစ်ကြိမ်ခံခဲ့ရသည်မဟုတ်၊ သုံးကြိမ်သုံးခါတိတိ မည်သို့မျှ ရုန်းမထွက်နိုင်ဘဲခံခဲ့ရခြင်း ဖြစ်၏။

ထို့ကြောင့် ကိုမောင်သိန်းတို့သည် ကယ်မည့်သူဝေးသည့်အဖြစ်မျိုးဖြင့် ကြုံတွေ့ရသဖြင့် အတော်ပင် စိတ်ပျက်အားငယ်သွားကြရတော့၏။ အလွန်ပင်ခံစားနေရ၏။ လူနှင့်စိတ်မကပ်သကဲ့သို့ပင် ထမင်းမှန်းဟင်းမှန်းပင် မသိတော့ပေ။

ထိုအချိန်တွင် စစ်ကွင်းဆရာတော် ဦးစန္ဒောဘာသသည် ရန်ကုန်မြို့ ရွှေတိဂုံဘုရားတွင် သီတင်းသုံးနေရာမှ စစ်ကွင်းမြို့သို့ ပြန်လည်ကြွတော်မူလာခဲ့၏။ ထိုအခါ စစ်ကွင်းဆရာတော်၏ ဒကာရင်းဖြစ်သူသည် ကိုမောင်သိန်းနှင့်လည်း မိတ်ဆွေဖြစ်၏။ ထိုပုဂ္ဂိုလ်သည် ကိုမောင်သိန်းထံသို့ ရောက်လာပြီး အကြောင်းစုံကိုသိသွားသဖြင့် စစ်ကွင်းဆရာတော်၏အကြောင်းကို ပြောပြရာ ကိုမောင်သိန်းလည်း အထူးပင်စိတ်အားထက်သန်သွားတော့၏။ ထို့ကြောင့် ဆရာတော်ထံ သူ့အား ပို့ဆောင်ပေးပါရန် တောင်းပန်လေ၏။ ထိုအခါတွင် မိတ်ဆွေဖြစ်သူလည်း ကိုမောင်သိန်းအား ခေါ်ပြီး စစ်ကွင်းဆရာတော်ထံ ပို့ပေးလိုက်၏။ ဆရာတော်အား ဖူးပြီးသောအခါ ကိုမောင်သိန်းက -

“အရှင်ဘုရား၊ တပည့်တော်ကို ကယ်ပါဦး”

“ဘာဖြစ်လို့လဲ ဒကာကြီးရဲ့”

“ဖြစ်တာကတော့ ဒီလိုပါဘုရား။ တပည့်တော် သားသမီးမွေးတိုင်းအဖတ်မတင်ဘဲ ဖြစ်နေပါတယ် ဘုရား”

“ဘယ်နှယောက်ရှိပြီလဲ”

“သုံးယောက် ဆက်တိုက်ရှိပါပြီဘုရား၊ မွေးတုန်းကတော့ ကျန်းကျန်းမာမာပါပဲ။ အသက်တစ်နှစ်လောက် အရွယ်ရောက်တာနဲ့ ထူးထူးဆန်းဆန်း သေဆုံးသွားကြတာပဲ ဘုရား”

“ဒါပြင် ဘယ်လိုထူးထူးခြားခြားတွေကို သတိပြုမိသေးလဲ ဒကာကြီး”

“အင်း - ဟုတ်ပါရဲ့၊ အရှင်ဘုရား မိန့်မှပဲ ပြန်စဉ်းစားမိပါတယ်။ ကလေးတွေဆုံးတဲ့အချိန်မှာ ထူးခြားတဲ့အချက်ကတော့ ညတွင်းချင်းကိုပဲ သွေးဆုတ်ပြီး ဖြူဖပ်ဖြူရော်နဲ့ ဆုံးသွားကြတာပါပဲ ဘုရား။ အဲဒီအချက်ကတော့ ကလေးသုံးယောက်စလုံးဆုံးတဲ့အချိန်မှာ တူညီတဲ့အချက်ပါပဲ။ ဒါကို အခု ဆရာတော်ကြီးမေးမှပဲ သတိပြုမိပါတယ် ဘုရား”

ဟု ဖြေလိုက်၏။

ထိုအခါ စစ်ကွင်းဆရာတော်ကြီးလည်း အလေးအနက် စဉ်းစားလိုက်ပြီး ချက်ချင်းပင် အစီအရင်တစ်ခုကို ပြုလုပ်၏။

ထို့နောက် -

“ဒကာကြီး ဒီကိစ္စက ခပ်ပေါ့ပေါ့ လုပ်လို့မရဘူး၊ ရော့ - ဒီအစီအရင်ကိုယူသွားပြီး ကျုပ်မှာတဲ့အတိုင်း အတိအကျ လုပ်ပါ”

ဟု မိန့်တော်မူပြီး လုပ်ရမည့်ကိစ္စ



www.burmeseclassic.com

www.burmeseclassic.com

တို့ကို အသေးစိတ် ညွှန်ကြားလိုက်၏။

ထို့နောက် တိုးမောင်သိန်းလည်း အိမ်သို့ ကမန်းကတန်းပြန်လာပြီး ဆရာတော်ကြီးညွှန်ကြားသည့်အတိုင်း ပြုလုပ်လေတော့၏။ ထိုသို့လုပ်ပြီး မကြာမီတွင်ပင် အိမ်ကြီးတစ်ခုလုံးသိမ့်သိမ့်တုန်သွားပြီး ပြင်းထန်သောအသံကြီးတကြားလိုက်ကြရ၏။ ထိုအသံသည် အိမ်ရှေ့ရေချိုးကန်နားအနီးတွင် ပျောက်သွားတော့၏။

တစ်ဖန် မကြာမီတွင် တိုးညင်းသော ညည်းသံသဲ့သဲ့ကို ပြန်၍ကြားရ၏။ ထို့ကြောင့် အသံထွက်ပေါ်သည့်နေရာကို မှန်း၍ရှာကြ၏။ သို့သော် ရှာမတွေ့ကြပေ။ ထိုအသံသည် တစ်ဆက်စပ်တည်းပေါ်နေခြင်းတော့ မဟုတ်ပေ။ ပျောက်သွားလိုက်၊ ပေါ်လာလိုက်ဖြစ်၏။ အသံကလည်း တိုးညင်းလွန်း၏။ အသေအချာ ဂရုပြု နားစွင့်လျှင်ကား သဲ့သဲ့ကြားကြရ၏။ အသေအချာ အာရုံပြုလျှင်ကား ထိုအသံသည် အိမ်ရှေ့ရေကန်ဆီမှလာသောအသံဖြစ်ကြောင်း ရှာဖွေသူ အတော်များများက ထင်ကြ၏။ ထို့ကြောင့် ရှာဖွေသူတို့သည် ရေကန်နားတစ်ဝိုက်သို့ သွားရောက်ကြပြီး ရေကန်တွင်း၌လည်းကောင်း၊ ရေကန်ဘေးပတ်လည်၌လည်းကောင်း အသေအချာရှာကြ၏။ သို့သော် ရေကန်နားအနီးတွင် သစ်ကြီးဝါးကြီးများရှိနေပြီး သစ်ရွက်များကလည်း မြေပြင်ပေါ်၌များပြားစွာကြွေကျနေသဖြင့်လည်း ထိုနေရာ၏ မြေပြင်အနေအထားသည် ရှင်းလင်းခြင်း မရှိပေ။

ခေတ္တမျှ ကြာသောအခါ စာဒံပင်အနီး၌ရှာနေသူတစ်ဦး ရုတ်တရက်လဲကျသွား၏။ ထို့ကြောင့် အဆိုပါနေရာသို့ ကျန်သောနေရာတွင် ရှာဖွေနေသူများ အပြေးအလွှား ရောက်သွားကြ၏။ သူတို့၏ မျက်နှာများတွင် အချို့လည်း အံ့ဩနားမလည်နိုင်သည့် အမူအရာများ ဖြစ်ပေါ်နေ၏။ အချို့လည်း ကြောက်ရွံ့ထိတ်လန့်သည့်အမူအရာများ ဖြစ်ပေါ်နေတော့၏။ အချို့ကလည်း ပိုးထိ၍ လဲကျသွားသည်ထင်သဖြင့် အနီးဝန်းကျင်တွင် ပိုးကောင်ကိုရှာကြ၏။ ထိုအချိန်တွင်မှ သူတို့သည် လဲကျသွားသူအား အသေအချာစစ်ဆေးကြည့်သောအခါတွင်မှ ထိုသူသည် သတိလစ်မေ့မြောသွားခြင်းမျှမဟုတ်ဘဲ လုံးလုံးသာဖြင့် တွန့်လိမ်လှုပ်ရှားရုန်းကန်နေသည့်အသွင်မျိုးကို တွေ့ရသဖြင့် မြင်တွေ့သူအပေါင်းတို့သည် အလွန်ပင် အံ့အားသင့်လျက်ရှိကြ၏။

ထိုအဖြစ်အပျက်ကို နားလည်ရခက်စွာကြည့်နေစဉ်မှာပင် ထိုသူသည် အခြားသူတစ်ယောက်နှင့် သတ်ပုတ်လုံးထွေးနေသည့်အသွင်မျိုးကို တွေ့ရ၏။ သို့သော် သူနှင့်သတ်ပုတ်နေသူကိုကား မတွေ့ကြရပေ။ ထိုသူ၏ပုံသဏ္ဌာန်ကား အပြင်းအထန်သတ်ပုတ်နေသကဲ့သို့ ဖြစ်နေ၏။ သူ့ခန္ဓာကိုယ်တစ်ခုလုံးတွင် ချွေးများ ရွှဲရွှဲစိုလျက်ရှိနေတော့၏။

အဆိုပါ သတ်ပုတ်သကဲ့သို့ ဖြစ်နေသူကား အသားမည်းမည်း၊ တောင်တောင်မောင်းမောင်းနှင့် သန်စွမ်းသည့် အမျိုးသားတစ်ဦး ဖြစ်၏။

မကြာမီပင် အနီးမှ ဝိုင်းအုံနေသူများအထဲမှ လည်းကောင်း၊ ထိုသူ၏ မိတ်ဆွေများက လည်းကောင်း အခြေအနေကို သဘောပေါက်သွားကြပြီး သူတို့ပါ ဝင်ရောက် သတ်ပုတ်ရန် ပြင်ဆင်ကြ၏။ ထိုအခါ လူအုပ်ထဲမှ ဆံခြင်တုံးရှိကာ အတွေးအခေါ်တောင်းသည့် လူကြီးတစ်ဦးက -

"ဟေ့၊ ဟေ့ - နေကြဦး၊ အခုကိစ္စ ကသွေးမျိုးသားမျိုးမဟုတ်ဘူးနော်။ တစ်ခုခုတော့ဖြစ်နေတာ သေချာတယ်။ သွားမဝင်လိုက်နဲ့ ပိုရှုပ်ကုန်မယ်။ ဒီလိုကြည့်နေလို့တော့မဖြစ်ဘူး။ တစ်ယောက်ယောက်သွားပြီးတော့ စစ်တွင်းဆရာတော်ကြီးကို အသေအချာလျှောက်စမ်း။ ဘာဆက်လုပ်ရမလဲလို့မေး"

ဟု ပြောလိုက်ရာ လူရွယ်နှစ်ယောက်၊ သုံးယောက်လည်း ကျွန်းတောကျောင်းဘက်သို့ အပြေးအလွှားသွားကြလေ၏။

ထိုအချိန်တွင် မြေပြင်တွင် သတ်ပုတ်ထိုးကြိတ်လုံးထွေးလျက်ရှိသူလည်း မရပ်မနားတမ်း တစ်ဦးတည်း ဆက်လက်၍ လူးလိမ့်ရှားလျက်ရှိနေဆဲပင် ဖြစ်၏။

မကြာမီပင် ကျွန်းတောကျောင်းသို့သွားသူများ ပြန်ရောက်လာကြ၏။ သူတို့၏လက်ထဲတွင် ကြေးဖလားလေး တစ်လုံးပါလာ၏။ ထိုကြေးဖလားထဲတွင် ရေနှင့်တူသောအရာများပါလာ၏။ ထိုသူတို့သည် ရောက်လျှင်ရောက်ချင်းပင် ဖလားထဲမှ ရေဖြင့် တစ်ဦးတည်းသတ်ပုတ်နေသူအား ပက်လိုက်၏။ ထိုအခါတွင်မှ ထိုသူလည်း တဖြည်းဖြည်း ငြိမ်ကျသွားတော့၏။ သို့သော် ထိုသူသည် အလွန်တရာ မောဟိုက်လျက်ရှိနေတော့၏။ အသက်ကို မနည်းပင်လုရှူနေရ၏။ ထို့ပြင် ထိုသူ၏နှုတ်မှလည်း မပီမသနှင့် ဗလုံးဗထွေးစကားများကို အဆက်မပြတ်ပြောနေ၏။ ထို့ကြောင့် အနီးအနားလူများက နားမရှင်းသဖြင့် -

"ဘာလဲ ဘာလဲ၊ ကိုစိုး သေသေချာချာပြောပါ၊ နားမလည်ဘူး။ ရှင်းအောင်ထပ်ပြောပါ"

ဟု ထပ်ပြန်တလဲလဲမေးလိုက်ပြောလိုက်ပြုသောအခါတွင်မှ -

"ဘီ. . . လူး၊ ဘီ. . . လူး"

ဟူသည့် အသံကို ဖမ်းမိသဖြင့်-

"ဘီလူး ဟုတ်လား"

ဟု ပြန်မေးသောအခါတွင်မှ ထိုသူက ခေါင်းညိတ်ပြပြီး သစ်ပင်ခြေရင်းတစ်နေရာကို လက်ညှိုးထိုးပြသဖြင့် ထိုနေရာသို့ သွားပြီးကြည့်ကြရာ သစ်ရွက်များအောက်မှ တစ်ပိုင်းတစ်စပေါ်နေသည့်အရာတစ်ခုကို တွေ့သဖြင့် အုပ်နေသော သစ်ရွက်များကို ဖယ်ပြီးကြည့်လိုက်ရာ အလွန်ပင် အံ့ဩထိတ်လန့်သွားကြပြီး -

"အမလေး - ဘာကြီးလဲမသိဘူး"

ဟူသော အာမေဋိတ်အသံများ ထွက်ပေါ်လာလေတော့၏။ ထို့နောက်တွင်မှ အရဲစွန့်ပြီး အသေအချာ လေ့လာကြသောအခါတွင်မှ ဘီလူးမျက်နှာရှိသည့် ကျောက်တုံးကြီးတစ်တုံးဖြစ်နေတော့၏။ ထိုဘီလူး၏ မျက်နှာတွင် အစွယ်ကြီးနှစ်ချောင်းကား ပြူးထွက်နေ၏။ ထိုအစွယ်နှင့်တစ်ဖက်တစ်ချက်တွင် ပါးပြင်ပေါ်သို့ သွေးစီးကြောင်းများစီးကျနေသည်ကို သွေးပျက်ဖွယ် တွေ့ကြ၏။

ရုတ်တရက်အားဖြင့် ထိုအခြင်းအရာကြောင့် မည်သို့ပြုရမည်ကို စဉ်းစားမရအောင်ဖြစ်ကာ တွေဝေနေစဉ် အဆိုပါ ကျောက်တုံးသည် အသက်ဝိညာဉ်ရှိသည့် သတ္တဝါတစ်ကောင်ကဲ့သို့ လိမ့်ပြီး ရွေ့လျားသွားလေတော့၏။ ထို့ကြောင့် ထိုလိမ့်သွားသည့်နေရာနောက်သို့ လူအများပြေးလွှားဝိုင်းအုံရောက်ရှိသွားကြ၏။ ထိုကျောက်တုံးသည် ပထမနေရာမှ ဝါးတစ်ပြန်ခန့်အကွာ နောက်တစ်နေရာသို့ လိမ့်သွားခြင်း ဖြစ်၏။ ထိုနေရာသို့ လူအများဝိုင်းအုံရောက်ရှိပြီး မကြာမီ ထိုကျောက်တုံးသည် အတော်လှမ်းလှမ်းနေရာသို့ လိမ့်သွားပြန်၏။ ထို့ကြောင့် ထိုနေရာသို့ လူအစုပြုပြေးလွှားလိုက်သွားကြပြန်၏။

ထိုအချိန်တွင် [illegible]တစ်ယောက်

www.burmeseclassic.com

အပြေးအလွှားရောက်ရှိလာပြီး -

"အားလုံး သေးဖယ်၊ သေးဖယ်။ အဲဒီကျောက်တုံးအနားဘယ်သူမှမကပ်ကြနဲ့။ ဒီကျောက်တုံးနောက်ကို ဒီလိုလိုက်နေလို့မရဘူး။ ဒါနဲ့ဖမ်းမှရမယ်"

ဟု ပြောဆိုပြီး ထိုသူသည် လက်ထဲမှအရာကိုထုတ်ယူပြီး ဖြန့်လိုက်သောအခါ အဝတ်စတစ်စဖြစ်နေသည်ကို တွေ့ရ၏။ ထိုအဝတ်စကိုအနီးကပ်ကြည့်လိုက်သောအခါတွင်မှ အဝတ်စတွင် အင်းများချထားသည်ကို တွေ့ရ၏။

ထိုအင်းအဝတ်ဖြင့် ကျောက်တုံးကို အုပ်လိုက်သောအခါတွင်မှ ကျောက်တုံးမှာ ငြိမ်သက်သွားတော့၏။ ပကတိကျောက်တုံးတစ်တုံးသဖွယ် ဖြစ်သွားတော့၏။ ထို့နောက်တွင်မှ ထိုကျောက်တုံးကို အဝတ်ဖြင့်ပတ်ကာ စစ်ကွင်းဆရာတော်ကြီး သီတင်းသုံးသည့် ကျွန်းတောကျောင်းသို့ သယ်ဆောင်သွားကြ၏။

**ကလေးငယ်များကို သက်ဆိုးမရှည်စေသည့် ဘီလူးကျောက်တုံး**

ဘီလူးကျောက်တုံးသည် ကျွန်းတောကျောင်းသို့ ရောက်ရှိသည့်အခါ၊ စစ်ကွင်းဆရာတော်က အသေအချာလေ့လာ အကဲခတ် ကြည့်ရှုလိုက်ပြီးနောက် စဉ့်အင်တုံကြီးတစ်လုံးတွင် ရေအပြည့်ဖြည့်ခိုင်းလိုက်၏။

ထို့နောက် ကျောက်တုံးကို အဆိုပါ ရေအပြည့်ဖြည့်ထားသည့်အင်တုံထဲသို့ ထည့်ခိုင်းလိုက်၏။ ကျောက်တုံးသည် ရေထဲရောက်သည်နှင့်တစ်ပြိုင်နက် ရေများကို စုပ်ယူပါတော့၏။ တဖြည်းဖြည်းနှင့် စဉ့်အင်တုံထဲတွင် အပြည့်ဖြည့်ထားသောရေတို့သည် တဖြည်းဖြည်းကုန်သွားပါတော့၏။ အင်တုံထဲတွင် ရေကုန်ခါနီးလေ စုပ်ယူအားနည်းလာလေဖြစ်၏။ အတန်ကြာသောအခါတွင် အင်တုံထဲရှိ ရေအားလုံးကုန်ခန်းသွားပါတော့၏။

ရေကုန်သွားသည်နှင့် စစ်ကွင်းဆရာတော်က ကျောက်တုံးကို ထုတ်ယူပြီး ပေါင်တူကြီးတစ်ချောင်းဖြင့် ထိုကျောက်တုံးကို ထုရိုက်ပြီး အစိတ်စိတ်အမွှာမွှာခွဲပစ်ခိုင်းလိုက်တော့၏။ ပြီးသောအခါတွင်မှ စစ်ကွင်းဆရာတော်ကြီးသည် ကိုမောင်သိန်းကို ခေါ်လိုက်၏ -

"တဲ့ - မောင်သိန်း၊ ဘာမှမပူနဲ့တော့။ တိစ္ဆေအားလုံးရှင်းသွားပြီ။ သူလည်း သူ့လမ်းသူသွားပြီ။ မင်းတို့နဲ့ဘာမှ မပတ်သက်တော့ဘူး။ ဒါကြောင့် ခုကစပြီး နောက်ထပ်ကလေးယူတော့။ ဘာပြဿနာမှမရှိတော့ဘူး။ အားလုံးအဖတ်တင်မယ်"

ဟု မိန့်ကြားလိုက်တော့၏။

❐

အထက်ပါ စစ်ကွင်းဆရာတော်ကြီးနှင့် ပတ်သက်သည့် အဖြစ်အပျက်ကို ပြန်ပြောင်းပြောပြသူမှာ စစ်ကွင်းမြို့နေ အမေကြီးဒေါ်သန်းဖြစ်၏။ ဒေါ်သန်းသည် (၇၀) ကျော်အရွယ်ရှိပြီ ဖြစ်၏။ ဒေါ်သန်းသည် လက်ရှိအချိန်၌ စစ်ကွင်းကျွန်းတောပုရိုဟိတ်တွင် တည်ထားသည့် လွန်ခဲ့သောနှစ်ပေါင်း(၅၀)ကျော်ကာလကတည်းက စစ်ကွင်းဆရာတော်ကြီးကိုယ်တော်တိုင် ဆန္ဒရှိတော်မူသော လေးကျွန်းမြင့်မိုရ်မဟာကဏ္ဍီမယစေတီတော်ကြီး တည်ထားသည့်နေရာသို့ ရောက်ရှိလာသဖြင့် မဟာပထမံပညာလမ်းစဉ်၏ ဗုဒ္ဓဝေယျာဝစ္စအကျိုးတော်ဆောင်များဖြစ်သော ကိုမျိုးလှိုင် (ဟဲဗီး) နှင့် မခင်မိုးဝေ (မိုးမိုး) တို့မှတစ်ဆင့် အဆက်အသွယ်ရပြီး ခေါ်ဆောင်လာသဖြင့် ရောက်ရှိပြီး ယခုအဖြစ်အပျက်ကို ပြောပြခဲ့ခြင်း ဖြစ်၏။ အမေကြီးဒေါ်သန်းနှင့်အတူ သမီးဖြစ်သူ မနီလာစိုးလည်း တွဲပြီးလိုက်ပါလာ၏။ ဒေါ်သန်းသည် ခြေထောက်တစ်ဖက်မကောင်းသဖြင့် တစ်ဦးတည်း လမ်းလျှောက်၍မရပေ။ တစ်စုံတစ်ဦးက တွဲပေးမှသာ လမ်းလျှောက်နိုင်သည့်အခြေအနေဖြစ်၏။

ထိုအမေကြီးဒေါ်သန်းမှာ ဤအဖြစ်အပျက်တွင် အဓိကဇာတ်ဆောင်အဖြစ် ပါဝင်ခဲ့သော ကိုမောင်သိန်း (ဦးမောင်သိန်း) ၏သမီး ဖြစ်၏။

ဒေါ်သန်းသည် ဦးမောင်သိန်း၏ စတုတ္ထမြောက်သမီးဖြစ်၏။ ဒေါ်သန်း၏ အကြီး ရှေ့ပိုင်းသုံးယောက်တို့မှာမူ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း အသက်ငယ်စဉ်အရွယ်များ၌ သေဆုံးခဲ့ကြရရှာသူများ ဖြစ်၏။ ထို့ကြောင့် ဒေါ်သန်းသည် စစ်ကွင်းဆရာတော်ကြီး ဦးစန္ဒာဘာသ၏ အစီအရင်ပြုပေးပြီးနောက် ဦးမောင်သိန်း၏ ပထမဆုံး မွေးဖွားလာသောသမီးလည်း ဖြစ်၏။ ယခုအချိန်တွင် အမေကြီးဒေါ်သန်း၏ အသက်သည် (၇၀) ကျော်ပြီဖြစ်သဖြင့် အထက်ပါအဖြစ်အပျက်ဖြစ်ပွားခဲ့သည်မှာ အနှစ် (၇၀) ကျော်ပြီဟု ဆိုရမည် ဖြစ်ပါသည်။

ယခုအခါ အမေကြီးဒေါ်သန်းသည် ခေတ်အဆက်ဆက်က အထမမြောက်ခဲ့သော 'လေးကျွန်းမြင့်မိုရ်မဟာကဏ္ဍီမယဘုရားစေတီတော်ကြီး' အထမြောက်အောင်မြင်စွာ ပြန်လည်တည်ထားနိုင်သည့်အဖြစ်ကို အထူးပင် ဝမ်းသာပီတိဖြစ်လျက်ရှိ၏။ ထို့ကြောင့် ဘုရားဖြစ်မြောက်အောင် ပြန်တည်ပေးသူများကို အထူးပင် ကျေးဇူးတင်လှသဖြင့် ယခုကဲ့သို့ လာရောက်ပြီး သူနှင့် စစ်ကွင်းဆရာတော်ကြီးတို့၏ ပတ်သက်သော အဖြစ်အပျက်များကို ပြောပြခြင်း၊ စစ်ကွင်းဆရာတော်ကြီးမှ ချီးမြှင့်ခဲ့သည့် တန်ပြန်ဂါထာ၊ မဟာအကာတော်ကြီးဂါထာတို့ကို ပြန်လည် ပေးအပ်သဖြင့် စေတီတော်ကြီး၏ ဌာပနာသွင်းပွဲ၊ ထီးတော်တင်ပွဲများတွင် အများပြည်သူသူတော်ကောင်းအပေါင်းတို့အားလည်း ထပ်ဆင့် လက်ကမ်းဝေငှပေးနိုင်သဖြင့် အမေကြီး ဒေါ်သန်းကိုလည်း ကျေးဇူးဥပကာရတင်ရှိပါသည်။

ထို့ပြင် အမေကြီးဒေါ်သန်းသည် စစ်ကွင်းဆရာတော်ကြီး၏ ကျေးဇူးကြောင့်ရရှိခဲ့သူဖြစ်သဖြင့် ဒေါ်သန်းကလည်း စစ်ကွင်းဆရာတော်ကြီးကို လူမှန်းသိတတ်ကတည်းက အဘိုးတစ်ဦးကဲ့သို့ခင်၏။ ဆရာတော်ကြီးကလည်း ဒေါ်သန်းကို မြေးမလေးတစ်ဦးသဖွယ် ချစ်ခင်ကြ၏။

ထို့ကြောင့် ဆရာတော်ကြီးက ဒေါ်သန်းအား အကာအကွယ်အစောင့်အရှောက်ဖြစ်စေရန်ပြုပေးထား၏။ ထို့အတွက် အဒေါ်သန်း၏ ကိုယ်တွင်း၌ စက်သွင်းပေးထား၏။ အဆိုပါ စက်သည်ဆိုသည်မှာ ဓာတ်လုံး (၃) လုံးဖြင့် စီရင်ထားသောစက် ဖြစ်၏။ ထိုစက်ဓာတ်လုံးများမှာ နဖူးတည့်တည့်တွင် ဓာတ်လုံးတစ်လုံး၊ ပခုံးတစ်ဖက်တစ်ချက်စီတွင် ဓာတ်လုံးတစ်လုံးစီရှိ၏။ ထို့ပြင် အခြားသော အဆောင်များကိုလည်း ပြုပေးထား၏။ ထိုအကြောင်းများကြောင့် ဒေါ်သန်းသည် ဘဝတစ်လျှောက်လုံးတွင် သူဖြစ်ချင်တာဖြစ်ခဲ့၏။ အာဏာစက်ကြီးခဲ့၏။

သို့သော် -

တစ်ချိန်တွင် ဒေါ်သန်းသည် အမှုမဲ့အမှတ်မဲ့ဖြင့် မီးနေအိမ်အောက်သို့ ဝင်မိသဖြင့် စက်များပျောက်ကွယ်ခဲ့ရကြောင်း ဒေါ်သန်းက စိတ်မကောင်းစွာဖြင့် ပြန်ပြောင်းပြောပြခဲ့၏။

ဒေါ်သန်း၏ ဖခင် ဦးမောင်သိန်း

www.burmeseclassic.com

# ဒူးနာ၊ ခါးနာပျောက်ဆေး

## (လိမ်းဆေးဆီ)

ဒူးနာ၊ ခါးနာခြင်း ဝေဒနာသည် သေစေလောက်သောအသက်အန္တရာယ် စိုးရိမ်ရသောရောဂါ မဟုတ်သော်လည်း ခံစားရသူအဖို့ အလွန်ပင် ဆိုးရွားသော ရောဂါအနာတစ်မျိုးဖြစ်ပါသည်။

ဒူးနာ၊ ခါးနာခြင်းနှင့်ပတ်သက်ပြီး အကြောင်းအမျိုးရှိပါသည်။ သို့သော် လက်တွေ့အနှစ်ချုပ်ကြည့်လျှင်နှစ်မျိုးသာ ရှိပါသည်။

ဓာတ်ကြောင့်နာခြင်း၊
အပူဝင်စုရှု၍နာခြင်း
တို့ကြောင့် ဖြစ်သည်။

ငယ်စဉ်က ဝင်ပန်းစွာ ထမ်းပိုး၊ ရွက်၊ဆွဲလုပ်ကိုင်ခဲ့ရခြင်း၊ တစ်စုံတစ်ခု မှ,ရာမှ အဆင်မသင့်ဖြစ်သွားခြင်းတို့သည် ဓာတ်ကြောင့်နာခြင်းပင်။

အသက်အရွယ်ရလာသောအခါ လူ၏အရိုးတွင်းမှ ခြင်ဆီအနည်းနှင့် အများ ခန်းခြောက်နည်းပါးလာပါသည်။ ဆီး၊ ဝမ်းချုပ်ခြင်း၊ မမှန်ခြင်းလည်း ဖြစ်လာပါသည်။ ထိုအခါ အပူခိုးများ စုဖွဲ့သည့် ဒူးခေါင်း၊ ခါး၊ အဆစ်အမြစ်တို့ နာလာခြင်း ဖြစ်တတ်ပါသည်။ သို့အတွက် ဆီး၊ ဝမ်း၊ သွေး၊ လေတို့ ညီညွတ်မျှတမှုရှိအောင် ရေများများ သောက်ပေးရပါမည်။

မည်သို့ပင်ဖြစ်စေ ဒူးနာခြင်း၊ ခါးနာခြင်းဖြစ်လာပါက ဝမ်းမချုပ်အောင် ဝမ်းကို ပြုပြင်ပေးပြီး အောက်ပါလိမ်းဆေးဆီကို တစ်နေ့နှစ်ကြိမ်မှသုံးကြိမ်ထိ လိမ်းပေးခြင်းဖြင့် တစ်ပတ်၊ ဆယ်ရက်အတွင်း လက်တွေ့ ပျောက်ကင်းစေသဖြင့် ရေးသား တင်ပြအပ်ပါသည်။

- ငရုတ်ကောင်းစေ့ (၂) ကျပ်သား ထောင်းထည့်၊
- ပိတ်ချင်းသီး (၂) ကျပ်သား ထောင်းထည့်၊
- လေးညှင်းပွင့် (၂) ကျပ်သား ထောင်းထည့်။
- ချင်းအစို (၅) ကျပ်သား ထောင်းထည့်။
- မြန်မာရမ်အရက် (၃၀) ကျပ်သား။

ပုလင်းတစ်လုံးတွင် အထက်ပါဆေးအမည်များထည့်၍ စိမ်ထား၊ ပိတ်ထားပါ။ ခုနစ်ရက်ဆိုလျှင် ဆေးဖြစ်ပါပြီ။ လိမ်းသည့်အခါတိုင်း ပုလင်းကို နာနာလှုပ်လိမ်းပေးပါ။ အထူးမှာ လိမ်းဆေးသက်သက်သာ ဖြစ်ပါသည်။ သောက်မိလျှင် ဘေးဖြစ်စေတတ်ပါသည်။ လိမ်းဆေး(သောက်ရန်မဟုတ်) ဟု စာရေးပြီး ပုလင်းတွင်ကပ်ထားပါ။

*ကျန်းမာချမ်းသာကြပါစေ*
နတ်မောက်မင်းသန့်ခိုင်

---

ကလည်း အထက်ပါအဖြစ်အပျက်များ ဖြစ်ပွားပြီးနောက်ပိုင်းတွင် စစ်ကွင်းဆရာတော်ကိုသာ အားကိုးအားထားပြုလေတော့၏။ ဆရာတော်၏ လိုအပ်သော ဝေယျာဝစ္စအဝဝကိုလည်း လိုလေသေးမရှိ ပြုပေးလေ၏။ ဆရာတော် စစ်ကွင်းမှာရှိလျှင် ဦးမောင်သိန်းလည်း စစ်ကွင်းမှာရှိ၏။ ဆရာတော် ရန်ကုန်၌ သီတင်းသုံးလျှင် ရန်ကုန်သို့ လိုက်၏။

ထို့ကြောင့် ဆရာတော်ကြီးကလည်း ဦးမောင်သိန်းတို့ကို ပြန်စောင့်ရှောက်သည့်အနေဖြင့် ဓနသိဒ္ဓိအင်းဘုရား၊ လာဘ်လာဘပေါများစေသည့် ရှင်သီဝလိအင်း၊ မီးဘေးအန္တရာယ်ဝေးစေမည့် ငုံးမင်းအင်းနှင့် အခြားသော အကာအကွယ်များစွာကိုလည်း ပြုလုပ်ပေးထား၏။ ထိုဆရာတော်ကြီး၏အမွေအနှစ်ပစ္စည်းများ ယနေ့တိုင် ဒေါ်သန်းထံတွင် ရှိ၏။

ဆရာတော်ကြီး၏ စောင်မကြည့်ရှုမှုကြောင့် ဦးမောင်သိန်း၏ ဘဝတစ်လျှောက်လုံး မတောင့်မတ မပူမပင်နေခဲ့ရ၏။ ဆန်စက်ကြီးများ၊ အခြားသော စီးပွားရေးလုပ်ငန်းကြီးများကို ပိုင်ဆိုင်ခဲ့၏။ ထို့ကြောင့်လည်း ဦးမောင်သိန်း၏ သားစဉ်မြေးဆက်အားလုံးတို့က စစ်ကွင်းဆရာတော်ကြီးကို အစဉ်အဆက် ကြည်ညိုကိုးကွယ်ခဲ့ကြခြင်း ဖြစ်၏။

ထို့ကြောင့်လည်း ယနေ့တိုင်သက်ရှိထင်ရှားရှိနေသေးသောဒေါ်သန်းသည် စစ်ကွင်းဆရာတော်ဘုရားကြီး၏ ဆန္ဒတော်အရ ဖြစ်တည်မှုတစ်ဖန် ပြန်လည်ပေါ်ထွန်းလာစေသည့် လေးကျွန်းမြင့်မိုရ် မဟာကဿပမယဘုရား ဖြန့်တည်သူများအား ကျေးဇူးတင်သဖြင့် ဆရာတော်ဘုရားကြီးကိုယ်တိုင် ဖော်စပ်ပေးခဲ့သည့် ဖခင်လက်ထက်ကတည်းက ထိန်းသိမ်းလာခဲ့သည့် ပထမံဆေးတော်ကြီးကို ဘုရားတည်သူများအား သဒ္ဓါကြည်ဖြူစွာဖြင့် ဝေငှပေးခဲ့၏။

တစ်နေ့တွင် စစ်ကွင်းရှိ လေးကျွန်းမြင့်မိုရ်မဟာကဿပမယနစေတီတော်တည်ဆောက်သည့် ဗုဒ္ဓဝေယျာဝစ္စ အတိုင်းဆောင်အဖွဲ့သည် ကျွန်းတောသို့ ကားဖြင့်အသွား စစ်ကွင်းလမ်းမကြီးပေါ်တွင် အမေကြီးတစ်ဦးတည်း လမ်းလျှောက်နေသည်ကို တွေ့လိုက်ရသဖြင့် အနီးရောက်၍အသေအချာကြည့်လိုက်သော အခါ အမေကြီး ဒေါ်သန်းဖြစ်နေသည်ကိုတွေ့ရသဖြင့် အံ့အားသင့်သွားကြပြီး-

"ဟာ-အမေကြီးဒေါ်သန်း၊ ဘယ်လိုဖြစ်တာလဲ။ တစ်ယောက်တည်း လမ်းတွေလျှောက်သွားနေပါလား။ တောင်ဝှေးအကူမပါလူတွဲမပါဘဲနဲ့"

ဟု မေးလိုက်သောအခါ အမေကြီးဒေါ်သန်းက -

"ဟုတ်တယ် ဆရာတို့ရေ၊ ဘုရားကြီးရဲ့တန်ခိုးပဲ။ အဲခုဘုရားကြီးပြီးသွားတော့ ညနေတိုင်း ဘုရားကြီးဘက်ကို လမ်းလျှောက်ပြီး ဘုရားဖူးသွားတယ်။ ပထမတော့ လူတွဲနဲ့သွားတယ်။ နောက်တော့ တစ်ယောက်တည်း တောင်ဝှေးနဲ့ သွားလို့ရတယ်။ နောက်ကျတော့ တောင်ဝှေးလွှတ်ပြီး လမ်းလျှောက်သွားလို့ ရလာတယ်။ ဘုရားကြီးရဲ့တန်ခိုးပါပဲ။ အခုတော့ နေ့တိုင်း လမ်းလျှောက်ပြီး ဘုရားသွားဖူးလို့ရပြီ ဆရာတို့ရေ"

ဟု ဝမ်းသာအားရ ပြောပြလေတော့သတည်း။

(ရှေ့လဆက်ဖတ်ပါရန်)
ပထမံဆရာဦးအေးရွှေ

www.burmeseclassic.com

# ဘုန်းခေါင်

## အနန္တသိဒ္ဓိသဗ္ဗညုဒအကျိုးကိုရစေသော
## သရဏဂုံပဋ္ဌာန်းအဝိဇ္ဇာန်



မြန်မာတို့၏ ကောဇာနှစ် ၁၃၇၅ခုနှစ်၏ဆယ်လမြောက်ဖြစ်သော ဖြာသိုလမှာ အတော်ထူးနေပါသည်။ တခြားမဟုတ်။ ကောဇာနှစ်နှင့် ခရစ်နှစ်၏ နှစ်ဦးအကူးအပြောင်းတို့က ကြုံကြိုက် ဖြစ်ပါသည်။ ထိုသို့ကြုံမြဲဖြစ်စဉ်တွင် ယခုနှစ်မှာ တစ်မူထူးခြားနေလေပြီ။

မြန်မာတို့၏နယ်နိမိတ်အတွင်းမှာ နေထိုင်ကြကုန်သော တိုင်းရင်းသားညီအစ်ကိုမောင်နှမတို့၏နေ့ထူးလည်း ဖြစ်သည်။ ဖြာသိုလဆန်း ၁ ရက်နေ့သည် ကော့ကတ်သစ်စားပွဲအခါအချိန်ဖြစ်သဖြင့် တရားဝင်ရုံးပိတ်ရက်လည်းဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

တိုက်ဆိုင်နေပုံက ကောဇာနှစ်၏ ပြာသိုလဆန်း ၁ ရက်နှင့် ခရစ်နှစ်၏ ၂၀၁၄ ခုနှစ်အကူး နှစ်ဆန်း ၁ ရက်တို့မှာ တစ်နေ့တည်းကြုံတွေ့နေချိန် ဖြစ်ပါသည်။ လူငယ်လူရွယ်အတော်များများ ကဆိုလျှင် ကောက်သစ်စားပွဲကိုပင်မသိမမြင်ကြတော့။ ခရစ်နှစ်အကူး နှစ်ဆန်း ၁ ရက်ကို Happy New Year ဆိုပြီး အပျော်ကြီးပျော်နေကြပါတော့သည်။

ကိုယ့်လူမျိုးတို့၏ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းတို့ကို မသိကြတော့ပါ။ ကျွန်ုပ်အနေဖြင့် တစ်ကိုယ်တည်း အတွေးဝင်လာနေလေ၏။

❐ *ခနွာကြီးကာ၊ ဒုက္ခဝေဆာ*
*ကိုယ့်မီးကိုယ်မွှေး၊ မအေးကြမှာ*
*အဝိဇ္ဇာမီး၊ ငြိမ်းငြိမ်းလောင်ရာ*
*လည်ပေဦး မဆုံးသံသရာ။*

သိဒ္ဓိရာဇာဆရာအောင်၏ ဓမ္မလင်္ကာလေးကိုပင် နှုတ်မှဖွဖွရွတ်လိုက်မိပါတော့သည်။ နောက်ဆက်ပြီးအတွေးအကြံပေါ် နေခဲ့ပြန်ပါသည်။ ယခုကာလတွင် ဖွံ့ဖြိုးတိုးတက်မှုများလာသည်နှင့် အမျှ များစွာအဆောင်အယောင်များ၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးတို့ကို အများနည်းတူနေနိုင်အောင် စီးပွားရေးကို အပြေးအလွှား ရှာဖွေနေကြရသော အိမ်ထောင်ဦးစီးများကို မြင်တွေ့နေရတော့ စိတ်လက်မကြည်မလင်ဖြစ်နေရပါတော့သည်။

မိဘများ အားသွန်ခွန်စိုက် မနက်မိုးလင်းမှ ညဥ့်အိပ်ရာထဲရောက်သည်အထိ စီးပွားရေးကိုပင် တွေးကြရကြံကြရ၊လုပ်ကိုင်ကြရသဖြင့် မိသားစုအတွက် အဝင်ပန်းခံရသော်လည်း ယနေ့လူငယ်အများစုတို့မှာ အပျော်ကြူး၍သာနေကြသဖြင့် ရင်လေးစရာပါ။

'မင်းဘာလုပ်နိုင်သလဲ' ဟူသော မေးခွန်းကိုသာ အကြိမ်ကြိမ်အခါခါမေးမိပါသည်။ ကျွန်ုပ် မသိသေးသော မသိကိန်းကို မ,တည်ပြီး မေးနေခဲ့သော မေးခွန်းကို ကျွန်ုပ် ကောင်းစွာ အဖြေထုတ်ပေးနိုင်ပြီ ဖြစ်ပါသည်။

ကျွန်ုပ်တို့၏ သုံးလောကသခင် မြတ်စွာဘုရားရှင်နှင့် ရင်နှစ်သည်းချာသားတော်များဖြစ်ကြသောသံဃာတော်အရှင်မြတ်တို့၏ ကြီးမားလှသောမေတ္တာစက်ကို လွှန်စွာ နှစ်သက်မိပါသည်။

❐ ရန်သူမျိုးငါးပါးဘေးက ကင်းလွတ်ကြပါစေ။

❐ မချစ်မနှစ်သက်သောသူတို့ဘေးကကင်းလွတ်ကြပါစေ။

❐ သားဆိုး၊ သမီးဆိုး၊ အမွေခံဆိုးနှင့် ဆွေမျိုးမီးခဲဘေးတို့မှ ကင်းလွတ်ကြပါစေ။

ဟု ပို့သသော မေတ္တာကို နှစ်လိုဝမ်းမြောက်စွာခံယူမိပါသည်။ သို့အတွက်ကြောင့် ထေရဝါဒဗုဒ္ဓဘာသာဝင်များဖြစ်ကြသော အမျိုးကောင်းသား၊ အမျိုးကောင်းသမီးတို့အနေဖြင့် ရန်သူမျိုးငါးပါးဘေးကလွတ်ကြရပြီး စင်ကြယ်သော စီးပွားဥစ္စာရတနာ၊ စိန်၊ ရွှေတို့ဖြင့် တိုးပွားချမ်းသာကြစေရန်နှင့် ရာထူးရှိန်ဝါဩဇာအာဏာ တိုးပွားကြီးမြင့်နိုင်သော ကျင့်စဉ်ကောင်းတစ်ခုကို ရေးသားရန်ပေါ် လာခဲ့ပါသည်။

တချို့သူမိတ်ဆွေများသိကြပြီးဖြစ်သည့်အတိုင်း သရဏဂုံမပျက်ရန်နှင့် သရဏဂုံတည်သော အမျိုးကောင်းသား၊ အမျိုးကောင်းသမီးတို့ မခန့်မှန်းနိုင်သောအကျိုးကို ရစေပါသည်။ မဟာပဋ္ဌာန်းမှာလည်း အံ့ဖွယ်သရဲ အနန္တသိဒ္ဓိသဗ္ဗသုခကို ပေးစွမ်းသည်ကိုသိကြသလို ယုံကြည်ကိုးစားကြသူများလည်း ဖြစ်ပါသည်။

သို့အတွက် ကျွန်ုပ်သည် သရဏဂုံပဋ္ဌာန်းအဓိဋ္ဌာန်ကို ရေးသားရန် စိတ်ကူးအကြံပေါ်လာသည့်အတိုင်း အောက်တွင် မည်သို့မည်ပုံအဓိဋ္ဌာန်ကျင့်စဉ်ကို ဝင်ရောက်ရန်အတွက် အပြည့်အစုံ ရေးသား ဖော်ပြပေးလိုက်ပါသည်။

**သရဏဂုံပဋ္ဌာန်းအဓိဋ္ဌာန်ကျင့်စဉ်**

အဓိဋ္ဌာန်ဝင်ရန် -

၁။ ရက်ရွေးချယ်ခြင်း၊
၂။ အဓိဋ္ဌာန်ကာလသတ်မှတ်ခြင်း၊
၃။ ဦးစွာပြုဖွယ်များ
၄။ အဓိဋ္ဌာန်ပုတီးစိပ်ရခြင်း၊
၅။ သစ္စာပြု ဆုတောင်း၊ မေတ္တာပို့။

**၁။ အဓိဋ္ဌာန်ဝင်ရန်ရက်ရွေးချယ်ခြင်း**

မိမိမွေးနေ့ ရက်ကောင်းရက်မြတ်ရွေးချယ်ပါ။

**၂။ အဓိဋ္ဌာန်ကာလသတ်မှတ်ခြင်း**

အဓိဋ္ဌာန်မှာ (၇၂) ရက် ကြာမြင့်မည်ဖြစ်၍ ဝါရ (၃) ဝါရဝင်ရပါမည်။ (၁) ဝါရကို (၂၄) ရက်ကြာမည် ဖြစ်ပါသည်။ အဓိဋ္ဌာန်ပြီးအောင် (၃) ဝါရ ဆောင်ရွက်ရန် ဖြစ်ပါသည်။

**၃။ အဓိဋ္ဌာန်ကာလဦးစွာပြုဖွယ်များ**

(က) သာသနာ့တော်စောင့်နတ်မင်းကြီးများ၊ နတ်တို့မင်းဖြစ်သော သိကြားမင်း၊ ဗြဟ္မာမင်းတို့ကို ဖိတ်ကြားပါ။

(ခ) ဒါနခန်း -

❐ ပန်း၊ ရေချမ်း၊ နံ့သာတိုင်၊ အလင်းတိုင်တို့ ကပ်လှူပါ။

❐ ဘုရားကန်တော့ခြင်း၊ သီလခံယူခြင်း၊ အဓိဋ္ဌာန်တင်ခြင်း၊ ဆုတောင်းခံခြင်း၊ မေတ္တာပို့သခြင်း ပြုလုပ်ပါ။

❐ အဓိဋ္ဌာန်ပုတီးစိပ်ရန် (ပုတီးစိပ်ရန် သီးခြား ဖော်ပြပါသည်)

❐ တစ်နေ့တာကာလ နေ့စဉ်ဖြည့်ဆည်းရသော အဓိဋ္ဌာန်ကျင့်စဉ်ပြီးသည်နှင့် သစ္စာပြုပြီး ဆုတောင်းခြင်း၊ မေတ္တာပို့သခြင်း၊ ကုသိုလ်အမျှပေးဝေခြင်းတို့ ပြုလုပ်ပါ။

❐ တနည်း ဖိတ်ကြားထားသည့် ပုဂ္ဂိုလ်များအား နေရပ်ဌာနသို့ ပြန်ပို့ပါရန်။

**ပုတီးစိပ်နည်း အပြည့်အစုံမှာ**

အဓိဋ္ဌာန်ကာလမှာ (၃)ဝါရ (၇၂) ရက်ကြာမြင့်မည်ကို အထက်တွင် ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။ ဝါရ (၃) ဝါရပိုင်းရာတွင် သရဏဂုံသုံးပါးနှင့်ပင် ပိုင်းထားပါသည်။

❐ ပထမဝါရကို -

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိနှင့် ပဋ္ဌာန်းပစ္စယုဒ္ဒေသနှင့်တွဲပြီး ပုတီး (၂၄) ပတ်စိတ်ရန် ဖြစ်ပါသည်။

❐ ဒုတိယဝါရကို -

ဓမ္မံ သရဏံ ဂစ္ဆာမိနှင့် ပဋ္ဌာန်းပစ္စယုဒ္ဒေသနှင့်တွဲပြီး ပုတီး (၂၄) ပတ်စိတ်ရန် ဖြစ်ပါသည်။

❐ တတိယဝါရကို -

သံဃံ သရဏံ ဂစ္ဆာမိနှင့် ပဋ္ဌာန်းပစ္စယုဒ္ဒေသနှင့်တွဲပြီး ပုတီး (၂၄) ပတ်စိတ်ရန် ဖြစ်ပါသည်။

ဆောက်ရွက်မည့် ကာယကံရှင်သည် ဝါရတိုင်းတွင်-

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဓမ္မံ သရဏံ ဂစ္ဆာမိ၊
သံဃံ သရဏံ ဂစ္ဆာမိ။

ဟု သရဏဂုံသုံးပါးစလုံးနှင့် ပဋ္ဌာန်းပစ္စယုဒ္ဒေသတို့ကိုတွဲပြီး ပုတီး (၂၄) ပတ်စိပ်လိုလျှင်လည်း စိပ်နိုင်ပါသည်။

အဓိဋ္ဌာန်ပုတီးစိပ်ပုံကို သရဏဂုံသုံးပါးနှင့် ပဋ္ဌာန်းပစ္စယုဒ္ဒေသတို့တွဲဖက်ပြီး (၂၄) ပတ်စိပ်ရန်ကို အောက်တွင် ရေးသား ဖော်ပြထားပါသည်။



www.burmeseclassic.com

www.burmeseclassic.com

**သရဏဂုံပဋ္ဌာန်းအဓိဋ္ဌာန်ပုတီးစိပ်နည်း**

တစ်နေ့တာအဓိဋ္ဌာန်ဝါရမိတို -

- ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ၊ ဟေတုပစ္စယော။
- ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ၊ အာရမ္မဏပစ္စယော။
- ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ၊ အဓိပတိပစ္စယော။
- ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ၊ အနန္တရပစ္စယော။
- ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ၊ သမနန္တရပစ္စယော။
- ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ၊ သဟဇာတပစ္စယော။
- ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ၊ အညမညပစ္စယော။
- ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ၊ နိဿယပစ္စယော။
- ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ၊ ဥပနိဿယပစ္စယော။
- ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ၊ ပုရေဇာတပစ္စယော။
- ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ၊ ပစ္ဆာဇာတပစ္စယော။
- ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ၊ အာသေဝနပစ္စယော။
- ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ၊ ကမ္မပစ္စယော။
- ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ၊ ဝိပါကပစ္စယော။
- ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ၊ အာဟာရပစ္စယော။
- ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ၊ ဣန္ဒြိယပစ္စယော။
- ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ၊ ဈာနပစ္စယော။
- ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ၊ မဂ္ဂပစ္စယော။
- ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ၊ သမ္ပယုတ္တမဂ္ဂပစ္စယော။
- ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ၊ ဝိပ္ပယုတ္တပစ္စယော။
- ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ၊ အတ္ထိပစ္စယော။
- ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ၊ နတ္ထိပစ္စယော။
- ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ၊ ဝိဂတပစ္စယော။
- ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ၊ အဝိဂတပစ္စယော။

ကျွန်ုပ် ယခု ရေးသားဖော်ပြထားသည့်အတိုင်း သရဏဂုံသုံးပါးနှင့် ပဋ္ဌာန်းပစ္စည်းတစ်ခုကို ပုတီးတစ်လုံးချနစ်ဖြင့် ဂုဏ်တော်ပုတီး(၁)ပတ်စိပ်ရပါမည်။ ပဋ္ဌာန်းပစ္စည်းမှာ (၂၄) ခုရှိနေသဖြင့် ပစ္စည်းတစ်မျိုးချင်းအလိုက် ပုတီး (၂၄) ပတ်စိပ်ရန် ဖြစ်ပါသည်။

တစ်နေ့တာ၏ဖြည့်ဆည်းရသော အဓိဋ္ဌာန်ဖြစ်ပါသည်။ ပထမဝါရအတွက် (၂၄) ရက်၊ တစ်နေ့ (၂၄) ပတ် စိပ်ခြင်းဖြင့် ပထမဝါရကို အောင်မြင်ပါသည်။ သုံးဝါရပြီးအောင် ဆောင်ရွက်ကြရမည် ဖြစ်ပါသည်။

စိပ်ရမည့် ပုတီးကုံးမှာ ပုတီးစေ့ (၁၀၈) လုံးပါသော ဂုဏ်တော်ပုတီးကိုပင် အသုံးပြု၍ ပုတီးစိပ်ရန် ဖြစ်ပါသည်။

ဤနေရာတွင်အခွင့်ကြုံလာသဖြင့် ကျွန်ုပ်အနေဖြင့် ယခုရေးသားတင်ပြထားသည့် သရဏဂုံပဋ္ဌာန်းအဓိဋ္ဌာန်ကျင့်စဉ်ကို ယုံယုံကြည်ကြည်ဖြင့် အာရုံစိုက်ပြီး ရွတ်ဖတ်ပြီး ပုတီးစိပ်ရသောကုသိုလ်စေတနာကြောင့် အဓိဋ္ဌာန်ပြီးမြောက်အောင်မြင်သည်နှင့် တစ်ခုတော့ သိသာထင်ရှားအောင် အကျိုးပေးမည် ဖြစ်ပါသည်။

အဓိဋ္ဌာန်ကာလတွင် ပုတီးစိပ်ရသော အပတ်ရေမှာ (၁၇၂၈) ပတ် ဖြစ်ပါသည်။ ပေါင်းခြင်းသင်္ချာအရ (၁၈) ရပါသည်။ တစ်လုံးတည်းရအောင် ပေါင်းပါမှ (၉) ဖြစ်နေပြန်ပါတော့သည်။ မြတ်စွာဘုရားရှင်၏ ဂုဏ်တော် (၉) ပါး သို့မဟုတ် အာဝေနိကဂုဏ်တော် (၁၈) ပါးကို ညွှန်းပြနေသဖြင့် ပုတီးပတ်တစ်ထောင်ပြည့်လျှင်ပင် ထူးခြားတိုးတက်မှုတစ်ခုကို သိသိသာသာ ဖြစ်ပေါ်ပါမည်ဟုပင် ဆိုချင်ပါသည်။

သူရိယမဂ္ဂဇင်းတွင် ကျွန်ုပ်ရေးသားခဲ့သော အဓိဋ္ဌာန်ကျင့်စဉ်များကို အသေးစိတ် မေးမြန်းကြသည်၊ စာချစ်သူမိတ်ဆွေများ၊ အဓိဋ္ဌာန်အောင်၍ အကျိုးရလဒ်များတို့ ရရှိကြသော မိတ်ဆွေများထံမှ ကျွန်ုပ်ထံစာနှင့်တစ်မျိုး၊ တယ်လီဖုန်းနှင့်တစ်မျိုး ရေးသားကြ၊ ပြောကြသည့်ပုဂ္ဂိုလ်များအားလုံးကို လည်းကောင်း၊ ကျွန်ုပ်၏ စာမူများကို မဂ္ဂဇင်းစာမျက်နှာပေါ်တွင် ဖော်ပြပေးသော စာတည်းချုပ်နှင့် မဂ္ဂဇင်းတိုက်အဖွဲ့သားအားလုံးတို့ကို ကျေးဇူးတင်ရှိပါကြောင်း။

ကျွန်ုပ်အနေဖြင့် ကျန်းမာရေးကြောင့် သုံး၊ လေးလလောက် စာမရေးနိုင်အောင်ဖြစ်ခဲ့ရပါသည်။ ယခု ကျန်းမာလာပြီဖြစ်၍ ကျွန်ုပ်ကိုယ်တိုင်ဖြတ်သန်းလာခဲ့သောဘဝခရီးမှ ကောင်းနိုးရာရာ တကယ်အကျိုးပြုမည့် အဓိဋ္ဌာန်များ၊ ကျင့်စဉ်များကို ဆက်လက် ရေးသားပါဦးမည်။

ယခု အဓိဋ္ဌာန်ကျင့်စဉ်သည် ပုတီးပတ်ရေ (၁၀၀၀) ပြည့်လာသည့်အချိန်တွင် မိတ်ဆွေ၏ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး ရာထူးဂုဏ်ရှိန်တို့ သိသာထင်ရှားအောင် မချွတ်မယွင်း တိုးတက်လာမည်ဖြစ်ကြောင်း ထပ်လောင်း၍ တင်ပြလိုက်ရပါတော့သည်။

ကျွန်ုပ်အား -

တစ်လုံးတစ်ပါဒ၊ တစ်ဂါထာ၊ တစ်ဝါကျ၊ သနပ်ပွဲ့ပြင်၊ သွန်သင်ဆုံးမပေးခဲ့ကြသော ဥပဇ္ဈာယ်ဆရာ၊ သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာများ၊ နက္ခတ္တဗေဒ၊ ဆေးပညာနှင့် ဆက်ခံနက်နဲသော ဝိဇ္ဇာဓာရမ္မိရပညာတို့နှင့် သမထမူရ၊ ဂန္ထဓူရ၊ ဝိပဿနာဓူရတို့ကို သင်ပြပေးခဲ့ကြသော ဆရာသခင်အပေါင်းတို့အား ဤစာစုကို ရေးသားခြင်းဖြင့် ခြေစုံဦးခိုက်ကန်တော့ပါ၏။

ပညာတိုးပွား၍
အကျိုးများကြပါစေ

ဘုန်းခေါင်



www.burmeseclassic.com

www.burmeseclassic.com

# ကြို့ထိုးသည့်ရောဂါမပျောက်ပါနှင့်

တစ်နေ့သ၌ -

ကျွန်ုပ်ထံသို့ တပည့်တစ်ယောက် ဧည့်ကြီးသုတ်ပျာနှင့် ရောက်လာခဲ့ပါသည်။ ထိုတပည့်သည် ဗမာဆေးကိုမှ မက်မက်မောမော ကြိုက်နှစ်သက်သူ ဖြစ်လေသည်။ တစ်ခါတစ်ရံ မလွဲသာ မရှောင်သာလျှင်တော့ ခေါင်းကိုက်ခြင်းနှင့် ညောင်းညာကိုက်ခဲသည့်အခါများတွင် အကိုက်အခဲပျောက်ဆေးပြားတော့ သောက်တတ်ပါသည်။

ထိုတပည့်မှာ ကျန်းမာသန်စွမ်းသော ယောကျ်ားတစ်ယောက် ဖြစ်ပါသည်။ ယနေ့ ကျွန်ုပ်ဆီရောက်လာချိန်တွင် ဝေဒနာတစ်ခုကို ပြင်းပြင်းထန်ထန် ခံစားနေရပုံမျိုး မြင်တွေ့ရပါတော့သည်။

"မောင်ကြည်၊ ဆရာဘာအကူအညီပေးရမလဲ"

ဟု မေးလိုက်ပါသည်။

ကျွန်ုပ်တို့ ပြန်လည်ပြောပြသည်မှာ -

"ဆရာ၊ ကျွန်တော့်ကိုကယ်ပါဦးဆရာ။ မနေ့ညကမှ ကောက်ရလိုက်သလို ဖြစ်လာခဲ့တာပါ။ ဘာလဲဆိုတော့ ကြို့ထိုးလာခဲ့တာပါ ဆရာ။ ဒါနဲ့ပဲ ကြားဖူးနားဝရှိတဲ့ ဆေးနည်းတိုတွေလည်း စုံလို့ပါဲ။ တစ်မျိုးပြီးတစ်မျိုးနဲ့ ကုစားပါတယ် မပျောက်ဘူးဆရာ။ အခုတော့ ကျောတွေရင်တွေပါ ပိုအောင့်လာလို့ ဆရာ့ဆီအရောက်လာခဲ့တာပါ"

ဟု ပြောလေတော့သည်။

စာချစ်သူ မိတ်ဆွေများလည်း ကြုံဖူးကြမည် ထင်ပါသည်။ ကြို့ထိုးနေသူသည် ဝေဒနာဆိုးတစ်ခုကိုခံစားနေရသူ ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ မြန်မာ့ဆေးကျမ်းတွင် ကြို့ထိုးသောရောဂါကို-

ဣ ပါဏ မည်သော အသက်စောင့်လေပျက်စီးလျှင် ဥဒါနာမည်သော လေနှင့် ပေါင်းစပ်၍ 'ဟိတ်၊ ဟိတ်'၊ 'ကွက်၊ ကွက်' ဟု အသံပြုကာ အသည်း၊ အဖျဉ်း၊ အူတို့ကို ခံတွင်းဘက်သို့ဆွဲ၍ ပြင်ပသို့ထုတ်သကဲ့သို့ ဖြစ်ပေါ်လာပြီး ဝေဒနာကို ခံစားရသည်။

[illegible] ုးရော [illegible] း‌နှင့် ရင်တွင်းဒဏ် [illegible] စပ်အပ်သောအစာအာဟာရတို့ကို စားခြင်းကြောင့်လည်း ဖြစ်တတ်သည်။

ကြို့ထိုးရောဂါကို အောက်ပါအတိုင်း ခွဲပြသည်။

၁။ အန္နဇဟိက္ကာ - အစာကြို့
၂။ ယမကဟိက္ကာ - အစုံကြို့
၃။ ခုဒ္ဒဟိက္ကာ - ကြို့ကလေး
၄။ ဂမ္ဘီရဟိက္ကာ - ကြို့နက်
၅။ မဟာဟိက္ကာ - ကြို့ကြီး ဟူ၍

ခွဲပြထားပါသည်။

ထို ကြို့ထိုးသည့်ရောဂါ (၅) မျိုးတွင် အစဉ် (၄) နှင့် (၅) တို့ဖြစ်သော ဂမ္ဘီရဟိက္ကာ - ကြို့နက်နှင့် မဟာဟိက္ကာ- ကြို့ကြီး၊ ထိုရောဂါ(၂)မျိုးသည် ကြောက်စရာ ကြို့ထိုးရောဂါတို့ ဖြစ်သည်။ ထို ကြို့ထိုးရောဂါများသည် ကုစ၍မရသော ကြို့ထိုးရောဂါတို့ဟု မှတ်ရပါမည်။

ထိုသို့ သေလောက်သော ကြို့ရောဂါ၏ လက္ခဏာတို့မှာ ခန္ဓာကိုယ်ကို ဆွဲဆန့်သကဲ့သို့ဖြစ်ခြင်း၊ ခန္ဓာကိုယ်တို့မှာ ကွေးကောက်ခြင်း၊ ညွတ်ကိုင်းသွားခြင်းကဲ့သို့ဖြစ်တတ်ခြင်းနှင့် မျက်ဖြူလန်လာခြင်းတို့ ဖြစ်သည်။ လက္ခဏာတို့ဖြစ်လျှင် လူနာမှာ မုချသေနိုင်သောအခြေအနေကို ရောက်နေပြီဖြစ်သည်။

အထက်တွင် ဖော်ပြခဲ့ပြီးသော အစာကြို့၊ အစုံကြို့နှင့်၊ ကြို့ကလေး ရောဂါတို့သည် ဆေးမြီးတိုနှင့်ပင် ပျောက်တတ်ပါသည်။

ကျွန်ုပ် ယခုဖော်ပြပေးမည့် ဆေးနည်းသည် ဆေးမည်အားဖြင့် မများဘဲ အကျိုးသွားကောင်းသော ကြို့ဆေးဖြစ်ပါသည်။ အိမ်ထောင်စုတိုင်း၊ မိသားစုတိုင်းတွင် မဖိတ်ခေါ်ရဘဲရုတ်ချက် ကလေးအရွယ်မှစပြီး အဘိုးအဘွားတို့အထိ ကြို့ထိုးလာတတ်ပါသည်။

သက်ကြီးရွယ်အိုများဆိုပါလျှင် ကျောတွေ ရင်ဘတ်တွေပါ အောင့်နေအောင် ကြို့ထိုးကြာကြာဖြစ်တတ်ကြသဖြင့် အိမ်သုံးဆေးတစ်မည်အနေဖြင့် အမြဲထားသင့်ကြောင်း ဦးစွာအကြံပြုပါသည်။

ထိုကြို့ဆေးမှာ ဖိုးနည်းဝန်ပါဖြစ်သော ဆေးနည်းလည်း ဖြစ်ပါသည်။ ဖော်စပ်ပြီး ဖန်ပုလင်းတစ်လုံးဖြင့် သိမ်းဆည်းထားခြင်းဖြင့် လွယ်လင့်တကူ သုံးနိုင်ကြမည်လည်း ဖြစ်ပါသည်။

ဆေးဖော်စပ်ခြင်းနှင့် ကုစားပုံ အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

**ကြို့ဆေးဖော်ရန်ဆေးမည်များ**

၁။ ပိတ်ချင်း (၁) ကျပ်သား၊
၂။ ဇီရာ (၁) ကျပ်သားတို့ကို

အမှုန့်ပြုထားပါ။ ထိုဆေးမှုန့်ကို လိုအပ်သောအချိန်တွင် ပျားရည်စစ်စစ်ဖြင့် ဖျော်ပြီးလျက်နိုင်ပါသည်။

ထိုသို့ စားသုံးခြင်းဖြင့် ထိုးနေသော ကြို့ထိုးရောဂါဝေဒနာကို သက်သာပြီး ပျောက်ကင်းစေပါသည်။

**ဆေးဖျော်စပ်ရပုံစည်းကမ်း**

ပိတ်ချင်းနှင့် ဇီရာတို့ကို အမှုန့်ပြုထားသည့် ဆေးမှုန့် (၁) မူးသားကို ပျားရည် (၅) မတ်သားနှင့် ဖျော်စပ်ပြီး သမအောင်မွှေပြီးမှလျက်ရန်ဖြစ်ပါသည်၊ ထိုဆေးကို တစ်ကြိမ်တစ်ခါတည်း သောက်သုံး၍ ကုစားခြင်းမျိုး မပြုလုပ်သင့်ကြောင်းကိုပါ အသိပေးလိုက်ပါသည်။

ကျန်းမာခြင်းသည် လာဘ်တစ်ပါးဆိုစကားအတိုင်း ယခုကြို့ဆေးသည် သင်၏ မိသားစုဆရာအဖြစ် သင့်ရောဂါကို မုချပျောက်ကင်းအောင် ကုသပေးမည် ဖြစ်ပါသည်။

ကျွန်ုပ်၏တပည့် မောင်ကြည်ကို ဆေးနည်းပေးလိုက်သည့်အတိုင်း စာချစ်သူများ စိတ်ဝင်စားပါက ကြို့ထိုးသည့်အခါ အမှတ်တရရှိပြီး ကုသနိုင်ကြပါသည်၊ မေတ္တာရှေ့ထား၍ -

ရောဂါကင်းကွာ၍ ကျန်းမာကြပါစေ

ပညာကျော်



www.burmeseclassic.com

www.burmeseclassic.com




ဝင့်ကြွေးတော်မြေစေတီတော်

# ဝင့်ကြွေးတော်မြေ ပြေလိပ်မွန်းနီး

## ကိုအေးမြင့်(မဟာဝိဇ္ဇာ၊ ရှေး-သု)

ဆရာတော်' ဦးသိရီပါလရဲ့ **ဝင့်ကြွေးတော်မြေ**ဆိုတဲ့ ကျောင်းနာမည်ကို ဖြတ်သွားဖြတ်လာ မြင်နေရ၊ ပြောတာဆိုတာတွေမှာ ကြားနေရပေမယ့် အဆက်အစပ်ကမရှိတော့ မရောက်ဖြစ်ခဲ့ပါဘူး။ ခုတော့ ဥရောပခရီးစဉ်မှာ ဆရာတော်နဲ့ ခရီးဖော်ဖြစ်ခဲ့လို့ သူ့ကျောင်းကိုရောက်ရမယ့်ကိန်းဆိုက်လာပါပြီ။ ဆရာတော်က ပြင်သစ်ကနေ လှည့်ပြီး မြန်မာပြည် ပြန်ကြွသွားတော့ ပဲရစ်မြို့က ချားလ်စ်ဒီဂေါ်နိုင်ငံတကာလေဆိပ် (Charles De Gaulle International Airport) မှာ နောက်ဆုံးဆုံရင်း လမ်းခွဲခဲ့ကြရတယ်။

"ဒကာကြီးတို့ ကျုပ်ကျောင်းကို လာခဲ့ကြဦးဗျ"

လို့ ဆရာတော်က လေဆိပ်မှာ နှုတ်ဆက်စကားမိန့်ရင်းနဲ့ ဖိတ်ခေါ်ပါ





ဝင့်ကြွေးတော်မြေမှ ပုခြာအဆန်းအပြားနဲ့ဆင်းတုတော်များ



ဝင့်ကြွေးတော်မြေဝင်းမှ ပြခါးဘုရား



www.burmeseclassic.com

www.burmeseclassic.com

တယ်။

စပိန်နိုင်ငံကို ဆက်သွား၊ မက်ဒရစ်မြို့တော်မှာ ကိုယ်တို့ (၃) ရက်ကြာနေပြီး ရန်ကုန်ကို (၄) ရက်မြောက်နေ့မှာမှ ပြန်ရောက်မှာမို့ ရောက်ပြီးနောက်တစ်နေ့မှာ ဆရာတော့်ကျောင်းကို လာခဲ့မယ်လို့ ကတိပေးလိုက်ပါတယ်။

*(ဘုန်းကြီးနဲ့စကားပြောတိုင်း မှားတတ်လို့ ကြွခဲ့မယ်လို့ မလျှောက်မိအောင်လည်း မနည်းသတိထားပြောရရဲ့။)*

လမ်းခွဲပြီး (၅) ရက်မြောက်နေ့မှာတော့ ခရီးရောက်စ နားနားနေနေ အပန်းမဖြေနိုင်ဘဲ ဆရာတော့်ဆီကို အရောက်သွားခဲ့ပါတယ်။ မြို့ထဲကနေ မြောက်ဥက္ကလာပသွားဘတ်(စ်)ကားစီး၊ မယ်လမုဘုရားမှတ်တိုင်မှာဆင်း၊ ဒဂုံမြို့သစ်မြောက်ပိုင်း (၄၂) ရပ်ကွက်၊ မေတ္တာချောင်းကူးရပ်က ဆရာတော့်ကျောင်းကို မြောက်ဒဂုံကားပြောင်းပြီးထပ်စီးခဲ့ရတယ်။ ဟိုမေးဒီမေးနဲ့ နောက်ဆုံးတော့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်သွားပါတော့တယ်။

"ဝင်္ကြွေးတော်ပြေ၊ မပြေတော့ မသိဘူး။ ခရီးထွက်ရာကအပြန်မှာ အပန်းတောင်မဖြေနိုင်ဘဲ ဆရာတော့်ကို ပေးထားတဲ့ကတိအတိုင်း အရောက်လာခဲ့တာပါ"

လို့ ပြောတော့ -

"ခင်ဗျားကတော့လုပ်ပြီ"

လို့ ဆရာတော်က ပြုံးပြုံးကြီးမိန့်တယ်။ ပြီးတော့-

"ကျုပ်ကျောင်းဝင်းထဲကို လှည့်ကြည့်ပြီး ဘုရားတွေဖူးပါဦးဗျ"

လို့ ပြောတယ်။ သူ့တပည့်တစ်ဦးကို ထည့်ပေးလိုက်ပြီး -

"ဘုရားအစုံရောက်အောင်ပို့။ လိုအပ်တဲ့ စာရွက်စာတမ်းတွေလည်း ဒီဒကာကြီးကို ပြည့်စုံအောင်ပေး"

လို့ မှာလိုက်သေးရဲ့။

ဆရာတော့် ကျောင်းဝင်းထဲမှာတော့ ဘုရားစေတီတွေကလည်းများပ့ါ။ တည်ဆောက်ဆဲတွေကလည်းရှိသေး။ ဒါတောင် ဆရာတော်က -


"ရွှေသာလျောင်းဘုရားကြီးတစ်ဆူတည်ဦးမဗျ"

လို့ စိတ်အားထက်သန်စွာပြောလိုက်သေးရဲ့။

'ကျုပ်ကျောင်းက ရန်ကုန်မှာတော့ အကျယ်ဆုံးပဲဗျ။ ကျောင်းဝင်းကျယ်လို့လည်း ဘုရားတွေအများကြီး



ဝင့်ကြွေးတော်ပြေဆရာတော်သီတင်းသုံးရာ






ဝင့်ကြွေးတော်ပြေကျောင်းဝင်းအတွင်းမှ အခြားစေတီဘုရားတန်ဆောင်းများ



www.burmeseclassic.com

www.burmeseclassic.com








ဝင့်ကြွေးတော်ပြေကျောင်းဝင်းအတွင်းမှ အခြားစေတီဘုရားတန်ဆောင်းများ


ကျုပ်တည်နိုင်တာပေါ့’

လို့ ဆရာတော် ဥရောပခရီးစဉ်အတွင်းမှာ မိန့်ခဲ့တာကို ပြန်သတိရမိတယ်။ ကျောင်းဝင်းကြီးက ကျယ်လှသလို ဘုရားစေတီတွေကလည်းများပါ့။ များလှတဲ့ စေတီတွေကြားမှာ အီတလီနိုင်ငံ ပီဇာမြို့လေးကိုအသွားတုန်းက-

“ပီဇာမှာတင် စောင်းနေတဲ့မျှော်စင်ရှိတာမဟုတ်ပါဘူးဗျ။ ကျုပ်ကျောင်း














www.burmeseclassic.com

www.burmeseclassic.com




ဝင့်ကြွေးတော်မြေကျောင်းဝင်းအတွင်းမှ အခြားစေတီဘုရားတန်ဆောင်းများ





ဝင့်ကြွေးတော်မြေစေတီတော်

မှာလည်းရှိပါတယ်၊ လာကြည့်လှည့်ပါ" လို့ ဆရာတော်မိန့်ခဲ့တဲ့မျှော်စင်ကိုလည်း မျက်လုံးဝေ့ပြီး ရှာကြည့်မိပါသေးရဲ့။ ချောင်းကမ်းပါးက မြေနိမ့်မှာ အမှိုက်တွေဖြည့်ပြီး ကျောင်းဝင်းကို မြေမာလုပ်ခဲ့ရတာလို့ ဆရာတော်ကပြောဖူးတယ်။ မြေသိပ်မခိုင်လို့ ဆောက်လက်စမျှော်စင်ကြီး စောင်းသွားတော့ မနည်းပြန်တည့်ခဲ့ရသတဲ့။ ခုထိလည်း ခပ်စောင်းစောင်းပါပဲ။

## ဝင့်ကြွေးတော်မြေစေတီတော်မြတ်

ပထမဆုံးရောက်သွားပြီးဖူးမိတဲ့ စေတီကတော့ 'ဝင့်ကြွေးတော်မြေစေတီတော်မြတ်'ပါ။ စေတီတော်ဝင်းလေးထဲ ဝင်လိုက်တာနဲ့ သာယာလှပတဲ့ မြေအခင်းအကျင်းကို မြင်လိုက်ရပါတယ်။ သန့်ရှင်းမှုကိုလည်း သိသိသာသာ သတိထားမိပါရဲ့။ ကျောင်းပရဝဏ်မှာလိုပဲ ဘုရားဆောင်ထဲမှာလည်း သန့်ရှင်းသပ်ရပ်နေတာတွေ့ရပါတယ်။ ဘုရားစေတီ



www.burmeseclassic.com

www.burmeseclassic.com



ဝဋ်ကြွေးတော်ပြေကျောင်းဝင်းအတွင်းမှ အခြားစေတီဘုရားတန်ဆောင်းများ



ဝဋ်ကြွေးတော်ပြေကမ္ဗည်းတိုင်



ဝဋ်ကြွေးတော်ပြေစေတီတော်





ဝဋ်ကြွေးတော်ပြေကျောင်းဝင်းအတွင်းမှ တည်ဆောက်ဆဲ သာသနိကအဆောက်အအုံများ

တိုင်းမှာ တာဝန်ကျတဲ့ လူပုဂ္ဂိုလ်နဲ့ ရဟန်းသံဃာတိုင်းက အထူးဂရုစိုက်ပြီး ဆောင်ရွက်နေပုံရှိတယ်။ ဒါ့အပြင် ဘုရားဝင်း၊ ဘုရားဆောင် နေရာတကာ တိုင်းမှာ စာတန်းမျိုးစုံလည်း တွေ့ရပါတယ်။ နောက် ဆက်သက်ဖူးတဲ့ ဘုရားစေတီတွေရဲ့ နံရံတွေ၊ နဖူးစည်းတွေ၊ တိုင်လုံးတွေ၊ ပလ္လင်အောက်နားတွေ၊ ကမ္ဗည်းကျောက်စာတိုင်တွေနဲ့ မတ်ရပ်ထောင်ထားတဲ့ဘုတ်တွေမှာလည်း ဆရာတော်ရဲ့ အာဘော်တရားတော်တွေကို အညွှန်းစာများအဖြစ် အများကြီးပဲ တွေ့မြင်ခဲ့ရပါသေးတယ်။ ပြီးတော့ ဘုရားစေတီတစ်ဆူချင်းစီမှာရှိနေကြတဲ့ တာဝန်ခံဦးပဉ္ဇင်းတွေ၊ ဘုန်းတော်ကြီးတွေကလည်း အဲဒီတရားတော်တွေရဲ့ သဘောတရားတွေကို တရားစစ်သလို စစ်မေးကြ၊ မသိရင် ရှင်းပြတတ်ကြလေသေးရဲ့။ အလှူရှင်တွေကို ဓမ္မလက်ဆောင်အဖြစ်ကမ်းတဲ့ လိမ္မော်ရောင်စာရွက်




www.burmeseclassic.com

www.burmeseclassic.com



ဥဒေါပစ်ချိန်၌ တိုက်ထုံးပြုလုပ်နေရာမှာ ဝင့်ကြွေးတော်ပြေဆရာတော် ဦးသီရိပါလ



ဗိမာနမျှော်စင်နဲ့တူတဲ့ ခင်ကောင်းကောင်းမျှော်စင်



ဝင့်ကြွေးတော်ပြေကျောင်းဝင်းနောက်ကျောမှ ငမိုးရိပ်ချောင်း တောအုပ်

လေးမှာလည်း ဒီတရားသဘောတွေကို ရိုက်နှိပ်ဖော်ပြထားပါသေးတယ်။

ဥပမာအားဖြင့် ဖော်ပြရရင် -

'ဝင့်ကြွေးတော်ပြေခြင်းရဲ့အဓိပ္ပာယ်ဖွင့်ဆိုခြင်း' ဆိုတဲ့ စာတန်းလေးပေါ့။ အဲဒီမှာ ဝင့်ကြွေးဆိုတာ မခံစားနိုင်ခြင်း၊ ရှုန်းမထွက်နိုင်ခြင်း၊ မရှောင်ရှားနိုင်မှုနှင့် ပေးဆပ်ရခြင်းတို့ကို ဝင့်ကြွေးလို့ အဓိပ္ပာယ်ဖွင့်ဆိုထားပါတယ်။

'□ မခံစားနိုင်၊ ရုန်းထွက်မရ ဆင်းရဲလှ၍၊ ရှောင်ဖို့မမြင်ဘ ပေးဆပ်နေရ ဝင့်ဒုက္ခတို့၊ လွတ်မြောက်ရန်မှ ကြိုးစားကြ'

လို့လည်း ကဗျာတိုလေးနဲ့လှုံ့ဆော်ထားရဲ့။ ဆက်လက်ပြီးလည်း -

□ ကျွန်ုပ်တို့သည် ဗုဒ္ဓဘာသာအစစ်ဖြစ်သောကြောင့် (အတိတ်ဘဝ) ဖြစ်ခဲ့ပြီးသောဘဝ၊ (ပစ္စုပ္ပန်ဘဝ) ယခုဖြစ်နေဆဲဘဝ၊ (အနာဂတ်ဘဝ) နောင်ဖြစ်ရမယ့်ဘဝတို့ကို ယုံကြည်ကြရမည်။ ဖြစ်သည်၊ ရှိသည်ဟူ၍လည်း လက်ခံပေလိမ့်မည်။

□ ထိုဘဝတို့တွင် ဖြစ်ခဲ့ပြီးသောဘဝတို့နှင့် ယခုဘဝ ယှဉ်ရှယ်စဉ်၊ မသိတတ်သေးခင်အချိန်မှစ၍ ယနေ့သိရှိနေသောအချိန်ကာလအတွင်း၌ (သတ္တဝါ) ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အပေါ်၌ ကိုယ်၊ နှုတ်၊ စိတ်တို့နှင့် ပြစ်မှားမိလေရာ၏။

ပြစ်မှားမှုများလည်းရှိကြမည်သာ။

□ ပြစ်မှားဖူးသောကြောင့် (ဆိုးကျိုး-အကြွေး၊ အတုံ့အလှည့်) တို့သည် ဝင့်ကြွေးဟု အဓိပ္ပာယ်ဖွင့်ဆိုနိုင်ပြန်၏။

(မှတ်ချက်) ကောင်းသောပြုလုပ်ခြင်းကြောင့် ကောင်းသောအကျိုးအမြတ်အခွင့်အရေးတို့သည်လည်း ဝင့်ကြွေးပင်ဖြစ်ပေသည်။

□ ဒီလိုဆိုရင် (ဝင့်ကြွေးပြေ) ဆိုသောအဓိပ္ပာယ်က မကောင်းတဲ့ဝင့်အပြင် ကောင်းတဲ့ဝင့်တွေကော ပြေမှာလားလို့ မေးလျှင် (ဗုဒ္ဓအလိုကျ) ဖြေရမည်ဆိုပါက ကောင်း-ဆိုးဝင့်ကြွေးအားလုံးပြေငြိမ်း ချုပ်ပျောက်မှ ဘဝသံသရာခရီးရှည်ကြီး ပြီးဆုံးမည် မဟုတ်ပါလား။

□ သို့သော် (ပုဂ္ဂိုလ်) သတ္တဝါတိုင်း၌ ကောင်းသောဝင့်ကြွေးထက် မကောင်းသောဝင့်ကြွေးက များစွာရှိလေသောကြောင့် ဆိုးသောဝင့်၊ မကောင်းသောဝင့် ပြေငြိမ်းစေရန်သာ (ပဓာနအဓိက) ဖြစ်ရာ မကောင်းသောဝင့်ကြွေးအပေါင်း ပြေပါစေ၊ ငြိမ်းပါစေ၊ ကုန်ပါစေဟု ညွှန်း

www.burmeseclassic.com

ပြုအပ်ပါသည်။

□ မကောင်းသော ဝဋ်ကြွေးတို့ကို ခန္ဓာနှင့် ပေးဆပ်ရမည်ဖြစ်ပြီး ကောင်းသောဝဋ်ကြွေးတို့ကိုတော့ ဉာဏ်ပညာဖြင့် ဖြတ်တောက်ရပါမည်။ ဒီလိုဆို ဗုဒ္ဓဘုရားရှင်တို့တောင်မှ ဝိပါက်တော် (၁၂) ပါးရှိသေးတာ၊ သင်ကဘာမို့လို့ဝဋ်ကြွေးတော်ပြေဆိုရပါသလဲ။ ဝဋ်ကြွေးတော်ပြေဘုရားတည်ထားရပါသလဲလို့ မေးလာခဲ့လျှင် ဖြေရန်ရှိပါသည်။

□ ဥပမာ (အကြွေးကနည်းနည်းလေးပါ၊ အတိုးတက်၍ (ဝစ္စည်း) ပေးရသည့်နှင့်တူ၏)။ ကဿပဘုရားရှင် (၆) ရက် ဒုက္ကရစရိယကျင့်သည်ကိုမြင်သော (ဇောတိပါလပုဏ္ဏား) ဗုဒ္ဓလောင်းလျာသည် ငါသာ ဘုရားဖြစ်က (၆) နှစ်ကျင့်မည်ဟုဆိုသော ဝစီကံသည် ဗုဒ္ဓဘုရားဖြစ်ရန် ဒုက္ကရစရိယ (၆) နှစ်ကျင့်ရ၏။

□ ဆေး (သမားတော်) ဖြစ်သောအခါ၌ ဆေးဖိုးဝါးခမပေးလိုသော လိမ်ညာသူ ရောဂါသည်အား ဝမ်းသားဆေးပေး၍ပျော်ခဲ့ဖူး၏။ ဗုဒ္ဓပရိနိဗ္ဗာန်ပြုခါနီးသောအခါ လောဟိတပက္ခန္ဒိကာ သွေးဝမ်းသွား၍ ပရိနိဗ္ဗာန်ပြုရ၏။

□ ဒါတွေကိုကြည့်ရင် ဗုဒ္ဓလောင်းလျာ ပြုမှားမိသော ကာယကံ၊ ဝစီကံ၊ မနောကံတို့သည် ပြောပလောက်သည် မဟုတ်။

သို့သော် ဝဋ်ကြွေးပြေရန် တောင်းပန်ခြင်း၊ ဝန်ခံခြင်းမရှိလေသောကြောင့် နောက်ဆုံး(အန္တိမ)ဘဝ၌ ခန္ဓာနှင့် ဝဋ်ကြွေး အကုန်ပေးဆပ်ရခြင်းသာ ဖြစ်၏။

□ ဘုရားလောင်းလျာတို့သည် ဘုရားဖြစ်ရန်သာ ဦးတည်ချက်ရှိပါ၏။ ပါရမီဖြည့်၏။မာန်ဟုန်ဖြင့်တက်နေသော ခြင်္သေ့မင်းသည် ပိုး၊ ခြ၊ ပုရွက်ငယ်တို့ကို ဝရုမမူလေဘိသကဲ့သို့ ဘုရားဖြစ်ရန်မှ တစ်ပါး အခြားမရှိ ကြောက်ရွံ့ခြင်းမရှိ စိုးရိမ်ခြင်း အလျှင်းမရှိ။ ဧကန် ဘုရားသာဖြစ်မည်ဟုသာ ယုံကြည်ခဲ့၏။

□ ဗုဒ္ဓလောင်းလျာကြီးတို့သည် (သမ္မာသမ္ဗုဒ္ဓ)ဘုရားအဖြစ်ကို အမိကထားခဲ့သော်လည်း လောင်းလျာကြီးများ (မထိတ်လန့်သော) အတုံ့အလှည့် ဝဋ်ကြွေးမရှောင်ရှားနိုင်သောဝဋ်ကြွေး၊ ပေးဆပ်ရသော ဝဋ်ကြွေးတို့ကို ကျွန်ုပ်တို့သည် (တပည့်တော်တို့သည်) ထိတ်လန့်ပါ၏။ ကြောက်ရွံ့ပါ၏။ ဝန်ခံပါ၏။ တောင်းပန်ပါ၏။

□ ကျွန်ုပ်တို့သည် ဗုဒ္ဓတရားတော်တို့ကြောင့် အမှန်ကို သိမြင်နိုင်၏။ ခမ္မအစစ်ကို စူးစမ်းရှာဖွေနိုင်ခဲ့၏။ (သို့အတွက်ကြောင့် ကျေးဇူးဆပ်မကုန်နိုင်ဖြစ်ခဲ့ပြီ)၊ (ကြီးစွာ ဗုဒ္ဓကျေးဇူးပေတကား)။

□ ဗုဒ္ဓသည် ကျွန်ုပ်တို့၏ ဖခင်အစစ်ဖြစ်၍ အသည်းနှလုံးလည်း ဖြစ်၏။ ထို့ကြောင့် ဗုဒ္ဓကို (နမူနာပြုကာ) စံထားပါ၏။ မှီခိုပါ၏။ မြတ်နိုးပါ၏။ ပူဇော်ပါ၏။ ဝဋ်ကြွေးခပ်သိမ်းပြေငြိမ်းရပါစေဟု အကြိမ်ကြိမ်ဆုတောင်းပါ၏။ ဝဋ်ကြွေးပြေမည်ဟုလည်း ယုံကြည်ပါ၏။

□ ဝဋ်ကြွေးတော်ပြေစေတီ ဆိုတဲ့ အမည်ဟာ အခြားစေတီတို့နှင့်မတူထူးခြားအောင်၊ အထင်ကြီးရလေအောင် တည်ထားခြင်းလည်း မဟုတ်ပါ။ ကျွန်ုပ်တို့ ဦးဆောင်၍တည်သော ဤဝဋ်ကြွေးတော်ပြေစေတီဟာ ဘုံသားအားလုံးတို့ ရရှိကြ၍ ဝဋ်ဒုက္ခအပေါင်းမှ လွတ်ကင်းပါစေလို့ ဆန္ဒပြုပါ၏။

□ မိမိတို့ကိုယ်ရေးကိုယ်တာကို စွန့်၍တည်ထားပါ၏။ ကြီးပွားရန်လည်း မဟုတ်။ နာမည်ကြီးရန်လည်းမဟုတ်။ ချမ်းသာရန်လည်းမဟုတ်။ သေမှာကြောက်၍လည်းမဟုတ်။ အတုအယောင်တန်ဆောင်ခြင်းမပြု။ နိုင်ငံရေး၊ စီးပွားရေးမပါ သန့်ရှင်းစွာပြုပါ၏။ ကြည့်သူတွေမြင်ကြပါစေ၊ ကြားသူတွေ သိကြပါစေ၊ ဝဋ်ကြွေးခပ်သိမ်းပြေကြပါစေဟု ဆုတောင်းပါ၏။

□ သတ္တဝါတွေအနိမ့်အမြင့်သာ ကွာခြားပြီး တစ်ပြေးညီရှိနေကြတဲ့ ဝဋ်ကြွေးတွေပြေစေအေးစေလိုတဲ့ 'မေတ္တာ'၊ ဝဋ်ကြွေးတို့နှင့်ထိတွေ့နေ၍ မခံစားနိုင်ခြင်းတို့ကိုကြည့်ပြီး သနားမိခြင်း 'ကရုဏာ'၊ ဝဋ်ကိုသိ၍ တောင်းပန်ဝန်ခံခြင်းကြောင့် ဝဋ်ကြွေးပြေသည်ကိုမြင်ရ၍ ဝမ်းမြောက်မိခြင်း 'မုဒိတာ'၊ ဝဋ်ကြွေးအပေါင်းတို့ ကုန်ခန်းခြင်းကြောင့် ပြောမပြတတ်သော 'ဥပေက္ခာ'၊ ဗြဟ္မစိုရ်လေးပါးအစစ် ရေစင်ကို သွန်းဖျန်းလျက်။

□ သာသနာ့အကျိုးသတ္တဝါတို့၏ အကျိုးတို့ကို သယ်ပိုးရသောကြောင့် လွယ်ကူသော တရားအစစ်ကို ကြားနာ၊ ကျင့်သုံး၊ ပွားများ၊ သိမြင်ရ၍ (သုခပဋိပဒါခိပ္ပာဘိညာ) ရဟန္တာအမြန်ဖြစ်ရပါလို၏။

လက်ကမ်းစာစွက်လေးမှာ ဆရာတော်ရဲ့ 'ဝဋ်ကြွေး' ဆိုတဲ့ စကားလုံးအပေါ် သုံးသပ်ချက်တွေ၊ ရှင်းလင်းချက်တွေအပြင် ဝဋ်ကြွေးတော်ပြေစေဖို့ ဆုတောင်းရင်း လှူဒါန်းထားတာကိုလည်း တွေ့မြင်ရပါတယ်။

**အာသီသပတ္ထနာ**

သစ္စာ၊ သီလ၊ စာဂ၊ ပညာ
လေးဖြာညီမျှ၊ ဝဋ်ကုန်ရ၏။
ဝဋ်ကြွေးပြေမည်၊ မြတ်စေတီကို
ကြည်နူးရှင်ပျ၊ ပူဇော်ကြလော့။

စာရွက်ကလေး၏အဆုံးမှာတော့ ဆရာတော်ရဲ့ဘွဲ့တော်နဲ့လိပ်စာကိုထည့်သွင်းထားပါတယ်။ ဘဒ္ဒန္တသိရိပါလ (ဒီပါရာမသာသနာပြု)ရန်အောင်မြင်ကျောင်းတိုက်၊ ရန်ကုန်မြို့ပါတဲ့။

အဲဒီ လိမ္မော်ရောင်စာရွက်လေး အပြင် 'ဝဋ်ကြွေးတော်ပြေစေတီတော် မြတ်တည်ထားရခြင်း၏ တင်ပြမှု' ဆိုတဲ့ စာရွက်ဖြူနဲ့ ရှင်းတမ်းတစ်ခုကိုလည်း ကမ်းလိုက်ပါသေးရဲ့။ အဲဒါကတော့ ၁-၁-၂၀၀၀ ရက်စွဲနဲ့ပါ။ တင်ပြမှုဆိုတဲ့ အတိုင်း ဒီစေတီတော် တည်ထားရခြင်း အကြောင်းကို ဆရာတော်က ခုလိုရှင်းပြထားပါတယ်။

ဘုန်းကြီး၏ အသက် (၃၆) နှစ်ပြည့်ရာ ကောဇာနှစ် ၁၃၆၀ ပြည့်နှစ်၊ ဝါခေါင်လဆန်းအတွင်း မကျန်းမာ၍ ဆီးရောဂါကြောင့် ဆေးရုံတက်ရစဉ် ခန္ဓာဉာဏ်ယှဉ်စဉ်းစားစဉ်၌ ခန္ဓာတွေ့ရှိလျှင် ဝဋ်ကြွေးတွေရှိနေကြသည်ဟု ခန္ဓာဉာဏ်ရောက်မြင်မိပါ၏။

တစ်ကမ္ဘာလုံးနှင့်မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စေတီ၊ ပုထိုး၊ ဗုဒ္ဓရုပ်ပွားတော်မှန်သမျှ ချမ်းသာရန်၊ အောင်ရန်၊ အလိုပြည့်ရန်၊ အေးငြိမ်းစေရန် ဆုတောင်းစရာ စေတီရုပ်ရှင်တော်မြတ်များသာ တည်ရှိနေခဲ့ရကား ဆုတောင်းဖူးလည်း များခဲ့လှလေပြီ။ အထိုက်အလျောက် ဆုတောင်း၍လည်း ပြည့်ဝ အောင်မြင်မှုများရှိခဲ့ပါသည်။

သို့သော် ဝဋ်ကြွေးပြေရန် စေတီပုထိုး ရုပ်ရှင်တော်မြတ်များကတော့ အလွန်ရှားပါးပါလိမ့်မည်။ အသိရှိသောသူ၊ ခံစားတတ်သော လူ၊ နတ်၊ ဗြဟ္မာသတ္တဝါမှန်သမျှ ဆင်းရဲဒုက္ခဝေဒနာခံစားမှုဆိုးများကြုံလာခဲ့ပါလျှင် ဝဋ်ကြွေးရှိလည်းပြေပါစေ၊ ကံကြွေးရှိလည်းကျေပါစေဟု ဆုတောင်းကြမည်သာ မဟုတ်ပါလား။

ဘုန်းကြီးတို့သည် ကမ္မဝါဒ ဗုဒ္ဓဘာသာအစစ်ဖြစ်ကြသူများပီပီ ကာယကံ၊ ဝစီကံ၊ မနောကံ(၃)ပါးကိုသိရှိကြ၍ ထို(၃)ပါးစုံညီမှ ကမ္မဖလမြောက်သည်



www.burmeseclassic.com

www.burmeseclassic.com

ကို(မှတ်ရန်)ရှိသောကြောင့် စိတ်နှင့်နှုတ်မှ ဝင့်ကြွေးရှိလည်းပြေပါစေ၊ ကံကြွေးရှိလည်းကျေပါစေဟု ဆုတောင်းရုံမျှဖြင့် မပြည့်စုံနိုင်ပေ။

အဘယ်ကြောင့်ဆိုသော် ဒုက္ခရောက်သူတိုင်း၊ ဆင်းရဲမှု၊ ပူဆွေးမှုတို့နှင့်တွေ့သူတိုင်း၊ မခံစားနိုင်လောက်သည့် ရောဂါဝေဒနာဆိုးတို့နှင့်တွေ့ကြုံသူတိုင်း၊ မိဆိုး-ဖဆိုး-လင်ဆိုး-မယားဆိုး-သားဆိုး-သမီးဆိုး-မိတ်ဆိုး-ဆွေဆိုးတွေ့သူတိုင်းနှင့် သတ္တဝါအားလုံးတို့၏ ဝင့်ကြွေးတို့ကို ပြေပျောက် ကုန်ခန်းစေရန် ဗုဒ္ဓဂုဏ်ရည်ကို အထွတ်တပ်လျက် ကာယကံမြောက် နာမပညတ် ဖြစ်ဖော်ညွှန်းကာ ဤဝင့်ကြွေးတော်ပြေစေတီတော်မြတ်ကြီးကို တည်ထားမါသည်။

ဝင့်ကြွေးခပ်သိမ်း ပြေကြပါစေသတည်းလို့ ဖြစ်ပါတယ်။

**ဝင့်ကြွေးတော်ပြေစေတီကမ္ပည်းကျောက်စာ**

စေတီတော်ကြီးကို ဦးခိုက်ပြီးတဲ့အခါ စေတီတော်ရဲ့ ကမ္ပည်းကျောက်စာကိုလည်း ဖတ်ရှုကြည့်လိုက်ပါတယ်။

စေတီတော်ရဲ့ ဘွဲ့တော်ကို -

'ဝင့်ကြွေးတော်ပြေ၊ ကိလေသဝင့်၊ ကမ္မဝင့်၊ ဝိပါကဝင့်၊ သုံးလီဝင့်တွင်း၊ ပြေပျောက်ခြင်းငှာ ခေါ်ခြင်းတွင်စေ ဝင့်ကြွေးတော်ပြေ'

လို့ ကဗျာလင်္ကာလေးနဲ့ ဖော်ပြထားပါတယ်။ ဆရာတော်ရဲ့ စာပေလေ့လာလိုစိတ်၊ စဉ်းစားတွေးခေါ် မှုအားသန်ချက်တွေကို ဥရောပခရီးစဉ်အတွင်း အနီးကပ် လေ့လာသိရှိထားတော့ ဒီလို ရိုးရိုးစကားပြေနဲ့မရေးဘဲ ကဗျာလေးလို ရေးထားတာကို မအံ့ဩတော့ပါဘူး။

ဒီဝင့်ကြွေးတော်ပြေစေတီတော်ကို သာသနာတော်နှစ် ၂၅၄၂ ခု၊ ကောဇာနှစ် ၁၃၆၀ ပြည့်နှစ်၊ ဝါခေါင်လပြည့် မေတ္တာအခါတော်နေ့ ထိုနေ့စတင်သည်။ ၇-၈-၉၈၊ သောကြာနေ့မှာ တည်တယ်လို့ သိလိုက်ရပါတယ်။ စေတီတော်ပြီးစီးတာကတော့ သာသနာတော်နှစ် ၂၅၄၃ ခု၊ ကောဇာနှစ် ၁၃၆၁ ခုနှစ်၊ ပြာသိုလပြည့်ကြွက်မင်းနေ့ မမေ့ပြီးစီးသည်။ ၂၀-၁-၂၀၀၀၊ ကြာသပတေးနေ့ပါ။ ဦးဆောင် တည်ထားသူတွေကတော့ ဘဒ္ဒန္တသီရိပါလ(ဒီပါရာမသာသနာပြု)၊ ဝင့်ကြွေးတော်ပြေမထေရ်သခင်ထေရ်အရှင်နှင့် တပည့်သားကျော်သံဃာတော်များ ဖြစ်ပါတယ်။

စေတီတော် တည်ထားရခြင်းရဲ့ ရည်ရွယ်ချက်ကို -

❒ သတ္တဝါအားလုံး လောကသံသရာဆင်းရဲမှု၊ ခက်ခဲမှု၊ မလွတ်ကင်းမှု၊ မရှောင်ရှားနိုင်မှု၊ ရုန်းမထွက်နိုင်မှု၊ ပူဆွေးငိုကြွေးမှုနှင့် ဝင့်ကြွေးအပေါင်း ပြေပျောက်ကြောင်းကို ထပ်လောင်းသိမှု ရည်ရွယ်ပြု၏ -

လို့ ဖော်ပြထားပါတယ်။

ကမ္ပည်းကျောက်စာရဲ့ အဆုံးမှာတော့ ဆုတောင်းနဲ့ပိတ်ထားတယ်။

❒ ဝင့်ကြွေးခပ်သိမ်း ပြေပျောက်ငြိမ်းပြီး ဗောဓိဉာဏ်ရင့်သန်၍ ဘုံဘဝမရှိသောနိဗ္ဗာန်သို့ အမြန်ဆိုက်ရောက်မျက်မှောက်ပြုရပါစေသောဝ် -

လို့ ဆရာတော်က ဆုတောင်းပေးထားလေရဲ့။

ဆက်လက်ပြီးလည်း -

'ကံကြွေးတော်ပြေ စေတီတော်'၊ 'ကံကြွေးတော်ကြေစေတီတော်'၊ 'တိုးသိန်းကိုးသန်းစေတီတော်'၊ 'ယက္ခမာန်ချ-ရန်အောင်မြင်ရုပ်ရှင်တော်မြတ်'၊ 'ဓဝံသန္တိ- ပြဒါးဘုရား'၊ အီတလီနိုင်ငံ ပီဇာမြို့က ပီဇာမျှော်စင်လို ခပ်စောင်းစောင်းဖြစ်နေတဲ့ 'အောင်ပြည့်ဒိဗ္ဗဘုရားကြီး' တို့ကိုလည်း ဖူးတွေ့ခဲ့ရပါသေးတယ်။ ဆရာတော်ရဲ့ ကျောင်းဝင်းဥယျာဉ်တော်ကိုလည်း မျှော်စင်ပေါ်ကနေကြည့်မိရဲ့။ ခပ်လှမ်းလှမ်းမှာတော့ အာနန္ဒာဘုရားနဲ့ ဆင်တူ စေတီတစ်ဆူကို လှမ်းဖူးလိုက်ရတယ်။

စာတိုပေစရေးတာ ဝါသနာထုံတဲ့ ဆရာတော့်လက်ရာစာတန်းအမျိုးမျိုးကိုလည်း အဲဒီဘုရားစေတီတွေမှာ ဖတ်ရှုခဲ့ရပါသေးတယ်။ ဥပမာပြရရင် 'ခက်' ဆိုတဲ့ ခေါင်းစဉ်နဲ့ ရေးထားတဲ့ -

❒ *ကျေးဇူးမြတ် - ဆပ်ဖို့ခက်၊ ဘဝမြတ်-သိဖို့ခက်၊ သဒ္ဓါမြတ်-ကြည်ဖို့ခက်၊ သီလမြတ်-စောင့်ဖို့ခက်၊ ပညာမြတ်-ဆုံးဖြတ်ခက်၊ ဇလာဘဓာတ်-ရပ်ဖို့ခက်၊ ဒေါသဓာတ်-အေးဖို့ခက်၊ မောဟဓာတ်-လင်းဖို့ခက်၊ ကြောင်း-ကျိုးဆုံးကြည့်-ဓမ္မရှု သိ-မြင်-ယုံဖို့ အလွန်ခက်။*

ဆိုတာမျိုးတွေပေါ့။

ဖတ်လို့လည်း အကောင်းသား၊ ရွတ်လို့လည်း အဆင်ပြေရဲ့။ ပြီးတော့ တွေးစရာတွေလည်း တစ်ပုံကြီးကျန်စေတဲ့စာတိုကဗျာတိုလေးတွေပေါ့။ ဥရောပတစ်ခွင်မှာ ဆရာတော်နဲ့ လဝက်နီးပါးလောက် နေ့စဉ်အတူ ခရီးလှည့်လည်ရစဉ်အတွင်း အပေါ့အပြောကောင်းပြီး စဉ်းစားတွေးခေါ် စရာတွေပေးတတ်တဲ့ ဆရာတော့်အသံကိုလည်း ကြားယောင်မိရဲ့။

ဘုရားစုံဖူးပြီး ဆရာတော်စံမြန်းရာ ကျောင်းတော်သို့ ပြန်အရောက်မှာ-

"ဝင့်ကြွေး ဆိုတာ တကယ်ပြေလို့ ပြေနိုင်ပါသလား ဘုရား"

လို့ မေးလျှောက်ခဲ့ပါတယ်။

ဆရာတော်က မိမိလုပ်ခဲ့တဲ့အပြစ်ကို အပြစ်မှန်းသိဖို့၊ ထိုအပြစ်ကို မှားကြောင်း, မှန်ကြောင်း နားလည်ဖို့၊ ထိုအပြစ်အတွက် ဝန်ချတောင်းပန်တတ်ဖို့၊ ထိုအပြစ်တွေထက် ကောင်းမှုကုသိုလ်အား ကြီးမားလာအောင် ကြိုးပမ်းလုပ်ဆောင်ဖို့၊ ထိုအပြစ်မျိုးထပ်မံမကျူးလွန်ဖို့ သီလ-သမာဓိခိုင်မာမြဲမြံဖို့ ဝိပဿနာတရား အားထုတ်ကျင့်ကြံဖို့ စတာ စတာတွေကို ဟောပြောပါတယ်။

နေညိုချိန်မှာတော့ ဆရာတော်ကို ဦးချရင်း လာရာလမ်းကို ပြန်ခဲ့ပါတယ်။ ဆရာတော်က အပြန်မှာ မြန်အောင်လို့ ငမိုးရိပ်ချောင်းကို စက်လှေနဲ့ ကူးလို့ ညွှန်လိုက်ပါတယ်။ ဆရာတော့်ကျောင်းနောက်မှာတော့ လှေဆိပ်ရှိနေတယ်။ ဒီစက်လှေကိုလည်း ဆရာတော်ဘဲ စီစဉ်ပေးထားတာလို့ သိရပါတယ်။ ငမိုးရိပ်ချောင်းထဲမှာတော့ ရေတွေပြည့်လို့ပါ။

ချောင်းစပ်မှာ ဗျိုင်းလေးတွေက အစာရှာလို့။ ခရာဆူးချုံနဲ့ လမုပင်တောကိုတွေ့တော့ ဆရာမင်းသုဝဏ်ရဲ့ ခရာဆူးချုံအထက်နားက မျှော်နှက်မည်းကြီးတွယ်လိမ့်မယ်ကို သတိရမိရင်း-

ဪ. . . ဒီလိုနေရာမှာလည်း သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းထားတဲ့ ကောင်းသောအနေအထားတွေရှိနေသေးသကိုးလို့ အံ့ဩရပါတယ်။ ဘစ်ဖက်ကမ်းမှာတော့ မယ်လမုဘုရားဝင်းပါ။ မယ်လမုဘုရားမုတ်တိုင်ကို ခဏလေးနဲ့ ရောက်သွားတော့ အပြန်လမ်းက တိုတောင်းလှပေါ့။ စက်လှေနဲ့ ဖြတ်ကူးရင်း ဆရာတော့်ကျောင်းကို ပြန်ကြည့်မိပါတယ်။ တောရိပ်သစ်ရိပ်နဲ့ ငြိမ်းငြိမ်းချမ်းချမ်း သာသာယာယာ ရှိလှချည့်။

ကိုအေးမြင့်(မဟာဝိဇ္ဇာ၊ ရှေး-သု)

**တကိုး -**

ဝင့်ကြွေးတော်ပြေ ဆရာတော်ရဲ့ လက်ကမ်းစာစောင်များ



www.burmeseclassic.com

www.burmeseclassic.com

တင်အောင်(စက်မှုတက္ကသိုလ်)

# ညှောင်ပင်သာဆရာတော်ကြီးဦးဉာဏော

စာမှတ်တမ်း


၉-၅-၂၀၁၄ ရက်၊ သောကြာနေ့ ည (၉) နာရီအချိန်။


ကျွန်တော်သည် အစ်မကြီး ဒေါ်ကြူကြူအောင် သီလရှင်ဝတ်ချင်သည်ဟု ပြောသဖြင့် မရမ်းကုန်း တေဇစက္ကိကျောင်းသို့ သွားပို့ခဲ့ပြီး ပြန်လာချိန် ဖြစ်သည်။ ကျွန်တော်၏ဖခင် စာရေးဆရာကြီး ဦးရန်အောင် ကိုးကွယ်ခဲ့သော မဟိန္ဒရာသူတော်စင်ရုပ်တုရှေ့တွင် ထူးဆန်းသော ဖိတ်စာတစ်စောင်ကို ကျွန်တော် လက်ခံရရှိပါသည်။ ထို ဖိတ်စာတွင် အလွန်ကြားနာရခဲသော စကားအာဆန်းစာလုံးကို ထူးထူးဆန်းဆန်း ဖတ်ရှုမိသည်။ ဖိတ်စာမူရင်းသည် နောင်အခါ ရှားပါးပစ္စည်း ဖြစ်သွားလိမ့်မည်။ ဖိတ်စာကို လာပို့သူမှာ ဆရာစံရပ်ကွက် ငွေလရောင်လမ်း ဘဂ်လား ကျောင်းတိုက်မှ ဆယ်တော်မူဆရာတော်ကြီး ဦးဥတ္တမ ဖြစ်ပါသည်။ (ဗွာဒိဝန္ဒိရိပုံဇေယျတု သဗ္ဗမင်္ဂလံ ပသေယျတံ၀ သသတံကမ္ပိဌိတံ အာရောဂျ) အရဟံ သိဒ္ဓိကျွန်းမာချမ်းသာ မူရင်းဖိတ်စာကို လက်ရင်းကျကျ စုဆောင်း မှတ်သားထားပုံမှာ -

ရောဝတီတိုင်းဒေသကြီး
ကန့်ကြီးထောင့်မြို့နယ်
ညှောင်ပင်သာဆရာတော်ကြီး
'သိရိသုဓမ္မ ဉာဏောဒယ
မဟာထေရ်အရှင်မြတ်ကြီး'၏ဩဝါဒဖြင့်
တည်ထားတော်မူသော
(၁၀၈) တောင် ဂမုန်းပေါင်း ရှင်သုငယ်
ကမ္ဘာ့ကပ်ကျော်စေတီတော်ကြီးနှင့်
အခုံစေတီ (၇) ဆူ
ရွှေထီးတော်တင်လှူပွဲနှင့်
ဗုဒ္ဓါဘိသေက အနေကဇာတင်မင်္ဂလာ
အလှူတော်ဖိတ်ကြားလွှာ

အလှူတော်မင်္ဂလာနေ့ရက် -

၁၃၇၆ ခုနှစ်၊ ကဆုန်လပြည့် ဗုဒ္ဓနေ့ (၁၃-၅-၂၀၁၄)၊ အင်္ဂါနေ့။





www.burmeseclassic.com

www.burmeseclassic.com

**အလှူတော်မင်္ဂလာအချိန်**

နံနက် (၉) နာရီ (၉) မိနစ်၊ (၉) စက္ကန့်။

**အလှူတော်မင်္ဂလာနေရာ**

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ် ဖလုံးအိုင် (၁၀၈) တောင် ဂမုန်းပေါင်း ရှင်သူငယ် ကမ္ဘာ့တပ်ကျော် စေတီတော်မြတ်ကြီး၏ သာသနာ့နယ်မြေ။

ဖိတ်စာပေါ်တွင် ဘုရား၏ပုံတော်နှင့် ဆရာတော်ကြီး၏ ပုံတော်ပါ ပါရှိလေသည်။

ကျွန်တော် ထိုပွဲသို့ တက်ရောက်ရန် ဆုံးဖြတ်လိုက်သည်။

ဆရာတော်ကြီး၏ ပုံတော်ကို ကျွန်တော် ဖူးမြော်ရင်း စိတ်အစဉ်သည် လွန်ခဲ့သည့် (၉) နှစ်ခန့် ပြန်ရောက်သွားသည်။

ပထမကန်ကြီးထောင့်ဆရာတော် ဦးညာဏသည် ၂၁-၁၁-၂၀၀၃ ရက်က ပင် ပျံလွန်တော်မူခဲ့သည်။

၁၄ - ၁၁ - ၂၀၀၅ ရက်နေ့တွင် ကန်ကြီးထောင့် ညောင်ပင်သာဆရာတော်ကြီး ဦးညာဏသည် ရန်ကုန်ထိပ်ဖက်ကမ်း သန်လျင်မြို့ရှိ ဆရာဝန်ကြီး အိမ်တစ်အိမ်တွင် ရောက်ရှိနေကြောင်း သတင်းကြားသိရသည်။ တစ်ည(၉)နာရီတွင် ကျွန်တော်တို့ မိတ်ဆွေတစ်စု ဆရာတော်ကြီးထံ သွားကြသည်။ ထိုအခါ တကယ့်ကိုပင် ဆရာတော်ကြီးကို ဖူးခဲ့ရပါသည်။

ဆရာတော်ကြီးက ခြင်ထောင်ကို မ,ကာ အဖူးခံပြီး -

"တဲ - သွားကြတော့"

ဟု တိုတိုလိုရင်းကို ပြောလိုက်သဖြင့် ကျွန်တော်တို့တစ်စုမှာလည်း ယောင်ချာချာဖြစ်လျက် ဖူးရတာမဝတဝနှင့် အိမ်သို့ပြန်လာခဲ့ရသည်။

ကျွန်တော်တို့၏ စကားဝိုင်းများတွင် သာမညဆရာတော်ကြီးအကြောင်း ပြောမိသောအခါ ဆရာတော်ကြီး ဦးညာဏအကြောင်းဆက်လျက်ပါလာတတ်သည်။ ဟင်္သာတမြို့နယ် ကွင်းကောက်ဆရာတော် ပထမံဆရာလှိုင် အကြောင်းပြောတိုင်း ဆရာတော် ဦးညာဏအကြောင်း ရောက်ရှိသွားလေ့ရှိပါသည်။ အာယသ္မာ သီရိသုစိတြ ညာဏောဒယသာမဟာထေရ် ဟူသော ဘွဲ့တော်မှာ ရုတ်တရက်အားဖြင့် အများရှင်လူ မမှတ်မိမှာစိုးသဖြင့် ကန်ကြီးထောင့် ညောင်ပင်သာဆရာတော်ကြီး ဦးညာဏ ဟူ၍ အလွယ်တကူ သိသာအောင် ရေးသားသဖြင့် စာဖတ်သူများ ခွင့်လွှတ်စေချင်ပါသည်။ မိမိဆရာ၏ အမည်ကို မည်သည့်အခါမျှ နှုတ်ဖြင့် ခေါ်ဆိုခြင်းမပြုရချေ။ အမည်ကိုခေါ်၍ပြောလျှင်ပင် အပြစ်သင့်ပါသည်။ တရားတော်သည် ဤရွေ့ဤမျှ နူးညံ့သိမ်မွေ့ပါသည်။ ထို့ကြောင့် ဆရာတော်ကြီး ဦးညာဏ၏ အကြောင်းကို ကျွန်တော် လေ့လာတွေ့ရှိသမျှ တင်ပြပါမည်။

ဆရာတော်ကြီး၏ အကြောင်းမှာ ထူးခြားဆန်းကြယ်လှပေစွ။

ဆရာတော်ကြီး၏ ဇာတိမှာ ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ် အနောက်တောင်ဘက် ကွင်းကောက်နှင့် (၅) မိုင်အကွာ ရန်ကင်းတောင်ဘုရားကြီး၏ တောင်ဘက် လင်ကောင်ပိုးရွာ ဖြစ်၏။ မိဘနှစ်ပါးမှာ ဦးသီလနှင့် ဒေါ်ဝဇီရာ (ပိုးကရင်တိုင်းရင်းသား) ဖြစ်ပြီး ၁၂၉၁ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁ ရက်၊ အင်္ဂါနေ့မွန်းတည့်ချိန်၊ မိန်ရာသီ၊ ဂြိုဟ် (၈) လုံး ပူးစဉ်အခါတွင် ကိုယ်ဝန် (၇) လနှင့် မွေးဖွားခဲ့၏။ ငယ်မည်မှာ မောင်စိုးသိမ်းဖြစ်ပြီး (၂)နှစ်သားကပင်လျှင် အိမ်ရှေ့ ခြံထောင့်ရှိ ပန်းခြံထဲမှာ လူပုံသဏ္ဌာန် ဂူလုပ်ပြီး အထဲဝင်၍ အောင်းနေလေ့ရှိသည်။ (၂) နှစ်ခွဲတွင် ဆော့ကစားရင်းက (၂) ရက် ပျောက်ဆုံးသွားသည်။ ပြန်တွေ့တော့လည်း ထိုင်လျက်သားလေး တွေ့ရသည်။ ထိုသို့ (၂) ကြိမ်တိုင်တိုင် ဖြစ်ခဲ့သည်။ (၁) နှစ်သားတွင် စာရေးတတ်ပြီဟု သူကိုယ်တိုင် ပြောသည်။ မည်သူမျှ မသင်ပေးဘဲ ထို (၁) နှစ်သားသည် အိမ်ပေါ်ရှိ ဘုရားကျောင်းဆောင် ကျောက်ဆင်းတု၏အောက်တွင် အဖဦးသီလ၊ အမိဒေါ်ဝဇီရာတို့ ကိုယ်တိုင်ရေးသည်။ မွေးချင်းများမှာ ဒေါ်မြကြည်၊ ဒေါ်သိန်းခန့်၊ ဒေါ်သိန်းမြ၊ မောင်စိုးသိမ်း (ဆရာတော်လောင်း) တို့ ဖြစ်ကြသည်။ ဒေါ်သိန်းမြတစ်ယောက်သာ ကျန်တော့ပြီး အသက် (၉၀) ရှိတာ ဆရာတော်အနားတွင် အဘွားဒေါ်သိန်းမြဟု အခေါ်ခံရသူ ဖြစ်သည်။

(၇) နှစ်သားမှာ သာမဏေဝတ်သည်။ လင်ကောင်ပိုးရွာ၏တောင်ဘက် (၃) မိုင်အကွာရှိ သပြေကုန်းရွာဘုန်းကြီးကျောင်းတွင် သူ၏ ဆန္ဒအတိုင်း ကိုရင်ဝတ်ခြင်းဖြစ်ပြီး ဘွဲ့အမည်မှာ ကိုရင်စိတြ ဖြစ်ပါသည်။ ၁၉၄၈ ခုနှစ် အသက် (၁၈) နှစ်တွင် ကျမ်းကြီးပေါက်သည်။ ထိုနှစ်မှာပင် အဋ္ဌကထာ (၃) ကျမ်းကို ဂုဏ်ထူးရအောင် အာဂုံဆောင်ဖြေဆို အောင်မြင်ခဲ့သည်။ ဒွါရာဒိ (၉) ကျမ်းကိုလည်း ထိုနှစ်တွင် ပြုစုခဲ့သည်။ ပဋိပတ္တိအနေဖြင့် ကိုရင်ဘဝပင် မောနေယျအကျင့်ကို စတင်ကျင့်ခဲ့သည်။ အသက် (၁၃) နှစ်ကပင် ပါဠိ၊ ဋီကာ၊ အနုမဋီကို သင်ယူရာတွင် ပါဠိ၊ အနက် ထင်မြင်သည့်အပြင် ဓာတ်ပစ္စည်း၊ ဝိဘတ်တို့ကို ကွဲကွဲပြားပြားသိနားလည်ခဲ့သည်။ လက်ရင်းဆရာတော်မှာ သပြေကုန်းဆရာတော်ကြီး ဦးပညာဝံသ ဖြစ်၏။ အသက် (၂၀) တွင် သပြေကုန်းဆရာတော်ကြီးက ဦးညာဏဟု ဘွဲ့အမည်ပြောင်းပေးခဲ့သည်။ ဆရာတော်သည် ဗေဒင်ပညာကျမ်းကို ကျွမ်းကျင်စွာ သင်ကြားတတ်မြောက်ခဲ့သည်။

ဆရာတော် ဦးညာဏသည် အတိတ်ဏ ပါလာသော အကြောင်းထူးများကြောင့် အမြင်စွမ်းအားကို ထူးခြားစွာ ရရှိခဲ့ပုံရကြောင်း၊ ရွာရှိသိက္ခမ်းသူများ လာမေးပါက ဖြေကြားလေ့မရှိဘဲ ရုတ်တရက် အာရုံမှာ ဖြစ်ပေါ်လာသည်ကို ကြိုတင်နိမိတ်အဖြစ် ပြောဆိုလေ့ရှိကြောင်း၊ ဦးပဥ္စင်းလေးဖြစ်သည့် ဆရာတော်ကြီးဟာ ရွာမှာရှိစဉ်ကတည်းက အမြင်စွမ်းအားဉာဏ်တစ်မျိုးရရှိနေသည်ဆိုတာ ရွာရှိသူတိုင်း သိကြပေသည်။

ဆရာတော် ဦးညာဏကား လင်ကောင်ပိုးရွာသား၊ သပြေကုန်းဆရာတော်ကြီးသည် အင်္ဂပူမြို့အပိုင် သဲကြီးကုန်းရွာသား။ ထိုဝန်းကျင်တွင် ကွင်းကောက်လည်းရှိ၏။ ကွင်းကောက်ဆရာတော် ဦးဇောတိကအမည်ခံ ပထမံဆရာလှိုင်၏ဇာတိ ဖြစ်၏။ ထိုနီးနားတွင် ပိန္နဲကုန်းကျေးရွာရှိ၏။ ယင်းရွာတွင် မပုပ်မသိုးသော ရုပ်ကလာပ်တော်များ တစ်နေရာတည်း၊ တစ်ကျောင်းတည်းတွင် (၃) ပါးဆိုင် ဖြိုင်တူရှိနေသော ကပျိုတောင်တောရကျောင်းသည် မြန်မာပြည်တစ်နံတစ်လျား ကြည်ညိုသူပေါလှသောနေရာ ဖြစ်ပါ၏။ ထိုသို့သောနေရာကြီးမှာ ဘုရားမပွင့်မီ နှစ် (၅၀) မလာက်ကတည်းရှိခဲ့သော ဂဝံမြို့ဟောင်းကြီးတစ်မြို့ဖြစ်ကြောင်း သုတေသီတို့က ယနေ့ စိတ်ဝင်စားစွာ သုတေသနပြုလုပ်လျက် ရှိပါသည်။

မြန်မာနိုင်ငံတွင် ပဋိသတ္တိသာ



www.burmeseclassic.com

www.burmeseclassic.com

သနာ၀င် ရဟန္တာနှင့်ရဟန်းထူးများ ထင်ပေါ် ကျော်ကြားလှသိများလှသည်လည်း များလှ၏။ ရဟန္တာ မဆိတ်သုဉ်းသော ဗုဒ္ဓနိုင်ငံတော်ကြီးဟုလည်း တောင်တန်းသာသနာပြု ဘဒ္ဒန္တဥတ္တမသာရ (ပရိတ်ရေဆူဆရာတော်ကြီး)က မိန့်ကြားတော်မူခဲ့ပါသေးသည်။ ဆရာတော်ကြီး ဦးဉာဏော ညောင်ပင်သာတွင်ရှိစဉ် အခါက သာမညဆရာတော်ကြီးသည် မိမိခန္ဓာ၀န်မချမီကာလတွင် ဆရာတော်ကြီး ဦးဉာဏောအား 'မိမိသွားနှင့်မယ်' ဆိုပြီး ဆရာတော်ကြီးကို ပြောသွားခဲ့ကြောင်း မှတ်တမ်းရှိပါသည်။ သာမညဆရာတော်ကြီးသည် ခန္ဓာ၀န်မချမီအခါက သူတပည့်အချို့ကို သူမရှိတဲ့အခါမှာ တိစ္ဆေပေါ် လို့ဖြေရှင်းစရာရှိခဲ့လျှင် တန့်ကြီးထောင့် ညောင်ပင်သာ ဆရာတော်ကြီး ဦးဉာဏောထံသွားပြီး အမိန့်ခံယူဖို့ မှာကြားတော်မူခဲ့ကြောင်း သိရှိရပါသည်။ ယခု ရန်ကုန်မြို့ သာကေတမြို့နယ်ရှိ (၁၀၈)တောင်ဘုရားတွင် သီတင်းသုံးနေသူ ဘရသေ့၏ ပြောကြားချက်အရလည်း သိခဲ့ရသည်။ အထက်ပါအချက်များသည် ပုဂ္ဂိုလ်ထူးများအချင်းချင်း မည်သို့မည်ပုံ ဆက်သွယ်သည်ကို သိရှိအောင် အကျဉ်းမျှ ဖော်ပြခြင်းဖြစ်ပါသည်။

ဆရာတော်ကြီး ညောင်ပင်သာတွင်ရှိစဉ်ကတည်းက ၀တ်ရွတ်အဖွဲ့ရှိခဲ့ပါသည်။ ၂၀၀၈ ခုနှစ်၊ ဧပြီလကာလ မြန်မာပြည်အောက်ပိုင်း ဧရာ၀တီတိုင်းဒေသကြီးအတွင်းကို အလှူခံအကြောင်းပြပြီး ၀တ်ရွတ်အဖွဲ့ကို ၀တ်တွေလိုက်ရွတ်ဖို့ မိန့်ဆိုလိုက်သည်။ ထိုအချိန်က လမ်းခရီးကလည်း အဆင်မပြေ။ ရေတစ်တန်၊ ကုန်းတစ်တန်သွားခဲ့ရတာမို့ ထင်သလောက် ခရီးမပေါက်ခဲ့ပေ။ (၂၆) မြို့နယ်ကို ခရီးနှင်ရတာမို့ တစ်လလုံးသွားသည့်တိုင်အောင် မြို့နယ်အချို့ကို သာရောက်ခဲ့ကြ၍ ကျန်သောမြို့များလည်း ကျန်ခဲ့သည်။ ကျန်ခဲ့သောနေရာများမှာ ပုသိမ်မြို့အောက်ပိုင်း၊ ဝင်လယ်ပိုင်းများနှင့် လပွတ္တာမြို့နယ်တစ်ခုလုံး ကျန်ခဲ့ပါသည်။

ထိုအချိန်တွင် ဆရာတော်ကြီးသည် အေးရိပ်မွန်မှာ ဆေးကုသခံယူနေသူတစ်ဦးကို လှေကြီးတစ်စင်းပေါ် တင်ပြီး ပုသိမ်မြို့အောက်ပိုင်းကို လွှတ်လိုက်သေးကြောင်း သိရှိရသည်။ အဘယ်ကြောင့် ထိုသို့စေလွှတ်ရသည်ကိုကား ထိုစဉ်က မည်သူမျှ မခန့်မှန်းနိုင်ချေ။ သို့သော်လည်း နာဂစ်မုန်တိုင်းကြီးပေါ် ပေါက်လာသောအခါမှ ဆရာတော်ကြီး စေလွှတ်သော ၀တ်ရွတ်စဉ်အဖွဲ့ ရွတ်ခဲ့သောနေရာများမှာ တိုက်ဆိုင်မှုလို့ပဲ ပြောပြော မုန်တိုင်းတိုက်ခတ်မှုသက်သာခဲ့တာကို ပြီးမှသိခဲ့ရတာဖြစ်လို့ ထူးခြားတဲ့တိုက်ဆိုင်မှုတစ်ရပ်တော့ မဖြစ်နိုင်တာ အမှန်ပါ ဟူ၍ အနီးစပ်ဆုံးသော အတွင်းနေတပည့်များက မှတ်ချက်ပြုကြသည်။ ထပ်ပြီးပြောချင်တာက မုန်တိုင်းမတိုက်ခင် တစ်ရက်အလိုမှာ ၀တ်ရွတ်အဖွဲ့များသည် ပုသိမ်မြို့ပေါ် ကို ပြန်ရောက်ခဲ့ပြီး ၀တ်များရွတ်နေကြသလို မုန်တိုင်းစတင်တိုက်ခတ်ချိန်မှာ ဆရာတော်ကြီးသည် ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ အေးရိပ်မွန်မှာ သီတင်းသုံးနေချိန်ဖြစ်၍ မုန်တိုင်းပြင်းထန်ချိန်တွင် ထိုင်လျက် ဂါထာတော်များ ရွတ်ဆိုနေသည့်အပြင် လက်နှစ်ဖက်ကို လေထဲမှာ တစ်ခုခုခပ်ယူဖယ်ရှားနေသော ပုံစံလုပ်နေတာကို တွေ့မြင်သူများမှပြန်လည်ပြောပြပါသေးသည်။

ကျွန်တော်သည် နာဂစ်မုန်တိုင်းမတိုက်မီ ၂၇-၄-၂၀၀၈ ရက်နေ့နံနက်တွင် ပုသိမ်မြို့သို့ရောက်ခဲ့၏။ ပုသိမ်မြို့အနီးတစ်ဝိုက်ရှိ အတွင်းမုဋ္ဌော (၉) ဆူ၊ အပြင်မုဋ္ဌော (၄) ဆူတို့တွင် ကိုးရက်အဓိဋ္ဌာန်ဝင်ခဲ့သည်။ အတွင်းမုဋ္ဌော (၅) ဆူမှာ (၁) ရွှေမုဋ္ဌောစေတီတော်၊ (၂) တောင်ဘက်တွင် ဘုရားလောင်းတော် ရှဉ့်မင်းဖြစ်စဉ် ကျက်စားဖူးသော နေရာ၌ တည်ထားအပ်သော ရှေးအခေါ် မဂ်လာစေတီ ယခု တဂေါင်းဘုရားလမ်းရှိ တဂေါင်းစေတီတော်၊ (၃) မြို့အနောက်တောင်အရပ်တွင် အလောင်းတော် ရွှေသမင်မင်းဖြစ်စဉ် ပျော်စံကျက်စားရာနေရာ၌ တည်ထားအပ်သော ယနေ့ မဟာဗောဓိစေတီတော်၊ (၄) မဟာဗောဓိစေတီ၏ တောင်ဘက် အလောင်းတော် ရှဉ့်မင်း ခန္ဓာစဲရာအရပ်ကို အမှတ်တရပြုကာ တည်ထားအပ်သော သုမင်္ဂလာစေတီတော်၊ ယနေ့ ရေကျည်ရေနွေးတွင်းအရပ်ရှိ ဆုတောင်းပြည့်စေတီတော်၊ (၅) မြို့အရှေ့တောင် ရှေးခေတ် ကျိုက်ပိမြို့ဟောင်း၊ ယခု သစ်ရောင်းချောင်းအနီး ဘုရားကြီးကုန်းကျေးရွာ၌ အလောင်းတော်ဆင်မင်းဖြစ်၍ ကျက်စားရာအရပ်တွင် တည်ထားအပ်သော ရှေးအခေါ် မဟာစေတီ ယခုအခေါ် ဘုရားကြီးကုန်းဘုရားတို့ ဖြစ်ကြသည်။

အပြင်မုဋ္ဌော (၄) ဆူမှာ (၁) မြို့၏အနောက်တောင် ငဝန်မြစ်အနောက်တွင်းချောင်းကြီးအတွင်း၌ အလောင်းတော် ခိုမင်းဖြစ်စဉ် ပျော်စံရာအရပ်၌ တည်ထားသော သုမနစေတီတော်၊ (၂) မြို့၏ အနောက်မြောက်ဘက် ငဝန်မြစ်၏အနောက်ဘက်ကမ်း ကျောက်ချောင်းကြီးရွာတွင် အလောင်းတော် ပုတ်သင်မင်းဖြစ်စဉ် ပျော်စံရာဌာန၌ (၇) မိုင်အကွာ ငဝန်မြစ်နှင့် ဒါးကချောင်းပေါင်းဆုံရာအနီး ငဝန်မြစ်အရှေ့ဘက်ကမ်း အလောင်းတော်ကြက်မင်းဖြစ်စဉ် ပျော်စံရာ မြင့်မောက်သောကုန်းအထက်တွင် တည်ထားသော သီရိဝဍ္ဎစေတီ၊ ရွှေမြင်တင်ရွာအနီးတွင်ရှိ၍ ရွှေမြင်တင်ဘုရားဟု ခေါ်သည်။ (၄) မြို့၏ မြောက်ဘက် ငဝန်မြစ်တစ်လျှောက် သာပေါင်းမြို့နယ်၏ အထက်ပိုင်း ဘိုးတော်ဘုရားကြီးရွာ၊ ငဝန်မြစ်အနောက်ဘက်ကမ်းနဖူးအနီးတွင် အလောင်းတော် ကျေးမင်းဖြစ်စဉ် ပျော်ရွှင်ကျက်စားဖူးရာဒေသ၌ (၇)ရက်သားသမီးတို့ ချမ်းသာရစေကြောင်းဖြင့် (၇) နေ့အမည်ကို အစွဲပြုကာ 'အကျော်ဇေယျ ပဿထ' ဟု ဘွဲ့တော်ချီလျက် တည်ထားအပ်သော ယနေ့ 'ဘိုးတော်ကြီးဘုရား' ဟု အများသမုတ်သည့် စေတီတော်တို့ ဖြစ်ကြသည်။ ထိုစဉ်က ပုသိမ်မြို့တွင် ဆက်သွယ်ရေးလက်ကိုင်ဖုန်းများချပေးနေချိန် ဖြစ်သည်။ ကျွန်တော်သည် ဒေါ်နုနုအေး (ဆက်သွယ်ရေးအရာရှိ မဟိန္ဒရာသူတော်စင်ကိုးကွယ်သူ) ထံ ရောက်ရှိ၍ သိခဲ့ခြင်း ဖြစ်သည်။

ဇရပ်ချောင်းမှာ ဆရာတော်ကြီးသည် ညဘက်တွင် ကျမ်းများပြုစုပြီး မောင်တုတ်ကို လိုက်ရေးခိုင်းသည်။ နေ့ဘက်တွင် ဆေးနည်းနှင့်ပတ်သက်သော ဆေးထောင်းခြင်း၊ သစ်ဥ၊သစ်ရွက်စုခြင်းတို့ကိုခိုင်းလေ့ရှိသည်။ ညဆိုလျှင် ဆရာတော်ကြီးသည် သူဖောင်တော်ဦး (ဆရာတော်ကြီး လဲလျောင်း အနားယူနေရာ) ထဲမှာနေပြီး ကျမ်းစာခေါ် ပေးတာကို မောင်တုတ်က မိမိခြင်ထောင်ထဲကနေပြီး မှတ်တမ်းမှတ်ရခြင်းကို နိစ္စဓူဝ ညစဉ်ဆောင်ရွက်လေ့ရှိသည်။

တစ်နေ့ ပုံနှိပ်တိုက်မှလူက မောင်တုတ်ကို -

"ညက တို့ဆီကို ဆရာတော်ကြီးနဲ့အတူလိုက်လာပြီးစာပြင်ပေးတာခင်ဗျားမဟုတ်ဘူးလား"

မောင်တုတ်က -

"မဟုတ်ပါဘူး။ညက ဆရာတော်ကြီးနဲ့အတူ ကျမ်းစာပြုစုနေတယ်"

www.burmeseclassic.com

ဟု ဖြေခဲ့ပါသည်။

ဤသို့အားဖြင့် ပြောမပြနိုင်သော အဆန်းတကြယ်ဇာတ်လမ်းများ ရှိပါသေးသည်။ ဆရာတော်ကြီးသည် ကျမ်းစာပေါင်း (၁၅၆) ကျမ်း ပြုစုခဲ့သည်။ ဆရာတော်ကြီးသည် တဗျာများကို ရေးသားလျှင် 'ကိုရင်စိတြ' ဟူသော အမည်ဖြင့်ရေးသားလေ့ရှိသည်။ ဆရာတော်၏ တစ်ခုသော မှတ်ချက်တွင် အံ့ဖွယ်တစ်ခုကို တွေ့ရပါသည်။ 'ယောဂီဝိပဿနာ ကျမ်းပြု အရှင်သီရိဉာဏောမထေရ်၏ နောက်ဆုံးခေတ် တတိယကမ္ဘာစစ်လွတ်မြောက်ရေးတရားတော်' ဟူ၍ တွေ့ရပါသည်။ ဆရာတော်ကြီး၏ကျမ်းထဲတွင် 'တတိယကမ္ဘာစစ်လွတ်မြောက်ရေး' ဟူသောစကားကို အမှတ်မထင်တွေ့ရ၍ အလွန်အံ့ဩကြည်ညိုမိပါသည်။

အောက်ပါ ဆုတောင်းစာ (ကဗျာကြီး) ကို ဆရာတော် ဦးဉာဏောသည် ၁၃၁၅ ခုနှစ်၊ ဒု-ဝါဆိုလဆန်း ၈ ရက်၊ တနင်္ဂနွေ၊ နေမွန်းတည့်ချိန် ဟူ၍ မော်ကွန်းတင်ထားခဲ့ပါသည်။

*□ ဗုဒ္ဓပေါ်တော်မူ၊ ငါတစ်ဆူကား၊*
*နောင်မူပွင့်ရာ၊ မေတ္တာယျလျှင်၊*
*ရိန္နမာဝေ၊ အသွားသုံးရွက်၊*
*ရိုးလက်စာစ်ကိုင်၊ အပြိုင်ငါးကြိမ်၊*
*အိမ်နှင့်တကွ၊ ကျောက်မှပေါ်ထွက်၊*
*ရွှေဖန်းဆက်သည့်၊သန့်လျက်သီလဝင်၊*
*သမာဓိဝင်၊ ပညာဝင်နိဂုံး။*
*အုပ်ခါဖုံးသည့်၊ ဝိဇ္ဇတ္တိသခင်၊*
*သဗ္ဗညုတ်၊ နိဗ္ဗာန်ရှင်ကား၊*
*မဂ္ဂင်ရှစ်တန်၊ လမ်းမှန်ခရီး၊*
*ရပ်ကြီးသာစည်၊ ရောက်အံ့ရည်၍၊*
*ဘုန်းစည်ပရမေ၊ ဖျာဒိတ်ခြွေသား၊*
*သပြေတုန်းသာ၊ နောင်သောခါဝယ်၊*
*စာဟောဆရာ၊ ဉာဏော့ဒါလည်း၊*
*သစ္စာနာဝရဏာန်၊ ပွင့်အံ့တန်ဟု၊*
*တိုးတန်ဂုဏ်ရှင်၊ အံ့ချီးထင်သည့်၊*
*ငါလျှင်ငှမ်း၊ တေမိလောင်းဟု၊*
*ငြိမ့်ညောင်းတံဆိပ်၊ ရွှေဖျာဒိတ်ဖြင့်၊*
*ခတ်နှိပ်သေချာ၊ နှုတ်ဩဘာကို၊*
*မြစ္စာခံရန်၊ စိတ်ရည်သန်၍၊*
*ကျမ်းဂန်ရေးကူး၊ အထူးပြုစု၊*
*ပေါင်းစပ်စုခါ၊ တချို့မှာလည်း၊*
*ပင်ပန်းကြီးစွာ၊ ပြုစုပါခဲ့၊*
*လေခနိဋ္ဌာ၊ ကျမ်းများစွာလည်း၊*
*တစ်ရာ့ငါးဆယ်ခြောက်ကျမ်းဝယ်ရှိ။*

'ကျမ်းပြုဆရာတော် သီရိဘဒ္ဒန္တ အရှင်ဉာဏောဒယ၊ တန်ကြီးတောင့်မြို့နယ် အရှေ့ညောင်ပင်သာကျေးရွာ ရိပ်သာ၊ ဘိုးတော်အောင်မင်းခေါင်၊ ဒု-မဟောဝန်ကျောင်း' ဟု ရေးထိုးထားသည်။

ကျွန်တော်သည် ကြီးပွားရေးမဂ္ဂဇင်း၊ အမှတ် (၁၀)၊ ၁၉၉၆ ခုနှစ်၊ စာမျက်နှာတွင် (၄၂) တွင် ဖတ်ရှုခဲ့ရသော သီရိခေတ္တရာခင်မာမာ၏ ဆောင်းပါးတစ်ပိုင်းတစ်စကို ဖော်ပြပါမည်။

ဆရာတော်ကျောင်းသည် ပုသိမ်အရှေ့မြို့နယ် ညောင်ပင်ဆိပ်ရွာ၌ ရှိပါသည်။ ယခု မိုးရာသီမှာတော့ ပေပင်ကုန်းရွာဆိပ်ကမ်း ရေလမ်းခရီးအဆုံး၌ ပဲ့ထောင်ကပ်လိုက်သော်လည်း သွားရမည့်ခရီးက မဆုံးသေး။ ကျွန်မတို့သည် ဆရာတော် ဦးဉာဏော သီတင်းသုံးရာ ညောင်ပင်ဆိပ်ရွာသို့ရောက်ရန် လယ်တစ်ကွင်းကို ဖြတ်ရပေဦးမည်။

ပဲ့ထောင်ပေါ် ပါလာသော ဆရာတော် ဦးသုဒဿနသည် ပေပင်ကုန်းဆိပ်တမ်း၌ စက်လှေကပ်လျှင်ကပ်ချင်း မတ်တတ်ရပ်၍ သင်္ကန်းပြင်ရုံလိုက်သည်။

ထိုအချိန်တွင် ဒကာအချို့သည် ပဲ့ထောင်ကပ်ရာသို့ရောက်လာပြီး ဆရာတော် ဦးသုဒဿနအား ရှိခိုးကန်တော့ကြသည်။

ဒကာများက -

ဆရာတော်နှစ်ပါး ကြွလာမယ်၊ ပေပင်ကုန်းသွားကြိုကြဲဟု ဆရာတော်ကြီး ဦးဉာဏောက အမိန့်ရှိ၍ လာကြိုရကြောင်း လျှောက်ထားသည်။

ကျွန်မက ဆရာတော်ဦးသုဒဿနအား -

"ဆရာတော်တို့ ကြိုပြီး စာရေးထားလို့ ဒကာတွေ လာကြိုတာနဲ့ တူတယ်"

ဟု လျှောက်ထားလိုက်သည်။

ဆရာတော် ဦးသုဒဿနက -

"တို့မှာ စာရေးနေစရာမလိုဘူး။ တို့လာမှာကို ဆရာတော်ဦးဉာဏော ကြိုသိနေတယ်"

ဟု မိန့်ဆိုပါသည်။

ကျွန်မတို့ ညောင်ပင်ဆိပ်ရွာဦးရှိ ဆရာတော်ဦးဉာဏောကျောင်းရောက်တော့ ည (၇း၃၀) နာရီ ရှိနေပြီ။ မိုးရာသီ၌ တွေ့ဗွက်တွေနှင့် ကိုယ့်ဖိနပ်ကိုယ်ချွတ်ကိုင်ပြီး အတော်ရှုန်းသွားကြရသည်။

ဆရာတော်ကြီး ဦးဉာဏောသည် တပည့်ဦးဥတ္တမအား ဧည့်သည်များကို ဆရာတော်၏ ကျောင်းအနီးရှိ မူလတန်းကျောင်းထဲ နေရာချထားရန် မိန့်ဆိုသည်။ ကျွန်မတို့၏ အသုံးအဆောင်၊ အထုပ်အပိုးများကို မူလတန်းကျောင်းထဲချထားလိုက်သည်။

ဆရာတော်အတွက် ယူလာသော သစ်သီးများနှင့် လှူဖွယ်သင်္ကန်း၊ ထီး၊ ဖိနပ်များကိုယူ၍ ဆရာတော်ကျောင်းသို့ လာခဲ့သည်။ ဒကာ၊ ဒကာမအပေါင်းတို့က ဆရာတော်ဦးဉာဏောအား နဝကမ္မဝတ္ထုနှင့် လှူဖွယ်ပစ္စည်းများ ကပ်လှူကြသည်။

"ကိုင်းကိုင်း - ခရီးပန်းလာကြတယ်၊ အပန်းဖြေကြ။ မနက်ကျမှ တွေ့ကြတာပေါ့"

ဟု ဆရာတော်ဦးဉာဏောက မိန့်ဆိုပါသည်။

ကျွန်မတို့သည် ပါလာသောလက်နှိပ်ဓာတ်မီးအလင်းအားဖြင့် ညကြီးမှောင်ကြီး ရွှံ့ဗွက်ထဲရုန်းခဲ့ပြန်သည်။ ကျွန်မတို့သည် မူလတန်းကျောင်းမြေအခင်းပေါ်ဝယ် ခရီးပန်းပန်းနှင့် နှစ်နှစ်ခြိုက်ခြိုက်ကြီး အိပ်ပျော်သွားကြ၏။ တစ်ရေးနိုး ည (၂) နာရီမှ ဆရာတော်၏ တဲကျောင်းဘက်လာခဲ့ပြန်သည်။ ဆရာတော်ဦးဉာဏောသည် အခြားဘုန်းကြီးများနှင့် တရားဆွေးနွေးနေသည်။ ကျွန်မတို့သည် ဆရာတော်အား သင်္ကြန်တယ်ဟင်းဖြင့် အရုဏ်ဆွမ်းကပ်ပါသည်။ ဆရာတော်သည် ကျိန်းစက်ခြင်းမရှိဘဲ အရုဏ်ဆွမ်းကို ဆရာတော် ဦးသုဒဿနတို့နှင့်အတူ ဆွမ်းဘုဉ်းပေးပါသည်။ ဆရာတော်သည် ကပ်လှူသောဆွမ်းကို လွန်းဖြင့်အနည်းငယ်ဘုဉ်းပေးပြီး နောက်စွန့်ပါသည်။ အစားနည်း၊ အအိပ်နည်းသောဆရာတော် ဖြစ်သည်။ ဆရာတော်ကျောင်းမှာ မီးဖိုပေါ်တည်ထားသော ဟင်းလေးအိုးကြီး ရှိသည်။ ထိုသင်္ကြန်တယ်ဟင်းလေးအိုးကြီးကို စားဖြစ်အောင်စားသွားဖို့ ဆရာတော်က မှာကြားသည်။ အသက်ရှည်ကျန်းမာစေသောဆေးဟင်း ဖြစ်သည်။ ဆရာတော် ဦးဉာဏောသည် ကျောင်းကြီးကြီး ဆောက်လုပ်လှူဒါန်းမှုကို အလှူမခံ။ ပုသိမ်မြို့နယ်အတွင်း ဆရာတော်ဓာဘ်ကျရာကျေးရွာတွင် တဲကျောင်း၌ဆောက်၍ သီတင်းသုံးသည်။ ထိုရွာပတ်ဝန်းကျင်ရှိ ဒကာ၊ ဒကာမများလာသော်လည်း ဆရာတော်သည် နေချင်မှနေသည်။ ဆရာတော်သည် သူ့အစီအစဉ်ဖြင့်သူ့အချိန်ကျလျှင် နောက်တစ်နေရာ ထပ်



www.burmeseclassic.com

www.burmeseclassic.com

တြွသွားသည်။ တောင်းပန်၍လည်းမနေ။ ဆရာတော်သည် 'ဝိဇ္ဇာလမ်းစဉ်' အရ လှည့်လည်သီတင်းသုံးရင်း တရားအားထုတ်ခဲ့သည်မှာ နှစ်အတော်ကြာခဲ့ပြီ။ ဆရာတော်၏ သက်တော် (၈၀) ပင်ကျော်ခဲ့ပြီ။ ဆရာတော်သည် ယခုလည်း ညောင်ပင်ဆိပ်ရွာထိပ်ရှိ ရေကန်ကြီးနားလယ်ကွင်းစပ်၌တဲထိုးနေခြင်း ဖြစ်သည်။ ထိုရေကန်ကြီးတွင်သိုက်ရှိသည်ဟု လူပြောများသည်။ ဆရာတော်ကမူ မည်သို့မျှ မှတ်ချက်မချ။ ဆရာတော်၏ တဲကျောင်းကလည်း ဝါးထရံကျိုးတိုးကျဲတဲတာထားသည်။ ဓနိမိုးမြေစိုက်တဲဖြစ်သည်။ အခင်းက မြေသားပကတိ ဖြစ်သည်။

ဆရာတော်၏ကျောင်းထဲသို့ ဝင်လိုက်ပါက ဝင်လာသူ၏ညာဘက် တဲ၏နောက်ဆုံးထောင့်တစ်နေရာတွင် ကွပ်ပျစ်တစ်လုံးကို တွေ့ရသည်။ ထိုကွပ်ပျစ်ပေါ်၌ သင်္ကန်းကို လှေဦးပုံ (ထိပ်ရှူးနောက်ကား) ခြင်ထောင်လုပ်၍ ဆရာတော် ကျိန်းစက်နားနေ သီတင်းသုံးသည်။ ကွပ်ပျစ်က မြေကြီးနှင့် တစ်ထွာခန့်သာ မြင့်သည်။ ဆရာတော်၏ တဲကျောင်းတံစက်မြိတ်ကို မြေကြီးနားထိချထားသည်။ တံစက်မြိတ်ကို မြေကြီး (၂) တောင်ခန့်သာ ကွာသည်။ ဆရာတော် သီတင်းသုံးသည့် ကွပ်ပျစ်၏ဘေးတစ်တောင်ခန့်အကွာတွင် လယ်ကွင်းရှိသည်။ မိုးရာသီ၌ စပါးပင်များသည် ဆရာတော်ထိုင်ရာ ဘေးနားကပ်လျက် လေယူရာယိမ်းနေသည်။ ဆရာတော်သည် သူ့ကွပ်ပျစ်နားတဲအလယ်၌ ခုတင်ကြီး (၁) လုံးချထားသည်။ ထိုခုတင်ပေါ်၌ ပိဋကတ်ကျမ်းစာအုပ်များတင်ထားသည်။ ဆရာတော်ကိုဖူးချင်သူများသည် ဆရာတော်၏မျက်နှာမြင်ရုံမျှသာ ဆရာတော်ရှေ့တည့်တည့်၌ လူ (၁) ယောက်စာ နေရာချန်ထားသည်။ ထိုနေရာမှနေ၍ ဆရာတော်ရှေ့သို့ အနီးကပ်သွားရောက်ဖို့လည်း မလွယ်။ ဆရာတော်၏ရှေ့၌ အနီးကပ်၍ ဆရာတော်အား တချို့တချို့ဖူးမြော်လျက်ရှိသော ဦးပဥ္စင်းဦးသောမန ရှိသည်။ အလှူရှင်စာရင်းရေးနေသည့်အလှူရှင်များအား ဆရာတော်၏ သင်္ကန်းစများပေးဝေနေသည်။ ဆရာတော်ဦးညာဏသည် ရသမျှဝတ္ထုငွေများကို ဘုရားတည်သည်။ အခြားပုဂ္ဂိုလ်များ ဘုရားတည်၍ မအောင်မြင်လျှင် ဆရာတော်က လိုက်တည်ပေးသည်။

ကျွန်မသည် ဆရာတော်အား လက်အုပ်ချီလျက် -

"တပည့်တော်မအား ပုတီးစိပ်နည်းပေးပါဘုရား"

ဟု လျှောက်ထားလိုက်သည်။

ဆရာတော်က -

"ပုတီးစိပ်ဖို့လိုသေးသလား"

ဟု အမိန့်ရှိပါသည်။ ထိုထက်ပို၍ ဆက်မလျှောက်ဝံ့ပါ။

ဆရာတော် ဦးညာဏသည် ရေနွေးကရားကိုမ,ပြီး -

"သောမန၊ ရေနွေးနည်းနေတယ်။ ထပ်ထည့်လိုက်။ ဒကာ၊ ဒကာမတွေကို တိုက်လိုက်"

ဟု မိန့်ပါသည်။

ဦးပဥ္စင်းသောမနသည် ကိုင်းတပ်ထားသောသွပ်ရေခွက်ကြီးနှင့် ဆရာတော်ရှေ့ရှိ ရာဝင်စဥ့်အိုးထဲမှ ရေစိမ်းကို ခပ်လိုက်သည်။ ရေနွေးကရားထဲလောင်းထည့်ပြီး ကျွန်မတို့ကို -

"သောက်ကြ"

ဟု မိန့်ပါသည်။

ဆရာတော်ဦးညာဏကလည်း-

"ဒကာ၊ ဒကာမတွေ ရေနွေးကြမ်းသောက်ကြ၊ အန္တရာယ်ကင်းတယ်"

ဟု ထပ်မိန့်ပါသည်။

ကျွန်မသည် ရေနွေးကရားကိုငှဲ၍ အကြမ်းပန်းကန်ထဲထည့်လိုက်ရာ အငွေ့တထောင်းထောင်းနှင့်ပူနေသည်။

❐

၁၂-၅-၂၀၁၄၊ ညနေ (၆) နာရီ ကျွန်တော်တို့အဖွဲ့သည် ညောင်ပင်သာ ဆရာတော်ကြီး ဦးညာဏ၏ ဘုရားထီးတင်ပွဲသို့ ဆယ်တော်မူ ဆရာတော် ဦးဥတ္တမ၏ အစီအစဉ်ဖြင့် ရန်ကုန်မှ ထွက်ခွာလာခဲ့ရာ ည (၁၂) နာရီတွင် ကန်ကြီးထောင့်မြို့ ညောင်ပင်သာရွာ ဖလုံးအိုင်စားကျက်ဒေသရှိ (၁၀၈) တောင် ဂမုန်းပေါင်း ရှင်သူငယ်ကမ္ဘာ့ ကပ်ကျော်စေတီတော်သို့ ရောက်ရှိ ဖူးမြော်ရသည်။ ကျွန်တော်တို့ရောက်သွားသောအခါ တေးသံရှင် စိုးစန္ဒာထွန်း နှင့် ဆိုင်းပညာရှင် ဖိုးသကြန်တို့က ဓမ္မတေးများ သီဆိုပူဇော်နေကြသည်။ ကျွန်တော်တို့အဖွဲ့သည် ကြာသပတေးထောင့် (လေကွယ်ရာ၊ အသံကွယ်ရာ) ၌ နေရာယူပြီး ဘုရားကြီးကို သစ်သီး၊ ပန်း၊ ဆီမီး၊ ရေချမ်းများကပ်လှူပူဇော်ပြီး ရှိခိုးကန်တော့ကြသည်။

နံနက် (၃) နာရီထိုးသောအခါ ကျွန်တော်သည် ဆရာတော်ကြီးကို ဖူးမြော်ချင်သည့်စိတ်ဖြစ်လာပြီး ဆရာတော်ကြီးရှိရာသို့ မှန်းဆလာခဲ့ရာ (၁၀၈) တောင် နှစ်ထပ်ကျောင်းတော်ကြီး အပေါ်ထပ်အတွင်းခန်း၌ ဆရာတော်ကြီးကို ဖူးရလေသည်။ ဆရာတော်ကြီးက ကျွန်တော်သိလိုသည့်အရာများကို ကြိုသိသည့်အလား မိန့်ကြားသွားပါသည်။

"ဘုန်းကြီးက တရုတ်လူမျိုးမဟုတ်ဘူး။ ပိုးကရင်ပဲ။ ကျန်းမာချမ်းသာချင်ရင် 'အရဟံသိဒ္ဓိကို အနည်းဆုံး (၃) လ ရက်မပျက် ပုတီးစိပ်။ သက်ကယ်ထမင်း၊ ဟင်းစား။ ပုတီးစိပ်ပြီးရင် မေတ္တာပို့။ တစ်ပတ်စိပ်။ (၁၀၈) လုံး ပုတီးနဲ့စိပ်။ ငရုတ်ကို တားလို့ရတယ်။ အကုသိုလ်ကို တားလို့ရတယ်။ ဝဋ်ကြွေးကိုတော့ တားလို့မရဘူး"

ထိုအခမ်းအနားတွင် အကျွေးအမွေးကို ဆယ်တော်မူဆရာတော် ဦးဥတ္တမမှ တာဝန်ယူလေသည်။

အပြန်ခရီးတွင် ဆရာတော်ကြီးက-

"အသက်ရှည် ကျန်းမာချင်ရင် သက်ကယ်ရွက်ကို အိမ်ရှိဘုရားကျောင်းဆောင်တွင် ဆောင်ထား"

ဟု မိန့်လိုက်သဖြင့် ဒကာ၊ဒကာမများ သက်ကယ်ရွက်များကို ချောင်းရိုးတစ်လျှောက်မှခူး၍ သယ်သွားလိုက်ကြသည်မှာ အနမတဂ္ဂ။ ဘုရားထီးတင်ပွဲသို့ လူ (၅) သိန်းခန့် လာကြသည်။

ဆရာတော်ကြီးသည် ကျန်းမာရေး အနည်းငယ်ညံ့၍ ရန်ကုန်မြို့ အာရှတော်ဝင်ဆေးရုံတွင် တက်ရောက်နေသည်မှာ (၄) နှစ်ရှိပြီ ဖြစ်ပါသည်။ အပြန်တွင် ကျွန်တော်တို့စီးလာသော ကားသည် ဆရာတော်ကြီး ရန်ကုန်ပြန်ကြွသော ကားတန်းကို ကျောင်းကုန်းမြို့တွင် မီလာသည်။ ဆရာတော်ကြီး စီးလာသော ကားထဲတွင် ဒကာ၊ ဒကာမများ လိုသည်ထက်ပိုတင်ထား၍ ဆရာတော်ကြီး အသက်ရှူကျပ်မည်ကို စိုးရိမ်မိပါသည်။

*(ဤဆောင်းပါးဖြင့် ညောင်ပင်သာ ဆရာတော်ကြီး ဦးညာဏနှင့် ကွယ်လွန်သွားရှာသူ ဖခင်ဦးရန်အောင် အား ဦးခိုက်လျက်)*

တင်အောင် (စက်မှုတက္ကသိုလ်)



www.burmeseclassic.com

www.burmeseclassic.com

ကဇင်းပင်ရွာကလေးသို့ ရောက်ချိန်တွင် နေမင်းကြီးသည် ဖျော့တော့အားနည်းနေခဲ့ပြီ။

နေရောင်ခြည်သည် မှိန်ဖျော့နေသော်လည်း ရွှေကျင်မြို့ဘက်ရှိ ရိုးမတောင်တန်းကြီးများကို မှိုင်းပျရိဝေစွာ တွေ့မြင်နေရဆဲ။ နေဝင်လျှင် တိမ်တောက်သည်ဆိုသော်လည်း ယနေ့မိုးကောင်းကင်မှ တိမ်တိုက်များသည် တောက်ပခြင်းမရှိဘဲ လိမ္မော်ရင့်ရောင်နီမြန်းနေသည်။ လေမတိုက်သောကြောင့် ပူအိုက်လွန်းသည်။ ကျွန်ုပ်တို့ရောက်နေသောနေရာမှာ ကဇင်းပင်ရွာကလေးနှင့် တစ်မိုင်နီးပါးဝေးသော စေတီငယ်ကလေးတစ်ဆူ တည်ရှိရာ တောအုပ်ကလေးတစ်ခုအတွင်း ဖြစ်သည်။ စေတီတော်နှင့် ရွာနယ်နိမိတ်ကို လယ်ကွင်းများက ပိုင်းခြားထားသည်။

စေတီတော်မှာ ဉာဏ်တော် (၁၁) တောင်ခန့်မြင့်သည်။ ထီးတော်မရှိငုံးတိတိ။ အုတ်ကျိုးအုတ်ပဲ့များက ဟိုတစ်စဒီတစ်စ ထွက်ကျပြိုပျက် ရေညှိတက်ပြီး ဟောင်းနွမ်းယိုယွင်းနေသည်။ မလှမ်းမကမ်းတွင်မူ ဇရပ်အိုလေးတစ်လုံးရှိသည်။

"ဟာ - ဆရာတို့ရောက်လာကြပြီကိုး"

ဆေးတံအိုးကိုခဲထားသော ကရင်အမျိုးသားကြီးတစ်ဦးက ဆေးတံအိုးကို သူ၏ နှုတ်ခမ်းမှဖြုတ်ရင်း ကျွန်ုပ်နှင့်အဖော် (၂) ဦးကို ကြိုဆိုနှုတ်ဆက်လေသည်။

ကရင်အဘိုးအိုနောက်မှ ဝမ်းသာအားရထွက်၍ကြိုဆိုသူမှာ ကျွန်ုပ်နှင့်သိနှင့်ပြီးဖြစ်သော အသက်(၇၀)လောက်ရှိမည့် ဦးလေးကိုဘိုးသိန်း၊ သူနောက်မှာတော့ ဦးလေးကိုဘိုးသိန်း၏သား ကျွန်ုပ်နှင့် ကြိုတင်ဆက်သွယ်ခဲ့သော ကိုမောင်ကို။

သူတို့အားလုံး ဝမ်းပန်းတသာဖြစ်နေသည်။

"ဆရာကိုထိုက်တို့ နားကြဦး။ ခရီးပန်းလာကြပြီ"

ဟု ကိုမောင်ကိုက ပြောဆိုရင်း ဇရပ်ပေါ်သို့ ကျွန်ုပ်တို့ကို ဖိတ်ခေါ်သည်။

ကျွန်ုပ်က -


"နေဦး ကိုမောင်ကို၊ နောက်ပြီးမှ တက်လာမယ်။ ကျွန်တော်တို့ ဘုရားသွားဖူးဦးမယ်"

ဟု ပြောဆိုလျက် ကျွန်ုပ်တို့(၃)ဦး ပျက်ပြိုယိုယွင်းနေသော စေတီတော်ကလေးကို သွားရောက်ဦးခိုက်ကြသည်။ စေတီတော်အနီးရှိ စောင်ချမ်းပင်ကြီး

# (ညောင်လေးပင်)

# မျိုးတင့်

# ထူးခြားစွာရှုမြော်ရသော ရှင်ဥပဂုတ္တရဟန္တာမြတ်



www.burmeseclassic.com

www.burmeseclassic.com

ပေါ်မှ ကျီးငှက်တို့သည် ဘာရယ်မသိ တအားအားအော်မြည်လျက် ခြေဦးတည့်ရာ ပျံထွက်သွားကြသည်။ ငှက်လေးများလည်း ဂနာမငြိမ်ကြ။ အသံတစာစာနှင့် အော်ဟစ်ယောက်ယက်ခတ်နေကြသည်။

ကျွန်ုပ်တို့ အခြေအနေကို သုံးသပ်နေကြသည်။

'ဘာတွေဖြစ်နေတာလဲ။ ငှက်တွေဂနာမငြိမ်ကြဘူး။ ပြီးတော့ ကောင်းကင်ကြီးကနီလို့။ လေကလည်းငြိမ်နေတယ်။ ပူလိုက်တာလည်း အလွန်ပဲ။ ရာသီဥတုမကောင်းဘူးနဲ့တူရဲ့'

ဟု တွေးနေမိသည်။

ဘုရားကန်တော့ပြီး ဇရပ်ပေါ်သို့ရောက်ချိန်တွင် ကြိုတင်ထည့်ယူလာသော စားသောက်ဖွယ်များကို ကျွန်တော်တို့ ညနေစာအတွက် ပြင်ဆင်နေကြသည်။ ထမင်းစားခုံဝိုင်းပေါ်တွင် ကြက်သားကာလသားချက်၊ ငါးကြော်နှင့် ဟင်းချို၊ ငါးပိရည်၊ တို့စရာအစုံပလုံနှင့် မြိုင်မြိုင်ဆိုင်ဆိုင်ရှိနေသည်။

"ဟာဗျာ၊ အထူးဧည့်သည်တွေမဟုတ်ဘူးဗျ။ ရှိတာနဲ့ကျွေးရင်ဖြစ်ပါတယ်။ကျွန်တော်ကတော့ အသက်လွတ်စားတာမို့ ကိုယ့်ရိက္ခာအတွက် လက်ဖက်နဲ့ ပဲခြမ်းကြော် အသင့်ပါလာတယ်ဗျ"

ကျွန်ုပ်က ပြောလိုက်သည်။

ကျွန်ုပ်၏ ညီဝမ်းကွဲတော်သူ မောင်ကောင်းဆက်နှင့် ကိုသူတို့မျက်နှာများ ထမင်းပွဲကိုတွေ့ပြီး ကျေနပ်သွားကြပုံပေါ်သည်။ သူတို့နှစ်ယောက်လုံးသည် အသားမပါလျှင် ထမင်းမစားတတ်သူများဖြစ်ကြသည်။

"ဟာ- အားနာစရာတော့ကောင်းနေပြီဗျာ"

ဟု ဦးလေးကိုဘိုးသိန်းက ဆိုသည်။

"ကိစ္စမရှိဘူး ဦးလေး။ ကျွန်တော်က ဒီအတိုင်းစားနေကျပါဗျာ။ ပြီးတော့ ကျွန်တော်က ဘာနဲ့စားစား ခံတွင်းမြိန်တတ်တဲ့အကျင့်ရှိတယ်ဗျ။ ခုလို ဆာဆာနဲ့ တွယ်လိုက်ရင်တော့ ဦးလေးသိန်းတို့ချက်ထားတဲ့ ထမင်းလောက်ပဲ့မလား တောင် မသိဘူးဗျ"

ကျွန်ုပ်က သူတို့ကို အားမနာစေရန် လေပြေထိုးစကားပြောရသည်။ ထမင်းစားနေစဉ် ကရင်အမျိုးသားကြီး၏ အမည်ကို ဖထီးစောဖိုးထူး ဟူ၍ မိတ်ဆက်ပေးသည်။ ကျွန်ုပ်ကလည်း ကျွန်ုပ်အမည်သည် ဖထီးနာမည်ကဲ့သို့ ဖိုးဆိုတဲ့ စကားလုံးပါကြောင်း ပြောပြသည်။ ကျွန်ုပ်၏နာမည်မှာ ဖိုးထိုက်တန်ဟု ခေါ်ကြောင်း ပြောပြသောအခါ အတီးစောဖိုးထူးမှာ သဘောကျစွာရယ်မောလျက် -

"ဟုတ်သားပဲကွ။ ငါ့တူဖိုးတို့ခွားနာမည်က ဖိုးထိုက်တန်ဆိုတော့ ဖိုးပါသားပဲလေ ဟားဟားဟား"

နှင့် တဟားဟားရယ်မောနေသည်။

(အတီးမှာ ဦးလေးဖြစ်၍ ဖိုးတို့ခွားမှာ တူဟု အဓိပ္ပာယ်ရပါသည်။)

ကျွန်ုပ်၏အမည်ကို ကျွန်ုပ်အဘိုးသည် အဖိုးထိုက်တန်မယ့်သားကွ ဆိုပြီး ဖိုးထိုက်တန်ဟု မှည့်ခေါ်ခဲ့ကြောင်း ကျွန်ုပ်၏ ဖခင်၊ မိခင်တို့က ပြောပြခဲ့ဖူးပါသည်။

❐

ထမင်းစားပြီးသည်နှင့် လုပ်ငန်းအကြမ်းဖျင်း ပြောပြသည်။

မှောင်ရီပျိုးစပြု၍ ဇရပ်ပေါ်တွင် ဖယောင်းတိုင်တုတ်တုတ်ကြီး(၃)တိုင်ကို စိုက်ထွန်းထားသည်။ ဇရပ်မှာ ဟောင်းနွမ်းနေပြီဖြစ်၍ ကြမ်းခင်းများကျိုးကျဆွေးမြည့်နေရာ သတိနှင့်နင်းနေရ


www.burmeseclassic.com

www.burmeseclassic.com

သည်။

ဦးဘိုးသိန်းက ပြောသည်။

"ဆရာလေးကိုထိုက်ကို ပြောရဦးမယ်။ ဦးတို့မှာရှိနေတဲ့ သံစားကျောက်တုံးကြီးကိုကြည့်ပြီး ဆရာကိုထိုက်ပဲ အဆင်ပြေအောင် စီစဉ်ပေးပါ။ ကျုပ်တို့ရည်ရွယ်ချက်ကတော့ ရှေးအခါက ကျုပ်တို့ရဲ့ဆရာသမားများ တည်ထားခဲ့တဲ့ စေတီတော်လေးကိုငုံပြီး စေတီအသစ်ပြန်တည်ချင်တယ်။ ဇရပ်လေးကိုလည်း တိုက်ဇရပ်လေးဆောက်၊ ဘုရားပုရိဂုဏ်ကလေးကိုလည်း အုတ်တံတိုင်းခတ်ချင်တယ်ဗျ။ အောင်ခဲ့ရင်ပေါ့နော်"

"ဒီကျောက်ကိုစတွေ့တာကတော့ အတီးစောဖိုးထူးပဲကွယ့်"

"ဟုတ်သပ၊ တရာဖိုးထိုက်ရယ် ငါစတွေ့တာ။ ကိုဘိုးသိန်းနဲ့ သိုသိုသိပ်သိပ်တိုင်ပင်ပြီး လျှို့ဝှက်ယူလာရတာကွယ့်။တွေ့တုန်းကတော့ ဒီကျောက်ကြီးက အခိုးတွေထွက်နေတယ်ကွယ့်။ အခုတော့ အခိုးမထွက်တော့ဘူး။ အဲဒါ တရာဖိုးကိုပြပြီးလုပ်ခိုင်းရတာပဲဝှေ့"

ဟု ရိုးရိုးကြီး ပြောပါတော့သည်။

(တရာဆိုသည်မှာ ဆရာကိုပြောဆိုခြင်း ဖြစ်ပါသည်။)

"အတီးတို့၊ ဦးလေးဘိုးသိန်းတို့ရယ် အခုတော့ နေဝင်ချိန်မှောင်ရီသန်းပြီမို့ ကျွန်တော်တို့ကြည့်ဖို့အချိန်မသင့်သေးဘူးဗျ။ မနက်ကျမှ မြင်မြင်ထင်ထင်လေ့လာစစ်ဆေးကြည့်ကြတာပေါ့ဗျာ၊ မကောင်းပေဘူးလား"

ကျွန်ုပ်စကားကို သူတို့လက်ခံကြပါသည်။

ဇရပ်ပေါ်တွင် ကျွန်ုပ်တို့ (၃) ယောက်၏ အိပ်ရာများကို ပြင်ပေးထားပြီး သူတို့လည်း ဒီတစ်ညတာအတွက် ဇရပ်မှာပင်အိပ်ကြမည်ဟု ဆိုပါသည်။

ညီတော်မောင် မောင်ကောင်းဆက်နှင့် ကျွန်ုပ်၏ သူငယ်ချင်း ကိုသူတို့လည်း အိပ်ရာထဲ၌ဝင်၍လဲလျောင်းနေကြပြီ။ ဆိုင်ကယ်နှင့်တောင်တက်၊တောင်ဆင်း ခရီးပြင်းနှင်ခဲ့ကြရသောကြောင့် သူတို့ပင်ပန်းလာကြပြီ။

❐

ကျွန်ုပ်သည် စောစောအိပ်ရာဝင်ရန် အလေ့အကျင့် မရှိပါ။ ခက်ခက်ခဲခဲ သွားလာရသော ဂမ္ဘီရခရီးစဉ်တိုင်း ရောက်လေရာအရပ်၌ ဘုရားရှိခိုးခြင်း၊ မေတ္တာဘာဝနာပွားခြင်း၊ မြတ်ဗုဒ္ဓဂုဏ်တော်များကို ပွားထုံခြင်းကို လုပ်နေကျ

ဖြစ်သည်။

ဂမ္ဘီရဆိုသည်မှာ လျှို့ဝှက်နက်နဲဆန်းကြယ်သောသဘောရှိလေသည်။ သဘာဝ၏ လျှို့ဝှက်စွမ်းအင်ထူးများသည် ဖြူစင်သောသီလရှိသူနှင့်သာ ထိုက်တန်ကြောင်း ကျွန်ုပ် ယုံကြည်ပါသည်။ ကျွန်ုပ်သည် ဂမ္ဘီရကျင့်စဉ်သမားတော့ မဟုတ်ပါ။ ဂမ္ဘီရလောဘသံမားဟု ပြောလိုကပြောနိုင်ပါသည်။ ကျွန်ုပ်၏ သူတော်ကောင်း မိတ်ဆွေ ရသေ့ကြီး ဦးဒီပပြောသကဲ့သို့ ဂမ္ဘီရမုဆိုးဟုသာ မိမိကိုယ်ကို ခံယူရပါတော့သည်။ မုဆိုးတို့သည် သားကောင်၏အနံ့ကိုခံ၍ ဖဝါးခြေထပ်လိုက်ရသကဲ့သို့ ကျွန်ုပ်တို့သည်လည်း ဂမ္ဘီရပစ္စည်းများနောက်သို့လိုက်နေခဲ့ကြသည် မဟုတ်ပါလော။

ကျွန်ုပ်သည် သတိ၊ ပညာကို မလျှော့တမ်း လက်ကိုင်ပြုခဲ့ပါသည်။ ငါးပါးသီလကို လုံခြုံစွာ ထိန်းသိမ်းပါသည်။ မတော်လောဘနှင့် ဘာသာရေးဆိုင်ရာ ရတနာသုံးပါးနှင့်ဆက်စပ်သော ပစ္စည်းများကို လုံးဝမပတ်သက်အောင် ရှောင်ရှားပါသည်။

ကျွန်ုပ်သည် စေတီတော်လေးဆီသို့ ထွက်လာခဲ့သည်။ ကဆုန်လဆုတ်ရက်များဖြစ်၍ ကောင်းကင်၌ လသာနေသည်။ လရောင်သည် အင်အားရှိသည်တော့ မဟုတ်ပါ။ ကောင်းကင်တွင် မိုးသားတိမ်တိုက်များ အကွက်အလိုက်လိုက်မည်းချိပ်ချိပ်တက်နေသည်။ ပုလောင်အိုက်စပ်စွာ ခံစားရသည်။ စေတီတော်တွင် အသင့်ပါလာသော အလင်းတိုင်၊ နံ့သာတိုင်များကို ပူဇော်ထွန်းညှိသည်။ လေမတိုးစေရန် အုတ်ကျိုးအုတ်ပဲ့များနှင့် ကာရံရသေးသည်။ ဘုရားဝတ်တက်ခြင်းပြုပြီးသည်နှင့် တောစောင့်နတ်၊ တောင်စောင့်နတ်၊ ကွင်းပိုင်နယ်ပိုင်များနှင့် မြစ်ကြောင်းတစ်လျှောက်၌ စောင့်ရှောက်နေသော မြစ်စောင့်နတ်များကို မေတ္တာပို့သသည်။ အထူးသဖြင့် ရွှေကျင်မြို့နယ်ဒေသဖြစ်သောကြောင့် ကိုကိုကြီး၊ မမကြီး မြို့စောင့်နတ်ဘီလူးကြီးများကို အာရုံစူးစိုက်မေတ္တာပွားပို့သည်။ ထိုသို့ မေတ္တာပို့ရာတွင် စိတ်ပါလက်ပါဖြစ်လာသောကြောင့် စိတ်သည် ကြည်နူးဝမ်းသာသော အခြေအနေမျိုးဖြစ်လာသည်။ တောရိပ်တောင်ရိပ်တို့နှင့် တိတ်ဆိတ်ငြိမ်သက်သောနေရာ ဖြစ်သောကြောင့်လည်း အာရုံစုစည်းမှုပို၍အားကောင်းလာခြင်း ဖြစ်ဟန်တူသည်။ ကျွန်ုပ်သည် မေတ္တာပို့ပြီးသော် သရဏဂုံကျင့်စဉ်ကို ယခင်

ကာလ နေ့စဉ်ပွားထုံနေကျအတိုင်း အာရုံမိမိဖြင့် ကျင့်ပွား ပုတီးစိပ်ခဲ့သည်။ ကျွန်ုပ်တို့မိသားစုသည် ရွှေပေါ်ကျွန်း ဆရာတော်ဘုရားကြီး၏ တပည့်ဝေနေယျများ ဖြစ်ကြသည်။ တစ်မိသားစုလုံးကုန် သတ္တဝါတို့၏သွေးသားများကို စားသောက်ခြင်းမှ ရှောင်ကြည်ခဲ့ ကြသည်။ ကျွန်ုပ်ကမူ အဓိဋ္ဌာန် စွဲမြဲစွာဖြင့် သွေးသားသက်သတ်လွတ်စားသောက်ခြင်းပြုခဲ့သည်မှာ ကာလများကြာမြင့်ခဲ့ပါပြီ။

အဓိဋ္ဌာန်ပြီး၍ ဇရပ်ပေါ်သို့ ပြန်တက်ခဲ့ချိန်တွင် ဧည့်သည်ရော အိမ်ရှင်များပါ တခေါခေါဟောက်လျက်နှစ်ခြိုက်စွာ အိပ်မောကျနေကြလေပြီ။

❐

အိပ်ရာထဲရောက်သော်လည်း အိပ်မပျော်ဘဲဖြစ်နေသည်။ မဟာသရဏဂုံဂါထာတော်ကြီးကို အထပ်ထပ်အခါခါ ကျရင့်ပူဇော်လျက် ပုတီးပတ်များဆက်လက်ပွားများနေမိသည်။ ဇရပ်အိုလေးအတွင်း မှိတင်းခိုအောင်းနေသော အိမ်မြှောင်များသည် တကျွတ်ကျွတ်နှင့် ကြက်သီးထဖွယ် စုတ်ထိုးလျက်ရှိသည်။ စောင်ချမ်းပင်ကြီးမှ တောက်တဲ့ကြီးကလည်း တစ်ကြိမ်မက မကြာခဏဆိုသလို အောင်မြင်ပီသစွာ အော်မြည်နေသည်။ နာရီကို ကြည့်လိုက်သော် (၁၂) နာရီထိုးလေပြီ။ သန်းခေါင်ကြက်များ၏တွန်သံကို ရွာဘက်ဆီမှ ကြားရသည်။

ပူလောင် အိုက်စပ်လာသည်။ ညသည် ညဉ့်နက်လေပူပြင်းငြိမ်သက်လေဖြစ်လာသည်။ ခန္ဓာကိုယ်တွင် ချွေးများယိုစီးစိမ့်ထွက်လာသည်မှာ အင်္ကျီကိုညှစ်ချရလို ဖြစ်သည်။ ကျွန်ုပ်လည်း အိပ်မပျော်တော့မည့်အတူတူ မအိပ်တော့ဟု ဆုံးဖြတ်ပြီး ဇရပ်ပေါ်မှ အောက်သို့ဆင်းလိုက်သည်။ လဆုတ်ည၏အလင်းရောင်နှင့် ခပ်လှမ်းလှမ်းတွင်ရှိနေသော ကျောက်ကြီးချောင်းကိုလည်း လှမ်း၍မြင်နေရသည်။ ကျောက်ကြီးချောင်းသည် ကျောက်ကြီးဒေသရှိ တောင်စွယ်တောင်တန်းများပေါ်မှ မြစ်ဖျားခံစီးဆင်းလာသော တောင်ကျချောင်းတစ်ခု ဖြစ်သည်။

ငွေရောင်မြွေဖြူကြီးတစ်ကောင် လူးလွန့်နေသလို လရောင်ဝိုးတဝါးတွင် တသွင်သွင် စီးဆင်းနေသောချောင်း။ ထိုချောင်းထဲတွင် အဆောက်အအုံတစ်ခုပါလား။

www.burmeseclassic.com

'ဟာ - ရှင်ဥပဂုတ္တဖောင်တော်နဲ့ တူပါရဲ့'

ဟူ၍ ကျွန်ုပ် တွေးမိသည်။ မိမိ၌ အသင့်ပါလာသော လိမ္မော်သီး၊ ပန်းသီး နှင့် နံ့သာတိုင်၊ အလင်းတိုင်များကို လွယ်အိတ်တွင်ထည့်ပြီး ချောင်းကလေး ရှိရာသို့ ဝိုးတဝါးလမ်းကလေးမှာ အား နည်းနေသော လျှပ်စစ်ဓာတ်မီးအား အဖော်ပြုရင်း ထွက်လာခဲ့သည်။

ချောင်းနှင့်ဝါးတစ်ရိုက်အကွာတွင် ဝါးပိုးဝါးတို့နှင့် စနစ်တကျ ဖွဲ့စည်းထား သောဖောင်တော်သည် ကျောက်ချထား သကဲ့သို့ ရပ်တည်လျက်ရှိသည်။

ဖောင်ပေါ်တွင် ကျွန်ုပ်တစ်သက် တာတွင် တစ်ခါမှ မမြင်ဘူးသော အလွန် လက်ရာမြောက်လှသည့် ကြေးပြာသာဒ် တော်ကြီးကို မြင်ရသည်။ မှိန်ဖျော့သော လရောင်တွင်ပင် ကြေးဝါတို့သည် ရွှေ ရောင်အလား ဝင်းဝါတောက်ပနေသည်။ ထိုကြေးပြာသာဒ်ကြီး၏အတွင်း၌ကား ရှင်ဥပဂုတ္တမထေရ်မြတ်ကြီးစံတော်မူနေ သည်။

ထူးခြားသည်မှာ ရှင်ဥပဂုတ္တ မထေရ်မြတ်ကြီးမှာ လူသားတစ်ယောက် အရွယ်ပမာဏဖြစ်နေသည်။ ဝါတော်ရ ရဟန်းတော်ကြီးတစ်ပါး တင်ပျဉ်ခွေထိုင် နေဟန်ရှိသည်။ တွေ့နေကျဖြစ်သော သပိတ်တော်ကို လက်တော်နှိုက်လျက် ကောင်းကင်သို့ မျှော်ကြည့်နေသောပုံ တော်မျိုး မဟုတ်ပါ။ သပိတ်တော်မှာ ကိုယ်တော်မြတ်ကြီး၏အနီးတွင်ချထား သည်။ ကိုယ်တော်မြတ်ကြီးမှာ မလှုပ် မယှက် ငြိမ်သက်တည်ကြည်စွာ ရှာန် သမာပတ်ဝင်စားနေဟန် ထိုင်တော်မူနေ ခြင်း ဖြစ်သည်။

ကျွန်ုပ်သည် တဆုန်လပြည့်ကျော် ၃ ရက်နေ့ ညဦး၏အလင်းရောင်နှင့် ဖူး မြင်နေရခြင်းဖြစ်သည်။ မှိန်ဖျော့သော အလင်းရောင်ကြောင့် အားမရနိုင်အောင် ဖြစ်နေသည်။ ဖောင်တော်ပေါ် အရောက် သွားရောက်ကြည်ညိုလိုစိတ်များ တဖွား ဖွားပေါ်လာသည်။ သို့ပါသော်လည်း သွားရောက်ဖူးမြော်နိုင်ရန် ခွင့်မသာပါ။ အနီးအနား၌ သစ်သား၊ ဝါးများဘာမှ မရှိ။ လှေငယ်တစ်စင်းဟူသည် ဝေလာ ဝေးဖြစ်သည်။ ကံအားလျော်စွာ ကမ်း စပ်၌ ပေါလောပေါ်နေသော ငှက်ပျော တုံးတစ်တုံးကို တွေ့ရသည်။ ကျွန်ုပ်သည် ထိုငှက်ပျောတုံးကို အသုံးချရန် တွေးမိ သည်။ ကျွန်ုပ်အသင့်ယူဆောင်လာသော အမွှေးတိုင် (နံ့သာတိုင်) များကို မီးညှိ ထွန်းစိုက်လိုက်သည်။ ပလတ်စတစ်အိတ် နှင့် ထည့်ထားသော လိမ္မော်သီးနှင့် ပန်းသီးများကို စေတနာသဒ္ဓါတရား ထက်သန်စွာနှင့် ငှက်ပျောတုံးပေါ်တွင် တင်လှူပူဇော်လိုက်သည်။ အိတ်များကို လိမ့်လဲမကျသွားစေရန် ဘေးမှ သစ်ခက် များကို ဝန်းရံ၍ထိုးစိုက်ထားလိုက်သည်။ ဖယောင်းတိုင်အတုတ်ကြီး (၅) တိုင်ကို လည်း မိမိ၌ အသင့်ပါလာသော မောင်း ချခြား၊ မားဦးချွန်နှင့် ငှက်ပျောတုံးကို ထိုးဆွပြီး စိုက်ထူမီးထွန်းပူဇော်သည်။ ဖယောင်းတိုင်(၅)တိုင်၏ အလင်းရောင် ကြောင့် ပို၍လင်းလင်းချင်းချင်းဖြစ်သွား သည်။ ငှက်ပျောတုံးကြီးကိုမလှုပ်မလဲစေ ရန် အနီး၌တွေ့ရသော ကျွဲနွယ်ချုံမှ ကျွဲ နွယ်ချောင်းအချို့ကို ခုတ်ယူ၍ ငှက်ပျော တုံးကို တစ်ဖက်တစ်ချက်စီမှ ထိုးသွင်း လိုက်သည်။ ငှက်ပျောတုံးသည် သစ်သီး တင်၊ ဖယောင်းတိုင်စင်သဖွယ်ဖြစ်သွား သည်။ ရေပြင်တွင် အလင်းရိပ်များဖြာ ကျ၍ အမွှေးတိုင်ရနံ့သင်းပျံ့နေသည်။

ရိုသေစွာ လက်အုပ်ချီပြီး မိမိစိတ် ဓာတ်ကို ညွှတ်နူးကိုင်းရှိုင်းစေလျက် အကြိမ်ကြိမ်ဦးချပြီး ဖူးမြော်နေမိသည်။ မိမိအနီးရှိ ကျွဲနွယ်ချောင်းတစ်ခုကို အသုံးပြု၍ ရဟန္တာမြတ်ကြီး၏ ဖောင် တော်အနီးသို့ ဆိုက်ကပ်စေရန် အဓိဋ္ဌာန် နှင့်ထိုးလွှတ်လိုက်ပါတော့သည်။ အဓိဋ္ဌာန် မှာ -

"ကျွန်ုပ်သည် ရတနာသုံးပါးကို ကြည်ညိုပူဇော်သက်ဝင်ယုံကြည်ပါ၏။ ဤသစ္စာစကားကြောင့် ကျွန်ုပ်ပြုသော ကုသိုလ်ကောင်းမှုအဖို့ကို အရှင်မဟာ ဥပဂုတ္တရဟန္တာမြတ်ကြီးသည် ကောင်း စွာ အလှူခံယူနိုင်စေရန် အလှူပစ္စည်း ဝတ္ထုများသည် ဖောင်တော်ရှေ့သို့ တည့် မတ်စွာ ရောက်ရှိ ဆိုက်ကပ်ပါစေ သတည်း"

ဟူ၍ ဖြစ်သည်။

လှူဖွယ်ပစ္စည်းများ တင်ဆောင် ထားသော ငှက်ပျောတုံးသည် ရေစီးသန် လှသော ကျောက်ကြီးချောင်းရေတွင် မျောလွင့်ပါသွားခြင်းမရှိဘဲ စံတော်မူရာ ဖောင်တော်ရှေ့တည့်တည့်သို့ ဖြည်း ညင်းစွာ ရွေ့လျားသွားခဲ့သည်။ တစ် ကိုယ်လုံး ကြက်သီးဖျန်းဖျန်းထအောင် ဝမ်းသာကြည်နူးမှုများဖြစ်လာရသည်။ ဖော်မပြနိုင်သော ပီတိစိတ်နှင့် ပေါ့ပါး လန်းဆန်းနေမိပါတော့၏။

အနီးသို့ ရောက်သွားပြီဖြစ်၍ ဖယောင်းတိုင်တို့၏အလင်းရောင်သည် ဖောင်တော်ထဲရှိ ကိုယ်တော်မြတ်ကြီး၏ သွင်ပြင်ကို သေသေချာချာ ကြည်ညိုဖူး တွေ့ခွင့်ရစေခဲ့သည်။ ရဟန္တာမြတ်ကြီး၏ သင်္ကန်းတော်အောက်နားတွင် ရေအတန် အသင့်စိုနေသည်ကိုပါ ဖူးတွေ့ရသည်။ ရှပ်တုလော၊ ကိုယ်တော်မြတ်ကြီးကိုယ် တိုင်ပေလော ဝေခွဲ၍မရအောင်ဖြစ်နေ သောစိတ်သည် တစ်မျိုးတစ်ဖုံပြောင်းလဲ သွားခဲ့သည်။ ကျွန်ုပ် ဖူးတွေ့ရသော ရဟန္တာမြတ်ကြီးမှာ သက်ရှိထင်ရှားဖြစ် သည်ဟုယုံကြည်မိပြီး တရှိန်ရှိန်တသုတ် သုတ်ဖြင့် ကြက်သီးများ ဦးခေါင်းဆံဖျား မှသည် ခြေဖျား၊ ခြေဖျားမှသည် ဦးခေါင်း ဆံဖျားသို့တိုင် ဖြစ်ပေါ်လာနေ၏။ ဝမ်း မြောက်မှုကား အတိုင်းအဆမရှိတော့ပါ တကား။

ကျွန်ုပ်သည် ဖောင်တော်ရှေ့ရှိ ကမ်းစပ်တွင် အသင့်တွေ့ရသော ကျောက်ပြားကြီးပေါ်တွင် ထိုင်လျက် အကြိမ်ကြိမ် ဦးချပူဇော်ပြီးသော် ရှင်ဥပဂုတ္တရဟန္တာမြတ်ကြီးကို ပူဇော် သော ဂါထာတော်မြတ်အား မိမိ၏ သက်စေ့ထက် တစ်ခေါက်ပို၍ (၄၂) ခေါက်တိတိ ရွတ်ဆိုပူဇော်နေမိပါ၏။ ကျွန်ုပ်ရွတ်ဆိုပူဇော်သော ဂါထာတော် မှာ -

□ *ဒိနေ ဒိနေ နမာမဟံ၊*
*ဥပဂုတ္တ မဟာထေရံ။*
*မာရ ဗန္ဓန နိတေဇံ၊*
*သောနေဌာန် အာဂစ္ဆတု။*
*အန္တရာယော ဝိသောမေတွာ၊*
*သုခံဒေတု ပုနပ္ပုနံ။*

ဟူ၍ ဖြစ်သည်။

ဂါထာတော်ကို ရွတ်ဆိုပူဇော်ပြီး သည်နှင့် မိမိလိုလားနှစ်သက်ရာ ဆု တောင်းပတ္ထနာကိုပြုပါ၏။ လှိုက်လှဲဝမ်း မြောက်စွာ (၃၁) ဘုံသားအပေါင်းတို့ကို အားပါးတရ အမျှသုံးကြိမ် ဝေငှပါ၏။ ထိုစဉ် ချောင်းရေပြင်သည် လှိုင်းတံပိုး ထလှုပ်ခတ်လာတော့၏။ ထက်ရဝ်ဝန်း ကျင်မှ သာဓုခေါ် ဆိုသံများကို လှိုင်းသံ၊ လေသံများနှင့်အတူ ရောထွေးပဲ့တင် ထပ်ကြားရ၏။

တောင်တန်း၊ တောအုပ်များဆီမှ တဝေါဝေါအသံကြီး ဖြစ်ပေါ်လာ၏။ ဟာ - ဘာပါလိမ့်။ ကျွန်တော် ရောက် စကတည်းက သံသယဝင်စိုးရိမ်နေမိ သော ရာသီဥတုကား ဆိုးဝါးခြင်းအစ ပြုခဲ့ပြီ။ မုန်တိုင်း။ ထိုမုန်တိုင်းဖြစ်ရန် အတွက် တစ်ညနေလုံး၊ တစ်ညတာလုံး





www.burmeseclassic.com

www.burmeseclassic.com

အလွန် ပူပြင်းအိုက်စပ်နေခဲ့သည်ပဲ ဖြစ်မည်ဟု တွေးမိသည်။

ကျွန်ုပ်သည် အခြေအနေအရပ်ရပ်ကြောင့် ရဟန်္တာကိုယ်တော်မြတ်ကြီး ထံပါးမှ မခွဲခွာချင်သေးသော်လည်း မုန်တိုင်းကြီးလာနေပြီဖြစ်၍ မိမိတည်းခိုရာ စခန်းသို့ အသော့နှင်ပြန်လာခဲ့ရပေတော့သည်။

ကျွန်ုပ် ဇရပ်ပေါ်သို့ရောက်သောအခါ အတီးစောဖိုးထူး၊ ဦးဘိုးသိန်းနှင့် ကိုမောင်ကိုတို့ နိုးနေကြသည်။ သူတို့သည် ကျွန်ုပ်ကိုတွေ့သောအခါ ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားကြသည်။

"ဟာ - ဆရာကိုထိုက်ရယ်၊ ကျွန်တော်တို့များ ဆရာဘယ်သွားနေပါလိမ့်၊ တမှိုတပါးပဲသွားသလား၊ ဘယ်ပျောက်နေလဲဆိုပြီး စိုးရိမ်လိုက်ရတာဗျာ။ ခုပဲ လိုက်ရှာကြတော့မလို့။ အရှေ့ထဲ လေတွေကတိုက်လာတော့ ခုမှပဲ စိတ်အေးသွားရတယ်။ အပြင်ဘက်မှာတဝေါဝေါ တဒိုင်းဒိုင်းနဲ့ မုန်တိုင်းလာနေတယ်၊ သစ်ပင်တွေပြိုကျသံကြားရတယ်။ ရွာဘက်မှာလည်း တီရှောင်နဲ့အော်သံ၊ လူသံတွေ ဆူညံနေတယ်။ ရွာလူကြီးအိမ်တလည်း အရှေ့ပေါ် မောင်းထုပြီးလူစုနေတယ်ဗျ။ လေဆင်နှာမောင်းမွှေနေပြီဗျ"

ဟူ၍ ကိုမောင်ကိုက ရှင်းပြနေသည်။

ကောင်းဆက်နှင့် ကိုသူတို့ နှစ်ယောက် အိပ်ရာမှလူးလဲထကြသည်။ ပြူးတူးပြဲတဲအထိတ်တလန့်နှင့် ကျွန်ုပ်မှာ သူတို့ကိုကြည့်ရင်း ငိုအားထက်ရယ်အားသန် ဖြစ်ရသည်။

"ဘာတွေဖြစ်နေတာလဲဗျ အစ်ကိုကြီးရ"

ဟု ကောင်းဆက်က အထိတ်တလန့် မျက်နှာငယ်နှင့် အေးလာသည်။

"ဘာမှမဟုတ်ပါဘူးကွာ။ မုန်တိုင်းတိုက်နေတာပါ"

ကျွန်ုပ်က ပြောပြောဆိုဆို နာရီကို သတိထားကြည့်လိုက်ရာ (၁) နာရီကျော်ခန့်ဖြစ်သည်။ ချောင်းကမ်းပါး၌ ရှင်မဟာဥပဂုတ္တရဟန္တာမြတ်ကြီးကို (၁) နာရီတိတိ ပူဇော်ခွင့်ရခဲ့သည်ကို တွေးရင်း မုန်တိုင်းကို မထိတ်မလန့် ပီတိစိတ်နှင့် ဖြတ်ကျော်နေမိသည်။

အတီးစောဖိုးထူးသည် ဇရပ်ပေါ်မှဆင်း၍ အပြင်ဘက်တောတောင်အခြေအနေ၊ လေတိုက်ခတ်ပုံတို့ကို လေ့လာပြီး ပြန်ရှင်းပြနေသည်။

"တရာဖိုး၊ ကျွပ်တစ်သက်တစ်ကိုယ် တစ်ခါမှမဖြစ်ဘူးတာတွေဖြစ်နေတယ်ဗျ"

"ဟာ - ဘာလဲကွ ဖိုးထူးရ"

"ရွာထဲမှာရော တောင်ပေါ်မှာပါ လေနီကြမ်းဝင်မွှေနေတာဝေ့။ မင်းတို့ အကြားပဲလေ။ အိမ်တွေဘယ်လောက် ပါကုန်ပြီလဲမသိဘူး။ သစ်ပင်တွေလည်း တဝုန်းဝုန်းလဲပြိုနေလိုက်တာ လေတိုက်ချက်ပြင်းတယ်ဝေ့။ အေး - ဒါပေမယ့် မင်းတို့သတိမထားမိဘူးလား။ တို့ဘုရားဝင်းထဲမှာရှိတဲ့သစ်ပင်တွေက ဘယ်အပင်မှမလှုပ်ဘူးဝေ့။ သစ်ရွက်တစ်ရွက်တောင်မကြွေဘူး။ ပြီးတော့ တို့နေတဲ့ ဇရပ်ဖျက်ဇရပ်ဟောင်းဟာ အမိုးတွေ လန်ပြီး မပြိုမကျဘဲ အုတ်တိုက်ကြီးလို ဖြစ်နေပါလားဝေ့။ မင်းတို့သိချင်ရင် အပြင်ထွက်ကြည့်ကြဝေ့"

စောဖိုးထူးက ကရင်သံဝဲဝဲနှင့် ပြောပြနေသည်။

ကျွန်ုပ်တို့အားလုံး ဇရပ်ကလေးပေါ်မှဆင်း၍ အခြေအနေကို အကဲခတ်ကြသည်။ ပတ်ဝန်းကျင်သည် အဝီစိပွက်သကဲ့သို့ လူသံ၊ တီရှောန်သံတို့နှင့် ဆူညံနေပါ၏။ ကျွန်ုပ်တို့၏ ဘုရားပရိဝုဏ်အတွင်း၌မူ ထူးခြားစွာအေးဆေးငြိမ်သက်လျက်ရှိသည်ကို အံ့ဩစွာတွေ့ရပါတော့သည်။

"အေးကွယ်၊ ဒါဟာ တို့ဘုရားရှင်ရဲ့ တန်ခိုးတော်ကြီးပဲဝေ့။ တို့ရော တရာကိုထိုက်တို့ပါ သူတော်ကောင်းစိတ်မွေးပြီး ကုသိုလ်လုပ်ချင်ကြတာကြောင့် ဒီလိုဖြစ်ရတာပေါ့"

"အေး - မင်းပြောတာဟုတ်တယ်ကွယ့်။ ကဲ - အချိန်သိပ်မရှိတော့ဘူး။ မုန်တိုင်းလည်း နည်းနည်းငြိမ်သွားပြီ။ ဆရာလေးကိုထိုက် အိပ်ရသေးပုံမပေါ်ဘူး။ အားရှိသွားအောင် တစ်ရေးတစ်မောမှေးလိုက်ပါဦးလေ"

ဟု ဦးဘိုးသိန်းက ပြောလေသည်။

ကျွန်ုပ်လည်း မုန်တိုင်းစဲစတွင်ပင် ဝိုက်စင်းလာသောမျက်တောင်တို့ကြောင့် အိပ်ရာဝင်လိုက်ရာ မကြာမီပင် အိပ်ပျော်ခြင်းသို့ ရောက်သွားလေတော့သည်။

❐

နံနက်ခင်းတွင် ဝင်းပနေသော နေရောင်ခြည်၌ ဦးလေးကိုဘိုးသိန်းတို့၏ သံစားကျောက်တုံးကြီးကိုစစ်ဆေးကြည့်ရှုရပါသည်။ သံစားကျောက်ဆိုသည်မှာ အလွန် အဖိုးထိုက်တန်သော သဘာဝ သယံဇာတ ဖြစ်သည်။ သံစားကျောက်ပေါ်သို့ မည်သည့်သံအပိုင်းအစမဆို တင်လိုက်လျှင် ခဏချက်ချင်း ပျော့ခွေသွားနိုင်သည်။ ဖယောင်းကို မီးအပူပေးသကဲ့သို့ဖြစ်စေသည်။

ကျွန်ုပ်သည် သူတို့ ပုဆိုးဟောင်းတစ်ထည်နှင့် ရိုသေစွာ ထုပ်ပိုးထားသော သံစားကျောက်ဟု ပြောသော ကျောက်တုံးကြီးပေါ်သို့ ဘရိုတ်မားနှင့် သံချောင်းကလေးနှစ်ချောင်း၊ သုံးချောင်းခန့်ကို တင်ထားကြည့်သည်။ အတန်ကြာအောင် စောင့်ကြည့်သော်လည်း မည်သည့်လက္ခဏာမျှမပြပါချေ။ ဦးဘိုးသိန်းတို့အဖွဲ့ မျက်နှာမကောင်းပါလေ။

ကျွန်ုပ်က ရှင်းပြရသည်။

"ဦးလေးတို့ရေ 'လုပ်တိုင်းမဖြစ်စိတ်မညစ်နဲ့၊ ဖြစ်ချင်တိုင်းသာ ဖြစ်နေပါက ဘယ်မှာ အနတ္တရှိမည်နည်း' ဆိုတဲ့ ဘုရားရှင်ရဲ့ တရားတော်ရှိတယ်လေ။ ဦးလေးတို့ တူမောင် ဖိုးထိုက်တန် ဆိုတဲ့ တောင် လုပ်တိုင်းဖြစ်နေရင် သူဌေးကြီး ဖြစ်နေပြီပေါ့ဗျာ"

"သံစားကျောက်အကြောင်းပြောပြဦးမယ်၊ ဗဟုသုတပေါ့နော်။ သံစားကျောက်ဆိုတာ အလွန်အဖိုးတန်တယ်။ အောင်ရင် သိန်းထောင်ချီပြီးရတယ်လို့ ဆိုကြတယ်။ ဝိဇ္ဇာရသမားတွေ မုဆိုးအမဲလိုက်သလို ရှာနေကြတာဗျ။ အောင်တယ်ဆိုတဲ့လူတော့ မကြားဖူးသေးဘူး။ ဒီတော့ဘာဆန်းလဲဗျာ။ နောက်ပြီးတော့ ကျွန်တော်တို့ ဗုဒ္ဓဘာသာစာပေတွေမှာ သူရိယကန္တရကျောက်နဲ့ စန္ဒရကန္တရကျောက်ဆိုတဲ့အကြောင်းတွေ ကြားဖူးတယ်။ စန္ဒရကျောက်ဆိုတာ လပြည့်နေ့တွေမှာ လရောင်နဲ့တွေ့ရင် ရေတွေအန်ထွက်တယ်။ သူရိယကန္တရကျောက်ကတော့ နေရောင်နဲ့တွေ့ရင် အခိုးတွေထွက်သတဲ့ဗျ။ အခု ဦးလေးတို့ကျောက်တုံးကြီးက အရင်တောင်ပေါ်မှာ သဘာဝအတိုင်းရှိနေစဉ်က အခိုးအငွေ့တွေထွက်တယ်ဆိုတော့ သူရိယကန္တရကျောက်မျိုးထဲပါနိုင်တာပေါ့နော်။ အခုလိုနေရိပ်ထဲမှာထားတော့ ဘယ်မှာလာပြီးအခိုးထွက်တော့မလဲ။ သံစားကျောက်ဆိုတာ သူရိယကန္တရကျောက် ဟုတ်၊ မဟုတ်ဆိုတာတော့ ကျွန်တော်လည်း မပြောနိုင်ပါဘူးလေ"

ကျွန်ုပ်သည် သူတို့စိတ်ပြေလက်ပျောက်ဖြစ်ရေး ပြောပြနေခြင်း ဖြစ်သည်။

ထိုစဉ်တွင် မိန်းမပျိုလေး (၂) ယောက်သည် စတီး(လ်)ချိုင့်ကလေးများ ဆွဲ၍ ရောက်လာကြသည်။



www.burmeseclassic.com

www.burmeseclassic.com

"အပါးရေ့ တို့တင်းကုပ်ကြီးတော့ ပြိုသွားပြီဝေ့။ ခြံထဲကသစ်ပင်တွေလည်း လဲလို့ကုန်ပြီ၊ တစ်ရွာလုံး အိမ်တွေပြိုတဲ့ အိမ်ပြို၊ အမိုးလန်တဲ့အိမ်လန်နဲ့ဝေ့"

ဟု ကရင်သံဝဲဝဲနှင့် စောဖိုးထူ၏ သမီးကလေးက ပြောနေသည်။

"ဟုတ်ပါရဲ့တော်။ သမီးတို့အိမ် လည်း ဘေးကိုယိုင်သွားတယ်၊ ပြိုတော့ မပြိုဘူး။ နောက်ဖေးက စပါးကျီအမိုး တွေတော့ ဘယ်ရောက်ကုန်မှန်းမသိ ဘူး။ တစ်ရွာလုံးလည်း ရစရာမရှိတော့ ပါဘူး"

ဟု ဦးဘိုးသိန်း၏ သမီးငယ်က ထပ်၍ ရှင်းပြနေသည်။

ကျွန်ုပ်သည် ကြားရသောသတင်း စကားများကြောင့် စိတ်မကောင်းဖြစ်ရ သည်။ သို့သော်လည်း သဘာဝဘေး ဒဏ်ဟူသည် ကျရောက်လာပြီးမှတော့ ဘာများကောတတ်နိုင်ပါဦးမည်နည်းဟု စိတ်ဖြေရတော့သည်။

မိန်းမပျိုကလေးများသည် သူတို့ ပါလာသောဆီထမင်း၊ ခေါပုပ်နှင့် ကြက် သားကြော်၊ ဆတ်သားခြောက်တို့ကို ကောင်းမွန်စွာ ပြင်ဆင်၍ တည်ခင်း ကျွေးမွေးကြပါသည်။ ဓာတ်ဘူးနှင့် လက်ဖက်ရည်ကြမ်းလည်း ပါလာကြ သည်။ မုန်တိုင်းကြားက စေတနာထား ၍ မဖြစ်ဖြစ်အောင်စီစဉ်လာသော စား ဖွယ်များဖြစ်နေ၍ အံ့အားတသင့်ဖြစ်ရ သည်။ အလွန်လည်း အားနာနေမိပါ၏။

"အေးဗျာ၊ အားနာစရာကောင်း လိုက်တာ။ မုန်တိုင်းထဲကစေတနာမို့ ကျွန်တော်တို့ ဘယ်လိုကျေးဇူးတင်ရမှန်း တောင် မသိအောင်ပါဘဲ"

ဟု ကျွန်ုပ်က ပြောရသည်။

ကလေးမ (၂) ဦးလည်း စားဖွယ် များကို ပြင်ဆင်ပေးပြီး ရွာဘက်သို့ပြန် သွားခဲ့ကြသည်။ ဦးလေးကိုဘိုးသိန်းက ဝိုင်းဖွဲ့ စားသောက်နေကြရင်းက -

"ဆရာထိုက်ရယ်၊ ဦးလေးတို့က စေတီပြင်ချင်တဲ့စိတ်ပဲရှိပါတယ်ဗျာ"

ဟု သူ၏ ဓာတ်ပြားဟောင်းကြီး ကို ဖွင့်ပြလေသည်။

"ဒီမှာ ဦးလေးတို့၊ ကျွန်တော် ပြောပါရစေဦး။ ဘုရားစေတီပြုပြင်တည် ထားချင်တဲ့စိတ်သာ ခိုင်ခိုင်မာမာထား ကြပါ။သေချာပေါက်အောင်မြင်ပါတယ်။ ဘုရားရှင်ကိုယ်တော်မြတ်ကြီးကိုသာ အာရုံပြုပြီးလုပ်ကြည့်ပါ။ မအောင်မရှိ ပါဘူး။

ဒီလိုလုပ်ပါလားဗျာ။ ဦးလေးတို့ သံစားကျောက်ကို အားမကိုးဘဲနဲ့ ကိုယ့် လုပ်အားကိုပဲ အားကိုးကြည့်စမ်းပါ။ တတ်နိုင်သလောက် စတည်ပြီး လုပ်ငန်း ကို စကြည့်ပါ။ စတယ်ဆိုရင် ပြီးဖို့ပဲရှိ တယ်။ မအောင်မြင်နိုင်စရာမရှိပါဘူး"

ကျွန်ုပ်သည် ပြောပြောဆိုဆိုနှင့် ဘုရားတည်နိုင်ရန် ငွေ (၅၀၀၀) တန် (၁၀) ရွက်ကို လှူဒါန်းခြင်းပြုလိုက်ပါ တော့သည်။

"ကျွန်တော်လည်းလှူဦးမယ်ဗျ"

ဟု ကိုသူတကပြော၍ ငွေ (၂) သောင်းကို လှူလေသည်။ ကျွန်ုပ်၏ ညီ တော်မောင် မောင်ကောင်းဆက်မှာ ကျွန်တော့်မျက်နှာကို လှမ်းကြည့်သည်။ သူ့ကို မုန့်ဖိုးနှစ်ထောင် ကျွန်ုပ်က နေ့စဉ် ပေးနေကျ ဖြစ်သည်။ သူ့မုန့်ဖိုးကို တောင်းဆိုလိုဟန်ရှိသည်။ ကျွန်ုပ်က မောင်ကောင်းဆက်ကို ငွေ (၅၀၀၀)တန် (၂) ရွက်ပေးလိုက်သည်။

မောင်ကောင်းဆက်ကလည်း အား ကျမခံ လှူလိုက်သည်။

"ကျွန်တော်က ငွေ (၁) သောင်း လှူမယ်ဗျာ"

ဟု ပြောလေသည်။ ဦးဘိုးသိန်း လက်သို့ ငွေ (၁)သောင်းပေးလိုက်သည်။

သူတို့တစ်တွေ ကျွန်ုပ်တို့ကို အံ့ဩ ဝမ်းသာကြည့်နေကြသည်။ ကျွန်ုပ်လည်း သတိရလာသည်နှင့် -

"ဟာ - ကျွန်တော်တော့ ဒီမှာ မစားရမနိုက်ရသေးတဲ့ ကောက်ညှင်း ဆီထမင်းပန်းကန်ကို ချောင်းကမ်းပါးစပ် ကိုသွားပြီး ရှင်ဥပဂုတ္တဖောင်တော်မှာ လှူချင်တယ်ဗျာ။ အဲဒါ ကျွန်တော့်ကို ခွင့်ပြုပါနော်"

ဟု ခွင့်တောင်းလိုက်မိသည်။ တစ်ဆက်တည်း -

"ကောင်းဆက်နဲ့ ကိုသူလည်း လိုက်ခဲ့ကြကွ။ အင်မတန်ထူးခြားတဲ့ ရှင်ဥပဂုတ္တရဟန္တာမြတ်ကြီးကို မင်းတို့ဖူး ကြရမယ်ကွယ့်"

ဟု စိတ်အားထက်သန်စွာ ပြော လိုက်သည်။

"ဘာဗျ- ဆရာကိုထိုက်၊ ဘယ်မှာ လဲ ရှင်ဥပဂုတ္တဖောင်တော်။ ကျွန်တော် တို့လည်း မသိပါလားဗျာ"

ဟု ဦးဘိုးသိန်းက ပြောလေသည်။

"ဦးလေးဦးဘိုးသိန်းကလည်း၊ ဒီက နေ တစ်ခေါ် လောက်သွားရင်ရောက်တဲ့ ကျောက်ကြီးချောင်းထဲမှာ ရှင်ဥပဂုတ္တ ဖောင်တော်ကြီးရှိတာ ဦးလေးတို့မတွေ့ ကြဘူးလား။ ဝါးပိုးဖောင်တော်ပေါ်မှာ ကြေးပြာသာဒ်ကြီးနဲ့လေ"

"ဟာ - ဆရာထိုက်တော့ လုပ်က ရော့မယ်၊ မရှိပါဘူးဗျာ။ ကျုပ်တို့ ဒီ ချောင်းဘေးမှာ နေလာကြတာ ကြာလှ ပေါ့"

ကျွန်ုပ်က ရှိသည်၊ သူတို့က မရှိ ဟု ငြင်းခုံနေစဉ် -

"ဒါက လွယ်လွယ်လေးပါပဲဗျာ။ ငါတို့ အခုသွားလိုက်ကြတာပေါ့ဗျာ"

ဟု အတီးစောဖိုးထူးက ပြော သည်။

ကျွန်ုပ်တို့အားလုံး ချောင်းကမ်းပါး သို့ ဆင်းလာကြသည်။ ကျွန်ုပ်လက်တွင် ဆီထမင်းပန်းကန်ကို ရိုသေစွာ ကိုင် ဆောင်လာခဲ့သည်။ ချောင်းကမ်းနားသို့ ရောက်ခဲ့ပြီ။ ကျွန်ုပ် ညက ခုတ်ယူထား သော ကျွဲနွယ်ချိုင်းများကို လတ်လတ် ဆတ်ဆတ်တွေ့ရသည်။ ကျွန်ုပ်ထိုင်ခဲ့ သော ကျောက်ဖျာချပ်ကြီးကိုလည်း မြင် ရသည်။ သို့သော် ဖောင်တော်ကြီးကိုမူ မတွေ့ရတော့ပါ။ ငှက်ပျောတုံးကလေး ကတော့ ကျွဲနွယ်ချောင်းကလေးများ တစ်ဖက်တစ်ချက်ထိုးလျက်သား စီးမျော နေသေးသည်။ ဖောင်တော်ကြီးက ဘယ်ကို မျောက်ကွယ်စီးမျောသွားပြီ နည်း။ မုန်တိုင်းနှင့်အတူ မြင်ကွင်းမှ ပျောက်သွားခြင်းပေလော။

ကျွန်ုပ် မစဉ်းစားတတ်အောင် အံ့ဩနေမိသည်။ အိပ်မက်မဟုတ်သော တကယ့်ဖြစ်ရပ်ကို ကျွန်ုပ်ကိုယ်တိုင် ကြုံ ခဲ့ရသည် မဟုတ်ပါလား။

ဦးဘိုးသိန်းတို့အုပ်စု၏ ငြင်းခုံခြင်း ကို အရှုံးပေး၍ အသာတကြည် လက်ခံ လိုက်ရပါသော်လည်း ကျွန်ုပ်ဘာသာ ကြည်နူးကျေနပ်နေခဲ့မိပါသည်။

ကျွန်ုပ်သည် သက်ရှိထင်ရှား ရဟန္တာမြတ်ကြီးကို ဖူးမြင်ခဲ့ရသူ ဖြစ် သည်။ အလွန်ထူးခြားဆန်းကြယ်သော မုန်တိုင်းထဲမှ ရှင်ဥပဂုတ္တရဟန္တာမြတ်ကြီး ကို တစ်ခဏသောညဉ့်သန်းခေါင်ယံကာလ တွင် ကျွန်ုပ်ဖူးမြင်ခဲ့ရသည်ကို ယနေ့တိုင် မမေ့နိုင်ဘဲရှိပါသည်။ ပြန်လည်တွေး တောမိတိုင်း ပီတိလှိုင်းများထလျက် ဝမ်းသာကြည်နူးရမြဲဖြစ်ပါတော့သည်။

(ဝန်ခံချက် - လူငယ်တစ်ယောက် ၏ ဖြစ်ရပ်မှန် အတွေ့အကြုံကို ခံစား ရေးဖွဲ့ပါသည်။)

မေတ္တာရှည်လျက်

မျိုးတင့် (ညောင်လေးပင်)



www.burmeseclassic.com

www.burmeseclassic.com

ရတနာသုံးပါးနှင့် စပ်လျဉ်းသော ရတနာသုံးပါးကို ဦးထိပ်ထား ရွတ်ဆိုသော မည်သည့် ဂါထာတော်ဆိုအင်အားရှိ၊ အစွမ်းရှိသည်သာ ဖြစ်ကြပါ၏။ ရွတ်ဆိုပူဇော်သော ပုဂ္ဂိုလ်၏သီလ၊ သမာဓိအင်အားအလိုက် ဝင့်ကြွားရှိခြင်း၊ မရှိခြင်း စသည်တို့အပေါ်မူတည်ကာ ထက်မြက်ခြင်း အနည်းအများ ကွာခြားမှုကားရှိပါလိမ့်မည်။

- ❑ စေ အစိန္တိယာ ဗုဒ္ဓါ၊
  ဗုဒ္ဓ ဓမ္မာ အစိန္တိယာ၊
  အစိန္တိယေ ပသန္နာနံ၊
  ဝိပါကော ဟောတိ အစိန္တိယော။

ဘုရားရှင်တို့မည်သည် မကြံစည်အပ်ကုန်။ ဘုရားရှင်တို့၏ တရားတော်တို့သည်လည်း မကြံစည်အပ်ကုန်။ မကြံစည်အပ်သောအရာ၌ ကြည်ညိုဆည်းကပ်သူတို့၏ အကျိုးသည်လည်း မကြံစည်နိုင်တော့ချေ။

ဤသို့ ဗုဒ္ဓ အပဒါန် ပါဠိတော်၌ လာရှိလေ၏။

❑

ကျွန်ုပ်သည် အသက် (၁၃) နှစ်သားအရွယ်နှင့် ဟိုက်စကူးလ်ဖိုင်နယ်ခေါ် တန်းမြင့်ကျောင်းထွက်အတန်းဟူသော (၉) တန်းသို့ရောက်ရှိခဲ့လေရာ ထိုစဉ်က (၁၅) နှစ်မပြည့်လျှင် Under age ဟူ၍ စာမေးပွဲဖြေဆိုခွင့် မရသဖြင့် အတန်းထဲတွင် ရေပေါ်ဆီနေရပြီး ကျောင်းအားရက်များတွင် ကျွန်ုပ်ဖခင်၏ ကြက်သွန်ဂိုဒေါင်တွင် ချိန်တွယ်စာရင်းကိုင်ရခြင်း၊ ရေနံချောင်း [illegible] ပြည်၊ ရေနံချောင်းနှင့် မန္တလေးသွား ခရီးသည်တင် ဘတ်(စ်)ကားများပေါ်တွင် ငွေကိုင်အဖြစ်လိုက်ရခြင်း စသဖြင့် ဖခင်၏ လုပ်ငန်းတို့ကို ကူညီလုပ်ကိုင်ခဲ့ရလေ၏။

ကျွန်ုပ်ဖခင်၏ ညီဝမ်းကွဲတော်စပ်သူ ဦးရင်မောင်မှာ ကျွန်ုပ်ကို အလွန်ခင်တွယ်သကဲ့သို့ ထိုစဉ်က ကျွန်ုပ်မှာ သေးကွေးသော လူညက်ကလေးဖြစ်သဖြင့် ကျွန်ုပ် ခရီးသွားလမ်းသွားအန္တရာယ်တွေ့မည်ကို အလွန်စိုးရိမ်တတ်သူဖြစ်လေ၏။

သို့ဖြစ်လေရာ ကျွန်ုပ်ကို ခရီးသွားလမ်းသွား အမြဲရွတ်ဆိုရန် ဂါထာတစ်ပုဒ်ကို နှုတ်တိုက်ချကာ သင်ကြားပေးလေ၏။



# ဉာဏဝိန္ဒု

## ခရီးသွားရာ အားကိုးရာ



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်မှာ လေးနှစ်သားအရွယ်တပင် ဘုန်းတော်ကြီးကျောင်းတွင် ပညာသင်ယူခဲ့ရသူဖြစ်လေရာ ငယ်စဉ်တပင် ပရိယတ္တိစာပေတို့ကို အာဂုံဆောင်သော အာဂမောင်ဖြစ်ခဲ့သဖြင့် ထွေးလေးရင်မောင်၏ ခရီးသွားဂါထာကို သုံးကြိမ်တိတိ လိုက်ရွတ်ဆိုပြီးသည်နှင့် အာဂုံရပြီ ဖြစ်လေ၏။

"အေးကွ မောင်မောင်ရ အာဂုံရမှ အာဂလူကွ။ ကဲ - အသံထွက်မှန်မှန်နဲ့ ရွတ်ပြစမ်းကွာ"

ထွေးလေးက ခိုးကျပြီး ထပ်မံ [illegible]တ်ဆိုပြခိုင်းရာ ကျွန်ုပ်က ရွတ်ဆိုပြရလေ၏။

□ ပါသာဏာ သက္ခရာစ္စေ၀၊
ကထလာ ခါဏုကဏ္ဍကာ။
သဗ္ဗေ မဂ္ဂါ ဝိဝဇ္ဇန္တု၊
ဂစ္ဆန္တေ လောကနာယကေ။
ဧတေန သစ္စဝဇ္ဇေန၊
ဂမနံ မေ သမိဇ္ဈတု။

ကျွန်ုပ်က အသံနေအသံထားမှန်မှန်နှင့် ရွတ်ဆိုပြပြီး -

"အနက်ကော ချပေးပါဦး ထွေးလေး"

"အေး အေး၊ အနက်ပေးမယ်။ လိုက်ဆိုကွာ"

ထွေးလေးက ဂါထာ၏အနက်ကို ရှေ့ကချပေးပြီး ကျွန်ုပ်က နောက်မှလိုက်ဆိုတာ ရှေးရှေးက နည်းစံနစ်အတိုင်း သင်ပေးသင်ယူပြုနေကြလေတော့၏။

**လောကနာယကေ** - လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါတို့၏ လမ်းပြရှေ့ဆောင်ဖြစ်တော်မူသော မြတ်စွာဘုရားရှင်သည်၊ **ဂစ္ဆန္တေ** - ထိုထိုအရပ်တို့သို့ ဒေသစာရီ ကြွချီတော်မူလေသော်၊ **ပါသာဏာစေဝ** - ကျောက်လွှာကျောက်ချပ်တို့သည် လည်းကောင်း၊ **သက္ခရာစ** - ကျောက်စရစ်ခဲတို့သည် လည်းကောင်း၊ **ကထလာစ** - အိုးခြမ်းကွဲအိုးခြမ်းပဲ့အစအနတို့သည်လည်းကောင်း၊ **ခါဏုကဏ္ဍကာစ** - သစ်ငုတ်ဆူးငြောင့်တို့သည် လည်းကောင်း၊ **သဗ္ဗေ** - အလုံးစုံသော ထိခိုက်ရှနဖွယ်ဟူသမျှတို့သည်၊ **မဂ္ဂါ** - မြတ်စွာဘုရားရှင် ကြွချီတော်မူရာလမ်းမှ၊ **ဝိဝဇ္ဇန္တု** - ပါရမီဆယ်ပါး ဘုန်းတော်စွမ်းများကြောင့် လမ်းဖယ်တိမ်းရှောင်ကြလေကုန်၏။



[illegible] သစ္စဝဇ္ဇေန၊ ဂမနံ မေ [illegible] ၍သစ္စာစကားကြောင့် [illegible] သွားခြင်းသည် အောင်မြင်ပြီးမြောက် [illegible] သတည်း။

[illegible] ဤဂါထာတော်က မြတ် [illegible] ကြွလှမ်းတော်မူရာမှာ [illegible] ဂါထာတော်တစ်ပါးကို ဖွဲ့ဆို [illegible] မောင်ရာ။ တို့တွေ လူကြီး [illegible] ခရီးသွားခါနီး ကန်တော့ [illegible] ဆုပေးလဲ"

[illegible] - သွားလေရာ၊ လာ [illegible] မထိ ဆူးမငြိပါစေနဲ့။ [illegible] ပါစေ၊ အေးရှင်းပါစေ။ [illegible] ပြီး သတော်တောင်း



www.burmeseclassic.com

www.burmeseclassic.com

တွေနဲ့ တွေ့ပါစေ။ အဲ. . . အဲ"

"တော်ပါပြီ တော်ပါပြီ မောင်မောင်ရာ၊ ဒီလောက်ဆို ရပါပြီ။ အဲဒီဆုပေးတဲ့ အတိုင်းတွေအတိုင်း ဒီဂါထာရွတ်ပြီး ခရီးသွားရင်ရတာပေါ့ မောင်ရာ"

"တွေးလေး ဒါမျိုးတွေ ကြုံဖူးလား"

"ဟ - ကြုံဖူးတာပေါ့။ ပြီးခဲ့တဲ့လထဲကတင်လေ။ ငါကြက်သွန်ဖိုးငွေတွေနဲ့ ရွာပြန်သွားတာ မင်းမှတ်မိတယ်မှတ်လား"

"အြော် - ဟိုတစ်ခါ သန်းခေါင်ကျော်မှ တွေးလေးငွေထုပ်နဲ့ပြန်သွားတဲ့ညကလား"

"အေးပေါ့ အေးပေါ့။ အဲဒီညကပေါ့"

❐

"ညဉ့်နက်လှပြီ ရင်မောင်၊ ဘာစောင့်နေတာတုံး"

"ဟို ပင်းဘုရားကြီးကုန်းသူကြီးကိုစောင့်နေတာ အစ်ကိုကြီး"

"မင်းကို ကြက်သွန်ဖိုးတွေပေးလိုက်တာနော်၊ လမ်းမှာမှောင်နေရင်မကောင်းဘူး။ မင်းလှည်းတွေက ကမ်းနားက စောင့်နေကြမှာလား"

"လှည်းတွေကို ပြန်နှင့်လို့ပြောလိုက်တာ အစ်ကိုကြီး"

"ဟာ - မင်းအတော်ခွကျတဲ့အကောင်ပဲကွာ။ ဘယ့်နှယ်-လှည်းတွေပြန်လွှတ်ရတယ်လို့ ငွေနဲ့ခြေကျနဲ့ဟာကို"

ကျွန်ုပ်၏ ဖခင်က ဦးရင်မောင်ကို စိတ်ပူပန်စွာ ပြောဆိုနေလေ၏။

"ကိစ္စမရှိပါဘူး အစ်ကိုကြီး။ ပင်းဘုရားကုန်းသူကြီးမှာ မြောက်လုံးပြူးပါတာပဲ ဥစ္စာ"

"အေးအေး။ ဒါဆိုလည်းပြီးရော"

ထိုစဉ်က ကျွန်ုပ်တို့ ကြက်သွန်ဂိုဒေါင်မှာ ရှစ်မျက်နှာကျောင်းဝင်းအတွင်းရှိ မိုးကောင်းကျောင်းဝင်းအတွင်း၌ ဆောက်လုပ်ထားရခြင်း ဖြစ်၏။ ကားဂိုဒေါင်ရော ကြက်သွန်ဂိုဒေါင်ပါ ထိုကျောင်းဝင်းအတွင်း တွဲလျက်ဆောက်လုပ်ထားရ၏။

ညတွင်းချင်း ရန်ကုန်သို့တင်ပို့ရန် ကြက်သွန်များကို အမျိုးသမီးများက ရွေးချယ်ကြ၍ အမျိုးသားများက အိတ်များအတွင်းထည့်၊ ချုပ်၊ ချိန်ပြုလုပ်ကြပြီး ကားပေါ်သို့ တင်ကြရ၏။ ထိုစဉ်က ကြက်သွန်အိတ်များမှာ ဂုန်နီအိတ်ပါးများဖြစ်ကြ၍ မိမိပွဲရုံတံဆိပ်ကို မိမိတို့ဘာသာ ရိုက်နှိပ်တင်ပို့ကြရခြင်း ဖြစ်၏။ ကျွန်ုပ်တို့ပွဲရုံမှ ရွေးယုန်မင်းအကောင်းစားကြက်သွန်မှာ ထိုစဉ်က နေ့စဉ် ရေဒီယိုမှ ကုန်ဈေးနှုန်းသတင်းလွှင့်ရာ၌ပါခဲ့သည်အထိ နာမည်ရခဲ့လေ၏။

(ယခုအခါတွင်ကား ရွှေလဝင်းရောင်းဝယ်ရေး ဟူသော ကြက်သွန်လုပ်ငန်းကြီးသည် လုံးဝပျက်စီး၍ ယနေ့လူငယ်တို့အဖို့ ဒဏ္ဍာရီသဖွယ်သာဖြစ်နေလေပြီ။ ဤကဲ့သို့ဖြစ်ခဲ့ရခြင်းတို့ လူအများတို့ သင်ခန်းစာယူနိုင်ရန် ဖြစ်ရပ်မှန်တို့ကို ရေးသား တင်ပြပါဦးမည်။)

"မောင်မောင်ရေ"

"ခင်ဗျာ ဖေဖေ"

"ဖေဖေပြန်နှင့်မယ်။ ကားတင်ပြီး ပန်းစာကို မင်းဘာသာရေးပေးလိုက်။ အလုပ်သမားခရှင်းပေးဖို့ ပိုက်ဆံယူထားလိုက်"

ကျွန်ုပ်၏ ဖခင်က ကျွန်ုပ်ကို ပေးစရာများပေးထားခဲ့ပြီး တစ်ရပ်ကွက်အတွင်းရှိ ဂိုဒေါင်နှင့် မဝေးလှသည့် ကျွန်ုပ်တို့ တိုက်အိမ်သို့ ပြန်သွားလေ၏။

ဖခင်ကြီးပြန်သွားသည်နှင့် ကျွန်ုပ်မှာ အလုပ်သမားများကို လောဆော်ပေးရလေတော့၏။

"ဦးကျော်ကြီး အိပ်ငိုက်မနေနဲ့လေ။ ထည့်ထားတဲ့အိတ်တွေများနေပြီ ထချုပ်ဦး"

"ဦးမောက်ရေ ဦးအေးမောင်ကော"

"ဘိုနီတို့အိမ်ရေနွေးကြမ်းသွားယူတယ်"

"ကြာနေပြီ၊ ကျွန်တော်* သူ့ကို မမြင်တာ"

"သူ အဲဒီမှာနောက်ဖေးနောက်ဖီသွားဦးမှာကိုးကွ မောင်မောင်ရ"

"အင်းပါ အင်းပါ။ ကားမနက်ဖြန်ရောက် သန်ဘက်ခါမနက်ရောင်းချိန်မီအောင်ဗျို့၊ အဲဒါကြောင့်လောနေတာ"

ထိုစဉ်က ကျွန်ုပ်တို့ကားများမှာ Ford V.8 ကားများမို့ ကျွန်ုပ်မှာ လောနေရခြင်း ဖြစ်လေ၏။

"မောင်မောင်ရေ မောင်မောင်။ ရင်မောင်ရှိလားဟေ့"

မေးမေးပြောပြောနှင့် ကြက်သွန်ဂိုဒေါင်ပေါ်တက်လာသူမှာ ပင်းဘုရားကြီးကုန်းရွာသူကြီး။

"တွေးလေးရင်မောင်ရှိတယ် ဦးသူကြီး။ ဟိုထောင့်မှာ မှေးနေတယ်"

ဦးသူကြီးက တွေးလေးရင်မောင် ဂိုဒေါင်ထောင့်တွင် မှီမှေးနေရာသို့သွားပြီး နှိုးလိုက်ရင်းက -

"ရင်မောင်ရေ၊ ဒီည ငါရွာမပြန်အားဘူးကွာ။ ဒီမှာကိစ္စလေးရှိနေလို့ အဲဒါလာပြောတာ။ ဟိုကွာ ငါလည်းကိစ္စက အရေးကြီးနေလို့ပါ"

ဦးရင်မောင် မျက်စိများကို ပွတ်သပ်ရင်းက -

"မောင်မောင်ဘယ်နှနာရီထိုးပြီလဲ"

ကျွန်ုပ်လက်မှ ရွှေရောင်ဖေဗာလူဟာနာရီကိုကြည့်လိုက်ရင်း -

"ဆယ့်နှစ်နာရီဆယ့်ငါးမိနစ်ရှိပြီ တွေးလေး"

"ဟာ - သန်းခေါင်တောင်ကျော်နေပြီ"

"အဲ - ရင်မောင် ငါသွားလိုက်ဦးမယ်။ မောင်မောင်ရေ ငါသွားမယ်ဟေ့"

"ဟုတ်ကဲ့ ဦးသူကြီး၊ ဟုတ်ကဲ့ ခင်ဗျ"

"ကဲ-မောင်မောင်၊ ငါလည်းသွားတော့မယ်ကွာ"

ဦးရင်မောင်က သူ့နောက်ကျောနှင့် မှီထိုင်ထားသော ငွေထုပ်ပါသည့် လွယ်အိတ်ကို ကောက်လွယ်ရင်း မတ်တတ်ထရပ် အညောင်းဆန့်လိုက်လေ၏။

ဦးသူကြီးနှင့် ရှေ့ဆင့်နောက်ဆင့် ဆင်းလိုက်သွားသော ဦးရင်မောင်၏ နောက်ကျောကိုကြည့်ရင်း ကြက်သွန်ဖိုးငွေများအတွက် ကျွန်ုပ်ပင် စိုးရိမ်စိတ်ဝင်သွားလေသေး၏။

သို့သော် လူငယ်ပီပီ စိုးရိမ်စိတ်မှာ ခဏသာ။

❐

လမိုက်ညမို့ စိုးရိမ်စိတ်ဝင်နေသော ဦးရင်မောင်မှာ 'ပါသာဏာ သက္ကရာဇေဝ' အစရှိသော ဂါထာကိုသာ အားကိုးတကြီးနှင့် တောက်လျှောက်ရွတ်ဆိုနေရလေ၏။

ရှေ့နောက်ဝဲယာတို့သို့ ကြယ်ရောင်ဝိုးတဝါးဖြင့် မြင်နိုင်သည့်အကွာအဝေးအထိ တစိုးရိမ်ရိမ်နှင့်ကြည့်မိ၏။ ငွေထုပ်ပါသည့်လွယ်အိတ်ကို စလွယ်သိုင်းလွယ်ပြီး ခေါင်းပေါင်းထားသည့် ပုဆိုးဟောင်းကို ဖြေလိုက်ကာ ခေါင်းမြီးခြုံ ကွင်းစွပ်ခြုံထားလိုက်၏။ မကြာခဏလည်း ရှေ့နောက်ဝဲယာတို့ကို ကြယ်ရောင်မှိန်မှိန်တွင် မြင်သလောက် ဂရုတစိုက်ကြည့်မိ၏။

ဦးရင်မောင် နေ့ဘက်သို့



www.burmeseclassic.com

www.burmeseclassic.com

တစ်ကြိမ်လှည့်ကြည့်ရာတွင်မူ လူရိပ်မည်းမည်းလေး၊ ငါးယောက်ခန့် သုတ်ခြေတင်လာနေသည်ကို မြင်မိ၏။

မိတ်ဆွေ၊ ရန်သူခွဲခြားမသိနိုင်၍ အသံအသက်မပြုဘဲ ဗုဒ္ဓမြတ်စွာဘုရားရှင်၏ ဂုဏ်တော်ဂါထာကိုသာ တိုးတိုးနှင့် တောက်လျှောက်ရွတ်ဆိုနေရင်း ဦးရင်မောင် အမြန်နှုန်းတင်ကာ လျှောက်နေ၏။

နောက်လှည့်ကြည့်လိုက်ပြန်ရာ နောက်မှ လူရိပ်ငါးရိပ်က သူ့ထက်မြန်နေကြောင်း တွေ့ရ၏။ ရင်ထဲတွင် ထိတ်ခနဲဖြစ်သွားရာက ငါ့မှာ ဗုဒ္ဓမြတ်စွာဘုရားရှင် အားကိုးရှိတယ်၊ ဘုရားရှင်ရဲ့ ဂုဏ်တော်ကို ကြည်ညိုတဲ့ ငါ့မှာလည်း ဘုရားရှင်ကို ဘယ်လိုဆူးငြောင့်ခလုတ်တမှ အန္တရာယ်မပေးနိုင်သလို ငါ့ကိုလည်း အန္တရာယ်ပေးနိုင်မှာ မဟုတ်ဘူးဟု ယုံကြည်စိတ်ပေါ်လာရာ ခြေလှမ်းကို မှန်မှန်ပြန်လျှောက်ရင်း ဂါထာတော်ကိုသာ တိုးတိုးတိုးတိုးနှင့် မဲတင်းရွတ်ဆိုနေလေတော့၏။

"တောက် - မြို့အထွက်တုန်းက မြင်လိုက်ပါတယ်။ ရင်မောင်မှ ရင်မောင်ပါကွာ၊ ကြက်သွန်ဖိုးတွေ ဒီနေ့ချေလိုက်တာကွ"

"အေးလေ ပင်းဘုရားကြီးကုန်းသူကြီးပါလာရင်တော့ တို့လက်ရှောင်ရမှာပေါ့။ အခု သူကြီးလည်း ပါမလာဘူး။ ဒီကောင်တစ်ယောက်တည်းကွ"

"ဟေ့ကောင်တွေ လေပန်းမနေကြနဲ့၊ မျက်စိရှင်ရှင်ထားကြည့်ကြစမ်း"

နောက်မှ လူ (၅) ယောက်အသံက ဦးရင်မောင် နားနားကပ်ပြောနေသလို ကြားနေရ၏။

"မြန်မြန်လျှောက်ကြစမ်းပါကွာ၊ တွေ့တဲ့နေရာတန်းခုတ်ဟေ့၊ စဉ်းစားမနေကြနဲ့"

ဦးရင်မောင် နောက်ဘက်သို့ မသိသော စောင်းငဲ့ကြည့်၏။ နောက်ကလူ (၅) ယောက်မှာ သူနှင့်ဝါးတစ်ရိုက်ခန့် အကွာမှ အမြန်လျှောက်လာနေကြ၏။

ဦးရင်မောင် မရဲသော်လည်း မြေးခဲစေ ဆိုသကဲ့သို့ ရတနာသုံးပါးအားကိုးနှင့် မှန်မှန်ပင်လျှောက်နေ၏။

"ဟေ့ကောင်တွေမြန်မြန်လျှောက်ကြစမ်းကွာ၊ ဟိုးရှေ့တစ်ခေါ် လောက်မှာမြင်လား ပုဆိုးခြုံနဲ့၊ အဲဒါ ရင်မောင်ပဲကွ၊ မြန်မြန်လိုက်ကြစမ်း"

ဦးရင်မောင် အံ့ဩသွား၏။ လူ (၅) ယောက်မှာ သူ့နောက်က ဝါးတစ်ရိုက်ခန့်အကွာမှာ၊ လူ(၅)ယောက် သူ့ကို မြင်ကြသည်က ဟိုးရှေ့တစ်ခေါ် လောက်မှာ။

"မြန်မြန်ဟေ့မြန်မြန်၊ မြန်မြန်မီမှ ဖြစ်မယ်"

သူ့နောက်က လူ (၅) ဦး အပြေးတစ်ပိုင်းနှင့်လာနေကြ၏။ ဦးရင်မောင်က မှန်မှန်လျှောက်နေ၏။ သို့သော် နောက်ကလူများမှာ ဝါးတစ်ရိုက်ထက် ပိုနီးမလာ။ ဝါးတစ်ရိုက်ခန့်ကွာမြဲ။

ဦးရင်မောင်သွားမည့်ရွာမှာ မြို့မှ တစ်နာရီခရီးခန့်ဖြစ်၏။ (၂) တိုင်ခရီး၊ မြန်မာ (၂) တိုင်သည် (၄) မိုင်။ သွားနေကျ သူတို့ခြေလှမ်းများက တစ်နာရီဝန်းကျင်သာ။ ယခုလျှောက်လာသည်မှာ ခန့်မှန်းခြေ လေးဆယ့်ငါးမိနစ်ခန့်ရှိပြီ။

"ဟေ့ - ဟို (၅) ယောက် ရပ်ကြစမ်း။ မင်းတို့ဘယ်ကလဲ၊ ဘယ်သွားမှာလဲ မားတွေနဲ့။ ရပ်ကြစမ်း"

လမ်းဘေးသစ်ပင်ရိပ်မှာ သေနတ်ကိုယ်စီနှင့် ရဲ (၃) ယောက်။ လမိုက်ည ဖြစ်သော်လည်း နေ့တွင်မြင်ရသကဲ့သို့ ရှင်းရှင်းကြီးမြင်ကြရ၏။

"ဟေ့ကောင်တွေ မလှုပ်နဲ့နော်။ ဒူးထောက်ထိုင်"

လူ (၅) ယောက် လမ်းပေါ်တွင် ဒူးထောက်ထိုင်လိုက်ကြ၏။

"မားတွေချစမ်း"

(၅)ယောက် ပါလာသောဓားများကို လှည်းလမ်းကြောင်းပေါ် ချလိုက်ကြရ၏။

"ဒူးထောက်လျက်နောက်ဆုတ်"

(၅) ယောက် သေနတ်နှင့် ချိန်ထားသောရဲများခိုင်းသလိုလုပ်ကြရ၏။

"ဝပ်ကြစမ်း၊ မြေကြီးနဲ့မျက်နှာအပ်ထား မော့မကြည့်နဲ့နော်။ မော့ကြည့်ရင် အသေပဲ"

လူ (၅) ယောက်မှာ လှည်းလမ်းကြောင်းကို မျက်နှာအပ်ရင်း ငြိမ်နေကြရလေ၏။

ဦးရင်မောင် မှင်တက်မိသလို ရပ်ကြည့်ရင်းမှ အသာအယာ ခြေဖော့နင်းရင်း ခရီးဆက်လာ၏။

ရွာရောက်လျှင် အိမ်သားများကို အတော်ပင် နှိုးယူရလေ၏။

□

"ဟိတ်ကောင်တွေ ထကြစမ်း၊ ထကြစမ်း။ ဘယ့်နှယ် - လှည်းလမ်းကြောင်းပေါ် လေးဖက်ထောက်ကြီးတွေ အိပ်ပျော်နေကြရတာတုံး"

လူ(၅)ယောက် ကျိုးကြည့်ကြောင်ကြည့်နှင့် လှည်းလမ်းကြောင်းပေါ် မှာ အသျောင်းသျောင်းအညာညာနှင့် ထရပ်လိုက်ကြ၏။

"မင်းတို့ကွာ အတော်နှိုးယူရတယ်ကွာ။ ဘာလဲ၊ မူးနေကြတုန်းလား"

လူ (၅) ယောက် ဘာမှမပြောနိုင် အူကြောင်ကြောင်နှင့်၊ မိမိတို့ဓားများကို လိုက်ရှာကြရင်း ဘာစကားမှမပြောနိုင်။

သူတို့ကိုနှိုးလိုက်သည်မှာ မြို့ပေါ်သို့သွားရောင်းမည့် ဟင်းသီးဟင်းရွက်တင်လှည်းသမားက လူ (၅) ယောက်ကို ရူးနေသူများ သို့မဟုတ် မူးနေသူများ အဖြစ်ကြည့်ရင်း ခေါင်းတယမ်းယမ်းနှင့် လှည်းပေါ် တက်မောင်းကာ ထွက်သွားလေ၏။

"ဒီကောင်တွေ မူးနေတာလား၊ ရူးနေတာလား။ သိုက်စောင့်နဲ့တွေ့လို့ မြေပြင်ရေထင်တူးနေကြတာလား။ ငါလည်း အမူးပြေနေပါပြီ။ တဲ့နွား၊ ဖြော်-ဒီနနက်(နွားနှက်)က"

လှည်းသမားကား နွားငေါက်ရင်း လှည်းမောင်းသွားလေ၏။ လူ (၅) ယောက်အကြောင်း စဉ်းစားကြည့်ရာ အဖြေမပေါ်ဘဲ ချာချာလည်နေလေတော့၏။

□

"ကျွန်တော်တော့ ချာချာလည်နေပြီ ထွေးလေးရဲ၊ ဘယ်ကရဲတွေက ဘယ်လို ရောက်လာတာတုံး"

"ရဲတွေက ထွေးလေးကို ဘာမှ မပြောဘူးကွာ။ ဟို (၅) ယောက်မျက်နှာနဲ့ လှည်းလမ်းကြောင်းထိတာနဲ့ အတုန်အိပ်ပျော်ကုန်ကြရော။ ဒီလောက်မှောင်နေတာမှာ ရဲ (၃) ယောက်ကို နေ့မှာမြင်ရသလိုထင်းထင်းကြီးမြင်ရတယ်၊ ကဲ - ဒါလောက်ဆိုရင်ကို မင်းသဘောပေါက်လောက်ပြီ"

"ထွေးလေးတောင် တရေးရေးလေး၊ ငါးရက်လောက်စဉ်းစားမှ အဖြေပေါ်တာ။ မင်းသိထားဖို့က ရတနာသုံးပါးကိုသာ မပြတ်ဆည်းကပ်နေရင် နီးစပ်ရာ ရုက္ခစိုး၊ ဘုမ္မစိုး၊ အာကာသစိုးနတ်တွေက မကူညီဘဲမနေကြဘူးဆိုတာပါဘဲ မောင်မောင်ရာ။ ဒါကိုတော့ လုံးဝ တုံးတုံးချတဲ့ စိတ်နှလုံးနဲ့ ယုံကြည်လိုက်ပါတော့ကွာ"

ချမ်းသာကြပါစေ

ဉာဏ်ဘိနွှ



www.burmeseclassic.com

www.burmeseclassic.com

၂၀၁၄ ခုနှစ်၊ ဩဂုတ်လအတွက်

# နေသိဒ္ဓိနက္ခတ်မင်္ဂလာအခါတော်

ရှိန်းဒေါင်(ဂမ္ဘီရ)

နေသိဒ္ဓိနက္ခတ်စန်းယှဉ်ချိန်၊ နေသိဒ္ဓိနက္ခတ်လင်္ဂဖြတ်ချိန်၊ နေသိဒ္ဓိနက္ခတ်မွန်းတည့်မျဉ်းဖြတ်ချိန် ၎င်းသုံးပါးထပ်ချိန်တို့တွင် အဓိဋ္ဌာန်ဘာဝနာပွားများခြင်း၊ အဓိဋ္ဌာန်ပုတီးစိပ်ခြင်း၊ အဓိဋ္ဌာန်မန္တန်ဂါထာရွတ်ဖတ်ခြင်း အထူးသဖြင့် မဟာဝေဒပွမန္တန်တော်ကြီးအပါအဝင် ဓနလာဘ်ဆိုင်ရာဂါထာမန္တန်များကို ရွတ်ဖတ်ပူဇော်လျှင်၊ ကျင့်ကြံပွားများမည်ဆိုလျှင် ထူးကဲသော ကောင်းကျိုးချမ်းသာများကို ရရှိခံစားရမည်မှာ မလွဲဧကန်ဖြစ်ပါသည်။ ဤအခါသမယ၌ ၁၁-၈-၂၀၁၄ နေ့ နံနက် (၁း၀၆) နာရီမှ ၁၂-၈-၂၀၁၄ နေ့ ညဦး (၈း၂၁) နာရီတွင် နေသိဒ္ဓိနက္ခတ်သည် စန်းယှဉ်နေမည် ဖြစ်ပါသည်။ ထို့ပြင် ၁၁-၈-၂၀၁၄ နေ့ ညနေ (၁၈း၁၈း၅၀) နာရီမှ (၁၉း၀၆း၅၅) နာရီအတွင်း နေသိဒ္ဓိနက္ခတ်သည် လင်္ဂဖြတ်ကျော်နေမည်ဖြစ်ပြီး ၎င်း ၁၁-၈-၂၀၁၄ နေ့ ညဦးသန်းခေါင် (၂၃း၅၄း၀၀) နာရီမှ (၁း၀၅း၀၅) နာရီတွင် နေသိဒ္ဓိနက္ခတ်သည် မွန်းတည့်မျဉ်းဖြတ်ကျော်မည် ဖြစ်ပါသည်။

| လင်္ဂဖြတ်ကျော်ချိန် | | | မွန်းတည့်မျဉ်းဖြတ်ကျော်ချိန် | | |
|---|---|---|---|---|---|
| စဉ် | ဝင်ချိန် | ထွက်ခွာချိန် | ရက် | ဝင်ချိန် | ထွက်ခွာချိန် |
| ၁ | ၁၈း ၅၈း ၀၉ | ၁၉း ၄[illegible] ၁၄ | ၁ | ၀း ၃၄း ၁၉ | ၁း ၄၄း ၂၄ |
| ၂ | ၁၈း ၅၄း ၁၃ | ၁၉း ၄၂း ၁၈ | ၂ | ၀း ၃၀း ၂၃ | ၁း ၄၀း ၂၉ |
| ၃ | ၁၈း ၅၀း ၁၇ | ၁၉း ၃၈း ၂၂ | ၃ | ၀း ၂၆း ၂၇ | ၁း ၃၆း ၃၃ |
| ၄ | ၁၈း ၄၆း ၂၁ | ၁၉း ၃၄း ၂၆ | ၄ | ၀း ၂၂း ၃၀ | ၁း ၃၂း ၃၇ |
| ၅ | ၁၈း ၄၂း ၂၅ | ၁၉း ၃၀း ၃၀ | ၅ | ၀း ၁၈း ၃၄ | ၁း ၂၈း ၄၁ |
| ၆ | ၁၈း ၃၈း ၂၉ | ၁၉း ၂၆း ၃၄ | ၆ | ၀း ၁၄း ၃၈ | ၁း ၂၄း ၄၅ |
| ၇ | ၁၈း ၃၄း ၃၃ | ၁၉း ၂၂း ၃၈ | ၇ | ၀း ၁၀း ၄၂ | ၁း ၂၀း ၄၉ |
| ၈ | ၁၈း ၃၀း ၃၇ | ၁၉း ၁၈း ၄၂ | ၈ | ၀း ၀၆း ၄၆ | ၁း ၁၆း ၅၃ |
| ၉ | ၁၈း ၂၆း ၄၁ | ၁၉း ၁၄း ၄၆ | ၉ | ၀း ၀၂း ၅၂ | ၁း ၁၂း ၅၇ |
| ၁၀ | ၁၈း ၂၂း ၄၆ | ၁၉း ၁၀း ၅၀ | ၁၀ | ၂၃း ၅၈း ၅၆ | ၁း ၀၉း ၀၁ |
| ၁၁ | ၁၈း ၁၈း ၅၀ | ၁၉း ၀၆း ၅၄ | ၁၁ | ၂၃း ၅၄း ၀၀ | ၁း ၀၅း ၀၅ |
| ၁၂ | ၁၈း ၁၄း ၅၄ | ၁၉း ၀၂း ၅၈ | ၁၂ | ၂၃း ၅၁း ၀၄ | ၁း ၀၁း ၀၉ |
| ၁၃ | ၁၈း ၁၀း ၅၈ | ၁၈း ၅၉း ၀၂ | ၁၃ | ၂၃း ၄၇း ၀၈ | ၀း ၅၇း ၁၃ |
| ၁၄ | ၁၈း ၀၇း ၀၂ | ၁၈း ၅၅း ၀၆ | ၁၄ | ၂၃း ၄၃း ၁၂ | ၀း ၅၃း ၁၇ |
| ၁၅ | ၁၈း ၀၃း ၀၆ | ၁၈း ၅၁း ၅၆ | ၁၅ | ၂၃း ၃၉း ၁၆ | ၀း ၄၉း ၂၁ |
| ၁၆ | ၁၇း ၅၉း ၁၀ | ၁၈း ၄၇း ၁၄ | ၁၆ | ၂၃း ၃၅း ၂၀ | ၀း ၄၆း ၂၅ |
| ၁၇ | ၁၇း ၅၅း ၁၄ | ၁၈း ၄၃း ၁၈ | ၁၇ | ၂၃း ၄၁း ၂၄ | ၀း ၄၂း ၂၉ |
| ၁၈ | ၁၇း ၅၁း ၁၈ | ၁၈း ၃၉း ၂၂ | ၁၈ | ၂၃း ၃၇း ၂၈ | ၀း ၃၈း ၃၃ |
| ၁၉ | ၁၇း ၄၇း ၂၂ | ၁၈း ၃၅း ၂၆ | ၁၉ | ၂၃း ၃၄း ၃၂ | ၀း ၃၄း ၃၇ |
| ၂၀ | ၁၇း ၄၃း ၂၆ | ၁၈း ၃၁း ၃၀ | ၂၀ | ၂၃း ၃၀း ၃၆ | ၀း ၃၀း ၄၁ |
| ၂၁ | ၁၇း ၃၉း ၃၀ | ၁၈း ၂၇း ၃၄ | ၂၁ | ၂၃း ၂၆း ၄၀ | ၀း ၂၆း ၄၅ |
| ၂၂ | ၁၇း ၃၅း ၃၄ | ၁၈း ၂၃း ၃၈ | ၂၂ | ၂၃း ၂၂း ၄၄ | ၀း ၂၂း ၄၉ |
| ၂၃ | ၁၇း ၃၁း ၃၈ | ၁၈း ၁၉း ၄၂ | ၂၃ | ၂၃း ၁၈း ၄၈ | ၀း ၁၈း ၅၃ |
| ၂၄ | ၁၇း ၂၇း ၄၂ | ၁၈း ၁၅း ၄၆ | ၂၄ | ၂၃း ၁၄း ၅၂ | ၀း ၁၄း ၅၇ |
| ၂၅ | ၁၇း ၂၃း ၄၆ | ၁၈း ၁၁း ၅၀ | ၂၅ | ၂၃း ၁၀း ၅၆ | ၀း ၁၁း ၀၁ |
| ၂၆ | ၁၇း ၁၉း ၅၀ | ၁၈း ၀၇း ၅၄ | ၂၆ | ၂၃း ၀၆း ၀၀ | ၀း ၀၇း ၀၅ |
| ၂၇ | ၁၇း ၁၅း ၅၄ | ၁၈း ၀၃း ၅၈ | ၂၇ | ၂၃း ၀၂း ၄၀ | ၀း ၀၃း ၀၉ |
| ၂၈ | ၁၇း ၁၁း ၅၈ | ၁၈း ၀၀း ၀၂ | ၂၈ | ၂၂း ၅၈း ၀၈ | ၂၃း ၅၉း ၁၃ |
| ၂၉ | ၁၇း ၀၈း ၀၂ | ၁၇း ၅၆း ၅၆ | ၂၉ | ၂၂း ၅၄း ၁၂ | ၂၃း ၅၅း ၁၇ |
| ၃၀ | ၁၇း ၀၄း ၀၆ | ၁၇း ၅၂း ၁၀ | ၃၀ | ၂၂း ၅၀း ၁၆ | ၂၃း ၅၁း ၂၁ |
| ၃၁ | ၁၇း ၀၀း ၁၀ | ၁၇း ၄၈း ၁၄ | ၃၁ | ၂၂း ၄၆း ၁၄ | ၂၃း ၄၇း ၂၅ |



www.burmeseclassic.com

www.burmeseclassic.com

ညီညီထွန်း(မုံရွာ)


ထူးခြားစွာမျက်လုံးတော်ပွင့်တော်မူလာသော မုံရွာမြို့ ဒေါနခြံရပ်ကွက်ရှိ

# တောင်ကုန်းလောကမာရဇိန် ဗုဒ္ဓရုပ်ပွားတော်မြတ်

၂၄-၃-၂၀၁၄ ရက်နေ့က မုံရွာမြို့ ဒေါနခြံရပ်ကွက်ရှိ တောင်ကုန်းလောကမာရဇိန်စေတီရဲ့ တောင်ဘက်မျက်နှာလှည့် လိုဏ်မုခ်အတွင်းမှာ သီတင်းသုံး စံပယ်တဲ့ ဗုဒ္ဓရုပ်ပွားတော်ဟာ ထူးခြားစွာ မျက်လုံးတော်ပွင့်လာတာကြောင့် လာရောက် ဖူးမြော်ကြတဲ့ ဘုရားဖူးပရိသတ်တို့ဖြင့် တိုးမပေါက်အောင် စည်ကားနေကြောင်း သတင်းတစ်ခုကို ကြားသိလာရပါတယ်။

အစ်ကိုဖြစ်သူဟာ မနက်ပိုင်း ကိစ္စတစ်ခုနဲ့ အပြင်သွားရင်း ဘုရားမျက်လုံးတော်ပွင့်တဲ့အကြောင်းကို ကြားသိရတော့ ချက်ချင်းဆိုသလိုပင် တောင်ကုန်းလောကမာရဇိန်စေတီကို သွားရောက်ဖူးမြော်ခဲ့ပြီး အပြန်မှာ ဂေါပကအဖွဲ့က ဓမ္မဒါနလက်ဆောင်အဖြစ် ပေးလိုက်တဲ့ ဗုဒ္ဓရုပ်ပွားတော်ရဲ့ ဓာတ်ပုံကို စာရေးသူအား ပေးပြီးပြပါတော့တယ်။ ဓာတ်ပုံထဲမှာ မူလမျက်လုံးတော်ပိတ်နေတဲ့ ဗုဒ္ဓရုပ်ပွားတော်ရဲ့ပုံတော်နှင့် မျက်လုံးတော်ပွင့်တော်မူပြီးနောက်ပိုင်းမှာ ရိုက်ကူးထားတဲ့ ဗုဒ္ဓရုပ်ပွားတော်ရဲ့ ပုံတော်နှစ်ပုံကို ယှဉ်တွဲဖူးတွေ့ရပါတယ်။

စာရေးသူလည်း ဓာတ်ပုံကြည့်ရင်း ဖူးမြော်ရတာ အားမလိုအားမရဖြစ်မိတာကြောင့် မျက်မြင်ကိုယ်တွေ့ဖူးမြော်ဖို့ အဲဒီ သတင်းကြားသိရတဲ့ (၂၄-၃-၂၀၁၄) နေ့ ညနေပိုင်းလောက်မှာ ဒေါနခြံရပ်ရှိ တောင်ကုန်းလောကမာရဇိန်စေတီထံတော်ပါးကို သွားရောက်




မျက်လုံးတော်ပွင့်တော်မူလာသော တောင်ကုန်းလောကမာရဇိန်ဗုဒ္ဓရုပ်ပွားတော်အား ကြည်ညိုဖွယ် ဖူးတွေ့ရစဉ်



ညအခါတော်မြင့်တင်တည်ထားသော တောင်ကုန်းလောကမာရဇိန်စေတီတော်မြတ်ကြီး

www.burmeseclassic.com



ညာဘက်က ကျဉ်းနေပြီး ဘယ်ဘက်က ကျယ်နေတဲ့အနေအထားအတိုင်း ထူးခြားစွာ မျက်လုံးတော်ပွင့်တော်မူလာသော တောင်ကုန်းလောကမာရဇိန်ဗုဒ္ဓရုပ်ပွားတော်မြတ်အား အနီးကပ် ဖူးတွေ့ရစဉ်



ရောင်တော်ဖွင့်ရွှေသင်္ကန်းကပ်လှူပြီးနောက် မျက်လုံးတော်မပွင့်မီ ဖူးတွေ့ရသော တောင်ကုန်းလောကမာရဇိန်ဗုဒ္ဓရုပ်ပွားတော်

ဖြစ်ပါတော့တယ်။

တောင်ကုန်းလောကမာရဇိန်စေတီတော်ကို ရောက်သွားတော့ မျက်လုံးတော်ပွင့်တဲ့ ဗုဒ္ဓရုပ်ပွားတော်ကို လာရောက် ဖူးမြော်ကြတဲ့ ဧည့်ပရိသတ်တွေ တော်တော်စည်ကားနေပါပြီ။ စာရေးသူလည်း အဝင်မုခ်ဦးကနေ အာရုံခံတန်ဆောင်းအတွင်း ဝင်ရောက်ပြီး ရုပ်ပွားတော်ကိန်းဝပ်ရာ ဂန္ဓကုဋိတိုက်အတွင်းဘက်ကို ဘုရားဖူးဧည့်ပရိသတ်တို့ရဲ့ကြားအလယ်လောက်ကနေ တိုးကာဝှေ့ကာ ဝင်ရောက်ခဲ့ပါတယ်။

တောင်ကုန်းလောကမာရဇိန် ဗုဒ္ဓရုပ်ပွားတော်ဟာ ပင်မစေတီတော်ရဲ့ တောင်ဘက်မျက်နှာလှည့် တစ်ဝဂ္ဂလိုဏ်မုခ်အတွင်းရှိ ရွှေပလ္လင်တော်ပေါ်မှာ ဘူမိဖဿမုဒြာဟန်ဖြင့် တောင်ဘက်အရပ်ကို မျက်နှာပြုလျက် ဖူးတွေ့ရပါတယ်။ စာရေးသူအနေနဲ့ အရင်တုန်းက တောင်ကုန်း လောကမာရဇိန်စေတီကို နေ့စဉ်ဆိုသလို ဘုရားဖူးလာရောက်လေ့ရှိရာ ဒီရုပ်ပွားတော်လေးရဲ့ မျက်လုံးတော်နှစ်ကွင်းကို စက္ခုကြွေချလျက် မပွင့်တပွင့်အနေအထားမှာ ဖူးတွေ့ခဲ့ရပါတယ်။ ၂၀၁၁ ခုနှစ် ရောက်တော့ တောင်ကုန်းလောကမာရဇိန်စေတီနဲ့ ဗုဒ္ဓရုပ်ပွားတော် ကိန်းဝပ်စံပယ်ရာ ဂန္ဓကုဋိတိုက်ကို အသစ်တစ်ဖန် ပြန်လည်ပြုပြင်ပြီးနောက်ပိုင်းမှာ အခါအားလျော်စွာပဲ ဗုဒ္ဓရုပ်ပွားတော်မြတ်ကို လုံးတော်ပြည့်ရွှေသင်္ကန်း ကပ်လှူပူဇော်ခဲ့ကြပါတယ်။ အဲဒီလို ရုပ်ပွားတော်မြတ်တစ်ဆူလုံးကို ရွှေသင်္ကန်း ကပ်လှူကြတဲ့အခါ သဒ္ဓါကြည်လင် အလှူရှင်တို့ရဲ့ သဘောဆန္ဒအရ မျက်လုံးတော်နှစ်ဖက်ကိုရွှေအထပ်ထပ်ချခဲ့ကြပါတော့တယ်။ ဗုဒ္ဓရုပ်ပွားတော်ရဲ့ မျက်လုံးတော်တွေပေါ်မှာ ဖုံးဖိပြီး ရွှေချလိုက်တော့ မူလက မပွင့်တပွင့်ဖြစ်နေတဲ့ မျက်လုံးတော်နှစ်ဖက်ဟာ လုံးဝပိတ်သလိုလိုဖြစ်သွားပါတော့တယ်။

မြန်မာနှစ် ၁၃၇၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၈ ရက် (၂၃-၃-၂၀၁၄) ရက်နေ့အရောက်မှာတော့ ရွှေချလိုက်လို့ ပိတ်ဖုံးနေတဲ့ ရုပ်ပွားတော်ရဲ့မျက်လုံးတော်နှစ်ဖက်ပေါ်က ရွှေအထပ်ထပ်တို့ဟာ အလိုအလျောက် ကွဲအက်လာပါတယ်။ အဲဒီ ကွဲအက်လာတဲ့ ရွှေအထပ်ထပ်တို့ကြားကနေ အတွင်းဘက်ရှိ ရုပ်ပွားတော်ရဲ့ မျက်လုံးတော်နှစ်ဖက်ဟာ ထူးခြားစွာ ပြန်လည် ပွင့်ဟ ပေါ်ထွက်လာတော့တာပါ။

ထူးခြားစွာ မျက်လုံးတော်ပွင့်လာတဲ့ ဗုဒ္ဓရုပ်ပွားတော်ကို ဖူးမြော်ဖို့ စာရေးသူဟာ ဦးစွာရုပ်ပွားတော်ကိန်းဝပ်စံပယ်ရာ မှန်ကျောင်းဆောင်ရဲ့ ဘယ်ဘက်အရပ်မှာ သွားရောက် နေရာယူဖြစ်ပါတယ်။ မှန်ကျောင်းဆောင်ရဲ့ ဘယ်ဘက်မှာ စာရေးသူတို့လို ဘုရားဖူးလာတဲ့ ဧည့်ပရိသတ်တွေထဲက အမျိုးသမီးတစ်ဦးကို ဘုရားမျက်လုံးတော်ပွင့်လာတာနဲ့ ပတ်သက်ပြီး စုံစမ်းမေးမြန်းမိပါတယ်။ ဖုန်းနဲ့ဓာတ်ပုံရိုက်ရင်း ဘုရားဖူးနေတဲ့ အဲဒီအမျိုးသမီးက ရုပ်ပွားတော်ရဲ့ မျက်လုံးတော်နှစ်ဖက်ဟာ အနည်းငယ်ပွင့်နေပြီး ဘယ်ဘက်မျက်လုံးတော်ပွင့်နေတာ ပိုကျယ်ပြီး သိသာထင်ရှားတာကြောင့် သေချာဖူးမြော်ရန် ပြောပြပါတယ်။

စာရေးသူလည်း ရုပ်ပွားတော်ကို သေချာဖူးမြော်ကြည့်တဲ့အခါ အနည်းငယ် ပွင့်ဟလျက်ရှိတဲ့ ဗုဒ္ဓရုပ်ပွားတော်ရဲ့ မျက်လုံးတော်နှစ်ဖက်အနက် ဘယ်ဘက်မျက်လုံးတော်ဟာ မို့မောက်ကြွတက်လျက် ပိုကျယ်နေတာကို အံ့ဩဖွယ် တွေ့မြင်လိုက်ရတာပါ။ အရင်က ရွှေမချမီ မူလပကတိဗုဒ္ဓရုပ်ပွားတော်ရဲ့ ဘယ်ဘက်နဲ့ ညာဘက်မျက်လုံးတော်နှစ်ဖက်စလုံးဟာ မပွင့်တပွင့်အနေအ



မျက်လုံးတော်ပွင့်လာသော ဗုဒ္ဓရုပ်ပွားတော်အား လာရောက်ဖူးမြော်ကြသူများဖြင့်စည်ကားနေစဉ်



www.burmeseclassic.com

www.burmeseclassic.com

ထားနဲ့ တူညီစွာ ပွင့်ဟနေပေမယ့်လို့ အခုလို မျက်လုံးတော်ပြန်ပွင့်လာတော့ ညာဘက်မျက်လုံးတော်က အနည်းငယ် ထွင်းနေပြီး ဘယ်ဘက်မျက်လုံးတော်က ပိုကျယ်နေခြင်းဟာ ထူးခြားနေတာကြောင့် လာရောက်ဖူးမြော်ကြတဲ့ ဧည့်ပရိတ်သတ်တို့နဲ့ အထူးစည်ကားများပြားနေခြင်း ဖြစ်တယ်လို့ စာရေးသူက သုံးသပ်မိတယ်။

မျက်လုံးတော် ထူးခြားစွာပွင့်လာတဲ့ ဗုဒ္ဓရုပ်ပွားတော်ကို စာရေးသူနဲ့အတူ ဘုရားဖူးပါလာတဲ့ အစ်ကိုဖြစ်သူက မှတ်တမ်းဓာတ်ပုံများကို ရိုက်ကူးပေးပါတယ်။ အဲဒီနောက် စာရေးသူလည်း ဗုဒ္ဓရုပ်ပွားတော်ကို ဝတ်ပြုရှိခိုးပြီးနောက် ဂန္ဓကုဋိတိုက်ထဲကနေ အာရုံခံဘက်ကို ထွက်ခဲ့ပါတယ်။ အာရုံခံရဲ့ဘယ်ဘက်မှာ ဗုဒ္ဓရုပ်ပွားတော်ရဲ့ မျက်လုံးတော်ပွင့်လာပုံကို မှတ်တမ်းတင်ရိုက်ကူးထားတဲ့ ဗွီဒီယိုကို ပြသထားပါတယ်။ ဗွီဒီယိုမှတ်တမ်းကို လေ့လာကြည့်တဲ့အခါ ရုပ်ပွားတော်ရဲ့ မျက်လုံးတော်နှစ်ဖက်ပိတ်လျက်အနေအထားအတိုင်း ရိုက်ကူးထားတဲ့ မှတ်တမ်းများနဲ့ မြန်မာနှစ် ၁၃၇၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၈ ရက်၊ ၂၀၁၄ ခုနှစ်၊ မတ်လ ၂၃ ရက် ညချမ်းအချိန် ည (၁၀) နာရီ (၄၅) မိနစ်မှာ ရုပ်ပွားတော်ရဲ့မျက်လုံးတော်နှစ်ဖက်ဟာ သိသာထင်ရှားစွာ တစ်ဖက်ကျဉ်းတစ်ဖက်ကျယ် အနေအထားဖြင့် ရုပ်ပွားတော်မူလပုံ မှတ်တမ်းများကို ဗွီဒီယိုမှာ ကြည့်ရှုလေ့လာခွင့်ရခဲ့ပါတယ်။

စာရေးသူဟာ ဗွီဒီယိုမှတ်တမ်းကို လေ့လာကြည့်ရှုပြီးနောက် အာရုံခံရဲ့ ညာဘက်ရှိ အလှူခံဌာနဘက်ကို သွားရောက်ဖြစ်ပါတယ်။ အလှူခံဌာနဘက်မှာတော့ မျက်လုံးတော်ပွင့်တဲ့ ရုပ်ပွားတော်ရဲ့ ဓာတ်ပုံများနဲ့ VCD အခွေများကို ရောင်းချပေးနေတာကြောင့် လာရောက် ဝယ်ယူသူတွေ စည်ကားနေတဲ့အတွက် ဂေါပကအဖွဲ့တွေ မအားလပ်အောင်ရှိနေတာကြောင့် စာရေးသူလည်း ရုပ်ပွားတော်မျက်လုံးပွင့်တော်မူအာနဲ့ ပတ်သက်ပြီး စုံစမ်းမေးမြန်းခြင်း မပြုလုပ်ဖြစ်တော့ဘဲ အိမ်ကိုပြန်ခဲ့ပါတော့တယ်။

မျက်လုံးတော်ပွင့်လာတဲ့ တောင်ကုန်းလောကမာရဇိန် ဗုဒ္ဓရုပ်ပွားတော်ကို ၂၅-၃-၂၀၁၄ ရက်နေ့က ဖူးမြော်ပြီးတော့ နောက်တစ်ရက်ခြားဖြစ်တဲ့ ၂၆-၃-၂၀၁၄ရက်နေ့မှာ ဒုတိယအကြိမ် ထပ်မံ သွားရောက်ဖြစ်ပါတယ်။ ဒုတိယအကြိမ် ရုပ်ပွားတော်ကို ဖူးမြော်ကြည့်လိုက်တော့ ညာဘက်မျက်လုံးတော်ဟာ ပထမအကြိမ် ဖူးမြော်စဉ်ကကဲ့သို့ပင် ပိုမှန်ခပ်ကျဉ်းကျဉ်းသာရှိနေပြီး ဘယ်ဘက်မျက်လုံးတော်ကတော့ မို့မောက်ကြွတက်နေတဲ့ အနေအထားကနေ အနည်းငယ်ပြေလျော့သွားသလို ဖူးတွေ့ရတာပါ။ အဲဒီလို ကြွတက်နေရာကနေ ပြန်လည်ပြေလျော့သွားတော့ ဘယ်ဘက်မျက်လုံးတော်ဟာ အနည်းငယ်ကျဉ်းသလိုဖြစ်နေပါတော့တယ်။

စာရေးသူဟာ ဗုဒ္ဓရုပ်ပွားတော်ရဲ့ ထူးခြားတဲ့ မျက်လုံးတော်နှစ်ဖက်ကို သေချာလေ့လာကြည့်ညိုနေစဉ် အနီးမှာ ဖူးလျက်ရှိနေတဲ့ မယ်မင်း ဆိုသူ ဘုရားဖူးလာရောက်တဲ့ အမျိုးသမီးတစ်ဦးက ဘုရားမျက်လုံးတော်ပွင့်လာခြင်းနဲ့ ပတ်သက်လို့ သူမရဲ့အမြင်ကို အခုလို သုံးသပ်ပြောပြပါတယ်။

"ကျွန်မက ဒီဒေါနခြံရပ်မှာနေတဲ့ သူဆိုတော့ တောင်ကုန်းလောကမာရဇိန်ဘုရားကို နေ့တိုင်းဘုရားဖူးရောက်ပါတယ်။ ဘုရားမျက်လုံးတော်မပွင့်ခင်ကလည်း နေ့တိုင်းရောက်ဖြစ်သလို ဘုရားမျက်လုံးပွင့်ပြီဆိုတော့လည်း ကျွန်မအနေနဲ့ ဝတ်မပျက်အောင် ဘုရားကို ပိုပြီးလာဖူးဖြစ်တာပေါ့။ အဲဒီလို နေ့တိုင်းဘုရားလာဖူးတော့ ဒီရုပ်ပွားတော်က မျက်လုံးတော်ပွင့်ပြီး ထူးခြားတယ်ဆိုတာကတော့ ကျွန်မတို့ကောင်းကောင်းသိတာပေါ့။ အခုလက်ရှိဘုရားက ညာဘက်မျက်လုံးတော်နည်းနည်းကျဉ်းပြီးတော့ ဘယ်ဘက်ကပိုကျယ်နေတာလေ။ အရင်ရက်တွေကဆိုရင် ဘယ်ဘက်မျက်လုံးက ဒါထက်ပိုပြီး မို့မို့မောက်မောက်နဲ့ ကြွတက်နေပြီးတော့ ပိုပြီးတော့လည်း ကျယ်နေတာပေါ့။ အဲဒီကျယ်နေတဲ့ ဘယ်ဘက်မျက်လုံးက နောက်ပိုင်းကျတော့ တဖြည်းဖြည်းနဲ့ ကျဉ်းလာတာလေ။ ခုဆိုရင် ညာဘက်နဲ့ ဘယ်ဘက်မျက်လုံးပွင့်တာ တညီတည်းလိုဖြစ်နေပြီလို့ ကျွန်မတော့ မြင်မိတာပဲရှင်။ ကျွန်မက ဘုရားကို နေ့တိုင်းလာဖူးနေတာဆိုတော့ ဘုရားရဲ့မျက်လုံးတော်အကျဉ်း၊ အကျယ်အနေအထားဟာ တစ်ရက်နဲ့ တစ်ရက်မတူညီကြဘဲနဲ့ ရုပ်ပွားတော်ရဲ့ ဘယ်ဘက်မျက်လုံးတော် ကျယ်ရာကနေ ကျဉ်းသွားတာတွေက ထူးခြားတယ်လို့ ပြောရတော့မှာပေါ့။

အခု ဒီဘုရားမျက်လုံးပွင့်တာကို စတွေ့ခဲ့တာက ကလေးတစ်ယောက်က နေစပြီးမြင်ခဲ့တာလေ။ အဲဒီကလေးရဲ့ အဒေါ် မစန္ဒာဆိုရင် ကျွန်မတို့နဲ့ တစ်ရပ်ကွက်တည်းမှာ နေကြတဲ့သူတွေလေ။ ကျွန်မနဲ့ မစန္ဒာတို့ဆိုရင် ဒီလောကမာရဇိန်စေတီနဲ့ အာရုံခံတွေ အသစ်ပြန်ပြင်တုန်းကဆိုရင် အုတ်တစ်ချပ်၊ သဲတစ်ပွင့်ဆိုသလိုပဲ ကိုယ်တတ်နိုင်သလောက် လုပ်အားဒါနကုသိုလ်ကို အတူတူလာရောက် ပြုလုပ်ဖြစ်ပါတယ်။ အဲဒီလို ကုသိုလ်ကောင်းမှုတွေလုပ်ခဲ့တဲ့ အကျိုးဆက်တွေလို့ပဲပြောရတော့မှာပေါ့။ အခုဆိုရင် ဘုရားက မျက်လုံးတော်ပွင့်တာကို မျက်ဝါးထင်ထင် တွေ့မြင်ရတော့ အတိုင်းမသိ ဝမ်းသာပီတိဖြစ်မိတာပေါ့ရှင်"

တောင်ကုန်းလောကမာရဇိန်ဗုဒ္ဓရုပ်ပွားတော်ရဲ့ မျက်လုံးတော်ပွင့်လာခြင်းနဲ့ ပတ်သက်လို့ မယ်မင်းက သူမရဲ့ ထင်မြင်ယူဆမှုတွေကို ပြောပြပြီးနောက် ဘုရားအတူလာဖူးတဲ့ မယ်မင်းရဲ့မိခင်ဖြစ်သူကလည်း အခုလို ထပ်မံပြောပြပါသေးတယ်။

"အဒေါ်တို့သားအမိက ဒီဘုရားကို နေ့တိုင်း လာဖူးတာပါ။ ဒီဘုရားက တော်တော်တန်ခိုးကြီးတာကွယ့်။ တန်ခိုးကြီးလို့လည်း အခုလို မျက်လုံးတော်ပွင့်ပြီး ထူးခြားတာတွေကို တွေ့နေရတာပေါ့။ နောက်တစ်ခု ဒီဘုရားက တန်ခိုးကြီးသလို ဆုတောင်းလည်းပြည့်တယ်ကွယ့်။ အဒေါ်ကိုယ်တွေ့လို့ပဲ ပြောကြပါစို့ကွယ်။ အဒေါ်ကိုယ်တိုင် ဆုတောင်းပြည့်ခဲ့ဖူးတာတွေလည်း ရှိခဲ့ဖူးတာပေါ့။ ဘာဆုတွေတောင်းလို့ပြည့်ခဲ့သလဲဆိုတာကိုတော့ပြောမပြတော့ဘူးနော်။ အဒေါ်ကိုယ်တွေ့ကတော့ ဆုတောင်းတကယ်ပြည့်ခဲ့ဖူးတယ်ကွယ့်။ အခုလို ဘုရားက မျက်လုံးဖွင့်ပြီး တန်ခိုးပြနေတုန်း ငါ့တူလည်း ဆုတောင်းသွားကွယ်။ ငါ့တူ လိုရာပြည့်ပါလိမ့်မယ်"

စာရေးသူလည်း သိလိုသမျှကို ပြောပြပေးတဲ့ မယ်မင်းတို့ သားအမိကို ကျေးဇူးတင် နှုတ်ဆက်စကားဆိုပြီး တောင်ကုန်းလောကမာရဇိန်ဗုဒ္ဓရုပ်ပွားတော်မြတ်ကို ရှိခိုးဝတ်ပြု မေတ္တာပို့ အမျှဝေရင်း မဂ်ဖိုလ်နိဗ္ဗာန်ချမ်းသာမြတ်ကို ရလွယ်၊ ရောက်လွယ်၊ မျက်မှောက်ပြုလွယ်ဖြစ်ရပါစေကြောင်း ဆုမွန်ကောင်းတောင်းမိပါတော့တယ်။

အဲဒီနောက် စာရေးသူဟာ ဂန္ဓကုဋိတိုက်ထဲကထွက်ခဲ့ပြီး အာရုံခံရဲ့ ညာ



www.burmeseclassic.com

www.burmeseclassic.com

ဘက်ရှိ ဧဂါပကအဖွဲ့ဝင်များထံ သွားရောက်ဖြစ်ပါတယ်။ ဂေါပကအဖွဲ့ဝင်များထံရောက်သွားတော့ အရင်က တောင်ကုန်းလောကမာရဇိန်စေတီကို ဘုရားဖူးလာရောက်ခဲ့စဉ် စာရေးသူနဲ့ အလွန် ခင်မင်ရင်းနှီးခဲ့ရတဲ့ ဘုရားမှာ ဗုဒ္ဓဝေယျာဝစ္စတွေကို နေ့ရောညပါ အနီးကပ်ဆောင်ရွက်နေသူ ဦးမောင်မောင်ဆွေနဲ့ တွေ့ဆုံပြီး ဘုရားမျက်လုံးတော်ပွင့်လာခြင်းနဲ့ပတ်သက်လို့ အခုလို မေးမြန်းကြည့်မိပါတယ်။

ဦးမောင်မောင်ဆွေက -

"ဘုရားမျက်လုံးတော်ပွင့်တာကို ၂၀၁၄ ခုနှစ်၊ မတ်လ ၂၃ ရက် နေ့လယ်ပိုင်း (၂) နာရီလောက်က စသိခဲ့ရတာပါ။ အဲဒီနေ့က ဘုရားဖူးလာတဲ့ ကလေးတစ်ယောက်က စတွေ့ခဲ့တယ်လေ။ အဲဒီကလေးနဲ့ သူ့အဖော်တွေက ဘုရားကို နေ့တိုင်းလာပြီး ဆော့ကြ၊ ကစားကြနဲ့ ပြီးရင် အာရုံခံထဲဝင် ရုပ်ပွားတော်ရှေ့မှာ ဘုရားရှိခိုးတတ်ကြတယ်။ ဘုရားမျက်လုံးတော်ပွင့်တာကို စတွေ့တဲ့ ကလေးကတော့ ဘုရားရှိခိုးရင်း သမ္ဗုဒ္ဓေဂါထာကို ပီပီသသရွတ်ဆိုပြီး ဘုရားကို အာရုံပါပါရှိခိုးတတ်တယ်ကွယ့်။ အဲဒီလို သမ္ဗုဒ္ဓေရွတ်ပြီး ဘုရားရှိခိုးတာ နေ့တိုင်း ဝတ်မပျက်ဘူးပေါ့။ အဲဒီသမ္ဗုဒ္ဓေဂါထာကို မပျက်တမ်းရွတ်ဖတ်ခဲ့တဲ့ ကလေးကပဲ အခု ဘုရားမျက်လုံးတော်ပွင့်တာကို စပြီးမြင်ခဲ့တာလေ"

"ရုပ်ပွားတော်ရဲ့ ညာဘက်နဲ့ဘယ်ဘက်မျက်လုံးတော်နှစ်ဖက်ထဲက ဘယ်မျက်လုံးတော်ကစပြီး ပွင့်လာပါသလဲ ခင်ဗျာ"

"ဘုရားရဲ့ လက်ဝဲဘက် မျက်လုံးတော်က စပွင့်ခဲ့တာလေ။ မျက်လုံးတော် စပွင့်ခါစက လက်ဝဲဘက် မျက်လုံးတော် နေရာမှာချထားတဲ့ရွှေတွေ အက်ကွဲကြောင်းတစ်ခု စဖြစ်လာတာပါ။ အစပိုင်းကတော့ အက်ကွဲကြောင်းလေးကို မည်းမည်းအဖတ်ကလေး ကပ်နေတယ်လို့ ထင်ခဲ့ကြတာပေါ့။ နောက်ပိုင်းတော့ မည်းမည်းအဖတ်လေးလိုဖြစ်နေတဲ့ အဲဒီအက်ကွဲကြောင်းလေးဟာ တဖြည်းဖြည်းနဲ့ကျယ်ကျယ်လာပြီးတော့ အတွင်းဘက်က မျက်လုံးတော်ဟာ လုံးဝ ပွင့်ထွက်လာခဲ့တာပါ။ နေ့လယ်ပိုင်း (၂) နာရီလောက်က လက်ဝဲဘက်မျက်လုံးတော် စပွင့်ခဲ့ပြီးတော့ ညဦးပိုင်း (၁၀) နာရီကျော်ကျော်လောက်ရောက်တော့ မျက်လုံးတော်နှစ်ဖက်စလုံး သိသိသာသာ ပွင့်ထွက်လာခဲ့တာပေါ့။ မျက်လုံးတော်တွေသိသိသာသာပွင့်လာတော့ အတွင်းဘက်ကမျက်သားတော်၊ မျက်ဆန်တော်တွေကို ထင်ထင်ရှားရှားတွေ့နေရတာ ထူးခြားတယ်လို့ ပြောရမယ်"

"ဘုရားမျက်လုံးတော်ပွင့်တာကို လာဖူးကြတဲ့ ဧည့်ပရိသတ်တွေကရော ဘယ်အချိန်လောက်မှာစပြီး စည်လာပါသလဲ ခင်ဗျာ"

"နေ့လယ်ပိုင်း (၂) နာရီက ဘုရားမျက်လုံးတော်ပွင့်တာကို စတွေ့တော့ ကလေးတွေ အော်ကြဟစ်ကြဖြစ်လိုက်သေးတယ်။ ကလေးတွေ ကစားရင်း အော်ကြတယ်ထင်လို့ ဦးလေးတို့လည်း ဂရုမစိုက်မိဘဲ အမှုမဲ့အမှတ်မဲ့နေလိုက်မိတယ်။ အဲဒီနေ့က ဘုရားဖူးလာတဲ့ ကလေးတွေလည်း ပြန်သွားပြီးတော့ ညနေပိုင်းလောက်မှာ ဘုရားမျက်လုံးပွင့်တာကို စမြင်ခဲ့တဲ့ ကလေးနဲ့ သူ့အဒေါ် မစန္ဒာတို့ ဘုရားဖူးရောက်လာကြတယ်။ အဲဒီမှာတင် မစန္ဒာရဲ့တူဖြစ်သူက ဘုရားမျက်လုံးတော်ပွင့်တာကို သူ့အဒေါ် မစန္ဒာကို ပြတော့တာလေ။ မစန္ဒာကလည်း ဘုရားကို သေချာဖူးလိုက်တော့ မျက်လုံးတော်တကယ်ပွင့်တယ်ဆိုတာကို သိသွားတယ်။ ဒီလိုနဲ့ တစ်ယောက်စကား တစ်ယောက်နားနဲ့ သိသွားလိုက်ကြတာ တစ်စတစ်စနဲ့ ဘုရားဖူးတွေ ရောက်လာတော့တာပေါ့။ အဲဒီဘုရားဖူးလာတဲ့သူတွေထဲမှာ ဘုရားကို ဓာတ်ပုံရိုက်ပြီး အင်တာနက်ဝက်ဆိုဒ်ပေါ် တင်လိုက်တော့မှပဲ ညပိုင်း (၇)နာရီလောက်ကနေစပြီတော့ ဘုရားဖူးတဲ့ ဧည့်ပရိသတ်တွေ တဖြည်းဖြည်းနဲ့ စည်ကားလာခဲ့တာ အခုချိန်ထိပါပဲ"

"မျက်လုံးတော်မပွင့်ခင် ရောင်တော်ဖွင့် ရွှေသင်္ကန်းကပ်လှူ ပူဇော်ဖြစ်ပုံနဲ့ ရွှေချပြီးနောက်ပိုင်းမှာ ဘုရားမျက်လုံးတော်ပွင့်လာပုံကိုလည်း ပြောပြပေးစေချင်ပါတယ်"

"ဦးလေးတို့ တောင်ကုန်းလောကမာရဇိန်စေတီကို ပြီးခဲ့တဲ့ ၂၀၁၁ ခုနှစ်လောက်က ဉာဏ်တော်မြှင့်ပြီး အသစ်ပြုပြင်ခဲ့ကြတယ်။ အဲဒီနောက်ပိုင်း ရုပ်ပွားတော်ကို အခါအားလျော်စွာပဲ ရောင်တော်ဖွင့်အနေနဲ့ လုံးတော်ပြည့် ရွှေသင်္ကန်း ကပ်လှူပူဇော်ခဲ့ကြတာပေါ့။ ရုပ်ပွားတော်ကို ရွှေချပူဇော်ချင်သူတွေက ဒူးတော်နေရာဆို ဒူးတော်၊ လက်တော်နေရာဆိုရင် လက်တော်၊ မျက်လုံးတော်နေရာဆိုရင် မျက်လုံးတော်ဆိုပြီး သူတို့ကြိုက်တဲ့နေရာတွေကို ဦးလေးတို့က ရွှေချပေးရတယ်။ အဲဒီလို ရွှေသင်္ကန်းကပ်လှူတော့ ဦးလေးနဲ့အတူ အဖော်တစ်ယောက်လည်း ပါတာပေါ့။ ဦးလေးနဲ့ အဲဒီအဖော်ကပဲ ရုပ်ပွားတော်ရဲ့ မျက်လုံးတော်နှစ်ဖက်စလုံးကို အတူတူရွှေချခဲ့ရတယ်။ ရွှေမချခင်က မပွင့်တပွင့်ဖြစ်နေတဲ့ ရုပ်ပွားတော်ရဲ့ မျက်လုံးတော်နှစ်ဖက်ပေါ်ကို ရွှေလည်းအပြည့်ချလိုက်ရော မျက်လုံးတော်နေရာက ရွှေတွေတစ်ပြေးတည်းဖြစ်သွားပြီးတော့ မျက်လုံးတော် ပိတ်သွားတော့တာပေါ့။ အဲဒီ ရွှေချလို့ ပိတ်သွားတဲ့ မျက်လုံးတော်က နောက်ပိုင်းပြန်ပွင့်လာတော့ ဦးလေးနဲ့အတူ ရွှေချခဲ့တဲ့ အဖော်တစ်ယောက်ကို မျက်လုံးတော်နေရာကို ရွှေမချဘဲကွက်ပြီး ချန်ထားခဲ့မိသလားလို့ မေးကြည့်မိတယ်။ အဲဒီတော့ ဦးလေးနဲ့အတူ ရွှေသင်္ကန်းကပ်လှူပေးခဲ့တဲ့သူက ရွှေအတူတူချခဲ့လို့ မျက်လုံးတော်နှစ်ဖက် ချန်မထားဘဲ နှစ်ဖက်စလုံးကို ရွှေအပြည့်ချခဲ့တာ သေချာတဲ့အကြောင်းနဲ့ ရွှေအပြည့်ချလို့ ပိတ်သွားတဲ့ မျက်လုံးတော်နှစ်ဖက်ဟာ အလိုအလျောက်ပွင့်လာတာ-သေချာဘဲ အကြောင်းတွေကို ပြောပြတာပေါ့။

နောက်တစ်ခုက ရုပ်ပွားတော်သီတင်းသုံးတဲ့ မှန်ကျောင်းဆောင်က အမြဲတမ်း ပိတ်ထားတာလေ။ ရုပ်ပွားတော်ရွှေချချင်လို့ပဲဖြစ်ဖြစ်၊ မှန်ကျောင်းဆောင်အတွင်းဘက်ကိုသန့်ရှင်းရေးလုပ်ချင်ရင် ဂေါပကအဖွဲ့ဝင်တွေရဲ့ ခွင့်ပြုချက်ရပြီဆိုမှ မှန်ကျောင်းဆောင်ကို ဖွင့်ပြီးအတွင်းကိုဝင်ရတာလေ။ ဦးလေးတို့ရုပ်ပွားတော်ကိုရွှေချ၊ ရောင်တော်ဖွင့်ပြီးချိန်ကစပြီး နောက်ပိုင်းကာလတွေမှာ မှန်ကျောင်းဆောင်အတွင်းဘက်ကို ဘယ်သူမှအဝင်မခံတော့ဘဲ သော့ပိတ်ထားခဲ့တာ အခုချိန်ထိပဲပေါ့။ ဘုရားမျက်လုံးတော်ပွင့်တဲ့အချိန်မှာလည်း မှန်ကျောင်းဆောင်ပိတ်ထားတာဆိုတော့ ဘုရားမျက်လုံးတော်ဟာ အလိုအလျောက်ပွင့်လာတယ်ဆိုတာ သေချာသလောက်နီးနီး ဖြစ်သွားတော့တာပေါ့ကွယ်"

"အခုနောက်ဆုံး သိချင်တာက တော့ မျက်လုံးတော်ပွင့်တဲ့ တောင်ကုန်းလောကမာရဇိန် ဗုဒ္ဓရုပ်ပွားတော်ဟာ ရှေးဟောင်းဘုရားတစ်ဆူ ဟုတ်သလားဆိုတာနဲ့ ဘုရားဉာဏ်တော် ဘယ်လောက်ရှိသလဲဆိုတာကို ပြောပြပါဦးခင်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com

"ရုပ်ပွားတော်က မူလပင်မစေတီတော်ကို စပြီးတည်ထားစဉ်ကတည်းက ရှိနေခဲ့တဲ့ ရှေးဟောင်းရုပ်ပွားတော်တစ်ဆူ ဖြစ်တယ်လို့ အစဉ်အဆက်ကပြောခဲ့ကြတာပေါ့။ ရုပ်ပွားတော်ရဲ့ဘုန်းတော်အာနုဘော်ကို ကိုးနဝင်းကိုက်အောင် တည်ထားခဲ့လို့ အခုလို ထူးခြားမှုတွေ ဖြစ်လာရတယ်လို့ ဦးလေးကတော့ ယူဆမိတာပဲ ငါ့တူရေ"

စာရေးသူလည်း သိလိုသမျှကို စိတ်ရှည်လက်ရှည် ပြောပြပေးခဲ့တဲ့ ဦးမောင်မောင်ဆွေကို ကျေးဇူးတင်နှုတ်ဆက်စကားဆိုခဲ့ရင်း နေအိမ်သို့ပြန်ခဲ့ပါတော့တယ်။

စာရေးသူ တောင်ကုန်း လောကမာရဇိန်ဘုရားကို ၂၆-၃-၂၀၁၄ ရက်နေ့တ ဒုတိယအကြိမ်မြောက် ဖူးမြော်ပြီးနောက် ၃၀ - ၃ - ၂၀၁၄ ရက်နေ့မှာလည်း ထပ်မံသွားရောက်ဖြစ်ခဲ့ပြန်တယ်။ တတိယအကြိမ်မြောက် မျက်လုံးတော်ပွင့်တဲ့ ဗုဒ္ဓရုပ်ပွားတော်ကို သေချာဖူးမြော်ကြည့်ရာ ဘယ်ဘက်မျက်လုံးတော်က ဆူဖောင်းမို့မောက်ခြင်းမရှိတော့ဘဲ ညာဘက်ကပွင့်နေတဲ့မျက်လုံးတော်နဲ့တညီတည်းဖြစ်အောင် ပြန်လည်လျော့ကျသွားတာကို တွေ့မြင်ရတယ်။ အဲဒီလို ဘယ်ဘက်မျက်လုံးတော် ပြန်လည် လျော့ကျသွားတော့ ဘယ်၊ ညာ မျက်လုံးတော်နှစ်ဖက်ဟာ တူညီစွာပွင့်တော်မူနေတဲ့အနေအထားမှာ ဖူးတွေ့ရတော့တာပါ။ ထူးခြားတာတစ်ခုက ရောင်တော်ဖွင့် ရွှေမချမီ မူလရုပ်ပွားတော်ရဲ့ မျက်လုံးတော်နှစ်ဖက်ဟာ သက်မဲ့ရုပ်တုတစ်ခုရဲ့ မျက်လုံးတွေလို ဖူးတွေ့ခဲ့ရပေမယ်လို့ အခုလို တစ်ဖန်ပြန်ပွင့်လာတဲ့ မျက်လုံးတော်နှစ်ဖက်ကို သေချာစူးစိုက်စွာ ဖူးမြော်ကြည့်တဲ့အခါ မျက်ရှင်တော်ကဲ့သို့ ထူးခြားစွာ အသက်ဝင်နေသလို ဖူးတွေ့ရပါတယ်။ စာရေးသူဟာ ထူးခြားစွာ မျက်လုံးတော်ပွင့်တော်တဲ့ တောင်ကုန်း လောကမာရဇိန်ဗုဒ္ဓရုပ်ပွားတော်မြတ်ကို ဝတ်ပြုရှိခိုးပြီးနောက် စေတီပရိဝုဏ်အတွင်းရှိ သာသနိက အဆောက်အအုံများကို ကြည့်ညိုလေ့လာဖြစ်ပါတယ်။

စေတီပရိဝုဏ်အတွင်းမှာတော့ တောင်ကုန်းလောကမာရဇိန်စေတီမှာ နီတွမ်းပါရမီ အခြေတည်တာ အမျိုးမျိုးသော ပါရမီများကျင့်သုံးပြီး တစ်ဝါမျှ တောရဆောက်တည်သီတင်းသုံးတော်မူသွားခဲ့သော ပထမလယ်တီဆရာတော်ကြီးရဲ့ ပုံတူရုပ်တုတော်၊ အရှေ့ဘက်အာရုံခံအတွင်းရှိ ဓမ္မစက္ကမုဒြာဟန် ဗုဒ္ဓရုပ်ပွားတော်နှစ်ဆူနဲ့ ဘူမိဖဿမုဒြာဟန် ဗုဒ္ဓရုပ်ပွားတော်၊ အနောက်ဘက်ရင်ပြင်တော်ရှိ တံခွန်တိုင်၊ ရှင်ဉပဂုတ္တရေကန်တော်၊ ရှစ်မျက်နှာစေတီတော်တို့ကို လှည့်လည်ဖူးမြော်ပါတယ်။ အဲဒီနောက် မြောက်ဘက်ရင်ပြင်တော်ရှိ စေတီဘုဏ်တော်အသစ်မြှင့်တင်ခြင်းအထိမ်းအမှတ် အဖြစ်စိုက်ထူထားတဲ့ ကမ္ပည်းကျောက်စာကိုလေ့လာဖြစ်ပါတယ်။

ကျောက်စာမှာ -

သာသနာနှစ် ၁၆၆၁၊ ကောဇာနှစ် ၄၇၉ ခုနှစ်၊ ပုဂံနန်းစံ (၄၅) ဆက်မြောက် အလောင်းစည်သူမင်းတရားတည်ထားခဲ့တဲ့ တောင်ကုန်းလောကမာရဇိန်စေတီတော်မြတ်ကြီးအား မြန်မာနှစ် ၁၁၁၅ ခုနှစ်မှာ ဗဒုံမြို့စားမောင်ပိုင်းမှ ဒုတိယအကြိမ် ပြုပြင်မွမ်းမံပြီး မြန်မာနှစ် ၁၂၇၃ ခုနှစ်မှာ ဝဠမသင်္ဂါယနာတင် မင်းတုန်းမင်းကြီးက တတိယအကြိမ်အဖြစ် စေတီကို ဘုဏ်တော် (၂၅) တောင်အထိ မြှင့်တင် ပြုပြင်မွမ်းမံပြီး လှူဒါန်းခဲ့ကြောင်း၊ သာသနာနှစ် ၂၅၅၄ ခုနှစ်၊ ကောဇာနှစ် ၁၃၇၂ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၀ ရက်၊ နံနက် (၈)နာရီ (၁၀) မိနစ်တိတိတွင် ဩဝါဒါစရိယဆရာတော်ကြီး (၉) ပါးဖြင့် ပန္နက်တင် မင်္ဂလာအခမ်းအနား ပြုလုပ်ပြီး ဘုဏ်တော် (၃၂) တောင်အထိ ပဥ္စမအကြိမ်ပြုပြင်ခဲ့ရာတွင် သာသနာနှစ် ၂၅၅၅ ခု၊ ကောဇာနှစ် ၁၃၇၃ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၂ ရက်၊ ၂၀၁၁ ခု၊ ဧပြီ ၁၀ ရက်၊ ဗုဒ္ဓဟူးနေ့နံနက် (၇) နာရီ မင်္ဂလာရက်မြတ်အချိန်အခါတွင် ဘုဏ်တော်မြင့် ထီးတော်တင် မင်္ဂလာအခမ်းအနားကို အများပေါင်းစု ကောင်းမှုကုသိုလ်တို့ဖြင့် လှူဒါန်းပူဇော်ခြင်းတို့ကို အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ကြောင်း ကမ္ပည်းမှတ်တမ်း ရေးထိုးထားပါတယ်။

ကျောက်စာကိုလေ့လာပြီးနောက် မြောက်ဘက်ရင်ပြင်တော်ရှိ အောင်မြေနေရာကနေ ဘုဏ်တော်အသစ်မြှင့်တင်တည်ထားတဲ့ တောင်ကုန်းလောကမာရဇိန်စေတီတော်ကို ကြည်ညိုဖူးမြော်ပါတယ်။ စေတီတော်ကို ဖူးမြော်လို့အပြီးမှာတော့ စာရေးသူရဲ့ မျက်လုံးတော်ပွင့်တော်မူလာတဲ့ ဗုဒ္ဓရုပ်ပွားတော်အား ကြည့်ညိုလေ့လာမှုဟာ နိဂုံးကမ္ပတ်အဆုံးသတ်ပြီဖြစ်တာကြောင့် ရုပ်ပွားတော်ကို အကြိမ်ကြိမ်လာရောက်ပူဇော်မှုတွေကို ပြန်လည် သုံးသပ်ကြည့်မိပါတယ်။

မုံရွာမြို့ ဒေါနခြံရပ်ကွက်ရှိ တောင်ကုန်းလောကမာရဇိန်ဗုဒ္ဓရုပ်ပွားတော်မြတ်ရဲ့ မျက်လုံးတော်နှစ်ဖက်ကို ရွှေချလိုက်ပေမယ်လို့ နဂိုမူလ မပွင့်တပွင့်အနေအထားအတိုင်း ပြန်လည်ပွင့်တော်မူလာခြင်း၊ ပွင့်လာတဲ့မျက်လုံးတော်နှစ်ဖက်ဟာ မူလပကတိ မပွင့်တပွင့်အနေအထားနဲ့ တူညီစွာပွင့်နေခြင်းမျိုးမဟုတ်ဘဲ ညာဘက်ကကျဉ်းနေပြီး ဘယ်ဘက်က စူထွက်ကြွတက်လျက်ပိုကျယ်နေခြင်း၊ စူထွက်ကြွတက်နေတဲ့ ဘယ်ဘက်မျက်လုံးတော်ဟာ နောက်ပိုင်းမှာ တဖြည်းဖြည်းနဲ့ ပြန်လည်လျော့ကျသွားပြီး ညာဘက်မျက်လုံးတော်နဲ့ တညီတည်းပြန်ဖြစ်သွားခြင်း၊ မျက်လုံးတော်ရဲ့ အတွင်းဘက်က မျက်သားတော်၊ မျက်ဆန်တော်များကို ပီပြင်ထင်ရှားစွာ ဖူးတွေ့ရခြင်း၊ စာရေးသူရဲ့ ကိုယ်တွေ့ဖူးမြော်မှုတွေအရ ပွင့်တော်မူလာတဲ့ မျက်လုံးတော်နှစ်ဖက်ကို သေချာစူးစိုက်စွာ ဖူးမြော်ကြည့်ရင် မျက်ရှင်တော်ကဲ့သို့ ထူးခြားစွာ အသက်ဝင်နေသလို ဖူးတွေ့ရခြင်း၊ ရုပ်ပွားတော်ရဲ့ မျက်လုံးတော်တွေကို တစ်နေ့တစ်ရက်တည်း ဖူးမြော်ကြည့်ရုံနဲ့ ထူးခြားဖြစ်စဉ်တွေကို မတွေ့မြင်နိုင်ဘဲ အကြိမ်အကြိမ်အခါခါ သွားရောက် ဖူးမြော်မှသာ မျက်လုံးတော်ရဲ့ အကျဉ်း၊ အကျယ်အနေအထားတွေကို ပီပီပြင်ပြင်တွေ့မြင်ဖူးမြော်နိုင်ခြင်း၊ မျက်လုံးတော်ပွင့်တဲ့ ဗုဒ္ဓရုပ်ပွားတော်ကို လာရောက်ဖူးမြော်ကြတဲ့ ဧည့်ပရိသတ်တွေဟာ မထင်မှတ်ဘဲ များပြားလာခဲ့ခြင်း စတဲ့ ထူးခြားဖြစ်စဉ်များ ဖြစ်ပေါ်ခဲ့ကြောင်း သုံးသပ်ရပါတယ်။

အဲဒီလို ဖြစ်ရပ်ဆန်းတွေ ဖြစ်ပေါ်ခဲ့တဲ့ တောင်ကုန်းလောကမာရဇိန်စေတီတော်နှင့် ထူးခြားစွာ မျက်လုံးတော်ပွင့်တော်မူလာတဲ့ ဗုဒ္ဓရုပ်ပွားတော်မြတ်ကို စာရေးသူဟာ ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးရဲ့ ကျေးဇူးတော်၊ ဂုဏ်တော်အနန္တတို့ကို အာရုံပြု ရည်မှတ်လျက် ကြည်ညိုမြတ်နိုး လက်အုပ်မိုးလို့ နှုတ်ဆက် ဂါရဝပြု ရှိခိုးကန်တော့ခဲ့ပြီးနောက် နေအိမ်သို့ပြန်ခဲ့ပါတော့တယ်။

ညီညီထွန်း (မုံရွာ)



www.burmeseclassic.com

www.burmeseclassic.com

ညီတော်အာနန္ဒာအရှင်မြတ်ကြီးသည် ငါးရာငါးဆယ်၊ ဒသကနိပါတ်၊ ကဏှဒီပါယနဇာတ်တော်တွင် မဏ္ဍဗျမည်သောသူဌေးဖြစ်၍ အလောင်းတော်ရှင်ရသေ့အား ကိုးကွယ်ဆည်းကပ်ခဲ့မေသည်။

ထိုဇာတ်တော်၌ ဘုရားအလောင်းတော်သည် ကဏှဒီပါယန ဘွဲ့တော်ရ ရသေ့တစ်ပါးဖြစ်ခဲ့၏။ အရှင်သာရိပုတ္တရာအလောင်းလျာသည် မဏ္ဍဗျ ဘွဲ့မည်



ညီတော်အာနန္ဒာငါပါရစေဇာတ်လမ်းများ

# ဝဏ္ဏသိရိ

အမှန်ကိုအမှန်အတိုင်းမြွက်ဆိုခြင်း



www.burmeseclassic.com

www.burmeseclassic.com

တော်ရ ရသေ့တစ်ပါးဖြစ်ခဲ့ပေသည်။

သူတို့နှစ်ပါးလုံး တောသမှီတိုင်းသားများ ဖြစ်ကြ၏။ ငယ်စဉ်ကတည်းက အတူတကွ နေထိုင်လာခဲ့သည့် မိတ်ဆွေရင်းချာ ဖြစ်ကြ၏။ ထို့ကြောင့် သူတို့နှစ်ဦးသည် လူ့ဝတ်ကြောင်နှင့်တုန်းကလည်း အတူတကွ ရှိခဲ့ကြ၏။ လူ့ဘောင်မှထွက်ခွာ၍ ရသေ့ဝတ်ကြတော့လည်း အတူတကွ ဝတ်ခဲ့ကြ၏။ ဟိမဝန္တာတောကြီးသို့ဝင်၍ သစ်ရွက်မိုးကျောင်းကလေးမှာလည်း နှစ်ပါးအတူ ကြည်ဖြူစွာဝင် နေလာခဲ့ကြ၏။ ထို့ပြင် တောထဲမှာရတတ်သမျှ သစ်သီးသစ်ဥများကို စားသုံး၍ နှစ်ပေါင်း(၅၀)တိုင်တိုင် သမထကမ္မဋ္ဌာန်းစီးဖြန်းရာတွင်လည်း ညီတူညီမျှရှိခဲ့ကြ၏။ ထိုမှတစ်ဖန် နှစ်ပေါင်း(၅၀)တိုင်တိုင် ကမ္မဋ္ဌာန်းစီးဖြန်းပါလျက် ဈာန်တစ်ဆင့်မျှမရနိုင်ရာ၌လည်း ထပ်တူထပ်မျှဖြစ်နေကြပြန်ပေသည်။

လူတို့ရပ်ရွာက အစာအာဟာရနှင့် နှစ်ပေါင်းငါးဆယ်ကျော်ကင်းကွာခဲ့ရသဖြင့် ရသေ့နှစ်ပါးတို့၏ အသွေးအသားတို့ ဖောက်လွဲဖောက်ပြန်ဖြစ်ကာ မအီမသာ ခံစားလာကြရ၏။ ဤတွင် တောပျော်ရသေ့နှစ်ပါးတို့သည် မိမိတို့၏ အသွေးအသားမျှတရေးအတွက် အချဉ်အရသာနှင့် ဆားရနိုင်မည့် လူတို့ရပ်ရွာသို့ချဉ်းကပ်ရန် ဟိမဝန္တာတောင်ပေါ်မှ ဆင်းလာခဲ့ကြရပေတော့သည်။

ရသေ့နှစ်ပါးတို့သည် တောင်ခြေတောစပ်က တောရွာကလေးများမှတစ်ဆင့် တစ်ရွာဝင်တစ်ရွာထွက် ခရီးဆက်လာခဲ့ကြရာ ကာသီတိုင်းအတွင်းက ရွာကြီးတစ်ရွာသို့ ရောက်လာကြ၏။ ထိုရွာကြီး၌ ဒီပါယနရသေ့၏ လူ့ဘဝတုန်းက ခင်မင်ရင်းနှီးခဲ့ဖူးသော သူဌေးတစ်ဦးရှိ၏။ ထိုသူဌေးသည် ညီတော်အာနန္ဒာ၏အလောင်းလျာဖြစ်၍ သူ၏အမည်မှာလည်း သီတင်းသုံးဖော်နည်းတူ မဏ္ဍဗျဟူ၍ပင်အမည်ရှိ၏။ မဏ္ဍဗျသူဌေးသည် မိမိအိမ်ဝသို့ ကြွရောက်လာကြသော ရသေ့နှစ်ပါးတို့ကို ဝမ်းမြောက်ဝမ်းသာ ကြိုဆိုပြီးလျှင် ရွာအပြင်၌ သင်္ခမ်းကျောင်းဆောက်၍ ကိုးကွယ်ထားလေသည်။

ရသေ့နှစ်ပါးတို့သည် ထိုကျောင်း၌ သုံးနှစ်ခန့် သီတင်းသုံးပြီးသောအခါ ကျောင်းဒါယကာသူဌေးကို ပန်ကြား၍ ဗာရာဏသီမြို့တော်သို့ ကြွလာကြ၏။ ဗာရာဏသီမြို့တော်၏ အပြင်ဘက်က အဓိမုတ္တအမည်ရသောသုသာန်၌ အတူတကွ သီတင်းသုံးကြ၏။ ထိုသုသာန်ကျောင်း၌ အတန်ကြာမျှ သီတင်းသုံးပြီးသောအခါ ဒီပါယနရသေ့သည် ကျောင်းဒါယကာ မဏ္ဍဗျသူဌေးထံ ပြန်ကြွသွားလေရာ အဓိမုတ္တသုသာန်ကျောင်း၌ မဏ္ဍဗျရသေ့တစ်ပါးတည်းသာ ကျန်ရစ်ခဲ့ပေသည်။

လူသေကောင်တို့ကို စွန့်ပစ်ရာသုသာန်မြေ၌ အဖော်မပါ တစ်ပါးတည်း နေထိုင်ရသော်ငြားလည်း မဏ္ဍဗျရသေ့မှာ အနည်းငယ်မျှမတုန်လှုပ်ပါ။သုသာန်မြေဖြစ်၍ အ,ကာလညအခါတွင် လူသူအရောက်အပေါက် လုံးဝမရှိတော့ပေ။ သုသာန်တောအုပ်ကြီးတစ်ခုလုံးကို တိတ်ဆိတ်ခြင်းကသာ လွှမ်းခြုံထား၏။ ဤကဲ့သို့ တိတ်ဆိတ်ငြိမ်သက်၍ အနှောင့်အယှက်ကင်းသောနေရာတွင် ကမ္မဋ္ဌာန်းစီးဖြန်းလိုက်ပါက မကြာမီမှာပင် တရားထူးကိုရပေတော့မည်။


ဤကဲ့သို့သော မျှော်လင့်ချက်ဖြင့် မဏ္ဍဗျရသေ့ စိတ်အားထက်သန်စွာ ကမ္မဋ္ဌာန်းစီးဖြန်းနေစဉ် သုသာန်မြေအစပ်ဆီမှ လူသံသူသံများကြားလာရ၏။ ပါလာခဲ့သော လက်နက်တို့ဖြင့် တွေ့ကရာသစ်ပင်ချုံနွယ်တို့ကို ရိုက်ပုတ်လာသည့်အသံများ ကြားလာရ၏။ ထိုအသံများနှင့်အတူ 'လိုက်ဟ၊ ဖမ်းဟ၊ အသေသတ်ဟ' ဟူသော အော်ဟစ်သံများ ထွက်ပေါ်လာကြ၏။

ကျယ်လောင်လှသော အသံမျိုးစုံတို့သည် မဏ္ဍဗျရသေ့၏သင်္ခမ်းကျောင်းကလေးဆီသို့ တစ်စတစ်စနှင့် နီးကပ်လာကြ၏။ နီးကပ်လာသည်နှင့်အမျှ အော်သံဟစ်သံများက ပြင်းထန်လာကြ၏။ ပြင်းပြင်းထန်ထန် ဟစ်အော်လာခဲ့သောအသံတို့သည် သင်္ခမ်းကျောင်းလေးနားသို့ရောက်လာသည်နှင့်တစ်ပြိုင်နက် ရုတ်တရက် တိတ်ဆိတ်သွားပြီးမှ -

"ဟော-တွေ့ပြီ။ တရားခံကို တွေ့ပြီ။ သူခိုးကိုမိပြီဟေ့"

ဤသို့ တစ်ခဲနက် ဟစ်အော်ပြီးလျှင် လူစုလူဝေးဖြင့် မဏ္ဍဗျရသေ့ကို ရိုက်ခတ်၍ ဖမ်းပြီးလျှင် နန်းတော်သို့ ခေါ်သွားကြ၏။

"သင်ဟာ နေ့မှာတုန်းကတော့ ရသေ့တစ်ပါးပေါ့။ကျွန်ုပ်အပြည့် သိကြွာ



www.burmeseclassic.com

အပြည့်နဲ့ပေါ့။ ညအခါကျတော့ မြို့တော်ထဲကို တိတ်တဆိတ်ဝင်ပြီးတော့ အဖိုးထိုက်အဖိုးတန်ရတနာ ပစ္စည်းတွေကို ခိုးတယ်။ အခုတော့ သင့်သခ်ိမ်းကျောင်းဝမှာ ခိုးရာပါဥစ္စာထုပ်နဲ့ကိုတွေ့လိုက်ရပြီ။ သင်ဘာများငြင်းချင်သေးသလဲ"

ဖမ်းလာသူတို့က လက်ကရိုက်ရင်း ပါးစပ်ကကြိမ်းမောင်းလာကြ၏။

တကယ်တော့ဖြင့် မဏ္ဍဗျရသေ့မှာ ဤခိုးမှုနှင့် လုံးဝ မပတ်သက်ပါ။ အဖိုးထိုက်အဖိုးတန်ပစ္စည်းကို ခိုးနေကျသူခိုးက ခိုးထုတ်လာစဉ်တွင် အိမ်ရှင်များကသိ၍ အပေါင်းအဖော်များနှင့်တကွ ဟစ်အော်၍ လိုက်ဖမ်းကြ၏။ သူခိုးသည် သူတို့လက်မှလွတ်အောင် ပြေးထွက်လာ၍ မြို့ရိုးတံတိုင်းနားအရောက်တွင် ရုတ်တရက် ရပ်တန့်သွားရ၏။ မြင့်မြင့်မားမား အခိုင်အခံ့ တည်ဆောက်ထားသော မြို့ရိုးတံတိုင်းကိုကျော်တက်ဖို့က မလွယ်ကူပါ။ သည်တော့ သူတို့လက်ကလွတ်အောင် ဘယ်လိုပြေးရပါ့မလဲ။ သူခိုးသည် တံတိုင်းအောက်ခြေ၌ ဟိုတိုသည်သည်ကြည့်လိုက်ရာ မြို့တော်ထဲက ရေဆိုးရေညစ်များထုတ်ရန် ပြုလုပ်ထားသော ပြွန်ပေါက်ကို တွေ့လိုက်ရ၏။

ပြွန်ပေါက်သည် ရေဆိုးရေညစ်များထွက်စာရုံ ပြုလုပ်ထားသဖြင့် ကိုယ်ခန္ဓာထွားကျိုင်းတုတ်ခိုင်သူတို့အတွက် ဝင်ဖို့ ထွက်ဖို့ မလွယ်ပါ။ သို့ရာတွင် ဤသူခိုးကတော့ ပိန်ပိန်လိုလိုလေးဖြစ်၏။ ထို့အပြင် အကျဉ်းအကျပ်ထဲက လွတ်အောင်ပြေးလာခဲ့သည့် အတွေ့အကြုံကလည်းရှိထား၏။ ထို့ကြောင့် သူခိုးသည် ထိုပြွန်ပေါက်မှ အောင်မြင်စွာထွက်ပြီးလျှင် သုသာန်မြေသို့ပြေးလာခဲ့ပေသည်။

နောက်ကလိုက်လာသော လူတို့သည် သူလိုမစွမ်းနိုင်သဖြင့် မြို့တံခါးကြီးကို အဖွင့်ခိုင်းပြီးမှ ဆက်၍လိုက်နိုင်ကြ၏။ လမ်းမတစ်လျှောက် လူများကလည်း အော်သံဟစ်သံကြားကာ အိမ်ထဲကထွက်လိုက်လာကြသဖြင့် လူစုလူဝေးက များသည်ထက် များလာ၏။ လူစုလူဝေးများလာသည်နှင့်အမျှ အော်သံဟစ်သံ ရိုက်ပုတ်သံတို့ကလည်း ပို၍ပို၍ပြင်းထန်လာကြ၏။

ဤတွင် သူခိုးသည် ရတနာထုပ်နှင့်အတူ ထွက်ပြေးရန်အခွင့်မသာတော့သဖြင့် ခိုးရာပါ ရတနာထုပ်ကို မဏ္ဍဗျရသေ့၏သခ်ိမ်းကျောင်းဝမှာ ချထားခဲ့ပြီး အလွတ်ထွက်ပြေးခဲ့လေသည်။

ယခုတော့ ခိုးသူကတခြား၊ အဖမ်းခံရသူကတခြားဖြစ်နေပေပြီ။ တာရာဏသီမြို့သားတို့ကတော့ အရှည်အဝေးတွေးမနေကြပါ။ သူတို့သည် မြို့ထဲရှိ သူဌေးအိမ်တစ်အိမ်ကို ထွင်းဖောက်ခိုးယူသည့်သူခိုးကို လိုက်ဖမ်းကြသည်။ ခိုးရာပါပစ္စည်းကို သခ်ိမ်းကျောင်းဝမှာ တွေ့ရသည်။ သည်တော့လည်း ခိုးမှုက တရားခံကို ဘယ်မှာမှရှာနေဖို့လိုတော့မည်နည်း။

သူခိုးဖမ်းလာသော မြို့သားတို့၏ သဘောထားအတိုင်းပင် ပြည့်ရှင်မင်းကလည်း တစ်သားတည်းဖြစ်နေ၏။ ထို့ကြောင့်-

"ခိုးရာပါ ရတနာထုပ်နှင့်အတူ တကွ လက်ပူးလက်ကြပ် ဖမ်းမိလာခဲ့သော အယောင်ဆောင်ရသေ့အား သုသာန်ထုတ်စေ။ သုသာန်မှာ တံကျင်လျှိုသတ်စေ"

ဤသို့ တစ်ချက်လွှတ်အမိန့်တော်ကြီးကိုချလိုက်ပါတော့၏။ အမိန့်တော်အရ မင်းချင်းတို့သည် မဏ္ဍဗျရသေ့ကို သုသာန်သို့ ခေါ်ဆောင်လာကြ၏။

တံကျင်လျှိုခြင်း ဟူသည်မှာ လူတစ်ရပ်မျှရှည်၍ မာကျောလှစွာသော သစ်သားချောင်းကို အဖျားကချွန်ပြီးထားပြီးလျှင် ရာဇဝတ်သား၏ ဝစ္စပေါက်မှ တင်းပုတ်ကြီးနှင့် ရိုက်နှက်ထိုးသွင်းကာ မသေမချင်း တံကျင်ကို သစ်ပင်တစ်ပင်မှာ ထောင်ထားရ၏။

အမိန့်တော်အရ မင်းချင်းတို့က တံကျင်လျှိုရန် ရှားနှစ်သားကို တံကျင်ပြုလုပ်ကြ၏။ ထိုတံကျင်ကို အသုံးပြုသော်လည်း ရသေ့၏ကိုယ်တွင်းသို့ ထိုးသွင်း၍ မရပါပေ။ ရှားနှစ်သားကိုဖယ်၍ အခြားသောအသားမာကို အစားထိုး၍ အသုံးပြုတော့လည်း မအောင်မြင်ပေ။ သစ်သားတံကျင်နှင့် ထိုးသွင်း၍မရသည်တွင် သံချောင်းကို အဖျားချွန်၍ တံကျင်အဖြစ် အသုံးပြုကြ၏။ သံတံကျင်ကလည်း အရာမရောက်ပါချေ။

ဤတွင် မဏ္ဍဗျရသေ့သည် ဤသို့သော ဘေးဒုက္ခမှ လွတ်မြောက်နိုင်မည့်နည်းလမ်းဟူ၍ ရှိဦးမည်လောဟု ရှေးဖြစ်ဟောင်းကို ပြန်လည်စဉ်းစားလေရာ ထိုခဏမှာပင် ရှေးဘဝတစ်ခုကုန်းက မိမိပြုလုပ်ခဲ့မိသော ဖြစ်မှုတစ်ခုကို သတိရလာ၏။ ထိုဘဝတုန်းက မိမိသည် ကလေးသူငယ်အဖြစ်ဖြင့် ဖခင်ဖြစ်သူ လက်သမားဆရာ၏ လုပ်ငန်းခွင်သို့ လိုက်ပါလာခဲ့၏။ လူကြီးက မိမိအလုပ်၌ အာရုံစိုက်နေကြချိန်တွင် ပါလာခဲ့သော ကလေးကလည်း တစ်နေရာတွင် လွတ်လပ်စွာ ဆော့ကစားနေခဲ့၏။ ထိုစဉ် ကလေးသည် ယင်ကောင်တစ်ကောင်ကို အမိဖမ်းပြီးလျှင် ပယ်လယ်ကသစ်ပင်၏ အမြစ်အချွန်ကလေးနှင့် အောက်မှ အထက်သို့ ပေါက်အောင် ထိုးသွင်း၍ ဆော့ကစားခဲ့၏။ ကလေးသူငယ်မို့ ဘာမှန်းမသိဘဲ ဆော့ကစားခဲ့မိသော ထိုအမှုသည် အကုသိုလ်ကံထိုက်သောအမှုတစ်ခုဖြစ်နေခဲ့လေရာ ယခုတော့ ထိုအမှုက စေ့ဆော်လာခဲ့ပါပြီကော။

မဏ္ဍဗျရသေ့သည် ဤဘေးဒုက္ခမှ လွတ်လမ်းမရှိတော့သည့်အဆုံး၌ ကျရောက်လာသည့်ဝေဒနာဒဏ်ကိုခံလိုက်တော့မည်ဟု စိတ်နှလုံးတုံးတုံးချပြီးလျှင်-

"ဒါယကာတို့၊ ငါ့ကို တံကျင်လျှိုချင်ကြလျှင် အခြားအသားတွေနဲ့မလုပ်ကြနဲ့။ ပင်လယ်ကသစ်ပင်ရဲ့အသားကို ရှာပါ။ အဲဒီအသားကိုသာ အသုံးပြုကြပါ"

ဤသို့ မတုန်မလှုပ် မြွက်ကြား၏။

ဤတွင်မှ မင်းချင်းတို့သည် ရာဇဝတ်သား တံကျင်လျှိုသည့်အလုပ်ကို အောင်မြင်စွာ ပြုလုပ်နိုင်ကြ၏။ သူတို့သည် မဏ္ဍဗျရသေ့ကို တံကျင်လျှိုထားပြီးလျှင် သုသာန်မြေက သစ်ပင်တစ်ပင်မှာ ထောင်၍ထားကြ၏။ ထို့နောက် တချို့က မြို့တွင်းသို့ပြန်သွားကြ၍ တချို့ကမူ ရာဇဝတ်သား၏ အခြေအနေကို အကဲခတ်ရအောင် တစ်နေရာမှ ပုန်းကွယ်၍ စောင့်ကြည့်နေခဲ့ကြလေသည်။

ထိုနေ့တွင် ဒီပါယနရသေ့သည် မိမိခွဲခွာထားခဲ့သော မဏ္ဍဗျရသေ့ကို တိုက်တိုက်ဆိုင်ဆိုင် သတိရလာ၏။ ငယ်သူငယ်ချင်း မိတ်ဆွေရင်းကို တွေ့ချင်မြင်ချင်စိတ်များ ထက်သန်လာ၏။ ထို့ကြောင့် တာရာဏသီမြို့ဆီသို့လျှောက်လှမ်းလာခဲ့ရာ ခရီးစဉ်အတွင်းမှာပင် မိတ်ဆွေရင်းချာ ရှင်ရသေ့၏ကံကြမ္မာသတင်းကို ကြားခဲ့ရ၏။ ထို့ကြောင့် ဒီပါယနရသေ့သည် လှမ်းနေကျခြေလှမ်းကို အရှိန်တိုး၍လှမ်းလာခဲ့ရာ နေဝင်ခါနီးအချိန်တွင် တံကျင်လျှိုရာသို့ရောက်လာ၏။

ဒီပါယနရသေ့သည် မိတ်ဆွေရင်း ရှင်ရသေ့၏ဖြစ်အင်ကို စိတ်မချမ်းမသာ ရှုကြည့်လျက် -

"ငါ့ရှင်၊ သင့်မှာ အပြစ်ပေးတာ တုတ်ပါရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com

ဟု မေးသဖြင့် -

"ငါ့ရှင်၊ အပြစ်တင်းတာ မှန်ပါတယ်"

ဟု မဏ္ဍဗျရသေ့က တုံ့ပြန်ဖြေကြားရာ -

"ဒါဖြင့် သူခိုးဆိုပြီးဖမ်းချုပ်ခဲ့တဲ့ သူတွေကို စိတ်ပြစ်မှားမိသေးသလား"

"သူတို့ကိုစိတ်မပြစ်မှားမိပါဘူး"

"ဒါဖြင့် တံကျင်လျှိုတဲ့သူတွေကိုတော့"

"သူတို့ကိုလည်း စိတ်မပြစ်မှားပါဘူး"

"ကောင်းပြီ ငါ့ရှင်၊ ဒီလိုဆိုလျှင် တံကျင်လျှိုဖို့ အမိန့်ပေးတဲ့ ပြည့်ရှင်မင်းတိုကော အပြစ်တင်မိသေးသလား"

"သူ့ကိုလည်း အပြစ်မတင်ပါဘူး။ ကိုယ်ပြုခဲ့အကုသိုလ်ကံကြောင့် မလွဲသာမရှောင်သာ ဝင်္ခံရတာသာ ဖြစ်ပါတယ်"

"ကောင်းလေစွ ငါ့ရှင်၊ ကောင်းလေစွ။ သင်ကဲ့သို့သော သီလစင်ကြယ်သူရဲ့အရိပ်က ငါ့အတွက်တော့ အချမ်းသာဆုံး အရိပ်ပါပဲ"

ဤသို့ မြွက်ဆိုပြီးလျှင် ဒီပါယနရသေ့သည် မဏ္ဍဗျရသေ့ကို လျှို၍ထောင်ထားသောတံကျင်အရင်းပိုင်းကို မှီ၍ထိုင်နေ၏။ ဤတွင် မဏ္ဍဗျရသေ့၏ ဒဏ်ရာမှ ယိုစီးကျလာသော သွေးစက်သွေးပေါက်တို့သည် ဒီပါယနရသေ့၏ ကိုယ်ပေါ်သို့ ကျရောက်လာ၏။ ပင်ကိုအားဖြင့် ရွှေအဆင်းကဲ့သို့ဝါဝင်းသော အသားအရေရှိခဲ့သော ဒီပါယနရသေ့၏ ကိုယ်ပေါ်တွင် သွေးပုပ်သွေးညစ်များ ပေကျံလာသဖြင့် အညိုအမည်းကွက်ကြီးများထင်လာကြ၏။ ဒီပါယနရသေ့သည် မိတ်ဆွေရင်းချာ ရှင်ရသေ့၏သွေးများဖြစ်နေ၍ ရွံရှာစက်ဆုတ်ခြင်းမရှိသဖြင့် သည်အတိုင်း အပေအကျံခံထား၏။ သို့ဖြင့် ထိုညတစ်ညတာလုံး ကျော်လွန်လာခဲ့၍ သွေးကွက်များခြောက်တပ်သွားသည်တွင် တစ်ကိုယ်လုံး အမည်းကွက်ကြီးများ ဖုံးလွှမ်းနေသဖြင့် သူ၏ဘွဲ့အမည်ရှေ့တွင် မည်းနက်သော အဆင်းကိုယ်စားပြု ကဏှ ဟူသော စကားလုံးတိုးလာကာ ကဏှဒီပါယနရသေ့ ဟူ၍ အမည်သစ်တွင်လာလေသည်။

မင်းမိန့်ဖြင့် လျှို့ဝှက်စွာ စောင့်ကြည့်နေခဲ့ကြသော မင်းချင်းတို့သည် နောက်တစ်နေ့ရောက်သောအခါ ပြည့်ရှင်မင်းအား ရသေ့နှစ်ပါးတို့ အတုံ့အပြန်ပြောကြခဲ့သည့် စကားတို့ကို အပြည့်အစုံ လျှောက်တင်ကြ၏။ ဤတွင်မှ ပြည့်ရှင်မင်းသည် နောင်တကြီးစွာရလျက် ရှင်ရသေ့၏ကိုယ်တွင်းက တံကျင်ကို ပြန်နုတ်ရန် အမိန့်ပေးလိုက်လေသည်။

ပြည့်ရှင်မင်းအမိန့်အရ မင်းချင်းတို့က တံကျင်ကိုပြန်နုတ်ကြရာ နုတ်၍မရပေ။ မရမနေသဘောဖြင့် အားကုန်အင်ကုန်ဆွဲ၍နုတ်နေကြသဖြင့် မဏ္ဍဗျရသေ့မှာ ဝေဒနာဒဏ်ကို အလူးအလဲခံနေရ၏။ ရှင်ရသေ့သည် ဝေဒနာဒဏ်ကို အံကြိတ်၍ခံနေရင်းက -

"ဒါယကာတို့၊ သင်တို့ ဆက်နုတ်မနေကြပါနဲ့တော့။ ငါပြုခဲ့တဲ့ ရှေးကံနဲ့ ပတ်သက်နေတဲ့ကိစ္စဖြစ်နေလေတော့ သင်တို့ဘယ်လိုနုတ်နုတ် နုတ်လို့ရမှာ မဟုတ်ပါဘူး။ ဒါကြောင့် ငါ့ကိုဆက်ပြီး အသက်ရှင်စေချင်သေးလျှင် တံကျင်ကို ငါ့အသားနဲ့အညီ ဖြတ်ပေးကြပါတော့"

ဤသို့ ပြောဆိုလိုက်၏။

မင်းချင်းများကလည်း ပြောသည့်အတိုင်း ဖြတ်ပေးလိုက်ကြ၏။ ဤတွင် မဏ္ဍဗျရသေ့သည် ကိုယ်တွင်းမှာ ထိုးသွင်းထားသော တံကျင်ရှိနေပါလျက် ယခင်အတိုင်းအသက်ဆက်ကာ ပကတိအတိုင်းသွားလာလှုပ်ရှား၍ရနေ၏။ ဤတွင် ဘွဲ့မည်ရင်းရှေ့တွင် တံကျင် ဟူ၍ အနက်အဓိပ္ပာယ်သစ်ရသော အာဏိ သဒ္ဒါနှင့် တွဲစပ်ကာ အာဏိမဏ္ဍဗျရသေ့ ဟူ၍ ဘွဲ့အမည်သစ်တွင်လာပေတော့သည်။

မိတ်ဆွေရင်းချာ အာဏိမဏ္ဍဗျရသေ့ ဘေးရန်ကင်းကွာ ကျန်းကျန်းမာမာဖြစ်လာပြီဖြစ်၍ ကဏှဒီပါယနရသေ့သည် မဏ္ဍဗျသူဌေး၏ ကျောင်းသခ်မ်းသို့ ပြန်လာလေသည်။

ရှင်ရသေ့ပြန်ရောက်လာကြောင်း သတင်းကြားရသည်နှင့် တစ်ပြိုင်နက် ကျောင်းဒါယကာ မဏ္ဍဗျသူဌေးသည် သားမယားနှင့်တကွ လာရောက် ဖူးမြော်၏။ ပန်း၊ ဆီ၊ တင်လဲ စသော လှူဖွယ်ပစ္စည်းများ ဆက်ကပ်၏။ ခရီးရှည်လှမ်းလာခဲ့ရသော ရှင်ရသေ့၏ ခြေထောက်ကို ဆီဖြင့် ပွတ်လိမ်းပေး၏။ ထို့နောက် ကဏှဒီပါယနရသေ့က မိတ်ဆွေရင်းချာ အာဏိမဏ္ဍဗျရသေ့ မင်းပြစ်မင်းဒဏ်ခံရပုံတို့ကို ပြည့်ပြည့်စုံစုံ ပြောပြလေရာ မဏ္ဍဗျသူဌေးနှင့် သူဌေးကတော်တို့က စုတ်တသပ်သပ်နှင့် စိတ်ဝင်တစား နားယူနေကြ၏။

ထိုအချိန်မှာပင် သူတို့နှင့်အတူပါလာသော သားကလေး ယညဒတ္တသည် ဂျင်ပေါက်စကားနေရာ ဂျင်လုံးသည် လွတ်ထွက်သွားပြီး တလိမ့်လိမ့်လိမ့်သွားကာ အနီးအပါးမှာရှိသော တောင်ပို့၏ တွင်းထဲသို့ကျသွား၏။ ယညဒတ္တသည် ဂျင်လုံးရှိရာ အပြေးအလွှားလိုက်လာ၍ တောင်ပို့တွင်းထဲက ဂျင်လုံးကို နှိုက်ယူလိုက်ရာ တောင်ပို့ထဲမှာရှိနေသော မြွေဟောက်က သူ့လက်ကို ကိုက်လိုက်လေသည်။

ယညဒတ္တသည် 'အမယ်လေး' ဟု ငယ်သံပါအောင်အော်လျက်လဲကျသွားလေ၏။ ဤတွင်မှ မိခင်၊ ဖခင်တို့သည် ကလေးငယ်ကို ပွေ့ယူ၍ ကဏှဒီပါယနရသေ့၏ရှေ့မှာသိပ်ထားပြီး -

"အရှင်ဘုရား၊ ရသေ့ရဟန်းများဟာ ဆေးကုတတ်ကြပါတယ်။ အရှင်ဘုရား တပည့်တော်တို့ သားကလေးရဲ့ အသက်ကို ကယ်တော်မူပါ"

ဟု လျှောက်ထား၏။

ကဏှဒီပါယနရသေ့က -

"ဒါယကာ၊ ငါတို့ ဆေးမကုတတ်ပါ"

ဟု ဆိုသဖြင့် -

"ဒါဖြင့် သားကလေးအသက်ရှင်လာအောင် သစ္စာပြုပေးတော်မူပါ"

"ဒီကိစ္စကိုတော့ ငါတို့ဆောင်ရွက်နိုင်ပါတယ်"

"ဒါဖြင့်သစ္စာပြုတော်မူပါဘုရား"

"ကောင်းပြီ၊ ငါမှန်သောသစ္စာစကားကိုဆိုတော့မယ်။ ငါဟာ သူငယ်ချင်းနဲ့အတူ လူဘောင်ကစွန့်ခွာပြီးတော့ ရသေ့ဝတ်လာခဲ့တယ်။ ရသေ့ဝတ်ပြီးတော့ ခုနစ်ရက်လောက်ပဲ ရသေ့ဝတ်နဲ့ ပျော်ခဲ့တယ်။ ခုနစ်ရက်ကကျော်လာကတည်းက ရသေ့ဝတ်နဲ့ မပျော်တော့တာ ခုထက်ထိတိုင်အောင် ကြာခဲ့ပြီ။ ဒီလိုသစ္စာစကားကိုဆိုရခြင်းကြောင့် သားလေး ယညဒတ္တ အသက်ရှင်လာပါစေသတည်း"

ဤသို့သစ္စာဆိုလိုက်သည့်အဆုံးတွင် အဆိပ်ဒဏ်ကြောင့် တစ်ကိုယ်လုံးညိုမည်းနေသော ယညဒတ္တ၏ငယ်ထိပ်မှစ၍ အဆိပ်များပြယ်သွားလေရာ ရင်ခေါင်းအရောက်မှာ ရပ်တန့်သွား၏။ ယညဒတ္တသည် အနည်းငယ်မျှ သတိရလာ၍ 'မိခင်တို့၊ ဖခင်တို့' ဟု ခေါ်လိုက်၏။ ထို့နောက်တွင်မူ အဆိပ်ဒဏ်ကြောင့် ပြန်၍ မိန်းမောသွားရှာပြန်၏။

ဤတွင် ကဏှဒီပါယနရသေ့က-

"ဒါယကာ၊ ငါ့ရဲ့သစ္စာစွမ်းအားက

www.burmeseclassic.com

တော့ ဒါလောက်နဲ့ တန်သွားပြီ။ သင်လည်း သစ္စာဆိုလိုက်ပါဦး"

ဟု ပြောကြားလိုက်သဖြင့် -

"ကောင်းပါပြီ ဘုရား။ သားကလေး အသက်ရှင်ရေးမို့ တပည့်တော်မှန်သောစကားကို ထုတ်ဖော်ပြောဆိုပါတော့မယ်။ တပည့်တော်တို့အိမ်ရှေ့မှာ ခရီးသွားအလှူခံရသေ့တွေ ရောက်ရောက်လာကြပါတယ်။ သူတို့ကတော့ တပည့်တော်ကို တကယ့်အလှူရှင်ကြီး၊ တကယ့်စေတနာရှင်ကြီးလို့ ပြောတတ်ကြပါတယ်။ တကယ်တော့ တပည့်တော်ရဲ့ စိတ်ရင်းအမှန်က လှူချင်တာမဟုတ်ပါဘူး။ မလွှဲသာလို့သာ လူကြားကောင်းအောင်လှူလှူနေရတာပါ။ ဒီလိုဟုတ်မှန်တဲ့စကားကို ထုတ်ဖော်ပြောဆိုလိုက်ရတဲ့ သစ္စာတန်ခိုးကြောင့် သားကလေးအသက်ရှင်လာပါစေသတည်း"

ဤသို့သော သစ္စာစကားအဆုံးတွင် သားကလေး၏ကိုယ်ထဲက အဆိပ်များသည် ခါးထိအောင်ပြေပျောက်သွားကာ သတိရလာသဖြင့် ထ၍ထိုင်၏။ သို့ရာတွင် မတ်တတ်ရပ်နိုင်သည့်အဆင့်သို့မရောက်နိုင်သေးပါ။ ဤတွင် မဏ္ဍဗျသူဌေးက သူဌေးကတော်ကိုတစ်လှည့် သစ္စာဆိုရန် တိုက်တွန်း၏။ ဤတွင် ကျောင်းအမကြီး ဝိသာခါ၏အလောင်းလျာဖြစ်သော သူဌေးကတော်ကလည်း ဤသို့ သစ္စာဆို၏။

"ကျွန်မရဲ့ သားကလေးကို ရက်ရက်စက်စက်ကိုက်လိုက်တဲ့မြွေဟောက်ကို ကျွန်မမုန်းပါတယ်။ အဲဒီမြွေဟောက်ကို မုန်းတဲ့နည်းတူ သားကလေးရဲ့ဖခင်ကိုလည်း ကျွန်မမုန်းလှပါတယ်။ သူတို့နှစ်ဦးသားပေါ် ကျွန်မမုန်းတာက ထပ်တူထပ်မျှဖြစ်ပါတယ်။ ဒီလို ကျွန်မရဲ့စိတ်ရင်းအမှန်ကို ဖွင့်အံပြီး သစ္စာဆိုရတာကြောင့် သားကလေး အသက်ရှင်လာပါစေသတည်း"

ဤသို့သော သစ္စာစကားအဆုံးတွင် သားကလေးသည် မြွေဆိပ်ဒဏ်မှ လုံးလုံးကြီးလွတ်မြောက်သွားပြီဖြစ်၍ ယခင်အတိုင်း ဆော့ကစားရန် ကြိုးစားပါတော့သည်။

ဤတွင်မှ မဏ္ဍဗျသူဌေးသည် သားကလေးအတွက် စိတ်အေးသွားရပြီဖြစ်၍ -

"အရှင်ဘုရား၊ စောစောကအရှင်ဘုရားသစ္စာဆိုခဲ့တဲ့အထဲမှာ တစ်သက်တာလုံး ရသေ့ဝတ်နဲ့မပျော်ဘဲနေခဲ့ရတဲ့အကြောင်းပါလာခဲ့ပါတယ်။ မပျော်ဘဲနဲ့များ နှစ်ရှည်လများဘာကြောင့်ကျိတ်မှိတ်ပြီးနေခဲ့ရတာပါလဲ"

ဟု မေးလျှောက်သဖြင့် -

"ကျောင်းဒကာ၊ အဖြစ်ကဒီလိုပါ။ ငါတို့ သူငယ်ချင်းနှစ်ယောက် ရသေ့အဖြစ်ကို ခံယူကြတုန်း ဆွေတုန်မျိုးကုန်ဝိုင်းအုံပြီးတော့ ကြည်ညိုခဲ့ကြတယ်။ ချီးကျူးထောမနာပြုခဲ့ကြတယ်။ ဒီတော့ သူတို့ရဲ့ အကြည်ညိုခံပြီးတော့၊ သူတို့ရဲ့ ချီးကျူးစကားတွေ ကြားနာခံပြီးတော့ ရသေ့ဝတ်ကြရာမှာ မပျော်လို့ လူထွက်လိုက်ရင် သူတို့တစ်တွေက ငါ့ကိုဝိုင်းပြီး လက်ညှိုးထိုးကုန်ကြမှာပေါ့။ ဒါကြောင့် ငါဟာ တစ်သက်လုံးကြိတ်မှိတ်နေလာခဲ့ရတာပါ"

ဤသို့ ကဏှဒီပါယနရသေ့က အကြောင်းမှန်ကို ဖွင့်အံပြီးလျှင် ကျောင်းဒါယကာ၏ သစ္စစကားနှင့် ပတ်သက်၍လည်း တုံ့ပြန်မေးမြန်းသဖြင့် -

"အရှင်ဘုရား၊ တပည့်တော်ရဲ့ အဖြစ်ကလည်း အရှင်ဘုရားနဲ့ ခပ်ဆင်ဆင်ပါပဲ။ တပည့်တော်ရဲ့ ဘိုးဘေးဘီဘင်အစဉ်အဆက်၊ တပည့်တော်ရဲ့မိခင်၊ ဖခင်များလက်ထက်အထိ အလှူရေစက်လက်နဲ့မကွာနေလာခဲ့တာပါ။ ဒါပေမယ့် တပည့်တော်ရဲ့လက်ထက်ကျတော့ လှူချင်တန်းချင်စိတ်က မဝေါ်လာဘူး။ ဒါပေမယ့် မလှူဘဲလည်းမနေရဲဘူး။ တကယ်လို့ မလှူဘဲနေလိုက်မယ်ဆိုရင် ပတ်ဝန်းကျင်တစ်ခွင်လုံးက တပည့်တော်ကို ဝိုင်းပြီးလက်ညှိုးထိုးကြတော့မှာပါ။ 'သင်ဟာ သင့်မျိုးရိုးစဉ်ဆက်ကို ဖြတ်တောက်ပစ်တဲ့သူ၊ အယုတ်ညံ့ဆုံးလူ' ဆိုပြီးတော့ ကဲ့ရဲ့ကြမှာပါ။ ဒါကြောင့် ဟန်ဆောင်ပန်ဆောင် အလှူဒါယကာကြီး လုပ်နေရတာပါဘုရား"

မဏ္ဍဗျသူဌေးက ဤသို့ အရှင်ရသေ့အား ဖြေရှင်းလျှောက်ထားပြီးလျှင် သူဌေးကတော်ဘက်သို့ မျက်နှာမူလာ၍-

"ရှင်မရယ်၊ ငါတို့နှစ်ယောက် အကြင်လင်မယားအဖြစ်နဲ့ ချစ်ချစ်ခင်ခင်ပေါင်းသင်းလာကြတာကြာပါပြီကောကွယ်။ အခုမှ မချစ်ဘဲနဲ့ အောင့်ကာနမ်းလာခဲ့ရတာကိုကြားလိုက်ရပါတော့တယ်။ ကဲကွယ်၊ အဲဒါကိုတော့ထားကြပါစို့။ အဲသလို ကိုယ်မချစ်တဲ့ ယောကျာ်းတစ်ယောက်အပေါ်မှာ မချစ်ဘဲနဲ့ ဝတ္တရားမပျက်ရအောင် ပေါင်းသင်းလာနိုင်တာကတော့ ထူးဆန်းလှပါတယ်။ ဘာကြောင့်ပါလဲကွယ်"

"ဒါကတော့ ကျွန်မတို့ရဲ့ မျိုးရိုးကျင့်ဝတ်ဖြစ်ပါတယ်။ ကျွန်မတို့လို သမီးပျိုများဟာ မိဘပေးစားတာကို ငြင်းပယ်ခွင့်မရှိပါဘူး။ မိဘများက ပေးစားလို့ လင်အဖြစ် ရောက်လာပြီဆိုရင် စိတ်ထဲက မချစ်သော်ငြားလည်း မယားကောင်းတို့ရဲ့ကျင့်ဝတ်ကို မချွတ်စေရပါဘူး။ ဒါကြောင့် ကျွန်မကလည်း ကျွန်မတို့ရဲ့ မျိုးရိုးစဉ်လာအတိုင်းလိုက်နာခဲ့ရတာ ဖြစ်ပါတယ်"

သူဌေးကတော်သည် ဤသို့ ဟုတ်တိုင်းမှန်ရာပြောကြားပြီးမှ မိမိစကားလွန်သွားလေပြီလားဟု ကြောင့်ကြစိတ်ဝင်လာ၍ -

"အို - သူဌေးမင်း၊ ကျွန်မဒီလို ပြောလိုက်မိတဲ့အတွက် အပြစ်ရှိရင်ခွင့်လွှတ်ပါ"

ဟု ဦးချရှိခိုးတောင်းပန်သဖြင့်-

"အို - ရှင်မ၊ သင့်မှာအပြစ်မရှိပါ။ တဲ-ထပါတော့ကွယ်။ ဒီကရှေ့မှာတော့ ငါတို့ကလည်း ရှင်မအပေါ်စိတ်နဲ့တောင် မပြစ်မှားတော့ပါဘူး။ ရှင်မကလည်း ချစ်ချစ်ခင်ခင်နေပါတော့"

ဤသို့ သူဌေးကတော်ကို ဖျောင်းဖျပြောဆိုပြီးမှ မဏ္ဍဗျသူဌေးက ဆရာရသေ့ကို သတိပေးစကား လျှောက်ထားလိုသဖြင့် -

"အရှင်ဘုရား၊ အရှင်ဘုရားတို့ ရသေ့ဝတ်မှာ ပျော်ပျော်ကြီးနေပြီးတော့ ဘာဝနာကမ္မဋ္ဌာန်း စီးဖြန်းနေမှသာ တပည့်တော်တို့ လှူသမျှတန်းသမျှ ဒါနကုသိုလ်တွေ အကျိုးပေးထက်သန်မှာပါ။ ဒါကြောင့် တပည့်တော်တို့ကို ထောက်ထားပြီးတော့ တရားဘာဝနာနဲ့သာ မွေ့လျော်တော်မူပါဘုရား"

ဤသို့ လျှောက်ထားသည်ကို အလောင်းတော် ကဏှဒီပါယနရသေ့ကလည်း သဘောတူလက်ခံပြီးလျှင် သမထကမ္မဋ္ဌာန်းကို စိတ်အားထက်သန်စွာ စီးဖြန်းသဖြင့် ဈာန်သမာပတ်များ ရရှိလာလေသည်။

ထို့အတူပင် မဏ္ဍဗျသူဌေးသည်လည်း ဇာ၊ ဇာ၏အကျိုးကို ယုံကြည်သောသဒ္ဓါတရားလက်ကိုင်ထား၍ အလှူဒါယကာအစစ်ဖြစ်လာပြီးလျှင် သူဌေးကတော်သည်လည်း ခင်ပွန်းသည်ကို ချစ်ခင်ကြည်ညိုသော ဇနီးကောင်းတစ်ယောက်ဖြစ်လာလေသည်။

ဝဏ္ဏသင်



www.burmeseclassic.com

www.burmeseclassic.com



လှိုင်ကော်မြို့ ခရိုင်အုပ်ချုပ်ရေးမှူး ဦးနေဝင်းအောင်+ဒေါ်နှင်းဟေမြည့်ဦးတို့၏နေအိမ်တွင် ရုပ်ရှင်တော်မြတ်ကို မျက်လုံးတော်ဖွင့်ထျက် ဖူးတွေ့ရပုံ

## ရွှေကံကူလေပျံသစ်တော်ရုပ်ရှင်တော်မြတ်၏

# ကယားပြည်နယ် လွိုင်ကော်မြို့ ဒေသစာရီခရီးစဉ်

### ဘိုဘို(ရွှေကံကူ)

ရွှေကံကူလေပျံသစ်တော်ရုပ်ရှင်တော်မြတ်သည် ထူးခြားဆန်းကြယ်သော တန်ခိုးတော်အဖုံဖုံတို့နှင့် ပြည့်စုံတော်မူသည့်အပြင် ကောင်းမြတ်သော ဆုတောင်းအဓိဋ္ဌာန်တို့ ပြည့်ဝစေသဖြင့် ဤယနေ့အချိန်တွင် ပင့်ဆောင် ပူဇော်လိုသူတို့ ပေါ်များလျက်ရှိရာ မြန်မာနိုင်ငံ တစ်နံတစ်လျား တိုင်းဒေသကြီးများနှင့် ပြည်နယ်မြို့ရွာအနှံ့အပြားရှိ ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်စာသင်တိုက်များ၊ ကုမ္ပဏီများ၊ နေအိမ်မင်္ဂလာများမှ ပင့်ဆောင်ပူဇော်လျက်ရှိ၍ နှစ်ပတ်လည် မနားတမ်း ဒေသစာရီခရီးများလိုက်ပါ ကြွမြန်းတော်မူလျက်ရှိပါ သည်။

ရုပ်ရှင်တော်မြတ်သည် ၂၀၁၀ ပြည့်နှစ်၊ ၁၂ လပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့အနောက်ပိုင်း ကျက်ပြင်မြို့ ပန်းမချယ်ရီရပ်ရှိ ဦးစိန်သောင်း၊ ဒေါ်နော်အားမူတို့မှ ပင့်ဆောင်



လှိုင်ကော်မြို့
ဒေသကွပ်ကဲရေးစစ်ဌာနချုပ်တွင်
ရုပ်ရှင်တော်မြတ်ကို မျက်လုံးတော်ဖွင့်ထျက်
ဖူးမြော်ရပုံ

ပူဇော်ခဲ့ကြပါသည်။ ဒေါ်နော်အားမူသည် မိုးကုတ်ဒေသထွက် ပတ္တမြား၊ နီလာတို့ဖြင့် လက်ဝတ်ရတနာများ ပြုလုပ် ပြီး မန္တလေးမြို့၊ လွိုင်ကော်မြို့၊ ရန်ကုန်မြို့နှင့် ထိုင်းနိုင်ငံတို့သို့ လှည့်လည် ရောင်းချသော ရတနာကုန်သည် တစ်ဦး ဖြစ်ပါသည်။ ဦးစိန်သောင်းသည် ကျပ်ပြင်ဇာတိဖြစ်၍ ဒေါ်နော်အားမူသည် လွိုင်ကော်မြို့သူ ဖြစ်ပါသည်။ ရတနာကုန်သည်လုပ်ကိုင်ရင်း တွေ့ဆုံ အကြောင်းပါကြရခြင်းဖြစ်ပြီး လုပ်ငန်းနှင့် ပတ်သက်ရာ ကျပ်ပြင်မြို့တွင် အခြေချနေထိုင်ကြခြင်း ဖြစ်ပါသည်။

ဒေါ်နော်အားမူသည် ၂၀၁၀ ပြည့်နှစ် ၅ လပိုင်းတွင် မန္တလေးမြို့မှ မိတ်ဆွေရတနာကုန်သည် အမျိုးသမီးနှစ်ဦးနှင့်အတူ စဉ့်ကိုင်မြို့အောင်မြေသို့ ရောက်ရှိ၍လာခဲ့ပါသည်။ ထိုအချိန်တွင် ရုပ်ရှင်တော်မြတ်သည် အောင်မြေသို့



www.burmeseclassic.com

www.burmeseclassic.com



ထိုင်ကော့်မြို့ ခရိုင်အုပ်ချုပ်ရေးမှူး ဦးနေဝင်းအောင်+ဒေါ်မြင့်တာခြည်ဦးတို့၏နေအိမ် စိန်ပန်းပင်တွင် ထူးဆန်းသောစာတန်းများ ပေါ်ပေါက်လာပုံ



ထိုင်ကော့်မြို့ပြည်နယ်စည်ပင်သာယာဦးစီးဌာနသို့ ရုပ်ရှင်တော်မြတ်အား ပင့်ဆောင်ပူဇော်စဉ်



ထိုင်ကော့်မြို့ ဦးစိန်သောင်း+ဒေါ်နော်အားမူ မိခင်၏နေအိမ်မှ အခြားတစ်နေရာသို့ ဆက်လက်ပင့်ဆောင်စဉ်



ထိုင်ကော့်မြို့ ခရိုင်အုပ်ချုပ်ရေးမှူး ဦးနေဝင်းအောင်၏ဇနီး ဒေါ်မြင့်တာခြည်ဦးနှင့် အနိတ်အေး မယ်တော်ကြီးတို့ ခြေတော်ရာ၌ ပဋ္ဌာန်းပူဇော်စဉ် နဂါးငွေများထွက်လာပုံ

ကြွမြန်းတော်မူလာခြင်း မရှိသေးပါ။ ဒေါ်နော်အားမူသည် ရုပ်ရှင်တော်မြတ်၏ပုံတော်များကိုဖူးတွေ့ရရုံနှင့် ကြည်ညို မဆုံးဖြစ်သွားရပြီး စာရေးသူမှ ရုပ်ရှင်တော်မြတ်၏ဖြစ်တော်စဉ်သမိုင်းကြောင်းနှင့် ထူးခြားသော တန်ခိုးတော်များအကြောင်းကိုပါ ရှင်းလင်းပြောပြလိုက်ရာ ဒေါ်နော်အားမူသည် ယုံကြည်မှုသဒ္ဓါတရားတို့ ထက်သန်လာရပြီး ရုပ်ရှင်တော်မြတ်အား ပင့်ဆောင်ပူဇော်လိုကြောင်း စာရင်းပေးသွင်းသွားပါသည်။

ဤသို့ဖြင့် ရုပ်ရှင်တော်မြတ် ပြန်လည်ကြွမြန်းရောက်ရှိတော်မူလာသောအခါ အနိတ်အေး၊ မယ်တော်ကြီးတို့နှင့် တိုင်ပင်ညှိနှိုင်းပြီး ရက်ချိန်းစီစဉ်သက်မှတ်ပေးနိုင်ခဲ့ပါသည်။ ထို့ကြောင့် ဦးစိန်သောင်း၊ ဒေါ်နော်အားမူတို့သည် ရုပ်ရှင်တော်မြတ်အား မိုးကုတ်အနောက်ပိုင်း ကျပ်ပြင်မြို့ရှိ ၎င်းတို့၏နေအိမ်သို့ ပင့်ဆောင်ပူဇော်ခွင့်ရှိကြခြင်း ဖြစ်ပါသည်။

၎င်းတို့နေအိမ်တွင် ပင့်ဆောင်ပူဇော်ရာ၌ ပထမဦးဆုံး ထူးခြားမှုမှာ ဦးစိန်သောင်းသည် ရုပ်ရှင်တော်မြတ် ကြွရောက်တော်မူလာသည်နှင့် စံပယ်ပန်းကုံးများ လှူဒါန်းထားရှိခဲ့ပါသည်။ ထိုပန်းကုံးများမှာ ရက်များကြာလာသော်လည်း ညှိုးနွမ်းခြင်းမရှိဘဲ လန်းဆန်းလျက်ရှိပါသည်။ ဦးစိန်သောင်း၊ ဒေါ်နော်အားမူတို့၏နေအိမ်တွင် ရုပ်ရှင်တော်မြတ်သည် (၇) ရက်တိတိ သီတင်းသုံး စံပယ်တော်မူပါသည်။ စံပယ်ပန်းကုံးများသည် (၇) ရက်တိတိ ကြာမြင့်သော်လည်း ယခုမှ လတ်လတ်ဆတ်ဆတ် လှူဒါန်းထားသကဲ့သို့ သစ်လွင်လန်းဆန်းလျက်ရှိနေခဲ့သည်။ ဦးစိန်သောင်းသည် ထိုပန်းကုံးများကို မည်သူမျှမထိကိုင်စေရန်နှင့် ထိုပန်းများပေါ် သို့လည်း အသစ်လှူဒါန်းကြသောပန်းတို့ မတင်မိစေရန် အထူးဂရုပြု၍ လှူဒါန်းလျက်ရှိနေခဲ့ပါသည်။ ထိုပန်းကုံးများမှာ လုံးဝမညှိုးနွမ်းပါ။

(၇) ရက်ပြည့်သောနေ့တွင် ရုပ်ရှင်တော်မြတ်အား တခြားသော သာဝကတခြားတစ်ဦးမှ ဆက်လက်ပင့်ဆောင်ပါသည်။ ရုပ်ရှင်တော်မြတ် ကြွမြန်းတော်မူသည်နှင့် ဦးစိန်သောင်းသည် စံပယ်ပန်းကုံးများကို ဂရုစိုက်၍ကြည့်နေစဉ် ထိုစံပယ်ပန်းကုံးများမှာ တစ်ခဏအတွင်း ရုတ်တရက် ညှိုးနွမ်းသွားသည်မှာ



www.burmeseclassic.com


www.burmeseclassic.com

(၇)ရက်အကြာက စွန့်ပစ်ထားသော ပန်းများကဲ့သို့ ညှိမည်းနွမ်းရိသွား၍ အံ့ဩမဆုံး ဖြစ်ရပါတော့သည်။

နောက်တစ်ခုထူးခြားမှုမှာ ၎င်း နေအိမ်မှာပင် ဘုရားဖူးဧည့်သည်တစ်ဦး ဖြစ်သော ဦးဆောင်းသည် ရုပ်ရှင်တော်မြတ်အား ဖူးမြော်ကြည်ညိုနေရာမှ ၎င်း တွင်ပါရှိလာသော MP.4 ဖြင့် VIDEO ရိုက်ကူးလျက်ရှိစဉ် ရုပ်ရှင်တော်မြတ်သည် မျက်လုံးတော်များဖွင့်တော်မူလာပါသည်။ (၁၅) မိနစ်ခန့်ကြာမြင့်သည် အထိ တစ်ဖက်ပြီးတစ်ဖက်ဖွင့်တော်မူလာပါသည်။ တစ်ဖန် မျက်လုံးတော်များ ပြန်လည်မှိတ်သွားပြန်ပါသည်။ အတန်ကြာအောင် မှိတ်နေတော်မူပြီးမှ တစ်ဖန် ပြန်လည် ဖွင့်တော်မူလာပြန်ပါသည်။ ရိုက်ကူးပူဇော်သူ ဦးဆောင်းကို စာရေးသူမှ ချီးကျူးမိပါသည်။ စိတ်ရှည်လက်ရှည် ရိုက်ကူးထား၍ ဖွဲ့ကောင်းလှသူဖြစ်ပြီး ရုပ်ရှင်တော်မြတ်၏ ပထမဦးဆုံး မျက်လုံးတော်ဖွင့်မှတ်တမ်းကို ရိုက်ကူးပေးခဲ့ခြင်းဖြစ်၍ စာရေးသူတို့ ရွှေကက်ကူ မိသားစုမှ အထူးပင် ကျေးဇူးတင်မိပါသည်။

သည့်အရင်ကလည်း ရုပ်ရှင်တော်မြတ်သည် မျက်လုံးတော်ဖွင့်တော်မူခြင်းများရှိခဲ့သော်လည်း VIDEO မှတ်တမ်းကျန်ရှိခဲ့ပါ။ (ထိုမှတ်တမ်းကို ဖူးမြော်ကြည်ညိုလိုပါလျှင် ဒေါ်နော်အားမူ ၀၉-၄၉၂၅၁၄၈၅ ထံသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။) ဦးစိန်သောင်းနှင့် ဒေါ်နော်အားမူတို့သည် ရုပ်ရှင်တော်မြတ်အား မဖူးတွေ့ရသေးမီကတည်းက ဝင်ကြည်ညိုနေကြသူများဖြစ်ပြီး ဖူးတွေ့ခွင့်ရရှိသောအခါ ပို၍ ကြည်ညိုသွားကြရပြီး ယခုကဲ့သို့ မိမိတို့နေအိမ်၌ ပင့်ဆောင်ပူဇော်ခွင့်ရရှိချိန်တွင် ရုပ်ရှင်တော်မြတ်၏ တန်ခိုးတော်တို့ကို လက်တွေ့မျက်မြင် ဖူးတွေ့လိုက်ကြရသောအခါ ရုပ်ရှင်တော်မြတ်အပေါ် အတိုင်းသေ ကြည်ညိုယုံကြည်၍ ဖူးမြော်မဝအောင်ဖြစ်ကြရပါသည်။

သစ်သားဆင်းတုတော်မှ မျက်လုံးတော်ဖွင့်သည်ဆိုခြင်းမှ မည်သို့မျှမဖြစ်နိုင်သည့်ကိစ္စသာ ဖြစ်ပါ၏။ အခြားသူတစ်ယောက်မှ မိမိတို့အား လာရောက်ပြောကြားလျှင်သော်မှ မိမိတို့လက်ခံကြမည်မဟုတ်ပါ။ ယခုမူ မိမိတို့ကိုယ်တိုင်ပင် ဖူးတွေ့လိုက်ကြရလေပြီ။ အခြားသူများကိုလည်း အပြောမဟုတ် VIDEO မှတ်တမ်းဖြင့် လက်တွေ့ပြသ



ထိုင်းကော်ပြီးမှ ရန်ကုန်မြို့သို့ ရုပ်ရှင်တော်မြတ် ပြန်လည်ကြွမြန်းစဉ်

နိုင်ပြီဖြစ်ရာ အတိုင်းမသိဝမ်းသာကြည်နူးမှုများဖြစ်ပေါ်ကြရ၍ လူများကို ပြောပြ၍မဆုံး၊ ဗီဒီယိုမှတ်တမ်းကို ပြသ၍မဆုံးနိုင်ရှိကြပေသည်။

ထိုစဉ်က စာရေးသူထံသို့ မယ်တော်ကြီးမှ လည်းကောင်း၊ ဒေါ်နော်အားမူမှ လည်းကောင်း၊ ရုပ်ရှင်တော်မြတ် မျက်လုံးတော်ဖွင့်တော်မူသည့် အကြောင်းကို ဖုန်းဖြင့် ပြောပြကြရာ စာရေးသူလည်း ဝမ်းသာပီတိဖြစ်၍ မဆုံးအောင်ရှိရပြီး ရုပ်ရှင်တော်မြတ် မျက်လုံးဖွင့်တော်မူခြင်းကို တစ်ကြိမ်မျှ မဖူးတွေ့ရသေး၍ ဘယ်ပုံဘယ်နည်း ဖွင့်တော်မူပါလိမ့်မှာ ဖူးတွေ့လိုစိတ်များ ပြင်းပြစွာ ဖြစ်ပေါ်နေခဲ့မိပါသည်။ ဦးစိန်သောင်းနှင့် ဒေါ်နော်အားမူတို့သည်လည်း မိမိတို့ ယုံကြည်စွာ ပင့်ဆောင် ပူဇော်ခဲ့သော ရုပ်ရှင်တော်မြတ်သည် မိမိတို့ ယုံကြည်ခဲ့သည့်အတိုင်း အမှန်တကယ် တန်ခိုးတော်ကြီးမား၍ ထူးခြားသော ရုပ်ပွားတော်မြတ် ဖြစ်ပေသည်။ မကြုံစဖူးထူးကဲလှသောမျက်လုံးတော်ဖွင့်တော်မူခြင်းကို မိမိတို့နေအိမ်တွင် ဖြစ်ပေါ်ခဲ့ပေသည်ဟူ၍ ဂုဏ်ယူမဆုံးနိုင်အောင်ဖြစ်ကြရပါသည်။

ရုပ်ရှင်တော်မြတ်သည် မိုးကုတ်အနောက်ပိုင်း ကျပ်ပြင်မြို့တွင် အခြားသော နေအိမ်များမှာပါ ဆက်လက်ပင့်ဆောင်ပူဇော်ကြသဖြင့် (၁၅) ရက်ကြာမြင့်ခဲ့ပြီးမှ စဉ့်ကိုင်မြို့သို့ ပြန်လည်ကြွမြန်း ရောက်ရှိတော်မူခဲ့ပါသည်။ ထိုအခါမှ စာရေးသူလည်း ရုပ်ရှင်တော်မြတ်၏ မျက်လုံးတော်ဖွင့်တော်မူသော VIDEO မှတ်တမ်းကို ဖူးမြော်ကြည်ညိုခွင့်ရရှိပါတော့သည်။

ထူးဆန်းအံ့ဩဖွယ်ကောင်းလှပါ၍ ကြက်သီးဖြန်းဖြန်းထပြီး ဝမ်းသာ၊ ဝမ်းနည်း တုန်ယင်လှိုက်မောစွာဖြင့် မဖော်ပြနိုင်သော ခံစားမှုမျိုးတို့ ဖြစ်ပေါ်ရပြီး ဗြော် - မြတ်ဗုဒ္ဓ၏ကိုယ်စား ရုပ်ပွားတော်မြတ်၏ တန်ခိုးတော်တို့သည်ပင် လောကသိပ္ပံပညာတို့နှင့် လည်းကောင်း၊ လူသားတို့၏ စိတ်ကူးဉာဏ်ဖြင့်သော် လည်းကောင်း တိုင်းတာ၍လိုက်၍မမီအောင် ကြီးမြတ်တော်မူလှပါပေ၏။ သက်တော်ထင်ရှား ဘုရားရှင်များဆိုလျှင် မည်မျှအထိ တန်ခိုးတော်ဂုဏ်တို့ ကြီးမားလှပါမည်နည်းဟု တွေးမိကာ မိမိသည် မြတ်ဗုဒ္ဓအား ကိုးကွယ်ယုံကြည်သူအဖြစ်ကို ရရှိရသည်မှာ ကောင်းလေစွတကား၊ မြတ်လေစွတကားဟု တွေးမိပြီး ယခုအချိန်မှစ၍ ဗုဒ္ဓ၏ အဆုံးအမတွင် ရာနှုန်းပြည့်တည်စေပါ့မည်ဟု အဓိဋ္ဌာန်ပြုမိသည်အထိ ဖြစ်ရပါတော့သည်။

ရုပ်ရှင်တော်မြတ်သည် သစ်သားဆင်းတုတော်ဖြစ်၍ မျက်လုံးတော်ဖွင့်တော်မူရသည်မှာ အတော်ပင် ခက်ခက်ခဲခဲဖြင့် အားယူ အချိန်ယူ၍ တဆတ်ဆတ်တုန်လျက် ပွင့်တော်မူလာခြင်း ဖြစ်ရပြီး သူငယ်အိမ်ရွေ့လျားတော်မူခြင်းနှင့် မျက်သားအဖြူ မျက်ဝန်းအနက်တို့ကိုပါ ဖူးတွေ့ရသည်မှာ အံ့ဩမဆုံးနိုင်အောင် ဖြစ်ရပါသည်။

ရုပ်ရှင်တော်မြတ်အား ဦးစိန်သောင်း၊ ဒေါ်နော်အားမူတို့မှပင် စဉ့်ကိုင်မြို့အောင်မြေသို့ လာရောက် ပင့်ဆောင်ကြပြီး ၎င်းတို့၏ ဆန်နီကားကလေးနှင့်ပင် ပြန်လည်ပို့ဆောင်ခဲ့ကြပါသည်။ လာရောက်ပင့်ဆောင် ပူဇော်

www.burmeseclassic.com

စဉ်တ ဦးစိန်သောင်း-ဒေါ်နော်အားမူ၊ သမီးမိုးဆန်းပန်း၊ သားမောင်ဟိန်းမျိုးဇော တို့နှင့် စကားပြောချိန်မရရှိခဲ့သော်လည်း ပြန်လည်ပို့ဆောင်သောအခါတွင်မူ ၎င်း တို့မိသားစုသည် ရုပ်ရှင်တော်မြတ်၏ တန်ခိုးတော်ထူးခြားမှုတို့ကို စာရေးသူ အား ပြောပြ၍မကုန်နိုင်အောင်ရှိကြပြီး တစ်ခဏတာ တစ်ထိုင်အတွင်းမှာပင် ခင်မင်ရင်းနှီးသွားခဲ့ကြပါသည်။

ဒေါ်နော်အားမူသည် စကားသံ ဝဲဝဲဖြင့် -

"ရန်ကုန်က အစ်မတို့ကိုလည်း ပြောပြမယ်။ ပြီးတော့ လှိုင်ကော်က အမေ့တို့လည်းဖူးစေချင်တယ်"

ဟု စာရေးသူအား ပြောသွားပါ သည်။

ထို့နောက် ရုပ်ရှင်တော်မြတ်သည် ရန်ကုန်မြို့သို့ ကြွမြန်းရောက်ရှိတော် မူပါသည်။ ရန်ကုန်မြို့ခရီးစဉ်တွင် ဒေါ်နော်အားမူ၏ အစ်မဖြစ်သော ပုဇွန် တောင်မြို့နယ် ရေကျော်လမ်း တိုင်ပေ ရွှေဆိုင်မိသားစု ဦးကျော်ငြိမ်း၊ ဒေါ်မြငြိမ် မိသားစုတို့မှ ပင့်ဆောင်ပူဇော်ခဲ့ပါသည်။ ဒေါ်နော်အားမူနှင့် သမီးလေး မိုးဆန်း ပန်းတို့မှ လာရောက်၍ ဝေယျာဝစ္စများ ဆောင်ရွက်ပေးခဲ့ကြပါသည်။ ဦးကျော် ငြိမ်း၊ ဒေါ်မြငြိမ်တို့၏နေအိမ်တွင်လည်း ရုပ်ရှင်တော်မြတ်သည် မျက်လုံးတော် များ ဖွင့်တော်မူပြန်ရာ ဗီဒီယိုမှတ်တမ်း ထပ်မံရရှိခဲ့ပြန်ပါသည်။ ထိုအခါ ဒေါ်မြ ငြိမ်မှ ရုပ်ရှင်တော်မြတ်ကို လှိုင်ကော် မြို့သို့ ပင့်ဆောင် ပူဇော်လိုပါကြောင်း ရက်ချိန်း လျှောက်ထား တောင်းခံခဲ့ပါ သည်။

တစ်ဖန် ဤနေအိမ်မှ ဗဟန်းမြို့ နယ် ဘုရင့်နောင်ရေတပ်အရာရှိရိပ်သာ မှ ဗိုလ်ကြီးကျော်လင်းထွန်းနှင့် ဒေါ်ဝေ ဝေနွယ်တို့မှ ရုပ်ရှင်တော်မြတ်အား ဆက်လက်ပင့်ဆောင်ပူဇော်ခဲ့ကြပြန်ပါ သည်။ ဤနေအိမ်တွင်လည်း ရုပ်ရှင် တော်မြတ်သည် မျက်လုံးတော်များဖွင့် တော်မူပြန်ပါသည်။ ပို၍ ထူးခြားသည် မှာ ရုပ်ရှင်တော်မြတ်သည် သင်းကျစ် တော်မှ အဖြူရောင်အလင်းများ ထွက် ပေါ်ပြီး သင်းကျစ်တော်သည် စကြာ ကဲ့သို့ လည်ပတ်လျက်ရှိပါသည်။ ထိုသို့ ထူးခြားမှုများ ဖြစ်ပေါ်ခဲ့သည်လို့လည်း ဒေါ်ဝေဝေနွယ်ကိုယ်တိုင်ပင် VIDEO ကင်မရာဖြင့် မှတ်တမ်းတင်ထားရှိနိုင်ခဲ့ ပါသည်။ ထိုဗီဒီယိုမှတ်တမ်းကို ဖူးတွေ့ လိုပါက ၀၆၆-၄၀၁၂၆ မှ တစ်ဆင့် မေး မြန်းစုံစမ်းနိုင်ပါသည်။

ဆက်လက်၍ ဗိုလ်မှူးချုပ် မြင့်နောင် (ယခု တောင်အာဖရိကနိုင်ငံ သံအမတ်ကြီး) ဇနီး ဒေါ်ဆွေဆွေသိန်း တို့မှ မိဘများဖြစ်သော ကမာရွတ်မြို့ နယ် သံလွင်လမ်း အယ်(လ်)ဝမ်း၊ အယ် (လ်)တူးနေ ဗိုလ်မှူးချုပ်မြင့်သိန်း(ငြိမ်း)၊ ဒေါ်မြသန်းတို့၏နေအိမ်သို့ ပင့်ဆောင် ပူဇော်ခဲ့ကြပါသည်။ ဤနေအိမ်တွင် လည်း ရုပ်ရှင်တော်မြတ်သည် ပြုံးတော် မူခြင်း၊ မျက်လုံးတော်ဖွင့်တော်မူခြင်းတို့ ဖြစ်ပေါ်ခဲ့ပါသည်။ ဗိုလ်မှူးချုပ်မြင့်သိန်း နေအိမ်တွင် ချွေးမတော်စပ်သူ လှိုင်ကော် ခရိုင်အုပ်ချုပ်ရေးမှူး ဒုတိယဗိုလ်မှူးကြီး (ငြိမ်း) ဦးနေဝင်းအောင်၏ ဇနီး ဒေါ်နှင်း ဇာခြည်ဦး ရောက်ရှိနေပြီး လှိုင်ကော်မြို့ သို့ ရုပ်ရှင်တော်မြတ် ကြွရောက်တော်မူ မည့်အကြောင်းကို သိရှိသွားခဲ့ရာ လှိုင် ကော်မြို့သို့ရောက်ရှိလျှင် ၎င်းတို့၏နေ အိမ်သို့ပါ ပင့်ဆောင် ပူဇော်လိုကြောင်း လျှောက်ထားပြန်ပါသည်။

ဒေါ်နှင်းဇာခြည်ဦးသည် ရုပ်ရှင် တော်မြတ်၏သတင်းစကားကို စဉ့်ကိုင် မြို့ ပြည်သူ့ဆေးရုံကြီးတွင် တာဝန်ကျ ရောက်လျက်ရှိသော ဒေါက်တာ ဝဏ္ဏ သောင်း(မောင်တော်စပ်သူ)ထံမှကြားသိ ခဲ့ရ၍ စဉ့်ကိုင်မြို့ အောင်မြေသို့ လာ ရောက် ဖူးမြော်ခဲ့သူ ဖြစ်ပါသည်။ ယခု မူ မိမိခင်ပွန်း၏မိဘများနေအိမ်တွင် ရုပ် ရှင်တော်မြတ်ကို ဆိုက်ဆိုက်မြိုက်မြိုက် ဖူးတွေ့ခွင့်ရရှိသည့်အပြင် မိမိနေအိမ် သို့ပါ မမျှော်လင့်ဘဲ ပင့်ဆောင်ပူဇော် ခွင့်ရရှိလိုက်၍ အတိုင်းမသိ ဝမ်းသာမိရ ပါသည်။

ဤသို့ဖြင့် ရုပ်ရှင်တော်မြတ်သည် ၅-၅-၂၀၁၁ နေ့တွင် လေကြောင်းခရီး ဖြင့် ရန်ကုန်မြို့မှ ကယားပြည်နယ် လှိုင် ကော်မြို့သို့ ကြွမြန်းရောက်ရှိတော်မူခဲ့ ပါသည်။ လှိုင်ကော်ခရိုင်အုပ်ချုပ်ရေးမှူး ဦးနေဝင်းအောင်၏စီစဉ်ထားရှိမှုကြောင့် လေဆိပ်တွင် ကြိုဆိုသူတို့မှာ အစီအစဉ် ကျနစွာဖြင့် စည်ကားသိုက်မြိုက်လှပါ ၏။ ရုပ်ရှင်တော်မြတ်သည် တန်ခိုးကြီး ဘုရား ဟူသည့်ဂုဏ်ဖြင့် လျော်ညီစွာ ကားတန်းရှည်ကြီးဖြင့် ခမ်းနားတင့်တယ် သပ္ပာယ်စွာ မြို့အတွင်းမှ လှည့်လည် အပူဇော်ခံလျက် ဒေါ်မြငြိမ်နှင့်ဒေါ်နော် အားမူတို့၏ မိခင်ကြီး အဘွား ဒေါ်အေး ကြည်၏နေအိမ် အမှတ် (၁၂၇)၊ သီရိ လမ်း၊ ရွှေတောင်ရပ်ကွက်သို့ ကြွမြန်း ရောက်ရှိတော်မူခဲ့ပါသည်။

ရုပ်ရှင်တော်မြတ် ကြွမြန်းရောက် ရှိတော်မူသည်နှင့် မြို့လူထုပရိသတ်ကြီး မှလည်း သောင်းသောင်းဖြဖြ တစ်ခဲနက် လာရောက်ဖူးမြော်ကြည်ညိုကြပါသည်။ ဧည့်ပရိသတ်တို့မှာ စည်ကားလွန်းလှ သဖြင့် ပွဲတော်ကြီးတမျှ ထင်မှတ်ရပါ ၏။ အိမ်ပေါ်၊ အိမ်အောက်သာမက အိမ်ဝင်းထဲမှာပင် လူများပြည့်နှက်လျက် ရှိ၍ ဧည့်သည်တို့၏ ကား၊ ဆိုင်ကယ်၊ ထော်လာဂျီ၊ စက်ဘီးတို့မှာ လမ်းများပင် ပိတ်ဆို့လျက်ရှိပါသည်။ အဘွား ဒေါ်အေးကြည်၏နေအိမ်တွင် ရုပ်ရှင် တော်မြတ်သည်ထူးခြားမှု များစွာဖြစ် ပေါ်ခဲ့ပါသည်။

၆-၅-၂၀၁၁ နေ့ ညနေ (၆) နာရီ (၃၀) မိနစ်တွင် ရာချီသော ဧည့်ပရိသတ် တို့၏ ရှေ့မှောက်မှာပင် ရုပ်ရှင်တော် မြတ်၏ မျက်နှာတော်သည် ပြုံးတော်မူ လာပါသည်။ တကယ့်သက်ရှိထင်ရှား ဘုရားရှင်၏မျက်နှာတော်ကဲ့သို့ သက်ဝင် လှုပ်ရှားလာလျက် ဖူးမြော်ကြရသည်မှာ အံ့ဩမဆုံး၊ ကြည်ညိုမဆုံးဖြစ်ကြရပါ သည်။ မကြုံစဖူး၊ မကြားစဖူး ထူးဆန်း လွန်းလှပါ၍ ဖူးမြော်ကြရသူအပေါင်းတို့ ဝမ်းမြောက်ဝမ်းသာမဆုံးဖြစ်ကြရပြီး ၎င်းတို့ လိုလား တောင့်တအပ်သော တောင်းဆုတို့ကို ရိုသေစွာ လျှောက် ထား ဆုပန်ကြပါသည်။

(စာရေးသူ၏အတွေ့အကြုံတစ်ခု မှာ ရုပ်ရှင်တော်မြတ်တန်ခိုးတော်ထူး ခြားမှုတစ်ခုခုဖြစ်ပေါ်နေချိန်တွင် ရိုသေ ယုံကြည်စွာရှိခိုးကန်တော့၍ ဆုတောင်း ကြသူတို့သည် အလျင်အမြန် တောင်းဆု များပြည့်လေ့ရှိ ကြပါသည်။ ထို့ကြောင့် စာရှုသူအပေါင်းတို့လည်း အကြောင်း သင့်၍ ရုပ်ရှင်တော်မြတ်ကို ဖူးမြော်ခွင့် ရရှိခိုက် တန်ခိုးတော်ထူးခြားမှုတစ်ခုခု ဖြစ်ပေါ်ခဲ့လျှင် မိမိတို့၏ အလိုလား အတောင့်တအပ်ဆုံးသောဆုတစ်ခုကို တောင်းကြပါရန် တိုက်တွန်းအပ်ပါ သည်။)

ရုပ်ရှင်တော်မြတ် ပြုံးတော်မူ လျက်ရှိသည်ကို လူအများတို့ ဖူးမြော် နေဆဲမှာပင် နှုတ်ခမ်းတော်သည် အပေါ် ဘက်သို့ ပိုမို ကွေးပျံ့လာပြီး နှုတ်ခမ်း တော်နှစ်ဖက်အစွန်းမှာ ပါးတော်၏ သုံးပုံတစ်ပုံခန့်အထိ ရောက်ရှိလာကာ အားရပါးရ ပြုံးတော်မူလာသည်ကို ဖူးတွေ့ကြရပါသည်။

၇-၅-၂၀၁၁၊ စနေနေ့ နေ့လယ် (၂) နာရီတွင် ရုပ်ရှင်တော်မြတ်နှုတ်ခမ်း



www.burmeseclassic.com

www.burmeseclassic.com

တော်မှာ တဖြည်းဖြည်းစုရုံးချွန်လာပြီး နှုတ်ခမ်းတော် ဖွင့်ဟတော်မူမည့်ဟန် အချိန်ကြာမြင့်စွာ ဖူးတွေ့ကြရပါသည်။ ဓာတ်ပုံရိုက်ကူးပူဇော်လျှင်လည်း အပြင်မှာ ပကာတိမျက်စိဖြင့် ဖူးတွေ့ကြရသကဲ့သို့ပင် နှုတ်တော်ဖွင့်ဟတော်မူမည့်သဏ္ဌာန် ဖူးတွေ့ကြရပါသည်။ ရုပ်ရှင်တော်မြတ်သည် အဘွားဒေါ် အေးကြည်၏နေအိမ်တွင် သီတင်းသုံးစံမြန်းတော်မူစဉ်ကာလအတွင်း ၅-၅-၂၀၁၁ နေ့မှ ၁၃-၅-၂၀၁၁ နေ့တိုင် ညစဉ် မျက်လုံးတော်ဖွင့်တော်မူ၍ အထူးသဖြင့် ညာဘက်မျက်လုံးတော်သည် သိသာထင်ရှားစွာဖွင့်တော်မူလျက်ရှိသည်ကို လာရောက်သမျှသောသဒ္ဓါပရိသတ်အပေါင်းတို့ ဖူးမြော်ကြရပါသည်။

အခြားထူးခြားမှုတစ်ခုမှာ ရုပ်ရှင်တော်မြတ် ရန်ကုန်မြို့မှ လှိုင်ကော်မြို့သို့ ကြွမြန်းရောက်ရှိတော်မူလာမည့် ၅-၅-၂၀၁၁ နေ့ နံနက်တွင် လှိုင်ကော်မြို့မှ ရုပ်ရှင်တော်မြတ်အား ကြိုဆိုရန်နှင့် ရုပ်ရှင်တော်မြတ် သီတင်းသုံး စံပယ်တော်မူရန် နေရာထိုင်ခင်းကြိုဆိုပြင်ဆင်ထားနှင့်ရန် ရောက်ရှိနေသော ဒေါ်နော်အားမူသည် ရုပ်ရှင်တော်မြတ်အား ပူဇော်သည့် ပန်း (၉) မျိုးတွင် လိုအပ်သောပန်းတို့ကို သိရီမင်္ဂလာဈေးတွင် ဝယ်ယူလျက်ရှိပါသည်။ ဈေးသည်ခြင်းတောင်းအတွင်းမှ နှင်းဆီဖူးများကို ဒေါ်နော်အားမူမှ ထုတ်ယူလိုက်ပြီး လှ၊ မလှ ရွေးချယ်ရန် ကြည့်လိုက်စဉ် စက္ကန့်ပိုင်းအတွင်း နှင်းဆီဖူးသည် ရုတ်တရက် အစွမ်းကုန် ပွင့်အာလာသဖြင့် ဒေါ်နော်အားမူသည် လန့်ဖျပ်ပြီး ထိုနှင်းဆီခက်ကို လွှတ်ချလိုက်မိပါသည်။ ထို့နောက် ဈေးသည်အား နှင်းဆီဖူးတို့သည် ထိုကဲ့သို့ဖြစ်လေ့ရှိပါသလားဟု ဈေးသည်ကို မေးမြန်းကြည့်ရာ ဈေးသည်သည် ပန်းရောင်းသောလုပ်ငန်းမှာ အနှစ် (၂၀) မျှရှိပါပြီ။ တစ်ကြိမ်မျှဤသို့မဖြစ်ဘူး မတွေ့ကြုံဘူးပါ။ ယခု မည်သည့်အတွက် ပန်းတွေအများကြီးဝယ်ယူနေပါသနည်းဟု ပြန်လည်မေးမြန်းပါသည်။ ဒေါ်နော်အားမူမှ မကြာမီ ရန်ကုန်မြို့မှ ပင့်ဆောင် ပူဇော်လာမည့် ရွှေကူဆေးပုံသစ်တော် ရုပ်ရှင်တော်မြတ်အား ကြိုဆိုရန် ဖြစ်ကြောင်း ဖြေကြားလျှင် တော်တော်တန်ခိုးကြီးတဲ့ဘုရားပဲ။ မိမိတို့လည်း လာရောက်ဖူးမြော်လိုပါသည်ဟုဆိုကာ ဈေးသူဈေးသားများအားလုံး လာရောက်ဖူးမြော်ကြပြီး ထိုဈေးသည်မှ တစ်ဆင့် နှင်းဆီဖူး ရုတ်တရက် ပွင့်အာလာသည့်အကြောင်းမှာ ရုပ်ရှင်တော်မြတ် မကြွရောက်မီမှာပင် မြို့အတွင်း၌ ကျော်စောပျံ့နှံ့လျက်ရှိနှင့်နေခဲ့ပါသည်။

အဘွား ဒေါ်အေးကြည် နေအိမ်မှာပင် ၆-၅-၂၀၁၁ နေ့ ည (၇) နာရီ မိနစ် (၄၀) တွင် ရုပ်ရှင်တော်မြတ်အား ပူဇော်ထားသော အချင်း (၂) လက်မရှိ မီးဆလိုက်ငယ်အတွင်းမှ ပထမဦးစွာ အမွှေးတိုင်မီးခိုးတန်းကဲ့သို့ မီးခိုးတန်းများ (၅) ကြိမ်တိတိ ထွက်ပေါ်လာပြီး ရုပ်ရှင်တော်မြတ်အထံတော်အထိရောက်ရှိတော်မူပါသည်။ ထို့နောက် ဖယောင်းတိုင်မီးညွန့်ကဲ့သို့ လိမ္မော်ရောင်အလင်းတန်းတို့ မီးပန်းကဲ့သို့ ပထမအကြိမ်တွင် အနည်းငယ်နှင့် ဒုတိယအကြိမ်တွင် များပြားကြီးမားစွာ ထွက်ပေါ်ခဲ့ပါသည်။ ဝါယာရှော့ဖြစ်ခြင်းလော၊ မီးသီးကျွမ်းခြင်းလောဟု ထင်မှတ်ကြသေးသော်လည်း သေချာစွာ စစ်ဆေးကြည့်ရှုကြသောအခါ ဝါယာရှော့မဖြစ်ပါ။ မီးသီးမကျွမ်းပါ။ မည်သည့်ညှော်နံ့မျှမရပါ။ ကြည်ညိုနှံ့ပင်သင်းပျံ့လျက်ရှိပါသည်။ ထိုဆလိုက်ငယ်သည် ရုပ်ရှင်တော်မြတ် ပြန်လည်ကြွမြန်းတော်မူသွားပြီးနောက် ဆက်လက်ထွန်းညှိထားရှိခဲ့သော်လည်း ဤယနေ့တိုင် (၂၂-၁၁-၂၀၁၃) ကျွမ်းလောင်ပျက်စီးသွားခြင်းမရှိသေးကြောင်း သိရပါသည်။

မင်္ဂလာရပ်ကွက်မှ မလင်းလင်းထိုက်သည် ရုပ်ရှင်တော်မြတ် လှိုင်ကော်မြို့သို့ ကြွမြန်းရောက်ရှိတော်မူလျက်ရှိကြောင်း ကြားသိလျက်ရှိသော်လည်း သွားရောက် ဖူးမြော်ရခြင်း မရှိသေးပါ။ သို့ပါ၍ ရုပ်ရှင်တော်မြတ်၏ ဉာဏ်တော်ကိုလည်း မသိရှိ၊ ရုပ်ရှင်တော်မြတ်၏ ဓာတ်ပုံတော်ကိုလည်း မဖူးတွေ့ဘူးသဖြင့် မည်သည့်ပုံသဏ္ဌာန်ဟူ၍လည်း မသိရှိပါ။ ထို့အပြင် ရုပ်ရှင်တော်မြတ်၏ တန်ခိုးတော်တို့ကိုလည်း သိရှိထားခြင်း မရှိပါ။

ဤသို့ဖြင့် ၇ - ၅ - ၂၀၁၁ ညဦးသန်းခေါင်တွင် ထူးခြားသောအိပ်မက်မြင်မက်ပါသည်။ မလင်းလင်းထိုက်၏ လက်ဖဝါးထဲသို့ ဉာဏ်တော်(၄)လက်မခန့်သာရှိသော ရုပ်ပွားတော်တစ်ဆူ ကြွရောက်တော်မူလာပြီး ထိုရုပ်ပွားတော်မှာ ဖူးနေရင်းမှ တဖြည်းဖြည်း အသက်တော်များဝင်လာပြီး မျက်လုံးတော်များဖွင့်တော်မူလာခြင်း၊ ပြုံးတော်မူခြင်းစသည်တို့ကို ဖူးတွေ့ရ၍ အံ့ဩမဆုံးဖြစ်ရသည်။ ထို့နောက် အိပ်မက်မှနိုးလာသည့်တိုင် ထိုရုပ်ပွားတော်အား မျက်စိထဲတွင် မပျောက်နိုင်ဘဲ မြင်ယောင်လျက်ရှိနေပြီး ကြည်ညိုမဆုံးနိုင်အောင် ဖြစ်ရသောကြောင့် ထပ်မံဖူးမြော်လိုစိတ်များဖြစ်ပေါ်၍နေမိကာ ဤရုပ်ပွားတော်ကို အိပ်မက်တွင် လည်းကောင်း၊ အပြင်ဘက်တွင် လည်းကောင်း နောက်တစ်ကြိမ် ထပ်မံဖူးမြော်နိုင်ခွင့်ရနိုင်တော့မည် မဟုတ်ဟု တွေးမိကာ ဝမ်းနည်းနေမိပါသည်။

နံနက်ရောက်သောအခါ အိပ်မက်မှာ မမေ့သေးဘဲရှိနေပြီး ရုပ်ရှင်တော်မြတ်ကြွရောက်တော်မူနေသည်ကိုလည်း သွားရောက် မဖူးမြော်ရသေးသည်ကိုလည်းသတိရမိသည်။ ထို့ကြောင့် ထိုနေ့နံနက်ခင်းမှာပင် အဘွားဒေါ် အေးကြည်တို့၏နေအိမ်သို့ ရုပ်ရှင်တော်မြတ်အား သွားရောက်ဖူးမြော်ရာ အံ့ဩလွန်းမက ဝမ်းသာလွန်းမကဖြစ်ရပါသည်။အဘယ်ကြောင့်ဆိုသော် မနေ့ညက အိပ်မက်ထဲတွင် ဖူးတွေ့လိုက်ရသော ရုပ်ပွားတော်မြတ်မှာ ယခု မိမိရှေ့မှောက်တွင် မျက်ဝါးထင်ထင်ဖူးမြင်နေရသော ရုပ်ရှင်တော်မြတ်ဖြစ်နေသောကြောင့် ဖြစ်ပါသည်။ မလင်းလင်းထိုက်သည် အိမ်ရှင်များနှင့် မယ်တော်ကြီးတို့အား ၎င်း၏ အိပ်မက်အကြောင်းကို ပြန်လည် ပြောပြသဖြင့် အံ့ဩကြရပါသည်။

ထူးထူးခြားခြား ကြုံတွေ့ရသူနောက်တစ်ဦးရှိပါသေးသည်။ ၎င်းမှာ လှိုင်ကော်မြို့နှင့် အတန်ငယ် ကွာဝေးသော မိုးဗြဲမြို့မှ ဒေါ်ဖီးမ ဆိုသော ခရစ်ယာန်ဘာသာဝင်အမျိုးသမီးတစ်ဦး ဖြစ်ပါသည်။ ၎င်း၏ အိပ်မက်မှာ ထူးဆန်းလှပါသည်။ ၎င်းသည် ကွင်းပြင်ကျယ်ကြီးတစ်ခုအတွင်းသို့ ရောက်ရှိနေပါသည်။ ကွင်းပြင်ကြီး၏ အလယ်တွင် ဧရာမသစ်ပင်ခြောက်ကြီးရှိနေပြီး ထိုသစ်ပင်ကြီး၏အောက်တွင် ရာထောင်ချီသောလူများစွာတို့ ရောက်ရှိနေကြကာ သစ်ပင်ကြီးကို မျှော်လင့်ခြင်းကြီးမားစွာဖြင့် မော့ကြည့်နေကြပါသည်။ ထိုလူများကို သေချာစွာ ကြည့်လိုက်သောအခါ မြန်မာနိုင်ငံသူနိုင်ငံသားများသာမကဘဲ ကမ္ဘာ့လူမျိုးပေါင်းစုံ ပါဝင်နေသည်ကို တွေ့ရှိရပါသည်။ ထိုအချိန်တွင် ဘယ်လိုကဘယ်လို မိမိလက်တွင်ရောက်ရှိနေသည်ကိုမသိရသော ပြောင်းရှည်သေနတ်တစ်လက်ရှိနေပြီး လူအများမှ သစ်စများကို သေနတ်ဖြင့် ပစ်ချွေပေးရန်

www.burmeseclassic.com

ဆန္ဒများဖြစ်ပေါ်နေကြောင်း တွေ့ရ၍ မိမိလည်း သေနတ်ဖြင့် သစ်ပင်ကြီးကို တစ်ချက်ချင်းပစ်ချမိသည်။ သစ်သားများ ရရှိသွားကြသူတို့သည် ဝမ်းသာပျော်ရွှင်စွာဖြင့် အမြတ်တနိုးယူဆောင်ကာ ထွက်ခွာသွားကြပါသည်။

အချိန်မည်မျှကြာမြင့်သွားသည် မသိပါ။ နောက်ဆုံးတွင် သစ်ငုတ်ပါ မကျန် သစ်ပင်ကြီးတုန်ဆုံးသွားပါတော့သည်။ ထိုလူတို့သည် ထိုနေရာသို့ ထပ်မံလာရောက်နေကြဆဲဖြစ်၍ သစ်စရရှိသွားသူတွေ အများအပြား ပြန်လည်ထွက်ခွာသွားကြပြီဖြစ်သော်လည်း လူအုပ်ကြီးမှာ လျော့နည်းသွားခြင်းမရှိဘဲ ပိုမိုသာ များပြားလာလျက်ရှိပါသည်။ ကျန်ရှိသောသူများသည် သစ်ပင်ကြီးမရှိတော့ပြီဖြစ်၍ သစ်သားအပိုင်းအစများ မရရှိနိုင်ပြီသောကြောင့် ဝမ်းနည်းစွာ ငိုကြွေးကြပြီး ပြန်လည် ထွက်ခွာသွားကြပါသည်။ နောက်ဆုံးတွင် ဒေါ်ဖီးမတစ်ယောက်တည်းသာ တွင်းပြင်ကြီးတွင် ကျန်ရစ်ပါတော့သည်။ ထိုအခါမှ ဒေါ်ဖီးမသည် သစ်ပင်ကြီးအား မိမိမှ ဖျက်ဆီးလိုက်မိပြီဟု တွေးမိကာ စိတ်မကောင်းဖြစ်ရပြီး အိပ်မက်မှ လန့်နိုးလာခဲ့ပါ သည်။

ဒေါ်ဖီးမသည် လှိုင်ကော်သို့ တစ်လလျှင် တစ်ခေါက်မျှသောရောက်ဖြစ်ပါသည်။ နောက်တစ်နေ့တွင် လှိုင်ကော်သို့သွားရောက်ရန် အကြောင်းပေါ်လာခဲ့သည်။ ဤတစ်ခေါက် လှိုင်ကော်မြို့သို့ ရောက်သောအခါ ထူးခြားနေသည်ဟု ထင်မိသည်။ နေရာတိုင်းတွင် လူတို့သည် တန်ခိုးကြီးသောဘုရားကြွရောက်တော်မူလျက်ရှိသည်။ မိမိတို့တစ်သက်တွင် မကြုံဘူးသော တန်ခိုးတော်များကို ဖူးတွေ့ရသည်။ ဘွဲ့တော်မှာလည်း ထူးခြားလှသည်။ ရွှေကံကူလေပျံသစ်တော်ရုပ်ရှင်တော်မြတ်တဲ့ဟု ပြောကြသောအခါ 'သစ်' ဟူသော စကားကို ကြားလိုက်ရသောအခါ ဒေါ်ဖီးမ၏စိတ်တွင် တုန်လှုပ်ချောက်ချားသွားမိသဖြင့် ယခုထိုဘုရားရှိသောနေရာကို ညွှန်ပြပါရန် မေးမြန်းစုံစမ်းမိပါတော့သည်။

ထိုသို့ဖြင့် ဒေါ်ဖီးမသည် အဆင့်ဆင့်လမ်းညွှန်မှုဖြင့် နောက်ဆုံးတွင် အဘွား ဒေါ်အေးကြည်၏ အိမ်သို့ ၉-၅-၂၀၁၁ နေ့ နေ့လယ် (၂) နာရီခန့်တွင် ရောက်ရှိ၍လာခဲ့ပါသည်။ ဗုဒ္ဓဘာသာမိသားစု သာမန်နေအိမ်တစ်ခုတွင် ယခုကဲ့သို့ ဘုရားဖူးညှော်ပရိသတ်များ ပြားစည်ကားလှသည်ကို မတွေ့ဘူးပါ။ လူတို့များပြားလှသဖြင့် ရုပ်ရှင်တော်မြတ်ပူဇော်ထားရှိရာ အိမ်အပေါ်ထပ်သို့ အလှည့်ကျ တက်ရောက်ကြရပါသည်။ ဒေါ်ဖီးမတွင် အိမ်ရှင်နှင့် သိကျွမ်းခြင်းမရှိသည့်အပြင် အဖော်လည်းမပါရှိ မိမိသည် ဗုဒ္ဓဘာသာဝင်လည်းမဟုတ်သည့်အတွက် အိမ်ပေါ်သို့တက်ရန် ဝန်လေးနေမိသည်။ သို့သော် ရုပ်ပွားတော်ကိုလည်း ကြည့်ချင်မြင်ချင်စိတ်တို့က ပြင်းပြလှသဖြင့် လူအများနှင့်ရော၍ အိမ်အပေါ်ထပ်သို့ လိုက်ပါသွားခဲ့ပါသည်။ အပေါ်ထပ်သို့ ရောက်သောအခါတွင်လည်း မိမိ၏ရှေ့တွင် လူများစွာ ဝတ်ပြုကန်တော့နေကြ၍ ရုပ်ပွားတော်မြတ်ကို အနီးကပ်ကြည့်ရှုလိုကြောင်း အကူအညီတောင်းခံမိပါသည်။

လူငယ်လေးသည်လည်း သဘောကောင်းလှပါသည်။ မိမိအား ရုပ်ပွားတော်မြတ်နှင့် အနီးဆုံးနေရာသို့ လူများကို လမ်းရှင်းပေးပြီး ခေါ်ဆောင်သွားပါသည်။ မိမိသည် ဗုဒ္ဓဘာသာဝင်မဟုတ်သော်လည်း ဗုဒ္ဓဘာသာတိုင်းပြည်တွင် နေထိုင်သူဖြစ်သောကြောင့် ဗုဒ္ဓရုပ်ပွားတော်များစွာ၏ မျက်နှာတော်ကို တွေ့မြင်လိုက်ချိန်တွင်တော့ မိမိစိတ်မှာ မည်သို့ဖြစ်သွားသည်မသိပါ။ တလှုပ်လှုပ်ခံစားရပြီး အိပ်မက်ကိုလည်း သတိရလာမိပြန်ပြီး အလိုလိုဝမ်းနည်း၍လာမိပါသည်။ ထို့နောက် မည်သို့မျှ စိတ်ကိုထိန်းမရတော့ပါ။ မျက်ရည်များတလိမ့်လိမ့်ကျဆင်းလာပြီး ဆို့နင့်ကြေကွဲစွာဖြင့် အတောမသတ်လောက်အောင် သည်းထန်စွာ ရှိုက်ကြီးတငင် အချိန်ကြာမြင့်စွာ ငိုကြွေးမိပါတော့သည်။

ဘုရားဖူးညှော်သည်များမှ လာရောက် မေးမြန်းနှစ်သိမ့်ကြသော်လည်း မည်သို့မျှ ပြန်လည်ဖြေကြားခြင်းမပြုနိုင်ဘဲ ရှိုက်၍ရှိုက်၍သာ ငိုကြွေးနေမိပါသည်။ နောက်ဆုံးတွင်တော့ အိမ်ရှင်များလည်း မိမိအား စိုးရိမ်နေကြပြီး မယ်တော်ကြီးဆိုသူကို ခေါ်ဆောင်လာခဲ့ပါသည်။ မယ်တော်ကြီးရောက်ရှိလာသောအခါမှ မနည်းထိန်းပြီးအငိုရပ်နိုင်ပါတော့သည်။ ထို့နောက် မိမိစိတ်တွင် မည်သို့ဖြစ်ပေါ်လာသည်မသိပါ။ မိမိတစ်သက်တာတွင် မည်သည့်ဗုဒ္ဓဘာသာစေတီပုထိုးရုပ်ပွားဆင်းတုတော်တို့ကို တစ်ခါမှ ရှိခိုးဦးချခြင်းမပြုခဲ့ဘူးသော်လည်း ရုပ်ပွားတော်မြတ်ကို ဦးသုံးကြိမ်ချ၍ အလိုလို ရှိခိုးကန်တော့မိသွားပါတော့သည်။ ထို့နောက်မှ မနေ့ညက မြင်မက်သော အိပ်မက်တို့ မယ်တော်ကြီးအား ပြောပြလိုက်ပြီး မိမိသည် အိပ်မက်ထဲတွင် သစ်ပင်ကြီးကို သေနတ်ဖြင့် ပစ်ချခဲ့မိသည်၊ ဤရုပ်ပွားတော်သည် ထိုသစ်ပင်ကြီးနှင့် ပတ်သက်နေမည်ဟု စိတ်တွင် အလိုလိုသိနေသည်။ ထို့ကြောင့် မိမိတွင် အပြစ်ရှိသည်ဟု တွေးမိပါသည်ဟု ဆိုသောအခါ မယ်တော်ကြီးမှ -

"ငါ့သမီးမှာအပြစ်မရှိပါဘူး။ ငါ့သမီးရဲ့ အိပ်မက်ထဲကလိုပဲ ဒီသစ်တော်ကြီးရဲ့အပိုင်းအစတွေဟာ လူများစွာရဲ့ ထံမှာ ရောက်ရှိနေပြီး အမြတ်တနိုးကိုးကွယ် ပူဇော်ထားရှိနေကြပါပြီ။ ပြီးတော့ ငါ့သမီးရဲ့အိပ်မက်ထဲမှာ ကမ္ဘာ့လူမျိုးပေါင်းစုံက ဒီသစ်ပင်ကြီးရဲ့ အပိုင်းအစတွေကို လာရောက် ကောက်ယူကြတယ်ဆိုတော့ ဒီရွှေကံကူလေပျံသစ်တော် ရုပ်ရှင်တော်မြတ်ကို နိုင်ငံရပ်ခြားတိုင်းပြည်တလူတွေကပါ ကိုးကွယ်ပူဇော်ကြမယ်ဆိုတဲ့ အဓိပ္ပာယ်ပေါ့"

ဟု ပြောဆိုနှစ်သိမ့်လိုက်ရပါသည်။

ထိုအခါ ဒေါ်ဖီးမသည်လည်း စိတ်လက်ပေါ့ပါးကာ ပြန်လည်ထွက်ခွာသွားခဲ့ပါသည်။ နောက်တစ်နေ့တွင် ဒေါ်ဖီးမသည် တစ်ခေါက်ပြန်လည် ရောက်ရှိလာပြန်ပါသည်၊ ဤတစ်ကြိမ်တွင်တော့ မဖီးမသည် တစ်ယောက်တည်းလာရောက်ခြင်းမဟုတ်ပါ။ ၎င်း၏ ညီအစ်မများကိုပါ ခေါ်ဆောင်လာခဲ့ပြီး ၎င်းတို့အားလုံး ရုပ်ရှင်တော်မြတ်ကို ရှိသေစွာ ဦးချကန်တော့သွားကြပြီး ဝတ္ထုငွေအချို့ပင် လှူဒါန်းသွားခဲ့ကြပါသေးသည်။ ယနေ့အချိန်တွင် ဒေါ်ဖီးမ၏ အိပ်မက်အတိုင်းပင် ရုပ်ရှင်တော်မြတ်သည် ဗုဒ္ဓဂယာ၊ စင်ကာပူ၊ ထိုင်းခရီးစဉ်တို့ပေါ် ပေါက်ခဲ့ပြီး ဟောင်ကောင်နှင့် တိုင်ပေခရီးစဉ်တို့လည်း လမ်းစပေါ်ပေါက်လျက်နေပြီ ဖြစ်ပါသည်။

တစ်ဖန် ထူးခြားသူနောက်တစ်ဦးမှာ မင်္ဂလာရပ်ကွက်မှ ဦးသန်းထွန်း ဖြစ်ပါသည်။ ဦးသန်းထွန်းသည် အဘွား ဒေါ်အေးကြည်၏ နေအိမ်သို့ ရုပ်ရှင်တော်မြတ်အား လာရောက်ဖူးမြော်၍ ရုပ်ရှင်တော်မြတ်အား ကြည်ညိုသဒ္ဓါစိတ်များ ကြီးမားစွာ ဖြစ်ပေါ်လာခဲ့မိပါသည်။ ထို့ကြောင့် ရုပ်ရှင်တော်မြတ်၏ ကိုယ်စားတော်အဖြစ် ရုပ်ရှင်တော်မြတ်၏ ဓာတ်ပုံတော်တစ်ပုံကို ၎င်း၏နေအိမ်သို့ ပင့်ဆောင်သွားခဲ့ပြီး နေအိမ် ဘုရားဆောင်တွင် ရှိသေစွာ ပူဇော်ထားရှိလိုက်ပါသည်။ ၉-၅-၂၀၁၁ ရက်တွင်



www.burmeseclassic.com

www.burmeseclassic.com

နှင်းဆီအဖူးများချည်း ရွေးချယ်၍ ရုပ်ရှင်တော်မြတ်၏ပုံတော်ကို သီးသန့်ကပ်လှူပြီး ဦးချကန်တော့လိုက်ပါသည်။ ထို့နောက် ဦးခေါင်းပြန်မော့ချိန်တွင် မမျှော်လင့်ဘဲ နှင်းဆီဖူးများကိုကြည့်မိရာ တဒင်္ဂအချိန်ကာလတိုအတွင်း နှင်းဆီဖူးများအားလုံး ပွင့်အာလျက်ရှိသည်ကို ထူးဆန်းအံ့ဩဖွယ် တွေ့ရှိလိုက်ရပါသည်။

အဘွားဒေါ်အေးကြည်၏နေအိမ်တွင် ဖြစ်ပေါ်သော ထူးခြားမှုတစ်ခုမှာ ၎င်းနေအိမ်တွင် ၅ - ၅ - ၂၀၁၁ နေ့မှ ၁၁ - ၅ - ၂၀၁၁ နေ့အတွင်း ကပ်လှူထားသော ရေသန့်ဘူးများမှာ ရေခဲသေတ္တာအတွင်းမှ ထုတ်ယူကပ်လှူခြင်း မဟုတ်ပါဘဲ ရေသန့်ဘူးများအားလုံး ရေငွေ့ဖောင်းများ ပလုံစီတက်လာပြီး ရေများဆူဝေလာသည်ကို တွေ့ရှိကြရပါသည်။ ၁၂-၅-၂၀၁၁ နေ့တွင် ရေသန့်ဘူးများ ရေဆူမှုပိုမိုများပြားလာ၍ ဘုရားဖူးဧည့်ပရိသတ်တို့သည် မိမိတို့နေအိမ်သို့ အန္တရာယ်ကင်းအဆောင်အဖြစ်ထားရှိရန် ရေသန့်ဘူးများ ယူဆောင်လာပြီး ရုပ်ရှင်တော်မြတ်အား လှူဒါန်းကြရာ လှူဒါန်းသမျှသောရေသန့်ဘူးများအားလုံး ရေများဆူဝေပါသည်။ နောက်ဆုံးတွင် အနီးအနားဆိုင်များမှ ဝယ်ယူမရနိုင်တော့၍ ရေတားကို ယူ၍ ရေသန့်ဘူးတွဲများအားလုံးချထားသည်ဖြစ်ခဲ့ရပြီး လှူဒါန်းသမျှသော ဆောင်ဝကာန်းရှိရေသန့်ဘူးများ ဆူဝေသော ထူးခြားမှုတို့ ဖြစ်ပေါ်ခဲ့ပါသည်။

၁၄-၅-၂၀၁၁ရက်နေ့တွင် ရုပ်ရှင်တော်မြတ်အား ဒေသကွပ်ကဲမှုစစ်ဌာနချုပ် (လှိုင်ကော်)မှ ဗိုလ်မှူးချုပ်ဝင်းမြင့်၊ ဇနီး ဒေါ်နွယ်နီဝင်းနှင့် ဒေသကွပ်ကဲမှုစစ်ဌာနချုပ်မိသားစုတို့မှ ပင့်ဆောင်ခဲ့ကြပါသည်။ ထိုသို့ ပင့်ဆောင်ပြီးသည့် ည (၈) နာရီ (၁၀) မိနစ်ခန့်တွင် ရုပ်ရှင်တော်မြတ်၏ နှုတ်ခမ်းနှစ်ဖက် တစ်လွှာတည်းဖြစ်သွားပြီး တွေ့မြင်သည့်သဏ္ဌာန်မှနေ၍ မျဉ်းဖြောင့်အဖြစ်ပြောင်းလဲတော်မူသွားသည်ကို ထင်ရှားစွာ ဖူးတွေ့ကြရပါသည်။ ရုပ်ရှင်တော်မြတ်သည် ဘွဲ့အမည်နှင့်လိုက်လျောညီအောင် မျက်နှာတော်အမူအရာတို့သည် တစ်အိမ်နှင့်တစ်အိမ် တစ်ချိန်နှင့်တစ်ချိန် တူညီခြင်းမရှိဘဲ အစဉ်ပြောင်းလဲတော်မူလျက်ရှိသည်ကို လက်တွေ့ဖူးမြော်ကြရ၍ တပ်မိသားစုတို့အားလုံး ပီတိတက်ပျော်ရွှင်လျက်ရှိကြပါသည်။

ထိုနေ့ညပိုင်းမှာပင် ရုပ်ရှင်တော်မြတ်အား နောင်ယား (၁) ရပ်ကွက်မှ လှိုင်ကော်ခရိုင်အုပ်ချုပ်ရေးမှူး ဦးနေဝင်းအောင်၊ ဇနီး ဒေါ်နှင်းဇာခြည်ဦးမိသားစုတို့မှ ဆက်လက် ပင့်ဆောင်ပူဇော်ကြပါသည်။ ၎င်းနေအိမ်တွင် ထူးခြားမှုများ ဆက်လက် ဖြစ်ပွားခဲ့ပြန်ပါသည်။ ၎င်းမိသားစုသည် ရုပ်ရှင်တော်မြတ်အား ပင့်ဆောင်ပူဇော်ခွင့်ရရန် ရန်ကုန်မြို့မှာကတည်းက ကြိုတင်လျှောက်ထားခဲ့ပြီးဖြစ်ပါသည်။ လှိုင်ကော်မြို့သို့ ရုပ်ရှင်တော်မြတ် ရောက်ရှိတော်မူသောအခါ မယ်တော်ကြီးတို့နှင့် လည်းကောင်း၊ လှိုင်ကော်မြို့သို့ အသွား၊ အပြန်လေယာဉ်စရိတ်အကုန်အကျခံ၍ ပင့်ဆောင်ခဲ့သော အဘွားဒေါ်အေးကြည်၏သမီးများနှင့် လည်းကောင်း ရက်ချိန်းညှိနှိုင်းရယူခဲ့ပါသည်။ ရက်ချိန်းရရှိသောအခါ ၎င်းတို့နေရန်အတွက် ဘုရားခန်းကို ပြုပြင်ပြင်ဆင်ကြပါသည်။ ထိုနေ့က ၈-၅-၂၀၁၁ နေ့ ဖြစ်ပါသည်။ အိမ်ရှေ့ခြံဝတွင် ထူးဆန်းလှစွာ သစ်တခါး သဏ္ဌာန် စိန်ပန်းပင်ကြီးနှစ်ပင်ပေါက်ရောက်လျက်ရှိပါသည်။ အချို့က ထိုစိန်ပန်းပင်ကြီးတွင် အစောင့်အရှောက်များရှိသည်၊ ရုက္ခစိုးရှိသည်ဟု ပြောကြပါသည်။

ရုပ်ရှင်တော်မြတ်ကြွရောက်တော်မူမည်ဖြစ်၍ ဘုရားခန်းနှင့်တကွ အိမ်တွင်း အိမ်ပြင် ခြံတွင်း၊ ခြံပြင်သန့်ရှင်းရေးများ ပြုလုပ်ကြပါသည်။ ထိုသို့ပြုလုပ်ရင်း အမှတ်မထင် စိန်ပန်းပင်ကြီး၏ပင်စည်ကိုကြည့်မိသွားကြရာ ရေညှိများမှ အင်ကြင်းပန်းပွင့်သဏ္ဌာန်များ ပေါ်ပေါက်နေပြီး အခြားတစ်ပင်တွင် အက္ခရာသုံးလုံး ပေါ်ပေါက်လျက်ရှိသည်ကို တွေ့ရပါသည်။အချို့သောသူများက ထိုစာလုံး (၃) လုံးကို မိမိလိုရာ အဓိပ္ပာယ်ကောက်ယူ၍ အသုံးပြုကြရာ ထူးခြားတိုက်ဆိုင်လှစွာ အောင်မြင်မှုများ ရရှိသွားခဲ့ကြပါသည်။ ၎င်းကဲ့သို့ စိန်ပန်းပင်တွင် အင်ကြင်းပန်းများ ပေါ်ပေါက်လာခြင်းမှာ အင်ကြင်းပန်းသည် ဂေါတမဘုရားရှင်၏ သင်္ကေတဖြစ်၍ ရုပ်ရှင်တော်မြတ်တွင် ဂေါတမဘုရားရှင်၏ဓာတ်တော်မွေတော်များကိန်းဝပ်လျက်ရှိသောကြောင့် ရုပ်ရှင်တော်မြတ် ကြွရောက်တော်မူလာမည်မှာ သက်တော်ထင်ရှားဘုရားရှင် ကြွရောက်တော်မူလာသည်နှင့် ထပ်တူထပ်မျှဖြစ်၍ ၎င်းသို့ အင်ကြင်းပန်းသဏ္ဌာန်များ စိန်ပန်းပင်တွင် လာရောက် ပေါ်ပေါက်လာခြင်းဖြစ်သည်ဟု ယူဆကြပါသည်။

အက္ခရာသုံးလုံး ပေါ်ပေါက်လာခြင်းသည် ရုပ်ရှင်တော်မြတ်အား ဝေယျဝစ္စဆောင်ရွက်သူများကို ရုက္ခစိုးမင်းမှ ကျေးဇူးတင်ရှိ၍ မေတ္တာလက်ဆောင်ပေးခြင်းဖြစ်သည်ဟုထင်မြင်ကြပါသည်။ မည်သည့်အကြောင်းတရားကြောင့် ပေါ်ပေါက်လာသည်ဖြစ်စေ ရုပ်ရှင်တော်မြတ် ကြွရောက်တော်မူခါနီးတွင် မဖြစ်စဖူး ပေါ်ပေါက်လာခဲ့ခြင်းဖြစ်၍ ထူးခြားသည်ကတော့ အမှန်ပင် ဖြစ်ပါသည်။

ဦးနေဝင်းအောင်၊ ဇနီး ဒေါ်နှင်းဇာခြည်ဦးတို့၏နေအိမ်သို့ ၁၄-၅-၂၀၁၁ နေ့တွင် ည (၉) နာရီခန့်မှ ဒေသကွပ်ကဲရေးစစ်ဌာနချုပ်မှ ကူးပြောင်းပင့်ဆောင်ခဲ့ကြရခြင်း ဖြစ်ပါသည်။ ရုပ်ရှင်တော်မြတ်သည် ၎င်းနေအိမ်သို့ ကြွရောက်တော်မူပြီး မကြာမီ ည (၁၀) နာရီ မိနစ် (၂၀) အချိန်တွင် ရုပ်ရှင်တော်မြတ်၏ မျက်လုံးတော် နှစ်ဖက်စလုံးမှာ တဖြည်းဖြည်း ပွင့်တော်မူလာခဲ့ပါသည်။ မျက်သားတော် အဖြူရောင်နှင့် မျက်ဆန်တော်အနက်ရောင်တို့ကိုပါ ပီပြင်ထင်ရှားစွာ ဖူးတွေ့ကြရပါသည်။ ခေတ္တခဏ မဟုတ်ပါ။ ထင်ယောင်ထင်မှားမဟုတ်ပါ။ မပြတ်လာသမျှလူတိုင်း တွေ့မြင်ကြရခြင်း ဖြစ်ပါသည်။ ရုပ်ရှင်တော်မြတ်သည် မျက်လုံးတော်တောက်လျက် ဖွင့်နေတော်မူခဲ့ပြီး ည(၁၁)နာရီ မိနစ် (၄၀) အချိန်ရောက်မှသာ မျက်လုံးတော်နှစ်ဖက်စလုံး ပြန်လည်မှိတ်သွားခဲ့သည်ကို ကြည်ညိုစွာ ဖူးတွေ့ရပါသည်။

အခြားထူးခြားမှုမှာ ရုပ်ရှင်တော်မြတ် ကြွရောက်တော်မူပြီး မကြာမီ အချိန်အတွင်းမှာပင် ရုပ်ရှင်တော်မြတ်အား ပူဇော်ထားရှိသော ကန်တော့ပွဲ (၄) ပွဲမှ (၂) ပွဲမှာ အုန်းတော်များနှင့် အိမ်တွင်း အုန်းညှာများမှ ရေများတပေါက်ပေါက်ထွက်ကျလာပါသည်။ ထန်းနို့ချောင်းမှ ထန်းရည်များထွက်ကျလာသည်နှင့် သဏ္ဌာန်တူလှသည်။ VIDEO မှတ်တမ်းမှာပင် အုန်းညှာမှာ အုန်းရည်များ ထွက်ကျနေသည်ကို သိသာထင်ရှားစွာ မြင်တွေ့ရပါသည်။ ၎င်းကဲ့သို့ အုန်းရည်လျှံခြင်းမျိုးမှာ ဖြစ်လေ့ဖြစ်ထရှိသော်လည်း ဖြစ်ခဲသောကိစ္စပင် ဖြစ်ပါသည်။ များသောအားဖြင့် အညှာပြုတ်ထွက်သွားပြီးမှ အညှာနေရာကနေ အုန်းရေများ ထွက်ကျလာခြင်းများသာ ဖြစ်လေ့ရှိပြီး ၎င်းကဲ့သို့ အုန်းညှာမှ ထွက်ကျခြင်းမျိုးမှာ အင်မတန်ဖြစ်ခဲလှပါသည်။ စာရေးသူတို့နေအိမ်တွင် ရုပ်ရှင်တော်မြတ် ပွင့်ထွန်းတော်မူပြီး (၁၀) နှစ်ကျော်



www.burmeseclassic.com

www.burmeseclassic.com

ကာလအတွင်းမှာပင် ဤကဲ့သို့အဖြစ်မျိုးမှာ (၁၅) ကြိမ်ခန့်မျှသာ ကြုံတွေ့ဖူးပါသေးသည်။ ရုပ်ရှင်တော်မြတ်အား ပင့်ဆောင် ပူဇော်ကြရာ နေရာဌာနများတွင်လည်း ဤအဖြစ်မျိုးမှာ (၁၅) ကြိမ်ခန့်မျှသာ ရှိပါသေးသည်။

(ရုပ်ရှင်တော်မြတ်၏ ဒေသစာရီ ခရီးစဉ်မှာ အုန်းရေလျှံသော ထူးခြားသည့်ဖြစ်ရပ်တစ်ခုမှာ ၂၀၀၆ ခုနှစ်က ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့ မြန်မာ့ကိုးဖိနပ်လုပ်ငန်းနှင့် ရွှေဆိုင်မိသားစုဖြစ်သော ဦးကျော်ရှိန်-ဒေါ်ကျင်ရွှေ၊ သားသမီးများဖြစ်ကြသော ကိုဝင်းကျော်၊ မမူမူသန်းတို့ ပင့်ဆောင် ပူဇော်စဉ်က ဖြစ်ပါသည်။ ထိုစဉ်က အုန်းညှာအတွင်းမှ ထူးဆန်းလွန်းလှစွာ ပျားကောင်နှင့် လောက်များ အရေအတွက်များစွာ ထွက်ကျလာခြင်း ဖြစ်ပါသည်။ ပျားနှင့် လောက်တို့၏ ခန္ဓာကိုယ်မှာ နုပျော့လှသည်။ အုန်းညှာမှာ မာကျောလှပါသည်။ ဟင်းလှီးဓားဖြင့်ပင် အုန်းညှာကို လှီးဖြတ်၍မရနိုင်ပါ။ ထို့အပြင် အုန်းညှာသည် အခေါင်းပေါက်မဟုတ်ပါ။ ငှက်ပျောသီးအတွင်းမှထွက်ရှိသည်ဆိုလျှင် ဖြစ်နိုင်ပေဦးမည်။ ယခုမူ အမှန်တကယ်ပင် အုန်းညှာအတွင်းမှ ထွက်ရှိလာခြင်း ဖြစ်ပါသည်။ ထိုအခြင်းအရာကိုလည်း ၎င်းနေအိမ်မှ ရုပ်ရှင်တော်မြတ်အား ပင့်ဆောင်ပူဇော်မှုမှတ်တမ်းခွေ ရိုက်ကူးပူဇော်ရာ၌ ပါဝင်ခဲ့ပါသည်။)

အုန်းရည်လျှံသော သဘောမှာလည်း အတော် ထူးဆန်းသော ဖြစ်ရပ်ဟု ဆိုနိုင်ပါသည်။ တစ်ခါက စာရေးသူတို့၏ နေအိမ်တွင် အုန်းတော်တစ်လုံးမှ ထူးထူးခြားခြား အုန်းရည်များ လျှံကျခဲ့ပါသည်။ အုန်းရည်တို့ မည်မျှများပြားသနည်းဆိုလျှင် သာသနာ့ပွဲဇလုံတစ်ဝက်ခန့်အထိပင် ရောက်ရှိခဲ့ပါသည်။ ထို့ကြောင့် စာရေးသူမှ ပွဲကျပြီးသောအခါ စာရေးသူ၏တပည့်ကလေးတစ်ဦးဖြစ်သော မောင်ဆန်းဝင်းကို ထိုအုန်းသီးအား ခွဲကြည့်စေရာ အုန်းမှုတ်ထဲတွင် အုန်းရည်တို့ပြည့်ရှိလျက်တွေ့ရပါသည်။ ထို့ကြောင့် အုန်းရည်လျှံရသော အကြောင်းတရားမှာ အုန်းမှုတ်အက်ကွဲ၍ အုန်းရည်များ ထွက်ကျလာခြင်း မဟုတ်ပါ။ ထူးဆန်းသောဓာတ်သဘော အရ မည်သို့ရောက်ရှိလာမှန်းမသိသော အရည်များ ထွက်ကျလာခြင်းပင် ဖြစ်ပါသည်။ အုန်းရည်လျှံခြင်းကို တွေ့ကြုံဖူးသူတို့ သိရှိကြပါမည်။ အုန်းမှုတ်အတွင်းမှ အုန်းရည်သည် အရည်သွက်ဖြစ်ပြီး အုန်းညှာမှထွက်ကျသော အုန်းရည်တို့မှာ ချွဲကျိစေးထန်းလျက်ရှိတတ်ပါသည်။

၁၆ ရက်နေ့တွင် ဦးနေဝင်းအောင်တို့နေအိမ်နှင့်ပတ်သက်၍ နောက်ထပ် ထူးခြားချက်တစ်ခုမှာ ရုပ်ရှင်တော်မြတ်အား ပူဇော်ထားရှိစဉ် လှိုင်ကော်မြို့နယ်ဘော်ဝမ်(ဂေါ်ရခါး)ကျေးရွာမှ ဦးခွန်မောင်မျိုး၏ ဇနီး ဒေါ်နန်းခမ်းသည် အဖော်များနှင့်အတူ ရုပ်ရှင်တော်မြတ်အား လာရောက် ဖူးမြော်ကြည်ညို၍ ရုပ်ရှင်တော်မြတ်၏ ဖြစ်တော်စဉ်သမိုင်းမှတ်တမ်းဗွီစီဒီအခွေနှင့် ဓာတ်ပုံတော်တို့ကို နေအိမ်သို့ ပင့်ဆောင်ပူဇော်သွားခဲ့ပါသည်။ နေအိမ်သို့ရောက်ရှိသောအခါ ဗီစီဒီအခွေ ဖွင့်၍ကြည့်ကြသည်။ ထိုအခွေမှာလည်း မည်သူတစ်ဦးတစ်ယောက်၏ အကြံဉာဏ်မျှမပါရှိဘဲ စာရေးသူ၏ စိတ်ကူးသက်သက်ဖြင့်သာ စီစဉ် ရိုက်ကူး ပူဇော်ထားခြင်း ဖြစ်သော်လည်း အသင့်အတင့် ပြည့်စုံကောင်းမွန်သော တင်ပြချက်များဖြစ်နေသည့်အပြင် ရုပ်ရှင်တော်မြတ်၏ ဖြစ်စဉ်တော်တို့ကပင်လျှင် စိတ်ဝင်စားဖွယ်ရာ အကြောင်းအရာများဖြစ်နေ၍ ထိုအခွေကို ကြည့်ရှုရသူတိုင်း ကျေနပ်နှစ်သက်မှုများဖြစ်ကြရပြီး ရုပ်ရှင်တော်မြတ်၏သမိုင်းကြောင်းကို ရှင်းလင်းစွာ သိရှိရကာ ကြည်ညိုသဒ္ဓါတရားများ ဖြစ်ပွားပေါ်ပေါက်ကြရပါသည်။

ယခုလည်း ဦးခွန်မောင်မျိုးနှင့် ဒေါ်နန်းခမ်းတို့သည် ရုပ်ရှင်တော်မြတ်၏ ဖြစ်တော်စဉ်သမိုင်းခွေကို ကြည့်ရှုကြည်ညိုရင်း ရုပ်ရှင်တော်မြတ်အား ပို၍ကြည်ညိုစိတ်များဖြစ်ပေါ် လာခဲ့ကြရပါသည်။

အခွေကြည့်ရှုပြီးဆုံးသွားသောအခါ ၎င်းတို့မိသားစုသည် ပင့်ဆောင်ပူဇော်လာသော ရုပ်ရှင်တော်မြတ်၏ ဓာတ်ပုံတော်ကို ရိုသေလေးမြတ်စွာ ရှိခိုးကန်တော့၍ အိပ်ရာဝင်ခဲ့ကြပါသည်။ အိပ်ရာထဲတွင်လည်း ရုပ်ရှင်တော်မြတ်အား ကြည်ညိုသော အတွေးစိတ်ကူးများဖြင့်သာ မျက်တောင်တို့ မှေးစင်းလာပြီး အိပ်ပျော်မည်သို့ရှိစဉ် အပြင်ဘက်မှ -

"မိမိတို့လည်း ရုပ်ရှင်တော်မြတ်ကို ကြည်ညိုကြပါသည်။ ရုပ်ရှင်တော်မြတ်၏ပုံတော်ကို ဖူးတွေ့လိုပါသည်။ ရုပ်ရှင်တော်မြတ်၏ ပုံတော်ကို အိမ်ခန်းအပြင်သို့ ထုတ်၍ ပူဇော်ထားရှိပေးပါ။ မိမိတို့သည် အိမ်ထဲသို့ မဝင်ရောက်နိုင်ကြပါ"

ဟု လူများစွာတောင်းဆိုသံများ နေအိမ်ပတ်ပတ်လည်မှထွက်ပေါ်၍လာပါသည်။ အသံတို့ကို ကြားရသည်မှာ ရာချီသော လူအုပ်ကြီးဖြစ်နိုင်ပေသည်။ သို့ဆိုလျှင် ယခုကြားနေရသော အသံရှင်တို့သည် လူသားစင်စစ်များမဖြစ်နိုင်ပါ။ မမြင်အပ်သော နာမ်လောကသားများသာ ဖြစ်ပေလိမ့်မည်။ ထိုသို့ တွေးမိ၍ အိမ်ရှင်များလည်း ကြောက်ရွံ့ကြလျက် အသံမပေးဝံ့ဘဲရှိနေကြပါသည်။

ခဏကြာလျှင် အသံများ တိတ်ဆိတ်သွား၍ ၎င်းတို့လည်း ကြောက်စိတ်များပြေသွားကြပြီး တစ်ဦးကိုတစ်ဦး ခုနင်က ဤသို့ကြားရလိုက်သည်ဟု ပြန်လည်ပြောကြားကြလျက် တကယ်လော၊ နားကြားလွဲသလောဟု ဇဝေဇဝါဖြစ်နေကြစဉ် ပြတင်းပေါက်သံတိုင်များကို တဒေါက်ဒေါက်နှင့်ခေါက်သောအသံများကို ကြားကြရပါသည်။ ရုပ်ရှင်တော်မြတ်၏ ဓာတ်ပုံတော်ကို ဖူးတွေ့လို၍ ပင့်ဆောင်ပေးခြင်းမပြုလျှင် ယနေ့ညအိပ်ရမည်မထင်ပါ။ ရုပ်ရှင်တော်မြတ်၏ ဓာတ်ပုံတော်ကို ဖူးတွေ့လိုကြောင်း တောင်းဆိုသူများသည် မကောင်းသော ပုဂ္ဂိုလ်များမဖြစ်နိုင်၊ ကောင်းသောပုဂ္ဂိုလ်များသာ ဖြစ်ပေမည်။ ၎င်းတို့၏ ဆန္ဒကို လိုက်လျောပေးလျှင် မိမိတို့လည်း ကုသိုလ်ရရှိပေမည်ဟု တွေးမိပြီး ည (၁၀) နာရီကျော်ခန့်တွင် ရုပ်ရှင်တော်မြတ်၏ ဓာတ်ပုံတော်ကို အိမ်ရှေ့တွင် ပူဇော်ထားရှိပေးလိုက်သည်။ မမြင်အပ်သည့်ပုဂ္ဂိုလ်တို့ ရုပ်ရှင်တော်မြတ်ကို လှူဒါန်းလိုပါက လှူဒါန်းနိုင်ရန် သောက်တော်ရေတစ်ခွက်နှင့် အဝတ်စဖြင့် [illegible] လုပ်ထားရှိသော နှင်းဆီဖူးတစ်အိုးကို [illegible] ထားရှိပေးလိုက်ပြီး အိမ်အတွင်းသို့ ပြန်ဝင်ကာတံခါးပိတ်၍နေလိုက်ကြပါသည်။ ထိုအခါ ဘာသံမှထွက်ပေါ် လာခြင်း [illegible]ဘဲ တိတ်ဆိတ်လျက်ရှိပါသည်။ သို့[illegible] နံနက်လင်းသွားခဲ့ပါသည်။

ထို့နေ့ နံနက် (၁၄-၅-၂၀၁၁) တွင် ရုပ်ရှင်တော်မြတ်၏ ဓာတ်ပုံတော်နှင့် သောက်ရေခွက်၊ ပန်းအိုးတို့ကို ပြန်လည်သိမ်းဆည်းပြီး အိမ်အတွင်းရှိ မူ[illegible] ဘုရားကျောင်းဆောင်တွင် ပူဇော်ထား[illegible] လိုက်ပါသည်။ ၁၆-၅-၂၀၁၁ ရက်နေ့ ညပိုင်းတွင် (၂) ရက်အတွင်း ထူးထူး[illegible] ခြား ဆုတောင်းခဲ့ခြင်းများ ပြည့်[illegible] ရုပ်ရှင်တော်မြတ်အား ကျေးဇူးတင်[illegible] စွာဖြင့် ရုပ်ရှင်တော်မြတ်၏ဓာတ်ပုံတော်ကို ဖူးမြော်ကန်တော့ရန် ဘုရား[illegible] အတွင်းသို့ ဝင်လိုက်ပြီး ရုပ်ရှင်တော်မြ[illegible] အား လှူဒါန်းထားသော အဝတ်စ[illegible]



www.burmeseclassic.com

www.burmeseclassic.com

ဖြုလုပ်ထားသောနှင်းဆီဖူးများကို ကြည့်နေမိစဉ်မှာ ထိုနှင်းဆီဖူးများအားလုံး ရုတ်စီရွေ့မှာပင် တစ်ဖူးမကျန် အားလုံး ပွင့်အာလာသည်ကို တွေ့မြင်လိုက်ရပါသည်။

ဦးခွန်မောင်မျိုး၊ ဇနီး ဒေါ်နန်းခမ်းနှင့် မိသားစုအားလုံး အံ့ဩဝမ်းသာ ဆုံးဖြစ်ကြရပြီး ရုပ်ရှင်တော်မြတ်အား အခါခါ ရှိခိုးဦးချ၍မဆုံးနိုင်အောင်ဖြစ်ရပါတော့သည်။ နောက်နေ့မနက်တွင် လှိုင်ကော်ခရိုင် အုပ်ချုပ်ရေးမှူး ဦးနေဝင်းအောင်၊ ဇနီး ဒေါ်နှင်းဇာခြည်ဦးနှင့် ခယ်တော်ကြီး၊ အုန်တီအေးတို့ထံ သွားရောက်ပြီး ၎င်းတို့ကြုံတွေ့ရသော ထူးခြားဆန်းကြယ်လှန်းသည့်အဖြစ်တို့ကို ပြောပြကြပါသည်။

၁၆ ရက်နှင့် ၁၇ ရက်နေ့များတွင် ရုပ်ရှင်တော်မြတ်အား လှိုင်ကော်မြို့ ဇေလာရပ်ကွက်မှ သိန်းသန်းကုဋေ လှိုင်ကော်-မန္တလေး-ရန်ကုန် မော်တော်ယာဉ်လိုင်းတွင် ကားများစွာ ထည့်သွင်းထားသော ဦးသိန်းမြင့်၊ ဒေါ်ဇင်မာဝင်း မိသားစုတို့မှ ဆက်လက် ပင့်ဆောင်ပူဇော်ပါသည်။ ၎င်းနေအိမ်တွင်လည်း ရုပ်ရှင်တော်မြတ်မှ ထူးခြားသောတန်ခိုးတော်တို့ ဖြစ်ပေါ်ခဲ့ပြန်ပါသည်။ ရုပ်ရှင်တော်မြတ်အား နေ့အချိန်တွင် ဖူးမြော်လျှင် နှုတ်ခမ်းတော်နှစ်လွှာမှာ မူလအတိုင်း ရုပ်ရှင်တော်မြတ်၏ ပုံတော်အတိုင်း ဖူးမြော်ကြရပြီး ညအချိန် လာရောက်ဖူးမြော်လျှင် အောက်နှုတ်ခမ်းကို ညွှန်သို့ပင်ကြည့်ကြည့် လုံးဝမမြင်တွေ့ရဘဲ ပျောက်လျက်ရှိကာ အပေါ်နှုတ်ခမ်းလွှာတစ်ခုတည်းကိုသာ ဖူးတွေ့ကြရပါသည်။ နေ့အချိန်တွင် ရုပ်ရှင်တော်မြတ်၏မျက်လုံးတော်နှစ်ဖက်စလုံး၌ အောက်မျက်ရစ်တော်ကို ဖူးတွေ့ရသော်လည်း ညအချိန်သို့ရောက်လျှင် အောက် မျက်ရစ်တော်နှစ်ဖက်စလုံး ပျောက်နေပြီး မျက်နှာတော်မှာလည်း လုံးဝန်းပြည့်ဖောင်းလျက် ထူးခြားသောအသွင်တော်ဖြင့် ဖူးတွေ့ကြရပါသည်။ ဆလိုက်မီးများမှာ နေ့ - ညပြောင်းလဲခြင်းမရှိ၍ မီးရောင်ကြောင့် မဟုတ်ဘဲ ရုပ်ရှင်တော်မြတ်၏ တန်ခိုးတော်ဖြစ်ကြောင်း ထင်ရှားလှပါသည်။

ထို့ပြင် နောက်တစ်ခု ၎င်းနေအိမ်၌ ဖြစ်ပေါ်သော ထူးခြားမှုတစ်ခုမှာ ရုပ်ရှင်တော်မြတ်၏ယာဘက်ပခုံးတော်နှင့် ဝဲဘက်ပခုံးတော်တို့မှ စိန်ပွင့်တစ်ပွင့်စီ ရောင်ခြည်တော် အလင်းတန်းများ ထွက်ပေါ်လာပြီး ထိုအလင်းတန်းနှစ်ခုသည် ရုပ်ရှင်တော်မြတ်၏ရင်ဘတ်တော်ရှေ့တည့်တည့်နေရာတွင် ပေါင်းဆုံလျက်ရှိသည်ကို အချိန်ကြာမြင့်စွာ ဖူးတွေ့ကြရပါသည်။

ထို့နောက်တွင် ရုပ်ရှင်တော်မြတ်အား လှိုင်ကော်မြို့ စည်ပင်သာယာရေးဦးစီးဌာနမှ ဦးမင်းဟန်၊ ဒေါ်သီတာမြင့်တို့မှ ၎င်းတို့နေထိုင်ရာ ချိုကယ်ကျေးရွာ နေအိမ်သို့ ပင့်ဆောင်ပူဇော်ကြပါသည်။ ၂၂-၅-၂၀၁၁ နေ့တွင် ည (၉) နာရီ မိနစ် (၃၀) အချိန်၌ ယာဘက်မျက်လုံးတော်သည် သိသာထင်ရှားစွာ ပွင့်တော်မူလာပါသည်။ တစ်ခဏတာမျှမဟုတ်ပါ။ ထိုကဲ့သို့ ယာဘက်မျက်လုံးတော် ဖွင့်တော်မူနေဆဲကာလမှာပင် ရုပ်ရှင်တော်မြတ်၏ မျက်နှာတော်မှာ သွယ်လျလာလိုက်၊ ဝိုင်းဝန်းပြည့်ဖောင်းလာလိုက်ဖြင့် သိသိသာသာပင် ပြောင်းလဲတော်မူလျက်ရှိသည်ကို ဖူးတွေ့ကြရပါသည်။ ထိုကဲ့သို့ မျက်လုံးတော်တစ်ဖက်ဖွင့်တော်မူခြင်းနှင့် မျက်နှာတော်ရှည်သွယ်လိုက်၊ လုံးဝန်းလိုက်တို့ ဖြစ်ပေါ်ပြီးသည့်နောက်တွင် ရုပ်ရှင်တော်မြတ်၏ နားပန်တော်နှစ်ဖက်အောက်ဆီမှ တစ်ပြိုင်နက်တည်း ပတ္တမြားရောင် ရောင်ခြည်တော်များ ထိန်ညီးစွာ ကွန့်မြူးတော်မူပြန်ပါသည်။

လှိုင်ကော်မြို့ခရီးစဉ်တွင် နောက်ထပ်ထူးခြားမှုဖြစ်ပေါ်ခြင်းမှာ ရွှေတောင်ရပ်ကွက် ဒေါ်အေးတင့်တို့၏ နေအိမ်မှ ပင့်ဆောင်ပူဇော်သော ၁၉-၅-၂၀၁၁နေ့ ညပိုင်းတွင် ဖြစ်ပါသည်။ လူအများတို့ ရုပ်ရှင်တော်မြတ်ကို ဖူးမြော်ကြည်ညိုလျက်ရှိကြစဉ် ရုပ်ရှင်တော်မြတ်၏ ယာဘက်မျက်ခုံးတော်ပေါ်တွင် မှဲ့ကဲ့သို့ အနက်ရောင်အလုံးတစ်ခု ပေါ်ပေါက်လာပြီး ထိုအလုံးကလေးမှာ ကြီးလာလိုက်၊ သေးသွားလိုက်ဖြင့် အချိန်ကြာမြင့်စွာဖြစ်ပေါ်လျက်ရှိသည်ကို ထူးဆန်းအံ့ဩဖွယ် ဖူးတွေ့ကြရပါသည်။

လှိုင်ကော်မြို့တွင် ပင့်ဆောင်ပူဇော်ရာဌာနတိုင်း၌ ထူးခြားမှုများ ဆက်တိုက်ဖြစ်ပွားလျက်ရှိ၍ ပင့်ဆောင်ပူဇော်ခွင့်ရရှိသူ အိမ်ရှင်များနှင့် ဘုရားဖူးဧည့်သည်တို့သည် ဖူးတွေ့ခွင့်ရရှိသည်နှင့် ရုပ်ရှင်တော်မြတ်အား အကြည်အာရုံမလွှဲဖယ်ဘဲ မမှိတ်မသုန် အထူးဂရုပြု၍ မည်သည့်အချိန်တွင် မည်သို့သော ထူးခြားမှုများ ဖူးတွေ့ရမလဲဟု စောင့်ကြည့်ဖူးမြော်၍သာနေကြသည်။ ထို့သို့ဖြင့် ၂၁ - ၅ -၂၀၁၁ ရက်နေ့တွင် လှိုင်ကော်မြို့ မင်းစုရပ်ကွက် ဦးအောင်ကျော်ညွန့်၊ ဒေါ်ပိုပိုခိုင်တို့၏နေအိမ်တွင် ပင့်ဆောင်ပူဇော်စဉ် ည (၇) နာရီအချိန်တွင် ရုပ်ရှင်တော်မြတ်၏ သင်းကျစ်တော်မှ ရွှေလိမ္မော်ရောင်ရောင်ခြည်တော်များ ကွန့်မြူးထွက်ပေါ်တောက်ပလျက်ရှိသည်ကို တစ်နာရီမျှ ဖူးတွေ့ကြရပါသည်။

လှိုင်ကော်မြို့တွင် ဤကဲ့သို့ သင်းကျစ်တော်မှ ရောင်ခြည်တော် ထွက်ပေါ်ကွန့်မြူးတော်မူခြင်းမှာ ဒေသကွပ်ကဲမှုစစ်ဌာနချုပ်တွင် ပင့်ဆောင်ပူဇော်သော ၁၄-၅-၂၀၁၁ ညတွင်လည်း တစ်ကြိမ်ဖြစ်ပေါ်ခဲ့ပါသေးသည်။

ထို့အပြင် ၂၃-၅-၂၀၁၁ နေ့တွင် နောင်ယား(ခ)ရပ်ကွက် အရာရှိရိပ်သာဝင်းနေ ကယားပြည်နယ်အုပ်ချုပ်ရေးမှူး ဦးဖေသိန်းနှင့် ဇနီး ဒေါ်ခင်ဆွေညွန့် မိသားစုမှ ရုပ်ရှင်တော်မြတ်အား ပင့်ဆောင် ပူဇော်ကြပါသည်။ ၎င်းနေအိမ်တွင် ဖြစ်ပေါ်သောထူးခြားမှုမှာ ရုပ်ရှင်တော်မြတ်၏ မကိုဋ်တော်တွင် မေးသိုင်းကြိုးကဲ့သို့ ရုပ်ရှင်တော်မြတ်၏ နားတော်နှစ်ဖက်မှ မေးတော်အောက်အထိ သွယ်ဝိုက်၍ ဖြူရွှေဝင်းလက်တောက်ပသော ရောင်ခြည်တော်အလင်းတန်းတို့ ထိန်ညီးစွာ ကွန့်လွန်တောက်ပတော်မူပါသည်။ ခေတ္တခဏထင်ယောင်ထင်မှားမဟုတ်ပါ။ အချိန်တန်ကြာသည်အထိ ထင်ရှားစွာ လင်းလက်နေခြင်း ဖြစ်ပါသည်။

တစ်ဖန် ၂၅-၁၁-၂၀၁၁ နေ့တွင် လှိုင်ကော်မြို့၏မြို့မျက်နှာဖုံးစာရင်းဝင်များဖြစ်ကြသော ဒေါ်စန်းမြင့်၊ ဒေါ်လှမေ၊ ဦးဘိန်း-ဒေါ်ဖြူမမ၊ ဒေါ်နွဲ့နွဲ့၊ ဒေါ်ကြည်ကြည် ရွှေပစ်တိုင်းထောင် စက်သုံးဆီရောင်းဝယ်ရေး မိသားစုမှ ရွှေတောင်ရပ်ကွက်နေအိမ်သို့ ပင့်ဆောင် ပူဇော်ကြပါသည်။ ရုပ်ရှင်တော်မြတ်၏တန်ခိုးတော်ထူးခြားမှုတို့ ပေါ်ပေါက်တော်မူလျက်ရှိနေသောအခါ မြို့လူထုပရိသတ်တို့သည်လည်း မိမိတို့မြို့သို့ ရုပ်ရှင်တော်မြတ် ကြွမြန်းရောက်ရှိတော်မူခိုက် တစ်နေ့တစ်ရက်မှ မလွတ်တမ်း ဖူးမြော်လိုကြ၍ ရုပ်ရှင်တော်မြတ် ကြွမြန်းရောက်ရှိတော်မူသမျှသော နေအိမ်များသို့ လိုက်ပါဖူးမြော်ကြသောကြောင့် နေရာဌာနတိုင်းတွင် ဧည့်ပရိသတ်တို့ အထူးစည်ကား၍သာနေပါသည်။

ရောက်ရှိလာသမျှသော ဧည့်ပရိသတ်တို့သည်လည်း ငြိမ်သက်တိတ်ဆိတ်စွာဖြင့် ရုပ်ရှင်တော်မြတ်၏မျက်နှာတော်ကိုသာ တစိမ့်စိမ့်ဖူးမြော်ကြည်ညိုလျက်ရှိကြပါသည်။ ထိုသို့ ဖူးမြော်လျက်



www.burmeseclassic.com

www.burmeseclassic.com

ရှိကြစဉ် ရုပ်ရှင်တော်မြတ်သည် သိမ့်ခနဲ ကိုယ်တော်လှုပ်ခတ်သွားခဲ့ပါသည်။ ရုပ်ရှင်တော်မြတ်သည် တစ်နေရာမှ တစ်နေရာသို့ တန်ခိုးတော်ဖြင့် ပြောင်းရွှေ့တော်မူခြင်း၊ ပလ္လင်တော်ပေါ်မှ နေရာမပြောင်းရွှေ့သော်လည်း အရုပ်မျက်နှာလှည့်တော်မူလေ့ရှိခြင်းတို့ကြောင့် ယခုလည်း ထိုကဲ့သို့ ကြွမြန်းတော်မူလို၍ ကိုယ်တော်လှုပ်ခတ်သွားလေသလောဟူ၍ စောင့်မျှော်ဖူးတွေ့လျက်ရှိကြပါသည်။ ရုပ်ရှင်တော်မြတ်သည် ကိုယ်တော်လှုပ်ခတ်တော်မူပြီးသည်နှင့် ပြန်လည်ငြိမ်သက်သွားပြီး အေးချမ်းစွာဖြင့် သက်တော်ထင်ရှားကဲ့သို့ တင့်တယ်သပ္ပာယ်စွာ စံမြန်းတော်မူလျက်ရှိပါတော့သည်။ ဘုရားဖူးကြွရောက်လာသမျှသော ဧည့်ပရိသတ်အပေါင်းတို့မှ ရုပ်ရှင်တော်မြတ်အစစ် ဖြစ်ပေသည်။ သက်တော်ထင်ရှား ဘုရားရှင်ကဲ့သို့ ဖူးတွေ့ရသည်မှာ တင့်တယ်သပ္ပာယ်လွန်းလှပြီး ဖူးမြော်ကြည်ညို၍မဝအောင် ဖြစ်ကြရပါသည်ဟု ပြောပြကြပါသည်။

သို့ဖြင့် ရွှေထံကူလေပျံသစ်တော် ရုပ်ရှင်တော်မြတ်သည် ၅-၅-၂၀၁၁ နေ့မှ ၂၆-၅-၂၀၁၁ နေ့အထိ (၂၅)ရက်တိတိ အပူဇော်ခံ သီတင်းသုံး စံပယ်တော်မူခဲ့ပါသည်။ ပင့်ဆောင်ပူဇော်လိုသူတို့ အများအပြား ထပ်မံလာရောက်၍လျှောက်ထားကြသော်လည်း အန်တီအေးနှင့် မယ်တော်ကြီးတို့မှ ပင့်လျှောက်ထားသူများကို မေတ္တာရပ်ခံ တောင်းပန်ကြရပါသည်။ ရုပ်ရှင်တော်မြတ်သည် အခြားမြို့၊ ရွာများမှ ပင့်လျှောက်ထားပြီးသူများကို ရက်ချိန်းများပေးထားပြီးဖြစ်၍ ထိုသူများကလည်း ထိုနေ့ထိုရက်များကို မျှော်လင့်အားထားစောင့်စား၍ နေကြပြီဖြစ်သောကြောင့် ထပ်မံ၍ ရက်ရွှေ့ဆိုင်းရန် မဖြစ်နိုင်သောကြောင့် ဖြစ်ပါသည်။

လှိုင်ကော်မြို့သို့ ပင့်ဆောင်ပူဇော်ရန် တိုက်တွန်းနှိုးဆော်ပေးခဲ့သော ဒေါ်နော်အားမူမှ -

"မယ်တော်ကြီးရယ်၊ သမီးက သမီးတို့ကျုပ်ပြင်မှာပင့်တုန်းက မျက်လုံးတော်တွေပွင့်ခဲ့တယ်၊ တန်ခိုးအလွန်ကြီးတယ်ဆိုပြီး ပင့်ဆောင်ပေးခဲ့ပေမယ့် လှိုင်ကော်ရောက်မှ 'မထူးခြားမှာစိုးရိမ်နေမိတာ။ အခုတော့ သမီးတို့ကျုပ်ပြင်မှာထက်တို့ လှိုင်ကော်မှာ တန်ခိုးတော်တွေပြလို့ သမီးတတယ်ဝမ်းသာတာပဲ"

ဟု မယ်တော်ကြီးကို ပြောပါသည်။

ရွှေထံကူသာဝကများ၏အစဉ်အလာအတိုင်း အန်တီအေးနှင့် မယ်တော်ကြီးတို့ကို ပင့်ဆောင်ပူဇော်သူ သာဝကအပေါင်းတို့မှ တကယ့်ဆွေမျိုးရင်းချာ သဖွယ်သဘောထားကြပြီး လိုလေသေးမရှိအောင် ဝေယျာဝစ္စများ ဆောင်ရွက်၍ ပြုစုပေးကြပါသည်။ မယ်တော်ကြီးနှင့် အန်တီအေးတို့ ကြိုက်နှစ်သက်သော ထမင်း၊ ဟင်းနှင့် မုန့်ပဲသရေစာများကို ကျွေးမွေးကြပြီး ဒေသထွက်လက်ဆောင်ပစ္စည်းများနှင့် ဆေးဝါးများလည်း လှူဒါန်းကြပါသည်။ ထို့အပြင် ကယားပြည်နယ် လှိုင်ကော်မြို့၏ အလှများ၊ လှိုင်ကော်မြို့ပတ်ဝန်းကျင်ရှိ စေတီပုထိုးများကို လိုက်လံ ပို့ဆောင်ပေးပါသည်။ ဒေါ်နော်အားမူမိသားစုတို့မှ အင်းလေးကန်ရှိ ဖောင်တော်ဦးဘုရားနှင့် အင်းလေးဒေသအနှံ့သို့ လိုက်လံပို့ဆောင်ပေးကြပါသည်။

လှိုင်ကော်ခရိုင် အုပ်ချုပ်ရေးမှူး ဦးနေဝင်းအောင်၊ ဇနီးဒေါ်နှင်းဇာခြည်ဦးတို့မိသားစုတို့မှ လှိုင်ကော်မြို့၏သမိုင်းဝင် တောင်ကွဲစေတီသို့ လည်းကောင်း၊ ငွေတောင်ဆည်သို့လည်းကောင်း၊ ရွှေတောင်၊ ငွေတောင်၊ ပတ္တမြားတောင်သို့လည်းကောင်း လိုက်လံပို့ဆောင်ပေးကြပါသည်။ ရွှေတောင်၊ငွေတောင်၊ပတ္တမြားတောင်အနီးတွင် ရေကန်ငယ်နှင့် နဂါးပုံတော်များရှိပြီး ဗုဒ္ဓ၏ ခြေတော်ရာကို ပူဇော်ထားရှိပါသည်။ မယ်တော်ကြီးနှင့် အန်တီအေးတို့ကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးနေဝင်းအောင်၏ဇနီး ဒေါ်နှင်းဇာခြည်ဦးမှ လိုက်ပါပို့ဆောင်ပေးခြင်း ဖြစ်ပါသည်။

မယ်တော်ကြီးနှင့် အန်တီအေးတို့သည် ရောက်လေရာဒေသတို့တွင် မှတ်တမ်းဓာတ်ပုံများ ရိုက်ကူးလေ့ရှိသည့်အတိုင်း ခြေတော်ရာနှင့် အမှတ်တရဓာတ်ပုံရိုက်ကူးကြပါသည်။ ထို့နောက် မယ်တော်ကြီးသည် ရောက်လေရာဒေသရှိ စေတီပုထိုးတို့ကို တရားဓမ္မများနှင့် ပူဇော်မြဲဖြစ်သည်နှင့်အညီ ယခုလည်း ဗုဒ္ဓ၏ခြေတော်ရာကို ခြေတော်ရာဘုရားရှိခိုးဖြင့် ပူဇော်ပါသည်။ ထိုသို့ပူဇော်လျက်ရှိစဉ် အန်တီအေး၏စိတ်တွင် ထူးခြားသောခံစားမှုမျိုးပေါ်ပေါက်လာ၍ တရားစာများပူဇော်လျက်ရှိသော မယ်တော်ကြီးနှင့် ဒေါ်နှင်းဇာခြည်ဦးတို့ကို ဓာတ်ပုံရိုက်ကူးရာ ဓာတ်ပုံထဲတွင် နဂါးငွေ့များ ပေါ်ပေါက်လျက်ရှိသည်ကို ထူးဆန်းစွာ တွေ့မြင်ကြရပါသည်။

ရွှေထံကူလေပျံသစ်တော်ရုပ်ရှင်တော်မြတ်၏ လှိုင်ကော်ခရီးစဉ်သည်ကား မထင်မှတ်ဘဲ ထူးခြားအောင်မြင်သော ဒေသစာရီခရီးစဉ်တစ်ခု ဖြစ်ခဲ့ပါသည်။ ရုပ်ရှင်တော်မြတ်အား မြို့လုံးကျွတ်နီးပါးမျှသာမက ခရိုင်အတွင်းရှိ လူပေါင်းများစွာတို့ ဖူးတွေ့လိုက်ကြရပါသည်။ အဘွားဒေါ်အေးကြည်နှင့်သမီးများဖြစ်သော ဒေါ်မြငြိမ်၊ ဒေါ်နော်အားမူတို့ကို မြို့လူထုမှ ကျေးဇူးတင်မဆုံးဖြစ်နေကြပါသည်။


ရုပ်ရှင်တော်မြတ်သည် လှိုင်ကော်မြို့မှ ရန်ကုန်မြို့သို့ပင် လေကြောင်းခရီးဖြင့် ပြန်လည်ကြွမြန်းတော်မူခြင်း ဖြစ်ပါ၍ ရုပ်ရှင်တော်မြတ်အား အဘွားဒေါ်အေးကြည်၏နေအိမ်မှ လေဆိပ်သို့ ပင့်ဆောင်ရာတွင် ပြည်နယ်အဆင့်၊ ခရိုင်အဆင့် အကြီးအကဲများ၊ မြို့မိမြို့ဖ လူကြီးမင်းများ၊ အဘွားဒေါ်အေးကြည် မိသားစုနှင့် ရုပ်ရှင်တော်မြတ်အား ပင့်ဆောင်ပူဇော်ကြသူ သာဝကများတို့ လိုက်ပါ ပင့်ဆောင်ပေးခဲ့ကြသည်မှာ ကားတန်းရှည်ကြီးဖြင့် စည်ကားသိုက်မြိုက် ခမ်းနားလှပါသည်။ ရုပ်ရှင်တော်မြတ်အား တစ်မြို့လုံးကသိရှိပြီး ယုံကြည်စွာ ပူဇော်ခဲ့ကြသည်ဖြစ်၍ ပြန်လည်ကြွမြန်းတော်မူသောအခါ မြို့တစ်လျှောက် လမ်းတစ်လျှောက် ဝဲယာမှ ရုပ်ရှင်တော်မြတ်အား ကန်တော့ပန်းဆင်ကြပါ၏။

ဤသို့ဖြင့် ရုပ်ရှင်တော်မြတ်သည် ၂၆-၅-၂၀၁၁ ရက်နေ့တွင် ရန်ကုန်မြို့သို့ ပြန်လည် ကြွမြန်းတော်မူခဲ့သည်။ လှိုင်ကော်မြို့ခရီးစဉ် ၂၀၁၁ ပြီးဆုံးခဲ့သော်လည်း ရုပ်ရှင်တော်မြတ်သည်ကား ကြိုတင်လျှောက်ထားရက်ချိန်းယူထားပြီး ဖြစ်သော တိုင်းပြည်၊ နိုင်ငံ၊ မြို့၊ ရွာများသို့ ဆက်လက်ကြွမြန်းတော်မူရဦးမည်တည်း။

(စာရေးသူသည် အထက်ပါ လှိုင်ကော်မြို့ ဒေသစာရီခရီးစဉ်ကို လှိုင်ကော်ခရိုင် အုပ်ချုပ်ရေးမှူး ဦးနေဝင်းအောင် ယခု (၂၀၁၃ ခုနှစ်၊ ၁၁ လ) ရန်ကုန်အနောက်ပိုင်းခရိုင်အုပ်ချုပ်ရေးမှူးမှ ပြုစုပေးသော မှတ်တမ်းကို အခြေပြု၍ ရေးသားခြင်းဖြစ်ပါ၍ ဦးနေဝင်းအောင်၊ ဇနီး ဒေါ်နှင်းဇာခြည်ဦး၊ အဘွားဒေါ်အေးကြည်နှင့်သမီးများ၊ ပင့်ဆောင်ပူဇော်ကြသူ ဖူးမြော်ကြည်ညိုကြသူအပေါင်းတို့အား အထူးပင်ကျေးဇူးတင်စွာဖြင့် သာဓုခေါ်ဆိုအပ်ပါကြောင်း မှတ်တမ်းတင် ဖော်ပြအပ်ပါသည်။)

ဘိုဘို (ရွှေထံကူ)

www.burmeseclassic.com



မင်းဖြတ်သိန်း(လားရှိုး)

## တိဿရသေ့ကြီးပုံရိပ်တော်နှင့်ထင်ရှားမှုးမြော်

# ကျိုက်ထီးရိုးစေတီတော်

၂၇-၁၀-၂၀၁၃ ရက်၊ တနင်္ဂနွေ [illegible]

နံနက်မိုးမလင်းမီမှစ၍ မြောက် [illegible]ရှမ်းပြည်နယ်ရဲ့မြို့တော် လားရှိုးမှာ [illegible]တိတ်သည့်မိုး။တောင်ကြီးတောင်ကြား [illegible] ဖြတ်သန်းပြီး တိုက်ခတ်လိုက်သည့် [illegible] အေးလွန်းချမ်းလွန်းလှသဖြင့် [illegible]လည်း အနွေးထည်ထူထူဝတ်၍ [illegible]ဖြစ်သူနှင့်အတူ မန်ဆူဘုရားကြီး [illegible]တွင်းဆီသို့ ရန်ကုန်သို့သွားရန် ထွက် [illegible]ခဲ့သည်။

သားဖြစ်သူမှာ ရန်ကုန် ဗစ်တိုးရီး [illegible]ဆူနီတာစီတီကျောင်းတွင် ကျောင်း [illegible]နေသဖြင့် သီတင်းကျွတ်ကျောင်း [illegible] လားရှိုးသို့ ပြန်လာခဲ့ရာ ယခု [illegible]ဖြစ်သူ ကျောင်းသို့ပြန်ရန် လိုက်ပါ [illegible]ပေးခြင်း ဖြစ်ပါသည်။ သားဖြစ် [illegible] အဆောင်မှာနေသဖြင့် မိဘ [illegible] ပြန်လည် အပ်နှံရန်အတွက် [illegible]သို့ လိုက်ပါသွားခြင်း ဖြစ်သည်။

ကျွန်ုပ်တို့သားအဖနှစ်ယောက် မန်ဆူကားကြီးကွင်းရောက်သည်နှင့် -

"ဟာ - အဘ၊ ဘယ်သွားမလို့လဲ"

ဟု နှုတ်ဆက်လာ၍ ကြည့်လိုက်ရာ ကျွန်ုပ်နှင့်သိကျွမ်းခင်မင်သော ကားဆရာကိုအုန်းကျော်ဖြစ်နေလေ၏။ ကျွန်ုပ်တို့စီးရမည့် မန်းရွှေပြည်ကား၏ ကားမောင်းဆရာဖြစ်၍ အတိုင်းမသိဝမ်းသာမိပါ၏။ ကားဆရာ ကိုအုန်းကျော်နှင့် မော်တော်ယာဉ်မယ်လေး၏ ပြုံးချို






www.burmeseclassic.com

www.burmeseclassic.com



ဒုဂုဏ် စိမ်းသာလ



ဖော်ရွေမှုနှင့် ကျွန်ုပ်တို့သည် မန်းရွှေပြည် ကားကြီးပေါ်သို့တက်လိုက်၏။ ကြိုတင်မှာယူထားသော ခုံနံပါတ် (၃) နှင့် (၄) တွင် သားအဖနှစ်ယောက် ထိုင်လိုက်ပါတော့သည်။ ကားပေါ်ရောက်သည်နှင့် အဲယားကွန်း၏အအေးဒဏ်၊ သဘာဝ၏ အအေးဒဏ်ကြောင့် ပိုပြီးအေးလာပါသည်။ ကျွန်ုပ်လည်း-

"ကိုအုန်းကျော်ရေ အဲယားကွန်း နည်းနည်းလျှော့ပေးပါကွာ"

ဆိုလိုက်ရာ -

"ဟုတ်ကဲ့ အဘ"

ဆိုပြီး အဲယားကွန်းကို လျှော့လိုက်မှ နေသာထိုင်သာရှိသွားသည်။ ညနေ (၄)နာရီထိုးသည်နှင့် မော်တော်ယာဉ်မယ်လေး၏ ပြုံးချိုသောအသံဖြင့်-

"မန်းရွှေပြည်ခရီးစဉ်သို့လိုက်ပါလာသည့် ခရီးသည်များရှင့်။ ကျန်းမာချမ်းသာကြပါစေဆုမွန်ကောင်းတောင်း မေတ္တာပို့သပါတယ်ရှင့်။ ကျွန်မတို့ရဲ့ မန်းရွှေပြည်ကားကြီး ယခုအချိန်မှစ၍ ထွက်ခွာပါတော့မယ်။ လမ်းတွင် ကျောက်မဲမြို့ မော်(စ်)ထမင်းဆိုင်မှာ ညစာစားသောက်ရန် မိနစ်(၃၀)၊ မန္တလေးမြို့ မန်းရွှေပြည်ကားဂိတ်မှာ မိနစ် (၃၀)၊ (၁၁၅) မိုင် ဖြူးယာဉ်ရပ်နားစခန်းတွေမှာ ခေတ္တနား၍ ရန်ကုန်သို့ ဆက်လက်ထွက်ခွာမှာဖြစ်ပါတယ်။ လိုအပ်တာများရှိပါလျှင် ကျွန်မတို့ကို ပြောဆိုနိုင်ပါတယ်။ ကျန်းမာချမ်းသာကြပါစေ။ အားလုံးခရီးသည်အပေါင်းကို ကျွန်မတို့ မန်းရွှေပြည်ယာဉ်လိုင်းမိသားစုမှ မေတ္တာပို့သပါတယ်ရှင်"

ဟု ပြောလိုက်သည်နှင့် ကိုအုန်းကျော် (မန်းရွှေပြည်) ကားဒရိုင်ဘာကြီးသည် ကျွမ်းကျွမ်းကျင်ကျင်ဖြင့် စတင်မောင်းပါတော့သည်။

ကျွန်ုပ်သည် ကားပေါ်ရောက်သည်နှင့် အိပ်ငိုက်လာမိရာ ကျောက်မဲထမင်းဆိုင်ရောက်မှနိုးပါသည်။ သားအဖနှစ်ယောက်လည်း ခေါက်ဆွဲကြော် (၂) ပွဲ စားသောက်ပြီး အညောင်းပြေလမ်းလျှောက်ပါသည်။ ယခုတော့ ကိုရွှေမိုးကတိတ်သွား၍ အလွန်ပင်စိမ့်၍အေးလာပါသည်။ ကျွန်ုပ်တို့ရှမ်းပြည်နယ်မှ အအေးသည် စိမ့်၍အေးလာပါသည်။ တောင်နှင့်တောင်ရိုပ်တောရိပ်ကြောင့် စိမ့်အေးခြင်း ဖြစ်ပါသည်။ မြန်မာပြည်မြေပြန့်မှအအေးသည် ချမ်း၍အေးပါသည်ဟု ယူဆနိုင်ပါသည်။ အဘယ်ကြောင့်ဆိုသော် ကွင်းပြင်များကို ဖြတ်သန်း၍လာသောလေကြောင့် စိမ့်၍မအေးပါ။ အလွန်အေးစရာရှိလျှင် အလွန်အေးပါသည်။ ပူစရာရှိလျှင် အလွန်ပူပါသည်။ ကျွန်ုပ်တို့ရှမ်းပြည်နယ်အချို့ဒေသတွေတွင် မြန်မာပြည်အချို့ဒေသတွေနှင့်တူပါသည်။ အေးလွန်းလျှင် အလွန်အေး၍ ပူလွန်းလျှင် အလွန်ပူပါသည်။

ကျွန်ုပ်နေထိုင်ရာ လားရှိုးဒေသ၏ ရာသီဥတုမှာ မျှတပါသည်။ နံနက် (၇း၃၀) နာရီကျော်သည်နှင့် ကားဒရိုင်ဘာကြီး ကိုအုန်းကျော်၏ ကျင်လည်စွာဖြင့် တစ်ညလုံးလိုလိုမောင်းလာခဲ့သည့် မန်းရွှေပြည် V.I.P သီးသန့်ယာဉ်ကြီးသည် အောင်မင်္ဂလာယာဉ်ရပ်နားစခန်းသို့ ချောချောမောမော ရောက်ရှိလာခဲ့ပါသည်။ ယာဉ်ပေါ်တွင် ဝန်ဆောင်မှုအပြည့် ဆောင်ရွက်ပေးကြကုန်သော ယာဉ်မောင်း၊ ယာဉ်နောက်လိုက်၊ ယာဉ်မယ်လေးတို့ရဲ့ ဖော်ရွေဆက်ဆံမှုဖြင့် စိတ်ချမ်းသာစွာဖြင့် ရောက်ရှိခဲ့ပါတော့သည်။ ကျွန်ုပ်လည်း ကားဆရာ ကိုအုန်းကျော်ကိုနှုတ်ဆက်၍လာကြိုနေကြသော ကျွန်ုပ်၏တူများဖြစ်သည့် မောင်ထွန်းသန်းဦး၊ မောင်စံထွန်းတို့၏ ကားပြင့်တည်းခိုမည့် အင်းစိန် ရွာမရှိ တူ၊ တ[illegible] များအိမ်သို့ နံနက် (၉) နာရီကျော်တွင် ရောက်ရှိပြီး ခေတ္တ အနားယူပါသည်၊ သားနေထိုင်ရမည့် ကျောင်းဆောင်ရှိ[illegible] စမ်းချောင်း ဇေယျဝတီလမ်းသို့ တူမ[illegible] က ကားဖြင့် လိုက်ပါပို့ဆောင်ပေး[illegible] သည်။

"၂-၁၁-၂၀၁၃၊ နံနက် (၂) န[illegible] မှာ ကျိုက်ထီးရိုးဘုရားဖူးသွားမ[illegible] လေးလေးလိုက်ခဲ့ပါလား။ ကျွန်တော်[illegible] ကားနှစ်စီးနဲ့ ကျွန်တော့်မိသားစုရ[illegible] စံထွန်းမိသားစုရယ်သွားမှာ"

ဟု ဆိုလာသောအခါ ကျွန်[illegible] လည်း ရေငတ်တုန်းရေတွင်းထဲကျသ[illegible]

"ငါလည်းလိုက်မယ်ကွာ။အမိဋ္ဌ[illegible] ဝင်ရတာပေ့ါ"

ဟု တူဖြစ်သူ မောင်ထွန်းသန်း[illegible] (ကျူစင်းရွှေဆိုင်၊ အင်းစိန် ရွာမဈေး[illegible] ရွှေဆိုင်ဖွင့်ထားသော ကျွန်ုပ်၏တူ) ပြောလိုက်ပါတော့သည်။

၂-၁၁-၂၀၁၃ ရက် နံနက် (၁)န[illegible] တွင် စောစောနိုးနေပြီး တူဖြစ်[illegible] မောင်ထွန်းသန်းဦး၊ ဇနီး မဆင့်ဆ[illegible] သမီး မခင်ချမ်းမြေ့ထွန်းဖြစ်သူနှင့်အ[illegible] မောင်စံထွန်းတို့သားအဖမိသားစု၊ ကျ[illegible] တို့သားအဖ၊ သား၏သူငယ်ချင်း[illegible] တူမများမိသားစုနှစ်စု ကားရေ (၂) ဖြင့် ကျိုက်ထီးရိုးဘုရားဖူးရန် (၄)[illegible]



www.burmeseclassic.com

www.burmeseclassic.com

မြောက်ခရီးအဖြစ်ထွက်လာခဲ့ပါတော့သည်။

ဟိုယခင် ကျွန်ုပ်မိဘများနှင့် တစ်ကြိမ်၊ အစ်မများနှင့်တစ်ကြိမ်၊ ကျွန်ုပ် အိမ်ထောင်ကျပြီး ဇနီးသားသမီးများနှင့် တစ်ကြိမ်၊ ယခုတစ်ကြိမ် (၄) ကြိမ် မြောက်ရောက်ခဲ့ခြင်း ဖြစ်ပါသည်။ ယခင် (၁) ကြိမ်တွင် ကျိုက်ထီးရိုးဘုရားဖူးသွား စဉ်က ဘိုးတော်အောင်မင်းခေါင်နှင့်ကြုံ ကြိုက်၍ တောထဲတောင်ထဲတွင် ကိုယ် တိုင်ထိတွေ့ပြောဆိုခဲ့ရဖူးသည်။ ဒုတိယ အကြိမ် အစ်မများနှင့်သွားစဉ်က စေတီ တော်ကို ဝါးလုံးထိပ်တွင် ကြီးမားသော မြွေကြီးတစ်ကောင် ဘုရားကိုဖူးနေသော ပုံကို ဓာတ်ပုံရိုက်ခဲ့ပါသေးသည်။ ၎င်းမှ ဆက်၍ သာမညတောင်သို့သွားရောက် ၍ သာမညဆရာတော်ကြီးကိုဖူးမြော်ပြီး ထိုသို့ ဖူးမြော်သည့်အခါ ဆရာတော်ကြီး ကိုယ်တိုင် ထူးထူးခြားခြား ခေါ်ယူပြော ဆို ချီးမြှောက်ခဲ့တာခံခဲ့ရဖူးပါသည်။ ထို အကြောင်းအရာများကို အလျဉ်းသင့် သည့်အခါ ရေးသားပါဦးမည်။

နံနက်(၅)နာရီတွင် ကင်မွန်းစခန်း သို့ရောက်၍ ခေတ္တနားပြီး လက်ဖက် ရည်၊ မုန့်များ စားသောက်ကာ တောင် ပေါ်သို့ တောင်တက်ကားကြီးများဖြင့် တက်၍သွားရပါသည်။ ၎င်းတောင် တက်ကားကြီးများမှာ အင်ဂျင်ပါဝါကြီး ...င်း တောင်တက်ရာတွင် ကျွမ်းကျွမ်း ကျင်ကျင်မောင်းနိုင်သောဒရိုင်ဘာဆရာ ...စွမ်းအားကြောင့် ကျွန်ုပ်တို့ စိတ်ချ လက်ချ စီး၍သွားနိုင်ပါသည်။ ရှေးယခင် ...တွင် ကျိုက်ထီးရိုးစေတီတော်ကို ...ဖော်တန်တော့လိုလျှင် တောင်ပေါင်း ...တောင်ကို ကျော်လွှားပြီး ကျိုက်ထီး စေတီတော်မြတ်ကြီးရှိရာသို့ရောက်ရ သည်။ ညနေစောစောရောက်ပါလျှင် ...သောက်ပြီး ဝါးတောင်ဝှေးကိုင်ပြီး ...ညလုံးတောင်ပေါ်သို့တက်မှ မနက် ...ဦး ရောင်ခြည်ပေါ်ထွန်းသည့် ...နာရီ (၆)နာရီမှ ရောက်ကြပါသည်။ ...င်ပေါ်သို့ ခြေကျင်တက်ရသော ...တို့ လူငယ်တို့သဘာဝ ညလုံး ... မီးတုတ်များကိုင်၍ အော်ဟစ် ...ပြောင်၍ ပျော်ပျော်ပါးပါး ဘုရား ...ရတာ အလွန်ပျော်စရာကောင်းပါ ...ည်။ တချို့ နံနက်စောစောမှတက်ကြ ...သည်လည်း နေ့ခင်းနေ့လယ် ...နေ့လုံး တောင်ပေါ်သို့ ပျော်ပျော်ရွှင် ... လူငယ်တို့သဘာဝ သီချင်းတွေဆို ...င်း ပျော်ရွှင်စွာ တောင်ပေါ်သို့တက် ကြပါသည်။

ယခု အသက်ရလာတော့ ယခုလို ဘုရားဖူးကားကြီးများဖြင့် သက်သက် သာသာ အလွယ်တကူ စေတီတော် မြတ်ကြီးဆီသို့ တက်ရောက် ဖူးမြော်ရ သည်ကို နိုင်ငံတော်အစိုးရနှင့် ဂေါပက အဆက်ဆက်ကို အထူးကျေးဇူးတင်မိပါ သည်။ ကျွန်ုပ်သည် ရောက်သည်နှင့် ကျိုက်ထီးရိုးစေတီတော်ကြီးအား ဦးစွာ ဖူးမြော်ကန်တော့ပြီး ပုတီးစိပ်ရန် သစ် သားခုံလုပ်ထားသော နေရာလေးတွင် ထိုင်၍ ပုတီးစိပ်၊ တရားရှုမှတ်၍ သမာဓိ တည်ဆောက်ပါတော့သည်။

မည်မျှအချိန်ကြာသွားသည်မသိ မိမိမျက်နှာပေါ်သို့ နေမင်း၏ ပူပူလောင် လောင် နေအပူရှိန်ထိုးလာမှသတိထား မိပါတော့သည်။ အချိန်နာရီကြည့်လိုက် တော့မှ (၁၀) နာရီကျော်သွားပြီ ဖြစ်ပါ သည်။ ကျွန်ုပ်အလုပ်လုပ်သည်မှာ သမာဓိတည်သွား၍ ဝမ်းသာပီတိဖြစ်မိ သည်။ ကျွန်ုပ်၏ တူတော်မောင်မိသားစု များ တောင်ပေါ်တွင် လှည့်လည်ဘုရား ဖူးနေကြပါသည်။ ကျွန်ုပ်လည်း ရင်ပြင် တော်တွင် ဘုရားဖူးရင်းမှ အမှတ်မထင် ကျွန်ုပ်၏ မိတ်ဆွေကြီး ဦးကံဝင်းကို အထူးအမှတ်ရမိပါသေးသည်။ ဒုက္ခမျိုး စုံခံ၍ (၇) ရက်သားသမီးများအတွက် မပျက်မကွက် ဆီမီးငါးထောင်၊ ပန်းငါး ထောင်၊ ဆွမ်းငါးထောင်၊ ပန်းစေတီတည် ၍ပြုသည့်ပွဲ၊ လှူလ၊ ဝီရိယကို မချီးကျူး ဘဲမနေနိုင်ပါ။ ယခုဆိုလျှင် အကြိမ် ပေါင်း (၂၅) ကြိမ် ငွေရတုသဘင်ပွဲကြီး ပြုလုပ်တော့မည်ဟု သိရပါသည်။ ဂုဏ် ယူပါသည်။ ဆရာဦးကံဝင်း၏ အလှူ တော် ဘုရားရှင်အား ဆွမ်း၊ ပန်း၊ ဆီမီး ကပ်လှူသည့်အပြင် ကြွရောက်လာသော ဘုရားဖူးများ လိုက်ပါ၍ ပါရမီဖြည့်ကြ ကုန်သော ဓမ္မမိတ်ဆွေအပေါင်းတို့ကို တွေးမွေ့လှူဒါန်းလိုက်သည်များကိုတွေး နေမိလေ၏။

တရားရှုမှတ်ပြီးသွား၍ စိတ်ထဲမှာ ပေါ့ပါးလန်းဆန်းနေပါသည်။ မှတ်တမ်း တင်ရိုက်ကူးရန် ကင်မရာထုတ်၍ ဘုရား ကို လှည့်လည်ဖူးမြော်ရင်း ကျိုက်ထီးရိုး စေတီတော်ကြီးအား အဝေးမှ မှတ်တမ်း တင်လိုက်ပါသည်။ ထိုသို့မှတ်တမ်းတင် ဓာတ်ပုံရိုက်တိုင်း သစ္စာအဓိဋ္ဌာန်အမြဲပြု ပါသည်။ ထူးထူးခြားခြားတွေ့ရပါစေဟု ဆုတောင်းမိသည်။ ယခင်က သွားလေ ရာမှာ မှတ်တမ်းတင်ရန် ကင်မရာအမြဲ ယူပါသည်။ ယခုအခါတွင် မိမိလက်ကိုင် ဖုန်းအပေါ်တွင် ကင်မရာ၊ ဗီဒီယိုရိုက် စက်ပါ၍ အလွန်ပင်လွယ်ကူလှပါသည်။ ၎င်းနောက် ကျွန်ုပ်တူမိသားစုများ ကျွန်ုပ် အား လိုက်ရှာနေရာမှ ကျွန်ုပ်ဓာတ်ပုံ ရိုက်သည့်နေရာတွင်တွေ့ဆုံကြပါသည်။ တောင်ပေါ်မှ ညနေ(၃)နာရီတွင် ပြန် ဆင်းလာပြီး ကင်မွန်းစခန်းမှတစ်ဆင့် ရန်ကုန်မြို့သို့ မိမိတည်းခိုမည့် တူမောင် ထွန်းသန်းဦးအိမ်သို့ ည (၉) နာရီတွင် ရောက်ရှိပါသည်။ အိမ်ရောက်ပြီး ထမင်း စားသောက်၍ ညဘုရားဝတ်ပြုပြီးမှ မိမိ ရိုက်ကူးလာခဲ့သော ဓာတ်ပုံများကိုဖွင့် ကြည့်လိုက်သည်နှင့် ယခင်က ပုပ္ပား တောင်ကလပ်တွင် နဂါး (၇) ကောင်နှင့် ဘိုးတော်အောင်မင်းခေါင်ပုံ ပေါ်လာ သကဲ့သို့ ကျိုက်ထီးရိုးစေတီတွင်လည်း ရသေ့ကြီး၏ ပုံတော်ကို ထူးထူးခြားခြား တွေ့ရပါတော့သည်။ အာရုံခံ၍စိုက် ကြည့်လျှင်ပေါ်ပါသည်။ ကျိုက်ထီးရိုး စေတီတော်ကို ယခင်က သေချာစွာ မကြည့်ခဲ့ပေ။ ယခုအခါ စေတီတော်ကို သေချာစွာဖူးမြော်လိုက်သည်နှင့် ရသေ့ ကြီး မတ်တတ်ရပ်၍ တံတောင်ဆစ်ကို ကွေးပြီး လက်တော်ဖြန့်၍ ရသေ့သင်္ကန်း ရုံလျက်နေသောပုံတော်ကို ထူးထူးခြား ခြား တွေ့ရပါသည်။

*(မှတ်ချက် - စေတီ၊ ပုထိုးများကို ထူးထူးခြားခြားအဓိဋ္ဌာန်ဝင်လျှင် မိမိတွေ့ လိုသောပုဂ္ဂိုလ်များ မထင်မှတ်ဘဲ တစ် နေရာမှာသော် လည်းကောင်း၊ တခြား တစ်နေရာတွင်သော်လည်းကောင်း ထင် ထင်ရှားရှား ဖူးတွေ့နိုင်သလို ကျွန်ုပ်ဘဝ ၏ အတွေ့အကြုံများအရ သိုက်နန်းရှင် နတ်များ၊ နဂါး၊ ကုမ္ဘဏ်၊ ဂဠုန်တို့ကိုတွေ့ ဖူးပါသည်။ ကျွန်ုပ်သည် ၎င်းပုဂ္ဂိုလ်များ ဖြင့် ထိတွေ့ပြောဆိုဖူးပါသည်။ နောင် အခါလျဉ်းသင့်လျှင် ယခုလိုထူးထူးခြားခြား ပုဂ္ဂိုလ်များနှင့်တွေ့ရသည့် ဖြစ်ရပ်မှန်များ ကို သူရဿမဂ္ဂဇင်းမှမကြာမကြာရေးသွား ပါမည်။ စာဖတ်ရှုကြကုန်သော စာဖတ် ပရိသတ်ဓမ္မမိတ်ဆွေအပေါင်းတို့ရောက် သည့် ဘုရား၊ စေတီအပေါင်းတို့တွင် မိမိ တို့၏ သစ္စာအဓိဋ္ဌာန်ကြောင့် ထူးထူးခြား ခြား ထွက်ရပ်ပေါက်ဆရာတော်များပါ မကျန်အားလုံးကို အာရုံခံတွေ့ရှိနိုင်ပါ သည်။ သမာဓိကို ခိုင်မြဲအောင် အာရုံ စိုက်၍ သစ္စာအဓိဋ္ဌာန်ပြုရပါမည်။)*

မင်းမြတ်သိန်း (လားရှိုး)



www.burmeseclassic.com

www.burmeseclassic.com

အဘွားနာမည်က ဒေါ်မြသန်းကြည်လို့ ခေါ်ပါတယ်။ အဘွား အခု အသက် (၆၈) နှစ်ရှိပါပြီ။ အဘွားက အသက်(၅၀)ကစပြီး စီးပွားရေးအလုပ်များကိုစွန့်လွှတ်ကာ ဘာသာရေးအလုပ်များကို စတင်လုပ်ဆောင်တဲ့အခါမှာ ပထမ မြန်မာပြည်အနှံ့ တန်ခိုးကြီးဘုရားများကို သွားပြီးဖူးမြော်ပါတယ်။ ဘုရားဖူးတဲ့အခါမှာလည်း ရောက်တဲ့ဘုရားတိုင်းမှာ အဓိဋ္ဌာန်ပုတီးစိပ်ပါတယ်။ အိမ်မှာနေလည်း နေ့တိုင်းစိပ်ပါတယ်။ စိပ်တဲ့အခါမှာလည်း အလွတ်သဘောမစိပ်ဘဲ အဓိဋ္ဌာန်ဝင်ပြီး စိပ်ပါတယ်။

အလျဉ်းသင့်သလို တရားစခန်းဝင်တယ်။ (၇) ရက်စခန်း၊ (၁၀) ရက်စခန်း ကြုံသလိုဝင်ပါတယ်။ အဲဒီလို အဓိဋ္ဌာန်ပုတီးစိပ်၊ တရားစခန်းများကို ခဏခဏဝင်ပါများလာတော့ ရတနာသုံးပါးရဲ့ ဂုဏ်တော်တွေကြောင့်လား မသိဘူး။ သေဘေးက အံ့ဩလောက်အောင်လွတ်တယ်။ အခက်အခဲကြုံလာရင်လည်း တစ်နည်းနည်းနဲ့ပြေလည်ပြေရှင်းသွားတယ်။ ဒုက္ခကြုံလာရင်လည်း ကူညီဖြေရှင်းပေးမယ့်သူပေါ်လာတာပါပဲ။ ငါတွေ့လက်တွေ့ပါ။

ခုတစ်ခါ အကြီးအကျယ်နာမကျန်းဖြစ်နေရာက အိမ်သားတွေက သေပြီဆိုပြီး အိမ်နီးချင်းတွေခေါ်လိုက်ရာမှ ပြန်အသက်ဝင်လာပြီး နောက်နေ့တွေမှာ အိပ်မက်ထဲကခိုင်းတဲ့အတိုင်း လိုက်နာလုပ်ကိုင်တဲ့အတွက် တဖြည်းဖြည်းအစာဝင်ပြီး သက်သာသွားလိုက်တာ ခုဆိုရင် လုံးဝနေကောင်းသွားပါပြီ။

အဘွားယုံကြည်တာတော့ ဒါတွေဟာ ဘုရား၊ တရားရဲ့ ဂုဏ်တော်တွေကြောင့် သမ္မာဒေဝနတ်ကောင်းနတ်မြတ်တွေက စောင့်ရှောက်တာလို့။ ဒါကြောင့် အဘွားရဲ့စာလေးဖတ်ပြီး ကိုယ့်ရဲ့ဘာသာတရားကို လေ့လာလိုက်စားပြီး ကျင့်ကြံအားထုတ်ကြမယ်ဆိုရင် ရေးရကျိုးနပ်ပါပြီ။

အဘွားက အစကတည်းက အဆုတ်ကမကောင်းဘူး။ ရင်ကျပ်ချောင်းဆိုးရောဂါရှိတယ်။ ရေချိုးမှား၊ အစားမှား၊ အအေးမိသွားရင် နှာစေး ချောင်းဆိုး၊ ရင်ကျပ်ရောဂါက ဆက်တိုက်ဖြစ်တော့တာပဲ။ ဒီအထဲ အဖျားပါပါလာရင် ပိုခံစားရပြီး အိပ်လို့ရှိရင် ခေါင်းအုံးတွေထပ်ပြီး ငုတ်တုတ်အိပ်ရပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့ ၂၀၁၄ ခု၊ ဇန်နဝါရီလ (၉)ရက်၊ (၁၀) ရက်နေ့မှာ ဘုရားပေါ်က အမွှေးတိုင်အနံ့တွေရှူမိရင်းက ရင်ကျပ် ရောဂါဖြစ်လာတာပါပဲ။ ညနေ ဘုရား ပေါ်တိုလည်း အမိဋ္ဌာန်ပုတီးသွားစိပ် တာပါ။

အဲဒီနေ့ကစပြီး ရင်ကျပ်လာတာ နောက်ပိုင်း ချောင်းဆိုးတာ တစ်ညလုံး ထုတ်တုတ်ထိုင်နေရတယ်။ နောက်နေ့ တွေမှာ အဖျားပါဝင်လာပြီး အပူချိန်က (၁၀၂-၁၀၃) ဒီဂရီအထိ ဖျားလာတယ်။

အစားလည်းလုံးဝမဝင်တော့ဘူး။ ဆေး တိုက်မှာ ဆေးထိုး၊ ဆေးစားလည်း မရ ဘူး။ နောက်ကျတော့ လမ်းတောင် မလျှောက်နိုင်တော့ဘူး။ ဆန်ပြုတ်ကို လည်း အရည်ကျဲကျဲတစ်ဇွန်း၊ နှစ်ဇွန်း လောက်သောက်လိုက်၊ ထမင်းရည် လည်း တစ်ဇွန်း၊ နှစ်ဇွန်း အတင်းမျိုချနဲ့ (၄)၊ (၅) ရက်ကြာတော့ အားပြတ်ပြီး ကယောင်ကတမ်းတွေ လျှောက်ပြော နေသတဲ့။

အဘွားအဲဒီလောက်ရောဂါသည်း ပြီး သတိရတစ်ချက်မရတစ်ချက်ဖြစ်နေ ပေမယ့် အဓိဋ္ဌာန်ဝင်ထားတဲ့ ပုတီးစိပ်နဲ့ ဘုရားရှိခိုး၊ ဘုရားရဲ့ဂုဏ်တော်၊ ဂါထာ တော်တွေကိုတော့ တစ်နေ့မှအပျက်မခံ ဘူး။ သတိရတဲ့အချိန် အဘွားအိပ်ရာ ထဲကနေ ပုတီးစိပ်တယ်။ ဘုရားရဲ့ဂုဏ် တော်တွေ၊ ဂါထာတော်တွေကို စိတ်ထဲ မှာ ပွားများပြီး နှုတ်ကရွတ်ဖတ်တယ်။ အထူးသဖြင့် ဓာရဏပရိတ်တော်၊ ဂုဏ် တော်ကွန်ချာ၊ သမ္ဗုဒ္ဓေဂါထာ စသည်တို့ ကို အဆက်မပြတ် ရွတ်ဖတ်ပူဇော်ပါ တယ်။

အိမ်မှာက အဘွားမှာ ချွေးမနဲ့ တူမရှိပါတယ်။ နှစ်ယောက်စလုံးက လည်း အထူးဂရုစိုက်ပါတယ်။

(၁၀) ရက်ကျော်လာတော့ ပိုဆိုး လာတယ်။ အပေါ်ပိုင်း ရင်ဘတ်နဲ့ နောက်ကျောက ကျပ်စည်းထားသလို အသက်ရှူလို့မဝတော့ဘူး။ အသက်ရှူ ကျပ်ပြီး သတိလစ်လစ်သွားပါတယ်။ သမ်းလည်းမသမ်းဘူး။ လေချဉ်လည်း မတက်ဘူး။ နှာလည်းမချေဘူး။ လိမ္မော်ရည်၊ ကရင်ဆော်ဒါသောက်တာ တောင်လေတက်မလာဘူး။ လေမတက် တော့ ပိုပြီး ရင်ဘတ်နဲ့ နောက်ကျောက ကျပ်ပြီးအသက်မရှူနိုင်ဘူး။

တစ်နေ့နံနက်မှာတော့ အိမ်က ချွေးမရော တူမပါ အိပ်ရာကနိုးပြီး အဘွားအိပ်ရာကို လာကြည့်တဲ့အခါ အဘွားတမနိုးသေးဘူးတဲ့။ အရင်နေ့ တွေက အဲလိုမဟုတ်ဘဲ အဲဒီနေ့ကျမှ အိပ်နေတာတွေ့တော့ အိပ်ပါစေပေါ့။ (၇) နာရီ၊ (၈) နာရီလောက်ကျတော့



(သန်းလျှင်)

# ဒေါ်မြသန်းကြည်

## သေရှာဖြုန်အဘွား



www.burmeseclassic.com

www.burmeseclassic.com

ကယောင်ကတမ်းတွေ လျှောက်ပြောနေတယ်တဲ့။ ခေါ်ကြည့်တော့လည်း ခေါ်လို့မရဘူးတဲ့။ (၈)နာရီထိုးပြီးလောက်တော့ အသံတိတ်သွားတယ်တဲ့။ ချွေးမရော ဘူမပါ နှစ်ယောက်စလုံး လာပြီးနှိုးတော့ နှိုးလို့မရတော့ဘူးတဲ့။ တူမကတော့ ငါ့ဒေါ်လေးတော့ သေပါပြီဆိုပြီး ငိုတော့တာပဲတဲ့။ ချွေးမကတော့ အိမ်ပေါ်ကဆင်းပြေးပြီး အိမ်နီးချင်းတွေကို လိုက်ခေါ်ပြီး ကျွန်မတို့အမေကို လာကြည့်ကြပါဦး။ အမေ့ကို ခေါ်လို့လည်း မရတော့ဘူး။ အသက်ရှူတာလည်း မတွေ့တော့ဘူးနဲ့ လိုက်ခေါ်တော့ အဘွားနားကို အမျိုးသမီး(၅)ယောက်၊ (၆)ယောက်လောက်ရောက်လာပြီး ရှူဆေးတွေရော၊ လိမ်းဆေးတွေရော၊ သောက်ဆေးတွေရော၊ ဆေးသနပ်ခါးတွေပါ ယူလာပြီး အဘွားကတော့ လူပ်နိုးတယ်လို့ ထင်လိုက်တာပဲ။ အဘွားလည်း ဖျတ်ခနဲ့ သတိဝင်လာပြီး ဘာလို့ ငါ့အနားမှာဝိုင်းနေကြတာလဲလို့ အံ့အားသင့်သွားတာပေါ့။

အဲဒါနဲ့ တစ်ချိန်တည်းမှာပဲ အဘွားကလည်းလျှောက်သွားနေတာ ဈေးတွေထဲရော မြို့ထဲရော လူတွေအများကြီးထဲမှာလျှောက်သွားနေတာ ပါးစပ်ကလည်း စကားတွေပြောသွားတာ။

အဲဒီလိုလျှောက်သွားပြီး ပါးစပ်ကလည်း ပြောဆိုသွားနေတာကို တခြားနေရာကနေပြီး အဘွားကကြည့်နေတာတဲ့။ အဘွားစိတ်ထဲမှာ ဟိုမှာ ငါလျှောက်သွားပြီး စကားတွေပြောနေပါလားလို့ ဆိုပြီး ကြည့်နေတာတဲ့။

ပြီးတော့မှ အဘွားနားထဲ ဆူညံသွားပြီး ဖျတ်ခနဲ မျက်စိဖွင့်ကြည့်လိုက်တော့ အဘွားဘေးမှာ အမျိုးသမီးတွေ (၅) ယောက်၊ (၆)ယောက် ဝိုင်းပြောနေတာ တွေ့လိုက်ရတယ်။

အဲဒီမှာ သူတို့အထဲက အမျိုးသမီး (၃) ယောက်က တစ်ယောက်က အဘွားကို စောစောက လမ်းမှာတွေ့လိုက်တယ်တဲ့။ တစ်ယောက်က ဈေးသွားတုန်းက အဘွားကို ဈေးထဲမှာ ကောင်းကောင်းတွေ့လိုက်တယ်တဲ့။ တစ်ယောက်ကလည်း အဘွားကို ဈေးအပြင်ဘက်မှာ တွေ့လိုက်တယ်တဲ့။ သူတို့က ခုအိမ်ရောက်လို့မကြာသေးဘူး။ အဘွားချွေးမက အဘွားကိုခေါ်လို့လည်း မရတော့ဘူး၊ အသက်မရှူတော့ဘူးနဲ့ လာပြောတော့ ကျွန်မတို့မှာအံ့အားတွေသင့်သွားတာပေါ့နဲ့ ပြောကြတယ်။ သူတို့လည်း အံ့ဩလွန်းလို့။ တစ်ယောက်တည်းတွေ့ရင်တော့ မျက်စိအကြည့်မှားတာ ဖြစ်နိုင်တယ်ပေါ့။ အခုတော့ (၃) ယောက်တောင်မှ သေသေချာချာတွေ့ခဲ့တာဆိုတော့ အရမ်းကိုအံ့အားသင့်နေတာပေါ့။

အဲဒီမှာ အဘွားစဉ်းစားမိသွားတာ။ အဘွားသတိလစ်ပြီးမြောသွားတဲ့အချိန်မှာ အဘွားရဲ့ဝိညာဉ်က လျှောက်သွားနေတာဖြစ်မှာပေါ့။ အဘွားရဲ့ဝိညာဉ်ဆိုတဲ့နာမ်ကခွာသွားတော့ အိပ်ရာထဲမှာ ရုပ်ဆိုတဲ့ ခန္ဓာကိုယ်ကြီးပဲကျန်နေခဲ့မှာပေါ့။ ဒါကြောင့် ချွေးမနဲ့တူမက ခေါ်တာကို ဘာမှမသိအဲနဲ့မထူးနိုင်ဖြစ်နေတာပေါ့။ အမျိုးသမီးကြီးတွေ အိမ်ပေါ်တက်လာပြီးလှုပ်ခေါ်တော့မှ ဝိညာဉ်ကပြန်ကပ်ပြီး သတိပြန်လည်လာတာဖြစ်ရမယ်။ ဈေးဘေးမှာ၊ လမ်းမှာ၊ ဈေးထဲမှာတွေ့ခဲ့တဲ့ အမျိုးသမီးတွေကလည်း အံ့အားတွေသင့်နေတာပေါ့။

နောက်တစ်နေ့လည်း အဘွားတမသက်သာသေးဘူး။ ရင်ဘတ်အပေါ်ပိုင်းတစ်ခုလုံးဟာ ကျပ်စည်းထားသလိုနေရခက်ပြီး အသက်ရှူရတာလည်းမဝဘူး။ ဒါနဲ့ အဘွားလည်း သမ္မာဒေဝနတ်ကောင်းနတ်မြတ်တွေကို တိုင်တည်လိုက်တယ်။

ကျွန်ုပ်ခံစားနေရတဲ့ ဝေဒနာဟာ ပြင်းထန်လွန်းလို့ ဒီထက်ပိုပြီး မခံစားနိုင်တော့ဘူး။ သေမယ့်ရောဂါဆိုလည်း မြန်မြန်သေပါတော့။ လူ့လောကမှာ နေရဦးမှာဆိုလည်း မြန်မြန်နေကောင်းပါရစေလို့။

ညကျတော့ အဘွား ငုတ်တုတ်တစောင်းလေး ခေါင်းအုံးကိုမှီပြီး မှေးခနဲ အိပ်ပျော်သွားတာမှာ အဘွားရဲ့ပခုံးကို နောက်ကျောဘက်ကရပ်ပြီး ပုတ်နှိုးလိုက်တာ။ အဘွားကလည်း ပခုံးကို ပုတ်လိုက်တော့ နောက်ကို လှည့်ကြည့်လိုက်တော့ အသက် (၅၀) ဝန်းကျင်လောက် ဖြူဖြူ ပုပု၊ ဝဝအမျိုးသမီးကို ထင်ထင်ရှားရှားတွေ့လိုက်တယ်။ အဲဒီအမျိုးသမီးက 'ထ၊ထ- မျက်နှာသွားသစ်လိုက်'လို့ ပြောတော့ အဘွားက ငေါက်ခနဲ ထထိုင်လိုက်တာ။ ပြီးတော့ သတိဝင်လာပြီး ဟာ - ငါအိပ်ပျော်နေတာပဲ။ အိပ်မက်လား၊ တကယ်လား၊ ငါတော့ အဲဒီအမျိုးသမီးကို ထင်ထင်ရှားရှားမြင်လိုက်တာ။ သူပြောတာလည်း သေသေချာချာကြားလိုက်တာဆိုပြီး နာရီကိုလှမ်းကြည့်လိုက်တော့ နံနက်(၄)နာရီထိုးပြီးစရှိသေးတယ်။

ဒါနဲ့ အဘွားလည်း ကပျာကယာထပြီး မျက်နှာသွားသစ်လိုက်တယ်။ နောက်တစ်နေ့ညကျလည်း အဘွားနံနက် (၄) နာရီနဲ့ (၅)နာရီကြားထပြီး မျက်နှာသစ်ထားလိုက်တယ်။ (၃) ရက်မြောက်မှာ အဘွားလေချဉ်လည်းတက်လာတယ်။ သမ်းလို့လည်းရလာတယ်။ ချောင်းဆိုးလည်း သက်သာလာတယ်။ နှာချေလို့တော့မရသေးဘူး။ ဒါနဲ့ နှာရှူဆေးဝယ်ပြီးရှူတော့ တစ်ခါ၊ နှစ်ခါပဲချေတယ်။ ဒါပေမယ့် အသက်ရှူချောင်သွားတယ်။ ချောင်းဆိုးလည်း ညဘက်ကို မဆိုးတော့ဘူး။

ဒီအတောအတွင်းမှာပဲ တစ်ညမှာ အိပ်မက်က ထင်ထင်ရှားရှားမက်တာ။ အဘွားက မတ်တတ်ရပ်နေတာ။ အဘွားနောက်ကရေပုံးထဲမှာ ရေအပြည့်ပဲတဲ့။ အဲဒီရေပုံးထဲမှာပဲ ရေပုလင်းတစ်လုံးက ဝူး. . . ဝူးနဲ့ ရေပုံးပေါ်ကို ခုန်ချတက်နေတာတဲ့။ အဲဒါကိုကြည့်ပြီး အဘွားစိတ်ထဲမှာ ဒါ ငါ့ကို သရဲခြောက်တာပဲ။ ငါဘယ်ဂါထာကိုရွတ်ရမလဲလို့ စဉ်းစားနေတုန်း ဘေးကနေပြီး 'တရဏဖရိတ်တော်နဲ့ ဂုဏ်တော်ကွန်ချာကို မြန်မြန်ရွတ်လေ' လို့ ပြောသံကြားလိုက်ပြီး အဘွားဆက်တိုက်ရွတ်တာ ဖျတ်ခနဲလန့်နိုးလိုက်တော့ အဘွားနှုတ်ကရွတ်လျက်တန်းလန်းကြီး။

အဲဒီနေ့ကစပြီး အဘွား အဲဒီဖရိတ်တော်တွေကို မနက်တစ်ခေါက်၊ ညတစ်ခေါက်ကတော့ ပုံမှန်ရွတ်ဖတ်ပါတယ်။ အဲဒီကစပြီး အဘွားလည်း ချောင်းဆိုးသက်သာ၊ အဖျားလည်းမရှိ ရင်ကျပ်ကသက်သာ၊ အသက်ရှူရတာလည်းချောင်ပြီး ထမင်းနည်းနည်းဘာ လာရာက ခုတော့ လုံးဝနေကောင်းသွားပါပြီ။

သကြၤန်ကျရင် တရားစခန်းဝင်ပါ ဦးမယ်။ တရားစခန်းဝင်နိုင်ဖို့အတွက် ခု တတည်းက အားမွေးနေရပါတယ်။ အဘွားစဉ်းစားမိတာက ဒါတွေအားလုံးဟာ ရတနာသုံးပါးရဲ့ ဂုဏ်ကျေးဇူး ကြောင့်၊ ဘုရားဂုဏ်တော်၊ တရားဂုဏ် တော်တို့ကို အမြဲမပြတ် ပွားများအာ ထုတ်နေလို့ သမ္မာဒေဝနတ်ကောင်းနတ် မြတ်များက စောင့်ရှောက်တာ၊ အသက် ဘေးက ကယ်တင်တာလို့ပဲ ယုံကြည်ပြီး ဒီဆောင်းပါးကို ရေးသားလိုက်ရ ဖြစ်ပါတယ်။

ဒေါ်မြသန်းကြည် (ဒုံနံ့ချောင်မြ



www.burmeseclassic.com

www.burmeseclassic.com



မောင်တော်ကျောက် အဝေးရှုခင်း

စာရေးသူတို့၏ ငပလီကမ်းခြေ တစ်လျှောက်တွင် ပင်လယ်သဘာဝ ကျောက်လုံးကျောက်ဆောင်၊ ကျောက်တန်းများ ပေါ်များလှပေသည်။ ထိုကျောက်လုံးကျောက်ဆောင်များအနက် ငပလီကျေးရွာကမ်းခြေနှင့် မဇင်ရွာကမ်းခြေအကြားရှိ ဇီးဖြူကုန်းကျေးရွာကမ်းခြေတွင် တည်ရှိသည့် မောင်တော်ကျောက်ခဲကြီးမှာ အလွန်ထူးခြားသည့် ဒဏ္ဍာရီဆန်ဆန် ဖြစ်ရပ်မှန်များကြောင့် လူသိများထင်ရှားလှပါသည်။ မောင်တော်ကျောက်ခဲကြီးမှာ ပင်လယ်ကမ်းခြေသဲသောင်ပြင်ပေါ်တွင် တည်ရှိသော်လည်း နှမတော် ကျောက်ခဲကြီးမှာမူ Hotel at the rock ဟိုတယ်ဝင်းထဲတွင် ရှိပါသည်။

# ငပလီကမ်းခြေ ဇီးဖြူကုန်းကျေးရွာမှ မောင်တော်၊နှမတော်ကျွန်းရှိကျောက်မောင်နှမများ

ရွှေချီအောင်(ပလီ)




မောင်တော်ကျောက်ထက်မှ စေတီတော်



www.burmeseclassic.com

www.burmeseclassic.com



မောင်တော်ကျောက်လုံးကြီး



နမ်တော်ကျောက် အနီးကပ်မြင်ရပုံ



နမ်တော်ကျောက်

ထိုကျောက်မောင်နှမအကြောင်းကို ရှေးလူကြီးသူမများက ပါးစပ်ရာဇဝင်အဖြစ် ဒဏ္ဍာရီဆန်ဆန်ပြောပြခဲ့ရာ နှောင်းလူတို့အဖို့ ယနေ့တိုင် ယုံကြည်နေဆဲ ဖြစ်ပါသည်။ သို့ရာတွင် အလွန်တရာ ထူးခြားဆန်းကြယ်သည့် ဖြစ်စဉ်များကမူ ဒေသခံများအဖို့ မရိုးနိုင်အောင်ပင်ရှိနေခဲ့ကြသည်။ ရှေးအခါက ထိုကျောက်ဖြစ်ရုပ်ကြွင်းကျောက်မောင်နှမကို မရှိမသေ မလေးမစားပြုလုပ်ခဲ့သူများသည် သေဆုံးသည်အထိ ဘေးအန္တရာယ်ကျရောက်ခဲ့ကြောင်း သက်သေအထောက်အထားများရှိခဲ့ဖူးသည်ကို ဒေသခံများက အသိဆုံးဖြစ်လေသည်။

ကျောက်မောင်နှမတို့၏ ရခိုင်ရာဇဝင်အလာမှာ ဤသို့ဖြစ်သည်။

ရခိုင်ပြည် ဝေသာလီ ကျောက်လှေကားခေတ်သမိုင်းဆက် ဖြစ်သည်။ ရခိုင်ပြည့်ရှင် စူဠစန္ဒြားမင်းကြီးသည် ဘုန်းလတ်ရုံးနှင့် အလွန်ပြည့်စုံသော တန်ခိုးကြီးမားသည့် ရှင်ဘုရင်ကြီးတစ်ပါးဖြစ်ခဲ့သည်။ နတ်တို့ဆက်သလာသည့် အရိန္ဒမာလှံပျံရှင်ကိုလည်း ပိုင်ဆိုင်ခဲ့လေသည်။ ထို့ပြင်သာမက အလွန်အင်အားကြီးမားသည့် ရခိုင်ရေတပ်မတော်ကြီးကိုလည်း ပိုင်ဆိုင်ခဲ့လေသည်။ ထို့ကြောင့် ဘင်္ဂလားနယ်ရှိ ဘင်္ဂါ (၁၂) မြို့ကိုပင် ပိုင်ဆိုင်သိမ်းပိုက်နိုင်ခဲ့သည်။

သို့ရာတွင် ဤမျှဘုန်းတန်ခိုးကြီးမားသည့် စန္ဒြားမင်းကြီးတွင် ပြင်းထန်စွာခံစားရသည့် ခေါင်းခဲဝေဒနာတစ်ခုသည် အမြဲခံစားရလျက်ရှိလေသည်။ ဟူးရားဖြူ ဟူးရားညိုတို့အား မေးမြန်းသည့်အခါ အတိတ်ဇာတ်ကြောင်းပေါ်လာသည်။ ရှေးယခင်ဘဝက တကောင်း (သင်းတွဲ) ပြည်တွင် ခွေးဘဝတစ်ဇာတ်ဖြစ်ခဲ့ဖူးလေသည်။ ခွေးဘဝနှင့် သေလွန်သည့်အခါ ခွေးဦးခေါင်းသည် ညောင်ပင်ခွကြားတွင် တင်ထားရာမှ နောင်နှစ်ပေါင်းများစွာ ညောင်ပင်ကြီးလာသည့်အခါ ညောင်မြစ်ကြားတွင်ညှပ်နေသည့် ခွေးခေါင်းခွံကို ညှပ်မိလေရာ ဘဝသစ်မင်းကြီးသည် ခေါင်းခဲခေါင်းကိုက်ဝေဒနာကို ခံစားနေရရှာလေသည်။ ထို့ကြောင့် လက်ရှိဘဝတွင် တကောင်းပြည်ရှိ ညောင်ပင်ကြီးကို ရှင်းလင်းသုတ်သင်တူးဖော်ပါမှ ဝေဒနာပျောက်ကင်းမည်ဟု ဆိုလေသည်။

ထို့ကြောင့် မင်းကြီးက ရေဖောင်တော်ပြာသာဒ်နှင့် တိုက်ရေပေါင်းများ



www.burmeseclassic.com

www.burmeseclassic.com



ကျောက်ကြက်ဖည်းနေပုံ

ရွာ ခြံရံလျက် ပင်လယ်ခရီးဖြင့်စုန်လာတာ ဧရာဝတီမြစ်ကြောင်းမှတစ်ဆင့် တကောင်း (သင်းတွဲ) ပြည်သို့ စစ်အင်္ဂါခင်းကျင်း၍ထွက်လာသည်။ ဆင်ခေါင်းဝ အရောက်တွင် ကွမ်းတံတွေးထွေးမိရာ သမုဒ္ဒရာရေအောက် ဘောဂဝတီနဂါးပြည်မှ နဂါးမင်းသမီးလေး ရက်ကန်းရက်နေရာသို့ကျရောက်သွားရာ ရှေးဘဝရေစက်ကုသိုလ်ပန္နက်ဆုံဖူးကြသည်ဖြစ်၍ 'တွမ်းသွေးတောင် ဒီလောက်လှရင် သူဆိုတ ဘယ်လောက် ဘုန်းတံနှင့် ပြည့်စုံတာ ချောမောလှပသူဖြစ်လိမ့်မလဲ' ဟု ဆိုတာကြည့်လေသော် မင်းကြီးကို တွေ့ရသျှင် မေတ္တာသက်ဝင် ချစ်ခင်မိလေ၏။ ဖခင်နဂါးမင်းကြီးအား ဆောင်ကြဉ်းပေးရန် တောင်းဆိုလေသော် နဂါးမင်းကြီးက တကောင်းပြည်တွင် ညောင်ပင်ကို ခြိုဖျက်၍ ဘုရားတည်မည့် အတိတ်နိမိတ်ကို သိသဖြင့် တကောင်းပြည်မှ အပြန်တွင် ဆောင်ကြဉ်းပေးမည်ဟု ဆိုလေသည်။

စူဠစန္ဒြားမင်းကြီးသည် တကောင်းပြည်တွင် စည်းစိမ်ခံစားယစ်မူး၍ မိမိတိုင်းပြည်ကို မေ့လျော့နေရာ ဂီတပညာရှင်များက သီချင်းစပ်၍ တေးသွားဖြင့် တခုန်သရုပ်ဖော်အသိပေးလေမှ ကိုယ့်ပြည်ကိုယ်ရွာကို မင်းကြီး သတိရလေတော့သည်။ ထို့ကြောင့် ပြည်တော်သို့ ပြန်လာရာ ပုသိမ်မော်တင်စွန်း နေဂရေအငူ (နဂါးနှစ်အငူ)တွင် နဂါးမင်းကြီးနှစ်မြုပ်သဖြင့် စူဠစန္ဒြားမင်းကြီး ကံတော်ကုန်လေသည်။ ထိုနေရာတွင် နဂါးနှစ်ဝဲကြီးသည် ယနေ့တိုင်ရှိနေဆဲဖြစ်ပြီး စက်လှေ၊ သင်္ဘောများ အထူးသတိထားရှောင်ကွင်းသွားနေရဆဲ ဖြစ်ပါသည်။ နဂါးမင်းကြီး၏ နဂါးမီးတန်ခိုးကြောင့် မှူးမတ်ဗိုလ်ပါတို့နှင့်တကွ နောက်တော်ပါ အခြွေအရံအသင်းပင်းများတို့သည် ပင်လယ်ကမ်းခြေနေရာအနှံ့အပြားတွင် ဆိုက်ကပ်ကြပြီးနောက် နဂါးမီးသင့်၍ ကျောက်ဖြစ်ရုပ်ကြွင်းများဘဝသို့ရောက်ရတုန်လေသည်။

မင်းကြီး၏ ဆင်တော်များ ဆိုက်ရောက်ရာအရပ်ကို ဆင်တင်ကြီးရွာ၊ ဆင်တင်လေးရွာ၊ ဆင်ဖြူတော်ဆိုက်ရောက်ရာအရပ်ကို ဆင်ဖြူချိုင်ဟုလည်းကောင်း၊ မင်းကြီး၏ကလာပ်တော်ပါးရာဒေသကို ကျောက်ကလပ်ရွာဟု လည်းကောင်း၊ ကွမ်းအစ်တော်အံ့ဆင့်အဝိုင်းပါးရာအရပ်ကို ကွမ်းဗိုင်းရွာဟု လည်းကောင်း၊ လှေတော်များပါးရာအရပ်ကို လှေကြီးချိုင်ဟုလည်းကောင်း၊ ရွှေဝမ်းဘဲပါးရာအရပ်ကို အဘဲရွာ၊ ရွှေဆတ်မပါးရာအရပ်ကို ဆတ်လည်မျှော်၊ ရွှေသားလက်ဝတ်ရတနာများပါးရာအရပ်ကို ရွှေသာချိုင်ရွာဟု လည်းကောင်း၊ ဂွမြို့နယ်တွင် လှေတော်လောင်းတော်များ ကျိုးပျက်သည့်နေရာကို တိုင်ကျိုးရွာ၊ ပုံနှင်းကြီးရမွာ ကမ်းကပ်၍ပါးသည့် ကျွန်းကို ရမ်ာကျွန်းဟုလည်းကောင်း၊ မင်းကြီး၏ ရတနာတော်များ ဆိုက်ရောက်ရာအရပ်ကို အစွဲပြု၍ ကျောက်ဖြူမော်၊ ငကျောက်နီမော်ဟု လည်းကောင်း၊ မင်းကြီး၏ ရွှေလှေတော်ပါးရာအရပ်ကို ရွှေလှေရွာဟုလည်းကောင်း အစရှိသည်ဖြင့် မှည့်ခေါ်ကြလေသည်။

ဗီးဖြူကုန်းရွာကမ်းခြေသို့ မင်းညီမင်းသားမောင်နှမတို့ပါးရာအရပ်တွင် နဂါးမီးသင့်၍ မောင်တော်ကျောက်နှင့် နှမတော်ကျောက်ဟု လည်းကောင်း၊ မဇင်လေဆိပ်ကွင်း အနောက်ပင်လယ်ကမ်းစပ်တွင် ယောက်ဖတော်ကျောက်အဖြစ် လည်းကောင်း တည်ရှိခဲ့လေသည်။ မောင်တော်၊နှမတော်ကျောက်ကို ဒေသခံရွာသားများက လေးစားသမှုဖြင့် အရိုအသေပြုခဲ့ကြလေသည်။ ရှေးခေတ်အစဉ်အလာအရ ကိုးကွယ်ပသခဲ့ကြသည်။ မထေမဲ့မြင် မပြုရဲကြဘဲ လေးလေးစားစားတန်ဖိုးထားကာ ဂါရဝပြုခဲ့ကြလေသည်။ မရိုမသေမလေးမစားဘဲ ကျောက်ခဲအနီးတွင် အပေါ့အလေးသွားမိပါက အချိန်ပိုင်းအတွင်းပင် ဒုက္ခရောက်သေကျေပျက်စီးခဲ့ကြလေသည်။

ဗြိတိသျှခေတ်တွင် အင်္ဂလိပ်လမ်းဝန်ထောက် အရေးပိုင်တစ်ဦးသည် လေယာဉ်ကွင်းတည်ဆောက်ရန်နှင့် ငပလီနှင့် လေယာဉ်ကွင်းလမ်းဖောက်လုပ်ရန် ရောက်ရှိလာခဲ့သည်။ ၎င်းသည် ငပလီရွာ လမ်းဆုံတည့်တည့် အနောက်ဘက်ကမ်းခြေရှိ ဗိုလ်တဲကြီးတွင် တည်းခိုလေ



www.burmeseclassic.com

www.burmeseclassic.com

သည်။ လေယာဉ်ကွင်းနှင့် လမ်းအနေအထားကို ကြည့်ရှုလေ့လာပြီးနောက် ပင်လယ်ကမ်းခြေအတိုင်း ငပလီဗိုလ်တဲကြီးဆီသို့ ပြန်လာခဲ့သည်။ ထိုသို့ပြန်လာခဲ့ရာ ဗိုလ်တဲသို့မရောက်မီ ဇီးဖြူကုန်းကမ်းခြေ မောင်တော်ကျောက်ခဲကြီးနား အရောက်တွင် အပေါ့သွားလိုသဖြင့် ကျောက်ခဲကြီးအနီးသို့ ချဉ်းကပ်သွားခဲ့သည်။ အတူလိုက်ပါလာသူ ဗိုလ်တဲစောင့်က ထိုသို့ပြုမူရန် မသင့်လျော်ကြောင်း၊ အလွန်ပင်အန္တရာယ်ကြီးမားကြောင်း၊ ဒုက္ခရောက်မည်ဖြစ်ကြောင်း ဖျောင်းဖျ ပြောဆိုခဲ့ပါသည်။ ထိုလမ်းဝန်ထောက် အင်္ဂလိပ်အရာရှိက ဗိုလ်တဲစောင့်စကားကို မလေးစား မယုံကြည်ဘဲ မောင်တော်ကျောက်ခဲကြီးအနီးတွင် အပေါ့စွန့်မိလေသည်။

ထိုမှ ဆက်လက်၍ ဗိုလ်တဲဆီသို့ ကမ်းခြေအတိုင်း ဆက်လက် ထွက်ခွာလာခဲ့ရာ ဇီးဖြူကုန်းနှင့် ငပလီရွာအကြား ချောင်းအရောက်တွင် အပေါ့သွားချင်သလိုလိုဖြစ်လာသဖြင့် အပေါ့သွားရာ ဆီးများထွက်မလာဘဲ သွေးများသာကျဆင်းလာလေသည်။ ဗိုလ်တဲသို့ရောက်သည့်အခါလည်း ဆီးသွားတိုင်း သွေးချည်းထွက်နေသဖြင့် နောက်ဆုံး ဗိုလ်တဲတွင်ပင် သေဆုံးသွားခဲ့လေသည်။

ထိုကဲ့သို့ပင် စာရေးသူ၏ ဇနီးသည်နှင့် ကျောင်းနေဖက် မောင်ထွန်းထွန်းမှာလည်း အလယ်တန်းကျောင်းသားဘဝက ငပလီဈေးရှေ့ရှိ အလယ်တန်းကျောင်းသို့ ကျောင်းသွားတက်ရင်း ကျောင်းမှအပြန်တွင် ကမ်းခြေဘက်မှ ပြေးလွှားဆော့ကစားရင်း ပြန်လေ့ရှိကြသည်ဟု ဆိုပါသည်။ ထိုသို့ ပြေးလွှားဆော့ကစားရင်းမှ မောင်တော်ကျောက်ခဲကြီးအနီးတွင် ကလေးသဘာဝ အပေါ့စွန့်မိလေသည်။ ထို့ကြောင့် ဆီးအိမ်နေရာမှအောင့်သည်ဆိုကာ ဆီးသွားတိုင်း သွေးများသာ ထွက်ကျလေ့ရှိပါသည်။ ရင်း၏ဖခင်မှာ လေဆိပ်မန်နေဂျာဖြစ်သဖြင့် လေဆိပ်ရုံးကားဖြင့် သံတွဲဆေးရုံသို့ သွားရောက် ကုသခဲ့ပါသည်။ သို့ရာတွင် မောင်ထွန်းထွန်းမှာ လုံးဝသက်သာပျောက်ကင်းခြင်းမရှိဘဲ သေဆုံးသွားခဲ့ပါသည်။

ယခုအခါ မောင်ထွန်းထွန်း မြှုပ်နှံရာ မဇင်သင်္ချိုင်းတွင် သူ့ခေါင်းရင်းဘက်မှ အမှတ်တရစိုက်ပျိုးခဲ့သည့်အုန်းပင်မှာ တစ်ပင်တည်းထီးထီးဖြင့် အသီးများပင် သီးနေသည်ကို တွေ့ရှိရပါသည်။

စာရေးသူသည် လွန်ခဲ့သည့် (၁၅) နှစ်ခန့်က ဇီးဖြူကုန်းကျေးရွာမှ ဗိန္ဒောဆေးကုဆရာကြီး ဦးညီပုအား မောင်တော်၊ နှမတော်ကျောက်ခဲကြီးများအကြောင်း မေးမြန်းခဲ့ဖူးပါသည်။ ဆေးဆရာကြီး ဦးညီပုသည် ရှေးမိနောက်မီ ပုဂ္ဂိုလ်တစ်ဦးဖြစ်လေရာ ရှေးအခါက မောင်တော်၊ နှမတော်ကျောက်မှာ အလွန်ကြမ်းတမ်းကြောင်း၊ ပင်လယ်ရေလုပ်သား တံငါများက ဆီမီးထွန်းခြင်း၊ ဆီမီးဖောင်မျှောခြင်း၊ ငှက်ပျောပွဲအုန်းပွဲများဖြင့် ရိုးရာအရ ပူဇော်ကြကြောင်း၊ မယုံမကြည်မလေးမစားဖြင့် ပြုမူသူများ သေကျေဒုက္ခရောက်ကြကြောင်း၊ ရှိသေလေးစားရိုးသားသူများကိုမူ တောင်းပန်လျှောက်ထားပါက အလှူမင်္ဂလာပွဲ အငှားဝတ်ဆင်ရန် အဝတ်အထည်များ၊ လက်ဝတ်လက်စား ရွှေထည်ငွေထည် ပစ္စည်းများ ခေတ္တငှားရမ်းဝတ်ဆင်နိုင်ကြောင်း၊ မလေးမစား ပြန်မအပ်သူများ ဘေးဒုက္ခရောက်လေ့ရှိကြောင်း၊ ကတိသစ္စာမရှိသူများကြောင့် ယခုအခါ လုံးဝမရရှိနိုင်တော့ကြောင်း ပြောပြခဲ့ပါသည်။

ဇီးဖြူကုန်းရွာမှ လူကြီးများအား စုံစမ်းမေးမြန်းခဲ့ရာ ရှေးယခင်က မောင်တော်၊ နှမတော်ကျောက်ခဲနှစ်ခုမှာ အတူတကွ ပင်လယ်ကမ်းစပ်တွင် ရှိနေခဲ့ကြောင်း၊ တစ်နေ့တွင် မောင်နှမနှစ်ယောက် ဝက်တစ်ကောင်ကို ခွဲဝေယူကြရာ နှမဖြစ်သူက မကျေနပ်သဖြင့် စကားများကြကြောင်း၊ နှမက စိတ်ကောက်သည်ကို စိတ်မရှည်သည့် မောင်တော်က ခြေဖြင့် ကန်ကျောက်လိုက်ရာ ကမ်းခြေမှသည် ကုန်းပေါ်သို့ ရွှေ့ပြောင်းရောက်ရှိခဲ့ကြောင်း ပြောပြကြပါသည်။ ထို့အပြင် မောင်တော်ကျောက်ခဲကြီးဘေးတွင် ကြက်ညီနောင်ကျောက်ခဲနှစ်ခုရှိကြောင်း၊ ကြက်ညီနောင်ကျောက်နှစ်ခုထိစပ်နေသည့်နေရာတွင် မြန်မာပြည်မြေပုံသဏ္ဌာန်ဖြင့် ပင်လယ်ဘက်သို့ ထွင်းဖောက်မြင်ရကြောင်း၊ ကြက်ညီနောင်၏ နှုတ်သီးများမှာ မကြာခဏ ပူးချည်ခွာချည်ရှိတတ်ကြောင်း၊ နိုင်ငံရေးမတည်ငြိမ်ပါက ကြက်ညီနောင်ခွပ်နေသည့်သဏ္ဌာန်ပေါ်ကြောင်း သိရှိရပါသည်။ လွန်ခဲ့သည့်နှစ်များစွာက မောင်တော်ကျောက်ခြေရင်းတွင် ဝက်သေကို နှစ်ပိုင်းပိုင်းထားသည့်ပုံနှင့် လူခြေရာသဏ္ဌာန်ကြီးများကို စာရေးသူကိုယ်တိုင် ကျောက်ဖြစ်ရုပ်ကြွင်းများကို တွေ့ရှိခဲ့ရပါသည်။ ယခုအခါ အဆိုပါ ကျောက်ဝက်နှင့် ခြေရာများမှာ သဲသောင်အောက်သို့ ရောက်ရှိကာ ပျောက်ကွယ် ဖုံးလွှမ်းနေပါသည်။ ကျောက်ခဲကြီး၏ အနောက်ဘက်တွင် မောင်တော် ရွှေတန်ဆာကျောက်နှင့် ကျောက်မြင်းရုပ်ကြီးမှာ ရေထဲတွင်ရှိနေပါသည်။ ကျောက်မြင်းရုပ်ကြီးမှာ ခေါင်းကျိုးသွားခဲ့ပြီ ဖြစ်ပါသည်။

ထို့အတူ မဇင်လေယာဉ်ကွင်းထိပ်ရှိ လေကြောင်းပြလေတိုင်ကြီးအနီး ပင်လယ်ကမ်းခြေဒေသတွင် စုပုံကွဲအက်နေသည့် ဧရာမကျောက်ပုံကြီးကို တွေ့ရှိခဲ့ပါသည်။ မဇင်ရွာသားများကို မေးကြည့်တော့ မောင်တော်ယောက်ဖကျောက်ဟု ဆိုသည်။ လေယာဉ်ကွင်းတည်ဆောက်ရာတွင် အသုံးပြုရန် အဆိုပါ ယောက်ဖတော်ကျောက်ကို အိန္ဒိယသားကုလားတစ်ဦးက ဒိုင်းနမိုက်ဖြင့် ဖောက်ခွဲခဲ့သည်ဟု ဆိုပါသည်။ ယမ်းထည့်ရန် ထွင်းထုနေစဉ် ညအခါ မဖောက်ခွဲရန် အိပ်မက်အကြိမ်ကြိမ်ပေးသည်ဟုဆိုပါသည်။ ထိုသူက မယုံကြည်ဘဲ ဖောက်ခွဲမိရာ ဖောက်ခွဲအပြီး သွေးအန်သေဆုံးသည်ဟုပြောဆိုကြပါသည်၊ ပေါက်ကွဲနေစဉ် ကျောက်ခဲထဲမှ မြင်းဖြူကြီးစီး၍ မင်းသားတစ်ဦး ကောင်းကင်ထဲသို့ထိုးတက်ပျံသန်းပျောက်ကွယ်သွားခဲ့သည်ဟု မဇင်ရွာသားကြီး ဦးဖိုးချစ်ကယ်က စာရေးသူကို ပြောပြဖူးပါသည်၊

လမ်းခင်းကျောက်များဈေးကောင်းသည့်ကာလတွင် ထိုကျောက်ပုံကြီးကို မည်သူမျှ မထိရဲမကိုင်ရဲမယူရဲသည်က အမှန်ပင် ဖြစ်လေသည်။ ယခုအခါ ငါ ကျောက်ပုံကြီးမှာ လေယာဉ်ကွင်းတိုးခ ရန် မှူးဟင်းပြင်တောင်ကို ဖြိုဖျက်၍ ပင်လယ်ထဲသို့ မြေများဖို့ချရာ ရွာတ ရွာမျှအကျယ် ဖို့မြေအတွင်း နစ်မြုပ်ပါ သွား၍ ထိပ်ပိုင်းလောက်သာပေါ်နေပါ သည်။ မောင်တော်ကျောက်ခဲကြီးပေါ် တွင် စေတီငယ်တစ်ဆူကို သံတွဲသား စာရေးဆရာ မောင်လွန်းကြင်က တည် ထားခဲ့ပါသည်။ ယခုအခါ (Fortune) ဖော်ကျွန်းဟိုတယ်ဆောက်လုပ်ရေးအဖွဲ့ မှ ပြန်လည်ပြုပြင်၍ ရွှေသက်န်းက လှူထားပါသည်။ စာရှုသူများ ငပလီ ရောက်ခဲ့ပါက Hotel at the rock ဟိုတယ်ဝင်းအတွင်းလာရောက်လေ့လာ လှည့်ပါဟု ဖိတ်ခေါ်ရေးသားလိုက်ရ သည်။

ရွှေချိုအေးပြင် (ငပလီ



www.burmeseclassic.com

www.burmeseclassic.com

ရှေးယခင် ထားဝယ်မြို့ဟောင်း၏ တောင်ဘက်မြို့ရိုးရတနာတံခါးတည်ရာ တောင်ခွလမ်းဆုံ (ကညွှဲ၊ ခုံဝင်းဒပ်၊ ဘုမ္မော်) မှ ယခု အ-ထ-က (၂) ရှေ့ လမ်းနှင့် တစ်ဆက်တည်း တောင်စူးစူး သို့(၁) မိုင်ခန့်သွားလျှင် လယ်ကွင်းပြင် ကြီးအလယ်ရှိ စောမိညိုစေတီတော်

ကွင်းစပ်တစ်ခု၏ သရက်ပင်စုစု ကြားမှ စောမိညိုဘုန်းကြီးကျောင်းအဝင် မုခ်ကိုတွေ့ရသဖြင့် ဆိုင်ကယ်ကိုရပ်နား စက်ပိတ်၍ လမ်းလျှောက်လာသည်။ အဝင်လမ်းကို ကျောက်ခင်းဘိလပ်မြေ လောင်းထားသော်လည်း မကျွမ်းကျင်၍ လမ်းမှာ မပြေပြစ်ပါ။ ကျောင်းဝင်းတစ်ခု လုံး အသံဗလံတိတ်ဆိတ်နေသည်။ စိတန်း နေသောသရက်ပင်ပျိုတို့ အရိပ်ထိုးဆင်း လျက်ရှိသော လမ်းကလေးအဆုံးတွင် စေတီ။

**တစ်ဆူတည်းသောစောမိညိုစေတီတော်**

မှန်စီသက်န်းစွန့်ထားဟန်ရှိသည်။

# မောင်စိမ်းထွေး(ထားဝယ်)


# မြေမျိုဘုရားပျက်သမိုင်းစာမျက်နှာသက်သော

# စောမိညိုစေတီတော်

အား ဖူးမြော်ရသည်။ ထားဝယ်သမိုင်း စာမျက်နှာထဲက ရှေးဟောင်းဘုရား စေတီတစ်ဆူဖြစ်သော်လည်း ရပ်ဘုရား ရွာဘုရား မဟုတ်သောကြောင့် လည်း ကောင်း၊ ဘုရားဒကာ, ကျောင်းဒကာ ပိုင်ပိုင်လုံလုံမရှိသောကြောင့် လည်း ကောင်း စောမိညိုဘုရားလမ်းမှာ ယခု အထိ မြေနီကျောက်စရစ်လမ်းခင်းဆဲ ဖြစ်သည်ကို သတိပြုမိသည်။

ဖုန်တသောသောလမ်းတစ်လျှောက် ထန်းပင်၊ထန်းလက်၊ထန်းရွက်တို့ဝေစည် နေသည်။ လေတိုးသောအခါ ဖြူန်းဖြူန်း ဖြင်းဖြင်းရိုက်ခတ်သံကဆန်းသလိုလိုရှိ သည်။တစ်မျှော်တစ်ခေါ် လယ်ကွင်းပြင် ကျယ်သည် မြို့ပြအသွင်အပြင်နှင့် လုံးဝ ခြားနားလျက်ရှိပြီး အနှောင်အဖွဲ့ကင်းပ နေသည်ဟု ထင်ရသည်။ မိုးတွင်းအခါ က မြသားလဲ့လဲ့ကောက်ပျိုတို့ယိမ်းကပြီး ၍ ယခုတော့ ရိုးပြတ်တောမင်းမူနေပေ ပြီ။ ရိုးစင်းသောအလှည့်အပြောင်း ဖြစ် သည်။ လယ်လုပ်ငန်းသိမ်းချိန်ဖြစ်သော် ငြားလည်း စောမိညိုကွင်းခေါ်သော ဤ မြေတစ်ကြော၌ ယိုင်နှဲ့နှဲ့လယ်တဲပုပုလေး တို့ကို နေရာအနှံ့ ကွက်တိကွက်ကျား တွေ့မြင်ရသေးသည်။

စောမိညိုကွင်းအလွန်အရှေ့ဘက် သို့ လှမ်းမျှော်ကြည့်လိုက်လျှင် ညို့ညို့ ဆိုင်းသော စပါးတောင်နှင့် တောင်ရိုး တစ်လျှောက် ထုံးဖွေးဖွေးစေတီများ၊ တောင်ခြေရှိ လောကသရဖူ လျောင်း တော်မူရုပ်ပွားတော်မြတ်ကြီးအား ကြည် ညို သပ္ပာယ်စွာ ဖူးတွေ့ရသည်။



ရှေးဟောင်းသမိုင်းဝင် စောမိညိုစေတီတော်မြတ်အား ဖူးမြော်ရပုံ



www.burmeseclassic.com


www.burmeseclassic.com



စောမိညိုဘုရားလမ်းမုခ်ဝင်ပေါက်



စေတီအနီး ရှင်ဥပဂုတ္တကိုယ်တော်ရုပ်တု



ကျောင်းဝင်းအတွင်း တိုက်ကျောင်းအား တွေ့ရပုံ

ခေါင်းလောင်းတော်အထိ ရွှေသက်န်း ကပ်လှူပူဇော်ထားသော်လည်း ပစ္စယံ၊ ဖိနပ်တော်တို့ကို ပြုပြင်နေဆဲ။ ရှစ်မြှောင့်သုံးဆင့်ပလ္လင်ခံထားသည်။ အရံစေတီ မတွေ့ရှိရပါ။ ပစ္စယံထောင့်တို့၌ ခြင်္သေ့ တစ်ကောင်စီက အပြင်လှည့်ထိုင်သည်။ တစ်တောင်သာသာ အလွန်နိမ့်သော မဟာရံတံတိုင်းတစ်ထပ်ရှိသည်။ စေတီတော်ဖောင်းရစ် (၉) ရစ်နှင့် ကြာမှောက် ကြာလန်သုံးထပ်စီရှိသည်။ နှစ်ကြာ၍ နေဒဏ်၊ မိုးဒဏ်၊ လေဒဏ်ကြောင့် ထီးတော်ဟောင်းစွန့်ကာ ထီးတော်အသစ် တင်လှူပူဇော်ရန် အားထုတ်ဆော်ဩနေ တော့မည် မုချဖြစ်သည်။ ထီးတော် ဆည်းလည်းကလေးများ အသံဆိတ်နေ သည်ကို သတိပြုမိပါသည်။ စေတီတော် အနီး ရှင်ဥပဂုတ္တကိုယ်တော်မြတ်ရုပ်တု ကိုလည်း တွေ့ရှိရသည်။

ကျောင်းဝင်းတစ်နေရာ၌ ဆရာ တော်အား ကိုရင်တစ်ပါး၊ ကျောင်းသား တစ်ယောက်နှင့်အတူတွေ့လိုက်ရသဖြင့် ကျွန်တော် ဝမ်းသာအားရ သွားရောက် ဦးချ လျှောက်ထားသည်။ မိုးတွင်းရေ ရောက်သည့်နေရာကို ကျောက်ခင်း ဘိလပ်မြေလောင်းလမ်းပြင်နေကြောင်း ကျောင်းတွင်းဝေယျာဝစ္စကို ကိုယ်ထူ ကိုယ်ထလုပ်ကြောင်း၊ ပြုပြင်သူအား နည်းသဖြင့် စေတီအား အပြီးမသတ်နိုင် သေးကြောင်း ဆရာတော်ကမြွက်ပါ သည်။

ဆရာတော်၏ ဘွဲ့အမည်မှာ ဦးသူရိယ၊ သိက္ခာတော် (၄၅) ဝါ၊ လက်ရှိ စောမိညိုကျောင်း၌ သီတင်းသုံးနေ သည်မှာ (၂၉) ဝါရှိပြီဖြစ်ကြောင်း မိန့် တော်မူပါသည်။ ဆရာတော်သည် သာ သနာပြုရာတွင် လုံ့လဝီရိယထက်သန် သည်ဖြစ်ရာ ယခုကဲ့သို့ ရေကြီးရေခေါ် ကွင်းပြင်၌ ဆွမ်းကွမ်းကိစ္စမှအစ အခက် အခဲရှိစေကာမူ ဘုရားသားတော်ပီ အကျင့်မြတ်ကို မစွန့်လွှတ်ခဲ့။ ငြိုးငြံခွေ တာ အလိုနည်းစွာ သီတင်းသုံးတော်မူ သည်။

ယခင်က စေတီအနောက်ဘက် ကပ်လျက် သစ်သားဇရပ်တစ်ဆောင် သာရှိခဲ့ရာမှ ယခု စောမိညိုဘုရား ရတနာသုံးပါး ဝေယျာဝစ္စအဖွဲ့က ကြီးမှူး ၍ ဆရာတော်နှင့်အတူ သာသနာပြု သဖြင့် ကျောင်းကန်ဇရပ်ရေတွင်းရေကန် များ တိုးပွားစည်ကားလာသည်။ တိုက် ကျောင်းကြီးနှင့် ဆွမ်းစားဆောင်ကျောင်း



www.burmeseclassic.com


www.burmeseclassic.com

ဆောင် အထင်ကရပင် ပေါ်ပေါက်လာသည်။ ကျောင်းပရိဝုဏ်အတွင်း အုန်း၊ ထန်း၊ မန်ကျည်း၊ သရက်တို့နှင့် အုပ်အုပ်ဆိုင်းဆိုင်း စိုပြည်လာသည်။ ကျောင်းဝင်းတစ်ခုလုံး အမှိုက်သရိုက်နှင့် မြေဖို့ပြီး ကျောင်းဝင်းပတ်လည် ရေဆင်းမြောင်းတို့ကို ဆရာတော်ကိုယ်တိုင် ကြီးကြပ်လုပ်ဆောင်ထားသည်ကို တွေ့မြင်ရသည်။


နှစ်ပရိစ္ဆေဒ အတိတ်တစ်ချိန်တစ်ခါက ဤနေရာ၌ စေတီပေါင်းတစ်ဆူရှိသည်။ စေတီနှင့် တစ်ဖာလုံခန့်အကွာတွင် မိခင် မယ်ညိုနှင့် သမီးမယ်စောသားအမိနှစ်ယောက်တို့အိမ်ရှိသည်။ ဆင်းရဲသားလယ်သမားများအကြား မယ်ညိုတို့ သားအမိမှာ မရှိမရှားအထိုက်အလျောက် ငွေကြေးဥစ္စာပြည့်စုံသဖြင့် ထိုလယ်သမားများထံမှ စပါးချေး ငွေချေး ၊ ရွှေတိုရွှေစအပေါင်ခံအတိုးကြီးစား အသက်မွေးဝမ်းကျောင်းသည်။ မိခင်မယ်ညိုက ဝိသမလောဘကြီးပြီး ရတနာသုံးပါးကိုးကွယ်ဆည်းကပ်မှုမရှိသည့်အပြင် စပါးချေးလျှင်တင်းအသေးဖြင့်ပေး၍ တင်းကြီးကြီးနှင့်ပြန်ယူခြင်း၊ ရွှေပေါင်ပြန်ရွေးလျှင် ရွှေလျှော့ပေးခြင်း၊ အချို့ပစ္စည်းကို အဆတနံ့ဈေးနှိမ်ယူခြင်း၊ ရက်ပိုတွက်ငွေတိုးလိမ်လည်ခြင်း စသည်ဖြင့် ကောက်ကျစ်စဉ်းလဲသည်။ တချို့နွမ်းပါးသူတို့မှာ မယ်ညို၏နှုတ်ကြမ်းအာကြမ်းငေါက်ငမ်းဆဲရေးတိုင်းထွာခြင်းကိုပင်ခံကြရသည်။

သမီးမယ်စောကမူ ရတနာသုံးပါးကြည်ညိုသူ၊ ရိုးသားဖြောင့်မတ်သူ၊ မေတ္တာတရားနှင့် ကိုယ်ချင်းစာတတ်သူဖြစ်၍ မိခင်အား ထိုသို့ မပြုမူရန် အတန်တန် တောင်းပန် တားမြစ်ပါသော်လည်း အမိထက်သမီးတစ်လကြီးရန်ကောဟူ၍ တဖွစ်တောက်တောက်ရေရွတ်ကာ ၎င်း၏သဘောအတိုင်းပြုလုပ်လျက်ရှိသည်။

တစ်နေ့သော် မယ်ညိုသည် အိမ်အောက်၌ ပတ္တမြားလက်စွပ်တစ်ကွင်းကို မြင်လိုက်ရသောကြောင့် သမီးအား ဆင်းကောက်ယူခိုင်းရာ မယ်စောမှာ မည်သို့မျှ ရှာမတွေ့ပေ။ ထိုအခါ သမီးကို ဆူပူကြိမ်းမောင်းဆဲဆိုပြီး မယ်ညိုကိုယ်တိုင်အိမ်အောက်ဆင်း၍ကောက်ရာ ကြမ္မာငင်ချိန်တန်သဖြင့် မြေကြီးကွဲအက်မြေမျိုပါတော့သည်။ မယ်ညို မြေမျိုသည်ကို ကယ်ဆယ်ရန် တစ်စုံတစ်ဦးမှ မတတ်နိုင်ဘဲ ဖြစ်မှုဖြစ်ရလေခြင်းဟူ၍သာ လူ



စောမိညိုဘုရားသမိုင်းရှိသည့် ရှေးဟောင်းအုတ်ချပ်ကြီး (၁၆"x၈"x၂") (ထားဝယ်ဘုရားကြီးပြတိုက်)



ဓမ္မာရုံ ဆွမ်းစားကျောင်းဆောင်



စောမိညိုစေတီသို့အဝင်လမ်းတွင် သရက်ပင်အုပ်အုပ်ဆိုင်းဆိုင်းနှင့်




www.burmeseclassic.com

www.burmeseclassic.com



စောမိညိုကျောင်းဝင်းမြေအား အရိုက်သရိုက်များနှင့် မြေဖို့ထားသည်ကို တွေ့မြင်ရပုံ



စေတီတော်အနောက်ဘက် စောမိညိုကွင်း



စေတီတော်အရှေ့ဘက် စပါးတောင်အား မှိုင်းညို့ညို့မြင်တွေ့ရသည်



စေတီတော်တောင်ဘက် ချောင်းမြောင်းရိုးပြွတ်တောမြင်ကွင်း

အများစုတ်တသပ်သပ်ဖြစ်ကြရရှာသည်။ မြေမျိုသောနေရာမှ ဝါးသုံးရိုက်ကွာအထိ အနားမကပ်နိုင်အောင် မြေကြီးအပူပြန့်ထွက်ပြီး (၃) ရက်အကြာတွင် တစ်ကိုယ်လုံး စုံးစုံးမြုပ်သည်ဟုဆိုသည်။

မိခင်အတွက် ပူဆွေးသောကကြီးစွာ ခံစားရသော သမီးမယ်စောက မိခင်မြေမျိုသည့်နေရာတွင် နောင်အခါ စေတီတည်၍ ကောင်းမှုကုသိုလ်ပြုသဖြင့် 'မယ်စော အမိ မယ်ညို မြေမျိုဘုရား' စောမိညိုဘုရားဟု အမည်တွင်သည်။ ခေတ်အဆက်ဆက်ကြာမြင့်၍ ထိုဘုရားပြိုပျက်သွားသောအခါ ယင်းနေရာ၌ ချိုင့်ဝှမ်းကြီး ထင်ထင်ရှားရှား ကျန်ရစ်ကြောင်း ရှေးမိနောက်မီသက်ကြီးစကားကို မှတ်သားရဖူးပါသည်။ ယခုအခါ အစအနရှာမတွေ့လေပြီ။

လက်ရှိ ဖူးမြော်ကော်ရော်ရသော စေတီတော်မှာ နဂိုမူလကရှိနေနှင့်သော စေတီဟောင်းကို ပြန်ပြုပြင်ပြီး စောမိညိုဘုရားဟုဝင် ခေါ်တွင်လာကြသည်ကို သမိုင်းစာမျက်နှာပေါ်၌ တွေ့ရသည်။ မြန်မာနှစ် ၁၁၁၆ ခုနှစ် ထားဝယ်မြို့အစ တည်ထောင်စဉ်က စောမိညိုဘုရားသို့ သွားရာလမ်း ပေါ်ပေါက်ခဲ့သည်။ ယင်း ဘုရားလမ်းမှ (၁၆) လက်မ၊ (၈) လက်မ (၂) အရွယ်အစား ရှေးဟောင်းအုတ်ခဲ များ ရရှိသောကြောင့် သမိုင်းတခုနှင့် အထောက်အထား ဖြစ်သည်။

လေပြည်တစ်ချက်အသုတ် ... ခနဲဖြစ်သွားသည်။ ထိုအခိုက် သ... တင်းတစ်လုံးက ကျွန်တော့်ခြေရင်း... ဖြုတ်ခနဲကြွေဆင်းလာသဖြင့် မော့ကြ... မိသည်။ 'အမှည့်တဝင်းဝင်း၊ အ... တဖြိုက်ဖြိုက်' ဆိုသလို အပင်ပေါ်... သရက်ကင်းကလေးများ အပြွတ်... အပြွတ်လိုက် တွဲရွဲသီးနေကြသည်၊

ရင့်မှည့်မှ ကြွေရသည် မဟုတ်... အကင်းသည်လည်း အချိန်မတန်... ကြွေသက်တတ်သည့် လောကနိ... သဘောကို ယောနိသောမနသိကာ... ဖြင့် နှလုံးသွင်းမိသည့်ခဏ ကျွန်... သည် စောမိညိုစေတီခြေရင်းမှ ... အထွက် အုန်းပင်မြင့်မြင့်ပေါ်မှ ... ငှက်တစ်ကောင်၏ လွမ်းမောဖွယ်... ကျူးသံက ထားဝယ်သားတစ်ယေ... နားထဲကြားမြဲဖြစ်သော 'တူဝူး... ဝူး... တူဝူး' နှုတ်ဆက်နေသယေ...

မောင်စိမ်းဘွေး (ထား...



www.burmeseclassic.com

www.burmeseclassic.com



# အထွက်၊ အဝင်၊ ခပါဒ်နက္ခတ်ဇယား

အင်းအိုင်၊ ခါးလှည့်၊ လက်ဖွဲ့၊ ဆေးဝါး၊ မန္တန်၊ မန္တရားပညာရပ်များကိုသုံးလျက် အစွမ်းထက်အစီအရင်များနှင့် သိဒ္ဓိပေါက်ကျင့်စဉ်များအား စီရင်ဆောင်ရွက်ကြရာ၌ ထွက်၊ ဝင်၊ ခပါဒ်နက္ခတ်များရွေးချယ်ခြင်းသည် အရေးကြီးသော အခန်းကဏ္ဍတစ်ခုဖြစ်ပါသည်။ မိမိတို့ ဆောင်ရွက်ရမည့် အကြောင်းအရာအလိုက် လိုအပ်သောနက္ခတ်များအား အစင်အကြယ်ရွေးချယ်ဆောင်ရွက်ကြခြင်းဖြင့် မိမိတို့၏လိုရာပန်းတိုင်သို့ အရောက်လှမ်းနိုင်ကြစေရန် ရည်ရွယ်၍ ဤထွက်၊ ဝင်၊ ခပါဒ်နက္ခတ်ဇယားကို မြှုစုဖော်ပြပေးလိုက်ပါသည်။

| ခရစ်ရက် | မြန်မာရက် | နေ့ | နက္ခတ် | နက္ခတ်ပြောင်းချိန် | နက္ခတ်အမျိုးအစား |
|---|---|---|---|---|---|
| ၁ | ဝါခေါင်လဆန်း ၆ | ကြော | ၁၂<br>၁၃ | ၀၅း၀၈း၃၄ | * လာဘ<br>* သိဒ္ဓိ |
| ၂ | ၇ | စနေ | ၁၃<br>၁၄ | ၀၆း၃၇း၁၄ | △ မိတ္တု<br>△ ကာဏ |
| ၃ | ၈ | ၁နွေ | ၁၄<br>၁၅ | ၀၇း၂၆း၅၄ | * သိဒ္ဓိ<br>□ ဝရ |
| ၄ | ၉ | ၂လာ | ၁၅<br>၁၆ | ၀၈း၀၀း၀၀ | △ ကာဏ<br>* အမြိတ္တ |
| ၅ | ၁၀ | ၃ဂါ | ၁၆<br>၁၇ | ၀၈း၀၀း၀၀ | □ ဝရ<br>△ ဥပါဒ် |
| ၆ | ၁၁ | ၄ဟူး | ၁၇<br>၁၈ | ၀၇း၄၄း၃၁ | * အမြိတ္တ<br>* လာဘ |
| ၇ | ၁၂ | ၅တေး | ၁၈<br>၁၉ | ၀၆း၅၁း၂၆ | △ ဥပါဒ်<br>△ မိတ္တု |
| ၈ | ၁၃ | ကြော | ၁၉<br>၂၀<br>× | ၀၅း၄၂း၅၁<br>၂၂း၅၁း၂၆ | * လာဘ<br>* သိဒ္ဓိ<br>□ ဝရ |
| ၉ | ၁၄ | စနေ | ×<br>၂၁ | ၀၉း၅၈း၀၉ | △ ကာဏ<br>* အမြိတ္တ |
| ၁၀ | ○ ၁၅ | ၁နွေ | ၂၁<br>၂၂ | ၀၂း၃၇း၃၀ | □ ဝရ<br>△ ဥပါဒ် |
| ၁၁ | ဝါခေါင်လဆုတ် ၁ | ၂လာ | ၂၂<br>၂၃<br>၂၄ | ၀၁း၀၇း၃၀<br>၂၃း၃၇း၃၀ | * အမြိတ္တ<br>* လာဘ<br>* သိဒ္ဓိ |
| ၁၂ | ၂ | ၃ဂါ | ၂၄<br>၂၅ | ၂၁း၄၇း၀၅ | △ မိတ္တု<br>△ ကာဏ |
| ၁၃ | ၃ | ၄ဟူး | ၂၅<br>၂၆ | ၂၀း၃၄း၁၇ | * သိဒ္ဓိ<br>□ ဝရ |
| ၁၄ | ၄ | ၅တေး | ၂၆<br>၀ | ၁၉း၂၅း၄၃ | △ ကာဏ<br>* အမြိတ္တ |
| ၁၅ | ၅ | ကြော | ၀<br>၁ | ၁၈း၁၇း၀၉ | □ ဝရ<br>△ ဥပါဒ် |
| ၁၆ | ၆ | စနေ | ၁<br>၂ | ၁၇း၄၂း၁၈ | * အမြိတ္တ<br>* လာဘ |
| ၁၇ | ၇ | ၁နွေ | ၂<br>၃ | ၁၇း၃၆း၀၀ | △ ဥပါဒ်<br>△ မိတ္တု |
| ၁၈ | ၈ | ၂လာ | ၃<br>၄ | ၁၈း၁၂း၂၅ | * လာဘ<br>* သိဒ္ဓိ |
| ၁၉ | ၉ | ၃ဂါ | ၄<br>၅ | ၁၉း၀၂း၀၄ | △ မိတ္တု<br>△ ကာဏ |
| ၂၀ | ၁၀ | ၄ဟူး | ၅<br>၆ | ၂၀း၁၂း၃၈ | * သိဒ္ဓိ<br>□ ဝရ |
| ၂၁ | ၁၁ | ၅တေး | ၆<br>၇ | ၂၂း၁၅း၁၆ | △ ကာဏ<br>* အမြိတ္တ |
| ၂၂ | ၁၂ | ကြော | ၇ | မပြောင်း | □ ဝရ |
| ၂၃ | ၁၃ | စနေ | ၇<br>၈ | ၀၀း၂၆း၁၁ | △ ကာဏ<br>* အမြိတ္တ |
| ၂၄ | ● ၁၄ | ၁နွေ | ၈<br>၉ | ၀၂း၄၀း၀၀ | □ ဝရ<br>△ ဥပါဒ် |
| ၂၅ | တော်သလင်းလဆန်း | ၂လာ | ၉<br>၁၀ | ၀၅း၂၀း၀၀ | * အမြိတ္တ<br>* လာဘ |
| ၂၆ | ၂ | ၃ဂါ | ၁၀<br>၁၁ | ၀၈း၀၀း၀၀ | □ ဥပါဒ်<br>△ မိတ္တု |
| ၂၇ | ၃ | ၄ဟူး | ၁၁<br>၁၂ | ၁၀း၂၈း၂၂ | * လာဘ<br>* သိဒ္ဓိ |
| ၂၈ | ၄ | ၅တေး | ၁၂<br>၁၃ | ၁၂း၁၅း၄၃ | △ မိတ္တု<br>△ ကာဏ |
| ၂၉ | ၅ | ကြော | ၁၃<br>၁၄ | ၁၃း၅၃း၄၁ | * သိဒ္ဓိ<br>□ ဝရ |
| ၃၀ | ၆ | စနေ | ၁၄<br>၁၅ | ၁၅း၀၉း၂၈ | △ ကာဏ<br>* အမြိတ္တ |
| ၃၁ | ၇ | ၁နွေ | ၁၅<br>၁၆ | ၁၅း၅၁း၅၂ | □ ဝရ<br>△ ဥပါဒ် |

၂၀-နက္ခတ် = ၄၅ ယဋ္ဌိ<br>
×- နက္ခတ် = ၃၀ ယဋ္ဌိ  ဖြင့် တွက်သည်<br>
၂၁-နက္ခတ် = ၄၅ ယဋ္ဌိ

* = အဝင်နက္ခတ်　　○ = လပြည့်နေ့<br>
□ = ခပါဒ်နက္ခတ်　　● = လကွယ်နေ့<br>
△ = အထွက်နက္ခတ်

၁၁-၈-၂၀၁၄ နံနက် ၀၁း၂၅း၅၈ နာရီ၌ လပြည့်သည်။

အသုံးတည့်နိုင်ကြပါစေ

ဦးအောင်စောလှိုင် (ပုသိမ်)



www.burmeseclassic.com

www.burmeseclassic.com

သရဏဂုံတည်ခြင်းသည် ဗုဒ္ဓဘာသာ၏ အခြေခံ ဖြစ်ပါသည်။ လူတိုင်းသိပါသည်။ ထို့အပြင် သရဏဂုံဂါထာတော်ကြီးကိုလည်း သိသူ၊ ရွတ်ပွားသူ၊ ပုတီးစိပ်သူ များပါသည်။ ဆိုသော် သရဏဂုံသည် ဘယ်သောအခါ ဘယ်သောအချိန် ဘယ်နေရာဒေသသို့ရောက်ရောက် အမြဲသစ်လွင် လန်းဆန်းမွေးမြူကြည်လင်အေးမြလျက်ရှိပြီး ငြိမ်းအေးခြင်း၊ သာယာချမ်းမြေ့ခြင်းတို့ကို အပြည့်အဝ ရရှိခံစားရစမြဲပင်ဖြစ်သည်ဟု ဆိုချင်ပါသည်။

လူတိုင်းသိပြီးဖြစ်သည့် သရဏဂုံဂါထာတော်ကြီး၏ လက်တွေ့အကျိုးကျေးဇူးခံစားရသည့် စာရေးသူ၏ မိတ်ဆွေတစ်ဦး၏ ဖြစ်ရပ်မှန်ကို ဖတ်ရှုအဆင်ပြေစေရန်နှင့် မသင့်သည့်အချက်များ ကျော်လွှားချန်လှပ်ကာ စာစီပြုရေးခြယ်တင်ပြလိုက်ရပါသည်။

❐


(---) မြို့သို့ ရုံးကိစ္စဖြင့်သွားစဉ် မမျှော်လင့် မထင်မှတ်စွာ သူ့ကိုပြန်တွေ့ရသည်။ သူ့ကိုပြန်တွေ့သောအခါ ရင်မှာ အံ့ဩဝမ်းသာမှုနှင့်အတူ တုန်လှုပ်သွားရပါသည်။

သူ။

သူ ဆိုသည်မှာ ကျွန်တော်၏ ငယ်ပေါင်း နှပ်ချေးတွဲလောင်း မူလတန်းကျောင်းသားဘဝကတည်းက ရန်ဖြစ်လိုက်၊ ပြန်ချစ်လိုက်၊ မုန့်အတူဝေစားလိုက်၊ စာအတူကျက်လိုက်၊ ကျောင်းအတူပြေးလိုက် လည်ပင်းဖက်ကြီးပြင်းခဲ့သည့် ညီအစ်ကိုအရင်းတမျှ ချစ်ခင်ခဲ့ရသည့် ကိုဝင်းခိုင်ပင် ဖြစ်သည်။

သူက ကျွန်တော့်ထက် ငါးလခန့်သာကြီးသည်။ အရွယ်ရလာသောအခါ သူ့ကို ကျွန်တော်က 'ကို' တပ်ခေါ်သလို သူကလည်း ကျွန်တော့်ကို 'ကို' တပ်၍ ကိုမင်းနိုင်ဟု ခေါ်ပါသည်။ ကိုဝင်းနိုင် မိဘများမှာ ကျွန်တော့်မိဘများ၏စက်ရုံတွင် အလုပ်လုပ်ရပြီး မိသားစုများစားအိုးကြီးဖြစ်၍ မလောက်မင ချို့တဲ့ရှာပါသည်။

တက္ကသိုလ်ဝင်တန်းစာမေးပွဲကို (၂) နှစ်ဆက် တိုက်ကျသောအခါ သူ ကျောင်းထွက်သွားပြီး အလုပ်လုပ်ပါသည်။



သူဌေးတစ်ဦးပွဲရုံတွင် သူ တာလီစာရေးဖြစ်ခဲ့သည်။ ထိုမှတစ်ဆင့် သူ၏ စေ့စပ်သေချာမှုများ၊ လက်ရေးလက်သားကောင်းမွန်မှု၊ အယူအဆ အမြော်အမြင် ထက်မြက် မှန်ကန်မှုတို့ကြောင့် သူ့ကို လုပ်သားငါးယောက်နှင့်အတူ နယ်ကျေးရွာများအထိဆင်းရသော အဝယ်



www.burmeseclassic.com

www.burmeseclassic.com

# နတ်မောက်လှုမြင့်သစ်

## အသိတရားဓါလမ်း





www.burmeseclassic.com

www.burmeseclassic.com

တော် (ကွင်းဆင်းအဝယ်တော်) အဖြစ် တာဝန်ပေးအပ်ခြင်းခံခဲ့ရသည်။ ငွေသိန်း ငါးဆယ်၊ တစ်ရာ၊ နှစ်ရာအထိ တာဝန်ကြီးသလို လစာလည်း သူ့ကို မြိုးမြိုးမြက်မြက်ပေးသည်။ ထို့အပြင် အမြတ်အစွန်းအလိုက် ဘောက်ဆူးအပိုငွေများ ပါရခဲ့သေးသည်။

ထိုသူဌေးပွဲရုံတွင် ငါးနှစ်ခန့်လုပ်သက်ရှိသောအခါ သူသည် ပွဲရုံ၏ ဒု-မန်နေဂျာအဆင့်သို့ ရောက်ရှိတာ အိမ်ထောင်လည်းကျခဲ့လေသည်။ သူအိမ်ထောင်ကျသည့်နှစ်တွင် ကျွန်တော်လည်း (---) ဌာနတွင် အလုပ်ဝင်ရသည်။ ၁၉၈၆ ခုနှစ်ပင် ဖြစ်ပါသည်။

သူ၏ ပထမဦးဆုံးသော သားဦးလေး ရက်တစ်ရာပြည့် မွေးနေ့ပွဲအထိ ကျွန်တော်နှင့်ဆုံခဲ့ပြီးနောက် ကျွန်တော်လည်း (---) မြို့သို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့ရပြီး သူနှင့်မဆုံဖြစ်တော့ပါ။

အလုပ်မှခွင့်ရ၍ မြို့သို့ ကျွန်တော်ပြန်သည့်အခါတွင်လည်း သူ့အိမ်သို့ မသွားဖြစ်၊ မတွေ့ဖြစ်တော့။ မသွားဖြစ်၊ မတွေ့ဖြစ်သည်မှာ သူ့သတင်းများက မကောင်း။ သူအသောက်အစား၊ လောင်းကစားဖက်နေသည်။ ဘယ်သူ့စကားမှ နားမထောင်။ တစ်နှစ်အတွင်း တိုက်ဆောက်နိုင်ရမည်၊ ကိုယ်ပိုင်ကားဝယ်စီးနိုင်ရမည်ဟု လောဘနောက်လိုက်ကာ သူဌေး၏ပွဲရုံမှ အလုပ်ထွက်တစ်လုံး၊ နှစ်လုံး၊ သုံးလုံးလောင်းကစားနယ်ပယ်တွင် သူဆရာကြီးလုပ်နေသည်ဟု ကြားသိရသဖြင့် ကျွန်တော်နှင့်သူ ပြဒါးတစ်လမ်း၊ သံတစ်လမ်းဖြစ်နေ၍ မတွေ့မဆုံရအောင်ပင် ရှောင်နေခဲ့ပါသည်။

ဤသို့ဖြင့် -

သုံးနှစ်ခန့်ရှိသော်လည်း သူတိုက်မဆောက်နိုင်၊ ကားမစီးနိုင်သည့်အပြင် လောင်းကစားမှုနှင့် အဖမ်းခံရကာ ထောင်ဒဏ် (၃) နှစ် ကျခံသွားရသည်ဟု နောက်ဆုံးသတင်းကြားရခဲ့ပြီး -

ယခု ပြန်တွေ့သောအခါ -

❒

ဆယ့်ငါးနှစ်တာ ကာလအတွင်း သူ့ကိုပြန်တွေ့လိုက်သောအခါ 'အရှင်မွေး၊ နေ့ချင်းကြီး၊ နတ်ရေကန်ထဲက ထက်လာသလိုလား' ထင်မှတ်မှားရသောအခြေအနေကိုမြင်တွေ့ရရာ ကျွန်တော့်ရင်မှာ အံ့ဩဝမ်းသာမှုနှင့်အတူ တုန်ခါသွားရပါသည်။

ကျွခနဲ ကျွန်တော့်နံဘေးသို့ ဇိမ်ခံကားကြီးတစ်စီးရပ်သွားပြီးနောက် -

"သူငယ်ချင်း၊ မင်း ကိုမင်းနိုင်လားလို့ကြည့်ပြီးလိုက်လာတာ။ ဟုတ်တယ်နော်"

ရေဘင်မျက်မှန်နှင့် စတိုင်ကျသပ်ရပ်ပြီး စိုပြည်လင်းလက်နေသော အသားအရေ၊ ပြည့်ဝစွာပြုံးပြနေသော မျက်နှာ၊ လိုက်လှဲ့တုန်ခါသလိုဖြစ်နေသောသူ့ကို ကျွန်တော် ချက်ချင်းမမှတ်မိသည်မှာ အမှန်ပင်။

"ဟုတ်ပါတယ်၊ ကျွန်တော် ဦးမင်းနိုင်ပါ။ လူကြီးမင်းကကော ဘယ်သူပါလဲခင်ဗျာ"

သူ့ရေဘင်မျက်မှန်ကို ချွတ်ကာ လွတ်လပ်ပေါ့ပါး ဟန်ဆောင်ပလွားမှုကင်းစွာဖြင့် ဟက်ဟက်ပက်ပက် ရယ်လိုက်ပြီး -

"ဟား ဟား ဟား ဟား၊ ကိုမင်းနိုင်ရယ်။ ငယ်ငယ်တုန်းက ခင်ဗျားပေးတာ ကျွေးတာစားပြီးကြီးခဲ့ရတဲ့ ဝင်းခိုင်ပါဗျ။ လူကြီးမင်းတွေဘာတွေလုပ်နေတယ်။ ဟား ဟား ဟား ဟား၊ ဝမ်းသာလိုက်တာ ကိုမင်းနိုင်ရာ"

ဟု ဆိုကာ ကျွန်တော့်ကို ဖက်လဲတကင်းပြုပါသည်။ လမ်းဘေးပလက်ဖောင်းပေါ် ခရီးသွားလာနေသူများက ကျွန်တော်တို့နှစ်ယောက်ကို စောင်းငဲ့ကြည့်သွားကြပြီး ပြုံးသူအချို့ ပြုံးသွားကြပါသည်။

"တကယ်ကို ဝမ်းသာလိုက်တာ ကိုမင်းနိုင်ရာ။ ကျွန်တော် ဘယ်လိုပြောရမှန်းတောင်မသိဘူး။ တက်ဗျာ၊ ကားပေါ်။ စားသောက်ဆိုင်တစ်ခုခုမှာ အေးအေးဆေးဆေး စကားပြောရအောင်။ ဩော်-နေဦး၊ ခင်ဗျား ရုံးအလုပ်ကိစ္စနဲ့ ဒီကိုလာတာဖြစ်မယ်ထင်တယ်။ အလုပ်ပြီးအောင်လုပ်ရအောင်၊ ဘယ်ပို့ပေးရဦးမလဲပြောပါ"

"ကျွန်တော်လည်း ခင်ဗျားကို ခုလိုတွေ့လိုက်မြင်လိုက်ရတော့ မှန်တာပြောရရင် အံ့လည်းအံ့ဩသွားတယ်။ ဝမ်းသာတာကတော့ ပြောမဆုံးအောင်ပါဘဲ ကိုဝင်းခိုင်ရာ"

"ဟုတ်ပါတယ် ကိုမင်းနိုင်ရာ။ မိတ်ဆွေရင်းဆိုတာ ဒီလိုပဲမှုဒိတာပွားမှာပါပဲ။ ကဲ - ဘယ်သွားမလဲ"

"ကျွန်တော့်ရုံးကိစ္စတာ ဒီနေ့အဖို့တော့ ပြီးပြီပြောရမှာပဲ။ လူကြီးအစည်းအဝေးသွားဖို့ မနက်ဖြန်မနက် (၁၀) နာရီ ပြန်ချိန်းလိုက်တယ်။ ဒီနေ့ည ဒီမြို့မှာအိပ်မှာပါ"

"နေရာကျလိုက်ဟန်ကျလိုက်လေဗျာ။ ဒီနေ့ည ကျွန်တော့်တိုက်မှာလိုက်အိပ်ဗျာ"

"ကျွန်တော်တည်းခိုခန်းကိုဘောင်ဘွတ်ကင်ချိတ်ထားပြီးပြီ"

"ဘယ်တည်းခိုခန်းလဲ"

ကျွန်တော်မှ တည်းခိုခန်းနာမည်ပြောလိုက်သောအခါ-

"ကျွန်တော့်မိတ်ဆွေပါဗျာ။ ဘွတ်ကင်ဖျက်လိုက်၊ အခန်းခပြန်ပေးလှည့်လို့ပြောလိုက်မယ်"

ဟု ဆိုကာ ချက်ချင်းပင် သူ့လက်ကိုင်ဖုန်းနှင့် လှမ်းပြောပြီး ရှင်းပြီးသော အခန်းခငွေကို (---) စားသောက်ဆိုင်သို့လာပို့ရန်ပြောလိုက်ပါသည်။

"ကိုဝင်းခိုင်ရာ၊ တည်းခိုခန်းပိုင်ရှင်ကို အားနာစရာကြီး။ ကျွန်တော်ထ အထူးခန်းလိုချင်တယ်ဆိုလို့ ဒီပြင်လူတ ကင်ဆယ်လုပ်ပြီး ဖြစ်အောင်လုပ်ပေး ထားတာဗျ"

"သူငယ်ချင်းရယ်၊ ဒါတွေကပြဿ ပါဗျာ။ အဲဒီတည်းခိုခန်းတစ်ဝင်းလုံ ကျွန်တော်တစ်ဝက်ရှယ်ယာပါပါတ ဗျ။ ဟား ဟား ဟား ဟား - ကဲပါဗျ လမ်းပေါ်ကြာကြာပြောမကောင်းပါဘူ တက်ပါဗျာ၊ ကားပေါ်ကို"

ကိုဝင်းခိုင်က ခပ်ဇွတ်ဇွတ် ကားပေါ် ဆွဲခေါ်ပြီး နောက်ခန်းတွ နှင့် ကျွန်တော် နှစ်ယောက် ထိုင်မိသေ အခါ သူ့ဒရိုင်ဘာကို (---) စားသေ ဆိုင်သို့ မောင်းခိုင်းရင်း အဲယားကွ ရန်ဖ အမိန့်ပေးပြောလိုက်ပါ သည်။

❒

(---) စားသောက်ဆိုင် ဟိုတယ်အဆင့်မျှကြီးမားပြီး အန တန်းရှိလှပါသည်။ ကိုဝင်းခိုင်မှ ဒရိုင်ဘာကို အပြင်စားပွဲဝိုင်းတွင် စ ရာတစ်မျိုး မှာစားရန်ပြောပြီး ကျွန်တော်က သီးသန့်အဲယားကွ သော စားသောက်ခန်းတွင် နေရာ သည်။ ကျွန်တော့်စိတ်ထဲ မချင့်မ မိပြီး -

"ကိုဝင်းခိုင်၊ ကျွန်တော်ပြော ချင်တယ်"

"ဘာလဲ ကိုမင်းနိုင်ရ။ သူငယ် ချင်းကြားမှာ ပြောကြည့်ချင်တယ ပါရစေ ခွင့်တောင်းနေစရာလို



www.burmeseclassic.com

www.burmeseclassic.com

ပြောလေဗျာ”

“ဒရိုင်ဘာလေးကို ဘာလို့အပြင်သီးခြားထားတာလဲဗျာ။ ကျွန်တော့်ကြောင့် အားနာလို့လား။ ဒါမှမဟုတ် လူလူချင်းအဆင့်အတန်းခွဲခြားတာလား”

“ဟား ဟား ဟား- လုပ်ပြီ သူငယ်ချင်းကတော့။ ထင်ပါတယ်၊ ဒီလိုမြင်ဒီလိုမေးတော့မှာပဲဆိုတာ။ မဟုတ်ပါဘူး ကိုမင်းနိုင်ရာ။ ခင်ဗျားပါလို့ အားနာလို့လည်းမဟုတ်ဘူး။ လူလူချင်းအဆင့်အတန်းခွဲခြားတာလည်း မဟုတ်ရပါဘူးဗျာ”

“ဒါဖြင့် ဘာလို့. . .”

“နေဦး နေဦး သူငယ်ချင်း၊ ရှင်းပြမယ်၊ ရှင်းပြမယ်။ ခုလိုလုပ်ရတာဟာ ကျွန်တော့်ဘဝနဲ့ယှဉ်ပြီးရခဲ့တဲ့သင်ခန်းစာ အသိတရားတစ်ခုကြောင့်ပါ”

“ဆိုပါဦး - ဘယ်လိုသင်ခန်းစာ၊ ဘယ်လိုအသိတရားလဲ”

“ဒီလို ကိုမင်းနိုင်ရဲ့ လောကကြီးမှာ အူနေရာအူ၊ တော်နေရာတော် ဆိုတဲ့စကား သိပ်မှန်တယ်ဗျ။ စာရေးဟာ စာရေးလိုနေရမယ်၊ စားရမယ်၊ ဝတ်ရမယ်။ စာရေးအဆင့်က သူဌေးလိုနေမယ်၊ စားမယ်၊ ဝတ်မယ်ဆိုရင် လောဘသဏ္ဌာယကြီးလာမယ်။ ကျွန်တော့်ဘဝ ပျက်စီးတာဟာ စာရေးအဆင့်က စာရေးအဆင့်လို မနေထိုင်၊ မကျင့်ကြံလို့ဘဲဗျ။ ကျွန်တော့်သူဌေးက ကျွန်တော့်ကိုသိပ်ကို အလိုလိုက်လွန်းခဲ့တယ်။ သူစားသလိုစား၊ သူဝတ်သလိုဝတ်၊ သူနေသလိုနေ[illegible]စားခဲ့တယ်။ အိပ်တဲ့အချိန်ပဲ ကျွန်တော်နဲ့ ခွဲအိပ်တယ်။ တစ်ရက်ကတစ်လ၊ တစ်လကတစ်နှစ်ဖြစ်လာတော့ ကျွန်တော့်စိတ်မှာ ကိုယ့်ကိုယ်ကိုယ် သူဌေးလို့ထင်လာတယ်။ သူဌေးဝတ်သလိုဝတ်ချင်၊ သူဌေးစားသလိုစားချင်၊ သူဌေးနေသလိုနေချင်ဖြစ်လာပြီး ဘဝင်လေတက်ဖြစ်လာတယ်။ စာရေးက သူဌေးလို မတန်မရာဝတ်ချင်စားချင်ဖြစ်လာတော့ လောဘကြီးလာတာပေါ့။ ကောက်လမ်းနည်းနဲ့ ငွေရှာချင်လာတယ်။ အဲဒီတင် ကျွန်တော့်အိမ်နဲ့ဝိုင်းရောင်း၊ လောင်းကစားဒိုင်ခံ၊ သူဌေးဆီကအလုပ်ထွက်၊ အိပ်ခန်းငှားနေ၊ တစ်နှစ်အတွင်း တိုက်ဆောက်၊ ကားစီးပြမယ်လို့ လက်မထောင်ခဲ့တာ နောက်ဆုံး ခင်ဗျားသိတဲ့အတိုင်းပဲ။ ထောင်တိုက်ခန်းထဲ ကျွန်တော်ရောက်ခဲ့ရတယ်လေဗျာ။ လောကမှာ ကိုယ်နဲ့ သိပ်အလှမ်းဝေးလွန်းတာ၊ ကိုယ့်ရဲ့လက်ရှိအခြေအနေဘဝရဲ့မတန်သေးတာကိုမှန်းရင်၊ ခြေလှမ်းကျဲရင် လဲတတ်တယ်ဆိုတာမျိုး ဖြစ်သွားတတ်တယ်ဆိုတာ ကျွန်တော့်ဘဝနဲ့ရင်းပြီး ရခဲ့သိခဲ့ရတဲ့သင်ခန်းစာပါပဲဗျာ။ အဲဒါကြောင့် ကျွန်တော့်ဒရိုင်ဘာလေးကို ခုလို သီးသန့်ခန်းထဲခေါ်မလာဘဲ အပြင်စားပွဲဝိုင်းမှာထားခဲ့တာပါဗျာ။ ကျွန်တော့်အပေါ် အမြင်ကြည်လင်ပါပြီနော်”

ကျွန်တော် သူ့ကို နှုတ်တုံ့ပြန်မှုမရှိသေးပါ။ ခေတ္တငိုင်တွေနေမိသေးသည်။

သူကပင် ဆက်၍ -

“ကျွန်တော့်မှာ လူလူချင်းအဆင့်အတန်းခွဲခြားတဲ့စိတ် လုံးဝမရှိပါဘူး ကိုမင်းနိုင်။ ခုလည်းမရှိဘူး၊ နောက်လည်း မရှိဘူး။ ဘယ်တော့မှလဲရှိမှာမဟုတ်ပါဘူး။ ကျွန်တော်ကိုယ်တိုင်ဆင်းရဲသားနင်းပြားဘဝ မြေကြီးပေါ်ကလူးလဲကုန်းရုန်းပြီးထခဲ့ရတဲ့သူပါဗျာ။ ခင်ဗျားဒါတွေသိပြီးသားပါ။ ကျွန်တော့်အပေါ် အမြင်မမှားပါနဲ့ဗျာ”

သူ ကျွန်တော့်ကို တောင်းပန်တိုးလျှိုး စိတ်မကောင်းသောလေသံဖြင့်ပင် ပြောလာသဖြင့် အမြန်ပင် ကျွန်တော် နှုတ်တုံ့ပြန်လိုက်ရသည်။

“အမြင်မလွဲပါဘူး ကိုဝင်းခိုင်ရာ။ ခင်ဗျားရဲ့ အယူအဆအပြောအဆိုကို သဘောတွေ့လို့ ငိုင်နေမိတာပါဗျာ”

“ဟား ဟား ဟား- လုပ်ချလိုက်ပြီ သူငယ်ချင်းကတော့။ ကဲကဲ - ဘာစားမလဲ။ ဒီမှာကိုရီးယားအစားအစာရောပင်လယ်စာပါရတယ်”

“အဲဒါတွေ ကျွန်တော်မကြိုက်ဘူး ကိုဝင်းခိုင်”

“ဒါဆိုလည်း သူငယ်ချင်းကြိုက်ရာမှာပါ။ ဒီဆိုင်မှာမရတဲ့အစားအစာမရှိသလောက်ဘဲ။ စားဖိုမှူးတွေက နိုင်ငံခြားပြန်ချည်းသုံးယောက်ရှိတယ် ဟဲ ဟဲ ဟဲ ဟဲ”

“သိလှချေလား ကိုဝင်းခိုင်ရာ။ နေ့တိုင်းဒီဆိုင်ကိုရောက်သလား”

“ဟဲဟဲ - သိဆို ဒီဆိုင်မှာလည်း ရှယ်ယာဝင်ထားတယ်။ ကျွန်တော်စီစဉ်လိုင်းဆွဲပေးထားတာလေ။ ကျွန်တော်တို့ စီးပွားဖက်တွေ ဆယ်ဦးစုပြီးထောင်ထားတာဗျ။ ဒါကြောင့် သိနေတာပါ ဟဲ ဟဲ ဟဲ”

ကျွန်တော် ထပ်ဆင့်ထပ်ဆင့် အံ့ဩခဲ့ရသည်မှာ အမှန်ပင်။ ဤမြို့၏ တည်းခိုခန်းစားသောက်ဆိုင်ကြီးတိုင်းတွင် သူရှယ်ယာကင်းမည်မဟုတ်ဟု ရိပ်စားမိလိုက်ပါသည်။ ကျွန်တော့်စိတ်ထဲ ချင်ခြင်းတပ်သည့် ဟင်းလျာနှစ်မျိုး မှာလိုက်မိသည်။

“ငါးရံ့အူဟင်း၊ ငါးခူဆီပြန်၊ ဘဲဥပေါင်းဆီပြန်နဲ့ စွန်တန်ဟင်းချို ထမင်းဖြူနဲ့ အတို့အမြုပ်အစုံရမလား”

“ရပါတယ် ကိုမင်းနိုင်ရာ၊ ရပါတယ်”

အနီးတွင်ရပ်နေသော စားပွဲထိုးလေးကို သူမှာလိုက်ပါသည်။

ထိုစဉ်တွင်-

“ဆရာ ဟိုတည်းခိုခန်းက ကောင်လေးရောက်နေပါတယ်။ အခန်းခပြန်လာအမ်းတာတဲ့၊ ခေါ် လိုက်ရမလား”

“ခေါ်လိုက်လေ၊ စောစောက ဖုန်းဆက်ထားတာ”

(---) တည်းခိုခန်းမှ ကောင်းလေးဝင်လာကာ သူ့ကို အရိုအသေပေးပြီး ကျွန်တော် ကြိုတင်ဘွတ်ကင်လုပ်ပေးထားသော အခန်းခငွေနှစ်သောင်းခွဲပြန်လာပို့ခြင်း ဖြစ်ပါသည်။

“မန်နေဂျာက ဘာမှာလိုက်သေးလဲကွ”

“ဆရာ့ကို တောင်းပန်တဲ့အကြောင်းပြောပေးပါတဲ့။ ဆရာ့မိတ်ဆွေရင်းမှန်းမသိလို့ အခုလို အခန်းခရှင်းယူထားမိတာ သူ့အပေါ် အပြစ်မယူဖို့နဲ့ စိတ်အနှောင့်အယှက်ဖြစ်အောင် ပြုမိသလိုဖြစ်သွားတာ အနူးအညွတ်တောင်းပန်တဲ့အကြောင်း မှာလိုက်ပါတယ် ဆရာ”

“မန်နေဂျာကို ပြောလိုက်ပါကွာ။ ဘာမှပူပန်မနေပါနဲ့လို့၊ စိတ်အနှောင့်အယှက်လည်းမဖြစ်ပါဘူးလို့။ နောက်ပြီး ဆရာ့မိတ်ဆွေကလည်း ဆရာ ဒီမြို့မှာရှိမှန်းတောင်သိတာမဟုတ်ဘူးဆိုတော့ မန်နေဂျာအနေနဲ့ ဆရာ့မိတ်ဆွေလို့ ဘယ်သိမလဲကွာ။ အပြစ်မဟုတ်ဘူးလို့ပြောလိုက်ပါကွာ”

“ဟုတ်ကဲ့ပါ ဆရာ။ မန်နေဂျာကြီးတော့ ဒီစကားကြားရင် ဝမ်းသာမှာပဲ ဆရာ။ ကျွန်တော့်ကိုခွင့်ပြုပါ ဆရာ”

တည်းခိုခန်းမှ ကောင်လေးက သူ့ကို အရိုအသေပေးထားကာ ပြန်ထွက်သွားလေသည်။ မကြာမီပင် ကျွန်တော်မှာထားသော ထမင်းပွဲဟင်းပွဲများအငွေ့တထောင်းထောင်းနှင့် ရောက်လာပါသည်။

“ဗော့ - ငါးခေါင်းချဉ်ရည်ဟင်းရှယ်တစ်ခွက်ချဦး”



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ကဲ့ဆရာ၊ ပါပါတယ်ခင်ဗျ။ စားဖိုမှူးကြီးက ဘယ်အခန်းကဘယ်သူမှာတာလို့သိလားမေးလို့ ဆရာဦးဝင်းခိုင်အခန်း(၉)ကပါဆိုတော့ ဒါဆိုရင် ဆရာမှာနေကျ ငါးခေါင်းချဉ်ရည်ဟင်းရှယ်တစ်ပွဲထည့်ဆိုပြီး တစ်ပါတည်းပါပါတယ်"

"အေး-စားဖိုမှူးကြီးကိုပြောလိုက်၊ တစ်မှတ်တိုးပြီလို့ပြောလိုက် ဟုတ်လား"

"ဟုတ်ကဲ့ ဆရာ၊ သူသိပ်ဝမ်းသာမှာပါ"

ထမင်း၊ ဟင်းများကို ကျွန်တော်မြိန်ရှက်စွာပင်စားမိပါသည်။ ကောင်းလိုက်သည့်လက်ရာ။ တကယ်ရသာစုံ၊ ရသာရုံပင်ဖြစ်ပါသည်။ ထမင်းစားပြီးသောအခါတွင် သစ်သီးစုံအဖျော်ပွဲ၊ ပန်းသီး၊ လိမ္မော်သီး၊ သဘော်သီး၊ စပျစ်သီး၊ နာနတ်သီး၊ နောက် ထန်းလျက်ဖြူဆုပ်ပါပါသေးသည်။ ဆယ့်နှစ်မျိုးချင်းသုပ်ကလည်း တကယ့်ကိုရသာစုံလှပါသည်။ တွင်းပိုးလှော်ပင်ပါလိုက်သေးသည်။

"ကိုမင်းနိုင်၊အဆင်ပြေတယ်နော်"

"ပြေရုံတင်မကပါဘူးဗျာ။ စိတ်တိုင်းကျ ပြည့်စုံလှပါတယ်။ တကယ်စားကောင်းရသာထူးပါပဲဗျာ"

ထို့နောက် သူနှင့် ကျွန်တော်တို့ရေနွေးကြမ်းကျကျကို ထန်းလျက်ဖြူဆုပ်၊ မကွေးပေါက်ပေါက်တို့နှင့် မြည်းရင်း စကားစမြည် ဆက်လက် ပြောဆိုဖြစ်ကြသည်။

"ကိုဝင်းခိုင်ကို မေးရဦးမယ်။ ခပ်စောစောတုန်းက အပြစ်မယူပါဘူးတို့၊ တစ်မှတ်တိုးပြီတို့ဆိုတာ ဘာလဲဗျ"

"ဩော် - အဲဒါ ကျွန်တော် ရှယ်ယာဝင်ထားတဲ့ တည်းခိုခန်းနဲ့ စားသောက်ဆိုင်တိုင်းရဲ့ စည်းကမ်းပါ။ အပြစ်ယူရင် တစ်မှတ်လျှော့ပြီး တစ်မှတ်တိုးပြီဆိုရင် ဆုရပြီပေါ့။ ဆုပေးဒဏ်ပေးလစဉ်ကျင့်သုံးတယ်။ တစ်မှတ်လျှော့အပြစ်ယူခံရရင် လစာထဲက ငါးထောင်ဖြတ်တယ်။ တစ်မှတ်တိုးရင် ဆုငွေတစ်သောင်းရမယ်။ အပြစ်မဖြစ်အောင်လုပ်၊ အပြစ်မယူအောင် သိတတ်ရမယ်။ တစ်နှစ်ပတ်လည်ရင် အမှတ်အများဆုံးရသူကို ထိုက်ထိုက်တန်တန်ချီးမြှင့်တဲ့အပြင် အဆင့်အလိုက် လစာတိုးပေး၊ ဆရာအဖြစ် သတ်မှတ်ပေးထားတယ်ဗျ။ 'ဝယ်သူအမြဲမှန်တယ်' လို့ သတ်မှတ်ပြီး ဆက်ဆံရေးပြေပြစ်ရမယ်လို့ မှာထားသင်ထားတယ်"

"သိပ်ကောင်းတဲ့စနစ်ပဲဗျ။ဒါထက်ဒီစားသောက်ဆိုင်မှာ တစ်ထောင်တန်ကြွေပန်းကန်တစ်လုံး မတော်တဆလွတ်ကျကွဲပျက်သွားမယ်ဆိုရင်ကော"

"ဒါဆိုရင် တစ်မှတ်လျှော့ပြီး လစာထဲကနေ ငါးထောင်အဖြတ်ခံရပြီပေါ့"

"အဲဒါဆိုရင် တရားပါ့မလားဗျ။ ပျက်စီးသွားတာက တစ်ထောင်တန်၊ သူ့ခမျာမှာ ငါးထောင် အဖြတ်ခံရမယ်ဆိုတော့"

"ဒီလို ကိုမင်းနိုင်ရ။ ပစ္စည်းတန်ကြေးကိုကြည့်တာမဟုတ်ဘူးဗျ။ အလုပ်တာဝန်ကို ပေါ့ဆခြင်း၊ လစ်ဟင်းခြင်းကိုကြည့်တာ။ ဥပမာဗျာ စိတ်အေးချမ်းသာပျော်ပျော်ရွှင်ရွှင်လာပြီး စားသောက်နေသူတွေကြားထဲမှာ ကြွေပန်းကန်တစ်လုံး ခွမ်းခနဲကျကွဲသွားပြီး အထိတ်တလန့်ဖြစ်သွားမယ်။ ဘာပါလိမ့်၊ ဘာဖြစ်တာပါလိမ့်လို့ အစားအသောက်အမ်းသွားမယ်၊ တန့်သွားမယ်၊ ပျက်သွားမယ်။ ဆိုပါစို့ဗျာ လာရောက် အားပေးစားသောက်သူမှာ စိတ်အနှောင့်အယှက် စိတ်ကသိကအောက်အနည်းအများဖြစ်သွားမယ်ဆိုရင် ကြီးမားတဲ့ ရင်းနှီးမြှုပ်နှံမှု၊ ဝန်ဆောင်မှုတွေ ထိခိုက်လာနိုင်တယ်မဟုတ်လား။ မြင်းသံခွာတစ်ချက် လစ်ဟာပေါ့လျော့လို့ ကြီးမားတဲ့စစ်ပွဲကြီးနိုင်ခြေကနေ ရှုံးနိမ့်ခဲ့ရတာရှိတယ်လေဗျာ"

"ဟုတ်ပါတယ် ကိုဝင်းခိုင်ရာ၊ ဟုတ်ပါတယ် ဟုတ်ပါတယ်။ ကျွန်တော်နားလည်သွားပါပြီ။ ဒါနဲ့ အာလာပသလ္လာပတွေပဲများနေတာ။ သူငယ်ချင်းအချင်းချင်း ဘယ်လိုမှမအောက်မေ့ပါနဲ့နော်။ ကိုဝင်းခိုင် လောင်းကစားမှုနဲ့ထောင်ကျသွားတာကို နောက်ဆုံး ကျွန်တော်သိလိုက်ရပြီး အခုဒီဘက်ဆယ့်ငါးနှစ်ကျော်အတွင်း အခုလိုကြီးပွားအောင်မြင်လာတာ ပြောလို့ဖြစ်ရင်ပေါ့ဗျာ ပြောပြပါလား"

"ဘာမှမဖြစ်စရာမရှိပါဘူး သူငယ်ချင်းရယ်၊ သိပ်ဖြစ်တာပေါ့။ ပြောလည်းပြောချင်နေတာပါဗျာ။ ဒီလိုဗျ ဒီလို ဒီလို"

❐

ဂျိန်းခနဲ ထောင်တံခါးဖွင့်သံနှင့် ဂျိန်းခနဲ ထောင်တံခါးကြီးပိတ်သံတို့သည် ကျွန်တော်၏နားစည်အမြေးပါးမှ တစ်ဆင့် နှလုံးသားအထိပင် တုန်ခါသွားရပါသည်။

ကျောင်းတံခါးများဖွင့်သောအခါ ထောင်တံခါးများ ပိတ်လေသည်တဲ့။ ကျွန်တော်က လူမိုက်ပင်၊ ကျောင်းတံခါးကိုပိတ်ပြီး ထောင်တံခါးကိုဖွင့်ခဲ့သူဖြစ်သောကြောင့်ပင်။

အဘယ်ကြောင့်ဆိုသော် ကျွန်တော်၏မိဘက စက်ရုံအလုပ်သမားဘဝနှင့် ကျောင်းထားပေးခဲ့သော်လည်း စာမကြိုးစား၊ ကျောင်းလစ်ပေတေကာ တက္ကသိုလ်ဝင်တန်း (၂) နှစ် ဆက်တိုက်ကျခဲ့သည်။ မိဘနှစ်ပါးက သားလူလိမ္မာ ပညာတတ်ကြီးဖြစ်စေချင်လွန်းသဖြင့် ကျောင်းဆက်ထားပေးခဲ့ပါသော်လည်း မွဲချင်သောခွေး ပြာပုံလူးဆိုသကဲ့သို့ ကျွန်တော်က ကျောင်းဆက်မတက်ဘဲ ကျောင်းထွက်ခဲ့ကာ ပွဲရုံတစ်ခုတွင် အလုပ်ဝင်လုပ်ခဲ့မိလေတော့သည်။ မိဘကိုငဲ့၍၊ မိသားစုနှင့် ညီလေး၊ ညီမလေးများကို ငဲ့ကွက်၍မဟုတ်ပါ။ ကျွန်တော်ကိုယ်တိုင်က ကျောင်းစာကိုကြောက်၊ ကျောင်းစာမသင်လိုသောပေါ့သွပ်သည့်စိတ်ညစ်စိတ်ရှိုင်းကြောင့် ဖြစ်ပါတော့သည်။

ယခုတော့ ကျွန်တော်မှားမှန်းသိခဲ့ပါပြီ။ ကျွန်တော်တို့ဘုရားရှင်က ဟော ထားခဲ့ပါသည်။ လူလိမ္မာတို့မည်သည် သူများအမှားပေါ်မှ သင်ခန်းစာယူ ကြသည်။ လူမိုက်တို့သည် ကိုယ်တိုင်မှား မှ မှားမှန်းသိ နောင်တရတတ်ကြသည်။ ပို၍ မိုက်မဲသောသူတို့ကား ကိုယ်တိုင် မှားလျက်နှင့်ပင် နောင်တမရကြကုန် ၍ ကျွန်တော်သည် ယခုကိုယ်တိုင်မှား ပြီး မှားမှန်းသိသော လူမိုက်စာရင်းဝ ဖြစ်ခဲ့ပါပြီ။ ပို၍ မိုက်မဲသောသူ အမို ဆုံးလူမဖြစ်အောင် အပြစ်ကြေး ထောင်ထဲတွင် ချွေးဖြင့်ပေးဆပ်ရင်း သ ခန်းစာယူရမည်ဟု ဆုံးဖြတ်မိပါသည်။

ကျွန်တော် လူမိုက်ဖြစ်ရပုံမှာ -

ကျွန်တော်အလုပ်လုပ်သော ပွဲ ပိုင်ရှင်သူဌေးသည် လူဖြောင့်စိတ် သဘောဖြူစင်သူ ဖြစ်ပါသည်။ ပွဲ သား၊ စာရေးစာချီ၊ မန်နေဂျာပါ ကျ တန်းတူဆက်ဆံသည်။ ငေါက်ေ လျှင် ငေါက်သည်။ ဆူစရာရှိလျှင် ဆူ မာန်မဲသည်။ မြှောက်စားစရာ လ လည်း တောက်ကြွားအောင် မြှောက် တတ်ပါသည်။

သူဌေး၏ ပွဲရုံတွင် သာမ သားအဖြစ် လေးလကျော်ငါးလ ကျွန်တော့်အား လက်ဖွေ ကောက်ပြီး မြှောက်စားခဲ့ပါသည် ကားနှင့်သွားလေရာခေါ်သည်။ သူ



www.burmeseclassic.com

www.burmeseclassic.com

ရာတွေးသည်။ သူနေသလို နေရဝတ်ရသည်။ သူက လိုလေသေးမရှိ ဆင်ပေးသည်။ ကျွန်တော်၏ ထူးသောပါရမီဟု ဆိုရမည်လားမသိပါ။ ကျွန်တော့်တွေးခေါ် ယူဆအကြံပေးချက်များမှာ သူဌေးအတွက် ကွက်တိဒက်ထိ အချိုးကြီးမြတ်နှုတ်ပွပေါက်တိုးသည်သာဖြစ်နေပါသည်။ ထံနှင့် ဉာဏ်ပေါင်းမိခြင်းလည်း ဖြစ်ပါသည်။ သို့အတွက်လည်း သူဌေးက ကျွန်တော့်ကို တတ္တိယပါဖိနပ်စီး ရွှေထီးဆောင်းအဆင့်လို မြှောက်စားခဲ့ပါသည်။ ကျွန်တော်လည်း ဘဝင်လေဟပ်ကာ မြှောက်တွမြောက်တွနှင့် ကိုယ့်ကိုယ်ကိုယ် သူဌေးဖြစ်နေပြီ၊ သူဌေးရာထူးသို့ ထူးခံထားရပြီဟု ထင်တစ်လုံးပေါက်နေမိသည်။

ထိုသို့ ထင်တစ်လုံးပေါက်ရခြင်းမှာလည်း ကျွန်တော်၏ သူဌေးတွင်သမီးအပျိုကြီး နှစ်ယောက်ရှိလေရာတစ်ယောက်က အသက်သုံးဆယ်ခန့်၊ တစ်ယောက်က သုံးဆယ့်ငါးနှစ်ခန့်အရွယ်ကြီးများ ဖြစ်ပါသည်။ အသက်သုံးဆယ့်ငါးနှစ်ခန့်ရှိသော ခင်မမဆိုသည့် အပျိုကြီးက ကျွန်တော့်အားမောင်လေး၊ မောင်လေးနှင့် အရေးပေးကာ ဈေးသွားခေါ်၊ ဈေးလာခေါ်၊ ဘုရားသွားခေါ်ရာ ကျွန်တော့်ကိုများ တစ်ဖက်သတ်ကြိုက်နေလေသလား ထင်မှတ်မှားနေမိသည့်အပြင် သူဌေးကလည်း၏အရည်အချင်းကို သဘောကျလို့ သူ့သမီးအပျိုကြီးနှင့် လွှတ်ပေးကာ သမက်ခင်နေသလား စိတ်ကူးယဉ်ကမ္ဘာတွင်မျှော်ကာ အပျော်ကြီးပျော် စိတ်ကြီးဝင်နေခဲ့ရသော်လည်း ပျော်စရာပြီးလျှင်ဆာစရာလာတတ်သည်ပင် ဖြစ်ခဲ့ရပါသည်။

ဘုရားမှအပြန် တစ်ညနေတွင် အပျိုကြီးခင်မမအား -

"မမက ကျွန်တော်ငယ်ငယ်တကြည့်ဖူးခဲ့တဲ့ မင်းသမီး ခင်သန်းနုနဲ့တူသလိုလို၊ ဝါဝါဝင်းရွှေနဲ့ တူသလိုလိုပဲ။ တစ်နေ့တခြားပိုပိုလှလာတယ်"

ဟု ရိသဲ့သဲ့စကားစမိရာမှစ၍ ကျွန်တော့်အား လုံးဝမခေါ်မပြောဆက်ဆံတော့ပါ။ ကြည့်လျှင်လည်း သခင်က ကျွန်ကိုကြည့်သည့်အကြည့်မျိုးနှင့် ကြည့်ပါတော့သည်။

ထိုသို့ဖြစ်ပြီး သုံးလခန့်အကြာ အပျိုကြီး ခင်မမကို မန္တလေးမှ သူဌေးသားတစ်ဦးနှင့် ထိမ်းမြားမင်္ဂလာဆောင်ပေးလိုက်လေသည်။ မန္တလေးမှာ တစ်ပွဲ၊ ရန်ကုန်တွင် တစ်ပွဲ၊ မင်္ဂလာပွဲနှစ်နေရာပင် ကြီးကျယ်ခမ်းနားစွာဆောင်ခဲ့ပါသည်။ ထိုမင်္ဂလာပွဲနှစ်ပွဲတွင် ကျွန်တော်သည် ခွေးခြောက်၊ ကျီးနှင်၊ ဖိနပ်စောင့်၊ ဂိတ်ပေါက်ကြိုရာထူးနေရာရခဲ့ပါလေသည်။

ကျွန်တော်၏ စိတ်ဘဝင်တွင်လည်း -

"ငါလည်း တစ်နေ့မှာ ထင်တိုင်းပေါက်တဲ့သူဌေးတစ်ယောက်ဖြစ်ရမယ်။ ငါသူဌေးကြီးအခေါ် ခံရစေ့မယ်"

ဟု မာန်ဝင်မာန်တင်းခဲ့မိပါသည်။

နောက်တစ်နှစ်ခန့်၌ ကျွန်တော်သည် ကျောင်းနေဖက် ငယ်ချစ်ဦးနှင့် လက်ထပ်ခဲ့သည်။ နှစ်ဖက်မိဘမှ ဖျစ်ဖျစ်ညှစ်ညှစ်နှင့် ကျွန်တော်တို့ ဇနီးမောင်နှံကို အိမ်ဝိုင်းမြေကွက် ပေ (၈၀× ၆၀) ဝယ်ပေးခဲ့ရာ ကျွန်တော်၏ သူဌေးက လေးဖင်×သုံးပင်နေအိမ်တစ်လုံးလက်ဖွဲ့ဆောက်ပေးခဲ့ရာ အိမ်နှင့်ဝိုင်းနှင့် တိုးချဲ့ရေကွက်သစ်ထဲတွင် နေထိုင်နိုင်ခဲ့ရပါသည်။ ခြောက်လခန့်အတွင်း မြို့တော်တိုးချဲ့ရထားလမ်းဖောက်ရာ ကျွန်တော့်အိမ်နေရာသည် ရထားဘူတာရုံနီးသော၊ ကားဂိတ်နီးသောနေရာဖြစ်၍ ယခင်ငါးသိန်းခန့်သာပေးဝယ်ရသော အိမ်ဝိုင်းမြေသည် သိန်းခုနစ်ဆယ်နှင့် လာဝယ်သူ ပေါ်ပေါက်လာပါသည်။

သူဌေးဖြစ်ချင်သော၊ သူဌေးဘွဲ့ခံချင်သော၊ သူဌေးရောဂါထ သူဌေးရူးရူးနေသော ကျွန်တော်၏ စိတ်ဘဝင်လေရူးသည် ရောဂါထလာလေသည်။ သူဌေးဖြစ်ရန် ငွေလိုသည်။ ငွေကိုငွေနှင့်ရှာမှ အရလွယ်သည်။ အရင်းအနှီးငွေလိုသည်။ ရသောငွေအရင်းအနှီးနည်းနည်းကို အသုံးချပြီး ငွေများများရရန်အတွက် ဖြတ်လမ်းနည်းဖြင့်၊ မတော်မတရားနည်းဖြင့် သူများမျက်ရည်ပေါက်ကြီးငယ်ကျသောနည်းဖြင့်၊ ကျောက်ခဲကိုဆီထွက်အောင်ကြိတ်နိုင်သောနည်းဖြင့် ရှာဖွေမှသာ ရနိုင်မည်ဟု ယူဆယုံကြည်ကာ -

ကျွန်တော်၏ အိမ်နှင့်ဝိုင်းကို သိန်းရှစ်ဆယ်နှင့် ပွဲစားမပါ ရောင်းချလိုက်ပြီး ဆယ်သိန်းခန့် စပေါ်တင်ရသော တိုက်ခန်းငှားနေကာ ကျန်ငွေဖြင့် ကျွန်တော်သည် ထိုကာလက အလွန်စန်းထသော နှစ်လုံး၊ သုံးလုံး ဟူသည့် လောင်းကစားဒိုင် လုပ်ပါတော့သည်။ အကုသိုလ်ကံအကျိုးပေးချိန်ဟု ဆိုရပါမည်။ ကျွန်တော်၏ဒိုင်မှ လျော်ရသည်မရှိသလောက်ဖြစ်ပြီး စားရသည်ကသာများခဲ့ရာ ငါးလ၊ ခြောက်လအတွင်း သိန်းတစ်ရာကျော်ပိုင်ဆိုင်ခဲ့ရာ နောက်တစ်နှစ်အတွင်း တိုက်ဆောက်မည်၊ ကားဝယ်စီးမည်ဟု ကျွန်တော် ကြုံးဝါးလက်မထောင်ခဲ့ပါသော်လည်း -

နောက်တစ်နှစ်ပင် မကြာလိုက်ပါ။ ကျွန်တော့်မှာ လောင်းကစားသမားအချင်းချင်း၏ အကောက်ဉာဏ်သတင်းပေးချက်အရ အဖမ်းခံခဲ့ရပြီး ထောင်ဒဏ်သုံးနှစ် တစ်ပေါင်းတည်းကျခဲ့ရပါတော့သည်။

❐

ထောင်သို့ရောက်ပြီး ပထမဆုံး ကျွန်တော် တွေးခေါ် စဉ်းစားမိသည်မှာ-

"တစ်နေ့တာကို အလကားမဖြုန်းနဲ့။ ဒီနေ့ တစ်နေ့တာမှာ ပညာတိုးပွားခဲ့ရခဲ့သလား၊ ဥစ္စာတိုးပွားခဲ့ရခဲ့သလား။ ပညာလည်းမရခဲ့ဘူး၊ ဥစ္စာလည်းမရခဲ့ဘူးဆိုရင် အဲဒီတစ်နေ့တာဆိုတဲ့အချိန်ဟာ မင်းတို့အတွက် အလဟဿ ရေစုန်မျောသွားပြီ။ ဘယ်လိုမှအစားထိုးဝယ်ယူလို့မရ တန်ဖိုးဖြတ်မရတဲ့ တစ်နေ့တာဆိုတဲ့အချိန်ကြီးကို ဘယ်လောက်နှမြောဖို့ကောင်းလိုက်မလဲကွာ"

ဟု အထက်တန်းကျောင်းသားဘဝက အတန်းပိုင်ဆရာကြီး ဦးတင်အောင်၏ ဆုံးမစကားပင် ဖြစ်ပါသည်။

ဟုတ်သည်။ ကျွန်တော်သည် ထောင်ထဲတွင် တစ်နေ့တာနေရမည့်သူမဟုတ်။ သုံးနှစ်ကြီးများတောင်နေရမည့်သူဖြစ်ရာ တစ်နေ့တာတိုင်းကို ပညာ၊ ဥစ္စာတစ်မျိုးရအောင် တိုးပွားအောင်လုပ်ရမည်ဟု သန္နိဋ္ဌာန်ချဆုံးဖြတ်မိပါသည်။ တစ်ဖန် ထပ်ဆင့်၍ ထောင်ထဲတွင် ဥစ္စာရှာရန် ဟူသည်မှာ ဖြစ်နိုင်ခြေလွန်စွာနည်းပါးသောကိစ္စရပ် ဖြစ်သည်။ ပညာရှာရန်တော့ဖြစ်နိုင်ပါမည်လား။ သေချာစဉ်းစားသောအခါ ဖြစ်နိုင်သည်ဟု ကြည်လင်စွာမြင်မိပါသည်။ ကျွန်တော်ထက် အသက်ကြီးသူများသာဖြစ်၍ နောက်ဆုံးအဆင့် ဘဝအတွေ့အကြုံရင့်ကျက်သည့် အတွေ့အကြုံပညာများစွာ ရနိုင်သည်၊ ကြားနာမှတ်သားနိုင်ရမည်ဟု ယူဆမိပြီး ပညာရှာရန် ဆရာရှာပါတော့သည်။

ကျွန်တော့်အား တပည့်အဖြစ် လိုလိုလားလားလက်ခံသော ဆရာနှစ်ဦးနှင့် တွေ့ရပါသည်။ တစ်ဦးမှာ အင်္ဂလိပ်စာအဓိကဝိဇ္ဇာဘွဲ့ရဖြစ်ပြီး ကျန်တစ်



www.burmeseclassic.com

www.burmeseclassic.com

ဦးမှာ လူပုံတော်ပညာရှိတစ်ဦး ဖြစ်ပါသည်။ မဗ္ဗာစရိယဘွဲ့ရဖြစ်ပါသည်။

အင်္ဂလိပ်စာဆရာက တစ်နေ့လျှင် (၂) နာရီသင်ပေးပြီး မဗ္ဗာစရိယ လူပုံတော်ပညာရှိဆရာက တစ်နေ့လျှင် နာရီအကန့်အသတ်မရှိ အခွင့်ရလျှင် ရသလို ပညာသင်ပေးပါသည်။ ဆရာနှစ်ဆူ သင်ပေးမှုကို အသေးစိတ်ရှင်းပြလျှင် ကျမ်းတစ်စောင်ပေတစ်ဖွဲ့ ဖြစ်ပါမည်။ လိုရင်းတိုရှင်းအနှစ်ချုပ်သံခိပ်ကို ဆိုရလျှင်-

အင်္ဂလိပ်စာဆရာ၏ အသင်အပြကောင်းမှု၊ ကျွန်တော်၏ ပညာလိုလားစိတ်ထက်သန်မှုတို့ကြောင့် (၁၈) လခန့်အတွင်းမှာပင် ကျွန်တော်သည် Reader Digiest, New Week စသော အင်္ဂလိပ်ဂျာနယ်၊ မဂ္ဂဇင်းများကို ဒိုးဒိုးဒေါက်ဒေါက် ကောင်းမွန် ရေလည်စွာ ဖတ်ရှုဘာသာပြန်နိုင်ခဲ့ပြီး မဗ္ဗာစရိယပညာရှိ၏ သင်ကြားပြသဩဝါဒပေးလမ်းညွှန်မှုကြောင့် ကျွန်တော်သည် ဘုရားရိပ်၊ တရားရိပ်၊ သံဃာအရိပ်တို့ကို ဖမ်းဆုပ်သိမြင်လာပါသည်။ ကိုယ်တိုင်လည်း မဗ္ဗကထိကနယ်လှည့်နီးပါး ဟောကြားတတ်လာပါသည်။

ဤမျှလောက်ဆိုလျှင် သဘောပေါက်ရိပ်မိလောက်ပြီ ထင်ပါသည်။

ထောင်တွင် ကျွန်တော် သုံးနှစ်အပြည့် မနေရပါ။ ထောင်လျှော့ရက်များနှင့် နှစ်နှစ်နှင့်ခုနစ်လခန့်သာနေခဲ့ရပါသည်။ ငါးလခန့်လျှော့ရက်ရသည်ထင်ပါသည်။ မမှတ်မိတော့ပါ။

ထောင်ထဲတွင် နေ့စဉ်လို ပညာတိုးပွားရရှိခဲ့ပြီး ကျွန်တော်သည် လူလိမ်မှာအဖြစ် ပြင်ပကမ္ဘာသို့ လွတ်မြောက်ရောက်ရှိခဲ့ပါပြီ။ထောင်မှထွက်ထွက်ချင်း ကျွန်တော် အမိက မှတ်မိနေသည်မှာ (ယနေ့ယခုအထိ) 'သရဏဂုံဂါထာတော်ကြီး' ဟူသည့် လူပုံတော် ပညာရှိ မဗ္ဗာစရိယဘွဲ့ရဆရာ၏ သင်ကြားပေးချက်ပင် ဖြစ်ပါသည်။ နေ့စဉ် အိပ်ရာမှ နိုးနိုးချင်း သက်စေ့ရွတ်ရသည်။ နေ့လယ်မှာ တစ်ကြိမ် သက်စေ့ရွတ်ရသည်။ ညအိပ်ရာဝင်တစ်ကြိမ် သက်စေ့ရွတ်ရသည်။ ထိုဂါထာ၏ တန်ခိုးတေဇော်အာနုဘော်ကြောင့် ကျွန်တော်သည် ထောင်ထဲတွင် ရန်ကင်းသည်။ တစ်ခါမှ မကျန်းမမာမဖြစ်ခဲ့။ ကျန်းမာခြင်းပြည့်စုံခဲ့သည်။ စိတ်ပူပန်ဆင်းရဲမနေရဘဲ စိတ်အေးချမ်းသာယာစွာ နေထိုင်နိုင်ခဲ့ပြီး ကြံ့ကြံ့ခံနိုင်ခဲ့သည်ဟု ထင်ပါသည်။

ကျွန်တော် အိမ်ပြန်ရောက်သောအခါ သားနှင့် သမီးနှစ်ယောက်၊ဇနီးတို့မှာ ဖက်လဲတကင်း ဝမ်းသာလွန်း၍ ခုန်၍ပင်နေကြပါသည်။ ကျွန်တော် ယနေ့ ပြန်လွတ်မည်ဟု ထင်မထားကြ။ သုံးနှစ်အပြည့်သာ သူတို့တွက်ထားကြပုံပေါ်ပါသည်။ ကျွန်တော် ထောင်မှလွတ်လာခြင်းသည် သူတို့အတွက် ကမ္ဘာပေါ်တွင် အကြီးမြတ်ဆုံး ဆုလာဘ်ကြီးတစ်ခုရလိုက်သလို ဝမ်းမြောက်ဝမ်းသာဖြစ်နေကြရပါသည်။

ထို့နောက် မိသားစုငါးဦး ဝိုင်းထိုင်ကာ ကျွန်တော်ထောင်ထဲရောက်နေသည့်ကာလအတွင်း သူတို့ ကံ့ရသည့် အခက်အခဲ၊ ဒုက္ခဝဲများ၊ သူတို့ကို ကူညီသူများ၊ သူတို့ကို မကူညီသူများ၊ သူတို့ကို အမနာပမေးငေါ့လက်ညှိုးထိုးပြောဆိုသူများ၊ သူတို့ကို စာနာစွာ ကြင်နာမှုပေးဖေးကူသူများ၊ သူတို့ကိုမခေါ် မပြောနိုင်မမြင်ချင်ယောင်ဆောင်သွားသူများ၊ သူတို့ကို တခုတ်တရလိုက်လံပျူငှာစွာ ပေါင်းသင်းဆက်ဆံသူများ၊ သူတို့ကို ဉာဏ်ကာနဥ္စသင်္ဂဟတရားနှင့်အညီ ပေးကမ်းကူညီထောက်ပံ့သူများ၊ သူတို့ကို အသေဝနာစဗာလာနံ လူမိုက်မိသားစုဟု ရှောင်ကြဉ်သူများ၊ သူတို့ကို. . .၊ သူတို့ကို. . . .၊ သူတို့ကို. . . .၊ ထိုထို ဤဤအကြောင်းများ ပြောမဆုံးပေါင်တော သုံးထောင်ဆိုသလို ရယ်လိုက်၊ ငိုလိုက်၊ ပြုံးလိုက်၊ မဲ့လိုက်ဖြင့် ကျွန်တော့်အား ထမင်းကျွေးရန်၊ သူတို့ ထမင်းစားရန်ပင် မေ့နေကြပါတော့သည်။

ထိုင်နေလို့တော့ ဘာမှဖြစ်မလာဘူးဆိုသောစကားကို ဦးစွာပြောပြီး သကာလ တစ်မိသားစုလုံး တစ်နိုင်တစ်ပိုင် အလုပ်လုပ်ရန် ကျွန်တော်စီစဉ်ပေးရပါသည်။ လောလောဆယ်အားဖြင့် ကျွန်တော်တို့မြို့၏ သင်္ဘောဆိပ်တွင် ကျွန်တော် ကုန်တင်၊ ကုန်ချလုပ်သားစာရင်းဝင်လိုက်ပါသည်။ဇနီးက သင်္ဘောဆိပ်တွင် ထမင်း (ခေါင်းရွက်ဗ[illegible]ထိုး ထမင်းသည်) ဆိုင်ဖွင့်ပါသည်။ သားနှင့် သမီးတို့က နေအိမ်ရှေ့လမ်းတွင် တိုတ်ကျ မဂ္ဂဇင်း၊ ရုပ်ပြ၊ လုံးချင်းဝတ္ထုအငှားဆိုင်နှင့် ဆေးလိပ်၊ ကွမ်းယာ၊ ချိုချဉ်၊ မုန့်ပဲသရေစာလေးများရောင်းသည့် ဆိုင်ငယ်လေးဖွင့်ပေးပါသည်။ ရပ်ကွက်ထဲမှ ဆန်ဆေးရည်များစု၍ ဖွဲနုနှမ်းဖတ်တို့နှင့် ဝက်ပေါက်တစ်ရှဉ်းကို စုဘူးသဘောကျွေးခိုင်းထားသည်။

ဤသို့ဖြင့် နေ့စဉ် နံနက်လေးနာရီဆိုလျှင် ကျွန်ုပ်နှင့်ဇနီးသည်တို့မှာ အိပ်ရာမှထ ရောင်းချရန် ထမင်း၊ ဟင်းဖွယ်ဖွယ်ရာရာများ ချက်ပြုတ်၊ တောင်းထဲတွင်ထည့်ပြီး သင်္ဘောဆိပ်သို့နှစ်ယောက်အတူဆင်း။ သားတို့၊ သမီးတို့က ဝက်ကျွေး၊ စာအုပ်ဆိုင်ဖွင့်၊ မုန့်ပဲသရေစာဆိုင်လေးပြင်ဆင်၊ တက်ညီလက်ညီလုပ်ကိုင်ခဲ့ကြရသည်။ ထမင်းနပ်မှန်အေးချမ်းစွာဖြင့် မရှိမရှားဘဝအခြေသို့ ရပ်တည်နိုင်ခဲ့ရပါသည်။

တစ်နေ့ နံနက်စော ခြောက်နာရီခန့် သင်္ဘောဆိပ်အရောက် ထမင်းဆိုင်လေးဖွင့်ပြီးစတွင် ရဟန်းတစ်ပါး အရဏ်ဆွမ်းလာရပ်ရာ ကျွန်တော်နှင့် ဇနီးတို့မှာ ထူးခြားဝမ်းမြောက်အံ့သြစွာနှင့် သပိတ်တစ်လုံးလုံး ဆွမ်း၊ ဆွမ်းဟင်းများကို ပီတိအပြည့်နှင့် လောင်းလှူလိုက်ရပါသည်။

ထိုရဟန်းမှ -

"နိဗ္ဗာန်ရောက်ကြောင်းအထောက်အပံ့ကောင်းများ ရရှိကြပါပြီ။ နိဗ္ဗာန်မရောက်မီစပ်ကြား ကျင်လည်ရာဘဝတိုင်းတွင် မတောင့်မတ မကြောင့်မကြဝတ်နိုင်စားနိုင်၊ လှူနိုင်တန်းနိုင်သောဒါနသူဌေးများ ဖြစ်ကြပါစေ"

ဟု ဆုပေးပါသည်။ ထို့နောက်-

"ဒကာကြီး၊ ဒကာကြီးဆရာသင်ပေးလိုက်တဲ့ သရဏဂုံဂါထာတော် ရွတ်ဖတ်တာ ဘယ်လောက်ကြာပြီလဲ"

ဟု ထူးခြားစွာအမေးရှိရာ ကျွန်တော်ပင် အံ့သြလွန်းသဖြင့် အထစ်ထစ်အငေါ့ငေါ့ဖြစ်သွားရပါသည်။

"တ. . . . တ. . . တပည့်တော် ရွတ်ပွားတာ သုံး. . . သုံးနှစ်ခန့်ရှိပါပြီ ဘုရား"

"ဆက်ရွတ်ပါ ဒကာကြီး။ အရှင် ကနေ အသားအဆင့်ကို တက်လာပါ လိမ့်မယ် ဒကာကြီး။ အကျိုးပေးချိန်နီး လာပါပြီ။ သရဏဂုံအကျိုး ရွှေမိုး၊ ငွေမိုး ရွာသွန်းဖြိုးပါလိမ့်မယ်"

ဟု မိန့်တော်မူကာ ပြည့်ဝတည် ငြိမ်လှသော ဣန္ဒြေတော်နှင့် မျက်လွှာချ လျက် တစ်လှမ်းချင်းကြွသွားပါသည်။ ကျွန်တော်နှင့် ဇနီးတို့မှာလည်း သင်္ဘော ဆိပ်တွင် ထမင်းဆိုင်စဖွင့်သည်မှ တစ်ခါမှ အရုဏ်ဆွမ်းမလောင်းရ ဆွမ်းလာရပ်သောရဟန်းမရှိခဲ့ဘူးသ အထူးပင် အံ့သြဘနန်းဖြစ်ကာ သေသေနေပြီး ခေတ္တငိုင်တွေ နေမိရပါသည်။

"ကြက်သားဟင်း တစ်ဖိုး ပါ"



www.burmeseclassic.com

www.burmeseclassic.com

ဟု ဈေးဝယ်တစ်ဦးလာမှ ကျွန်တော်နှင့် ဇနီးတို့မှာသတိဝင်လာပြီး ဇနီးက ထမင်းဟင်းရောင်း၊ ကျွန်တော်က မြစ်ဆိပ်သဘော်ဆီ ဆင်းခဲ့မိပါတော့သည်။ ထိုနေ့တစ်နေ့လုံး ထမ်းရပိုးရ ဝင်ပန်းသည်မထင်ဘဲ နံနက်က ရဟန်းတော်တစ်ပါးကို အရှက်ဆွမ်း ပြည့်ဝစွာ လောင်းလှူလိုက်ရသည်ကို ပီတိဝေရင်း ညနေစောင်းခဲ့ရလေသည်။ ကျွန်တော် တမ်းထိပ်သို့ ပြန်တက်လာသောအခါ ဇနီးသည်မှာ ထမင်း၊ ဟင်းများ အစောကြီးရောင်းကုန်ပြီး နောက်နေ့အတွက် ရောင်းချရန် အသားငါးဟင်းသီးဟင်း ချက်စိမ်းများဝယ်ပြီးနေကာ စောင့်ကြို နေလေသည်။ အပြန်တွင် ထုံးစံအတိုင်း တစ်ရပ်တည်းနေ ကိုဖိုးထောင်နှင့်အတူ ကျွန်တော်တို့ ပြန်ခဲ့ကြသည်။ လမ်းတွင် တွန်းလှည်းနှင့်ရောင်းသော ထီရောင်းလှည်းတွေ့သဖြင့် ကိုဖိုးထောင်ရော ကျွန်တော်ပါ ထီ (၅) စောင်တွဲ တစ်တွဲစီ ထိုးခဲ့ကြသည်။

အိမ်သို့ ပြန်ရောက်သောအခါ အမောမပြေမီပင် ဇနီးသည်က စိတ်ဝင်တစားမေးပါတော့သည်။

"ကိုခိုင် မနက်က ဆရာတော်မိန့်သွားတာရှိပါတယ်။ ဘာတဲ့ - မဟာသရဏဂုံတော်ကြီးဆိုလား။ ကိုခိုင်ရွတ်ဖူးတာ သုံးနှစ်လောက်ရှိပြီဟုတ်လား။ ခင့်ကိုလည်းပြောပါ၊ သင်ပါဦး"

"ဟုတ်တယ်၊ အစ်ကို ထောင်ထဲမှာ ဆရာကသင်လို့ရွတ်ခဲ့တာ၊ မခက်ပါဘူးကွာ။ နေ့စဉ်သုံးကြိမ်ရွတ်။ တစ်ကြိမ်ရွတ်တိုင်း သက်စေ့ရွတ်ပေးရတယ်။ စွည်းဉစွာထက် လက်ငင်းစိတ်ချမ်းသာ ကိုယ်ကျန်းမာပြီး လောကစံရဲ့ အထူအထောင်းကို ပြုံးပြုံးလေးခံနိုင်ရင်ဆိုင်နိုင်တယ်ကွ"

"ခင်လည်း ရွတ်မယ်လေ၊ သင်လေ"

"လွယ်ပါတယ်ကွယ်၊ မခက်လှပါဘူး"

- ❒ ဗုဒ္ဓေါ မေ သရဏံ အညံ့နတ္ထိ၊ ဗုဒ္ဓံ သရဏံ ဝဇ္ဇာမိ၊
- ❒ ဓမ္မော မေ သရဏံ အညံ့နတ္ထိ၊ ဓမ္မံ သရဏံ ဝဇ္ဇာမိ၊
- ❒ သံဃော မေ သရဏံ အညံ့နတ္ထိ၊ သံဃံ သရဏံ ဝဇ္ဇာမိ။

❒ မြတ်စွာဘုရားသည်၊ တရားတော်သည်၊ သံဃာတော်သည် တပည့်တော်၏ ကိုးကွယ်ရာပါတည်း။

*ဘုရား၊ တရား၊ သံဃာမှလွဲ၍ အခြားတစ်ပါးသော ကိုးကွယ်ရာသည် မရှိပါဘုရား။ တပည့်တော်၏ ကိုးကွယ်ရာ ဟူ၍ ဆည်းကပ်ပါ၏ -*

လို့ သံခိပ်အနှစ်ချုပ် အနီးစပ်ဆုံး အဓိပ္ပာယ်ပေါ့ကွာ"

"ဟုတ်တာပေါ့ ကိုခိုင်ရယ်။ တိုတိုလွယ်လွယ်နဲ့ အတော့်ကို အခြေခံကျပြီး အကျိုးကျေးဇူးကြီးမယ့် ဂါထာပဲနော်"

"ဒါပေါ့ ခင်ရယ်။ လိုရာပြည့်စုံသရဏဂုံလို့ အဆိုရှိခဲ့တာပဲ။ ဘာပဲဖြစ်ဖြစ် အစ်ကိုတော့ ထောင်ထဲမှာကတည်းက ရွတ်ပွားခဲ့တာ သုံးနှစ်လောက်ရှိခဲ့ပြီ။ လက်တွေ့ စိတ်အေးချမ်းသာယာတယ်ကွာ။ ခင်လည်း ရွတ်ပွားပေါ့"

"ရွတ်ပွားမယ်၊ အမှတ်ရတိုင်း အချိန်ရတိုင်း ရွတ်ပွားမယ်"

ထိုနေ့ညမှစ၍ ကျွန်တော်၏ ဇနီးသည်ပါ သရဏဂုံတော်ကြီးကို မပျက်ရွတ်ပွားခဲ့လေသည်။ ထိုအပတ် ထီဖွင့်သောအခါ ကျွန်တော်ရော ကိုဖိုးနှထောင်ပါ ဘယ်သူမှထီမပေါက်ပါ။

"ထီမပေါက်တော့လည်း အများအကျိုး လှူပြီးသားဖြစ်သွားတာပေါ့ဗျာ"

ဟု ရယ်မောရွှင်လန်းစွာ ကျွန်တော်တို့ ပြောနိုင်ခဲ့ပါသည်။

တစ်နေ့သော ဥပုသ်နေ့တွင် ကျွန်တော့်ထံသို့ ဦးအောင်ထွန်း ဆိုသူ ရောက်လာပါသည်။ သူသည်လည်း သဘော်ဆိပ်တွင် ထမင်းဆိုင်ငယ်ဖွင့်၍ ရောင်းချသူဖြစ်ပြီး ကျွန်တော်တို့မြို့တွင် ဈေးသစ်ဖွင့်မည်ဖြစ်ရာ စားသောက်ဆိုင်တန်းပါမည်ဖြစ်၍ ကျွန်တော်နှင့် သူ့လို အရင်းအနှီးနည်းသူ ငါးဦးခန့် ရှယ်ယာစုဝင်၍ စားသောက်ဆိုင်ကြီးတစ်ဆိုင် တည်ရန် လာစည်းရုံးခြင်းပင် ဖြစ်ပါသည်။ အလွယ်တကူပင် ကျွန်တော် သဘောတူလိုက်ပြီး ရှယ်ယာဝင်ခုနစ်ဦးပေါင်းကာ စားသောက်ဆိုင်ကြီးတစ်ဆိုင် ဈေးသစ်တွင် တည်ခင်းရောင်းချခဲ့ကြရာ ဆယ့်ငါးနှစ်အတွင်း ဤမြို့တွင် ကျွန်တော်နှင့် ရှယ်ယာဝင် ခုနစ်ဦးတို့သည် တည်းခိုခန်း၊ စားသောက်ဆိုင်များ အကြီးမားဆုံး တည်ထောင်ကြီးပွားသူများဖြစ်ခဲ့ပါသည်။ ကျွန်တော်၏ သားကြီးကိုလည်း ပြင်ပသင့်တန်းတက်ခိုင်းပြီး လျှပ်စစ်ပစ္စည်းအရောင်းဆိုင်ဖွင့်ပေးခဲ့ရာ ယခုဆိုလျှင် ရေဒီယို၊ ကက်ဆက်မှအစ တီဗွီ၊ ပန်ကာ၊ ရေခဲသေတ္တာ၊ ကွန်ပျူတာအထိ ကြီးမားတွင်ကျယ်သော အရောင်းဆိုင်ကြီးအဖြစ် ကြီးပွားအောင်မြင်ခဲ့ပါပြီ။

ကျွန်တော် အောင်မြင် ကြီးပွားတိုးတက်လာခြင်းသည် သရဏဂုံဂါထာတော်ကြီးကို နေ့နေ့၊ ညည မပေါ့မဆ လေးနက်စွဲမြဲရွတ်ပွားခဲ့ခြင်း အကျိုးဟု ယူဆပါသည်။ ယခုအချိန်တွင် ကျွန်တော်သည် ဘုရား၊ ကျောင်း၊ သိမ်၊ ဇရပ်၊ ရေတွင်း၊ မိဘမဲ့ကလေးများကျောင်း၊ မျက်မမြင်ကျောင်း၊ ဇီဝိတဆေးရုံများစွာသို့ အလှူကြီးများ များစွာ ပေးလှူနိုင်သည့် သာသနာ့ဒါယကာဘွဲ့ ခံယူနိုင်ခဲ့ပြီ ဖြစ်ပါသည်။

ကျွန်တော်၏ ဘဝအတွေ့အကြုံ သရဏဂုံအကျိုးကျေးဇူးကို ကျွန်တော်၏ ငယ်ပေါင်း ကျောင်းနေဖက်သူငယ်ချင်း စာရေးဆရာများဖြစ်သော နတ်မောက်ကောင်းမွန်မြင့်၊ မြေမိုးချစ် (နတ်မောက်)၊ နတ်မောက်မင်းချစ်နော်၊ အောင်အိုး (နတ်မောက်) တို့ကို ပြောပြရေးခိုင်းရမည်ဟု ကျွန်တော်ဆုံးဖြတ်ရည်မှန်းထားပါသည်။ သို့သော် ယနေ့အထိ ထိုသူငယ်ချင်း စာရေးဆရာများနှင့် ကျွန်တော် မဆုံရသေးပါပေ။

ယနေ့ ကျွန်တော့် သူငယ်ချင်း ငယ်ပေါင်းစစ်စစ် နတ်မောက်လှမြင့်သစ်ကို အိတ်သွန်ဖာမှောက် စေ့စေ့ပေါက်ပေါက် ကျွန်တော့်ဘဝကြောင်း ပြောပြလိုက်ရရာ လွန်စွာပင် နှစ်ထောင်းအားရ ကျေနပ်မိပါသည် ခင်ဗျား။

❒

ရေနွေးကြမ်းတစ်ခွက်ကို သူ သောက်လိုက်ပြီး -

"ကဲ-သူငယ်ချင်း၊ ဘာသိချင်သေးလဲ။ ကိုယ့်ဘဝမှာ သရဏဂုံတော်ဂါထာကြီးဟာ ထောင်ထဲမှာ အေးချမ်းမှုပေးခဲ့သလို အခုထိ ချမ်းသာကြီးပွားလိုရာပြည့်စုံစေခဲ့တာအမှန်ပါပဲ။ လူတိုင်းရွတ်ပွားဖို့ သူငယ်ချင်း မဂ္ဂဇင်းမှာ စာရေးပါကွာ။ ဒါတော့ တူညီစမ်းပါ"

"ရေးမယ် ကိုဝင်းခိုင်၊ ကျွန်တော်ရေးဖြစ်အောင် ရေးပါ့မယ်။ အားကျအတုယူဖွယ်ပါပဲဗျာ။ ကဲ - ကိုဝင်းခိုင် အိမ်ရှင်မလည်း မျှော်ရော့မယ် သွားကြစို့"

ထိုနောက်. . . ထို့နောက် . . . ကိုဝင်းခိုင်၏ ဇိမ်ခံကားကြီးကို ဒရိုင်ဘာလေးက မောင်းနှင်ကာထွက်ခဲ့ပါတော့သည်။

နတ်မောက်လှမြင့်သစ်



www.burmeseclassic.com

www.burmeseclassic.com



အဘအောင်မင်းခေါင်ကို စတင် ဖူးတွေ့ရခြင်း

တန်ဆောင်မုန်းလပြည့်နေ့သို့ ရောက်ရှိလာပြီ။ ကျွန်တော်တို့မျှော်လင့်စောင့်စားခဲ့ရသော အဘအောင်မင်းခေါင်လည်း ဇရပ်ကုန်းရွာသို့ကြွလာပြီ။ ကျွန်တော်တို့ တွေ့ချင်ဆုံး၊ မြင်ချင်ဆုံးသော အဘကို အခုတော့ တွေ့ရမည်၊ ဖူးမြော်ခွင့်ရမည်။ ကဲ - အဘအောင်မင်းခေါင်နှင့်တွေ့ရင်တော ဘာပြောမှာလဲ။ ဘာတောင်းဆိုမှာလဲ။ အဘ ဟုတ်၊ မဟုတ်ကောဘယ်လိုသိနိုင်မှာလဲ။ အဘအစစ်အမှန်ကို ဒီအဘက အတုကြီးပါဟု ပြောမိဆိုမိပါက အပြစ်ကြီးသည်။ အဘကို စော်ကားမိသည့်အပြစ်က ဘယ်လိုမှ ချေဖျက်လို့မရပေ။ အကယ်လို့ အတုအယောင်ကို အစစ်ထင်၍ ကိုးကွယ်မိပါက အများအမြင်တွင် ရှက်ဖွယ်ဖြစ်နေမည်။ ဘာပဲပြောပြော အနီးကပ်ပေါင်းကြည့်ပြီးမှ သိနိုင်မည့်ကိစ္စသာ ဖြစ်သည်။

ထိုနေ့ည လပြည့်နေ့တွင် ကုလား ဦးကျော်စိုး လာခေါ်သဖြင့် ကျွန်တော်တို့နှစ်ယောက် ကားဖြင့် လိုက်သွားသည်။ မိတ္ထီလာ-ကျောက်ပန်းတောင်းကားလမ်းမှာ မိုင် (၆၀) ဝေးပါသည်။ ဇရပ်ကုန်းမှာ မိတ္ထီလာမှ (၂၇) မိုင်ခန့် ကွာဝေးပါသည်။ တန်ဆောင်မုန်းလပြည့်နေ့သည် မိုးလေဝသကင်းစင်ပြီး ကြည်ကြည်လင်လင် သာယာနေသည်။ ဝိုင်းစက်စက် လဝန်းကြီးက မိုးကောင်းကင်တွင် ထိန်လင်းနေသည်။ လေပြည်လေနုလေး တိုက်ခတ်သဖြင့် အေးမြသော အထိအတွေ့တို့သည် စိတ်ကိုကြည်လင်စေပါသည်။

"ကိုကျော်ရှိန်၊ အဘနဲ့တွေ့ရင် ဘာပြောမှာလဲ"


ကျွန်ုပ်က စတင် မေးမြန်းရင်း ကားပေါ်တွင် စကားစတင်ခဲ့ပါသည်။

"အဘကို အပြင်မှာ ရုပ်တုကြီးပဲ ရှိခိုးနေတာ ခုလို သက်ရှိထင်ရှားဖူးတွေ့ရတော့ အားရပါးရဖူးမယ်ဗျာ။ ကျုပ်တို့က ဝိဇ္ဇာဂန္ဓာရီလမ်းကို လျှောက်မယ့်သူ



www.burmeseclassic.com

# အဏ္ဏဝါလှိုင်း ၄
## အဘအောင်မင်းခေါင်နှင့်ဝိဇ္ဇာဂန္ဓာရီခရီးစဉ်



တွေဆိုတော့ [illegible] လုပ်မယ်ဗျာ”

“အေး [illegible] ခင်ဗျားကတော့ ဝိဇ္ဇာဖြစ်ဖို့ အဘကို အားကိုးတာ။ ကိုယ်ဖြစ်ချင်တာကိုဖြစ်အောင်အားကိုးတာ။တချို့ကျ အဘက သိဒ္ဓိမပါဒ္ဓိတန်ခိုးရှိတယ်။ အဘက ရွှေလိုချင် ရွှေပေးနိုင်တယ်။ ငွေလိုချင် ငွေပေးနိုင်တယ်လို့ ယူတယ်။ အဘနဲ့ တွေ့ရင် ချမ်းသာချင်ကြတယ်။ မှဖို့ တောင့်တကြမှာပဲ”

“အေးဗျ၊ ခင်ဗျားပြောတာ သဘာဝကျတယ်။ အဘနဲ့တွေ့ရင် ဒုက္ခရောက်တဲ့သူတွေက ကယ်မပေးဖို့ တောင်းခံမှာပဲ။ ငွေကြေးချမ်းသာတဲ့သူက တည်မြဲဖို့ တောင်းဆိုမယ်။ ငွေကြေးချို့တဲ့သူက ချမ်းသာအောင်တောင်းမယ်”

“ဝိဇ္ဇာကိုကိုးကွယ်တာက အားကိုးချင်လို့ ကိုးကွယ်ကြတာပဲ။ ဒါပေမယ့် လူတိုင်းကိုတော့ အဘက မကယ်နိုင်ဘူးနဲ့ တူတယ်”

“လူအမျိုးမျိုး စိတ်အထွေထွေ ဆိုတော့ လူတိုင်းတော့ မကယ်နိုင်ဘူး ထင်တယ်။ သူ့သဘာဝက သူ့သားသမီးဖြစ်မှ သူကယ်မယ်ထင်တာပဲ”

“ဒါဆိုရင် အဘ ဟုတ်၊ မဟုတ်တို့ဘယ်လိုလုပ်သိနိုင်မှာလဲ”

“ဒါကတော့ မှတ်ပုံတင်နဲ့ သန်းခေါင်စာရင်းစစ်လို့မှမရတာ။ လူမှမဟုတ်တာ၊ ဝိဇ္ဇာပဲ။ ဝိဇ္ဇာဆိုတာ လိပ်စာမရှိဘူး”

“ဒါဆိုရင် လူပြည်လူ့ရွာဌာနသို့ ခဏပြန်လာတာ သာမန်လူတော့မဟုတ်ဘူး။ ထူးခြားတာတွေရှိမယ်ထင်တယ်”

“ဒါကတော့ ကြိုတင်တွေးဆကြတာပါပဲ။ ကျုပ်တို့တွေ့မှပဲ အဖြစ်မှန်ကို လေ့လာကြတာပေါ့”

ကျွန်ုပ်တို့ (၃) ယောက် စကားတပြောပြောနှင့်ကားစီးလာတာ မကြာမီ ဇရပ်ကုန်းရွာသို့ ရောက်ရှိလာကြသည်။ ဇရပ်ကုန်းရွာသူကြီး ဦးဘိုကံ၊ ဒေါ်မြဝင်းတို့အိမ်တွင် မီးစက်ဖြင့် မီးထွန်းထားသည်။ အိမ်ခြံဝင်းအားလုံး မီးလင်းနေသည်။ အိမ်၏ ခေါင်းရင်းတွင် အဘ

www.burmeseclassic.com

အောင်မင်းခေါင်၏ စခန်းထောက်ဓာတ်ခန်းလေးတစ်လုံးရှိလေသည်။ ထိုဓာတ်ခန်းလေးသည် မီးရောင်အောက်တွင် ထိန်လင်းနေပြီး ဓာတ်ခန်း၏အရှေ့ဘက်မြေကွက်လပ်တွင် မဏ္ဍပ်တစ်လုံးထိုးထားသည်။ ထိုမဏ္ဍပ်ထဲတွင် ထိုင်ခုံများ၊ စားပွဲများဖြင့် ပြည့်နေသည်။ လူတွေထိုမဏ္ဍပ်ထဲတွင် နေရာယူပြီး အဘဖူးမြော်ဖို့ စောင့်နေလေသည်။

ထိုသို့ စောင့်နေကြသူ (၂၀) ခန့်သည် အဘအားဖူးတွေ့ရန် အခွင့်ရရှိလေသည်။ ဝင်းဦးသည် အဘနားတွင် နီးနီးကပ်ကပ်နေရသောသူ ဖြစ်သည်။ အဘအားပြုစုရန် တာဝန်ယူရလေသည်။ ဝင်းဦးမှ အဘကို ဖူးမြော်ရန်လူ (၂၀) ခန့် ရောက်ရှိနေကြောင်း အလျှောက်ထားသဖြင့် အဘမှခွင့်ပြုရာ ကျွန်တော်တို့ ဓာတ်ခန်းထဲသို့ ဝင်ရောက်ကြလေသည်။ အဘအား အနီးကပ်ဖူးတွေ့ခွင့်ရရှိလေသည်။

အဘအောင်မင်းခေါင်ကို ဖူးတွေ့ရသောအခါတွင် သာမန်လူသားတစ်ယောက်နှင့် ဘာမှမထူးခြားပါ။ ဆံပင်မှာ အဖြူရောင်များနေပြီ။ တစ်ပေခွဲခန့်ရှည်ပြီး ခပ်ပါးပါးဆံပင်ကို နောက်တွင်စုချီ၍ ထုံးထားလေသည်။ မျက်မှန်အထူကြီးကို တပ်ထားသည်။ နဖူးမှာ အတော်ကျယ်သည်။ ခန္ဓာကိုယ်မှာ ကြီးမားထွားကျိုင်းလေသည်။ ရွှေခေတ် မြန်မာကြီးကို အသက်ဝင်၍ ပြန်တွေ့လိုက်ရသလို ခံစားမိပါသည်။ အဘ၏ ရုပ်ပုံလွှာကို သေသေချာချာ ဖူးမြင်ရသောအခါ ပုပ္ပားအောင်မင်းခေါင်ရုပ်ပုံများနှင့်များစွာ ကွဲလွဲနေပေသည်။ မြင်နေကျ၊ တွေ့နေကျ အဘရုပ်ပုံနှင့် ခုတွေ့ရသော အဘရုပ်ပုံလွှာသည် တူညီမှုနည်းနေသည်။

အဘအောင်မင်းခေါင်သည် ညနေ ထမင်းစားပြီး ၎င်း၏တပည့်တစ်ဦးမှ အစာကြေဆေးများကို တိုက်ကျွေးနေသည်။ အဘသည် ဆေးကို ရေဖြင့်သောက်ပြီး ဆေးလိပ်အဖြူကို မီးညှိပြီး ဖွာနေလေသည်။ အဘအောင်မင်းခေါင်ဆိုတာဒါပဲဟု အသိဖြင့် သေသေချာချာ ဖူးမြင်ပြီး အနီးကပ် လေ့လာကြည့်လေရာ အဘ၏ ဘယ်ဘက်လက်သူကြွယ်တွင် စိန်ဃက်စွပ်တစ်ကွင်းဝတ်ဆင်ထားသည်။ အဘအပေါ်အင်္ကျီမှာ စွပ်ကျယ်လက်စတအဖြူဖြစ်ပြီး လုံချည်မှာ အပြာကွက်ထောက်ဖြစ်သည်။ အဘစီးသော ဖိနပ်မှာ တက္ကိုပါဖိနပ် ဖြစ်သည်။ ပထမဆုံးဖူးတွေ့ရသောအဘအောင်မင်းခေါင်၏ ပြင်ပတွေ့ရှိချက်၊ ပြင်ပပုံသဏ္ဌာန်ပင် ဖြစ်ပေတော့သည်။

တချို့က ၎က်ပျောပွဲအုန်းပွဲကို တောင်းမှာထည့်၍ အဘကို လိုတာတောင်းခွင့်ပြုပါရန် ခေတ်သဘောဖြင့် တောင်းလေသည်။

"မင်းက ဘယ်ကလဲ"

"သားက မိတ္ထီလာကပါ"

"ဘာလုပ်ကိုင်စားလဲ"

"သားက စာရင်းစစ်ကပါ"

"ဒီ၎ှက်ပျောပွဲက ဘယ်သူ့အတွက်လဲ"

"အဘအတွက်ပါ။ အဘကိုလှူတာပါ"

"မင်းကဘာဖြစ်ချင်တာလဲ"

"သားမှာ ကလေး (၃)ယောက်ရှိပါတယ်။ ယောကျ်ားလေးတွေပါ။ သူတို့နောင်ရေးအတွက် အလုပ်အကိုင်အခွင့်အလမ်းလေးဖြောင့်ဖြူးစေချင်ပါတယ်"

"မင်းကဘာနေ့သားလဲ"

"ဗုဒ္ဓဟူးသားပါ"

"အင်း - မင်းက တောင်းတာများနေတယ်၊ ကလေးတွေလည်း သူ့ကံနဲ့သူလာကြတာ။ သူတို့နောင်ရေးတွေကလည်း အဆိုးကြီးတော့ မဟုတ်ပါဘူး"

"ဟုတ်ကဲ့၊ သားကိုလည်း သားသမီးအဖြစ် သတ်မှတ်ပါ။ သားတို့ကို စောင့်ရှောက်ပါ"

"အေး အေး- ငါလည်း ငါ့မိဘရွာမှာ ကျေးဖူးဆပ်ဖို့ ပြန်ဝင်လာတာ။ စင်မြင့်မှာ ဓာတ်ခန်းဆောက်ဖို့ ဘုန်းကြီးထံက မြေဝင်ရမယ်။ မင်းဘယ်လောက်လှူနိုင်သလဲ"

"သား တတ်နိုင်သလောက်လှူပါ့မယ်"

"မင်းကို (၁၀) သိန်း ငါအလှူခံမယ်"

"သားစဉ်းစားပါဦးမယ်"

"အေး၊ အေး-ကောင်းပြီ၊ ကောင်းပြီ"

ထို၎က်ပျောပွဲအုန်းပွဲဖြင့် သား(၃)ယောက်ကိုခေါ်ပြီး မိမိတို့မိသားစုနောင်ရေးအတွက် အဘထံမှ အခွင့်အရေးတောင်းခံလေသည်။ အဘက ပြန်အလှူခံသောအခါ အဘထံသို့ နောင်ဘယ်တော့မှ ပြန်မလာတော့ပါ။ အဘနှင့်စတွေ့စဉ် ပထမဆုံးသော အတွေ့အကြုံတစ်ခုကို ရလိုက်ပါသည်။

နောင် အဘနှင့်ရင်းနှီးလာသောအခါ ပွဲဖြင့်တောင်းသောသူကို ဘာကြောင့် ငွေ (၁၀) သိန်း အလှူခံရသလဲဟု မေးမြန်းကြည့်သောအခါ အဘက အောက်ပါအတိုင်း ဖြေကြားလေသည်။

"လူတွေဟာ လောဘနဲ့လာကြတာ။ ချမ်းသာချင်တယ်၊ ကြီးပွားချင်တယ်၊ ရာထူးတက်ချင်တယ်။ ကိုယ်နဲ့မတန်မရာတောင်းခံလာပါက မိမိဘက်ကလည်း မတန်တဆတောင်းခံလိုက်ရတယ်။ သားသမီးမှန်ရင်ရွှေတိုးလာတာ၊ နောက်မတွန့်ဘူး။ သားသမီးမဟုတ်ရင် ပဋ္ဌာန်းဆက်မဟုတ်လို့ နောင်ဘယ်တော့မှ မလာတော့ဘူး"

ကျွန်ုပ်တို့အလှည့်သို့ မရောက်မီ အရာရှိများ အဘကို ကန်တော့ကြလေသည်။ ၎င်းတို့ထဲတွင် အရာရှိတစ်ဦး၏ဇနီးမှာ ကချင်ဖြစ်၏။ အဘနှင့် ကချင်လိုပြောနေကြသည်။ အဘက ဘာသာပေါင်းစုံတတ်ကျွမ်းကြောင်း နောက်မှသိလေသည်။နောက်အရာရှိအား ရှေ့တန်းစစ်ဆင်ရေးအကြောင်း၊ လက်နက်နှင့်ဖွဲ့စည်းပုံ၊ လူအင်အားဖွဲ့စည်းပုံများကို အင်္ဂလိပ်လိုရော၍ပြောလေသည်။အဘက အရာရှိဇနီး ကချင်မနှင့် ကချင်လိုရောပြောနေကြလေသည်။ အဘသည် ဘာသာပေါင်းစုံတတ်သည်။ သားသမီးအသီးသီး ဝမ်းသာအားရ ဖူးမြော်ကန်တော့၍ ပြန်သွားလေသည်။

ကျွန်ုပ်တို့အလှည့်သို့ ရောက်၏။ အဘကို ပထမဆုံးအကြိမ် ဖူးတွေ့ခြင်းဖြစ်ပါသည်။ စိတ်ထဲတွင် ဘယ်လိုမှ ယုံကြည်လို့မရသော သံသယစိတ်များ ကြီးစိုးနေမိပါတော့သည်။ မနော၁မှမသိ စိတ်ကို မျိုချ၍ အဘကို ဦးချကန်တော့ကြလေသည်။ အဘအတွက် အားဆေးများ၊ အချိုရည်များ၊ ဝတ္ထုငွေများကို အဘအား ပူဇော်ခဲ့ကြသည်။

"သားတို့ကဘယ်ကလာတာလဲ"

"သားတို့က မိတ္ထီလာကလာတာပါ"

"သားတို့ထဲမှာ တနင်္ဂနွေသားပါလား"

"ဟုတ်ကဲ့ - ကျွန်တော် တနင်္ဂနွေသားပါ"

"မင်း မနောထဲမှာ မတင်မကျဖြစ်နေတာတွေ ခဏမျိုချထား"

"ဟုတ်ကဲ့ အဘ"

"လူဆိုတာ ဘာကိစ္စလုပ်လုပ် ချက်ချင်းမဆုံးဖြတ်ရဘူး။ သေသေချာချာ စဉ်းစားဆုံးဖြတ်ပြီးမှလုပ်ရင် အောင်မြင်မှာပဲ"

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com

"မင်းဘာသိချင်သေးလဲ"

"သား အဘအောင်မင်းခေါင်အကြောင်း သိချင်တယ်"

"မင်းငါ့အကြောင်းကိုသိချင်ရင် တောင်လုံးလှကိုသွား။ ဆရာတော်ကို မေးမြန်းစုံစမ်းပါ။ ငါ့အကြောင်းငါပြောတာထက် ငါ့အကြောင်းသိတဲ့သူကပြောတာ ပိုကောင်းမယ်"

"ဟုတ်ကဲ့အဘ။ သားတို့မနက်ဖြန် သွားပါ့မယ်"

"မင်းတို့ထဲမှာ တနင်္လာသားပါလား"

"ဟုတ်ကဲ့၊ ကျွန်တော် ကျော်ရှိန်ပါ"

"မင်းတ အလုပ်လုပ်တာ ထောင့်စေ့တယ်။ ပိုက်ဆံရမယ်ဆိုရင် အသုဘပါးစပ်ထဲကတစ်မတ်တောင်နှိုက်ယူမယ့်ကောင်ပဲ"

"ဟဲ. . . ဟဲ. . . ဟဲ"

"အေး-မင်းဘာသိချင်သေးလဲ"

"သားတို့က အဘရဲ့သားသမီးတွေပါ။ သားတို့အပေါ် အဘမေတ္တာတွေ သွတ်ထားတယ်ဆိုတာ သားတို့အသိဆုံးပါ"

"အေးအေး-မနက်ဖြန် တောင်လုံးလှကိုသွား။ ဒါနဲ့ မင်းတို့နှစ်ယောက် ငါ့ခိုင်းတာလုပ်နိုင်ပါ့မလား"

"အဘပေးတဲ့တာဝန်ကို သားတို့ လုပ်နိုင်အောင်ကြိုးစားပါ့မယ်"

"တောင်လုံးလှ တောင်ပေါ်က ဘုရားတွေကိုပြင်မယ်။ ထီးတင်မယ်။ မင်းတို့နှစ်ယောက် ဘုရားရင်ပြင်မှာ တံခွန်တိုင်မရှိဘူး၊ တံခွန်တိုင်လှူကြ"

"ဟုတ်ကဲ့"

"ဒါဆိုရင် ပြန်ကြတော့။ နောက်မှ ဆုံကြတာပေါ့"

"ဟုတ်ကဲ့"

အပြန်ခရီးတွင် အဘအကြောင်းကို ဆွေးနွေးကြလေသည်။

"ကိုကျော်ရှိန်၊ ကျွန်တော့်အမြင်ကို အရင်ပြောမယ်ဗျာ။ ကျွန်တော်က ဝိဇ္ဇာဖြစ်ရင် ထမင်းမစားတော့ဘူး။ သိဒ္ဓိပြီးတယ်လို့ထင်တာ။ အခု အဘက ထမင်းစားတာတွေ့တော့ တစ်မျိုးကြီးခံစားရတယ်"

"ဒါကတော့ ခင်ဗျားက ဝိဇ္ဇာနဲ့ နတ်ရောသွားတာ ဖြစ်မယ်။ လူ့ပြည်က ပျောက်သွားပြီး နတ်ပြည်ရောက်သလို ထင်နေတာဖြစ်မှာပေါ့။ ဝိဇ္ဇာက လူ့ပြည် လူ့လောကထဲမှာပဲရှိတယ်။ လူလိုပဲကျင့်မှာပေါ့"

"ဟုတ်ပါပြီ။ နောက် အဘတို့ကို စတွေ့တော့ ပုပ္ပားကထွက်သွားစဉ် အဘရုပ်ပုံလွှာ၊ ရုပ်တုတွေနဲ့ အခုဖူးတွေ့ရတဲ့ပုံသဏ္ဌာန်က တော်တော်ကွာတယ်။ ဒါလည်း ကျွန်တော့်စိတ်ထဲမှာ တစ်မျိုးကြီးပဲ"

"ဒါကလည်း ခင်ဗျားရုပ်ပုံတွေပဲ ပြန်ကြည့်လေ။ (၁၆) နှစ်သား အဏ္ဏဝါလှိုင်း၊ (၃၀) နှစ်သား အဏ္ဏဝါလှိုင်း၊ အခု အဏ္ဏဝါလှိုင်းတို့က တူပါ့မလား။ ရုပ်ကို မသုံး၊ နာမ်ကိုသုံးဖို့ ပြောတယ်။ ရုပ်မတူတာ ပြဿနာမဟုတ်ဘူး"

"ခင်ဗျားကတော့ အဘကို ဘယ်လို မြင်သလဲ"

"ကျွန်တော်ကလူသားတစ်ယောက်မို့ အဘကို မဝေဖန်သေးဘူး"

"ဟော-လုပ်ပြီ။ ဘာကြောင့်ရှင်းပါဦး"

"မြွေမြွေချင်းခြေမြင်တယ်ဆိုတာ ဆိုတာ ကြားဖူးတယ်နော်၊ တူမှမြင်နိုင်တာ၊ သိနိုင်တာ။ အဘလိုဝိဇ္ဇာပြီးပြီးသား ပုဂ္ဂိုလ်ကို သာမန်လူတွေအမြင်နဲ့ မမြင်နိုင်၊ မတွေ့နိုင်တာတွေရှိမယ်။ ပြောရတာ ခက်သေးတယ်"

"ကျုပ်တို့က ဘာသမာဓိမှမရဘာ သိဒ္ဓိမှမရှိတော့ အဘ ဟုတ်၊ မဟုတ် ဘယ်လိုလုပ်ဆုံးဖြတ်လို့ရမှာလဲ"

"ဟုတ်တယ်။ ဒါကြောင့် အဘသားသမီးတွေဟာ အဘနဲ့မတွေ့ခင်က တောင် နာမ်လောကနဲ့ခိုင်းတာလုပ်ခဲ့တာ။ အခု လူကိုယ်တိုင် မြင်တွေ့ရပြီ။ အဘခိုင်းတာလုပ်ဖို့ပဲရှိတယ်။ မနက်ဖြန် တောင်လုံးလှကိုသွားမယ်။ တောင်လုံးလှ ဆရာတော်ကိုဖူးမယ်။ တံခွန်တိုင်ကိစ္စ ဆောင်ရွက်ကြမယ်"

ကျွန်တော်တို့နှင့် ပါလာသော ဦးမြင့်ဝေဆိုသူသည် ဘိုးတော်လေးဟု သူ့ကိုသမုတ်ကြသည်။ လျှပ်စစ်ဝန်ထမ်း တစ်ဦး ဖြစ်သည်။ ပုတီးစိပ်၍ ဆေးကုပေးသဖြင့် သူ့ကို ဘိုးတော်လေးဟု သမုတ်ကြခြင်း ဖြစ်သည်။ သူ့ကို အဘအောင်မင်းခေါင် စောင့်ရှောက်တယ်၊ ဝိဇ္ဇာဓာတ်ခံရှိတယ်ဆိုပြီး ဇရပ်ကုန်းခေါ် လာခဲ့ပါသည်။ ပထမဆုံးတွေ့ရသော အဘကိုဖူးပြီး နောက်ခေါ်၍မရတော့ပါ။ နောင်လည်း အဘအောင်မင်းခေါင်ထံ ဘယ်တော့မှမရောက်တော့ပါ။

အဘသားသမီးမဟုတ်ပါက အဘနှင့်ဝေး၍ဝေး၍သွားလေသည်။ ကိုမြင့်ဝေကို မေးကြည့်သောအခါ အဘသည် အဘအောင်မင်းခေါင်မဖြစ်နိုင်ကြောင်း၊ အဘလက်တွင် ဝတ်ဆင်ထားသော စိန်လက်စွပ်ကိုကြည့်၍ အဘအပေါ် အမြင်တစ်မျိုးမြင်နေကြောင်း ပြောပါသည်။ လက်စွပ်ရတနာကို ခုံမင်၍ လည်းကောင်း၊ လှချင်၍ လည်းကောင်း၊ ကြွားချင်၍ လည်းကောင်း ဝတ်ဆင်ခြင်း ဖြစ်သည်။ လူတွေလုပ်သောအလုပ်ကိုလုပ်သဖြင့် အဘမဖြစ်နိုင်ကြောင်း ပြောလေသည်။

အဘ၏ ကားသမား ကိုတင်ဝင်းကို မေးကြည့်သောအခါ သူ့လက်စွပ်ကို အဘအား ဝတ်ဆင်ပေးထားကြောင်း၊ (၇)ရက်ပြည့်အောင် ဝတ်ဆင်ပြီး သိဒ္ဓိအစွမ်းများ ပြည့်နေသော ထိုလက်စွပ်ကို ပြန်စွန့်မည်ဖြစ်ကြောင်း၊ အလှူရှင်တွေ ချမ်းသာသူတွေ လက်စွပ်ကို သိဒ္ဓိတင်ပေးဖို့ အဘကို ခေတ္တဝတ်ပေးဖို့ တောင်းဆိုတာတောင် အဘက လက်မခံခဲ့ကြောင်း၊ သူပေးချင်တဲ့သားသမီးကိုသာ လက်စွပ်ကိုဝတ်ဆင်ပြီး သိဒ္ဓိပြည့်မှ ပြန်စွန့်ပါကြောင်း သိခဲ့ရလေသည်။

အဘနှင့်တွေ့စဉ်က အဘအပေါ် မြင်ခဲ့သော သံသယများကို အဘက သိနေလေသည်။ 'တနင်္ဂနွေသား၊ မင်းမနောထဲက မတင်မကျဖြစ်နေတာကို ခဏမျှ ချထား' ဟု ပြောခဲ့သည်။ အဓိပ္ပာယ်ကို ခုမှ သဘောပေါက်လေသည်။

အဘသည် မနောအာရုံပိုင်နိုင်သည်။ လူတွေအများကြီးထဲက လူတွေ အကြောင်းကို တွေ့လိုက်မြင်လိုက်သည် နှင့် ဘာကြောင့်လာသည်၊ ဘာတောင်းတော့မည်၊ ပဋ္ဌာန်းဆက်ရှိတယ်၊ မရှိဘူး ဆိုတာကြိုသိနေလေသည်။ နောင်အဘနှင့်တွေ့ပါက ပါးစပ်ကဖွင့်မလျှောက်ဘဲ မနောဖြင့်လျှောက်ကြည့်မည်ဟုဆုံးဖြတ်ထားပါသည်။ အဘအောင်မင်းခေါင် ဟုတ်၊ မဟုတ် သံသယတို့ကို မျှချပြီး အဘတာဝန်ပေးရာ တောင်လုံးလှသို့ သွားမည်၊ တံခွန်တိုင်လုပ်မည်ဟု ဆုံးဖြတ်၍ မိတ္ထီလာသို့ ပြန်လာခဲ့ကြပါသည်။

**တောင်လုံးလှဆရာတော်အား ဖူးတွေ့ရခြင်း**

ကျွန်တော်နှင့် အတွဲဆုံးကတော့ ဦးကျော်ရှိန် ဖြစ်သည်။ အသက်အရွယ်ကြီးပြီး ရှေ့နောက်စဉ်းစားတတ်သော လူကြီးလူကောင်းစိတ်ရှိသည်။ အတွေ့အကြုံများပြီး ဗဟုသုတကြွယ်သည်။ တောင်လုံးလှတွင် ဘုရားတံခွန်တိုင် ပြုလုပ်ရန်အတွက် ရောက်ရှိခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

တောင်လုံးလှဆရာတော်အား ဖူးတွေ့၍ လာရခြင်းအကြောင်းကို လျှောက်ထားပါသည်။

"ဆရာတော် ကျန်းမာရဲ့လား ဘုရား"

"ကျန်းမာတယ်လို့မရှိဘူး။ ဒီလို နေရတာပဲ။ ဒကာတို့က ဘယ်ကလာတာလဲ"

"တပည့်တော်တို့က မိတ္ထီလာက လာခဲ့တာပါ။ ဒါ ဦးကျော်ရှိန်လို့ ခေါ်ပါတယ်။ တပည့်တော်က အဏ္ဏဝါလှိုင်းပါ"

"ဘာကိစ္စနဲ့လာကြတာလဲ"

"အဘအောင်မင်းခေါင်က လွှတ်လိုက်လို့လာတာပါ။ ဒီတောင်လုံးလှတောင်မှာ တံခွန်တိုင်ပန္နက်ရိုက်တာရှိတယ် ပြောတယ်။ တပည့်တော်တို့ကို တံခွန်တိုင်လုပ်ခိုင်းလို့ပါ ဘုရား"

"ခဏနားကြပါဦး၊ တောင်ထိပ်ကို တက်ရဦးမယ်။ ဒီကျောင်းက တောင်လုံးလှတောင်ခြေမှာ ဆောက်ထားတာ။ တောင်လုံးလှတောင်ထိပ်မှာရှေးဟောင်းဘုရားတစ်ဆူရှိတယ်။ မင်းတို့အဘက ဒီဘုရားတွေကိုပြင်မယ်။ ထီးတင်မယ်။ ဘုရားရင်ပြင်မှာ တံခွန်တိုင်မရှိသေးဘူး။ ဒါကြောင့် ဒကာတို့ကိုလုပ်ဖို့လွှတ်လိုက်တာ ဖြစ်မယ်"

"ဟုတ်တယ်ဘုရား။ အခု တပည့်တော်တို့ အပေါ်တက်ဦးမယ် ဘုရား။ အပြန်မှပဲနားမယ်၊ စကားပြောမယ် ဘုရား။ သိတဲ့တစ်ယောက်ထည့်ပေးပါ ဘုရား"

"အေး၊ အေး - ဟုတ်ပြီ။ တပည့်ထိန်ဝင်းရှိတယ်၊ လိုက်ပို့လိုက်ပါဦး။ အဘ လက်ညှိုးထိုးပြီး အင်သားနဲ့ ပန္နက်ရိုက်ထားတာ"

"တင်ပါ့ဘုရား၊ တပည့်တော် လိုက်ပို့လိုက်ပါ့မယ်ဘုရား"

"ကဲ-ဒကာတို့ ကျွန်တော်နဲ့ လိုက်ခဲ့။ တောင်ပေါ်တက်ရအောင်"

"ဟုတ်ကဲ့"

ကျွန်တော်တို့ နှစ်ယောက်သည် ဘဘုန်းတပည့်ထိန်ဝင်းနှင့် တောင်လုံးလှတောင်ပေါ်သို့ တက်ခဲ့ပါသည်။ တောင်တက်လမ်းကို ကျောက်တုံးများဖြင့်စီ၍ လှေကားလုပ်ထားသည်။ အတက်မှာ တောက်လျှောက်လှေကားဖြင့် တက်ရသောကြောင့် အတော်မောလာသည်။ လှေကားထစ် (၁၀၀) ကျော် ရှိမည်ထင်သည်။ လှေကားထစ်များဆုံးသောအခါ မြေပြန့်တစ်ခုကိုရောက်သည်။ မန်ကျည်းပင်အရိပ်တွင် ခေတ္တနားခိုပြီး အနားမှ ရှေးဟောင်းအဆောက်အအုံကို တွေ့ရ၏။ ကိုထိန်ဝင်းကို မေးကြည့်သောအခါ (၂၈) ဆူဘုရားဖြစ်ကြောင်း သိရသည်။ အထဲသို့ဝင်ဖူးသောအခါ (၂၈)ဆူဘုရားများ ပလ္လင်နေရာသာရှိပြီး ဘုရားဆင်းတုတော်များ မရှိတော့ပါ။ အလယ်ဗဟိုတွင် ခြေတော်ရာတစ်ဆူကို ထင်ထင်ရှားရှား ဖူးတွေ့ရသည်။

အောက်ခြေတော်ရာဟု ခေါ်ကြောင်း၊ အပေါ်တွင် အထက်ခြေတော်ရာတစ်ဆူရှိသေးကြောင်းသိရလေသည်။ အောက်ခြေတော်ရာကို ကျွန်းတိုင်များဖြင့် ဆောက်လုပ်ထားပြီး အမိုးကို ကျွန်းပြားများထပ်၍ထပ်၍မိုးထားပြီး ဘုံ (၃) ဆင့်ဖြင့် အလယ်တွင် စုလစ်၊ ထီးတိုင်၊ ရွှေထီးတို့ဖြင့် တင်လှူပူဇော်ထားသည်။ ကျွန်းသားတို့ကိုထွင်း၍ မြန်မာမှုပြုလုပ်ထားသော ပန်းတောင်း၊ ပန်းဆွဲတို့မှာ ရှေးမူမပျက်ရှိနေပါသည်။ ယခုအခါ နှစ်ကာလကြာညောင်းလာသဖြင့် မထိရဲ မကိုင်ရဲလောက်အောင် ဆွေးမြည့်နေပါသည်။

အောက်ခြေတော်ရာရင်ပြင်တွင် (၉)တောင်ပြည့်စေတီ(၁)ဆူ ရှိသည်။ မြေပြတ်မှာ တောင်ကိုဝိုင်း၍ ပတ်ထားသဖြင့် အပေါ်မတက်သေးဘဲ လျှောက်ကြည့်မိပါသည်။ ရင်ပြင်၏တောင်ဘက်ခြမ်းတွင် ရှေးခေတ်အုတ်တိုက်(၁)လုံးရှိသည်။ ရသေ့ဦးလင်းစိန်ဆိုသူ ခေတ္တနေထိုင်ကြောင်း သိရသည်။ တောင်ဦးရွာသားများက မကြည်ညိုသဖြင့် ယခုအခါ ထိုတိုက်ခန်းတွင် မနေတော့ဘဲ တောင်ငူသို့ ပြန်သွားကြောင်း သိရသည်။

(၂၈)ဆူဘုရားမှာ ဝဲဘက်အတိုင်း ပတ်ပါက တောင်၏ အရှေ့ဘက်တွင် ရင်ပြင်တစ်ခုကိုတွေ့ရသည်။ မန်းကျည်းပင် (၂) ပင်ဖြင့် အရိပ်ရလေသည်။ ရင်ပြင်၏အနောက်ဘက် တောင်ခြေတွင် လိုဏ် (၀) ခု ရှိသည်။ ထိုလိုဏ်ထဲကို သေသေချာချာကြည့်သောအခါ စောနန်းနွယ်၊ မြနန်းနွယ် သိုက်ဆက်-သိုက်နန်းတစ်ခုကို တွေ့ရသည်။ သိုက်နန်းရှင်ညီအစ်မနှစ်ယောက်လိမ်းရန် သနပ်ခါးများ၊ ကျောက်ပျဉ်များ၊ မှန်များ လှူထားတာကို တွေ့ရသည်။

တောင်ထိပ်သို့ မရောက်မီ (၂၈) ဆူဘုရား၊ (၉)တောင်ပြည့်စေတီ၊ ဦးလင်းစိန်နေရာ၊ ကျောက်တိုက် (၁) လုံးနှင့် သိုက်နန်းရှင်ညီအစ်မ (၂)ယောက်နေရာ သိုက်နန်းတို့မှာ တောင်ကိုပတ်၍ရှိသော ရင်ပြင်များမှာ တစ်ဆက်တည်းရှိပါသည်။

ထိုပစ္စယံအဆင့်မှ ပေ (၃၀)အမြင့်တွင် တောင်လုံးလှတောင်ထိပ် တည်ရှိသည်။ အဓိကရည်မှန်းချက် တောင်ထိပ်သို့ တက်ပြီး ရင်ပြင်တော်ပေါ်တွင် လေညင်းခံရင်း ခေတ္တခဏနားခဲ့ရသည်။ အမောပြေသွားသောအခါ စေတီကြီးအား ဖူးမြော်ကန်တော့ပြီး ပတ်ဝန်းကျင်ကို လှည့်လာကြည့်သောအခါ စေတီဘေးတွင် အရံစေတီငယ်တစ်ဆူ ရှိသေးသည်။ ထိုစေတီကို မေးကြည့်သောအခါ အထက် ခြေတော်ရာကို ငုံ၍တည်ထားသောစေတီဖြစ်ကြောင်း၊ ခြေတော်ရာကို တစ်ဝဂ္ဂဖြင့် ငုံတည်ထား၍ ဖူးတွေ့နိုင်ကြောင်း သိရသည်။ ခြေတော်ရာကို ခက်ခက်ခဲခဲ ဝင်၍ဖူးမြော်ခဲ့ရပါသည်။ အဘယ်ကြောင့်ဆိုသော် ဝင်ပေါက်ကျဉ်းနေသောကြောင့် ဝင်ရ ထွက်ရမလွယ်ကူပါ။

ခြေတော်ရာများမှာ မူလသဘာဝ ကျောက်သားများဖြစ်ပြီး စက်လက္ခဏာများမှာ မထင်ရှားတော့ပါ။ မူရင်းစက်လက္ခဏာ၊ ကူးယူထားသော လူလုပ်စက်လက္ခဏာလားဆိုတာ မသိရပါ။ ပါလာသော အလင်းတိုင်၊ အမွှေးတိုင်ဖြင့် ထွန်းညှိပူဇော်၍ ဘုရားဂုဏ်တော် တရားဂုဏ်တော်ကိုပွားရင်း ဝေနေယျ သတ္တဝါတို့အား မေတ္တာပို့ အမျှဝေခဲ့ပါသည်။

"ကဲ-ကိုထိန်ဝင်းရေ၊ အဘပန္နက်ရိုက်ခဲ့တဲ့တံခွန်တိုင်နေရာကိုပြပေတော့"

"လာ၊ လာ ကျုပ်ပြမယ်။ ကျွန် တော်လက်ညှိုးညွှန်တဲ့နေရာကိုကြည့် အေး - ဒီနေရာပဲ"

"ဗျာ"

နှစ်ယောက်သား အာမေဍိတ် ထွက်ပေါ်အောင်အံ့ဩလေတော့သည်။

ကျွန်တော်တို့ထင်တာက ဘုရား ရင်ပြင်ပေါ်၏ တနင်္ဂနွေထောင့် (... တနင်္လာထောင့်တစ်ခုတွင် ညီညာ... သောရင်ပြင်၌ တံခွန်တိုင်ကိုလုပ်ရ... ဟု ထင်သည်။ တောင်ထိပ်ဖြ... ရင်ပြင်မှာကျဉ်းနေသည်။ ဘုရားကြီ... အရှေ့တောင်ဘက် (၁၄) ပေခန့်အ... ရှိသောချောက်ထဲတွင် ပန္နက်ရိုက်... သည်။ ဆင်ဖိုးထက် ချွန်းဖိုးကြီး... အလုပ်ဟု သိလိုက်ရ၏။ တံခွန်တိုင်... လုံးကို အစအဆုံး (၃)သိန်းလော... လျှင်ပြီးနိုင်၏။ တံခွန်တိုင်သည် ဘု... ရင်ပြင်အောက် (၁၄)ပေခန့် ချိုင့်ထဲ...

www.burmeseclassic.com

ရှိ၍ တံခွန်တိုင်၏ အမြင့်သုံးပုံခန့် မြေအောက်တွင် ရှိမည်။ ရင်ပြင်မချဲ့လျှင် ဘုရားနှင့် တံခွန်တိုင်မှာ တခြားစီ ဖြစ်မည်၊ အဘအောင်မင်းခေါင်၏ ပထမ အစမ်းစာမေးပွဲမှာ မဖြေခင်က ရှုံးနေလေသည်။

"ကဲ - ကိုကျော်ရှိန်၊ အဘက ဗွန်တော်တို့ကို စမ်းသပ်တာဖြစ်မယ်။ ဗွန်တော်ကလည်း နောက်မဆုတ်ဘူး ဗျာ၊ ဖြစ်အောင်လုပ်မယ်"

"အေးဗျ၊ တော်တော်ခက်တဲ့ အလုပ်ဗျ"

"လွယ်ရင် လူတိုင်း ဝိဇ္ဇာဖြစ်မှာ ပေါ့၊ ခက်ခက်ခဲခဲကို ကျော်လွှားနိုင်မှ ဝိဇ္ဇာဖြစ်မှာပဲ။ ခင်ဗျားပဲ ဝိဇ္ဇာဖြစ်ချင် တယ်ဆို။ ဝိဇ္ဇာခိုင်းတာ နောက်မတွန့်ဘဲ လုပ်ရမယ်ဗျ"

"ဟုတ်ပါပြီ။ ရင်ပြင်ကို (၁၄) ပေ အမြင့်၊ အကျယ်(၅၀)ပေ၊ အနံတစ်ဖက် (၁၅)ပေကို ကျောက်ရိုးတန်းရမယ်။ မြေ ထာန်ရုံစီသလို တစ်ဖက်စောင်းပြီးစီ မယ်၊ ပြီးရင် မြေကြီးထည့်မယ်"

"မြေကြီးထည့်တဲ့အလုပ်ပိုလာဦး မယ်၊ တောင်ထိပ်ကို ဘယ်ကမြေကြီး ရမှာလဲ"

"ဒါဆိုရင် ကျောက်ရိုးနဲ့ နဂိုရင်ပြင် ကြားကို သံချည်သံကွေးနဲ့ ဘိလပ်မြေ ဗွန်တရစ်လောင်းရင် အဆင်ပြေမယ်"

"အတိုင်းအတာကို သေသေချာ ချာတိုင်းပြီးရင် ပုံစံထုတ်မယ်။ လိုတဲ့ ကျောက်ကို ဒီတောင်ကပဲထုတ်မယ်။ သဲတို့၊ ခွဲကျောက်တို့၊ သံတို့ကို အောက် ကတင်မယ်"

"တော်တော်ခက်ခဲတဲ့ အလုပ် တစ်ခုပဲ။ ဒါကို ဘဘုန်းကိုလျှောက်ရင်း အောက်ကိုဆင်းကြတာပေါ့"

"ဟုတ်ပြီ ကိုထိန်ဝင်းရေ၊ တောင် အောက်ကို ဆင်းကြရအောင်"

တောင်အဆင်းလမ်းမှာ အတက် လောက် မပင်ပန်းပါ။ လှေကားထစ် အတိုင်း ဆင်းလာပြီး ဆရာတော်အား ပတ်ဖြည့်ပြီး ရေနွေးကြမ်းသောက်ရင်း အနားယူကြသည်။ ထွက်လာသောချွေး များကို ချွေးသုတ်ပဝါဖြင့်သုတ်ရင်း ဆရာ တော်ဘုရားစွန့်ကြသော ထန်းလျက်နှင့် မြေပဲဆန်ကိုစားရင်း ရေနွေးကြမ်းဖြင့် အမောဖြေခဲ့ရပါသည်။

တောင်လုံးလှဆရာတော်သည် ကျောက်ကပ်တွင် ကျောက်တည်သော ရောဂါရှိသည်။ ဆီးသွားလျှင် သွေးပါ သည်။ တစ်ခါတစ်ရံ ဆီးလမ်းကြောင်းတွင် ကျောက်ခံနေသဖြင့် ဆီးမသွားနိုင်ဘဲ ဆီးအိမ်ကြီးပြည့်လာသည်။ ကပ္ပိယထိန်ဝင်းသည် ဆရာတော်၏ အနီးကပ် လုပ်ကိုင်ပေးရသောတပည့်ရင်း ဖြစ်သည်။ ကိုထိန်ဝင်းသည် ကပ္ပိယဘဝမှ ဆရာဝန်ဘဝသို့ ချက်ချင်းပြောင်းပြီး ဆရာတော်ဆီးသွားလို့ရအောင် ပိုက်ထည့်ပေးရသည်။ ဆီးအိမ်ထဲသို့ ပိုက်ဝင်သွားသောအခါ အောင့်ထားသော ဆီးများမှာ မနားတမ်းသွားလေတော့သည်။ ဆီးကုန်သွားသောအခါ ဆီးပိုက်ကို ပိတ်ရန် ခလုတ်မရှိပါ။ ဝါးကို ဓားဖြင့် သေသေချာချာချွန်၍ ပိုက်၏အဝမှ ဆို့ထားရလေသည်။ ဆီးသွားချင်လျှင် ထိုဝါးချွန်ကိုချွတ်၍ ဆီးသွားရ၏။ ရှေးဦးသူနာပြုနည်းကို နားမလည်၊ ဆေးပညာဗဟုသုတကို မသိ။ တောထဲတောင်ထဲတွင် ရရာပစ္စည်းဖြင့် အသက်ကယ်ပေးနေသော ဒေါက်တာထိန်ဝင်းကို လေးစားမိလေသည်။

ဒီလိုသာဆိုလျှင် ကြာရင်ခက်တော့မည်။ ဘေးထွက်ဆိုးကျိုးတွေဝင်လာနိုင်သည်။ ရောဂါပိုးတွေလည်းဝင်လာနိုင်သည်။ ခဏတွေ့မြင်ရသော ဆရာတော်၏ ဝေဒနာ၊ ရောဂါကို ဆေးကုမှ ဖြစ်မည်ဟု အသိဝင်လာလေသည်။

"ဆရာတော် ဆီးရောဂါရနေတာ ကြာပြီလားဘုရား"

"(၁) နှစ်လောက်ရှိပြီ"

"ဒီပိုက်တပ်တဲ့နည်းက ဘယ်က ရတာလဲ"

"ကျန်းမာရေးမှူးတစ်ယောက် ပင့်လို့ လာဆေးကုတယ်။ သူက ပိုက်နဲ့ ဆီးလမ်းကြောင်းအတိုင်းထည့်ပြီး ဆီးသွားအောင်လုပ်ပေးတာ။ ကပ္ပိယထိန်ဝင်းကို သေသေချာချာကြည့်ခိုင်းပြီး အတုယူတာ"

"ဒီပိုက်က ဒီတစ်ချောင်းတည်းလား။ မလဲတော့ဘူးလား"

"ဒီတောထဲမှာ ဒီတစ်ချောင်းရှိတာ။ လိုရင်သုံးလိုက်၊ မလိုရင် ချွတ်ထားလိုက်ပေါ့"

"ဒီလိုဆိုရင် တပည့်တော်တို့ ဆေးကုပေးမယ်ဘုရား။ မိတ္ထီလာကို ကြွရအောင်"

"ဦးပဥ္စင်းက ခြေကျင်မကြွနိုင်ဘူး"

"ကားစီစဉ်ပေးရမှာပေါ့ ဘုရား"

"ဒကာတို့ ကောင်းသလိုသာ စီစဉ်ပါ"

တောင်လုံးလှဆရာတော်ကို ကားစီစဉ်ပေးပြီး မိတ္ထီလာသို့ ပင့်လာသည်။ မိတ္ထီလာသုခထီလာဆေးရုံတွင် အထူးကုဆရာဝန်ကြီး (ပါရဂူ) ဖြင့် ပြသည်။ ကျောက်ကပ်ကို ဓာတ်မှန်ရိုက်သည်။ ကျောက်ကပ်ကို ယခင်က ခွဲစိတ်ထားကြောင်း သိရသည်။ ယခင်က ကျောက်ကပ်ထဲတွင် ကျောက်တည်သဖြင့် မန္တလေး သီတဂူသံဃာ့ဆေးရုံတွင် ခွဲစိတ်ထုတ်ထားရကြောင်း သိရသည်။ ယခင်ဗိုက်တွင် ခွဲစိတ်ထားသောချုပ်ရိုးသည် ပြေ၍ဟနေသည်။ အပေါ်ယံအရေပြားသာ ဆက်နေပြီး အတွင်းကြွက်သားများ မဆက်ဘဲဟနေသဖြင့် ပွင့်မသွားအောင် သက်န်းဖြင့် ပတ်ချည်ထားရသည်။

ဆရာတော်မှာ အားမရှိသဖြင့် ခွဲစိတ်၍မရကြောင်း၊ ကျောက်ကပ်ကို ဆေးရမည်။ ယခင်ချုပ်ရိုးကိုပြန်ခွဲ၍ပြန်ချုပ်ရမည်။ လောလောဆယ် ဆေးစားပြီး အားမွေးရန်မှာလိုက်သည်။ တောင်လုံးလှဆရာတော်ဘုရားသည် မိမိခန္ဓာအား ရောဂါဝေဒနာများ နှိပ်စက်မှု ကြုံကြုံခံရင်း ချဉ်ပေါင်ရွက်ရေလုံပြုတ်ကို အာဟာရအဖြစ် သုံးဆောင်ရင်း ပုတီးကိုလက်ကမချဘဲ တရစပ်စိပ်၍ တရားကျင့်နေပါသည်။

ဆရာတော်၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့ကို အာရုံပြု၍ ဆရာတော်၏ ကျန်းမာရေးကို ပြုစုစောင့်ရှောက်ခဲ့ရပါသည်။ ဆရာတော်ဘုရားအား ရင်းနှီးကျွမ်းဝင်ခွင့်ရသဖြင့် ဆရာတော်မိန့်ကြားခဲ့သောဝိဇ္ဇာတို့အကြောင်း၊ အဘအောင်မင်းခေါင်အကြောင်းကို မှတ်တမ်းတင် ရေးသားခွင့်ရရှိခဲ့ပါသည်။

ဆရာတော်၏ ရောဂါကို ပြုစုကုသရင်း တောင်ထိပ်က ဘုရားရင်ပြင်တော်ချဲ့ထွင်ခြင်းလုပ်ငန်း၊ တံခွန်တိုင် လုပ်ငန်းများကို ဆောင်ရွက်ကြသည်။ (၃) လကြာသောအခါ ဖော်ပြပါလုပ်ငန်းများ အောင်မြင်ပြီးစီးလေသည်။ တောင်လုံးလှကျောင်းအား မီးလင်းရန် မီးစက် (၁) လုံး လှူဒါန်းပြီး မီးလင်းအောင် ဆောင်ရွက်ပေးခဲ့ပါသည်။

အဘအောင်မင်းခေါင်သည် ဇရပ်ကုန်းရှိ စခန်းထောက်ဓာတ်ခန်းတွင် နားပြီး စင်မြင့်သို့ကြွသည်။ တောင်လုံးလှဆရာတော်အား ဝင်ရောက် ဖူးမြော်သည်။ ဆရာတော်နှင့်ရှေးဟောင်းနှောင်းဖြစ်များ ပြောကြားသည်။ ကျွန်ုပ်တို့၏ တာဝန်ပြီးဆုံးကြောင်း ကြားသိသော အခါ သာမှ (၃) ကြိမ်ခေါ်လေသည်။

အဥ္ဇာဝါလှိုင်း



www.burmeseclassic.com

www.burmeseclassic.com

အချိန်ကာလကား ၁၉၆၄ - ၆၅ ခုနှစ်ကာလ ဖြစ်သည်။ ရှမ်းပြည်နယ် တောင်ပိုင်း တောင်ကြီးမြို့ ရွှေညောင် နယ်မြေ အောင်သပြေတပ်စခန်းမှာ ဖြစ်သည်။ တော်လှန်ရေးကောင်စီတက်ပြီး နောက် တပ်သစ်များဖွဲ့စည်းရာ ဘီအီး အမ်အီးခေါ် မော်တော်ယာဉ်တပ်သို့ စာရေးသူ၏ ဖခင် တာဝန်ထမ်းဆောင် စဉ်က ဖြစ်ရပ်မှန်ဖြစ်ပါသည်။

ထိုစဉ်ကာလက တပ်မှူးမှာ ဒုဗိုလ်မှူးကြီးကိုကို (ရုပ်ရှင်မင်းသမီးကြီး အကယ်ဒမီ ဒေါ်မေသစ်) ၏ ခင်ပွန်း တာဝန်ယူ အုပ်ချုပ်ရပါသည်။ အောင် သပြေတပ်အနီး ယခုစဉ့်ဟယ်ရွာသည် တောအုပ်ကြီးဖြစ်ပြီး တောကောင်များ ပေါများရာဖြစ်၍ ညအခါ တောပစ် ထွက်ကြရင်း တောကြောင်ကြီးများ၊ ချေ များ၊ ယုန်များ မကြာခဏရပါသည်။ ယခုတော့ တောရှင်းပျောက်ကွယ်ကာ ရွှေညောင်-အောင်သပြေ-တောင်ကြီး မော်တော်ကားလမ်းမှ ကျိုးဖြူကန်အထိ တိုက်တာအိမ်မြေများ ပြည့်နှက်လို့လာ ပါသည်။

ဟိုးတုန်းက တောင်ကြီးမြို့သို့ ဈေးနေ့တက်လျှင် လုံခြုံရေးရှေ့ပြေး နှင့်သွားလာရသောခေတ်အခါ ဖြစ်ပေ သည်။ ညဆိုလျှင် လုံခြုံရေးအရ မီး မှောင်ချနေစားရသောကာလ ဖြစ်သည်။ ယခင်က တပ်မှူးများ၏ စိတ်ဓာတ်မှာ မိမိတပ်တွင်းအရာရှိအရာခံအားလုံး၊ တပ် သားတပ်တွင်းမိသားစုအားလုံးအပေါ် ဖေးမ၊ စာ နာ၊ ညှာတာ၊ ထောက်ထား ကြသည်။ အခွင့်အရေးပိုမယူပါ။ တပ် တွင်းမိသားစု ကျန်းမာရေး၊ အားက စားလှုပ်ရှားမှု၊ ပညာရေးအစ ပြည့်စုံ အောင် ရွက်ဆောင်ရုံမက အပတ်စဉ် ရုပ်ရှင်ကားများ ပြသပေးသည့် ဖျော်ဖြေ ရေးလည်းရှိခဲ့သည်။

ထို့အပြင် မိသားစုတစ်စုချင်း တပ် တွင်းမြေလွတ်များမှာ တစ်နိုင်တစ်ပိုင် စိုက်ပျိုး၊ မွေးမြူရေး လုပ်ဆောင်ကြရ သည်။ တစ်ဦးက ကြက်ခြံ၊ ဝက်ခြံ ဆောက်လျှင် ကျန်သူများက ဝိုင်းဝန်းကူ ညီကာ တောထဲမှာ၊ သစ်ခုတ်၊ ဝါးခုတ် သွားကြသည်။

ယခုလည်း တပ်သို့ပြောင်းလာ ခါစ တပ်သားမောင်သောင်းအိမ်မှာ ကြက်ခြံဆောက်ရန် သစ်ဝါးခုတ်ထွက်ဖို့ အရာခံဗိုလ်အောင်ဌေးထံမှာ ခွင့်တောင်း ပြီး ဖြစ်သည်။ မနက်ဖြန် ရုံးပိတ်ရက်

# မြနန်းရှင်

## အကျွတ်တရားရသည့်မောင်သောင်း





www.burmeseclassic.com

www.burmeseclassic.com

ဖြစ်၍ ဂရုတိမရှိသော တပ်သားအောင်မြင့်၊ ထွန်းကျော်၊ မြင့်ဦး၊ စာရေးသူ၏ ခင် (ကိုကျော်ဝင်း) တို့နှင့်အတူ မောင်သောင်းလည်း လိုက်ပါမည် ဖြစ်သည်။

ထိုသွားမည့်သူထဲမှာ ထွန်းကျော်မှာ ရှမ်းပြည်နယ်ဇာတိသားဖြစ်ခြင်း၊ တောလမ်းအထာကျွမ်းကျင်သည်။ သစ်ဆာ၊ ဝါးခုတ်ဦးဆောင်နိုင်သူ ဖြစ်သည်။ ထို့ကြောင့် ထွန်းကျော်မှာ အိမ်သို့ရောက် လာပြီး -

"ဆရာကျော်၊ ဗျိုး - ဆရာကျော်"

စာရေးသူ၏ဖခင်အား ဆရာကျော်ဟု အားလုံးက ချစ်စနိုးခေါ်ကြသည်မို့-

"လာ-ထွန်းကျော်၊ မနက်ဖြန်ကိစ္စအတွက်လာတာလား"

"ဟုတ်တယ် ဆရာ"

"ဒါများမပူနဲ့လေ။ ကျွန်တော်တို့သမီးနှစ်လက် ယူခွင့်တောင်းထားတယ်"

တောထဲသွားလျှင် သားကောင်များအပြင် သက်ရှိရန်သူ၏ချောင်းမြောင်းခံရမည့်အန္တရာယ်ရှိ၍ စိတ်ပူ၍လာမေးခြင်းဟုထင်၍ ဆရာကျော်ကပြောပြရာ ထွန်းကျော်မှ အိမ်ရှေ့ကွပ်ပျစ်မှာ ဝင်ထိုင်လိုက်ပြီး -

"မောင်သောင်းကို တောထဲသွားရင် မခေါ်ရင်ကောင်းမလားလို့ ဆရာနဲ့လာတိုင်ပင်တာပါ"

"သူ့အိမ်အတွက် ကြက်ခြံဆောက်မှာဆိုတော့ သူလည်းလိုက်ချင်မှာပေါ့"


"သူက လူကငယ်၊ ပြီးရင် ပေါက်ကရအပျော်အပြက်စကားတွေပြောရင် အမှားတွေ့မှာစိုးလို့ပါ"

ထွန်းကျော်မှာ ဤဒေသ၏ နတ်ကြီးသောအကြောင်းသာကေများရှိနေတာ သိထား၊ ကြုံထားဖူး၍ ပူပန်တာလည်း အပြစ်မဆိုသာပေ။

"အေးကွာ၊ အတူလိုက်ဖို့ ပြင်ဆင်ပြီးနေကာမှ မောင်သောင်းကို မလိုက်နဲ့လို့ပြောပြီးထားခဲ့ရင် သူလည်းဘယ်စိတ်ကောင်းပါ့မလဲ။ တစ်တပ်တည်း၊ တစ်လိုင်းတည်းအတူနေသူချင်း ခွဲခြားဆက်ဆံတယ်လို့ မြင်သွားရင် တစ်သက်လုံး စိတ်ထဲမှာ အဖုအထစ်ဖြစ်နေပါ့မယ်။ လမ်းမှာပြောမှုဆိုမှုသတိပြုဖို့ သေသေချာချာမှာရတာပေါ့ကွာ"

ဆရာကျော့်စကားကလည်း နည်းလမ်းကျနေတော့ ထွန်းကျော်စိတ်လျှော့ပြီး ပြန်ထွက်လာခဲ့တော့သည်။

❐



www.burmeseclassic.com

မနက်အရုဏ်တက်ကတည်းကပင် သူတို့ တပ်စည်းရိုးအပြင်ဘက်ရှိ တောသို့ ဝင်ခဲ့ကြသည်။ တောလမ်းဖြစ်၍ လမ်းမ များရန် အမှတ်အသားပြုကြရသည်။ တစ်စစနှင့် ခြေကျင်ခရီးနှင်ရင်း ကျီးဖြူကန်မှ ဖြတ်ကျော်ကာ ကြက်ခြံအတွက် သစ်ဝါးများခုတ်ကြသည်။

သစ်ခုတ်၊ ဝါးခုတ်ကလည်း ဓား ကိုင်လည်းကျွမ်းမှ၊ သစ်ပင်အနေအထား လည်းကြည့်တတ်မှ။ ဝါးခုတ်လည်း ထို အတိုင်းပင်။ ထွန်းကျော်က ဦးဆောင်ပြီး အပင်ရွေးချယ်ပြီးခုတ်ပြသည်။ အတူပါ သူတွေကိုလည်း ခုတ်ရင်းသင်ကြားပေး သည်။

တကယ်တော့ မောင်သောင်း ခမျာ ဗလကသေး၊ လူကောင်ကသေးမို့-

"မင်းကွာ၊ ဘယ်လိုလုပ် ပေမမီ ဒေါက်မမီနဲ့ စစ်တပ်ထဲဘယ်လိုလုပ်ဝင် လာတာလဲ"

ဟူ၍ အားအင်သုံးကာ သစ်ပင် ခုတ်ရသောအလုပ်မှာ သုံးမရသဖြင့် -

"ငါတို့ ရိက္ခာထုပ်တွေပဲ စောင့် ကြည့်။ ရေနွေးတည်ထား၊ ခုတ်ပြီးသား ဝါးတွေချည်နှောင်ထားပေး"

သုံးလို့ရနိုင်မည့်နေရာမှာ တာဝန် ပေးရတော့သည်။ မောင်သောင်းက လည်း ပေါ့ပေါ့ပါးပါးလုပ်ရသဖြင့် သူ့တာ ဝန်သူ ကျေပွန်စွာ လုပ်ကိုင်လေသည်။ အားလုံးကလည်း သူ့အာရုံနှင့်သူမို့ မောင်ကောင်းလည်း အနီးအပါး ခဏ တာလျှောက်သွားရင်း သူတွေ့ရှိသော ဥသုံးလုံးထဲမှ နှစ်လုံးကို ယူဆောင်လာ ကာ မည်သူမျှမလာခင် ပြုတ်၍ ပါလာ သော ဆီ၊ ဆားနှင့်တို့ကာ စားလိုက် သည်။ ပြောပြလျှင် ဟိုဟိုဒီဒီပြောမည် စိုး၍ တိတ်တဆိတ်နေခြင်း ဖြစ်သည်။ နေ့လယ်စာအားလုံးအတူထမင်းစားပြီး ဆက်ခုတ်ကြရာ သူတို့ ကြက်ခြံအတွက် လုံလောက်သော သစ်၊ ဝါးများရပြီမို့ သေချာစွာ စည်းနှောင်၍ လူဆွဲလှည်း ပေါ်တင်ကြသည်။ ရှေ့ကဆွဲနောက်က တွန်းနှင့် ပြန်ခဲ့ကြသည်။

အချိန်ကား မွန်းလွဲကျော်ကျော် ဖြစ်လို့နေသည်။ ကျီးဖြူကန်အရောက် မှာတော့ တစ်နေကုန်ပင်ပန်းခဲ့သမျှ ရေ ဆင်းချိုးကူးရင်း ရေငုပ်ကျွမ်းသော ထွန်း ကျော်နှင့် မောင်သောင်းတို့က ငါးများ ဖမ်းကြပြန်သည်။

"မောင်သောင်း၊ မင်းက ဒီနေရာ ကျတော့ တော်သွားပြန်ပြီ"

"တော်ရမယ် ဆရာရေ၊ အိမ်ပြန် မျက်နှာပိုရအောင်"

ရေကန်ထဲကနေ လှမ်းအော်ပြော လေသည်။ ငါးဖိန်းငါးဖွေးဖွေးလေးတွေ ကမ်းပေါ်ပစ်ပေးတာ စစ်ကျောပိုးအိတ် အလတ်စားတစ်ဝက်ရနေပြီ။

"ကျွန်တော်တို့ညနေစာ ကင်စား ရင်း အမြည်းလုပ်ကြတာပေါ့"

အောင်မြင့်က ဆေးပေါ့လိပ်ခဲရင်း ပြောနေစဉ် တောထဲမှလာသော ထူး ခြားသောအသံကြောင့် အားလုံးနားစွင့် လိုက်ကြသည်။ တစ်ယောက်နှင့်တစ် ယောက် အချက်ပြသတိဖြင့် နားစွင့် ထားလိုက်သည်။ ဆရာကျော်နှင့် မြင့်ဦး မှာ သေနတ်ကို အသင့်ပြင်ထားလိုက်ကြ ပြီး မည်သည့်အန္တရာယ်မှန်းမသိ သစ်ပင် သစ်ကိုင်းများ တဖြောင်းဖြောင်းနှင့် လှုပ် ယမ်းသံက ကျယ်လောင်လွန်းလှသည်။ မောင်သောင်းခမျာ ကြောက်လန့်ပြီး ရေ လယ်မှ ပြန်ကူးလာစဉ် ရောမ တောကြီး ငန်းစောင်းမြွေကြီးတစ်ကောင် သူတို့ အုပ်စုအား တွေ့မြင်သွားတော့သည်။ ထိုအထဲမှ မောင်သောင်းရှိရာရေပြင်သို့ ရှောခန်ခုန်ဆင်း၍ ပါးပျဉ်းကြီးထောင် ကာ ဒေါသအရှိန်ပေါက်ကွဲပြီး ရေပေါ်မှ ရှုပ်ရှုပ်မြည်သံအပြင် ဟဲခနဲဟဲခနဲဖြင့် တရစပ်လိုက်လေရာ-

"ဆရာတို့ ကယ်ပါဦး၊ ကယ်ပါဦး"

မောင်သောင်းအော်သံအဆုံးမှာ-

"ရှိုး . . . ဒိုင်း . . ."

မြင့်ဦး၏လက်ဖြောင့်ကျည်ဆန်က မြွေကြီး၏ခေါင်းဖွာထွက်သွားကာ ငန်းမြွေ ကြီး၏ အရှင်လတ်လတ်ခန္ဓာကိုယ်မှာ တဗွမ်းဗွမ်းနှင့် ရေပေါ်မှာ တွန့်လိမ်ခွေ ခေါက် လူးလိမ့်ယမ်းလျက် အတန်ကြာရှိလို့ နေသည်။

မောင်သောင်းခမျာ အသက်ဘေး မှ သီသီကလေးလွတ်မြောက်ခဲ့ရသည်။ ထွန်းကျော်သည် စိတ်ဆိုးမာန်ဆိုးမျက် နှာထားနှင့် -

"မင်းငန်းမြွေကြီးနဲ့ပတ်သက်တာ တစ်ခုခု အပြစ်လုပ်ခဲ့ပြီထင်တယ်"

မောင်သောင်းခမျာ လက်အုပ်ချီ တောင်းပန်ရင်း -

"ကျွန်တော် ဟိုဟိုဒီဒီသွားရင်း ဥနှစ်လုံးတွေ့တာနဲ့ ဗိုက်ဆာနေတော့ ယူပြီးပြုတ်စားမိလိုက်တာပါ"

"မင်း . . . ကွာ . . ."

ထွန်းကျော်ခမျာ လက်သီးရွယ် ဟန်ပြုပြီးမှ စိတ်ကိုပြန်ထိန်းလိုက်ရ သည်။

"ဆရာကျော်၊ ကျုပ်ပြောတာ မလွန်ပါဘူးဗျာ။ ကဲကဲ-ခပ်သုတ်သုတ် ပြန်ကြမှ။ တော်ကြာ သူတို့အပေါင်းအ ဖော်တွေရှိရင် ဒုက္ခထပ်တိုးနေဦးမယ်"

ဟု ပြောလေမှ အားလုံးခြေကုန် သုတ်ကာ ပြန်ခဲ့ကြရသည်။ ဆရာကျော် မှာလည်း ခန္ဓသုတ်ကို မပြတ်တမ်းရွတ် ဖတ်လာရသည်။ တပ်လိုင်းခန်းသို့ပြန် ရောက်ပြီး မောင်သောင်းအိမ်မှာ သစ် ဝါးများခပေးပြီးလျှင် အသီးအသီးကိုယ့် အိမ်လိုင်းခန်းကိုယ်ပြန်ကြရာ မောင် သောင်းခမျာ ဆရာကျော်နောက်သို့ ကပ်လိုက်လာပြီး -

"ဆရာ၊ ကျွန်တော်ကြောက်လွန်း လို့ ဆရာ့အိမ်လိုက်အိပ်ပါရစေ"

"မင်းကွာ၊ စစ်သားဖြစ်ပြီးတော့ ဒီလောက်အသည်းငယ်ရသလား"

"စစ်သားက စစ်သား၊ သေမင်းက သေမင်းပဲ ဆရာ။ ဒီညပဲခွင့်ပြုပါ ဆရာ ရယ်"

မျက်နှာငယ်ဖြင့် တောင်းပန်လွန်း မကပြောလေသဖြင့် -

"ရပါတယ်ကွာ၊ မင်းငါ့အိမ်လိုက် အိပ်ရင်တော့ ဘုရားရှိခိုးပြီး ခန္ဓသုတ် (၇) ခေါက်ရွတ်ပြီးမှအိပ်ရမယ်။ ဒီစ[illegible] ကမ်းချက်လိုက်နာနိုင်မှ လိုက်အိပ်ခွင့်ပြု မယ်"

"ကျွန်တော်မှ ခန္ဓသုတ်မ[illegible] ဆရာရယ်"

"ဟော့ကောင် ဆင်ခြေမများ[illegible] စာအုပ်ကြည့်ရွတ်။ မင်းနဲ့ မြွေနဲ့ ရင်[illegible] ချိန်မှာ ငါက ခန္ဓသုတ်ရွတ်ပေးပြီး စ[illegible] ချပေးနေတဲ့ ကျေးဇူးကိုသိရဲ့လား။ [illegible] ဦးက လက်ဖြောင့်လို့သာ မင်းနောက်[illegible] မြွေကိုမှန်ခဲ့တာ။ အကယ်၍များ က[illegible] ဆံက မြွေဆီမရောက်ဘဲ မင်းကိုမှန်[illegible] လည်း မြင့်ဦးခမျာ ပြဿနာတက်ရမ[illegible] ငါတို့က ကြောင်ပြီးကြည့်နေရင်လ[illegible] မင်းရဲ့ကံက မြွေစာဖြစ်တော့မယ်ဆို[illegible] တွေးမိရဲ့လား"

"ဟုတ်ကဲ့၊ ဟုတ်ကဲ့ပါ ဆရာရ[illegible] ကျွန်တော် ဆရာပြောတာ နားထော[illegible] တော့မယ်"

ထိုနေ့ကစ၍ မောင်သော[illegible] အကျွတ်တရားရရှိသွားကာ သေသ[illegible] အထိ ဘုရားတရားနှင့်သာ စွဲမြဲစွာ[illegible] တော့သည်။

(ဖခင်ကြီးပြောပြသောဖြစ်ရပ်[illegible])

မြန်[illegible]



www.burmeseclassic.com

www.burmeseclassic.com

# အိမ်ဆောက်မည့်သူများ ဒါတွေသိထားပါ

ရှေးအစဉ်အဆက်က လူကြီးသူမများသည် မိမိတို့မိသားစုများနေထိုင်ကြရန် အိမ်ဆောက်လုပ်ကြသည့်အခါ ဖြစ်တတ်ဆန်း ပေါ့ပေါ့တန်တန် ဆောက်လုပ်ကြပါ။ စည်းစနစ်ကျကျ သေသေသပ်သပ်နှင့် အကောင်းဆုံး ရွေးချယ် ဆောက်လုပ်တတ်ကြပါသည်။ အိမ်ဆောက်မည်ဆိုကတည်းက လက်သမား၊ ဆောက်လုပ်မည့်သစ်ဝါးများက အစ ကြိုတင် ရွေးချယ်သတ်မှတ်ထားကြသည်။ အိမ်ဆောက်မည်ဆိုလျှင်ပင် ဆောက်လုပ်မည့်နေရာ၊ ဆောက်လုပ်မည့်လ၊ နေ့ရက် အစရှိသည်တို့ကို သိကျွမ်းနားလည်သည့် လူကြီးသူမများထံ ချဉ်းကပ်၍ အကြံဉာဏ်တောင်း ပြုလုပ်ကြရသည်။ ပန္နက်ရိုက်သည်ကအစ နေ့စဉ်တကျ ပြုလုပ်ကြရသည်။

ယခုဖော်ပြပါ ပညာရပ်များမှာ ယခုခေတ် အတွေ့အကြုံ မရှိသေးသည့် ငယ်လူရွယ်များ မသိသေးသည့် ရှေးမှာယဉ်ကျေးမှုဆိုင်ရာပညာရပ်များ ဖြစ်ပါသည်။ လိုအပ်သူများ လွယ်လင့်တကူ အသုံးပြုနိုင်ကြရန် စေတနာ ရှေ့သန်လျက် ဖော်ပြလိုက်ပါသည်။

**အိမ်ဆောက်မည့်လရွေးချယ်ခြင်း**

အိမ်ဆောက်လိုသည့်အခါ နယုန်၊ ဝါခေါင်၊ တော်သလင်း၊ သီတင်းကျွတ်၊ နတ်တော်၊ တပို့တွဲလများကို ရှောင်၍ တန်ခူး၊ ကဆုန်၊ ဝါဆို၊ တန်ဆောင်မုန်း၊ ပြာသို၊ တပေါင်း ဤခြောက်လတွင် ဆောက်ပါလေ။

**ဆောက်လုပ်မည့်နေ့ရွေးချယ်ခြင်း**

တနင်္ဂနွေနေ့ဆောက်လျှင် ဆင်းရဲဒုက္ခသောကတွေ့တတ်သည်။ တနင်္လာနေ့ဆောက်သော် စီးပွားတက် ချမ်းသာမည်။ အင်္ဂါနေ့ဆောက်ပါမူ လာဘ်ပေါများမည်။ ဗုဒ္ဓဟူးနေ့ဆောက်လျှင် ဆင်းရဲတစ်လှည့်၊ ချမ်းသာတစ်လှည့် ဖြစ်တတ်၏။ ကြာသပတေးနေ့ ဆောက်ပါက ဘေးရန်ကင်းပ ချမ်းသာရမည်။ သောကြာနေ့ဆောက်ခဲ့လျှင် အခြံအရံပေါတတ်၏။ စနေနေ့ဆောက်ခဲ့ပါသော် သူတစ်ပါး ညှဉ်းပန်းခံရတတ်သည်။

**မြေခံရက်ရွေးချယ်ခြင်း**

မြေခံရွေးလိုလျှင် မည်သည့်လတွင်မဆို လဆန်း ၁ ရက် - နတ်၊ လဆန်း ၄ ရက် - နဂါး၊ လဆန်း ၆ ရက် - ဆင်၊ လဆန်း ၈ ရက် - ဒွန်းစဏ္ဍား၊ လဆန်း ၉ ရက် - ဘီလူးမြေခံ၊ လဆန်း ၁၂ ရက် ခွေးမြေခံ ဖြစ်သည်။ **မကောင်းသောမြေခံရှောင်ပါ။**

လဆုတ်ရက် မကောင်းသောမြေခံများမှာ လဆုတ် ၂ ရက် - ကျား၊ လဆုတ် ၃ ရက် - နတ်၊ လဆုတ် ၅ ရက် - ဆင်၊ လဆုတ် ၇ ရက် - ဒွန်းစဏ္ဍား၊ လဆုတ် ၁၀ ရက် - ဘီလူးမြေခံဖြစ်၍ လဆုတ် ၁၁ ရက် - နဂါးနှင့် လဆုတ် ၁၃ ရက် - ဝက်မြေခံဖြစ်၏။ **မကောင်း၊ ရှောင်ပါ။** လဆန်း၊ လဆုတ် မကောင်းမြေခံများကို ရှောင်၍ ကျန်လဆန်း၊ လဆုတ် မြေခံရက်များကို ရွေးချယ် ဆောင်ရွက်လုပ်ကိုင်နိုင်ပါသည်။

**ပန္နက်ရိုက်**

အိမ်ရှင်နေ့သား တည်ထားပြီးသော် ပဉ္စပွတ်နှင့် ဆပွတ်နှစ်ဖော်၊ ကြိုးကိုင်ဆွဲထား၊ နဂါးလွတ်သော်၊ အမြစ်ဖက်၊ ပန္နက်ရိုက်စေသော်။

**အိမ်၊ ကျောင်း ဆောက်ရာတွင် မပြုအပ်သောအချက်များ**

၁။ တိုင်ပေါင်းတွင် ပန်းမဆွဲရ၊
၂။ ထုပ်မစွပ်ခင် ရက်မ မတင်ရ၊
၃။ ထောက်တိုတိုင်ကို ကြမ်းပေါ်သို့ ပိုမထွက်စေရ၊

**အိမ်ရှင်၏မွေးနံနှင့် ကိုက်ညီစွာ ကြိုးကိုင်နှင့် ပန္နက်ရိုက်နေ့သား ရွေးချယ်ခြင်း**

| အမှတ် | အိမ်ရှင်မွေးနံ | ကြိုးရင်းကိုင်(ကြိုးကိုင်သူများမွေးနံ) | ကြိုးဖျားကိုင် | ပန္နက်ရိုက်သူမွေးနံ |
|---|---|---|---|---|
| ၁။ | တနင်္ဂနွေ | ကြာသပတေး | သောကြာ | စနေ |
| ၂။ | တနင်္လာ | သောကြာ | စနေ | တနင်္ဂနွေ |
| ၃။ | အင်္ဂါ | စနေ | တနင်္ဂနွေ | တနင်္လာ |
| ၄။ | ဗုဒ္ဓဟူး | တနင်္ဂနွေ | တနင်္လာ | အင်္ဂါ |
| ၅။ | ကြာသပတေး | တနင်္လာ | အင်္ဂါ | ဗုဒ္ဓဟူး |
| ၆။ | သောကြာ | အင်္ဂါ | ဗုဒ္ဓဟူး | ကြာသပတေး |
| ၇။ | စနေ | ဗုဒ္ဓဟူး | ကြာသပတေး | သောကြာ |

**အိမ်ရှင်မွေးနေ့အလိုက် ပန္နက်သားနှင့် ပန်းဆွဲ**

| အမှတ် | အိမ်ရှင်၏မွေးနံ | ပန္နက်သား | ပန်းဆွဲ |
|---|---|---|---|
| ၁။ | တနင်္ဂနွေ | ထိမ်သား၊ ထန်းသားပန္နက် | ကံ့ကော်ညွှန့် |
| ၂။ | တနင်္လာ | အင်းသားပန္နက် | ဆီးညွှန့်၊ ဇော်စိမ်း |
| ၃။ | အင်္ဂါ | ကျီးသားပန္နက် | ဝါးရွက်၊ ရွက်လှ |
| ၄။ | ဗုဒ္ဓဟူး | ဆီးသားပန္နက် | ပေါက်ပန်းဖြူ ပျဉ်းမ |
| ၅။ | ကြာသပတေး | ဝါးပန္နက် | သင်ညွှန့်၊ သီဟိုဠ်ညွှန့် |
| ၆။ | သောကြာ | ပေါက်သားပန္နက် | ထန်းညွှန့် |
| ၇။ | စနေ | သီးသားပန္နက် | အုန်းပန်း |

**ပန္နက်ဟူသမျှ အမြစ်နံ့သစ်ကိုယူ၍ ပန်းဆွဲဟူသမျှ အညွှန့်နံ့အရွက်ညွှန့်တို့ကိုယူပါ။**

၄။ ကွမ်းစင်တိုင်တွင် ဝါးမတင်ရ၊
၅။ ခေါင်လျှောက်မပြီးခင် ကြမ်းကို မဖောက်ရ၊
၆။ တိုင်ချင်းမထိခိုက်မစေရ၊
၇။ ထုပ်အစွန်းထက် စရွေးမရှည်စေရ၊
၈။ အိမ်မဆောက်ခင် ဝင်းမခတ်ရ။

ရှေးထုံးလည်း မပယ်နှင့်၊ ဈေးသုံးလည်း မလွယ်နှင့်။

ရှေးထုံးပယ်က လွဲတတ်သည်။ ဈေးသုံးလွယ်က မွဲတတ်သည်။

မုဒိတာ (ကျိုက်လတ်)



www.burmeseclassic.com

www.burmeseclassic.com

**သာယာလှပ အသုဘရှုဖွယ်**

“ရဟန်းတို့၊ ခန္ဓာကိုယ်အတ္တဘော မှာ မယိုင်မလဲ ခိုင်မြဲသောသဘောသည် လည်းကောင်း၊ ကြံ့ကြံ့ခိုင်ကျည်တည်တံ့ ခြင်းသဘောသည်လည်းကောင်း တစိုး တစိမျှ မရှိပါပေ။ အဝတ်တန်ဆာ၊ ပန်း နံ့သာ စသည်တို့ဖြင့် သာယာခံ့မင်ဖွယ် အဆန်းတကြယ်ခြယ်လှယ်ပြုပြင်၍ထား သော၊ ရှည်သင့်ရာရှည်၊ တိုသင့်ရာတို ထိုထိုအင်္ဂါကြီးငယ်တို့ဖြင့် တင့်တယ်သမှု အမှတ်ပြုလောက်အောင် ပေါင်းစုတည် နေသော၊ အရိုးသုံးရာလောက်ဖြင့် တည် ထောင်ထားသော၊ မပြတ်မစဲ အမြဲနာ ကျင်ရောဂါယှဉ်၍နေသော လူသူအများ ပုထုဇဉ်အန္ဓသားတို့ တရားမမိဉာဏ်မသိ ၍ လှသည်ပသည်၊ ချောမောသည်ဟု ထို ဤများပြား အကြံများရသော၊ ကိုး ပေါက်ဒွါရ အမာဝမှ ယိုကျပြုန်းပြုန်း ရွံ ရှာဖွယ်အပြည့်ဖုံးသဖြင့် တစ်ကိုယ်လုံး အသုဘတုံးကြီးဖြစ်သော၊ ထိုခန္ဓာကိုယ် အတ္တဘောကို ဖန်ဖန်စေ့ငု ဉာဏ်စက္ခု ဖြင့် ကြည့်ရှုကြကုန်လော့”

မြတ်စွာဘုရားရှင် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်မှာ တစ်ဆယ့် ခုနစ်ဝါမြောက် သီတင်းသုံးတော်မူစဉ် က ရုပ်ဆင်းအင်္ဂါအလွန်လှပတင့်တယ် ရှုချင့်ဖွယ်ကောင်းသော ပြည့်တန်ဆာမ သီရိမာ၏ အသုဘအခမ်းအနားမှာ အဆိုပါ ဒေသနာတော်ကို ဟောကြား တော်မူသည်။

သီရိမာကို မသေမီ ဖျားနာနေစဉ် က စွဲလမ်းနေရှာသော ရဟန်းတစ်ပါး ကို အကြောင်းပြု၍ ဟောတော်မူခြင်း ဖြစ်၏။

ရဟန်းတော်မှာ သီရိမာကို မမြင် ခင်ကပင် မေတ္တာသက်ဝင်နေသူဖြစ်၏။ တစ်နေ့မှာ သီရိမာအိမ်၌ စာရေး တံမဲပေါက်၍ ဆွမ်းခံကြွရောက်ရ၏။ ထိုအချိန်မှာ သီရိမာ၏ကိုယ်၌ သေ လောက်သည့် ရောဂါဝေဒနာစွဲကပ်နေ ပြီး အိပ်ရာထဲမှာ လဲလျောင်းနေရသော အချိန်ဖြစ်လေ၏။ ကြွရောက်လာသော ရဟန်းတော်တို့ကို ကိုယ်တိုင်ပင် ဆွမ်း ဆက်ကပ် မလှူဒါန်းနိုင်တော့ဘဲ အိမ် ဖော်တို့ကိုသာခိုင်းစေပြီး ကိုယ်တိုင်ကမူ တုန်တုန်ယင်ယင်နှင့် ရဟန်းတို့ကို ရှိခိုး ဖူးမြော်နေရှာ၏။

ထိုအခါ မမြင်ဖူးခင်ကပင် အများ အပြောနှင့်ချစ်ခင်စုံမက်နေသောရဟန်း တော်က သီရိမာကို စူးစူးစိုက်စိုက်ကြည့် ရင်း-

“ကြည့်ပါဦး၊ မကျန်းမာဘဲနဲ့တောင် ဒီလောက်လှပတင့်တယ်နေရင် ကျန်း ကျန်းမာမာနဲ့ ဝတ်စားဆင်ယင်ပြင်ဆင် ထားမယ်ဆိုရင် ဘယ်လောက်တောင်

([illegible])

# ထုံးတောင်-အရှင်ဓမ္မပိယ

**တရားအားထုတ်သူတစ်ယောက်အကြောင်း-၁၁**





www.burmeseclassic.com

www.burmeseclassic.com

ဘုတ်သရေရှိမယ့် အလှမယ်လေးဖြစ်ထိုက်မလဲ”

ဟုတွေးကာ ထိုရဟန်း၏သန္တာန်မှာ တိလေသာရာဂမီးများထကြွလောင်ကျွမ်းလေတော့သည်။

ထိုရဟန်းမှာ သီရိမာ၏အိမ်မှပြန်ကြွလာပြီး ကျောင်းကို ရောက်ကတည်းက သီရိမာ၏အလှကိုတွေးပြီး ဆွမ်းကိုဘုဉ်းမပေးနိုင်။ အိပ်ရာထက်မှာ ခွေယိုင်လဲ၍မြည်တမ်းနေတော့သည်။ ထိုနေ့ညမှာပင် သူစွဲလမ်းသောသီရိမာလည်း သေဆုံးသွား၏။ ရာဇဂြိုဟ်ပြည့်ရှင် ဗိမ္ဗိသာရမင်းကြီးကလည်း ဆေးဆရာကြီးဇီဝက၏ နှမငယ် ပြည့်တန်ဆာ သီရိမာ သေဆုံးကြောင်း မြတ်စွာဘုရားရှင်ထံ လျှောက်ကြားလာလေသည်။ အလုံးစုံကို သိမြင်တော်မူသော မြတ်စွာဘုရားရှင်က သီရိမာ၏ ရုပ်အလောင်းကို သုသာန်သို့ပို့စေပြီး ကျီး၊ ခွေး၊ ငှက်တို့ ရွာန်တို့ မစားနိုင်အောင် စီမံဆောင်ရွက်ခိုင်းထား၏။

သို့ဖြင့် သုံးရက်မြောက်၍ လေးရက်သို့ ရောက်လာသောအခါ သီရိမာ၏ ရုပ်အလောင်းသည် ဖူးရောင်ပွထ၍လာသည်။ ဒွါရကိုးပေါက်တို့မှ ပိုးလောက်တို့တဖွားဖွားကျ၏။ တစ်ကိုယ်လုံးညို မည်းကွဲအက်ကာ ရေဆူသောထမင်းအိုးကဲ့သို့ ပွက်ပွက်ထလာ၏။

ထိုအခါမှ ဘုရားရှင်က ဗိမ္ဗိသာရမင်းကြီးကို ရာဇဂြိုဟ်မြို့သူမြို့သားအားလုံး အိမ်စောင့်သာချန်ရစ်ပြီး သီရိမာ၏ရုပ်အလောင်းကို အသုဘရှုလာကြရန် ‘စည်’ လည်စေသည်။ ဘုရားရှင်နှင့် ရဟန်းသံဃာအပေါင်းကိုလည်း ကြွရောက်ပါရန် ပင့်လျှောက်စေ၏။

ထိုအခါ သီရိမာစိတ်နှင့် လေးရက်လုံးလုံး ဆွမ်းမစားနိုင်ဘဲ စိတ္တဇဖြစ်နေသော ရဟန်းတော်လည်း ‘သီရိမာ’ ဟု အသံကြားသည်နှင့် အိပ်ရာမှထ၍ ရဟန်းများနှင့်အတူ လိုက်ပါလာလေသည်။

မြတ်စွာဘုရားရှင်က ရဟန်းအပေါင်းခြံရံကာ သုသာန်သို့ ကြွရောက်၍ သီရိမာရုပ်အလောင်း၏ ဘေးတစ်ဖက်မှာ ရပ်တော်မူ၏။ မင်း၊ မိဖုရား ပရိသတ်နှင့် ပြည်သူပြည်သားအပေါင်းလည်း သီရိမာရုပ်အလောင်းကို ရှုပွားစေ၏။ ပရိသတ်စုံညီမှ မြတ်စွာဘုရားက ဗိမ္ဗိသာရမင်းကြီးကို -

“အသက်ရှင်စဉ်က တစ်နေ့တစ်ထောင်ပေးရသော သီရိမာကို အသပြာတစ်ထောင်ပေး၍ ယူကြကုန်လော့”

ဟု ကြေညာစေ၏။

မည်သူတစ်ဦးတစ်ယောက်မျှ ယူသူပေါ်မလာ။ ထို့နောက် တန်ဖိုးကို အဆင့်ဆင့်လျှော့ချလာရာ အလကားပေးသော်မှ ယူသူပေါ်မလာတော့ပေ။

ထိုအခါမှာ မြတ်စွာဘုရားရှင်က-

“ရဟန်းတို့၊ လူအပေါင်းများစွာ ချစ်ခင်စုံမက် နှစ်သက်သော သီရိမာကို သင်တို့ကြည့်ကြကုန်လော့။ ရှေးကဆိုလျှင် အသပြာတစ်ထောင်ပေးမှ သူမနှင့် ပျော်ပါးသွားလာနိုင်ခွင့်ရှိ၏။ ယခုသော်





www.burmeseclassic.com

www.burmeseclassic.com

ကား အလကားပေးသော်မှ ယူသူမရှိတော့။ သူမ၏ တင့်တယ်လှသော တန်ဖိုးရှိသော ရုပ်အလောင်းသည် ကုန်ခြင်း၊ ပျက်ခြင်းသို့ရောက်ခဲ့လေပြီ။

"ရဟန်းတို့၊ မပြတ်မစဲ အမြဲနာကျင်မခံသာသည့် ဤခန္ဓာကိုယ်အတ္တဘောကို ဉာဏ်စက္ခုဖြင့် ကြည့်ရှုကြကုန်လော့"

ဟု မိန့်တော်မူကာ -

**'ပဿ စိတ္တကတံ ဗိမ္ဗံ'** အစရှိသောဂါထာဖြင့် ရှေ့မှာဖော်ပြခဲ့သော တရားဒေသနာကို ဟောကြားတော်မူခြင်းဖြစ်သည်။

ဒေသနာနိဂုံးမှာတော့ သီရိမာကို မေတ္တာသက်ဝင် ချစ်ခင်စုံမက်နေသော ရဟန်းတော်မှာ သောတာပန်တည်၏။ ပရိသတ်အများအပြားလည်း သစ္စာသိမြင် ကျွတ်တမ်းဝင်တော်မူကြလေသည်။

အရှင်ဝိစေတမှာမူ အထက်ပါ **ဓမ္မပဒ ရာဇဝင်လာ သီရိမာဝတ္ထု**ကို ဖတ်ရှုရပြီးနောက် မန္တလေးတက္ကသိုလ်ကျောင်းသားဘဝက သူငယ်ချင်းမတစ်ယောက်ကို အထူးတလည် အမှတ်တရရှိလှ၏။ သူမသည် မန္တလေးတက္ကသိုလ်၏ အလှဘုရင်မတစ်ဦးဖြစ်ခဲ့၏။ ချောမောလှပသော သူမကို တက္ကသိုလ်ကျောင်းသားတိုင်း ချစ်ခင်စုံမက်ကြ၏။

ချင်းတွင်းမြစ်ညာမှ ကမ္ဘောဇသွေးနှောသော သူမ၏ အသားအရေမှာ ဖြူဝင်းစိုပြည်၏။ ပွင့်လင်းဖော်ရွေသော သူမ၏အပြုံးက လူတိုင်းကို နှစ်လိုစဖွယ် ဆွဲဆောင်နိုင်စွမ်းရှိ၏။ စာတော်သောသူမကို ဆရာ၊ဆရာမများကလည်း အရေးပေး၏။ အားကစားဘက်မှာလည်း ထူးချွန်သူမို့ ရင်းနှီးခင်မင်သူတွေများ၏။ အားကစားရုံမှာ သူမတစ်ခုခုကစားနေပြီဆိုလျှင် အားကစားဝါသနာမပါသော ကျောင်းသားများပင် ဟိုလိုလိုဒီလိုလိုနှင့် လာရောက် အားပေးတတ်ကြသည်။

တစ်နေ့ မန္တလေးမြို့၏ ပူလောင်ထန်ပြင်းလှသော နွေနေ့လယ် ကျောင်းအားရက်တစ်ရက်မှာ သူမနှင့်သူငယ်ချင်းတစ်စု အားကစားရုံမှာ အပူဒဏ်ကို မမှုဘဲ ပျော်ရွှင်စွာ လေ့ကျင့်နေကြသည်။ မေဂျာလိုက် ဘတ်စကက်ဘောပြိုင်ပွဲတွေနီးပြီမို့ အားကစားမောင်မယ်တွေ အားကြိုးမာန်တက် လေ့ကျင့်ကစားနေကြခြင်း ဖြစ်၏။ ဆယ်ကျော်သက်ရွယ် လူငယ်တွေမို့ အပူဒဏ်ကို ဂရုမစိုက်မိကြပေ။

လေ့ကျင့်ခန်းပြီးတော့ အဆောင်ကို ခပ်သုတ်သုတ်ပြန်ကြ၏။ အဆောင်ထုံးစံအတိုင်း ညနေစာစားဖို့အတွက် အနားယူချိန် ကြာကြာမပေးနိုင်တော့ပေ။ ကစားပြီးခါစ ချွေးတွေမတိတ်မီမှာပင် ရေချိုးခန်းကိုပြေးပြီး အလုအယက်ရေချိုးကြသည်။ ရေချိုးပြီးလို့ သူမ၏အခန်းကိုပြန်တက်တော့ အခန်းဝမှာလဲကျသွားတော့သည်။

ဒါပါပဲ။ ဖောက်ပြန်သော ရာသီဥတုဒဏ်ကို ခန္ဓာက မလိုက်နာ မကာကွယ်နိုင်တဲ့အဆုံးမှာ သူမ၏ ဘဝကို ရှင်သေမင်းက မညှာမတာ အလဲထိုးပြီး ရက်ရက်စက်စက် ခေါ်ဆောင်သွားပြီဖြစ်၏။ ဘတ်စကက်ဘောကွင်းထဲမှာ ဘောင်းဘီတိုလေးနှင့် လိပ်ပြာလေးတစ်ကောင်လို ပျံဝဲကစားတတ်သော သူမ။ ကစားဖော်အချင်းချင်း ရိုင်းပင်းဖေးမကစားတတ်သောသူမ။ အားကစားပွဲတော်များမှာ မန္တလေးတက္ကသိုလ် ဂုဏ်ဆောင် ဆုတံဆိပ်များစွာ ယူပေးလေ့ရှိသော သူမ။ ပညာရည်ချွန်ဆုပေးပွဲများမှာ အမြဲတမ်းဆုရတတ်သောသူမ။ ပျော်ရွှင်စွာ ကတတ်၊ သီဆိုတတ်သော သူမ။ မိဘများ၏ တစ်ဦးတည်းသော သမီး။ အစ်ကိုဖြစ်သူများ၏တစ်ဦးတည်းသော ညီမငယ်။

ပါမောက္ခချုပ်နှင့်တကွ ဆရာ၊ ဆရာမများ၊ နီးစပ်ရာသူငယ်ချင်းကျောင်းသူကျောင်းသားများ အလန့်တကြား ယူကျုံးမရဖြစ်ကြရ၏။ ပြီးခဲ့တဲ့ မိနစ်ပိုင်းလောက်ကမှ အတူတကွ ပျော်ရွှင်စွာ ကစားခဲ့ကြတဲ့သူတွေ ဘယ်လိုယုံလိုက်ကြရပါမလဲ။ သို့သော် ရှင်သေမင်းကတော့ သူ့အလုပ်သူလုပ်ပြီး ရုပ်ခန္ဓာအပေါင်းကလည်း သူ့သဘာဝကို သူပြသွားပြီပဲလေ။

တစ်ညတာ တက္ကသိုလ်ဆေးရုံမှာထားပြီး သူမမိဘများ၏ ဆန္ဒအတိုင်း ရုပ်အလောင်းကို သူမ၏ ဇာတိမြို့အရောက် ပို့ဆောင်ပေးကြရသည်။ အရင်းနှီးဆုံးသူငယ်ချင်းတွေ လိုက်ပါပို့ဆောင်ပေးကြ၏။ မိုင်တစ်ရာကျော်ဝေးသောလမ်းခရီးမှာ နွေရာသီ အပူဒဏ်အောက်၌ ရုပ်အလောင်းကို ကားကြီးတစ်စီးနှင့် သယ်ဆောင်ရ၏။ လိုက်ပါပို့ဆောင်ကြသော ကျောင်းသားများထဲမှာ သူမအသက်ရှင်စဉ်က အသေရရ၊ အရှင်ရရဆိုသော ကျောင်းသားနှစ်ယောက်လည်း ပါ၏။

သူမ၏ ရုပ်အလောင်းကို ကား အလယ်မှာထားပြီး ဘေးပတ်လည်မှ ဝိုင်းထိုင်ကြကာ နံနက်စောစော ထွက်လာကြသည်။ မန္တလေးမြို့မှ ထွက်လာစမှာ အပူဒဏ်ကမသိသာသေးသော်လည်း နေထွက်သည်နှင့် ပူလောင်မှုက ပြင်းထန်လာ၏။ ဖြူစင်ချောမွေ့သောသူမ၏ အသားအရေမှာ ဖြူဖပ်ဖြူရော်ဖြစ်ရာမှ နီပုပ်ပုပ်အရောင်သို့ ပြောင်းလာသည်။ ထိုမှ ညစ်ပုပ်ပုပ်အရောင်သို့ ပြောင်းလာသည်။ ရုပ်ပျက်ဆင်းပျက်ဖြစ်လာစ သူမ မျက်နှာကို အဝတ်စတစ်ခုနှင့် ဖုံးအုပ် ပေးလိုက်ရသည်။

လမ်းခရီးအလယ်က မြို့ကြီး တစ်မြို့အရောက်မှာ မျက်နှာကို ဖုံးအုပ် ထားသည့်အဝတ်ကို သူငယ်ချင်းတ[illegible] က ဖွင့်ကြည့်ပြန်သည်။ နှုတ်ခမ်းနီဆေး ကူစရာမလိုဘဲ နှင်းဆီနီရောင်သန်းနေ တတ်သော နှုတ်ခမ်းလွှာမှာ ဖြူရော်ပြ[illegible] ဟနေ၏။ ထိုပါးစပ်မှ သွားနံ့ရည်[illegible] ထွက်ကျနေ၏။ ပုလဲသွယ်လိုတင်စားခဲ့[illegible] သည့် သွားတန်းလေးများကျဲပြီးစိနေ[illegible] ဝင်းဝါနေလေ့ရှိသောမျက်နှာမှာ အ[illegible] အမည်းတို့စွဲ၍ ဖောင်းကားစပြ[illegible] သည်။

မနေ့ညနေပိုင်းက ပျော်တပြုံးပြုံး[illegible] နှင့် အားမာန်အပြည့်ဖုံးလွှမ်းပြီး [illegible] သစ်မလေးတစ်ကောင်လို တွန်း[illegible] ထွက်ဝင်ကစားခဲ့သော သူမ၏ ရုပ်[illegible] ကြီးမှာ သစ်တုံးတစ်တုံးကို ကားပေါ် [illegible] တင်ထားသလိုသာရှိချေ၏။ အချိန် [illegible] အတွင်းမှာ အပြောင်းလဲကြီးပြောင်း[illegible] သွားရှာသော သူမ၏ ခန္ဓာကိုယ်[illegible] အလောင်းကိုကြည့်ပြီး ဗုဒ္ဓစာပေများ[illegible] အလှမ်းဝေးလှသော သူတို့သူငယ်[illegible] တစ်စု ရှင်သေမင်းကိုသာ စီးချင်းထိုး[illegible] တိုက်ပွဲဝင်ချင်စိတ်တွေ ပြင်းပြနေ[illegible] သည်။

ယခုကဲ့သို့ လျှပ်တစ်ပြက်ချင်း [illegible] လဲတတ်သော အသုဘခန္ဓာကို အ[illegible] ရှင်စဉ်က အသုဘရှုဖို့ စဉ်းစားကြ[illegible] ဝေးစွ ဒီအဖြစ်မျိုးကြုံရလိမ့်မည်[illegible] တွေးမိကြလိမ့်မည်မဟုတ်ပေ။ ဒါ[illegible] လည်း သူမကို အသက်ရှင်စဉ်ကပိုး[illegible] လိုကြသော ကျောင်းသားနှစ်ယေ[illegible] လမ်းတစ်ဝက်မှာ မယောင်မလည်[illegible] ဆင်းကျန်ရစ်တာ အမှတ်ရသေး[illegible] သည်အတွက် အရှင်အသုဘကို [illegible] နာစီးဖြန်းဖို့ရာမှာ အလွန်ခက်ခဲ[illegible] မည်။

ထိုအချိန်ကတော့ [illegible] ကစားဖက် အရင်းနှီးဆုံးသူငယ်[illegible]



www.burmeseclassic.com

အနေဖြင့် နာဒရေးကီစွအဝဝကို အစ ဆုံး တူညီပေးခဲ့သည်။ ရင်းနှီးခင်မင် တောင်းသူမှီ ဝမ်းနည်းကြေကွဲရတာ ကွဲလို့ အသုဘဘာဝနာတစ်ရပ်အနေ ရှုမြင်ရကောင်းမှန်းလည်း မသိခဲ့ပေ။ အလောင်းကောင်ကြီး ဖောက်ပြန် တာနှင့်အမျှ ရွံသလို၊ ကြောက်သလို ခံစားခဲ့ရလေသည်။

သို့သော် ထိုအဖြစ်အပျက်၏ တ်ပိုင်းအချိန်များမှာတော့ သူတို့ သယ်ချင်းတစ်စု မန္တလေးမြို့၏လမ်းမ မှာရှိတတ်သော အုပြိမ့်စင်တွေ အကြားသို့ လျှောက်မသွားဖြစ်ကြ တော့ အမှတ်တမဲ့မှ အမှတ်ထင်ထင် တမ်းတင်ထားဖြစ်ခဲ့လေသည်။

## သုဘအကယ်ဒမီ

စတုရာရက္ခကျမ်း၌ သတ္တဝါတို့ ၏ အမြဲမပြတ်တရစပ်နှိပ်စက်နေသော တို့ မတင့်မတယ် စက်ဆုပ်ဖွယ်ရာ သုဘဘာဝနာဖြင့် တားမြစ်ရာ၏။ သုဘတိုကြောက်သော ရာဂသည် စ်နေ့တခြား အားနည်းလျက် ပျောက် က်၏။ ခန္ဓာကိုယ်၌ ဆံပင် စသော က်ဆုပ်ဖွယ်အစုအပုံမျိုးကို အောက်မေ့ တ်သင့်၏။ ထိုစက်ဆုပ်ဖွယ်အစုအပုံ အစန်အဖန်အထပ်ထပ် ရှုမှတ်နေပါ ရာဂအားနည်းပြီး နှလုံးအေးမြခြင်း ရနိုင်၏။ ခန္ဓာကိုယ်အတွင်း ဆံပင်၊ ညင်း စသော ကောဋ္ဌာသ၌ မတင့် တယ် ရွံဖွယ်ဟု ရှုမှတ်ပွားများလေ့ရှိ တို့မှာ စိတ်ထားမြင့်၍ ကြီးရင့်ကြ၏။ တ်ဘဲနေပါက စိတ်ထားနု၍ ယုတ် ခြင်းကို ရောက်တတ်၏ဟု အသုဘ ဝနာအကျိုးကို ဖော်ပြထားသည်။

သတ္တဝါတို့၏ ခန္ဓာကိုယ်မှာ ပထဝီ တ် (၂၀)၊ အာပေါဓာတ် (၁၂)၊ ပေါင်း ၂) ပါးကို (သုံးဆယ့်နှစ်ကောဋ္ဌာသ- သယ့်နှစ်ပါးအစုအဖွဲ့) ခေါ်ခြင်း ဖြစ် ၏။

လောကလူသားတိုင်းမှာ ဆံပင်၊ မွေး လက်သည်း၊ ခြေသည်း၊ သွား၊ ရေ အသား၊ အကြော၊ အရိုး၊ ရိုးတွင်း ဆီ၊ အညှို့၊ နှလုံး၊ အသည်း၊ အမြှေး၊ ဉ်း အဆုတ်၊ အူမ၊ အူသိမ်၊ အစာ သစ် အစာဟောင်း၊ ဦးနှောက် စသည် ထဝီဓာတ် (၂၀)၊ သည်းခြေ၊ သလိပ်၊ ည်၊ သွေး၊ ချွေး၊ အဆီခဲ၊ မျက်ရည်၊ ကြည်၊ တံတွေး၊ နှပ်၊ အစေး၊ ကျင် ငံ စသည့် အာပေါဓာတ် (၁၂) ပါးတို့ ဖြင့် ဖွဲ့စည်းထားခြင်း ဖြစ်၏။ ထို (၃၂) ပါးအစုအဖွဲ့ကို အသက်ရှင်စဉ်မှာလည်း ရှုမှတ်ဆင်ခြင်နိုင်၏။

တိုင်းပြည်အုပ်ချုပ်မင်းလုပ်သည့် ပုဂ္ဂိုလ်မှစ၍ တောင်းစားသူအဆုံး ထို (၃၂) ပါးအစုအဖွဲ့ဖြင့် ရပ်တည်ရှင်သန်ခွင့်ရ၏။ ထိုအစုအဖွဲ့များ မိမိသန္တာန်မှာလည်းရှိသည်။ သူတစ်ပါးတို့၏သန္တာန်မှာလည်းရှိ၏။ ဉာဏ်မျက်စိရှိသော ယောဂီပုဂ္ဂိုလ်ဖြစ်ပါက ပန်းမျိုးစုံ (၃၂) မျိုးနှင့် သီကုံးထားသောပန်းများကို ကြည့်ရှုဖန်များပါက မျက်စိမှာ ပန်းအားလုံး တစ်ပြိုင်နက်ပေါ်နေသလို ခန္ဓာမှ (၃၂) ကောဋ္ဌာသအားလုံး တစ်ပြိုင်နက် ထင်ရှားပေါ်လွင်အောင် ရှုမှတ်နိုင်သည်။ ထိုသို့ အမှန်မမြင်၍ မရှုပွားနိုင်ပါမူ. . .။

ရဟန်းတော်အရှင်ဝိဝေက ခူတင် ဆောက်တည်နိုင်ရန်အတွက် ယခု သုသာန်သို့ စတင်ရောက်ရှိလာသည့် နေ့ကပင် သုသာန်အပေါက်ဝနားမှ တဲစုတ်လေးနှစ်လုံးကို သတိထားကြည့်မိ၏။ ထိုတဲလေးနှစ်လုံးမှာ သုဘရာဇာကြီး ဦးမြသီးကို အမှီပြု၍ တောင်းရမ်းစားသောက်နေကြသော ကုဋ္ဌနူနာသည်ကြီးများ နေထိုင်ကြ၏။ ယောက်ျားကြီးနှစ်ယောက်၊ မိန်းမနှစ်ယောက်နှင့် ကလေးတစ်ယောက်တို့ ဖြစ်သည်။

သူတို့သည် မြို့တွင်းသို့ နေ့စဉ်သွားရောက်တောင်းရမ်းကြပြီး ညနေစောင်းမှ သုသာန်သို့ ပြန်လာကြ၏။ သုသာန်အလယ်က မိုးလုံလေလုံဇရပ်ကြီးမှာ ထိုလူစုအတွက် အထူးနားနေစားသောက်ခန်းမကြီး ဖြစ်၏။ သူတို့အုပ်စုသည် ညနေစောင်းသည်နှင့် သုသာန်ဇရပ်ကြီးသို့ ရောက်လာတတ်ကြကာ ပါလာသော စားစရာသောက်စရာများကို ဖက်ရွက်များပေါ် ချခင်းပြီး ဆူဆူညံညံစားကြသောက်ကြ၏။ သူတို့အားလုံး အရောင်အဆင်းမပေါ်တော့သော အဝတ်အထည်များကို ဝတ်ဆင်ထားကြ၏။ သူတို့မှာ ခန္ဓာကိုယ်ရုပ်ပျက်ဆင်းပျက်ဖြစ်နေရုံမဟုတ် အခြားရောဂါများကိုယ်စီရှိနေဟန်တူပါသည်။

သူတို့ထဲမှ မိန်းမခပ်ငယ်ငယ်နှင့် ယောက်ျားကြီးတစ်ယောက်မှာ မျက်စိအမြင်အာရုံသန့်စွမ်းပုံမရ။ ထိုမိန်းမခပ်ငယ်ငယ်ကို ခြေတရွတ်ဆွဲနေသော ယောက်ျားက တွဲခေါ်လာ၏။ မျက်စိအမြင်မသန်သော ယောက်ျားကြီးကိုတော့ လက်ချောင်းကလေးများ တိုနေသောမိန်းမကြီးက တွဲခေါ်လာသည်။ ယောက်ျားနှစ်ယောက်က လက်ချောင်းများအားလုံး ပတ်တီးများစည်းထားပြီး ခြေထောက်နှစ်ဖက်မှာ ကင်းဘတ်ရှူးဖိနပ်အစုတ်များကို ကြိုးနှင့်ပတ်၍စည်းထား၏။ လေး၊ ငါးနှစ်ခန့်ရှိ ကလေးငယ်ကတော့ သူတို့နောက်မှနေ၍ စားစရာတစ်ခုခုကို စားသောက်ရင်း လိုက်လာလေ့ရှိသည်။

သူတို့ငါးယောက်မှာ ထမင်းလုတ်ကို ဖြောင့်ဖြောင့်တန်းတန်းယူ၍ စားသောက်နိုင်သူမှာ မိန်းမခပ်ငယ်ငယ်နှင့် ကလေးငယ် နှစ်ယောက်သာရှိသည်။ ကျန်သုံးယောက်ကမူ စားစရာကို ပါးစပ်ထဲရောက်အောင် အတော်ခက်ခက်ခဲခဲ ထည့်နေရ၏။ သူတို့မှာ ဖျော်ရည်ဘူးခွံများ၊ ရေသန့်ဘူးခွံများဖြင့် လက်ဖက်ရည်ချို၊ ရေနွေးကြမ်းတို့ပင်ပါလာတတ်သေးသည်။ ထိုရေနွေးကြမ်း၊ လက်ဖက်ရည်ချို၊ ကော်ဖီမစ်တို့ကို နှစ်ခြိုက်စွာစားသောက်ကြ၏။ ထိုသို့ စားသောက်ကြပြီးလျှင် ယောက်ျားကြီးနှစ်ယောက်က စီးကရက်ဖွာရှိုက်နေကြသည်။ စီးကရက်မှ လက်ကြားမညှပ်နိုင်သော ယောက်ျားများကို မိန်းမတွေက စီးကရက်မီးညှိပြီး ပါးစပ်မှာတပ်ပေးရသည်။ ထမင်းကျန်ဟင်းကျန်များကို အုတ်ဂူကြီးအုတ်ဂူကြားမှာ ပစ်ထားလိုက်ကြသည်။ ထိုသို့ စားသောက် အနားယူပြီးမှ အနည်းငယ်မှောင်လာသည်နှင့် သူတို့တဲတွေရှိရာ ပြန်သွားကြလေသည်။ ဦးမြသီးက သူတို့ကို ဇရပ်ပေါ်မှာ စားသောက်ခွင့်ပေးထားသော်လည်း အိပ်ခွင့်တော့ပေးမထားချေ။

အရှင်ဝိဝေကမှာ ထိုလူအုပ်စုလာသည်နှင့် အုတ်ဂူနှစ်လုံးကြားသို့ဝင်၍ ငြိမ်ထိုင်နေပြီး သူတို့ထံမှအသံတွေကို နားစွင့်ထောင်နေလေ့ရှိ၏။ ယောက်ျားကြီးနှစ်ယောက်က တောင်းရမ်းစားသောက်ရတာခက်လာကြောင်း၊ လူတွေက သူတို့ကိုကိုယ်ချင်းစာစိတ်မရှိကြောင်းများကို ညည်းညည်းညူညူပြောနေ၏။ သူတို့၏ အသံတွေမှာ ဗလုံးဗထွေးနှင့် နှာခေါင်းသံပါနေ၍ အတော်နားစွင့်ထောင်ရ၏။

ကျန်ယောက်ျားကြီးတစ်ယောက်ကမူ မိန်းမငယ်ငယ်ကို တခြားကလာတဲ့ အနူတွေအား အရောမဝင်ဖို့ ကြိမ်းမောင်းနေသံကြားရ၏။ မိန်းမငယ်က သဝန်တိုတယ်ပေါ့လေဟု နှာခေါင်းသံနှင့် ပြန်ငေါ့သံကိုကြားရပြီး ယောက်ျား



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်သူ၏ ညစ်ညစ်ဖတ်ပတ်ဆဲဆိုသံ၊ မိန်းမများ၏ ရယ်မောသံတွေကို ကြားနေရသည်။ ဇရပ်ပေါ်မှာ ပြေးလွှားဆော့ကစားနေသော ကလေးငယ်ကို လှမ်းပြီး မာန်မဲသံ၊ သီချင်းဆိုသံတွေကိုလည်း ကြားရ၏။ မိန်းမနှစ်ယောက်က ရေမချိုးရတာကြာပြီဖြစ်လို့ အကျီ၊ လုံချည်တွေ မလျှော်ရတာ ကြာပြီဖြစ်ကြောင်းလည်း ပြောဆိုနေကြ၏။ ထိုမိန်းမအားယောကျ်ားတစ်ယောက်က သချိုင်းသွားချိုးပါလားဟု ငေါက်ငမ်းသံနှင့်အတူ ဒါသချိုင်းလေဟု ပြန်ပက်သံကိုကြားရပြီး အရှင်ဝိဝေက ပြုံးမိချေ၏။

အရှင်ဝိဝေကမှာ သူတို့ဘဝနှင့် သူတို့အကြောင်းတွေကို ဆက်စပ်တွေးကြည့်နေမိသည်။ လူ့လောကရောက်၍ လူရယ်လို့တုသာသတ်မှတ်ခံထားရသော်လည်း လူချင်းတူတူ အခွင့်အရေးဘာတစ်ခုမှမရနိုင်ရှာသောဘဝတွေ ဖြစ်၏။ နဂိုကမှ ရွံရှာစက်ဆုပ်ဖွယ်ရုပ်ကိုယ်ကြီးကို မသတီစရာ အနာကြီးရောဂါက စွဲကပ်ပြီး ထပ်ဆင့်အကယ်ဒမီပေးလိုက်သေး၏။ သို့ပေမယ့် သူတို့ဘဝနှင့်သူတို့ ပျော်မွေ့နေရရှာ၏။ ကိုယ့်ဘဝကို မနှစ်သက်နိုင်ကြပေမယ့် ကိုယ့်အကြောင်းနှင့်ကိုယ် နှစ်သိမ့်ကျေနပ်နေကြရရှာသည်။ တကယ်တော့ သတ္တဝါမှန်သမျှ ကိုယ့်ဘဝကို ကျေနပ်နှစ်သိမ့်နေတတ်သည့် ဘဝနိကန္တိ၏ လွှမ်းမိုးခြယ်လှယ်မှုကြောင့် ရောက်ရာဘဝမှာ ဖြစ်ရာအနေအထားနှင့် ကိုယ့်ကိုယ်ကိုယ်တပ်မက်နေကြခြင်းပင် ဘဝဟု သတ်မှတ်နိုင်သည် မဟုတ်ပါလား။

ယခုမိသားစုကိုပင်ကြည့်ပါ။ လူကြားထဲမှာ မဝင်ဆံ့နိုင်တော့၍ သုသာန်ဇရပ်ပေါ်မှာရောက်နေကြရှာသည့် နူနာသည်ကြီးများပင်ဖြစ်လင့်ကစား သူတို့ဘဝ၊ သူတို့အဖော်ကိုယ်စီနှင့် သီချင်းတကြော်ကြော်သီဆို၍ တဲအိမ်ကို ပြန်သွားကြသည်။

အသုဘကမ္မဋ္ဌာန်း စီးဖြန်းမည့်ရဟန်းတော် အရှင်ဝိဝေကမှာတော့ ကိုယ်ရောဂါမရှိပါဘဲ သုသာန်တစပြင်က အုတ်ဂူအကြိုအကြားမှာ အရှင်အသုဘကို ဘာဝနာရှုဖို့ ကြိုးစားနေ၏။ အသက်ရှင်ဆဲ ကောဋ္ဌာသအစုအဖွဲ့တို့ဖြင့် ဖွဲ့စည်းထားသည့် အရှင်အသုဘကို ဉာဏ်မျက်စိဖြင့် သုံးသပ်ရှုမြင်တတ်ပါက နူနာရောဂါသည်များ၏ ရွံရှာဖွယ်အနိဋ္ဌာရုံမြင်ကွင်းက အသုဘကမ္မဋ္ဌာန်းကို ထပ်ဆင့်အကယ်ဒမီပေးသင့်သည့် ကမ္မဋ္ဌာန်းအာရုံဖြစ်ပေလိမ့်မည်။

အရှင်ဝိဝေကမှာ ကမ္မဋ္ဌာန်းဘာဝနာ အားမထုတ်မီကဆိုလျှင် မြို့ထဲရွာထဲများမှာ တွေ့ရလေ့ရှိသော တောင်းရမ်းစားသောက်နေကြသည့် နူနာရောဂါသည်များကို တွေ့မြင်ရပါက စိတ်နှလုံးမချမ်းမသာ အလွန်ရွံရှာတတ်သည်။ တရားဓမ္မအားထုတ်ဖြစ်သော အခါမှ သင်ကြားလေ့လာခဲ့သော စာပေပရိယတ္တိ၊ ပွားများအားထုတ်နေဆဲ ဘာဝနာအစွမ်းကြောင့် အကြောင်းမှန်ကို ဆင်ခြင်သုံးသပ်ပြီး နှလုံးသွင်းမှန်အောင် ကြိုးစားနိုင်လာခြင်း ဖြစ်သည်။ အထူးသဖြင့် ယခုလို နူနာသည်ကြီးများကိုတွေ့တိုင်း ဘုရားရှင်လက်ထက်က ဘုရားရှင်ထံမှ တရားတော်ကို နာယူရပြီး သောတာပန်တည်သွားသော 'သုပ္ပဗုဒ္ဓ' လူနူကြီးကိုလည်း အမှတ်ရမိ၏။ ထိုသို့ ကံနှင့် ကံ၏ အကျိုးပေးကိုလည်း အထူးထိတ်လန့်စွာ သံဝေဂရယူမိသည်။

ထို့ပြင် ထွန့်ခေါင်ဆရာတော်ကြီး (၁၁၆၀-၁၂၄၂) နှင့် သူ၏ ကပ္ပိယကြီး ကိုသာဟန်တို့ကလည်း အမှတ်ထင်ထင် နည်းယူစရာကောင်းသေး၏။

ထွန့်ခေါင်ဆရာတော်လောင်းလျာ အရှင်ဉာဏဝန္တမှာ မင်း၊ မိဖုရားကိုးကွယ်ခံ ဂုဏ်ကျက်သရေ ကြီးမားလှသော ရွှေကျောင်းစံဆရာတော်ဘဝမှ သစ်တစ်ပင်ရင်း၊ ဝါးတစ်ပင်ရင်းသို့ တစ်ခါတည်း တောထွက်တော်မူခြင်း ဖြစ်၏။ တစ်တောဝင်တစ်တောင်ထွက်ဇကာစာရီ လှည့်လည် အားထုတ်ရင်း သက်တော် (၅၀) လောက်မှာ စစ်ကိုင်းတောင်တစ်နေရာ၌ နေရာအတည်တကျထားပြီး တပည့်ရဟန်း၊ ယောဂီပရိသတ် သုံးရာကျော်တို့အား သွန်သင်ဆုံးမ တရားပြတော်မူ၏။

ထိုအထဲကမှ ဆရာတော်အား ဆွမ်းချက်ဆက်ကပ်သူ သီလရှင်တစ်ပါးနှင့် ဆွမ်းကွမ်းဖျော်ရည်ဆက်ကပ်သူ ကပ္ပိယကြီး ဦးသာဟန်တို့မှာ ကိုယ်ပျက်နေသော အနာကြီးရောဂါသည်များဖြစ်ကြလေသည်။

နွေကာလ ညနေချမ်းအခါများ၌ ဆရာတော် မန်းကျည်းဖျော်ရည်ဘုဉ်းပေးတတ်လေ့ရှိရာ ဦးသာဟန်ကပင် ဖျော်ရည်စီမံရစီစဉ်ရသည်။ ဖျော်ရည်ကိုင်ခါနီးမှာ ဦးသာဟန်၏ တိုနေသော လက်ချောင်းလေးများဖြင့် ဆရာတော်၏ရှေ့မှောက်မှာ ထန်းလျက်၊ မန်းကျည်းဆား အချိုးကျအောင် လက်ဖြင့်နယ်၍ မွှေရ စစ်ရသည်။ ထိုသို့ မွှေ၍၊ ခြေ၍ ကပ်သည်ကို ဆရာတော်မြင်သော်လည်း ရွံရှာခြင်းအလျှင်းမရှိ မြိန်မြိန်ရှက်ရှက်ကြီး ဘုဉ်းပေးတော်မူသည်။

ဆွမ်းချက်သူရော ကပ်သူပါ နူနာရောဂါသည်များ ဖြစ်ကြသော်လည်း ဆရာတော်၌ စက်ဆုပ်ရွံရှာဖွယ်မ သည်မှာ ပြောစမှတ်ကြီးဖြစ်လေသည်။ သူတော်ကောင်းတို့၏ စိတ်မနောကား အလွန်မြင့်မြတ်လှသည်။

ဘုရားရှင်လက်ထက်တော်အခါ က သူဌေးမျိုးမှ ရဟန်းပြုလာသော အရှင်မဟာကဿပ မထေရ်ကြီးအား နူနာရောဂါသည်တစ်ယောက်က ဆွမ်း ကပ်ရာ ချီးမြှောက်လိုသောအားဖြင့် ဆွမ်းကိုအလှူခံဖူး၏။ ဆွမ်းလောင်းလှူ သော ထိုဒကာ၏လက်မှာ သွေးပြည် တစိုစိုဖြင့် ပုပ်ပွဆွေးမြည့်နေသဖြ သပိတ်ထဲ ဆွမ်းလောင်းနေစဉ်မှာပ လက်ချောင်း ပြတ်ကျကျန်ရစ်သည် အရှင်မဟာကဿပမြင်၏။ ဒကာသည် သိ၏။ ရှင်မဟာကဿပကား ထိုဒကာ စေတနာပွားစေရန် ထိုအိမ်နံရံမှာပ ကျောမှီထိုင်၍ ဆွမ်းထဲမှ လက်ချော ပြတ်လေးကို ဖယ်ကာဖယ်ကာ မြိန်ရှ စွာ ဘုဉ်းပေးတော်မူ၏။ ပုထုဇဉ်တို့အ အတွက်ကျအောင် ဖို့အန်ပေလိမ့်မ ဟု **ထေရဂါထာ ပါဠိတော်ကို** အဋ္ဌကထာ ဆရာ မှတ်ချက်ပေးထားသည်။

**အပ္ပဋိကူလသညာ** - မရွံရှာမစ ဆုပ်တတ်သောသဘောကား သူတော် ကောင်းအရိယာပုဂ္ဂိုလ်ကြီးတို့၌ ထူး ခြားခြား တမင်လုပ်ယူရသောသဘော မဟုတ်ပေ။ **(အရိယိဒ္ဓိ)** အရိယာ တန်ခိုးတစ်မျိုးဟုပင် **ပဋိသမ္ဘိဒါမဂ်** ဟောတော်မူ၏။

ထိုကဲ့သို့ အရိယာပုဂ္ဂိုလ်မျိုး ကျက်သူမဟုတ်သေးပါကလည်း ကော သော သာယာနှစ်သက်ဖွယ်သဘော အသုဘကမ္မဋ္ဌာန်းကို ပွားများအားထု ထားမှ နှလုံးမသာမယာ ဗျာပါဒ နိုင်နင်းပါမည်။

သို့မဟုတ်ပါက နှလုံးမသာမ ဖြစ်မှု **ဗျာပါဒ** ကလည်း စက်ဆုပ်ဖွ **ပဋိကူလ**ဆောင်တတ်ပြီး **ကာမစ္ဆန္ဒ** လည်း ရွံရှာဖွယ်ကိုပင် မစက်ဆုပ် မ ဖွယ် **(အပ္ပဋိကူလ)** ဟန်ဆောင်တ သည်။ မောဟကလည်း ကောင်း၊ ဆို လျှစ်လျူရှု သည်းခံလေ ဟန်ဆော

www.burmeseclassic.com

www.burmeseclassic.com

ဆရာဦးစိန်လှိုင်(ကျိုက်လတ်)

# ဒွမြတ်စွာသာသနာရောင်ဝါနေသို့ထွန်းစေဖို့

## မျိုးဆက်သစ်လူငယ်များအတွက်သိမှတ်စရာများ

*နမောတဿ ဘဂဝတော*
*အရဟတော သမ္မာသမ္ဗုဒ္ဓဿ။*
*ဗုဒ္ဓံ၊ ဂုဏံ အဟံ ဝန္ဒာမိ သဗ္ဗဒါ*

၁၃၇၆ ခုနှစ်၊ တန်ခူးလဆုတ် ၁ ရက်၊ ကြာသပတေးနေ့၊ မြန်မာနှစ်ဆန်းတစ်ရက်နေ့ သင်္ကြန်အပြီး နံနက် (၇) နာရီခွဲခန့်အချိန် တပည့်တစ်ဦး ကျွန်တော့်ထံသို့ ရောက်လာသည်။

"တဲ - မောင်အေး၊ ဘယ်ကဘယ်လို မျက်စိလည်လာတာလဲ"

"သင်္ကြန်အပြီး နှစ်ဆန်းတစ်ရက်မှာ လမ်းလျှောက်ထွက်ရင်း ဆရာနဲ့လည်း မတွေ့တာကြာပြီမို့ ဆရာ့ကို အတိရလို့ ဝင်ကန်တော့တာပါ။ နှစ်ဦးမှာ ဆို့"

"အေး၊ အေး - ကောင်းတာပေါ့ကွာ၊ သာဓုခေါ်ပါတယ်။ သာဓု၊ သာဓု၊ သာဓု"

ဟု သာဓုခေါ်ပြီး သူ့အား ဆုမွန်ကောင်းများပေးလိုက်ပါသည်။

"ဆရာကော လမ်းလေးဘာလေး လျှောက်ဘူးလား"

"မလျှောက်ဖြစ်ပါဘူးကွာ။ နေကလည်းသိပ်ပူ၊ မျက်စိကလည်း ဝေဝေဝါးဝါး မော်တော်ဆိုင်ကယ်တွေကလည်း များမှများ။ များသောအားဖြင့် စီးတဲ့သူတွေက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း သိကြတာများပါတယ်။ တွေ့ချင်သလို တွေ့၊ ဖြတ်ချင်သလိုဖြတ်နဲ့ မောင်းချင်သလို မောင်းနေကြတာ။ တိုက်မိလို့က တော့ သုခမေတ္တာနဲ့ နီးသွားဦးမယ်"

(သုခမေတ္တာဆိုသည်မှာ ကျွန်ုပ်တို့မြို့က နာရေးကူညီမှုလူမှုရေးအသင်း ဖြစ်သည်။)

"ကျွန်တော်လာတာက ဆရာနဲ့ တွေ့ပြီးကန်တော့ချင်တာရယ်၊ မေးစရာ တစ်ခုရှိလို့ပါ ဆရာ"

"ဘာမေးစရာရှိလို့လဲ"

"ကျွန်တော့် သူငယ်ချင်းတစ်ယောက်နဲ့ ဘုရားကို နေ့စဉ် ရှိခိုး၊ မရှိခိုး မေးကြရင်း သူက ကျွန်တော့်ကို မေးတယ်။ ရှိခိုးခြင်းဘယ်နှမျိုးရှိသလဲတဲ့"

"အေး - တို့ဗုဒ္ဓဘာသာဝင်တွေဟာ အနန္တောအနန္တငါးပါးနှင့်တကွ ဂုဏ်ဝုမို၊ ဝယဝုမိနဲ့ပြည့်စုံတဲ့ သက်ကြီးပုဂ္ဂိုလ်များကို ရှိခိုးပူဇော်လေ့ရှိကြတာ မင်းလည်း သိပါလိမ့်မယ်။ ရှိခိုးပူဇော်တယ်ဆိုတာ အကျဉ်းပြောရရင် ပူဇော်ခြင်း၊ ရှိခိုးခြင်း၊ အလေးအမြတ်ပြုခြင်း၊ မြတ်နိုးခြင်း၊ ကောင်းစွာပြုခြင်းများကို 'ခေါ်တာပဲ။ နိပါတတရားရှိပါမှ၊ ကျင့်သုံးနိုင်ပါမှ ရှိခိုးပူဇော်ခြင်းအရိုအသေအလေးအမြတ်ကို ပြုလုပ်နိုင်တယ်"

"နိပါတတရားဆိုတာ မင်္ဂလသုတ်ထဲက နိဝါတောစ ဆိုတဲ့ အပုဒ်လား ဆရာ"

"အေးပေါ့၊ လူတစ်ယောက် အခြားတစ်ယောက်ကို ရှိခိုးဖို့ဆိုတာ



တစ်လေသည်။

လွန်ခဲ့သည့် သုံးရက်လောက်က အရှင်ဝိဝေက သုသာန်သို့ နေ့စဉ်လာ ရောက်လေ့ရှိကြောင်း နှုနာသည်အုပ်စု သိသွားကြသည်။ တစ်ညနေ မှောင်ရီ ပျိုးစမှာ အရှင်ဝိဝေက သုသာန်မှ ကျောင်းသို့ပြန်အကြွ ထိုမိသားစုက တဲအိမ်ရှေ့မှ ယခုခေဘ်ပေါ် ဖျော်ရည်ဘူး တစ်ဘူးကပ်လှူလိုက်လေသည်။ မိသားစုငါးယောက်စလုံး တဲရှေ့က လမ်းဘေးမှာ တန်းစီ၍ ထိုင်ကန်တော့နေကြပြီး ကလေးငယ်အား ဖျော်ရည်ဘူးကို ဆက်ကပ်ခိုင်းခြင်း ဖြစ်၏။ အရှင်ဝိဝေကမှာ ကလေးငယ်ကို ကရုဏာပြုံးတစ်ချက်မျှ ပြုံးပြခဲ့သော်လည်း လက်အုပ်ချီနေကြရှာသော ကျန်လူကြီးလေးယောက်ကိုမူ အသိအမှတ်ပြု စကားလေးတစ်ခွန်းမျှ ပြောမထွက်နိုင်ခဲ့ပေ။ ထို့အတွက် မိမိကိုယ်ကို အထူးတလည် မကျေမနပ်ဖြစ်မိ၏။ မန္တလေးတက္ကသိုလ်ကျောင်းသားဘဝက တွေ့မြင်ဖူးသော မန္တလေးမြို့ မနော်ယမန် ကိုယ်ရေပြားရောဂါကုဆေးရုံက ဆရာဝန်ကြီးနှင့် ခရစ်ယာန်သီလရှင်ဆရာကြီး မာသာထရီဇာ (နိုဗယ်ဆုရှင်) တို့၏ စိတ်ဓာတ်နှင့်ယှဉ်၍ မိမိကိုယ်ကို မလုံမလဲခံစားမိသေးသည်။

ထို့ထက်ဆိုးသည်က ယခုကလေးငယ် ကပ်လှူလိုက်သော ဖျော်ရည်ဘူးကို ကိုယ်တိုင်သောက်ရမှာ ဝန်လေးနေခြင်းဖြစ်ရာ ကျောင်းကိုပြန်ရောက်သည်နှင့် ထိုဖျော်ရည်ဘူးအား ဦးပဉ္စင်းကြီးအား ကပ်လှူလိုက်သည်။ ဦးပဉ္စင်းကြီးက နှစ်နှစ်ခြိုက်ခြိုက် ဘုဉ်းပေးသုံးဆောင်သာဓုခေါ်၏။ အရှင်ဝိဝေကမှာတော့ လက်ကို ဆပ်ပြာနှင့် အထပ်ထပ်တိုက်ဆေးပြီး ကိုယ့်လက်ကို အဖန်ဖန်နမ်းကြည့်နေမိပါတော့သည်။

(ဆက်ရန်)

ထုံးတောင်-အရှင်မွေ့ပီယ (မြောင်)



www.burmeseclassic.com

www.burmeseclassic.com

လွယ်တာမှတ်လို့။ နိဝါတတရားကိုကျင့်သုံးတယ်ဆိုတာက မိမိရဲ့မာန်မာနကိုချထားခြင်း၊ ချိုးနှိမ်ထားခြင်းဖြစ်လို့ နိဝါတတရားရှိပါမှ ရှိခိုးနိုင်တယ်။ အလေးအမြတ်ဦးညွှတ်ရိုကျိုးပူဇော်နိုင်တယ်ကွယ့်။

ငါတို့ ဗုဒ္ဓဘာသာဝင်တွေထက် အခြားဘာသာအယူဝါဒကိုယူပြီး စွန့်ပြီးမှ ဗုဒ္ဓဘာသာကို ကိုးကွယ်လာကြတဲ့ ပုဂ္ဂိုလ်တွေလို (ခရာစေ့တွင်းကျ) သိပ်ပြီးတော့ မသိကြပါဘူး။ အမှုမဲ့အမှတ်မဲ့နေခဲ့ကြတာကိုး။ အမှန်က ဘာသာရေးအသိကိစ္စလေးတွေကို ငါတို့ဗုဒ္ဓဘာသာဝင်တွေက တခြားဘာသာဝင်တွေထက် ပိုပြီးသိဖို့ကောင်းတယ်။ သူများက ကိုယ့်ဘာသာကို လာမေးလို့ မသိဘူးပြောရရင် တယ်မနိပ်လှပေဘူး"

"ရှိခိုးခြင်း ဘယ်နှမျိုးရှိပါသလဲဆရာ"

"ငါသိသလောက်ကတော့ ရှေးကနာမည်ကြီး ဆရာတော်ကြီးတွေ၊ လူပညာရှိပုဂ္ဂိုလ်များ၊ စာပေကျမ်းဂန်များစတင်ရေးသားကြရာမှာ အစဦး ပဏာမအနေဖြင့် ဘုရားရှင်ကို 'နမောတဿဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ'ရေးကြပြီး ရှိခိုးပူဇော်လေ့ရှိပါတယ်။ ယနေ့အထိ ရှင်လူအများ ဗုဒ္ဓဘာသာဝင်တွေပြုလုပ်ကြတဲ့ ဘာသာရေးအခမ်းအနားများမှာ ဖွင့်ပွဲစတာနဲ့ နမောတဿသုံးကြိမ်ရွတ်ဆိုပူဇော်ကန်တော့ကြတာမင်းအသိပဲ။ နောက်ပြီး ရှိခိုးတာမှာများသောအားဖြင့် 'နမာမိနှင့် ဝန္ဒာမိ' နှစ်မျိုးက တို့ဗုဒ္ဓဘာသာဝင်တွေ အများဆုံးရှိခိုးနေကြပါတယ်။

"ဆရာပြောတာကို ကြားဖူးပါတယ်။ နမာမိရှိခိုးခြင်းနဲ့ ဝန္ဒာမိရှိခိုးခြင်းက အဓိပ္ပာယ်ဘယ်လိုရှိပါသလဲဆရာ"

"အရေးကြီးတာက သဘောတရားဖြစ်တယ်။ နမာမိ ဆိုတဲ့ အဓိပ္ပာယ်က ကိုင်းခြင်း၊ ညွှတ်ခြင်း၊ ရှိုင်းခြင်းတို့ဖြင့် ရှိခိုးခြင်းပါပဲ။ အကျဉ်းနည်းနဲ့ရှိခိုးတာပေါ့။ ဝန္ဒာမိဆိုတာက တည်ခြင်းငါးပါး (တစ်နည်း) ထိခြင်းငါးပါးနဲ့ရှိခိုးခြင်းကို ဆိုလိုတာ ဖြစ်တယ်။

"ဆရာ - ကိုင်းတယ်၊ ညွှတ်တယ်၊ ရှိုင်းတယ်ဆိုတာ ဘာကိုပြောတာပါလဲခင်ဗျာ"

"ဘုရား၊ တရား၊ သံဃာ၊ အမိ၊ အဖ၊ ဆရာသခင် ကျေးဇူးရှင်များကို ရှိခိုးကန်တော့တဲ့အချိန်အခါမှာ ရတနာမြတ်သုံးပါးနဲ့ မိဘ၊ ဆရာသမားများ၏ ကျေးဇူးဂုဏ်များကို စိတ်ကညွှတ်လိုက်တယ်။ စိတ်ညွှတ်လိုက်တဲ့အခါမှာ ခေါင်းရော ကိုယ်ရော ခါးပါ ကိုင်းညွှတ်ပြီး အလေးအမြတ်ပြုကြောင်း ကိုယ်အမူအရာနဲ့ ဖော်ပြလိုက်တယ်။ ကိုင်းတယ်ဆိုတာက ခေါင်းရောကိုယ်ခန္ဓာပါကိုင်းတယ်၊ ကုန်းတယ်၊ ငုံ့တယ်ပေါ့။ အဲဒီလိုခေါင်းရော ကိုယ်ရော ခါးပါ ကိုင်းညွှတ်ပြီး နောက်ကိုခြေလှမ်းသုံးလှမ်းလောက် လက်အုပ်ချီမိုးပြီး ဆုတ်ခွာသွားခြင်း၊ ကိုယ်ကိုင်းရှိုင်းပြီးသွားတာကို နမာမိရှိခိုးခြင်းရဲ့ အဓိပ္ပာယ်သဘောပါပဲ"

"ဝန္ဒာမိဆိုတဲ့ တည်ခြင်းငါးပါးနဲ့ရှိခိုးခြင်းကကော ဆရာ"

"ခြေ၊ လက်၊ နဖူး၊ တံတောင်၊ ဒူးဆိုတဲ့ ကိုယ်အင်္ဂါအစိတ်အပိုင်း (၅) ခုစလုံးကို မြေ သို့မဟုတ် ကြမ်းပြင်ပေါ်မှာတည်ခြြင်း၊ ထိခြင်းဖြင့် ရှိခိုးဦးတင်ကန်တော့ခြင်း ဖြစ်တယ်"

"နမာမိရှိခိုးခြင်းနဲ့ ဝန္ဒာမိရှိခိုးခြင်းက ဘယ်လိုအချိန်အခါ၊ ဘယ်နေရာမျိုးမှာ ရှိခိုးကန်တော့ရပါမလဲ ဆရာ"

"အေး - ခုလို မင်းမေးလိုက်တာကောင်းတယ်။ သိလည်းသိထိုက်တယ်။ နမာမိရှိခိုးတာက နဖူးမြေကျရှိခိုးတာမဟုတ်ဘူး။ လမ်းသွားရင်း ဘုရားပင့်လာတာမျိုး၊ လမ်းမှာ သံဃာတော်များဆွမ်းခံကြွတော်မူလာတဲ့အခါမျိုး၊ ဆရာသမားမိဘဘိုးဘွားများနဲ့ ခရီးလမ်းမှာဆုံတွေ့ခိုက် အချိန်ကာလည်းမရ ကတိုက်ကရိုက်ရှိခိုးကြရတဲ့အခါ ခြေစုံရပ်ပြီး ကိုယ်ညွှတ်ကိုင်းလျက် လက်အုပ်ချီမိုးရှိခိုးကြရတာ။ ယိုးဒယားလူမျိုးများမှာ တစ်ဦးနဲ့တစ်ဦး မတ်တတ်ရပ်လျက် လက်အုပ်ချီ ခေါင်းညွှတ်ကြတာ၊ အိန္ဒိယလူမျိုးအချို့ လက်အုပ်ချီ နမားစတေး ဆိုပြီး ခေါင်းညွှတ်နှုတ်ဆက်အရိုအသေပြုကြတာတွေ တွေ့ဖူးမှာပေါ့"

"ဟုတ်ကဲ့ ဆရာ။ မြင်ဖူး၊ တွေ့ဖူးပါတယ်"

"အေး- ဝန္ဒာမိက အေးအေးဆေးဆေးဝတ်ပြုကန်တော့တဲ့အခါမှာ ရှိခိုးတာ၊ ရတနာသုံးပါး၊ မွေးမိခင်၊ မွေးဖခင်၊ ဆရာသခင်များမျက်မှောက်မှာ သေသေချာချာ ပုဆစ်ဒူးတုပ်ထိုင်ပြီး သီလယူခြင်း၊ တရားနာခြင်း၊ ဩဝါဒခံယူခြင်းပြုတဲ့အခါမှာ တည်ခြင်းငါးပါး/ထိခြင်းငါးပါးနဲ့ရှိခိုးပူဇော်တာ၊ သဘောချင်းကဒီလိုကွာပါတယ်"

"ခုမှ ကျကျနနသိရတယ်။ ကျေးဇူးတင်လိုက်တာဆရာရယ်။ ကျွန်တော်တို့ အမှုမဲ့အမှတ်မဲ့နေကြတာ။ တကယ်တော့ ပေါ့ဆတာပေါ့ ဆရာ"

"အရေးကြီးတဲ့အရာမဟုတ်ဘူး ထင်ပြီး နေတတ်သလိုနေကြတာပါ။ ဒါပေမယ့် ဗုဒ္ဓဘာသာယဉ်ကျေးမှုတွေကို လူကြီးတွေကမှ ကျကျနနမသိဘူးဆိုရင်တော့ ဒီကနေ့ သိသင့်သိထိုက်တဲ နောက်မျိုးဆက်သစ် ဗုဒ္ဓဘာသာဝင် နောင်လာနောက်သားတွေ လက်ထက် ကျတော့ ပိုပြီးဘာသာရေးအသိတွေ အလှမ်းဝေးသထက်ဝေးသွားကြပါလိမ့်မယ်"

"ဟုတ်ပါတယ် ဆရာ။ ဆရာနဲ့ ဒီနေ့တွေ့ရတာ ကျွန်တော်အဖို့ ပသာ တော်တော်လေးရပါတယ်။ ဆရာ့ကို ကန်တော့ပါတယ်။ အားတဲ့အခါတိုင်း ဆရာ့ထံမှာ ဘာသာရေးနဲ့ပတ်သက်တဲ မှတ်စရာ၊ သိစရာ၊ ဆောင်ရန်၊ ရှောင်ရန် များကို လာရောက်ဆည်းပူးရယူပါရစေ"

"ငါသိသမျှတော့ရမှာပေါ့။ အရေး ကြီးတာက မင်းတို့လူငယ်တွေ စာများ များဖတ်၊ စာများများမှတ်ဖို့ပဲ"

**အမှာစကားကို စေတနာ၊ မေတ္တာများနှင့် ပါးလိုက်ပါရစေ**

မျိုးဆက်သစ် ဗုဒ္ဓဘာသာဝင် မြန်မာလူငယ်လူရွယ် ကျား၊ မ မရွေး အားလုံးတို့၏ အသိဉာဏ်၊ စာပေ လာဖတ်ရှုမှုဖြင့် မြတ်ဗုဒ္ဓ၏ အဆုံးအမ သာသနာတော်ကြီးသည် အဓွန့်ရှည် ကြာ တည်တံ့ခိုင်မြဲရန် ဘာသာ တာဝန် ထမ်းဆောင်သင့်ကြပါသည်။ အထူးသဖြင့် ဘာသာရေးနှင့် ပတ်သ သော သိစရာ၊ မှတ်စရာ၊ ရှောင်ရန် ဆောင်ရန်များကို လေ့လာသိမှတ်ကြ အရေးကြီးပါသည်။

တစ်တိုင်းတစ်ပြည်လုံးတွင်ရှိ သာသနာ့အာဇာနည် တိပိဋက ဓမ္မဘဏ္ဍာဂါရိကအရှင်မြတ်များ၊ မ သံဃနာယကအဖွဲ့ ဆရာတော်ကြီးမျာ သံဃာ့ဝန်ဆောင်အဖွဲ့၊ နိုင်ငံအတွ စာသင်တိုက်ကြီးများမှ ဆရာတော် များ၊ သံဃာ့ဝန်ဆောင်အဖွဲ့၊ ဒါယကာများ၊ သံဃာတော်များ၏ စက်နှင့် တိုင်းပြည်ကို အုပ်ချုပ်နေသေ နိုင်ငံတော်အာဏာပိုင်အစိုးရ၏အာဏ စက်များနှင့် ပူးပေါင်းဆောင်ရွက် သိမ်းစောင့်ရှောက်ကြပါလျှင် မြတ်ဗု သန့်ရှင်းသော သာသနာတော်သ အဓွန့်ရှည်စွာတည်တံ့ခိုင်မြဲ၍ သာသ တော်ကို ဖျက်ဆီးမည့် အနှောင့်အယ ဆူးငြောင့်ခလုတ်များ ပျောက်ကွယ်သွ ပါလိမ့်မည်မှာ အမှန်မုချဖြစ်ပါသည်

ဆရာဦးစိန်လှိုင် (ဇမ္ဗူကျက်လင်


www.burmeseclassic.com

www.burmeseclassic.com



ဦးကြည်ဝင်း(ရွှေဝင်)ရေးကြက်

# မဟာဘုတ်ဒသာအဟောပညာ(၃) နှင့် ယတြာများ

မဟာဘုတ်ဒသာအဟောပညာ အတွက် မရဏဂြိုဟ် ဒသာနှင့် ဘုမ္မိနှစ်ထပ်၊ ဘုမ္မိကြီး၊ အတွင်းရန်နှစ်ထပ်၊ အပြန်ရန်နှစ်ထပ် စသည်တို့အတွက် အကျိုးအပြစ်ကို ရေးသားပါမည်။

**တနင်္ဂနွေသားသမီး**

| | | |
|---|---|---|
| | ၄ | |
| ၆ | ၂ | ၅ |
| ၃<br>မရဏ | ၀ | ၁ |

(၀) ကြွင်းတနင်္ဂနွေသားသမီးများသည် (၂၇) နှစ်တွင် မရဏဂြိုဟ်၊ အင်္ဂါဒသာ (၂၆) ရက်၌ အင်္ဂါဂြိုဟ်အိမ်နှင့် အင်္ဂါသက္ခတ် (သက်ရောက်) (အပြင်ရန်နှစ်ထပ်) ဖြစ်နေပါသည်။ သို့ပါ၍ အမှုအခင်းဖြစ်တတ်ခြင်း၊ ခြေ-လက်ဒဏ်ရာရ၍ ခြေပြတ်၊ လက်ပြတ်ဖြစ်တတ်ပါသည်။

| | | |
|---|---|---|
| | ၅ | |
| ၀ | ၃ | ၆ |
| ၄<br>မရဏ | ၁ | ၂ |

(၁) ကြွင်းတနင်္ဂနွေသားသမီးများသည် အသက် (၃၆) နှစ်နှင့် (၄၄) နှစ်တွင် မရဏဂြိုဟ် ဒသာ ဗုဒ္ဓဟူး (၅၆)ရက်၌ မရဏဂြိုဟ်အိမ်နှင့် ဗုဒ္ဓဟူးသက္ခတ် (ဘုမ္မိ ၂ ထပ်) (အတွင်းရန် ၂ ထပ်) ဖြစ်နေပါ၍ မိသားစုနှင့် ရှင်ကွဲသေကွဲကွဲခြင်း၊ အလုပ်ပြုတ်ခြင်း၊ ရှိပစ္စည်းများ မီးဘေးသင့်ခြင်း၊ ရုပ်ကို ဥပဒ်ပေးခြင်းများ ဖြစ်နိုင်ပါသည်။

အသက် (၃၁) နှစ်၊ (၃၉) နှစ်များ၌ မရဏဂြိုဟ် ဗုဒ္ဓဟူး ဒသာ (၅၆) ရက်တွင် ဗုဒ္ဓဟူးဂြိုဟ်အိမ်၊ ရာဟုသက္ခတ်ဖြစ်နေပါသည်။ ဘုမ္မိကြီးကာလဖြစ်၍ အသက်အန္တရာယ်ကျရောက်တတ်ခြင်း၊ ရှိပစ္စည်းကုန်တတ်ခြင်း၊ အိုးအိမ်ပျက်စီးခြင်းတို့ ကြုံတွေ့နိုင်ပါသည်။

**တနင်္လာသားသမီး**

| | | |
|---|---|---|
| | ၁ | |
| ၃ | ၆ | ၂ |
| ၀<br>မရဏ | ၄ | ၅ |

မဟာဘုတ် (၄) ကြွင်း တနင်္လာသားသမီးများသည် အသက် (၄၄) နှစ် မရဏဂြိုဟ် စနေ ဒသာ (၃၃) ရက်တွင် စနေဂြိုဟ်အိမ်၊ စနေဂြိုဟ်သက္ခတ်ဖြစ်၍ (ဘုမ္မိ ၂ ထပ်) ဖြစ်နေပါသည်။ သို့ပါ၍ သွေးထွက်သံယိုဖြစ်ပွားခြင်းနှင့် အသက်အန္တရာယ်ထိခိုက်နိုင်ပါသည်။

အသက် (၄၇) နှစ် မရဏဂြိုဟ် စနေ ဒသာ (၃၃) ရက်တွင် စနေဂြိုဟ်အိမ်၊ သောကြာ သက္ခတ်ဖြစ်၍ ဘုမ္မိကြီးကာလဖြစ်ပြီး ရှိပစ္စည်းကုန်၍ အမှုအခင်းဖြစ်တတ်ခြင်း၊ အသက်အန္တရာယ်ထိခိုက်နိုင်ခြင်းတို့ ကြုံတွေ့နိုင်ပါသည်။

| | | |
|---|---|---|
| | ၆ | |
| ၁ | ၄ | ၀ |
| ၅<br>မရဏ | ၂ | ၃ |

မဟာဘုတ် (၂) ကြွင်း တနင်္လာသားသမီးများသည် အသက် (၅၃) နှစ်၊ (၆၁) နှစ်၊ (၆၉) နှစ်များတွင် ကြာသပတေး ဂြိုဟ်အိမ်၊ ကြာသပတေး သက္ခတ်ဖြစ်၍ ကြာသပတေး (၂) ထပ် (ခေမာ) (အပြင်ရန် ၂ ထပ်) ကျနေပါသည်။

www.burmeseclassic.com



သို့ပါ၍ မရဏဂြိုဟ် ကြာသပတေး ဒသာ (၆၂) ရက်တွင် အမှုအခင်းဖြစ်တတ်ခြင်း၊ ခြေ-လက်တို့၌ ဒဏ်ရာကြီးကျယ်စွာရတတ်ပါသည်။

**အင်္ဂါသားသမီး**

| | | |
|---|---|---|
| | ၆ | |
| ၁ | ၄ | ၀ |
| ၅<br>မရဏ | ၂ | ၃ |

(၂) တွင်း အင်္ဂါသားသမီးများသည် အသက် (၄၄) နှစ်၊ (၅၅) နှစ် မရဏဂြိုဟ် ကြာသပတေး ဒသာရက် (၆၂) ရက်တွင် ကြာသပတေးဂြိုဟ်အိပ်နှင့် ကြာသပတေး သက္ကတ်ဖြစ်၍ဘုမ္မိ (၂) ထပ် ကြုံနေပါသည်။ သို့ပါ၍ အမှုအခင်းဖြစ်လွယ်ခြင်း၊ အလုပ်ပြုတ်ခြင်း၊ ရှိပစ္စည်းများမီးဘေးသင့်ခြင်းတို့ ကြုံတွေ့နိုင်ပါသည်။

အသက်(၃၉)နှစ်၊ (၄၇)နှစ် မရဏဂြိုဟ် ကြာသပတေး (၆၂) ရက်တွင် ကြာသပတေး ဂြိုဟ်အိပ်နှင့် တနင်္ဂနွေ သက်ရောက်ဖြစ်၍ ဘုမ္မိကာလ ဖြစ်ပါသည်။ အသက်အန္တရာယ်ထိခိုက်နိုင်ခြင်း၊ ရှိပစ္စည်းကုန်တတ်ခြင်း၊ အိုးအိမ်ပျက်စီးခြင်းတို့ ကြုံတွေ့နိုင်ပါသည်။

**ဗုဒ္ဓဟူးသားသမီး**

ဗုဒ္ဓဟူးသားသမီးများ အသက် (၄၇) နှစ်၊ (၅၅) နှစ် ရာဟု ဒသာ (၃၉) ရက်တွင် ရာဟုဂြိုဟ်အိပ်နှင့် တနင်္လာ သက်ရောက် ဖြစ်၍။ ဘုမ္မိကြီးကာလ ဖြစ်ပါသည်။ အရှက်ကွဲခြင်း၊ လူလိမ်ခံရခြင်း၊ အသက်အန္တရာယ်ထိခိုက်နိုင်ခြင်းတို့ ကြုံတွေ့နိုင်ပါသည်။

အသက် (၅၂) နှစ် ရာဟု ဒသာ (၃၉) ရက်တွင် ရာဟုဂြိုဟ်အိပ်နှင့် ရာဟု သက်ရောက်ဖြစ်ပါ၍ (ဘုမ္မိ ၂ ထပ်) ကြုံနေပါသည်။ လေဖြတ်ခြင်း၊ အရှက်ကွဲ လူလိမ်ခံရတတ်သည်။

**ကြာသပတေးသားသမီး**

| | | |
|---|---|---|
| | ၂ | |
| ၄ | ၀ | ၃ |
| ၁<br>မရဏ | ၅ | ၆ |

မဟာဘုတ် (၅) တွင်း ကြာသပတေးသားသမီးများသည် အသက် (၅၅) နှစ် မရဏဂြိုဟ် တနင်္ဂနွေ ဒသာ (၂၀) ရက်တွင် တနင်္ဂနွေဂြိုဟ်အိပ် ဗုဒ္ဓဟူး သက်ရောက်ဖြစ်၍ ဘုမ္မိကြီးကာလ ကြုံနေပါသည်။ ရုပ်ဥပဒ်ဘေးကြုံ၍ အသက်အန္တရာယ် ထိခိုက်နိုင်သည်။ ဂုဏ်စည်းစိမ်ရာထူးပြုတ်နိုင်သည်။

**သောကြာသားသမီး**

| | | |
|---|---|---|
| | ၀ | |
| ၂ | ၅ | ၁ |
| ၆<br>မရဏ | ၃ | ၄ |

| | | |
|---|---|---|
| | ၄ | |
| ၆ | ၂ | ၅ |
| ၃<br>မရဏ | ၀ | ၁ |

(၃) တွင်း သောကြာသားသမီးများသည် အသက် (၃၅) နှစ် တနင်္လာဂြိုဟ်အိပ်နှင့် တနင်္လာသက်ရောက်ဖြစ်၍ သောကြာ မရဏ ဒသာ (၆၉) ရက်တွင် (သောက) အတွင်းရန်နှစ်ထပ်ဖြစ်နေပါသည်။ သို့ပါ၍ အိမ်ထောင်ကွဲတတ်သည်။

(၀) တွင်း သောကြာသားသမီးများသည် အသက် (၄၄) နှစ်တွင် အင်္ဂါဂြိုဟ်အိပ်နှင့် အင်္ဂါသက်ရောက်ဖြစ်နေ၍ ဘုမ္မိနှစ်ထပ်ကြုံနေပါသည်။ အင်္ဂါ မရဏ ဒသာ (၂၆) ရက် စားနေစဉ်တွင် စိတ်လွန်စွာဆင်းရဲမှုကြုံတွေ့ရတတ်ပါသည်။

အသက် (၄၇) နှစ်တွင် အင်္ဂါ မရဏ ဒသာ (၂၆) ရက် ကြုံနေပါက အင်္ဂါဂြိုဟ်အိပ်နှင့် ကြာသပတေးသက်ရောက်ဖြစ်၍ ဘုမ္မိကြီးကာလ ဖြစ်နေပါသည်။ သို့ပါ၍ စီးပွားဥစ္စာ၊ ဂုဏ်သိက္ခာ ပျက်စီးလွယ်ပါသည်။

**စနေသားသမီး**

| | | |
|---|---|---|
| | ၆ | |
| ၁ | ၄ | ၀ |
| ၅<br>မရဏ | ၂ | ၃ |

| | | |
|---|---|---|
| | ၀ | |
| ၂ | ၅ | ၁ |
| ၆<br>မရဏ | ၃ | ၄ |

(၂) တွင်း စနေသားသမီးမျ အသက် (၂၆) နှစ်တွင် ကြာသပတေ မရဏ ဒသာ (၆၂) ရက်အတွင်း ကြာ ပတေးဂြိုဟ်အိပ်နှင့် ကြာသပတေးသ ရောက်ဖြစ်၍ ဓမ္မာ အတွင်းရန် (၂) ထ ကြုံနေပါသည်။ သို့ပါ၍ အရှုပ်အရှ ကြုံ၍ လုပ်ငန်းများပျက်စီးလွယ်ပါသ

(၃) တွင်း စနေသားသမီးမျ သည် အသက် (၄၄) နှစ်တွင် သောကြ ဂြိုဟ်အိပ်နှင့် သောကြာသက်ရောက်ဖြ ပါသည်။ သောကြာ မရဏ ဒသာ (၆ ရက်တွင် ဘုမ္မိ (၂) ထပ် (သုတ) အ ရန် (၂) ထပ် ကြုံနေပါသည်။ သို့ အမှုအခင်းကြုံခြင်း၊ ကျန်းမာရေးထိ ခြင်းများ ကြုံတွေ့နိုင်ပါသည်။

အသက် (၄၇) နှစ်၊ (၅၅) နှစ်မှ

www.burmeseclassic.com

တွင် သောကြာဂြိုဟ်အိမ်နှင့် အင်္ဂါသက်ရောက်ဖြစ်၍ ဘုမ္မိကြီးကာလကြုံနေပါသည်။ သောကြာ မရဏဂြိုဟ် ဒသာ (၆၉) ရက်တွင် အလုပ်ပြုတ်ခြင်း၊ စီးပွားပျက်ခြင်းများ ကြုံတွေ့နိုင်ပါသည်။

ဤမရဏဒသာဂြိုဟ်စားနေစဉ် ဘုမ္မိကြီး အတွင်းရန်(၂)ထပ်၊ အပြင်ရန် (၂)ထပ်၊ ဘုမ္မိ(၂)ထပ်တို့နှင့် ညှိနှိုင်း၍ ဗေဒင်သဘောအရ အဆိုးများကိုဖော်ပြထားခြင်း ဖြစ်ပါသည်။ ဤဖော်ပြချက်အတိုင်း လုတိုင်းဖြစ်ပါမည်ဟု သတ်မှတ်ပြောကြားခြင်း မဟုတ်ပါ။ ပညာရပ်သဘောအတိုင်း ညွှန်ပြခြင်းသာ ဖြစ်ပါသည်။

ဤတွင် မရဏဂြိုဟ် ဒသာစား၍ ဘုမ္မိကြီးဘုမ္မိ (၂)ထပ် စသည်တို့ ကြုံနေပါက ဇာတာညံ့နေသည်ဟု တထစ်ချ ပြောဆိုပါက ဗေဒင်ပညာသည် ပုံသေအားချပြောဆိုရသော ပညာရပ်တစ်ခု ဖြစ်သွားနိုင်ပါသည်။

မဟာဘုတ်ဗေဒင်ပညာတွင် မွေးနံဂြိုဟ်ခွင်၊ ဂြိုဟ်အိမ်ခွင်၊ သက်ရောက်ဂြိုဟ်ခွင်တို့သည် တစ်ခွင်နှင့်တစ်ခွင် ကိန်းအနေအထား (၄တန့်) ကို အဆိုးသတ်မှတ်ပါသည်။ နက္ခတ်ဗေဒင်ပညာတွင်မူ ဂြိုဟ်တစ်လုံးနှင့်တစ်လုံး ကိန်းအနေအထား (၄တန့်) ဖြင့် ဆယ်သွယ်နေပါက ထိုဂြိုဟ်တို့သည် ကောင်းကျိုးသည်းပေးတတ်၏။ ဆိုးကျိုးလည်းပေးတတ်၏ဟု ဆိုထားသည်။ ဂြိုဟ်တို့သည် ကိန်းအနေအထားဖြင့် ဆက်သွယ်ပါက ဓာတ်သဘောချင်း ဆန့်ကျင်ဘက်ဖြစ်ကြ၏။ 'ဓာတ်မတူလျှင် အချင်းချင်းတုံ့ပြန်ပြီး ဆိုးကျိုးပေးတတ်သကဲ့သို့ ဓာတ်မတူမှုသည် စွမ်းအင်အသစ်ဖြစ်ပေါ်ပြီး ထူးတဲသော ကောင်းကျိုးကိုလည်း ပေးတတ်၏'။

ဥပမာအားဖြင့် စနေဂြိုဟ်နှင့် သောကြာဂြိုဟ်တို့သည် အဋ္ဌလက်ခွင်တွင် ကိန်းအနေအထားရှိကြသည်။ စနေဂြိုဟ်သည် တေဇောသဘာဝဖြစ်၍ သောကြာသည် အာပေါသဘာဝဖြစ်သည်။ သို့ဖြစ်၍ ဓာတ်သဘောအားဖြင့် ဆန့်ဘက်ကျ၏။ ဆိုးကျိုးပေးနိုင်၏။ သို့သော် တေဇောဓာတ်နှင့် အာပေါဓာတ်တို့ တွေ့ဆုံရာတွင် ရေခိုးရေငွေ့ဖြစ်ပေါ်လာ၏။ ထိုရေခိုးရေငွေ့မှ မိုးရွာသွန်းမှုကို ဖြစ်စေတတ်၏။ ဤသို့အားဖြင့် ကောင်းကျိုးကို ရရှိနိုင်ပြန်၏။

ဗိုနှင့် မသည် မတူညီသောဓာတ်သဘာဝ ဖြစ်၏။ (ဝါ) ဆန့်ကျင်ဘက်တို့ပင် ဖြစ်၏။ သို့ရာတွင် ပုရိသ (ဖို) နှင့် ဣတ္ထိယ(မ)တို့ ပေါင်းစပ်ကြသောအခါ သက်ရှိသတ္တဝါမျိုးဆက်သစ်ကို ပေါက်ဖွားစေတော့၏။'ဤသည်တို့ကို လေ့လာလျှင် ဂြိုဟ်တို့သည် ကိန်းအနေအထားဖြင့် ရပ်တည်ခဲ့သော် ဆိုးကျိုးကို များစွာဖြစ်နိုင်သကဲ့သို့ ကောင်းကျိုးကို များစွာပေးနိုင်သည်ဟုလည်း မှတ်သားနိုင်ပါသည်'။

မြန်မာရာဇဝင်တွင် မင်းတုန်းမင်းသည် မြန်မာနှစ် ၁၁၇၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၃ ရက်၊ အင်္ဂါနေ့၊ ခရစ်နှစ် (၅-၇-၁၈၁၄) တွင် မွေးဖွားခဲ့ပါသည်။ မြန်မာနှစ် ၁၂၁၄ ခုနှစ်၊ တပေါင်းလဆန်း ၁၁ ရက်၊ ခရစ်နှစ် (၁၇-၂-၁၈၅၃) ခုနှစ်တွင် မင်းဧကရာဇ်အဖြစ်သို့ ရောက်ရှိခဲ့သည်။ နန်းတက်စဉ်တွင် သက်တော် (၃၈) နှစ်၊ (၇) လ၊ (၁၂) ရက်ရှိပြီဖြစ်၍ သက်တော် (၃၉) နှစ်ထဲသို့ ဝင်ရောက်နေပြီ ဖြစ်သည်။

| | | |
|---|---|---|
| | ၄ | |
| ၆ | ၂ | ၅ |
| ၃ မရဏ | ဝ | ၁ |

မူလမဟာဘုတ် (၁၁၇၆ ခုနှစ်)

| | | |
|---|---|---|
| | ဝ | |
| ၂ | ၅ | ၁ |
| ၆ မရဏ | ၃ | ၄ |

ကောဇာမဟာဘုတ် (၁၂၁၄ ခုနှစ်)

| | | |
|---|---|---|
| မရဏ ၁ | ၂ | မွေးနံ ③ |
| ၆ | | ၄ |
| ၈ | ၅ ဂြိုဟ်အိမ် | ဝ |

အဋ္ဌလက်ခွင်

မဟာဘုတ် ဒသာဂြိုဟ်ကို ရှာသော် -

| | |
|---|---|
| မွေးလ ဝါဆိုလပြည့်ကျော် | |
| ၃ ရက်မှ လကုန်ထိ | ၁၃ |
| ဝါခေါင်လ | ၂၉ |
| တော်သလင်းလ | ၃၀ |
| သီတင်းကျွတ်လ | ၂၉ |
| တန်ဆောင်မုန်းလ | ၃၀ |
| နတ်တော်လ | ၂၉ |
| ပြာသိုလ | ၃၀ |
| တပို့တွဲလ | ၂၉ |
| တပေါင်းလဆန်း | |
| ၁၁ ရက်ထိ | ၁၁ |
| | ၂၃၀ ရက် |

မွေးလ မွေးရက်မှ မင်းဖြစ်သောရက်ထိ ရေတွက်ထားသော ရက်ပေါင်း (၂၃၀) တွင် သက်ရောက်ဂြိုဟ် အင်္ဂါဒသာရက်မှစ၍ ဂြိုဟ်စဉ်အတိုင်း နုတ်သော်-

၂၃၀ ရက်
၂၆ ရက် အင်္ဂါဂြိုဟ်(သက်ရောက်ဂြိုဟ်)
၂၀၄
၅၆ ဗုဒ္ဓဟူးဂြိုဟ်
၁၄၈
၃၃ စနေဂြိုဟ်
၁၁၅
၆၂ ကြာသပတေးဂြိုဟ်
၅၃
၃၉ ရာဟုဂြိုဟ်
၁၄

သောကြာဂြိုဟ်ပိုင်ရက်များမနုတ်လောက်ပါ။သောကြာဒသာရက်အတွင်းသို့ (၁၄) ရက် ဝင်ရောက်နေပြီ ဖြစ်ပါသည်။ မင်းတုန်းမင်း နန်းတက်သောအချိန်သည် ကောဇာမဟာဘုတ်ခွင်တွင် ဒသာ သောကြာ မရဏဂြိုဟ်အိမ်တွင်ရှိပြီး ကြာသပတေးဂြိုဟ်အိမ်နှင့် တနင်္ဂနွေ သက်ရောက်ဖြစ်၏။ မဟာဘုတ်ဗေဒင် 'စံ-ပါ-အေး' ဆိုသည်နှင့်အညီ ဘုမ္မိကြီးကျရောက်နေစဉ် မင်းအဖြစ်သို့ရောက်ခဲ့ပါသည်။

သို့ပါ၍ မိမိထံဗေဒင်လာရောက်မေးမြန်းစစ်ဆေးသူတစ်ဦးကို လေးစားစိတ်၊ ချစ်ခင်စိတ်မွေးပြီး ဗေဒင်လာရောက်မေးသူအား ဇာတာခွင်အရ ဘယ်ကာလတွင် ကောင်းမည်၊ ဆိုးမည်ဆိုသည်ကို အပြီးစလွယ် (ဘာမှမလုပ်ဘဲ အချိန်ကျလျှင် ကောင်းစားမည်၊ ဆိုးမည် စသည်ဖြင့် မဟောပြောဘဲ) ကောင်းမှု ဆိုးမှု ဟူသည် မိမိ၏ အကြောင်း



www.burmeseclassic.com

www.burmeseclassic.com

ကောင်းမှု၊ မကောင်းမှုပေါ် မှာသာတည် ပါကြောင်း သက်သေသာဓကများနှင့် ညွှန်ပြရပါမည်။ (အကြောင်းကောင်းမှု များဖြစ်ပေါ်ရန် မရဏာညဉ်ကို မည်ကဲ့သို့ ပြုပြင်ရမည်ကို ညွှန်ပြရပါမည်။)

ဒသာဂြိုဟ်စားနေစဉ် ဟောပြောချက်များ ရေးသားပြီးနောက် ဒသာဂြိုဟ်များ၏ သဘောသဘာဝအတိုင်း မည်ကဲ့သို့ နေထိုင်သင့်ကြောင်းနှင့် ယတြာကဏ္ဍကို ရေးသားပါမည်။

**တနင်္ဂနွေဂြိုဟ်မရဏဒသာ**

| | | |
|---|---|---|
| | ၂ | |
| ၄ | ၀ | ၃ |
| ၁ | ၅ | ၆ |

၅
၂ အညွန့်
၆
(၁)
၄
၀ အမြစ်
၃

တနင်္ဂနွေ၏ဆိုးအားများပပျောက်ရန် အိုးအိမ်အုပ်စု (အိမ်တွင်းလူ) များအပေါ် အနိုင်မယူဘဲ အနစ်နာခံခြင်း၊ စီးပွားရေးလုပ်ငန်းများကို အခြားသူများနှင့် ပူးပေါင်းလုပ်ဆောင်ခြင်း ၊ တသီးတသန့်နေထိုင်ခြင်းမပြုဘဲ သွေးသားအုပ်စုများနှင့် ပျော်ရွှင်စွာနေထိုင်ပါ။

ဒသာစားနေသောတနင်္ဂနွေဂြိုဟ်ကို အင်္ဂဝိဇ္ဇာတိုင်ထူပါ။ မြန်မာ့ဗေဒင်ပညာတွင် အမြစ်ကိုရှောင်၊ အညွန့်ကိုဆောင် ဆိုသည့်အတိုင်း တနင်္ဂနွေအင်္ဂဝိဇ္ဇာတိုင်တွင် အမြစ်ဂြိုဟ် စနေနှင့် အညွန့်ဂြိုဟ် တနင်္လာတို့ ဖြစ်သည်။

သို့ပါ၍ အမြစ်ဂြိုဟ် စနေ၏ သဘာဝဖြစ်သော ဂုဏ်သိက္ခာကျဆင်းစေသော ကာယကံမှု၊ ဝစီကံမှုတို့ကို ရှောင်ကြဉ်ပါ။ ရိုင်းစိုင်းယုတ်မာသော အပြောအဆိုတို့ကို ရှောင်ကြဉ်ပါ။ အညွန့်ဂြိုဟ် တနင်္လာ၏ သဘာဝဖြစ်သော ဖြူစင်စွာ နေထိုင်ပြောဆိုပါ။ ကျေးဇူးသိတတ်ပါ။ မှန်ကန်ပွင့်လင်းစွာ ပြောဆိုနေထိုင်ပါ။

**ယတြာပြုလုပ်ရန်**

အနွေးထည်လှူပါ။ စနေနံ့ပစ္စည်းထီး စသည် လှူပါ။ အိမ်တွင်းအိမ်ပြင် သန့်ရှင်းရေးလုပ်ပါ။

**တနင်္လာဂြိုဟ်မရဏဒသာ**

| | | |
|---|---|---|
| | ၃ | |
| ၅ | ၁ | ၄ |
| ၂ | ၆ | ၀ |

၆
၃ အညွန့်
၀
(၂)
၅
၁ အမြစ်
၄

တနင်္လာဂြိုဟ်၏ ဆိုးအားများ ပပျောက်ရန် ကိုယ်ကျင့်တရားကောင်းမွန်စွာနေထိုင်ပါ။ ဟန်လုပ်ခြင်း၊ အလိမ်၊ အကြွားများကို ရှောင်ကြဉ်ပါ။ ပြုလုပ်ဖွယ်ကိစ္စတိုင်းကို သေချာစွာ လုပ်ကိုင်ပါ။

ဒသာ တနင်္လာဂြိုဟ်ကို အင်္ဂဝိဇ္ဇာတိုင်ထူပါ။ အမြစ်ဂြိုဟ် တနင်္ဂနွေနှင့် အညွန့်ဂြိုဟ်အင်္ဂါ ဖြစ်သည်။ တနင်္ဂနွေဂြိုဟ်သဘာဝအရ မိမိပယောဂကြောင့် မိမိပတ်ဝန်းကျင်နှင့် မိသားစုများ၊ စိတ်ဆင်းရဲမှုမဖြစ်စေရန် ပြောဆိုနေထိုင်ပါ။

အင်္ဂါဂြိုဟ်၏သဘောတရားအရ စိတ်ထားဖြူစင်စွာနေပါ။ လင်ငယ်၊ မယားငယ်များမထားပါနှင့်။

**ယတြာပြုလုပ်ရန်**

အဆောက်အအုံပစ္စည်း လှူပါ။ မုဆိုးမများကိုကူညီပါ။ တနင်္ဂနွေနံ အုန်းပန်း၊ အုန်းဆွမ်းဘုရားတွင် ကပ်လှူပါ။

**အင်္ဂါဂြိုဟ် မရဏဒသာ**

| | | |
|---|---|---|
| | ၄ | |
| ၆ | ၂ | ၅ |
| ၃ | ၀ | ၁ |

၀
၄ အညွန့်
၁
(၃)
၆
၂ အမြစ်
၅

အင်္ဂါဂြိုဟ်ဆိုးအားများပပျောက်ရန် ဒေါသကိုထိန်းပါ။ စကားနည်းပါစေ။ မိမိစိတ်ကိုအလိုမလိုက်ပါနှင့်။

ဒသာအင်္ဂါဂြိုဟ်ကို အင်္ဂဝိဇ္ဇာတိုင်ထူပါ။ အမြစ်ဂြိုဟ် တနင်္လာနှင့် အညွန့်ဂြိုဟ် ဗုဒ္ဓဟူး ဖြစ်ပါသည်။ တနင်္လာဂြိုဟ်အမြစ်သဘောတရားအရ မမှန်မကန်ပြောဆိုနေထိုင်ခြင်းများကို ရှောင်ပါ၊ လိမ်လည်လှည့်ဖြားမှု ရှောင်ရပါမည်။ အညွန့်ဂြိုဟ်ဗုဒ္ဓဟူးသဘောတရားအရ သတ္တဝါများအပေါ် ကိုယ်ချင်းစာပါ။ လူကို အောက်ကျို့ဆက်ဆံပါ။

**ယတြာပြုလုပ်ရန်**

ငွေပဒေသာပင်လှူပါ။ အလှူခံလာလျှင် တတ်နိုင်သမျှ ငွေလှူဒါန်းပါ၊ ကံကော်ပန်း၊ ကြာပန်းခိုင် ဘုရားတွင် လှူဒါန်းပါ။

**ဗုဒ္ဓဟူးဂြိုဟ်မရဏဒသာ**

| | | |
|---|---|---|
| | ၅ | |
| ၀ | ၃ | ၆ |
| ၄ | ၁ | ၂ |

၁
၅ အညွန့်
၂
(၄)
၀
၃ အမြစ်
၆

မရဏဂြိုဟ်သည် ဗုဒ္ဓဟူးနှင့်ရာဟုဖြစ်သည်။ ထိုအတွက် ဗုဒ္ဓဟူးဂြိုဟ်၏ ဆိုးအားများ ပပျောက်ရန် ကိုယ်အားကိုယ်ကိုးပါ။ ကိစ္စတိုင်းအပေါ် တရှူးထိုးတဇွတ်ထိုးမလုပ်ပါနှင့်။ စဉ်းစားပြီး လုပ်ကိုင်ပါ။

ဒသာ ဗုဒ္ဓဟူးဂြိုဟ်ကို အင်္ဂဝိဇ္ဇာတိုင်ထူပါ။ အမြစ်ဂြိုဟ်သည် အင်္ဂါဖြစ်၍



www.burmeseclassic.com

www.burmeseclassic.com

အညွန့်ဂြိုဟ် ဖြစ်သည်။ အင်္ဂါဂြိုဟ်၏ သဘောတရားအား စိတ်ဆိုးစိတ်ယုတ် …သနှင့် မခံချင်စိတ်တို့ကို ရှောင်ရမည်။ အညွန့်ဂြိုဟ် ကြာသပတေး၏ သဘောတရားအရ ပညာဦးစီး၍ …သင်း ရိုးသားစွာဖြင့် ပြုမူနေထိုင်ပါ။

**ယတြာပြုလုပ်ရန်**

ဆန်၊ ဆီ၊ ဆား၊ ဆေးလှူပါ။ သက်ကြီးသူများကို ဆေးလှူပါ။ ဘုရားတွင် ရှုန်ပန်း၊ ဇော်စိမ်းပန်းများ ကပ်လှူပါ။

**ကြာသပတေးဂြိုဟ် မရဏဒသာ**

| | | |
|---|---|---|
| | ၆ | |
| ၁ | ၄ | ၀ |
| ၅ | ၂ | ၃ |

၂
၆ အညွန့်
၃
(၅)
၁
၄ အမြစ်
၀

ဒသာ ကြာသပတေးဂြိုဟ်၏ ဆိုးအားများပပျောက်ရန် အယူမသန်ပါနှင့်။ အစ်ဖတ်သတ်မဆန်ပါနှင့်။ စီးပွားရေးအလုပ်အကိုင်များလုပ်ကိုင်ပါက မိတ်ဆွေကောင်း၊ မိဘ၊ ဆရာတို့နှင့် ညှိနှိုင်းတိုင်ပင်ပြီး လုပ်ပါ။

ဒသာ ကြာသပတေးဂြိုဟ်ကို အင်္ဂဝိဇ္ဇာတိုင်ထူပါ။ အမြစ်ဂြိုဟ်သည် ဗုဒ္ဓဟူးဖြစ်၍ အညွန့်ဂြိုဟ်မှာ သောကြာဖြစ်သည်။

အမြစ်ဂြိုဟ်ဗုဒ္ဓဟူး သဘောတရားအရ လူဖျင်းလူပေါ့မဖြစ်အောင် နေထိုင်ပါ။ အညွန့်ဂြိုဟ် သောကြာ၏ သဘောတရားအရ မှန်ကန်သော စကားကို ပြောဆိုနေထိုင်ပါ။

**ယတြာပြုလုပ်ရန်**

မသန်စွမ်းသူများကို ကူညီပါ။ လူနာများကို ဆေးလှူပါ။ ကိုယ်ဝန်ဆောင်များကို ကူညီပါ။ ဗုဒ္ဓဟူးနံ ရွက်လှပန်း၊ ဇော်တော် ဘုရားတွင် လှူဒါန်းပါ။

**သောကြာဂြိုဟ် မရဏဒသာ**

| | | |
|---|---|---|
| | ၀ | |
| ၂ | ၅ | ၁ |
| ၆ | ၃ | ၄ |

၃
၀ အညွန့်
၄
(၆)
၂
၅ အမြစ်
၁

မရဏဒသာ သောကြာဂြိုဟ်၏ ဆိုးအားများပပျောက်ရန် မိမိပြောဆိုသော စကားလုပ်ရှားမှုများကို သတိဖြင့် ပြောဆိုလုပ်ကိုင်ပါ။ နှုတ်ချိုပါစေ။ ဒသာ သောကြာဂြိုဟ်ကို အင်္ဂဝိဇ္ဇာတိုင်ထူပါ။ အမြစ်ဂြိုဟ်သည် ကြာသပတေးဖြစ်၍ အညွန့်ဂြိုဟ်သည် စနေဖြစ်ပါသည်။ အမြစ်ဂြိုဟ်ကြာသပတေးသဘောတရားအရ အလုပ်ကိစ္စတိုင်းကို ဉာဏ်ဖြင့်ယှဉ်၍ လုပ်ကိုင်ပါ။ တလွဲဆံပင်ကောင်းပြီး တစ်ဇွတ်ထိုးလုပ်ကိုင်မှုများကိုရှောင်ပါ။ အညွန့်ဂြိုဟ် စနေသဘောအရ တရားမမှနှင့် နေထိုင်ပါ။

**ယတြာပြုလုပ်ရန်**

ပညာရေးနှင့်ဆိုင်သော စာအုပ်၊ ခဲတံ၊ ဘောလ်ပင် လှူဒါန်းပါ။ ကလေးငယ်များကို ဆန်ပြုတ်တိုက်ပါ။ လမ်းချိုင့်များကို မြေဖို့ပါ။ မေမြို့ပန်း ဘုရားတွင် လှူဒါန်းပါ။

**စနေဂြိုဟ် မရဏဒသာ**

| | | |
|---|---|---|
| | ၁ | |
| ၃ | ၆ | ၂ |
| ၀ | ၄ | ၅ |

၄
၁ အညွန့်
၅
(၀)
၃
၆ အမြစ်
၂

မရဏ ဒသာ စနေ အဆိုးများ ပပျောက်ရန် ထင်ပေါ်မှုကို မမက်မောပါနှင့်။ မခံချင်စိတ်ကိုလျှော့ပါ။ လုပ်ငန်းသုံး၊ လေးခု တစ်ပြိုင်တည်းမလုပ်ပါနှင့်။ လုပ်ငန်းတိုင်းကို ရိုးရိုးမှန်မှန် လုပ်ကိုင်ပြောဆိုပါ။

ဒသာစနေဂြိုဟ်ကို အင်္ဂဝိဇ္ဇာတိုင်ထူပါ။ အမြစ်ဂြိုဟ်သည် သောကြာ ဖြစ်၍ အညွန့်ဂြိုဟ်သည် တနင်္ဂနွေ ဖြစ်သည်။ သောကြာ၏ သဘောတရားအရ အသွားအလာ၊ အနေအထိုင်ကြမ်းတမ်းမှုများကို ရှောင်ရှားပါ။ အဝတ်အစားကို သန့်ရှင်းစွာဝတ်ရမည်ဖြစ်သော်လည်း အဖိုးတန်အဝတ်အစားများကို မက်မောခြင်းမှ ရှောင်ကြဉ်ပါ။ အညွန့်ဂြိုဟ် တနင်္ဂနွေ၏ သဘောတရားအရ တတ်တဲ့ပညာသိတဲ့အကြောင်းအရာကိုသာပြောရမည်။ မတော်လောဘဖြင့် စီးပွားမရှာပါနှင့်။

**ယတြာပြုလုပ်ရန်**

ခရီးသွားများကို ခရီးစရိတ်လှူပါ။ အိမ်သာ၊ အိမ်တွင်း၊ အိမ်ပြင် သန့်ရှင်းရေးပါ။ သီးညွန့်၊ သစ်သီးဆွမ်း ဘုရားတွင် ကပ်လှူပါ။

မရဏဂြိုဟ် ဒသာစားနေစဉ် မရဏဉာဉ်ကို ပယ်ဖျောက်၍ အထွန်းဉာဉ်ဖြင့်ကျင့်သုံးနေထိုင်တတ်ရန် ယတြာကဏ္ဍတွင် ရေးသားခဲ့ပြီး ဖြစ်ပါသည်။ အထွန်းဉာဉ်ဖြင့် နေထိုင်ပြောဆိုသူများသည် မရဏဂြိုဟ်၊ ဘုမ္မိကြီးနှင့် ဘုမ္မိ(၂) ထပ်ဒသာများတွင် အဆိုးများနှင့် မကောင်းကျိုးများ ပပျောက်ပါသည်။ အကယ်၍ အဆိုးများ ကြုံတွေ့ပါကလည်း အနည်းငယ်မျှသာ ကြုံတွေ့နိုင်ပါသည်။

သို့ပါ၍ စာဖတ်သူတို့သည် အထွန်းဉာဉ်ကို ကျင့်သုံးနေထိုင်ပြီး မကောင်းသောဂြိုဟ်ဆိုးများ၏ ဘေးရန်များမှ ကျော်လွှားနိုင်ကြပါစေဟု ဆန္ဒပြုလိုက်ရပါသည်။

ဦးကြည်ဝင်း(ရွှေစင်)ချောက်



www.burmeseclassic.com

www.burmeseclassic.com

(ယခင်လမှအဆက်)

## လူသားပေါက်ရောင်းသည်

ခွေးသားပေါက်၊ ကြောင်သားပေါက်လေးတွေကို ရောင်းဖို့မဆိုထားနှင့် မွေးမြူရန် ပေးပစ်သည်ကိုပင် ကျွန်ုပ်မခံစားနိုင်။ ကိုယ်ချင်းစာကြည့်စေချင်သည်။ မိမိသားသမီးကို အခြားသူထံ မပေးနိုင်ပါဘဲ ခွေးမကြီး၊ ကြောင်မကြီး၏ ကလေးများကို အဘယ်ကြောင့် သူတစ်ပါးထံ ပေးရက်ကြပါသနည်း။ သို့သော် ယခုခေတ်ကား ခွေးများ၊ ကြောင်များကို ဈေးကွက်တစ်ခုအနေနှင့်ရောင်းစားနေကြလေပြီ။

ယခု ၂၀၁၂ ထဲတွင် ကြားရသောသတင်းကား လူသားပေါက်များကို ရောင်းစားခြင်းပါတည်း။ အာဖရိကတိုက် နိုင်ဂျီးရီးယားနိုင်ငံတောင်ပိုင်းတွင် အာဘီးယားပြည်နယ်ဟူ၍ ရှိသည်။ ထိုပြည်နယ်ထဲတွင်ပါဝင်သော အဘားမြို့တွင် လူသားပေါက်ရောင်းသော အဖွဲ့တစ်ဖွဲ့ရှိခဲ့ပါသည်။ ငွေတွေကို ပေါများအောင် ရှာဖွေနိုင်သော သူဌေးကြီးတစ်ယောက်ရှိသည်။ သူတတ်ထားသော စီးပွားရေးပညာကို ကရုဏာနှင့်မယှဉ်ဘဲ ဝိသမလောဘနှင့် ယှဉ်စေသောအခါ တစ်ကမ္ဘာလုံး စက်ဆုပ်ရသော လူသားပေါက်ရောင်းသောအလုပ်ကို လုပ်ဖြစ်ခဲ့သည်။

သူသည် အသက် (၁၅) နှစ်မှ (၁၇) နှစ်အတွင်း မိန်းကလေးများကို ဖမ်းပြီး အကျယ်ချုပ်ထားသည်။ ထို့နောက် အတင်းမွေးကိုယ်ဝန်ဆောင်ခိုင်းသည်။ မွေးလာသော ကလေးများကို သူက (၁၉၂) ဒေါ်လာနှင့် ဈေးဖြတ်ဝယ်သည်။ သူက ကလေးများကို ပြန်ရောင်းသောအခါတွင် ဒေါ်လာ (၁၉၂၀) မှ ဒေါ်လာ (၆၄၀၀၀) အထိ ရရှိသည်ဟုဆိုသည်။ ၂၀၁၁ ခုနှစ်၊ ဇွန် ၁ ရက်က ထိုဌာနချုပ်ကို ရဲက ဝင်ရောက် ဖမ်းဆီးရာ မိန်းကလေး (၃၂) ယောက်ကိုလည်း ကယ်တင်နိုင်ခဲ့သည်။ ထိုကလေးများကို ဝယ်ယူသူများက အိမ်ဖော်လုပ်ငန်း၊ ပြည့်တန်ဆာလုပ်ငန်းများတွင် ခိုင်းကြကြောင်း သိရသည်။ တချို့သူများက ယဇ်နတ်ကို ခုတ်ထစ်သတ်ဖြတ်ပူဇော်ရန် ဝယ်ကြသေးကြောင်း ရဲမင်းကြီး ဘလာဟက်ဆန်က ပြောပြသည်။

ပညာကို ကရုဏာနှင့်ယှဉ်သောသူတော်ကောင်းများလည်း လောကတွင် ရှိပါသည်။ ထိုသူများကြောင့် သူ

# (ရွှေပြည့်သာ) မေတ္တာရှင် ကရုဏာလူမျိုး





www.burmeseclassic.com

www.burmeseclassic.com

...ဆရာတကြီးသည် အလုံးစုံဂျက်စီးမသွားခြင်း ဖြစ်သည်။ ပထမဆုံးသတိထားမိသူကား အိန္ဒိယနိုင်ငံသမ္မတကြီး အဗ္ဗဒူကလာမ်ပင်ဖြစ်သည်။ နာမည်အပြည့်အစုံကား အဗူးပကီရဇိန္နူးလာဒင်အဗ္ဗဒူကလမ် ဖြစ်သည်။ သူကို ၁၉၃၂ ခုနှစ်တွင် မွေးဖွားသည်။ ကူးတို့သူကြီးတစ်ယောက်၏သား ဖြစ်သည်။

အာကာသသုတေသနဌာန ဒုံးပျံအင်ဂျင်နီယာ ကာကွယ်ရေးဒုံးပျံလက်နက်စီမံကိန်းဦးဆောင်သူ၊ အိန္ဒိယအစိုးရ ကာကွယ်ရေးဝန်ကြီးဌာနသုတေသနနှင့် ဖွံ့ဖြိုးရေးဌာနအကြီးအကဲ၊ Anna University Channai ၏ Ph.D သင်တန်းဆရာ အစ္စလာမ်ဘာသာဝင် လူပျိုကြီးတစ်ယောက်ဖြစ်သည်။ အိန္ဒိယနိုင်ငံ၏ (၁၁) ဆက်မြောက်သမ္မတကြီး ဖြစ်သည်။

၂၀၀၂ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်တွင် သမ္မတတာဝန်ကို စတင် ထမ်းဆောင်သည်။ ၂၀၀၇ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်နေ့တွင် သက်တမ်းကုန်သည်။ သမ္မတသက်တမ်း ကုန်ဆုံးသည့်နေ့မှာ ... တာဝန်ထမ်းဆောင်သောနေ့က ပါလာသော စာအုပ်သေတ္တာနှစ်လုံးကိုပြန်ယူ၍ သမ္မတအိမ်တော်မှ ဆင်းသွားခဲ့သည်။ အလာတုန်းကလည်း သေတ္တာနှစ်လုံး ယခုပြန်တော့လည်း သေတ္တာနှစ်လုံးသာဖြစ်သည်ဟု ပြည်သူတို့ကို ...လက်တွေ့ပြသွားခဲ့သည်။

သမ္မတကြီးတာဝန် ထမ်းဆောင်နေတွင်က သူ၏ ဆွေမျိုး(၅၂)ယောက်တို့သည် တို့အစ်ကို၊ တို့မောင်သမ္မတကြီးဖြစ်နေပြီဟု ဆိုကာ နယူးဒေလီသို့လိုက်လာကြသည်။ မြို့ထဲမှ တည်းခိုခန်းမှာ တည်း ကိုယ်ပိုင်ကားဖြင့်သာ သမ္မတအိမ်တိုင် မြို့ထဲသို့လိုက်ပို့သည်။ နိုင်ငံတော်မှပေးသောကားများကို လုံးဝမသုံး... ဆွေမျိုးများအတွက် တည်းခို၊ စားသောက်စရိတ် ရူပီးသုံးသိန်းခွဲမှာလည်း သမ္မတကြီး ငယ်စဉ်ကတည်းက စုထားသောငွေများဖြင့်သာ ပေးချေခဲ့သည်။

နိုင်ငံတော်ငွေကို တစ်ပြားတစ်ချပ်မှမသုံးပေ။ သမ္မတသက်တမ်းငါးနှစ်အတွင်း မည်သည့်လက်ဆောင်မျှမယူခဲ့ကြောင်း ...တင်ခံရသည်။ အဗ္ဗဒူကလမ်ကဲ့သို့ ပညာကို ကရုဏာနှင့် ယှဉ်ကြသော သူဌေးကြီးများလည်း ပေါ်ထွက်လာသည်။

၎င်းတို့ကား -

မိုက်ခရိုဆော့ဖ်ကွန်ပျူတာသူဌေးကြီး ဘီလ်ဂိတ်၊

ရင်းနှီးမြှုပ်နှံမှုသူဌေးကြီး ဝါးရင်းဘက်ဖက်၊

CNNသူဌေးကြီး တက်ဒ်တာနာ၊

ဟောလီဝုဒ် ဒါရိုက်တာ ဂျော့လူးကပ်စ်၊

နယူးယောက်မြို့တော်ဝန် မိုက်ကယ်ဘလွန်းဘာ့ဂ်၊

အော်ရာကယ် တည်ထောင်သူ လာရီအယ်လီဆင် -

အစရှိသည့်ကမ္ဘာ့ထိပ်တန်းသူဌေးကြီးအယောက် (၄၀) တို့သည် သူတို့ချမ်းသာသမျှ၏ ထက်ဝက်ကို တစ်ကမ္ဘာ လုံးတွင်ရှိ ဆင်းရဲသားတို့အား လှူဒါန်း ထောက်ပံ့ကြမည် ဖြစ်သည်။ စ စ ေ ပ ါ င ် း ဘီလျံ(၆၀၀)ရှိသည်ဟုဆိုသည်။ ဆင်းရဲမွဲတေမှုတိုက်ဖျက်ရေး၊ ရေရရှိရေး၊ AIDS တိုက်ဖျက်ရေး၊ ငှက်ဖျားတိုက်ဖျက်ရေး၊ ပညာရေး၊ ကျန်းမာရေးတို့အတွက် အသုံးပြုမည်ဟု သိရသည်။

သာဓု၊ သာဓု၊ သာဓု ကောင်းပေစွ၊ ကောင်းပေစွ။

ဟောင်ကောင်ရုပ်ရှင်မင်းသားကြီး ချောင်ယွန်ဖက်ကလည်း သူကွယ်လွန်ခဲ့လျှင် သူချမ်းသာသမျှ၏ (၉၉) ရာခိုင်နှုန်းကို ဘီလ်ဂိတ်၊တို့အလှူထဲသို့ ထည့်ဝင်မည်ဖြစ်ကြောင်း သိရသည်။ မင်းသားကြီးသည် ဟောင်ကောင်ဒေါ်လာ တစ်ဘီလျံ ကြွယ်ဝသည်ဟု ဆိုသည်။ မြန်မာနိုင်ငံမှ သူဌေးကြီးများသည် သူတို့၏ ချမ်းသာသမျှထဲမှ ဆယ်ရာခိုင်နှုန်းလောက်ကို မြန်မာပြည်၏ ပညာရေးနှင့် ကျန်းမာရေးတွင် လှူဒါန်းကြမယ်ဆိုလျှင် မြန်မာပြည်သည် ဆယ်နှစ်အတွင်း ထိပ်ဆုံးနေရာသို့ ရောက်နိုင်ပေသည်။

ခရစ်ယာန်သူဌေးများပင် မိမိပိုင်ငွေထဲမှ ငါးဆယ်ရာခိုင်နှုန်းကို လှူနိုင်သေးလျှင် ဗုဒ္ဓဘာသာသူဌေးများသည် မိမိပိုင်ငွေထဲမှဆယ်ရာခိုင်းနှုန်းလောက်မှမလှူရဲလျှင် ရှက်စရာကောင်းလှသည်။ အသား၊ အသွေး၊ အသက်ကိုပါလှူပြခဲ့သော ဂေါတမဘုရားရှင်ကို အားနာသင့်၊ ထောက်ထားသင့်ပေသည်။

သနားတတ်သော လူမျိုးထဲမှာ မြန်မာလူမျိုးများသည် ထိပ်တန်းကပါပေသည်။ သို့သော် ထိုကရုဏာကို ပညာနှင့်မယှဉ်ဘဲ သဒ္ဓါနှင့်ယှဉ်သောကြောင့် အနိမ့်ဆုံးသို့ရောက်နေရခြင်း ဖြစ်သည်။ ကရုဏာကို ပညာနှင့်လည်း ယှဉ်နိုင်ရမည်။ ကရုဏာလူမျိုးမှ ကိုယ့်ထက်သာတာကို ဝမ်းမြောက်တတ်သော မုဒိတာလူမျိုးအဆင့်ထိ ရောက်လာမည်ဆိုလျှင် ကမ္ဘာက မော့ကြည့်ရသော လူမျိုးတစ်မျိုးဖြစ်လာမှာ သေချာပေသည်။

ပညာမှာ ကရုဏာယှဉ်သောဝန်ကြီးတစ်ဦး မြန်မာရာဇဝင်တွင်ရှိခဲ့သည်။ သူကား ယောအတွင်းဝန် ဦးဖိုးလှိုင်ပင် ဖြစ်၏။ သူရေးသော ရာဇမတ္တသင်္ဂဟကျမ်းတွင် မင်းနှင့်မှူးမတ်ဝန်ကြီးအားလုံးသည် တိုင်းပြည်ဘဏ္ဍာငွေကို ထင်သလို ယူမသုံးကြဘဲ လစာတိတိကျကျသတ်မှတ်သင့်ကြောင်းပါပေသည်။ ထိုစဉ်ကတည်းက ဤစည်းမျဉ်း အတည်ဖြစ်ခဲ့လျှင် မြန်မာပြည်သည် ဥရောပနိုင်ငံများထက် ချမ်းသာမှာ သေချာသည်။ သို့သော် ပညာမှာ လောဘယှဉ်သောသူများသာ အားကြီးသောကြောင့် ထိုအကြံပြုချက်ကို မည်သူမျှ အရေးမထားကြပေ။ စုဖုရားလက်ကား အရေးမထားရုံသာမက အပြစ်ပါ ပြောလိုက်သေးသည်။ ပုထဇဉ်ပီသပါပေစွဟု ဆိုရပါတော့မည်။ ဥရောပနိုင်ငံများ ချမ်းသာသည်မှာ ဦးဖိုးလှိုင်၏ နည်းစနစ်ကြောင့်ဟုဆိုလျှင် မမှားပေ။ ပြင်သစ်သမ္မတနီကိုလက်ဆာကိုဇီအတွက် တစ်နှစ်အသုံးစရိတ် ဥရောပ ယူရိုလေးသိန်း သုံးစွဲခွင့်သာ အတည်ဖြစ်သွားသည်။ သို့သော် တစ်နှစ်တွင် သမ္မတအသုံးစရိတ်သည် လေးသိန်းအပြင် ယူရို (၁၄၁၂၃) ပိုသုံးစွဲထားသည်ကို တွေ့ရသည်။ သမ္မတသည်ကား ပြည်သူများ၏ စံထားပုဂ္ဂိုလ်ဖြစ်ဖို့လို၏ ဟူသော စကားအတိုင်း သမ္မတသည် ပိုသုံးငွေကို သူ့အိတ်ထဲမှ စိုက်၍ နိုင်ငံတော်ဘဏ်သို့ ပြန်လည်ပေးသွင်းခဲ့ရသည်။ ထိုစနစ်မျိုး မြန်မာအစိုးရအဆက်ဆက် မြန်မြန်ကျင့်သုံးပါစေဟု ဆုတောင်းရုံမှတစ်ပါး ကျွန်ုပ်တို့ကား ဘာမှမတတ်နိုင်ကြပေ။

မြန်မာလူမျိုးများ သနားတတ်ပုံသာဓကကို စာဖတ်သူများ မျက်စိထဲကွက်ကွက်ကွင်းကွင်းမြင်နိုင်ရန် ဆရာကြီး ရွှေဥဒေါင်း၏ ကိုယ်တွေ့ဖြစ်ရပ်တစ်ခုကို ဆရာကြီး ရေးသားသော 'တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ' စာအုပ်မှ ကောက်နုတ် ဖော်ပြလိုက်ပေသည်။

၁၉၄၁ ခုနှစ်၊ ဒီဇင်ဘာ ၂၃ ရက်တွင် ရန်ကုန်မြို့ကို ဂျပန်များ ပထမဆုံး ဗုံးကြဲသည်။ ထိုဗုံးဒဏ်ကြောင့် ဆရာ



www.burmeseclassic.com

www.burmeseclassic.com

ကြီး ရွှေဥဒေါင်းတို့ မိသားစုသည် စစ်ကိုင်းတိုင်း ဝက်လက်မြို့ မန်ကျည်းတုံရွာသို့ ပြန်ကြခြင်း ဖြစ်သည်။

**မြန်မာလူမျိုးတို့၏စေတနာ**

မီးရထားသည် နံနက်လေးနာရီတွင်ထွက်၍ ခုနစ်နာရီ ရှစ်နာရီတွင် ကောင်းကောင်းလင်းသော ဘူတာများသို့ ဆိုက်ရောက်လာသောအခါ လည်းကောင်း၊ မြို့ရှိမြို့သူမြို့သားများသည် ဘူတာရုံများတွင် စုရုံးစီတန်းကာရပ်နေကြခြင်းကို တွေ့ရ၏။ ၎င်းတို့၏ မျက်နှာများသည် မီးရထားတွဲပေါ်မှ လူများအား စစ်ပြေးဒုက္ခသည်များအနေဖြင့် ကရုဏာအံလွှမ်းကြီးသောအမူအရာဖြင့် ကြည့်လျက်ရှိကြ၏။

အချို့မိန်းကလေးများကလည်း ရေအဖြည့်ထည့်ထားသည့် ရေအိုးသစ်များကို ငှက်ပျောရွက်စိမ်းစည်းလျက် ရွက်ထား၏။ မီးရထားရပ်သည်နှင့် တစ်ပြိုင်နက် ယောက်ျား၊ မိန်းမတို့သည် မီးရထားတစ်စင်းလုံးခေါက်တုံ့ခေါက်ပြန် လျှောက်ကာ စားစရာများကို မီးရထားတွဲများထဲသို့ (အချိန်မရှိသဖြင့်)ပစ်ထည့်ကြသည်ဖြစ်စေ၊ ခရီးသည်များ၏ လက်သို့ကမ်းလှမ်းကြသည်ဖြစ်စေ ကုန်စင်အောင် သွက်လက်စွာပေးကြလေတော့သည်။

ခရီးသည်များအနက် တရုတ်၊ ကုလား၊ မြန်မာမှ စ၍ လူအမျိုးမျိုးပါရှိလေရာ ပေးကမ်းသူများသည် လူမျိုးမရွေး၊ ဘာသာမရွေး၊ ကျား၊ မ၊ ကြီးငယ်မရွေး ပေးကမ်းကြပါသည်။ လူမျိုးကွဲဆိုသောကြောင့် အနည်းငယ်မျှသာပေးခြင်း၊ မြန်မာများဆိုသောကြောင့် ပို၍ပေးခြင်းကို မတွေ့ရ၊ ၎င်းတို့၌ပါသမျှကို ကြည်ဖြူရက်ရောစွာ ပေးကမ်းကြခြင်းကိုသာ တွေ့ရပေသည်။

အချို့ဘူတာများ၌ အထက်ပါစားစရာများသာမက ဟင်း၊ ထမင်းနှင့် အချဉ်၊အငန်အစုံပါသည်။ ထမင်းထုပ်များနှင့် အချို့ဘူတာများ၌ ကြက်သားဒံပေါက်၊ ဆိတ်သားဒံပေါက်အထုပ်များကို လည်းကောင်း ရက်ရောဖောသီစွာ ပေးကြပေသည်။ ကျွန်ုပ်၏ စိတ်ထဲ၌ အထူးသဖြင့် စွဲမြဲစွာ မှတ်သားမိသော အခြင်းအရာတစ်ခုမှာ အသက်(၆၀)ခန့် လူကြီးတစ်ယောက်(ယခင်တမူ အသက်(၆၀)အရွယ်များကို အဘိုးကြီးဟု ရေးခဲ့ရာ ကိုယ်တိုင် (၇၀) ကျော်လာပြီ ဖြစ်သည့် ဤစာရေးချိန်၌မူ ထိုအရွယ်မျှကို အဘိုးကြီးဟုမခေါ်ချင်။ လူကြီးဟူ၍သာ ရေးချင်ပါတော့သည်။)

ပဲစိမ်းစားဥတွဲများကို လက်ဝဲ၊ လက်ယာနှစ်ဖက်ကိုင်လျက် မီးရထားတွဲတစ်လျှောက် ခေါက်တုံ့ခေါက်ပြန် လျှောက်ရင်း -

"ကျုပ်ပဲစိမ်းစားဥကလေးများစားကြစမ်းပါဦး အမိတို့၊ မောင်တို့ရယ်။ ကျုပ်ကိုယ်တိုင်စိုက်ပြီး လတ်လတ်ဆတ်ဆတ် ကိုယ်တိုင်ဖော်ယူခဲ့တာပါ အင်မတန်ချိုပါတယ်။ စားကြည့်ကြပါဦး လူကလေး၊ မိန်းကလေးတို့ရယ်"

စသည်ဖြင့် အသံတစာစာဖြင့် ပြောလျက်ခြင်းပင် ဖြစ်သည်။

သူ၏ စားစရာမှာ ကြက်သားဒံပေါက်၊ ဆိတ်သားဒံပေါက်၊ ထောပတ်ထမင်း၊ အုန်းထမင်း၊ ဆန္နွင်းမကင်း စသည်ဖြင့် အစားအသောက်ကောင်းတွေထဲတွင်မတိုးနိုင်အောင်ဖြစ်နေသည်နှင့် အရွယ်ကြီးသူဖြစ်၍ လက်နှစ်ဖက်တွင် အပြည့်ဆွဲထားသော ပဲစိမ်းစားဥများကို ရထားတွဲထဲသို့ရောက်အောင် မြှောက်သွင်းရန် မတတ်နိုင်ရှာသည်နှင့် တဝဲလည်လည် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေရခြင်း ဖြစ်လေသည်။

ကျွန်ုပ်သည် မီးရထားပေါ်မှဆင်း၍ လူကြီးထံသို့ ချဉ်းကပ်ပြီးလျှင် မျက်နှာငယ်လျက်ရှိသော ပဲစိမ်းစားဥတွဲများကိုအလှူခံလေရာ လူကြီးက ဝမ်းမြောက်စွာ အားလုံးပေးခဲ့သည်နှင့် လမ်းတစ်လျှောက်လုံး ကျွန်ုပ်က တစ်ဆင့်ကမ်းဒါနပြုလုပ်နိုင်ခဲ့ပါပေသည်။

**ကျွန်ုပ်ဂုဏ်ယူမိခြင်း**

စားစရာများကိုလည်း လမ်းတစ်လျှောက်လုံး စားလာကြစဉ် ကျွန်ုပ်တို့သည် လူမျိုးကွဲခရီးသည်များအား (ကုလားပို၍များသည်) မြန်မာလူမျိုး၏ သနားကြင်နာစိတ်ဖြစ်လွယ်၍ ကရုဏာအလျှောက် သဒ္ဓါကြည်ဖြူစွာ ပေးကမ်းတတ်ခြင်းအကြောင်းကို အသားယူကာ ဖော်ထုတ် ချီးကျူးပြောဆိုလေရာ လူမျိုးကွဲခရီးသည်များ (အထူးသဖြင့် ကုလားလူမျိုးများ) သည် ကျွန်ုပ်တို့မြန်မာလူမျိုးများပေါ်မှ ကတ်သီးကတ်သတ် အမြတ်ထုတ်ခဲ့မိခြင်းအတွက် ရှက်ကိုးရှက်ကန်းဖြစ်ကြသော မျက်နှာထားမျိုးနှင့် (ဤသို့ဖြစ်ကြစေရန် ကျွန်ုပ်ကလည်း ရည်ရွယ်ချက်ရှိသည်။) မြန်မာလူမျိုးတို့၏ ရက်ရောပုံကို အူထဲအသည်းထဲက လှိုက်လှဲစွာ ချီးကျူးကြလေသည်။

ဤတွင် အိန္ဒိယပြည်သို့ ရောက်ဖူးသော ကိုခင်မောင်တင့်က အိန္ဒိယပြည်တွင် နိုင်ငံခြားသားခရီးသည်တစ်ယောက်အဖို့ရာ ရေတစ်ခွက်တောင်း၍ ရဖို့အလွန်ခဲယဉ်းကြောင်းနှင့် ဖိနှိပ်ပြောဆိုလေရာ ဟိန္ဒူကုလားခရီးသည်ကြီးများလည်း လက်နှစ်ဖက်ဖြင့် ဆလံပေးတာဝန်ခံရှာလေသည်။ ကျွန်ုပ်ကိုယ်တိုင်မှာလည်း မြန်မာလူမျိုးများ၏ ကြင်နာတတ်ခြင်းနှင့် ရက်ရောခြင်း တည်းဟူသော အပြုအမူသည် ကျွန်ုပ်၏စိတ်ကိုအတော်ကြီး ထိခိုက်သည်ဖြစ်၍ ကိုယ့်လူမျိုးအပေါ်၌ ယခင်ကထားရှိခဲ့သည့် မကျေနပ်မှု၊ အားရမှု၊ အထင်သေးမှု… သည်တစ်ခါတည်း ပျောက်ပျက်လွင့်… သွားပါလေတော့သည်။ ခရီးသည်… သည် လမ်းခရီးအဖို့ အစာရေစာ… တွက် ကောင်းစွာ လုံလောက်ရုံမက … တို့အသီးသီးရရှိကြသော ဝေစုကို… ကုန် အောင်မစားနိုင်ဘဲ ပိုလျှံလျက်ရှိ… ပါတော့သည်။

(ရွှေဥဒေါ…

ကျွန်ုပ်၏ စာများ နေရာရခြ… ထိုက်သလောက် အောင်မြင်ခြင်း… အကြောင်းများတွင် ကရုဏာရသပါ… သည် အဓိကနေရာမှကျမည်ထင်သ… မြန်မာဖြစ်ခြင်းကြောင့် သနားတ… သောစိတ်သည် ပဋိသန္ဓေကတည်း… ပါလာခဲ့သည်။ 'ဘဝနှင့်ရင်းရင်း… အတွေးအမြင်များ' စာအုပ်ထဲမှ ကျွ… ၏မျက်နှာကို လေးခွနှင့် ပစ်ပြခဲ့… ကိုလှပြုံးကို စာဖတ်သူများ သ… လောက်ပါသေးသည်။ အဖေမရှိ… သဖြင့် သူတို့မိသားစုက ကျွန်ုပ်တို့မိ… စုထက် ပို၍နွမ်းပါးသည်။ ထမင်းစား… ရောက်တိုင်း ကိုလှပြုံး ငိုရသည်။ … သည်မှာ အညံ့ဆုံးဟင်းကို နေ့တိုင်း… နေရသောကြောင့် ဖြစ်သည်။

"တစ်ခါလာ ဒီမျှစ်ပြုတ်နဲ့ ငရု… သီးထောင်းချဉ်းပဲ အီး ဟီး ဟီး"

ဟူသော အော်ငိုသံကို နေ့… ကြားနေရသည်။

တစ်ရက်တော့ ကျွန်ုပ်၏ … သားက မခံနိုင်တော့။ ကိုလှပြုံး… ထမင်းပန်းကန်ယူပြီး အိမ်သို့လိုက်… ခေါ်ခဲ့သည်။ ကျွန်ုပ်တို့အိမ်တွင် ထို… အမဲသားချက်သည်။ များသောအား… ဖြုတ်ကြော်လုပ်ပေးသည်က များသ… ကျွန်ုပ်တို့ညီအစ်ကိုမောင်နှမများ… တစ်ယောက်လျှင် တစ်တုံး…ရ…



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်အတွက်ရသော အမဲသားတုံးကို ကိုလှပြုံးသို့ထည့်ပေးရန် အမေ့အားပြောဆိုလိုက်ပြီး ကျွန်ုပ်က ချဉ်ရည်ဟင်းနှင့် ငါးပိကြော်ကိုသာစားသည်။ ကျွန်ုပ်နှင့် စိတ်ချင်းတူသော မိခင်က ကိုလှပြုံးပန်းကန်ထဲသို့ အသားတစ်တုံး ထည့်ပေးလိုက်သလို ကျွန်ုပ်ပန်းကန်ထဲသို့လည်းထည့်ပေးပါသည်။ ထိုနေ့က အမေ့အတွက် အမဲသားတုံး ကျန်ပါဦးမလား ကျွန်ုပ် သေချာမသိပါ။ အခု အသက်ကြီးမှစဉ်းစားမိသည်။ ကျွန်ုပ်က ကိုလှပြုံးကိုလှူသည်။ အမေက ကျွန်ုပ်ကို ပြန်လှူဟန်တူသည်။

သူ့အတွက်အလှူ ကိုယ့်အတွက် အလှူ ဟူသော မမွှေဘေရီအရှင်ဝီရိယ (သောင်စွန်း) ၏ ဆောင်းပါးတစ်ပုဒ် အကြောင်းကို သိခဲ့ရသည်။ ချမ်းသာသူ မိသားစုက အုတ်နံ့ရံပေါ်တွင် မီးလုံးကြီးများအလှဆင်ထားသည်။ လျှပ်စစ်မီးမရှိသောအိမ်မှ ဆယ်တန်းကျောင်းသားလေးက ထိုအုတ်နံ့ရံဘေးတွင် လာ၍ စာကျက်ရသော မြင်ကွင်းလေးပင် ဖြစ်သည်။

ယခုလည်း ငွေတစ်သိန်းခြောက်သောင်းဆိုသည်မှာ သူဌေးများ၊ အရာရှိကြီးများအတွက် တစ်ညနေ အပျော်ပွဲတစ်ဝိုင်းစာသာဖြစ်သည်။ ကျွန်ုပ်ကိုယ်တိုင်ပင် ကုန်တိုက်တစ်တိုက်တွင် (၁၀၀၀၀) တန်ဖိုးကပ်ထားသော အရက်ပုလင်းကို မြင်ခဲ့ဖူးလေသည်။ သို့သော် ထိုအပျော်အပါးအတွက် ငွေတစ်သိန်းကျော်သည် နွမ်းပါးသူများအတွက် အသက်အလျော်အစားဖြစ်နေတတ်ပြန်သည်။ ကျွန်ုပ်ထံ ခဲတံဖြင့် ပို့လိုက်သော စာလေးတစ်စောင်ကို ဖတ်ကြည့်ပါ။

၅-၈-၂၀၁၂

သို့/
အရှင်ဇဝနထံသို့
(မေတ္တာရှင်ရွှေပြည်သာ)

အရှင်ဘုရား၊ တပည့်တော်မက အရှင်ဘုရားရဲ့ စာဖတ်ပရိသတ်တစ်ယောက်ပါဘုရား။ တပည့်တော်မသည် အရှင်ဘုရားကို တအားဖူးတွေ့ချင်ပါတယ်ဘုရား။ တပည့်တော်မ စာလုံးပေါင်းမှားရင် သည်းခံပြီး ဖတ်ပေးပါဘုရား။ တပည့်တော်မက မွန်ပြည်နယ်ပါ ဘုရား။ ရန်ကုန်ဆိုတာ အိပ်မက်ထဲမှာတောင် မမက်ဖူးပါဘူးဘုရား။ တပည့်တော်မက စာတအားဖတ်ပါတယ်ဘုရား။ အရင်က စာဖတ်တာ သူရဇ္ဇ မောင်ညိုမှိုင်း၊ ထောင်မှူးသိန်းဝင်းတို့ကို ဖတ်ပါတယ်ဘုရား။ အရှင်ဘုရားရဲ့ စာအုပ်ကို ဘဝနှင့်ရင်းရသောအတွေး အမြင်များစာအုပ်ကိုဖတ်ပြီးကတည်းက အရှင်ဘုရားရဲ့ စိတ်ဓာတ်၊ သည်းခံမှု၊ အနစ်နာခံမှုတို့ကို တအားလေးစားပါသည် ဘုရား။

အရှင်ဘုရားလိုမျိုး စိတ်ဓာတ်ထားနိုင်အောင် ကြိုးစားနေပါတယ်။ ဒါပေမယ့် မရသေးဘူးဘုရား။ တပည့်တော်မအကြောင်းဆက်ပါရစေဘုရား။ တပည့်တော်မက အရှင်ဘုရားရဲ့ သူရဇ္ဇ မဂ္ဂဇင်း အခန်းဆက်ဆောင်းပါးထဲက ဆရာဝန်မအကြောင်းကို ဖတ်ရတော့ တပည့်တော်မအကြောင်း ပြောပြချင်ပါတယ်ဘုရား။ တပည့်တော်မအကြောင်း ဖတ်ပြီးရင် သူရဇ္ဇထဲမှာထည့်ပါဘုရား။ အရှင်ဘုရားရဲ့ စာအုပ်တွေကို အငှားဆိုင်တွေက မတင်ဘူးဘုရား။ ငှားဖတ်တဲ့သူမရှိလို့တဲ့လေ။ အပိုင်ဝယ်နိုင်မှ ဖတ်ရပါတယ်ဘုရား။ တပည့်တော်မမှာ အပိုင်ဝယ်နိုင်တဲ့ အင်အားမရှိသေးဘူးဘုရား။ ကံကောင်းချင်တော့ တပည့်တော်မတို့ရပ်ကွက်က ကောင်လေးတစ်ယောက်ဟာ ဘုန်းကြီးစာအုပ်တွေ၊ အခွေတွေ အခမဲ့ငှားပေးတယ်ဘုရား။

အရှင်ဘုရားရဲ့ စာအုပ်တွေပါတယ်ဘုရား။ ဒီစာရေးတဲ့အချိန် အရှင်ဘုရားရဲ့ စာအုပ်ဖတ်နေပါတယ် ဘုရား။ စာအုပ်နာမည်ကတော့ 'အရှုံးမရှိသော ဒဿန'ပါ။ စာအုပ်တောင်ဆုံးအောင် မဖတ်ရသေးဘူး၊ အရှင့်ဘုရားဆီ စာတအားရေးချင်လာလို့ ထရေးနေတာပါဘုရား။ ဒါပေမယ့် စာရေးရတာထက် အရှင်ဘုရားနဲ့ လူချင်းတွေ့ပြီး တပည့်တော်မရဲ့အကြောင်းကို နှုတ်နဲ့ပြောချင်ပါတယ်ဘုရား။ အရှင်ဘုရား မွန်ပြည်နယ်ကို မလာတော့ဘူးလား ဘုရား။ တရားပွဲတွေ လာဟောစေချင်ပါတယ် ဘုရား။

အရှင်ဘုရားဟောတဲ့ တရားကိုလည်း နာချင်ပါတယ် ဘုရား။ တပည့်တော်မရဲ့ဘဝမှာ အခုဆိုရင် အရှင်ဘုရားကို ဖူးတွေ့ခွင့်ရရင် သေပျော်ပါပြီဘုရား။ တပည့်တော်မရဲ့ နာမည်က တိုးတိုးပါ၊ အသက် (၃၅)နှစ်၊ ကလေးနှစ်ယောက်ရှိပါတယ်။ ယောကျ်ားကတော့ အရှင်ဘုရားရဲ့ 'ဘဝနှင့်ရင်းရသော' စာအုပ်ထဲက အမျိုးသားလို စစ်သားလူထွက်ပါပဲ၊ ဘာကိုမှအကောင်းမမြင်ဘူး။

သမီးနှစ်ယောက်ကတော့ တစ်ယောက်က (၆)တန်းနဲ့ဆက်မထားနိုင်လို့ ထုတ်လိုက်ရတယ်။ သူကတော့ နေချင်သေးတယ်ဘုရား။ နောက်တစ်ယောက်က လေးတန်းပါ။ သူကတော့ ကျောင်းနေတုန်းပါ။ အခု တပည့်တော်မ အဆင်မပြေဘူးဘုရား။ ဘာဖြစ်လို့လဲဆိုတော့ ကျေးဇူးရှင်တွေကို ပြစ်မှားမိလို့ပါဘုရား။ တပည့်တော်မဟာ အရင်က အစိမ်းမှုန့်ထုတ်တဲ့ဆီမှာ တစ်နေ့နှစ်ထောင်ကျပ်နဲ့ အလုပ်လုပ်နေပါတယ်။

အဲဒီအချိန်က တပည့်တော်မဟာ ဘာကိုမှနားမလည်ဘူး။ ဘယ်သူ့အကျိုးကိုမှမကြည့်ဘူး။ ကိုယ့်အဆင်ပြေပြီးရော သဘောထားတယ်။ အလုပ်ထဲက အစိမ်းမှုန့်တွေ၊ ပဲမှုန့်အကျက်တွေ၊ ဆီတွေခိုးပြီး ရပ်ကွက်ထဲပြန်ရောင်းတယ်။ ငါ့သားသမီး ငါ့အဖေစားရပြီးရောဆိုပြီး ခိုးမိပါတယ်။ ဒါပေမယ့် တပည့်တော်မဟာ မိဘအပေါ် သိတတ်သူပါ။ တပည့်တော်မမှာ အဖေပဲရှိတော့တယ်။ အဖေက အသက် (၆၀) ကျော် တီဘီရောဂါခံစားနေရတဲ့ ပင်စင်စားတစ်ယောက်ပါ။

ဒီမှာပေးတဲ့ ဆေးကို သောက်ပေမယ့် အမြစ်မပြတ်ပါဘူး ဘုရား။ ဒီက ဆရာဝန်တွေဟာ ဆေးပေးရမှာကို တွန့်တိုနေတယ်ဘုရား။ ဆေးရုံမှာသွားပြရင် ဂရုမစိုက်ဘဲ သူတို့ကိုယ်ပိုင်ဆေးခန်းမှာ သွားပြမှ ကြိုက်တယ်ဘုရား။ ပိုက်ဆံရလို့နေမှာပေါ့ဘုရား။ သူတို့ပြောတာကတော့ သလိပ်မှာပိုးမတွေ့ဘူး၊ ဓာတ်မှန်မှာပဲတွေ့တယ်အမျိုးမျိုးပြောပြီး နောက်ထပ်ဆေးမပေးတော့ဘူး။ တပည့်တော်မသာ ပိုက်ဆံရှိရင် အဖေ့ကို ကောင်းအောင်ကုပေးချင်ပါတယ် ဘုရား၊

အခုစာရေးနေတာ တွေ့သွားလို့ ဘယ်သူ့ဆီစာရေးနေတာလဲတဲ့၊ အရှင်ဘုရားဆီပါလို့ပြောတော့ ဘုန်းကြီးကို ဘာဒုက္ခပေးမလို့လဲတဲ့ဘုရား။ အရှင်ဘုရားကို ဒုက္ခမပေးပါဘူး၊ အခု တပည့်တော်မ အဝတ်တွေလိုက်လျှော်ပါတယ်၊ သူတို့တွေက မုန့်တို့၊ သရက်သီးတို့ပေးလိုက်ရင် တပည့်တော်မ ဘယ်လောက်ဆာနေနေ ငံအောင့်အည်းသည်းခံတဲ့တွေး မျိုချပြီး မစားဘဲနေတယ်။ အိမ်ပြန်ရောက်တာနဲ့ အဖေနဲ့ ကလေးနှစ်ယောက်ကိုပဲ ကျွေးလိုက်တယ်။

တပည့်တော်မရဲ့ ပထမအလုပ်ရှင်ဟာ ကောင်းပါတယ်ဘုရား။ ကောင်း



www.burmeseclassic.com

www.burmeseclassic.com

ရဲ့သားနဲ့ သူတို့ပစ္စည်းတွေခိုးတော့ ကျေးဇူးကန်းရာရောက်တာပေါ့ ဘုရား။ ဒါတွေဟာ အရှင်ဘုရားစာအုပ်တွေဖတ်ပြီးမှသိရတာပါ။ ဒုတိယအလုပ်ရှင်လည်း ကောင်းပါတယ်၊ သူ့ဆီကတော့ ပိုက်ဆံခိုးပါတယ်။ အဖေနဲ့ သမီးနှစ်ယောက်စားဖို့အတွက်ပါပဲ။ တပည့်တော်မဟာ အဲဒီလောက်ထိမိုက်မှားပါတယ်။ နောက်တစ်ခုကတော့ တပည့်တော်မဟာ မယားရှိတဲ့လင်တွေနဲ့ ရရင်ပြီးရော မှားခဲ့မိပါတယ် ဘုရား။ ဒါပေမယ့် ဒီပိုက်ဆံတွေက အဖေနဲ့သမီးနှစ်ယောက်ကို ကျွေးဖို့ပါ။

တပည့်တော်မ အဲဒီလို ကျူးလွန်မိတာဟာ တဏှာရာဂကြောင့် မဟုတ်ပါဘူးဘုရား။ ပိုက်ဆံမျက်နှာကြောင့်ပါ။ တပည့်တော်မတို့အိမ်မှာ တစ်ခါတလေကျရင် ထမင်းချက်စရာမရှိတဲ့အခါမျိုးမှာဖြစ်ရတာပါဘုရား၊ အခုတော့ ဆရာတော်ရဲ့ စာပေကျေးဇူးကြောင့် ခိုးတာ၊ ဖောက်ပြန်တာတွေကို ရှောင်ကြဉ်နိုင်သွားပါပြီဘုရား။ အခုရှောင်နေတဲ့ကြားထဲက ပါဏာတိပါတကံကျူးလွန်လိုက်မိတယ်ဘုရား။ အဲဒါကတော့ ကိုယ်ဝန်လေးလကို ဖျက်ချလိုက်တာပါပဲဘုရား။

အဲဒီလိုဖျက်ချတဲ့အတွက်နာကျင်တဲ့ဝေဒနာကို သေမတတ်ခံစားရပါတယ်ဘုရား၊ သူများအသက်ကို သတ်တော့ ကိုယ့်မှာလည်း သေမလောက်အောင်ကို အခုဘဝမှာတင် ခံစားရပါတယ်ဘုရား။ ကလေးက မိန်းကလေးပါဘုရား။ အပြင်ရောက်တော့ကို အသက်ရှိသေးတယ်ဘုရား။ နောက်မှသေသွားတာပါ။ ဘာကြောင့် အဲဒီလိုလုပ်တာလဲဆိုတာအကြောင်းရှိတယ်ဘုရား။တပည့်တော်မဟာ အရင်က ရေသည်လှည်းတွန်းရောင်းပါတယ် ဘုရား။

အခု မိုးတွင်းကလည်းဖြစ်ပြန်၊ အရင်ကတည်းက အကြွေးတွေကလည်းရှိပြန်၊ ကိုယ်ပိုင်ပိုက်ဆံမရှိတဲ့သူဆိုတော့ ဟိုကကြွေးယူဒီဆပ်၊ ဒီကကြွေးယူ ဟိုဆပ်နဲ့ အတိုးတွေတက် သံသရာလည်နေပါတယ်။ အကြွေးယူတဲ့ဒုက္ခကတော့ ဆရာတော်ရေးတဲ့ 'အရှုံးမရှိသောဒဿန' စာအုပ်ထဲကလိုပဲ အကြွေးရှင်ပြောသမျှခံ၊ သူတို့တွေက ညဘက်ဆိုရင်လာတောင်း၊ ကိုယ်ကမပေးနိုင်။ ညတိုင်းဆိုရှင် မအိပ်နိုင်၊ မစားနိုင်ပါဘူး။

အိမ်အပြင်လည်း မထွက်ရဲ။ အကြွေးရှင်တွေပြောမှာ ကြောက်လို့ပါဘုရား။ ယောကျ်ားကလည်း အကောင်းမမြင်တဲ့သူဆိုတော့ သူပြောသမျှခံ၊ သူပေးသမျှယူ။ သူရတဲ့ပိုက်ဆံလည်း အကုန်မပေးဘူးဘုရား။ တစ်နေ့ နှစ်ထောင်ပဲပေးတယ်ဘုရား။တပည့်တော်မတို့အိမ်မှာ လူခြောက်ယောက်ရှိပါတယ်ဘုရား။

အဲဒါဆိုတော့ အကြွေးဆပ်လိုက်ရင်လည်း စားဖို့ကမရှိပြန်၊ မပေးပြန်ရင်လည်းအကြွေးရှင်ကပြော။ အဲ့သည်ဒုက္ခကိုခံစားနေရတယ်ဘုရား။ တပည့်တော်မ အကြွေးတွေ ကျေအောင်ဆပ်ချင်ပါတယ်။ သံသရာဝဋ်ကြွေးမပါအောင်လို့လေ။ အဲဒါကြောင့်မို့လည်း ကလေးကိုဖျက်လိုက်တာဘုရား၊ တပည့်တော်မရဲ့အတွေးကတော့ ဒီကလေးကိုမွေးလိုက်ရင် ကိုယ်လည်း အလုပ်လုပ်လို့မရ၊ ယောကျ်ားကလည်း မတောင်းဆိုတော့ ဒီကလေးလည်း ဒုက္ခရောက်မယ်၊ အခုရှိတဲ့သမီးနှစ်ယောက်လည်း ဒုက္ခရောက်မယ်။ ယောကျ်ားကလည်း ကလေးတွေအပေါ်မှာရော မိန်းမအပေါ်မှာပါ အကြင်နာတရားဆိုတာ မရှိပါဘူးဘုရား။

တစ်ရလာက သမီးအကြီးလေးနေမကောင်းတော့ ဘာဖြစ်လဲတစ်ခွန်းမမေးဘူး။ သေရင် နင်တို့ကို တစ်ကျင်းတည်း သုံးယောက်မြှုပ်မယ်။ အဲသည်လိုပြောပါတယ်ဘုရား၊ အခုဆိုရင် တပည့်တော်မမှာ အကြွေးတွေက နှစ်သိန်းလောက်ရှိနေပါပြီ၊ အတိုးတွေပါထပ်တယ်ဘုရား။ အဲသည်လို ပြောတာက ဆရာတော့်ဆီက အကူအညီလိုချင်လို့ မဟုတ်ပါဘူး၊ တပည့်တော်မမှာ ရင်ဖွင့်ဆရာတော်ဘုရားကို အဖေလိုသဘောထားပြီးရေးရတာပါဘုရား။

တပည့်တော်မ သမီးအကြီးဟာလည်း တပည့်တော်မက အရှင်ဘုရားကို ကြည်ညိုတာ၊ အရှင်ဘုရား ဘယ်လိုအနစ်နာခံတာ၊ အရှင်ဘုရား ကောင်းကြောင်းတွေကို ပြောပြလို့ သူတို့လည်း သိပါတယ်ဘုရား။ အရှင်ဘုရားက ဒုက္ခသည်တွေ၊ ရောဂါသည်တွေကို ထောက်ပံ့တဲ့အကြောင်း ပြောပြတော့ အငယ်မကပြောတယ်။ အမေ ဘုန်းကြီးကို အကြွေးဆပ်ခိုင်းမလို့မဟုတ်လားတဲ့။ မဟုတ်ပါဘူးဘုရား။

အခု ဒီကလေးကိုဖျက်ချတာဟာ မှားသလား၊ မှန်သလားဖြေပါဦးဘုရား။ တပည့်တော်မဟာ စိတ်ဓာတ်မခိုင်သူပါဘုရား။ တပည့်တော်မကိုယ့်ဟာကိုယ် သေကြောင်းအမြဲကြံနေပါတယ်ဘုရား။ ကိုယ်ကိုယ့်ကိုယ် သေကြောင်းကြံရင် အဖန်ငါးရာငါးကမ္ဘာခံရတယ် ဆိုကော တကယ်ဟုတ်ပါသလား ဘုရ သူရဋ္ဌမဂ္ဂဇင်းမှာ အရှင်ဘုရား အ ကြီးရောဂါသည်တွေကိုလှူတာ တပ တော် ဖတ်ရတယ်ဘုရား။ အဲသည် အရှင်ဘုရားရဲ့ ဖုန်းနံပတ်ပါတာ သ တယ် ဘုရား။

တပည့်တော်မဆက်ချင်ပါတ ဘုရား။ ဒါပေမယ့် မဆက်ရဲဘူးဘုရ စာကလည်း လိပ်စာမသိလို့ မထည့် ဘုရား။ အရှင်ဘုရားရေးတဲ့ 'အရှုံးမ သောဒဿန' စာအုပ်က စာအုပ်ဖြန့် ရေးလိပ်စာနဲ့ စာထည့်လိုက်ပါတ ဘုရား။ အရှင်ဘုရား ဒီစာကို ရရချ စာပြန်ပါဘုရား။ ဒီအကြောင်းတွေ လည်း စာအုပ်ထဲမှာ ထည့်ရေးပေး ဘုရား။ သူရဋ္ဌမဂ္ဂဇင်းမှာလည်း ထည့် ပါဘုရား။ ဘယ်လထုတ်မှာထည့်မှာ ဘုရား။ အခု တပည့်တော်မ ခြောက် ပိုင်းထုတ်အထိ ဖတ်ပြီးပြီဘုရား။ စာ တစ်ခါငှား နှစ်ရာဆိုတော့ အခုမငှား သေးဘူး ဘုရား။

အရှင်ဘုရားစာအုပ်တွေဖတ် အခုအတတ်နိုင်ဆုံးကောင်းအောင် ပါတယ်ဘုရား။ ခုဆိုရင် ငှက်တွေ၊ တွေကို အစာကျွေးတယ်။ လူတွေ လည်း မေတ္တာထားတယ်။ အိမ်မှာ အ နေရင် ဘုရားဂုဏ်တော်တွေကိုရွတ် တယ်။ အိမ်မှာနေရင်းလည်း ဝိပဿ လုပ်လို့ရတယ်လို့ ရေးထားတော့ အ တယ်ဘုရား။ ဘယ်လိုလုပ်ရမလဲဘုရ တပည့်တော်မ အရင်လုပ်ခဲ့တဲ့ မကော မှုတွေက ဘာလုပ်ရင် ကျေနိုင်သ ဘုရား။ ကျေကောကျေနိုင်ပါဦးမလ ဘုရား။ နည်းလမ်းရှိခဲ့ရင်လည်း ဘယ် လုပ်ရင်ကျေမလဲဆိုတာ သူရဋ္ဌမဂ္ဂ မှာ ရေးပြပါဘုရား။

အရှင်ဘုရား မော်လမြိုင်ရော ရင် တပည့်တော်မအိမ်ကိုဝင်ခဲ့ပါဘုရ လိပ်စာလည်းရေးပေးလိုက်တယ်ဘုရ စာလည်းပြန်ပါဘုရား။ အိမ်ကိုမလာ ရင်လည်း အရှင်ဘုရား မော်လမြိုင် တရားလာဟောရင် တပည့်တော်မ န နာပါ့မယ်ဘုရား။ အဲဒီအခါကျရင် အ ဘုရားကိုအနီးကပ်ဖူးချင်ပါတယ်ဘုရ တပည့်တော်မလည်း လှူချင်ပါတ ဘုရား။ တပည့်တော်မရဲ့ စာတွေ သူရဋ္ဌမဂ္ဂဇင်းမှာ ထည့်ဖြစ်အောင် ပေးပါဘုရား။ စောင့်မျှော်နေပါမ ဘုရား။ တပည့်တော်မ စာတွေ

www.burmeseclassic.com

www.burmeseclassic.com

သည်း ရှည်နေပြီမို့ တော်လောက်ပါပြီ ဘုရား၊ ဒါပေမယ့် ရေးချင်တာတွေ အများကြီးရှိပါသေးတယ်ဘုရား။

'အရှင်ဘုရား
စိတ်ချမ်းသာ၊ကိုယ်ကျန်းမာပါစေ
တပည့်တော်မ တိုးတိုး

ကျွန်ုပ်ထံလာသော စာအတော်တော်များများသည် ငွေကြေးအကူအညီတောင်းသောစာကများသည်။ အရင်အတော့ လာတောင်းသမျှ အကူအညီများကို ဖြစ်အောင်ပေးသည်။ ကြာလာသောအခါ မတတ်နိုင်တော့၊ မတတ်နိုင်ခြင်းအတွက် အကြောင်းနှစ်ချက်ရှိသည်။ အချို့က လိမ်ညာပြီးအကူအညီတောင်းကြသည်။ အချို့က တကယ်ဒုက္ခရောက်သည်က တစ်သိန်းသာဖြစ်သော်လည်း ဆယ်သိန်းလောက် တောင်းကြသည်။ အချို့က နှစ်လုံး၊ သုံးလုံး လောင်းကစားလုပ်လို့ ပေါင်းထားသော အိမ်များကို ရွေးခိုင်းကြသည်။

ရွေးပေးပြီးလျှင် နောက်ထပ်ပြန်ပေါင်ကြသည်။ အမှန်အကန်ဒုက္ခရောက်ပြီး အကူအညီတောင်းသူက ဆယ်ဦးရှိလျှင် နှစ်ဦးလောက်သာရှိလေသည်။ ထို့ကြောင့် ပြောတိုင်းမကူညီတော့ဘဲ ဒကာဒကာမယောက်ယောက်ကို လိုက်စုံစမ်းခိုင်းသည်။ တကယ်မှန်မှ ကူညီသည်။ မြန်မာများတွင် သနားတတ်သောစိတ်က အလွန်လေးစားစရာကောင်းသကဲ့သို့ အလကားရလျှင် ရေတောင် သေအောင်သောက်ချင်သောစိတ်က အလွန်စက်ဆုပ်စရာကောင်းသည်။

အလကားလိုချင်သောစိတ်သည် မိမိဘဝကို အသေသတ်သောစိတ်ဖြစ်ကြောင်း အထူးသတိပြုသင့်သည်။ လက်တောင်းခြေကောင်းဖြစ်ပါလျက် တောင်းစားနေသူများကို တွေ့ဖူးပါလိမ့်မည်။ ထိုသူများသည် အသက်မသေသေးသော်လည်း အလုပ်မလုပ်ဘဲ အလကားလိုချင်သောစိတ်ကြောင့် ဘဝသေနေသူများ ဖြစ်သည်။ လူမှုကူညီရေးအသင်းများ ပေါ်လာတတ်သော်လည်း ခဏနှင့်ပျက်စီးသွားရခြင်းမှာ မလိုအပ်ဘဲ အကူအညီတောင်းသူများ အဆမတန်များလာသောကြောင့် ဖြစ်သည်။ ဆင်းရဲသူများကို ကူညီသောသူထဲတွင် ချမ်းသာသူများက အကူအညီဝင်မတောင်းသင့်ပေ။

မြင်းခြံမြို့တွင် ဝိသာခါအမျိုးသမီးအသင်းကြီးမှ ဦးဆောင်၍ နွမ်းပါးသူများကို ဆေးကုသပေးကြသည်။ စာရေးသူပင် သိန်းနှစ်ဆယ်ကျော်ခန့် ပဒေသာပင်စိုက်ဖူးသည်။ ထုံးစံအတိုင်းပင် ချမ်းသာသူများကပါ လာပြီးဆေးကုသ ကြသည်။ ထို့ကြောင့် စာရေးသူထံ အကူအညီလာတောင်းရာ စာတန်းတစ်ခုရေးပေးလိုက်သည်။ ထိုစာတန်းကို ချိတ်လိုက်သောအခါတွင်မှ ချမ်းသာသူများ ဆေးလာမကုကြတော့ဟု သိရသည်။ ရေးပေးလိုက်သောစာတန်းမှာ-

*ဆေးမကုနိုင်သည့် တကယ်နွမ်းပါးသူများကို ကူညီစောင့်ရှောက်နေခြင်း ဖြစ်သည်။ တတ်နိုင်သူများက လာရောက်ကုသခြင်းသည် နွမ်းပါးသူများ၏ အခွင့်အရေးကို ခေါးပြတိုက်ယူခြင်း ဖြစ်သည်။ တတ်နိုင်သူ အယောက်ငါးဆယ်ဝင်ရောက် အခွင့်အရေးယူမှုကြောင့် မတတ်နိုင်သူ အယောက်ငါးဆယ် ကုသခွင့်မရတော့ပါ။ ထိုမတတ်နိုင်သူ အယောက်ငါးဆယ် ဆေးမကုနိုင်၍ ကွယ်လွန်လျှင် ထိုသူကို သတ်သောတရားခံမှာ တတ်နိုင်ပါလျက် မတတ်နိုင်သူများ၏ အခွင့်အရေးကို ဝင်လုသူများသာ ဖြစ်သည်။*

ဟူ၍ပင်။

ပရဟိတဌာနတိုင်း ဤစာတန်းကပ်ထားခြင်းဖြင့် အခွင့်အရေးသမားကို ကာကွယ်ပြီးသား ဖြစ်ပေလိမ့်မည်။ ယခုဆိုလျှင် ကျွန်ုပ်မှာ ကျန်းမာရေးနှင့် ပညာရေးကိုသာ ကူညီတော့မည်ဟု ကန့်သတ်ထားရသည်။ ယခုစာမှာကား အကူအညီတောင်းသောစာ မဟုတ်။ ကျွန်ုပ်အတွက် စာရေးရန် ကုန်ကြမ်းပေးခြင်းဖြစ်သလို သူသိလိုသောမေးခွန်းကို မေးခြင်း ဖြစ်ပေသည်။ သန္ဓေဖျက်သည်မှာ အပြစ်ရှိကြောင်း၊ ကိုယ့်ကိုယ်ကိုယ် လုပ်ကြံသတ်ဖြတ်လျှင် အဖန်ငါးရာငါးကမ္ဘာခံရသည်ဆိုခြင်းမှာ ဘုရားဟောတိုက်ရိုက်မရှိကြောင်း၊ သို့သော် လုပ်ကြံခြင်းကို မပြုသင့်ကြောင်းများကို ဖြေပေးလိုက်သည်။

ကံကောင်းသည်မှာ ကျွန်ုပ်အနီးတွင် ဝေယျာဝစ္စလုပ်နေသော ကပ္ပိယဦးဘုန်းမှာ တိုးတိုးတို့၏ရပ်ကွက်မှဖြစ်နေသည်။ ထို့ကြောင့် ငွေရှစ်သိန်းပေးလိုက်ပြီး ကိုယ်တိုင်သွားဆပ်ပေးစေသည်။ ချေးသောငွေမှာ ခြောက်သောင်းတည်းသာဖြစ်သည်။ ဒေါ်မြင့်က တစ်ရာတစ်လနှစ်ဆယ်တိုးဖြင့်ချေးထားသည်။ ဒေါ်မြင့်က ဒေါ်ဆင့်ဆီက တစ်ရာကို ငါးကျပ်တိုးဖြင့် ယူပြီးပေးခြင်း ဖြစ်သည်။

ထို့ကြောင့် ချေးငွေမှာ ခြောက်သောင်းဖြစ်သော်လည်း အတိုးက လေးသောင်းတက်နေခြင်းပင်။ ထို့ကြောင့် တစ်သိန်းဆပ်ပေးရုံဖြင့် ကျွန်ုပ်က တိုးတိုး၏ အသက်ကို ကယ်ပြီးသားဖြစ်သွားသည်။ ငါးကျပ်တိုးသာယူသူ ဒေါ်ဆင့်မှာ ကျွန်ုပ်၏ စာဖတ်ပရိသတ်ဖြစ်နေသည်။ ထို့ကြောင့် နှစ်ဆယ်တိုးမယူဘဲ ငါးကျပ်တိုးသာယူခြင်းဖြစ်သည်။ ကျွန်ုပ်ကိုယ်တိုင် ဆပ်ပေးကြောင်း သိသွားသည့်အတွက် မူလမြီရှင် ဒေါ်ဆင့်က ငွေခြောက်သောင်းစလုံးကို ကျွန်ုပ်အား ပြန်လှူလိုက်သည်။

ထိုငွေခြောက်သောင်းကိုလည်း ရောဂါဖြစ်နေသော တိုးတိုး၏ အဖေ ဆေးကုရန်၊ မာတုစာစားရန်အတွက် ထောက်ပံ့ခဲ့ပေသည်။ ထို့ကြောင့် ဆောင်းပါးအစတွင်ရေးခဲ့ခြင်း ဖြစ်သည်။ ငွေတစ်သိန်းခြောက်သောင်းသည် ချမ်းသာသူများအတွက် အရက်တစ်ဝိုင်းစာ၊ ကာရာအိုကေပန်းကုံးတစ်ကုံးစာသာဖြစ်သော်လည်း ချို့တဲ့သူများအတွက်ကား အသက်တစ်ချောင်း မသေဖို့အတွက် ကြီးမားသော အထောက်အပံ့ကြီးတစ်ခု ဖြစ်ပေသည်။

ကျွန်ုပ်၏ အကူအညီကို ရလိုက်သဖြင့် ဘဝဒုက္ခမှ လွတ်မြောက်သွားသော တိုးတိုး၏ ပြန်စာလေးဖြင့် 'ကရုဏာလူမျိုး' ဆောင်းပါးကို နိဂုံးချုပ်လိုက်ပါသည်။

ဆရာတော်ဘုရား -

*ဆရာတော်ဒကာရင်း ဦးဘုန်းရောက်လာပါတယ်။ တပည့်တော်မရဲ့ အကြွေးရှင်တစ်ဦးကို တစ်သိန်းဆပ်ပေးခဲ့ပါတယ်။ သူ့ရဲ့အကြွေးကိုလည်း တပည့်တော်အကြောက်ဆုံးပါ။ တကယ်တော့ သူ့ဆီမှာ တစ်သိန်းမရှိပါဘူး။ စာရင်းအတိအကျမသိတာရယ်၊ ဘယ်လောက်ဆပ်လို့ ဘယ်လောက်ကျန်လဲဆိုတာမသိပါဘူး၊ သူတို့ပါးစပ်နဲ့ဆုံးဖြတ်လိုက်ပြီး တပည့်တော်မကို တစ်သိန်းဆိုပြီး သတ်မှတ်လိုက်ပါတယ်။ ဒါပေမယ့် တပည့်တော်မ မငြင်းပါဘူး။*

*အတိုက်အခံလည်း မပြောရဘူး၊ မဖြစ်ရဲပါဘူး။ အဲဒါနဲ့ တစ်သိန်းဆိုတာလည်းဆပ်မယ်၊ တပည့်တော်မ သူများပိုက်ဆံယူထားတာဆိုတော့ ပေးရမှာပေါ့။ အရှင်ဘုရားရဲ့ စိတ်ဓာတ်ကို လေး*



www.burmeseclassic.com

www.burmeseclassic.com

စားမိပါတယ်ဘုရား။ တကယ်ဆိုရင် ဘာကြောင့် အကြွေးတင်တာလဲ။ ဖဲရိုက်လို့လား၊ ချဲထိုးလို့လား၊ အစားအသောက်နဲ့ အဝတ်အစားမက်လို့လား စတဲ့လားပေါင်းများစွာရဲ့ အကြောင်းရင်းကို မသိပါဘဲနဲ့ ဘာကြောင့်ပဲဖြစ်ဖြစ်ဆပ်ပေးလိုက်တဲ့ အရှင်ဘုရားရဲ့ စိတ်ဓာတ်ကို တကယ်လေးစားမိပါတယ် ဘုရား။

ဒါပေမယ့် တပည့်တော်မ ဖဲမရိုက်ပါဘူး။ အစားအသောက်နဲ့ အဝတ်အစားလည်း မမက်ပါ။ ချဲလည်းမထိုးပါဘူး၊ ဘာကြောင့်အကြွေးတင်တာလဲဆိုတော့ တစ်အချက် မနိုင်တဲ့ဝန်ကိုထမ်းခြင်း၊ နှစ်အချက် သမီးအကြီးကို အလိုလိုက်ခြင်းတို့ကြောင့်ပါ။ တစ်ချက်မနိုင်တဲ့ဝန်ကိုထမ်းခြင်းဆိုတာ အရင်တုန်းက တပည့်တော်မ အိမ်မှာ မိသားစု (၇) ယောက်ရှိတယ်။ အဖေက ပင်စင်စား၊ မောင်လေးတစ်ယောက်က အလုပ်မလုပ်၊ အစ်မအပျိုကြီးတစ်ယောက်ကလည်း အလုပ်မရှိ၊ အဲဒီ(၇)ယောက်တာဝန်ကိုယူရတယ် ဘုရား။

တစ်နေ့ကို ဆန်တစ်ပြည်ချက်ရတယ်။ ဟင်းအစားအသောက်စရိတ်တွေ မတတ်နိုင်တော့ သူများဆီက ချေးငှားပြီးကျွေးတယ်။ အရင်ငွေတုန်းက တပည့်တော်မ ရေလှည်းတွန်းတယ်။ တပည့်တော်မ ယောကျ်ားကလည်း အလုပ်ကိုအတည်တကျမလုပ်၊ ဟိုပြောင်းဒီပြောင်းနဲ့ ဘုရား။ ပိုက်ဆံရတော့လည်း အကုန်မပေး ဒါကြောင့်ပါဘုရား။ ဒါပေမယ့် တပည့်တော်မ မှားတာက အိမ်သားတွေကို ဖွင့်ပြောရမယ်၊ အိမ်စရိတ်အားလုံး မတတ်နိုင်တာ ဖွင့်ပြောရမှာ။

မပြောဘဲ ချေးငှားပြီးကျွေးနေတော့ သူတို့မသိဘူးပေါ့ဘုရား။ အကြွေးရှင်တွေက တစ်ယောက်ပြီးတစ်ယောက်လာတောင်း၊ အမျိုးမျိုးပြော၊ အဲဒီကျမှ အဖေကသိတယ်။ နှစ်အချက်ကတော့ တပည့်တော် သမီးအကြီးမကို တအားချစ်ပါတယ်ဘုရား။ သူလိုချင်သမျှဝယ်ပေး၊ သူကလည်း တစ်မျိုးပြီးတစ်မျိုးပူဆာ မတတ်နိုင်တော့ ချေးငှားပြီး ဝယ်ပေးတယ်ဘုရား အဲဒါကြောင့်ပါ။ အခုတော့ တပည်တော်မ ဆင်ခြင်လိုက်ပါပြီဘုရား။

ဆရာတော် မွန်ပြည်နယ် ရောက်ရင်တွေ့ခဲ့မယ်ဆိုတာ ဝမ်းသာပါတယ်ဘုရား။ ဒါပေမယ့် တစ်ခုတော့ ကြိုလျှောက်ထားပါရစေဘုရား။ တပည့်တော်မဟာ မျက်ရည်လွယ်တယ်ဘုရား။ တပည့်တော်မငိုမိမယ်ဘုရား။ တပည့်တော်မရဲ့ဘဝမှာ ဒုတိယမြောက်အများဆုံးကျတဲ့ မျက်ရည်ပါ ဘုရား။ ပထမမျက်ရည်ကအမေသေတုန်းကပါဘုရား။ အဲဒီတုန်းက တပည့်တော်မဟာ ဆယ်နှစ်အရွယ်ပေါ့ဘုရား။ သုံးရက်ငိုပါတယ်ဘုရား။ အဲဒါကြောင့် ငိုခွင့်ပြုပါဘုရား။ တပည့်တော်မဟာ စိတ်ဓာတ်လည်း မခိုင်မာဘူး ဘုရား။ စကားလည်း သိပ်မပြောတတ်ဘူး၊ အဲ - စာနဲ့ကျတော့ရတယ်ဘုရား။

တပည့်တော်မ ဆုံးဖြတ်ထားပါတယ်။ ဘဝမှာ ဆရာတော်ရယ်၊ အဖေရယ်၊ သမီးနှစ်ယောက်ရယ် လိုအပ်လာရင် အော်သည်း၊ နှလုံး၊ ကျောက်ကပ်၊ မျက်ကြည်လွှာ၊ ခန္ဓာကိုယ်ဘယ်အပိုင်းမဆို လှူပါမယ်ဘုရား။ နံပါတ်တစ်အချက် ဆရာတော်အတွက်ဆိုတာ ဆရာတော် စာအုပ်ဖတ်ရလို့ ဘုရား။ အရှင်ဘုရားရဲ့ ဂုဏ်ကျေးဇူးကြီးမားပုံ၊ သတ္တဝါတွေကို မေတ္တာဓာတ်နဲ့ကယ်တင်ပုံတွေကို သိရလို့ပါဘုရား၊ အရင်တုန်းက ကျကျနန မသိပါဘူး။

ဗုဒ္ဓဘာသာမိဘက မွေးလို့ ဗုဒ္ဓဘာသာဖြစ်ခဲ့ပေမယ့် မြတ်စွာဘုရားရှင်ရဲ့ ဂုဏ်ကျေးဇူးတွေကို မသိခဲ့ပါဘူး။ ဆရာတော်ရဲ့ စာအုပ်တွေကို ဖတ်ရပြီး မှသိတာပါ။ အမြင်မှားတာ သူတစ်ပါးအပေါ် မနာလိုတာတွေမရှိတော့ပါဘူး။ အခုဆိုရင် , သတ္တဝါတွေအားလုံးကို မေတ္တာပို့တယ်ဘုရား။ အဲဒါကြောင့်ပါဘုရား။ နှစ် အဖေအတွက်ဆိုတာ အဖေရဲ့ကျေးဇူးလိုဆပ်ချင်လို့ပါဘုရား။

အဖေဟာ တပည့်တော်မအဖို့ အမေလည်း အဖေ၊ အဖေလည်း အဖေပါဘုရား။ အဲဒါကြောင့်မို့ အဖေ့ကျေးဇူးဆပ်ချင်လို့ပါ၊ သုံးချင်ပါ။ သုံးအချက် သမီးတွေအတွက်ကတော့ အမေပီသချင်လို့ပါဘုရား။ အမေဆိုတာ မွေးရုံနဲ့ အမေမဟုတ်သေးဘူး ဘုရား။ သမီးတွေအဖို့မှာ အမေလည်း အမေ၊ အဖေလည်း အမေပါ ဘုရား။ အခု သမီးအကြီးမကျောင်းထွက်ထားတယ်ဘုရား။ နောက်နှစ်ပြန်ထားနိုင်အောင် ကြိုးစားမယ် ဘုရား။

သုံးယောက်အတွက်တော့ပြီးပြီ။ ကျန်တဲ့သူတွေအတွက်မလှူဘူးလားလို့မေးရင် ကျောက်ကပ်တစ်ခြမ်းကို မည်သူ့ကိုမဆိုလှူပါမယ်။ ကျောက်ကပ်တစ်ခြမ်းရှိရင် အသက်ရှင်နိုင်တယ်လို့ ပြောကြတယ်။ အဲဒီကျောက်ကပ်ကို အနာကြီးရောဂါသည် မရှိဆင်းရဲတဲ့သူ၊ စိတ်ရောဂါသည် မည်သူမဆို လှူပါမယ်ဘုရား။ ရောဂါဝေဒနာရှင်တွေရှိရင် အကြောင်းကြားပေးပါ။

ဆရာတော်ပို့လိုက်တဲ့ အခွေနဲ့ စာအုပ်တွေရပါတယ်ဘုရား။ စာအုပ်ကတော့ 'မြန်မာတို့အသက်'တစ်အုပ်တော့ ဖတ်ပြီးသလောက်ဖြစ်နေပါပြီ။ အဲဒီမှာ ငါးပါးသီလရဲ့ ဆိုးကျိုးတွေကို အကျယ်ဖတ်ရတယ်ဘုရား။ အရင်တုန်းက အကျယ်မသိပါဘုရား။ ခွေကတော့ အိမ်မှာရှိတဲ့တီဗွီက အဖေ့ပင်စင်လစာလေးစုပြီးဝယ်ထားတာပါဘုရား။ အဖေက သူ့ပစ္စည်းကိုတန်ဖိုးထားတော့ ပျက်စီးမှာ တအားကြောက်တယ် ဘုရား။

အဲဒါကြောင့် တပည့်တော်မကိုယ်တိုင်ပစ္စည်းမဟုတ်တဲ့အတွက် မကိုင်ဘူးဘုရား။ သူတို့တွေဖွင့်မှကြည့်တယ်ဘုရား။ နောက်ပြီး ရီမုတွေမနှိပ်တတ်ဘူးဘုရား။ သင်လည်းမထားဘူးဘုရား အဲဒါကြောင့် အခွေဘက်မှာ အားနည်းချက်ရှိမယ်ဘုရား။ ပြီးတော့ တပည့်တော်မ စာအုပ်ဖတ်တာကို ပိုအားသန်တယ် ဘုရား။ 'ဘဝနှင့်ရင်းရသော အတွေးအမြင်' စာအုပ်ကို အစအဆုံး မှတ်မိတယ်ဘုရား။ တခြားစာအုပ်တွေ ဖတ်နေတုန်းပါဘုရား။

ဆရာတော်ရဲ့ စာအုပ်တွေဟာ စာအုပ်တစ်အုပ်ဖတ်ရင် တစ်အုပ်အသ အမြင်မှန်တွေရတော့ ထပ်လိုချင်တယ် ဘုရား။ အခုဆိုရင် ဆရာတော်ဟာ တပည့်တော်မရဲ့ ကျေးဇူးရှင်ဖြစ်တာ ကြောင့် အရှင်ဘုရားရဲ့ စာအုပ်ထဲက အတိုင်း လိုက်နာကျင့်သုံးပြီး ကောင်း အောင်နေထိုင်ပါ့မယ်ဘုရား။ အရှင် ဘုရားကိုလည်း နေ့တိုင်း မေတ္တာပို့ တယ်။ ဒီစာကို ဦးဘုန်းနဲ့ထည့်ပေးလိုက် ပါတယ်။

နောက်ပြီးတော့ . မုန့်ကြွပ်တစ် ထုပ်ဝယ်လှူလိုက်တယ်ဘုရား၊ အဲဒီမုန့် ကြွပ်က တပည့်တော်မ အဝတ်လျှော်လို့ ရတဲ့ ချွေးနဲ့စာနဲ့ ဝယ်ကပ်လိုက်တာ ဘုရား။ တန်ဖိုးမရှိပေမယ့် စင်ကြယ်တဲ့ ပိုက်ဆံနဲ့မို့ ဆရာတော်နည်းနည်းဖြစ် ဖြစ်ဘုဉ်းပေးပါဘုရား။

ဆရာတော်မေတ္တာကို ခံယူလျက်

တပည့်မ တီးဒွေး

(၂၂-၈-၂၀၁၂)

မေတ္တာရှင် (ရွှေညီသာ)



www.burmeseclassic.com

www.burmeseclassic.com

(ရွှေနဝင်း)

# ဦးမြင့်ဇော်

အပိုင်း(၁)

# ကညာပျို ကြည်ညိုရန်သင်းစေသော်

နှာကို ရေးသား တင်ပြလိုက်ပါသည်။

လူတိုင်းလူတိုင်းတွင် ပင်ကိုကိုယ်သင်းနံ့တစ်မျိုးစီရှိကြပါသည်။ သို့သော် လူ၏မျိုးရိုး၊ လုပ်ကိုင်အသက်မွေးသည့် လုပ်ငန်း၊ စားသောက်နေထိုင်ကြသည့် အလေ့အထ၊ ကိုယ်တွင်းဇီဝဖြစ်ပျက်မှုသဘောတရား၊ ခန္ဓာကိုယ်အတွင်းရှိ ဟော်မုန်းဓာတ်တို့၏ အပြောင်းအလဲ၊ အလွန်အယုတ်၊ ရှေးရှေးသော အတိတ်ဘဝတို့မှ ပါလာသော အကြောင်းကံကြမ္မာတို့ကြောင့် ကိုယ်သင်းရနံ့မွှေးခြင်း၊ ကိုယ်သင်းရနံ့ဆိုးခြင်း စသည်အားဖြင့် ကွဲပြားခြားနားမှုရှိကြပါသည်။

လောကတွင် 'ကုတ္တိ ရှုပ် မန်' ဟု အဆိုရှိခဲ့ပါသည်။ ကုတ္တိယမိန်းမသားတို့၏ ရှုပ် - ရုပ်ရည်အဆင်း လှပခြင်းသည်၊ မန် - မနဥစ္စာမည်ပေသည်ဟု အဆိုရှိပါသည်။

ရုပ်ဆင်းအင်္ဂါ လှပတင့်တယ်ချစ်စဖွယ်ရှိသော မိန်းမပျိုလေးကို အဘယ်မည်သောသူသည် ချစ်ခင်နှစ်သက်ခြင်းအမှုကိုမပြုဘဲနှင့်နေနိုင်ပါအံ့နည်း။

မိန်းမသားတို့သည် ရုပ်ရည်အဆင်းပြည့်စုံခြင်းနှင့်ပင် လုံလောက်နေပြီလားဟုဆိုသော် မလုံလောက်သေးပါ။ အကြောင်းမှာ ကိုယ်သင်းရနံ့မွှေးပျံ့ခြင်းတည်းဟူသော ဂုဏ်အင်္ဂါတစ်ရပ်ကလည်း လိုအပ်ပေသေးသည်။

လူမှုလောကနယ်ပယ်တွင် စာဖတ်သူပရိသတ်များလည်း ကိုယ်တိုင်ကြုံတွေ့ဖူးကောင်း ကြုံတွေ့ရနိုင်ပေမည်။ အချို့သော မိန်းမပျိုလေးများသည် ရုပ်ဆင်းအင်္ဂါလှပတယ့်တယ်လှပေသည်။ သို့သော် ၎င်းတို့၏အနီးအပါးသို့ကပ်မိသည်ရှိသော် ကိုယ်အနံ့ပြင်းပြစွာရရှိ၍ တစ်ပါးသူ တစ်ဖက်သား အသက်အောင့်ထားရသည်နှင့် ကြုံတွေ့ရတတ်ပေသည်။

ဒါကြောင့် ကုတ္တိ ရှုပ် ရုပ်ရည်အဆင်းနှင့်ပြည့်စုံကြကုန်သော မိန်းမပျိုလေးများ ကြည်ညိုရန် ကိုယ်သင်းနံ့ကြိုင်သင်းနိုင်စေမည့် သိမှတ်ဖွယ်ရာ စုံလင်

အချို့သောသူများမှာ အကြောင်းကံ အကျိုးပေးကောင်းခြင်းကြောင့် ကိုယ်သင်းရနံ့ ကြည်ညိုရနံ့လေးသင်းနေတာပဲဟု အမွှန်းတင်ရလောက်အောင် ကိုယ်သင်းရနံ့ မွှေးပျံ့ကြပါသည်။

အချို့မှာ အကြောင်းကံ အကျိုးပေးနည်းခဲ့သည့်အတွက်ကြောင့် ခန္ဓာကိုယ်မှထွက်ရှိလာသောအနံ့သည် ဆိုးဝါးခြင်းအဖြစ်သို့ ရောက်ရှိရပါသည်။

ထိုသို့ ဆိုးဝါးလှသော ကိုယ်တွင်းအနံ့ကို ဖုံးလွှမ်းနိုင်စေရန် ရနံ့မျိုးစုံလင်လှသော ရေမွှေး၊ ပေါင်ဒါ၊ ကော့စမက်တစ်၊ အလှပြင်ပစ္စည်းမျိုးစုံသုံး၍ ဖုံးဖိတတ်ကြပါသည်။

သို့သော် ဘာပြဿနာကြုံရသလဲဆိုတော့ ရေမွှေး၊ ပေါင်ဒါ၊ ကော့စမက်တစ်စသော ပစ္စည်းများ၏အမွှေးနံ့သည် စသုံးစအချိန်မှာသာ ကိုယ်သင်းရနံ့ကို ဖုံးလွှမ်းသယောင်ရှိသော်လည်း လွှပ်ရှားသွားလာ၍ ခန္ဓာကိုယ်မှ အပူဓာတ်စွမ်းအင်ထုတ်လုပ်မှု ဇီဝကမ္မသဘောသက်ဝင်လာသည့်အခါ ချွေးတည်းဟူသော မလဓာတ်တစ်မျိုးက ခန္ဓာကိုယ်အရေပြားမှာစို့၍ထွက်လာသည့်အခါမှာ နဂိုဓာတ်ခံအနံ့ဆိုးက တိုးပြီးနံလာသည့်အချိန်နှင့် ရေမွှေး စသည့်အနံ့တို့ပေါင်းစပ်လိုက်သောအခါ မွှေးနံ့ဘော်ဂလီဆန်သောအနံ့တစ်မျိုးထွက်ပေါ်လာပါသည်။

အဲဒီအခါမှ ကိုသာစိုးဖြစ်ပေတော့သည်။ ဒါဟာ အမှန်တကယ်ကိုယ်တွင်းနံ့ပြင်းသူများတွေ့ကြုံရင်ဆိုင်နေရသည့် ပြဿနာ၏ အဓိကအကြောင်းရင်း ဖြစ်ပါသည်။

ဒီနေရာမှာ သာမန်ကိုယ်သင်းရနံ့ရှိကြသူများအနေနှင့် ဒီပြဿနာဟာ ဒီလောက်မဆိုးဝါးနိုင်ပါဘူးဟု ထင်ကောင်းထင်နိုင်ကြပေမည်။ သို့သော် အမှန်တကယ် ကြုံတွေ့နေရသူများမှာတော့ မိမိကိုယ်မိမိ ယုံကြည်မှုကင်းမဲ့ပြီး လူမှုအသိုင်းအဝိုင်းထဲ တိုးဝင်ရမှာကို ကြောက်ရွံ့စိုးရိမ်သိမ်ငယ်စိတ်ဝင်နေကြသူများ အနှံမတဂ္ဂရှိကြပါသည်။

ထိုသို့သောသူများအတွက် ကိုယ်ချင်းစာစိတ်၊ မေတ္တာစေတနာစိတ်များ ပြားစွာထားရှိ၍ ကိုယ်တွင်းအနံ့ဆိုးကို ပြုပြင်ဖန်တီးနိုင်သည့် နည်းလမ်းစုံလင်စွာကို တင်ပြပေးပါမည်။

ကိုယ်တွင်းအနံ့ပြဿနာကို ကိုင်တွယ်ဖြေရှင်းသည့်အခါမှာ -

ကံ၊ စိတ်၊ ဥတု၊ အာဟာရ ဆိုသည့် အကြောင်းတရား (၄) ပါးတို့အပေါ်မှာ အခြေခံပြီး ပြုပြင်ယူရပါသည်။

ကံ ဆိုသည်မှာ ကမ္မ၊ မိမိပြုပြင်ဖန်တီးမှုအလုပ်ဟု ဆိုရပါမည်။

သို့သော် ရှေးရှေးသောဘဝများစွာမှ ပြုလုပ်ခဲ့သောအကြောင်းကံတရားများပေါ်မှာလည်း တည်၍နေပါသည်။

ဆိုကြပါစို့။ မိမိသည် တစ်ခုသော





www.burmeseclassic.com

www.burmeseclassic.com

ဘဝက သူတစ်ပါးအပေါ်တွင် မကောင်းသောစိတ်ဖြင့် သားပုပ်လေလွင့်ပြောဆိုခဲ့ဖူးခြင်း၊ သူတစ်ပါးအပေါ် မကောင်းသောအနံ့များဖြင့် ပက်ဖျန်းမိခဲ့ခြင်း၊ -

ဥပမာ သကြံန်လိုအခါသမယမှာ မကောင်းသောရေ၊ မြောင်းပုပ်ရည်၊ ရွှံ့ပုပ်ရည်၊ အက်စစ်ရည် စသည်တို့ဖြင့် လောင်းမိခဲ့ခြင်း၊

အစေအပါး ကျေးကျွန်များတို့ကို မကောင်းသောအနံ့ထွက်နေသည့်အစားအသောက်၊ အသုံးအဆောင်တို့ကို ပေး၍ စားသုံးစေခဲ့ခြင်း၊

တစ်ပါးသူကို နိုင်လိုမင်းထက်စိတ်ဖြင့် တံတွေး၊ ချွဲ၊ သလိပ်တို့ ထွေးမိခဲ့ခြင်း၊

သူတစ်ပါး၏ကိုယ်အနံ့ကို ကဲ့ရဲ့ဆိုဆဲမိခြင်း အစရှိသော မကောင်းမှုအကုသိုလ်ကံဆိုးများကို ပြုမူပြစ်မှားခဲ့မိခြင်းကြောင့် ယခုဘဝမှာ မိမိသည် ကိုယ်တွင်းအနံ့ဆိုးထွက်ရသည့် အကျိုးဆက်ကို ခံစားရတတ်ပါသည်။

ဒါဟာ ကံ၊ ကံ၏အကျိုးကို ခံစားရခြင်းတရားသဘောဝင် ဖြစ်ပေသည်။

ယခုဘဝတွင် ခံစားနေရသော မကောင်းသည့် အကြောင်းကံကြောင့် ရရှိခံစားနေရသည့် ကိုယ်တွင်းအနံ့ဆိုးတို့ကို ပျောက်ကင်းစေရန် -

က။ ဘုရား၊ တရား၊ သံဃာ ရတနာ (၃) ပါးတို့တွင် မွှေးပျံ့လန်းဆန်းသည့် ပန်း၊ နံ့သာများကို ဝတ်မပျက် ကပ်လှူပူဇော်စေ၍ ဆုတောင်းခြင်း၊

ခ။ အများသူငါ သွားလာထားသောရေအိမ် (သို့) ဘုန်းကြီးကျောင်းကုဋီရေအိမ်တို့ကို သန့်ရှင်းစင်ကြယ်အောင် လုံ့လပြုအားထုတ်၍ ကုသိုလ်ယူခြင်း၊

ဂ။ မြောင်းပုပ်၊ ရေပုပ်များကို ဖောက်ထုတ်သန့်ရှင်းပေးခြင်း၊

ဃ။ ဘုရား၊ စေတီ၊ ကျောင်း၊ ကန်၊ ပရိဝုဏ်များတွင် မကောင်းသော အမှိုက်သရိုက်များ၊ နွားချေး၊ ခွေးချေး စသည်တို့ကို သုတ်သင်ရှင်းလင်းပေးရန် ကုသိုလ်ယူခြင်း၊

င။ မိမိ၏လက်အောက်ငယ်သား၊ အလုပ်သမားများကို သန့်ရှင်းမွှေးကြိုင်သည့် အစားအသောက်နှင့် အသုံးအဆောင်စသည်တို့ကို စေတနာထက်သန်စွာ ပေးဝေလှူဒါန်း စားသောက် သုံးဆောင်စေခြင်း စသည့် ကံကြွေးချေကုသိုလ်များကို မပြတ်လုပ်ပေးပါ။ ထူးခြားပါလိမ့်မည်။

ဒါက ကောင်းမှုကုသိုလ်ကံတရားကို အားဖြည့်၍ မကောင်းသည့်အတိတ်ကအကုသိုလ်ကံတို့ကို ပပျောက်အောင် ပြုပြင်ပေးခြင်းအပိုင်း ဖြစ်ပါသည်။

တစ်ဖန် ကံ ဆိုသည့် ကမှ မိမိကိုယ်တိုင်ပြုပြင်ဖန်တီးမှုအလုပ်အနေဖြင့် ကိုယ်တွင်းနံ့မကောင်းသူများသည် အညောင်းထိုင်များခြင်း၊ ပျင်းရိစွာနေထိုင်ခြင်း၊ ခြေမလှုပ်လက်မလှုပ်နေခြင်း စသည်တို့ကို ရှောင်ပါ။

အမြဲကိုယ်လက်လှုပ်ရှား၍ ခန္ဓာကိုယ်တွင်းမှ မကောင်းသောအဆီ၊ ကိုလက်စရောနှင့် ချွေးပုပ်များထွက်သွားအောင် နေ့စဉ် လေ့ကျင့်ခန်းမှန်မှန်လုပ်ပေးပါ။ ချွေးထုတ်ခြင်း၊ ချွေးအောင်းခြင်းများကိုလည်း ပုံမှန်ပြုလုပ်ပေးနိုင်ပါသည်။

နေ့စဉ် တစ်နေ့ နာရီဝက် (သို့) တစ်နာရီခန့် လေ့ကျင့်ခန်းပြုလုပ်ပေးပါ။ တစ်နေ့ (၃) ကြိမ်ခန့် ရေချိုး၍ ကြေးညော်များ ပြောင်စင်အောင် တိုက်ချွတ်ပေးပါ။ ခံတွင်းကို အမြဲသန့်ရှင်းအောင်ထားပါ။ ချိုင်းကြား၊ ပေါင်ကြားရှိ အမွေးအမှင်များကို သန့်စင်ထားပါ။ တစ်နေ့ (၃) ကြိမ်ခန့် အဝတ်အစားကို လဲလှယ်၍ တစ်ကိုယ်ရေသန့်ရှင်းမှုကို အထူးဂရုစိုက်ပါ။

စိတ်ဟုဆိုသောအကြောင်းတရားကို ပြုပြင်မည်ဆိုပါက ကိုယ်အတွင်းအနံ့မကောင်းသူများသည် များသောအားဖြင့် ဒေါသကြီးတတ်သူ၊ စိတ်တိုစိတ်ဆတ်သူ၊ စိုးရိမ်စိတ်များသူ၊ စိတ်မြန်တတ်သူများ၊ သူတစ်ပါးအပေါ်မကောင်းမြင်တတ်သူများသည် ကိုယ်တွင်းအနံ့မကောင်းသူများသည် ဖြစ်တတ်ကြပါသည်။ ရာနှုန်းပြည့်တော့ မဆိုလိုပါ။ (၇၀) ရာခိုင်နှုန်းခန့်က ထိုစိတ်အခြေခံရှိတတ်ကြပါသည်။

ဒါကြောင့် သူတစ်ပါးအပေါ်တွင် အမြဲအကောင်းမြင်စိတ်ကို မွေး၍ မိမိဒေါသစိတ်ကို အတတ်နိုင်ဆုံး ထိန်းချုပ်ပြီး ပူပင်သောကကင်းဝေးအောင်နေပါ။ ဒါဆိုလျှင် (၇၀) ရာခိုင်နှုန်းခန့် ကိုယ်သင်းရနံ့ကောင်းများ ဖြစ်ပေါ်လာနိုင်ပါသည်။ တတ်နိုင်လျှင် သမထ၊ ဝိပဿနာ စသည့် တရားတစ်မျိုးမျိုးကို လေ့ကျင့်ပွားများပေးပါ။ ပို၍သိလာပါမည်။

ဥတု ဟူသော အကြောင်းတရားတွင် ကိုယ်သင်းအနံ့မကောင်းကြသူများသည် နွေဥတုနှင့် မိုးဥတုတို့တွင် ခန္ဓာကိုယ်နံ့ပြင်းစွာထွက်တတ်ကြပါသည်။

အကြောင်းမှာ နွေရာသီတွင် ပူအိုက်ခြင်းကြောင့် ခန္ဓာကိုယ်တွင်းမှ မလအညစ်အကြေး၊ ချွေးပုပ်များထွက်လာပြီး ရန့်ဆိုးတတ်သည်။

မိုးရာသီမှာလည်း စွတ်စိုထိုင်းမှိုင်းမှုများသောကြောင့် ကိုယ်တွင်းရန့်ဆိုးစေပါသည်။ မိမိဝတ်ဆင်ထားသော အဝတ်အစားများတွင်လည်း စွတ်စိုသောရာသီဥတုကြောင့် အနံ့မှာ အောက်သိုးသိုးနံ့ထွက်တတ်ပါသည်။

ဥပမာ နွေရာသီတွင် နေပူထဲသွားလာမှုကို တတ်နိုင်သမျှ ရှောင်ပါ။ ချွေးထွက်လာပါကလည်း ချွေးကိုအမြဲ[န်]ဆုံး သုတ်သင်ဆေးကြောပေးပါ။ ရာသီနှင့်ကိုက်ညီသည့်အဝတ်ကို ဝတ်ဆင်ပါ။

မိုးရာသီမှာ ခန္ဓာကိုယ်ကို စွတ်စိုထိုင်းမှိုင်းမှုမရှိအောင်၊ ခြောက်သွေ့သန့်ရှင်းအောင် ဂရုစိုက်၍နေထိုင်ပါ။ အဝတ်အစားများကို သေချာစွာ ခြောက်သွေ့အောင်ပြုပြီးမှ ဝတ်ဆင်ပါ။

အစာအာဟာရကလည်း ကိုယ်တွင်းနံ့မကောင်းသူများအတွက် လွန်စွာအရေးပါလှပေသည်။ ချွေးထွက်များပြားစေသည့် ပူစပ်သောအစာများကို ဘ[...] သောက်ခြင်းမှ ရှောင်ကြဉ်ပါ။

အနံ့ဆိုးကို အားပေးစေသည့် ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ အကော်[...] တစော်၊ ဆေးလိပ်သောက်ခြင်း၊ ဆူး[...] ရွက်၊ မျှစ်၊ မှို၊ တညင်းသီး၊ ဒူးရင်းသီး၊ ငါးပိကောင်၊ ငါးပိ၊ ငါးချဉ်၊ ပုစွန်ခြောက်[...] ငံပြာရည်၊ ပဲငပိ၊ ပဲပုပ်၊ ငါးသလောက်[...] ကလီစာများ၊ တွင်းအောင်းသား၊ မီးဖို[...] သား စသည့် အစာအာဟာရတို့[...] ရှောင်ကြဉ်ပါ။

အရည်ရွှမ်းသော အသီးအနှံ[...] အမျှင်ဓာတ်ပါသော အသီးအနှံများ[...] များများစားသုံးပေးပါ။ ပရိုတိန်းဓာ[...] မြင့်မားစွာ ပါဝင်သည့် အသား၊ ငါးမျ[...] ကို လျှော့၍စားသုံးပါ။ အခါအားလျော်[...] စွာ သက်သတ်လွတ်အစာစားပေးနိုင်[...] လျှင် ပိုကောင်းပါသည်။

အထက်ဖော်ပြပါ အကြောင်း[...] အရာများသည် ကံ၊ စိတ်၊ ဥတု[...] အာဟာရ တည်းဟူသော အခြေ[...] အကြောင်းတရားကြီး (၄) ပါးဖြင့် ခန္ဓာ[...] ကိုယ်အနံ့ဆိုးကို ပျောက်ကင်းအောင်[...] ပြုပြင်ပုံကို တင်ပြခြင်း ဖြစ်ပါသည်။

ယခုတစ်ဖန် ကိုယ်သင်းနံ့ဆိုး[...] များအတွက် လိုက်နာ ကျင့်သုံး[...] အကျိုးလွန်စွာရှိသော နည်းစနစ်များ[...] အဓိကထား၍ ဆေးဝါးဖော်စပ်အသုံး[...] နည်းနှင့်တကွ။

(ရှေ့လတွင်ဆက်လက်ဖော်ပြ[...] ပါမည်။)

ဦးမင်းဒင် (ရွှေနဝင်း[...]



www.burmeseclassic.com

www.burmeseclassic.com

နွဲ့နွဲ့ကလေး လှမ်းလာနေသော ခင်ဥကို လှမ်းမြင်နေရသည်။ အိမ်ရှေ့ မြေနီလမ်းလေးထဲသို့ တစ်လှမ်းချင်း လှမ်းလာနေသည့် ညီမဖြစ်သူ ခင်ဥကို အစ်မကြီးတော်သည့် ခင်နုမှာ လည်ဆံ့ကာ ငေးနေမိ၏။ သရက်ထည်ပွင့်ရိုက် အပြာနုအကျီလေးကို ပိရိသေသပ်စွာ ဝတ်ထားပြီး ခါးတင်ပါတိတ်နက်ပြာ ထဘီနှင့် တွဲယှဉ်ဝတ်ဆင်ထားသည်။ ရင်ဖုံးအကျီနှင့် ဘီးဆံပတ်ထုံးနှောင်ထားသည့် ခင်ဥမှာ အလှကြီးလှနေတော့သည်။ ညီမအငယ်ဆုံးလေး ခင်ဥကို အစ်မကြီးခင်နုမှာ အပြစ်မမြင်နိုင်အောင် အချစ်ပိုခဲ့သည်။ခင်ဥပြောသမျှ သဘောကျ ကျေနပ်နေတတ်သည်။ ခင်ဥလုပ်သမျှကို စိတ်တိုင်းကျဖြစ်နေမြဲ ဖြစ်၏။ အငယ်ဆုံးညီမလေးမို့ အလိုလိုက်ကာ အချစ်ပိုလှသည်။

"မမ၊ မမ"

အိမ်ခန်းဝတွင်ရပ်ကာ အစ်မကြီး ခင်နုကို လှမ်းခေါ်နေသည်။

"ဟဲ့-အငယ်မလေး၊ အိမ်ဝမှာရပ်ပြီး ဘာလုပ်နေတာလဲ။ ဝင်ခဲ့လေ"

ညီမဖြစ်သူကို လှိုက်လှဲစွာ ခေါ်၏။ ခင်ဥမှာ အစ်မကြီးခင်နုဘေးတွင် တင်ပါးလွှဲဝင်ထိုင်လိုက်သည်။ အစ်မကြီး ခင်နုကို မျက်နှာမှစ၍ တစ်ကိုယ်လုံးကို စေ့စပ်အောင်ကြည့်ကာ ခေါင်းငုံ့သွားသည်။

"အငယ်မလေး၊ ဘာဖြစ်လာတာလဲ။ ထွန်းမောင်နဲ့ရန်ဖြစ်လာပြန်ပြီလား။ သည်လိုပဲပေါ့ ညီမရယ်။ အိမ်ထောင်သည်ဖြစ်ပြီဆိုမှတော့ အရင်တုန်းကလို ဘယ်လွတ်လပ်တော့မလဲ။ အိမ်ထောင့်တာဝန်တွေရှိလာပြီလေ။ အိမ်မှုကိစ္စအဝဝကို ညီမလေးနေ့စဉ်ဆောင်ရွက်ရမှာပေါ့။ ထွန်းမောင်ကဘာပြောလို့လဲ။ ညီမလေးစိတ်တိုင်းမကျတာဘာလုပ်လို့



# ပြေဦး

## ဝိညာဉ်လိပ်ပြာသံသရာ

www.burmeseclassic.com

www.burmeseclassic.com

လဲ"

စိုးရိမ်ကြီးစွာနှင့် ခင်နုမှ မေးသည်။

ညီမဖြစ်သူ ခင်ဥမှ စကားတစ်လုံးမျှ ခွန်းတုံ့ခြင်းမရှိဘဲ ခေါင်းကိုယမ်းပြသည်။

"ခက်ပြီ၊ အငယ်မလေး ခုထိ ညည်းကလေးစိတ်မပျောက်သေးပါလား။ ကလေးအမေဖြစ်နေပြီဆိုတာမေ့နေတာလား။ ညည်းသားလေးနိုတွတ်က ဘယ်ကျန်နေတာလဲ။ လမ်းမပေါ် ဆော့ကစားနေရစ်ပြီ မဟုတ်လား။ ထွန်းမောင်က ညီမလေးအတွက် ခင်ပွန်းကောင်းတစ်ယောက်ပါ အငယ်မလေးရယ်။ လူပျိုဘဝတုန်းက အသောက်အစားလေးဖက်ခဲ့ပေမယ့် ညည်းနဲ့ အိမ်ထောင်ကျပြီဆိုကတည်းက အသောက်အစားမရှိ၊ အလောင်းကစားလည်း မလုပ်ရှာတော့ဘူး။ ညီမလေးတို့ သားအမိအတွက် စားဝတ်နေရေးပြေလည်အောင် အလုပ်မရွေးလုပ်ကိုင်နေရှာတာဘဲမဟုတ်လား"

ခင်နုမှာ ညီမလေးအတွက် အတွေးဖြင့် ပူပန်ကြောင့်ကြသမျှကို ဖျောင်းဖျနှစ်သိမ့်စကားဆို၏။

ခင်ဥမှာ မတုန်မလှုပ် ငြိမ်သက်နေရှာသည်။

ခွန်းတုံ့မပြန်သောခင်ဥမျက်နှာကို စေ့စေ့ကြည့်မိပြန်သည်။ သနပ်ခါးပင် လူးမထား။ ဘီးဆံပတ်ဆံထုံးမှာလည်း ပွရောင်းကာဖုန်တွေလူးနေ၏။ ဝင်းဝါသည့်အသားမှာ ညိုညိုမှိုင်းမှိုင်းဖြစ်နေသည်။ အိမ်ထဲဝင်လာစဉ်ကလည်း ဖိနပ်မပါဘဲလျှောက်လာခဲ့သည်။ ခင်ဥရယ်ဟူသော အတွေးဖြင့် ခင်နုမှာ ပင့်သက်ချမိပြန်သည်။

ခင်ဥမှာ မျက်တောင်လေးပုတ်ခတ်ပုတ်ခတ်နှင့် ခင်နုကို ကြည့်နေရှာသည်။ သည်အငယ်မလေးအကျင့်မှာ သည်အတိုင်းပင် ဖြစ်သည်။ သူအလိုရှိရာ တောင်းချင်လျှင် သည်သို့ကြည့်နေတတ်သည်။ ဘာလိုလို့လဲဟူသော ခင်နုအကြည့်ကို မြင်သည့်အခါမှာ မမချင်းထပ်ကာ ချွဲချွဲနွဲ့နွဲ့ပူဆာတတ်လေ၏။ 'မမ တောင်ဘက်ရွာမှာ အလှူရှိတယ်။ အဲသည်အလှူမှာ ညီမလေး ပိုးကြီးချိတ်ဝတ်ချင်တယ်' ဆိုတာမျိုးကစ ကတ္တီပါဖိနပ်အဆုံး အစ်မကြီးခင်နုမှ ဝယ်ပေးရမြဲ ဖြစ်သည်။

"ကဲ - အငယ်မလေး၊ ဘာလိုချင်လို့လဲတော်"

ခင်နုမှမေးသည်။

"မမ မမ၊ မမ ဘုရားဆွမ်းတော်တင်ပြီးလို့ ဆွမ်းတော်စွန့်တဲ့အခါ ခြံဝင်းအပြင်ဘက်က ဆီးပင်အောက်မှာစွန့်ပါ မမကြီးရယ်။ ဒါမှ ညီမလေး ထမင်းစားရမှာ။ မနက်တုန်းကလည်း မမကြီးက ခြံဝင်းအတွင်းက ဝန်းထရံထောင့်မှာ စွန့်တော့ ခွေးတွေပဲဝင်စားကြတယ်။ ညီမလေး မစားရဘူး။ ဒါကြောင့် မနက်ဖြန်မှာ ခြံအပြင်မှာ ဆွမ်းတော်စွန့်ပေးပါနော်"

ခင်ဥမှာ မျက်ရည်တွေနှင့်တောင်းဆိုနေသည်။

ခင်နုမှာ ခင်ဥကို အံ့အံ့သြသြကြည့်နေမိ၏။ ခင်ဥမျက်နှာသွေးသားရောင်မဲ့စွာ ညှိုးမည်းနေလေပြီ။

"ဟုတ်လား အငယ်မလေးရယ်၊ မမကြီး မသိလို့ပါကွယ်။ စိတ်ချ ညီမလေး"

ခင်နုမှာ အသံကျယ်ကျယ်ဖြင့် ပြန်ပြောနေမိသည်။

"မနု မနု၊ ဘာတွေပြောနေတာလဲ။ သန်းခေါင်ကျော်နေပြီလေကွာ"

ခင်နု၏ဘေးတွင် အိပ်ပျော်နေသည့် ခင်ပွန်းသည် ကိုလှတင်မှ ခင်နု၏ စကားသံကြောင့် အိပ်ပျော်နေရာမှ နိုးကာ ခင်နုကို မေးမြန်းပြီး အိပ်ပျော်နေရှာသော ဇနီးသည်ကို လှုပ်နိုးလိုက်မိတော့သည်။

❐

"ဝူ. . . ဝူ. . . ဝူး. . . ဝူး. . . ဟူး"

ခွေးအူလိုက်သော ခွေးအူသံတွေ တစ်ရွာလုံးညံသွားတော့သည်။ ခင်နုတို့အိမ်မှတစ်ဆင့် ဆင့်ကာဆင့်ကာအူကြသောခွေးတွေကြောင့် ခွေးအူသံအဆက်မပြတ် ကြားနေရသည်။ ခင်နုတို့အိမ်ဘေးမှာချည်ထားသော နွားမနှစ်ကောင်မှာ ရုန်းကန်နေကြပြန်သည်။ နှာမှုတ်သံတရှူးရှူးနှင့် နွားတွေလိပ်ပြာလန့်နေကြတော့သည်။

"ခင်ဥ၊ ညီမလေး အငယ်မလေး ဘယ်ရောက်သွားတာလဲ"

အိပ်မှုန်စုံမွှားဖြင့် ခင်နု မေးမြန်းနေပြန်သည်။

"ဟာ - မနု၊ မနုရယ် ညည်းအိပ်ပျော်နေတာပဲ၊ ခင်ဥမလာပါဘူး။ ညည်းအိပ်မက်မက်နေတာလား"

ကိုလှတင်မှ ခင်နုကို မေး၏။ သောက်ရေအိုးမှ သောက်ရေတစ်ခွက်ခပ်ကာ သောက်စေပြန်သည်။

"ကိုလှတင်၊ ကိုလှတင် ခုနက ခင်ဥ ကျုပ်ဆီလာသွားတယ်။ မျက်နှာလေး ညှိုးညှိုးနွမ်းနွမ်းနဲ့ မျက်ရည်စမ်းစမ်းလေးတော့်။ ခမျာအတော်ဆင်းရဲပင်ပန်းနေရှာတာပါလား။ အငယ်မလေးမှာ ထမင်းတောင်နပ်မှန်အောင်မစားရရှာဘူးတဲ့။ သနားလိုက်တာ မငယ်မလေးအဖြစ်ဆိုးနဲ့ ကြုံနေရရှာပါလား ကိုလှတင်ရယ်"

ကိုလှတင် ကမ်းပေးသော ခရ... တစ်ခွက်ကို မော့သောက်အပြီးတွင် ခင်နုမှာ စိတ်မကောင်းခြင်း၊ ဝမ်းနည်းကြေကွဲခြင်းများဖြင့် ယူကျုံးမရစကားဆိုရှာသည်။

"ရှာရှာဖွေဖွေကွာ မင်းနှယ်၊ ခင်ဥဆုံးသွာ သုံးလကျော်ပြီပဲ။ အစွဲအလမ်းကြီးတဲ့မင်းကြောင့် ခက်ပါတယ်"

ကိုလှတင် နှုတ်မှ ညည်းညူ... စကားပြန်သည်။

"မဟုတ်ပါဘူး ကိုလှတင်၊ ညီမလေး တကယ်လာသွားတာပါတော်။ သူ... ဆုံးပါးသွားတုန်းက အဝတ်အစားလေးတွေ ဝတ်လာရှာတယ်။ သူထမင်းမစား... ရဘူးတဲ့။ ငိုယိုပြီးပြောပြနေတာပါတော်။ ဆွမ်းတော်တင်တဲ့ ထမင်းနဲ့ဟင်းကို သူ့အတွက် ခြံဝင်းအပြင်ဘက် ဆီးပင်အောက်မှာ စွန့်ပေးပါတဲ့။ ဒီထမင်းနဲ့ ဒီဟင်းကို စားရဖို့လာပြီးမှာသွားတယ်။ စိတ်မကောင်းလိုက်တာ ကိုလှတင်ရယ်။ အငယ်မလေးခမျာ တစ္ဆေသရဲဖြစ်နေ... ရှာပြီ။ မကျွတ်မလွတ်သေးရှာပါဘူး တော်"

"ဟင် - မင်းအိပ်မက်ထဲမှာ... တာပေါ့"

ကိုလှတင်ကိုယ်တိုင် ညီမအရင်း... ကဲ့သို့ချစ်ခင်ရသူ ခယ်မလေးကို စိတ်... ဖြင့် မြင်ယောင်ကာ အသနားပိုနေမိ၏။ ခွေးတွေအူပြီး အိမ်မှနွားမတွေလန့်... ကြခြင်းသည် ခင်ဥအမှန်တကယ်ရော... ခဲ့ကြောင်းထင်ရှားနေပြီဟု ကိုလှ... လက်ခံယုံကြည်နေသည်။ အစိမ်း... တစ္ဆေသရဲများကို တိရစ္ဆာန်များဖြစ်သ... ခွေးတွေ၊ နွားတွေမှာ မြင်နိုင်စွမ်းသ... ဟု ကြားဖူးသည်။ တစ္ဆေသရဲများ... တွေ့လျှင် တိရစ္ဆာန်တွေမှာ လန့်ဖ... ကြပြီး တစ္ဆေသရဲလာကြောင်းလက္ခဏာ... ပြတတ်ကြသည်။ သည်ည ခင်ဥ အင်... ဘဝနှင့်လာရောက်ကာ မမဖြစ်သူ... အိပ်မက်ပေးသွားခြင်းဟု ကိုလှ... ယုံကြည်နေမိ၏။ ဇနီးသည် ခင်နု... အိပ်ပျော်နေရာမှ နိုးလာပြီး ငေး... ငိုင်ငိုင်နှင့် ခင်ဥအဖြစ်ကို တွေးမြင်... သည်ဟု ထင်မိတော့သည်။

❐

www.burmeseclassic.com

"မမ၊ မမ ဒီကိုသက်သက်လာခဲ့တာလား"

"ရွာမြောက်ပိုင်းကဖိုးထွေး ထန်းတက်ရင်း ထန်းပင်ပေါ်ကကျတာ ကံကောင်းလို့မသေရှာဘူး။ ပေါင်ကျိုးသွားရှာတယ်။ အဲဒါဆေးရုံကဆင်းပြီး အိမ်ရောက်လို့ လူမမာမေးလာခဲ့တာ။ ရွာလယ်ရောက်တော့ အိမ်မလာတာကြာပြီ၊ အငယ်မလေးဘာဖြစ်ပါလိမ့်။ ငါ့များ စိတ်ကောက်နေသလားလို့ ညက ကိုလှတင်ကို မေးသေးတယ်။ ဒါနဲ့ ညီမလေးဆီ တစ်ကတ်လှည့်ဝင်ခဲ့တာပါ။ နီတွတ်ရော"

"မမတူကဖြင့် ဆော့မယ်၊ ကစားမယ်၊ စားမယ်၊ စားလို့ဝပြီဆိုတော့ ခြေထောက်ပစ်အိပ်မယ် ဒါပဲ။ ဟောဟို တန်းလျှားပေါ်မှာ စက်တော်ခေါ်နေပြီလေ"

"အငယ်မရယ်၊ ကလေးပဲ။ ကလေးလို့ သဘာဝအတိုင်းရှိမှာပေါ့။ ဘယ်သူ့မှာအလိုကျတာမရှိဘူး"

တန်းလျှားလေးပေါ်တွင် တရှူးရှူး အိပ်ပျော်နေသော တူတော်သူနီတွတ်ကို ခင်နုမှ ယုယကြင်နာစွာပွေ့လာခဲ့ပြီး မိခင်ဖြစ်သူခင်ဥဘေးတွင် နေရာပြောင်းပေးလေသည်။ အသားဖြူဖြူ မျက်လုံးဝိုင်းဝိုင်း နှာတံပေါ်ပေါ်၊ နှုတ်ခမ်းပါးပါးလေးနှင့် ချစ်စရာကောင်းလှသည့် နီတွတ်ကို ခင်နု အချစ်ဆုံးဖြစ်သည်။ ဆံပင်လေးတွေ နီကြွင်ကြွင်ရှိသောကြောင့် ချစ်စနိုးခေါ်ခဲ့သည့် အကွက်မှာ ထွန်းမောင် မှည့်ခဲ့သော အမည်ကျော် နာမည်ပျောက်သွားတော့သည်။ တစ်ရွာလုံး နီတွတ်ဟုသာခေါ်ကြပြီ။

"ထွန်းမောင်ကော"

"ကိုထွန်းမောင် ဒီနေ့ မြောက်ရွာက လက်သမားခေါ်လို့ လက်သမားလိုက်သွားတာ သုံးညအိပ်လောက်ကြာမယ်ပြောတယ်။လေးပင်အိမ်ပြန်ဆောက်မယ်လို့ ပြောသံကြားတာပဲ"

"ဒါနဲ့များ အိမ်ဘက်တောင်မလာဘူး အငယ်မရယ်။ နင်တော်တော်နေနိုင်တယ်။ ဒါကြောင့် ကိုလှတင်က ပြောတာ။ ညနေပိုင်းမှာ နီတွတ်ကိုခေါ်ခဲ့လို့ ပြောသေးတယ်"

သားသမီး မထွန်းကားသော ခင်နုနှင့်ကိုလှတင်မှာ နီတွတ်ကို သားအရင်းလို တွယ်တာနေကြသည်။

"မမ မမ၊ ကျွန်မဘယ်ဘက်က ရင်သားမှာနာနေလို့ မမရဲ့။ ကျွန်မတော့ အနာဖြစ်လာမလားလို့ ကြောက်နေမိတယ်"

"ဟယ် - နီတွတ်က နို့ပြတ်တာကြာပါပြီအေ။ ကဲကဲ - ညီမလေး အနာဖြစ်မယ်ဆိုတာ ပြစမ်း။ နီတွတ်နို့စို့တုန်းက ကိုက်မိငုံမိတဲ့ဒဏ်နေမှာပါ"

ခင်နုမှ သုံးသပ်စကားပြောကာ ခင်ဥ၏ ရင်သားလေးကို ကြည့်သည်။

"ဟဲ့-ညီမလေးရယ် ရင်သားတစ်ခုလုံး နီကြွင်ရောင်ကိုင်းနေတာပါလား။ တင်းလို့။ အကောင်တွေဘာတွေများ ကိုက်ရောသလား၊ ပင့်ကူရှပ်တာတို့ပေါ့"

ခင်နုမှာ အံ့အံ့သြသြမေးမိသည်။

"မဟုတ်ဘူး မမရဲ့။ သုံး၊လေးည ရှိပြီ။ ညဘက်ဆို အဲဒီရင်သားက တစစ်စစ်နဲ့ကိုက်လို့နာလို့မအိပ်နိုင်ဘူး။ ကျွန်မလည်း မီးဖိုဆောင်မှာ ချက်ဟယ်ပြုတ်ဟယ်နဲ့ ညော်မိတာလည်းရှိတယ်"

"သည်လောက်ဖြစ်နေတာ ခုမှပြောရသလား အငယ်မရယ်။ ထမင်းမဲ့ချက်မေ့။ ကဲပါအေ၊ ထမင်းရော ဟင်းပါမချက်နဲ့တော့။ ညည်းတို့နှစ်ယောက်စာ ငါပဲပို့ချက်ပြီးတော့ပို့ပေးမယ်။ ညော်တော့မမိစေနဲ့။ ညော်ရှောင်နေဘ်"

"ဖြစ်ပါတယ်မမ။ မမ အလုပ်ပိုနေမှာ. . ."

"ဟဲ့-ကျန်းမာရေးမကောင်းလို့ဘဲ၊ အားနာစရာမဟုတ်ဘူး။ တို့မှာ ဒီညီအစ်မပဲရှိတာ မပေါ့ဆနဲ့။ ညည်းသားနိုးလာရင်ကျွေးဖို့ ငါဝယ်လာတာ။ ဒီမှာ ကြက်ဥမုန့်"

ခင်နုမှာ ကြက်ဥမုန့်လေးတွေ ပေးသည်။

"ကိုလှတင်ပြန်လာမှ အနာပေါက်ကုတဲ့ ဆရာဦးမြဒင်ကို မေးဦးမယ်။ ပန်းတိုင်းမြို့ရွာမှာရှိနေသလား။ အငယ်မမှာ အနာဖြစ်နေလို့ ကုဖို့အတွက် ဦးမြဒင်ကို ပင့်ရမှာဆိုတော့ စုံစမ်းဦးမယ်"

"ဟုတ်ကဲ့ မမ"

"သြော်-အငယ်မလေး၊ ညဘက် အိပ်လို့အဆင်မပြေဘူးဆိုတော့ ငါတို့အိမ်လာပြီးအိပ်ကြပါလား"

"နေပါစေတော့ မမရယ်။ အိပ်ရာပြောင်းလို့ ပိုအိပ်မပျော်ဖြစ်နေဦးမှာ"

"ဒါဆိုလည်း ငါပြန်မယ်။ ညနေစာ မီးဖိုဆောင်မဝင်နဲ့တော့။ နီတွတ်ကိုလည်းဂရုစိုက်ဦး။ ဟိုအပင်တက်ဒီအပင်ခွနဲ့လိမ့်ကျတာတွေဘာတွေဖြစ်ဦးမယ်"

"ဟုတ်ကဲ့ မမ၊ စိတ်ချပါ"

ခင်ဥအတွက် စိတ်မကောင်းစွာ အိမ်ပြန်လာခဲ့သည်။ ဘယ်လိုအကြောင်းကြောင့် သည်လိုဖြစ်ရသည်ကို ခင်နု စဉ်းစားမရနိုင်ပေ။

❒

"ညီမလေး အငယ်မလေးရယ်။ ဘာလို့များ ဒီလိုဝေဒနာရရှာပါလိမ့်ကွယ်"

ခင်ဥကိုကြည့်ကာ ခင်နုစိုးရိမ်ပူပန်နေမိသည်။ ဆရာဦးမြဒင် ဖော်စပ်ပေးခဲ့သော အုံဆေးကို အုံထားသည်။ ဒီအုံဆေးကို နံနက်တစ်ခါ၊ ညနေစောင်းတစ်ခါ သန့်ရှင်းဆေးကြောပြီး ဆေးထပ်ထပ်ကာအုံပေးရသည်။ ရင်သားမှာ ရောင်ရမ်းရာမှ အရောင်ကျလာသည်ဆိုသော်လည်း ရဲနေ၏။

"မမ၊ အနာသက်သာလား"

"အေးပေါ့ အငယ်မရယ်။ ရောင်တာရမ်းတာမရှိတော့ဘူး။ ဒီဆေးကို အုံပေးနေတာက ညီမလေးရင်သားမှာ မန်းတွေဝင်ပြီးခဲမာနေတာ လျှော့သွားမှာတဲ့။ အဲလိုလျှော့သွားရာက တဖြည်းဖြည်း အနာကစုလာပြီး အနာဝပေါ်လာလိမ့်မယ်။ ဒီလိုအနာဝပေါ်လာတော့မှ အနာပျောက်တဲ့ဆေးပြန်တင်ရမှာ၊ အနာဖြစ်လာမှ ပျောက်မှာလို့ ဆရာဦးမြဒင်ပြောသွားတယ်။ ဒါကြောင့် သူက နောက် ဆယ်ရက်လောက်ကြာတော့ တစ်ခါလာကြည့်မှာ ညီမရဲ့"

"ဒါဆိုလည်း အနာဖြစ်ချင်လှပြီ မမရယ်"

"သြော်-အငယ်မရယ်။ခုချက်ချင်းတော့ ဘယ်လာဖြစ်မှာလဲအေ။ သူ့အချိန်သူ့ကာလစေ့တော့ အနာဖြစ်လာမှာပေါ့။ အနာဖြစ်တာနဲ့ ပျောက်မှာပဲဟာ"

"နီတွတ်လည်း ဆော့လွန်း၊ ကစားလွန်းလို့ ပြောရဆိုရတာနဲ့ သူ့အဖေက အလုပ်သွားတာခေါ်သွားတယ်"

"ဟဲ့-နီတွတ်ကိုခေါ်သွားရတယ်လို့။ အဖေအလုပ်လုပ်တာ ဖြောင့်ဖြောင့်ဖြူးဖြူးမဖြစ်တော့ဘူးပေါ့။ တကယ်ဆို ငါ့ဆီပို့ထားပါလား။ မဖြစ်ဘူး၊ မနက်ဖြန် ငါ့ဆီပို့ထား။ ညဘက်မှာအိပ်လို့ပျော်ရဲ့လား"

"အိပ်ရပါတယ်။ တစ်ရေးနိုးတော့ အရင်လိုပဲ ကိုက်တာ၊ နာတာရှိသေးတယ် မမရဲ့"

"အေးပေါ့၊ အနာရှိန်တက်နေ့တော့ရှိဦးမှာပဲပေါ့ ညီမလေးရယ်"

ခင်နုမှ ခင်ဥ၏အနာကို ရေနွေးနှင့် သန့်ရှင်းပေးပြီး ဦးမြဒင်ပေးခဲ့သည့် ဆေးတွေကို အုံပေးသည်။ ရင်သားတစ်ဖက်ခြမ်းတွင် မာမာခဲခဲနှင့် အကျိတ်လေးဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဒီနေရာလေးမှာ အနာဖြစ်မှာ အငယ်မ။ အနာဖြစ်ဖို့ ဒီနေရာကို မန်းတွေ့စုနေပြီ"

"အင်းပါ မမရယ်။ ညီမလေးတော့ အမြန်ပျောက်ချင်တာပါပဲ။ အိပ်ကောင်းခြင်းမအိပ်ရ စားကောင်းခြင်းမစားရနဲ့"

"အငယ်မ၊ ဆရာပြောခဲ့တဲ့ ရှောင်ရမှာတွေကိုတော့ ရှောင်နော်။ တော်ကြာ ဆေးမတိုးဘဲ ရက်ကြာနေမယ်။ အထူးသဖြင့် အမဲသား၊ လက်ဖက်၊ ဝမ်းတွင်းကလီစာတွေမစားမိစေနဲ့"

"စိတ်ချပါ မမရယ်။ ညီမလေးဖြင့် ငါးခြောက်ဖုတ်ဆီဆမ်းနဲ့ပဲစားပါတယ်"

"အိပ်ရာဝင်တော့ ဘုရားရှိခိုး။ အနန္တောအနန္တငါးပါးမမေ့နဲ့။ မေတ္တာပို့၊ အမျှဝေပြီးမှအိပ်။ ငါပြန်ဦးမယ်"

"ဟုတ်ကဲ့ မမ"

သည်အနာကို ဦးမြဒင်ပြောသည်မှာ အနာဆိုးဟု ပြောသည်။ ရက်ရှည်လများဆေးကုရမည်။ အမြစ်တွယ်သောကြောင့် အမြစ်ကျွတ်ထွက်သွားမှပျောက်မည် ဆို၏။ သည်အကြောင်းကို အငယ်မလေး မသိစေချင်ပါ။ စိတ်ဆင်းရဲရှာမည်။ စိတ်ညစ်ပေလိမ့်မည်။ 'အင်းလေ သူ့တံကပါခဲ့တာ ဝေဒနာဆိုးရောက်လာတာပေါ့' ခင်နု အတွေးတွေနှင့် အိမ်ပြန်လာနေမိတော့သည်။

❐

"မမ၊ မမ၊ အစ်ကိုလှတင်"

"ထွန်းမောင်၊ ငါ့ဘယ်သူလဲလို့။ လာ၊ လာ နင့်အစ်ကိုလည်းရှိတယ်"

ခင်နုမှ ထွန်းမောင်ခေါ်ကာ ကိုလှတင် ရေနွေးကြမ်းသောက်နေသည့် ကွပ်ပျစ်သို့လာခဲ့ကြသည်။

"အစ်ကိုယာမသွားဘူးလား"

"အေးကွာ၊ ဒီညနေနားမယ်ဆိုပြီး မသွားတာ။ ညီမလေး ဘယ့်နှယ်တုံး။ မင်းမြို့ဆေးရုံခေါ်သွားတယ်ဆိုလို့"

ကိုလှတင်မှ မေးသည်။

ထွန်းမောင်ခမျာ အားအင်မဲ့နေဟန်နှင့် ကွပ်ပျစ်တွင်ထိုင်၏။

"ဆရာဝန်ကြီးကတော့ ရင်သားကင်ဆာဖြစ်နိုင်တယ်။ဖြစ်နိုင်ဖို့များတယ်။ သူတို့ စမ်းသပ်စစ်ဆေးတာ နောက် (၃) ရက်ဆိုရင် အဖြေတိတိကျကျသိရမယ်တဲ့။ ၊ ကင်ဆာဖြစ်တာဆိုလို့ကတော့ ရင်သားကို လှီးဖြတ်ရမယ်၊ ခွဲတ်ကင်တယ်ဆိုတာလုပ်မယ်တဲ့"

"ဟယ်-ဒုက္ခပါပဲ ထွန်းမောင်ရယ်။ ညီမလေးခမျာ. . ."

ခင်နုက ရှိုက်ကာရှိုက်ကာငိုတော့သည်။

"ရောဂါပဲ ထွန်းမောင်ရာ။ ဖြစ်ချင်လို့ ဖြစ်ချင်တာမှမဟုတ်ဘဲ။ နောက်ပြီး အနာသိရင် ဆေးရှိတာပဲ။ ကုသတော့ ပျောက်မှာပေါ့။ ဆေးမကုဘဲနေတာမှ မဟုတ်တာ။ အနေးနဲ့အမြန်ပါ ငါ့ညီရာ။ စိတ်အားမငယ်နဲ့။ မင်းက စိတ်ငယ်စိတ်ပျော့နေလို့ ညီမလေးခမျာ ပိုပြီး စိတ်ဓာတ်ကျသွားမှာ။ ဒီတော့ တို့မှာရှိတဲ့ နှမ်းရောင်းထားတဲ့ငွေကိုယူသွား။ လိုအပ်တာကိုသုံးစွဲ။ ခင်ဥမျက်နှာမငယ်စေနဲ့။ ဒါအသုံးငွေပဲ ကုန်ပါစေ။ သူ့ဝေဒနာအတွက် ကုသပေးလိုက်။ ကဲ - မနု၊ ငွေပေးလိုက်ဦး"

ကိုလှတင်မှ အားပေးစကားပြောပြီး ငွေပေးသည်။ ညီမအတွက် အစ်မဖြစ်သူမှာ ရက်ရောရပေမည်။

နောက်(၃)ရက်လောက်ကြာလျှင် အဖြေထွက်မည်တဲ့။ ကင်ဆာမဖြစ်ပါစေနှင့်။ ကင်ဆာမဟုတ်ပါစေနှင့်။ ကင်ဆာဖြစ်လျှင် ဆေးကုမရတတ်၊ ရှိတဲ့ငွေကုန်သော် လူဆုံးပါးကြတတ်သည်ကိုသိ၍ ခင်နုရင်ထဲမှာ ပူလောင်လှသည်။ ညီမလေးအတွက် ရတက်မအေးနိုင်ရှာတော့။

"ကဲ၊ ကဲ - မင်းက ဆေးရုံကို အချိန်မီပြန်တော့။ ညီမလေးအနားမှာ မင်းရှိနေမှ"

ကိုလှတင်မှ ထွန်းမောင်ကို မြို့ပြန်စေခဲ့သည်။ ဆေးရုံကို ကြောက်တတ်ရှာသောခင်ဥ။ မတတ်သာ၍ ဆေးရုံတက်နေရရှာသည်။

❐

ခဲလေသမျှ သဲရေကျပြီလား ညီမလေးရယ်။ ဆေးရုံကဆင်းလာခဲ့တာ ခြောက်လကျော်ခဲ့ပြီ။ ရင်သားတစ်ဖက်ကိုလည်း လှီးဖြတ်လိုက်ရပြီ။ ဆေးထိုး၊ ဆေးစားရသည်မှာလည်း ငွေကုန်လှသည်။ တောရွာမှာ ငွေပမာဏဆိုတာ အတော်စုဆောင်းရတာ။ ငွေကုန်တာ အပန်းမကြီးသော်လည်း ရောဂါမပျောက်တာခက်သည်။ ခုဆို နို့တွတ်ပင် မူလတန်းကျောင်းမှာ ကျောင်းတက်နေရှာပြီ။ စားဝတ်နေရေးနှင့် ခင်ဥကျန်းမာရေး အတွက် ထွန်းမောင်ခမျာ အနားမထား။ လုပ်အားနှင့်ငွေရှာသည်။ ရွာလေ့လာကူလီလိုက်သည်။ ထွန်ဦးစီး၊ လှည်းဦးစီးမှ လက်သမားအဆုံး ကြုံရာကျပန်း ငွေရှာသည်။ ရသမျှငွေသည် ခင်ဥရောဂါအတွက် ဆင့်ပါးစပ်နှမ်းပက်ဖြစ်နေပြီ။

"သက်သာရဲ့လား အငယ်မလေး"

သုံးပင်အိမ်ခန်းလေးထဲမှ အိပ်ရာ[...] ပေါ်တွင် လဲနေရှာသော ညီမလေးကို[...] မကြည့်ရက်သော်လည်း ခင်နု အားပေး[...] စကားပြောရပေမည်။

"ကိုက်တာခဲတာ၊ နာတာတင်[...] တာ မခံနိုင်အောင်ဘဲ မမရယ်။ ပိုပိုဆိုး[...] လာတယ်ထင်တာပဲ။ ထမင်းမစားနိုင်[...] တာလည်း ရက်အတော်ကြာပြီ မမရဲ့"

ခင်ဥမှာ အားယူပြောနေရသည်[...] ဆံပင်တွေကျွတ်ကာ အရိုးပေါ်အရေ[...] တင်ဖြစ်နေရှာသူ ခင်ဥ နာလန်ထဖို့ ခက်[...] ခဲလှသည်။

"အို - ဝေဒနာဆိုတာက ဒီလိုပဲ[...] အငယ်မလေးရဲ့၊ စိတ်ကိုတင်းထား[...] ပေါ့။ ဆေးပတ်လည်သွားတော့ ပျောက်[...] မှာပါ ညီမရယ်"

"မမ၊ မမ ကျွန်မများသေသွား[...] ရင် နို့တွတ်. . ."

ခင်ဥမှာ စကားမဆုံးသေး[...] မောနေရှာသည်။

"အငယ်မရယ်၊ မမစိတ်မကောင်း[...] အောင်မပြောနဲ့။ မြေပဲပေါ်တော့မှ[...] ငွေရဦးမှာ ညီမရဲ့။ ဆေးကုမှာပဲ၊ ငါ[...] ဘယ်တော့မှ မသေစေရဘူး။ ဆေး[...] ကောင်းတွေဝယ်မှာ။ စားဆေး၊ ထိုးဆေး[...] တွေနဲ့ ကုပေးမှာ။ ငွေဟာ အသက်[...] တန်ဖိုးမရှိပါဘူး။ ညီမလေးသာ စိတ်[...] ကိုတင်းထားနော်"

ခင်နုမှာ ရှိုက်သံနှင့်အားပေး၏။

"မမရယ်၊ နို့တွတ်ကို မွေးစား. . . မွေးစားနော်"

မျက်စိမဖွင့်ဘဲ ခင်ဥမှာနေသည်[...]

"စိတ်ချပါ ညီမလေးရာ။ နို့တွတ်ကို ငါမွေးစားမှာပေါ့။ မမမှာ သားသမီး[...] မရှိဘူးလေ။ နို့တွတ်အကြောင်း မ[...] စားနဲ့။ ညီမလေးနေကောင်းဖို့ပဲလို[...]"

ခင်နုက မရိုတင်ကဲ စကား[...] သည်။ ခင်ဥမှာ မျက်ရည်ဥတွေစီး[...] လျက်ကပင် ခေါင်းညိတ်ကျေနပ်လှ[...] ပြုံးနေသေးသည်။

❐

"ဝေါင်း. . . ဝေါင်း. . . ဝေါင်း"

"မမ၊ မမ၊ အစ်ကိုလှတင်၊ အစ်[...] လှတင်"

ထွန်းမောင်အိမ်ရှေ့မှ အော်[...] သည်။ ခွေးတလည်း ဟောင်လွန်း[...] သည်။

"ဂိုး. ... ဂိုး"

ငှက်ဆိုးထိုးသံ ကြားလိုက်[...] ၏။

"ဟေ - ထွန်းမောင်ဘာလဲ[...]"



www.burmeseclassic.com

www.burmeseclassic.com

# ဆိုင်ကယ်အိပ်ဇောအပူလောင်လျှင်

'ဗမ္မာထွန်း စက်ဘီးနှင့် ဆိုင်ကယ်ပြုပြင်ရေး' ဆိုင်းတုတ်သည် ကလေး - နဲ့ဝါတားလမ်းမ၏ဘေး ကျော်ရှာ ... ရွာ ကိုမြင့်ဆွေနှင့် သား အောင်မိုးလင်းတို့အိမ်ရှေ့မျက်နှာစာတွင် မြေစိုက်ထောင်ထား၏။

သူတို့အိမ်တွင် ကိုမြင့်ဆွေ၏ မြေးအောင်မိုးလင်း၏ သမီး ဇကေရီမွေးဟုအမည်ပေးထားသူ ကျွန်တော် ကိုစိုးသည် ညပိုင်းများတွင် ၎င်းအိမ်သို့ အလည်ရောက်လေ့ရှိပြီး သူတို့မိသားစုနှင့် တော်ဖီတစ်ခွက်တိုက်လေ့ရှိ၏။

အောင်မိုးလင်းက ကြာသပတေး သမီးမက တနင်္လာ (၅-၂) သမီးဖြစ်သူ စာရီက သော်ကြာသမီးနှင့် မအေက (၂-၆)။ သူတို့ (၃) ဦးအား သတိထားကြည့်သော် ကိုစိုးစိတ်တွင် ဘဝင်မကျ။ သူတို့လင်မယားအကြား ကလေးက ကျန်းမာရေးညံ့တော့မည်။ ထို့ကြောင့် ကလေးအား သူ့အဘိုး ကိုမြင့်ဆွေကို အတိုးအကြောင်းပြော၊ ငွေ (၁၀၀၀) ထုပ်ပေး၍ ဝယ်ထားရာ ကိုစိုး၏ မြေးသမီးအဖြစ် တစ်အိမ်လုံးက သိနေ၏။ စာရီမွေး (၁) နှစ်၊ (၃) လပြည့်၍ ပြေးလွှားဆော့ကစားကျန်းမာနေ၏။

တစ်နေ့မနက်ပိုင်း အဖေလုပ်သူ အောင်မိုးလင်း ဆိုင်ကယ်ပြုပြင်နေသလို၊ အဘိုးတလုပ်သူ စက်ဘီးပြင်၊ အဘွား နှင့် အမေလုပ်သူက မီးဖိုချောင် ထမင်း၊ ဟင်းချက်ဆိုတော့ ကလေးက အထိန်းမဲ့ ပြင်လက်စ ဆိုင်ကယ် သုံး၊ လေးစီးကြား မှာ ဟိုတက်ဒီတက်ပေါ့။ အဲ-မကြာဘူး၊ နောက်ထပ် ဆိုင်ကယ်တစ်စီး အိမ်ထဲ ဝင်လာရပ်ထားရော။ သူတို့ကတော့ ပြောချင်တာပြောနေမှာပေါ့။ ကလေးက အဲဒီဆိုင်ကယ်နား သွားကပ်လိုက်တာ 'ရှစ်' ဆိုတဲ့အသံ အားလုံးကြားလိုက်တယ်။ ဘာဖြစ်မှန်းမသိကြသေးဘူး။ စက္ကန့်ပိုင်းလောက်ကြာတော့ ဘာပြောကောင်းမလဲ၊ ကလေးက ထွန့်ထွန့်လူး ငိုရှာတာပေါ့။

ကလေးကို ပွေ့ချီကြည့်တော့ ဘယ်ဘက်ခြေမျက်စီအထက်နားလေးမှာ လက် (၂) သစ်ခန့် ဖြူဖြူဖွေးဖွေး အရေပြားအဖတ်ကွာနေပြီး ချက်ချင်းဆေးခန်း ပြေး၊ ဆေးထိုး၊ အနာကို ဆေးမင်ပြာသုတ်ပေးလိုက်တယ်။ အဲဒီလို တစ်ရက် တစ်ရက်နဲ့ ဆယ်ရက်ကျော်လာပြီ။ ကလေးရဲ့အနာကမပျောက်ဘူး။ အဆီ 'တွေပြန်ပြီး နောက်ထပ်အနာရဲ့တစ်ဝက်လောက် ပိုပွားလာတယ်။ ကလေးက ညဆိုမအိပ်နိုင်ရှာဘူး။ အနာရှိန်တက် ဖျားနေတော့တာ။ တစ်အိမ်လုံးစိတ်ပူနေကြတယ်။

အဲဒီမှာ သူ့အဘွား ဒေါ်လှသန်းက ရွာထဲ ဘယ်သူ့ထံကဆေးနည်းရခဲ့တယ်မသိပါဘူး။ ဆီးဖြူသီးအရွက်ကြမ်းလက် (၃) ဆုပ်လောက်ကို ပဲလှော်မြေအိုးထဲထည့်ပြာချလိုက်တယ်။ အဲဒီပြာကို ကလေးရဲ့အနာပေါ် အပြည့်ဖြူးပေးလိုက်တယ်။ ပထမနေ့ အနာတစ်ဝက်ခြောက်သွားတယ်။ ဒုတိယနေ့ အလယ်သေးသေးပဲကျန်တယ်။ တတိယနေ့မှာတော့ အနာအကုန်ခြောက်သွားပြီး အရှင်းပျောက်သွားတယ်။

ဒါကြောင့် ဆိုင်ကယ်အိပ်ဇောအပူလောင်ရင် ဆီးဖြူသီးပင်ရဲ့ အရွက်ကြမ်းအား ပြာပြုပြီး အမှုန့်ကို အနာပေါ် (၃) ရက်ခန့်ဖြူးပေးရင် လက်တွေ့ပျောက်ကင်းပါတယ်။

စိုးမင်း (မြောက်စည်း)

သ''

ကိုလှတင်မှ တံခါးဖွင့်ပေးသည်။ သည်ကောင် အချိန်မတော် ညဉ့်နက်လှပြီ ခင်နုလည်း အိပ်ပျော်နေရာမှ နိုးလာသေပြီ။

"မမ၊ အစ်ကိုလှတင်၊ ခင်. . . ခင်ဉ ဆုံးပြီဗျာ"

ထွန်းမောင် ချုံးပွဲချကာငိုသည်။

"ဟာ - ငိုနေလို့မပြီးဘူး ထွန်းမောင်။ နာရေးကိစ္စလုပ်ရမယ့်ထုံးစံအတိုင်း ဆောင်ရွက်ရမှာပေါ့။ မနု မင်း ထွန်းမောင်နဲ့လိုက်သွား။ ငါအလောင်းမြင်ဖို့ကိစ္စအတွက် သံချောင်း၊ သာဝနဲ့ ... လုံးတို့ကိုနှိုးပြီး ငါလိုက်ခဲ့မယ်။ ဩော်- ခင်ဉ. . . ခင်ဉ"

ကိုလှတင်မှ စိစဉ်နေသည်။ ခင်နုမှာ မေ့လဲမသွားမိရန် သတိထားနေရသည်။ ရင်ဝသို့ ဆို့တက်လာသော အပူလုံးကြီးသည် အတိုင်းမသိပူလောင်နေခဲ့၏။

"တရှောင်ရှောင်နဲ့ မစားနိုင် မသောက်နိုင် နာတာရှည်ရောဂါသည် ညီမလေး ဝဋ်ကျွတ်သွားပြီတော့"

ခင်နု၏ ငိုသံကျယ်ကြီးမှာ ညအမှောင်ထဲတွင် တစ်ရွာလုံးသို့ ပျံ့လွင့်သွားတော့သတည်း။

❐

သည်ရောဂါဆိုးကြီးသည် ခင်ဉကို ဘဝတစ်ပါးသို့ ပြောင်းစေခဲ့လေပြီ။ ကင်ဆာရောဂါသည် ကြောက်စရာကောင်းလှသည့် အသက်ဆုံးစေမည့်ရောဂါပါလား။ ခုချိန်ထိ သည်ရောဂါကို အရှင်းပျောက်သောဆေးဝါးများ မပေါ်ပေါက်သေးပေ။ ခုတော့ ခင်ဉမှာ ဘဝတစ်ပါးတွင် မကျွတ်မလွတ်သော အစိမ်းဘဝမှာ စားရမဲ့၊ တွယ်ရာမဲ့နေရှာလေပြီ။ အိပ်မက်ပေးသည့်အတိုင်းပင် ခင်နုမှာ ထမင်းနှင့် ဟင်းများကို စုံလင်စွာ နယ်ကာလူးကာ ပန်းကန်ပြားတစ်ချပ်အပြည့် အမောက်ထည့်ပြီး ခြံဝင်းအပြင်ဘက်ရှိ ဆီးပင်အောက်တွင်ချထား၏။

"ညီမလေး ခင်ဉရေ ညည်းစားဖို့ မမကြီး ထမင်းနဲ့ ဟင်း ပေးထားပြီ။ ထမင်းစားပြီးတော့ အစ်မကြီးရဲ့ ကုသိုလ်ကောင်းမှုတွေကို အငယ်မလေးအတွက် အမျှ အမျှ ပေးတယ်နော်။ ညီမလေးက သာဓုခေါ်ပြီး ကောင်းရာသုဂတိကို ပြောင်းပေါ့"

ခင်နုတစ်ယောက် ဆီးပင်အောက်တွင် တစ်ယောက်တည်းစကားပြောနေမိပြန်သည်။

ခွေးအနက်မကလေးတစ်ကောင် အပြေးရောက်လာသည်။ ခင်နုချထားသော ထမင်းဟင်းများကို ဟပ်ဟပ်ထိုးစားနေရှာသည်။

"ညီမလေးရေ၊ မမကြီးပြုသမျှကုသိုလ်တွေအတွက် အမျှ၊ အမျှ၊ အမျှ"

ဇနီးဖြစ်သူ ပြုမူပြောဆိုနေသည်ကို ငေးကြည့်နေရှာသောကိုလှတင်မှာ-

"ဩော် - ဥပါဒါန်အစွဲကြီးလှချေလား မနုရယ်"

ဟု ညည်းတွားနေမိရှာတော့သည်။


ဝိညာဉ်တစ်ကောင်သည် (၃၁)ဘုံတွင် သံသရာလည်နေပေဦးတော့မည် ဖြစ်သတည်း။

ပြေဦး



www.burmeseclassic.com

www.burmeseclassic.com



# ရောမြေ-ကျော်ဝေ

## ဂမ္ဘီရဆန်းသည့်ထိုအိပ်မက်

စာရေးသူသည် ၂၀၁၂ ခုနှစ် ဇွန်လထုတ် သိပ္ပံမိုးမဂ္ဂဇင်းတွင် [illegible] တစ်ပုဒ် [illegible]ပြီးပါပြီ။

ယခုတစ်ဖန် ရွှေယပ်တောင် ဆရာတော်ကြီးကျောင်းသို့ ဒုတိယအကြိမ်မြောက်ရောက်ခဲ့ပုံနှင့် ထူးခြားပုံတို့ကိုလည်း ဝတ္ထုတိုတစ်ပုဒ်အဖြစ်နှင့် ဤစာမျက်နှာပေါ်တွင် ရေးသားရှိ ပေါ်ပြပါမည်။ ဒုတိယအကြိမ် ရွှေယပ်တောင် ဆရာတော်ကြီး၏ ကျောင်းသို့ သွားခဲ့သည့်တိုတော့ နေ့ လ ရက် အထိအကျမမှတ်မိတော့ပါ။



www.burmeseclassic.com



မိတ်ဆွေကြီး ကိုထွန်းရွှေနှင့် နှစ်ယောက်တည်းသွားရခြင်းမှာလည်း စက်ရုံအုပ်ကြီး ဦးကျော်လှဖေနှင့် စတိုစာရေးကြီး ဦးမြင့်ဆွေရှိန်တို့ လှူဒါန်းသော [illegible] နှင့် ဝတ္ထုငွေအနည်းငယ်တို့ကို ယူဆောင်သွားရောက်လှူပေးရခြင်းကြောင့် ဖြစ်ပါသည်။

စာရေးသူနှင့် ကိုထွန်းရွှေတို့သည် အာရာမတော်ကြီးကျောင်းသို့ နံနက် (၉)

www.burmeseclassic.com

နာရီအချိန်တွင် ရောက်ရှိသွားခဲ့ပါသည်။ ဆရာတော်ကြီးသည် ကျောင်းခြံဝင်းထဲတွင် တံမြက်စည်းလှည်း၍ သန့်ရှင်းရေးပြုလုပ်နေပါသည်။ စာရေးသူတို့ နှစ်ယောက်ကိုတွေ့သည်နှင့် လှည်းလက်စ မတ်ရပ်တံမြက်စည်းကို သစ်ပင်တစ်ပင်တွင် ထောင်ခဲ့ပြီး -

"မြို့က ဒကာတို့လာကြပြီဟေ့။ ဒီတစ်ခါ ဒကာကြီး ဦးထွန်းရွှေတစ်ယောက်တည်း မဟုတ်ဘူး။ ဒကာကြီး ဦးကျော်ဝေလည်းပါလာသကိုး။ ကဲကဲ - ကျောင်းပေါ်တက်ကြ၊ အနားယူလိုက်ကြဦး။ ကျုပ်လုပ်လက်စ သန့်ရှင်းရေးလေးကို ဆက်လုပ်လိုက်ဦးမယ်"

ဟု ဆိုသောအခါ ဦးထွန်းရွှေက-

"ထားခဲ့ပါဘုရား၊ တပည့်တော်တို့နှစ်ယောက် ရောက်တုန်းရောက်ခိုက် ကျောင်းဝေယျာဝစ္စတွေလုပ်ပေးပါ့မယ်ဘုရား။ အရှင်ဘုရားသာ နားနားနေနေ နေပါဘုရား"

ဟု လျှောက်ထားသော်အခါ ဆရာတော်ကြီးက စာရေးသူဘက်သို့ အားနာသောအကြည့်ဖြင့် ကြည့်ပြီး -

"ကျုပ်ကျောင်းကို ဒကာတို့က လှူဖွယ်ဝတ္ထုအစုစုတို့နဲ့ လာရောက်လှူဒါန်းတဲ့ပုဂ္ဂိုလ်တွေဆိုတော့ ဧည့်သည်ဒကာတွေကို ကျုပ်မခိုင်းရက်ပါဘူး။ ကျုပ်က အိမ်ရှင်၊ ဒကာတို့က ဧည့်သည်။ ဝတ္တရားကျေပွန်ရမှာကကျုပ်"

ဟု ဆရာတော်သည် စကားတပြောပြောဖြင့် တံမြက်စည်းကိုကိုင်ပြီး လှည်းမည်အပြု ဦးထွန်းရွှေက ဆရာတော်ထံမှ တံမြက်စည်းကိုလုယူပြီး သစ်ရွက်ခြောက်အမှိုက်များကို စုပြုံပုံထားသလို စာရေးသူကလည်း အမှိုက်ထည့်တောင်းအတွင်းသို့ထည့်ပြီး ခြံအတွင်းနောက်ဘက် ချောက်နက်ထဲသို့ စုပြုံပြီး ပုံထားလေတော့သည်။ ဦးထွန်းရွှေသည် စုပုံထားသောအမှိုက်များကို မီးရှို့မည်ဟု ဆရာတော်ထံမှ မီးခြစ်တောင်းသောအခါ ဆရာတော်သည် မီးခြစ်



မပေး။ ဦးထွန်းရွှေကို ဤသို့ပြောလေသည်။

"အမှိုက်တွေကို ချောက်ထဲမှာပဲထားပါ ဒကာကြီးဦးထွန်းရွှေ မီးမရှို့ပါနဲ့။ သစ်ရွက်ခြောက်တွေမှာ မှီတွယ်နေတဲ့ ပိုးမွှားသတ္တဝါတွေကို မသေစေသင့်ဘူး။ ဒကာကြီးတို့နှစ်ယောက် အခုလုပ်နေတဲ့ ကုသိုလ်စေတနာတွေကို အလဟဿ အကုသိုလ်မဖြစ်ပါစေနဲ့။ ကဲကဲ-ဒကာကြီးတို့နှစ်ယောက် သန့်ရှင်းရေးပြုလုပ်ပြီးရင် ရေမိုးချိုးကြ။ ပြီးတော့ ထမင်းစားကြတာပေါ့"

ဟု ဆရာတော်က ပြောသောအခါ ကိုထွန်းရွှေက -

"ဆရာတော်က တပည့်တော်တို့ကို ထမင်းကျွေးမယ်ဆိုတော့ ထမင်းနဲ့ဟင်းချက်ပြီးသားကော အဆင်သင့်ရှိလို့လားဘုရား"

ဟု ဆိုသောအခါ -

"ဒကာကြီးတို့က ဘုန်းကြီးကို အထင်သေးတာပဲ။ ဘုန်းကြီးက အာရုံထဲမှာ ဒကာကြီးတို့နှစ်ယောက်က ကျုပ်ကျောင်းကိုလာတယ်လို့ မြင်နေတယ်။ ကျုပ်ကိုယ်တိုင် ထမင်းချက်ပြီး မြေပဲကြော်ထားတယ်၊ သက်သတ်လွတ်ပေါ့။ ထမင်းစားပြီးအရိပ်ရတဲ့သစ်ပင်အောက်တွေမှာ ရုက္ခမူကမ္မဋ္ဌာန်းတရားကို (၁) နာရီတိတိ ဆောက်တည်ရမယ်။ ခင်ဗျားတို့နှစ်ယောက် ကျုပ်ကျောင်းကို လာရကျိုးနပ်အောင်လို့ပါ။ အထုံပါရမီလေးလည်း ဖြစ်သွားရအောင်လို့ပါ"

ဟု ဆရာတော်က ပြောသောအခါ ကိုထွန်းရွှေသည် စာရေးသူဘက်သို့လှည့်ကြည့်ပြီး -

"ဟေ့- ဖိုးကျော်ဝေ၊ ဘယ်လိုလဲ ဆရာတော်ပြောသလို မောင်ရင်လုပ်နိုင်ပါ့မလား"

ဟု ဆိုသောအခါ စာရေးသူကလည်း -

"တရားထိုင်တာ၊ ရှုမှတ်တာ ကောင်းတဲ့အလုပ်ပဲ။ ကျွန်တော်လုပ်နိုင်ပါတယ်"

ဟု ပြောပြီး နေ့လယ် (၁) နာရီတိတိအချိန်တွင် ဆရာတော်က တရားရှုမှတ်ပုံရှုမှတ်နည်းကို ပြောပြပေးပြီး စာရေးသူကို အရိပ်ကောင်းသော ကုက္ကိုပင်ကြီးတစ်ပင်အောက်တွင် ရှုမှတ်စေရန် သတ်မှတ်နေရာပေးသလို ကိုထွန်းရွှေကိုလည်း သပြေပင်ကြီးအောက်တွင် သတ်မှတ်နေရာပေးပါသည်။

စာရေးသူနှင့် ကိုထွန်းရွှေတို့၏ ကြားတွင် သစ်ပင်ကြီးသုံးပင်ခန့်ကွာပါသည်။ ကိုထွန်းရွှေက မကြာခဏ ပုတီးစိပ်၊ တရားထိုင်ဖူးသူဖြစ်လေတော့ စိတ်တည်ငြိမ်မည်ဟုထင်ပါသည်။

ဆရာတော်ကြီးက -

"တရားမှတ်တယ်ဆိုတာ မျက်စိထဲမှာ ဘုရားပုံတော်ကို အာရုံပြုပြီးမှ ဝင်လေ ထွက်လေသိ၊ ဝင်သက် ထွက်သက်ကို မှတ်ရမယ်"

ဟု ပြောလေသည်။

စာရေးသူမျက်စိစုံမှတ်ထားသော်လည်း ဝင်သက်၊ ထွက်သက်ကို ရှူရှိုက်ရင်းက သတိလစ်သွားသကဲ့သို့ စာရေးသူ၏ ကိုယ်ပွားတစ်ခုက ထင်ရှားမြင်ရာသို့ ထွက်ခွာသွားလေတော့သည်။ နေ့ခေါင်ခေါင်တွင် မှိုင်းအုံ့မှိုင်းနေသော အရပ်ဒေသတစ်ခုသို့ ရောက်မှန်းမသိရောက်သွားခဲ့ပါသည်။ စိတ်ထင်ရာကို လျှောက်၍သွားသော သူရူးတစ်ယောက်ကဲ့သို့ပင်။ ထိုကဲ့သို့ ဆက်လက်လျှောက်သွားရင်းဖြင့်ပင် သစ်တုံးတင်ကားတစ်စီးက အမှတ်မထင် စာရေးသူ၏ အနားသို့ ဘရိတ်ဖမ်း၍ ရပ်လိုက်ပါသည်။ ကားပေါ်မှ ထောင်ထောင်မောင်းမောင်း ဗလကောင်းကောင်းလူကြီးတစ်ဦးက ဆင်းလာပြီး -

'ကောင်လေး၊ မင်း ဘယ်ကိုသွားမလို့တုံး'

ဟု မေးပါသည်။

စာရေးသူကလည်း စိတ်ပေါက်ပေါက်ဖြင့် -

'ကျွန်တော်မြေအောက်ကမ္ဘာက အောက်ရွာကလေးကို သွားမလို့ပါ'

ဟု ပါးစပ်မှ လွှတ်ခနဲ ထွက်သွားမိပါသည်။

ထိုလူဝကြီးသည် စာရေးသူကို သေချာစွာကြည့်ပြီး -

'ငါ့ကားကလည်း အောက်ရွာကလေးကိုသွားမလို့ကွယ့်။ အောက်ရွာလေးက သူဌေးဦးမြတ်ထွန်းဖနဲ့ သူဌေးကတော် ဒေါ်ခင်ဖုန်းရွှေတို့ရဲ့ သစ်ဘေ[illegible]တို ငါသွားပို့ရမှာ။ မင်းလိုက်မယ်ဆို[illegible]လမ်းကြုံတယ်။ ငါ့ကားခေါင်းခန်းထဲ[illegible]စီးပေါ့'

ဟု ဆိုသောအခါ ကျွန်ုပ်သည် ဟန်မဆောင်နိုင်တော့ဘဲ 'ကားခေါ[illegible]တွင်းတွင်လွတ်နေသောထိုင်ခုံတွင် [illegible]ထိုင်ပြီး ကားမောင်းသူက ကိုလူ[illegible]တလည်း ကားကို ဘေး၊ ဘ[illegible] ညာ[illegible]သေချာစွာ ဝေ့ဝိုက်ကြည့်ပြီး ကားမေ[illegible]တက်ထိုင်ပြီး စက်ကို ညင်သာစွာဖြင့် [illegible]



www.burmeseclassic.com

www.burmeseclassic.com

၍သွားလေတော့သည်။

ကျွန်ုပ်သည် ဟင်းလင်းပြင်ရပ်ဝန်းဒေသမှ ကားကိုစတင်စီးရပြီး ကားသည် တွက်တစ်ကောင်အလား မြေအောက်သို့ တစ်ရှိန်ထိုးဆင်းသွားပြီး တစ်ဂူဝင် တစ်ဂူထွက်ဖြင့် တက်လိုက်၊ ဆင်းလိုက် သွားခဲ့သည်မှာ အသည်းအေးစရာပင်။ ကား၏ စက်သံသည် ငြိမ့်ညောင်းသာယာပါဘိ။ လျှပ်စစ်ဓာတ်ရထားကဲ့သို့ပင် မြန်ဆန်လှပါ၏။ မြေအောက်ကမ္ဘာဆိုသော်လည်း တစ်ဂူဝင်တစ်ဂူထွက်တွင် သဘာဝအလင်းရောင်များက လင်းလင်းထင်းထင်းရှိလှပါ၏။ ပတ်ဝန်းကျင်ရှိ တောရွာများသည်လည်း ဆိတ်ငြိမ်စွာရှိကြသလို သာယာလှပကြပါ၏။ မကြာခင် 'အောက်ရွာလေးသို့'ဟု ဆိုင်းဘုတ်ကို ထင်ထင်ရှားရှားမြင်လိုက်ရမှ ထိုဆိုင်းဘုတ်အနီးတွင် ကိုလူဝကြီးက ကားကို ရပ်ပေးပါသည်။

'ဟော့ - မောင်ရင်၊ မင်းသွားချင်တဲ့ အောက်ရွာလေးတော့ ရောက်ပြီ။ မင်း ဆင်းပေတော့။ ငါ သူဌေးကြီး ဦးမြတ်ထွန်း၏သစ်စက်ကို ဆက်သွားရဦးမယ်။ မင်းအသိမင်းအမျိုးတွေကို မင်းမေးကြည့်ပေါ့ကွာ။ မင်းမှာပါးစပ်ပါပါတယ်။ ပါးစပ်ပါလို့လည်း ရွာရောက်တာပေါ့ကွာ။ ကဲ - ငါသွားမယ်"

ဟု ပြောဆိုပြီး ထိုလူဝကြီးက ကားကို ဆက်လက်မောင်းနှင်သွားလေတော့သည်။

ကျွန်ုပ်သည် 'ယောင်ချာချာဖြင့်ဖြစ်နေချိန်တွင် နွားလှည်းတစ်စီးက ကျွန်ုပ်အနားသို့ ဖြည်းဖြည်းချင်းမောင်းလာနေသည်ကို ကျွန်ုပ်မြင်ရသည်။

နွားလှည်းပေါ်တွင် မိန်းကလေးနှစ်ဦး ရှေ့ဆန်စွာဖြင့် ယဉ်ကျေးသိမ်မွေ့သည့်ရုပ်အသွင်က သူမတို့နှစ်ဦးဝတ်စားဆင်ယင်မှုက ပေါ်လွင်နေပါသည်။ ကြိုးကြိုးချိတ်ပိုးလုံချည်အဖြူရောင်ကို ဆင်တူဝတ်ထားကြသလို ပိုးအင်္ကျီပန်းရောင်အတ်ရှည်နှင့် ပုလဲပုတီး တစ်ယောက်တစ်ကုံးကလည်း အလှတွင် အံယဉ်ဆင့်လှပါ၏။ ဆံထုံးကျော့ကျော့ ဆံကေသာနှင့် ဝိုင်းစက်သောမျက်နှာမော့မော့လေးက ခါးသေးလို့ ရင်ချီ ပျိုမဒီလို့ တင်စားလောက်အောင် လှမျိုးစုံလှပါ၏။

ဆယ်ကျော်သက်အရွယ်လေးများဖြစ်ကြတဲ့ သူတို့ရဲ့အမည်က မြကြာဖြူနဲ့ ခင်နန်းမြတ်ရည်တဲ့။ ဒီနာမည်ပိုင်ရှင်တွေကို ကျုပ် ရင်းရင်းနှီးနှီးမြင်ဖူးပါ၏။ အဘယ်အရပ်မှာပါလိမ့်။ ကျွန်ုပ်စဉ်းစားကြည့်၏။ အဖြေကထွက်မလာသေး။ သူတို့နောက်ကို ကျွန်ုပ်နောက်ယောင်ခံ၍လိုက်သွားမိ၏။

ကျယ်ဝန်းသောခြံကြီးက ပေ (၂၀၀)ပတ်လည်ကြီးမားသည့် သစ်အိမ်ကြီးကလည်း ကျွန်းနှင့် ပျဉ်းကတိုးသစ်တိုင်လုံးများက ကြီးမားပြီး ပြောင်ဝင်းတောက်ပလှပါ၏။ ပျဉ်ထောင်ကာသွပ်မိုးအိမ်ကြီးတစ်လုံးဖြစ်သလို ချမ်းသာကြွယ်ဝသော လူကုံတန်သားသမီးများဖြစ်ကြမည်ဟု ကျွန်ုပ် ခန့်မှန်းမိပါ၏။ ထိုခြံတွင် ကျွန်ုပ်သည် ရပ်ပြီး ခြံအတွင်းသို့ ဝေ့ဝိုက်၍မျက်စိကစားမိ၏။ ဆိတ်ငြိမ်အေးချမ်းသောခြံကြီးသည် တိတ်ဆိတ်လှပါ၏။ သူတို့ညီအစ်မနှစ်ဦးက ကျွန်ုပ်ကိုသိရှိပုံမပေါ်ပါ။ ကျွန်ုပ်က သူတို့၏ နာမည်များကို အလိုလိုသိနေပါ၏။ ကျွန်ုပ် အရဲစွန့်၍ သူတို့နာမည်များကို ခေါ်ကြည့်ပါ၏။

'မြကြာဖြူရေ၊ နန်းမြတ်ရည်ရေ'

ဟု ခေါ်သောအခါ သူတို့က ခြံတွင်းမှ မွေးထားသောခွေးကြီးနှစ်ကောင်ဖြင့် ကျွန်ုပ်ကို ခြံတွင်းသို့မဝင်နိုင်အောင် ခြောက်လှန့်ကြပါ၏။ ကျွန်ုပ်ကလည်း ထိုသာယာသောရွာကလေးတွင် ပျော်ပိုက်မိပါ၏။ ထိုရွာလေးသည် ဖုန်မထ၊ ရွှံ့မထူ၊ လေမတိုက်၊ သဘာဝအအေးဓာတ်က မပူမအိုက်အနေတော်ရှိလှပါ၏။ မြေအောက်ကမ္ဘာဆိုပါသော်လည်း ကောင်းကင်ယံက ကြယ်နှင့် လတို့က အထင်းသားပါပဲ။ ခွေးနက်ကြီးနှစ်ကောင်ကလည်း ကျွန်ုပ်ကို မြင်သည်နှင့် စူးစူးဝါးဝါးစားမတတ်ဝါးမတတ်ဟောင်သဖြင့် ကျွန်ုပ်ခြေဦးတည့်ရာသို့ ထွက်ပြေးမိပါ၏။

ကျွန်ုပ်လာရာလမ်းအတိုင်း ကျွန်ုပ်၏ခန္ဓာကိုယ်သည် လေဟုန်စီးသကဲ့သို့ပင်။ လေထဲတွင်လွင့်ပါးပြီး တစ်တော



ဝင် တစ်ဂူထွက်ဖြင့် အလာတုန်းက ကားစီးသကဲ့သို့ပင် မြန်ဆန်လှပါဘိ။ မမောမပန်း ခရီးလမ်းက ကြမ်းမလိုလိုဖြင့် ကျွန်ုပ် ပြေးလွှားခဲ့သည်မှာ မိုင်ပေါင်း ရေတွက်နိုင်မည်မဟုတ်ပါ။ ကျွန်ုပ်မူလနေရာသို့ပင်ရောက်ခဲ့သော်လည်း ကျွန်ုပ်၏ နားထဲတွင် ခွေးဟောင်သံက စူးစူးဝါးဝါးကြားနေရပါသည်။ ကျွန်ုပ် မြေညီပေါ်မှ သဲဖြူလမ်းလေးအတိုင်းလျှောက်သွားပြီး ထုံးဖြူဖွေးဖွေး ကိုးတောင်ပြည့်စေတီလေးကို ဦးတိုက်ပြီး အာနာပါနရှုရှိုက်လုပ်မိလိုက်ပါ၏။

ကျွန်ုပ် သတိတရဖြင့် ခွေးဟောင်သံကြား၍ မျက်စိဖွင့်ကြည့်မိလိုက်သောအခါ ဆရာတော် သတ်မှတ်ပေးထားသော ကုဋ္ဌိပင်ကြီးအောက်တွင် တရားမှတ်ရင်းမှ အိပ်ပျော်သွားသည်ကို သိလိုက်ရပါ၏။ မိပုလဲဖြူနှင့် ဘိုနက်တို့ ခွေးနှစ်ကောင်က စူးစူးဝါးဝါးဟောင်သည်မှာ ကျွန်ုပ် တရားထိုင်နေသောသစ်ပင်၏ နောက်ကျောဘက်တွင် လင်းမြွေကြီးတစ်ကောင် ဖြတ်သွားခြင်းကို ဟောင်ခြင်း ဖြစ်သည်။ ထိုခွေးနှစ်ကောင်ဟောင်ခြင်းကြောင့် ကျွန်ုပ်လည်း တရားထိုင်ရင်း အိပ်ပျော်ခြင်းမှ နိုးခဲ့ရပါ၏။

ကျွန်ုပ်တရားထိုင်ရင်း အိပ်ပျော်သွားသည့် အိပ်မက်အကြောင်းကို ဆရာတော်ကြီးကို ပြောပြသောအခါ ဆရာတော်ကြီးက ဘဝဟောင်းတသိုက်ဆက်တွေလို့ပြောပါသည်။ ကျွန်ုပ်၏အိပ်မက်သည် ဂမ္ဘီရဆန်ပါ၏။ မိတ်ဆွေများကို ပြောပြချင်ပါ၏။ မယုံကြည်မှာစိုး၍ မပြောပြဘဲ ကျွန်ုပ်၏ကိုယ်တွေ့အိပ်မက်ကို မျိုသိပ်ထားခဲ့ရပါ၏။

ဌင်းအိပ်မက်ကဲ့သို့ပင် ၂၀၁၃ ခုနှစ် ဇွန်လ ၉ ရက်နေ့ညတွင်လည်း မြေအောက်ကမ္ဘာအောက်ရွာလေး၏ အိပ်မက်ကို တစ်ဖန်ပြန်မက်မိပါ၏။ နှစ်သုံးဆယ်ကျော်မှ တစ်ခါထပ်၍ အိပ်မက်ခြင်းသည် ထူးဆန်းလှပါပေ၏။ ယခု စာရေးသူပင် အသက် (၆၀) ကျော်ခဲ့ပါပြီ။ ရွှေယပ်တောင်ဆရာတော်ကြီးသည်လည်း မရှိတော့ပါ။ ဘဝနတ်ထံ ပျံလွန်တော်မူသွားပါပြီ။ ထိုအိပ်မက်မျိုး နောက်မမက်နိုင်အောင် ဝိပဿနာ ဟူသော အာနာပါနတရားမြတ်ကို စာရေးသူ ဆက်လက် ကြိုးစား၍ အားထုတ်ရပေတော့မည်။

ရောမြေ-ကျော်ဝေ



www.burmeseclassic.com

www.burmeseclassic.com

(ကျိုက်လတ်)
# ဆရာဦးစိန်လှိုင်
## ငွေဆိုတဲ့ငွေ ရကြပါစေ

ယနေ့ လူလောကအတွင်း ကမ္ဘာ့တိုင်းပြည်အသီးသီး၌ နေထိုင်ကြကုန်သော လူမျိုးပေါင်းစုံတို့ရှိကြသည်။ ယင်းသို့နေထိုင်ကြသူများအားလုံးရှိကြရာတွင် မည်သူမဆို အဓိကလိုချင်ဆုံးသော အရာသည် ငွေဖြစ်သည်။ မည်သည့် ရာထူးကြီး၊ အာဏာရပုဂ္ဂိုလ်ကြီးများ၊ စီးပွားရေးလုပ်ငန်းရှင်သူဌေးကြီးများ၊ ငွေကြေးရှင်ကုမ္ပဏီပိုင်သူဌေးများ၊ ဝန်ထမ်းများ၊ လက်လုပ်လက်စား၊ ခေါင်းရွက်ဗျပ်ထိုးဈေးသည်များ၊ ကာယအလုပ်သမား၊ အလုပ်သမများ စသည့် မည်သည့်ပုဂ္ဂိုလ်များပင်ဖြစ်ပါစေ ငွေကိုရရှိအောင် နည်းမျိုးစုံတို့ဖြင့် ရှာဖွေရသည်။ ငွေရရှိနိုင်မည့်နည်းလမ်းများကို စဉ်းစားကြံဆ လုပ်ဆောင်နေကြရ၏။

လူ့ဘဝအတွက် အရေးအကြီးဆုံးဖြစ်သော အရေး (၃) ပါး စားဝတ်နေရေးအတွက် မရှိမဖြစ် အလိုအပ်ဆုံး





www.burmeseclassic.com

www.burmeseclassic.com

အရာမှာ ငွေ ဖြစ်သည်။

ငွေရရှိရန်အတွက် ငွေကို မတော်လောဘနှင့် ရှာဖွေကြသူများရှိသလို သမ္မာအာဇီဝကောင်းစွာသော အသက်မွေးဝမ်းကျောင်းပြုလုပ်၍ ရှာဖွေကြသူများလည်းရှိသည်။

ဗုဒ္ဓဘာသာမြန်မာလူမျိုးများသည် ဘုရားရှင်၏ အဆုံးအမ ဩဝါဒတရားတော်များကို ရာခိုင်နှုန်းများများက ဆက်ကိုင်ထား ကျင့်ကြံနေထိုင်ပြုလုပ်နေကြသည်ကများသည်။ လောဘ၊ ဒေါသ၊ မောဟမီး သုံးပါးကို ငွေရရန် အသုံးချရှာဖွေနေကြသူများလည်း ရှိကြသည်။ မတော်လောဘသမားများ ဖြစ်ကြ၏။ အချို့သော ပုဂ္ဂိုလ်ကြီးများသည် ငွေရရှိရန် မိမိတို့ရယူပိုင်ဆိုင်ထားသော ရာထူးဂုဏ်ရှိန် အခွင့်အာဏာများကို အတော်မတရားကျင့်သုံးရယူပြီး ထိုမသန့်ရှင်းသောငွေများဖြင့် ချမ်းသာသုခကို ခံစားနေသူများလည်း နိုင်ငံတိုင်းမှာရှိနေကြသည်ကို ယနေ့ခေတ်မှာ မျက်မြင်ကိုယ်တွေ့ဖြစ်နေကြပါပြီ။

ရှေးအခါက ရဟန်းပညာရှိ လူပညာရှိ သူတော်ကောင်းများသည် လောကရှိ လူသားများအတွက် အကျိုးရှိစေသော တရားနှင့်အညီ ငွေဝင်စေနိုင်သည့် လာဘ်သပ္ပကာပွင့်စေသောနည်းလမ်းများကို ရှာကြံထုတ်ဖော်ရေးသားခဲ့ကြသည်။ ထိုနည်းလမ်းကောင်းလိုက်နာကျင့်ကြံလုပ်ဆောင်ကြသူများမှာ မိမိတို့လုပ်ကိုင်သော လုပ်ငန်းများအလိုက် ငွေကြေးအခက်အခဲအကျပ်အတည်းများ အဆင်ပြေ ချောမွေ့လာကြပြီး စီးပွားရေးလုပ်ငန်းများ တိုးတက်ကောင်းမွန်လာကြောင်း သတင်းကောင်းများ ကြားသိရပါ၍ မိမိတို့ပြုလုပ်နေသော စီးပွားရေးလုပ်ငန်းများအတွက် တစ်ခါတစ်ရံ ငွေကြေးနှင့် ပတ်သက်သော အခက်အခဲ အကျပ်အတည်းများနှင့်ကြုံတွေ့နေရသူများအဖို့ အောက်ပါငွေဝင်ယတြာများကို ပြုလုပ်နိုင်ရန် ရေးသားလိုက်ပါသည်။

❒ ယတြာများကို ဖြူစင်သော ဒါနစေတနာနှင့် ပြုလုပ်ပေးဖို့ လိုအပ်ပါသည်။

ငွေကြေးအခက်အခဲ အကျပ်အတည်းများမှ အဆင်ပြေလိုပါလျှင် မကြာခဏ ပြုလုပ်ပေးပါ။

၁။ လမ်းချိုင့်များကို ကျောက်ခဲကလေးများဖို့ပေးပါ။ (အုတ်ခဲကျိုးလုံးဝမပါစေရပါ)

၂။ ကျောနာ၊ ခါးနာဝေဒနာသည်များကို ဆေးဖြစ်စေ၊ အာဟာရဖြစ်စေ တတ်နိုင်သမျှ လှူပါ။

၃။ ဈေးထဲမှသတ်မည့်ဆဲဆဲငါးအရှင်များကို တစ်ဆယ်သား(သို့)ဆယ်ကောင်ဖြစ်စေ ရေရှင်မှာ လိုရာဆုတောင်းပြီး တစ်ကောင်ချင်း လွှတ်ပေးပါ။

၄။ ညနေ ထမင်းစားပြီးတိုင်း ငါးရိုး ကြက်ရိုးများဖြင့် ခွေးလေခွေးလွင့်များကို လမ်းဆုံများမှာကျွေးပါ။

အင်္ဂဝိဇ္ဇာပညာရပ်တွင် ကက်ကင်း အကြောင်းပါသည်။ ကက်ကင်း ဟူသည် နံ့တူကို ဆိုလိုသည်။ ဥပမာ ကြက်တနင်္လာနံနှင့် ကင်း တနင်္လာနံ နံ့တူဖြစ်သည်။ ငွေလိုလျှင် တနင်္လာနံဖြစ်သော ခွေး၊ ကြောင်၊ ကြက်၊ ငှက်၊ ကျီး၊ ခိုစသည်တို့ကို ဒါနပြုရ၏။ နေ့စဉ် အစာကျွေးခြင်း၊ အသက်ကယ်ခြင်းများကို (အမျှော်မပါဘဲ) (ချင်မပါဘဲနှင့်) သဒ္ဓါစေတနာဖြူစင်စွာနှင့် ဒါနကုသိုလ်ပြုလုပ်ပေးပါလျှင် အကျိုးပေးမှာ သေချာပါသည်။

ရှေးခေတ် အင်္ဂလိပ်များ အုပ်ချုပ်စဉ်ကာလမှ ယနေ့ထက်တိုင် ရန်ကုန်မြို့တော်၏ အချက်အချာကျသော မြို့လယ်၊ မြို့တော်ခန်းမ၊ ဆူးလေဘုရား၊ သိမ်ကြီးဈေး၊ (၂၄) လမ်း၊ (၂၅) လမ်း၊ (၂၆) လမ်း၊ (၂၇) လမ်း၊ (၂၈) လမ်း၊ (၂၉) လမ်း၊ (၃၀) လမ်း၊ (၃၂) လမ်း၊ (၃၄) လမ်း၊ (၃၅) လမ်း၊ (၃၆) လမ်း၊ ကုန်ဈေးတန်းလမ်း၊ ရွှေဘုံသာလမ်း (ယခင်မဂိုလ်လမ်း)၊ မောင်ထော်လေးလမ်း၊ ဘားလမ်း၊ ပန်းဆိုးတန်းလမ်း၊ ဆူးလေဘုရားလမ်းမကြီးများတွင် စီးပွားရှာ



နေထိုင်ကြသော အိန္ဒိယနိုင်ငံမှ နိုင်ငံသားများ၊ ဟိန္ဒူ၊ မွတ်စလင်၊ မဂိုလ်၊ မာရဝါရီ၊ ဘာသာစုံသော ပုဂ္ဂိုလ်များ၊ မြန်မာပြည်ပေါက် အိန္ဒိယလူမျိုးများသည် ကြွယ်ဝချမ်းသာကြသည်။ သူတို့၏ ကိုးကွယ်ရာ ဘုရားကျောင်း၊ ဗလီဝတ်ကျောင်းအနီးမှာ ခိုစာကျွေးရာနေရာများ ယနေ့တိုင် မြင်တွေ့နေရသည်။ အခြား အိန္ဒိယအမျိုးသားများနေထိုင်ရာ ရပ်ကွက်များကို လေ့လာကြည့်ပါ။ ခိုစာကျွေးသောနေရာ ရှားရှားပါးပါး နေထိုင်သူများမှာလည်း လက်လုပ်လက်စား ချမ်းသာသူနည်းနည်းပါးပါးဖြစ်သည်။

ထိုချမ်းသာသော ကုလားသူဌေးများမှာ အစဉ်အမြဲလိုလို ခိုသတ္တဝါများကို အစာကျွေးနေကြသည်။ သဒ္ဓါစေတနာ၏ အကျိုးပေးခြင်း ဖြစ်ပေသည်။

ယခုရေးသားဖော်ပြသော ယတြာများမှာ ငွေအကျပ်အတည်းအခက်အခဲများနှင့် ကြုံတွေ့နေရသောသူများသည် ပြေလည်စေရန် ပြုလုပ်ဖို့ဖြစ်ပါသည်။ လူတိုင်းလုပ်၍မရနိုင်ပါ။ မိမိပြုလုပ်သော စီးပွားရေးလုပ်ငန်းသည် သမ္မာအာဇီဝကောင်းမွန် တရားမျှတသော အသက်မွေးဝမ်းကျောင်းဖြစ်ရပါမည်။ မတော်လောဘနှင့် စီးပွားရေးလုပ်ငန်းကို ပြုလုပ်သောသူများအတွက် မဟုတ်ပါ။

သမ္မာအာဇီဝ ကောင်းသော အသက်မွေးဝမ်းကျောင်းဖြင့် လုပ်ငန်းများကို လုပ်ကိုင်နေကြသော ပုဂ္ဂိုလ်များသည် တစ်ခါတစ်ရံ ငွေကြေးအခက်အခဲများနှင့် ကြုံတွေ့တတ်ကြပါ၏။ ပေါ်ပေါက်ဖြစ်တတ်ကြပါ၏။ ထိုသို့သော အခါမျိုးတွင် ယခုဖော်ပြသော အသက်ကယ်ခြင်း၊ အစာဒါနပေးခြင်း၊ ကျန်းမာရေးအတွက် ဆေးဝါးဒါနလှူခြင်းများ ပြုလုပ်ပေးပါလျှင် မိမိအတွက် လိုအပ်သော ကောင်းကျိုးများ ရရှိခံစားရမည် ဖြစ်ပါသည်။

တနင်္လာနံငွေအခက်အခဲရှိပါလျှင် တနင်္လာနံတူ ကျီး၊ ခို၊ ကြက်၊ ငှက်၊ ခွေး၊ ကြောင်များကို ဖြူစင်သော သဒ္ဓါစေတနာဖြင့် အစာကျွေးခြင်း၊ အသက်ကယ်ခြင်း၊ ကျန်းမာရေးအတွက် ဆေးဝါးများ မကြာခဏ ပြုလုပ်ပေးခြင်းဖြင့် သင်၏ လိုရာဆန္ဒ လုပ်ငန်းအလိုက် အဆင်ပြေ ချောမွေ့လာပါလိမ့်မည်။ ကောင်းကျိုး အထွေထွေရရှိကြပါစေ။

ဆရာဦးစိန်လှိုင် (ကျိုက်လတ်)



www.burmeseclassic.com

www.burmeseclassic.com

**ကျော်လေးကျော်**

အထက်ကရေးခဲ့သည့် မင်းကျော်စွာနတ် သို့မဟုတ် ပခန်းဦးမင်းကျော်နတ်အကြောင်းတွင် 'ကျော်လေးကျော်စားတော်တိုက်ရသည်' ဟု ရေးသားခဲ့သည်။ အမေရေယဉ် အမှူးထား၍ မယ်တော်လေးပါး စားတော်တိုက်သကဲ့သို့ ကျော်လေးကျော်ကိုလည်း စားတော်တိုက်ရသည်။ ပခန်းမင်းကျော်စွာနှင့်နွယ်၍ ကျော်လေးကျော်ဟု ရှိသည်။

ၰင်းတို့မှာ -

၁။ ပခန်းကျော် (ပခန်းမင်းကျော်စွာ)
၂။ တောင်သမန်ကျော် (တောင်သမန်ကျော်စွာ)
၃။ ဇီးတောကျော် (ဇီးတောကျော်စွာ)
၄။ တလိုင်းကျော် (တလိုင်းမင်းကျော်စွာ)

ဟု ဖြစ်သည်။

ဘိုးတော်ဣ္ကသရိယ၏စာမူအရ ကျော်လေးကျော်တွင် ဇီးတောကျော် မပါပါ။ ဇီးတောကျော်၏ နေရာတွင် မိုးခေါင်ကျော်စွာကို ထည့်သွင်းထားသည်။

ကျော်လေးကျော်၏အကြောင်းကို ဖော်ပြရာ၌ ပခန်းကျော်(ပခန်းမင်းကျော်စွာ)အကြောင်းနှင့်ပတ်သက်၍ အထက်ကရေးခဲ့သည့် မင်းကျော်စွာအခန်းတွင် ပြည့်ပြည့်စုံစုံရေးခဲ့ပြီးဖြစ်သည်။ သို့ဖြစ်၍ မိုးခေါင်ကျော်စွာအကြောင်းကို ဖော်ပြပါမည်။

**မိုးခေါင်ကျော်စွာ**

'လှည်းဝင်ရိုးသံတညံညံ ပုဂံဘုရားပေါင်း' ဆိုသည့်အတိုင်း (၄၄၄၆၇၃၃) (လေးသန်း၊ လေးသိန်း၊ လေးသောင်း၊ ခြောက်ထောင်၊ ခုနစ်ရာ၊ သုံးဆယ့်သုံးဆူ) ဘုရားပေါင်းရှိသည့် ပုဂံပြည်တွင် သက္ကရာဇ် ၅၂၉ မှ ၅၃၃ အထိ မင်းလုပ်အုပ်ချုပ်ခဲ့သော နရသူမင်းလက်ထက်တွင် ရှင်မထီးဆရာတော် ဟူ၍ ဆရာတော်တစ်ပါးရှိခဲ့သည်။

ရှင်မထီးဆရာတော်သည် ထွက်ရပ်မပေါက်ခင်က အဂ္ဂိရတ်လုပ်ငန်းကို ဝါသနာကျူးသောကြောင့် ဖိုထိုးသည်။ သို့သော် မအောင်မြင်နိုင်ပါ။ ဆရာတော်ဖိုထိုးရန် စရိတ်လှူရသောဒကာ၊ဒကာမများမှာ ကြာလာသောအခါ ငွေကုန်ကြေးကျများလာသဖြင့် တဖြည်းဖြည်း မလှူနိုင်ကြတော့ဘဲ ဖြစ်လာသည်။

ဆရာတော်၏ထွက်ရပ်ပေါက်ကိစ္စမှာ ဖိုထိုးခြင်းမအောင်မြင်၍ ဓာတ်သုံးပျက်ဖန်များသဖြင့် ဒကာ၊ ဒကာမများတွင်ပစ္စည်းဆုတ်ယုတ်လာကုန်ကြသည်။ မောင်ကျော်စွာနှင့် မယ်သော်တာဆိုသည့် ဇနီးမောင်နှံနှစ်ဦးသာ ဒိုင်ခံ၍ ရှိသမျှပစ္စည်း ထုခွဲလှူဒါန်းကြသ[illegible]

မြန်မာ့ရိုးရာနတ်ယုံကြည်မှုစာစု (၆၅)

(ထားဝယ်)

# မောင်သန်းဆွေ

## ကျော်လေးကျော်





www.burmeseclassic.com

www.burmeseclassic.com

သူတို့မောင်နှံသည် သူကြွယ်ဘဝမှ သူရင်းငှားဘဝသို့ ကျရောက်သွားကြရရှာ ပေသည်။

ဒကာ၊ ဒကာမများထံမှ ဖိုထိုးရန် မီးသွေးဖိုး၊ ရွှေ ငွေ၊ ပစ္စည်း စသည်ဖြင့် ရေသည်နှင့် နရသူမင်းကြီးထံ သွား ရောက်အလှူခံရာ မင်းကြီးကလည်း စံစားရမည့် အကျိုးကိုမျှော်၍ ရက်ရှည် လများပင် လှူဒါန်းခဲ့လေသည်။ သို့သော် ဆရာတော်၏ပြဒါးခဲလုံးမှာ မအောင် မြင်ရှိလေသည်။ ကြာသောအခါ နရသူ မင်းကြီးသည် ရှင်မထီးဆရာတော်အပေါ် အမျက်ရှိသောကြောင့် မင်းချင်းတို့အား ဆရာတော်၏ မျက်လုံးနှစ်လုံးကို ဖောက်ထုတ်လိုက်စေသည်။

ဆရာတော်သည် မိမိ၏ ပြဒါး ခဲလုံးကြောင့် မျက်စိနှစ်ဖက်ကွယ် ခဲ့ရသောကြောင့် စိတ်နာလှသဖြင့်






www.burmeseclassic.com

www.burmeseclassic.com

ကျောင်းတွင်နေသော ဘိုးသူတော်အား ကုဋီအိမ်မစင်တွင်းထဲသို့ ဓာတ်လုံးကို ပစ်ချခိုင်းလိုက်သည်။ ထိုသို့ ပစ်ချလိုက်ရာ ပြဒါးဓာတ်လုံးသည် မစင်တွင်းထဲသို့ ရောက်သည်နှင့် (မစင်ကျေးရန် အညွှန်းကို အယူလွဲကာ အခြားတို့ကို သာကျေးနေသဖြင့် မအောင်မြင်ခြင်းဖြစ်သည်။) သိဒ္ဓိမြောက်ပြီး တဝင်းဝင်း တောက်ပထိန်လင်းသွားပေရာ ဘိုးသူတော်သည် ဆရာတော်ထံပြေး၍လျှောက်ထားလေတော့သည်။

ဆရာတော်သည် ဝမ်းမြောက်ဝမ်းသာစွာဖြင့် မစင်တွင်းရှိရာသို့ သူ့ကိုတွဲပို့စေသည်။ ပြဒါးဓာတ်လုံးကို ဆယ်ယူစေလျက် အမွှေးနံ့သာတို့ဖြင့် ဆေးကြောစေပြီး ဘိုးသူတော်အား ဈေးသို့ပြေး၍ ဈေး၌ အသားအဖြစ်ရောင်းနေသော တိရစ္ဆာန်တစ်ကောင်၏ မျက်လုံးတစ်စုံ ဝယ်ရန် စေခိုင်းလိုက်သည်။ ဈေးပွဲချိန် ရောက်နေပြီဖြစ်သောကြောင့် မျက်လုံး အစုံလိုက်မရဘဲ ဆိတ်မျက်လုံးတစ်လုံး နှင့် နွားကလေးမျက်လုံးတစ်လုံးသာရသဖြင့် ဘိုးသူတော်ကယူခဲ့ပြီး ရှင်မထီး ဆရာတော်ကို ဆက်ကပ်လိုက်သည်။ ဆရာတော်သည် ပောက်ပက်ဖြစ်၍ ကန်းနေသော သူ့မျက်လုံးနှစ်လုံးအတွင်းသို့ ဆိတ်မျက်လုံးတစ်လုံးနှင့် နွားကလေး မျက်လုံးတစ်လုံးကို ဖိသွင်းပြီး ပြဒါးရှင်ဓာတ်လုံးနှင့် ပွတ်သပ်လိုက်ရာ ဆရာတော် စက္ခုနှစ်ကွင်း အလင်းပြန်ရသွားသည်။ မျက်လုံးနှစ်လုံးမှာ အစုံလိုက် မဟုတ်ဘဲ တောင်တစ်လုံး မြောက်တစ်လုံးဖြစ်နေ၍ ရှင်မထီးဆရာတော်ကို 'ရှင်အဇ္ဇဂေါဏ'ဟု ခေါ်ကြလေတော့သည်။

ဆရာတော် အဇ္ဇဂေါဏသည် သူ၏ လောကီလုပ်ငန်း ထွက်ရပ်လမ်းအတွက် ဆက်လက်ကြိုးစားရန် တောထွက်တော့မည်ဖြစ်ရကား ပုဂံတွင်ရှိသော ၎င်း၏ဒကာရင်း၊ ဒကာမရင်းတို့အား မ,စခဲ့လိုသဖြင့် ထိုသူတို့ထံမှ ကြေးပစ္စည်း၊ သံပစ္စည်း၊ ခဲပစ္စည်းတို့ကို စုဆောင်းယူစေလျက်ကျိုပြီးလျှင် ပြဒါးရှင်ဓာတ်လုံးနှင့် မွှေလိုက်လေရာ ရွှေအတိဖြစ်ကုန်လေသည်။ ဆရာတော်လည်း ပုပ္ပားတောင်ဘက်သို့ ထွက်ကြွတော်မူသည်။ နရသူမင်းကိုကား စိတ်နာ၍ ဤအကြောင်းမသိစေခဲ့ပေ။ ဆရာတော့ ဒကာ၊ ဒကာမများဖြစ်သော ပုဂံသူပုဂံသားတို့မှာ ထိုစဉ်အခါက ဆရာတော်ကြောင့် ရွှေတုံး၊ ရွှေခဲများရပြီး



ချမ်းသာသွားကြလေသည်။ ပုဂံပြည်တွင် ရွှေမိုး၊ ငွေမိုးရွာသည်ဟု ထိုစဉ်ကပြောစမှတ်ဖြစ်ခဲ့လေသည်။ ထို့ကြောင့် ပုဂံသူပုဂံသားတို့သည် ပုဂံပြည်တွင် ဘုရားတည်၊ ကျောင်းဆောက်၍ လှူဒါန်းကြသည်။ ယုတ်စွအဆုံး မုဆိုးမပင်လျှင် ဘုရားတစ်ဆူ တည်ထား ပူဇော်နိုင်အောင် ချမ်းသာရပေမည်။ ကံခေသော ကျော်စွာနှင့် သော်တာတို့မှာ ထိုအချိန်က မြို့တွင်မရှိဘဲ ယာခင်းထဲရောက်နေ၍ ဆရာတော်နှင့် မတွေ့လိုက်ရပေ။

ဆရာတော်ရှင်အဇ္ဇဂေါဏသည် လောကီပညာအဆင့်အတန်းကိုစွအဝဝကို အောင်မြင်ပြီးနောက် ကျော်စွာနှင့် သော်တာတို့ရှိရာ ကြွလာပြီး မ,စခဲ့သောကြောင့် ကျော်စွာနှင့် သော်တာတို့မှာ ချမ်းသာခြင်းသို့ ရောက်ကြရရှာသည်။

သို့ရာတွင် ဆရာတော်၌ နေ
ဆုံးအဆင့်ဖြစ်သော ဖိုဝင်ရန်ကျန်
သည်။ သို့ကြောင့် တစ်နေ့တွင် ကျော်
ကို မိမိအဖော်အဖြစ် လိုက်ပါရန်
ရာ ကျော်စွာအနေဖြင့် မယား သော်
မရှိခိုက်ဖြစ်ခြင်း၊ သားငယ်ကလေး
လည်း မထားရက်နိုင်ခြင်းတို့ကြော
ဆရာတော်ထံလိုက်ရန် ငြင်းပယ်လို
လေသည်။

ဆရာတော်လည်း သော်တာ
ယာခင်းသို့လိုက်၍ တပည့်အဖြစ်
ရန်ခေါ်လေရာ သော်တာမှာ ဝမ်းမြေ
ဝမ်းသာ ချက်ချင်းပင် လိုက်ပါသွား
သည်။ သော်တာသည် ဆရာတော်
ရာသို့ လိုက်ပါစောင့်ရှောက်ပြီး
ဆရာတော်ထွက်ရပ်စခန်းသို့ကြွ
သွားလေရာတွင် သူကိုယ်တိုင်ပင် ဝိဇ္

www.burmeseclassic.com



မိုးခေါင်၍ မိုးခေါင်ကျော်စွာနတ်ကိုပြီး လွန်ဆွဲပွဲကျင်းပနေပုံ

[illegible]သွားသည်ဟု အချို့ပြောကြသည်။

ဤအကြောင်းအရာများအားလုံး [illegible]သိတော်မူ၍ ဆရာတော်အား ရန်ငြိုး[illegible]နေသော နရသူဘုရင်သည် တစ်နေ့[illegible]တွင် ကျော်စွာနှင့် သားငယ်ကလေးတို့ကို [illegible]ဆီး၍ ဆရာတော်ရှိရာသို့ ညွှန်ပြရန် [illegible]နှက်စစ်ဆေးလေသည်။ ကျော်စွာ[illegible]မှာ တကယ်ပင် ဆရာတော် မည်သည့်အရပ်၌ ရှိသည်ကိုမသိရသဖြင့် ပြန်[illegible]ပြောနိုင်ပါ။ သို့ရာတွင် ဘုရင့်နှိပ်စက်[illegible]ခြင်းကိုခံရသောကြောင့် ကျော်စွာနှင့် [illegible]သားငယ်ကလေးတို့မှာ ကွယ်လွန်သွား[illegible]ကြရသည်။

ကျော်စွာသည် နရသူဘုရင်အပေါ် [illegible]စိတ်နာကြည်မှုဖြင့် ကွယ်လွန်သွားရာ အယူတိမ်း၍ နတ်စိမ်းဖြစ်သွားလေ[illegible]သည်။ ပုပ္ပားတောင်မှနေ၍ ပင်လယ်မှ [illegible]တက်လာသော မိုးသားတိမ်လိပ်တို့ကို [illegible]၏တန်ခိုးဖြင့် ဖယ်ရှားပစ်ခြင်းကြောင့် [illegible]နရသူဘုရင်အုပ်စိုးသော ပုဂံပြည်တွင် [illegible]ခေါင်ခြင်းသို့ရောက်ရသည်။

ပုဂံပြည်တွင် မိုးခေါင်သဖြင့် မင်း[illegible]နှင့်ပြည်သူအပေါင်း ဒုက္ခရောက်ကြပေ[illegible]ရာ သက်ဆိုင်ရာသို့ မေးမြန်းရာတွင် [illegible]ကျော်စွာနတ်၏ လက်ချက်ကြောင့် ဖြစ်[illegible]သည်ကို သိရလေသည်။ နရသူဘုရင်[illegible]သည် ကျော်စွာနတ်ကိုပင့် ဝန်ချတောင်းပန်ရာတွင် ကျော်စွာနတ်က နရသူဘုရင် လွန်သည့်အကြောင်းကို ပြည်သူတို့သိသာအောင် လွန်ကြိုးကို တစ်ဖက်တစ်ချက်ဆွဲကြ၍ လွန်ခေါင်းပေါ်က မိမိစီးရမှ ကျေနပ်နိုင်မည်ဟု ပြောသဖြင့် ယခုတိုင်လွန်ဆွဲသောအခါ လွန်ခေါင်းတက်ပွဲပေး၍ ဆွဲကြရသည်။

မိုးခေါင်လျှင် ထိုအချိန်မှစပြီး လွန်ဆွဲခြင်းဖြင့်ပ,သရသည်ကို အကြောင်းပြု၍ ကျော်စွာနတ်အား မိုးခေါင်ကျော်စွာနတ်ဟု ခေါ်ကြလေသည်။

ထိုအချိန်မှစပြီး မြန်မာပြည်အထက်ပိုင်းတွင် မိုးခေါင်လျှင် လွန်ဆွဲကြသည်။ လွန်ဆွဲသောအခါ အောက်ပါနတ်ချင်းကိုလည်း ဆိုင်းတီး၍ဆိုပြီး ပွဲကနားဖြင့် ပ,သကြရသည် ဆို၏။

*'မင်းကျော်စွာ လာမည့်လမ်းရွှေဂံသူတို့ ကြိုလှည့်စမ်း။*

*ညီရွှေပန်းကိုတဲ့ လက်မှာကိုင်ယိမ်းတယ်လို့ယိုင်၊*

*ကွမ်းစည်တိုင် အလယ်ကြားမှာ ပင့်သံ၊ မြောက်သံ သည်မောင်ကြားတယ်။*

*တောင်ပုပ္ပားရယ်က လာခဲ့တယ် လာခဲ့တယ်။*

*သုံးဆယ်ကျော်ခုနစ်မင်းရယ် နတ်ဆိုရင် ခေါင်ကနင်းမယ်။*

*ကွင်းလေးလေး ရှောင်ကြ ရှားကြကွယ်'*

စာရေးသူတို့ ငယ်စဉ်က ဗြိတိသျှဘာမားရုပ်ရှင်ကုမ္ပဏီ (မှထင်သည်)က 'မိုးခေါင်ကျော်စွာ' ရုပ်ရှင်ကားကို ရိုက်ကူးခဲ့ပါသည်။ မင်းသမီးကို မမှတ်မိသော်လည်း မင်းသားမှာ ခင်မောင်ရင် ထင်ပါသည်။ ထို့ကြောင့် ထိုရုပ်ရှင်သည် စာရေးသူတို့ မမွေးခင်ခေတ်က ဖြစ်မည်ထင်သည်။ စာရေးသူတို့ ငယ်စဉ်ဘဝက ထိုရုပ်ရှင်ကိုပြန်ပြ၍ကြည့်ရခြင်းဖြစ်ပုံရပါသည်။ ရုပ်ရှင်ဇာတ်လမ်းမှာ အထက်ပါအတိုင်းပင်ဖြစ်၍ စာရေးသူမှတ်မိနေသည်မှာ ဘီးတပ်လှည်းယာဉ်ပေါ်မှ ပြာသာဒ်ပေါ်တွင် ခင်မောင်ရင်က မိုးခေါင်ကျော်စွာနတ်အဖြစ်နှင့် လက်ပိုက်နေပြီး နှစ်ဖက်မှလွန်ဆွဲကြပုံဖြစ်သည်။ ထိုစဉ်တွင် မိုးရွာချသည်။

မိုးခေါင်ကျော်စွာနတ်ကို မြန်မာပြည်အောက်ပိုင်းဘက်တွင် မပ,သကြပါ။ အချို့ နတ်ကနားပွဲများ နတ်ခင်းရာတွင် ထည့်၍ပ,သသည်။ မြန်မာပြည်အထက်ပိုင်းတွင်မူ မိုးခေါင်ကျော်စွာနတ်ကို ပ,သကြသည်။

မောင်သန်းဆွေ (ထားဝယ်)



www.burmeseclassic.com

www.burmeseclassic.com

ယခုဆိုလျှင် မမနှင့် သူ ဝေးခဲ့ရသည်မှာ နှစ်ပေါင်းမနည်းတော့။ အတိအကျဆိုရလျှင် နှစ်ပေါင်းအစိတ်ခန့်ရှိခဲ့ပေပြီ။ သူလည်း မမနှင့်ဝေးရာ တစ်မြို့တစ်ရွာသို့ရောက်နေခဲ့သလို မမကလည်း သူနှင့် ပြန်မဆုံနိုင်တော့သည့် ဘယ်ဘဝဘယ်ကမ္ဘာဆီသို့ ရောက်နေသည်လဲ သူမသိနိုင်။

သို့သော် ယခုအချိန်ထိ မမကို သူ မမေ့နိုင်။ မမကတော့ သူ့ကို မေ့သွားလောက်ပြီဟု သူထင်သည်။ မမမေ့ချင်မေ့ပါစေ။ သူကတော့ သူ့ရင်ထဲ မမရှိနေလျှင်ပဲ ကျေနပ်သည်။ သူယခုအချိန်ထိ အိမ်ထောင်မပြုဘဲ တစ်ကိုယ်တည်းနေနေခြင်းမှာလည်း မမကြောင့်ပင်။ သူ့ရင်ထဲသို့ မမကို ကျော်လွန်ပြီး ဝင်ရောက်လာနိုင်သည့် မိန်းကလေးမျိုး ယခုအချိန်ထိမရှိသေး။ မမကို မေ့သွားလောက်အောင် သူ့ကို စိုးမိုးနိုင်သည့် မိန်းကလေးမျိုးလည်း သူမတွေ့သေး။

တကယ်တော့ မမနှင့် သူက ချစ်သူများမဟုတ်ခဲ့ကြ။ မမနှင့် တွေ့စက သူ ကလေးဘဝပင် ရှိသေးသည်။ ထိုစဉ်က သူ့အသက်က (၁၂) နှစ်ခန့်သာ ရှိသေးသည်။ ညီအစ်ကိုမောင်နှမ တစ်ဦးမှမရှိသည့်အပြင် စည်းကမ်းတင်းကျပ်လွန်းသည့် သူ့မိဘများကြောင့် ပြင်ပသူငယ်ချင်းများနှင့်လည်း ဆော့ကစားခွင့်နည်းပါလှသည့်သူ့ဘဝ အထီးကျန်ဆန်လှသည်။ ထိုစဉ်မှာပင် မထင်မှတ်ဘဲ မမနှင့် တွေ့ကြုံရင်းနှီးခွင့်ရခဲ့သည်။ ထို့ကြောင့်လည်း မမကို သူ အရမ်းခင်တွယ်သွားမိခြင်းလည်း ဖြစ်ပေမည်။ မမနှင့် စတင်တွေ့ဆုံခဲ့ရခြင်းများကိုလည်း သူ့ရင်ထဲ ယခုအထိ တမ်းတမ်းတတ သတိရနေဆဲပင်။

❒


"သား သားလေး ထတော့လေ မိုးလင်းခါနီးနေပြီ"

အမေ့အသံကြောင့် သူဆက်အိပ်၍မဖြစ်တော့သဖြင့် မထချင်ထချင်ဖြင့် အိပ်ရာမှထခဲ့ရတော့၏။ တကယ်တော့ သူနိုးနေသည်မှာ ကြာခဲ့လေပြီ။ အခမ ပထမဦးဆုံးအကြိမ် နိုးကတည်းက သူ

(စမ်/ဆေး)

# ဝင်းထွန်းအောင်

## ကေရာင်ပင်အောက် ပန်းအတူကောက်သူ





www.burmeseclassic.com

ပြီးဖြစ်၏။ မထချင်သေး၍သာ သူ ခင်မှိန်းနေခြင်းဖြစ်၏။ ယခု တတိယ မြှောက်နှိုးခြင်းဖြစ်၍ မှိန်းနေ၍ မဖြစ် တော့သဖြင့်သာ သူထခဲ့ရခြင်းဖြစ်သည်။

သူမထချင်သည်မှာလည်း မဖြစ် တော့မဆိုသာ။ အေးမြလွန်းသည့် ဆောင်းရာသီနံနက်ခင်းမျိုး သူလို (၁၀) နှစ်သားအရွယ် လူမမည်ကလေးတစ်ဦး အဖို့မှာနှင့်၊ လူကြီးသူမများတောင် အသုံးမရှိလျှင် စောင်ခြုံထဲမှ မထွက် ချင်။

"အင်း - အမေကလည်း အစော ကြီးရှိသေးတယ်။ မိုးလင်းခါနီးမှ သွား ကောက်လည်း ရရဲ့သားနဲ့"

"မစောတော့ဘူးလေ သားရဲ့။ လေးနာရီထိုးခါနီးနေပြီ။ တော်ကြာဆို သူများတွေရောက်လာတော့မှာ"

ဆန္ဒစောလွန်းသည့် သူ့အမေကို စိတ်ပြိုငြင်မိသော်လည်း ငရဲကြီးမည်စိုး သဖြင့် ဘာမှပြန်မပြောတော့ဘဲ မျက်နှာ ကိုသာ မသစ်ချင်သလိုသစ်ချင်သလိုဖြင့် လေးတိလေးကန်သစ်နေလိုက်တော့၏။

"သားက လိမ္မာပါတယ်ကွယ်။ သားကောက်ပေးတဲ့ ပန်းလေးတွေကို မေမေပန်ရုံတင်မဟုတ်ဘူး၊ ဘုရားလည်း အမြဲလှူပေးတော့ သားလည်း ကုသိုလ် တွေရပါတယ်"

အမေက သူ့စိတ်ပါလာအောင် ဖျောင်းဖျပြောဆိုနေမှန်း သူသိသည်။ အမေ့စကားကြောင့် သူ့စိတ်ပါသလိုဖြစ် သွားပြီး ကမန်းကတန်း မျက်နှာသုတ်



www.burmeseclassic.com

လိုက်ကာ ပန်းထည့်သည့် ခြင်းကလေးကို ကောက်ကိုင်လိုက်သည်။

"အမေ၊ သားသွားတော့မယ်"

"ဓာတ်မီးယူသွားဦးလေ သားရဲ့"

"မလိုပါဘူး အမေရယ်၊ လရောင်က လင်းနေတာပဲဟာ"

အမေ့ကို ပြန်ပြောရင်း အိမ်လေးပေါ်မှ သူခပ်သုတ်သုတ်ဆင်းခဲ့တော့၏။ သူလှမ်းထွက်လာခဲ့သည်က သူတို့အိမ်လေးနှင့် မနီးမဝေးတွင်ရှိသည့် ဇကရာဇ်ပင်ကြီးဆီသို့ ဖြစ်၏။

ပြောရလျှင် ဤမြို့ ဤနေရာလေးသို့ သူတို့မိသားစုရောက်ရှိလာခဲ့သည်မှာ မကြာသေး။ ဝန်ထမ်းဖြစ်သူ သူ့ဖခင် ပြောင်းရွှေ့မိန့်ကျသဖြင့် သူတို့မိသားစု ပြောင်းလာခဲ့ရခြင်း ဖြစ်၏။ သူက ကျောင်းနေဖက် သူငယ်ချင်းများနှင့်ခွဲခဲ့ရသဖြင့် ဤနေရာကိုရောက်စက မပျော်သော်လည်း ရောက်ရောက်ချင်း ဤနေရာလေးကို သဘောကျသွားသူက သူ့မိခင်ပင်။

သူ့အမေက ပန်းအလွန်ကြိုက်သည်။ ရာသီအလိုက်ပွင့်သမျှပေါ် သမျှ ပန်းမှန်သမျှကို တစ်ခေါင်းလုံးဝေနေအောင်ပန်တတ်သည်။ ပန်ရုံတင်မကသေး။ ဘုရားတွင်လည်းဝေနေအောင် လှူတတ်သည်။ ယခင်မြို့လေးတုန်းက ဝန်ထမ်းအိမ်ရာကဈေးနှင့် အလှမ်းဝေးသည်။ မနက်တိုင်းဈေးသွား၍ လိုချင်သည့်ပန်းဝယ်ရသည်။ တစ်လ တစ်လ အိမ်စရိတ်ထက် ပန်းဖိုးကပိုကုန်သည်။ ဤမြို့ကလေးကျတော့ သူတို့ ဝန်ထမ်းလိုင်းနှင့် ဈေးကနီးသည်။ ဤသည်ကို သဘောကျသွားခြင်း ဖြစ်၏။

ထိုထက်ပို၍ သဘောကျသွားသည်က သူတို့နေရာချထားပေးခံရသည့် အိမ်လေးနှင့် မလှမ်းမကမ်းတွင် ဇကရာဇ်ပင်ကြီးတစ်ပင်ရှိသည်။ မကြာခင် ဇကရာဇ်ပန်းများပွင့်တော့မည်ကိုလည်း ပန်းအကြောင်းနှောကျေနေသည့် အမေက သိသည်။ ထိုဇကရာဇ်ပင်ကြီးပွင့်လာလျှင် အခမဲ့စိတ်ကြိုက်ကောက်ပြီး ဘုရားလည်းလှူနိုင်၊ လူလည်း တဝကြီးပန်နိုင်သည်။ ထိုအတွေးကြောင့် သဘောကျသွားခြင်း ဖြစ်၏။

မကြာမီပင် သူ့အမေ မျှော်လင့်ထားသည့်အတိုင်း ဇကရာဇ်ပန်းများပွင့်လာတော့၏။ အမေက တစ်ညလုံးကြွေကျထားသည့်အပွင့်များထဲမှ အကောင်းဆုံးအပွင့်များကိုသာ လိုချင်သည်။ တခြားသူများကလည်း မနက်(၄)နာရီခွဲ လောက်ဆို လာကောက်ကြသဖြင့် သူများနှင့် လုံးလောက်ရလျှင် သူများမလိုချင်သည့်အပွင့်များပါလာမည်ကို စိုးသည်။

သူများထက် ဦးစွာစောစောထကောက်ရအောင်လည်း ငယ်ရွယ်သေးသည့်မိန်းမသားဖြစ်၍ တစ်ဦးတည်း အချိန်မတော်သွားရန် မသင့်တော်သလို မဝံ့မရဲလည်းဖြစ်မိ၏။ ထိုအခါ ပန်းကောက်ရန် တာဝန်ကျသူက သူပင်။

သူ့ကိုအမြဲမြှုံးချော့မော့၍ မနက် (၃) နာရီခွဲလောက်ဆို နှိုးကာ ပန်းသွားကောက်ခိုင်းတတ်၏။ ချမ်းအေးလှသည့် ဆောင်းနံနက်ခင်းမို့ သူမထလိုသော်လည်း နားပူမခံနိုင်တာရော အမေစိတ်မချမ်းမြေ့မှာစိုးတာရောမို့ သူထကောက်ပေးရတော့သည်။

❒

အိမ်က ထွက်လာစကသာ သူလေးတိလေးကန်ရှိသော်လည်း အပင်အောက်ရောက်ပြီး မကြာမီပင် မွှေးပျံ့သည့် ဇကရာဇ်ပန်းရနံ့လေးများကြောင့် သူလန်းဆန်းတက်ကြွလာတော့၏။ ပန်းရနံ့လေးများကို ရှူရှိုက်ရင်း အလှအပဆုံးအပွင့်များကို လိုက်လံရွေးချယ်ကောက်ရင်း တစ်ယောက်တည်းပျော်မိနေရ၏။

ယခုလည်း ပန်းပင်ကြီးနှင့် မလှမ်းမကမ်းအရောက် သူ့ဆီ ပြေးဝင်နှုတ်ဆက်လာသည့် ဇကရာဇ်ပန်းရနံ့လေးများကြောင့် သူ စိတ်ရောကိုယ်ပါ ရွှင်လန်းသွားပြီး အပင်ကြီးအောက်သို့ အပြေးကလေးလှမ်းခဲ့မိတော့၏။

"ဟင်း"

သူ့မျက်စိရှေ့နှင့် မလှမ်းမကမ်းမှ မြင်တွေ့နေရသည့်အရာလေးများကြောင့် သူအံ့အားသင့်ရ၏။ ထိုအရာလေးများက ပန်းပွင့်လေးများကို စုပုံထားသည့်နှယ်ရှိနေသောကြောင့် ဖြစ်၏။ လေး၊ ငါးပုံခန့်ရှိမည်။ သူအပွင့်လေးများကို အသာအယာကောက်၍ကြည့်မိတော့ အနာအဆာအကင်းဆုံး၊အလှဆုံးအပွင့်များဖြစ်နေ၍ တမင်ရွေးကောက်စုပုံထားမှန်း ရိပ်စားမိလိုက်သည်။

အစောကြီးထွက်လာခဲ့သော သူ့ထက် ဦးသူရှိနေ၍ အံ့ဩစွာ 'ဟင်' ဟု ရွတ်ဆိုမိသွားခြင်း ဖြစ်၏။

"အဲဒါ မင်းအတွက် ရည်စူးပြီးကောက်ပုံပေးထားတာ မောင်လေးရဲ့။ ယူလိုက်လေ"

ထိုစဉ် ဖျတ်ခနဲ ပေါ်ထွက်လာသည့်အသံနှင့်အတူ ပင်စည်အကွယ်တစ်ဖက်မှ ရိပ်ခနဲပေါ်ထွက်လာသည့် အရိပ်တစ်ခုကြောင့် သူလန့်မိမလိုဖြစ်သွားရသေး၏။

သူကြည့်လိုက်တော့ မိန်းမသား တစ်ဦးအသံနှင့်အတူ အနီးရောက်လာသည့် သူမကို ရွှန်းမြသည့်လရောင်ဖြင့် အသေအချာကြည့်မိတော့ ဖြူဝင်းပြည့်တင်းနေသည့်အသားအရေ၊ နက်မှောင်ရှည်လျားသည့်ဆံနွယ်တို့ကို ကျော လယ်အထိချထားသည်။ မျက်ခုံးထူထူ နှာတံလေးဖြောင့်စင်းစင်း၊ နှုတ်ခမ်းအ ရောင်ထူအမ်းအမ်းလေးဖြင့် သိပ်လှ သည့်မမတစ်ဦး ဖြစ်နေမှန်းသိရသည်။

"ကျွန်တော့်အတွက် ကောက်ပုံ ပေးထားတာ ဟုတ်လား မမ"

သူ မမမျက်နှာကို ငေးမောကြည့် နေရင်းမှ အံ့ဩဟန်လေးဖြင့် မေးလိုက် တော့ သူ့ရင်ကို အေးမြသွားသလိုဖြစ် စေသည့်အပြုံးလေးဖြင့် ပြုံးပြရင်း မမက သူ့အနားလာထိုင်ကာ -

"ဟုတ်ပါတယ် မောင်လေးရဲ့ မောင်လေးလာရင် ပင်ပင်ပန်းပန်းလိုက် ရှာနေရမှာစိုးလို့ မမက အသေအချာ ရွေးကောက်ပြီး စုပေးထားတာ"

မမက လူကသာလှသည်မဟုတ် အသံလွင်လွင်ကလေးကလည်း ချိ ကောင်းလှသည်ဟု သူတွေးမိသွားသေး သည်။ သူ့ထက်တော့ မမက (၅) နှ (၆) နှစ်လောက်ကြီးမည်ဟု သူထင် သည်။

"မမနဲ့ ကျွန်တော် တစ်ခါမှမတွေ့ ဘူးသေးပါဘူး။ မမက ကျွန်တော့်ကို သိလို့လား"

သူ အံ့ဩဟန်လေးဖြင့် အမေး မမက သူနှစ်သက်သည့်အပြုံးလေးဖြင့်

"သိတာပေါ့ မောင်လေးရဲ့၊ မော လေးကသာ မမကို အခုမှမြင်ဖူးတာ မမကတော့ မောင်လေးကို လွန်ခဲ့တဲ့ (၁ (၄) ရက်လောက်ကတည်းက မြင်ဖူး တာ"

"ဗျာ-ဘယ်မှာမြင်ဖူးလို့လဲ"

မမအဖြေကို သူနားမလည်နိုင်

"ဒီအပင်အောက်မှာပဲပေါ့ မော လေးရဲ့။ မောင်လေးက ဘယ်သူ မရောက်ခင် တစ်ယောက်တည်း အောင်ကောက်ပြီး ပြန်သွားနေကျမို့ ကို မမြင်ဘူးသေးတာပါ။ လွန်ခဲ့တဲ့ တွေကတော့ မမကအလာ နေ က လှည့်အပြန် မမကို မောင်လေး



www.burmeseclassic.com

www.burmeseclassic.com

သတိမထားမိပေမယ့် မမကတော့ သတိထားမိသွားတယ်လေ”

“ဪ”

မမပြောသည်မှာ ဖြစ်နိုင်သည်မို့ မမစကားကို သူခေါင်းညိတ်မိသွားသည်။

“ဒါနဲ့ ဒီနေ့တော့ မမက ကျွန်တော့်ထက်တောင်စောနေသေးတာပဲ။ ဘယ်အချိန်ကတည်းကနိုးပြီးရောက်နေတာလဲ”

“ဘယ်အချိန်ကတည်းက နိုးပြီးရောက်တယ်လို့ မပြောနိုင်ပါဘူးကွယ်။ မမက ညဆို အအိပ်အနေနည်းတယ်ကွယ့်။ တစ်ညလုံးလိုလို ဒီအပင်အောက်မှာရှိတဲ့အခါရှိနေတတ်တယ်။ အခုလိုပန်းတွေပွင့်တဲ့အခါမှာပေါ့ကွယ်”

မမစကားကို သူသိပ်နားမလည်သော်လည်း ဘာပြန်မေးရမှန်းမသိ၍ ငြိမ်ပြီးသာနားထောင်နေမိသည်။အတန်ကြာမှ -

“ဒါနဲ့ မမက ဘာလို့ကျွန်တော့်အတွက် ကောက်ပေးထားတာလဲဟင်”

“ဒါကတော့ မောင်လေးက အမေပန်ဖို့အတွက်ရော ဘုရားလှူဖို့ပါ ပန်းလာကောက်တာဆိုတော့ ကုသိုလ်ရတယ်လေ။ အဲဒီကုသိုလ်မမလည်းပါရအောင် မမက ကူပြီးကောက်ပေးထားတာပါ”

“ဗျာ”

မမစကားလေးတွေတိုင်းက သူ့အတွက် ပဟေဠိတွေချည်းမို့ သူထပ်မံ၍ အံ့အားသင့်ရပြန်သည်။

“တဗျာဗျာနဲ့ဘယ်လိုများဖြစ်နေတာလဲ မောင်လေးရဲ့။ ကေန္တတော့ ဗျာရွာကပြောင်းလာတဲ့ ဗျာသားလေးနဲ့ တူတယ် ဟုတ်လား ခစ်. . . ခစ်”

“ဗျာ - အဲ ဟုတ်ပါဖူး။ မမက ကျွန်တော်တို့ပြောင်းလာတာတွေရော၊ ကျွန်တော်ကောက်တဲ့ပန်းတွေကို ဘုရားတင်တာရော၊ အမေပန်တာတွေပါ ဘယ်လိုလုပ်သိတာလဲ”

“ဟော- တဗျာဗျာကနေတရောရောဖြစ်လာပြန်ပြီ။ ကေန္တ မောင်လေးတို့ ဗျာရွာက ယောနယ်ထဲကနဲ့ တူတယ် ဟုတ်လား”

မမ၏ အရွှန်းလေးကြောင့် သူ့စကားတွေကို သူပြန်တွေးမိသွားပြီး မမနှင့်အတူ ပြုံးမိသွား၏။ မမနှင့်လည်း ပိုရင်းနှီးသလိုခံစားရသည်။

“မောင်လေးတို့ အခုနေတဲ့ လိုင်းခိုင်းမှာ အရင် ဦးမြကြီးတို့နေသွားတာလေ။ ဦးမြကြီးတို့ သူ့မိန်းမ ဒေါ်ခင်ဆွေတို့နဲ့ မမကခင်တယ်။ ဟိုတစ်လောကတော့ သူတို့ပြောင်းသွားတယ်။ မကြာခင် မောင်လေးတို့ ရောက်လာတယ်။ ဒါကြောင့် တခြားကနေ မောင်လေးတို့ ပြောင်းလာတယ်ဆိုတာ မမကသိတာ”

“ဪ-ဟုတ်ပါပြီ။ ဒါနဲ့ မောင်လေး ကောက်တဲ့ပန်းတွေကို ဘုရားလှူတာတို့၊ အမေပန်တာတို့ကိုကော မမက ဘယ်လိုသိတာလဲ”

“ဒါက ဒီလိုမောင်လေးရဲ့၊ မမက ပျင်းတဲ့အခါ မောင်လေးတို့လိုင်းခန်းတွေဘက်ကို ရောက်တယ်လေ။ တစ်နေ့ ညဘက်က မောင်လေးတို့ အိမ်နားက ဖြတ်သွားတုန်း မောင်လေးတို့သားအမိ ပြောနေတာတွေ မမကြားခဲ့ရတယ်လေ။ ဒါကြောင့် မမက သိတာပေါ့”

“ဪ”

မမက လိပ်ပတ်လည်အောင်ရှင်းပြမှ သူနားလည်သွားခဲ့ရသည်။ မမက သူ့အနား ကပ်ထိုင်နေသောကြောင့် ဆောင်းလေအငွေ့တွင် မမထံမှ သင်းပျံ့သည့်ရနံ့လေးကို သူရှူရှိုက်နေရသည်။ ညီအစ်ကိုမောင်နှမ တစ်ဦးမှမရှိသည့် တစ်ဦးတည်းသားသူ့အဖို့ ယခုမှ ရင်းနှီးခဲ့ရသည့်မမကို သူ့အစ်မရင်းသဖွယ် ခင်မင်သွားပါသည်။ ထိုစဉ် သူတို့ကဲ့သို့ပင် ပန်းကောက်မည့်ကလေး (၂) ဦး၊ (၃)ဦးခန့် မလှမ်းမကမ်းမှ လာနေသည်ကိုတွေ့လိုက်ရသည်။

“ဟော - မမ ဟိုမှာ ပန်းကောက်မယ့်သူတွေတောင်လာကုန်ကြပြီ။ ကျွန်တော်လည်း ပန်းတွေရပြီဆိုတော့ ပြန်တော့မယ်”

သူ့စကားကြောင့် မမမျက်နှာ အပြုံးလေး ပျောက်ကွယ်သွားသည်။ ခပ်လှမ်းလှမ်းမှလာနေသူများထံ ခပ်တွေ



တွေလေးငေးကြည့်ပြီး သက်ပြင်းတစ်ချက်ချကာ -

“ဟင်း- ပြန်တော့ပေါ့ မောင်လေးရယ်။ နောက်နေ့တွေလည်း စောစောလာနော်။မောင်လေးအတွက် မမကောက်ပေးထားမယ် ဟုတ်လား”

“ဟုတ်ကဲ့ မမ၊ တာ့တာ”

“တာ့တာပါ မောင်လေးရယ်”

သူ မမကို လက်ပြနှုတ်ဆက်ပြီး အိမ်ဘက်သို့ လှည့်ထွက်ခဲ့တော့၏။ သူ့ဘဝအတွက် ပထမဦးဆုံး အစ်မသဖွယ် ခင်တွယ်ရမည့်သူပေါ်လာ၍ သူ့ရင်ထဲ အရမ်းပျော်ရွှင်နေမိသည်။ အိမ်ရောက်တော့ အမေ့ကို ပန်းများအပ်လိုက်ပြီး ညကမပြီးသေးသည့်အိမ်စာများကို စိတ်ပါလက်ပါ ဆက်လုပ်နေမိသော်လည်း မမမျက်နှာလေးကိုတော့ တစ်ချက်တစ်ချက် မြင်ယောင်နေမိသေးတော့၏။

❐

“အမေ၊ ဘယ်နှနာရီထိုးပြီလဲ”

“ဟင် - ဒီနေ့တော့ ငါ့သားက အစောကြီးနိုးလာတာပဲ။ အခုနကမှ (၃) နာရီထိုးတာ သားရဲ့။ သားအိပ်ချင်ခဏလောက်ပြန်အိပ်ဦးလေ။ နာရီဝက်လောက်နေမှ အမေနှိုးမယ်။ နည်းနည်းစောနေသေးတယ် သားရဲ့”

မနိုးစဖူး စောစောနိုးလာသည့် သူ့ကို အမေအံ့ဩနေပုံရသည်။ သူလည်း နိုးချင်၍နိုးလာသည်တော့ မဟုတ်။ အစောလေးကတင် မမကို အိပ်မက်ထဲတွင် တွေ့လိုက်ရသည်။ အိပ်မက်ထဲတွင် မမက ဇကရာဇ်ပင်ကြီးအောက်မှနေ၍ -

‘ဟော့ကောင်လေး၊ ထတော့လေကွာ အိပ်ပုပ်ကြီးလှချေလား။ မမရောက်နေပြီ၊ မောင်လေးကို စောင့်နေတာ။ မြန်မြန်လာခဲ့တော့’

ဟု ပြောနေသည်။ ထိုအိပ်မက်ကြောင့် သူလန့်နိုးသွားရခြင်း ဖြစ်၏။ သူလန့်နိုးသွားရခြင်း ဖြစ်၏။ သူ့မသိစိတ်ထဲတွင် မမကို သတိရမိ၍လည်း ဖြစ်မည်ထင်သည်။

“မအိပ်တော့ပါဘူး အမေရာ၊ ပန်းပဲသွားကောက်လိုက်တော့မယ်။ ပြန်လာရင်လည်း အိမ်စာတွေလုပ်ရဦးမယ် အမေရဲ့”

သူ့စိတ်ထဲ မမနှင့် အရမ်းတွေ့ချင်နေ၍ ပြန်အိပ်ချင်စိတ်မရှိတော့။ ပန်းကောက်သွားရန်သာ စိတ်စောနေမိ၏။ ပြောပြောဆိုဆိုပင် ပန်းထည့်နေကျ



www.burmeseclassic.com

www.burmeseclassic.com

ခြင်းအားဆဲ့ပြီး ပန်းပင်ကြီးအောက်သို့ အသော့နှင်မိခဲ့တော့၏။

သူပန်းပင်ကြီးနှင့်မနီးမဝေးရောက်သည်နှင့် သူ့အား လှမ်းမျှော် လက်ယပ်ခေါ်နေသည့် မမကို လှမ်းမြင်လိုက်ရသည်။

"လာခဲ့၊ ´ အိပ်ပုပ်ကြီးတဲ့ကောင်လေး၊ မင်းမလာနိုင်သေးလို့ မမဒီကနေလှမ်းခေါ်နေတာ"

"ဗျာ"

သူ့အစောကမက်သည့်အိပ်မက်နှင့် မမစကားတို့က တစ်ထပ်တည်းကျနေသဖြင့် သူ့အံ့အားသင့်သွားရသည်။ မမမျက်နှာကိုလည်း မယုံကြည်နိုင်သလိုကြည့်လိုက်မိသည်။ မမက သူ့ကိုအဓိပ္ပာယ်တစ်မျိုးပါသည့်အကြည့်ဖြင့်ကြည့်ရင်း ပြုံးနေသည်။ မမပါးပြင်မှပါးချိုင့်လေးကို သတိထားမိလိုက်သည်။

"ဒါနဲ့ မမက ဘယ်အချိန်တတည်းက ဒီကိုရောက်နေတာလဲ"

"အင်း၊ ညဦးကတည်းက ဆိုပါတော့ကွယ်"

"ဟင် - ဒါဆို မမကညမအိပ်ဘူးပေါ့"

"အင်း - မမက ဒီဇကရာဇ်ပန်းလေးတွေကို အရမ်းချစ်တာလေ။ အခုလို ဇကရာဇ်ပန်းပွင့်ချိန်ဆို ညမအိပ်သလောက်ဘဲ"

"ဒါနဲ့ မမက ဘယ်နားမှာနေတာလဲ"

"ဟိုးလှမ်းမြင်နေရတဲ့အိမ်လေးက မမအိမ်ပေါ့"

မမက ဇကရာဇ်ပင်ကြီးနှင့် ခပ်လှမ်းလှမ်း သူ့တို့ ဝန်ထမ်းလိုင်းအပြင်ဘက်ရှိ အိမ်လေးတစ်အိမ်ကို ညွှန်ပြသည်။

"ဩော် - ဒါနဲ့မမနာမည်ဘယ်လိုခေါ်လဲ"

"မမနာမည်က နန်းသူဇာတဲ့ မောင်သက်အောင်ရဲ့"

"ဟင် - မမက ကျွန်တော့်နာမည်ကို သိတယ်နော်"

"နာမည်ကိုတင်မကဘူး၊ မောင်လေးက ဖေဖေ မေမေတို့ရဲ့တစ်ဦးတည်းသော သား၊ (၈) တန်းကျောင်းသားလေးဆိုတာတောင်သိသေးတယ်"

"ဟင် - မမက ဘယ်လိုလုပ်သိတာလဲ။ ကျွန်တော့်မိဘတွေနဲ့ ခင်လို့လား"

သူ့စိတ်ထဲ သူကျောင်းသွားနေစဉ် မမက သူတို့လိုင်းခန်းထဲမှ အသိတစ်ယောက်ယောက်ထံအလည်လာရင်း သူ့မိဘတွေနှင့်ပါ သိကျွမ်းရင်းနှီးသွား၍များ သူ့အကြောင်းသိနေသလားဟု ထင်၍ မေးလိုက်မိခြင်း ဖြစ်၏။

"မောင်လေးမိဘတွေနဲ့ မရင်းနှီးပါဘူး မောင်လေးရဲ့။ မောင်လေးကိုသာ ခင်လို့ မောင်လေးအကြောင်းစုံစမ်းထားတာပါ"

မမ၏ စကားအရ သူ့အပေါ် ခင်တွယ်နေသည့်မမ၏ သံယောဇဉ်က မသေးလှကြောင်းသိလိုက်ရ၍ သူ့ရင်ထဲ အရမ်းကြည်နူးသွားမိသလို မမအပေါ်လည်း ပို၍ခင်မင်သွားမိရသည်။ ဖြစ်နိုင်လျှင် မမကို သူ့အစ်မအဖြစ် မွေးစားလိုက်ချင်သည်။

"ဒါနဲ့ မမမှာကောမောင်လေးတွေဘာတွေရှိလားဟင်"

သူ့အမေးကြောင့် မမမျက်နှာ အုံ့မှိုင်းသွားပြီး -

"အင်း - ရှိခဲ့တာပေါ့ကွယ်။ ဒါပေမယ့် အခုတော့မရှိတော့ဘူး"

မမအသံလေးက ငိုသံပါလာသည်ဟု သူထင်မိသည်။

"မမစကားကြီးကဘယ်လိုလဲ၊ ရှိခဲ့တယ်လည်း ပြောသေးတယ်။ အခုတော့မရှိတော့ဘူးလို့ပြောသေးတယ်။ ကျွန်တော်တော့ နားမလည်တော့ဘူး"

"အင်း - မမမှာ အရင်တုန်းက ငါ့မောင်နဲ့ ရုပ်ချင်းရော အရွယ်ချင်းပါ သိပ်တူတဲ့မောင်လေးတစ်ယောက်ရှိခဲ့ပါတယ်။ ဒါပေမယ့် မနှစ်ကတော့ သူဆုံးသွားတယ်လေ။ ဒါကြောင့် မရှိတော့ဘူးလို့ ပြောတာပါ ဟင့် ဟင့်"

ပြောရင်း မမ ငိုပါတော့၏။ ယခုမှ မမ သူ့အပေါ် ဘာကြောင့် ခင်တွယ်နေသည်ကို ရိပ်စားမိတော့။ မမအပေါ်လည်း သနားမိခဲ့ရသည်။

"ကဲ -မောင်လေး၊ အချိန်တောင်အတော်ကြာသွားပြီ။ ပန်းတွေလည်းရပြီဆိုတော့ ပြန်တော့နော်"

ခပ်လှမ်းလှမ်းမှ ပန်းကောက်ရန်လာနေသည့်သူများကို လှမ်းကြည့်ရင်း မမသူ့ကိုပြန်စေတော့၏။ သူမပြန်ချင်သေးသော်လည်း နောက်နေ့တွေရှိသေးတာပဲလေဟူသောအတွေးဖြင့် ပြန်လာခဲ့တော့၏။ ခပ်လှမ်းလှမ်းအရောက် နောက်ပြန်လှည့်ကြည့်တော့ မမကို မတွေ့ရတော့။

မမ သူမအိမ်ဘက်ကို လှည့်ပြန်သွားပြီလားဟူသော အတွေးဖြင့် မမပြန်မည့်လမ်းတစ်လျှောက် လှမ်းမျှော်ကြည့်လိုက်ပြန်တော့လည်း ထိန်လင်းနေသည့်လရောင်အောက်တွင် မည်သူမျှရှိမနေ။ မမ မပြန်သေးဘဲ သူနှင့်ကွယ်နေသည့် ပင်စည်တစ်ဖက်တွင် ပန်းဆက်ကောက်နေတာဖြစ်မှာပဲဟု ယူဆလိုက်ပြီး သူ့အိမ်ဘက်သို့သာ မျက်နှာပြန်မူလိုက်တော့၏။

❐

ဤသို့ဖြင့် သူနှင့် မမတို့ နံနက်တိုင်း ဇကရာဇ်ပင်ကြီးအောက်တွင် ပန်းအတူကောက်လာကြသည်မှာ တစ်ပင်ပင်ကျော်လာခဲ့သည်။ ယခင်လို အမျင်းမကြီးတော့ဘဲ နံနက်စောစော သူနိုးလာတတ်သလို သူ မနိုးသေးလျှင်လည်း မမက ပန်းပင်ကြီးအောက်မှ သူ့ကို လှမ်းခေါ်နေသယောင် အိပ်မက်မက်နေတပင်။ ထိုအခါတိုင်း သူလန့်နိုးသွားတတ်မြဲပင်။

နိုးသွားသည်နှင့် ပန်းပင်ကြီးဆီသို့ အသော့နှင်မိသလို သူရောက်သွားတိုင်းလည်း မမက ဆီးကြိုနေမြဲပင်။ သူနှင့်မမတို့တွေ့ပြီး ပန်းအတူကောက်ကြရင်း ရောက်တတ်ရာရာစကားများကိုဖောင်ပွဲနေအောင် ပြောဖြစ်ကြသည်။

သို့သော် သူသတိထားဖြစ်လာသည်မှာ သူတို့စကားတွေဘယ်လောက်ကောင်းနေနေ ပန်းကောက်ရန်တစ်ဦးတစ်ဦးလာနေသည်ကို မြင်သည်နှင့် မမက သူ့ကိုပြန်ရန်နှင်ပါတော့၏။ မမစကားကို နားထောင်ပြီး သူပြန်နေတာဖြစ်သော်လည်း တစ်ခါကတော့ သူမပြန်ချင်သေး၍ ငြင်းရာ မမက -

"မမကို တကယ်ခင်ရင် မမစကား





www.burmeseclassic.com

www.burmeseclassic.com

တို့ နားထောင်ပါ မောင်လေးရယ်။ မောင်လေးအိမ်စာတွေလည်းလုပ်ရဦးမယ် မဟုတ်လား။ စာကြိုးစားမှ မမက ချစ်တာ။ ပြန်တော့နော်"

"ဒီမနက် အိမ်စာတွေလုပ်စရာမရှိတော့ဘူး မမရဲ့။ မမနဲ့ အေးအေးဆေးဆေးစကားပြောရအောင်ဆိုပြီး ညတုန်းက သင်ခန်းစာတွေလည်းအပြီးလုပ်ထားတယ်။ ကျက်စာတွေလည်း အရကျက်ထားပြီးသား"

"မဟုတ်သေးဘူး မောင်လေးရယ်၊ မမနဲ့ မောင်လေးခင်နေတာကို သူများတွေ သိသွားပြီး မောင်လေးမိဘတွေ သိသွားရင် မမနဲ့မောင်လေးကို ခွဲကြလိမ့်မယ်"

မမစကား၏အဓိပ္ပာယ်ကို သူနားမလည်နိုင်။

"ဘာဖြစ်လို့ခွဲရမှာလဲ မမရဲ့၊ အဓိပ္ပာယ်မရှိတာ။ မမကဘာဖြစ်နေလို့လဲ"

"မောင်လေး နားမလည်သေးပါဘူးကွယ်။ နောက်မှ မောင်လေးနားလည်အောင် မမရှင်းပြပါ့မယ်။ မမကိုတကယ်ခင်ရင် မမစကားကို နားထောင်ပါကွယ်။ မောင်လေး ပြန်တော့နော်။ မမနဲ့အမြဲတွေ့နေချင်ရင် မမတို့နှစ်ယောက်ရင်းနှီးနေတာကို ဘယ်သူကိုမှလျှောက်မပြောနဲ့။ မောင်လေးကို မမတောင်းပန်တာပါကွယ်"

မမ ဘာတွေပြောနေသည်ကို သူတွေးမရ။ သို့သော် မမ စိတ်ချမ်းသာစေရန် သူခေါင်းညိတ်ပြီး ပြန်ခဲ့တော့၏။

❐

ယနေ့တော့ စနေ၊ တနင်္ဂနွေကျောင်းပိတ်ရက်ဖြစ်သဖြင့် တစ်နေ့လုံး သူအားနေသည်။ အမေ့အား ဗာဟီရ ကူညီလုပ်ကိုင်ပေးပြီး အိမ်ရှေ့ဝရန်တာတွင် စားပွဲခုံလေးချကာစာရေး၊စာကျက်လုပ်နေမိသည်။ သူ့မိဘများကစည်းကမ်းကြီးသည်။ သူတို့ကိုယ်တိုင်လည်း အကြောင်းကြီးငယ်မရှိဘဲ တခြားတစ်အိမ်သို့ အလည်မသွားတတ်သလို ,လူတိုင်းနှင့်လည်း ရင်းရင်းနှီးနှီးမနေတတ်။ စကားအရှုပ်အရှင်းနှင့် ပြဿနာကိုကြောက်ကြသည့်လူအေးများဖြစ်သည်။

သူတို့ကဲ့သို့ပင် သူ့ကိုလည်း မည်သည့်အတန်းဖော်သူငယ်ချင်းများအိမ်သို့မျှ လည်ပတ်ရန် ခွင့်မပြုသလို အတူတူဆော့ကစားရန်လည်း ခွင့်မပေး။ တလေးချင်း စကားများရန်ဖြစ်ရာမှ လူကြီးချင်းဆီသို့ ကူးစက်မှာ ကြောက်ကြသည်။

ထို့ကြောင့် သူ့မှာ အားလပ်ချိန်များတွင်လည်း ကစားဖော်မရှိဘဲ တစ်ကိုယ်တည်း အထီးကျန်စွာအချိန်ကုန်ရလေ့ရှိ၏။ ယခုလည်း အိမ်စာများ ပြီးသွားသဖြင့် အားသွားပြီဖြစ်သော်လည်း စာရေးစားပွဲတွင်ပင် အကြောင်းမဲ့ဆက်ထိုင်နေမိသည်။ ထိုင်နေရင်း ငေးမိငေးရာလျှောက်ငေးရင်းမှ ဝိုးတဝါးလှမ်းမြင်နေရသည့် မမ၏အိမ်လေးဆီသို့အကြည့်ကရောက်သွားသည်။

အိမ်လေးဆီ မျက်စိရောက်သွားရာမှ စိတ်ထဲကပါ မမကို တွေ့ချင်လာသည်။ သူ့မထင်မှတ်ဘဲ မမဆီရောက်သွားလျှင် မမအရမ်းအံ့ဩသွားလိမ့်မည်။ ဝမ်းသာအားရဖြင့် ဖော်ရွေစွာဆီးကြိုခံလိမ့်မည်ဟု သူထင်မိသည်။ မမအရမ်းအံ့ဩဝမ်းသာသွားမည့်ဟန်လေးကိုတွေးတောမြင်ယောင်ရင်း မမကို တွေ့မြင်ချင်စိတ်ကို ထိန်းမရတော့။

"အမေ၊ ဖော်လတ် သားဆီက ငှားသွားတဲ့ အင်္ဂလိပ်စာစာအုပ်သွားတောင်းလိုက်ဦးမယ်နော်"

အကြောင်းမဲ့ အပြင်ထွက်ခွင့်မရသည့်သူ့အဖို့ မမဆီသွားနိုင်ရန် နည်းလမ်းရှာကြံကြည့်ရင်းမှ အကြောင်းပြရန်အချက်တစ်ခုကို သတိရမိ၍ ထိုအချက်ဖြင့် အမေ့ကို ခွင့်တောင်းကြည့်လိုက်မိ၏။ ဖော်လတ် မနေ့ညနေက သူ့ဆီမှ စာအုပ်ငှားသွားသည်မှာ အမေ့ရှေ့တွင်ဖြစ်၍ ရဲရဲပင်ခွင့်တောင်းလိုက်ခြင်း ဖြစ်၏။

"ဩော် - သားရယ်၊ သူဒီနေ့လာပေးမယ်လို့ ပြောသွားတာပဲ၊ ညနေထိစောင့်ကြည့်လိုက်ပါဦး"

"အာ - ဒီကောင့်စကားတယုံရတာမဟုတ်ဘူး အမေရဲ့။ ဟိုတစ်ခါလည်း အိမ်လာမပေးဘဲ ကျောင်းရောက်မှပေးလို့ အိမ်စာတွေ အချိန်မီမပြနိုင်တော့ သားအပြစ်ပေးခံရသေးတယ်။ အခုလည်း သူလာမပေးရင် သားအိမ်စာတွေ ပြီးမှာမဟုတ်ဘူး အမေရဲ့"

သူ့ဘဝတွင် မိဘကို တစ်ခါမှ မလိမ်စဖူး လိမ်လိုက်သည်။ တကယ်တော့ သူငှားလိုက်သည့်စာအုပ်တွင် အိမ်စာလုပ်ရန်မရှိပေ။ မမဆီသွားချင်လွန်း၍သာ အမေ့လွှတ်အောင်လိမ်မိလိုက်ခြင်း ဖြစ်၏။

"ဒါဆိုလည်း သွားယူလိုက်ပေါ့ သားရယ်။ အမြန်သွားအမြန်ပြန်လာနော်။ ဘယ်မှလျှောက်သွားမနေနဲ့နော် သား"

"ဟုတ်ကဲ့ပါ"

အမေ့ဆီမှ ခွင့်ပြုမိန့်ရသည်နှင့် သူဝမ်းသာအားရဖြင့် ပြေးထွက်လာခဲ့သည်။ ဖော်လတ်တို့အိမ်မှာ လိုင်းခန်းအစွန်ဘက်တွင်ဖြစ်ပြီး မမတို့အိမ်ဘက်သွားသည့်လမ်းမှာပင်ရှိသည်။ဖော်လတ်တို့အိမ် အပြန်မှဝင်မည်စိတ်ကူးပြီး ဖော်လတ်တို့အိမ်ကိုကျော်ကာ မမတို့အိမ်ဘက် ပြေးထွက်ခဲ့တော့၏။

မမတို့အိမ်ရှေ့ရောက်တော့ သူ့ခြေလှမ်းတန့်သွားရသည်။ အဘယ်ကြောင့်ဆိုသော် မမတို့ခြံတံခါးဝက သော့ခတ်ထားသည်ကို မြင်လိုက်ရခြင်းကြောင့် ဖြစ်သည်။ သူမျှော်လင့်ထားသမျှ အလွဲကြီးလွဲခဲ့ရသဖြင့် ဝမ်းနည်းကြေကွဲစိတ်ဖြင့် သူတစ်ကိုယ်လုံး နွမ်းရိနုန်းခွေသွားရ၏။

မမဘယ်သွားနေသည်မသိ။ သူကြောင်တောင်တောင်ဖြင့်ရပ်နေရင်းမှ တံခါးဝနားကပ်၍ ခြံအတွင်းသို့ ချောင်းကြည့်လိုက်မိသည်။ တံခါးအားလုံးပိတ်ထားသည့် အိမ်ကလေးက လူမနေသယောင်။ ခြံအတွင်းလှည့်ပတ်ကြည့်လိုက်တော့လည်း ခြံအတွင်းရှိ သစ်ပင်အချို့မှ ကြွေကျနေသည့် သစ်ရွက်ခြောက်တို့က ရှင်းလင်းလှည်းကျင်းမည့်သူမရှိသည့်နှယ် နေရာအနှံ့ ပြန့်ကျဲနေသည်။ ခြံဝင်းအနေအထားက လူမနေသည်မှာ ကြာမြင့်နေပုံပေါက်နေသည်။

"ဟဲ့ကောင်လေး ဘာလုပ်နေတာလဲ"

သူ မမတို့ခြံထဲအားချောင်းကြည့်လေ့လာနေစဉ် အနောက်အဘက်မှ ရုတ်တရက်ပေါ်ထွက်လာသည့် အသံကြောင့် ထိတ်ခနဲဖြစ်သွားရသည်။ နောက်လှည့်ကြည့်လိုက်တော့ သူတို့ဝန်ထမ်းလိုင်းထဲမှ ဒေါ်တင်မြ ဖြစ်နေသည်။ ဒေါ်တင်မြက သူတို့အိမ်၏ခြေရင်းဘက် တစ်အိမ်ကျော်မှဖြစ်၏။ ဒေါ်တင်မြ လက်တစ်ဖက်က ဆွဲခြင်းကိုဆွဲထား၍ ဈေးမှပြန်လာခြင်း ဖြစ်ဟန်တူသည်။

"ဘာ. . ဘာမှမဟုတ်ပါဘူး ကြီးတော်ရဲ့။ ဖော်လတ်ဆီလာကစားရင်းနဲ့ ဒီဘက်ရောက်လာတုန်း လျှောက်ကြည့်နေတာပါ"

"ဘာမှမဟုတ်ရင် ဒီခြံနားမကပ်နဲ့။ ပြန်တော့"

"ဟုတ်ကဲ့"

အကြောင်းမဲ့ နှင်ထုတ်နေသည့်



www.burmeseclassic.com

www.burmeseclassic.com

ဒေါ်တင်မြကို စိတ်ထဲမှ မကျေမနပ်ဖြစ်မိသော်လည်း လူကြီးသူမပို့ ရှေ့ဆက်မပြောဝံ့တော့၍ အသာလှည့်ပြန်လာခဲ့ရတော့၏။

ညနေပိုင်း သူ့အဖေ ဂျူတီဝင်နေ၍ သူနှင့် အမေတို့ခြံရှေ့ရှိ စိုက်ပျိုးထားသည့် သစ်ပင်လေးများကို ရေလောင်းနေစဉ် တစ်နေရာရာမှ ပြန်လာဟန်ရှိသည့် ဒေါ်တင်မြက သူတို့အိမ်ရှေ့ ရောက်လာသည်။

"ဟဲ့-မခင်သန်း ဘာဟင်းချက်လဲ"

ဒေါ်တင်မြကရေလောင်းနေသည့် အမေ့ကို လှမ်းကြည့်ရင်း သူ့ဝသီအတိုင်း အာပေါင်အာရင်းသန်သန်ဖြင့် နှုတ်ဆက်ပါတော့၏။

"ဟင် မကောင်းပါဘူး ဒေါ်တင်မြရယ်။ ခရမ်းချဉ်သီးနဲ့ ငါးခြောက်ချက်တယ်။ ဒါနဲ့ ဘယ်ကပြန်လာတာလဲ"

"မသိတာတို့ဆီက ရစရာလေး သွားတောင်းတာပါအေ မရခဲ့ပါဘူး။ ဟိုနေ့ရွှေ့ဒီနေ့ရွှေ့နဲ့ ဒီကောင်မတွေနဲ့ လုပ်စားရတာ မလွယ်ပါဘူး"

ဒေါ်တင်မြက ငွေကြေးအတော်အတန်ရှိသူမို့ သူတို့လိုင်းခန်းထဲမှ ဝန်ထမ်းအချို့ကို အတိုးဖြင့် ငွေချေးတတ်သလို အပေါင်ခံစားသူလည်း ဖြစ်၏။

"အေး - ညည်းတို့က သားလေး တစ်ယောက်ပဲ မွေးထားတယ်ဆိုပေမယ့် မွေးရကျိုးနပ်ပါတယ်အေ။ တခြားကလေးတွေလိုမဟုတ်ဘူး၊ အင်မတန်လိမ္မာတဲ့ကလေး"

အမေနှင့်ရေကူလောင်းနေသည့်သူ့ကိုကြည့်ရင်း ဒေါ်တင်မြက ချီးမွမ်းစကားဆိုလာ၏။ အမေကတော့ ပီတိအပြုံးလေးဖြင့်သာ ခေါင်းညိတ်နေ၏။

"ခြော် - ဒါနဲ့ ငါ့သားက မနက်တုန်းက လမ်းထိပ်က အိမ်ကလေးကို ဘာသွားလုပ်နေတာလဲ"

တစ်လက်စတည်း ဒေါ်တင်မြက သူနှင့်တွေ့ခဲ့သည်ကို ပြန်သတိရသွားဟန်ဖြင့် မေးလိုက်တော့ သူလန့်သွားရသည်။ အမေ့မျက်နှာကိုလည်း မလုံမလဲဖြင့် လှမ်းကြည့်လိုက်မိသည်။ ဒေါ်တင်မြအမေးကို အမေကလည်း အံ့အားသင့်သွားသလိုဖြင့် သူ့ကိုလှမ်းကြည့်လာသည်။ ရုတ်တရက် သူဘယ်လိုပြန်ပြောရမှန်းမသိ၍ နှုတ်ဆိတ်နေမိသည်။

"မင်းကြီးကြီးပြောတာဟုတ်လားသား။ ပြောစမ်းပါဦး၊ အိမ်မလည်စဖူး ဘယ်ကိုသွားလည်တာလဲ"

အမူအရာပျက်နေဟန်ရှိသည့်သူ့ကို ကြည့်ရင်း အမေကမေးလာသည်။ အမေမူဟန်နှင့် လေသံက သူ့ကိုလိမ်သွားသဖြင့် မကျေမနပ်ဖြစ်နေဟန်ရှိသည်။

"ဟို. . . ဟို မမနန်းသူဇာဆီခဏ သွားလည်တာပါ"

မလိမ်တတ်သောသူ့အဖို့ ဘာပြန်ပြောရမည်မသိ၍ အမှန်အတိုင်းပင်နှုတ်မှထွက်သွားမိတော့၏။

"ဘယ်လို ဘယ်လို၊ ဘယ်သူ့ဆီ"

သူ့အဖြေကြောင့် ဒေါ်တင်မြအမူအရာက အံ့သြထိတ်လန့်သွားဟန်ဖြင့် သူ့အနီး ကတိုက်ကရိုက်တိုးကပ်လာရင်း သူ့လက်ကိုဆွဲကာ ထပ်မေးလာသည်။

"ဟိုလေ ဒေါ်ကြီးရဲ့၊ အဲဒီအိမ်မှာနေတဲ့ မမနန်းသူဇာဆီအလည်သွားတာပါ"

"ဘုရား ဘုရား၊ မင်းက အဲဒီနန်းသူဇာကို သိကောသိလို့လား။ မြင်ကောမြင်ဖူးလို့လား"

"သိတာပေါ့ ဒေါ်ကြီးရဲ့၊ မြင်လည်း မြင်ဖူးပါတယ်။ အသားဖြူဖြူ ဝဝ၊ ပြည့်ပြည့်နဲ့ ချောလည်းချောတယ်။ ပါးချိုင့်လေးနဲ့လေ။ အဲဒီမမကလည်း ကျွန်တော့်ကို အရမ်းခင်တာ ဒေါ်ကြီးရဲ့"

"ဗုဒ္ဓေါ - ဘုရား၊ ဘုရား"

သူ့အဖြေတိုင်းကို ဘုရား‚တနေသည့်ဒေါ်တင်မြကို သူကြောင်ကြည့်နေမိသလို သူ့အမေကလည်း သူနှင့် ဒေါ်တင်မြတို့၏ အမေး၊ အဖြေကို နားမလည်နိုင်ဟန်ဖြင့် သူ့ကိုတစ်လှည့်၊ ဒေါ်တင်မြကိုတစ်လှည့် မျက်လုံးလေးတလယ်ကလယ်ဖြင့်ကြည့်နေရှာသည်၊



"လာ. . . လာပါဦး မခင်သန်းရယ်၊ ငါဖြင့် ရင်ထိတ်လိုက်တာ။ ညည်းသားကို သေချာမေးကြည့်ပါဦး။ အဲ
ကလေးမလေးနဲ့ ညည်းသားဘယ်
တွေ့၊ ဘယ်လိုခင်တယ်ဆိုတာ"

ဒေါ်တင်မြက အထိတ်တလ
ဟန်ဖြင့် သူ့အမေကိုလှမ်းပြောရင်း သ
တို့အိမ်ရှေ့တန်းလျားလေးပေါ် ဆတ်ခ
ဝင်ထိုင်လိုက်သည်။ ဒေါ်တင်မြစကား
ကြောင့် အမေက သူ့ကိုမေးလာသဖြ
မမနန်းသူဇာနှင့် သူတွေ့ကြုံရင်းနှီးခ
မင်ခဲ့ရပုံများကို ပြန်လည်ပြောပြလို
ရတော့သည်။

"ဘုရား ဘုရား ကံကြီးပေလို့ ငါ
သားရယ်၊ တော်သေးတာပေါ့။ မင်း
ဝိညာဉ်တွေဘာတွေမနှုတ်သွားလို့"

"ဗျာ - ဘာဖြစ်လို့ မမက ကျွ
တော့်ကို ဝိညာဉ်နှုတ်ရမှာလဲ။ မမ
သရဲမှမဟုတ်တာ၊ လူပဲဟာကို"

မမနှင့်သူ့အကြောင်းပြောပြအပြီး
ဒေါ်တင်မြ၏ မှတ်ချက်ကြောင့် သူန
မလည်စွာ ဒေါ်တင်မြကို ပြန်ပြောလို
မိသည်။

"မင်းက အဲဒီမင်းမမကို လူ
ထင်နေလို့လား ငါ့သားရဲ့။ မင်းပြော
အတိုင်း မင်းမမက သရဲ မကောင်းဆ
ဝါးမကွယ့်။ မခင်သန်းတို့တလည်း
ဘုမသိဘမသိနဲ့ ကလေးကို အချိ
မတော် တစ်ယောက်တည်းခိုင်းရတ
လို့ကွယ်"

ဒေါ်တင်မြစကားကြောင့် သူ
အံ့အားသင့်သွားရသလို အမေလည်း
မျက်လုံးပြူးသွားရသည်။

"အေး - အဲဒီအိမ်လေးမှာ အ
က ကိုတင်ထွန်းတို့လင်မယားနေသွား
တယ်။ သူတို့မှာသမီးတစ်ယောက်၊ သ
တစ်ယောက်ရှိတယ်။ ကိုတင်ထွန်းက
ကားမောင်းတာပေါ့။ သမီးအကြီး
နန်းသူဇာက (၁၀) တန်းကျောင်းသ
သားအငယ်ကောင်က (၇)တန်းကျော
သားပေါ့။ နန်းသူဇာလေးက လိမ်လည်း
အရမ်းလိမ္မာတယ်။ လူငယ်ပေမ
ဘုရား၊ တရားလည်း အရမ်းကိုင်းရှိုင်း
တယ်။ သူ့မောင်လေးကိုလည်း အရ
ချစ်တာပေါ့။

အေး - ပြောရင်းနဲ့မှ ငါတစ်
သတိရလာတယ်။ နန်းသူဇာရဲ့ မော
လေးက ညည်းသားနဲ့ ရုပ်ချင်းအ
တူတာ။ ညည်းသားလိုပဲ ဖြူဖြူ
လေးကွယ့်။ အင်း - နန်းသူဇာ



www.burmeseclassic.com

www.burmeseclassic.com

(၁၀) တန်းအောင်တဲ့နှစ်မှာပဲပေါ့ကွယ်။ သူ့အင်မတန်ချစ်တဲ့ သူ့မောင်လေးက ဦးနှောက်အမြှေးရောင်ရောဂါနဲ့ ရုတ်တရက်ဆုံးသွားရှာတယ်လေ။ မိဘနှစ်ပါးရော နန်းသူဇာလေးပါ ရင်ကွဲမတတ် ခံစားခဲ့ရတာပေါ့လေ"

ဒေါ်တင်မြစကားကို နားထောင်နေရင်း သူ မမကို သနားမိသလိုခံစားနေရသည်။

"မိဘတွေက လူကြီးတွေမို့ တရားနဲ့ဖြေနိုင်ပေမယ့် ငယ်ရွယ်တဲ့ နန်းသူဇာလေးကတော့ သူသိပ်ချစ်တဲ့ သူ့မောင်လေးကို မေ့မရနိုင်ဘဲ အမြဲတမ်းတငိုငိုနဲ့ရှိနေပေါ့လေ။ နဂိုကတည်းက နှလုံးရောဂါအခံရှိတဲ့ နန်းသူဇာလေးဟာ စိတ်ဆင်းရဲသောကကြောင့် အအိပ်ပျက်၊ အစားပျက်ဖြစ်လာရာက အိပ်ရာထဲလဲပြီး နုံးလဲသွားရတယ်။ နောက်ဆုံး သူ့မောင်လေးစိတ်နဲ့ပဲ သူပါ ဆုံးသွားရှာတယ်လေ"

"ဟင်"

သူ့အံ့ဩမှင်တက်သွားမိသလို သူ့အမေမျက်လုံးပြူးသွားသည်။ ဒါ. . . ဒါဆို သူနှင့်ရင်းနှီးခဲ့သည့် မမနန်းသူဇာသည် လူသားစင်စစ်မဟုတ်။ တမလွန်ဘဝမှ လူယောင်ဆောင်လာသူ ဝိညာဉ်လေးတစ်ဦးဖြစ်နေမှန်း သူယခုမှသိလိုက်ရသည်။ သူ့ရင်ထဲ လက်မခံချင်၊ လက်မခံရဲ။ မမကို သူနှင့် အမြဲတွေ့ဆုံခွင့်ရနေနိုင်သည့် လူသားစင်စစ်တစ်ဦး ဖြစ်စေချင်သည်။

"ဒါဆို သားတွေ့ခဲ့တဲ့ နန်းသူဇာက မကောင်းဆိုးဝါးပေါ့ ဟုတ်လား ဒေါ်တင်မြ"

"အင်း - မကောင်းဆိုးဝါးလို့တော့ မပြောချင်ပါဘူး မခင်သန်းရယ်။ မကောင်းဆိုးဝါးဆိုတာမျိုးက လူ့ဘဝမှာ ကောင်းမှုမှုမရှိခဲ့တော့ တမလွန်ဘဝမှာ ရုပ်လက္ခဏာကလည်း ကြောက်စရာကောင်း၊ အဆင်းသဏ္ဌာန်ကလည်း စုတ်ပြတ်နုံချာနေတယ်လို့ဆိုတယ် မဟုတ်လား။ နန်းသူဇာလေးကတော့ လူ့ဘဝရှိစဉ်တတည်းက ကောင်းမှုကုသိုလ်နဲ့နေခဲ့တဲ့သူ။ အခုရောက်နေတဲ့ဘဝမှာလည်း လူ့ဘဝတုန်းကလိုပဲ လှလှပပအသွင်သဏ္ဌာန်နဲ့ မြင်နေကြရတာဆိုတော့ အစွဲအလမ်းကြောင့်သာ မကျွတ်သေးသေးမယ့် နိမ့်ကျတဲ့ဘုံဘဝကိုတော့ရောက်ဆေတန်မရှိပါဘူးအေ"

"ဒါနဲ့ နန်းသူဇာလေးက ကျွန်မသားကိုမှ ဘာလို့ရွေးခင်နေရတာလဲ ဟင်"

"ဒါကတော့ ငါစောစောကပြောခဲ့သလို သားလေးက သူ့မောင်လေးနဲ့ အရမ်းတူတာရယ်၊ နန်းသူဇာလေးကလည်း ဧကရာဇ်ပန်းကိုအရမ်းကြိုက်တာလေ။ အခုလို . ဧကရာဇ်ပန်းပွင့်ချိန်ဆို သူရှိတုန်းက သူ့မောင်လေးနဲ့အတူကောက်ပြီး ဘုရားလှူနေကြလေ။ အခုလို မကျွတ်မလွတ်ဖြစ်နေချိန်မှာလည်း ဒီဧကရာဇ်ပန်းကိုစိတ်စွဲပြီးအလာမှာ သူ့မောင်လေးနဲ့တူတဲ့ ဒီသားလေးကို တွေ့သွားတော့ ခင်သွားရှာတာနဲ့ တူပါတယ်"

"ဒါနဲ့ သူ့မိဘတွေကကော သူ့အတွက် ရည်စူးပြီး ကောင်းမှုလေးဘာလေး မလုပ်ဘူးလား"

"သေပြီးတော့ ဆွမ်းသွတ်တာတွေဘာတွေတော့လုပ်ပေးတာပေါ့လေ။ သူကိုယ်တိုင်က အစွဲကြီးလွန်းတော့ အမျှမရတာလား၊ သာဓုမခေါ်တာလားမှ မသိတာ"

"နောက်ထပ်ကော ထပ်လုပ်မပေးဘူးလား"

· "သူ့အတွက် ဆွမ်းသွတ်ပြီးတော့ သားသမီးနှစ်ယောက်စလုံးဆုံးသွားတဲ့ ဒီအိမ်မှာ ဆက်မနေချင်တော့ဘူးဆိုပြီး သူတို့အမျိုးတွေရှိတဲ့ တခြားနယ်ကို ပြောင်းသွားကြတယ်လေ။ ပြောင်းသွားတဲ့နေ့ကဆို သူ့မိဘနှစ်ပါးစလုံး ခြံဝကနေ သားသမီးနှစ်ယောက်ကို တ,တပြီး နှုတ်ဆက်ရင်းငိုနေကြတာ စိတ်မချမ်းမြေ့စရာပါအေ"

ပြောရင်း ဒေါ်တင်မြကိုယ်တိုင် မျက်ရည်ကျရှာသလို အမေ့မျက်ဝန်းတွင်လည်း မျက်ရည်စများရစ်သိုင်းလာသည်ကို သူမြင်ရသည်။ သူကိုယ်တိုင်လည်း မမနှင့် သူ ထပ်တွေ့ခွင့်မရနိုင်တော့မှန်း စိတ်ထဲကအလိုလိုသိလာရင်း မျက်ဝန်းထဲမှ မျက်ရည်တစ်စ ပါးပြင်ပေါ်သို့ လွင့်စဉ်ကျခဲ့ရသည်။

ညကျတော့ သူအိပ်မက်မက်သည်။ အိပ်မက်ထဲတွင် မမက သူ့အိမ်ရှေ့တွင်ရပ်ရင်း -

မမနဲ့ မောင်လေးခင်နေကြတာ ဘယ်သူမှမသိပါစေနဲ့လို့ အတန်တန်မှာထားရက်နဲ့ မောင်လေးရယ်။ မောင်လေးက မမစကားမှ နားမထောင်ဘဲ။ အခုတော့ မမနဲ့ မောင်လေးတကယ်ဝေးကြရပြီပေါ့။ မနက်ခင်းက မောင်လေးလာတာ မမသိပါတယ်။ ညနေကလည်း မောင်လေးတို့မမအကြောင်းပြောနေကြတော့ မမအနားမှာရှိပါတယ်။ တစ်ယောက်နဲ့တစ်ယောက် ဘဝခြားနေလို့သာ မမကို မောင်လေးတို့ မမြင်နိုင်တာပါ။ ဒီနေ့ကစပြီး မမနဲ့ မောင်လေးတို့ တွေ့ခွင့်ရတော့မှာ မဟုတ်တော့ပါဘူး။ ဒါကြောင့် မမ မောင်လေးကို လာနှုတ်ဆက်တာပါ။ မမကို ဘယ်တော့မှ မမေ့ရဘူးနော်။ မမလည်း ဘယ်ဘဝရောက်ရောက် မောင်လေးကို မမေ့ပါဘူးလို့ ကတိပေးပါတယ်။ မမကိုချစ်ရင် စာကြိုးစားနော် မောင်လေး။ ကံမကုန်သေးရင်တော့ မောင်လေးနဲ့ မမ ပြန်ဆုံကြဦးမှာပါ။ တာ့တာပါ မောင်လေးရယ်'

မမ သူ့ကို အပြုံးတစ်ဝက်၊ အငိုတစ်ဝက်ဖြင့် နှုတ်ဆက်ရင်း ကျောခိုင်းထွက်ခွာသွားပါတော့သည်။ အိပ်မက်က လန့်နိုးတော့ သူလည်း အားပါးတရကျိတ်ငိုနေမိတော့သည်။

ထိုနေ့မနက်မှစ၍ အမေက သူ့ကိုပန်းကောက်မလွှတ်တော့။ ဆရာတစ်ယောက်လုပ်ပေးသည်ဆိုသော လက်ဖွဲ့ကြိုးလေးကိုလည်း သူ့လည်ပင်းတွင် ဆွဲပေးထားသည်။ ထိုလက်ဖွဲ့ဆွဲပြီးသည့်နောက်ပိုင်း မမကို သူ့အိပ်မက်ထဲတွင် မတွေ့ရတော့။

သူတို့ပြောင်းလာစကပင် သူ့အဖေက ယာယီတွဲဖက်တာဝန်နှင့်မို့ သူတို့ကြာကြာမနေကြရ။ မကြာမီပင် ယခင်တာဝန်ထမ်းဆောင်ရာမြို့သို့ ပြန်လည်ရွှေ့ကြရသည်။ ထိုအချိန်မှစ၍ သူနှင့် မမတို့ အပြီးဝေးခဲ့ရတော့သည်။

❐

ယခုဆိုလျှင် မမနှင့် သူ ဝေးခဲ့ရသည်မှာ နှစ်ပေါင်းမနည်းတော့။ သို့သော် သူ့ရင်ထဲ ယခုအချိန်ထိ မမရှိနေသည်။ မမကို သူမမေ့နိုင်။ မမစကားကို နားထောင်ပြီး ကြိုးစားသဖြင့် ယခုဆိုသူပညာတတ်အရာရှိကြီးတစ်ယောက်ဖြစ်နေပေပြီ။

ဖြစ်နိုင်လျှင် မမနှင့် ခဏလောက်ပြန်တွေ့ပြီး သူ့ဘဝကိုပြလိုက်ချင်သည်။ မမပြောလာမည့် အံ့ဩဝမ်းသာစကားလေးတွေကို ကြားလိုက်ချင်သည်။ မမနှင့်အတူ ဧကရာဇ်ပင်ကြီးအောက် ပြန်သွားပြီး ပန်းတွေခဏလောက်ပြန်ကောက်ချင်သည်။

ယခုတော့ ဧကရာဇ်ပန်းပွင့်လေးတွေမြင်တိုင်း အတိတ်က ဝေဒနာလှိုင်းတွေ နိုးထ တိတ်တိတ်ကလေး မျက်ရည်ကျနေသူကတော့ သူရယ်ပင်။

ဝင်းထွန်းအောင် (စစ်/ဆေး)

မြသီတာကုန်းသေလာညို့၊ စုံစွာမို့ ပတ်ခွေ၊ ရွှေပုံမြို့ရပ်မြေမှာ၊ ပပွအွေ တောင်ထွတ်၊ ဦးမှီရင်းအကွက်လည် အောင်၊ ထွက်တော့မယ်ဒီဝတ်၊ ပါရမီ တမွတ်နဲ့ အလွှတ်ကို ရှောင်ဖယ်၊ မြတ်သီလဇာချိုင်ယ်၊ ပြုကြသွယ် သွယ်၊ ဂူတွင်းရှိမြတ်စိန္တေကို ဖူးကြ ထွေထွေ။

**မြွေတောင်လိုဏ်ဂူတော်စာချိုး**

မြန်မာနှစ် ၁၂၈၀ ပြည့်ခုနှစ်၊

# မင်းနန္ဒရှိန်

## ရသေ့ကြီးဦးရွှေသွဲ့နှင့် ထူးဆန်းသောမြွေတောင်လိုဏ်ဂူ

တပေါင်းနွေ၏ အပူရှိန်အောက်တွင် ကင်းပုံရွာသား ပိုက်သူကြီး ဦးရွှေဖြူသည် သူ၏ ငါးဖမ်းပိုက်လှေထားသော ပိုက်တန်းလိုဏ်ဂူအနီးသို့လာရာ ဂူအနီးမှ ဒုတ်. . . ဒုတ်. . . ဒုတ်. . . ဟူသော အသံတစ်ခုကို ကြားလိုက်ရ၏။

ထိုအချိန်ခါကလည်း ဂွမြို့နယ် အပိုင် ကမ်းသာယာနယ်မြေရှိ ကင်းပုံရွာ ပိုက်တန်းဂူသည် တောချုံများထူထပ်၍ သားရဲတိရစ္ဆာန်များ ထူထပ်သဖြင့် များစွာ သတိကြီးစွာထားလျက် လုပ်ကိုင် သွားလာကြရသည်။

ကင်းပုံရွာနှင့် (၅) မိုင်ခန့်ဝေးသော ဆတ်သွားသွားရွာသွားသည့်လမ်းလေး ရှိသော်လည်း လူသွားလူလာကပြတ်လှ သည်။ ပိုက်သူကြီးဦးရွှေဖြူသည် ပိုက် တန်းဂူတည့်တည့်မှ ထူးခြားစွာကြားရ သည့်အသံကြောင့် သစ်ပင်တစ်ပင်ကွယ် လျက် အသံထွက်ပေါ်ရာသို့ကြည့်လိုက် ၏။

“ဟာ-ထူးခြားလှချေလား၊ ရသေ့ တစ်ပါး ချုံခုတ်နေတယ်။ သူကြီးကိုတော့ အသိပေးထားဦးမှ။ ရသေ့က ချုံရှင်း





www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

ယ်ဆိုတာ မသင့်တော်ပါဘူး"

ပိုက်သူကြီး ဦးရွှေဖြူသည် သူ၏ ိုက်နှင့် လှေကိုကြည့်ပြီး ရွာကိုပြန်လာ ရာ တွင်းစပ်တံတားနားတွင် နွားများစား ထုတ်လံနေသော မောင်စိန်ဂဲကို တွေ့ ရသည်။

"ဟေ့ - စိန်ဂဲ၊ ဂူဝမှာ ရသေ့တစ် ပါးချုခုတ်နေတယ်ကွ"

"ဟုတ်လား ကိုကြီးရွှေဖြူ။ တစ်ပါး ည်းဆိုရင် ကျုပ်တို့သွားကူရအောင်"

"အေး - ငါလည်း ရွာပြန်လူပြန် ပါမလို့ မင်းပါရင် အဆင်ပြေတာပေါ့"

သို့ဖြင့် ဦးရွှေဖြူတို့နှစ်ယောက် ိုက်တန်းဂူသို့ ရောက်သောအခါတွင် ရသေ့ကြီးက ချုခုတ်နေတာကို ခေတ္တ ရပ်လိုက်ပါသည်။

"တဲ - လာကြ၊ လာကြ ဒကာတို့။ ဒကာတို့ရွာမှာ သူကြီးရှိလား။ ရှိရင် တွေ့ချင်တယ်၊ လိုက်ပို့ပေးပါလား"

"ရှိပါတယ်ဘုရား၊ သူကြီး ဦးဖိုး ခက်ပါ။ သွားချင်ရင် တပည့်တော်တို့ လိုက်ပေးပါ့မယ်"

"အိမ်း၊ အိမ်း - ဒါဆိုရင် ဒီပစ္စည်း လေးတွေ ခဏထားခဲ့ပြီး သွားကြတာ ပေါ့ကွယ်"

ရသေ့၏ အသုံးအဆောင်ဆို၍ ဦးရွှေဖြူကြည့်လိုက်ရာ ကိုယ်ရုံသင်္ကန်း နှင့် ကာထားသော ယာယီကျောင်း သင်္ခမ်းတဲငယ်၊ သင်းပိုင်သင်္ကန်းနှင့်ထုပ် ထားသည့်အထုပ်တစ်ခု၊ သပိတ်တစ် လုံး၊ ချုခုတ်၊ မားရှည်နှင့်မားမ၊ တူးရွင်း တို့ကိုသာ တွေ့ရပါသည်။ ချုရွင်းထား သည်ကိုကြည့်၍ ရသေ့ရောက်နေသည် မှာ (၃) ရက်ခန့်လောက်ရှိမည်ထင်ရ၏။ ဆွမ်းချက်၊ဆွမ်းခံတာမတွေ့ရချေ။ သက် တော်(၆၀)ခန့်ထင်ရပြီး ကျန်းမာဖျတ် လတ်ပြီး အသားအရေ စိုပြည်ဝင်းဝါနေ သည်။

မကြာမီ ကင်းပုံရွာသူကြီး ဦးဖိုး ခက်နှင့် ဒေါ်ကြာအိမ်တို့သို့ ရောက်လာ ကြတာ ဦးရွှေဖြူကပင် ဦးဆောင်၍ -

"သူကြီး၊ ဒီကဘုရသေ့က ပိုက် တန်းဂူမှာ သီတင်းသုံးမလို့ သူကြီးကို တွေ့ချင်တယ်ဆိုလို့ လိုက်ပို့တာ"

"ကြွပါ၊ ကြွပါ ဘုရသေ့"

ကင်းပုံရွာသူကြီး ဦးဖိုးခက်တို့ဇနီး မောင်နှံက ရသေ့ကြီးကို နေရာထိုင်ခင်း ပေးပြီး ဧည့်ဝတ်ပြုပါသည်။

"ဒကာသူကြီး၊ ဒီရွာမှာ ဂူတစ်ဂူရှိ တယ်လို့ သိရတယ်။ ဂူကိုရှင်းပြီး ဘုရား တည် သာသနာပြုဖို့ ဘုရသေ့ရဲ့ ဆရာ သခင်များက မိန့်ကြားလို့ ဂူကို ရှင်းတာ ပါ။ သူကြီးရဲ့နယ်မြေဖြစ်သည့်အတွက် လည်း သူကြီးကို အသိပေးရတာပါ။ ရောက်နေတာ (၃) ရက်ရှိပါပြီ။ ကျုပ်ရဲ့ ဘွဲ့တော်က ရသေ့ကြီး ဦးရွှေဆွဲပါ ဒကာ သူကြီး"

"ဘုရသေ့ ပိုက်တန်းဂူမှာ တရား အားထုတ်ပြီး ဘုရားတည်မှာဖြစ်တဲ့ အတွက် စိတ်တိုင်းကျ ပြုပြင်နိုင်ပါတယ်။ လိုအပ်တာရှိရင်လည်းပြောပါ။ တပည့် တော်ဘက်ကလည်း ဘုရသေ့တို့လို သာသနာပြုပုဂ္ဂိုလ်မျိုးတွေကို လူအား၊ စိတ်အား၊ ဆွမ်း၊ ကွမ်းကအစ တာဝန်ယူ ဖို့ ဝန်မလေးပါဘူး။ ဘုရသေ့ အခုလော လောလတ်လတ်အကူအညီလိုရင်ပြော ပါ"

"လောလောဆယ်တော့ လူတစ် ယောက်ပဲ အကူအညီလိုတယ်။ အဲဒီ အတွက်လည်း လုပ်အားခ တစ်နေ့ ငွေ (၁) ကျပ်ပေးမယ်"

သူကြီးက မောင်စိန်ဂဲဘက်လှည့် ကြည့်လိုက်၏။

"ဟေ့-စိန်ဂဲ၊ မင်းလုပ်နိုင်မလား"

"လုပ်နိုင်ပါတယ် သူကြီး၊ ကျုပ်မှာ တခြားအလုပ်မှမရှိတာဘဲ"

"ဒါဆိုရင် ဒကာလေး မနက် (၆) နာရီကစပြီး ဂူကိုလာခဲ့"

"မှန်ပါ့ဘုရား"

"တဲ - ကိစ္စကပြေလည်သွားပြီဆို တော့ ဘုရသေ့ ဒီမနက် တပည့်တော် တို့အိမ်မှာပဲ ဆွမ်းဘုဉ်းပေးပါဘုရား"





www.burmeseclassic.com

www.burmeseclassic.com

"သာဓု၊ သာဓု၊ သာဓု ဒကာသူကြီး"

သို့ဖြင့် ရသေ့ကြီး ဦးရွှေဆွဲ ရောက်လာပြီး ပိုက်တန်းဂူကို ရှင်းလင်းသာသနာပြုနေသည့်သတင်းသည် အနီးအနားမှ ရွာများဖြစ်သည့် သံခဲချိုင်၊ ဇီးကုန်း၊ ဆတ်သွား၊ ရေသူမအိုင်ရွာများသို့ တစ်စတစ်စပျံ့နှံ့သွားပြီးနောက် ထွက်ပေါ်လာသည့်သတင်းတစ်ပုဒ်မှာ ကင်းပုံရွာတွင် ပြောဆိုနေကြ၏။

ဒီဂူက ထူးဆန်းတဲ့ဂူ ဖြစ်သည်။ ရသေ့ကြီး ဂူထဲမှာ ဘုရားတည်တော့မယ်လည်းဆိုရော အလွန်ထူးဆန်းတဲ့ မြွေကြီး တစ်ကောင်သည် ဘဲအင်းကြီးကျွန်းမှာက ဦးခေါင်းထားပြီး အမြီးဖျားက ဒီဂူထဲမှာပဲရှိသေးသည်။ ထိုအဖြစ်အပျက်ကို လှေနှင့်ငါးဖမ်းထွက်ကြတဲ့ ကင်းပုံ၊ သံခဲချိုင်၊ ဇီးကုန်းရွာမှ တံငါတွေက တွေ့ရှိပြီး ငါးမဖမ်းဘဲ ပြန်ပြေးလာခဲ့ကြ၏။ တံငါသည်များပြောစကားအရ ရွာသူရွာသားတွေသွားကြည့်ကြတဲ့အခါ မြွေကြီးကိုတွေ့ရပြီး ရွာနီးချုပ်စပ်ကလည်း လာကြည့်ကြ၏။ လူကြီးများက ဘုရားတည်ဖို့ မြွေကြီးက အတိတ်နိမိတ်ပေးတာမို့လို့ ဒီဂူကို ခုချိန်ကစပြီး မြွေတောင်ဂူဟု သမုတ်လိုက်ကြသည်။

မြွေတောင်လိုဏ်ဂူအကြောင်းနှင့်ပတ်သက်၍ ထူးခြားချက်များမှာ ထိုစဉ်က အသက် (၁၀) နှစ်အရွယ် ယခုအသက် (၈၉) နှစ် ရွှေမီနောက်မီ ဘိုးလေးဦးညီပု၏ အတွေ့အကြုံများမှာ စိတ်ဝင်စားစရာကောင်းလှသည်။

ဘိုးလေးဦးညီပုမှာ ကင်းပုံရွာသူကြီးဦးဖိုးခက်၏သားလည်းဖြစ်၏။

"အဖေက သူကြီးဆိုတော့ စိတ်သဘောထားဖြူစင်တယ်။ ဗဟုသုတစာတိုပေစတွေကိုလည်း ဖတ်တယ်၊ ရွတ်တယ်။ အဲဒီတုန်းက အဖေရွတ်တဲ့ ကဗျာတစ်ပိုင်းတစ်စရှိပါသေးတယ်။

*စစ်ရေးကတစ်တန်၊ သက်အန္တရာယ် သတ္တဝါတွေကြုံမှာစိုးတာကြောင့် မြတ်ဒါနမ္ဘမဝေရခင် ရှင်ရသေ့မှာ မြန်းကြွရတယ်၊ ကျန်းခံ့သာမာစေကြောင်း ကိုကွယ် လွမ်းဆုခြွေတောင်း - တဲ့"*

❐

ရသေ့ကြီးဦးရွှေဆွဲ သူပြန်တော့မယ့်တစ်နေ့တွင် ကင်းပုံသူကြီး ဦးဖိုးခက်နှင့်ဘုရားတည်စဉ်က အတူတကွ ကူညီလုပ်ကိုင်ပေးတဲ့ တပည့်လေး မောင်စိန်ဂဲကို မြွေတောင်လိုဏ်ဂူတော်ထဲ တိတ်တ



ဆိတ် ခေါ်သွားလေသည်။ ဂူထဲလည်းရောက်ရော ခါတိုင်းနှင့်မတူ တိတ်ဆိတ်နေတာကို သူကြီးက သတိထားမိပြီး တစ်ခုခုတော့ ထူးခြားနေပြီ။ ရှင်ရသေ့ဘာအမှာထူးမလဲလို့ တွေးနေမိသည်။

"ဒကာသူကြီးနဲ့ မောင်စိန်ဂဲ ဘုရားကို ကျုပ်နဲ့အတူ ဝတ်ပြုကြပါ"

သူကြီးနှင့် မောင်စိန်ဂဲသည် ရသေ့ကြီးပြောသလို ဘုရားဝတ်ပြုနေကြစဉ် ရသေ့ကြီးက တရားမှတ်နေလေ၏။ ထို့နောက် ဂါထာမန္တန်တစ်ပုဒ်ကို ရွတ်ဖတ်နေပါသည်။ မကြာမီ ရသေ့ကြီး ဦးရွှေဆွဲက -

"ဒကာသူကြီးနဲ့ မောင်စိန်ဂဲ ကျုပ်မြွေတောင်လိုဏ်ဂူကို ပြုပြင်စရာ၊ လုပ်စရာတွေမပြီးခင် ဒကာတို့ကိုပဲ ခေတ္တအပ်ထားခဲ့ရမယ်။ သတ္တဝါတွေကယ်တင်ဖို့ အထက်အမိန့်အတိုင်း စီမံဆောင်ရွက်ရဦးမယ်။ ကျုပ်သွားပြီးရင်ပြန်လာမှာပါ။ တိုင်းပြည်ရဲ့ နိုင်ငံရေး၊ စစ်ရေးအခြေအနေကလည်း မီးတောက်မီးလျှံတွေလို တစ်စတစ်စတောက်လောင် ကြီးထွားလာတော့မယ်။ ဒါကြောင့်လည်း အထက်ပုဂ္ဂိုလ်တွေ အစီအမံတိုင်းသွားရဆောင်ရွက်ရမယ်။ သတ္တဝါတွေကယ်တင်ရမယ်။ ဘုရား၊ တရားကိုတော့ဖြင့် အထူးမမေ့ကြပါနဲ့လို့ မှာခဲ့ချင်တယ် သူကြီး။

တပည့်မောင်စိန်ဂဲက ဆင်းရဲတဲ့အတွက် အဆောင်အဖြစ် ဒီငွေဒင်္ဂါးပြားတစ်ပြားကိုပေးခဲ့မယ်။ ဉာဏ်ရှိသလိုသုံးပေတော့။ ဒကာကြီးသူကြီးဦးဖိုးခက်မှာက တိုင်းပြည်နိုင်ငံရေးတာဝန်ကိုထမ်းဆောင်နေရသူဖြစ်တဲ့အတွက် အသက်အန္တရာယ်ဆိုတာ အချိန်မရွေးတွေ့လာနိုင်သလို စိန်ခေါ်မှုအခက်အခဲတွေနဲ့လည်း တွေ့နိုင်တယ်။ ဒါကြောင့် အန္တရာယ်ကင်းအဆောင်ဖြစ်တဲ့ ဒီဓာတ်လုံးကို အဆောင်အဖြစ်ပေးခဲ့မယ်"

ဆိုပြီး မောင်စိန်ဂဲကို ငွေဒင်္ဂါးတစ်ပြားနှင့် ကင်းပုံရွာသူကြီး ဦးဖိုးခက်ကို ဓာတ်လုံးပေးခဲ့၏။ မေတ္တာလည်းပို့ပေး၏။

ကင်းပုံရွာသူကြီးနှင့်တပည့်မော[င်] စိန်ဂဲတို့က ရသေ့ကြီး ကျန်းမာချမ်းသ[ာ] ပါစေလို့ ဆုတောင်းပြီး ဦးချကန်တေ[ော့] လိုက်၏။

"ကဲ-ဒကာသူကြီး၊ အင်္ဂလိပ်စ[စ်] သားတွေမလာခင် ပြန်ကြတော့"

လို့ အမိန့်ရှိတာနှင့် ဆရာတပည့် နှစ်ယောက်သား မသွားချင်သွားချင်န[ှ] ဖြည်းဖြည်းချင်း ဂူထဲကထွက်လာခဲ့ကြ တာ။ ဂူဝလည်းရောက်ရော နှစ်ဦးသ[ား] မတိုင်ပင်ဘဲနဲ့ အနောက်ကိုလှည့်ကြည့် လိုက်တဲ့အခါ ရသေ့ကြီးကို မတွေ့[ရ] တော့။ ရသေ့ကြီးပျောက်သွားတ[ာ] အခုထိမတွေ့ရတော့ပေ။

အဲဒါဟာ ကင်းပုံသူကြီး ကြုံတွေ့ခဲ့ရတဲ့ရသေ့ကြီးအကြောင်းပဲ။

**ရသေ့ကြီး၏ထူးခြားဆန်းကြယ်မှုများ**

ရသေ့ကြီးမှာ အသက်တော်အ[ား] ဖြင့် (၆၀) ကျော်သော်လည်း သန်မ[ာ] ဖျတ်လတ်၍ နုပျိုသောဂုဏ်ကို ဆော[င်] နေ၍ သက်တော်ဝါတော်ကြီးသူ[ဟု] မထင်ရခြင်းပင် ဖြစ်သည်။ တောထဲမ[ှ] သစ်မြစ်၊ သစ်ဥ၊ သစ်ဖုများကိုထုထော[င်း] ကျိုချက်ပြီး ကျောက်ရောဂါ၊ ကုဋ္ဌနူ[နာ] ရောဂါ၊ ကာလသားရောဂါ၊ ငှက်ဖျ[ား] ရောဂါများကို တိုက်ကျွေး၍ ကုသို[လ်] ဖြစ် ကုသပေးသည်။

ဆွမ်းမစားဘဲ အဓိဋ္ဌာန်ဖြင့်နေန[ိုင်] သည်။ ဆွမ်းဘုဉ်းပေးလျှင် သပိတ်ဖြ[င့်] သာ ဆွမ်းဘုဉ်းပေးလေ့ရှိသည်။ အဖိုး[အ] ခမယူ။ ဝေဒနာရှင်များကို ပျောက်က[င်း] အောင် ကုသပေးနိုင်စွမ်းရှိသည်။

ဆွမ်းဘုဉ်းပေးပြီး ဆွမ်းကျန်မျ[ား] ကိုရေဖြင့် စင်ကြယ်အောင်ကျင်းပြီးလှ[ေ] ဂူရှေ့ရှိ မေခလာကျောက်ပုံပေါ် မ[ှ] တတ်ရပ်လျက် သတ္တဝါများကို မေတ္တ[ာ] ပို့သသည်။ ပင်လယ်ဒီရေတက်နှင့်အ[တူ] ပါလာသော ငါး၊ လိပ်သတ္တဝါများ[ကို] ဆွမ်းကြွင်းဆွမ်းကျန်များအား စား[ရ] ရန် ပင်လယ်ထဲသို့ စွန့်ပစ်ပါသည်။

ထိုအခါ ငါးမျိုးစုံရေသတ္တဝါ[များ] အုပ်ဖွဲ့ကာ လိုဏ်ဂူဝထိ ပေါ်လာ[ကြ] ရသေ့ကြီး စွန့်ကြသော ဆွမ်းကျန်များ[ကို]



www.burmeseclassic.com

www.burmeseclassic.com

မှုထူးစွာစားသောက်ကြသည်ကို တွေ့ရ၏။

သို့သော် ထိုငါးအုပ်ကြီးများစားသောက်နေသည်ကိုမြင်သော တံငါပိုက်သူကြီး ဦးရွှေဖြူကြီးဆိုသူက ရသေ့ကြီးအလစ်တွင် အစာချ ပိုက်ခိုးဆွဲလေသည်။ ပိုက်အိုးနှင့်ငါးအုပ်စုကြီးမြင်ကြရသည့်အတွက် လောဘတက်ကာဆွဲကြသော်လည်း ပိုက်မှာကမ်းပေါ်သို့ရောက်သော် ငါးတစ်ကောင်မျှမတွေ့ရသည်ကို ထူးခြားစွာတွေ့ ရလေသည်။ တစ်ကြိမ်လည်းမက သုံးကြိမ်တိုင်တိုင် ထိုအဖြစ်ကိုကြုံရသော ပိုက်သူကြီး ကိုရွှေဖြူမှာနောင်တွင် ငါးအုပ်ကြီးကို တွေ့သော်ငြားလည်း မည်သူမျှပိုက်မဆွဲရဲကြတော့ပေ။

ထူးခြားသည်မှာ ရသေ့ကြီးကသပိတ်ထဲမှ ဆွမ်းကျန်များအား ရေထဲမှငါးများကို ချကျွေးစဉ် ပိုက်သမားများရောက်လာပြီး ပိုက်ဆွဲကြသည်ကိုသိ၍ရသေ့ကြီးမှ လက်ဖြင့်ကာပြလိုက်သဖြင့်နားလည်သည့်အလား ငါးအုပ်ကြီးမှာပြန်ထွက်သွားသည်ဟု ပိုက်သူကြီးကိုရွှေဖြူကြီးက ကြုံတွေ့ဖူး၏။

ရသေ့ကြီးမှာ မိုင်(၆၀)ကျော်ဝေးသောခရီးကို နေ့ချင်းပြန်သွားနိုင်၏။ တစ်ခါက သံတွဲသို့ ဦးဖိုးတုတ်နှင့် မောင်စိန်ဝဲတို့ရသေ့ကြီးနှင့်အတူလိုက်ပါသွားရာ ရသေ့ကြီးကို လုံးဝလိုက်မမီကြောင်း သိရသည်။

တစ်နေ့မှာ တပည့်ဖြစ်သူ မောင်ကံဘေးမှ စက်ဘီးစီးချင်၍ ပူဆာသဖြင့် မောင်ကံဘေးကို ရသေ့ကြီးက ကြိမ်များခုတ်ခိုင်းလိုက်၏။ မောင်ကံဘေးက ဘုမသိဘမသိကြိမ်များခုတ်ယူပြီး ဆရာရသေ့လက်တွင်းအပ်တော့ ကြိမ်နှင့်ပင်စက်ဘီးတစ်စီး ပြုလုပ်ပေးလိုက်၏။ ထိုကြိမ်စက်ဘီးကိုစီးလျက် မောင်ကံဘေးမှာ ရွာတကာတဝင့်ဝင့်ဖြစ်နေလေ၏။ ရသေ့ကြီးသည် ထူးတာတော့ အမှန်ပင် ဖြစ်သည်။

**ထူးခြားဆန်းပြားငွေမ,ဒင်္ဂါး**

ရသေ့ကြီး မောင်စိန်ဂဲအား ပေးထားခဲ့သည့် ငွေဒင်္ဂါးလေးနှင့်ပတ်သက်၍ အင်းပုံရွာမှ ကလေးတစ်သိုက် ငယ်စဉ်ကဆိုခဲ့ကြသည့် စာချိုးလေးတစ်ခုရှိပါသည်။ ထိုစာချိုးလေးမှာ -

"ငွေမ,လည်းပျောက်၊ နွားမဆုတ်၊ ယောက္ခမ စိန်ဂဲ၊ ဘစိန်ဂဲ"

ဟု ဖြစ်လေသည်။

ရှင်ရသေ့ပေးထားခဲ့သောငွေဒင်္ဂါးပြားကို ရရှိထားသည့် ဦးစိန်ဂဲမှာ လူသိမည်စိုးသည်။ ပျောက်သွားမည်ကိုလည်း စိုးရိမ်စိတ်နှင့် ဗျာများနေ၍ ဇနီး မပုတိုကိုတောင် အသိမပေးဝံ့ပေ။ ကြံရာမရဖြစ်ပြီး နောက်ဆုံး ဦးစိန်ဂဲက သူ့အိပ်သည့်ခေါင်းအုံးအောက်တွင်ထား၍အိပ်၏။ မနက်ရောက်သော် ငွေဒင်္ဂါးရှိ မရှိ ဇနီးအလစ်တွင် ခေါင်းအုံးလှန်ကြည့်လိုက်သည့်အခါ ငွေဒင်္ဂါးတစ်ပြားထပ်တိုးနေသည်ကို တွေ့ရ၏။

ထိုအခါ ဦးစိန်ဂဲသည် ငွေဒင်္ဂါးကိုယူလျက် ရင်ဘတ်နှင့်ကပ်လိုက်ပြီး ကလေးတစ်ယောက်လို ပျော်ရွှင်သွားပြီး ဆရာရှင်ရသေ့ ပေးထားခဲ့သည့် ငွေဒင်္ဂါးပြားသည် လက်စသတ်တော့ ငွေပွား၊ မစမည့်ဒင်္ဂါးငွေမ ဖြစ်နေတာကိုး။ သိရှိသွားပြီး ရှင်ရသေ့ကို လွမ်းစွာကြည်ညိုလေးစားစိတ်နှင့်အတူ ကျေးဇူးတင်မဆုံးဖြစ်ပြီး ခေါင်းအုံးအောက်တွင် ငွေဒင်္ဂါးကို ပြန်ထည့်ထားလိုက်လေသည်။

မောင်စိန်ဂဲသည် အိမ်ထောင်ရှင်တစ်ဦးဖြစ်သော်လည်း လူငယ်စိတ်လူပျိုစိတ်မကုန်သေး။ တစ်ခါတစ်ရံ အပေါင်းအသင်းကောင်းလျှင် အိမ်ပြန်မကပ်တတ်။ (၉)ရက်၊ (၁၀)ရက် စွေနေတတ်သည်။

စီးပွားရေး စေ့စေ့စပ်စပ်ရှိသော မပုတိုကြောင့် ချောင်ချောင်လည်လည်ဖြစ်လာသောအခါ မောင်စိန်ဂဲက အသုံးအဖြုန်းအနည်း ငယ်ကြမ်းလာသည့်အတွက် မပုတိုက အပြန်ကောင်းနေ၍သာ ထိန်းထားနိုင်ခြင်း၊ ဒီကြားထဲ မောင်စိန်ဂဲသည် အပေါင်းအသင်းများအဆွယ်ကောင်းမှုကြောင့် သူနှင့် ဇနီးဖြစ်သူ မပုတို၏မင်္ဂလာဦးလက်ဖွဲ့ နှစ်ဖက်မိဘများက ပျိုးထောင်ပေးထားသော နွားမတမ်းမလေးကိုရောင်း၍ အရောင်းအဝယ်လုပ်ဖို့ မြို့ကိုသွားမည်ဟုပြော၍ မင်္ဂလာဦးကနှစ်ဖက်မိဘလက်ဖွဲ့ထားသော နွားမတမ်းမလေးကိုရောင်းပြီး တစ်ရက်တွင် တောင်ကုတ်မြို့သို့ ထွက်သွားလေသည်။

သို့သော် မောင်စိန်ဂဲမှာ သူ့ဆရာရှင်ရသေ့ကြီးပေးထားခဲ့သည့် ငွေမဒင်္ဂါးကို ယူမသွား။ ဝှက်စရာနေရာမရှိအောင်ဖြစ်နေသည်။ ဇနီးသည်မပုတိုကိုလည်း မယုံရဲ။ နွားမလေးကိစ္စနှင့် ပတ်သက်၍ ကုန်ရောင်းကုန်ဝယ်သွားမည်ဟုသာ ဆို၍ မပုတိုက မလွှဲမရှောင်သာကြည့်နေရသည်။ ချစ်လင် လင်ထော်မောင် ဖြုန်းပေါင်းများနေ၍ ဒေါသမထွက်ချင်လို့သာ အပုတို မျိုချနေရသည်။ တစ်စက်ကလေးမှမကျေနပ်။

မောင်စိန်ဂဲကလည်း လင်နှင့်မယားဆိုတော့ အကြောင်းသိနေပြီလေ။ ဒါကြောင့် နောက်ဆုံး ကြံရာမရတဲ့အဆုံး ကျွန်းသော့တ္တာကြီးအောက်တွင် မပုတို့ မသိအောင်ဝှက်ထားပြီးနောက် -

"ပုတိုရေ့ ငါ ကျင်ကောက်တို့နဲ့ တောင်ကုတ်သွားပြီး အရောင်းအဝယ်လိုက်သွားဦးမယ်"

"ဘယ်လောက်ကြာမှာလဲ ကိုရင်စိန်ဂဲ"

"ကြာလှ တစ်ပတ်၊ နှစ်ပတ်ပေါ့ မိန်းမရယ်"

"တော် - ရှင့်ဟာကလည်း တစ်ရက်၊ နှစ်ရက်ဆိုတော်ရောပေါ့၊ အိမ်မှာကအလုပ်တွေက တစ်ပုံတစ်ပင်။ ဒီကြားထဲ ကြွေးတောင်းရင်လည်း ကျုပ်ပဲ။ တော်က အရပ်ထဲလျှောက်လည်နေတာ အိမ်ကိစ္စမှန်သမျှ ကျုပ်တာဝန်ချည်းပဲ"

"အေးပါ မိန်းမရယ်၊ ဒါကြောင့်လည်း မင်းကိုငါ စိတ်ချထားတာပေါ့"

"တော်ပါ - ပြောလိုက်ရင် ဒီလိုချည်းပဲ။ ငေါ်တော့တော့နဲ့ ဟွန်း"

မပုတိုကသာ ပြောနေပေမယ့် ကိုစိန်ဂဲက မရှိတော့။ သုတ်ခြေတင်လေပြီ။

ဒီလိုနှင့် မပုတိုမှာ ကိုစိန်ဂဲပြန်လာမယ့်ရက်ကို မျှော်နေခဲ့တာ ဒီနေ့ဆိုလျှင် (၁၄) ရက်တောင် ရှိပါပေါ့။ ထိုအချိန်၌ မြောက်ဘက်က လူတစ်ယောက် နွားမတမ်းမတစ်ကောင်ကို နှင်တံတို့၍မောင်းလာ၏။

မပုတိုက နွားမလေးကို မြင်တော့ အိမ်က နွားမလေးလားဆိုပြီး ကြည့်မိရာက ဘယ်လိုသံယောဇဉ်တွယ်မိသည်မသိ၊ အပိုင်ဝယ်ထားလိုစိတ်ပေါ်လာ၏။ သို့သော် သူမတွင် ခက်နေသည်က ဝယ်စရာ ငွေစတစ်ပြားတစ်ချပ်မျှ မရှိပေ။ အကုန်လုံးက လက်လွန်နေသည်။

အခက်ကြုံနေသည်။ အကြံအိုက်၍ နောက်ဆုံး ကိုရင်စိန်ဂဲက ပိုက်ဆံဆိုလျှင် မိန်းမမသိအောင် ဖိုဖွက်ဒီဖွက် တတ်လွန်း၏။ ဝှက်ထားတဲ့ငွေများရှိမလားဘဲ။ ခေါင်းအုံးအောက်၊ ဖျာအောက် တစ်အိမ်လုံးရှာစရာကုန်နေပြီ။ စိတ်ပျက်လက်ပျက်နဲ့ ဒေါသကလည်းထွက်။ ကြံရာမရတဲ့အဆုံး သူ့ရှေ့က ကျွန်းသော့တ္တာကြီးကိုပဲ မနိုင်တနိုင်ရွှေ့လိုက်တယ်ဆိုရင်ပဲ -

"ဟောတော် - ကိုရင်စိန်ဂဲမောင်မင်းကြီးသားက လက်စသတ်တော့ ငါ့ကိုမပေးချင်လို့ ပိုက်ဆံတွေကို ဖွက်ထား



www.burmeseclassic.com

www.burmeseclassic.com

တာကိုး။ သင်းတော့လား၊ ပြန်လာမှ စကားမပြောဘဲကို နေလိုက်ဦးမယ်'

ဒေါသထွက်သလို၊ ဆဲဘောကျ သလို တစ်ယောက်တည်းစကားပြောနေမိပါသည်။

ထို့နောက် ထိုခေတ်ငွေ (၁၅) ကျပ်နှင့် သူအလွန်လိုချင်နေသော နွား မတမ်းလေးအား ဝယ်ယူလိုက်လေသည်။

"တော်တော့်ကို ကောက်ကျစ်တဲ့ ယောကျ်ား။ အပေါင်းအသင်းနဲ့ ဖြုန်းဖို့တော့ အဖြုန်းမခံနိုင်ဘူးတော်။ သူ့အရင် ကျုပ်က သုံးပစ်လိုက်မယ်။ ကဲ-ဘယ်နှယ့်ရှိစ"

ထိုအချိန်တွင် ငွေဒင်္ဂါး (ငွေမ) အကြောင်း သိထားသော မောင်စိန်ဂဲမှာ ရက်တွေကိုလက်ချိုးရေတွက်ကာ အင်္ကျီ ကော်လံကို ဟန်ပါပါထောင်ပြီး ပီတိပြုံးနှင့် ပြုံးနေပါသည်။ ဒီနေတော့(၁၅)ရက် ပြည့်ပြီဆိုပြီးတော့ ငါ့ငွေဒင်္ဂါးလည်း ငွေ တွေပွားလို့ မ,ရနေပြီဆိုပြီး တောင်ကုတ်မြို့က ပြန်လာခဲ့လေတော့သည်။

မောင်စိန်ဂဲ ကင်းပုံရွာပြန်ရောက်တော့ အချိန်က (၅) နာရီထိုးပြီ။ အပေါ့အပါးသွားရန် အိမ်နောက်ဖေးသွားသောအခါ နွားတင်းကုပ်ထဲတွင် နွားမတမ်းမလေးကိုတွေ့တော့ ဘယ်က ဒီနွားမက ရောက်လာတာလဲလို့ စဉ်းစားနေ၏။

မပုတိုကလည်း အရက်ကလေး တမြမြနှင့်ပြန်လာသော မောင်စိန်ဂဲအား ဒေါသအရှိန်မပြေနိုင်သေးတာကြောင့် စကားမပြောဘဲ အိမ်နောက်ဖေးကို ဝင်သွား၏။

ထိုအခါ မောင်စိန်ဂဲ စိတ်ထဲထင့်ခနဲဖြစ်ကာ သံသယဝင်သွား၏။

သို့သော် သူစိတ်ထဲတွင် ငွေမဒင်္ဂါးကြီးမှ ဒင်္ဂါး (၁၅)ပြားတိုးလာမှာကို မြင်ယောင်မိပြန်တော့ စိတ်ကသံသယကို ဖြေဖျောက်နိုင်ခဲ့ပြီး အပျော်ဘက်သို့ ကူးပြောင်းသွားပြန်၏။

မပုတို နောက်ဖေးလည်းဝင်သွားရော ကိုစိန်ဂဲလည်း ငွေဒင်္ဂါးဝှက်ထားတဲ့ သေတ္တာကို မ,၍ကြည့်လိုက်တော့ မျှော်လင့်ထားသလို ငွေဒင်္ဂါး(၁၅)ပြားမပြောနှင့် သူ့ငွေဒင်္ဂါးငွေမကိုပင် မတွေ့ရတော့ချေ။

မောင်စိန်ဂဲ သောက်ထားသည့် အရက်မူးလည်းပျောက်၊ ဇောချွေးတွေ ပြန်လာပြီး တစ်အိမ်လုံး မွှေနှောက်ရှာသော်လည်း သူ၏ငွေဒင်္ဂါးကို မတွေ့သဖြင့် စိတ်တိုတိုနှင့် -

"ဟဲ့-မိပုတို နင်ဒီသေတ္တာအောက်မှာ ငွေဒင်္ဂါးပြားတစ်ပြားများသိမ်းထားသလား"

မောင်စိန်ဂဲမေးလိုက်တဲ့အခါ မပုတိုကလည်း ခံပြင်းဒေါသထွက်စွာနဲ့ပဲ ပြန်ပြောလိုက်ပုံက -

"ဟုတ်တယ်၊ ငွေဒင်္ဂါးတစ်ပြားတင်မကဘူး။ (၁၅) ပြားကြီးများတောင်တော်ရေ့။ ရှင်က ကျုပ်မသိအောင်ဝှက်ထားခဲ့တာမဟုတ်လား။ ရှင့်လိုယောကျ်ားမျိုး မကြားဘူးပေါင်တော်။ ကျုပ်မှာတော့ မသုံးရက်။ ရှင်ကတော့ အပေါင်းအသင်းနဲ့ သုံးလိုက်ဖြုန်းလိုက်ပေ့။ တော်မမြင်ဘူးလား၊ နွားတင်းကုပ်ထဲမှာချည်ထားတဲ့ နွားမလေးက အဲဒီငွေဒင်္ဂါး (၁၅) ပြားနဲ့ပေးပြီး ဝယ်ထားတယ်လေ"

မောင်စိန်ဂဲမှာ မပုတိုစကားကြောင့် မှောင်ရီပျိုးစအချိန်ဟာ ညဉ့်နက်သန်းခေါင်လား မှောင်မိုက်သွား၏။

သွားပါပြီ - မလိမ္မာတဲ့ ဒီမိန်းမကြောင့်။ နှမြောလွန်းလို့ မျက်နှာမှာ ဟန်ဆောင်ဖုံးကွယ်နိုင်စွမ်းမရှိတော့ဘဲ ဆောက်တည်ရာမရတဲ့စိတ်နဲ့ -

"နင် အသုံးမကျလို့ ပါသွားပြီဟဲ့ မိပုတိုရဲ"

အော်ပြောပြီး ထရံက နွားရိုက်ကြိမ်လုံးကို ထဆွဲကာ မိပုတိုကို ရိုက်ရန် ဒေါသတကြီးလိုက်လေတော့သည်။

မပုတိုမှာ အရှက်တောင်မငဲ့နိုင် မောင်စိန်ဂဲလက်မှလွတ်အောင် ခြံကြိုခြံကြားမှ သူကြီးအိမ်အောက်ရောက်အောင် တစ်ချိုးတည်း သုတ်ခြေတင်ပြေးရလေတော့သည်။

မောင်စိန်ဂဲ သူကြီးခြံဝရောက်တော့ သူကြီးကိုတွေ့လေသဖြင့် အတန်ငယ်တွန့်သွား၏။ သူကြီးက စိတ်ကိုလျှော့ရန် တားလိုက်မှ အိမ်သို့ပြန်သွားလေတော့သည်။

သူကြီးက မပုတိုကို ပြဿနာအစကို မေးသောအခါ ဖြစ်ကြောင်းကုန်စင်ကို မပုတိုမှ ပြောပြလိုက်လေသည်။

ထိုအခါ ရှင်ရသေ့ပေးသည့် ငွေဒင်္ဂါးပြားကိစ္စကြောင့်ဖြစ်ပြီး ငွေဒင်္ဂါး၏ အစွမ်းသတ္တိကိုလည်း နောက်တစ်နေ့တွင် မောင်စိန်ဂဲပြောပြ၍ သိရသဖြင့် သူကြီးပင်လျှင် အလွန်နှမြောမိလေတော့သည်။

(၅) ရက်ခန့်ကြာလျှင် မောင်စိန်ဂဲမှ ဒေါသပြေသွားသော်လည်း ငွေဒင်္ဂါး အကြောင်းကို တွေးမိတိုင်း တမှိုင်မှိုင်တွေတွေရှိနေသဖြင့် ရုပ်ထဲရွာထဲက အဖဲခတ်လာကြသည်။ မပုတိုကလည်း နွားရောင်းသူ၏ နေရပ်လိပ်စာ မမေးသားလိုက်သဖြင့် အမေးရအရှာရခက်နေလေ၏။

ထို့အပြင် မပုတို၏ နှုတ်မစောင့်စည်းမှုက တစ်ယောက်မှတစ်ယောက် ပြောပြသဖြင့် ငွေဒင်္ဂါးပြားရသည့်ကိစ္စ အစွမ်းသတ္တိရှိသည့်အကြောင်းကိုပါ သိသွားကြ၏။ ရက်လတို့ ပြောင်းခဲ့လေပြီ။ မောင်စိန်ဂဲမှာ သူကြီးက လာရောက်တရားပြ ပြောဆိုဆုံးမသဖြင့် အနည်းငယ် ပြောင်းလဲသွားရာမှ ဖြေ၍ရသွားသည်။

မပုတိုဝယ်ထားလိုက်သော နွားမတမ်းမလေးကို မြွေတောင်ဘက်လွှတ်၍ စားကျက်လံထားလေ့ရှိသည်။ မြွေတောင်ဘက်ရောက်တိုင်း ယခင်က လက်ရာလေးတွေကိုကြည့်လျက် ဆရာအရှင်ကို သတိရလာသည်။

'ဩော် - ငါမလိမ္မာလို့ ငါ့ဆရာရသေ့ပေးခဲ့တဲ့ ငွေပွားဒင်္ဂါးပြားပျောက်သွားပြီ။ ဆင်းရဲတော့မှာပဲ။ ဆရာအရှင်ရသေ့နဲ့ အခုနေ ပြန်တွေ့ရင်ကောင်းမှာ'

ပင်လယ်ပြင်ထဲသို့ ငုပ်လျှိုးကွယ်ပျောက်တော့မည် နေလုံးကြီးကိုကြည့်၍ နွားမလေးကို စားကျက်လံထားရာမှ ရုတ်၍ အိမ်ပြန်လာခဲ့ရာ ရွာအဝင် တံတား (ယခု ကမ်းသာယာရဲစခန်းရှေ့ ရှိတံတား) နားသို့ ရောက်သော် မြွေတောင်လိုဏ်ဂူတောင်ဘက်မှ နွားမတ ကောင် သူ့နောက်သို့အော်ပြီးလိုက်လာသည်။ မောင်စိန်ဂဲမှာ သူ့နွားမဟုတ်၍ မောင်းထုတ်သော်လည်းမရ။ ထိုသို့ဖြ နွားမလေးမှာ သူ့အိမ်အထိလိုက်လာရ အများအမြင်၌ နွားခိုးသည်ဟု အထ ရောက်မှာစိုးသဖြင့် သူကြီးထံသို့ သွား ရောက်၍ -

"သူကြီး ကျုပ်နွားမကို စားကျက် ရုတ်ပြီးအပြန် မြွေတောင်နား နွားမတမ်း လေးတစ်ကောင်ပြေးလိုက်လာတယ် ဘယ်လိုမှနှင်ထုတ်လို့လဲမရဘူး။ အခု နွားတင်းကုပ်ထဲ ဝင်အိပ်နေတယ်"

"အိမ်လည်း အိပ်နေပါစေပေါ့ အလဟဿလျှောက်သွားလို့ နွားသူခိုး ကပ္ပလီတို့အဖွဲ့နဲ့တွေ့တာနဲ့စာရင် မင်း နွားတင်းကုပ်ထဲမှာနေတာက လုံခြုံဦး မယ်။ ပိုင်ရှင်လာရင်၊ နွားပျောက်တိုင် တဲ့သူလာရင် မင်းဆီလွှတ်လိုက်မယ် ငါလည်း ရွာဦးဆရာတော်အလှူလွှတ် လို့ သွားရမယ်။ ကဲ - ပြန်တော့ စိန်ဂဲ



www.burmeseclassic.com

www.burmeseclassic.com

သူကြီးလည်း ဘုန်းကြီးကျောင်းထွက်သွားသလို မောင်စိန်ဂံလည်း အိမ်သို့ပြန်လာခဲ့တော့သည်။

မောင်စိန်ဂံကတော့ နွားပိုင်ရှင်မနက်တော့ နွားပျောက်ရှာရင်း ရောက်လာမှာပဲဟု မျှော်နေမိသည်။ သို့သော်တစ်ရက်လည်းမဟုတ်၊ နှစ်ရက်လည်းပေါ်မလာ။ ရာသီတွေအလီလီပြောင်းသာခဲ့ကြပြား နွားပိုင်ရှင်တပေါ်မလာ၍မောင်စိန်ဂံမှာ နွားမနှစ်ကောင်နှင့် လုပ်ကိုင်စားသောက်ရာ အတော်အတန်သင့် အဆင်ပြေလာ၏။ အကျိုးပေးချင်ပြန်တော့ ထိုနွားမတမ်းမနှစ်ကောင်မှစတင်ပြီး နွားအထီး (၁၅) ကောင်တိတိပေါက်ဖွားလာသည်။

နွားတွေတိုးပွားလာသလို ကိုစိန်ဂံတို့ ဇနီးမောင်နှံမှာလည်း စပါးစိုက်၊ ပဲစိုက်အကျိုးပေးပြီး ဓနိခင်းတစ်ခင်း (ခြံတစ်ခြံ) ကို ဝယ်နိုင်ခဲ့သည်။ နွားရောင်းရငွေ၊ လယ်ထဲမှာထွက်သောစပါးရောင်းရငွေ၊ ဓနိခင်းမှ ဓနိရောင်းရငွေများနှင့် နှမ်းစဉ်ဝင်ငွေတို့ကား မောင်စိန်ဂံတို့ ဇနီးမောင်နှံမှာ ရွာတွင် ကြေးရတက်စာရင်းဝင် ချမ်းချမ်းသာသာဖြစ်သွားလေသည်။

ထိုအခါ ရွာထဲက လူများကအရှင်ရသေ့ကြီး မောင်စိန်ဂံကို ငွေမ, ခါးအစား နွားတွေ မ,လိုက်တာဖြစ်အယ်လို့ သတင်းထွက်၍လာပြီးလျှင် ရွာတွင်-

"ငွေမ,လည်းပျောက်၊ နွားမရောက်၊ ယောက္ခမ စိန်ဂံ၊ ဘစိန်ဂံ"

ဟူ ယနေ့တိုင် ခြွေတောင်လိုက်ရသေ့ကြီး ရွှေဆွဲအကြောင်းကို တမ်းသာနယ်မြေ ကင်းပုံရွာ၊ (ငွမြို့နယ်) တွင်ပြော၍မဆုံးဖြစ်နေပါတော့သည်။

**ကင်းပုံသူကြီး ဦးဖိုးခက်နှင့် တာတ်လုံးအဘောင်ထူးခြားချက်**

ရသေ့ကြီး ဦးရွှေဆွဲ ပေးလိုက်သည့် ဓာတ်လုံးပိုင်ရှင် သူကြီးဦးဖိုးခက်သည် ကင်းပုံရွာသား မဟုတ်ပေ။ ရောသတိုင်းဒေသကြီး ငါးသိုင်းချောင်းမြို့နယ် ကုန်းမြင့်မြို့ဖြစ်ပြီး ရခိုင်ပြည်နယ်သို့နယ်အစပ် တမ်းသာယာအုပ်စုကင်းပုံရွာသူ ဒေါ်ကြာနှင့် အကြောင်းပါပြီးနောက် ကင်းပုံရွာသို့ လာရောက်အခြေချနေထိုင်သူ ဖြစ်လေသည်။ စိတ်သဘောကောင်းမွန်ခြင်း၊ ရိုးဖြောင့်ခြင်းနှင့် လူမှုရေးစိတ်ဓာတ်အပြည့်ရှိသူဖြစ်၍ ရပ်ရွာတွင် ဩဇာတိက္ကမရှိသဖြင့် သူကြီးအရာရောက်ခဲ့သည်။ သူကြီးဦးဖိုးခက်သည် ရပ်ရေးရွာရေးသာမက တစ်ဖက်ကလည်း ဇာတ်၊ နိပါတ်၊ ပြဇာတ်၊ တဖျာများကို ရေးသားခြင်း ဝါသနာဗီဇအခံရှိသလို ဥပမိရုပ်ကောင်းခြင်းတို့ကြောင့် ဗြိတိသျှအစိုးရလူကြီးကပင် ရွှေဦးကျေးရွာအုပ်စု၊ မဒေါ်ကျေးရွာအုပ်စု၊ ကင်းပုံကျေးရွာအုပ်စု၏ သုံးရွာသူကြီးအဖြစ်၊ အထူးအာဏာရသူအဖြစ် ခန့်အပ်ခဲ့ရလေသည်။

သူကြီး ဦးဖိုးခက်သည် ဒေါ်ကြာနှင့်အကြောင်းပါပြီး သား (၂) ယောက်၊ သမီး (၁) ယောက် ထွန်းကားခဲ့သည်။ သူကြီးဘဝနှင့် ရသေ့ကြီးဦးရွှေဆွဲပေးခဲ့သည့် ဓာတ်လုံးရပြီးသည့်နောက် ဓာတ်လုံးကို တစ်လတစ်ကြိမ် ရေစိမ်ထား၏။ ထူးခြားသည်မှာ ဓာတ်လုံးသည် ရေစိမ်သော်အခါ ရေများဖန်ခွက်ဆူပွက်ပလုံစီအမြှုပ်ထသည်မှာ (၁၅) မိနစ်ကြာမှ ဓာတ်လုံးကို ငွေကြုတ်နှင့် သိမ်းဆည်းပြီး ဓာတ်ရည်များကိုသောက်လည်းသောက်၊ ဖွားလည်းဖွားပြီး အိမ်ဝန်းကျင်အနှံ့ပက်ဖျန်းလိုက်၏။

ယခင်က ရိုးမအစပ်တောမှ ခွေးအများသည် ရွာအတွင်းသို့ဝင်ကာကြက်၊ ဝက်၊ ဘဲများကို ဝင်၍ဆွဲတတ်ကြပါသည်။ သို့သော် ရသေ့ကြီးဦးရွှေဆွဲပေးသည့် ဓာတ်လုံးရရှိပြီးဆောင်ထားချိန်မှစ၍ ခွေးအများ မလာဝံ့တော့သည့်အပြင် အိမ်ခြံဝင်းအတွင်းသို့ ကင်း၊ မြွေ၊ အဆိပ်ရှိသတ္တဝါများ မလာကြတော့သည်မှာ ထူးဆန်းနေသည်။ တောကောင်များအန္တရာယ်မှလည်း ကင်းဝေးခဲ့၏။

ဘုရား၊ တရားမြဲသော သူကြီးဦးဖိုးခက်မှာ စီးပွားရေးကောင်းလာပြီးလျှင် အင်္ဂလိပ်စစ်အရာရှိများကပင် ယုံကြည်လေးစားခြင်း၊ ရပ်ရွာကလည်း



ယုံကြည်အားကိုးနိုင်အောင် စီမံအုပ်ချုပ်မှုသတင်းက ပျံ့မွှေးလာ၏။ အင်္ဂလိပ်ဘုရင်ခံကပင် သုံးရွာသူကြီးဦးဖိုးခက်ဟုငွေဓား၊ စလွယ်ဆု ဆုချရလေ၏။

သခင်ခေတ်ရောက်တော့လည်း ငွေမောင်းဆုချီးမြှင့်ခံရလေသည်။

ထူးခြားသည်ကား သူကြီးဦးဖိုးခက်အုပ်ချုပ်သော နယ်မြေအတွင်းရှိရွာသူရွာသားများ မင်းဘေးမသင့်ကြခြင်းပင် ဖြစ်လေသည်။

စစ်အတွင်း၌ သူကြီး၏အိမ်ခြံဝင်းအိမ်သို့ သေနတ်၊ ဗုံး၊ ကျည်ဆန်များမကျရောက်ခြင်း၊ ကိုယ်တိုင် မင်းမျက်မသင့်ခံရခြင်းအပြင် ဂျပန်ခေတ်တွင်အထူးအာဏာရသူကြီးဖြစ်သည်။ ဂျပန်စစ်ဗိုလ်များကပင် အားကိုးယုံကြည်ရ၏။ မြောက်ဘက်ရွာမှ ရွာသား (၅) ယောက်ကို ဂျပန်များက သတ်မိန့်ပေးရာတွင် သူကြီးဦးဖိုးခက်မှ မှန်မှန်ကန်ကန် ရပ်တည်လျက် မကြောက်မရွံ့ပြောဆို၍ ရွာသား (၅) ဦးအသက်အား ကယ်တင်ပေးခဲ့ဖူးလေသည်။

အင်္ဂလိပ်၊ ဂျပန်စကားကို ကောင်းစွာ တတ်ကျွမ်း၏။ ဉာဏ်ပညာထက်မြက်မှုကို သူ၏ လုပ်ရပ်များက သက်သေပြခဲ့၏။ အသက်အရွယ်ကြီးသော်လည်း သူကြီးမှာ အမြဲတမ်း လျင်မြန်ဖျတ်လတ်နေ၍ သူကြီးတာဝန်ကိုသေတစ်ပန်သက်တစ်ဆုံး ထမ်းဆောင်သွားနိုင်သူ ဖြစ်လေသည်။

သူကြီး ဦးဖိုးခက်လက်ထက်တွင် တဘောင်တစ်ခုပေါ်ခဲ့ပါသည်။

*'ငါးစစ္စလီခေါင်းမှိုး၊ ရွှေလောင်းကျိုး၊ လှေကားမထောင်၊ တင်းဝတောင်နတ်တွေဖန်ဆင်း၊ ရွှေဦးကွင်း၊ အပျို တွေပေါ် မဒေါ်ကျော၊ မင်းတွေ့ဆုံကြကင်းပုံဝ'*

ယခုအခါတွင် 'မင်းတွေ့ဆုံကြကင်းပုံဝ'ဆိုသည့်အတိုင်း ကင်းပုံချောင်းဝမှာရှိသည့် သာယာချိုင်ကျေးရွာအနီးရှိ အပန်းဖြေစခန်းသို့လာ၍ နိုင်ငံအကြီးအကဲနှင့် နိုင်ငံခြားသားများမကျန် တွေ့ဆုံ အပန်းဖြေနေကြ၏။

ကျန်သည်မှာ ရသေ့ကြီးဦးရွှေဆွဲ၏ ဓာတ်လုံးရရှိပြီး ကြီးပွားတိုးတက်အန္တရာယ်ကင်းခဲ့သည်။ ကင်းပုံရွာသူကြီးဦးဖိုးခက်နှင့်တဘောင်အတိုင်း တိုးတက်လာခဲ့သော ကင်းပုံရွာ၏ ဖြစ်စဉ်များပင်ဖြစ်လေတော့သည်။

မင်းနန္ဒိုင်
(၁၃၁)



www.burmeseclassic.com

www.burmeseclassic.com

ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးခါစ တက္ကသိုလ်ဝင်တန်း (ယခု အခြေခံပညာ အထက်တန်း) ပထဝီဘာသာကို သင်ယူကြသော ကျောင်းသားများသည် ဒတ(တ်)ဒလေစတင့် ရေးသားပြုစုသည့် 'ကမ္ဘာ့ပထဝီ' ဟူသော စာအုပ်ကို သင်ကြားကြရ၏။ ကျွန်တော်တို့သည် ယင်းစာအုပ်ပါ 'ဒေသန္တရပထဝီ' ကို ဖတ်ရှုကြရသည်။ အထူးသဖြင့် အမေရိကန်ပြည်ထောင်စု၏ ဒေသန္တရပထဝီကို အသေးစိတ်သင်ကြားခဲ့ကြရာ ကျွန်တော်တို့အဖို့ အမေရိကန်ပြည်ထောင်စုအကြောင်း ဖန်တစ်ရာတေအောင်ဖတ်ရှုခဲ့ကြရသည်။

အမေရိကန် ပြည်ထောင်စုနှင့် ကနေဒါနိုင်ငံတို့ကြားတွင်ရှိသော အလွန်ကြီးမားသည့်ရေအိုင်ကြီးများကို အသေးစိတ် ကျက်မှတ်ခဲ့ရသဖြင့် ထိုရေအိုင်ကြီးများအကြောင်းကို ယနေ့ထိမှတ်မိနေ၏။ ယနေ့ သတင်းမီဒီယာများကမူ ထိုရေအိုင်ကြီးများရှိသည့်ဒေသကို ထူးဆန်းသော တြိဂံဒေသဟု ကင်းပွန်းတပ်ထားခဲ့သည်။

ကျွန်တော်တို့ စာဖတ်ပရိသတ်အဖို့ 'ဘာမြူဒါတြိဂံ' ဒေသနှင့် ဂျပန်နိုင်ငံနှင့် ဘိုနင်ကျွန်းအကြားရှိ နဂါးတြိဂံဒေသအကြောင်းကို မိတ်ဖွဲ့ပေးရန် မလိုဟု ယူဆမိပါသည်။ အဘယ်ကြောင့်ဆိုသော် ထိုတြိဂံနယ်မြေများအတွင်း အဏ္ဏဝါပြင်တွင်သင်္ဘောများ၊ လေယာဉ်ပျံများ အစရှာမရအောင် ပျောက်ကွယ်ခဲ့ရပါသည်။ ယင်းသို့ ပျောက်ကွယ်သွားခဲ့သော ထူးခြားဖြစ်စဉ်များကို ကမ္ဘာ့နိုင်ငံအသီးသီးမှ ထုတ်ဝေသော သတင်းစာများ၊ ဂျာနယ်များတွင် အထင်ကရ မာတိပုံသာမက အထောက်အထားစုံစုံလင်လင်နှင့် ဖော်ပြခဲ့ကြသည်သာမက ရုပ်သံလွှင့်အစီအစဉ်များ၊ ဗွီဒီယိုများ၊ ရုပ်ရှင်များလည်း ရိုက်ကူးပြသခဲ့ကြပါသည်။ အနောက်တိုင်းမှ သိပ္ပံဝတ္ထုရေးစာရေးဆရာကြီးများကလည်း စာတစ်စောင်ပေတစ်ဖွဲ့ ရေးသားဖော်ပြခဲ့ကြ၏။


မြန်မာနိုင်ငံမှ စာရေးဆရာကြီးများကလည်း အနောက်တိုင်းစာရေးဆရာများ ရေးသားသည့် စာအုပ်များအား တိုက်ရိုက် မြန်မာဘာသာ ပြန်ဆိုထုတ်စေပြီး ဖြစ်ပါသည်။ သို့ဖြစ်၍ ယင်းတြိဂံဒေသများနှင့် ပတ်သက်ပြီး ကျွန်တော်တို့ မြန်မာစာဖတ်ပရိသတ်သည် အထိုက်အလျောက် သိရှိပြီးဖြစ်၍ မိတ်ဆက်ပေးရန်မလိုဟု အထက်ဆောင်းပါးတစ်နေရာတွင် ရေးသားဖော်ပြခဲ့ခြင်း ဖြစ်ပါသည်။

ထိုတြိဂံဒေသများအပေါ် စိတ်ဝင်စားကြခြင်းမှာ သိရခက်သော သိပ္ပံနိယာမ သဘောတရားများနှင့် ရှင်းမပြနိုင်သေးသောစွမ်းအင်တစ်ခုရှိနေသည်ဟု ယူဆကြပြီး ထိုစွမ်းအင်ကြောင့် ဤကဲ့သို့ ဘေးအန္တရာယ်များရှိနေသည်ဟု ယုံကြည်နေကြ၏။ ထိုဒေသများတွင် မျောပါနေသော လှေသင်္ဘောများပေါ်မှလူအများ ပျောက်ဆုံးသွားခြင်းနှင့် လေယာဉ်ပျံများအပေါ်မှ လူအများ ပျောက်ဆုံးသွားရပုံမှာလည်း ဆန်းကြယ်လှသည်။ ထို့အတူ ယင်းဒေသများတွင် အသိရခက်သော အဖြေရှာမရသည့် လျှို့ဝှက်ဆန်းကြယ်မှုများ ဒုနှင့်ဒေးရှိခဲ့သည်မှာ ရှေးကဘေကမ္ဘာကတည်းက အဖြေမသိသည့်ပဟေဠိ ဖြစ်နေခဲ့လေသည်။

ထို့အတူ ဤဆောင်းပါးပါ အစတွင် ဖော်ပြခဲ့သော အမေရိကန်ပြည်ထောင်စုနှင့် ကနေဒါနိုင်ငံရှိအိုင်ကြီးများတည်ရှိသောဒေသတွင်လည်း အလားတူ လျှို့ဝှက်ဆန်းကြယ်သော ထူးခြားဖြစ်စဉ်များ ဖြစ်ပွားလေ့ရှိသဖြင့် သတင်းမီဒီ

## လျှမ်းထက်

# ပိတ္တာပီးပြတိုက်



ယာများက တြိဂံဒေသဟု ကင်ပွန်းတပ်ခဲ့ခြင်း ဖြစ်ပေသည်။

ထိုအိုင်ကြီးများအတွင်း ဖြတ်သန်းခုတ်မောင်းခဲ့ကြသော သင်္ဘောများနှင့် ထိုအိုင်ကြီးများအပေါ် ဝေဟင်မှ ဖြတ်သန်းမောင်းနှင်ခဲ့ကြသော လေယာဉ်အများမှာလည်း မကြာခဏ ပျောက်ဆုံးခဲ့ကြရသည်ဟု သတင်းမီဒီယာများက ဖော်ပြခဲ့ကြ၏။ ထိုအိုင်ကြီးများအတွင်း အချို့ ကြီးမားသော လူစီးကုန်တင်သင်္ဘောကြီးအချို့မှာ လူအများရှေ့တွင် ရုတ်တရက် မြင်ကွင်းမှပျောက်ကွယ်သွား



www.burmeseclassic.com

www.burmeseclassic.com

ကြသည်ဟု သိရ၏။ အကြောင်းအမျိုးမျိုးနှင့် နစ်မြုပ်သွားသော သင်္ဘောများလည်း ရုတ်တရက် ရေပြင်ထက်သို့ ပေါ်လာလေ့ရှိပြီး ရေစီးအတိုင်းမျောပါသွားရှိသည်ဟုလည်း သတင်းများထွက်ပေါ်ခဲ့၏။

ထိုအိုင်ကြီးများ၏အချို့နေရာများတွင် တည်ဆောက်ထားသော မီးပြတိုက်များမှာလည်း အံ့ဖွယ်သရဲ လောကီလွန်အဖြစ်ဆန်းများနှင့် ကြုံကြရလေ့ရှိလေရာ ၎င်းအိုင်ကြီးများဒေသကို အထက်ဆောင်းပါးတစ်နေရာတွင် ဖော်ပြခဲ့သော ဘာမြူဒါတြိဂံဒေသနှင့် နဂါးတြိဂံဒေသများကဲ့သို့ တြိဂံဒေသဟု အများကအမည်တပ်ခဲ့ခြင်း ဖြစ်ပေမည်။

ဆူပီရီးယားအိုင်၊ မက်ချီဂန်ရေအိုင်၊ ဟူရွန်ရေအိုင်၊ အီရီရေအိုင်နှင့် အွန်တယ်ရီဂိုရေအိုင်တို့ တည်နေပုံမှာလည်း ထူးထူးခြားခြား တြိဂံပုံအနေအထားဖြစ်နေသည်။ ၎င်းမဟာရေအိုင်ကြီးများရှိသော တြိဂံဒေသမှာ အကျယ်အဝန်းအားဖြင့် စတုန်းရန်းမိုင် (၉၄၄၆၀) ရှိ၏။ ဆူပီရီယာရေအိုင်နှင့် မက်ချီဂန်ရေအိုင်ကြီးတို့မှာ ကုန်းတွင်းပင်လယ်ကလေးများဟု ခေါ်ဝေါ်ရလောက်အောင် အလွန်ကြီးမားသော ရေအိုင်ကြီးများ ဖြစ်၏။ ထိုရေအိုင်ကြီးများတြိဂံဒေသသည် အနောက်လောင်ဂျီကျုဒ် (၇၆) ဒီဂရီနှင့် (၉၂) ဒီဂရီကြား၊ မြောက်လတ္တီတွဒ် (၄) ဒီဂရီနှင့် (၄၉) ဒီဂရီကြားတွင်တည်ရှိပြီး အလွန်ကြီးမားသောရေအိုင်ကြီးများ ဖြစ်ကြပါသည်။

အမေရိကန် ပြည်ထောင်စုနှင့် ကနေဒါနိုင်ငံတို့၏ အထူးထင်ရှားသော စက်မှုနှင့်စီးပွားရေးဇုန်များမှာ ၎င်းမဟာရေအိုင်ကြီးများ၊ တြိဂံဒေသတွင် တည်ရှိကြသည်။ အမေရိကန်ပြည်ထောင်စု၏ သိုးရေထူထပ်၍ ကမ္ဘာ့အကြီးဆုံးသော မြို့ကြီးများဟု စံတင်ခဲ့ရသော ချီကာဂို၊ မစ်ချီဂန်၊ ဒီထရိုက် စသော မြို့ကြီးများသည် ထိုမဟာရေအိုင်ကြီးများ၏ ကမ်းခြေတွင် တည်ရှိသည်။ ကနေဒါနိုင်ငံအတွင်းရှိ စိန့်လူဝီမြစ်နှင့် အော်တဝါမြစ်တို့မှာလည်း ၎င်းမဟာရေအိုင်ကြီးအတွင်း စီးဝင်ကြသည်။ ရေအိုင်ကြီးများမှာ တစ်အိုင်နှင့်တစ်အိုင် ဆက်လျက်တည်ရှိသဖြင့် အလွန်ကြီးမားသော ကုန်တင်သင်္ဘောကြီးများ၊ လူစီးသင်္ဘောများ စုန်၊ ဆန်သွားလာသည့် ကုန်းတွင်းပင်လယ်သဖွယ်ဖြစ်နေသည်။ ထိုဒေသအတွင်း သင်္ဘောများ၊ လေယာဉ်ပျံများ လက်





ဆစ်ချိုး၍ ရေတွက်မရအောင် ပျောက်ဆုံးခဲ့ပြီ ဖြစ်သည်။ ၎င်းကဲ့သို့ ပျောက်ဆုံးမှုများနှင့် ပတ်သက်၍ အဘယ်ကြောင့် တာဝန်ရှိသူများက သတင်းအမှောင်ချထားသည်ဆိုသည်ကိုမူ မသိကြရ။

ထိုပျောက်ဆုံးမှုများနှင့်အတူ ထိုရေအိုင်ကြီးများဒေသတွင် အခြားလောကီလွန်၊ သဘာဝလွန်ဖြစ်ရပ်ဆန်းများ မကြာခဏ လူအများ ကြုံတွေ့ရသော်လည်း ယင်းကိစ္စရပ်များနှင့်ပတ်သက်၍ မည်သူမျှ သဘာဝကျကျ လူအများ လက်ခံလာနိုင်ရန် ရှင်းမပြခဲ့ကြဟု သတင်းမီဒီယာများက ရေးသားခဲ့ကြ၏။

ယခုရေးသားဖော်ပြမည့် ဖြစ်ရပ်ဆန်းမှာ ဆူပီးရီးယားရေအိုင်ကြီးနှင့် မက်ချီဂန်ရေအိုင်ကြီးတို့အကြား တည်ဆောက်ထားသော အိုင်ကြီးများ၏ အငူမီးပြတိုက် Big-Bay-Point တွင် ဖြစ်ပွားခဲ့သော လောကီလွန်ဖြစ်ရပ်ဆန်းများအကြောင်း ဖြစ်ပါသည်။ ၎င်းဖြစ်ရပ်များနှင့်ပတ်သက်၍ အမေရိကန်ပြည်ထောင်စုမှ ထုတ်ဝေသော သတင်းစာကြီးများတွင် မျက်နှာဖုံးတွင် ဖော်ပြခဲ့သော သတင်းဖြစ်ခဲ့သည်သာမက မဂ္ဂဇင်းများ၊ ဂျာနယ်များတွင်လည်း စာရေးဆရာများက ကျယ်ကျယ်ပြန့်ပြန့် ရေးသားဖော်ပြခဲ့ကြသည်သာမက အမေရိကန်ပြည်ထောင်စု မနောသုတေသနအသင်းမှ သုတေသီအများကလည်း စနစ်တကျ သိပ္ပံနည်းကျ စူးစမ်းလေ့လာခြင်းများ ပြုခဲ့ကြပါသည်။ ယင်းမီးပြတိုက်တွင် ဖြစ်ပွားခဲ့သည့် နာနာဘာဝခြောက်လှန့်မှု ထူးခြားဖြစ်စဉ်များအား အမေရိကန်ပြည်ထောင်စု မနောသုတေသနအသင်းမှ အမှုတွဲတစ်ခုအဖြစ် မှတ်တမ်းတင်ထားခဲ့ပြီး ထိုအသင်းမှ ထုတ်ဝေသော သုတေသနဂျာနယ်တွင် အကျယ်တဝင့် အထောက်အထား သာဓကများနှင့် ဖော်ပြခဲ့ပါသည်။

ဆူပီရီးယားရေအိုင်ကြီးနှင့် မက်ချီဂန်ရေအိုင်ကြီးတို့အကြားတွင် ကျောက်



www.burmeseclassic.com

www.burmeseclassic.com

ဆောင်များ၊ ကျောက်ကမ်းပါးများ၊ ရေမျက်နှာပြင်ထက် အနည်းငယ်ပေါ်ထွက်နေသော ကျောက်ဆောင်များ၊ သဲကုန်း၊ တန်းများရှိသည်ဟု ဆိုကြသည်။ ထိုရေအိုင်ကြီးများအတွင်း သွားလာကြသော ကုန်တင်သင်္ဘောများ၊ လူစီးသင်္ဘောများနှင့် အိုင်ကြီးများအတွင်း ရေကြောင်းသွားလာရေးလုံခြုံချောမွေ့စေရန် စောင့်ကြပ်သည့် သင်္ဘောများအဖို့ အထက်ဖော်ပြပါ အိုင်ကြီးများ၊ အငူအနီးရှိ ကျောက်ဆောင်၊ကျောက်တန်း၊ကျောက်စွယ်၊ ကျောက်ကမ်းပါးများ၊ သောင်တိမ်များ၊ ရေမြုပ်နေသော သင်္ဘောပျက်များ၊ လှေပျက်များမှာ များစွာအန္တရာယ်ပေးခဲ့သဖြင့် အိုင်ကြီးများကြိုဂ်ဒေသအာဏာပိုင်အဖွဲ့သည် အထက်ဖော်ပါနေရာတွင် မီးပြတိုက်တစ်ခု တည်ဆောက်ရန် စီမံခဲ့ကြရသည်။

မှတ်တမ်းများအရ ကမ္ဘာပေါ်တွင် မီးပြတိုက်တည်ဆောက်သည့်လုပ်ငန်းများကို ခရစ်နှစ် ၁၆၀၀ ပြည့်နှစ်ခန့်ကပင် စတင်ခဲ့သည်ဟု ဆိုသည်။ သမိုင်းမှတ်တမ်းအရ ဖော်ပြရလျှင် ခရစ်တော်မပေါ်မီ ဘီစီ ၃၀၀ ခုနှစ်ခန့်က ရောမလူမျိုးများသည် မီးပြတိုက်တည်ဆောက်ခြင်းဖြင့် ရေကြောင်းသွားလာမှုအတွက် ဘေးအန္တရာယ်တို့မှ လွတ်ကင်းနိုင်သည်ဟု ယူဆမိကြသည်။ သို့ဖြစ်၍ ကျောက်တန်း၊ ကျောက်ဆောင်၊ ကျောက်စွယ်၊ စည်းတိမ်၊ သောင်တိမ်ရှိသောနေရာများတွင် သင်္ဘောများ ဘေးအန္တရာယ်လွတ်ကင်းစေရန် နေ့ရောညဉ့်ပါ သတိပေးအချက်ပြစေရန် မီးပြတိုက်များ တည်ဆောက်ရန် စီမံခဲ့ကြရာ ရောမတောရာဇ် 'ထိလစ်'သည် အီဂျစ်နိုင်ငံ အလက်စန္ဒာပင်လယ်အောက်ရှိ ကျောက်ဆောင်ထက်တွင် ပေ(၄၀၀)မြင့်သော ဖာရိုမီးပြတိုက်ကို တည်ဆောက်ခဲ့သည်။ ယင်းမီးပြတိုက်မှာ ကမ္ဘာ့အံ့ဖွယ်ခုနစ်သွယ်တွင် ပါဝင်ခဲ့၏။

ခေတ်မီ မီးပြတိုက်များကိုမူ အထက်ပါ ဆောင်းပါးတစ်နေရာတွင် ဖော်ပြခဲ့သည့်အတိုင်း ခရစ်နှစ် ၁၆၀၀ ပြည့်နှစ်က စတင်တည်ဆောက်ခဲ့သည်ဟု ဆိုသည်။ ထိုစဉ်က မီးပြတိုက်များမှာ မီးအိမ်ကြီးများကို ကျောက်မီးသွေးနှင့် မီးထွန်းပြသခဲ့ကြသည်။ အချို့မီးပြတိုက်များကမူ မျှော်စင်ထိပ်တွင် ထင်းမီးဖြင့် မီးဖိုကြီးများဖို၍ထားပြီး မီးပြတိုက်ဝန်ထမ်းများက ထင်းများကို အဆက်မပြတ်စောင့်ကြည့်စေခဲ့ရသည်။ ဤစနစ်ကို ၁၇၁၂ ခုနှစ်ထိ ကျင့်သုံးခဲ့ကြသည်။

ထိုစဉ်က မှတ်တမ်းများအရ ကျောက်မီးသွေးများ၊ထင်းများကို အများအားဖြင့် အသုံးပြုကြရာ မီးအိမ်များမှာ မီးခိုးမှိုင်းများကြောင့် မှေးမှိန်လျက်ရှိရာ ဆီးနှင်းများ၊ မြူခိုးများ ပိတ်ဖုံးသော အခါများတွင် မီးပြတိုက်မှအလင်းရောင်အား ခပ်လှမ်းလှမ်းမှမမြင်နိုင်ဟု ဆိုသည်။

ဖယောင်းတိုင်မှမီးကိုမူ ပင်လယ်အတွင်းသွားလာသောသင်္ဘောအများက ခပ်လှမ်းလှမ်း မြင်နိုင်ကြသည်ဟု သိရ၏။ ၁၇၆၃ ခုနှစ်တွင်မူ မီးရောင်အားအဝေးမှ မြင်နိုင်စေရန် ဖန်မီးအိမ်နောက်ခံတွင် ဖန်ဖြင့်ပြုလုပ်ထားသော ရောင်ပြန်ပြားကို တီထွင်ပြုလုပ်ခဲ့ကြ၏။ ခရစ်နှစ် ၁၈၆၅ ခုနှစ်တွင် ရေနံဆီဖြင့်ထွန်းသော မီးအိမ်ကို တီထွင်၍ မီးထွန်းပြသနိုင်ခဲ့သည်။ ခရစ်နှစ် ၁၈၈၂ ခုနှစ်တွင် ယနေ့အသုံးပြုလျက်ရှိသော မှန်ဘီလူးများကို တီထွင်ခဲ့သဖြင့် ထူးထူးခြားခြား တိုးတက်အောင်မြင်မှုရသည်ဟု ဆိုရမည် ဖြစ်၏။

ယခု နာနာဘာဝတို့ ထာဝစဉ်ခြောက်လှန့်လျက်ရှိသည်ဟု နာမည်ဆိုးဖြင့် ကျော်ကြားသော အိုင်ကြီးများအငူ မီးပြတိုက်မှာ ယင်းအငူကျောက်ဆောင်ပေါ်တွင် ခရစ်နှစ် ၁၈၉၆ ခုနှစ်က စတင်ဆောက်ရန် စီမံခဲ့ကြသည်ဟု မှတ်တမ်းများက ဖော်ပြခဲ့၏။ ဤမီးပြတိုက်တည်ဆောက်ရန် တိုင်းထွာမှုများ ပြုလုပ်သည့်အဖွဲ့မှ တာဝန်ခံဖြစ်သူ အင်ဂျင်နီယာမှာ မီးပြတိုက်တည်ဆောက်ရန် စီစဉ်နေချိန်မှာပင် ရုတ်တရက် အမျိုးအမည်ကွဲကွဲပြားပြားဖော်ပြနိုင်ခြင်းမရှိသော ရောဂါဝေဒနာဖြင့် ကွယ်လွန်သွားခဲ့သည်။

တည်ဆောက်နေစဉ် အလုပ်သမားတစ်ဦးမှာ ကျောက်ဆောင်ပေါ်မှ လိမ့်ကျသဖြင့် ရေနစ်သေဆုံးခဲ့ရပြန်သဖြင့် ဤမီးပြတိုက်ဆောက်လုပ်သူများအဖို့ ခိုက်သောမီးပြတိုက်ဖြစ်သည်ဟု နာမည်ဆိုးဖြင့် ကျော်ကြားလာခဲ့သည်။ ကောလာဟလသတင်းများ၊ ယုံတမ်းသတင်းများလည်းထွက်လာခဲ့သည်။ ကွယ်လွန်သူ အင်ဂျင်နီယာအား လုပ်ငန်းခွင်တွင် အလုပ်သမားများက မျက်ဝါးထင်ထင် တွေ့ကြရသည်ဆိုသောသတင်းလည်း ထွက်လာသည်။

မီးပြတိုက် တည်ဆောက်သည့် လုပ်ငန်းခွင်တွင် ခေတ္တနေထိုင်ကြရသော အလုပ်သမားများနှင့် တာဝန်ရှိသူများက မူ မိုးသက်မုန်တိုင်းထန်သောညများတွင် တည်ဆောက်လက်စ မီးပြတိုက်ကြီး ဘက်မှ လူအော်သံ၊ ငိုသံများ ကြား... သည်ဟု သတင်းများလည်းထွက်လာ... သည်။ နာနာဘာဝများ ကိုယ်ထင်ပြ... သည်၊ ခြောက်လှန့်လျက်ရှိသည်ဟူသော ကောလာဟလသတင်းများ ထွက်လာခဲ့... သည်နှင့် အလုပ်သမားအချို့နှင့် လက်... ထောက်အင်ဂျင်နီယာများ အလုပ်မှနုတ်... ထွက်သွားကြသဖြင့် မီးပြတိုက်တည်... ဆောက်ရေးလုပ်ငန်းများ မျှော်မှန်းထား... သည်ထက် ကြာမြင့်လာသည်။

သက်ဆိုင်ရာဌာနမှ တာဝန်ရှိသူ... များက ခရစ်ယာန်ဘုန်းတော်ကြီးများ... ပင့်ဆောင်၍ ဝတ်ပြုဆုတောင်းပွဲများ ပြု... လုပ်ခဲ့ကြသည်ဆိုသော သတင်း... လည်း ထွက်လာခဲ့သည်။ တာဝန်ရှိသူ... များကမူ Big-Bay-Point မီးပြတိုက်ကြီး... အား အလျင်အမြန် တည်ဆောက်ခဲ့... သည်။ တည်ဆောက်ပြီးသည်နှင့် ... မီးပြတိုက်အစောင့်အား မစ္စတာဝီ... ပရိုင်ယာဆိုသူအား ခန့်ထားခဲ့၏။

မီးပြတိုက်အစောင့် မစ္စတာဝီ... ပရိုင်ယာသည် သူ၏ မိသားစုနှင့်အ... မီးပြတိုက်အနီး တည်ဆောက်ထားသေ... နေအိမ်လေးတွင် နေထိုင်ခဲ့သည်။ မီး... တိုက်တာဝန်ကိုယူခဲ့ရသော မစ္စတာဝီ... ပရိုင်ယာတို့မိသားစု မီးပြတိုက်စောင့်... ထိုင်သောနေအိမ်ကလေးသို့ ပြောင်း... လာပြီးနောက် ရက်သတ္တပတ်နှစ်ပတ်... အကြာတွင် မစ္စတာဝီလျံ၏သားကြီး... သူမှာ မီးပြတိုက်ကြီးအပေါ်မှ အိုင်... အတွင်းခုန်ဆင်း၍ မိမိကိုယ်မိမိသ... သေခဲ့သည်။ သောကဝေဒနာအပြ... ကြုံတွေ့လာခဲ့သော မီးပြတိုက်စော... တာဝန်ယူခဲ့ရသည့် မစ္စတာဝီလျံပ... ယာမှာလည်း မိမိကိုယ်မိမိအဆုံးစီ... သွားခဲ့သည်ဟု သိရ၏။ သူ့ဇနီးဖြစ်သူ... လည်း စိတ်ရောဂါဝေဒနာရရှိပြီး ကွ... လွန်ခဲ့ရ၏။

ဤအချိန်မှစ၍ အိုင်ကြီးများအ... မီးပြတိုက်ကြီးမှာ သေဆုံးသူများ... ဝိညာဉ်များ ထာဝစဉ်ခြောက်လှန့်... သည်ဟု သတင်းများထွက်ပေါ်လာ... လူအများကမူ 'မီစ္ဆာမီးပြတိုက်' ... တင်ပွန်းတပ်ခဲ့ကြပါကြောင်း။

လျှမ်းဝေ...

ကျမ်းကိုး -

အင်တာနက်



www.burmeseclassic.com

www.burmeseclassic.com

# သက်လုံ


၁

## အစွဲအလမ်းကလေးများ

မပြောကောင်းဘူး၊ မလုပ်ကောင်းဘူးဆိုသောအရာလေးများ၏ နောက်ကွယ်တွင် လူမှုရေးအရ မသင့်တော်၍လည်းကောင်း၊ သဘာဝနည်းအားဖြင့် ဆော့ကန်၍ လည်းကောင်း လူကြီးများက ကလေးငယ်များအား ရှင်းပြနေတော့ဘဲ ပြောဆိုပြုလုပ်လိုက်လျှင် ပင် အန္တရာယ်တစ်စုံတစ်ခု ဖြစ်တော့မည်ဟု တားမြစ်ခဲ့ခြင်းများရှိနိုင်ပါ၏။ တစ်ဖက်က ဤသို့ ယူဆနိုင်သည့်တိုင်အောင် တစ်ဖက်ကကြည့်လျှင် ဂန္ဓာရီအလွှာမှ သဘောတရားလေးများ ကိန်းအောင်းနေသည်ကိုလည်း တွေ့ရတတ်ပါသည်။ ဂန္ဓာရီအလွှာမှဟုဆိုကတည်းက ဂန္ဓာရအတတ်နှင့် ဖက်သက်နေပေမည့် အဓိပ္ပာယ်ငုပ်၍လျှို့ဝှက်နေချက်များသည် သဘာဝကျကျပင်ရှိနေ၏။ ထို့ကြောင့်ပင် ကျွန်ုပ်တို့သည် ထိုမပြောကောင်း၊ မလုပ်ကောင်းဟု ဆိုသော တားမြစ်ချက်အားလုံးကိုတော့ ဘာကြောင့် တားမြစ်ထားမှန်း မသိပါချေ။ ထို့ပြင် ပြောဆိုပြုလုပ်လိုက်လျှင် ဘာဖြစ်သွားမည်ဆိုခြင်းကိုလည်း အချို့နေရာများတွင် မသိပါ။

မည်သို့ပင်ဖြစ်စေ မြန်မာ့ မပြောကောင်း၊ မလုပ်ကောင်း ဟူသော အစွဲအလမ်းကလေးများကို နိုင်ငံရပ်ခြားမှ အစွဲအလမ်းကလေးများနှင့် တွဲယှဉ်လေ့လာလျှင်သော် လည်းကောင်း အကျိုးထူးများ ဖြစ်ထွန်းလာနိုင်သည်ဟု ကျွန်ုပ်ယုံကြည်ပါသည်။ သို့ဖြစ်သောကြောင့် လက်လှမ်းမီသရွေ့ ကလေးကို ကနဦးခြေလှမ်းအနေဖြင့် ဖော်ပြလိုက်ပါ၏။ နောင်တွင် အလျဉ်းသင့်လျှင်သင့်သလို ရေးသားသွားပါဦးမည်။

အစွဲအလမ်းလေးများအကြောင်း မပြောမီ ရှေးဦးစွာ မှော်ပညာအကြောင်းကို ပြောချင်ပါ၏။ မှော်ပညာဟူသည်မှာ ယဉ်ကျေးမှုအားမကောင်းသေးသော သမိုင်းဦးလူများအနေဖြင့် များစွာ ယုံကြည်အားထားသော ပညာဖြစ်ရာ ကျွန်ုပ်တို့အစွဲအလမ်းကလေးများတွင် မှော်ပညာ၏အရိပ်များထိုးနေသည်ကို တွေ့ရတတ်ပါသည်။ အစွဲအလမ်းကလေးများသည် ကြောက်စိတ်နှင့်ယှဉ်တွဲနေခြင်းကပင် မှော်ပညာ၏ဩဇာသက်ရောက်မှု ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် မယဉ်ကျေးသေးသော လူသား





www.burmeseclassic.com

www.burmeseclassic.com

များ၏ မှော်ပညာဆိုသည်မှာ ကာယကံရှင်ကို ခြိမ်းခြောက် ခြောက်လှန့်ရမှု အကျိုးထင်တတ်သောကြောင့်ပင် ဖြစ်ပါသည်။

ယခင့်ယခင် ကာလများမှပင် ကမ္ဘာ့အနှံ့အပြား လူသားများ ယုံကြည်ခဲ့ကြသော မှော်ပညာနှင့် ပတ်သက်၍ ဗြိတိသျှလူမျိုး မနုဿဗေဒပညာရှင်ကြီး ဆာဂျိမ်း(စ်)ဂျော့ဖရေဇာ (SIR JAMES GEORGE FRAZER) က သူ၏ နာမည်ကျော်ကျမ်းကြီးဖြစ်သော 'ရွှေသစ်ကိုင်း' ဟု အဓိပ္ပာယ်ရသည့် သည်ဂိုး(လ်)ဒင်းဘောင်း (THE GOLDEN BOUGH) ကျမ်းထဲတွင် အသေးစိတ် ရေးသားဖော်ပြခဲ့၏။ သူ့အယူအဆအရ မက်ဂျစ် (MAGIC) ဟု ခေါ်သော မှော်ပညာမှာ နှစ်မျိုးနှစ်စားသာရှိသည်ဟုဆို၏။ ပထမအမျိုးအစားမှာ ဆင်တူမှော်ပညာဟု ခေါ်ဆိုရမည် ဖြစ်သော 'ဆင်ပလာသက်တစ်မက်ဂျစ်' (SYMPATHETIC MAGIC) ဖြစ်သည်။ အာဖရိကတိုက်မှ လူရိုင်းများ၏ မိုးခေါ်အကတွင် လက်များကို မြေသို့စိုက်၍စိုက်၍ ချိန်ရွယ်ကခုန်ခြင်းမှာ မိုးရေပေါက်များ မြေသို့ကျခြင်းကို ဆင်တူလိုက်၍ ပြုလုပ်ထားသည့် အစီအရင် ဖြစ်သည်ဟု ဆို၏။

ကျွန်ုပ်တို့ မြန်မာလူမျိုးအချို့တွင်လည်း ဟင်းခွက်တွင် လက်ဆုံလျှင် ဧည့်သည်လာတတ်၏ဟုယူဆရာ ဧည့်သည်ကိုမလာစေလိုလျှင် ဟင်းခွက်ကို မှောက်ပေးလိုက်ခြင်းမျိုး ဖြစ်သည်။ ဟင်းရည်များလည်သွားသလို ဧည့်သည်လည်း မရောက်တော့ဘဲ လည်သွားတာ ဖြန့်ကွေ့သွားအောင် ပြုလုပ်ခြင်းသည် ဆင်တူမှော်ပညာသဘော ဖြစ်၏။

ဒုတိယအမျိုးအစားကား ခတ်ကူးမှော်ပညာဟုခေါ်ဆိုရမည့် ကွန်တေးဂျီယပ်(စ်)မက်ဂျစ် (CONTAGIOUS MAGIC)ပင်ဖြစ်လေသည်။အဝတ်သည် လူနှင့် ထိတွေ့နေရသဖြင့် လူ၏ခတ်သည် ကူးစက်နေ၏။ ထိုအဝတ်ကိုယူ၍ မကောင်းသဖြင့် စီရင်ခဲ့သော် ထိုအဝတ်ပိုင်ရှင်ဖြစ်သောလူတွင် မကောင်းကျိုးတွေဖြစ်ပေါ်လာသည်ဆိုခြင်းကား ခတ်ကူးမှော်ပညာသဘောပင်ဖြစ်၏။ မြန်မာပြည်တွင် စွဲလမ်းခဲ့ကြသော ရုပ်ဖမ်းသံဖမ်း ခြေရာကောက် စသည့် ပြုစားနည်းများမှာ ယင်းခတ်ကူးမှော်ပညာသဘောကို အခြေခံ၍စီမံပြုလုပ်ကြခြင်းများပင် ဖြစ်ပေ၏။ ဤနှစ်မျိုးကို ရှေးဦးစွာသိထားပြီးမှ အစွဲအလမ်းကလေးတွေကို လေ့လာသည်ရှိသော် အချို့သော အစွဲအလမ်းကလေးတွေမှာ မှော်ပညာကိုယုံကြည်မိ၍ ဖြစ်ပေါ်လာသော အစွဲအလမ်းကလေးများဖြစ်ကြောင်းကို တွေ့ရှိရပေသည်။

ကိုင်း - လေ့လာကြည့်ကြပါဦးစို့။

**ဘုန်းကြီးအရိပ်မနင်းကောင်း**

ဤအစွဲကို လေ့လာလျှင် ခတ်ကူးမှော်ပညာသဘောသက်ဝင်နေသည်ဟူ၍လည်း ယူဆနိုင်၏။ ခတ်ကူးသည့်သဘောဖြင့် ဘုန်းကြီး၏ အရိပ်သည်လည်း တစ်နည်းအားဖြင့် ဘုန်းကြီးပင်ဖြစ်နေရာ နင်းလိုက်ခြင်းသည် ဘုန်းကြီးကို နင်းရာရောက်၏။ ထို့ကြောင့် အပြစ်ကြီးလှသည်ဆိုကာ ရှောင်ကြဉ်ရန် တားမြစ်ခြင်းဖြစ်ပုံရသည်။ ဘာသာရေးအရ ကြည်ညိုကိုင်းရှိုင်းခြင်း ဖြစ်သောကြောင့် တတ်နိုင်သရွေ့တော့ လိုက်နာသင့်သည်ဟု ကျွန်ုပ် ယူဆပါသည်။

ဆက်လက်၍ အရိပ်နှင့်ပတ်သက်ပြီး ကမ္ဘာ့အနှံ့အပြား စွဲလမ်းကြပုံကို ဖော်ပြလိုပေသည်။ အရိပ် ဆိုသည်မှာ နှစ်မျိုးရှိ၏။ မှန်တွင် ထင်ဟပ်သောအရိပ်နှင့် အလင်းကြောင့် ဖြစ်ပေါ်လာရသော အရိပ်ဟူ၍ နှစ်မျိုးဖြစ်သည်။ ဤနေရာတွင် ဖော်ပြလိုသည်မှာ မှန်ထဲတွင်ထင်သော အရိပ်မဟုတ်ဘဲ အလင်းကြောင့် ဖြစ်ပေါ်လာသောအရိပ်ကိုသာ ဖော်ပြလိုပါသည်။

ကမ္ဘာ့အနှံ့အပြားရှိ လူများသည် ယခင့်ယခင်ကပင် အရိပ် ဆိုသည်မှာ လူတွေမြင်ရသော ဝိညာဉ်လိပ်ပြာဖြစ်၍ လူ၏ကိုယ်ခွဲပင် ဖြစ်သည်ဟု ယူဆခဲ့ကြသည်။ သို့ဖြစ်လေရာ အရိပ်ကို ဒုက္ခပေးလျှင် အရိပ်ရှင်၌ ဒုက္ခအန္တရာယ်ကျရောက်နိုင်သည် ဆို၏။ ကျွန်ုပ်ငယ်စဉ်က ကြားဖူးသည့်စကားတစ်ရပ်ဖြစ်သော လင်းတငှက်အရိပ်ကို ဖော့ဖြင့်ထိအောင် ပေါက်နိုင်လျှင် ပျံနေသော လင်းတငှက်သည် အောက်သို့ကျ၏ ဟူခြင်းမှာ ဤသဘောမျိုးပင် ဖြစ်မည်ဟု ယူဆရပါ၏။

ဥရောပတိုက်အရှေ့ပိုင်းတွင် ကြာရှည်လာခဲ့ပြီဖြစ်သော အစွဲအလမ်းကလေးတစ်ခုရှိ၏။ ယခင်က အဆောက်အအုံအသစ်တစ်ခုဆောက်ပြီဟုဆိုလျှင် လူကို စတေးမှ အဆောက်အအုံ ပြီးမြောက် အောင်မြင်မည် ဟူသော အယူအဆရှိခဲ့၏။ သို့သော် နောင်တွင် လူကို စတေးရန် မဖြစ်နိုင်တော့သော ကာလ၌ ဆောက်လုပ်သူများသည် လူတစ်ယောက်၏အရိပ်ကို ကြိုးဖြင့် တိတ်တဆိတ်တိုင်းထွာ၍ ထိုကြိုးကို အုတ်မြစ်၏အောက်တွင်မြှုပ်၍တည်ဆောက်ကြသည်။ အချို့ကမူ မသိနားမလည်သ... အဆောက်အအုံ ဆောက်လုပ်ရာသို့ ခေါ်ဆောင်လာပြီး အုတ်မြစ်ချမည့်နေရာတွင် သူ့အရိပ်ကို ကျရောက်စေ... ဖြားယောင်း၍ နေရောင်တွင် ရပ်ခိုင်း... သည်လည်းရှိသည်ဟု သိရ၏။ ထိုနည်းအနက် ...မည်သည့်နည်းဖြင့်လုပ်... လုပ် အရိပ်ပိုင်ရှင်သည် (၁၂) လအတွင်း... သေဆုံး၍ သူ၏ဝိညာဉ်မှာ မြေကြီး... တွင် ချုပ်မိသွားကာ ဘုမ္မစိုးများ... ၍ အဆောက်အအုံ ပြီးမြောက်အော... မြင်ရသည်ဟု အစွဲအလမ်းရှိလေသ...

ဤအစွဲအလမ်းများကို ဆင်... ကြည့်လျှင် လူ၏အရိပ်သည် လူနှင့်... နည်းမဟုတ်တစ်နည်း နီးစပ်စွာ ဖြစ်... ၍ အရိပ်ကို ကာယကံရှင်နှင့် ထပ်... သဘောထားတတ်ကြောင်းကို တွေ့... နိုင်လေတော့သည်။ သို့ဖြစ်သောကြော... ကျွန်ုပ်တို့ မြန်မာလူမျိုးများသည်... ဘုန်းကြီး၏အရိပ်ကို မနင်းမိအော... ရှောင်ကြဉ်ကြခြင်းသည် သံယာ... ကိုယ်၌အား ရှိသေသည့် စိတ်ထား... ရှေးကအစွဲတို့ ပေါင်းစပ်သွားခြင်း... ယူဆရပေ၏။

**သက်န်းနှင့်ထဘီ မထိကောင်း**

ဤအစွဲမှာမူ ဂန္ဓာရီအလွ... မသက်ဆိုင်လှဟု ထင်ပါသည်။ သ... သည် ရဟန်းသံဃာသုံးဖြစ်၍ မြင့်... ၏။အမျိုးသမီးမှာ မူလကပင် ယော... လောက်မမြင့်မြတ်ဟူသော အစွဲအ... ရှိရင်းစွဲဖြစ်သဖြင့် အမျိုးသမီးအ... ဆောင်ဖြစ်သောထဘီမှာ ယုတ်နိမ့်... ဟု သဘောထားကြရာ မြင့်မြတ်... သက်န်းနှင့် ယုတ်နိမ့်သောထဘီတို့... စေအပ် ဟူသည်မှာ ဘာသာရေး... ရှိုင်းသော ရှုထောင့်မှကြည့်လျှင်... လျော်ပါသည်။

ထို့ပြင် ရဟန်းသံဃာဟူသ... အိမ်ရာမထောင်၊ လူ့ဘောင်နှင့်... ကင်းရှင်းရှင်းဆိတင်းသုံးနေသည့်... ဖြစ်၍ မာတုဂါမ ခေါ် အမျိုးသ... နှင့် ဝေးလေကောင်းလေ ဖြစ်ပါ... သို့ဖြစ်ရာ ရဟန်းသံဃာအသုံးအဆော... ဖြစ်သည့် သက်န်းနှင့် အမျိုးသမီး... အဆောင်ဖြစ်သော ထဘီတို့... စေရမည်မှာ သဘာဝကျလှပေ...



www.burmeseclassic.com

www.burmeseclassic.com

သည်။

**ကျောင်းပစ္စည်း အိမ်တွင်မသုံးကောင်း**

ဤသည်လည်း ဘာသာရေးကို အခြေခံထားသော အစွဲအလမ်း ဖြစ်ပါသည်။ ရဟန်းသံဃာ ဟူသည် ကိုယ်ပိုင်ပစ္စည်းရှိသူ မဟုတ်ပါ။ အများတကာ လှူဒါန်းထားသော ပစ္စည်းများသာ ဖြစ်ပါသည်။ သို့ဖြစ်ရာ အလှူရှင်များက သံဃာတော်များကို ရည်စူး၍ လှူဒါန်းထားသောပစ္စည်းများကို မိမိ၏အိမ်တွင် ယူသုံးသည်ရှိသော် အပြစ်ရှိသည်မှာ သဘာဝကျလှပါ၏။ ဘာသာရေးကို ကိုင်းရှိုင်းသူများ အထူးလိုက်နာသင့်ပါသည်။

ဂန္ထာရအတတ်မှာလည်း ဘာသာရေးဆိုင်ရာစွမ်းအင်များကို မှီခိုရသည့် အခါများလည်းရှိပေရာ ဂန္ထာရီအလွှာများလည်း ဤအစွဲအလမ်းကို လေးစားလိုက်နာရသည်သာ ဖြစ်ပေ၏။

**ဆွမ်းတော်တင် မစားကောင်း**

ဤအစွဲအလမ်းနှင့် ပတ်သက်၍ တော်တော်ကလေး ဆွေးနွေးရပေလိမ့်မည်။ ကျွန်ုပ်၏အသိထဲတွင် ဘုရားဆွမ်းတော်ကို ဟင်းလျာများ အပါအဝင် အသီးအနှံများဖြင့် ကျကျနနကပ်လှူပြီးသော် အချိန်တန်သောအခါတွင် ဆွမ်းပွဲများကိုချ၍ စားသောက်ကြသည့်သူ အတော်များများရှိနေပါသည်။ သူတို့က 'နတ်ပွဲတောင်စားကြသေးတာ။ ဘုရားဆိုတာ နတ်ထက်မြတ်လို့ သာပြီးတောင် စားထိုက်သေးတယ်' ဟု ဆိုကြ၏။ ကိုယ့်အယူအဆကိုယ့်ဖြေရှင်းချက်ဖြင့် ကိုယ်ပြုလုပ်ကြခြင်းဖြစ်သဖြင့် ကျွန်ုပ်သည် သူတို့ကို ဘာမှမပြောလိုပါ။

ကျွန်ုပ်၏ ဂန္ထာရပညာဆိုင်ရာ ဥပဇ္ဈာယ်ဆရာဖြစ်သူ ပခုက္ကူအောင်ခေါ် ဆရာကြီးဦးအောင်ပြည့်အား ဤကိစ္စနှင့်ပတ်သက်၍ မေးမြန်းဖူးပါသည်။ ဆရာကြီးက ကျွန်ုပ်တို့အား ဆွမ်းတော်တင်မစားရဟု တားမြစ်ပါသည်။ အကြောင်းရင်းမှာ ကပ်လှူစဉ်က ဘုရားအားရည်စူး၍ ကပ်လှူသည်။ ဘုရားကို အာရုံပြုထားသော စားဖွယ်ကို လူအနေဖြင့် မစားသင့်ဟု ဆို၏။ ဘုန်းချင်းမတူညီ၍ မစားသင့်ကြောင်း ရှင်းပြပါသည်။ အာစက်လျှာစက်ညှိတတ်ကြောင်းလည်း ပြော၏။

သာဓကအားဖြင့် မနုဟာမင်းဖြစ်စဉ်ကို ပြသည်။ ဦးကုလား၏ မဟာရာဇဝင်တော်ကြီး ပထမတွဲတွင် မနုဟာ



မင်းအကြောင်း အောက်ပါအတိုင်း ဖော်ပြထားသည်ကို ဖတ်ရ၏။

**မနုဟာမင်းအကြောင်း**

မနုဟာမင်းကို မြင်းကပါအရပ်၌ အလုပ်အကျွေးနှင့်တကွ တွေ့ရ၏။ ထိုမနုဟာမင်းအာနုဘော်သည်ကား စကားပြောသော် ခံတွင်းမှ ပြောင်ပြောင်အရောင်ထွက်သော ဟူ၍။ အနော်ရထာမင်းစောလည်း မနုဟာမင်း အဖူးအမြင်လာ၍ ဦးချသောအခါ ကြက်သီးမွေးညင်းထ၍ ထိတ်ထိတ်လန့်လန့်ရှိတော်မူ၏။ ရှည်လတ်သော် မနုဟာမင်း ဘုန်းတန်ခိုးအာနုဘော်ကိုညှိ့စေခြင်းငှာ မနောလင်ပန်းနှင့် စားတော်ပြင်ပြီးသော် ဘုရားမှာတင်စေ၍ ထိုစားတော်ဖြင့် မပြတ် မနုဟာမင်းကို ကျွေးတော်မူ၏။ မနုဟာမင်းလည်း မစူးမစမ်းမဆင်မခြင် စားတော်ခေါ်၏။ ရှည်လတ်သော မိမိခံတွင်းမှထွက်သော စက်ရောင်သည် ကွယ်ခဲ့၏။ ထိုသို့ စက်ရောင်ကွယ်ရာတွင်မှ ငါကြံခြားသော်လည်း မဖြစ်နိုင်ရာ ဟူ၍ နှလုံးချေသောဟူ၏။ ယင်းသို့မှ သံဝေဂရသည်ဖြစ်၍ သံသရာဝယ် ကျင်လည်သရွေ့ သူနိုင်သည်ကို မဖြစ်လို ဟူ၍ ကြီးစွာသောဘုရားထက်ဝယ်တစ်ဆူ၊ ပရိနိဗ္ဗာန်ပြုတော်မူဟန်ပေါင်းလည်း တစ်ဆူ တည်တော်မူ၏။ ထိုဘုရားကို ယခုတိုင်အောင် မနုဟာဟု တွင်၏။

ဤကား ဦးကုလားရာဇဝင်က ဖော်ပြသော မနုဟာမင်း၏ အကြောင်းတည်း။ မည်သို့ပင်ဖြစ်စေ မိမိကပြန်၍ စားမည်ဟူသော ကြိုတင်ဆုံးဖြတ်ချက်ဖြင့် ဆွမ်းတော်ကို ကောင်းမွန်လှသည့် ခဲဖွယ်ဘောဇဉ်တို့ဖြင့် ဆက်ကပ်သည်ရှိသော် စေတနာဖြူစင်ထက်သန်မှုမှာ သံသယဖြစ်ဖွယ်ရာရှိပါသည်။ ထို့ကြောင့် စေတနာသန့်သန့် ဖြစ်စေရန် မိမိကပြန်၍ စားသောက်သည်မဟုတ်သော်လည်း ဘုရားရှင်တော်သို့ ရည်စူး၍ မွန်မြတ်သော ခဲဖွယ်ဘောဇဉ်တို့ဖြင့် ဆက်ကပ်လှူဒါန်းခြင်းကား ဘဝင်ကျနှစ်သက်စရာ ဖြစ်ပေ၏ဟူ၍ ကျွန်ုပ် ယူဆမိပါတော့သည်။

**ဥပုသ်နေ့တွင် ခေါင်းမလျှော်ကောင်း**

ဤအစွဲသည်လည်း ဘာသာရေးကို အခြေခံသည်ဟု ထင်မြင်မိပါသည်။ ထို့ပြင် ဂန္ထာရီအလွှာမှ သဘောတရားနှင့် စပ်ယှက်ခြင်းမရှိဘဲ သဘာဝကျကျ တားမြစ်ချက်ဖြစ်သည်ဟု ထင်ပါသည်။

ခေါင်းလျှော်ပြီးလျှင် ဆီထည့် ဖြီးပြင်မွမ်းမံရပါတော့မည်။ ဥပုသ်စောင့်ထားလျှင် အလှအပမွမ်းမံခြယ်သမှုများကို ခြိုးခြံရတော့မည်ဖြစ်ရာ မိမိက ဥပုသ်မစောင့်သည်ထားဦး။ ဥပုသ်နေ့ကို အလေးထားသောအားဖြင့် တတ်အားသရွေ့တော့ ခြိုးခြံခြင်းကို အခြေပြုပြီး တားမြစ်ခြင်း ဖြစ်သည်ဟု ယူဆမိပါ၏။

**ဘုရားညောင်ရေအိုး စုံမထားကောင်း**

ဂဏန်းစဉ်အရေအတွက် ပါဝင်နေသဖြင့် ဂန္ထာရအတတ်၊ ဗေဒင်ပညာစသည်တို့နှင့် စပ်ယှက်နေမည်ဟု ထင်မြင်စရာရှိပါသော်လည်း ဤအစွဲအလမ်းကလေးသည် ဘာသာရေးကို အခြေခံသည်ဟု သဘောရပါ၏။

ဗုဒ္ဓဘာသာဝင်များအဖို့ သရဏဂုံသည် သုံးပါးရှိ၏။ ဘုရား၊ တရား၊ သံဃာ ဟူ၍ ဖြစ်သည်။ မဟာယာနဗုဒ္ဓဝင်ဖြစ်သော ဂျပန်ဗုဒ္ဓဘာသာတွင် 'နမုစံဘိုး' ဟူ၍ရှိသည်။ နမုကား နမောပင်ဖြစ်၍ ရှိခိုးပါ၏ဟု အဓိပ္ပာယ်ရ၏။ စံဘိုး ဆိုသည်မှာ ရတနာသုံးခုဟု အဓိပ္ပာယ်ရရှိသည်။ သူတို့လည်း ရတနာသုံးပါးကို အားထားကိုးကွယ်ကြပါသည်။

ထို့ကြောင့် ဘာသာရေးတွင် သုံးဂဏန်းကို အလေးထား၏။ ထို့ပြင် သုံးကြိမ်ပြောမှ အတည်ဖြစ်သည်ဟူသော မဇ္ဈိမဒေသ၏ ဓလေ့ထုံးတမ်းသည်လည်း သုံးဂဏန်းကို အားထားသည်။ ဘုရားလက်ထက်တော်က ဆွမ်းပင့်လျှင် သုံးကြိမ်၊ သုံးခါပင့်ရခြင်းရှိခဲ့၏။ ယနေ့ ကျွန်ုပ်တို့ အမျှသုံးကြိမ်ဝေ၍ သာဓုကို သုံးကြိမ်ခေါ်နေကြသည်မဟုတ်ပါလား။ သီလသုံးကြိမ်တောင်း၍ သရဏဂုံသုံးကြိမ် ဆောက်တည်ကြပါသည်။ သို့ဖြစ်သောကြောင့် ဘုရားပန်းအိုးဖြစ်သော ညောင်ရေအိုးကို အနည်းဆုံး သုံးအိုးတော့ထားမှ သဘာဝကျမည် ဖြစ်ချေ၏။

သက်လုံ

www.burmeseclassic.com

အစားအစာများ လွန်လွန်ကဲကဲ စားသောက်ကြခြင်းအကြောင်းများကို ရာဇဝင်နှင့် ယနေ့ခေတ်ကာလများတွင် ကြားသိနေရပါသည်။ ရာဇဝင်ထဲတွင် ဝေဿန္တရာဇာတ်တော်ထဲမှ ဇူဇကာပုဏ္ဏားသည် ထင်ရှားသော အစားကြူးသူဖြစ်သလို တရုတ်ပြေးမင်းဟူ၍ ထင်ရှားခဲ့သည့် နရပတေ့စည်သူမင်းသည်လည်း ဟင်းခွက်ပေါင်း (၃၀၀) မှ မပြည့်လျှင် ပွဲတော်မတည် ဟူ၍ ဖတ်ရမှတ်ရဖူးပါသည်။

ယနေ့ခေတ်ကာလများတွင်လည်း ဆန်ဘယ်နှပြည်ချက်ကုန်အောင်စားနိုင်သူ၊ ဝက်သားဘယ်နှပိဿာချက်ကုန်အောင်စားနိုင်သူ စသည် စသည်ဖြင့် ကြားနေရပါသည်။

ထားပါ။ ထိုသည်များကိုတော့ စာရေးသူ မြင်ဖူး၊ ကြုံဖူးသည်မဟုတ်ပါ။ စာရေးသူကိုယ်တွေ့မျက်မြင်ကြုံတွေ့ခဲ့ရသည့်လူတစ်ယောက်ကတော့ ခေတ်သစ် ဇူဇကာဟုပင် ဆိုရမည်လားမသိ၊ စားသည်မှ ဗိုက်ပေါက်အောင်စားခဲ့သူပင် ဖြစ်ပါသည်။

ထိုမျှ အစားကြူးသူ၏ဇာတ်လမ်းကား ဤသို့ ဖြစ်ပါသည်။

❐

"ဟာ-ဒိုင်မှူးကြီးရယ်၊ ကျွန်တော်အိမ်မှာတုန်းက သေသေချာချာကို ချင့်တွယ်ခဲ့တာပါဗျာ။ ခု. . . ခုတော့ နှစ်တင်းကြီးများတောင်မှလျော့နေတယ်ဆိုတော့ ဟို. . . ဟို"

"အဲဒါကတော့ ကျွန်တော် မသိဘူးဗျာ။ ကျွန်တော်တို့ကလည်း ခင်ဗျားတို့ရှေ့က ဒီကတ္တားနဲ့ချိန်တာပါ။ ကတ္တားရဲ့အလေးချိန်ဂဏန်းအတိုင်း အတည်ယူရတာပါဗျာ။ ချိန်တော့လည်း ခင်ဗျားတို့ရှေ့မှာပဲချိန်တာပဲလေ"

"ဟုတ်တော့ ဟုတ်ပါတယ်။ ဒ ဒါပေမယ့်ဗျာ နှစ်တင်းကြီးများတော လျော့နေတာဆိုတော့လည်း"

"ဟာဗျာ - ခက်တော့နေပါ ဒီကတ္တားရဲ့အချိန်အတွယ်အလေးခ် အတိုင်း ယူရတာပါဆိုနေမှဗျာ။ ကဲ ခင်ဗျားသွားတော့။ နောက်မှာ လူ အများကြီးရှိနေသေးတယ်။ ကဲ-နော တစ်ယောက်ဆက်ချိန်မယ်"

နောက်တစ်ယောက်၊ နောက်တ ယောက်တို့လည်း အထက်ပါအတို တစ်တင်းလို၊ နှစ်တင်းလို စသည်ဖြ အပိုဟူ၍ လုံးဝပင်မရှိကြဘဲ အလိုမ ချည်းသာဖြစ်၍နေတော့သည်။

ဤနေရာကား ကျေးရွာတစ်ရွာ စပါးအဝယ်ဒိုင်ပင် ဖြစ်ပါသည်။

ထိုစဉ် (တစ်ခေတ်တစ်ခါက ဖြ ပါသည်) က တောင်သူလယ်သမား ကြီးများသည် သက်ဆိုင်ရာမှ ဖွင့်လ ထားသည့်စပါးအဝယ်ဒိုင်များတွင်

# (မုံရွာ) မောင်မောင်ချစ်ဦး

## ဗိုက်ပေါက်အောင်စားတဲ့သူ





www.burmeseclassic.com

www.burmeseclassic.com

တက်မှပေးသွင်းကြရမည့် စပါးအရေအတွက်ကို လာရောက်သွင်း(ရောင်း)ရပါသည်။

ထိုစဉ်က ကျွန်တော် ဦးစီးသည့် တပ်စိတ်တစ်စိတ်သည် နယ်မြေခံပြည်သူ့ရဲတပ်ဖွဲ့နှင့် ပူးပေါင်း၍ စပါးအဝယ်ဒိုင်များဖွင့်လှစ်သည့် ကျေးရွာများတွင် လုံခြုံရေးတာဝန်ယူရချိန် ဖြစ်သည်။

ကျွန်တော်တို့တပ်နှင့် ပြည်သူ့ရဲတပ်ဖွဲ့၏ လုံခြုံရေးတာဝန်မှာ စပါးအဝယ်ဒိုင်မှ ငွေကြေးနှင့် စပါးများလုံခြုံရေးအပြင် စပါးရောင်းရ၍ ငွေရှင်နေသော တောင်သူလယ်သမားဦးကြီးများ၏လုံခြုံရေးကိုပါ ဆောင်ရွက်ရပါသည်။ တောင်သူလယ်သမားဦးကြီးများ၏လုံခြုံရေးဆိုသည်မှာ လောင်းကစားဝိုင်းများနှင့် သူခိုးဓားပြရန်မှ ကာကွယ်ရန်အတွက်ပင်လျှင် ဖြစ်ပါသည်။

ကျွန်တော်တို့ လုံခြုံရေးအဖွဲ့မှာ စပါးအဝယ်ဒိုင်ဖွင့်လှစ်ထားရာ ခြံဝင်း (ဒိုင်ဝင်းဟုခေါ်ကြပါသည်) အတွင်းတွင် စခန်းချနေထိုင်ကြသည်ဖြစ်ရာ တောင်သူလယ်သမားဦးကြီးများ၏ ညည်းညူသံ၊ မကျေနပ်သံများကို နေ့စဉ်ဆိုသလိုကြားနေ၊ မြင်တွေ့နေရပါသည်။

"ဘယ်လိုလဲ မောင်ပု၊ မင်းရဲ့ စပါးအခြေအနေ"

"ဟာ-ဦးကြီးခင်ရယ်၊ ကျုပ်လည်း ဘာထူးမှာလဲဗျာ။ နှစ်တင်းကြီးများတောင်မှ လိုနေတာဗျာ။ အိမ်မှာတုန်းက သေသေချာချာကြီးကို ချင့်တွယ်ယူခဲ့တာပါ။ ဒီကျမှ လိုနေတာဆိုတော့ မစဉ်းစားတတ်အောင်ဖြစ်နေပြီ ဦးကြီးခင်ရယ်"

"အေး-ဟုတ်ပါရဲ့ မောင်ပုရေ ငါလည်း အိမ်ကတည်းက ချိန်တွယ်ခဲ့တာပါကွာ။ သေချာအောင်ဆိုပြင် နှစ်ခါတောင်မှ ချင့်တွယ်ခဲ့တာဟေ့။ ခုတော့ကွာ၊ တစ်တင်းခွဲတောင်လိုသတဲ့။ ငါလည်း မင်းလိုပဲ ဘယ်လိုမှစဉ်းစားမရအောင်ဖြစ်နေတာ။ ဒါ. . . ဒါပေမယ့်ကွာ ဟို. . . ဟိုလေ ဒိုင်မှူးကြီးများမျက်လှည့်ပြသလားလို့"

"ဘယ်လိုတောင်ပြောရမှန်းမသိအောင်ဖြစ်နေပါပြီ ဦးကြီးခင်ရယ်။ ဦးကြီးခင်ပြောသလို ထင်ရအောင်ကလည်း ချိန်တွယ်တာကလည်း ကျုပ်တို့ရှေ့၊ ကျုပ်တို့မျက်မြင်။ ပြီးတော့ ကတ္တားပေါ်က ဂဏန်းကလည်း ကျုပ်တို့အမြင်ဆိုတော့ ပြောရခက်ပါတယ်ဗျာ"

"အေးကွာ၊ ဟုတ်တော့ ဟုတ်သား"

ထိုကဲ့သို့ပြောကြဆိုကြသံများမှာ ကျွန်တော်တို့ဘေးဝန်းကျင်များတွင်ဖြစ်၍ မကြားချင်၍မှအဆုံးပင် ဖြစ်သည်။ ဘာကြောင့်များလိုနေကြသနည်း။ တစ်



www.burmeseclassic.com

ယောက်တလေသာလိုသည်၊လျော့သည် ဆိုလျှင် အကြောင်းမဟုတ်။ ယခုတော့ စပါးလာသွင်းသည့် တောင်သူလယ်သမားတို့အလိုပြုနေသည်ဆိုတော့လည်း စဉ်းစားစရာပင် ဖြစ်နေပါသည်။

သို့သော် ထိုသို့သောကိစ္စရပ်များသည် ကျွန်တော်တို့နှင့် မည်သို့မျှ သက်ဆိုင်ခြင်း၊ ပတ်သက်ခြင်းအလျှင်းမရှိပါ။ ကျွန်တော်တို့၏တာဝန်မှာ လုံခြုံရေးတာဝန်သာလျှင် ဖြစ်ပါသည်။ ထို့ကြောင့်လည်း ထိုသို့သောကိစ္စရပ်များကို မြင်နေ၊ ကြားနေ၊ တွေ့နေရသော်လည်း ကြားဝင်ခြင်း၊ ဖြေရှင်းညှိနှိုင်းပေးခြင်းမျိုး လုံးဝပင် မပြုလုပ်ခဲ့ပါ။ ကိုယ့်အလုပ်သာ ကိုယ်လုပ်ခဲ့ပါသည်။

သို့သော် ဤဖြစ်ရပ်သည် အသေးအဖွဲတော့မဟုတ်။ ကြာလျှင် အမြိုက်ကစ ပြာသာဒ်မီးလောင်ဆိုသည့်နှယ် ကြီးထွားလာနိုင်စရာအကြောင်းရှိလာနိုင်သည်။ အကျယ့်အကျယ်မငြိမ်းဖွယ်ဖြစ်လာနိုင်၍ တာဝန်အရမဟုတ်ဘဲ ခင်မင်ရင်းနှီးမှုအသွင်သဏ္ဌာန်ဖြင့် စပါးအဝယ်ဒိုင်မှူးကိုအုန်းလွင်အား မေးမြန်းကြည့်မိသည်။ ကိုအုန်းလွင်ကတော့ တစ်ချက်ကလေးမှ မျက်နှာမပျက်ဘဲ အေးအေးပင် ပြန်ဖြေခဲ့သည်။

"ဒါတော့မတတ်နိုင်ဘူးဆရာကြီးရယ်။ ကျွန်တော်တို့ကလည်း ကတ္တားပေါ်က အလေးချိန်အတိုင်း ဝယ်ရတာပါ။ သူတို့ပြောတဲ့အတိုင်းသာဝယ်ရရင် လျော်လို့တောင် ဆုံးတော့မှာမဟုတ်တော့ ပါဘူး"

"အင်း - ဟုတ်တော့ဟုတ်ပါတယ်ဗျာ။ ဒါပေမယ့်လည်း ကတ္တားကများ"

"ကတ္တားကတော့ ဘာမှမချို့ယွင်းပါဘူးဗျာ။ ပြီးတော့ ကျွန်တော်တို့ကဝယ်လည်း ဒီကတ္တားနဲ့ သက်ဆိုင်ရာကို ပြန်သွင်းတော့လည်း ဒီကတ္တားနဲ့ပါပဲ။ ဒီတော့ ဒီတော့ ရှင်းနေတာပဲ ဆရာကြီးရယ် မဟုတ်လား"

"ဟုတ်တာပေါ့၊ ဟုတ်တာပေါ့ဗျာ"

ဒိုင်မှူး ကိုအုန်းလွင်၏ စကားကကုန်နေပြီ ဖြစ်ပါသည်။ ထို့ကြောင့်လည်း စပါးဝယ်ယူမှု ပိုသည့်၊လိုသည့်ကိစ္စအား ဆက်လက်၍မပြောတော့ဘဲ စကားလမ်းကြောင်းလွှဲကာ တခြားသောအကြောင်းအရာများကိုသာပြောကြားတော့သည်။

သို့သော် နောက်ပိုင်းစကားတစ်ခွန်းတစ်စပြန်ကြားရပါသည်။ ထိုသည်မှာ ဒိုင်မှူးကိုအုန်းလွင်မှ သူ့အဖွဲ့ကို -

"လုံခြုံရေးလာတဲ့တပ်က ဆရာကြီးတော့ တို့ကိုမျက်စောင်းထိုးနေပြီ။ သတိထားပြီးလုပ်ကြကိုင်ကြ"

ဟူ၍ ဖြစ်သည်။

သို့သော် ကျွန်တော်မှာ (မိမိတာဝန်လည်း မဟုတ်၍) စပါးရောင်းဝယ်မှုကိစ္စကို စပ်လို့မျှပင်မပြောဆိုတော့သလို သူတို့စပါးချိန်တွယ်ရာ ကတ္တားနေရာသို့လည်း မသွားတော့ပါ။

သို့သော် စဉ်းစားစရာတော့ရှိလာပါသည်။ ထိုသည်မှာ ဒိုင်မှူးအပါအဝင် ဒိုင်အဖွဲ့သားများသည် ညနေစောင်းသည်နှင့် လုပ်ငန်းသိမ်းကာ ယမကာသောက်ပွဲကြီး ကျင်းပပါတော့သည်။ ၎င်းတို့သောက်ကြသောအရက်မှာ တောအရက်ဆိုသည့် ထွေးညို မဟုတ်ပါ။ မြို့ဆိုင်များတွင် တန်ဖိုးအနည်းငယ်မြင့်သော နိုင်ငံခြားဖြစ်အရက်များသာ ဖြစ်သလို အမြည်းမှာလည်း ငါးကြော်၊ ကြက်ကြော်များသာ ဖြစ်သည်။

သူတို့တစ်တွေရရှိသည့် လစာငွေကြေးနှင့် သောက်စားကုန်ကျငွေမှာ လုံးလုံးမကာမိပါပေ။ တခြားမှတခြားစီပင် ဖြစ်ပါသည်။

ထို့ပြင် ဒိုင်မှူးကိုအုန်းလွင်၏မိန်းမမှာလည်း ရွှေတွဲလဲငွေတွဲလဲနှင့်ဖြစ်သည်။ ဤမျှစားနိုင်၊ သောက်နိုင်၊ ဝတ်နိုင်မှုကား အံ့ဩစရာပင်ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ ကျွန်တော့်မှာ ဝမ်းသာခဲ့ပါသည်။

သို့သော် ကြာကြာဝမ်းမသာနိုင်ပါ။

၎င်းတို့အဖွဲ့ ညနေချိန်သောက်စား၍ မူးယစ်ပြီဆိုသည်နှင့် -

"ဟေ့-ကိုယ့်အလုပ်ကိုယ်လုပ်တာ၊ ဘယ်ကောင့်ကိုဂရုစိုက်ရမှာလဲကွ"

"မဆိုင်ရင် ဝင်မရှုပ်နဲ့ကွ"

"ဝင်ရှုပ်ရင် ဇက်ပြုတ်သွားမယ်နော် ဟင်း ဟင်း ဟင်း"

စသည် စသည်ဖြင့် ဟိုလူ့စောင်းသလိုလိုဒီလူ့စောင်းသလိုလိုနှင့် စောင်းမြောင်းနေသည်မှာလည်း နေ့စဉ်နေ့တိုင်းပင်ဖြစ်သည်။ အမှန်တော့ ကျွန်တော့်ကို စောင်းမြောင်းခြင်းပင် ဖြစ်သည်။ ကျွန်တော်လည်းသိသည်။ ကျွန်တော့်ရဲဘော်များလည်းသိသည်။ ကျွန်တော်တို့နှင့်တွဲသော ပြည်သူ့ရဲများကလည်း သိကြသည်။

ကျွန်တော်၏ရဲဘော်များဆိုလျှင် ဒိုင်အဖွဲ့အား တွယ်ချင်နေသည်မှာ ဟန်တပြင်ပြင်ဖြစ်နေရာ မနည်းပင်ထိန်းထား ရပါသည်။ ကျွန်တော်ကသာ ခေါင်းတခ ချက်ညိတ်လိုက်လျှင် ဒိုင်အဖွဲ့ကပြောင်းကပြန်ဖြစ်သွားနိုင်ပါသည်။ အတော်ကြီးကို သည်းခံနေရပါသည်။

သို့သော် ကျွန်တော်ရော ဒိုင်အဖွဲ့ ပါ ကံကောင်းသွားပါသည်။ ကံကောင်းရခြင်းမှာ မကြာမီရက်ပိုင်းတွင် စပါး ရောင်းချပြီးသွား၍ ဒိုင်အဖွဲ့ပြန်လည် ရုပ်သိမ်းသွားသလို ကျွန်တော်တို့မှာ လည်း တာဝန်ပြီးဆုံး၍ မိခင်တပ်ရင်းသို့ ပြန်ခဲ့ရခြင်းကြောင့်ပင် ဖြစ်ပါသည်။

အကယ်၍များ ရက်ကြာကြာခ လျှင် မမျှော်မှန်းနိုင်သော ဖြစ်ရပ်ဆိုးများ ဖြစ်ကောင်းဖြစ်လာနိုင်၍ အားလုံး အတွက် ကံကောင်းသွားခြင်းပင် ဖြစ်ပါ တော့သည်။

❐

(၄)၊ (၅) နှစ်ခန့် ကြာသွားပါပြီ

ကျွန်တော့်မှာ အခြားသော တ ရင်းသို့ ပြောင်းရွှေ့သွား၍ ဤအရပ်ဒေ ဒေသနှင့် ဝေးကွာသွားခဲ့သည်မှာ (၄ (၅)နှစ်မျှပင်ကြာသွားခဲ့ပါသည်။ ရော မည့်ရောက်တော့လည်း ဆိုင်းမဆင့် မဆင့် ရုတ်တရက်ဆိုသလို တပ်ကို တစ်ခုနှင့် မိခင်တပ်ရင်းသို့ ရောက်ရှိလ ခဲ့သည်။

တပ်ရင်းတွင် လုပ်စရာရှိသည များ၊ ရှင်းစရာလင်းစရာရှိသည်များ နေ့ရောညပါ အားစိုက်၍လုပ်လိုင တော့ နှစ်ရက်လောက်နှင့် ပြီးပြတ်သွား ပါသည်။ ကျွန်တော် လက်ရှိတာဝန် သောတပ်ရင်းမှ စေခိုင်းတာဝန်ပေးသ က (၅)ရက် ဖြစ်သည်။ (၅)ရက်နှင့် ပြတ်အောင်လုပ်ရန်ဖြစ်သည်။ သို့သေ နေ့ရောညပါလုပ်လိုက်မှုကြောင့် ( ရက်နှင့်ပြီးပြတ်သွားရာ (၃)ရက်လော အချိန်ပိုထွက်လာပါသည်။

ကိုယ့်လုပ်အားကြောင့်ထွက်လ သည့်အချိန် (၃) ရက်ကို မည်သို့လုပ် မည်နည်း။

တပ်ရင်းသို့ပဲ ပြန်မည်လာ သို့တည်းမဟုတ် (၁၀) နှစ်ခန့်နေလာ သော မိခင်တပ်ရင်း သို့မဟုတ် ဤ မြေတွင် လည်ပတ်အချိန်ဖြုန်းမည်လာ

နောက်ဆုံးတော့ မိမိအတွက် လာသော အချိန် (၃) ရက်ကို ဤ မြေတွင်သာ အချိန်ဖြုန်းရန် ဆုံးဖြ လိုက်သည်။ ပထမဦးဆုံးသောရက် လွန်ခဲ့သော (၄)၊ (၅) နှစ်ခန့် အဝယ်ဒိုင်နှင့် တောင်သူလ



www.burmeseclassic.com

www.burmeseclassic.com

ကြီးများအတွက် ပြည်သူ့ရဲတပ်ဖွဲ့မှ ပူးပေါင်း၍ လုံခြုံရေးယူခဲ့ဖူးသောရွာသို့ သွားလည်ရန် ဆုံးဖြတ်လိုက်သည်။

ထိုသို့ ဆုံးဖြတ်သည့်အတိုင်း နောက်တစ်နေ့တွင် ဆရာတစ်ယောက်၏ စက်ဘီးကိုငှား၍ ထွက်ခဲ့ပါသည်။ တပ်ရင်းနှင့် ၎င်းရွာမှာ (၁၀) မိုင်ခန့်ရှိ၍ စက်ဘီးကိုတော်တော်ပင်နင်းရပါသည်။ ထိုစဉ်ထိုကာလက ယခုလို ဆိုင်ကယ် ခေတ် မဟုတ်ပါ။ စက်ဘီးရှိသူပင်ရှားပါးသောခေတ်ကာလ ဖြစ်ပါသည်။

ရွာသို့ရောက်သည်နှင့် ယခင်က တပ်ခင်ရင်းနှီးခဲ့သော ကျေးရွာပြည်သူ့ ခေါင်းဆောင်စိုးဥက္ကဋ္ဌ (ဟောင်း) ဦးကြီးထူး၏ အိမ်သို့ တန်းလာခဲ့သည်။

"ဟင် - ဟော့ဗျာ ဆိုင်းမဆင့်ဗုံ မဆင့်ဗျာ"

ဦးကြီးထူးသည် ကျွန်တော့်ကို တွေ့မြင်လိုက်သည်နှင့် လွန်စွာအံ့ဩ ဟန် ပါးစပ်အဟောင်းသားဖြစ်၍သွားသည်။ မမျှော်လင့်ဘဲ ရုတ်တရက်တွေ့ လိုက်ရ၍ ဖြစ်ဟန်တူပါသည်။

"ဘယ်သူများမှတ်တယ်၊ လက်စ သတ်တော့ ဆရာကြီး အဲ့. . . အဲ့ ဗိုလ် ကြီးကို"

"ဗျာ-ဗိုလ်ကြီးလို့ ကျွန်တော့်ကို"

"ဟုတ်ပါ့ဗျာ၊ ဟုတ်ပါ့၊ ဆရာကြီး အဲ့. . . အဲ့ ဗိုလ်ကြီးကသာ စိမ်းသွားပြီး အမ်းစဖြတ်သွားပေမယ့် ကျုပ်တို့က တော့ အမြဲလိုလို သတိရပြီး သတင်းစုံ နေလို့ ဆရာကြီးကနေ ဗိုလ်ရာထူးရ သွားတယ်လို့ သိရတာပါဗျာ၊ ကြွပါဗျာ ကြွပါ"

ဦးကြီးထူးသည် ဝမ်းသာအားရ ဆီးကြိုသည်။ ဦးကြီးထူး၏ အသံကြောင့် ဦးကြီးထူး၏ မိသားစုများ၊ ယခင်က ခင်မင်ရင်းနှီးခဲ့သော ရွာသူရွာသားများ သည် ကျွန်တော့်ဆီသို့ ပြေးလာကြကာ ဝမ်းသာအားရ ဖက်လဲတကင်း နှုတ် ဆက်ကြပါသည်။ တစ်ခဏချင်းမှာပင် ဦးကြီးထူး၏ အိမ်ကလေးတွင် လက်ပံ ပင် ဆက်ရက်ကျသည့်နှယ် ဆူညံ၍ သွားပါသည်။ သူတို့၏ ဟန်ဆောင်မှု မပါသော ရင်းနှီးဖော်ရွေသော ဆီးကြို ဆက်ဆံမှုများကား ကျွန်တော့်အဖို့ ပြော မပြတတ်အောင်ပင် ဝမ်းသာပီတိဖြစ် ၍နေပါတော့သည်။

"ကဲကဲ- ဗိုလ်ကြီးရေ ရောက်တုန်း ရောက်တုန်း အေးအေးဆေးဆေးပေါ့။ အာဝန်တွေဘာတွေမရှိဘူးဆိုရင်တော့ ညအိပ်သွားဗျာ။ အဲ့-တာဝန်ရှိတယ်ဆို ရင်တော့ မတတ်ပါဘူး။ နို့ပေမယ့် လည်း ညနေစာသုံးဆောင်ပြီးမှသာ ပြန် ပါဗျာ"

ဦးကြီးထူး၏ စိတ်ရင်းမှန်သော စေတနာဖြင့် ပြောလာပါသည်။ ဦးကြီး ထူး၏ မိသားစုကပါ ထပ်မံပြောလာ သည်။ သို့သော် ကျွန်တော် ညအိပ်လျှင် အလုပ်ပိုတာဝန်တွေပိုမည်ဖြစ်၍ ငြင်းရ ပါတော့သည်။

"အေးဗျာ၊ အားတော့နာပါတယ်။ ညအိပ်လို့တော့မဖြစ်လို့ပါ။ ဒါတော့ ခွင့် လွှတ်ကြပါဗျာ"

"ဒါဖြင့်လည်း အေးအေးဆေး ဆေး စားသောက်ပြီး ညနေကျမှသာ ပြန်ပါဗျာ"

"ဟုတ်ကဲ့ ဦးကြီးထူး၊ ဒါတော့ ဖြစ်နိုင်ပါတယ်"

ဤသို့ဖြင့် ဦးကြီးထူးနှင့် စပ်မိစပ် ရာ ဟိုအကြောင်းဒီအကြောင်း ပြောကြ ဆိုကြရာမှ စပါးဝယ်ယူမှုလုံခြုံရေးတာ ဝန်ယူခဲ့ရစဉ်ကအကြောင်းသို့ ရောက် သွားပါသည်။

"ဗိုလ်ကြီး၊ ဒိုင်မှူးကိုအုန်းလွင်ကို သိတယ်မဟုတ်လား"

"ဟာ-ဦးကြီးထူးကလည်း၊ ဘယ် လာမသိဘဲရှိပါ့မလဲဗျာ၊ ဒိုင်ဝင်းတစ်ဝင်း တည်းမှာနေခဲ့ကြတာပဲ၊ သိတာပေါ့ဗျာ။ ဒါနဲ့ ဘာဖြစ်လို့မေးတာလဲ ဦးကြီးထူး"

"ဘာဖြစ်ရမှာလဲ ဗိုလ်ကြီးရာ။ အဲဒီလူက စားပိုနှင့်ပြီးသေသွားပြီလေ ဗျာ"

"ဟင်"

ဦးကြီးထူး၏ စကားများကြောင့် ကိုအုန်းလွင်အတွက် စိတ်မကောင်းဖြစ် ကာ ဘာပြောရမည်ပင်မသိတော့ဘဲ 'ဟင်' ဟူ၍သာ အာမေဋိတ်သံတစ်ခွန်း သာပြုနိုင်ပါတော့သည်။

"သေတာတောင် တစ်ယောက် တည်း မဟုတ်ဘူး၊ မိန်းမရော ကလေးပါ သေတာဗျာ"

"ဗျာ - မိသားစုတစ်စုလုံးပေါ့"

"အင်း - မိသားစုတစ်စုလုံးပေါ့ ဗျာ။ သေတာမှအသေဆိုးနဲ့ဗျာ။ လေ ကြီးမိုးကြီးကျတဲ့ညတစ်ညမှာ ကိုအုန်း လွင်တို့ အိမ်ပြိုကျသွားတယ်။ ကိုအုန်း လွင်ကတော့ ဘယ်လိုကဘယ်လိုဖြစ်လဲ မသိပါဘူး။ သူ့ရဲ့ဗိုက်ကို အိမ်အမိုးက တန်းက ထိုးဝင်သွားပြီးသေတာ။ မိန်းမနဲ့ ကလေးကတော့ အိမ်ပိပြီးသေရတာ။ စိတ်မကောင်းစရာပါ ဗိုလ်ကြီးရယ်"

"အေးဗျာ၊ စိတ်မကောင်းလိုက် တာ ဦးကြီးထူးရာ"

"ဒါပေါ့ ဗိုလ်ကြီးရယ်၊ စိတ် မကောင်းစရာပါ။ ဒါပေမယ့် သူလုပ်တဲ့ လုပ်ရပ်က ပြန်ပြီးတော့ပြန်တာ၊ ဆိုးကျိုး ပေးတာပေါ့ဗျာ။ ပြောလက်စနဲ့ပြောရဦး မယ်။ သူနဲ့လုပ်ဖော်ကိုင်ဖက် သူ့တပည့် တွေလည်း အရက်ကြောင့်သေတဲ့သူ သေ၊ ဒုက္ခိတဖြစ်တဲ့သူကဖြစ်နဲ့ တစ် ယောက်မှကို မလွတ်ဘဲ ဆိုးကျိုးကိုခံရ တာပါပဲ ဗိုလ်ကြီးရာ"

"ကြောက်စရာကောင်းလိုက်တာ ဦးကြီးထူးရာ"

"ဒါပေါ့ဗျာ၊ သူများရဲ့ပစ္စည်းကို မတရားလိမ်ညာယူမှုတွေ၊ သူများတွေ ကို မျက်ရည်ကြီးငယ်ကျအောင်လုပ်မှု တွေကြောင့် အများရဲ့ မေတ္တာစူးရှုပြီး အခုလို အသေဆိုးနဲ့သေရတာပါပဲ ဗိုလ် ကြီးရာ။ တကယ်တော့ မစားကောင်း၊ မစားသင့်တဲ့ပစ္စည်းကို သုံးစွဲစားမိလို့ ဗိုက်ပေါက်ပြီး ငသေရတာပေါ့ဗျာ"

ကျွန်တော့်မှာ အမှန်ပင် စိတ်မ ကောင်းဖြစ်မိပါသည်။

ဦးကြီးထူးပြောသလိုပင် ကိုအုန်း လွင်သည် မစားသင့်မစားထိုက်သော ပစ္စည်းကို စားသုံးခဲ့သဖြင့် မိမိသာမက မိမိအား မှီခိုနေသောမိန်းမနှင့်ကလေးပါ အသေဆိုးနှင့်သေခဲ့ရသလို မိမိ၏တပည့် များပါ အန္တရာယ်ဆိုးကျိုးကို အလူးအ လဲပင်ခံခဲ့ရပါသည်။

ကိုအုန်းလွင်တို့၏ အဖြစ်အပျက် သည်ကား အသိတရားရစရာ၊ သတိသံ ဝေဂရစရာပင် ဖြစ်သည်။ မကောင်း သောလုပ်ရပ်သည် တန်ပြန်ခံရသလို ချက်ချင်းလက်ငင်းပင် ဆိုးကျိုးအန္တရာယ် ကျရောက်တတ်၊ ခံရတတ်သည်ကို ကိုအုန်းလွင်၏ဖြစ်ရပ်ဆိုးက သက်သေ ပြ၍နေပါသည်။

ကျွန်တော်မှာ ဦးကြီးထူးတို့မိသား စုနှင့် လည်းကောင်း၊ ခင်မင်ရင်းနှီးပြီး သော ရွာသူရွာသားအချို့နှင့် လည်း ကောင်း စကားလက်ဆုံကျနေလင့်ကစား မျက်စိထဲတွင် ကိုအုန်းလွင်၏မျက်နှာကို သာ မြင်ယောင်နေမိသလို ဦးကြီးထူး၏-

'ဗိုက်ပေါက်အောင်စားလွန်းလို့ သေတော့လည်း ဗိုက်ပေါက်ပြီး သေရ တာ'

ဟူသည့် စကားကို ကြားယောင် နေမိပြီး အသိတရားသံဝေဂများရလျက် ရှိနေပါတော့သည်။

မောင်မောင်ချစ်ဦး (မုံရွာ)



www.burmeseclassic.com

www.burmeseclassic.com

□ စို့သက်တန့်မြိုင်၊ ထက်အောက် ပြိုင်၊ ညဉ့်တိုင်ဘယ်ကြောင့်မပေါ် သနည်း။

ကိုးသဲလေးထပ်ဆရာတော်ဘုရားကြီး၏ 'စွယ်စုံကျော်ထင်ကျမ်း' ထဲတွင် အထက်ဖော်ပြပါ ကျည်းကန်ရှင်ကြီး၏ မေးခွန်းကို ဆရာတော်ကြီးဘုရားက ဤသို့ အဖြေပေးထားသည်ကို တွေ့ရှိရသည်။

၎င်းမှာ -

'မြေရေတို့မှထွက်သော မြူခိုးတိမ်မှုန်များကို နေရောင်ကြောက်သောကြောင့်သာ စို့သက်တန့်ဖြစ်လေရကားနေမထွက်သည့်ညဉ့်၌မဖြစ်ကြကုန်'

ဟူ၍ မှတ်သားစရာတစ်ခုက သက်တန့်ကို သက်တံ၊ သက်တင် ဟူ၍လည်း ခေါ်ဆိုကြသေးသည် ဖြစ်၏။

မြန်မာစာအဘိဓာန်ထဲ၌ သက်တံဟူသော ဝေါဟာရကို နေရောင်ထိုးရာနှင့် ဆန့်ကျင်ဘက်ကောင်းကင်တွင်ဖြစ်ပေါ်တတ်သော ခရမ်းရောင်၊ မဲနယ်ရောင်၊ အပြာရောင်၊ အစိမ်းရောင်၊ အဝါရောင်၊ လိမ္မော်ရောင်၊ အနီရောင်ဆိုသည့် ခုနစ်မျိုးရှိသော စက်ဝိုင်းခြမ်းအခုံးပုံဟု ဖွင့်ဆိုထားသည်ကို တွေ့ရှိရလေသည်။ ရှင်ဩဘာသဘိဓံသ၏ သုတေသနသရုပ်ပြအဘိဓာန်ထဲတွင်မူ သက်တန့်ကို ဣန္ဒဓနု = သိကြားမင်း၏ လေးကိုင်းတော်ဟု ပြဆိုထားသည်ကို တွေ့ရှိရသည်။ သက်တန့်၌ သုံးမျိုးရှိသည်ဟု ဆို၏။

ယင်းမှာ -

၁။ စို့ - နံနက်ခင်း၌ နေမင်းအရှေ့အရပ်၌ရှိနေစဉ် အနောက်အရပ်၌ပေါ်

# ဖုန်းရှိအောင်

၂

## နေ၏ထူးခြားချက်၊ နေ၏လျှို့ဝှက်ချက်



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

…တ်ပေါက်ရှိနေသောသက်တန့်ကို စို့…တ်သည်၊ စို့ပေါက်သည်ဟု ခေါ်ကြ…သည်။

၂။ **ကြိုတ်** - မွန်းတည့်သကဲ့သို့ …တောင်းကင်အလယ်၌ တည်သော …တ်တန့်ကို ကြိုတ် သို့မဟုတ် ကြွတ် …တ်သည်ဟု ခေါ်ကြသည်။

၃။ **သက်တန့် ခေါ် စက်တန့်** - ည …န်းအခါ အနောက်အရပ်၌နေရှိနေ… အရှေ့အရပ်၌အရောင်ပေါ်သည် … သတ်တန့်ပေါ်သည်၊ စက်တန့်ထွက် …သည်ဟု ခေါ်ကြပြန်သည်ဟု ဆိုထား …သည်ကို တွေ့ရှိရပေသည်။

ရှေးမြန်မာကြီးတို့က အနောက် …တ်မှာပေါ်သောစို့ကို စို့တကိုင်း၊ …တံခါးပိတ်၊ စို့ငုတ်တုတ်ဟု ခွဲခြားသတ် …တ်ထားကြသေးသည်။ အနောက်ဘက် …မြောက်ဘက်သို့ ပေါ်သော သက်တန့် … စို့တကိုင်း၊ အနောက်မြောက်ထောင့် … အနောက်တောင်ထောင့်ပေါ်သော …တ်တန့်ကို စို့တကိုင်း၊ အနောက်ဘက် …တောင်ဘက်သို့ပေါ်သော သက်တန့် … စို့တံခါးပိတ်၊ အနောက်တောင် …ထောင့်နှင့် အနောက်မြောက်ထောင့်မှာ …ပေါ်သို့ ထောင်တက်နေသော သတ် …တန့်ကို စို့ငုတ်တုတ်ဟု မှတ်ယူထားကြ …သေးသည်။ ရှေးမြန်မာကြီးတို့သည် …သတ်တန့်(စက်တန့်)၊ ကြိုတ်(ကြွတ်)၊ …တွက်ပေါ်ပုံတို့ကြည့်၍ မိုးလေဝသ …တ်ဖတ်ကြားမှု၊ ကုန်ပစ္စည်းအပေါ် …နိမိတ်ဖတ်ကြားမှု၊ တိုင်းရေးပြည် …နိမိတ်ဖတ်ကြားမှုများကိုပြုခဲ့ကြသည်။

နမူနာအမြည်းအစမ်းအနည်းငယ် … တင်ပြကြရသော် စို့တကိုင်းထွက် …လျှင် မိုးတဖွဲဖွဲနှင့် မိုးမစဲတမ်းရွာတတ် …သည်၊ စို့တံခါးပိတ်ထွက်လျှင် မိုးခေါင် …တတ်သည်၊ စို့ငုတ်တုတ်ထွက်လျှင် မိုး …တတ်၊ မိုးပါးတတ်မည်၊ ကြိုတ်ထွက် …လျှင် ထင်ရှားသူများ၊ တန်ခိုးကြီးသူများ …တစ်ပါးပြောင်းတတ်သည် စသဖြင့် …မိတ်ဟောကိန်းများ ထွက်တတ်မည်။ …တ်တန့်မြောက်ဘက်ကထွက်မူ မိုးကြီး …အံ့ ပြည်ရွာချောက်ချားအံ့၊ တောင် …ဘက်တထွက်မူ လူလိမ်လူယုတ်မာတို့ …အံ့၊ ညဉ့်အခါ၌ သက်တန့်ထွက်မူ …ဥပဒ်ဖြစ်အံ့၊ ညဉ့်အခါ လနှင့်အတူ …သက်တန့်ထွက်မူ မင်းပြောင်းမင်းလွဲရှိ… သတ်နက်သင့်အံ့ စသောဟောကိန်း …များကို တွေ့ရတတ်သည်။

…ဆိုလျှင် အဆိုပါ စို့၊ သက်တန့်၊ …တ်ထွက်ပေါ်မှုသည် နေ၏ ထူးခြားချက်တစ်ခု၊ နေ၏လျှို့ဝှက်ချက်တစ်ခုဟု ဆိုထိုက်ပေသည်။ အမှန်မှာတော့ နေ၏ ထူးခြားချက်၊ လျှို့ဝှက်ချက်များသည် ယင်းထက်မက ပိုမိုများပြားလှပေသည်။ ယင်းတို့အထဲမှ တချို့တစ်ဝက်ကိုပြောရလျှင် နေထီးဆောင်းခြင်း၊ နေအိမ်ဖွဲ့ခြင်း၊ နေတံခွန်ထွက်ခြင်း၊ နေ၌အရုပ်အရောင်ထင်ခြင်း၊ နေပြောက်ပေါ်ခြင်း၊ နေကြွတ်ခြင်း စသည်စသည်တို့ ဖြစ်ကြပေသည်။ ဤသည်တို့ကို ရှင်းလင်းရန်လိုလာပေပြီ။

ထိုသို့မရှင်းလင်းမီ စူဠဝါနှင့် သုတ်၊ သီလက္ခန်တို့တွင်ဖော်ပြပါရှိသော နေ၏ ရန်သူမျိုးငါးပါးဖြစ်သော (၁) မိုးတိမ်၊ (၂) ဆီးနှင်း၊ (၃) မီးခိုး၊ (၄) မြူ (၅) ရာဟုအသူရိန် ဆိုသည်တို့ကို သိထားရန်လိုမည်ဖြစ်သည်။ ဆိုခဲ့သော နေထီးဆောင်းခြင်း၊ နေအိမ်ဖွဲ့ခြင်း၊ နေတံခွန်ထွက်ခြင်း၊ နေ၌အရုပ်အရောင်ထင်ခြင်း၊ နေပြောက်ပေါ်ခြင်း၊ နေကြွတ်ခြင်းတို့သည် နေ၏ရန်သူမျိုးငါးပါးထဲက ရန်သူမျိုးတစ်ပါး သို့မဟုတ် တစ်ပါးထက်မက ကြောင့်ဖြစ်သည်ဟု ယူဆ၍ရနိုင်ပေသည်။ ကျမ်းရင်းများထဲမှာတော့ ရောင်ခြည်တစ်ထောင် အလင်းဆောင် နေမင်းသည် စကြဝဠာအနန္တကို ဖြန့်ကြက်လင်းတောက်နိုင်သော်လည်း တစ်ခါတစ်ရံ၌ ထိုရန်သူငါးပါးတို့ကြောင့် (ဝါ) ထိုရန်သူတို့က ရှေ့ကဖုံးပိတ်ထားသောကြောင့် နေသည် အလင်းရောင်ဖြန့်ဝေပေးခွင့်မရဟု ဆိုထားပေသည်။

နေထီးဆောင်းခြင်း ဆိုသည်မှာ နေဝန်းပတ်လည် တစ်စိတ်တစ်ဒေသအား အရောင်ဆန်းပေါ်ထင်ခြင်းပင်ဖြစ်သည်။ နေထီးဆောင်းလျှင် မိုးကြီးရွာတတ်သည်ဟု ယေဘုယျအားဖြင့် အမှတ်အသားပြုထားပေသည် ဖြစ်၏။ နေအိမ်ဖွဲ့သည်ဆိုသည်မှာ နေဝန်းပတ်ပတ်လည်တွင် အလင်းရောင်အဝန်းအဝိုင်းပေါ်ထင်မှုပင် ဖြစ်ပေသည်။ တစ်နည်းအားဖြင့် နေဝန်းပတ်ပတ်လည်တွင် အဖြူ၊ အနီ၊ အဝါ စသော အရောင်အလင်းဝိုင်းများပေါ်ထွက်မှုပင်ဖြစ်သည်။ ဤနေအိမ်ဖွဲ့မှုများနှင့်ပတ်သက်၍ ဝေဒပညာဟောကိန်းများ၊ နိမိတ်ပညာဟောကိန်းများ၊ မိုးလေဝသဟောကိန်းတချို့ ရှိနေပေသည်။

နမူနာဆိုရသော် တနင်္ဂနွေနေ့ နေအိမ်ဖွဲ့မူ ပြည်ရွာမီးဘေးသင့်အံ့။ တနင်္လာနေ့ နေအိမ်ဖွဲ့မူ သမီးကညာရောက်အံ့။ အင်္ဂါနေ့ နေအိမ်ဖွဲ့မူ မင်းလောင်းပေါ်အံ့ဟု ဟောကိန်းများတွေ့ရှိရသလို နေထွက်ဦးမှာဖွဲ့မူ ထဘီဝတ်တို့ ဥပါဒ်သင့်အံ့။ အရှေ့က နေအိမ်ဖွဲ့မူ မင်းစိုးရာဇာတို့ စစ်ထိုးအံ့။ မွန်းတည့်တွင်နေအိမ်ဖွဲ့မူ မင်း၊ မိဖုရားတို့ ဒဏ်သင့်အံ့။ နေဝင်ဖွဲ့မူ စစ်ကြီးရောက်အံ့။ နေတစ်ခြမ်းရှိဆဲတွင် နေအိမ်ဖွဲ့မူ ပြည်ရွာချောက်ချားအံ့ စသည်ဖြင့် ဟောကိန်းများရှိနေပေသည်။

တစ်ခါ နေတံခွန်ထွက်ခြင်းနှင့် ပတ်သက်၍ ဤသို့ဖော်ညွှန်းမှုများရှိနေသည်ကို တွေ့ရှိရပေသည်။ နေပံခွန်ထွက်ခြင်းဆိုသည်မှာ နေဝန်းမှရောင်စွယ်များတန်းထွက်ခြင်း၊ ဖြာထွက်ခြင်းကို ဆိုလိုခြင်းပင် ဖြစ်သည်။ နေတံခွန်ထွက် ဟောကိန်းတချို့မှာ တနင်္ဂနွေနေ့ နေတံခွန်ထွက်မူ အရှေ့ဘက်မှာ စစ်ဖြစ်အံ့။ တနင်္လာနေ့ နေတံခွန်ထွက်မူ အနောက်ဘက်မှာ စစ်ဖြစ်အံ့။ အင်္ဂါနေ့ နေတံခွန်ထွက်သော် ပြည်ရွာသူဉ်ဖျင်းအံ့။ ဗုဒ္ဓဟူးနေ့ နေတံခွန်ထွက် သူကောင်းဥပဒ်ဖြစ်အံ့။ ကြာသပတေးနေ့ နေတံခွန်ထွက်မူ မြေငလျင်လှုပ်အံ့။ဆင်ဖြူရတနာရောက်အံ့။ သောကြာနေ့ နေတံခွန်ထွက်သော် မိန်းမရတနာရောက်အံ့။ စနေနေ့ နေတံခွန်ထွက်မူ မြေငလျင်လှုပ်အံ့ စသဖြင့် ဖြစ်၏။

နေ၌အရုပ်အရောင်ထင်ခြင်းသည် နေလုံးပတ်ပတ်လည်တွင်ရှိသော၊ နေဝန်းတစ်ခွင်တစ်ပြင်၌ရှိသော မိုးတိမ်၊ ဆီးနှင်း၊ မြူခိုးတို့ကြောင့် ဖြစ်ပေါ်ရသည်ဟု ယေဘုယျအားဖြင့် မှတ်သားထား၍ ရနိုင်ပေသည်။ ရှေးဟိန္ဒူဝေဒပညာကျမ်း၊ ရှေးမြန်မာဝေဒပညာကျမ်းများဖြစ်ကြသော နရဒသံဟိတကျမ်း၊ ဗြိဟတ်သံဟိတကျမ်း၊ ကပ္ပါဒိနိမိတ္တကကာလ စတ္တိမဟာတိတ္တုံကျမ်း စသည်တို့၌ ဤနေဝန်းမှာ အရုပ်အရောင်ထင်များနှင့်စပ်လျဉ်းသည့် အနာဂတ္တံဟောကိန်းများကို အနည်းနှင့်အများ တွေ့ရှိနိုင်ပေသည်။

ဤသည်နှင့် နီးနွယ်လျက် ဥဒဟရုဏ်တချို့ကို တင်ပြချင်ပါသည်။ ဤနေရာ၌ နေဝန်းမှာ အရုပ်ပုံအသွင်ထင်မှု၊ အရောင်အဆင်းထင်မှုတို့နှင့် ဆိုင်သော ဟောကိန်းတချို့ကို ညွှန်းဆိုပါမည်။ နေတွင် လူရုပ်ထင်မူ ရောဂါဘေးသင့်အံ့။ နေဝန်းတွင် လေးကိုင်းကဲ့သို့ရှိမူ စစ်ရောက်အံ့။ နေတွင် ဥဒေါင်းရုပ်တွေ့မူ စစ်ဖြစ်အံ့။ အင်အားကြီးမင်းအရေးနိမ့်အံ့။ နေ၌ ကျွဲရုပ်ထင်မူ ဘေးကြီးသင့်အံ့။ နေဝန်းမှာ တုရိုဏ်တိုင်ထင်မူ မင်းနေပြည်၌ ဝရုန်းသုန်းကားဖြစ်အံ့။ နေ၌



www.burmeseclassic.com

www.burmeseclassic.com

ထီးသဏ္ဍာန်ထင်မူ နယ်မြို့ပြကျေးရွာ မငြိမ်မဝပ်ဖြစ်အံ့။ နေ၌ အိုးသဏ္ဍာန်ထင်မူ အငတ်ဘေးသင့်အံ့။ နေ၌ ငှက်ရုပ်ထင်မူ ခိုးသူဘေးသင့်အံ့။ နေတွင် သန်လျက်ရုပ်ထင်မူ စစ်ရောက်အံ့။ နေတွင် ကြာပွင့်ရုပ်ထင်မူ မိုးကောင်းအံ့။နေတွင် တံခွန်ကြက်လျှာရုပ်ထင်မူ မင်းပြောင်းမင်းလဲ ဖြစ်အံ့။ နေတွင် လိပ်ရုပ်ထင်မူ မင်းဥပဒ်သင့်၏ စသဖြင့်ဖြစ်၏။

တစ်ဖန် နေတွင် အနီကဲ့သို့ရှိမူ ဗိုလ်ပါပျက်အံ့။ နေတွင် အလယ်ကား အနီ၊ အစွန်းကား အပြာမူ မွတ်သိပ်အံ့။ နေတွင် အဖြူကား အလယ်၊ အစွန်းကား အနီ၊ အမည်းရှိမူ ပုဏ္ဏားတို့ ဘေးဥပဒ်သင့်အံ့။ နေတွင် အဝါ၊ အရွှေသန်းမူ သူကြွယ်သေအံ့။ နေတွင် အထက်ကား အရွှေ အောက်ကား အနီ၊ အလယ် အမည်းသန်းမူ မင်းသေအံ့။ နေတွင် အနီတစ်တန်း၊ အမည်းတစ်တန်းရှိမူ ခိုးသူလက်နက်ဘေးသင့်အံ့။ နေ၌ ဆေးပြားကဲ့သို့ထင်မူ မိုးကောင်းအံ့။ နေဝန်းတွင် တစ်ခြမ်းကား အဖြူ တစ်ခြမ်းကား အဝါရှိမူ ပြည်ရွာမငြိမ်မဝပ်ဖြစ်အံ့။ နေ၌ အဝါတစ်တန်း၊ အနီတစ်တန်းရှိမူ မင်းကို ပုန်ကန်သူရှိအံ့။ နေသည် လနှင့်တူမူကား မင်းတစ်ပါးကို မင်းတစ်ပါးသတ်အံ့။ မင်းတစ်ပါးလဲအံ့ စသည်တို့ ဖြစ်ကြပေသည်။

စိတ်ဝင်စားစရာတစ်ခုဆိုခဲ့သလိုပင် မိုးတိမ်၊ ဆီးနှင်း၊ မြူခိုးများကြောင့် နေဝန်း၌ အရုပ်သဏ္ဍာန်ထင်မူ နေဝန်း၌ အရောင်အဆင်းထင်သလိုပင် မူလနေဝန်းအနီးတွင် မှုပွားနေဝန်းများ (ဝါ) နေဝန်းအတုများ ပေါ်ပေါက်သေးသည်ဆိုသည်ကို ရှေးဟိန္ဒူဝေဒပညာကျမ်းများ၊ ရှေးမြန်မာဝေဒပညာကျမ်းများ၌ ဖော်ပြထားသည်ကို တွေ့ရှိရပေသည်။ ထိုနေဝန်းအတုပေါ်ပေါက်ခြင်းနှင့် နှီးနွယ်နေသော ဟောကိန်းများကိုလည်း တွေ့ရှိရသေးသည်။

ဥပမာပြောရသော် နေဝန်း၏ လက်ဝဲ၊ လက်ယာကနေဝန်းရောင်ထင်မူ မင်းနှင့်ပြည်သူဘေးသင့်အံ့။ နေသည် အထက်တစ်လုံး၊ အောက်တစ်လုံးထင်မူ ဥပဒ်သင့်အံ့။ နံနက်အခါ၌ နေဝန်းသုံးခု ထွက်မူ ပြည်သူဝရုန်းသုန်းကားဖြစ်အံ့။ မွန်းတည့်အခါ၌ နေဝန်းနှစ်ခုမြင်မူ မင်းအဖို့တည်း၊ မိုးမြေတို့၌ သတ္တဝါရှိအံ့။ နေလွဲအခါ နေဝန်းသုံးခုတွေ့မူ တစ်ပြည်သားတို့ ဝင်ရောက်ဒုက္ခပေးအံ့။ နေချမ်းမှာမြင်မူ စိုးရိမ်ရအံ့။ ဖျားနာအံ့။ အမတ်တို့အဖို့တည်း။ နေဝင်သောအခါ နေဝန်းသုံးခုမြင်မူ ပြည်ရွာချမ်းသာအံ့ စသည်တို့ ဖြစ်၏။

ယခုဆိုခဲ့သောနေဝန်းတွင် အရုပ်သဏ္ဍာန်ထင်ခြင်း၊ နေဝန်းတွင် အရောင်အဆင်းများပေါ်ထင်ခြင်းတို့နှင့် ဆက်နွယ်သည်ဟု ပြောလိုရသော အရာတစ်ခုမှာ နေပြောက်ပေါ်ခြင်းဟု ဆိုသော နေဝန်းတွင် အစက်အပြောက်များ ပေါ်ပေါက်ခြင်းပင် ဖြစ်သည်။ ဤနေပြောက်ပေါ်ခြင်းနှင့် စပ်လျဉ်း၍ နရဒသံဟိတကျမ်း၊ ဗြိဟတ်ဇံသံဟိတကျမ်း အပါအဝင် ရှေးဟောင်းဟိန္ဒူဝေဒကျမ်းကြီးကျမ်းခိုင်တချို့တွင် တခုတ်တရဖော်ပြထားသည်ကို အလေးဂရုပြုဖွယ်ရာတွေ့ရှိခြင်းပင်ဖြစ်သည်။

အထက်ကဖော်ပြခဲ့သလိုပင် တိမ်တိုက်များကြောင့်၊ ဆီးနှင်းများကြောင့်၊ မြူခိုးများကြောင့် နေဝန်းတွင် အရုပ်သဏ္ဍာန်ထင်ခြင်း၊ နေဝန်းတွင် အရောင်အဆင်းဖြစ်ပေါ်ခြင်း၊ နေဝန်းအနီးတွင် နေအတုများ ဖြစ်ပေါ်တတ်သကဲ့သို့ နေပြောက်ဖြစ်ပေါ်ခြင်းကြောင့်လည်း အရုပ်သဏ္ဍာန်များ၊ အရောင်အဆင်းများ၊ နေအတုများ ဖြစ်ပေါ်တတ်သေးဟု ယူကြပေသည်။ ဤနေပြောက်ပေါ်ခြင်းဆိုင်ရာ ဝေဒပညာဟောကိန်းနိမိတ်ပညာဟောကိန်းများကိုလည်း အဆိုပါရှေးဟောင်းကျမ်းကြီးကျမ်းခိုင်များတွင် တလေးတနက် ဖော်ပြထားသည်ကလည်း အလေးဂရုပြုဖွယ်ရာ ဖြစ်သည်။

ဥဒါဟရုဏ်ဆိုရသော် နေတွင် အပြောက်ပြောက်တွေမြင်ရသော် ရောဂါဘေး၊ အငတ်ဘေး၊ လက်နက်ဘေးတို့နှင့် ကြုံတတ်သည်။ နေတွင် အပေါက်အပေါက်ဖြစ်နေသည်ကို မြင်ရသော် မြင်ရသော တိုင်းပြည်၏ ရှင်ဘုရင်များ ဒုက္ခတွေ့တတ်သည်။ နေတွင် အပြတ်ပြတ်ထင်မူ ပြည့်ရှင်မင်းတို့ ဥပဒ်သင့်တတ်မည်။ နေတွင် အမြီးပေါက်သကဲ့သို့ ရှေ့နောက်ထင်မူ ပြည်သူများဘေးသင့်မည်။ နေတွင် ဖျားစွဲသကဲ့သို့ထင်မူ မင်းကို အမတ်ကြံအံ့ စသည် ဟောကိန်းများရှိသလို အထက်ကပြောခဲ့သည့်အတိုင်း နေဝန်း၌ အရောင်အဆင်းပေါ်ထင်သောဟောကိန်း၊ နေဝန်းမှာ အရုပ်သဏ္ဍာန်ပေါ်သောဟောကိန်းများလည်း ထပ်တူရိုးစွဲရှိနေပါသေးသည်။

စိတ်ဝင်စားစရာတစ်ခုက ဤနေပြောက်ပေါ်ခြင်းအား ခေတ်သိပ္ပံပညာရှုထောင့်ကဖွင့်ဆိုမှု၊ နေပြောက်ပေါ်ခြင်းအား ခေတ်သိပ္ပံပညာဘက်မှ သုတေ
သနတွေ့ရှိချက်တို့ကိုပင် ဖြစ်၏။ ခေတ်
သိပ္ပံပညာအလိုအရ နေသည် တစ်ချိန်
လုံး ပေါက်ကွဲနေသော ကြယ်တစ်လုံး
ဖြစ်ကာ အပူဓာတ်နှင့် အလင်းဓာတ်တို
ကို ထုတ်လွှင့်ပေးလွှတ်လျက်ရှိနေသလို
နေလေပြင်း (Solar wind) နှင့် နေ
ပြောက် (Sunspot)များကိုလည်း ထုတ်
လွှတ်ပေးနေခြင်းကြောင့် ယင်းတို့သည်
ဤမြေကမ္ဘာပေါ်၌ အကျိုးသက်ရောက်
မှုများရှိသည်ဟူခြင်းပင် ဖြစ်၏။

နေလေပြင်း (Solar Wind) တိုက်
ခတ်သည်ဆိုခြင်းမှာ နေပေါက်ကွဲမှု
ကြောင့် ဓာတ်ပြိုကွဲမှုကြောင့် အရှိန်အ
ဟုန်ပြင်းပြင်းနှင့် အာကာသထဲသို့ လွှ
ထွက်လာ လေဟုန်လေပြင်းပင် ဖြစ်
သည်။ နေပြောက် (Sun Spot) ဆိုသည်
မှာ နေမျက်နှာပြင်ပေါ် မှာ ဝက်ခြံဖု
လို အပြောက်ပြောက်အကွက်ကွက်
ပေါက်လျက် ပြင်းပြင်းထန်ထန်
ကွဲမှုကြောင့် ပေါ်လာခြင်းပင် ဖြစ်သည်
လိုရင်းကိုပြောရလျှင် နေပြောက်
ရခြင်းသည် နေလုံးပေါ်၌ နေမျက်နှာ
ပေါ်၌အကွက်လိုက်အကွက်လိုက်
ကွဲမှုများကြောင့် ဖြစ်ပေါ်လာရ
ကြောင့်ပင် ဖြစ်သည်ဟူခြင်းပင် ဖြစ်

ခေတ်သိပ္ပံပညာအလိုအရ
နေပေါက်ကွဲမှုကြောင့် သံလိုက်မုန်
များဖြစ်တတ်သည်ဟူ၏။ ထိုသို့သံလိ
မုန်တိုင်းကြောင့် ရေဒီယိုလှိုင်း၊
လှိုင်း၊ တယ်လီဖုန်းလှိုင်းတို့ ထိခိုက်
ပြားတတ်သည်။ ထို့သို့ နေပြောက်
ကြောင့် မုန်တိုင်းထန်မှု၊ မိုးသည်းထ
အပါအဝင် ရာသီဥတုပြုပြင်ပြောင်
မှု၊ မိုးလေဝသဖောက်ပြန်မှုများ ဖြစ်
တတ်သည်ဟူ၏။

ခေတ်သိပ္ပံပညာရှင်တို့ သုေ
သနပြုချက်အရ နေပြောက်ပေါ်
မှုတို့သည် (၁၁) နှစ်လျှင် တစ်
ပေါ်ပေါက်တတ်သည်ဆို၏။ ဆိုခဲ့
နေပြောက်ပေါ်သောနှစ်တွင် ရာသီ
နှင့် မိုးလေဝသဖောက်ပြန်ပြောင်
တတ်သည်။ မီးတောင်ပေါက်ကွဲမှု
ငလျင်ကြီးလှုပ်မှု၊ မြစ်ရေကြီးမှု၊
ဆူနာမီဒီလှိုင်းကြီး ရိုက်ခတ်မှု စ
စသည်တို့လည်း ဖြစ်ပွားသည်ဟူ၏

နောက်ထူးခြားချက်တစ်ခုက
ပြောက်ပေါ်ထွန်းမှုဖြစ်ပွားသောနှစ်
တွင် စစ်ပွဲကြီးများ၊ တော်လှန်
များ၊ ပုန်ကန်မှုကြီးများ၊ အ
ကြီးများ၊ တိုင်းရေးပြည်ရေးပြောင်း

www.burmeseclassic.com

ကြီးများ စသည်စသည်တို့ဖြစ်ပေါ်တတ်သည်ကိုလည်း တွေ့ရှိရပေသည်။

နောက်စိတ်ဝင်စားစရာတစ်ခုမှာ နေပြောက်ပေါ်ထွက်မှုနှင့် သဘာဝပတ်ဝန်းကျင်ပြောင်းလဲမှုတို့ ဆက်နွယ်နေသည်ဆိုခြင်းကိုပင် ဖြစ်၏။ ဥပမာ နေပြောက်ပေါ်ထွက်မှုနှင့် နိုင်းမြစ်ရေကြီးမှုတို့ ဆက်စပ်နေသည်။ ဗစ်တိုးရီးယားရေတန်အတိမ်အနက်နှင့် ပတ်သက်နေသည်။ ရေခဲတောင်ကြီးများအရည်ပျော်မှုများနှင့် စပ်လျဉ်းနေသည်။ သစ်ပင်ပင်စည်များ နှစ်စဉ်ဖြစ်ပေါ်သော အရစ်အထူအပါးနှင့် နီးနွယ်နေသည်။ အိန္ဒိယပြည်မှာ ဖြစ်ပွားတတ်သော မိုးခေါင်ရေရှားမှု အငတ်ဘေးတို့နှင့် ယှက်စပ်နေသည်။ ပြင်သစ် ဘာဂန်ဒီနယ်က ဝိုင်အရက်ထုက်လုပ်သော စပျစ်သီးတို့အောင်၊ မအောင်ဆိုသည်နှင့် နီးနွယ်ယှက်နေသည်။ ကနေဒါက အမွေးပွမြေခွေးသားမွေးထွက်ရှိမှုနှင့်လည်း ဆက်နွယ်နေသည်။ ထို့အပြင် မစ္စစ္စပီမြစ်ဝှမ်း၌ (၁၁) နှစ် နှစ်ကြိမ်တွင် မိုးခေါင်မှုတစ်ကြိမ် ဖြစ်ပွားတတ်သည်ဟူ၏။ ပြီးခဲ့သောနိုင်ငံ၌ လွန်ခဲ့သော နှစ် (၁၀၀) အတွင်း ပေါ်ပေါက်ခဲ့သော မြေငလျင်ကြီးလှုပ်ခတ်မှုများ၊ နေပြောက်ပေါ်ထွက်မှုများနှင့် တိုက်ဆိုင်နေသည် ဆို၏။

တစ်ခါ နယူးမက္ကစီကိုမှ သက်ရင့်ရေတန်များက ရွှံ့ခဲလွှာများကို လေ့လာသုတေသနပြုသောအခါတွင် (၁၁) နှစ်တစ်ကြိမ် နေပြောက်ပေါ်ပေါက်မှုများနှင့် ဆက်နွယ်စွာ ထူးထူးခြားခြားပြောင်းလဲမှုများကို တွေ့ရှိရသဖြင့် ထို (၁၁) နှစ်တစ်ကြိမ်ပြောင်းလဲမှုများကို သုတေသနပြုလုပ်သောအခါတွင် နှစ် (၄၀) လောက်မှာတစ်ကြိမ် အပြင်းထန်ဆုံးအနိမ့်အခြေအနေကိုရောက်ရှိကာ နောက်ထပ် နှစ် (၄၀) လောက်တွင် အဆိုပါနေပြောက်ပေါ်ပေါက်မှု အရှိန်အလျှော့ပေါ့ဆုံးအနေအထားသို့ရောက်ရှိလျက်ရှိခဲ့သော နှစ်(၈၀)၊(၉၀)လောက်က အခြေအနေမျိုးသို့ ရောက်ရှိသွားတတ်သည်ဟူ၏။ တစ်နည်းဆိုရသော် နေပြောက်ပေါ်ထွန်းမှု နှစ် (၈၀)၊ (၉၀) စက်ဝန်းသံသရာပင် ဖြစ်၏။

ထို့ပြင်တစ်ဝ ဂျာမနီရုက္ခဗေဒပညာရှင် ရှနယ်လာ၏ သုတေသနပြုချက်အရ ဖရင့်ဖတ်ဒေသ၏ ဆီးနှင်းစကျသောရက်စွဲကို ၁၈၇၀ပြည့်နှစ်မှ ၁၉၅၀ ပြည့်နှစ်တိုင် နှစ်ပေါင်းရှစ်ဆယ်မျှ တိကျစွာ မှတ်သားလျက် သုတေသနပြု စစ်ကြောခဲ့ရာ ပထမနှစ် (၄၀) ကာလဝယ် ပန်းတို့ စတင်ပွင့်သော နေ့ရက်သည် ပျမ်းမျှ ဖေဖော်ဝါရီလ ၁၃ ရက်မတိုင်မီဖြစ်တတ်ပြီး ၁၉၁၀ ခုနှစ်နောက်ပိုင်းမှာမူ ပန်းစတင်ပွင့်သော နေ့ရက်သည် တစ်စတစ်စ နောက်ကျလာပြီးလျှင် ၁၉၂၅ ခုနှစ်ကျတော့ ပထမဆုံးအခြေခံနှစ်ဖြစ်သော ၁၈၇၀ ပြည့်နှစ်မှာထက် နှစ်လပိုနောက်ကျလျက် ပန်းများဖူးပွင့်ကြသည်ကို တွေ့ရသည်ဆို၏။ ထို့နောက် နှင်းကျပုံများသည် တစ်ဖန်ပြောင်းပြန်ဖြစ်လာလျက် ၁၉၅၀ ပြည့်နှစ်အရောက်တွင် ပန်းများပွင့်နေကျထက် နှစ်လပြန်စောပြီး ဖူးပွင့်ကြပြန်သည်ဟူ၏။ သို့အတွက်ကြောင့် နေပြောက်ပေါ်ထွန်းမှုနှင့် ဆီးနှင်းကျမှု၊ ပန်းဖူးပွင့်မှုများဆက်နွယ်မှုရှိသည်ဆိုခြင်းပင် ဖြစ်၏။ နေပြောက်ထူသောနှစ်တွင် ပန်းနောက်ကျဖူးပွင့်တတ်ပြီး နေပြောက်ပါးလျားသောနှစ်တွင် ပန်းစောစောဖူးပွင့်တတ်သည်ဟူခြင်းပင် ဖြစ်၏။

နေနှင့်ပတ်သက်၍ နောက်စိတ်ဝင်စားစရာတစ်ခုကတော့ နေကြတ်ခြင်းပင် ဖြစ်သည်။ နေကြစ်သည်ဟူ၍လည်း ခေါ်ဝေါ်သေးသည်။ ရာဟုအသူရိန်ဟုခေါ်တွင်သော ယူဇနာလေးထောင့်ရှစ်ရာအရပ်အမောင်းရှိသည့် အသူရာနတ်ကြီးသည် မည်းနက်သောအဆင်းရှိလျက် ဝရဇိန်နှင့်တူသော အစွယ်သုံးချောင်းရှိကာ နေ၊ လတို့ကို ဖမ်းဆော့ငုံထွေးကစားခြင်းဖြင့် နေကြတ်ခြင်း၊ လကြတ်ခြင်းတို့ဖြစ်စေတတ်ကြောင်း၊ ဗုဒ္ဓဘုရားရှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော် စံတော်မူနေစဉ် တစ်ခါတုန်းက ဤအသူရိန်နတ်ကြီးက နေကို ဖမ်းဆော့ကစားသဖြင့် နေနတ်သားက ဘုရားရှင်ကို တမ်းတငိုကြွေးရာ ဘုရားရှင်က အသူရိန်နတ်ကြီးကို နေအားလွှတ်ပေးရန် မိန့်တော်မူသဖြင့် အသူရိန်ရာဟုနတ်ကြီးက နေကိုလွှတ်ပေးလိုက်ရကြောင်း ဝိနည်း စူဠဝါသုတ် သီလက္ခန်တို့တွင် ဖော်ပြပါရှိနေပါသည်။

တစ်ခါ ဗြိဟဇ်သံဟိတကျမ်း၊ နာရဒသံဟိတကျမ်းအပါအဝင် ရှေးဟိန္ဒူဝေဒပညာကျမ်းတချို့အလိုအရ ဆင်မ်ဟိတာ၏ သား ရာဟု အမည်ရှိသော မကောင်းမိစ္ဆာနတ်မှာ မြွေလိုပုံသဏ္ဌာန်အသွင်မျိုးရှိပြီး နေ၊ လတို့ကို ဖမ်းကစားခြင်းဖြင့် နေကြတ်ခြင်း၊ လကြတ်ခြင်းတို့ဖြစ်ပေါ်ရသည် ဟူ၍ လည်းကောင်း၊ မလိမ့်တပတ်ဖြင့် နတ်တို့၏ အမြိုက်သုဓာကို စားခွင့်ရသော ရာဟု အမည်ရှိသည့် အသူရိန်နတ်ကြီးသည် ဗိဿနိုးနတ်မင်းကြီး၏ ဦးခေါင်းဖြတ်သုတ်သင်ခြင်းခံရ၍ ခေါင်းတခြားကိုယ်ခန္ဓာတခြားဖြစ်နေသည့်တိုင် သေခြင်းကင်းမဲ့ပြီး နေ၊ လတို့အား မကြာခဏဖမ်းဆော့ကစားရာမှ နေကြတ်၊ လကြတ်ခြင်းဖြစ်ပေါ်ရသည် ဟူ၍လည်းကောင်း ယူစွဲထားကြသည်ကိုလည်း တွေ့ရပေသေးသည်။

ရှေးနေကြတ်၊ လကြတ်တွက်ရိုးကျမ်း၊ သူရိယသိဒ္ဓန္တကျမ်းတို့ အပါအဝင် ရှေးမြန်မာဝေဒပညာကျမ်းတချို့၏အယူအရ နေကြတ်ခြင်းသည် အသူရိန်နတ်ကြီး၏ ဖမ်းဆော့ကစားမှုကြောင့် ဖြစ်ရသလို ဥတုနိယာမကြောင့်လည်း ဖြစ်ထွန်းရသည် ဟူ၏။ ဥတုနိယာမအားဖြင့် နေကြတ်ခြင်းသဘောမှာ ကောင်းကင်၌ နေတမြင့်၍ အသွားမြန်သည်။ လက နိမ့်၍ အသွားနှေးသည်။ ၎င်းတို့ ထပ်မိသောအခါတွင် လက တိမ်တိုက်ကဲ့သို့ ဖြစ်နေသဖြင့် နေကို အောက်က ကွယ်ကာထားသလို ဖြစ်နေသည်။ ထိုအခါ နေကို ကောင်းစွာမမြင်ရသည့်အတွက် ၎င်းကို နေကြတ်သည်ဟု ခေါ်ဝေါ်ကြောင်း ဆိုထားသည်ကို တွေ့ရှိရသည် ဖြစ်၏။

တစ်ဖန် ရှေးမြန်မာဝေဒပညာတွက်ရိုးကျမ်းများတွင် ကောဇာတနင်္ဂနွေဂြိုဟ်နှင့် ရာဟုဂြိုဟ် (ဝါ) ကိတ်ဂြိုဟ်တို့သည် ရာသီခွင်တူသောအခါ၌ လည်းကောင်း ရာသီမတူသော်လည်း နီးစပ်နီးကပ်စွာ တည်ရှိလျှင်သော် လည်းကောင်း၊ သမသတ်ဖြစ်သောအခါ၌ လည်းကောင်း၊ တိထိပြိုသော လကွယ်နေ့ သို့မဟုတ် လဆန်း ၁ ရက်နေ့၌ လည်းကောင်း နေကြတ်တတ်သည်ဟု ဆိုထားမှုများကိုလည်း တွေ့ရှိရပေသေးသည်။

မြန်မာစာအဘိဓာန်ထဲ၌မူ နေကြတ် ဟူသော ဝေါဟာရကို ကမ္ဘာနှင့်နေအကြားတွင် လဖြတ်သွားခိုက် လက ကွယ်လိုက်သောကြောင့် နေဝန်းသည် အလုံးစုံသော် လည်းကောင်း၊ တစ်စိတ်တစ်ပိုင်းသော် လည်းကောင်း ကွယ်ပျောက်သွားသည်ဟု ဖွင့်ဆိုထားသည်ကို တွေ့သိရသည် ဖြစ်၏။

မည်သို့ပင်ဖြစ်စေ နေကြတ်ခြင်း၌ သုံးမျိုးသုံးစားရှိသည်ကို တွေ့ရှိရပေသည်။

ယင်းတို့မှာ -

၁။ **နေသဗ္ဗကြတ်** - နေမျက်နှာပြင်တစ်

www.burmeseclassic.com

ခုလုံး လုံးဝမည်းမှောင်ပိတ်ဖုံးသွားခြင်း၊ (နေလုံးဝကြတ်)

၂။ **နေတစ်စိတ်တစ်ဒေသကြတ်** - နေမျက်နှာပြင်အစိတ်အပိုင်းတချို့ကို အမည်းမှောင်ပိတ်ဖုံးသွားခြင်း၊ (နေအသမ္ဘကြတ်)

၃။ **နေအရစ်ကြတ်** - နေဝန်း၏ လက်ကောက်ကွင်းသဏ္ဌာန် နှုတ်ခမ်းသား စက်ဝန်းတွင် ထွန်းလင်းနေပြီး အတွင်းပိုင်းမှာသာ မည်းမှောင်ပိတ်ဖုံးနေခြင်း -

ဟူ၍ပင်ဖြစ်၏။

စိတ်ဝင်စားစရာကောင်းသည်က နေကို ရာဟုဖမ်းသည်။ နေကြစ်သည်၊ နေကြတ်သည်ဟု ဆိုသော ဤအခြင်းအရာနှင့် နှီးနွှယ်လျက် ဝေဒပညာဟောကွက်၊ အယူတော်မင်္ဂလာပညာဟောကိန်းများ ပေါ်ပေါက်လာခြင်းပင် ဖြစ်၏။ ယင်းကို အနှစ်ချုပ်အားဖြင့် နေကြတ်အဟောဟုလည်း ခေါ်ဆိုသေးသည်။ ဥပမာ ရာသီအလိုက် နေကြတ်အဟော၊ လအလိုက် နေကြတ်အဟော၊ နေ့ရက်အလိုက် နေကြတ်အဟော၊ မဏ္ဍပ်အလိုက် နေကြတ်အဟော၊ အဓိပတိ (၇)ပါးအဟော စသဖြင့် ဟောကိန်းဟောကွက်များ မြောက်မြားစွာရှိနေပါသည်။ ယင်းတို့အထဲမှ အမြည်းအစမ်းအဖြစ် အနည်းငယ်တင်ပြချင်ပါသည်။

ဥဒါဟရုဏ် ဆိုရသော် မိဿရာသီ၌ နေကြတ်သော် မီးဖြင့်အသက်မွေးသူတို့ ဒုက္ခဖြစ်အံ့။ ပြိဿရာသီ၌ နေကြတ်မူ မြေကြီးကိုမှီ၍လုပ်စားသောသူ၊ လှေကုန်သွားသောသူ၊ ခိုးဝှက်သောသူတို့ ဒုက္ခဖြစ်အံ့။ မေထုန်ရာသီ၌ နေကြတ်မူ အတတ်ပညာဖြင့် အသက်မွေးသောသူ၊ ရေကြောင်းသွားလာသောသူတို့ ဘေးတွေ့အံ့ စသဖြင့် ဆိုထားသည်။ ပြီး တန်ခူးလတွင် နေကြတ်မူ တောင်ပေါ်သားတို့ ဘေးတွေ့အံ့။ ကဆုန်လတွင် နေကြတ်မူ ရှိညစ်လူမျိုးတို့ ဥပဒ်သင့်အံ့။ တိရစ္ဆာန်တို့ဘေးသင့်အံ့။ နယုန်လတွင် နေကြတ်မူ ထဘီဝတ်တို့ ဥပဒ်သင့်အံ့။ ကျေးလက်ဇနပုဒ်၌ အငတ်ဘေးသင့်အံ့ စသဖြင့် ဖော်ပြထားသည်။

နောက် တနင်္ဂနွေနေ့တွင် နေကြတ်မူ မဟာစုတ်ကြီးသင့်အံ့။ အင်္ဂါနေ့တွင် နေကြတ်မူ မှူးမတ်စစ်သူကြီးတို့လက်နက်ဘေးသင့်အံ့။ ယဉ်းရင်နာဖြစ်အံ့။ မီးဘေးကြုံအံ့။ စနေနေ့တွင် နေကြတ်မူ မိုးခေါင်အံ့။ ခိုးသူတို့ဘေးသင့်အံ့။ သူဆင်းရဲတို့ ရောဂါဘေးသင့်အံ့ဟူ၍ အစခပ်သိမ်းပြဆိုမှုများကို တွေ့ရှိရပေသည်။

တစ်ခါ မဟေဒြမဏ္ဍလ (ရောဟဏီ၊ ဇေဋ္ဌ၊ အနုရာဓ၊ ဥတ္တရာသာဠ်နက္ခတ်) တွင် နေကြတ်လျှင် တောင်ကုန်း၊ ကျောက်ကုန်း၌ ဝရုဏမဏ္ဍလ (အဿလိဿ၊ မူလ၊ ပြုဗ္ဗာသာဠ်) သတဘိသျှ၊ ပြုဗ္ဗဘဒြပိုဒ်၊ ဥတ္တရာဘဒြပိုဒ်နက္ခတ်) တို့တွင် နေကြတ်သော် စိုစွတ်သောဒေသတွင် အဂ္ဂိမဏ္ဍလ (မိဂသီ၊ ဟနုဖုသျှ၊ ဖုသျှ၊ ဥတ္တရဖလဂုနီ၊ ဟဿတ၊ စိတြ၊ သွာတိနက္ခတ်) တို့တွင် နေကြတ်သော် ပူပြင်းခြောက်သွေ့သောအရပ်၌ ဝါယုမဏ္ဍပ် (အဿဝနီ၊ ဘရဏီ၊ ဘဒြ၊ မနသိဒ္ဓိ၊ သရဝဏ်၊ ဝိသာခါ၊ ကြတ္တိကာ၊ ပြုဗ္ဗဖလဂုနီ၊ ရေဝတီ၊ မာဃနက္ခတ်) တို့တွင်နေကြတ်သော် လေထန်သောအရပ်၌ ဆိုးဆိုး၊ ကောင်းကောင်း အကျိုးသက်ရောက်မှုများရှိသည်ဟူသော ဟောချက်များရှိသည်ပင် ဖြစ်၏။

ထို့ပြင် ဂြဟကာဖလဒီပနီကျမ်းအလိုအရ နေကြတ်မှုဆိုင်ရာအဓိပတိ (၇) ပါး ရှိသည်။ ယင်းတို့မှာ (၁) ပြဟ္မာမင်းအရှင် နေကြတ်မှု၊ (၂) လနတ်မင်းအရှင် နေကြတ်မှု၊ (၃) သိကြားမင်းအရှင် နေကြတ်မှု၊ (၄) ကုဝေရနတ်မင်းအရှင် နေကြတ်မှု၊ (၅) ဝရုဏနတ်မင်းအရှင် နေကြတ်မှု၊ (၆) အဂ္ဂိနတ်မင်းအရှင် နေကြတ်မှု၊ (၇) ယမနတ်မင်းအရှင် နေကြတ်မှုတို့ ဖြစ်သည်။ ၎င်းတို့၌ သီးသန့်ဟောကိန်းများရှိပါသည်။ သို့လိုပင် နရဒသံဟိတကျမ်း၊ ဗြိဟဇ်သံဟိတကျမ်း စသော ဝေဒပညာကျမ်း တချို့တွင်လည်း နေကြတ်မှု အဓိပတိ(၇)ပါး မှုကွဲရှိပါသေးသည်။ ကုန်ကုန်ပြောရရင်တော့ နေကြတ်မှုဆိုင်ရာ တခြားဟောကိန်း မြောက်မြားစွာရှိပါသေးသည်။ ဆန်စဉ်ရာ ကျည်ပွေ့လိုက်နေလျှင် ပြောမဆုံးပေါင် တောသုံးထောင် ဖြစ်နေမှာပါတော့သည်။

ဆိုခဲ့သမျှကိုခြုံ၍ လိုရင်းကိုဆိုရလျှင်တော့ နေ၏ ထူးခြားချက်များ၊ နေ၏လျှို့ဝှက်ချက်များနောက်ကိုလိုက်နေမည်ဆိုပါလျှင် အတွေ့တစ်ထောင်၊ ကောက်တစ်ထောင် ဝင်္ကပါတောင်ပေါ်မှာ တဝဲလည်လည်သွားနေရသလိုပင်တည်း။

ပုန်းရှိအောင်

---

# ယုန်သားအညှီနံ့ မနံအောင်ချက်နည်း

စုစန္ဒာအောင်(ကျောက်ပုံ)

စာရေးသူမှာ မောင်ဝမ်းကွဲတစ်ယောက်ရှိပါသည်။ သူ၏ နာမည်က မြင့်အောင်လို့ ခေါ်ပါသည်။ မြင့်အော[illegible] သည် တောလိုက်ဝါသနာပါသူတစ်ယောက်ဖြစ်ပါသည်။ တောကောင်များ နေထိုင်ကျက်စားရာနေရာကိုလည်း သူ အတပ်သိသူဟုထင်ရပါသည်။ အဘယ်ကြောင့်ဆိုသော် သူတောလိုက်သွားလ[illegible] တောကောင်များဖြစ်သော ယုန်၊ [illegible] ကြွက်၊ တောကြောင်၊ မြွေပါ စသည်ဖြ[illegible] တစ်မျိုးမဟုတ်တစ်မျိုး ရလာသေ[illegible] ကြောင့် ဖြစ်ပါသည်။

တစ်နေ့ မြင့်အောင်တို့ရွာ[illegible] အလည်ရောက်သွားခဲ့ပါသည်။ စာရေး[illegible] သူ ရောက်သွားချိန်မှာ ညကတောလ[illegible] သွားရာ ယုန်တစ်ကောင်ရလာပြီး [illegible] ယုန်သားဟင်းနှင့် စာရေးသူကို ထမင်း[illegible] ကျွေးပါသည်။

ယုန်သားဟင်းက ညှီနံ့လည်းမ[illegible] အရသာနှင့်လည်း ပြည့်စုံပြီး စား[illegible] ကောင်းသောကြောင့် ဘယ်လိုများချ[illegible] ထားသလဲဟု ချက်နည်းမေးကြည့်[illegible] မြင့်အောင်မှ အောက်ပါအတိုင်း ပြော[illegible] ပြပါသည်။

ယုန်သားဟင်းချက်တော့မည်[illegible] လျှင် အသားကို အရင်ဆုံး မန်ကျည်း[illegible] သီးမှည့်အနှစ်နှင့်နယ်ပြီး အရိုးတွင်[illegible] ခြင်ဆီများကို သံချောင်းငယ်တစ်ခု[illegible] ထိုးထုတ်ကာ ရေနှင့်ဆေးပြီး ကြ[illegible] သွန်ဖြူ၊ ကြက်သွန်နီ၊ ချင်းများထော[illegible] ထည့်ပြီး ဟင်းခတ်အမွှေးအကြိုင်မျ[illegible] နှင့်ချက်လိုက်လျှင် အညှီနံ့လုံးဝမနံတေ[illegible] ဘဲ စားလို့ကောင်းတာကတော့ အ[illegible] ကြီး အခုမြင်တွေ့ရတဲ့အတိုင်းပါပဲတဲ့[illegible]

တဲ့- စာဖတ်သူများလည်း တ[illegible] လို့များ ယုန်သားဟင်းချက်စားလျှ[illegible] အထက်ပါနည်းအတိုင်း ချက်စားကြ[illegible] ပါ။ အရသာထူးပြီး ညှီနံ့မနံမှာ သေ[illegible] ပါသည်။

စုစန္ဒာအောင် (ကျေ[illegible]



www.burmeseclassic.com

www.burmeseclassic.com

မောင်ပွင့်ဘုဏ်(မောရ)

# ဆရာကြီးဦးပြုံးချိုနှင့် တေးဘုမ္မာသီချင်း

မြန်မာ့ဂီတစာပေနယ်ပယ်မှာ တေးဘုမ္မာ အမည်ရတဲ့ ဂန္တဝင်သီချင်းကို တေးဘုမ္မာလို့ အများက အမှတ်မှားနေကြသလို တေးပဒုမ္မာလို့ ခေါ်တာကို တောင် ကြားဖူးပါတယ်။ တေးဘုမ္မာဟာ (တေး-သုံး+ဘူမိ-ဘုံ) က လာတာဖြစ်ပြီး ဘုံသုံးပါးလို့ အဓိပ္ပာယ်ရပါတယ်။ သတ္တဝါတွေ ဘုံသုံးပါး (တစ်နည်း) ကိုးဆယ့်တစ်ဘုံမှာ ကျင်လည်ပြီး ဝဋ်ဒုက္ခခံစားနေကြတာကို သံဝေဂဖြစ်အောင် ဖွဲ့ဆိုထားပါတယ်။ ဆရာတော်ကြီးတစ်ပါးက တေးဘုမ္မာသီချင်းကို ရေးထောင်အပြီးမှာ -

"ဒါမင်းတို့လူတွေဆိုရမယ့်သီချင်း မဟုတ်ဘူး၊ ငါတို့ဘုန်းကြီးတွေဆိုရမယ့် သီချင်း"

လို့ မိန့်ကြားတာကိုလည်း ဖတ်ရပါတယ်။

တေးဘုမ္မာသီချင်းကို ကြားလိုက်တာနဲ့ ဆရာကြီး ဦးသုခ (ကွယ်လွန်) အပါအဝင် ကျိုက်လတ်မြို့သားတွေက သူတို့မြို့သား ဆရာကြီး ဦးပြုံးချိုကို အမှတ်တရ ဂုဏ်ယူတတ်ကြတယ်။

**ဆရာကြီးဦးပြုံးချို (၁၂၄၀-၁၂၈၉)**

ဦးပြုံးချိုကို အဘ ဆရာစီ၊ အမိ ဒေါ်ထွေးတို့မှ ၁၂၄၀ ပြည့်နှစ်မှာ ကျိုက်လတ်မြို့၌ ဖွားမြင်ခဲ့ပြီး သားကြီး ဩရသဖြစ်တယ်။ ဦးပြုံးချိုရဲ့ ဘိုးဘေးဘီဘင်တွေဟာ မြန်မာဘုရင်မင်းများရဲ့ သူကောင်းပြုခြင်းခံရတဲ့ မြို့စားရွာစားတွေ ဖြစ်တယ်။ ဦးပြုံးချိုဟာ ဂီတဘက်မှာ ပါရမီရင့်သန်လှတဲ့အတွက် (၁၁) နှစ်သားအရွယ်မှာ စာရေးဆရာဖြစ်ခဲ့တယ်။ (၁၆)နှစ်သားရောက်တော့ မင်းပွဲသဘင်မှာ ထင်ပေါ်လောက်အောင် စောင်းပညာကို တတ်ကျွမ်းနေပြီ ဖြစ်တယ်။

ဦးပြုံးချိုရေးသမျှ သီချင်းတွေဟာ အပိုစကားလုံးမပါ၊ စကားလုံးတိုင်း အဓိပ္ပာယ်ပြည့်ဝနေပြီး အထိအမိအငြိမှာ သူ့လက်ရာကို တခြား စာရေးဆရာကြီးတွေ လိုက်လို့မမီခဲ့ပါ။ ဦးပြုံးချိုဟာ ဘွင်းဘွင်းနဲ့ရှင်းရှင်း ပြောဆိုနေထိုင်တတ်ပြီး စိတ်လည်းအတော်တိုကာ မခံချင်စိတ်လည်း အတော်ပြင်းထန်တယ်။ ဒါကြောင့်လည်း ထူးချွန်ပြောင်မြောက်တဲ့ ပညာရှင်တစ်ဦး ဖြစ်လာတယ်လို့ ယူဆလို့ရတယ်။ ပညာပါရမီရင့်ကျက်သူတစ်ဦးဖြစ်တာကို ဘယ်သူမှ မငြင်းနိုင်ပါ။


အရွယ်ငယ်တုန်းမှာ ဦးပြုံးချိုဟာ ကိုယ်လုံးဖြူဖြူတုတ်တုတ်ဝဝဖြစ်ပြီး တဖောက်ကန်း (ဓားဆောက်ကမ်း) လုပ်တတ်လို့ သူ့ကို မပြိုင်နိုင်တဲ့ တခြားသဘင်ပညာသည်က အခုလို စာပြောင်နဲ့ စာချိုးကြတယ်။

"အမိုက်ကယ်တည်၊ ဆရာစီသား၊ နာမည် ပြုံးချိုမှည့်တယ်၊ သင်းကိုယ် ပေါက်ကြီး"

ဦးပြုံးချိုဟာ စာပေပညာဘက်မှာ သာမက အသက်မွေးဝမ်းကျောင်းလက်မှုပညာတွေကိုလည်း ထူးချွန်ပေါက်မြောက်စွာ တတ်မြောက်တယ်။ ပန်းချီကောင်းကောင်းဆွဲတတ်လို့ သူဦးစီးတည်ထောင်တဲ့ ဇာတ်ပွဲတွေမှာ နန်းတော်ကား၊ မြို့ရိုးကား၊ တောကားတောင်ကားမှန်သမျှကို ကိုယ်တိုင် ရေးဆွဲခဲ့တယ်။ ပန်းပု၊ ပန်းပဲပညာလည်း တတ်ကျွမ်းပြီး သံထည်တွေကို ပန်းဖောက်တဲ့ဆီမှာ လက်ရာအလွန်မြောက်တယ်။

ဦးပြုံးချို အသက် နှစ်ဆယ်ကျော်၊ အစိတ်လောက်မှာ အလျား (၄)၊ (၅) ပေ လောက်ရှိတဲ့ မီးသင်္ဘောတစ်စီးကို တည်ဆောက်ခဲ့ပါတယ်။ ကျိုက်လတ်မြို့ မျက်နှာဖြူအရေးပိုင် မေဂျာမက္ကဆွဲ တွေ့










www.burmeseclassic.com

www.burmeseclassic.com

တော့ -

"ဦးပြုံးချိုမှာ အင်ဂျင်နီယာလက်မှတ် ရှိသလား"

လို့မေးတယ်။

ဦးပြုံးချိုက အခုလို ပြန်ဖြေခဲ့တယ်။

"လက်မှတ်မရှိပါဘူး၊ သင်ပေးတဲ့ဆရာလည်း မရှိပါဘူး။ ဧရာဝတီမြစ်ကြောင်းမှာ မီးသင်္ဘောမောင်းတဲ့ သင်္ဘောသူကြီးက ကျွန်တော့်ကို အင်မတန်ချစ်လို့ သင်္ဘောစက်ခန်းထဲ (၃) ခါလောက် ပေးဝင်ကြည့်ဖူးလို့ အခုလို လုပ်တတ်တာပါ"

မျက်နှာဖြူအရေးပိုင်က -

"နောက်မလုပ်နဲ့၊ အဖမ်းခံရလိမ့်မယ်။ ဒီသင်္ဘောကိုလည်း ကျုပ်ကို လက်ဆောင်ပေးပါ"

လို့တောင်းယူပြီး လက်ဖက်ရည်ဖိုးငွေ (၅၀) ပေးခဲ့တယ်။

*(အဲဒီအချိန်က ပိုက်ဆံတစ်ပြားတောင် အတော်သုံးရတဲ့ အင်္ဂလိပ်ခေတ်ဖြစ်တယ်။)*

ဦးပြုံးချိုဟာ 'ဥစ္စာရှာ မာန်သာနှိမ့်ချထား၊ ပညာရှာ ပမာသူဖုန်းစား' ဆောင်ပုဒ်ကို လက်ကိုင်ထားပြီး ပညာရှာရာမှာ သူဖုန်းစား (ဝါ) သူတောင်းစားကိုင်တဲ့ခွက်လို အယုတ်၊ အလတ်၊ အမြတ်မရွေး တွေ့တဲ့သူဆီမှာ ပညာကို ရှာဖွေဆည်းပူးခဲ့တာကို အခုခေတ် လူငယ်တွေ အတုယူစေချင်ပါတယ်။

မြစ်ကမ်းနားမှာ ငါးသလောက်ပိုက်ထိုးနေတဲ့ ခေါ်တောကုလားကို ငွေတစ်ကျပ်ပေးပြီး ငါးဖမ်းတဲ့ပိုက်ကွန်ထိုးတတ်အောင်သင်ယူခဲ့ဖူးတယ်။ ဦးပြုံးချို ပညာရှာရာမှာ ဘယ်လောက်စုံသလဲဆိုရင် အစိုးရခွင့်မပြုတဲ့ ငွေဒင်္ဂါးအတုသွန်းလုပ်တဲ့ပညာကိုတောင်တတ်အောင် သင်ပြီး ကျိုက်လတ်ကိုရောက်လာတဲ့ မြို့ပိုင်တစ်ယောက်ကို လုပ်ပြတဲ့အခါ အဲဒီမြို့ပိုင်လည်း လက်ဖျားခါပြီး မျက်လုံးပြူးသွားခဲ့တယ်။ အဲဒီအကြောင်းကို ဖျာပုံအရေးပိုင် ကျက်သရေဆောင် ရွှေစလွယ်ရမင်း ဦးငွေကိုင် ကြားတဲ့အခါ အိမ်ခေါ်ပြီး ဥပဒေနဲ့မကင်းတဲ့အလုပ် မလုပ်ဖို့ ဆုံးမတော့ ဦးပြုံးချိုက 'ပညာအနေနဲ့သာ သင်ယူတာပါ၊ တစ်သက်ပန် မလုပ်ပါ' လို့ ကတိပြုခဲ့တယ်။

**ရန်ကုန်သို့ရောက်ခြင်း .**

ပထမကမ္ဘာစစ်ကြီးပြီးခါနီး ၁၉၁၇ ခုနှစ်လောက်က ရန်ကုန်မြို့မှာ ပညာအလင်းပြသတင်းစာဟာ လူကြိုက်များပြီး ထင်ပေါ်ခဲ့ပါတယ်။ တိုက်ပိုင်ရှင် ဦးတင်နဲ့ သူ့ဌေးကတော်ဒေါ်ဆင့်တို့ဟာ အလွန် စီးပွားတက်ပြီး လယ်တီဆရာတော်ဘုရားကြီးရဲ့ အဆုံးအမကိုလည်း လိုက်နာကာ ဘာသာရေးကို အလွန်ကိုင်းရှိုင်းတဲ့အတွက် ပညာအလင်းသတင်းစာတိုက်အပေါ်ထပ်မှာ နေ့တိုင်းလိုလို ရဟန်းပညာတတ်၊ လူပညာတတ်တွေ အမြဲစုဝေးဆွေးနွေးတတ်ကြတယ်။

တစ်နေ့ အဲဒီဆွေးနွေးပွဲမှာ အယ်ဒီတာတစ်ယောက်က တေဘုမ္မာ ခမ္ဘဂီတချိုးသီချင်းကို ဆိုပြတော့ လယ်တီဆရာတော်ဘုရားကြီးက သီချင်းရေးဆရာကို မေးမြန်းတော်မူတယ်။ ကျိုက်လတ်မြို့က ဆရာဦးပြုံးချို ဆိုတာ ပြန်လျှောက်တဲ့အခါ ဆရာတော်ဘုရားကြီးက -

"ဒီလို စွယ်စုံတတ်တဲ့လူမျိုး တစ်သောင်းမှာ တစ်ယောက်မရှိဖူးဟ။ အဲဒီလူကို ရအောင်ခေါ်ပြီး မင်းတို့ သတင်းစာတိုက်မှာ အသုံးပြုကြ"

လို့ မိန့်တော်မူတာနဲ့ ဦးပြုံးချိုလည်း ရန်ကုန်ရောက်ပြီး ပညာအလင်းသတင်းစာတိုက်မှာ အယ်ဒီတာဖြစ်လာတယ်။

ဦးပြုံးချိုဟာ ပညာအလင်းသတင်းစာတိုက်နောက်မှာ နာမည်ကြီးသတင်းစာတိုက်တွေဖြစ်တဲ့ မြန်မာ့အလင်းသတင်းစာ၊ မောရဝတီသတင်းစာ၊ မြန်မာ့ရီဗျူးဂျာနယ်၊ ဝါဏိဇ္ဇသတင်းစာတွေမှာ အယ်ဒီတာအဖြစ် လုပ်ကိုင်ခဲ့တယ်။ ဝါဏိဇ္ဇသတင်းစာမှာလုပ်နေတုန်း ရန်ကုန်မြို့ (၅၁) လမ်းက အမျိုးသားပုံနှိပ်တိုက်ပိုင်ရှင် နေရှင်နယ်ဦးမြင့်က တိုက်တွန်းလို့ မဟာဂီတပေါင်းချုပ်ကျမ်းကြီးကို ပြုစုခဲ့တယ်။ ပထမအကြိမ် အုပ် (၃၀၀၀) ကျော် ရိုက်ခဲ့ပြီး အခုကျွန်တော့်လက်ထဲမှာရှိတဲ့မူက ပဥ္စမအကြိမ်(၁၉၆၃) ဖြစ်တယ်။ စုစုပေါင်း အုပ်ရေ တစ်သောင်းကျော် ရိုက်နှိပ်ပြီးဖြစ်လို့ မြန်မာ့ဂီတနယ်ပယ်မှာ အထင်ကရ စာအုပ်တစ်အုပ် ဖြစ်တယ်။

နောက်ဆုံး သူရိယသတင်းစာမှာ မြန်မာဘက်ဆိုင်ရာပညာယှိဆရာလွန်း (ဆရာကြီးသခင်ကိုယ်တော်မှိုင်း) အလုပ်ထွက်သွားတော့ အဲဒီနေရာမှာ ဦးပြုံးချိုက ဝင်ပြီးလုပ်ကိုင်ခဲ့တယ်။

မြန်မာပြည်မှာ ရှားရှားပါးပါး ပညာစွယ်စုံဖာတတ်မြောက်တဲ့ ဦးပြုံးချိုဟာ ဇနီး ဒေါ်သော်နဲ့ သားသမီး စုစုပေါင်း (၁၁) ယောက် ထွန်းကားခဲ့ပြီး ၁၂၈၉ ခုနှစ်၊ တပို့တွဲလဆန်း ၄ ရက်၊ ဗုဒ္ဓဟူးနေ့ညအချိန် ရန်ကုန်မြို့၊ ဗိုလ်တထောင် (၆၁) လမ်း၊ အိမ်အမှတ် (၂၅) မှာ ကွယ်လွန်သွားခဲ့တယ်။ တေဘုမ္မာသီချင်းတစ်ပုဒ်ကြောင့် ရန်ကုန်ကိုရောက်ပြီး အလုပ်အကိုင်ကောင်းရရှိကာ မြန်မာတစ်ပြည်လုံးမှာ ကျော်ကြားခဲ့တယ်၊ ကွယ်လွန်ချိန်မှာ အသက် (၅၀) ခန့်ရှိသေးလို့ နှမြောတသဖွယ်ရာဖြစ်တယ်၊

**ဘုန်းကြီးတွေဆိုရမယ့်သီချင်း**

ဆရာကြီးဦးသုခ ငယ်စဉ်ကလေးဘဝက အဘွားလေးတော်သူနဲ့ ဆရာတော်တစ်ပါးကို သွားဖူးခဲ့ပါတယ်။ အဲဒီဆရာတော်ကလည်း အဘွားလေးရဲ့မောင် ဖြစ်လို့ ဦးသုခရဲ့အဘိုးလေးပါပဲ၊ အဲဒီအချိန်က ကျိုက်လတ်မြို့သားမှန်ရင် တေဘုမ္မာသီချင်းကို မရသူမရှိလို့ ဆိုကြတယ်။ ဦးသုခက တေဘုမ္မာကို အမှတ်မထင်ဆိုလိုက်တာကို ဆရာတော်ကြီးက ကြားပြီး အစအဆုံးဆိုခိုင်းပါတော့တယ်။ အင်မတန်စိတ်တိုပြီး ဒေါသကြီးတဲ့ အဘိုးလေးဆရာတော်ကြီးကို ဦးသုခလည်း ကြောက်ကြောက်နဲ့ဆိုပြအပြီးမှာ သီချင်းစာသားကို တစ်ပုဒ်လုံးကို ရေးခိုင်းပြန်တယ်။

သီချင်းအဓိပ္ပာယ်ကိုမေးတော့ သူတို့မြေးအဘွား နှစ်ယောက်စလုံး မဖြေနိုင်တဲ့အခါ ဆရာတော်ကြီးက အခုလိုမိန့်ကြားတယ်။

"နင်တို့ဥစ္စာ ဒီသီချင်းကို ဆိုနေတာ ဘာနဲ့တူသလဲဆိုတော့ ခွေးပါးစပ်က နတ်စကားပြောနေတာကျနေပြီ၊ နင်တို့ ဒီသီချင်းကိုဆိုရင် သံကြိုဟ်ကိုသိဦး။ သံကြိုဟ်မသိရင် မဆိုနဲ့။ ဒါ နင်တို့ ဆိုဖို့သီချင်းမဟုတ်ဘူး။ တို့လို ဘုန်းကြီးတွေဆိုဖို့။ ဒီပြင် ဖေတော့်မောင်တော့ သီချင်းတွေဆိုမယ့်အစား ဒီသီချင်းတွေကို ဆိုနေတာက နင်တို့အကျိုးရှိမယ်၊ သီချင်းအဓိပ္ပာယ်ကိုလည်း သိအောင်ကြိုးစား။ ဒါထက် ဒီသီချင်းကိုရေးတဲ့ မောင်ပြုံးချို ဆိုတာက ဘယ်အရွယ်လောက်ရှိပြီလဲ"

"လေးဆယ်ကျော်လောက်ပဲ ရှိပါသေးတယ်ဘုရား"

ဘွားအေက ဖြေတယ်။

"အိမ်း - မလိမ္မာရင် အတော်မိုက်မယ့်လူပဲ"

လို့ ညည်းလိုက်ပြန်တယ်။

"ဘာဖြစ်လို့ပါလဲ ဘုရား"



www.burmeseclassic.com

www.burmeseclassic.com

"ဟဲ့-ဒီလောက်တတ်တဲ့အကောင် ...ရင် ဘယ်သူက သူ့ကို ဆုံးမလို့ရဦး ...။ လောကမှာ မသိတဲ့လူကိုသာ ...မှာအောင် ဆုံးမရတာ လွယ်တာ။ ...တဲ့လူမိုက်ရင် မလိမ္မာနိုင်တော့ဘူး ...ယ်"

လို့ပြောရင်း ရယ်တော့ ဦးပြုံးချို ...ကြောင်းသိထားတဲ့ ဘွားအေကြီးက ...း လိုက်ပြီးရယ်တော့တယ်။

မြန်မာ့ရိုးရာယဉ်ကျေးမှုအနုသုခုမ ...အမွေအနှစ်လို့ဆိုရမယ့် မဟာဂီတ ...မှာ ကြိုး၊ ဘွဲ့၊ ပတ်ပျိုး၊ သီချင်းခန့်၊ ...သား စတဲ့ သီချင်းတွေ အများကြီး ...မယ့် ထူးထူးခြားခြား ဘုရားရှင်ရဲ့ ...ခမ္မကို အဘိဓမ္မာနည်းကျကျ ခြုံငုံ ...အောင် ဖွဲ့နွဲ့ရေးစပ်ထားတဲ့သီချင်းဆို ...ဒီတေဘုမ္မာတစ်ပုဒ်တည်းရှိတယ်လို့ ...ကြီးဦးသုခက ပြောပါတယ်။

ဆရာကြီးဦးပြုံးချို့ရဲ့ တေဘုမ္မာ ...သီချင်းကို သေချာနားထောင်ရင် ...ဉာဏ်ဖြစ်ပြီး တရားသဘော ...း အထိုက်အလျောက် သိလာစေ ...တယ်။ အဘိဓမ္မာသင်တန်းတက် ...သူများနဲ့ ပဋိစ္စသမုပ္ပါဒ်တရား ...တို လေ့လာဖူးသူများဆိုရင် ပိုပြီး ...ည်ပါလိမ့်မယ်။ တစ်ခါတလေ ...အစောကြီး ရွှေအက်(ဖ်)အမ် ...ရဲ့ ဓမ္မတေးအစီအစဉ်မှာ အဆို ... မောင်မောင်ကြီး၊ ရီရီသန့်နဲ့ ...တင်မြတို့ရဲ့ တေဘုမ္မာရှင်းတမ်း ...နဲ့ သီချင်း ကြားရတတ်ပါတယ်။ ...တ ကက်ဆက်ခွေနဲ့ အရင်ထွက် ...တယ်။

ဆရာကြီးဦးသုခကလည်း ယဉ် ...ဝန်ကြီးဌာနရဲ့ မေတ္တာရပ်ခံချက် ...အမျိုးသားကဇာတ်ရုံမှာ 'တေဘုမ္မာ ...ဋီကာ'အမည်နဲ့ ဟောပြောချက် ...အစဉ်တစ်ခုရိုက်ကူးပြီး မြန်မာ့ရုပ် ...ကြားကနေ လွှင့်ခဲ့ဖူးပါတယ်။ ဒီ ...ပြောချက်ကို စာအုပ်ရော စီဒီခွေပါ ...မှာဝယ်လို့ရပါတယ်။ စာဖတ်သူ ...တ်ရှု နားဆင်ကြည့်ကြဖို့ တိုက် ...တ်ပါ၏။

...ဘုမ္မာ' (ဓမ္မဂီတ ယိုးဒယားကြီး)

*တေ . . . ဘုမ္မာ၊ အနိစ္စာ ဒုက္ခာ ...ာ - တရားမရလို့ မှားလှသံသရာ၊ ...ယာ ဘဝေါယာ ဒိဋ္ဌောယာ ...ယာ စိတ်မောဟာ မကင်းတာ ... သူတဏှာ၊ ဒိဋ္ဌိဉာဏ်ဝင်စား ...မြင်မှားကြတာ၊ လူပဲနတ်ပဲ မှတ်*



*စွဲလို့သာ - မှားချက်အလွန်နာ၊ ငါ့သား ငါ့မယား လင်သား ဥစ္စာ ငါ့ကိုယ် ငါ့ဟာ အစဉ်မကွာ၊ သက္ကာယကြောင့် မာနတွေ ထောင်ကြတာ၊ ဝိပဿနာဝင်စား ထင်ရှားမြင်ငြားကြပါ၊ ဘာမျှရှာမက အ,သာရက မှန်စွာ၊ အနတ္တခန္ဓာ၊ ဖြစ်ရင်း တည်ရင်း ပျက်ရင်းချုပ်ကာ၊ ရှုပ္ပတိ သညာ၊ ဖောက်ပြန်မဆိတ်ပါ အနိစ္စ လက္ခဏာ၊ ရုပ်တရားနာမ်တရားနှစ်ဖြာ၊ အို နာ သေမည် အတည်မကျပါ၊ သခ်ီရ ဟာ ဘင်ကာလမကြာ၊ ငါးဖြာဂတိမှာ၊ လေးဘုံအပါယ်ငရဲစာ၊ အဝိဇ္ဇာအကြောင်း ကြောင့် သခ်ီရာ၊ ဝိညာဏ်နာမ်တရား ရုပ်တရားနှစ်ဖြာ၊ ခြောက်ခုအာရုံ ကာမဂုဏ်ဆန္ဒ၊ ပဋိစ္စသမုပ္ပါန် ရှုပ်ပြန် အတွင်းအပတဏှာ/ ရှုက်စရာတွေး တော့ သမုဒယပါ၊ မဂ္ဂါဆေးနှင့်ကုရမှာ၊ လက္ခဏာရေးဖြင့် ရှုကြပါ . . .။*

❒ တေဘုမ္မာ ပြန်ကောက်၍ (ရှုပ်ပြန်အတွင်းအပတဏှာ) က နောက် ပိုဒ်သို့ ဆက်ဆို။

*မြေ-ရေ-လေ-မီး ဓာတ်ကြီးအစု ပါ၊ ရှုံစရာ မမြတ်သော အတ္တဘောခန္ဓာ၊ မုန်းကွက်မလွတ်ပါ၊ သုံးဆယ့်နှစ်ကော ဋ္ဌာ၊ မိုက်မဲအဝိဇ္ဇာ၊ စိတ်တဏှာဟာ အနိဋ္ဌာကို ဣဋ္ဌာ ထင်မိမှား၊ ကာယ အပုပ်ကောင်ဟာ ဟုတ်ယောင်သာ ရုပ် ဆောင်စွာ ချုပ်နှောင်ကာ သူလှည့်စား၊ တရားကွာ မှားရှာ များသတ္တဝါ၊ ဘဝ အနေကာ ဖြစ်ပျက်သံသရာ၊ မီးဆယ့် တစ် ငြိမ်းရာချုပ်ရာ၊ နိဗ္ဗာန်ရောက်နိုင် ရာ၊ မဂ်ဖိုလ်ကြိုးစား ရအောင်ရှာ၊ ဒိဋ္ဌိ နှင့်ဝိစိကိစ္ဆာ၊ သမုစ္ဆေပဟာန်၊ ဧကန်ပါယ် ၍ခွာ၊ အထက်တန်း တက်လှမ်းမကြာ၊ ရုပ် နာမ် ခန္ဓာ၊ နှစ်ဝလုံးဟာ၊ အစတုံး ကာ၊ ဘဝဆုံးမှ အမတာ၊ အဲ သို့မှသာ၊ ဘေးတကာ ရန်တကာ ကင်းဝေးမှာ၊ အရဟတ္တဖိုလ်ပညာကိုသာ၊ အနုသယ ကိလေ တိခြေပယ်ဖို့ရာ၊ အမှန်ဝါယမန် စိတ်သန် သမာဓိ၊ ဝိပဿနာဉာဏ်၊ ရင့်သန်စေဖို့ရာ။* ***။ကရောင်းသွားဆက်။***

*ငါးဆူရှင် ပါရမီတော်ရင့်သည်၊ ပွင့်တော်မူရာ - ဘဒ္ဒကမ္ဘာ၊ ဗုဒ္ဓပွာ- ငါးကြိမ်ဆင့်တောင်၊ ကျွတ်ခွင့်မပါ - လွဲ လျှင်မှန်စွာ၊ ရှည်. . . လျား. . . သုည ကမ္ဘာတွေမှာ၊ ဓမ္မာသွေ့ခွာ၊ အပါယေမှာ ပျော်ဖို့၊ တရားမသိလို့၊ အမြဲမိစ္ဆာ၊ အမှား အတိ-အလွဲစိတ်မှာ၊ ငရဲတိရစ္ဆာ၊တကကတဲ မဆိတ်စွာ၊ အသည်းထိတ်စရာ၊ စည်ပင် ကြတော့မှာ. . .။*

*မကောင်းမှုဒုစရိုက်တွေဟာ၊ နည်း အောင် ကျင့်ပါ၊ နှစ် လ နေ့ရက် နာရီ တွေဟာ၊ အချိန် အလကား မကုန်စေ ရာ၊ ကာမဂုဏ် ရမ္မက်ဆိုးကို ဖျက်ချိုး နိုင်မှသာ၊ ဖြစ်ရာဘဝ သံသရာ၊ ပညာ ပါရမီ ကြီးရင့်အောင်ဖို့သာ၊ အတီတာ မိုက်စ မိုက်ပင်ပျိုးလို့ မိုက်ဆိုးခဲ့တာ၊ ယခုလည်း မိုက်ဆဲမှန်စွာ၊ ရှေ့ကိုတိုးလို့ တံပိုးမိုက်ဦးမှာ၊ အဆုံးသတ်သင့်တာ . . .။*

*ကိုယ့်ကိုယ်ကိုယ်သနားပါ များ သတ္တဝါ၊ လောဘ ဒေါသ မောဟ ဆို တာ လောင်မီးကိလေသာ၊ တဟုန်းဟုန်း တောက်လို့သာ - တဖြုန်းဖြုန်း မောက်မို့ စွာ၊ အကုသိုလ် စရိုက်ဆိုးတွေဟာ ပြု လွယ် ဖြစ်လွယ် စိတ်အားထက်သန်စွာ၊ နတ်ရွာ နိဗ္ဗာန်လမ်းကို လှမ်းဖို့အမှုဟာ ထဲစိတ်မပါ၊ နေရပ်ဟောင်းကို လွန် အောက်မေ့တာ၊ လေးဘုံပါယ်ရွာ၊ လေး ဘုံပါယ်ရွာထဲမှာ - နေမြဲသာ . . . များ သည် သတ္တဝါ . . . ။ ။*

မောင်ပွင့်ဉာဏ် (မောရ)

ရည်ညွှန်းစာ -

၁။ မဟာဂီတပေါင်းချုပ်ကြီး၊ ဆရာကြီးဦးပြုံးချို၊ ပညာအလင်းပြ စာပုံနှိပ်တိုက်၊ ၁၉၆၃၊ ပဥ္စမနှိပ်ခြင်း။

၂။ တေဘုမ္မာဋီကာ၊ ဓမ္မရသ အလှမျိုးစုံ စာမျိုးစုံ၊ သုခ၊ သုခစာပေ၊ ၁၉၈၆၊ ဖေဖော်ဝါရီ၊ ပထမအကြိမ်။

၃။ တေဘုမ္မာအဖွင့်၊ သုခ၊ ပါရမီစာပေ၊ ၂၀၀၁၊ အောက်တိုဘာ၊ ပထမအကြိမ်။



www.burmeseclassic.com

# (ရွှေ ရောင်မြေ) ဝင်းတောင်

## ထူးခြားဆန်းပြား (၁)

## ရယ်သိ

မိတ်ဆွေ။

လူတိုင်းလူတိုင်းဟာ မွေးဖွားချိန်ကစလို့ အသက်အရွယ်လေးရလာကြတဲ့ အလယ် သေဆုံးသွားကြတဲ့အချိန်ထိ ဘဝကို ဖြတ်သန်းသွားကြရတဲ့အခါမှာ အတွေ့အကြုံအမျိုးမျိုးကို ကျင်လည်ရာ နေရာဒေသအလိုက်ရှိခဲ့ကြသလိုရှိလည်း ရှိခဲ့ကြမှာပါ။

လူတစ်ယောက်ရဲ့ဘဝမှာ ဖြတ်သန်းခဲ့ရာခရီးတစ်လျှောက် ကြုံတွေ့ခဲ့ရတဲ့ အတွေ့အကြုံတွေဟာ သာမန်ဖြစ်ရိုး ဖြစ်စဉ်တွေနဲ့ ကြုံတွေ့ခဲ့ရတာတွေ ရှိခဲ့မှာဖြစ်သလို ထူးခြားဆန်းပြားတဲ့အဖြစ် မျိုးတွေနဲ့ ကြုံတွေ့ခဲ့ရတာတွေလည်း ရှိခဲ့မှာပါ။

လူတိုင်းလူတိုင်းဟာ လောကကြီးထဲမှာ နေထိုင်ကြရင်း ဘဝတွေကိုဖြတ်သန်းကြရာမှာ ကြုံတွေ့ကြရတဲ့ အခြေအနေတွေအပေါ် မူတည်ပြီး ဝမ်းသာစရာ၊ ကြည်နူးစရာ၊ ဒေါသဖြစ်စရာ၊ ပျော်စရာနဲ့ စိတ်ညစ်စရာတွေကို အမျိုးမျိုးသောအခြေအနေတွေအပေါ် မူတည်ပြီး ခံစားခဲ့ကြရမှာပါ။ ဒါပေမယ့် တချို့သော အခြေအနေနဲ့ အဖြစ်အပျက်တွေကို ကြုံတွေ့ကြရတဲ့အခါ တစ်နည်းအားဖြင့် သာမန်ထက်ထူးခြားပြီးဆန်းပြားတဲ့ အဖြစ်မျိုးတွေနဲ့ ကြုံရတဲ့အခါမျိုးမှာတော့ -



www.burmeseclassic.com

ရယ်စရာလည်း မဟုတ်ခဲ့သလို ငိုစရာလည်း မဟုတ်ခဲ့ပါဘဲ စဉ်းစားရင်း အတွေးများစေခဲ့ရပြီး မယုံနိုင်အောင် စိတ်လန့်အံ့ဩစေခဲ့ရရင်း အဖြေရှာမရခဲ့တဲ့အဖြစ်မျိုးတွေနဲ့ ကြုံတွေ့ခဲ့ကြရတဲ့ သူတွေရှိခဲ့ကြမှာဖြစ်သလို ရှိလည်းရှိခဲ့ကြပါတယ်။

ကျွန်တော်အနေနဲ့ ဘာကြောင့်ဒီလိုပြောရသလဲဆိုတော့ သာမန်ဖြစ်ရိုးဖြစ်စဉ်တွေထက် ထူးခြားပြီးဆန်းပြားတဲ့အဖြစ်မျိုးကို ကျွန်တော်ကိုယ်တိုင်ကြုံတွေ့ခဲ့ဖူးလို့ပါပဲ မိတ်ဆွေ။

ကျွန်တော်ကိုယ်တိုင် ကြုံတွေ့ခဲ့ဖူးတဲ့ ထူးခြားဆန်းအဖြစ်လေးတွေထဲက ပထမဆုံးကြုံတွေ့ခဲ့ရတဲ့ ထူးခြားဆန်းပြားအဖြစ်လေးကို ပြောပြရရင် -

ကျွန်တော့်အသက်(၈)နှစ်လောက်ရှိတဲ့အရွယ်ကပေါ့။ ကျွန်တော်တို့မိသားစုက လက်လုပ်လက်စားမိသားစုပါ။ ကျွန်တော့်အဖေက လယ်လုပ်တယ်။ လယ်လုပ်တယ်ဆိုလို့ ကိုယ်ပိုင်လယ်ကိုလုပ်တယ်လို့ မထင်လိုက်နဲ့။ သူများလယ်မှာ လက်ခစားလုပ်တာပါ။ နွေစပါးသိမ်းပြီး မိုးမကျခင် လယ်အလုပ်လေးခဏနားချိန်အတွင်းမှာတော့ ဆိုက်ကားနင်းစားတယ်။ ဒါလည်း ကိုယ်ပိုင်ဆိုက်ကား မဟုတ်ဘူး။ အုံနာခပေးပြီး ဆိုက်ကားအငှားနင်းတာပါ။

အမေကတော့ သထုံမြို့ရဲ့ မြို့မဈေးထဲမှာ ဟင်းသီးဟင်းရွက်ရောင်းလို့ အိမ်စရိတ်ကို တစ်ဖက်တစ်လမ်းက ဝင်ငွေရအောင် ရှာရတယ်လေ။ စောစောက ပြောခဲ့သ လို ကျွန်တော့်အဖေက လယ်လုပ်တာဆိုတော့ အဲဒီနှစ်ဆောင်းဦးပေါက်မှာ လယ်လုပ်တဲ့အဖေနဲ့အတူ ကျွန်တော်တို့ မိသားစုအားလုံးလည်း လယ်ထဲကိုပြောင်းဆင်းခဲ့ကြတယ်။

အဖေသူရင်းငှားလုပ်တဲ့ လယ်ထဲကို မိသားစုတွေအားလုံး ပြောင်းဆင်းကြလို့ ရောက်ပြီးနောက်တစ်နေ့မနက်





www.burmeseclassic.com

www.burmeseclassic.com

မှာ စောစောစီးစီး ချမ်းလို့မီးလှုံနေကြတုန်း -

"ဝင်းတင်၊ မနေ့က အမေတို့လယ်ထဲကို ဆင်းလာတုန်းက ဦးမောင်ဝင်းမောင်းလာတဲ့ လှည်းပေါ်က တောင်းထဲမှာ အမေ့နို့ဆီခွက်တစ်လုံးပါသွားတယ်။ အဲဒါ ခဏလေးနေရင် ဦးမောင်ဝင်းတို့ဆီပါသွားတဲ့နို့ဆီခွက်ကို သားသွားပြန်ယူလာနော်"

"ဟုတ်ကဲ့"

ကျွန်တော်လည်း အမေပြောတဲ့စကားကို ဆုံးအောင်နားထောင်နေရာက ဦးမောင်ဝင်းတို့တဲဟာ ဘယ်မှာရှိမှန်းမသိတာနဲ့ -

"ဒါနဲ့ အမေ၊ ဦးမောင်ဝင်းတို့တဲက ဘယ်နားမှာလဲ"

"ဒီမှာကြည့် - ဟောဟိုမှာ ကုက္ကိုပင်တွေရှိနေတာ တွေ့လား။ အဲဒါ ဦးမောင်ဝင်းတို့တဲရှိတဲ့နေရာပဲ။ ဧကတစ်ရာလယ်လို့ခေါ်တယ်"

"ဟုတ်ကဲ့"

ကျွန်တော့်အမေးစကားကို ဖြေတဲ့အမေက တောင်ဘက်အရပ်ရဲ့ ခပ်ဝေးဝေးမှာရှိနေကြတဲ့ ကုက္ကိုပင်စုစုတွေဆီကို လက်ညှိုးညွှန်ပြတယ်။ အမေညွှန်ပြလိုက်တဲ့ တောင်ဘက်ကအရပ်က ကုက္ကိုပင်စုစုတွေ လှမ်းကြည့်လိုက်ရင်းက 'ဟုတ်ကဲ့' လို့ လုပ်လိုက်ရပေမယ့် ကျွန်တော်သွားရမယ့်ခရီးက အတော်လေးဝေးနေလို့ စိတ်ထဲမှာ တစ်မျိုးလေးဖြစ်သွားမိပါတယ်။

တော်တော်လေးကြာလို့ နေထွက်လာတဲ့အခါ အမေကျွေးတဲ့ ထမင်းကြော်ကိုစားပြီး ဦးမောင်ဝင်းဆီပါသွားတဲ့ နို့ဆီခွက်ကိုယူဖို့ တဲကနေ ကျွန်တော်ထွက်ခဲ့ပါတယ်။

ထမင်းချက်တဲ့အခါမှာ ဆန်ချိန်ခပ်ဖို့အတွက် အမေယူလာတဲ့ နို့ဆီခွက်ဟာ လယ်ထဲကို အတူဆင်းလာတဲ့ ဦးမောင်ဝင်းရဲ့တောင်းထဲကို ဘယ်လိုလုပ်ပါသွားပါလိမ့်လို့ စဉ်းစားရင်း ကန်သင်းရိုးလေးအတိုင်း ဧကတစ်ရာလို့ခေါ်တဲ့ လယ်ဘက်ကို ကျွန်တော် ထွက်လာခဲ့တယ်။

ဒါနဲ့ ပြောရဦးမယ်။ ဦးမောင်ဝင်းရှိတယ်ဆိုတဲ့လယ်က ဧကတစ်ရာလို့ခေါ်တယ်။

အဲဒီလယ်ဧကတစ်ရာလို့ နာမည်တွင်ရတဲ့အကြောင်းက အဲဒီလယ်တစ်ခင်းလုံးရဲ့ အကျယ်အဝန်းဟာ ဧကတစ်ရာရှိနေလို့ပါပဲ။

အဲဒီအချိန်တုန်းက ဧကတစ်ရာရှိတဲ့ လယ်တစ်ခင်းလုံးကို ပိုင်ဆိုင်ထားတဲ့သူက ဦးမောင်ပဲ ဆိုတဲ့ လူကြီးတစ်ယောက်ကပဲ ပိုင်တာပါ။

ဦးမောင်ပဲပိုင်တယ်ဆိုတဲ့ ဧကတစ်ရာလယ်ဘက်ကို ကျွန်တော်သွားနေတုန်း လမ်းခုလတ်မှာ ဝင်းသန်းလို့ခေါ်တဲ့ သူငယ်ချင်းတစ်ယောက်နဲ့ သွားဆုံတယ်။

ဘယ်သွားမှာလဲ၊ ဘာလဲလို့ နှုတ်ဆက်မိကြရာက စကားစပ်မိကြပြီး ကျွန်တော်နဲ့အတူ သူလည်းလိုက်ခဲ့မယ်လို့ ပြောတာနဲ့ နှစ်ယောက်သား အတူထွက်လာခဲ့ကြတယ်။

ဒီလိုနဲ့ နှစ်ယောက်သား စကားတွေပြောကြရင်း ကန်သင်းရိုးအတိုင်း ရှေ့နောက်သွားနေကြရာက တစ်နေရာအရောက်မှာ -

"ဟေ့ကောင် ဝင်းတင်၊ ခဏရပ်ဦး။ ဟိုမှာကြည့်စမ်း၊ အိုင်ထဲမှာငါးတွေရှိနေတယ်ကွ"

ကန်သင်းရိုးလေးအတိုင်း ရှေ့ဆင့်နောက်ဆင့်သွားနေကြရာက ရှေ့ကသွားနေတဲ့ ဝင်းသန်းရဲ့အသံကြောင့် ပုံမှန်အတိုင်းသွားနေတဲ့ ကျွန်တော်ခြေလှမ်းတွေဟာ ဖြုန်းဆိုရပ်သွားရင်း ကျွန်တော့်မျက်လုံးတွေကလည်း ဝင်းသန်းညွှန်ပြတဲ့ဆီ လှမ်းကြည့်လိုက်မိတယ်။

ဟုတ်တယ်။ ဝင်းသန်းညွှန်ပြလို့ ကျွန်တော်တွေ့လိုက်ရတဲ့ အိုင်လေးက ဖျာတစ်ချပ်စာလောက်သာကျယ်ပြီး ရေစပ်စပ်လေးသာရှိတော့တဲ့ ရေအိုင်လေးတစ်အိုင်။

အိုင်ထဲမှာ ရေကနည်းနေပြီး နုန်းတွေလောက်သာရှိတော့တဲ့အိုင်။

အိုင်ထဲမှာ ရေမရှိတော့လို့ နုန်းတွေကထဲမှာသွားနေတဲ့ ငါးတွေတောင်ကျောရိုးတွေနဲ့ ဆူးတောင်တွေတောင်ပေါ်လို့။



ဟင်းစားအတွက် ရေခန်းငါးတွေ ရပြီဟ ဆိုပြီး ငါးတွေရှိနေတဲ့အိုင်ဘက်ကို နှစ်ယောက်သား ဝမ်းသာအားရပြေးသွားကြလို့ ရောက်သွားကြတာနဲ့ အိုင်ထဲကငါးတွေကို အကုန်ဝိုင်းဖမ်းလိုက်ကြတယ်။ အိုင်ထဲမှာရှိတဲ့ငါးတွေ အကုန်လုံး နှစ်ယောက်သားဝိုင်းဖမ်းကြလို့ ကုန်သွားတဲ့အခါမှ စောစောက ဦးတည်ထားတဲ့ ဧကတစ်ရာလယ်ဘက်ကို ဆက်ထွက်ခဲ့ကြတယ်။

ဒီလိုနဲ့ လျှောက်လာခဲ့ကြရင်း ဖမ်းလို့မိလာကြတဲ့ ငါးတွေအကြောင်း ဝမ်းသာအားရပြောလာကြရာက ကျွန်တော့် အကြီးပိုင်တဲ့ လယ်ကွက်ထဲကို ရောက်လာကြတဲ့ အချိန်မှာပဲ -

"ဝင်းတင်၊ ဧကတစ်ရာကို မင်းတစ်ယောက်တည်းသွားလိုက်ပါလား၊ ငါတို့နှစ်ယောက်သွားတာထက် မင်းတစ်ယောက်တည်းသွားတာက ပိုမြန်မယ်လို့ထင်တယ်"

မမျှော်လင့်ဘဲ ကြားလိုက်ရတဲ့ ဝင်းသန်းအပြောကြောင့် ကျွန်တော့်ခေါင်းထဲမှာ ရုတ်တရက်တော့ အလု... ရှုပ်သွားတာ အမှန်ပဲ။

"ငါတစ်ယောက်တည်း ဧကတစ်ရာကို သွားတာကတော့ ဟုတ်ပါပြီ၊ မင်းကကော"

"မင်းတို့အကြီးတဲမှာ ဝင်နေရင်း ငါစောင့်နေမယ်။ မင်းကမြန်မြန်သွားပြီး မြန်မြန်ပြန်ခဲ့ပေါ့ မင်းရောက်လာမှ ငါတို့နှစ်ယောက် ငါးတွေခွဲယူမယ်လေ"

ဝင်းသန်းပြောလိုက်တဲ့ ကျိုးကြောင်းပြစကားတွေကြောင့် ခပ်လှမ်းလှမ်းမှာရှိနေတဲ့ အကြီးပဲလှော်ရဲ့တဲ... ကျွန်တော်လှမ်းကြည့်လိုက်မိတယ်။

"ငါပြောတာကို ဘယ်လိုသဘောရလဲ ဝင်းတင်"

ဝင်းသန်းရဲ့ သဘောထား... ထောက်ခံတဲ့အနေနဲ့ ကျွန်တော် ခေါင်းညိတ်ပြလိုက်တယ်။

ဟုတ်တယ် - ဝင်းသန်းပြောတာ မှန်တယ်။ ဧကတစ်ရာကို ဝင်းသန်း ကျွန်တော် နှစ်ယောက်အတူသွားတာထက် ကျွန်တော်တစ်ယောက်တည်း လမ်းလျှောက်လိုက်၊ ပြေးလိုက်လုပ်တာက ပိုမြန်မယ်ဆိုတဲ့အတွေးနဲ့ပေါ့။

"ဟုတ်တယ် ဝင်းသန်း၊ မင်းပြောတာ မှန်တယ်။ ဧကတစ်ရာကို ငါတစ်ယောက်တည်းပဲသွားလိုက်မယ်၊ မင်း ငါ့အကြီးတဲမှာ သွားပြီးစောင့်နေလိုက်

www.burmeseclassic.com

ဟုတ်လား။ ဧကတစ်ရာကနေ ငါးပြန်တာမှ မင်းနဲ့ငါရထားကြတဲ့ ငါးတွေကို ခွဲယူကြတာပေါ့ကွာ"

"အေးကွာ၊ မင်းပြောသလိုပဲလုပ်ကြတာပေါ့"

ဝင်းသန်းနဲ့ ကျွန်တော် နှစ်ဦး သဘောတူကြပြီးတာနဲ့ ဝင်းသန်းက ကျွန်တော့်အကြီးတဲရှိရာဘက်ကို ခပ်သွက်သွက်လေးထွက်သွားသလို ကျွန်တော်လည်း ဧကတစ်ရာလယ်ဘက်ကို ခြေဦးထွက်သွားခဲ့တယ်။ဧကတစ်ရာလယ်ဘက်ကိုထွက်လာခဲ့တဲ့ ကျွန်တော့်မှာ အမြန်ရောက်ချင်ဇောနဲ့ ပြေးတဲ့အခါ ပြေး ခပ်သွက်သွက်လေးလျှောက်တဲ့ အခါလျှောက်နဲ့ သုတ်ခြေတင်ပြီးလာခဲ့တာ တော်တော်လေးကြာတော့ ဧကတစ်ရာလယ်ထဲကို ရောက်လာခဲ့တယ်။

ဒီလိုနဲ့ ခပ်သွက်သွက်လေးလာခဲ့တဲ့ ဧကတစ်ရာလယ်က ကုက္ကိုပင်ကြီးတွေဝိုင်းပတ်ပြီးပေါက်နေကြတဲ့ကန်ကြီးနှစ်ကန်နားကိုအရောက် ဟိုတစ်ဖက်ကို လှမ်းကြည့်လိုက်တော့ တော်တော်ကိုကြီးတဲ့ တဲကြီးတစ်တဲကို တွေ့လိုက်ရတယ်။ လယ်ကေမျှားသလို လယ်လုပ်တဲ့ အလုပ်သမားတွေလည်းများလို့နဲ့ တူပါရဲ့။

ကျွန်တော် လှမ်းကြည့်လို့ တွေ့လိုက်ရတဲ့တဲက အတော်ကိုကြီးတယ်။ အဲဒီတဲကြီးရှိရာကိုသွားပြီး ဦးမောင်ဝင်းဆီမှာကျန်ခဲ့တယ်ဆိုတဲ့ နို့ဆီခွက်ကိုသွားယူမယ်ဆိုတဲ့စိတ်ကူးနဲ့ သွားနေတုန်း အမိုးတုပ်ကုပ်နဲ့တဲကြီးကို လှမ်းကြည့်လိုက်ရင်းက ကျွန်တော့်စိတ်ထဲမှာ တစ်မျိုးကြီးဖြစ်သွားတာမို့ သွားနေတဲ့ကျွန်တော့် ခြေလှမ်းတွေဟာ ဖြုန်းဆိုရပ်သွားတယ်။

ကျွန်တော် လှမ်းကြည့်လို့ တွေ့လိုက်ရတဲ့ တဲကြီးရဲ့ အတွင်း၊ အပြင်မှာ ဘယ်သူ့လူယောင်ကို လုံးဝမတွေ့လိုက်ရသလို အသံဗလံဆိုလို့လည်း ဘာမှမကြားရဘူး။ ကျွန်တော်သွားမယ့်တဲကြီးနဲ့ ကျွန်တော့်အကြားမှာ အလျားပေတစ်ရာ၊ အနံ ငါးဆယ်ပေလောက်ရှိမယ့် ကန်ကြီးနှစ်ကန်က အနံဆယ်ပေလောက်ရှိတဲ့တန်ပေါင်ကြီးတစ်ပေါင်ခြားပြီး ယှဉ်လျက်သားရှိနေတယ်။

ဒီဘက်ကန်ပေါင်မှာ ရပ်နေတဲ့ ကျွန်တော်နဲ့ ရေကန်ပေါင်ရဲ့ ပေ (၃၀) လောက်မှာရှိနေတဲ့တဲနဲ့ဆို အကွာအဝေးဟာ ပေ (၁၅၀) လောက်တော့ ရှိမယ်ထင်ပါရဲ့။

ပိုင်ရှင်တစ်ယောက်မှ မတွေ့ရတဲ့ဘက်ကို ကျွန်တော့်အနေနဲ့ သွားသင့်၊ မသွားသင့်စဉ်းစားနေရင်းက ကျွန်တော် စိတ်ညစ်သွားတယ်။

ပြီးတော့ လူမရှိတဲ့ တဲထဲကို ကျွန်တော်ဝင်သွားမိရင်း တခြားလူတွေမြင်မိလို့က သူခိုးလို့ အထင်ခံရမှာစိုးတာနဲ့ အသံပေးအော်ကြည့်ဖို့ စိတ်ကူးမိလိုက်တယ်။

ကျွန်တော့် စိတ်ကူးထဲမှာတော့ အသံပေးအော်ခေါ်ကြည့်လို့ တစ်ဦးဦးက ထူးသံပေးရင်းထွက်လာခဲ့ရင် အကျိုးအကြောင်းပြောပြပြီးတဲထဲဝင်သွားမယ်။ ပြီးရင် နို့ဆီခွက်ယူပြီး ကျွန်တော်ပြန်မယ်ပေါ့။

"ဗျို့-ဦးမောင်ဝင်း၊ ဦးမောင်ဝင်းရှိလား"

"ဝေး"

'ဗျို့'ဆိုတဲ့ အသံကို အသားကုန်တစ်ရင်း ဦးမောင်ဝင်းရဲ့နာမည်ကို နှစ်ခါထပ်ခေါ်လို့အပြီးမှာ လူအများကြီးက 'ဝေး'လို့ ဝိုင်းထူးလိုက်ကြတဲ့ အသံကြီးကို ကြားလိုက်ရတယ်။

စောစောကတော့ လူတစ်ဦးတစ်ယောက်ကိုမှ မတွေ့ရပါဘဲ ကျွန်တော် အော်ခေါ်လို့အပြီးမှာ 'ဝေး'လို့ လူအများကြီးက ဝိုင်းထူးလိုက်ကြတဲ့ အသံကြီးကြောင့် ကျွန်တော် အံ့ဩသွားတယ်။

အဲဒီလို ဝိုင်းထူးလိုက်ကြတဲ့ အသံကြီးကို ကြားလိုက်ရတာနဲ့ တစ်ဆက်တည်း ဝိုင်းရယ်လိုက်ကြတဲ့အသံတွေကို ကြားလိုက်ရလို့ ကျွန်တော်လှည့်အကြည့်မှာ ပိုပြီးအံ့ဩသွားရတယ်။

ဦးမောင်ဝင်းလို့ ကျွန်တော် ခေါ်အပြီးမှာ 'ဝေး'လို့ ဝိုင်းထူးလိုက်ကြပြီး ဝိုင်းရယ်နေကြသူတွေဟာ မြေပြင်ပေါ်မှာရှိနေကြသူတွေမဟုတ်ကြသလို လူကြီးတွေလည်း မဟုတ်ကြပါဘဲ ကျွန်တော့်အရွယ်ကလေးငယ်လေးတွေဖြစ်နေလို့ပါ။

ပြီးတော့ သူတို့ရှိနေကြတဲ့နေရာက မြေပြင်ပေါ်မှာ မဟုတ်ကြပါဘဲ ရေကန်ကြီးနှစ်ကန်ရဲ့ ပတ်ပတ်လည်မှာ ပေါက်နေကြတဲ့ ကုက္ကိုပင်တွေပေါ်မှာ။

ကျွန်တော် လှမ်းကြည့်လို့ တွေ့လိုက်ရတဲ့ ကလေးတွေအားလုံးဟာ ကုက္ကိုပင်တွေရဲ့ အကိုင်းအခက်တွေမှာ တချို့ကထိုင်လို့၊ တချို့ကရပ်လို့။

ရေကန်နှစ်ကန်ရဲ့ ပတ်ပတ်လည်မှာ ပေါက်နေကြတဲ့ ကုက္ကိုပင်တွေက (၈)ပင်၊ (၉)ပင်လောက်ရှိနေကြပြီး ကုက္ကိုပင်တစ်ပင်မှာ ကျွန်တော့်အရွယ်ကလေးတွေက အနည်းဆုံး (၅)ယောက်၊ (၆)ယောက်လောက်ရှိတာဆိုတော့ အဲဒီမှာရှိနေကြတဲ့ ကုက္ကိုပင်တွေပေါ်မှ ကလေးဘယ်နှယောက်လောက်ရှိမယ် ဆိုတာ တွက်လို့သာစစ်ကြည့်တာပေါ့။

"ဗျို့ - ဦးမောင်ဝင်း"

လို့ ကျွန်တော်ခေါ်အပြီးမှာ ဝိုင်းထူးပြီး ဝိုင်းရယ်လိုက်ကြတဲ့ အသံတွေကြောင့် အံ့ဩသွားလို့လိုက်အကြည့်မှာ ကျွန်တော့်အရွယ် ကလေးငယ်တွေကို တွေ့လိုက်ရလို့ ဒီကောင်တွေ ငါ့ကိုလာပြောင်နေတယ်ဆိုပြီး စိတ်တိုလို့ ဒေါသထွက်မိပေမယ့် ကိုယ့်နယ်မဟုတ်တာရယ်၊ အများနဲ့တစ်ယောက်ဖြစ်နေတာရယ်ကြောင့် ကျွန်တော် အသာလေးငြိမ်နေလိုက်ရတယ်။

"ဗျို့ - ဦးမောင်ဝင်း"

"ဝေး"

"ဟား ဟား ဟား ဟီး ဟီး ဟီး"

သူတို့ကို အရေးစိုက်နေရင် ကိုယ့်အလုပ်ပျက်တယ်ဆိုပြီး ဦးမောင်ဝင်းကိုပဲ အော်ခေါ်လိုက်မိတယ်။

ဒုက္ခ။ ဒုတိယအကြိမ် ကျွန်တော်ခေါ်အပြီးမှာလည်း 'ဝေး'လို့ ဝိုင်းထူးလိုက်ကြရင်း စပ်ဖြဲဖြဲမျက်နှာကြီးတွေနဲ့ ဝိုင်းရယ်နေကြလို့ ကျွန်တော့်စိတ်ထဲက ထောင်းခနဲဒေါသဖြစ်သွားပေမယ့် ကိုယ့်ရွာမှာ·ကြက်ဖ၊ သူများရွာမှာကြက်မလို့ ကိုယ့်ကိုယ်ကိုယ်သတိပေးရင်း ပေါက်ထွက်တော့မယ့်ဒေါသကို ချိုးနှိမ်ထားလိုက်ရတယ်။

"ဟေ့ကောင်တွေ၊ ဒီလယ်မှာ ဦးမောင်ဝင်းရှိတယ် ဟုတ်လား"

"ဟား ဟား ဟား ဟီး ဟီး ဟိုး ဟိုး"

ခက်ပြီ။ ကျွန်တော့်အတွေးက သူတို့ကို ကျွန်တော်က ချိုချိုသာသာမေးလို့ သူတို့ကပြေပြေလည်လည်ပြန်ဖြေရင် ရန်ပြီးပြီး သူတို့နဲ့ ကျွန်တော် အဆင်ပြေသွားကြတန်ကောင်းပါရဲ့ဆိုပြီး မေးလိုက်မိပေမယ့် သူတို့က ဝိုင်းရယ်နေကြပြန်ပြီဆိုတော့ အခြေအနေက ပိုဆိုးလာပြီ။ သံတမန်နည်းလမ်းသုံးပြီး စည်းရုံးလိုက်ပေမယ့် ငြိမ်းချမ်းရေးက ပိုပြီးအလှမ်းဝေးသွားတာမို့ သူတို့ကိုဂရုမစိုက်တော့ဘဲ ဦးမောင်ဝင်းကို နောက်ထပ်တစ်ခါထပ်ခေါ်ဖို့ စိတ်ကူးထားလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com

ဒီတစ်ခါထပ်ခေါ်လို့မှအကြောင်းမထူးရင် ကျွန်တော်ပြန်တော့မယ်လို့စိတ်ကူးထားသလို တစ်ဆက်တည်းမှာလည်း ဦးမောင်ဝင်းကို ကျွန်တော်အော်ခေါ်လို့ ဒီကောင်တွေဝိုင်းထူးပြီး ဝိုင်းရယ်ကြရင် သူတို့အားလုံးကို တစ်ယောက်ချင်းခေါ်ထိုးမယ်လို့ပါ တွေးထားလိုက်တယ်။

"ဗျို့ ဦးမောင်ဝင်း"

"ဝေး"

"ဟား ဟား ဟား ဟိုး ဟိုး ဟီး ဟီး ဟီး"

ပြဿနာပဲ။ ဒီတစ်ခါ ကျွန်တော်ခေါ် အပြီးမှာလည်း အရင်အကြိမ်တွေကအတိုင်း တိုင်ပင်ကိုက်ဝိုင်းထူးကြပြီး ဝိုင်းရယ်နေကြတဲ့အသံတွေ ပြိုင်တူထွက်လာကြပြန်တယ်။

ကျွန်တော်နဲ့ သူတို့ရဲ့အခြေအနေက ထူးမခြားနားပတ်ပျိုးပဲ ဆိုရမလား မသိဘူး။

ဒီတစ်ခါလည်း ဝိုင်းထူးပြီး ဝိုင်းရယ်နေကြပြန်တာကြောင့် ငုပ်နေတဲ့ ကျွန်တော့်ဒေါသက ဝုန်းဆိုခေါင်းထောင်ထလာတယ်။

စောစောက စိတ်ကူးထားတဲ့အတိုင်း ဒေါသထွက်ထွက်နဲ့ သူတို့အားလုံးကို ချလင်းလုပ်မယ်ဆိုပြီး ဟန်အပြင်မှာ-

တစ်သက်နှင့်တစ်ကိုယ် တစ်ခါမှ မဖြစ်ဘူးတဲ့ ကြက်သီးမွေးညင်းတွေဟာ ကျွန်တော့်တစ်ကိုယ်လုံးမှာ ဖြစ်ပေါ်လာပြီး သူတို့ကို စိန်ခေါ်စကားပြောမယ့် ကျွန်တော့်ပါးစပ်ဟာလည်း အားစေးမိထားသလို ဆွံ့အသွားရင်းက ဦးနှောက်အသိမှာ ဖော်ပြရခက်တဲ့ အချက်ပေးသံတွေကို ကြားလိုက်ရတာနဲ့အတူ ဖျတ်ဆို ကျွန်တော့်ခြေထောက်တွေဟာ လာရာလမ်းအတိုင်း ဒုန်းစိုင်းပြန်ပြေးနေမိရက်သား ဖြစ်သွားတယ်။

'နောက်ကျခြေထောက် သစ္စာဖောက်' လို့ သတ်မှတ်ပြီး ကျွန်တော်ပြန်လှည့်ပေးတဲ့အချိန်မှာပဲ 'ဝုန်း'ဆို တဝါးဝါးတဟားဟားနဲ့ ဝိုင်းရယ်လိုက်ကြတာမှ ညံသွားတာပဲ။ ကြောက်နေတဲ့ဇောနဲ့ အသားကုန်ပြေးလို့ တော်တော်ဝေးဝေးကို ကျွန်တော်ရောက်လာတဲ့အထိ ရယ်သံတွေ အကျယ်ကြီးကို ကြားနေရတုန်းပဲ။

လယ်ကွက်တွေ အတော်များများကို ကျွန်တော်ဖြတ်ပြေးလာလို့ တော်တော်ကြီး ခရီးပေါက်တဲ့အခါမှ ရယ်သံတွေ ပျောက်လို့သွားတယ်။



တဝါးဝါးတဟားဟားနဲ့ ဝိုင်းရယ်နေကြတဲ့ ရယ်သံတွေကို မကြားရတော့တဲ့အခါမှ ပြေးနေတဲ့ ခြေထောက်ကို အနားလေးပေးပြီး ခပ်မြန်မြန်လေး လျှောက်လာရာက ကျွန်တော့်ကိုယ်ကျွန်တော် ပြန်ပြီးသုံးသပ်ကြည့်မိတယ်။

လန့်လန့်ဖျပ်ဖျပ်နဲ့ ပြေးလာခဲ့ရလို့လား မသိဘူး။ ကျွန်တော်တစ်ကိုယ်လုံးမှာ ချွေးတွေနဲ့စိုရွှဲနေသလို လူကလည်း မောလွန်းလို့ တုန်တုန်ယင်ယင်ဖြစ်နေတယ်။ ကျွန်တော်စိတ်လှုပ်ရှားခဲ့ရတဲ့ ဇာတတစ်ရာလယ်နဲ့ကဝေးခဲ့ပြီဖြစ်လို့ ခပ်သွက်သွက်လျှောက်နေတဲ့ ခြေလှမ်းကိုရပ်ပြီး စောစောကရယ်သံတွေကြားခဲ့ရတဲ့ ကုက္ကိုပင်စုစုတွေဆီ ပြန်လှည့်ကြည့်မိလိုက်တယ်။ မှုန်ပျပျ ဝေးကျန်ခဲ့တဲ့ ကုက္ကိုပင်ကြီးတွေက ကျွန်တော်ပြန်ပြေးမလာခင် ဇာတ်တစ်ရာကိုသွားမယ်ဆိုပြီး ထွက်လာချိန်က လှမ်းမြင်ရတဲ့အတိုင်း မပြောင်းလဲတဲ့ပုံစံနဲ့ရှိနေတုန်းဘဲ။

ပြေးလာရတဲ့ ခြေထောက်နှစ်ချောင်းကို အနားပေးလို့ မှန်မှန်လေး လျှောက်လာရာက ကျွန်တော့်ကိုယ်ကျွန်တော် ပြန်ပြီးမေးခွန်းထုတ်နေမိတယ်။

ကုက္ကိုပင်ကြီးတွေပတ်ပတ်လည် ပေါက်နေကြတဲ့ ရေကန်ကြီးနှစ်ကန်ရဲ့ ကန်ပေါင်ကြီးပေါ်ကို ကျွန်တော်ရောက်လာချိန်ကစလို့ပေါ့။

အဲဒီအချိန်က ကုက္ကိုပင်တွေရဲ့ အပေါ်မှာရှိနေကြတဲ့ ကျွန်တော့်အရွယ်ကလေးငယ်တွေရဲ့ စကားပြောသံ၊ ရယ်သံတွေနဲ့ သူတို့ရဲ့အကောင်အထည်တွေကို ဘာကြောင့်ကျွန်တော်လုံးဝမမြင်မကြားခဲ့တာလဲ။

'ဝေး'ဆိုတဲ့ အသံနဲ့ ဝိုင်းရယ်ကြတာကလွဲလို့ ကျွန်တော်မေးတာကိုလည်း မဖြေသလို သူတို့အချင်းချင်းလည်း မေးထူးခေါ် ပြောကြတာကို ကျွန်တော်လုံး မမြင်မကြားခဲ့ရတာ ဘာကြောင့်လဲ။

ကုက္ကိုပင်ကြီးတွေရဲ့ ပင်စည်လုံးပတ်ဟာ လူကြီးလက်နှစ်ဖက်စာလောက် ကြီးတဲ့ပင်စည်ကြီးတွေဖြစ်ကြပြီး မြေပြင်ကနေ အနည်းဆုံး ဆယ်ပေလောက် တဲ့နေရာကျမှ အကိုင်းအခက်တွေရှိ နေရာကို အဲဒီကလေးတွေ ဘယ် တက်လို့ ရောက်သွားကြတာလဲ။

ကျွန်တော်ရောက်သွားတဲ့အချိ ကစ ကန်ပေါင်ပေါ် မှာရပ်နေတဲ့အလ ပြန်ပြေးလာတဲ့အချိန်အဆုံး အားလုံး ရယ်သံတလွဲလို့ ဘာမှမကြားရတာ ဘာ ကြောင့်လဲ။

ဒီလောက်ခရီးသီခေါင်တဲ့ လယ ကွင်းထဲက ကုက္ကိုပင်တွေအပေါ်မှာ လောက်များတဲ့ကလေးတွေ ဘယ်လိုလု ပြီးရှိနေကြတာလဲ။

ဘာလဲ၊ ဘယ်လိုလဲ၊ ဘာကြော လဲဆိုတဲ့ လဲပေါင်များစွာပါတဲ့ မေးခွန်း တွေကို ကျွန်တော်ဘာသာကျွန်တေ မေးရင်း ကျွန်တော်ဘာသာ ကျွန်တေ မဖြေနိုင်ခဲ့ဘူး။

ကျွန်တော့်အသက်(၈)နှစ်လော သာရှိသေးတဲ့ အဲဒီအချိန်က ကြုံခဲ့ရတ ကို အခု ကျွန်တော့်အသက်(၅၀)ကျေ တဲ့အထိ အဖြေရှာလို့မရခဲ့ဘူး။ ကျွ တော့်ဘဝမှာ ပထမဆုံးကြုံခဲ့ရတဲ့ အ ထူးခြားဆန်းပြားအဖြစ်လေးကို ခုချိန် လည်း သတိရနေမြဲပါပဲ။

ကျွန်တော်ကြုံခဲ့ရတဲ့ ထူးခြားဆ ပြားအဖြစ်လေးကို မိတ်ဆွေအနေ စိတ်ဝင်စားတယ်ဆိုရင် ဒီနေ့အထိ ကျွ တော်မဖြေနိုင်ခဲ့တဲ့ အထက်ပါမေးခွ လေး၊ ငါးခုကို မိတ်ဆွေ စဉ်းစာ အဖြေထုတ်ပေးကြည့်ပါလား။

မိတ်ဆွေအနေနဲ့ တကယ်ယုတ္တိ တဲ့အဖြေကို ဖော်ထုတ်လို့ရခဲ့ရင် ကျွ တော့်ကိုလည်း ပြောပြစေချင်ပါတ ယုတ္တိရှိတဲ့အဖြေကို မိတ်ဆွေအနေ ဖော်ထုတ်နိုင်ခဲ့လို့ ကျွန်တော့်ကိုပါ ပြနိုင်ခဲ့ရင် အဖြေသိခွင့်ရတဲ့ ကျွန်တေ အနေနဲ့ ဝမ်းသာမိမှာဖြစ်သလို မိတ် ကိုလည်း ကျွန်တော်က အထူးအ ကျေးဇူးတင်မှာပါလို့ ပြောကြားရင်း

ရိုးသားစွာကြိုးစားသွားပါ
လေးစ

ဝင်းတင် (ရွှေရောင်

www.burmeseclassic.com

စွမ်းထက်နောင်

# အာဆင်းနစ်အဆိပ်သင့်ခြင်း (ARSENIC POISONING)

အာဆင်းနစ်အဆိပ်သင့်ခြင်းမှာ ကမ္ဘာတစ်ဝန်းတွင် ကြုံတွေ့နေရသော လူအများ၏ကျန်းမာရေးထိခိုက်မှုကိုဖြစ်စေသည့် ပြဿနာတစ်ရပ် ဖြစ်ပါသည်။ သဘာဝအလျောက် မြေအောက်ရေ၌ အာဆင်းနစ်အဆိပ်များ ပါဝင်နေတတ်ပြီး ထိုရေကို လူအများ သောက်သုံးမှုကြောင့် ခန္ဓာကိုယ်အတွင်းသို့ အာဆင်းနစ်အဆိပ်များရောက်ရှိပြီး ရောဂါများ ဖြစ်ပွားရပါသည်။ လူ့ခန္ဓာကိုယ်အတွင်းသို့ အာဆင်းနစ်ရောက်ရှိမှု ပမာဏ အနည်း၊ အများပေါ်တွင် မူတည်၍ ရောဂါအပြင်းအထန်ရရှိမှု၊ နာတာရှည် ကျန်းမာရေးချို့ယွင်းမှုများ ဖြစ်ပေါ်ရပါသည်။



အရေပြားကင်ဆာဖြစ်ပွားနေပုံ



လက်ဖဝါးအမည်းရောင်များပြောင်းနေပုံ

အာဆင်းနစ်သည် မြေကြီးနှင့်မြေအောက်ရေထဲတွင် သဘာဝအလျောက် ဖြစ်ပေါ်နေသော သတ္တုဒြပ်စင် (Semi Metal) တစ်ခု ဖြစ်ပါသည်။ သတ္တုဓာတုပစ္စည်းအဖြစ် တစ်ကမ္ဘာလုံးတွင် တွေ့ရှိရ၏။ သတ္တုဓာတ်များ သတ္တုပစ္စည်း အရည်အသွေးကို ပိုင်ဆိုင်ထားပြီး အပူချိန်ဒီဂရီအနည်းငယ်တွင် သတ္တုအသွင်သဏ္ဌာန်အတိုင်းဖြစ်ပြီး အခြား ရွှေ ငွေ၊ သတ္တုများကဲ့သို့ ပုံသဏ္ဌာန်ပြောင်းလဲမရသောသတ္တုဒြပ်စင် ဖြစ်ပါသည်။ အာဆင်းနစ်သည် မြေအောက်ရေတွင် အာဆင်းနစ်အက်စစ် (Arsenic Acid) အဖြစ် ပါဝင်နေတတ်ပါသည်။ ဟိုက်ဒြိုတလိုရစ်အက်စစ်၊ ဆာလဖျူရစ်အက်စစ်များကဲ့သို့ အရေပြားကို လောင်ကျွမ်းနိုင်သည့် အက်စစ်မျိုးကဲ့သို့ မဟုတ်ပါ။ မြေအောက်ရေတွင် အာဆင်းနစ်ပါဝင်မှု အနည်း၊ အများမှာ ပထဝီဝင်အနေအထားနှင့် ဆက်နွယ်မှုရှိပါသည်။

ပထဝီအနေအထားအရ အာဆင်းနစ်ကို တွေ့ရှိရသော ကမ္ဘာ့နိုင်ငံများမှာ အာဂျင်တီးနား၊ ဘင်္ဂလားဒေ့ရှ်၊ ချီလီ၊ တရုတ်၊ အိန္ဒိယ၊ ထိုင်း၊ မက်ဆီကို၊ အမေရိကတို့ ဖြစ်ပါသည်။ မြန်မာနိုင်ငံ၌မည်သည့်နေရာဒေသများ၌ အာဆင်းနစ်ရှိကြောင်း သေချာမသိရှိသေးသော်လည်း ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်း၊ ကျုံပျော်၊ ဟင်္သာတ၊ သာပေါင်းနှင့် ရေကြည်မြို့နယ် စသည့်ဒေသများတွင် သောက်သုံးရေတွင် အာဆင်းနစ် ပါဝင်နေကြောင်း သိရှိရပါသည်။


၂၀၀၇ ခုနှစ်တွင် လေ့လာမှုများအရ ကမ္ဘာ့နိုင်ငံပေါင်း (၇၀) ကျော်မှ လူ (၁၃၇)သန်းကျော်သည် သောက်သုံးရေများတွင် အာဆင်းနစ်ပါဝင်မှုကြောင့် အာဆင်းနစ်အဆိပ်သင့်ခြင်းရောဂါများကို ခံစားနေရကြောင်း၊ ကမ္ဘာ့နိုင်ငံများ၏ (၁၆)ရာခိုင်နှုန်းသည် ညစ်ညမ်းသော အာဆင်းနစ်အဆိပ်ဓာတ် ပါဝင်သော ရေများကို သုံးစွဲနေရကြောင်း၊ ၁၉၆၀ ပြည့်နှစ်မှ ၁၉၇၅ ခုနှစ်အတွင်း သောက်သုံးရေမသန့်ရှင်းမှုကြောင့် ဝမ်းပျက်၊ ဝမ်းလျှောရောဂါများဖြစ်ပြီး နှစ်စဉ် (၅) နှစ်အောက် ကလေးငယ်တစ်သိန်းကျော် သေဆုံးနေရကြောင်း သိရှိရပါသည်။

အာဆင်းနစ်သည် အနံ့အရသာမရှိပါ။ မြေကြီးထဲနှင့် မြေအောက်ရေများအတွင်း သဘာဝအလျောက် ပါဝင်ပြီး စိုက်ပျိုးရေးလုပ်ငန်းများ၊ ဖန်ထုတ်လုပ်ငန်းများ၊ လျှပ်စစ်အီလက်ထရွန်နစ်ပစ္စည်းများထုတ်လုပ်မှုလုပ်ငန်း စသည့် စက်ရုံ အလုပ်ရုံများမှ စွန့်ပစ်သော ဘေး



www.burmeseclassic.com

www.burmeseclassic.com



အာဆင်းနစ်ပါဝင်သောရေကို သောက်သုံးမှုကြောင့် အရေပြားအရောင်ပြောင်းထဲနေပုံ



ခြေချောင်းများအမည်းရောင်ရောဂါ BLACK FOOT DISEASE ဖြစ်ပွားနေပုံ

ထွက်ပစ္စည်းတွင်လည်း ပါဝင်ပါသည်။

အာဆင်းနစ်ကို သဘော်ဆေး၊ သုတ်ဆေးများ၊ အရောင်ဆိုးဆေး၊ ပိုးမွှားသတ်ဆေးများ ထုတ်လုပ်ခြင်း၊ ဆေးဝါးနှင့် ဆပ်ပြာ၊ သတ္တုလုပ်ငန်းနှင့် စီမီးကွန်ဒက်တာ (Semi-Conductor) များတွင် အသုံးပြုကြပါသည်။ ထို့ပြင် စိုက်ပျိုးရေးလုပ်ငန်းများတွင် ပိုးသတ်ဆေးအဖြစ်အသုံးပြုကြပြီး သတ္တုတူးဖော်ရေးလုပ်ငန်းများနှင့် သတ္တုရည်ကျိုသည့် လုပ်ငန်းများမှလည်း အာဆင်းနစ်အဆိပ်ထွက်ရှိနိုင်ပါသည်။ အာဆင်းနစ်အဆိပ်သင့်ခြင်းကို ကာကွယ်ကုသခြင်းမပြုပါက အသက်သေဆုံးနိုင်ပါသည်။

**အာဆင်းနစ်အဆိပ်သင့်ခြင်းရောဂါလက္ခဏာများ**

အာဆင်းနစ်အဆိပ်သင့်ကြောင်း စတင် ရောဂါလက္ခဏာပြသမှုများမှာ ခေါင်းကိုက်ခြင်း၊ ခေါင်းရှုပ်နေခြင်း၊ စိတ်ကမောက်ကမဖြစ်ခြင်း၊ အိပ်ငိုက်ခြင်း၊ ဝမ်းသွားဝမ်းလျှောခြင်းတို့ ဖြစ်ပါသည်။ အဆိပ်မိခြင်း၊ ကျယ်ပြန့်ဆိုးဝါးလာပါက ခန္ဓာကိုယ်အကြောဆွဲခြင်း၊ တက်ခြင်း၊ အရေပြားထူလာခြင်း၊ အရေပြားအရောင် အသွေးနှင့် လက်သည်း၊ ခြေသည်းများ အရောင်ပြောင်းလာတတ်ပါသည်။ အရောင်ပြောင်းခြင်းသည် သွေးဖြူဥပိုမိုများလာခြင်းကြောင့် ဖြစ်ပါသည်။ ထို့ပြင် ပါးစပ်ထဲတွင် သတ္တုအရသာပေါ် နေခြင်း၊ အစာမျိုချရခက်ခဲခြင်း၊ ပျို့အန်ခြင်း၊ ဆီးထဲတွင်သွေးပါခြင်း၊ ကြွက်သားများ လှုပ်ရှားမှုကို အဟန့်အတားဖြစ်စေခြင်း၊ မလှုပ်ရှားနိုင်တော့ခြင်း၊ ခြေ, လက်များ ထုံကျဉ်ခြင်း၊ သွက်ချာပါဒရောဂါခံစားရခြင်း၊ ဆံပင်ကျွတ်ခြင်း၊ ဝမ်းဗိုက်နာခြင်းများ ဖြစ်ပေါ်တတ်ပါသည်။

အာဆင်းနစ်အဆိပ်သင့်ခြင်းသည် ခန္ဓာကိုယ်အစိတ်အပိုင်းများဖြစ်သော အဆုတ်၊ ကျောက်ကပ်၊ အသည်း၊ နှလုံးနှင့် အရေပြားတို့ကို အဓိကထိခိုက်ခံစားစေပါသည်။ နှလုံးကိုထိခိုက်စေပြီး သွေးတိုးရောဂါ၊ လေဖြတ်ခြင်း၊ အသက်ရှူလမ်းကြောင်းရောဂါဖြစ်ပွားခြင်း၊ ဆီးချိုရောဂါနှင့် ကင်ဆာရောဂါများကိုလည်း ဖြစ်ပွားစေနိုင်ပါသည်။ အာဆင်းနစ်ကြောင့် ရောဂါဖြစ်ပွားမှုကို သွေးဖောက်စစ်ခြင်း၊ ဆီးစစ်ခြင်း၊ ဆံပင်၊ လက်သည်း၊ ခြေသည်းများ စစ်ဆေးခြင်းဖြင့် သိရှိနိုင်၏။

နာတာရှည်ရောဂါများအဖြစ် ခန္ဓာကိုယ်အတွင်း ဇီဝကမ္မဖြစ်စဉ် ချို့တဲ့မှုဖြစ်စေပြီး နှလုံးရောဂါဖြစ်ပွားခြင်း၊ ကြွက်မျက်သင့်ခြင်း၊ ညဘက်မျက်စိမမြင်ခြင်းရောဂါ (Night blindness) ကိုပါ ခံစားရနိုင်သည်။ သောက်သုံးရေမှ အင်အော်ဂဲနစ်အာဆင်းနစ်သည် (၇၀) မှ (၂၀၀) မီလီဂရမ် ခန္ဓာကိုယ်အတွင်းရောက်ရှိပါက သေဆုံးနိုင်ပါသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အစည်း (WHO) မှ သောက်သုံးရေတွင် အာဆင်းနစ် ရေတစ်လီတာ (၀. ၀၁) မီလီဂရမ်ထက် မပိုသင့်ကြောင်း သတ်မှတ်ထားပါသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ လူအများ၏ ကျန်းမာရေးမထိခိုက်စေရေးအတွက် တိုင်းတာရေးပစ္စည်းကိရိယာများဖြင့် သုတေသနပြုထားခြင်း ဖြစ်ပါသည်။

အာဆင်းနစ်ပမာဏများစွာပါဝင်သောရေကိုသောက်သုံးမှုကြောင့် များစွာသော လူအများ အဆိုးဝါးဆုံး အာဆင်းနစ်အဆိပ်သင့်ခြင်းကို ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ဖြစ်ပွားခဲ့ပါသည်။ သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုများသမိုင်းတွင် လူအများ အကြီးမားဆုံး အဆိပ်သင့်ခြင်းဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ခေါ်ဆိုသတ်မှတ်ခဲ့ပါသည်။

သတ္တုတူးဖော်ရာတွင် အသုံးပြုသောနည်းလမ်းတစ်ခုဖြစ်သည့် ဓာတုဖိအားသုံးကိရိယာများကို အသုံးပြု၍ သတ္တုများကိုဖယ်ရှားပြီးကွဲစေခြင်းသည်လည်း မြေအောက်ရေအတွင်းသို့ အာဆင်းနစ် ရောက်ရှိစေပါသည်။

မြေကြီးအတွင်းသို့ အာဆင်းနစ်ရောက်ရှိပါက သဘာဝပတ်ဝန်းကျင်အခြေအနေများကိုပါ ပြောင်းလဲစေ၍ မြေကြီးထဲတွင် အကာစစ်ဓာတ်လွှန်ကဲစေပြီး သစ်သီးဝလံ၊ အပင်များထံသို့ အာဆင်းနစ် ဝင်ရောက်စေပါသည်။ အာဆင်းနစ်ကို ထင်ရှားသော ပိုးသတ်ဆေးအဖြစ် နိုင်ငံများတွင် အသုံးပြုနေဆဲ ဖြစ်ပါသည်။

စိုက်ပျိုးရေးလုပ်ငန်းများ၊ သတ္တုရည်ကျိုလုပ်ငန်းများဖြစ်သည့် ခဲ၊ ရွှေ၊ သွတ်ရည်ကျိုလုပ်ငန်း၊ ကြေးနီရည်ကျိုလုပ်ငန်းများမှလည်း အာဆင်းနစ်အဆိပ်ထွက်ရှိမှုကြောင့် ထိုလုပ်ငန်းလုပ်ကိုင်ကြသော လုပ်သားများလည်း အဆိပ်သင့်နိုင်ပါသည်။ အာဆင်းနစ် ပါဝင်သော မြေကြီးမှထွက်ရှိသည့် စပါးတွင် အာဆင်းနစ် (၂၆၀) ပီပီဘီ ပျမ်းမျှပါဝင်မှုရှိကြောင်း တွေ့ရှိရပါသည်။ စီးပွားဖြစ်မွေးမြူသောကြက်များတွင်လည်း အာဖြည့်ပစ္စည်းဖြစ်သော အရေးချိန်တိုး

www.burmeseclassic.com

ဆေးနှင့် ကြက်သားအရေပြားအရောင် သစေရေးဆေးများ၊ Roxarsone နှင့် rasone) နိုက်ထရိုက် ပါဝင်သော တ်ပစ္စည်းများကြောင့်လည်း အာဆင်း စ်ဓာတ်များ အစားအစာတွင် ပါဝင် တ်ပါသည်။

အာဆင်းနစ်ကို လွန်ခဲ့သောနှစ် င်း (၂၄၀၀) ကျော်မှ စတင်၍ နိုင်ငံ သီးသီးတွင် ဆေးဝါးအဖြစ် တရုတ် ိုင်းရင်းဆေးများအဖြစ် သုံးစွဲခဲ့ပါသည်။ နောက်ပိုင်းတွင် အာဆင်းနစ်ဓာတ် ပေါင်းကို ပင်နီဆီလင်ဆေးဝါးနှင့် ဆာ အာဆေးဝါးမပေါ်မီက ဆစ်ဖလစ်ကာ သားရောဂါကုသရေးအတွက်နှင့် ပဋိ ဝဆေးဝါးအဖြစ် များစွာအသုံးပြုခဲ့ကြ ါသည်။ အားတိုးဆေးများတွင်သော ည်းကောင်း၊ အခြားဆေးဝါးများတွင် ဆေးဝါး (မပါမဖြစ်ဆေးဝါး) အဖြစ် ော် လည်းကောင်း ဖော်စပ်အသုံးပြု ကြပါသည်။ ဗင်နီကာ ရှလကာရည် းတွင်လည်း ရောစပ်ကြပါသည်။ သားအရေလှပဖြူဝင်းရန်နှင့် အရေ တွန့်ရန်ဆေးများအဖြစ် မြေဖြူများ ရောစပ်၍ အသုံးပြုခဲ့ကြသည်။ သော် အာဆင်းနစ်ကို သွေးကြော းမှုစုပ်ယူတတ်ကြောင်းတွေ့ရှိခဲ့သဖြင့် စွဲမှုရပ်တန့်ခဲ့ပါသည်။

ရောင်စုံဆေးများအနက် အလွန် ျော်ကြားသော အစိမ်းရောင်ခြယ် ဆေးသည် အာဆင်းနစ်ကွန်ပေါင်းကို ခြေခံဖော်စပ်ထားခြင်း ဖြစ်ပါသည်။ စ်ခါတစ်ရံ ပန်းချီဆေးရောင်ခြယ် ုပ်ငန်းများဖြင့် လုပ်ကိုင်ခဲ့သော ပညာသည်များတွင်လည်း အဆိပ် တောက်ဖြစ်စေကြောင်း တွေ့ရှိရပါ ည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ၁၉၇၀ ည့်နှစ်မှ ၁၉၇၅ ခုနှစ်အတွင်း NGO အဖွဲ့အစည်းများမှ အဝီစိတွင်းပေါင်း -၅) သန်းကို တူးဖော်ပေးခဲ့ပါသည်။ အဝီစိတွင်း (၁၀) သန်းအနက် အချို့ အဝီစိတွင်းများ၏ ရေများသည် သန်း ၇၀) သောလူအများကို အဆိပ်သင့်စေ ပါသည်။ မြေကြီးအတွင်းမှသောက်သုံး ရရှိရန် တူးဖော်ခြင်းကြောင့် အောက် ကျောက်လွှာအတွင်း၌ ရှိနေသော အာဆင်းနစ်များ ရေထဲတွင် ပါဝင်သွား င်း ဖြစ်သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်းမှ သောက်သုံးရေတွင် အာဆင်းနစ်ပါဝင်မှု မာဏကို ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွက် ရေတစ်လီတာတွင် (၀. ၀၅) မီလီဂရမ် အတွက် သတ်မှတ်ပေးထားခဲ့သော် လည်း မြောက်အမေရိကနှင့် ဥရောပ နိုင်ငံများအတွက် (၀. ၀၁) မီလီဂရမ် သာ သတ်မှတ်ထားပါသည်။ ၁၉၉၈ခုနှစ် တွင် ဗြိတိသျှပထဝီပိုင်းတာလေ့လာရေး အဖွဲ့မှ ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ (၆၁) ခရိုင် ၏ အဝီစိတွင်းများအား အာဆင်းနစ် ပမာဏ ပါဝင်မှုတိုင်းတာခဲ့ရာ ဥရောပ နိုင်ငံများ စံနှုန်း (၀. ၀၁) မီလီဂရမ်ထက် (၄၆) ရာခိုင်နှုန်း ပိုမို မြင့်မားနေပြီး ဘင်္ဂလားဒေ့ရှ် စံနှုန်း (၀. ၀၅) မီလီဂရမ် ထက် (၂၇) ရာခိုင်နှုန်း မြင့်မားနေ ကြောင်း တွေ့ရှိရပါသည်။

အာဆင်းနစ်သည် အဆိပ်တစ်မျိုး ဖြစ်ပါသည်။ (၁၂၅) မီလီဂရမ်မျှ စားသုံး မိပါက သေဆုံးနိုင်ပါသည်။ မာကျူရီ ပြဒါးအဆိပ်သင့်ခြင်းထက် လေးဆပိုမို ပါသည်။ အာဆင်းနစ် ပါဝင်သော ရေ ကို တာရှည်စွာ သောက်သုံးရပါက အာဆင်းနစ်ကိုစစ်ရောဂါ(Arsenicosis) ဖြစ်ပွား၍ အထွေထွေကျန်းမာရေး ချို့ယွင်းမှုဖြစ်ပေါ်ပြီး အရေပြားပြဿနာ များဖြစ်သည့်အရေပြားအရောင်ပြောင်း လဲခြင်း၊ လက်ဖဝါးနှင့် ခြေဖဝါးပေါ်တွင် မာကျောသော ဒဏ်ရာအကွက်များကို တွေ့မြင်ရ၏။ အရေပြား၊ ဆီးအိမ်၊ ကျောက်ကပ်၊ အဆုတ်ကင်ဆာနှင့် သွေး ကြောများရောဂါဖြစ်ပွားနိုင်သည့်အပြင် သွေးကြောများ ရောဂါရရှိခြင်းကြောင့် (ခြေထောက်အမည်းရောင်ရောဂါ) (Black Foot Disease) လည်း ဖြစ်ပွား နိုင်ပါသည်။

အာဆင်းနစ်အဆိပ်သင့်ခြင်းသည် ဖြစ်ပွားစတွင် ရောဂါလက္ခဏာပြသမှု မရှိဘဲ ရောဂါဖြစ်ပြီး (၅)နှစ်မှ (၁၅)နှစ် အတွင်းကြာမှ အာဆင်းနစ် ကိုယ်ခန္ဓာ အတွင်း ဝင်ရောက်မှု အနည်း၊ အများ အပေါ် မူတည်၍ ရောဂါလက္ခဏာပြ တတ်ပါသည်။ ခန့်မှန်းချက်အရ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် (၂၅) သန်းမှ (၇၇) သန်းသောလူများသည် ရေတွင် ပါဝင်သော အာဆင်းနစ်အဆိပ်သင့်ခြင်း ရောဂါကို ခံစားနေရကြောင်း သိရှိရပါ သည်။

မြေအောက်နက်နက်တူးသောရေ များတွင် အာဆင်းနစ်နည်းပါးသည်ကို တွေ့ရခြင်းကြောင့် ဘင်္ဂလားဒေ့ရှ်အစိုးရ က အာဆင်းနစ်ဓာတ် ပါဝင်မှုနည်းပါး သော မြေအောက်ရေကိုရရှိရန် (၂၀၀) မီတာထက်ပိုနက်သော အဝီစိတွင်းများ ကို တူးဖော်ရန်နှင့် မိုးရေကို အသုံးပြု ရန်၊ မိုးရေများတွင် ခြင်မပေါက်ပွားရန် သတိပြုစေ၍ ရေသန့်ကိရိယာများကို အသုံးပြုခြင်း၊ သောက်သုံးရေစမ်းသပ် စစ်ဆေးခြင်း၊ ရေကန်များမှရေကိုလည်း သန့်ရှင်းရန် စစ်ယူခြင်း၊ ဓာတုဗေဒနည်း ဖြင့် ပြုပြင်ခြင်းဖြင့် အသုံးပြုရန် ညွှန် ကြားထားခဲ့ပါသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်းက အာဆင်းနစ်သည် ကင်ဆာဖြစ်စေသော ပစ္စည်းအဖြစ် သတ်မှတ်ထားသည်။ သုတေသနပြုမှုအရ အာဆင်းနစ် ပါဝင် သည့်ရေကို သောက်သုံးရသော ဒေသ များမှ လူများသည် ဆီးအိမ်၊ အဆုတ်၊ အရေပြားကင်ဆာတို့ ဖြစ်ပွားတတ် ကြောင်းကို တွေ့ရှိရပါသည်။ ထို့အပြင် အရေပြားပြဿနာများ၊ သွေးလည်ပတ် မှုစနစ်၊ ပင်ကိုခုခံအားစနစ်နှင့် အာရုံ ကြောစနစ်များကို ပျက်စီးထိခိုက်စေပါ သည်။

အာဆင်းနစ်ပါသောရေကို ရေချိုး သန့်စင်သုံးစွဲခြင်းကြောင့်လည်း ခန္ဓာ ကိုယ်အတွင်းသို့ရောက်ရှိစေနိုင်ပါသည်။ လယ်ယာဥယျာဉ်စိုက်ပျိုးရေး၊ သီးနှံများ စိုက်ပျိုးခြင်းလုပ်ငန်းများ၊ အစားအ သောက်များ၊ အထူးသဖြင့် ပင်လယ်စာ များတွင်လည်း အာဆင်းနစ်ဓာတ်ပါဝင် တတ်ပါသည်။ ကျောက်ဖြစ်ရုပ်ကြွင်း လောင်စာများ လောင်ကျွမ်းခြင်းနှင့် သတ္တုအရည်ကျိုသည့် လုပ်ငန်းများမှ အာဆင်းနစ်ဓာတ်ငွေ့များ ထွက်ရှိပြီး လေထဲပျံ့လွင့်မှုကြောင့် ထိုလေကို ရှူ ရှိုက်ရသော လူများမှာ ကျန်းမာရေး ထိခိုက်နိုင်ပါသည်။

သစ်များတာရှည်ခံရန် အာဆင်း နစ်များကို ပိုးသတ်ဆေးအဖြစ် အသုံး ပြုခြင်းနှင့် ထိုသစ်များကို ဖြတ်တောက် ခြင်း၊ ရွှေဘော်ထိုး၊ ကော်ဖတ်စားခြင်းတို့ မှလည်း အာဆင်းနစ်များ ထွက်ရှိနိုင်ပါ သည်။ ပိုးမွှားသတ်ဆေးအဖြစ် သုံးစွဲမှု ကြောင့် မြေကြီးထဲသို့ ရောက်ရှိနိုင်ပါ သည်။ အာဆင်းနစ်သည် လူများထံသို့ ရေ၊ လေ၊ အစားအသောက်မှတစ်ဆင့် ရောက်ရှိနိုင်၏။ အာဆင်းနစ်ပါဝင်သော ရေကို အငွေ့ပြန်စေပြီး ပေါင်းခံခြင်းဖြင့် လည်း သန့်ရှင်းစေနိုင်ပါသည်။ ရေကို ကျိုချက်ခြင်းဖြင့် အာဆင်းနစ်ဓာတ်ကို မဖယ်ရှားနိုင်ပါ။


မိမိသောက်သုံးနေသောရေများ တွင် အာဆင်းနစ်ဓာတ် ပါဝင်မှုရှိ၊ မရှိ စမ်းသပ်စစ်ဆေးသင့်ပါသည်။ ပါဝင်ပါ



www.burmeseclassic.com

www.burmeseclassic.com

## အိမ်သုံးအာဆင်းနစ်ရေသန့်စက် (Watar Treatment for ARSENIC)




ပလတ်စတစ်ပုံး (၃ ပေအချင်း အမြင့် ၃ ပေ၊ ၆ ထက်မ) ကို အသုံးပြုနိုင်ပါသည်။

က ရေကို သန့်စင်ပြီးမှသာ သုံးစွဲရပါမည်။ ရေတစ်လီတာတွင် အာဆင်းနစ် ပါဝင်မှုကို မီလီဂရမ်၊ ပီပီအမ် mg/L (milligram per litre)= ppm (part per billoon ရေတစ်လီတာတွင် အာဆင်းနစ် ပါဝင်မှုကို မိုက်ခရိုဂရမ်၊ ပီပီဘီ သို့မဟုတ် ug/L (microgram per litre) = ppb (part per billion) ဖြင့် တိုင်းတာပါသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အစည်းမှ သတ်မှတ်ထားသော သောက်သုံးရေတွင် အာဆင်းနစ်ပါဝင်မှုအများဆုံးကို 0.01gm/L = 10ug/L = 10ppb ဟု သတ်မှတ်ထားပါသည်။

အာဆင်းနစ်သည် ရေထဲတွင် ပုံသဏ္ဌာန် (၂) မျိုးဖြင့် အောက်ဆီဂျင် ရရှိမှုအပေါ် မူတည်ပြီး အာဆင်းနိုက် $As(3) = H_3AsO_3$ နှင့် အာဆင်းနိုက် $As(5) = H_2AsO_4$ အဖြစ် ပါဝင်နေတတ်ပါသည်။

ကျဉ်းမြောင်းသော ပိုက်အဝီစိတွင်းမှထွက်သောရေသည် အောက်ဆီဂျင်ရရှိမှုနည်းပါးသည့် $As(3) = H_3AsO_3$. -

အာဆင်းနစ် ပါဝင်သောရေ ဖြစ်ပါသည်။ ပီအိပ် (၄) မှ (၁၀) အတွင်းရှိတတ်ပါသည်။

$As(5) = H_2AsO_4$ သည် အောက်ဆီဂျင်ဖြင့် ထိတွေ့ပြီး အာဆင်းနိုတ်ဖြစ်ပါသည်။

အာဆင်းနစ် ပါဝင်သော ရေကို သန့်စင်ရန် အာဆင်းနိုတ် As (3) ကို အာဆင်းနိုတ် As (5) ဖြစ်ရန် ပထမဦးစွာ အောက်ဆီဂျင်ဖြင့် ထိတွေ့စေရပါသည်။ အာဆင်းနစ် ပါဝင်သောရေကို လေထုဖြင့် ထိတွေ့စေရန် ရေအမှုန်အမွှားအဖြစ် ပြုလုပ်ခံယူရပါသည်။ ဒုတိယအဆင့်အဖြစ် အာဆင်းနိုတ် As (5) ဖြစ်ရန် ပထမဦးစွာ အောက်ဆီဂျင်ဖြင့် ထိတွေ့စေရပါသည်။ အာဆင်းနစ်ပါဝင်သော ရေကို လေထုဖြင့် ထိတွေ့စေရန် ရေပန်း ရေအမှုန်အမွှားအဖြစ် ပြုလုပ်ခံယူရပါသည်။ ဒုတိယအဆင့်အဖြစ် အာဆင်းနိုတ် As (5) ကို သံအောက်ဆိုဒ် (Hydrous ferric Oxide) နှင့် ဓာတ်ပြုဖယ်ရှားကာ သဲ၊ မီးသွေးတို့ဖြင့် ဖြတ်သန်းပြီး ရေသန့်ကို ရရှိစေပါသည်။

$H_2AsO_4 + FeOH = FeHAsO_4 + H_2O$.

သောက်သုံးရေမှ အာဆင်းနစ် ဖယ်ရှားရန် ရေသန့်သည့်စနစ်များ အမျိုးမျိုးရှိပါသည်။ အကျဉ်းအား ဖြင့် အောက်ပါအတိုင်း ဖြစ်ပါသည်။

(Reveres Osmosis Systems) (Anionic Exchange Systems) (Iron Oxide Filter Systirns) (Actinatad Alumina), (Iron Exchange), (Electrodialysis Reversal), (Nanofiltration), (Iron Addition Coagutation with Direct Filtration),

အထက်ပါ ရေသန့်စနစ်များ[illegible] မသုံးစွဲနိုင်သည့်ဒေသများတွင် အာဆင်း နစ်ပါဝင်သောရေကို လေထုဖြင့်ထိ[illegible] စေခြင်း၊ သံအောက်ဆိုဒ်ဖြင့် ထိတွေ့[illegible] ခြင်းဖြင့် အာဆင်းနစ်ကို ဖယ်ထုတ်[illegible] ပါသည်။ ထို့မှတစ်ဆင့် သဲ၊ မီးသွေး[illegible] ဖြင့် ဖြတ်သန်းပြီး ရေသန့်ကို ရရှိ[illegible] သောနည်းလမ်းဖြင့် ငွေကုန်ကြေ[illegible] နည်းပါးစွာ လုပ်ဆောင်နိုင်ပါသည်

မိမိအိမ်သုံးရေသန့်ပုံစံကို လွ[illegible] စွာ လုပ်ဆောင်နိုင်ရန် ဖော်ပြအပ်သ[illegible] အချို့တိုင်းပြည်များတွင် ကျန်းမာ[illegible] ပြဿနာများထုတ်ဖော်နိုင်မှုနှေးကွေး[illegible] သတင်းပို့မှုနှေးကွေးခြင်းကြောင့် ကိုယ်မိမိ အာဆင်းနစ်ကြောင့် [illegible] များခံစားနေရကြောင်း မသိရှိကြပါ[illegible] အများ အာဆင်းနစ်ရောဂါ ခံစား[illegible] ကြောင်း စောစီးစွာသိရှိပြီး ကာ[illegible] ကုသနိုင်ရန် ကျန်းမာရေးစောင့်ရှေ[illegible] သည့်လုပ်သားများလိုအပ်သကဲ့သို့ [illegible] မာရေးအသိပညာ တိုးတက်ပြီး [illegible] များကို မည်ကဲ့သို့ ရှောင်ရှားရ[illegible] အာဆင်းနစ်၏အန္တရာယ်ကို သိရှိ[illegible] ကြဉ်စေရန် ကျယ်ကျယ်ပြန့်ပြန့်[illegible] ရွက်ရပါမည်။

ရေသည် လူသားများဘဝအ[illegible] မရှိမဖြစ် လိုအပ်သော ကျန်းမာ[illegible] အတွက် အလွန်အရေးကြီးသည့်[illegible] ဖြစ်ပါသည်။ သောက်သုံးရေ ရှား[illegible] သည့် ဒေသများ၊ ရေကောင်းရေ[illegible] လျော့နည်းနေသည့် မြစ်ချောင်း[illegible] ရေကိုသုံးစွဲနေကြရသည့်သူများ၊ [illegible] မာရေးနှင့် ညီညွတ်သည့် ရေ[illegible] ရေသန့်ရရှိရေးသည် ဆောလျ[illegible] ဆောင်ရွက်ရမည့်လုပ်ငန်း ဖြစ်ပါ[illegible]

စွမ်း[illegible]



www.burmeseclassic.com

www.burmeseclassic.com

ဘယ်လူမျိုးမဆို အစဉ်အဆက် ဘတ်ဆင့်ကမ်း သယ်ဆောင်တာတွေရှိ ဘယ်။ ကျွန်တော်တို့ဆိုရင် မြန်မာတွေ ဖြစ်လေတော့ မြန်မာစကား၊ မြန်မာစာ၊ မြန်မာ့ဓလေ့၊ မြန်မာ့ယဉ်ကျေးမှု၊ မြန်မာ့ ထုံးတမ်းစဉ်လာ စသည်ဖြင့် အများ အပြား သားစဉ်မြေးဆက် လက်ဆင့် ကမ်း သယ်ဆောင်ကြရပါတယ်။

အဲဒီအထဲမှာ ဂမ္ဘီရဆန်တဲ့ စတိ သဘောလုပ်နည်းလေးတွေလည်း ပါ တယ်။ ဒါမျိုးတွေကိုကြည့်ရင်း ယုတ္တိ ဗေဒအနေနဲ့ ဘယ်လိုမှလက်ခံနိုင်စရာ အကြောင်းမရှိဘူး။ အဲဒီစတိသဘော လေးတွေက ဓာတ်ရိုက်ဓာတ်ဆင်လုပ် တာနဲ့ဆင်ပါတယ်။ ဓာတ်ရိုက်ဓာတ်ဆင် က ပုံသေနည်း မဟုတ်ဘူး။ အခါတွေ၊ နေ့နံတွေ၊ ဓာတ်ရိုက်မယ့်ပစ္စည်းတွေနဲ့ တွက်ချက်ပြီးလုပ်ကြရတာပေါ့။

ကျွန်တော် တင်ပြချင်တာက ပုံသေနည်းပါ။ ခွေးတို့၊ ကြောင်တို့၊ နွား တို့လိုအကောင်တွေ တောထဲမှာ မျက်စိ လည်နေရင် သို့မဟုတ် ပျောက်သွားခဲ့ရင် ပြန်လာစေတဲ့နည်းပါ။

ကျွန်တော်တို့အဖေဟာ ကျွဲအုပ် ကြီးနဲ့ လုပ်ကိုင်စားတာပါ။ တောထဲကို သစ်တွေဘာတွေသွားတိုက်ရင် အိမ်မှာ မွေးထားတဲ့ ခွေးထီးလေး ပါသွားလေ့ရှိ တယ်။

အဖေ လှည်းနဲ့ ပြန်ရောက်လာလို့ ခွေးကလေးပါမလာခဲ့ရင် အိမ်မှာရှိတဲ့ စဉ့်ငရုတ်ဆုံလေး အိမ်ရှေ့ချပြီး ငရုတ် ကျည်ပွေ့ကို ပြောင်းပြန်လှန်ပြီးထောင်း ကာ ခွေးကလေးအမည်ကို ခေါ်လေ့ရှိ တယ်။ ခွေးကလေးအမည်ကိုခေါ်ပြီး အတန်ကြာ တဂျောင်းဂျောင်းထောင်း တာပေါ့ဗျာ။

ကျွန်တော်က တလေး ဆိုတော့ စပ်စပ်စုစုမေးလေ့ရှိတယ်။

အဲဒီအခါ အဖေက -

"ခွေးကလေး တောကျော်၊ တော ထဲမှာ မျက်စိလည်ပြီး ကျန်ခဲ့တယ် အငယ်လေးရဲ့။ အဲဒါ ကျားသစ်မစား၊ ကျားမစားရင် သူ့ဟာသူ မျက်စိအလည်

# နေပြည်တော်ကျော်ကျော်စိုး
## တိရစ္ဆာန်များပျောက်ခဲ့သော်



www.burmeseclassic.com

ပြေပြီး ညဆိုပြန်ရောက်လာလိမ့်မယ်” လို့ ပြောပြပါတယ်။

အဖေက တောထဲမှာ သစ်လုပ်ငန်းလုပ်ရတာဆိုတော့ ဒီလို ခွေးကျန်ခဲ့တာအခါခါပါပဲ။ ခွေးဆိုတာ တောထဲမှာ အလွန်ဆော့တဲ့အမျိုးပါ။ အဲဒါကြောင့် ဆော့ရင်းနယ်ကျွံရင် သခင်ဆီမပြန်တတ်ဘဲ ကျန်လေ့ရှိတာပါ။ အဲဒီလို ငရုတ်ကျည်ပွေ့ပြောင်းပြန်လှန်ပြီး ထောင်းခေါ်တိုင်းလည်း ခွေးဟာ ညမှာ ပြန်ရောက်လာလေ့ရှိတယ်။

ဘယ်လောက်အထိ အဝေးအလွှားလာခဲ့သလဲဆိုရင် ခွေးဟာ အိမ်ရောက်ရင် လျှာထွက်ပြီး ဟော့ဟဲခတ် အောင်မောနေလေ့ရှိတယ်။ သူရောက်ပြီဆိုတဲ့အကြောင်းလည်း တအီအီနဲ့ အသံပြုတတ်ပါတယ်။ မှတ်မိနေတာက ခွေးနီနီလေးပါပဲ။

အဲဒီအဆော့သန်ပြီး မကြာမကြာ ပျောက်တတ်တဲ့ခွေးကြောင့် ကျွန်တော်ဟာ သိတတ်စအရွယ်ကနေပြီး တိရစ္ဆာန်ပျောက်ခဲ့သော် ခေါ်နည်းကို လက်ဆင့်ကမ်း ရယူမှတ်မိနေပါတယ်။ ဒီနည်းကို အများအားဖြင့် ကျွန်တော်တို့လို တောသူတောင်သားတွေက အသိများကြပါတယ်။ ,

ဒါပေမယ့် ကျွန်တော်ဟာ မိုးကုတ်ပတ္တမြားမြေမှာ ကျောက်တူးရင်း အချိန်ကုန်ခဲ့တာမို့ ဒီနည်းကိုသိနေသော်လည်း လုံးဝအသုံးချခွင့်မရခဲ့ပါဘူး။

မိုင်းရှူးပတ္တမြားမြေရဲ့ လ/၂၅ ဖက်စပ်မှာ မန်နေဂျာတာဝန် ထမ်းရွက်ရတဲ့အချိန်မှာတော့ အသုံးချဖို့ ကြုံခဲ့ရပါတယ်။

ကျွန်တော်ဟာ နံနက် (၅) နာရီမှာ မဏိရတနာဈေးကြီးဆီ နေ့စဉ်စားသောက်ကုန်အဝယ်ထွက်ရပါတယ်။ ကုန်မာဝယ်နေကျဆိုင်က တုံလျှောက်မေ ကုန်စုံဆိုင်ပါ။ သူတို့က ဖြင်လုံကပါ။ အဲဒီတုံလျှောက်မေဆိုင်က ကျွန်တော့်ကို ကြောင်ဝါအထီးလေးတစ်ကောင်ပေးလိုက်ပါတယ်။ ကြောင် ဆိုတာ မိုင်းရှူးမှာ အတော်ရှားတာပါ။ ကြောင်မွေးသူတွေဟာ သူတို့ရဲ့ကြောင်ကို ကြိုးချည်ထားပြီး မွေးလေ့ရှိတယ်။ ခွေးလို ကြိုးချည်နိုင်မှ တော်ရုံကျတာပါ။ အဲဒီလို ကြိုးမချည်လို့ကတော့ လစ်လိုက်တာနဲ့ ဖိုးသမားတွေက ခိုးသွားပြီး ရောင်းစားတော့တာပါပဲ။ ကြောင်ရှားတော့ ဈေးကောင်းရပါတယ်။

ဖက်စပ် ဆိုတာ လူတွေရာချီပြီး နေထိုင်ကြတာမို့ စားဖို့မှာ အလှူကြီးပေးသလို စားကြသောက်ကြနဲ့ ပေါက်ကရ စွန့်ပစ်ကြတဲ့အခါ ကြွက်ကြီးတွေဟာ တပ်ထောင်တာဖိုလ်ထုနဲ့ အလုံအယက်သောင်းကျန်းကြတာ မြင်မကောင်းပါဘူး။ ပလိပ်ရောဂါခေတ် မဟုတ်လို့ပေါ့ဗျာ။ နို့မို့ရင် မချောင်ပါဘူး။

ကျွန်တော်လည်း ကြောင်လေးရတော့ နဂိုကလည်း ခွေး၊ ကြောင်ချစ်တတ်တော့ ပျော်လို့မဆုံးဘူးဗျ။ အဲဒီကြောင်ထီးလေးကို စားဖို့အုပ်ချုပ်သူ မနောင့်လက်ထဲကို အပ်လိုက်ပါတယ်။ မနောင့်ကလည်း ကြောင်ချစ်တတ်သူဆိုတော့ သားလေးရွှေဝါဆိုပြီး သူ့သားကို ဂရုတစိုက်မွေးတာပါ။

ကြွက်တွေကြောက်တာ ကြောင်ပါပဲ။ ကြောင်ဆိုရင် ကြီးကြီး၊ ငယ်ငယ် ကြွက်က ကြောက်ပါတယ်။ ပြီးတော့ ကြွက် ဆိုတာ ကြောင်ရဲ့ အကြိုက်ဆုံး အစားအစာပါ။ ကြောင်မှာ ကြွက်ကိုနိုင်တဲ့ အနိုင့်မာတ် အလိုလိုပါလာပါတယ်။ ခွေးဟာ ကျားနံ့ရတာနဲ့ ခါးကျိုးသွားသလိုမျိုးပါပဲ။ ကြောင်နံ့ရတာနဲ့ ကြွက်တွေဟာ အလိုလိုကြောက်ကြရတာပါ။

ကြောင်ထီးကလေး ရွှေဝါ ရပြီး သုံးရက်မြောက်မှာ လုပ့ေါ်ရပ်ထဲက တယ်လီဖုန်းဆိုင်မှာထိုင်ပြီး တန့်ယန်းမှာ ရှိတဲ့ လောပန်ဆီ ဖုန်းဆက်ပါတယ်။ ဖုန်းလည်းဆက်ပြီးရော ကျွန်တော့်ဘေးနားမှာ ဖိုးသမားတစ်ယောက် ရပ်နေပါတယ်။ ကျွန်တော်က သူ့ကိုကြည့်တော့ သူက ကျွန်တော့်အသိထဲက ဖိုးသမားပါ။ ဖိုးသမားတွေကို လိုအပ်ရင် ခေါ်ခိုင်းရတာမို့ အတော်များများကို သိနေရပါတယ်။

“ဘာကိစ္စလဲ ဟေ့ကောင်”

“လောပန် ကြောင်ဝယ်မလား။ ကျွန်တော့်မှာ ကြောင်တစ်ကောင်ပါတယ်”

“မင်းရဲ့ကြောင်မြလေ”

“ဟုတ်ကဲ့ - ကြည့်ပါ”

ဆိုပြီး သူ့ရင်ဘတ်ထဲမှာ ဖွက်ပြီး ယူလာခဲ့တဲ့ ကြောင်လေးကို ထုတ်ပြပါတယ်။ ကျွန်တော့်ဆီက ရွှေဝါနဲ့ အရောင်တူ၊ အရွယ်တူ၊ အရွယ်တူ ကြောင်ကလေးပါ။

“ဟေ့ကောင်၊ မင်းမဏိရတနာဈေးကြီးထဲက တုံလျှောက်မေဆိုင်ကခိုးလာတာထင်တယ်။ အဲဒီမှာ ဒီလို အဝါတစ်ကောင် ကျန်နေသေးတယ်”

“မဟုတ်ရပါဘူး လောပန်ရယ်၊ စိတ်ချပါ။ ဒါက ကျွန်တော့်ကြောင်ပါ”

“အေးလေ - ဒါဆိုလည်း ငါဝယ် မယ် ဘယ်လောက်လဲ”

“သုံးထောင်ပါ လောပန်”

“ဘာကွ၊ ကြောင်တစ်ကောင် သုံး ထောင်ဟုတ်လား။ တော်ပြီ၊ မဝယ်တော့ ဘူး သွားတော့”

“လောပန်ရယ်၊ ဒါက တော ဈေးပါ။ ရောင်းဈေးမဟုတ်ပါဘူး ကြိုက်ရင်ဆစ်ပါ”

“တစ်ထောင်ပေးမယ်၊ ရောင်းနိုင် ရင်ရောင်း။ မရောင်းနိုင်ရင်လည်း သွား တော့ ဟေ့ကောင်”

“ကဲဗျာ၊ ကိုယ့်လောပန်ပဲ ရော ပေးပါ့မယ်။ တစ်ထောင်နဲ့ပဲယူပါ”

ဆိုပြီး ကြောင်ကလေးကို ကျွ တော့်လက်ထဲအပ်ပါတယ်။ ကျွန်တော် ကလည်း ဖိုးသမားလိုပဲ အကျႌရင်ဘ ထဲထည့်လိုက်ပါတယ်။ ကြောင်ဖိုးသ ကောင်ထုတ်ပေးလိုက်တော့ ဖိုးသ ကျေနပ်ပြီးထွက်သွားပါတယ်။ ဘယ် က ခိုးလာတယ်တော့ မသိဘူးပေါ့ သူခိုးလက်က ဈေးပေါပေါနဲ့ ကြေ တစ်ကောင်ရလိုက်တော့ ရွှေဝါ အဖော်ရပြီဆိုပြီး ကျွန်တော်ကျေနပ် တာပါ။

ရင်ဘတ်ထဲထည့်ထားတဲ့ကြော က အငြိမ်မနေပါဘူး။ ထွက်ပေါက် ပြီး ကုတ်ခြစ်နေပါတယ်။ အဲဒီကြော ကုတ်တာနဲ့ စပို့ရှပ်အသစ်ဟာ အ တွေထွက်ပြီး ချည်တွေကျော်ကု တယ်။ ဖက်စပ်ရောက်တော့ မနေ လက်ထဲထည့်ပြီး ကြည့်ခိုင်းလိုက် ကြောင်မလေးဖြစ်နေပါတယ်။ မနေ က မိဝါလို့ အမည်ပေးပြီး ကြော လေးနှစ်ကောင်နဲ့ ပျော်နေပါတယ်၊

ဖက်စပ်ထဲဆိုတော့ လူကရှ တာပါ။ ဒါကြောင့် ကြောင်နှစ်ကော ကို ကြိုးချည်မထားဘဲ လွတ်လပ်စွာ စေပါတယ်။ သူတို့နှစ်ကောင်ဟာ အများရဲ့ အချစ်တော်လေးတွေ ဖြ ကြပါတယ်။ ယဉ်လည်းအလွန်ယဉ် ကြပါတယ်။ မနောင့်ကတော့ သား နဲ့ တကယ့်ရင်သွေးတွေလို ပွေ့ပိုက် ယုယုယယချစ်ရှာပါတယ်။

သိပ်မကြာလိုက်ပါဘူး။ တ လောက်အရမှာ မနောင့် ကျွန်တော် ကြောင်ပျောက်လာတိုင်ပါတယ်၊

“ဦးစိုး၊ ကြောင်လေးနှစ်ကော မရှိတော့ဘူး။ ဖိုးသမားတွေခိုးသွား မှာ”



www.burmeseclassic.com

www.burmeseclassic.com

"သေသေချာချာကော ရှာကြည့်ပြီးပြီလား"

"ရှာကြည့်ပြီးပါပြီ။ လုံးဝမတွေ့ရတော့ဘူး"

"ဒါဆို နေ့လယ်ပိုင်းက ဖိုးသမားတွေ ခိုးသွားတာနေမှာ"

"ကျွန်မတို့လည်း နေ့လယ်ပိုင်းအထဲအိပ်နေကြတာလေ။ ထလာတော့ ကြောင်လေးတွေ မရှိတော့ဘူး"

"အေးကွာ၊ ငါတို့ကလည်း လုပ်ငန်းခွင်ထဲရောက်နေကြတာ။ ညဆိုင်းတွေကလည်း အိပ်နေကြတာဆိုတော့ သူအလစ် မ,သွားတာပဲကွ။ နှမြောလိုက်တာကွာ"

"ကျွန်မဆို သားသမီးလိုချစ်တာ ဦးစိုးရဲ့"

ဆိုပြီး မျက်ရည်ကျရှာပါတယ်။

ဒီလိုနဲ့ ကြောင်ကိစ္စနောက်ထားပြီး ကျွန်တော်ဟာ လုပ်ငန်းကိစ္စတွေနဲ့ နစ်မြုပ်နေရပါတယ်။ ဖက်စပ်အလုပ်ဦးစီးရတာ စိတ်မောလူမောနဲ့ လူဟာ အရိုးပဒေသာတောင် ဖြစ်နေပါတယ်။

မနောင့်ကတော့ ကြောင်ကလေး ရွှေဝါတို့မောင်နှမနှစ်ကောင်အကြောင်းသာ ကျွန်တော်နဲ့တွေ့တိုင်းတဖွဖွပြောနေခဲ့ပါတယ်။ ရက်အားဖြင့် လေး၊ ငါးဆယ်တောင်ရှိနေပါပြီ။ ဒီလောက်တမ်းတမ်းတတ်ဖြစ်နေတော့လည်း မနောင့်ကို သနားစိတ်ဝင်မိပါတယ်။ အဲဒီမှာ ကျွန်တော် ပြေးပြီးသတိရလိုက်တာက ငရုတ်ဆုံမှာ ငရုတ်ကျည်ပွေ့ပြောင်းပြန်လှန်ပြီးထောင်းခေါ်တဲ့နည်းပါ။ ကျွန်တော့်အဖေ ခွေးကလေး တောကျော်သောထဲပျောက်ပြီးကျန်ခဲ့ရင်ခေါ်တဲ့နည်းပါ။

"ဒီမှာ မနောင့် မင်းဓာတ်ရိုက်ဓာတ်ဆင်ဆိုတာယုံလား"

"ကျွန်မက ရှမ်းပဲ ဦးစိုးရယ်၊ ယုံတာပေါ့"

"ဒါဆို ဒီလိုလုပ်။ ညနေကျရင် ငရုတ်ကျည်ပွေ့ကို ပြောင်းပြန်လှန်ပြီး ထောင်းပါ။ ပါးစပ်ကလည်း ရွှေဝါရေ ပြန်လာ၊ မိဝါရေ ပြန်လာဆိုပြီး တတွတ်တွတ်ခေါ်ပြီးထောင်းပေါ့ကွာ။ ထောင်းတဲ့အခါ ပုံမှန်ပဲထောင်း၊ မြန်မြန်မထောင်းနဲ့။ မြန်မြန်ထောင်းရင် မြန်မြန်လာရတာဆိုတော့ ကြောင်လေးတွေ မောနေမယ်။ သူတို့ကို ကြိုးနဲ့ချည်မထားဘဲ လွှတ်ထားရင် မင်းဆီကို မျက်စိအလည်ပြေပြီး ဒီည ပြန်ရောက်လာလိမ့်မယ်။ ကြိုးနဲ့ချည်ထားရင်တော့ လာနိုင်မှာမဟုတ်တော့ဘူးပေါ့ကွာ။ ရေစက်မကုန်သေးရင်တော့ ပြန်ရောက်လာမှာပါ"

လို့ အသေအချာမှာရပါတယ်။

ကျွန်တော့်အနေနဲ့ကတော့ ကြောင်ကိစ္စကို ခေါင်းထဲထည့်မထားနိုင်ပါဘူး။ ကိစ္စအဝဝတွေနဲ့မို့ ပြောပြီးမေ့သွားခဲ့တာပါ။

နောက်နေ့မနက် (၅) နာရီ ကျွန်တော့်နောက်လိုက် တရုတ်ကြီးအားရှင်းနဲ့ ထုံးစံအတိုင်း ဈေးသွားဝယ်ပါတယ်။ များပြားလှတဲ့ စားကုန်တွေကို ဖိုးသမားတွေနဲ့ ပို့ခိုင်းပြီး စားနေကျ သွပ်တန်းထဲက လျှောက်လျှောက် (ရှောက်ရှောက်)ခေါက်ဆွဲဆိုင်မှာ ခေါက်ဆွဲနှင့် အကြော်စားပြီး ဖက်စပ်ကို ပြန်ပါတယ်။

အဲဒီမှာ မနောင့်က စားဖိုဆောင်ဝမှာ ပြုံးရွှင်စွာကြိုဆိုပြီး -

"ဦးစိုးရေ ကြောင်လေးတွေ မနေ့ညက (၁) နာရီမှာ ပြန်ရောက်လာတယ်။ ကျွန်မလည်း အိပ်ပျော်နေတာ၊ တညောင်ညောင်အသံကြားလို့ ကြည့်လိုက်မှ သူတို့ပြန်ရောက်လာတာ တွေ့ရတယ်။ ဒါပေမယ့် စိတ်မကောင်းလိုက်တာ ဦးစိုးရယ်"

လို့ ပြောပါတယ်။

"ဘာလို့စိတ်မကောင်းရတာလဲ"

"ကြောင်လေး နှစ်ကောင်စလုံး အရိုးနဲ့ အရည်ပဲကျန်တော့တယ်။ ဘာမှမကျွေးဘဲအငတ်ထားတယ်နဲ့တူပါတယ်။ ကြောင်ထီးလေးရွှေဝါက ပိုဆိုးတယ်။ သူ့ခမျာနဲ့နဲ့ပဲကျန်တော့တာ"

"ကောင်းကောင်းပြန်ပြီးကျွေးပေါ့ကွာ၊ ပြန်ဝလာမှာပါ"

လို့ ပြောပြီး ဈေးစာရင်းတွေလုပ်ဖို့ ကျွန်တော့်အခန်းဆီတက်ခဲ့ပါတော့တယ်။ ဒီနည်းကို ဘဝမှာ ဒီတစ်ခါသာ အသုံးချဖူးတာပါ။ တစ်ခါဆို တစ်ခါ အလျောက် အစွမ်းထက်တဲ့စတိသဘော ဓာတ်ရိုက်နည်းပါ။

နှစ်ရက်၊ သုံးရက်အရမှာ ကြောင်ထီးလေးသေသွားခဲ့ပြီး ကြောင်မလေးသာကျန်ပါတယ်။ ကြောင်မလေးအဖော်ရအောင်ဆိုပြီး မနောင့်က မြို့ထဲက ခွေးထီးလေးတစ်ကောင် ယူလာပါတယ်။ ဒီလိုနဲ့ သူတို့နှစ်ကောင် အရွယ်ရောက်ခဲ့ကြပါတယ်။

မနောင့် ဖက်စပ်ကထွက်တော့ကာ သူ့ရဲ့ခွေးနဲ့ ကြောင်ကို အိမ်ကို ခေါ်သွားပါတော့တယ်။ ကျွန်တော်ကတော့ နှမြောပြီးကျန်ရစ်ခဲ့တာပါ။ သူကျွေးမွေးပြုစုထားတာဆိုတော့လည်း ကြောင်နဲ့ခွေးက သူ့ကိုပဲ ချစ်တာပါ။ နောက်တော့ ကြောင်တွေ၊ ခွေးတွေ မမွေးတော့ပါဘူး။

ဒီနည်းနဲ့ အိမ်မွေးတိရစ္ဆာန်တွေ ပျောက်ရင် ခေါ်လို့ရပါတယ်။ ဒါပေမယ့် ခိုးတဲ့လူက ချည်နှောင်ထားရင်၊ သတ်စားလိုက်ရင်တော့ ဘယ်လိုမှလာလို့ရတော့မှာမဟုတ်ပါဘူး။

အဲဒီငရုတ်ကျည်ပွေ့ထောင်းတဲ့နည်းနဲ့ လူတွေကိုခေါ်တာလည်း အမှတ်တမဲ့ ကြုံခဲ့ဖူးပါတယ်။ လူတွေပျော်ပါးတဲ့ ရပ်ကွက်မှာပါ။ အမွေးတိုင်ထွန်းပြီး ခေါ်တဲ့သူကခေါ်၊ ငရုတ်ဆုံထောင်းပြီး ခေါ်တဲ့သူကခေါ်နဲ့ နေဝင်ရီးရီဆိုရင် သူတို့လုပ်ကြပါပြီ။ ဒါနဲ့ ကျွန်တော်က လုပ်သားကောင်လေးတွေကို မေးကြည့်မိပါတယ်။

"ဟိုလေးလုံးတန်းမှာ ကျောက်ငရုတ်ဆုံတွေ တကျောက်ကျောက်ထောင်းနေကြတာ ဘာလုပ်တာလဲကွ"

"မန်နေဂျာရေ အဲဒါသူတို့နဲ့ပျော်ပါးဖူးသူတွေ နောက်တစ်ခါပြန်အောင် ငရုတ်ကျည်ပွေ့ပြောင်းပြန်လှန်ထောင်းပြီး 'မိမဆုံးမ၊ ဖမဆုံးမသားတွေ အမြန်လာ၊ အမြန်လာ' ဆိုပြီး ထောင်းနေကြတာဗျ။ အဲဒါသူတို့ထုံးစံလေ"

"အဲဒီလိုထောင်းတော့လာသတဲ့လားကွ"

"လာ၊မလာတော့မသိဘူးပေါ့ဗျာ။ အဲဒီလိုထောင်းတာက အစဉ်အလာဖြစ်နေတာကိုး"

လို့ ပြောပြပါတယ်။

တိရစ္ဆာန်ခေါ်တဲ့နည်းက မိုင်းရှူးတောင်ပေါ်မှာ လူခေါ်တဲ့နည်းဖြစ်နေတာကို အံ့ဩဖွယ်တွေ့ရပါတယ်။ ဒီတော့ ကျွန်တော်တွေးမိတယ်။ အိမ်က စိတ်ဆိုးပြီး လင်ဆင်းသွားတယ်၊ မယားဆင်းသွားတယ်၊ သားဆင်းသွားတယ်၊ သမီးဆင်းသွားတယ်ဆိုရင် ဆင်းသွားသူရဲ့ နာမည်ခေါ်ပြီး ငရုတ်ကျည်ပွေ့ပြောင်းပြန်လှန်ထောင်းရင် ပြန်လာကောင်းပြန်လာနိုင်လိမ့်မယ်လို့ တွေးမိပါတယ်။ စမ်းတော့မကြည့်ရသေးပါဘူး။ အကယ်၍ အရေးကြုံခဲ့သော် အပန်းမကြီးတာမို့ စမ်းကြည့်ကြပါလို့ တိုက်တွန်းလိုက်ပါတယ်။

ချမ်းမြေ့ကြပါစေ

နေပြည်တော်ကျော်ကျော်စိုး



www.burmeseclassic.com

www.burmeseclassic.com

လောကတွင် တွေ့ကြုံဖို့ရန် ခဲယဉ်းပြီး လူအများ ယုံကြည်ဖို့ရန် မလွယ်ကူသော အကြောင်းများထဲတွင် ဥစ္စာစောင့်(သိုက်နန်းရှင်)များအကြောင်းလည်း တစ်ခုအပါအဝင် ဖြစ်ပါသည်။ သို့သော် ကျွန်ုပ် လက်လှမ်းမီသရွေ့ လေ့လာခဲ့ရသော ဖြစ်ရန်မှန် (သိုက်နန်းရှင်) များနှင့်ပတ်သက်၍ သိခွင့်ရခဲ့သော ဖြစ်စဉ်တစ်ခုနှင့်တကွ . . .

မန္တန်ဝိဇ္ဇာလမ်းကျင့်စဉ်ကို ဖြစ်ဖြစ်မြောက်မြောက် ကြိုးစားကျင့်ကြံအောင်မြင်သွားသည့် ကျော်အောင်စံထား ဆရာတော် အရှင်ဝါယာမာဘိဝံသ၏ ငယ်စဉ်အချိန် လက်တွေ့အကျင့်စခန်း အမိဌာန်လမ်း၌ တွေ့ကြုံခဲ့ရသော သိုက်နန်းရှင်များနှင့်တွေ့ဆုံမှုဖြစ်ရန်မှန်တစ်ခုကို စာဖတ်ပရိသတ်ကြီးအား တင်ပြလိုပါသည်။

မရှိသေးပါ။ အားကစားဝါသနာပါသဖြင့် (ကိုယ်ကာယအလှ)အလေးမအားကစားကို လိုက်စားရာ ကိုယ်လုံးကိုယ်ထည်မှာ အလွန်တောင့်တင်းလှပ၍ ယောကျ်ား အလွန်ပီသသူတစ်ယောက် ဖြစ်၏။ ထို့ပြင် သိုင်းပညာလည်း တတ်ကျွမ်းထားသဖြင့် ကျွန်ုပ်တို့ အလွန်အားကျရသော သူငယ်ချင်းလည်း ဖြစ်လေသည်။

တစ်နေ့တွင် ကျွန်ုပ်တို့ လှိုင်လင်မြို့ အောင်သီရိရုပ်ရှင်ရုံတွင် ပြသသော မြန်မာရုပ်ရှင်ဇာတ်ကားတစ်ကားကို သိန်းထွန်းသည် သူ့မိတ်ဆွေတစ်ယောက်နှင့်အတူ နှစ်ယောက်သား ညပွဲရုပ်ရှင် ဝင်ကြည့်ကြပါသည်။ (ယခု လှိုင်လင်မြို့တော်ခန်းမသည် ယခင်က အောင်သီရိရုပ်ရှင်ရုံဖြစ်၏။) ထိုစဉ်က နာမည်ကျော်သရုပ်ဆောင်တို့မှာ ကျော်ဟိန်း၊ ဇော်လင်း၊ ထွန်းထွန်းဝင်း၊ မေဝင်းမောင်၊

နွဲ့နွဲ့မူတို့ ဖြစ်ကြ၏။

ညပွဲရုပ်ရှင်ပြီး၍ ရုပ်ရှင်
အထွက်တွင် အိမ်ပြန်ပရိသတ်များ
မိန်းကလေးသုံးယောက်မှာ သိန်းထွန်
နှစ်ယောက်ဆီသို့ တန်းတန်းမတ်
လာ၍ သူတို့အိမ်ပြန်ရာတွင် အဖော်
သဖြင့် လိုက်ပို့ပေးပါရန် အကူအ
တောင်းကြပါသည်။ မိန်းကလေးများ
သာမန်အဝတ်အစားများကို ဝတ်
ထားကြသော်လည်း သူမတို့၏ ရုပ်
တို့မှာ ယခုပြသပြီးသွားခဲ့သော ရုပ်
ဇာတ်ကားထဲမှမင်းသမီးများထက် အ
ပေါင်းများစွာသာလွန်အောင် ချော
လှပနေသောကြောင့် သိန်းထွန်းတို့
ယောက်မှာ မှင်တက်စွာဖြင့် ခေါင်းည
မိကြရပါတော့သည်။ မိန်းကလေး
ယောက်မှာ အောင်သီရိရုပ်ရှင်နံ
အရှေ့ဘက် ဓမ္မစေတီဘုန်းတော်
ကျောင်းဘက်သွားရာ လမ်းအဝ



ကျွန်ုပ်သိရှိခဲ့ရသော ဖြစ်ရပ်မှန်ကို ဦးစွာ တင်ပြပါမည်။ ဖြစ်စဉ်မှာ ကျွန်ုပ် ငယ်စဉ် ကျောင်းနေစဉ်အချိန်က ဖြစ်ပါသည်။ ကျွန်ုပ်တွင် သိန်းထွန်းဟု ခေါ်သော သူငယ်ချင်းတစ်ယောက်ရှိသည်။ သူသည် ကျောင်းမနေတော့ဘဲ သံဖြူလုပ်ငန်းလုပ်၍အသက်မွေးဝမ်းကျောင်းပြုနေသူတစ်ယောက်ဖြစ်ပြီး အိမ်ထောင်



www.burmeseclassic.com

www.burmeseclassic.com

ဦးဆောင်၍ လျှောက်သွားကြသည်။ သိန်းထွန်းတို့ နှစ်ယောက်မှာလည်း အလွန်လှပသော မိန်းကလေးများက အတူအညီတောင်းသဖြင့် အခွင့်ထူးရသောအခြေအနေမို့ ရင်တခုန်ခုန်ဖြင့် လိုက်ပို့ကြရာ ဓမ္မစေတီကျောင်းသို့ ရောက်မီ လမ်းချိုးလေးတစ်ခုသို့ ရောက်လာကြ၏။

လမှာအလွန်သာနေသောကြောင့် သွားရာလမ်းမှာ အလွန်ထင်ရှားနေ၏။ ထိုလမ်းချိုးမှာ ဘယ်ဘက်သို့ ချိုးသွားလျှင် အ-ထ-က(၁) ကျောင်းသို့ရောက်၍ ညာဘက်သို့ချိုးသွားလျှင် သစ်တောရုံးရှိရာဘက်သို့ ရောက်ရာက ကောင်မလေးသုံးယောက်မှာ ညာဘက်ကိုချိုး၍ဆက်လျှောက်သွားကြပါသည်။ သို့ဖြင့် ဆက်လျှောက်သွားကြရာ မိန်းကလေးသုံးယောက်သည် လမ်း၏ဘယ်ဘက်သို့ ထပ်မံ၍ချိုးကွေ့လျှောက်သွားရာ သိန်းထွန်း၏စိတ်ထဲတွင် အနည်းငယ်သံသယဝင်လာမိ၏။ ကောင်မလေးသုံးယောက် ချိုးကွေ့သွားသောလမ်းမှာ တောင်ပေါ်ကျောင်းဘုန်းတော်ကြီးကျောင်းသို့ သွားရာတောလမ်းဖြစ်၏။ ၎င်းဘုန်းတော်ကြီးကျောင်းမှာ ထိုစဉ်က တောထဲမှ တောကျောင်းတစ်ကျောင်း ဖြစ်၏။

သို့သော် မိန်းကလေးများမှာ လမ်းလျှောက်ရင်း ပြောနေကြသော စကားတို့မှာ ရုပ်ရှင်အကြောင်း၊ မင်းသား၊ မင်းသမီးအကြောင်းကို စိတ်လွတ်ကိုယ်လွတ်ပြောနေကြသဖြင့် သိန်းထွန်းမှာ သံသယအနည်းငယ်ကင်းသွားသော်လည်း အနည်းငယ်တော့ ရင်ထိတ်နေမိ၏။ အကြောင်းမှာမူ ၎င်းနေရာတွင် လူနေအိမ်ခြေမှာ တစ်လုံးစ၊ နှစ်လုံးစသာရှိ၍ ညအချိန်မတော် မည်သူမျှသွားလာဝံ့သည့်နေရာမဟုတ်၍ ဖြစ်ပါသည်။ ထို့ကြောင့် သိန်းထွန်းမှာ ကောင်မလေးများကို မေးရပါတော့သည်။

"ညီမလေးတို့အိမ်ဘယ်နားမှာလဲ"

ကောင်မလေးတစ်ယောက်မှ -

"ရှေ့နားဆိုရင်ရောက်ပါပြီအစ်ကိုရဲ့"

ဆို၍ ဆက်လျှောက်သွားကြရာ တောင်ပေါ်ကျောင်းတောင်ကုန်းအောက်ခြေရင်းသို့ပင် ရောက်လာသည်။

"ညီမတို့အိမ် မရောက်သေးဘူးလား။ ဒီနားမှာအိမ်မတွေ့ဖူးပါဘူး"

သိန်းထွန်းမှ ပြောတော့ -

"ဒီရှေ့မှာပါ အစ်ကိုရဲ့။ ညီမတို့နေတာမကြာသေးလို့ပါ"

ဟု ဆိုပြန်၏။

သို့သော် ယခုနေရာတစ်ပိုက်တွင်

(လှိုင်လယ်)

# မဟာစက်ရှင်

## သိုက်နန်းရှင်များ

(ပြ ဒ် ရ ပ် မှ န်)





www.burmeseclassic.com

www.burmeseclassic.com

မည်သည့်လူနေအိမ်တစ်လုံးမျှမရှိသည်ကို သိန်းထွန်း သိ၏။ ထို့ကြောင့် သွားလေရာ ဆောင်ထားလေ့ရှိသော ရှမ်းစေးမြှောင်ရိုးကို ကျစ်နေအောင်ဆုပ်၍ သိုင်းသတိကြီးစွာထားကာ ဆက်လျှောက်ပြန်သော် စိန်တောင်ဝိဇ္ဇာတောရကျောင်းသွားရာ တောလမ်းညာဘက်ဘေး စေတီလေးတစ်ဆူရှိရာသို့ပင် ရောက်လာကြလေသည်။ စေတီရှေ့သို့ရောက်သော် မိန်းကလေးသုံးယောက်မှာ ရပ်လိုက်ကြ၏။ သိန်းထွန်းတို့နှစ်ယောက်လည်း ရပ်၍ မိန်းကလေးများကိုကြည့်နေစဉ် ကောင်မလေးများက -

"ကျေးဇူးတင်လိုက်တာ အစ်ကိုတို့ရယ်။ ဒါနဲ့ ဟိုဘက်ကဟာတွေက ဘာတွေလဲ"

ဟု ဆိုကာ တောင်ဘက်အရပ်ရှိ ရန်ကင်းဂူဘက်သို့ လက်ညှိုးထိုးပြရာ သိန်းထွန်းတို့မှာ ရုတ်တရက် တောင်ဘက်သို့လှည့်အကြည့် ဘာမှမတွေ့ရ၍ ပြန်လှည့်လိုက်ရာ ရှေ့တွင် ကောင်မလေး သုံးယောက်မှာ မရှိကြတော့။ ခေါင်းအလှည့်မှာ တစ်စက္ကန့်မျှသာ ကြာနိုင်၍ ရုတ်တရက် ပျောက်ကွယ်သွားသော မိန်းကလေးများမှာ လူစင်စစ်မဟုတ်သည်ကိုသိလိုက်ကြရသော သူတို့နှစ်ယောက်မှာ လွန်စွာထိတ်လန့်သွားပြီး ခေါင်းနားပန်းကြီးလာကာ ၎င်းတောထဲမှနေ၍ မြို့ဘက်သို့ မတိုင်ပင်ဘဲ အားကုန်ပြေးလာကြရာ အကြောက်လွန်ကာ သတိလက်လွတ်ပင်ဖြစ်၍ အိမ်ဘက်ဆီကို မဦးတည်မိကြဘဲ သိန်းထွန်းမှာ လှိုင်လင်မြို့၏ ယခင် လ-ဝ-က ရုံးရှိရာလမ်းအတိုင်း အနောက်ဘက်သို့ အားကုန်ပြေးလာမိ၏။ ထို့နောက် မမှာရုံရှေ့ ရဲစခန်းရှေ့လမ်းကိုရောက်၏။အနောက်ဘက်သို့ထပ်၍ပြေးပြန်ရာ ဆေးရုံရှေ့လမ်း အ-ထ-က (၂) ကျောင်းရှေ့သို့ ရောက်၏။ အနောက်ဘက်သို့ ဦးတည်ပြေးပြန်ရာ မြို့နယ်လျှပ်စစ်ဓာတ်အားပေးရုံရှေ့သို့အရောက် ခြေခေါက်လဲကျသွားပါမှသတိတို့ပြန်လည်လာပါတော့သည်။ ခြေခေါက်၍ မလဲကျဘဲ ဆက်ပြေးမိနေပါက လှိုင်လင်မြို့၏ အနောက်တောင်ဘက် မြို့အထွက်တောထဲသို့ ရောက်သွားဖွယ်ရှိ၏။

သတိပြန်လည်လာသော သိန်းထွန်းမှာ မြို့ထဲသို့ပြန်ပြေးရပြန်သည်။ အိမ်ရောက်သော် အလွန်ပင်ပန်းနေပြီ။ နောက်သုံးရက်ထိ အကြောက်လွန်ကာ ကြောက်ဖျားဖျားပါတော့သည်။ သူနှင့်အတူ လိုက်ပါသွားသော သူ၏ သူငယ်ချင်းမှာလည်း နှစ်ရက်လောက် ဖျားယူရသည်ဟု သိရပါသည်။

ကျွန်ုပ်အား သိန်းထွန်းမှ ကိုယ်တိုင်ပြောပြခဲ့သောဖြစ်ရပ်မှန်ဖြစ်ပါသည်။ သိန်းထွန်းမှာ ယခုမရှိတော့။ ကွယ်လွန်သွားခဲ့ရှာပြီ ဖြစ်ပါသည်။

ရှေးလူကြီးများ၏ပြောပြချက်အရ ၎င်းနေရာဒေသ စိန်တောင်၊ မဟာမြိုင်၊ ထူပါရုံစေတီရှိရာ (၎င်းအချိန်က စေတီမရှိသေး) ဒေသတစ်ကြောတွင် ဥစ္စာစောင့်သိုက်နန်းများ အလွန်များပြား၍ တွေ့ဖူးကြသူများလည်းရှိကြကြောင်း သိခဲ့ရပါသည်။

ဆက်လက်၍ ဥစ္စာစောင့်များနှင့် ပတ်သက်၍ ကြုံခဲ့ရသော ကျော်အောင်စံထားဆရာတော်၏ဖြစ်ရပ်မှန်အကြောင်းတို့ကို ဆရာတော်၏ မှတ်တမ်းမူရင်းအတိုင်း တင်ပြပေးပါမည်။

**❒ အင်းဝအတွေ့အကြုံ**

ကျွန်ုပ်မှာ နေ့စဉ်၊ ညတိုင်း ပရိတ်ကြီး (၁၁) သုတ်၊ ဓမ္မစကြာ၊ ဓာရဏသုတ်များကို အမြဲဝတ်ထား၍ရွတ်သဖြင့် အုတ်ကျောင်းကြီးသို့ ပြန်လာစဉ် အိပ်ရာခင်းကြပြီး ဦးပဉ္ဇင်းနှစ်ပါးကျိန်းနေကြပါသည်။ ကျွန်ုပ်ကတော့ ပရိတ်နှင့်ဂါထာမန္တန်များ သရဇ္ဈာယ်နေတုန်း ဖြစ်ပေသည်။ (၁၁) နာရီခွဲလောက်ကျတော့ သရဇ္ဈာယ်ပြီး၍ မေတ္တာပို့၊ အမျှဝေလေသည်။ ထိုအခါ သာဓုခေါ် သံကြားရလေသည်။ ညအခါလည်းဖြစ်၊ ၁၃၁၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၈ ရက်လည်းဖြစ်၍ ညလသာခါစဖြစ်သောကြောင့် သာဓုခေါ်တာ ယောကျ်ားသံလား၊ မိန်းမသံလား သို့မဟုတ် ဘယ်မျိုးနွယ်က အသံလဲဟု သံသယများစွာနှင့်ဖြစ်နေသည့်အခိုက်တွင် တောင်ဘက်က တံခါးပုတ်သံကြားရ၍ -

"ဘယ်သူလဲ"

ဟု ကျွန်ုပ်မေးလိုက်ရာ -

"တပည့်တော်မပါ ဘုရား"

ဟု မိန်းကလေးတစ်ယောက်အသံပေါ် ထွက်လာလေသည်။ စဉ်းစားရပေပြီ။ ကြက်သီးများလည်းထနေပေသည်။ သူငယ်ချင်းများနိုးရကောင်းမလား၊ မနိုးရကောင်းမလား။

"ကိုယ်တော်လေးဘုရား၊ တပည့်တော်မပါဘုရား။ တံခါးဖွင့်ပေးတော်မူပါ"

ကျက်စားမိသောအသံထင်၍ ထဖွင့်ပေးလိုက်ရာ အထင်တစ်မျိုး၊ အမြင်တစ်မျိုးဖြစ်သွားလေတော့သည်။ နောက်သို့ တုံ့ခနဲ ဆုတ်လိုက်လေသည်။

"ကိုယ်တော်လေးဘုရား၊ကြောက်တော်မမူပါနဲ့။ တပည့်တော်မ စောမြင်မွန်ပါ"

ဤနာမည်ကြားရတာနှင့် ပိုပြီး စဉ်းစားရပြန်သည်။

'ဥစ္စာစောင့်နာမည်မျိုးနဲ့တူတယ်၊ ငါ ဒီနာမည် တစ်ခါမှ မကြားဖူးပါဘူး၊ ငါတော့ခက်တာပဲ။ နောက်ဆုတ်လိုက်ပြီး သူငယ်ချင်းတွေနှိုးမှ ထင်တယ်'

ဟု စဉ်းစားနေတုန်း သူက ရှေ့တိုးလာပြီး -

"ကိုယ်တော်လေးဘုရား၊ အဖော် ဦးပဉ္ဇင်းများကိုမနှိုးပါနဲ့။ တပည့်တော်မ စောမြတ်မွန်နောက်ကလိုက်ခဲ့တော်မူပါ ဘုရား။ ဘာမှစိုးရိမ်ကြောင့်ကြတော်မမူပါနဲ့။ အရှင်ဘုရားကို တပည့်တော်မ ရဲ့ ဖြစ်ကြောင်းကုန်စင်လျှောက်ထားချင်လို့ပါဘုရား၊ကြွတော်မူပါဘုရား။ တပည့်တော်မ လမ်းပြတော်မူပါမယ်ဘုရား"

အားတင်း၍ ပုတီးကိုအားကိုးကာ သူခေါ်ရာသို့လိုက်သွားပါတော့သည်။ အိုးထုတ်တန်းဆိပ်နှင့် ကိုက် (၅၀ လောက်အကွာ ဒုဋ္ဌဝတီ မြစ်ငယ်မြ အနောက်ဘက် စေတီငုတ်တိုကြီးနား ရောက်ရှိနေကြပါပြီ။ နာရီကလည်း (၁၂)နာရီ (၂) မောင်းခေါက်သံ ကြား ပြီး သန်းခေါင်ကြက်များတွန်နေကြ ပြီ။ ကျွန်ုပ်သည် အိပ်ချင်စိတ်များပျော ၍ တထိတ်ထိတ်ဖြစ်နေသောစိတ်နှ ရှေ့တွေ့ရမည့်ဖြစ်ရပ်များကို အာရုံ လျက်ရှိနေပေသည်။ ပုတီးကိုလည်း လက်ထဲတတွင်တွင်စိပ်နေရသည်။ စေ ငုတ်တိုကြီးပတ်ဝန်းကျင်ကိုကြည့်လိုက် လျှင် ထန်းပင်ကြီးတစ်ပင်ရှိနေကြောင်း သိရပေသည်။ ထိုကဲ့သို့ နေရာမှတ်သား နေခိုက် -

"ကိုယ်တော်လေးဘုရား၊ နေရာမှာ ခဏရပ်တော်မူပါဦးဘုရား"

ဆိုပြီး သူကလေးက ရှေ့ (၁ လှမ်းလောက်တိုးသွားလေရာ ကျွ အသည်းဖိုသွားရပေပြီ။ မျက်စိအာ တွင် ကြောက်မက်ဖွယ်ရာကြီး မြင်ရ နေရပေပြီ။

"ကိုယ်တော်လေး ကြောက်တော် မူပါသလားဘုရား"

"မကြောက်ပါဘူး စောမြတ် ရုတ်ခြည်းဆိုတော့ နည်းနည်းလန့်သွား တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com

"မကြောက်ပါနဲ့ ဘုရား။ တပည့်တော်မတို့ရဲ့ အစောင့်ရဲခေါင်ကြီးပါဘုရား"

နာမည်က ရဲခေါင်။ သူ့ကြည့်ရတော့ အရပ်က (၁၄)၊ (၁၅) တောင်၊ အမွေးအမှင်တွေ တစ်ကိုယ်လုံးဗရပွနှင့် မျက်လုံးကြီးနှစ်ဖက်ကလည်းတောက်လို့၊ ခါးစပ်ကြီးပြူပြူ၊ သွားကြီးခေါခေါနှင့် လက်ထဲတလည်း (၁၅) တောင်လောက် ထန်းလုံးပမာဏရှိသော ဆောက်ပုတ်ကြီးကိုကိုင်လို့။ စောမြတ်မွန်သာ မပါလျှင် ကျွန်ုပ် ဤကဲ့သို့ နေနိုင်ဖို့ရာ ခဲလွယ်ဟု ထင်မိသည်။

"ဟဲ့-ရဲခေါင်ကြီး၊ ကောင်းကောင်းစောင့်နေနော်။ သခင်မတို့ သိုက်တွင်းထဲသွားမလို့"

ရဲခေါင်ကြီး ဦးညွတ်အရိုအသေပေး၍ လက်ဝဲဘက်ဘေးကပ်ပေးလိုက်ပါသည်။ ထိုအခါ စောမြတ်မွန်သည် လက်နှစ်ဖက်ကို ရှေ့သို့တန်းလိုက်ပြီး ပူးထားသော လက်နှစ်ဖက်ကို ခွာပစ်လိုက်သသည်။ တစ်မုဟုတ်ချင်း တွင်းကြီးဖြစ်သွား၍ လှေကားထစ်များပေါ်လာပါတော့သည်။ ကျွန်ုပ်လည်း အံ့အားသင့်စွာ ငေး၍ကြည့်နေမိပါတော့သည်။ အနားတွင်ရှိသော ရဲခေါင်ကြီးကို သတိရတော့ပါ။

ထိုအခါ စောမြတ်မွန်က သက်နိုးစချွဲ၍ -

"ကိုယ်တော်လေး ကြွပါဘုရား။ တပည့်တော်မနောက် ထက်ကြပ်မကွာလိုက်ခဲ့တော်မူပါဘုရား"

အနည်းငယ်လင်းသော အလင်းရောင်ထဲတွင်တန်းတန်းကြီးပေါ်နေသော လှေကားထစ်များပေါ်သို့ တစ်ထစ်ပြီး တစ်ထစ်ဆင်းခဲ့ကြရာ လှေကားထစ်ပေါင်း (၁၉)ထစ်လောက်အရောက်တွင် ကျယ်ပြန့်သောနေရာပြင်ကြီး တွေ့ရပါသည်။ အလင်းရောင်အားကောင်းသဖြင့် အခြင်းအရာအားလုံး ပြတ်ပြတ်သားသားပေါ်နေပါသည်။ အလျား (၄) တောင်လောက်၊ ဖောက် (၃) တောင်လောက်ရှိသော မှန်စီရွှေချသေတ္တာကြီးများက အချို့ကားဘီးနှင့်၊ အချို့ကားဘီးမပါ။ ရွှေရောင်ဝင်းနေသော သလွန်များ ခန်းပေါက်ကတ္တီပါအနီအခင်းကြီးများ ကောင်းကင်ဆွဲထားသော ဖန်မီးပဒေသာများ၊ ဖန်မီးပဒိုင်းများ၊ မောက်ဘီ မောက်ရှည် ဗာလီကွေး စစ်သူကြီးအဝတ်အစားများ၊ ထိပ်ချွန်းရွှေခြေနင်းများ ကတ္တီပါပုံတော်ဖိနပ်များ၊ ရုပ်စုံကန့်လန့်ကာများ ဆန်းပြားစွာ ကျွန်ုပ်မြင်တွေ့နေရပါသည်။ ထိုမြင်ကွင်းတွင် စိတ်ဝင်စားနေ၍ လက်ကပုတီးလွတ်ကျမိပါတော့သည်။ ထိုအခါ စောမြမွန်က ပုတီးကောက်ပေးပြီး ရှေ့ဆက်လက်ထောင့်ချိုးအခန်းဆီသို့ ခေါ်သွားပါသည်။

"ဟိုဘက်ခန်းက မြင်ခဲ့တာတွေက ခမည်းတော်နဲ့ မောင်တော်တို့ရဲ့ အသုံးအဆောင်တွေပါဘုရား။ ဒီအခန်းကတော့ ဘုရားတပည့်တော်မတို့ရဲ့ အသုံးအဆောင်တွေပေါ့ဘုရား"

အလုံး (၂၀) လောက် ရွှေပိန်းချထားသော သေတ္တာဘကီးများ ဖွင့်ပြပါတော့သည်။

"ဒါက ဒါလီကုံး ဘုရား၊ ဒါကတော့ မှန်ပုတီးဘုရား၊ ဒါက နော်ဇာကုံးဘုရား၊ ဒါကမြခါးစည်း၊ ဒါကမြတဘက်၊ ဒါကရင်ကပ်၊ ဒါကရွှေခြေချင်း၊ ဒါကပတ္တမြားလက်စွပ်၊ လက်ကြပ်၊ ဖက်လိပ်နားတောင်း၊ ပုလဲနားကပ်၊ မြဆံထိုး၊ စိန်ဆံထိုး၊ ရွှေနဖူးတန်ဆာ၊ လည်တုံ၊ မြခါးပတ်"

စသည်ဖြင့် စောမြတ်မွန်က လိုက်ပြပါသည်။ ခမည်းတော်ဝတ်လဲ၊ မောင်တော်ဝတ်လဲများလည်း စုံနေအောင်ပြပါသည်။ ကြည့်ရသူမှာ ရှုမငြီးနိုင်အောင်ဖြစ်ရပါတော့သည်။ ကျောက်သံပတ္တမြားများထည့်ထားသော သေတ္တာကြီး (၁၀) လုံး၊ လက်ဝတ်ရတနာထည့်ထားသော သေတ္တာ(၅)လုံး၊ ရွှေငွေထည့်ထားသော သေတ္တာကြီးများက (၂၀)၊ (၃၀) ထက်မနည်းရှိနေပါသည်။ သေတ္တာတစ်လုံးတစ်လုံးမှာ လူတစ်ယောက်ကောင်းကောင်းအိပ်နိုင်သည်။ ၎င်းပြင် အဲမောင်ကြီးများ၊ လှံမကြီးများ၊ မားလွဲကြီးများ၊ ငှက်ကြီးတောင်မားကြီးများ၊ ရှေးသေနတ်များ၊ ခေတ်သေနတ်များလည်း ထူးဆန်းစွာ မြင်တွေ့ရပါသည်။

ထိုကဲ့သို့ လိုက်လံပြသပြီးနောက် အခန်းမကျယ်ကြီးတစ်ခန်းသို့ခေါ်ဆောင်သွားပါသည်။ ထိုအခန်းက အတောင် (၅၀) လောက်ရှိမည်ထင်သည်။ အခန်းထိပ်တွင် ဘုရားကျောင်းဆောင်ရှိနေပါသည်။ ရွှေဘုရား၊ မြဘုရား၊ စိန်ဘုရား၊ ငွေဘုရား၊ ကြေးဘုရား ဘုရားပေါင်းလေး၊ ငါးဆယ်ထက်မနည်းပါ။ ပန်းနုတို့ဖြင့် ခြယ်မွမ်းထားသော ရွှေသားပလ္လင်ကြီးပေါ်တွင် အစီအရီကိုးကွယ်ထားတာတွေ့ရပါသည်။ တင်ထားသောပန်းများလည်း အမျိုးစုံလှပေသည်။ လတ်ဆတ်ဝေဆာနေပါသည်။ ဖန်၊ ရွှေ၊ ငွေ အမျိုးမျိုးသောပန်းအိုးပုံစံများကို တွေ့ရသည်။ ပန်းအိုးအလုံး (၅၀)ထက်နည်းမည်မထင်။ ဝါဆိုဖယောင်းတိုင်ကြီးများလည်း ထွန်းညှိပူဇော်ထားပါသည်။ အမွှေးတိုင်များလည်း ပူဇော်ထားသည်။ တစ်ခန်းလုံး သင်းပျံ့သောရနံ့များ ကြိုင်နေပါသည်။ ကျွန်ုပ်လည်း ထိုဘုရားများကို ရှိခိုးပြီး အမျှ မေတ္တာဝေလေသည်။ ဆုတောင်းပတ္ထနာလည်းပြုပေသည်။ မိနစ် (၂၀) လောက်တော့ ကြာလိမ့်မည်ထင်သည်။

စောမြတ်မွန်က -

"ကိုယ်တော်လေးဘုရား၊ လက်ယာဘက်က ရွှေသလွန်တော်ပေါ် ကြွတော်မူပါဘုရား"

ဟု လက်အုပ်ချီပြီးလျှောက်သဖြင့် လက်ယာဘက်သို့ကြည့်လိုက်ရာ အဆင့် (၃)ဆင့်ပေါ်မှာ တင်ထားသော ပန်းနုတို့ဖြင့် ခြယ်မွမ်းထားသည့် ရွှေသလွန်ကြီးကို တွေ့ရပါသည်။ သလွန်ထက်မှာ ထီးဖြူကြီးအုပ်မိုးထားလေသည်။ ထီးဖြူကြီးရှေ့ (၅) တောင်ကွာလောက်မှာ ဖန်မီးပဒေသာများ ဆွဲထွန်းထားလေသည်။ သလွန်ခြေထောက်အောက်တွင် ကတ္တီပါအခင်းကလနားရွှေကွပ်ကြီးနှင့် ခင်းထားလေသည်။ ကျွန်ုပ်သည် ထိုသလွန်ပေါ် ကိုတက်ရမည်မှာ အမ်းတမ်းတမ်းဖြစ်နေပါသည်။ စောမြတ်မွန်သည် လက်အုပ်ချီလျက် သလွန်ပေါ်ကြွရန် ညွှန်လေသည်။ ကျွန်ုပ်လည်း သလွန်ပေါ်ကြွ၍ ကြွေ့ရရထိုင်နေလိုက်သည်။ မှိုအုံးကြီးများ၊ လက်တင်ကြီးများကလည်း ကတ္တီပါအစိမ်းရောင်တို့ဖြင့် တောက်ပနေသည်။

ကျွန်ုပ် သလွန်ပေါ်ရောက်၍ထိုင်နေသောအခါ စောမြတ်မွန်သည် သူတို့ဘဝဖြစ်ကြောင်း ကုန်စင်အောင် လျှောက်ပါလေတော့သည်။

❐

၈၈၈ ခုနှစ်ဦးခန့်က သိုဟန်ဘွားသည် တရုတ်နှင့် ပေါင်းပြီး အင်းဝကိုလုပ်ကြံသဖြင့် အင်းဝပြည်ကြီးပျက်စီးခဲ့လေသည်။ မဏိမဉ္ဇူကျမ်းပြုဆရာတော် အရိယာဝံသမှစ၍ ဆရာတော်သံဃာတော်များ (၅၀) ကျော် မီးသွေးတိုက်ထဲတွင် မီးရှို့အသတ်ခံရလေသည်။ (၉၅၀) ပါးမှာ ဘေးအကူအညီဖြင့်လွတ်မြောက်တော်မူကြသည်။ ထိုပြည်ပျက်ထဲတွင် မိန်းမပျိုလေးများ ရန်သူစစ်သားများ၏ ရမ်းကားဖျက်ဆီးမှုကိုခံကြရလေသည်။



www.burmeseclassic.com

www.burmeseclassic.com

စောမြတ်မွန်၏လင်သည် ဗိုလ်မှူးလည်း စစ်ပွဲတွင် ကျဆုံးရသည်။ စောမြတ်မွန်၏ ဖခင်ကြီး သုဘောဂသူဌေးကြီးနှင့် သူဌေးကတော်ကြီး ကောသီခိုင်တို့လည်း ပစ္စည်းသိမ်း၍ လူပါကွပ်မျက်ခြင်းခံရလေသည်၊ စောမြတ်မွန်ညီမ စောလှမွန်ကိုလည်း ဖျက်ဆီးပြီး ကွပ်မျက်ခြင်းခံရလေသည်။ စောမြတ်မွန်ညီမ စောလှမွန်ကိုလည်း ဖျက်ဆီးပြီး ကွပ်မျက်ခြင်းခံရလေသည်။ စောမြတ်မွန်တို့ညီမ၊ မိဘ အခြွေအရံများတို့သည် မရှုမလှသေဆုံးရသဖြင့် မဖြောင့်နိုင်သောအယူကြောင့် ဥစ္စာစောင့်ဘဝသို့ရောက်ခဲ့ကြရလေသည်။ ဤဥစ္စာစောင့်ဘဝနှင့်ပင် သိုဟန်ဘွား၏ ဆွေတော်မျိုးတော်၊ ဗိုလ်မှူး၊ တပ်မှူး မောင်းမခြွေရံသင်းပင်းတို့ကို အခွင့်ရတိုင်း လက်စားချေကြသည်။ (၁၅) နှစ်အတွင်း (၅၀၀) ထက်မနည်း လက်စားချေနိုင်ခဲ့ကြလေသည်။

သိုဟန်ဘွားအုပ်ချုပ်၍ (၁၅)နှစ်အရောက်တွင် နတ်များကြောင့် လူများ နိုးကြားလာကြပြီး နန်းတော်ကြီး၏ ဥယျာဉ်ထဲတွင် အကြံဖြင့်မြှုပ်ထားသော ဓားများကို ကိုယ်စီကိုင်ပြီး ‌တော်လှန်လိုက်ကြသဖြင့် သိုဟန်ဘွားခေါင်းမြေကျ အနိုင်ရရှိကြလေသည်။ ထိုအချိန်မှစ၍ အင်းဝမင်းမျိုးအနွယ်အဆက် ထပ်မံ၍ မင်းလုပ်နိုင်လာပေသည်။

စောမြတ်မွန်တို့မှာတော့ ယခုထက်တိုင် မကျွတ်နိုင်ရှာကြသေးပေ။ သူတို့စောင့်နေကြရသောပစ္စည်းများသည် အရိမေတ္တယျ မြတ်စွာဘုရား ကျောင်းတော်ဆောက်ရန်အတွက် ဖြစ်ကြောင်း သိရပါသည်။စောမြတ်မွန်သည် အတိတ်ဇာတ်ကြောင်းများကို လျှောက်ထားပြီးနောက် တုံးကြီးထိုးသံကြားလာရသည်။

ကျွန်ုပ်က -

"တုံးကြီးတောင်ခေါက်ပါပကော"

ဟု ပြောလိုက်လျှင် -

"ကိုယ်တော်လေး မျက်နှာတော်သစ်တော်မူရန်၊ နှုတ်ခမ်းတော်သန့်ရှင်းရန် ယူခဲ့ကြပါ"

ဟု လှမ်းပြောလိုက်သောအခါ အသက် (၁၈) နှစ် အရွယ်လောက် မိန်းကလေး(၃)ယောက် ရွှေတကောင်းများ၊ ရွှေဖလားများ၊ ရွှေကလပ်များနှင့် ဆားထည့်ထားသော ငွေခွက်ကလေးများ၊ သွားတိုက်တံများ ယူလာကြပြီး ခန်းမကျယ်ကြီး၏ ယာဘက်အပေါက်ကြီးနားသဉ္ဇာလီကလေးပေါ်တွင် တင်ထားခဲ့ကြသည်။

ထိုအခါ စောမြတ်မွန်က -

"ကိုယ်တော်လေးဘုရား၊ ဤနေရာကြွတော်မူပါ"

ဟု လျှောက်သဖြင့် ပြင်ထားသောနေရာတွင် မျက်နှာသစ်ပြီး လှည့်ကြည့်လိုက်သောအခါ ဖြူဝင်းလက်နေသော မျက်နှာသုတ်ပဝါကြီးကို စောမြတ်မွန်က ဒူးထောက်ပြီးပေးနေပါသည်။ လှမ်းယူပြီးမျက်နှာသုတ်ကာ သလွန်ပေါ်သို့တက်ထိုင်နေလိုက်သည်။ -

"ကိုယ်တော်လေးဘုရား၊ ကိုယ်တော်လေး အညောင်းဆန့်တော်မူပါဦး။ အရုဏ်လာခါနီးပါပြီ။ အရုဏ်ဆွမ်းဘုဉ်းပေးပြီးမှ ကြွတော်မူပါဘုရား။ တပည့်တော်မတို့လည်း ကြုံတောင့်ကြုံခဲဖြစ်၍ သနားသဖြင့် ချီးမြှောက်တော်မူပါဘုရား"

ဟု လျှောက်သဖြင့် ကိုယ်ကိုဆန့်၍ အရုဏ်ကိုင့်လင့်နေပါသည်။

ထိုအခိုက် ရွှေဆွမ်းအုပ်ကြီးနှင့် အသက် (၆၀) အရွယ် အင်္ကျီရှည်အဖြူ ပုဆိုးတောင်ရှည်အဖြူနှင့် စိပ်ပုတီးလည်ပင်းဆွဲထားသော ဘောင်‌ဝေ့ကြီးနှင့် ဒကာကြီးတစ်ယောက် တစ်ဖက်ခန်းမှ ထွက်လာ၍ ပွေ့လာသော ရွှေအုပ်ကို ဘေးချထားပြီး ကျွန်ုပ်ကို ဝတ်ပြုကာ -

"ဘုရားတပည့်တော် ပတ္တမြားစေတီသို့ ဆွမ်းတော်သွားတင်ပါဦးမည် ဘုရား။ ဘုရားတပည့်တော်သမီး စောမြတ်မွန်က ဆွမ်းကပ်ပြီးမှ အရှင်ဘုရားကို လိုက်ပို့ပါလိမ့်မည်ဘုရား။ သမီးတော်က ကိုယ်တော်လေးကို ဘာမှမလိုရအောင် ဝတ်ပြုပါကွယ်"

"မှန်လှပါ၊ ဖခမည်းတော်သာ စိတ်ချပါ"

"အေးအေး၊ ကောင်းပြီ ကောင်းပြီ။ ခမည်းတော် သွားလိုက်ဦးမယ်"

ဆိုပြီး ရွှေအုပ်ကြီးပွေ့ကာထွက်သွားပါတော့သည်။ ကျွန်ုပ်သည် အိပ်ချင်သောစိတ်နည်းနည်းမှမပေါ်လာပေ။ ရှေ့ဘာတွေများဆက်တွေ့ရဦးမှာလဲဟု စဉ်းစားရင်း အခြေအနေကို စောင့်ကြည့်နေရပါသည်။ စောမြတ်မွန်သည် မိန်းကလေးများကို အချက်ပြလိုက်ရာ ရွှေ (၃) ချောင်းထောက်အုပ်ကြီး ယူလာသူက ယူလာ၊ ရွှေဖလားကြီး၊ ရွှေဖလားလေး၊ ရွှေရေတကောင်း ယူလာသူက ယူလာကြပြီး စောမြတ်မွန်နားချထားကြပါသည်။ (၃) ချောင်းထောက်ရွှေအုပ်ကြီးဖွင့်လိုက်သောအခါ ထမင်း၊ ဟင်း အငွေ့တထောင်းထောင်းထနေပါတော့သည်။ ထိုင်ဖုံကြီးယူပြီး နေရာပြင်ကြ
သည်။ စောမြတ်မွန် ပင့်လျှောက်၍ ထိုင်
ဖုံကြီးပေါ် ထိုင်လိုက်၏။ စောမြတ်မွန်က
ရွှေ(၃)ချောင်းထောက်အုပ်ကြီးကို ကပ်
၏။ ကျန်မိန်းကလေးများက ရေဖလား
ထွေးခံများ၊ ရေခွက်များ ကပ်လာကြ
သည်။ စောမြတ်မွန်က လက်ယာဘ
တွင် ဒူးပဆစ်တုပ်ကာ လက်အုပ်ချီ
ဆွမ်း၊ ဟင်းများ၏ အမျိုးအမည်များကို
လျှောက်ထားနေပါသည်။ မိန်းကလေး
(၇)ယောက်လောက်က ဝဲ၊ ယာတွင်
လေယပ်များ၊ ပန်းစည်းများကိုင်၍ ခ
ကြပါသည်။ စောမြတ်မွန်၏ နောက်ဘ
မှ မိန်းကလေးတစ်ယောက် လုံချည်
ရောင်နှင့် ဒူးတုပ်ပြီး လက်အုပ်ချီ
သည်။စောမြတ်မွန်ကတော့ ခရမ်းရော
နှင့် အစိမ်းရောင်ချိတ်ပြန့်ထဘီဝတ်ထ
ပါသည်။ ကျန်မိန်းကလေးများမှာ စိ
ရောင်ချိတ်ပြန့်ထဘီများဝတ်ထားကြ
သည်။ အားလုံးဝတ်ဆင်ထားကြ
အငြိမ့်မင်းသမီးများကဲ့သို့ ဖြစ်နေ
သည်။

ဆွမ်းစားပြီးနောက် လက်
ရည်၊ ချိုချဉ်ပွဲဆက်ကပ်သည်။ အိ
မှ နာရီထုတ်ကြည့်သောအခါ (၄) န
ခွဲနေပေပြီ။

ထိုအခါ စောမြတ်မွန်က -

"အဖော်ဦးပဉ္စင်းများအတွက်
ပေးရန် မုန့်များလည်း လှူလိုက်
မယ်ဘုရား။ အဖော်ဦးပဉ္စင်းများအိ
ကမနိုးကြသေးပါဘူးဘုရား။ ကြောင့်
တော်မမူပါနဲ့ဘုရား။ ဘုရားတပည့်
မနောက်က ညီမတော် စောလှမွ
ဘုရား။ ခုနင်က ဆွမ်းအုပ်ပိုက်ထွက်
တာက ဖခမည်းတော် သုဘောဂသူ
ကြီးပါဘုရား။ ဘုရားတပည့်တော်
ကိုလည်း နေ့စဉ်နဲ့အမျှ ကိုယ်တော်
ပုတီးစိပ်သော ကုသိုလ်တို့ကို အမျှ
ဘုရား။ မောင်နှမရင်းချာကဲ့သို့၊ တ
များကဲ့သို့ မှတ်တော်မူပါဘုရား"

"ကောင်းပြီ စောမြတ်မွန်၊ ဦး
က နေ့စဉ် အမျှ မေတ္တာပို့ဝေပါ
မောင်အရင်းကဲ့သို့ စောင့်ရှောက်
ကြပါ"

"မှန်ပါဘုရား၊ ဝမ်းမြောက်
တယ်ဘုရား။ အရှင်မြတ်တို့လို ပုဂ္ဂိုလ်
ကို ဖူးတွေ့ရန် အလွန်ခဲယဉ်းပါ
ဘုရား။ ယခုတောင် ဟောဒီ ညီမ
စောလှမွန်က မဟာစေတီမှာ အ
မီးပူဇော်နေတာ တွေ့ခဲ့ကြ
၍ ဖူးခွင့်ကြုံတာပါဘုရား ကိုယ်



www.burmeseclassic.com

www.burmeseclassic.com

...အချိန်သိတော်မူပါဘုရား”

ဟု လျှောက်သဖြင့် ထိုင်ဖုံပေါ်မှ ...ဆိုး အိတ်ထဲနာရီယူကြည့်ရာ (၅)နာရီ ...နေပြီ။ စောမြတ်မွန်နှင့် စောလှမွန် ...အစ်မနှစ်ယောက်တို့ လိုက်ပို့ကြလေ သည်။ အဝင်တုန်းက အကောင်ကြီး ...စောင့်ရဲခေါင်ကြီးလည်း မတွေ့ရတော့ ပါ။ (၁၅) မိနစ်လောက် လျှောက်လိုက် သောအခါ မယ်နုအုတ်ကျောင်းတံတိုင်း ...ပေါ်ရောက်လာကြသည်။ အုတ်ကျောင်း ...ပေါ်တက်ပြီး စေ့ထားခဲ့သောတံခါး ...လိုက်သောအခါ ဖယောင်းတိုင်များ ...ထားပြီးသား တွေ့ရသည်။ ဦးပဉ္စင်း ...တော့ မနိုးကြသေးပါ။ စောမြတ် ...တို့လည်း ကျောင်းထဲအထိလိုက်လာ ...ပြီး သူတို့ယူလာကြသော အကြော် ...သစ်သီးများ၊ ကောက်ညှင်းပေါင်း ...တို့လှူပြီး ဝတ်ချတာ -

“ဘုရားတပည့်တော်မတို့ကို သွား ...ပြုပါဦး”

ဟု ညီအစ်မနှစ်ယောက် ပြိုင်တူ ...လျှောက်ကြပြီး လက်အုပ်ချီ ဆုတ်ကာ ...တ်သွားကြတော့သည်။ ကျွန်ုပ်လည်း ...လာသော ဖယောင်းတိုင်များကို အုတ် ...ကျောင်းကြီးတွင်းခန်းပတ်လည်မီးထွန်း ...ပုတီးစိပ်နေလိုက်သည်။ (၆) နာရီ ...ထောက်ကြတော့ ကိုယ်တော်နှစ်ပါးကို ...ပြီး မုန့်များကျွေးလေသည်။ ကိုယ် ...တော်နှစ်ပါးက-

“မုန့်တွေ ဘယ်သူတွေကလာလှူ ...သွားတာလဲ စောစောစီးစီး”

ဟု ပြောသောအခါ -

“ဟိုနားက ဒကာမလေးနှစ် ...ယောက်လာလှူသွားတာပါ”

ဟု အဖြေပေးပြီး အစားခိုင်း ...သည်။ ကျွန်ုပ်လည်း အနည်းငယ်ရော ...စားသည်။

မနက် ထိန်ထိန်လင်းတော့ ...မော်တော်ဆိပ်ကို ပြန်လာသည်။ ...ကျောင်းသို့ (၈) နာရီလောက် ရောက် ...သည်။ ကျွန်ုပ်လည်း ထူးဆန်းသော ...ဖြစ်ရပ်ကို မှတ်တမ်းတင်ထားလိုက်လေ ...သည်။

❐

ကျော်အောင်စံထားဆရာတော်၏ သိုက်နန်းရှင်နှင့် တွေ့ကြုံခဲ့ရသော လက်တွေ့ဖြစ်ရပ်မှန်မှတ်တမ်း ဖြစ်ပါ သည်။

ချမ်းသာကြပါစေ

မဟာစက်ရှင် (လှိုင်သင်)

# ငါးချဉ်ဖတ်အရည်နှင့် အခြောက်ပြုလုပ်နည်း

တင်ညိုအေး(နဂါးမြို့တော်)

၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလထုတ် သူရဇ္ဇမဂ္ဂဇင်း၊ စာမျက်နှာ (၃၃၁) တွင် ပါရှိသော စာရေးဆရာ ကိုမောင်ကျော် လှိုင် (မအူပင်) ရေးသား တင်ပြခဲ့သော ‘နွားစာအတွက်ပဲမှော်ထားမည်ဆိုလျှင်’ ဆိုသည့်ဆောင်းပါးကိုဖတ်ပြီး စာရေးသူ အလွန်ပင် သဘောကျ နှစ်သက်ခဲ့ပါ သည်။ လက်မှုလယ်ယာမှ စက်မှုလယ် ယာသို့ ကူးပြောင်းသည့်ကာလတစ်ခုဟု ဆိုသော်လည်း ကျေးဇူးရှင်ကြီးများဟု ခေါ်ဆိုနိုင်သည့် ကျွဲ၊ နွားများကို အတိုင်း အတာတစ်ခုအထိ လက်လွှတ်၍တော့ မရနိုင်သေးသည်ကို မြင်တွေ့နေရပါ သည်။ ထို့ကြောင့် အသက်သခင် ကျေးဇူးရှင်များဟု တင်စားခေါ်ဝေါ်နေ ရဦးမည့် ကျွဲ၊ နွားများ အာဟာရပြည့် တင်းစေဖို့ စာရေးသူ လေ့လာ မှတ်သား ထားသည့် ငါးချဉ်ဖတ်အရည်နှင့် အခြောက်ပြုလုပ်နည်းကို တောင်သူ ဦးကြီးများအတွက် ရေးသားတင်ပြလိုက် ပါသည်။

❐

**ငါးချဉ်ဖတ်အရည်**ကို လွယ်ကူစွာ ပြုလုပ်နိုင်ပါသည်။

အလွယ်တကူရရှိနိုင် သော ငါး၊ ပုစွန်၊ ကဏန်းများ၏ အမြီး၊ ခေါင်း၊ အူ စသည့် အစိတ်အပိုင်းများ၊ ဈေးအတွင်း တွင် ရောင်းချနေသော ငါးဖယ်ခြစ်ခုံမှ အပိုင်းအစများကို ရေပြောင်စင်အောင် ဆေး၍ နုပ်နုပ်စဉ်းပါ။

ထိုအပိုင်းအစများ (၅) ပိဿာ ကို ငါးချဉ်ဖတ် ပြုလုပ်မည်ဆိုပါက ထန်းလျက်ကြမ်း သို့မဟုတ် တင်လဲရည် သို့မဟုတ် ကြံသကာခဲ (၅၀) ကျပ်သား ကို ရေဂါလန်ဝက်တွင် ပျော်သည်အထိ ကျိုချက်ပါ။ ဆူနေသော သကာရည်ထဲ သို့ နုပ်နုပ်စဉ်းထားသော ငါးအပိုင်းအစ များကိုထည့်ပြီး မိနစ် (၂၀) ခန့် ပြုတ်ပါ။

အအေးခံပြီးနောက် သင့်တော်ရာ သစ်သားစည်ပိုင်း သို့မဟုတ် စဉ့်အိုးထဲ သို့ ပြောင်းထည့်နိုင်ပါသည်။ ထိုအရည် ထဲသို့ ဒိန်ချဉ်(၅)ကျပ်သားခန့် သို့မဟုတ် ဆန်ဆေးရည် နို့ဆီဘူး(၁)ဘူးခန့် ထည့် ပြီး သမအောင်မွှေပေးပါ။ ပြီးလျှင် အပေါ်မှ အစတစ်ခုခုဖြင့် လုံခြုံစွာ ဖုံးအုပ်ထားပါ။ (၃) ရက်မှ (၅) ရက်ခန့် ကြာလျှင် အနံ့အရသာပြည့်ဝသော ငါးချဉ်ဖတ်ရည်ရပြီ ဖြစ်ပါသည်။

ထိုငါးချဉ်ဖတ်ရည်တွင် ပရိုတင်း ခေါ် အသားဓာတ် (၁၂)ရာခိုင်နှုန်းအထိ ပါဝင်ပါသည်။ စနစ်တကျသိမ်းဆည်း ပါက (၂) နှစ်အထိ သိုလှောင်ကျွေးမွေး နိုင်ပါသည်။ ကျွဲ၊ နွားများအပြင် သား တိုးကြက်၊ ဥစားကြက်နှင့် မွေးမြူထား သော ဝက်များကိုပါ ကျွေးမွေးနိုင်ပါ သည်။ မွေးမြူရေးကြက်စာများတွင် ထည့်ကျွေးပါက ကြက်များအမွေးဆိတ် နုတ်ခြင်း ပျောက်ကင်းသွားပါမည်။

**ငါးချဉ်ဖတ်အခြောက်ပြုလုပ်နည်း**မှာ အထက်ပါရှိပြီးသားငါးချဉ်ဖတ်အ ရည် (၁) ဂါလန်ထဲသို့ ရှလကာရည် (၁) ပိုင့်ထည့်ပြီး ပီလောပီနံမှုန့် (ကော် မှုန့်) ဆတူရောပြီး နေလှန်း၊ အခြောက် လှန်းပေးပါ။ ဖော်က်တိမ်သောဗန်းတွင် ထည့်လှမ်းပါက နှစ်ရက်အတွင်း ငါးချဉ် ဖတ်အခြောက်ကို ရရှိမည် ဖြစ်ပါသည်။ ထိုငါးချဉ်ဖတ်အခြောက်များကို လက် ဖြင့်ပင် ခြေမွ၍ရပါသည်။ ပီလောပီနံမှုန့် အစား ယခုပေါ်များနေသော ပြောင်းမှုန့် ကိုလည်း အစားထိုး သုံးစွဲနိုင်ပါသည်။

ငါး (၅) ပိဿာနှင့် ပြောင်း (၁) ပိဿာကိုသုံးပါက ငါးချဉ်ဖတ် အခြောက် (၃) ပိဿာခန့် ရမည် ဖြစ်ပါ သည်။

ယင်းငါးချဉ်ဖတ်အခြောက်တွင် ပရိုတင်းခေါ် အသားဓာတ် (၃၀) ရာခိုင် နှုန်းခန့် ပါဝင်ပါသည်။ ပီလောပီနံမှုန့်နှင့် ပြောင်းမှုန့်ကိုလည်းကောင်း၊ ပီလောပီနံ နှင့် မြေပဲမှော်ကိုလည်းကောင်း၊ ပြောင်း မှုန့်နှင့် ဖွဲနုကိုလည်းကောင်း ရောစပ်၍ ငါးချဉ်ဖတ်အရည်ကို အခြောက်ခံရာ တွင် ရောနှော၍ အသုံးပြုနိုင်ပါသည်။

တစ်ဖန် ငါးချဉ်ဖတ်အရည်ကို မြက်ခြောက်နှင့်ရော၍ ငါးချဉ်ဖတ် အခြောက်ပြုလုပ်၍ ကျွေးမွေးနိုင်သည်။ အထက်ပါအတိုင်း ပြုလုပ်ထားသော ငါးချဉ်ဖတ်အခြောက်ကို သေချာခြောက် သွေ့ရန် နေလှန်းပြီးပါက တစ်နှစ်အထိ သိုလှောင်ကျွေးမွေးနိုင်ပါသည်။ နွားချဉ် ဖတ်ကို နွားတစ်ကောင်လျှင် တစ်နေ့ လျှင် (၁) ပိဿာအထိ ကျွေးမွေးနိုင်ပြီး တောင်သူဦးကြီးများ သီးနှံအထွက်တိုး ရန်အတွက် မိမိတို့၏ လက်တွဲဖော် ရဲဘော်ရဲဘက်ဖြစ်သော ကျွဲ၊ နွားများ အာဟာရပြည့်ဝစေရန် ရေးသား တင်ပြ လိုက်ရပါသည်။

တင်ညိုအေး (နဂါးမြို့တော်)



www.burmeseclassic.com

www.burmeseclassic.com

# မျိုးသစ်

## ကျေးဇူးရှိလျက် အဆပ်ခံရ



❑ တင်ပေဖူးသည့်၊ ကျေးဇူးရှိလျက်၊ အဆပ်ခံရ။

**တောင်ဖီလာ - ခက်စု (၁)**

ကောင်းကင်တွင် တိမ်မှောင်တိမ်ရိပ်တို့ကင်းစင်နေသဖြင့် ထွန်းလင်းလာသော လအရောင်မှာ ဝင်းဝင်းပပ။ လပြည့်ကျော်သုံးရက်မို့ လထွက်နောက်ကျခဲ့ရသည်။ တည်းခိုနေသည့်ဇရပ်ပြင်ပတစ်ကွင်းလုံး လင်းကျင်းနေသည်သာမက အကာအရံ ဒူးတိုက်ကို ဖြတ်ကျော်ကာ လရောင်မှာ ဇရပ်ထဲတွင်ပင် ထိန်ထိန်ညီးညီး။ ဇရပ်ပေါ်တွင် ကြမ်းခင်းထားလင့်ကစား အဝင်၊ အထွက် တံခါးကြီးတစ်ခုမှလွဲ၍ ပြတင်းတံခါး မရှိ။ ခေါင်းရင်းဘက် ဘုရားဆောင်နှင့်တွဲလျက် တစ်ပေခန့်စင်အမြင့်ရှေ့ တရားဟောပလ္လင်တစ်လုံးချထားပြီး အခြားသော ပရိဘောဂတစ်စုံတစ်ရာမမြင်။ ဘုန်းကြီးကျောင်းအတွင်းမှာရှိနေခြင်းက ဥပုသ်ဇရပ်ဖြစ်ရမည်မှာ သေချာသွားသည်။ အဆင်အပြင်များက သက်သေခံနေ၏။

ကိုသန်းတို့လူသိုက် ရောက်လာခါစတွင် ဆရာတော် မရှိ။ အခြားရွာအလှူသွားနေခိုက် ဖြစ်သောကြောင့် တိုက်အုပ်က ကျောင်းတစ်ကျောင်းတွင်နေရာချပေးသည့်တိုင် ကိုသန်း ပ[illegible] လက်မခံပါ။ ရဟန်းသံဃာများ[illegible] ရောရောထွေးထွေး မနေအပ်သ[illegible] သူ့အနေဖြင့် သင့်တော်လျောက်ပ[illegible] နေရာကို ရွေးချယ်လိုက်ခြင်းပါ။ [illegible] တချို့က လူငယ်များပီပီ ဟော့[illegible] ရမ်းရမ်းနေတတ်၊ စားတတ်၊ ပြော[illegible] ဆိုတတ်သောကြောင့် ကျောင်း[illegible] သံဃာများ စိတ်အနှောင့်အယှက်[illegible] စေလို။ ဆရာတော် ပြန်လာတော့[illegible] ဇရပ်မှာပင် နေထိုင်ခွင့်ပြုရန် ဆရာ[illegible] အား လျှောက်ထားရပြန်သည်။ ကိုသ[illegible] က ပန်းရန်သာမက ပန်းတော့[illegible] အင်္ဂတေကနုတ်ပန်းများဖြင့် တန်ဆ[illegible] ဆင်ရသည့် မုခ်ဦး၊ မုခ်ဝ၊ ဘုရားကျေ[illegible] ကန်များ ဆောက်လုပ်သည့် ဆရာ[illegible] တစ်ယောက်ပါ။ အသက်အရွယ်[illegible] သည့်တိုင် ပညာကြီး၏။



www.burmeseclassic.com

www.burmeseclassic.com

မြို့နယ်ဘုန်းကြီးကျောင်းတွင် ခေါ်လမ်းဆောင်များ၊ အခင်းများကို ပြု ပြင်ပြီးသော်လည်း ဘုန်းကြီးကျောင်း အိပ်၌ မုခ်ဦးတစ်ခုလှူဒါန်းမည့်အလှူ ရှင်ရှိသဖြင့် ကိုသန်းကို တကူးတက လာ ခေါ်ခဲ့သည်။ ဈေးနှုန်းအဖိုးစားနားသင့် မျှတကြသည်တွင် ကိုသန်း (ဆရာသန်း) ၏အဖွဲ့ ခရီးထွက်လာခဲ့ခြင်းပါ။ မြို့နယ် ဆိုစေကာမူ နယ်ဘက်သို့တစ်ဆင့် သွားရသောကြောင့် လှမ်းသည်ဟု ဆိုရ မည်၊ တောရွာကြီးတစ်ရွာဟူ၍ သတ် မှတ်ရမည်ပင်။ နံနက်ဈေးလေးရှိသဖြင့် တော်ပေသေးသည်။ တစ်နေ့တာ ဟင်း အတွက် မပူရမပင်ရ။ စရိတ်ငြိမ်း ခေါ်ထားသည့်တိုင် ဆရာတော်က ဟင်း တစ်ခွက်နှင့် အရည်သောက်တစ်ခွက် အမြဲတမ်းပေးသည်။ ကိုသန်းလူတွေမှာ ဘုရားတစ်ဆူ တည်စဉ်ကတည်းက [illegible] စေတနာကောင်းမှု

ကြောင့် အလှူပယ်စားသောက်ခဲ့ရသဖြင့် အကျင့်ပျက်ခဲ့ကြ၏။ ဝက်၊ ကြက်မပါ လျှင် ငါးကိုပင် ဟင်းမထင်ချင်တော့ပေ။ ကိုယ့်အတိုင်းတာနှင့်ကိုယ်စားသောက် နေရမည့် အနေအထားကို သဘော မပေါက်ပါလေ။ နွားကြိမ်တို့သလို တဖွဖွ ပြောနေရဆဲ။


"မင်းတို့ကိုယ်မင်းတို့ သူဌေးသား မှတ်နေသလား။ ကိုယ်ရတာကို အကုန် စားရင်ဘာကျန်မှာလဲ။ ချင့်ချိန်တတ်ရ မယ်။ ငါကလည်း မင်းတို့ခြစ်ခြစ်ကုပ် ကုပ် စစ်စီပြီးကျွေးနေတာမဟုတ်ပါဘူး။ ကျွေးသင့်သလောက်ကျွေးနေတာပဲ။ ဒါ ပေမယ့် လွန်မင်းရင်တော့ မကောင်းတာ အမှန်။ စိတ်ကြိုက်စားချင် မင်းတို့ခါလီ ပြန်ရမယ် သတိထား"

သူဘယ်လောက်ပြောပြော ငါး ဟင်း သို့မဟုတ် ချဉ်ရည်ချဉ်ဟင်းချက် သည့်နေ့တိုင်း သူတို့အိတ်ထဲက ငွေကုန် ကြေးကျ [illegible]။

ကိုသန်းဘဝက အောက်ခြေမှစခဲ့ ရသော ချို့တဲ့သူတစ်ဦး။

သာမန်လုပ်သား။ အထမ်းအပိုး၊ မဆလာသယ်ဘဝမှ သန်လျက်ကိုင်ဖြစ် လာပြီး အလုပ်သမားတစ်စုကို ဆရာ မပါဘဲ ဦးဆောင်နိုင်ခဲ့သည်။ ဆရာမျက် နှာလွှဲနိုင်သောအဆင့်တွင် ဆရာက တစ်စင်ထောင်ခွင့်ပြုလိုက်သဖြင့် ကိုသန်း ဆရာတစ်ယောက်ဖြစ်လာ၏။ အလုပ် ကို ကြိုးစားပြီးလုပ်ခဲ့သောကြောင့် လက် သမား၊ ပန်းရန်ခေတ်အကောင်းတွင် စုမိ ဆောင်းမိရှိခဲ့သည်နှင့်အမျှ ပန်းတော့ ဆရာနာမည်ကြီးနှစ်ယောက်နှင့် တွဲလုပ် ခဲ့ရာတွင် ပန်းတော့ပညာသင်ယူခဲ့ရ သည့်အမြတ် သူ့တွင် ကျန်ခဲ့သည်ဆိုရ မည်။ မြန်မာမှုအနုလက်ရာများ ထွန်း ကားလာချိန်တွင် ကိုသန်းမှာ ရှားပါး ပညာရှင်တစ်ဦး ဖြစ်လာသည်။

ကိုသန်းက ခြစ်ခြစ်ခြုတ်ခြုတ် နေတတ်၊ စားတတ်သော်လည်း တပည့် တပန်းများကို ငွေကြေးပေးမှုတွင် စာနာ စိတ်ကြောင့် တွေ့ခဲ့တို့။ ထိုက်ထိုက်တန် တန်ပေးတတ်စမြဲ။ လူလွတ်တို့က အိမ်ရှိ မိဘများကို ပြန်ပေးဖို့၊ အိမ်ထောင်ရှိသူ များက သားမယားပြန်ပေးဖို့ ဖြစ်စေချင် သည်အား၊ သို့သော် ခေတ်ကာလသား





www.burmeseclassic.com

www.burmeseclassic.com

သမီးများက အခက်သား။ မရောင်ရာ ဆီလူးချင်ကြ၏။ အလုပ်တွင် အသိအမြင်၊ သဘောတရားလေ့လာရန်ထက် သူများဝတ်၊ဝတ်ခြင်း၊ သူများစား၊စားခြင်းကိုသာ တုပ၍ ဘဝမေ့နေကြလေလားမသိ။ မတန်မရာတွေဝတ်လား၊ဝတ်ရဲ့၊ စားလားစားရဲ့။ ဘဝအတွက် တန်ဖိုးရှိမည့် လုပ်ငန်းပညာရပ်များ လေ့လာဆည်းပူးကြိုးစားအားထုတ်မှုတွင် လျော့ရဲ့ရဲ့။ သူတို့တစ်တွေ အတုခိုးမှားနေခဲ့ကြသည်။ အဓိကနှင့် သာမည ခွဲခြားနိုင်စွမ်းမရှိသူတွေဖြစ်၍ တော်ရုံတန်ရုံမပြောချင်တော့ပေ။ လုပ်ငန်းထိခိုက်လောက်မည့်ကိစ္စမှတစ်ပါး သူတို့ကိုမဟန့်တား မပိတ်ပင်။ သူဖြတ်သန်းလာခဲ့ရသောဘဝလမ်းနှင့်တခြားစီ။ ကိုသန်းအလုပ်သမားဖြစ်စဉ်က ဆရာ့စကားကိုမြေဝယ်မကျ တစ်သဝေမတိမ်း နားထောင်ခဲ့ရသည်။ ဆရာ့ပညာကို အရအမိ မျက်စိ (အကြည့်) ဖြင့်ပင် ယူခဲ့ရ၏။

"အောက်အရပ်ဒေသမှာက ပန်းကနုတ်ဖော်ချင်ရင် လိုရာမှာပုံပြီး ထွင်းထုတ်လိုက်ဖြစ်တာ။ အပေါင်းနည်းလို့ခေါ်တယ်။ အထက်အရပ်ကျပြန်တော့ တစ်ပြင်လုံးထဲကထွင်းထုတ်လိုက်ဖြစ်တာ အနုတ်နည်းလို့ပြောရမှာပေါ့။ အားလုံးတတ်ထားသင့်တယ်ကွယ့်"

ပန်းတော့ပညာသင်ယူစဉ်က နှစ်နည်းစလုံး ကျွမ်းကျင်သဖြင့် လုပ်ငန်းလုပ်သောအခါ သင့်ရာနည်းသုံးခဲ့သည်။ လုပ်ငန်းလည်း တွင်ကျယ်သည်သာမက အသေးစိတ်အမြင်တွင် ပန်းတို့မှာကြွကြွရွရွ။ အလုပ်ကို တလေးတစား သေသေသပ်သပ်လုပ်တတ်သူအတွက် အများလက်ရာနှင့်မတူသော စိတ်ကူးစိတ်သန်း လက်ရာဆန်းများ ပေါ်ထွက်လာသည်ကို ကိုသန်း သဘောပေါက်သွားပါပြီ။ ကျွမ်းကျင်မှုများသည် နှစ်ရှည်အလေ့အကျင့်ကောင်းများမှ ပေါ်ထွက်လာခြင်းပင်။ စိတ်ကူးပုံဖော်မှုတို့မှာ တီထွင်ဉာဏ်၏ သရုပ်သကန်တစ်ခုအဖြစ် အတွေ့အကြုံများမှ ပေါက်ဖွားလာစေသည်။ ကိုသန်း၏ အလုပ်ပေါ်တွင်ထားသည့်စိတ်ဓာတ်မျိုး တပည့်တပန်းတွေမှာ ရှားသဖြင့် ရှိသူတွေသာ တိုးတက်ပြီး တစ်စင်ထောင်ခွင့်ရခဲ့ခြင်းမှာ မဆန်းပါ။ အလုပ်ကိုရိုသေမှ အလုပ်ကလည်း အကျိုးပေးမည်။

"ဟာ - ဟိုနေ့က ကြည့်တဲ့ဗီဒီယိုကားမှာ မင်းသားကအသစ်။ အရင်တစ်ခါမှမကြည့်ဖူးဘူး။ ဒါပေမယ့် သရုပ်ဆောင်တာ ဘယ်ဆိုးလို့လဲ။ ဝတ်စားထားတာလည်း အမိုက်စားထဲကနော်"

"ငါတော့ ဒီနေ့ရိုက်နေတဲ့ကားတွေသိပ်မတိုးဘူး။ ကိုရီးယားဇာတ်လမ်းတွဲပဲကြိုက်တယ်။ မင်းသမီးတွေက အလန်းလေးတွေကွ"

"တို့ကတော့ အင်လိပ်အက်ရှင်ကားဆို လာထား၊ မလွတ်စေရဘူး။ တကယ့်သည်းထိတ်ရင်ဖိုစရာ၊ ယုတ္တိလည်းရှိတယ်လေ"

"ဟေ့ကောင်တွေ မင်းတို့ရုပ်ရှင်အကြောင်းဆွေးနွေးရင် တခြားသွား။ ငါနေ့တွက်မပေးနိုင်ဘူး။ သဲကျုံး၊ အုတ်သယ်၊ မဆလာသယ်ဖို့ခေါ် ထားမမေ့နဲ့။ ထွီ-ဘယ်လိုကောင်စားတွေလဲမသိဘူး"

ဒေါသဖြင့် ကိုသန်း မာန်သံကြားမှ အသံဆိတ်သွားသည်က ထုံးစံ။

❐

"ဆရာ ဒီနေ့ ဘာဝယ်ခဲ့ရမလဲ"

"တစ်နေ့က ဝက်သား၊ မနေ့က ကြက်သား၊ ဒီနေ့တော့ ငါးပဲ ဝယ်လာကွာ။ငါးပိရှိသေးတယ်မဟုတ်လား။ ငါးပိဖျော်ပြီး အတို့ကောင်းကောင်းတို့ရင် ထမင်းမြိန်ပြီပေါ့။ ငါးရည်ချိုလေးချက်မယ်"

ကိုသန်း (ဆရာသန်း) စကားသံကြောင့် ဈေးဝယ်လိုက်မည့် လူငယ်နှခေါင်းရှုံ့သွားသည်ကို တစ်စွန်းတစ်စမြင်လိုက်မိသည်။

"ဖိုးသံ၊ မှာတာပဲဝယ်နော်။ အတတ်ဆန်းလာရင် ကိုယ့်ဟာကိုယ်ရှင်းရမယ်။ နက်ဖြန်ဆို တို့စခန်းသိမ်းပြန်ရမယ့်နေ့"

ကိုသန်းကမှာကြားပြီး အလုပ်ခွင်ထဲပြန်ဝင်သွားသည်။ ဈေးဝယ်သူနှစ်ဦး အနက် ခပ်ကြီးကြီးလူမှာ ဘာမှမပြော။ ကိုသန်းက ငါးခြောက်ဆို ဆီဆမ်းပြီးသား တပည့်မျိုးပေကိုး။ ငယ်ငယ်တစ်ကောင်ကသာ မကျေမနပ်။ ပါးစပ်က ပွစိပွစိနှင့် ဈေးလိုက်သွားခဲ့၏။ သူ့စိတ်က မကြည်မသာ။

"ဆရာသန်းကလည်း တစ်ခါလာငါး၊ တစ်ခါလာငါးနဲ့ လူတွေရေထဲကကိုမတက်ရဘူး။ လွန်တယ်ဗျာ"

"မင်းအဘရှိတုန်းက မပြောဘဲခုမှ လာညောင်မနေနဲ့ စံမြ"

"ပြောလည်းဝယ်မှာမှမဟုတ်ဘဲ။ တကယ့်နှပ်ချော"

"ဟကောင်ရ မနေ့က ကြက်၊

တစ်နေ့က ဝက်၊ ဒါထက်ပဲကောင်းနိုင်ဦးမလား။ မင်းတို့အိမ်မှာဘယ်လိုစားတယ်သာမသိတာ၊ သိပ်ပြီးတော့ ကြေးများတဲ့ကောင်တွေ။ ဆရာဆဲတာနည်းတောင်နည်းသေး"

စံမြပါးစပ်ပိတ်သွားသည်။ အခြားဟင်းစားဝယ်ရန်လည်း ပိုက်ဆံမပါ။ ကိုသန်းက အသုံးစရိတ်အနည်းငယ်ထုတ်ပေးထားသည်မှတစ်ပါး (လုံးဝ) ငွေထုတ်မပေး။ ကြိုတင်ငွေထုတ်ပေးထားတိုင်း ဗိုလ်သုံးသုံးနေသည်များမျက်မြင်။ ပြောနေသည့်ကြားက လွန်ဖြစ်အောင်လွန်ခဲ့သေး၏။

"ဆရာသန်းက အတို့ကောင်းကောင်းဝယ်တဲ့။ ဟိုမှာတည်းသီးကြီးတွေ၊ စေးမယ့်ပုံပဲ ဝယ်လေဗျာ၊ ဝယ်လိုက်ပါ"

တစ်စာစာပြောနေသည့် သူ့စကားကြောင့် သနားစိတ်ဝင်လာပြီး ကိုသံခဲတည်းသီးများဝယ်ခဲ့၏။ ဈေးကလည်းမများလှပါ။ မနက်ပိုင်းထမင်းစားစဉ်က ဆရာတော်ပေးသည့် ကြက်သားဟင်းခွက်မှ တစ်ယောက်တစ်ဖတ်စီစားလိုက်ရသဖြင့် ပြဿနာမရှိ။ ညနေပိုင်းတွင်စားရမည်က ငါးဟင်းသက်သက်။ လူငယ်ပိုင်းသုံးဦး အာသီသပြေနိုင်မည်မထင်။ သူတို့သုံးဦးတီးတိုးတီးတိုးသဖောင်ဖိုးလုပ်နေကြသည်။ သူတို့အမူအရာပျက်နေသည်ကို ကိုသန်းသိသော်လည်းမသိသယောင်။ နေ့လယ်ခေတ္တနားချိန်တွင်ပင် သူတို့မနားနိုင်သေး။ ခြေရှုပ်နေဆဲ။

ကိုသန်းတစ်ရေးအိပ်ပြီး အိပ်ရာထတွင် မုခ်ဦးကို အစသတ်သည်။ ကိုသန်း၏လက်ရာမှာ တစ်မျိုးတစ်ဘာသာဖြစ်ကာ ပကတိကြည့်ကောင်းလှ၏။ ကနုတ်ပန်းများမှာ လှလှပပ။ အလှရှင်များ၏စာတန်းကမ္ပည်းနှင့် ကျောင်းတိုင်၏စာတန်းကမ္ပည်းတို့မှာ ခုံခုံထည်ထည်။ ယိုးဒယားပန်းသဖွယ် အနွယ်အခက်တို့သွယ်ယှက်လျက် အဖောင်းအကြွ အနုစိတ်အလှမှာ သပ်သပ်ရပ်ရပ်။

ဆရာတော်နှင့် ရပ်ရွာလူကြီးများချီးမွမ်းစကားကြောင့် အလှူရှင်များ စိတ်ချမ်းသာစွာ ပီတိဖြာရပါ၏။ လုပ်ပေးသူများအဖို့ နာမည်ကောင်းတစ်ခုပါသော လုပ်ငန်းပြီးဆုံးပြီမို့ အလှူရှင်က ကျန်ငွေများကို ရှင်းလင်းပေးလိုက်သောအခါ ကိုသန်း (ဆရာသန်း) က လုပ်သားများကို အတွက်တျ စာရင်းရှင်းပေးရသည်။ အားလုံးမှာ ပြုံးပြုံးရွှင်ရွှင်



www.burmeseclassic.com

www.burmeseclassic.com

သနေ့ညနေထမင်းဝိုင်းမှာ ဒီရွာတွင် နောက်ဆုံးစားသည့်ထမင်းဝိုင်းသာ ဖြစ်နိုင်မည်။ လုပ်ငန်းပြီးသွားပြီဖြစ်သော ကြောင့် လူတိုင်းကိုယ်စီ လွတ်လပ်ပေါ့ ပါးလျက် ဆရာသန်းတို့ ထမင်းဝိုင်းမှာ ရယ်ရယ်မောမော။

❐

"ဒီနေ့တော့ ဟိုကောင်တွေ ငါး ဟင်းနဲ့ပေမယ့် ထမင်းစားသားကွ"

"သိပ်မချိုးကျူးနဲ့ဆရာရေ့။ ဒီ ကောင်တွေ ဘာဥကြော်လဲ မသိဘူး ရထားလို့ ငြိမ်နေတာ။ ငါးဟင်းကြောင့် မဟုတ်ဘူးဗျ"

"ဘယ်လို၊ ဘာဥကြော်လဲမသိဘူး ဟုတ်လား။ ဘဲဥကြော် ဒါမှမဟုတ် ကြက်ဥကြော်တစ်ခုခုပဲပေါ့"

"မဟုတ်ဘူး၊ ဈေးကအပြန် နောက်ဖေးသွားချင်လို့ တောထဲဝင် အထိုင်မှာ တွေ့လာတာဆိုပဲ။ ဆရာအိပ် နေတော့ ဆွမ်းစားဆောင်သွားပြီး ဒီက ဆီနဲ့ကြော်လာတယ်ပြောတာပဲ"

"ရှာရှာဖွေဖွေဘာတွေများလုပ် လာပြန်တာလဲ။ သွားစမ်း စံမြကို တိုးတိုး ခေါ်ခဲ့။ အဲဒီအကြော်ပန်းကန်လည်း ယူ လာလို့ပြော"

စံမြက အကြော်ပန်းကန်ကိုင်ပြီး ပါလာသည်။ သူ့မျက်လုံးက ပုတ်ခတ် ပုတ်ခတ်။ သူ့ပုံစံက ဘာအမိပွာယ်မှန်း မသိဘဲ လိုက်လာရသည့်ဟန်ပန်။

"ဟေ့ကောင်၊ ဘာဥတွေကြော် ထားတာလဲ"

"တောကြက်ဥတွေ ထင်တာပဲ ဆရာရဲ့။ ဘာဖြစ်လို့လဲ"

"ဘာဖြစ်လို့မှမဟုတ်ဘူး။ ဖြစ်မှာ စိုးလို့ကြော်ထားတော့ မသိနိုင်တော့ဘူး။ ကျန်တွေရှိသေးလား"

"မရှိတော့ဘူး၊ ကျောင်းနောက်က ချိုင့်ထဲလွှင့်ပစ်လိုက်ပြီ"

"အေး -ကြက်ဥဆို ပြဿနာမရှိ ဘူး။ တခြားဥတွေဖြစ်မှာစိုးလို့။ မင်းတို့ အစားသရမ်းတာ အရေးမကြီးဘူး။ ငါ နာမည်ပျက်မယ်။ ကဲ - သွားတော့၊ စား ထားတာပဲ ကုန်ခါနီးပြီ၊ ဆက်စားပေါ့"

စံမြ ပန်းကန်ကိုင်ပြီး ထွက်သွား သည်။ သူ့အမူအရာက မထုံတက်သေး။

ထိုနေ့ တစ်ညနေလုံး ကျောင်းရှေ့ မြို့တန်းပေါ်တွင် ကိုသန်းတစ်ယောက် ဆေးလိပ်သောက်ရင်း အတွေးနယ်ချဲ့နေ မိသည်။ စံမြတွေ့လာတာ ကြက်ဥမှ ဟုတ်ပါလေစ။ မြွေဥစားမိသူတွေကို အပြီးအတေးကြီးသည့် ငန်းပုပ်လို၊ တော ကြီးမြွေဟောက်လိုမျိုးက အနံ့ခံလိုက် လာပြီး လက်စားချေပေါက်သတ်သည့် ပုံပြင်လို၊ ဝတ္ထုဇာတ်လမ်းလို အကြောင်း အရာတွေမှာ ကြားခဲ့ဖူးပေါင်းများပေပြီ။ စံမြတို့စားတာ မြွေဥများပေလား။ မြွေဥ ဆို စံမြတို့ဒုက္ခလှလှတွေ့ပေတော့မည်။ ဒါဆို သူ့တာဝန်မကင်း။ သူတစ်ပါးသား သမီး နယ်ခေါ်လာရသည်က မလွယ်။ လုပ်သမျှဒက် သူခံရမည်မှာ မလွဲသေ ချာ။ အနေအစားကြောင့် ပြဿနာရှိ သည်ဖြစ်စေ၊ သူ့အကြောင်းနှင့်သူပင် ဖြစ်စေဦးတော့ အားလုံးမှာ သူ့တာဝန်။

ကိုသန်း စောစောစီးစီး ဘုရားရှိခိုး ပြီး ပရိတ်ကြီး (၁၁) သုတ်ကို ရွတ်သည်။ စိုးရိမ်စိတ်ကြောင့် ခန္ဓသုတ်ကို အခါခါ ရွတ်မိပါ၏။ ဘုရားမှတစ်ပါး ကိုးကွယ် ရာမရှိပါ။

ကိုသန်းက သံယာစင်အမြင့်လေး ပေါ် တစ်ဦးတည်းအိပ်၍ တပည့်များက အနိမ့်ပျဉ်ခင်းပေါ်တွင် အိပ်ကြသည်။ အားလုံးအတွက် အောက်ခံခင်းရန် နီးကြောဖျာနှင့် အပေါ်မှခင်းရန် သင်ဖြူး ဖျာများကို ကျောင်းမှပေးထားပြီးသား။ ကိုသန်းက အပေါ်စီးမှ တပည့်တို့ကို အထင်အရှားမြင်နေရသည်။ သူ့ရင်ထဲမှ စိုးရိမ်ပူပန်စိတ်ကို တစ်ဦးတစ်ယောက်မျှ အသိမပေး။ သူနှင့်နီးစပ်ရာတွင် မျဉ်း လုပ်သည့် သစ်ချောင်းတိုတို့မှလွဲ၍ အခြားလက်နက်လုံးဝမရှိပါလေ။ ဘုရား ဖက်ရမည်မှတစ်ပါး အခြားအားကိုးစရာ မမြင်။ တစ်ခါတစ်ခါတော့ စစ်မရောက် မီက ကြောက်ဒူးတုန်မိသည့် မိမိအဖြစ် မှာ ရှက်စရာဟု တွေးမိသည်။ တပည့် တွေ တခေါခေါဟောက်အိပ်နေသည့် တိုင် ကိုသန်း မအိပ်နိုင်သေး။ ဘယ်လူ ညာလို့မှဖြင့် အတွေးပေါင်းစုံကြောင့် အိပ်မပျော်။ အတွေးများက ဟိုရောက် ဒီရောက်ပရမ်းပတာ။ 'လှံဖျား ပုစဉ်းနား၊ ကျီးကန်းက ချေးပါ' ဆိုတာမျိုးလို အစိုးရိမ်ကြီးလွန်းသည့် သူ့ကိုယ်ကို မကျေနပ်။

ညဥ့်နက်စပြုလာ၏။ မှေးငိုက်ချင် စိတ်ဝင်လာသဖြင့် အတင်းမျက်စိမှိတ်ထား ရသည်မှာ တစ်ဒုက္ခ။

စူးစူးဝါးဝါးခွေးဟောင်သံတစ်ရပ် ထွက်လာပြီး ပျောက်သွားပြန်သည်။ ဟော-ဇရပ်လှေကားဆီမှအသံတစ်သံ။ အသံက တိုးညင်းလွန်းသည်။ နားစွင့် နိုင်မှ ကြားရုံသာသာ။ လှေကားအတက် ဝင်းဝင်းပပ လရောက်အောက်တွင် မြွေ တစ်ကောင်။ ဒိုင်းခနဲနှလုံးသားခုန်ထွက် လာသကဲ့သို့ ခံစားသွားရ၏။ နှလုံးသွေး ခုန်သံက တဒုန်းဒုန်းမြည်ဟည်းလာ သည်။ သေမင်းကား လက်တစ်ကမ်း သာသာ။ မြွေက တစ်ချက်တစ်ချက် ခေါင်းထောင်ပြီး ဟိုကြည့်သည်ကြည့်။ အနံ့ခံနေလေသလားမသိ။ တဖြည်း ဖြည်းနီးလာခဲ့သည်။

တန်းစီအိပ်နေသူများတွင် ခြင် ထောင်မရှိ။ ကိုသန်း သစ်ချောင်းတစ် ချောင်းကို တင်းတင်းရင်းရင်း ဆုပ်ထား မိ၏။ မြွေကအန္တရာယ်ပေးလျှင် သစ် သားချောင်းလွှဲပစ်လိုက်ရန်အသင့်။ မြွေ က တရွေ့ရွေ့ကပ်လာပေပြီ။ မြွေဥစား သူ သုံးယောက်မှာ ခြေပစ်လက်ပစ်အိပ် စက်နေသည်။ မြွေက သူတို့အနီးတွင် လည်း မရပ်တန့်သေး။ လူတန်းဆုံးသွား သည်အထိ ရွေ့လျားနေဆဲ။ မြွေက တစ်ခုခုရှာနေသကဲ့သို့ လာလမ်းတစ် ကြော့ပြန်သွားခဲ့သည်။ လူတွေ၏ ခေါင်း ပိုင်းနှင့် နီးကပ်သည့်အပြင် လှုပ်ရှားမှု လည်း နှေးကွေးသွား၏။ ကိုသန်းမှာ အသက်ပြင်းပြင်းမရှူရဲ။ စူးစိုက်ကြည့် နေသည်မှာ မျက်တောင်ပင်မခတ်မိ။ တွန့်လိမ်သွားနေသောမြွေမှာ ငန်းပုပ်။ ယောကျ်ားကြီး လက်ကောက်ဝတ်ခန့် အလုံးအထည်။ အရှည်မှာ တစ်လံကျော် ကျော်။ ကိုက်လိုက်ပါက မိုးကြိုးပစ် သည့်နှယ် ဆေးမီနိုင်မည် မဟုတ်။

မြွေမှာ ခေါင်းထောင်၍ထောင်၍ ကြည့်နေသည့်တိုင် တိုက်ခိုက်ရမည့်သူ တွေ့ပုံမပေါ်။ တရွေ့ရွေ့ လှေကားမှ ပြန် ဆင်းသွားခဲ့သည်။ ဘာကြောင့်များပါ လိမ့်ဟု အဖြေရှာမိသည်။ နောက်ဆုံး ပိတ် စံမြတို့တစ်တွေကို ကယ်လိုက်သူ အား သိလိုက်ပါပြီ။

သက်ရှိသတ္တဝါ မဟုတ်ပေ။ စံမြ တစာစာပြောလွန်း၍ ဝယ်လာသော တညင်းသီးများပင်။ တညင်းသီး၏ ဆိုး ရွားသောအနံ့များမှာ မြွေဥစားသူအနံ့ ခံရန် ကြီးစွာသော အခက်အခဲပင်။

ထို့ကြောင့် စံမြတို့၏ ကျေးဇူးရှင် မှာ. . .။

သဇ္ဈေ သတ္တာ ကမ္မသကာ

မျိုးသစ်

*(ဦးသန်းမြင့် ပန်းရန်/ပန်းတော့ ပညာရှင်။ တန်းလျားကြီး က်လှ ဟသ်ာ တမြို့ အား အမှတ်တရ)*



www.burmeseclassic.com

www.burmeseclassic.com

ဘအောင်စိန်တို့ရဲ့စကားဝိုင်း -

"ဆရာအစ်ကို - ဘအောင်စိန်၊ ဘသူတော်နဲ့ ကျွန်တော်တို့ရဲ့ ညချမ်းစကားဝိုင်းကို လာခဲ့ပါလား။ အစ်ကိုဆရာအတွက် ရေးစရာဇာတ်လမ်းတွေ ရမှာပါ"

သည်စကားကို ပြောလာသူက တင်လှနိုင်၊ ခင်မောင်ဦးနဲ့ ကိုကိုနိုင်တို့ပါပဲ။ ကျွန်ုပ်က ရိပ်ကွက်လက်ဖက်ရည်ဆိုင်မှာ ထိုင်ခဲ့သည်။ သည်နေ့တော့ အိမ်မှာက ကော်ဖီမစ်ထုပ်တွေကလည်းကုန်နေတာရယ်၊ အပြောင်းအလဲလေးဖြစ်အောင် လက်ဖက်ရည်သောက်ချင်တာရယ်ကြောင့် မနက်စောစော ဆောင်ရွက်နေကျ ဘုရားရှိခိုး၊ ပရိတ်ရွတ်ပူဇော်၊ မေတ္တာပို့၊ အမျှအတန်းဝေပြီး ဒေါ်ဝတုတ်လက်ဖက်ရည်ဆိုင်ကိုထွက်လာပါတယ်။ သည်မှာ သည်ကလေးသုံးယောက်နဲ့ ဆုံကြတာပါ။ ခဏကြာတော့ အလုပ်အကိုင်ကြီးသမားတွေ ဖြစ်ကြတဲ့ ဘအောင်စိန်နဲ့ ဘသူတော်တို့ရောက်လာကြပါတယ်။

"ဟာ - မလာစဖူး အလာထူးတဲ့ တို့ရွာက စာရေးဆရာလည်း ရောက်နေတာကိုးကွ။ ဟေ့ကောင် သုံးကောင်၊ မင်းတို့ဆရာကို တို့စကားဝိုင်းကို ဖိတ်လိုက်ကြလေကွာ။ ဒါမှ သူ့အတွက် ရေးကွက်ရမှာပေါ့"

"အခုပဲ သည်အကြောင်းပြောခ[နေ]ပါတယ် ဘအောင်စိန်၊ အစ်ကိုဆရာကို[လာ]ဖို့ကို။ ဘယ်လိုလဲ အစ်ကိုဆရာ၊ [လာ]ခဲ့ပါဗျာနော်"

"ဟုတ်သားပဲ ဆရာရဲ့။ အိမ်မှာ တစ်ယောက်တည်း မပျင်းဘူးလား။ သည်ညတော့လာခဲ့ဗျာ။ မောင်အောင်စိန်ပြောသလို ရေးကွက်ရမှာပါကွ"





www.burmeseclassic.com

www.burmeseclassic.com

ဘသူတော်ကပါ တိုက်တွန်းနေ၍ သည်သတော့ သွားမယ်လေလို့ ခေါင်း ညိတ်ပြလိုက်ရပါတယ်။

"အဘတို့နဲ့ အစ်ကိုဆရာတို့ ချင်တာမှာစားကြပါ။ သည်ဝိုင်းကို ကျွန်တော်ရှင်းပေးမှာနော်။ အစ်ကိုက ညွှန်ပေးလိုက်လို့ဗျ"

မောင်တင်လှနိုင်က ဒကာခံမည် ဆို၍ ဘအောင်စိန်နှင့် ဘသူတော်တို့ စောင်းတာတွေ မှာကြမါတော့ တယ်။ သည်အချိန်မှာပဲ ကိုသိဒ္ဓိဝင်ဆိုတဲ့ ထူး ဆိုင်ကယ်လေးနဲ့ ရောက်လာ ပါတယ်။

"ဟော့ကောင်တွေ - တို့တွေ ည ဘက်ဆုံတဲ့နေရာကတော့ရှိပြီ၊ နေ့ဘက် ခံမယ့်နေရာရှာကြရအောင်။ ဒါမှ တို့ မ်တ် မောင်းချမှာကွ။ ဦးသူတော်ကို တော့ ဆရာတော်က မောင်းချမှာကွ"

"မငှမောင်းပါဘူး သရဲရာ။ ကြိမ် လုံးပြူးနဲ့ပဲဆော်မှာ"

လူကြီးနှစ်ယောက်က တဟား ဟားနှင့် သောက်ရင်းစားရင်း ပျော်နေ ကြတယ်။ ဖိုးတာခေါ် ခင်မောင်ဦးက တော့ လူကြီးနှစ်ဦးရဲ့ ဟာသစကားထဲကို ဝင်နိုင်ဘဲ ပန်းရောင်းနေတဲ့ ကိုကိုနိုင့် အစ်မဆီကိုသာ မျက်လုံးနှစ်လုံးက ရောက်နေတော့တယ်။

"ဪ-ဒီကောင်ရောဂါကလည်း မသေးပါလား။ ဟော့ကောင် ဖိုးတာ၊ မင်း ရောဂါကို ကုဦးလေကွာ။ စောင့်ကြည့် နေလို့ ဇက်ကြီးပဲလိမ်သွားမှာပေါ့ ဟော့ ကောင်ရာ"

ဘသူတော်က ဖိုးတာကို နောက် လိုက်ပါတယ်။

"ဒါပေါ့ ဘသူတော်ရယ်။ ခြေ အေးဝမ်းရောင်၊ ထရံ့ခွာသံစူး၊ ခွေး ဟောင် ပြန့်ပြေး၊ ချောင်းကြည့် ပြုံးပြန် ဆိုတာလေ"

"ဪ - ကိုနိုင်ကလည်း၊ သူ့ ယောက်ဖလောင်းကြီးကို ဘွဲ့ထူးတွေ ပေးလိုက်တာ တသီကြီးပါလားကွ။ နောက်ထပ်ပေးဖို့ရှိသေးလား ကိုနိုင်"

"နောက်ပေးမယ့် ဥပဓာတွေက ရိုင်းလို့မပေးတော့ပါဘူးဘရယ် ဟဲဟဲ"

ဖိုးတာက ကိုကိုနိုင့်ကို မျက်စောင်း ထိုးပြီးကြည့်လိုက်ပါတယ်။ ဘာမှတော့ မပြော။ ပါးစပ်ကတော့ ပွစိပွစိနဲ့ ဆီမန်း မန်းနေပါတယ်။

"ဟေ့- သရဲ မင်းကို ငါမေးမယ် မေးမယ်နဲ့မေ့မေ့နေလို့ကွ။ ဟိုတစ်လော မင်း အိမ်လာတုန်းက ဘရှစ်လုံးဂါထာကို အင်းချနေတာလေကွာ"

(ဤဝတ္ထုဆောင်းပါးကို ၂၀၀၈ ခု၊ ဧပြီလထုတ် ဂမ္ဘီရမဂ္ဂဇင်းကြီးတွင် 'တစ်ပွဲ စား ဘအောင်စိန်နှင့် ထူးခြားသည့် ဘရှစ်လုံးဂါထာ' တွင် ဖတ်ကြည့်ပါ။)

"နည်းနည်းပါးပါး လုပ်တာပါ ဦးသူတော်ရယ်။ သိပ်အတတ်ကြီးလည်း မဟုတ်ပါဘူးဗျာ"

"မင်းလျှို့မထားပါနဲ့ကွာ။ အင်းချ ပုံအင်းချနည်းလေး ပြောပြစမ်းပါ။ ငါ သိချင်လို့ပါ သရဲရာ"

"တစ်ထိုင်တည်းပြောလို့မလွယ် ဘူးဗျာ"

"မင်းက ဈေးကိုင်နေပြန်ပြီ သရဲ ရာ"

"တော့်-ကိုအောင်စိန် ပြန်ကြစို့။ ဒီမှာဈေးဝယ်လို့ပြီးပြီ"

"တဲ - ကြားလား ဦးသူတော်၊ မဟေသီမွန်မလေး အသံဝဲဝဲနဲ့ခေါ်နေပြီ ဗျ။ သူခေါ်ရင် ချက်ချင်းထလိုက်မှ၊ လှည့်နေရင် ညစာငတ်နေမယ် ဦးသူ တော်ရေ။ ညမှပြောကြတာပေါ့ဗျာ"

"ဒါပေါ့ကွ။ အပြောကောင်း မိန်းမ ဖျက်ဆိုတာ တောက်. . ."

"ဘာတောက်ခေါက်တာလဲ ဦးသူ တော်ကြီး။ အပြောကောင်း မိန်းမဖျက် ဆိုတာ ဟုတ်လား။ ရှင်ကြီးက မိန်းမမရှိ မိသားစုမရှိတော့ မိသားစုအရေးဘာသိ မှာလဲတော့"

ဘအောင်စိန်မိန်းမ မိခင်ရီရဲ့ အသံစာစာကို ကြားလိုက်ရတော့ ဘသူ တော် ဇက်ပုသွားတော့တယ်။

"ဘသူတော်၊ ပြန်ပြောလေဗျာ။ ဘာလို့ငုံခံနေရတာလဲ"

"ငါပြောရင် စားအိမ်တစ်အိမ် လျှော့သွားမှာပေါ့ကွ ဟီး. . . ဟီး"

ဘသူတော်စကားကြောင့် ကျွန်ုပ် တို့လည်း ထပြန်ရန်ပြင်ရတော့တယ်။

"အစ်ကိုဆရာ၊ ညနေမမေ့နဲ့နော်။ ကျွန်တော်လာခေါ် ရမလား"

"အစ်ကိုဘာသာအစ်ကိုလာခဲ့ပါ့ မယ် ညီလေးတင်လှနိုင်ရယ်။ သွားမယ် နော်"

**အင်းအကြောင်းတစေ့တစောင်း**

ဘအောင်စိန်တို့ စကားဝိုင်းလေး ဟာ ပျော်ရွှင်ကြည်နူးစရာကောင်းတာ






www.burmeseclassic.com

www.burmeseclassic.com

ကို ကျွန်ုပ်တွေ့ရပါတယ်။ ကျွန်ုပ်အဘိုးရွှေလေးအိမ်ကို ရောက်သွားတော့ လူစုံရှိနေကြပြီ။ အကျွေးအမွေးကလည်း စုံနေသည်။ ကြုံတဲ့သူက ဝယ်လာပြီး ကျွေးမွေးစားသောက်ကြနဲ့။ ကနေ့ညပိုင်းတော့ မောင်တင်လှနိုင်ကလည်း ကော်ဖီမစ်နဲ့ ကိတ်ခြောက်၊ ကိုသိဒ္ဓိဝင်ဆိုတဲ့လူကလည်း ကိတ်မုန့်ထုပ်တွေနဲ့ ကျွန်ုပ်ကိုမြင်တော့ အားလုံးက ဖော်ရွေစွာ ခေါ်ကြပါတယ်။

"ဟာ - ဆရာအစ်ကိုတောင် ရောက်လာပြီ။ လာ အစ်ကို၊ ထိုင်ပါ"

မောင်တင်လှနိုင်ရဲ့ နှုတ်ဆက်စကား။

"စာရေးဆရာ၊ နောက် တို့ဝိုင်းကို မလာဘဲမနေနိုင်တော့ဘဲဖြစ်နေဦးမယ်"

ဘအောင်စိန်ရဲ့ နောက်တောက်တောက်စကားတို့နဲ့ ကျွန်ုပ်ကို ကြိုဆိုကြပါတယ်။ ကျွန်ုပ်က ဘသူတော်ဘေးတွင် ဝင်ထိုင်လိုက်ရပါတယ်။

"ကိုတင်လှနိုင်၊ နှင်းရေချိုးလိုက်ဦးမယ်နော်။ ရေနွေးအိုးတည်ထားတယ်။ ဆူရင် ဓာတ်ဘူးထဲထည့်လိုက်နော်"

ဆရာမနှင်းနှင်းရည်က မျက်နှာသုတ်ပဝါခြုံပြီး ရေတွင်းကို ထွက်သွားတယ်။ ကျွန်ုပ် စဉ်းစားမိတယ်လေ။ မောင်တင်လှနိုင်နဲ့ နှင်းနှင်းရည်တို့ စကားပြောပုံ၊ ကြည့်ပုံတွေက တစ်ဦးနဲ့တစ်ဦး သံယောဇဉ်ရှိနေပုံရပါတယ်။ တင်လှနိုင်က မလုံမလဲပုံနှင့် နောက်ဖေးကိုထွက်သွားတော့တယ်။ ခဏကြာတော့ ဓာတ်ဘူးနှစ်ဦးထဲ ရေနွေးထည့်လာပြီး လာချပေးလေတယ်။ ဘသူတော်၊ ဘအောင်စိန်တို့က ပန်းကန်လုံးထဲကို ကော်ဖီမစ်ဖောက်ထည့်ပြီး ရေနွေးထပ်ထည့်ကာ မွှေနေကြတယ်။

"ဟော့ - စာရေးဆရာ၊ ကိုယ့်ဟာကိုယ်ဖျော်သောက်နော်၊ အားမနာနဲ့။ မုန့်လည်းယူစား"

ဘအောင်စိန်က မုန့်စားလိုက်၊ ကော်ဖီမစ်သောက်လိုက်နဲ့ အလုပ်ရှုပ်နေတယ်။ ကျွန်ုပ်လည်း သူတို့စိတ်ကောင်းရန် ကော်ဖီမစ်တစ်ထုပ်ဖျော်လိုက်ရတယ်။

"ဟော့ကောင် သိဒ္ဓိဝင်၊ အဘိုးရွှေလေးတို့ ထမင်းစားနေတယ်ကွ။ ထွက်လာမှ ကန်တော့ပေါ့ မောင်ရာ"

တစ်အောင့်ကြာတော့ ဘိုးရွှေလေး ထမင်းစားပြီးသွား၍ထွက်လာပြီး ရေနွေးလာသောက်တော့ သိဒ္ဓိဝင်က သူ ကိတ်မုန့်နဲ့ ကန်တော့ချင်လို့ဆိုပြီး ဘိုးရွှေလေးကို အားလုံးကန်တော့ကြပါတယ်။

ဘိုးရွှေလေးကလည်း တသီကြီးဆုပေးပြီး ဘုရားရှိခိုးဦးမယ်ဆိုကာ အပေါ်ထပ်ကို တက်သွားလေတယ်။

"ဘအောင်စိန်၊ ခင်ဗျား အင်းစမအကြောင်းကို ပြောပြပါတော့ဗျာ"

"ဟုတ်တယ် သရဲရ၊ စောစောပြောစောစောနားထောင်ရတာပေါ့ကွာ"

ဘအောင်စိန်က ဆေးလိပ်ဖွာနေတာကိုရပ်ပြီး စကားစလာပါတယ်။

"ကော်ဖီမစ်၊ ကိတ်မုန့်တွေရဲ့ မျက်နှာကိုထောက်ပြီး ပြောပြတော့မယ်။ သည်လိုကွ။

**ကဗ္ဗိယာပါဒေါ၊ ကဗ္ဗိပါဒေါ**

ကဗ္ဗိယာ - လိုအပ်သော အကျိုးပြီးခြင်း၏၊ ပါဒေါ - အကြောင်းတည်း။ ကဗ္ဗိပါဒေါ - လိုအပ်သောအကျိုး ပြီးစီးခြင်းတည်းလို့ ရှေးပညာရှိများက ဆိုကြတယ်ဗျ။

အင်းချခြင်း၊ မန္တန်စိပ်ခြင်း (ရွတ်ခြင်း)၊ လက်ဖွဲ့ထိုးခြင်းတို့ စတဲ့ လောကီအစီအရင်တို့ဟာ ဘုရားမပွင့်မီ လက်ထက်ကတည်းကရှိနေကြပါတယ်။ ကျုပ်တို့မြန်မာနိုင်ငံမှာလည်း လောကီပညာတွေကို တွင်တွင်ကျယ်ကျယ် အသုံးပြုလာတဲ့ ပုဂ္ဂိုလ်ထူးလေးပါးရှိခဲ့တယ်။ မြန်မာနှစ် ၈၀၀ ကျော်၊ ၉၀၀ ပြည့်နှစ်ပတ်ဝန်းကျင်တုန်းက မြန်မာနိုင်ငံမှာ ဗားလေးပါးအမည်နဲ့ ဆရာတော်ကြီးလေးပါးရှိခဲ့တယ်ဗျ။

သည်ဆရာတော်တွေက ဗားမဲ့ဆရာတော်၊ ဗားမြိုက်ဆရာတော်၊ ဗားတမွတ်ဆရာတော်နဲ့ ဗားတမော့ဆရာတော်ကြီးတို့ပါပဲ။ သည်ဆရာတော်ကြီးတွေနောက်ပိုင်း မတစ်လုံးကြေ ခင်ကြီးဖျော်ဆရာတော်ကြီးလည်း ရှိပါသေးတယ်။

သည်ဗားဆရာတော်လေးပါးထဲက ဗားမဲ့ဆရာတော်သာ နာမည်ထွက်ပြီး ကျန်သုံးပါးက မထင်ပေါ်ရှာဘူး။ ဗားမဲ့ဆရာတော် လက်ထက်ကစပြီး အင်းချတာ၊ မန္တန်စိပ်တာ၊ လက်ဖွဲ့ထိုးတဲ့ အစီအရင်တွေ တွင်တွင်ကျယ်ကျယ် အသုံးပြုခဲ့ကြတာတွေ တွေ့ရတယ်။

ညောင်ရမ်းမြို့စား မောင်သစ္စာခေါ် မင်းရဲနန္ဒမိတ်က ဗားမဲ့ဆရာတော်ကို ကိုးကွယ်ခဲ့လို့ ညောင်ရမ်းခေတ်ကို ထူထောင်နိုင်ပြီး ညောင်ရမ်းမင်းတရားကြီးအဖြစ် ထင်ပေါ်ခဲ့တယ်ဗျ။ ဗားမဲ့ဆရာတော်ကြီးရဲ့ လက်ရင်းတပည့် မတစ်လုံးကြေ ဆရာတော် ခင်ကြီးဖျော်လက်ထက်ကစပြီး ဝိဇ္ဇာယနပညာကို တွင်တွင်ကျယ်ကျယ် အသုံးပြုလာကြ

တာ သည်နေ့တိုင်ပါပဲ။

နည်းစနစ်မှန်ကန်ရင် တကယ်ထိရောက်အကျိုးပြုတဲ့ ပညာပါ။ နည်းစနစ်မမှန်လို့ကတော့ စက္ကူဟာ စက္ကူ၊ ငွေပြားဟာ ငွေပြားပါပဲ။ စည်းတင်ခုံ တစ်ခုဖောက်ရင်လည်း အင်းကန်းတာ တို့၊ အင်းကျိုးတာတို့ ဖြစ်တတ်တယ်။ သည်အင်းကန်း၊ အင်းကျိုး၊ အင်းပေါက်ရင်တော့ လူကိုတောင် ဒုက္ခပေးနိုင်တယ် ဦးသူတော်ရေ"

"အင်းကွက်ချမယ်ကွာ၊ အကွက ဗျည်းတွေထည့်မယ်ကွာ။ သည်အတိုင်း သွင်းလို့မရဘူးလား သရဲရ"

"မရဘူး ဦးသူတော်၊ စည်းစနစ် ဘောင်တွေရှိပါတယ်။ ဗားမဲ့ဆရာတေ ကြီးရဲ့ ဥပနိဿယအတိုင်း အင်းချခြ မန္တန်စိပ်ခြင်းတို့ပြုလုပ်တော့မယ်ဆို ညွှန်ကြားချက်အတိုင်း လုပ်ကိုင်ရမ ဗျ။

- အင်းချခြင်း၊ မန္တန်စိပ်ခြင်း၊ လ ဖွဲ့ထိုးခြင်း စတဲ့ လောကီအစီအရင် ကို စီရင်တဲ့အခါမှာ ကမ္မဋ္ဌာန်းတရား အားထုတ်တဲ့ ယောဂီပုဂ္ဂိုလ်တို့လို ကိုယ်ကို သန့်ရှင်းစင်ကြယ်စေပြီး သ ဖြန့်တဲ့ အဝတ်အစားတို့ကို ဝတ်ဆင် ဆိတ်ငြိမ်တဲ့ သမာဓိရမယ့်နေရာမှာ ပြီး မိမိဆောင်ရွက်ရမယ့်ကိစ္စကို ယ ကြည်ကြည် အလေးအမြတ်ထား သဘောသဘာဝအနက်အဓိပ္ပာယ်တို့ သိရှိထားရတယ်။ ရတနာသုံးပါးနဲ့ မိ ဆရာသမားတို့အား ရိုသေစွာရှိခိုး နတ်တို့အား ပူဇော်ပသ မေတ္တာပို့ အ ပေးဝေခြင်း၊ မတရားသောအမှု မပြုခြင်း စတဲ့သစ္စာတရားတို့ကို မြဲ စိတ်ထဲ ရင်ထဲ နှလုံးသားထဲမှာ မြဲ ထားပြီး အစီအရင်ပြုလုပ်တဲ့အခါ အ မကွယ်ရခြင်း။ ဥပမာဗျာ မွန်းမတ သေးရင် စီရင်သူက အရှေ့ဘက်ထ ပြီး အင်းချတာလို၊ လက်ဖွဲ့ပြုလုပ်တာ မပြုလုပ်ရဘူးဗျ။ မွန်းလွဲချိန်ဆို အနောက်ဘက်ကနေပြီး မလုပ်ဆေ ရဘူးတဲ့ဗျ"

"ဟ - မင်းဟာတွေက မလွယ်ပါလားကွ။ စည်းကမ်းတွေ တယ်တင်းကျပ်တာပဲလား သရဲရ"

"ဒီလိုတင်းကျပ်ထားမှလည်း အ ကောင်း၊ လက်ဖွဲ့ကောင်း၊ မန္တန်ကော တွေဖြစ်ပြီး အကျိုးပြုနိုင်မှာပေါ့ နောက်ရှိသေးတယ်၊ အင်းချမယ့်သူ ဆောင်ရမယ့်အင်္ဂါလေးပါးဆိုတာ ရှိသေးတယ်ဗျို့၊ နားထောင်ဦး

(၁) က တစ်စုံတစ်ခုသော



www.burmeseclassic.com

www.burmeseclassic.com

ဒိဋ္ဌိဝင်၍မထားရ။ နံပါတ် (၂) က စကားမပြောရနဲ့ (၃) က မပြီးခင် ထသွားရနဲ့ နောက်ဆုံး (၄) အချက်က အသွားအလာရှုံကို စိတ်မရောက်စေရတို့ပါ ဦးသူတော်နဲ့ သိဒ္ဓိဝင်တို့ရေ။

ဒါတင်လားဆိုတော့ မဟုတ်သေးဘူး။ စနစ်မမှန်ရင် အင်းပေါက်ခြင်း၊ အင်းဆန်သွင်းတဲ့ ဂဏန်းနဲ့ ဗျည်းတို့ အင်းပေါင်ကိုထိခြင်း၊ အက္ခရာဂဏန်း မပီသခြင်းနဲ့ မမှန်ကန်ခြင်း၊ ဂဏန်း ထောင့်မကိုက်ခြင်းနဲ့ အင်းကွက်မညီခြင်း တို့ပဲဗျ"

"ဘအောင်စိန်ရေ အင်းတစ်ကွက် ချဖို့အရေးကမလွယ်ဘူးနော်ဗျာ"

"ဟုတ်တယ် စာရေးဆရာရေ၊ ကြည့်လိုက်တော့သာ လွယ်တယ်ထင်ရတာ လွယ်မလိုနဲ့ ခက်ခဲနက်နဲတဲ့ ပညာပါဗျာ"

"ဟာ - ပညာတစ်ခုတတ်ဖို့ဆိုတာ လွယ်ပါလား၊သရဲရာ"

"အလုပ်ဆိုတာ ဘာများလွယ်တာရှိလို့လဲ ဦးသူတော်ရယ်။ ရေမထမ်းဘူးတဲ့လူတစ်ယောက် ရေထမ်းကြည့်ပါလား၊ တိုယမ်းဒီယမ်းဖြစ်မနေဘူးလားဗျ"

"ဆက်ပြောပါဦး သရဲရာ"

"အင်းပေါက်ခြင်းခုနစ်ပါးက အင်းထောင်ချင်းမထိခြင်း၊ အင်းဘောင်လွန်ခြင်း အင်းချမမှန်ခြင်း၊ အင်းဆန်သွင်းသောဂဏန်းနှင့် ဗျည်းတို့ အင်းဘောင်ကိုထိခြင်း၊ အက္ခရာဂဏန်းမပီသခြင်းနှင့်မမှန်ကန်ခြင်း၊ ဂဏန်းထောင့်မကိုက်ခြင်းနှင့် အင်းကွက်မညီခြင်း။

နောက်အင်းကန်းခြင်းခုနစ်ပါးရှိသေးတယ်။ ဒါတွေက နက္ခတ်မမှန်ခြင်း၊ အသွားမမှန်ခြင်း၊ အက္ခရာဂဏန်းမညီခြင်း အက္ခရာအလှည့်မမှန်ခြင်း၊ ကိုယ်ခံဆောင်မိန်းမ သို့မဟုတ် မသန့်ရှင်းသူတို့တိုင်တွယ်ခြင်း၊ အင်းချသူညစ်ပတ်နေခြင်းနဲ့ ဂါထာမန္တန်မမှန်ခြင်းတို့ဘဲ ဦးသူတော်ရေ။

နောက်ဆုံးအင်းကျိုးခြင်းခုနစ်ပါးကတော့ အင်းစီရင်သည့်အခါ လူနေရာလွဲခြင်း၊ အင်းစီရင်သည့်အခါ စကားပြောခြင်း၊ လူလဲ၍စီရင်ခြင်း၊ စီရင်၍မပြီးမီထ၍သွားခြင်း၊ အင်းအုံပြုတ်ခြင်း၊ တုရန်းလေးမျက်နှာက ဝိုင်းမိအောင်သားမှု၍ အစဉ်အတိုင်းသားခြင်းနဲ့ အင်းဘောင်ရွေ့ခြင်းတို့ပါပဲဗျာ။

မပြီးသေးဘူးရှိသေးတယ်ဗျ။ ဒီနှစ်ဆယ့်တစ်ပါးနဲ့ လွတ်ကင်းသွားပြီဆိုပေမယ့် 'အနုကိုလိုလျှင် ဝင်နက္ခတ်ကြိမ်၍ အမြိတ္တစုတ်လာဘစုတ်ကြိမ်စေပြီး နှစ်ဖက်မြင်လည်း ကြိမ်စေရမယ်'တဲ့ဗျ။

ကာယသိဒ္ဓိကို စီရင်မယ်ဆိုရင်တော့ ထွက်နက္ခတ်ကြိမ်စေ၍ ဥပါဒ်၊ ကာန၊ မိတ္တုတို့နဲ့လည်း ကြိမ်စေပြီး နှစ်ဖက်တမ်းနဲ့လည်း ကြိမ်ပါမှ သိဒ္ဓိဝင်တဲ့အင်း ဖြစ်ပါတယ်။ နောက် အင်းဆန်သွင်းရတဲ့အခါ၊ အင်းဆန်ဂဏန်းသွင်းရတဲ့အခါမှာလည်း ရွတ်ဆိုရမယ့် ဂါထာရှိပါသေးတယ်"

ဘအောင်စိန် မောသွား၍ ခေတ္တနားကာ ရေနွေးငုံ့သောက်နေပြီး ဆေးလိပ်ပါထိုင်ဖွာနေပါတယ်။

ဪော်-အင်းကောင်းတစ်ခု၊ သိဒ္ဓိဝင်တဲ့အင်းဖြစ်ဖို့ဆိုတာ လွယ်လွယ်နဲ့ မရပါလား။ ဒါကြောင့်မို့လည်း သည်ပညာတွေကို ဂမ္ဘီရခက်ခဲနက်နဲတဲ့ ပညာတွေလို့ ဆိုထားတာကိုးလို့ ကျွန်ုပ်က စီးကရက်ဖွာရင်း တွေးနေမိပါတယ်။

"ဗုဒ္ဓေါ - အင်းကောင်းအင်းမြတ်၊ သိဒ္ဓိဝင်တဲ့အင်းရဖို့ မလွယ်ပါလား သရဲရာ"

"ဘယ်လွယ်ပါ့မလဲ ဦးသူတော်ရယ်။ စပြီး အင်းဘောင်ခတ်မယ်ဆိုရင် 'စတုသစ္စ မဟာရဋ္ဌ' လို့ ရွတ်ပြီး အင်းဘောင်ခတ်(ဆွဲ)ရတယ်ဗျ။ အင်းဘောင်ဆွဲပြီးလို့ အင်းဆန်အက္ခရာသွတ်တဲ့အခါမှာ 'အဋ္ဌမဂ္ဂင်္ဂါနိ တိပိဋကတ္တယံ သညံ စေဝ ဘဝသတိ' လို့ တစ်လုံးသွတ်တိုင်း ရွတ်ဆိုရမယ်။ နောက်အင်းဆန် ဂဏန်းရေးသွင်းရင် တစ် - ဖုကမေရုပဗ္ဗတာ၊ နှစ် - ဒွေစန္ဒသူရိယာ၊ သုံး - တေပိဋကမမ္မကန္ဒာ၊ လေး - စတုလောကမဟာဒီပါ၊ ငါး-ပဥ္စသီလသဗ္ဗသော၊ ခြောက်-ဆကာမာဝစရော၊ ခုနစ်-သတ္တမေဝဗောဇ္ဈင်္ဂါ၊ ရှစ် - အဋ္ဌမေဝအရဟန္တာ၊ ကိုး-နဝဗုဒ္ဓဂုဏော ဆိုပြီး ရေးသွင်းရပါတယ်။

နောက် ကိုယ်အသုံးပြုတဲ့အင်း၊ အဆောင်လက်ဖွဲ့တို့ကို မသန့်ရှင်းတဲ့နေရာကိုယူသွားမိပြီဆိုရင် 'ဥုံသနသနမဟာသန၊ သနအပေါင်းထောင်သောင်းမက ကျေဆရာကျေ' ခုနစ်ခေါက်မန်းပြီး သန (မသန့်ရှင်းတာကို) ချပေးရမယ်လို့ ဆရာစဉ်ဆက် မှာခဲ့ကြပါတယ် ဦးသူတော်"

ဘအောင်စိန် မောသွား၍ ကျွန်ုပ်က သိတတ်စွာ စီးကရက်တစ်လိပ်ပေးလိုက်ပါတယ်။ သူကလှမ်းယူပြီး ကျေးဇူးတင်ကြောင်းပြောကာ ရေနွေးငုံ့သောက်နေပြီး ဆေးလိပ်မီးညှိသောက်နေပါတယ်။

"ဒီည သရဲပြောပြတဲ့ အင်းချတဲ့လောကီပညာက တို့အတွက် အတော်လေး ဗဟုသုတရပါရဲ့ကွာ။ ကိုယ်တိုင်လုပ်မယ်ဆိုတော့ မလွယ်ဘူးကွနော်"

"ဟုတ်တယ် ဘသူတော်ရေ၊ ကျွန်တော်တောင် ဘအောင်စိန်ဆိုမှာ သင်မလားလို့ စိတ်ကူးပါသေးတယ်။ ဘအောင်စိန်ပြောပြမှ မလွယ်မှန်းသိလို့ သင်ဖို့တောင်လန့်နေတယ်ဗျာ"

"ဒါနဲ့ သရဲရေ တို့ဘီလူးကျွန်းမှာ လွန်ခဲ့တဲ့နှစ်အဲစိတ်လောက်က ဆံရှည်ကိုယ်တော်ဆိုပြီး ရသေ့လိုလိုပုဂ္ဂိုလ်တစ်ဦးပေါ်ခဲ့သေးတယ်နော်။ သူနဲ့ကော မင်းကြုံဖူးခဲ့လားကွ"

"တွေ့ကြုံဖူးခဲ့တယ်လို့ ဆိုရမလားဘဲ။ အင်းပေါက်သွားတာလား၊ တစ်ခုခုကြောင့်လား။ ဒါမှမဟုတ် ဘိုးတော်လိုင်းဆိုတာကလည်း အထက်က တာဝန်ပေးလို့ပဲလားတော့ မသိနိုင်ဘူးပေါ့ဗျာ။ ထူးတော့ထူးခြားတာကို သိရတယ်ဗျ"

"မင်းသိရင် ပြောပြစမ်းပါ သရဲရာ။ ဟိုစာရေးဆရာလည်း ရေးကွက်ရတာပေါ့။ တို့နဲ့ တင်လှနိုင်တို့လည်း ဗဟုသုတရတာပေါ့ကွာ"

ဘအောင်စိန်က ဆံရှည်ကိုယ်တော်ဆိုသူအကြောင်းကိုမပြောသေးဘဲ စီးကရက်ကို ဖိမ်နဲ့ဖွာနေပြီး ရေနွေးကိုဖြည်းဖြည်းသောက်နေပြီးတော့ ဒူးနှန့်နေလိုက်သေးတယ်။ဘသူတော်ကတော့ ပွစိပွစိနဲ့ ဆီမန်းမန်းနေတာကိုကြည့်ပြီး ဘအောင်စိန်က ငါးခူပြုံးပြုံးနေပြီးမှ ချောင်းရှင်းပြီး ပြောလာပါတော့တယ်။

**ဘအောင်စိန် ကြုံခဲ့ရသော ဆံရှည်ကိုယ်တော်**

"၁၉၈၈ ခုနှစ်လောက်ကဖြစ်မယ်ထင်တယ်ဗျ။ ကျုပ်အိမ်သစ်ပြန်ဆောက်တဲ့နှစ်ပဲ။ လက်သမားဆရာကို ရွာနီးစပ်ချုပ်မှာ ရှာလို့မရတော့ မူးရစ်ကြီးရွာကိုသွားပြီး လက်သမားဆရာသွားရှာရတယ်။ သူကလည်း မအားလို့ ချောင်းဆုံမြို့မှာ အသိလက်သမားတစ်ဦးကို ညွှန်လိုက်လို့ ကျုပ်လည်း ဒီဆရာကို သွားတွေ့ပြီး လက်ဖက်ရည်ဆိုင်ကိုခေါ်ပြီး အလုပ်အကြောင်းပြောရတယ်။

သည်အချိန်မှာပဲ လက်ဖက်ရည်ဆိုင်ရှေ့မှာ ရသေ့လိုလို ဆံပင်ရှည်ရှည် သင်္ကန်းဝတ်ပုဂ္ဂိုလ်တစ်ဦးက ကျွန်ုပ်တို့နှစ်ဦးကို ကြည့်နေတယ်ဗျ။ ကျုပ်က လက်သမားဆရာ ကိုပန်းစိန်ကို လက်ကုတ်ပြီး ပြလိုက်တယ်။

ကိုပန်းစိန်က လှည့်ကြည့်လိုက်ပြီး ရှာနေတာနဲ့ အတော်ပဲလို့ဆိုပြီး သည်



www.burmeseclassic.com

www.burmeseclassic.com

ပုဂ္ဂိုလ်ကို ရှိရှိသေသေ သွားခေါ်လာပြီး ကျုပ်တို့ဝိုင်းမှာထိုင်စေပြီး လက်ဖက်ရည်နဲ့ မုန့်တို့ကို ရှိရှိသေသေ ဆက်ကပ်လှူတယ်ဗျ။

'ဆရာတော်ကို တပည့်တော်ရှာနေတာ ကြာပါပြီဘုရား၊ အခုမှတွေ့ရတာပါ။ စိတ်ကြိုက်ဘုဉ်းပေးတော်မူပါဘုရား'

'အင်း အင်း - ဘုဉ်းမယ်၊ ဘုဉ်းမယ် အဝကိုဘုဉ်းမှာ'

ဆံရှည်ကိုယ်တော်က တအင်းအင်းနဲ့ ပြောလည်းပြော၊ ဘုဉ်းလည်းဘုဉ်းနေတာဗျ။ စားလို့ဝတော့ ဆရာကိုပန်းစိန်ကို စကားဆန်းတစ်ခွန်းပြောပြီးထသွားပါရော။

'ခြေလေးချောင်းနဲ့ အလယ်မှာ အပေါက်ရှိတယ်။ ဒါလုပ် ဒါပဲလုပ်"

ဆံရှည်ကိုယ်တော်ပြောသွားတဲ့ စကားကို ကိုပန်းစိန်ရော ကျုပ်ပါ အဓိပ္ပာယ်ဖော်လို့မရဘဲ နောက်ဆုံး ကျုပ်အိမ်ကိုဆောက်ပေးဖို့ ပြောဆိုပြီး ပြန်ခဲ့ရတယ်။ ကိုပန်းစိန်ကလည်း မနက်ဖြန်မနက် သူ့တပည့်တွေ ခေါ်လာပြီး အလုပ်ဆင်းမယ်ဆိုပြီးနေခဲ့တော့တယ်။ နောက်နေ့ကျတော့ ကိုပန်းစိန် တပည့် (၆) ယောက်နဲ့ ရောက်လာပြီး အိမ်ဟောင်းကို စဖျက်ပါတော့တယ်။

'ကဲ-ကိုပန်းစိန်၊ သစ်ဝယ်ဖို့တွက်ဗျာ။ ကျွန်တော်သစ်သွားဝယ်မယ်'

ကိုပန်းစိန်က ထွက်လာမယ့် သစ်အဟောင်းထဲက သုံးရမှာကို ဖြည့်ပြီး ထွက်ပေးလိုက်လို့ သူတွက်ပေးတဲ့ဆိုဒ်စုံသစ်စာရင်း၊ သံစာရင်းတို့ကိုယူပြီး သူ့ကိုပါ လက်ဖက်ရည်သောက်ဖို့ ခေါ်လာတယ်။ သူနဲ့ လက်ဖက်ရည်ဆိုင်မှာ အိမ်ကိစ္စစကားပြောနေတုန်း ဆံရှည်ကိုယ်တော်ကို သူ့ကလေးတစားဆက်ဆံတာကို သွားသတိရလိုက်ပါတယ်။

'ကိုပန်းစိန်၊ ချောင်းဆုံမှာတွေ့တဲ့ ဆံရှည်ကိုယ်တော်က ထူးတဲ့ပုဂ္ဂိုလ်ပဲ ဖြစ်ရမယ်ဗျနော်။ သူ့ပုံစံကထူးတဲ့ပုံစံမဟုတ်ပေမယ့် အရူးလို့နေတာထူးခြားတယ်ဗျ။ ခင်ဗျားနဲ့ ဘယ်တုန်းကသိကြတာလဲ'

'အခုတော့ အချိန်မရဘူးဗျာ။ ကိုအောင်စိန်ကလည်း သစ်ဝယ်သွားရဦးမယ်။ ကျုပ်ကလည်း အကြမ်းထည်ကို အပြီးဖျက်ရဦးမယ်ဆိုတော့ နောက်နှစ်ရက်လောက်ဆို အားကြပြီ။ သည်တော့မှ ကျွန်တော် အစအဆုံး ပြောပြမယ်ဗျာ ဟုတ်လား'

နောက်သုံးရက်လောက်ကြာမှ အလုပ်ပါးသွားလို့ ဆံရှည်ကိုယ်တော်အကြောင်းကို ပြောပြလာတယ်ဗျို့။

**ထူးခြားတဲ့ဆံရှည်ကိုယ်တော်**

ကိုပန်းစိန်က လက်သမားဆရာ အလုပ်ကို လုပ်ကိုင်သော်လည်း တောသူတောင်သားတို့သဘာဝအတိုင်း အပိုဝင်ငွေလေးများရရန် အားလပ်တဲ့အချိန်များတွင် ဒူးလေးတစ်လက်နဲ့ တောလည်တတ်တယ်။ သည်နေ့တော့ လက်သမားအလုပ်ကလည်းမရှိ၊ အိမ်စျေးဖိုးလည်း ပြတ်နေပြီမို့ ဒူးလေးထမ်းပြီး တောလည်တော့တယ်။

သဝင်တဲ့တောက ဘီလူးကျွန်းကုလားတို့ရွာနဲ့ ကွမ်းသဲရွာကို သွယ်တန်းထားတဲ့ တောင်ညိုတောင်တန်း၊ ထန်းတောင်လက်မောင်းတစ်တောင်၊ ထိုတောင်လက်မောင်းတောင်သည် တောထူပြီး တောဝက်များ ပေါများပါတယ်။ တစ်ခါတစ်ရံ ကုလားတို့ခြံများကို တောဝက်အုပ်ဝင်မွှေဖျက်ဆီးခံရရင် ခြံရှင်တို့ ဆုံးရှုံးနစ်နာကြတယ်။

(ဟိုတစ်ချိန်က သည်လို လူဦးရေက မများသေးလို့ တောဝက်၊ ချေ၊ သမင်တို့ရှိကြတယ်။ အခုအချိန်မှာတော့ လူဦးရေများလာတာကတစ်ကြောင်း၊ တောင်တွေကိုရှင်း၍ ရော်ဘာ၊ ဒူးရင်း၊ မင်းကွတ်စတဲ့ နှစ်ရှည်ပင်များ စိုက်ပျိုးထားလို့ တောတိရစ္ဆာန်များမရှိသလောက် ဖြစ်သွားပါပြီ။)

ကိုပန်းစိန် တောဝက်ရှာရင်း တောတိုးလာရာ တဖြည်းဖြည်းနဲ့ တောက နက်သထက်နက်လာတယ်။ တောဝက်ကလည်း မတွေ့သေး၊ လမ်းကလည်း ပျောက်နေ၊ ရေကလည်း ငတ်၊ ဆာလည်း ဆာလာတော့တယ်။ ပတ်ထားတဲ့နာရီကို ကြည့်လိုက်တော့ တစ်နာရီထိုးနေပြီကို တွေ့ရတော့တယ်။ အိမ်ပြန်ဖို့လမ်းရှာရင်း ရှေ့ကိုလျှောက်လာရာ မလှမ်းမကမ်းတောချုံထဲမှ တောတိုးသံကြားလိုက်ရတော့ အသင့်တွက်ပြီး ဒူးလေးကိုတင်ပြီး မြှားတပ်လိုက်ပြီးချောင်းနေလေတယ်။

ချုံထဲမှထွက်လာတဲ့အရာက ပေါ်ဖြင့်လာလို့ ဒူးလေးနဲ့ပစ်မယ်ဆိုပြီးကြည့်လိုက်တော့ ကိုပန်းစိန် အံ့ဩတုန်လှုပ်သွားတယ်။ ချုံထဲက ထွက်လာတာက သားကောင်မဟုတ်ဘဲ နီညိုရောင်သင်္ကန်းကို ဖိုသီဖတ်သီဝတ်ရုံထားပြီး ဆံပင်ကရှည်ရှည်၊ မုတ်ဆိတ်မွေး၊ ပါးမြိုင်းမွေးထူလပျစ်နဲ့ထွက်လာတဲ့ ဘုန်းကြီးလိုလို၊ ရသေ့လိုလိုပုဂ္ဂိုလ်တစ်ဦးဖြစ်နေတာကို တွေ့ရပြီး လက်ထဲမှာလည်း တောနာနတ်သီးအမှည့်တစ်လုံးကိုင်ထားပြီး ကိုပန်းစိန်ကို ကြည့်နေတယ်။ ကိုပန်းစိန်ကလည်း ... ဒူးလေးအသာချပြီးကြည့်နေပါတယ်။

ထိုပုဂ္ဂိုလ်က ကိုပန်းစိန်ကို 'အင် ... အင့်' ဆိုပြီး နာနတ်သီးကိုထိုးပေးတ... ကိုပန်းစိန်လည်း ဆာဆာနဲ့ နာနတ်သီး... ကို ပါလာတဲ့ဓားမြှောင်နဲ့ခွဲပြီး စားလိုက်... တော့ အရသာထူးခြားတာကို သိပြီး... သူ့ရွာမှာဝယ်စားဖူးတဲ့ နာနတ်သီးအ... သာနဲ့မတူတာကို သိရတယ်။ ထိုပုဂ္ဂိုလ်... က သူ့နောက်လိုက်ခဲ့ပါဆိုပြီး လက်... နဲ့ပြပြီး ရှေ့ကစိုက်စိုက်စိုက်စိုက်နဲ့သွား... တော့တယ်။ တော်တော်ကြာကြာသော... ဟိုကွေ့သည်ကွေ့နဲ့သွားလိုက်တော့ ... မှတ်မိတဲ့နေရာကို ရောက်လာ... တွေ့ရလေတယ်။

ထိုနေရာက ဟိုအရင် တော... ဆောက်တည်ခဲ့တဲ့ ဦးလက္ခဏတော... ပေါ်ရောက်နေမှန်း သိရတော့တ... သည်လမ်းလေးမှတစ်ဆင့် ခလော့ခ... ရွာကိုဆင်းတဲ့လမ်း ရောက်လာ... တယ်။

ထိုဦးလက္ခဏတောင်မှာ အရင်... မတွေ့ဘူးတဲ့ ဆံရှည်ကိုယ်တော်... တွေ့ရလို့ ကိုပန်းစိန် အံ့ဩနေပါ... တယ်။

ကိုပန်းစိန်ကို လမ်းပြပေး... ဆံရှည်ကိုယ်တော်ကို နောက်တ... လောက်အကြာမှာ ချောင်းဆုံမြို့... တွင် တွေ့ရပါတယ်။ ကိုပန်းစိန် ဆံ... ကိုယ်တော်ကို ပို၍ကြည်ညိုလာသည်... အကြောင်းရှိပါတယ်။ ကိုပန်းစိန်... ကိုအောင်စိန် အိမ်ဆောက်ရန် လာ... စဉ်က လက်ဖက်ရည်ဆိုင်မှာပြောခဲ့...

'ခြေလေးချောင်းနဲ့ အလယ်... ပေါက်ရှိတယ်။ အဲဒါကိုလုပ် အင့် ...

လို့ အဆက်မစပ်မရှိဘဲပြော... စကားကို ကိုပန်းစိန် သေသေချာ... စဉ်းစားပြီး စမ်းသပ်လုပ်ခဲ့ရာ လူအ... ဝယ်ယူအားပေးခဲ့တယ်။ လုပ်သမျှ... လို လူငှားထပ်ခေါ်၊ သားနှစ်ယောက်... ဝိုင်းလုပ်စေပြီး လုပ်ငန်းတိုးချဲ့ခဲ့ရတဲ့အ... အောင်မြင်ခဲ့လို့ ဆံရှည်ကိုယ်တော်... တိုးပြီးကြည်ညိုကိုးကွယ်လာတော့တ... စီးပွားရေးအဆင်ပြေလာလို့ လှူဖွယ်... တို့နဲ့ ကန်တော့ချင်လို့ ရှာသော်လ... မတွေ့ရ ဖြစ်နေပြန်တယ်။

ခရိုက်သစ်ရွာနဲ့ ကွမ်းသဲရွာနှစ်... ကြားတွင် ဘုရားပျက်ငုတ်တိုတစ်... ပါတယ်။ ဘယ်အချိန်ကတည်းက... ထားတဲ့စေတီမှန်း နှစ်ဖက်ရွာလူ... ပင် မသိကြ။ ထိုနေရာဝန်းကျင်ကို... နေနေဝင်ရီတရောအချိန်တွင် ရွာသူ...

www.burmeseclassic.com

သားတို့ အကူးအသန်းမလုပ်ဖြစ်တော့ချေ။

မှောင်ရိပ်ပျိုးစအချိန်မှစ၍ ပရလောကသားတို့ ထိုနေရာဝန်းကျင်တွင် သွားလာလှုပ်ရှားနေကြတယ်လို့ ရွာသူရွာသားတို့ ပြောဆိုကြတယ်။ ဤဘုရားငုတ်တိုနေရာတွင် ဆံရှည်ကိုယ်တော်ကို အမြဲတွေ့ရတယ်ဟု မိတ်ဆွေတို့ ပြောလို့ ကိုပန်းစိန်သွားကြည့်ရာ ဟုတ်မှန်နေလို့ ဓနိမိုးဝါးကျောင်းလေးကို အလှူခံဝါဟု သွှာက်ထားပြီး ဆောက်လုပ်လှူဒါန်းတော့တယ်။

ကိုပန်းစိန် လှူဒါန်းခဲ့တဲ့ ဝါးကျောင်းလေးမှာ ဆံရှည်ကိုယ်တော်ဟာ ဓုတင်းသိက္ခာနဲ့အညီ ဖျံလွန်တော်မူတဲ့အထိ သီတင်းသုံးတော်မူသွားပါတယ်။

**တစ်နေ့တခြား လူများများလာ**

ကိုပန်းစိန် အပါအဝင် ဆံရှည်ကိုယ်တော်ကို ကိုးကွယ်တဲ့သူတိုင်း စီးပွားရေးအတွက်လည်းကောင်း၊ ကျန်းမာရေးအတွက်လည်းကောင်း အကြံဉာဏ်တောင်းကြတယ်။ ဆံရှည်ကိုယ်တော်ညွှန်ကြားတဲ့အတိုင်း ဆောင်ရွက်ကြလို့ အဆင်ပြေကြသည်ချည်း ဖြစ်တယ်။

နောက်တစ်ချက်က ဆံရှည်ကိုယ်တော်ရဲ့အသက်ကို ဘယ်လိုမှမှန်းဆလို့မရပေ။ သက်တော်မေးကြည့်သော်လည်း မပြော၊ ပြုံးလို့သာနေပါတယ်။ ကိုပန်းစိန်နဲ့ စတွေ့ခါစတွင် သက်တော် (၄၀) ကျော်လို့ မှန်းသော်လည်း နှစ်ပေါင်း (၂၀) နီးပါး ဘုရားငုတ်တိုကျောင်းလေးမှာ သီတင်းသုံး နေထိုင်ခဲ့သော်လည်း အရွယ်မှာ စတွေ့စအရွယ်အတိုင်းပင်ရှိနေလို့ လူတိုင်းအံ့သြကြတယ်။

တစ်နေ့ နံနက်စောစောစီးစီး မူရစ်ကလေးကျေးရွာမှ နတ်မှော်သဘော်ဆိပ်ကို နံနက် (၆)နာရီအမီရောက်ရန် ခရီးသည် ကင်ဘတ်(စ်)ကားသည် လူအပြည့်တင်လို့ မောင်းနှင်လာတယ်။ (၅)နာရီလောက်မှာ ဆံရှည်ကိုယ်တော်သီတင်းသုံးနေတဲ့ ဘုရားငုတ်တိုရှေ့နားကိုအရောက် ကားရှေ့တွင် ဆံရှည်ကိုယ်တော်က မားမားကြီးရပ်နေတယ်။ ကားဆရာက ကားရပ်ပြီး လမ်းဖယ်ပေးရန်ပြောသော်လည်းမဖယ်ပေးဘဲ ညာဘက်ကားရှေ့ဘီးကိုသာ လက်ညှိုးထိုးပြနေတယ်။

ကားဒရိုင်ဘာက ထူးတော့ထူးတာပဲဆိုပြီး ကားစက်သတ်ကာ လက်နှိပ်ဓာတ်မီးယူဆင်းပြီး ဆံရှည်ကိုယ်တော်ထောက်ညှိုးထိုးပြတဲ့ ညာဘက်ဘီးမှုလီခေါင်းတွေကို ကိုင်ကြည့်မိရာ ဒရိုင်ဘာ ခမျာ မျက်လုံးပြူးတော့တယ်။ ကားဒရိုင်ဘာလည်း မြေကြီးပေါ် ထိုင်ပြီး ဆံရှည်ကိုယ်တော်ကို ရှိုရှိုသေသေ ဦးချကန်တော့ပါတော့တယ်။

ကားဆရာ မျက်လုံးမပြူးခံနိုင်ရိုးလား။ ဘီးမှုလီခေါင်းအားလုံးကျွတ်လုကျွတ်ခင်ဖြစ်ပြီး တဲတဲလေးသာရှိတာကို တွေ့ရတာကိုး။ ဆံရှည်ကိုယ်တော်ကတော့ ဘယ်သူ့ကိုမှမကြည့်တော့ဘဲ သူ့ကျောင်းလေးထဲကို ဝင်ရောက်သွားတော့တယ်။

ခရီးသည်လေးငါးဆယ်ရဲ့အသက်ကို ဆံရှည်ကိုယ်တော် ကယ်တင်လိုက်ခြင်းသာ ဖြစ်ပါတယ်။ အကယ်၍သာ ကားဒရိုင်ဘာက မစူးစမ်းမဆင်ခြင်ဘဲ မောင်းသွားလို့ကတော့ ဝင်းကလဲ့ဘုရားမရောက်ခင် ကားဘီးကျွတ်ပြီး ခရီးသည်တို့ရဲ့ အန္တရာယ်ကို မတွေးဝံ့တော့ပါ။ ကားဒရိုင်ဘာမှာလည်း ကားပိုင်ရှင်ဖြစ်နေလို့ နောက်ရက်နံနက်ပိုင်းမှာ လှူဖွယ်ပစ္စည်းတွေနဲ့ လာကန်တော့ပြီး ကျောင်းကိုလည်း ခွင့်တောင်းကာ သစ်သားကျောင်းကလေး ဆောက်လုပ်လှူဒါန်းတော့တယ်။ မကြာမီအချိန်မှာတော့ ကားဒရိုင်ဟာ ကားတစ်စီးကနှစ်စီးဖြစ်ကာ စီးပွားတိုးတက်သွားပါတော့တယ်။

တဖြည်းဖြည်း လူများသိလာလို့ ဆံရှည်ကိုယ်တော်ကျောင်းလေးကို လူအဝင်အထွက်များလာတော့တယ်။ စာရွက်ပေါ်တွင် ဟိုခြစ်သည်ခြစ်ပေးလိုက်လို့ နားမလည် အဓိပ္ပာယ်ဖော်လို့မရသော်လည်း စိတ်ကူးတည်ရာလုပ်ကြရာ အောင်မြင်တိုးတက်လာသည်သာဖြစ်တယ်။ ဆံရှည်ကိုယ်တော်အားကန်တော့ပွဲတို့၊ လှူဖွယ်ဝတ္ထုတို့ လှူစရာမလို။ လှူသူလာရင် မောင်းထုတ်တော့တာပဲ။ လက်ချည်းပဲလာပြီးအကူအညီတောင်းရင်လည်း 'အင်း အင်း အင်း' သာဆိုပြီး ဟိုခြစ်သည်ခြစ်ပေးလိုက်တာပါပဲ။

နောက်ဆစ်ခု ဆံရှည်ကိုယ်တော်ထူးခြားတာက ဘယ်နေရာ၊ ဘယ်အိမ်၊ ဘယ်အရပ်ကိုမှ ဆွမ်းခံကြွခြင်း မရှိပါ။ ဆွမ်းဘုဉ်း၊ မဘုဉ်း မည်သူမှမသိရတာကထူးနေပါတယ်။ နောက် သူ့ကျောင်းလေးအတွင်းကို မိန်းကလေးငယ်ငယ်တို့၊ ချောမောလှပတဲ့ မိန်းမငယ်တို့ကို လုံးဝအလာမခံဘဲ 'မိစ္ဆာမတွေ၊ သာသနာဖျက်မတွေ'လို့ ပြောဆိုကာ မောင်းထုတ်တတ်ပါတယ်။ တစ်ခါတော့ ဆံရှည်ကိုယ်တော် လမ်းထွက်တာ မတွေ့ရ၍ ရင်းနှီးတဲ့ ဒကာတွေ သွားကြည့်တော့ ဖျားနေတာကို တွေ့ရတော့ ဆရာဝန်ခေါ်သွားပြီး ကုပေးမယ်ပြောသော်လည်း အကုမခံဘဲ ဆရာဝန်ကို မောင်းထုတ်တော့တယ်။ နောက်တစ်ပတ်လောက် သူ့ကို လမ်းပေါ်မှာ ပြန်တွေ့နေရတာ တွေ့ရပါတော့တယ်။

ဆံရှည်ကိုယ်တော်က ကားမစီးဘဲ မြင်းလှည်းကိုသာ အမြဲစီးလေ့ရှိပါတယ်။ မြင်းလှည်းတိုင်းကို မစီးဘဲ သူစီးချင်တဲ့ မြင်းလှည်းကိုမှ စီးလေ့ရှိပါတယ်။ မြင်းလှည်းဆရာတို့က သူတို့မြင်းလှည်းကို တက်စီးလိုက်ရင်ပဲ အလွန်ဝမ်းသာကြတယ်။ သူတို့မြင်းလှည်းကို စီးပြီဆိုရင် သည်မြင်းလှည်းရှင်တော့ စီးပွားတက်ပြီလို့သာ မှတ်ပေတော့။ ဆံရှည်ကိုယ်တော် မြင်းလှည်းတက်စီးပြီးလို့ကတော့ သည်မြင်းလှည်းရှင် ကားပိုင်ရှင်ဖြစ်ဖို့ သိပ်မကြာတော့ပါဘူး။ တကယ်ကို ကားပိုင်၊ အိမ်ပိုင်တွေ ဖြစ်သွားကြတာချည်းပါပဲ။ သည်လိုမြင်းလှည်းပိုင်ဘဝကနေ ကားပိုင်ဘဝရောက်သွားတာ ဘီလူးကျွန်းမှာ သုံးဦး၊ လေးဦးလောက် ရှိခဲ့တာပါ။ အဲ- သူမစီးချင်လို့ကတော့ တောင်းပန်ပြီးတင်တင် မောင်းထုတ်သာခံရတာပါ။ အထူးသဖြင့်ကတော့ ဆံရှည်ကိုယ်တော်ဟာ ဘာသာခြားမြင်းလှည်းတွေကို ဘယ်တော့မှ မစီးတာပါ။

ဆံရှည်ကိုယ်တော်ဟာ ပစ္စည်းလာဘ်လာဘတို့ကို မခင်တွယ်။ သူ့ဝါသနာက နာရီပတ်တဲ့ ဝါသနာရှိတယ်လို့ ထင်ရတယ်။ တစ်ခါတစ်လေ သူ့လက်ထဲမှာ နာရီသုံး၊ လေးလုံး စုပတ်ထားတာကို တွေ့ရတာပါ။

ဆံရှည်ကိုယ်တော် နာရီတောင်းရင် ဘယ်သူမှမပေးဘဲမနေကြချေ။ အဖိုးတန်နာရီပင်ဖြစ်ပါစေ ချွတ်ပေးကြတယ်။ နာရီတောင်းခံရသူတွေဟာလည်း မကြာခင်နှစ်ပိုင်းအတွင်းမှာ မထင်မှတ်လိုက်အောင် စီးပွားတက်ကုန်ကြရော။

သည်နေ့ ဆံရှည်ကိုယ်တော်လက်ထဲမှာ နာရီသုံး၊ လေးလုံး ပတ်ထားတာတွေ့သော်လည်း နောက်နေ့ မရှိတော့ပေ။ ပေးရင်ပေးပစ်၊ ပုံသတူလုပ်ရင် လုပ်တတ်တာပါ။ နာရီရရှိသူတို့လည်း စီးပွားတိုးတက်သွားတာပါပဲ။

**ဆံရှည်ကိုယ်တော်ကိုလာစစ်ပြီ**

တစ်နေ့တွင် မြို့နယ်ရပ်ကွက်မှ တာဝန်ရှိသူ လူကြီးများ ဆံရှည်ကိုယ်တော်ကို လာရောက်စစ်ဆေးပါတယ်။

"ရပ်ကွက်သူရပ်ကွက်သားတွေကို ဟိုဟာရေးပေးသည်ဟာရေးပေးတာတွေ မလုပ်ပါနဲ့။ သူတို့ စီးပွားပျက်ကုန်လိမ့်



www.burmeseclassic.com

www.burmeseclassic.com

မယ်။ သည်ရပ်ကွက်မှာနေချင်ရင် ကောင်းကောင်းမွန်မွန်နေပါ"

လို့ လာသတိပေးကြတယ်။

ဆံရှည်ကိုယ်တော်ဟာ လူကြီးအားလုံးကို လုံးဝမကြည့်ဘဲ တအင်းအင်းနဲ့ လုပ်ချင်တာလုပ်နေတာပါ။

"ကိုယ်တော် အကြားအမြင်ရတယ်ဆိုရင် တပည့်တော်မေးပါဦးမယ်။ တပည့်တော်ရဲ့ ပိုက်ဆံအိတ်ထဲမှာ ငွေ ဘယ်လောက်ပါသလဲဆိုတာ ပြောပြပါ"

ရပ်ကွက်လူကြီးတစ်ယောက်က ကောက်မေးလိုက်ပါတယ်။ ဆံရှည်ကိုယ်တော်ကို ပညာစမ်းတဲ့သဘောပါပဲ။

ဆံရှည်ကိုယ်တော်က ခေါင်းညိတ်ပြပြီး စာရွက်တစ်ရွက်ပေါ်မှာ ငွေစက္ကူအတိအကျကို ရေးပေးလိုက်ပါတယ်။

တစ်ရာတန် (-) ရွက်၊ ငါးဆယ်တန် (-)ရွက်၊ ဆယ်တန် (-)ရွက်၊ ကျပ်တန် (-)ရွက်၊ အကြွေက (-) စသည်ကို အတိအကျ ရေးပေးလိုက်ပါတယ်။

မေးမြန်းသူ လူကြီးကလည်း သူ့ပိုက်ဆံအိတ်ထဲတွင် ငွေဘယ်လောက်ပါတာ၊ ဘာတန်တွေလဲဆိုတာ ဂဃနဏ သိတာမဟုတ်ပါဘူး။ ဘာတန်တွေပါမှန်းလဲ မသိပါဘူး။ သူ့အိတ်ထောင်ထဲက ပိုက်ဆံအိတ်ထုပ်ပြီး လူအများရှေ့မှာ ပိုက်ဆံတွေ ထုတ်ကြည့်ပါတယ်။ သူလူတွေကလည်း ကြည့်နေကြတာပေါ့။

မေးတဲ့အရပ်လူကြီး သူ့ပိုက်ဆံတွေ ထုတ်ရေလိုက်တော့ ဆံရှည်ကိုယ်တော်ရေးပေးတဲ့စာရင်းအတိုင်း ကွက်တိဖြစ်နေတာပေါ့။ အရပ်လူကြီးတွေအားလုံး တုန်လှုပ်ကုန်ကြပြီး အမြန်ဦးချကာ ထပြန်ကြတော့တယ်။ နောက်လည်း မလာကြတော့ချေ။

'သည်လူကြီးတွေ ဒီလိုထိတာ ကောင်းတယ်'

ဆံရှည်ကိုယ်တော်ရဲ့ ဝေယျာဝစ္စလုပ်ပေးနေတဲ့ ချာတိတ်လေးရဲ့မှတ်ချက်ချသံကို လူတွေအားလုံး ကြားလိုက်ရတော့ ပြုံးချင်ချင်ဖြစ်သွားကြတော့တယ်။

ဆံရှည်ကိုယ်တော်ကြောင့် ချောင်းဆုံမြို့သူမြို့သားများနဲ့ အနီးပတ်ဝန်းကျင်ရွာများက ရွာသူရွာသားတို့ စီးပွားပျက်သွားတာကို မကြားရဘဲ ဆည်းကပ်တဲ့လူတိုင်း အကျိုးကျေးဇူးခံစားသွားရသည်မှာ လက်တွေ့ပင် ဖြစ်ပါတယ်။

**မြင်းလှည်းနဲ့လာပြီး မြင်းလှည်းနဲ့ ပြန်တယ်**

ဆံရှည်ကိုယ်တော်ကို မြို့သူမြို့သားတို့က ရောက်လာတော့လည်း မြင်းလှည်းနဲ့ ရောက်လာပြီး ပြန်တော့လည်း မြင်းလှည်းနဲ့ပြန်တဲ့ပုဂ္ဂိုလ်လို့ ပြောစမှတ်ရှိခဲ့ပါတယ်။

ဆံရှည်ကိုယ်တော်သည် ချောင်းဆုံမြို့သူမြို့သားများ၊ အနီးပတ်ဝန်းကျင်မှ ရွာသူရွာသားများကို ဘာမှဒုက္ခမပေးဘဲ လူတို့၏လူမှုဒုက္ခအဖုံဖုံကို တတ်နိုင်သည့်ဘက်မှ ကူညီဆောင်ရွက်ပေးခဲ့ပါတယ်။

တစ်နေ့ ဆံရှည်ကိုယ်တော်ဟာ ယသူ သီတင်းသုံးရာ ဘုရားငုတ်တိုကျောင်းလေးထဲမှ သူလွယ်နေကျ လွယ်အိတ်လွယ်ပြီး ပြေးထွက်လာကာ မြင်းလှည်းတစ်စီးကို တားပြီး တက်စီးလေတယ်။

မြင်းလှည်းပေါ်ရောက်ပြီးမကြာမီ ဆံရှည်ကိုယ်တော်နှုတ်မှ တအင့် အင့် အင့် သုံးခါလောက်ညည်းပြီး ပျံလွန်တော်မူသွားပါတော့တယ်။

မြင်းလှည်းမောင်းတဲ့ လူငယ်လေးလည်း လူမှုရေးစိတ်အပြည့်ရှိသူဟု ဆိုရမှာပါ။ ဆံရှည်ကိုယ်တော်မေ့မြောသွားသည်ထင်ပြီး ဆေးရုံကိုမောင်းပို့ပါတယ်။ ဆေးရုံရောက်လို့ ဆရာဝန် စစ်ဆေးကြည့်တော့ ဆံရှည်ကိုယ်တော် အသက်မရှိတော့တာကို ဆရာဝန်ပြောပြ၍သိရတော့ ဆံရှည်ကိုယ်တော်ရဲ့ လွယ်အိတ်ကို သက်ဆိုင်ရာကိုအပ်ပြီး ဆံရှည်ကိုယ်တော်ကို ကြည်ညိုတဲ့သူတွေနဲ့မြင်းလှည်းသမားလေးတို့ စုပေါင်းပြီး ကောင်းမွန်စွာ ဂူသွင်းသင်္ဂြိုဟ်ပေးပြီး အလှူအတန်းပါ ပြုလုပ်ပေးကြပါတယ်။

ဆံရှည်ကိုယ်တော်ကို ဂူသွင်းသင်္ဂြိုဟ်ပေးလိုက်တဲ့ မြင်းလှည်းသမားလူငယ်လေးလည်း တစ်နှစ်၊ နှစ်နှစ်အတွင်းမှာ မြင်းလှည်းဖြုတ်ပြီး ကိုယ်ပိုင်ကားမောင်းနိုင်တဲ့အထိ စီးပွားတိုးတက်သွားပါတော့တယ်။

မြို့သူမြို့သားတို့ရဲ့ နှုတ်ဖျားမှာတော့ ဆံရှည်ကိုယ်တော် ပျံလွန်သွားသည့်တိုင်အောင် နောက်ဆုံးလူကိုတောင် အကျိုးပြုသွားတယ်ဆိုတာပါပဲ။

**ပဟေဠိကို အဖြေသို့ရှုမရ**

ဒါပါပဲ၊ ဦးသူတော်နဲ့ စာရေးဆရာတို့ရေ။ ကိုပန်းစိန်ပြောပြခဲ့တဲ့ ဆံရှည်ကိုယ်တော်ပုဂ္ဂိုလ်ရဲ့အကြောင်းပါပဲဗျာ"

"ဟ သရဲရ၊ ဆံရှည်ကိုယ်တော်ရဲ့ လွယ်အိတ်ကို မြင်းလှည်းမောင်းသမားဟာ သက်ဆိုင်ရာကို သွားအပ်တော့ အိတ်ထဲမှာဘာတွေပါတယ်လို့ မင်းကိုလက်သမားဆရာ ကိုပန်းစိန်က ပြောပြသေးလားကွ"

"ပြောပြခဲ့တယ် ဦးသူတော်"

"ဒါဆို အဲဒါပါပြောမှ ဆံရှည်
ကိုယ်တော်ရဲ့ ဘဝအကြောင်းအင
အစုံ ဖြစ်မှာပေါ့ သရဲရာ"

"ဟဲ ဟဲ - ဟုတ်ပါတယ် ဦးသူ
တော်ရယ်။ ကျုပ်မေ့သွားလို့ပါ
သက်ဆိုင်ရာက သူ့လွယ်အိတ်ကို
နှောက်ရှာဖွေတော့ အင်းကစားထား
အင်းကွက်တွေပဲတွေ့တာဗျ။ပညာ
ပုဂ္ဂိုလ်ဖြစ်ပြီး ထွက်ရပ်ပေါက်ခါနီး
အဖျက်ပယောဂကြောင့် အင်းပေါ
ရှုံးသွားတာလား။ နောက် မိန်းမ
ပဲလားတော့ မသိဘူးဗျာ။ သူ့မိန်း
ငယ်ငယ်ချောချောလေးတွေကို မိ
တွေလို့ ပြောဆိုတာ ကြည့်ပါလား
နောက်တစ်ချက်က အထက်ပုဂ္ဂိ
တွေက ဆံရှည်ကိုယ်တော် မထွက်
ဒဏ်ခတ်တာလားမှ မသိတာ။ အ
မှန်ကိုတော့ ဆံရှည်ကိုယ်တော်မှပဲ သိ
ပေါ့ ဦးသူတော်ရယ်"

"နောက်တစ်ခု ရှိသေးတယ်
မင်းလက်သမားဆရာကို တွေ့တွေ့
လုပ်ခိုင်းတဲ့ ခြေလေးချောင်းနဲ့ အထ
မှာ အပေါက်နဲ့ဆိုတာကောကွ"

"ဒါက မာတ်ဘူးထည့်ဖို့ စ
လေးတွေလုပ်ပြီး ရောင်းခိုင်းတာပဲ
နောက်ပိုင်း တရုတ်ကလာတဲ့ မာတ်
တွေ အိမ်တိုင်းသုံးလာကြတာ မ
လား ဦးသူတော်ရဲ့။ ဝါးအိမ်တွေကျ
မာတ်ဘူးထားလို့ မရဘူးလေဗျာ၊
ကြောင့် ဒါကို ထွင်ပြီးလုပ်ခိုင်း
တံအားရောင်းရတာပေါ့ ဦးသူတော်
ဆရာပန်းစိန်လည်း ဒီမာတ်ဘူးထည့်
စားပွဲလေးတွေ လုပ်ရောင်းလိုက်
အိမ်တစ်လုံးတောင် ဆောက်နိုင်
တယ်ဆိုပဲဗျ။ ကဲ - ဦးသူတော်နဲ့ စာ
ဆရာရေ ဆံရှည်ကိုယ်တော်ရဲ့ ပ
ကို အဖြေညှိလို့မရဘဲ ဒီညစကား
သိမ်းကြစို့ရဲ့ မောင်မင်းများ"

"မှန်ပါ၊ သရဲထိပ်ခေါင်
ကြောင်ရေ"

တင်လှနိုင်၊ ခင်မောင်ဦး၊ ကို
တို့နှင့် ကျွန်ုပ်ပါ သူတို့နှစ်ဦးရဲ့စကား
ရယ်မောမိကြပါတော့တယ်။ ဘအေ
စိန်ကို တင်လှနိုင်တို့အဖွဲ့ 'ဟင်းလေး
ကြီး'လို့ ဘွဲ့ပေးထားတာ အစက
တုန်း က ပိုလွန်းတယ်လို့ ထင်မိခဲ့
သည်ညစကားဝိုင်းမှာ ဘအောင်
ဗဟုသုတတွေကား ကျွန်ုပ်အ
စာတစ်ပုဒ်၊ ဝတ္ထုတစ်ပုဒ်တော့ရ
တင်လှနိုင်တို့ ဘွဲ့ပေးထားတာ မ
ဘူးလို့ ထင်မိပါတော့တယ်။

ကောင်းကျိုးလိုလို့ပြည့်
မောင်လှယဉ် (မော်လ



www.burmeseclassic.com

www.burmeseclassic.com

# မနောသုတေသီ

## စိတ်စွမ်းအင်စုံထောက်ကြီးကရာဇက်၏
## ပျောက်နေသောကလေးအလောင်းဖော်ထုတ်ပုံ



ကလေးပျောက်ဆုံးနေတာတွေ၊ ကလေးပြန်ပေးဆွဲခံရတာတွေကို ကရာဇက်က ကူညီဖို့ဆိုရင် ဦးမလေးဘဲ အားထုတ်သရွေ့ ကူညီခဲ့တာချည်းပါပဲ။

၁၉၆၀ ပြည့်နှစ်၊ စက်တင်ဘာလမှာ တက်သလစ် သိက္ခာရ ဘုန်းတော်ကြီးဘရောက ဖုန်းဆက်ပြီး ကရာဇက်ကို အကူအညီတောင်းတယ်။ ဘုန်းတော်ကြီးဘရောဟာ ဒပ်ချ်ပြည်တောင်ပိုင်းက ဘင်းဘတ်မြို့ကနေပြီး ဖုန်းဆက်တာပါ။ ယူထရက်တက္ကသိုလ်နဲ့ (၆၅) မိုင်လောက်အဝေးကပေါ့။ မကြာမီက ပျောက်နေတဲ့ ဟန်ဟာမန်ဆိုတဲ့ ကလေးတစ်ယောက်နဲ့ ပတ်သက်လို့ ကရာဇက်ရဲ့ အမြင်အာရုံနဲ့ကြည့်ပေးဖို့ အကူအညီတောင်းခံတာပါ။

"စက်ဘီးတစ်စီးကို တွေ့ရတယ်။ ကောင်လေးတစ်ယောက်ဟာ စက်ဘီးစီးသွားတယ်"

လို့ ကရာဇက်က ချက်ချင်းပြန်ဖြေလိုက်တယ်။

(ပျောက်နေတဲ့ ဟန်ဟာမန်ဟာ သူ့အိမ်ကနေ ထွက်သွားစဉ်က စက်ဘီးစီးပြီးထွက်သွားတာလို့ သူ့မိဘတွေက ပြောတယ်။)

"စက်ဘီးကိုရှာတွေ့သလား"

ဘုန်းတော်ကြီးက ဆက်မေးတယ်။

"တောအုပ်ထဲမှာ စက်ဘီးတစ်စီးကို မြင်ရတယ်။ တောအုပ်ကထွက်လိုက်ရင် သဲလမ်းကလေးရှိတယ်။ သဲလမ်းအတိုင်းဆက်လျှောက်သွားရင် ကျောက်ခင်းလမ်းတစ်ခုကို ရောက်မယ်။ စက်ဘီးရှိတဲ့ တောအုပ်အနီးမှာ ဗောက်(စ်)ဝက်ဂွန်ကားတစ်စီးရပ်ထားတယ်။ အကောင်းဆုံးကတော့ မနက်ဖြန်မနက်မှာ ကျွန်တော့်ဆီကို ဘုန်းတော်ကြီးလာစေချင်တယ်။ ပျောက်နေတဲ့ကလေးရဲ့ ဓာတ်ပုံနဲ့ အနီးအနားနေရာတွေ ပြထားတဲ့ မြေပုံရယ် ယူခဲ့ပါ"

လို့ ကရာဇက်က ဘုန်းတော်ကြီးကို မှာလိုက်တယ်။

နောက်တစ်နေ့မနက်မှာပဲ နယ်သာလန်တီဗွီသတင်းဌာနက သတင်းထောက်မစ္စတာ အင်ကဲလာဆီက ပျောက်ဆုံးနေတဲ့ဟန်ဟာမန်နဲ့ပတ်သက်ပြီး မေးလာပြန်တယ်။

"မိတ်ဆွေတစ်ဦးအနေနဲ့ ပြောပြပါ့မယ်။ ဒါပေမယ့် တီဗွီမှာတော့ မပြစေချင်ဘူး။ ဒီကလေးကို ကျင်းတိမ်တိမ်ကလေးမှာ မြှုပ်ထားတာကို တွေ့မြင်ရ



www.burmeseclassic.com

www.burmeseclassic.com

တယ်။ ဒီနေရာဟာ ဝက်သစ်ချပင်တွေ၊ ထင်းရှူးပင်တွေနဲ့ ချုံပုတ်တွေလည်းရှိတဲ့ နေရာပဲ။ တောအုပ်ထဲမှာရှိတဲ့ နေရာတစ်နေရာပေါ့။ အဲဒီနေရာနားမှာ ကလေးကို မြှုပ်ထားတာ" -

လို့ ကရာဇက် ဆက်ပြီးပြောပြလိုက်တယ်။

(ကလေးအလောင်းကိုနောက်ဆုံး ရှာတွေ့တဲ့အခါ ကရာဇက် ပြောသလိုပဲ ထင်းရှူးပင်၊ ဝက်သစ်ချပင်ကြီးတွေ အနားက စိန်နားပန်ချုံတွေကြားထဲမှာ ကျင်းတိမ်တိမ်လေး မြှုပ်ထားတာတွေ့ရတယ်။)

မနက် (၁၀) နာရီခွဲလောက်မှာ ဘုန်းတော်ကြီး ဂရေဟာ ကရာဇက်ရှိရာ ယူထရက်တက္ကသိုလ်ကို ရောက်လာတယ်။ ရောက်လာလို့ တစ်ယောက်နဲ့ တစ်ယောက် နှုတ်ဆက်ရုံရှိသေးတယ်။ တယ်လီဖုန်းသံကမြည်လာတယ်။ တယ်လီဖုန်းက ဧည့်ခန်းမှာမဟုတ်ဘဲ တစ်ဖက်ခန်းမှာရှိနေတာ။ ဘုန်းတော်ကြီးဆီဆက်တဲ့ဖုန်းဖြစ်လို့ ကရာဇက်က ဘုန်းတော်ကြီးကို ဖုန်းရှိရာလိုက်ပို့ပြီး သူကတော့ ဧည့်ခန်းကပဲစောင့်နေလိုက်တယ်။ ဖုန်းနဲ့ ဘာတွေပြောကြတယ်ဆိုတာ ကရာဇက် မကြားရဘူး။ ဘုန်းတော်ကြီးဂရေလည်း ဖုန်းဆက်ပြီးလို့ ဧည့်ခန်းထဲ ပြန်ဝင်လာရော ကရာဇက်က -

"ကလေးရဲ့အလောင်းကို အခုပဲ တွေ့ပြီ"

လို့ ဆတ်ခနဲပြောလိုက်တယ်။

ကလေးအလောင်းတွေ့ပြီလို့ ဖုန်းဆက်တာဖြစ်ကြောင်း ဘုန်းတော်ကြီးက ဝန်ခံလိုက်တဲ့အခါ ကရာဇက်က ဆက်ပြောတယ်။

"ကဲ - ကျုပ်တို့ လူသတ်တရားခံကို ရှာကြရအောင်။ လူသတ်တရားခံကို ရှာဖို့ အာရုံပြုလိုက်တာနဲ့ပဲ လူတစ်ယောက်ကို အာရုံထဲမှာ တွေ့မြင်လိုက်ရတယ်။ ဒီလူဟာ အရပ် (၅) ပေ၊ (၇) လက်မလောက် မြင့်တယ်။ ခန္ဓာကိုယ်တောင့်တင်းတယ်။ ဆံပင်က အနက်ရောင်ရှိတယ်။ သက္ကလပ်ဝတ်စုံ ခပ်မည်းမည်းအရောင်ကို ဝတ်ဆင်ထားတယ်။ အတွင်းက ရှပ်အင်္ကျီက အထင်းသားပေါ်လွင်နေတယ်။ လူငယ်လေးတစ်ယောက်ရဲ့နောက်က ခေါင်းငုံ့ပြီးလိုက်လာတယ်။

(နောင် အမှုပေါ်ပေါက်လာတဲ့အခါ တရားခံဟာ ခေါင်းငိုက်စိုက်ကာ လျှောက်တတ်ပြီး လူငယ်ကလေးရဲ့ နောက်ကလိုက်လာတယ်ဆိုတာမှန်ကန်တယ်။ ဒါပေမယ့် တရားခံရဲ့အရပ်ဟာ ကရာဇက်ပြောတာထက် တစ်လက်မပိုမြင့်နေတယ်ဆိုတာ တွေ့ရတယ်။)

နောက်(၄)ရက်အကြာ စက်တင်ဘာ ၁၈ ရက်နေ့မှာ လူသတ်သမားကိုလည်းမမိသေးခင် ဒေါက်တာတင်ဟက်၊ ကရာဇက်နဲ့ ဧည့်သည် ဂပ်စတော့ရက်ဂလာတို့ဟာ ဘုန်းတော်ကြီးရှိရာ ကွန်ဗင့်ကျောင်းကို ကားတစ်စီးနဲ့ ထွက်လာခဲ့ကြတယ်။ ဧည့်သည် ဂပ်စတော့ရက်ဂလာဟာ မက္ကဆီကိုတက္ကသိုလ် ပရစိတ်ပညာဌာနကရောက်လာတဲ့ဧည့်သည်ဖြစ်တယ်။ သူလည်း ပရစိတ်ပညာကို လေ့လာနေသူဖြစ်လို့ ခရီးကြုံတုန်း ကရာဇက်ရဲ့ စိတ်စွမ်းအင်ကို လေ့လာရတာပေါ့ဆိုပြီး လိုက်လာတာပါ။

ကက်သလစ်ကွန်ဗင့်ကျောင်းကို ရောက်တော့ ဘုန်းတော်ကြီးဂရေကို ကားနဲ့ ဝင်ခေါ်လာပြီး ဟန်ဟာမန်ကလေးရဲ့ အလောင်းတွေ့ထားတဲ့ တောအုပ်ဆီ ခရီးဆက်ကြတယ်။

ကရာဇက်ရဲ့ အမြင်အာရုံမှာ ပေါ်လာတဲ့ အလောင်းရှိတဲ့ စိန်နားပန်ချုံတောအနီး ရောက်လာတော့ ကားရပ်ပြီး ကရာဇက်က ပေါ်လာတဲ့ အမြင်အာရုံအသေးစိတ်ကို ထပ်ပြီးပြောပြတယ်။

"ဟောဒီ ချုံတောထဲမှာ ကလေးရဲ့အလောင်းရှိနေတာ အတော်ကြာပါပြီ။ ဘယ်ရီချုံတန်းအနီးမှာ အသတ်ခံရတာပါ။ ဟန်ဟာမန်ဟာ လမ်းတစ်လျှောက် စက်ဘီးစီးလာတယ်။ တောအုပ်အစွန်းမှာရှိတဲ့ ချုံတောနားရောက်တော့ လူသတ်သမားဟာ ထွက်လာပြီး စက်ဘီးကို အရပ်ခိုင်းတယ်။ လူငယ်လေး စက်ဘီးပေါ်ကဆင်းပြီး ထွက်ပြေးတော့ သူက ဖမ်းဖို့ကြိုးစားတယ်။ လူငယ်လေးက ထွက်ပြေးသွားတော့ လူသတ်သမားက သူ့ရဲ့ ဘယ်ဘက်ဘေးမှာ လူသူရှိတာကို တွေ့ရတယ်။ လမ်းတစ်ဖက်ကလည်း လူတွေလာနေတာကို မြင်တယ်။ အနီးအနားကလူတွေက သူ့ကိုမြင်လို့ မှတ်မိသွားပြီး ရဲကိုတိုင်ရင် ဒုက္ခလို့ လူသတ်သမားက တွေးမိတယ်။ ဒါကြောင့် ဒီလူငယ်လေးကိုသတ်ပြီး အပျောက်ရှင်းမှ ဖြစ်မယ်လို့ ဆုံးဖြတ်လိုက်တယ်။ သူ့အိတ်ထဲကပါလာတဲ့ကြိုးကို ထုတ်လိုက်တယ်။ မူလကတော့ ဒီကြိုးနဲ့ လူငယ်လေးရဲ့လက်ကိုတုပ်ဖို့ စိတ်ကူးတာပါ။ ဒါပေမယ့် လူငယ်လေးကို ဖမ်းမိလိုက်တဲ့အခါ ဒီကြိုးနဲ့ လည်ပင်းညှစ်သတ်လိုက်တယ်။ လူငယ်လေးကိုလည်း ချုံတောထဲကို ဒရွတ်တိုက်ဆွဲသွားလိုက်တယ်၊ လူမမြင်အောင်ပေါ့။ လူရိပ်လူခြေ မမြင်ရတော့မှ ဘယ်သူမှမြင်မှာမဟုတ်တော့ဘူးလို့ စိတ်ချသွားပြီး လူငယ်လေးရဲ့ စက်ဘီးကိုဆွဲပြီး ထင်းရှူးပင်(၂)ပင်ကြားမှာ ခဏဝင်ခိုလိုက်တယ်။ လူငယ်လေးရဲ့ စက်ဘီးကို သစ်ပင်ကြားမှာ ဝှက်ထားပြီးတော့ သူ့စက်ဘီးနဲ့ ချုံတောထဲကထွက်လိုက်တယ်။ ချုံတော အလွန်ရောက်တော့မှ ဖောက်စ်ဝက်ဂွန်းကားအပြာတစ်စီးကို ဘယ်ဘက်မှာတွေ့ လိုက်ရလို့ ရှေ့တန်းတန်းမထွက်တော့ဘဲ ညာဘက်ကွေ့ပြီး လစ်တော့တာပါပဲ၊

(ရဲများ ရှာဖွေတွေ့ရှိချက်အရ ကရာဇက်ဟောတာတွေ အတိအကျမှန်ကြောင်း တွေ့ရတယ်။ ဟန်ဟာမန် လူဆိုးလက်ကလွတ်အောင် ထွက်ပြေး ပေမယ့် နောက်ဆုံးဖမ်းမိပြီး ကြိုးနဲ့လည်ပင်းကို ညှစ်သတ်လိုက်တာဖြစ်တယ် ဆိုတယ်)

လူငယ်လေးရဲ့ စက်ဘီးတွေ့ရ နေရာဆီကို ကရာဇက်တို့ ရှာဖွေ အဖွဲ့ရောက်သွားတော့ သံစတစ်ခု သံလိုက်ချောင်းကို ဖတ်ခနဲကပ်သ သလို လူငယ်လေးအလောင်းရှိရာ ကရာဇက်က တန်းသွားလိုက်တယ်။ နေရာကို ဘုန်းတော်ကြီး ဂရေ တစ် သာ သိတယ်။ ဘုန်းတော်ကြီးက က ဇက်ကို ဒီနေရာပါပဲလို့ မပြဘဲနဲ့ က ဇက်နောက်ကသာ လိုက်သွားတ ကရာဇက်ရဲ့ စွမ်းရည်ကို စမ်းသပ် သဘောပါပဲ။ ကရာဇက်က အသတ် တဲ့နေရာကို အပ်ကျမပ်ကျပြလိုက် ဘုန်းတော်ကြီးဟာ မျက်လုံးပြူး တယ်။

ဘုန်းတော်ကြီးရဲ့ ကွန်ဗင့်ကျော ကို ပြန်ရောက်တော့ ကရာဇ နောက်ထပ် သူ့အမြင်အာရုံမှာ ပေါ် ပြားရယ်၊ ထွန်ခြစ်ရယ် ပေါ်လာတ လူသတ်သမားဟာ အလောင်းကို မြေကြီးကို သူ့လက်နဲ့ ယက်ကြည် မရတော့ ပေါက်ပြားကို ရှာယူတ ပြောကြတယ်။

ကွန်ဗင့်ကျောင်းမှာ ရဲစခ ဂါတ်စာရေးရောက်လာတော့ ကရာ က ပေါက်ပြားအကြောင်း ဆက်ပြော တယ်။

"လူသတ်သမား အ ပေါက်ပြားဟာ ခပ်ဖြူဖြူ ရောင်



www.burmeseclassic.com

တွေကပ်နေတာ တွေ့ရတယ်ဗျ"

လို့ ဂါတ်စာရေးကြီးကို ပြောပြတယ်။

ဂါတ်စာရေးလည်း ဒါကို ကြားလိုက်ရတော့ လန့်သွားတယ်။ ဒီပေါက်ပြားကို ရဲတွေက ရှာဖွေတွေ့ရှိ စစ်ဆေးပြီ။ ဒီပေါက်ပြားမှာ ရွှံ့စေးနဲ့ အင်္ဂတေတွေ ကပ်နေတာကို သူက မြင်ထားလို့ပါပဲ။

ကွန်ဗင့်ကျောင်းကအပြန် ကားနဲ့ထွက်လာတော့ လမ်းအနီးမှာ ဈေးခင်းတစ်ခုကို တွေ့လိုက်ရတော့ ကရာဇက်တာ တွန့်ခနဲဖြစ်သွားတယ်။ သူဒီလိုတွန့်သွားတာကို သူ့ဘေးက ပါလာသူတွေလည်း တွေ့လိုက်ရတယ်။ ဒီဈေးခင်းကို တွေ့လိုက်တဲ့အချိန်မှာ ကရာဇက်ရဲ့အမြင်အာရုံမှာ ဈေးခင်းထဲသွားလာနေတဲ့ လူသတ်သမားရဲ့ ရုပ်ပုံသဏ္ဌာန်ကိုမြင်လိုက်ရတယ်။ ဒါကြောင့် တွန့်သွားတာ။ သူမြင်ခဲ့တဲ့ လူသတ်သမားနဲ့ ရုပ်ချင်းဆင်တူတဲ့လူတွေကို စဉ်းစားလိုက်တော့ ကရာဇက်ရဲ့သားရဲ့ မိတ်ဆွေတစ်ဦးနဲ့တူနေတယ်။ ဒီတော့ ခွင့်တောင်းပြီး အဲဒီမိတ်ဆွေရဲ့ ဓာတ်ပုံ (၁) ပုံကို ခေတ္တယူပြီး ဒီပုံသဏ္ဌာန်နဲ့တူတဲ့သူ လူသတ်သမားကို ရှာဖွေဖို့ ရဲတွေကို ဓာတ်ပုံအပ်လိုက်တယ်။ ဒီလူသတ်သမားဟာ အရင်တုန်းကလည်း ရာဇဝတ်ပြစ်မှုဖြစ်ခဲ့ဖူးတယ်ဆိုတဲ့အချက်ပါ ရဲတွေကို ပြောပြလိုက်တယ်။

တရားခံ လူသတ်သမားကို အပေါင်းများစွာ ဖမ်းမမိဘူး။ ၁၉၆၁၊ ဖေဖော်ဝါရီ ၂၀ ရက်နေ့ရောက်မှ ကရာဇက်ပေးတဲ့ ဓာတ်ပုံထဲကလူနဲ့ တူတဲ့ တရားခံကို ဖမ်းမိတော့တယ်။ တရားခံ လူသတ်သမားဟာ ကရာဇက်ပေးတဲ့ ဓာတ်ပုံထဲကလူနဲ့ အလွန်တရာတူလှပါသတယ်လို့ ရဲတွေက ချီးကျူးကြတယ်။

ယူထရက်တက္ကသိုလ် ပရစိတ်ပညာဌာနမှာတော့ ဒီအမှုနဲ့ ပတ်သက်ပြီး တရာဇက်ရဲ့ အမြင်အာရုံစွမ်းအင်ဟာ တိကျတယ်၊ အမှုပေါ်အောင် ရဲတွေ ဆက်လက် စုံစမ်းရှာဖွေဖို့ သဲလွန်စတွေပေးနိုင်ခဲ့တယ်။ ဒါကြောင့်မို့ တရားခံကိုဖမ်းမိပြီး အပြစ်ပေးနိုင်ခဲ့တယ်လို့ မှတ်တမ်းတင်ထားပါတယ်။

မနော်သုတေသီ

ကျွန်း -
CROISET.

## လက်တွေ့သွေးအန်ပျောက်စေသောသစ်ရွက်နှစ်မျိုး

ဤနည်းမှာ စာရေးသူ ဝန်ထမ်းဘဝကရခဲ့သောနည်း ဖြစ်ပါသည်။

လွန်ခဲ့သော နှစ်ပေါင်း (၄၀) ကျော်ခန့်က စာရေးသူ တာဝန်ဖြင့် ပဲခူးရိုးမခေါ် အလယ်ရိုးမသို့ ရောက်ခဲ့ပါသည်။ ထိုအဖွဲ့၌ စာရေးသူက ဦးဆောင်ရသူဖြစ်ပြီး စာရေးသူတို့အဖွဲ့၌ လူပေါင်း (၃၀) ကျော်ရှိပါသည်။

စာရေးသူတို့တစ်ဖွဲ့လုံး ရိုးမကြီးကို ဟိုဘက်သည်ဘက်ဖြတ်လိုက်၊ အလျားလိုက်ခရီးဆက်လိုက်ဖြင့် အလွန်ပင်ပန်းကြပါသည်။ အရေးကြီးကာလဖြစ်သဖြင့် နားရသည်ဟူ၍ သိပ်မရှိလှပါ။ တစ်ခါတစ်ရံ ညရောနေ့ပါ အိပ်မနေရဘဲ သွားလာလှုပ်ရှားကြရပါသည်။ ထမင်းကိုပင် အချိန်နှင့်စားကြရသည်ဟု သိပ်မရှိလှပါ။

စာရေးသူတို့အဖွဲ့၌ တပ်ကြပ်တင်သိန်း ဆိုသော အရက်ကို အလွန်အမင်းကြိုက်သူတစ်ယောက်ပါပါသည်။ ၎င်းမှာ ရောက်လေရာ၌ အရက်ကို ဦးစားပေးရှာဖွေသူ ဖြစ်ပါသည်။ ထိုစဉ်က တောင်ပေါ်ဒေသ၌ တိုင်းရင်းရိုးရာချင်းအရက်၊ ကရင်အရက်တို့ အလွန်ပေါသောကာလ ဖြစ်ပါသည်။ အချို့အရက်များသည် ဓာတ်ဆီပမာ မီးဟုန်းဟုန်းတောက်သောအရက်များ ဖြစ်ပါသည်။

တပ်ကြပ် တင်သိန်းသည် ထမင်းထက် အရက်ကိုပိုမိုခုံမင်သူဖြစ်သည်နှင့်အညီ အရက်နှင့်တွေ့ပါက ထမင်းမေ့ဟင်းမေ့ သောက်တတ်စားတတ်သူတစ်ယောက် ဖြစ်ပါသည်။ အရက်မသောက်ရန် အရက်ကိုလျှော့ရန် ပြောဆိုသော်လည်း ပြောဆို၍မရပါ။

ထိုသို့နှင့် တစ်နေ့ အောင်လံနယ် ရွှေပန်းတောမှ ပေါက်ခေါင်း ကုတင်ငါးဆင့်သို့အသွား လမ်း၌ သွေးများအန်ပါတော့သည်။ ဆေးမှူးမပါဘာမပါနှင့် စာရေးသူတို့လည်း ဘာလုပ်၍ဘာကိုင်ရမှန်းမသိ ဖြစ်ကြရပါတော့သည်။ သို့ကြောင့် လမ်းခရီးနှင့် မဝေးလှသော ရွာ၌ သွေးအန်ရောဂါကို ကုသနိုင်သော ဆရာရှိလိုရှိငြား မေးမြန်းရန် လူလွှတ်စုံစမ်းခိုင်းရာ ရွာနှင့်မလှမ်းမကမ်း၌ တောင်ယာစောင့်နေသော ကရင်တိုင်းရင်းသားကြီးနှင့်တွေ့၍ သွေးအန်တာကုသနိုင်ကြောင်းပြော၍ စုံစမ်းရန်သွားသူက ခေါ်လာခဲ့ပါသည်။

ရောက်သည်နှင့် ဖထီးကြီးက -

လောလောဆယ် သွေးအန်တာကုပေးလိုက်မည့်အကြောင်း၊ သွေးအန်တာမှန်သမျှ သူ့ဆေးက ပျောက်အောင်ကုနိုင်ကြောင်း၊ ကျန်သည့်ရောဂါတော့ ဆရာဝန်နှင့် ဆက်ကုဖို့အကြောင်းပြောကာ လမ်းဘေးချောက်ထဲဆင်း၍ သစ်ရွက်နှစ်မျိုးကို ခူးလာပါသည်။ တစ်မျိုးက အရွက်ဝိုင်းဝိုင်း၊ တစ်မျိုးက အရွက်ရှည်မျောမျော အရွက်ချွန်ချွန် ဖြစ်ပါသည်။ ရောက်သည်နှင့် ၎င်းအရွက်နှစ်မျိုးကို မတ်ခွက်ထဲထည့်ကာ ဘက်နက်ရိုးနှင့်ထောင်းပြီး လက်ဖက်ရည်ပန်းကန်တစ်ဝက်သာသာလောက်ရအောင် အရည်ညှစ်ကာ တိုက်ချပါသည်။ ထိုခဏတွင်ပင် သွေးအန်ကျဲသွားပါသည်။

နောက် တစ်နာရီလောက်တွင် တစ်ခါထပ်တိုက်ပြန်ပါသည်။ နှစ်ခါသာ သောက်လိုက်ရသည်။တပ်ကြပ်တင်သိန်း၏ အန်နေသောသွေးမှာ လုံးဝရပ်သွားပြီး အကောင်းပကတိလိုဖြစ်သွားပါသည်။ ဖထီးကြီးက အရက်မီးတောက်သောက်မိသဖြင့် သွေးအန်တာဖြစ်ကြောင်း၊ လောလောဆယ်သွေးအန်တာ ပျောက်သွားပေမယ့် ဆရာနှင့် ဆက်ကုဖို့အကြောင်းပြောကာ ပြန်သွားပါသည်။

ထိုအရွက်နှစ်မျိုးမှာ -

အရွက်ဝိုင်းဝိုင်းအရွက်က အဘိုးကြီးထမ်းတောင်းခေါ် ဆောင်းမေးခါးရွက်ဖြစ်၍ ရှည်မျောမျောအဖျားချွန်းအရွက်က မယားကြီးရွက်ဖြစ်ကြောင်း၊ ထိုအရွက်နှစ်မျိုးကို ဆတူရောထောင်းပြီး အရည်လက်ဖက်ရည်ပန်းကန်တစ်လုံးနီးပါးလောက်တိုက်ပါက မည်သည့်အကြောင်းကြောင့် သွေးအန်တာ၊ သွေးပါတာဖြစ်ဖြစ် ဒူလာမြင်းသရိုက်၊ သွေးဝမ်းကစ ပျောက်ကင်းနိုင်ကြောင်း၊ ဘယ်လောက်ပါပါ နှစ်ခါထက်ပိုမသောက်ရကြောင်း ဖထီးကြီးက ပြောပါသည်။

ဤနည်းမှာ စာရေးသူကိုယ်တိုင်တွေ့ကြုံခဲ့ရသည့်နည်း ဖြစ်ပါသည်။ စာရေးသူလည်း ထိုသို့ သွေးအန်၊ သွေးလျှံ၊ သွေးဆင်းဝေဒနာသည်များကို နည်းပေးကူညီခဲ့ရာ ပျောက်ကင်းကြသည်ကိုလည်း မျက်မြင်ကိုယ်တွေ့ဖြစ်ပါသည်။

လိုအပ်ပါက အလွယ်တကူအသုံးပြုနိုင်ပါရန် တင်ပြအပ်ပါသည်။

အေးရွှေ (ဒီးကုန်း)



www.burmeseclassic.com

www.burmeseclassic.com

# ဆရာဦးမောင်မောင်သန်း

## အင်္ဂလိဇ္ဇာလက်တွေ့ပညာ

ဒါကြောင့် -

ယတြာ ဆိုတာ ပေးဆပ်ရမယ့် အကြောင်းတွေရှုပါလိမ့်မယ်။ ဒါမှထိချက်ဖြင်းတာပါ။

တော်တော်များများ ကြားလည်းကြားဖူးကြပါလိမ့်မယ်။ ကြုံလည်းကြုံဖူးကြပါလိမ့်မယ်။

ချေလိုက်ရတဲ့ ယတြာတွေမနည်းဘူး။ ဘာမှလဲဖြစ်မလာဘူးတဲ့၊ ဘုရားစင်မှာရှုပ်ယှက်ခတ်နေတာတွေပဲ အဖတ်တင်တယ်၊ ဘာမှဖြစ်မလာဘူးတဲ့ -

အဲဒါပါပဲ။ ဖြစ်ရတဲ့အကြောင်းရင်းက အဲဒါပါပဲ။

စီးပွားကျနေပြီ။ ဒီလိုဆို စီးပွားတက်လာအောင်လို့ ယတြာချေရတော့မယ်။ ဘယ်လိုချေမှာလဲ။

ခြေနောက်ပြန်(၁၅)လှမ်းလောက်လှမ်းလိုက်ရုံနဲ့ စီးပွားတက်ရမယ်ဆိုရင် ဘာမှတပင်တပန်းလုပ်နေစရာမလိုတော့ပါဘူး။ ရင်းနှီးတဲ့သူတွေအားလုံးကို ခြေနောက်ပြန် (၁၅) လှမ်းတွေ လှမ်းခိုင်းလိုက်ရုံပါပဲ။ ကိုယ်တိုင်လည်း နေ့တိုင်း ခြေနောက်ပြန် (၁၅) လှမ်းကို နာရီပြန် မဆိုင်းလှမ်းပါမယ်၊ မပျက်စေရပါဘူး။

ဒီလိုဆိုရင်တော့ -

ဒီစီးပွားတက်ပါ့မလား။

စောစောကပြောသလို သူ့အသိနဲ့သူ တိုင်းတတ်သူဆိုရင်တိုင်းပါပြီ။

တဲ - စီးပွားတက်မယ်ဆိုရင်လှမ်းမယ်။ တက်စမ်း စီးပွားဆိုပြီး လှမ်းပါပြီ။

ဖြစ်မလာရင် -

အဲဒီမှာ တန်ဖိုးကြီးလှတဲ့ ပညာရပ်ကြီးတွေဟာ ပေါ့သွပ်သွပ်နိုင်လှတဲ့ စကားလုံးတွေကြားမှာ ရစရာမရှိအောင်ကို သိက္ခာကျတော့တာပါပဲ။ ဟာသအလုပ်ခံရလိုခံ [illegible] မြှက်ရယ်ပြုခံရလိုခံရ အထင်အမြင်သေးမှုခံရလိုခံရ ရှုတ်ချခံရလိုခံရနဲ့။

ကိုယ့်ရေကိုယ့်မြေပေါ်က ကိုယ်တွေရဲ့ တန်ဖိုးမဖြတ်နိုင်လှတဲ့ ပညာရပ်ကြီးတွေကို ကိုယ်တွေကပဲ မနိမ့်နိမ့်အောင်လုပ်ပေတော့ ကိုယ်တွေကပဲ မြှက်ရှုတ်ချတာ မဆန်းတော့ပါဘူး။

အခြားသူတွေကမလာပြီးမရှုတ်ချပါဘူး။ ကိုယ်တွေကပဲ မြှက်ရှုတ်ချနေကြတာပါ။ ဘယ်လောက်ရင်နာဖို့ကောင်းလဲ။


မြန်မာ့ပညာရပ်တွေ အများကြီးရှိနေတဲ့အထဲက အင်္ဂလိဇ္ဇာပညာရပ်ဟာ ဟာသမြောက်လှတဲ့ ပေါ့သွပ်သွပ်ပညာမဟုတ်ပါဘူး။ ပေါကြောင်ကြောင်နိုင်

တဲ့ပညာမျိုး မဟုတ်ပါဘူး။

သူ့ကိန်းနဲ့သူ၊ သူ့ညာခွင်နဲ့သူ၊ သူ့ဗြိုဟ်နဲ့သူ အခိုင်အမာရှိပြီးသားပါ။

နားမလည်သေးလို့သာ မြှက်ရယ်ပြုနေကြတာပါ။

လူတစ်ယောက်ကို မ [illegible] တော့ဘူးဆိုရင် သူ့ကိုနိုင်တဲ့ဓာတ် [illegible] အရွက်အခက်၊ အသား၊ အမြစ်၊ အ [illegible] တွေမှာရှာ၊ ပြီးရင် သူ့ကိုနိုင်စေတဲ့နေ့ [illegible] ကိုရွေး၊ သူ့ကိုနိုင်စေတဲ့ထောင့်၊ သူ့ [illegible] နိုင်စေတဲ့အချိန် ဒါတွေကို ပေါင်းစုလာ [illegible]



www.burmeseclassic.com



ဆိုရင် စီရင်[illegible]

စီရင်ပြီဆို[illegible]မှာ စီရင်မှာလား။

ဆွေးမြည့်သွားပြီး ကြေမွသွား[illegible] နိုင်တဲ့နေရာမှာ စီရင်မှာလား။

ခိုင်ခံ့တဲ့နေရာမှာ စီရင်မှာလား။

ဒါကအကြောင်းအရာပေါ် မူတည်ပြီး ရွေးရပြီ။

ပြီးရင် နိမိတ်။

ချိန်ပြီ။ ချိန်ဆပြီ။ အားလုံးပြည့်စုံအောင် ချိန်ဆပြီးပြီ ဆိုတာနဲ့ တန်းပြီး စီရင်လို့ရပြီ။

ဒီလို ဆောင့်စုံဘက်စုံက စီရင်သိုက်ပြီဆိုတာနဲ့ ကာယကံရှင်ဟာ ထိချက်ပြင်းသွားပြီ။ အနည်းဆုံးတော့ ဆေးရုံရောက်သွားပြီ။ ဒါဟာ အသက်ညှာဆုံးနဲ့ အနည်းဆုံး။

ဒါက -

[illegible]ပညာခန်းအရ မြင်မြင်ခိုင်ခိုင်[illegible] စီရင်သိုက်တဲ့[illegible] နည်းလေးတစ်[illegible]

ဒါပေမဲ့ [illegible]ပညာရှင်တွေဟာ လုံးဝမစီရင်ကြ[illegible]တော့ လူရောက်[illegible]လိုက်ပြီဆိုတာနဲ့ [illegible] ဆပ်မှုမျိုးကို ဖြစ်[illegible] တဲ။

ဒါကြောင့် [illegible] ဆရာနဲ့ စနစ်တကျ သင်ကြား[illegible] မြောက်လာကြတဲ့ ဆရာတွေ၊ ဆရာ[illegible] တွေဟာ ဘယ်သူ့ကိုမှ ဒီပညာနဲ့ မနှိပ်စက်ကြပါဘူး။ ဒီလိုနေခဲ့မှ၊ ခြေသုတ်



www.burmeseclassic.com

www.burmeseclassic.com

ပုဆိုး မြွေစွယ်ကျိုးသလို ဆရာနဲ့ ကျကျနနသင်ခဲ့မှလည်း ဒီလိုသစ္စာထားရပုံတွေ၊ ပညာစည်းကမ်းတွေကိုသိရတာပါ။ သိမှလည်း ထိန်းချုပ်နိုင်တာပါ။ စာဖတ်ရုံနဲ့ မသိပါဘူး။

တစ်ခါက -

လူတစ်ယောက်ဟာ ကြာသပတေးနာမည်ရှင်တစ်ယောက်ကို သူဘယ်လိုစီရင်ခဲ့တယ်၊ စီရင်တဲ့နည်းက ဘယ်က ရလာတယ်ဆိုပြီး အားရပါးရပြောလာဖူးပါတယ်။

စိန်ပန်းပင်အောက်မှာ ပျဉ်းမကိုင်းကို ဆီးသားနဲ့ရိုက်ပြီး စီရင်ခဲ့တာပါ။ လုပ်လိုက်ပုံက စုံတော့စုံပါတယ်။

သူဒီလိုလာပြောတော့ စိတ်ထဲမှာ ချက်ချင်းလန့်သွားပြီး မင်းအဖေကို လူဝတ်လဲခိုင်းလိုက်တော့လို့ ပြောလိုက်မိပါတယ်။ သူ့အဖေကို ရုပ်ပြောင်းခိုင်းတာ သူမသိပါဘူး။ အနည်းဆုံးတော့ ရသေ့ဝတ်ခိုင်းတာပါ။ ဘာလို့လဲဆိုတော့ သူ့အဖေက ကြာသပတေးဖြစ်နေလို့ပါပဲ။

(၃) ရက်လောက်ကြောက်တဲ့နေ့မှာ သူ့ဖေဟာ ဆီးချို၊ သွေးချိုတွေတက်ပြီး လူမှန်းသူမှန်းတောင် မသိတော့ဘဲ ဆေးရုံရောက်သွားပါတော့တယ်။ ရသေ့တောင်မဝတ်လိုက်ရပါဘူး။

ဒီတော့မှ အဲဒီလူဟာလန့်သွားပါတယ်။ သူရိုက်ခဲ့တဲ့ပျဉ်းမကိုင်းကိုလည်း ပြန်ဆွဲနုတ်လိုက်ပါတယ်။

ဒါပေမယ့် ဓာတ်ကထိပြီးနေပါပြီ။ သူစလုပ်ခဲ့တဲ့အခါပေါ်မှာမူတည်ပြီး သူ့အဖေခံရတော့မှာပါ။ လနဲ့ကြာရင်လည်း ကြာမယ်။ နှစ်နဲ့ကြာရင်လည်းကြာသွားနိုင်ပါတယ်။

ဒါ သူ့အတွက် ပေးဆပ်ခြင်းပါပဲ။

ဒါတွေကိုသိလို့ လူတစ်ဖက်သားကို ပညာရပ်နဲ့မနှိပ်စက်နိုင်အောင် ဆရာစဉ်ဆက် သစ္စာထားခဲ့ရတာ ဖြစ်ပါတယ်။ သစ္စာဖျက်လို့မရပါဘူး။ ပညာစူးတတ်ပါတယ်။ ဆရာကမလုပ်ရဘူးလို့တားလိုက်တာနဲ့ စိတ်ထဲတောင်ထည့်ပြီးမစဉ်းစားတာ အကောင်းဆုံးပါပဲ။

ဒါကြောင့် အင်္ဂဝိဇ္ဇာပညာဟာ အများထင်သလို ခပ်ပေါ့ပေါ့ပညာ မဟုတ်ပါဘူး။

ဆရာ့ထံမှာ ပညာသင်ကြားခဲ့ရစဉ်ကာလတွေတုန်းက ခဏခဏကြုံရပါတယ်။

စနေ့ြာအခါတစ်ခုတည်းမှာတင် သစ်သီးဆွမ်းတင်ခိုင်းလိုက်လို့ အဆင်ပြေသွားသူရှိသလို ဝက်ဝံကိုသွားပြီး အစာကျွေးခိုင်းပြီးတဲ့နောက်ပိုင်း အိမ်ထောင်ရေးသင့်မြတ်သွားကြသူတွေ မြင်ဖူးပါတယ်။ ဒီအခါမှာပဲ အဓိဋ္ဌာန်ဝင်ခိုင်းလိုက်တာတွေ မြင်ဖူးပါတယ်။ ဒီလူတွေလည်း တစ်နည်းနည်းနဲ့အောင်မြင်သွားကြတာချည်းပါပဲ။

နားတော့မလည်ခဲ့ပါဘူး။

တစ်ခါတစ်ခါတော့ ဆရာပြုံးပြုံးရွှင်ရွှင်နေတတ်တဲ့အခါ ဆရာ့နားကပ်ပြီး မေးရပါတယ်။

'စနေ့ြာအခါတစ်ခုတည်းမှာ ကြုံနေရသူတွေကိုပေးပုံချင်းမတူဘဲနဲ့ အောင်မြင်သွားလိုက်ကြတာ ကျွန်တော်ဖြင့် အံ့ဩလို့ကို မဆုံးဘူး'

ဆိုပြီး သိချင်တဲ့ ပညာခန်းကို ဒါရိုက်မဟုတ်တဲ့နည်းနဲ့ မသိမသာပြောကြည့်ရပါတယ်။

'အေး - အောင်မြင်သွားကြဆို အောင်မြင်သွားအောင် လုပ်ပေးလိုက်တာကိုးကွ'

ဆိုတဲ့ စကားကြောင့် မူလတန်းကလေးတစ်ယောက်ဟာ အထက်တန်းမှာသင်ရတဲ့စာကို ထိုင်ဖတ်ကြည့်နေပြီး ဘာမှနားမလည်သလိုခံစားခဲ့ရပါတယ်။

မှန်ပါတယ်။

ဆရာဟာ သူ့ဆီလာတဲ့သူတွေကို အောင်မြင်ကြစေဖို့ အောင်မြင်အောင်ပြုနိုင်စွမ်းတဲ့စွမ်းအားတွေကို သူ့ကိုယ်သူ ဖြည့်ကျင့်ခဲ့တာ ဖြစ်ပါတယ်။

ဒီအားတွေကြောင့်ပဲ သူစီရင်ပေးခဲ့သမျှတွေဟာ အောင်မြင်မှုတွေများခဲ့တာပါ။

ဒီအားတွေဟာလည်း သူ့ရဲ့ဆရာစဉ်ဆက် သင်ယူလာခဲ့တဲ့ ပညာရပ်တွေအတွက် ထိန်းချုပ်နိုင်စွမ်းတဲ့ သစ္စာအားတွေပါပဲ။

ဒါပေမယ့် ဆရာပေးခဲ့တဲ့ပုံတွေကို ကြည့်ရင် ပေးနည်းတွေဟာ ရိုးစင်းပေမယ့် သူ့အစီအရင်ကို ပြုလုပ်ရသူတွေအတွက် အားတွေထည့်ပေးလိုက်တာတွေ တွေ့ရပါတယ်။

လူတစ်ယောက်ဟာ အခါတစ်ခါမှာ ဆိုင်ကို လူမဝင်လို့ ရောက်လာခဲ့ပါတယ်။

ဆရာက သူ့ကို ဝက်ဝံကိုဝအောင်ကျွေးခိုင်းလိုက်ပါတယ်။ တိရစ္ဆာန်ရုံထဲမှာပဲရောင်းတဲ့ အစားအစာကို ဝယ်ပြီး ဝက်ဝံဟာ မစားချင်တော့ဘဲ လှည့်သွားတဲ့ထိကျွေးခိုင်းပါတယ်။သုံးရက်လောက်ဆက်ကျွေးခိုင်းပြီးတဲ့နောက်ပိုင်း အဲဒီလူရဲ့ဆိုင်ဟာ ထိုင်စရာတောင်မရှိလောက်အောင်ဖြစ်ခဲ့ရပါတယ်။

အဲဒီလူရဲ့နာမည်ဟာ တနင်္လာ
ဖြစ်ပါတယ်။

သူလာတဲ့အချိန်က ဂုရုချိန် ဖြစ်ပါ
တယ်။

၂*
၆
၃
—
၅
—
၁
၄ — ခိုက်
၀

သူ့ကိုဘာမှမခိုင်းပါဘူး။ အနီ
ထဲရောက်နေတဲ့ ဗုဒ္ဓဟူးကို အစ
အောင် ကျွေးခိုင်းလိုက်တာပါပဲ။

ဆရာက ကုလား (၂-၄) ဆို
အပြင်မိတ်ဟာ ရှေးတုန်းက အလ
ထားခဲ့တာ မဟုတ်ဘူး။ မိတ်ပျက်ရင်
မဝင်နိုင်ဘူး။ ဒါဖြင့် လူဝင်အောင်၊ မိ
ကို ဘယ်လိုကောင်းအောင်လုပ်မလဲ
တာရှိလာပြီ။ ဒါကို စဉ်းစားနိုင်ရမယ်
ပြောပြခဲ့ဖူးပါတယ်။

တကယ့်ကို ရိုးရိုးလေးနဲ့ လူ
ပြလိုက်တာပါ။

ဆရာခိုင်းလိုက်တာကို ပြုလုပ်
သူ့အနေနဲ့လည်း ဗုဒ္ဓဟူးနံကို ချေရ
ဖြစ်ပေမယ့် လေချွန်ပြီး လက်ခေါက်မှု
တာဘို့၊ ဝါးလုံးကို ဝါးလုံးချင်းရိုက်
တို့ ဆိုတာမျိုး မဟုတ်ပါဘူး။ သူများ
အစာဝအောင်ကျွေးရတဲ့ဓာတ်ပါ။

အစာဝအောင်ကျွေးခိုင်းလိုက်
သွားကျွေးရတဲ့သူမှာ ဘာပဲဖြစ်
ကုသိုလ်အားတစ်ခုတော့ ရသွားပါ
သူများကို စားစေချင်တဲ့စိတ်ဖြစ်သွား
ပြီ။ အခြောက်တိုက် ရေထဲလွှင့်ပစ်ရ
မဟုတ်တော့ တကယ်လည်း ထိရော
ပြီး အဓိပ္ပာယ်ရှိသွားပါပြီ။

ဒီလို ကောင်းကံတစ်ခုကိုပြ
လိုက်တဲ့အတွက်၊ ဆရာ့အစီအရင်ကို
လုပ်လိုက်ရသူတွေအတွက် 'အား'
ပါသွားရခြင်းပါပဲ။

ဒါဟာ အောင်မြင်မှုကိုဖြစ်လာ
တဲ့ လျှို့ဝှက်ချက်တွေထဲကတစ်ခုပါပဲ

တစ်ခါက -

ဒီလိုပဲ တနင်္လာနာမည်ရှိသူတစ်
အိမ်ထောင်ရေး အဆင်မပြေဖြစ်တေ
ခင်ပွန်းရဲ့အိမ်တောင်ဘက်က ဝါးရုံ
ရှိရင် အဲဒီက ဝါး၊ ဝါးရုံပင်မရှိရင် အဲ
ဘက်မှာရှိတဲ့ ဝါးဆိုင်တစ်ခုခုက ဝါ
တောင့်ထွားလောက်ကိုယူ၊ ရေစီးမှာမျှော
လိုက်ဆိုပြီးပေးလိုက်ပါတယ်။ တစ်ဖ



www.burmeseclassic.com

www.burmeseclassic.com

ဘာလုပ်လုပ်ပါတယ်။ (၃) ရက်တောင်ဆက်ပြီး လုပ်ပါတယ်။ ဆရာပြောတဲ့ ဘုလား (၂-၄) ဆိုတဲ့ အတွင်းမိတ်ဓာတ်ကို တည့်တည့်ရိုက်ထည့်လိုက်တာပါ။

ဒါပေမယ့် ဘာမှထူးမလာပါဘူး။

ဒါကြောင့် ဆရာ့ဆီရောက်တော့ပြောဖြစ်ပါတယ်။

ဆရာက -

'ဟုတ်တယ်လေ၊ မင်းလုပ်လိုက်တာကို မှားတယ်လို့ ငါမပြောဘူး ဟုတ်တယ်။ မိတ်ကို မင်းလှုပ်ပေးလိုက်တာပဲ။ ဒါပေမယ့် သူကိုယ်သူယုံစေတဲ့ အားထဲက ဘယ်အားပါလဲ။ သူ့ကိုအကျိုးထူးစေမယ့်အားထဲက ဘယ်အားပါလဲ'

လို့ မေးတော့ ဘာမှမဖြေနိုင်ပါဘူး။

မှန်ပါတယ်။ လေချွန်၊ လက်ခုပ်တီးနဲ့ ဘာမှမထူးပါဘူး။ ဘာကုသိုလ်မှလည်း မပါပါဘူး။ ဒီနောက်ပိုင်း ဒီလိုတွေ ခဏခဏအကြိမ်ပေါင်းများစွာဖြစ်လာပြီးမှ ဆရာပြောတာကို သဘောပေါက်ပါတော့တယ်။

ဆရာဟာ အဲဒီလို စွဲနေအောင်သင်ကြားပေးခဲ့တဲ့ ကျေးဇူးရှင်သခင်ပါ။

သောကြာသမီးတစ်ယောက် နေကောင်းဖြစ်တုန်းက သူ့ကိုအိမ်ရဲ့ရေကပြင်က ဝါးလုံးကို ရေမျှော်ခိုင်းခဲ့ဖူးပါတယ်။ မထူးလို့ ဆရာ့ဆီပြေးတော့မှ ဆရာက ကလေးတွေအများကြီးကို ရေနဲ့ဆိုင်တဲ့အာဟာရကျွေးခိုင်းတော့မှ အဲဒီအမျိုးသမီး နေကောင်းသွားခဲ့ရပါတယ်။

ကြာသပတေး နာမည်ရှင်တစ်ယောက် အိမ်ထောင်ရေးကသောင်းကနင်းဖြစ်တုန်းကလည်း ဒီလိုပါပဲ။

သူ့ရဲ့ အိမ်ထောင်ဖက်က သူ့ကို ဘယ်လိုမှအမြင်မကြည်ပါဘူး။ ရန်တွေ့အတော့်ကိုလုပ်တာပါ။ ဘာလုပ်လုပ်ရန်ပဲလုပ်ပါတယ်။ အပြစ်ချည်းပဲမြင်နေပါတယ်။

အဲဒီကြာသပတေးနာမည်ရှင်ကို သူရဲ့အတွင်းမိတ်ဖြစ်တဲ့ စိန်ပန်း (၃-၅) အတွဲကို စဉ်းစားလိုက်ပြီး ဆီးပင်ကို ရေ ဟင်းခိုင်းခဲ့ပါတယ်။

ဘာမှမထူးတော့မှ ဆ - ပြေး ရပြန်ပ ဘယ်။

ဒီတော့မှ ဆရာက -

'သူ့ရဲ့အိမ်ထောင်ဖက်က သူ့အပေါ် အမြင်မကြည်ဘူးလို့ မင်းပြောတယ်။ အဲဒီမှာ ယတြာပါပြီးသားလေကွာ။ အမြင်မကြည်ရင် အမြင်ကြည်အောင် လုပ်ရမှာပေါ့။ ဒါဖြင့် ဆိတ်ကို အစာကျွေးလို့လည်း မရဘူး။ ဆီးပင်ကို ရေလောင်းလို့လည်း မရဘူး။ မျက်စိဝေဒနာရှင် (၃) ယောက်လောက်ကို မျက်စဉ်းရယ်၊ မျက်စိနဲ့ ပတ်သက်တဲ့ အားဆေးရယ်၊ အာဟာရဖြစ်စေတဲ့ အစားအစာတွေရယ်ဝယ်ပြီး လှူခိုင်းလိုက်'

လို့ ခိုင်းခဲ့ပါတယ်။

အရမ်းအံ့ဩသွားခဲ့ရပါတယ်။

မျက်စိ ဆိုတဲ့ အင်္ဂါနဲ့သင့်ပရိယာယ်၊ ကြာသပတေးရဲ့ မိတ်ဂြိုဟ်ကို တည့်တည့်ချေလိုက်တာပါပဲ။

တကယ်လည်း ဆရာခိုင်းသလို (၃) ကြိမ်ချေပြီးတဲ့အချိန်ကစပြီး ခုထိကို ဘာမှမဖြစ်တော့ပါဘူး။ မကွဲတော့ပါဘူး။ သာမန်ဖြစ်ရိုးဖြစ်စဉ် ရန်ဖြစ်ရုံလေးတွေလောက်ပဲရှိပါတော့တယ်။

ပညာရှိများဆိုတာ တစ်ခါတစ်ခါမှာ နားလည်ရခက်လှပါတယ်။ ဘာလို့လဲဆိုတော့ -

တစ်နေ့ ဆရာ့ဆီကို လာတဲ့ တနင်္ဂနွေနာမည်ရှင်တစ်ယောက်။ အိမ်က သူ့မိန်းမဆင်းသွားတာ တစ်လကျော်ပြီ။ ဘယ်လိုမှခေါ်မရဘူး။ သူ့နာမည်က အေးထွန်း။

ဆရာက သူ့ကို သေချာကြည့်နေပါတယ်။

အဲဒီလူဟာ ညာဘက်ထောင့်အပေါ် သွားအစွယ်ရယ်၊ ဘေးကပ်ရက်သွားရယ် နှစ်ချောင်းကျိုးပြီး ဟောင်းလောင်းဖြစ်နေပါတယ်။ ရယ်လိုက်ရင် အဲဒီဟောင်းလောင်းကပေါ်နေပါတယ်။

ဆရာဟာ သူ့ကို သေချာစိုက်ကြည့်နေရာကနေ ဘာမပြောညာမပြောနဲ့ -

'မင်းအပေါ်သွားနှစ်ချောင်းသွားစိုက်လိုက်။ မင်းမိန်းမပြန်လာလိမ့်မယ်'

လို့ ပြောလိုက်ပါတယ်။

ဟိုလူက သူ့ကို ယတြာတွေချေခိုင်းမယ်ထင်တာ။ ခုလိုခိုင်းလိုက်တော့-

'ဆရာရယ်၊ ကျွန်တော့်မိန်းမပြန်လာအောင်ယတြာမပေးတော့ဘူးလား'

တဲ့။

ဆရာက အေးအေးဆေးဆေးပါပဲ။

'ငါခိုင်းတာလုပ်လိုက်ပါကွာ'

လို့ပဲ ပြောလိုက်ပါတယ်။

'နောက်နေ့ကျ မင်းမိန်းမကို ငါ့ဆီခေါ်လာခဲ့စမ်းပါကွာ။ သူ့ရုပ်ရည်ကို ငါအကဲခတ်ချင်လို့။ မင်းနဲ့လည်း အဆင်ပြေအောင်'

ဆိုပြီး ပြောလိုက်တော့ ဟိုလူကြောင်နေပါတယ်။ ဆရာ့မျက်နှာကို သေချာကြည့်နေပါတယ်။ သူမထင်ဘူးလေ။ သူကိုယ်တိုင် ဘယ်လိုမှခေါ်လို့မရတဲ့မိန်းမကို နောက်နေ့ခေါ်ခဲ့ ဆိုတော့ -

ဒီလူသွားစိုက်ဖြစ်လိုက်ပါတယ်။

ဘာမှမကြာပါဘူး။ ဆရာခိုင်းတဲ့အတိုင်း တစ်ပတ်လောက်အကြာမှာ သူ့မိန်းမပါ ဆရာ့ဆီပါလာပါတယ်။

ဒါဟာ -

အင်္ဂဝိဇ္ဇာပါပဲ။

ကြည့်လိုက်ရင် ဘာမှလုပ်မပေးလိုက်သလိုပါဘဲ။

ဆရာဟာ မိတ်တည့်တည့်ကိုပဲ ချေလိုက်တာပါ။

ဟိုလူက တနင်္ဂနွေ။ သူ့ရဲ့အတွင်းမိတ်က ဦးသာ (၁-၆)။

ဒါဖြင့် သောကြာကိုချေရတော့မှာ ဖြစ်ပါတယ်။

ဆရာနဲ့ အဲဒီလူနဲ့ စကားပြောနေတုန်း ဘေးနားကထိုင်နေရင်းနဲ့ စိတ်နဲ့ ချေကြည့်နေပါသေးတယ်။

ဒီလူကို သံချောင်းတစ်ချောင်း ရေထဲမျှောခိုင်းရ သား၊ သွပ်ပြားပေါ်မှာ သဲပုံပြီး သောကြာထောင့်မှာ သွားစွန့်ခိုင်းရမလားတွေးနေတုန်း ဆရာသွားစိုက်ခိုင်းလိုက်တဲ့တစ်ခွန်းကြောင့် ဘာမှန်းမသိဖြစ်ခဲ့ရပါတယ်။

ဒီကိစ္စမေ့တော့တော့ဖြစ်ချိန် (၂) လ၊ (၃) လလောက်ကြာမှာ ဒီလူကို တည့်တည့်ချေပေးလိုက်မှန်းသိလိုက်ရပါတော့တယ်။

ဟုတ်ပါတယ်။ ဦးသာ (၁-၆) ကိုပဲ ချေခဲ့တာပါ။

သောကြာကိုပဲချေခဲ့တာပါ။

ဒါပေမယ့် ဆရာချေတာက တစ်မျိုး။

သူ့နာမည်က အေးထွန်း။ နာမည်အရ အေးအေးဆေးဆေးနဲ့ ထွန်းတာကို စဉ်းစားရင် မျက်လုံးအေးပြီး အရောင်လင်းတာကို စဉ်းစားရမှာ ဖြစ်ပါတယ်။ ဒီလို စဉ်းစားလိုက်တဲ့အခါမှာ ဆရာဟာ ဆေ ... ရယ ... သ်လည်းဖြစ်တဲ့ ... ကိစ္စကို သွားတွေ့လိုက်တာ ဖြစ်ပါတ ...။ သွားဟာ ဖြူပြီးအရောင်လင်းတာမို့ မျက်လုံးအေးပြီး အရောင်လင်းဖို့ စဉ်းစားတဲ့ထဲက ဦးဆုံးနံပါတ်တစ် ဖြစ်လာပါတယ်။

ဟုတ်ပါတယ်။ ဖြူပြီး မျက်လုံးအေးအေးနဲ့ အရောင်မလင်းတဲ့ သူ့ရဲ့



www.burmeseclassic.com

www.burmeseclassic.com

သွားဟောင်းလောင်းတွေကို ဆရာဖြည့်ပေးလိုက်တာပါပဲ။

'ဦးသာ'ကို ပေါင်းစည်းလိုက်တာဖြစ်သလို -

သူ့နာမည်နဲ့ညီအောင်လည်းလုပ်ပေးလိုက်သလိုဖြစ်သွားပါတယ်။

ဒါ အဲဒီတနင်္ဂနွေသားအတွက်ကောင်းကျိုးကိုဖြစ်သွားစေခဲ့တဲ့ အစကပါပဲ။

ဒါကြောင့် -

ပညာရှိများဆိုတာ တစ်ခါတစ်ခါမှာ နားလည်ရခက်လှပါတယ်။ သူတို့ရဲ့မြင်ပုံ၊ တွေးခေါ်ပုံဟာ တော်ရုံနဲ့လိုက်မမီပါဘူး။ မစဉ်းစားနိုင်ပါဘူး။

ဒါက ဒီလိုလုပ်လိုက်တာလေကွာလို့ပြောမှ ဩော် - ဟုတ်သားပဲလို့ဖြစ်ရတာပါ။ အကောင်ပြမှပဲ အရိပ်လေးလောက်မြင်ရတာပါ။

လူတစ်ယောက်ကို လက်တစ်ကမ်းလုပ်ခိုင်းလိုက်ရုံလေးနဲ့ မထင်မှတ်အောင်ဆန့်ပြည့်ဝသွားတာတွေ၊ အောင်မြင်သွားတာတွေဟာ အင်္ဂဝိဇ္ဇာရဲ့အားတွေပါပဲ။

ဆရာ့နောက်ကို တကောက်ကောက်လျှောက်လိုက်ရင်းက -

တစ်နေ့ -

တနင်္ဂနွေသားတစ်ယောက်ပါပဲ။

နာမည်ကလည်း တနင်္ဂနွေ။

သူကတော့ အလှကုန်ပစ္စည်းဆိုင်ကြီးဖွင့်ထားတာ။ ဒါပေမယ့် သူ့ဆိုင်ရှေ့ကကျော်ပြီး ဘေးကဆိုင်ကိုဝင်ကြတာများတယ်။ လူတွေက သူ့ဆိုင်ကို ဖင်ကြည့်ကြတယ်။ ပြီးရင် ဟိုဘက်ဆိုင်ကိုဝင်တယ်။ ဝယ်ဖြစ်တော့ အဲဒီဆိုင်မှာပဲဝယ်ဖြစ်တယ်။ သူ့ဆိုင်ရှိနေတာကို မမြင်သလိုဘဲ။

ဒီတော့ -

စဉ်းစားလိုက်တယ်။

'အောင်ပ' (၁-၅) အပြင်မိတ်ဖျက်ပြီး။

တနင်္ဂနွေရဲ့အပြင်မိတ် ကြာသပတေးကိုချေမှဖြစ်တော့မယ်။ ဒါဖြင့် ဘယ်လိုချေမလဲ။

သူ့ဆိုင်ကို လူတွေ ကျော်ကျော်သွားနေတာ သူ့ဆိုင်ကို သတိမထားမိလို့ပေါ့။ သတိမထားမိဘူးဆိုရင် မမြင်တဲ့သဘောပေါ့။ ဒါဖြင့် ဘာလုပ်မလဲ။

မမြင်တဲ့သူတွေကို ပွဲပိုးရတော့မယ်။

ဒါကြောင့် -

"ခင်ဗျားမျက်စိဝေဒနာရှင်တွေကိုပဲဖြစ်ဖြစ်၊ မျက်မမြင်တွေကိုပဲဖြစ်ဖြစ်သွားလှူပါ။ မျက်စဉ်း ဒါမှမဟုတ် မျက်စိနဲ့ဆိုင်တဲ့ အားဆေး ဒါမှမဟုတ် အာဟာရဖြစ်စေမယ့် အစားအစာတွေလှူလိုက်ပါ"

လို့ ပြောလိုက်ရတယ်။

တစ်ကြိမ်၊ နှစ်ကြိမ်၊ သုံးကြိမ်ထိတောင် မထူးသေးဘူး။ ငါးကြိမ်လောက်လှူပြီးမှပဲ သူ့ဆိုင်ဟာ အုန်းအုန်းထရောင်းအားကောင်းသွားပါတော့တယ်။

ဒါဟာ မိတ်ဂြိုဟ်ကို အားဖြစ်အောင် ပွဲပိုးခြင်းပါပဲ။

အဲဒီမှာ ဆရာက ပြောတယ်။

'ကောင်းတယ်။ မျက်စိအလင်းမရရှာသူတွေကို ကူညီတာ၊ ပွဲပိုးတာ၊ လှူဒါန်းတာ အင်မတန်မှကောင်းတဲ့ကုသိုလ်ကြီးတွေပဲ။ မင်းပေးလိုက်တဲ့ ယတြာရဲ့နောက်ကွယ်မှာပါသွားတဲ့အားတွေပဲ'

ဆိုပြီး ချီးကျူးခဲ့ဖူးပါတယ်။ ရှားရှားပါးပါး ချီးကျူးခံခဲ့ရတာပါ။

ဒါကြောင့် ဆရာ့ခဏခဏဆုံးမခဲ့တာပါ။

'မိတ်ဂြိုဟ်ကို မင်းလုပ်ပေးလိုက်တာ မှန်ပါတယ်။ သူ့ကိုယ်သူယုံစေတဲ့အားထဲကဘယ်အားပါလဲ။ သူ့ကို အကျိုးထူးစေမယ့်အားထဲက ဘယ်အားပါလဲ'

ဆိုပြီး ခဏခဏမေးခဲ့တာပါ။

လူတစ်ယောက် ခရီးတံပျက်လို့ သူရဲ့ ခရီးပေးကိစ္စတွေကို စီရင်တော့မယ်ဆိုရင် သံချောင်းတစ်ချောင်းကိုခွာ၊ မြောက်ဘက်အရပ်ကို လွှင့်ပစ်လိုက်ဆိုရင်လည်း သောကြာဂြိုဟ်တွေကို ချေတာပါပဲ။ သဖန်းပင်၊ သီဟိုဠ်ပင်အောက်မှာ သဲ (၆) ပုံ ပုံခဲ့ဆိုရင်လည်း သောကြာဂြိုဟ်တွေကိုချေတာပါပဲ။

သမင်လေးတွေကိုအစာဝအောင်သွားကျွေးခိုင်းရင်လည်း သောကြာဂြိုဟ်ကိုချေတာပါပဲ။

ဒါဖြင့် -

ဘယ်လိုချေခြင်းက ချေသူရဲ့ ရင်တွင်းကိုရောက်စေသလဲ။

ဘယ်လိုချေလိုက်ပုံက ချေသူကို အားတွေဖြစ်လာစေလဲ။

သမင်ကိုအစာဝအောင်သွားကျွေးလိုက်ပါဆိုတာနဲ့ ဘယ်ယတြာကအားတွေပါလဲဆိုတာ မပြောဘဲသိနိုင်လောက်ပါပြီ။ ဘယ်ယတြာဟာ အတွင်းစိတ်ထဲထိ ယုံကြည်ချက်ပြည့်ဝသွားနိုင်တယ်ဆိုတာ မှန်းဆလို့ရပါပြီ။

ဒါကို လွယ်လွယ်လေးပြောရရင်ခာတ်ထိခြင်း ဆိုတာပါပဲ။

ဒါဖြင့် -

ပြက်ရယ်ပြုနေကြပြီး ပါးစပ်က ပေါ့သွပ်သွပ်ပြောနေကြတဲ့ အင်္ဂဝိဇ္ဇာ [illegible] တာ ဘာလဲ၊ ဘာကိုပြောတာလဲ၊ [illegible] ကို အင်္ဂဝိဇ္ဇာလို့ နာမည်တပ်ပြီးပြော [illegible] ကြတာလဲ၊ ဘယ်လိုပညာမျိုးလဲ၊ ဘယ [illegible] လောက် အတိမ်အနက်ကိုသိလို့ အ [illegible] ဝိဇ္ဇာပညာနဲ့ ပတ်သက်ပြီး ဘယ်လော [illegible] ထိသိထားလို့ ပြက်ရယ်ပြုနေကြရ [illegible] လဲ။ ကိုယ်ပြက်ရယ်ပြုနေကြတဲ့ပညာ [illegible] ကော ဘယ်မြေ၊ ဘယ်ရေကလဲ။ [illegible] တစ်ယောက်ရဲ့ဘဝကို အဆင့်ဆင့် [illegible] တက်သွားအောင် စွမ်းဆောင်နိုင် [illegible] ပညာကြီးလို့ ပြောလိုက်ရရင် ဘယ် [illegible] ပြောကြမလဲ။

ဒါတွေဟာ -

လေးလေးနက်နက် စဉ်းစားသ [illegible] ပါတယ်။

ပညာက သူ့ဟာသူနေတာ [illegible] သူ့ဟာသူရှိနေတာပါ။

အင်္ဂဝိဇ္ဇာပညာကြီးတွေကို ပြ [illegible] တဲ့ ရှေးပညာရှိကြီးများဟာ ဘယ် [illegible] ဆပ်မကုန်နိုင်အောင် ကျေးဇူးကြီး [illegible] လွန်းလှတဲ့ ကျေးဇူးရှင်ကြီးတွေပါ။

ဒီပညာရှိကြီးတွေကြောင့် ဒီတ [illegible] အင်္ဂဝိဇ္ဇာပညာကြီးကို မြင်ရ၊ တွေ [illegible] ကြားရ၊ သင်ကြားရဆိုတဲ့အခွင့်ထူး [illegible] ရတာပါ။

ကျေးဇူးအင်မတန်ကြီးလှပါတ [illegible]

ဒါကြောင့် -

ဘယ်ပညာကိုမဆို အထင်သေ [illegible] လို့ မရပါဘူး။

သူ့ဟာနဲ့သူ အခိုင်အမာတွေ [illegible] ပါတယ်။

ကိုယ်မသိလို့၊ ကိုယ်မတတ် [illegible] ကိုယ်မမြင်နိုင်လို့ အလကားပါကွာ [illegible] ပြောလို့မရပါဘူး။

တစ်ခါက -

နယ်တစ်နယ်ကို အလည် [illegible] ခဲ့တုန်းက အဘွားတစ်ယောက်ဟာ [illegible] အိမ်ဘေးစဥ့်အိုးထဲမှာ ရေစိမ်ပြီးထေ [illegible] ထားတဲ့နှီးစည်းထဲက နှီးတစ်ချောင်း [illegible] သွားယူခိုင်းပါတယ်။

ယူပြီး သူ့ကိုပေးလိုက်တော့ [illegible] လက်ကလေးနဲ့ ဘယ်လိုတိုင်းလို [illegible] မသိ တိုင်းလိုက်ပြီး ဖျတ်ခနဲချိုးလို [illegible] တယ်။

ဆရာဦးမောင်မောင် [illegible]
(ရင်ကိုအေး [illegible])



www.burmeseclassic.com

www.burmeseclassic.com

# ညွန့်ဝင်း(နတ်တလင်း)

# ဗျားစွဲခြင်း၏ကောင်းကျိုးဆိုးပြစ် သူခဖြစ်စေ

ဗျားစွဲခြင်းနှင့် ပတ်သက်၍ ကောင်းကျိုး၊ ဆိုးပြစ်များ အမျိုးမျိုး အဓိပ္ပါယ်ရှိတတ်ကြောင်း ဖတ်မှတ်ဖူးကြပေလိမ့်မည်။ ပြောဆိုသံများလည်း ကြားဖူးကြလိမ့်မည်။ နေအိမ်၌ ဗျားစွဲပြီး ကောင်းသောအနိဋ္ဌာရုံများ၊ ကောင်းသောဣဋ္ဌာရုံများ မည်သို့တွေ့ကြုံခံစားကြောင်း ကြားမြင်သုတများ ရှိကောင်းရှိကြပါမည်။ သို့သော် ကောင်းကျိုး၊ ဆိုးကျိုးခံစားရခြင်း၏ အကြောင်းရင်းအမြစ်ကို သိရှိပြီး ဆောင်စရာ၊ ရှောင်စရာများကို လိုက်နာ ကျင့်သုံးတတ်ဖို့ လိုပါသည်။

ဗျားစွဲသည့်နေရာသည် လူနေအိမ်တွင်ဖြစ်စေ၊ နေအိမ်ခြံဝင်းတစ်နေရာတွင်ဖြစ်စေ ကောင်းကျိုး၊ ဆိုးကျိုးရရှိခြင်းမှာ ကာယကံရှင်ပုဂ္ဂိုလ်၏ အနိဋ္ဌအရပ်၊ ဣဋ္ဌအရပ်တို့တွင် ဗျားစွဲနေခြင်းအပေါ်တွင် မူတည်သည်။ ဗျားသည် လူထက်နိမ့်ကျသော အနိဋ္ဌသတ္တဝါ ဖြစ်သည်။ ထို့ကြောင့် ကာယကံရှင်၏ မြင့်မြတ်သော ဣဋ္ဌအရပ်တွင် အနိဋ္ဌသတ္တဝါများ စွဲလျှင် လူကိုခိုက်တတ်သည်။ ဥပမာ ခေါင်းရင်းဘက်လိုနေရာမျိုး၊ မျက်နှာကြက်လိုနေရာမျိုးတွင် ဗျားစွဲလျှင် အိမ်ရှင်လူများကို တစ်နည်းနည်း ထိခိုက်အကျိုးယုတ်စေသည်။ လူနေအိမ်၏ ခြေရင်းဘက်၊ လှေကားခုံအောက်လိုနေရာမျိုးတွင်စွဲခဲ့လျှင် အိမ်ရှိလူများကို ထိခိုက်ဘဲ အကျိုးပေးတတ်ပါသည်။

စာရေးသူတို့ နေအိမ်ခြေရင်းဘက်တွင် ဆယ်တောင်ခန့်အကျယ် မြေနေရာလေးရှိ၏။ မူလက စာရေးသူတို့အိမ်နှင့် ခြံသည် အံကိုက်သာ တည်ဆောက်ထားခြင်း ဖြစ်သည်။ အဆိုပါ ဆယ်တောင်ခန့် မြေအကျယ်လေးကို အိမ်နီးချင်း အဘွားတစ်ဦးထံမှ ဝယ်ယူခဲ့၏။ အဘွားအိုတွင် သမီးတစ်ယောက်ရှိပြီး ဆုံးပါးသွားခဲ့သဖြင့် သားထောက်သမီးခံမရှိတော့သည့် အဘွားကို အိမ်နီးချင်းနေသူ စာရေးသူတို့က ကြည့်ရှုစောင့်ရှောက်ခဲ့ရပါသည်။ အဘွားအိုဆုံးသောအခါတွင်လည်း စာရေးသူတို့ကပင် ဦးဆောင်ဦးရွက်လုပ်ကာ သင်္ဂြိုဟ်ပေးခဲ့ရ၏။ ထိုကျေးဇူးများကို အသိအမှတ်ပြုကာ ရပ်ဝေးနေ အဘွား၏ တူမများက ခြံမြေလေးကို စာရေးသူတို့အား ရောင်းချခဲ့သည်။

စာရေးသူသည် ထိုခြံကလေးကို ချဲ့ထွင်ရရှိပြီးနောက် (၂) နှစ်ခန့်အကြာတွင် ခြံလေး၏ နောက်ဖေးဘက်၌ ဂိုဒေါင်ငယ်တစ်ခု ဆောက်လုပ်ခဲ့သည်။ သို့သော် ထိုဂိုဒေါင်မှာ အကြောင်းအမျိုးမျိုးကြောင့် ဖောင်ဒေးရှင်းအဆင့်နှင့်ပင် ရပ်ထားခဲ့ရပြီး အပြီးသတ်ဆက်မဆောက်နိုင်ခဲ့ပါ။ (၂) နှစ်ခန့် ကြာသွားခဲ့ပါသည်။

သို့နှင့် ဝယ်ထားသော ခြံလေး၏ ခြေရင်းဘက် ကမ္ဘလာပင်လေးတွင် ဗျားအုံတစ်အုံလာစွဲပါသည်။ ဗျားအုံမှာ တဖြည်းဖြည်းကြီးထွားလာစဉ် တောရွာမှ စာရေးသူ၏တူများ ရောက်လာခိုက် ဗျားအုံကို ဖွပ်မည်လုပ်သဖြင့် 'မဖွပ်ပါနဲ့၊ သူ့ဘာသာသူနေပါစေ' ဆိုပြီး စာရေးသူက တားမြစ်ခဲ့ရ၏။ စာရေးသူအနေဖြင့် ဗျားစွဲခြင်းနှင့် ပတ်သက်ပြီး စာတွေ့ရောလက်တွေ့ပါ အသင့်အတင့်ကြားမြင်သုတပြည့်စုံနေသဖြင့် ကမ္ဘလာပင်လေး၌ဗျားစွဲခြင်းသည် ကောင်းသောနိမိတ်ဟု မှတ်ယူထားသည်။ စွဲသောအရပ်မှာ စာရေးသူတို့ နေအိမ်ခြေရင်းဘက်ဖြစ်သဖြင့် လူကို ထိခိုက်စရာအကြောင်းမရှိ အကျိုးစီးပွားတစ်ခုခုသာ ပေးရမည်ဟု ယုံကြည်ထားခဲ့သည်။ ဗျားအုံရှိ ဗျားများကလည်း ထိုနေရာတွင် အတော်ပျော်ပုံရ၏။ အခြားနေရာများမှာကဲ့သို့ ခေတ္တသာစွဲပြီး သားပေါက်ကာ ပြောင်းရွှေ့သွားခြင်းမျိုးမဟုတ်။ နှစ်ချီ၍ကြာအောင် အုံဖွဲ့နေထိုင်ခဲ့သည်မှာ ထူးခြားသည်။

ဗျားစွဲပြီးနှစ်နှစ်မြောက်အရောက်တွင် တိုက်တိုက်ဆိုင်ဆိုင်ပင် စာရေးသူ ရာထူးတိုးသည်။ ပုံမှန်အလုပ်အပြင် အခြားဝင်ငွေများလည်း ရရှိလာ၏။ လုပ်ဖော်ကိုင်ဖက်တစ်ဦးနှင့် ညှိနှိုင်းဖက်စပ်လုပ်ကိုင်သော လုပ်ငန်းတစ်ခုမှာလည်း ပုံမှန်ဝင်ငွေရလာ၏။ ထိုငွေများနှင့်ပင် စာရေးသူ၏ ဆောက်လက်စဂိုဒေါင်ကို ဆက်လက် ဆောက်လုပ်ပြီးစီးခဲ့သည်။ ထူးခြားသည်မှာ ဂိုဒေါင်ဆောက်ပြီးသည်နှင့် နှစ်ရှည်လများနေခဲ့သောဗျားများ အပြီးပြောင်းသွားခဲ့ခြင်းပင်။

ဤတွင် စာရေးသူအနေဖြင့်ပြောပြစရာအချက်များရှိနေပါ၏။ မိမိနေအိမ်နှင့် ခြံဝင်းများတွင် ဗျားစွဲတိုင်း စိုးရိမ်စရာမလိုသကဲ့သို့ အမှုမဲ့အမှတ်မဲ့လည်း မနေသင့်ပေ။ မိမိ၏အထက်မြင့်မြတ်သောနေရာများတွင် ဗျားစွဲခဲ့လျှင် ဗျားတို့နေရာသို့သွား၍ မေတ္တာပို့ပြီး သင့်တင့်သောနေရာတွင် နောက်ထပ်ပြောင်းစွဲရန် ပြောဆိုရသည်။ အတင်းဖျက်ဆီးခြင်းမျိုးမပြုရ။ မိမိထက်နိမ့်ကျသောနေရာများတွင် ဗျားစွဲလျှင်မူ ဗျားသတ္တဝါတို့အပေါ် မေတ္တာပွားများပြီး အနီးတွင် ရေစည်ရေပိုင်းများချပေးလျက် ကောင်းကျိုးပေးပါစေကြောင်း ပြောဆိုရသည်။ ဤသို့ဆိုလျှင် ကာယကံရှင်တွင် အကျိုးယုတ်ပျက်စီးခြင်းတစ်စုံတစ်ရာမရှိဘဲ စီးပွားလာဘ်လာဘနှင့် ကောင်းကျိုးလိုရာဆန္ဒများ တစ်နည်းနည်းဖြင့် ပြည့်ဝလာမည်ဖြစ်ပါကြောင်း။

မေတ္တာသည်သာ
ချမ်းသာစစ်ကိုပေးနိုင်သည်

ညွန့်ဝင်း (နတ်တလင်း)



www.burmeseclassic.com

www.burmeseclassic.com



# နေဝိဇ္ဇာ သေရည်သစ္စာ

□ နီခါန်း □

ဘော်သာခွာ ဖျန်းပက်ထားသော နံနက်ခင်းက ဖြူလွလွနှင့်။

ရှေ့မြင်ကွင်းတို့က မပီဝိုးဝါး ငွေမှုင်နှင်းခြည်တွေကလည်း နေရာအနှံ့ ပျံ့ဆင်းလာနေကြဆဲ။

ဒေါင်းယာဉ်ပျံက စတင်တိုးတက်လာစပြုနေပေမယ့် ဆီခန်းစမီးအိမ်ငယ်ဲ့ အလင်းလောက်သာခပ်ယဲ့ယဲ့။ ရွာစဉ်ာရဲ့မနုဿများစာဖြင့် သည်အနေသည်ဟာလကို စာမဖွဲ့စာမချဲ့အားသေး။ နေ့စဉ်တာဝန်သံသရာစက်အတိုင်းလည်နေရဲ့။ မင်္ဂလာတေးငြိမ့်ငြိမ့်သံစဉ်ချိုတွေဆီသို့တိုးဝင်လာခဲ့သည်။ နှာရည်စို့ရွဲ တပ္ပဲတွဲလို့ဆိုတဲ့အတိုင်း အညာဆောင်းက သူ့ကို ဆယ်နှစ်တာခန့် စိမ်းရက်သူ ကျွန်ုပ်အား မညှာမတာ ဆီးကြိုခဲ့လေပြီ။

လမ်းပေါ်မှာတော့ အရင်လို နွားလှည်းသံတွေက ဆူမနေတြ။ အိုင်တီခေတ် ဂလိုဘယ်လိုက်ဇေးရှင်းကွန်ရက်ထဲတွင် အတွင်းကျကျချောင်ပိတ်ရှိနေတဲ့ ခင်ဦးမြို့နယ်ရဲ့အရှေ့စွန်းရွာစဉ်ရွာမှာလည်း ဆိုင်ကယ်၊ ထော်လာဂျီ စတဲ့ယာဉ်သံတို့နှင့် ခေတ်ဆစ်ဒီဂျေအသံဖြင့် ရွာလမ်းမမှာ မြူးလွင့်နေလေပေါ့။

ဦးပေါ်သိန်း လက်ဖက်ရည်ဆိုင်အတွင်းဝင်ခဲ့စဉ် နေရာလွတ်ပင်မရှိသလောက် ရွာသားတွေက နံနက်ခင်းရေဒီယိုသတင်းကို စိတ်တိုင်းကျ နွေးချိ

ရည်နှင့်ဖြည့်တင်းနေကြသည်။ ကျွန်ုပ်ကို မြင်တော့ ဆွေမျိုးမကင်းသူ မောင်ရဲထိန်က အနားကိုလှမ်းခေါ်သည်။

"ဘိုနေ၊ သည်မှာလာထိုင်။ ခင်ဗျား ရောက်မှန်း ညဉ့်နက်မှ အဘိုးပြောမှသိရတယ်။ ဂျာအေးအိမ်မှာ အိပ်သလား။ ခင်ဗျားအမေဖွားကျွဲတောင် ပြီးခဲ့တဲ့အပတ်က ခင်ဗျားအကြောင်း အိပ်မက်မက်တာက ကျုပ်တို့ကို ပြောပြခဲ့သေးတယ်။ ခုတော့ ဖွားကျွဲ အိပ်မက်မှန်ပြီပေါ့"

စကားက ဟိုအရင်ရဟန်းဝတ်နှင့်အတိုင်း လေသံကရှည်ဆဲ။ ကျွန်ုပ်ထက် လွန်စွာငယ်သော်လည်း အညာရဲ့ရာသီဥတုနှင့် တောင်သူစိုက်ပျိုးရေးသမားမို့ ရင့်ရော်မာခိုင်နေသည်။ အေးလေ - ရဲထိန်မှမဟုတ်၊ ကျွန်ုပ်ရဲ့ကျောင်းနေဖက်တွေလည်း သူ့လိုပင် ရုပ်သာရင့်ရုံဆို အကျိုးမရှိ။ ခုတော့ သူတို့ဥစ္စာပါ မြင့်စုံရှိနေသည်မို့ ဝမ်းသာစရာ။

"ဟုတ်တယ်၊ ရန်ကုန်ကတိုက်ရိုက်လာတာမဟုတ်ဘူး။ မန္တလေးနှစ်ရက်နေပြီးမှလာခဲ့လို့။ မင်းအဘိုး ဘိုးလေးချစ်စကောနေကောင်းရဲ့လား"

"ဟာ - ဖွားကျွဲလိုပဲဗျ၊ သွားနိုင်စားနိုင်မာမာချာချာပဲ။ အားရင် အိမ်

လာခဲ့ပါဦး။ ဟင်းတင်း-ရွာရောက်တုန်း ရွာရဲ့ ဘီယာဖြူနဲ့စည်းစိမ်တော်ယစ်မှုလို့ အသစ်မြူးရတာပေါ့ဗျာ"

စကားထက် အစားကိုပဲ ဖြည့်လိုက်သည်။ မုန့်စိမ်းပေါင်းနှင့် လက်ဖက်ရည်ဖူးစာဖက်ပေးနေသည်။ ငါးဆယ်တန် ဘူးသီးကြော်တစ်ခုက လက်ဝါးကြီးသည်မို့ မနည်းဖိသွင်းရသည်။ ငယ်



www.burmeseclassic.com

www.burmeseclassic.com

စဉ်ကအတိုင်း အညာရွာအကြော်တွေက မပြောင်းလဲ။ လူတွေကလည်းကျွန်ုပ်မှန်းသိတာနှင့် ဆဲကြ၊ ထုကြ၊ ငယ်ကျိုးငယ်နာပြန်တူးဆွပြကြနှင့် အစဉ်အလာအတိုင်း ကျွန်ုပ်ကဖြင့် ရွာကိုစိမ်းခဲ့သူမို့ အပြုံးနှင့်အရောင်သစ်ပြန်လိမ်းရင်း နှုတ်ဆက်ရသည်။ နောက်လည်း တွေ့ဦး





www.burmeseclassic.com

www.burmeseclassic.com

မည်။ သည်တစ်ခေါက်တော့ ရွာတွင် ကြာကြာနေဖြစ်မည်မို့ သူငယ်ချင်းများထံ စုံအောင်တွေ့ရမည်ဆိုရင်း နှစ်သိမ့်လိုက်သည်။ ကျွန်ုပ်၏လက်ဦးတပည့်ခံရာ ကုန်းသာကျောင်း၌ 'တက်ရွှေစဉ်' စာကြည့်တိုက် ဖွင့်လှစ်ရန်အတွက် စာအုပ်များ နှစ်ရာခန့်ပါလာကြောင်းနှင့် ဝိုင်းဝန်းလုပ်အားပေးဖို့ပါ တစ်ဆက်တည်း အကူအညီတောင်းနေစဉ် -

ဆိုင်အပေါက်ဝရှေ့မှာ ထူးဆန်းဖွယ် မြင်ကွင်းတစ်ခုကပေါ်လာသည်။ ရွာမှာ ဒါမျိုးလုံးဝမရှိခဲ့။ ဒါကိုယ့်မွေးရပ်ရွာစဉ်ရွာမှ ဟုတ်ပါလေစဟုပင် မသိစိတ်က သံသယဝင်လာပြန်သည်။ ဒါ. . . ဒါမျိုးတွေက. . .။ ဟုတ်သည်၊ အရပ်က ငါးပေ၊ ရှစ်လက်မကျော်ကျော်ရှိမည်ဖြစ်သော လူတစ်ဦး ပုဆိုးမဝတ်ဘဲ အားကစားဝတ်ဘောင်းဘီတိုတိုကို နွားချည်ကြိုးအဟောင်းနှင့် စုရစ်ဖွဲ့နှောင်ပြီး ကြိုးတစ်ချောက်မှာလည်း ပလတ်စတစ်သေနတ်စုတ်တစ်လက်၊ ရေခွက်၊ တိပ်ခွေ စတဲ့ ပစ္စည်းအမည်စုံစီလျက် အပေါ်မှာက ဂျင်းခါးပြတ်အကျႌစုတ်ဝတ်လို့ နောက် - လည်ပင်း၌ လေးထောင့် အရက်ပုလင်းခွံကို ဆွဲထားသေးသည်။ ဆံပင်က တကယ့်ဟာစ်ပီနွယ်ရှေ့၊ နောက် ပြန့်ကျဲချထားသည်။ မျက်နှာကို ထင်ထင်ရှားရှားမမြင်ရ။ သူဘယ်သူပါလဲ၊ ဘယ်ကလဲ။ ကျွန်ုပ်စိုးထိတ်စွာနှင့်သိချင်မိသည်။ ဆောင်းက သူ့ကို နှိပ်စက်နိုင်ပုံမရ။ လက်တစ်ဖက်ရှေ့သို့ဆန့်တန်းပြီး တစ်စုံတစ်ခုကိုတောင်းနေဟန်နှင့် ခြေအစုံက ကောင်းဘွိုင်များ ရယ်ဒီအနေအထားမျိုး။ ဝဲလက်ကခါးထောက်လို့။

ကျွန်ုပ် မနေသာတော့။ အကြော်တစ်ခုကို နှိုက်ပြီးသွားပေးမည်အလုပ် ရဲထိန်က ဆွဲထားသည်။ ဆိုင်ထဲရှိ ပရိသတ်တွေက ဆိုင်ရှေ့ရှိ ကိုဟာစ်ပီထက် ကျွန်ုပ်အား ပို၍စိတ်ဝင်စားသလို ငေးနေကြလေပြီ။ ရဲထိန်က ခပ်တိုးတိုးလေသံနှင့် -

"ဘိုနေသွားမပေးနဲ့၊ သည်ကောင်ကစားစရာဆိုမယူဘူး။ ကျန်တာမှ"

ကျွန်ုပ်လည်း သဘောပေါက်သွားပြီး ထောင်တန်တစ်ချပ်ထုတ်ယူ၍ သူ့လက်ဝါးပေါ် လှမ်းတင်လိုက်သည်။ မျက်နှာကို သေချာလေ့လာသည်။ မြင်ခဲ့ဖူးသည့်ရုပ်မျိုး။ ဒါပေမယ့် သေချာမသိ။ ငယ်တော့ငယ်သေးသည်။ ပိုက်ဆံရသည်နှင့် လှည့်ပြန်သွား၏။ အသံမထွက်၊ အမူအရာမပြောင်းခဲ့။ ကျွန်ုပ်အတွက်တော့ သိချင်လွန်းတဲ့စိတ်ကြောင့် ဂနာမငြိမ်တော့။ ဆိုင်ထဲရှိ ရွာသားတွေကတော့ ဘာမှမဖြစ်ခဲ့သလို ပုံစံတွေနှင့်။ ရဲထိန်နှင့် ပန်းချီ (သန်းဝင်း) တို့က ပြုံးပြုံးကြီးတွေကြည့်ရင်းဖြင့် -

"ကဲ - ဘိုနေ၊ ခင်ဗျားအတွက် သည်ကောင်ဟာ တကယ့်ပဟေဠိဝတ္ထု တစ်ပုဒ်ဖြစ်နေပြီ မဟုတ်လား။ ကျုပ်ပြောပြပါ့မယ်၊ ခုတော့ မဟုတ်သေးဘူးနော်။ နေ့လယ်ပိုင်းကျ ခင်ဗျားတပည့်မိုးသီးအိမ်လာခဲ့ပေါ့။ သူငယ်ချင်းတွေ ဝိုင်းဖွဲ့ရင်း ကျုပ်တို့ရွာရဲ့တကယ့်ဖြစ်ရပ်မှန်ဇာတ်လမ်းတစ်ပုဒ် ခင်ဗျားသိစေရမယ်"

ပန်းချီ။ သူလည်း ကျွန်ုပ်တပည့်တစ်ယောက်ပင်။ တပည့်ဆိုပေမယ့် သူငယ်ချင်းများနှယ် အကြောင်းသိအားနာစရာ၊ ရွံ့စရာမရှိကြ။ သူ. . . သူ ကျွန်ုပ်အမျိုးထဲကဖြင့် မဟုတ်နိုင်။ ဟုတ်လျှင်တော့ အစတည်းမှ မသိစရာအကြောင်း မရှိ။ အပြင်၌ နှင်းငွေ့က ပါးလာလေပြီ။ ကုန်းသာကျောင်းသို့ သွားရဦးမည်။ ဘုန်းကြီးလေး ဦးတိက္ခနှင့် စာကြည့်တိုက်ကိစ္စဆွေးနွေးရန်ရှိသည်။ ငယ်ဆရာတော် ဘုန်းတော်ကြီး ဘိုး (ဦး) ဝန္နိယလက်ထက်တွင် သင်ပုန်းကြီးကို နှစ်မိုးကျွတ်သင်ယူခဲ့ရ၊ ကျောပြင်ပေါ်ပြောတင်အဆော်ခံရလေ့ရှိသူ မှန်ကုပ်ဟု ကျွန်ုပ်တို့ကျောင်းသားများခေါ်ခဲ့သည့် ယခု ဦးတိက္ခစာရာဘဝ၌ ပရိယတ်ထူးချွန် ပဋိပတ်ပါ တံခွန်ထူခဲ့လေပြီကော။ ရွာအတွက် နာရေးအသုံးပြုရန် ကားတစ်စီးပင် ကျောင်း၌ ထားနိုင်ပြီး ပရဟိတအကျိုးအား ပံ့ပိုးရွက်ဆောင်တော်မူနေသည့်အတွက် ဂုဏ်ယူစရာပင်။

□ သေရည်ဦးစ □

"ပေးဗျာ ကိုပါးမွှေး၊ ကျုပ်အရင်နှိုက်မယ်"

"ကြည့်နှိုက်တာမှမဟုတ်ဘဲ နိုင်အေးရ၊ ကျချင်တာကျမှာပေါ့ကွာ"

"မလိုဘူးဟေ့၊ အရင်နှိုက်တော့ ဂဏန်းများတာမို့ အကြိုက်တွေ့နိုင်တယ်"

"တို့က ဘိတ်ဆုံးပဲ"

စကားသံတို့ကတညံညံ။ကိုအောင်စိန်ရဲ့ဆိုင်ထဲရှိ လက်တောက်ခုံဝိုင်းမှာ ပွဲကကောင်းနေသည်။ ကျသောဂဏန်းအလိုက် ဇယ်တွေကို ကျင်းဝင်အောင် တောက်ရသည်မို့ လေးယောက်တွင် တစ်ယောက်တည်း အနိုင်ရတတ်မှု၊ သည်အထဲမှာ နိုင်အေးမရောက်ခဲ့။ သောင်ငွေလည်း ကုန်ခါနီးပြီ။ ကိုပါးမွှေးနှင့် လှဦးတို့ တစ်လှည့်စီ ဗိုလ်စွဲနေကြသည်။ တစ်ပွဲငါးရာကြေး၊ ရှုံးလျှင်ထွက်တော့။ နောက်တစ်ယောက်ဝင်။ သူငယ်ချင်းမိုးတင့်က ပထမဆုံးရှုံးခဲ့သူ။ နေ့ခင်းပင်ရှိသေးတာမို့ မိုးတင့်အိမ်သို့ သွားရန် လစ်ခဲ့ပြီ။ ပါလာလျှင်တော့ အကောင်းသား။ နိုင်အေးလက်ထဲ တစ်ပွဲစာသာကျန်တော့သည်။

သည်တစ်ကြိမ် နံပါတ်အကြီးဆုံး (၁၉) ဂဏန်း။ မျောက်စုတ်ပြီးရင် သူ့အလှည့်။ ထိပ်ဝကျင်းပေါက်၌ (၁၄) ပွင့်နေပြီး တစ်ဖက်စည်းနားမှာလည်း (၅) ကအသင့်။ သည်တစ်ခါ သူနိုင်မည့်အလှည့်။ မျောက်စုတ် ဂဏန်းစိတ်မဝင်စားတော့။ သည်ကောင့်လက်တကယ့်မျောက်လို။ ဘော်ခုံဆိုတော့ ဒီဇယ်လို အကြမ်းထိုးမရ။ ထိရုံးရှောခနဲ ဇယ်ကပြေးသွားသည်။ သည်ကောင် စထိုးနေပြီ။ Crossingဖြတ်ပုံက ဝါရင့်ဆရာကြီးပမာ။

"ဟဲ့ - နိုင်အေး၊ ဘယ်အချိန်ရှိ ပြီလဲ။ ကုန်းထဲကထင်းတိုက်ဖို့သွားလေ။ နင့်ခုံက ထမင်းဖြစ်မတဲ့လား၊ သူ စို့"

နိုင်အေးရဲ့ အစ်မကြီး ဒေါ်ကြည်တင့် ဝိုင်းရှေ့ခါးထောက်ရပ်ပြီး အသံပြနှင့် ဟစ်အော်လာသည်။ မျောက်စုတ် ဘယ်လိုထိုးယူလိုက်မှန်းပင်မသိတော့ နိုင်အေး အစ်မဖြစ်သူကို မျက်စောင်းကြည့်သည်။

"ဟွန့် - တိုင်ချိတ်ထားတဲ့ငါ့အ ထဲက ငွေ (၂၀၀၀) နှိုက်ယူသွားပြီးတော့ သည်မှာလျှုပစ်လိုက်ပြီမဟုတ် လား နိုင်အေးရယ်။ ငါတို့မှာမိဘတွေ မရှိတော့ နင့်ကို အငယ်ဆုံးမို့ ပြုစုခဲ့သ ဘာအကျိုးမှမရခဲ့ပါလား"

"အစ်မကျုပ်ကိုအရမ်းမစွပ်စွဲပါ မိုးတင့်ပိုက်ဆံနဲ့ဆော့နေတာ"

"ကဲပါ - ဒါဖြင့်ပြန်စို့။ အိမ် လှည်း,ကထားပြီးသား။ ပြန်လာမှ မေ လေး လုပ်ချင်တာလုပ်နော်"

ဒေါ်ကြည်တင့်က လေသံနူး ချော့ခေါ်မှ ထပါသွားသည်။

မိဘများဆုံးပါးသွားသည်က ချေပြီ။ အိမ်မှာ အစ်မတွေ သုံးယော တစ်ယောက်မှ အိမ်ထောင်မကျ ပေ။ လယ်တွေ၊ ကုန်းခင်းတွေက အေးတို့မောင်နှမတွေမှာ မျ စီးပွားရေးအဆင်ပြေမည်။ အစ်ကို



www.burmeseclassic.com

www.burmeseclassic.com

ဆောက်ရှိသေးပေမယ့် အိမ်ထောင်ကွဲ ပြီးနောက် လေလွင့်နေသည်။ ဘယ်မှာ နေမှန်းလဲမသိရ။ အစ်ကိုက အရက် သောက်တတ်။ ထစ်ခနဲဆို လက်ကပါ ချဲ့။ ရန်ပွဲဆိုလျှင် နိုင်အေးအစ်ကို မင်းနိုင် ရွာတွင်လွတ်တာမရှိခဲ့။ ပညာ တတ်တစ်ဦးလောက် သူတို့မောင်နှမတွေ ပါချင်လွန်း၍ နိုင်အေးကို အလိုလိုက် ကျောင်းအပ်ထားခဲ့သော်လည်း တော့ . . .။

"မောင်လေးရယ်၊ အစ်မတို့ကို ငဲ့မစာနာတော့ဘူးလား။ သည်တစ်နှစ် ဆယ်တန်းကို အောင်အောင်စာကြိုး စားစမ်းပါ။ အရက်တို့လောင်းကစားတို့ ဆော့ပါကွယ်။ ဘွဲ့တစ်ခုရရင် အစ်မတို့ ပျော်ကြီး မောင်လေးကို မြှောက်စား ထားယူနေမယ်"

နိုင်အေးကဖြင့် နကမွတိ။ အစ်မ စားသုံးကြွားဟန်မရှိ။ တောင်သူသား သမီးပေမယ့် တစ်နေ့တာ ကုန်အောင် ပေါင်းမသင်ထွန်မယက်ခဲ့စဖူး။ နေပူ ထဲမခံစားရတဲ့ တစ်နှစ်ရှုံးဆယ်တန်း ကျောင်းသား။ အစ်မတွေသာလျှင် နေမတန်ပေမဲ့ နွားနှင့်ဖက်ရှုန်း၍လုပ်ရ သည်။ သည်လို ပုံပြီးသားထင်းတိုက် လောက်ကလေးခိုင်းတတ်သည်။ အိမ် ရောက်သည်နှင့် လုည်းပေါ်တန်းတက် ထွက်လိုက်သည်။ အစ်မလတ် ကြည့်မြင့်က နွားတွေအပေါ် သား သမီးနှယ်ချစ်တတ်သူမို့ -

"မောင်လေး၊ သားတွေကို သိပ် ရိုက်နဲ့၊ ချော့မောင်းနော်"

မကြားဟန်ဆောင်ပြီး ခပ်သွက် သွက်မောင်းသွားရင်း နိုင်အေး စဉ်းစား နေမိသည် ။ ခုမှ တစ်နာရီခန့်ရှိသေး သည်။ (၃) နာရီခွဲခန့်တွင် ရွာအရှေ့ပိုင်း က ကိုထွန်းညိမ်းထန်းတောသို့ အခစား ဝင်ရဦးမည်။

မိုးတင့်နှင့် မျိုးသူတို့လည်း ပါနေ ဖြစ်၍ အချိန်မှန်စောင့်နေလိမ့်မည်။ သည်နေ့ လာဘ်ကပိတ်လွန်းသည်။ အိမ် ကလည်း မထိချင်တော့။ တစ်နေ့ တစ်ထောင်ကျပ်ခန့်လောက် အစ်မများ သုံးလည်း မလောက်နိုင်။ ရှာရမည်။ ထင်းခြောက်ထွားသည်ရမှာမို့ . . . ထင်း တတ်ပြီ၊ ထင်းတစ်ဝက်ခန့်ကို ရွာထဲက အိမ်တစ်အိမ်မှာရောင်းပြီး သူများတွေ သည်သွားလို့ဟု မုသားသုံးရင်း အစ်မ တွေရှေ့ ဒေါ်သပေါက်ကွဲပြလိုက်လျှင် သည်ကိစ္စ လုံးဝမေ့ပစ်ထားကြလိမ့်မည် လေ။

လွယ်လွန်းလှသည်။ သုံးထောင်

ကို ခါးတွင်လိပ်၍ ဝိုင်းတော်ဆီ အမြန် လစ်ခဲ့ခိုက် မျိုးသူနှင့်ဆုံနေသည်။ သည် ကောင်မျက်နှာမကောင်း။ လွယ်အိတ်ထဲ မှာက အကြည်ရည်တစ်လုံးနှင့်။ နိုင်အေး ကိုမြင်တော့ ပိုပြီး တည်ငြိမ်သလို လုပ်မ ကြည့်သည်။ သူ့ပခုံးကို လှမ်းဖက်တာ-

"ဘာလဲ၊ မင်းအိမ်နဲ့ကျိုင်ရှုပ်လာ ပြန်ပြီလား"

"ဟင့်အင်း"

"ဒါဆို မင်းပုံစံက။ စိတ်ချကွာ၊ သည်နေ့ ငါဒကာခံပါ့မယ်"

"နိုင်အေး သူငယ်ချင်း၊ အိတ်ထဲက ပုလင်းဟာ ငါ့အမေခွင့်ပြုချက်နဲ့ဝယ်ခဲ့ တာဆို မင်းယုံမလားဟင်"

သည်စကားက ဆန်းသစ်နေပါ ပကော။မျိုးသူဟာ လိမ်တတ်သူမဟုတ်။ သူ့အိမ်တွင် သူကအကြီးဆုံးသားတစ်ဦး။ သားက အရက်သောက်မည်ကိုသိနေ သော အမေက မတားဘဲ ခွင့်ပြုခဲ့ပြီး ပိုက်ဆံထုတ်ပေးလိုက်သည်တဲ့။ နိုင်အေး သည်ကိစ္စအရေး အဖြေရှာမရ၊ ယုံဖို့က လည်းမလွယ်။

"ထန်းတောရောက်မှ ငါတို့သူငယ် ချင်းသုံးယောက် ရှေ့ရေးပြောကြစို့ကွာ"

"မင်းအမေဆုံးမတဲ့စကားနဲ့ ငါတို့ ကို ပြန်ဟောပြမယ့် ဩဝါဒတွေဆိုပါ တော့"

မျိုးသူ ပြန်မတုံ့ဟဘဲ ပြုံးလျက် နှင့် လမ်းပေါ်က အချိုရည်ဘူးခွံကို ခြေ နှင့်ကန်ကျောက်ပစ်သည်။ သူလည်း နိုင် အေးလို မနှစ်က ဆယ်တန်းရှုံးခဲ့သည်။ မိုးတင့်ရောပေါ့။ ရှုံး၍စိတ်ညစ်ခဲ့ကြ သည်။ စိတ်ညစ်ညစ်နှင့် သောက်စမရှိ ခဲ့သည့်ထန်းရည်မှာ တစ်ခွက်စနှစ်ခွက်စ နှစ်မွန်းခဲ့ရင်းဖြင့် အဖြူရည်၊ အကြည် ရည်၊ ယစ်မူးတာမှန်သမျှ အကုန်စုံသွား သည်။ အိမ်အလုပ်ယောင်ယောင်၊ စာ ကျက်နေသယောင်ယောင်နှင့်အယောင် ဆောင်ဘဝ၌ ခုံမင်လာတတ်လေပြီ။

ကျောင်းဆရာ ဦးကြည်စိုးအိမ်သို့ တစ်ပတ် သုံးရက်တော့ ကျူရှင်တက် မပျက်ကြ။ ရွာကျောင်းက တွဲဖက် အထက်တန်းကျောင်းဖြစ်သဖြင့် အပြင် ၌ဖြေဖို့ တစ်နှစ်ရှုံးသူတိုင်းလိုလိုထွက် တတ်ကြသည်။ နိုင်အေးအနေဖြင့် ဆယ် တန်းကို အောင်ချင်သည်။ ပြီးတော့ မဘောဘီမြင့်ရဲ့အစ်ကိုတော် ဦးပဥ္စင်းက-

'နိုင်အေး၊ မင်းလိုအရပ်ရှည်ရှည်၊ ဘော်ဒီမိမိနဲ့ဆိုရင် ရန်ကုန်တက္ကသိုလ် ကို ဆယ်တန်းအောင်လို့ကတော့ သွား တတ်စမ်းကွာ။ မင်းအတွက် . . .'

စသော စကားသံတွေက အိပ်

မက်တွေထဲအထိ စိုးမိုးနေဆဲပင်။ စိတ် ကူးရေအလျဉ်မှာမျောမိတိုင်း ဆုံးဖြတ် ချက်တွေချပြီး စာကြိုးစားခဲ့ဖူးသည်။ ဒါပေမယ့် ရေပွက်ပမာ။

ထန်းတောတွင် လူနည်းနေသည်။ ကိုမိုးသီးတို့ဝိုင်းပဲရှိသည်။ မိုးတင့်ပါ ရောက်နေ၍ -

"ကြာပြီလား မိုးတင့်"

"ဆိုပါတော့ကွာ"

နတ်တော်လမို့ အညာတောက စိမ်းနုနုနှင့် အလှဆင်ပြနေသည်။ ကိုမိုး သီးတို့ဝိုင်းရှေ့ရှိ ပိတောက်ပင်ပျို့ရိပ်မှာ နေရာယူလျက် ထန်းရည်မှာလိုက်သည်။ မိုးတင့်ဆီက အနံ့ထွက်လာပုံထောက် လျှင် သူချခဲ့နေပြီးသား ဖြစ်မည်။ မျိုးသူ အရက်ပုလင်းကို ထုတ်ယူပြီး လက်က ဆုပ်ကိုင်ရင်း သူတို့မျက်နှာတွေ စိုက် ကြည့်လျက်။

"သူငယ်ချင်းတို့၊ သည်ပုလင်းကို ကြည့်ကြစမ်းပါဦး။ အေး - သည်ပုလင်း ငါ့လက်ထဲမရောက်မီ အမေ့ကို ကတိ ပေးခဲ့တယ်။ ငါ့ရဲ့ ကတိစကားကြောင့် အမေက ပိုက်ဆံထုတ်ပေးလို့ ငါဝယ် လာခဲ့တာ"

"ဆက်ပါဦး မင်းကတိ"

မိုးတင့်ကဝင်ထောက်လိုက်သည်။ နိုင်အေးကဖြင့် အဝေးကိုငေးကာ တစ်စုံ တစ်ခုအား တမ်းတနေဟန် -

"ငါစဉ်းစားနေတာကြာပါပြီ။ တို့ သုံးယောက်ဟာ ခုမှ (၁၇) နှစ်အရွယ် လေးတွေ။ စာမေးပွဲတစ်နှစ်ကျတာနဲ့ စိတ်ဓာတ်ကျပြီး ခုလိုမဆိုင်တဲ့ အမှား တွေဆက်ဖြစ်နေရင် ဘယ်တော့ကောင်း နိုင်မှာလဲ။ ဒါနဲ့ပဲ အမေ့ကို 'သားသည် တစ်ကြိမ် နောက်ဆုံးသောက်မှာပါ။ စာ မေးပွဲမအောင်မချင်း လုံးဝမသောက်စေ ရဘူး' လို့ ပြောခဲ့တယ်ကွ"

"ငါသဘောပေါက်ပြီ မျိုးသူ။ မင်းက ယတိပြတ်အနေနဲ့ ဆယ်တန်း မအောင်သရွေ့ အရက်ဖြတ်မယ်ပေါ့ ဟုတ်လား။ အင်း - ငါလည်း မင်းလိုပါပဲ ကွာ။ အိမ်ကလည်းအောင်စေချင်တယ်။ ငါကသာအသုံးမကျတာ။ ကဲ - ငါတို့ သစ္စာဆိုပြီး သောက်ကြရအောင်"

"ဘယ်လိုသစ္စာဆိုသောက်မလို့လဲ ပြောစမ်းကွာ"

နိုင်အေးက ချလာပေးသောထန်း ရည်အိုးကိုကြည့်ပြီး မေးလိုက်သည်။

"ဟ - သစ္စာဆိုပါတယ်ဆိုမှတော့ ကျွန်ုပ်တို့ မောင်မျိုးသူ၊ မောင်မျိုးတင့်၊ မောင်နိုင်အေးတို့"

"တော်စမ်း မိုးတင့်၊ မင်းရဲ့သစ္စာ



www.burmeseclassic.com

www.burmeseclassic.com

က မသေချာဘူး။ သည်မယ်ဟေ့ကောင်တွေ တို့ရဲ့ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ဖက်ဆစ်တွေကို တွန်းလှန်ဖို့ ဘယ်အရာနဲ့ သစ္စာဆိုခဲ့ကြသလဲ"

"လက်မောင်းသွေးနဲ့လေကွာ"

"ဒါပေါ့ကွ၊ ငါတို့လည်း အဲ့သည်အတိုင်း"

"ဟား ဟား ဟား- ကြိုက်ပြီဟေ့။ စိန်လိုက်ကြစို့။ ရော့ဟေ့ - သည်မှာ ငါ့ရဲ့ ဓားချွန်း"

"ပေးဓား၊ ငါအရင်ဖောက်ထည့်မယ်"

မျိုးသူ ဓားကိုယူပြီး အရက်ပုလင်းအား သွန်မှောက်၍ ထန်းရည်အိုးတွင် ပေါင်းထည့်လိုက်သည်။ ကိုမိုးသီးတစ်ယောက်မနေနိုင်တော့ဘဲ ထ၍လာရင်း-

"ကောင်လေးတွေ မိုက်ရူးရဲမဆန်ချင်ကြနဲ့။ မင်းတို့သွေးနဲ့သစ္စာဆိုတာ သိပ်အစွမ်းထက်တယ်နော်။ တော်ကြာ သစ္စာဖျက်ခဲ့မိရင် မင်းတို့ဒုက္ခတွေ့လိမ့်မယ်။ ယောကျ်ားပဲကွာ၊ မသောက်ဘူး ဆုံးဖြတ်နိုင်ရင် လုံးဝရှောင်နိုင်ရမှာပေါ့။ သွေးတွေဖောက်မထည့်ကြနဲ့တော့"

"ကျုပ်တို့ကလေးတွေမဟုတ်ဘူး ကိုမိုးသီး။ ခင်ဗျားဝင်မပါချင်နဲ့"

မျိုးသူက ဓားကိုလှည့်ပတ်ကစားပြကာ လေသံထန်ထန်ဖြင့်ပြောအပြီး ထန်းရည်အိုးပေါ် လက်ယာလက်မောင်းကို တင်လိုက်သည်။ အကျီဆွဲလှန်ပစ်၍ လက်သီးကို တင်းကျပ်စွာဆုပ်သည်။ ဓားက လက်ဝဲတွင် မြမြကိုင်လျက်။ တစ်ချက်ဆိုတစ်ချက်တည်း။ မျက်နှာက စက်ရုပ်နှယ် လုံးဝတွန့်မသွား။ အနီရည်တွေက အဖြူရောင်အမြှုပ်တို့နှင့် တစ်စက်ချင်းတစ်စက်ချင်းရောသွားသည်။

နောက်တစ်ယောက် နိုင်အေးအလှည့်။ သူက ဓားကိုယူ၍ ထန်းရည်အိုးထဲနှစ်လိုက်သည်။ စွပ်ကျယ်နှင့်မို့ လက်မောင်းဖော်စရာမလို။

"ကဲ - အဖေနဲ့ အမေ၊ သားလီးမွှာတော့မယ်ဗျို့"

တိုးညင်းစွာ ရေရွတ်လျက် ဆတ်ခနဲ စိုက်ထိုးလိုက်သည်။ အဖြူအိုးတားပို၍ နီလာလေတော့သည်။ မိုးတင့်နောက်ဆုံးလူ။ ပြုံးလျက်မျက်နှာပေးနှင့် ဓားကိုကိုင်သည်။ ဖြည်းဖြည်းချင်း ငြိုးနေသည်။ သွေးတို့က တံ့ဆိုင်......ခု၊ ဓားဦးထိပ်မှ စီးကျလာသည်။ ခုတော့ ထန်းရည်ဖြူလွှလွှအဆင်းမရှိတော့။ နီကြင်ကြင်က နေရာလုသွားလေပြီ။ ကိုမိုးသီးတို့ဝိုင်းလည်း ဘယ်အချိန်ပြန်သွားမှန်းပင် မသိလိုက်။ မရှိတော့ ပိုကောင်းသည်မဟုတ်ပါလား။

သစ္စာဆိုစကားထုံးများ ရွေးကြလေပြီတည်း။ သူတို့မျက်နှာထားတွေက ဓရာမဘုရင်ကြီးများပုံစံနှင့် ရုတ်ခြည်းတည်ကြည်လာသည်။ ခဏကြာလျှင် သုံးဦး ဆုံးဖြတ်ချက်ဖြင့် တစ်ယောက်တစ်လှည့်စီတိုင်ပေးရန် သဘောတူကြ၏။ နိုင်အေး စ,တိုင်ဆိုလိုက်သည်။ ဖိုခုံလောက်ဆိုင် ထန်းရည် သို့မဟုတ် သွေးယစ်ရည်အိုးအား ဝိုင်းရံထိုင်ကြရင်းဖြင့်-

"ကျွန်ုပ်တို့သုံးဦးသည်"

"ကျွန်ုပ်တို့သုံးဦးသည်"

"ထန်းရည်၊ အရက်အိုးထဲသို့"

"ထန်းရည်၊ အရက်အိုးထဲသို့"

"ကျွန်ုပ်တို့၏သွေးများကို"

"ကျွန်ုပ်တို့၏သွေးများကို"

"..............."

"..............."

□ သေရည်ရှုံးသွပ် □

နေအိမ်ပေါင်း ခြောက်ရာခန့်ရှိသော ရွာစဉ်ရွာကြီး၌ တစ်ယောက်အကြောင်းတစ်ယောက်သိဖို့ရန် သိပ်မလွယ်။ သတင်းထူးသတင်းဆန်းဆိုလျှင်တော့ အင်တာနက်တင်တာကပင် နှေးနေလိမ့်မည်။ နောက်တစ်နေ့ မိုးလင်းတာနှင့် ရွာတောင်ဘက်အစွန်မှ မြောက်အဖျားထိ ပြန့်ကျဲနေတော့၏။ ငွေမကုန်အကျိုးတော်ဆောင်မရှိဘဲ သိကုန်ကြလေပြီ။ တချို့က ကဲ့ရဲ့သံနှင့်။

ငယ်သူတို့က ချီးမွမ်းသံနှင့် ရေ့သို့သတင်းအစုံ ငုံလင့်ကာ ဝေဖန်နေကြသည်။ သူတို့ထက်ပို၍ပီတိနှလုံးဖြင့်ရွှင်ပျနေသူတွေက မိဘမောင်နှမချင်းတို့နှင့် ရွာခံဆရာကြီးများဖြစ်သော ဆရာဦးခင်အောင်နှင့် ဆရာဦးကြည်စိုးတို့နှစ်ဦးစလုံး သည်တပည့်မိုက်များရဲ့သတင်းကြားရခိုက် ဒေါသပွားမိကြသည်။ ပြီးခဲ့တာပြီးသွားပြီမို့ သူတို့ဘာမှမဝေဖန်ခဲ့ကြ။ တပည့်မိုက်တွေရဲ့ ရည်မှန်းချက်ကိုပဲ အစွမ်းကုန် ကူညီပေးဖို့သာလျှင် သန္နိဋ္ဌာန်ချလိုက်ကြသည်။ ကျောင်းဆင်းသည်နှင့် စာခေါ် သင်ပေးကြ၏။ အားပေးကြပေါ့။

ကြိုးစားသူတို့ထက် ...... ...... အောင် ကြိုးစားကြ......ပြီ။ ...... လည်း ထွက် သဝေမထိုးကြ။ ......နိုင်အေးသူက ဆရာဦးကြည်စိုးနှင့် တစ်ရပ်တည်းနေခြင်းကြောင့် လုလ္လ(လုံ့လ) ဝါယာမပိုစိုက်၏။ အစ်မတွေကလည်း ထမင်းခွံ့မကျွေးရုံတစ်မည်။ နတ်တော်၊ ပြာသို၊ တပို့တွဲ . . . . လရာသီတ...... ပြောင်းသွားနေပေမယ့် သူတို့က ...... အမှန်ဝီရိယရှင်များ။

သုံးဦးလည်းစု၍ စာများ‌ေဆွး‌ေ...... ကြ၊ ကျက်ကြနှင့် ပတ်ဝန်းကျင်ရဲ့ S...... cimen ဖြစ်နေချေပြီ။ ပညာရေးအဝ...... တက်ကုန် ရွက်စုံဖွင့်လို့ လိုတာမရှိခဲ့...... တက္ကသိုလ်ဝင်တန်းစာမေးပွဲကြီးက ...... ကပ်လာလေ။ သူတို့ပို၍ပို၍ကြိုးစား...... လေ သူတို့မိဘ အုပ်ထိန်းသူတွေ...... လက်ညှိုးညွှန်ပြ လိုတာရအောင် ဖန်...... ဖို့က အသင့်။

ဟော - ဖြေရန်နှစ်ပတ်အလိ...... တော့ ရွာထဲမှာ စာကြည့်ရခြင်း...... သမာဓိမရ။ အသံတွေဆူညံ...... အတွက် ရွာအနောက်ဘက်က ဘိုး...... မင်းတုန်းထဲတွင် သွားစာကျက်ကြ...... သည်။ စားစရာမပူနှင့်။ အိမ်က တ...... သုံးကြိမ်လာပို့ပေးကြ၏။ တချို့ ည...... လျှင် အိမ်ကို ပြန်အိပ်ဖို့မသွားကြ......

သည်လိုနှင့် နံနက်ခင်း...... အရောက် ဆရာဦးကြည်စိုးနှင့် မိ...... တို့မိဘတွေက မုန့်သွားအပို့ ဘိုး...... ထဲအတွင်းမှာလည်း စာအုပ်တွေ...... အိပ်ရာတွေဖရိုဖရဲနှင့် သူတို့ဘယ်...... နေတယ် မသိကြတော့ပါ။ ဦးကြည်...... လိုက်လေပြီ။ ယုံကြည်မှုဆိုသည် ...... အဆုံး အမြဲတမ်းစောင့်ကြည့်နိုင်...... လျှင် ခိုင်မြဲလေ့ရှိသည်ဆိုတာ နား...... လိုက်၏။

"ဆရာကြီး၊ ကလေးတွေမရှိ...... ပါလား"

"ဝေးဝေးသွားမယ်မထင်ပါ...... ကဲ -အားလုံးလိုက်ရှာကြရအောင်"

အပြင် အညာနွေ၏ အပူ...... အဆင့်ဆင့်ရင့်နေ၏။ သည့်ထက် ...... ရင်ခုန်သံစည်းချက်က မီးထ...... မတက်။ သည့်နားဝန်းကျင်တော့ ...... ကြ။ ဆရာဦးကြည်စိုးစိတ်၌ နေရာ...... ကို စဉ်းစားမိပြီး -

"သခွတ်ပင်ကုန်းဘက်မှာ...... သလားမသိဘူးဗျာ"

"ဖြစ်နိုင်တယ် ဆရာ၊ ...... သွားကြည့်ကြစို့ရဲ့"

သေခ္ခာ၏။ လူသံတို့က တ...... ခမန်းလိလိ။ အနိဋ္ဌသခွတ်ပင်...... မြေတွင်း အမင်္ဂလာသုံးယော...... အူကြောင်ကြောင်မျက်နှာအချို့...... ဆွေမျိုးတွေအကြား တွေ့လို...... နိုင်အေး။ ဒီကောင်ကတော့ ဘ...... ပကတိအနေအထားမရှိတော့...... ဘီတိုလေးပဲ သူ့ကိုယ်၌ကပ်နေသ......



www.burmeseclassic.com

www.burmeseclassic.com

"အစ်မဟုတ်လား၊ ကျုပ် မသိချင်ဘူး ကျုပ်သိတာ ကျုပ်. . . ကျုပ်"

ရှည်သောအရပ်ကြီးအား ကုန်းဆုတ် ဟစ်အော်နေသည်။ ဘေးက ဝိုင်းချိုင်းနှောင်ထားသူတွေလည်း မျက်ရည်စက်စက်စီဆင်းနေကြသည်။ လူရိုးခေါင်းငါးလုံးခန့်ကို ပုဆိုးအား ဆုတ်ဖြဲ၍ တီးကုံးနှယ်သီထားသည်လည်း ဇရပ်ထောင့်မှာတွေ့ပြန်သည်။ မိုးတင့်၊ မျိုးသူတို့နှစ်ယောက်ကလည်း ဘာမှမေးမရ၊ ဘာလုပ်ခဲ့သည်၊ ဘာဖြစ်နေသည်ကို ဆရာဦးကြည်စိုးအတွက် မေးစရာမလိုတဲ့ အဖြေတပေါ်ပြီသား။

"မိုးတင့်နဲ့ မျိုးသူတို့ အိမ်ပြန်ကြစို့ကွာ"

ခေါင်းညိတ်၍ ရှေ့ဆုံးကသွားကြ၏။ ဆရာဦးကြည်စိုးလည်း သူတို့နောက်ကလိုက်ခဲ့သည်။ ရှိုက်သံသဲ့သဲ့တို့လည်း ကပ်ပါလာခဲ့လေပြီတည်း။ ခေါင်းအားနှုတ်မှ သံစဉ်တချို့ထွက်လျှက်။

"အကြီးတစ်လုံး၊ အသေးတစ်လုံး မှန်ဗျာကြီးမေ့အောင်သောက်မယ်၊ မူးယစ်တိုနားတစ်ခွက်သည်နားတစ်ခွက်"

### ◻ သေရည်ကြီးစွပ် ◻

"ကိုခင်အောင်၊ ခင်ဗျားကျန်နှစ်ယောက်အတွက် ဘယ်လိုစီစဉ်ထားသလဲ"

"ဆရာစိုးနှယ်၊ ကျုပ်တို့က ဆရာပေါ့ဗျာ။ သူတို့ကိုစာသင်ပေးမယ်။ လမ်းကောင်းညွှန်ပြမယ်။ ဒါပဲတတ်နိုင်တယ်ဆိုတော့လား။ ၂၀၀၂၊ ၂၀၀၃ ခုနှစ်အတွက် ဖြေရေး၊ မဖြေရေးက သူတို့နဲ့သူတို့မိဘတွေရဲ့ အဆုံးအဖြတ်အပေါ်မူတည်တယ်လေ"

"ဟုတ်တယ်၊ ကျွန်တော်တို့မှာ အတင်းအကျပ်လုပ်လို့မရဘူး။ သူတို့အပေါ် စာနာသနားရုံကလွဲလို့ သည့်ထက်လည်း အခွင့်မရှိပြန်ဘူး"

ဆရာဦးကြည်စိုးသည် လူပျိုကြီး။ ပညာနှင့် ရုပ်ရူပကာရှိသော်လည်း အိမ်ထောင်ရေး စိတ်မဝင်စားသည့် ပုဂ္ဂိုလ်တစ်ယောက်တော့ လွတ်လပ်နယ်မြေမှာ ပျော်နေရှာပြီ။ ကျန်နှစ်ယောက်တော။ တော့ တိုက်တွန်းလွန်း၍ စာတော့ဖြေကြပြန်သည်။ မိဘတွေကဖြင့် အညာဒေသတောင်သူတွေပီပီ သိပ်မစဉ်းစားတတ်ကြ။ စဉ်းစားနေဖို့လည်း အချိန်မပေးနိုင်ကြ။ တောင်သူအလုပ်က တစ်နှစ်လုံးနားရသည့်ကာလမရှိခဲ့။

"ကလေးတွေပဲဗျာ၊ စိတ်ကစားချင်း အပျော်အပြက်လုပ်ခဲ့တာဆိုတော့ သစ္စာတွေ၊ မေတ္တာတွေ ဘာသိမလဲ။ သစ္စာဆိုတိုင်းသာစွမ်းမယ်ဆိုရင် လူတွေ ဘယ်ရှိတော့မလဲ"

ခပ်ကြွမ်းကြွမ်းစကားသံများပါ။ ဆွေမျိုးမကင်းသူတို့၏ နှုတ်မှကြားနေလေ့ရှိ၏။ မိုးတင့်နှင့် မျိုးသူတို့လည်း ထုံးစံအတိုင်း ရွာတွင် လျှောက်မွှေနေစမြဲပင်။ စာမေးပွဲက ဒုတိယမွှ ပါမလာခဲ့။ ကျပြန်လေပြီ။ ကျတာသိရသည်နှင့် မိဘတွေက ဆက်မထားကြတော့။ နွားနှင့်အတူ ကုန်းခင်းတွေဘက်ရုန်းရသည်။

သည်လိုနှင့် တစ်နှစ်ကျော်လာခဲ့သည်။ နောက်တစ်နှစ်ရဲ့နွေဦးရာသီက ရောက်လာခိုက် -

"ဟော့ကောင် မျိုးသူ၊ မင်းပိုက်ဆံတော့ ပါ, ပါတယ်နော်"

မျိုးသူ နှုတ်မှမဖြေဘဲ လက်ထဲရှိ မဂ္ဂဇင်းစာအုပ်မှစာမျက်နှာအချို့ လှစ်ပြလိုက်သည်။ အထဲမှာ ထောင်တန်ငါးချပ်တွေ့ရတော့ -

"မင်းကဘယ်လိုဖန်ဆင်းခဲ့တာလဲ ပြောစမ်းပါဦး"

"ဟင်းဟင်း-မိုင်နာလေးပဲ မိုးတင့်ရယ်။ ကိုဖိုးအေး၊ မဘောဘီတို့အိမ်အရှေ့ဘက်က လယ်ကွင်းပြင်ထဲ ကြက်လေကြက်လွင့်တွေ ပေါတယ်လေကွာ။ အဲ့ဒါကို ငါက ရပ်ရွာသန့်စင်ရေး"

"ရပ်တော့ သိပြီ၊ ငါ့ဆီလည်း အိုကေပြီးသား"

လျှို့ဝှက်လေသံတွေက ဘေးလူတွေမသိနိုင်။ ကိုဖိုးအေး၊ မဘောဘီတို့တွင် သားသမီးတို့က အ ဝေးမှာရှိနေသည်။ သား ဗိုလ်ကြီးက မြင်ဦးလွင်မြို့၊ သမီးမိမျှောက်လည်း တဂျုံတာ ဆိုတော့ မရှိ။ မြေး ပိန်သေးရှိနေလျှင် မျိုးသူ မလွယ်။ အဖြူရည်သန့်သန့် တစ်အိုးလောက် အလျှင်ဖြိုပြီးလျှင် ကျောင်းကြီးကျောင်းဝင်းထဲသွားဖို့ စီစဉ်ထားကြသည်။ နငယ်ပြောင်းပြန်ရပ်က ဆိုင်တွင် ပရိသတ်များနေသည်။ ငါးရာတန် မြှောက်ပြ၍ မိုးတင့် စာကလေးကြော်တစ်ပွဲ လှမ်းယူစဉ် ကိုဝင်းကိုတို့ လူလတ်ပိုင်းဝိုင်းဆီကနေ -

"မိုးတင့်"

"ခင်ဗျာ"

"ထန်းရည်ထဲ သွေးဖောက်ထည့်ဦးမလား"

မျိုးသူက ဒါမျိုးဆိုလျှင်သည်။ မိုးတင့်အား လက်တုတ်၍ ကိုဝင်းကိုတို့ဝိုင်းရှေ့သို့ ပြုံးစစမျက်နှာပေးနှင့်သွားရပ်ကာ -

"ဟုတ်တယ်ဗျာ၊ ကျုပ်တို့သွေးလိုအပ်နေတယ်။ မားကသည်မှာအသင့်"

ဟု ပြောအပြီး ကိုဝင်းကိုတို့ ဝိုင်းပေါ် ထိုးစိုက်ထောင်လိုက်လေသည်။ ဘယ်သူမှမလှုပ်ကြတော့။ မိုးတင့်ရှေ့လှမ်း၍ မားပြန်ယူသည်။ ပြီးတော့ -

"ကျုပ်တို့သုံးယောက်က ပေါ်ရိုသလိုလုပ်ဖို့ဝန်မလေးဘူးနော်။ ခင်ဗျားတို့မဆိုင်တဲ့စကားမပြောချင်နဲ့"

ပြောအပြီး မျိုးတင့် စကိုင်နေသည့်ဝိုင်းထဲ လာထိုင်ကာ ဇိမ်ယစ်တော့၏။ ကြာကြာမထိုင်နိုင်သေးပါ။ သည်မှာထက် အိတ်ဖောင်းမယ့်အရပ်ကို နှင်ရလိမ့်မည်။ သွက်သွက်ကလေးလော်င်းသွင်းသည်။

ကျောင်းကြီးက ရွာအလယ်မှာရှိသည်။ ဆရာတော်ကြီးမှာလည်း သက်တော်ရင့်၍ ပမာဒလေခလျက် သူငယ်ပြန်နေတော်မူရှာသည်။ တပည့်ကောင်းရဟန်းတွေရှိနေပေမယ့် မြို့ပြမှာ သီတင်းသုံးကြ၏။ ကျောင်းဝင်းကား အလွန်ကျယ်သည်မို့ အရှေ့ဘက်ခြံအစပ်ရှိ စေတီအိုစေတီပျက်တို့အကြားက ဘုရားသိမ်အဟောင်းကြီးအတွင်း၌ ဖဲဝိုင်းကရှိတတ်သည်။ ရွာလူကြီးတွေလည်း အမြဲစောင့်ရန်မတတ်သာ။ သရက်၊ ပိန္နဲ၊ အုန်းပင်တွေကပါ ပေါ်တော့ နွေရာသီအပန်းဖြေစခန်းလိုရှိနေသည်။

ဒေါ်ဝင်းရွှေဆိုင်မှ ဖဲအသစ်တစ်ထုပ်ဝယ်ယူ၍ ကျောင်းမျက်နှာစာဘက်မသွားဘဲ နောက်ဘက်အုတ်တံတိုင်းက ကျော်ဝင်လိုက်ကြသည်။ သိမ်ပျက်ကြီးထဲမှာ သုံးဝိုင်းပင်ရှိနေပါဝကော။ အကြီး၊ အငယ်စုံစုံလင်လင်။ အောင်ပိုင်ကနေ လှမ်းခေါ်ပြီး -

"သည်မှာဝိုင်းကြီးကွ၊ မိုးတင့် လာထိုင်။ ငါတော့ ပြောင်သွားပြီဟေ့"

"ဟောဒီမှာ ဖဲထုတ်အသစ်။ ဘူကြီးတွဲမယ်။ ငါးရာအနည်းဆုံးကြေးနော်။ ကိုင်သူမရှိရင် ငါကိုင်ပြီဟေ့"

ခတ်သိချင်းမို့ ဘာမှဝင်မစွက်ကြ။ လျော်နိုင်သူ ဒိုင်လုပ်၊ မလျော်နိုင်လျှင်တော့ ထိုးသားဘဝမှနေ။ သူတို့နှစ်ဦး စုပုံလိုက်သောငွေက တစ်သောင်းကျော်ကျော်ရှိလိမ့်မည်။ ထိုးသားတွေ ငွေကို မြင်ရ၍ လက်ယားသွားကြ၏။ စပြီ မျိုးသူက အနားတွင် လေ့လာနေသည်။ ဆယ်မိနစ်ခန့်တွင် အပုံကြီးဖြစ်လာ၏။ ရပြီ - သည်လောက်ဆိုလျှင် မိုးတင့်အတွက် စိတ်ချရပြီပေါ့။ အပုံကြီးထဲမှ လက်တစ်ဆုပ်နှိုက်ယူ၍ အခြားဝိုင်းဘက် မျိုးသူလှည့်လိုက်၏။

နောက်ကနေခါးကိုတို့ခံရကြောင်း



www.burmeseclassic.com

www.burmeseclassic.com

ဆက်ခနဲလှည့်အကြည့်တွင် သူငယ်ချင်းကြီး နိုင်အေး။ အောက်ပိုင်းတော့ အားကစားဝတ်ဘောင်းဘီနှင့်။ အမြန်ငွေနှစ်ထောင်ပေးလိုက်သည်။ ဆလံပေး၍ ထွက်သွား၏။ ဝိုင်းသည် စာဖွဲ့မရ။ ကလေးဝိုင်းသာသာရယ်။ ရွယ်တူတွေမို့ ဂရုစိုက်စရာမရှိ။ တွမ်တီးဝမ်းဆော့နေ၏။ ဒိုင်က ဉာဏ်သိန်း ဖြစ်သည်။ နှစ်လက်ထိုးရုံရှိသေး ဉာဏ်သိန်းတစ်ယောက် ပြောင်သွား၏။ မျိုးသူ ဒိုင်နေရာယူလိုက်၏။ ဖဲပွင့်တွေစုံအောင်ပင် မနှံ့သေးခင် တစ်ဦးပြီးတစ်ဦးထသွားကြ၏။ ပွားဖို့ဝင်သူတွေ ထားသွားကြရာသည်။

သည်နေ့က မဟာလာဘောလာဘ်ကြီးဝင်သောနေ့ ဖြစ်နေလေပြီ။ နှစ်ယောက်ပေါင်း လေးသောင်းလောက်ရခဲ့သည်။ မျိုးသူ အူမြူးနေလေသည်။ ဖဲရှုံးသူ အောင်ပိုင်၊ တက်တူ၊ လှဦးတို့ အပါအဝင် လူ (၁၀) ယောက်ခန့်ကို -

"ကဲ - ဘော်ဒါတို့၊ ရော့ကွာ၊ မင်းတို့အတွက် ညနေခင်းဖျော်ရည်ဖိုး"

ဟု ဆို၍ ငွေလေးထောင်စွန့်ကြဲခဲ့သေး၏။ နေစောင်းပြီမို့ ကျောင်းဝင်းထဲတွင် အမှောင်ရောက်လာသည်။

"သည်နေ့ ငါ အတော်ပျော်နေတယ် မိုးတင့်။ ငွေရလို့မဟုတ်ဘူးကွ။ ဘာကိုပျော်လို့ပျော်မှန်းငါမသိဘူး"

"ပိုပျော်အောင် ဂျင်တစ်လုံးသောက်ကြစို့၊ သည်ညလည်း အိမ်ပြန်အိပ်ဖြစ်မယ်မထင်သေးဘူးကွာ"

"ဒါများ အဆန်းလုပ်လို့။ ငါဖြင့် ဦးကံဆင်တို့ ကြုံကြိုက်တဲသွားအိပ်နေတာ သုံး၊ လေးညရှိနေပေါ့"

"စောစောက ရှည်ကြီး (နိုင်အေး) လာသေးတယ်နော်။ မင်းပေးလိုက်ရဲ့လား"

"ဘယ်နေမလဲကွ၊ ပေးတာပေါ့။ သည်ကောင်ကြီးအတွက် စိတ်မကောင်းဘူးကွာ"

"ဒါက သူ့အကြောင်းနှင့်သူပါ မျိုးတင့်ရယ်။ သူသာန်ထဲအိပ်နေတုန်း မြေပုံတွေဆီသွားပြီးအရိုးခေါင်းလိုက်ကောက်တဲ့အတွက်ကြောင့်"

"တော်ကွာ"

ဟု မျိုးသူ တားလိုက်ရင်း ဂျင်နှင့်သံပရာ၊ သကြားဖျော်စပ် မှိုဝဲဖို့ထွက်ခဲ့ကြသည်။ လုပ်ချင်သောစိတ်ဆန္ဒရှိရာသို့ ကန့်ကွက်ဟန့်တားမယ့် ဇုန်အတွင်း ရောက်နေကြသည်။ ဒုက္ခမခံစားရဖူးသော ပုံပြင်ထဲက မျောက်မင်းပမာ ငယ်မာန်နှင့် စူးစမ်းဆုတ်ချင်ကြ၊ စမ်းသပ်ကိုင်ချင်ကြသည်။ သူတို့နှစ်ဦးတွေ့လေပြီ ပက်ပင်းကြီး။ မျိုးသူ၏အဖေက လမ်းထောင့်မှ ထွက်ရပ်ပြီး ကြိမ်နှင့် -

"အမျိုးဖျက်ကောင်၊ လူကြီးတွေကို မားကြိမ်းပြသတဲ့။ ဟုတ်စ ကဲကွာ"

"ဗုန်း ဖြန်း"

မျိုးသူ အလစ်ရိုက်ခံလိုက်ရပြီးနောက် ခြေထောက်က တာဝန်ကျေပွန်စွာ အမြန်ဆုံးပြေးတော့သည်။ အဖေ့တောက်ခေါက်သံ တစ်ချက်ပဲ နားတွင်ကြားလိုက်ရ၏။ ကပ်ပါမလာ၍ အရှိန်လျှော့လိုက်ရင်းနှင့် မိုးတင့်ကို ရှာရပြန်၏။ ကိုပြောင်းတင် အိမ်ခြံဝင်းစည်းရိုးကြားကနေ မိုးတင့်ထွက်ပြီး -

"ကဲ-မျိုးသူ၊ မင်းကျောင်းကြီးအရှေ့ပိုင်းက ညောင်ပင်အောက်မှာ စောင့်နေခဲ့။ ငါသွားဆွဲမယ်"

"ဟုတ်ပြီ ကိုအောင်မြင့်တဲရှိသားပဲ။ အိုကေ"

ထိုအိုကေကား ဦးညွှန့်ရွှေကြခင်းအတွင်း ဖြတ်အသွားတွင် မျိုးသူတစ်ယောက် ပြောင်းပြန်ဖြစ်ချေသည်။

သည်လူကြီး အသက် (၃၀)ကျော်ခန့်က လူနှစ်ဦးသတ်ခဲ့မှုနှင့် ထောင်အနှစ် (၂၀) ခန့်နေခဲ့၊ ကျခဲ့သည်ဟု ဆိုကြ၏။ မျိုးသူ တိတိကျကျမသိ။ ရွာမှာတော့ ဦးညွှန့်ရွှေလောက် အကျဉ်းစံဝါရင့်သူမရှိ။

"ဟော့ - မျိုးသူ လာ၊ နောက်ဆိုမှောင်လာရင် ငါ့ခြံထဲကဖြတ်မသွားနဲ့နော်"

ဒါပဲပြောသည်။ မျိုးသူ တစ်ချက်သာပြန်ကြည့်၍ လေချွန်လျက်ဖြည်းဖြည်းသွား၏။ စိတ်ထဲတွင် ဦးညွှန့်ရွှေအား အမှန့်ကြိတ်ပစ်နေလေသည်။ ည၏ လက မပြုတပြုထွက်စရှိနေလေပြီ။ ညရဲ့ ယစ်မူးစရာလည်း သူတို့အသင့်ပင်။ မျိုးသူသည် ညတစ်ပုလင်းနှင့် မတင်းတိမ်သဖြင့် ကိုအောင်မြင့်အား ထပ်ဝယ်ခိုင်းပြန်၏။ မိုးတင့်တော့ ပြန်သွားလေပြီ။

"မူးစမ်းကွာ၊ သည်ည ပိုမူးစမ်း သူငယ်ချင်း နိုင်အေးရေ။ ငါလည်း မင်းလို. . ."

မိုးပင်မလင်းသေး၊ ကျောင်းကြီးအပေါက်ဝဘေးရှိ မန်ကျည်းပင်အိုကြီးနားမှာ လူတွေစုရုန်းနေကြပြန်သည်။ အပေါ်၌ ကြိုးတွဲလဲနှင့် လူတစ်ဦး။ ဆိုင်ရာတာဝန်ရှိသူတွေကို စောင့်နေပုံပေါ်သည်။

"အင်း - ရခဲ့တဲ့လူ့ဘဝ အရလွဲသွားရှာပါပကောလား"

"ဟုတ်ပါ့ ဦးစိုးရှောင်ရေ။ တြ. . . မကောင်း အကြောင်းမလှ လူ့ဘဝ. . . ဗလာချည်းနှီး- မိုက်လုံးကြီးမှုတွေ နှိ. . . ချုပ်သွားရှာပြီလို့ပဲ မှတ်ရမှာပေါ့ဗေ. . . အင်း - ကလေးတွေ. . ."

ဟု ဘုရားဒကာ၊ ကျောင်းဒ. . . ကြီးဦးတင်ဖေ၏ သံဝေဂမှတ်ချက်အ. . . မန်ကျည်းပင်ထက်ရှိ ကြိုးပိုင်ရှင် ကြ. . . ပါစေ၊ သို့စေကာမူ သက်မဲ့ခန္ဓာက. . . 'ကြည့်တတ်သူ မြင်လိမ့်မည်၊ သိအ. . . သူမြင်လိမ့်မည်လို့ ပြန်လည် ဆုံးမ. . . ခဲ့သည့်နှယ်'။

□ သေရည်သေရက် □

"မိုးတင့်၊ အဖေ့ဘဝ တစ်ကြ. . . လောက်တောင် အရက်သေစာ၊ လော. . . ကစားမပြုခဲ့ဖူးဘူး။ ဘုန်းကြီးကျော. . . ထွက်ပဲ။ အေး - သည်တော့ အဖေ့ဆုံး. . . စကားနားမဝင်ရင် တစ်နေ့ သားပဲ. . . မယ်ဆိုတာ မှတ်ထားလိုက်"

ဆယ်တန်းသို့ ရောက်စနှစ်. . . သူငယ်ချင်းတွေနှင့်အတူ ရွာသာ. . . သွားကြည့်စဉ် ဖဲရိုက်သော်သတင်း. . . ပြီးနောက် အဖေ့ဆုံးမစကားတစ်ခွန်း. . . ခုချိန်မှာ မကြာခဏ ကြားကြားနေ. . . လေသည်။ နောက်ပြီး မိုက်ကြွေး. . . ဖြစ်တဲ့။ ကိုယ်ပြုတဲ့ကံ ကိုယ်သာ. . . သတဲ့။ မိရိုးဖလာဗုဒ္ဓဘာသာ ကိုး. . . လာခဲ့ပေမယ့် ကံဆိုသော ရှေးဘဝ. . . နောက်ဘဝကံ ဘာမှနားမလ. . . နားလည်အောင်လည်း မလုပ်ချင်။

အမေက မျိုးသူကြောင်း ကြာ. . . ပြီး တစ်လလောက်ရှိတော့ သက်နိ. . . ရန် တိုက်တွန်းသေး၏။ စိတ်. . . ဝါသနာမရှိသောကြောင့် ရှောင်. . . ဟုတ်တယ်လေ။ ကိုယ်ကမှ သက်. . . အညီ မနေနိုင်တာ။ ဝတ်မိမှ ပိုစိတ်. . . လျှင် အခက်သား။ သူတို့ဖြစ်ခဲ့တာ. . . က ကိုယ်နှင့်မှမဆိုင်တာဘဲလေ။ . . . လာတော့ကော ရင်ဆိုင်လိုက်ရုံ. . . သည်။ မိုးတင့် သေရမှာကို တွေး. . . တော့။ တစ်နေ့နေ့ အားလုံးသေကြ. . . ပြေးမလွတ်နိုင်။

ရွာသားတွေက တော်ပါသ. . . သူတို့လိုလူငယ်အရေးကိစ္စတွေအ. . . ခေါင်းထဲထည့်ထားရိုးမရှိဘဲ . . . ပျောက်ပျောက် သဘောထားတ. . . သည်။ ရှင်ပြုပွဲ၊ မင်္ဂလာပွဲ၊ သာ. . . နာရေးပါမကျန် ကာလသားခေါ်. . . ပညာတတ်စာရင်းဝင်။ မိုးတင့်. . . ဆယ်တန်းတက်မှ ဘွဲ့ရတွေကို. . .



www.burmeseclassic.com

www.burmeseclassic.com

း လေးစားစွာ ဖိတ်ကြားတတ်၏။ ကလည်း အဆန်းမဟုတ်။ ရွာမှာက ယ်တန်းလောက်အောင်လျှင် သေ ဆွင်စာဖတ်တတ်ပြီဟု ယူဆကာ မိဘ ာ တောင်သူအလုပ်ဘက်သွင်းလေ့ရှိ သည်။ အစဉ်အလာဖောင်းထဲက ရုန်း ထွက်သူမိဘတွေက ခပ်ရှားရှား။

ရွာမှာ ကိုဖိုးအေး၊ မသောဘီတို့ သားသမီးသုံးယောက်က ပညာရေးအ ဆုံးဖြစ်ကြသည်။ မိုးတင့် အပါအဝင် ရွာတော့ ခေါ်ကြသည့် ဘုတ်ဆုံးဘွဲ့ သူ၊ နောက် အောက်က သူမောင် ထွက်သို့၊ ပြင်ဦးလွင်စစ်တက္ကသိုလ် ကျောင်းဆင်းဘွဲ့တွေက အများကြီး။ ငယ်ဆုံးမိမျောက်လည်း တက္ကသိုလ် ထိကဆိုသည်။ မိုးတင့်တို့ရွာသား တွေက သိပ်မသိကြ။ သိတာဆို၍ ကိုဖိုး မိသားစုလိုတောင်သူမဟုတ်၊ စီးပွား မလုပ်ဘဲ မဏ္ဍပ်ပန်းချီဆရာ၏သား ်းတွေက သူဌေးတွေ၊ မြေပိုင်ရှင်တို့ရဲ့ သားသမီးတွေထက် သာလွန်သည်ကို တုယူပြီး ကျောင်းထားပေးခဲ့ကြသည်။ ိုင်အေး၊ သူ၊ မိုးတင့်မိဘများလည်း ထွက်။ တကယ်ဆို ကြွက်သိုး၊ မိမျောက် ်နှင့် မိုးတင့်တို့ ဆုံခဲ့ဖူးသည်။ သူတို့က တန်းကြီးလို့သာ မခင်မင်ခဲ့တာ ဖြစ် သည်။

မသွားချင်တော့။ လူစုလူဝေးကြား ်င် ပြက်ရယ်ဖွဲ့ တီးတိုးသံတွေမကြား ။ ရင်ထဲကမီးတောက်တွေ အပြင် ူးစက်လောင်ကျွမ်းသွားနိုင်သည်။ မိုး ်င့် ဒေါသနှင့် မတုံ့နှင်းချင်။ အဖေ့ဆန္ဒ အတိုင်းတောထဲက မြေပဲခင်းမှာပဲ စိတ် ်ထားခဲ့သည်။ အိပ်စက်တိုင်း အိပ်မက် ွေက နှိပ်စက်လာနေသည်။ ပြီးခဲ့တဲ့ ်က သည်လိုမမက်ခဲ့။ ယစ်ရွှေရည် ောက်ပြီး အိပ်လျှင်တော့ စိတ်ထဲက ိတိဖြစ်လာသလိုလို ခံစားရရင်းဖြင့် အိပ်မက်နုနုလေးများကပါ တိုးဝင်လေ့ ္ဗိမြဲ။ ရှစ်တန်းမှာ ကျောင်းထွက်ခဲ့သူ ိုးတင့်ရဲ့ ရင်ခုန်သံကို စည်းချက်မှန် အောင်ဖန်တီးရှင်လုသန္တာဦးက အိပ်မက် ထဲမှာ ကမ်းလင့်လက်သွယ်နေသည်။ တစ်ခါတလေ သူတို့၊ နိုင်အေး၊ မျိုးသူ နှင့်အတူ ချစ်သူကိုယ်စီတွဲပြီး လျှောက် သည်လည်း မက်တတ်သေး၏။

မသောက်လိုတော့။ သောက် ိုက်၊ ဖြတ်လိုက်နှင့် တစ်နှစ်ကျော်လာ ခဲ့သည်။ ဒါပေမယ့် မနေနိုင်ခဲ့ပေ။ ဖြေ သာရာ ရှာကြည့်ဟန်ဖြင့် ဘိသိက်ဆရာ ဆေင်ဆရာကြီး ဦးစိန်လင်းထံသွားလည် မိသည်။ ဆရာဦးစိန်လင်းက ရဟန်းလူ ထွက်ပညာရှိမို့ ဖြစ်မည်။ မိုးတင့်အား တူ သားပမာ ဆက်ဆံရင်း တစ်ကြိမ်မှာ-

"ငါ့တူ၊ မင်းလည်း ဗုဒ္ဓဘာသာဝင် ဆိုတော့ ဘာလုပ်နေနေ သရဏဂုံသုံး ပါးမမေ့စေနဲ့။ စိတ်ထဲကမပြတ်ရွတ်စေ ချင်တယ်။ ဒါက အလွယ်ဆုံးနဲ့ အထိ ရောက်ဆုံးတရားတော် ဖြစ်တယ်"

"ဗုဒ္ဓံသရဏံဂစ္ဆာမိကို ပြောတာ လား ဦးလေး"

"ဟုတ်တယ်၊ မင်းအနေနဲ့ အိပ် ပျော်လို့ အိပ်မက်ထဲအထိ သရဏဂုံက ထင်လာစွဲလာပြီဆိုရင် နောက်ဘဝအ တွက် စိတ်ချရပြီပေါ့။ တို့လို ဝုထုဇဉ်တိုင်း အကုသိုလ်နဲ့ကုသိုလ်ရောထွေးနေကြရ တာပဲကွ။ အရေးအကြီးဆုံးက ပဉ္စာနန္တ ရိယအကုသိုလ်ကံကြီးငါးမျိုးပဲ။ မင်း နားလည်အောင်ပြောရရင် (၁) အမေ သတ်တာ၊ (၂) အဖေသတ်တာ၊ (၃) ရဟန္တာကိုသတ်တာ၊ (၄) ဘုရားရှင်ကိုယ် တော်ကာယတော်ကို ထိခိုက်အောင် လုပ်တာ၊ (၅) သံဃာကို သင်းကွဲအောင် လုပ်ပြီး တစ်စင်တစ်ဂိုဏ်းဖွဲ့တာတွေ ပေါ့။ သည်အပြစ်တစ်ခုခုမှားခဲ့ရင်တော့ သေချာပြီ။ သေတာနဲ့ ငရဲကျလိမ့်မယ်။ မင်းတို့ငါတို့အတွက် သည်ကံထဲက အမိ၊ အဘပဲ အဓိကကျနေတယ်။ မိဘတွေ အပေါ် စိတ်နဲ့ပင် မပြစ်မှားစေနဲ့ ငါ့တူ။ တခြားအကုသိုလ်တွေကသေပြီးနောက် အပါယ်ကို တန်းမရောက်နိုင်ပါဘူး။ ကုသိုလ်ရှိသူဆို လွတ်တယ်"

ခုတစ်လော အိမ်ရှေ့တမာပင် အောက်သို့ သူငယ်ချင်းရှည်ကြီးလာလာ အိပ်တတ်သည်။ မိုးတင့်ကို မှတ်မိဟန် မရှိသော မျက်လုံးစိမ်းကြီးများဖြင့် စူးစူး ရဲကြည့်လေ့ရှိပြန်၏။ မနေ့ကလည်း ဘာနှင့်ထိခိုက်မိ၍ ဒဏ်ရာရလာမှန်း မသိရသော သူ၏ ခြေသလုံးက သွေး စီးကြောင်းကြီးကို ဖုန်များဖြင့် ဖိသိပ်နေ သေး၏။ နိုင်အေးက စိတ်ဖောက်ပြန် သွားသည်ဟု ရွာက ပြောနေကြသည်။ ဘယ်သူမှလဲပြုသနာမရှာ။ ယုတ်စွ အဆုံး အရင်ကလိုပင် မဆဲရေး၊ စကား လည်းမဆို။ အဲ-လူကြားထဲတော့ လက် ဝါးဖြန့်နေမည်။ အရည်သာလျှင် သူ့အဖော်။ မိုးတင့်ရော မထူးပါ။

ဗိုက်ကနာနေသည်။ အမေပြော ၍ ဒါအစာအိမ်ရောဂါဖြစ်ဖို့စတာတဲ့။ ဟုတ်လိမ့်မည်။ ထမင်းကပုံမှန်မစားဖြစ်။ တောထဲအလုပ်လုပ်အပြီး နေ့လယ်ခင်း ၌သာလျှင် အိပ်ပစ်နေခဲ့သည်။ ညဘက် ဆို ဘယ်လိုမှအိပ်မပျော်တော့။ ဘာ တွေမှန်းလဲမသိရ၊ အဖြူ၊ အနီ၊ အဝါ ရောင်စုံပုံရိပ်တို့က အနားတွင် ယစ်ဝဲ လျက်။

ဆရာဦးစိန်လင်း အကြံပြုရာ သရဏဂုံကိုဖြင့် ရွတ်သည်။ မိုးတင့်စိတ် တွေဝေနေပြီ။ ညအကာလမို့ ရွာထဲတွင် ခွေးဟောင်သံပင်မထွက်။ တိတ်ဆိတ် ခြင်းကို ခံစားမရ။ မိဘတွေမသိအောင် တိတ်တဆိတ် အပြင်ထွက်လိုက်သည်။ ရွာမြောက်ဘက်အစပ်ရှိ ဦးပြုံးခြံခင်းမှာ ကြံ့ကြိတ်နေကြသည်မို့ လိုချင်ရာရှိနေ ၏။ ခြေတို့ကသွက်လွန်းလှသည်။ ဗိုက် ကပါ မအောင့်တော့။ ဟော-မီးရောင် တွေလင်းနေသည်။

"မိုးတင့်၊ ညကြီးမင်းကြီးတွာ ဘယ်လဲ"

တင်လဲချက်နေသော ဝံပုလွေက အံ့ဩမျက်နှာဖြင့် မေးသည်ကို ပြန်မဖြေ ဘဲ လိုချင်ရာကိုသာ -

"တစ်ဝက်လောက် မြန်မြန်လုပ် စမ်းပါကွာ"

"ဟေ့ကောင် ကြံ့အရက်နော်၊ မီး တောက်တယ်ကွ။ ရေမပါရင် မရဘူး"

"သွားစမ်းပါ၊ မီးတောက်မှန်းငါသိ ပါတယ်"

တစ်အောင့်နေတော့ ချခါစ အရက်တစ်ပုလင်းပူနွေးနွေးနှင့် ခွက် တစ်ခုလာပေး၏။ မီးရောင်နှင့် ခပ်လှမ်း လှမ်းရှိ တဲကိုမှီ၍ ခွက်အပြည့်ထည့် သည်။ အနံ့ဆိုး၍ ပြင်းလွန်းသော ကြံ့ အရက်ကို တစ်ခါမှ မသောက်ဘူးသေး။ ကဲ - ဖြစ်လိုရာဖြစ်စေတော့။ တစ်ကျိုက် တည်း အကုန်မော့ချလိုက်၏။ တစ်ကိုယ် လုံး မီးပုံအတွင်း ခုန်ဆင်းလိုက်သလို ပူမြိုက်သွားပြီးနောက် နောက်ဆုံး ၌. . . ။

□ သေရည်သစ္စာ □

"ဝံပုလွေ အပါအဝင် ကြံ့ချက်တဲ့ လူအားလုံးက မိုးတင့် တစ်ညလုံးထိုင် သောက်နေတယ်မှတ်တာ။ မဟုတ်ဘူး၊ ပထမတစ်ခွက်ပဲကုန်အောင်သောက်သွား ပြီးတော့ ဆက်မသောက်ခဲ့ဘူးဗျာ။ ထိုင် လျက်သားနဲ့ဆုံးသွားတာကို မိုးလင်းမှ သိကြတယ်"

ထိုစဉ်က ကြံ့ချက်တဲတွင်ရှိခဲ့သူ ဖိုးဆိတ်က ပြန်လည် ပြောပြနေလေ သည်။

သည့်တွင် မောင်ရဲထိန်လည်း ကျွန်ုပ်ဘက်လှည့်၍-

"တချို့က သူတို့အဖြစ်အပျက် ဟာ သစ္စာနဲ့မဆိုင်ဘူး။ အရက်ကဒဏ်



www.burmeseclassic.com

www.burmeseclassic.com

လှထွန်းအောင်(ရုပဗေဒ)

# လူသားတို့၏ကံတရားကိုဖော်ပြသော မှဲ့များအကြောင်း



သဘာဝတရားကြီးက ဖန်တီးထားသော ဤကမ္ဘာကြီးနှင့် အရာတိုင်းတွင် အဓိပ္ပာယ်အချို့ရှိကြပါသည်။ ရှေးခေတ် လူသားများသည် မှဲ့များ၏ လျှို့ဝှက်ဆန်းကြယ်မှုကို ယုံကြည်ကြသည်။ အနာဂတ် အဖြစ်အပျက်များကို မှဲ့များက ခန့်မှန်းနိုင်စွမ်းရှိကြသည်။ သိပ္ပံပညာတစ်ရပ်အနေဖြင့် ယင်းတို့အား လွတ်လပ်၍ ရှင်းလင်းပြည့်စုံစွာလေ့လာနိုင်ရန် ဆယ်စုနှစ်တစ်နှစ်ကြာ လိုအပ်သည်။ စာဖတ်သူများ စိတ်ဝင်စားမှုရှိစေရန်အတွက် မှဲ့များအကြောင်းကို အကျဉ်းချုပ် ရေးသား ဖော်ပြအပ်ပါသည်။

မှဲ့များကို လူခန္ဓာကိုယ်အစိတ်အပိုင်းတော်တော်များများတွင် တွေ့ရှိရပြီး အရောင်အားဖြင့် ပျားရည်ရောင်၊ အနီရောင်၊ အနက်ရောင်နှင့် တစ်ခါတစ်ရံ ဂျုံစေ့ရောင်နှင့် ဖျော့သော အရောင်များဖြင့် မြင်တွေ့နိုင်သည်။ မှဲ့တွင် သဘာဝဖန်တီးမှုနှင့် တိကျသောအဓိပ္ပာယ်ရှိပါသည်။ ရှေးပဝေသဏီကပင် မှဲ့များကို ခွဲခြား ဖော်ထုတ်သော အမှတ်အသားများအနေဖြင့် အသုံးပြုကြသည်။ ရှေးပဝေသဏီလူသားများသည် မှဲ့များကို လူတစ်ဦး၏ ကိုယ်ရည်ကိုယ်သွေး ဖော်ပြမှုနှင့် ကံကြမ္မာအား အဓိပ္ပာယ်ဖွင့်ဆိုသည့် အရာများအနေဖြင့် မှဲ့များကို စဉ်းစားဆင်ခြင်ခဲ့ကြသည်။ မှဲ့များအား လေ့လာမှုသည် နက္ခတ်ဗေဒ၏ ရှေးကျသော ပညာရပ်တစ်ခု ဖြစ်သည်။ ၎င်းမှဲ့များအား လေ့လာမှုပညာကို 'မှဲ့ပညာ' (Molesophy) ဟုခေါ်သည်။

လူသားများသဘာဝနှင့် ကံတရားကို မှဲ့များက ထုတ်ဖော်ပြသရာတွင် လူတို့၏ အတိတ်ကာလ မွေးဖွားခြင်းနှင့် မျက်မှောက်ကာလ မွေးဖွားခြင်းတို့နှင့် ပတ်သက်၍ ဘဝဇာတ်ကြောင်းအဖြစ်အပျက်ကို ပြောဆိုပါသည်။ ၎င်းတို့သည် လူသားတို့နေထိုင်မှုဘဝများ၏ အရေးကြီးသော လက္ခဏာသွင်ပြင်တို့ကိုလည်း ဖော်ပြကြသည်။ မှဲ့များသည် လူသားတို့၏အကျိုးကျေးဇူးအတွက် တိုးပွားစေရန် ကူညီပေးသည်။ လူတစ်ဦး၏ ခန္ဓာကိုယ်ပေါ်ရှိ မှဲ့များအကျိုးသက်ရောက်မှုက သတိပေးခြင်းဖြင့် ကံဆိုးခြင်းသို့မဟုတ် ကံအကြောင်းမလှသောဖြစ်ရပ်အား ရှောင်လွှဲနိုင်ပါသည်။

နက္ခတ်ဗေဒပညာရပ်တွင် ရာ[illegible] ခွင်တစ်ခုစီ၌ ခန္ဓာကိုယ်၏သီးခြားအစိ[illegible] အပိုင်းတစ်ခုစီအား စိုးမိုးမှုလက္ခဏာ[illegible] အကျဉ်းချုပ်ကို အောက်ပါအတိုင်း[illegible] ဖော်ပြအပ်ပါသည်။

၁။ မိဿ (Aries) - ဦးခေါင်း၊
၂။ ပြိဿ (Taurus) - မျက်နှာ၊ လ[illegible] ပင်း၊ လည်ချောင်း၊ ယာမျက်စိ[illegible] နှာခေါင်း၊
၃။ မေထုန် (Gnemini) - လ[illegible] မောင်း၊ ပခုံး၊ ညာဘက်န[illegible] နံသားအထက်ပိုင်းနှင့် ညာဘ[illegible] လက်၊
၄။ ကရကဋ် (Cancer) - ရင်ဘ[illegible] ရင်မြှာ၊ ဝမ်းဗိုက်၊ တံတောင်[illegible] များနှင့် အဆုတ်များ၊
၅။ သိဟ် (Leo) - နှလုံး၊ အသည်း[illegible] ဝမ်းဗိုက်သားနှင့် ကျောရိုး၊
၆။ ကန် (Virgo) - ကျောက်ထ[illegible] ဝမ်းဗိုက်နှင့် စအို၊
၇။ တူ (Libra) - လိင်အင်္ဂါများ၊ [illegible] အိမ်နှင့် ခါးပိုင်း၊
၈။ ဗြိစ္ဆာ (Scorpio) - ငှေးစေ့၊ ဆေ[illegible] ခြံနှင့် ကပ်ပယ်အိတ်၊

ပေးတာ။ အရက်ကြောင်ရောဂါလို့ပြောတာလည်း ပါတယ်။ သစ္စာဖောက်လို့ သူတို့သွေးက သူတို့ကို စီရင်သွားတာလည်း ဆိုကြတယ်။ အဲဒါ ဘယ်ဟာမှန်၊ ဘယ်ဟာမှားတယ်ဆိုတာ ဘိုနေ သိရင် ဖြေစမ်းပါဦး"

ကျွန်ုပ်က လိုရင်းဖြင့် -

"ဟင့်အင်း၊ ငါမသိဘူး"

"ဒါဆိုရင်ကောဗျာ နိုင်ငံအေးက ဖြစ်ဖြစ်ချင်း စဖောက်ခဲ့တယ်။ တစ်နှစ်ကျော်မှ ထိုကောင်လေး မန်ကျည်းပင်ပေါ်ကနေ ကြိုးဆွဲချရင်း ဆုံးခဲ့တယ်။ နောက်ဆုံးလူကလည်း နှစ်နှစ်ကျော်မှ ခုလိုဖြစ်တာကရောဗျာ"

ဒုတိယမို့အဖြေမှာလည်း -

"မသိဘူး"

ဆရာကြီးစိန်လင်း အပါအဝင် ကျွန်ုပ်၏အဖြေကြောင့် အားမလိုအားမရဖြင့် စူးစိုက်ကြည့်ကြ၏။ စာရေးဆရာ၏နှုတ်ဖျားမှ သူတို့သိချင်တာ မထွက်သဖြင့် နောက်တစ်ခါ မိုးသီးက -

"အရက်ထဲ လက်မောင်းသွေးဖောက်ထည့်သောက်လို့ သစ္စာကပိုစွမ်းတာများလား။ ရိုးရိုးနဲ့သစ္စာဆိုရင်ကော ဒါမှမဟုတ် ရေထဲသွေးဖောက်ထည့်ပြီး ဆိုရင်ကော"

တတိယမို့ ခေါင်းခါပြလိုက်ပြီး -

"ဒါလည်း ငါမသိပြန်ဘူး မိုးသီးရေ"

"ဘာလဲ၊ အဖြေက တိတိကျကျ ဘုရားရှင်သာ သိတော်မူနိုင်တယ်လို့ ခင်ဗျားဆိုချင်တာလား"

"မဟုတ်သေးဘူး၊ ဖြေနိုင်သူရှိတယ်။ သည်နားမှာလည်းရှိတယ်။ အဝေးလည်း ရှိနေတယ်။ ဘယ်တော့မှ မသေဘူး။ သူက ဒီပြဿနာရဲ့ အစ အလယ်၊ အဆုံး သိနိုင်၊ ဖြေနိုင်တဲ့တ[illegible] တည်းပဲ"

အားလုံးစိတ်ဝင်စားစွာနား[illegible] နေကြသည်။ ထာဝရသက်ရှင်၍နိုး[illegible] ရှိသူဆိုတော့ သူတို့သံပြိုင်မေးလိုက်[illegible] သည်။

"ဒါဆိုဘယ်သူလဲ"

"သူဟာ သစ္စာ၊ သစ္စာခမွေအ[illegible] တရား"

နေဝိ[illegible]

(ရပ်ရွာတွင် အမှန်ဖြစ်ပျက်ခဲ့[illegible] လူငယ်သုံးဦးအကြောင်းကို သူတို့[illegible] များ ခွင့်ပြုချက်ယူခြင်း၊ နာမည်[illegible] ရေးရန် တိုက်တွန်းခြင်းတို့[illegible] ရေးသားတင်ပြလိုက်ရခြင်းဖြစ်ပါသည်)



www.burmeseclassic.com

www.burmeseclassic.com

၉။ ဓနု (Sagittarius) - ပေါင်တံ၊ ခြေထောက်နှင့် တပ်ပယ်အိတ်၊
၁၀။ မကာရ (Capricorn) - ဒူးခေါင်း၊ ခြေချောင်းနှင့် ဒူးဖုံး (ခုံညင်းဒိုး)
၁၁။ ကုံ (Aquarius) - ခြေထောက်၊ ခြေမျက်စိ၊ ဝဲဘက်နားနှင့် သွား၊
၁၂။ မိန် (Pisces) - ခြေဖဝါး၊ ဝဲဘက်မျက်စိနှင့် ခြေချောင်းလေးများ၊

ခန္ဓာကိုယ်အစိတ်အပိုင်းအသီးသီး၌ရှိမှဲ့များသည် ထိုပုဂ္ဂိုလ်၏ရာသီခွင်သဘောကို ဖော်ပြစိုးမိုးပါသည်။ မှဲ့များကို မွေးဖွားချိန်မှစ၍ တွေ့ရှိနိုင်ပါသည်။ ထို့ပြင် လူတစ်ဦးဘဝသက်တမ်းအတွင်း၌ မှဲ့များပေါ်ထွက်လာသည်ကို ရှာဖွေတွေ့ရှိရပါသည်။ ၎င်းတို့ပျောက်ကွယ်ခြင်း အရွယ်အစား သို့မဟုတ် အရောင်ပြောင်းလဲသွားမှုတို့သည် ကံကြမ္မာပြောင်းလဲမှုတို့ ဖော်ညွှန်းပါသည်။ ကြီးထွားလာသောမှဲ့ကို ကြွက်နို့ဟုခေါ်ပြီး ၎င်းသည့်အရောင်မဆိုရှိနိုင်ပြီး ၎င်းအား ဖယ်ရှားလိုက်ခြင်းမှာ ကောင်းသော သဘောဖြစ်သည်။

မှဲ့များ၏ အကျိုးသက်ရောက်မှုများကို ကြိမ်ဖန်များစွာ မှန်ကန်ကြောင်း အတည်ပြုခဲ့ပြီး ဖြစ်သည်။ မှဲ့များသည် သဘောဏာပညာရပ်နှင့်လည်းဆက်နွှယ်နေပါသည်။ တစ်ခါတစ်ရံ မှဲ့များသည် မျိုးရိုးလိုက်ပါသည်။ အမျိုးသားများနှင့် အမျိုးသမီးများအကြား မှဲ့များ၏ထူးခြားသောသဘောဏာမှာ ကွဲပြားခြားနားသည်။ ယေဘုယျအားဖြင့် မှဲ့များသည် အမျိုးသားများအတွက် ညာဘက်နှင့် အမျိုးသမီးများအတွက် ဘယ်ဘက်တို့တွင် တွေ့ရှိရပါက ကောင်းမွန်သော အကျိုးကျေးဇူးရရှိသည်ဟု ထင်မြင်ယူဆနိုင်ပါသည်။

မှဲ့များနှင့်ပတ်သက်၍ အောက်ပါအချက်များမှာ စိတ်ဝင်စားဖွယ်ရာဖြစ်ကြသည်။

၁။ ခန္ဓာကိုယ်ညာဘက်တွင်ရှိ မှဲ့ အရေအတွက်သည် ဘယ်ဘက်ထက်ပိုများပါက မင်္ဂလာရှိပြီး ယောကျ်ားကလေးများသည် မိန်းကလေးများထက်ပို၍ မင်္ဂလာရှိသည့်အတိတ်နိမိတ်ကောင်းသည်ဟု သတ်မှတ်ကြသည်။ အကယ်၍ မိန်းကလေးများ ဘယ်ဘက်တွင်တွေ့ရှိပါက ပို၍မင်္ဂလာရှိသည်ဟုသတ်မှတ်ကြသည်။

၂။ ခန္ဓာကိုယ်ပေါ်တွင် မှဲ့အရေအတွက် (၁၂) လုံးထက် လျော့နည်းပါက အကျိုးရှိမည်ဟု သတ်မှတ်ပါသည်။

၃။ ခန္ဓာကိုယ်၏ညာဘက်ပေါ်ရှိ မှဲ့များသည် အတိတ်နိမိတ်ကောင်းခြင်း မင်္ဂလာရှိမည်ဟု သတ်မှတ်ပါသည်။

အကယ်၍ လူတစ်ဦးတွင် မှဲ့များ နီးကပ်စွာရှိပါက ၎င်းသည် လေးနက်သော အချစ်ရေးကိစ္စနှစ်ရပ် ကြုံတွေ့မည် သို့မဟုတ် အိမ်ထောင်နှစ်ဆက်ဖြစ်နိုင်ပါသည်။ ဒူးနှစ်ဖက် သို့မဟုတ် ပါးနှစ်ဖက်စလုံးတွင် မှဲ့တစ်လုံးစီ တစ်ဖက်တစ်ချက် တိကျညီညာစွာရှိပါက ၎င်းတို့သည် ဒွိသဘာဝရှိသောလူပုဂ္ဂိုလ်အား ရည်ညွှန်းသတ်မှတ်ပါသည်။ ဤကဲ့သို့သော အခြေအနေအများစုနီးပါးရှိသော ပုဂ္ဂိုလ်များသည် မိန်ရာသီနှင့် မေထုန်ရာသီများကဲ့သို့ ဒွိသဘာဝဆောင်သော ဩဇာအရှိန်အဝါလွှမ်းမိုးခြင်းခံရမည်။ ခန္ဓာကိုယ်ပေါ်ရှိ အစက်အပြောက်များအားလုံးသည် မှဲ့များအမှန်ဖြစ်ရမည်ဟု မဆိုလိုဘဲ မှဲ့တိုင်းသည်လည်း သီးခြားအကြောင်းအရာ သို့မဟုတ် လက္ခဏာတစ်ရပ် သဘောဆောင်သည်ဟု မျှော်လင့်ထားရန် မလိုပေ။

**မှဲ့များ၏ပုံသဏ္ဌာန်နှင့်အရွယ်အစား**

မှဲ့များ၏ပုံသဏ္ဌာန်ပေါ် အခြေခံ၍ အမျိုးအစား (၁၀) မျိုးကို အောက်ပါအတိုင်းဖော်ပြအပ်ပါသည်။

၁။ အစက်ပြောက်မှဲ့များ၊
၂။ ရှည်လျား၍ကျဉ်းမြောင်းသောမှဲ့၊
၃။ ရှည်လျား၍ကြီးမားသောမှဲ့၊
၄။ ရွှေစောင်းသောမှဲ့၊
၅။ ကြီးမား၍ပုံမှန်မဟုတ်သောမှဲ့၊
၆။ စတုရန်းပုံမှဲ့၊
၇။ တြိဂံပုံသဏ္ဌာန်မှဲ့၊
၈။ အမွေးထူသောမှဲ့နှစ်မျိုး (ပါး၍ရှည်သောအမွေးအမှင်နှင့် ထူ၍တိုသောအမွေးအမှင်)၊
၉။ ကြွက်နို့၊
၁၀။ လုံးဝန်းပြီးကြီးမားသောမှဲ့။

မှဲ့များ၏အရွယ်စားနှင့် ပုံသဏ္ဌာန်အမျိုးမျိုးအလိုက် အရေးပါမှုနှင့် ဩဇာလွှမ်းမိုးမှုတို့သည် ၎င်းတို့၏လေးနက်မှု သို့မဟုတ် စွမ်းအားအရ ကွဲပြားခြားနားပါသည်။ ယင်းတို့၏ နောက်ဆုံးအကျိုးရလဒ်ကို ရှာဖွေရာတွင် ခန္ဓာကိုယ်အစိတ်အပိုင်းပေါ်တွင် တည်ရှိမှုနှင့် ၎င်းတို့၏အရောင်များကိုလည်း လေ့လာရမည်ဖြစ်ပါသည်။ သို့ဖြစ်ရာ မှဲ့များကို ၎င်းတို့၏တည်နေရာ၊အရွယ်အစား၊ပုံသဏ္ဌာန်နှင့်အရောင်တစ်ခုချင်းစီအရ ဆုံးဖြတ်ပါသည်။

၁။ တစ်ခါတစ်ရံ မှဲ့အစက်အပြောက်များသည် ဆိုးကျိုးကိုပေးပါသည်။
၂။ ရှည်၍ ကျဉ်းသောမှဲ့နှင့် ရှည်၍ကြီးသောမှဲ့များသည် အတိတ်နိမိတ်ကောင်းပါသည်။
၃။ ရွှေစောင်းသောမှဲ့သည် အသင့်အတင့်အကျိုးပေးသည်။
၄။ ကြီး၍ ပုံမှန်မဟုတ်သော မှဲ့များသည် မင်္ဂလာမရှိပေ။
၅။ စတုရန်းပုံသဏ္ဌာန် မှဲ့များသည် နောက်ဆုံးအချိန်အထိ မကောင်းမှုများအား ရှောင်လွှဲနိုင်သည်။
၆။ တြိဂံပုံသဏ္ဌာန် မှဲ့များတွင် အကောင်း၊ အဆိုးအကျိုးနှစ်ရပ် ရောယှက်ရှိသည်။
၇။ ပါးလွှာ၍ ရှည်လျားသော အမွေးအမှင်များသည် ကြွယ်ဝချမ်းသာမှုနှင့် ကျော်စောမှုကို ဟောကိန်းထုတ်သည်။
၈။ ကြွက်နို့ကဲ့သို့မှဲ့သည် မှဲ့များ၏ စွမ်းအားရှိမှုနှင့်အကျိုးသက်ရောက်မှုကို တိုးတက်စေသည်။
၉။ လုံးဝန်း၍ ကြီးသော မှဲ့များသည် ကောင်းခြင်း သို့မဟုတ် ဆိုးခြင်း အကျိုးနှစ်ရပ် ဖြစ်စေသည်။

**မှဲ့များ၏အရောင်များ**

မှဲ့များ၏အရောင်အပေါ် အခြေခံ၍ အောက်ပါအတိုင်း (၆) မျိုးရှိပါသည်။

၁။ ပျားရည် (အညို)
၂။ မြစိမ်း
၃။ အစိမ်း
၄။ အနီ
၅။ အညိုဖျော့
၆။ အနက်

အနက်ရောင်မှဲ့များကို လူအများစုတွင်တွေ့ရပါသည်။ ပျားရည်နှင့် အညိုရောင်မှဲ့များသည် အလွန်မင်္ဂလာရှိကြပါသည်။ မြစိမ်းရောင်မှဲ့သည် အတိတ်နိမိတ်ကောင်းပါသည်။ အနီရောင်မှဲ့များသည်လည်း လွန်စွာမင်္ဂလာရှိပါသည်။ အညိုရောင်မှဲ့များမှာ မင်္ဂလာရှိသော်လည်း အနက်ရောင်မှဲ့များမှာ ဆန့်ကျင်ဘက်အနေဖြင့် မင်္ဂလာမရှိကြချေ။

**ခန္ဓာကိုယ်အစိတ်အပိုင်းများပေါ်ရှိမှဲ့များ**

လူ့ခန္ဓာကိုယ်မှဲ့အစိတ်အပိုင်းအင်္ဂါရပ် (၃၈) ခုကျော်မှာ မြင်သာထင်သာရှိပြီး မှဲ့များအားလေ့လာမှုအတွက် အရေးကြီးပါသည်။ အမျိုးသားနှင့် အမျိုးသမီးများတွင် မှဲ့များ၏အရေးပါမှုမှာ ကွဲပြား

www.burmeseclassic.com

ခြားနားမှုရှိပါသည်။ မှဲ့များအား လေ့လာမှုသည် လွန်စွာနက်နဲသည့်အပြင် မှန်ကန်တိကျပါသည်။ မှဲ့များကို နက္ခတ်ဗေဒပညာရှင်အများစုအနေဖြင့် ရှင်းမပြနိုင်ဘဲ မလေ့လာနိုင်လောက်အောင်ရှိပါသည်။ မှဲ့များတွင် စွန်းကဝေအတတ်နှင့် သဘာဝလွန်ဩဇာအရှိန်အဝါအပါအဝင် လူသားတို့၏အသက်ရှင်နေထိုင်မှုအား စိုးမိုးသော ဂမ္ဘီရပညာကဲ့သို့ လျှို့ဝှက်ဆန်းကြယ်သည့် ဖုံးကွယ်မှုတစ်ရပ်ရှိသည်။ ခန္ဓာကိုယ်အစိတ်အပိုင်းအလိုက် မှဲ့များ၏ အကျိုးသက်ရောက်မှုအရှိန်အဝါမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

**ဦးခေါင်း**

ယေဘုယျအားဖြင့် ဦးခေါင်းပေါ်ရှိမှဲ့များသည် ရည်မှန်းချက်ကြီးမား၏။ လိုအင်ဆန္ဒနှင့်ဂုဏ်သိက္ခာကြီးမားသောသူအား ရည်ညွှန်းပါသည်။ ထိုသူတွင် အနုပညာနှင့် ကဗျာလက်ာဖွဲ့ဆိုမှုတွင် အတွေ့အကြုံရှိပြီး ဝေဖန်ရေးနှင့် စပ်စုမှုသဘာဝရှိသည့်အပြင် နိုင်ငံရေး (သို့) လူမှုရေးကိစ္စများတွင် စိတ်ဝင်စားမှုရှိသည်။ မိသားစုတာဝန်အားအထိအခိုက်ခံလျက် ရက်ရောစွာသုံးစွဲကာ နာမည်ကျော်ကြားလိုမှု ရယူလိုသောသူအချို့ဖြစ်သည်။

**နဖူး**

နဖူးအလယ်တည့်တည့်၌ မှဲ့တစ်လုံးရှိသူသည် အင်္ဂါဂြိုဟ်နှင့် မကောင်းမှုတို့စိုးမိုးသူဖြစ်ကာ ခက်ထန်သောစိတ်နှင့် လွတ်လပ်သောအမြင်ရှိသူဖြစ်သည်။ ကြွယ်ဝချမ်းသာသူများ ဖြစ်သည်။

**မျက်နှာ**

အမျိုးသမီးတစ်ဦး၏ မျက်နှာအောက်ပိုင်းတွင်မှဲ့ရှိပါက မင်္ဂလာရှိသူဖြစ်သည်။ အကယ်၍ ၎င်းမှဲ့သည် ပျားရည်ရောင်ရှိပါက ချေ့ဝတ်ကျေမှုကို ရည်ညွှန်းပြီး အနီရောင်မှဲ့ရှိသူဖြစ်ပါက နိုင်လိုမင်းထက်ပြုလိုမှုနှင့် စိတ်ဆိုးမာန်ဆိုးပင်ကိုစိတ်ရှိသူ ဖြစ်သည်။ မှဲ့နက်ရှိသူသည် မကောင်းမှုနှင့် ရက်စက်သောပင်ကိုစရိုက်ရှိသူ ဖြစ်သည်။

**နှာခေါင်း**

နှာခေါင်းထိပ်ဖျားတွင် မှဲ့တစ်လုံးရှိသူသည် ကံကောင်းသူဖြစ်ပြီး လုပ်ငန်းတိုင်းနှင့် ကြိုးပမ်းမှုတိုင်းတွင် လွယ်ကူလျင်မြန်စွာဖြင့် အောင်မြင်မှုစွမ်းဆောင်နိုင်သူ ဖြစ်သည်။

**မျက်စိ**

ဝဲဘက်မျက်စိညာဘက်တွင် မှဲ့ရှိပါက အသုံးအဖြုန်းကြီးသူ၊ လက်ဖွာသူဖြစ်၍ မကောင်းမှုဒုစရိုက်များသူ ဖြစ်သည်။

**နား**

နားတစ်ဖက်ဘက်ပေါ်တွင် မှဲ့တစ်လုံးရှိသူသည် ကြွယ်ဝချမ်းသာသူ ဖြစ်သည်။

**နှုတ်ခမ်း**

နှုတ်ခမ်းအထက်ပေါ်တွင် မှဲ့ရှိသူသည် လူမှုရေးနှင့် လိင်ကိစ္စတွင် စိတ်ဝင်စား၍ ဆန့်ကျင်ဘက်လိင်ကို သဘောကျသူ ဖြစ်သည်။ ထို့ပြင် စကားပြောချိုသာသူ ဖြစ်သည်။

**ပါး (ပါးမို့)**

ပါး (ပါးမို့) ပေါ်တွင် မှဲ့ရှိသော အမျိုးသမီးများအဖို့ လှပသော အစက်အပြောက်တစ်ခုအနေဖြင့် သတ်မှတ်နိုင်ပါသည်။ ဝဲပါးဘက်ပေါ်တွင် မှဲ့တစ်လုံးရှိသော အမျိုးသမီးသည် မင်္ဂလာကျက်သရေရှိသောသူ ဖြစ်သည်။ အနီရောင်မှဲ့သည် ကြွယ်ဝချမ်းသာမှုကို ညွှန်းဆိုပြီး အစိမ်းရောင်မှဲ့သည် အဆင်တန်ဆာအလှအပများ ရယူပိုင်ဆိုင်ထားသည့် အမျိုးသမီးအဖြစ် သတ်မှတ်သည်။ အကယ်၍ ပျားရည်ရောင် သို့မဟုတ် အညိုရောင်ဆိုပါက သူမသည် ချမ်းသာကြွယ်ဝလာမည့်သူ ဖြစ်သည်။ မှဲ့နက်ရှိသူအမျိုးသမီးသည် ၎င်းသည် လက်ထပ်မည့် အမျိုးသားများကို ကိုယ်တိုင်ရွေးချယ်လက်ထပ်၍ လက်ထပ်ပြီး အိမ်ထောင်သည်ဘဝကို သူမက ဦးဆောင်သူ ဖြစ်သည်။ ထို့ပြင် တစ်ကိုယ်ကောင်းဆန်သူဖြစ်ကာ သမီးများကို ပိုမိုမွေးဖွားသူ ဖြစ်သည်။

**လျှာ**

လျှာပေါ်တွင် မှဲ့ရှိသူသည် ပညာရေးတစ်ပိုင်းတစ်စရပ်တန့်သူ ဖြစ်၍ စကားပြောဆွံ့အသူဖြစ်နိုင်ပြီး လူမှုရေးဆက်ဆံရာတွင် အားနည်း၍ အနာရောဂါထူပြောသူ ဖြစ်နိုင်ပါသည်။

**မေးစေ့**

အမျိုးသမီးမေးစေ့အလယ်တွင် မှဲ့ရှိပါက ကံကောင်းခြင်း၊ ကြွယ်ဝချမ်းသာခြင်းနှင့် ဘာသာရေးယုံကြည်သက်ဝင်သူ ဖြစ်သည်။ ခင်ပွန်းကောင်းရရှိသူ ဖြစ်သည်။ ထိုကဲ့သို့မှဲ့က လှပမှုအ... အပြောက်တစ်ခု သတ်မှတ်နိုင်သည်။

**ရင်ဘတ်**

ယေဘုယျ လေ့လာမှုအရ ... ဘတ် သို့မဟုတ် ရင်သားပေါ်တွင် ... သော အမျိုးသားနှင့် အမျိုးသမီး... သည် တွေးခေါ်မြော်မြင်မှုစိတ်၊ ... မြက်သော ဦးနှောက်နှင့် အထင်... လောက်သော မျက်နှာအမူအရာ... များ ဖြစ်သည်။ ၎င်းတို့သည် လွတ်... သည့်အမြင်ရှိသူများ ဖြစ်၍ အတွေး... ခေါ်သစ်များကို နှစ်သက်သူ ဖြစ်သ... အများအားဖြင့် ၎င်းတို့သည် ၎င်း... လုပ်ဖော်ကိုင်ဖက်၊ အိမ်ထောင်ဖက်... အထင်အမြင်လွဲမှုခံရတတ်သည့်အ... လူမှုရေးစိတ်ဓာတ်ရှိ၍ ကလေးငယ်... အပေါ် ချစ်ခင်တွယ်တာမှုရှိသူများ... သည်။ ၎င်းတို့၏မျက်နှာပေါ်တွင် ... နည်းမှုကို မည်သည့်အခါမျှ ပြသ... မရှိကြပေ။ ၎င်းတို့သည် ၎င်းတို့ချ... ကြင်နာသူများအပေါ် သစ္စာရှိကြသူ... ဖြစ်သည်။ ချစ်မှုရေးတွင် ၎င်းတို့ကို... လည်လှည့်ဖြားခြင်းခံရပါက ထိခိုက်... ကျင်ဝမ်းနည်းမှုခံစားသူများ ဖြစ်သ... ၎င်းတို့၏မိသားစုဝင်များထက် မိတ်... အပေါင်းအသင်းများနှင့် လူမှုရေး... သင်းအပင်းများ၏ ပို၍လေးစားမှု... သူများ ဖြစ်ကြသည်။

**ရင်သား**

အမျိုးသမီးတစ်ဦး၏ ညာ... ရင်သားပေါ်တွင် မှဲ့တစ်လုံးရှိ... သားယောကျ်ားကလေးများစွာရရှိ... သူဖြစ်ပြီး သာမန်ဘဝကိုသာ ဖြတ်... ရမည့်သူဖြစ်၍ ခင်ပွန်းဖြစ်ထက် ဦး... ကွယ်လွန်မည့် ဖြစ်သည်။ ဆန့်... ဘက်လိင်ပေါ်တွင် စိတ်ဝင်စားပြီး ... ပြောင်းလွယ်သူ ဖြစ်သည်။ အမျိုး... ၏ဝဲဘက်ရင်သားပေါ်တွင် မှဲ့နီတစ်... ပါက ရန်လိုသည့်သဘာဝရှိပြီး ငွေ... နည်းပါးမှုနှင့် လိင်ကိစ္စမရှိသူများ ... သည်။ သားတစ်ဦးအား မွေးပြီးနော... မှုဆိုးမဖြစ်လာမည့်သူ ဖြစ်သည်။

လှထွန်းအောင် (ရှုပ...

**ကိုးကား -**

*အိန္ဒိယနက္ခတ်ဗေဒပညာရှင်... HURRANA ၏CREST HOROSC... စာအုပ်မှ ကောက်နုတ်၍ဆီလျော်... ဘာသာပြန်ဆိုပါသည်။*



www.burmeseclassic.com

www.burmeseclassic.com

# စကားပြောသော ထိပ်တန်းလျှို့ဝှက်မှတ်တမ်းများ

လှမိုး(ပညာရေး)

၁၉၄၅ ခုနှစ်၊ မတ်လ ၂၆ ရက်နေ့ ဖြစ်သည်။ နွေဦးရာသီသို့ ဝင်ရောက်ပြီဖြစ်သော်လည်း ဆောင်းရာသီ၏ အငွေ့အသက်က မကုန်တတ်သေး။ အေးစိမ့်နေသောရာသီ ဖြစ်သည်။ နှင်းမှုန်တို့သည် ဂျာမနီနိုင်ငံ ရီစတက်ချ်ပြည်နယ် အဝေးပြေးလမ်းမကြီးတစ်လျှောက် ပရုတ်မှုန့်များ ပက်ဖျန်းထားသကဲ့သို့ ဖြစ်နေသည်။

နှင်းမှုန်များသည် အဝေးပြေးလမ်းမကြီးပေါ်တွင် ဖွေးဖွေးဖြူစေသည်သာမကဘဲ၊ အဝေးပြေးလမ်းမကြီးဘေး ထင်းရှူးပင်များပေါ်တွင်လည်း ဖွေးဖွေးလွှမ်းလွှမ်းနေသည်။ ရီစတက်ချ်ပြည်နယ်အနောက်ဘက် ဘာလင်မြို့တော်ဆီမှ ငွေငွေတောက်လောင်နေသော အနီရောင်မီးခိုးများသည် တရစ်ခွေခွေတက်လျက်ရှိနေသည်။ မဟာမိတ်ဗုံးကြဲလေယာဉ်ကြီးများသည် တန်ပေါင်းများစွာ ဗုံးများကြဲခဲ့ပြီး ထွက်ခွာသွားကြပြီး ဖြစ်သည်။

နံနက်စောစော ရောင်ခြည်ပျိုးချိန်တွင် အရှေ့ဘက်မှထွက်လာသည့် အနီရောင်နှင့် မြေပြင်မှ တလိပ်လိပ်တက်လာသော မီးတောက်မီးလျှံများ၏ အရောင်သည် ရောထွေးလျက်ရှိနေသောကြောင့် ပတ်ဝန်းကျင်တစ်ခွင်လုံး ရဲရဲနီလျက်ရှိသည်။

နံနက်စောစောပိုင်း ဖြစ်သဖြင့် သဲသဲကွဲကွဲ မမြင်ရသေး။ အမှောင်ရိပ်သည် လမ်းမကြီးဘေးတစ်ဖက်တစ်ချက်ရှိ ထင်းရှူးပင်တန်းများ၊ ဝက်သစ်ချပင်တန်းများပေါ်တွင် ခိုနားဆဲဖြစ်နေသည်။ သို့သော် အဝေးပြေးလမ်းမကြီးပေါ်တွင်မူ ရာပေါင်းများစွာသော နာဇီဂျာမန်စစ်သုံးလော်လီကားကြီးများ အစီအရီမောင်းနှင်နေကြသည်။

မော်တော်ကားရှေ့မီးများကို မှိတ်ထားပြီးမောင်းနေခြင်းဖြစ်၏။ မော်တော်ကားကြီးများပေါ်တွင် ရုံးသုံးဖိုင်တွဲများ၊ စာရွက်စာတမ်းများ ထည့်ထားသော သေတ္တာများ၊ ရုံးသုံးပရိဘောဂများနှင့် ရုံးအသုံးအဆောင်ပစ္စည်းများ အပြည့်တင်ထားသည်။ အချို့လော်လီကားကြီးများပေါ်တွင်မူ လုပ၍အဖိုးတန်သော ရှေးဟောင်းပစ္စည်းများ ရှေးပန်းချီကျော်များ၏ ပန်းချီကားကြီးများ၊ ကြွေအိုးကြီးများ၊ ရုပ်တုကြီးများ၊ လျှို့ဝှက်မှတ်တမ်းများ၊ မိုက်ကရိုဖလင်များ ပါဝင်သော သံမဏိသေတ္တာကြီးများလည်း ပါဝင်သည်။ ထိုလော်လီကားများကြားတွင် ငွေရောင်တဖိတ်ဖိတ်တောက်နေသော မာစီဒီးဗင်ခ်မော်တော်ကားကြီးများလည်း ပါဝင်နေသည်။ ထိုမာစီဒီးမော်တော်ကားကြီးများအားလုံးသည် နာဇီပါတီထိပ်သီးခေါင်းဆောင်အချို့၏ မော်တော်ကားများ ဖြစ်သည်။ ထိုမော်တော်ကားများပေါ်တွင် တစ်ချိန်က လျှမ်းလျှမ်းတောက်ဟိုးဟိုးကျော်ခဲ့သော နာဇီအက်(စ်)အက်(စ်)ဂက်စတာပိုများ၏မိသားစုများလည်း ပါဝင်သည်ဟု ဆိုကြသည်။ အက်(စ်)အက်(စ်)အရာရှိကြီးအချို့သည် ကိုယ်ရောင်ကိုယ်ဝါဖျောက်၍ ဘာလင်မြို့မှ တိမ်းရှောင်လာကြခြင်း ဖြစ်သည်။

အင်အားကြီးမားပြီး နှစ်ပေါင်း







www.burmeseclassic.com


www.burmeseclassic.com

တစ်ထောင်ကျော် တည်တံ့ရမည်ဟု ကြွေးကြော်ထားသော နာဇီဂျာမနီနိုင်ငံတော်ကြီးမှာ ဘာမှမကျန်တော့။ ဘာလင်မြို့တော်အရှေ့ဘက် ဆင်ခြေဖုံးမြို့နယ်များအတွင်း ဆိုဗီယက်တပ်နီတော်ကြီး၏စစ်ကြောင်းများ ထိုးဖောက်ဝင်ရောက်လာခဲ့ပြီး ထောင်ပေါင်းများစွာသော အမြောက်ကြီးများဖြင့် ပစ်ခတ်လျက်ရှိနေသည်။

မှန်ပါသည်။ ဘာလင်မြို့တော်သည် ရှေ့တန်းစစ်မျက်နှာဖြစ်ခဲ့ပြီ ဖြစ်၏။ အိမ်များ၊ ရုံးများ၊ ကျောင်းများစသော အဆောက်အအုံအားလုံးမှာ အမြောက်ဆန်များထိ၍ မီးစွဲလောင်လျက်ရှိနေလေသည်။ ရက်ပိုင်းအတွင်း ဘာလင်မြို့တော်ကြီးမှာ ဆိုဗီယက် (ယနေ့ ရုရှား) တပ်နီတော်ကြီး၏ လက်တွင်း ကျရောက်ရတော့မည်ဖြစ်၍ နာဇီ အက်(စ်)အက်(စ်)တပ်မတော်ရုံးမှ ထိပ်တန်းလျှို့ဝှက်စာရွက်စာတမ်းများ၊ နာဇီဂျာမန်ထောက်လှမ်းရေးရုံးမှ လျှို့ဝှက်ထိပ်တန်းမှတ်တမ်းများ၊ နာဇီနိုင်ငံခြားရေးဝန်ကြီးဌာနနှင့် စစ်ဌာနချုပ်မှ မှတ်တမ်းများအားလုံးအား ဆိုဗီယက်တပ်နီတော်(ရုရှား)လက်အတွင်းသို့ ကျရောက်မည်ကို နာဇီထိပ်သီးခေါင်းဆောင်များက စိုးရိမ်လျက်ရှိသည်။

မှန်ပါသည်။ ၁၉၃၂ ခုနှစ်ခန့်က စတင် အာဏာရလာသော နာဇီပါတီသည် တတိယဂျာမနီနိုင်ငံတော်ကြီးသည် နှစ်ပေါင်း(၁၀၀၀)ကျော် တည်တံ့ရမည်ဟု ကြွေးကြော်ခဲ့ကြပြီး အင်အားကြီးမားသော နာဇီဂျာမန်တပ်မတော်ကြီးကိုလည်း တည်ထောင်နိုင်ခဲ့ကာ ၁၉၃၉ ခု၊ စက်တင်ဘာလတွင် ဒုတိယကမ္ဘာစစ်ကြီးကို စတင်ခဲ့သည်။ ၁၉၄၂ ခုနှစ်ထိ နာဇီဂျာမန်တို့အဖို့ ဒုတိယကမ္ဘာစစ်ကို အောင်နိုင်ရန် သေချာသလောက်ဖြစ်ခဲ့သည်။ နာဇီဂျာမန်တို့၏တပ်မတော်ကြီးများသည် လျှပ်တစ်ပြက်စစ်ဆင်ရေးဖြင့် ဥရောပတိုက်နိုင်ငံအသီးသီးကိုသိမ်းယူနိုင်ခဲ့ရာ နိုင်ငံတကာမှ စစ်ရေးအကဲခတ်သူများအဖို့ တအံ့တသြဖြစ်ခဲ့ရသည်။

အစဉ်အလာ ကြီးမားခဲ့သော ပြင်သစ်နိုင်ငံတော်ကြီးမှာ ရက်သတ္တပတ်အနည်းငယ်အတွင်း ခွင်းချက်မရှိ လက်နက်ချခဲ့ကြပြီး နာဇီတို့၏ စကြာတံဆိပ်အောင်လံတော်ကြီးမှာ ဥရောပတိုက်နိုင်ငံအသီးသီးရှိ အဆောက်အအုံများပေါ်တွင် တလူလူလွင့်ခဲ့၏။ နေမဝင်




အင်ပါယာကြီးကို ပိုင်ဆိုင်ခဲ့သော အင်္ဂလန်နိုင်ငံမှာ ဥရောပတိုက် ဒန်းကတ်မှ ဆုတ်ခွာခဲ့ပြီး တစ်ကောင်ကြွက်နိုင်ငံဖြစ်ခဲ့ရသည်။

သို့သော် ထိုစဉ်က ဆိုဗီယက်ပြည်ထောင်စု (ယနေ့ ရုရှား) နိုင်ငံနှင့် အမေရိကန်ပြည်ထောင်စုတို့ ဒုတိယကမ္ဘာစစ်ကြီးအတွင်း ပါဝင်လာခဲ့ရာမှ နာဇီဂျာမနီနိုင်ငံ၏ စစ်ဒီရေသည် တဖြည်းဖြည်း ကျဆင်းလာခဲ့ပြီး စစ်အောင်နိုင်ရေးဒီရေသည် မဟာမိတ်တို့ဘက်မှ တိုးမြင့်လာခဲ့သည်။ ဥရောပအရှေ့ဘက် ဆိုဗီယက် (ယနေ့ ရုရှား) စစ်မျက်နှာတွင် ယခင်က 'တိုက်တိုင်းအောင်' ဟု နာမည်ကျော်ကြား လူသိများသော နာဇီဂျာမန်တပ်မတော်ကြီးမှာ အရှုံးနှင့်ရင်ဆိုင်လာခဲ့ရလေသည်။ မြောက်အာဖရိကစစ်မျက်နှာတွင်လည်း နာမည်ဟိုးဟိုးကျော်ခဲ့သော အာဖရိကနာဇီတပ်မဟာကြီးမှာ လက်နက်ချ အရှုံးပေးခဲ့ရသည်။

၁၉၄၄ နှစ်ဦးကစ၍ မဟာမိတ်တို့သည် ဥရောပကမ်းခြေဘက် ဒုတိယစစ်မျက်နှာကြီးဖွင့်ရန် ပြင်ဆင်လာခဲ့သည်။ နာဇီဂျာမန်တို့အဖို့ အရှုံးနှင့်ရင်ဆိုင်ရတော့မည်လောဟု သံသယဝင်လာသည်။ အကယ်၍ ဒုတိယကမ္ဘာစစ်ကြီးအတွင်းရှုံးနိမ့်ခဲ့ရသော် နာဇီထိပ်သီးခေါင်းဆောင်များ၊ အက်(စ်)အက်(စ်)ဂက်စတာပိုခေါင်းဆောင်များအဖို့ မလွဲမရှောင် စစ်ရာဇဝတ်သားများဖြစ်ရန် သေချာနေပြီ ဖြစ်သည်။ သူတို့သည် ဥရောပတိုက်နိုင်ငံအသီးသီးမှ ဂျူးလူမျိုးများ၊ နာဇီဝါဒဆန့်ကျင်သူများ၊ မဟာမိတ်

စစ်သုံ့ပန်းများစွာကို လူမဆန်သောနည်း[...] လမ်းအမျိုးမျိုးနှင့် နှိပ်စက်ညှဉ်းပန်းသ[...] ဖြတ်ခဲ့ကြသည်။ ဂျူးလူမျိုးသန်းပေါ်[...] များစွာကို အစုလိုက်အပြုံလိုက် သ[...] ဖြတ်ခဲ့ကြသည်။

ဥရောပတိုက် နိုင်ငံအသီးသ[...] အပြစ်မဲ့ပြည်သူများ၏ တန်ဖိုးမဖြတ်[...] သောရတနာများ၊ ရှေးဟောင်းယဉ်ကျေ[...] မှုအမွေများ၊ ပန်းချီကားများနှင့် အနု[...] အဖိုးတန်ပစ္စည်းများ၊ ဂျူးလူမျိုးများ[...] ရတနာရွှေငွေများနှင့် တန်ဖိုးမဖြတ်[...] သောပစ္စည်းများ၊ နိုင်ငံခြားသုံးငွေများ[...] နာဇီပါတီရန်ပုံငွေအဖြစ် လည်းကော[...] နာဇီပါတီထိပ်သီးခေါင်းဆောင်များ[...] အဖြစ် လည်းကောင်း သိမ်းယူခဲ့[...] သည်။ ဥရောပတိုက်နိုင်ငံအသီးသီးအ[...] သိမ်းပိုက်နိုင်အောင် မတရားသောနည်း[...] လမ်းများဖြင့် စစ်ဆင်ရေးပြုလုပ်ခဲ့[...] လျှို့ဝှက်ချက်မှတ်တမ်းများ၊ ဥရောပတို[...] နိုင်ငံအသီးသီးရှိ နာဇီဝါဒဆန့်ကျင်[...] များအားသုတ်သင်ရန် လျှို့ဝှက်ရေး[...] ထားသော မှတ်တမ်းများကိုလည်း န[...] ပါတီဌာနချုပ်နှင့် အက်(စ်)အက်(စ်)[...] ဖွဲ့ခေါင်းဆောင်များသည် ၎င်းတို့ အ[...] သိမ်းယူထားသော ရတနာပစ္စည်းမျ[...] ရှေးဟောင်းအနုပညာပစ္စည်းများ၊ န[...] တတိယနိုင်ငံတော်၏ ထိပ်တန်းလျှို့ဝ[...] မှတ်တမ်းများအား စစ်ပြိုင်ဘက် မ[...] မိတ်များလက်သို့ ကျဆုံးသွားရမည်[...] စိုးရိမ်လာခဲ့သည်။ အချို့ထိပ်တန်း[...] ဝှက်မှတ်တမ်းများမှာ သမိုင်းတွင် အ[...] ဆိုး အကျည်းတန်စေမည့် မှတ်တမ်း[...] ဖြစ်ရကာ မည်သည့်နည်းနှင့်မျှ ရန်[...] တို့လက်တွင်း မကျရောက်စေလို[...]

ဤတွင် နာဇီထိပ်တန်းခေ[...] ဆောင်များ၊ စစ်ဘက်နယ်ဘက်မှတာ[...] ရှိသူများသော ပုဂ္ဂိုလ်များသည် [...] ဆောင်းပါးတစ်နေရာတွင် ဖော်ပြခဲ့[...] အတိုင်း တတိယနာဇီဂျာမနီနိုင်ငံ[...] မြောက်ပိုင်း လူသွားလူလာခက်[...] ကျောက်မိုင်းဟောင်းများ တောင်[...] များ၊ လျှို့မြောင်များရှိ ကျောက်ဂူ[...] ကြားတွင် စနစ်တကျမြှုပ်နှံထားရန်[...] ကြည်စိတ်ချရသော အင်ဂျင်နီယာ[...] နှင့် ကြိုတင်ပြင်ဆင်ထားခဲ့သည်[...]

အချို့ထိပ်တန်းလျှို့ဝှက်မှတ်[...] များနှင့် ရတနာပစ္စည်းများကိုမူ [...] အသွားအလာခက်သောရေအိုင်ကြီး[...] အတွင်း ပစ်ချရန်လည်း စီမံထား[...] သည်။ ၁၉၄၅ ခု၊ နှစ်ဆန်းစကပ[...] မိတ်တို့၏ ဗြိတိသျှစစ်သေနာပတိ[...]



www.burmeseclassic.com

www.burmeseclassic.com

အာဘာနပ်မောင်ဂိုမာရီ၏ ဗြိတိသျှ အမှတ်(၂၁)တပ်မဟာကြီးနှင့် အမေရိကန်ပြည်ထောင်စုမှ ဗိုလ်ချုပ်ကြီး ဂျော့ပတ်(စ်)ပက်တန်၏ အမှတ်(၃)အမေရိကန်တပ်မဟာကြီးများမှ စစ်ကြောင်းများသည် ဂျာမနီနိုင်ငံအတွင်းထိုးဖောက်ဝင်ရောက်လာခဲ့သည်။

ဤတွင် နာဇီပါတီထိပ်တန်းအရာရှိကြီးများနှင့်စစ်ဘက်နယ်ဘက်မှတာဝန်ရှိသူများသည် အထက်ဖော်ပြပါ ထိပ်တန်းမှတ်တမ်းများနှင့် ရတနာပစ္စည်းများအား အသင့်ပြင်ထားသည့် ရာပေါင်းများစွာသော စစ်သုံးမော်တော်ယာဉ်များနှင့် သယ်ဆောင်၍ ကြိုတင်စီစဉ်ထားသည့် ကျောက်မိုင်းဟောင်းများ၊ မြေတိုက်သတ္တုတွင်းများ၊ ကျောက်မီးသွေးတွင်းဟောင်းများ၊ ကျောက်ဂူများအတွင်း မြှုပ်နှံခဲ့ကြသည်။သို့သော် ဤသို့လျှို့ဝှက်မြှုပ်နှံထားသော နာဇီတတိယဂျာမနီနိုင်ငံတော်ကြီး၏ ထိပ်တန်းလျှို့ဝှက်မှတ်တမ်းနှင့် မိုက်ကရိုဖလင်များပါဝင်သည်။ သံမဏိသေတ္တာများ၊ ရှေးဟောင်းပစ္စည်းများနှင့် ပန်းချီကားများ၊ နိုင်ငံခြားသုံးငွေများ ပါဝင်သည့် သေတ္တာများကို အမေရိကန်ပြည်ထောင်စုမှ ဗိုလ်ချုပ်ကြီး ဂျော့ပတ်(စ်)ပတ်တန် ဦးဆောင်သော စစ်ကြောင်းများက သိမ်းဆည်းရမိသည်ဟု သိရ၏။

ထိုသိမ်းဆည်းရမိသောမှတ်တမ်းများအနက် ဂျာမန်(အင်ဘွာ)ထောက်လှမ်းရေးအဖွဲ့၏ မှတ်တမ်းများ၊ အက်(စ်)အက်(စ်)ဂက်စတာပိုတပ်ဖွဲ့၏မှတ်တမ်းများမှာ များပြားလှသည်။ သုတေသီများက ဤမျှပြီးပြည့်စုံသောမှတ်တမ်းများ မပေါ်ပေါက်သေးဟုပင် ဆိုကြသည်။ ကမ္ဘာ့သမိုင်း၏ ခေတ်တစ်ခေတ်ကို အံ့ဩဖွယ်ရာဖော်ပြထားသော မှတ်တမ်းများ ဖြစ်ခဲ့သည်။ အချို့ဖြစ်ရပ်များမှာမူ မဟာမိတ်တို့၏ ထောက်လှမ်းရေးအဖွဲ့များပင် လုံးဝမသိခဲ့ရသော ဖြစ်ရပ်များဖြစ်နေသည်။ ထိုမှတ်တမ်းများ၊ မိုက်ကရိုဖလင်များကို သံမဏိသေတ္တာကြီးများတွင်ထည့်၍ အမေရိကန်ပြည်ထောင်စု ဝါရှင်တန်မြို့တော်ရှိ အမျိုးသားမော်ကွန်းတိုက်ကြီး၏ အထပ်တစ်ထပ်တွင်ထားရှိခဲ့သည်။ ယင်းသေတ္တာများကိုလည်း တာဝန်ရှိသူများက ချိပ်ပိတ်ထားခဲ့သည်။ ကာလစည်းကမ်းသတ်အရ ထိုသေတ္တာကြီးများမှာ နှစ်ပေါင်း (၅၀) အထိ ကြည့်ရှုစစ်ဆေးခြင်းမပြုဘဲ ထားခဲ့ရာ အသိမ်းလွန်သွားခဲ့သဖြင့် တာဝန်ရှိသူများမှာ မေ့လျော့နေတော့သည်။ ကံအားလျော်စွာပင် ကာလစည်းကမ်းချက်များ ကျော်လွန်လာခဲ့ရာမှာ ထိုသိမ်းဆည်းထားသော လျှို့ဝှက်မှတ်တမ်းသေတ္တာကြီးများကို နဂိုမူလအတိုင်း ခြေရာလက်ရာမပျက်တွေ့ခဲ့ရာမှ ဒုတိယကမ္ဘာစစ်ကြီး၏ ရှုပ်ထွေးနေသည့် ထူးခြားဖြစ်စဉ်များကို သိခွင့်ရခဲ့သည်။

ယခု ရေးသား ဖော်ပြမည့် ထိပ်တန်းလျှို့ဝှက်ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

၁၉၃၉ ခု နှစ်ဆန်းပိုင်းဖြစ်သည်။ စစ်ရိပ်စစ်ငွေ့များယှက်သန်းစပြုနေသောအချိန် ဖြစ်သည်။ ပြင်သစ်နိုင်ငံအစိုးရသည် ပထမကမ္ဘာစစ်ပြီးကာလကပင် ပြင်သစ်နိုင်ငံ၏ အဓိကဘုံရန်သူမှာ ဂျာမနီနိုင်ငံဖြစ်မည်ဟု မှတ်ယူထားခဲ့သည့်အတိုင်း ဂျာမနီနိုင်ငံနှင့် ပြင်သစ်နိုင်ငံနယ်ကြားတွင် ပထမကမ္ဘာစစ်ကာလကပင် ဆောက်လုပ်ထားခဲ့သော မဂ္ဂိနော့ခံတပ်ကြီးကို စနစ်တကျ တည်ဆောက်ထားခဲ့သည်။ ယင်းခံတပ်ကြီးမှာ ပြင်သစ်-ဂျာမန်နယ်ကြားတစ်လျှောက် မြေအောက်တွင် ဖောက်လုပ်ထားပြီး အလွန်ကြီးမားသောအဝေးပစ်အမြောက်ကို စနစ်တကျ ပြုလုပ်ထားသည်။ မြေအောက်မြေကတုတ်ကျင်းများ၊ စစ်သားများ နေထိုင်သည့် မြေအောက်ခန်းများကိုလည်း ခိုင်ခံ့သော ကျောက်တုံး၊ ကျောက်ခဲများနှင့် ပြုလုပ်ထားပြီး မြေကတုတ်များ ကူးသန်းသည့်နေရာများတွင်လည်း ခိုင်ခံ့သော သံမဏိတံခါးကြီးများ တပ်ဆင်ထား၏။

အမြောက်ကြီးများမှာ အလွန်ကြီးမားသော အမြောက်ကြီးများဖြစ်ရာ အမြောက်ကျည်ဆန်ကြီးများကို ဝန်ချီစက်များဖြင့်သယ်ယူရသည်ဟုဆိုသည်။ နိုင်ငံတကာကပင် ဒုတိယကမ္ဘာစစ်မီးကြီးတောက်လောင်လာပါက နာဇီဂျာမန်တပ်များသည် မည်သည့်နည်းနှင့်မျှ မဂ္ဂိနော့ခံတပ်ကြီးကို ထိုးဖောက်နိုင်မည်မဟုတ်ဟု မှတ်ယူထားကြသည်။

၁၉၃၉ ခု၊ မေလတွင် နာဇီဂက်စတာပို ဗိုလ်ချုပ် ဟင်းမလားသည် အထက်ဖော်ပြပါ မဂ္ဂိနော့ခံတပ်ရှိ ပြင်သစ်စစ်သားများအား အစုလိုက်အပြုံလိုက် သုတ်သင်ရှင်းလင်းရန် စစ်ဆင်ရေးတစ်ရပ်ကို ပြုလုပ်ဖို့အတွက် ဂက်စတာပိုထောက်လှမ်းရေးသမားများ၊ အင်ဘွာဂျာမန်ထောက်လှမ်းရေးသမားများကို တာဝန်ပေးခဲ့သည်။ ထိုစဉ်က မှတ်တမ်းများအရဆိုလျှင် ပြင်သစ်နိုင်ငံတွင် ဂျာမန်ထောက်လှမ်းရေးသမားများ အတော်အသင့် အလုံအလောက်ရှိနေသည်။ သို့ဖြစ်၍ ထိုစစ်ဆင်ရေး၏ အစီအစဉ်မှာ မဂ္ဂိနော့ခံတပ်ရှိ စစ်သားများအား ပေးပို့သော ဝိုင်အရက်များတွင် အဆိပ်များခတ်ထားခြင်းဖြင့် မဂ္ဂိနော့ခံတပ်မှ စစ်သားများ အစုလိုက်အပြုံလိုက်သေဆုံးပြီး မဂ္ဂိနော့ခံတပ်ကြီးကို သေနတ်တစ်ချက်မှမပစ်ရဘဲ အလွယ်တကူ သိမ်းပိုက်နိုင်မည်ဟု ကြံစည်ခဲ့သော်လည်း ထိုစစ်ဆင်ရေးမှာ ပြုလုပ်နိုင်ခြင်းမရှိခဲ့ဟု ဆိုသည်။

ဖမ်းဆည်းရမိထားသောမှတ်တမ်းများအရ ဗြိတိသျှနိုင်ငံများမှ ထိပ်တန်းခေါင်းဆောင်များအား လုပ်ကြံသတ်ဖြတ်ရန် နာဇီဂက်စတာပိုခေါင်းဆောင် ဟင်းမလား စနစ်တကျ ကြံစည်ခဲ့သည်။

ဒုတိယကမ္ဘာစစ်ကြီး မဖြစ်ပွားမီ ၁၉၃၉ ခု၊ ဇန်နဝါရီလ ၃၁ ရက်နေ့တွင် ဂက်စတာပို ဗိုလ်ချုပ်ကြီး ဟင်းမလားသည် ဖက်ဆစ်ဂျပန်ဗိုလ်ချုပ် အိုရှီမားနှင့် ဂျာမနီနိုင်ငံ ဘာလင်မြို့တော်တွင် လျှို့ဝှက်စွာ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ ယင်းဆွေးနွေးပွဲတွင် ဂျပန်ဗိုလ်ချုပ်ကြီး အိုရှီမားက ၎င်းတို့အနေဖြင့် ဆိုဗီယက် (ယနေ့ရုရှား) ခေါင်းဆောင်ကြီး စတာလင်အား လုပ်ကြံရန် စီစဉ်ထားသည်ဟု ဆွေးနွေးခဲ့၏။ ထိုအစီအစဉ်မှာ သစ္စာဖောက် ဆိုဗီယက် (ယနေ့ရုရှား) အမျိုးသား (၁၀) ဦးအား လျှို့ဝှက်ဖောက်ခွဲရေးပစ္စည်းများနှင့်အတူ ကော့ကေ့ရှနယ်စပ်မှ ဖြတ်ကျော်၍ ဆိုဗီယက်နိုင်ငံအတွင်းသို့ စေလွှတ်ထားပြီဟု ဆိုသည်။ စစ်ကြီး ဖြစ်ပွားလာခဲ့သောအခါတွင် ဟင်းမလားသည် ဆိုဗီယက်ခေါင်းဆောင်ကြီး စတာလင်ကို လုပ်ကြံသတ်ဖြတ်ရန် ရှေ့တန်းစစ်မျက်နှာမှ ဖမ်းဆီးရမိသော ရုရှားအမျိုးသားသုံ့ပန်းများကို စနစ်တကျ သင်တန်းပေး၍ စတာလင်အား လုပ်ကြံသတ်ဖြတ်ရန် စေလွှတ်ခဲ့သော်လည်း ထိုအကြံအစည်မှာ အောင်မြင်ခြင်းမရှိခဲ့ဟု သိရှိရကြောင်း။

လှမိုး (ပညာရေး)

**ကျမ်းကိုး -**

*Declassified 50 Documents.*
*By - T. B. Allen*



www.burmeseclassic.com

www.burmeseclassic.com



(ကျိုက်လတ်)

# ဆရာဦးစိန်လှိုင်

## ထမင်းတစ်နပ်ပို့ရသောအကျိုး

လွန်ခဲ့သော နှစ်ပေါင်း (၆၀) ခန့်က အဖြစ်အပျက်ကလေးတစ်ခု။

ယခု ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ် ထန်းပင်စု ကျေးရွာတွင် ဦးဘိုစိန်၊ ဒေါ်ထွေးတို့ ဇနီးမောင်နှံနှစ်ဦး နေထိုင်ခဲ့ကြသည်။ ထိုစဉ်ကာလက ဇနီးမောင်နှံနှစ်ဦးတို့မှာ ဆင်းရဲကျပ်တည်းစွာဖြင့် ဘဝကို ရုန်းကန်နေခဲ့ရသည်။ အိမ်ထောင်သက် (၁၅) နှစ်ကျော်ခဲ့သော်လည်း သားသမီး မထွန်းကားခဲ့ပါ။ လယ် (၁၀) ဧကခန့်ကို သီးစားခပေးဖြင့် ငှားရမ်းလုပ်ကိုင်ခဲ့ရ၏။ ထိုစဉ်က လယ်အထွက်နှုန်းမှာ တစ်ဧကလျှင် စပါးတင်း (၂၀)၊ (၂၅) တင်းထက်ပိုမထွက်ပါ။ ဇနီးမောင်နှံနှစ်ဦးမှာ ဘဝကို ဆင်းရဲကျပ်တည်းစွာရုန်းကန်လာခဲ့ကြပါ၏။

တစ်နေ့သော ညတစ်ညတွင် -

"တူမကြီး၊ တူမကြီး"

ဟူသော ခေါ်သံကို ဒေါ်ထွေး နားထဲကြားရသည်နှင့် -

"ရှင် - ဦးကြီး"

ဟု ထူးမိ၏။

"ဦးကြီးတဲထဲကိုဝင်ပါရစေကွယ်"

"ဩော် - ဟုတ်ကဲ့ ဝင်လာပါ၊ ထိုင်ပါ ဦးကြီး။ ဘာကိစ္စရှိလို့လဲ"

ဟု ဒေါ်ထွေးက မေးလိုက်သည်။

"ကိစ္စကဒီလိုပါကွယ်။ ဦးကြီးတို့ကို ထမင်းတစ်နပ်လောက် လာကျွေးပါလားကွယ်"

"ဦးကြီးတို့ကဘယ်မှာနေလို့လဲ။ ကျွန်မကဘယ်လိုလာကျွေးရမှာလဲ"

"ဦးကြီးတို့က တူမကြီးတို့ တဲအနောက်က ကုက္ကိုပင်ကြီးလေးပင်မှာ နေတာကွယ့်။ အဲဒီကိုင်းပင်တောကြီးအလယ်မှာ လာကျွေးလှည့်ပါကွယ်။ တူမကြီး ဘာမှမကြောက်ပါနဲ့"

"ဟုတ်ကဲ့ပါ ဦးကြီး၊ ကျွန်မ မကြောက်တတ်ပါဘူး။ ဘယ်လောက်ချက်ပြီး ဘယ်လိုပို့ပေးရမယ်ဆိုတာသာ ပြောပါ ဦးကြီး"

"တခြားထွေထွေထူးထူးလုပ်စရာ မလိုပါဘူး တူမကြီးရယ်။ ဆန်တစ်ပြည်ချက်ကို ဆီနဲ့ ဆားလူးပြီး ဒီမနက် ကျီးမနိုးခင်ပို့ပေးပါ။ ထမင်းကို (၄) ပုံ ပုံပေးပါကွယ်"

"ဟုတ်ကဲ့ ဟုတ်ကဲ့၊ ကျွန်မဆက်ဆက်လာပို့ပေးပါ့မယ်"

ထိုလူကြီး တဲအပြင်သို့ ပြန်ထွက်သွားသောအခါ ဒေါ်ထွေးမှာ အိပ်ရာမှ လန့်နိုးသွားပြီး သူမအိပ်မက်မက်နေသည်ဖြစ်ကြောင်း သိလိုက်ရတော့သည်။ အိပ်မက်ထဲမှ လူကြီးမှာ အရုပ်ဆိုးဆိုး၊ အကျည်းတန်တန်ဖြစ်ပြီး ဗလကောင်းကောင်းနှင့် လူထွားကြီးဖြစ်၍ ခေါင်းတုံးပြောင်ပြောင်နှင့် ခန္ဓာကိုယ်အပေါ်ပိုင်း ဗလာကျင်းကာ ပုဆိုးခါးတောင်းကျိုက်နှင့် ဖြစ်ပါသည်။ ထိုးကွင်းမင်ကြောင်များလည်း ထိုးထားရာ ကြောက်စရာကောင်းသော်လည်း သူမစိတ်ထဲတွင် ကြောက်စိတ်လုံးဝမရှိပါ။ ထိုအကြောင်းအား လင်ယောကျ်ားလုပ်သူအား မပြောတော့ဘဲ သူမတစ်ဦးတည်း အိပ်ရာမှ ထလိုက်တော့၏။

သွားတိုက်၊ မျက်နှာသစ်ပြီးနောက် ဆန်အိုးထဲမှဆန်တစ်ပြည်မောက်မောက် ခြင်ယူလိုက်သည်။ သူမစိတ်ထဲတွင် ဘာကိုမှမျှော်လင့်ခြင်းမရှိ၊ ဖြူစင်သော စေတနာသဒ္ဓါတရားကောင်းကောင်း... ပင် ကျွေးမွေးလိုစိတ်က ဖုံးလွှမ်းနေ... သည်။ ဆန်တစ်ပြည်အား ပြည်ဝင်... အတွင်းထည့်၍ဆေးကြောပြီး ဖိုပေါ်... တင်ထားလိုက်ပါသည်။ ထမင်းချက်... စဉ် သူမ၏စိတ်က လွန်ခဲ့သော တစ်... ကျော်ခန့်ကကာလဆီသို့ ပြန်လ... ရောက်ရှိသွားပါတော့သည်။

"ဟော့ - မိထွေးရေ မိထွေး၊ တို... ကျောင်းက ဆရာတော်ကြီး လေ... သွားလို့တဲ့တော်ရေ့။ စကားတော... မပြောနိုင်ဘူးတဲ့တော့်။ ငါတို့တောင် ... ကိုသွားမလို့ ညည်းလိုက်ဦးမလား"

"အေး အေး၊ သွားနှင့်ကြ... ရေ့။ ငါနောက်ကလိုက်ခဲ့ပါ့မယ်"

ဟု ဒေါ်ထွေးက ပြောလိုက်...

သူမ ဘုန်းကြီးကျောင်းသို့ရော... သောအခါ ဆရာတော်ကြီးအား ... ဖြည့်ပြီး လှမ်းကြည့်လိုက်စဉ် ဆရာတေ... ကြီးက သူမကို လက်ယပ်ခေါ်သ... ဆရာတော်ကြီးအနီးသို့ တိုးကပ်သွ... လိုက်သည်။ ဆရာတော်ကြီးက သူ... အား -

"ဟဲ့ - မိထွေး၊ နင်တို့ချမ်းသာ... မယ်"

ထိုသို့တစ်ခွန်းသာပြောပြီး နော... ထပ် ဘာစကားမှမိန့်ကြားခြင်းမ... ရက်များမကြာမီ ဆရာတော်ကြီးသ... ဘဝနတ်ထံကြွမြန်းစံလွန်တော်မူ... ပါသည်။

"ဟဲ့ - မိထွေး မိထွေး ထမင်း...



www.burmeseclassic.com

www.burmeseclassic.com



ကြီး ဖော်ကျနေပြီလေ။ နင်ဘာတွေတွေး နေတာလဲ"

ဟူသော ဦးဘိုစိန်၏ အသံကြား မှ ဒေါ်ထွေးက ကမန်းကတန်း -

"ဩော် - ဟုတ်ပါရဲ့လား၊ ကျုပ် ဆရာတော်ကြီး ဦးပညာဗလ ကျုပ်ကို မိန့်တော်မူခဲ့တဲ့စကားကို သွားသတိရနေ လို့ပါတော်"

"နင့်မှာလည်းဟာ တော်တော် စိတ်ကူးကယဉ်ပါ့။ စိတ်ကူးနှင့်ကြီးတဲ့ ဖြစ်တယ် ဘယ်တော့မျှားမှ မွေးနိုင်ပါ့ ပေါ့ ဆိုတာလိုပဲ"

"အိုတော်၊ စိတ်ကူးယဉ်ရမှာပဲ တော်ရေ့။ ကျုပ်ကတော့ ဆရာတော်ကြီးရဲ့စကားကို ယုံတယ်တော့။ ကျုပ်တို့ ဒီဆင်းရဲတွင်းထဲကလွတ်ကိုလွတ်ရမယ်"

"ဒါထက် နင့်ထမင်းအိုးကြီးက လည်းကြီးလိုက်တာ။ နင်ဘာတွေ လျှောက်လုပ်နေတာလဲ"

"အို - ရှင်ကလည်း၊ ကျုပ်မှာ အကြောင်းရှိလို့ပေါ့။ နောက်မှ ရှင့်ကို ပြောပြမယ်။ ရှင်ဘယ်သူ့ကိုမှမပြောပါ ဘူးဆိုတာ ကတိပေး"

"အေးပါဟာ အေးပါ"

ဟု ဦးဘိုစိန်က ပြောလိုက်သည်။

ထမင်းကျက်သောအခါ ဒေါ်ထွေး သည် မနောလင်ပန်းအား သေချာစွာ ဆေးကြောပြီး လင်ပန်းထဲသို့ ထမင်းကို ထည့်၍ ဆီ၊ ဆားများထည့်ကာ နယ် ဖတ်လျက် (၄) ပုံ ပုံလိုက်ပါသည်။ ထို နောက် လင်ပန်းကိုမ,ယူပြီး သူမတို့၏ တဲနောက်ဘက် တစ်ခေါ်လောက်ရှိ ကိုင်းတောကြီးအလယ်သို့ သူမတစ်ဦး တည်း မြွေမကြောက်၊ ကင်းမကြောက် သွားရောက်ပို့ခဲ့ပါသည်။

ထိုနေ့တစ်နေ့လုံး ဘယ်မှမသွား ဘဲ၊ ဘာမှမလုပ်ဘဲ တဲပေါက်ဝမှ ကိုင်း တောကြီးဆီသို့ ငုတ်တုတ်ထိုင်လျက် အကဲခတ်ကြည့်နေသည်။ ထိုကိုင်းတော ကြီးရှိရာသို့ ကျီးများပျံဝဲခြင်းမရှိ။ အခြား



www.burmeseclassic.com

www.burmeseclassic.com

သော တိရစ္ဆာန်များလည်း တစ်ကောင်မျှမသွား။ လူလည်းအသွားအလာမရှိ။ ညနေ နေဝင်ရီတရောအချိန်တွင် လင်ပန်းအား သွားယူသောအခါ ကိုင်းတော၏အလယ် လင်ပန်း၏ဘေးပတ်လည်၌ ကျူဖျာအကြီး (၄) ချပ်စာခန့် ကိုင်းပင်များ ပြားနေသည်ကိုလည်းကောင်း၊ လင်ပန်းအတွင်းရှိ ထမင်းများမှာလည်းကုန်နေသည်ကို အံ့ဩစွာတွေ့မြင်ခဲ့ပါတော့သည်။

ထိုနှစ် သူမတို့ လယ်သိမ်းချိန်ရောက်၍ စပါးများရိတ်သိမ်း၍ ခြွေလှေ့ပြီးသောအခါ တလင်းအတွင်းရှိ စပါးပုံအား တင်းနှစ်ရာ၊ နှစ်ရာ့ငါးဆယ်ခန့်ထက် မပိုနိုင်ဟု ခန့်မှန်းခဲ့ကြ...ည်။ သို့သော် ထိုစပါးပုံကို ခြင့်တွယ်၍ သိမ်းဆည်းသောအခါ စပါးကျီ၊ ပုတ်၊ တဲအတွင်းသာ စပါးများပြည့်သွားသည်။ စပါးမှာ အပုံမှ အနည်းငယ်သာ လျော့သည်ကို ထူးဆန်းစွာ တွေ့ရှိရပါသည်။ နောက်ဆုံး စပါးသိမ်းထားရန် နေရာမရှိတော့သဖြင့် တလင်းထဲတွင် ဒီအတိုင်းပင် ထားလိုက်၏။ တစ်နွေလုံးပစ်ထားခဲ့သော စပါးအား မည်သူတစ်ဦးမျှ မခိုး၊ မယူ၊ ကျွဲနွားလည်း မစားသည်ကို တွေ့ရှိရသည်။

ဤသို့ဖြင့် မိုးကျခါနီးအချိန်သို့ ရောက်ရှိလာသောအခါ တစ်နေ့တွင် အသက်(၃၀)ခန့် လူရွယ်တစ်ဦး ရောက်ရှိလာသည်။ ထိုလူရွယ်က ဦးဘိုစိန်အား -

"ဒီမှာ ဦးလေး၊ စပါးဝယ်ချင်လို့ ရောင်းဖို့များရှိပါသလား ခင်ဗျာ"

ဟု မေးလာ၏။

ဦးဘိုစိန်ကလည်း-

"ဩော် - အေး၊ အေး ရှိတယ်ကွယ့်။ မောင်ရင်ကဘယ်ကလဲ"

"ကျိုက်လတ်က လာဝယ်တာပါ။ စပါးတစ်ရာ၊ တစ်ရာ့ငါးဆယ်လောက်ပါပဲ ခင်ဗျာ"

"ဟဲ- မောင်ရင်၊ ဟောဟိုတလင်းထဲက စပါးပုံမှာ မောင်ရင့်ဘာသာမောင်ရင် သွားခြင်ပေတော့ကွာ"

ဟု ဦးဘိုစိန်ကပြောလိုက်သည်။

သို့ဖြင့် ထိုသူသည် တလင်းထဲမှ စပါးအား သူနှင့်ပါလာသူနှစ်ဦးနှင့် ခြင်တွယ်၍ သမ္ဗန်အတွင်းသို့ သယ်ချနေကြသည်။ စပါးသယ်ချနေစဉ် ဦးဘိုစိန်နှင့် စပါးလာဝယ်သူတို့ လက်ဖက်ရည်သောက်ရင်း စကားလက်ဆုံကျနေ၏။ စကားပြောနေကြရင်း စပါးလာဝယ်သူလူရွယ်၏ ဖခင်မှာ ဦးဘိုစိန်၏ မိတ်ဆွေကြီး ဦးခင် ကျိုက်လတ်မြို့မှ ကုန်သည်ကြီးဖြစ်နေကြောင်း ဦးဘိုစိန် သိရှိလိုက်ရသည်။ စပါးသယ်ပြီးလျှင် ငွေချေရာ၌ စပါးဝယ်သူက-

"ဟဲ- ဦးလေး၊ စပါး (၁၅၀) တင်းရတယ်။ စပါးဖိုးငွေကို အခု တစ်ဝက်ပေးသွားမယ်နော်။ ကျန်ငွေကို တစ်ပတ်ကြာရင် မြို့မှာလာယူပါနော်။ ကျွန်တော် (၈) လမ်း၊ ကမ်းနားမော်တော်ဆိပ်မှာ ဆင်း စောင့်နေပါမယ်"

ဦးဘိုစိန်ကလည်း -

"အေး၊ အေး - ရပါတယ်ကွာ။ မင်းအဖေနဲ့ငါက မိတ်ဆွေရင်းတွေပဲ"

သို့ဖြင့် စပါးဝယ်လာသူ လူရွယ်လည်း စပါးသမ္ဗန်ကို ဦးဘိုစိန်၏ အိမ်ဆိပ်မှ ထွက်ခွာသွားခဲ့တော့သည်။

စပါးသမ္ဗန် ထွက်ခွာသွားပြီး အတန်ကြာမှ ဒေါ်ထွေးလည်း ဦးဘိုစိန်အား ပြောတော့သည်။

"တော့်-ကိုဘိုစိန်၊ တော်သူ့ကိုသိလို့လား"

"သူ့တော့ ငါမသိဘူးဟ။ သူ့အဖေ ဦးခင်တော့ သိပါရဲ့ကွာ"

"ဒါဖြင့် သူ့ကို တော်မသိဘဲ သူ့အဖေ ဦးခင်ဆိုတာနဲ့တော်၊ စပါးဖိုးကျန်ငွေ ဘယ်လိုလုပ်သွားတောင်းမှာတုံး။ ဘယ်သူမှန်းမသိ၊ ဘယ်နေမှန်းမသိ၊ စပါးဖိုးငွေတော့ဆုံးပြီနဲ့တူပါတယ်တော်"

"ဦးခင်သားဆိုတော့ ငါလည်း ငါ့အသိရဲ့သားမို့ ယုံတာနဲ့ ပေးလိုက်တာ ဘယ်တတ်နိုင်မတုံးဟ"

ဤသို့နှင့် စပါးဖိုးကျန်ငွေကို သွားယူရမည့်ရက်ကိုမေ့ပြီး နှစ်ပတ်ခန့်ကြာမှ သတိရပြီး ဒေါ်ထွေးက -

"ကိုဘိုစိန်၊ ရှင်စပါးဖိုးကျန်ငွေတွေ သွားတောင်းဦးလေ"

"ရမယ်မထင်ပါဘူး မယ်ထွေးရာ၊ သူချိန်းထားတဲ့ရက်ကလည်း ကျော်နေပြီ။ သူ့နာမည်လည်း ကိုယ်က မမေးမိ"

"အိုတော် - ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ဈေးဝယ်သွားရင်းနဲ့ သွားကြည့်ပေါ့"

နောက်တစ်နေ့ နံနက် ဦးဘိုစိန်သည် ကျိုက်လတ်မြို့သို့ လိုင်းမော်တော်နှင့် လိုက်သွားရာ ကျိုက်လတ်မြို့ (၈)လမ်းဆိပ်သို့ မော်တော်ကပ်သောအခါ ကမ်းပေါ်မှ စပါးဖိုးကျန်ငွေပေးမည့် လူရွယ်သည် ဦးဘိုစိန်အား ပြုံးရွှင်စွာ ဆီးကြိုနှုတ်ဆက်လိုက်သည်။

"ဦးလာမလားလို့ ကျွန်တော် မော်တော်ဆိပ်ဆင်းတာ နေ့တိုင်းလိုပါ"

ဟု ပြောဆို၍ စပါးဖိုးကျန်ငွေမျ
ကို အပြည့်အဝပေးပြီး အိမ်အပြန်လ
ဆောင်အဖြစ် စားသောက်ဖွယ်ရာမျ
ကို ထပ်မံပေးလိုက်ပါသည်။

ဤသို့ဖြင့် သူတို့၏ စီးပွားရေး
တစ်နေ့တခြား တိုးတက်လာခဲ့
(၃)နှစ်ခန့်ကြာလျှင် နှစ်ထပ်ပျဉ်ထော
သွပ်မိုးအိမ်ကြီးနှင့် စပါးစည်ကြီးတစ်
ဆောက်လုပ်နေထိုင်ခဲ့ပါသည်။ ရွာတွ
ကုန်မျိုးစုံဆိုင်ဖွင့်၍ ဈေးရောင်းချခဲ့
အရောင်းအဝယ်ကောင်းမွန် အဆင်ပြ
တိုးတက်ခဲ့ပါ၏။ ပေးသမျှ အကြွေးမျ
မှာလည်း လိုက်တောင်းရခြင်း၊ ဆုံးရှုံးခြ
များမရှိဘဲ အချိန်တန်သည်နှင့်
အကြွေးများကို အိမ်အရောက် လာ
ဆပ်ကြပါသည်။ (၅) နှစ်ခန့်အကြ
ကိတ္တိမသားများကို ရှင်ပြုအလှူပွဲ
ပေးလှူခဲ့ကြပြီး အလှူရှင် ဒေါ်ထွေး
သူတို့ ဇနီးမောင်နှံအား မ,စခဲ့ကြသေ
ပရလောကမှ ပုဂ္ဂိုလ်များကို ကောင်း
ကုသိုလ်အားလုံးတို့၏ အကျိုးများ
ခံစားနိုင်ကြစေရန် အမျှ အမျှ အမျှ
ကြိမ်ပေးဝေ၍ သာဓုအနုမောဒနာခေ
စေခဲ့ပါကြောင်း။

သည့်နောက်ပိုင်းတွင် သူတို့
စီးပွားရေးမှာ ယခင်ကကဲ့သို့ ထူးထူး
ခြားခြားတိုးပွားမလာဘဲ ပုံမှန်သာဖြစ်ခဲ့သေ
လည်း သူတို့ဇနီးမောင်နှံနှစ်ဦးစလုံး
အသက် (၈၀) ကျော်သည်အ
မကြောင့်မကြ စားနိုင်သောက်နိုင်
အလှူရေစက် လက်နှင့်မကွာလှူ
တန်းနိုင်နေထိုင်၍ အေးချမ်းသာယာ
နေသွားနိုင်ခဲ့ကြပါသည်။

ဤကဲ့သို့ နေထိုင်သွားနိုင်ခဲ့
သည်မှာ သူတို့ဇနီးမောင်နှံတို့၏ အမွေ
ဆန္ဒလုံးဝမပါဘဲနှင့် ဖြူစင်သန့်ရှင်းသ
သဒ္ဓါစေတနာ ဒါနကုသိုလ်ဖြစ်သေ
ထမင်းတစ်နပ်ပို့ရသောအကျိုး ဖြစ်သ
မှာ ဧကန်မုချ ဖြစ်ပါပေသတည်း။

အထက်ဖော်ပြပါ အဖြစ်အပ
မှာ တကယ့်အဖြစ်မှန်ကို အခြေခံ 
သား ဖော်ပြခြင်း ဖြစ်ပါသည်။ နေ
ဒေသများမှာ အမည်မှန်များဖြစ်
ကာယကံရှင်နှစ်ဦး၏ အမည်များကို
ပြောင်းလဲရေးသားထားပါသည်။ ကာ
ကံရှင်များလည်း ကွယ်လွန်သွားကုန်
ပါပြီ။

ဆရာဦးစိန်လှိုင် (ကျိုက်လတ်)



www.burmeseclassic.com

www.burmeseclassic.com

ဘုန်းခေါင်

# ကျွန်ုပ်နှင့်ပထမဘိုးဘိုးအောင်ပေးခဲ့သော နဝင်းသိဒ္ဓိဗျည်းစမအောင်း

တစ်နေ့သ၌ -

ကျွန်ုပ်သည် ရှမ်းပြည်နယ်တောင်ပိုင်း အင်းလေးမှ ရက်လုပ်သော နီညိုရောင်ရှိသည့် လွယ်အိတ်ထဲကို ပစ္စည်းများထည့်နေပါသည်။ လွယ်အိတ်ထဲကို ထည့်နေသောပစ္စည်းများသည် ကျွန်ုပ်ဘာသာရေးနယ်ကို စတင်ဝင်ရောက်စဉ်အခါက စတင်ပြီးစိပ်နေခဲ့သောပုတီးဖြစ်ပါသည်။ ထိုပုတီးကုံးသည် အသားပုတီး မဟုတ်သလို မည်သည့်ကျောက်၊ သတ္တုတို့ဖြင့် ပြုလုပ်ထားသောပုတီးကုံးလည်း မဟုတ်ပါ။ ပုတီးကုံးသည် အပ်ချည်ကြိုး ထိုးကျစ်ထားသော ကြိုးပုတီးကုံးပင်ဖြစ်ပါသည်။ ထိုကြိုးပုတီးကို သစ်စေးသုတ်ထားခြင်းမဟုတ်ဘဲ အရောင်တင်ဆီနီညိုရောင်ဖြင့်စိမ်ထားသည့် ချိပ်ဆေးသုတ်စိမ်ထားခဲ့သောပုတီးကုံး ဖြစ်ပါသည်။ ထိုကြိုးပုတီးကုံးသည် ကျွန်ုပ်ဘာသာရေး စတင်ချိန်ကစပြီး အမြဲဆောင်ရှိနေခဲ့သော ဘာသာရေးဖွားဖက်ပုတီးဟု တင်စားချင်ပါတော့သည်။

နောက် ပုတီးထည့်ပြီးသည်နှင့် ဖယောင်းတိုင်ထုပ်၊ အမွှေးတိုင်ထုပ်အပြင် ကျွန်ုပ်အမြဲတမ်းသောက်လေ့ရှိသော ရှမ်းဖက်ဆေးလိပ် (ကျွန်ုပ်တို့ဒေသအခေါ် သနပ်ဖက်ဆေးလိပ်) ဖြစ်ပါသည်။ ထိုအချိန်ကာလက လူငယ်လူရွယ်များနှင့် လူလတ်ပိုင်းများအကြိုက်သောက်ကြသော အမည်ရ ဆေးလိပ် (၄)လိပ်၊ (၅)လိပ်လောက်ထည့်ပါသည်။ နောက်ဆုံး ဇစ်ပိုအမည်ရသော မီးခြစ်ကိုတို လွယ်အိတ်ထဲသို့ ထည့်လိုက်ပါတော့သည်။

ကျွန်ုပ်နေထိုင်သော အိမ်နှင့် (၂) ဖာလုံအဝေးလောက်မှာ တည်ထားကိုးကွယ်ခဲ့ကြသော ရှစ်မျက်နှာကျောင်းတိုက်အတွင်းမှ 'ရွှေမင်းဒင်' ဘွဲ့မည်ရှိသောစေတီရှိရာကို ကျွန်ုပ်ထွက်လာခဲ့ပါသည်။

ထို ရွှေမင်းဒင် ဘွဲ့မည်ရသော စေတီသည် တမာတန်းဟု ခေါ်သော နေရာတွင် တည်ရှိနေပါသည်။ တမာတန်း အမည်ရသောနေရာသည် ကျွန်ုပ်တို့မြို့၏ အရှေ့မြောက်ယွန်းယွန်းတွင် တည်ရှိနေပါသည်။ ထိုနေရာဌာနသည် မြတ်စွာဘုရားရှင်၏ တပည့်သားများ ဖြစ်ကြသော ရဟန်းသံဃာတော်များ သီတင်းသုံးရာကျောင်းအရာမ်များရှိနေသလို သီလရှင်များသီတင်းသုံးရာနေရာဌာနကြီးလည်း ဖြစ်ပါသည်။ သာသနာ့နယ်တွင် အသိများသော အထင်ကရ နေရာတစ်ခု ဖြစ်ပါသည်။

ဒီနေ့သည် တနင်္ဂနွေနေ့ ဖြစ်ပါသည်။ ကျွန်ုပ်သည် အစိုးရဌာနတစ်ခုတွင် တာဝန်ထမ်းဆောင်စဉ်အခါက ဖြစ်ပါသည်။ ရုံးဌာနများနှင့် အများပြည်သူတို့၏ရုံးပိတ်ရက်များတွင် ကျွန်ုပ်လွန်စွာစွဲလမ်းအားကြီးသော ဘာသာရေးလုပ်ငန်းနှင့် ဝိဇ္ဇာဓရဂမ္ဘီရပညာများကို လုပ်နိုင်၊ လေ့လာနိုင်သောနေ့ရက်များပင် ဖြစ်ပါသည်။

ကျွန်ုပ် နေအိမ်မှထွက်လာခဲ့သော အချိန်သည် နေ့ (၁၁) နာရီထိုးပြီးနေပြီ ဖြစ်သည်။ ကျွန်ုပ်သည် ရှစ်မျက်နှာကျောင်းတိုက်ဝင်း၏ အရှေ့တောင်လောက်တွင်တည်ရှိနေသော ရွှေမင်းဒင်စေတီကြီး၏ အရှေ့ဘက်မှဝင်လိုက်ပါတော့သည်။

ရွှေမင်းဒင်စေတီတော်တည်ထားပုံကို စာဖတ်သူများမြင်သာအောင် ရေးသား တင်ပြလိုက်ပါသည်။ ထိုစေတီတော်သည် မြေစိုက်စေတီတစ်ဆူ ဖြစ်ပါသည်။ ထိုစေတီတော်၏ ဉာဏ်တော်မှာ စိန်ဖူးတော်အထိ (၉) တောင်အမြင့် ဉာဏ်တော်ရှိမည်ထင်ပါသည်။ စေတီတစ်ဆူလုံး ရွှေချထားပါသည်။

ကျွန်ုပ်သည် ထိုစေတီရောက်သည်နှင့် ဦးစွာပထမ မေတ္တာသုတ်တော်ကို လက်ယာရစ်တစ်ပတ်ရွတ်ဖတ်ပူဇော်လိုက်ပါသည်။ နောက် စေတီတော်၏ တနင်္ဂနွေထောင့် (အရှေ့မြောက်ထောင့်အရပ်)တွင် နေရာယူထားလိုက်ပါသည်။

ထိုစေတီတော်တည်ဆောက်ထားပုံမှာမူ ရွှေမင်းဒင်ဘွဲ့မည်ရှိတော်မူသော စေတီအပေါ်နှင့် ဘေးဘက်လေးမျက်နှာတို့တွင် သံတိုင်များ (သံပင့်ကူဆီမီးတိုင်များ) စိုက်ထူပြီး စေတီတော်တည့်တည့်အပေါ်တွင် သံထည်ထုပ်၊ လျှောက်များသုံးထားပြီး သွပ်အမိုးမိုးထားခဲ့သော သွပ်ပြာသာဒ်များ၊ ဘုံဆင့်များနှင့်လက်ရာမြောက်တည်ထားခဲ့ခြင်း ဖြစ်ပါသည်။

စေတီပတ်လည် သံတန်ဆောင်းအတွင်း ကျွန်ုပ်အနေဖြင့် တံမြက်စည်းလှည်းကျင်းပြီး သန့်ရှင်းရေးလုပ်လိုက်ပါသည်။ နောက်မိမိလုပ်ငန်းဝင်နေကျနေရာဖြစ်သောတနင်္ဂနွေထောင့် (အရှေ့မြောက်ထောင့်)ရွှေမင်းဒင်စေတီ၏အခြေသမ်တလင်းပေါ်တွင် ကျွန်ုပ် ယူလာခဲ့သော နီသီဒိုင်အခင်းကို ခင်းကျင်းပြီး နေရာယူထားလိုက်ပါသည်။

ဦးစွာ ထိုနေရာတွင် ထိုင်လိုက်သည်။ နောက်ပါးစပ်ခံတွင်းချဉ်လာနေသဖြင့် ကျွန်ုပ်သည် ဆေးလိပ်တစ်လိပ်ကို ထုတ်ယူပြီး မီးညှိကာ အားပါးတရ ဖွာလိုက်ပါတော့သည်။ ထိုတန်ဆောင်ကြီးအတွင်းတွင် ယုတ်စွအဆုံး ခွေးတစ်ကောင်ကြောင်တစ်မြီးမှမရှိကြပါ။ လွန်စွာမှပင် ရှင်းလင်းပြီးအေးချမ်းနေခဲ့ပါတော့သည်။

ကျွန်ုပ် လုပ်ငန်း စတင်ပါပြီ။

**ကျွန်ုပ်ဝါသနာနှင့်အလေ့အကျင့်**

ကျွန်ုပ်သည် ဘုရား၊ တန်ဆောင်း၊ ကျောင်းတို့တွင် ဘုရားဖူးခြင်း၊ ပုတီးစိပ်ခြင်း၊ အာနာပါနကမ္မဋ္ဌာန်းမှတ်ခြင်းတို့ ပြုလုပ်ရာတွင် ဘာမှကရိကထမများပါ။ လွန်စွာရိုးရှင်းလှပါသည်။

တချို့ ယောဂီမိတ်ဆွေတို့သည် မိမိပြုဖွယ်ကိစ္စမဆောင်ရွက်မီ ဦးစွာ ပထမ စည်းချကြပါသည်။ ကျွန်ုပ်ကတော့ စည်းချလေ့ချထမရှိပါ။ ကျွန်ုပ်၏ အကျင့်ကဆိုလျှင် ကျွန်ုပ် ရောက်ရှိနေသော ကျောင်း၊ ဇရပ်၊ သိမ်၊ ဘုရားတို့တွင် မြင်အပ်၊ မမြင်အပ်ပုဂ္ဂိုလ်များကို ကျွန်ုပ်နှင့်အတူတကွ လာရောက်ပြီး ဘုရားဖူး၊ ပုတီးစိပ်၊ ကမ္မဋ္ဌာန်းတရားရှုမှတ်ပွားများရန်အတွက် ကျွန်ုပ်နှင့်အတူတကွ လာပြီးအားထုတ်ကြပါဟု ဖိတ်ခေါ်မြဲလည်း ဖြစ်ပါသည်။

ကျွန်ုပ်သည် ဖယောင်းတိုင်၊ အမွှေးတိုင်များကို ထွန်းညှိလိုက်ပြီး ဘုရားရှင်ကို ဆက်ကပ်လှူဒါန်းလိုက်ပါသည်။ နောက် ကျွန်ုပ်ဖိတ်ကြားလိုသော ပုဂ္ဂိုလ်အသီးသီးတို့ကို ဖိတ်ကြားလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ပြုဖွယ်များပြီးသည်နှင့် ဘုရားရှိခိုးခြင်း၊ သီလခံယူခြင်း၊ ဆုတောင်းခံခြင်း၊ မေတ္တာပို့သခြင်းနှင့် ကုသိုလ်အမျှပေးဝေခြင်းတို့ကို ပြုလုပ်ပါသည်။

**ကြုံလာခဲ့ပုံက**

ကျွန်ုပ်သည် ပုဂ္ဂိုလ်များဖိတ်ထားပြီးနောက် ဘုရားရှိခိုးခြင်း၊ သီလခံယူခြင်း၊ ဆုတောင်းခြင်းနှင့် မေတ္တာပို့သနေချိန် ရောက်ရှိနေပြီ ဖြစ်ပါသည်။

ကျွန်ုပ်သည် ဘုရားဖူးမြော်စဉ်ကစပြီး မျက်စိအစုံကို မှိတ်ထားလိုက်ပါတော့သည်။ ယခု ကျွန်ုပ်သည် မေတ္တာပို့သနေပြီ ဖြစ်ပါသည်။ ကျွန်ုပ်၏မျက်စိနှစ်လုံးမှိတ်ထားသော်လည်း ကျွန်ုပ်၏စိတ်အာရုံထဲတွင် တစ်စုံတစ်ယောက် ကျွန်ုပ်၏ လက်ယာဘက်ဒူးနှင့် တစ်တောင်လောက်အကွာမှာ မတ်တတ်ရပ်လျက်ရှိနေသည်ဟုအထင်ရှိနေခဲ့ပါသည်။

ထိုအချိန်မှာပင် မမျှော်လင့်သော အသံတစ်သံထွက်ပေါ်လာပါလေတော့သည်။ စကားပြောသံထွက်ပေါ်လာသူ၏အသံသည် အမျိုးသမီးတစ်ယောက်၏ အသံမဟုတ်သလို လူရွယ်လူလတ်ပိုင်းတစ်ယောက်၏ အသံမျိုးလည်း မဟုတ်ပါ။ကျွန်ုပ်နားဆတ်ဆတ်ကြားနေရသောအသံရှင်သည် အသက်အရွယ်ရပြီးသောအမျိုးသားကြီး(ယောက်ျားကြီး) တစ်ယောက်၏အသံမျိုးနှင့်ပြောနေခြင်း ဖြစ်ပါသည်။

"လူကလေး၊ မင်းရဲ့ဆန္ဒနဲ့ စရဏအားကို သိရ တွေ့ရလို့ ဝမ်းမြောက်စွာ သာခုခေါ်ပါတယ်။ မင်းရဲ့စိတ်ရင်းအမှန်နဲ့ မင်းပြောခဲ့တဲ့စကားတွေအရပေါ့ကွာ။ လက်တွေ့ဖြစ်မှယုံချင်တာမဟုတ်လား။ အခုတော့ မင်းဆန္ဒတချို့ပြည့်မှာပါကွာ။ မင်းလက်တွေ့မြင်ရ ကြုံရတော့မှာပါ။ အဘအခုပြောတဲ့စကားတွေကို စိတ်မှတ်နဲ့ရအောင်မှတ်လိုက်ပါ။

*☐ လိုရာကစ၊ ရောက်သတ္တာ၊*
*ဆုံးကအလယ်သော၊ စနှင့်ဆုံးမူ၊*
*အသေတူ လိုရာသိဒ္ဓိပြီး။*
*ဗျည်းစမက မဟိဒ္ဓိပြ၊*
*ထွက်လမ်း ဒီမှာရ*

မှတ်ပြီလား။ အသေအချာ မှတ်နိုင်အောင် တစ်ခေါက်ထပ်ပြီးဆိုပြမယ်"

ဟု အေးဆေးတည်ငြိမ်စွာ ပြောပြနေပါတော့သည်။

ကျွန်ုပ်သည် စိတ်မှတ်နှင့်လိုက်ဆိုရင်း ထိုပုဂ္ဂိုလ်ကို သိလို၊ မြင်လိုစိတ်များစွာဖြင့် မထိန်းနိုင်တော့၍ စုံမှိတ်ထားသော မျက်လုံးအစုံကိုဖွင့်ပြီးကြည့်လိုက်ပါတော့သည်။

ကျွန်ုပ်မြင်တွေ့ရသောပုဂ္ဂိုလ်ကြီး၏သွင်ပြင်တို့ကို ဓာတ်ပုံရိုက်ကူးယူထားသည့်အတိုင်း ယခုစာရေးနေဆဲမှာပင် မှတ်မှတ်ထင်ထင်ရှိနေပါသေးသည်။

ကျွန်ုပ် မျက်လုံးဖွင့်ကြည့်လိုက်သည်နှင့် တွေ့မြင်ရပုံမှာ -

ဝင်းမှည့်နေသောအသားရောင်ရှိပြီးစိုပြည်နေပါသည်။ မျက်စိအကြည့်အရပင်လျှင် အသားအရေတို့မှာလွန်စွာနူးညံ့ချောမွေ့နေမည်ဖြစ်ပါသည်။ အရပ်အမောင်းကမူ အနည်းဆုံး (၅) ပေနှင့် (၈)လက်မလောက်အမြင့်ရှိပါမည်။အပြစ်ပြောစရာမရှိအောင် ပြေပြစ်သော ယောက်ျားပီသသောပုဂ္ဂိုလ်ကြီးပါ။

မျက်လုံးအစုံက တောက်ပနေပြီး ကြောက်စရာဟု မထင်ပါ။ လွန်စွာမေတ္တာအားကောင်းသော မေတ္တာရှင်တစ်ယောက်၏ စူးရှနေသောမျက်လုံးပိုင်ရှင်လည်းဖြစ်နေပါသည်။

နှုတ်ခမ်းအစုံတို့ကမူ ပြုံးထားခြင်းမဟုတ်သော်လည်း နှစ်လိုဖွယ်အပြုံးပိုင်ရှင်ဟုလည်းပြောခြင်း ဖြစ်ပါသည်။

"မင်းက မေတ္တာအား၊ သစ္စာအားကြီးသလို ဉာဏ်လည်းကြီးပါတယ်။ နောက်တစ်ခုက လက်တွေ့ဖြစ်မှယုံချင်တာဆိုတော့ အဘ အခု မင်းကို တာဝန်ပေးရတော့တာပေါ့ကွယ်။

စောစောကရွတ်ဆိုပြခဲ့တဲ့ လင်္ကာစာတမ်းကို မင်းဉာဏ်ကစားပြီး အင်းကွက်ကစပြီး နဝင်းကြိုက်၊ နဝင်းကိုက်ဖြစ်အောင်ချရမယ်။ နောက် နဝင်းစေတီတည်ပြီး ဗျည်းစမတွေကို အင်းဆန်သွင်းပြီး လှည့်ပေတော့။

နဝင်းကြိုက်၊ နဝင်းကိုက်ဖြစ်ပြီဆိုတာနဲ့ မင်းချတဲ့၊ မင်းစီမံတဲ့ စမအင်းအောင်ပြီကွ။ အဖြေရှာတိုက်စရာမလိုပါဘူးလူကလေး။ မင်းသွားရမယ့်၊ကစားရမယ့် လင်္ကာထဲမှာပြည့်စုံအောင်ပါပြီးသားပါ။

အေးအေး-နောက်တစ်ခုကတော့ စမအင်းပြီးသွားတာနဲ့ အင်္ဂါထောင့်အရပ်မှာရှိနေတဲ့ စေတီတော်မှာ ည(၇)နာရီနဲ့ (၉) နာရီကြားမှာ အရောက်သွားရမယ်။ သုံးလောကသခင် မြတ်စွာဘုရားရှင်အာဝေဏိကဂုဏ်တော်များနဲ့သိဒ္ဓိတင်ပြီး မွမ်းထုံပေးရမယ်ကွယ့်။

တို့လောကဖြစ်တဲ့ ဝိဇ္ဇာခရက္ခိရနယ်မှာတော့ ပြောလိုက်တဲ့စကားမပျက်ရဘူး၊ မဖျက်ဆီးရဘူး လူကလေး။ ဒါဟာ သစ္စာပဲ။ ကိုယ့်အတွက် မငဲ့ကွက်ဘဲ သတ္တဝါတွေအကျိုးကိုမျှော်ပြီး ဆောင်ရွက်ခြင်းက မေတ္တာကျင့်စဉ်လို့ မှင်ထားလိုက်ပါ"

ဟု ပြောပြလိုက်ပါတော့သည်။

ကျွန်ုပ်ကိုယ်တိုင် တွေ့ရကြုံရ အဖြစ်ပါ။ တစ်ဆင့်စကားဆိုရင်တော ကျွန်ုပ်လက်ခံယုံကြည်နိုင်မည်မထင်ပ ကျွန်ုပ်ကို လွန်စွာချိုသာစွာပြောဆိုသွား သည့် စကားများသည် ကျွန်ုပ်ကို ထိ လန့်တုန်လှုပ်ပြီး ကြောက်အောင် ကြိ မောင်းပြောဆိုသောစကားထက် အစွ ထက်နေခဲ့ပါတော့သည်။

ခြိမ်းခြောက်သည့်စကားဆိုလျှ ပင် ကလန်ကဆန်လုပ်မိဦးမှာအမှန် ယခုတော့ ကျွန်ုပ် ဘာမှပင်မငြင်းဆိုနို ပါ။ စောဒကမတက်နိုင်ပါ။ ခိုင်းသ တာဝန်ပေးသမျှ ကျေပွန်အောင် ဆော ရွက်ပါမည်ဟုပင် ကတိမတောင်း ကျွန်ုပ်၏ နှုတ်မှဖွင့်ဟပြီး ဝန်ခံကတိ လိုက်ခဲ့ပြီး ဖြစ်နေပါတော့သည်။


ကျွန်ုပ်၏ စိတ်အာရုံထဲတွင်လည် အေးချမ်းမှုများစွာတို့ စုဖွဲ့နေပါတေ သည်။ ကျွန်ုပ်ကို အမိန့်ပေးသွားသေ အဘမှာ ကျွန်ုပ်အမြင်အာရုံမှ ပျော ကွယ်သွားခဲ့ပါပြီ။ ကျွန်ုပ်လည်း ပြုမြဲ တို့ကို ပြီးအောင် ဆောင်ရွက်လိုက် ကမ္မဋ္ဌာန်းအာရုံတို့ကိုသိမ်းလိုက်ပါသည (၃၁) ဘုံသား ဝေနေယျများစွာတို့အ လုံးကို ကျွန်ုပ်ပြုခဲ့သမျှသောဒါနမှု၊ သီ မှု၊ ဘာဝနာမှုကုသိုလ်အစုစုတို့ကို ထပ် ထပ်မျှရကြပါစေဟု မေတ္တာပို့သကုသို အမျှပေးဝေလိုက်ပါတော့သည်။

ကျွန်ုပ်ကမ္မဋ္ဌာန်းမှထသောအခ သည် ညနေ (၃) နာရီပင် ကျော်နေ ဖြစ်ပါသည်။ စိတ်အစဉ်တို့မှာလ လန်းဆန်းပေါ့ပါးပြီးနေပါသည်။ အ ကတော့ ပုဂ္ဂိုလ်ပေးခဲ့သော ကဗျာ ကိုသာ နှုတ်မှဖွဖွရွတ်နေလိုက်မိပါသေ သည်။

အိတ်ထောင်ထဲမှ စာရွက်ခေါ ကလေးကို ထုတ်ယူပြီး ကဗျာလ လေးကို ရေးမှတ်ထားလိုက်ရပါသေ သည်။

ကျွန်ုပ်သည် ထိုင်နေရင်း စမအ ချနိုင်ရန် စိတ်ထဲတွင်ကြံစည်နေလို ပါသည်။ ကျွန်ုပ်၏ ဦးခေါင်းတစ်ခု အေးသွားသလိုခံစားလိုက်ရပြီး အယ တန်းပေါ်လာနေပါသည်။ စာရေ အောင်ရေးလိုက်ခြင်းဖြစ်ပါသည်။ အ ကို စာဖြင့်ရေးသားရမည်ဆိုလျှင် အာရုံထဲတွင် စမအင်းချရန်၊ အင်းအ ခတ်ခြင်း၊ နဝင်းစေတီတည်ခြင်း၊ ဗျ စမအင်းဆန်များသွင်းခြင်းတို့ကို မျ

www.burmeseclassic.com



နဝင်းသိဒ္ဓိဗျည်းစမအင်း

ထဲတွင် ကွက်ကွက်ကွင်းကွင်းမြင်တွေ့နေရပါတော့သည်။

ကျွန်ုပ် ဘုရားထဲတွင် ကျောင်းအရပ်အတွင်းမှ ပုဂ္ဂိုလ်သတ္တဝါများအားလုံး မေတ္တာပို့ ကုသိုလ်အမျှ ပေးဝေပြီး ကျွန်ုပ်အိမ်သို့ ပြန်လာခဲ့ပါတော့သည်။

(စမအင်းပုံစံကို သီးခြားဖော်ပြထားပါသည်။)

**အမွှမ်းအင်နှင့်အကြောင်းခံများ**

လွန်ခဲ့သောနှစ်ပေါင်း(၆၀)ကျော်ကာလက အဘဘိုးမင်းခေါင်ကိုယ်တိုင် ဓာတ်ပန္နက်ချပြီးတည်သွားခဲ့သောစေတီတစ်ဆူ ဖြစ်ပါသည်။ သူ့ခေတ်သူ့အခါနှင့်ဆိုလျှင် အံ့မခန်းတည်ထားခဲ့သော စေတီဖြစ်ပါသည်။ စေတီတော်မှာ ဉာဏ်တော် (၉) တောင်လောက်ရှိသော်လည်း စေတီတော်ကိုအုပ်မိုးပြီးတည်ထားသော ပြာသာဒ်အဆင့်ဆင့်ဘုံဆင့်များဖြင့်တည်ထားသော သံတန်ဆောင်းတော်စေတီကြီးမှာ သူ့ခေတ်နှင့်သူ အံ့ဩရသော စေတီတစ်ဆူ ဖြစ်ပါသည်။

ထိုစေတီတော်တည်ထားကိုးကွယ်ရာတွင် ဒေသခံ ဒါယကာ၊ ဒါယိကာမများနည်းပါသည်။ အံ့လျှရှင်အများစုမှာ ကျွန်ုပ်မှတ်မိသလောက်ဆိုလျှင် မြင်းခြံခရိုင်မှများပါသည်။ ပေါက်ပုဂ္ဂိုလ်များ၏ တေားလာအရ ဓာတ်သက်ကျရာနေရာ၊ ဓာတ်တိုင်စိုက်ထူခြင်း၊ တည်ထားခြင်း ဖြစ်သည်ဟု ဆိုပါသည်။

အဘမင်းခေါင်သည် ရင်စေ့တိုက်ပုံအကျီကို ရင်ဘတ်ပေါင်းလောင်းထားပြီး ပုဆိုးကွက်ထောက်ဝတ်ထားကာ သူ့အမူအရာတို့မှာ မည်သူနှင့်မျှမတူ တစ်မူထူးခြားလှပါသည်။

ကျွန်ုပ်သည် ညစာထမင်းစားပြီးသည်နှင့် ပုံတွင်ပြထားသည့် နဝင်းသိဒ္ဓိစမအင်းကို အခက်အခဲမရှိချနိုင်ခဲ့ပါတော့သည်။ ကျွန်ုပ်သည် အောင်မြင်စွာ စမအင်းချပြီးသည်နှင့် ညစဉ်ပြုမြဲဖြစ်သော ညစဉ်တက်ခြင်းတို့ ပြုလုပ်ပါသည်။

**မမျှော်လင့်သော အကြောင်းတစ်ခုပေါ်လာခြင်း**

အနောက်တောင်ဘက်မှ ရုတ်တရက်ကြီး လေရောမိုးပါဆင်လာပြီး အင်နှင့်အားနှင့်ရွာလိုက်ပါတော့သည်။ လေဒဏ်၊ မိုးဒဏ်များကြောင့် သစ်ပင်ကြီးများလဲပြိုခြင်း၊ ခြေသလုံး၊ ပေါင်လုံးခန့် သစ်ကိုင်းများပင် ပြုတ်ကျကုန်ပါတော့သည်။အချိန်ကာလကမကြာလိုက်ပါ။ တစ်နာရီပင်မပြည့်ပါ။ ကြောက်ဖွယ်လိလိ မည်းမှောင်ပြီး လေတိုက်ခြင်း၊ မိုးရွာခြင်းတို့မှာ ဘယ်ရောက်သွားပြီလဲဟု မေးရလောင်အောင်ပင် အရပ်ရှစ်မျက်နှာစလုံး ကြည်လင်ပြီး သာယာနေပါတော့သည်။

မျက်မြင်ကိုယ်တွေ့သာ မဟုတ်လျှင် ယုံနိုင်စရာ အလွန်ပင်ခဲယဉ်းလှပါသည်။ သဘာဝတရား၏ မာယာများလား။ ဒါမှမဟုတ်လျှင် ဝိဇ္ဇာခရာမှီရ ပညာနယ်က ပုဂ္ဂိုလ်တို့ကများ တစ်စုံတစ်ယောက်ကို စမ်းသပ်စစ်ဆေးနေခြင်းလားဆိုတာ အတပ်မပြောနိုင်တော့ပါ။

ကျွန်ုပ်သည် လေမိုးငြိမ်သွားသည်နှင့် ကျွန်ုပ်၏လွယ်အိတ်ထဲကို ပစ္စည်းအစုံထည့်ပြီး အိမ်မှထွက်လာခဲ့ပါတော့သည်။ ကျွန်ုပ်၏ ဖနီးနှင့် မိခင်ကြီးက မသွားစေချင်ကြပါ။ ဘာမှမစိုးရိမ်ပါနှင့်ဟု အကျိုးအကြောင်းပြပြီး မိခင်ကြီးကို ခြေစုံဦးတိုက်ပြီး ထွက်လာခဲ့ပါတော့သည်။

ထိုစဉ်အခါကာလက ရွှေမုဋ္ဌောဘွဲ့အမည်ရသော စေတီတော်သည် ယခုလက်ရှိအနေအထားမျိုးမဟုတ်ပါ။ ထိုစဉ်ကာလက ညဥ့်မှောင်ကို ရောက်လာသည်နှင့် တန်ဆောင်း (၃) ခုတွင်တော့ မီးရောင်ရှိပါသည်။ စေတီတော်၏ ထိပ်တွင်လည်း ဖန်သီးတစ်လုံး ပူဇော်ထားရှိသော်လည်း ပတ်ဝန်းကျင်တစ်ခုလုံးကို အမှောင်ထုကြီးက စိုးမိုးထားပြီး ဖြစ်ပါသည်။

ကျွန်ုပ်ကို တာဝန်ပေးသည့် အချိန်နာရီအတွင်း စေတီတော်ကြီး၏ အရှေ့ဘက်အာရုံခံအတွင်းရောက်ခဲ့ပါပြီ။ ထိုအချိန်သည် (၈း၁၅) နာရီပင် ရှိပါသေးသည်။ ကျွန်ုပ်သည် ဘာမှစဉ်းစားမနေတော့ဘဲ မိမိကို တာဝန်ပေးထားသည့် ကိစ္စတာဝန်ကိုသာ ပြီးပြတ်အောင်ဆောင်ရွက်လိုက်ရပါတော့သည်။

စေတီတော်၏ အနောက်မြောက်ဘက်အရပ်တွင်ရှိသော အကျဉ်းထောင်ဆီမှ နာရီခေါက်သံသည် ညဥ့်အမှောင်ကို ဖြတ်သန်းလာနေသဖြင့် ကြည်လင်စွာ အသံကြားနေရပါပြီ။ ညဥ့် (၁၀) နာရီရှိနေပါပြီ။

ကျွန်ုပ်ကို တာဝန်ပေးပြီး စီမံခဲ့ရသော နဝင်းသိဒ္ဓိဗျည်းစမအင်းသည် အမှန်တကယ်လည်း သိဒ္ဓိပေါက်သွားပြီဟု ဆိုချင်ပါသည်။ ပုဂ္ဂိုလ်များ၏ ခွင့်ပြုချက်ရ၍ ဆင်းရဲဒုက္ခရောက်နေကြသော အမျိုးကောင်းသား၊ အမျိုးကောင်းသမီးများကို ကူညီပေးလျှင် ချမ်းသာရပြီး အောင်မြင်ကြပါသည်။

ကျွန်ုပ်၏မိတ်ဆွေနှင့်တပည့်များ၏ အခက်အခဲမှ လွန်မြောက်ချမ်းသာရောက်ခဲ့သောသူ (၇) ယောက်လောက်တော့ရှိမည်ထင်ပါသည်။ ပါရမီပဋ္ဌာန်းကိုက်ညီပြီး ကံစွမ်းကံစရှိသူများကို ပုဂ္ဂိုလ်များခွင့်ပြုချက်ဖြင့် ကူညီပေးနိုင်ကြောင်း သုတရစေရန် တင်ပြလိုက်ရပါတော့သည်။

အခွင့်ကြုံလျှင် ထူးဆန်းအံ့ဩဖွယ်ရာများကို ရေးသား တင်ပြပါဦးမည်။

*ပညာတိုးပွားအကျိုးများကြပါစေ*

ဘုန်းခေါင်



www.burmeseclassic.com

www.burmeseclassic.com



# တက္ကသိုလ်ဝင်းမြင့်

## ဘဝတစ်ကွေ့ ခဏတွေ့လည်း
## ထာဝရမမေ့နိုင်သောပညာရှင်

သထုံမြသပိတ်စေတီတော်မြတ်ကို ကျွန်တော် ဦး(၃)ကြိမ်ချလိုက်ပါသည်။

သထုံမြို့နှင့်ဆက်စပ်လျက်ရှိသော သိဂ်နိုက်တောင်ထိပ်တွင် မြသပိတ်စေတီတော် တည်ရှိပါသည်။ ဂေါတမဘုရားရှင်၏ မြသပိတ်တော်ကို ဌာပနာ၍ တည်ထားခဲ့သည်ဟု သိရှိရပါသည်။ ထို့အပြင် သထုံဘုရင်၏ မိဖုရားကြီးကလည်း သူ၏ပဝါတော်ကို လှူဒါန်းထည့်သွင်း ပူဇော်ထားကြောင်းပါ မြို့ခံများ ပြောပြ၍ သိရှိရပါသည်။ စေတီတော်မြတ်တည်သည့်နှစ်မှာ မဟာသက္ကရာဇ် ၁၁၄ ခုနှစ်၊ ဗုဒ္ဓပွင့်တော်မူပြီး (၁၁) နှစ်အကြာကာလဟု မှတ်သားရပါသည်။

သထုံဟု ဆိုအပ်သော သုဝဏ္ဏဘူမိ သုဓမ္မဝတီသည် ဗုဒ္ဓသာသနာတော်၏ အစအဦးရောက်ရှိရာဒေသလည်း ဖြစ်ပါသည်။ ထို့ကြောင့်လည်း မြသပိတ်စေတီတော်ရင်ပြင်ပေါ်ကကြည့်လျှင် မြို့တွင်း၊ မြို့ပြင်အဝေးအနီး၌ စေတီပုထိုး ဘုရား၊ ကျောင်း၊ ကန်၊ သိမ်ဇရပ်တို့ကို ကြည်ညိုဖွယ် ဖူးတွေ့နိုင်ပါသည်။ အထူးအားဖြင့် သမိုင်းဝင် ရွှေစာရံစေတီတော်မြတ်ကြီးက မြို့၏ အချက်အချာတွင် ခံ့ညားသပ္ပာယ်စွာ ဖူးတွေ့ရပါသည်။ ဗုဒ္ဓမြတ်စွာ ဒေသစာရီ ကြွရောက်တော်မူပြီးနောက် သူရိယစန္ဒာမင်းက မဟာသက္ကရာဇ် ၁၁၁ နှစ်တွင် တည်ထားတော်မူရာ ကကုသန်ဘုရားရှင်၏ ဆံတော်ရှစ်ဆူ၊ ကောဏာဂုံဘုရားရှင်၏ တောင်ဝှေးတော်၊ ကဿပဘုရားရှင်၏ မြသပိတ်တော်၊ ဂေါတမဘုရားရှင်၏ သွားတော်လေးဆူနှင့် ရွှေဆင်းတုတော်များကို ဌာပနာလျက် တည်ထားခဲ့သည်ဟု မှတ်သားရပါသည်။

မြသပိတ်စေတီတော်ကြီး တည်ရှိရာ သိဂ်နိုက်တောင်ခြေ တောင်ကုန်းမြင့်တစ်ခုပေါ်တွင် ယနေ့ခေတ် သာသနာပြုဆရာတော် အရှင်ဆန္ဒာဓိက၏ ရွှေပါရမီတောရ ကျောင်းတော်မြတ်လည်း တည်ရှိပါသည်။ အေးချမ်းဆိတ်ငြိမ် သာယာလှပသော တောတောင်ရေမြေနှင့် အရှင်သူမြတ်၏ရွှေပါရမီတောရကျောင်းမှာ တင့်တယ်လိုက်ဖက်ပြီး ရောက်ဖူးသူတိုင်း စိတ်တည်ငြိမ်အေးချမ်းလာစေပါသည်။

တောင်ခြေမှ မြို့အတွင်းဘက် ဝင်ရောက်လျှင် ကုန်းမြင့်တစ်ခုပေါ်၌ ရွှေရောင်တဝင်းဝင်းနှင့် ကြည်ညိုဖွယ်ရာ သမိုင်းဝင် နေမိန္ဒရစေတီတော်မြတ်ကို ဖူးမြင်ရပြန်သည်။ တစ်ဆက်တည်းမှာပင် 'စွန်းလွန်းဆရာကျော်ထေရုပ္ပတ္တိ' စာအုပ်ကိုလေ့လာဖတ်ရှုခဲ့သဖြင့် ရဟန္တာဟု ဗုဒ္ဓဘာသာဝင်များ ကြည်ညိုခဲ့ကြသော ဆရာတော်ကြီး ဦးကိတ္တိကိုလည်း ပြန်ပြောင်းသတိရမိပြန်ပါသည်။

နေမိန္ဒရတောင်နှင့်မလှမ်းမကမ်းတွင် ရှေးဘုရင်များခေတ်က တည်ဆောက်ခဲ့သော မြို့ရိုးတစ်ပိုင်းတစ်စ လည်း တွေ့မြင်ရပါသည်။ မြို့ရိုးတစ်နေရာတွင် အမှတ်တရ အထိမ်း အမှတ်ရုပ်တုများကို တွေ့ရပြန်သည်။ မြန်မာ့သမိုင်းတွင် ထင်ရှားကျော်ကြား သော ကျန်စစ်သား၊ ငထွေရူး၊ ငလုံး လက်ဖယ်နှင့် ညောင်ဦးဖီးတို့က မြို့ အောက်မှ မြို့ရိုးထိပ်သို့ မျှော်ကြည့် ဟန်၊ မြို့ရိုးပေါ်တွင် ဗျတ္တဝိက တင်း ကိုင်လျက် မြို့ရိုးကို စောင့်ကြပ်နေ ပုဂံသူရဲကောင်း (၄) ဦးတို့နှင့် လိုက် လာသည့် ဗျတ်ဝိ၏ ညီတော် ဗျတ္တ မြို့ရိုးပေါ်၌ အစ်ကိုဖြစ်သူအား ပြော နေဟန်တို့ကိုထုလုပ်ထားသည်မှာ ရှေးသမိုင်းကြောင်းကို ပြန်ပြောင်း အောက်မေ့ဖွယ်ရာပင် ဖြစ်ပါသည်။

သထုံမြို့၏ မြောက်ဘက် မြို့ ကပ်လျက် ပေါ်တော်မူကျေးရွာ ဓာတ်တော်တိုက်နှင့် ရှင်အရဟံခြေ ရာတစ်ဆူရှိပါသည်။ တစ်ခု စမ်းချောင်းလေး၏အနီးမှ ရှင်အ သည် ပုဂံပြည်သို့ သာသနာပြုရန် ပြည်ဘက်သို့ လှမ်းမျှော်ကာ အ ဖြင့် ကောင်းကင်သို့ ပျံတက်ရန် ခြေ အကြွ ခေတ္တရပ်နားခဲ့သည့် ခြေတော် အား ရွာသူရွာသားများက အမှတ် ထားရှိ ပူဇော်ကြခြင်း ဖြစ်ပါ အလားတူ ပေါင်မြို့နယ် ဇင်း တွင်လည်း သာသနာနှစ် ခုနှ



www.burmeseclassic.com

www.burmeseclassic.com

…သန္တာပြု အရှင်ဥတ္တရ ရဟန္တာ၏ …တော်မြတ်တော်ရာကို ဖူးတွေ့နိုင်ပါ …သည်။ …ထုံနယ်ပယ်တစ်ဝန်း၌ ရဟန်း …ဘာသာမကျောများစွာ သီတင်းသုံးနေ …ကြပါသည်။

ထို့ပြင် နေမိန္ဒရကုန်းတော်အနီး …ဖြို့တွင်းနှင့်ဆက်စပ်လျက်ရှိသော …၌ တရားကျင့်ကြံအားထုတ်ကြသော ရသေ့များကိုလည်း တွေ့ရပါသည်။ ရသေ့၊ ရသေ့မ၊ ယောဂီများကို တွေ့ရသည့်အခါ ဤဒေသတွင် ရသေ့သူတော်စင်များ ယခင် ဗုဒ္ဓဘုရားရှင်ပွင့်ထွန်းတော်မမူမီကစ၍ အစဉ်အဆက်နေထိုင်ခဲ့ကြပုံ၊ ဗုဒ္ဓဘုရားရှင် ကြွရောက်လာသည့်အခါ ဗုဒ္ဓ၏ အဆုံးအမတရားများကို နာယူခဲ့ကြရပုံ၊ ဗုဒ္ဓချီးမြှင့်သောဆံတော်မြတ်များကို အသီးအသီးရရှိတော်မူကြသည့်အတွက် စေတီတော်များတည်ထား ကိုးကွယ်ခဲ့ကြပုံတို့ကို ပြန်ပြောင်းတွေးဆမိပါသည်။

နွေရာသီဖြစ်၍ နေ၏အပူချိန်ကမြင့်လှပါသည်။

သထုံမြသပိတ်စေတီတော်မြတ်ကို ဖူးမြော်ပြီး စောင်းတန်းလေးတစ်လျှောက် ကျွန်တော် ဆင်းသက်ခဲ့ပါသည်။ တစ်ဦးတည်းလာခြင်း ဖြစ်ပါသည်။ နှစ်များစွာက ရသေ့ကြီးဦးခန္တီ





www.burmeseclassic.com

www.burmeseclassic.com

တည်ဆောက်ခဲ့သော စောင်းတန်းလေး၏ သွပ်မိုးများမှာ လေတိုက်နေသဖြင့် တဂျွန်းဂျွန်းမြည်လျက်ရှိပါသည်။

စောင်းတန်းအရိပ်ကြောင့် နေပူမမိပါသော်လည်း လေပူထိသည့် ကျွန်တော် စောင်းတန်းအလယ် နားနေရာ အုတ်ထိုင်ခုံပေါ်မှအထ မိုက်ခနဲဖြစ်၍ မျက်စိများပြာဝေသွားပြီး ခေတ္တသတိလွတ်သွားခဲ့ပါတော့သည်။

သတိရသောအခါ အုတ်ထိုင်ခုံပေါ်မှာပင် လဲလျောင်းလျက် အနေအထားဖြစ်နေပါသည်။ ဘေးမှာ မတ်တတ်ရပ်လျက် ကျွန်တော့်ကို ကြည့်နေသော ရသေ့ကြီးတစ်ပါးကို တွေ့ရပါသည်။ ထိုရသေ့ကြီးကို ကျွန်တော် သိပါသည်။ ကျွန်တော်တို့ သိကျွမ်းရင်းနှီးခဲ့သည်မှာ (၆) လခန့်ရှိခဲ့ပြီ ဖြစ်ပါသည်။ ရသေ့ကြီး အဘဒီပါနန္ဒဝံသ ဖြစ်ပါသည်။

"အဘနန္ဒ"

"မောင်ဝင်းမြင့်၊ သတိရလာပြီလား"

"မှန်ပါ။ တပည့်တော် ဘာဖြစ်သွားတာလဲ ဘုရား"

"မင်းနေပူမိထားလို့ အပူရှပ်တာပါ။ မူးဝေလဲကျသွားတော့ ကျုပ်က နောက်ကရောက်လာပြီး ပြုစုပေးရတာပေါ့ကွာ"

"ကျေးဇူးကြီးလှပါတယ် အဘ။ ဒါနဲ့ တပည့်တော် နှာခေါင်းထဲကို ဘာတွေထည့်ထားတာလဲဘုရား၊ မွှေးလိုက်တာ"

"အဲဒါ နံ့သာနီဆီပါ။ နံ့သာဖြူဆီလည်း ပါတယ်။ နံ့သာဖြူဆီကိုတော့ မင်းပါးစပ်ထဲနည်းနည်းထည့်ပေးလိုက်တယ်။ လျှာနဲ့ အရသာခံကြည့်စမ်း"

"ဟုတ်ကဲ့ အဘ၊ ဆိမ့်ဆိမ့်မွှေးမွှေးလေး"

"အေးအေး၊ ကဲ - မင်းလည်း ကောင်းသွားပါပြီ ပြန်ပေရော့။ နေပူပြင်းလို့ မူးမိုက်ပြာဝေတာမျိုးက ခဏတစ်ဖြုတ်ဖြစ်တတ်တာပါ၊ ကိစ္စမရှိပါဘူး"

"ဆေးနည်းကိုတော့ မှတ်ထားလိုက်ပါပြီ အဘ"

ကျွန်တော်က ရသေ့ကြီးကို ကျေးဇူးတင်စွာ ပြောလိုက်မိသည်။

"ဟာ- မှတ်မထားနဲ့ကွယ့်။ ငါတုတာ မင်းထင်ထားတဲ့ ဆေးနည်းမျိုးတွေ မဟုတ်ဘူး။ လူတစ်ယောက်နဲ့တစ်ယောက် မတူဘူး။ မင်းကို ငါ ဒီနည်းနဲ့ ကုပေမယ့် နောက်တစ်ယောက်ကို ဒီနည်းနဲ့ ကုလို့မရဘူး"

ကျွန်တော် အံ့အားသင့်သွားပါသည်။ ရသေ့ကြီး ပြောတာကို စိတ်ဝင်စားသဖြင့် မေးလိုက်ပါသည်။

"လူတစ်ယောက်နဲ့တစ်ယောက် မတူပေမယ့် ရောဂါဖြစ်တာတူရင် ဆေးနည်းတူတာပဲ မဟုတ်ဘူးလား အဘ"

"အဘရဲ့ ဆေးပညာအရတော့ ရောဂါဖြစ်တာ တူပေမယ့်လည်း ဆေးတူချင်မှတူမှာ၊ မတူချင်လည်း မတူဘူးကွယ့်"

"အဘဆေးပညာက ဘာပညာလို့ ခေါ်ပါသလဲ အဘ"

"ဓာတ်ဆေးကုပညာ၊ ပုဂ္ဂလပညတ်ဓာတ်ဆေးကုပညာပဲကွယ့်"

"စိတ်ဝင်စားတယ် အဘ၊ တပည့်တော် သင်ချင်လိုက်တာ"

"မင်းက ပညာလောဘကြီးလိုက်တာကွာ။ အားလုံးတတ်ချင်နေတော့တာပဲ။ ကဲပါ၊ မင်းအားတဲ့အချိန် ရသေ့ရွာက အဘတည်းတဲ့နေရာလာခဲ့ပေါ့ကွာ။ ဪ- နောက်လရောက်ရင်တော့ အဘ . နောက်တစ်မြို့တစ်ရွာကို ခရီးဆက်မယ်ကွယ့်"

အဘရသေ့ကြီးသည် တစ်မြို့တစ်ရွာ၌ အမြဲမနေပါ။ မိတ္ထီလာဇာတိဖြစ်ပြီး ငယ်စဉ်ကာလ ရသေ့ဝတ်ချိန်ကစ၍ မြန်မာပြည်အနှံ့ လှည့်လည်တရားအားထုတ်လေ့ရှိပေရာ ယခုသထုံရောက်နေသည့်ကာလတွင် ကျွန်တော်နှင့် ရွှေစာရံဘုရား၌ စတင်ဆုံတွေ့ပြီး သိကျွမ်းရင်းနှီးရခြင်း ဖြစ်ပါသည်။

သို့ဖြစ်၍ ကျွန်တော်သည် မှတ်စုစာအုပ်ကိုယူ၍ အဘရသေ့ထံ သွားရောက်ကာ ပုဂ္ဂလပညတ်ပညာကို သင်ယူခဲ့ပါသည်။ ဘရသေ့ကြီး ညွှန်းသောကြောင့် ရန်ကုန်ရှိ မိတ်ဆွေအပေါင်းအသင်းများထံသို့ ဖုန်းဆက်၍လည်း ပုဂ္ဂလပညတ်ဓာတ်ကျမ်းများကို ရှာဖွေစုဆောင်းခဲ့ရပါသေးသည်။

အဘရသေ့ကြီးက သင်ကြားဆုံးမချက်ကောင်းလှပါသည်။

"တစ်ကျမ်းတတ်ရုံ၊ ကျမ်းမစုံ၊ အာဂုံခံ၍ မငြင်းနဲ့တဲ့ကွယ့်။ တကယ်တော့ ကျမ်းတစ်ကျမ်းဆိုတာကိုက ကျယ်ဝန်းပြီး ဉာဏ်မမီနိုင်လောက်အောင် ကျယ်ဝန်းလှပါတယ်။ ဒါပေမယ့် တစ်ကျမ်းတစ်ဂါထာလောက်နဲ့တော့ ဘဝမှာ ရပ်တည်လို့မရပါဘူး။ ပညာဆိုတာ စုံမှကောင်းတယ်၊ စုံလေကောင်းလေပဲ။ ဓာတ်ပညာပဲဖြစ်ဖြစ်၊ ဆေးပညာပဲဖြစ်ဖြစ်၊ ကျမ်းအစုံစုံလေ့လာပြီးမှ အသင့်တော်ဆုံး နည်းလမ်းကောင်းကို ရွေးချယ် အသုံးပြုရတာယ်။ ပုဂ္ဂလပညာ အရ ဒီလူမမာကို ဒီဆေး၊ ဒီအစားအစာ ပေးရမယ်ဆိုပေမယ့် တခြားပညာတွေ ပါ စိစစ်ပြီး အပူနာလား၊ အအေးနာလား၊ အတက်လား၊ အသက်လား၊ အဖွင့်လား၊ အပိတ်လား ရာသီဥတု ရော သင့်တော်တဲ့ဆေးဝါး အစားအစာ ဟုတ်ရဲ့လား။ ဒါတွေပါပေါင်းစပ်ဆင်ခြင် သုံးသပ်ပြီးမှ အသင့်တော်ဆုံး ဆေး အစားအစာကို ပေး၊ အသင့်တော်ဆုံး ကုသ။ အဲဒါ အဘကျင့်သုံးတဲ့ ဓာတ် ဆေးကုပညာပဲကွယ့်"

"ဟုတ်ကဲ့ပါ အဘ၊ လိုက်နာမှ သွားထားပါ့မယ်"

"အေး၊ အေး"

လူတို့တွင် ကိုယ်ပိုင်အမည်အ မျိုးရှိကြပါသည်။ တစ်ယောက် တစ်ယောက် နာမည်တူတာတွေလည်း ရှိသည်။ နာမည်မတူကြတာလည်း သည်။ တချို့က နေ့သင့်နံသင့်မှည့် တာလည်းရှိသည်။ တချို့က နေ့သ သင့်မမှည့်ပါ။ ပုဂ္ဂလပညတ်ပညာအ ထိုသူ ဘယ်နေ့မှာမွေးသလဲ။ ဘာ သားလဲဟု မစဉ်းစားပါ။ ဘယ်နေ့ မွေးမွေး သူ၏နာမည်ကိုသာ ကြည့် သည်။ မွေးနေ့က အဓိကမ နာမည်ပညတ်က အဓိကဖြစ်သည်။

"ဝါးပင်ဟာ ဘာနံလဲကွယ့်"

"ဗုဒ္ဓဟူးနံပါ အဘ"

"တနင်္ဂနွေနေ့ပေါက်လာတဲ့ ပင်ကို တနင်္ဂနွေနံလို့ ဆိုချင်သေး"

"မဆိုရပါဘူး အဘ၊ ဝါးဆိုမှ ဗုဒ္ဓဟူးပဲပေါ့"

"ဪအေး- အဲဒါ တခြားဗေဒင် တွေနဲ့မတူ တစ်မူထူးခြားတဲ့ ပညတ်ပညာပဲကွယ့်။ ပညတ်ခို ဓာတ်သက်ပါကြောင်း၊ ဉာဏ်ဆင့် ၍ ယူကောင်းလှစွာ ထွေရာ ယူမမှားနှင့်' တဲ့ မှတ်ထား"

"ဟုတ်ကဲ့ပါ အဘ"

ပုဂ္ဂလပညတ်အလိုအရ သည် တနင်္ဂနွေနေ့မှာမွေးမွေး၊ တ နေ့မှာ မွေးမွေး၊ မော်ကြီး ဆို ကြာသပတေးနံသာ ဖြစ်၏။ စိ ဆိုလျှင်လည်း အင်္ဂါနံသာ ဖြစ်၏။

ဆင် ဆိုလျှင် အင်္ဂါနံဟုသာ သည်၊ ကြွက်ဆိုလျှင် တနင်္လာ၊ ပညတ်ဟုဆိုသောကြောင့် ပုဂ္ဂိုလ် ချင်းနာမည်ကိုသာ ယူသည်။ နာမ်ကိုသာယူသည်။ အငြိမ်ပိုင်နာ



www.burmeseclassic.com

www.burmeseclassic.com

မောင်သစ္စာ ဆိုလျှင် မောင်က ...များဆိုင်နာမ်ဖြစ်၍မယူ၊ သစ္စာက ... ပိုင်နာမ်ဖြစ်၍ယူသည်။ သစ္စာ ...တော့ သော့ကြာနာမ် ဖြစ်သည်။ ...နာမည်များကို ရွေ့စာလုံးအရင်းကို ...သည်။ သက်မဲ့ပစ္စည်းများ၊ သစ်ပင် ...ပင်များ၊ တိရစ္ဆာန်များဆိုလျှင် ...တ်ဆုံးစာလုံး အဖျားကိုယူသည်။ ...မာ - တယ်လီဖုန်း ဆိုလျှင် ဖုန်း- ...သပတေးဟုယူသည်။ နှင်းဆီ ဆို...င် ဆီ - အင်္ဂါကို ယူသည်။ ငရုတ် ...လျှင် ရုတ် - ရာဟုကို ယူသည်။ ... လ၊ ဝတို့ကို ဗုဒ္ဓဟူး၊ ရ ကို ရာဟု ...သည်။ မြေခွေးဆိုလျှင် ခွေး-တနင်္လာ ... ယူသည်။ ငါးသလောက်ဆိုလျှင် ...တ် - ဗုဒ္ဓဟူးကိုယူသည်။

အမည်အခေါ်အဝေါ်များတွင် ...များပိုင်နာမ်များပါရှိပါက အများပိုင် ...များကိုဖယ်၍ ကိုယ်ပိုင်နာမ်ကိုသာ ...သည်။ ဥပမာ သစ်တောက်ငှက် ...လျှင် ငှက်သည် အများပိုင်နာမ်ဖြစ်၍ ... သစ်တောက်ကို ကြည့်ရမည်။ ...တ် - စနေ ဟူ၍ ယူသည်။ ...တ်ဆွေဆိုလျှင် ဦး သည် အများ ...နာမ်ဖြစ်၍ မယူ။ သက်ဆွေကို ကြည့် ...ည်။ သက် - သော့ကြာဟု ယူသည်။ ...သ်နေ့မှာမွေးမွေး အမည်ပညတ်ကို ...ည့်ရသည်။

"ဒါကြောင့် ပညတ်ဆိုင်ရာ ဓာတ် ...တ်ပါလို့ ဆိုကြတာပဲကွယ့်။ တချို့ ...ည်နှစ်မျိုး၊သုံးမျိုးမှည့်ထားကြတယ်။ ...နာမည်၊ ကြီးနာမည်တွေရှိကြတယ်။ ...အခါမျိုးကျတော့ အသုံးများတဲ့ ...မည်၊ သူတကာကအခေါ်များတဲ့ ...ည်ကို ယူရမယ်ဟွယ့်။ ဥပမာ ...မောင်တင်လို့ မှတ်ပုံတင်ထဲမှာရှိချင် ...စေ။ သူ့ကို ရပ်ရွာထဲမှာ သူတကာ ... တုတ်ပေါလို့ အခေါ်များနေရင် ...တကာကဝိုင်းပြီးပညတ်တဲ့ တုတ်ပေါ ...တဲ့ နာမည်ကိုပဲ ယူရမယ်။ ပညတ် ...တ်မှ ဓာတ်သက်ပါတာကိုးကွယ့်"

"ဟုတ်ကဲ့ပါ အဘ"

အဘသင်ပေးသော ပညာကို ကျွန်တော် အလွန်ပင် စိတ်ဝင်စားသွား ...ပါသည်။ ရှေးရိုးစွဲ လက်လှမ်းမီရာ ...ကသာသိထားသူ ကျွန်တော့်အနေ ...င့် အဘသင်ပေးသည့်ပညာက သာမန် ...တ်လည်း ထူးခြားပြီး စိတ်ဝင်စား ...ရာလည်းကောင်းလှပါသည်။

ပညတ်များကိုကောက်ယူတတ်ပြီ ဆိုလျှင် အပူ၊ အအေး၊ ဓာတ်ဖို၊ ဓာတ်မ ခွဲယူပုံကို ထပ်၍သင်ရပြန်ပါသည်။

တနင်္ဂနွေ၊ အင်္ဂါ၊ စနေ၊ ရာဟုတို့သည် အပူနာမ်၊ ပါပနာမ်။

တနင်္လာ၊ ဗုဒ္ဓဟူး၊ ကြာသပတေး၊ သော့ကြာတို့သည် အအေးနာမ်၊ သောမနာမ်။

တနင်္ဂနွေ၊ တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူးတို့သည် ဓာတ်ဖို။

ကြာသပတေး၊ သော့ကြာ၊ စနေ၊ ရာဟုတို့သည် ဓာတ်မ။

"အေး၊ အေး - ပညတ်မပိုင် ဓာတ်မကိုင်နဲ့တဲ့ကွယ့်"

"ဟုတ်ကဲ့ပါ အဘ"

"ပူအေးမပိုင် ဓာတ်မကိုင်နဲ့၊ ဖိုမမပိုင် ဓာတ်မကိုင်နဲ့တဲ့ကွယ့်"

"ဟုတ်ကဲ့ပါ အဘ"

"ဆက်ပြီး ပြောချင်တာကတော့ ရုပ်၊ နာမ်မပိုင် ဓာတ်မကိုင်နဲ့တဲ့၊ အဲဒါ အရေးကြီးတယ်"

"ဟုတ်ကဲ့"

အဘက ဆက်ပြီး ရုပ်ဆေးနှင့် နာမ်ဆေးကို ရှင်းပြပါသည်။ ကိုယ်တွင်းသို့ ထည့်သွင်းလျှင် နာမ်ဆေးဖြစ်သည်။ ပြင်ပထိတွေ့မှုသာဖြစ်လျှင် ရုပ်ဆေးဖြစ်သည်။ ဥပမာ သခွားသီးကိုစားလျှင် သခွားသီးသည် စားသူအတွက် နာမ်ဆေး ဖြစ်သည်။ သနပ်ခါးကိုလိမ်းလျှင် သနပ်ခါးသည် လိမ်းသူအတွက် ရုပ်ဆေးဖြစ်သည်။

"အပူသမားဟာ အပူနာမ်ကိုစား၊ အအေးနာမ်ကို ထိတွေ့လိမ်းကျံ။ အဲဒါဆေးပဲ။ အအေးသမားဟာ အအေးနာမ်ကိုစား၊ အပူနာမ်ကို ထိတွေ့လိမ်းကျံ။ အဲဒါဆေးပဲကွယ့်"

"ဩော်- ကျေးဇူးကြီးပါပေ့ အဘ



ရယ်"

"ဘာလို့ကျေးဇူးကြီးတယ်လို့ မင်းကပြောရတာလဲ"

"တပည့်တော် မူးမိုက်လဲကျသွားတုန်းက အဘက တပည့်တော်ရဲ့ နှာခေါင်းထဲကို နံ့သာနီထည့်ပေးတယ်။ ပါးစပ်ထဲကို နံ့သာဖြူထည့်ပေးတယ်။ အဲဒါ ဗုဒ္ဓဟူးနာမ်ဖြစ်တဲ့ တပည့်တော်အတွက် ရုပ်ဆေး၊ နာမ်ဆေးပဲပေါ့ ဟုတ်ဖူးလား အဘ"

"ဟုတ်တာပေါ့ကွယ့်၊ မင်းသဘောပေါက်သွားပြီကိုး"

"ဒါကြောင့် အဘကျေးဇူးကြီးတယ်လို့ ပြောမိတာပါ အဘ"

"အေး - တစ်ခုတော့ရှိတယ်။ မင်းကို အချိန်တိုအတွင်းမှာ ခြုံငုံသဘောပေါက်စေဖို့ အတိုချုံးပြီးသင်ပေးရတာ။ တကယ်တော့ ဒီပညာက ကျယ်ဝန်းနက်ရှိုင်းလှသကွယ့်။ ဆရာဖြစ်သူနဲ့ သုံးနှစ်သုံးမိုးမက ထက်ကြပ်မကွာ သင့်ယူဆည်းပူးမှ ပြည့်စုံနိုင်တာ။ ခုတော့ အတိုချုံးပြီး လိုရင်းကိုပဲပြောရတာ။ နည်းနည်းပါးပါး နေတတ်စားတတ်အောင်ပဲပေါ့ကွယ်။ မင်းဟာမင်းဆက်ပြီးလေ့လာဦး"

"ဟုတ်ကဲ့ပါ အဘ"

အဘသင်ပေးသော ပညာအရ ပါပဂြိုဟ်၊ အပူနာမ်ဖြစ်သူများသည် အပူနာမ်အစားအသောက်၊ ဆေးဝါးများကို မှီဝဲရမည်။ သောမနာမ်၊ အအေးနာမ်များကို ထိတွေ့ဝတ်ဆင်ခြင်း၊ လိမ်းကျံခြင်း၊ မျက်စဉ်းခတ်ခြင်း၊ ရှူရှိုက်ခြင်း စသည် ပြုလုပ်ရမည်။ သောမဂြိုဟ်၊ အအေးနာမ်ဖြစ်သူများသည် အအေးနာမ်အစားအသောက်၊ ဆေးဝါးများကို မှီဝဲရမည်။ အပူနာမ်၊ ပါပနာမ်များကို ထိတွေ့ဝတ်ဆင်ခြင်း၊ လိမ်းကျံခြင်း၊ မျက်စဉ်းခတ်ခြင်း၊ ရှူရှိုက်ခြင်း စသည်ပြုလုပ်ရမည် ဟု ဆိုပါသည်။

ကျွန်တော် ငယ်စဉ်က အိမ်ရှေ့၌ စိုက်ထားသော အုန်းပင် အုန်းသီးအသီးနည်း၍ ဟသ်ာတဇာတိသား သူငယ်ချင်းက စိုက်ပျိုးရေးပညာနားလည်တတ်ကျွမ်းသောကြောင့် လာ၍ပြုပြင်ပေးရာ (၆) လအတွင်း အုန်းပင်သန့်စွမ်း၍ လန်းဆန်းလှပလာပြီး အသီးများအခိုင်လိုက်ပြွတ်နေအောင် သီးပွင့်ဝေဆာသွားပါသည်။ သူ၏ နည်းပညာမှာ အမြစ်ကို မြေကြီးပေါ်တွင် နည်းနည်းပေါ်အောင်ပြု၍ ဆားများသိပ်ထည့်ပါသည်။ အုန်းလက်များ ကြားတွင်လည်း ဆားထည့်၍ ဆားများအတွင်းဝင်အောင် ခြေထောက်



www.burmeseclassic.com

www.burmeseclassic.com

နှင့် နင်းပေးပါသည်။ မြေကြီးအထက် နှစ်တောင်လောက်ကနေရာကို ဖျဉ်းကတိုးသားသစ်တစ်ချောင်းရိုက်သွင်းပါသည်။ ထိုသို့ ပြုလုပ်ရုံနှင့် အုန်းပင်က လှပဝေဆာလာပြီး အုန်းပင်တစ်သက်လုံး အုန်းသီးများ ဝေဆာစွာသီးပါတော့သည်။ အသီးတင်ပါသည်။ လေလွင့်ကြွေကျမှုများ မရှိတော့ပါ။

အဘ၏ပညာဖြင့် သုံးသပ်ရလျှင် အုန်းပင်သည် တနင်္ဂနွေနာမ်၊ ပါပနာမ်၊ အပူနာမ်၊ ဖျဉ်းကတိုးနှင့်ဆားသည်လည်း ပါပနာမ်၊ အပူနာမ် အထဲသို့ဝင်ရောက်စေသောကြောင့် အုန်းပင်အတွက် ဖျဉ်းကတိုး၊ ဆားတို့သည် နာမ်ဆေးအမှန်များ ဖြစ်ကြသည်။

လက်တွေ့ကျတော့ ပညာများပင် ဖြစ်ပါသည်။

ပြီးတော့ သူငယ်ချင်းက နောက်ရက်များတွင် အုန်းပင်ကို မီးဖိုမှရသော ပြာမှုန့်များကို အရည်ဖျော်လျက် သုတ်လိမ်းခိုင်းသေးသည်။ အဘ၏ပညာအရ ပြာသည် အုန်းအတွက် ရုပ်ဆေးအမှန်ပင် ဖြစ်ပါသည်။ အုန်းပင်ကို ထုံးသုတ်လျှင် အုန်းပင်သေပါသည်။ ထုံးသည် အုန်းပင်အတွက် နာမ်ဆေးဖြစ်ပြီး ရုပ်ဆေးအဖြစ်သုံးပါက အမှားဖြစ်၍ သေရခြင်း ဖြစ်ပါသည်။

"အေး- နဝင်းမပိုင် ဓာတ်မကိုင်နဲ့ ဆိုတဲ့ စကားလည်းရှိသေးတယ်။ ဂြိုဟ်သက်တွေကို အလွတ်ရအောင်ကျက်၊ နဝင်းကိုက်တဲ့ ရုပ်ဆေး၊ နာမ်ဆေးဟာ အကောင်းဆုံးသော အစွမ်းထက်မြက်တဲ့ ဆေးပဲကွယ့်။ အရေးကြီးတာကတော့ ဓာတ်ခိုက်နဲ့ နတ်ကြိုက်ဆိုတဲ့ စကားကို မှာချင်တယ်"

"အမိန့်ရှိပါ အဘ"

"ပညာရပ်တွေကိုကျွမ်းကျင်ပေါက်မြောက်အောင် လေ့လာသင်ကြားရုံတင် မကဘူး။ နတ်ကြိုက်အောင်လည်းနေရတယ်။ ဆိုလိုတာကတော့ သီလ၊ သမာဓိ ရှိရမှာပေါ့ကွာ။ ဒါမှလည်း မိမိစိတ်က ထွေးတိုင်းမှန်၊ ပြောတိုင်းမှန်ဖြစ်မှာပေါ့ကွာ။ စိတ်ကောင်းလည်းထား၊ သတ္တဝါတွေအပေါ်မှာ မေတ္တာထားရမယ်ကွယ့်"

"ဟုတ်ကဲ့ပါ အဘ"

"ဒါတင်မကဘူး ဆေးဝါးဓာတ်စာပညာတွေလည်း လေ့လာရမယ်။ ဘယ်အသီးအနှံ၊ ဘယ်အစားအစာက ဘယ်လိုသတ္တိတွေရှိသလဲ။ ခုခေတ်လိုဆိုရင်တော့ ဗီတာမင်အေ၊ ဘီ၊ စီ၊ ဒီဆိုတာမျိုးပေါ့ကွာ။ မြန်မာ့ဆေးပညာအရတော့ အပူဓာတ်လား၊ အအေးဓာတ်လား၊ ဒီရာသီမှာ ဘာနဲ့တည့်သလဲ၊ မတည့်ဘူးလဲ၊ တက်စာလား သက်စာလား၊ အဖွင့်ဓာတ်လား၊ အပိတ်ဓာတ်လား ဒါတွေသိမှ ပုဂ္ဂလပညတ်ပညာနဲ့ ဓာတ်ဆေးကုပညာနှစ်ခု ပေါင်းစပ်ပြီး ရောဂါကို ပျောက်အောင် ကုပေးနိုင်တာပေါ့။ ဒါမှမဟုတ် သိဒ္ဓိအစွမ်းထက်အောင် လုပ်ပေးနိုင်တာပေါ့။ အဲဒါ ပုဂ္ဂလပညတ်ဓာတ်ဆေးကုပညာပဲပေါ့ကွယ်"

ထန်းလျက်ကို စာလုံးပေါင်းရေးလျှင် 'လျက်' ဟု ရေးရသော်လည်း ဗုဒ္ဓဟူးနံဟု မယူရပေ။ ရေးလျှင်သာ 'ထန်းလျက်'ဟု ရေးသော်လည်း အသံထွက်ဖတ်လျှင် 'ထညက်'ဟု ဖတ်ရပြောရ၏။ ပညတ်ခိုက်ရာဓာတ်သက်ပါသောကြောင့် ဉာဏ်ကိုယူသော် အင်္ဂါဟု ယူရပါမည်။ မောင်စိန်ဦးဆိုသူ ဝမ်းလျှောဝမ်းပျက် ဖြစ်နေပါက ဘယ်သို့ဓာတ်စာပေးကုသမည်နည်း။ မောင်စိန်ဦးသည် အင်္ဂါနံရှိသောလူပုဂ္ဂိုလ် ဖြစ်ပါသည်။ အင်္ဂါနံဖြစ်သူအတွက် စားသောက်မျိုသွင်းအပ်သော နာမ်ဆေးသည် အင်္ဂါနံဆေးဝါး အစားအစာတစ်ခုခု ဖြစ်ပါသည်။ ဤကား ပုဂ္ဂလပညတ်အလိုဖြစ်ပါသည်။ သို့သော် သူ့ကို အင်္ဂါနံ ထညက် (ထန်းလျက်) ဖြင့်ကု၍ ရပါမည်လော။ မရနိုင်ပါ။ ထန်းလျက်သည် ဓာတ်သဘာဝအရ ဝမ်းသွားစေသောသတ္တိရှိပါသည်။ တောက်ညှင်းသည် ဓာတ်သဘာဝအရ ဝမ်းချုပ်စေသောသတ္တိရှိပါသည်။ အင်္ဂါနံ အစားအစာလည်းဖြစ်သည်။ ထို့ကြောင့် ဝမ်းလျှောဝမ်းပျက်ဖြစ်နေသော အင်္ဂါနံ မောင်စိန်ဦးကို ဝမ်းရပ်သွားစေမည့် အင်္ဂါနံအစားအစာ တောက်ညှင်း စားသုံးစေရန် ဓာတ်စာပေးရပါလိမ့်မည်။

ဤကား ထင်ရှားအောင်ဥပမာပြုခြင်းသာဖြစ်ပါသည်။ ပုဂ္ဂလပညတ်အလိုနှင့် ဓာတ်သဘာဝ ဆေးပညာအလိုတို့ နှစ်ခု ပူးပေါင်း၍ ကုသခြင်း၊ ဆေးဝါးဓာတ်စာပေးခြင်းကို ပုဂ္ဂလပညတ်ဓာတ်ဆေးကုဟု ဆိုရခြင်း ဖြစ်ပါသည်။

ဥပမာကို ရှင်းရှင်းလေးတင်ပြခဲ့ခြင်း ဖြစ်ပါသည်။ ပါပနာမ်၏ နာမ်ဆေးမှာ တနင်္ဂနွေ၊ အင်္ဂါ၊ စနေ၊ ရာဟုဖြစ်၍ ဝမ်းသွားနေသော မောင်စိန်ဦးသည် အင်္ဂါနံ တောက်ညှင်းသာမက ဝမ်းချုပ်ဝမ်းရပ်စေသည့် သဘာဝအစွမ်းရှိသော တနင်္ဂနွေ၊ စနေ၊ ရာဟုနံ အစားအစာ တစ်မျိုးမျိုးကိုလည်း သုံးဆောင်နိုင်ပါသည်။ ပါပနာမ်၏ ရုပ်ဆေးသည် တနင်္လာ၊ ဗုဒ္ဓဟူး၊ ကြာသပ... သောကြာ ဟူသော သောမနာမ်... ဖြစ်၍ ဝမ်းသွားနေသော မောင်... သည် ဝမ်းချုပ်စေနိုင်သည့် အ... သော အနံ့ အလိမ်းအရုံ မျက်... နာရှုဆေးစသည့် တနင်္လာနံ၊ ဗုဒ္ဓ... ကြာသပတေးနံ၊ သောကြာနံတစ်မျိုး... ကိုလည်း သုံးစွဲနိုင်ပါသည်။ အခြ... များအတွက်လည်း ထိုသို့ ကြံဆ... သည်။

❐

ကောင်းကင်ကြီးတစ်ခုလုံး ညို... ၍နေပါသည်။

တောင်လေကလည်း တ... သွေးနှင့်တိုက်ခတ်စပြုလာပြီဖြစ်ပါ... မကြာမီ မိုးဦးကျတော့မည် ဖြစ်ပါ...

မြသပိတ်စေတီတော်ကြီးက... ခံ့ညားသပ္ပာယ်လှပါသည်။ လေ... တိုင်း ရွှေထီးတော်မြတ်၏ ဆည်း... သံတို့မှာ တချွင်ချွင်နှင့် သာယာနာ... ဖွယ်ဖြစ်ပါသည်။

ဘုရားရှင်နှင့်တကွ ရတနာ... ကို ကြည်ညိုစွာ ကန်တော့ပြီး... ကျွန်တော်သည် အဘရသေ့ကြီး... ဦးသုံးကြိမ်ချလိုက်ပါသည်။

"သာဓု သာဓု သာဓု၊ မော... မြင့် သာသနာ့အကျိုး၊ လောက... ကို အေးချမ်းစွာ ဆောင်ရွက်နိုင်... ကွယ်။ အဘလည်း မနက်ဖြန် ခ... လိုက်ဦးမယ်။ မင်းနဲ့ အဘနဲ့ တစ်... ပြန်ဆုံဦးမယ်ကွယ့်။ အဲဒီအခါကျ... အဆင့်မြင့်တဲ့ပညာတွေ မင်းသင်... ပါ"

"သာဓုပါ အဘရယ်"

မြသပိတ်စေတီတော်စောင်... တစ်လျှောက် တရွေ့ရွေ့ဆင်းသွား... အဘရသေ့ကြီးကို ရင်ပြင်တော်... လှမ်းမျှော်ကြည့်ရင်း လွမ်းမော... ခံစားရပါသည်။ ဘရသေ့ကြီး၏... မှာ လေသင့်တိုင်း လွင့်ပါနေပါ... တဖြည်းဖြည်း ဝေးသွားပါတော့...

မိုးပုလဲပန်းတို့သည် ကောင်... နှင့် မြေပြင်ကို အလှဆင်ကြပါ... ပညာရှင်တို့သည်လည်း ... လူ့ဘောင်ကို အလှဆင်နေကြ... သတည်း။

*ပညာရှင်အပေါင်းကို ဂါရဝပြု...*

တက္ကသိုလ်ဝင်း...



www.burmeseclassic.com

www.burmeseclassic.com

မဟာနွယ်(မန်းတက္ကသိုလ်)

# နွယ်မြက်သစ်ပင် ဆေးဖက်ဝင်



❐ ကတိသစ္စာတည်သောခါ၊ ဗြဟ္မာလေးနက်ပေါ် ဆီတက်၍ နွယ်မြက်သစ်ပင် ဆေးဖက်ဝင်၏။

မှန်ကန်သော သစ္စာစကားတစ်ခု ဖြစ်ပါ၏။

ဆေးပင်တို့ကား များပြား၏။ ဆေးပင်တို့သည် သူ့အစွမ်းသတ္တိနှင့် ဂုဏ်ရည်တို့ ရှိကြ၏။ လူသားတို့အား အကျိုးပြုကြ၏။ ဆေးပင်တို့ကို အနာနှင့်ဆေး သင့်တင့်အောင်ပေးပါက ရောဂါမှာ ပျောက်ကင်းကြပါ၏။ ဆေးပင်တစ်ပင်၏ရောဂါအမျိုးအစား၊ အသုံးပြုပုံတို့ကို လေ့လာမှတ်သားရပါ၏။ ရောဂါနှင့် ဆေးပင်ကိုတွဲပြီး သိရှိဖို့ရန် လိုအပ်လှပါ၏။ သို့မှသာ လူသားအတွက် အကျိုးဖြစ်ထွန်းပါလိမ့်မည်။

ဤဆောင်းပါးတွင် ထူးခြားသော ဆေးတစ်ပင်အကြောင်းကို တင်ပြသွားပါမည်။

ဆေးပင်အမည်မှာ 'ဆူးလုံးပင်' ဖြစ်ပါ၏။ (ငှက်မနားပင်)

**ဆေးပင်၏ပုံသဏ္ဍာန်**

ဆူးလုံးပင်သည် အပင်ငယ်ချုံမျိုး ဖြစ်ပါ၏။ (၁) ပေခွဲမှ (၂) ပေသာမြင့်ရှိ၏။ ထိုအပင်၏ အရွက်၊ အကိုင်း၊ အညွှန့်၊ အသီးများတွင် ဖြူသောဆူးများ ရှိ၏။ ထိုအပင်သည် အသီးပထမသီး၍ အသီးကြွေကျပြီးမှ အပွင့်ပွင့်၏။ အပွင့်၏အရောင်မှာ ဖြူရောင်သန်း၍ ညိုဝါရောင်ရှိ၏။ ယင်းအသီးမှာ သစ်ဘူးသီးနှင့် တူပါ၏။ အကိုင်း၏အဖျားပွင့်သီး၏။ ယင်းအသီးပေါ်တွင် ရှည်၍ ချွန်သော ဆူးများစွာရှိ၏။ ယင်းအသီးရင့်လျှင် အတွင်းမှ မျိုးများထွက်၏။ အစေ့မှာ အလွန်သေးငယ်လှ၏။ ယင်းအပင်နေပုံ၊ အရွက်ထွက်ပုံတို့မှာ အညာ၌ ဆယာဝါပင်နှင့် ဆင်တူပါ၏။

**ဆေးပင်၏ဂုဏ်နှင့်စွမ်းရည်**

စပ်ဖျဉ်းဖျဉ်းရှိပါ၏။ ခါးသက်သက်ရှိပါ၏။ သလိပ်ရောဂါ၊ လေရောဂါတို့ကိုလည်းနိုင်ပါ၏။ ကြေကျက်လွယ်၏။ နှုတ်ကိုလည်းမြိန်စေတတ်၏။ ပူ၏။ သုက်ကိုပွားစေ၏။ ထို့ပြင် ဆီးအောင့်နာ၊ သည်းခြေနာ၊ လေနာ၊ ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ အနာမီးလျှံနာကို ပျောက်ကင်းစေ၏။ ယင်းအစေ့သည် အေး၏။ သုက်ကို ပွားစေ၏။ မွတ်သိပ်ခြင်းကို ပြေစေ၏။ ချိုဆိမ့်၏။ ယင်းအမြစ်သည် မီးဖွားလွယ်၏။ ကာမအားတိုး၏။

**❐ ရောဂါအလိုက်အသုံးပြုပုံ ❐**

**၁။ ချောင်းဆိုးရောဂါ**

ယင်းအမြစ်ကိုယူ၍ အရိပ်မှာ ခြောက်ပါစေ။ မှုန့်ညက်အောင်ထောင်းပြီး ပုလင်းထဲ၌ထည့်ပါ။ ယင်းဆေးမှုန့်ကို (၄) ရွေးမျှ ကွမ်း၌ထည့်စားခဲ့သော် ရက်အနည်းငယ်အတွင်း ပန်းနာရင်ကျပ်ရောဂါ၊ ချောင်းဆိုးခြင်း ပျောက်ပါ၏။

**၂။ ဆီးရှင်ခြင်းရောဂါ**

ယင်းဆေးမြစ်အခေါက်ကို (၆) ပဲသားမျှယူ၍ ရေ (၃၂) ကျပ်သားနှင့် ကျိုချက်၍ စစ်ယူပါ။ ယင်းဆေးရည်တွင် သကြားခဲရော၍သောက်ပါ။ ဆီးလွန်နာ ပျောက်ကင်းပါလိမ့်မည်။

**၃။ မီးဖွားလွယ်ဆေး**

သားဖွားရန် အလွန်မှခက်ခဲသော မိန်းမများ ဆူးလုံးမြစ်ကိုညက်ညက်ကြိတ်ပါ။ မိန်းမ၏ ချက်အောက်မှဆွဲ၍လိမ်းပေးပါ။ သားဖွားလွယ်ကူပါ၏။

**တစ်နည်း -**

သားဖွားရန် အလွန်ခက်ခဲသော မိန်းမများအား ယင်းဆေးမြစ်ကို ရေနှင့်သွေး၍ တစ်ခွက်စာ (၃) မတ်သားခန့် တိုက်ပေးပါ။ မွေးဖွားလွယ်ကူပါ၏။

**အားတိုးဆေး**

ယင်းဆေးမြစ်၏ အခေါက်ကို ထောင်း၍အဝတ်နှင့်ထုပ်ထားပါ။ နွားနို့ (၃၂) ကျပ်သား၊ ရေ (၆၄) ကျပ်သား၊ စွန်ပလွံသီး (၄) လုံး ဆေးထုပ်နှင့်ရော၍ ကျိုချက်ပါ။ ရေကုန်၍ရေခန်း၍ နို့ (၃၂) ကျပ်သားသာကျန်သော် စွန်ပလွံသီးနှင့် ဆေးထုပ်ကိုဖယ်၍ ယင်းနို့တွင် သကြားခဲအနည်းငယ်ရော၍ သောက်သော် အားအင်ဝဖြိုး၍ ကာမအင်အားတိုးလာပါလိမ့်မည်။

**မြွေဆိပ်ပျောက်ဆေး**

မြွေကိုက်သောနေရာသို့ ယင်းအမြစ်ကိုသွေး၍ လိမ်းလည်းလိမ်းပေးပါ။ သောက်လည်းသောက်ပေးပါ။ မြွေဆိပ်၊ ကင်းဆိပ်ကျ၏။

**ဆီးချိုရောဂါ**

ဆူးလုံးအမြစ်ခေါက် (၃) ပဲသား၊ ဆူးလေမြစ် (၃) ပဲသား၊ သကြားခဲ (၆) ပဲသား။ ယင်းသုံးမျိုးကို ညက်စွာထောင်း၍ နွားနို့အေးအေးဖြင့်ရောပါ။ နောက်သောက်ပေးပါက ဆီးချိုရောဂါပျောက်ကင်းပါလိမ့်မည်။

**အရေပြားရောဂါ**

ယင်းအမြစ်များကို ပြုတ်၍ ရေချိုးပေးပါ။ အရေပြား၌ဖြစ်ပေါ်နေသော ရောဂါပျောက်ကင်းပါလိမ့်မည်။

တိုင်းရင်းဆေးပညာကို သေရွာသို့ မယူလိုပါ။

တိုင်းရင်းဆေးပညာ ဗဟုသုတ တိုးပွားနိုင်ကြပါစေ။


အားလုံးကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာကြပါစေ။

မဟာနွယ် (မန်းတက္ကသိုလ်)



www.burmeseclassic.com

www.burmeseclassic.com



# အရှင်သုဓမ္မသာရ

## မြင့်မြတ်သူ၏သစ္စာတရားနှင့်ကျိန်စာ

အဖြစ်အပျက်က အမှန်အဖြစ်အပျက်ပါ။ ပုံပြင်တစ်ခု မဟုတ်ပါ။

ကာယကံရှင်များ တချို့ ယနေ့အချိန်အထိ အသက်ရှင်လျက်ရှိပါသေး၏။

ကိုအောင် ဆိုသော အသက်(၅၀) အရွယ်ခန့် ဒကာတစ်ဦး မြို့လေးတစ်မြို့မှာ နေထိုင်လျက်ရှိ၏။ ကိုအောင်၏ဇနီးက မအေး။ သူတို့ ဇနီးမောင်နှံမှာ တစ်ဦးတည်းသောသားလေးတစ်ယောက်ရှိ၏။ သားအမည်က မောင်မေတ္တာခေါ် မောင်သတ္တိ ဖြစ်၏။

၎င်းမိသားစု၏ အမည်နာမများက အမှန်အတိုင်းဖြစ်၏။ ယင်းမိသားစုသည် ရတနာသုံးပါးကို ကြည်ညိုကြ၏။ ဆည်းကပ်ကြ၏၊ ကိုးကွယ်ကြ၏။

ကိုအောင်က ထိုမြို့လေး၏ အလွန်ချမ်းသာကြွယ်ဝသော သူဌေးကြီးမိသားစုတွင် အလုပ်သမားတစ်ဦး ဖြစ်၏။

ကိုအောင်သည် သစ္စာရှိ၏၊ အကင်းပါး၏။ ခိုင်းသမျှအလုပ်ကို ကျိုးကျိုးနွံနွံဆောင်ရွက်၏။ ယင်းကြောင့် သူဌေးကြီးမိသားစုက ကိုအောင့်ကို အတွင်း လူယုံတော်အဖြစ်ထားရှိပြီး ပေါ့ပေါ့ပါးပါးအလုပ်များကိုသာခိုင်း၏။

မအေးက ပဲပြုတ်ရောင်း... တစ်ဦးသောသားလေး မောင်... ခေါ် သတ္တိက ကုန်ကားကြီးမောင်း... ကားဒရိုင်ဘာအလုပ်ကိုလုပ်၏။

၎င်းမိသားစုကား ထိုမြို့... ဆင်းရဲသားရပ်ကွက်လေးတစ်ခု... နေထိုင်လျက်ရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



မြို့လေး၏ သူဌေးကြီးမိသားစုက လုပ်ငန်းတွေက အမြောက်အမြားရှိ၏။ ထိုမြို့လေးတွင် ဘုရားဒကာကြီး ဦးစိန်၊ ကျောင်းဒကာကြီး ဦးစိန်ဆိုလျှင် မသိသူမရှိ ထင်ပေါ်လှ၏။ ကျော်ကြားလှ၏၊ မြို့မိမြို့ဖတစ်ဦးဖြစ်သလို ရှင်ရှိသေလူရိုသေသောပုဂ္ဂိုလ်ကြီးလည်း ဖြစ်၏။

ထိုသူဌေးကြီးဦးစိန်မိသားစုတွင် သား (၇) ယောက်၊ သမီး (၂) ယောက်ရှိ၏။ အားလုံး တစ်ဦးမကျန် ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းတွေလည်း ကိုယ်စီကိုယ်ငပါပဲ။

သမီးအကြီးက မိဘတွေနှင့်အတူတူနေပြီး သမီးချောအငယ်မက ရန်ကုန်တွင် နေထိုင်၏။

www.burmeseclassic.com

သား (၇) ယောက်အနက် (၅) ယောက်သာ အိမ်ထောင်ကွဲတွေဖြစ်ကြ၏။ သား (၂) ယောက်ကတော့ မိဘ၏ လုပ်ငန်းအဝဝကို ဦးစီးခေါင်းဆောင်ပြုကြ၏။

သမီးကြီးက မိဘနှစ်ပါး၏ဝတ္တရားများကို ပြုစုပေးရင်း အိမ်မှာပင် အပေါင်ဆိုင်တစ်ဆိုင်ဖွင့်ထား၏။

ခြံဝင်းကျယ်ကျယ်ကြီးထဲမှာ အိမ်ထောင်ကွဲ သား (၅) ယောက်ကိုလည်း တစ်အိမ်ထောင်လျှင် တိုက်တစ်လုံးစီ ဆောက်ပေးထား၏။ အားလုံးစည်းစည်းရုံးရုံး ညီညီညွတ်ညွတ် နေထိုင်ကြ၏။

ဤသူဌေးကြီးမိသားစုက မြို့လေးတွင် စံပြမိသားစုပင် ဖြစ်၏။ သားများကလည်း အရက်မသောက်၊ ဖဲမရိုက်၊ လောင်းကစား ဝါသနာမပါ။ ယုတ်စွအဆုံး မြို့လေးထဲက လက်ဖက်ရည်ဆိုင်တွေမှာပင် မထိုင်ကြပါ။ မိမိတို့၏ ကိုယ်ပိုင်စီးပွားရေးကိုသာ အာရုံစူးစိုက်၍ ဆောင်ရွက်ကြ၏။

ရန်ကုန်မြို့တွင် သွားရောက်နေထိုင်သော သမီးငယ် မိချောကတော့ တစ်ဘာသာထူး၏။ သူမက အလှအပကို ဝါသနာပါ၏။ အမျိုးသမီးများနေထိုင်သည့် ဘော်ဒါဆောင်တစ်ဆောင်မှာ အခန်းငှား၍ နေထိုင်၏။

ယခုလည်း အမျိုးသမီးများအလှအပပြုပြင်သည့် သင်တန်းကျောင်းတစ်ကျောင်းတွင် သင်တန်းတက်လျက်ရှိ၏။

သူမက ရုပ်ရည်ကလည်း ချောမောလှသဖြင့် ရုပ်ရှင်ကုမ္ပဏီတချို့ကပင် ရုပ်ရှင်မင်းသမီးပြုလုပ်ရန် ကမ်းလှမ်းကြ၏။ သို့သော် သူမက ဝါသနာမပါပါ။

မြို့လေးက သူဌေးကြီးမိသားစုက သူတို့ပိုင်ငွေများကို ရန်ကုန်မြို့မှ ဘဏ်ကြီးတစ်ဘဏ်တွင် အပ်နှံထား၏။

တစ်နေ့သ၌မှာ သူဌေးကြီးဦးစိန်က လူရုံတော် ကိုအောင်ကို ရန်ကုန်သို့ လွှတ်ပြီး ငွေ (၁၀) သိန်း ဘဏ်မှထုတ်ခိုင်းလိုက်၏။

ကိုအောင်သည် ဘဏ်မှ ငွေ(၁၀) သိန်းကို ထုတ်ယူပြီး ခါးပိုက်နှိုက်ခံရမည် စိုးရိမ်သဖြင့် ဘဏ်မှထုတ်ယူပြီးသော ငွေ(၁၀)သိန်းကို ရန်ကုန်မှာ နေထိုင်သော မိချောထံအပ်နှံထားခဲ့ပြီး ရွှေတိဂုံဘုရားကြီးကို သွားဖူး၏။

ရန်ကုန်သို့ မရောက်တာကြာပြီဖြစ်ပါသဖြင့် ရန်ကုန်မြို့မှာ ဘုရားစုံအောင်လိုက်ဖူး၏။

ရန်ကုန်မြို့မှာ ဘုရားစုံဖူးပြီး မြို့လေးပြန်မည်ဖြစ်ပါသဖြင့် မိချောထံတွင် အပ်နှံထားသော ငွေ (၁၀) သိန်းကိုယူ၍ မြို့လေးသို့ ပြန်လာခဲ့၏။

သူဌေးကြီး ဦးစိန်အား ငွေ (၁၀) သိန်းကို ပြန်လည်အပ်နှံပါ၏။ သူဌေးကြီး ဦးစိန်ကလည်း ယုံယုံကြည်ကြည်နှင့်ပင် ငွေ (၁၀) သိန်းကိုလက်ခံပြီး အံဆွဲထဲမှာ အထုပ်လိုက်အတိုင်းသိမ်းထားလိုက်၏။

တစ်ပတ်ခန့် ကြာသောအခါ သူဌေးကြီးထံတွင် ငွေ (၁၀) သိန်းယူရန်ရှိသောဒကာကြီးတစ်ဦး ရောက်လာ၏။

သူဌေးကြီးဦးစိန်သည် အံဆွဲထဲမှ ငွေ (၁၀) သိန်းထုပ်ကိုယူပြီး ပေး၏။ ငွေလာယူသော ဒကာကြီးက ငွေများကို သူဌေးကြီးဦးစိန်ရှေ့မှာပင် ရေတွက်ကြည့်ရာ ငွေတစ်သိန်းလိုနေသည်ကို တွေ့ရတော့၏။

ငွေတစ်သိန်းထုပ်စီထဲမှာ ငွေစက္ကူများ လျော့နေသည်ကို တွေ့ရ၏။

သူဌေးကြီး ဦးစိန်၏ ဘဝတွင် ဤကဲ့သို့ တစ်ခါဘူးမျှမဖြစ်ခဲ့ဘူးပါသဖြင့် အလွန်အံ့အားသင့်သွား၏။

တပည့်ကျော် မောင်အောင်ကို ဘဏ်မှ ငွေထုတ်ခိုင်းတိုင်း အတိအကျပင် ပါလာတတ်၏။

ယခုမှာ ငွေ (၁) သိန်းလိုနေပါသဖြင့် မောင်အောင်ကို ခေါ်မေးရတော့၏။

မောင်အောင်ကလည်း အမှန်အတိုင်းပင် ပြောပြ၏။ ငွေ (၁၀) သိန်းကို ထုတ်ပြီး မိချောထံ ခေတ္တအပ်နှံထားကြောင်း ရှိရိုးသေသေ ပြောပြပါ၏။

သူဌေးကြီး စဉ်းစားရတော့၏။ သမီးမိချောကလည်း ဤငွေကို ယူမည်မဟုတ်။ သမီးကိုလည်း ငွေအလုံအလောက်ပေးထားပြီး ဖြစ်၏။

အမှန်တကယ်ဖြစ်ရပ်သည်ကား ကိုအောင်အပ်နှံထားခဲ့သော ပက်ကင်ထုပ် ငွေစက္ကူအုပ်များထဲမှ မိချောက တစ်ရွက်စ နှစ်ရွက်စဖြုတ်ယူထားခြင်းပင် ဖြစ်၏။

ဤသည်ကို မိချောကလွဲ၍ မည်သူမျှမသိပါ။ ကိုအောင်ကလည်း မိချောကို ယုံကြည်ပါ၏။

မောင်အောင် ဘဏ်မှငွေထုတ်ယူခဲ့စဉ်ကလည်း ရေတွက်ပြီးမှ ထုတ်ယူသဖြင့် ငွေ (၁၀) သိန်းက တိတိကျကျပင် ရှိ၏။

ဤငွေ(၁)သိန်းက ဘယ်ကဘယ်လိုပျောက်ဆုံးနေရပါသနည်း။ စဉ်းစား၍မရပါ။

ထိုရက်များအတွင်း မောင်အေး ၏သား မောင်မေတ္တာခေါ် သတ္တိက တို့အိမ်လေးမိုးရန် သွပ်များဝယ်ယူ ကားဖြင့်လာပို့ပေး၏။

ပဲပြုတ်သည် မအေးက သားဝ ပေးသည့် သွပ်များကိုရသဖြင့် အလွ ဝမ်းသာလှပြီး လက်သမားများကိုခေါ် ချက်ချင်းပင် သွပ်မိုးပါတော့၏။

ထိုအချိန်တွင် သူဌေးကြီးဦးစိန် သူ့သားများကို မောင်အောင်တို့ရပ်ကွ လေးထဲသွား၍ လေ့လာခိုင်းပါတော့ မောင်အောင်တို့အိမ်တွင် သက် များကိုဖြုတ်၍ သူတို့အိမ်လေးကို သွပ် နေသည်ကို တွေ့ခဲ့ရပါတော့၏။

ဤအကြောင်းကို သူတို့၏ ဖခ ကြီးဦးစိန်အား ပြန်ပြောပြရာ ဖခင်ကြ ဦးစိန် သစ္စာရှိသော မောင်အောင် သ မရှိတော့ကြောင်း၊ 'ဒီကောင်ငွေတစ်သိ ကို ခိုးယူထားပြီး သူ့အိမ်ကိုသွပ်မိုးတာ ဖြစ်ရမယ်' လို့ တွေးလိုက်ပါတော့၏။

သူ့အတွေးအတိုင်းပင် အမှန်ဖြ မှာပဲဟုယူဆပြီး မောင်အောင်ကို အလု ထုတ်ပစ်လိုက်၏။ ပြီးတော့ သူ့ထံမှ ယူထားသည့် ငွေတစ်သိန်းကို ပြန်ပေး မည်ဟု ဆိုပါတော့၏။

မောင်အောင်က မည်သို့ပင်ကျိ ၍ပြောပြော သူဌေးကြီးဦးစိန်က မယ ကြည်တော့ပါ။ ဤသို့အားဖြင့် မော အောင် အလုပ်ပြုတ်လာ၍ ဆိုက်ကား တစ်စီးငှားပြီး ဆိုက်ကားနင်းရပါတော ၏။ ဆိုက်ကားနင်းပြီး ငွေစုပါတော့၏ သို့သော် ငွေ (၁) သိန်းရဖို့က မလွယ် လှပါ။

ဘုရား၊ တရား၊ သံဃာ ရတ (၃) ပါးကို အလွန်ကြည်ညိုကြသော မောင်အောင်တို့မိသားစုတွင် အကုသိ ဖြိုဟ်ဆိုးက နောက်တစ်ခုပေါ်လာ ပါ၏။

ထိုအကုသိုလ်ကား သားအေး မောင်မေတ္တာခေါ် မောင်သတ္တိ ကားကြီးတိမ်းမှောက်၍ ပွဲချင်းပြီးသေ သွားရခြင်းပါပဲ။

အတိတ်ဘဝတစ်ခုက အကုသိ ကံပဲ ဖြစ်ပါမည်ဟု မောင်အောင် မအေးတို့က သူတို့ပူဆွေးမှုကို တ နှင့်ပဲ ဖြေသိမ့်ကြ၏။

ကားပိုင်ရှင်က သဘောကော ပါ၏။ မောင်မေတ္တာ၏ အသု ကောင်းကောင်းမွန်မွန် သဂြိုဟ်ပေး ပြီးတော့ မောင်အောင်တို့ကို ငွေ သိန်း ထုတ်ပေးပါ၏။



www.burmeseclassic.com

www.burmeseclassic.com

# တာရှည်ခံသည့် သရက်သီးပိုးတီပြုလုပ်နည်း

သဒ္ဒါ(ဥပဒေ)

သရက်သီးပိုးတီ သို့မဟုတ် သရက်သီးအိုးစိမ် ပြုလုပ်ခြင်းသည် အညာကျေးလက်ဒေသတွင် အများဆုံး တွေ့ရတတ်ပါသည်။ ထမင်းပွဲမှာ အချဉ်တစ်မျိုးအနေနှင့် အမြဲလိုတွေ့ရတဲ့ ဟင်းရန်တစ်မျိုးလည်း ဖြစ်ပါသည်။

သရက်သီးစိမ်း ရှားပါးချိန်တွင် အချဉ်တစ်မျိုးအဖြစ် အသုံးပြုနိုင်ရန် သရက်သီးစိမ်းပေါ်များချိန်၌ အိုးများနှင့် စိမ်၍ တာရှည်ခံအောင် ပြုလုပ်ကြခြင်း ဖြစ်ပါသည်။

သရက်ပိုးတီ (ဝါ) သရက်သီးအိုးစိမ်ပြုလုပ်မည့် သရက်သီးသည် အစေ့မထွက်မီ သရက်သီးစိမ်းများ ဖြစ်ရပါမည်။ သရက်သီးကို ရေဆေးပြီး ရေခြောက်သွားမှ သရက်သီးတစ်ဖက်တစ်ချက်ကို ဓားဖြင့် ခပ်စောင်းစောင်းလှီး၊ နောက်တစ်ဖက်ခြမ်းကို တည့်တည့်ကန့်လန့်ဖြတ်လှီးပါ။ သရက်သီးအတွင်းတွင် အစေ့နုလေးများ ပါနေပါက ထုတ်ပစ်လိုက်ပါ။ ထိုအစေ့မထုတ်ဘဲ အိုးစိမ်ပါက အစေ့၏ အဖန်ဓာတ်ကြောင့် စားမကောင်းသည့်အပြင် များများစားမိပါကလည်း ဗိုက်အောင့်ခြင်း၊ ဆီး၊ ဝမ်း၊ လေချုပ်ခြင်းများ ခံစားရတတ်ပါသည်။

ဖော်ပြပါနည်းအတိုင်းလှီးပြီးသော သရက်သီးများအား အိုးစိမ်ရန်အတွက် အသုံးပြုမည့်အိုးသည် သန့်ရှင်းလေလုံ၍ ခြောက်သွေ့နေသောအိုး ဖြစ်ရပါမည်။ အိုးမသန့်ရှင်းပါက သရက်သီးများ မည်းပုပ်ခြင်း၊ ပျော့လည်ကုန်ခြင်းများ ဖြစ်စေပါသည်။

ထို့နောက် သရက်သီးအိုးစိမ်ပြုလုပ်မည့်ရေသည် ရေအေးအစိမ်းကို အသုံးပြု၍မရပါ။ ရေစိမ်းကိုသုံးမိပါကလည်း သရက်သီးများ ပုပ်ကုန်စေပါသည်။ အသုံးပြုမည့်ရေသည် ပွက်ပွက်ဆူအောင်ကျိုပြီးနောက် ခပ်နွေးနွေးဖြစ်နေသည့် ရေကျက်အေးဖြစ်ရပါမည်။

စိမ်မည့်အိုးတွင် သရက်သီးများထည့်၊ အပေါ်မှ ရေကျက်အေးလောင်းထည့်ပြီး လေလုံအောင် ပိတ်ထားပါ။ တစ်ပတ်ခန့်ရှိလျှင် စားသုံး၍ရပါပြီ။ ထုတ်ယူသည့်အခါ ဇွန်းသန့်သန့်နှင့် ထုတ်ပါ။ လက်နှင့်မနှိုက်ပါနှင့်။ ကျန်နေသည့် သရက်သီးများ တာရှည်ခံစေရန်အတွက် ဖြစ်ပါသည်။

သဒ္ဒါ (ဥပဒေ)

---

မောင်အောင်သည် ငွေ(၁)သိန်း ...ီ တိုယ်ပိုင်ဆိုက်ကားလေးဝယ်ပြီးနင်း ...၏။

ကျန်ငွေ (၁) သိန်းကို သူဌေးကြီး ...ိန်အားပေးရန် ဇနီးမအေးနှင့် တိုင်ပင် ...၏ မအေးကလည်း သဘောတူပါ၏။

သို့သော် မောင်အောင်က ငွေ (၁) သိန်းကို ချက်ချင်းသွားမပေးဘဲ ...ွန်းပါတောင်သို့သွားပြီး ဘိုးတော် ...ြီးတစ်ဦး၏ ဓာတ်နန်းမှာ သစ္စာဆိုပါ ...တော့၏။

"ကျွန်ုပ်သည် လူမှန်းသိတတ်စ ...တည်းက သူတစ်ပါးပစ္စည်းကို မခိုးယူ ...ဘူးပါ။ ယခု ဦးစိန်၏ငွေကိုလည်း မခိုး ...ခဲ့ပါ။

ဤသစ္စာစကား မှန်တန်ပါက ...သူဌေးကြီးဦးစိန်တို့ မိသားစုတစ်စုလုံး ...င်းရဲသွားပါစေသတည်း"

မောင်အောင် နတ်ဒေဝါများကို ...တ္တာပို့သပြီး သူ၏ သစ္စာစကားကို ...ကြိမ် (၃) ခါ ရွတ်ဆိုပါတော့၏။ ပြီးမှ သူဌေးကြီးဦးစိန်ကို ငွေ (၁) သိန်းသွားပေးပါ၏။

သူဌေးကြီး ဦးစိန်ကလည်း မျက်နှာထားတင်းတင်းဖြင့် ယူထားလိုက်ပါ၏။

မကြာလိုက်ပါ။ နွေရာသီညတစ်ညမှာ သူဌေးကြီးခြံဝင်းကြီးမှာ ဗိုင်ယာကြိုးတွေရှော့ခ်ဖြစ်ပြီး မီးတွေလောင်ပါတော့၏။

သူဌေးကြီးခြံတွင်းမှာလှောင်ထားသည့် ဓာတ်ဆီပီပါတွေကိုပါ မီးကူးကုန်သဖြင့် မီးသတ်ရဲဘော်တွေလည်း မနိုင်တော့။ ခြံဝင်းကြီးထဲမှတိုက်များအားလုံး မီးလောင်ပျက်စီးဆုံးရှုံးကုန်ပါတော့၏။ သူဌေးကြီး ဦးစိန်ကိုယ်တိုင် မီးလောင်ဒဏ်ရာများနှင့် ဆေးရုံတင်ရ၏။ ဆေးရုံမှာပင် ကွယ်လွန်ရ၏။

ဆေးရုံမှ အလောင်းကိုပြန်ယူပြီး မီးလောင်ထားသည့် ခြံကြီးထဲမှာပင် တဲလေးထိုး၍ ထားရ၏။

နောက်ဆက်တွဲ အကုသိုလ်ကံတစ်ခုက သူဌေးကြီးမိသားစုထံ ရောက်လာပါသေး၏။

ရန်ကုန်မြို့တွင် သွားနေထိုင်သော မိချော ရည်းစားနှင့်ကိုယ်ဝန်ရလာသဖြင့် အဆိပ်သောက်၍ သေပွဲဝင်ရရှာပါတော့၏။

မောင်အောင်၏ ကြီးမားလှသော မြင့်မြတ်လှသော သစ္စာတရားနှင့် ကျိန်စာအား သူဌေးကြီးမိသားစုတစ်စုလုံး ဆင်းရဲမွဲတေဘဝကို ရောက်သွားရပါတော့၏။

*(ဤဇာတ်လမ်းကို စာရေးသူ၏ ကျောင်းသို့ မကြာခဏလာတတ်သော သမထသမားကြီးဦးမြသောင်းက ပြောပြခြင်း ဖြစ်ပါ၏။*

*အမှန်အဖြစ်အပျက်ဖြစ်၍ မြို့ အမည်မထည့်ပါ။ သူဌေးကြီးအမည်ကိုလည်း လွှဲထားရပါ၏။)*

အရှင်သုခမ္မသာရ



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့နေထိုင်သော ရန်ကုန်မြို့ လှိုင်မြို့နယ် ကမာရွတ် ကုလားဘုရားကျောင်းကြီးဘေးတွင် ဇာတ်ရုံကြီးတစ်ရုံ ရှိခဲ့ဖူးပါ၏။

၎င်းဇာတ်ရုံကြီးတွင် အလင်္ကာကျော်စွာရွှေမန်းတင်မောင်၊ ဝဏ္ဏကျော်ထင်စိန်အောင်မင်း၊ ပြဇာတ်ထိပ်ခေါင် မြို့တော်သိန်းအောင်၊ ပေါ်စံ၊ အသံဝိဇ္ဇာ တိုင်းချစ်သန်းစိန်၊ ရွှေမန်းကျော်အောင်၊ စိန်မာဒင်၊ မွန်ပြည်နယ်ဂုဏ်ဆောင် အုန်းမှုတ်စိန်၊ ဓားဝိဇ္ဇာဗန္ဓုလကျော်စိန်၊ ရွှေနန်းတင်၊ အာဇာနည်လှကြည် စသည့် ဇာတ်သဘင်အဖွဲ့ကြီးပေါင်းများစွာ လာရောက် ကပြကြသည်ကို မြင်တွေ့ရပါသည်။

ထိုသို့ လာရောက် ကပြသည့် ဇာတ်သဘင် အဖွဲ့ပေါင်းများစွာတွင် ရွှေမန်းတင်မောင်ဇာတ်သဘင်အဖွဲ့ကြီးတွင် ရွှေမန်းတင်မောင်၏သားဖြစ်သူ ဝင်းဗိုလ်သည် နှစ်ပါးခွင်နှင့် ပြဇာတ်တို့တွင် ပါဝင်ကပြသည်ကို တွေ့မြင်ခဲ့ရပါ၏။

ဝဏ္ဏကျော်ထင်စိန်အောင်မင်းဆိုလျှင်လည်း သားဖြစ်သူ အောင်ကိုဝင်းနှင့် အောင်ကိုမင်းတို့ကို စင်တင်ကပြစေသည်ကို ကျွန်ုပ်တို့ ပွဲကြည့်သူများ ကြည့်ရှုခဲ့ဖူးကြမည် ဖြစ်ပါ၏။

တိုင်းချစ်သန်းစိန်ဆိုလျှင်လည်း 'ဟိုတောင်ဆီက ညိုတိုတိုရဲ့ ညိုတိုတို့ရယ် ××× မိုးစိုထင့်စိုထင့် ××× မိုးစိုထင့် ရွာလိုက်ရင်ကွယ်×××' စသည့် မိုးဘွဲ့သီချင်းတစ်ပုဒ်ဖြင့် ဇာတ်စင်ပေါ်သို့ နွားလှည်းတစ်စီးကို တင်မောင်းပြီး အောင်ပွဲခံကပြခဲ့ကြသည်ကို ကျွန်ုပ်တို့ ကြည့်ရှုခဲ့ကြရပါ၏။

ဓားဝိဇ္ဇာ အသံမင်းသား ဗန္ဓုလကျော်စိန်ဆိုလျှင်လည်း ဇာတ်စင်ပေါ်တွင် ဓားနှစ်လက်အကၢ သိုင်းပညာနှင့် အနုပညာကို ရောစွက်ကပြရင်း နာမည်ကျော်ခဲ့သည်ကို ကျွန်ုပ်တို့ကြည့်ရှုခံ ကျေနပ်ခဲ့ကြဖူးပါသည်။

မြို့တော်သိန်းအောင်၊ ပေါ်စံဇာတ် သဘင်အဖွဲ့ကြီးဆိုလျှင်လည်း ပြဇာတ် ကပြသည့် ဇာတ်ဝင်ခန်းများ၌ ရွှေ ရိုက်ပြီးမှိုင်းခဲ့ပြသည့်အခန်းများ၌ တံ ကြီးကျိုးကျသည့်အခန်းများနှင့် ပြဇာ လောကတွင် တစ်ခေတ်တစ်ဇာ ထွန်းပေါက်ခဲ့ဖူးလေ၏။

ရွှေမန်းကျော်အောင်ဇာတ်သဘ အဖွဲ့ဆိုလျှင်လည်း ကွမ်းထမ်းမင်းရာ နှင့် မေဓာဝီသမင်မနောက်ပိုင်းဇာတ် များဖြင့် နာမည်ကျော်ခဲ့ဖူးလေ၏။

ထိုကဲ့သို့ ဇာတ်သဘင်အဖွဲ့ကြီ များ ကျွန်ုပ်တို့ငယ်ရွယ်စဉ်ကလေး မက်မက်မောမော တရှိုက်မက်မက်ကြ ရှုကျေနပ်ခဲ့ကြဖူးပါ၏။

ထိုသို့ ကပြသည့် ဇာတ်သဘ

# နှင်းဝင်းကျော်ခေါင်

## လူဝင်စား မိကျောင်းစိန်





www.burmeseclassic.com

www.burmeseclassic.com

အဖွဲ့ပေါင်းများစွာထဲတွင် ထူးထူးခြားခြား ဆန်းဆန်းပြားပြား ဇာတ်အဖွဲ့တစ်ခုသည်း လာရောက် တပြခဲ့ကြသည်ကို ကျွန်ုပ်တို့ ပွဲကြည့်သူပရိသတ်များထဲမှ ကျွန်ုပ်စာရေးသူလည်း မှတ်မှတ်သားသားရှိခဲ့ဖူးပါသည်။ ၎င်းဇာတ်သဘင်အဖွဲ့ကြီးမှာ ကုလားမညွန့်စိန်နှင့် မိကျောင်းစိန် ဟူသော ဇာတ်သဘင်အဖွဲ့ကြီး ဖြစ်ပါ၏။

ထိုဇာတ်သဘင်အဖွဲ့ကြီး၏ ဇာတ်မကပြမီ တစ်ရက်ကြိုတင်ကြေညာပုံမှာ ထူးသည်ဟုပြော၍ရသလို ဆန်းသည်ဟုလည်း ဆို၍ရပါသည်။ အဘယ်ကြောင့်ဆိုသော် ကြော်ငြာလှည့်သော ဇာတ်ကြော်ငြာကားပေါ်တွင် ခါးပြတ်ဆိုင်းဝိုင်းနှင့် ကြော်ငြာသူတို့အပြင် ဇာတ်မင်းသား မိကျောင်းစိန်ကိုယ်တိုင် ပါဝင်၍လာလေ၏။

လှိုင်မြစ်ကမ်းနားတွင် အုန်း၊ ငှက်ပျောဖြင့် ပွဲထိုး၍ ဇာတ်သဘင်ကြေငြာ်လှည့်သော ကားပေါ်တွင် မင်းသားမိကျောင်းစိန်ကိုယ်တိုင် မြစ်ကမ်းစပ်သို့ဆင်းပြီး သူ၏ ဘဝအဆက်ဆက်ကချစ်ခဲ့ရသောချစ်သူ မိကျောင်းမကြီးကို ပွဲပေး၍ခေါ်ယူလေသည်။ လှိုင်းများ၊ လေများကြားတွင် မိကျောင်းမကြီးကိုယ်တိုင် မြစ်ကမ်းစပ်သို့ ရောက်ရှိလာပြီး မိကျောင်းမကြီး၏ ချစ်သူမင်းသားမိကျောင်းစိန်ကို မိကျောင်းမကြီး၏ ကြီးမားရှည်လျားလှသည့် မိကျောင်းခန္ဓာကိုယ်ကြီးအား ပြသပေးခဲ့သည်ဟု လူပြောများခဲ့ဖူးလေ၏။

တချို့သော လူများကတော့မူ မိကျောင်းစိန်၏ ချစ်သူ မိကျောင်းမကြီးသည် ခေါင်းသုံးတောင်ပြည့်လျှင် လူယောင်ဆောင် ဖန်ဆင်း၍ရသည်။ ကမာရွတ်ကုလားဘုရားဝင်းဇာတ်ရုံကြီးတွင် မိကျောင်းစိန်ကပြသည့်ညများတွင် မိကျောင်းမ လူယောင်ဖန်ဆင်းပြီး ပွဲလာကြည့်သည်။ တချို့သောသူများမှာ မိကျောင်းမ လူယောင်ဆောင်လာ၍ သူ၏ခန္ဓာကိုယ်မှ ညှီစို့စို့အနံ့ကြီးတောင်နံသည်ဟုပြောကြဆိုကြသည်။ မှန်သည်၊ လား မမှန်သည်လားစကားများဖြင့် မိကျောင်းစိန်ပွဲမှာ လူကြိတ်ကြိတ်တိုးခဲ့ဖူးလေ၏။

ဤသည်မှာ စာရေးသူ အထက်တန်းကျောင်းသားဘဝ လှိုင်မြို့နယ်-အ-ထ-က (၁) တွင် ပညာသင်ကြားနေစဉ် ကျွန်ုပ်ကိုယ်တိုင် ကြုံတွေ့ကြားသိရသော အဖြစ်အပျက်မှန်များသာ ဖြစ်ပါကြောင်း ဝန်ခံပါ၏။





www.burmeseclassic.com

www.burmeseclassic.com

**□ ကျွန်ုပ်နှင့် ပြဒါးမြွေနှင့် ကျောက်ဘီလူး ညီနောင်**

ယခုအခါတွင်တော့ ကျွန်ုပ်စာရေးသူမှာ အသက်အရွယ်ပင် အတော်အသင့်ရင့်ရော်ခဲ့ပြီမို့ ရန်ကုန်မြို့ပြမှသည် ဆင်ခြေဖုံးဒေသတစ်ခုဖြစ်သည့် ရွှေပြည်သာမြို့နှင့် လှိုင်သာယာမြို့ မြို့နှစ်မြို့ကြားရှိ ပေါင်းကူးတည်ဆောက်ထားသည့် ရွှေပြည်သာမြစ်ကူး တံတားကြီးတစ်ဖက်ကမ်း လှိုင်သာယာမြို့နယ် တောဇမ္ဗူဘုရားခေါ် ငွေပင်လယ် ဘုရားကြီးအနီးရှိ အလယ်ရွာတွင် နေထိုင်လျက်ရှိနေပါ၏။

ထိုအလယ်ရွာကြီးတွင် နေထိုင်စဉ်ကာလ ရန်ကုန်မြို့ (၃၅) လမ်း အထက်ဘလောက်ခေါ် အပေါ်လမ်းတွင်ရှိသော ရိုးဒင်းစပိုက်ဒါ ဗွီဒီယိုထုတ်လုပ်ဖြန့်ချိရေးမှ ပိုင်ရှင်မောင်နှမနှစ်ယောက်မှ ကျွန်ုပ်အား ဂမ္ဘီရဆန်းဆန် ဇာတ်လမ်းတစ်ပုဒ်ကို ဗွီဒီယိုဇာတ်ကားအဖြစ်ရိုက်ကူးပေးပါဟု တောင်းဆိုလာပါ၍ ကျွန်ုပ်လည်း သရုပ်ဆောင်မင်းသားများဖြစ်သည့် မင်းသား ထွန်းလုံရှိန်၊ သတ္တိ၊ မေထွဋ်ခေါင်၊ မင်းသားကြီး စိန်သန်း၊ အကယ်ဒမီ ဝါဝါအောင် စသည့် သရုပ်ဆောင်များဖြင့် ကျွန်ုပ်နေထိုင်ရာ အလယ်ရွာနှင့် နှစ်မိုင်၊ သုံးမိုင်ခန့် အလှမ်းဝေးသည့် ပေါက်တန်း ဒိတ်ကုန်းရွာကြီးသို့ သွားရောက်ကာ 'ပြဒါးမြွေနှင့် ကျောက်ဘီလူးညီနောင်' အမည်ရှိ ဗွီဒီယိုဇာတ်ကားကို ရိုက်ကူးပေးနေစဉ်အချိန်အခါ ဖြစ်ပါ၏။

ဤ၌ လူဝင်စား မိကျောင်းစိန်ဟူသော ဂမ္ဘီရဆန်ဆန် ယောကျ်ားလေးတစ်ဦးကို သူ၏အဘိုး၊ ဦးလေးနှင့် မိဘနှစ်ပါး စသော ဆွေမျိုးတစ်စုတို့နှင့်အတူ ကျွန်ုပ်စာရေးသူ တွေ့ရှိကြုံဆုံခဲ့ရပါတော့သည်။

ကြုံဆုံခဲ့ရပုံမှာ တစ်နေ့ အထက်ပါ ဗွီဒီယိုဇာတ်ကားကို မင်းသားထွန်းလုံရှိန်နှင့် လယ်ကွက်ထဲတွင် တောက်ရိုးများဆွ၍ နွားစာကျွေးရန်အလုပ်လုပ်နေစဉ် မင်းသားထွန်းလုံရှိန်ကိုပိုးထိသည့်အခန်း ရိုက်ကူးနေခိုက် မင်းသား ထွန်းလုံရှိန်၏ဇနီး သရုပ်ဆောင် မင်းသမီးမှာ အကယ်ဒမီဝါဝါအောင်ဟု ထင်ပါသည်။ ဝါဝါအောင်မှာ အိမ်တွင်မျက်နှာမြင်နေပါသည်။ မင်းသမီး ဝါဝါအောင် ကလေးမျက်နှာမြင်သည့်အခန်းနှင့် မင်းသား ထွန်းလုံရှိန် ပိုးထိသေဆုံးခန်းမှာ တစ်ချိန်တည်းဖြစ်နေ၍ ဇာတ်ဝင်ခန်းမှာ ဇာတ်ရှိန်မြင့်နေပါ၏။

ထိုအချိန်တွင် ခမောက်ကြီးတစ်လုံးစီကို ဆောင်းထားသော လယ်သမားကြီးနှစ်ဦး ရိုးသားမှုအပြည့်ရှိသော ဟန်ပန်ပုံသဏ္ဌာန်ဖြင့် ကျွန်ုပ်ဆီသို့ ရောက်ရှိလာကြပါသည်။

"ဆရာကြီးကို စကားနည်းနည်း ပြောပြချင်ပါတယ်"

ကျွန်ုပ်လည်း လယ်သမားကြီးနှစ်ဦးထံမှ အထက်ပါစကားစုကိုကြားသော် ဇာတ်ညွှန်းစာအုပ်ကိုင်၍ဖတ်နေရာမှ ဖြုတ်ခနဲ မော့၍ကြည့်လိုက်ပါသည်။

"ဘာအကြောင်းများပြောမှာလဲ။ အရေးကြီးလား။ အရေးကြီးရင် နေ့ခင်းထမင်းစားချိန်ဖြစ်ဖြစ်၊ ညနေပိုင်းရှူတင်သိမ်းချိန်ဖြစ်ဖြစ်လာခဲ့ပါလားဗျာ"

ကျွန်ုပ်က စကားပြန်ပြောလိုက်သည်။

"ရပါတယ် ဆရာကြီး၊ ဆရာကြီးအားတဲ့အချိန်ကို ကျွန်တော်တို့ ပြန်လာခဲ့ပါ့မယ်။ ကျွန်တော်တို့ကို ပြန်ခွင့်ပြုပါဦး"

လယ်သမားကြီးနှစ်ယောက်တို့မှာ ကျွန်ုပ်ကို နှုတ်ဆက်ပြီး ရိုက်ကွင်းမှထွက်ခွာသွားပါတော့သည်။

မင်းသား ထွန်းလုံရှိန်မှပင် ကျွန်ုပ်အား -

"ဘာကိစ္စလဲ ဒါရိုက်တာကြီး"

ဟု မေးဆက်၍ မေးမြန်းသည်။ ကျွန်ုပ်က ဘာမှမသိကြောင်း ပခုံးနှစ်ဖက်နှင့် လက်နှစ်ဖက်ကို နိုင်ငံခြားရုပ်ရှင်ဇာတ်ကားများထဲမှ သရုပ်ဆောင်များစတိုင်ဖြင့် ဟန်ပါပါ တွန့်၍ပြလိုက်လေ၏။

**မိကျောင်းစိန်နှင့်ကျွန်ုပ်တို့နှစ်ယောက်**

ထိုနေ့ညနေပိုင်း ကားရိုက်ပြီးသောအချိန်၌ မင်းသား ထွန်းလုံရှိန်မှာ ဒီည Night Scene ရှိလား ဆက်ဝင်ပေးမည်ဟု ပြောဆိုလာ၍ ကျွန်ုပ်မှာ သရုပ်ဆောင်တစ်ယောက် ရိုက်ကူးရေးပြတ်သွားအေးရော ဆိုသည့် သဘောဖြင့် ကျန်သရုပ်ဆောင်များနှင့် ရိုက်ကူးရေးစက်အဖွဲ့တို့အား Night Scene ရှိသည်ဟု ပြောဆိုလိုက်ပါသည်။ ထိုအကြောင်းကို ကျွန်ုပ်၏ ရှူတင်မန်နေဂျာ ကျွန်ုပ်ယောက်ဖ ကိုကိုလေးအား အကျိုးအကြောင်းအားလုံးတို့ကို ညနေပိုင်းအချိန်တွင် ချိန်းဆိုလိုက်သည့် ပေါက်တန်း ဒိတ်ကုန်းမှ လူကြီးနှစ်ယောက်တို့အား သွားရောက် အကြောင်းကြား ခိုင်းလိုက်ရပါတော့၏။

နောက်တစ်နေ့ နေ့လယ် အချိန်တွင်လည်း မင်းသား သတ္တိ မေထွဋ်ခေါင်တို့နှစ်ဦး ပြဒါးမြွေ ရင်ဆိုင်တိုးခန်းရိုက်ကူးနေစဉ် မင်း ထွန်းလုံရှိန် မြွေကိုက်၍ သေဆုံး ရိုက်ကူးနေစဉ်အချိန်က ရောက်ရှိ သည့် လယ်သမားကြီးတစ်ဦး ထံ ရောက်ရှိလာပြီး ကျွန်ုပ်အား လာ ခေါ်ပြန်ပါသည်။ ကျွန်ုပ်မှာလည်း ၏ ရှူတင်မန်နေဂျာကို အကြောင်း ခိုင်းလိုက်ပြီဖြစ်ကြောင်း၊ ကျွန်ုပ် အဖော်တစ်ဦး Night Scene ရိုက် စရာမရှိ၍ ညနေပိုင်းတွင် ဆက် လာခဲ့မည့်အကြောင်း ပြောလိုက် ၏။

ကျွန်ုပ်နှင့် လိုက်မည့်အဖော် သူမှာ တခြားသူ မဟုတ်ချေ။ ဆောင် မင်းသား စိန်သန်းသာလျှင် ပါသည်။ စိန်သန်းသည် လူ ရုပ်ရှင်၊ဗီဒီယိုဇာတ်ကားများကို ရိုက် နေသော်လည်း လူဝင်စားတို့၊ သရဲတို့နှင့်ပတ်သက်သည့်ထူးဆန်း ဂမ္ဘီရကိစ္စရပ်များကို လွန်စွာမှစိတ် စားသူဖြစ်လေ၏။

သရုပ်ဆောင်မင်းသားကြီး သန်းနှင့် ကျွန်ုပ်စာရေးသူတို့နှစ်ယော မှာ မိကျောင်းစိန်တို့အိမ်သို့ ညနေ အချိန်တွင် ရောက်ရှိသွားပါတော့

အိမ်မှာ ဆင်းရဲသော လူတန်း အိမ်မျိုး မဟုတ်ချေ။ ကျွန်းတိုင်ကြီး ဖြင့် အိမ်ကြီးကို အခိုင်အမာ ဆောက်ထားပြီး အောက်ခြေတွင် အုတ်တို့ဖြင့် ကျကျနနခိုင်ခိုင်ခံ့ခံ့ဆော လုပ်ထား၍ တောသူဌေးလူချမ်းသာ ဖြစ်မှန်း သိသာလှပါ၏။

ထိုအချိန် ကျွန်ုပ်တို့နှစ်ယော နှင့် ရှေ့ဆင့်နောက်ဆင့်ဆိုသလို လူ တစ်ဦးမှာလည်း အိမ်ကြီးအတွင်း မော်တော်ဆိုင်ကယ်တဖုတ်ဖုတ် စီးနင်းဝင်ရောက်၍လာပါတော့သ ထိုအခါတွင် ကျွန်ုပ်တို့အား လာ ခေါ်ဆောင်လာသည့်လူကြီးမှ မော် ဆိုင်ကယ်စီးလူငယ်အား ခြေဟန် တန်ပြ၍ခေါ်ယူလိုက်လေ၏။

လူငယ်မှာ ကျွန်ုပ်တို့နှစ်ယော အား ခပ်လှမ်းလှမ်းမှ တွေ့မြင်သွ အနီးသို့အရောက်တွင်မူ ရှိုးတိုးရှ အမူအရာများ ဖြစ်ပေါ်သွ အနီးတပ်ရောက်မှ မင်းသားကြီး ဦး



www.burmeseclassic.com

www.burmeseclassic.com

သန်းအား တွေ့မြင်သွားပြီး ရုပ်ရှင်အဖွဲ့သားတွေမှန်း ရိပ်မိသွားကာ သူ၏ဖခင်ဖြစ်သူအား ကြည့်လိုက်လေ၏။

"အဖေ၊ ဘာတွေလုပ်မလို့လဲဗျ။ ဦးစိန်သန်းတို့၊ ဒါရိုက်တာကြီးတို့ကိုခေါ်ပြီး ဘာတွေကြံစည်မလို့လဲ အဖေရဲ့"

"ဘာလုပ်ရမှာလဲသားရာ။ ငါ့မြေးအတွက် တစ်ခုခုတော့စဉ်းစားပြီးအဖြေထုတ်ဖို့ပေါ့ကွ"

ကျွန်ုပ်နှင့် ကိုစိန်သန်းတို့နှစ်ဦးတစ်ယောက်မျက်နှာတစ်ယောက်ကြည့်၍ ဘာလုပ်ရမှန်းမသိအောင်ဖြစ်၍နေပါတော့၏။

"ဒီလိုပါ ဆရာ၊ ကျွန်တော့်မှာ သားသမီးနှစ်ယောက်ရှိပါတယ်။ ဇနီးကတော့ ဆုံးပါးသွားတာ သူတို့ငယ်စဉ်ကတည်းကပါ။ သူကတော့ သားကြီးပါ ဆရာ။ လူပျိုလူလွတ်ဆိုပါတော့။ သမီးငယ်ကတော့ အိမ်ထောင်ကျတာ (၈) နှစ်၊ (၉) နှစ်နီးပါးရှိခဲ့ပါပြီ။ သမီးလေးယောကျ်ားက အစကတော့ ကျွန်တော့်အိမ်က စာရင်းငှားအလုပ်သမားပါ။ နောက်တော့ ကျွန်တော့်သမီးနဲ့ လူငယ်သဘာဝ ချစ်ကြိုက်ပြီး ခိုးရာလိုက်ပြေးပြီးတော့ ပေါင်းသင်းခဲ့ကြတယ်ပေါ့"

ကျွန်ုပ်နှင့် ကိုစိန်သန်းတို့မှာ ယခုပြောဆိုနေသော အဖြစ်အပျက်တို့ကိုပြောပြနေသည့်လူကြီးမှာ မည်သူမှန်းမသိ၊ ထိုလူကြီးအားလည်း မည်သို့ခေါ်ဝေါ်ပြီး မည်သို့ပြောဆိုဆက်ဆံရမှန်းလည်းမသိဖြစ်နေပါတော့၏။

"နေပါဦး ဦးကြီး၊ ကျွန်တော်တို့ ဦးကြီးစကားကို ဖြတ်ပြောတာမဟုတ်ပါဘူး။ ကျွန်တော်တို့ကို ဦးကြီးရဲ့နာမည်လေးလည်း ပြောပြပါဦး"

"အိုးဟိုး - ဟုတ်ပါ့ဗျာ၊ ဟုတ်ပါ့။ စကားသာပြောနေတာ ကိုယ့်နာမည်ကိုယ်တောင်ဘယ်သူဆိုတာ ပြောမပြထားရသေးဘူးဗျို့ ဟား ဟား ဟား ဟား ဟား ဟား"

လူကြီးမှာ သူ့စကားသူ သဘောကျပြီး တဟားဟားဟားဖြင့် အော်ကြီးဟစ်ကျယ် သဘောကျရယ်မောနေပါတော့၏။

"ကျွန်တော့်ကို ခွင့်လွှတ်ပါ ဆရာ။ ကျွန်တော့်နာမည် အောင်မောင်းပါ။ ဇာတ်မင်းသားကြီး ဦးအောင်မောင်းတော့ မဟုတ်ပါဘူး။ လယ်သမားကြီးအောင်မောင်းပါ။ ပေါက်တန်း ဒိတ်ကုန်းရွာမှာတော့ အောင်မောင်းဆို လူတိုင်းသိကြပါတယ်"

ကျွန်ုပ်နှင့် ကိုစိန်သန်းတို့မှာ ဦးအောင်မောင်း၏ ဟန်ပန်အမူအရာနှင့် အပြောအဆိုတို့ကို သဘောကျကျေနပ်နေကြပါတော့၏။

"ဒါကတော့ ကျွန်တော့်သား မောင်ချစ်ပါ ဆရာ၊ လူပျိုကြီးပါ"

ကျွန်ုပ်နှင့် ကိုစိန်သန်းတို့ လူပျိုကြီးကိုချစ်ကို လက်ဆွဲ၍နှုတ်ဆက်လိုက်ရပါ၏။

"မောင်ချစ်ပါ ဆရာ။ ပေါက်တန်းဒိတ်ကုန်းမှာတော့ လူပျိုကြီး မောင်ချစ်၊ မောင်ချစ် လူပျိုကြီးဆိုရင် ကလေးအထိ ခွေးအဆုံး. . ."

"ဟော့ကောင် မောင်ချစ်၊ တိတ်စမ်း။ ဘာတွေလျှောက်ပြောနေမှန်းမသိဘူး"

ဖခင်ဖြစ်သူ ဦးအောင်မောင်း၏ မာန်ပါပါ ဆူပူငေါက်ငမ်းလိုက်၍ လူပျိုကြီး မောင်ချစ်၏အမူအရာနှင့် အပြောအဆိုများတိတ်သွားပြီး ပါးစပ်ကိုပင် သူ၏လက်ဝါးဖြင့် ဆို့ပိတ်လိုက်ပါတော့၏။ ကျွန်ုပ်နှင့် ကိုစိန်သန်းတို့နှစ်ယောက်မှာ ထိုသားအဖနှစ်ယောက်၏အဖြစ်ကိုကြည့်ပြီး ပြုံးမိကြပါ၏။

"ကဲ - ဦးကြီး ဆက်ပါဦး။ ဦးကြီးသမီးမှာ မြေးလေးတစ်ယောက်မွေးဖွားလာတဲ့အထိ ကျွန်တော်တို့ နားလည်လိုက်ပါပြီ"

"ဩော်-ဟုတ်ကဲ့၊ ဟုတ်ကဲ့။ ခုဆို တျွန်တော် မြေးအသက်က (၆) နှစ်ကျော်ကျော် (၇) နှစ်အရွယ်ရှိနေပါပြီ ဆရာ"

"ဩော်-တော်တော်လေးတောင် အရွယ်ရောက်နေပြီကိုး"

"ဟုတ်ပါတယ် ဦးစိန်သန်း၊ အဲဒါကြောင့်လည်း ဆရာတို့၊ ဦးစိန်သန်းတို့ကို တအားတွေ့ချင်တာပေါ့ဗျာ"

ကျွန်ုပ်၏မင်းသားကြီး ဦးစိန်သန်းမှာ ဦးအောင်မောင်း၏စကားကို ဝင်ထောက်ပေးလိုက်၍ ဦးအောင်မောင်း၏ ကျွန်ုပ်တို့ကို တွေ့ချင်နေသော အကြောင်းအရာတို့ကို ရေးတေးတေး ရိပ်ဖမ်းသံဖမ်းဖြင့် နားလည်စပြုလာပါတော့၏။ မင်းသားကြီး ဦးစိန်သန်းမှာ တစ်လက်စတည်း သူသိလိုသော အကြောင်းကို ဆက်၍မေးမြန်းတော့၏။

"အခု ဦးအောင်မောင်းရဲ့သမီးနဲ့ မြေးက ဘယ်မှာနေတာလဲ။ ဦးအောင်မောင်းတို့အိမ်မှာပဲမဟုတ်လား"

"မဟုတ်ဘူး ဦးစိန်သန်းရေ၊ သမီးနဲ့ကျွန်တော့်မြေးက ကျွန်တော်ပြောပြခဲ့ပြီမဟုတ်လား။ ကျွန်တော့်အိမ်မှာ မနေကြဘူးဆိုတာလေ။ ကျွန်တော့်လယ်ထဲကအိမ်မှာနေကြပါတယ်"

"ဒါဆို ဦးအောင်မောင်းက သမီးနဲ့ သမက်ကို လက်ခံခြင်းမပြုပေမယ့် ဦးအောင်မောင်းပိုင်တဲ့အိမ်မှာတော့ နေခွင့်ပြုထားတာပေါ့"

ကျွန်ုပ်မှာ ဦးအောင်မောင်းအား မရှင်းလင်းသည့်အချက်များကိုထောက်၍ မေးမြန်းသည့်အခါတွင်တော့ -

"ဒါက ဒီလိုပါဆရာ။ ကျွန်တော်ပိုင်လယ်ထဲအိမ်မှာ နေကြတာက ဒီကောင်မောင်ချစ်လက်ချက်ပါ ဆရာ။ ကျွန်တော်မသိအောင် သူ့ညီမနဲ့ သူ့ယောက်ဖကို သူ့ကိုယ်တိုင်သွားခေါ်ပြီး ဒီအိမ်မှာနေခိုင်းတာ ဒီကောင့်လက်ချက်ပေါ့"

"အဖေကလည်းဗျာ၊ ကျွန်တော့်ညီမကို ကျွန်တော် ပစ်မထားနိုင်လို့ပေါ့ဗျာ"

"ကဲ-ကြားတဲ့အတိုင်းပဲ ဆရာရေ"

လူပျိုကြီးကိုချစ်မှာ သူ့လုပ်ရပ်ကို ဖခင်ဖြစ်သူမှ အပြစ်တင်နေသော်လည်း သူ့ကိုယ်တိုင်ကမူ တစ်ယောက်တည်းကျိတ်၍ ကျေနပ်နေပုံရသလို ဝမ်းသာနေပုံလည်းပေါ်နေပါ၏။

"ကဲ - အဖေ၊ ဒါဆို ပြောနေတာကြာပါတယ်။ ညီမလေးအိမ်မှာ ဟိုကောင် အရက်သမားလည်း ရှိမှမဟုတ်ဘူး၊ သူမရှိတဲ့အချိန်သွားကြမလား"

"ဟော့ကောင် - ဒီကောင်ရှိရှိ မရှိရှိ ငါ့အနေနဲ့ ဘာမှဂရုစိုက်နေစရာမလိုဘူးကွ။ ငါ့အိမ်ငါသွားတာဘာဖြစ်သလဲ"

ကိုချစ်မှာ ဖခင်ဖြစ်သူ၏ ဆူပူမှုကြောင့် ဇက်ကလေး ပုဝင်သွားပါ၏။

"ဟော့ကောင်၊ သွား-နွားလှည်းပြင်၊ မင်းဆိုင်ကယ်ကြီးထားခဲ့"

**လှဝင်စား မိကျောင်းစိန်**

နွားလှည်းလမ်းမှာ စပါးစိုက်သည့်လက်ကွက်များကို ဖောက်ထားသည့်အတွက် ကြမ်းလှပါ၏။ နွားလှည်းမှာ ခုန်ခုန်၍ဆောင့်၏။ ကျွန်ုပ်တို့လူတွေမှာလည်း မြောက်၍မြောက်၍တက်၏။ ထိုအချိန်တွင် ဦးအောင်မောင်းသည် ဘာစိတ်ကူးပေါက်သည်မသိချေ။

"ဆရာနဲ့ ဦးစိန်သန်း ကျွန်တော်စဉ်းစားမိတယ်ဗျ"

"ဘာများလဲ ဦးအောင်မောင်း ပြောပါ"



www.burmeseclassic.com

www.burmeseclassic.com

ကိုစိန်သန်းမှာ နွားလှည်းပေါ်တွင် ဆေးပေါ့လိပ်ကို သောက်မည်ပြုပြီးမှ ဦးအောင်မောင်း၏ပြောမည့်စကားကို စိတ်ဝင်စားသွားပြီး ဆေးလိပ်ကိုပင် မသောက်တော့ဘဲ ဂရုစိုက်၍နားထောင်နေပါတော့၏။

"ဆရာတို့နှစ်ယောက်ရှေ့မှာဆို ကလေးကဘာမှပြောရဲမှာမဟုတ်ဘူးဗျ။ ဆရာတို့နှစ်ယောက်ကို မောင်ချစ်က အိမ်နောက်ဖေးကပတ်ခေါ်သွား"

ထိုစကားအရောက်တွင် မောင်ချစ်ကို ဦးအောင်မောင်းက ကြည့်၍ ပြောလိုက်ခြင်းဖြစ်ရာ လူပျိုကြီးမောင်ချစ်မှာ ဖခင်ဖြစ်သူကို ခေါင်းညိတ်၍ ပြလိုက်ချေ၏။ ထို့နောက် ဦးအောင်မောင်းကပင် ဆက်၍ပြောပြန်၏။

"ကလေးစကားသံကြားနိုင်တဲ့နေရာက အသာလေးနားထောင်ပါ ဆရာ။ ကျွန်တော်က ကလေးရဲ့ဘဝနဲ့သူပြောချင်တာတွေကို မေးမေးပေးမယ်။ နို့မို့ဆို လူစိမ်းတွေရှေ့မှာ စကားကောင်းကောင်းပြောရဲမှာမဟုတ်လို့ပါ"

"နေပါဦး ဦးအောင်မောင်း၊ ကလေးက ယောကျ်ားလေးလား၊ မိန်းကလေးလား"

"ယောကျ်ားလေးပါ ဆရာ"

"နာမည်က"

"မိကျောင်းစိန်ပါ ဆရာ"

"ဗျာ"

ယနေ့ခေတ်တွင် ကျော်နန္ဒအောင်တို့၊ ထူးမင်းခန့်တို့နာမည်များကို ခံ့ခံ့ထည်ထည် ရှည်ရှည်လျားလျား မှည့်ခေါ်နေကြချိန်၌ မိကျောင်းစိန်ဟု ကြားသိလိုက်ရ၍ အံ့ဩမိချေတော့၏။

"ဟုတ်ပါတယ် ဆရာ၊ မိကျောင်းစိန်ဆိုတဲ့ သူ့နာမည်ကို သူကိုယ်တိုင်မှည့်ခေါ်ထားတာပါ ဆရာ"

"ဘာကြောင့် . . . ဒီနာမည်ကို ဦးအောင်မောင်းတို့က လက်ခံလိုက်ရတာလဲ"

"ဒါက ဒီလိုပါ ဆရာ။ ကလေးရဲ့အဖေ ကျွန်တော့်သမက် ယိုအရက်သမားက သူ့သား အငါးသား စိမ်းမောင်လို့ မှည့်တယ်။ ကလေးက အရွယ်လေးနည်းနည်းရလာတော့ သူ့ကို စိမ်းမောင်လို့ မခေါ်ပါနဲ့တဲ့။ အဲဒါနဲ့ စိမ်းမောင်လို့မခေါ်ရင် ဘယ်လိုခေါ်ရမှာလို့ အားလုံးကမေးကြတာပေါ့။ အဲဒီတော့မှ ကလေးက သူ့နာမည်ကိုပြောတာ"

"ဘယ်လိုပြောတာလဲ ဦးအောင်မောင်း"

ကိုသန်းစိန်မှာ သိချင်စိတ်ပြင်းပြပြီး အလောတကြီးမေးမြန်းလိုက်ပါ၏။

"မိကျောင်းစိန်တဲ့ ကိုစိန်သန်းရေ မိကျောင်းစိန်တဲ့။ ပြီးတော့ ပြောသေးတာဗျ။ သူက အရင်ဘဝတုန်းက မင်းသားလေ ဘိုးဘိုးကြီးရဲ့၊ မင်းသားတဲ့ဗျ။ ဘာမင်းသားလဲလို့ ကျွန်တော်က ထပ်မေးတော့ ဇာတ်မင်းသားတဲ့ ဒါရိုက်တာကြီးရေ ဇာတ်မင်းသားတဲ့"

"အဲဒီတော့ အဲဒီဇာတ်မင်းသားနာမည်ကို ဘယ်သူလဲလို့ မေးမကြည့်ဘူးလား"

"ဘယ်နေပါ့မလဲဆရာရယ်၊ ထပ်ပြီးတော့ကို သေသေချာချာမေးတာ"

"မေးတော့"

"မေးတော့ သူ့ရဲ့ဇာတ်မင်းသားနာမည်က မိကျောင်းစိန်တဲ့ဗျာ"

"မိကျောင်းစိန်ဆိုတဲ့မင်းသားဟာ လွန်ခဲ့တဲ့ နှစ် (၄၀) ကျော်က ရန်ကုန်မြို့မှာ ကသွားဖူးသလို နာမည်လည်းကျော်ကြားခဲ့ဖူးတယ်ဗျ"

ဦးအောင်မောင်း၏စကားကိုဖြတ်၍ မင်းသားကြီး ဦးစိန်သန်းမှ ဝင်ထောက်ပြီးပြောလိုက်သည်။

"ဒါဆိုရင်တော့ အကတွေဘာတွေတော့ ကောင်းကောင်းကတတ်မှာပေါ့နော်"

"ကျွန်တော့်မြေးကို လူဝင်စားဟုတ်တယ်၊ မဟုတ်ဘူးဆိုတဲ့အဖြေသိဖို့အတွက် အခြားလူအဖို့ ငွေကြေးမကုန်ကျပါဘူး ဆရာ။ ကျွန်တော်သိချင်တယ်ဆိုတာက ကြည့်မြင်တိုင်က နာမည်ကျော် ပတ်မတီးဆရာ မွန်ပြည်နယ် ကိုကိုနိုင်ဆိုင်းအဖွဲ့ကိုငှားပြီး အလှူပေးရင်း ကျွန်တော့်မြေး လူဝင်စားမိကျောင်းစိန်ကို ကခိုင်းတာဗျ"

"ဩော် . . . ဩော်"

ကျွန်ုပ်ကပင် ဦးအောင်မောင်းတို့ မြေးအဘိုး၏ကိစ္စကို ဩော် . . . ဩော် ဟုပင် အာမေဋိတ်ပြုမိတော့၏။

"ဆရာတို့ စဉ်းစားကြည့်လေ။ ဒီကလေးက အနုပညာမျိုးရိုးလည်းမရှိ၊ ဇာတ်သမားမျိုးရိုးလည်း မဟုတ်ဘဲနဲ့ စည်းချက်ဝါးချက်ကျကျ ကလိုက်တာများ လာကြည့်ကြတဲ့ လူထုပရိသတ် အောချကုန်တယ်လေ"

ကျွန်ုပ်မှာ ဦးအောင်မောင်း၏ သူ့မြေးမိကျောင်းစိန်ကို လူဝင်စားဟုတ်၏၊ မဟုတ်၏ဟူသော ပဟေဠိပြဿနာအား ဆန်းစစ်ရာ၌ ငွေကြေးအကုန်အကျခံ၍ ဆန်းစစ်သည်ဟု သိလိုက်ရ၍ ကျွန်ုပ်နှင့် ကိုစိန်သန်းတို့လို အနုပညာသမားတို့ကို အိမ်အရောက်ခေါ်ပြီး ပြဿနာ ဖြည်လောက်ကတော့ ထူးပြီး ဘာမှ မဆန်းနိုင်တော့ပါချေ။

"ပြောပါဦး ဦးအောင်မောင်း ဦးအောင်မောင်းရဲ့မြေး မိကျောင်းစိန်ကို မွန်ပြည်နယ် ကိုကိုနိုင်ဆိုင်းအဖွဲ့နဲ့ ကခိုင်းတော့ . . ."

"ကခိုင်းတော့ ဝက်ဝက်ကွဲပေါ့ဗျာ။ ကျွန်တော်တို့ နယ်တစ်ကြောမှာဆို မွန်ပြည်နယ်ကိုကိုနိုင်ဆိုင်းအဖွဲ့တီးတာထက် တစ်ခါမှ ဆိုင်းနဲ့ဝိုင်းနဲ့ကတာကို ဘေးဖယ်ထား၊ ဆိုင်းဝိုင်းဆိုတာကို မြင်တောင်မမြင်ဘူးတဲ့ ကလေးတစ်ယောက်က မွန်ပြည်နယ် မွန်မင်းသားတွေကသလို ကျွမ်းထိုးလိုက်၊ ဒိုင်ဗင်ပစ်လိုက်နဲ့ ကတာဆိုတော့ လာကြည့်တဲ့ ပရိသတ်မှန်သမျှ အံ့ဩတကြီးကို ဖြစ်ကုန်ကြတာပေါ့ဗျာ"

"အင်း - ဦးအောင်မောင်းရဲ့မြေး မိကျောင်းစိန်ကိုတော့ လူချင်းမတွေ့ဘူးသေးပေမယ့် စိတ်တော့တော်တော်လေး ဝင်စားလာပြီဗျို့"

"ဒါတင်ဘယ်ကဦးမလဲ ဆရာရယ်။ ကျွန်တော့်မြေးကိုခေါ်ပြီး ကြို့ပင်ကောက်က လေချွန်နတ်ကို ဒီကလေး ဘယ်ဘဝကလာတာလဲဆိုတာ ကျွန်တော်ကိုယ်တိုင်သွားမေးသေးတာဗျို့"

"လေချွန်နတ်က ဘာပြောလိုက်သလဲဗျ"

"ကလေးကလူဝင်စားတဲ့။ ကလေးရဲ့ ညာဘက်ခြေထောက်မှာ စာနီအမှတ်ကြီးနှစ်ဝိုင်းပါတယ်တဲ့။ ဒီကလေးနဲ့ပတ်သက်ပြီး အထူးသတိထားရမှာက ကလေးဟာ လူဝင်စားဘဝကလာလို့ အသက် (၈) နှစ်၊ (၉) နှစ်အရွယ်မှာ သူ့ဘဝဟောင်းလာပြန်ခေါ်နိုင်တယ်လို့ ပြောတာပဲ ဆရာရေ"

ကျွန်ုပ်က မယုံကြည်၍ ဦးအောင်မောင်းအား သေချာစေရန် ထပ်မံ၍ မေးကြည့်မိသည်။

"စာနီအမှတ်ဝိုင်းကြီးကနှစ်ဝိုင်းက ညာဘက်ခြေထောက်မှာ ပါကောပါရဲ့လားဗျာ"

"ပါပြီလား ဆရာရယ်၊ ကျုပ်မြေး မိကျောင်းစိန်ရဲ့ညာဘက်ခြေထောက်မှာ စာနီအမှတ်ဝိုင်း (၂) ဝိုင်းက ထင်းထင်းကြီးကိုပါတာ"

"ထူးတော့ထူးတော်တော်ထူးပါလား ဦးအောင်မောင်း"

"ထူးတာတော့မပြောနဲ့ဆရာရေ။



www.burmeseclassic.com

www.burmeseclassic.com

ခွန်ပြည်နယ် ကိုကိုနိုင်ကတောင် ကျွန်တော့်မြေး မိကျောင်းစိန်ကို သူ့ဆိုင်းထဲ လိုက်ကပေးပါလားတဲ့။ အနုပညာကြေးတောင်းကောင်းပေးပါ့မယ်လို့ကို ပြောတာ"

"မိကျောင်းစိန်ရဲ့ အနုပညာနဲ့ အကကောင်းလို့ ဖြစ်မှာပေါ့"

"မွန်မင်းသားတွေ အကကောင်းတာ ကျွန်တော်လည်း ကြည့်ဖူးပါတယ်။ ဗုလင်းစိန်တို့၊ ဖန်ခွက်စိန်တို့၊ အမြည်းစိန်ဆိုတဲ့ မွန်မင်းသားတွေ၊ အုန်းပွင့်စိန်၊ အုန်းလက်စိန်ဆိုတဲ့ မွန်မင်းသားတွေဟာ အကကို ကျွမ်းထိုးလိုက်၊ ဒိုင်ဗင်ပစ်လိုက်နဲ့ကို ကတာပါ ကိုနန္ဒ"

အထက်ပါစကားတို့ကို မင်းသားကြီးဦးစိန်သန်းကပါ ကျွန်ုပ်တို့ စကားဝိုင်းထဲသို့ ဝင်ရောက် ပြောဆိုလာသည်။ ထိုအချိန်တွင် ကျွန်ုပ်တို့စီးလာသောနွားလှည်းမှာ လယ်ကွင်းထဲတွင် ထီးထီးကြီး ဆောက်ထားသည့်အိမ်ကြီးတစ်လုံးအနီးသို့ ချဉ်းကပ်လာနေပြီ ဖြစ်၏။

"ကဲ - ဆရာနဲ့ ကိုစိန်သန်းရေ။ ဒီနေရာကပဲဆင်းနေပြီး ကျွန်တော့်သားမောင်ချစ်နဲ့ လိုက်သွားပေတော့ဗျို့။ မောင်ချစ်၊ ဆရာတို့နှစ်ယောက်ကို ခေါ်သွားနှင့်"

ဦးအောင်မောင်းမှာ မောင်ချစ်မောင်းလာသည့် နွားလှည်းမှ နွား၏ နဖားကြိုးကို လှမ်း၍ ယူလိုက်စဉ် ကျွန်ုပ်နှင့် ကိုစိန်သန်းတို့နှစ်ယောက်မှာ နွားလှည်းပေါ်မှ ခုန်၍ ချလိုက်လေတော့သည်။

**မိကျောင်းစိန်၏ဇာတ်သိမ်း**

ဦးအောင်မောင်း၏ ကြွယ်ဖို့ကြွယ်ဝရှိမှုကို ကျွန်ုပ်နှင့် ကိုစိန်သန်းတို့နှစ်ယောက် အသိအမှတ်ပြုရတော့၏။ အကြောင်းမှာ ဦးအောင်မောင်း၏လယ်စောင့်တဲသည် တဲမဟုတ်ချေ။ သစ်သားအိမ်ကြီးတစ်လုံးသာ ဖြစ်ဘိတော့၏။ အိမ်ကြီး၏အနောက်ဘက်တွင် နွားတင်းကုပ်တစ်လုံးရှိ၏။ မီးစက်ဖြင့် အိမ်ကြီး၏ ဧည့်ခန်းရှိ မီးပွင့်များ၊ T.V အပေါ်စက်၊ အောက်စက်များကို ဆက်သွယ်ထားပြီး အောက်စက်၊ အပေါ်စက်များကို ဖွင့်၍ကြည့်နိုင်ကြလေသည်။

ကျွန်ုပ်တို့ရောက်ရှိသွားသောအခါ၌ မောင်ချစ်မှာ အိမ်ကြီး၏အတွင်းခန်းအထိ ခေါ်ဆောင်သွားပြီး အိမ်ရှေ့ခန်းမှ စကားပြောသံများကို ကျွန်ုပ်နှင့် ကိုစိန်သန်းအား နားထောင်ခိုင်း၏။ ထိုအချိန်တွင် ကလေးတစ်ယောက်၏ စကားသံကို စတင်၍ကြားရတော့၏။ မောင်ချစ်မှ အခုကြားရတဲ့စကားသံက မိကျောင်းစိန်ရဲ့အသံဖြစ်ကြောင်းလေ၏။ ကျွန်ုပ်တို့နှစ်ယောက်မှာလည်း ခေါင်းညိတ်ပြလိုက်ရလေ၏။

"ဟော - ဘိုးဘိုးကြီး လာပြီ။ မေမေရေ၊ ဘိုးဘိုးကြီးလာပြီဗျို့"

ထိုအချိန်တွင် မိန်းမသံတစ်ခု ကြားလိုက်ရပြန်၏။

"အဖေတစ်ယောက်တည်းလား၊ ကိုကိုကော"

"သမီးအစ်ကိုကတော့ ဆိုက်ကယ်တစ်စီးနဲ့ ရွာရိုးကိုးပေါက်လျှောက်သွားနေမှာပေါ့ကွယ်"

ဦးအောင်မောင်း၏ စကားသံကြောင့် လူပျိုကြီးမောင်ချစ်မှာ ကျွန်ုပ်နှင့် ကိုစိန်သန်းတို့နှစ်ယောက်အားလှည့်ကြည့်ပြီး မချိပြုံးဟု ခေါ်လေမလား၊ ငါးခူပြုံးဟု ခေါ်လေမလားမသိ အမျိုးအမည်မခွဲခြားနိုင်သည့် အပြုံးတစ်ခုပြုံးပြရှာပါ၏။

"ဘိုးဘိုးကြီး၊ ဘာ့ကိစ္စရှိလို့ သားတို့ဆီကိုလာတာလဲ"

"ကိစ္စရှိလို့ပေါ့ သားရယ်"

"အဖေ၊ ကိစ္စရှိရင်ပြောလေ။ ဘာကိစ္စလဲ"

"ဘိုးဘိုးကြီးရဲ့မြေးက အခုဆိုရင် (၆) နှစ်ကျော် (၇) နှစ်ထဲရောက်လာပြီ မဟုတ်လား"

"အဲဒါ ဘာဖြစ်လဲ ဘိုးဘိုးကြီး ရဲ့"

"ငါ့မြေးပြောပြောနေတဲ့ ဟိုဘဝတုန်းက"

"ဘယ်ဘဝလဲ ဘိုးဘိုးကြီးရဲ့"

မိကျောင်းစိန်မှာ ဦးအောင်မောင်း၏ စကားကို မရှင်းလင်း၍ သေချာစေရန် ကြားဖြတ်၍ မေးမြန်းလိုက်သံကြားလိုက်ရသလို ဦးအောင်မောင်း၏ဖြေရှင်းသံကိုလည်း ကြားလိုက်ရပါ၏။

"ငါ့မြေးရဲ့ဒီဘဝရှေ့က ဘဝကို ပြောတာပေါ့ကွယ့်"

"ဩော် - သိပြီ၊ သိပြီ။ သားရဲ့ မင်းသားမိကျောင်းစိန်ဘဝကိုပြောတာ မဟုတ်လား"

"ဟုတ်တာပေါ့ သားရယ်။ ငါ့မြေးမှာ မိကျောင်းစိန်ဆိုတဲ့ မင်းသားဘဝတုန်းက ချစ်သူရှိခဲ့တယ်ဆို"

"ရှိတာပေါ့ ဘိုးဘိုးကြီးရဲ့၊ အဲဒါ ဘာဖြစ်လဲ"

"ဘိုးဘိုးကြီးက မယုံလို့ပေါ့။ လူနဲ့ မိကျောင်းသံယောဇဉ်ရှိတယ်ဆိုတာဖြစ်နိုင်ပါ့မလား ငါ့မြေးရယ်"

"အဲဒါတော့ သားမသိဘူး။ သားသိတာကတော့ အခုအချိန်အထိ သားချစ်သူ မိကျောင်းမ သားရှိရာအရပ်ကို လာဦးမယ်ဆိုတာ ကျိန်းသေသိတယ်။ ဘယ်လိုကြောင့်လဲ ငါ့မြေးရဲ့၊ ဘိုးဘိုးကြီးရဲ့မြေးကြီးက မိကျောင်းကြီးကို မကြောက်ဘူးလား"

"သားကတော့ မကြောက်ပါဘူး ဘိုးဘိုးကြီးရယ်"

ထိုအချိန်တွင် ဦးအောင်မောင်း၏ သမီးဖြစ်သူ မခင်ထားမှာ မြေးအဘိုး နှစ်ယောက်စကားပြောနေသည်ကို ဝင်ရောက်၍ ဖြတ်တောက်ကာ မေးမြန်းပါတော့သည်။ မြေးဖြစ်သူ မိကျောင်းစိန်မှာလည်း အဘိုးဖြစ်သူ ဦးအောင်မောင်း၏ ပေါင်ပေါ်တွင် ထိုင်နေရာမှ ထ၍ ထွက်သွားပါတော့သည်။

"အဖေ၊ သမီး ညက ထူးထူးဆန်းဆန်းအိပ်မက်တစ်ခုမက်လို့"

"ဘယ်လိုမက်တာလဲ သမီး"

"သမီးသားလေး မိကျောင်းစိန်ကို မမွေးခင် ကိုယ်ဝန်ရှိတော့ မိကျောင်းလိုလို၊ လူလိုလိုနဲ့ အိပ်မက်ထဲမှာ သမီးတို့နဲ့ အတူတူလာနေပါရစေလို့ ခွင့်တောင်းတာ အဖေ့ကို သမီးပြောခဲ့ဖူးတယ်နော်"

ဦးအောင်မောင်း၏ စကားသံ မကြားရပါချေ။

"အဲဒါ ညက ထူးထူးဆန်းဆန်းကို အိပ်မက်တစ်ခုထပ်မက်တာအဖေရဲ့"

"ဘယ်လိုမက်လို့လဲသမီးရဲ့"

"သမီးရဲ့ အောက်အံသွားတစ်ချောင်းကျိုးတယ်လို့ မက်တာ အဖေ"

"ဥပါဒါန်ဒဏ်ကြောင့်ဥပဒ်ရောက်နေပါ့မယ်သမီးရယ်၊ စိတ်ထဲမစွဲစမ်းပါနဲ့"

ဦးအောင်မောင်းမှာ မည်သို့စိတ်ကူးဝင်သွားသည်မသိချေ။ သမီးဖြစ်သူ မခင်ထားအား မဆီမဆိုင် နေ့ရက်ကို မေးမြန်းသည်။

"ဒီနေ့ဘာနေ့လဲ သမီး"

"အင်္ဂါနေ့ အဖေ"

"အိပ်မက်မက်တဲ့အချိန်ကကော သမီး"

"မနက် အရုဏ်တက်အချိန် အဖေ"

ဦးအောင်မောင်းမှာ သမီးဖြစ်သူ၏အိပ်မက်မက်တဲ့အချိန်ကို ကြားသိပြီး သက်ပြင်းချလိုက်သည်ကို ချောင်းကြည့်နေသည့် ကျွန်ုပ်တို့လူစုမှာ တွေ့မြင်လိုက်ရလေ၏။

"ငါ့မြေးကော"



www.burmeseclassic.com

www.burmeseclassic.com

"အဖေ့မြေး ခုနက အဖေ့ပေါင်ပေါ်မှာ ထိုင်နေတယ်လေ။ အခုတော့ ဘယ်ထွက်သွားလဲ မသိဘူး"

ထိုအချိန် ပေါက်တူးတစ်လက်ဖြင့် လူတစ်ယောက်လာနေ၍ မခင်ထားမှာ လှမ်း၍မေးမြန်းလိုက်သည်။

"မောင်ခင်ရေ၊ ကျွန်မသားလေးကော"

မခင်ထား၏ အော်ဟစ်မေးမြန်းသံနှင့်အတူ အဝေးမှ လူတစ်ယောက်၏ ပြန်ဖြေသံကိုလည်း ကြားလိုက်ရပါ၏။

"မမလေးသား အခုနပဲ ကိုချစ်ထွန်းသားနဲ့ အိမ်ရှေ့ချောင်းဘက်ထွက်သွားတာ တွေ့လိုက်တယ် မမလေး"

ၿင်းအချိန်မှာပင် အိမ်ရှေ့မှာရှိနေသော ဦးအောင်မောင်းမှာ အိမ်ခန်းထဲတွင်ရှိနေသော ကျွန်ုပ်နှင့် ကိုစိန်သန်းတို့နှစ်ယောက်အား ခေါ်သံကို ကြားရပါတော့၏။

"ဆရာကိုနန္ဒနဲ့ ကိုစိန်သန်းတို့ရေ ခင်ဗျားတို့လည်းညောင်းရောပေါ့၊ ထွက်ခဲ့တော့ဗျာ။ မောင်ချစ်၊ ဆရာတို့နှစ်ယောက်ကို အိမ်ရှေ့ခေါ်ခဲ့"

ကျွန်ုပ်တို့သုံးယောက်မှာ အိမ်ရှေ့ဘုရားခန်းသို့ထွက်ခဲ့ကြတော့၏။

"သမီး - လက်ဖက်တို့၊ ရေနွေးတို့ချပေး။ ဟင်းချက်ထားတယ်နော်"

"အဖေပြောခိုင်းထားလို့ ကြက်သားဟင်းချက်ခိုင်းထားတယ် အဖေ"

ကျွန်ုပ်တို့ အိမ်ရှေ့ဘုရားခန်းရောက်လျှင် မခင်ထားဆိုသူ ဦးအောင်မောင်း၏ သမီးနှင့် တွေ့ကြပါသည်။ မခင်ထားမှာ ကျွန်ုပ်တို့နှစ်ယောက်ကို တွေ့သော်လည်း အံ့ဩဟန်မပြချေ။ ဦးအောင်မောင်းမှာ ၎င်း၏သမီးဖြစ်သူ မခင်ထားနှင့် ကျွန်ုပ်တို့အား မမေ့မလျော့စွာ မိတ်ဆက်ပေးပါ၏။

"ဆရာ - ဒါ ကျွန်တော့်သမီး မခင်ထားပါ"

"ဟုတ်ကဲ့ - တွေ့ရတာဝမ်းသာပါတယ် ဆရာ"

မခင်ထားမှာ မင်းသားကြီးကိုစိန်သန်းကိုမူ တခုတ်တရ ပြုံးပြနှုတ်ဆက်ပါသည်။ ထို့နောက်ပိုင်းတွင်မူ မခင်ထားချက်ပြုတ်ကျွေးမွေးသော ကြက်သားဟင်းဆီပြန်၊ မယ်ဇလီဟင်းချို၊ ငါးပိရည်ကျိုကို ကြက်သွန်ဖြူထောင်း၍ ငရုတ်သီးစိမ်းလေးများကို အစိမ်းလှော်ကာ ငါးကျည်းလေးများကို ပြုတ်၍ အသားများနွှင်ထည့်ထားသည့် ငါးပိရည်ဖျော်တို့ဖြင့် ခေါင်းမဖော်စတမ်း မြိန်ရှက်စွာ ကျွန်ုပ်တို့ သုံးယောက် ထမင်းစားနေကြစဉ် ချောင်းစပ် တောတန်းလေးအတွင်းမှ လူတစ်ယောက် ရေးကြီးသုတ်ပျာနိုင်စွာ ဦးအောင်မောင်းအိမ်ဘက်သို့ အပြေးတစ်ပိုင်းဖြင့် သုတ်ခြေတင်ပြေး၍လာပြီး အော်ကြီးဟစ်ကျယ်နိုင်စွာဖြင့်-

"ခင်ထား၊ နှင့်သား ရေနစ်ပြီး ချောင်းရေစီးနဲ့ပါသွားတယ်"

မခင်ထားမှာ သားဖြစ်သူ၏ သတင်းကိုကြားပြီး -

"အဖေ၊ သားလေး ချောင်းရေစီးနဲ့ပါသွားတယ်တဲ့။ ကယ်ပါဦး အဖေ"

ဦးအောင်မောင်းမှာ ဘာစကားမှ ပြောဆိုခြင်းပင်မပြုတော့ဘဲ ထမင်းစားနေရာမှ လက်ပင်မဆေးနိုင်ဘဲ ဝုန်းခနဲထပြီး အိမ်ကြီး၏မြေညီဆင့်သို့ ဒုန်းဆိုခုန်ချလိုက်ကာ ချောင်းရှိရာသို့ အားသွန်ပြေးထွက်သွားလေတော့သည်။ မခင်ထားမှာလည်း ကျွန်ုပ်တို့ညှိသည့်နှစ်ယောက်ကို တစ်ချက်မျှကြည့်ပြီး ဦးအောင်မောင်း ပြေးထွက်သွားရာဘက်သို့ ဒုန်းစိုင်း၍ပြေးလိုက်သွားပါတော့သည်။ ကျွန်ုပ်နှင့် စိန်သန်းတို့မှာလည်း စားလက်စ ထမင်းပန်းကန်များကို ချထားလိုက်ပြီး လက်ပင်မဆေးနိုင်တော့ဘဲ ဦးအောင်မောင်းနှင့် မခင်ထားတို့ သားအဖနှစ်ယောက် ပြေးထွက်သွားရာ ချောင်းလေးအစပ်သို့ တရကြမ်း ပြေးလိုက်ရပါတော့သည်။

ကျွန်ုပ်နှင့် ကိုစိန်သန်းတို့ ချောင်းအစပ်သို့ ရောက်ရှိလာပါသည်။ ချောင်းမှာ လပြည့်ရက်ဖြစ်သည့်အတွက် ရေထရက်မို့ ချောင်းအတွင်း ရေများပြည့်နေပါသည်။ ချောင်း၏အကျယ်မှာလည်း ပေ (၅၀) ခန့်ရှိ၍ ရေလည်းနက်မည့် အနေအထားရှိ၏။ ကျွန်ုပ်တို့ရောက်ရှိသွားကြသောအခါ ချောင်းအတွင်းတွင် လူကြီး (၄) ယောက်ခန့်မှာ ရေထဲဆင်း၍ မိကျောင်းစိန်ကို ရှာဖွေနေကြသည်ကို မြင်တွေ့ရပါသည်။

ကိုစိန်သန်းမှာ ကျွန်ုပ်ကိုတစ်ချက်ကြည့်ကာ ဝတ်ထားသော တိုက်ပုံအင်္ကျီနှင့် အတွင်းခံအင်္ကျီစွပ်ကျယ်ပါမချန် ချွတ်ပစ်ပြီး ဘောင်းဘီတိုလေးတစ်ထည်ဖြင့် ချောင်းအတွင်း ဒိုင်ဗင်ထိုးခုန်ဆင်းသွားပါတော့သည်။

"ကိုစိန်သန်း သတိထားဗျို့၊ ဒီချောင်းက မြစ်နဲ့တစ်ဆက်တည်းမို့ ရေစီးကြမ်းတယ်"

မိကျောင်းစိန်ကို ရေထဲဆင်း၍ ရှာဖွေနေသော လူကြီးတစ်ယောက်မှာ ကိုစိန်သန်းကို လှမ်းအော်၍ သတိပေးလိုက်သည်ကို ကျွန်ုပ် ကြားသိလိုက်ရပါသည်။

ထိုအချိန်တွင် မိကျောင်းစိန်နှင့်အတူရေကူးဆော့ကစားခဲ့သော ကလေးနှစ်ယောက်မှ ဦးအောင်မောင်းအား မိကျောင်းစိန်နှင့်အတူ ဆော့ကစားခဲ့ပုံများအား ပြောပြနေသည်ကို တွေ့လိုက်ရသည်။ ကျွန်ုပ်လည်း ဝင်ရောက်၍ နားထောင်မိလေ၏။

ကလေးတစ်ယောက်မှ စ၍ပြောသည်ကို ကြားရပါလေသည်။

"ဒီနေ့ ချောင်းထဲမှာ ရေလည်းပိုများတယ်။ ရေစီးလည်းကြမ်းတယ်လို့ သားကပြောပါတယ်"

"ဟုတ်တယ် သားလည်း ပြောပါတယ်။ လှိုင်းလုံးတွေလည်း ချောင်းထဲမှာ နည်းနည်းကြီးနေသလိုဘဲမို့ အဝေးကြီး မကူးနဲ့ပြောတာ မိကျောင်းစိန်က နားမထောင်ဘူး၊ သူကတောင် သားတို့နှစ်ယောက်ကို အော်ပြောသွားသေးတယ်"

"ဘယ်လိုပြောသွားတာလဲ"

"ဟော့ကောင် ငါ့နာမည်မိကျောင်းစိန်ပါကွ။ ဒီလောက်ချောင်းလေးမပြောနဲ့ လှိုင်မြစ်ကြီးကိုတောင် လိပ်ပြာတူကူးနိုင်တဲ့ကောင်ပါကွ' ဆိုပြီး ချောင်းထဲကို ဒိုင်ဗင်ထိုးခုန်ချသွားတာပဲ ဦးကြီး"

ကလေးအငယ်ကောင်မှ သူသိသလောက် ရှင်းလင်းပြောဆိုပြနေပါသည်။

"သားတို့နှစ်ယောက်လည်း အတူတောင်ကူးသေးတာပဲ တို့လည်းကူးမယ် ဆိုပြီး ချောင်းစပ်ရေတိမ်မှာပဲ ကပ်ပြီး ကူးနေတာ"

"အဲဒီအချိန်မှာ မိကျောင်းစိန်ရဲ့ အသံကို နောက်ဆုံးကြားလိုက်ရသေးတယ် ဦးကြီးရဲ့"

ဦးအောင်မောင်းနှင့် မိကျောင်းစိန်၏မိခင်ဖြစ်သူတို့မှာ သိချင်စိတ်ပြင်းပြစွာဖြင့် ပြိုင်တူနီးပါး မေးလိုက်ကြပါသည်။

"ဟင် - ဘယ်လို ကြားလိုက်တာလဲသား"

"ဟော့ကောင်တွေ၊ ဟိုမှာမိကျောင်းကြီးကွ၊ ငါ့ကို လာခေါ်နေတာ။ ငါ့လိုက်သွားတော့မယ်"

"အဲဒီအသံကို နောက်ဆုံးကြားလိုက်ရပြီး မိကျောင်းစိန် ရေထဲက ပြန်ပေါ်မလာတော့ဘူး ဦးကြီး"

အထက်ပါစကားကို ကြားလိုက်သော ဦးအောင်မောင်းမှာ ရှိုက်ကြီး



www.burmeseclassic.com

www.burmeseclassic.com

ထင်ငိုပါတော့သည်။

"ကျုပ်မြေး မိကျောင်းစိန်ကို တော့ယ်နိုင်တော့ဘူးလားဗျာ။ ကျုပ်မြေးကို ရေနဲ့ပတ်သက်ပြီး အန္တရာယ်ကြီးကြီးမားမားရှိတယ်လို့ ဗေဒင်ဆရာ ကိုင်ရှိတော့မင်းဟောခဲ့တာ ခုတော့ ကွက်တိမှန်နေပြီပေါ့ဗျာ"

ရေထဲဆင်း၍ရှာဖွေနေကြသောသူများပင် စိတ်မကောင်းခြင်းကြီးစွာဖြစ်ပြီး ချောင်းအတွင်း ရေငုပ်ရှာဖွေခြင်းပင် မပြုနိုင်ကြတော့ချေ။

မိကျောင်းစိန်၏ အမေဖြစ်သူ မခင်ထားမှာလည်း သားဖြစ်သူ၏အဖြစ်ဆိုးကြောင့် -

"အဖေရယ်၊ သားလေးမိကျောင်းစိန်ကို အသက် (၇) နှစ်ပြည့်ရင် ပြန်လာခေါ်မယ်ဆိုတဲ့အိပ်မက်မှန်နေပြီပေါ့"

မခင်ထားမှာ သားဖြစ်သူ မိကျောင်းစိန်နှင့် ပတ်သတ်သော အတိတ်မှစကားတို့ကို တ,ကာပြောပြီး ငိုရှိုက်ရင်း တက်၍တက်၍သွားကာ သတိမေ့မြောသွားလေတော့သည်။

ထိုအချိန်တွင် အရက်သောက်သွားနေသူ မိကျောင်းစိန်၏ဖခင် အရက်သမားကြီး အောင်ဘော်မှာ သားဖြစ်သူ၏သတင်းဆိုးကိုကြားပြီး အပြေးအလွှား ရောက်ရှိလာပါတော့သည်။

"သားရယ်၊ ငါ့သားသေမယ့်အစား အဖေအရက်သမားလူမိုက်ကြီး အရင်သေဖို့ကောင်းတာပါ သားရယ်"

ဟူ၍ မချိတင်ကဲ ရှိုက်ကြီးတငင် ငိုကြွေးရင်း ပြောဆိုနေပါတော့သည်။

ကျွန်ုပ် စာရေးသူကတော့မူ စာရေးဆရာပီပီ ဤကလေးငယ် မိကျောင်းစိန်နှင့်ပတ်သက်သောအတွေးများပွားရပါတော့၏။

ပထမဆုံး စဉ်းစားတွေးတောမိခြင်းသည်ကား လူဝင်စား ဟူသော ကိစ္စရပ်ပင် ဖြစ်ပါတော့သည်။

စာရေးဆရာ တက္ကသိုလ်ရှင်သီရိမ္မောစရိယ (B.A) ရေးသားပြုစုသည့် 'လူဝင်စား'ဟူသောစာအုပ်တွင် 'လူ့ဘဝခန္ဓာအိမ် နောက်တစ်ကြိမ် တည်ဆောက်သူများ'ဟူသော စာအုပ်အခန်း (၁) တွင် သေဆုံးတို့၏ လားရာဂတိ (၅) မျိုးကို ဖော်ပြထားပါသည်။

၁။ ဒေဝဂတိ-နတ်ပြည်သို့လားရောက်သူ။

၂။ တိရစ္ဆာနဂတိ - တိရစ္ဆာန်ဘဝသို့ လားရောက်သူ၊

၃။ နိရယဂတိ - ငရဲပြည်သို့ လားရောက်သွားသူ၊

၄။ ပေတဂတိ - ပြိတ္တာဘဝသို့လားရောက်သူ

၅။ မနုဿဂတိ-လူ့ဘဝသို့လားရောက်သူ ဟူ၍ ပါရှိပါသည်။

ဤ၌ လူသည် သေဆုံးပြီးနောက် ဝိညာဉ်လောက ပေတဂတိ ပြိတ္တာဘဝသို့ ရောက်ပြီး ၎င်းမှတစ်ဖန် ပြန်၍စုတေကာ လူ့ပြည်လူ့ဘဝသို့ ရောက်ရှိခြင်းဖြစ်ပါသည်။

သတ္တဝါတို့၏ ဘဝအစနှင့် ပတ်သက်၍ ခရစ်ယာန်ဘာသာဝင်၊ မွတ်စလင်ဘာသာဝင်တို့ကမူ အနန္တတန်ခိုးရှင်ဖြစ်သော ဘုရားသခင်က ဤလောကကြီးနှင့် သတ္တဝါတွေကို ဖန်ဆင်း၍ သတ္တဝါအစ ဖြစ်ပေါ်လာရသည်ဟု ယုံကြည်ကြပါသည်။

သိပ္ပံပညာရှင်တို့အဆိုကမူ မိဘနှစ်ပါး၏ သုက်သွေးဖြင့် သားအိမ်မျိုးစေ့မှ ပေါက်ဖွားပြီး သတ္တဝါများဖြစ်နေရသည်ဟု ဆိုပြန်ပါသည်။

ကျွန်ုပ်တို့ ဗုဒ္ဓဘာသာဝင်တို့၏ အထွတ်အမြတ်ဖြစ်သော ဗုဒ္ဓဘုရားရှင်ကတော့မူ -

□□ *ဤသံသရာသည် မသိ၊ မမြင်အပ်သော အစရှိသည့် အဝိဇ္ဇာဖြင့် ပိတ်ဖုံး၍ တဏှာဖြင့် နှောင်ဖွဲ့အပ်သည်ဖြစ်ကာ ကျင်လည်ပြေးလွှားနေရသော သတ္တဝါတို့၏ ရှေးဦးအစကို မသိ၊ မမြင်နိုင် -*

ဟု ဟောကြားတော်မူထားပါသည်။

အချုပ်ဆိုရသော် လူဝင်စား ဆိုသည်မှာ ဤဘဝမှ နာမ်ဝိညာဉ်သည် နောင်ဘဝသို့ မပျောက်ပျက်ဘဲ ကူးပြောင်းသွားခြင်းမျိုးကို ဆိုလိုခြင်းမဟုတ်ချေ။ ရောက်ရာဖြစ်ရာဘဝမှ ပြန်လည်သတိရ မှတ်မိခြင်း ဟူသော ဇာတိဿရဉာဏ်ရသူတို့ကိုသာ လူဝင်စားအဖြစ် ခေါ်ဆိုခြင်း ဖြစ်ကြောင်း ဖွင့်ဆိုထားပါသည်။

ဤ၌ ကျွန်ုပ်စာရေးသူကမူ လူဝင်စား မိကျောင်းစိန် ဟူသည် လွန်စွာမှ ဂုဏ်ရဆန်၍ လွန်စွာမှအံ့ဩဖွယ်ကောင်းသောကရုဏာရသဖြင့် ပြွမ်းတီးနေသည့် လူသားတစ်ဦးအဖြစ်သာ တွေးမြင်မိပါတော့သတည်း။

နန္ဒဝင်းကျော်ခေါင်

---

စိုးထွန်း(ဥပဒေ)

# ပုရွက်ဆိတ်အန္တရာယ်ကို ဒီလိုကာကွယ်ပါ

ပုရွက်ဆိတ်နဲ့ အိမ်ဟာ တစ်တွဲတည်းရှိတတ်တဲ့ အရာတွေပါပဲ။ အိမ်အသစ်ဆောက်ပြီး တစ်လလောက်ကြာရင်ပဲ ပုရွက်ဆိတ်က အလည်ရောက်လို့လာပါပြီ။ ဟင်းနံ့ကျွေးနံ့က သူတို့ကို ဆွဲဆောင်လိုက်တာကိုး။ ဒီကောင်တွေက တစ်နေ့စာအပြင် မိုးတွင်းစာပါ စုဆောင်းတတ်ပါတယ်။ သူတို့ကိုထိမိရင်လည်း လူကို အသေခံပြီးကိုက်ပါလိမ့်မယ်။

အေးတဲ့နေရာ၊ ရေလွတ်တဲ့နေရာဆိုရင် အသိုက်ဖွဲ့ပြီးနေတတ်ကြတယ်လေ။ လူတွေကလည်း အစားအစာတွေကို ပုရွက်ဆိတ်တက်တာနဲ့ မကြိုက်တော့ပါဘူး။ လူတွေအသုံးပြုတဲ့ ကြောင်အိမ်ဟာ ကြွက်နဲ့ ကြောင်ရဲ့ ဘေးရန်ကင်းပေမယ့် ပုရွက်ဆိတ်ရန်ကို ကာကွယ်ဖို့ မလွယ်ကူနိုင်တာကို လူတိုင်းသိနေကြပါတယ်။

အခုလို ခက်ခဲတဲ့ကိစ္စကို လွယ်လွယ်ကူကူ ဖြေရှင်းနိုင်တဲ့ နည်းလမ်းကို ဖော်ပြပေးပါမယ်။

ငါးပိနဲ့တို့စားတဲ့ သခွားသီးဆိုရင် လူတိုင်းသိမှာပါ။ အဲဒီသခွားသီးကို အစိတ်ကလေးတွေ စိတ်လိုက်ရပါမယ်။ ပြီးရင် ကြောင်အိမ်ခြေထောက်က ခြေလေးချောင်းရှိတယ်မဟုတ်လား။ ခြေတစ်ချောင်းမှာ လေးမျက်နှာဆိုတော့ လေးခု။ ခြေလေးချောင်းဆိုတော့ (၁၆) နေရာ သခွားစိတ်တွေထားရပါမယ်။

အခုလို သခွားသီးစိတ်တွေချထားရင် သခွားသီးကထွက်လာတဲ့ အနံ့ကို ပုရွက်ဆိတ်တွေက လုံးဝမကြိုက်ပါဘူး။ အခုလို သခွားစိတ်ကို ဖြတ်ပြီးကျော်တက်ဖို့ဆိုတာလည်း ပုရွက်ဆိတ်သမိုင်းမှာ မရှိပါဘူးတဲ့။ ဒီနည်းနဲ့ကာကွယ်ရင် ပုရွက်ဆိတ်တွေအန္တရာယ်က တဖြည်းဖြည်း ကင်းဝေးသွားပါလိမ့်မယ်။

*အိမ်တိုင်းအိမ်တိုင်း ပုရွက်ဆိတ်ဘေးရန်မှကင်းဝေးနိုင်ပါစေ*

စိုးထွန်း (ဥပဒေ)



www.burmeseclassic.com

www.burmeseclassic.com



# နေဝန်းသစ်

## ဘဝပေါင်းက အလွမ်းရှင်မလေး

သံသရာသည် ရှည်လျားလွန်းလှပါသည်။ ထိုသံသရာတစ်လျှောက်လုံး ဘဝပေါင်းများစွာ ကျင်လည်ခဲ့ကြရသော်လည်း သံသရာမှ လွတ်မြောက်လမ်းကို မတွေ့ကြသေးပေ။ အတိတ်ဘဝမှက်ကြေးချခဲ့သည့်အတိုင်း သမုဒယသံယောဇဉ်နှင့်မကင်းနိုင်ကြသဖြင့် သုခ၊ ဒုက္ခတွေနှင့် ရောပြွမ်းလုံးထွေးနေကြရပြန်သည်။

သို့သော်လည်း ပိုးဖလံကဲ့သို့ဖြစ်တည်လာသည့်ဘဝကိုပင် ခုံမင်တွယ်တာကြရုံမျှမကဘဲ အတိတ်ဘဝကိုပင် ပြန်လည် တမ်းတလွမ်းဆွတ်ကြပြန်သည်။ မသိမမြင်နိုင်သည့် ဘဝဟောင်းတစ်ခုကို ရမ်းရော်မှန်းဆကြသူများလည်းရှိကြလေသည်။

ထိုသူများထဲတွင် မောင်သက်ဝေတစ်ယောက်လည်း အပါအဝင် ဖြစ်ပါသည်။

တကယ်တော့လည်း မောင်သက်ဝေအဖြစ်က ဆန်းကြယ်လွန်းလှပေသည်။ ကာယကံရှင်ကိုယ်တိုင်မဆိုထားနှင့် ဘေးမှကြားသိရသူတိုင်းပင် စိတ်မကောင်းစွာ ရင်ထုမနာဖြစ်ကြရပါသည်။ သမုဒယကို အခြေခံသော တွယ်နှောင်ရစ်ပတ်မှုသံယောဇဉ်သည် လူသာမန်တွေကို အင်မတန်မှ ဒုက္ခပေးလှပါချေသည်တကား။

❒

အလယ်ရိုးမ တောင်တန်းကြီးကား တစ်မျှော်တစ်ခေါ် ရှိလှပါဘိသည်။ ပြာမှိုင်းမှိုင်းတောင်ဆွယ်တောင်တန်းကြီးတွေနှင့် စိမ်းစိုအုပ်ဆိုင်းနေသောသစ်ကြီးဝါးကြီးတွေကလည်း အုပ်အုပ်ဆိုင်းဆိုင်းရှိလှသည်။

ကွယ်လုလု နေလုံးကြီးက တိမ်တောင်တို့ကို အရောင်ဟပ်ကာ ဆည်းဆာအချိန် တောက်ပလို့နေပြန်သည်။ အိပ်တန်းပြန် ကျေးငှက်သာရကာတို့၏ မြည်ကျူးသံများနှင့်အတူ တောအတွင်းပိုင်းဆီမှ မျောက်တစ်အုပ်၏ ကြိုးခွေ၊ ကြိုးခွေဟု အော်သံများ ရိုးမတောအနှံ့ ပျံ့လွင့်လာသည်။

မောင်သက်ဝေတစ်ယောက် ဆည်းဆာအချိန် ရိုးမတော၏ သဘာဝအလှများကို ကျောက်ကုန်းတစ်ခုပေါ် ထိုင်လျက် ငေးမောကြည့်နေမိသည်။ ဤရိုးမတောကို ရောက်လေတိုင်း တောအတွင်းပိုင်းတစ်နေရာဆီသို့ လှမ်းမျှော်ငေးကြည့်မိသည်။ ထိုအခါ အမျိုးအမည်မဖော်ပြနိုင်သော ခံစားမှုတစ်ခုက ရင်ထဲ၌ အလိုလိုဖြစ်ပေါ်လာတတ်သည်။

ထိုအခါ မောင်သက်ဝေမှာ တစ်စုံတစ်ရာ လွမ်းဆွေးတမ်းတမိသလိုဖြစ်လာသည်။ ရိုးမတောကြီးအတွင်းပိုင်းအထိ ဝင်ရောက်ကြည့်ရှုလိုစိတ်များ ဖြစ်လာခဲ့သည်မှာလည်း အကြိမ်ကြိမ်မနည်းတော့ပေ။ သို့ဖြစ်လာတိုင်း ဘကြီး ဦးမင်းနိုင်ကို ပြောပြမိသည်။ ဘကြီး ဦးမင်းနိုင်ကလည်း တူဖြစ်သူ မောင်သက်ဝေအား မသွားသင့်ကြောင်းတားမြစ်သည်။ အခါအခွင့်သင့်သည့်အခါ ရိုးမတောအတွင်းကျွမ်းကျင်နဲ့စပ်၍ ယုံကြည်စိတ်ချရသူနှင့် ထည့်ပေးမည်ဟုချည်းသာပြောခဲ့သည်။ မောင်သက်ဝေမှာ ဘကြီးစကားကို မပယ်ရှားဝံ့သဖြင့် မချင့်မရဲနှင့်သာနေခဲ့ရသည်။ တစ်ချိန်ချိန်မှာတော့ သွားဖြစ်အောင်သွားမည်ဟု ဆုံးဖြတ်ထားခဲ့



www.burmeseclassic.com

www.burmeseclassic.com



သသည်။

"မောင်သက်ဝေ တူကြီး၊ နေ ကောင်းပြီကွယ်။ မမှောင်ခင်ပြန်ကြပါစို့"

နောက်နားဆီမှ ဘကြီးဦးမင်းနိုင် ၏အသံပေါ်လာသည်။ မောင်သက်ဝေ အသာအယာလှမ်းကြည့်လိုက်ရာ ဦးမင်း နိုင်တစ်ယောက် မိမိရှိရာသို့လှမ်းလာ နေသည်ကို မြင်လိုက်ရသည်။ ဘကြီး ဦးမင်းနိုင်က မောင်သက်ဝေ၏ ပခုံး တစ်ဖက်အား ကြင်နာယုယစွာ ဆုပ်ကိုင် လိုက်သည်။

"မပြန်ခင် နောက်ရက်တွေမှာ လည်း လာလို့ရတာပဲကွယ်။ ဒီနေ့အဖို့ တော့ တော်လောက်ပြီ မောင်သက်ဝေ"

"ဟုတ်တော့ဟုတ်ပါတယ် ဘကြီး ရယ်။ ဒါပေမယ့် ကျွန်တော့်စိတ်က ဒီ ရိုးမတောကြီးရဲ့အတွင်းပိုင်းကိုသိပ်သွား ချင်နေတယ်။တောကြီးထဲမှာ ကျွန်တော့် အတွက် စိတ်ဝင်စားစရာတွေ၊ လေ့လာ စရာတွေအများကြီးရှိနေမှာပါ"

မောင်သက်ဝေက သူ့စိတ်အာသီ သကို ပြောပြသည်။

ဘကြီးဦးမင်းနိုင်က မောင်သက် ဝေကိုကြည့်လျက် သက်ပြင်းတစ်ချက်ချ လိုက်သည်။ ပြီးလျှင် ညင်သာစွာ ခေါင်း တစ်ချက်ညိတ်လိုက်သည်။

"ငါ့တူကြီး မောင်သက်ဝေရဲ့ ဆန္ဒ ပြည့်ဝရမှာပါ။ အဲဒီအတွက် ဘကြီးမှာ စိတ်ကူးတစ်ခုရှိပါတယ်"

"ဟင် - တကယ်ပြောတာလား ဘကြီး"

"ဘကြီးအမှန်အတိုင်းပြောနေတာ





www.burmeseclassic.com

www.burmeseclassic.com

ပါ။ တို့ရွာအရှေ့ဘက် ဖိုးသာအောင်ကုန်းမှာနေတဲ့ မုဆိုးကြီးဗရမ်းက ဒီရိုးမတောကို သိပ်ပြီးကျွမ်းကျင်တယ်။ သူနဲ့ မောင်သက်ဝေကို ထည့်ပေးလိုက်ဖို့ ဘကြီးစိတ်ကူးမိတယ်။ အဲဒါ မနက်ဖြန် မုဆိုးကြီးဗရမ်းဆီကို တို့တူဝရီးနှစ်ယောက်သွားတွေ့ကြတာပေါ့ကွယ်"

"ဟာ - ဝမ်းသာလိုက်တာ ဘကြီးရယ်"

မောင်သက်ဝေမှာ သူ့ဆန္ဒပြည့်ဝတော့မည်ဖြစ်၍ ပြုံးရွှင်ဝမ်းသာသွားသည်။ ပီဘိကလေးငယ်တစ်ယောက်ကဲ့သို့ ရွှင်မြူးနေပုံကိုကြည့်လျက် ရင်ထဲချမ်းမြေ့နေသည်။

တကယ်တော့ မောင်သက်ဝေမှာ ဌာနတစ်ခုမှ အရာရှိငယ်တစ်ဦး ဖြစ်သည်။ ဘကြီးဦးမင်းနိုင်၏ နှမဝမ်းကွဲတော်စပ်သူ၏သား ဖြစ်သည်။ ရုံးပိတ်ရက်တိုင်း ဝမ်းကွဲဘကြီး ဦးမင်းနိုင်နေထိုင်ရာ ဤအလယ်ရိုးမတောင်ခြေရွာလေးသို့ လာရောက်လေ့ရှိသည်။ ကဗျာဝါသနာရှင်တစ်ဦးဖြစ်သည့်အတိုင်း ဤအလယ်ရိုးမတောကြီးနှင့်ပတ်ဝန်းကျင်အလှအပ သဘာဝတရားတို့ကို ခံစား၍ ကဗျာရေးဖွဲ့တတ်သည်။ ထို့ကြောင့်လည်း စာအနုအလှနှင့် ကာရံဖူးဖူးရွှရွှကလေးများကို ရေးသီခံစားတတ်သူ မောင်သက်ဝေ၏ နှလုံးသားတွင် ရိုးမတော၏သဘာဝတရားက ဖမ်းစားထားပြီထင်ပါရဲ့။ သာမောဖွယ် ရိုးမတောကြီးက ကဗျာအတွေးနှင့် လွမ်းဆွေးဖွယ်များကောင်းနေပြီလား မပြောတတ်ပါပေ။

"ကဲ-မောင်သက်ဝေ၊ မမှောင်ခင်ရွာရောက်အောင် ပြန်ကြရအောင်။ မနက်ဖြန်ကျတော့ သွားဖို့လည်းရှိသေးတယ် မဟုတ်လား"

"ဟုတ်ကဲ့ပါ ဘကြီး"

ဘကြီးဦးမင်းနိုင်၏ စကားအဆုံးတွင် မောင်သက်ဝေထိုင်နေရာမှထလိုက်သည်။ ထို့နောက် တူဝရီးနှစ်ယောက်မှာ ခင်တန်းတောစပ်ကလေး ဟိုမှာဘက်ရှိရွာဆီသို့ သုတ်သုတ်လေးပြန်လာခဲ့ကြတော့သည်။

❐

ဆွမ်းခံဝင်ချိန်မို့ နေလုံးကအတော်ပင် မြင့်နေချေပြီ။ ဖိုးသာအောင်ကုန်းထိပ်ရှိ ကညင်ပင်ကြီးအနီးရှိ ခြေတံရှည်အိမ်တစ်လုံးကို ခပ်လှမ်းလှမ်းမှမြင်နေရသည်။ မြက်သက်ငယ်မိုး၊ဝါးကပ်ကာရံထားသော ထိုခြေတံရှည်အိမ်၏အတွင်း၌ လူတစ်ဦးရှိနေသည်။ အပေါ်အင်္ကျီဗလာနှင့် ဗလကောင်းကောင်းလူတစ်ယောက် ဝါးကြမ်းခင်းပေါ်၌ အကျအနထိုင်နေသည်။ သူ့လက်ထဲမှ ဒူးလေးအားညှို့ကြိုးကို ဆွဲတင်ထားပြီး ဖြစ်သည်။ ဒူးလေးကို မ,ယူ၍ လက်ယာဘက်ပခုံးတွင် အကျအနထောက်ကာ လက်ဝဲမျက်လုံးကိုမှိတ်လျက် ရှေ့တည့်တည့်သို့ ချိန်လိုက်သည်။ ထို့နောက် ဒူးလေးမောင်းခလုတ်အပေါ် လက်ယာဘက်လက်ညှိုးကို အသာဖိကပ်၍ ကွေးညွတ်ဆွဲလိုက်သည်။

"ဒေါင်"

ဒူးလေးညှို့ကြိုး၏အရှိန်ပြင်းပြင်းလှုပ်ခါရိုက်သံထွက်ပေါ်လာသည်။ ထိုအခါ ဒူးလေးပစ်သူက ကျေနပ်စွာ ပြုံးလိုက်ပြီး ဒူးလေးကို ဘေးနားသို့ ပြန်ချလိုက်သည်။

"ဗရမ်းရေ၊ ဟေ့ - ဗရမ်းရှိလား"

အိမ်ရှေ့မှ အော်ခေါ်သံကြားလိုက်သဖြင့် အိမ်ပေါ်မှလူက အပြင်သို့လှမ်းကြည့်ရင်း ပြန်ပြောလိုက်သည်။

"ဝေး-ရှိတယ်လေ၊ ဘယ်သူတွေတုံး"

"တို့ပါကွ ဗရမ်းရဲ့ မင်းရှိနေတာအတော်ပဲဟေ့"

ပြောပြောဆိုဆိုနှင့် လှေကားမှလာကြသူများကို ဗရမ်း ဆိုသူက လှမ်းကြည့်လိုက်ကာ ကွမ်းချိုးတွေတက်နေသော သွားများပေါ်လာအောင် ရယ်လိုက်သည်။

"ဟား ဟား ဟား - ဘယ်သူတွေများမှတ်တယ်၊ အစ်ကိုကြီးမင်းနိုင်တို့ပါလားဟေ့။ အလည်သက်သက်တော့ မဟုတ်ဘူးမှတ်တယ်"

"အေး-ဆိုပါတော့ကွာ၊ ဟောဒီက ငါ့တူမောင် သက်ဝေကိစ္စပဲ ဆိုပါတော့ ဗရမ်းရာ"

ဘကြီး ဦးမင်းနိုင်က မောင်သက်ဝေအား ညွှန်ပြလျက်ပြောလိုက်သည်။

ထိုအခါကျမှ မုဆိုးကြီးဗရမ်းကလည်း မောင်သက်ဝေကိုသေသေချာချာ သတိပြုမိသွားသည်။ မောင်သက်ဝေအား ခြေဆုံးခေါင်းဆုံးကြည့်လျက် မုဆိုးကြီးဗရမ်း၏မျက်နှာတွင် အံ့ဩရိပ်များဖုံးလွှမ်းသွားသည်။ မောင်သက်ဝေမှာ မုဆိုးကြီးဗရမ်း၏အံ့ဩနေဟန်ကို သတိမပြုမိပေ။ အိမ်အတွင်းရှိ နံရံအကာများဆီသို့သာ စိတ်ဝင်စားစွာ ကြည့်နေမိသည်။ မုဆိုးကျော်ကြီးတစ်ဦး၏အိမ်ပီသလှပါသည်။ အိမ်အကာနံရံများတွင် အမဲလိုက်၍ရသောသားကောင်မျိုးစုံတ်၏ ချိုများ၊ သားရေများကို စုံလင်စွ ချိတ်ဆွဲထားသည်။ အမဲလိုက်ဓားအမျိုးမျိုးအပြင် မြား၊ ကျည်ထောက်နှင့်အပြည့်မြားတံချောင်းများနှင့် ဒူးလေးများကိ စိတ်ဝင်စားစွာကြည့်နေသည်။

"ဆိုပါဦး အစ်ကိုမင်းနိုင်ရဲ့ ခင်ဗျာ တူကိစ္စဆိုတာ"

ဘကြီးဦးမင်းနိုင်က ကွမ်းတံတွေကို တဲအပေါက်ဝသို့ထွက်ပြီးထွေးလိုက် သည်။ နေရာတွင်ပြန်လည်ထိုင်ပြီးသည် နှင့် ချောင်းတစ်ချက်ဟန့်ကာ စကား ပါတော့သည်။

"ဒီလိုကွ မုဆိုးကျော်ကြီး ဟောဒီ မောင်သက်ဝေ ဆိုတာ ငါ့နှ ဝမ်းကွဲ အေးကြည်မသားပဲကွ။ သူ မြို့မှာနေပြီး အရာရှိတစ်ယောက်ပေ ကွာ။ ခက်တာက သူ့ဝါသနာက စာရေ ပေတွေရေးချင်တာကိုး။ ရှင်းရှင်းပြော ရင် ကဗျာရေးတာဝါသနာကြီးတဲ့ ကဗျ ဆရာပေါက်စပေါ့။ အဲဒါ အလုပ်ပိ ရက် ငါ့ဆီလာတိုင်း ရိုးမတောစပ် သွားထိုင်ပြီး ကဗျာတွေရေးတော့တာ ဟေ့။ အင်း - သူပြောတာဘာတဲ့၊ ရင်ထဲ က ခံစားချက်ဆိုလား။ ငါတော့ နားမလည်ပါဘူးကွာ"

"ဟား ဟား ဟား ဟား"

ဘကြီးမင်းနိုင်၏စကားဆုံးတော့ မုဆိုးကြီးဗရမ်းမှာ အားရပါးရရယ်မော လိုက်သည်။ မောင်သက်ဝေကတော့ ရှေ့ဆက်ပြောကြမည့် စကားကို အာရုံစိုက် မျှော်လင့်နေသည်။

"အေးကွ၊ ဒါနဲ့လိုရင်းပြောရ ကွာ၊ သူက ရိုးမတောကြီးအတွင်းပိုင်း ကိုဝင်ပြီး ရိုးမတောကြီးရဲ့ သဘာဝ ထူးဆန်းမှုတွေကို လေ့လာချင်တယ် ပူဆာတယ်။ ငါကလည်း အသ အရွယ်ကကြီး၊ ရိုးမတောထဲလည် ကျွမ်းကျွမ်းကျင်ကျင်နဲ့နဲ့စပ်စပ်မရှိတော့ အခက်တွေ့နေတာပေါ့ကွာ။ အဲဒါနဲ့ ရိုး တောကြီးထဲမှာ နံ့စပ်ကျွမ်းကျင် မင်းဆီခေါ်လာရတာ။ ဖြစ်နိုင်မယ်ဆို တော့ တစ်နေ့နေ့ ငါ့တူမောင်သက် ကို ခေါ်သွားပေးစေချင်တယ်"

ဘကြီးဦးမင်းနိုင်စကားဆုံးသေ အခါ မုဆိုးကြီး ဗရမ်း၏မျက်နှာမှာ တ သွားသည်။ ထို့နောက် တစ်ခုခု တွေးတော စဉ်းစားနေဟန်ပြုလို မောင်သက်ဝေကိုကြည့်လိုက်နှင့် ပြန်သည်။ မုဆိုးကြီးဗရမ်း၏မျက် တွင် အံ့ဩဟန်တွေ၊ မယုံကြည်နိုင်



www.burmeseclassic.com

www.burmeseclassic.com

တွေ အမျိုးမျိုးအမူအရာဖြစ်ပေါ်နေသည်။

"သူ. . . သူက အစ်ကိုကြီးတူ အစစ်ပဲနော်"

မုဆိုးကြီးဗရမ်းက မောင်သက်ဝေကို လက်ညှိုးထိုးပြီး မေးပြန်သည်။ ပြီးသျှင် မောင်သက်ဝေကို စူးစမ်းသလို ကြည့်လိုက်ပြန်သည်။

"ဟုတ်ပါတယ် ဗရမ်းရာ၊ ငါ့နှမ အေးကြည်မရဲ့သား၊ ငါ့တူအစစ်ပါကွ။ ဘာလဲ - မင်းက မယုံလို့လား"

"မဟုတ်ပါဘူး အစ်ကိုကြီး မင်းနိုင်ရူ သူ့ကို စမြင်တွေ့လိုက်ကတည်းက တွန်တော် အံ့ဩတုန်လှုပ်သွားမိတာ။ တူတာမှ တကယ့်ကို ချွတ်စွပ်တူတာ။ သူဆန်းလိုက်တာဗျာ တကယ့်ကိုပဲ"

"ဟော. . ."

ဘကြီးဦးမင်းနိုင်၏နှုတ်မှ ဟောခနဲ အာမေဋိတ်သံထွက်လာသည်။

မောင်သက်ဝေကိုယ်တိုင်လည်း ဟောင်ဇွဆန်လှသော မုဆိုးကြီးဗရမ်း၏ စကားကို နားမလည်ဖြစ်သွားသည်။ ထို့ကြောင့် သိချင်စိတ်ဖြင့် မေးလိုက်မိသည်။

"ဘယ်လို ချွတ်စွပ်တူနေတာလဲ ခင်။ ဘယ်သူနဲ့ ဘယ်လိုတူတာလဲဆိုတာ ပြောပြပါ ဦးကြီးဗရမ်း"

မုဆိုးကြီးဗရမ်းက ဟင်းခနဲ သက်ပြင်းတစ်ချက်ချလိုက်ကာ အိမ်အလယ်ရိုးမတောကြီးဆီသို့ မျှော်ငေးကြည့်လိုက်သည်။ ထို့နောက် ဘကြီးဦးမင်းနိုင်နှင့် မောင်သက်ဝေတို့အား ရီဝေသောမျက်လုံးများဖြင့် ကြည့်ကာ ပြောပြပါတော့သည်။

❐

ဆောင်းကာလသို့ ရောက်လာသည်နှင့် ရိုးမတောကြီးအတွင်း လူသွားသူလာများလာသည်။ တစ်မိုးတွင်းလုံး သွားရေးလာရေးခက်၍ မဝင်ဖြစ်သော ရိုးမတောကြီးအတွင်းသို့ သွားလမ်းလာလမ်းသင့်ပြီမို့ ဖြစ်ပါသည်။

ထို့ကြောင့် မုဆိုးကြီးဗရမ်းတစ်ယောက်လည်း လက်စွဲတော် ဒူးလေးတစ်လက်နှင့် ရိုးမတောတွင်းသို့ အမဲလိုက်ထွက်လာခဲ့သည်။ တောတိရစ္ဆာန်သားကောင်များ၏အထာကို ကျွမ်းကျင်သူပီပီ သားကောင်များ ရေသောက်ဆင်းတတ်သော စလူမြောင်၏ တစ်ဖက်ရှိ စမ်းချောင်းငယ်လေးရှိရာသို့ ရောက်လာသည်။

ဦးစွာ ပျဉ်းမပင်ကြီးတစ်ပင်အောက်သို့ရောက်သည်နှင့် ပါလာသော စားမြိန်ထုပ်ကို ဖြေလိုက်သည်။ အနီးရှိ အင်ဖက်တစ်ရွက်ကိုခူးကာ စားမြိန်ထုပ်ထဲမှ ထမင်းနှင့် ဟင်းတစ်ဝက်စီ ခွဲယူထည့်လိုက်သည်။ ထို့နောက် လက်တစ်ကမ်းအမြင့်ရှိသော ပျဉ်းမပင်ကြီး၏ခွဆုံပေါ် တင်လျက် တောတိုင်ခြင်းအလုပ်ကို တရိုတသေ ပြုလုပ်လိုက်သည်။

ထို့နောက် ကျန်တစ်ဝက်ကို နေ့လယ်စာအဖြစ် စားလိုက်သည်။ စားသောက်ပြီးသည်နှင့် ပျဉ်းမပင်ကြီး၏ အမြစ်ဆုံဝါးပျဉ်းကြီးကိုမှီလျက် ဒူးလေးနှင့် မြားကျည်တောက်ကို ပြန်လည်စစ်ဆေးနေပြန်သည်။

ထိုစဉ် လေတစ်ချက်တိုက်လိုက်သဖြင့် သစ်ရွက်များလှုပ်ခါသွားသည်။ တစ်ပြိုင်နက်တည်းမှာပင် သင်းပျံ့မွှေးကြိုင်သောရနံ့တစ်ခုကို ရှူရှိုက်မိလိုက်ရပြန်သည်။ မုဆိုးသက်တမ်းတစ်လျှောက် မကြုံစဖူးသောအနေအထားဖြစ်ကြောင်း သတိပြုမိလိုက်သည်နှင့် ဘေးပတ်ဝန်းကျင်သို့ အကဲခတ်စူးစမ်းလိုက်သည်။ တစ်စုံတစ်ရာအန္တရာယ်ဖြစ်ပါက ခုခံနိုင်စေရန် ဒူးလေး၏ညှို့ကြိုးကို ဆွဲတင်ကာ မြားလမ်းကြောင်းသို့ မြားတစ်ချောင်းတင်လိုက်သည်။ ဒူးလေးမောင်းခလုတ်ပေါ်သို့ ညာဘက်လက်ညှိုးအသင့်ကွေးတင်ကာ အခြေအနေကို စောင့်ကြည့်နေလိုက်သည်။

မွှေးရနံ့မှာ ပျောက်ကွယ်မသွားဘဲ ပိုမိုမွှေးကြိုင်လာပြီး မုဆိုးကြီးဗရမ်း၏ ရှေ့တည့်တည့်မလှမ်းမကမ်း ချုံပုတ်ကြီးတစ်ခုနောက်ကွယ်မှ ဖြူဖြူအခိုးအငွေ့တွေလုံးထွက်လာသည်။ ထိုဖြူဖြူအခိုးအငွေ့များမှ မုဆိုးကြီးဗရမ်းကြည့်နေစဉ်မှာပင် အခိုးအငွေ့လုံးကြီးဖြစ်သွားကာ မုဆိုးကြီးဗရမ်းရှိရာသို့ ဝဲပျံလာလေသည်။ မုဆိုးကြီးဗရမ်း မှင်တက်မိနေသူပမာ ထိုဖြူဖြူအခိုးအငွေ့လုံးကြီးအား ငေးကြည့်နေပါသည်။

မုဆိုးကြီးဗရမ်းနှင့် လက်တစ်ကမ်းအသာအကွာလောက်တွင် ဖြူဖြူအခိုးအငွေ့လုံးကြီးမှ တစ်ဖန်ပုံရိပ်တစ်ခုသို့ ပြောင်းလဲသွားလေသည်။ ထိုပုံရိပ်မှာ တဖြည်းဖြည်းနှင့် လူအသွင်သဏ္ဌာန်ပေါ်လွင်လာလေသည်။ မှုန်ဝါးဝါး မပီမသပုံရိပ်မှ အခိုးအငွေ့များ ပြယ်လွင့်သွားကာ လှပချောမောသော မိန်းမငယ်တစ်ဦး၏အသွင် ပေါ်လွင်လာတော့သည်။

မုဆိုးကြီးဗရမ်း အံ့အားသင့်လျက်ကြည့်နေစဉ်မှာပင် မိန်းမငယ်လေးမှ ရှေ့သို့ ခြေတစ်လှမ်းတိုး၍ရပ်လိုက်ပြန်သည်။ မိန်းမငယ်လေးမှာ ရှေးခေတ်နန်းတွင်းသူတစ်ယောက်ကဲ့သို့ ဝတ်ဆင်ထားသည်။ လှပချောမောသောမျက်နှာလေးမှာ ပူဆွေးသောကရောက်နေသူပမာ ညှိုးငယ်နေသည်။ မုဆိုးကြီးဗရမ်းအား မှေသသေချာချာကြည့်၍ အားယူပြုံးရရှာသော အပြုံးတစ်ခုကို ပြုံးလိုက်သည်။ ယခင်က ရွှန်းလက်တောက်ပဟန်တူသော မျက်ဝန်းအစုံတွင် ဝမ်းနည်းပူဆွေးရိပ်များ ယှက်သန်းညှိုးမှိန်နေသည်ကို တွေ့လိုက်ရသည်။ မိန်းမငယ်လေးက အားယူ၍ ပြုံးလိုက်ရသော အပြုံးမျိုးဖြင့် လေးကိုင်သဏ္ဌာန်နှုတ်ခမ်းလေးပွင့်ဟလာသည်။

"အထိန်းတော်ကြီး၊ အထိန်းတော်ကြီး ဒိဗ္ဗ ဟုတ်ပါတယ်နော်"

"ဟင်"

ချိုလွင်ညင်သာသော စကားသံလေးအဆုံး၌ မုဆိုးကြီးဗရမ်း၏ နှုတ်မှ ဟင်ခနဲထွက်လာသည်။

"ဟုတ်ပါတယ်၊ အထိန်းတော်ကြီး ဒိဗ္ဗအစစ်ပါပဲ။ သခင်မလေးလေ မောင်တော်ကို စောင့်ရှောက်ရင်းက အထိန်းတော်ကြီး ပြန်လာနိုးပြန်လာနိုးနဲ့ မျှော်လိုက်ရတာ။ အခုတော့ အဟင့် အဟင့် အဟင့်"

မိန်းမငယ်လေးမှ ပြောရင်းမှ ဝမ်းနည်းပက်လက်ဖြစ်လာပြီး ရှိုက်ငိုနေပြန်ပါသည်။

"ကျုပ်. . . ကျုပ်ကအထိန်းတော်ကြီး မဟုတ်ဘူး။ ဖိုးသာအောင်ကုန်းက မုဆိုးကြီးဗရမ်းလို့ ခေါ်တယ်။ ကလေးမ လူမှားနေပြီထင်တယ်"

မုဆိုးကြီးဗရမ်းက အထိန်းတော်ကြီးဒိဗ္ဗ မဟုတ်ကြောင်း ငြင်းလိုက်လေသည်။

မိန်းမငယ်လေးမှာ ရှိုက်ငိုနေလျက်မှ မျက်ရည်များဖြင့် မော့ကြည့်လေသည်။

"သခင်မလေး လူမမှားပါဘူး အထိန်းတော်ကြီးရယ်။ အထိန်းတော်ကြီးမှ အထိန်းတော်ကြီးအစစ်ပါ။ အင်းလေ - နှစ်ကာလတွေကလည်း ကြာညောင်းခဲ့ပြီးတော့ ဘဝဟောင်းက ဘဝသစ်ကိုပြောင်းခဲ့ပြီဆိုတော့လည်း သခင်မလေးကို ဘယ်မှာမှတ်မိနိုင်တော့မလဲလေ။ အထိန်းတော်ကြီးက မကျန်းမာတဲ့ မောင်တော်ရဲ့ဝေဒနာကို ကုစားဖို့ ဆေး



www.burmeseclassic.com

www.burmeseclassic.com

မြစ်ရှာသွားဦးမယ်ဆိုပြီးထွက်သွားလိုက်တာ ပြန်ရောက်မလာခဲ့ဘူးလေ။ မောင်တော်လည်း ဝေဒနာပြင်းထန်ပြီး ကံကုန်သွားရရှာတယ် အထိန်းတော်ကြီးရယ် အဟင့် အဟင့်"

မိန်းမငယ်မှာ ပြောလျက်မှ ဝမ်းနည်းလာကာ ငိုရှိုက်နေပြန်သည်။

မုဆိုးကြီးဗရမ်းမှာ မိန်းမငယ်ကိုသာ စိတ်မကောင်းစွာကြည့်နေမိပါသည်။

"သခင်မတို့ဟာ ဟိုးပေါက္ကံပြည်ကြီးက ဖခမည်းတော် နရသီဟပတေ့မင်းကြီးရဲ့ ရာဇမာန်ကြောင့် တရုတ်သံအမတ်တွေ ကွပ်မျက်ခံရတာကို အခဲမကျေတဲ့တရုတ်တွေက စစ်အင်အားအလုံးအရင်းနဲ့ ပေါက္ကံရွှေပြည်ကို ဝန်းရံတိုက်ခိုက်လာပါတယ်။ ခမည်းတော်မင်းကြီးလည်း ပေါက္ကံထီးနန်းကို စွန့်ပြီး ဧရာဝတီမြစ်ကြောင်းက စုန်အပြေးမှာ သခင်မတို့လည်း မောင်တော်နဲ့ အထိန်းတော်ကြီး အပါအဝင် သုံးဦးသားဟာ စစ်မက်ရန်သူဘေးက လွတ်အောင် တိတ်တဆိတ်ထွက်ပြေးပုန်းရှောင်ခဲ့ရပါတယ်။ အဲဒါနဲ့ လမ်းခရီးကလည်း ကြမ်းလွန်းတာရယ်၊ စစ်ပွဲမှရလာတဲ့ မောင်တော်ရဲ့ဒဏ်ရာကလည်း ဝေဒနာပြင်းထန်လာလေတော့ ဒီရိုးမတောကြီးထဲက ဂူကြီးထဲမှာ ခိုအောင်းခဲ့ကြရတယ်။ အထိန်းတော်ကြီးက မောင်တော်ရဲ့ဒဏ်ရာ ဝေဒနာကုစားဖို့ ဆေးမြစ်ရှာသွားရာတနေ ပြန်ရောက်မလာတော့ဘူးလေ။ မောင်တော်လည်း ဝေဒနာပြင်းထန်ပြီး ကံကုန်ခဲ့ရရှာတယ်"

မိန်းမငယ်လေးက ပြောရင်းမှ ငိုရှိုက်ပြန်ပါသည်။

မုဆိုးကြီးဗရမ်းမှာလည်း မိန်းမငယ်လေးပြောပြနေသည်ကို နားထောင်နေလျက်မှ တစ်ခုခုကိုပြန်လည်အမှတ်ရမိနေသလို ခံစားလာရသည်။ စိတ်ထဲတွင်လည်း မိမိကိုယ်တိုင် အထိန်းတော်ကြီးဒိဗ္ဗဟု ထင်မြင်နေမိပြန်လေသည်။ သခင်မဟု ဆိုသော မိန်းမငယ်လေးကိုကြည့်တာ ရင်ထဲတွင် သနားစိတ်များဖြစ်လာသည်။ စိတ်မချမ်းမမြေ့စွာဖြင့် မိန်းမငယ်လေးကို ကြည့်နေမိသည်။

"အထိန်းတော်ကြီးလည်း တောတွင်းတစ်နေရာမှာ သားရဲအန္တရာယ်ကြောင့် အသက်ဆုံးရှုံးရပြီဆိုတာ သခင်မနောက်မှသိခဲ့ရပါတယ်။ သခင်မလည်း မောင်တော်ရဲ့ရုပ်ကလာပ်ကို ဂူကြီးထဲက ကျောက်ဖျာပေါ်မှာ ပန်းပေါင်းစုံ ဝန်းရံထားပြီး မောင်တော်ရဲ့အနီးမှာပဲ နှလုံးကြေကွဲလို့ သေပွဲဝင်ခဲ့ရတယ် အထိန်းတော်ကြီးရယ်။ အခုတော့ မောင်တော်ရော အထိန်းတော်ကြီးပါ ကံအကျိုးပေးကောင်းလို့ ဘဝသစ်မှာ လူသားစင်စစ်တွေဖြစ်နေကြပေမယ့် သခင်မကတော့ အယူမကောင်းခဲ့လို့ ဂူကြီးထဲမှာပဲ ဝိညာဉ်လောကသားအဖြစ်နဲ့နေရတုန်းပါပဲ။ သခင်မလေးကို တစ်ခုလောက်အကူအညီပေးပါ အထိန်းတော်ကြီးရယ်"

"ကျုပ်ကဘယ်လိုကူညီရမှာလဲ"

"သခင်မမှာ ခုအချိန်အထိ မောင်တော်ကို လွမ်းဆွတ်တမ်းတနေရတုန်းပါ။ မောင်တော်နဲ့ ပြန်ဆုံရနိုး မျှော်ကိုးစောင့်စားနေခဲ့ရပေမယ့် လွမ်းရက်တွေသာ ကြာညောင်းခဲ့ရတယ်။ ဘဝဟောင်းက မောင်တော်ကို မတွေ့နိုင်ခဲ့ရပါဘူး အထိန်းတော်ကြီးရယ်။ အကယ်၍များ မောင်တော်ကို တစ်နေရာရာမှာ တွေ့ခဲ့ရင် သခင်မရဲ့ဘဝအဖြစ်ဆိုးကို ပြောပြပေးပါ။ သခင်က ဒီဘဝဒီအဖြစ်ဆိုးက ကျွတ်လွတ်အောင် မောင်တော်ကိုယ်တိုင်ကောင်းမှုကုသိုလ်ပြုလုပ်ပြီး အမျှပေးဝေပါလို့။ အဲဒီအခါကျမှ သခင်မသာဓုခေါ်ခွင့်ရပြီး ဒီဘဝဆိုးက ကျွတ်လွတ်ပါမယ်လို့ပြောပေးပါ အထိန်းတော်ကြီးရယ်"

"အဲဒါမှ အခက်ပါပဲ။ ကျုပ်က အဲဒီမောင်တော်ဆိုတာကို သိလည်းမသိ၊ မြင်လည်းမမြင်ဘူးဘဲနဲ့ ဘယ်လိုလုပ်ကူညီလို့ရနိုင်ပါ့မလဲလေ"

"အဲဒီအတွက် မခက်ခဲလှပါဘူး။ ဟောဒီမှာကြည့်ပါဦး"

သခင်မဆိုသည့် မိန်းကလေးငယ်က ငွေချည်ထိုးပဝါဖြူကို လေထဲတွင် ဝှေ့ယမ်းလိုက်ပြီးနောက် ဖြန့်ပြလိုက်လေသည်။ မုဆိုးကြီးဗရမ်းလည်း မိန်းမငယ်ဖြန့်ပြသော ငွေချည်ထိုးပဝါဖြူကို သေသေချာချာကြည့်လိုက်သည်။

"ဟင်. . ."

ငွေချည်ထိုးပဝါသားတွင် ခပ်ရှယ်ရှယ် ချောမောခံ့ညားသော လုလင်ပျိုတစ်ဦး၏ ရုပ်အသွင်ကို ထင်ထင်ရှားရှား မြင်တွေ့လိုက်ရသည်။ ဆန်းကြယ်လှသောအဖြစ်မို့ ရင်သပ်ရှုမောအံ့ဩမဆုံးနိုင်အောင်ဖြစ်နေမိသည်။ ထို့ပြင် ရုပ်ပုံလွှာရှင်လုလင်အား အလိုလိုရှိသလေးစားသွားမိသည်က ပို၍ဆန်းကြယ်နေသည်။ တရင်းတနှီး နီးနီးစပ်စပ်ရှိခဲ့ဖူးသည်ဟုလည်း အလိုလိုခံစားလာမိသည်။

"မှတ်မိပြီလား အထိန်းတော်ကြီး ဟောဒီရုပ်ပုံလွှာရှင် မောင်တော်ကိုသာ တွေ့ခဲ့ရင် သခင်မတောင်းတဲ့ အကူ အညီကိုပေးပေးပါနော်"

"အခုလို အကြောင်းစုံကိုသိလို ရတော့ ကျုပ်ရင်ထဲမှာမကောင်းပါ လေ။ ကလေးမပြောသလို အတိ ကာလတုန်းက ကျုပ်ဟာ အထိန်းတော် ကြီး ဖြစ်နိုင်လောက်ပါတယ်။ တ လည်း ကလေးမနည်းတူ ခံစားရ တယ်။ ဘာပဲဖြစ်ဖြစ် ရုပ်ပုံလွှာရှင် တွေ့ရင် ကျုပ်သေသေချာချာပြော ပါ့မယ်။ ကလေးမသာ စိတ်ချမ်းမြေ့ နေပါတော့လို့ ပြောချင်ပါတယ်"

"ဝမ်းသာလိုက်တာ အထိန်းတော် ကြီးရယ် ဝမ်းသာလိုက်တာ။ သခင်မ မျှော်လင့်တောင့်တပြီးစောင့်စားခဲ့ရ နပ်ပြီလို့ ဆိုရမှာပေ့ါနော်။ အထိန်းတော် ကြီးရဲ့ကျေးဇူးကို သခင်မ မမေ့နိုင်တော့ ပါဘူး။ ကဲ - အထိန်းတော်ကြီးလည်း အချိန်မလင့်အောင် သခင်မကို သွား ပြုပေဦးတော့"

မိန်းမငယ်ကပြောလျက် နော ကျောဘက်သို့ လှည့်လိုက်သည်။ အသွင်ပျောက်ကာ ဖြူဖြူအခိုးအငွေ့ ကြီးပြန်ဖြစ်သွားလေသည်။ ထို့နော သင်းပျံ့မွှေးကြိုင်သောရနံ့များလှိုင် ပြီးသောအခိုးအငွေ့လုံးကြီးမှာ လာခဲ့ ချုံပုတ်ကြီးနောက်ကွယ်သို့ ဝင်ရော ပျောက်ကွယ်သွားလေသည်။ မုဆိုး ဗရမ်းမှာ အတန်ကြာမှ သတိပြန်ဝင် ကာ အခိုးအငွေ့လုံးကြီး ဝင်ရော ပျောက်ကွယ်သွားသော ချုံပုတ် နောက်ကွယ်သို့ ပြေးကြည့်လိုက် ကြီးမားသောဂူပေါက်ကြီးတစ်ပေါက် မြင်တွေ့လိုက်ရတော့သည်။

❒

"အဖြစ်အပျက်ကတော့ အစ်ကိုကြီးမင်းနိုင်။ အဲဒီတုန်းက မြင်ခဲ့ရတဲ့ ရုပ်ပုံလွှာရှင်ဟာ မောင်ရင်နဲ့ တစ်ထေရာတည်း ဖြစ်နေတယ်။ ရုပ်ပုံလွှာရှင်ဟာ အစစ်ပဲ။ ကျုပ်တော့ အတော်ကို နေမိတယ်"

မုဆိုးကြီးဗရမ်း၏ စကား ဘကြီးမင်းနိုင်မှာ ပါးစပ်အဟောင်း ဖြစ်နေသည်။ မောင်သက်ဝေ ကိုယ်တိုင်မမြင်မတွေ့ရသော် သိရှိမှုဖြင့် သခင်မ ဆိုသူအား

www.burmeseclassic.com

www.burmeseclassic.com

ကရုဏာသက်နေမိသည်။ ထို့အတူ ဘောင်္ဂီတစ်ပုဒ်၏အဖြေကို ရှာဖွေတွေ့ရှိသွားသလို မောင်သက်ဝေ၏စိတ်ထဲ၌ ထင်မြင်လာသည်။ ထို့ကြောင့်လည်း ဘဝဟောင်းမှကြင်ရာတော်ဟုဆိုသော သခင်မရှိရာဂူကြီးဆီသို့ရောက်အောင် သွားချင်စိတ်ပေါ်လာသည်။

"ကျွန်တော်ဟာ ဦးကြီးဗရမ်းပြောတဲ့အတိုင်းဆိုင်ရင် သခင်မရဲ့မောင်တော်နဲ့ တကယ်တူတာပေါ့နော်"

"သိပ်တူတာပေါ့ကွာ၊ မင်းဟာ ရိုးမတောကြီးထဲမှာ ငါ့မျက်စိနဲ့ သေသေချာချာမြင်ခဲ့၊ မှတ်သားခဲ့တဲ့ ရုပ်ပုံလွှာရှင် အစစ်ပါပဲ။ မိန်းကလေးရှာခိုင်းလိုက်တဲ့ သူ့ဘဝကိုရောက်နေတဲ့ သူ့မောင်တော်ဟာ မောင်ရင်လေးပဲဆိုတာ သေချာပါတယ်။ ဟိုးအတိတ်ဘဝက မောင်ရင်လေးတို့ရဲ့ အထိန်းတော်ကြီးဆိုတာဟာလည်း ငါပဲလို့ ယုံကြည်တယ်။ အခုတော့ မိန်းကလေးကိုပေးခဲ့တဲ့ ငါ့ကတိ ကျေပွန်သွားပြီပေါ့ကွာ"

မုဆိုးကြီးဗရမ်းက တည်ငြိမ်လေးနက်သောစကားကို ဆိုလေသည်။

ဘကြီးဦးမင်းနိုင်နှင့် မောင်သက်ဝေတို့မှာလည်း တိုက်တိုင်ဆိုင်ဆိုင်ကြုံတွေ့ရသောကြောင့် ကံကြမ္မာ၏ထူးဆန်းမှုကို အံ့သြနေမိသည်။

"အင်း - လူ့ဘဝကြီးက တယ်လည်း ဆန်းကြယ်လွန်းလှပါလား။ အတိတ်ကရှိခဲ့တဲ့ ကံ၊ ကံ၏အကျိုးနဲ့ ရေစက်က ဆုံပဲဆုံနိုင်လွန်းတယ်။ ငါ့တူ မောင်သက်ဝေနဲ့ ဒီရိုးမတောကြီးက အကြောင်းဆက်တွေရှိခဲ့ကြတာပဲကိုး။ ဒါကြောင့်လည်း မောင်သက်ဝေက ဒီရိုးမတောကြီးကိုပဲ ထူးထူးခြားခြား စိတ်ဝင်စားနေတာဖြစ်မှာပေါ့။ အားလုံး အတိတ်ရည်လည်ပြီဆိုတော့လည်း ဘဝဟောင်းက ကျန်ရစ်သူအတွက် တို့လုပ်ပေးသင့်တာကို လုပ်ပေးရတော့မှာပေါ့ကွာ"

ဘကြီးမင်းနိုင်က တွေးတွေးဆဆမြင့်ပြောလာသည်။

မောင်သက်ဝေမှာ ရိုးမတောကြီးကို ငေးငိုင်ကြည့်နေရာမှ ပြန်လှည့်ကြည့်လာသည်။ မောင်သက်ဝေ၏ မျက်လုံးများတွင် မျက်ရည်ဥများခိုနေသကဲ့သို့ ဆို့နင့်ကြေကွဲစွာပြောလာတော့သည်။

"ကျွန်တော် ဘာလုပ်သင့်သလဲ ဘကြီးရယ်၊ ပြောပြပါဦးဗျာ"

"အေး-သခင်မရဲ့အမှာစကားအရဆိုရင်တော့ သူဒီဘဝဆိုးကကျွတ်လွတ်သွားအောင် မောင်သဏ်ဝေကိုယ်တိုင် ကောင်းမှုကုသိုလ်လုပ်ပြီး သူ့အတွက် အမျှပေးဝေရမှာပေါ့ကွာ။ ဒီငတော့ကာ ဘကြီးတစ်ခုသတိရမိတယ်"

"ဟုတ်ကဲ့ ပြောပါ ဘကြီး"

"ဒီလိုဆိုရင် ကောင်းမလားမသိဘူး။ ဗရမ်းလည်းဝင်ပြီးစဉ်းစားပေးပေါ့ကွာ။ တို့ရွာက ကျောင်းထိုင်ဆရာတော်ကို အကျိုးအကြောင်း လျှောက်တင်ပြီး မောင်သက်ဝေ နေ့တိုင်းထိုင်ပြီး ရိုးမတောကြီးကိုကြည့်နေကျဖြစ်တဲ့ကျောက်ကုန်းထိပ်မှာ စေတီတစ်ဆူတည်ရင် ကောင်းမယ်ထင်တယ်"

"ဟာ - ဟုတ်တာပေါ့ အစ်ကိုကြီးရေ။ ကောင်းတယ်၊ သိပ်ကောင်းတယ်"

"ဘကြီးပြောတာ ကျွန်တော်လည်း သဘောကျပါတယ်။ အဲဒါဆိုရင် ဆရာတော်ဘုရားကို အမြန်ဆုံးလျှောက်ပြီး ကျောက်ကုန်းပေါ်မှာ စေတီတစ်ဆူတည်ထားမယ်ဗျာ"

မောင်သက်ဝေမှ ယခုမှ မျက်နှာပြုံးရွှင်လာကာ အားရဝမ်းသာပြောလာလေသည်။ တူဖြစ်သူ၏ ပြုံးရွှင်နေသော မျက်နှာကို မြင်လိုက်ရသောအခါ ဘကြီးဦးမင်းနိုင်၏ရင်ထဲမှ စိုးရိမ်ပူပန်စိတ်များ ပျောက်ကွယ်သွားလေသည်။

"ဒါဆိုရင် တို့အခုပဲကျောင်းထိုင်ဆရာတော်ဆီသွားပြီးလျှောက်တင်ကြတာပေါ့။ မောင်သက်ဝေလည်း ရိုးမတောထဲကိုသွားမယ့်အစား ကောင်းမှုကုသိုလ်လုပ်ဖို့အတွက် အချိန်တွေကို အကျိုးရှိရှိ အသုံးချလိုက်ကြစို့ကွယ်။ ကဲကဲ - ကျေးဇူးတင်ပါတယ် ဗရမ်းရာ။ ငါတို့တူဝရီး အချိန်ရှိတုန်း ဆရာတော်ဆီသွားလိုက်ဦးမယ်"

"ကောင်းပါပြီ အစ်ကိုကြီးရေ၊ စေတီတည်ဖြစ်တဲ့အခါ ကျုပ်ကိုလည်း အကြောင်းပြုပေးပါ။ ကျုပ်လည်း ဒီကိစ္စမှာပတ်သက်ပါဝင်နေလို့ ကျုပ်ကိုယ်တိုင် လုပ်အားနဲ့ ကူညီပေးပါရစေ"

"စိတ်ချစမ်းပါ ဗရမ်းရာ"

သို့နှင့် ဘကြီး ဦးမင်းနိုင်နှင့် မောင်သက်ဝေတို့မှာ မုဆိုးကြီးဗရမ်းဆီမှ ပြန်လာခဲ့ကြလေသည်။

❒

နံနက်ခင်း၏ နေရောင်ခြည်နုနုအောက်တွင် အရာအားလုံး ရွှန်းလက်တောက်ပနေသည်။ ကျောက်ကုန်းထက်တွင် ရွာသူရွာသားများနှင့် စည်းကားနေသည်။

"ချလွင်. . . ချလွင်. . . ချလွင်"

သာယာနာပျော်ဖွယ်ကောင်းလှသော ဆည်းလည်းသံချိုချိုလေးများမှာ ကျောက်ကုန်းထိပ်မှ လွင့်ဝဲပျံ့လာသည်။ ကျောက်ကုန်းထိပ်တွင် ရွှေရောင်ဝင်းလက်နေသော ဉာဏ်တော် ကိုးတောင်ပြည့်စေတီငယ်နှင့် မဏ္ဍပ်ကြီးတစ်ခုက ထည်ထည်ဝါဝါတည်ရှိနေသည်။ ထိုအကြောင်းခြင်းရာမှာ ကျောင်းထိုင်ဆရာတော် မိန့်မှာခွင့်ပြုတော်မူသည့်အတိုင်း တည်ထားသော ဘုရားဒါယိကာဖြစ်သည့် မောင်သက်ဝေ၏ ကောင်းမှုကုသိုလ်တော်ပင် ဖြစ်ပါသည်။

ဗုဒ္ဓဘိသေက အနေကဇာတင် တရားသဘင်မဏ္ဍပ်ကြီးထဲ၌ တရားနာပရိသတ်များနှင့်ပြည့်နေသည်။ တရားသဘင်မဏ္ဍပ်ကြီး၏ခေါင်းရင်းဘက်တွင် ရှိသော သံဃာစင်ပေါ်၌ ကျောင်းထိုင်ဆရာတော် အပါအဝင် သံဃာတော်များ စုံညီနေသည်။ တရားနာပရိသတ်များ၏ရှေ့ဆုံး၌ ဘကြီးဦးမင်းနိုင်၊ မောင်သက်ဝေနှင့် မုဆိုးကြီး ဗရမ်းတို့ တရားနာယူနေသည်။

ထိုအချိန်တွင် သင်းပျံ့မွှေးကြိုင်သောရနံ့တစ်ခုက တရားသဘင်မဏ္ဍပ်ကြီးတစ်ခုလုံး လွှမ်းခြုံဖြန့်ကြက်မွှေးကြိုင်သွားသည်။ ထူးခြားသော အမွှေးရနံ့ကြောင့် အားလုံးခေတ္တမျှငြိမ်သက်သွားသည်။ မည်သည့်နေရာဆီမှလာသော မွှေးရနံ့ဟု မခန့်မှန်းနိုင်သော်လည်း ဝန်းကျင်ကို လှည့်လည်ကြည့်နေမိကြသည်။

ဘကြီး ဦးမင်းနိုင်မှ အကြောင်းစုံတင်လျှောက်ထားပြီးသည့်အတွက် အဖြစ်အပျက်မှန်ကို သိထားနှင့်သော ဆရာတော်မှ တည်ငြိမ်အေးချမ်းစွာ အမိန့်ရှိလာသည်။

"အိမ်း-သက်ဆိုင်တဲ့သူကိုယ်တိုင်ရောက်လာခဲ့ပြီဆိုတော့ ရည်ရွယ်ထားတဲ့အတိုင်း အကျိုးထရောက်ပြီလို့ ပြောရမှာပါပဲ။ ကဲကဲ - ကာယကံရှင် ဒကာမလေးလည်း သင့်လျော်တဲ့နေရာကနေပြီး တရားနာပေရော့"

ဆရာတော်၏ စကားကြောင့် အားလုံး နားလည်သဘောပေါက်သွားကြသည်။ ထို့အပြင် မောင်သက်ဝေ အတိတ်ဘဝမှ ကံအကြောင်းမလှခဲ့ရပုံများကို သိထားကြ၍လည်း ကိုယ်ချင်းစာနာမိကြလေသည်။ ကိုယ်စီ၌ စိတ်မကောင်းဖြစ်မိကြသော်လည်း ကာယကံ



www.burmeseclassic.com

www.burmeseclassic.com

## နေပြည်တော်ကျော်ကျော်စိုး

# ခွေးလေးယားအဃဥ်စေ့ဇာ်အစွမ်း

ရန်ကုန် ဗဟန်းမြို့နယ်မှာရှိတဲ့ မဟာစည်သာသနာ့ရိပ်သာကြီးရဲ့ (၆၄) နှစ်မြောက် သြဝါဒခံယူ ပူဇော်ပွဲကြီးကို ဦးသီဟခေါ် ဦးမွတ်တား ဦးဆောင်တဲ့ ကျွန်တော်နဲ့ မောင်မြတ်ထွန်းတို့ ဇနီးမောင်နှံအုပ်စုဟာ ၁၆ - ၁၂ - ၂၀၁၃ နံနက် (၆) နာရီမှာ ရောက်ကြပါတယ်။

ရောက်တယ်ဆိုရင်ပဲ ဆရာတော် ဒေါက်တာဘဒ္ဒန္တဇဋိလကို ဦးခိုက်ပူဇော်ကန်တော့ကြပါတယ်။ ပြီးတာနဲ့ နံနက်စာကျွေးပြီး ကျွန်တော်တို့ ယောကျ်ားတွေကို ဓမ္မဗိမာန်တော်ကြီးအောက်ထပ်ကို ကြိုဆိုရေးနဲ့ နေရာချထားရေးအဖွဲ့က နေရာချပေးပါတယ်။ နေပြည်တော် ပြန်ကပြေး မဟာစည်ရိပ်သာရဲ့ တပည့်ဒါယကာ၊ ဒါယိကာမတွေဟာ စုစုပေါင်း (၁၀၀) ကျော် (၂၀၀) မျှ ရှိမယ် ထင်ပါတယ်။ (ပြန်ကပြေး)အောင်ဇမ္ဗူ (ဆိတ်နံတုန်း) အောင်သုခ၊ ညောင်ပင်ကြီးစု သာယာကုန်း၊ ဖျဉ်းမနား စသည်များပြားလှပါတယ်။ တစ်နှစ်တစ်ခါ ပူဇော်ပွဲကြီးကို အားခဲပြီးလာကြခြင်းပါ။

အနယ်နယ်အရပ်ရပ်က မဟာစည်ဆရာတော်များ၊ တပည့် ဒါယကာ၊ ဒါယိကာမများ လာကြတဲ့အခါ ရဟန်းသာမဏေ (၇၀၀) ကျော်၊ လူ၊ သီလရှင်လေး၊ ငါးထောင်တော့ ရှိမယ်ထင်ပါတယ်။ ကျွန်တော်တို့ ယောကျ်ားတွေကတော့ ကျယ်ဝန်းလှတဲ့ ဓမ္မဗိမာန်တော်ကြီးရဲ့ မြေညီထပ်မှာပါ။ ဗိမာန်ကြီးက (၃) ထပ် ဓမ္မဗိမာန်ကြီးပါ။

အောက်ထပ်မှာ ယောကျ်ားတေ[...] နဲ့အတူ ရဟန်းသာမဏေ အနည်းငေ[...] လည်း ပါပါတယ်။ သူ့အစုကိုယ့်အ[...] အုပ်စုလေးတွေဖွဲ့ပြီး နေကြတဲ့အ[...] တစ်ညမှာ အုပ်စုတစ်စုကလူ[...] ကျွန်တော်တို့အဖွဲ့ဆီလာပြီး စကား[...] ပါတယ်။ ကျွန်တော်က မွေးဇာ[...] ကလေးကတည်းက ခွဲခဲ့ရတော့ မသိ[...] တွေသာ များပါတယ်။

"ဗျို့ - ဆရာကြီး၊ ကျွန်တော့်[...] သလုံးကို ခဲချွန်ဓားနဲ့ လှီးခဲ့တာ မှ[...] သေးလား"

လို့ မေးပြီး လာဖက်ပါတယ်။

ကျွန်တော်မမှတ်မိတော့တာ အ[...]

ရှင်တို့၏အကျိုးကိုရှေးရှုလျက် ဆရာတော်၏ တရားတော်ကို နာယူလိုက်ကြသည်။ ဆရာတော်မှ ကောင်းမှုကုသိုလ်အလှူ၏ တရားတော်အား ဟောကြားမိန့်တော်မူပြီးသည့်နောက် ရေစက်ချရန် ပြောလိုက်သည်။

ဘကြီး ဦးမင်းနိုင်၊ မောင်သက်ဝေနှင့် မုဆိုးကြီး ဗရမ်းတို့သုံးဦးမှာ ရေစက်ခွက်ကိုယ်စီကိုင်လျက် ဆရာတော် ရှေ့မှ တိုင်ပေးသည့်အတိုင်း လိုက်ဆိုနေသည်။ ရေစက်ချရန်ဆိုနေသော မောင်သက်ဝေ၏အသံများမှာ သိသိသာသာတုန်လှုပ်နေသည်။ တစ်ခါတစ်ရံ ရှိုက်သံများပါ ပါဝင်နေသည်။ ဘကြီးဦးမင်းနိုင်၏လက်တစ်ဖက်က မောင်သက်ဝေအား သတိထိန်းပါရန် လက်မောင်းထစ်ဖက်ကို ဆုပ်ကိုင်သတိပေးနေသည်။

ထိုအချိန်တွင် မွေးရနံ့မှာ ပိုမိုမွှေးလာလေသည်။ ရေစက်ချနေလျက်မှ ထူးရှသောမွှေးရနံ့ကြောင့် မော့ကြည့်လာသည်။ မောင်သက်ဝေ၏သီဝေနေသော မျက်လုံးအစုံတွင် မျက်ရည်များပြည့်နေသည်။ ကိုးတောင်ပြည့်စေတီငယ်ကို မျက်ရည်များကြားမှ မှုန်ဝေစွာ ဖူးမြော်နေလေသည်။ မျက်တောင်တစ်ချက် ပုတ်ခတ်လိုက်သောအခါ စေတီငယ်၏ မုခ်ဦးမှာ ရေးထိုးထားသော 'သစ္စာတိုင်လွမ်းစေတီ' ဟူသော ဘွဲ့အမည်ကမ္ပည်းကို တွေ့မြင်လိုက်ရသည်။ ခဏမျှ ဘွဲ့အမည်ကမ္ပည်းကို ကြည့်နေပြီးလျှင် ရေစက်ခွက်ကို ငုံ၍အာရုံစိုက်လိုက်သည်။ ထိုအခါ မောင်သက်ဝေ၏ မျက်လုံးအိမ်မှမျက်ရည်ပေါက်ကြွေကျလာလေသည်။

ဆရာတော် ရေစက်ချတရားတိုင်ပေးပြီးသောအခါ ငေးငိုင်နေသော မောင်သက်ဝေအား အမျှပေးဝေရန် ဘကြီး ဦးမင်းနိုင်မှ သတိပေးလိုက်ရသည်။

ထိုအခါကျမှ မောင်သက်ဝေမှာ အမျှပေးဝေရန် အမှတ်ရလျက် ဘဝဟောင်းမှ ကြင်ရာတော် သခင်မနှင့်တကွ ဝေနေယျသတ္တဝါအပေါင်းတို့ကို စိတ်ညွတ်နူး၍ အမျှပေးဝေလိုက်တော့သည်။ ပရိသတ်အားလုံးမှလည်း အထမြောက် အောင်မြင်သွားပြီဖြစ်သော ကောင်းမှုအလှူအတွက် ဝမ်းမြောက်ဝမ်းသာဖြင့် သာဓုခေါ်ဆိုလိုက်ကြပါသည်။

"ချလွင် ချလွင် ချလွင် ချလွင်"

စေတီငယ်၏ ရွှေထီးတော်မှ ဆည်းလည်းသံများ လူ့ပ်ခါမြည်လာလျက် သင်းပျံ့ကြိုင်လှိုင်နေသော မွှေးရနံ့မှာ တဖြည်းဖြည်းပျောက်သွား[...] သည်။ ကျောင်းထိုင်ဆရာတော်[...] သံဃာတော်များ ပြန်လည်ကြွ[...] သကဲ့သို့ တရားနာပရိသတ်မျ[...] လည်း ထွက်ခွာသွားကြပြီ ဖြစ်သ[...] ယူကျုံးမရ ကြေကွဲဝမ်းနည်းနေသေ[...] မောင်သက်ဝေအား ဘကြီး ဦးမင်း[...] ပခုံးနှစ်ဖက်ကို ဆုပ်ကိုင်အားပေးနှ[...] လိုက်သည်။

"မိန်းကလေးအတွက် တို့[...] အကောင်းဆုံးလုပ်ပေးနိုင်ခဲ့ပြီပဲ[...] ခုလောက်ဆိုရင် သူလည်း ဘ[...] တစ်ခုက လွတ်မြောက်သွားနိုင်[...] မဟုတ်လား။ အဲဒီအတွက် [...] လုပ်ဆောင်မှုကို အားရဝမ်းသာ[...] လိုက်စမ်းပါကွာ"

"ဟုတ်သားပဲ မောင်ရင်[...] သခင်မ ဘဝဟောင်းက ကျွတ်သွား[...] ကွာ။ စိတ်မကောင်းဖြစ်မနေပါနဲ့တော[...]

ထိုအခါကျမှ မောင်သက်[...] မျက်ရည်များကိုသုတ်ကာ စေတီငယ်[...] ဦးချကန်တော့လိုက်လေတော့သည်[...]

စေတနာဟံ ကမ္ဘံ ဘိ[...]

နေဝန်း[...]



www.burmeseclassic.com

www.burmeseclassic.com

ပါ။ သူကတော့ တကယ့်ရင်းရင်းနှီးနှီးပါ။ အသက်(၅၀)ကျော်ကျော်တော့ရှိလောက်တဲ့အရွယ်ပါ။ ဘယ်လိုမှစဉ်းစားမရတာနဲ့ -

"မမှတ်မိတော့ဘူး ကိုရင်ရေ။ ကိုရင်က ဘယ်ရွာကတုံး"

"ကျွန်တော် ညောင်ပင်ကြီးစုက ဝင်းရွှေလေ။ ဆရာကြီးက ကိုရင်ကြီးဘဝ တုန်းက ကျွန်တော်တို့ သိမ်ကျောင်းက ဦးစက္ကိန္ဒထံမှာ နွေရာသီဆိုရင်လာတည်းတယ်လေ။ အဲဒီတုန်းက ဆရာကြီးမှာ ခဲရောင်စုံလေးတွေနဲ့ သိမ်ထဲမှာ ပန်းချီဆွဲနေတာ။ ကျွန်တော်က ကလေးဆိုတော့ လက်အငြိမ်မနေဘဲ ခဲတံတွေ ခဲချွန်စားနဲ့ ကောက်ချွန်တာကိုး။ အဲဒီလိုချွန်တော့ ပြောမရတာနဲ့ ခဲချွန်ဓားလုပြီး ကျွန်တော့်ခြေသလုံးကို လှီးလိုက်တာလေ။ အဲဒါ ကျွန်တော့်ခြေသလုံးပြဲပြီး သွေးတွေထွက်မှ ဆရာကြီးနားက ပြေးခဲ့တာ။ အဲဒါ ဒီနေ့အထိ ကျွန်တော်မမေ့ဘူး။ ဆရာကြီးမှာတော့ မေ့လောက်ပြီပေါ့"

"အေးဗျာ -ကိုဝင်းရွှေရေ မမှတ်မိတာ ခွင့်လွှတ်နော်။ မွေးဇာတိနဲ့ ကင်းသွားတာကြာတော့မမှတ်မိတော့ဘူးဗျို့"

"အိုဗျာ ဟုတ်တာပေါ့။ မှတ်မိဖို့ဘယ်လွယ်မလဲ။ ကျွန်တော်တောင် ခြေသလုံးအလှီးခံရလို့ မှတ်မိနေတာ။ ဒါထက် ဆရာကြီးက ဗဟုသုတရှိတော့ ဆေးအကြောင်းမေးရဦးမယ်။ ခွေးလှေးယားသီးအနက်စေ့က ဘာအသုံးဝင်သလဲဆိုတာ သိချင်လို့ပါ"

"ကျုပ်သိထားတာကတော့ ခွေးလှေးယားသီးမှာ အရိုင်းမျိုးရယ်၊ အယဉ်မျိုးရယ် (၂) မျိုးရှိတယ်။ အရိုင်းမျိုးကျတော့ ရှမ်းပြည်နယ်တို့လို အေးမြစွတ်စိုတဲ့တောင်တန်းဒေသတွေမှာမပေါက်ဘူး။ တို့ မြေပြန့် ပူတဲ့ဒေသတွေမှာ သဘာဝအားဖြင့်ပေါက်တယ်။ အရိုင်းရဲ့အသီးက အမွေးထူတယ်၊ အသီးသေးတယ်။ သူ့အမွေးက အဆိပ်ပြင်းပြီး အလွန်ယားတယ်။ခွေးလှေးယားသီးအယဉ်ကျတော့ စွတ်စိုတဲ့ တောင်တန်းဒေသတွေရဲ့ သဘာဝချုံပင်နွယ်ပင်ဖြစ်တယ်။ မိုးကုတ်ချောင်းမြောင်းတွေ၊ တောတောင်တွေမှာ သဘာဝအားဖြင့် အလွန်ဖြစ်ထွန်းတတ်ပြီး သူ့အသီးက သုံးမတ်လုံးလောက်၊ အချို့ကျပ်လုံးလောက်ကြီးပြီး အပြွတ်လိုက်သီးတယ်။ ကတ္တီပါနီညိုရောင်အမွေးနုနုပါတယ်၊ လုံးဝမယားဘူး။ သူ့အစေ့က ပဲစေ့လောက်ကြီးတယ်။ ကြော်စားလို့ရတယ်။ ဆေးသုံးတာတော့မတွေ့ရဘူး။ သူ့အစေ့က ခြောက်ရင် အနက်ရောင်ရှိတယ်။ ကိုရင်ပြောတာ အဲဒီ ခွေးလှေးယားအယဉ်ကို ပြောတာထင်တယ်"

"ဪ - ဟုတ်တယ်ဟုတ်တယ်။ အဲဒီ ခွေးလှေးယားအယဉ်ကို ပြောတာပါ။ ကျွန်တော်တို့ဆီမှာ ခွေးလှေးယားအနက်လို့ ခေါ်နေကြတာလေ"

"သူက တအားကိုဖြစ်တာ၊ တောထဲတွေမှာ သိပ်ပေါတယ်။ ကျုပ်တို့ကျောက်တူးတဲ့လူတွေကျတော့ မတော်တဆကွဲရှလို့စုတ်ပြဲသွားရင် အဲဒီခွေးလှေးယားအရွက် အနီးကဆွဲခူးပြီး လက်နဲ့ လုံးခြေရတယ်။ ပြီးရင် ထွက်လာတဲ့အရည်နဲ့ အနာကိုညှစ်ထည့်ပေးတယ်။ မြန်မြန်ရချင်ရင် ခဲနဲ့ထုခြေရတာပေါ့ဗျာ။ အဲဒီလို အရည်ညှစ်ထည့်ပြီး အဖတ်ကို အုံကာ အဝတ်စုတ်နဲ့စည်းထားလိုက်တာပါပဲ။ ဒါဆို အနာမရင်းဘူး၊ မကြာခင် အနာကျက်ပါတယ်။ဒါကိုတော့ ကျုပ်တို့ကြိမ်ဖန်များစွာ လုပ်ဖူးကြတယ်။ သူ့နွယ်တွေကလည်း သိပ်ခိုင်တယ်။ သူ့အရွက်တွေက ပဲရွက်နဲ့တူပြီး အမွေးစုတ်စုတ်နဲ့ဆိုတော့ ကျုပ်တို့က အလွယ်တကူနွယ်မွေးစုတ်ရွက်လို့ ခေါ်ကြတယ်။ မိုးကုတ်တစ်လျှောက်မှာ အသီးလိုက်ခူးရင် ကားနဲ့တောင်တိုက်လို့ရအောင်ပေါတယ်"

"ဟုတ်လား၊ ကျွန်တော်တို့ဆီမှာကျတော့ အဲဒီအပင်ကို တကူးတကစိုက်ယူရတာဗျ။ ကျွန်တော် တောထဲမှာ စိုက်ထားတာအပင်အတော်များတယ်။ အဲဒါ အစေ့(၂)ပြည်လောက်ရတယ်ဗျ"

"ဘာအသုံးပြုတာလဲဗျာ၊ ပြောပြပါဦး"

"ဆရာကြီးရေ ဒီဆေးနည်းနဲ့ ဒီမျိုးစေ့က ဆရာတို့ ပြန်ကပြေး(အောင်ဇမ္ဗူရပ်) က ရွှေနေမလေး မအေးမြင့်က ပေးတာဗျ။ အစေ့ကိုခြောက်အောင်လှန်း အမှုန့်ပြုရတယ်။ အဲဒီအမှုန့်ကို ပျားရည်စစ်စစ်နဲ့တေပြီးစားရင် ပန်းနာရင်ကျပ် သေချာပေါက်ပျောက်ပါတယ်ဗျာ။ ဒါက ကျွန်တော့်ကိုယ်တွေ့ပါ။ ကြံဖိုကုန်းက ရွှေ့လာတဲ့ ကိုအောင်နိုင်ဆိုရင် ပန်းနာရင်ကျပ်စွဲနေတာ။ နည်းနည်းအစားမှားရင်၊ အေးရင် တဂွီးဂွီးနဲ့ အသက်ရှူရတာ။ ဒါနဲ့ ကျွန်တော်လည်း မနေသာတာနဲ့ ကျွန်တော့်ဆေးပေးစားလိုက်ပါတယ်။ ကိုအောင်နိုင် ပန်းနာရင်ကျပ်ပျောက်ပြီး အကောင်းပကတိဖြစ်သွားတယ်ဗျို့"

"ဒါတင်ပဲလား ကိုဝင်းရွှေ၊ အခြားအသုံးကောရှိသေးလား"

"ရှိတာပေါ့ဗျာ၊ ရှိတာပေါ့။ နှလုံးသွေးကြောကျဉ်းဝေဒနာ၊ နှလုံးရောဂါရှိသူတွေလည်း ဒီဆေးကိုပုံမှန်စားပေးရင် ဝေဒနာသိသိသာသာကြီးကို သက်သာနိုင်ကြောင်းလည်း မအေးမြင့်က ညွှန်းထားတယ်ဗျ။နောက်ပြီးတော့ ကျွန်တော်တို့ ယောက်ျားတွေမှာသာဖြစ်တတ်တဲ့ ပန်းသေ၊ပန်းညှိုးဝေဒနာဆိုတာရှိတယ်။ အဲဒီဆေးကို ပုံမှန်စားပေးရင် ပန်းသေ၊ ပန်းညှိုးဝေဒနာကလည်း ကင်းလွတ်နိုင်ကြောင်း သိရတယ်ဗျ။ သာမန်အနေနဲ့ စားရင်တော့ ကျားအားသိပ်ကောင်းတာပေါ့ဗျာ"

"ဘာလဲ ကိုဝင်းရွှေက လက်တွေ့လား"

"ဆရာကြီးရယ်၊ လက်တွေ့မို့ ရဲရဲအာမခံပြီး ပြောရဲတာပေါ့ဗျ"

ဟု ဆိုရာ ကျွန်တော်တို့အားလုံး ပြုံးရယ်ကြရပြန်ပါတယ်။

"သူ့အစေ့အစိမ်းကော စားဖူးလား"

"ဟုတ်ကဲ့-စားဖူးတယ်။ ပဲနဲ့သိပ်မခြားပါဘူး၊ စားလို့ကောင်းပါတယ်"

"ကျုပ်တို့ မိုးကုတ်မှာ ရွာအပြင်ထွက်တာနဲ့ ပေါမှပေါပဲ။ ဒါပေမယ့် ဘယ်သူကမှ အရေးတယူလုပ်ပြီး မစားကြပါဘူး။ စားကောင်းတယ်လို့ပဲသိကြတာ။ ခွေးလှေးယားသီးအရိုင်းစေ့ကျတော့ ဦးနှောက်အမြှေးရောင်ရောဂါကုတဲ့နေရာမှာ အသုံးဝင်တယ်လို့ စာထဲမှာဖတ်ဖူးပါတယ်။ ကျေးဇူးပဲ ကိုဝင်းရွှေရေ ခုလိုပြောပြတာ အများကြီးကျေးဇူးတင်ပါတယ်"

လို့ ပြောပြဖြစ်ပါတယ်။

(ညောင်ပင်ကြီးစုမှ ကိုဝင်းရွှေသို့ ကျေးဇူးတင်လျက်)

ချမ်းမြေ့ကြပါစေ
နေပြည်တော်ကျော်ကျော်စိုး



www.burmeseclassic.com

www.burmeseclassic.com



□ **ကုက္ကုစ္စမစ္ဆရိယ** - မနာလိုဝန်လိုစိတ်။
သူတစ်ပါးတို့၏ ဂုဏ်ကျေးဇူးကို မအောက်မေ့နိုင်ခြင်းသည် ကုက္ကုစ္စ မစ္ဆရိယတရားလျှင် အကြောင်းရှိ၏။ ကုက္ကုစ္စမစ္ဆရိယဟူသည်လည်း ခေါင်းသွားလျှင် အမြီးပါသည်ဟု ဆိုသကဲ့သို့ ဒေါသနှင့် မကွေမကွာ ယှဉ်ကုန်သောတရားတို့တည်း။ ။

ဦးထွန်းမြင့်၏ ပါဠိသက်ဝေါဟာရ အဘိဓာန်တွင် ကုက္ကုစ္စမစ္ဆရိယကို အထက်ပါအတိုင်း အနက်ဖွင့်ဆိုထားပါသည်။

**ကုက္ကုစ္စမစ္ဆရိယ**။ ကုက္ကုစ္စ - မနာလိုခြင်း၊ မစ္ဆရိယ - ဝန်တိုခြင်း။

□

ပါမောက္ခ အင်ဒရူးဒါးဝင့်မှာ ဆီးချိုရောဂါ အထူးကု ဆရာဝန်ကြီးတစ်ယောက်ဖြစ်စေကာမူ ရာဇဝတ်မှုများဖော်ထုတ်လှမ်းခြင်းကို အထူးဝါသနာပါသူ ဖြစ်လေသည်။ ယခုလည်း အသိမိတ်ဆွေဖြစ်သူ ဒေါက်တာ အက်ဒွင်ကိုလ်ဂျင်ထံ လာရောက် လည်ပတ်ရင်း ဒေါက်တာအက်ဒွင်၏ ပြောစကားများကို အလွန်စိတ်ဝင်စားလျက်ရှိသည်။ ဒေါက်တာအက်ဒွင်မှာ နယ်ဆရာဝန်တစ်ယောက် ဖြစ်သည်။ ပါမောက္ခ အင်ဒရူးသည် အက်ဒွင်ထံသို့ အနားယူရင်း အလည်အပတ် လာရောက်နေခြင်းဖြစ်၏။

"ကျွန်တော်တို့ရွာက လူအိုရုံမှာ အဘိုးကြီး (၂) ယောက် ရှိတယ်ခင်ဗျ။ တစ်ယောက်က အယ်လ်ဖီတဲ့။ တစ်ယောက်ကတော့ ရောဘတ်လို့ခေါ်တယ်။ (၂) ယောက်စလုံး ဒီအရပ်မှာမွေးပြီး ဒီအရပ်မှာကြီးကြတဲ့ ငယ်မွေးချင်း ပေါက်တွေပဲ။ အခု သူတို့ (၂) ယောက်စလုံး အသက် (၁၀၀) ပြည့်ကြတော့မယ်။ ထုံးစံအတိုင်း သူတို့အသက်(၁၀၀) ပြည့်တဲ့နေ့မှာ နှစ်(၁၀၀)ပြည့်မွေးနေ့ပွဲတွေ ခမ်းခမ်းနားနားကျင်းပပြီး ရပ်ရွာက သူတို့ကို ပူဇော်ချီးကျူးကြမှာမို့ (၂) ယောက်စလုံး ဝမ်းသာလုံးဆို့နေကြတယ်။

သူတို့ (၂) ယောက်မှာ အယ်လ်ဖီက အသက် (၁၀၀) ပြည့်ဖို့ တစ်လခွဲပဲလိုတော့တယ်။ ရောဘတ်ကတော့ သူထက် (၁၅) ရက် အသက်ငယ်တယ်။ အယ်လ်ဖီက ကြီးတဲ့သူပေမယ့် ရောဘတ်ထက်မာတယ်ခင်ဗျ။ သူတို့(၂)ယောက်ဟာ တစ်ယောက်ကိုတစ်ယောက်သိပ်ပြီး မနာလိုကြတာဘဲ။ တစ်ယောက်နဲ့တစ်ယောက် လုံးလုံးမတည့်ကြဘူး။ အခု သူတို့ကို လူအိုရုံမှာ (၂) ယောက်စလုံး အတူတူထားပေမယ့် တစ်ယောက် အကြောင်းတစ်ယောက် ဘယ်တော့မှ အကောင်းမပြောဘူး၊ ကလေးတွေလိုပဲ"

ဟု ဒေါက်တာ အက်ဒွင်ကပြောသည်။

မိတ်ဆွေနှစ်ဦး စကားတပြောပြောနှင့် လမ်းလျှောက်လာခဲ့ကြရာ မကြာမီ ကျေးရွာလူအိုရုံအနီးသို့ ရောက်ရှိလာကြလေ၏။ ၎င်းလူအိုရုံမှာ ထိုရွာရှိ မြေပိုင်ရှင်သူဌေးကတော်ကြီးတစ်ဦးက လှူဒါန်းခဲ့သောဌာနတစ်ခုဖြစ်ပြီး လူအို(၉)ဦးကို ကိုယ့်အဆောင်နှင့်ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



# တိုးထက်

## ဣဿာမစ္ဆရိယ

ကျုပ်မိတ်ဆွေကြီးတစ်ယောက် ပါလာတယ်။ ပါမောက္ခ အင်ဒရူးတဲ့။ ဘကြီးနဲ့ တွေ့ရအောင် ကျုပ်ခေါ်လာခဲ့တယ်"

ဟု ဆရာဝန်က မိတ်ဆက်ပေးသည်။

"ဩော်၊ ဩော် - လန်ဒန်မြို့ကြီးကကိုး။ ကျုပ်လည်း လန်ဒန်ကို တစ်ခေါက်ရောက်ဖူးပါတယ်ဗျာ။ ဘယ်တုံးကလဲတော့ မမှတ်မိတော့ပါဘူး။ ဒါပေမယ့် ရောက်တဲ့နေ့ပဲ ကျုပ်အိတ်ထဲက ပိုက်ဆံ (၇) သျှိလင်ကို ခါးပိုက်နှိုက်ခံလိုက်ရတယ်။ ကျုပ်တို့ရွာမှာ ဒီလိုတစ်ခါမှမကြုံဘူးပေါင်ဗျာ။ လန်ဒန်မြို့သူခိုးချည်းပဲ"

ဟု အဘိုးကြီးက ခေါင်းတခါခါနှင့် ဆိုလေ၏။

ဆရာဝန်အက်ဒွင်သည် အဘိုးကြီး၏ စကားများကို ပြုံး၍နားထောင်နေပြီးနောက် -

"ဩော်- ဒါထက် ဒီကနေ့ ဘကြီးရဲ့ မိတ်ဆွေရောဘတ်ကို တွေ့သေးလား"

ဟု မေးလိုက်၏။

"အင်း - တွေ့သေးတယ်လေ။ ဒါပေမယ့် ဒီကောင်ကြီးကြည့်ရတာ သိပ်မဟန်ပါဘူး။ ဒါကြောင့် ကျုပ်က တောင် မင်းတော့ ဘယ်နည်းနဲ့မှအသက် (၁၀၀) ပြည့်အောင်နေရမှာမဟုတ်ဘူး။ တစ်ရာမပြည့်ခင်သေမှာပဲလို့ ပြောခဲ့သေးတယ်"

ဟု အယ်လ်ဖီက ပြန်ပြောသည်။

"အို- ဘာပြုလို့ ဒီလိုသွားပြောရတာလဲဗျာ။ သူ့ခမျာမှာ ဘကြီးလို မမာရှာပါဘူး။ ကဲ - ကျွန်တော်တို့သွားလိုက်ပါဦးမယ် ဘကြီး"

ဟု ဆရာဝန်က နှုတ်ဆက်၍ ထွက်ခဲ့ပြီးနောက် ဒုတိယသူအိုကြီးဖြစ်သောရောဘတ်၏အဆောင်သို့လျှောက်ခဲ့ကြလေ၏။ ရောက်လျှင် ရောဘတ်သည် စောင်များခြုံလျက် ပြတင်းပေါက်မှ ဝင်လာသောနေရောင်တွင် နေဆာလှုံ၍နေသည်ကို မြင်တွေ့ကြရလေသည်။

"ဩော် - ဘကြီး၊ နေဆာလှုံနေတာကိုး"

ဟု ဆရာဝန်က နှုတ်ဆက်လိုက်သည်။

"အိုး-ဒေါက်တာပါလား၊ ဟုတ်ကဲ့ နေပူဆာလှုံနေပါတယ်"

ရောဘတ်က ပြန်ပြောသည်။

ဆရာဝန်သည် ရောဘတ်နှင့် မိမိမိတ်ဆွေ ပါမောက္ခ အင်ဒရူးတို့အား မိတ်ဆက်ပေးလိုက်ရာ ပါမောက္ခကြီးက ဤကဲ့သို့ အသက်တစ်ရာပြည့်လုနီး လူကြီးသူမများနှင့် တွေ့ရသဖြင့် အလွန်ဝမ်းသာကြောင်းဖြင့် အဘိုးကြီးအား ပြောပြလိုက်သည်။ ရောဘတ်မှာ မိမိတို့မကြာခင်က တွေ့ခဲ့ရသော အယ်လ်ဖီထက် အသက်အားဖြင့် (၁၅) ရက်ငယ်သည် မှန်သော်လည်း အယ်လ်ဖီကဲ့သို့ မာမာချာချာမရှိလှပေ။ လေတိုက်လိုက်လျှင် မြေသို့ ဖုတ်ခနဲ ကြွေကျတော့မည့် သစ်သီးအမှည့်လိုဖြစ်ကြောင်း တွေ့မြင်ကြရသည်။

"ကျွန်တော်တို့ ခုနကပဲ အယ်လ်ဖီဆီကိုရောက်ခဲ့ကြသေးတယ်"

ဟု ဆရာဝန်က အဘိုးကြီး၏ နားကို မိမိပါးစပ်နှင့်တေ့၍ အော်ပြောလိုက်သည်။ အဘိုးကြီးမှာ နားအလွန်လေး၍ နေသောကြောင့် ဖြစ်၏။

"ဟုတ်လား၊ ဒီလူကြီးဟာ အလကားလူကြီး ဒေါက်တာရဲ့။ ကျုပ်ဆီကိုလာပြီး ကျုပ်သေတော့မယ်လို့ပြောတယ်။ ဟင်း - ကျုပ်မသေသေးဘူးဗျ သိလား။ ကျုပ်တို့အမျိုးဟာ အင်မတန်အသက်ရှည်တဲ့အမျိုး။ ကျုပ်အမေများအင်း - အသက်ဘယ်လောက်ရှိမှ သေသွားတယ်ဆိုတာ ကျုပ်ကောင်းကောင်းမမှတ်မိတော့ဘူး။ ကျုပ်မိန်းမကတော့ အသက်သိပ်မရှည်ရှာပါဘူး"

စသည်ဖြင့် အဘိုးကြီးက လေရှည်ဆွဲ၍ စကားပြောနေလေရာ မိတ်ဆွေ (၂) ဦးလည်း နှုတ်ဆက်ထွက်လာခဲ့ကြလေ၏။

လမ်းသို့ ရောက်သောအခါ [...]နေအောင် သေသပ်စွာ ဆောက်လုပ်[...]လေသည်။

ဆရာဝန် အက်ဒွင်နှင့် ပါမောက္ခ [...]ရူးတို့သည် ပထမဦးစွာ အယ်လ်ဖီ၏ အဆောင်သို့ သွားကြ၏။

ဆရာဝန် အက်ဒွင်က အယ်လ်ဖီအား -

"နေကောင်းရဲ့လား ဘကြီး"

ဟု နှုတ်ဆက်လိုက်ရာ အဘိုးကြီးက -

"အိုး. . . . နေကောင်းသမှ ဒေါင်ဒေါင်ကိုမြည်နေတာပဲ ဆရာရေ့။ ကျုပ် ဒီအတိုင်းသာနေကောင်းသွားရင် အသက် (၁၀၀) မဟုတ်ဘူး၊ (၂၀၀) တောင်နေရလိမ့်မယ် သိရဲ့လား ဟား ဟား ဟား ဟား"

ဟု ပြန်ပြောသည်။

"အင်း - ကောင်းပါလေရဲ့ ခင်ဗျာ။ ဩော် - ဒါနဲ့ ဟောဒီမှာ လန်ဒန်မြို့က

www.burmeseclassic.com

www.burmeseclassic.com

ပါမောက္ခဒါးဝင့်က -

"ဘယ့်နှယ်လဲအက်ဒွင်၊ ရောဘတ်ဟာ အနှစ်တစ်ရာပြည့်အောင်နေရပါ့မလား"

ဟုမေးလိုက်သည်။

"ဟင့်အင်း - ကျုပ်သဘောကို ပြောရရင်တော့ ရောဘတ်ဟာ တနင်္ဂနွေ (၂) ပတ်လောက်ကြာရင် ကိစ္စချောလိမ့်မယ်ထင်တာပဲ။ အယ်လ်ဖီလောက် အသက်ရှည်မယ်မထင်ဘူး။ သူ့ကိုကြည့်ပါလား၊ ရေနံဆီခန်းနေတဲ့ မီးတိုင်လိုပါပဲ။ တော်တော်ကြာတော့ ဟုပ်ခနဲမြည်ပြီး မီးငြိမ်းသွားမှာပါ"

ဟု ဆရာဝန်တပြန်၍ပြောလေသည်။

နောက် တနင်္ဂနွေတစ်ပတ်ခန့်ကြာသောအခါ ပါမောက္ခနှင့် ဆရာဝန်တို့သည် သူအိုရုံသို့တစ်ကြိမ်သွားကြပြန်လေ၏။ ရောဘတ်၏ အဆောင်သို့ရောက်သောအခါ ရောဘတ်မှာ အိပ်ရာထဲ၌လဲလျောင်း၍နေသည်ကိုမြင်ရသဖြင့် ဆရာဝန်က -

"အို- ဘကြီးရောဘတ် အိပ်လို့ပါကလား၊ ဘာဖြစ်လို့လဲ"

ဟုမေးလိုက်သည်။

"ဟင်- ဘာမှမဖြစ်ပါဘူး ဆရာရယ်။ ဒါပေမယ့် ကိုယ့်ကိုယ်ကိုယ် ဂရုစိုက်နေရတယ်ဗျ။ ဟိုအယ်လ်ဖီဆိုတဲ့ အကောင်ကြီးက ကျုပ်ကိုသိပ်သေစေချင်နေတာ။ သူက ကျုပ်အသက်(၁၀၀) ပြည့်သွားမှာ သိပ်စိုးရိမ်နေတယ်လေ"

ဟုပြောလေသည်။

သူ့အနီးတွင် သူ့မြေးဖြစ်သော မိန်းမငယ်တစ်ယောက်ကိုလည်း တွေ့ရသည်။ ဆရာဝန်က အဘိုးကြီးရောဘတ်၏ နှလုံးသွေးကို စစ်ဆေးကြည့်ရှုပြီးနောက် ထိုမိန်းမငယ်အား-

"ကဲ-မိန်းကလေး၊ မင်းအဘိုးတော့ သိပ်ကြာကြာနေရတော့မယ်မထင်ဘူး၊ အားသိပ်နည်းနေပြီ။ သူ့ဆွေမျိုးတွေကို အကြောင်းကြားထားရင်ကောင်းမယ်"

ဟု အဘိုးကြီးမကြားအောင်ပြောပြီး ထွက်လာခဲ့လေ၏။ အပြင်သို့ရောက်လျှင် ပါမောက္ခအင်ဒရူးက -

"ဘယ့်နှယ်လဲဗျ၊ ခင်ဗျားအဘိုးကြီး လူပြည်မှာ ဘယ်လောက်ကြာကြာနေရဦးမယ်ထင်သလဲ"

ဟု မေးသည်။

"ကျုပ်တွက်ကိန်းအရဆိုရင်တော့ တစ်ရက်၊ နှစ်ရက်ထက်ပိုပြီးခံမယ်မထင်ဘူး။ သွေးအားက အတော်ဆုတ်နေပြီ။ ဒါပေမယ့်လို့ ဒီလိုနဲ့ပဲ တစ်ပတ်လောက်နေချင်နေဦးမှာ"

ဟု ဆရာဝန်က မှတ်ချက်ပြုသည်။

ထို့နောက် (၂) ယောက်သား အယ်လ်ဖီ၏အဆောင်သို့ ရောက်လာကြလေ၏။

"ဘယ့်နှယ်လဲ ဘကြီး အယ်လ်ဖီ၊ နေကောင်းသာလို့မာပါစနော်"

ဟု ဆရာဝန်က လှမ်းနှုတ်ဆက်၏။

"အို - ကောင်းသမှ တစ်နေ့ထက်တစ်နေ့ နေကောင်းနေတာပါပဲဗျာ။ ဟိုကောင်ကြီး ရောဘတ်တော့ လဲနေပြီပြောသံကြားတယ်။ ဒီကောင်ဟာ သေဖို့ကောင်းတာကြာပါပြီဗျာ။ ဒီလောက်ကြာအောင် ဘယ့်နှယ်အသက်ရှည်နေတယ် မဆိုနိုင်ဘူး"

ဟု အယ်လ်ဖီက ပြန်ပြော၏။

"အင်း- ဘကြီးအယ်လ်ဖီကတော့ တကယ်တိုအံ့သြစရာကောင်းတဲ့ ပုဂ္ဂိုလ်ကြီးပါပဲ"

ဟု ပါမောက္ခအင်ဒရူးကပင် ဝင်၍ပြောလိုက်သည်။

အိုး-ကျုပ်ကိုမွေးတုန်းက ဝိတိုရိယဘုရင်မကြီး နန်းတက်စရှိသေးတယ်ဗျ၊ အခုဘုရင်မကြီးရဲ့မြစ်လက်ထက်ရောက်လာပြီ၊ ကျုပ်မသေသေးဘူး။ ဟား ဟား ဟား ဟား"

ဟု အယ်လ်ဖီက အားရပါးရရယ်နေပြန်သည်။ မိတ်ဆွေ (၂) ဦးလည်း အယ်လ်ဖီကိုထားခဲ့ကာ ထွက်လာခဲ့ကြတော့၏။ လမ်းသို့ရောက်သောအခါ ဆရာဝန်အက်ဒွင်က -

"ဒီလိုဗျ၊ ဒီအဘိုးကြီးတွေဟာ ဘိုးစဉ်ဘောင်ဆက် လယ်ကူလီလူတန်းစားတွေဗျ။ ကြည့်စမ်း၊ ဘယ်လောက်စိတ်ထားတွေသိမ်ငယ်သလဲ။ မိတ်ဆွေအချင်းချင်းဟာ မိတ်ဆွေလို သဘောမထားဘဲ တကယ့်ရန်သူတွေလိုပဲ တစ်ယောက်ကိုတစ်ယောက် သေစေချင်နေကြတယ်"

ဟု ပြောသည်။

အင်း - ဒါကဒီလိုရှိတယ်ဗျ။ သူတို့လိုလူတန်းစားတွေမှာ နဂိုစိတ်ထားက သိပ်ပြီးအဆင့်အတန်းမမြင့်ရတဲ့အထဲမှာ အသက်တွေအင်မတန်ကြီးလာတော့ ကလေးတွေလိုပြန်ဖြစ်နေတာ ပေါ့"

ဟု ပါမောက္ခအင်ဒ ၁ ဆို၏။

❐

ထိုအချိန်၌ သူအိုရုံတွင် ကျန်

သော အယ်လ်ဖီသည် ရောဘ

နေမကောင်းဟုကြားသဖြင့် အလွန်ဝ

သာပြီးလျှင် ချက်ချင်းပင် ရောဘတ်

အဆောင်သို့ ထွက်လာခဲ့သည်။ ရော

သောအခါ -

"ဟေ့ - ရောဘတ်၊ မင်းတော

ကောင်းနေမကောင်းဘူးလို့ ပြော

ကြားတယ်။ မင်းဘယ်နည်းနဲ့မှ အသ

(၁၀၀) ပြည့်မှာ မဟုတ်ပါဘူးတွ

ငါပြောမယ်၊ မင်း အခုကတည်းက ဘ

ကြီးပင့်ထားဖို့ ကောင်းပြီ၊ ဒါမှ ဘဝ

ကောင်းမယ်"

ဟု မခံချိမခံသာ အော်၍စ,လို

၏။

ဤတွင် ရောဘတ်မှာ အိပ်ရာ

တွင် လဲနေရာမှ ခေါင်းထောင်ထ

ကာ -

"ဟေ့- အယ်လ်ဖီ၊ မင်းဟာ ဘ

တုံးကမှ လူတစ်ဖက်သားကို အကော

ကြံတဲ့ကောင်ကြီး မဟုတ်ဘူး။ ငါ

ပြုလို့ သေရမှာလဲ။ မသေဘူးဟ၊ မ

ဘူးသိလား။ သွား. . . ငါ့ဆီကိုမလာ

ဟု အလွန်ဒေါသကြီးစွာဖြင့် 

၍ အော်ပြောလိုက်သည်။

"ဟား ဟား ဟား- တယ်စိတ်

တာကိုးကွ။ ငါကအကောင်းပြောတာ

အေးပါကွာ၊ မင်းမလာစေချင်လည်း

ပြန်ပါတော့မယ်။ နက်ဖြန်မနက်

မင်းသေ၊ မသေသိရအောင် တစ်ခေါ

လာရဦးမယ် မောင်ရေ့ ဟီဟိ"

ဟု ပြောကာ အယ်လ်ဖီသ

အလွန်သဘောကျစွာဖြင့် ပြန်ထွက်

သည်။

ရောဘတ်မှာမူကား အလွန်ဒေါ

ဖြစ်လျက် တတွတ်တွတ်ရေရွတ်

ကျန်ရစ်ခဲ့လေ၏။

သို့သော် နောက်တစ်နေ့နံန

တွင် ရောဘတ်မှာ အထူးပင် နေထိုင်

ကောင်းနေလေ၏။ ထို့ကြောင့် အလွ

ပင် ဝမ်းမြောက်ဝမ်းသာဖြစ်ကာ တ

ကောက်ကို လက်မှကိုင်ပြီး အယ်လ်ဖ

တလှဲ့စားချေလိုသောစိတ် ပြင်းထန်

ဖြင့် အယ်လ်ဖီနေသော အဆောင်

ထွက်ခဲ့သည်။ အယ်လ်ဖီမှာ မီးလင်း

နံဘေးရှိ ကုလားထိုင်တစ်လုံးပေါ် ထိုင်

ဆေးတံသောက်နေ၏။ ရောဘတ်ကို

လျှင် အယ်လ်ဖီက -

"ဟေ့ကောင် ရောဘတ်၊ မင်

အရှူးထပြီး ဒီကို လျှောက်လာ

လူကတော့ဖြင့် သေတော့မယ်။ ယ

www.burmeseclassic.com

လေးရှိတော့တယ်။ ငါ့အဆောင်ထဲတော့ သာမသေပါနဲ့ကွာ"

ဟု ပြောလိုက်လေ၏။

"အင်း - မင်းကတော့ ငါ့ကို သိပ်သေစေချင်တာပေါ့လေ။ မင်းဟာ သူများအပေါ်မှာ ဘယ်တော့မှ စိတ်ကောင်းမထွေးခဲ့ဘူး။ ငါမှတ်မိသေးတယ်၊ ငယ်ငယ်တုန်းက တို့ရွာထဲက အယ်မီ ဆိုတဲ့ ကောင်မလေးကို မင်းစော်ကားပြီး အရှက်ကွဲအောင်လုပ်ခဲ့တာ"

ဟု ရောဘတ်က ပြန်၍ပြောသည်။

ထိုစကားများကို ကြားလျှင် အယ်လ်ဖီမှာ မျက်စိမျက်နှာတွေ အကြီးအကျယ်ပျက်သွားပြီး ဒေါသအလွန်ထွက်သောအမူအရာနှင့် -

"ဟေ့ကောင် ရောဘတ်၊ မင်း ဘာဆိုင်လို့ ဒီစကားကိုပြောရတာလဲ။ အယ်မီ ဆိုတဲ့ ကောင်မလေးသေတာ အနှစ် (၇၀) လောက်ရှိသွားပြီ"

ဟု ပြောသည်။

"အနှစ် (၇၀) မကလို့ (၇၀၀) ပဲ ရှိရှိ မင်းလုပ်ခဲ့တဲ့ မကောင်းမှုအတွက် မင်းဟာ သေရင် ကောင်းကောင်းကြီး ဝဋ်ခံရမယ်ကွ သိလား"

ဟု ရောဘတ်က ပြောသည်။

"အိုကွာ၊ ဝဋ်ခံရရုံမကလို့ ဘာပဲဖြစ်ဖြစ် ငါ့ဟာငါခံရတာ မင့်အပူ (၂) များသားမပါဘူး။ သွား - ဟေ့ကောင် သွား။ မင်း ငါ့ဆီကိုလာပြီး ရှုပ်မနေနဲ့"

ဟု စိတ်ဆိုးမာန်ဆိုးနှင့်ပြောရင်း အယ်လ်ဖီသည် မီးဖိုပေါင်းကူးပေါ်၌ တင်ထားသော ဆေးတံဆေးဘူးကို ဆ၍ယူလိုက်လေ၏။ ဆေးဘူးကိုယူပြီးနောက် ကုလားထိုင်ပေါ်သို့ စိတ်ဆိုးဆိုးနှင့် ဆောင့်၍ထိုင်ချလိုက်ရာ ကုလားထိုင်ပေါ်သို့မရောက်ဘဲ သမံတလင်းကြမ်းပြင်ပေါ်သို့ အရှိန်ပြင်းစွာဖြင့် လိမ့်ကျသွားရှာလေ၏။ အယ်လ်ဖီမှာ ကိုင်၍ အဆောင့်ခံလိုက်ရသလိုဖြစ်ပြီး တစ်ချက်မျှသာ အော်နိုင်လျက် ကြမ်းပေါ်တွင် အခွေသားလဲကျသွားရှာလေသတည်း။

ရောဘတ်သည် အယ်လ်ဖီကို အတန်ကြာ စူးစိုက်ကြည့်နေ၏။ ထို့နောက် လှုပ်လှုပ်လှုပ်လှုပ်နှင့် တံခါးပေါက်မှ အပြင်သို့ ထွက်သွားကာ -

"လုပ်ကြပါဦးဗျို့၊ လုပ်ကြပါဦး။ အယ်လ်ဖီရယ် ကုလားထိုင်ပေါ်က လိမ့်ကျပြီးသေပါပြီ"

ဟု အသံကြောင်ကြီးဖြင့် ကုန်း၍ အော်လေ၏။

သူ့အိုရုံသို့ ဆရာဝန် အက်ဒွင် ရောက်၍လာပြီး အယ်လ်ဖီကို စမ်းသပ်ကြည့်ရှုသောအခါ အယ်လ်ဖီမှာ ရုတ်တရက်လဲကျသည့်ဒဏ်ဖြင့် သေဆုံးနေသည်ကို တွေ့ရလေသည်။ ဆရာဝန်နှင့်အတူ ပါမောက္ခအင်ဒရူးလည်း ပါ၍လာသည်။

ဤသေမှုသေခင်းကို ဆိုင်ရာတရားသူကြီးကစစ်ဆေးရာ မျက်မြင်သက်သေအဖြစ်ဖြင့် ရောဘတ်က အစစ်ခံသည်။ အယ်လ်ဖီသည် မီးဖိုပေါင်းကူးပေါ်မှ ဆေးတံဆေးဘူးကိုယူပြီး ကုလားထိုင်ပေါ်သို့ ထိုင်ချလိုက်ရာ ကုလားထိုင်ပေါ်သို့ မရောက်ဘဲ ကြမ်းပြင်ပေါ်သို့ လိမ့်ကျသွားကြောင်း ရောဘတ်က ထွက်ဆိုလေသည်။ ထို့ကြောင့် မတော်တဆသေဆုံးမှုအဖြစ်ဖြင့် အမှုကိုပိတ်လိုက်ရသည်။ ရွာထဲမှ ကလေး၊ လူကြီးမကျန် အသက် (၁၀၀) ပြည့်လုနီးမှ အသေဆိုးဖြင့် သေဆုံးသွားရရှာသူ အယ်လ်ဖီအတွက် ယူကျုံးမရဖြစ်ကြရလေသည်။

အမှုစစ်ဆေးရာသို့ ဆရာဝန် အက်ဒွင်နှင့် ပါမောက္ခအင်ဒရူးတို့လည်း လာရောက် နားထောင်နေကြရာ အက်ဒွင်သည် သက်သေထွက်နေသော ရောဘတ်ကိုကြည့်လျက် အလွန်အံ့သြစွာဖြင့် -

"ကျုပ်တော့ အံ့လို့ကိုမဆုံးတော့ပါဘူးဗျာ။ မနေ့တစ်နေ့က ကျုပ်စစ်ကြည့်တုန်းက ဟောဒီ ရောဘတ်ဟာ အားကုန်ပြီး သေလုနီးနေပြီ။ ဟော - အခုတော့ ကြည့်စမ်း၊ သင်းက တစ်ခါတည်း မာလိုက်တာ ဒေါင်ဒေါင်မြည်လို့"

ဟု ပြော၏။

ပါမောက္ခအင်ဒရူးကမူကား ဘာမှမပြောဘဲ ပြုံး၍နားထောင်နေလေသည်။

❐

နောက်တစ်လခန့်ကြာသောအခါ ရောဘတ်၏ အသက် (၁၀၀) ပြည့်ပွဲကို ရွာထဲ၌ ခမ်းနားစွာ ကျင်းပကြလေ၏။ ရောဘတ်သည် သူ့ကိုယ်တွင် အကောင်းဆုံး ဘုရားရှိခိုးကျောင်းသွားဘောင်းဘီအင်္ကျီဝတ်စုံနှင့် တပြုံးပြုံးရှိနေသည်။ ဆရာဝန်အက်ဒွင်နှင့် ပါမောက္ခအင်ဒရူးတို့သည် ရောဘတ်၏အသက်နှစ်(၁၀၀) ပြည့်ပွဲသို့ ရောက်ရှိကြသည်ဖြစ်ရာ ဆရာဝန်က အင်ဒရူးအား -

"ဟောဒီအဘိုးကြီး ကုသိုလ်ကံအင်မတန်ကောင်းတယ်ဗျာ။ ကျုပ်တော့ သူ့ကို ဘယ်နည်းနဲ့မှ ဒီအချိန်ထိခံလိမ့်မယ်လို့မထင်ခဲ့ဘူး။ အမှန်မှာ သွားလေသူ အယ်လ်ဖီက သူ့ထက် အပုံကြီးမာတယ်ဗျ"

ဟု ပြော၏။

ပါမောက္ခအင်ဒရူးက ပြုံးပြီးနောက် -

"အင်း - ခင်ဗျားရောဘတ်က ခေတ့်သူမဟုတ်ဘူး။ အယ်လ်ဖီကို သူသတ်တာဗျ"

ဟု ဆိုလိုက်သည်။

ဆရာဝန်က အံ့သြစွာဖြင့် -

"ဟင် - ကုလားထိုင်ပေါ်က သူတွန်းချလိုက်တာလား"

"ဟင့်အင်း - ဒီလိုတော့ တွန်းချတာမဟုတ်ဘူး။ အယ်လ်ဖီက သူ့ဆေးဘူးယူရအောင် ထသွားနေတုန်း ရောဘတ်က သူ့လက်ထဲက တုတ်ကောက်နဲ့ ကုလားထိုင်ကို တစ်တောင်လောက် နေရာရွှေ့သွားအောင် ရွှေ့ထားလိုက်တာဗျ။ ခင်ဗျားစဉ်းစားကြည့်လေ။ အယ်လ်ဖီဟာ သူထိုင်တဲ့ ကုလားထိုင်ပေါ်မှာ တစ်နေ့မပြတ်ထိုင်နေတဲ့ လူပဲ။ ဒီကုလားထိုင်ကို မျက်စိမှိတ်ပြီး ထိုင်နေကျမို့ သူဟာ ရဲရဲတင်းတင်းထိုင်ချလိုက်တာပေါ့။ ဒီလိုဟာမျိုးဟာ ကိုယ့်ဟာကိုယ်သိပြီးသားပဲ။ ဘယ်နေရာမှားနိုင်မလဲ။ မသေချာရင် လက်နဲ့စမ်းပြီးမှ ထိုင်မှာပေါ့။ ဒါကြောင့် အဲဒီနေ့က ရောက်ရောက်ချင်း ကုလားထိုင်နေရာကို ကျုပ်သတိထားပြီးကြည့်မိတယ်။ ကုလားထိုင်ဟာ မီးဖိုနဲ့အတော်ဝေးနေတယ်ဗျ။ မီးလှုံတဲ့လူဟာ ဒါလောက်ဝေးဝေးမှာမထိုင်ဘူး။ ဒါကြောင့် ရောဘတ်ရဲ့လက်ချက်ပဲဆိုတာ ကျုပ်တပ်အပ်သိတာပေါ့"

"အလို - ဒီလိုဆိုရင် ရောဘတ်ဟာ လူသတ်သမားကြီးပေါ့။ ဘယ်လိုလုပ်ရပါ့"

ဟု ဆရာဝန်က အံ့သြစွာဖြင့် ပြောလေ၏။

"အိုဗျာ နက်ဖြန်သန်ဘက်ပဲ သေတော့မယ့် လူအိုကြီးတစ်ယောက်ကို ဘယ့်နှယ်မှ လုပ်စရာမလိုပါဘူး။ သူ့ဘာသာသူ သေပါစေတော့"

ဟု ပါမောက္ခအင်ဒရူးက ပြန်ပြောလိုက်လေသတည်း။

တိုးထက်

*(အင်္ဂလန်နိုင်ငံထုတ် အယ်လာရီကွင်း စုံထောက်ဝတ္ထုမဂ္ဂဇင်းမှ အိုင်ယာလန်နိုင်ငံသား စာရေးဆရာ John T.S Invine ဂျွန်အာဝင်း၏လက်ရာကို ပြန်ဆိုပါသည်။)*



www.burmeseclassic.com

www.burmeseclassic.com



(တေးရေး-ဆုတောင်းသီ)
မိုးကောင်း

# ဆရာစိုး-ရွှေအာရုဏ်ဦး

## တားရော့ကားချပ်များအား ချဉ်းကပ်လေ့လာခြင်း

(အဓိကကားချပ်များ/ Major Areama)

(II. High Priestess = သီလရှင်ချုပ်)

ဒါနရှင်-များရှင်

The lady-Pope
Pope Joam
The Archpristess
Female Pontiff
Wise Woman
Gipsy Witch -အစရှိတဲ့များစွာ

(Hebrew) ဟီဘရူးအခေါ်မှာ Bet
နဲ့ဆက်နွယ်ပါတယ်။ ထိုနည်းတူစွာ



www.burmeseclassic.com

www.burmeseclassic.com



[illegible]
သူ ကိုယ်ကျင့်သိက္ခာရှိသူ၊ သဒ္ဓါ [illegible]
သူ [illegible]
[illegible]
သူ [illegible]
သာရေး [illegible]

**[illegible]**

အရောင်အားဖြင့် ဉာဏ်ပညာ/ စဉ်းစားတွေးခေါ်မှု ချင့်ချိန်နိုင်းဆမှု အကျိုးအကြောင်း ဆင်ခြင်နိုင်မှုတွေကို ကိုယ်စားပြုတဲ့ အပြာရောင် မြူလွှာကြီးက တစ်ကိုယ်လုံးနီးပါး ဖုံးလွှမ်းထားပါတယ်။ ဝတ်ရုံအောက်က ဝတ်စုံကတော့ စွမ်းရည်သတ္တိကို ကိုယ်စားပြုတဲ့ အနီရောင် ဖြစ်ပါတယ်။ ခေါင်းနဲ့ ပခုံးပေါ်မှာ ဖြူစင်သန့်ရှင်းမှုကို ကိုယ်စားပြုတဲ့ အဖြူရောင်၊ ဦးခေါင်းပေါ်မှာတော့ အနီရောင်၊ အစိမ်းရောင်၊ အဖြူရောင်တွေရှိတဲ့ ကျောက်သံပတ္တမြားတွေနဲ့ခြယ်ထားတဲ့ သရဖူခေါင်းဆောင်းရှိပါတယ်။ ခေါင်းရဲ့ ဝန်းကျင်မှာ ခံစားမှု၊ စိတ်ပျံ့လွင့်မှုတွေကို ကိုယ်စားပြုတဲ့ အဝါရောင်နဲ့ လိမ္မော်ရောင်တွေ ဝန်းရံခြယ်မှုန်းထားပါတယ်။

မိမိရဲ့ ကိုယ်ပိုင်ဆန္ဒ၊ ခံစားချက်တွေကို ဘာဏ်ပညာတရားနဲ့ ချုပ်ထိန်းထားပြီး စိတ်ထားဖြူစင်အောင် ကြိုးစားနေသူ၊ လောလောဆယ်အားဖြင့် စိတ်ခံစားမှုတွေဝေဝါးနေသူ၊ ဖွင့်ထားတဲ့ စာအုပ်ကို ပေါင်ပေါ်တင်ပြီး သူ့ရဲ့ ညာဘက်ကို ကြည့်နေဟန်က စာပေ၊ ဘာသာတရားကို လေ့လာနေဆဲဖြစ်ပေမယ့် စိတ်ကတော့ ပြီးခဲ့တဲ့ အတိတ်ကိုသာ သတိရတမ်းတနေဟန်ဖြစ်ပါတယ်။ လက်ရှိဘဝကို ငြီးငွေ့နေဟန်ပုံပေါ်ပါတယ်။

ရှေးဟောင်းနက္ခတ် ပညာသုံးသင်္ကေတ အဖြစ်လည်း ကိုယ်စားပြုပါတယ်။

Major - ၂၂ ကတ်မှာ ပထမဦးဆုံး ပေါ်ထွက်လာတဲ့ အမျိုးသမီးပုံ ဖြစ်ပါတယ်။ နံပါတ် I. Magician ကတ်က ကျားသရုပ်ဖော်။ အခု နံပါတ် II ကတ်က 'မ' သဘော - 'လ အအေးဓာတ် သဘော' နံပါတ် I /နေ/အဖို/အပူဓာတ်အတွက် အဖြည့်ဓာတ်သဘောကို ဆောင်ပါတယ်။

စွမ်းရည်ရှိသော်လည်း အကောင်အထည်ဖော်ဖို့ရာ ပြည့်စုံမှုလိုနေသေးတဲ့ I. Magician အတွက် တစ်စုံတစ်ရာ ဖြစ်ပေါ်ဖို့ရာ အားဖြည့်ပေးမယ့်ကတ်ပေါ်လာပါပြီ။ ဘယ်လိုပုံစံအသွင်အပြင်နဲ့ ဖေါ်ပေါင်းစပ်မလဲ။ အဲဒီပေါင်းစပ်မှုအပေါ်မှာမူတည်ပြီး အပြေထွက်ပါမယ်။ ပေါင်းစပ်မှုပုံစံတော့လိုနေသေးတယ်။

Lady Pope က 'မ'သဘော။ နှစ်ခြင်းမေတ္တာ၊ မိခင်၊ စွဲဆောင်မှု၊ စိတ်၊ အေးချမ်းမှု (ဘာသာတရား) တွေကို ဆိုလိုပါတယ်။

မြန်မာအလိုတော့ 'သီလရှင်'ပေါ့။ ဘိက္ခုနီပေါ့။ ဘုရားရှင်ကိုယ်တိုင် ခွင့်ပြုသတ်မှတ်ပေးခဲ့တဲ့ ရဟန်းအမျိုးသမီးပေါ့။ လူဝတ်ကြောင်ဘဝကိုစွန့်၊ ဦးပြည်း (ခေါင်းတုံး) နဲ့ ဖန်ရည်စွန်းတဲ့သင်္ကန်းကိုဝတ်၊ နေ့စဉ် သီလကို လုံခြုံစွာစောင့်ထိန်း၊ ဗုဒ္ဓစာပေကို လေ့လာကျင့်ကြံ၊ လူတွေထံက အလှူခံပြီး ဒါနပါရမီဖြည့်၊ မေတ္တာပွားပေးနေတဲ့ အမျိုးသမီးသူတော်စင်။

အားလုံးခြုံလိုက်ရင် အမျိုးသမီးသူတော်စင် အမျိုးသမီး။

စွဲဆောင်မှုရှိသူ၊ ကြင်နာတတ်သူ၊ တည်ငြိမ်အေးချမ်းသူ၊ အမေ၊ အစ်မကဲ့သို့ မေတ္တာတရားထားတတ်သူ၊ ဘာသာတရားကိုင်းရှိုင်းသူ၊ စာပေမွေ့

□ ကူညီပါရစေ

နမူနာ (၁)

"ဦး၊ ကျွန်တော် လက်ရှိအလုပ်မှာ ဆက်လုပ်သင့်၊ မလုပ်သင့်သိချင်ပါတယ်။ မကောင်းရင် တခြားပြောင်းမလို့"

ထွက်ပေါ်လာတဲ့ကတ်က -

II.High Priestest.

"အခု မင်းအလုပ်လုပ်နေရာက အလုပ်ရှင်က အမျိုးသမီး (သို့) မင်းနဲ့ တိုက်ရိုက်ထိတွေ့နေသူက အမျိုးသမီး ဖြစ်လိမ့်မယ်။ သူက မင်းအပေါ်မှာ ကောင်းသားပဲ။ သနားတတ်တယ်၊ ကူညီတတ်တယ်၊ စိတ်ကောင်းရှိတယ်။ မင်းအပေါ်မှာ အစ်မတစ်ယောက်၊ အမေတစ်ယောက်လို ကူညီစောင့်ရှောက်မှာ



www.burmeseclassic.com

www.burmeseclassic.com

ပါ။ ဘာဖြစ်လို့ပြောင်းချင်တာလဲ"

"ဟုတ်တယ်ဆရာ၊ အမျိုးသမီးပါပဲ။ ကျွန်တော့်အပေါ်မှာလည်း ကောင်းပါတယ်၊ အစ်မတစ်ယောက်လိုပါပဲ။ ဒါပေမယ့် အလုပ်ပါးလို့ပါ။ ကျွန်တော်က လက်ခစားဆိုတော့ အလုပ်များများရှိမှ ငွေများများရမှာ၊ ဒီမှာလုပ်ရတာတော့ စိတ်ချမ်းသာပါတယ်။ ဒါပေမယ့် ငွေရနည်းတယ်"

"ဒီကတ်က စီးပွားရေး၊ ကြီးပွားရေးကို မရည်ညွှန်းပါဘူး။ စိတ်ပိုင်းဆိုင်ရာကိုပဲညွှန်းပါတယ်"

**နမူနာ (၂)**

"ဆရာ၊ ကျွန်မ စီးပွားရေးမပြေလည်ဘူးဖြစ်နေတယ်။ အဲဒါကြောင့် မိဘအမွေပစ္စည်းလေးတွေ ရောင်းပြီး အိမ်ဆိုင်လေးဖွင့်ဖို့ စဉ်းစားတယ်။ အဲဒီပစ္စည်းလေးရောင်းဖို့ကြိုးစားတာ ရောင်းမထွက်ဘူး။ တော့လွဲလေးတွေလွဲနေတယ်။ သူတန်ရာတန်ဖိုးထက် လျှော့ရောင်းမယ်ဆိုတာတောင် တော့တော့ဆိုင်ဆိုင်ဈေးပြောမယ့်သူ မရှိဘူး။ အိပ်မက်တွေလည်းမကောင်းဘူး။ ဘာကြောင့် ရောင်းမထွက်လဲ၊ ဘယ်လိုရောင်းထွက်အောင်လုပ်ရမလဲ သိချင်လို့ပါ"

ထွက်ပေါ်လာတဲ့ ကားချပ်နံပါတ် II .High Priestest.

"အမေပေးတဲ့ပစ္စည်း၊ အမေပိုင်ပစ္စည်းဖြစ်လိမ့်မယ်။ အဖြူရောင်ဆိုတော့ ပုလဲတို့၊ စိန်တို့ ဖြစ်နိုင်တယ်"

"ဟုတ်ပါတယ် ဆရာ။ အမေပေးခဲ့တဲ့ပစ္စည်းပါ။ ပုလဲနားကပ်၊ ပုလဲလက်စွပ်တွေပါ။ အဖေက ဟိုတုန်းက သင်္ဘောဆလင်ပါ။ မြိတ်၊ ကော့သောင်းဘက်ကို အမြဲသွားနေကျပါ။ အဲဒါလေးတွေက အဖေက အမေ့ကို ဝယ်ပေးခဲ့တာ။ အမေကသိပ်ပြီးတန်ဖိုးထားတာ။ အရည်အသွေးကောင်းလို့ ဈေးကြီးတယ်လို့လည်း ပြောပါတယ်။ အဖေဆုံးပြီး အမေလည်း ဆုံးပါးသွားတယ်။ အမေက ကျွန်မကို သေသေချာချာမှာပြီးပေးသွားတာ။ ရောင်းမစားဖို့၊ မိဘကိုယ်စား အမွှန်အမြတ်ထိန်းသိမ်းထားဖို့။ အခုလည်း ကျွန်မ မတတ်သာလွန်းလို့ ရောင်းဖို့ စဉ်းစားမိတာပါ။ အဲဒါရောင်းထွက်ဖို့လုပ်ပေးပါဦး ဆရာ"

"ည ဘုရားရှိခိုးရင် အမေ့ကို သေသေချာချာ အာရုံပြုပြီး ရှိခိုးပါ။ မေတ္တာပို့ပါ။ အမျှဝေပါ။ ပြီးရင် အမေ့ကို ခွင့်တောင်းပါ။ သမီးတို့ အခက်အခဲ




ဖြစ်နေလို့ မလုပ်မဖြစ်လုပ်ရတာပါ။ အမေခွင့်ပြုပါ။ရောင်းပြီး ငွေရရင် အမေ့အတွက် ရည်စူးပြီး ကုသိုလ်လုပ် အမျှဝေပေးပါ့မယ်။ အမေကူညီပါ။ ခွင့်ပြုပေးပါလို့ သက်ရှိထင်ရှားအမှတ်နဲ့ပြောပါ။ ခွင့်တောင်းပါ။ အခုလည်း လုပ်သမျှကုသိုလ်တွေ အမေ့ကိုရည်စူး၊ အမေနာမည်ခေါ်ပြီး အမျှဝေပေးပါ။ ယုံယုံကြည်ကြည် လေးလေးနက်နက်လုပ်ပါ။ တစ်ပတ်ကြာရင် အကျိုးအကြောင်းလာပြောပါ။ လိုအပ်ရင် နောက်ယတြာတစ်မျိုးထပ်ပေးပါ့မယ်"

တစ်လခန့်ကြာသော် -

"ဆရာ၊ အရင်လာတုန်းက အရောင်းအဝယ်ကိစ္စ အဆင်ပြေသွားတယ် ဆရာ။ စိတ်ကပဲစွဲလမ်းနေလို့လား မသိ ဘူး။ အဲဒီလို နေ့စဉ် မေတ္တာပို့၊ အမျှဝေ၊ ခွင့်တောင်းလုပ်တာ (၁၀) ရက်လောက်ကြာတဲ့ထိ ဘာမှမထူးဘူး။ (၁၀) ရက်ကျော်လောက်မှ အိပ်ခါနီး အမေ့ကို သတိရပြီး ကျွန်မမျက်ရည်ကျမိတယ်။ အဲဒီလို အမေ့အကြောင်းတွေးရင်းနဲ့ အိပ်ပျော်သွားတယ်။ အဲဒီညမှာ အမေက ပြုံးပြုံးရွှင်ရွှင်နဲ့ စကားတွေလာပြောနေတယ်။ နောက်(၃)ရက်လောက်မှာ ဝယ်သူရောက်လာပြီး တစ်ခါတည်း ဈေးဖြတ်ငွေချေသွားတယ်။ အခု သမီးတို့ အိမ်ဆိုင်လေး ဘယ်နေ့စဖွင့်ရင်ကောင်းမလဲ၊ ရက်မေးချင်လို့ပါ"

**နမူနာ (၃)**

"ကိုစိုး၊ မင်းကတ်ပြားတွေနဲ့ ငါ့က[illegible] ဟောပေးစမ်းပါဦး၊ လက်ရှိ ငါ့အခြေ[illegible] အနေတွေကို"

Major -၂၂ ကတ်ကို လှေ့လ[illegible] ခါစ။

နယ်မြို့လေးက ရွာတစ်ရွာ၊ မှေ[illegible] ရာဇာတိ၊ မေးသူက ယောက်ဖ။

ထွက်ပေါ်လာတဲ့ ကားချပ်[illegible] Lady Pope. သူ့ပရိယာယ်တွေ လျှော[illegible] ဟောတာ အကုန်နီးပါပဲ။ တစ်ခွန်းပြေ[illegible] လိုက် ယောက်ဖက ခေါင်းခါလိုက်နဲ့ ကျွန်တော်လည်း ပြောစရာကုန်၊ သ[illegible] လည်း ခေါင်းခါရတာ အားနာလာဟန်

"ကဲ - အစ်ကို၊ ဒီကားချပ်နဲ့ ပ[illegible] သက်လို့ ပြောစရာအမှိပွာယ်အကုန်ပဲ"

ကျွန်တော်က စိတ်ဓာတ်ကျစွာ[illegible] တစ်လုံးချင်းပြောရင်း သူ့အဓိပ္ပာယ်[illegible] သဘောသဘာဝတွေကို ပြန်စဉ်းစ[illegible] လိုက်တာ ဝိုးတိုးဝါးတား အချက်တ[illegible] ချက်ကျန်တာ သတိရမိတယ်။

"အစ်ကို၊ နောက်ဆုံးတစ်ချ[illegible] ပြောမယ်။ အဲဒါမှ မမှန်ရင်တော့ ကျွ[illegible] တော်သိတာ အကုန်ပဲ။ ဒါလောက် ပြောတတ်တယ်"

"ပြောစရာ ကျန်တာပြောကွ[illegible] မှားမှား၊ မှန်မှန်ပေါ့"

"အခုအစ်ကိုလုပ်ချင်နေတဲ့ စီးပွ[illegible] ရေး မိသားစုရေးတွေကို အစ်ကို ဘ[illegible] သူ့ကိုမှ ထုတ်မပြောဘူး။ ကိုယ့်ဘာသ[illegible] တစ်ယောက်တည်းကျိတ်ပြီးကြံစည်[illegible] တာရှိမယ်။ စီးပွားရေးကိစ္စထက် ကလေ[illegible] တွေရဲ့ ပညာရေး (သို့) ဘာသာရေ[illegible] ပတ်သက်တဲ့ကိစ္စတစ်ခု ဖြစ်နိုင်တယ်။ [illegible] ကျွန်တော်ပြောတတ်တာ အကုန်ပဲ"

"အေး - အဲဒါတော့ ဟုတ်တယ[illegible] ငါ့သားအငယ်ကောင်ကွ။ သူ[illegible] ယောက်ပဲ ငါ့လက်မလွှတ်သေးတ[illegible] ပညာရေးဝါသနာမပါ။ ကျောင်း (၁[illegible] တန်းမပြေ၊ အခုနွေမှာ သူ့ကို သ[illegible] ဆီးပေးဖို့ စိတ်ကူးထားတယ်။ သူလ[illegible] စိတ်ငြိမ်ပြီး အပြောင်းအလဲဖြစ်သွ[illegible] အောင်ပေါ့။ မင်းအစ်မနဲ့တောင် မတ[illegible] ပင်ရသေးဘူး။ မင်းကတ်တွေက ဘ[illegible] ဆိုးလို့တုံး"

သီလရှင်ကယ်ပေလို့။

ဆရာစိုး-ရွှေအာရု[illegible]

(တာရော့-သုတေသ[illegible]

[illegible]ကော[illegible]



www.burmeseclassic.com

www.burmeseclassic.com

နေပြည်တော်ကျော်ကျော်ဇိုး

# အရိုးပျော့နှင့်ဥသျှစ်ခွံ

အရိုးပျော့နှင့် ဥသျှစ်ခွံဆိုလို့ အရိုးပျော့ရောဂါရှိတဲ့ ကလေးကို ဥသျှစ်ခွံသွေးတိုက်ရင် ပျောက်တယ် မထင်လိုက်ပါနဲ့။ ခဏအတွင်း ပွဲချင်းပြီးသေသွားနိုင်တဲ့ ဗိန္ဓောဆေးမြီးတို ပါ။

ဒါကို ဦးစွာ ရှင်းပြချင်ပါတယ်။ ကလေးငယ်တွေမှာ အရိုးပျော့ရောဂါရှိတယ်၊ အရိုးကြွပ်ရောဂါရှိတယ်။ ဒီရောဂါတွေက ကလေးတစ်ထောင်မှာ တစ်ယောက်တောင်ဖြစ်ခဲတဲ့ရောဂါတွေပါ။ ကံမကောင်း အကြောင်းမလှမှသာ ဖြစ်တတ်ကြတာပါ။ ရှားပါးရောဂါဆိုပါတော့။

ကျွန်တော် မိုးကုတ် ကျောက်ဖျာမှာနေစဉ်က ကျွန်တော့်သူငယ်ချင်း ကိုထွန်းမောင်၊ မပြုံးတို့မှာ တတိယမြောက်သမီးလေးဟာ အရိုးပျော့ရောဂါဖြစ်နေပါတယ်။ ဒါကလည်း ဗိန္ဓောနည်းနဲ့ သိတာမဟုတ်ဘူး။ ကျပ်ပြင် တသည်းရုံထဲက ဆရာဝန်ကြီး ခင်မောင်ဇော်တပြောလို့သိတာ။

အဲဒီရောဂါလက္ခဏာက ကလေးဟာ မကြာမကြာဖျားတတ်တယ်။အရွယ်ကြီးထွားမှုနှေးတယ်။ သွက်လက်ချက်ချာမှုသိပ်မရှိဘူး။ ခပ်နုံ့နုံ့လေးနေတတ်တယ်။ မကြာမကြာဆေးခန်းကို ပြေးရတယ်။

အရိုးပျော့ရောဂါပျောက်တဲ့ဆေးဆိုတာ ရှိပုံမပေါ်ပါဘူး။ဒီတော့ ကလေးကို ကြီးကောင်ဝင်သည်အထိ၊ ဆိုရရင် အပျိုဖျန်းဖြစ်သည်အထိ ကောင်းမွန်စွာ မွေးမြူရပါတယ်။ အဲဒီအရွယ်ရောက်ရင် အရိုးပျော့ရောဂါ ပျောက်ကင်းသွားပြီး သူလိုငါလို ကောင်းမွန်သွားမှာပါ။ ဒီကလေးခပ်နုံ့နုံ့လေးကို ကျွန်တော် နေ့စဉ်မြင်တွေ့နေရပါတယ်။ ဆေးကင်းစွာနဲ့ အရွယ်အမြန်ရောက်ပါစေလို့ဆုတောင်းရတာပါပဲ။

အရိုးကြွပ်ရောဂါဆိုတာကျတော့ ကျွန်တော့်တူ ချစ်ပို ဆိုတဲ့ ကလေးမှာ ဖြစ်နေတာပါ။ ကလေးရဲ့အရိုးတွေက ကြွပ်ဆတ်နေတဲ့အတွက် အသာလေး ထိခိုက်ရင်ကျိုးတော့တာပါပဲ။ ခလုတ်တိုက်မိလည်းကျိုးတယ်။ လဲရင်လည်းကျိုးတယ်။ အထိခိုက်မခံနိုင်အောင်ကို ကြွပ်ဆတ်တာပါ။

အရိုးကြွပ်ရောဂါ ရှိပါတယ်ဆိုမှ အဲဒီကလေးကလည်း ဆော့မှဆော့ပါပဲ။ လက်ကျိုးလိုက်၊ ခြေထောက်ကျိုးလိုက်နဲ့ အောင်ချမ်းသာဈေးအနောက်ဘက်က တရုတ်အရိုးကျိုးအရိုးကုဆရာမထံမှာကုရတာ အကြိမ်အတော်များပါတယ်။ လူနဲ့ပတ်တီးသိပ်မပြတ်ပါဘူး။ ဒီအထိဆော့တဲ့ကလေးပါ။

မောင်ချစ်ပို လူပျိုပေါက်အရွယ်ရောက်မှ အဲဒီအရိုးကြွပ်ရောဂါ သူ့ဟာသူ ပျောက်သွားတာပါ။ ခုဆို မောင်ချစ်ပို အိမ်ထောင်ကျပြီးတာတောင် နှစ်အတော်ကြာပါပြီ။ ဒီရောဂါတွေက ကလေးတွေမှာ ဖြစ်တတ်တာပါ။ (၁၂) နှစ်လောက်ရောက်ရင် သူ့အလိုလိုပျောက်တဲ့ရောဂါပါ။

ဥပုသ်နေ့ဆိုရင် ကျွန်တော်တို့ ကျောက်တူးသမားတွေနားကြလေတော့ အဖိတ်နေ့မှာ ကျွန်တော် မိုးကုတ်ကိုပြန်ပါတယ်။ ဥပုသ်နေ့နားပြီး ဥပုသ်လွန်တစ်ရက်ဆို ကျောက်ဖျာကို ပြန်ရတာပါ။ ပြန်ရောက်တယ်ဆိုရင်ပဲ အမင်္ဂလာသတင်းက စောင့်ကြိုနေပါတယ်။ အဲဒါက ကိုထွန်းမောင်၊ မပြုံးတို့ရဲ့ အရိုးပျော့ရောဂါသည် ကလေးမလေးဆုံးပါးသွားခြင်းပါ။ ဥပုသ်နေ့ နေ့လယ်က ဆုံးတယ်လို့ သိရပါတယ်။

အဲဒီ ဥပုသ်နေ့မှာ ကလေးကဖျားပါတယ်။ ဖျားတော့ကာ ရွာထဲမှာရှိတဲ့ ဗိန္ဓောဆရာကိုသွားပင့်ပါတယ်။ ဗိန္ဓောဆရာက ကလေးရဲ့အဖျားကို လက်နဲ့စမ်းကြည့်ပြီး ဘာမှမဖြစ်ဘူး၊ ရတယ်လို့ပြောကာ ဥသျှစ်ခွံကို ကျောက်ပျဉ်နဲ့သွေးပြီး တစ်ဇွန်းစာလောက်တိုက်လိုက်တာပါပဲ။

မကြာလိုက်ပါဘူး။ ခဏလေးအတွင်းမှာပဲ ကလေးဟာ နှုတ်ခမ်းတွေပြာလာပြီး ဆန့်ငင်ဆန့်ငင်ဖြစ်ကာ သေသွားတော့တာပါပဲ။ သေတော့လည်း သေပြီးပြီပဲဗျာ၊ ဘာတတ်နိုင်တော့မလဲ။ ဆရာလည်း ဆေးလွယ်အိတ်ကိုင်ပြီးပြန်သွားတော့တာပါပဲ။ မိဘတွေကတော့ နှမြောလွန်းလို့မျက်ရည်ကျကြရတာပေါ့။ ခုပဲ စကားတပြောပြောနဲ့ ရှင်နေသေးတယ်။ ခဏနေတော့ သေသွားပြီဆိုတော့ မိဘတွေနေရာဝင်ကြည့်ကြပေါ့ဗျာ။ ဘယ်မျှခံစားကြရလေမလဲ။

ရွာကလူတွေ ဒေါက်တာခင်မောင်ဇော်ဆီရောက်တော့ ဒီလိုပဲ အရိုးပျော့ရောဂါသည် ကလေးမလေးဆုံးသွားကြောင်း ပြောပြကြတာပေါ့။ တကယ်တော့ ဒီကလေးဟာ ဒေါက်တာခင်မောင်ဇော်နဲ့ ကုနေတျပါ။ ဒါပေမယ့် အတော်ကြီးဖြစ်မှ ဆေးခန်းကိုလာကြတာပါ။ ခုဟာက သာမန်ဖျားရုံလောက်ဆိုတော့ ရွာထဲ ဗိန္ဓောနဲ့ရလောက်တယ်ဆိုပြီး ကုလိုက်ခြင်းပါ။

အဲဒီအခါ ဒေါက်တာခင်မောင်ဇော်က ချက်ချင်း ပြောပါတယ်။

"ခင်ဗျားတို့ရွာကဆရာ ကလေးကို ဥသျှစ်ခွံသွေးတိုက်လိုက်တယ်ထင်တယ်"

လို့ မေးပါတယ်။

ရွာကလူတွေကလည်း ဟုတ်မှန်ကြောင်း ပြောပြပါတယ်။

"ဟာ - မိုက်လိုက်တာဗျာ၊ အရိုးပျော့ရောဂါဟာ ဥသျှစ်ခွံနဲ့လုံးဝမတည့်ဘူးဗျ။ အဲဒါဟာ အလွန်ပြင်းတဲ့ အဆိပ်ဖြစ်သွားပြီးသေရတာ"

လို့ ပြောပြပါတယ်။

ဘဝတစ်ခုနဲ့ရင်းပြီးမှ ရလိုက်တဲ့ ဗဟုသုတပါ။

ဒေါက်တာခင်မောင်ဇော် ပြောပြလို့ အရိုးပျော့ရောဂါနဲ့ ဥသျှစ်ခွံ လုံးဝမတည့်ဘူးဆိုတာ သိရပါတယ်။ သိတဲ့အချိန်မှာတော့ နောက်ကျခဲ့ရပါပြီ။ ဘဝတစ်ခု ပေးဆပ်လိုက်ရပါပြီ။ ဥသျှစ်ခွံကို ဗိန္ဓောဆရာတွေ ဆောင်ထားတတ်ပါတယ်။ အအေးပတ်ပြီးဖျားတဲ့ ကလေးတွေကို သွေးတိုက်တတ်ပါတယ်။

အရိုးပျော့ရောဂါရှိတဲ့ကလေးငယ်တွေအတွက် ဥသျှစ်ခွံဆေးမြီးတိုနဲ့ မတွေ့မိကြစေဖို့ ဒီစာစုနဲ့ သတိပေးလိုက်ခြင်းပါပဲ။

ချမ်းမြေ့ကြပါစေ

နေပြည်တော်ကျော်ကျော်ဇိုး



www.burmeseclassic.com

www.burmeseclassic.com

"တပ်စုနားထောင်၊ ရှေ့ကိုက်သုံးရာ ကွင်းပြင်ဟိုဘက် လွှစင်အောက်မှာ ရန်သူ ရှစ်ယောက်ရှိတယ်။

လယ်ကွင်းကိုရှောင်ပြီး ညာဘက်ကပတ်တိုက်မယ်။

တပ်စိတ်နှစ်နဲ့ သုံး၊ ငါနဲ့အတူ ချေမှုန်းမယ်။ တပ်စိတ်တစ် ကာပစ်၊ ကာပစ်နေရာ ဒီနေရာ။ တိုက်ပွဲဖြစ်လို့ ထွက်ပြေးလာတဲ့ရန်သူကို အပိုင်တိုက်၊ ခရာရှည်သံကြားရင် ငါတို့နဲ့လာပေါင်း၊ ဘာမေးစရာရှိလဲ"

"မရှိဘူး"

"မရှိရင်ဆက်လုပ်"

ပဲခူးမြို့ ခရိုင်ရဲအထူးကွန်မန်ဒိုတပ်စုမှူး ရဲအုပ်ဦးလှမောင် (ဝက်ခုတ်ဓားမ)ရဲ့ တိုက်စစ်စီမံချက်နှုတ်မိန့်ပေးပြီးချက်ချင်းပဲ ကိုက် (၂၀၀) လောက် ခန့်ကာပိုရှည်တဲ့ ညာဘက် ဝါးတောတ်ကျည်ကွယ်၊ မျက်ကွယ်ယူပြီး ပတ်တက်ပါတယ်။

ကျွန်တော့်ရင်ထဲမှာတော့ ဝမ်းသာလွန်းလို့ ကုလားဘုရားလှည့်သလိုတဒိန်းဒိန်းမြည်နေမှာပါ။ ကျွန်တော့်ရဲ့ ပထမဦးဆုံးသော တိုက်ပွဲအတွေ့အကြုံရရှိတော့မှာဖြစ်လို့ပါ။

ကျွန်တော်တို့ ပဲခူးမြို့ ခရိုင်

# ရှစ်ခွင်ကျော်-ဖောင်တော်သိ

## (၆)နာရီ၊ (၇)လက်၊ (၈)ယောက်





www.burmeseclassic.com

www.burmeseclassic.com

အထူးကွန်မန်ဒိုတပ်စုရဲ့ အဓိကတာဝန်က ပဲခူးမြို့ ခရိုင်ရဲဝန် (DSP)ရဲ့ အနီးကပ်လုံခြုံရေးဆိုပေမယ့် အရေးပေါ်ဖြစ်စဉ်တစ်ခုကြောင့် ခရီးထွက်လာရခြင်းပဲ ဖြစ်ပါတယ်။

ကျွန်တော်တို့ခေတ်က ရဲဝန်ထမ်းတွေကို အင်္ဂလိပ်ခေါင်းတို၊ အမေရိကန်ခေါင်းရှည် ရိုင်ဖယ်သေနတ်တွေပဲ တပ်ဆင်ပေးထားပါတယ်။ မောင်းပြန်ဆိုလို့ ဝါတ်တဲ (ရဲစခန်း) တစ်ခုကို တစ်လက်လောက်ပဲပေးထားတဲ့အချိန်မှာ ကျွန်တော်တို့ကတော့ ခရိုင်ရဲဝန်ရဲ့ အထူးလုံခြုံရေးကွန်မန်ဒိုတပ်စုဖြစ်လို့ တစ်စိတ်ဆယ်ယောက်၊ တစ်စု သုံးဆယ့်သုံးယောက် တပ်မတော်ပုံစံ ဖွဲ့စည်းထားပြီး တပ်စုတပ်ကြပ်ကြီးနဲ့ တပ်စိတ်မှူး၊ ဒုတပ်စိတ်မှူးတွေကို စတင်းဂန်း၊ ဒေါက်စတင်းဂန်း၊ တစ်စိတ်ကို ဘရင်းဂန်း(စက်တလေး) မက်ဝမ်းပြောင်းဖြူကြီးတွေ တပ်ဆင်ပေးထားပါတယ်။

တစ်လုံးထိုးရိုင်ဖယ်သာကိုင်ရတဲ့ ခေတ်မှာ မောင်းပြန်သေနတ်တွေ ကိုင်ဆောင်ရတာဖြစ်လို့ သွေးကြွပြီးတိုက်ချင်ခိုက်ချင်စိတ်တွေ ဆူပွက်နေကြမှာပါ။ ကျွန်တော်ကိုယ်တိုင် ဘရင်းဂန်းမတ်ဝမ်းပြောင်းဖြူကြီးကိုင်ထားရလို့ ကိုယ်နဲ့ခံစားချက်ယှဉ်ပြီး ပြောရခြင်းပါ။

ကျွန်တော်တို့ ခရီးထွက်လာရခြင်းရဲ့ အဓိကတာဝန်က ရန်ကုန်မြို့ပေါ်က ကောလိပ်ကျောင်းသား နှစ်ယောက်နဲ့ ကျောင်းသူငါးယောက် ပဲခူးဘုရားစုံဖူးအလာ ရွှေဂူကြီး၊ ရွှေဂူလေး၊ ကိုးသိန်းကိုးသန်းတောကျအစွန်ရောက် ဘုရားတွေဘက် ကျွဲဝင်လာလို့ ပြန်ပေးဆွဲသွားခံရတဲ့ ဓားစာခံတွေ ဘေးအန္တရာယ်ကင်းရှင်းစွာနဲ့ ကယ်တင်နိုင်ဖို့ပဲ ဖြစ်ပါတယ်။

၅-၅-၁၉၆၁။

ဒီနေ့ဆိုရင် ကျွန်တော်တို့ရဲ့အထူးကွန်မန်ဒိုတပ်စု သတင်းနဲ့ ခြေရာခံပြီး လိုက်နေတာ ငါးရက်မြောက်ရှိသွားပါပြီ။ ရန်သူနဲ့ ဓားစာခံအဖွဲ့က ညအိပ်စခန်းချပြီးပြန်ထွက် ကျွန်တော်တို့က ညအိပ်စခန်းချဖို့အရောက်နဲ့ဟာ ဆယ့်နှစ်နာရီအကွာအဝေးလောက်ဖြစ်နေလို့ လေးရက်မြောက်ညမှာတော့ ဗျူဟာပြောင်းပြီး ညအိပ်စခန်းမချတော့ဘဲ တစ်ညလုံးခရီးနှင်ပါတယ်။

၅ ရက်နေ့ မနက် (၄) နာရီခွဲခန့်မှာတော့ ကျွန်တော်တို့ဦးတည်ရာဘက်က နွားချူသံတွေ၊ ဘီးလှိမ့်သံတွေ၊ လှည်းမောင်းသံတွေ ကြားရပါတယ်။ ထင်းတောတက်တဲ့လှည်းတွေပဲ ဖြစ်ပါတယ်။

"ဟိတ်-တပ်စုတစ်စုလုံးညာဘက်တောထဲဝင် တပ်ဖျောက်စမ်း"

တပ်စုမှူးရဲ့ အရေးပေါ်နှုတ်မိန့်အရ ကျွန်တော်တို့တွေ အမြန်ဆုံးတောထဲဝင်ပုန်းလိုက်ပါတယ်။

တပ်စုမှူးရဲအုပ် ဦးလှမောင်နဲ့ တပ်စုတပ်ကြပ်ကြီး ညွှန့်မောင်တို့ နှစ်ယောက်တီးတိုးပြောဆိုပြီး တပ်ကြပ်ကြီး ညွှန့်မောင်ဟာ ကျောပိုးအိတ်ထဲမှ ပုဆိုးတစ်ထည်ထုတ်၊ ဖိနပ်ချွတ်၊ ဘောင်းဘီချွတ်၊ ပုဆိုးကောက်ဝတ်ပြီး လှည်းလမ်းဘက် ထွက်သွားပါတယ်။ (၁၀) မိနစ်လောက်အကြာမှာတော့ -

"ရပ်. . . ရပ်"

ရဲတပ်ကြပ်ကြီး ညွှန့်မောင်အသံပါ။

"ကျွန်တော် တစ်ယောက်တည်းလူကွဲကျန်ရစ်လို့ဗျာ။ ကျွန်တော်တို့လူတွေများ မတွေ့မိကြဘူးလား"

လှည်းလမ်းနှင့် ကျွန်တော်တို့ တပ်ဖျောက်ပုန်းအောင်းတဲ့နေရာ အလှမ်းမဝေးလို့ ရဲတပ်ကြပ်ကြီး ညွှန့်မောင်နဲ့ လှည်းသမားတွေ ပြောဆိုသံတွေကြားနေရပါတယ်။

"လှည်းလမ်းအတိုင်းဆက်သွားရင် ရှေ့မှာလယ်ကွင်းပြတ်ရှိတယ်။ လယ်ကွင်းကျော်တောစပ်ရောက်ရင် လွှစင်တစ်ခုတွေ့လိမ့်မယ်။ အဲဒီလွှစင်အောက်မှာတော့ အိပ်နေကြတာမြင်ခဲ့တယ်။ ခင်ဗျားတို့လူတွေပဲဖြစ်မှာပေါ့"

"ဘယ်နှယောက်လောက်ရှိလဲ"

"လွှစင်အောက်မှာ အိပ်နေတာ အပြည့်ပဲ၊ ဆယ်ယောက်လောက်တော့ ရှိမှာပေါ့"

"ကျွန်တော်တို့ ခေါ်လာတဲ့လူတွေကော တွေ့မိသေးလား"

"မတွေ့မိဘူးဗျ"

"အေးဗျာ၊ ကျေးဇူးတင်ပါတယ်"

ရဲတပ်ကြပ်ကြီးညွှန့်မောင် ဖားတစ်ပိုင်းငါးတစ်ပိုင်းပုံစံပြောင်းတဲ့ အကျိုးအမြတ်ပါပဲ။ သောင်းကျန်းသူအယောင်ဆောင်လိုက်တာပါ။ အစိုးရဘက်သားစစ်တပ်ရဲမှန်းသိရင် လှည်းသမားတွေ မသိဘူးဘဲပြောမှာပါ။ တပ်စုမှူးရဲအုပ်ဦးလှမောင်ရဲ့ ဖြတ်ထိုးဉာဏ်ကို ချီးကျူးမိပါတယ်။

"တပ်စု၊ တပ်စိတ်မှူးတွေနဲ့ ဘရင်းဂန်းသမားတွေလာကြစမ်း"

မောင်းပြန်သေနတ်သမား ခုနစ်ယောက်စုမိတာနဲ့ တာဝန်တွေခွဲဝေပြီး ရန်သူတွေအိပ်စက်တဲ့လွှစင်ကို ချဉ်းကပ်လိုက်ပါတယ်။ မနက်ခြောက်နာရီထိုးဖို့ မိနစ်ပိုင်းပဲလိုပါတော့တယ်။

www.burmeseclassic.com

www.burmeseclassic.com

တွေ့ပါပြီ။

သူခိုးကြီးတော့ ဓားပြ၊ ဓားပြကြီးတော့ သူပုန်လို့ဆိုရမယ့် သောင်းကျန်းသူ ပြန်ပေးသမား ရှစ်ယောက်ဟာ တောင်စောင်းကိုဖဲ့ပြီး လွှစင်ဆောက်ထားတဲ့ကျင်းထဲမှာ ကောက်ရိုးတွေခင်းပြီး နှစ်ခြိုက်စွာနဲ့ အိပ်မော်ကျလျက်ပါ။ ကိုယ့်သေတွင်းကိုယ်တူးတယ်ခေါ်မလား၊ ညစောင့်ကင်းတောင်ချမထားကြပါဘူး။

"ပစ်. . ."

"ဒိုင်း. . . ဒိုင်း. . . ဒိုင်း"

"ဒက်. . . ဒက် . . . ဒက် . . . ဒက်"

"ဒုတ် . . . ဒုတ် . . . ဒုတ်"

စတင်းဂန်း၊ ဘရင်းဂန်း သေနတ် ခုနစ်လက်ပစ်အားဟာ ဝါးတောကြီးမီးလောင်သလို ဆူညံပွက်လောရိုက်သွားပါတယ်။

"ဒီဘက်မှာ ကျွန်တော်တို့ရှိတယ်ဗျို့"

ဓားစာခံတွေ အသံပေးခြင်းပါ။

ပြန်လည်ပစ်ခတ်ခြင်းမရှိလို့ တိုက်ပွဲလို့မခေါ်ဘဲ ပစ်ခတ်မှုလို့ပဲဆိုရမှာပါ။ တောင်စောင်းနဲ့ လွှစင်ပေါ်က သစ်ခွဲသားတွေပေါ် နေရာယူပြီး အမြင့်ရှစ်ပေလောက်က ပိုင်ပိုင်နိုင်နိုင်ပစ်ရတဲ့ပစ်ခတ်မှုပါ။

"ရန်သူ့အလောင်း၊ ရန်သူ့လက်နက်ပါရခဲ့မယ်ဆိုရင် မင်းတို့ကွန်မန်ဒိုတပ်စုတစ်စုလုံး နာမည်ကောင်းလက်မှတ်တွေသာမက တီတိုနီလက်ပတ်နာရီတစ်လုံးစီ ဆုချမယ်"

ခရိုင်ရဲဝန် (DSP) ရဲ့ စစ်ထွက်မိန့်ခွန်းပြောဆိုပြီး ကတိပေးမက်လုံးစကားအရ ကျွန်တော်တို့ မျှော်လင့်ချက်တွေကုန်ဆုံးတဲ့အမြင် တပ်စုတစ်စုလုံး ခေါင်းဖော်လို့မရအောင် ပြစ်တင်ရှုတ်ချအော်ငေါက်ခံရတော့မှာပါ။

တစ်လောင်း၊ တစ်လက်မပြောနဲ့ ကျည်တစ်တောင့်တောင် သက်သေပြစရာမရှိအောင် အသက်ရှင်လျက် ထွက်ပြေးလွတ်မြောက်သွားလို့ပါပဲ။

❐

"ကိုလှမောင်၊ ခင်ဗျား အရာရှိတစ်ယောက်ရဲ့ပါးစပ်ပေါက်နဲ့ မတန်အောင် ကျုပ်ကို လိမ်တယ်ညာတယ်"

ပဲခူးမြို့ ခရိုင်ရဲဝန်ရုံးရှေ့ ကျွန်တော်တို့တပ်စုတစ်စုလုံး ခြေစုံရပ်သတိဆွဲပြီး ခရိုင်ရဲဝန်ရဲ့ ပဏာမစကားပါ။ တပ်စုမှူးဖြစ်တဲ့ခေါင်းကိုဖြိုချလိုက်လို့ ကျွန်တော်တို့ လက်အောက်ငယ်သားတွေ တုတ်တုတ်တောင်မလှုပ်ရဲကြပါဘူး။

"ကျုပ် ဖြစ်စဉ်အားလုံး သိပြီးပြီ။ ခင်ဗျားသတင်းပို့တာနဲ့ တခြားစီပဲ"

ဟုတ်ပါတယ်။ ကျွန်တော်တို့ တပ်စုတစ်စုလုံးကို သူပစ်ကိုယ်ပစ်ရင်ဆိုင်တိုက်ပွဲဖြစ်တဲ့အကြောင်း လိမ်လည်ထွက်ဆိုဖို့ ညှိနှိုင်းပြီးသားပါ။ ဖြစ်စဉ်အမှန်အတိုင်း သတင်းပို့လို့မဖြစ်တာကြောင့်ပါဘဲ။

ဖြစ်ချင်တော့ ချင်းရဲဘော်လေး ဂမ်ချမန်းကစပြီး ဖော်ကောင်လုပ်လိုက်တော့ ကျွန်တော်တို့လည်း တစ်ယောက်ချင်းစစ်မေးရာမှာ ဖြစ်ရပ်မှန်အတိုင်းပဲ ထွက်ဆိုတင်ပြလိုက်ရတာပါ။

ကျွန်တော်တို့ တပ်စုမှူးရဲအုပ် ဦးလှမောင်ကိုလည်း အပြစ်မဆိုရက်ပါဘူး။ အပေါ်စီး ရှစ်ပေအကွာလောက်က မောင်းပြန်သေနတ်ခုနစ်လက်နဲ့ အတွဲလိုက်ပစ်ခတ်ချေမှုန်းရတာတောင် ရန်သူ့အလောင်းတစ်လောင်း၊ သေနတ်တစ်လက် သက်သေပြစရာမှမရှိတာကြောင့်ပါ။

ခုတော့ ချင်းရဲဘော်လေး ဂမ်ချမန်းက အထုပ်ဖြေလိုက်ပြီဆိုမှတော့ ခရိုင်ရဲဝန် ဒေါသူပုန်ထပြီဆူပြီပေါ့။

"ခင်ဗျားတပ်စု မောင်းပြန်သေနတ်ခုနစ်လက်။ ရန်သူရှစ်ယောက်၊ လေးယောက်အသေရတယ်ဆိုရင် ကျုပ်အပြစ်မပြောဘူး။ တစ်လောင်းမှမရတဲ့အပြင် ကျည်နှစ်ရာကျော် သက်သက်ဖြုန်းပစ်တာပဲ။ ခင်ဗျားမရှက်ပေမယ့် ကျုပ်ရှက်တယ်။

အေး - ပြန်ပေးအဆွဲခံရတဲ့ ကောလိပ်ကျောင်းသား ဓားစာခံတွေ အကုန်လုံး အန္တရာယ်မရှိ ကယ်တင်နိုင်တဲ့အတွက် မင်းတို့သိပ်ကံကောင်းတယ်မှတ်ပါ။ မဟုတ်ရင်တော့လား ဟိုမှာတွေ့လား၊ အကုန်လုံးအလုပ်ဖြုတ်ပြီး ပို့လိုက်မှာ"

ခရိုင်ရဲဝန် လက်ညှိုးညွှန်ပြတဲ့နေရာဟာ ရုံးကြီးမြောက်ဘက်က လေးဖက်လေးတန် အုတ်ရိုးခတ်ထားတဲ့ ပဲခူးထောင်ပါ။

ခရိုင်ရဲဝန်ကို အပြစ်မမြင်ပါ။ ကျွန်တော်တို့ကိုက ကံကြမ္မာငင်ချင်လို့ပဲလား၊ သောင်းကျန်းသူတွေကပဲ ကျည်လွဲ၊ ကျည်ကာ သေနတ်ပြီးဆေးဝါးအစီအရင်အဆောင်အယောင်တွေ ရှိလို့လားမှ မသိတာ ခင်ဗျာ။

❐

ကျွန်တော်ကတော့ သောင်းကျန်းသူ သာထူးအဖွဲ့က လက်နက်မဲ့အလင်းဝင်လာတဲ့ သာခင်ပါ ခင်ဗျာ။

ကျွန်တော့်ဇာတိက ပဲခူးအရှေ့ဘက် သီးသန့်တည်ရှိတဲ့ သနပ်ပင်အားလမ်းဘေးက ကမာနတ်ဆိုတဲ့ရွာကြီးပါ။ အဘ ဦးရွှေသန်း အမိဒေါ် ချစ်မယ်တို့ရဲ့ ဒုတိယမြောက်သားပါ။

ကျွန်တော်ရှစ်တန်းသုံးနှစ်မြောက် ဖြေဆိုပြီးတဲ့နေ့ အဖေက -

'အောင်စာရင်းထွက်တဲ့နေ့ မင်းနာမည်မပါရင် အိမ်ပြန်မလာနဲ့တော့၊ မင်းအစ်ကို သာထူးနောက်ကို လိုက်သွားတော့'

'တော် ကလေးကို ဘယ်လိုပြေလိုက်တာလဲ'

အဖေ့ရဲ့ ရာဇသံကို အမေက ဒုံးပြောဆိုပါတယ်။

"ချစ်မယ် နင့်ပါးစပ်ပိတ်။ စာမေးပွဲမအောင်ဘဲ ဒီကောင့်ကို လက်ခံထားရင် နင့်ပါသတ်ပစ်မယ်"

ဒီနှစ် ရှစ်တန်းစာမေးပွဲကျရင်တော့ အဖေ တကယ်လုပ်တော့မှာဆိုတာသိနေပါတယ်။ ကျွန်တော့်အတွက် အမေပါ ပြဿနာမတက်စေချင်ပါဘူး။ ဖြစ်ချင်တော့ အောင်စာရင်းထွက်တဲ့နေ့ စာမေးပွဲကျလို့ ကြောက်ကြောက်လန့်လန့်နဲ့ အိမ်အပြန် အဖေ အရက်သေ ထွေနဲ့ အမေ့ကို ရန်ရှာပွဲကြမ်းနေ ဦးတည်ရာလမ်းကြောင်းပြောင်းလိုက်တယ်။

ပဲခူးမြို့မှာ စစ်တပ်ရော စစ်သားစုဆောင်းရေးပါ ရှိပါတယ်။ ကျွန်တော်ကိုက ကံကြမ္မာငင်ချင်တဲ့ကောင်ဆိုတော့ သေနတ်မြန်မြန်ကိုင် မြန်မြန်ပစ်ရ အစ်ကိုသာထူးရှိရာ တောထဲကိုပဲ ထွက်ခွာခဲ့ပါတယ်။

ကျွန်တော်ဆိုတဲ့ သာခင် အစ်ကိုအားကိုးနဲ့ တောထဲရောက်ခြင်းဟာ ဒုက္ခဆင်းရဲခြင်းကို ခုန်ဆင်းလိုက်သလို မဟာအမှားကြီးကို ကျူးလွန်မိသူဆိုတာ တစ်လမကြာလိုက်တဲ့ အချိန်ကာလလေးနဲ့ သိခွင့်ရလိုက်ပါပြီ။

မိဘ ဆိုတာ နာအောင်ကျူးအောင်လောက်ပဲ ရိုက်နှက်ဆုံးမမှာပါ။ အသေသတ်ဖို့ဆိုတာ ဝေးလို့၊ ကျိုးအောင်တော့ ရိုက်မှာမဟုတ်ပါဘူး။ အစ်ကိုသာထူးနဲ့ ပေါင်းမိမှ ကိုယ်စောစိတ်ပါ နာကျင်မှုဝေဒနာတွေ ခံစားရတာပါ။

ကျွန်တော်တို့ကို ဇွေတွေး အထက်ဌာနအကြီးအကဲတွေကလည်း ရိက္ခာမထောက်၊ ရွာတွေကလည်း ရိက္ခာ



www.burmeseclassic.com

www.burmeseclassic.com

# လေဖြတ်၊ လေဖြန်း၊ လေငန်း ဤဆေးစွမ်း

ယနေ့အချိန်အခါ ဆေးရုံ၊ ဆေးခန်း၊ အကြောပြင်ခန်း၊ တိုင်းရင်းဆေးခန်းများတွင် အများဆုံးတွေ့ရသည်မှာ လေဖြတ်သူများ၊ လေဖြန်းအကြောဆိုင်းသူများနှင့် ခြေတယမ်းယမ်း၊ ခေါင်းတလှုပ်လှုပ်၊ လက်ကိုးရိုးတားရားနှင့် လေငန်းဖမ်းခြင်းခံရသူများဖြစ်နေသည်ကို တွေ့ရပါမည်။

လေဖြတ်၊ လေဖြန်း၊ လေငန်းဖြစ်ရခြင်းတွင် အဆီအဆိမ့်များဖြစ်သော ဝက်သား၊ ဘဲသား၊ မြေပဲဆန်၊ စားအုန်းဆီ၊ ထောပတ်၊ အချိုအများဆုံးစားသူများတွင် အဖြစ်များသည်ကို တွေ့ရပါသည်။ သို့အတွက် အထက်ပါ အစားအစာများ နည်းပါးစွာစားသင့်ပါသည်။

ထို့အပြင် တညင်းသီး၊ ငါးသလောက်၊ ငါးကြီးဘူး စသော တက်စာများ၊ ငါးချဉ်တဲ့သို့ လက်တည်ချဉ်များစားသုံးခြင်းသည်လည်း လေငန်း၊ လေဖြန်း၊ လေဖြတ်ဖြစ်တတ်ပါသည်။

ဇရင်းပြင် အရက်သေစာ၊ ဘီယာများသောက်ခြင်း၊ အချိန်အခါမရွေး အရမ်းမဲ့ရေချိုးခြင်း၊ ပန်ကာလေများစွာခံခြင်းကြောင့်လည်း လေဖြတ်၊ လေငန်းဖြစ်တတ်ပါသည်။

သို့အတွက် ဖော်ပြပါအချက်များကို သတိပြုဆင်ခြင်ကြလျှင် လေဖြတ်ခြင်း မဖြစ်နိုင်ပါချေ။

လေဖြတ်၊ လေဖြန်း၊ လေငန်း မဖြစ်အောင် ဆေးဝါးဖြင့် တင်ကြိုကာကွယ်နိုင်ပါသည်။ အောက်ပါဆေးနည်းသည် သွေး၊ လေ ညီညွတ်မျှတစေသည့်အပြင် ဆီး၊ ဝမ်းမှန်စေသဖြင့် လေဖြတ်ခြင်းမဖြစ်အောင် ကြိုတင်ကာကွယ်စေပါသည်။

❒ အဝါရောင်သန်းနေသော ရှောက်သီးရင့်ရင့် (၅) လုံးကို နူးအိနေအောင် ရေခန်းပြုတ်ပါ။

❒ ထို့နောက် ထန်းလျက်အဟောင်း (၇၅) ကျပ်သားနှင့် နူးအိနေသောရှောက်သီးများကို ယိုထိုးပါ။

❒ မြန်မာကြက်သွန်ဖြူ (၁၀) ကျပ်သား၊ အခွံသင်ထောင်းထည့်မွှေပါ။

❒ စမုန်နက်စေ့ တစ်မတ်သား၊ ငရုတ်ကောင်းစေ့ တစ်မတ်သား ထောင်းထည့်မွှေပါ။

❒ နှမ်းဆီတစ်ဆယ်ကျပ်သား နောက်ဆုံးလောင်းထည့်မွှေ၍ သမလျှင်အအေးခံပြီး ဖန်ပုလင်းတွင် လေလုံစွာထားပါ။

နေ့စဉ် လက်ဖက်စားတစ်ဇွန်းစားသွားပါ။ ဆေးသုံးဖုံစားပြီးလျှင် လေဖြတ်၊ လေငန်း၊ လေဖြန်း မဖြစ်တော့ပါ။ ဖြစ်နေလျှင်လည်း သက်သာလာပါလိမ့်မည်။ စွဲ၍စားလျှင် လူကောင်းပကတိလို သွားလာလှုပ်ရှားနိုင်စေပါသည်။

နတ်မောက်လှမြင့်သစ်

---

ရော ဆက်ကြေးပါဖြတ်ထားလို့ အငတ်ဘေးနဲ့ ရင်ဆိုင်နေရပါတယ်။ ရက်တနေ့လကူးလာတော့ . ကျွန်တော့်အစ်ကိုသာထူးဟာ သူတပည့်တွေရဲ့ဒုက္ခကို မကြည့်မမြင်ရက်တော့လို့ ဖြတ်လမ်းကငွေရှာတော့တာပါပဲ။

အစ်ကိုသာထူးရဲ့လုပ်ရပ်ဟာ မြွေတော့သေစေ၊ ဖားတော့ရှင်စေ သဘောဆောင်ပါတယ်။

ရန်ကုန်ကနေ ပဲခူးဘုရားဖူးလာတဲ့ ကောလိပ်ကျောင်းသားကျောင်းသူ ခုနစ်ယောက်ကို ပြန်ပေးဆွဲပါတယ်။ ဒီပြဿနာ ဒီမီးဟာ ကျွန်တော်တို့တစ်ဖွဲ့လုံးကို လောင်မြိုက်မယ့်မီးဆိုတာ ကျွန်တော်ခန့်မှန်းလို့ရနေပါပြီ။

တောတက်လှည်းတွေရဲ့ လှည်းသမားတွေဆီက သတင်းယူတိုင်း ကျွန်တော်တို့နောက်ကို ကွန်မန်ဒိုတပ်နဲ့ သဲကြီးမဲကြီးလိုက်ရှာနေတဲ့အကြောင်းပဲ ထပ်တလဲလဲကြားနေရပါတယ်။

ထမင်းနပ်မမှန်လို့ အအိပ်အနေမှန်တယ်ဆိုရင် ဖြေသာပါရဲ့။ ခုတော့ သတင်းရတိုင်း အချိန်မတော် ပြေးဟယ်လွှားဟယ်နဲ့ အားပြတ်သလောက်ကို ဖြစ်နေပါပြီ။

ကျွန်တော် မခံစားနိုင်တော့ပါဘူး။

အပြစ်မဲ့ ဓားစာခံတွေရဲ့ ဒုက္ခကိုလည်း မမြင်ရက်တော့ပါဘူး။

ကျွန်တော် တတ်နိုင်တာကတော့ ဒုက္ခကြုံလို့ ဗုဒ္ဓဂုဏ်တော်ပဲရှိပါတယ်။ အမေ လက်ထပ်သင်ပေးတဲ့ သမ္ဗုဒ္ဓေဂါထာတော်ကြီးကိုပဲ အချိန်ရှိတိုင်း ပါးစပ်က လှုပ်စိလှုပ်စိနဲ့ ရွတ်ဆိုနေမိပါတယ်။

၅ - ၅ - ၁၉၆၁။

ပဲခူးရိုးမအရှေ့ တောတွင်းတစ်နေရာရဲ့ သစ်ခွဲတဲ့ လွစင်အောက်မှာ ပင်ပန်းလွန်းလို့ ကင်းတောင်မချတော့ဘဲနှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်နေပါတယ်။ ကျွန်တော်တို့ခေါ်လာကြတဲ့ ဓားစာခံကောလိပ်ကျောင်းသား နှစ်ယောက်နဲ့ ကျောင်းသူငါးယောက်ကိုတော့ ကျွန်တော်တို့နဲ့ ကိုက်တစ်ရာအကွာ ချောင်းကမ်းဘေး ရေသဖန်းပင်ကြီးမှာ လက်ပြန်ကြိုးတုပ်ပြီး ချည်နှောင်ထားပါတယ်။

မနက် (၄) နာရီလောက်မှာတော့ ကျွန်တော့်ကို တစ်ယောက်ယောက်က လှုပ်နှိုးလိုက်သလိုရှိတာကြောင့် ဆက်မအိပ်တော့ဘဲ ကျွန်တော့်ရဲ့ အားကိုးရာ သမ္ဗုဒ္ဓေဂါထာတော်ကြီးကိုပဲ ရွှေမော်ဓောစေတီကြီးကို အာရုံပြုပြီး ရွတ်ဆိုပူဇော်နေပါတယ်။

မနက်အရုဏ်ကျင်းလို့ အလင်းရောက်ချိန်မှာတော့ ...

"ဒိုင်း. . . ဒိုင်း. . . ဒိုင်း"

"ဒက်. . . ဒက်. . . ဒက်. . . ဒက်"

"ဒုတ် . . . ဒုတ် . . . ဒုတ်"

ဝါးတောကြီး မီးလောင်သလို ပေါက်ကွဲသံတွေနဲ့အတူ ကျွန်တော့်ဘေးဘယ်၊ ညာတွေမှာ မိုးသီးမိုးပေါက်လို ကျည်ဆန်တွေ ဖြတ်သန်းနေပါတယ်။ ကျွန်တော် သတိကိုစုစည်းပြီး ခြေဦးတည့်ရာစွတ်ပြေးပါတယ်။

အသက်လုပြီး ပြေးမိပြေးရာပြေးလွှားလာတဲ့ ကျွန်တော်ဟာ လူစုကွဲပြီး တစ်ယောက်တည်း ဖြစ်နေတဲ့အတွက် သမ္ဗုဒ္ဓေဂါထာတော်ကြီးကို လွတ်လပ်ပေါ့ပါးစွာရွတ်ဆိုရင်းတောတိုးပြီး အရှေ့စူးစူးကို ဦးတည်လျှောက်လာတဲ့အခါ အတွေ့အကြောက်တွေ ချိုးကွေ့ပြီးချိန်မှာတော့ ဘွားခနဲ ပေါ်လာတာကတော့ ရွှေဂူလေးစေတီတော်မြတ်ပါ။

ဘုရားဂုဏ်၊ တရားဂုဏ်ကြောင့် သေတွင်းကနေ လွတ်မြောက်ခဲ့တဲ့ ကျွန်တော်ဟာ ရွှေဂူလေးစေတီတော်မြတ်ကို အားပါးတရ ဖူးမြော်ပြီး ကျွန်တော့်ရဲ့ ခြေလှမ်းတွေဟာ ပဲခူးအနောက်ပိုင်း ဘုရင့်နောင်ဂါတ် (ရဲစခန်း) ကို သွက်လက်စွာ လျှောက်လှမ်းနေပါတယ်။

ရှစ်ခွင်ကျော်-ဗောင်တော်သီ

www.burmeseclassic.com

ကျွန်တော် ငယ်စဉ်က အထက်တန်းကျောင်းသားဘဝတွင် နဝမတန်း၌ ဝေသန္တရာဇာတ်တော်ကြီးကို မြန်မာစာတွင် သင်ခဲ့ရပါသည်။ ဝေသန္တရာမင်းကြီးသည် တိုင်းပြည်၏ ရတနာတစ်ပါးဖြစ်သော ဆင်ဖြူတော်ကြီးအား အလှူခံပုဏ္ဏားတို့ကို လှူလိုက်သည့်အတွက် ဟိမဝန္တာတောသို့ နှင်ထုတ်ခြင်းခံရ၏။ မိုးခေါင်ရေရှား၍ ဒုဗ္ဘိက္ခန္တရကပ်ဆိုက်နေသောတိုင်းပြည်သည် ထိုဆင်ဖြူတော်ကြီး ရောက်ရှိလာသည်မှစ၍ မိုးလေဝသကောင်းမွန်ကာ သာယာဝပြောလာ၏။

ကျွန်တော်တို့ မြန်မာစကားပုံတွင်လည်း ဆိုရိုးစကားတစ်ခုရှိပါသည်။ 'ဆင်ဖြူတော်မှီ၍ ကြံစုပ်ရသည်' ဆိုသောစကားဖြစ်၏။ ကျွန်တော် ရေးလိုသည်မှာ ဆင်ဖြူတော်အကြောင်း မဟုတ်ပါ။ ယခု ဖော်ပြသည့် မြန်မာစကားပုံကဲ့သို့ ဆင်ဖြူတော်ကိုမှီ၍ ကြံစုပ်ခဲ့ရသည့် ထူးခြားသော ဂမ္ဘီရဖြစ်ရပ်ပါ။

စက်မှုအင်ဂျင်နီယာ ဖိုမင်းကြီး ကိုတွတ်နီနှင့် ကျွန်တော် ဖိုးကျော်တို့သည် ယနေ့ သတင်းစာဂျာနယ်တို့တွင် ရေပန်းစားနေသော လက်ပံတောင်းတောင်ကြေးနီသတ္တုသိုက်များ၌ ၁၉၇၂-၇၆ နှစ်များက သဲတစ်ဆုပ်အုပ်တစ်ချပ် ပါဝင်လုပ်ဆောင်ခဲ့ကြပါ သည်။

ကိုတွတ်က စက်မှုပိုင်းတွင် တာဝန်ထမ်းဆောင်သော်လည်း တစ်ဖက်က ဂန္ဓာရီလိုင်းကိုလိုက်နေသည့်အတွက် ထွက်ရပ်ပေါက် ဝိဇ္ဇာမဟိဒ္ဓိပုဂ္ဂိုလ် ဖြစ်သည့် ယက္ကန်းစင်တော်ဆရာတော်ကြီးစသော ပုဂ္ဂိုလ်ကြီးများ၏ ကူညီစောင့်ရှောက်မှုများကို ရရှိနေပါသည်။ မည်သို့ပင် သိုသိပ်စွာ ကျင့်ကြံနေထိုင်ပါသော်လည်း ပယောဂဝေဒနာရှင်တို့က ဘယ်ကဘယ်လိုသိ၍ ရောက်လာသည်လည်း မပြောတတ်ပါ။

"ပယောဂကုတဲ့ဆရာ မဟုတ်ဘူးဆိုတာသိပါတယ်။ သို့ပေမယ့် ဆရာတွတ်ကို ယုံကြည်အားကိုးပြီး လာခဲ့တာပါ"

ဟု ဆိုပြန်သောအခါ မည်သို့ပြန်ရတော့မည်နည်း။

သို့ဖြင့် မေတ္တာရှေ့ထား၍ဆောင်ရွက်ပေးလိုက်ရပြန်၏။ ဤနည်းဖြင့် တစ်ယောက်ကစ တစ်ရာဆိုဘိသို့ ရောက်ရောက်လာကြကုန်၏။ ၆ ဝဒနာပျောက်သွားပြန်သောအခါ ကျေးဇူးတင်လွန်းလို့ဆိုကာ စားသောက်ဖွယ်ရာမုန့်ပဲသရေစာတို့ဖြင့် လာရောက်၍ကန်တော့ကြပြန်၏။ ထိုအခါ အခန်းချင်းကပ် ထရံတစ်ချက်သာခြားသော ကျွန်တော် ဖိုးကျော်လည်း ဆင်ဖြူတော်ကြီးကိုမှီ၍ ကြံစုပ်ရရုံမက မုန့်ပါစားရတော့၏။

ကျွန်တော်သည် ကိုတွတ်နှင့် အခန်းချင်းကပ်ကာနေရသောကြောင့် ရောက်လာသမျှ ပယောဂဝေဒနာရှင်များကို ကုသပုံ တွေ့မြင် ကြားသိနေရပါသည်။ အလွယ်ဖြင့် မေတ္တာရပ်ခံ၍ ကုသမှုပြုနိုင်သလို မီးစက် (ကြံတောမှာ ကျန်ခဲ့သူတွင်ဖော်ပြပြီး) ဖြင့် အသုံးပြု သူသာမက စရိုက်ကြမ်းသော လောကသားဆိုလျှင် အထက်မှဆိုင်ရာ ပိုင်ရာပုဂ္ဂိုလ်၏ အကူအညီယူ၍ ကုသရသည်အထိ တွေ့ဖူးပါသည်။

ကြမ်းတမ်းယုတ်မာသော လောကသားများရှိကြောင်း သံယုတ် ပါဠိတော်တွင် ပါရှိပါသည်။ သံယုတ် တော် သုစိလောမသုတ်တွင် မြတ်





www.burmeseclassic.com

www.burmeseclassic.com

ဘုရားရှင်ကိုယ်တော်တိုင်ပင် ကြမ်းတမ်းသုတ်မာသော သုစိလောမဘီလူးနှင့် ခပ်ခွာခွာနေသည်ကို သုစိလောမဘီလူးက-

"ရဟန်း၊ သင်သည် ငါ့ကိုကြောက်၍ နောက်ဆုတ်သလော"

ဟု မေး၏။

"ဘီလူး၊ ငါသည် သင့်ကိုကြောက်၍မဟုတ်။ သင်၏အတွေ့သည် ကြမ်းတမ်းယုတ်မာ၍. . ."

ဟု ဘုရားရှင်က မိန့်တော်မူပြီး-

"လောက၌ သင့်လိုဘီလူးကိုမဆိုထားနှင့် နတ်မာရ်၊ နတ်ပြဟ္မာနှင့်တကွသောနတ်လောကနှင့် သမဏ၊ ဗြာဟ္မဏမင်းများ၊ လူများနှင့်တကွသော လူ့လောက၌ ငါ၏စိတ်ကို ပျံ့လွင့်စေနိုင်သော ကြောက်စေနိုင်သောသူ တစ်စုံတစ်ဦးမျှ မရှိ"

ဟု မိန့်တော်မူ၏။

ကြမ်းတမ်းသော၊ ယုတ်မာသော ခရလောကသားများ ဘုရားရှင်လက်ထက်တော်ကပင်ရှိကြောင်း သံယုတ်ပါဠိတော်မှ အကျဉ်းမျှ ဖော်ပြခြင်း ဖြစ်ပါသည်။ ထိုကြမ်းတမ်းယုတ်မာသော သုစိလောမ၊ ခရလောမ ဘီလူးကြီး (၂) ကောင်ဖြစ်လာရပုံကို ကျွန်တော်တို့ အ-ထ-တွင် သင်ခဲ့ရသော ပြည်သူ့နီတိသင်ခန်းစာလေးအား ယနေ့အသက်အရွယ်ရောက်သည့်တိုင် အမှတ်ရဆဲပါ။


ကဿပဘုရားရှင်၏ သာသနာတော် (အသေအချာမမှတ်မိပါ) က ဖြစ်ပါသည်။ ပိဋကတ်သုံးပုံဆောင်သော မထေရ်ကြီးနှစ်ပါးသည် ပူပြင်းသောနွေရာသီ၏ နေ့လယ်ခင်းတွင် ချွေးသံစိုရွှဲ ဖုန်မှုန့်အလိမ်းလိမ်းကပ်သောခြေတို့ဖြင့် ကြွတော်မူလာခဲ့ပြီး လူအများ တည်းခိုရန် ဆောက်လုပ် လှူဒါန်းထားသော ဇရပ်တစ်ဆောင်ကိုတွေ့သော် အရိပ်ခိုရန် ဝင်ခဲ့၏။ ရဟန်းသံဃာများ တည်းခိုရန် သီးသန့်ပြုလုပ်ထားသောနေရာ၌ လှပသန့်ရှင်းသည့် ကော်ဇောပါ ခင်းလျှုထား၏။

ထိုမထေရ်ကြီးနှစ်ပါးတို့သည် ချွေးနှင့်ခြေဆီတို့ထွက်ကာ ဖုန်အလိမ်းလိမ်းကပ်နေသော ခြေထောက်များကို ဆေးကြောသုတ်သင်မှုမပြုဘဲ လှပသန့်ရှင်းသော ကော်ဇောပေါ်သို့ နင်းတက်ခဲ့ကြ၏။ မထေရ်ကြီးတို့ ခြေထောက်မှ ချွေးနှင့် ခြေဆီဖုန်မှုန့်တို့သည် လှပသန့်ရှင်းစွာ လှူဒါန်းခင်းကျင်းထားသည့် ကော်ဇောတို့ ညစ်ပေစွန်းထင်းကုန်၏။ ထိုအကြောင်းကြောင့် တမလွန်ဘဝရောက်သော် ရှုန့်ရင်းကြမ်းတမ်းသော သုစိလောမ၊ ခရလောမ အမည်ရှိသော ဘီလူးကြီးများဘဝသို့ရောက်ရသည်ဟု ငယ်စဉ်က သင်ကြားခဲ့ရသော ယနေ့ခေတ်အခေါ် အရ ယဉ်ကျေးလိမ္မာဟူသော ပြည်သူ့နီတိဘာသာရပ်တွင် သင်ကြားခဲ့ရပါသည်။

ယခုလည်း ကိုတွတ်ထံ ရောက်လာသော ဝေဒနာရှင်အား သက်ဆိုင်သူကိုခေါ် ယူရာ အလွန်ပင်ကြမ်းတမ်းသော နတ်ရဲကျော်ဆိုသူ (ဒေသအခေါ်) ပရလောကသားဖြစ်နေပေရာ ကိုတွတ်၏ မေတ္တာမီးစက်လက်နက်တို့သည် မရတော့ချေ။ ဘေးမှကြည့်နေသူများကိုပါ သတ်မယ်ဟု ကြိမ်းမောင်းသဖြင့် အမျိုးသမီးများ ထွက်ပြေးကြ၏။ ကျွန်တော်

# သပိတ်ကျင်း-ကျော်ကျော်ထွန်း

## ဆင်ဖြူတော်ကြီးနှင့်ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com

တို့လည်း ကိုတွတ် ဘယ်လိုဖြေရှင်းမည်ကို သိလိုသဖြင့် ရင်တထိတ်ထိတ်ဖြင့် စောင့်ကြည့်နေကြပါသည်။ ကိုတွတ်သည် အေးဆေးတည်ငြိမ်စွာပင် ဘုရားဝတ်ပြု သစ္စာဆို၍ ဝိဇ္ဇာမဟိဒ္ဓိ ထွက်ရပ်ပေါက် ယတ္တန်းစင်တောင် ဆရာတော်ကြီးနှင့် ဘိုးတော်များပင့်ကာ လုပ်ပိုင်ခွင့် အာဏာခံယူပါသည်။ ပြီးလျှင် သောင်းကျန်းနေသော နတ်ရဲကျော်ဆိုသူ ဝရလောကသား (ဝင်နေသူ) ကို လက်ညှိုးထိုး၍ -

"ဒီကောင့်ကို လက်ပြန်ကြိုးတုပ်လိုက်"

ဟု အမိန့်ပေးရာ နတ်ရဲကျော်၏ လက်နှစ်ဖက်သည် ကျောနောက်ရောက်သွားကာ ကြက်ခြေခတ်သဏ္ဌာန် အနေအထား ပူးကပ်သွားသဖြင့် နတ်ရဲကျော်သည် ဝူးဝူးဝါးဝါးအော်ရင်း ရုန်းကန်နေသဖြင့် -

"ဟေ့- လှုပ်မရအောင် ကြိုးတင်းတင်းတုပ်"

ဟု ဆိုလျှင် နတ်ရဲကျော်သည် လုံးဝမလှုပ်ရှားနိုင်တော့ချေ။

"ဒီလောက်ခေါင်းမာတဲ့အကောင်ကို ကြိမ်နဲ့ရိုက်ပြီး ဆုံးမလိုက်"

ဆိုစဉ်မှာပင် နတ်ရဲကျော်သည် 'အား' 'အင်း' အော်တာ ဘယ်၊ ညာလူးလွန့်နေပါသည်။ ကိုတွတ်သည် ဘုရားကျောင်းဆောင်ရှေ့တွင် တင်ပျဉ်ခွေထိုင်ရင်း အမိန့်ပေးနေသည်မှလွဲ၍ ဘာမှ လှုပ်ရှားမှုမရှိသလို၊ ကြိုးတုပ်ခြင်း၊ ကြိမ်ဖြင့်ရိုက်ခြင်းလည်း မည်သူတစ်ဦးတစ်ယောက်မျှ ပြုလုပ်သည်ကို မမြင်ရပါဘဲ နတ်ရဲကျော်ဝင်နေသူတစ်ဦးသာ မခံမဆံ့ခံနေရခြင်း ဖြစ်သည်။

ခေါင်းမာကြမ်းတမ်းသော နတ်ရဲကျော်သည် ဤအခြေအနေအထိ တင်းခံဆဲဖြစ်သောကြောင့် ကိုတွတ်သည် ဝိဇ္ဇာမဟိဒ္ဓိပုဂ္ဂိုလ်များ ပင့်ထားရာဘက် လက်အုပ်ချီရင်း တီးတိုးရွတ်ဆိုကာ -

"မင်းလုပ်ထားတာ ပြန်မနုတ်ဘူးဆိုရင် မင်းကို ဆင်နဲ့နင်းမယ်။ ကဲ - ဆင်ပိုင်၊ ဒီကောင့်ကို ဆင်နဲ့တိုက်စမ်း မသေစေနဲ့"

ဆိုစဉ်မှာပင် နတ်ရဲကျော် ကြမ်းပြင်ပေါ် လဲကျသွားပါသည်။

ဤတွင် နတ်ရဲကျော် မာန်လျှော့ အရှုံးပေး၍ သူလုပ်ထားတာ ပြန်နုတ်ပါမည်ဟူသော ကတိဝန်ခံချက် သစ္စာရေသောက်၍ ပွဲသိမ်းသွားပါသတည်း။

ကိုတွတ် [illegible] ပါးစပ်အမိန့်အာဏာမှလွဲ၍ ဘာဆေးကြိမ်လုံး၊ ဘာဆေးဝါးမှ အသုံးပြုသည်ကို မတွေ့ရပါ။

**ဆင်ဖြူတော်ကြီးဗိုလ်၍ ကြံစုပ်ရခြင်း**

ဤ လက်ပံတောင်းတောင်ခြေ နီသတ္တုရိုင်းသိုက်လေ့လာရှာဖွေရေးလုပ်ငန်းကြီးသည် နှစ်ရှည်စီမံကိန်းဖြစ်သည့်အတွက် တာဝန်ထမ်းဆောင်ကြရသည့် ဝန်ထမ်းများလည်း လုပ်ငန်းမပြီးမချင်း လက်ပံတောင်းတောင်စခန်းတွင် နေကြရသောကြောင့် ဝန်းကျင်ကျေးရွာများမှ ဒေသခံရွာသူတို့နှင့် ဖူးစာဆုံ၍ မြို့တော်ရှေ့ကိုသို့ လိုက်ပါလာကြသည့် ညိုပြာညက်ကလေးများလည်း မနည်းပါချေ။ ညိုပြာညက်ကလေးများသာမက ညိုပြာမောင် ကိုလူထွားတို့လည်း လုပ်ငန်းခွင်သင်တန်းများ ဝင်ရောက်ခွင့်ရသဖြင့် ကျွမ်းကျင်ဝန်ထမ်းများ၊ အငယ်တန်း အင်ဂျင်နီယာများအဖြစ်ဖြင့် တာဝန်ထမ်းဆောင်ခွင့် ရရှိကြပါသည်။

နှစ်ရှည်စီမံကိန်း ဆိုသော်လည်း ကွင်းဆင်းဝန်ထမ်း နေ့တွက်ခရီးစရိတ် ဥပဒေအရ ရုံးချုပ်သို့ (၆) လတစ်ကြိမ် ပြန်ခွင့်ပြုထားသဖြင့် မပြန်ချင်သည်ဖြစ်စေ၊ ပြန်ချင်သည်ဖြစ်စေ ပြန်ကြရ၏။ မပြန်လျှင် နေ့တွက်ခရီးစရိတ်ပေးခွင့်မရှိသဖြင့် ပြန်၍ တစ်လခန့်နားပြီးမှ ပြန်လာကြရသည်က လုပ်ရိုးလုပ်စဉ်ဖြစ်၏။

တိုက်တိုက်ဆိုင်ဆိုင် ယခုအခေါက်တွင် ရုံးချုပ်ပြန်ခွင့်ရသူများတွင် ကိုတွတ်နှင့် ကျွန်တော် ဆုံနေ၏။ ခရီးစရိတ်ဥပဒေအရ မုံရွာ-မန္တလေးခရီးစဉ်တွင် ရထားစီးရမည် ဖြစ်သော်လည်း ရထားမစီးဘဲ ကားသာအစီးများကြပါသည်။ ခရီးစရိတ်တောင်းခံလွှာတွင်တော့ ရထားဟု ပြရ၏။ ယခုလည်း ကျွန်တော်တို့နှစ်ယောက် ရန်အောင်မန်းလိုင်းကား စီးခဲ့ကြပါသည်။ ကျွန်တော်တို့ရှေ့တစ်ခုံကျော်တွင် ဥပမိရုပ်ရည်ချောမောခဲ့ညားသော မိသားစုသုံးဦးလည်းပါရှိလာသည်ကို သတိထားမိပါသည်။ သတိထားမိရသည်ကလည်း သမီးဟု ထင်ရသော မိန်းမပျိုလေးသည် အတော်ပင်ချောမောလှပသူလေး ဖြစ်သည့်အတွက်ဟု ဆိုက မမှားပါ။

ရန်အောင်မန်း ကားကြီးသည် ချောင်းဦး၊ မြင်းမူတို့တွင် အတက်၊ အဆင်းခရီးသည်များအတွက် ခဏသာ ရပ်နားပါသည်။ မူးမြစ်တံတားဖြတ်ကျော်ပြီး ညောင်ပင်ဝန်းရောက်မှ ခရီးသည်များ နံနက်စာစားရန် ရပ်နားပေးပါသည်။ နံနက်စာစားရန် ဆိုသော်လည်း ကျွန်တော်တို့နှစ်ယောက်က ဘကြိုင်ဝန်ထမ်းများဖြစ်သည့်အတိုင်း ချွေချွေတာတာ သုံးစွဲရသောကြောင့် ထမင်းမစားဘဲ နွားနို့တစ်ခွက်နှင့် ပဲပလာတာတစ်ချပ်စီသာ ဟန်မပျက်စားသောက်ရပါသည်။ ကျွန်တော်တို့ ဘေးမှစားပွဲတွင် မချောလေးတို့ မိသားစုက အမဲ၊ ဝက်၊ ကြက်တို့ဖြင့် စိုပြည်နေသည်ကို မသိမသာခိုးကြည့်ရင်း သက်ပြင်းချရပါသည်။

အမဲ၊ ဝက်၊ ကြက်တို့ဖြင့် မြိန်ရှက်စွာ စားသုံးနေကြသည့် မချောလေးတို့ မိသားစုထံမှ 'တဟင့်ဟင့်' ဖြင့် ငိုရှိုက်သံ ထွက်လာသဖြင့် ဘာများဖြစ်သလဲဟု သတိထားကြည့်မိပါသည်။ ငိုရှိုက်နေသူက မချောလေးဖြစ်၍ မိဘနှစ်ပါးက ဘာဖြစ်သလဲဟု တိုးတိုးကျိတ်ကျိတ်မေးနေသည်ကို မြင်ရသဖြင့် ကျွန်တော်က ကိုတွတ်အား လက်တို့၍ ဟိုမှာ ဟူသော သင်္ကေတဖြင့် သတင်းပို့ရာ ကိုတွတ်ကလည်း သူသိကြောင်း ခေါင်းညိတ်ပြ[ပါ]သည်။ မချောလေးကို ဘာမှမေးမရ[ဘဲ] မက ရှိုက်ငိုသံက ပိုမိုကျယ်လောင်လာသဖြင့် ဘေးစားပွဲမှလူများပါ အာရုံစိုက်လာကြသည်။

အဖေ၊ အမေတို့လည်း မေးမ[ရ]သဖြင့် မျက်စိမျက်နှာပျက်ကာ ဘာလု[ပ်]ရမှန်းမသိဖြစ်နေကြ၏။ ကျွန်တော်က ဒီကိစ္စသည် သွေးရိုးသားရိုးကိစ္စမဟုတ်ဟူသော သင်္ကေတဖြင့် ကိုတွတ်အား ခေါင်းယမ်းပြရာ ကိုတွတ်ကလည်း မှ[န်]ကြောင်း ခေါင်းညိတ်ပြရင်း -

"ဘာဖြစ်သလဲ ဦး။ ကျွန်တော် ကြည့်ပေးရမလား"

ဆိုရာ မချောလေး၏ အဖေဖြ[စ်]ဟန်တူသူက အားကိုးတကြီးပင် -

"ဦးတို့လည်း ဘာမှမေးမရဘူး။ လုပ်တတ်ရင်လုပ်ပေးပါ မောင်ရင်ရယ်"

ဟု အပ်နှံပါသည်။

သို့ဖြင့် ကိုတွတ်လည်း ဘုရား အာရုံပြုကာ တီးတိုးရွတ်ဆို၍ ငိုရှိုက်နေ[သော] သူမချောလေး၏ ဦးခေါင်းကို လက်ဖြ[င့်] သာသာပုတ်လျက် -

"မင်းဘယ်သူလဲ"

ဟု မေးရာ မချောလေးသည် တင်းမာခက်ထန်သော မျက်နှာအသွ[င်] ပြောင်းသွားကာ ယောက်ျားသံဖြင့် -

"ငါမင်းကလေးကွ"

ဟု ဆိုပါသည်။

"မင်းကလေး၊ ဒီကလေးကို ဘာ[ကြောင့်]ကြောင့် လူပုံအလယ်မှာအရှက်ရအော[င်]





www.burmeseclassic.com

www.burmeseclassic.com

# အသက်ရှည်ကျန်းမာစေဖို့ အချိန်နာရီများကိုဂရုစိုက်ကြပါစို့

မျိုးတင့်(ညှောင်လေးပင်)

လူ့အသက် ဟူသည် အချိန်နာရီများနှင့် ဖွဲ့စည်းထားခြင်း ဖြစ်သည်။ စက္ကန့်၊ မိနစ်များသည် အချိန်နာရီတို့၏ အခြေခံဖြစ်သည်။ နာရီများသည် တစ်နေ့တာ၏ အစိတ်အပိုင်းများ ဖြစ်သည်။ နေ့ရက်များနှင့် ဖွဲ့စည်းလိုက်သောအခါ နှစ်၊ လများ ဖြစ်လာသည်။ ထိုနှစ်၊ လ၊ နေ့ရက်များ ကြာမြင့်စွာ ရှင်သန်နေထိုင်တည်ရှိခြင်းကို သက်တမ်းများအဖြစ် လူ၊ သတ္တဝါ၊ သက်ရှိ သက်မဲ့တို့အား သတ်မှတ်ခေါ်ဝေါ်ခဲ့ကြသည်။

လူ ဟူ၍ အသက်ရှင်ခွင့်ရလာသောအခါ အသိဉာဏ်ရှိသည့် လူသားတို့သည် အချိန်နာရီကို စနစ်တကျ အသုံးချလာကြသည်။ အချိန်ကိုအသုံးချခြင်းတွင် စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေး၊ ဘာသာရေး စသောဖြစ်စဉ်များ ပါဝင်သည်။ ဘဝကို ပျော်ရွှင်စွာ အသုံးချနေထိုင်နိုင်ရန် ကျန်းမာခြင်းသည် အဓိကကျသည်။ လူတိုင်းသည် ကျန်းမာခြင်းရှိမှ စိတ်လက်ကြည်သာချမ်းသာစွာဖြင့် မိမိတို့လိုအပ်ရာရာ ဘဝခရီးကို လျှောက်လှမ်းနိုင်ကြပါမည်။ မြန်မာလူမျိုးတို့သည် မြတ်ဗုဒ္ဓ၏ဒေသနာတော်လာ 'အာရောဂျ ပရမ လာဘာ' ဆိုသော စကားအရ ကျန်းမာရေးကို လာဘ်ကြီးတစ်ပါးဟု သိမှတ်ခြင်းမြူကြသည်။

သက်ရှည်ကျန်းမာစိတ်ချမ်းသာစွာ နေထိုင်နိုင်ကြဖို့ အချိန်နာရီများကို ဂရုစိုက်ကြရပေသည်။ အချိန်နာရီများ

လုပ်သလဲ"

"ငါ့ကိုကိုးကွယ်ပြီး ဒီတရုတ်အမဲ စားလို့"

ဆိုကာ ဝက်သားဟင်းကို လက်ညှိုးထိုးပြပါသည်။

ကိုတွတ်က သဘောပေါက်ဟန်ဖြင့် ခေါင်းဆတ်လျက် -

"မင်းလေးရယ်၊ ဒီကိစ္စက မင်းလေးကို တမင်စော်ကားတာ မဟုတ်ပါဘူး။ ခရီးသွားရင်းဆိုတော့ ဆိုင်ကချဖေးတဲ့ဟင်းကို အမှတ်တမဲ့စားလိုက်မိတာပါ။ မရည်ရွယ်ဘဲ စားမိတဲ့ကိစ္စမို့ မင်းလေးက ခွင့်လွှတ်ဖို့ မိန်းကလေး ကိုယ်စား ငါ မေတ္တာရပ်ခံပါတယ်"

ဆိုသဖြင့် မင်းလေးလည်း ကျေအေးသွား၍ ရန်အောင်မန်းကားကြီးသည် မန္တလေးရွှေမြို့တော်သို့ ခရီးဆက်ခဲ့ကြပါသည်။ မချောလေး၏ မိဘနှစ်ပါးလည်း ကိုတွတ်အား ကျေးဇူးတင်ကြောင်းတဖွဖွဆိုရင်း ခင်မင်ရင်းနှီးသွားရာမှ ကျွန်တော်တို့နှစ်ဦးကိုလည်း သတ္တုတွင်းဌာနမှ ဝန်ထမ်းများဖြစ်ကြောင်း သိရှိသွားပါသည်။

ယနေ့ ည (၆) နာရီ အမြန်ရထားဖြင့် ရန်ကုန်သို့လိုက်ပါမည့် ခရီးစဉ်ကိုပါ ရှေ့ဆိုင်း၍ ညစ့်ဝတ်ပြုလိုသဖြင့် ယနေ့ တစ်ညတာ သူတို့အိမ်တွင် လိုက်ပါတည်းခိုပါရန် မရအရဖိတ်ကြားသဖြင့် သက်ခံလိုက်ရပါသည်။ ထူးဆန်းစွာပင် သူတို့အိမ်မှ လာကြိုခေါ်ငင်သွားသောကားသည် လမ်းတွင် စက်ရပ်သွားရာ ယာဉ်မောင်းသူ ကြိုးစားပြင်ဆင်ပါသော်လည်း လုံးဝစက်နိုးမရတော့ချေ။

မချောလေး၏ အဖေက -

"အားနာလိုက်တာ ဆရာရယ်။ ဒီကား အရင်ကဒါလောက်မခက်ပါဘူး"

ဟု အားနာစွာဆိုပါသည်။

ကိုတွတ်လည်း မနေသာတော့ဘဲ -

"ကျွန်တော် ကြည့်ပါရစေ"

ဆိုကာ စက်ဖုံးဖွင့်၍ (၅) မိနစ်ခန့် လုပ်ရှားပြီး ယာဉ်မောင်းအား နှိုးတော့ဟု ခိုင်းရာ စတတ်တာမော်တာ သော့တစ်ခါဖွင့်ရုံဖြင့် ဝူးခနဲနိုးသွားရာ -

"ဟောဗျာ ဆရာကဒီဘက်လည်း တတ်သကိုး"

ဟု မှတ်ချက်ပြုသဖြင့်-

"စက်မှုဖိုမင်းကြီးလေ ဦးရဲ့"

ဟု ကျွန်တော်က ဖြည့်စွက်ပေးရာ ခေါင်းတညိတ်ညိတ်ဖြင့် စွယ်စုံရပုဂ္ဂိုလ်ပါလားဟု ထောမနာပြုပြန်ပါသည်။

ထိုနေ့ညက စကားဝိုင်းဖွဲ့ရင်းလင်မယားနှစ်ယောက်လုံးကပင် မကြာခဏ ဒုက္ခပေး၍ ကိုယ်တော်လေးကို မကိုးကွယ်လိုတော့ကြောင်း၊ သို့အတွက် ဆရာတွတ်ဆောင်ရွက်ပေးပါရန် မေတ္တာရပ် တောင်းပန်ကြသဖြင့် ကိုတွတ်လည်း ကိုယ်တော်လေးအား ခေါ်သွင်းကာ မေတ္တာနှင့်ယှဉ်သောစကားများပြောဆိုသစ္စာပြုကာ အနှောင့်အယှက်မပေးရန် ကတိတောင်းသည့်အတိုင်း ကိုယ်တော်လေးလည်း ကတိပေးသွားပါသည်။ ကိုယ်တော်လေးအား မကိုးကွယ်တော့သော်လည်း ဒေဝတာဗလိလုပ်နိုင်ကြောင်း ရှင်းပြခဲ့ပါသည်။

ကိုးကွယ်ခြင်းနှင့် ဒေဝတာဗလိလုပ်ခြင်း တခြားစီဖြစ်ကြောင်း ၂၀၁၂ ခုနှစ်၊ ဩဂုတ်လထုတ် သိဒ္ဓိမိုးမဂ္ဂဇင်းတွင် (ဓာတ်ပုံမောင်မောင်အေး၏) 'ဒေဝတာဗလိ ဟူသည်' တွင် အကျယ်တဝင့်ပါရှိပါသည်။

လို- တို- ရှင်းဆိုသော ဆောင်ပုဒ်အတိုင်း အပိုစကားတွေမသွင်းဘဲ လိုရင်းကိုဆက်ရသော် ကိုတွတ်အား မချောလေးက စုံဆယ်ဖြာဦးထိုပ်မိုး၍ ရှိခိုးကန်တော့ပြီး ပိုးတွဲဆိတ်ခွန်လုံချည် (ထိုခေတ်က နာမည်ကြီးလုံချည်) တစ်ထည်နှင့် နောက်နေ့ညနေထွက်မည့် ဒဂုံမေ ညနေ (၆) နာရီရထား (အမြန်) အထက်တန်း အိပ်ခန်းလက်မှတ်တစ်စောင်နှင့် ကျွန်တော့်ကိုလည်း ကိုတွတ်နည်းတူ မကန်တော့သော်လည်း ဆိတ်ခွန်လုံချည်တစ်ထည်နှင့် အမြန်ရထား အထက်တန်း အိပ်ခန်းလက်မှတ်တစ်စောင်မေတ္တာလက်ဆောင်ပေးပါသည်။

သာဓု၊ သာဓု၊ သာဓုဟု အနုမောဒနာပြုရင်း စိတ်တွင်းမှ ဆင်ဖြူတော်ကြီးကြောင့် ကြံသာမကမုန့်ပါစားရပေသည် ဟု။

သပိတ်ကျင်း-ကျော်ကျော်ထွန်း



www.burmeseclassic.com

www.burmeseclassic.com

နှင့် ခန္ဓာဖြစ်စဉ်များ မည်သို့ပတ်သက်ဆက်နွယ်နေသည်ကို ဆေးဘက်ဆိုင်ရာ ပညာရှင်တို့သည် သုတေသနပြု မှတ်တမ်းတင်ခဲ့ကြသည်။ သုတေသနပြုသူ ပညာရှင်များတွင် တရုတ်လူမျိုးတိုင်းရင်းဆေးပညာရှင်ကြီးများသည် ထင်ရှားကြပါသည်။

အချိန်နာရီနှင့် လူ့ခန္ဓာဖြစ်စဉ်တို့ ဆက်စပ်နေသောသဘာဝကို လေ့လာရာတွင် ညပိုင်းကာလအလုပ်လုပ်ကြရသူများ ကျန်းမာရေးကမောက်ကမဖြစ်တတ်သည်ကို တွေ့ရသည်။ အိပ်သင့်၊ နားသင့်ချိန် အနားမယူကြရဘဲ အလုပ်လုပ်ကြသူများ၊ အချို့က အပျော်အပါး ညကလပ်များ၊ ပျော်ပွဲရွှင်ပွဲများနှင့် အချိန်ဖြုန်းတီးနေသူများရှိကြသည်။ ထိုသူတို့သည် ကျန်းမာရေးနှင့် မကိုက်ညီဘဲ ဆိုးကျိုးများကို ခံစားကြရသည်။ အထူးသဖြင့် အမျိုးသမီးများ အချိန်လွန်မှအိပ်ကြလျှင် ရာသီမမှန်ခြင်း၊ အရိုးပွခြင်း၊ ရင်သားကင်ဆာဖြစ်ခြင်း၊ ကိုယ်ဝန်မရခြင်းတို့ ဖြစ်တတ်သည်။ ည (၁၂) နာရီ (၁၀) မိနစ်အထိ မအိပ်စက်ဘဲနေခြင်းကြောင့် ကိုယ်တွင်းလောင်ကျွမ်းမှု ဖြစ်သည်။ ခန္ဓာတွင်းအဆိပ်အတောက်များ ဖြစ်သည်။ ခန္ဓာ၏ သက်စောင့်ဓာတ်ရည်များသည် အက်ဆစ်ဓာတ်အသွင်ပြောင်းသွားသည်။ ညအိပ်ပျက်ခံသူများသည် ကျား၊ မ မရွေး ဆေးလိပ်သောက်သူ၊ အရက်သေစာစွဲနေသူများဖြစ်တတ်သော ရောဂါတို့ထက် (၂)ဆပိုသောဆိုးကျိုးများကို ခံစားရတတ်သည်။ ထို့ကြောင့် (၁၁)နာရီမတိုင်မီ အိပ်ဖြစ်အောင်အိပ်ဖို့ သင့်ပါသည်။

သဘာဝတရားသည် နွေ၊ မိုး၊ ဆောင်း ဟူ၍ ဥတုသုံးလီ ဟန်ချက်ညီညီ ပြောင်းလဲနေသည်။ရာသီဥတု၏အစိတ်အပိုင်းဖြစ်သော နေ့များ၊ ညများနှင့် နေ့ညများ၏ အစိတ်အပိုင်းဖြစ်သော နာရီများသည် ပုံမှန်အတိုင်း သဘာဝအလျောက် ဟန်ချက်ညီညီဖြစ်တည်နေသည်။ ထိုပုံမှန်သဘာဝကို ဆန့်ကျင်လိုက်သောအခါ သဘာဝတရား၏ ရန်သူဖြစ်သွားသည်။ သဘာဝတရားက တန်ပြန်ထိုးနှက်သောဆင်းရဲခြင်းဝေဒနာကိုခံစားကြရသည်။ အချိန်မှန်မှန် အိပ်စက်ခြင်းကြောင့် ကျန်းမာရွှင်လန်း ဘဝလမ်းကြောင်း ဖြောင့်တန်းအောင် ကြိုးပမ်းသင့်သည်။ လောကကောင်းကျိုးနှင့် မိမိ၏အကျိုးကို သယ်ပိုးနိုင်ဖို့ ကျန်းမာရေးအတွက် ဂရုစိုက်ရမည့် နာရီများကို သိထားသင့်ကြပေသည်။

ည (၉) နာရီမှ မနက် (၃) နာရီ အချိန်သည် လူ့ခန္ဓာကိုယ်အတွက် အင်အားဖြည့်တင်းချိန် ဖြစ်သည်။ ထိုအချိန်တွင် ကောင်းစွာ အိပ်စက်အနားယူလျှင်ကောင်းလှပါသည်။

ည(၉)နာရီမှ ည(၁၁)နာရီအချိန်တွင် ရောဂါများဖြစ်ပွားမှုကို ခုခံကာကွယ်မှုစနစ်အား ခန္ဓာကိုယ်မှ သဘာဝအလျောက် ပြုလုပ်ပေးသည်။ အလယ်တန်းအရွယ် ကျောင်းသားကလေးငယ်များ ထိုည(၉)နာရီအချိန်တွင် အိပ်ရာဝင်နိုင်အောင် စီစဉ်ပေးသင့်ပါသည်။

ည (၁၁) နာရီမှ ည (၁) နာရီ (၂) နာရီအချိန်တို့အတွင်း ရိုးတွင်းခြင်ဆီနှင့်သွေးတည်ဆောက်မှုကိုဖြစ်စေသည်။

နေ့ခင်းဘက် (၁)နာရီမှ (၃)နာရီ အချိန်တွင် အသည်းတည်ဆောက်မှုကို ဖြစ်စေသည်။ နံနက်ဘက် (၃) နာရီမှ နံနက် (၅) နာရီအချိန်သည် အသက်ရှူမှုတည်ဆောက်ချိန်ဖြစ်သည်။ (ထိုအချိန်များတွင် အာနာပါန၊ ထွက်လေဝင်လေ စသောကမ္မဋ္ဌာန်းထိုင်ခြင်း၊ ယောဂကျင့်စဉ်များကို စနစ်တကျကျင့်ခြင်းကြောင့် ကျန်းမာရေးအတွက် အကျိုးသက်ရောက်စေပါသည်။)

နံနက် (၄) နာရီအချိန်မှာ ခန္ဓာကိုယ်၏ ကျန်းမာရေးဖြစ်စဉ်အနွေးကွေးဆုံးအချိန် ဖြစ်သည်။ အားပျော့ဆုံးသောအချိန်ဟု ဆိုနိုင်သည်။ သို့ဖြစ်၍ (၄) နာရီအချိန်ကို အန္တရာယ်များချိန်ဟု ဆိုနိုင်သည်။ ကျန်းမာရေးညံ့နေသူ၊ သက်ကြီးရွယ်အိုများ၊ အင်အားချိနဲ့သူများအတွက် အထူးဂရုပြုသင့်ပါသည်။ နွေးနွေးထွေးထွေးနေစေခြင်းနှင့် ရာသီသဘာဝနှင့် လိုက်လျောညီထွေဖြစ်အောင် ကျန်းမာရေးကောင်းသူများက ဂရုပြု ပြုစုပေးသင့်ပါသည်။ ထိုအချိန်တွင် တရားဘာဝနာဘက်သို့ စိတ်ညွတ်ထားနိုင်လျှင် ကောင်းမွန်ပါသည်။

နံနက် (၅)နာရီမှ (၇)နာရီအချိန်သည် အူမကြီးအလှုပ်ရှားဆုံးနှင့် အလုပ်အများဆုံးအချိန် ဖြစ်သည်။ နံနက် (၇) နာရီမှ (၉) နာရီအချိန်မှာ အစာအိမ်အလှုပ်ရှားဆုံးအချိန် (တစ်နည်းအားဖြင့်) အစာအိမ်အလုပ်လုပ်သောအချိန်ဖြစ်သည်။ ထို့ကြောင့် အစာအိမ်၏ လိုအပ်ချက်ကိုဖြည့်တင်းသည့်အနေဖြင့် (၇)နာရီမတိုင်မီ အစားအစာကိုစားပေးသင့်သည်။

နံနက်(၉)နာရီမှ (၁၁)နာရီအချိန်မှာ သရက်ရွက်အလှုပ်ရှားဆုံးအချိန် ဖြစ်သည်။ နံနက် (၁၁) နာရီမှ နေ့လယ် (၁)နာရီတွင် ရိုးတွင်ခြင်ဆီနှင့်သွေးတည်ဆောက်ချိန် ဖြစ်သည်။ ထိုအချိန်တွင် ကောင်းမွန်စွာ အနားယူပေးပါက သွေးအားနည်းရောဂါများ ပျောက်ကင်းပါသည်။ ရဟန်းတော်များ (၁၂) နာရီနောက်ပိုင်း ဆွမ်းစားပြီးချိန် တစ်ရေးတစ်မော အနားယူ အိပ်စက်ကြသည်မှာ သဘာဝကျလှပါသည်။

နေ့လယ် (၁) နာရီမတိုင်မီ နေ့လယ်စာစားနိုင်လျှင် ကောင်းသည်။ သို့မဟုတ်ပါက အစာအိမ်ရောဂါ၊ လေထိုးလေအောင့်ရောဂါများ ဖြစ်တတ်သည်။ ညနေ (၃) နာရီမှ (၅) နာရီ အချိန်သည် ဆီးအိမ်အလှုပ်ရှားဆုံး အချိန် ဖြစ်သည်။ ထိုအချိန်တွင် ရေများများသောက်ရသည်။ ညနေ (၃) နာရီမှ (၇) နာရီအတွင်း၌ ကျောက်ကပ်အလှုပ်ရှားဆုံး ဖြစ်သည်။ ကျောက်ကပ်နှင့် ဆီးလမ်းကြောင်းတို့ ဆက်စပ်မှုရှိခြင်းကို သတိပြုရသည်။ ကျောက်ကပ်သန့်ရှင်းအားကောင်းရန် ရေသန့်သောက်ပေးရသည်။

ညပိုင်း (၇) နာရီမှ (၉) နာရီတွင် နှလုံးနှင့် အာရုံကြောစနစ် အလှုပ်ရှားဆုံး ဖြစ်သည်။ ထိုအချိန်သည် ဗုဒ္ဓဘာသာဝင် သူတော်ကောင်းတို့ ဘုရားရှိခိုးဝတ်တက်ခြင်း၊ မေတ္တာကမ္မဋ္ဌာန်းစီးဖြန်းခြင်း၊ ဂုဏ်တော်ပွားများခြင်းတို့ဖြင့် လှုပ်ရှားနေသော နှလုံးသားနှင့် အာရုံကြောများကို ငြိမ်သက်ငြိမ်းအေးစေအောင် ပြုမူခြင်းသည် ဆီလျော်ကောင်းမြတ်လှပေသည်။

လူတိုင်းအတွက် အချိန်ကို စနစ်တကျအသုံးချ၍ ကျန်းမာရေးနှင့် လိုက်လျောညီထွေနေနိုင်ကြစေရန် စေတနာဆန္ဒမွန်ထား မေတ္တာများနှင့် ရေးသားတင်ပြပါသည်။

မေတ္တာရည်လျှက်
မျိုးတင့် (ညောင်လေးပင်)

စာကိုး -

၂၀၁၄၊ ဇန်နဝါရီ ၄ ရက်နေ့ အင်တာနက်သတင်းပါ ပါမောက္ခ ဒေါ်ခင်မြ၏ မှတ်တမ်းကို ကိုးကားပါသည်။



www.burmeseclassic.com

www.burmeseclassic.com

သိန်းခင်, သကြိန်တုန်း ရွာပြန်တော့ ရွာမှာ ဓားခုတ်မှုနဲ့ကြုံရပါရောလား။ တစ်ရွာတည်းသားချင်းတွေပါ။ ကိုသောင်းအောင်ဆိုတဲ့လူက မခံချင်လို့ ကိုစိန်မောင်ကို ခုတ်လိုက်တာ ပခုံးတစ်ဖက်တောင်မှ နိမ့်ဆင်းသွားခဲ့ရဲ့။ သွေးတွေဆိုတာ ဖုတ်တွေထဲမှာ တံကတဲ မြင်မကောင်းဘူး။ နေ့လယ်နေပူတော့ သွေးကလည်းရှင်နေချိန်ကိုး။

အဲဒီလို ဓားနဲ့ခုတ်တဲ့လူက ဉာဏ်ရင်ရဲ့ယောက်ဖပါ။ ဉာဏ်ရင်က သိန်းခင်ရဲ့ သူငယ်ချင်းပါ။ အဲဒီကိုသန်းအောင်ဆိုတဲ့လူကို သိန်းခင် မြင်ဖူးပါ့။ လူက လူဖလံလေး။ မည်းကြုတ်ကြုတ်၊ ခပ်သေးသေးထဲကပါ။ ကိုသန်းအောင်ရဲ့ ညီမင်တွေနှမတွေဆိုတာ ရွာထဲမှာ မိန်းမချောမိန်းမလှစာရင်းဝင်တွေပေါ့။

သကြိန်တုန်းဆိုတော့ ရွာလယ်ကောင်ထွက်ကြပုံရပါရဲ့။ မြင်တော့ ကိုစိန်မောင်ကလည်း လူမျိုပဲဟာ သကြိန်တုန်း ရေလိုက်လောင်းတာကိုပဲ သူနှမတွေမှ ရေရွှေးလောင်းရကောင်းလားဆိုပြီး ဓားနဲ့ခုတ်တဲ့အခုတ်ဟာ လူမသေပေမယ့် သေရာပါရောပါလား။

သကြိန်ပြီးလို့ သိန်းခင် မြို့ပြန်အလုပ်ဝင်ရတယ်။ ဒီလိုနဲ့ နောက်တစ်လကြာတော့ အဲဒီကိုသန်းအောင်ဆိုတဲ့လူ ဓားခုတ်မှုအတွက် ဘာမှမဖြစ်ကြဘူးနဲ့တူရဲ့။ သူတို့မိသားစုတစ်တွေ မြို့ရောက်လာကြတာရော။ အံမယ် - မြို့ရောက်တော့လည်း ဒီလူက လူကံကောင်း။ ဘော်ဒါဆောင်တစ်ခုမှာ အဝယ်တော် အလုပ်ရတော့ ဟုတ်နေတာပေါ့။ အကြံအဖန်ကလည်းတတ်တော့ ဆီတို့၊ ဆားတို့၊ ဟင်းခတ်မှုန့်တို့ အပိုရတာနေမှာပေါ့။ သိန်းခင်တို့အခန်းဘေးက အိမ်ယူယူလာပေးနေတာ မြင်နေရပါရောလား။ ဆီဆိုပုလင်းလိုက်၊ ဟင်းခတ်မှုန့်ဆိုအထုပ်ကြီး။

ဒါပေမယ့် ဒီလူ နေရာကောင်းရတာတောင် ကြီးစားပုံမရပါဘူး။ အသောက်အစားကလည်း မကျလိုက်သေးရဲ့။ သူ့အလုပ်ကြောင့် သူ့ဇနီးမယားနဲ့ သမီးသားတွေ အေးအေးဆေးဆေး စားသောက်နေရတဲ့အလုပ်ကို ဒီလူက ကျေးဇူးသိပုံမရပါဘူး။ လက်ထဲငွေကလေးကရှင်၊ အဝယ်တော်မို့ ဈေးသည်တွေက ပေးကြကမ်းကြတာကို သာယာ၊ အလုပ်ကျ အချိန်မှန်မလုပ်တော့ ခွေးရူးကောင်းစား တစ်မွန်းတည့်ပါပဲ၊ ဒါလောက်ကောင်းတဲ့အလုပ်ကိုရတာ မကြာခင် ပြုတ်ပါရောလား။ အဆက်အသွယ်ကောင်းလို့သာရတာ။ နောက်ထပ်အလုပ်ကလည်းမရှာတတ်၊ ပေါ်မယ့်သူကလည်းမရှိတော့ မကြံတတ်မတွေးတတ်နဲ့ ကိုသန်းအောင်တို့မိသားစု

## (ကျော်ကျော်မဲ)

# မောင်သင်းထုံ

## သုံးဆယ့်တစ်ဘုံမှာ

## သုံးဆယ့်တစ်ပိုက်ကီးခတ်ရင်း





www.burmeseclassic.com

www.burmeseclassic.com

ရွာပြန်ခဲ့ကြရပါရောလား။ သိန်းခင်နဲ့က သိပ်မရင်းနှီးပေမယ့် တစ်ရွာသားချင်း တွေဆိုတော့ ကြားနေရတာပေါ့။ တစ်ခါ တလေ ရွာအလည်ပြန်ရင် ဉာဏ်ရင်က သိန်းခင်ကို ပြန်ပြောပြလို့ ကြားတာတွေ လည်း ရှိတာပေါ့။

ဒီတစ်ခေါက် မြို့ကနေပြန်လာကြ တဲ့ ကိုသန်းအောင်တို့မိသားစု ဘယ်မှာ နေကြသလဲဟာလို့ သိချင်လို့မေးကြည့် တော့ သူအစ်ကိုကိုမြကြီးတို့ အိမ်နောက် အဖီဆွဲချနေကြတာတဲ့။ ကိုသန်းအောင် ရဲ့အဖြစ်က ပွဲထဲဇာတ်ထဲကလိုမျိုး အထည်ကြီးပျက်ဖြစ်နေတော့တာပေါ့။ မြို့ပေါ်အလုပ်မှာတုန်းက နေပူမမိဘဲ တစ်ရက်ကို ထောင်ချီသောင်းချီရခဲ့ဖူး လေတော့ ရွာမှာလုပ်ရင်လည်း အဲဒါမျိုး ရမှလုပ်ချင်တာ။ တချို့ တောင်သူကြီး တွေက သူလယ်သူယာအလုပ်ပူနေလို့ ကိုသန်းအောင်ကို လာခေါ်ကြတာရှိပ့ါ။ သိတဲ့အတိုင်းပါပဲ၊ ကိုသန်းအောင်က ကျီလေကျာလေလုပ်တော့ ရွာထဲက လူတွေက နောက်အလုပ်ပေါ်လည်း ခေါ်ကြတော့ပါဘူး - ဟင့် . . . အင်း။

ကိုသန်းအောင်က ရွာမှာအလုပ် မလုပ်တော့ ကျန်တဲ့ပါးစပ်ပေါက်တွေ က နတ်ထွင်းတဲ့ခံတွင်းပဲထားပါဦး။ ဘာ နဲ့ စားကြရမှာတဲ့လဲ။ မတတ်သာတော့ ကိုသန်းအောင်မိန်းမက ဈေးတောင်း ခေါင်းရွက်ပြီး ကျွေးရတော့တာပေါ့။ စားဝတ်နေရေးကျပ်တည်းလေ ကိုသန်း အောင်က လောကကြီးကိုမကျေနပ်လေ ပါဘဲ။ ရွာထဲကလူတွေလည်း မကျေနပ် ဘူး။ အလုပ်မလုပ်ဘဲ သူထိုင်စားနေကြ တာကို မနာလိုကြဘူးနဲ့တူရဲ့။ တစ်ဆိတ် ရှိ သူ့ကိုပဲ ခလုတ်တိုက်တိုက်နေကြ တော့တာပါ။ နဂိုကတည်းက မှုန်ကုပ် ကုပ်နေတတ်တာကိုပဲ ကိုသန်းအောင် မြင်ရင် ရန်လိုတယ်ထင်တဲ့အကြည့်နဲ့ အကြည့်ခံရမှာစိုးပြီး သူ့ကို ရှောင်ဖယ် ရှောင်ဖယ်လုပ်လာကြတယ်။ လုပ်လည်း လုပ်ပေါ့။ သန်းအောင်တို့က ဘယ်သူ့ကို အရေးစိုက်နေရမှာတဲ့လဲ။

"ရှီး ရှီး ရှီး၊ ရှဲ ရှဲ ရှဲ"

"ဟော့ကောင် သန်းအောင်၊ မင်း ဘာလုပ်နေတာလဲ"

"မြင်တဲ့အတိုင်းပဲလေကွာ၊ ဓား သွေးနေတာ"

"ဘာလုပ်ဖို့ အဲဒီဓားက အချိန်မရွေး အချိန်ရှိကြီးမှသွေးနေရတာလဲ"

"ဟာ-ခက်လိုက်ပါ့ကွာ။ ဓားဆိုမှ တော့ ခုတ်ဖို့ပဲပေါ့ကွာ ခုတ်ဖို့၊ ခုတ်ဖို့"

ကိုမြကြီး ထင်တယ်။ ဒီကောင် ထန်းတောက ပြန်လာကတည်းက မှုန်ကုပ်ကုပ် ရှုတည်တည်မျက်နှာကြီး နဲ့ ဘယ်သူ့မှလဲစကားမပြော အံထကြိတ် ကြိတ်လုပ်နေကတည်းက ဟိုမှာ တစ် ယောက်ယောက်နဲ့ စကားများရန်ဖြစ် လာလို့နေမှာလို့။ ပါးစပ်ကလည်း တက်တခေါက်ခေါက်နဲ့။ နောက်တော့ အိမ်နောက်ဖေး မန်ကျည်းပင်ကြီး အောက်က ဓားသွေးကျောက်မှာ တရှဲရှဲ နဲ့ ဓားသွေးနေတော့တာပါပဲ။ ထန်းရည် တဲ၊ ကြက်ပွဲမှာ ဘယ်သူနဲ့များ စကား ကတောက်ကဆဖြစ်လာခဲ့သလဲမှ မသိ တဲ့ဟာ။

မယ်ဆင်၊ မယ်တင်တဲ့ - ရွာမှာရှိ ကြတဲ့ ညီအစ်မတွေ။ တစ်ခါ စိန်အောင်၊ စိန်မောင်တဲ့ - ဒါက ညီအစ်ကိုတစ်တွဲ။ သောင်းမှန်၊ သောင်းဇံတဲ့ - ညီအစ်ကို တစ်တွဲ။ သူတို့ချင်းကျတော့ ဝမ်းကွဲညီ အစ်ကိုတွေတော်ကြတာပေါ့။ အသက် အရွယ်တွေက သုံး၊ လေးဆယ် အိမ် ထောင်သည်တွေပါ။ တောင်သူအလုပ်



www.burmeseclassic.com

www.burmeseclassic.com

တော့ တစ်ဖက်ကလုပ်ကြပါရဲ့။ ဒါပေမယ့် ထန်းရည်အရက်ဆိုတာကလည်း မက်ကြတော့ ထန်းရည်အရက်ရဲ့ နောက်ဆက်တွဲ ကြက်ဆွဲတာတို့၊ ပိုက်ကာဒေါင်းတာတို့၊ ကြက်တိုက်၊ နွားတိုက်တာတို့ကလည်း တွဲပါလာကြတော့တာပေါ့။ ပထမတော့ ကြုံမှပါဆိုပေမယ့် နောက်တော့ မကြုံ ကြုံကြုံ ကြုံအောင်ကို ရှာကြ၊ ဆော့ကြတော့တာပါပဲ။ အစောကပြောတဲ့ သန်းအောင်နဲ့ကျတော့ တစ်ရွယ်တည်း တစ်ဖြတ်တည်းတွေပေါ့။

တကယ်ဆိုရင် ရွာမှာ သန်းအောင်က စိန်မောင်ကို ဓားနဲ့ခုတ်ခဲ့လို့ ပခုံးတစ်ဖက် ခုထိနိမ့်နေတဲ့ဒဏ်ရာ ကျန်ခဲ့ပါရောလား။ ဒီအမှုက ဘယ်လိုပြီးခဲ့ကြသလဲမှ မသိတဲ့ဟာ။ စဉ်းစားကြည့်။ အမှုအခင်းတွေဖြစ်နေရင် ယာအဆင်းပျက်၊ လယ်အတွန်ပျက်နေကြဦးမှာ။ ပြီးတော့ မြို့ရုံးတွေက ဟိုလူဖြင့် ဘယ်နေ့လာခဲ့ဦး၊ ဒီလူဖြင့် ဘယ်ဝါနေ့ခေါ်ခဲ့ဦးနဲ့။ ယိုဘာနဲ့တူသလဲဆိုတော့ ငယ်ငယ်က ကလေးနှစ်ယောက် ကစားနေရာက ရန်ထဖြစ်ကြတော့ ကလေးတွေတင်မကလူကြီးတွေ၊ အမေတွေကပါ ပါလာကြပါရောလား။ နောက်တော့ လူကြီးချင်းက စကားများကြ၊ ဆံပင်ဆွဲပါးရိုက်၊ နပန်းလုံးကြနဲ့ တစ်လကိုးသီတင်း မခေါ်နိုင်မပြောနိုင်ကြနဲ့ပေါ့။ ကြည့်ပါဦး၊ အရင်ရက်တွေကရန်ဖြစ်ခဲ့ကြတဲ့ ကလေးနှစ်ယောက်က ခုတော့ ရယ်မောပြီး လည်ပင်းဖက်ပြန်ချစ်နေကြသလိုပေါ့။

ရွာထဲက တစ်ယောက်နဲ့တစ်ယောက် တစ်အိမ်နဲ့တစ်အိမ် အမှုခင်းဖြစ်လို့ မြို့ရောက်ဂါတ်ရောက်သာဖြစ်ကြည့်ပါလား။ မယုံရင် ကြည့်နေပါဗျာ။ မြို့ရုံးတွေက ဆင့်စာ၊ ခေါ်စာ၊ သမ္မန်စာတွေနဲ့ခေါ်ကြပါလိမ့်မယ် ကတီးကတီး။ ကြာလာတော့ ရွာမှာ အမှုအခင်းဖြစ်တဲ့ အိမ်နှစ်အိမ်ကတောင်ပြန်ခေါ်နေကြပေါ့။ ရုံးကဖြင့် အမှုစစ်လို့က မပြီးသေးဘူး။ ဒီဂရီကမချနိုင်ဘူး။ အဲဒီလိုဖြစ်တတ်တော့ တောသဘာဝ ပြဿနာဖြစ်ကြတယ်ဆိုရင် တစ်ဦးတစ်ယောက်က နစ်နာတယ်ပဲထားပါဦး။ ရွာလူကြီးတွေ ရှေ့ ကျေနပ်လိုက်၊ ပြီးလိုက်ကြတာ များပါတယ်။ သိန်းခင်တို့ရွာမှာ အဲဒီတစ်ခုကတော့ ဟန်ကျတယ်။ ပြီးတော့ထားပွဲကျတော့မှ တိတ်တိတ်ကလဲ့စားချေတာမျိုး ရှိပေါင်။ တခြားမကြည့်နဲ့ - သန်းအောင်တို့၊ စိန်မောင်တို့ဖြစ်ခဲ့တဲ့ကိစ္စ ဘယ်သူကဘာပြန်ပြောနေကြလို့တုံး၊ ရှိဖူး။

ရွာအနောက် ယာခရိုး၊ ဒီရွာနဲ့ ကျည်းကန်အစပ်မှာ မန်ကျည်းပင်အုပ်အုပ် လေး၊ ငါးပင်ရှိပါသော်ကော။ အဲဒါ ရွာဆိုးကုန်း။ အရင်က ရွာတည်ခဲ့ပေမယ့် သရောကြီးခိုင်းလို့ပျက်သလားမှ မသိတဲ့ဟာ။ ခုတော့ အဲဒီနေရာက ရွာနှစ်ရွာရဲ့ နယ်နိမိတ်အစပ် ဖြစ်နေရော။ ဘယ်သူ့ဘယ်သူ့နယ်လို့မှပြောမရဘူး။ ဆိုပါတော့ - ကြက်ပွဲ၊ နွားပွဲရှိလို့ မြို့ကကြားပြီး ဆိုင်ရာကလာဖမ်းရင်တောင် အလွယ်တကူ ဟိုဘက်ကူးလိုက်တာနဲ့ အဲဒါ ရွာခြား၊ အုပ်စုခြားတဲ့အပြင် နယ်ပါကို ခြားသွားတော့တာရယ်။ ဟုတ်တယ်၊ မြို့နယ်ချင်း နယ်နိမိတ်အစပ်ဆိုလည်း ဟုတ်ရဲ့။ ဒီတော့လား အကြံသမား၊ ဉာဏ်သမားတွေက အဲဒီမန်ကျည်းပင်ကြီးတွေအောက် ကြက်ပွဲ၊ ချိန်းပွဲတွေလုပ်ကြလွန်းလို့ မြေတွေဆိုတာ သရိုးမှကိုင်စရာမလိုတဲ့ဟာ။ တကတဲ ပြောင်လို့ ချောလို့ မာလို့ရယ်။

အဲဒီနေ့က ကြက်ပွဲမှာ ရွာဘက်က ရွှေဝါထွန်းက တိုက်တိုင်းအောင် စိန်အောင်တို့၊ သောင်းဇံတို့ကြက်။ ဟိုဘက်ရွာက တိမ်ပြာဆိုတဲ့ကြက်ပေါ့။ ခွပ်လက်ကြည့်ရင် လက်ရည်က သိသာနေပေမယ့် ကိုသန်းအောင်ကတော့ ရွာကျော်ခဲပစ်တယ်ပဲပြောပြော မခံချင်စိတ်နဲ့ တိမ်ပြာဘက်ကပဲ အားပေးတယ်။ အားပေးတာမှ မီးကုန်ယမ်းကုန်ကို ခုန်ပေါက် အော်ဟစ် လက်သီးလက်မောင်းတန်း 'တိမ်ပြာတဲ့ကွ၊ ဘာမှတ်သတုံး' လို့ အော်တော့ ကျည်းကန်ရွာကလူတွေကတောင် ကိုသန်းအောင်ကြည့် အံ့ဩနေကြတာပါဆို။ ဒီတော့ သေချာတယ်၊ မယုံရင်ကြည့်နေ။ တိမ်ပြာအတွက် ထန်းရည်ဆိုင်မှာ အောင်ပွဲခံကြရင် တစ်ရွာသား ကိုသန်းအောင်ကိုပါ တကူးတကဖိတ်ကြဦးမှာ သေချာပါတယ်။ ကိုသန်းအောင်ကတော့ ဘာရယ်မဟုတ်ပါဘူး။ ရွာကလူတွေကို အလိုလိုနေရင်း ကြည့်မရတာရယ်၊ စိန်အောင်တို့ သောင်းဇံတို့ သောင်းမှန်တို့ကို ကြည့်မရလို့ကို တမင်ရွဲ့အားပေးလိုက်တာပါ။ ကဲ-မှတ်ပလား။

ကြက်ပွဲပြီးတော့ ထင်ထားကြတဲ့အတိုင်း ရွှေဝါထွန်းက နိုင်ကရောဗျို့။ ဒီတော့လား ကျည်းကန်ကလူတွေဆိုတာ ရှုံးတဲ့ကြက်ကြီး လည်လိမ်ထားသလိုမျိုး အလှို့လှို့ ရွာပြန်ကုန်ကြတာ ကြက်ပျောက်ငှက်ပျောက်ပါဆို။ ဒီရွာကလူတွေကတော့ အောင်ပွဲခံကြမယ်ဆိုပြီး ကြက်လောင်းတဲ့လူရော အားပေးတဲ့လူရော၊ ထိုင်ပြုံကြည့်တဲ့လူတွေပါ ရွာထန်းတောဆီချီတက်ကြလေရဲ့။ ရောက်တော့လား မှာကြပြုကြ၊ ပဲကြီးလှော်ဝါးကြ၊ ကြက်သွန်ဖြူတောင်းကြနဲ့ ခွက်လှည့်နေကြတုန်း ကိုသန်းအောင်ပါ ရောက်သွားတော့တာပေါ့။ တကယ်ဆိုရင် ထန်းရည်တစ်ခွက်မပြောနဲ့၊ ထန်းရည်တစ်မြုလည်း ဘာတန်ဖိုးရှိတာလိုက်လို့ ဘာ အရေးလဲ။ ဘယ်သူဖြစ်ဖြစ် တိုက်ပါတယ်။

ဒါပေမယ့် အဲဒီနေ့က ထန်းရည်ဝိုင်းမှာတော့ -

"အလကား ဘာမှအစွမ်းအစမရှိ မိန်းမထဘီနားခိုကပ်စားနေတဲ့ကောင်၊ တိုက်မနေနဲ့"

"ရွာကျော်ခဲပစ်တဲ့ကောင်က ရှိသေး ရှိသေး။ လူမိုက်အားပေးမလုပ်ကြနဲ့နော်"

"ဒီနေ့ ဟောဒီအောင်ပွဲက ရွှေဝါထွန်းရဲ့အောင်ပွဲကွ၊ ဘာမှတ်သတုံး။ တိမ်ပြာအောင်ပွဲ မဟုတ်ဘူး။ တိမ်ပြာသမားတွေအနားမကပ်စေနဲ့။ သနလွန်းလို့ ဟား ဟား ဟား"

ကြားလား၊ အဲဒီနေ့က ထန်းရည်ဝိုင်းမှာ ပြောနေကြတာတွေက သန်းအောင်လို့ နာမည်မတပ်သာကလွဲရင် သိသာပေါ့။ ဒါ သူ့ကိုပြောနေကြတာဆိုတာ။ ဒီတော့လား ကိုသန်းအောင်ရဲ့ မျက်နှာဟာ ဆည်းဆာပျောက်ခါ အမှောင်ရောက်တော့မှာမို့ မည်းညို့လာတဲ့ ညနေခင်းလိုပါပဲ။ တကတဲ - ရှုံ့ရှုံ့ရှုံ့နဲ့ မျက်နှာတွေမည်း၊ ရွာတဲဆီ ဒေါကန်ပြန်လာခဲ့တာ သောင်းဇံတို့၊ သောင်းမှန်တို့ရော မြင်ကြတာပေါ့ အသိသာကြီး။

ရွာထဲရောက်တော့ ကိုသန်းအောင် အိမ်ထဲမဝင်သေးပါဘူး။ အိမ်နီးနားချင်း ဈေးသည်မ အမာတူးဆီ တစ်ဆယ်ဝင်ချေးပါတယ်။ ဘာလုပ်မလဲတုံးလို့ မေးနေတာနဲ့ 'ပေးမှာသာပေးစမ်းပါဟာ' ဆိုပြီး အရက်ပုန်းဆိုင်မှာ ဆယ်အရက်တစ်ကျပ်ခွဲဖိုး ဝင်မော့တယ်။ နောက်တော့ အိမ်ပြန်တယ်။ ဓားသွေးတယ်။ ဓားသွေးတာမှ တကယ့်စိမ်ပြေနပြေ။ ခု - မိုးမချုပ်သေးဘူး။ မိုးအချုပ်အမှောင်ကို တမင်စောင့်ပြီးမှ ခြေသလုံးမွေးရိတ်ကြည့်။ ဖြင်းဖြင်းဖြင်း မြည့်နေအောင်ကို သွေးနေတော့တာပါ။

သောင်းမှန်တို့၊ သောင်းဇံတို့အိမ်က ရွာခလယ်ကောင်ကုက္ကိုပင်ကြီးအောက်မှာရှိပါတယ်။ ဒီအနေက်ဘက်



www.burmeseclassic.com

www.burmeseclassic.com

ဘပ်ရက်က စိန်အောင်တို့ စိန်မောင်တို့ အိမ်ပါ။ အဲဒီညက ကိုသန်းအောင် ငြိုး ဘာက သူတို့ညီအစ်ကိုတစ်တွေထဲက အကြီးဆုံး သောင်းမှန်ကိုပါ။ ထန်းတော ဘအပြန် ထန်းရည်အရှိန်လေးရယ်။ ဘစ်နေကုန် ကြက်ပွဲမှာ အော်ဟစ်အား ပေးခဲ့ရတာတွေရယ်ကြောင့် သောင်းမှန် ဘစ်ကိုယ်လုံး နာကျင်နေပြီး အိပ်ချင်နေ တော့တာပါ။ အိမ်ထဲအိပ်ရင် ပူမှာမို့ ထေးပါဘူးဆိုပြီး ကုက္ကိုပင်ကြီးအောက် က ကွပ်ပျစ်ပေါ်မှာ အုံးတာကို ခေါင်းခု စိတ်ချလက်ချ အိပ်နေလိုက်ပါတော့ တယ်။

ဒါပေမယ့် အဲဒီညက မအိပ်နိုင် သေးတဲ့ သုံးယောက်ကတော့ စိန်အောင် ရယ်၊ စိန်မောင်ရယ်၊ သောင်းဇံရယ် ညီအစ်ကိုတစ်တွေပါ။

"မယုံကြည့်နေ သန်းအောင်ဆိုတဲ့ ကောင် ဒီညလာကိုလာမှာရယ်"

"လာပလေ့စေကွာ၊ လာလည်း အပြတ်ရှင်းကြရုံရှိတော့တာပေါ့"

"သတိတော့ထားဟေ့နော်၊ ကောင် တွေ၊ ဒီကောင် ညခင်းက တို့အပေါ် ကြည့်သွားတဲ့အကြည့်က လုံးဝမရိုးသား ဘူး၊ နောက်ပြီး ဇကလည်းရှိတော့"

"ရှိပလေ့စေပါကွာ။ လာပလေ့စေ ပါ"

စိန်အောင်၊ စိန်မောင်နဲ့ သောင်းဇံ က သန်းအောင်အလာကို ကုက္ကိုပင်ကြီး အကွယ်က ဓားကိုယ်စီနဲ့ စောင့်ကြ တယ်။ အိမ်ရှင် သောင်းမှန်ကတော့ အပူအပင်မဲ့ ကွပ်ပျစ်ပေါ်မှာ အိပ်နေ လိုက်တာ ဟောက်တောင်မှ ဟောက် နေပေါ့ရယ်။ ညသန်းခေါင် တကယ်လာ တော့ သန်းအောင်းက ဓားတဝင်းဝင်းနဲ့ ကွပ်ပျစ်ပေါ်က သောင်းမှန်ကိုပဲ ခုတ် သည်ထစ်မည်ဆိုပြီး အပြေးနဲ့လာတဲ့ အလာ အမှောင်ထဲက သုံးယောက်ထဲ က သန်းအောင်မှန်းလည်းသိရော ဘာ ပြောညာမပြောနဲ့ သောင်းဇံက လက် ရော ဓားပါ မလှုပ်နိုင်အောင် တအား ထုံးဖက်လိုက်တယ်။ နောက် ခုတ်၊ ခုတ် လို့အသံကြားတော့ စိန်အောင်က လက် ထဲကဓားနဲ့ သန်းအောင်ရဲ့နောက်ပိုင်း ဇက်ပိုးဆီ ပိုင်းချပစ်လိုက်တာ ည အမှောင်ထဲ ကြောက်စရာကောင်းတဲ့ 'အား' ဆိုတဲ့ သန်းအောင်ရဲ့ အသံနက် ကြီးကြားရပြီး မြေကြီးပေါ် ပုံကျသွားခဲ့ ပါတော့တယ်။

နောက်တစ်နေ့ သိန်းခင် ရွာပြန် ရောက်တော့ ရွာမှာဖြစ်တဲ့ လူသတ်မှု သတင်း ကြားရတော့တာပါပဲ။ ဖြစ်တဲ့ နေရာက သောင်းမှန်အိမ်ထဲမှာ။ အိမ်ရှင် က သောင်းမှန်။ အသတ်ခံရတဲ့သူက သန်းအောင်။ အဲဒီမနက် မြို့နယ်က ဆိုင်ရာလူကြီးတွေ လာစစ်ကြမှာမို့ အလောင်းကြီးကို ဖျာနဲ့အုပ်ထားကြ တယ်။ ယင်ကောင်တွေဆိုတာ တရှလောင်း လောင်းနဲ့ပေါ့။ မြို့ပေါ်ကလူကြီးတွေ လာစစ်တော့ သောင်းမှန်က သူသတ် တာပါလို့ ဝန်ခံပါတယ်။ သေသူကိုသတ် တဲ့ဓားကိုလည်း သိမ်းသွားခဲ့ကြတယ်။ ဓားသွားပေါ်က လက်ဗွေရာကို သူတို့ ဓာတုဗေဒနည်းတွေနဲ့ စစ်ဆေးအဖြေရှာ ကြတော့မပေါ့။ အလောင်းကိုလည်း မြို့ယူသွားကြရဦးမှာ။ မြို့ဆေးရုံမှာ ခွဲစိတ်ကြည့်မည်။ နောက် ဒါကြီးကို ဒီပြန်သယ်လာ၊ ရွာသင်္ချိုင်းမှာသင်္ဂြိုဟ် ဒီလိုနေမှာပေါ့ သိပါဖူး။

သောင်းဇံနဲ့စာရင် သောင်းမှန်က လူအေးရယ်။ ဘုန်းကြီးကျောင်းနေဖက် တွေက ဒီကောင့်အကြောင်းသိတာပေါ့။ လူမပြောနဲ့ အိမ်မြှောင်တို့၊ စာကလေး တို့တောင် မသတ်ရဲတဲ့ကောင်။ ခု-ဒီလို ကောင်မျိုးက သန်းအောင်ကို ဓားနဲ့ခုတ် သတ်ပါတယ်ဆိုတော့ ဖြစ်နိုင်ပါ့မလား ပေါ့။ ရွာကလူတွေကတွေးနေကြတယ်။ တစ်ခုတော့ရှိရဲ့ သောင်းမှန်တို့သောင်းဇံ တို့ညီအစ်ကိုက တစ်ဝင်းတည်းမှာသာ နေကြတာ။ သောင်းမှန်က စီးပွားရေး အဆင်ပြေတော့ အိမ်ရှေ့နှစ်ဆောင်ပြန် အိမ်ကြီးပေါ်မှာနေတာ။ သောင်းဇံ မိသားစုက ဆင်းရဲတော့ အိမ်ခြံဝင်း နောက် ထဲလက်တဲလေးထဲနေကြရ တာ။ သောင်းဇံများ ထောင်တန်းကျခဲ့ ရင် သူ့မိသားစုတော့ စားဝတ်နေရေး ခက်ချေရဲ့ဆိုပြီး သောင်းမှန်က သူဝန်ခံ လိုက်လေသလား။ ဒါ ရွာကလူတွေရဲ့ အတွေးကိုပြောတာပါ။

စိန်အောင်တို့၊ စိန်မောင်တို့မိသား စုကြည့်ဦးမလား။ ညီအစ်ကိုချင်း အိမ် ချင်းသာကပ်နေကြတာ။ ဆင်းရဲချမ်းသာ ဘဝချင်းက ကွာခြားကြပါတယ်။ ည အမှောင်ကိုယ် ခြံထဲဓားကိုင်ဝင်လာလို့ ခုတ်လိုက်တယ်ပဲထား။ ခုတော့ လူ သတ်မှု၊ လူသေမှုကဖြင့်ထင်ရှားနေပါပြီ။ သေတဲ့လူကသေခဲ့ရပြီ။ သတ်တယ်ဆို တဲ့လူလည်း ထိုက်သင့်တဲ့အပြစ်ဒဏ်ခံရ တော့မယ်။ ဓားပေါ်က လက်ဗွေလက် ရာ ဓာတ်ပုံရိုက်ကြည့်တော့ သောင်းမှန် ရဲ့ လက်ဗွေရာမဟုတ်ဘူးလိုလို။ သေတဲ့ သန်းအောင်ဘက်ကတော့ သောင်းမှန် မဟုတ်ရင် ကျန်တဲ့သုံးယောက်ထဲက စိန် အောင်၊ စိန်မောင်၊ သောင်းဇံ ဘယ်သူ သတ်တာလဲ တွေးကြတာပေါ့။ ရွာကလူ တွေအထင်ဆုံးကတော့ ဖြစ်ခြင်းဖြစ်ရင် ဒီအထဲက လက်ရဲဇက်ရဲရှိတဲ့ စိန်အောင် ပဲ ဖြစ်မှာပဲ။ ဒီကောင်ခုတ်တာ။ အဲဒီလို ထင်ကြပေမယ့် ဘယ်သူမှတော့ ထုတ် ဖော်မပြောရဲကြပါဘူး။ မသကာ နှုတ်ကြောင့်ငြော၊ လက်ကြောင့်သေ ဆိုသလိုဖြစ်မှာကလည်းကြောက်ရဲ့နော့။

အချိန်တန်တော့ တရားရုံးက ဒီဂရီချတာက အလုပ်ကြမ်းနဲ့ ထောင် ဒဏ် (၃) နှစ်ကျခံစေဆိုပြီး သောင်းမှန် ကို အပြစ်ပေးလိုက်ကြတယ်။ သောင်း မှန် ထောင်ထဲမှာ တစ်နှစ်ခွဲလောက်လား နေပြီးတော့ ၁၉၈၈ မှာ အရေးအခင်း ကြီးဖြစ်ပါရောလား။ အဲဒီအခါမှာ ထောင်ခါတော့ သောင်းမှန် ပြန်လွတ် လာခဲ့တယ်။ ထိုက်သင့်တဲ့အပြစ်ဒဏ် ကျခံပြီးပြီမို့ ဘယ်သူမှဘာမှပြန်ပြော မနေကြတော့ပါဘူး။ တောသူတောင် သား နေ့လုပ်နေ့စားတွေ လက်လှုပ်နိုင်မှ ပါးစပ်လှုပ်နိုင်ကြမှာဆိုတော့ အချိန်တန် လာတော့သွား ထွန်ယက်စိုက်ပျိုးကြ၊ ပေါင်းနုတ်၊ ကောက်စိုက်၊ အချိန်တန် တော့ ရိတ်သိမ်း၊ မှည့်တော့ဆွတ်ခူး၊ ပြာ တီး၊ ကျီထဲသွင်း။ အားရနားရတယ်လို့ မှ မရှိကြတဲ့ဟာဘဲ။

❐

"ဟေ့ကောင် သိန်းခင်၊ ရွာရောက် တုန်း မင်းစိတ်ဝင်စားရင် သွားလေ့လာ ကြည့်ပါလား"

"လူဝင်စားတဲ့၊ သုံးနှစ်သား ကလေးလေး"

"နေပလေ့စေပါကွာ၊ အဲဒီကလေး က ဘယ်သူ့ဝင်စားတာတဲ့တုံး"

"ကြာပါပြီကွာ၊ ဟိုတစ်ခါတုန်းက လူသတ်မှုနဲ့ ထောင်ကျတဲ့ ကိုသောင်းမှန် ရဲ့မိန်းမရဲ့တူမ ကလေးပြန်ဝင်စားတာက သူက ကိုသန်းအောင်ဆိုလားပဲ"

"ဟေ့ကောင်ရေ မင်းကသာ မယုံ ရှိနေ။ ရွာထဲကလူတွေကတော့ လူစုစု ရှိတာနဲ့ အဲဒီ သုံးနှစ်သားလေးကို ချော့ မေးကြတော့တာပါပဲ"

"ဟဲ့ကောင်လေး၊ မင်းက သန်း အောင်ဝင်စားတာဆိုရင် မင်းကို သတ် တာ သောင်းမှန် မဟုတ်လား"

"ဟုတ်ဖူးဗျ၊ ကျုပ်ဇက်ပိုးကိုခုတ် ချလိုက်တာ စိန်အောင်ရယ်။ သောင်းဇံ က ဖက်တာ"

"မင်းကသာ စိန်အောင်သတ်

www.burmeseclassic.com

တယ်ပြောတာ။ ရုံးကဖြင့် သောင်းမှန်ကို တောင် ထောင်ချပြီးနေပြီ"

"ကျုပ်ကိုသတ်တာ စိန်အောင်ပါ ဆိုနေမှဗျာ"

အဲဒီကလေး လူဝင်စားတကယ် ဟုတ်၊ မဟုတ် စမ်းသပ်ကြည့်ချင်တော့ တစ်နေ့ ဒီကောင် သန်းအောင်ဘဝက ငွေတစ်ဆယ်ချေးခဲ့ဖူးတဲ့ ချေးသည် မအမာတူးရယ်၊ သူ့အစ်ကိုဝမ်းကွဲတော် ခဲ့ဖူးတဲ့ ကိုမြကြီးရယ် လူဝင်စားကလေး ကို ညပ်ပိတ်မေးကြပြန်ပါရောလား။

"ဟဲ့ - သန်းအောင်၊ နင် ငါ့အကြွေးတစ်ဆယ်ပြန်ပေး"

"ခင်ဗျားဆီက တစ်ဆယ်သာချေး ခဲ့တာ၊ ကျုပ်သုံးတာက တစ်ကျပ်ခွဲတည်း ပါ။ ကျန်တာကိုမြကြီးအိမ်ရှေ့ကွပ်ပျစ် အောက်က သဲထဲမြှုပ်ခဲ့ရတာပါ"တဲ့။

အဲဒါကို ကိုမြကြီးက ထောက်ခံ တယ်။ တကယ်လည်း သဲတွေထဲက ရှစ်ကျပ်ခွဲတွေ့ခဲ့ဖူးတယ်။

"မလိုချင်ဘူး သန်းအောင်။ နင် ချေးတုန်းကချေးပြီးတော့ ပြန်ပေးရမှာပဲ"

"ပေးမှာပေါ့ဗျာ၊ ခု ကျုပ်က ကလေးရှိသေးတာ။ အလုပ်လုပ်နိုင် တော့ ပြန်ရပါစေ့မယ်" တဲ့ ပြောပုံက။

နှစ်ကာလတွေက ကြာခဲ့ပါပြီ။ သေတဲ့ သန်းအောင်တောင် လူဝင်စား ပြန်ဖြစ်လို့ ခုဆို သုံးနှစ်သားရှိနေပေါ့။ သန်းအောင်ရဲ့သား နာမည်က ထွန်းဝင်း တဲ့။ ညိုညိုတုတ်တုတ် ထောင်ထောင် မောင်းမောင်းနဲ့။ ကိုသန်းအောင်ကို သတ်ခဲ့ကြတဲ့ စိန်အောင်၊ စိန်မောင်တို့ သောင်းဖတို့ဆိုတာတောင် ငါးဆယ်၊ ခြောက်ဆယ်တွင်း ရောက်နေကြပေါ့။ ဒါပေမယ့် ခုထိတိုင် ရွာထဲမှာ လူစုစုနဲ့ သန်းအောင် ဝင်စားပါတယ်ဆိုတဲ့ ကလေးမေးနေတာမြင်ရင် ကလေးက ဘာများပြောလိုက်လေမလဲတွေးစိုးရိမ် ကြရတုန်းပါ။

"ဟဲ့- ထွန်းဝင်းကြီး။ ဒါကဘယ် တုံး"

သူတို့ရဲ့ ကျောဘက်ဆီက လူ တစ်ယောက်ရဲ့အသံ ကြားလိုက်တာနဲ့ သန်းအောင်ရဲ့သားက သူတို့ကို အပြုံး နဲ့ ကလဲ့စားချေလေမလား တွေး ကြောက်နေကြတုန်းပါ။

ဒါပေမယ့် တမာနဲ့ပါတဲ့ အညာ လေပြည်ကတော့ ခါတိုင်းနွေဦးတွေလိုပဲ အေးမြလို့နေပါတော့တယ်။

မောင်သင်းဆုံ (ကျောက်မဲ)

## ဆရာဦးမောင်မောင်သန်း
## (ရှင်ကိုအေးမြဝေသား)

(၁၀၇) ကြိမ်မြောက် - ထီဖွင့်ပွဲကြီးလာပါတော့မည်။

ကံကောင်းခြင်းများစွာကို သယ် ဆောင်လာတော့မည့် ဂဏန်းလုံးလေး များမှသည် . . .

**တနင်္ဂနွေသားသမီးများ**

ဇူလိုင် ၈-၁၂-၁၆-၂၂-၂၆ ရက် များမှာ ထီထိုးပါ။

အခက်အခဲ မရှိသူများအနေနှင့် ဓာတ်ကြီး (၄) ပါး ဆွမ်းတော်ကပ်လှူ ပူဇော်ပါ။

အခက်အခဲရှိသူများ 'ရွှေဘွဲ့' အမည်ရှိသော ဘုရားစေတီသို့သွား၍ အဓိဋ္ဌာန်ပုတီးစိပ်ပါ။ (၄) ရက်ဆက် ပြု လုပ်ပါ။ ပြီးမှထီထိုးပါ။

ဩဂုတ်လတွင် ၁-၃-၄-၈ ဂဏန်း များနှင့် ကံစပ်ပါသည်။

**တနင်္လာသားသမီးများ**

ဇူလိုင်လ ၁၀-၁၃-၁၇-၂၃ ရက် များမှာ ထီထိုးပါ။

အရုဏ်ဆွမ်းခံကြွလာသောသံဃာ တော်အရှင်သူမြတ်များကို အရုဏ်ဆွမ်း လောင်းလှူပါ။ ဆွမ်းဟင်း(၅)မျိုးနှင့် လောင်းလှူပါ။ ဇင်းနေ့မှာပင် ထီထိုးပါ။

ဩဂုတ်လတွင် ၃-၂-၉-၆ ဂဏန်း များနှင့် ကံစပ်ပါသည်။

**အင်္ဂါသားသမီးများ**

ဇူလိုင်လ ၁၁-၁၄-၁၈-၂၃ ရက် များမှာ ထီထိုးပါ။ ယခုလ အချိန်ယူ၍ ဘုရား (၇) ဆူပြည့်အောင် သွားရောက် ပူဇော်ကန်တော့ပါ။ တစ်ရက်နှင့်မပြီး လျှင် (၂)ရက် ပူဇော်ပါ။ (၇)ဆူမြောက် ပူဇော်ပြီး အပြန်မှာ ထီထိုးပါ။

ဩဂုတ်လတွင် ၁-၃-၄-၈-၇ ဂဏန်းများနှင့် ကံစပ်ပါသည်။

**ဗုဒ္ဓဟူးသားသမီးများ**

ဇူလိုင်လ ၁၂-၂၅-၃၀ ရက်များ မှာ ထီထိုးပါ။

ဘုရားတစ်ဆူဆူသို့သွားပါ။ ရွှေ သင်္ကန်းကပ်လှူပူဇော်ပါ။ ကပ်လှူပူဇော် ပြီးအပြန်မှာ ကောင်းသောနိမိတ်တစ်ခု ခုကြားရပါလိမ့်မည်။ ကြားပြီးချိန်မှာ ထီထိုးပါ။

ဩဂုတ်လတွင် ၂-၉-၁-၆-၅ ဂဏန်းများ ကံစပ်ပါသည်။

**ကြာသပတေးသားသမီးများ**

ဇူလိုင်လ ၁၃-၁၆-၂၃-၂၆ ရက် များမှာ ထီထိုးပါ။

အိမ်နှင့်နီးသော ဘုရားတစ်ဆူဆူ သို့ လမ်းလျှောက်သွားပါ။ ဘုရားရောက် လျှင် တံမြက်စည်းလှည်းပါ။ ပြီးမှ ဘုရား ဝတ်ပြုပါ။ နှစ်ရက်ဆက်၍ ပြုလုပ်ပါ။ ဒုတိယနေ့တွင် ခရီးသွားသောအကြောင်း နှင့်ဆိုင်သည့်နိမိတ် ကြားရပါလိမ့်မည်၊ ချက်ချင်းထီထိုးလိုက်ပါ။

ဩဂုတ်လတွင် ၃-၇-၄-၈ ဂဏန်း များနှင့် ကံစပ်ပါသည်။

**သောကြာသားသမီးများ**

ဇူလိုင် ၁၀-၁၄-၂၀-၂၄ ရက်များ မှာ ထီထိုးပါ။

ဖြစ်နိုင်အောင်ကြိုးစားပြီး ဓာတ် ကြီး (၄) ပါး ဆွမ်းတော်ကပ်လှူပါ။ အဓိ ဋ္ဌာန်ပုတီးများ ဖြစ်အောင်စိပ်ပါ။ ငွေတံ မထင်မှတ်ဘဲ ပွင့်သွားပါမည်။

ဩဂုတ်လတွင် ၁-၂-၉-၅ ဂဏန်း များကံစပ်သည်။

**စနေသားသမီးများ**

ဇူလိုင် ၇-၁၁-၁၅-၁၈-၂၁ ရက် များမှာ ထီထိုးပါ။ ရက်တစ်ရက်ကိုရွေး ပါ။

ဇင်းရက်မှာ သမ္ဗုဒ္ဓေဂါထာ (သို့ ဘုရားဂုဏ်တော် (၉) ပါးကို အကြိမ် (၁၀၀၀) ပြည့်အောင်ရွတ်ပါ။ ဘုရား ဆောင်ရှေ့တွင် အချိန်ယူပြီးထိုင်ရွတ်ပါ၊ ညောင်းလျှင် အညောင်းဖြေပြီးမှ ဆက် ရွတ်ပါ။ ဇင်းနေ့မှာ ထီထိုးပါ။

ဩဂုတ်လတွင် ၃-၇-၆-၁ ဂဏန်း များ ကံစပ်ပါသည်။


ယခုလတွင် မည်သည့် (၇) ရက် သားသမီးများမဆို ၁၁-၇-၂၀၁၄၊ သော ကြာနေ့နှင့် ၁၄-၇-၂၀၁၄ တနင်္လာနေ့ များမှာ မဖြစ်မနေ ထီထိုးပါ။

ဆရာဦးမောင်မောင်သန်း
(ရှင်ကိုအေးမြဝေသား)



www.burmeseclassic.com

www.burmeseclassic.com



ဆရာဦးချမ်းမင်း(LL.B)
သိပ္ပံလက္ခဏာနှင့် နက္ခတ္တဗေဒ
မြေအမှတ် (၃၁-၁၁)၊ ရွှေတောင်ကြာလမ်းသွယ်၊
စံပယ်လမ်းမကြီး၊ ဝန်ထမ်းကြီးများရိပ်သာ၊
ရွှေပြည်သာမြို့။ Ph 09 8516520

ါက်ကိန်းရှိ -မရှိ၊ ငွေအစုအပုံလိုက် ဝင်နိုင်-မဝင်နိုင်၊ ိုင် အိမ်ခြံမြေ၊ တိုက်တာ၊ ကားတို့ ပိုင်ဆိုင်ရမည့်အရွယ်၊ ကျော် နိုင်ငံကျော်မည့် စာပေ၊ ဂီတ၊ရုပ်ရှင်၊အနုပညာနှင့် ိုးပေး-မပေး၊ဝတ္ထု၊ စာပေ၊ ကဗျာတို့ တွင် အရောင်းရ ာင်းဆုံး (BEST SELLER)ဖြစ်နိုင်-မဖြစ်နိုင်၊ အကြီး ကျယ်ဆုံး၊ အကောင်းဆုံး၊ ရောင်းအား အမြင့်ဆုံး DEPARTMENT STORE PANY, HOTEL, LODGING HOUSE စသည့် လုပ်ငန်းတို့နှင့် ိုးပေး-မပေး၊ အကျိုးတူ ပူးပေါင်းဖက်စပ်သည့် အစုစပ် ာနှင့် ပတ်သက်၍ အကျိုးပေး- မပေး၊ အလှဖန်တီးမှု င်းဖွင့်ရန် အကျိုး ပေး-မပေး (BEAUTY SLOON) စိန်ရွှေ ာ ရောင်းဝယ်ခြင်းနှင့် အကျိုး ပေး-မပေး၊ နိုင်ငံခြား ာ်သားဘဝနှင့် အကျိုးပေး-မပေး၊ ပြည်ပတွင် သွားရောက် ်လုပ်ကိုင်ရမည့် ကံပါ-မပါ၊ ရေကြောင်းသင်္ဘော ကုမ္ပဏီ၊ ကြောင်းကုမ္ပဏီတို့နှင့် အကျိုးပေး-မပေး၊သင့်ရင်သွေးတို့ ဆရာဝန်၊ အင်ဂျင်နီယာ၊ ကွန်ပျူတာ ပညာရှင်များ ဖြစ်နိုင်- နိုင်၊ ဆရာဝန် ဖြစ်လာပါက PAEDIATRIC, OBSTERRIC GYNECOLOGY, MEDICINE, SURGERY အစရှိ သည်တို့တွင် သည့် ဘာသာရပ်နှင့် အကျိုး ပေး-မပေး၊ အင်ဂျင်နီယာ MECHANICAL,CIVIL, ARCHITECTURE, ELECTRONICS ကြောင်းပညာ၊ လေကြောင်းနှင့်အာကာသပညာ အစရှိသည်တို့တွင် မည်သည့် ဘာသာရပ်နှင့် အကျိုးပေး-မပေး၊ သမီး ရတနာများ မွေးဖွားရာတွင် ဇာတာရှင်အတွက် အကောင်းမွန်ဆုံး အသင့်တော်ဆုံး၊ ခွဲစိတ်ရမည့် လ-ရက်- နာရီ-မိနစ်တို့ကို ရွေးချယ်ပေးခြင်း၊ သားသမီးများအတွက် ရာသက်ပန်အကျိုးပေးနိုင်မည့်အမည်၊ လုပ်ငန်းအမည် ဏီအမည်၊ အိမ်ထောင်ကျမည့်အချိန်၊ အိမ်ထောင်ပြုရန် သင့်-မသင့်၊ အိမ်ထောင်ဖက် အရည်အချင်း၊ မည်သည့်နေ့- -နာရီ-မိနစ်တွင် လက်ထပ်ရမည်ကို မင်္ဂလာအခါပေးခြင်း၊ အိမ်ခြံမြေ တိုက်တာကားများဝယ်ရန်၊ ရောင်းရန်၊ ာတ်လုပ်ရန်အတွက် အခါပေးခြင်း၊ ပညာရေး၊ အချစ်ရေး၊ အိမ်ထောင်ရေး၊ အလုပ်အကိုင်၊ အရောင်းအဝယ်၊ အခင်းများအတွက် အထူးယတြာ (သံဟိတပညာ) နှင့် တွဲဖက်၍ သင့်ကံကြမ္မာကို မြှင့်တင်ပေးလျက်ရှိပါသည်။

ည္ဟန်-

မှတ်တိုင်ဆင်းပါ၊ မြေအမှတ် ၃၁-၁၁ စံပယ်လမ်း( ဓာတီယမြောက်ဘယ်ဘက်လမ်းသွယ်-ရွှေတောင်ကြာလမ်း) ဝန်ထမ်းကြီးများရိပ်သာ(V.I.P)
ည်သာမြို့၊Ph 09 8516520ဆွေးနွေးချိန် (ဥပုသ်နေ့မှအပ- နံနက် (၇) နာရီမှ (၃)နာရီအတွင်း)

**ဆရာချမ်းမင်း(LL.B)**

**ဘဝရှုခင်းအလင်းလက္ခဏာ–အမှတ် (၁)**

ဖြန့်ချိရေး
ပြည်သာစာပေ
တ်(၆/၁၀) ရပ်ကွက်၊ချင်းတွင်းလမ်း၊ရွှေပြည်သာမြို့။
၀၁- ၆၁၀၆၂၂၊ ၀၁- ၆၁၀၄၅၇

အမြဲမြဲ ဆိုင်တိုင်းတွင် ရနိုင်ပါပြီ။

www.burmeseclassic.com

www.burmeseclassic.com

**သူရိန်တောင်တန်းကြီး**

မိုးကုတ်ပတ္တမြားမြေသည် တောင်၊ မြောက် သွယ်တန်းလျက်ရှိသော ရိုးမ တောင်တန်းကြီးပေါ်တွင်တည်ရှိပါသည်။ ထိုတောင်တန်းတို့တွင် တောင်တို့အဆင့်ဆင့်တည်ရှိရာ မိုးကုတ်ပတ္တမြားမြေ၏ အနောက်ပိုင်း သူရိန်တောင်တန်းကြီးသည်လည်း တောင်နှင့် မြောက် ကြီးမားစွာ သွယ်တန်းလျက်ရှိ၏။

ထိုသူရိန်တောင်တန်းကြီးသည် ကျောက်ပြဿဒ်ရွာ၏ အနောက်တောင်ထောင့် ကျောက်ဖျာရွာ၏ အနောက်တည့်တည့်တွင် တည်ရှိနေပါသည်။ ကျွန်ုပ်တို့ငယ်စဉ်က ထိုတောင်တန်းကြီးသည် တောချုံထူထပ်ရာ တောင်ဆိတ်၊ ချေ၊ မျောက်ပြာနှင့် ရိုးရိုးမျောက်ဖင်နီများပြားစွာ မှီတင်းနေထိုင်ကြလေ၏။


ထိုသူရိန်တောင်တန်းကြီးသည် ရတနာတောင်တန်းကြီးဖြစ်သဖြင့် ရှေးအစဉ်အဆက်ကပင် ကျောက်မျက်တူးဖော်သော လုပ်ကွက်တို့ များစွာရှိခဲ့ကြလေ၏။ ကျောက်မျက်တူးဖော်ရာတွင် ရေသည် မရှိမဖြစ်ပစ္စည်းဖြစ်ရာ ထိုတောင်ပေါ်ရှိ လုပ်ကွက်များသို့ ရေရောက်အောင် စိမ့်စမ်းရေတံခွန်တို့မှ ရေကို ပိုက်တန်းများဖြင့် သွယ်တန်းကာ တင်ကြရလေ၏။ တောင်ထိပ်အမြင့်ေ... ကန်တည်ကာ ရေကို သိုလှောင်ရ၏... လိုအပ်မှ ဖွင့်၍သုံးကြလေ၏။

ထိုသုံးသောရေအား အောင... တွင်းတို့ အဆင့်ဆင့်ခံယူကာ သုံးစွဲ... ရာ တွင်းပေါင်းများစွာ အလုပ်ဖြစ်က... သည်။ ထိုသို့သုံးလျှင် ရေစုကော... သော ပေါလန်တို့ရှိသလို မကော... သော ပေါလန်တို့လည်း ရှိကြပါသည်...

အင်္ဂလိပ်ခေတ်နှင့် လွတ်လပ်ေ... ရပြီး ပါလီမန်ဒီမိုကရေစီခေတ်ေ... ကျောက်တွင်းလိုင်စင်နှင့်လုပ်ကိုင်ကြ... ရေတင်ခွင့်ရသဖြင့် စည်စည်ကားက...

# (မိုးကုတ်) ရွှေပြည်စိုး

မောင်ရစ်လေဦး



www.burmeseclassic.com

လုပ်ကိုင်ခွင့်ရကြပါသော်လည်း တော်လှန်ရေးအစိုးရ တက်ပြီးနောက်ပိုင်း ကျောက်တွင်းများ ပြည်သူပိုင်အသိမ်းခံလိုက်ရသဖြင့် ရေပိုက်တို့ ရေတင်ခွင့်မရတော့ရာ တောင်တန်းအမြင့်ကြီးပေါ်တွင် တည်ရှိသောတွင်းတို့မှာ ရပ်နားထားကြရပြီး တောအတိုင်းပြန်၍ဖြစ်ကုန်ကြလေ၏။

အမည်အားဖြင့် များပြားလှသော ထိုလုပ်ကွက်တို့တွင် ကျွဲလူးအိုင်ဟူသော လုပ်ကွက်လည်း ပါပါသည်။ ရှေးအခါတမူ အများအားဖြင့် မျောတွင်းများသာ လုပ်ကိုင်ကြရာ အောက်ခြေဖြုန်းတို့ ကျန်နေကြသည်က များပါသည်။

ကျွန်ုပ်တို့သည် ထိုသူရိန်တောင်တန်းကြီး၏ အနောက်ဘက်စောင်း ဦးဖိုးစိန်မြိုင်ကြီးလုပ်ကွက်တွင် ရေကြည်ထွက်ကလေးအားကိုးဖြင့် ဖောက်တွင်းလုပ်ကိုင်ဖူးရာ ထိုကျွဲလူးအိုင်လုပ်ကွက်ဘေးမှ ဖြတ်၍သွားရ၏။ သစ်ဝါးများလို၍ လည်းကောင်း၊ ထင်းအလိုရှိ၍ လည်းကောင်း လိုအပ်ပါက ထိုကျွဲလူးအိုင်လုပ်ကွက်တောထဲသို့ဝင်၍ ခုတ်ယူလေ့ရှိကြ၏။ ညောင်ချဉ်ပင်နုလျှင် ညောင်ချဉ်ရွက်ခူးကြ၏။ ထို့ကြောင့် ကျွဲလူးအိုင်နှင့်ကျွန်ုပ်သည် ယဉ်ပါးသလိုဖြစ်နေလေ၏။

ကျောက်တွင်းများမလုပ်မီက ထိုကျွဲလူးအိုင်သည် စိမ့်များရှိရာ တောကျွဲများ၊ အိမ်ကျွဲများ ထိုစိမ့်တို့တွင် ဗွက်လူးလေ့ရှိသဖြင့် ထိုဝန်းကျင်ကို ကျွဲလူးအိုင်ဟု ခေါ်ခဲ့ကြပြီး ကျောက်မျက်တူးဖော်သောအခါ ရေမြေတို့ ပျက်စီးကုန်သဖြင့် စိမ့်တို့မရှိတော့ဘဲ ကျွဲလူးအိုင်ဟူသောအမည်သာ ကျန်ရစ်ပါတော့သည်။

ထိုကျွဲလူးအိုင်သည် အများအားဖြင့် ကျောက်နီပတ္တမြားသာ ထွက်ပါသည်။ ပေါ်တော်မူလုပ်ကွက်မှာမူ နီလာ





www.burmeseclassic.com

www.burmeseclassic.com

ခေါ် ကျောက်ပြာများသာထွက်ရှိပြီး သူကြီးလူးမှာလည်း နီလာများသာ ထွက်ပါသည်။ ဦးဖိုးစိန်မြိုင်ကြီးမှာမူ အရည်မမီသော ပတ္တမြားအနီ အများအပြားထွက်လေ၏။ ကျွန်ုပ်တို့က မိုးသီးကျောက်ဟု ခေါ်ဆိုကြပါသည်။ အမှန်သော် အရည်မမီပတ္တမြားများသာအားလုံးဖြစ်ခဲ့ပါက လွန်စွာ တန်ဖိုးရှိမည်ဖြစ်သော်လည်း ထိုခေတ်ထိုအခါက ကျောက်ဖြူတို့မှာ နောက်လိုက်အဖြစ် အလကားထည့်ပေးလိုက်ရသည်တို့သာ ရှိခဲ့ပါသည်။ ကျန်သောလုပ်ကွက်တို့မှာ ကျောက်မျိုးစုံထွက်လေ၏။

**လက်လုပ်လက်စား ကောင်းစားသောခေတ်**

တော်လှန်ရေးအစိုးရမှ ပြည်သူပိုင်သိမ်းလိုက်သောအခါ အရင်းရှင်ခေါ် သူဌေးတို့သည် မိမိတို့လုပ်ကွက်များအား နှမြောခြင်းကြီးစွာဖြင့် စွန့်လွှတ်လိုက်ရပါတော့သည်။

ထိုအခါ ချောင်းထဲ၊ မြောင်းထဲ လိုင်စင်ကင်းလွတ်ရာတွင် လုပ်ကိုင်စားသောက်ကြရသော လက်လုပ်လက်စား ဆင်းရဲသားတို့သည် ကိုယ်ကြိုက်သောနေရာတွင် လုပ်ပိုင်ခွင့်ရကြလေတော့၏။ တရားဝင်ရသည်ကား မဟုတ်ပါ။ မှောင်ခိုခေါ် ခိုးတွင်းများလုပ်ကြရခြင်း ဖြစ်ပါ သည်။

ထိုခိုးတွင်းများအား တာဝန်ရှိသူတို့က လာရောက် ဖမ်းဆီးသော် လွတ်အောင်ပြေးကြရ၏။ မပြေးနိုင်၍ မိခဲ့သော် ပြည်သူပိုင်ပစ္စည်းဖျက်ဆီးမှုဖြင့် ထောင်ကိုးလကျခံကြရပါသည်။

'ညောင်သီးလည်းစား၊ လေးသံလည်း နားထောင်' ဟူသော စကားကဲ့သို့ ယခင်က သူဌေးကြီးများသာ လုပ်ကိုင်နိုင်သော လုပ်ကွက်တို့တွင် ဖောက်တွင်းပေါင်းများစွာ ဝင်ရောက်လုပ်ကိုင်ကြရရာ ကျွန်ုပ်တို့သည် အချက်ပြဖြစ်သော လက်ခေါက်မှုတ်သံ၊ ဝါးကလတက်ခေါက်သံ၊ အူသံ စသည်တို့ကို နားပါးပါးထား၍ အပေါ်ကလူက သတိထားနားထောင်ကြရ၏။ ထိုအသံတို့ ကြားကြားချင်း အောက်သို့အကြောင်းကြားရ၏။ အောက်မှ ချက်ချင်းတက်လာကာ စက်သီး၊ ကြိုးတို့ ဖြုတ်သိမ်းပြီး တောထဲဝင်ပြေးပြီးပုန်းကြရလေ၏။ တာဝန်ရှိသူများ အနီးရောက်မှသိသော် နောက်ကျသည့် ခြေထောက် သစ္စာဖောက်ဟု သတ်မှတ်ကာ ဆူးငုတ်ခလုတ်တို့ကိုမမှုဘဲ မာရသွန်ပြေးကြရလေ၏။ မပြေးနိုင်သော် အမိခံကြရလေ၏။

ခိုးတွင်းမိ၍ ထောင်ထဲရောက်ခဲ့သော် ခိုးဆိုးတိုက်ခိုက်၊ လူသတ်၊ မုဒိမ်း စသော ဒုစရိုက်မှုများ မဟုတ်သဖြင့် ဂုဏ်အားဖြင့် မငယ်သွားပါ။ မိုးကုတ်တစ်နယ်လုံး ကျောက်မျက်ကိုအမှီပြု၍ အသက်မွေးဝမ်းကျောင်းပြုကြရလေရာ ကျောက်မှုနှင့်ထောင်ကျသည်မှာ အဆန်းမဟုတ်ကြပါ။ ထောင်ထွက်ဟုလည်း မသတ်မှတ်ကြပါ။

ထိုသို့ လွတ်လပ်စွာ ကိုယ်ကြိုက်သောနေရာတွင် လုပ်ခွင့်ရသဖြင့်လည်း ထိုခေတ်ထိုအခါသည် ကျောက်တို့ မြိုင်မြိုင်ရကြကာ မိုးကုတ်သားကောင်းစားသောခေတ်ဟု ဆိုနိုင်ပြီး မိုးကုတ်တစ်နယ်လုံး အိုးကောင်းအိမ်ကောင်းတို့ဖြင့် တင့်တင့်တယ်တယ်ဖြစ်ကုန်ကြပါသည်။ ရွာတို့၌ တဲအိမ် ဟူသည် အလွန်ရှားပါးပြီး မြင်ရခဲ၏။ ကျောက်ရသည်နှင့် ဦးစွာလုပ်ကိုင်ကြသည်မှာ နေစရာအိမ်ပင် ဖြစ်ပါသည်။

ဤသည်ကို မိုးကုတ်သို့ရောက်ဖူးသူများ မြင်ဖူးကြပါမည်။ ကျွန်ုပ်နေထိုင်ရာ ကျောက်ပြဿဒ်၊ ကျောက်ဖျာ၊ ဆင်ခွာ၊ ရေအေး စသောရွာများကိုကြည့်၍ သိနိုင်ပါသည်။ ယခုဆိုလျှင် ထိုရွာတို့တွင် ကတ္တရာလမ်း အိမ်ရှေ့အရောက်ဖြစ်နေပြီ ဖြစ်သည်။

**ကျွန်ုပ်တို့စလိုက်သောကွက်သစ်**

ထိုစဉ်က ကျွန်ုပ်သည် ကိုဘစိုးနှင့်တွဲလုပ်ဖြစ်၏။ ကိုဘစိုးနှင့် ကျွန်ုပ်တို့ တွင်းယောင်သောအခါ ဘယ်သွားသွား အဆင်မပြေဖြစ်နေသဖြင့် သူရိန်တောင်ပေါ်တွင် နားလည်ကျွမ်းကျင်သော ကိုရွှေထွန်းက တွင်းရာလိုက်ပြသဖြင့် ကျွန်ုပ်တို့ သူရိန်တောင်ပေါ်တွင် စတင်လုပ်ကိုင်ကြလေ၏။

ဖြုန်းကို တောင်အောက်ကို အိတ်နှင့်ထမ်းချကာ ငမုန်းချောင်းတွင် ရေမှုံခွဲ၍ဆေး၏။ အံ့ဩဖွယ်ကောင်းလောက်အောင်ပင် ကျောက်ကပေါများပြီး ကျောက်ကောင်းများလည်း ပါလေ၏။

ထိုအခါ ရွာမှသိကုန်ပြီး ကျွန်ုပ်တို့အနီးတွင် ပုရွက်ဆိတ်အုံသကဲ့သို့ ဝိုင်းအုံလုပ်ကြရာ လူတိုင်းကျောက်ရကြသဖြင့် နာမည်အလွန်ကြီးသွားပြီး တစ်နယ်လုံးမှ ကြိတ်ကြိတ်တိုး လာ၍ လုပ်ကိုင်ကြသဖြင့် သူရိန်တောင်ကွက်သစ်ဟူ၍ နာမည်ကြီးသွားလေတော့၏

တောင်ပေါ်၊တောင်အောက်လ[illegible]
တစ်လျှောက်တွင် ဆာလာအိတ်အ[illegible] များဖြင့် ဖြုန်းထမ်းသူတို့သည် စီတန်း[illegible] လေရော အဝေးကကြည့်သော် ပုရွ[illegible] ဆိတ်များ ဥချီ၍စီတန်းသွားလာသ[illegible] နှင့်ပင် တူသေးတော့၏။ တက်သူ၊ ဆ[illegible] သူတို့ဖြင့် ပြည့်၍နေတော့၏။

လုပ်ကွက်၏အရှေ့မြောက်ထော[illegible] တွင် ကျောက်ပြဿဒ်ဘုရားတောင်ရှိ[illegible] ထိုတောင်မှ ခေါင်းလောင်းသံအဆ[illegible] မပြတ် တဒေါင်ဒေါင်ကြားသော် အ[illegible] အနေမကောင်းကြောင်း အချက်ပြ[illegible] သဖြင့် လက်ခေါက်မှုတ်သံ၊ အူသံ[illegible] ညံသွားတော့၏။ ထိုအခါ ဘေးရှိတေ[illegible] ထဲဝင်ရောက်ကာ ကိုယ်ယောင်ဖျောက်[illegible] ကြရလေ။ ထိုအချိန် လုပ်ကွက်ကြီးတ[illegible] တွင်းတို့သာ ထီးထီးထောင်ထောင်တ[illegible] ရစ်ပြီး လူတို့မရှိကြတော့ပြီ။ ပျော်စ[illegible] လည်းကောင်း၏။ ကြောက်စရာလည[illegible] ကောင်း၏။ ဥပဒေနှင့် လက်တစ်လုံး[illegible] လုပ်ကိုင်စားရသောဘဝများဖြစ်သည[illegible]

ကျောက်စစ်ကျောက်ကောင်း[illegible] သော ရတနာကား ကံရှိမှသာ ရကြ[illegible] အများအားဖြင့် အောက်ကျောက် ခေ[illegible] ထမင်းစားကျောက်များမြိုင်သော [illegible] ကွက်ကြီး ဖြစ်လေ၏။ ထိုနေရာမှ စ[illegible] နေရာများစွာ တွင်းယောင်း၊ လုပ်ကွ[illegible] ယောင်းတို့၌ စမ်းသပ်လုပ်ကိုင်ကြသ[illegible] ကွက်ရပါသည်။ အနောက်ဘက် သူ[illegible] လူး၊ တောင်ဘက်ကျွဲလူးအိုင်မြော[illegible] ဘက် ပေါ်တော်မူ၊ အလံတစ်ရာ[illegible] စသည်ဖြင့် လူပေါင်းသောင်းချီ၍ [illegible] ကိုင်ကြပါတော့သည်။

တောပင်ချုံပင်တို့ ပြောင်ရှင်းတ[illegible] ၏။ လူ့အစွမ်းကြောင့် မြေတို့ကို ဖော[illegible] ထွင်းကာ ပြောင်းပြန်လှန်ပစ်ကုန်ကြ[illegible] မိုးကုတ်လူတို့ကား မြေကိုဖောက်ထွ[illegible] နိုင်သော ကြွက်တွေ၊ ပွေးတွေထ[illegible] အဆပေါင်းများစွာ သာလွန်သော[illegible] များ ဖြစ်ကြလေ၏။

**ရှုတ်ထွေးရန် နွယ်နီကြိုး**

ကာလအတန်ကြာသော် ကျွ[illegible] နှင့် ကိုဘစိုးတို့ စီးပွားခွဲကာ ကျွန်ုပ်[illegible] ကျွန်ုပ်တွင်းသားများနှင့်တစ်တွင်းလုပ်[illegible] ဖောက်တွင်းတစ်ဆက်ခွေပြီးသောအ[illegible] တွင်းသားတို့ကို နံရံလေးဖက် မြက်သ[illegible] ခိုင်း၏။ မြက်မသတ်၍မရပါ။ မြေ[illegible] ကျောက်တုံးကျောက်ခဲများကို [illegible] အောင် ထိန်းရ၏။ ပြီးလျှင် တစ်ခွေ[illegible]



www.burmeseclassic.com

www.burmeseclassic.com

ဘစ်ခွေ မြဲနေစေရန် ရွတ်ဆွဲရ၏။ အချို့ တ သစ်ချောင်းကို သံဖြင့် ရိုက်ဆွဲ၏။ ကျွန်ုပ်မှာမူ အလွန်ခိုင်သော နွယ်နီကြိုး ဖြင့် လွန်းတင်ပြီးဆွဲရန် အကြံရလေ၏။

"တဲ - မင်းတို့ မြက်ပြီးအောင် သတ်ထားကြတွာ။ ငါ နွယ်နီသွားခုတ် လိုက်ဦးမယ်"

ဟု ပြောပြီး ဓားမဆွဲကာ တောင် ဘက်ကျွဲလူးအိုင်သို့သွားသော မြေလမ်း ကလေးအတိုင်းထွက်ခဲ့၏။ နေကြာချုံ များ၊ ပြောင်စာမြက်ရိုင်းများ၊ ခွာဖြူပန်း အရိုင်းချုံများ၊ ခွေးလေးယားအယဉ်မျိုး ချုံများ စသည်ဖြင့် တစ်လမ်းလုံးပြည့်နေ ၏။

ထိုလူသွားလမ်းမှ ကြည့်သော် အရှေ့ဘက်လျှိုထဲမှကျောက်ဆောင်ကြီး ပေါ်တွင် ကြီးမားသော နွယ်နီချုံကြီးရှိ သဖြင့် ထိုကျောက်ဆောင်ကြီးရှိရာသို့ ချုံရှင်းကာဝင်သွားရပါသည်။ နေကြာ ရိုင်းသီးခြောက်၏ဆူးများမှာ အတော် အနှောင့်အယှက်ဖြစ်သည်။

ကျောက်ဆောင်ကြီး၏ အရှေ့ ဘက်ခြေရင်းတွင် ကျောက်ခဲစီမြောင်း တွေ့ရာ မျှောတွင်းဟောင်းဖြစ်ကြောင်း သိရလေ၏။ မြောင်းမှာ လူတစ်ကိုယ်စာ လွတ်အောင်လုပ်ထားသဖြင့် ကျယ်ဝန်း သော မြောင်းမြီးဖြစ်လေ၏။ မျှောတိုက် သော် ထိုမြောင်းမြီးထဲသို့ တိုက်ထည့် ကာ တွင်းဆေးကြရခြင်း ဖြစ်သည်။ ကျောက်ဖြုန်းနုနုနှင့် ကျောက်တို့ ထို မြောင်းတွင်ထိုင်ပါသည်။

ကျွန်ုပ်သည် အောက်ခြေရှိ အခြေခံ နွယ်ကြီးများအားကြည့်၍ အရှည်ဆုံးရ နိုင်သည့်နွယ်ကို ရွေးချယ်ကာ စတင် ဆွဲချ၏။ စိတ်တိုင်းကျအရှည်ရသော် ဘက်ဖြတ်၏။ သို့နှင့် တစ်နွယ်ရ၏။ ထို နွယ်အား နှစ်ခြမ်းခွဲ၍သုံးနိုင်၏။

နောက်တစ်နွယ်လိုသေး၍ ထပ် ဆွဲရပြန်၏။ လိုသောအရှည်ကို ရ၍ တက်ဖြတ်မည်ပြုသောအခါ -

"အဟမ်း. . . အဟမ်း. . . . အဟမ်း. . . . အဟမ်း"

ဟူသော လူကြီးတစ်ဦး၏ ချောင်း ဟန့်သံကို ပီပြင်စွာကြားရ၍ ဒီနေရာ ဘယ်လိုလူဝင်လာပါလိမ့် ဟူသောအသိ ဖြင့် ပတ်ဝန်းကျင်သို့ကြည့်မိ၏။ ပကတိ တိတ်ဆိတ်လျက်သာရှိရာ အလျှင်အမြန် ခုတ်ဖြတ်ချလိုက်၏။ နွယ်နှစ်ချောင်း ရသော် ပြန်ရန်စိတ်ကူးစဉ် အဟမ်း၊ အဟမ်းဟူသော လူကြီးချောင်းဟန့်သံ ထပ်မံကြားရပြန်ရာ ဒါဟာ ငါ့ကိုခြောက်

နေတာပဲ' ဟူသော အသိချက်ချင်းဝင် လျက် နွယ်ကြိုးနှစ်ချောင်းဆွဲကာ ထို နေရာမှ သွက်သွက်ပြန်ထွက်ခဲ့လေ၏။ လူမှာလည်း ပင်ပန်းခြင်း၊ ကြောက်စိတ် ဝင်ခြင်းတို့ရောလျက် ချွေးများပင် ရွဲရွဲနစ် စိုသွားတော့၏။ တွင်းရောက်၍အတော် ကြာမှ အမောပြေ၏။

ထိုအခါ ကျွဲလူးအိုင် နွယ်နီပင် ကျောက်ဆောင်ကြီးမှ အခြောက်ခံရ ကြောင်း တွင်းသားတို့ကို ပြောပြဖြစ်လေ ၏။ ကျောက်ဆောင်ကြီးမှာ ပေ (၃၀) ကျော်မျှ မြင့်မားသော စကျင်ကျောက် ဆောင်ကြီးဖြစ်လျက် နွယ်နီပင်တို့ ဖုံး လွှမ်းကာ ချုံကြီးဖြစ်နေသော ကျောက် ဆောင်ကြီးဖြစ်၏။ ထိုကျောက်ဆောင် ကြီးသည် အဘယ်အကြောင်းကြောင့် ခြောက်လှန့်ရပါသနည်း။ ကျွန်ုပ်၏ အတွေးတွင် ပုစ္ဆာတစ်ပုဒ်ဖြစ်ခဲ့ရပါသည်။

တွင်းလုပ်ရင်း တွင်းပိုသေသူ သည် မကျွတ်မလွတ်ဖြစ်ကာ ဤအရိပ် အာဝါသကောင်းသော ချုံကြီးအား အမှီပြု၍နေထိုင်ခြင်းဖြစ်ပေမည်ဟုသာ တွေးထင်မိလေ၏။ တွင်းလုပ်ရင်း တွင်းပို သေသည်မှာ လယ်လုပ်ရင်း မြွေပွေး ကိုက်၍ သေသကဲ့သို့ အဆန်းမဟုတ်ပါ ချေ။ ဖြစ်ရိုးဖြစ်စဉ်မျှသာဖြစ်ပါသည်။

**ကျွဲလူးအိုင်သို့**

သူရိန်တောင်ပေါ်တွင် အခြေ အနေမကောင်းသောအခါ ကျွန်ုပ်တို့ မြိုင်ကြီးသို့ ပြောင်းလုပ်ကြ၏။ မြိုင်ကြီး ၌လုပ်နေစဉ် မောင်ဆွေသန်းက -

"လေးကျော်စိုး၊ ကျွဲလူးအိုင်အ နောက်ဘက်တောင်စောင်းမှာ လူတွေ ကျောက်နီကြောတွေ ပေါက်ကြတယ် ပြောတယ်။ အဲဒါကွက်သစ်ပေါ် နေတုန်း သွားကြစို့လား"

ဟု ဆိုလေ၏။ ဘယ်သူတွေဘယ် လိုရတာဟုလည်း ပြောပြ၏။ ကွက်သစ် ဆိုသည်မှာ လူတွေအုံနေဆဲမှာပင် ကျောက်ထွက်တတ်ပြီး လူကျဲသွားလျှင် ကျောက်လည်း ကျဲသွားတတ်သဖြင့် -

"အေးလေ၊ သွားကြတာပေါ့"

ဟု ပြောကာ အုပ်စုလိုက် ဦးဖိုး စိန့်မြိုင်ကြီးမှ ကျွဲလူးအိုင်သို့ တွင်းပစ္စည်း များထမ်းကာ ရောက်လာကြပြီး လွတ် သောနေရာတစ်ခု၌ တွင်းစဖောက်ကြ ၏။ လူတွေမှာလည်း ပျားပန်းခပ်မျှ စည်ကားနေလေ၏။ ရှေးက မျှောတွင်း လက်လှမ်းမမီသော တောင်ကမူတန်း ကလေးတွင်ဖြစ်ပြီး မြေမာသဖြင့် သစ်၊

ဝါးများမထည့်ဘဲ ဗလာဆင်းနေကြခြင်း ဖြစ်သည်။

ထိုကွက်ရပ်၏ ကျောက်ဖြုန်းများ မှာ မုသနီခေါ် ကျောက်မာရှာများ ဖြစ် ၏။ အပြင်တွင် မြေနီရောင်ဖြင့် နီနေ သော်လည်း အထဲတွင် မည်းနေကာ စေးစေးပိုင်ပိုင်လေးသောခဲတို့ဖြစ်သည်။ ထိုသည်တို့ကို ကျွန်ုပ်တို့က မုသနီကြော ဟုခေါ်၏။ မုသနီဆိုသည်မှာ မိုင်းသာနီ ကို ဆိုခြင်းဖြစ်ပြီး မိုင်းသာ ဟူသည် တရုတ်ပြည်မှ ရှမ်းတရုတ်ခေါ် မိုင်းသာ တရုတ်များ ဖြစ်သည်။ သူတို့ဝတ်သော အပြာကို မိုင်းသာပြာ၊ ဝတ်သောအနီကို မိုင်းသာနီဟု တင်စားခေါ်ဝေါ်ကြခြင်း ဖြစ်သည်။ အည့်ကျောက် အနီ၊ အပြာ တို့အား မိုင်းသာနီ၊ မိုင်းသာပြာဟု ခေါ် ရာတနေ ကျောက်ဖြုန်းနီနီကိုလည်း မုသနီဟုခေါ်ခြင်း ဖြစ်လေ၏။ အနီမှာ မြေနီကြောင့်နီခြင်းဖြစ်ကာ ပကတိမှာ အမည်း ဖြစ်လေ၏။

ကျွန်ုပ်မှာ လက်ပြင်ကြောညပ်နေ ၍ မတူးဖြစ်ပါ။ တွင်းသားတို့သာတူးကြ လေ၏။ တစ်ယောက်တစ်လက်တူး သောအခါဝယ် နောက်နေ့၌ပင်လျှင် အများဆေးသော မုသနီဖြုန်းကြော တွေ့သဖြင့် ပုံ၍ထားလေ၏။

ထိုအခါ ကျွန်ုပ်သည် အများဖြုန်း ထမ်းသောတောထဲက ဖြုန်းထမ်းလမ်း ကို လိုက်ကြည့်ရာ ကွေ့ကွေ့ကောက် ကောက်နှင့် လွန်စွာရှည်လျားသောလမ်း ကို တွေ့ရသဖြင့် ရင်မောသွားမိ၏။

**ဖြတ်လမ်းဖောက်ရာ၌**

သည်ရေ၊ သည်မြေ၊ သည်ဝန်း ကျင်ဇယ် ကျွန်ုပ်သည် ဘယ်သွားဘယ် ရောက်သည်ဆိုသည်ကို အနေကြာ၍ သိနေ၏။ ထို့ကြောင့် နွယ်နီကျောက် ဆောင်အုံကြီးရှိရာ မြောင်းမြီးမှ ဖြတ် ထွက်သော် ခရီးတစ်ဝက်သက်သာမည် ဖြစ်ကြောင်း သိသဖြင့် -

"လမ်းဟောင်းက အရမ်းဝေး တယ်ကွ၊ အကြာကြီးထမ်းရမှာ။ ငါ ဖြတ် လမ်းသွားဖောက်မယ်၊ မင်းတို့ဖြုန်းတင် နှင့်ကြ"

ဟု ပြောပြီး ရှေးဟောင်းမျှောခွက် ကြီးထဲသို့ တောယမ်းကာဆင်းခဲ့ကြပြီး မြောင်းမြီးအတိုင်း တောရှင်းခြင်း၊ လမ်း ပြုပြင်ခြင်းတို့လုပ်ပါသည်။ သို့အတွက် တောယမ်းဓားနှင့် ပေါက်ပြားတစ်လက် သာပါ၏။နေမှာ ခြစ်ခြစ်တောက်ပူလျက် ရှိပါသည်။ နေပူပူ ပြောင်စာမြက်တွေ



www.burmeseclassic.com

www.burmeseclassic.com

ရှင်းရသည်မှာ အလွန်ယားပါသည်။ ပြောင်စာမြက်သည် အမွေးစုတ်စုတ်ပါသောမြက်မျိုးဖြစ်သည်။

မြောင်းမြီးထဲတွင် ဘေးနံရံကျောက်ဆီမှ ပြိုကျနေသော ကျောက်တုံးတို့ကို ရှင်းရပြီး အောက်ခြေမှာ မုံနဖြစ်သဖြင့် သွားလမ်းလာလမ်းကောင်းပါသည်။

ထိုသို့ [illegible]နေစဉ် ဘေးဘက်ကျောက်စိနံ[illegible]ပြိုဆင်းလာသံ ဝရောဝရော ဖျောက်ဖျောက် ဟူသောအသံကိုကြားရရာ ခဲပြိုကျလာသည်အထင်နှင့် မားကိုင်လျက် နောက်သို့ဆုတ်လိုက်မိလေ၏။

ထိုအခါ သတိကပ်လိုက်ရပါသည်။ မိမိပေါ်ကျမည်ထင်ပါက လျင်မြန်စွာရှောင်တိမ်းနိုင်ရန် အသင့်ရှိနေပါသည်။ သို့သော် ခဲလုံးကြီးကျသံမှာ ပျောက်သွားခဲ့ပြီး မည်သည့်ခဲလုံးမျှ ကျမလာပါ။ ထိုပြိုကျသံသည် တောရှင်းနေရာ ကျွန်ုပ်၏ရှေ့နားမှသာဖြစ်ရာ နီးကပ်လွန်းလှ၏။ ခဏအတွင်း တိတ်ဆိတ်သွား၏။ နည်းနည်းတော့ ဖြူသွားသည်။ စပြီဟေ့ဟု သိလိုက်၏။

ထိုအခါ ရှေ့နားရှိ နွယ်နီကျောက်ဆောင်အုံကြီးမှ အရင်တစ်ခါ ခြောက်လှန့်လိုက်သော တစ္ဆေ၏လက်ချက်မှန်း ချက်ချင်းသိလိုက်လေ၏။ ထိုအခါ ကျွန်ုပ်သည် ထိုတစ္ဆေခြောက်လှန့်မှုကိုဥပေက္ခာပြုကာ တောယမ်းမြဲဆက်ယမ်းလေ၏။ နေ့ခင်းကြောင်တောင်ကြီးဖြစ်ရာ အလွန်ကြီးလည်း မကြောက်လှပါ။

သို့နှင့်ပင် နွယ်နီချုံကျောက်ဆောင်ကြီးအကြားသို့ရောက်ခဲ့ရာ ချုံရိပ်ကြောင့် အနည်းငယ်မှောင်နေပါသည်။ အရင်တစ်ခါလို 'အဟမ်း' များလုပ်လေဦးမလားဟု တွေးနေစဉ်မှာပင် -

"အဟမ်း. . . အဟမ်း. . . အဟမ်း. . . အဟမ်း"

ဟူသော သူကြီး၏ချောင်းဟန့်သံသည် ကျောက်ဆောင်မှ ပီပီပြင်ပြင် ထွက်ပေါ်၍လာလေရာ ခေါင်းနားပန်းကြီးသွားမိလေ၏။ သိသိကြီးမို့ ကြောက်စိတ်လည်းဝင်မိလေ၏။

ထို့ကြောင့် ချက်ချင်းပင် ဆဲဆိုပြီး မားဆွဲ၍ နောက်ကြောင်းပြန်လှည့်ခဲ့ရလေတော့၏။ တွင်းရောက်သော် တွင်းသားများ ဖြန်းတင်၍နေကြ၏။ တွင်းမှာ အလွန်ကြီးမနက်ပါ။ နှစ်ဆက်စာမျှသာရှိပြီး ဘေးသို့ ခေါင်းစားဖွင့်နေခြင်းဖြစ်သည်။

"မောင်ဆွေသန်းတို့ရေ"

"ဘာတုံး လေးကျော်စိုး"

"လမ်းဖောက်တဲ့နံဘေးက နွယ်နီကျောက်ဆောင်ကြီးက ငါ့ကို ခြောက်ပြန်ပြီကွ။ အဲဒါ ငါတို့ဝိုင်းပြီးလမ်းဖောက်လိုက်ကြရအောင်။ တစ်ယောက်တည်း လိပ်ပြာမလုံချင်ဘူးကွ"

"ကောင်းသားပဲ"

ဟု ထောက်ခံကာ ကျွန်ုပ်တို့ (၅) ဦး မား၊ ပေါက်ပြားတို့ဖြင့် ချီတက်ခဲ့ကြ၏။

မောင်ဆွေသန်းကမော့ကြည့်ပြီး-

"ဘယ်ကျောက်ဆောင်လဲ လေးကျော်စိုး၊ ဒါကြီးလား"

"အေးကွ"

"တစ်ပင်လုံး နုပ်နုပ်စဉ်းပြီး မီးပုံတိုက်ပစ်လိုက်မှထင်တယ်။ ဒီကောင် ကိုယ့်ဟာကိုယ်မနေဘူး။ ဒီအချိန်ဒီဝန်းကျင် မီးတိုက်လိုက်လို့ကတော့ ငါ့ကောင် နေစရာမရှိဖြစ်သွားမယ်။ တောတွေက ခြောက်နေတာနဲ့ အတော်ပဲ"

ဟု ကြိမ်းဝါးလေ၏။

"လုပ်မနေပါနဲ့ကွာ၊ သူ့ဟာသူ နေပါစေ။ တောထူတော့ မင်းတို့ငါတို့ဖြန်းထမ်းတဲ့အခါ အရိပ်ရတာပေါ့"

ဟု ချော့သိပ်ရလေ၏။

မောင်ဆွေသန်းမှာ လူကောင်းစိတ်တိုဖြစ်ရာ 'လုပ်ကွာ' ဟု ဆိုလိုက်သည်နှင့် နွယ်နီချုံကြီးအပြတ်ရှင်းကာ မီးပုံတိုက်မည်မှာ သေချာလှပေ၏။ ရွှေဘိုသားပီပီ သတ္တိလည်းကောင်းလှပေ၏။

ထိုအခါ ကျွန်ုပ်က -

"မင်းကို ငါတို့ ဘာမှမလုပ်ဘူး။ ငါတို့ကိုလည်းမနှောင့်ယှက်ပါနဲ့။ နှောင့်ယှက်တာနဲ့ ဒီဝန်းကျင်ပြာကျအောင် မီးတိုက်ပစ်မယ်"



ဟု အော်ပြောကာ အုပ်စုန လမ်းဆက်ဖောက်ကြလေ၏။ အတ အဆင်းတို့ များလှပေ၏။ လမ်းတ အများကြီးတိုသွားပြီး ထိုနေ့တွင် လမ်းဖောက်ခြင်းကိစ္စ ပြီးစီးလေ၏။

**ဖြန်းထမ်းကြရာ**

ဖြန်းထမ်းရာတွင် ဆာလာအိတ် များမပေါ်မီက ဂုန်နီအိတ်များဖြင့် ထ ခဲ့ကြရ၏။ မြေရေချိုအိတ်၊ ပီနံအိတ် ဆာလာအိတ်များ ပေါ်သောအခါတွ ဖြန်းထမ်းရာ၌ လွန်စွာ လွယ်ကူလှ သည်။ ပေါ့ပါးပြီးသက်သာလှပါသည်။

ဂုန်နီအိတ်မှာ ဖြန်းထမ်း၍ ရေ လျှင် လွန်စွာလေး၏။ ဆာလာအိတ်မှာ ပေါ့ပါးခိုင်ခံ့သဖြင့် အဆင်ပြေလှသည်။ ရေစိုလျှင် ခါချလိုက်ရုံနှင့်ပြီး၏။ ဖြ ပျော့၍ နွံမြေတို့ပေနေပါက ရေတွ နှစ်၍ လျှော်လိုက်ရုံနှင့် အဆင်ပြေ၏။

တစ်ခါထည့်လျှင် တစ်အိတ် စောကသုံးခြင်းထည့်ရာ ဆန်အိတ်တ အိတ်နီးပါးမျှလေး၏။ ထိုအိတ်ကို ထ ဆင့်ပေါ် မ,တင်ကာ ထိုင်၍ ကုလားမ ပိုးပြီး ရှေ့သို့အားစိုက်၍ ထရ၏။ ထ လျှင် ရေမှုံသို့ မရောက်မချင်းထမ်းရ တော့သည်။ တစ်ယောက် (၅) ခေါ ထမ်းပါမှ တစ်မုံစာရလေရာ (၅) ခေါ မပြည့်မချင်း ထမ်းကြရပါသည်။ နေ့ နေ့တွင် ကျွန်ုပ်တို့ ဖြန်းထမ်းကြရ သည်။

ဖြန်းများ ကိုယ်စီထည့်ပြီးသေ အခါ ကျွန်ုပ်က -

"တို့တွေ တန်းစီသွားမှ အဆင်ပြေ မယ်။ မြောင်းမြီးကျောက်စိက လူတ ရပ်ကျော်တယ်။ မတော်တဆ ဟိုတစ္ဆေ က မကျေနပ်လို့ ဖြန်းအိတ်ကို ဆွဲထ ရင် အလန့်တကြားဖြစ်မယ်။ အဲဒီတေ တို့တွေ အုပ်စုနဲ့သွားမယ်၊ အုပ်စုနဲ့ပြ မယ်"

ဟု ပြောကာ တန်းစီသွားကြ၏။ တန်းစီ၍ ပြန်ကြ၏။ ထိုအခါ အနှေ အယှက်ဟူ၍ မပြုတော့ပါ။ ထိုကွက်ရ သည် တွေ့လျှင် အကြောလိုက်၊ အ လိုက်တွေ့ပြီး မတွေ့လျှင် လုံးလုံးမတွေ့ ရာ ကျွန်ုပ်သည် ကံမကောင်းသဖြ တစ်လမျှလုပ်ပြီး နားလိုက်ရပါတော့ သည်။ သို့နှင့် ကွဲလူးအိုင်တစ္ဆေနှင့် တ သွားခဲ့ရ၏။

**မျှော်ပိုင်ရှင် ဦးပန်းမောင်**

ကွဲလူးအိုင်တွင် တွင်းလုပ်သေ အခါ ကျောက်မရဘဲ တစ္ဆေအခြော



www.burmeseclassic.com

www.burmeseclassic.com

ချခြင်းသာ အဖတ်တင်ရာ ကျွန်ုပ်သည် မေ့နိုင်အောင်ရှိရ၏။ ထိုကိစ္စအား နောက်မှ ဘိုးသိန်းမောင်ကို ပြောဖြစ်၏။ ဘိုးသိန်းမောင်မှာ ကျွန်ုပ်၏ ခင်ပမာ ကျွန်ုပ်တချစ်၏။ စိတ်ကောင်း နှလုံးကောင်းရှိသောလူကြီး၊ ရပ်မိရပ်ဖ တွေမှာလည်း ပါ၏။ သို့ကြောင့် ခေတ် အဆက်ဆက် သူကြီးတာဝန်မှအပ တာဝန်တွေဆက်တိုက်ထမ်းရ၏။ လူပျို ခေါင်းပင်လုပ်လိုက်ရသေး၏။

"ကျော်စိုးရ အဲဒီမျောကြီးက ကျောက်ပြသာဒ်က ဦးပန်းမောင်ရဲ့ မျောကြီးကွ။ မြောင်းမြီးအောက်ခြေအဝင်ဝ မှာ ကျောက်ဆောင်ကြီးအနောက်ဘက် ဘေးမှာ ရှိတယ်မဟုတ်လား"

"ဟုတ်တယ်ဘိုးသိန်းမောင်။ အဲဒီ ကျောက်ဆောင်အမြင့်ထောင်ထောင် ကြီးအပေါ် နွယ်နီချုံကြီးတက်နေသော အဲဒီကျောက်ဆောင်ကြီးကနေ စောင့် ခြောက်နေတာဗျ"

"ဟုတ်ပြီကွ၊ ဒါဆို အဲဒီတစ္ဆေဟာ ဦးပန်းမောင် ဖြစ်နိုင်တယ်"

"ဘာဖြစ်လို့လဲ ဘိုးသိန်းမောင်"

"အဲဒီ ဦးပန်းမောင်ဟာ တို့ထက် တော့ ကြီးတာပေါ့ကွာ။ တွင်းတွေ ပြည့် သူပိုင်သိမ်းတော့ သူ့မျောကြီးပစ်ထားခဲ့ ရတာ သူမမေ့နိုင်ဘူးဖြစ်နေတာကွ။ ငါ သူ့တွင်းလည်းရောက်ဖူးတယ်။ သူ့ဒွေး ရေမြီးမှာ အစုပေးပြီးလုပ်တာ။ ကျောက် လည်း အတော်စိပ်ပုံရှိတယ်။ ဒါကြောင့် ငါနဲ့တွေ့တိုင်းလည်း သူ့တွင်းကို မမေ့ ကြောင်း၊ နောက်ခေတ်အခြေအနေ ကောင်းလို့ ပြန်လုပ်ခွင့်ရရင် အဲဒီမျော တို့ အောက်ခြေနက်နက်က ဖြုတ်ပြီး မျောပြန်လှန်မယ်လို့ ခဏခဏပြော တယ်ကွ"

"အောက်ခြေမှာ ဖြုန်းတွေကျန် နေပုံရှိတယ်နော်"

"အေး-ကျန်လို့ မမေ့ဘဲ တသသ ဖြစ်နေတာပေါ့ကွ။ ဒီလိုနဲ့ပေ့ါ၊ အသက် ခြောက်ဆယ်တောင် မပြည့်လိုက်ပါဘူး။ ကျန်းမာရေးမကောင်းတော့ အိပ်ရာထဲ လဲနေတယ်သတင်းရတာနဲ့ သူ့ဆီ လူ မမာသွားမေးတော့ ဘာပြောတယ်မှတ် လဲ။ အဲဒီ ကွဲလူးအိုင်က မျောတွင်းအ ကြောင်းကိုပဲ ပြောပြနေတယ်ကွ။ နေ ကောင်းလို့ အခြေအနေကောင်းရင် ရေ ရတာနဲ့ သူ့မျောပြန်လုပ်မယ်ဆိုတာကို ပြောပြနေတာကွ။ အဲဒီမျောတွင်းကို အတော် စွဲလမ်းနေတာ ငါကိုယ်တိုင်

တွေ့ခဲ့ရတယ်။ မကြာပါဘူး။ နှစ်ရက်၊ သုံးရက်နေတော့ ဦးပန်းမောင်ဆုံးပြီဆို တာကို သိရတယ်။ ရင်းနှီးသူတွေဆို တော့ အသုဘပို့ပြီးတဲ့အထိ ငါပါတယ် ကွ။ ဒါဆို ဒီလူဟာ သူ့မျောတွင်းအစွဲနဲ့ သူ့မျောတွင်းကိုစောင့်နေတဲ့ပုံရှိတယ်ကွ။ စိတ်မကောင်းလိုက်တာကွာ။ အစွဲဆိုတာ အတော်ကြောက်စရာကောင်းတာပဲ။ ဒါ ဆိုရင်တော့ အဲဒီမျောမှာ စောင့်နေဦး တော့မှာပေ့ါကွာ"

"အမှန်တော့ သူ့မျောဝန်းကျင် လူ မဝင်ရဲအောင်လုပ်တာနေမှာဗျ"

"အေးလေ၊ သူလည်း သူ့စွမ်းသမျှ နဲ့ ကာကွယ်စောင့်ရှောက်တာနေမှာ ပေ့ါ။ မင်းတို့က သူ့မျောဦးမှာ လုပ်တာ လား"

"သူ့မျောခွက်နဲ့ သူ့မျောဦးမှာ ဘယ်သူမှမလုပ်ဘူး။ ကျွန်တော်တို့လုပ် တာ သူ့မျောနဲ့ တခြားစီပါ"

"အေးလေ၊ သူ့ဧရိယာထဲမဝင်ရဲ အောင် ဟန့်တာနေမှာပေ့ါ"

ဟု ပြောဖြစ်ကြလေ၏။

ထိုအခါကျမှ ထိုတစ္ဆေသည် မျောပိုင်ရှင်ဦးပန်းမောင်ဖြစ်နိုင်ကြောင်း သဘောပေါက်ရလေ၏။ အာသန္နကံ ခေါ် သေခါနီးဇောသည် အစွဲရှိပါက ထိုအစွဲတွင် ငြိတွယ်ကာ ရုန်းထွက်ရန် ခဲယဉ်းလှပေ၏။ ထိုအစွဲတွင် ပေတဂတိ ငြိစွန်းကာ ပြိတ္တာဘဝဖြင့် ဥစ္စာစောင့် သဖွယ် ကာလရှည်လျားစွာ စောင့်နေရ ပေဦးတော့မည်။

အိမ်ကိုစွဲသော သရဲ၊ ကျောင်းကို စွဲသောသရဲ၊ မြေကိုစွဲသောသရဲ စသည် ဖြင့် လူတို့ခေါ် ဝေါ်သောသရဲဟူသည် ပြိတ္တာများသာ ဖြစ်ကြပါသည်။ ထိုအစွဲ ကြောင့် သက်တမ်းရှည်လျားစွာ၊ ပင်ပန်း ဆင်းရဲစွာစောင့်ကြရပါသည်။

**ကျွန်ုပ်၏အစွဲ**

ကျွန်ုပ်တွင် ကျောက်တွင်းအစွဲ (၂) ခုရှိ၏။ ထို (၂) တွင်းစလုံးမှာ ယခု ခေတ် ကျောက်ဈေးနှင့်ဆိုလျှင် အကြီး အကျယ် ချမ်းသာနိုင်သော တွင်းများ ဖြစ်လေ၏။

ထိုတွင်းတို့အကြောင်းကို ကျောက် ဖျာကလူတွေသိကြသော်လည်း ဘယ် နေရာဟူ၍ သိသူမရှိကြပါ။ ကျွန်ုပ်ကိုယ် တိုင်လုပ်သဖြင့် ကျွန်ုပ်သာသိပါသည်။ ကျွန်ုပ်မှ လက်ညှိုးထောက်၍မပြလျှင် သိသူမရှိနိုင်သောအနေအထား၌ရှိ၏။ အခွင့်အခါမသင့်သဖြင့် မလုပ်ဖြစ်ခဲ့ချေ။

ထိုတွင်း (၂) တွင်းအား ကျွန်ုပ် ယခုထိတိုင် စွဲလမ်းနေဆဲရှိလေ၏။ မြို့မဈေးထဲမှ 'မျိုး' အလှကုန်ဆိုင်မှ ဦးအေးမြင့်နှင့် စပ်တူသွားလုပ်ရန် စီစဉ်ထားသော်လည်း အကြံကအထ မမြောက်ချေ။ အကြံက အဆန်မပေါ သော အမြောက်ဖြစ်သွား၏။

[illegible]၁၃ ခုနှစ်၊ ဝါတွင်းကာလတွင် မိုးကုတ်သွား[illegible]မိုးတွေမပြတ်ရွာ နေသည့်ကြား[illegible]သို့သွား လည်ဖြစ်၏။ [illegible]တွင် (၂) ည အိပ်၊ (၃) ရက်နေစဉ်အတွင်း မိုးတွေက မပြတ်ရွာနေသဖြင့် တွင်းနေရာတစ်ခုကို သွားကြည့်ရန်စိတ်ကူးရှိသော်လည်း တစ် အိမ်နှင့်တစ်အိမ် ထီးဖြင့်ကူးလည်နေရ ရာ တွင်းတောသို့ သွားလည်ရန် မလွယ် ကူလှပါ။

မာလာချိုတို့အိမ် သွားလည်စဉ် ကံအကျိုးပေးကောင်း၍ ချမ်းသာနေ သော မာလာချိုက -

"လေးကျော်စိုးရဲ့တွင်းကို ပြရုံပြ ပေးပါ။ ကျွန်မတို့လုပ်ပေးမယ်။ လေး ကျော်စိုးက တွင်းစုစောင့်ယူရုံပါပဲ"

ဟု ကမ်းလှမ်းလာသော်လည်း မိုး တွေကြောင့် မသွားဖြစ်ခဲ့ပါ။ ကိုယ်တိုင် လုပ်နိုင်ဖို့ဆိုသည်မှာလည်း (၇၀) နား ကပ်နေသူသည် စိတ်နောက်ကိုယ်မပါ နိုင်တော့ရာ ထိုတွင်းအစွဲကြီးဖြင့် ကျွန်ုပ် သေသွားခဲ့ပါမူ ဦးပန်းမောင်ကဲ့သို့ ကိုယ့် တွင်းကိုယ်ပြန်စောင့်နေရမှာလည်း စိုးရိမ် ရပါသေးသည်။

ထိုတွင်းတို့ကို ပြန်လုပ်ရန် သား ငယ်က ကမ်းလှမ်းဖူး၏။ မလုပ်ဖြစ်ခဲ့ပါ။ တွင်းတစ်တွင်းတွင် သားကြီး သူရိန်စိုး ပါ၏။ သို့သော် ငယ်သေးသဖြင့် မှတ်မိ ခြင်း မရှိခဲ့ပါ။

ထိုတွင်းတို့သည် ယခုခေတ် ကျောက်ဈေးနှင့် အလွန်အလားအလာ ကောင်းသောတွင်းတို့ဖြစ်ရာ စွဲနေသည် မှာ အဆန်းမဟုတ်ချေ။ ထိုအစွဲဖြင့်သာ ကျွန်ုပ်သေဆုံးခဲ့ပါသော် ဦးပန်းမောင် ကဲ့သို့ စောင့်ရစ်လေဦးဟု ပြောရန်သာ ရှိပါတော့သည်။

(ကျောက်ဖျာရွာသို့အမှတ်တရ)

ချမ်းမြေ့ကြပါစေ

ရွှေပြည်စိုး (မိုးကုတ်)



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်တို့ကျောင်း၏ထုံးစံအတိုင်း ညဉ့် (၈) နာရီထိုးသည်နှင့် တစ်ပြိုင်နက် ကိုရင်၊ ကျောင်းသား၊ ကပ္ပိယပါမကျန် ဆရာတော်နှင့်အတူ တညီတညာတည်း ဘုရားဝတ်ပြုရသည်။ ထို့နောက် ပရိတ်ကြီးတစ်သုတ်စီအလှည့်ကျရွတ်ဆိုရင်း ထို့နောက် နာရီဝက်တရားထိုင်ရင်း ထို့နောက် ပြုပြုသမျှကုသိုလ်ကောင်းမှုတို့အား (၃၁) ... ကြကုန်သော လူနတ်ပြ... အား မေတ္တာပို့ အမျှပေးဝေ... သည်မှသောက်ရှုပြီးသည်နှင့် တနှန်းကြီးကျောင်းသားတို့၏ တစ်နေ့တာလုပ်ငန်းတာဝန်ကြီး ပြီးဆုံးသွားလေတော့သည်။ ဘုရားဝတ်တက်ပြီးလျှင် အိပ်လိုသူကအိပ်၍ မအိပ်လိုက နေနိုင်၏။ သို့သော် မီးခွက်ထွန်းထားခွင့်ကား မရ၊ အကြောင်းမှာ ရေနံဆီရှားပါးခြင်းနှင့် ခေတ်ကာလအခြေအနေကြောင့် ဖြစ်လေသည်။

အခြားကိုရင်နှင့်ကျောင်းသားတို့မှာ အလုပ်ကပြောပလောက်အောင်မရှိသော်လည်း တစ်နေကုန် မျောက်ရှုံးအောင်ကဲထားမှုကြောင့် ခေါင်းအုံးပေါ် ခေါင်းချလိုက်သည်နှင့် တခူးခူးအိပ်ပျော်သွားလေ့ရှိ၏။ အနာဂတ်ကို မျှော်မှန်းမရသူ ကျွန်ုပ်သည်သာ ညစဉ် အတော်နှင့် အိပ်ပျော်လေ့မရှိသည့်အလေ... ပြုမြဲအတိုင်း ကျောင်းရှေ့အုတ်ခုံ... ထွက်လာခဲ့၏။

အုတ်ခုံတွင် ကျွန်ုပ်အရင်... နေနှင့်သူ ကပ္ပိယကြီးအား ... လှမ်းမှပင် မြင်တွေ့ရသည်။ က... သည် အဝေးသို့ငေးရင်း အတွေ... နစ်မျောနေဟန်ရှိ၏။ သူလည်း ရေးကိုယ်တာကိစ္စတစ်ခုကြောင့်... ကျပ်နေပုံရပါသည်။ အနှောင့်အ... မပေးလိုသဖြင့် နောက်ကြောင်းသို့... ပြန်မည်အပြု -





www.burmeseclassic.com

www.burmeseclassic.com

"စနေ၊ လာလေကွာ"

"ကပ္ပိယကြီးကို အနေ့ာင့်အယှက် ပေးချင်လို့ပါ"

"ရပါတယ်ကွာ၊ စကားပြောဖော် ရတာပေါ့"

ဆို၍ အုတ်ခုံတစ်ဖက်စွန်းသို့ ဝင် ထိုင်လိုက်၏။

"ဒါနဲ့ ငါကျက်ခိုင်းထားတဲ့ ပထဝီ ...တ်လက္ခဏာရှစ်ပါးကို ဆေးချက်နဲ့ ...ပြခတ်းလက်တွေ့ရပြီလား"

ကပ္ပိယကြီးအမေးကြောင့် ...မရ သေးသည့် ကျွန်ုပ်ရင်ထဲ ထိတ်ခနဲဖြစ် သွား၏။ သို့သော် ဟန်ကိုယ့်ဖို့ဆိုသည့် အတိုင်း -

"ကပ္ပိယကြီး ဒါကိုယ်ပိုင်အချိန် လေဗျာ တာဝန်ချိန်ကုန်သွားပြီဗျ။ ကိုယ်ပိုင်လွတ်လပ်ခွင့်အချိန်မှာ ခေါင်း ကို အေးအေးထားရမယ်လို့ ကပ္ပိယကြီး ပဲ မှာထားတယ် မဟုတ်လား"

"ဩော် - ဟုတ်ပါတယ်၊ ဟုတ်ပါ တယ်ခင်ဗျာ၊ မေ့သွားလို့ပါ"


ဟု ငေါ်တော့တော့ပြောကာ ကျွန်ုပ်၏ ဆင်ခြေကို သဘောကျသည့် အလား တဟားဟားရယ်မောနေလေ သည်။ သို့နှင့် ကျွန်ုပ်တို့နှစ်ဦးသား ရောက်တတ်ရာရာ ပြောကြဆိုကြရင်း အချိန်ကုန်မှန်းမသိကုန်လာလေသည်။ လကပ္ပိုတွေ၏ ဆန်းစလရောင်ရေးရေးက အမှောင်ကို ဖြိုခွင်းရန် အားခဲနေ၏။

သို့သော် အခွင့်အခါမဟုတ်၍ ဘယ်လို ပင်ကြိုးပမ်းသော်လည်း အမှောင်ထုကို မောင်းထုတ်နိုင်စွမ်းမရှိသည့်အလျောက် မြင်ကွင်းအားလုံးက ပိုးတဝါးရှိနေဆဲပင်။ သစ်ပင်အကြိုအကြားမှ ဖြတ်သန်း တိုးဝှေ့လာသည့် ဆောင်းလေကြောင့်

# ကိုစနေ

၃

## ကပ္ပိယဘိုမင်းနှင့် ဂန္ဓာလရာဇ်ဆေးကုထုံးများ



www.burmeseclassic.com

www.burmeseclassic.com

တစ်ကိုယ်လုံး အေးစက်စက်ဖြစ်လာ၏။ တစ်ချက်တစ်ချက် စူးစူးဝါးဝါးအော်လိုက်သည့် ထိမ်ပင်ကိုင်းဖျားမှ ဇီးကွက်နှစ်ကောင်၏တကွပ်ကွပ်အော်သံမှအပ ပတ်ဝန်းကျင်တစ်ခုလုံး ငြိမ်သက်လွန်းလှသည်။အနာဂတ်ပျောက်ဆုံးနေသူကျွန်ုပ်နှင့် အဘယ်သို့သော ဘဝခရီးသည်ဟု ခန့်မှန်းမရသည့် ကပ္ပိယကြီးတို့ နှစ်ဦးသာ ဆောင်းလေအေးကို အန်တုရင်း အေးစက်စက်အုတ်ခုံပေါ်တွင် ထိုင်နေဆဲဖြစ်၏။

ထိုအခိုက် နွားလှည်းသံသဲ့သဲ့ကြားလိုက်မိသည်။ ကျောင်းရှေ့မလှမ်းမကမ်းရှိလှည်းလမ်းမှ နွားလှည်းဖြတ်မောင်းသွားပုံရသည်။ ခေတ်ကာလအခြေအနေကြောင့် ညဘက်ခရီးသွားသူ အလွန်ရှားပါးသော်လည်း အန္တရာယ်ကိုမမှုနိုင်ဘဲ သွားလာနေရခြင်းမှာ တော်ရုံကိစ္စတော့ မဖြစ်နိုင်။ အဘယ်သို့သော အပူသောကကြောင့်ပါလိမ့်ဟု စာနာစွာတွေးရင်း စိတ်မသက်မသာဖြစ်လိုက်မိသည်။ လှည်းသံမှာ တဖြည်းဖြည်းဝေးသွားရမည့်အစား ပို၍ပင်နီးလာသဖြင့် နားထောင်နေစဉ် အမှောင်ထုထဲမှတစ်ဆင့် မြင်ကွင်းထဲသို့ နွားလှည်းတစ်စီး တိုးဝင်လာလေသည်။ မကြာမီ ကျွန်ုပ်တို့ရှေ့နားတွင်ရပ်ကာ လူသုံးဦးဆင်းလာပြီး -

"ဆရာကော်ရှိ၊ မရှိ သိပါရစေ"

ဟု မေးလာ၏။

ကျွန်ုပ်တို့ အဖြေမပေးသေးဘဲ အကဲခတ်နေမိသည်။ ဧည့်သည်များမှလည်း ရိပ်မိပုံဖြင့် -

"မစိုးရိမ်ပါနဲ့ဗျာ၊ ကျုပ်တို့လူကောင်းတွေပါ။ဖျူးမပင်ရွာကပါ။ ကျုပ်ညီ ရိုးမတောကအပြန် အတော်လေးမကျန်းမမာဖြစ်လာလို့ ဆရာပင့်ရအောင်လာတာပါ၊ ကူညီပါဗျာ"

ဟု ဆိုလေသည်။

ထိုအခါ ကပ္ပိယကြီး ထိုင်နေရာမှ ဆတ်ခနဲထ၍ -

"ကျုပ်နဲ့လိုက်ခဲ့ကြပါ"

ဟု ပြောပြောဆိုဆို ကျောင်းဆီသို့ ခေါ်သွားလေသည်။

ကျွန်ုပ်သဘောအရဆို အခုမှ ရောက်လာသူ ဧည့်သည်များအား လက်မခံလိုသော်လည်း တစ်ဖက်သားစကားကို ယုံလွယ်ကာ လူနာဆိုသည့် အသံကြားရုံနှင့် ကောင်း၊ ဆိုးနှစ်တန် မဝေဖန်ဘဲ ကျောင်းပေါ်သို့ ခေါ်သွားသူ ကပ္ပိယကြီးအား များစွာဒေါသဖြစ်မိလေသည်။ အကယ်၍ ထိုသူများသည် မကောင်းသောအကြံအစည်ဖြင့် ရောက်လာသူများဆိုပါက မခက်ပါလော။ ထို့ပြင် ကျုပ်တစ္ဆေများသည် ညဦးအချိန်မှ ဆရာလာပင့်တတ်ကြောင်း ကြားဖူး၏။ ယခုလာသူများမှာ လက်နက်ကိုင်ဆောင်ထားခြင်းမရှိ၍ လူဆိုးများမဖြစ်နိုင်ကြောင်း ယေဘုယျအားဖြင့် တွက်ဆ၍ ရနိုင်သော်လည်း လူအစစ်ဟုတ်၊ မဟုတ်ကိုမူ မည်သူအာမခံနိုင်ပါမည်နည်း။ အနီးအနားတွင် ဖျူးမပင် ဆိုသောရွာကိုလည်း တစ်ခါမှမကြားဘူးပေ။ သေချာပါသည်။ အခုမှဧည့်သည်များသည် ကျုပ်တစ္ဆေများသာဖြစ်ရမည်ဟု အတွေးရောက်ကာ ကြက်သီးဖြန်းဖြန်းထသွားမိလေသည်။

ဆရာတော်မှာလည်း လွန်စွာရိုးသားပြီး တစ်ဖက်သားအား သနားညှာတာတတ်သူဖြစ်သည့်အလျောက် လူနာကုရန် ကပ္ပိယကြီးအား ဧည့်သည်များနှင့် ထည့်ပေးလိုက်မည်မှာ မလွဲပေ။ ကပ္ပိယကြီး လိုက်သွားရမည်ဆိုပါက ဘုရား ဘုရား - ကျွန်ုပ်လည်း သေချာပေါက်လိုက်ပါရပေလိမ့်မည်။ ထို့ကြောင့် အိပ်ရာဆီသို့ အပြေးသွားကာ ဟောက်သံပေး၍ အိပ်ပျော်နေဟန်ဆောင်လိုက်၏။ အကယ်၍သာနှိုးပါက အိပ်မောကျနေဟန်ပြုမည်။ ဘယ်လိုမှ နှိုးမရသည့်အဆုံး ကပ္ပိယကြီးတစ်ဦးတည်းသာ လိုက်သွားရပေလိမ့်မည်။ နောက်တစ်နေ့ ကပ္ပိယကြီးတစ်ယောက် ဖုန်အလူးလူးဖြင့် အူယားဖားယားပြန်လာကာ ကျုပ်တို့လှည့်စားမှုအကြောင်း ပြောလေမှ အူတက်အောင်လှောင်ပြီး ရယ်လိုက်မည်။ ဖိုးကုချင်ကြီး မှတ်ကရော့ဟု ကိုယ့်အတွေးနှင့်ကိုယ် ပီတိဖြစ်နေစဉ် ကျွန်ုပ်အိပ်ရာအနီးမှ ကြမ်းပြင်အားဖြန်းခနဲနေအောင် ကြိမ်နှင့်ရိုက်သံကျယ်လောင်စွာ ကြားလိုက်ရသဖြင့် လန့်ဖျပ်ပြီး ထခုန်လိုက်ရာ -

"ဟဲ့-အသေးလေး၊ ကပ္ပိယကြီးနဲ့လိုက်သွား"

ဟူသော ဆရာတော့်စကားကြောင့် အော်၍ငိုချင်စိတ်ပင်ပေါက်သွားလေတော့သည်။

❐

ကျောင်းပေါ်မှအဆင်း ဧည့်သည်များမမြင်အောင် ကပ္ပိယကြီးအား လေသံတိုးတိုးဖြင့် -

"ကပ္ပိယကြီး၊ ကျုပ်မလိုက်ချင်ဘူးဗျာ"

"ဟာကောင်၊ ဘာဖြစ်လို့လဲ"

"ကျုပ်တို့ တွေ လူယောင်ဆောင်ပြီး ညအချိန်မတော် ဆရာလာပင့်တတ်တဲ့ အကြောင်း ကျုပ်ကြားဖူးတယ်ဗျ။ ဒီလူတွေကတော လူအစစ်ဟုတ်ရဲ့လားဗျာ"

"ငါအကဲခတ်ပြီးပါပြီ"

"ကျုပ်တွေလား"

"ကြံကြံဖန်ဖန်ကွာ၊ လူတွေပါဟ ကျုပ်တွေဆိုလည်း မမှုဘူး၊ ဟောဒီမှာ တွေ့လား"

ဆိုကာ သူ့လည်ပင်းမှ ကြေးပုတီးကြီးကိုပုတ်ပြ၍ -

"ဒါ သိမ် (၉) သိမ်ဝင်ထားတဲ့ ပုတီးကွ၊ ပေါ့သေးသေးမထင်နဲ့။ ရေစိမ်ပြီးတောက်လိုက်ရင် ဘယ်မကောင်းဆိုးဝါးမှ မခံနိုင်ဘူး။ ကဲ - လာစမ်းပါကွာ ပူမနေစမ်းနဲ့။ ငါတစ်ယောက်လုံး ပါတယ်"

"အင်းပါ အင်းပါ၊ တော်ကြာ ဆရာက အရင်မပြေးနဲ့"

ဆိုသဖြင့် ကပ္ပိယကြီး တဟဲဟဲ ရယ်လေသည်။

ကပ္ပိယကြီး ဘယ်လိုပင်ပြောပြော ကျွန်ုပ်စိတ်ထဲ အမှန်ပင် လေးနေ၏ သူတို့ပြောသည့် ဖျူးမပင်ရွာဆိုသည် တစ်ခါမျှပင်မကြားဘူး။ ထို့ပြင် နေ့လ နေ့ခင်းဘက်လာနိုင်ပါလျက် မိုးကြီးချ လေမှ ဆရာလာပင့်သည်မှာ မသင် ဖွယ်ရာမဟုတ်ပါလော။ အကယ်၍ သားစင်စစ်များမှန်ပါက ယခုလိုခေ အခြေအနေမကောင်းသောကာလတွ အချိန်မရွေး အန္တရာယ်တစ်မျိုးမျိုး တွေ့နိုင်ခြင်းကြောင့်လည်း ဖျူးမ ရွာသားဆိုသူများသည် မည်သည့်န နှင့်မျှ လူမဖြစ်နိုင်။ ကျုပ်တစ္ဆေများသ ဖြစ်ရမည်ဟု တထစ်ချယုံကြည်မိခြ ဖြစ်၏။ ထိုသို့ အန္တရာယ်အငွေ့အသ မကင်းသောခရီးကို စိတ်မပါပါသေ လည်း ဆရာတော်၏ နှစ်ပင်လိမ်ကြိမ် ရင်မဆိုင်ရဲ၍သာ ဇွတ်မှိတ်လိုက်ပါခ ခြင်း ဖြစ်ပါသည်။ ဤသို့ ဖြစ်ရခြင်း တရားခံမှာ ကပ္ပိယကြီး ဖြစ်၏။ ဧ သည်များ ဆရာတော်ထံသို့ မရောက် ကြောင်းတစ်ခုခုပြ၍ ပြန်လွှတ်လိုက် က ခုလို အကျဉ်းအကျပ်ထဲသို့ ရော လာမည်မဟုတ်ပေ။ တွေးရင်းတွေး ဒေါသဖြစ်လာပြန်ရာ ကပ္ပိယကြီးအ လှည်းပေါ်မှ တွန်းချချင်စိတ်ပင် ပေ မိလေသည်။

ကျွန်ုပ်တို့စီးလာသည့်လှည်းသည်



www.burmeseclassic.com

www.burmeseclassic.com

ခပ်သွက်သွက်သွားလျက်ရှိ၏။ အချိန်မှာလည်း (၁၀)နာရီနီးပါးခန့်ရှိပြီဖြစ်သဖြင့် မှန်ဝါးဝါးလကလေးပင် အနောက်ရိုးမအောက်သို့ ငုပ်လျှိုးသွားပြီ ဖြစ်သည်။ ခရီးက မည်မျှကျန်သည်မသိရသေး။ လှည်းနောက်တွင်တရွေ့ရွေ့ကျန်ခဲ့သည့် လှည်းလမ်းဖုန်ဖုန်က အမှောင်ထုအောက် နစ်မြုပ်သွားပြီ ဖြစ်၏။ လာလမ်းကိုပင် မှန်းဆရန်မလွယ်ကူတော့။ အခြေမလှ၍ လှည်းပေါ်မှ ဆင်းပြေးမည်ဆိုတောင် လမ်းမမှတ်မိသဖြင့် အချိန်တိုအတွင်း ပြန်ဖမ်းမိသွားနိုင်သည်။ ထို့ကြောင့်လည်း လူသားစစ်စစ်များနေထိုင်သည့် ပျဉ်းမပင်ဆိုသည့်ရွာ အမှန်တကယ်ရှိပါစေဟု ဆုတောင်းရုံကလွဲ၍ ဘာမှမတတ်နိုင်တော့ချေ။ တစ်ချက်တစ်ချက်ခပ်ကြမ်းကြမ်း တိုက်ခတ်လာသည့် ဆောင်းလေအေးကြောင့် ကပ္ပိယကြီးနားပူးကပ်လိုက်ရင်း လှည်းမောင်းသူအား -

"ဗျို့ - ဆရာတွေ၊ ရွာကဘယ်လောက်ဝေးသေးလဲဗျ"

"ဒီတစ်ကွေ့ကျော်ရင် ရောက်ပါပြီ ဆရာလေးရယ်"

"ဒီအနီးအနားမှာ ပျဉ်းမပင်ဆိုတဲ့ ရွာရှိတဲ့အကြောင်း ကျုပ်ဖြင့် တစ်ခါမှ မကြားဘူးပေါင်ဗျာ"

"ဟုတ်မှာပါ၊ အရင်ကတော့ မရှိပါဘူး။ ခေတ်ကာလအခြေအနေကြောင့် တကွဲတပြားဖြစ်နေတဲ့ တောင်ယာတဲတွေကို မကြာခင်ကမှစုပြီး ရွာတည်ထားတာမို့ မကြားဘူးသေးတာဖြစ်မှာပါ"

တော်တော်အလှည့်အပတ်ကောင်းတဲ့ကျတ်တွေဟု တွေးလိုက်မိ၏။

"ဒါနဲ့ ခင်ဗျားတို့က အစစ်လားဗျ"

"ဘာကိုမေးတာလဲ ဆရာလေးရဲ့"

"ဩော် - ခင်ဗျားတို့ပြောတာ တကယ်လားလို့ မေးတာပါဗျာ"

ကျွန်ုပ်၏ ဆိုလိုရင်းကိုသိသော ကပ္ပိယကြီးမှာ တဟဲဟဲရယ်ရင်း -

"ဟိုရှေ့လှမ်းလှမ်းက မီးလက်ခနဲလက်ခနဲတွေဟာ ခင်ဗျားတို့ရွာထင်တယ်"

"ဟုတ်ပါတယ် ဆရာကြီး၊ မကြာခင်ရောက်တော့မှာပါ"

ကျွန်ုပ်စိတ်ထဲတွင်တော့ ရွာနားနီးလေ စိုးရိမ်စိတ်ပိုလေ၊ စိုးရိမ်စိတ်ပိုလေ ကပ္ပိယကြီးနားသို့ ဖိတိုးလေဖြစ်နေတော့သည်။ ထိုအခိုက်မှာပင် လှည်းရှေ့မလှမ်းမကမ်း ချုံအကွယ်မှ မီးလေး၊ ငါးလုံး ချွတ်တရက်ထွက်လာသဖြင့် ထိတ်ခနဲဖြစ်ကာ ကပ္ပိယကြီးလက်ကို တင်းတင်းဆုပ်ကိုင်လိုက်မိ၏။ လှည်းပေါ်ပါ ရွာသားတစ်ဦးမှလည်း အသံနှိမ့်၍ -

"လှည်းရပ်စမ်း၊ ဓားပြတွေလား မသိဘူး။ မီးတွေမြင်တယ်"

ဟု အရေးတကြီးဆိုလိုက်သဖြင့် ကပ္ပိယကြီးနှင့် ကျွန်ုပ်၏ဘဝမှာ နူရာဝဲစွဲ၊ လဲရာသူခိုးထောင်း ဆိုသည့်အလားကျတ်တစ္ဆေတို့၏လက်ဝကွက်အပ်ခံထားရသည့်ကြားမှ ဓားပြတို့၏လက်ချက်ဖြင့် ဇီဝိန်ချုပ်လေပြီဟုသောအတွေးကြောင့် တဆက်ဆက်တုန်ကာ ကပ္ပိယကြီးအား အတင်းသိမ်းကျုံးဖက်ပြီး မျက်လုံးကို တင်းတင်းမှိတ်ထားလိုက်မိလေသည်။ ထို့အတူ သတိမရသည်မှာကြာပြီဖြစ်သည့် ကွယ်လွန်သူ အဖေနှင့် အမေအား လည်းကောင်း၊ ကျွဲဖခင် ကျေးဇူးရှင်ဆရာတော်ကြီးအား လည်းကောင်း အပြစ်ရှိလျှင် ခွင့်လွှတ်ကြပါရန် ရည်မှန်းဦးခိုက်တောင်းပန်လိုက်မိ၏။ အကြောင်းမှာ ဘာပစ္စည်းမှမပါသော ကျွန်ုပ်တို့အား ဓားပြများမှ ဒီအတိုင်းလွှတ်ပေးလိုက်မည်မဟုတ်။ ပစ္စည်းမရသည့်ပြင် အမှုအစအနပင်ပေါ် လာနိုင်သဖြင့် ဓားစာကျွေး လက်စတုံးလိုက်မည်သာ ဖြစ်၏။ ထို့ကြောင့် ဓားပြများသတ်၍မသေမီ ကျေးဇူးရှင်များအား နောက်ဆုံးအနေဖြင့် ကန်တော့လိုက်ခြင်း ဖြစ်သည်။ ကျွန်ုပ်တို့သည် လှည်းကိုရပ်၍ အသက်ကိုပင် ပြင်းပြင်းမရှူမိအောင် ငြိမ်သက်စွာဖြင့် သေမိန့်ကိုစောင့်နေသည့်အလားရှိ၏။ မီးတုတ်များ တဖြည်းဖြည်း နီးကပ်လာပြီး -

"ဟေ့-ဘယ်ကလှည်းလဲ"

ဟု ခပ်မာမာမေးသံကြားလိုက်ရ၏။ ကျွန်ုပ်စိတ်ထဲတွင်တော့ ဘယ်အချိန်ဇက်ပေါ် ဓားကျလာမလဲဟုတွေးရင်း အနန္တောအနန္တငါးပါးကိုသာ မပြတ်,တနေမိလေသည်။

"ကျုပ်တို့ပျဉ်းမပင်ရွာကပါ၊ ဆရာသွားပင့်တာပါ"

လေသံပျော့ပျော့ဖြင့် ပြန်ဖြေသံကြားရပြီးနောက် -

"ဟ-ချက်မတို့လားဟေ့။ မင်းတို့ကြာလို့လိုက်လာတာကွ"

ဆိုလေမှ ကြောက်စိတ်ကြောင့် အောင့်ထားရသော အပူလုံးကြီးကို ထွက်သက်နှင့်အတူ မှုတ်ထုတ်လိုက်သံမှာ မီးရထားစက်ခေါင်းမှုတ်သံထက် မနိမ့်ကြောင်း သတိပြုလိုက်မိပါသည်။ ကျွန်ုပ်တို့လှည်းသည် ရွာမှလိုက်လာသူ မီးတုတ်သမား လေး၊ ငါးဦး ခြံရံလျက် ဆက်လက်ထွက်ခွာခဲ့ရာ မကြာမီ ရွာသို့ဝင်မိကြလေသည်။ ရွာထိပ်မှ လေးငါးအိမ်ကျော်တွင် လှည်းရပ်လိုက်သဖြင့် ခရီးဆုံးပြီဖြစ်ကြောင်းသိလိုက်၏။

ကျွန်ုပ်တို့အဖွဲ့ အိမ်လှေကားခုံကို နင်းမိလိုက်ချိန်မှာပင် လူနာညည်းညူသံက ဆီးကြိုနေ၏။ အိမ်ပေါ်အရောက်တွင် လူးရင်းလှိမ့်ရင်း ညည်းသံပေးနေသည့် လူနာဘေး၌ ဘာလုပ်လို့ဘာကိုင်ရမှန်းမသိဘဲ ယောင်ချာချာဖြစ်နေသော ယောကျ်ား၊ မိန်းမ လေး၊ ငါးဦးကိုလည်း တွေ့ရလေသည်။ လူနာမှာ အသက် (၂၀) ထက် ပိုပုံမရပေ။ ကျွန်ုပ်တို့ အိမ်ပေါ်တက်လာသည်ကိုမြင်လျှင် လူနာကိုဝိုင်းနေကြသည့်လူများ အနည်းငယ်ရှဲသွားကြ၏။ ထိုအထဲမှ လူနာ၏ မိခင်ဖြစ်ဟန်တူသော အသက် (၅၀) ကျော်ခန့် အမျိုးသမီးဝဝကြီးတစ်ဦး ထလာကာ ငိုသံပါဖြင့် -

"ဆရာကြီးရယ်၊ ကျုပ်သားလေးကို ကယ်ပါ။ မိဘကို လုပ်ကျွေးနေတဲ့ သားလိမ္မာလေးပါတော်။ ခမျာမသိရှာလို့ တောထဲကတောင်ပို့နားအပေါ့စွန့်မိသတဲ့။ အဲဒါ သူတောင်ပို့နား အပေါ့သွားရမလားဆိုပြီး တောင်ပို့ကျတ်ကြီးက ဖမ်းထားသတဲ့။ အခု ဆီးသွားမရလို့ ဗိုက်ကတဖြည်းဖြည်းဖောင်းပြီး အထိတောင်မခံနိုင်တော့ပါဘူး မြင်တဲ့အတိုင်းပါပဲတော်။ ကယ်ပါဆရာကြီးရယ်၊ ရှိကြီးခိုးပါရဲ့"

ဆိုကာ တဟီးဟီးငိုလေတော့သည်။

ကျွန်ုပ်တို့အား လှည်းနှင့်လာခေါ်သူ ကိုချက်မဆိုသူမှလည်း -

"လူနာက ကျုပ်ညီအထွေးဆုံးပါ။ ကျတ်ဖမ်းတယ်ဆိုလို့ မနက်က တင်မြှောက်တောင်းပန်ပြီးပါပြီ။ မသက်သာလို့ အခုမနက်ထပ်ပြီးတင်ပါသေးတယ်။ ဒါလည်း မထူးခြားပါဘူးဗျာ၊ အခုဆိုဆီးရောဝမ်းပါချုပ်နေတာ (၂) ရက်လုံးလုံး ရှိသွားပါပြီ။ ဆရာကြီး ပယောဂနိုင်တယ်ကြားလို့ သတင်းရရချင်း အပြေးအလွှားလာပင့်ရတာပါ"

ဟု ရှင်းပြလေသည်။

လူနာရှင်များ၏ စကားကြောင့် ကျွန်ုပ်မျက်စိချာချာလည်ရလေတော့သည်။ ဘယ့်နှယ် - ကျတ်ကို ကျတ်က ဖမ်းသတဲ့။ ဘီလူးကို သရဲစီးလို့ဆိုသော စကားလို ဖြစ်နေသဖြင့် ရယ်ချင်စိတ်ကို မျိုသိပ်ထားရလေသည်။ အခုအချိန်တွင် ရယ်နိုင်ဖို့ဝေးစွ ဘယ်အချိန်အိမ်ပေါ်က

www.burmeseclassic.com

ခုန်ချပြေးရမလဲ တွေးတောပူပန်နေမိ၏။ ကျွန်ုပ်ကပူပန်နေသလောက် ကပ္ပိယကြီးမှာမူ လူနာအနီး အေးအေးဆေးဆေး ထိုင်ကာ ရောဂါအခြေအနေစမ်းသပ်နေ၏။

ခဏအကြာတွင် ကပ္ပိယကြီးမှ-

"ကျတ်ဖမ်းတာမဟုတ်ပါဘူး။ ဆီးချုပ်၊ ဝမ်းချုပ်ဖြစ်နေတာပါ။ လတ်တလောအားဖြင့် ဝမ်းကအရေးမကြီးသေးပေမယ့် ဆီးချုပ်တာက ကြာသွားရင် အသက်အန္တရာယ်ရှိနိုင်တယ်။ ဒါကြောင့် ဆီးအိမ်အရမ်းတင်းပြီး မခံနိုင်လောက်အောင်ဖြစ်နေတာပါ။ ကိစ္စမရှိပါဘူး၊ ကျုပ်တာဝန်ထားပါ"

ဟု ရှင်းပြပြီး တစ်ဆက်တည်း -

"ဆံစုတစ်ခုလောက် လိုချင်ပါတယ်"

ထိုအခါ ကိုချက်မမှ -

"ဟုတ်ကဲ့ ရမယ်၊ ရမယ်၊ အမေ အမေ့ဆံစုကြီးပေးပါ"

တောင်းသဖြင့် လူနာမိခင်အဘွားကြီးသည် မျက်ရည်နှင့်နှပ်များအား ခေါင်းပေါင်းကြီးနှင့် ဖြုတ်၍သုတ်ရင်း အိမ်အတွင်းခန်းသို့ ဝင်သွားလေသည်။ ခဏအကြာ တစ်တောင့်ထွာခန့်ရှည်လျားသည့် ဆံစုကြီးအား ကပ္ပိယကြီးထံ ပေးလိုက်၏။

ကပ္ပိယကြီးမှတစ်ဆင့် ကိုချက်မထံ လှမ်းပေးပြီး -

"ဒီဆံစုကို ဒယ်အိုးထဲထည့်ပြီး မီးအပူပေးပါ။ ဆံပင်တွေပြာဖြစ်သွားရင် ခွက်သန့်သန့်ထဲထည့်ယူခဲ့ပါ။ ဆံစုကြီးက နှမြောစရာပေမယ့် လူ့အသက်ထက်ပိုပြီးတန်ဖိုးမရှိပါဘူး အစ်မကြီးရယ်"

ဟု တစ်ဆက်တည်း ပြောလိုက်၏။

ထိုအခါ အဘွားကြီးက တရှုပ်ရှုပ်လုပ်ရင်း -

"ဟုတ်ပါတယ်တော်၊ ဟုတ်ပါတယ်။တစ်သက်လုံးသိမ်းထားခဲ့တဲ့ ကျုပ်အမေဆံစုကြီးပါတော်။ အခုမှ အမေရေ အမယ်လေး အမေရဲ့ အမေ့ဆံစုကြီး ပြာဖြစ်ရတော့မယ်တော့"

ဟု ထင်ိုပြန်လေရာ လူနာ၏ဖခင် အဘိုးကြီးမှာ ဒေါသတကြီးဖြင့် -

"ဟာ - ဒီမိန်းမ ငါထတီးလိုက်ရ။ သူများတွေက လူသေပြီတောင်ထင်မယ်"

ပြောပြောဆိုဆို ကုန်းထသဖြင့် ဝိုင်းဆွဲထားရလေသည်။ ထိုအခါမှ အသံနေအသံထားနှင့် ဆွဲဆွဲငင်ငင်ငိုရန်အား ယူနေသော အဘွားကြီး ပိတ်တောပိတ်သွားလေတော့သည်။ (၁၀) မိနစ်ခန့်အကြာ ကိုချက်မ ပန်းကန်တစ်လုံးယူလာပေးသဖြင့် ကပ္ပိယကြီးမှ ရေတစ်ခွက်တောင်းပြန်၏။ ရေခွက်ရလျှင် ဆံပင်ပြာတစ်မူးသားခန့်အား ရေတစ်ကျပ်သားခန့်နှင့် ရောမွှေပြီး ဘုရားကျောင်းဆောင်ရှေ့သို့ ယူဆောင်သွား၏။ ထို့နောက် ဘုရားရှိခိုး၊ ငါးပါးသီလယူကာ ဓာတ်ချက်သုတ်တော်နှင့် အဋ္ဌာနမေတ်ဂါထာတော်အား ရွတ်ဖတ်လေတော့သည်။ နာရီဝက်ခန့် ရွတ်ဖတ်ပြီးမှ ဆံပင်ပြာရေကို လူနာအား တိုက်လိုက်၏။

"မိနစ်(၂၀)လောက်ကြာရင် လူနာဆီးသွားလိမ့်မယ်။ ဆီးသွားချင်တယ်ဆိုရင် ဝိုင်းတွဲပြီး မတ်တတ်ရပ်ပေးပါ။ ဒါမှသွားရပိုလွယ်မယ်"

ဆိုကာ ရွာသားများနှင့် စကားပြောရင်း အေးအေးဆေးဆေး ရေနွေးကြမ်းသောက်နေလေသည်။ (၁၅) မိနစ်ခန့်အကြာ လူနာမှဆီးသွားလိုကြောင်း ပြော၍ ဝိုင်းတွဲပြီး စောင်ဖြင့်ကာပေးလိုက်ကြ၏။ ဆီးအိုးထဲသို့ လူနာဆီးသွားနေသံကို မလှမ်းမကမ်းမှပင် ကြားနေရသည့်ပြင် နှစ်ရက်လုံးလုံး ဝမ်းအတွင်းအောင်းနေသည့် ခါးသက်သက် ဆီးနံ့ကြောင့် နှာခေါင်းနှင့် ပါးစပ်ကို လက်နှင့် ကပျာကယာ ပိတ်ထားလိုက်ရသည်။ ထိုအချိန်မှစ၍ လူနာ၏ ညည်းညူသံ ထွက်မလာတော့ပေ။

"နောက်တစ်ခါ ဆီးသွားချင်ရင်တော့ ထိုင်သွားလို့ရပါပြီ။ နောက်သွားပြီးရင်တော့ စိတ်ချရပါပြီ။ တကယ်တော့ ဝမ်းသွားချင်ပေမယ့် ညစ်လိုက်ရင် ဆီးအိမ်တင်းတဲ့ဒဏ်မခံနိုင်လို့ ဝမ်းပါချုပ်သွားတာပါ"

ဟု ရှင်းပြပြီး အေးဆေးစွာ ရေနွေးကြမ်းသောက်နေပြန်လေသည်။ ကျွန်ုပ်မှာသာ ဘယ်အချိန်ဘာဖြစ်မလဲဆိုသော စိုးရိမ်စိတ်ကြောင့် ဟိုကြည့်ဒီကြည့်လုပ်ရင်း ပြေးလမ်းရှာနေမိ၏။ ထို့ကြောင့်-

"စိတ်ချသွားရပြီဆိုရင်လည်း ပြန်ကြမယ် ကပ္ပိယကြီး"

ဟု အလောတကြီး ပြောလိုက်မိသည်။

ထိုအခါ ကိုချက်မမှ -

"ဟာ - မနက်မှပြန်ကြပါဗျာ၊ အချိန်မရှိတော့ပါဘူး။ ကျုပ်တို့က အကြောင်းမဟုတ်ပေမယ့် ဆရာကြီးနဲ့ ဆရာလေးတို့ ပင်ပန်းမှာစိုးလို့ပါ။ အိပ်ရာတွေ အသင့်ပြင်ထားပါတယ်။ စိတ်ချ... လက်ချအိပ်ကြပါ"

ဆိုလေသည်။

ဘုရား၊ ဘုရား - စိတ်ချလက်ချ... အိပ်ကြပါတဲ့။ အိပ်နေတုန်း ဘယ်လိုလု... ကြမှာပါလိမ့်။ အိပ်၍တော့ ဘယ်နည်း... မှမဖြစ်ဟု စဉ်းစားမိပြီး ဘယ်လိုလဲ... သောသဘောဖြင့် ကပ္ပိယကြီးအား မ... မသာမေးဆတ်ပြလိုက်ရာ-

"အေးအေးဆေးဆေးသာအိပ်... ငါလူနာစောင့်ရင်းနေပါ့မယ်"

ဟု စိုးရိမ်ကင်းသော အမူအ... ဖြင့် ဆိုလာသော်လည်း စိတ်မချနိုင်... ကျွန်ုပ်မှာ အိပ်ရာပေါ် တွင်တုံးလုံးလှဲ... အခြေအနေကို မျက်ခြည်မပြတ် အ... ခတ်ကြည့်နေမိ၏။ ထိုသို့ အလွန်တ... သတိကြီးစွာဖြင့် မအိပ်မိအောင်မျက်... ကို အတင်းပြူးထားရာမှ တခူးခူး... ပျော်သွားလေတော့သည်။

❑

"စနေ ထထ၊ မိုးလင်းနေပြီ"

တင်ပါးကို ခပ်ဆတ်ဆတ်ပုတ်... နှိုးလိုက်မှုကြောင့် လူးလဲထကာ -

"ကပ္ပိယကြီး ကျုပ်တို့ ဘာမှမ... ဘူးနော်"

ဟု အလောတကြီး မေးလိုက်... ၏။

"ဘာဖြစ်ရမှာလဲဟ၊ တိုးတိုး... အိမ်ရှင်တွေကြားသွားရင် အားနာစ..."

"ဟုတ်တော့ ဟုတ်ပါတယ်။ ကျ... က ဒီဇာတ်လမ်းမျိုးတွေ မကြာခ... ကြားဖူးထားတော့ စိုးရိမ်တာပေါ့ဗျ"

"ကဲ - ဘာမှစိုးရိမ်မနေနဲ့။ လူ... လည်း စိတ်ချသွားရပြီ။ မျက်နှာသ... တော့။ ကောက်ညှင်းပေါင်းစားပြီး ခ... နေရင်ပြန်ကြမယ်"

"ဒါနဲ့ ကပ္ပိယကြီးကော ကျုပ်... သလို မထင်ဘူးလားဗျ"

"ပထမတော့ ငါလည်းနည်းနည်း... သံသယရှိတာပေါ့။ ဒီအိမ်ရောက်လ... လုံးလုံးစိတ်အေးသွားတာ"

"ဘာကြောင့်လဲဗျ"

"ဟကောင် မသေမချင်းမှတ်ထ... မကောင်းဆိုးဝါးတွေဖန်ဆင်းထားတဲ့... မှာ ဘယ်တော့မှ ဘုရားကျောင်းဆော... မရှိဘူးကွ"

"ဩော် - ဂလိုကိုး၊ ဒီလိုဆိုတော့... လည်း ကပ္ပိယကြီးက အဟုတ်သ..."

ကိုစ...



www.burmeseclassic.com

www.burmeseclassic.com



# ယောဂကျောက်တိုင် (၅)

## ချက္ကရစွမ်းအင်နှင့်ရောဂါကုထုံး

ဒီလမှာတော့ ခန္ဓာကိုယ်ကျန်းမာရေးအတွက် ပရာဏဓာတ်အရေးကြီးပုံနဲ့ ပရာဏဓာတ်တွေ အားကောင်းအောင် ဘယ်လိုလေ့ကျင့်ရမယ်ဆိုတာကို ဆက်ရေးပါမယ်။

ကုဏ္ဍလိနီနဲ့ ချက္ကရရဲ့ စွမ်းအင်ဟာ အင်ဂျင်စက်နဲ့ တူပါတယ်။ အင်ဂျင်စက်မှာ ယန္တရားပိုင်းနဲ့ လောင်စာစွမ်းအင်ပိုင်း နှစ်မျိုးပါဝင်တယ်။ လောင်စာဖြစ်တဲ့ ဓာတ်ဆီ၊ ဒီဇယ်ဆီ၊ ဓာတ်ငွေ့တွေကို မီးဓာတ်နဲ့ ပေါင်းစပ်လိုက်တဲ့အခါ အပူစွမ်းအင်ဖြစ်သွားတယ်။ ဒီအပူစွမ်းအင်ကို ယန္တရားစက်က အသုံးချလိုက်တဲ့အခါ အင်ဂျင်စက်ကြီးလည်ပတ်သွားပါတယ်။

ကုဏ္ဍလိနီဟာ အပူစွမ်းအင်ပေးတဲ့လောင်စာနဲ့တူတယ်။ ချက္ကရတွေကတော့ ဒီအပူစွမ်းအင်ကို အသုံးပြုပြီး လည်ပတ်ရတဲ့ စက်ယန္တရားနဲ့တူပါတယ်။ ဒါကြောင့် ကုဏ္ဍလိနီဟာ ယန္တရားလည်ပတ်ဖို့အတွက် အဓိကကျတဲ့စွမ်းအင်ဖြစ်တယ်။ ချက္ကရတွေကတော့ ကုဏ္ဍလိနီလောင်စာကပေးတဲ့ အပူစွမ်းအင်ကို အသုံးချပြီး လည်ပတ်ရတဲ့ စက်ယန္တရားနဲ့တူပါတယ်လို့ အကြမ်းအားဖြင့် မှတ်ယူနိုင်ပါတယ်။

နောက်တစ်ချက်က ချက္ကရတွေဟာ ရုပ်ခန္ဓာလို့ခေါ်တဲ့ ပရာဏမယခန္ဓာမှာ တည်ရှိတာဖြစ်တယ်။ ရုပ်နုခန္ဓာဖြစ်လို့ သာမန်မျက်စိနဲ့ မမြင်ရဘူး။ ကီအာလီယန်ဓာတ်မှန်နဲ့သာမြင်နိုင်တယ်။ ဒီချက္ကရတွေအနက် သရက်ရွက်ချက္ကရဟာ ပြင်ပလောကရှိ ပရာဏဓာတ်တွေဝင်ရာတံခါးပေါက်ဖြစ်တယ်။ ပြင်ပလောကရှိ လျှပ်စစ်ဓာတ်၊ နေမှထွက်ပေါ်လာတဲ့ ပရာဏဓာတ်စတဲ့ စွမ်းအင်တွေဟာ ပရာဏစွမ်းအင်အဖြစ် လူရဲ့ခန္ဓာကိုယ်ထဲကိုသရက်ရွက်ချက္ကရကတစ်ဆင့် ဝင်ရောက်လာတယ်။

ဝင်ရောက်လာတဲ့စွမ်းအင်တွေကို ပဓာနချက္ကရကြီး (၇) ခုဆီကို ဆက်ဆိုင်ရာစွမ်းအင်အလိုက် ခွဲခြားပြီးတော့ သရက်ရွက်ချက္ကရက ပို့ပေးလိုက်တယ်။ နဒီစွမ်းအင်စီးကြောင်းအတိုင်း ချက္ကရကြီးတွေဆီ တစ်ကိုယ်လုံးအနှံ့အပြားကို ပို့လိုက်တယ်။ စွမ်းအင်တွေသယ်ဆောင်လာတဲ့ နဒီစီးကြောင်းဟာ သက်ဆိုင်ရာချက္ကရကြီးတွေဆီကို စီးဝင်သွားတယ်။ သက်ဆိုင်ရာချက္ကရကြီးတွေဟာ ရရှိထားတဲ့စွမ်းအင်တွေကို အနီးရှိ ဂလင်းတွေဆီ နဒီကတစ်ဆင့်ပို့လိုက်တယ်။

နဒီလမ်းကြောင်းတွေနဲ့ အာရုံကြောတွေဟာ နီးကပ်စွာ မျှဉ်းပြိုင်တည်ရှိနေလို့ နဒီစီးကြောင်းကသယ်လာတဲ့ စွမ်းအင်တွေကို အာရုံကြောအမြှုံအသိုက် (PLEXUS) က ရရှိသွားပြီး ဒီစွမ်းအင်တွေဟာ အာရုံကြောတွေကတစ်ဆင့် ဂလင်းတွေက ရရှိသွားတယ်။ ဂလင်းတွေဟာ ဒီစွမ်းအင်တွေကို ဟော်မုန်းအဖြစ် ပြောင်းလဲထုတ်လုပ်ပြီးတော့ သွေးကြောတွေကတစ်ဆင့် ကိုယ်အင်္ဂါအစိတ်အပိုင်းအသီးသီးဟာ ဒီလိုရရှိထားတဲ့ ဟော်မုန်းစွမ်းအင်ကို အသုံးပြုပြီးတော့ ရှင်သန်ဖြစ်တည်နေကြတာဖြစ်တယ်။

ဒီလို ချက္ကရတွေနဲ့ ကိုယ်အင်္ဂါအစိတ်အပိုင်းတွေဟာ ဂလင်းနဲ့ အာရုံကြောတွေကတစ်ဆင့် ဆက်သွယ်နေပုံကို ဒေါက်တာ မိုတိုယာမက လေ့လာပြီးတော့ အော်တိုနိုမစ်အာရုံကြောတွေနဲ့ ကိုယ်အင်္ဂါအစိတ်အပိုင်းတွေ ဆက်နွယ်နေပုံကို ပြထားတယ်။ အာရုံကြောအမြှုံအသိုက်တွေမှာ ချက္ကရနဲ့ ဂလင်းတွေရှိတယ်။

အာရုံကြောအသိုက်အမြှုံကြီး(၄)ခုနဲ့ ကိုယ်အင်္ဂါအစိတ်အပိုင်းတွေဆယ်

www.burmeseclassic.com

သွယ်မှုကို ပြထားရာမှာ ရုပ်ပုံများနဲ့ ဖော်ပြထားလို့ အလွယ်တကူ လေ့လာနိုင်ပါတယ်။ ထိပ်ဆုံးမှာ မျက်လုံးကနေပြီး အောက်ဘက်မှာ နှာခေါင်း၊ သွားရည်ဂလင်း၊ နှလုံး၊ အဆုတ်နဲ့ လည်ချောင်း၊ အစာအိမ်၊ အသည်း၊ မုန့်ချိုအိပ်၊ အူသိမ်၊ အူမ၊ ကျောက်ကပ်၊ ဆီးအိမ်နဲ့ သားအိမ်တို့ ဖြစ်တယ်။

ဒီအင်္ဂါတွေမှာ ရောဂါဝေဒနာဖြစ်ပေါ်နေတာဟာ ဒီအင်္ဂါတွေအားနည်းချို့ယွင်းနေလို့ ဖြစ်တယ်။ ပရာဏဆိုတဲ့ အင်္ဂါတွေရဲ့ သက်စောင့်ဓာတ်အားနည်းနေလို့ ဖြစ်တယ်။ ဒါကြောင့် အားနည်းချို့ယွင်းနေတဲ့ အင်္ဂါအစိတ်အပိုင်းကို ပရာဏဓာတ်ပို့ပေးဖို့လိုပါတယ်။

ကျန်းမာရေးတောင်းတင်းသူတွေဆီမှာ ပရာဏဓာတ်တွေ ပေါများတယ်။ သူတစ်ပါးကို ပရာဏဓာတ်အနည်းငယ်ပေးလိုက်လို့ သူ့မှာမထိခိုက်ဘူး။ သူ့မှာ အပိုရှိတဲ့ ပရာဏဓာတ်ကို လိုနေသူဆီ စိတ်နဲ့ညွှတ်ပြီး ပေးပို့လိုက်ရုံသာ ဖြစ်တယ်။ သူ့ရဲ့ပရာဏဓာတ်ဟာ လက်ဖျား၊ လက်ဝါးထဲကထွက်လာပြီး လိုနေတဲ့လူရဲ့ ခန္ဓာကိုယ်ထဲ ဝင်ရောက်သွားမှာဖြစ်တယ်။

ဒီလို ပရာဏဓာတ်နဲ့ ကုသမှုကို ဒေါက်တာ မိုတိုယာမက သုတေသနပြုပြီး ဖြစ်တယ်။ လက်ဝါးထဲက ပရာဏဓာတ်ထွက်သွားတာကို အာလီယန်ဓာတ်မှန်ရိုက်ကြည့်ရင် အထင်အရှားတွေ့ရတယ်။ လက်ဝါး၊ လက်ဖျားမှာ ချက္ကရငယ်တွေရှိတယ်။ အဲဒီချက္ကရက ထွက်သွားတဲ့ ပရာဏသက်စောင့်ဓာတ်ဟာ လိုနေတဲ့လူဆီ ရောက်သွားတာဖြစ်ပါတယ်။ အလွယ်ကလေးပါ။ ဂမ္ဘီရမဟုတ်ဘူး။ သိပ္ပံနည်းကျအားကူးအားပြောင်းပညာသာ ဖြစ်တယ်။ ဒီလိုမသိခင်ကတော့ ထူးဆန်းတဲ့ စိတ်တန်ခိုးလိုလို၊ ဂမ္ဘီရလိုလိုထင်ကြတာပါ။

ဂျပန်က ရေခီကုထုံး၊ ဒေါက်တာ ဗွိုင်းရဲ့ချက္ကရကုထုံး၊ အိန္ဒိယရဲ့ပရာဏကုထုံး၊ ပျောက်စေကုထုံးတွေဟာ အခြေခံအားဖြင့် အတူတူပါပဲ။ ရောဂါဝေဒနာတွေဟာ ပထမဆုံး ရုပ်နုခန္ဓာဖြစ်တဲ့ ပရာဏခန္ဓာမှာ စတင်ဖြစ်ပေါ်တာ ဖြစ်တယ်။ ပရာဏခန္ဓာဟာ အသက်ရှည်တည် ကျန်းမာရေးအတွက် အညာဖြစ်တယ်။ ဒီအညာကိုကုသလိုက်ရင် ရုပ်ခန္ဓာကြီးမှာ ပေါ်လွင်ထင်ရှားနေတဲ့ရောဂါတွေ ပျောက်ကင်းသွားတာ ဖြစ်တယ်။

အကြမ်းဖျင်းအားဖြင့် ရောဂါဝေဒနာတွေဖြစ်ပေါ်တဲ့နေရာကို လက်နဲ့သပ်ချလိုက်ရင် လက်ထဲကထွက်သွားတဲ့ပရာဏဓာတ်တွေဟာ အားနည်းနေတဲ့လူနာရဲ့ ကိုယ်အင်္ဂါဆီရောက်သွားမယ်။ ရောဂါရဲ့အခြေအမြစ်ဆီရောက်သွားမှာ ဖြစ်တယ်။ မရောက်မှာမပူပါနဲ့။ ဒါပေမယ့် ကုသပေးတဲ့သူမှာ ပရဏစွမ်းအင်တွေ အပိုရှိနေဖို့တော့လိုတယ်။ ဒါကြောင့် ရောဂါကုသပေးမယ့်သူဟာ ပရာဏဓာတ်တွေကို စုဆောင်းထားဖို့၊ အားကောင်းအောင်လုပ်ဖို့တော့ လိုအပ်တယ်။ ကိုယ့်မှာရှိနေမှ သူများကိုပေးနိုင်မှာဖြစ်တယ်။ ကိုယ့်မှာမရှိတာ သူတစ်ပါးကို ဘယ်လိုလုပ်ပေးနိုင်ပါ့မလဲ။

ဒီတော့ ပရာဏဓာတ်အားကောင်းအောင် ဘယ်လိုလုပ်ရမလဲလို့ မေးစရာပေါ်လာတယ်။ ပရာဏဓာတ်အားကောင်းအောင်လုပ်နည်းတွေအမျိုးမျိုးရှိတယ်။ လွယ်ပါတယ်။ယုံယုံကြည်ကြည်နဲ့ မှန်မှန်လေ့ကျင့်မှုပါပဲ။ ရှောင်သင့်တာတွေကိုတော့ ရှောင်ရမယ်။

ပရာဏယာမ ဆိုတဲ့ အသက်နှေးနှေးရှူသွင်း၊ ရှူထုတ်နည်းနဲ့ ပရာဏဓာတ်အားကောင်းအောင် ရှေးပဝေသဏီကတည်းကကျင့်ခဲ့ကြတယ်။ စနစ်တကျတော့ကျင့်ဖို့လိုပါတယ်။ ဒီလိုပရာဏယာမ အသက်ဖြည်းဖြည်းရှူနည်းကို အရင်တုန်းက ရေးခဲ့ပြီးပါပြီ။ ရှာဖွေလေ့လာကြည့်နိုင်ပါတယ်။

'ကီ'ခေါ် ပရဏစွမ်းအင်ရဖို့ သိုင်းသမားတွေက ကမ္မဋ္ဌာန်းကျင့်တာလည်းရှိတယ်။ ထိုက်ချီသိုင်းကွက်တွေမှာ ထူးခြားချက်နှစ်ချက်ရှိတယ်။ နှေးနှေးလှုပ်ရှားခြင်းနဲ့ လှုပ်ရှားပြောင်းလဲရာမှာ ပြေပြစ်ညက်ညောမှုဖြစ်တယ်။ သာမန်ကြည့်ရင် ဒီအချက်နှစ်ခုဟာ အရေးပါတယ်လို့မထင်ရပေမယ့် အလွန်ထိရောက်တဲ့အချက်တွေဖြစ်တယ်ဆိုတာကို ဂန္ဓာရီပညာရှင်တွေကသိတယ်။ ထိုက်ချီသိုင်းကွက်အနည်းငယ်ကို ပုံမှန်ကျင့်ရင်လည်း ပရာဏစွမ်းအင်တွေ တိုးတက်လာစေပါတယ်။

တရုတ်ပြည်မကြီးမှာ အတွင်းအားခေါ် ကီစွမ်းအင်ဘယ်လောက်ရှိသလဲဆိုတာကို တိုင်းတာနိုင်တဲ့ စက်ကိရိယာတွေ ပေါ်ပေါက်နေတာကို ဗွီဒီယိုကားတစ်ခုမှာ ကြည့်ဖူးတယ်။ ရုပ်ခန္ဓာလှုပ်ရှားမှု ကျန်းမာရေးလေ့ကျင့်ခန်းတွေဟာ အရိုး၊ ကြွက်သား၊ အကြောတွေကို သန်မာစေတယ်ဆိုတာ သိပြီးသားပါ။ ပရာဏယာမနည်းနဲ့ ထိုက်ချီနည်းလေ့ကျင့်ခန်းတွေကတော့ အရိုး၊ ကြွက်သား အကြောတွေ သန်မာရုံသာမကဘူး၊ အဆစ်အမြစ်တွေကြားမှာရှိတဲ့ အမြှေးပါးတွေနဲ့ အရွတ်တွေကိုပါ ကျန်းမာစေတယ်၊ စွမ်းအင်ထွက်စေတယ်ဆိုတာတွေ့ရှိသွားပါပြီ။ အဆစ်အမြစ်တွေနေရာမှာ ချက္ကရငယ်တွေရှိတယ်။

ထိုက်ချီနဲ့ဆင်တူတဲ့ လေ့ကျင့်ခန်းတစ်ခုကတော့ ကဗျာလွတ်အကပဲဖြစ်ပါတယ်။ကဗျာလွတ်အကဆိုရာမှာ ရိုးရိုးသား ပန်တျာကျောင်းက ကဗျာလွတ်အက မဟုတ်ပါဘူး။ သင်ရိုးမပါ၊ စည်းဝါးဗလာနဲ့ ကိုယ်ခန္ဓာလှုပ်ရှားမှုဖြစ်တယ်။ ထိုက်ချီနဲ့ ဆင်တူပေမယ့် ထိုက်ချီလိုသိုင်းကွက်ပုံစံသေမဟုတ်ဘူး။ နှေးနှေးလေး ခန္ဓာကိုယ်က အဆင်ပြေသလိုလှုပ်ရှားတာ ဖြစ်တယ်။ အိုလံပစ်ပွဲတော်က နတ်အကနဲ့တူတယ်။ ယိုးဒယားပန်းစိုက်ကကွက်နဲ့လည်း တူတယ်။

အမရပူရက နတ်ပွဲကို ရောက်ဖူးသလား။ မဏ္ဍပ်တွေမှာ ဆိုင်းဝိုင်းတွေတီးပြီးကနေကြတာ မြင်ဖူးမှာပေါ့။ ဆိုင်းကလည်း တစ်မတ်ဖိုး၊ ငါးမူးဖိုးတီးပေးတယ်။ လက်ထဲက သပြေပန်းခက်လေးကို ဆုပ်ကိုင်လိုက်ရင်း အလိုလိုကတတ်သွားတယ်။ ကိုယ်တလေးအသာယိမ်းလိုက်၊ လက်နှစ်ဖက်ကို ဖြည်းဖြည်းလွှဲလိုက်ရင် အလိုလိုနတ်က ကတတ်သွားတာပါပဲ။ ဒီလို အကမျိုးကို ကဗျာလွတ်နတ်ကလို့ ခေါ်တာပါ။ ဒီလို အကတွေကို ရှာမင်လောကီပညာရှင်တွေက စတင်တီထွင်ခဲ့တာ ဖြစ်တယ်။

အခုလိုပြောလိုက်တော့ 'လွယ်လိုက်တာ ဟုတ်မှဟုတ်ပါ့မလားလို့ထင်လိမ့်မယ်။ လက်တွေ့စမ်းကြည့်ပါ။ ပရာဏဓာတ်တွေ အားကောင်းလာတာတွေ့ရမယ်။ ကလေးငယ်ချော်လဲလို့ ဒူးပွန်းသွားရင် မိဘတွေက လက်ဝါးနှစ်ဖက်ပွတ်ပြီး လက်ဝါးနဲ့ ဒူးပေါ်အုပ်လိုက်ရင် ဒူးနာသက်သာသွားတာကို မြင်ဖူးမှာပါ။ လက်ဝါးထဲကထွက်လာတဲ့ပရာဏအစွမ်းပါပဲ။

တချို့ ပညာရပ်တွေက ရေးကြီးခွင့်ကျယ်လုပ်နေရင် ချော်သွားတတ်တယ်။ ဒါကြောင့် ပရာဏအားကောင်းဖို့အတွက် အလွယ်နည်းကို ပြောလိုက်ရတာ ဖြစ်ပါတယ်။

မောင်ကျော်သိုက်

www.burmeseclassic.com


ဆရာဦးခင်မောင်လှ (တဆ-၀၂၂၉၀)

# ရွှေပြည်မင်း ဆေးတိုက်နှင့်ဆေးကုဌာန

* အသည်းရောင်၊ အသားဝါ၊ အသည်းကြွပ်၊ အသည်းခြောက်၊ ရေဖျဉ်းစွဲ၊ အသည်းကြီးခြင်း၊ အသည်းအဆီဖုံးခြင်း၊ အသည်းအနာဖြစ်ခြင်း၊ နာတာရှည်အသည်းရောဂါအမျိုးမျိုး။
* နှစ်ရှည်လများ ဆီးချို၊ သွေးချိုကြောင့် အမျိုးသားအားနည်းရောဂါ နှင့် ဆီးကျောက်ကပ်ရောဂါ။
* လိပ်ခေါင်း၊ ဂရင်ဂျီနာ၊ စအိုဝတွင် အဖုအကျိတ်၊ စအိုနာအမျိုးမျိုး။
* အမျိုးသမီးများသားအိမ်အတွင်းအလုံးအကျိတ်တည်ခြင်း၊ ရက်ရှည်မီးယပ်အဖြူဆင်းခြင်း၊ ရင်သားအဖုအကျိတ် မခွဲမစိတ်မနာမကျင်စေဘဲနှင့် သိဒ္ဓိဝင်ဆေးတောင့်၊ဓါတ်လုံးများဖြင့် သီးသန့် သက်သာပျောက်ကင်းစေရမည်။
* ခန္ဓာကိုယ် အတွင်းအပြင် နှစ်ရှည်လများ ဖြစ်ပွားနေသော အလုံး၊ အကျိတ်၊ အဖု၊ ကင်ဆာ(ခေါ်)မြစ်ပွားနာရောဂါ အမျိုးမျိုးကို လက်ခံ၍ ကုသပေးသည်။

ဆေးခန်းဖွင့်ချိန် - နေ့လယ် (၂)နာရီ မှ ည (၇း၀၀)နာရီထိ တနင်္လာနေ့တိုင်း ပိတ်သည်။

ရွှေပြည်မင်းဆေးတိုက်နှင့်ဆေးကုဌာန
အမှတ် - ၂၅၊အပိုင်း(၃)၊၁၄ ရပ်ကွက်၊သံသုမာလမ်းမကြီး၊မြင်သာ၊တောင်ဥက္ကလာ၊ရန်ကုန်မြို့ ☎ - ၅၇၇၆၄၉၊ ၀၉ ၄၇၁၉၅၁၉၊ ၀၉ ၈၅၁၃၁၆၆



မဟာဘုတ်ပါရဂူ ဆရာကြီးဦးကြာမြင့်နှင့် ဆရာ ဦးမိုးလင်းတို့၏ တပည့်

# ဆရာ ဦးခင်ဇော်

- နည်းနည်းပြောရင်များများသိကြတဲ့ရာစုနှစ်မှာ သင်တကယ် ယုံကြည်တယ်ဆိုရင်တော့ တံခါးသာခေါက်လိုက်ပါ။
- ပြဿနာဆိုတာ လိုအပ်နေတဲ့အဖြေကို မရသေးမီ တွေ့ကြုံနေရတဲ့အခက်အခဲပါ။
- (သင့်ရဲ့ အရေးတကာအရေး၊ အတွေးတကာ့အတွေးကို) ကျွန်ုပ်နှင့် ဆွေးနွေးကြည့်လိုက်ပါ။
- ဒါကြောင့် သင်လိုအပ်နေတဲ့အဖြေကို ကျွန်ုပ်နှင့်အတူ ရှာကြည့်ရအောင်။
- လိုအပ်တဲ့အဖြေကိုရပြီဆိုရင် ပြဿနာဟာ ကွယ်ပျောက်သွားမှာပါ။
- နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျပြီး ဟက်ဟက်ပက်ပက် ရယ်နေရပြီဆိုရင်တော့ လောကခံရဲ့ အလှည့်အပြောင်းကို ကြုံရတတ်တယ်။
- အခုဒီအချိန်မှာ ကျွန်ုပ်နှင့်တွေ့ဖို့ အချိန်ရောက်နေပါပြီ ယခုအချိန်မှာ နောက်မကျသေးပါဘူး။
- နောက်ကျခဲ့ရင်တော့ နောင်မှာတန်ဘိုးကြီးကြီးမားမားပေးဆပ်ရမဲ့ အကျိုးဆက်တွေ ဖြစ်ပေါ်လာပါလိမ့်မယ်။
- ဘာကြောင့်လဲဆိုရင် ဘာသည်းခံတစ်ဆစ်ချိုးမှာ အဖြစ်ဆိုးနဲ့ မကြုံရလေအောင် မြန်မာရိုးရာ နဝင်းစီးပညာဖြင့် ကြိုတင်ကာကွယ်ပေးချင်ပါတယ်။
- မြှောက်၍လည်းမဟော၊ ခြောက်၍လည်းမပြော၊ အရှိကိုအရှိအတိုင်း၊ အသိကို အသိအတိုင်းသာဟောမည်။

ဆရာ ဦးခင်ဇော်

အမှတ်(၁၂)၊ မြရတနာ (၁၀)လမ်း၊ (ခ)ရပ်ကွက်၊
မြောက်ဥက္ကလာပမြို့နယ်။ (ဥက္ကလာပဘုတာအနီး)
ဖုန်း-၀၁-၇၃၀၁၈၈၀၁ ၊ ၀၉ ၅၀ ၉၇၃၅၆


www.burmeseclassic.com

www.burmeseclassic.com


ကျွန်တော်ဟာ ဆိုက်စမစ် ရေနံရှာဖွေရေးမှ အငယ်တန်းတွင်းတူး အင်ဂျင်နီယာလေးတစ်ယောက် ဖြစ်ပါတယ်။ လူကလည်း တောသားတောတောပေပေနဲ့ ဖြစ်သလိုနေခဲ့လို့ ပညာတော်လျက်နဲ့ အင်းစိန်(G.T.I)ကျောင်းသာတက်ခဲ့ရပြီး အညံ့ဆုံးဘာသာရပ်ဖြစ်တဲ့ 'မိုင်း'ဘာသာရပ်နဲ့ ဒီပလိုမာရခဲ့ပါတယ်။ အဲဒါတောင်မှ ကံကောင်းလို့ သတ္တုတွင်းနဲ့ကျောက်မီးသွေးတွင်းတွေရှိတဲ့ နယ်စွန်နယ်ဖျားရောက်မသွားဘဲ ရေနံတွင်းတူးဘက်ရောက်ခဲ့တာ။ ရေနံ ဆိုတာက မြန်မာပြည်အနှံ့ထွက်နေတာလေ။

ဒီအလုပ်က ကျွန်တော်နဲ့အတော်အကိုက်သား၊ ကျွန်တော်က တောသား၊ တောပျော်တစ်ယောက်လေ။ တွေ့တဲ့သူနဲ့ တည့်အောင်ပေါင်းပြီး ရောက်တဲ့အရပ်မှာ ပျော်တာပါပဲ။ တာဝန်ကျရာ စခန်းနဲ့နီးတဲ့ရွာကို အလွမ်းသင့်အောင် ပေါင်းတယ်။ ကျွန်တော်တို့လို နယ်လှည့်ဝန်ထမ်းတွေအတွက် ဌာနက အသားဘူး၊ ငါးဘူးနဲ့ ရိက္ခာစို၊ ရိက္ခာခြောက် (ရာရှင်) ထောက်ပံ့တယ်။ ကျွန်တော်က လူပျိုလူလွတ်တစ်ကောင်ကြွက်ဆိုတော့ ရသမျှရိက္ခာကို လက်ဆောင်အဖြစ်သုံးတယ်။ ချက်စားတာမဟုတ်ဘူး။ ကြုံရာမှာစားတာ။ နီးစပ်ရွာတစ်ရွာလုံးက ကျွန်တော့်ရဲ့ စားအိမ်သောက်အိမ်ပါပဲ။ အလုပ်မအားလို့ အပြင်မထွက်နိုင်ရင်တော့ စခန်းဝန်ထမ်းတွေ စုပေါင်းချက်စားကြတဲ့၊ အလုပ်ကြပ် ဆရာမိုးနဲ့ ဆရာသန်းဇော်တို့ စုပေါင်းချက်စားကြတဲ့ ဝန်ထမ်းဖိုကြီးမှာ ကပ်စားတာပါပဲ။

ရိက္ခာထောက် တာဝန်ခံ စာရေးတလေး မောင်ကျော်က ကျွန်တော့်တပည့်ရင်းဆိုတော့ ကျွန်တော်လိုသမျှ မှုံ့ပိုး ထောက်ပံ့ ကူညီပါတယ်။ စခန်းတာဝန်ခံက (SAE) ဦးကျော်မြင့် ဖြစ်ပေမယ့် ဆရာက အရေးကြီးတာတွေလုပ်ပြီးတာနဲ့ မြို့သားဆိုတော့ ရန်ကုန်ပြန်နေတာများတယ်။ အဲဒါကြောင့် ကျွန်တော့်လက်ကျွန်တော့်ခြေ၊ လက်တွေ့တာဝန်ခံက ကျွန်တော်ဖြစ်နေတာပါပဲဗျာ။

ကျွန်တော်တို့ ပထမ တာဝန်ကျတာက ရန်ကုန် - ပုသိမ်လမ်းဘေးက မဲဇလီရေထိန်းတံတားအနားက မဲဇလီရေနံအစမ်းတွင်းရေနံရှာဖွေရေး ဆိုက်စမစ်အဖွဲ့ပါပဲ။ မဲဇလီ ဆိုတာက ကျွန်တော်တို့(၁၀) တန်းမှာ သင်ခဲ့ရတဲ့ ဆရာသိပ္ပံမောင်ဝရဲ့ ခေတ်စမ်းစာပြဋ္ဌာန်းစာအုပ်အထဲက ပစ္စန္တရာဇ်နဲ့ မဲဇလီရွာ၊ ကုက္ကိုဝရွာတွေရှိတဲ့နေရာပါပဲ။ မဲဇလီရွာကလေးက သည်မှာဘက်ကမ်း (လှိုင်မြစ်ကြီးရဲ့ တစ်ဖက်ကမ်း) မှာတော့ ကုက္ကိုဝရွာရှိတယ်။ လှိုင်မြစ်ကြီးနဲ့ ရိုးမတောင်ကြီးကို မှီခိုပြီး သစ်၊ ဝါး၊ ရေထွက်ပစ္စည်းလုပ်ကိုင်စားတဲ့ရွာတွေပါပဲ။ အခုတော့ ဆရာသိပ္ပံမောင်ဝတို့ခေတ်ကလို ပစ္စန္တရာဇ်ရွာလေးတွေမဟုတ်တော့ပါဘူး။ အလွန်စည်ကားတဲ့ရွာကြီးတွေဖြစ်နေကြပါပြီ။

ရေနံအစမ်းတွင်းတွေတူးကြတော့ ကျွန်တော်တို့အဖွဲ့က ပဲခူးရိုးမတောင်ခြေ 'မရိုးဖြူ' ဆိုတဲ့ ရွာကလေးအနားမှာ





www.burmeseclassic.com

www.burmeseclassic.com

တာဝန်ကျတယ်။ တောင်းကင်ပြိုဟ်တု မြို့ပုံအရ အလားအလာအကောင်းဆုံး ရေနံသိုက်ကြီးရှိတဲ့နေရာပါပဲ။ ဒါကြောင့် ကျွန်တော်တို့ယာယီစခန်းလေးကိုလည်း 'မြို့ဖြူရေနံအစမ်းတွင်းစခန်း'လို့ အမည်ပေးထားပါတယ်။လောလောဆယ်တော့ တွင်းမတူးနိုင်သေးပါဘူး။ ရိုးမတောင်ခြေ တွင်းခေါင်ခေါင်ကုန်းမို့မို့အပေါ်မှာ ယာယီဝန်ထမ်းတွေ တဲနဲ့ ရေနံတွင်းတူးပစ္စည်းတွေချတုန်း၊ တွင်းနေရာကို ရွေးချယ်တုန်းပါပဲ။

ဒါကြောင့် ကျွန်တော် အားတာနဲ့ မြို့ဖြူရွာထဲကို ပတ်နိုင်တာပါ။ ရွာထဲမှာ ခင်ရာမင်ရာအိမ်ဝင်၊ ရိက္ခာအသားဘူးသတ်ဆောင်တွေပေး၊ ကာလသားတွေနဲ့ သင့်အောင်ပေါင်း၊ အရက်တိုက်၊ ဆန်းရည်တိုက်၊ ငွေကြေးသုံးနိုင်တော့ ကျွန်တော့်နာမည် အင်ဂျင်နီယာ တောက်ထိန်ကို တစ်ရွာလုံးက 'ဗိုလ်တောက်၊ ဗိုလ်တောက်' နဲ့ ကလေးက အစ ခွေးကအစ သိကြပါတယ်။ ကျွန်တော်ကလည်း ကျွန်တော်ပါပဲ။ တစ်ရွာလုံးနဲ့ သင့်ရုံတင်မက ရပ်ရွာသူကြီး ဦးစိန်မှတ်နဲ့ ရွာဘုန်းကြီးကျောင်းက သက်တော်ရှည်ကပ္ပိယကြီး အဘိုးဖြူကိုပါ တည့်အောင်ပေါင်းထားတာပါ။

မရိုးဖြူရွာက အင်္ဂလိပ်ခေတ်ကတည်းကပင် အလွန်စည်ကားတဲ့ ရွာဟောင်းကြီး။ သစ်ပေါ်ဝါးပေါ်၊ အိမ်ကြီးအိမ်ကောင်းတွေနဲ့ ဆရာတော်ဘုန်းကြီးကျောင်းက ရွာဖျားမှာ အခုအထိကြီးကျယ်ခမ်းနားတုန်းပဲ။ ယခင်ဆရာတော်ကြီးက သက်တော် (၉၀) ကျော်မှာ ပျံလွန်တော်မူပြီး အခု ဆရာတော် ဦးဝိမလကတော့ သက်တော် (၇၀)၊ ဝါတော် (၅၀)၊ ကပ္ပိယကြီး အဘိုးဖြူကတော့ အသက် (၈၀) ကျော်၊ သန်တုန်းမြန်တုန်း ရှေးမီနောက်မီ အဘိုးကြီးပဲ။ ဗိန္ဒောနဲ့ ပယောဂဆရာကြီး။ 'သမားဆို အိုစေ' ဆိုသလို တစ်ရွာလုံးက နှစ်ပေါင်းများစွာအားထားရတာ။ ဆေးစွမ်းထက်သလို ဩဇာတိက္ကမလည်းကြီးတော့ ကပ္ပိယကြီးဆိုပေမယ့် ကျောင်းထိုင်ဆရာတော်နဲ့ သူကြီးကပါ ဆရာတင်ထားရတာ။ ဒါကြောင့် ကျွန်တော်ကလည်း ဆရာတော်နဲ့ အဘိုးဖြူကို ကပ်ပေါင်းရတော့တာပေါ့။ ကျွန်တော်က တစ်လကိုနှစ်ကြိမ် ရုံးကိစ္စနဲ့ လိုအပ်တဲ့ ရိက္ခာပစ္စည်းဝယ်ဖို့ စီးတော်မြင်း HINO (TE) ကားကြီးနဲ့ ရန်ကုန်မြို့ကိုတက်ရတယ်။



# ထောင်မှူးကြီးသိန်းဝင်း

## လက်ပံလှချိုင့်ဝှမ်းပုံပြင်



www.burmeseclassic.com

www.burmeseclassic.com

အဲဒီအခါမှာ သူကြီးနဲ့ အဘိုးဖြူ အတွက် လက်ဆောင်အဖြစ် လက်နှိပ်ဓာတ်မီး (တုတ်မီး) နဲ့ ဓာတ်ခဲတွေ ဝယ်လာပြီး လက်ဆောင်ပေးပေါင်းတာ။ သူတို့လည်း ကျွန်တော့်ကိုအလွန်ခင်ကြတယ်။ တစ်ရွာလုံးက ခေါ်ကြသလို ကျွန်တော့်ကို ဗိုလ်တောက်လို့ပဲ ခေါ်ကြပါတယ်။ ကျွန်တော်ကလည်း ရပ်ရေးရွာရေးကိစ္စမှာ ကားအကူအညီ၊ လုပ်အားအကူအညီ အချိန်မရွေးပေးပါတယ်။ ဒါကြောင့် ကျွန်တော်တို့စခန်းနဲ့ မရိုးဖြူရွာက တသွေးတသားတည်းပါပဲ။

တစ်နေ့တော့ ဘဘိုးဖြူနဲ့ ဘုန်းကြီးကျောင်းမှာတွေ့ပြီး အာလာပသလ္လာပစကားတွေပြောကြရင်း ကျွန်တော်တို့ စခန်းချရာ နေရာအကြောင်းကို အဘိုးဖြူက ရှေးမီနောက်မီလူကြီးပီပီ ပြောပြတယ်။

"ဗိုလ်တောက်ရေ မင်းတို့ရေနံတူးဖို့ စခန်းချတဲ့နေရာကို ပေါ့ဆဆမလုပ်နဲ့ အဓိကရနေရာဟ။ ပသီနတ်မောင်နှမပိုင်တယ်။ မြေကြမ်းတယ်။ မတော်တရော်လုပ်လို့မရဘူး။ ဆင်ဆင်ခြင်ခြင်နေမှ တန်တာကျမယ်"

"အဘိုးရယ်ပြောပါဦး၊ ဆင်ခြင်လို့ရအောင်။ ကျွန်တော့်အဖွဲ့တွေက ပရမ်းပတာလူကြမ်းတွေ"

"အေး- လူကြမ်းတော့နတ်ကြမ်းမခံနိုင်ဆိုပေမယ့် သူ့နေရာနဲ့သူရှိတယ်ကွ။ သူ့စည်းကိုယ့်စည်းပေါ့။ သူ့ကို ကိုယ်ကလေးစားမှ သူကကိုယ့်ပြန်လေးစားမှာပေါ့ မဟုတ်လား။ မင်းတို့နေရာကို လွန်ခဲ့တဲ့ အနှစ် (၁၅၀) ကျော်လောက်တုန်းက လက်ပံလှချိုင့်ဝှမ်းလို့ခေါ်တယ်။ လက်ပံလှချောင်းဖျားမြစ်ဖျားခံရာဒေသပေါ့။ လက်ပံလှချောင်းက ပဲခူးရိုးမကို အခြေခံပြီး လှိုင်မြစ်ထဲကို စီးဝင်တာ။ ၁၈၅၂ ခုနှစ်တုန်းက အင်္ဂလိပ်တွေ မြန်မာပြည်အောက်ပိုင်းကို သိမ်းယူပြီးကတည်းက ဘုံဘေဘားမားသစ်ကုမ္ပဏီက လက်ပံလှသစ်ထုတ်လုပ်ရေးစခန်းဆိုပြီး အထိုင်ချသစ်စခန်းကြီးဖွင့်ခဲ့တာ။ လက်ပံလှချောင်းကနေ လှိုင်မြစ်ထဲ သစ်မျှောချပြီးသစ်ထုတ်ခဲ့တာ။

မင်းတို့စခန်းမှာ သစ်ဆွဲဆင်အကောင် (၂၀) လောက်ရှိပြီး ဆင်ဦးစီးတွေက အိန္ဒိယက ကုလားတွေ။ မြန်မာဆင်ဦးစီးဆိုလို့ နည်းနည်းပဲရှိတယ်လို့ကြားဖူးတယ်။ မျက်နှာဖြူသစ်တောမန်နေဂျာရုံးစိုက်ရာနေရာပေါ့။ အလုပ်သမားအားလုံး ရာဂဏန်းနဲ့ အတော်ကြီးကျယ်တဲ့သစ်ထုတ်စခန်းကြီးပဲ။ အဘိုးဖြူတို့ရွာလည်း အဲဒီစခန်းကြီးကိုမှီပြီး ရွာကြီးဖြစ်လာတာ။ အခုရွာသူရွာသားတွေအထဲမှာ အဲဒီစခန်းကြီးက အဆက်အနွယ်တွေ အခုထိကျန်သေးတယ်။ ဒါပေမယ့် အဖျားအနားတွေပါ။ အဲဒီစခန်းကြီးအကြောင်း မသိကြပါဘူး။ အဘိုးသာ ရှေ့မီနောက်မီလေ့လာခဲ့လို့ သိနေတာပါ။ အဘိုးလည်း မမီခဲ့ပါဘူး။ အဘိုးက ဒုတိယကမ္ဘာစစ်ဖြစ်မှမွေးတာလေ"

"ဒါနဲ့ အဘိုး၊ အဲဒီ လက်ပံလှစခန်းနဲ့ လက်ပံလှချောင်းက ဘယ်လိုဖြစ်ပြီး ပျောက်ကွယ်သွားရတာလဲ"

"အဲဒါကို ပြောမယ်လေကွယ်။ မင်းတကယ်လောတာကိုး။ လက်ပံလှချောင်း၊ လက်ပံလှစခန်းဆိုတာ အဲဒီတုန်း က အဲဒီအနားမှာရှိခဲ့တဲ့ အဓိကရလက်ပံပင်ကြီးကို အစွဲပြုပြီး မှည့်ခေါ်ခဲ့တာ။ အဲဒီနေရာဟာ ပသီနတ်မောင်နှမနယ်မြေ။ လင်မယားအတူနေတာ လက်ခံပေမယ့် အိမ်ထောင်ရေးဖောက်ပြန်တာကို လုံးဝလက်မခံဘူး။ လက်ပံလှစခန်းကြီးစည်ကားလာတော့ အဲဒီမှာ အမှားဖြစ်ဟန်တူပါတယ်။ တော်လည်း၊ ငလျင်လှုပ်၊ မြေပြို၊ ရေကြီးပြီး စခန်းကြီးပျက်စီးပြီး ပျောက်ကွယ်သွားတော့တာပဲ။ ပထမ ချောင်းရေလျှံတယ်၊ ဒုတိယ တော်လည်းသံကြီးနဲ့ လျှပ်စီးတွေလက်၊ လေကြီးမိုးကြီးကျတယ်။ အိမ်ထောင်စုအတော်များများ ကိုယ်လွတ်ရုန်းပြီး အဘိုးတို့ရွာဘက်ပြေးလာကြလို့ ဘေးလွတ်တယ်။ တတိယ ရေကြီးပြီး မြေပြိုတယ်။ ရိုးမတောင်ဆွယ်တစ်ခုလုံးပြိုကျတာ။ နောက်ဆုံးတော့ လက်ပံလှသစ်စခန်းတစ်ခုလုံး မြေအောက်ရောက်ပြီး ပျောက်ကွယ်သွားတော့တာပဲ။ လက်ပံလှချောင်းလည်း တဖြည်းဖြည်းကောသွားတော့တာပဲ။

အဲဒါက ရှေးလူကြီးတွေ အစဉ်အဆက်ပြောလို့ အဘိုးလည်းသိရတာ။ အခုတစ်ခါလည်း မောင်ရင်တို့က ဒုတိယအကြိမ် လက်ပံလှစခန်းတည့်တည့်အပေါ်မှာ ရေနံတူးကြဖို့ စီစဉ်ကြပြန်ပြီ။ အစိုးရတာဝန်နဲ့ဆိုတော့ လုပ်ရမှာပေါ့။ ဒါပေမယ့် ဒေသခံအစောင့်အရှောက်ပုဂ္ဂိုလ်တွေကိုတော့ လေးစားပါ။ ဒုတိယအကြိမ် အမှားမဖြစ်ဖို့တော့ သတိထားရမယ်။ မြန်မာဗုဒ္ဓဘာသာဝင်တွေပဲ၊ တွင်းစတူးရင်တော့ ဒေသထုံးစံအတိုင်း ကန်တော့ပွဲနဲ့တင်မြှောက်ပသပေါ့။ မင်းတို့ဆန္ဒရှိရင် အဘိုးဦးဆောင်ပြီးလုပ်ပေးပါ့မယ်။ လိုအပ်တဲ့ပစ္စည်းသာဝယ်ပေးနေကောင်းရက်သာရွေးပြီးလုပ်ပေးမယ်"

"ဟုတ်ကဲ့ အဘိုး၊ ကျွန်တော်အားကိုးပါတယ်။ အဘိုးစီစဉ်ပေးပါ။ ကျွန်တော်တို့ ရေနံတွင်းတူးဖို့ အဆင်သင့်ဖြစ်တာနဲ့ ပြောပါ့မယ်"

❐

နောက်တစ်ပတ်ခန့်ကြာတော ကျွန်တော်တို့ ရေနံအစမ်းတွင်းတူးရန် အရန်သင့်ဖြစ်သောအချိန်တွင် ကျွန်တော် မရိုးဖြူရွာဘုန်းတော်ကြီးကျောင်းသို့သွား၍ အဘိုးဖြူနှင့်တွေ့သောအခါ

"ဗိုလ်တောက်၊ မင်းတို့ အရန်သင့်ဖြစ်ပြီမဟုတ်လား။ လာမယ့် တနင်္ဂနွေနေ့က အလုပ်ပိတ်ရက်ဆိုပေမယ့် ရက်ရာဇာကျတယ်။ စနေနေ့ ပစ္စည်းဝယ် တနင်္ဂနွေ အလုပ်စပေါ့၊ ဟန်မကျဘူးလား"

"ဟန်တော့ကျပါတယ်အဘိုးရယ် ကျွန်တော့်ဝန်ထမ်းတွေက ကျွန်တော် ပြောရင်ရပါတယ်။ အခုလည်း ပစ္စည်းသယ်၊ တွင်းစင့်တာက ကျွမ်းကျင်သူတွေလုပ်တာ။ သူတို့အလုပ်ကအမိန့်ပေးတဲ့အချိန်မှာ လွန်စက်ကြီးမောင်းပြီး အလှည့်နဲ့စောင့်ကြည့်ရုံပါပဲ။ အင်ချင်တွေကလည်း ကျွန်တော့်ထက် အသက်ကြီးပေမယ့် ကျွန်တော် ဘယ်လက်ဆရာသန်းဇော်နဲ့ ညာလက်ရုံး ဆရာပါ။ အဲ - ဒါပေမယ့် ကျွန်တော့်အထက က ဆရာ(SAE)ဦးကျော်မြင့်က အလုပ်ပိတ်ရက် ရန်ကုန်ပြန်မှာဆိုတော့ ရှိမှာမဟုတ်ဘူး။ ကျွန်တော်ပဲရှိပြီး တာဝန်ခံရမှာပါ"

"မင်းတာဝန်ခံလုပ်လည်းပြီးတာပါပဲကွာ။ လုပ်ရိုးလုပ်စဉ်ပဲမဟုတ်လား ငါလည်းရှိနေတာပဲ"

"ဟုတ်ကဲ့ပါ အဘိုးဖြူ၊ ကျွန်တော် SAE ကို ခွင့်တောင်းပြီး အကုန်စီစဉ်ထားပါ့မယ်။ စနေနေ့ ဆားမလောက်သွားပြီး ဆရာမိုးနဲ့ ဈေးဝယ်ပါ့မယ်။ အဘိုးကသာ လိုအပ်သမျှ ဈေးစာရင်းရေးပေးပါ"

"အေး၊ အေး၊ ငါဈေးစာရင်းရေးပြီး ပို့ခိုင်းလိုက်မယ်။ နတ်မောင်နှမကန်တော့ပွဲတင်မက အဲဒီနေ့မှာ အန္တရာယ်ကင်းပရိတ်နဲ့ မေတ္တာသုတ်ပါ ရွတ်ဖတ်သရဇ္ဈာယ်ရအောင် ဘုန်းကြီး(၅)ပါးဝရမှာမို့ နေ့ဆွမ်းလေးလည်း ကပ်ရမယ်"

"လုပ်ပါ အဘိုးရယ်။ ဘုန်းကြီးတွေကို ဆွမ်းကပ်ရုံတင်မက သင်္ကန်း



www.burmeseclassic.com

www.burmeseclassic.com

တပ်ပါ့မယ်။ ဝန်ထမ်းတွေနဲ့ ရွာက ကာလသားတွေ၊ ပိုင်းဝန်းကူညီသူတွေကိုပါ နေ့လယ်စာ ထမင်းကျွေးနိုင်အောင် ကျွန်တော် စီစဉ်ထားပါ့မယ်။ တွင်းစတူးရမယ့် မင်္ဂလာအချိန်က ဘယ်အချိန်လောက်လဲ အဘိုးဖြူ"

"(၁၁) မီးငြိမ်းအောင် မနက် (၁၁) နာရီအချိန်ကိုရွေးထားတယ်။ ဘုန်းတော်ကြီးတွေ ဆွမ်းကပ်ပြီးချိန်လောက်ပေါ့"

"ဟုတ်ကဲ့ ကောင်းပါတယ်အဘိုး"

တနင်္ဂနွေနေ့တွင် ဆရာတော်က ငါးပါးသီလပေးပြီး ဘုန်းတော်ကြီးများနှင့်အတူ ပရိတ်တော်များ ရွတ်ဖတ်သရဇ္ဈာယ်၍ မေတ္တာသုတ်ကို ရွတ်ဆိုကြသည်။ ပြီးမှ ရေစက်ချ အမျှဝေ မေတ္တာပို့ပြီး ဆရာတော်များအား ဆွမ်းကပ်သည်။ နေ့လယ်(၁၁)နာရီတိတိ၊ အဘိုးဖြူရွေးပေးသော မင်္ဂလာအချိန် (၁၁) နာရီတိတိတွင် လွန်သွားစက်ကြီးကို စတင်မောင်း၍ ဧည့်သည်များအား နေ့လယ်စာ ထမင်းကျွေးပါသည်။ နတ်မောင်နှမ ပူဇော်ပွဲကိုတော့ အဘိုးဖြူက မနက်စောစောကပင် ပြုလုပ်ပြီး ဖြစ်ပါသည်။

ကျွန်တော်တို့ နေ့လယ်စားရန် ထိုင်ကြစဉ်၌ပင် တွင်းတူးအဖွဲ့ (၂) မှ ခေါင်းဆောင် ဆရာသန်းဇော် ရောက်လာပြီး မြေတစ်ဆုပ်ကို လာပြသည်။

"ဗိုလ်တောက်နဲ့ဆရာမိုး၊ ပေ(၅၀) အနက်က ဟောဒါတွေထွက်လာတယ်။ မြေကြီးမဟုတ်ဘူး၊ ကျွန်းသားမှုန့်တွေပဲ၊ ဖါထိန်ပြီး ကျွန်းသားနံ့ထွက်နေတယ်။ မြေအောက်အထဲမှာ ရှေးတုန်းက ကျွန်းသားအငုတ်များကျန်ခဲ့ရော့သလားမသိဘူး"

ဆရာမိုးက သူ့ထုံးစံအတိုင်း အဆဲကလေးဖြင့် -

"အနက်ပေ(၅၀)မှာ ကျွန်းငုတ်တရှိမလားဟ။ ကျွန်းပင်ငုတ်ပဲ၊ ရှိလှ အနက်လေး၊ ငါးပေပေါ့။ မင်းပထွေး ကျွန်းငုတ်က အဝီစိမှာသွားရှိရမှာလား သန်းဇော်ရဲ့၊ စဉ်းစားချင့်ချိန်ပြီးမှပြောစမ်းပါ"

"သိဘူးလေ ဆရာမိုးရဲ့၊ အင်္ဂလိပ်ခေတ်ကဆိုတော့ လွန်ခဲ့တဲ့အနှစ် (၁၅၀) ကျော်က အဘိုးဖြူပြောတော့ လျှောင်လှုပ်၊ မြေပြိုပြီး စခန်းကိုဖုံးသွားတာဆိုမဟုတ်လား"

ထိုအခါမှ ကျွန်တော်ကဝင်၍ -

"ဆရာမိုးဖြစ်နိုင်တယ်ဗျ။ အင်္ဂလိပ်ခေတ်က ပုံထားတဲ့ သစ်လုံးပုံပေါ် လွန်သွားကျသွားဟန်တူတယ်"

"လာပြန်ပြီတစ်ယောက်၊ လွန်ခဲ့တဲ့အနှစ် (၁၅၀) ကျော်ကသစ်လုံးတွေ ဆွေးရောပေါ့ဟ"

"ဆရာမိုး၊ မြန်မာ့ကျွန်းဗျ။ နောက်ပြီး လေမိုးမထိဘဲမြေကြီးထဲမြုပ်နေတာ။ နှစ်ထောင်နဲ့ချီပြီးတောင်ခံချင်ခံဦးမယ်"

"ကဲ - ဆရာမိုးတို့စားပြီးရင် ကျွန်တော်တို့အလှည့်နော်။ နေ့လယ် (၁၂) နာရီမှာ ဂျူတီချိန်းမယ်"

"အေးပါဟ အငတ်ရ၊ ဒီနေ့ဟင်းကောင်းကောင်းနဲ့ ပြည့်ပြည့်စုံစုံ ဝလင်အောင်စားရမှာပါ။ ငါအများကြီးလုပ်ထားပါတယ်"

ထိုနေ့ (၁၂)နာရီတွင် ဆရာမိုးနှင့် ဆရာသန်းဇော်တို့အဖွဲ့ ဂျူတီချိန်းသည်။ ဤကဲ့သို့ပင် (၆)နာရီ(၁)ကြိမ်ဂျူတီချိန်း အနားယူကြရသည်။ တွင်းတူးလွန်စက်ကြီးကိုတော့ အနားမပေး နေ့အဆိုင်း၊ ညအဆိုင်းခွဲ၍လုပ်ကြရသည်မှာ ထုံးစံဖြစ်ပါသည်။

ည (၆)နာရီထိုးအပြီး ဆရာသန်းဇော်တို့အဖွဲ့ ညစာစောစောစား၍ လုပ်ငန်းခွင်အဝင်၊ ဆရာမိုးတို့ လုပ်ငန်းခွင်ကအထွက် မရိုးဖြူရွာက ကာလသားခေါင်း ကိုစိန်မှတ်တို့ ရောက်လာကြပြီး ညစာစားရန်ဖိတ်သည်။

ကျွန်တော်နှင့် ဆရာမိုးလည်း အားလပ်နေသဖြင့် တဲမှ အရက်ပုလင်းများ ဝင်ယူကာ မရိုးဖြူရွာကာလသားခေါင်း ကိုစိန်မှတ်အိမ်သို့ လိုက်ခဲ့ကြပါသည်။

ကိုစိန်မှတ်အိမ်တွင် ကာလသားများနှင့် စားဝိုင်းကြီးက အဆင်သင့်ပြင်ဆင်ထားသည်။ ကျွန်တော်တို့ အသင့်ပါလာသည့် ပုလင်းများအပ်လိုက်တော့ ဝိုင်းစကြသည်။ အမြည်းက အလွန်ကောင်းသည်။ ချေဝမ်းတွင်းသားတာလသားချက်၊ ချေအရိုးနှင့် ခြေထောက်ဟင်းချို၊ ချေခေါင်းသုပ်၊ ချေသားဆီပြန်ဟင်းဖြစ်ပါသည်။

ကိုစိန်မှတ်က -

"ဗိုလ်တောက်ရေ၊ အဘိုးဖြူကတော့ပြောတယ်၊ ရွာထဲ ချေဝင်လာလို့ ကျွန်တော်တို့အဖွဲ့ ဝိုင်းရိုက်ပြီးချက်ထားတာကိုသိသွားလို့ ရွာထဲ တောကောင်ဝင်လာတာ နိမိတ်မကောင်းဘူးတဲ့၊ သတိထားကြတဲ့လေ"

ဆရာမိုးက -

"တောင်ခြေတောနဲ့ဆက်နေတဲ့ ရွာပဲ၊ တောကောင်ဝင်တာဘာဆန်းလို့လဲ။ အဘိုးဖြူကတော့ ရှေးလူကြီးပီပီ အတိတ်တွေနိမိတ်တွေကောက်နေပြန်ပါပြီ။ ပိုင်ရာဆိုင်ရာတွေကိုလည်း လုပ်သင့်တာတွေ လုပ်ပြီးပြီပဲ၊ တောကောင်ဝင်တော့ ဘာဖြစ်သလဲ။ အခုလို ပျော်ပျော်ပါးပါး စားရတာအမြတ်ပေါ့။ အခုဟာက ပိုင်ရာဆိုင်ရာတွေက အသိအမှတ်ပြုတဲ့အနေနဲ့ လက်ဆောင်ပြန်ပေးတာ။ တောကောင်သားမစားရတာလည်းကြာပြီလေ"

ကျွန်တော်တို့အဖွဲ့ စကားဝိုင်းဖွဲ့ရင်း စားကြသောက်ကြသည်မှာ ည (၉) နာရီထိုးသွားသော်လည်း ဝိုင်းက မပြတ်သေး အရှိန်တက်တုန်းပင်။ ထိုစဉ်အခါက တပေါင်းလညချမ်းပူအိုက်တုန်းအချိန် လေရူးကလေးက တစ်ချက်တစ်ချက် ဝေ့ဝဲတိုက်ခိုက်လာသည်။

ည (၉) နာရီကျော်သည်နှင့် ရိုးမတောင်ပေါ်တွင် လေတိုက်သံကိုကြားရသည်။ လေသံက တဝေါဝေါ၊ တောသံတောင်သံဟိန်းနေသည်။ အချိန်က တပေါင်းလထဲဖြစ်၍ သက်ကြန်မိုးကလည်းဝေးပါသေးသည်။ သို့သော် ရိုးမပေါ်တွင် လျှပ်စီးများလက်ပြီး လျှပ်ရောင်ကြောင့် မိုးသားများဆင်းလာသည်ကို မြင်တွေ့နေရသည်။

ဆရာမိုးက -

"ကဲဟေ့ - အမြန်စားသောက်ပြီး ဝိုင်းဖြတ်ကြရအောင် အခါမဲ့မိုးက တကယ်ရွာမယ်ထင်တယ်။ သန်းဇော်တို့အဖွဲ့ မိုးရွာထဲမှာဒုက္ခရောက်ကုန်လိမ့်မယ်။ စခန်းအမြန်ပြန်ကြရအောင်"

ကျွန်တော်တို့ သောက်ဝိုင်းသိမ်း၍ ညစာစားနေကြစဉ် မိုးကသဲသဲမဲမဲရွာချလာသည်။

"ဝေါ. . . ဝေါ. . . ဝေါ၊ ဝုန်း . . . အုန်း . . . အုန်း . . . ဂျိမ်း"

ရိုးမတောင်ကြီး ပြိုဆင်းလာသလို အသံမျိုး လျှောင်လှုပ်သလို မရိုးဖြူတစ်ရွာလုံး သွက်သွက်ခါသွားသည်။ တော်လည်းသံကြီးမှာ (၅) မိနစ်ခန့်သာ ကြာသော်လည်း သဲသဲမဲမဲရွာသောမိုးကြီးက မတိတ်ပါ။ ရေလည်းတကယ်ပါသည်။ နွေရာသီမှပြင်းခြောက်သွေ့သောအချိန် ရွာသောမိုးဖြစ်သော်လည်း အပြီးကြီးလှသည်။ တစ်ရွာလုံး ရေဖွေးသွားသည်။ မိုးသဲသဲထဲ မြေပြိုသံများကြားနေရ၍ ကျွန်တော်တို့ အပြင်မထွက်ရဲ၊ ညကလည်း ပိန်းပိတ်အောင်မှောင်နေသည်။ အရုဏ်ဦးရောင်ခြည်လာမှ မိုးက တုံးတိတိရပ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုအချိန်တွင် ခမောက်ဆောင်း၍ ကျွန်တော်လက်ဆောင်ဝယ်ပေးထားသော တုတ်မီးကို ကိုင်လျက် အဘိုးဖြူ ရောက်ရှိလာသည်။

"မင်းတို့တွေ ဒီမှာရှိနေမှန်း ငါသိတယ်။ မင်းတို့စခန်းတော့ အမှားတစ်ခုခုကြောင့် တောသင့်ပြီထင်ပါရဲ့။ ဝန်ထမ်းတွေ ဘေးမှလွတ်ကြရဲ့လား မသိ။ ကဲ - လာကြ၊ ကာလသားခေါင်းက ရှေ့ကဦးဆောင်။ အချိန်အခါမဲ့မိုးကြောင့် ပိုးမွှားတွေထွက်တတ်တယ်၊ သတိထားကြ"

ကျွန်တော်တို့စခန်းအနီးရောက်တော့ မယုံစရာမြင်ကွင်းကိုတွေ့ရသည်။ ရိုးမတောင်တန်းနှင့်ဆက်နေသောစခန်းကုန်းကလေးမှာ ချိုင့်ဝှမ်းကြီးဖြစ်နေပြီး ရေလွှမ်းနေသောရေကန်ကြီး ဖြစ်နေသည်။ တစ်ပိုင်းတစ်စပေါ်နေသောကျွန်းသစ်လုံးပုံများက ချိုင့်ဝှမ်းအတွင်း အများအပြားတွေ့ရပြီး ရေကန့်ညွှန်များနှင့် အတူ အောက်ဘက်သို့ စီးဆင်းနေဆဲ။ ကျွန်တော်တို့ ရေနံတွင်းတူးစင်ကြီးက ကျွန်းသစ်လုံးပုံထဲမှ ထိုးထွက်နေပြီး အခြားသစ်လုံးပုံတစ်ခုအပေါ် သို့ လဲကျနေရာ အစိမ်းပုပ်ရောင်ရေနံစိမ်းများ တပွက်ပွက်နှင့် ထွက်အန်ကျနေသည်။ တစ်နေရာတွင် ရေနံစိမ်းပုံကြီးဖြစ်နေသည်။ ရေနံအစမ်းတွင်းအောင်မြင်ခြင်း ဖြစ်ပါသည်။

အဘိုးဖြူက -

"ကဲ - တွေ့ကြသလား။ အဲဒါ အင်္ဂလိပ်ခေတ်က လက်ပံလှသစ်စခန်းကြီးပဲ။ အမှားတစ်ခုခုကြောင့် လျှင်လှုပ်မြေပြိုပြီး မြေအောက်ရောက်ခဲ့ရရာက ဟော - အခုတော့ နောက်အမှားတစ်ခုခုကြောင့်ပြန်ပေါ်ခဲ့ရပြန်ပြီ။ ဒီတစ်ခါ အမှားကတော့ ဝန်ထမ်းတွေ အဆုံးအရှုံးရှိနိုင်ပေမယ့် နိုင်ငံတော်အတွက် ကျွန်းသစ်လုံးတွေနဲ့ ရေနံစိမ်းတွင်းအောင်မြင်တာက အမြတ်ပဲပေါ့။ ငါနိမိတ်ဖတ်သားပဲ၊ ရွာထဲ တောကောင်ဝင်တုန်းက နိမိတ်မကောင်းဘူးလို့"

ထိုအချိန်တွင် လယ်တွင်းထဲ၌ ဖုန်တထောင်းထောင်းဖြင့် ကား(၂)စီး မဲဇ ိစခန်းဘက်မှ အပြင်းမောင်းနှင်လာ နေသည်။ ကားများရပ်၍ဆင်းလာသူများကတော့ အင်ဂျင်နီယာ ဦးကျော်မြင့် ဦးဆောင်လာသော ဝန်ထမ်းများအဖွဲ့။ ထူးဆန်းသည်ကတော့ မဲဇလီစခန်းက ရေနံဝန်ထမ်းများအပြင် ကျွန်တော်တို့ စခန်းမှ မြေပြိုရာတွင် ပါဝင်ဆုံးရှုံးသွားပြီဟု ယူဆထားသော ဆရာမိုးအဖွဲ့က အနားယူဝန်ထမ်းများနှင့် ဆရာသန်းဇော် အဖွဲ့မှ ဝန်ထမ်းအချို့ ဖြစ်သည်။ ကျန် ဝန်ထမ်းများ ဘယ်ပုံရှိသည်မသိ။ ကျွန် တော်တို့ အုပ်စုထံသို့ ဆရာသန်းဇော် အပြေးရောက်ရှိလာပြီး -

"အောင်မယ်လေး ဗိုလ်တောက်နဲ့ ဆရာမိုးတို့ရယ်၊ အကောင်းအတိုင်းပါပဲ လား။ တော်ပါသေးရဲ့ဗျာ၊ ဝမ်းသာလိုက် တာ"

ဆရာမိုးက -

"ဟဲ့ကောင် သန်းဇော်ရဲ့၊ ငါတို့က ဘာဖြစ်ရမှာလဲ။ မင်းတို့ မြေပြိုတဲ့အထဲ ပါသွားရမှာ မဟုတ်လား"

"အဲ့လိုမဟုတ်ဘူး၊ ဆရာမိုးနဲ့ ဗိုလ်တောက်ရဲ့။ ဆရာတို့ကို မဲဇလီစားသောက်ဆိုင်တန်းမှာ အရိုက်ခံရတာ သေလုမြောပါးပဲဆိုလို့ ကျွန်တော် တို့အဖွဲ့ လူစုပြီး တာဝန်ကျနေကြတဲ့ စိန်ကုလားနဲ့ သန်းဌေးတို့ (၅) ယောက် အဖွဲ့ကိုပဲထားခဲ့ပြီး အနားယူနေတဲ့ ဆရာမိုးတပည့်တွေကိုပါခေါ်ပြီး ချီတက် သွားကြတာ။ HINO (TE) ကားကြီးရှိပေ မယ့် ကားသမားညွန့်မောင်ကို ရှာမရလို့ အပြေးအလွှားသွားကြရတာ လာခေါ် တာက ကုလားကလေးတစ်ယောက်ဗျ။ ဟိုစခန်းရောက်တော့ ဆရာမိုးတို့ကို လည်း မတွေ့ဘူး။ လာခေါ်တဲ့ ကုလား လေးလည်း မတွေ့တော့ဘူး။ ဆိုင်တန်း တွေက ဒီညရန်ဖြစ်စကားများသံတောင် မကြားမိပါဘူးတဲ့။ ဗိုလ်တောက်နဲ့ ဆရာ မိုးကိုလည်းသိနေကြတော့ ဒီညလာတာ ကိုတောင် မတွေ့ဘူးတဲ့။ ကျွန်တော်တို့ အရှုံးဖြစ်ကရော

"စခန်းပြန်မယ်လုပ်တော့ လေ တွေတိုက်ပြီးမိုးကျလာတယ်။ အဲဒါနဲ့ ကျွန်တော်တို့အုပ်စုတွေ ဆိုင်တစ်ဆိုင်မှာ မိုးခိုစားသောက်ရင်းနေတုန်း စခန်းချရာ ဘက်က မြေပြိုမိုးကြိုးပစ်သံ၊တော်လည်း သံတွေကြောင့် ညဘက်ကြီး မပြန်ရဲ တော့ဘဲ ရောင်နီလာမှ အင်ဂျင်နီယာ ဦးကျော်မြင့်ကို အကြောင်းကြားပြီး (TE) ကား(၂)စီးနဲ့ ထွက်လာကြတယ်။ စခန်းက တာဝန်ကျ ကျွန်တော့်ကောင် တွေတော့ မြေပြိုတဲ့အထဲပါသွားကြပြီ ထင်ပါရဲ့။ ကျွန်တော်တို့သာ ကုလား ကလေးကယ်လို့ ကံကောင်းထောက်မပြီး ကျန်နေခဲ့တာ။ မိုးကကွက်ကြားမိုးဗျနော်။ အလွန်ထူးဆန်းတယ်။ မဲဇလီစခန်းဘက် မှာ ဖုန်သိပ်ရှိပဲ နည်းနည်းရွာတာ အံ့ဩ စရာပဲနော်။ လောကသဘာဝကြီးအလွန် ဆန်းပါရဲ့ဗျာ။ ဘာတွေဘယ်လိုဖြစ်ကုန် သလဲဆိုတာတောင်မသိတော့ပါဘူးဗျာ"

ကျွန်တော်တို့ အဖွဲ့များခွဲ၍ရှာဖွေ ရေးလုပ်ကြသည်။ အင်ဂျင်နီယာဦးကျော် မြင့်တို့အဖွဲ့က ချိုင့်ဝှမ်းထဲ ကြိုးချည်ပြီ ဆင်း၍ရှာကြသည်။ ကျွန်တော်တို့အဖွဲ့ ကလူခွဲ၍ ချိုင့်ဝှမ်းမြောက်ပိုင်းနှင့် ရိုး- ကြောပေါ်သို့ ရှာကြသည်။ ချိုင့်ဝှမ်း အောက်ပိုင်းကလတာပြင်လို ရွှံ့နွံများဖြင့် ဖုံးလွှမ်းနေပြီး ရေများရှိနေဆဲ။ မြေ အောက်ရေစီးသံသဲ့သဲ့ကို ကြားနေ သည်။ အဘိုးဖြူ ပြောသည်ကတော့ လက်ပံလှချောင်းကို ပြန်ဖော်နေတာ လေ။

ကျွန်တော်တို့ ရိုးမကြောပေါ် တက်၍ ရှာဖွေသောအဖွဲ့က နောက်ဆုံး တွင်းတူးတာဝန်ကျ၍ကျန်ခဲ့သော စိန် ကုလားနှင့် သန်းဌေးတို့အဖွဲ့ကို သတ မေ့မြောလျက် ရှာတွေ့သဖြင့် ပြုစုရ ပြန်ကောင်းလာသည်။ (၅)ယောက်အ ဖြစ်သည်။ဝန်ထမ်းများအဖိတ်အစဉ်မ အဲ - ကားသမားညွန့်မောင်နှင့် ဝန်ထ များ၏ဇနီးသည်သုံးယောက်နှင့် ကလေ နှစ်ဦးကိုတော့ ရှာမတွေ့သေးပါ။

ကျွန်တော့်တို့ စုရပ်ကို ပြန်ရော တော့ ကားသမားညွန့်မောင်နှင့်သန်းဌေ ၏ဇနီး မအေးမိတို့ အလောင်းများ ကျွန်းသစ်လုံးများအကြားမှ ဖက်လျှ ပြန်တွေ့သည်ဟု ဆိုသည်။ ကျန် လောင်းများကိုတော့ မတွေ့ရ။ ရွှံ့ညွှ လတာပြင်အောက်ရောက်နေဟန်တူ သည်။

ဤအဖြစ်အပျက်က အဆိုးထဲ အကောင်း ဖြစ်သည်။ လက်ပံလှရေ အစမ်းတွင်း အောင်မြင်ပြီး နှစ်ပေါ (၁၅၀) ကျော်က ကျွန်းသစ်လုံး တ (၁၀၀) ကျော် နိုင်ငံတော်အတွက် ရ သဖြင့် ကျွန်တော်တို့ တွင်းတူးအ ရာထူးတစ်ဆင့်စီတိုးပြီး ဆုငွေနှင့် နာမ ကောင်းလက်မှတ်ကိုယ်စီ ရကြသည် ဤသို့ဖြစ်ရသည်မှာ ကားသမား ညွ မောင်နှင့် နှ ငေးမိန်းမ မအေးမိ ဖောက်ပြန်သဖြင့်ဖြစ်ရကြောင်း အ ဖြူက တ်ချက်ချသည်။ ကျွန်တေ ကိုယ်တွေ့ဖြစ်၍ မယုံနိုင်စရာမရှိပါ နေရာနှင့် သူပိုင်ရာဆိုင်ရာ အစောင့် ရှောက် ျားရှိကြသည်ဆိုသည်ကတေ လက်ခံရမည့်အကြောင်းဖြစ်ပါသတည

ထောင်မှူးကြီးသိန်းဒ



www.burmeseclassic.com

www.burmeseclassic.com

# နိုင်ခင်မောင်လေး

## မုတ္တမပြည့်ရှင် ဝါရီရူ (၃)



သက္ကရာဇ် ၆၃၃ တွင် မဂဒူးသည် အလိမ္မာမင်းအား လုပ်ကြံပြီး မုတ္တမကို ရယူခဲ့၏။ ထိုသို့ အလိမ္မာမင်းအား လုပ်ကြံခြင်းသည် ပုဂံဘုရင်ခံတစ်ဦးကို လုပ်ကြံခြင်းလည်းမည်၏။ တစ်နည်းအားဖြင့် ပုဂံ၏အချုပ်အခြာအာဏာကို ထိပါးပုတ်ခတ်လိုက်ခြင်းပင် ဖြစ်၏။ ထိုစဉ်က ပုဂံ၏အချုပ်အခြာအာဏာပိုင်ကား နရသီဟပတေ့ ဖြစ်၏။ ၆၃၃ ခုနှစ်သည် ပုဂံကြမ္မာငင်သောနှစ်ဟု ဆိုရပေမည်။ ထိုနှစ်မှာပင် တရုတ်ဥတည်ဘွားက ရွှေထမင်းအိုး၊ ရွှေပေါင်းချောင်၊ ငွေပေါင်းချောင်၊ ရွှေယောက်မ၊ ငွေယောက်မ၊ ရွှေဟင်းချို၊ ငွေဟင်းချိုတို့ကို အနော်ရထာမင်း ဆက်သဖူး၏။ ယင်းတို့ကို ဆက်သရန် အမတ်တစ်ကျိပ်နှင့် မြင်းသည် တစ်ထောင်စေ၍ တောင်းခံလာ၏။

ဤသည်တို့ကား ပုဂံအား စစ်ခင်းရန်အတွက် ဥတည်ဘွား၏ အကြမ်းဖျင်းအကြောင်းပြချက် ဖြစ်၏။ ဥတည်ဘွား၏အကြောင်းပြချက်ကား လုံလောက်သောအကြောင်းပြချက်မဟုတ်။ တရုတ်သံတို့သည်လည်း မင်းကြီးရှေ့တွင် မတော်မရော် မကျစ်မလျစ်ပြုချေ၏။ သည့်ကြောင့် တရုတ်အမတ်တစ်ကျိပ်နှင့် မြင်းသည်တစ်ထောင်တို့ကို တစ်ယောက်မကျန်ကွပ်မျက်ရန် အမိန့်တော်မြွက် ချမှတ်ခဲ့၏။

မဂဒူးမုတ္တမကို လုပ်ကြံမင်းပြုသောတိစ္စ၊ ပုဂံနေပြည်တော်အား ရွှေပေါင်းချောင်၊ ငွေပေါင်းချောင် ဆက်သရန်တောင်းခံလာသည့် တရုတ်သံတိစ္စတို့သည် သာမညကိစ္စမဟုတ်၊ သေးငယ်သောအရေးအခင်းလည်းမဟုတ်။ ပုဂံပြည်ထောင်မင်းတို့၏ ရာဇပလ္လင်ကို တိုင်လှုပ်နိုင်သောအရေးကိစ္စ ဖြစ်၏။ ပုဂံမြေတွင် သွေးချောင်းစီးစေခဲ့သော အရေးကိစ္စ ဖြစ်၏။

မဂဒူးနှင့်ပတ်သက်၍ မွန်၊ မြန်မာနှင့် ထိုင်းရာဇဝင်တို့တွင် အမျိုးမျိုးအဖုံဖုံ ရေးသားဖော်ပြခဲ့ကြ၏။ မွန်နှင့် မြန်မာတို့က ဆိုခဲ့သည့်အတိုင်း မဂဒူး(သို့)ဝါရီရူဟုဖော်ပြခဲ့၏။ ထိုင်းရာဇဝင်ကမူ မိုဂဒို သို့မဟုတ် ချောင်ဖရူးအာဟု ဖော်ပြလေ့ရှိ၏။ အချို့က မဂဒူးကို စောလီလတ်ရှဲဟူ၍လည်း ဖော်ပြခဲ့ကြ၏။ မည်သို့ပင်ဖြစ်စေ မဂဒူးသည် ပုဂံမင်းဆက်ဘုရင်များ၏ ရွှေဖဝါးတော်အောက်တွင် လက်အောက်ခံလူမျိုးတစ်မျိုးအဖြစ် နှစ်ပေါင်းများစွာ ညှိုးညှိုးငယ်ငယ် နေထိုင်ခဲ့ကြရသည့် မွန်တိုင်းရင်းသားတို့၏ ထင်ရှားထက်မြက်သော ခေါင်းဆောင်တစ်ဦးဖြစ်သည်ကိုကား ငြင်းပယ်၍မရ။

နောက်ကြောင်းပြန်ကြည့်လျှင် မွန်တို့၏ သမိုင်းအစဉ်အလာကား ကြီးမားခဲ့၏။ ဘီစီ ၁၇ တွင် သုဝဏ္ဏဘူမိ မွန်နိုင်ငံတော်ကို တည်ထောင်ခဲ့၏။ အေဒီ ၁၀၅၇ ကပင် ပိဋကတ်တော်ကို အကြောင်းပြု၍ အနော်ရထာမင်း လာရောက် တိုက်ခိုက်သဖြင့် သုဝဏ္ဏဘူမိလည်းပျက်၊ သုဝဏ္ဏဘူမိမွန်မင်းဆက်လည်း ပြတ်ခဲ့ရ၏။ သုဝဏ္ဏဘူမိမွန်မင်းနေပြည်တော်သည် တောကြီးမျက်မည်း ဖြစ်ခဲ့ရ၏။

သည့်နောက် သက္ကရာဇ် ၅၄၃ တွင် သမလ၊ ဝိမလညီနောင်တို့ ဟံသာဝတီကို တည်ထောင်၏။ယင်းဟံသာဝတီကား ပထမဟံသာဝတီ ဖြစ်၏။ (၁၇) ဆက်မြောက် တိဿမင်းလက်ထက်တွင် ပထမဟံသာဝတီပျက်၏။ ဟံသာဝတီပျက်ပြီးနောက် မွန်တို့ ပုဂံလက်အောက်ခံဖြစ်ခဲ့ရပြန်၏။ ပုဂံဘုရင်များ တန်ခိုးအာဏာ မှေးမှိန်လာသောအခါ မဂဒူးသည် နရသီဟပတေ့၏ဘုရင်ခံ မုတ္တမမြို့စောင့် အလိမ္မာအမတ်ကို ရှင်းလင်းဖယ်ရှားပြီး မွန်တို့၏ လွတ်လပ်ရေးကို ရယူခဲ့၏။

မဂဒူး မုတ္တမမြို့ကို ရပြီးနောက် မုတ္တမမြို့၏ အလယ်ဗဟိုတွင် တန်ဆောင်းကြီးတစ်ဆောင်ဆောက်လုပ်စေ၏။ ပြီးနောက် ဗေဒင်ပညာရှိ ရဟန်းရှင်လူပညာရှိ ပုဏ္ဏားများ စုဝေးစေပြီး ဓမ္မသတ်တစ်စောင် စီရင်စေ၏။ ယင်းအဖွဲ့သည် မွန်ဗုဒ္ဓဘာသာ ဓမ္မသတ်၊ ဓမ္မဝိလာသ ဓမ္မသတ်တို့ကို အခြေခံ၍ ဓမ္မသတ်တစ်စောင်ပြုစု၏။ ယင်းကား မဂဒူး ဓမ္မသတ် ဖြစ်၏။ နောင်အခါ ဝါရီရူ ဓမ္မသတ်ဟုတွင်၏။

မြန်မာ့သမိုင်းတွင် ပထမဦးဆုံး ပေါ်ပေါက်လာသည့် ဓမ္မသတ်ကား 'အပါယဂတိမုပါယ်' အစချီသော ဓမ္မသတ် ဖြစ်၏။ ယင်းဓမ္မသတ်ကို ဒွတ္တဘောင်မင်းလက်ထက် (ခရစ်မပေါ်မီ ၅ရာစု) နှစ်က ရဟန္တာ (၃၀၀၀) တို့ ပြုစုခဲ့သော ဓမ္မသတ်ဖြစ်၏။ ဒုတိယဓမ္မသတ်မှာ သရေခေတ္တရာပြည်ရှင် သုမုန္ဒရီမင်း၏သားတော် အတိတျာမင်းလက်ထက် မဟာသိဂ္ဂမ္ဘယမထေရ်စီရင်သည့် အတိတျာ ဓမ္မသတ် ဖြစ်၏။ ထိုဓမ္မသတ်ကို အေဒီ (၁) ရာစုတွင် ပြုစုခဲ့၏။ အချို့က အေဒီ (၂) ရာစုတွင် တောမှီရသေ့တစ်ပါး ပြုစုခဲ့သည်ဟုဆို၏။ ပုဂံပျူစောထီးမင်းလက်ထက် မြန်မာသက္ကရာဇ် ၈၉ ခုနှစ်တွင် ပြုစုခဲ့သည့် ပျူမင်းဓမ္မသတ်သည် တတိယမြောက်အစောဆုံး ဖြစ်၏။ ယင်းဓမ္မသတ်ကို ဥပဒေပညာရှင် (၈) ဦး ပါဝင်သောအဖွဲ့က ပြုစုခဲ့၏။ သို့သော် ထိုဓမ္မသတ် (၃) စောင်စလုံး ယနေ့ထင်ရှားမရှိတော့။ ယခင်က အမှန်တကယ်ရှိခဲ့သည် မရှိခဲ့သည်ကိုကား မည်သူမျှ တပ်အပ် မပြောနိုင်ပေ။

ယခုတည်ရှိဆဲ ဓမ္မသတ်များအနက် တရားဥပဒေသမိုင်းတွင် ပထမဦးဆုံးထင်ရှားသည့် ဓမ္မသတ်ကား ဓမ္မဝိလာသဓမ္မသတ်ဖြစ်၏။ ယင်းဓမ္မသတ်ကို မွန်ရဟန်းတော် ရှင်သာရိပုတ္တရာက နရပတိစည်သူမင်းလက်ထက် သက္ကရာဇ် ၄၄၅ ခုနှစ်တွင် ပြုစုခဲ့၏။ ရှင်သာရိပုတ္တရာက ထိုဓမ္မသတ်ကို ပါဠိနှင့် မွန်ဘာသာဖြင့် ပြုစုခဲ့၏။

ဝါရီရူဓမ္မသတ်တွင် ကြွေးမြီမှု၊ ထိမ်းမြားလက်ထပ်မှု၊ လင်မယားကွာရှင်းမှု၊ မယားခိုးမှု၊ ပေးကမ်းမှု၊ အမွေခွဲဝေမှု၊ ရောင်းဝယ်မှု၊ ပစ္စည်းဥစ္စာအပ်နှံမှု၊ ပစ္စည်းဥစ္စာခွဲဝေမှု၊ လောင်းတမ်းကစားမှု၊ သူရင်းငှားမှု၊ ကျွန်တရားလက်ရောက်ကျွေးလွှန်မှု၊ ကဲ့ရဲ့စွပ်စွဲမှု၊ မြေယာပိုင်းခြားမှု၊ ခိုးမှု စသည်ဖြင့် (၁၈) ပိုင်း ပိုင်



www.burmeseclassic.com

www.burmeseclassic.com

ခြား၍ ဥပဒေများ ပြဋ္ဌာန်းထား၏။

ကြွေးမြီမှုနှင့်ပတ်သက်၍ အကြွင်သူတို့သည် မြီချေးခြင်းကိုပြု၏။ မြီစားက ငါးနှစ်၊ ဆယ်နှစ်ပြန်မဆပ်နိုင်လျှင် မြီရှင်သည် အတိုးအဖျားမယူရ။ အရင်းနှင့်အမျှအဖျားကို စားရာ၏။ ယောက်ျားဖြစ်သူ မြီယူသည်ကို ဇနီးက မသိလျှင် မြီရှင်သည် ထိုဇနီးထံ မြီမတောင်းအပ်၊ မြီစားတစ်ဦး ကြွေးမဆပ်နိုင်၍ ကျွန်ခံလျှင် ယင်း၏ သားသမီးကို ကျွန်မပြုရ။ မိဘယူသောမြီကို အမွေမရသော သားသမီးက မဆပ်ရ။ မယားကြီးစားသောမြီကို မယားငယ် မပေးဆပ်ရ။ ထို့အတူ မယားငယ်စားသောမြီကို မယားကြီး မပေးဆပ်ရ စသည်ဖြင့် ပါရှိ၏။

တစ်စုံတစ်ယောက်သောသူသည် တစ်စုံတစ်ခုကို တွေ့ရှိကြောင်း အငြင်းအခုံဖြစ်ပွားလျှင် ကျမ်းသစ္စာကို ရှေ့မှာထား၍ သစ္စာဆိုရ၏။ ထိုသို့ဆိုရာတွင် သတ်မှတ်တန်ဖိုးအလိုက်ဆိုရ၏။ တစ်ဆယ်ဖြစ်မူ နေမြဲအတိုင်း သစ္စာဆိုရ၏။ နှစ်ဆယ်ဖြစ်မူ မတ်တတ်ရပ်လျက်သစ္စာဆိုရ၏။ သုံးဆယ်ဖြစ်မူ ရပ်လျက်အရှေ့သို့ မျက်နှာမူ၍ဆိုရ၏။ ငါးဆယ်ဖြစ်မူ နေတက်ချိန်တွင် ဆိုရ၏။ ခြောက်ဆယ်၊ ခုနစ်ဆယ်ဖြစ်မူ အထင်ကရသစ်ပင်ရင်း၌ဆိုရ၏။ ကိုးဆယ်ဖြစ်မူ တန်ခိုးကြီးဘုရားရှေ့တွင် သစ္စာဆိုရ၏။ တစ်ရာဖြစ်မူ ရေရှိရာသွား၍ သစ္စာဆိုရ၏။ သစ္စာဆိုခြင်းသည် တရားစီရင်ရေးတွင် အလေးထားကြောင်း တွေ့ရှိရ၏။

**သူများမယားပြစ်မှားခြင်းဖွင့်ဆိုရာ၌ -**

* ✻ သူ့မယားလက်ကိုကိုင်ခြင်းလည်း တစ်ပါး၊
* ✻ လင်သည် အခြားသို့သွားခိုက် အိမ်ရောက်သည်လည်းတစ်ပါး၊
* ✻ သူ့မယားနှင့်အတူ ပုန်းကွယ်ရာ အရပ်၌နေခြင်းသည်တစ်ပါး၊
* ✻ လင်သည် မသက်ာသူနှင့် စကားပြောဆိုခြင်းလည်းတစ်ပါး၊ ,
* ✻ လင်မရှိခိုက် သူ့အိမ်တံခါးသို့ ရောက်ခြင်းလည်းတစ်ပါး။

ယင်းပြစ်မှားခြင်းများအနက် သူ့အိမ်ရာခန်း၌ အတူတကွတွေ့မြင်ခြင်းသည် အကြီးလေးဆုံးဖြစ်၏။ ကာမပိုင်ယောက်ျားက မယားခိုးအား သတ်ပိုင်ခွင့်ရှိ၏။ မယားခိုးက ထွက်ပြေး၍ လှေကားတစ်ခုကျော်သွားလျှင် သတ်ပိုင်ခွင့်မရှိဟု ဝါရီရူမင်းသတ်က ဆို၏။

သမီးပျိုတစ်ဦးအား တစ်စုံတစ်ရာသော ဥစ္စာပေးပြီး လက်ထပ်မည်ဟု ကတိပြုထား၏။ လာတောင်းရမ်းသောအခါ ပြောထားသည့်ပစ္စည်းမပါလျှင် သမီးနှင့်မပေးစားအပ်၊ သတို့သား တင်တောင်းထားသော အသွင်းဥစ္စာကိုယူ၍ စေ့စပ်ထားသည့် သမီးအငယ်သေဆုံးခဲ့သော် သမီးအကြီးနှင့်ပေးစားရာ၏။ သို့တည်းမဟုတ် အခြားသမီးအငယ်နှင့် ပေးစားရာ၏။ မပေးစားပါက အသွင်းဥစ္စာပေးလျော်ရမည်။ ထို့အတူ သားကြီး၊ သားငယ်နှင့် စေ့စပ်ပြီးမှ သေဆုံးသွားလျှင် သားတစ်ယောက်ယောက်နှင့် ပေးစားရာ၏။ ထို့အပြင် အသွင်းဥစ္စာကို ယူပြီးမှ အမျိုးယုတ်သည်ဆိုပြီး မပေးစား၍မရ ပေးစားရမည်ဟု လက်ထပ်ထိမ်းမြားမှုအခန်းတွင် ဖော်ပြထား၏။

ခိုးဝှက်ခြင်းနှင့်ပတ်သက်၍ လျော်ကြေးပေးရခြင်း၊ အပြစ်ပေးစီရင်ခြင်းများ ပြဋ္ဌာန်းထား၏။ သို့သော် ယင်းပြဋ္ဌာန်းချက်များသည် လူသားချင်းစာနာထောက်ထားသည့်တရားအပေါ် အခြေခံထား၏။ တစ်လုံးသောသစ်သီးကို ယူစားသော်အပြစ်မရှိ။ အိမ်ပါယူသွားသော် လျော်ကြေးပေးရ၏။ ငတ်မွတ်သူ သစ်သီး စသည့် စားစရာများစားမိက အပြစ်မရှိ။ သူတော်ကောင်းများ ငတ်မွတ်ချိန်တွင် တစ်ပါးဥစ္စာယူထားမိလျှင် အပြစ်မရှိ။ ဆရာ့ဥစ္စာ တပည့်ခိုးမှုကား အပြစ်မရှိ။ သခင်ဥစ္စာ ကျွန်ခိုးမှုကား အပြစ်မရှိ အမိ၊ အဖ ဥစ္စာသားသမီးခိုးယူမှုကား အပြစ်မရှိဟု ဖော်ပြပါရှိ၏။

အငြင်းအခုံဖြစ်ပွားသောအမှုကိစ္စရင်ဆိုင်ရာ၌ ယုံကြည်ထိုက်သော သက်သေကို မေးမြန်းရာ၏။ ယုံကြည်ထိုက်သော သက်သေဆိုသည်ကား ရတနာသုံးပါးကို ရိုသေလေးစားသူ၊ သီလနှင့်ပြည့်စုံသူ၊ လိုချင်တပ်မက်မှုမရှိသူ၊ သူတစ်ပါးစီးပွားကို ဆောင်ရွက်နိုင်သူ၊ သံသရာကို ယုံကြည်သူ၊ ဆွေမျိုးများစွာရှိသောသူ၊ ဥစ္စာပစ္စည်းချမ်းသာမှု၊ ဖြောင့်မတ်တည်ကြည်သူ၊ မျက်နှာကြီးငယ်မထောက်တတ်သူ၊ သူတစ်ပါးကို ယုံကြည်သောသူ၊ ဤသူတို့သည် ယုံကြည်ထိုက်သောသက်သေဖြစ်သည်ဟု ပြ၏။

**About 1500 A.D.**



www.burmeseclassic.com

အနောက်တိုင်းသုတေသီများဖြစ်သော ၁၈၆၀ ပြည့်က မြန်မာကိုဓဥပဒေကျမ်းပြုစုသူ မေဂျာစပတ်၊ အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေသည့် မနုဝဏ္ဏနာဓမ္မသတ်ကျမ်းတွင် အမှာစာရေးသူ ပိုလ်မှူးကြီးဟိုဝေ့(စ်)အေဘာရောင်း၊ ဆာဂျွန်ဂျာဒင်း၊ ပါမောက္ခဂျေ၊ ဂျော်လီ၊ ဂျာဒင်းဆုရစာတမ်းရေးသူ ဒေါက်တာဖော်ချမ်းမား၊ ဂျေအက်(ဖ်) တာနီဗယ်စသည့်ပညာရှင်များက မြန်မာဓမ္မသတ်သည် ဟိန္ဒူဥပဒေ၏ လောင်းရိပ်အောက်တွင် ထွန်းကားခဲ့သည်ဟု ဆို၏။

မြန်မာဥပဒေပညာရှင် ဖြစ်သော ဒေါက်တာဘဟန်က ဟိန္ဒူဥပဒေနှင့် မြန်မာ့ဓလေ့ထုံးထမ်းဥပဒေ မတူကွဲပြားခြားနား၏။ ဝါရီရူဓမ္မသတ်ကို အသေးစိတ် လေ့လာလျှင် ယင်းကွဲပြားခြားနားချက်ကို နားလည်သဘောပေါက်နိုင်မည်ဟု ဆို၏။ ဟိန္ဒူဥပဒေနှင့် ဝါရီရူဓမ္မသတ်တွင် ပြဋ္ဌာန်းထားသော မြန်မာ့ဓလေ့ထုံးထမ်းဥပဒေတို့ အခြေခံအားဖြင့် ကွဲပြားခြားနားသည့်အချက် (၆) ချက်ရှိ၏။

၁။ မြန်မာ့ဓလေ့ထုံးထမ်းဥပဒေတွင် ဟိန္ဒူဥပဒေကဲ့သို့ လူတန်းစား (၄) ရပ်ခွဲခြားမှုမရှိခြင်း။

၂။ မြန်မာ့ဓလေ့ထုံးထမ်းဥပဒေတွင် ဟိန္ဒူဥပဒေကဲ့သို့ ပူးတွဲမိသားစုစနစ်မရှိခြင်း၊ သားနှင့်သမီးတို့ကို ခွဲခြားမှုမရှိ၊ တန်းတူညီတူ အမွေဆက်ခံခွင့်ရှိခြင်း၊ မြန်မာဩရသနှင့် ဟိန္ဒူဩရသ သားသမီးတို့ သဘောတရားချင်း မတူညီခြင်း၊ မြန်မာဩရသမှာ မိဘတို့ တာဝန်ကို ဆက်လက် သယ်ပိုးဆောင်ရွက်သည့် သားသမီးဟု ဆိုလို၍ ဟိန္ဒူဩရသမှာ တရားဝင် သားဟုသာ အဓိပ္ပာယ်ရှိခြင်း။

၃။ မြန်မာ့ဓလေ့ထုံးထမ်းဥပဒေတွင် ဟိန္ဒူဥပဒေကဲ့သို့ လင်ယောကျ်ားသည် မယား၏ အရှင်သခင်မဟုတ်၊ လင်နှင့် မယား တန်းတူရည်တူ အခွင့်အရေးရှိခြင်း။

၄။ မြန်မာ့ဓလေ့ထုံးထမ်းဥပဒေတွင် ဟိန္ဒူဥပဒေကဲ့သို့မဟုတ်။ အိမ်ထောင်ရေးနှင့် လက်ထပ် ထိမ်းမြားရေးတို့သည် လူမှုရေးကိစ္စတစ်ရပ်သာဖြစ်ခြင်း၊ ဘာသာရေးသဘောသက်ဝင်မှုမရှိခြင်း။

၅။ မြန်မာ့ဓလေ့ထုံးထမ်းဥပဒေတွင် လင်မယားနှစ်ဦး လွတ်လပ်သောသဘောတူညီချက်ဖြင့် ကွာရှင်းပြတ်စဲခွင့်ရှိခြင်း၊ ဟိန္ဒူဥပဒေတွင်မူ ဘာသာရေးသဘောဝင်နေသောကြောင့် သာမန်အားဖြင့် လင်မယား ကွာရှင်းပြတ်စဲခွင့်မရှိခြင်း။

၆။ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ အမွေစားအမွေခံ ကိတ္တိမသားသမီးများသည် မွေးစားမိဘများထံမှ အမွေကိုသာ ဆက်ခံခွင့်ရှိ၍ မိဘအရင်း၏ အမွေကို ဆက်ခံခွင့်မရှိခြင်း။

* ဟိန္ဒူဥပဒေတွင် ကိတ္တိမသားသမီးတို့သည် မွေးစားမိဘနှင့် မိဘအရင်းတို့၏ အမွေကိုပါ ဆက်ခံခွင့် ရှိခြင်း၊ သို့သော် မွေးစားဖခင်ဘက်မှ အဘိုးနှင့် အခြားမောင်နှမသားချင်းများ၏ အမွေကိုမူ ဆက်ခံခွင့် မရှိပေ။

* ဟိန္ဒူ သားသမီးမွေးစားခြင်းရည်ရွယ်ချက်မှာ မိမိတို့ မျိုးဆက်မတိမ်ကောစေရန်နှင့် မိမိတို့ကွယ်လွန်သည့်အခါ သာသာရေးဆိုင်ရာကျင့်ဝတ်များ ဆောင်ရွက်ပေးစေရန်။

* မြန်မာတို့၏ သားသမီးမွေးစားခြင်းသည် ရင်မှဖြစ်သော သားသမီးရင်းနှင့်မခြား အမွေပေးရန်ရည်ရွယ်၍ မွေးစားခြင်း။

ဤသည်ကို ကြည့်ခြင်းအားဖြင့် ဝါရီရူဓမ္မသတ်သည် ဟိန္ဒူဥပဒေလောင်းရိပ်အောက်မှ လုံးလုံးလျားလျား ပေါက်ဖွားလာသည်မဟုတ်ကြောင်း သိသာ၏။

အေဒီ ၁၄၇၃ တွင် ဓမ္မစေတီမင်း ဟံသာဝတီနန်းကို ဆက်ခံ၏။ ဓမ္မစေတီမင်းသည် မွန်ရဟန်းတော် ရှင်ဗုဒ္ဓဃောသအား ဝါရီရူဓမ္မသတ်ကို မြန်မာပြန်စေ၏။ ထိုသို့ မြန်မာပြန်ပြီးနောက် မူကွဲနှစ်ခုကိုလည်း ပြုစုခဲ့၏။

အေဒီ ၁၅၈၀ တွင် ဘုရင့်နောင်သည် မြန်မာတစ်နိုင်ငံလုံး သိမ်းသွင်းပြီး ဒုတိယမြန်မာနိုင်ငံကို ထူထောင်၏။ ဘုရင့်နောင်သည် တရားစီရင်ရေးတွင် ဝါရီရူဓမ္မသတ်ကို အခြေခံဥပဒေကျမ်းကြီးအဖြစ် ကျင့်သုံးခဲ့၏။ ထို့နောက် ဘုရင့်နောင်သည် ကော်မရှင်ဖွဲ့ပြီး ဓမ္မသတ်နှစ်စောင် ပြုစုစေ၏။ ယင်းနှစ်စောင်အနက် ဒုတိယစောင်မှာ ဘုရင့်နောင်မတိုင်မီက ပေါ်ပေါက်ခဲ့သော ဓမ္မသတ်ကျမ်းများကို စုစည်းရေးသားခဲ့သည့် (၉) စောင်ချုပ်ဓမ္မသတ် ဖြစ်၏။ (၉) စောင်ချုပ်ဆိုသည်မှာ ဓမ္မသတ် (၉) စောင်၏အချုပ်ကို ဆိုလိုခြင်း ဖြစ်၏။ (၉) စောင်ချုပ်ဓမ္မသတ်တွင် ပျူဓမ္မသတ်၊ မွန်ဗုဒ္ဓဘာသာဓမ္မသတ်၊ ဓမ္မဝိလာသနှင့် ဝါရီရူဓမ္မသတ်များ ပါဝင်၏။ ယင်းဓမ္မသတ်ကို ပါဠိ- မြန်မာ နှစ်ဘာသာ ရေးသား ပြုစုခဲ့၏။

အချို့က ဓမ္မသတ်ကျော် (၉)စောင်ချုပ်ကို ဟံသာဝတီ ဆင်ဖြူရှင်မင်းလက်ထက် ရဟန်းပညာရှိ (၁၂) ပါး ပြုစုခဲ့၏။ မနုသာရဓမ္မသတ်နှင့် ဝါရီရူဓမ္မသတ်ကို အခြေခံသည်ဟု ဖော်ပြ၏။ သာလွန်မင်းလက်ထက် ကိုင်းရွာစားပြုစုသည့် မနုရာဇဓမ္မသတ်၊ တောင်ဖီလာဗုဂ္ဂိုလ်ကျော် စီရင်သည့် ရွှေမျဉ်းဓမ္မသတ်တို့သည် ထင်ရှား၏။ ရွှေမျဉ်းဓမ္မသတ်၊ ဝါရီရူဓမ္မသတ်နှင့် ဟံသာဝတီဆင်ဖြူရှင်ဖြတ်ထုံးကိုမှီ၍ ပြုစုထား၏။

ယနေ့လက်ရှိ ဝါရီရူဓမ္မသတ်ပေမူကို အေဒီ ၁၇၀၇ တွင် ပြုစုခဲ့၏။ ယင်းဓမ္မသတ်ကို ရန်ကုန်ကောလိပ်ပါဠိပါမောက္ခ ဒေါက်တာ ဖော်ချမ်းမားက အင်္ဂလိပ်ဘာသာပြန်ဆိုခဲ့၏။

နိုင်ခင်မောင်လေး



www.burmeseclassic.com

တကယ့် အဖြစ်အပျက်တို့သည် စိတ်ကူးယဉ်ထက် ဆန်းကြယ်သည်ဟု ပြောစမှတ်ရှိသည်။ တကယ်ကြုံမှ တကယ်ယုံရသည်။ စာဆိုတော်ကြီး ဦးကြင်ဥသည် ပုသိမ်ကမ်းခြေဘက်သို့ ရောက်ရှိသွားရာ ဝင်ကစွပ်တို့ကို မြင် တွေ့ခဲ့ရာ အံ့ဩသွားသည်။ တဗျာက လေးတစ်ပုဒ်လည်း ပေါက်ဖွားလာသည်။

- *ကြုံစဖူး၊*
  *မြင်ဖူးမှယုံစဖွယ်၊*
  *ဖြူနီဝါပြာတစ်စုရယ်နဲ့၊*
  *ခရုတွေလာဆန်း၊*
  *ကမ်းကွေ့ပတ်လည်။ ။*

ဟူသော ကဗျာကလေးပင် ဖြစ်ပါသည်။

တွင် ဤကဲ့သို့ ငယ်စဉ်ကခေါ်ခဲ့ကြသော ငယ်နာမည်များ တသေတွင်သွားကြသူ တွေများသည်။ ကိုတက်ပြား ဆိုသူမှာ နာမည်ရင်း သိန်းဖေ ဖြစ်သည်။ ငယ်စဉ် က လုပ်ခေါ်ခဲ့ကြသည့် နာမည်နှင့်ပင် သေဆုံးသွားခဲ့သည်။ သိန်းဖေ ဆိုသော နာမည်ကို မှတ်ပုံတင်ထဲမှလွဲ၍ မည်သူ မျှ မသိကြပေ။ ကိုနှင်း ဆိုသူမှာလည်း ငယ်နာမည် ငနှင်း ဆိုသောအမည်နှင့် ပင် သေဆုံးသွားခဲ့သည်။ နာမည်ရင်း ချစ်လှိုင် ဆိုသည်ကို မည်သူမျှ မသိကြ ပေ။

ဤကဲ့သို့ ငယ်နာမည်နှင့်သေဆုံး သွားကြသောသူတွေ အလွန်များလှ သည်။ တောရွာတောမလေ့ လုပ်ခေါ် ခဲ့ကြသည့်နာမည်များနှင့်ပင် ဘဝနေဝ သွားခဲ့ကြလေသည်။ ကိုဘဲမှာလည်း ကိုဝင်းစိန် ဆိုသော နာမည်ရင်းကို ဒေ သူမျှ မသိကြပေ။ တစ်ရွာလုံးက ငေ ကိုဘဲဟုသာ ခေါ်ကြသည်။

"ဟိုရှေ့ကကုန်းက ငဘဲရဲ့ကုန်း ကွ"

ဟု ပြောတတ်ကြသလို -

"ငဘဲရယ်၊ နွားမတွေက နို့ထွ ကောင်းတယ်ကွ"

ဟု ပြောဆိုကြသည်။ မည်သူ

# မောင်လင်းခိုင်

## နွားမကြီးနို့ခိုးစို့တဲ့ လူခိုးကြီးငန်းမြွေ



ဝင်ကစွပ်တို့သည် တွေ့သည့် အခွံကိုဝင်စွပ်၍ သွားလာကြသည်။ သူ ကိုယ်တိုင်မြင်တွေ့မှ အံ့ဩသွားသည်။

ယခု အဖြစ်အပျက်သည်လည်း နွားမကြီးနို့ကို ငန်းမြွေကြီးက ခိုးစို့သည် ဆိုသည်မှာ စင်စစ်မဖြစ်နိုင်ပေ။ မျိုးမတူ သောသတ္တဝါများဖြစ်ကြသည်မို့ မယုံ ကြည်နိုင်စရာပင် ဖြစ်သည်။

ကိုဘဲသည် နို့စားနွားမများမွေးမြူ ထားသည်။ မနက်စောစော နို့ညှစ်၊ အရှေ့ဆီမှ ရောင်နီပျို့လာလျှင် နွားမ တွေယူ၊ မြက်ခင်းရှိရာတွင် သွားရောက် လံထားသည်။ နေပူရှိန်မြင့်လာလျှင် အရိပ်ရှိရာသို့ ရွှေ့ပြောင်းထားခဲ့သည်။ ညနေစောင်းမှ ချည်တိုင်ရှိရာသို့ မောင်း သွင်းလေသည်။

ကိုဘဲ ဟူသောအမည်မှာ နာမည် ရင်းတော့ မဟုတ်ပါ။ ရပ်ရွာဓလေ့ ငယ် စဉ် ခေါ်လေ့ခေါ်ထရှိသော အစဉ်လာ အတိုင်း နောက်ပြောင်ခေါ်ကြရာမှ အမည်ရင်းပျောက်၍ လုပ်ခေါ်သော နာမည်ပင်တွင်သွားလေသည်။ ထိုရွာ



www.burmeseclassic.com

www.burmeseclassic.com



လုပ်ခေါ် သောနာမည်ကို မကြိုက် မနှစ်သက်တု မပြောကြမရှိကြ။ အားလုံး က ခေါ်ကြသည့် ငယ်နာမည်ကိုပင် နှစ်သက်သဘောကျနေသည်။

ကိုဘဲ၏ အလုပ်မှာ နို့စားနွားမ များ မွေးထားသဖြင့် မနက်စောစော နို့ထည့်စဉ်၊ ရောင်းနိုင်ဖို့လျှင် နွားသွားလဲ၊ ဤသည်မှာ နေ့စဉ်လုပ်နေကျ သူ့ဝတ္တ



www.burmeseclassic.com

www.burmeseclassic.com

ရားပင်။

သူတကာကဲ့သို့ လယ်ယာလုပ်ငန်းမရှိသဖြင့် နွားမွေးမြူရေးသက်သက်သာရှိသည်။ နို့စားနွားမသုံးကောင်မျှ တစ်နိုင်တစ်ပိုင်မွေးထားသည်။ နွားမများမှာ အစာလည်းဝသဖြင့် အသွေးရောင်ပြောင်၍ နို့ထွက်ကောင်းလှသည်။ နွားမတစ်ကောင်ကို (၅) ပုလင်းမျှ နို့ထွက်သည်။ ပို၍ညစ်၍လည်းမဖြစ်။ မွေးထားသည့် နွားကလေးစို့ဖို့လည်းချန်ထားရသေးသည်။ သန်းခေါင်ကျော်လျှင် နွားကလေးကို အမိနှင့်ခွဲ၍ တိုင်တစ်တိုင် မှာချည်ထားရသည်။ နွားကလေးကို ချည်မထားဘဲလွှတ်ထားပါက နို့တစ်စက်မှမရအောင် နွားကလေးက စို့ထားတတ်သည်။

ငရဲတော့ကြီးပါသည်။ သို့သော် 'ဆင်းရဲမကင်း၊ ငရဲမကင်း' ဆိုသောစကားအရ ငရဲကြီးမှာ ကြောက်နေလျှင် ဝမ်းပိုက်အူဟောင်းလောင်းဖြစ်သွားမှာစိုးရသည်။ မနက် (၅) နာရီ ဘုန်းကြီးကျောင်းမှ တုံးခေါက်လျှင်ထ၊ နို့ညှစ်၊ နွားမသုံးကောင် (၁၅) ပုလင်း၊ မိုးလင်းဖောက်သည်က လာယူသည်။

တစ်နေ့တွင် မိညိုဟု ခေါ်သည့် နညိုမ (နွားညိုမ) မှာ နို့ညှစ်ချိန်၌ နို့တစ်စက်မှမရ၊ နို့မထွက်တော့ပေ။ ကိုဘဲ မျက်လုံးပြူးသွားသည်၊ အံ့သြသွားသည်။ နွားကလေးစို့၍ကုန်ရအောင်လည်း နွားကလေးကို နွားမကြီးနှင့်ဝေးရာမှာ ချည်ထားသည်။ သူဘယ်လိုမှအဖြေရှာမရ။ နို့(၁၀)ပုလင်းသာရ၍ နို့ဖောက်သည်ကို တောင်းပန်ရတော့သည်။

"နို့ (၁၀) ပုလင်းသာရတယ်ကွယ်။ နွားမကြီး မိညိုမှာ ဘာဖြစ်မှန်းလဲမသိဘူး။ နို့ညှစ်ချိန်မှာ နို့တစ်စက်မှမရဘူး"

"နွားကလေးကို ခွဲပြီးချည်မထားဘူးလား"

ဟု နို့ဖောက်သည်ကမေးသည်။

"ချည်ထားတာပေါ့ကွယ်၊ မချည်ဘဲ ဘယ်နေလိမ့်မလဲ။ ဒါပေမယ့် ငါနို့ညှစ်ချိန်မှာ နို့တစ်စက်မှမရဘူး။ ဘာဖြစ်မှန်းလဲမသိဘူး"

နို့ဖောက်သည်မှ (၁၅) ပုလင်းယူနေကျ၊ (၁၀)ပုလင်းနှင့် ပြန်သွားရသည်။ နောက်နေ့တွင်လည်း သည်လိုပဲဖြစ်နေပြန်သည်။

ကိုဘဲ တောက်တခေါက်ခေါက်နှင့် ဘဲဥအစရှာမရကဲ့သို့ အဖြေမရှိပုစ္ဆာဖြစ်နေသည်။

(၃) ရက်မြောက်ပြီး နောက်တစ်နေ့တွင် ကိုဘဲ မနေသာတော့။ အိမ်နီးချင်း ကိုနီတာနှင့် တိုင်ပင်ပြီး မိုးလင်းဝါ (၄) နာရီ နွားမကြီးကို ထချောင်းရတော့သည်။ လူတစ်ယောက်ကလာ၍ ညှစ်ယူလေသလား အဖြေသိရအောင် သူခိုးဖမ်းပွဲစရတော့သည်။

မိုးလင်းဝါ (၄) နာရီထိုးပြီးသောအခါ ကိုဘဲနှင့် ကိုနီတာတို့သည် နွားမကြီးအနီးတစ်ဝိုက်မှ အသာငြိမ်သက်၍ သူခိုးချောင်းနေရလေတော့သည်။ အသက်ပင်ပြင်းပြင်းမရှူရဲ။ ကိုက်လာသည့် ခြင်တွေကိုလည်း ဖြန်းခနဲမရိုက်ရဲ။ လက်နှင့်အသာပွတ်ချရသည်။ (၄)နာရီထိုးပြီး မကြာမီမှာပင် အရှေ့ဘက်အရပ်ဆီမှ တရှဲရှဲနှင့်အသံတစ်သံကြားရသည်။ ကိုဘဲနှင့် ကိုနီတာ အသက်ပြင်းပြင်းမရှူရဲကြဘဲ ထိုရှဲရှဲအသံကို စူးစိုက်ကြည့်နေကြသည်။

လမိုက်ရက်မို့ မိုးလင်းဝါလကကလေးနှင့် အသံသည် တဖြည်းဖြည်းနီးလာသည်။ မကြာမီ သူတို့ရှေ့နားသို့ ခြေသလုံးပတ်လည်လောက်ရှိသော ငန်းမြွေကြီးတစ်ကောင်သည် တဖြည်းဖြည်းရောက်ရှိလာကာ သူ၏ ပြုလုပ်နေကျဝတ္တရားအတိုင်း ပြုလုပ်လေတော့သည်။ ပထမဦးစွာ နွားမကြီး၏ ခြေထောက်နှစ်ချောင်းအား စုစည်းလိမ်ပတ်လိုက်သည်။ နွားမကြီး မရုန်းနိုင်သောအခါ နွားမကြီး၏တင်းနေသောနို့များအား အားရပါးရသောက်စို့လေတော့သည်။ နို့တစ်လုံးခန်းသွားသောအခါ တစ်ဖက်မှ တင်းနေသောနို့အား သောက်စို့ပြန်လေတော့သည်။

နို့များကုန်၍ သူလည်း ဝသောအခါ လိမ်ထားသော အလိမ်များအားဖြေလျှော့၍ လာရာလမ်းအတိုင်း ပြန်သွားလေသည်။ ကိုဘဲနှင့် ကိုနီတာတို့သည်လည်း ခုမှ အဖြေမရှိသောပုစ္ဆာကို အဖြေတွက်၍ရလေတော့သည်။

,ပင့်ထားသော သက်ပြင်းများကို ပြိုင်တူချ၍ ဝုန်းနေရာမှ ထလိုက်ကြလေသည်။

"ကဲ - တို့တော့ သူခိုးတော့တွေ့ပြီ၊ ဘယ်လိုလုပ်ကြမလဲ"

ကိုဘဲက ကိုနီတာကို မေးသည်။

"ဘယ်လိုလုပ်ရမလဲ ကိုဘဲရယ်။ လူနှစ်ယောက်၊သုံးယောက်လောက်ခေါ်ပြီး သူလာတဲ့လမ်းကစောင့်၊ ရိုက်သတ်လိုက်ရုံပေါ့"

"အေး - ကောင်းတယ်၊ မနက်ဖြန်တို့ လူစုပြီးလုပ်ကြတာပေါ့"

ကိုဘဲနှင့် ကိုနီတာတို့သည် မနက် (၄) နာရီမထိုးခင်လောက်ကပင် ထကြပြီး မြွေကြီးလာမည့်လမ်းက ဆီးကြို စောင့်နေကြသည်။ မနက် (၄) နာ ဘုန်းကြီးကျောင်းမှ တုံးခေါက်သောအခ အချိန်မှန်လာနေကျ နို့ခိုးသောက်သည့် သတ္တဝါကြီးလာနေလေတော့သည်။ သူ တို့(၄)ယောက်သည် ဝါးရင်းတုတ် ရို တ်ကောင်း တစ်ယောက်တစ်ချောင်း နှင့်ချိန်ရွယ်ပြီး အသင့်စောင့်နေကြသည် မြွေကြီးကတော့ သူ့ဘေးအန္တရာယ် မသိရှာဘဲ အေးအေးဆေးဆေးလာ သည်။ သူတို့(၄)ဦး တုတ်တွေအသင့် ကိုင်ဆောင်ပြီး စောင့်နေသည်။ မိုးလင်း ဝါလကလေးကွေးကွေး အလင်းရောင် ကလေးခပ်မှုန်မှုန်ဖြင့် ဖြည်းဖြည်းချ လာနေသော မြွေကြီးကို အနားရောက် သည်နှင့် တစ်ယောက်တစ်ယော အချက်ပေးပြီး မြွေကြီးခေါင်းကို ရိုက်ချ လိုက်သည်။ လူ(၄)ဦး တစ်ချက်ပြီးတစ် ချက် ရိုက်ထည့်လိုက်ရာ မြွေကြီးမှာ အန္တရာယ်ပြန်လည်၍မပြုနိုင်မီ သေဆုံး သွားလေတော့သည်။

မြွေကြီး၏အလျားမှာ (၈) တော ခန့် ရှိပါသည်။ ပေနှင့်ဆိုလျှင် (၇) ခွဲလောက်ရှိမည်ထင် ပါသည်။လုံးပတ် မှာ ယောကျ်ားခြေချင်းဝတ်ခန့်လောက် ရှိပါသည်။ ငန်းမြွေမှာ အမျိုးမျိုးရှိသည် ဟု ဆိုသည်။ ငန်းဝါ၊ ငန်းကျား၊ သံကွင်း စွပ်ဟု ဆိုသည်။ ကိုဘဲ၏ နွားမကြီးနို့ ခိုးစို့သည့် ငန်းမြွေမှာ ငန်းသံကွင်းစွပ်ဟု ဆိုသည်။ သံကွင်းကဲ့သို့ အကွင်းကွင်း တွေနှင့်မို့ ငန်းသံကွင်းစွပ်ဟုခေါ် ကြောင်း သိရသည်။

နွားမကြီးကို အန္တရာယ်မဖြစ် အောင် (အဆိပ်နှင့် မထိအောင်) နို့ခိုးစို့ သည့် ငန်းမြွေကြီးအား -

"တကယ့်မြွေကြီးဗျာ၊ နွားမကြီး နို့အဆိပ်မထိအောင်စို့တာ တကယ့်အံ့ လောက်ပါတယ်"

ဟု လာကြည့်သူတို့ ပြောကြလေသည်။

ကြုံစဖူး မြင်ဖူးမှုယုံစဖွယ် ဖြစ်ရပ်ဆန်းသည်။ ကိုရှမ်းအေး ဆိုသူမှလည်း ဤငန်းမြွေမျိုးပင်နို့လာစို့ကြောင်း ထပ်မံသိရပါသည်။ မြန်မာပြည်တစ်ဝန်းတွင်လည်း ဤဖြစ်ရပ်ဆန်းမျိုးရှိနေကြလေမည်လား။

မောင်ပင်းခိုင်



www.burmeseclassic.com

www.burmeseclassic.com

# နေပြည်တော်ကျော်ကျော်စိုး

# သွေးအန်သွေးလျှံဖြစ်ခဲ့ပါက

၂၀၁၃ ဝါတွင်းကာလ မိုးရာသီမှာ ကျွန်တော် မိုးကုတ်ကိုရောက်ပါတယ်။ မိုးကုတ်ဆိုတဲ့အတိုင်း မိုးတွေမပြတ်ရွာနေတဲ့ကြားမှာပဲ ကျွန်တော် နှစ်ပေါင်း (၁၀) မျှ ကျောက်တူးခဲ့တဲ့ ကျောက်ဖျာရွာလေးကို ရောက်ဖြစ်အောင်သွားပါတယ်။ မိုးတွေမပြတ်ရွာနေဆဲပါပဲ။

ရောက်တယ်ဆိုရင်ပဲ ကျွန်တော့် တွေ့ဖူးရှင် ကိုဘစိုး၊ မတင်ကြည်တို့ရဲ့ မြေး၊ ကိုဘစိုးတို့ရဲ့သားကြီး အပြူးခေါ် ကျော်မင်းနဲ့ သင်းသင်းနိုင်တို့ရဲ့သား ကျော်နန္ဒအောင်ဟာ သွေးအန်သွေးလျှံဝေဒနာကြောင့် မိုးကုတ်ဆေးရုံကြီးမှာ တင်ထားရကြောင်း သိရပါတယ်။

ဆေးရုံဆရာဝန်ကြီးတွေက ဘာမှ မှတ်ချက်မပေးသေးပေမယ့် လူတွေကတော့ လူခေးမီးယားခေါ် သွေးကင်ဆာလို့ထင်ကြကြောင်း မှတ်ချက်ပေးလျက်ရှိကြပါတယ်။ အဲဒါကြောင့် လူပြောသူပြောနဲ့ ခါဂျက်ဥလို့ခေါ်ကြတဲ့ မုန်လာဥနီကို အရည်ညှစ်ပြီးတိုက်ကြောင်းလည်း ပြောပြကြပါတယ်။ (၁၀)တန်းအောင်ပြီးတဲ့ ကျော်နန္ဒအောင်မှ ဒီရောဂါဖြစ်ရလေခြင်းဆိုပြီးတော့လည်း ဝမ်းမနည်းတနည်းပြောဆိုကြပြန်ပါတယ်။ အမှန်တော့ လူတွေဟာ သွေးအန်၊ နှာခေါင်းသွေးလျှံတာလောက်နဲ့ သွေးကင်ဆာဆိုပြီး မှန်းဆပြောဆိုနေကြခြင်းပါပဲ။ လူတွေဆိုတာ တစ်စိတ်ကို တစ်အိတ်လုပ်တတ်ကြတာထုံးစံပါ။

ကျွန်တော် ကလေးဘဝ မြန်တပြေး မုန်ကျောင်းမှာနေစဉ်တုန်းက သွေးလည်းအန်ဖူးပါတယ်။ တစ်ဆက်တည်း နှာခေါင်းသွေးတွေပါယိုစီးလာပါတယ်။ မုန်ကျောင်းဆရာတော်ကြီးကို သွားလျှောက်တော့ အသင့်ရှိနေတဲ့ ယောက်သွားကို မီးဖုတ်ပြီး အမှုန့်ထောင်းကာ ပျားရည်နဲ့ဖျော်ပြီး လျက်ခိုင်းတာပါပဲ။ အခုထိ သွေးအန်ဝေဒနာမပေါ်တော့ပါဘူး။ မျက်စိနဲ့ တပ်အပ်မြင်ခဲ့တဲ့ဆေးမို့ မှတ်မိနေခြင်း ဖြစ်ပါတယ်။ တကယ်ပျောက်တဲ့ဆေးပါ။ ယောက်သွားမရှိရင် ခရုခွံလည်းရနိုင်မယ်ထင်ပါတယ်။

မြန်မာ့ဆေးမြီးတိုတွေမှာတော့ ကျောက်ဖရုံသီးကို ထောင်းပြီး ပိတ်ပါးနဲ့ အရည်ညှစ်ပါ။ အဲဒီကျောက်ဖရုံသီး အရည်ကိုတိုက်ရင် သွေးအန်သွေးလျှံ ပျောက်ကြောင်း၊ ၄ နောက်တစ်နည်းက နနွင်းမှုန့်စစ်စစ် (၅)ကျပ်သား၊ လက်ထုတ်ခေါက်အမှုန့် (၅) ကျပ်သားတို့ကို ပွက်ပွက်ဆူအောင် ကျိုရပါမယ်။ ရလာတဲ့အရည်ကို ပျားရည်နဲ့ အသင့်အတင့်ထည့်ပြီး မကြာမကြာသောက်ပေးရင် ပျောက်ကြောင်း၊ နောက်တစ်နည်းက မုရားကြီးရွက်လက်တစ်ဆုပ်၊ သလဲသီးတစ်လုံး၊ သိန္ဓောတစ်ကျပ်သားတို့ကိုကျိုပြီး သကြားရည်၊ သကာရည်၊ ပျားရည် ရရာနဲ့ မကြာမကြာသောက်ပေးပါဆိုတဲ့ နည်းလေးတွေပဲ ဖြစ်ပါတယ်။

မြန်မာ့ဆေးမြီးတိုဆိုတာ လူတိုင်းအတွက်တော့ မဟုတ်ပါဘူး။ အချို့ ယူပစ်သလို ပျောက်တတ်ကြပေမယ့် အချို့ အရာမထင်တာလည်း အများအပြားရှိကြပါတယ်။ အလျဉ်းသင့်ရင် ပျောက်တယ်။ အလျဉ်းမသင့်ရင် မပျောက်တတ်ကြပါဘူး။ လူဆိုတာ တစ်ဦးနဲ့တစ်ဦး တူချင်မှတူကြတာပါ။ ပျောက်ရမယ်လို့ လျှော်ခါးထစ် တွက်ဆလို့မရပါဘူး။ ဘာပြုလို့လဲဆိုတော့ ဒါမျိုးတွေ ကျွန်တော်ကြုံခဲ့ဖူးလို့ပါ။

ဇော်ဂျီဦးထုပ်ဆိုတဲ့ ဖန်းခေါ် ဥရင်ကောက်ပင်တွေဟာ အများအားဖြင့် သစ်ပင်ပေါ်၊ ကျောက်တောင်ပေါ်၊ ကျောက်ဆောင်ပေါ်မှာ ပေါက်တာမို့ အာကာသဆေးပင်တွေပါ။ အလွန်စွမ်းပါတယ်။ လိပ်ခေါင်း၊ အူကျ ကျိုသောက်ရုံနဲ့ ပျောက်ပါတယ်။ အတွင်းရောဂါတွေလည်းပျောက်ပါတယ်။ ကျောက်ဖျာကနေ ဆေးဆောင်းပါးတွေရေးနေချိန်ပါ။

အဲဒီဆေးနည်းနဲ့ ကျွန်တော် နာမည်ကြီးနေချိန်မှာ ကျောက်ပြဿဒ်ကျောင်းမှာခေတ္တရောက်နေတဲ့ ဦးပဥ္စင်းဋ္ဌေးက ကျွန်တော့်ကိုခေါ်ပြီး ပြောပါတယ်။

"ဟေ့ကောင် ကျော်စိုး၊ မင်းရဲ့ ဇော်ဂျီဦးထုပ်က ငါ့လိပ်ခေါင်းကျတော့ မပျောက်ပါလားကွ။ ငါသောက်နေတာ ရက်အတော်ကြာပြီ"

လို့ ပြောပါတယ်။

အဲဒီမှာ ကျွန်တော်ထူပူသွားပြီး -

"အခြားလူတွေတော့ ပျောက်ကြပါတယ်။ အရှင်ဘုရားလည်း စွဲသောက်ကြည့်ပေါ့ဘုရား"

လို့ ပြန်လျှောက်ရပါတယ်။

အဲဒီကျမှ ဆေးမြီးတို ဆိုတာ လူတိုင်းလည်း မပျောက်တတ်ပါလားလို့ သဘောပေါက်ရတာပါ။

သွေးအန်သွေးလျှံဝေဒနာနဲ့ ပတ်သက်ပြီး တစ်နေ့မှာ ကျွန်တော်နဲ့ ကျွန်တော့်ယောက်ဖ မောင်မြအေးတို့ စကားစပ်မိကြပါတယ်။

မောင်မြအေးက -

"ကျွန်တော် ရန်ကုန်မှာနေတုန်းက သွေးတွေလည်းဆက်တိုက်အန်တယ်။ နှာခေါင်းသွေးကလည်း မကြာမကြာလျှံတဲ့ဝေဒနာဖြစ်ဖူးတယ်ဗျ။ ဒီလိုပဲ ဆေးခန်းသွား ဆေးထိုး၊ ဆေးစားနဲ့ သက်သာတာပဲရှိတယ်၊ အရှင်းမပျောက်ဘူး။ လည်ချောင်းထဲက သွေးကြောမျှင်လေးတွေပေါက်တာလို့ ပြောတာပဲ။ လူလည်း သွေးအန်အန်နေရတော့ စုတ်ပြတ်နေတာပေါ့ဗျာ။ အားလည်း မရှိတော့ဘူးပေါ့။ ဒါနဲ့ အစ်မတွေက မြန်မာဆရာခေါ်လာပါတယ်။ သိမ်ဖြူအဖွဲ့ကပြောတာပဲ။ သူကျတော့ မက်လင်ချဉ်မှုန့်နဲ့ မုရားကြီးရွက်ပြုတ်ရည်ကို တိုက်တာပဲ။ အဲဒီကျမှ သက်သာတော့တယ် အစ်ကိုလေးရေ။ ကျွန်တော်လည်း ဆေးနည်းသိသွားတဲ့အခါ ဈေးထဲ ပရဆေးဆိုင်က မက်လင်ချဉ်မှုန့်ဝယ်ပြီး မုရားရွက်ပြုတ်ရည်နဲ့ ကိုယ့်ဟာကိုယ်စွဲသောက်တာ အဲဒီဝေဒနာအရှင်းပျောက်သွားတော့တာပဲဗျ။ မက်လင်ချဉ်ဆိုတာ ဈေးထဲက ပရဆေးဆိုင်မှာ ဈေးမကြီးပါဘူး။ ပေါပါတယ်ဗျာ။ မုရားကြီးရွက်ကတော့ စိုက်ထားရင် အလွန်ပွားတဲ့အပင်မျိုးပါ၊ ပေါပါတယ်။ သွေးအန်သွေးလျှံဖြစ်လို့ကတော့ အဲဒါကျွန်တော့်ကိုယ်တွေ့ဆေးပဲဗျို့"

လို့ ပြောပြခဲ့ပါတယ်။ ဒါကိုလည်း ခေါင်းထဲမှာ ထည့်ထားပြီးသားပါ။ ကျော်နန္ဒအောင် ခုလိုဖြစ်နေတာဆို



www.burmeseclassic.com

www.burmeseclassic.com

တော့ အထက်ပါဆေးနည်းတွေကို ကျွန်တော် စဉ်းစားမိပေမယ့် သူတို့က သွေးကင်ဆာထင်နေတဲ့အခါ ဘယ်လိုမှ မပြောသာပါဘူး။ ပြောလို့လည်း နားဝင်မှာ မဟုတ်သလို ဆေးရုံမှာတင်ထားတာ ဆိုပြန်တော့လည်း ပြောခဲ့ရင် ဘွားသိလနဲ့ဘီးလို ဘယ်လိုမှစပ်ဟပ်လို့ရမှာမဟုတ်ပါဘူး။ ဒါနဲ့ ကျောက်ဖျာမှာ (၂) ညအိပ်ပြီး မိုးကုတ်ပြန်ရောက်တာနဲ့ ဆေးရုံကြီးသွားပါတယ်။ကျော်နန္ဒအောင် အိပ်ပျော်နေပါတယ်။ သူ့အဘွား ဒေါ်တင်ကြည်နဲ့ သူ့အမေ သင်းသင်းနိုင်တို့ကို တွေ့ရပါတယ်။ သင်းသင်းနိုင်က ကျွန်တော့်အကြောင်းသိတော့ အားကိုးတကြီး တိုးတိုးမေးပါတယ်။

"လေးကျော်စိုး၊ သွေးကင်ဆာဖြစ်ရင် မုန်လာဥနီအရည်ညှစ်တိုက်ရတယ် ဆို"

"အရည်ညှစ်စရာ မလိုဘူးကွ။ ပါးပါးလှီးပြီး ဖျော်ရည်ဖျော်စက်ထဲကို ထည့်ပြီးရင် သကြား၊ နို့ဆီအသင့်အတင့် ထည့်ပြီး မွှေပေါ့ကွာ။ အဲဒီဖျော်ရည်ကို များများသောက်နိုင်ရင် ကောင်းတယ်"

"ဟင်း - ကျွန်မကဖြင့် မသိလို့ အရည်ညှစ်တိုက်နေတာ။ တစ်ခါညှစ်ရင် တစ်ပီသသာလောက်ညှစ်မှ အရည်နည်းနည်းပဲရတာ။ ဒါဆို ဖျော်ရည်လုပ်တိုက်ရမှာပေါ့နော်"

"ဟုတ်တယ်၊ ဖျော်ရည်လုပ်တိုက်ရတာ။ အဲဒီရောဂါမှန်ရင်တော့ အိမ်ရောက်ရင် သူ့ကိုပျားမွေးခိုင်းပေါ့ကွာ။ တစ်နေ့ကို ပျားလေး၊ ငါးကောင်အတုပ်ခံရင် အဲဒီပျားဆိပ်ကလည်း ရောဂါကို ကုပေးနိုင်စွမ်းရှိတယ်လို့ စာထဲမှာဖတ်ဖူးတယ်။ ဒါမှမဟုတ် ကြွသရမှုလီပင်စိုက်ထားပြီး တစ်နေ့တစ်ရွက်လောက် ဝါးစားပေးရင်လည်း ပျောက်နိုင်တယ်။ မင်းတို့ဆီ တောထဲမှာရော ထင်းခြံတွေမှာပါ သဘာဝအလျောက်ပေါက်နေတဲ့ကြွသရမှုလီပင်တွေ ပေါမှပေါပါကွာ။ ခက်တာက မင်းတို့လည်း အဲဒီအပင်ကိုသိကြမှာ မဟုတ်ဘူး။ ငါက ဒီမှာမနေတော့လည်း ခက်တယ်ကွ။ တကယ်လို့ နွားခေါင်းသွေးတွေထပ်ပြီးလှူခဲ့ရင် ငါနည်းပေးခဲ့မယ်၊ မင်းမှာ သော့ပါလား"

"ပါတယ် လေးကျော်စိုး"

"ပါတယ်ဆိုရင် နွားခေါင်းသွေးယိုတာနဲ့ ဘယ်ဘက်ကယိုရင် 'ဘယ်ဘက်က လည်ပင်းသွေးကြောမကြီး၊ သော့နဲ့ စတီသဘောခတ်ပြီးပိတ်လိုက်ပြီ' လို့ပြောလိုက်။ ချက်ချင်းရပ်သွားလိမ့်မယ်။ ညာဘက်ဆိုရင်လည်း ညာဘက်သွေးကြောမကြီးကို ပိတ်ပေါ့ကွာ။ ဒါဆိုရင် သွေးလုံးဝရပ်သွားလိမ့်မယ် မမေ့နဲ့နော်။ ဒါလုပ်တာ ဘာမှမပင်ပန်းဘူး"

"ဟုတ်ကဲ့ လေးကျော်စိုး"

ကျော်နန္ဒအောင်အတွက် မှာစရာရှိတာ တိုးတိုးမှာပြီး မတွေ့တာကြာပြီဖြစ်တဲ့ ကျွန်တော်တို့ စကားလက်ဆုံပြောဖြစ်ကြပါတယ်။ သင်းသင်းနိုင် ကျော်နန္ဒအောင်ကို မွေးပြီးနောက်မှာ ကျန်းမာရေးချို့တဲ့လာပါတယ်။ ဆေးခန်းသွားရတာ အကြိမ်ကြိမ်ပါ။ ဒါနဲ့ ကာလအတန်ကြာလာပါတယ်။ ဝေဒနာက သက်သာမလာပါဘူး။ ပိုက်ဆံကလည်း ကုန်လိုက်တာ သောက်သောက်လဲပါပဲ။ ချမ်းသာလို့သာတော်ပါတော့တယ်။

တစ်နေ့မှာ သင်းသင်းနိုင်က ကျွန်တော့်ကို ပြောပြပါတယ်။

"လေးကျော်စိုး၊ သမီးရောဂါအကြာလေဆိုးလေဆိုးလာတယ် မသက်သာဘူး"

"ဆရာဝန်က ဘာရောဂါလို့ ပြောတာလဲ"

"နှလုံးရောဂါလို့ ပြောတာပဲ။ နှလုံးရောဂါ စဖြစ်တာတဲ့"

"ဟုတ်လား။ ဘာလဲ မင်းက ဆေးစားချင်လို့လား"

"ဟုတ်တယ်။ အဲဒါ လေးကျော်စိုး တတ်နိုင်ရင် ကုပေးပါလို့ ကျွန်မကပြောမလို့"

"အေးကွာ ရပါတယ်။ အနာသိရင် ဆေးရှိတာပေါ့"

လို့ ပြောပြီး ကျွန်တော်အသင့်ဆောင်ထားတဲ့ တောင်ကြာဥမှုန့်ကို ပျားရည်နဲ့ စားစေပါတယ်။ အနာနဲ့ ဆေးတည့်တဲ့အခါ သိပ်မကြာဘူး။ အရွယ်ကောင်းတော့ကာ ခဏနဲ့ ဝဖိုးလာပါတယ်။ သိပ်ပြီးမကြာလိုက်ပါဘူး။ သင်းသင်းနိုင်ဟာ တတိယကိုယ်ဝန်ဆောင်တော့တာပါ။ ဒါ ကျွန်တော်ကျောက်ဖျာမှာနေစဉ်က သင်းသင်းနိုင်ရဲ့နှလုံးရောဂါကိုကုပေးခဲ့ခြင်းပါ။ အဲဒါကြောင့်လည်း ကျွန်တော့်ကို အားကိုးခြင်းပါပဲ။ ခုထိလည်း အလှမပျက်ရှိနေဆဲပါ။

ဒီလိုနဲ့ အချိန်တန်တဲ့အခါ ကျွန်တော် မိုးကုတ်ကနေ ယခုနေထိုင်ရာ နေပြည်တော်ကိုပြန်ခဲ့ရပါတယ်။ ဒါပေမယ့် ကျော်နန္ဒအောင်က စိတ်ထဲစွဲပြီး ပါလာပါတယ်။ ကာလအတန်ကြာတဲ့အခါ နေပြည်တော်ကနေ့ မိုးကုတ်ကျောက်ဖျာက ကိုကျော်တင်၊ မခင်စန်းလှိုင်တို့အိမ်ကို ဖုန်းဆက်ဖြစ်ပါတယ်။ သူတို့ရဲ့သမီး မအိ က ဖုန်းကိုင်ပါတယ်။ မာကြောင်းသာကြောင်းတွေပြောအပြီးမှာ ကျော်နန္ဒအောင်အကြောင်း မေး ကြည့်ဖြစ်ပါတယ်။

ကျော်နန္ဒအောင်နေကောင်းသွားပြီဖြစ်ကြောင်း။ သွေးကင်ဆာမဟုတ်ကြောင်း၊ သွေးအန်သွေးလျှံဝေဒနာဖြစ်ကြောင်း သိရပါတယ်။ ဝမ်းသာလိုက်တာ ပြောစရာမရှိတော့ပါဘူး။ ကာယရှင်တွေဆိုတာကတော့ ကျွန်တော့်ထက် ဝမ်းသာကြမှာပါ။ ဒီလိုမှန်းသိရ မောင်မြအေးပြောပြတဲ့ မက်လင်ချဉ်မှုန့်နဲ့ မုရားကြီးရွက်ပြုတ်ရည်အကြောင်း ပြောပြဖြစ်ပါတယ်။

မိုးကုတ်ရဲ့ တောတွေထဲမှာ မက်လင်ချဉ်အပင်တွေရှိတယ်။ မိုးရာသီမှာ သီးကြတယ်။ အသီးက ပန်းသီးနီ ရှိတယ်။ သူက အပင်ကြီးမျိုးဖြစ်တဲ့အကြောင့် ခြင့်မားစွာရှိနေကြပါတယ်။ ဘယ်သူမှအရေးမထားကြပါဘူး။ တန်ဖိုးရှိမှန်းလည်း မသိကြတာများပါတယ်။

မုရားကြီးပင် ဆိုတာကတော့ ရွာထဲစည်းရိုးတွေနဲ့ ရွာပြင်တောထဲ လျှောက်မှာ အလွန်ပေါပြီး ဖြစ်ထွန်း ပါတယ်။ သဘာဝပေါက်ပင်တွေ မိုးကုတ်မှာတော့ ထင်းခုတ်ဆိုက်ကြ ပါ။ အောက်ပြည်အောက်ရွာတွေမှာ တော့ တယုတယစိုက်ကြရတာ မိုးကုတ်ကျတော့ ပေါင်လုံးလော အပင်ကြီးတွေတောင်ရှိတယ်။ ဆေး အသုံးကျမှန်း သိပ်မသိကြဘူး။ မုရား လို့မသိဘဲ မယားကြီးရွက်လို့ပဲ သိ တယ်။

မိန်းကလေးတွေ သွေးဝေဒနာဖြ ရင် သူ့ကိုပြုတ်သောက်လိုက် အလွ အပျောက်မြန်တာကို နေပြည်တော်မှ တွေ့ရတယ်။ ဒီအခါကျမှ ဒီအပင်တွေ တန်ဖိုးကို နားလည်တာပါ။ 'မသိ ကျော်သွား၊ သိသူဖော်စား' ဆိုတာ ဒါ ပြောတာနေမှာလို့ သဘောပေါက်ရ တယ်။

သွေးအန်သွေးလျှံဖြစ်နေခဲ့ပါ အဆင်မပြေဖြစ်နေခဲ့ရင် အထက် မြန်မာ့ဆေးနည်းလေးတွေနဲ့ သူတစ် အသက်ကို ကယ်တင်နိုင်ပါကြောင်း တင်ပြလိုက်ရပါတယ်။

ချမ်းမြေ့ကြ

နေပြည်တော်ကျေးကျော်




www.burmeseclassic.com

www.burmeseclassic.com

ပြည်မြန်မာ့ဇာတာသိဟ်ရာသီပြောင်း

# မန်ဒိန်းဇာတာဟောကိန်း

(၁၇-၈-၂၀၁၄) နေ့မှ (၁၆-၉-၂၀၁၄) နေ့အထိကာလ



၁၇-၈-၂၀၁၄ နေ့ည (၉း၃၄း၁၂) နာရီအချိန်တွင် တနင်္ဂနွေဂြိုဟ်သည် သိဟ်ရာသီသို့ ကူးပြောင်းဝင်ရောက်သည့်အခါ၌ ဥဒယလဂ်သည် မိန်ရာသီ၏ (၂၈) ဒီဂရီ (၄၄) မိနစ်တွင် ပေါ်ထွန်းလာပါသည်။ ဤသို့ဖြင့် သိဟ်ရာသီပြောင်း မန်ဒိန်းဇာတာခေါ် သိဟ်ရာသီ စူဠသင်္ကြန်ဇာတာပေါ် ပေါက်လာခဲ့ရတော့သည် ဖြစ်၏။

ဤဇာတာ၏ ထူးခြားချက်မှာ ကြာသပတေးဂြိုဟ်နှင့် သောကြာဂြိုဟ်၊ အင်္ဂါဂြိုဟ်နှင့် စနေဂြိုဟ်တို့သည် (၄) ဒီဂရီအတွင်းပူးနေကြသည်။ ကမ္မဘာဝချုပ်နှင့် ပလူတိုဂြိုဟ်တို့သည် (၃) ဒီဂရီအတွင်းပူးနေသည်။ ဥဒယလဂ်သည် ကိတ်ဂြိုဟ်နှင့် (၂) ဒီဂရီအတွင်းပူးနေပြီး ယူရေးနပ်ဂြိုဟ်က ဗျာယဘာဝကနေပြီး (၈) ဒီဂရီအတွင်း ပူးနေသည်။ နောက်နက်ပကျွန်းဂြိုဟ်နှင့် ဗုဒ္ဓဟူးဂြိုဟ်တို့သည် ဘာဝအတွင်း ဝိသမမြင်နေကြလျက် ကြာသပတေးဂြိုဟ်နှင့် ပလူတိုဂြိုဟ်တို့ ဂြိုဟ်ပြိုင်ဖြစ်နေမည်။

၎င်းတို့ကို အနှစ်ချုပ်၍ လိုရင်းဆိုရသော် အများအားဖြင့် အုပ်ချုပ်ရေးမဏ္ဍိုင်၏ ဆောင်ရွက်ချက်များ အောင်မြင်နေတတ်မည်။ မီးလျှံထဲမှကြာပွင့်လိုခိုင်မာပြတ်သားသော ရပ်တည်ချက်ကို ဖော်ပြနိုင်လိမ့်မည်။ ဝိရောဓိများ၊ပဋိပက္ခများ ဖြေရှင်းမှုကို နိုင်နိုင်နင်းနင်း ဆောင်ရွက်နိုင်လိမ့်မည်။ သို့သော် ပုဂ္ဂိုလ်ရေးတိုက်ခိုက်ခံရမှုများ၊ ဂုဏ်သိက္ခာထိပါးခံရမှုများရှိမည်။ ပုဂ္ဂိုလ်ရေးအမှားအယွင်းဖြုလုပ်မိမှုများလည်းရှိလိမ့်မည်။ အမျိုးသမီးလူကြီးမင်းတစ်ဦးအတွက် စိတ်မကောင်းဖြစ်ရလိမ့်မည်။

ဥပဒေပြုရေးမဏ္ဍိုင်၌ ယေဘုယျအားဖြင့် တိုးတက်မှုတစ်စုံတစ်ရာရှိနေသော်လည်း ဝိဝါဒကွဲပြားမှု၊ ငြင်းခုံမှုများ စွပ်စွဲပုတ်ခတ်မှုရှိမည်။ ပညာရေးဆိုင်ရာ ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ၌ တိုးတက်မှုတချို့ကို ဖော်ဆောင်နိုင်လိမ့်မည်။ ဘာသာရေးဆိုင်ရာ၊ အမျိုးသားရေးဆိုင်ရာ၊ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ၊ ဥပဒေဆိုင်ရာတို့နှင့် နီးနွယ်လျက် အငြင်းခုံမှုများ၊ ဖော်ဆောင်လိုမှုများ ခက်ထန်လာလိမ့်မည်။ တရားစီရင်ရေးမဏ္ဍိုင်၌ ပိုမိုကြီးလေး၍ စိတ်မချမ်းမြေ့စရာကောင်းသော အလှည့်အပြောင်း အတိမ်းအစောင်းများကို တွေ့ရလိမ့်မည်။

ငွေရေးကြေးရေး၊ ဘဏ္ဍာရေးကိစ္စ၊ အခွန်အကောက်ကိစ္စ၊ ဘဏ်လုပ်ငန်းတို့အကောင်းဘက်သို့ ရည်ညွှန်းနေသော်လည်း တချို့နေရာ၌ မနှစ်မြို့စရာ မအီမလည်မှုများ ရှိနေမည်။

ပြည်ပအဖွဲ့အစည်းများ၊ NGO INGO အဖွဲ့အစည်းများ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများနှင့် နီးနွယ်လျက် ဒုက္ခသည်စခန်း၊ ပရဟိတလောက၊ ဆေးရုံ၊ အကျဉ်းထောင်တို့နှင့် ယှက်နွယ်လျက် စောဒကတက်မှုများ၊ စိန်ခေါ်မှုများ၊ ထိပ်တိုက်တွေ့မှုများ လှုပ်ကြွလာမည်။ နယ်စပ်ရေးရာနှင့် လုံခြုံရေးဆိုင်ရာများ၊ နိုင်ငံတကာ ဆက်ဆံရေးဆိုင်ရာများ၊ လက်နက်ကိုင်ပဋိပက္ခဆိုင်ရာများ၊ အကြမ်းဖက်ပဋိပက္ခဆိုင်ရာများ၊ ဘာသာရေးသဘောဆောင်လူမျိုးရေးသဘောဆောင်ပဋိပက္ခဆိုင်ရာများတို့နှင့် ဆက်နွယ်နေသော တက်ကြွလှုပ်ရှားမှုများ၊ စိန်ခေါ်မှုများ တင်းမာခေါင်းထောင်လာနိုင်သည်။

တိုင်းရင်းသားဒေသ၌ တိုးတက်မှု တစ်စုံတစ်ရာရှိနေသော်လည်း ပဋိပက္ခဖြစ်မှု၊ ဝိရောဓိဖြစ်မှု၊ သဟဇာတမကျမှုတို့က နားလည်မှုလွဲနိုင်ဖွယ်ရာရှိနေလိမ့်ဦးမည်။ ခေတ်ငွေ၊ ရေနံ၊ လျှပ်စစ်ဓာတ်အားတို့နှင့် ဆက်စပ်နေသော စိန်ခေါ်မှုများ၊ အရေးဆိုတက်ကြွလှုပ်ရှားမှုများရှိနေဦးမည်။ အနုပညာလောက၊ ပညာရေးလောက၌ အောင်မြင်မှုအလံထူချင်စရာကောင်းနေသော်လည်း တစ်ဖက်တွင် မူးယစ်ဆေးဝါးနှင့် ဆက်နွယ်နေသော သတင်းများ၊ စိတ်မချမ်းမြေ့ဖွယ်ရာကြားနေရလိမ့်မည်။ အပျော်အပါးဆိုင်ရာနေရာ၊ အနုပညာဆိုင်ရာနေရာ၊ ပညာရေးဆိုင်ရာနေရာများ၌ စိတ်မကောင်းစရာ အမှုအခင်းများ ဖြစ်ပေါ်နိုင်သည်။ ကလေးသူငယ်၊ အမျိုးသမီးနှင့်ပတ်သက်နေသော ရာဇဝတ်မှုခင်းများ တစ်ကျော့ပြန် ဦးမော့လာနိုင်သည်။


ယေဘုယျအားဖြင့် ရာသီဥတုကောင်းတတ်သဖြင့် စိုက်ပျိုးရေးသမားများ စိတ်ချမ်းသာရတတ်မည်။ သို့သော်ရုတ်တရက် မိုးကြီးတတ်မှု၊ ရေကြီးတတ်မှု၊ လေပြင်းကျတတ်မှုများရှိနိုင်သေးမည်။ ဆည်၊ မြောင်း၊ တာတမံ၊ ရေကာတာများနှင့် နီးနွယ်နေသော ရလဒ်ဆိုးများ ကြုံတတ်သည်။ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးဆိုင်ရာ ယာဉ်ရထားများ မတော်တဆဖြစ်ပွားတတ်မည်။ မီးဘေး၊ လက်နက်ဘေးအနည်းငယ်ရှိသည်။

မင်းရိုနိုအောင်



www.burmeseclassic.com

www.burmeseclassic.com



ဖိုးထွန်းအောင်သည် သူကိုင်နေကျ နွားနှင်တံကို ကိုင်ဆောင်လျက် အိမ်သို့ ရောက်လာသည်။ ကျောင်းဒကာ သူကြီးမင်း ဦးဖိုးရွှေသည်လည်း ပါလာ၏။ ကျွန်ုပ်၏တူ ဖိုးထော်ဦးနှင့် သူ့သား မောင်ဘဆန်းတို့မှာ စလင်းမြို့တွင် ရဲဘော်ဖြူတပ်မှုဗိုလ်များဖြစ်၍ ခြောက်လုံးပြူးကိုယ်စီနှင့် အစည်းအဝေးတို့တွင် ပြောရေးဆိုခွင့်ရှိလေစွ။ ကျွန်ုပ်သား မောင်ဆိတ်ဖွားသူငယ်ချင်း မောင်ရီ၊ မောင်အေးဘ၊ မောင်စိန်ဝင်း၊ မောင်ဘသီတို့သည်လည်း ကျောင်းသားရဲခေါင်တပ်ဖွဲ့၍ သူတို့လည်း ကျောင်းသားဗိုလ်တွေဖြစ်ပြီ။ခေါင်းမှာ အမောက်၊ လည်မှာ ခလောက်၊ ခါးမှာ ခြောက်ဟု တစ်မြို့လုံးက သတ္တုလတ်နက်ပြာရောင်၊ အစိမ်းရောင်၊ ကာကီရောင်ယူနီဖောင်းနှင့် လက်နက်ကိုင်တို့သည် စက်ဘီးနှင့် တစ်မျိုး၊ ခြေကျင်ဖြင့်တစ်သွယ်၊ ဂျစ်ကားစီးအဆင့်ကတစ်မျိုးဖြင့် စစ်ဆင်ရေးလား ဂေါ်ရေးလားမသိ တစ်မိုးလုံး ဖျောက်ဆိပ် ဆိုဘိအလား လမ်းသလားကြသည်မှာ မြို့ပေါ်တွင် သူတို့ချည်းဖြစ်တော့သတည်း။

ကျွန်ုပ်တိုက်ရှေ့ရှိ မန်ကျည်း... အောက်ရှိ ဝါးကွပ်ပျစ်ပေါ်တွင် ... ဇနီး မယ်ဂိုင်၏တပည့် မယ်... သင်ဖြူးခင်းပြီး နံနက်စာ တော်... မုန်း၏ပေါင်မုန့်တို့ဖြင့် ဧည့်ခံလေသည်...

"ခင်းဘူးက တိုင်းတန်၊ မိုး... ပြည်သိမ်း၊ ပြည်ငြိမ်း ဆိုတဲ့ အ... ကြီးတွေ ဒီကနေ့မနက်ရောက်... တယ်။ ပြောင်းဝက (၃) လက်မ... လောက်ရှိပါရဲ့။ တစ်လက်ကတော့ ... လက်မလောက်ရှိလိမ့်မယ်"

ဟု ဖိုးထွန်းအင်က စပြောသည်။

ကိုလိုနီခေတ်မြို့အုပ်ကြီးတစ်ဦးမှတ်တမ်း

# အနောက်တံခါးမှူးမောင်မှူး

တတိယအင်္ဂလိပ်-မြန်မာစစ်ပွဲ၌ ဗြိတိန်တော်ဝင်ရေတပ်ကလူ



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းတော သူကြီးမင်းကတော့ သိပ် ကောင်းမပြောသော်ကြီးက တရားသူကြီး တရားငိုင်ရာ၌ အောက်ပါလေးပါးကောင်း သည်ဟု ကျော်ဖော်သည်။ သားငယ်က နိုင်ငံရေးသမား ဖြစ်တော့ သူကလည်း ဗိုလ်ချုပ်ရှိုး တောရှိသို့ သို့အတွက် -

ပုံထွန်းအောင် ဆက်ပြီး -

“တော်စုံအခြုံ ရောက်ကဆိုပြီး ရှုတော်ခံတွေ့ရသည်း ပါသေးတယ်”

ဟု သူတော်ဆက်၏။

ကျွန်ုပ်သည် [illegible] လှုပ်လက်စ နွား ရှိပ်ကလေးကို ... လက်မှချလိုက်ရလေ သည်။ [illegible] ဖြန့်မှုသည် ကျွန်ုပ် အငန်းအင်း [illegible] ရောက်လာပြီ စစ်သေသော ... မှမဟုတ် ရောက် ဖေဖောင်သော ကျွန်ုပ်၏ ကလေးတွေ နိုင်ငံရေးကျွမ်းကျင်သော အကောင်းမခံနိုင်။



www.burmeseclassic.com

www.burmeseclassic.com

"ဖိုးထွန်းအင်ပြောတဲ့ အမြောက်ကြီးတွေက ကျုပ် မင်းဘူးမှာ စစ်ပြီးစ နယ်ပိုင်ဝန်ထောက်လုပ်တော့ ဇီးအိုင်ဆိုတဲ့ရွာနဲ့ လေးပင်ဆိုတဲ့ရွာတွေက အမ်းလမ်းမတော်ပေါ်မှာရှိသဗျ။ အရပ်စကားအရပြောပါဦးဆိုရင် မင်းဘူး-ငဘဲလမ်းပေါ်မှာရှိတယ်။ အဲဒီမှာ ဂျင်နရယ်လီးဂရန့်အမျိုးအစား တင့်ကားပျက်ကြီး (၂) စီး၊ (၃) စီးတွေ့တယ်။ အမြောက်ပျက်ကြီးတွေလည်းရှိတယ်။ အဲဒါတွေကို မင်းဘူးမှာရှိတဲ့ အဒေါ်တုပ်ရဲ့ခင်ပွန်း မျက်နှာဖြူအင်ဂျင်နီယာကြီးရဲ့ ဝပ်ရှော့က တွင်ခုံမှာပြင်ပြီး ခင်ဗျားတို့ပြတာပါ။ ဆည်ရုံးက ဒေါ့ဂျစ်တွေကို သံချပ်ကာကားလုပ်တာလည်းသိတယ်။ အမြောက်တို့၊ သေနတ်တို့ဆိုတာ ဒိုင်းခနဲ အသံထွက်အောင်လုပ်ရတာကလွယ်တယ်။ ပစ်ရင်ပစ်မှတ်ချိန်ရတယ်။ သူတို့မှာချိန်ဖို့မှန်ပြောင်းမရှိဘူးတဲ့ဗျ။ ပစ်စရာကျည်ဆန်ကို ယမ်းထည့်ဖို့ရှိတယ်။ ကျည်ဆန်ထိပ်ဖူးတွေက တစ်ဆင့်ကွဲဖို့ မရတော့ဘူး။ မိုးဒဏ်လေဒဏ်နဲ့ ပျက်စီးပြီး သံတုံးကြီး လေထဲပစ်လိုက်သလိုပဲနေသတဲ့။ အဲဒါတွေ အားကိုးပြီး တကယ့်ဟာနဲ့ယှဉ်ရင်တော့ ကလေးတွေနာတော့မှာပဲ"

ဟု ပြောရသည်။


အရင်တစ်လောက မောင်အေးဘက ရန်ပုံခွင်းသေနတ်အကြောင်းပြော၍ မော်တာကို အစားထိုးရန် ချိုင့်ရွာလုပ်မော်စတိန်း အမြောက်အကြောင်းပြောရာ 'ရှေ့ခြောက်၊ နောက်လေး၊ ငါပါတစ်ဆယ်တစ်' ဆိုသော ခေတ်သစ်အမြောက်ပစ်လက်ာကို ရှင်းပြရသည်။ အမြောက်ပစ်မည့်သူက အမြောက်မောင်းဆွဲခါနီးတွင် အထက်ပါစာကိုရွတ်ရာ အနားမှ ဂါထာရွတ်သည်ထင်၍ မေးရာ -

"ငါ ခုပစ်လိုက်လျှင် ရှေ့၌ရှိသော ရန်သူ (၆) ဦး သေအံ့။ အမြောက်နောက်ရပ်လျက်ရှိသော (၄) ဦးလည်း သေအံ့။ ပစ်သော ငါပါသေလျှင် (၁၁) ဦးဟု ဆိုလိုတယ် သတိထား"


ဟု ဆုံးမရ၏။ ထိုအကြောင်းကို ပြောပြရ၏။

ထိုမှတစ်ဆက်တည်း -


"လက်နက်တွေဆိုတာ စီးပွားမနေ ရှိသလို ထွင်ကိုင်တာ။ မနေ့ကလက်နက်နဲ့ ခုလက်နက်က တူတာမဟုတ်ပါဘူး ဆန်းလာတယ်။ ပစ်မှတ်ကို အတိအကျမှန်တယ်။ ဟိုအရင်ကဆိုရင် သေနတ်ကို



စစ်သင်္ဘောတစ်စင်းအစောင့်နှင့် ၁၈၈၅ ခုက သူရိယသင်္ဘော သီပေါမင်းသယ်ဆောင်လာစဉ်



ခရစ်နှစ် ၁၈၆၂ ခုနှစ်မှာပေါ်ပြီး အင်္ဂလိပ်များက အာဖရိကတွင် နယ်ချဲ့ရာ၌ စစ်သုံးပြီး တတိယအင်္ဂလိပ်-မြန်မာစစ်ပွဲတွင် စစ်ရေယာဉ်များ(ရောဝတီ၊ ကက်သလင်းမှာကဲ့သို့ ရေယာဉ်များ) တွင် တပ်ဆင်ပြီး တိုက်ခဲ့သည့် ဂက်သလင်းသေနတ်



ဂျပန်ခြေလျင်တပ်သုံး (၇၅) မီလီမီတာ/ အမှတ် ၉၄ တောင်ပေါ်ပစ်အမြောက် (တိုင်းတုန်လို့ပြထားတဲ့ ရဲဘော်ဖြူအမြောက်မျိုး)



www.burmeseclassic.com

www.burmeseclassic.com



၁၉၅၀ ပြည့်နှစ် တပ်မတော်မှအသုံးပြုလျက်ရှိသော (၆) ပေါင်ဒါတင့်ကားပစ်အမြောက် (ကျည်ဆန်က ၇ မျိုးလောက်သုံးတယ်။ သံချပ်ကာခွင်းကျည်၊ လေထဲမှာ လိုရာရောက်မှကွဲတဲ့ကျည်၊ ပစ်မှတ်ထိမှ ယမ်းဘီလူးဖုံးကကွဲတဲ့ကျည်၊ မီးလောင်ဗုံးကျည် စတဲ့ ကျည်ဆန်တွေနဲ့ ပစ်နိုင်တယ်)



ပြောင်းဝကနေပြီး ယမ်းထိုးကြသဗျ။ ခုရန်ပုံခွင်းသေနတ်လိုပေါ့။ အင်္ဂလိပ်-မြန်မာစစ်ပွဲတွေမှာ မြန်မာဘက်က ပြောင်းဝကနေပြီး ယမ်းထိုးသေနတ်တို့ အမြောက်တို့သုံးနေတုန်းပေါ့။ အင်္ဂလိပ်က အာဖရိကမှာသေနတ်စမ်းပွဲတွေလုပ်နေပါပြီ။ သေနတ်ကို ပြောင်းဝတ ယမ်းထိုးရန်မလို၊ ယမ်းတောင့်နဲ့ ပြောင်းရင်းကထိုးပြီးပစ်တဲ့သေနတ်က ပေါ်ပြီဗျ။ ဒက်သလင်းခေါ်တဲ့ စက်သေနတ်လည်းပေါ်ပြီ။ အမြောက်မှာလည်း ပြောင်းဝက ယမ်းထိုးတဲ့ အမြောက် (Muzzle loader)၊ ပြောင်းရင်းကနေထိုးတဲ့အမြောက် (Breech loader) တွေသုံးပြီ။ ကျည်ဖူးလည်း ဗုံးဆန်လိုကွဲတဲ့ ကျည်ဖူးတွေသုံးပြီ။ လက်နက်အရာမှာ တွာတယ်။ သတ္တိဘယ်လောက်ရှိရှိ လက်နက်ရိက္ခာမှာ သာတဲ့သူကနိုင်တာပါပဲ။

အာဖရိကမှာ ရှော့ဒရစ်တိုက်ပွဲအကြောင်းပြောရဦးမယ်။ စက်သေနတ်ပေါ်တော့ နိုင်ငံအချို့က တစ်မိနစ်လျှင် ကျည်ဆန် (၆၀၀) မျှထွက်တဲ့ စက်သေနတ်ကို ကြိုက်ပါရဲ့။ ကျည်ဆန်ဖိုးမခံနိုင် တွက်ခြေမကိုက်တော့။ အင်္ဂလိပ်က ဈေးချိုချိုရတာနဲ့ လုပ်ပိုင်ခွင့်ပါ စက်သေနတ်ဝယ်တယ်။ သူက နယ်ချဲ့မှာကိုး။ စက်သေနတ်စမ်းဖို့က အာဖရိကမှာ စစ်တိုက်ရာမှာ အလွန်တော်တယ်။ သူ့နယ်ထဲမှာ ဘယ်သူမှ နယ်ချဲ့တာ မကြိုက်ဘူး။ သူတို့သဘာဝ အေးဆေးစွာနေတဲ့ ဇူးလူးတွေပိုင်တဲ့ ရှော့ဒရစ်တောင်တန်းပေါ်မှာ ယူနီယမ်ဂျက် အလံစိုက်တာပါပဲ။ ဇူးလူးတွေကလည်း သောင်းချီပြီးလာတိုက်တာပဲ။ လေးမြား၊ လှံ၊ ဓားကိုင်တဲ့ ဇူးလူးတွေကို ရိုင်ဖယ်နဲ့ ပစ်တယ်။ ရိုင်ဖယ်ကိုမမှု လူအုပ်လိုက်ချီပြီး တပ်စခန်းကိုတက်တိုက်တော့မှ စက်သေနတ်လေးလက်ကို ထုတ်ပစ်တယ်။ ဇူးလူးတွေ စက်သေနတ်အောက်မှာ ထောင်ချီပြီး ကျဆုံးသွားတာပါပဲ။ စက်သေနတ်စမ်းတာ အောင်မြင်သွားတာနဲ့ မြန်မာဘက်လှည့်လာတာပါပဲ။ မင်းလှ ခံတပ်လည်း စက်သေနတ်ဒဏ်ခံလိုက်ရတာပါပဲ။ အစဦးဂက်သလင်းက ပြောင်းစကြာခေါ် ရမှာပေါ့။သေနတ်မှာ ပြောင်းတွေကို စက်ဝိုင်းသဏ္ဍာန်ဆင်ပြီး ကျည်ဆန်တွေက ပြောင်းများကထွက်တာပါ။ နောက် ဗစ်ကားစက်သေနတ်ကတော့ ကျည်ဆန်ကို စလွယ်ပတ်နဲ့ အတွဲလိုက်ဆွဲတာပါ။ ပြောင်းပူတော့ ပြောင်းကို ရေတိုင်ကီလို ပြောင်းပတ်လည်မှာ ဂျက်ကက်အကျႌဝတ်သလို တပ်ဆင်ပြီး ပစ်ရတာပေါ့"

ထိုသို့ပြောနေစဉ် မြေစာရင်းအင်စပိတ်တော် ဦးသာဒွန်းဦးသည် ရောက်လာ၏။ ကျွန်ုပ်လည်း ပြောလက်စဖြင့် -

"ခုပြင်ထားတဲ့ ဂျပန်အမြောက်တွေက တပ်မတော်ကသုံးတဲ့ (၆) ပေါင်အမြောက်ကို ယှဉ်နိုင်ပါ့မလား။ ဒီအမြောက်တွေက နာမည်ကြီးတယ်။ ပစ်အားကောင်းတယ်နော်။ ကမ္ဘာကျော် အယ်လာမိန်းစစ်ပွဲမှာ ဂျာမန်ပန်ဇာတင့်ကားတွေကို အနီးကပ်ပစ်ခတ်ခုခံလာတဲ့ အမြောက်မျိုးဗျ။

သူက ပစ်ခတ်ရန် (၆) ဦး လိုတယ်။ ကိုက် (၅၀၀၀) အကွာအဝေးကို ပစ်ခတ်နိုင်၏တယ်။ ကိုက် (၁၆၅၀) အကွာအဝေးမှာရှိတဲ့ပစ်မှတ်ကို အတိအကျ ထိရောက်စွာ ပစ်နိုင်တယ်။ ပြောင်းဝ (၂. ၂၄) လက်မ (2.24 in



www.burmeseclassic.com

www.burmeseclassic.com

57mm) ရှိတယ်။ ကျည်ဆန်ထိပ်ဖူးက (57×441 mm.R) ရှိတယ်။ ကျည်ဆန် အမျိုးအစားအလိုက် မြန်နှုန်းရှိတာပေါ့။ သံချပ်ကာခွင်းကျည်နဲ့က (၁) စက္ကန့်ကို (၈၉၂) မီတာနှုန်းနဲ့ သွားတယ်။ အိပ်(ချ်) အီးခေါ် ယမ်းဘီလူးပါ ကျည်ဖူးနဲ့က (၁) စက္ကန့်ကို (၈၈၀) မီတာနှုန်းသွားတယ်။ ကျုပ်က ဘေဲတက်တုန်းက ဂျပန်များစွန့်ပစ်သွားတဲ့ အမြောက် (၂) လက်ကို ဆင်းလေ့လာဖူးပါတယ်။

ဂျပန်များဟာ စစ်ဆင်ရေးမှာ တော်ကြပါပေတယ်။ ခြေလျင်တပ်ရင်းမှာ တောင်ပေါ်ပစ်အမြောက်တွေပေးထားပါတယ်။ အဲဒီတောင်ပေါ်ပစ်အမြောက်တွေကို မြင်း သို့မဟုတ် လူနဲ့ သယ်တယ်။ ဖီး(လ်)ဝန်းလို့ခေါ်တဲ့ အမြောက် (၁) လက်ပဲ တွေ့တယ်။ အဲဒီ အမြောက်တွေကို ပြန်ပြုပြင်ထားတာလို့ မင်းဘူးက သတင်းရပါတယ်"

ဂျပန်ခြေလျက်တပ်ရင်းဖွဲ့စည်းပုံ အရ တပ်ရင်းတောင်ပေါ်ပစ်အမြောက် တပ်ခွဲ(လက်နက်ကြီးတပ်ခွဲ)ပါရှိပါတယ်။ အမြောက်(၁)လက်မှာ အမြောက်တပ်သား (၁၂) ဦး ပါရှိတယ်။ အမြောက်က ဖြုတ်လို့လည်းလွယ်တယ်။ မြင်းနဲ့လည်း ဆွဲနိုင်တယ်။ ဖြုတ်ပြီး သူ့အမြောက်တပ်သားနဲ့ သယ်လို့ရတော့ အသုံးဝင်တာပေါ့။

တရုတ်(ပ်)လို့ နာမည်ကြီး ဂျာမန်လက်နက်ကုမ္ပဏီက ပုံစံထုတ်ပြီး ဂျပန်ပြည်လုပ်ပါ။ ပြောင်းဝက (၇၅) မမ (မီလီမီတာ) ပြောင်းရှည် (၁. ၁) မီတာ (၃ ပေ၊ ၇ လက်မ) မီတာ (၃၀၀၀) အကွာမှ (၂၀) မမ အထူးသံချပ်ကာကို ဖောက်ထွင်းနိုင်တယ်။ ကျည်သွားနှုန်း (၁) စက္ကန့်မှာ (၄၃၅) မီတာ (၁ စက္ကန့် ၁၄၂၇ ပေ) ရှိတယ်။ (၇၀၂၂) မီတာအထိ ပစ်နိုင်တယ်လို့ ဆိုတယ်။ အပျက်ပြင်သုံးတာရယ်၊ ချိန်တဲ့မှန်ပြောင်းမရှိတာရယ်၊ ကျည်ဆန်တွေက မရေမရာမို့ ဝါဒဖြန့်တာပါ"

ဟု အမြောက်ချင်းယှဉ်ပြရသည်။

အင်စပိတ်တော်ကြီးက စကားဝိုင်းတွင် ဝင်လာသည်။ သူက မှတ်တမ်းပြုလိုသည်ဟု ဆိုသည်။ ကျွန်ုပ်ကပြန်ပြောရပြန်သည်။

"အမ်းလမ်းမတော် ဖောက်တော့ ဒေလီကိုသိမ်းစို့ဆိုပြီး ဆူဘတ်ချန်ဒရာဘို့(စ်)က သူ့တပ်သားတွေ ကြွေးကြော်ပြီး ဂျပန်တွေနဲ့အတူ ဘူးသီးတောင်မောင်တောဘက်ကို တက်တယ်။ ဗြိတိသျှကလည်း ကုလားတပ်သားတွေနဲ့ ခုခံတာပဲ။ နှစ်ဖက်ကုလားတပ်ချင်းတွေ့တော့ ဘို့(စ်)ရဲ့ အိုင်အင်အေ တပ်သားတွေက 'ဟော့-မခုခံနဲ့။ အိန္ဒိယနိုင်ငံလွတ်လပ်ရေးအတွက် တို့ဘက်ကူးခဲ့။ ဗြိတိသျှကျွန်မလုပ်နဲ့ဆိုပြီး' တိုက်ပွဲအတွင်းမှာ အော်ပြောတယ်။ ဗြိတိသျှတပ်ကကုလားတွေက မင်းတို့နယ်ချဲ့အသစ်ရှာမလာနဲ့။ သခင်တစ်ယောက်နဲ့တော်ပြီ။ သခင်အသစ်မရှာနဲ့' လို့ ဆိုတယ်။ ရခိုင်ဘက်မှာစပြီး ဂျပန်စစ်ရှုံးတာပါပဲ။ ဟိုဘက်က ကုလားတပ်တွေက စစ်တကောင်းကုလားနွယ် ဘင်ဂါလီတွေ။ လက်နက်ပေးပြီးသတင်းယူတယ်။ ဘို့(စ်)ရဲ့ကုလားတွေကလည်း ဘင်ဂါလီတွေကို လက်နက်ပေးပြီး အင်္ဂလိပ်တိုက်ဖို့ ပြောတယ်။ ဒီလက်နက်တွေက ဘင်ဂါလီစစ်တစ်တောင်းကုလားတွေ ခုသောင်းကျန်းဖို့ လက်နက်ပေးသလိုဖြစ်တာပါပဲ"

ဟု ကျွန်ုပ်၏ ကြားသိသမျှကို ပြောရသည်။

ဦးသာဒွန်းဦးက -

"ဝန်မင်းခင်ဗျား၊ ခု ရဲဘော်ဖြူတို့ ဂျဝန်အမြောက်နဲ့ တပ်မတော်မှ အသုံးပြုတဲ့ အမြောက် (၂) ခု ယှဉ်ပြလို့ သိရပါပြီ။ ကျွန်တော်တို့ အင်္ဂလိပ်-မြန်မာ တတိယစစ်ပွဲမှာ မြန်မာများဘက်မှာလည်း နိုင်ငံခြားပညာတော်သင်သွားခဲ့ပြီး စက်ရုံများလည်းရှိနေပါပြီ။ လက်နက်အင်အားချင်းယှဉ်ရင် ဘယ်လိုရှိမယ်ဆိုတာကို သိလိုပါတယ်"

ဟု ဆိုလေသည်။

"မြန်မာနိုင်ငံက ပညာတော်သင်တွေ စေလွှတ်ခဲ့ပါတယ်။ နိုင်ငံမှာ ပြုပြင်ပြောင်းလဲရမယ့်အချက်တွေကို မပြုပြင်ခဲ့ပါဘူး။ ဥပမာ ယောအတွင်းဝန်မင်းက ပါလီမန်သဘော ပြည်သူ့ဆန္ဒအရ အုပ်ချုပ်ရေးစနစ်အကြောင်း ရေးသားလို့ မင်းတုန်းမင်းက လက်မခံ စိတ်တော်ငြို အလိုမကျလို့ လုံ့ပြခြိမ်းခြောက်ရာ ပြုပြင်ပြောင်းလဲမှုမရပါဘူး။ ကျုပ်တို့ မင်းတုန်းမင်းနဲ့ ထီးပြိုင်အုပ်ချုပ်တဲ့ ဂျပန်ပြည်မှာ မင်ဂျီဘုရင်ကတော့ အမေရိကန်ရေတပ်ရောက်လာတာနဲ့ တစ်ပြိုင်နက် နိုင်ငံခြားကို ပညာတော်သင်တွေ စေလွှတ်ပြီး ရှိုကန်တွေနဲ့ အုပ်ချုပ်တဲ့ စနစ်ကို ပယ်ဖျက်၊ ပါလီမန်စနစ်အုပ်ချုပ်ရေးထူထောင်ပြီး ဘက်စုံ ပြုပြင်ခဲ့ပါတယ်။ ကျုပ်တို့နိုင်ငံမှာတော့ အင်္ဂလိပ်ကစပြီးမျိုပါပြီ။

သီပေါမင်းနန်းတက်တော့ ဗြိတိသျှတို့နဲ့ ဆက်ဆံရေးမပြေလည်တော့ ... လာတတည်းက စီမံကိန်းနဲ့ မြန်မာ... သိမ်းရန် ရည်ရွယ်ထားတာပါ။ ဗြိတိ... များရဲ့ကောင်းချက်တစ်ခုက အတြေး... ခြင်းရာတစ်ခုပေါ်လာသော် မှတ်တ... များ ရေးခြင်းပါပဲ။

မင်းလှခံတပ်က တိုက်ခိုက်ကြ... မှာ ကျုပ်တို့အဘိုး စလင်းပဲ့နင်း ... ဘိုးဦးနဲ့အတူ စလင်းကလိုက်သွား... တိုက်ပွဲမှာ ကျဆုံးသွားတဲ့ လူတွေလ... အများပါ။ စလင်းပဲ့နင်း ကျဆုံးတယ်... တာပဲ မိသားစုက သိလိုက်ရပြီး ... သည့်အကြောင်းတစ်စုံတစ်ရာမှ မှ... တမ်းမရှိလို့ မသိရဘူး။ သူ့အလော... လည်းမရဘူး။ သူနဲ့အတူ စလင်း... ဘယ်သူတွေ ကျသွားပါတယ်ဆို... မှတ်တမ်းမရှိပါဘူး။ ကျုပ်တို့အဘိုး... အတူ သူ့တပ်ထဲမှာပါသွားတဲ့ သူလ... သမားတွေလည်း ပါမှာပါပဲ။ ဗြိတိသျှ... တော့ ရှုံးလည်းမှတ်တမ်းရေးတယ်။ ... ရင်လည်း မှတ်တမ်းရေးတယ်။ ဂန္ထ... မြောက် ကဗျာတစ်ပုဒ်ဖြစ်တဲ့ ဆာဂျွန်... ဆိုတဲ့ စစ်ဗိုလ်ချုပ်ဟာ စစ်ရှုံးလို့ ဒဏ်... ရ သေတယ်။ သူ့ကို မြေမြှုပ်တော့ ... အမှောင်ထဲမှာ သင်္ဂြိုဟ်ရပုံကို 'T... burial of Sir John More' ဆိုပြီး တ... စပ်ပြီး မှတ်တမ်းတင်ခဲ့သဗျ။ နော... တစ်ခါ စစ်ဗိုလ်အတွက်မှားလို့ တပ်... ပြုတ်မှု ကျဆုံးပြီးမှ စစ်ပွဲနိုင်ပြီး ရန်... အမြောက်များကို သိမ်းရပုံကို (Th... charge of the Light Brigade) ဆို... ဂန္ထဝင်မြောက်ကဗျာနဲ့ ဂုဏ်ပြုရေးသား... ပြီး သူတို့ရဲ့ သူရသတ္တိကို ပေါ်လွင်... တဲ့အတွက် ဝိတိုရိယလက်ဝါးကပ်တံဆိ... (Victoria Cross) ဆိုပြီး ဗြိတိသျှစစ်တ... မှာ အမြင့်ဆုံးတံဆိပ်ကို အဆိုပါ တိုက်... ပွဲကသိမ်းလို့ရတဲ့ အမြောက်များရဲ့ကြေး... ကို သွန်းလုပ်ပြီး ဆုချသဗျ။

ဗြိတိသျှရဲ့တော်ဝင်ရေတပ်မတော်... ဟာ ကမ္ဘာမှာ ထင်ရှားပါတယ်။ ... ဖက်ရန်သူ့အကြောင်းကို အမြဲထော... လှမ်းပြီး ပြင်ဆင်မှု၊ ဆောင်ရွက်မှုများ... လုပ်ဆောင်လို့ အောင်မြင်တာပါ။ ရှုံး... လည်း သင်ခန်းစာယူနိုင်အောင် မကွ... မဝှက်ဘဲ မှတ်တမ်းရေးပါတယ်။

အဲဒီမှတ်တမ်းမှာထဲက ဗြိတိသျှ... တော်ဝင်ရေတပ်မတော် (Royal Navy) ... က အထက်မြန်မာနိုင်ငံကို တိုက်ခိုက်... တော့ ပါဝင်တဲ့ကဏ္ဍကို ဖော်ပြထား... ကို ပြန်လည်ပြောတာပါ"

ဟု ဆိုကာ ကျွန်ုပ်ဖတ်ရှုသမျှ...



www.burmeseclassic.com

www.burmeseclassic.com

စ်ဆင့် ပြန်လည် ပြောကြားပါသည်။ ထက်ပါ စာတမ်းစာစုတို့မှာလည်း တွေးတိုင်းမင်းကြီးရုံးတွင် ဝန်ရှင်တော် င်းကြီးများသည် စာကြည့်တိုက်ခန်း စ်ခုထားရှိ၍ စာရေးတစ်ဦးအား စာ ကြည့်တိုက်မှူးအဖြစ်ထားရှိရာ ကျွန်ုပ် မှာ စာကြည့်တိုက်ခန်းတာဝန်ယူရသော ကြောင့် မင်းကြီးများဖတ်လေ့ဖတ်ထရှိ သမျှကို ကြည့်ရှုလေ့လာခွင့်ရသတည်း။ ထိုထို၌ဤမှတ်တမ်းတို့အနက်မှ မှတ် သမျှကို ပြန်ပြောရာတွင် မှတ်မိလွယ် ခြင်းငှာ အကျဉ်းဖော်ပြမှုသာ ဖြစ် ဖြင့်-

"ကျွန်တော်တို့ ဒုတိယ အင်္ဂလိပ်- န်မာစစ်ပွဲပြီးတာနဲ့တစ်ပြိုင်နက် ရခိုင်၊ နသာရီနှင့် ပဲခူးတိုင်းမှာ ဗြိတိသျှတို့ စိုက်ကြပါတယ်။ မင်းတုန်းမင်းလက် တ် ခရစ်နှစ် ၁၈၅၄ ခုနှစ်မှာ မင်းတုန်း င်းက အိန္ဒိယ၊ ဗြိတိသျှအာဏာပိုင်များ ထံ မစ်ရှင်အဆင့်ရှိတဲ့အဖွဲ့ စေလွှတ်ပါ တယ်။ မင်းတုန်းမင်း လိုလားတော်မူ တဲ့အခြေမရောက်ပါဘူး။ အဲဒီနှစ်မှာပဲ မေဂျာဖယ်ရာကိုဦးစီးပြီး စစ်အင်ဂျင်နီ ယာတပ်က ကပ္ပတိန် ဟင်နရီယူး(လ်) တို အဖွဲ့အတွင်းရေးမှူးအဖြစ်ခေါ်ပြီး တိုန်သွယ်ရေးမစ်ရှင်လွှတ်ပါတယ်။ ထင် သလောက် အကျိုးမရှိပါဘူး။ ခရစ်နှစ် ၁၈၆၃ ခုနှစ်မှာ ဖယ်ရာက ကယနယ် ယ်ရာဖြစ်ပြီး နောက်ထပ် မစ်ရှင်တစ်ခု ဦးစီးပြီး အမရပူရကို ထပ်သွားပါတယ်။ စာချုပ်တစ်ခုတော့ ချုပ်ဖြစ်လာပါတယ်။ သူတို့အကြိုက်တော့ မဟုတ်ဘူးဗျ။ ဗြိတိသျှကိုယ်စားလှယ် မန္တလေးနေ ပြည်တော်မှာရုံးထိုင်ခွင့်ရတယ်။ ဗြိတိသျှ ကိုယ်စားလှယ် ကပ္ပတိန် အက်ဒွဝပ် ဆလေဒင်က ခရစ်နှစ် ၁၈၆၆ ခုနှစ်မှာ မြင်ကွန်း၊ မြင်းခုံတိုင်အရေးအခင်းမှာ သူ့အတွက်မလုံခြုံလို့ ရန်ကုန်ဆင်းတယ်။ ခရစ်နှစ် ၁၈၆၆ နှစ်ကုန်ခါနီးမှာ တစ်ခါ ထပ်ပြီး မစ်ရှင်ခေါင်းဆောင်အနေနဲ့ ဖယ်ရာလာတယ်။ ခရစ်နှစ် ၁၈၆၇ မှာ တာနယ်ဖိုက်(ချ်) ဆိုသူက ဖယ်ရာနေရာ ရောက်လာတယ်။ သူ့လက်ထက်မှာ ၁၈၆၉ မှာ မြန်မာတို့ထံမှ အခွင့်အလမ်း သာတဲ့စာချုပ်ကို ဗြိတိသျှတို့ ရတယ်။ ဗြိတိသျှပိုင်နယ်စပ်တို့မှာ ဝင်ရောက် တိုက်ခိုက်မှုရှိကယ်ဗျာ။ ခရစ်နှစ် ၁၈၇၈ မှာ မင်းတုန်းမင်းနတ်ရွာစံပါတယ်။ အဲဒီ မှာ သီပေါမင်း နန်းတက်တော့ နန်းတွင်း အရေးအခင်း ဖြစ်ပွားတာတွေကအစ ခရစ်နှစ် ၁၈၈၀ ပြည့်နှစ်မှာ ဗြိတိသျှ ကိုယ်စားလှယ်ဟာ မန္တလေးမြို့ကခွာပြီး ရန်ကုန်ကိုပြန်တယ်။ ဗြိတိသျှစာတမ်း တစ်စောင်မှာ မင်းညီမင်းသား (၈၇) ဦး အသတ်ခံရတယ်။ အရပ်သူအရပ်သား (၅၀၀) ခန့် အသတ်ခံရတယ်လို့ စွပ်စွဲ ထားပါတယ်။

ခရစ်နှစ် ၁၈၈၅ ခုနှစ်မှာ သီပေါ ဘုရင်က ဆင်းမလားရှိ အိန္ဒိယအစိုးရထံ သံအဖွဲ့ စေလွှတ်ရာမှာ ဗြိတိသျှတို့ က ပြေလည်စွာ ဆက်ဆံခြင်းမရှိ။ ထိုအတွက် ဥရောပရှိ အခြားနိုင်ငံများ နဲ့ အဆက်အသွယ်ပြုရာ ကာနယ်စလေ ဒင်ဟာ အိန္ဒိယအစိုးရထံ မြန်မာနိုင်ငံ အားသိမ်းရန်အစီရင်ခံတယ်။ ဒါက ဝီလျံ လေ့(ဒ်)ကလိုးရေးတဲ့ 'ဝိတိုရိယဘုရင်မ ကွယ်လွန်သည်အထိ တောင်ဝင်ရေတပ် မတော်သမိုင်း' ၁ဖော်ပြပါတယ်။ စလေ ဒင် အစီရင်ခံစာအရ မြန်မာနိုင်ငံကို အပြီးသိမ်းပိုက်ရန် အကြောင်းရှာတော့ တာပါ။ တောင်ငူဘက်မှာ ဘုံဘေဘား မားကုမ္ပဏီရဲ့သစ်ခိုးမှုက အကြောင်းရှာ တာပါပဲ။

အောက်တိုဘာမှာ 'ဗြိတိသျှအုပ် ချုပ်မှု ခံမလား၊ စစ်ဖြစ်မလား' ဆိုတဲ့ ရာဇသံပေးပါတယ်။

စစ်ပြင်ဆင်မှုများပြုလုပ်ပါတယ်။ ဗိုလ်ချုပ်ပရင်ဒါဂါတ်၂ကို ဦးစီးစေတယ်။ ခရစ်နှစ် ၁၃-၁၁-၁၈၈၅ မှာ မန္တလေးကို တက်သိမ်းရန်အမိန့်ကို ပရင်ဒါဂတ် ရတယ်။

မန္တလေးကို သိမ်းရန်ချီတက်ရန် လမ်းကြောင်းမှာ ဧရာဝတီမြစ်ကြောင်းမှ ချီတက်ရန် ရွေးပါတယ်။ ရန်ကုန်က ပြည်အထိ မီးရထားလမ်းရှိပါပြီ။ ပြည်မှ အထက်မြစ်ညာသို့ မိုင်(၆၀)မှာ သရက် မြို့ ရှိပါတယ်။ သရက်မှာ တိုက်ပွဲဝင် မယ့်တပ်တွေစုထားပြီး ဧရာဝတီဖလုတ် တီလာကုမ္ပဏီက သင်္ဘောများကို စစ် သည်များ သယ်ဆောင်ရန် အသင့်ထား ပါတော့တယ်။

တော်ဝင်ရေတပ်အနေနဲ့ ရေ ကြောင်းချီရာမှာ ပါဝင်ရမှာဖြစ်ပါတယ်။ ပြင်ဆင်မှုကို အောက်တိုဘာလအလယ် လောက်ကစပြီး ဆောင်ရွက်ရပါတယ်။ ထိုအချိန်က ဗြိတိန်တော်ဝင်ရေတပ်မှ အမြောက်တင်သင်္ဘောဝုလပ်(ခ်)(HMS Gun vessel Wood Lark) တစ်စီးသာ ရန်ကုန်မှာ ရှိပါတယ်။ ဒုတိယဗိုလ်မှူးကြီး ဝီလျံရောဘတ်ကတ်တာဘတ်၃က စစ် ရေယာဉ်မှူးပါ။ အောက်တိုဘာ ၂၇ရက် နေ့မှာ ကရူဇာစစ်သင်္ဘော တာကွိုး(စ်) (Turquoise) ရန်ကုန်ရောက်ပါတယ်။ စစ်ရေယာဉ်ဦးစီး ဗိုလ်မှူးကြီး ရောဘတ် ဝုဒ်ဝဒ်၄ဟာ ရန်ကုန်ရောက်တာနဲ့ တစ် ပြိုင်နက် ရန်ကုန်မှာရှိတဲ့ ဗြိတိသျှမင်း ကြီးနဲ့တိုင်ပင်ပြီး ဧရာဝတီအမည်ရှိတဲ့ ရေယက်သင်္ဘောမှာ နောက်ဆုံးပေါ် (၂၀) ပေါင်ဒါ (ပြောင်းရင်းကျည်ထိုး) အမြောက် (၂)လက်၊ ပြောင်းဝကျည် ထိုး (၉) ပေါင်ဒါ အမြောက် (၂) လက် ကို တင်သတဲ့။ ရေယက်ရဟတ်တပ် အမြန် စစ်ရေယာဉ် ကက်သလင်းနှင့် စက်တိုင်၅တို့ကိုလည်း နယ်စပ်ရေပြင်ကို အမြန်လွှတ်ရန် စီစဉ်တယ်။ အဆိုပါ အမြန်စစ်ရေယာဉ်တို့မှာ စက်သေနတ် တပ်ဆင်ထားတယ်။ သင်္ဘောများတွင် ရေတပ်စစ်သည်များကို ဖြည့်ဆည်းထား ပြီး ကက်သလင်းကို တာကွိုး(စ်)သင်္ဘော မှ ဗိုလ်ကြီးဖရက်ဒရိတ်ပါစီဘယ်ထရင့် (ချ်)က သူ့တပ်သားများနဲ့ ဦးစီးတယ်။

လက်နက်တင်သင်္ဘော(၃)စီးကို ဒုဗိုလ်မှူးကြီး ကတ်တာဘတ်လက် အောက်လွှဲထားသည်။ ကတ်တာဘတ် က ဧရာဝတီသင်္ဘောပေါ် မှကွပ်ကဲမည်။ ၂၈-၁၀-၁၈၈၅ ရက်နေ့တွင် သရက်သို့ ရန်ကုန်မှ စတင်၍ ထွက်ခွာသည်။ ၁၃-၁၁-၁၈၈၅ နေ့မတိုင်မီ သရက်သို့ လက်နက်တပ်ဆင်ထားသော ရေယာဉ် များရောက်ကြသည်။

ထိုစဉ်အတွင်း ဇန်ဇီဘာရှိ ဘာချန် တီသင်္ဘောတွင် ရောက်ရှိနေသော ရေတပ်ဗိုလ်ချုပ်ကြီး ဆာဖရက်ဒရစ် ဝီလျံရစ်ချတမ်က ရေတပ်မှ တပ်မဟာ တစ်ခုဖွဲ့စည်းရန် အမိန့်ပေးပြန်သည်။ ထိုအတွက် (၂၅) ပေါင်ဒါအမြောက် (၁၂) လက်ကို အိန္ဒိယအစိုးရကပေးမည် ဖြစ်ကြောင်းပါသည်။ အမြောက် (၄) လက်ကို Turquoiseသင်္ဘောနှင့် နိုဝင် ဘာလ ၁၁ ရက်နေ့တွင် ရေတပ်မတော် တပ်မဟာတွင် သုံးရန်ပေးလိုက်သည်။ ကျန်(၈)လက်ကို ဒုဗိုလ်မှူးကြီးဂျိန်းဘာရို ဦးစီးသည့် ရေကြောင်းတပ်ဖွဲ့တွင်သုံး ရန်ထားသည်။ ထိုအဖွဲ့သည် ရန်ကုန်မှ ၁၉ ရက်နေ့တွင်ထွက်၍ ၂၀ ရက်နေ့ တွင် ရွှေတန်းရောက်မည်။ ရေတပ် ဗိုလ်ချုပ်ကြီးကိုယ်တိုင် ဘာချန်တီ စစ်သင်္ဘောနှင့်အတူ ချီတက်ကြရမည့် အဖွဲ့ ဖြစ်သည်။

တွဲသမ္ဗန် (၂) စီးပေါ်တွင် ဦးပိုင်း၌ အမြောက်တင်သည်။ အကာအကွယ် မှာ ရိုင်ဖယ်သေနတ်ဒဏ်ခံနိုင်သောသံ ပြားများခံထားသည်။ နောက်တစ်ဖန်

www.burmeseclassic.com

ဝါဂွမ်းများကို အိတ်များနှင့်ထည့်၍ အကာအကွယ်လုပ်ထားသည်။

သရက်မှ ၁၃-၁၁-၁၈၈၅ နေ့တွင် ရေကြောင်းကင်းလှည့်မှု စသည်တွင် မြန်မာမင်းပိုင်သင်္ဘောကို လူနှင့်တကွ ဧရာဝတီနှင့် ကက်သလင်းတို့က ရ သည်။

စစ်ချီမှုစတော့သည်။ ၁၇-၁၁-၁၈၈၅ မှာ မင်းလှမှာ တိုက်ပွဲဖြစ်ပါ တယ်။ မင်းလှမှာ သရက်မှ (၄၅) မိုင်မျှ ကွာဝေးသည်။ မင်းလှတွင်ခံတပ်ရှိသည်။ ထိုခံတပ်ထက် ကောင်းမွန်သော ခံတပ်မှာ မြစ်တစ်ဖက်ကမ်းရှိ ဂွေ့ချောင်း ခံတပ်ရှိသည်။ ထိုခံတပ်သည် ခိုင်ခံ့ သည်ဟု ကျော်ကြားသည်။ ခေတ်မီ အမြောက်များရှိသည်ဟု သိရသည်။ ဂျင်နရယ်ပရင်ဒါဂတ်သည် ထိုခံတပ်ကို ကြည်းကြောင်းမှတပ်များကို တက်သိမ်းစေ၍ ရေကြောင်းချီအဖွဲ့မှာ မင်းလှခံတပ်ကိုသာတိုက်ရသည်။ ဧရာဝတီနှင့် ကက်သလင်းတို့က စက်သေနတ်နှင့် ပစ်ပေးသည်။

မင်းလှခံတပ်တွင် ကြည်းတပ်မှ (၅) ဦး ကျဆုံးသည်။ (၃၁) ဦးဒဏ်ရာရ သည်။ ရေတပ်မှာ ထိခိုက်မှုမရှိ။ မင်းလှခံတပ်တွင် မြန်မာများ အများအပြား ကျဆုံးသည်လို့ ဆိုတယ် ဖိုးထွန်းအင်ရဲ့"

ဟု ပြောရပါသည်။

ဖိုးထွန်းအင်က -

"ကျန်တဲ့တပ်တွေနဲ့ မင်းလက်ဝဲက ခုခံဖို့ စလင်းဘက်ရောက်လာတယ်လို့ ကြားဖူးပါတယ်"

ကျွန်ုပ်က -

"ကျုပ်တို့မှာ ပြောင်းဝက ယမ်းထိုးပစ်တဲ့သေနတ်နဲ့အမြောက်ဆိုတာက လည်း သူတို့သုံးတဲ့ ကျည်ဆန်မျိုး မသုံးနိုင်တော့ခံရတာပေါ့ဗျာ။ သူတို့မှာ အမြောက်ဆန်က ပစ်လိုက်ရင် ထိတဲ့နေရာမှာ ပုံးဆန်လိုထကွဲတဲ့ ကျည်ဆန်မျိုးတွေသုံးနေပါပြီ။

မင်းဘူးမှာ စကုမြို့ဝန်က လူစုပြီး အမြောက်နဲ့ခုခံဖို့ကြံပါသေးတယ်။ အဲဒါကိုလည်း ဒီစာအုပ်ထဲမှာ ဖော်ပြထားသဗျ။ ကျုပ်ကူးထားတာကလေး ဖတ်ပြရပါဦးမယ်။

*(Off the Minhla, on the eveing of the 17th., Captain Woodward joined, and took comand of the Naval Brigade. On the morning of the following day, he proceeded up the river with the Brigade in the Irrawaddy, Kahleen, Palow (steel paddle vessel, 154 tons belonging to Irr. Flot.Co) two gun barges, and the flat Nca woon (twin-screw vessel, 138 tons belonging to Irr. Flot. Co., having the servey party on board) and was informed by a native that 500 Burmese and 4 guns were occupying a fort at Memby)*

မြို့ဝန်ဦးဆိုင်က လူ (၅၀၀) နဲ့ အမြောက် (၄) လက်နဲ့ ခုခံတိုက်ဖို့ စီစဉ်ဆိုတာ ဒီစာအရ မှန်တယ်လို့ ယူဆရမယ်။

ဗြိတိသျှရေတပ်မှ အဆိုပါ ခံကတုတ်ရှိရာကို အမြောက်နဲ့ပုံးကြပြီး နောက်မှ ရေကြောင်းချီခြေလျင်တပ်များ ၁၉-၁၁-၁၈၈၅ နေ့အထိ အရောက် စောင့်ပြီး ဆက်ပြီး ၂၀-၁၁-၁၈၈၅ ခုနေ့ကျမှ ဆန်တက်လာပြီး ရေကြောင်းချီတပ်ပေါင်းစုကို ရေတပ်မှ ဦးဆောင်ပြီး ဆန်တက်လာရာ ရေနံချောင်းမှာ တပ်နားတယ်။ နောက် ၂၀-၁၁-၁၈၈၅ မှာ ပုဂံကိုရောက်တယ်လို့ ရေးထားတယ်။

တော်ဝင်ရေတပ်တာဝန်က စစ်သည်များသယ်ဆောင်လာတဲ့ သင်္ဘောတွေကို ရေကြောင်းခရီးမှာ ဘေးရန်မခလိုရာခရီးရောက်အောင်ပို့ရန် ဖြစ်ပါတယ်။ ရေကြောင်းတိုင်တာရေးတပ်ဖွဲ့လည်းပါတယ်။ သင်္ဘောပေါ်မှာ အမြောက်တပ်ဆင်ထားပြီး မသက်ာရင် အမြောက်နဲ့ပစ်မယ်။ တကယ်တိုက်ပွဲဝင်ပြီး ရန်သူနဲ့ ရင်ဆိုင်တိုက်ရတာ မင်းလှမှာပဲရှိတယ်လို့ ရေတပ်တိုက်ပွဲနဲ့ ပတ်သက်ပြီး ရေးထားတယ်။ ဂွေ့ချောင်းခံတပ်ကို သူတို့ရေတပ်သင်္ဘောတွေက အဝေးကနေပြီး အမြောက်နဲ့ပစ်တယ်။ ခံတပ်ထဲက စစ်သည်တွေက ဗြိတိသျှရေကြောင်းတပ်ကိုခုခံနေတုန်း တကယ်တက်သိမ်းတော့ ဆင်ပေါင်ဝဲဘက်က တက်လာတဲ့ ခြေလျင်တပ်က သိမ်းတာပါ။ မင်းလှခံတပ်ကို မရောက်ခင် ခံကတုတ်တွေတက်ပြီးတိုက်ပါတယ်။ ခံတပ်ကို မြစ်ထဲက စစ်သင်္ဘောများက စစ်သေနတ်နဲ့ ပစ်ခတ်ပြီး သိမ်းတာပါ။ အသေအပျောက်များစွာနဲ့ မြန်မာတို့ ဆုတ်ခွာသွားတယ်လို့ ရေးထားတယ်။

ပုဂံမှာ ခုခံလိမ့်မယ်ဆိုပြီး သတိထားပြီး ရေနံချောင်းက ၂၂-၁၁-၁၈၈၅ နေ့မှာ ထွက်လာပါတယ်။ ပုဂံမှာ အခုအခံမတွေ့ရဘူးတဲ့။ ရေကြောင်းချီတပ်များက ရပ်နားပြီးနေရတယ်။ ဧရာဝတီသင်္ဘောကတော့ရှေ့ဆက်ပြီးကင်းထွက်ပါတယ်။ မကြာခင် ပြန်လာပြီး မြန်မာဘက်က မီးသင်္ဘော (၂) စီး တွေ့ရပြီး မြစ်ကြောင်းဝဲဘက်မှာ လက်နက်လူ[...] များရှိကြောင်း သတင်းပို့ပါတယ်။ [...] မှူးကြီး ဝုဒ်ဝဒ်ကို သူရဲ့ရေကြောင်းတပ်[...] နှင့် အတိုက်ခိုင်းပါတယ်။ အမြော[...] တင် ငန်းဖြူလို့ အမည်ပေးထားတဲ့ [...] သမ္ဗန်ပေါ်မှာ လိုက်ပါလာတဲ့ တော်[...] အမြောက်တပ်က ကတုတ်ကျင်းတွေ[...] နေရာယူထားတဲ့ မြန်မာအမြောက်များ[...] ယှဉ်ပစ်တယ် ဆိုပါတယ်။ ဒီနေရာ[...] ကျုပ်တို့အမြင်အရပြောရရင် အမြော[...] တစ်ကမ်းစာချင်းကွာလိမ့်မယ်။ ကျုပ်[...] မြန်မာဘက်က (၂) ဆင့်ကွဲ အမြော[...] ဆန်သုံးနိုင်ပ့ါလား။ အမြောက်ချင်း [...] တာ မကြာလှပါဘူး။ အမြောက် (၁[...] လက်ကို ရလိုက်တယ်။ နစ်မြုပ်ထား[...] သင်္ဘော (၂) စီးလည်း သိမ်းယူလိုက်[...] တယ်။ စတိုင်းသင်္ဘောကို ပုဂံမှာ တပ်[...] မယ့်တပ်တွေသုံးရန်ထားပြီး ၂၃-၁၁-၁၈၈၅ မွန်းလွဲ (၂း၃၀) မှာ ခရီးဆက်[...] ညကို လမ်းမှာရပ်နားလိုက်ပါတယ်။ ၂၄-၁၁-၁၈၈၅ မှာ မြင်းခြံမရောက်[...] ချောင်းဝရွာအနီး ကတုတ်ထဲက[...] ပြီးပစ်လို့ ငဝန်သင်္ဘောကတွဲလာ[...] အမြောက်တင်တွဲသမ္ဗန်က ပစ်နိုင်[...] တယ်။ အပစ်အခတ်ရပ်သွားတော[...] စက်သေနတ်တင် ကက်သလင်းမှာပါ[...] ရေတပ်က တပ်သားတွေက မြန်မာ[...] တွေ စွန့်ခွာသွားပြီးဖြစ်တဲ့ ကတုတ်[...] ကို ဖျက်ဆီးလိုက်ပါတယ်။ ဒီအမြော[...] ချင်းယှဉ်ပြီးပစ်တဲ့တိုက်ပွဲမှာ ဗြိတိ[...] တော်ဝင်ရေတပ်က ဗြိတိသျှတော်[...] အမြောက် (Royal Artillery)နဲ့ ပူးပေါင်း[...] တိုက်တာပါ။ တော်ဝင်ရေတပ်က ငန်း[...] (White Swan) ရယ်၊ ဧရာဝတီဖလော[...] တီလာကုမ္ပဏီက ဒလက်နဲ့ ယက်မော[...] တဲ့ (Paddle Steamer Yu nan) ယူနန်[...] သင်္ဘော (သယ်ဆောင်နိုင်တဲ့ တန်[...] ၃၉၆ တန်)နဲ့ အာတာရန် (Ataran, tw[...] screw, 140- ton) ရယ်၊ အမြောက်များ တင်ထားတဲ့ သမ္ဗန်တစ်စင်းတို့[...] အမြောက်များနဲ့ ပစ်ခတ်ကြတာ ဖြစ်[...] တယ်။ မြန်မာများဘက်က အကြောင်း[...] အရာကို ဘယ်လိုရေးသလဲဆိုတော့ အ[...] လိုက် အမြောက်ငယ်ကလေးတွေ[...] သေနတ်ကိုင်တပ်သားများနဲ့ ခုခံနေ[...] မြန်မာတပ်များကို နိုင်လိုက်တယ်[...] မြန်မာတပ်များ ကိုင်းတောအကာအကွယ် ယူပြီးတိမ်းရှောင်သွားတယ်။ ဒီနေရာ[...] တော်ဝင်ရေတပ်မှတ်တမ်းရေးသူ[...] ဘော်ကို အင်စပိတ်တော်[...] သိ[...] အောင် ဖတ်ပြပါဦးမယ်။



www.burmeseclassic.com

www.burmeseclassic.com

*The Naval Crafot, assisted by Royal Artillery in White Swan, with the launches Yunan (paddle vessel, 396 tons belonging to the Irr. Flot. C0) and ataran (twin-screw, 140 tons belonging to the Irr. Flot. Co), and One of the gun-barges, move up and engaged, slowly advancing mean while. Several Improvised batteries armed with small guns and filled with rifflemens were successively silenced, the Burmese quitting them and taking refuge in the high grass and standing corn in their rear.*

မြင်းခြံအထက်နားမှာတော့ အားတီးလောက်တဲ့ အမြောက်တပ်ဖွဲ့နဲ့ ကျုပ်တို့ မြန်မာတပ်က ခုခံပါတယ်။ မြစ်ကို စီးပြီးကြည့်လိုရတဲ့နေရာကောင်းကနေ ခုခံတာပါပဲ။ ဒီမှာ အတော်ပြင်းထန်တဲ့ ခုခံတယ်။ ၂၄-၁၁-၁၈၈၅ နေ့ ညနေ (၆) နာရီလောက်မှာမှ ပစ်ခတ်မှုနည်းလာပါတယ်။ ညပိုင်းမှာလည်း တစ်ချက်ချင်း မကြာခဏပစ်ခတ်မှုရှိလာပါတယ်။ ရေတပ်က ကမ်းပေါ်တက်ပြီး မနက်အရုဏ်မတက်မီတိုက်တယ်။ မြန်မာများဆုတ်ခွာသွားတယ်။ ရေတပ်မှ စစ်သည် (၂) ဦး ဒဏ်ရာရသည်လို့ ရေးသဗျ။ တမ်းတက်တပ်များနောက်မှ အခြားတပ်များလိုက်ပါတယ်။ မြန်မာအမြောက်များတို ဖျက်ဆီးပြီး ၂၅ - ၁၁ - ၁၈၈၅နေ့ (၁၂) နာရီမှာ ရေကြောင်းချီတပ်ဆက်ပြီး ချီတက်ပါတယ်။ မြင်းခြံမှာ တပ်စွဲထားခဲ့ပါတယ်။ ၁၈၂၆ ခုနှစ်က စစ်ပြေငြိမ်းရေးစာချုပ် လက်မှတ်ရေးထိုးခဲ့တဲ့ ရန္တပိုကို ညနေပိုင်းမှာ ရောက်တယ်။ တပ်ရပ်နားပြီး ညအိပ်ပါတယ်။

၂၆-၁၁-၁၈၈၅ မှာ မြန်မာဘက်က လက်နက်ချကြောင်းကို သံတမန်စေလွှတ်ပြီး သင်္ဘောနဲ့အကြောင်းကြားတယ်။ လာတဲ့အဖွဲ့ကို ကက်သလင်းသင်္ဘောက စောင့်ကြပ်ပြီး ခေါ်လာတယ်။ ၂၇-၁၁-၁၈၈၅ မှာ ဂျင်နရယ်ပရင်ဒါဂါတ်က ရေတပ်ကမှ ဗိုလ်မှူးကြီးဝုဒ်ဝပ်ဦးစီးတဲ့ ပလောသင်္ဘောနဲ့အင်းဝမှာရှိတဲ့ ခံတပ်ကို သိမ်းပါတယ်။ ရေကြောင်းချီတပ်က တပ်ဖြန့်ပြီး ခံတပ်ရှေ့မှာ နေရာယူတယ်။ ရေတပ်ဗိုလ်ချုပ်ဆာဖရက်ဒစ်ရစ်ချတ် လိုက်ပါလာတဲ့ တပ်လည်း ထပ်ရောက်လာပါတယ်။ တမ်းတက်ရန်အတွက် ရေကြောင်းမှာ အတားအဆီးခလုတ်တံသင်းတွေ ဖယ်ရှားပြီးမှတက်ပြီး ခံတပ်ကို လက်ခံသိမ်းနိုင်တာပါ။ စစ်ကိုင်းနဲ့ အင်းဝရှိ ခံတပ်များကိုလက်ခံပြီး ရေကြောင်းချီတပ်များ ရပ်နားပါတယ်။ နောက်ချန်ထားတဲ့ စစ်ကူများလည်း ရောက်လာပါတယ်။ မန္တလေးကို နောက်တစ်နေ့ ၂၈-၁၁-၁၈၈၅ ခု မနက် (၉) နာရီမှာ ရောက်ပါတယ်။ ရောဝတီ၊ တိုက်ဂရစ်၊ ကက်သလင်းတို့က ကင်းလှည့်တယ်။ ပုန်ကန်သူများကို လိုက်နှိမ်နင်းတယ်။

၃၀ - ၁၁ - ၁၈၈၅ ခု၊ ညနေ (၆) နာရီခွဲမှာ အရှင် (၂) ပါးကို သူရိယသင်္ဘောနဲ့ ဇဝန်သင်္ဘော အမြောက်တင်တွဲ သမ္ဗန်တစ်စီးတို့ စောင့်ကြပ်ပြီး ပို့ဆောင်ပါတယ်။ ချင်းတွင်းမြစ်ကြောင်းတစ်လျှောက်ကို ရေတပ်မတော်မှ အာချန်တီသင်္ဘော ဦးဆောင်တဲ့ သင်္ဘောစုကို နယ်မြေထိန်းသိမ်းရန် တာဝန်ပေးတယ်။ ဒီဇင်ဘာလထဲမှာ ရေတပ်မတော်ကဦးစီးပြီး ဗန်းမော်အထိ ဆန်တက်ခဲ့တယ်။ မြန်မာမျိုးချစ်သူပုန်များကို ဓားပြလို့ ကင်ပွန်းတပ်ပြီးတိုက်ရာမှာလည်း ရေတပ်မတော်က ပါဝင်ခဲ့ပါသတဲ့"

ရေတပ်မတော်မှ လုပ်ဆောင်မှုများသည် ၁၈၈၇ ခုနှစ်အထိ စစ်ကူများပို့ဆောင်ခြင်း၊ ပုန်ကန်ထကြွသူများကို မြစ်ကြောင်းတစ်လျှောက် နှိမ်နင်းခြင်းကို ပြုလုပ်ရသည်။

တတိယအင်္ဂလိပ်-မြန်မာစစ်ပွဲမှာ ဗိုလ်မှူးကြီး ရောဘတ်ဝုဒ်ဝပ်(ဒ်)ကို ၂၉-၅-၁၈၈၆ ၌ CB ဘွဲ့၊ ဒုတိယဗိုလ်မှူးကြီး ကတ်တာဘတ်ကို ၁-၃-၁၈၈၆ မှာ ရာထူးတိုးမြှင့်ခံရသည်။ ဗိုလ်ကြီးပါစီထရင့်ကို ၁၈၈၅ ခု၊ ဒီဇင်ဘာလတွင် ဗိုလ်မှူးရာထူးကိုတိုးမြှင့်ပေးသည်။

မြန်မာပြည်စစ်ပွဲတွင် ပါဝင်သူများအနက် ၁၈၈၆ ခုနှစ်တွင် (Distinguised Service Order) ရရှိသူများကို ၁၄-၁-၁၈၈၇ နေ့တွင် ချီးမြှင့်ခံရသူများမှာ ဗိုလ်မှူးကြီးချားဒန်းစဖို့၊ အယ်ဖရက်ကာပင်တာ၊ ချားဂျိန်းဘာရို၊ ဗိုလ်မှူးဝေါလတာလန်ဘတ် (RMA) တို့ ရရှိပါသည်။ ၁၈၈၇ ခု၊ ဇွန်လ၊ ၁၈ ရက်နေ့မှာ ရေတပ်မတော်မှ ဆေးမှူးကြီး သောမတ်(စ်) ဒီအာချီ ဘရွန်လူး၊ အင်ဂျင်နီယာ ဝီလျံနစ်ကလင်တို့လည်း (CBE) ဘွဲ့များ ရရှိပါတယ်။

ဖိုးထွန်းအင်က -

"ကျွန်တော်တို့ဘက်က လက်နက်ချင်းမမျှလို့ ခံရတာပဲ။ ရေးတဲ့သူကကော ဘယ်သူပါလိမ့်"

ဟု အကြောင်းအရာဟူသမျှ စပ်စုတတ်သောကြောင့် မေးရာ -

"ဝီလျံလေယာဒ်ကလိုး(စ်)က ရေတပ်ဗိုလ်စာရေးဆရာပါ။ သူက တော်ဝင်ရေတပ်မတော်သမိုင်းကို ဗိတိုရိယဘုရင်မခေတ်အထိ မှတ်တမ်းပြုစုသူဖြစ်ပါတယ်။ ၁၉၀၃ ခုနှစ်မှာ စာအုပ်ထုတ်ပါတယ်။ သူငယ်ချင်းသုံးယောက်က ၁၉ ရာစုထဲမှာ တော်ဝင်ရေတပ်မတော်ရဲ့ ကမ်းတက်တပ်ဖွဲ့မှာ အမှုထမ်းခဲ့ပါတယ်။ တတိယအင်္ဂလိပ်-မြန်မာစစ်ပွဲမှာ ကမ်းတက်တပ်မှာ အမှုထမ်းခဲ့ပါတယ်။ ဝီလျံကတ်တာဘတ်က သူနဲ့အတူ (HMS Emeral) တာဝန်ထမ်းဆောင်ခဲ့တဲ့ အရာရှိပါ"

အကျယ်ဖတ်လိုလျှင် -

*Clowes, William Laird: "The Royal Navy; a history from the earlist time to the death of Queen Victoria" Sampson Low, Marston and company, 1903 Volume 7, 375-385 (1903)* မှာ ကြည့်ပါ။

"သမိုင်း ဆိုတာ ကိုယ့်ဘက်သူ့ဘက်ရေးတာကို ဖတ်မှ အမှန်ဆင်ခြင်နိုင်မယ်နော်"

ဟု ဆိုကာ စကားအဆုံးသတ်ရလေသည်။

ထိုစဉ်အတွင်း ကျောင်းဒကာရွှေ၏ သမီးများက သူတို့ဖခင် ထမင်းစားရန်အခေါ်လာ၍ လူစုလည်းကွဲလေတော့သည်။

### အနောက်တံခါးမှူးမောင်မှူး

1. *Clowes William Laird: "The Royal Navy; a history from the earlist time to the death of Queen Victoria" Sampson Low, Marston and company, 1903 Volume 7, 375 - 385 (1903)* နောင်တွင် ဤစာတမ်း၌ 'ကလိုး(စ်)'ဟု ဖော်ပြပါမည်။
2. *Mjor Generl H.N.D.Prendergest, VC, CB.*
3. *Commander William Robert Cutterbuck.*
4. *Captain Robert Wood ward.*
5. *Paddle steamer.*
6. *20-pr. B (breech-loading), 9-pr. M(Muzzle loading)*
7. *Screw steam launches Kathleen and Settang.*
8. ကလိုး(စ်)




www.burmeseclassic.com

www.burmeseclassic.com


ဦးအောင်လှိုင်(သုဝဏ္ဏ)

# သင့်စွမ်းအင်သင့်ကိုယ်ခံအားကောင်းစေမည့်
# ဖုန်းရွှေပညာ ၁၆၈

**Planning a new room layout**



In this layout the seating arrangement mainly faces away from the window side of the room in an anuspicious direction for the previous year.




The seating still allows space for the flow of chi but is angled around to face in an auspicious direction for the coming year.

**၁၂၇။ တစ်နှစ်တစ်ကြိမ် ပရိဘောဂများ အပြောင်းအလဲလုပ်ခြင်း**

နှစ်စဉ်နှစ်တိုင်း မကောင်းသော စွမ်းအင်များ ကြွင်းကျန်ရစ်ခြင်းမရှိစေရန်နှင့် ကောင်းသောစွမ်းအင်များ အစားထိုးဝင်ရောက်လာနိုင်ရန် အကောင်းဆုံး ဖြေရှင်းနည်းမှာ တစ်နှစ်တစ်ကြိမ် ပရိဘောဂပစ္စည်းများအား အပြောင်းအလဲလုပ်ပေးခြင်းပင် ဖြစ်သည်။

နှစ်စဉ် ဖေဖော်ဝါရီလ ၄ ရက်မတိုင်မီ ရက်ကောင်းရက်မြတ်တစ်ခုကို ရွေးချယ်ပါ။ ပြီးနောက် အခန်းတိုင်းရှိ ပရိဘောဂပစ္စည်းများ (ထိုင်ခုံအသေးမှစ၍) အပြင်သို့ထုတ်ပြီး ဖုန်စုပ်စက်ဖြင့် သန့်စင်ခြင်း၊ တိုက်ချွတ်ခြင်း၊ မူလမျက်နှာပြင် (အသစ်နီးပါး) အတိုင်း ပြန်ပေါ်လာအောင် အရောင်ဖွင့်ခြင်းလုပ်ပေးပါ။ တိုက်ချွတ်သန့်စင်ပြီးသားပရိဘော[illegible] များအား မူလနေရာတွင် ပြန်ထားခြင်း (သို့) နေရာရွှေ့ပြောင်းပေးခြင်း လုပ်ပေးပါ။



အထက်ပါအတိုင်း အပြောင်းအ[illegible]လဲများ ပြုလုပ်ပြီးနောက် ကိုယ်စိတ်န[illegible]ပါး ပေါ့ပါးရွှင်လန်းနေမှုရှိ မရှိ မိမိကိုယ်[illegible]ကို ဆန်းစစ်ပါ။ ပစ္စည်းများ ရွှေ့ပြောင်းနေစဉ်အချိန်အတွင်း စိုးရိမ်သော[illegible] ရောက်ခြင်း၊ စိတ်တို၍ ဒေါသထွက်[illegible]ခြင်း၊ ရန်လိုမုန်းတီးစိတ်ရှိနေခြင်း၊ ကိုယ်[illegible]စိတ်မရွှင်ပျခြင်းဖြစ်နေပါက ကောင်းသောချီဓာတ်များ ဝင်ရောက်ရန် အတား[illegible] အတား ဖြစ်နေမည်ကို သတိပြုပါ။

ပထမအပေါ် ဓာတ်ပုံပါ အခန်း[illegible]တွင်း အပြင်အဆင်သည် ပြီးခဲ့သောနှ[illegible] အတွက် အတိတ်နိမိတ်ကောင်းဆော[illegible] စေသည့် ပရိဘောဂထားရှိပုံဖြစ်[illegible] ဒုတိယအောက်ဓာတ်ပုံသည် လာမ[illegible] နှစ်အတွက် နိမိတ်ကောင်းသည့် ပစ္စည်[illegible] ထားရှိပုံ ဖြစ်သည်။

**၁၂၈။ ကံကောင်းစေမည့် အရုပ်ထော[illegible] အား နိမိတ်ကောင်းသော ရုပ်တုများ[illegible] စွမ်းအင်မြှင့်တင်ခြင်း**




ဖုန်းရွှေပညာအရ နိမိတ်ကောင်[illegible] သော ရုပ်တုများ (သို့) ကောင်းကင်[illegible] ကိုယ်စားပြု အမှတ်သင်္ကေတများ[illegible] သည့် သစ်ပင်ပန်းမန်ပုံသဏ္ဌာန်[illegible] အစားအမျိုးမျိုးပါ သင်္ကေတ[illegible] အဆော[illegible] တို့အား အရုပ်ထောင့်များအလိုက် [illegible]



www.burmeseclassic.com

www.burmeseclassic.com




အင်မြှင့်တင်ရန် အသုံးပြုနိုင်ပါသည်။ နှစ်စဉ် မိမိနေထိုင်ရာအိမ်၏ နေရာအမျိုးမျိုးအလိုက် အတိတ်နိမိတ်ကောင်းဆောင် ချီဓာတ်များဝင်ရောက်လာတတ်ပါသည်။ နှစ်အလိုက် ကံကောင်းခြင်းဖြစ်စေမည့် အရပ်ထောင့်ကို စွမ်းအင်မြှင့်တင်ရာ၌ ဥပမာ ၂၀၀၈ ခုနှစ်တွင် 'အရှေ့အရပ်' (သစ်သားဓာတ် ကိုယ်စားပြုထောင့်) က အတိတ်နိမိတ်ကောင်းခြင်းကြောင့် စီးပွားဥစ္စာတက်လာရန် 'ရေဓာတ်'ကို အသုံးပြုပါ။ အရှေ့အရပ်သည် သားအကြီးဆုံးနှင့် ဆိုင်သော အရပ်ထောင့်ဖြစ်ခြင်းကြောင့် ထိုအရှေ့အရပ်၌ လူငယ်အမှတ်သင်္ကေတထားရှိရပါမည်။

အနား(၈)ဖက်ပါ 'ပါ့ကွာ' ပုံစံအရ အရှေ့အရပ်သည် မိသားစုအရေး၌ ကံကောင်းခြင်း၊ ကျန်းမာရေးကောင်းခြင်း နိမိတ်လက္ခဏာများကို ဖော်ပြသည်။ ၂၀၀၉ ခုနှစ်တွင် ကံအကောင်းဆုံးအရပ်ထောင့်သည် အရှေ့တောင်အရပ်ဖြစ်ပြီး သစ်သားဓာတ်ကိုယ်စားပြုသည့်အရပ်ထောင့်တွင်ပါဝင်သည်။ အကောင်းဆုံးစွမ်းအင်မြှင့်ပေးသည့်ပုံစံမှာ သင့်အိမ်ဝင်းခြံ၏ အရှေ့အရပ်၌ ရေဓာတ် (သို့) သင့်အိပ်ခန်း၏ အရှေ့အရပ်၌ 'Wu Lou' ထားရှိပေးခြင်းပင် ဖြစ်သည်။

အိမ်အတွက်မကောင်းသောဘေးရန်များမှ ကာကွယ်ရန် 'မြင်း၊နဂါး' ကြေးဝါရုပ်တု(စုံတွဲ)အား အစောင့်အရှောက်အဖြစ်ထားရှိပေးပါ။ ဆက်ဆံရေးအဆင်ပြေချောမွေ့စေရန် 'မန်ဒရင်းဘဲမောင်နှံပုံ'အား အနောက်တောင်အရပ်တွင်ထားရှိပေးပါ။

**၁၃၀။ တိတ်ဆိတ်နေသောအရပ်ထောင့်ရှိ မကောင်းသော ချီဓာတ်များအား အသံဖြင့် မောင်းထုတ် ဖယ်ရှားပစ်ခြင်း**

မိမိနေထိုင်ရာအိမ်သည် Yang (ယန်) စွမ်းအင် နည်းပါးပြီး အမြဲတစေ တိတ်ဆိတ်မှုဖြင့် Yim (ယင်) စွမ်းအင်လွှမ်းကဲနေပါက မကောင်းသောချီဓာတ်ဖြစ်စေကြောင်း သတိပြုရပါမည်။ နံနက်အစောပိုင်းအချိန်မှစ၍ ညနေအထိ အချိန်အပိုင်းအခြားအတွင်း တစ်အိမ်လုံးတိတ်ဆိတ်ငြိမ်သက်၍ လူမရှိခဲ့ပါက ယင်ဓာတ်လွှမ်းကဲစွာ စီးနေခြင်းမဖြစ်ရန် ရုပ်/သံ ရေဒီယို၊ ကက်ဆက် အစရှိသည်တို့ ဖွင့်ထားပေးရပါမည်။




ထိုအခါ အသံကြောင့် ယန်ဓာတ်ကိုရရှိပြီး ယင်ဓာတ်လွှမ်းကဲမှုကို လျှော့ချနိုင်ပါမည်။ ၎င်းပြင် မကောင်းသောချီဓာတ်များ လွင့်ပြယ်၍ ကောင်းသောချီဓာတ်များ ဝင်လာစေရန် ပြတင်းပေါက်အနီး (လေပြည်လေညင်း)လာရာနေရာ၌ ဆည်းလည်းချိတ်ဆွဲပေးပါ (သို့သော်) ချိတ်ဆွဲထားသည့် ဆည်းလည်းအောက်တည့်တည့်တွင် မထိုင်ရ။

**၁၃၁။ အိမ်အတွင်း ယန်စွမ်းအင်ဖန်တီးခြင်း**

ကောင်းကင်ဘုံနှင့်ဆိုင်သောစွမ်းအင်၊ မြေကြီးနှင့်ဆိုင်သောစွမ်းအင်နှင့် လူသားနှင့်ဆိုင်သော စွမ်းအင်တို့တွင် အိမ်အတွက် အဓိကအရေးပါဆုံးသော စွမ်းအင်ကို လူသားနှင့်ဆိုင်သောစွမ်းအင်မှ ရရှိသည်။

အိမ်တွင်နေထိုင်သူ မိမိနှင့် မိမိအဖော်မှ တစ်နေကုန်အလုပ်သွား၍ အပြင်မှာပင် စားသောက်ကာ ညအိပ်



ချိန်မှသာ အိမ်သို့ပြန်အိပ်ခဲ့ပါက ထိုအိမ်သည် ယင်ဓာတ်လွှမ်းကဲနေပြီး နောက်ဆက်တွဲအဖြစ် မိမိနှင့် မိမိအဖော်တို့ ပြဿနာတစ်ခုခု ဖြစ်လာနိုင်ပါသည်။ ထိုအခြေအနေကိုပြုပြင်ရန် အတတ်နိုင်ဆုံး အိမ်တွင် ချက်ပြုတ်စားသောက်ဖြစ်အောင် ကြိုးစားပေးပါ။ စကားပြောသံ၊ ရယ်မောသံ၊ တေးသီချင်းသံများဖြင့် ယန်ဓာတ်ရရှိအောင်ဖန်တီးပါ။ အိမ်မွေးတိရစ္ဆာန် ခွေး၊ ကြောင်များ ရှိထားခြင်းဖြင့်လည်း ၎င်းတို့၏အသံများကြောင့် ယန်ဓာတ်ကို ရစေပါသည်။

**၁၃၂။ ကံကောင်းခြင်းနိမိတ်ဆောင်ရန် အိမ်အားမီးအလင်းရောင်ဖြင့်ထွန်းတောက်စေခြင်း**

မိမိအိမ်အား ညအချိန် အလင်းရောင်အားကောင်း လုံလောက်စွာရရှိအောင် မီးများစွာ ထွန်းထားပေးရပါမည်။ ထိုအခါ အိမ်အတွင်းထားရှိသည့် ကံကောင်းခြင်းနိမိတ်ဆောင် 'မြင်း၊ နဂါး၊ Wu Lu ရုပ်တု' များအတွက်လည်း 'ယန်' ဓာတ် လုံလောက်စွာ ရစေပါသည်။


ဥပမာအားဖြင့် စင်ကာပူ၊ ကွာလာလမ်ပူ၊ ဟောင်ကောင် စသည့် မြို့ကြီးများတွင် မီးရောင်ထိန်ညီးစွာဖြင့် တောက်ပနေခြင်းကြောင့် ၎င်းမြို့ကြီးများရှိ စားသောက်ဆိုင်၊ ရှော့ပင်းမောတို့၌ လူအများစည်ကားလျက် ယန်စွမ်း





www.burmeseclassic.com

www.burmeseclassic.com



အင်လုံလောက်စွာရစေပါသည်။ မိမိ၏ ကံကြမ္မာကို မြှင့်တင်ရန် အိမ်အတွင်း မီးလုံး၊ မီးချောင်းထားရှိမှုအရေအတွက် တိုးမြှင့်ပေးပါ။ ပွဲတော်ရက်များတွင် မိမိအိပ်ခန်းများ၏ တောင်အရပ်နှင့် အနောက်တောင်အရပ်ထောင့်များ၌ ခရစ္စမတ်မီးလုံးကဲ့သို့ မီးသီးတလေးများ အလှဆင်ထွန်းညှိပေးပါ။

**၁၃၃။ ကောင်းကင်ဘုံကိုယ်စားပြုအစောင့်အရှောက်ကိုခံယူခြင်း**

မိမိအိမ်အတွင်းသို့မကောင်းသော ရည်ရွယ်ချက်ဖြင့် ရောက်လာနိုင်မည့် မသမာသူများရန်မှ ကာကွယ်ရန် အိမ်ရှေ့တံခါးဝအနီး၌ Fu dog နှင့် Chi Lins ရုပ်တုများ ရံထားပေးပါ။ ၎င်းရုပ်တုများအား တစ်နှစ်တစ်ကြိမ် ပြန်လည်အား ဖြည့်လန်းဆန်းလာအောင် စွမ်းအင်မြှင့်ပေးပါ။ ရုပ်တုများအား စွမ်းအင်မြှင့်ရာ၌ ၎င်းတို့၏မျက်လုံးနေရာအား ဆေးအနီရောင်ရဲရဲတို့ပေးပြီး ကိုယ်ပေါ်ရှိ ဖုံကြိုးများအား အသစ်လဲလှယ်ပေးပါ။ ရုပ်တုများ၏ မျက်လုံး၌ ဆေးအနီစက်ချပေးခြင်းမှာ လာမည့်နှစ်အတွက် ကံကောင်းခြင်းနိမိတ်ဆောင်ရန် ကြိုတင် ပြင်ဆင်လာဘ်ဖွင့်ခြင်းပင် ဖြစ်သည်။ ရုပ်တုများအတွက် ဆီဆေးကိုသာအသုံးပြုရမြီး အလွယ်တကူ ပျက်ပြယ်နိုင်မည့်ရေဆေးလုံးဝမသုံးရပါ။ အဆိုပါ (ကာကွယ်ရေး) ရုပ်တုများ၏ ကိုယ်ထည်ပျက်စီးယိုယွင်းမှု ရှိ မရှိ စစ်ဆေးပေးပါ။ ကွဲအက်ကျိုးပြတ်နေခြင်းရှိပါက အသစ်လဲလှယ် အစားထိုးပေးရပါမည်။ ကောင်းကင်ဘုံကိုယ်စားပြုအစောင့်အရှောက်ရုပ်တုများ အပြစ်အနာအဆာမရှိဘဲ စွမ်းအင်မြှင့်နေမှသာ မိမိအတွက် တစ်နှစ်ပတ်လုံးလုံခြုံစိတ်ချရမှုရှိနေပါမည်။

**၁၃၄။ အမျိုးသမီးအိမ်ထောင်ဦးစီး၏စွမ်းအင်ကိုကာကွယ်ခြင်း**

သင့်အိမ်၏ အနောက်တောင်အရပ်သည် အမျိုးသမီးအိမ်ထောင်ဦးစီး (မိခင်) နှင့်ဆိုင်သော အရပ်ထောင့်ကို ကိုယ်စားပြုသောကြောင့် ထိုအရပ်ထောင့်အား စွမ်းအင်မြှင့်တင်ပေးရန် အရေးတကြီး လိုအပ်ပါသည်။ မိခင်အနေဖြင့် မိသားစုဝင်သားသမီးများအား တစ်နေရာတည်း၌ တစုတစည်းတည်းရှိစေသည့်သဘော၊ ဥမကွဲသိုက်မပျက်သည့်သဘောဆောင်ခြင်းကြောင့် ထိုအနောက်တောင်အရပ်ကိုယ်စားပြု 'မြေ'ဓာတ်အား 'မီး'ဓာတ်ဖြင့် အမြဲတစေ စွမ်းအင်မြှင့်ပေးရန် လိုပါသည်။



**သစ်သားဓာတ်ကိုသတိပြုခြင်း**

မိခင်ကိုယ်စားပြု (မြေဓာတ်နှ ဆိုင်သည့်အရပ်) အနောက်တောင်ဒ ရပ်၌ သစ်ပင်များစွာ မစိုက်သင့်ပါ။ သ သားဓာတ်လွန်ကဲခြင်းသည် မြေဓာင အတွက် အန္တရာယ်ရှိလာပြီး အိမ်ရှိမိခ ဖြစ်သူထံသို့ နာမကျန်းဖြစ်ခြင်း၊ စိတ်ဖိင ခြင်းဝေဒနာများ ဝင်ရောက်လာပါမည် ထို့ကြောင့် အနောက်တောင်အရပ် သစ်ပင်တစ်ပင်မှမရှိခြင်းက လုံး ကောင်းမွန်ပါသည်။ သစ်ပင်စိုက်မ အစား မီးအလင်းရောင်ထွန်းပေးခြင် မီးပန်းဆိုင်းထားရှိခြင်းဖြင့် 'မြေ' ဓာ အား 'မီး'ဓာတ်ဖြင့် စွမ်းအင်မြှင့်တက်ေ က မိခင်အတွက် လွန်စွာအကျိုးရှိေ ပါသည်။

**၁၃၅။ လဆန်းရက်များ၌ ပြတင်းပေါက် နှင့် တံခါးများဖွင့်ပေးထားခြင်း**



လဆန်းရက်များ၌ ပြတင်းပေါ နှင့်တံခါးများ ဖွင့်ပေးထားခြင်းဖြင့် ‌ လွင်သော လရောင်နှင့်အတူ စွမ်းဒ သစ်ကို ရစေပါသည်။ ဆန်းစလရေ ဆမ်းစေခြင်းသည် နွေသစ်၌ 'ယန်' အင်ရရှိစေမည့်အောင်နိမိတ်ကိုဆော ပါသည်။

**အမွှေးတိုင်ဖြင့်စွမ်းအင်မြှင့်တင်ခြင်း**

သင့်အိမ်အတွင်း စွမ်းအင်ဒ ရရှိစေရန် အမွှေးတိုင်ထွန်းညှိပေး ဖြင့် စိတ်ခံစားမှုဆိုင်ရာဝေဒနာများ ကံဆိုးခြင်းနိမိတ်များအား အမွှေး ငွေ့နှင့်အတူ လွင့်ပြယ်စေလျက် ကော သော ချီဓာတ်များကိုသာ ကျန်ရှိ သည်။

**လဆန်းမှလပြည့်အထိရက်များအတ လရောင်ဝင်စေခြင်း**


လဆန်းမှလပြည့်အထိ ရက် (၂) ပတ်ကြာအချိန်အတွင်း ညပိုင် လရောင်ဝင်ရောက်စေရန် ပြတင်း





www.burmeseclassic.com

www.burmeseclassic.com



တံခါးများအား ဖွင့်ထားပေးပါ။ အထူးသဖြင့် 'ယန်'ဓာတ်အားကောင်းစွာရရှိမည့် လပြည့်ည၌ လရောင်ဝင်ရောက်နိုင်အောင် ပြတင်းပေါက်များဖွင့်ထားပေးပါ။

**၁၃၆။ (ဖခင်) အမျိုးသားအိမ်ထောင်ဦးစီးနှင့်ဆိုင်သောအရပ်ထောင့်အား စွမ်းအင်မြှင့်တင်ခြင်း**

အိမ်၏ အနောက်မြောက်အရပ်သည် ဖခင်နှင့်ဆိုင်သောအရပ်ထောင့်ဖြစ်သည်။ အိမ်အတွင်း၌ အနောက်မြောက်ထောင့်နေရာပျောက်နေပါက အိမ်၏ အိမ်ထောင်ဦးစီး (ဖခင်)လည်း အချိန်ကာလကြာကြာပျောက်ကွယ်နိုင်ပါသည်။ အိမ်မှဖခင်ပျောက်သွားသည့်သဘောသည် နောက်အိမ်ထောင်ပြုသွားခြင်း (သို့) သေဆုံးသွားခြင်း ဟူသည့်သဘောသက်ရောက်ပါသည်။ တစ်နည်းအားဖြင့် အနောက်မြောက်နေရာပျောက်နေခြင်းသည် အဖွဲ့အစည်းတစ်ခု၏ ဦးစီးခေါင်းဆောင်မဲ့နေခြင်းကြောင့် ပြင်ပမှမသမာသူများ၏ ဝင်ရောက်နှောင့်ယှက်တိုက်ခိုက်ခြင်းခံရမည့်သဘော ဖော်ပြနေပါသည်။

အကယ်၍ အိမ်၏ အနောက်မြောက်အရပ်တွင် မီးဖိုချောင်၊ အိမ်သာ၊ စတိုခန်းနှင့် အခြားပစ္စည်းအရှုပ်အထွေး



အစုအပုံများရှိနေပါက မကောင်းသောစွမ်းအင်များ ဖြစ်စေခြင်းကြောင့် အချိန်မီ (အလျင်အမြန်) ရွှေ့ပြောင်း ဖယ်ရှားပစ်ပါ။ မူလအတိုင်း ဆက်လက်ထားရှိမိပါက အိမ်ထောင်ဦးစီး (ဖခင်) အတွက် အမျိုးမျိုးထိခိုက်စရာများ ကြုံတွေ့လာရပါမည်။




ဖခင်ကိုယ်စားပြုအနောက်မြောက်အရပ် (သို့) 'သတ္တုဓာတ်'နှင့်ဆိုင်သောအရပ်အား စွမ်းအင်မြှင့်ရန် သတ္တုနှင့်လုပ်သော ပန်ကာ၊ နာရီ စသည်များထားရှိပေးပါ (သို့) ဧည့်ခန်း၊ စာကြည့်ခန်း၊ အိပ်ခန်းတို့၏အနောက်မြောက်ကျသောအရပ်၌ သတ္တုဆိုင်ရာပစ္စည်းများထားပေးပါ။ ဖခင်ဖြစ်သူ၏ဓာတ်ပုံထားရှိပေးခြင်းကလည်း အကောင်းဆုံး ဖြစ်သည်။

**၁၃၇။ အရေးကြီးသောအရပ်ထောင့်များ၌ နံရံကပ်စင်များပေါ်ပေါ်ထင်ထင်ထားရှိခြင်း**


အိမ်၏ မိခင်နှင့်ဆိုင်သောအရပ် အနောက်တောင်နှင့် ဖခင်နှင့်ဆိုင်သော အရပ် အနောက်မြောက်အရပ်တို့၌ နံရံကပ်စင်များ ပေါ်ပေါ်ထင်ထင်မထားရှိသင့်ပါ။ ၎င်းစင်များ၏ ထောင့်ချွန်များနှင့် တံခါးရွက်များက ဓားသွားသဘောဆောင်ပြီး မိခင်၊ ဖခင်တို့၏ စွမ်းအင်များအား တိုက်ခိုက် (ခုတ်ပိုင်း) သည့်နိမိတ်ဆောင်စေပါသည်။ အများအားဖြင့် ရုံးခန်းများတွင် နံရံကပ်စင်များအား မိမိအလုပ်စားပွဲနောက်၌ထားရှိတတ်သည်။ ရုံးနှင့်ဆိုင်သော အရေးကြီးမှတ်တမ်းစာရွက်စာတမ်းများ၊ ဖိုင်များ သိမ်းဆည်းရန် မရှိမဖြစ် လိုအပ်ခြင်းကြောင့် နံရံကပ်စင်အား အန္တရာယ်မပေးနိုင်ရန် တံခါးတစ်ချပ်ရှေ့မှကွယ်၍ထားပေးခြင်းက အကောင်းဆုံးဖြစ်သည်။

မိမိကျောဘက်မှ အဆိပ်မြား ဝင်



ရောက်လာနိုင်ခြင်းကိုကာကွယ်ခြင်း၊ မိမိနောက်ကျောတွင်ထားရှိသော နံရံကပ်စင်မှ အငူ-အစွန်း-အငေါ်တစ်ခုထွက်နေခြင်း ရှိ၊ မရှိ၊ မိမိနောက်ကျောအား ချိန်ရွယ်ထားဟန် ရှိ၊ မရှိ စစ်ဆေးပါ။ ရှိခဲ့ပါက ၎င်းသည် အဆိပ်မြားသဘောဆောင်ပြီး မိမိနောက်ကျောအား အချိန်မရွေး ထိခိုက်စေပါသည်။ အဆိုပါနိမိတ်သည် မိမိယုံကြည်အားကိုးခဲ့သူ လူယုံတော်၊ မိတ်ဆွေ၊ လုပ်ဖော်ကိုင်ဖက်တို့က မိမိအပေါ် သစ္စာဖောက်၍ နောက်ကျော ဓားနှင့်ထိုးမည့်အဓိပ္ပာယ်ကို ပေါ်လွင်စေပါသည်။

**၁၃၈။ အဆိပ်မြားကို ကာကွယ်နိုင်ရန် အပင်များအသုံးပြုခြင်း**



အိမ်၊ ရုံးအတွင်း အဆိပ်မြား၏ ထိုးဖောက်တိုက်ခိုက်ခြင်းမခံရစေရန် အလွယ်ကူဆုံးနည်းအဖြစ် အရွက်ဝေဆာသော (ပန်းအိုးဖြင့်စိုက်သည့်) အပင်ငယ်များကို အသုံးပြုနိုင်ပါသည်။


အိမ်၏အခန်းတိုင်းတွင်ရှိ မျက်နှာကြက်မှ ရက်မတန်းများပေါ်နေခြင်းကလည်း အဆိပ်မြားကဲ့သို့ပင် ဒုက္ခပေးနိုင်ခြင်းကြောင့် မြင်ကွင်းမှ ပျောက်ကွယ်သွားအောင် တစ်ခုခုဖြင့် (ပုံပြောင်းအောင်) မျက်နှာကြက်အား ဂရုစိုက်ပြင်ဆင်ပေးရပါမည်။

ဦးအောင်လှိုင်(သုဝဏ္ဏ)



www.burmeseclassic.com

www.burmeseclassic.com



# မဟာထွန်း

## တောနက်ထဲကစေတီတော်လေး၏ရာဇဝင်

လေအဝှေ့တွင် ကိုယ်သည် စိမ့်ခနဲ ဖြစ်သွား၏။ အပြင်ဝါယောဓာတ်သည် ကိုယ်ကို လာတိုက်သဖြင့် ကာယဝိညာဉ်သည် ဖြစ်၏။ ထိုကာယဝိညာဉ်သည် အအေးဓာတ်ဖြစ်သောကြောင့် သီတတေဇောဖြစ်၏။

သူတော်ကောင်းများအဖို့ အရာဝတ္ထုအားလုံးသည် ထိုကဲ့သို့ပင် တရားရှုကွက်ချည်းသာ ဖြစ်၏။ အားလုံး မဂ်ရကြောင်း၊ ဖိုလ်ရကြောင်း၌ တည်၏။ သံသရာငြိမ်းကြောင်း ဝိမုတ္တိတရားများဟုဆိုလျှင်လည်း ဆိုရ၏။ အသခ်တမဓ္မကြီးပင် ဖြစ်၏။

ရဟန်းတော်များသည် ကိုယ်ရုံနှစ်ထပ်သင်္ကန်းကြီးကို လွှမ်း၍ခြုံလိုက်၏။ တစ်နေကုန် ဝိပဿနာတရားတော်ကို ရှုမှတ်ပွားများရာတောထဲမှထွက်ပြီး တောင်ကျရေကိုခံချူပြီးနောက် စေတီတော်လေး၏ ရင်ပြင်တော်ပေါ်သို့ ကြွလာခဲ့ခြင်း ဖြစ်၏။ ထို့ကြောင့် အအေးဓာတ်လွှမ်းနေချိန်တွင် လေတိုးသဖြင့် သာ၍ပင် စိမ့်ခနဲဖြစ်သွားရ၏။

စေတီတော်တည်ရာ တောင်ထိပ်သည် ရိုးတန်းရိုးဆွယ်တို့၏ ဆုံရာတွင် ဖြစ်သောကြောင့် အခြားရိုးတန်းများထက် အနည်းငယ်သာ၍မြင့်၏။ ရိုးဖြတ်လမ်းကြီးနှင့် မနီးမဝေးတွင်လည်း တည်၏။ စေတီတော်နှင့်တောရကျောင်းလေး၏တည်ရှိရာသို့ အဝင်လမ်းလေးသည် အနည်းငယ်ကွေ့ကောက်လျက်ရှိသောကြောင့် လူသံလည်းဆိတ်၏။ ကားသံများကိုလည်း မကြားရပေ။

(သို့သော် ရံခါ ရပ်ဝေးဘုရားဖူးဧည့်သည်များ ကျောင်းနှင့် မနီးမဝေးတွင်ရှိသော ထမင်းဆိုင်တွင် တည်းခိုစားသောက်ပြီး ဘုရားလာဖူးကြသည်ကား ရှိတတ်၏။ သို့သော် ဤသည်မှာလည်း ခဏမျှသာ။ ထို့ကြောင့် ရဟန်းတော်၏ တရားအလုပ်ကို ထိခိုက်ခြင်းမရှိပေ။)

ဆွမ်းခံရန်အတွက် လမ်းဘေးတွင် ထမင်းဆိုင် ၁ဝုံး၊ လေးဆိုင်ရှိ၏။ တောရကျောင်းလေးနှင့် (၂) မိုင်ကျော်လှမ်း၏။ ရဟန်းတော်သည် ထိုထမင်းဆိုင်များသို့ပင် ဆွမ်းခံကြွ၏။ တစ်ပါးစာလုံလောက်သောဆွမ်းကိုလည်း ရ၏။ ထို့ကြောင့် အစစအရာရာ အဆင်ပြေလျက်ရှိသဖြင့် သူတော်ကောင်းတို့၏ စံပျော်ရာ ဘုမ္မိနက်သန်ကြီးပင်ဖြစ်၏။

တောရကျောင်းလေးသည် ရခိုင်ရိုးမကြီး၏ တောနက်တစ်နေရာတွင် တည်သောကြောင့် တောရကျောင်းလေး၏ ပတ်ဝန်းကျင်သည်ပင် တောနက်ကြီးဖြစ်၏။ ကြည့်လေ - အရာရာ အနိမ့်အမြင့်မညီ၊ မြွေလိမ်မြွေကောက်သဖွယ်ရှိနေသော တောင်တန်းကြီးများကသာ ပတ်လည်ဝိုင်းနေ၏။ ထိုထိုတောင်တန်းကြီးများမှာ ပင်လယ်ဒီလှိုင်းကြီးများသဖွယ်ရှိနေ၏။

ထိုထိုတောင်တန်းကြီးများကို နေ ခေါင်းပေါ်တွင် ရှိနေသော နေ့ခင်းနေ လယ်အချိန်များမှာသာ ကောင်းစွာမြင် နိုင်ပြီး မနက်ခင်းနှင့် ညနေများတွင် မြူ နှင်းများ အုပ်ဆိုင်းနေသဖြင့် မြင်ရရန် ခဲယဉ်း၏။

ယခုပင်လျှင် မြူနှင်းများအုပ်ဆိုင်း လာသဖြင့် ပတ်ဝန်းကျင်မြင်ကွင်းများ တဖြည်းဖြည်းကွယ်လျက် မှောင်မိုက် ခြင်းသို့ရောက်လေ၏။ နှင်းစက်များ သည်သာ တဖြောက်ဖြောက်ကြွေလျက် ရှိ၏။

ရဟန်းတော်သည် အမွေးတိုင် ဖယောင်းတိုင်၊ သောက်တော်ရေများကို စေတီတော်အား ကပ်လှူ ပူဇော်၏။ ထို့နောက် ဘုရားရှိခိုး၊ မေတ္တာပို့၍ အပြီး တွင် စေတီတော် ဒါယကာ၊ ဒါယိကာမ များဖြစ်ကြသော -

ဦးမောင်မောင်ဝေ၊ ဒေါ်သီရိဓော မိသားစု(တောင်းမှ)တို့နှင့်တကွ (၃၁)ဘုံ ကျင်လည်ကြကုန်သော ဝေနေယျ သုခိတ၊ ဒုက္ခိတသတ္တဝါအပေါင်းတို့အား အမျှဝေလိုက်ပြီးနောက် တောရကျောင်း လေးပေါ်သို့ပြန်ကြွကာ ညတရားအလုပ်



www.burmeseclassic.com

www.burmeseclassic.com



စခန်းဝင်တော်မူလေသည်။

ထိုအချိန်၌ ညနက်ပိုင်းသို့လည်း ရောက်လေသည်။ တောရကျောင်းလေး ခေါင်မိုးပေါ်သို့ နှင်းစက်များတဖြောက်ဖြောက်ကျလျက်ရှိ၏။ ရံခါ ချေဟောက်သံကိုကြားရ၏။ အဝေးဆီက ကျားဟိန်းသံ၊ တောဆင်များ၏အော်သံကိုလည်း ကြားရတတ်၏။ တောရကျောင်းလေး၏ တစ်ဖက်ဆီကလည်း ဆတ်နှင့်တောဝက်များသည် ကျားသစ်တို့၏ ဘေးရန်မှ ရှောင်ရှား ထွက်ပြေးကြ၏။

ဘဝ ဟူသည် အခါခပ်သိမ်း စိတ်မချ ဟူသော သဘောသဘာဝကို ဖော်ပြလျက်ရှိနေလေသည်။

□

စံသိန်းအောင်သည် ထောင်သက်ရလာသည်နှင့်အမျှ နေတတ်စားတတ်၊ ပေါင်းသင်းတတ်လာ၏။ ထောင်သက်ရှည်ထောင်မင်းသားကြီးများဖြစ်ကြသည့် ထောင်လူမိုက်လူကျယ်ကြီးများနှင့်လည်း အဆင်ပြေအောင် ပေါင်းသင်းထားသလို အခြားထောင်သားများနှင့်လည်း အနှောင့်အယှက်ကင်းအောင် နေထိုင်၏။

ပင်ကိုကပင် အနေအေးပြီး သူတော်ကောင်းစိတ်ကို မွေးလာခဲ့သူဖြစ်သောကြောင့် အပြစ်ကင်းအောင်လည်း နေတတ်သည်။ ထို့ကြောင့် ထောင်မှူး၊ ထောင်ပိုင်များမှစပြီး စံသိန်းအောင်ကို ချစ်ခင်ကြသည်။

တစ်နေ့သောအခါတွင် ပုသိမ်ထောင်ကြီးမှ ပြောင်းရွှေ့လာသော ထောင်လူမိုက်ကြီးတစ်ဦးက စံသိန်းအောင်အား ခေါ်နှိပ်ခိုင်း၏။ စံသိန်းအောင်ကလည်း မငြီးမငြင်းနှိပ်နယ်ပေး၏။ ထောင်လူမိုက်ကြီးကား အတော်လေးပင် နေထိုင်မကောင်းဖြစ်နေဟန်ရှိသည်။ အောက်တစ်ပိုင်းဆွဲနေသည်ကို



www.burmeseclassic.com

www.burmeseclassic.com

လည်း တွေ့ရသည်။ အနိုပ်ခံနေရင်းက ထောင်လူမိုက်ကြီးသည် စံသိန်းအောင်အား မေး၏။

"စံသိန်းအောင်၊ မင်းဘာအမှုနဲ့ ထောင်ကျလာတာလဲ"

"လူသတ်မှုနဲ့ပါ ဆရာကြီး"

"ဘာ. . ."

ထောင်လူမိုက်ကြီးအံ့ဩသွားဟန်ရှိ၏။ အာမေဋိတ်သံကြီးပင် အတော်လေး ကျယ်လောင်သွား၏။ ထို့နောက် မေးသည်။

"ငါက မင်းကို အတော်လေး လူအေးလေးတစ်ယောက်လို့ထင်နေခဲ့တာ။ လက်စသတ်တော့ မင်းလည်း လူသတ်မှုကိုး"

"ဟုတ်ကဲ့ပါ ဆရာကြီး။ ဒါပေမယ့် ကျွန်တော်ကိုယ်တိုင် သတ်လို့တော့ မဟုတ်ပါဘူး။ လူသတ်ရဲတဲ့သတ္တိမျိုးလည်း ကျွန်တော့်မှာ မရှိပါဘူး။ သူများသတ်ထားတဲ့ လူတစ်ယောက်အတွက် ကျွန်တော် ထောင်ကျလာတာပါ"

"ဟေ - ဟား ဟား ဘယ်လိုဖြစ်တာတုံး။ သူများသတ်ထားတဲ့ လူတစ်ယောက်အတွက် မင်းကထောင်ကျလာတယ်ဆိုတော့ တစ်မျိုးပါလား။ အသေချာပဲ ရှင်းပြပါဦးကွ"

ထောင်လူမိုက်ကြီးက စံသိန်းအောင် ထောင်ကျတရားခံဖြစ်လာရသည့်အကြောင်းကို စိတ်ဝင်စားသွားရလေ၏။

"အပြည့်အစုံကို ရှင်းပြရရင်တော့ နည်းနည်းတော့ ရှည်သွားနိုင်ပါတယ် ဆရာကြီး"

"ရှည်ပါစေပြော။ ငါနားထောင်မယ်"

"ကျွန်တော်က ကိုရင်လူထွက်ပါ။ ပထမကြီးတန်းအောင်ပြီးလို့ ဓမ္မာစရိယတန်းကို သင်ယူနေချိန်မှာပဲ အဖေကွယ်လွန်သွားပါတယ်။ အဲဒီအချိန်မှာ အမေဟာလည်း အတော်ကြီးကိုမှကျန်းမာရေး မကောင်းဖြစ်နေပါတယ်။ ဒါကြောင့် အရွယ်မရောက်ကြသေးတဲ့ ညီမလေးနှစ်ယောက်နဲ့ ဂိလာနမိခင်ကြီးတို့ကိုလုပ်ကျွေးဖို့ဆိုပြီး ကျွန်တော် လူထွက်ခဲ့ရတာပါ"

"ဩော်၊ ဩော် - မင်းက ကိုရင်လူထွက်လေးလား။ ဒါကြောင့် အေးတာဖြစ်မယ်။ အမြဲတမ်း ပုတီးစိပ်လိုက်၊ တရားမှတ်လိုက်နဲ့ချည်းလည်းတွေ့နေရတယ်။ ကဲ - ဆက်ပြောဦး၊ ဘာကြောင့် သူများသတ်ထားတဲ့လူသေအတွက် မင်းက ထောင်ကျလာရတယ်ဆိုတာကို"

"တစ်နေ့ ညနေ မိုးချုပ်ခါနီးမှာ ကျွန်တော် လယ်တောက နွားတစ်အုပ်ကိုမောင်းပြီးပြန်လာတော့ လမ်းမှာသွေးသံရဲရဲနဲ့သေနေတဲ့ လူသေအလောင်းတစ်လောင်းကိုတွေ့ရလို့ ကျွန်တော်လည်း လန့်ဖျပ်အော်ငိုပြီး ထွက်ပြေးလာခဲ့တယ်။ ရွာသူကြီးက အဲဒီလူသေအလောင်းကိစ္စကို ဂါတ်သွားတိုင်တော့ ရဲက တရားခံအစစ်ကို ရှာဖွေစုံစမ်းလို့ မရတာနဲ့ ကျွန်တော့်ကိုဖမ်းပြီး ထောင် (၅) နှစ် ချလိုက်ပါတယ်"

"အဲဒီလိုလား။ ဒီတော့ မင်းထောင် (၅) နှစ်ကျလာတယ်ပေါ့"

"ဟုတ်ပါတယ် ဆရာကြီး"

"ဒီလိုဆိုရင် မင်းလွတ်ရက်စေ့ဖို့ ဘယ်လောက်လိုသေးတုံး"

"နောက် (၆) လလောက်ဆိုရင် လွတ်ပါပြီ"

ထောင်လူမိုက်ကြီးက စံသိန်းအောင် သူများသတ်ထားခဲ့သောလူသေမှုခင်းအတွက် ထောင်ကျလာသည်ဟု ဆိုသည်ကိုသဘောကျပြီး ထိုအကြောင်းကိုပင် ထပ်မေးကာ တဟားဟားဖြင့် ရယ်နေပြန်သည်။

ထောင်လူမိုက်ကြီးမှာ တကယ့်လူကျယ်၊ လူမိုက်ကြီးတစ်ယောက်ဖြစ်သော်လည်း ပျော်ပျော်နေတတ်ဟန်ရှိသည်။ ပွင့်ပွင့်လင်းလင်းလည်းရှိသည်။ ရယ်စရာကြားလျှင်လည်း ချက်ချင်း ထရယ်တတ်သည်။

ဤကဲ့သို့ပင် ထောင်လူမိုက်ကြီးနှင့် စံသိန်းအောင်တို့ ရင်းနှီးလာခဲ့ကြသည်။ ထောင်လူမိုက်ကြီးမှာ ဧရာဝတီတိုင်းသားကြီး ဖြစ်၏။ အသက်အရွယ် (၅၀) ကျော်ခန့်ရှိသော ကရင်အမျိုးသားကြီးလည်း ဖြစ်သည်။ နာမည်က ဦးစောဖိုးထူး ဖြစ်သည်။

တစ်နေ့သောအခါတွင် ဦးစောဖိုးထူးသည် သူ၏ အကြောင်းကို စံသိန်းအောင်အား ပြောပြ၏။

"ငါလည်း မင်းလို မုဆိုးမသားပဲကွ။ မင်းမှာတောင် ညီမနှစ်ယောက်ရှိသေးတယ်။ ငါက တစ်ယောက်တည်းသားပါ။ ငါငယ်ငယ်ကပဲအဖေဆုံးသွားတယ်။ ငါ့အမေက ဆင်းရဲတယ်။ ဆွေမျိုးတွေကလည်း ဘာမှအားကိုးမရဘူး။ ဆင်းရဲလို့ဆိုပြီး ပစ်ထားကြတယ်။ ဒါကြောင့် ငါ့အမေမှာ ကူလီ၊ စာရင်းငှားအကုန်လိုက်လုပ်ရတယ်။ အသက်အရွယ်ငယ်စဉ်ကပင် မုဆိုးမလေးဖြစ်သွားရပေမယ့် ငါ့ကို ပထွေးစာမိမှာစိုးလို့ ... ပြီး နောက်အိမ်ထောင်လည်းမပြု ... အမေက ငါ့ကိုသိပ်ချစ်တာ။ ငါကလည်း ... အမေ့ကို အရမ်းချစ်တယ်။ ဒါကြော ... ငယ်တုန်းက မခွဲနိုင်လို့ဆိုပြီး ငါလူ ... ဖျန်းဖြစ်မှ ကျောင်းအပ်တာ။ ကျော ... အပ်လည်း အတန်းစာကိုဖြစ်ဖြစ်မြော ... မြောက် သင်မပေးနိုင်လို့ဆိုပြီး ဘုန်း ... ကျောင်းမှာပဲအပ်ပေးတယ်"

"ဒါဆိုရင် ဆရာကြီးလည်း ကျ ... တော့်လို ဘုန်းကြီးကျောင်းစာပဲ တ ... တာပေါ့"

"ဟုတ်တယ်။ ကျောင်းအပ် ... လည်း ကိုယ့်ရွာကျောင်းမှာမဟုတ်ဘူး ... ကိုယ့်ရွာကနေ (၁၀) မိုင်ကျော်ဝေး ... စာသင်ပြကောင်းတဲ့ ဆရာတော်တစ် ... ရဲ့ ကျောင်းမှာပဲ သွားအပ်တာ။ ကု ... တစ်တန်၊ ရေတစ်တန် လှေကူးတို့၊ ... တော်ကူးတို့တွေကို အဆင့်ဆင့်စီး ... (၁) ရက်ကျော် (၂) ရက်နီးပါးသွာ ... ရောက်တယ်။ အဲဒီဆရာတော်က အ ... သူငယ်ချင်းလို့ ပြောတယ်"

"ဒါဆိုရင်တော်တော်ခရီးထော ... တာပဲ။ ကျွန်တော်တို့ ကိုယ့်ရွာကျော ... မှာပဲ ပညာသင်ခဲ့ရလို့ အဲဒီအခက်အ ... မျိုးတော့ မကြုံခဲ့ရပါဘူး။ နော ... အတန်းကြီးလာတော့မှ မြို့ကို ပြော ... သင်ခဲ့ရတာပါ"

"အေး-ကံတရားလို့ပြောရမလ ... ပဲကွာ။ ဒါပေမယ့် ဆရာတော် ... တကယ်စာပြကောင်းပါတယ်။ စာ ... ခက်မှန်းလည်းမသိရ၊ ပျင်းလည်းမပ ... ရဘဲ စာရရသွားတာပဲ။ ဆရာ ... ကျောင်းမှာ ရပ်နီး၊ ရပ်ဝေးကလာ ... စာသင်ယူနေကြတာ ကျောင်းသ ... ကိုရင်၊ ဦးပဉ္စင်း (၁၀၀) ကျော်ရှိတ ... အမေဟာ ငါ့ကို ကျောင်းအပ်ပြီး ... အချိန်ကစလို့ အဲလောက်ဝေးတဲ့ ... ဆင်းရဲသူမဖြစ်ပေမယ့် တစ်လတစ်ခေါ ... လာတွေ့တယ်။ စာစရာအချို့နဲ့ မုန် ... ပိုက်ဆံလည်း ပေးတယ်။ အမေ ရွာ ... ပြန်ခါနီးမှာ ဝမ်းနည်းပြီး အမေရောင် ... ငိုကြတယ်"

ဦးစောဖိုးထူးသည် သူ့အ ... အကြောင်းပြောပြနေရင်းက ဝမ်းနည်း ... လာ၍ထင်၏။ စကားလုံးများထစ် ... လာပြီး မျက်ရည်များလည်းစို့ဝိုင်းလာ ...

"ဒါပေမယ့် အမေဟာ ငါ့ဆီ ... လေး၊ ငါးကြိမ်လောက်သာ လာ ... နောက်ပိုင်းမှာ မလာတော့ဘူး ...

"လာတိုင်း သားဖြစ်တဲ့ ဆရာ ...





www.burmeseclassic.com

www.burmeseclassic.com

ခမ်းနည်းတာကို မကြည့်ရက်လို့ မလာတာဖြစ်မှာပေါ့"

"မဟုတ်ဘူး၊ မရှိတော့ဘူး။ အမေ သေပြီ"

"ဗျာ"

စံသိန်းအောင် အံ့ဩသွား၏။

ဦးစောဖိုးထူးလည်း မျက်ရည်ကို သုတ်ပြီး ရှိုက်နေ၏။ တက်တစ်ချက်ကိုလည်း ကျယ်လောင်စွာဖြင့် ခေါက်လိုက်၏။ ထို့နောက် လည်ချောင်းကို ရှင်းပြီး ဆက်ပြောသည်။

"ဒါပေမယ့် အမေသေတာ ငါ့ကို တစ်ယောက်မှ လာမပြောကြဘူး။ ခရီးဝေးလို့တဲ့။ တောက် - အဲလောက်ထိ အားကိုးရတဲ့ ဆွေမျိုးတွေ။ ငါလည်း အမေရောက်ချိန်သင့်လို့ ရောက်မလာရင် မျှော်တယ်။ အမေရောက်မလာဘူး။ ဘယ်ရောက်လာမလဲ။ အမေက သေပြီလေ။ ပိုးထိလို့တဲ့။ ဒါပေမယ့် ညအိပ်မက်မှာတော့ အမေ့ကိုတွေ့ရတယ်။ အမေဟာ အထုပ်ကလေးကိုပိုက်ပြီး လာပေမယ့် ကျောင်းတပ်ထဲကို မဝင်ဘူး။ ကျောင်းတပ်အပြင်ဘက်က ရပ်ပြီးပဲ မျက်ရည်တွေစို့ဝိုင်းပြီး ငါ့ကိုကြည့်နေတယ်။ ငါဆင်းလိုက်သွားတော့ အမေ ပျောက်သွားတယ်"

"ဘဝမတူတော့လို့ (အစိမ်းသရဲဖြစ်နေလို့) ကျောင်းခြံထဲဝင်လို့မရတာ ဖြစ်မှာပေါ့ ဆရာကြီးရယ်"

"အေး - ငါလည်း အဲလိုပဲ ယူဆတယ်။ ငါ အိပ်ရာက လန့်နိုးလာတော့ အတော်လေး စိတ်မကောင်းဖြစ်သွားတယ်။ အမေတော့ တစ်ခုခုဖြစ်နေပြီလို့လည်း သိလိုက်တယ်။ ပြီးတော့ ငါငိုတယ်။ ရွာကိုလည်း အရမ်းပြန်ချင်လာတယ်။ ဒါပေမယ့် စာဝါက မနားသေးတော့ ပြန်လို့မရဘူး။ ဒါကြောင့် သင်္ကြန်နီးလို့ စာဝါနားမှ ငါ ဆရာတော်ကို လျှောက်ထားပြီး ရွာကိုပြန်တယ်။ အဲဒီခါ အမေမရှိတော့ဘူး။ သေဆုံးသွားတာ ခြောက်လတောင်ရှိသွားပြီတဲ့။ ခရီးဝေးလို့ လာမပြောကြတာတဲ့ တောက်. . ."

ဦးစောဖိုးထူး မျက်ရည်ကိုသုတ်၏။ နှာရည်များကိုလည်းညှစ်၏။

"ငါ တစ်အောင့် စဉ်းစားပြီး ဆုံးဖြတ်လိုက်တယ်။ စာလည်းဆက်မသင်တော့ဘူး။ ငါကအတော်အသင့်ဉာဏ်ကောင်းတဲ့လူဆိုတော့ စာကို တစ်နှစ်နီးပါးသင်ဖူးရုံနဲ့ အခြေခံကစပြီး ပရိတ်ကြီးကုန်ခဲ့တယ်။ နည်းနည်းပါးပါး ဆေးတို့၊ မာတ်တို့၊ နက္ခတ်၊ ဗေဒင်တို့ကိုလည်း တတ်ခဲ့တယ်။ ဒါကြောင့် စာလည်းဆက်မသင်တော့ဘူး။ ဒီရွာမှာလည်း လုံးဝမနေတော့ဘူး။ ငါ့အမေကိုပဲ အုတ်ဂူလုပ်ထားခဲ့မယ်ဆိုပြီး အိမ်နဲ့ခြံကိုရောင်းလိုက်တယ်။ အဲဒီမှာ အိမ်နဲ့ခြံကို ရောင်းလိုက်တဲ့ကိစ္စနဲ့ပတ်သက်ပြီး ပြဿနာတက်တယ်။ ဆွေမျိုးတွေက အိမ်နဲ့ခြံကို ရောင်းမယ်ဆိုရင် သူတို့ကို မတိုင်ပင်ရကောင်းလားဆိုပြီးတော့ပေါ့။ ငါဘာမှ ပြန်မပြောဘူး။ ငါ့အမေအတွက် ရည်စူးပြီး ဆွမ်းကျွေးတယ်။ အုတ်ဂူလုပ်တယ်။ သူတို့လည်း ငါ့ကိုအတော်လေးပြဿနာရှာကြတယ်"

"သူတို့ဆိုတာ ဘယ်သူတွေလဲ ဆရာကြီး။ ဆရာကြီးရဲ့ ဆွေမျိုးတွေများလား"

"ဟုတ်တယ်ကွ။ ငါ့အမေရဲ့ အစ်ကိုတစ်ယောက်နဲ့ မောင်တစ်ယောက်ပေါ့။ ငါ့အဖေက ငါ့လိုတစ်ယောက်တည်းသားပဲ။ မွေးချင်းလည်း တစ်ယောက်မှ မရှိဘူး။ ငါ့အမေမှာက အစ်ကိုတစ်ယောက်နဲ့ မောင်တစ်ယောက်ရှိတယ်။ အဲဒီနှစ်ယောက်မှာ အစ်ကိုလုပ်တဲ့သူက အကဲဆုံးပဲ။ ဒါပေမယ့် ငါဂရုမစိုက်ဘူး။ ပန်းရန်သမားတွေနဲ့ ငါ့အမေရဲ့အုတ်ဂူကိုပဲ ပြီးအောင်လုပ်နေတယ်။ ငါလည်း အတော်လေးဒေါသထွက်နေပြီ။ အဲဒါကြောင့် အမေ့အုတ်ဂူကို အပြီးသတ်တဲ့နေ့မှာပဲ ခြံတိုင်ကိုချိုးပြီး ငါ့အမေရဲ့ အစ်ကိုကြီးဆိုသူကို အပြီးနှံလိုက်တော့တယ်"

"ဟာဗျာ၊ ကိုယ့်ဦးကြီးကိုပဲ အဲလိုကြီးလုပ်လိုက်ရသလား။ ဒီတော့ သေရောလား"

ဟု စံသိန်းအောင်က စိတ်မကောင်းစွာဖြင့် ဆိုလိုက်၏။

"မသေဘူးကွ။ လုပ်တုန်းကတော့ သေအောင်လုပ်တာပဲ။ ဒါပေမယ့် ခေါင်းကွဲထိပ်ပေါက်၊ လက်ကျိုး၊ ခြေကျိုး လောက်ပဲဖြစ်သွားတယ်။ မင်းကသာ ငါ့ဘက်ကကြည့်ပြီး ကိုယ့်အမျိုး၊ ကိုယ့်ဦးကြီးလို့မြင်တာ။ အဲဒီလူကြီးက တို့သားအမိအပေါ်မှာ အဲဒီလိုမမြင်ဘူးကွ"

"ဟုတ်ပါ့လား ဆရာကြီးရယ်။ ဆွေမျိုးဆိုတာက သွေးပဲ မဟုတ်လား"

"သိပ်ဟုတ်တာပေါ့ကွ။ ငါ့အဖေရှိတုန်းက အတော့်ကို စီးပွားရေးအရှာကောင်းတယ်လို့ အမေကပြောပြတယ်။ လှေသူကြီးလုပ်တယ်။ စပါး၊ ဆန်အရောင်းအဝယ်၊ သစ်အရောင်းအဝယ်၊ ပဲ၊ ပြောင်း၊နှမ်းအရောင်းအဝယ်ဆိုပြီး သမ္မာအာဇီဝ စီးပွားရေးလုပ်ငန်းတွေကို အတော်လေးလုပ်ခဲ့တယ်လို့ ဆိုတယ်။ ဒါပေမယ့် အသက်ကမရှည်ခဲ့ဘူး။ ငါ့ကို မွေးတဲ့နှစ်မှာပဲဆုံးသွားတယ်တဲ့။ အဲဒီနှစ်မှာပဲ တိုင်းပြည်ထဲ ဂျပန်တွေဝင်လာလို့ ဝါးစည်းကို ကြိုးဖြေသလိုဖြစ်ကြတော့ ဦးကြီးက ဘယ်တင်ရှင်ကြီးလုပ်ပြီး အမေ့ကို သူ့အိမ်ပေါ်ခေါ်တင်ထားရင်းက အကြောင်းအမျိုးမျိုးပြပြီး အဖေရှာဖွေစုဆောင်းထားခဲ့တာတွေကိုတောင်းသုံးတော့တာပဲတဲ့။ အမေက ငါ(ကလေး) အငယ်နဲ့ ဘာမှလဲမရှာဖွေနိုင်၊ ရှာလည်း မရှာဖွေတတ်တော့ သူခြယ်လှယ်လိုက်တာနဲ့တင် အဖေရှာဖွေစုဆောင်းထားခဲ့တာတွေအားလုံး ပြုတ်ပြုတ်ပြုန်းတော့တာပေါ့။ နည်းနည်းနောနောမဟုတ်ဘူး။ ငွေတွေအပြင် ရွှေတောင်မှ သုံးပိဿာလို့ ပြောတယ်"

စံသိန်းအောင် သက်မတစ်ချက် ချလိုက်မိ၏။

"ဒီနေရာမှာ ငါ အမေ့ကို ဦးကြီး တောင်းသမျှ ပေးလိုက်ရကောင်းလားဆိုပြီး အပြစ်မမြင်ပါဘူး။ ပင်ကိုကပင် အနေအေးပြီး အစွမ်းအစလည်းနည်းတဲ့သူ၊ တိုင်းပြည်ကလည်းပျက်၊ ကလေးတစ်ဖက်နဲ့ဆိုတော့ ဘာမှမတတ်နိုင်ဘူးပေါ့။ အမေ့ပစ္စည်းတွေလည်းကုန်၊ တိုင်းပြည်လည်း ပြန်ကောင်းလာတော့ အိမ်ပေါ်က တို့သားအမိကို မောင်းချလိုက်တော့တာပဲ။ ဒီတော့ဘာရှိမှာလဲ အရင်းအနှီးအစွမ်းအစမရှိတဲ့ ငါ့အမေမှာ အိမ်တကာလည်ပြီး ရသမျှအလုပ်တွေကို အကုန်လိုက်လုပ်နဲ့ ရွာသားခိုင်းဖက်ဖြစ်ရတော့တာပဲ"

"အဲလောက်များမြောင်တဲ့ ပစ္စည်းတွေ အဖတ်မတင်လောက်အောင် သုံးဖြုန်းပစ်လိုက်တယ်ဆိုတော့ ဆရာကြီးရဲ့ ဦးကြီးတဘာတွေလုပ်ပစ်လို့များလဲ"

"မကောင်းတာဆို အကုန်လုပ်တယ်ကွ။ ကောင်းတာကို တစ်ခုမှမလုပ်ဘူး။ဥပုသ်မစောင့်ဘူး။ သီလမထိန်းဘူး။ ဒါနဆို အဝေးကြီး။ အရက်ရောင်းတယ်။ ဘိန်းရောင်းတယ်။ ဖဲဝိုင်းထောင်တယ်။ အငယ်အနှောင်းအမြှောင်တွေဆိုတာ မှိုလိုပေါက်တယ်။ လူယုတ်မာအစစ်"

ဒေါသကြောင့် ဦးစောဖိုးထူး၏ အသံသည် ကျယ်လောင်သွား၏။

"ဒါကြောင့် ငါ သူ့ကို ရိုက်သတ်ထားခဲ့တာ မှလွန်ဘူးကွ တန်တယ်။ သေအောင်လုပ်ထားခဲ့တာ မသေခဲ့တဲ့အတွက် နည်းတောင်နည်းသေးတယ်လို့ ပြောလို့



www.burmeseclassic.com

www.burmeseclassic.com

ရတယ်။ ငါလည်း အဲဒီနေ့ကစပြီး ရွာက ထွက်လာခဲ့တယ်။ ဘယ်တော့မှမပြန် ဘူးလို့လည်း ဆုံးဖြတ်တယ်။ ရွာကိုပြန် ရင်လည်း အဲဒီလူကြီးကို ဆက်သတ်မိ မှာပဲ။ ဒါပေမယ့် ငါ့အမေအုတ်ဂူကို တော့ တစ်နှစ်တစ်ကြိမ် သွားကန်တော့ တယ်။ ရေညှိတွေကို တိုက်ခွာပြီး ထုံး သုတ်တယ်။ ကိုယ်လုပ်သမျှ ကုသိုလ် ကောင်းမှုတွေကိုလည်း အမျှဝေတယ်"

"ဆရာကြီး ရွာကထွက်လာတယ် ဆိုတော့ အဲဒီအချိန်က တလေးပဲရှိဦး မယ်။ ဒီတော့ဘာတွေလုပ်သလဲ"

"အဲဒီအချိန်က ငါ့အသက် (၁၃) နှစ်ရှိပြီကွ။ လူကောင်ကလည်း ခပ်ထွား ထွားဆိုတော့ တော်တော်တန်တန်အလုပ် တွေကိုတောင်လုပ်နိုင်နေပြီ။ ဒါကြောင့် ဆိပ်ကမ်းတွေမှာကုန်ထမ်းတယ်။ သူများ နည်းတူ အထုပ်ကြီးတွေကို မထမ်းနိုင် သေးလို့ သူများပေးသလောက်ပဲရတယ်။ နှိမ်တဲ့သဘောလို့ ဆိုရမှာပေါ့။ ဒါပေ မယ့် ငါကျေနပ်တယ်။ စားရရင်တော်ပြီ။ အိပ်တော့ ဂိုဒေါင်တွေမှာ။ ပြီးတော့ အခြားရရာအလုပ်တွေကိုလည်း လိုက် လုပ်သေးတယ်။ ကုန်ထမ်းတဲ့နေရာမှာ လူပေါင်းတစုံတော့ ကောင်းတာထက် မကောင်းတဲ့ ပညာတွေကို အများကြီး ရလာတယ်။ ခိုးဆိုးလုယက်တဲ့ပညာတွေ ပေါ့"

"လူကလည်း ခပ်စွာစွာသဘော ရှိနေတဲ့အထဲ လူနဲ့ပညာလိုက်ဖက်သွား တယ်လို့ ဆိုရမလားပဲနော်"

"ဆိုရမယ်။ ရရင်ရသလိုလုပ် တယ်။ ဆိပ်ကမ်းမှာ ရရင်ရ ဆိပ်ကမ်းမှာ မရရင် မြို့ထဲရွာထဲတွေလျှောက်ပြီးလည်း ဝင်ဖောက်ကြတာပဲ။ နောက်တော့ သူခိုး ကြီးရင် ဓားပြဆိုသလို ဓားပြတိုက်တဲ့ အခါလည်း သွားတိုက်ကြတယ်"

"အဲလောက်ထိ တွင်တွင်ကြီးလုပ် နေကြတော့ ဆရာကြီးတို့ တစ်ခါမှ အဖမ်းမခံကြရဘူးလား"

"ဟာ - ခံရတာပေါ့။ ဒါပေမယ့် ကိုယ်အနာမခံဘူး။ ထောင်ကျလည်းမခံ ဘူး။ ရတာတွေကို ရဲပုံပေးလိုက်တော့ တာပဲ။ ရဲတွေကလည်း ဒီအကြောင်းကိုသိ ထားတော့ တို့လူစုအခြေအနေကိုချည်း စောင့်ကြည့်နေကြတယ်ကွ။ ပြီးတော့ ငါ့ မှာ အားနည်းချက်တစ်ခုဖြစ်နေတာက ငါ့ဆရာတွေဟာ အမြဲတမ်း ငါ့အပေါ် မှာ ကလေး၊ လူငယ်တစ်ယောက်လိုပဲ သတ်မှတ်နေကြတယ်။ ဒါကြောင့် ခိုးဆိုး လုယက်လို့ ဘယ်လောက်ပဲရရ ငါ့ကို ကလေးဝေစု မုန့်ဖိုးသာသာလေးပဲပေး ကြတယ်"

"အဲဒီအချိန်က ဆရာကြီးအသက် ဘယ်လောက်ရှိနေပြီလဲ"

"အသက် (၂၀) ရှိနေပြီလေ။ အား လုံးအလုပ်ကို ဆရာတွေနဲ့ တန်းတူလုပ် နိုင်နေပြီပဲ။ ခံအတူ၊ စံအတူပဲ ဖြစ်သင့် တာပေါ့။ အခုရတော့ အဲလိုမဟုတ်ဘူး။ ခံတော့အတူ၊ စံတော့ မုန့်ဖိုး အဲလိုချည်း လုပ်နေကြတော့ ငါဘယ်ကျေနပ်ပါ့ မလဲ"

"သူတို့မွေးထားတဲ့ ကောင်လေး တစ်ယောက်ဆိုတဲ့သဘောနဲ့ ဝေစုကို အပြည့်အဝ မပေးကြတာ ဖြစ်မှာပေါ့"

"ဟုတ်တယ်လေ၊ အဲဒီသဘောပဲ။ ဒီတော့ ငါမကျေနပ်တော့ဘူး။ ရစုသင့် ကို အပြည့်အဝလိုချင်လာတယ်။ ဒီလိုနဲ့ အောင့်သက်သက်နေရင်း တစ်နေ့မှာ တော့ ဆိပ်ကမ်းမှာ ညလာအိပ်တဲ့ ကျွန်းပတ်သင်္ဘောပေါ်ကို တက်ခိုးကြ တယ်။ ဆရာတွေက ဘာမှပြောလောက် အောင် မရကြဘူး။ လက်စွပ်လေးတစ် ကွင်း၊ ဆွဲကြိုးလေးတစ်ကုံး၊ အဝတ်အ ထည် စတာတွေလောက်ပဲ ရကြတယ်။ ငါက သူဌေးတစ်ယောက် အိပ်နေတဲ့ အခန်းထဲဝင်ပြီး ဆွဲချလာတဲ့ လက်ကိုင် အိတ်ထဲမှာ ရွှေငွေတွေအပြင်စိန်ကောင်း ကျောက်ကောင်းတွေလည်း အတော် များများပါလာတယ်"

"ကျောက်ကုန်သည်များလား"

"ဖြစ်နိုင်တယ်ကွ။ အဲဒီအခါမှာ လည်း ငါ့ကို မုန့်ဖိုးပဲပေးကြတော့ ငါငို မခံတော့ဘူး။ ဆရာကြီးတွေနဲ့တန်းတူ ဝေစုတောင်းတယ်။ ဒါကြောင့် ရန်ဖြစ် ကြတယ်။ ငါ့ကိုလည်းဝိုင်းထိုးကြတယ်။ ငါကလည်း ငုံ့မခံတော့ဘူးလို့ ဆုံးဖြတ်ပြီး ပြီ။ ဒီတော့ ဘာရှိမှာလဲ၊ ဆရာနှစ် ယောက်ကို ဓားမြှောင်နဲ့ ထိုးသတ်လိုက် တယ်"

"ဟာ - နှစ်ယောက်လုံး သေရော လား"

"တစ်ယောက်ပဲသေတယ်။ နောက် တစ်ယောက်က ဆေးရုံမှာအတွင်းလူနာ ဖြစ်သွားတယ်။ အဲဒီအချိန်မှာ ကျန်တဲ့ လူတွေ ထွက်ပြေးကြတော့ ငါလည်း ရတနာအိတ်ကြီးကို ကောက်မပြီး ထွက် ပြေးတော့တာပဲ။ ပြီးတော့မှ လက်နက် လူသူစုပြီး ငါကိုယ်တိုင် ဓားပြဗိုလ်ကြီး တက်လုပ်တော့တာပဲ"

"အဲလောက်များတဲ့ရတနာပစ္စည်း တွေကို တစ်ယောက်တည်းရတာ ဓားပြ ဗိုလ်ကြီးလုပ်နေစရာလိုသေးလား ဆရ ကြီးရာ။ တစ်နေရာမှာခြေရာဖျောက်ပေ ပြီး ကောင်းရောင်းကောင်းဝယ်လုပ်စား ရင်တောင်ရနိုင်တာပဲ မဟုတ်လား"

"အဲဒီအချိန်က အဲလောက်ငြ မစဉ်းစားတတ်သေးဘူးလေကွာ။ လူင လည်းငယ်သေးတော့ ဗိုလ်လုပ်ချင်တ တစ်ခုပဲသိတယ်။ မင်းပြောသလိုသ ခြေရာဖျောက်ပြီး တစ်နေရာမှာ ကောင် ကောင်းလေးလုပ်စားနေရင် အဆင်ပြေ လောက်တာပေါ့"

"ဒီတော့ ဆရာကြီးက အရွယ ရောက်စကပင် အဲဒီလိုချည်း ဓားပြဗိုလ လုပ်နေတော့တာပဲလား"

"အင်းပေါ့။ ဒါပေမယ့် ငါဓ ဓားပြဗိုလ်သာလုပ်နေတာ၊ စည်းကမ်း တော့ထားတယ်။ ငါ့အဖွဲ့သားတွေ ဘယ်တော့မှအဓမ္မမကျင့်ရဘူး။ အသဓ လုပွဲကလွဲလို့ လူမသတ်ရဘူး။ ငါကိုယ တိုင်လည်း ဒီအသက်အရွယ်ကိုသ ရောက်လာတယ်။ အသက်လုပွဲဖြစ်ဓ လူသတ်ဖူးတာကလွဲပြီး အဓမ္မမှုလုံး မဖြစ်ခဲ့ဖူးဘူး။ မိန်းမလည်းမယူခဲ့ဖူးဘူ

"ဒီတော့ ဆရာကြီး အခု နှစ်ရှည် ထောင်ဒဏ်နဲ့ ထောင်ထဲရောက်လာ တဲ့အကြောင်းက"

"အဲဒါကို ငါအခုပြောမလို့အ တစ်သက်လုံး ခိုးဆိုးလုယက်လိုဓ အဖမ်းခံရလိုက်နဲ့ နှစ်ရှည်ထောင်ဒဏ် မကျဘူးဘဲ ကျင်လည်လာခဲ့ရာက အ ဓားပြမှုမှာ လူသတ်မိသွားတယ်။ မသ လို့လည်း မဖြစ်တော့ဘူးကွ။ အိမ်ရှင်ဓ အလွယ်တကူနဲ့ အဖမ်းမခံဘူးလေ။ သ အိမ်စောင့် တုတ်ကြီးတွေနဲ့ လင်မယာ နှစ်ယောက် ဆီးရိုက်လို့ တို့အဖွဲ့ကတ ယောက်လဲသွားတယ်။ ပြီးတော့ ငါ့ ဆက်ရိုက်လို့ ငါဓားနဲ့ထိုးသတ်လိုက်ဓ အတွက် လင်မယားနှစ်ယောက်စလုံ သေသွားကြတယ်။ အိမ်ရှင်များက ခ တိုက်ခိုက်ရိုက်နှက်လိုက်ကြလို့လည်း ဓ နဲ့ ငါ့လူတစ်ယောက် ပြင်းပြင်းထန်ထ ဒဏ်ရာရရှိသွားကြတယ်။ အဲဒီဒဏ်ရ ကို တောထဲမှာလျှို့ဝှက်ကုသလို့မပျော နိုင်တဲ့အတွက် ပုန်းလျှိုးကွယ်လျှိုး မြို့ပေါ်ကဆေးရုံကို တက်ကုနေကြတု မှာပဲ ရဲတွေက သတင်းရသွားပြီး ဝိုင်းဖ ကြလို့ ငါ့လူတစ်ယောက်က ထွက်ပြေ လွတ်မြောက်သွားပေမယ့် ငါက အဖ ခံလိုက်ရတယ်။ ဒါကြောင့်လည်း ဓား လူသတ်မှု နှစ်မှုပေါင်းပြီး ငါ အဓ နှ ရှည်ထောင်ဒဏ်ကျခံလိုက်ရတာပေ



www.burmeseclassic.com

www.burmeseclassic.com

အပိုဆုအနေနဲ့ကတော့ ငါ့မှာ အိမ်ရှင်ခိုက်လိုက်တဲ့ဒဏ်ရာဟာ ရှင်းရှင်းပျောက်နိုင်တော့ဘဲ အခု လေဖြတ်သလိုလိုဖြစ်လာပြီး ခြေထောက်နှစ်ဖက်ဆွဲလာတဲ့အထိပါပဲ။ ဒီရောဂါနဲ့ပတ်သက်ပြီး ဆရာဝန်ပြောလိုက်တာကသည်း ရှေ့ကိုတောင် အခြေအနေကောင်းသာဖို့မရှိဘဲ အသက်အန္တရာယ်တောင်မှ ဆိုးရိမ်ရသတဲ့ကွာ"

ဦးစောဖိုးထူးသည် သူ့အကြောင်းကိုပြောပြနေရင်းက တစ်အောင့်ကြာအောင် စကားဖြတ်ပြီး ငေးငိုင်သွားလေသည်။ သူ၏ ဘဝရှေ့ရေးအတွက် အတော်လေးပင် စိတ်မာတ်ကျနေဟန်ရှိသည်။

ထို့ကြောင့် စံသိန်းအောင်ထပြန်လာခဲ့သည်။ စံသိန်းအောင်မှာ ဦးစောဖိုးထူးအတွက် စိတ်မကောင်းဖြစ်မိသော်လည်း ကိုယ်တိုင်တွင်မူကား ထောင်မှလွတ်မြောက်ရန် (၆) လမျှသာလိုတော့၍ ဝမ်းမြောက်ဝမ်းသာဖြစ်နေမိ၏။

ဦးစောဖိုးထူးသည် စံသိန်းအောင်ကို ခင်မင်နေ၏။ အချိန်ရတိုင်းလည်း စံသိန်းအောင်ထံသို့ သူကိုယ်တိုင် လာတတ်သလို စံသိန်းအောင်ကိုလည်း ညနေတိုင်းခေါ်ပြီး အနှိပ်ခိုင်းလေ့ရှိသည်။ ဦးစောဖိုးထူးသည် အနှိပ်ခံနေရင်းက သူ့စိတ်ကူးဖြင့် ဆုံးဖြတ်ပြီး စီစဉ်ထားသောအကြောင်းတစ်ခုကို စံသိန်းအောင်အား ဖွင့်ဟပြီး ပြောပြသည်။

"စံသိန်းအောင်၊ ငါ မင်းကို အကဲခတ်ကြည့်နေတာကြာပြီ။ ဒါကြောင့် မင်းရဲ့ အတွင်းစိတ်ကိုလည်း သိသင့်သလောက်သိပြီးဖြစ်လို့ ငါ့ဘဝမှာအထူးလျှို့ဝှက်ချက်တစ်ခုလုပ်ထားတာကို မင်းကိုပြောပြမယ်"

"ဘယ်လိုလျှို့ဝှက်ချက်မျိုးလဲဆရာကြီး"

"ငါတစ်သက်လုံးစုဆောင်းထားတဲ့ရတနာတွေ ဟိုတောထဲမှာ မြှုပ်နှံပြီး မြေပုံဆွဲထားတာရှိတယ်။ အဲဒီမြေပုံကို မင်းပေးလိုက်မယ်။ မင်းထောင်တလွတ်တာနဲ့ မြေပုံလမ်းညွှန်အတိုင်း သွားတူးပြီး တစ်ဝက်ကို မင်းယူ။ ကျန်တဲ့တစ်ဝက်ကိုတော့ ငါ့အတွက်ထား။ အဲဒီအထဲက ဆေးဝါးလေးဝယ်ပြီး ထောင်ကိုလာပို့ပေးပေါ့။ အခုလက်ရှိ ခံစားနေရတဲ့ ဒီရောဂါနဲ့ ငါသေသွားတယ်ဆိုရင်လည်း ငါ့ဝေစုကို အတုန်ရောင်းချ အလှူအတန်းလေးလုပ်ပြီး ငါ့ကိုအမျှဝေပေးပါ"

စံသိန်းအောင် သက်မတစ်ချက်ချလိုက်၏။ ထို့နောက် တစ်အောင့်ကြာအောင် စဉ်းစားနေသည်။

"မင်းငါပြောသလိုလုပ်မယ်မဟုတ်လား"

"ဖြစ်မှာမဟုတ်ပါဘူး ဆရာကြီးရယ်။ ဆရာကြီးပြောတာတွေကိုလည်း ကျွန်တော် လုပ်တတ်မှာ မဟုတ်ပါဘူး။ ဒါကြောင့် အခြားတစ်ယောက်ကိုပဲ အဲဒီမြေပုံညွှန်းကိုပေးလိုက်ပါ"

ဦးစောဖိုးထူးသည် စံသိန်းအောင်၏မျက်နှာကိုကြည့်၏။ ဦးစောဖိုးထူး၏အကြည့်မှာ စံသိန်းအောင်အားသဘောမကျသည့် အရိပ်လက္ခဏာပါနေလေသည်။ ထို့နောက် ပြောသည်။

"အခြားတစ်ယောက်ကို မပေးချင်လို့သာ မင်းကိုပေးနေတာပေါ့ကွ။ အခြားတစ်ယောက်ကိုသာပေးချင်ရင် မင်းကိုပြောနေမလား။ ဘာလဲ၊ မင်းက ဒီလောက်အထိ ရတနာအမြောက်အမြားကိုရမယ့်ဥစ္စာ ဘာလို့ငြင်းနေရတာလဲ"

စံသိန်းအောင် သက်မကိုထပ်ကာချ၏။ ထို့နောက်-

"ကျွန်တော်သွားမယူရဲဘူး ဆရာကြီး။ လိုချင်စိတ်လည်းမရှိပါဘူး။ အဲဒါကြောင့် ဖြစ်နိုင်ရင် ဆရာကြီးရဲ့မြေပုံညွှန်းကို အခြားတစ်ယောက်ပဲပေးလိုက်ပါ"

ဟု ထပ်ပြောလိုက်သည်။

"ငါအခြားတစ်ယောက်ကိုမှမပေးဘဲ မင်းကိုသာပေးနေတာက အကြောင်းရှိတယ် စံသိန်းအောင်။ တကယ်တော့ ထောင်ထဲကိုရောက်နေကြတဲ့လူတွေအားလုံးဟာ လူကောင်းရယ်လို့ မရှိကြဘူးကွ။ လူဆိုးတွေချည်းပဲ။ ဒီအထဲမှာ မင်းတစ်ယောက်ပဲ သူများသတ်ထားခဲ့တဲ့လူသေအတွက် ထောင်ကျလာတဲ့ လူကောင်းလေးတစ်ယောက်ကို တွေ့ရတယ်။ ဒါကြောင့်လည်း ယုံကြည်စိတ်ချလို့ ဒီမြေပုံညွှန်းကို မင်းရွေးပြီးပေးနေတာ။ ဘာလဲ၊ မင်းက ဓားပြခေါင်းဆောင်ကြီးတစ်ယောက်ရဲ့ပစ္စည်းတွေဖြစ်နေလို့ မလိုချင်ဘူးဆိုတဲ့သဘောလား"

"အဲဒါလည်းပါပါတယ်ဆရာကြီး။ ပြီးတော့ ဆရာကြီးပြောသလို ကျွန်တော် မြေပုံညွှန်းကိုယူပြီး အစအဆုံးလည်း လုပ်တတ်မှာမဟုတ်ပါဘူး။ ကျွန်တော့်အတွက် ရွှေငွေရတနာဆိုတာလည်း မလိုပါဘူး။ ကျွန်တော် ထောင်ကလွတ်တာနဲ့ ရဟန်းဝတ်ပြီး တောရပ်ဆောက်တည်ဖို့ ဆုံးဖြတ်ထားပါတယ်။ ဘဝမများ၊ သံသရာလည်းမရှည်လိုတဲ့အတွက် လောကီကိစ္စတွေကို တစ်ခုမှ မလုပ်ချင်တော့ဘူး။ ဒါကြောင့် ဆရာကြီးကိစ္စကို ကျွန်တော်မလုပ်ပါရစေနဲ့လို့ တောင်းပန်တာပါ။ ဘယ်လိုမှတော့စိတ်မရှိပါနဲ့ဗျာ"

ဟု ပြောပြီး စံသိန်းအောင်သည် ဦးစောဖိုးထူးအား ဦးချ၍ရှိခိုးလိုက်၏။

ဦးစောဖိုးထူးလည်း မျက်ရည်ပေါက်ပေါက်ကျသွားလေ၏။ ထို့နောက် မျက်နှာကိုအောက်နှိမ့်ထားရင်းက တစ်ချက်၊ နှစ်ချက်ရှိုက်လိုက်ပြီး စံသိန်းအောင်ကို ဖွဖွလေးဖက်ကာ တိုးတိုးပြော၏။

"သားလေး၊ ငါမင်းကိုမြင်စကပင်ချစ်တာခင်တာပါကွာ။ မင်းလို သီလ၊ သမာဓိနဲ့ ရုပ်ရည်သန့်ပြန့်ပြီး စိတ်ထားဖြူစင်တဲ့ကလေးတစ်ယောက်ကို ငါမချစ်ဘဲနေပါ့မလား။ငါ့မှာလည်း စိတ်ကောင်းတွေရှိပါတယ်။ မိခင်မှဆိုးမကြီးနဲ့ နေလာခဲ့ရပြီး ဆရာတော်တစ်ပါးရဲ့ အဆုံးအမတွေကိုလည်း ရခဲ့တယ်။ ဗုဒ္ဓစာပေတွေကိုလည်း သင်ယူခဲ့ဖူးတယ်။ ဒါပေမယ့် ပတ်ဝန်းကျင်ဆွေမျိုးတွေမကောင်းကြလို့သာ ခိုကိုးရာမဲ့ဖြစ်ပြီး လူဆိုးဘဝကို ရောက်သွားရတာပါ။ ငါ့ရဲ့ဇီဇဆိုးတာလည်း ပါသင့်သလောက်တော့ ပါမှာပေါ့။ ဒါကိုလည်း မငြင်းပါဘူး။ ဒါပေမယ့် ဇီဇနဲ့ပတ်ဝန်းကျင်သာကောင်းခဲ့မယ်ဆိုရင် ငါ့မှာလည်း လူကောင်းသူကောင်းတစ်ယောက် ဖြစ်လာနိုင်တဲ့စိတ်ထားမျိုးတော့ရှိပါတယ်။ ဒါပေမယ့် အခုချိန်မှာတော့ ငါ့ဘဝကို အဖတ်ဆယ်လို့ရဖို့လည်း မရှိတော့ပါဘူး။ ထောင်ထဲမှာပဲ သေရဖို့ များနေပါပြီ။ ဒီတော့ သားလေး၊ ငါသာ ဒီရောဂါနဲ့ ထောင်ထဲမှာလည်း မသေဘဲ လွတ်မြောက်လာခဲ့မယ်ဆိုရင် အဲဒီအချိန်မှာ သားငလေးဟာလည်း ရဟန်းဘဝနဲ့ရှိနေရင် အဘကပ္ပိယအဖြစ်နဲ့ လာနေပါ့မယ်ကွာ။ အဘဘဝမှာ ဆွေမျိုးလည်း မရှိဘူး၊ သားမယားဆိုတာလည်း မရှိဘူး။ ဒါကြောင့် သားလေးကိုပဲ အားကိုးပါတယ်။ သားလေး အဘကို သနားပါ။ အဘလည်း ဒီနေ့အချိန်ကစလို့ ဆိုးမိုက်ချင်တဲ့ အကျင့်ယုတ်တွေကို စွန့်လွှတ်လိုက်ပါပြီ။ ဒါကြောင့် ဆိုးမိုက်ခဲ့ဖူးတဲ့လူတစ်ယောက်ရဲ့ နောက်ဆုံးအချိန်ကို ကူညီကယ်တင်တဲ့အနေနဲ့ သားလေး ဒီမြေပုံစာညွှန်းကိုယူထားပြီး ထောင်ကလွတ်တဲ့အခါသာ အဘပြောသလို



www.burmeseclassic.com

www.burmeseclassic.com

လိုက်လုပ်ပေးပါကွာ-နော်"

ဦးစောဖိုးထူးသည် မျက်ရည်ကို သုတ်လိုက်ပြီးနောက် သူမြှုပ်နှံထားသော ရတနာသိုက်ညွှန်းမြေပုံကို စံသိန်းအောင်၏လက်ထဲသို့ ထိုးထည့်ပေးလိုက်လေ၏။

စံသိန်းအောင် မငြင်းသာတော့။

❐

စံသိန်းအောင် ထောင်မှ လွတ်သည်နှင့် ဦးစောဖိုးထူး၏ မြေပုံညွှန်းကို ယူပြီးခရီးဆက်လေသည်။ စံသိန်းအောင် ဦးတည်သွားနေသည်မှာ ဧရာဝတီတိုင်းဒေသကြီး၏မြို့နယ်တစ်ခုသို့ ဖြစ်၏။ ထိုမြို့နယ်တစ်ဖက်တွင် တောတောင်များ ထူထပ်၏။ ရခိုင်ရိုးမကြီးနှင့် ဆက်စပ်သဖြင့် တောလည်းနက်၏။

သို့သော်လည်း သွားလာရေးတွင် စံသိန်းအောင်အတွက် ဦးစောဖိုးထူးက မြေပုံညွှန်းကို အထပ်ထပ်အခါခါ ရှင်းပြထားသောကြောင့် သိပ်ပြီးမခက်ခဲပေ။ ဘယ်အနားမှာဘာရှိသည်၊ ဘယ်လိုသွားရ၊ စားရ၊ တည်းခိုရမည် စသည်ဖြင့် ခရီးကို အဆင့်ဆင့် ညွှန်ကြားလိုက်သည်။

ရတနာသိုက်ညွှန်းတည်ရာသည်ကား လူသူကင်းပြတ်ပြီး အတော်အတန်တောနက်သော တစ်နေရာကိုသာ ညွှန်ထား၏။ ထိုနေရာသည် မိုးရာသီမှာသာ ရေအနည်းငယ်စီးပြီး နွေရာသီတွင် ရေခန်းခြောက်သောချောင်းလေး ဖြစ်၏။ ထိုချောင်းလေး၏အထက်ဘက်ကိုဆန်တက်လျှင် ကျောက်ဆောင်များရှိသည့်နေရာကို ရောက်၏။ ထိုနေရာသို့ရောက်လျှင် သိုက်ညွှန်းစာအတိုင်း ကျောက်ဆောင်ကြီး၏အောက်ခြေတွင် လူတစ်ဖက်ခန့် ကျောက်တုံးကြီးသုံးတုံးမျက်နှာချင်းဆိုင်၍ရှိနေသည်ကို တွေ့ရ၏။

စံသိန်းအောင်သည် ထိုကျောက်တုံးကြီးသုံးတုံး၏အလယ်က သဲများကို လက်နှင့်ယက်လိုက်ရာ အောက်သုံးတောင်ခန့်သို့ရောက်လျှင်ပင် ကျွန်းသေတ္တာတစ်လုံးကို တွေ့ရလေသည်။ ကျွန်းသေတ္တာလေးကိုမူ သော့ခတ်ထားခြင်း မရှိပေ။ ထို့ကြောင့် စံသိန်းအောင်သည် ကျွန်းသေတ္တာလေးကို အပေါ်ဆွဲတင်ပြီး အလွယ်တကူပင်ဖွင့်ကြည့်လိုက်ရာ လက်ဝတ်ရတနာအတော်များများနှင့် ရွှေတုံးရွှေသားအချို့ကိုပါတွေ့ရ၏။

စံသိန်းအောင်သည် ထိုရတနာများကို တစ်အောင့်ကြာအောင်ပင် စိုက်ကြည့်နေမိ၏။ လောဘစိတ်လုံးဝမဖြစ်သည့်အပြင် ထိုရတနာများကိုစိုက်ကြည့်နေရင်းက စိတ်ထဲတွင် အတော်လေးပင် မကောင်းဖြစ်သွားမိသည်။

ဤရတနာများသည် ပိုင်ရှင်မြောက်မြားစွာတို့၏ ဥစ္စာရတနာများဖြစ်ခဲ့ဖူးပြီး ထိုရတနာများကို လူမိုက်ကြီးဦးစောဖိုးထူးသည် အသက်နှင့်လဲ၍ပင် လုခိုးတိုက်ခိုက်ပြီး ယူခဲ့ရပေလိမ့်မည်။ ထို့ကြောင့် သေသူကသေ၍ ဒုက္ခရောက်သူကရောက်ပြီး ဘဝပျက်လျက် အမျိုးမျိုးသော မကောင်းသံသရာတွင်လည်း ခဲ့ရပေလိမ့်မည်။

ထို့ကြောင့် လောကီရတနာများဟူသည်ကား ရန်သူများပိုင်း၍နေတတ်သည်ဟု ဟောတော်မူသည်ကို အမှတ်ရလာမိသည်။ပစ္စုပ္ပန်အခါကို လက်တွေ့နှင့်ယှဉ်၍ သံဝေဂလည်းရမိသည်။

ထို့နောက် စံသိန်းအောင်သည် ရတနာများကို လှော်လှန်ကြည့်ရင်းက (၄)လက်မ×(၆)လက်မအရွယ်အစားရှိသော အလေးချိန် (၁၀) သားကျော်ခန့်ရှိမည့် ရွှေပြားကြီးမှာ ထူးဆန်းစွာဖြင့် ကမ္ပည်းစာသားများ ရေးထိုးထားသည်ကို တွေ့ရ၏။

ဦးမောင်မောင်ဝေ၊ ဒေါ်သီရိစော မိသားစုကောင်းမှု။

စံသိန်းအောင်သည် ရွှေပြားကြီးမှစာကို ဖတ်ကြည့်လိုက်ပြီးနောက် တစ်အောင့်ကြာအောင်ပင် စဉ်းစားနေမိသည်။

ဦးစောဖိုးထူးသည် ဤရွှေပြားကြီးကို ဘုရားဌာပနာတစ်ခုခုကပင် ဖောက်ထွင်းယူခဲ့လေသလောမသိ။

စံသိန်းအောင်သည် ထိုမျှသာ တွေးကြည့်မိပြီး ရတနာအားလုံးကို ကျောပိုးအိတ်ထဲသို့ ပြောင်းထည့်ကာ ထိုနေရာမှ ခပ်သုတ်သုတ်ပင်ထွက်လာခဲ့သည်။ လုံခြုံစိတ်ချရသောနေရာသို့ မရောက်မချင်း အန္တရာယ်မကင်းပေ။ ထို့ကြောင့် မလိုအပ်ဘဲ အချိန်မကုန်သင့်။

စံသိန်းအောင်သည် ထိုနေရာမှ နောက်ဆုတ်ကာ ရန်ကုန်သို့ ရောက်အောင် ပြန်လာခဲ့သည်။ ရန်ကုန်သို့ရောက်လျှင် ရွာမှကြွလာပြီး စာသင်နေကြသော ကိုယ်တော်များရှိသည့် ဗိုလ်တထောင်မှ စာသင်တိုက်ကြီးမှာ တည်းသည်။ ထို့နောက် ယောကျ်ားဝတ် မန်ကျည်းစေ့ပုံလက်စွပ်ကြီးတစ်ကွင်းကို စာချကိုယ်တော်၏တပည့်ဖြစ်သော ပန်းထိမ်ဆရာလေးတစ်ယောက်အားပြကြည့်၏။

ပန်းထိမ်ဆရာလေးသည် ထိုလက်စွပ်ကြီးကို ရွှေချိန်ခွင်ဖြင့်ချိန်ကြည့်လိုက်ပြီးနောက် -

"ငါးမူးသားရှိတယ်။ (၆၀၀) တ ပါတယ်"

ဟု အလေးချိန်နှင့် ခေတ်ကာ ၏ပေါက်ဈေးကိုပါ ပြောပြသည်။ ထိုကြောင့် စံသိန်းအောင်သည် ထိုလက်စွပ်ကြီးကို ပန်းထိမ်ဆရာလေးဆီမှာပင် ရောင်းချလိုက်ပြီး နောက်နေ့မနက်တွင် ဦးစောဖိုးထူးအတွက် ဆေးဝါးဓာတ်စာများ ဝယ်ယူကာ အင်းစိန်ထောင်ကြီးသို့ သွားလေသည်။

ထိုအခါ ဦးစောဖိုးထူး ကွယ်လွန်သွား၍ ကုန်ခဲ့သည့်ရက်မှာပင် သင်္ဂြိုဟ်လိုက်ပြီ ဟူသော သတင်းဆိုးကြီးကသာ ဆီးကြိုနေလေသည်။ သူ၏ လေဖြန်းရောဂါ ဆိုးဝါးလာရာမှ ကွယ်လွန်သွားကြောင်းကိုလည်း ထောင်မှူးထောင်ပိုင်များ ပြောပြကြသည်။ ထို့ကြောင့် စံသိန်းအောင် ဘာမှမတတ်နိုင်တော့။

ထိုငွေကြေးဖြင့်ပင် ဟင်းကောင်းများဖြင့် ထောင်သားများအား ထမင်းတစ်နပ်ဝယ်ကျွေးသည်။ စာသင်တိုက်က သံဃာတော်များကိုလည်း အရက်ဆွမ်းတစ်နပ်ကပ်လှူကာ ကွယ်လွန်သူ ဦးစောဖိုးထူးအား အမျှအတန်းဝေ၍ ကုသိုလ်ကောင်းမှုကောင်းများတောင်းပေးခဲ့၏။

ထို့နောက် ကားလက်မှတ်ဝယ်ပြီး ရွာသို့ပြန်လေသည်။ ပြန်လမ်းတစ်လျှောက်တွင် စဉ်းစားသည်။ အိမ်တိုရောက်လျှင် ဤမသန့်သော ရွှေငွေရတနာ အပူစာများကို မိခင်ကြီးနှင့်ညီမဖြစ်သူတို့အား အသိပေး၍၊ ပြ၍ပင် သင့်မည် မဟုတ်ပေ။

ဤမသန့်ရှင်းသော သွေးသွေးသင့်နေသည့် ပစ္စည်းများကို စံသိန်းအောင် အနေဖြင့် သွေးတော်သားစပ်တစ်ဦးတစ်ယောက်ကိုမျှ မသုံးမစားစေလိုပေ။ သုံးစားကောင်းသော ပစ္စည်းများလည်း မဟုတ်။ ထို့ကြောင့် သက်ဆိုင်ရာများဖြစ်ကြသည့် ကွယ်လွန်သူ ဦးစောဖိုးထူးနှင့် မူလပိုင်ရှင်များ အကျိုးရှိရန်အတွက်သာ တစ်စုံတစ်ခုသော ကုသိုလ်ကောင်းမှုတို ပြုလုပ်ပြီး အမျှအတန်းဝေရပေလိမ့်မည်။

❐

စံသိန်းအောင် အိမ်ကိုပြန်ရောက် သောအခါ အမေ့ကို မတွေ့ရတော့ အမေ ကွယ်လွန်သွားသည်မှာ တစ်နှစ် ကျော်ခဲ့ပြီဟုပြောပြကြသည်။ ကြောင့် ဝမ်းနည်းကြေကွဲဖြစ်မိသည် ၍ ဘာ



www.burmeseclassic.com

www.burmeseclassic.com

မတတ်နိုင်တော့။ သတ္တဝါတစ်ခုကံတစ်ခုဟု တွေးပြီးသာ ဖြေရတော့သည်။

ညီမလေး နှစ်ယောက်တို့သည်လည်း အသီးသီးအိမ်ထောင်ဃရာဝါသ ကျနေကြသည်ကိုသာ တွေ့ရလေသည်။ ထို့ကြောင့် ကျေးဇူးရှင် မိခင်ကြီးက ကွယ်လွန်သွားပြီး ညီမလေးနှစ်ယောက်တို့သည်လည်း သူတို့ဘဝနှင့်သူ တင့်တင့်တယ်တယ်ဖြစ်နေကြ၍ စံသိန်းအောင်သည် တစ်အောင့်ကြာအောင် စဉ်းစားလိုက်ပြီး မူလရည်ရွယ်ချက်ဖြစ်သော ရဟန်းဝတ်ပြီး တောထွက်ရန်ကိုသာ ဆုံးဖြတ်လိုက်လေသည်။

ဦးစွာ အမေ့မြေပုံကို သွားကန်တော့ပြီး အုတ်ဂူပြုလုပ်ကာ ပူဇော်ထားလိုက်၏။ ထို့နောက် ရသေ့ဝတ်ပြီး တစ်သတိတိ သချိုင်းမုတင်ဆောက်တည်ကာ ကွယ်လွန်သူ မိခင်ကြီးနှင့်တကွ တွေ့ဆုံမလွတ်ဘဲရှိကြသော ဝေနေယျတို့အား အမျှမေတ္တာများ ပေးဝေလိုက်သည်။

ရဟန်းတန်းမဝတ်ဘဲ ဦးစွာရသေ့ဝတ်ခြင်းမှာ အကြောင်းရှိသည်။ သူ့မှာ ဘာဝန်မကင်းသော ရတနာပစ္စည်းများ ရှိနေသေးသည်။ ထိုပစ္စည်းများကို သင့်လျော်သော ဒါနဝတ္ထုအဖြစ်သို့ပြုပြောင်း၍ မူလပိုင်ရှင်များဖြစ်ကြသော ဦးစောဖိုးထူးနှင့် သက်ဆိုင်ရာပုဂ္ဂိုလ်များအား အမျှအတန်းဝေပေးရန် ရှိနေသေးသည်။

ထိုကုသိုလ်လုပ်ငန်းများကိုလည်း ရဟန်းဝတ်နှင့်မပြုလုပ်လို။ ထို့ကြောင့် ရသေ့ဝတ်နှင့်သာ ပြုလုပ်ရန် ဆုံးဖြတ်ပြီး ရတနာပစ္စည်းများကို ရောင်းချကာ ရခိုင်မြို့မကြီးကိုသွားသည်။ ပတ်ဝန်းကျင် ရိုးမရွာကလေးများနှင့် သိပ်ပြီးမဝေးမကွာသော ကုန်းမြေတစ်နေရာကို ရွေးချယ်လိုက်သည်။ ထိုကုန်းမြေတွင် တောရကျောင်းလေး ဆောက်လုပ် သိတင်းသုံးပြီး တောင်ပေါ်သူတောင်ပေါ်သားများအား သာသနာပြုရန် ရည်ရွယ်သည်။

ထိုကုန်းမြေသည် သစ်တောဝါးတောကြီးများဖြင့် အုပ်ဆိုင်း၍နေသည်။ တောင်ကျစမ်းရေကိုလည်း ကောင်းစွာရရှိသည်။ ကားလမ်းမကြီးဘေး၊ ထမင်းဆိုင်များနှင့် သိပ်ပြီးမဝေးသဖြင့် ဆွမ်းခံ၍လည်း အဆင်ပြေနိုင်သည်။ ထို့ကြောင့် ရဟန်းဝတ်ဖြင့် တောရဆောက်တည်ပြီး သာသနာပြုရန် အလွန်သင့်လျော်သော တောကောင်းတောင်ကောင်း နေရာကောင်းတစ်ခုပင် ဖြစ်လေသည်။

ထို့နောက် မြေပြန့်က ဆရာတော်ကြီးများအားပင့်ပြီး ကျောင်းမြေသန့်ခြင်း၊ သိမ်သမုတ်ခြင်းကိစ္စများကို ပြုလုပ်၍ ကိုးတောင်ပြည့်စေတီတစ်ဆူ တည်ထားကိုးကွယ်ရန်လည်း စီမံကြသည်။

ရသေ့လေး စံသိန်းအောင်က ဤသာသနာပြုလုပ်ငန်းနှင့် ပတ်သက်ပြီး ကုန်ကျငွေအားလုံးကို သူစီစဉ်ထားသည့်အတိုင်း ကွယ်လွန်သူ ဦးစောဖိုးထူး မြေပုံညွှန်းအတိုင်း ညွှန်ကြားခိုင်းစေ၍ တူးယူရရှိလာသော ရတနာများကို ရောင်းချထားသည့် ငွေများသက်သက်ကိုသာ သုံးစွဲမည် ဖြစ်သည်။

ထိုငွေများကို သုံးစွဲရာတွင်လည်း ဦးစောဖိုးထူးအတွက် တစ်ဝက်၊ ကျန်သောငွေများကို မူလပိုင်ရှင်များအတွက်ဟု သတ်မှတ်ပြီးသာ သုံးစွဲရန် သတ်မှတ်ထားသည်။

ထိုအခါ ဦးမောင်မောင်ဝေ၊ ဒေါ်သီရိစောမိသားစုကောင်းမှုဟု ရွှေပြားကြီးမှာ စာရေးထိုးပြီး ပါလာသည့် အကြောင်းအရာတစ်ခုကိုလည်း အမှတ်ရလာမိသည်။ ထို့ကြောင့် ရွှေပြားကြီးကို ရောင်းချ၍ရရှိသောငွေကြေးဖြင့် စေတီတည်ကာ ထိုမိသားစုကိုပင် ဒါယကာအဖြစ် ကမ္ပည်းထိုးပေးရန် ဆုံးဖြတ်လိုက်သည်။ ကျန်သော မူလပိုင်ရှင်များကိုမူ အမည်မသိ၍ ကမ္ပည်းမတင်နိုင်သလို လူမိုက်ကြီး ဦးစောဖိုးထူးကိုလည်း ကမ္ပည်းတင်၍သင့်မည်မထင်၍ အလှူပွဲကြီး ပြီးဆုံးသောအခါ အမျှဝေပေးရုံမျှသာ သင့်လျော်မည် ဖြစ်၏။

ထို့နောက် လမ်းဖောက်ခြင်း၊ ရိုးမကြီး၏ အရပ်လေးမျက်နှာတွင် ရှိကြသော ရိုးမနေ ရွာသူရွာသားအားလုံးတို့အား ဖိတ်ခေါ်ကျွေးမွေးခြင်း၊ မြေပြန့်မှ ဆရာတော်များနှင့် ထင်ရှားသော ပုဂ္ဂိုလ်များအား ပင့်ဖိတ်ပြီး ကျွေးမွေးလှူဒါန်းခြင်း စသည်တို့ကို ပြုသည်။

ထို့နောက် ရသေ့လေးသည် သာသနာပြုလုပ်ငန်းများကို တစ်ခုပြီးတစ်ခု ဆောင်ရွက်၍ အပြီးသတ်တွင် ထိုသိမ်မှာပင် ဆရာတော်ကြီးများက ချီးမြှောက်၍ ရသေ့လေး စံသိန်းအောင်အဖြစ်မှ အရှင်ဉာဏ ဟူသော ဘွဲ့တော်ဖြင့် မြင့်မြတ်သော ရဟန်းမြတ်အဖြစ်ကို ခံယူလိုက်လေသည်။ သက်တော် (၂၅) နှစ်ရှိနေပြီဖြစ်ပြီး ပိဋကတ်စာပေကိုလည်း ဓမ္မာစရိယတန်းတိုင်အောင် သင်ယူထားဖူး၍ ရဟန်းဝတ်ဖြင့် အလွန်မှပင် သင့်လျော်လေသည်။

ရဟန်းတော် အရှင်ဉာဏသည် ဤနေရာ၌ ရာသက်ပန် မိမိကိုယ်တိုင် တရားဘာဝနာများ ရှုမှတ်ပွားများအားထုတ်၊ ရိုးသူရိုးသားချင်းတိုင်းရင်းသားများကိုလည်း သာသနာပြုရန် ဆုံးဖြတ်၏။ ဆုံးဖြတ်ချက်ကိုလည်း တစ်သဝေမတိမ်း ကျင့်ကြံ၏။

သို့သော်လည်း ရိုးသူရိုးသားချင်းတိုင်းရင်းသားများအား သာသနာပြုရာ၌ မြေပြန့်နှင့်မြို့ပြကဲ့သို့ ဖွံ့ဖြိုးခြင်း မရှိပေ။ ရိုးသူရိုးသားများမှာ အလွန်မှအလုပ်အကိုင်များကြသည်။ သုံးရာသီပတ်လုံး အားရက်အလွန်နည်းသည်။

ထို့ကြောင့် နွေရာသီ တောင်ယာခုတ်ပြီးစ တပို့တွဲလကုန်လောက်အချိန်မှ သင်္ကြန်လွန်စအချိန်ခန့် နှစ်လမျှသာ အနည်းငယ်နားခွင့်ရကြ၍ ဘာသာရေးဘက်ကို ဦးလှည့်နိုင်ကြသည်။

ထိုအချိန်မှာသာ ရှင်ပြုခြင်း၊ ပဉ္စင်းခံခြင်း၊ ဥပုသ်သီလဆောက်တည်ခြင်း၊ သားငယ်၊ သမီးငယ်များက ဗုဒ္ဓဘာသာစာပေများ သင်ယူခြင်း စသည်ကို ပြုနိုင်ကြသည်။ ကျန်သောအချိန်များမှာ ဘာသာရေးဘက်ကို မလှည့်နိုင်ကြပေ။ ထို့ကြောင့် ရဟန်းတော် အရှင်ဉာဏမှာ ထိုနှစ်လမျှသာ တောင်ပေါ်သူတောင်ပေါ်သားများအား ဘာသာရေးကိစ္စများကို ဆောင်ရွက်ပေးခွင့်ရလေသည်။

❐

အရှင်ဉာဏ၏ နေ့စဉ်အလုပ်များမှာ မနက်ကို အရုဏ်ဆွမ်အဖြစ် သပိတ်ကို ရေဆေးဘုဉ်းပေးကာ တောထဲသို့ဝင်ပြီး တရားရှုမှတ်၏။ ထို့နောက် မနက် (၈) နာရီခန့်တွင် တောထဲမှ ပြန်ထွက်ကာ ကားလမ်းမကြီးဘေးက ထမင်းဆိုင်တန်းကို ဆွမ်းခံကြွပြီး ရရှိလာသော ဆွမ်းနှင့် ဆွမ်းဟင်းကို မျှတစွာဘုဉ်းပေး၍ သပိတ်ကို ဆေးမှောက်ကာ တောထဲသို့ ပြန်ဝင်ပြီး တရားရှုမှတ်ပြန်သည်။ ညနေ နေညိုမှ တောထဲမှ ပြန်ထွက်ကြွပြီး တောင်ကျရေကို ခံချိုးကာ ဘုရားရှိခိုးခြင်း၊ မေတ္တာပို့ခြင်း၊ အမျှဝေခြင်းများကို ပြုပြီး တောကျောင်းလေးပေါ်သို့ ပြန်ကြွ၍ အချိန်ရသမျှ အတော်ညနက်သည်အထိ တရားရှုမှတ်လေသည်။

ဤသည်မှာ ရဟန်းတော် အရှင်ဉာဏ၏ ပုံသေဘာဝနာလုပ်စဉ်ကြီးပင်ဖြစ်၏။ တောနေရဟန်းဖြစ်သောကြောင့် ဂါမကိစ္စ ကင်းရှင်းလှသဖြင့် ဘာဝနာမယကုသိုလ်ကံသည် သာ၍တွင်၏။ အချိန်ပြည့်နီးပါး စိတ်ကိုဘာဝနာ၌ထား



www.burmeseclassic.com

www.burmeseclassic.com

နိုင်လေသည်။

"တောက် တောက် တောက်"

တောရကျောင်းလေးဆီမှနေ တုံးခေါက်သံသုံးချက်ကို ကြားလိုက်ရလေသည်။ အရေးတကြီးတွေ့ဆုံလိုကြသော ပုဂ္ဂိုလ်များရောက်လာကြလျှင် မည်သူမဆို တုံးခေါက်၍ အသံပေးပြီးပင့်နိုင်ရန်အတွက် သစ်သားတုံးခေါင်းတစ်ခုကို ပြုလုပ်ပြီး ချိတ်ဆွဲထားသည်။

ရဟန်းတော် အရှင်ဉာဏသည် နီသီဒိုင်ထိုင်ခင်းကို ပခုံးမှာတင်ပြီး တောထဲမှ ထွက်ကြွတော်မူလာ၏။ တောရကျောင်းလေးနားသို့ ရောက်လျှင် ကားဖြူဖြူလေးတစ်စီးရပ်ထားသည်ကို တွေ့လိုက်ရသည်။ တစ်ဆက်တည်းပင် ရံခါကျောင်းကိုလာပြီး ဝေယျာဝစ္စ ကပ္ပိယလာလုပ်ပေးလေ့ရှိသော ချင်းအမျိုးသား ဦးမောင်မန်းကိုလည်း တွေ့လိုက်ရသည်။ ထို့နောက် စေတီတော်ရင်ပြင်တွင် အသက် (၅၀) ကျော်ခန့်အရွယ် အမျိုးသားတစ်ယောက်နှင့် အမျိုးသမီးတစ်ယောက်တို့ကိုလည်း တွေ့လိုက်ရသည်။

"တုံးခေါက်လေးကို တပည့်တော် ခေါက်လိုက်တာပါ ဘုရား။ ဒီဧည့်သည်နှစ်ယောက်က ဦးပဥ္စင်းနဲ့ တွေ့ချင်ကြလို့ပါတဲ့"

ဟု ဦးမောင်မန်းက ဆီးကြို လျှောက်ထားလိုက်၏။

ထို့ကြောင့် ရဟန်းတော် အရှင်ဉာဏသည် စေတီတော်ရင်ပြင်သို့ တန်းကြွကာ နီသီဒိုင်အခင်းကိုခင်း၍ စေတီတော်ကို ဦးချပြီးနောက် ထိုင်နေတော်မူ၏။ ဧည့်သည် (၂) ယောက်တို့သည်လည်း အနားသို့ လျှောက်လာကြပြီး ယောက်ျားဖြစ်သူက သူသိလိုသော အကြောင်းအရာတစ်ခုကို မေးလျှောက်လေသည်။

"အရှင်ဘုရား၊ တပည့်တော်တို့ လင်မယားဟာ ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ်က လာကြတာပါ။ အရှင်ဘုရားကို မေးလျှောက်လိုတာတော့ ဒီစေတီတော်လေးရဲ့ ဒါယကာနဲ့ ဒါယိကာမတို့ဟာ ဦးမောင်မောင်ဝေ၊ ဒေါ်သီရိစော ဆိုတာလေးကိုပါ ဘုရား။ ဒီဘုရားဒါယကာနဲ့ ဒါယိကာမတို့ဟာ ဘယ်နယ်၊ ဘယ်ရွာကပါလဲ ဘုရား"

"ဘာဖြစ်လို့ မေးတာလဲ ဒကာကြီး။ အကြောင်းများရှိပါသလား"

ဧည့်သည်လင်မယားတို့ ချက်ချင်းစကားမပြောကြသေးဘဲ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ တစ်အောင့်ကြာမျှ ငိုင်နေကြ၏။ ထို့နောက် ယောက်ျားဖြစ်သူကပင် ဆက်၍ လျှောက်သည်။

"တပည့်တော်ရဲ့ အမေနဲ့ အဖေဟာလည်း ဦးမောင်မောင်ဝေနဲ့ ဒေါ်သီရိစောတို့ ဖြစ်ကြပါတယ်ဘုရား။ အမေနဲ့ အဖေဟာ သူတို့အသက်အရွယ်ကြီးလာတဲ့အခါ အမှတ်တရလည်းဖြစ်အောင် နောင်လာနောက်သားမြေးမြစ်များတို့ကိုးကွယ်ကြရန်အတွက် ရည်ရွယ်ပြီး စေတီတစ်ဆူတည်ထားကိုးကွယ်ရန်ကို ဆုံးဖြတ်ကြပါတယ်ဘုရား။ ကုန်ကျမယ့် ငွေကြေးမဟာဏကိုလည်း ဗိသုကာအင်ဂျင်နီယာနဲ့တိုင်ပင်ပြီး တွက်ချက်ကြပါတယ်။ အားလုံးအဆင်သင့်ဖြစ်ပြီးတဲ့နောက် စေတီတော်ကို အုတ်မြစ်ချပြီး ဌာပနာပိတ်မယ့်အခါ ရတနာပစ္စည်း (၉) မျိုး စီစဉ်ထားကြတဲ့အထဲက (၁၂)ကျပ်သားရှိတဲ့ရွှေပြားကြီးမှာ -

ဦးမောင်မောင်ဝေ၊ ဒေါ်သီရိစော မိသားစုကောင်းမှုလို့ ရေးထိုးထားပါတယ်။ ဒီရတနာပစ္စည်းတွေကို ဌာပနာမပိတ်ခင်ညမှာဘဲ နယ်ကျော်ဓားပြကြီး ဦးစောဖိုးထူးတို့အဖွဲ့က ဓားပြလာတိုက်ကြလို့ ခုခံတိုက်ခိုက်ကြရင်း အမေနဲ့ အဖေတို့ ဆုံးသွားကြတယ်။ ဓားပြကြီး ဦးစောဖိုးထူးနဲ့ သူ့တပည့်တစ်ယောက်တို့ဟာလည်း ပြင်းပြင်းထန်ထန် ဒဏ်ရာရရှိသွားကြပါတယ်။ ဒါပေမယ့် ဌာပနာပစ္စည်းအချို့ပါ ဓားပြနောက်ကို ပါသွားပါတယ်။ အဲဒီလိုအခင်းဖြစ်ပြီးလို့ နောက်လခွဲလောက်မှာပဲ ဓားပြကြီး ဦးစောဖိုးထူးနဲ့ သူ့တပည့်တို့ ဆေးရုံမှာ ဆေးလာကုနေကြတာကို ရဲက ဝိုင်းဖမ်းကြလို့ သူ့တပည့်သာ လွတ်ပြေးသွားပြီး ဦးစောဖိုးထူးက အဖမ်းခံလိုက်ရပါတယ်။ နောက်တော့ ဦးစောဖိုးထူးဟာလည်း အင်းစိန်ထောင်ကြီးမှာ ဆုံးသွားတယ်လို့ ကြားသိရပါတယ်။ ဒါကြောင့် တပည့်တော်တို့ဟာလည်း မေ့မေ့ပျောက်ပျောက်ဆိုသလိုနေလာကြရင်း လွန်ခဲ့တဲ့တစ်လလောက်က တပည့်တော်တို့ ရွာသူရွာသားတွေ ရခိုင်ပြည်နယ်ဘက်ကို ဘုရားဖူးပြီးအပြန်မှာ ဒီစေတီတော်ကို ဝင်ဖူးရင်း ဒီ ဦးမောင်မောင်ဝေ၊ ဒေါ်သီရိစောမိသားစုကောင်းမှု ဆိုတဲ့ ကမ္ပည်းစာကိုဖတ်ခဲ့ကြရပြီး တပည့်တော်ကို လာပြောပြကြလို့ တပည့်တော်လည်း စဉ်းစားပါတယ်။ စဉ်းစားရင်းက တိုက်ဆိုင်တာပဲဖြစ်မှာပါ။ နာမည်တူဆိုတာလည်း မရှားပါဘူးလို့။ ဒါပေမယ့် ဘာပဲဖြစ်ဖြစ် အဖေနဲ့ အမေတို့ကိုလည်း အရမ်းပဲ သတိ... တမ်းတလာမိတာကြောင့် အခုလိုပဲထွ... လာကြတာပါဘုရား။ ဒါကြောင့် ဒီစေ... တော်ရဲ့ ဒါယကာ၊ ဒါယိကာမများ ဖြ... ကြတဲ့ ဦးမောင်မောင်ဝေ၊ ဒေါ်သီရိစော... မိသားစု ဆိုတာ ဘယ်မြို့၊ ဘယ်ရွာက... လဲဘုရား။ တပည့်တော်တို့ လင်မယား... သွားတွေ့ပြီး ကွယ်လွန်သူ မိဘနှ... ယောက်တို့ကို သတိရတမ်းချင်းအထိမ်... အမှတ်စကား ပြောကြည့်ချင်ပါတယ်... လှူဖွယ်ဝတ္ထုပစ္စည်းတွေနဲ့လည်း ကန်... တော့ချင်ပါတယ်"

ရဟန်းတော် အရှင်ဉာဏသည် သက်ပြင်းတစ်ချက်ကိုချလိုက်မိ၏။ ထို... နောက် လည်ချောင်းရှင်းပြီး အဖြစ်မှ... ကို ပြောပြလိုက်လေသည်။

"မှန်ပေတယ်ဒကာကြီး။ ခုတင်က... ဒကာကြီးပြောတဲ့အတိုင်းသာဆိုရင် ... စေတီတော်မြတ်ရဲ့ဒါယကာ၊ ဒါယိကာ... အရင်းတွေဟာ အခုကမ္ပည်းကျောက်... ရေးထိုးထားတဲ့အတိုင်း ဒကာကြီးရဲ့မိ... နှစ်ယောက်တို့ပါပဲ"

ဟု အစချီကာ ရဟန်းတော်... အရှင်ဉာဏသည် ဖြစ်ကြောင်းကုန်စင်... ဇာတ်စုံခင်း၍ ရဟန်းတော်သည် ရဟန်... ဘဝမရောက်မီအချိန်တစ်ခုက သူ့တ... ပါးသတ်ဖြတ်ထားသော လူသေ... လောင်း တရားခံမပေါ်၍ သူကပ... ထောင်ကျခဲ့ရသည့်အကြောင်း၊ ထိုအခ... အင်းစိန်ထောင်ထဲတွင် ဓားပြဗိုလ်ကြီး... ဦးစောဖိုးထူးနှင့် ဆုံတွေ့ပြီး ရင်းနှီးခဲ့၍... သူမကွယ်လွန်မီ ပေးထားခဲ့သော မြေပုံ... ညွှန်းအတိုင်းလိုက်သွားပြီး ရတနာမျာ... ကို တူးဖော်ယူကာ ယခု ကာလသမ... ကို ရောက်သည်အထိ ဖန်တီးခဲ့ရပုံအာ... လုံး မခြွင်းမချန် တစ်ခုချင်း ပြောပြလိုက်... လေသည်။

ထို့ကြောင့် လာရောက် မေးမြန်... လျှောက်ထားနေကြသော ဧည့်သည်... နှစ်ယောက်တို့မှာ အဖြစ်မှန်ကို လင်... လင်းကြီး သိလိုက်ရသဖြင့် ဝမ်းနည်းတ... တရှုတ်ရှုတ်ဖြင့် ငိုကြလေသည်။

ရဟန်းတော် အရှင်ဉာဏ... ဆက်၍ရှင်းပြသည်။

"ဦးစောဖိုးထူးဟာ သူ့နှစ်ရှည်... ထောင်ဒဏ်ကျခံလိုက်ရပြီဖြစ်တဲ့အတွ... လွတ်ရက်မရှိတာကို သိနေတာကတ... ကြောင်း၊ သူ့ဓားပြတိုက်တုန်းက ဒ... ကြီးမိဘတွေ ရိုက်လိုက်ကြလို့ ရှ... ခေါင်းဒဏ်ရာကတစ်ဆင့် တ...ဖြည်... လေဖြတ်လာလို့ သူ့ဘဝအခြေအနေ...



www.burmeseclassic.com

www.burmeseclassic.com

ခကောင်းတော့တာကို သိလာတာက တစ်ကြောင်းတို့ကြောင့် ဦးပဥ္စင်းနဲ့ ရင်းလာပြီးနောက် ဦးပဥ္စင်းထောင်ကလွတ်တဲ့အခါ သွားတူးပါဆိုပြီး သူရတနာတွေမြှုပ်ထားတဲ့ မြေပုံညွှန်းကိုပေးပါတယ်။ ရတနာတွေကို တစ်ယောက်တစ်ဝက်ဝေယူမယ်။ သူထောင်က မလွတ်မချင်း ဆေးဝါးမှတ်စာတွေနဲ့ ထောင်ဝင်စာလာတွေ့ပါ။ သူသေဆုံးသွားရင်တော့ ရတနာပစ္စည်းအားလုံးကို မင်းယူသွားပါဆိုပြီးလည်း ပြောပါတယ်။ ဒါပေမယ့် ဦးပဥ္စင်းက မတရားတဲ့ အပူစာတွေကို ဘယ်အခါမှ သုံးစွဲစားသောက်ဖို့ စိတ်ကူးခရှိပါဘူး။ ဒါပေမယ့် ငြင်းမနေလိုတော့ဘဲ သူ့ဘဝရဲ့ နောက်ဆုံးအချိန်ကို ကူညီတဲ့အနေနဲ့ သူပေးတဲ့တာဝန်ကိုခံလိုက်ပါတယ်။ ထောင်ကလွတ်တာနဲ့ မြေပုံညွှန်းအတိုင်းလိုက်သွားပြီး သူမြှုပ်ထားခဲ့တဲ့ ရတနာတွေကို သွားတူးပါတယ်။ ဒါပေမယ့် ဦးပဥ္စင်း ပြန်လာတဲ့အခါ သူမရှိတော့ပါဘူး"

"သူကွယ်လွန်သွားပြီ ဆိုတဲ့ သဘောလားဘုရား"

"ဟုတ်တယ်၊ အစကပြောခဲ့တဲ့အတိုင်း သူ့လေဖြတ်ရောဂါက တဖြည်းဖြည်းဆိုးလာပြီး ကွယ်လွန်သွားတယ်လို့ ပြောပြကြတယ်။ ဒါကြောင့် ဦးပဥ္စင်းလည်း အဲဒီရတနာပစ္စည်းတွေထဲက လက်စွပ်တစ်ကွင်းရောင်းချပြီး ထောင်သားတွေကို မနက်စာထမင်းတစ်နပ်နဲ့ ဦးပဥ္စင်းတည်းနေခဲ့တဲ့ကျောင်းက သံဃာတော်ကို အရုဏ်ဆွမ်းတစ်နပ်ကပ်လှူပြီး ဦးစောဖိုးထူးကို အမျှအတန်းဝေပေးခဲ့တယ်"

ဧည့်သည်အမျိုးသမီးကြီးက ရဟန်းတော် အရှင်ဉာဏအား စိန်းငေးကြောင်ကြည့်နေပြီး ယောကျ်ားဖြစ်သူက ခေါင်းတဆတ်ဆတ်ညိတ်၍နေ၏။

"ဦးပဥ္စင်း ရန်ကုန်က ပြန်လာလို့ ရွာရောက်ပြီးနောက်လည်း တစ်ယောက်ကိုမှ အဲဒီရတနာပစ္စည်းတွေ ပါလာတဲ့အကြောင်းကို ပြောမပြပါဘူး။ ပြောပြလိုက်ရင် သွေးတော်သားစပ်တဲ့သူတွေက လောဘတက်ပြီးလိုချင်ကြမှာစိုးလို့ပါ။ အစကပြောခဲ့သလိုပါပဲ။ အပူစာကိုကိုယ်မစားချင်သလို အခြားတစ်ဦးတစ်ယောက်ကိုမှလည်း မကျွေးချင်ဘူးလေ။ ဒါကြောင့်လည်း အဲဒီရတနာပစ္စည်းတွေကိုရောင်းချပြီး လုပ်သင့်တာတွေကို ကျိတ်ပြီးလုပ်ကိုင်ပါတယ်။ လုပ်သင့်တာတွေ ဆိုတာကတော့ အခုဒကာကြီးနဲ့ ဒကာမကြီးတို့ မြင်တွေ့ကြည်ညိုနေရတဲ့အတိုင်း လမ်းဖောက်ခြင်း၊ ဘုရားတည်ခြင်း၊ ကျောင်းဆောက်ခြင်း၊ သိမ်သမုတ်ခြင်းနဲ့ ရိုးသူရိုးသား စိုင်ဘောင်ချင်းတိုင်းရင်းသားများကို ရှင်ပြု ပဥ္စင်းခံပေးခြင်း အလုပ်တွေကိုပါပဲ။ ရတနာတွေကို ရောင်းချလို့ရတဲ့ ငွေကြေးအားလုံးကို အဲဒီလိုကုသိုလ်လုပ်ငန်းတွေမှာသုံးလိုက်တာပါ။ ဒကာကြီးရဲ့မိဘတွေကို ရောင်းချလို့ရတဲ့ ငွေကြေးအားလုံးကို အဲဒီလိုကုသိုလ်လုပ်ငန်းတွေမှာသုံးလိုက်တာပါ။ ဒကာကြီးရဲ့ မိဘတွေကို ဘုရားဒကာ၊ ဒကာမအဖြစ် မော်ကွန်းကျောက်စာတိုင်မှာ ရေးထိုးလိုက်တာကတော့ အစတပြောခဲ့တဲ့ ရွှေပြားကြီးမှာပါတဲ့အတိုင်းပါပဲ။ ရွှေပြားကြီးမှာ အဲဒီလိုရေးထိုးထားတာကို တွေ့ရလိုက်ရတော့ မူလပိုင်ရှင်ဟာလည်း တစ်စုံတစ်ခု ကုသိုလ်လုပ်ငန်းကြီးမှာသုံးရန်အတွက် ရေးထားတာပဲဖြစ်မယ်လို့ စဉ်းစားမိလို့ပါ"

ဧည့်သည် ဒကာ၊ ဒကာမနှစ်ယောက်စလုံးပင် ရဟန်းတော် အရှင်ဉာဏ ပြောဆိုရှင်းပြနေသည်ကို နားထောင်ရင်း မျက်ရည်များတွေတွေကျနေကြလေ၏။ ထို့နောက် ယောကျ်ားဖြစ်သူက -

"မှန်လှပါဘုရား။ အရှင်ဘုရားရဲ့ စိတ်က အရမ်းပဲမြင့်မြတ်လှပါတယ်။ လူ့ဘဝတုန်းကပင် အရမ်းပဲဖြူစင်သန့်ရှင်းနေတာကို သိရပါတယ်။ ဒါကြောင့်လည်း အခုလိုမြင့်မြတ်တဲ့ရဟန်းဘဝကို တက်ရောက်လာတာပါလားလို့လည်း တပည့်တော် ကြည်ညိုလို့မဆုံးပါဘူး။ အကြွင်းမရှိ ဆုံးရှုံးနေပြီဖြစ်တဲ့ ရတနာပစ္စည်းတွေကိုပင် တပည့်တော်တို့ရဲ့ မိဘတွေရဲ့ ထားရှိခဲ့တဲ့ဆန္ဒအတိုင်း တစ်ထပ်တည်းကျအောင် အရှင်ဘုရားက လှူဒါန်းဖန်တီးပေးလိုက်တဲ့အတွက် ကျေးဇူးတင်လို့လည်းမဆုံးပါဘူး"

ဟု ဆိုကာ မျက်ရည်သုတ်၏။ ထို့နောက်-

"တပည့်တော်ရဲ့နာမည်ကတော့ မောင်မောင်စောလို့ခေါ်ပါတယ်။ အဖေ အမေနာမည်ပါအောင်ဆိုပြီး အဖေနဲ့ အမေတို့ ကိုယ်တိုင်ပေးထားတဲ့ နာမည်ကို ပြောပါတယ်။ တပည့်တော်မှာ ညီမ တစ်ယောက်လည်းရှိပါသေးတယ်။ သူ့နာမည်ဟာလည်း အဲဒီအတိုင်း အဖေနဲ့ အမေတို့က သူတို့နာမည်များ ပါအောင် ဆိုပြီး ဝေရီစောလို့ပဲ ပေးထားခဲ့ကြပါတယ်။ ဝေရီစောက အခုချိန်မှာ သူ့သမီး တစ်ယောက် သားဖွားဆေးရုံကို ရောက်နေလို့ လိုက်မလာနိုင်တာပါ။ သူ့ (တပည့်တော်မှိန်းမရဲ့) နာမည်ကတော့ ဒေါ်ခင်ခင်ခင်ရီ ဖြစ်ပါတယ်။ အရှင်ဘုရားအနေနဲ့လည်း တပည့်တော်တို့ကို ဒကာ၊ ဒကာမများအရင်းကဲ့သို့ မှတ်ယူတော်မူပါဘုရား"

ဟု ပြောပြီး ဦးမောင်မောင်စောသည် ထိုင်နေရာမှထသွားကာ ကပ္ပိယကြီးနှင့် တစ်အောင့်ကြာအောင် စကားပြောနေလေ၏။ ထို့နောက် ပြန်လာထိုင်ပြီး-

"တပည့်တော်တို့ ပြန်ပါတော့မယ်ဘုရား။ ခွင့်ပြုတော်မူပါ"

ဟု လျှောက်ထားပြီး လင်မယားနှစ်ယောက် ရှိခိုးဦးချကာ ကားဖြူဖြူလေးကို မောင်းပြီး ထွက်သွားကြလေသည်။

ကပ္ပိယကြီးဦးမောင်မန်းက အနားသို့ လျှောက်လာပြီး အထုပ်တစ်ထုပ်ကို မြှောက်ပြကာ-

"ဦးပဥ္စင်း၊ ဟိုလူကြီး (ဦးမောင်မောင်စော) က ငွေ (၅) သိန်းလှူသွားပါတယ်။ ဦးပဥ္စင်းလိုရာမှာအသုံးပြုပေးပါတဲ့။ အဲဒါဘယ်လိုလုပ်ရမလဲ"

ဟု မေးသည်။

"အခုတော့ ကပ္ပိယကြီးသိမ်းထားဦးလေ။ နောက်တော့ လိုတဲ့နေရာမှာ သုံးကြတာပေါ့"

ဟု ရဟန်းတော် အရှင်ဉာဏက ပြောလိုက်၍ ကပ္ပိယကြီးလည်း သူ့အိမ်ကို ပြန်သွားလေသည်။

ကျောင်းမှာ အမြဲတမ်း ကပ္ပိယဟူ၍ မရှိပေ။ ထိုနည်းအတူ ကျောင်းသား၊ ကိုရင်များဟူသည်မှာလည်း သူတို့၏ တောင်ယာလုပ်ငန်းအနားရသောနွေရာသီမှာသာရှိတတ်ပြီး အခြားချိန်များမှာမူ အဖော်မမှီး ရဟန်းတော် အရှင်ဉာဏ တစ်ပါးတည်းသာ တရားဓမ္မဖြင့် ငြိမ်းချမ်းစွာ သီတင်းသုံးတော်မူခြင်း ဖြစ်၏။

ထိုအချိန်၌ နေသည် ခေါင်းပေါ်သို့ရောက်နေ၏။ မြေပြန့်ဒေသ၌သာဆိုပါမူ သည်အချိန်သည် အလွန်အမင်းပူအိုက်နေမည်ဖြစ်သော်လည်း ရခိုင်ရိုးမကြီးမှာမူကား အခါမလင့် အအေးဓာတ်များ လွှမ်းခြုံလျက်သာရှိနေလေသည်။

မဟာထွန်း



www.burmeseclassic.com

www.burmeseclassic.com

ရှိရှိဇွေး

## ဓမ္မတာထိမ်ခြင်းနှင့်ဆက်နွယ်နေသော ဦးနှောက်အကျိတ်ရောဂါ



အပျိုဖော်ဝင်စအရွယ်ကလေးများဟာ ယခုမှ စတင်ကာ ဓမ္မတာလာခြင်းဖြစ်လို့ တချို့အမျိုးသမီးကလေးများအဖို့ အဆင်မပြေမှုများနဲ့ တွေ့ကြုံကြရပါတယ်။ ဆယ်ကျော်သက်အရွယ်ကလေးများမှာ ဓမ္မတာသွေးလာတဲ့အခါ တစ်ခါတစ်ရံမှာ များများလာတတ်ပြီး တစ်ခါတစ်ရံ နည်းနည်းလာတတ်တာမျိုးလည်း ရှိပါတယ်။ ဒီလိုဖြစ်ခြင်းဟာလည်း ဆယ်ကျော်သက်အရွယ်ကလေးများရဲ့ သားအိမ်ဖွံ့ဖြိုးခြင်းဟာ ပြီးပြည့်စုံတဲ့ ဖွံ့ဖြိုးခြင်းမဟုတ်သေးတဲ့ အချက်တစ်ချက်လည်း ပါဝင်ပါတယ်။ သားအိမ်ဟာ ကောင်းစွာ မဖွံ့ဖြိုးသေးတဲ့အတွက် သူ့ရဲ့ ဆောင်ရွက်မှုယန္တရားလည်း ပြည့်စုံအောင် မလုပ်ဆောင်နိုင်ပေ။ ဒါကြောင့် သားအိမ်အမြှေးပါးကွာခြင်းကိုလည်း ကောင်းစွာ မဆောင်ရွက်နိုင်သေးပေ။

တချို့အမျိုးသမီးများမှာ ဓမ္မတာတစ်ရက်လာပြီး ဆက်မလာတော့ဘဲ ဓမ္မတာထိမ်သွားမျိုးလည်း ရှိပါတယ်။ အဲဒီအခါမှာ သွေးမဆင်းနိုင်တဲ့အတွက် ဗိုက်အောင့်ခြင်း၊ ဆီးစပ်ကိုက်ခြင်း၊ နေမထိထိုင်မသာဖြစ်ခြင်း၊ ခေါင်းကိုက်ခြင်း စတဲ့ ဝေဒနာများ ခံစားရပါတယ်။ တချို့မှာ အလွန်အမင်းဗိုက်အောင့်ခြင်း၊ ဆီးစပ်ကိုက်ခြင်းတို့ကြောင့် ဝေဒနာမခံစားနိုင်သဖြင့် ဆေးရုံ၊ ဆေးခန်းသို့ သွားရောက်ကုသရသူများလည်း အများအပြားရှိပါတယ်။

အမျိုးသမီးများအတွက် ဓမ္မတာသွေးထိမ်ခြင်းမှာ ကိုယ်ဝန်ရှိ၍ သွေးထိမ်ခြင်းမှတစ်ပါး အခြားအကြောင်းကြောင်းကြောင့် သွေးထိမ်ခြင်းဟာ အန္တရာယ်ရှိပါတယ်။ ဒါကြောင့် သွေးထိမ်ခြင်းအကြောင်းကို အမျိုးသမီးတိုင်းနှင့်တကွ မိဘဆွေမျိုးအသိုင်းအဝိုင်းကပါ သိထားသင့်ပါတယ်။

### ဓမ္မတာသွေးထိမ်ခြင်း

အမျိုးသမီးများရဲ့ ဓမ္မတာသွေးထိမ်ခြင်းကို ဆေးပညာအခေါ်အဝေါ်အရ Amenorrhoea လို့ ခေါ်ပါတယ်။ ဓမ္မတာသွေးထိမ်ခြင်းကို အရပ်အခေါ်အားဖြင့် မီးယပ်ထိမ်ခြင်း၊ မီးယပ်ငုပ်ခြင်း၊ မီးယပ်သွေးမပေါ်ခြင်းဆိုပြီး အမျိုးမျိုးခေါ်ဝေါ်ကြပါတယ်။ ဓမ္မတာသွေးထိမ်ခြင်းကို အမည်အမျိုးမျိုးနဲ့ ခေါ်ဝေါ်ကြပေမယ့် အမှန်တကယ် အဓိပ္ပာယ်ဖော်ဆောင်ရမယ်ဆိုရင် ဓမ္မတာသွေးမလာခြင်းဘဲ ဖြစ်ပါတယ်။

ဆယ်ကျော်သက်အရွယ်ကလေးများဟာ လစဉ်ဓမ္မတာသွေးလာသလို အကြောင်းအမျိုးမျိုးကြောင့် ဓမ္မတာသွေးထိမ်တတ်ပါတယ်။ ဓမ္မတာသွေးထိမ်ခြင်းနဲ့ ပတ်သက်ပြီး နှစ်မျိုးနှစ်စားခွဲခြားထားပါတယ်။

တောက်လျှောက်သွေးထိမ်ခြင်း (Primary Amenorrhoea) နဲ့ -

နဂိုပေါ်ပြီး သွေးထိမ်ခြင်း (Secondary Amenorrhoea) တို့ပဲ ဖြစ်ပါတယ်။

### တောက်လျှောက်သွေးထိမ်ခြင်း

ဆက်ကျော်သက်ကလေးများဟာ ဓမ္မတာလာရမယ့်အချိန်ထက်နောက်ကျပြီး အသက်(၁၇)နှစ်ကျော်တဲ့တိုင်အောင် သွေးမလာခြင်း ဖြစ်ပါတယ်။ ဤအရွယ်တိုင်အောင် သွေးမလာခြင်းဟာ အမျိုးသမီးငယ်လေးများအတွက် အန္တရာယ်ရှိနိုင်ပါတယ်။ ဒါကြောင့် ဒီလိုမိန်းကလေးမျိုးကို ဆရာဝန်နဲ့ ပြသစစ်ဆေးရမှာဖြစ်ပါတယ်။ ထိုအမျိုးသမီးကလေးများကို စမ်းသပ်စစ်ဆေးတဲ့အခါမှာ တွေ့ရှိချက်ကတော့ -

အချို့သော ဆယ်ကျော်သက်အရွယ် အမျိုးသမီးကလေးများမှာ -

- မျိုးပွားအင်္ဂါဖြစ်တဲ့ သားအိမ်၊ သားအိမ်လည်တံ၊ မိန်းမကိုယ် (ယောနိ) ပါမလာခြင်းဖြစ်ကြောင်း တွေ့ရှိရပါတယ်။
  အထက်ပါအင်္ဂါများ ပါမလာတဲ့အတွက် မီးယပ်သွေးမဆင်းနိုင်ခြင်း ဖြစ်ပါတယ်။
- တချို့သော အမျိုးသမီးများမှာ မိန်းမကိုယ်(ယောနိ)အပြည့်မပါဘဲ အချိုင့်ကလေးလောက်သာ ပါရှိပါတယ်။ ဤသို့ဖြစ်ခြင်းဟာ ယော ပုံမှန်ဖွံ့ဖြိုးခြင်းမရှိခြင်းကြောင့် ဖြ ပါတယ်။
- တချို့သော အမျိုးသမီးများမှ သားအိမ်ပါမလာဘဲ သားဥအိ လောက်သာပါရှိပါတယ်။ ဒါ့ကြော မီးယပ်သွေးမပေါ်နိုင်ပါ။
- တချို့မှာ သားဥအိမ်၊ သားအိ ယောနိ အပြည့်အစုံ ပါဝင်နေသေ လည်း ဟိုင်မင် (Hymen) လို့ ခေ တဲ့ အမြှေးပါးဖုံးအုပ်နေတဲ့အတွ သွေးထိမ်ခြင်း ဖြစ်ပါတယ်။
- ဟိုင်မင်(Hymen)အမြှေးပါးဖုံးအု ခြင်းကြောင့် ဓမ္မတာသွေးမပေါ်ခြ ဟာ ကြာလာတာနဲ့အမျှ အန္တရာယ ရှိပါတယ်။

ဘယ်လိုအန္တရာယ်ရှိသလဲ ဆိုတော့

တကယ်ဆိုရင် အမျိုးသမီးလေ များဟာ အသက် (၁၂)၊ (၁၃) နှ လောက်မှာ ဓမ္မတာသွေးပေါ်ပါတယ် ဒါပေမယ့် အမြှေးပါးက ဖုံးအုပ်နေတ အတွက် ဓမ္မတာသွေးဟာ အပြင်ဘ မထွက်နိုင်ဘဲ အတွင်းသို့ ပြန်ဝင်သွား တယ်။

ထိုဓမ္မတာသွေးများဟာ သားအိ ထဲ၌ လည်းကောင်း၊ မိန်းမကိုယ်ထဲ လည်းကောင်း စုနေတတ်ပါတယ်။ အဲ အင်္ဂါတွေဟာ ဓမ္မတာသွေးကို နှစ်များစွ ထိန်းမထားနိုင်ပါ။ ဒါကြောင့် အသက် (၁၇)၊ (၁၈) နှစ်လောက်မှာ သွေးလုံးကြ ဖြစ်လာပါတယ်။ အဲဒီအခြေအနေ ရင် ဆရာဝန်နဲ့ မပြမဖြစ်ပြသရမှာဖြ ပါတယ်။ အကယ်၍ အဲဒီအခြေအနေ မှာမပြပါက အန္တရာယ်နဲ့ ကြုံတွေ့နိုင်ပ တယ်။

ကျွမ်းကျင်တဲ့ ဆရာဝန် သို့မဟုတ် မီးယပ်နဲ့သားဖွားဆရာဝန်နဲ့ ပြသရမှ ဖြစ်ပါတယ်။ အဲဒီအခါ ဆရာဝန်က လိုအပ်ရင် ခွဲစိပ်ကုသမှုဖြင့် ကုသပေးပ လိမ့်မယ်။ သို့မှသာလျှင် အသ အန္တရာယ်ဘေးက ကင်းဝေးသွားမှ ဖြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

**ဓမ္မတာသွေးထိမ်တတ်သော အခြားအကြောင်းအချက်များ**

❒ ဆယ်ကျော်သက်လေးများမှာ လွန်စွာ သွေးအားနည်းနေခြင်း၊ အထူးသဖြင့် ဆယ်ကျော်သက်အရွယ်ကလေးများမှာ ဟီမိုဂလိုဘင်ခေါ် သံဓာတ်ဟာ ရှိသင့်တာထက် လွန်စွာ နည်းပါးပြီး (၆)၊ (၇) မီလီဂရမ် လောက်သာရှိပါက ဓမ္မတာသွေး မဆင်းနိုင်ပါ။

❒ သိုင်းရွိက်လည်ပင်းအကျိတ်ဟာ ပုံမှန်ထက် အလုပ်များစွာလုပ်နေခြင်း၊ သိုင်းရွိက်လည်ပင်းအကျိတ်ဟာ အကြောင်းအမျိုးမျိုးကြောင့် ပုံမှန်ဆောင်ရွက်ချက်ထက်ပိုပြီး လုပ်ဆောင်နေရင်လည်း ဓမ္မတာသွေး မဆင်းနိုင်ပါ။

❒ ကျောက်ကပ်အပေါ်က အကျိတ်က ယောက်ျားဟော်မုန်းအထွက်များခြင်း၊ ကျောက်ကပ်အပေါ်က အကျိတ်က ပုံမှန်ယောက်ျားဟော်မုန်းကို ထုတ်ပေးပါတယ်။ သို့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ယောက်ျားဟော်မုန်းကို ပိုမိုထုတ်လိုက်တဲ့အတွက် မဟော်မုန်းအပေါ် လွှမ်းမိုးသွားပါတယ်။ ဒီလို လွှမ်းမိုးမှုများသွားရင်လည်း ဓမ္မတာသွေးမပေါ်နိုင်ပါ။

**တီဘီရောဂါရှင်များ**

တီဘီရောဂါဟာ အများအားဖြင့် အဆုတ်တီဘီ အဖြစ်များပါတယ်။ သို့သော်လည်း အကျိတ်တီဘီ၊ တင်ပါးဆုံရိုးကွင်းတီဘီ၊ လည်ပင်းအကျိတ်တီဘီ စသဖြင့် အခြားနေရာတွေမှာလည်း တီဘီဖြစ်နိုင်ပါတယ်။ အဆုတ်တီဘီဖြစ်မယ်၊ အကျိတ်တီဘီဖြစ်မယ် ဆိုရင်လည်း ဓမ္မတာသွေးမဆင်းနိုင်ပါ။

**ဝမ်းလျှောခြင်းကြောင့် အားပြတ်သွားခြင်း**

နာတာရှည်ဝမ်းလျှောခြင်းဖြစ်သူများဟာ အားပြတ်သွားတတ်ပါတယ်။ ဒီလို အားပြတ်သွားသူများဟာလည်း သွေးထိမ်တတ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ အားပြတ်ခြင်းကြောင့် သားအိမ်လည်း အားနည်းသွားပါတယ်။ သားအိမ်အားနည်းသွားတဲ့အတွက် သူ့ရဲ့ ဇီဝကမ္မဖြစ်စဉ်ယန္တရားကောင်းစွာမလည်ပတ်နိုင်သဖြင့် သားအိမ်မှဓမ္မတာသွေးဆင်းခြင်းကိစ္စကို မဆောင်ရွက်နိုင်ပါ။

**တောက်လျှောက်ဓမ္မတာသွေးထိမ်သူများကို ဘယ်လိုကုသမလဲ**

❒ သွေးအားနည်းတဲ့ အမျိုးသမီးလေးများကို သွေးဖောက်စစ်ဆေးပါ။ သွေးအား မည်မျှရှိကြောင်းသိပြီးနောက် သံဓာတ်ဖြည့်စွက်ဆေးများ တိုက်ခြင်း၊ ထိုးဆေးပေးခြင်းတို့ဖြင့် သံဓာတ်အား ပုံမှန်ရောက်အောင် ပြုလုပ်ပေးရပါမယ်။

❒ လည်ပင်းသိုင်းရွိက်အကျိတ်ကြောင့်ဟု သံသယရှိရင် သိုင်းရွိက်အကျိတ် လုပ်ဆောင်ချက်ကိုသိရှိရန် (Thyroid Function test) လုပ်ဆောင်ရပါမယ်။ ထိုစမ်းသပ်ချက်မှ အဖြေရပြီးနောက် ဆရာဝန်များက ဆက်လက် ကုသပေးပါလိမ့်မယ်။

❒ တီဘီရှိတယ်လို့ သံသယရှိရင် သလိပ်စစ်ခြင်း၊ ဓာတ်မှန်ရိုက်ခြင်း စတာတွေ စစ်ဆေးရပါမယ်။ တီဘီရှိရင် တီဘီဆေးသောက်ရပါမယ်။ ဆေးသောက်တဲ့အခါ ပြတ်တောင်းပြတ်တောင်းမသောက်ရပါ။ ဆရာဝန်ရဲ့ညွှန်ကြားချက်အတိုင်းသောက်ရပါမယ်။

❒ တစ်ကိုယ်လုံး ပိန်ချုံးအားနည်းနေရင် သင့်တော်တဲ့အားဆေး၊သောက်ဆေး၊ ထိုးဆေးများနဲ့ ကုသရမှာ ဖြစ်ပါတယ်။

❒ ကျောက်ကပ် အထက်အကျိတ်မှ ယောက်ျားဟော်မုန်းအထွက်များ၊ မများ စမ်းသပ်စစ်ဆေးရပါမယ်။ ယောက်ျားဟော်မုန်း အထွက်များရင် သားအိမ်ရဲ့ အရွယ်အစား သေးသွားပါတယ်။ ယောက်ျားဟော်မုန်း အထွက်များနေရင် ဆရာဝန်နဲ့ ပြသပြီး ကုသသင့်ပါတယ်။

❒ ဆရာဝန်များက လိုအပ်တဲ့စစ်ဆေးမှုများ ပြုလုပ်ပြီးနောက် သင့်တော်ရာ ဓမ္မတာပေါ်ဆေးများကို ပေးပါလိမ့်မယ်။

သာမန်သွေးထိမ်တဲ့ အမျိုးသမီးများအတွက် ယခုလတ်တလော အသုံးများတဲ့ ဆေးများကတော့ -

- DUOGYNON
- MENSTROGEN စတဲ့ ထိုးဆေးများ ဖြစ်ပါတယ်။

**နဂိုပေါ်ပြီးနောက်သွေးထိမ်ခြင်း**

နဂိုပေါ်ပြီးနောက် သွေးထိမ်ခြင်းဖြစ်ရင် ပေါ့ပေါ့ဆဆမနေသင့်ပါ။ အကယ်၍ ရောဂါရှိလို့ သွေးထိမ်ခြင်းဖြစ်ရင် အလွန်အန္တရာယ်များပါတယ်။ ထိုလူနာမျိုးဟာ ဆရာဝန်နဲ့ပြသ၍ အာထရာဆောင်းရိုက်ခြင်း၊ အောက်ပိုင်းဆိုင်ရာစမ်းသပ်စစ်ဆေးခြင်းများလုပ်ဆောင်ရပါမယ်။ ဤသို့ ပြုလုပ်ခြင်းဖြင့် ကိုယ်ဝန်လည်းမရှိဘူး၊ ဘာမှလဲမတွေ့ရဘူးဆိုရင် သတိထားရပါမယ်။

အကယ်၍ အဲဒီမိန်းကလေးရဲ့ ပီကျူထရီအကျိတ် (ဦးနှောက်အကျိတ်) ထဲမှာ အကျိတ်ဖြစ်နေရင် သွေးမလာရုံသာမက နောင် (၃)၊ (၄) နှစ်အတွင်းမှာ ဒုက္ခရောက်ပါလိမ့်မယ်။ အဲဒါကို လွယ်လွယ်ခေါ်ရင် ဦးနှောက်အကျိတ်ဖြစ်တယ်လို့ ဆိုပါတယ်။ ဦးနှောက်အကျိတ်ဖြစ်နေရင် အောက်ပါအတိုင်း သွင်ပြင်လက္ခဏာများ ပြောင်းလဲသွားတတ်ပါတယ်။

**ပြောင်းလဲသွားသော သွင်ပြင်လက္ခဏာများ**

**အသံပြောင်းသွားခြင်း**

မိန်းမအသံမှ ယောက်ျားအသံသို့ ပြောင်းသွားတတ်ပါတယ်။ အဲဒီလို ပြောင်းလဲခြင်းဟာ ယောက်ျားဟော်မုန်းဖြစ်တဲ့ တက်စတိုစတီရုန်းနဲ့ စတီးရွိက်ဟော်မုန်း များလာခြင်းကြောင့် မိန်းမအသံမှ ယောက်ျားအသံအဖြစ်သို့ ပြောင်းလဲသွားပါတယ်။

**အမွေးအမှင်များ ထူထပ်စွာ ပေါက်လာခြင်း**

မိန်းကလေးတွေမှာ ပေါက်ရမယ့်နေရာမဟုတ်တဲ့နေရာတွေမှာ အမွေးအမှင်များ ထူထပ်စွာပေါက်လာပါတယ်။ မိန်းမသွင်ပြင်လက္ခဏာများ လျော့ပါးလာပြီး ယောက်ျားသွင်ပြင်လက္ခဏာများ ပြောင်းလဲသွားပါတယ်။

**ရင်သားများကျုံ့လာခြင်း၊ အိမ်ထောင်ဖက်အပေါ် သွေးသားဆန္ဒလျော့နည်းလာခြင်း၊ အသားအရေကြမ်းတမ်းလာခြင်း၊ အလွန်စိတ်လှုပ်ရှားခြင်း**

အထက်ပါ သွင်ပြင်လက္ခဏာများ ပြောင်းလဲလာရင် ဦးနှောက်အကျိတ်ရောဂါဖြစ်နိုင်ပါတယ်။ ဒါကြောင့် စောစီးစွာပြသပြီး လိုအပ်တဲ့ ခွဲစိတ်ကုသခြင်းပြုလုပ်မယ်ဆိုရင် ဖြစ်လာမယ့် အန္တရာယ်များကို တားဆီးကာကွယ်နိုင်မှာ ဖြစ်ပါတယ်။

ခိုခိုဌေး

Ref;
*'Amenorrhoea' from Medical update internet.*



www.burmeseclassic.com

www.burmeseclassic.com

(၁)

ဆည်းဆာသည် ရွှေရောင်တောက်ပလျက်ရှိနေသည်။ အထက်မိုးကောင်းကင်တစ်ခွင်တစ်ပြင်လုံးကိုပင်မက ဖယက်ချောင်းအထက်ဆီသို့ပင်လှပသော ဝါရွှေရောင်အလင်းတန်းများဖြန့်ကြက်ထားသည်။ ညင်းညှံ့ညှံ့လေပြည်ကြောင့် ချောင်းရေပြင်ထက်တွင်လှုပ်ရှားသည်ဆိုရုံမျှ လှိုင်းကြပ်ခွပ်လေးများ ပြေးလွှားလျက်ရှိ၏။ နေဝန်းနီသည် ဟိုအဝေးအနောက်ဘက်မိုးကုပ်စက်ဝိုင်းစွန်းဆီမှာ လောကအဝန်းကို နှုတ်ဆက်သွားတော့မည်ပုံနှင့် အလင်းမာတ်ကိုအစွမ်းကုန် ထုတ်လွှင့်လျက်ရှိသည်။ များမကြာမီအချိန်အတွင်း မြောင်းမြမြစ်ရေပြင်အတွင်း သက်ဆင်းနစ်မြုပ်သွားတော့မည့်အသွင်ပင်။ ယခုအခိုက်အတန့်မှာတော့ လှသော ဆည်းဆာ၊ ချမ်းမြေ့ ကြည်နူးလွမ်းမောစရာ ဆည်းဆာ။

ဖယက်ချောင်းအတွင်းတဝုန်းဝုန်းဆူညံလျက်ရှိပါသည်။ ချောင်းအတွင်းရေကူးဆော့ကစားနေကြသောကလေးတစ်အုပ်။ သံချောင်း၊ ဗိုပေါက်၊ လှိုင်းအဝေရာနှင့် ပေါက်စတို့ ဖြစ်ကြပါသည်။ မြောင်းမြမြို့ ရှမ်းကုန်းပိုင်းရပ်ကွက်မှတော့ သူတို့ကလေးတွေကို အော့ကြေ

(မုန္တလေး)

# ခင်မောင်အေး

## ပေါက်စဖါတာအေးထွေတွေ




www.burmeseclassic.com

www.burmeseclassic.com

သန်ကလေးများအဖြစ် သတ်မှတ်ထားသည်။ ရပ်ကွက်အတွင်းမှာ စီခနဲဆိုသူတို့၊ ညံခနဲဆိုလည်းသူတို့၊ မြောင်းမြေ မြောက်ပိုင်းနှင့် တောင်ပိုင်းကလေးတွေ ရန်ဖြစ်လို့တဲ့ဟု ကြားလိုက်သည်နှင့် မြောက်ပိုင်းက ကလေးတွေဘယ်သူတွေ ပါကြသလဲလို့သာမေးရန် လိုပါသည်။ ရှမ်းကုန်းပိုင်းက ကလေးတွေကဖြင့် လှရီ၊ အဝေရာ၊ ဗိုပေါက်၊ ပေါက်စနှင့် သံချောင်းတို့သာ ဖြစ်ပါလိမ့်မည်။

ဟုတ်ကဲ့ - ရန်ဖြစ်ကြပြီဆိုလျှင်လည်း တစ်ဖက်ဖက်က ဆေးရုံ၊ ဆေးခန်းတစ်ခုခုကိုပို့ရတော့မှာလည်း သေချာပါသည်။ သည့်အပြင် သံချောင်းတို့ဘက်မှမဟုတ်ဘဲ တစ်ဖက်မှ တစ်ဦးထက်မနည်းကိုပို့ရခြင်းသာဖြစ်ပါ၏။သံချောင်းက လက်အယဉ်ဆုံးဖြစ်သည်။ Nickel Duster ဟု သူတို့ဘာသာ အမည်တပ်ထားသော လက်သီးစွပ်ဖြင့် တစ်ဖက်သားအား မျက်ခွက်ကိုထိုးခြင်းဖြစ်သည်။ ထိုလက်သီးစွပ်ကို သတ္တုဖြင့် လုပ်ထားသည်။ ညာဘက် လက်ညှိုး၊ လက်ခလယ်၊ လက်သူကြွယ်နှင့် လက်သန်းတွင် စွပ်ရသည်။ လက်စွပ်သဖွယ် ဖြစ်၏။ မေးရိုးဆိုလည်းကွဲ၊ နှာခေါင်းထိလည်းကျိုး၊ ပါးစောင်ထိုးမိလည်း မသက်သာ။ ဆေးရုံ ဆေးခန်းမပို့လို့ကိုမရချေ။ သူတို့ကို ယခုခေတ်အခေါ်နှင့် ဆိုရပါလျှင် လမ်းသူရဲဟု အမည်တပ်ရမလားမပြောတတ်နိုင်။ စင်စစ် လမ်းသူရဲထက်ပင် နှစ်ပြန်သာအောင်ဆိုးသောကလေးများ ဖြစ်ပါသည်။

သည်အချိန် ဖယက်ချောင်း (ဘုရားချောင်း) အတွင်း ရေဆင်းကူးနေကြသောသူတို့တစ်တွေကမ်းကုန်အောင် ဆော့လျက်ရှိကြ၏။ တစ်ဦးနှင့်တစ်ဦး ချောင်းရေနှင့်ပက်ကြသည်။ ရေမမွှန်းမွှန်းအောင်ပက်သည်။ တစ်ယောက်ယောက်က ရှောင်မပြေးမချင်း အတောမသတ်ပက်သည်။ အရှုံးပေး ထွက်ပြေးတော့မှပင် ရေအပက်ရပ်တော့သည်။ သူတို့အထဲမှာ ပေါက်စက ကြောက်



www.burmeseclassic.com

www.burmeseclassic.com

တတ်သည်။ ရေကိုလည်း ကျွမ်းကျွမ်း ကျင်ကျင် မကူးနိုင်ပေ။ ဗိုပေါက်က ပေါက်စအား မညှာမတာပင်။ ချောင်းရေကို လက်ခုတ်နှစ်ဖက်နှင့် အပြည့်အဝ ခပ်ယူကာ မျက်နှာကိုမှုတ်ပြီးပက်သည်။ ပေါက်စ ရေမွန်းလာကာ မခံမရပ်နိုင်ဖြစ်လာလေသည်။ ရေကူးပြီးထွက်လည်း မပြေးနိုင်။ ရေတွေကလည်း အသက်ရှူလို့ပင်မရတော့။ သို့နှင့် စွပ်ခနဲ ရေအောက်ငုပ်ပစ်လိုက်ရလေသည်။ သို့ပင်ဖြစ်စေ ရေကူးမကျင်လည်သောပေါက်စခမျာ ရေအောက်မှ ပြန်ပေါ်မလာတော့ပါ။ ရေနစ်သွားပြီ။

ဗိုပေါက်က ပေါက်စ သူ့ကိုနောက်ပြောင်နေသည်ဟုထင်ကာ တဟားဟားရယ်နေသည်။ အဝေရာတို့၊ လှရီတို့ကလည်း ချောင်းထဲမှာ ရေလွှာသင်ဖြူးငါးပျံမြူးနေသလို ခုန်ပျံကျော်လွှားဆော့ကစားနေကြသည်။ တစ်မိနစ်၊ နှစ်မိနစ်၊ သုံးမိနစ်။ ထိုကမှ မိနစ်ပေါင်း သုံးဆယ်ကျော်သွားသည်။ ပေါက်စပြန်ပေါ်မလာတော့ပါ။ ဗိုပေါက်ဆိုတဲ့ကောင်က အလွန်အစအနောက်သန်လေသည်။ ယခု သူက ရေတွေနှင့် မညှာမတာပက်၍ ကျီစားနောက်ပြောင်ခဲ့ရာမှ ပေါက်စရေနစ်သွားသည်ကို လျစ်လျူရှုနေပြန်သည်။နာရီဝက်ကြာသည်အထိ ပေါက်စပြန်မပေါ်လာတော့မှ မျက်ကလူးဆန်ပျာဖြစ်သွားလေသည်။

"ဟေ့၊ ဟေ့ကောင်တွေ၊ ပေါက်စ ပေါက်စ ပြန်မပေါ်လာတော့ဘူး။ ရေရေနစ်သွားပြီလားမသိဘူး၊ လုပ်ကြပါဦး"

ဗိုပေါက် အသံတွေပင် တုန်နေသည်။ သူ့တော်တော်လေးချောက်ချားကြောက်လန့်နေပုံပင်။

သည်တော့မှ ကျန်သော သူငယ်ချင်းများ ဟိုဟိုသည်သည် တောင်တောင်မြောက်မြောက် ရေကူးလျက်ရှာဖွေကြသည်။ ချောင်းအတွင်း ရေငုပ်ရှာသူကရှာ၊ ချောင်းတစ်လျှောက်လိုက်ကြည့်သူကကြည့် အစအနပင်မတွေ့ရ။ စောစောက ဝုန်းဒိုင်းကြအောင် ဆော့ကစားနေကြသည့် လူပေလူတေကလေးတွေ မျက်စိမျက်နှာတွေပျက်၊ မျက်နှာကဆီးရွက်လောက်ငယ်သွားပြီ။ အပျက်အပျက်နှင့် နှာခေါင်းသွေးထွက်ရပြီမဟုတ်လား။ ပေါက်စ၏အမေကို ဘယ်လိုသွားပြောရမည်လည်း မသိတတ်တော့။ သူ့အမေ ဒေါ်ကုလားမက ရှမ်းကုန်းပိုင်းလမ်းထောင့်မှာ ညနေတိုင်း အာပုံမုန့်ရောင်းသည်။ အုန်းနို့နှင့်လုပ်သည့်အာပုံ၊ ကြက်ဥနှင့်လုပ်သောအာပုံ ကြွပ်ကြွပ်ရွရွလေးမို့ ညနေဒေါ်ကုလားမ အာပုံဆိုင်မထွက်မီကပင် တန်းစီစောင့်နေသူများရှိနေတတ်ပါသည်။ ပေါက်စ၏ ပုံမှန်အလုပ်က သူ့အမေဆိုင်သို့ မီးသွေးပို့ပေးရခြင်း ဖြစ်ပါသည်။ ယခု နေဝင်ဆည်းဆာချိန်။

အရှေ့၊ အနောက်၊ တောင်နှင့်မြောက်နေရာတွေစုံပါပြီ။ ရေပေါ်၊ ရေအောက်ထက်အောက်မကျန်ရှာပြီးသည့်တိုင် မတွေ့ကြရတော့။ ရေမွန်းကြွက်ကလေးများအလား မှိုင်တွေချလျက် လူပေလူတေကလေးများ ခေါင်းငိုက်စိုက်ချကာ စိတ်ဓာတ်က သုညဖြင့် အသီးသီး အိမ်သို့ပြန်လာခဲ့ကြလေသည်။

"ကိုင်း- အစ်ကိုသံချောင်း၊ ကျွန်တော်တို့ ဘယ်လိုလုပ်ကြမတုံး။ ပေါက်စအမေကိုတော့ အမြန်ဆုံးပြေးသွားပြီးပြောရလိမ့်မယ်ထင်တယ်။ သူတို့လူကြီးတွေခေါ်လာပြီး ရှာချင်ရှာနိုင်အောင်ပေါ့"

"ဟုတ်တယ်၊ လှရီပြောတဲ့အတိုင်း ပေါက်စအမေဆီသွားပြီး ပြောပြမယ်။ သူတို့ တစ်ခုခုလုပ်ချင်လည်းလုပ်လို့ရမှာပေါ့"

"အေးကွာ၊ ငါလည်းပဲ ဒီစိတ်ကူးရှိပါတယ်။ ပေါက်စအမေကို အမြန်ဆုံးသွားပြောကြမယ်လေ"

ဆည်းဆာ၏ လက်ကျန်အလင်းတန်းများ တစ်စထက်တစ်စ လျော့ပါးသွား၏။ အလင်းပျောက်က အမှောင်ရောက်ရိုး ထုံးစံအတိုင်း အမှောင်၏ရှေ့ပြေးအမည်းရိပ်များ တဖြည်းဖြည်းလွှမ်းမိုးလာနေသည်။ သည်အခါ အလင်းရောင်စစ်သည်များ တစ်စတစ်စဆုတ်ခွာသွားကြပြီဖြစ်သဖြင့် အမှောင်တပ်တွေ တရကြမ်းချင်းနင်းဝင်ရောက်လာလေသည်။ ဆည်းဆာသည် အကျည်းတန်သွားပြီ။

(၂)

ရှမ်းကုန်းပိုင်း ရပ်ကွက်ထိပ် ဒေါ်ကုလားမ၏ အိမ်ရှေ့သို့ သံချောင်းတို့ ရောက်လာကြသည်။ ဒေါ်ကုလားမ မရှိတော့။ ဆိုင်ထွက်နေပါပြီ။ သို့ဖြစ်၍ ဒေါ်ကုလားမ၏ သမီးကြီးအား အကြောင်းစုံပြောပြရ၏။ ဒေါ်ကုလားမ၏ အိမ်သားတွေ ထိတ်ထိတ်ပျာပျာဖြစ်ကုန်ကြပြီး ရပ်ကွက်လူကြီးအား ပြေးပြောသူကပြော၊ သူမတို့၏ မိခင်ဆီပြေးပြောသူကပြေးနှင့် အထိတ်တလန့်ဖြင့် ကုန်ကြသည်။

ခဏအကြာမှာ ရပ်ကွက်လူကြီး ရောက်လာသဖြင့် အကြောင်းခြင်းရာ စုံစုံလင်လင်ရှင်းလင်းပြောပြလိုက်ရပြ သည်။ လူကြီးက ခေါင်းအေးအေးနှင့် အစီအစဉ်တစ်ခု ပြုလုပ်သည်။ ရပ်ကွက် အတွင်းမှ လူငယ်အချို့စုလျက် အဖွဲ့ များခွဲကာ တုတ်မီးများဖြင့်လိုက်ပါလာ ကြ၏။ ဖယက်ချောင်းသို့ ရောက်သွား ကြသောအခါ ချောင်းတစ်လျှောက် တိတ်ဆိတ်လျက်ရှိပြီ။

"နေကြပါဦး၊ ဖယက်ချောင်းထဲမှ ရေနစ်ပြီး သေသွားတာ ဖိုးထွားမဟုတ် လား။ ဒီချောင်းဖျားမှာပဲလေ ခြောက်ဖ လောက်ပဲရှိသေးတယ်။ ဖိုးထွားအနေ လေ"

"ဟုတ်တာပေါ့၊ အရှူးဖိုးထွား ချောင်းထဲလာပြီး ရေဆင်းချိုးရင်း ရေနစ် သေသွားတာ။ ဒီကောင်လေးတွေ အကြောင်း မသိကြဘူးလား မပြေ တတ်ဘူး"

တစ်ယောက်တစ်ပေါက်ပြောဆိုကြနှင့် ချောင်းဖျားသို့ အဖွဲ့နှစ်ဖွဲ့ ကာလိုက်လံရှာဖွေကြသည်။ တစ်ဖွဲ့က ချောင်းအတိုင်းစုံလျက်ရှာကြ၏။ တစ် က ပေါက်စရေနစ်သွားသောနေရာတွ ရေငုပ်ပြီးရှာဖွေကြသည်။ သို့တစေ ငုပ်သူတွေ ရေမွန်းပြီးမောကုန်ကြသည် ချောင်းဖျားအထိ သွားရှာကြသည့်အဖွဲ့ ကလည်း အစအနပင်ရှာမတွေ့။ ချောင်း အတိုင်းစုံသွားပြီး ရှာသည့်အဖွဲ့ကလည်း ပေါက်စ၏ အရိပ်အယောင်မဆိုထား အဝတ်အစား ပုဆိုး၊ အင်္ကျီ ဘာတစ်ခု သဲလွန်စရှာမရ။ အဖွဲ့သားအားလုံး ခြေကုန်လက်ပန်းကျလျက် မောနေကြ ပြီ။ ညသည် တစ်ချိန်ထက်တစ်ချိန် တစ်စထ စ်စ ရင့်လာနေပြီလည်း ဖြစ်သည်။ ဒေါ်ကုလားမ၏ သမီးကြီး ချုံးပွဲချလျက် ငိုကြွေးနေချေပြီ ဖြစ်၏။

"အမားကို ဘယ်လိုပြောရမ မသိတော့ဘူး။ မောင်လေးကို အမား အချစ်ဆုံးလေ။ မောင်လေးတော့သေ ထင်ပါရဲ့ရှင်။ သမီးတွေချည်းပဲမို့ အငယ် ဆုံးသားကလေးကို ပိုချစ်တာ၊ ဒုက္ခပါ"

"ညဉ့်လည်းနက်လှပြီ။ မိုးတောင် လင်းတော့မှာ။ မိုးလင်းတဲ့အထိတော့ ကျုပ်တို့ ကြိုးစားကြည့်ကြသေးတာ ဟုတ်ပြီလား"

ရပ်ကွက်လူကြီး၏ ပြောစကား



www.burmeseclassic.com

www.burmeseclassic.com

မည်သူကမျှ စောဒကမတက်ကြဘဲ ရှာဖွေရေးအလုပ်ကို ဆက်လက်လုပ်နေကြပြန်လေသည်။ သို့တစေ မည်သို့မျှ အကြောင်းထူးမလာခဲ့ပေ။ အရှေ့ဆီမှ ရောင်နီတွေပင် ပေါ်ထွက်လာနေပြီ ဖြစ်ပါသည်။ ဖယက်ချောင်းရေတွေပင် နောက်ကျုလာလေသည်။

"ကိုင်း- မိုးတောင်လင်းလာနေပါပြီကော။ တို့အဖွဲ့တွေလည်း အတော့်ကို ပင်ပန်းနေကြရောပေါ့။ ရှာဖွေရေးလုပ်ငန်းကို လက်လျှော့ရတော့မယ် ထင်တယ်"

လူတွေလည်း ဖတ်ဖတ်မောနေကြပြီ။ ရှမ်းကုန်းပိုင်းရပ်ကွက်က လူငယ်လေးများက တက်ညီလက်ညီရှိကြ၏။ တစ်စက်ကလေးမျှ ညည်းညူခြင်းမရှိ။ လူကြီးတွေပေးသည့်တာဝန်ကို မခိုမကတ်ထမ်းဆောင်သည်။ သည့်အပြင် ရေနစ်သွားသော ပေါက်စက သူတို့ရပ်ကွက်သား၊ သူတို့သူငယ်ချင်းပဲမဟုတ်ပါလား။ ဒေါ်ကုလားမ၏သမီးကြီးကမူ တောင်းပန်တိုးလျှိုးသော မျက်နှာငယ်လေးနှင့် ရပ်ကွက်လူကြီး၏မျက်နှာ၊ လူငယ်တွေ၏ မျက်နှာတွေကို လျှောက်ကြည့်နေသည်။

သူမ၏စိတ်အတွေးများအတွင်း သူမ၏ မောင်လေးပေါက်စ အသက်မသေ ရှင်သန်နေသေးသည်ဟု ယူဆယုံကြည်နေပုံရ၏။ စင်စစ် ရပ်ကွက်လူကြီးကိုယ်တိုင်ပင် ရေနစ်သွားသော ပေါက်စ၏ အလောင်းကို မမြင်ရသေး၍ ပေါက်စမသေသေးဟု ယူဆယုံကြည်နေပေသေး၏။ သို့စဉ်တိုင် လူငယ်ရှာဖွေရေးအဖွဲ့တို့ ပင်ပန်းနေကြသည်ဖြစ်ရာ ထပ်မံရှာဖွေပေးကြဖို့ သူတိုက်တွန်းလိုဟန်မတူခြင်း ဖြစ်ပါသည်။

"ခဏလောက်တော့ထပ်ရှာကြည့်ကြပါဦးလားရှင်။ကျွန်မစိတ်ထဲမှာ မောင်လေးပေါက်စမသေသေးဘူးလို့ သံသယဖြစ်နေလို့ပါ ဦးလေးရယ်။ ချောင်းထဲမှာ တစ်ကြိမ်လောက်ထပ်ပြီးရှာကြည့်ပေးပါဦးလားဟင်"

"ကိုင်း – တို့လူကလေးများဆိုသံလေး၊ ဒေါ်ကုလားမသမီးကြီးက သူ့မောင်ကလေး မသေသေးဘူးလို့ သံသယရှိနေသတဲ့ကွယ်။ တို့အဖွဲ့ တစ်ခါလောက် ကပ်ပြီးရှာကြည့်လိုက်ကြရအောင်လား"

ရပ်ကွက်လူကြီး၏ စကားကို လူငယ်တွေက မည်သို့မျှ စောဒကမတက်။ ချောင်းဖျားအထိသွားရောက်၍ ပေါက်စကို ရှာဖွေခဲ့ကြသည့်အဖွဲ့ကပင် ချောင်းအတွင်း ခုန်ဆင်းသွားကြပြီး ရေငုပ်လျက် ရှာဖွေကြပြန်လေသည်။ ရေငုပ်ကြသူများကြောင့် ရေတွေတဗွမ်းဗွမ်း လှုပ်ရှားလှိုင်းထလျက်ရှိ၏။ လူငယ်ကလေးများ အားတက်သရော ကြိုးကြိုးစားစား ငုပ်တစ်လှည့်ပေါ်တစ်ခါ ရှာဖွေနေကြလေသည်။သို့ပင်ဖြစ်စေ အချိန်တွေသာ တဖြည်းဖြည်းကုန်သွားသည်။ မည်သို့မျှသဲလွန်စတစ်စုံတစ်ရာရှာမရပေ။ မကြာမီပင် လူငယ်ကလေးများ မောဟိုက်ပင်ပန်းစွာ ကမ်းပါးထက်သို့ ဝမ်းလျားထိုးတက်ရောက်လာကြသည်။ ခြေကုန်လက်ပန်းများကျ အသက်ရှူသံများပင် မမှန်ချေတော့။

"ဒါလောက်ဆိုရင် တော်တော်နှံ့စပ်အောင်ရှာပြီးလောက်ပါပြီ။ သမီးကြီးလည်း ကျေနပ်လောက်ရောပေါ့။ ဦးတို့လူငယ်တွေလည်း ခြေကုန်လက်ပန်းကျနေကြပြီကွယ့်။ မိုးတောင်စင်စင်လင်းနေပေါ့။ ဒေါ်ကုလားမကိုတော့ ဦးတို့တစ်တွေ ကြိုးကြိုးစားစား နှံ့နှံ့စပ်စပ်ရှာကြပါတယ်ဆိုတာကိုတော့ ပြောပြလိုက်ပါ၊ ဟုတ်ပြီလား"

"ဟုတ်ကဲ့ပါ ဦးရယ်။ အမားကို သမီး ပြောပြလိုက်ပါ့မယ်။ ပေါက်စသူငယ်ချင်းတွေ တော်တော်အလုပ်လုပ်ပေးကြတာ သမီးအမြင်ပဲ။ မောင်လေးကုသိုလ်ပေါ့ ဦးရယ်။ သတ္တဝါတစ်ခုကံတစ်ခုပဲ မဟုတ်လား။ လူတိုင်းဟာ သူ့နေ့ကိုသူ သတ်မှတ်ထားပြီပဲ၊ ရှိပါစေတော့"

သမီးကြီး၏ မျက်နှာပေါ်တွင် ကြေကွဲဝမ်းနည်းမှု အသွင်အပြင်များ ဟပ်ထင်နေသည်။ မျက်ဝန်းမှမျက်ရည်များ တွေတွေယိုစီးကျဆင်းနေလေ၏။ ရပ်ကွက်လူကြီးလည်း မျက်နှာမကောင်းလှ။ ပေါက်စ၏ အလောင်းကို ချောင်းအတွင်း၊ အပြင် လိုက်လံရှာဖွေပေးခဲ့ကြသောလူငယ်တွေလည်း စိတ်မကောင်းကြပါ။ အားလုံးပင် ယခုအချိန်တွင် မောမောပန်းပန်း ခြေကုန်လက်ပန်းကျပြီး စကားပင်မပြောနိုင်ကြဘဲ ငုတ်တုတ်တချို့ ပက်လက်တစ်ဖုံနှင့် အမောဖြေနေကြပြီ ဖြစ်ပါသည်။

(၃)

"ဟော့-ဟော့ကောင်တွေ၊ ပေါက်စ ပေါက်စ၊ ပြန်ပေါ်မလာတော့ဘူး။ ရေ ရေနစ်သွားပြီလား မသိဘူး၊ လုပ်ကြပါဦး"

ပေါက်စ၏နားထဲတွင် ဗိုပေါက်၏ အော်သံတစ်ချက်ကို ထင်ထင်ရှားရှား ကြားလိုက်ရလေသည်။ သည့်နောက် ပေါက်စအား တစ်စုံတစ်ယောက်က လက်ကိုဆွဲလျက် ခေါ်ဆောင်သွားလေသည်။ သူ၏ စိတ်အစဉ်တွင် အဟုတ်လိုလို၊ မဟုတ်သလိုလို၊ အမှန်လေလား၊ မမှန်ဘူးလား မသဲမကွဲ ဇဝေဇဝါဖြစ်နေသည်။ သူ့ခန္ဓာကိုယ်ကမူ လေထဲမှာပျံ့ဝဲနေသလိုပင်။ တငြိမ့်ငြိမ့်စီးမျောလိုက်ပါသွားရာမှ ရုတ်တရက် တုံ့ခနဲ ရပ်တန့်သွား၏။ သူ့မျက်စိရှေ့တွင် ဘွားခနဲတွေ့မြင်လိုက်ရသည်မှာကား ပြိုးပြိုးပြက်ပြက်ဝင်းဝင်းလက်လက် မျက်စိများပင်ကျိန်းလုမတတ် ရေအောက်နန်းတော်ကြီးတစ်ဆောင် ဖြစ်သည်။

ရေအောက်နန်းတော်ဟု သူပြောပြနိုင်သည်က ရေတွေကို နေရာအနှံ့ မြင်နေရခြင်းကြောင့်ပင်။ သူကိုယ်တိုင်သည်လည်း ရေအောက်မှာရောက်နေခြင်း ဖြစ်ပါသည်။ ထူးဆန်းသည်က သူလုံးဝ ရေမွန်းခြင်းမရှိပေ။ ရေအောက်သို့ ရောက်နေသော်လည်း အပြင်လောကတွင်ရောက်ရှိနေသလို ဖြစ်သည်။ မကြာမီတွင် နန်းတော်တံခါးကြီးတစ်ဖက်တစ်ချပ်ပွင့်ဟသွားသည်။ တံခါးအဝတွင် လူ့ဘီလူးကြီးတွေနှယ် ကြီးထွားကြံ့ခိုင်သည့် အစောင့်နှစ်ယောက် စောင့်ကြိုနေကြ၏။ မျက်နှာတွေကတင်းသည်။ အံကိုကြိတ်ထားသော်လည်း ဒေါသမာန်မာနမတွေ့ရ။ မျှော်လင့်ထားသူကို ကြိုဆိုနေသည့်နှယ်ဖြစ်သည်။ သူတို့လက်တွင်ကိုင်ဆောင်ထားသည့် လှံရှည်ကြီးကိုဝင့်လျက် အတွင်းဘက်သို့ဝင်သွားရန် လမ်းညွှန်လိုက်လေသည်။ ပေါက်စက ယောင်တိယောင်တောင်ကြောင်တိကြောင်တောင်ဖြင့် အစောင့်ကြီးများညွှန်ပြသည့် အဆောက်အအုံကြီးရှိရာသို့ ဆက်လက်လျှောက်လှမ်းသွား၏။

ရေအောက်နန်းတော်မှ မီးရောင်တွေက ထိန်ထိန်လင်းလျက်ရှိနေသည်ဖြစ်ရာ ဝန်းကျင်အနှံ့ အတော်အလှမ်းဝေးဝေးအထိ ရှင်းရှင်းလင်းလင်း မြင်တွေ့နေရသည်။ သို့သော် သူ့နောက်တွင် ကျန်ရစ်သော အစောင့်နှစ်ယောက်ကလွဲ၍ အခြားသူတစ်ယောက်မှ မတွေ့မမြင်ရ။ တိတ်ဆိတ်နေလေသည်။ အဆောက်အအုံကြီးရှေ့သို့ ပေါက်စရောက်ရှိသွား၏။ သူတံခါးဝသို့ရောက်သွားသည်နှင့် ရုတ်တရက် တံခါးကပွင့်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com

တံခါးဝတွင် မိန်းကလေးတစ်ဦး ရပ်စောင့်နေပြီး ပေါက်စကို အတွင်း ဆောင်ထဲအထိ လမ်းပြခေါ် ဆောင်သွားသည်။ အခန်းပေါင်းများစွာကို ပေါက်စက လမ်းပြခေါ် ဆောင်သွားသော မိန်းကလေးနှင့်အတူ ကျော်ဖြတ်လာခဲ့သည်။ အခန်းများအတွင်း လှပစွာပြင်ဆင်ထားပြီး အလှဆင်ပစ္စည်းများကလည်း ခန်းလုံးပြည့်မျှရှိလေသည်။ ရတနာစိန်ကျောက် ဇယ်တောက်လို့ ကစားရအောင်လို့ ပေါက်စ ကြားဖူးသည်။ ယခုအခန်းများအတွင်းမှာ ရွှေရေတကောင်းများ၊ ကျောက်မျက်ရတနာတွေ စီခြယ်ထားသော ပန်းအိုး၊ ပန်းကန်ခွက်ယောက်များ အများအပြားတွေ့မြင်ရသည်။ မွှေးကြိုင်သော ရောင်စုံပန်းတွေကို ရတနာပန်းအိုးများအတွင်း တွေ့မြင်ရသည်။

မကြာမီ အလွန်ကျယ်ဝန်းသော အခန်းကြီးတစ်ခုသို့ ရောက်ရှိလာလေသည်။ ရတနာခုနစ်ပါးစီခြယ်ထားသည့် သလွန်ညောင်စောင်းတစ်ခုပေါ်၌ ရှေးခေတ်မင်းသမီးတစ်ပါးနှယ်ဝတ်ဆင်ထားသည့် အမျိုးသမီးကြီးတစ်ဦး လှဲလျောင်းလျက်ရှိသည်။ ပေါက်စကိုမြင်တွေ့လိုက်သည်နှင့်တစ်ပြိုင်နက် လှဲလျောင်းနေရာမှ ထထိုင်လိုက်ကာ -

"ဩော် - ရောက်လာပြီလား။ အေးအေး - ကောင်းပါတယ်။ တို့ပြောထားတဲ့အတိုင်း တံတိုင်းအပြင်မှာ နေရာချထားတဲ့ အစောင့်နေရာမှာ ပေါက်စကိုထားလိုက်တော့။ နောက်တစ်ယောက်နေရာမှာ ဖိုးထွားကိုထား။ ယက္ခနဲ့ဗလတို့ကိုတော့ တာဝန်ထမ်းဆောင်ချိန် ပြီးဆုံးသွားကြပြီမို့ လွတ်လွတ်လပ်လပ်သွားခွင့်ပြုလိုက်ကြပေတော့"

ထိုအခိုက်အတန့်မှစ၍ ပေါက်စသည် ရေနန်းဗိမာန်သိုက်တွင် တံခါးစောင့်တာဝန်ကို အရှုးဖိုးထွားနှင့်အတူ ပူးတွဲထမ်းဆောင်ကြရလေ၏။ ပေါက်စသတိရမိသည်က မိခင် ဒေါ်ကုလားမဖြစ်၏။ သားအငယ်ဆုံးလေးမို့ မည်မျှသောကရောက်နေရှာမည်လဲ မပြောတတ်နိုင်။ နေညိုချိန် မှန့်ရောင်းထွက်တော့မည်အခါ မီးသွေးအိတ်ကို ထမ်းပိုးသယ်ဆောင်သွားပေးမည့် သားငယ်အား မုချသတိရနေမည်မှာ သေချာလှပါသည်။ မိသားစုတစ်ခုအတွင်း တစ်ယောက်လျော့နေခဲ့ပါက ကျန်ရစ်သူတွေက မမေ့မလျော့ အမှတ်ရလျက်ရှိနေမည်က သေချာလှ၏။ ထမင်းစားချိန်၊



ညအိပ်ရာဝင်ချိန်၊ လုပ်ငန်းခွင်အသီးသီးသို့ အိမ်မှထွက်ခွာချိန်စသည်တို့မှာ တစ်ဦးကိုတစ်ဦး မေးကြနှုတ်ဆက်ကြပြုလုပ်တတ်ကြသည် မဟုတ်လား။

ပေါက်စနှင့် အရှုးဖိုးထွားတို့ ရေနန်းဗိမာန်တွင် အစောင့်တာဝန်ထမ်းဆောင်နေကြရင်း ရင်းနှီးခင်မင်သွားခဲ့ကြ၏။ နိစ္စဓူဝ တပူးပူးတတွဲတွဲရှိနေကြရသည်လေ။ အစောင့်ဖြစ်လာသောနေ့မှစတင်၍ ဖိုးထွားမရှူးတော့။ အကုသိုလ်ကံကုန်ဆုံးချိန်ဟုဆိုရချိမ့်မည်။ အကုသိုလ်နှင့် ကုသိုလ်အကျိုးပေးနှင့် ပတ်သက်၍ မြတ်စွာဘုရားသခင်က -

ပါပေါပိ ပဿတိ ဘဒြံ၊ ယာဝ ပါပံ နပစ္စတိ၊ ယဒါစ ပစ္စတိပါပံ၊ အထ ပါပေါ ပါပါနိ-ပဿသိ။

*အကုသိုလ်အမှုကို ပြုသောသူသည် သူပြုသောအကုသိုလ်ကံ မရင့်ကျက်သေးမီကာလအတွင်း အကောင်းကို တွေ့မြင်ရ၏။ သူပြုသောအကုသိုလ်ကံ ရင့်ကျက်လာသောအခါ၌ကား မကောင်းကျိုးတို့ကိုသာ တွေ့မြင်ရပေတော့၏။*

ဘဒြောပိ ပဿတိ ပါပံ၊ ယာဝ ဘဒြာ နပစ္စတိ၊ ယဒါစ ပစ္စတိ ဘဒြံ၊ အထဘဒြော ဘဒြာနိ ပဿတိ။

*ကုသိုလ်ကောင်းမှုပြုသူသည် သူပြုသောကံ မရင့်ကျက်သေးမီ ကာလအတွင်း မကောင်းကိုသာ တွေ့ရတတ်၏။ သူပြုသောကံ ရင့်ကျက်လာသော အခါ၌ကား ကောင်းကျိုးကိုသာ တွေ့မြင်ရလေတော့၏။*

(ဓမ္မပဒ)

ယခု အရူးဖိုးထွား အကောင်းပကတိဖြစ်သွားခဲ့ပါပြီ။ ရေနန်းဗိမာန်သိုက်၏ အစောင့်တာဝန်ကိုလည်း ထမ်းဆောင်နေရပြီ။ ပေါက်စနှင့် သူတို့နှစ်ယောက်၏ တာဝန်က အရိမေတ္တေယျ မြတ်စွာဘုရားသခင် ပွင့်တော်မူသည့် အခါ ဘုရားရှင် သီတင်းသုံးတော်မူမည့် ရတနာကျောင်းတော် ဆောက်လုပ်လှူ ဒါန်းပူဇော်ရန် ရည်စူးထားရှိသည့် ကျောက်သံပတ္တမြား၊ စိန်ရွှေရတနာများကို မသမာသူများလက်သို့ မရောက်စေဖို့ တာကွယ်စောင့်ရှောက်ရန် ဖြစ် သည်။ ပေါက်စနှင့် အရူးဖိုးထွားတို့ ဘဝ ပြောင်းလျက် ရေနန်းဗိမာန်သိုက်စောင့် ကြီးများအဖြစ် ရောက်ရှိခဲ့ပြီလည်း ဖြစ် ပါသည်။

(၄)

ရက်မှသည်လ၊ လမှသည်နှစ် တစ်နှစ်ပြီးတစ်နှစ် ကုန်ဆုံးသွားသည်၊ ရာသီတွေလည်း အလီလီပြောင်းကုန် လေသည်။ ပျောက်သောသူလည်း ရှာဖွေမတွေ့၊ သေသောသူကိုတော့ မေ့ကြ ပြီမှာ အသေအချာပါ။ ဒေါ်ကုလား ကြီးလည်း ကွယ်လွန်ဆုံးပါးသွားရှာပြီ မြောင်းမြမြို့ ရှမ်းကုန်းပိုင်းလမ်းထိပ် အာပုံဆိုင်ကလေးကိုလည်း မတွေ့ကြ တော့။ ဒေါ်ကုလားမ၏သမီးတွေလည်း မြောင်းမြမြို့မှ ပြောင်းရွှေ့ထွက်ခွာသွား ကြပြီဟု သိရှိရပါသည်။ ဘယ်ဆီဘယ် ဝယ် ရောက်နေကြပြီလဲမသိနိုင်တော့ပါ။ ရှမ်းကုန်းပိုင်းရပ်ကွက်မှ သံချောင်း အဝေရာ၊ ကီန်းလမ်းထဲမှ လှရီ၊ စာ ကုန်းလမ်းမှ ဗိုပေါက်တို့ မြောင်းမြတွင် မရှိကြတော့ပါ။

အဝေရာသည် တံခွန်ဂျာနယ် အုပ်ချုပ်မှုအယ်ဒီတာလုပ်နေပြီး ရန်ကု မြို့၏အိမ်အပြောင်းဆုံးလူသားတစ် အဖြစ် ရပ်တည်နေသည်။ အိမ်ရှင်အ ငှားပြဿနာများစွာရှိနေသရွေ့ ဖြစ် သည်။

ဗိုပေါက်က ရဲမှူးဖြစ်နေသည် ဇန်းမော်တွင် တာဝန်ကျနေသည် လှရီထံမှ သိရှိရပါသည်။ လှရီကမူ ချမ်းသာတစ်ဦးဖြစ်သွားသည်။ ရန်ကု မြို့လယ်တွင် ဖွင့်လှစ်ထားသော အ သမီးအလှပြင်ဆိုင်ပိုင်ရှင် ဖြစ်သည်။ ဆိုင်က တစ်လလျှင် ဝင်ငွေ သိန်း ဂဏန်းရှိသည်။ ဆယ်စုနှစ် ငါးခုတော့ သွားပြီဖြစ်သောကြောင့် ငယ်စဉ်က ဆိုးလူတေလေးများ ယခုအချိန်မှာ လိမ္မာတွေဖြစ်ကုန်ကြသည်မှာ ဆန်း သည်တော့ မဟုတ်ပါ။ ဖြစ်ချိန်တ တော့ဖြစ်၊ ပျက်ချိန်တန်တော့ ပျ သည်ပဲလေ။

ကျွန်တော်က တပ်မတော် ကြ သို့ ဝင်ရောက်ကာ စစ်မှုထမ်းဆော



www.burmeseclassic.com

www.burmeseclassic.com

ခဲ့ပြီး တပ်မတော်မှ ပြန်ကြားရေးဝန်ကြီးဌာနသို့ ပြောင်းရွှေ့လျက် တာဝန်ထမ်းဆောင်ခဲ့ရပါသည်။ သက်ပြည့်အငြိမ်းစားပင်ယူခဲ့ပြီးဖြစ်၏။ စာပေလေးများ တောက်တခေါက် ရံဖန်ရံခါရေးလျက် အသက်မွေးဝမ်းကျောင်းပြုနေရပါ၏။ ပင်စင်လစာကိုလည်း စောင့်မျှော်ရသည်။ အသက်ကလေးအတော်အတန်ရလာပြီဖြစ်၍ အိမ်တွင်းမှ မြို့တွင်းထွက်ရန် အတော်စဉ်းစားရပါသည်။ စာမူပို့ဖို့ ခေ့ဇင်းမေတ္တာလက်ဆောင်ယူဖို့ တစ်လသျှင် နှစ်ကြိမ်ခန့်သာ မြို့တွင်းသို့ရောက်သည်။ ဟိုဟိုဒီဒီ ဘယ်နေရာကိုမှ မသွားဖြစ်ပါ။

တစ်နေ့ -

နေပြည်တော်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် သမီးငယ်က ခေမက အလည်အပတ်ခေါ်သဖြင့် ရောက်ရှိသွားခဲ့ရပါသည်။ သမီးငယ်၏ခင်ပွန်းက ဟိုတယ်ဇုန်တစ်ခုမှာ အင်ဂျင်နီယာဖြစ်သဖြင့် ဟိုတယ်ကောင်းတစ်ခုတွင် တည်းခိုရ၏။ သမီးငယ်က မိဘနှစ်ဦးအသက်အရွယ်ကလည်း ကြီးရင့်နေပြီဖြစ်သောကြောင့် နားအေးပါးအေးနှင့် စိတ်လက်ပေါ့ပါး အနားယူရအောင် စီစဉ်ပေးခြင်း ဖြစ်ပေသည်။

နေပြည်တော်၏ ညနေခင်းသည် နေဝန်းနီနီကြီး ဟိုအဝေးရိုးမတောင်တန်းကြီးအနောက်သို့ ငုပ်လျှိုးမသွားသေးမီ သာယာလှပရှိနေလေသည်။ ဆည်းဆာ၏ ရွှေဝါရောင်က ဝန်းကျင်တွင် ပြိုးပြိုးပြက်ပြက် ဝင်းဝင်းလက်လက် တောက်ပနေသည်။

လွန်လေပြီးသော နှစ်ပေါင်းများစွာက သည်လိုလှပသော ဆည်းဆာမျိုးကို ကျွန်တော် တွေ့ကြုံခဲ့ဖူးသည်။ သို့တစေ ထိုစဉ်တုန်းက ဆည်းဆာအချိန်မှာ ကျွန်တော်တို့၏ သူငယ်ချင်းပေါက်စ ရေနစ်သွားပြီး အလောင်းပင်ရှာလို့မရတော့ဘဲ ပျောက်ဆုံးသွားခဲ့ရသည်။ နှစ်ပေါင်းငါးဆယ်ပင်ကျော်လာခဲ့ပြီ။ ယခုသည်လို ဆည်းဆာအချိန်ကို မြင်လိုက်ရတော့ သူငယ်ချင်းကို သတိရမိသည်က အမှန်ပင်။ ကျွန်တော်က တည်းခိုနေသော ဟိုတယ်၏အရှေ့ဘက် မြက်ခင်းအနီးသို့ သွားရောက်လျက် ဟိုဟိုသည်သည် ငေးမောနေမိ၏။ တစ်ဖက်ကပ်လျက် ဆောက်လက်စဟိုတယ်ကြီးမှ ပန်းမျိုးစုံ ပြုစုစိုက်ပျိုးထားသည့် ပန်းဥယျာဉ်မှ မွှေးပျံ့သော ပန်းရနံ့တို့ ကျွန်တော်၏ နှာဝအတွင်းသို့ တိုးဝင်လာလေသည်။

သို့နှင့် ပန်းရနံ့များပိုမိုရှူရှိုက်လိုသောဆန္ဒဖြင့် ခြံစည်းရိုးအနီးသို့ တိုးသွားမိ၏။ ပန်းခြံအတွင်းမှာ လူတစ်ဦးရှိနေသည်။ ထိုလူက ရုတ်တရက် ကျွန်တော်ရှိနေသည့် ခြံစည်းရိုးဘက်သို့ ခပ်ဖြည်းဖြည်းလျှောက်လာသည်။ နှစ်ဦးစလုံး အမှတ်မထင်မျက်နှာချင်းဆုံမိလေသည်။ မိနစ်တော်တော်များများကြာသည်အထိ သည်လူကို ကျွန်တော်ရင်းရင်းနှီးနှီးသိနေသည်။ သို့သော် ရုတ်တရက်စဉ်းစား၍ မရ။ ထိုသူသည်လည်း ကျွန်တော့်အား စိန်းစိန်းကြီးပင် စိုက်ကြည့်နေသည်မှာ မိနစ်တော်တော်များများ။

သည့်နောက် ရုတ်တရက် ကျွန်တော်က ချက်ချင်း မှတ်မိသွားသည်။ နှုတ်မှလည်း သူ့နာမည်ကို လွှတ်ခနဲခေါ်လိုက်မိလေသည်။

"ဟင် - ပေါက်စ၊ မင်း . . . မင်း ပေါက်စ မဟုတ်လား။ ပေါက်စ . . . ပေါက်စ ဟုတ်ပါတယ်နော်"

ကျွန်တော်၏ အာမေဋိတ်သံက ကျယ်ကျယ်လောင်လောင်ထွက်သွားခဲ့၏။ တစ်ဖက်ကလူပင် ဆတ်ခနဲဖြစ်သွားသည်။ သည့်နောက် ချက်ချင်းတုံ့ပြန်အဖြေပေးသည်။ သို့သော် ဇဝေဇဝါ မရေမရာ။ သူစိမ်းတစ်ဦးမို့ အဖြေပေးရန် ရှိုးတိုးရှန့်တန့်ဖြစ်နေပုံပင်။

"ဟုတ်ကဲ့၊ ကျွန်တော်ပေါက်စပါ။ ဒါထက် နောင်ကြီးက ဘယ်သူပါလဲခင်ဗျ။ ကျွန်တော့်ကို သိလို့လားဟင်"

"ဟာ - သိပ်သိတာပေါ့ မင်းကို။ မင်းဖယက်ချောင်းထဲမှာ ရေနစ်ပြီးသေသွားတာလေ။ တို့တစ်တွေရော ရွှမ်းကုန်းပိုင်းက ရပ်ကွက်လူကြီးနဲ့ မီးသတ်၊ ကြက်ခြေနီ ပြီး တို့ရပ်ကွက်က လူငယ်တွေ တစ်နေ့လုံး၊ တစ်ညလုံး၊ နောက်တစ်နေ့တစ်နေကုန်မင်းကို ဝိုင်းပြီးရှာခဲ့ကြတာ မင်းအလောင်းကိုတောင် တို့ရှာမတွေ့ခဲ့ကြဘူး။ ဒါထက် မင်းမသေဘူးနော်။ ဘယ်လိုဖြစ်တယ်ဆိုတာ ငါ့ကို ပြောပြပါဦး ပေါက်စရယ်။ ငါ့ကို မင်းကောင်းကောင်းသိမှာပါ။ ငါ သံချောင်းလေ"

(၅)

ပေါက်စ ပြန်ပြောပြသည့် ဖြစ်ရပ်ဖြစ်စဉ်သည် ယုံကြည်နိုင်ဖွယ်ရာ မရှိလောက်အောင်ပင် ဖြစ်ပါသည်။ ပေါက်စကို ဗိုလ်ပေါက်က ရေပက်ကျီစားရာတွင် ပေါက်စ ရေတွေမွန်းပြီး ရေနစ်သွားခဲ့ရသည်။ ရေနစ်သွားသော ပေါက်စ ရေပေါ်သို့ပြန်ပေါ်မလာတော့ဘဲ ရေအောက်သို့ ရောက်သွားခဲ့ရရာ လက်အစုံဖြင့် ဆွဲယူခေါ်ဆောင်သွားခြင်းခံခဲ့ရသည်။ သည့်နောက် ရေနန်းဗိမာန်သိုက်နန်းသို့ ရောက်ရှိသွားကာ အစောင့်နေရာသို့ အစားဝင်ရောက်ရလေသည်။ သိုက်နန်းစောင့်တာဝန်ကို ဆယ်စုနှစ်ငါးခုမျှ တာဝန်ယူခဲ့ရပြီးသောအခါ လူ့ရပ်ဌာနေသို့ ပြန်ခွင့်ရရှိပါသည်။ သူပြန်ရောက်သည့်အခါ၌မူ သူ့မိခင်လည်း ဆုံးပါးကွယ်လွန်သွားခဲ့ပြီ။ အစ်မကြီးနှစ်ဦးကိုလည်း ရှာဖွေ၍မရနိုင်တော့။ သူ့ကို လူ့ရပ်ဌာနေသို့ ပြန်ခွင့်ပြုလိုက်စဉ် နှစ်ပေါင်းငါးဆယ်မျှ တာဝန်ထမ်းဆောင်ခဲ့သော သစ္စာရှိသိုက်နန်းစောင့်တစ်ဦးအတွက် တစ်သက်တာပတ်လုံး စားဝတ်နေရေး ပြည့်စုံစေဖို့ ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့်ခံခဲ့ရသည်။ သူ အိပ်မက်ပင် မမက်ခဲ့ဖူးသောတန်ဖိုး ဖြစ်ပါသည်။ ရွှေတုံးဆယ်တုံးဖြစ်သည်။ ရွှေတုံးတစ်တုံးသည် ငါးကျပ်သားအလေးချိန်ရှိပါသည်။

ပေါက်စ ဘာအလုပ်မှလုပ်စရာမလိုဘဲ အေးအေးလူလူထိုင်စားနေနိုင်သည်။ သို့သော် ရေနန်းဗိမာန်သိုက်စောင့်တာဝန်ကို နှစ်ပေါင်းငါးဆယ်ထမ်းဆောင်ခဲ့သောပေါက်စ ဘဝဇရီကို မည်သို့မည်ပုံ လျှောက်လှမ်းရမည်ကို ရိပ်စားနားလည်ခဲ့ပြီမို့ လူ့ရပ်ဌာနေ ပြန်ရောက်စက ဆုံစည်းသိကျွမ်းရင်းနှီးခဲ့ရသော မိတ်ဆွေကောင်းများ၏ အကူအညီဖြင့် ဆောက်လုပ်ရေးလုပ်ငန်းကို ဖောက်ချလုပ်ကိုင်နေခဲ့ခြင်း ဖြစ်ပါသည်။ အိုးအိမ်ထူထောင်ခြင်းမပြုတော့။ တစ်ကိုယ်ရေတစ်ကာယ တစ်သက်တာပတ်လုံး အလှူဒါနများ ပြုလုပ်ခြင်း၊ ဇရပ်တန်ဆောင်း၊ ကျောင်း စသည် လှူဒါန်းခြင်းများ တတ်စွမ်းသမျှ ပြုလုပ်လျက်ရှိနေကြောင်း သိရှိခဲ့ရပါသည်။

ပေါက်စ ကြုံတွေ့ခဲ့ရသော ဖြစ်ရပ်က အမှန်တကယ်ပင်လား၊ အမှန်အကန် မဟုတ်ဘူးလား ကျွန်တော် ဝေဖန်စောကြောခြင်းငှာ မစွမ်းသာ။ ရေနစ်သေဆုံးသွားသော သူငယ်ချင်းအား လူအစစ်ကြီး သက်ရှိထင်ရှားတွေ့မြင်ခဲ့ရသည်ကိုမူ ရာနှုန်းပြည့် ကျွန်တော် အာမခံဝံ့ပါသည်။

ခင်မောင်အေး (မန္တလေး)




www.burmeseclassic.com

www.burmeseclassic.com

# အလွယ်လေ့လာ လက္ခဏာပညာ

ဆရာမော်



အသက်လမ်းကြောင်းပြပုံ

**ကြက်ခြေခတ်များရှိပါသလား**

လက်မ၏ ပထမလက်ချောင်းရိုးပေါ်တွင် ကြက်ခြေခတ်များရှိနေပါက အတော်အတန်ခေါင်းမာတတ်သူ၊ ကတိစကားမတည်တတ်သူ ဖြစ်ကြောင်းဖော်ပြသည်။

**အလျားလိုက်လမ်းကြောင်းများ ရှိနေပါသလား**

အကယ်၍ရှိနေပါက အလိုဆန္ဒရှိသည့်အတိုင်း လွတ်လပ်စွာ မထုတ်ဖော်နိုင်ခြင်းကြောင့် စိတ်ဖိစီးမှုနှင့် ကြုံရသူ၊ ယုံကြည်မှုနည်းခြင်းကြောင့် လမ်းများလိုက်တတ်သူဖြစ်ကြောင်း ဖော်ပြသည်။

လက်မ၏ **ဒုတိယလက်ချောင်းရိုးပေါ်တွင်** -

**ဒေါင်လိုက်လမ်းကြောင်းများရှိနေပါသလား**

အကယ်၍ရှိနေက ကျိုးကြောင်းဆီလျော်စွာတွေးခေါ်နိုင်စွမ်းရှိသူ၊ ရိုးရှင်းသောဘဝဖြင့်နေတတ်သူဖြစ်ကြောင်း ရည်ညွှန်းသည်။

**သံဆန်ခါကွက်များရှိနေပါသလား**

လက်မ၏ ဒုတိယလက်ချောင်းရိုးတွင် သံဆန်ခါကွက်များရှိနေပါက ကိုယ်ကျင့်တရားမကောင်းသူ၊ ရိုးသားမှုမရှိသူ ဖြစ်ကြောင်း တွေ့ရမည်။

**ကြက်ခြေခတ်များရှိနေပါသလား**

အကယ်၍ရှိနေပါက လူပီသပြုမူမှုများအား ပြောင်းလဲတတ်သူ၊ လိမ်ညာလှည့်ပတ်တတ်သူဖြစ်ကြောင်း ဖော်ပြသည်။

**အလျားလိုက်လမ်းကြောင်းများ ရှိနေပါသလား**

လက်မ၏ဒုတိယလက်ချောင်းရိုးပေါ်တွင် အလျားလိုက်လမ်းကြောင်းများရှိနေပါက ကျိုးကြောင်းဆီလျော်စွာစဉ်းစားဆုံးဖြတ်နိုင်စွမ်းမရှိသူ၊ အခက်အခဲအတားအဆီးများနှင့် ကြုံရသူဖြစ်ကြောင်း ရည်ညွှန်းသည်။

လက်မ၏ **တတိယလက်ချောင်းရိုးပေါ်တွင်** -

**(သောကြာဂြိုဟ်ခုံပေါ်တွင်)**

**ဒေါင်လိုက်လမ်းကြောင်းများ ရှိနေပါသလား**

အကယ်၍ရှိနေပါက စိတ်ခံစားမှု၊ ရုပ်ပိုင်းဆိုင်ရာ ခံစားမှု၊ ဘဝအပေါ် ခံတွယ်မှု၊ မိသားစုဘဝတို့ကို ကိုယ်စားပြုသည်။

၎င်းပြင် အဆိုပါ လက္ခဏာရှင်သည် မိဘ၊ ဆွေမျိုးများအား အနီးကပ်စောင့်ရှောက်တတ်သူ၊ မိမိကိုလည်း ထောက်ပံ့ပေးကမ်းမည့်သူ ပေါ်များသူဖြစ်ကြောင်း ရည်ညွှန်းသည်။

**သံဆန်ခါကွက်များရှိနေပါသလား**

အကယ်၍ရှိနေပါက လိင်ကိစ္စနှင့် ပတ်သက်၍ စိတ်ရှုပ်ထွေးနေရသူ၊ တစ်ဦးဦးအပေါ် ချစ်ခင်တွယ်တာနေသူ၊ စိတ်ခံစားမှုကို ဦးစားပေးတတ်သူ ဖြစ်ကြောင်း ဖော်ပြသည်။

**ကြက်ခြေခတ်များရှိနေပါသလား**

လက်မ၏တတိယလက်ချောင်းရိုးပေါ်၌ ကြက်ခြေခတ်အမှတ်သင်္ကေတများ ပါရှိပါက စိတ်ခံစားမှုအား မထိန်းချုပ်နိုင်သူ၊ အစွဲအလမ်းကြီးသူ၊ ချစ်ရေးချစ်ရာကိစ္စတိုင်း၌ စိတ်ဝင်တစား ပါဝင်ပတ်သက်တတ်သူ၊ အိမ်ထောင်မပြတ်တစ်ကိုယ်တည်းနေသူဖြစ်ကြောင်း ရည်ညွှန်းသည်။

**အလျားလိုက်လမ်းကြောင်းများ ရှိနေပါသလား**

အကယ်၍ရှိနေပါက မိသား... ဆက်ဆံရေး၌ ကြားဝင်စွက်ဖက်သူ (... ဩဇာသက်ရောက်သူ၊ ဖိုး မပြသ... များ၌ ကြားဝင်ဖြေရှင်းရခြင်းကြေ... စိတ်ဖိစီးစရာများနှင့် ကြုံတွေ့ရသူ... ကြောင်း ဖော်ပြသည်။

**အဓိကလမ်းကြောင်းများ**

**(The Major Lines)**

**အသက်လမ်းကြောင်း (Life Line)**

အသက်ရှင်သန်ရပ်တည်ရေး... ဆိုင်သော လမ်းကြောင်းဟုလည်း ခေါ်... သည်။ အသက်လမ်းကြောင်းသ... ကိုယ်ခန္ဓာနှင့် ကျန်းမာရေးအခြေအ... အဝဝအား တိုက်ရိုက် ကိုယ်စားပြု... သည်။ ၎င်းပြင် အသက်လမ်းကြေ... သည် ရုပ်ပိုင်းဆိုင်ရာနှင့် ပတ်ဝန်းတ... တို့အကြား အပြန်အလှန် အကျိုးသ... ရောက်မှုများကို ရည်ညွှန်းသည်။

အသက်လမ်းကြောင်းသည် -

**ရှင်းလင်းထင်ရှားပြီး လက်ကောက်ဝ... သို့ ရောက်လုနီးပါး ရှည်လျားနေပါသလား**

အကယ်၍ အထက်ပါမေးခွန်း... အတိုင်း ရှည်လျားနေသော အ... လမ်းကြောင်းဖြစ်ပါက ကျန်းမာ...



www.burmeseclassic.com

www.burmeseclassic.com

ကောင်းသည့်သဘော၊ ကိုယ်အင်္ဂါ အစိတ်အပိုင်းများ ကျန်းမာသန်စွမ်းပြီး စွမ်းအင်မျှတနေသည့်သဘောကို ဖော်ပြသည်။


ရင်းပြင် အသက်လမ်းကြောင်း ရှည်လျားသည့် လက္ခဏာရှင်သည် အကောင်းမြင်ဝါဒီပီပီ အရာရာကို အကောင်းမြင်တတ်သည်။ ကောင်းသောပြောင်းလဲခြင်းများကိုသာ နှစ်သက်သည်။ တစ်သက်တာအတွက် အများအားဖြင့် ကျန်းမာရေးကောင်းနေသည့် အခြေအနေကိုအာမခံချက်ပေးနိုင်သည့် လက္ခဏာဖြစ်သည်။

**အသက်လမ်းကြောင်းသည် တစ်နေရာ၌ (သို့) နေရာအတော်များများ၌ ပြတ်တောက်နေပါသလား**



**အပြတ်အတောက်များပါသော အသက်လမ်းကြောင်းပုံစံ**

အသက်လမ်းကြောင်း၌ အပြတ်အတောက်များ တွေ့ရခြင်းသည် ရုပ်ပိုင်းဆိုင်ရာအခြေအနေတစ်ခုခု ထိခိုက်ပျက်စီးရမည့်အနေအထားကို ရည်ညွှန်းသည်။ ဥပမာအားဖြင့် အပြင်းဖျားခြင်း၊ ကောင်းသောအခြေအနေများ ရုတ်တရက် ပြောင်းလဲပျက်စီးရခြင်း၊ လူနေမှုဘဝပုံစံဟောင်းကိုစွန့်၍ ဘဝသစ်ပြန်စရခြင်း၊ ပြောင်းလဲခြင်းများသည် အကောင်း (သို့) အဆိုးအမျိုးမျိုး ဖြစ်နိုင်ခြင်း၊ အသက်လမ်းကြောင်းပြတ်တောက်ပြီး နောက်ပိုင်း ရရှိသောအခြေအနေအပေါ်မူတည်၍ ရပ်တည်ရခြင်းတို့ကို ဆိုလိုသည်။




**အလွန်အမင်းပြတ်တောက်ပြီး ကွင်းဆက်ကြိုးများပုံစံဖြစ်နေသော အသက်လမ်းကြောင်း**

**အသက်လမ်းကြောင်းသည် အလွန်အမင်း ပြတ်တောက်ခြင်း၊ ကွင်းဆက်ကြိုး (သို့) ရိုးနှီးကြိုးပုံစံဖြစ်နေခြင်း၊ လှေကားထစ်ပုံစံ ထစ်များပါနေခြင်း၊ အနားစုတ်ဖွာနေသော ကြိုးပမာဖြစ်နေခြင်းရှိပါသလား**

အထက်ပါအတိုင်း ဖြစ်ပေါ်နေသော အသက်လမ်းကြောင်းသည် မသေချာမရေရာသော ကျန်းမာရေးအခြေအနေ၊ ကိုယ်ခံအားကျဆင်းခြင်း၊ မောပန်းလွယ်ခြင်း၊ ပြန်လည်အားပြည့်ရန် မလွယ်ကူခြင်းတို့ကို ဖော်ပြသည်။

ရင်းပြင် အဆိုပါ အသက်လမ်းကြောင်းတည်ဆောက်ပုံသည် ထိခိုက်လွယ်ခြင်း၊ အပြောင်းအလဲများခြင်း၊ အခက်အခဲကြုံရခြင်းတို့ကိုပါ ရည်ညွှန်းသည်။

**အသက်လမ်းကြောင်းတွင် ကျွန်းခံနေပါသလား**




**ကျွန်းခံနေသော အသက်လမ်းကြောင်း**

အသက်လမ်းကြောင်း၌ ကျွန်းခံနေခြင်းကြောင့် အများအားဖြင့် ကောင်းသော လက္ခဏာမဟုတ်ပေ။ တစ်နည်းအားဖြင့် နာမကျန်းဖြစ်နေရသောကာလရှည်များကို ကိုယ်စားပြုသည်။

အသက်လမ်းကြောင်းကျွန်းခံနေခြင်းကြောင့် ကိုယ်ပိုင်စွမ်းရည်ကောင်းများ တစ်စစီပျက်စီးရခြင်း၊ အိမ်ထောင်သည်ဖြစ်ပါက အိမ်ထောင်ရေးအဆင်မပြေခြင်း၊ အလုပ်ခွင်အတွင်း မနှစ်မြို့စရာကိစ္စများကြုံရခြင်း စသည့်မကောင်းသော နိမိတ်လက္ခဏာများအား ဖော်ပြနေပါသည်။

**အသက်လမ်းကြောင်း ထင်ထင်ရှားရှား နှစ်ထပ်ဖြစ်နေခြင်း (သို့) မျဉ်းပြိုင်ပုံစံ လမ်းကြောင်း (၂) ခု ယှဉ်လျက်ရှိနေပါသလား**

အကယ်၍ အထက်ပါပုံစံအတိုင်း လမ်းကြောင်း (၂)ခု ဖြစ်နေပါက ကိုယ်ခန္ဓာအစိတ်အပိုင်းအားလုံး ကျန်းမာ၍ တာရှည်တည်တံ့နိုင်မည့်သဘော၊ ခွန်အားကြီးမားသည့်သဘောများကို ရည်ညွှန်းသည်။



**သိသိသာသာ နှစ်ထပ်ပုံစံဖြစ်နေသော အသက်လမ်းကြောင်း**

ရင်းပြင် လက္ခဏာရှင်သည် ပုံမှန်အစီအစဉ်အတိုင်း လုပ်ရသည့်အလုပ်များအား မနှစ်သက်သူ၊ အခြေအနေအပြောင်းအလဲများကို လိုလားသူ၊ မနားမနေကြိုးစားတတ်သူ၊ လွတ်လပ်စွာနေတတ်သူဖြစ်ကြောင်း ဖော်ပြသည်။

တစ်ဖန် အသက်လမ်းကြောင်း နှစ်ထပ်ဖြစ်နေခြင်းကြောင့် မိမိအိမ်ထောင်ဖက်ထံမှ မေတ္တာနှင့်ကူညီမှုများ



www.burmeseclassic.com


www.burmeseclassic.com

ရရှိခြင်းကို ရည်ညွှန်းသည်။

အသက်လမ်းကြောင်းနှစ်ထပ်ပုံစံဖြစ်နေသည့်လက္ခဏာရှင်များသည် စိတ်ခံစားမှုများစွာအား နှစ်သက်လိုလားစွာဖြင့် ဘဝခရီးကို ဖြတ်သန်းတတ်ကြသည်။ ကာမဂုဏ်အာရုံလိုက်စားလိုစိတ်ပြင်းပြကြသည်။

အကယ်၍အသက်လမ်းကြောင်းနှစ်ခု ပူးကပ်နေသော ပုံစံမဟုတ်ဘဲ သိသိသာသာ ကွာခြားပြီးမျဉ်းပြိုင်ပုံစံ ရှိနေပါက ကြေးစားအဆင့်ရှိသော ပညာရှင်များ၊ ကြီးကျယ်ခမ်းနားသည့် အလုပ်များကို ကျွမ်းကျင်ပိုင်နိုင်စွာလုပ်နိုင်သူများအဖြစ် တွေ့ရတတ်သည်။

**အသက်လမ်းကြောင်းအား သေးငယ်သောလမ်းကြောင်းများက ဖြတ်နေပါသလား**



**သေးငယ်သောလမ်းကြောင်းများက ဖြတ်နေသည့် အသက်လမ်းကြောင်း**

သေးငယ်သောလမ်းကြောင်းများသည် အသက်လမ်းကြောင်းအား ဖြတ်နေပါက ဩဇာရှိန်ဝါ(အကောင်းအဆိုး) သက်ရောက်သည့်သဘောကို ရည်ညွှန်းသည်။

အကယ်၍ အသက်လမ်းကြောင်းအားဖြတ်သည့် လမ်းကြောင်းငယ်များစွာရှိနေပါက ဩဇာရှိန်ဝါတစ်ခုခုသက်ရောက်ခြင်းကြောင့် စိတ်ထိခိုက်ခံရသူ၊ မိမိအား သစ္စာဖောက်ခြင်းခံရသူ၊ မိမိကိုယ်မိမိ ယုံကြည်မှုလျော့နည်းသူဖြစ်ကြောင်း ဖော်ပြသည်။

**အသက်လမ်းကြောင်းသည် လက်ဝါးပြင်ဗဟိုအထိသာရောက်သော အခြေအနေအထိ တိုတောင်းပါသလား**



**တိုတောင်းသော/ လက်ဝါးပြင်အလယ်အထိသာရောက်ရှိသော အသက်လမ်းကြောင်းပုံစံ**

အသက်လမ်းကြောင်းသည် တိုတောင်းခြင်းကြောင့် လက်ဝါးပြင်အလယ်ထိသာရောက်ခဲ့ပါက အသက်တိုသည်ဟု မဆိုလိုပါ။ စင်စစ်အားဖြင့် အသက်လမ်းကြောင်း၏ အရှည်သည် သက်ဆိုင်ရာလက်ဝါးပိုင်ရှင်၏တစ်သက်တာအတွင်းရှိနေသည့် စွမ်းအင်(ခွန်အား)များနှင့်သာ တိုက်ရိုက်ဆက်စပ်လျက်ရှိသည်။

အသက်လမ်းကြောင်းတိုတောင်းပြီး သိသာစွာထူထဲနေပါက စွမ်းအင်ခွန်အားကြီးမားပြီး တစ်သက်တာအတွင်း မတော်တဆထိခိုက်မှုများမှ ကင်းလွတ်သည့်ဘဝကို ထူးထူးခြားခြား ပိုင်ဆိုင်နိုင်သူ ဖြစ်ပါမည်။ သို့သော်လည်း ဘဝတက်လမ်းအတွက် တစ်စုံတစ်ရာပြောင်းလဲမှုမရှိဘဲ တစ်သက်တာလုံးငြီးငွေ့စွာနေထိုင်ရသူဖြစ်ပါမည်။ ၎င်းပြင် ဘဝ၏စိန်ခေါ်မှုအရပ်ရပ်အား လက်ခံနိုင်စွမ်းမရှိသောကြောင့် စိတ်ဓာတ်ကျသူ၊ အခွင့်အလမ်းမဲ့သူဖြစ်လာနိုင်ပါသည်။

အကယ်၍ အသက်လမ်းကြောင်းသည် တိုပြီး မှိန်ပါးခြင်း၊ သေးမျှင်ခြင်း၊ ထင်ရှားမှုမရှိခြင်းဖြစ်နေပါက ကျန်းမာရေးညံ့ဖျင်းပြီး လူတောမတိုးနိုင်သူ ဖြစ်ပါမည်။

**အသက်လမ်းကြောင်း လက်ကောက်ဝတ်နေရာရောက်သည်အထိ ရှည်လျားနေပါသလား**



**လက်ကောက်ဝတ်နေရာအထိ ရောက်ရှိနေသော အသက်လမ်းကြောင်းပုံစံ**

အသက်လမ်းကြောင်းရှည်လျားပုံသည် လက်ကောက်ဝတ်အထိ ရောက်ရှိနေပါက ကိုယ်ခန္ဓာကျန်းမာသန်စွမ်းတောင့်တင်းပြီး ခွန်အားကြီးသူ၊ အားပြန်ပြည့်ရာ၌ မြန်ဆန်သူဖြစ်ကြောင်း ရည်ညွှန်းသည်။

၎င်းပြင် အသက်လမ်းကြောင်းရှည်လျားသည့်လက္ခဏာရှင်သည် ကိုယ်ရောစိတ်ပါကျန်းမာရုံမက အမှန်ကိုမြင်ပြီးအရာရာအကောင်းမြင်တတ်သူလည်းဖြစ်သည်။

**အသက်လမ်းကြောင်း ထူထဲပြီး နီနေပါသလား**



**ထူထဲထင်ရှားသော အသက်လမ်းကြောင်း**

အသက်လမ်းကြောင်းထူထဲနီမြန်းနေပါက ကိုယ်ကာယကြံ့ခိုင်သန်စွမ်းအဆင့်အမြင့်ဆုံးတွင်ရှိနေကြောင်း ရည်ညွှန်းပြီး အလွန်နီရဲသည့်ပုံစံဖြစ်နေပါက အကြမ်းဖက်တတ်သူ၊ စိတ်ဆိုးလွယ်သူ၊ ဒေါသထွက်လွယ်သူ၊ စိတ်လှုပ်ရှားတ



www.burmeseclassic.com

www.burmeseclassic.com




**မှိန်ဖျော့သေးမျှင်သော အသက်လမ်းကြောင်း**

သူဖြစ်ကြောင်း ဖော်ပြသည်။

**အသက်လမ်းကြောင်း မှိန်ဖျော့သေးမျှင်နေပါသလား**

အသက်လမ်းကြောင်း မှိန်ဖျော့နေပါက ကိုယ်ကာယပိုင်းအရအားပျော့သူ၊ လူမှုရေးပြဿနာများကြောင့် စိတ်မိုးခံရသူ၊ ဗိတာမင်ချို့တဲ့ခြင်းကြောင့် ကျန်းမာရေးချို့တဲ့သူ၊ ခန္ဓာကိုယ်၌ ဆားဓာတ်လျော့နည်းသူ။


**အသက်လမ်းကြောင်းသည် လက်မအောက်ခြေဆီသို့ အနည်းငယ်ကွေးဝင်နေ**



**လက်ဝါးပြင်အတွင်း အနည်းငယ်ကွေးညွှတ်နေသော အသက်လမ်းကြောင်း**

အထက်ပါမေးခွန်းတွင် ပါရှိသည့်အတိုင်း လက်မအောက်ခြေဘက်သို့ အနည်းငယ်ကွေးဝင်နေပါက မိသားစုဘဝကို အလေးထား၍ပျော်ပိုက်သူ ဖြစ်ကြောင်း ဖော်ပြသည်။ ၎င်းပြင် အဆိုပါလက္ခဏာရှင်သည် အကန့်အသတ်အချုပ်အခြယ်များသူ၊ စိတ်အလိုမကျတတ်သူ၊ ကိုယ်ခန္ဓာအနွေးဓာတ်လျော့နည်းကျဆင်းသူ၊ ကြောက်ရွံ့တတ်သူ၊ ရှေးရိုးစွဲအတိုင်း ပြုမူနေထိုင်တတ်သူ၊ အပြောင်းအလဲကို မလိုလားသူ၊ ခရီးသွားရခြင်းကို နှစ်သက်သူဖြစ်ကြောင်း ရည်ညွှန်းသည်။

**လက်ဝါးပြင်အတွင်းပိုင်းအထိ သိသာကောင်းမွန်စွာ ဇောက်နက်နက်ကွေးဝင်နေသော အသက်လမ်းကြောင်း ဖြစ်ပါသလား**



**လက်ဝါးပြင်အတွင်း သိသာစွာ ဇောက်နက်နက်ကွေးဝင်နေသော အသက်လမ်းကြောင်း**

လက်ဝါးပြင်၏ အတွင်းပိုင်းအထိ အသက်လမ်းကြောင်းသိသာစွာ ကွေးဝင်နေပါက ခရီးသွားလိုစိတ်ရှိသူ၊ နေ့စဉ်ပုံမှန်လုပ်ကိုင်ရသည့် အစီအစဉ်အားလုံးအား မနှစ်သက်တတ်သူ၊ လွတ်လပ်စွာနေလိုသူ၊ ကန့်သတ်ချုပ်ချယ်မှုကို မလိုလားသူဖြစ်ကြောင်း တွေ့ရသည်။


၎င်းအပြင် အဆိုပါလက္ခဏာရှင်သည် စိတ်ခံစားမှုပြင်းထန်ပြီး မိမိအားဖိနှိပ်စော်ကားပါက ထိုက်တန်စွာ ပြန်လည်တုံ့ပြန်တတ်သူ၊ အမှန်တရားကို ရှာဖွေတတ်သူဖြစ်ကြောင်း ဖော်ပြသည်။

**အသက်လမ်းကြောင်းသည် ရုတ်တရက် ဦးတည်ရာပြောင်းသွားပါသလား**


အသက်လမ်းကြောင်းသည် ရုတ်တရက်ဦးတည်ရာ ပြောင်းခဲ့ပါက လက္ခဏာရှင်၏ရည်မှန်းချက်၊ ဘဝ၏ဦးတည်ချက်များ ရုတ်တရက် သိသာစွာပြောင်းလဲသွားမည့်သဘောကို ရည်ညွှန်းသည်။

**အသက်လမ်းကြောင်း အစပြုနေရာသည် ဦးခေါင်းလမ်းကြောင်းနှင့် ထိစပ်နေပါသလား**

ထိစပ်မှုသည် (၁) စင်တီမီတာထက် လျော့နည်းပါက စိတ်ပိုင်းဆိုင်ရာ



**ရုတ်တရက် ဦးတည်ချက်ပြောင်းသွားသော အသက်လမ်းကြောင်းပုံစံ**



**အသက်လမ်းကြောင်းက အစပြုနေရာ၌ ဦးခေါင်းလမ်းကြောင်းနှင့်ထိစပ်နေပုံ**

နှင့် ရုပ်ပိုင်းဆိုင်ရာဖွံ့ဖြိုးမှုတို့ သာမန်အခြေအနေတွင်ရှိကြောင်း ကလေးဘဝ၌ မိဘနှင့် မိသားစုဝင်တို့၏ ဩဇာသက်ရောက်မှုပြင်းထန်စွာခံခဲ့ရကြောင်းကို ဖော်ပြသည်။

ထိစပ်မှုသည် (၁) စင်တီမီတာထက်ပိုနေပါက လွတ်လပ်မှုမရှိသူ၊ မိဘတို့၏ လွှမ်းမိုးချုပ်ကိုင်မှုများခံရသူ၊ အကန့်အသတ်စည်းမျဉ်းနှင့်နေရသူ၊ ကိုယ့်ကိုယ်ကိုယ်ဝုက်၍ မလုံမလဲဖြစ်နေရသူ၊ မိမိကိုယ်မိမိယုံကြည်မှုမရှိသူဖြစ်ကြောင်း တွေ့ရတတ်သည်။

၎င်းအပြင် လက္ခဏာရှင်သည် ကျန်းမာရေးချို့တဲ့ပြီး ပညာရေး၌ ညံ့တတ်သည်။ ပတ်ဝန်းကျင်နှင့်ပတ်သက်၍ မကြာခဏပြဿနာတက်ရတတ်သည်။ အကယ်၍ အသက်လမ်းကြောင်းပိုရှည်ပြီး ဦးခေါင်းလမ်းကြောင်းနှင့် ပိုမိုချိတ်ဆက်နေခဲ့ပါက အထက်ပါ စရိုက်လက္ခဏာများ ပိုမိုဆိုးရွားနေမည် ဖြစ်သည်။

(ဆက်ရန်)

ဆရာဟင်

www.burmeseclassic.com

သုရိန်ထွန်း(ဝိဇ္ဇာစရဏ)ပြည်

# ဆေးကြူးနှစ်ပါး ပေါင်းရုံးထား နဂါးနှင့်မှ သုံးပါးရဏ



သတ္တလောက၊ သင်္ခါရလောက၊ ဩကာသလောကဟု ခေါ်ဆိုသမုတ်အပ်သော လောကသုံးပါးတွင် ဖြစ်တည်မှုရုပ်ဝတ္ထုအားလုံးသည် မြေရေလေမီးဟူသော မဟာဘုတ်လေးပါး၏ ပေါင်းစည်းမှုကြောင့် ဖြစ်တည်ရခြင်းသာလျှင် အရင်းခံရှိကြပါသည်။ ဓာတ်လေးပါးပြို ကွဲပျက်စီးခဲ့လျှင် ရုပ်အဖြစ်မတည်ရှိနိုင်ပါ။ ရုပ်တစ်ခု၏သက်တမ်းအတိုအရှည်မှာလည်း ပေါင်းစည်မိသောဓာတ်တို့အလိုက် ကွဲပြားခြားနားရခြင်းပင် ဖြစ်ပါသည်။ လေးပါးသောဓာတ်တို့တွင် ဆန့်ကျင်မှုသဘော နှစ်မျိုးစီပေါင်းစည်းနေခြင်းကြောင့် ဓာတ်လေးပါးတွင် ဆောင်ရွက်မှုရှစ်မျိုးရှိပါသည်။ ထို့အပြင် လောကတွင် တခြားမရှိပါ။

ထိုရှစ်ပါးသော အဋ္ဌကလာပ်ရုပ်များ ညီညွတ်မျှတစွာ ပေါင်းစည်းမိခြင်းမှာ သက်ရှိဖြစ်၍ ညီညွတ်စွာပေါင်းခြင်းမဟုတ်လျှင် သက်မဲ့ဖြစ်ရပါသည်။ ရှစ်ပါးသော အဋ္ဌကလာပ်ရုပ်တွင် သိမှုဆိုသည့် နာမ်တစ်ပါး ဖြစ်ပေါ်တည်ရှိရခြင်းကြောင့် (၉) နဝင်း ဆိုသည်မှာ သက်ရှိဓာတ်လေးပါးအစုအဝေးပင် ဖြစ်ပါသည်။ သက်မဲ့ရုပ်ဝတ္ထုတစ်ခုသည် နဝင်းဓာတ်မဟုတ်ပါ။

သက်ရှိအဋ္ဌကလာပ်ရှစ်ပါးမှတစ်ပါးပျက်ယွင်းလျှင် သိမှုစွမ်းအင်ဖြစ်သော နာမ်ဓာတ်သည် ချုပ်ငြိမ်းပျောက်ကွယ်သွားရမည်သာဖြစ်ပါသည်။ ရှစ်ပါးသော အဋ္ဌကလာပ် ညီညွတ်စွာ ပေါင်းစည်းနေသရွေ့ စွမ်းအင်နာမ်ဓာတ်လည်း တည်ရှိနေခြင်းမှာ လောကတစ်ခုလုံး၏ ဓမ္မတာဓမ္မသဘောပင် ဖြစ်ပါသည်။

ထိုနာမ်၏ ဆောင်ရွက်မှုသဘောကြောင့် ကံ ဆိုသည့် အကျိုးတရားတို့သည် သက်ရှိသတ္တဝါတို့၏ အဆိုး၊ အကောင်း ဆင်းရဲ၊ ချမ်းသာတို့ကို ဖြစ်ပေါ်စေပါသည်။ ထိုကံ၏ အရင်းခံမှာ စေတနာခေါ် အရှိန်အဟုန်စွမ်းအင်ပင် ဖြစ်သည်။ ထိုစေတနာအားကောင်းလေလေ ဖြစ်-ပျက်မှုအကြောင်းတရားတို့ ပိုပြင်းမြန်ဆန်မှုရှိလေလေ ဖြစ်ပါသည်။

ဓာတ်လေးပါး ဆောင်ရွက်မှုစွမ်းအားရှစ်မျိုးအား ဆေးဝါးများကို စီရင်ပေါင်းစု၍ နဝင်းအားဖြစ်အောင် ကြံဆောင်နိုင်ပါလျှင် ဆေးဝိဇ္ဇာဖြစ်ပါသည်။ ထို့အတူပင် ဗျည်း၊ သရ၊ စမတို့ဖြင့် ကြံစည်သော် အင်းဝိဇ္ဇာဓာတ်တို့ကို စီရင်ခဲ့ပါလျှင် ပြဒါးဝိဇ္ဇာ၊ သံဝိဇ္ဇာမည်သော ဓာတ်ဝိဇ္ဇာဖြစ်ပါသည်။

ဓာတ် ဟူသည်မှာ ကမ္ဘာကြီးဖြစ်တည်မှု၏ မဏ္ဍိုင်ပရမတ္ထဖြစ်၍ အခြားသောအကြောင်းတရားတို့မှာ ပညတ်ကိုသာ ကြံစည်ရသည့်အတွက် ပရမတ်အကြောင်းတရားလောက် ခိုင်မာမှုမရှိနိုင်ပါ။ ရသာယနဆိုသော ရုပ်ခန္ဓာကို ထိန်းသိမ်းထားနိုင်သောပြာမှာ ဓာတ်များကို စီရင်မှုရပါသည်။ ဝါးမှဖြစ်သော စက္ကူတွင် စမအင်းချရုံမျှနှင့် ရသာယနအစစ်အမှန်မဖြစ်နိုင်ပါ။ သဘောသက်ရောက်မှု စွမ်းအားအနည်းငယ်မျှတော့ ရနိုင်ပါသည်။

'နေ၊ လကို ခြေထောက်လို့၊ ငါးခုမြောက်ဘုံအလယ်၊ ဦးမဆွယ်သိဒ္ဓိ၊အဌာရဿ ပညာစုံအောင်၊ ရဝိဘုံဆေးမြတ်အာဒိ' အာဒိကိန်း ဆိုသည် ကမ္ဘာသစ်စတင်လာခြင်းကို ဆိုပါသည်။နေ့ကောင်းရက်သာနှင့် ဦးဖွမလိုပါ။ ဝိရိယသန်လုပ်ထုံးမှန်က ဘယ်ကံကိုမှ မယိုးပါနှင့်ဟု ဆရာတော်ရှင်မထီးကျမ်းမှဆိုပါသည်။ ခန္ဓာငါးပါးရုပ်နာမ်တရားဖြစ်ရန် ဓာတ်တို့ကို ပေါင်းစပ်၍ သယံဇာတမှ မဖြစ်တည်နိုင်သော သတ္တုအသစ်၊ ဓာတ်အသစ်ကို အာဒိကိန်းဟုညွှန်းပြပါသည်။

တစ်နည်းအားဖြင့် သုခုမသဘောဖြစ်သော ပြဒါးဓာတ်၏ အလုံးအခဲတည်ရှိနေမှုအတွက် အာဟာရဖြစ်သောကြောင့် နဂါးတိုနိုင်သည့် ဂဠုန်ဆေးဟု ပညတ်ပါသည်။ 'ရှစ်ဂဠုန် ငါးကိုဆင့်၊ အားဖွင့်၍ သုတ်ရာ၊ နဂါးမင်းရုပ်ဝါငယ်၊ ပုပ်ပြာပြာအဆင်း၊ မြွေသေနှင့် အလျှဉ်းတူသည်၊ ဆင်းမဖြူမွဲချက်ကပျင်း' ရှစ်ပါးသော ရုပ်တရားတို့ ဖြစ်သောကြောင့် ရှစ်ဂဠုန်ဟု ဆိုပါသည်။ အချို့သော ကျမ်းများတွင် ရာဟုကို ရည်ညွှန်း၍ ဟိုင်းဓာတ် ဟူ၍ ပညတ်ကြပါသည်

ပညတ်အမျိုးမျိုးရှိသော်လည် ပညတ်တရားတို့မည်သည် သင့်သင ကောက်ယူ၍ ပရမတ်တရားမှသာလျှ ဧကောဓမ္မော ကောက်ယူနိုင်ပါသည် ပညတ်ဖြင့် ပရမတ္ထဖြစ်သော ဓာတ်င ကိုမသတ်နိုင်ပါ။

ထို့ကြောင့် -

'အချင်းချင်းကို နဝင်းဖြင့်သင လေးပါးဓာတ်ကို နက္ခတ်တွင်ယူ၊ ပြဒါး တား၊ ဖြူစင်မုက္ခ၊ တေဇောရလီး စိမ်းမြဝင်းဝါ၊ အခိုးပြာသည့်၊ ဝိသာ နက္ခတ်၊ ရာဟုဓာတ်ကို၊ ရစ်ပတ်လုံတွင် တေဇောသွင်းက၊ တင်းတင်းသံကျော အမာရောင်လိမ့်၊ ထို့နောက် ဇေ အသလီသာ၊ ခေါ်ကြတွင်ညီ ရေဝတီကိ ဓာတ်၊ မီးမှာနှပ်က၊ ဆပ်ဆပ်မှုန့်ဖြေ ပြာဖြစ်လေ၏။ ဘော်ငွေဘဏီပြာနှ မှိုင်သော်၊ နှစ်လီထုံးကြသဘာဝမို့ မူ ဒန်စင်သေလေခြင်း၏။ ဒန်စင်အသေ ကာယေကို၊ ဆယ်နှစ်ထွေပြန်ဓာတ်သွ မှန်က၊ ရွှေသံပြာရောက်၊ အာယုပေါ လိမ့်'

အာယုပေါက်ခြင်းဆိုသည် မိ ခန္ဓာ အဋ္ဌကလာပ်ရှစ်ပါးကို ကံ၊ စိ ဥတု၊ အာဟာရတို့ကြောင့် ပျက်စီးမှ တားမြစ်ပယ်ဖျက်နိုင်သည့်ဆေးဖြစ်သ အတွက် ကမ္ဘာပေါ်ရှိ လူမျိုးအသီးသီး မိမိတို့ယုံကြည်မှု ဘာသာတရားအလို ကြံစည်ရှာဖွေနေကြခြင်း ဖြစ်ပါသည် သိပ္ပံပညာရှင်များကလည်း အိုမခန်းဓ တက်မှုများကြောင့် တစ်နေ့တွင်အသ ကိုရှည်စေသော ဆေးဝါးများ အမှန်ဧ တယ် တွေ့ရှိဖော်ထုတ်နိုင်လိမ့်မည် ကြိုတင် ဟောကိန်းထုတ်ကြပါသည် ဗုဒ္ဓဘာသာဝင်မဟုတ်သော ကဖြ အမျိုးစုကလည်း မျှော်လင့်စောင့်စ နေကြပါသည်။ စာရေးသူအား ဥ



www.burmeseclassic.com

www.burmeseclassic.com

အကြောင်းတရားနှင့် ပတ်သက်၍ လွန်ခဲ့သည့် ဆယ့်နှစ်ကျော်ကာလက နိုင်ငံခြားသဘော်သား ဂန္ထာရီပညာ စိတ်ဝင်စားသူ ကုလားလူမျိုးတစ်ဦးက မေးခဲ့ဖူးပါသည်။ စာရေးသူ သုံး၊ လေးရက် စဉ်းစားပြီးမှ ကျေနပ်လောက်သည့် အဖြေကို ပေးနိုင်ခဲ့ပါသည်။

သူ၏မေးခွန်းအပြည့်အစုံမှာ သိပ္ပံပညာရှင်များသည် နောင်နှစ်ပေါင်းရာစုအတွင်းတွင် သိဒ္ဓိဆယ်ပါးရသော ဝိဇ္ဇာဖြစ်နိုင်ပါသလား။

ဤကဲ့သို့ စာရေးသူ တစ်ကြိမ်တစ်ခါမှ မစဉ်းစားခဲ့ဘူးသည့် အကြောင်းအရာဖြစ်နေ၍ ချက်ချင်းအဖြေမပေးနိုင်ခဲ့ပါ။ သုံးလေးရက်နေမှ အဖြေပေးခဲ့ပါသည်။ သိပ္ပံပညာအားဖြင့် ဝိဇ္ဇာမဖြစ်နိုင်ပါ။အခြေခံအကြောင်းတရားမှာ ကျောချင်းကပ်မှ မျက်နှာမူရာသို့ လမ်းလျှောက်သည့် လူနှစ်ယောက်ကဲ့သို့ ကြာလေဝေးလေ ဖြစ်ပါမည်။

ဗုဒ္ဓဘာသာ အခြေခံတရားမှာ မဂ္ဂင်ရှစ်ပါးဖြစ်ပါသည်။ ထိုအကျင့်တရားထဲမှ သမ္မာသင်္ကပ္ပ ဆိုသည့် အတွေးအကြံ အခြေခံမှန်မှသာလျှင် သမ္မာဒဿနဖြစ်နိုင်ပါသည်။ ဗုဒ္ဓဟောကြားခဲ့သော ရုပ်၊ နာမ်တရားတို့မှာ မဟာဘူတဖြစ်သော ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယောဓါတ်ကြီးလေးပါးနှင့် ဆောင်ရွက်မှုရှစ်မျိုးတို့ ညီညွတ်မျှတစွာ ပေါင်းစည်းနေမှုသည် သက်ရှိဖြစ်ကြောင်း၊ ညီညွတ်စွာ ပေါင်းစည်းမှု ယုတ်လျော့ပါက ရောဂါဝေဒနာဖြစ်၍ ဓာတ်တစ်ပါးပျက်လျှင် သေဆုံးရခြင်း ဖြစ်ပါသည်။

အဓိကအကြောင်းရင်းမှာ မဟာဘုတ်ဓာတ်လေးပါးဖြစ်သည်။ အနောက်တိုင်းဆေးသိပ္ပံ၏ အခြေခံအကြောင်းတရားတို့မှာ မဟာဘုတ်လေးပါးမရှိပါ၊ သိလည်း မသိပါ။ ဖြစ်ပေါ်လာသော အကျိုးတရားတို့ကိုလိုက်၍ အဖြေရှာနေကြခြင်းဖြစ်သည့်အတွက် မြန်မာသမားတော်များ သတ်မှတ်ထားသော (၉၆) ပါးသော ရောဂါဝေဒနာတို့သည် (၉၆၀) သောရောဂါအဖြစ်သို့ ရောက်ရှိနေပါသည်။ အကြောင်းတရားကို မသိရှိ မပယ်ဖျက်နိုင်သေးသရွေ့(၉၆၀၀)အထိ တိုးပွားသွားနိုင်ပါ သည်။

စာရေးသူ၏ ဇာတိဖြစ်သော အောင်လံမြို့နယ် စမြကျေးရွာတွင် အိမ်ခြေနှစ်ရာခန့် ၁၉၇၀ ပြည့်နှစ်လောက်တွင်ရှိပါသည်။ ဆီးချို၊ သွေးတိုး၊ လေငန်း၊ အသည်းရောင်စီပိုး၊ ဘီပိုးလုံးဝမရှိပါ။ ကြားလည်းမကြားဘူးခဲ့ပါ။ တစ်ရွာလုံး လူဦးရေတစ်ထောင်ကျော်တွင် တစ်ဦးတစ်ယောက်မှ မဖြစ်ပါ။ (၉၆) ပါးသော ဝေဒနာသာလျှင် ရှိပါသည်။ ယခု ၂၀၁၃ ခုနှစ်တွင် စာရေးသူ၏အစ်ကိုဖြစ်သူ ကထိန်ခင်း၍ ရွာကို အေးအေးဆေးဆေး နေဖြစ်ရောက်ဖြစ်ခဲ့ပါသည်။ ဆီးချို၊ သွေးတိုး၊ လေငန်းမရှိခဲ့သော စာရေးသူတို့ရွာမှာ ရောဂါဝေဒနာ (၉၆၀) ဖြစ်နေပါသည်။ ထိုကဲ့သို့ ဖြစ်ခြင်းအကြောင်းရင်းမှာ သီးနှံအထွက်တိုးရန် ထုတ်လုပ်သော ဓာတုဆေးဝါးများနှင့် ရယ်ဒီမိတ်စားသောက်ဖွယ်ရာများကြောင့်ဟု ကောက်ချက်ဆွဲပြခဲ့ပါသည်။

တစ်ဖန် ဖိုးဦးတောင်သာသနာပြုဦးအောင်ခိုင်ကျော် ဓမ္မဒါနအဖြစ် ဝေငှခဲ့သော လူပုဂ္ဂိုလ်များဆိုင်ရာ ဓမ္မစာပေသင်တန်းကျောင်း ဓမ္မဗျူဟာသာသနမာမကအဖွဲ့၌ဟောပြောခဲ့သော ကျန်းမာရေး ပညာပေးဟောပြောမှုတွင် USA မှ OG ဒေါက်တာ ဒေါ်ခင်နွယ်ဝင်း၏ ‘သက်ရှည်ကျန်းမာလိုလျှင် စားသောက်နေမှုဘဝကိုပြင်’ CDခွေတွင်ဟောပြောမှုများမှာ အမှန်ပင်သိသင့်သိထိုက်သော အကြောင်းများဖြစ်သောကြောင့် စာရေးသူ ဝမ်းမြောက်ဝမ်းသာဖြစ်ရပါသည်။

၂၀၀၀ ပြည့်နှစ်မှစတင်ပြီး ဂမ္ဘီရစာပေနယ်သို့ စာရေးသူ ဝင်ရောက်ရေးသားခဲ့သည်မှာ ရည်ရွယ်ချက်နှစ်မျိုးဖြင့် ဝင်ရောက်လာခဲ့ခြင်း ဖြစ်ပါသည်။ပထမတစ်မျိုးမှာ အင်္ဂလိပ်ရာဇဝင်တွင် ဆရာစဉ်ဆက်မှတ်သားလုပ်ဆောင်လာသော(အာစရိယဝါဒ)ကြေးခဲကောလီခေါ် အဋ္ဌောဝါဒကို သူချည်း မပြီးစီး မအောင်မြင်နိုင်ကြောင်း အပတ်တကုတ် ကြိုးစားအားထုတ်နေကြသော ဝီရိယရှင် ရဟန်းရှင်၊ လူအပေါင်းသိစေရန် ဝေဖန်ထောက်ဆနိုင်ပါရန် ဆေးမြီးတိုနည်းများမပါ လောကသဘာဝ ဗုဒ္ဓတရားတော်နှင့်အညီသာလျှင် ရေးသား တင်ပြခဲ့ပါသည်။

သူရဇ္ဇမဂ္ဂဇင်းဝိုင်းတော်သားများကလည်း စာရေးသူတင်ပြချက်များကို လူတစ်ရာတွင် တစ်ယောက်ဖတ်၍ ထိုယောက်ပေါင်းတစ်ရာတွင် တစ်ဦးသာ အထူးတလည် ရှာဖွေဖတ်ရှုသောစာမျိုးကို သည်းခံကာ ထည့်သွင်းဖော်ပြနေသည့်အတွက် စာတည်းချုပ် ဦးအောင်မြတ်အား အထူးကျေးဇူးတင်ရှိပါကြောင်းနှင့် ဒုတိယရည်ရွယ်ချက်မှာ မြန်မာပြည်မြန်မာလူမျိုးတို့မှာ ကမ္ဘာတစ်ဝန်းလုံး တိုးတက်နေသည့် သိပ္ပံပညာ၏ ‘နောက်မြီးဆွဲ၊ ဓားမနောက်ပိတ်ခွေး’ ဖြစ်နေရခြင်းကြောင့် မြန်မာလူမျိုး မြန်မာပြည်၏ အနာဂတ်အရေးမှာ ရင်လေးဖွယ်ရာအတွက် အဖြေရှာနိုင်ပါရန်။

သီရိဓမ္မာအသောကမင်းတရားကြီး၏ သမီးနှင့် သား နှစ်ထွင်းရှင်ပြုအလှူတော်မင်္ဂလာတွင် ရဟန္တာအရှင်မြတ် ရှင်မောဂ္ဂလိပုတ္တတိဿမထေရ်၏ ဓာတ်များ ဆန်းကြယ်မှု တရားတော်လာအကာလီပြည်၌ အကာလီဝိဇ္ဇာဓိုရ်တို့သဘောတူညီမှုစွာ လုပ်ဆောင်ကြ၍ (၅၈၃) ယောက် တစ်ပြိုင်တည်း ထွက်ရပ်ပေါက်ပြီး ဝိဇ္ဇာရွာကြီး တည်ဆောက်ကာ နေထိုင်ကြောင်း၊ ထိုဝိဇ္ဇာဓိုရ်များ တောင်းပန်လျှောက်ထားသဖြင့် နောက်ပါသံဃာ(၅၀၀)နှင့် နှစ်လကြာဆွမ်းစား၍ နေခဲ့ရကြောင်း ပိဋကတ်တွင်လာရှိသည်နှင့်အညီ ရှင်မောဂ္ဂလိပုတ္တတိဿမထေရ်၏ တရားထုံးနှလုံးမူကာ ကြိုးစား၍ ရေးသားနေခြင်း ဖြစ်ပါသည်။

အာစရိယဝါဒဖြစ်သော ဥပနိဿယသည် အလွန်အရေးပါကြောင်း၊ ကိုးဆယ်ရာနှုန်းမျှလိုကြောင်း မြတ်ဗုဒ္ဓဒေသနာများတွင် အထင်အရှားရှိပါသည်။ နည်းကားမခက်၊ မီးကားခက်၏ဟု ဓာတ်ကျမ်းမှဆိုသော်လည်း မီးတစ်ကြိမ်မှားလျှင် နောက်တစ်ကြိမ်ကြိုးစားကာ အောင်မြင်နိုင်သော်လည်း၊ နည်းများက မည်သည့်အခါမျှ အောင်မြင်တော့မည် မဟုတ်ပါ။ အဘိုးလက်ထက်မှ စတည်၍ မီးပေးလာသောဓာတ်သည် မိမိလက်ထက်သို့ ရောက်ရှိလာချိန်တွင် မီးထိုးသက်ကို တွက်ကာ အောင်မြင်ရန်နီးပါးပြီဟု ဥပါဒါန်ဖြစ်၍ ကြိုးစားနေကြသည့် ဝီရိယရှင်များ ဆင်ခြင်စဉ်းစားဖွယ်ဖြစ်ပါသည်။

ဖြစ်မှု၊ ပျက်မှု တေဇောရှု ဆိုရာတွင် အပြင်မီးကို ဆိုလိုခြင်း မဟုတ်ပါ။ ဓာတ်ချင်းမှန်ကန်စွာ ပေါင်းစပ်၍ ဖြစ်ပေါ်လာသော ဉဏှတေဇောမီးနှင့် သီတတေဇောမီး(၂)မျိုးကို ရည်ညွှန်းစပ်ဆိုခဲ့ခြင်း ဖြစ်ပါကြောင်း၊ ထိုမီး (၂) မျိုးသည်ပင် ပြဒါးကို စွမ်းအင်အနန္တပြည့်စုံစေသည့်အတွက် ‘ဆေးကြူးနှစ်ပါးပေါင်းရုံးထား၍ နဂါးမင်းနှင့်မှ သုံးပါးရ၏။ ဤမျှအကျဉ်း အကုန်ချုံးသည် အစဉ်းလူတိုင်း မသိတည်း’ ဟူသော ကျမ်းလာစကားကို ဆင်ခြင်နိုင်ပါရန် တင်ပြအပ်ပါသည်။

*ဝိဇ္ဇာပညာများ ထွန်းကားပါစေ*

သူရိန်ထွန်း (ဝိဇ္ဇာစရဏ) ပြည်

www.burmeseclassic.com

# ဆရာဦးမောင်မောင်သန်း
(ရှင်ကိုဧအားမြှေဇာ၁၊)

## နာမည်မြင်ကွင်း

စောလှ-လှေဆန်ကိန်းဟာ -

အင်ဂျင်နီယာပညာမှာ ကြောက်စရာကောင်းသလို အတော်လေး သတိထားရတဲ့ပညာခန်းလည်း ဖြစ်ပါတယ်။

စောလှ-လှေဆန်ကိန်းမိသွားတဲ့ စီရင်ပုံတွေဆိုရင် အတော်မှအန္တရာယ်များလှပါတယ်။

သိသိနဲ့ ဓာတ်ဆင်လိုက်တဲ့ စောလှ-လှေဆန်ကိန်းဟာ ကြောက်စရာကောင်းသလို -

မသိဘဲနဲ့ ဓာတ်ဆင်လိုက်ရာကနေ စောလှ-လှေဆန်မိပြီး ဒုက္ခရောက်သွားရတာတွေလည်း ဒုနဲ့ဒေးရှိနေပါတယ်။

အဲဒီလိုပါပဲ -

နာမည်ပညာအရ လူတစ်ယောက်ရဲ့နာမည်ဟာ စောလှ-လှေဆန်မိသွားတာမျိုးတွေဖြစ်လာပြီဆိုရင်လည်း လုံးဝမထင်မှတ်ထားတဲ့ဆိုးကျိုးတွေ ဆင့်ကဲဆင့်ကဲဖြစ်လာရာကနေ နောက်ဆုံးဘဝနိဂုံးချုပ်သွားတဲ့ထိဖြစ်သွားတတ်ပါတယ်။

နာမည်စောလှ-လှေဆန်မိတယ်ဆိုတာမျိုးက ဒီပညာနဲ့ ဒီလိုထုတ်မဖွင့်ရင် မသိနိုင်ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com

ဒါကြောင့် ပညာနဲ့ ချိန်ကြည့်ရပါ လိမ့်မယ်။

လူတစ်လောကဲ့ဟာ -

ဘဝတော်တော်မလှဘဲ အတော့်ကို ဝင်ပင်ပန်းပန်းရှာဖွေခဲ့ရတဲ့အဖြင် သူ့ရှာဖွေသမျှတွေဟာ စုမရဆောင်းမရဘဲ ခုရှာလိုက်၊ တော်ကြာ ဟိုဘက်နားမှာ တုန်လိုက်နဲ့ သူ့ဘဝဟာ ကြည့်ရတာ တော်တော်ကို ဆိုးရွားလှပါတယ်။ အသက်သာ (၇၀) နားနီးလာခဲ့ပေမယ့် သူ့ဘဝမှာ အိုးပိုင်အိမ်ပိုင်မရှိခဲ့ရှာဘူး။

သူနဲ့ဆုံတော့ သူ့ကိုသေချာကြည့်ပြီး စိတ်မကောင်းဘူး။

"ခင်ဗျားဟာနော် ဖခင်ရဲ့အရိပ်ကို လည်းမခံစားခဲ့ရဘူး။ အိုးအိမ်အဆောက်အအုံနဲ့ ပတ်သက်ပြီးတော့လည်း ဘဝမလှခဲ့ဘူး။ အလုပ်ကျတော့လည်း မမြဲဘူး"

ဆိုပြီး ပြောလိုက်မိပါတယ်။

ဒါ - မဆန်းပါဘူး။

သူဟာ တနင်္ဂနွေသားပါ။

သူ့နာမည်က လှဆောင်ပါ။

၅
၂
၆
တနင်္ဂနွေ - ၁ ပရိယာယ်အရ အဖ-အိုးအိမ်-အလုပ်အကိုင်
၄ လှ
၀
၃ ဆောင်





www.burmeseclassic.com

www.burmeseclassic.com

သူ့နာမည်ဟာ စောလှ-လှေဆန် ကိန်းက လှေဆန်ကိန်းမိသွားတာ ဖြစ်ပါတယ်။

ဒီကိန်းဟာ အလယ်အခြာက တနင်္ဂနွေပရိယာယ်မှန်သမျှကို ကြေမွသွားအောင် ချေဖျက်နိုင်စွမ်းတဲ့ကိန်းပါတဲ့။

ဒါဖြင့် -

ဘာပျက်လဲ။ အဖပရိယာယ်ပျက်မယ်၊ အိုးအိမ်ပရိယာက်ပျက်မယ်၊ အလုပ်ပရိယာက်ပျက်မယ်၊ မဆန်းဘူး။

သူဟာ လူထူးလူဆန်းတစ်ယောက်ကို တအံ့တသြတွေ့လိုက်ရတဲ့အကြည့်နဲ့ ကြည့်နေပြီးမှ -

"ဟုတ်ချက်ဗျာ၊ ဟုတ်လိုက်သမှ"

ဆိုပြီး ပြောလို့မဆုံးဘူး။

သူက ခေါင်းစွဲကောင်းလို့ ပြောနိုင်တယ်ထင်တာ။

မဟုတ်ပါဘူး၊ ရိုးစင်းတဲ့အကြည့်နဲ့ ရိုးရိုးပဲကြည့်လိုက်ရုံနဲ့တင် သိနိုင်တဲ့ နာမည်မြင်ကွင်းထဲကို သူရောက်လာလို့ပါ။

သူလိုလူမျိုးတွေအများကြီးမဟုတ်ပေမယ့် တော်တော်များများ တွေ့ခဲ့ဖူးပါတယ်။ ခုထိတောင်မှတွေ့နေရတုန်းပါပဲ။ နာမည်ဗဟုသုတတွေ ဘယ်လောက်ပေးနေပေးနေ ကိုယ့်ကလေးကို အဲဒီလို စောလှ-လှေဆန်ကိန်းမိအောင် မှည့်ချင်ကြသူတွေလည်း တွေ့နေရပါရဲ့။

ကလေးလေးတစ်ယောက်ဆို ဆေးနဲ့ လူနဲ့ ဘယ်လိုမှမပြတ်ဘဲ ခေါင်းကြီးကိုယ်သေးလေးကိုဖြစ်လို့။

သူ့ကို တစ်အိမ်လုံး၊ တစ်မျိုးလုံးက ချစ်စနိုးနဲ့ ရွှေစင်၊ ရွှေစင်ဆိုပြီး ခေါ်ကြပေမယ့် -

သူက တနင်္ဂနွေသမီး -

| | | |
|---|---|---|
| | ၅ | |
| | ၂ | |
| | ၆ | |
| တနင်္ဂနွေ- | ၁ | |
| | ၄ | ရွှေ |
| | ၀ | |
| | ၃▲ | စင် |

နာမည်ရင်းကျတော့ အိဖြူ။

စောလှ-လှေဆန်ကိန်းဟာ ကလေးကို မညာမတာကောင်းကောင်းနှိပ်စက်တာ ဖြစ်ပါတယ်။

ပညာကပညာပါပဲ။ ကလေးရယ်၊ လူကြီးရယ်ဆိုပြီး မျက်နှာမလိုက်သလို ဆင်းရဲတယ်၊ ချမ်းသာတယ်ဆိုပြီးတော့လည်း မျက်နှာမလိုက်ပါဘူး။

ဒါကိုသိတော့ ကလေးအတွက် စိတ်မကောင်းလို့ ရွှေစင်၊ ရွှေစင်ဆိုပြီး မခေါ်ပါနဲ့လို့ တားခဲ့ပါသေးတယ်၊ မရပါဘူး။ သူတို့အသိုင်းအဝိုင်းက လုံးဝလက်မခံပါဘူး။

လက်မခံဘူးဆိုတာက ဆန့်ကျင်ဘက်တွေပြောတာတော့ မဟုတ်ပါဘူး။ နှုတ်ဆိတ်ဆိတ်နဲ့ ပြုံးပြီးငြိမ်နေကြပြီး သူတို့နှုတ်က အခေါ်မပြောင်းတာပါ။

ရွှေစင်မှရွှေစင်ပါပဲ။

ဒါကကိုယ်တိုင်ထိသွားတဲ့ကလေးတစ်ယောက်ပဲရှိပါသေးတယ်။ သူ့လိုပဲထိတဲ့ကလေးတွေအများကြီးရှိနေပါသေးတယ်။

တချို့များဆို ကုလို့မရတဲ့ဝေဒနာတွေတောင်ဖြစ်ကုန်တာတွေ့ရပါတယ်။

ကလေးတစ်ယောက်ဆို ခင်နှင်းမှူးဆိုပြီး မှည့်ထားရာကနေ ချစ်တဲ့သူတွေအကုန်လုံးက 'မှူလေး၊ မှူလေး' ဆိုပြီး ခေါ်ကြတော့ ခင်နှင်းမှူး ပျောက်ပြီး 'မှူလေး' ပဲ ဖြစ်တော့တာပဲ။

| | | |
|---|---|---|
| | ၆ | |
| | ၃ | |
| | ၀ | |
| တနင်္လာနာမည် | ၂ | |
| | ၅ | မှူ |
| | ၁ | |
| | ၄▲ | လေး |

အဲဒီကလေးလေးဟာ ခဏခဏ တက်တယ်။ တက်ပါများလွန်းလို့လား မသိဘူး၊ မသန်မစွမ်းလေးလိုဖြစ်တော့ မိဘတွေလည်းရင်ကျိုးရော။ ရင်ကျိုးတာကျိုးတာပါပဲ။ မှူလေး၊ မှူလေးဆိုတာ ပါးစပ်ကမချဘူး ခုထိပဲ။ ကလေးကလည်း ခုထိကိုချူချာတုန်း။

သူတို့အသိုင်းအဝိုင်းကပြောသလို ဘယ်ဘဝက ဘာတို့ညာတို့၊ လူဝင်စားတာတို့ဆိုတာ ခဏထားပါဦး။

နာမည်မြင်ကွင်းထဲကို ရောက်လာတာက 'မှူလေး' ပါပဲ။

မှူလေးက မူလမွေးနံ တနင်္လာကို ဖြိုဖျက်တဲ့၊ ပြိုပျက်စေတဲ့နာမည်မို့ အဲဒီကလေးလေးဟာ ချူချာလိုက်သမှ -

ဒါလည်း မှူလေးနေတုန်းပဲ။

တစ်ယောက်ကတော့ မှူလေးလို မဟုတ်ဘူး၊ အဖျားဆွတ်ခေါ်ရာကနေ မိတဲ့ စောလှ-လှေဆန်မဟုတ်ဘူး။ မှည့်ထားတဲ့နာမည်ကိုက ဒါရိုက်ထိ[illegible] ဖအေနာမည်က ကိုထက်ဇော်။ ဒီ[illegible] ဖအေနာမည်ပါအောင်ဆိုပြီး ကလေး[illegible] မှည့်လိုက်တာက ရွှန်းလဲ့ဇော်။ က[illegible] က တနင်္ဂနွေသမီး။

| | | |
|---|---|---|
| | ၅ | |
| | ၂ | |
| | ၆ | |
| တနင်္ဂနွေသမီး | ၁ | |
| | ၄ | ရွှန်းလဲ့ |
| | ၀ | |
| | ၃▲ | ဇော် |

ဒီကလေးလေးကတော့ အ[illegible] လည်လောက်ကစပြီး ဖအေနဲ့မအေ[illegible] သွားရှာတဲ့ကလေး။

ဘာအကြောင်းမှလဲ မည်မည်[illegible] မရှိဘဲ ကွဲသွားကြတာ။

သူတို့နှစ်ယောက် ကွာရှင်းစာ[illegible] မှာ လက်မှတ်ထိုးတော့ ကလေးလေး[illegible] တစ်ယောက်တစ်လှည့်ချီပြီးထိုးကြတ[illegible]

အင်မတန်ရင်နာဖို့ကောင်းတ[illegible]

ဘာမှမဟုတ်တာလေးနဲ့ အ[illegible] အပိုင် လမ်းခွဲသွားကြတာ။

ဒါဟာ -

အကြောင်းမဲ့ဖြစ်လာတဲ့ အ[illegible] တွေမဟုတ်ဘူး။ ဖြစ်လောက်[illegible] အကြောင်းကြောင့် ဖြစ်လာရတဲ့ ဆိုး[illegible] တွေ။ ဒီဆိုးကျိုးတွေရဲ့ ရလဒ်က[illegible] ကလေးဟာ မိဘတွေ အသက်ရှင်[illegible] လျက်နဲ့ မိစုံဖစုံမနေရတော့တာပါဘဲ

ဘာကြောင့်လဲ။

နာမည်မြင်ကွင်းထဲကို ဝင်လ[illegible] တာကတော့ တနင်္ဂနွေသမီး ရွှန်းလဲ့[illegible] ဖြစ်ပါတယ်။

ဟုတ်ပါတယ်။

သူ့နာမည်ဟာ သူ့အတွ[illegible] စောလှ-လှေဆန်ဖြစ်သွားရုံမက အင[illegible] အကဲဆိုတဲ့ ပရိယာယ်ရတဲ့ တနင်္ဂ[illegible] ကိုပါ စောလှ-လှေဆန်ဖြစ်သွားရပါ[illegible]

ဒါကို သူ့မိဘများ မသိရှာသ[illegible] ဒီကလေးလည်း ဘယ်သိပါ့မလဲ။

သိရင်တော့ ဘယ်ဒီလိုအဖြစ်ခံ[illegible] ပါ့မလဲ။

ဒါပေမယ့်နော် -

သိသိနဲ့အဖြစ်ခံသွားတဲ့ သတ္တိ[illegible] တော့ တွေ့ခဲ့ဖူးလို့ ပြောပြရပါဦးမယ်[illegible] ရန်ကုန်ကပါပဲ၊

သူ့နာမည်ဟာ ကိုအံ့ရွေပါ့။

သူ့သမီးလေးကို [illegible]ညှိထားတ[illegible]



www.burmeseclassic.com

www.burmeseclassic.com

'ဝေမျှစံ'။

လှတယ်၊ တကယ်ကို လှတာ။ ကိုယ်တိုင်နာမည်ပေးလိုက်ရရင်တောင် ဒါလောက် စဉ်းစားမိမှာ မဟုတ်ဘူး။ တော်တယ်၊ တွေးတာ။

ဒါပေမယ့် -

သူတွေးတာက သူ့အတွက် အဆိပ်အတောက်ဖြစ်သွားရတယ်ဆိုတာကို သူ လက်မခံဘူး။

အင်္ဂလိပ်ဇာအပေါ်သင်ခန်းစာတွေကို တစိုက်မတ်မတ်ဖတ်လာတဲ့ မိတ်ဆွေတစ်ယောက်က -

"ဟာ -ခင်ဗျားဒီလိုကြီးမမှည့်နဲ့။ ခင်ဗျားမှည့်ထားပုံက ခင်ဗျားကိုထိသွားနိုင်တယ်နော်"

လို့ ပြောခဲ့ပါတယ်။

သူက ပြုံးပြီး -

"နာမည်ဆိုတာ ပညတ်တစ်ခုပါဗျာ၊ လူကောင်းဖို့ပဲလိုပါတယ်။ လူက မကောင်းဘဲ နာမည်တွေမိုးပျံနေအောင်မှည့်ထားလည်း အလကားပဲလို့ ကျွန်တော်ခံယူတယ်"

ဆိုပြီး ငြင်းခဲ့ပါသတဲ့။

သူ့မိတ်ဆွေက (၃) ကြိမ်လောက် ပြောခဲ့ပါသေးတယ်။

ခေါင်းအရမ်းမာပြီး သူ့စိတ်ကြိုက်ပေးထားတဲ့နာမည်မို့ လုံးဝမပြင်ဘူးဆိုတဲ့၊ ခိုင်မာလွန်းတဲ့သူဟာ ခု လောကကြီးကိုရော ဝေမျှစံတို့သားအမိကိုပါ ကျောခိုင်းသွားခဲ့ပါပြီ။

သူဟာ အသည်းရောဂါနဲ့ ဘဝနိဂုံးချုပ်သွားရှာတာပါ။

ဘယ်သူ့ကိုမှအပြစ်တင်လို့မရပါဘူး။

သူကလည်း သူ့သမီးလေးကို သူချစ်လွန်းလို့မှည့်ခဲ့တာပါ။

ပညာကလည်း ဘယ်သူ့မှချမ်းသာမပေးတော့ . . .။

ဒီအကြောင်းအရာတလေးဟာ စောလှ-လှဆန်ပညာခန်းကနေတစ်ဆင့် နာမည်မြင်ကွင်းထဲကို ရောက်ခဲ့ရပါတယ်။

တစ်ယောက် -

သူကတော့ သူ့စိတ်ကြိုက်မှည့်တာမဟုတ်ပါဘူး။ သူ့မိသားစုတွေက ဝိုင်းစဉ်းစားပြီးမှည့်တာ။

သူ့နာမည်က အုံးလှိုင်။

ကလေးနာမည်က 'ရှင်းနဒီစု'။

ဒါလည်း ခုန ဝေမျှစံတို့ ရွှန်းလဲ့ဇော်တို့လိုပါပဲ အင်မတန်မှ လှပတဲ့ နာမည်လေးတွေပါ။

သူတို့လေးတွေရဲ့နာမည်ပညတ်ပုံလေးတွေဟာ အင်မတန်လှပပေမယ့် အဆိပ်ပင်မှာပွင့်နေတဲ့ ပန်းလေးတွေလိုပါပဲ။ အဆိပ်အားတွေထွက်နေတဲ့ပန်းလေးတွေလိုပါပဲ။

အဲဒီအကြောင်းတွေကြောင့် ဖြစ်လာရတဲ့အကျိုးကတော့ အုံးလှိုင်လေးဟာ အဝေးပြေးလမ်းမတစ်နေရာမှာ ဘဝနိဂုံးချုပ်သွားရှာပါတယ်။

ရှင်းနဒီစုလေးရဲ့ဘဝဟာ ဘာမှန်းတောင်မသိရသေးတဲ့အရွယ်မှာ ဖခင်မရှိရှာတော့ပါဘူး။

ဘယ်သူ့အပြစ်လဲ။

ဘယ်သူ့မှာမှ အပြစ်မရှိပါဘူး။

ဒါတွေဟာ ကံတရားတွေပါ။ ကိုယ်ပြုခဲ့တဲ့ကံတွေက ပြန်ပြီးအစွမ်းပြတာပါ။

ကောင်းခြင်း၊ ဆိုးခြင်းတွေဟာ ကိုယ်ပြုခဲ့တဲ့ကံတွေနဲ့ပဲ ဆိုင်ပါတယ်။ ဘယ်သူ့မပြုမိမိမှုပါ။

ကောင်းအောင်နေခဲ့လို့ ကောင်းတာရယ် -

မကောင်းအောင် နေခဲ့မိလို့ မကောင်းတာရယ်ဘဲရှိပါလိမ့်မယ်။

အဲဒီလိုကံတရားတွေထုပြီးအစွမ်းပြတဲ့အချိန်မှာ ထိချက်ပိုမိုပြင်းအောင် တွန်းအားပေးလိုက်သလိုဖြစ်သွားခဲ့ရတာကတော့ -

နာမည်မြင်ကွင်းထဲကို ရောက်လာတဲ့ 'ရှင်းနဒီစု' နာမည်ပညတ်လေးပါပဲ။

ဒီပညတ်လေးဟာ မောင်အုံးလှိုင်အတွက် စောလှ-လှဆန်မိသွားခဲ့ရတာ ဖြစ်ပါတယ်။

ဒါဟာ လူမသိသူမသိတိတ်ဆိတ်စွာဝင်လာတဲ့ ဆိုးကျိုးရဲ့တံခါးပေါက်လိုပါပဲ။ ဆိုးကျိုးဟာ ဒီတံခါးပေါက်က တိတ်ဆိတ်စွာဝင်လာတာပါ။ ဘယ်သူမှ သတိမထားလိုက်မိပါဘူး။

သတိထားမိချိန်မှာ နာရီပေါင်း၊ စက္ကန့်ပေါင်း၊ မိနစ်ပေါင်းများစွာကုန်လွန်သွားတဲ့ ရက်တွေ၊ လတွေ၊ နှစ်တွေကို ကျော်ဖြတ်သွားခဲ့ပါပြီ။

ပြန်စလို့မရတော့ပါဘူး။

ဒီနေရာမှာ သတိထားမိတာလေးတွေနဲ့ ပတ်သက်ပြီး ပြောပြချင်လွန်းတာလေးတွေကတော့ -

နာမည်တည်ဆောက်ပုံလေးတွေပါပဲ။

မှန်ပါတယ်။

နာမည်တစ်လုံးဟာ သူ့ရဲ့ တည်ဆောက်ပုံအရ ဘယ်သူ့ကိုသွားပြီး ထိခိုက်နိုင်မလဲဆိုတာ ဦးဆုံးသတိထားရမှာ ဖြစ်ပါတယ်။ ဒီသတိကိုထားပြီးမှ နာမည်ကို ပညတ်ယူရတာဖြစ်ပါတယ်။

ဒီကလေးကို ဒီလိုနာမည်ပေးလိုက်လို့ ဒီလိုဖြစ်သွားနိုင်ပါတယ်လို့ ပြောတဲ့သူကပြောရင် ယုံရမယ့်သူက ဗဟုသုတလေးတွေရှာပြီး စဉ်းစားပေးဖို့ လိုပါလိမ့်မယ်။

ဖြစ်နိုင်၏၊ မဖြစ်နိုင်၏ ဆိုတာနဲ့ ပတ်သက်ပြီး ကိုယ်မသိရင် သိတဲ့လူတွေကို မေးမြန်းဗဟုသုတယူသင့်ပါတယ်။ စာအုပ်စာပေတွေကို လေ့လာသင့်ပါတယ်။ အဓိကကတော့ နားလည်တတ်ကျွမ်းသူတွေနဲ့တိုင်ပင်ကြည့်သင့်ပါတယ်။ ဟုတ်၊ မဟုတ်ပါ။

ဟုတ်ရင်တော့ 'ငါကြိုက်လို့မှည့်တာကွာ။ ဘာဖြစ်လဲ မပြောင်းဘူး' ဆိုတဲ့ ခေါင်းမာခြင်းတွေ နည်းနည်းလျှော့ပြီး တလေးလေးရဲ့ရှေ့ရေးအတွက် စဉ်းစားပေးသင့်ပါတယ်။

ငါ့ရင်သွေးလေးကို ငါဒီလိုမှည့်လိုက်လို့ သူ့ရဲ့မိဘတွေကို ထိခိုက်သွားနိုင်တယ်ဆိုရင်၊ တကယ်လို့ ထိခိုက်သွားခဲ့ရင် ငါ့ရင်သွေးလေးဟာ ဘယ်သူ့ကို အဖေခေါ်မလဲ၊ ဘယ်သူ့ကို အမေခေါ်မလဲ။

ဒီလိုစဉ်းစားသင့်ပါတယ်။

ကလေးအတွက် စဉ်းစားတော့မယ်ဆိုရင် ငါစွဲတွေခဏဖယ်ထားပြီး၊ မာနတွေခဏဖယ်ထားပြီး စဉ်းစားပေးသင့်ပါတယ်။

စောစောကပြောသလို ဗဟုသုတလေးတွေ ဖတ်သင့်ဖတ် ဒါမှမဟုတ် မေးသင့်မေးပေါ့။

ရမ်းသန်းပြီးတော့လည်း မယုံစေချင်ပါဘူး။

'မင်းကလေး နာမည်ကြီးကကွာ' ဆိုလိုက်ရင် 'ဘာဖြစ်လို့လဲဗျာ၊ ဘယ်လိုဖြစ်နေလို့ မကောင်းဘူးပြောရတာလဲ' ဆိုပြီး သေသေချာချာလေး မေးသင့်ပါတယ်။

အဲဒီတော့မှ မကောင်းဘူးပြောတဲ့သူက ဒီနာမည်ဘာကြောင့်မကောင်းရတာလဲဆိုတာကို သူရှင်းပြပါလိမ့်မယ်။

သဘာဝကျကျ ရှင်းမပြဘဲ မကောင်းဘူးကွာဆိုတာချည်းပဲ နင်းကန်ပြောနေလို့တော့ ယုံသင့်မှယုံရပါလိမ့်မယ်။

ကောင်းခြင်း၊ ဆိုးခြင်းတွေဆိုတာ အကြောင်းပြချက်တော့ ခိုင်ခိုင်မာမာရှိ



www.burmeseclassic.com

www.burmeseclassic.com

ရပါလိမ့်မယ်။

တချို့ပြောတာရှိပါသေးတယ်။

ဘယ်ဘက်တမှ အပြစ်မလွတ်အောင် အပြစ်ပြောနေသူမျိုးတွေကို ကြားဖူးပါသေးတယ်။

'ခိုင်' ဆိုလိုက်တာနဲ့ 'ဟင်း - ခိုင်ကြီးနဲ့ ဝိတ်မှည့်ထားတာမှ သွားပြီပေါ့' ဆိုပြီး လုပ်ပါသေးတယ်။

ဘာသွားတာလဲ၊ ဘယ်လိုသွားတာလဲ။

သူ့အဓိပ္ပာယ်က တောင်းတယ်လေ။ 'ခိုင်'၊ ဘယ်လောက်ကောင်းလဲ။ ခိုင်ခံ့ခြင်း၊ မြဲမြံခြင်းကိုပဲ တွေးမလား။

ဘယ်လောက်တောင်းလဲ။

အခိုင်လိုက်သီးတဲ့ အသီးအပွင့်တွေ ဖူးပွင့်ဝေစည်တာကိုပဲပြောမလား။ ဘယ်လောက်ကောင်းလဲ။

ခိုင်ခိုင်မာမာ သန္နိဋ္ဌာန်ချလိုက်တယ်ဆိုတာမျိုးကကော။

ဒါဖြင့် 'ခိုင်' ဆိုတာ ဘာလို့မကောင်းတာလဲ။

'ခိုင်' ဆိုတဲ့ နာမည်ရှင်တွေကို ကြည့်လိုက်ရင်တော့____ထင်ရှားကျော်ကြားကြတဲ့သူတွေ၊ ကြွယ်ဝချမ်းသာကြတဲ့သူတွေချည်းများပါတယ်။ 'ခိုင်' ဆိုတဲ့ နာမည်ရှင်တွေကို ခပ်ညံ့ညံ့မတွေ့ရပါဘူး။ အောင်မြင်နေကြသူတွေများပါတယ်။

ဘာလို့ 'ခိုင်' မကောင်းတာလဲ။

တချို့ရှိပါသေးတယ်။

ကလေးနာမည်ကို လုံးကြီးတင်မပါအောင် မှည့်ပေးပါဆိုပြီးပြောတဲ့သူမျိုးနဲ့လည်း ကြုံဖူးပါတယ်။

ဘာကြောင့်လဲဆိုတော့ ဝန်ပိမှာစိုးလို့တဲ့။

လုံးကြီးတင်ပါတိုင်း ဝန်ပိရောလား။ ဖြစ်နိုင်ပါ့မလား။

နာမည်ပညတ်နဲ့ ရုပ်ရည်နဲ့ ဆန်းမဝင်တဲ့သူတွေကိုတော့ လုံးကြီးတင်နာမည်ကြောင့် ခဏခဏခေါင်းမကောင်းဘူးဖြစ်တတ်တယ်ဆိုတာပြောခဲ့ဖူးပါတယ်။ သူတို့ကလည်း ဝန်ခံပါတယ်။ တကယ်လည်း ဦးခေါင်းဝေဒနာရှင်တွေပါ။

ဒါက နာမည်နဲ့လိုက်ဖက်၊ မလိုက်ဖက်ကြည့်ရပါသေးတယ်။

နာမည်နဲ့လိုက်ဖက်လို့ ဘာခေါင်းမှမကိုက်တဲ့သူတွေ အများကြီးပါ။ ဒီလိုလူမျိုးတွေကို ဦးခေါင်းရောဂါသွားပြောရင် အရိုက်တောင်ကွဲသွားနိုင်ပါတယ်။

မှန်မှာလည်းမဟုတ်ပါဘူး။

သူ့နေရာနဲ့သူပါ။

ဥပမာ - သီရိ။

ဒါဆို လုံးကြီးတင်ဆံခတ်ရယ်၊ လုံးကြီးတင်ရယ် နှစ်လုံးပိနေလို့ မကြိုက်ဘူးသွားပြောလို့မရပါဘူး။

သီရိ ဆိုတဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်ဟာ အင်မတန်မှ မင်္ဂလာကျက်သရေရှိလှပါတယ်။ ဒီနာမည်ရှင်တွေမှာလည်း အောင်မြင်နေကြတာ ဒုနဲ့ဒေးရှိနေပါတယ်။

တစ်ခုတော့ရှိတာပေါ့။

သီရိဟာ သီရိ ဆိုတဲ့ နာမည်နဲ့လိုက်၊ မလိုက်တော့ ကြည့်ရမှာပေါ့။

နှုတ်ကြမ်းလျှာကြမ်းစရိုက်ကြမ်းသူကို 'သီရိ' မှည့်ပေးထားရင်တော့ ဟုတ်တယ်။ သူဟာ ခေါင်းမကောင်းတဲ့ဝေဒနာဖြစ်မှာပဲ။ ဒီလိုမျိုး စရိုက်ကြမ်းနဲ့ ဒီလိုမျိုးနာမည်ရှင်တွေ့ရင်တော့ ပြောသာပြောလိုက်၊ လုံးဝမလွဲဘူး။

ခေါင်းမကောင်းတာက အမျိုးမျိုးရှိတယ်။

ရုပ်နဲ့မလိုက်တော့ဘူးဆိုရင် သူဟာ တဇောက်ကန်းတို့၊ တဇွတ်ထိုးတို့၊ ဆဲရဆိုရ စရိုက်ကြမ်းရမှာ မကြောက်တာတို့ ဖြစ်လာပြီဆိုရင် ရိုးရိုးခေါင်းမကောင်းရုံတင်မကတော့ဘူး။ ဘာလို့လဲဆိုတော့ -

တွေးရခေါ်ရ စဉ်းစားရတဲ့ ဦးခေါင်းပိုင်းကို ကြမ်းတမ်းတဲ့အတွေးတွေဝင်သွားလို့ပဲ။ ဒါလည်း ခေါင်းထိခြင်းတစ်မျိုး။

ဒါကြောင့် -

ဘယ်လိုဝန်ပိတာလဲ ဆိုတာရှိပါတယ်။

ဒီလို ရမ်းသန်းပြီးနာမည်တစ်လုံးကြားရုံနဲ့ ဟိုနာမည်မကောင်းဘူးလုပ်လိုက်၊ ဒီနာမည်မကောင်းဘူးလုပ်လိုက်လုပ်နေရုံနဲ့မရပါဘူး။ အဲဒီမကောင်းဘူးဆိုတာ ဘာကြောင့်လို့ အကြောင်းပြနိုင်ရပါလိမ့်မယ်။

ဒါကြောင့် ဗဟုသုတများလေကောင်းလေပါပဲ။

ငါ့စွဲတွေ ခဏဖယ်ထားပေးပြီးမှ ကလေးအတွက် စဉ်းစားပေးတာ အကောင်းဆုံးပါပဲ။

ဆရာဦးမောင်မောင်သန်း

(ရင်ကိုအေးမြစေသား)

## နှင်းခူအစိုအခြောက် သက်သာပျောက်ဖို့ အခါးကြီး(၄)မျိုး

မြန်မာတိုင်းရင်းဆေးပညာတွ
သတ်မှတ်ထားသော အခါးကြီး (၄) မျိ
ရှိပါသည်။

ရင်းတို့မှာ -

၁။ ပွေးပေါက်သည့်အခါပျောက်ဧ
ပွတ်တိုက်ကြသည့် ပွေးရွက်ခေ
ပွေးမဲဇလီရွက်၊

၂။ ခွေးတောက်ရွက်၊

၃။ အရွက်ကို ဟင်းချိုချက်သော
ခြင်း၊ အဖူးကို သုပ်စားခြင်းများ
သည့် မဲဇလီပင်၏ မဲဇလီရွက်၊

၄။ တမာရွက်တို့ ဖြစ်ပါသည်။

ဖော်ပြပါ အခါးကြီးလေးမျိုး
အရွက်များကို နေရိပ်တွင် ခြောက်သွေ
အောင်ထားပါ။ ခြောက်သွေ့သော ဤ
ဆေးလေးမျိုး၏ အရွက်များကို ဆ
ချိန်ဆ၍ယူပါ။ အိုးကင်းတစ်ခုတွင် ဤ
ဆေးလေးမျိုးစလုံးအား မီးရှို့ပြာချ
မီးကောင်းစွာ လောင်ကျွမ်း၍ ဖြူနုံသွ
သောပြာများကို ခြောက်သွေ့သန့်ရှ
လေလုံသောဘူးတစ်ခုတွင် ထည့်ပါ။

ဝဲနှင်းခူအစိုပေါက်သည်ဖြစ်စေ
အခြောက်ပေါက်သည်ဖြစ်စေ ရှေးဦးစွ
မာလကာခေါက်၊ တမာခေါက်တို့အ
ရေဖြင့်ပြုတ်၍ရသောပြုတ်ရည်နွေးနွေ
နှင့် အနာကိုဆေးကြောပါ။ ဝဲနှင်းခူမှ
ကို ဆပ်ပြာနှင့်မတိုက်ပါနှင့်။ ပြုတ်ရ
နွေးနွေးနှင့် ဆေးကြောပြီး ရေခြော
သွားမှ အခါးကြီးလေးမျိုးအားပြာချထာ
သော ပြာမှုန့်များနှင့် အနာကိုသိပ်ပေ
ပါ။

ဝဲနှင်းခူပေါက်နေသူသည် အန
များသောအစာ၊ အစေးများသောအစ
များကိုရှောင်၍ ဖော်ပြပါနည်းအတိုင်
ဖန်ဆေးခြင်း၊ ဆေးသိပ်ပေးခြင်းသာ
လုပ်ပေးပါ။ ရာသက်ပန် ဝဲနှင်းခူအ
အခြောက် ပျောက်ကင်းစေပါမည်။

အချို့ဆေးတို့သည် ဝဲနှင်း
ပျောက်ပြီးနောက် ဝဲနှင်းခူနှင့်မတည
သောအစာများစားမိလျှင် ပြန်ထတတ
ပါသည်။ ဤဆေးမှာ ဝဲနှင်းခူပျောက်ပြ
နောက် မည်သည့်အစာပဲစားစား
ပြန်မထစေဘဲ အမြစ်ပြတ် ပျောက်က
စေပါသည်။


သင်း (ဥပဒေ

www.burmeseclassic.com

www.burmeseclassic.com

## နှစ်ဆယ်ရာစု၏အကြီးမြတ်ဆုံးရူပဗေဒပညာရှင်
# အိုင်းစတိုင်း၏ဘဝနှင့်လက္ခဏာပညာအမြင်

ဆရာချမ်းမင်း(LL.B)



### ❒ ဗုဒ္ဓဘာသာနှင့်အိုင်းစတိုင်းအမြင်

*အနာဂတ်၏ ကိုးကွယ်ရာဘာသာသည် စကြဝဠာအတွင်းရှိ လူသားအားလုံးဆိုင်ရာ ဘာသာတရားပင်ဖြစ်ပေမည်။ ထိုဘာသာတရားသည် GOD ကို ကျော်လွန်ပြီး ဘာသာရေးဆိုင်ရာ တစ်ယူသန်ဝါဒစွဲများကို ရှောင်ကြဉ်သွားရမည် ဖြစ်သည်။ ယင်းသည် သဘာဝရုပ်နာမ်တရားတို့၏ ဆက်စပ်ပေါင်းစည်းမှုအတွေ့အကြုံမှထွက်ပေါ်လာသည့်အဓိပ္ပာယ်ပြည့်ဝသောဘာသာရေးအသိဉာဏ်အပေါ် အခြေခံရမည် ဖြစ်သည်။*

*ဖော်ပြပါ အဓိပ္ပာယ်ဖွင့်ဆိုချက်တို့ကို ဖြည့်ဆည်းပေးနိုင်မည့် ဘာသာတရားသည် **ဗုဒ္ဓဘာသာ** ပင် ဖြစ်ပေမည်။ ခေတ်သစ်သိပ္ပံပညာရပ်ဆိုင်ရာ လိုအပ်ချက်တို့ကို ပြည့်ဝစွာပေးစွမ်းနိုင်မည့် ကိုးကွယ်ရာဘာသာရှိပါက ထိုဘာသာသည် ဗုဒ္ဓဘာသာပင် ဖြစ်ပေမည်။*

(ရူပဗေဒပညာရှင်-အိုင်းစတိုင်း)

'စကြဝဠာအတွင်းရှိဒြပ်ထုများ၏ ဆွဲငင်အားကြောင့် အာကာသနှင့်အချိန်သည် ကွေးညွတ်သွားရသည်' ဟူသော အိုင်းစတိုင်း၏ယေဘုယျ နှိုင်းရသီအိုရီသည် လွန်ခဲ့သော နှစ်ပေါင်း (၁၀၀) ခန့်က ပေါ်ထွန်းလာခဲ့ခြင်း ဖြစ်သည်။ ထိုစဉ်က ယင်းသီအိုရီ မှန်၊ မမှန်ကို စမ်းသပ်နိုင်ရန်အတွက် နည်းပညာမရှိသေး။

သို့ဖြစ်၍ အမေရိကန်ပြည်ထောင်စု အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ) အဖွဲ့ ဂျီပီဘီ ရူပဗေဒသုတေသနစီမံကိန်းကို နှစ်ပေါင်းလေးဆယ်ခန့် သုတေသနပြုခဲ့ကြပြီးနောက် စီမံကိန်း၏ အသက်သွေးကြောဖြစ်သော ကမ္ဘာ့ဆွဲအားလေ့လာရေးအာကာသယာဉ် (ဂျီပီဘီ) ကို ဒယ်လ်တာ-၂ ဒုံးပျံဖြင့် ၂၀၀၄ ခုနှစ်၊ ဧပြီလက လွှတ်တင်နိုင်ခဲ့သည်။

ဂျီပီဘီ အာကာသယာဉ်သည် ကမ္ဘာ့ဆွဲငင်အား အကျိုးသက်ရောက်မှု (သို့) ဆွဲငင်အားရှိသော ဒြပ်ထုများဝန်းကျင်ရှိ အာကာသနှင့် အချိန်ကွေးညွတ်မှု ယင်းအမြင် လည်ပတ်နေသောဒြပ်ထုကြောင့် အာကာသနှင့် အချိန် မည်မျှကွေးညွတ်ရသည်တို့ကို လေ့လာရန်အတွက် အဆင့်မြင့်နည်းပညာသုံး ဂျိုင်ယာစကုတ်လေးခုကို အာကာသယာဉ်နှင့်အတူသယ်ဆောင်သွားခဲ့သည်။

အကယ်၍ အိုင်းစတိုင်း၏ သီအိုရီ မမှန်ခဲ့ပါက ဂျိုင်ယာစကုတ်များသည် ကမ္ဘာပတ်လမ်းကြောင်းအတွင်းရှိနေသမျှကာလပတ်လုံး ဦးတည်ရာတစ်ခုတည်းကိုသာညွှန်ပြနေမည် ဖြစ်သည်။ သို့ရာတွင် ကမ္ဘာမြေကြီး၏ ဆွဲငင်အားအကျိုးသက်ရောက်မှုကြောင့် ဂျိုင်ယာစကုတ်များ၏ အရပ်မျက်နှာညွှန်ပြမှုသည် အချိန်နှင့်အမျှ ပြောင်းလဲနေရာ အိုင်းစတိုင်း၏ ယေဘုယျနှိုင်းရသီအိုရီမှန်ကန်ကြောင်း သက်သေပြခြင်းပင် ဖြစ်ကြောင်း နာဆာအဖွဲ့က ထုတ်ပြန်သော ကြေညာချက်၌ ဖော်ပြခဲ့သည်။

သိပ္ပံပညာရှင် ဆရာကြီး အိုင်းစတိုင်း ကွယ်လွန်ခဲ့ပြီဖြစ်သော်လည်း ၎င်း၏ စကြဝဠာဆိုင်ရာ အနုမာနမှန်းဆချက်များမှာ သက်ဝင်ရှင်သန်ဆဲ၊ မှန်ကန်ဆဲဖြစ်ကြောင်းကို ဂျီပီဘီစီမံကိန်း၏ ခေါင်းဆောင်ဖြစ်သည့် စတန်းဖို့ဒ်တက္ကသိုလ်မှ ရူပဗေဒပညာရှင် ဖရန်စစ်အဲဗရက်က ချီးမွမ်းထောမနာပြုခဲ့ပေသည်။

### ❒ ဘဝအစ စာသင်ခန်းမှ

"ဒီမယ် အိုင်းစတိုင်း၊ စာမသင်ချင်ရင် အခန်းထဲကထွက်သွားလိုက်။ မင်းမရှိတာဟာ အားလုံးအတွက်အကောင်းဆုံးပဲ"

ဟု ဆရာကပြောလိုက်ရာ အိုင်းစတိုင်းက -

"ကျွန်တော်ဘာများလုပ်မိလို့လဲ ဆရာ"

ဟု ပြန်မေးလိုက်သည်။

"ဘာမှမလုပ်လို့ပြောနေတာပေါ့ကွ။ စာသင်တာကို မထေမဲ့မြင်လုပ်နေတာဟာ တစ်တန်းလုံးကို ဖျက်ဆီးနေတာ၊ အရိုအသေတန်အောင်လုပ်နေတာပဲ မဟုတ်လား"

ဆရာသည် ဒေါသအမျက်ချောင်းချောင်းထွက်ကာ အိုင်းစတိုင်းကို အခန်းထဲမှဆွဲထုတ်သွားခဲ့သည်။ စာသင်ခန်းရှေ့၌ ဆရာက စာသင်လျက်ရှိစဉ် အိုင်းစတိုင်းက မှိုင်တိုမှိုင်တိုင် သုန်သုန်မှုန်မှုန်မျက်နှာထားနှင့် ငေးချင်ရာငေး တွေးချင်ရာတွေးနေသောကြောင့် ဆရာက ဒေါသထွက်ခဲ့ခြင်းပင် ဖြစ်သည်။

အိုင်းစတိုင်းကို ခပ်ထိုင်းထိုင်း၊ ခပ်



www.burmeseclassic.com

www.burmeseclassic.com




**အိုင်းစတိုင်း၏လက်ပုံစံ**

ထုံထုံ ခပ်ပျင်းပျင်း ခပ်ညံ့ညံ့ဟူ၍အခန်းဖော်များက ထင်မြင်ခဲ့ကြသည့်အပြင် ဆရာများကလည်း -

"ဟေ့ - ငပျင်းကြီး၊ ထုံထိုင်းကြီး"

ဟူ၍ ပြောင်လှောင်ပြက်ရယ်ပြုခဲ့ကြသည်။

စင်စစ် အိုင်းစတိုင်းသည် ပျင်းရိလေးလံစွာထိုင်၍ မှိုင်တိမှိုင်တိုင်နှင့် ငေးချင်ရာငေး၊ တွေးချင်ရာတွေးနေခြင်း မဟုတ်။ ဘာသာစကားနှင့် သမိုင်းဘာသာရပ်တို့တွင် စိုးစဉ်းမျှ စိတ်ဝင်စားမှုမရှိခြင်းပင် ဖြစ်သည်။ သူစိတ်ဝင်စားသည်က ဂဏ္ဍဝင်စာပေနှင့် သင်္ချာဘာသာရပ်။

အိုင်းစတိုင်းကို ထူးခြားသော ပါရမီရှင်တစ်ဦးဖြစ်လာမည်ဟု မည်သူမျှမထင်။ တင်ကြိုအကဲခတ်၍ကြိုကျယ်မြင့်မြတ်သော ရူပဗေဒပညာရှင်တစ်ဦး ဖြစ်လာလိမ့်မည်ကို မဆိုထားနှင့် မိဘနှစ်ပါးကပင် စမ်းကျပ်ပြည့်ပါ့မလားဟူ၍ စိုးရိမ်စိတ်တွေဝင်ခဲ့ကြသည်။ ငယ်စဉ်က စကားပြောတတ်ရန်ပင် ခက်ခဲစွာသင်ပေးခဲ့ရသော အိုင်းစတိုင်း။

အိုင်းစတိုင်းသည် စာသင်ကျောင်း၊ စာသင်ခန်းနှင့် ကျောင်းပရိဝုဏ်တို့တွင် မွေ့လျော်ခံစားမှုမရှိ။ ခါးခါးသီးသီးမုန်း၏။ ဘောင်ခတ်ထားသော သင်ရိုးညွှန်းတမ်းဖြင့် တင်းကျပ်စွာ သင်ချင်ရာသင်နေသော သင်ကြားမှုနည်းစနစ်ကိုသော်လည်းကောင်း၊ မိမိသင်ကြားလိုသော ဘာသာရပ်ကို သင်ခွင့်မရဘဲ စစ်သင်တန်းကဲ့သို့ နောက်မှနေ၍ တမောင်းတည်းမောင်းနေသော သင်ကြားရေးကိုလည်းကောင်း မကျေနပ် မနှစ်မြို့။

ငယ်ရွယ်စဉ် စာသင်ခဲ့ရပုံနှင့် စပ်လျဉ်း၍ နောင်ကြီးပြင်းလာသော အခါတွင် အိုင်းစတိုင်းက -

"ဆရာတွေက ရိုက်နှက် ကြိမ်းမောင်း ခြောက်လှန့်ပြီးကြောက်စိတ်တွေဝင်လာအောင် လုပ်နေတဲ့နည်းလမ်းတွေဟာ တကယ့်ကိုဆိုးလွန်းလှပါတယ်။ ဒီလုပ်ရပ်တွေဟာ တပည့်လေးတွေရဲ့ ရိုးသားဖြူစင်တဲ့စိတ်၊ မိမိကိုယ်ကိုမိမိ အားကိုးချင်တဲ့စိတ်လေးတွေကို ဖျက်ဆီးပစ်လိုက်ကြတာပဲ"

ဟု ပြောလေ့ရှိသည်။

အိုင်းစတိုင်းငယ်စဉ်က အိမ်နီးချင်းကလေးများနှင့်အတူ ဘော်လီဘော ကစားခြင်း၊ စစ်တိုက်တမ်း စစ်သားလုပ်တမ်းကစားခြင်းမျိုးတို့ကို စိုးစဉ်းမျှ စိတ်ဝင်စားခြင်းမရှိ။ ကစားဝိုင်းကို ကျောခိုင်းကာ ဝေးရာသို့သွား၍ တစ်ဦးတည်းနေလေ့ရှိ၏။ ပုရွက်ဆိတ်ငယ်လေးများ အုံကျင်းဖွဲ့ကာ တစ်နေရာမှ တစ်နေရာသို့ သွားလာလှုပ်ရှားနေပုံတို့ကို နာရီပေါင်းများစွာ ထိုင်ကြည့်နေလေ့ရှိသည်။ တစ်ခါတစ်ရံ ကြက်ခြံထဲသွား၍ အသံတစာစာနှင့် အစာတောင်းနေသော ကြက်ပေါက်စလေးများနှင့် နွေးထွေးစွာ နေရင်း အချိန်ကုန်လေ့ရှိသည်။


ထူးခြား ဆန်းပြားသော သဘာဝတရားအား စူးစမ်းရာမှအစ ဘဝရေစီးကြောင်းပြောင်းသွားစေနိုင်သည့်ဖြစ်စဉ်တစ်ခုကို အိုင်းစတိုင်း အမှတ်မထင် ရင်ဆိုင်တွေ့ကြုံခဲ့ရသည်။ ထိုစဉ်က သူသည် (၆) နှစ်သားအရွယ်မျှသာ။ တစ်ခုသော နေ့တစ်နေ့၌ ဖခင်ဖြစ်သူက အိုင်းစတိုင်းအား သင်္ဘောသားသုံးသံလိုက်အိမ်မြှောင်ခွက်ငယ်တစ်ခုပေးလိုက်ရာ ထိုနေ့မှစ၍ မျောက်အုန်းသီးရသကဲ့သို့ အသက်ရှူရပ်မတတ် တကြည့်တည်းကြည့်နေရာမှ မဖြေရှင်းနိုင်သော ပြဿနာများ ဆင့်ကဲဆင့်ကဲ ဝင်ရောက်လာရာ နောက်ဆုံးတွင် နှလုံးလေပိတ်ရောဂါပင် ဝင်ရောက်လာတော့သည်။

အိုင်းစတိုင်းအတွက် အတွေးဝင်ပါချာချာလည်၍ အဖြေရှာမရသော ပြဿနာမှာ သံလိုက်အိမ်မြှောင်လက်တံသည် (N) ၊ အမှတ်အသား

တစ်ဖက်တည်း၌သာ အဘယ်ကြော
ဦးတည်လှည့်သွားရပါသနည်းဟူသေ
အချက်ပင် ဖြစ်သည်။

ယင်းအခက်အခဲကို ဦးလေ
ဖြစ်သူ ဂျေကော့ဗ်က လျှပ်စစ်သံလိုက
များ၌ စက်ကွင်းများရှိကြောင်း၊ သံလိုက
များတွင် တောင်ဝင်ရိုးစွန်းနှင့် မြော
ဝင်ရိုးစွန်းရှိကြောင်းတို့ကို ရှင်းပြရာသေ
လည်း မေးခွန်းတစ်ခုကို ဖြေ၍မဆုံး
နောက်ထပ်မေးခွန်းများက ဆင့်ကဲဆ
ကဲ ဝင်ရောက်လာသဖြင့် ဦးလေးဖြစ်သ
ကလည်း 'ဒါကတော့ ဖြစ်တတ်တ
သဘောပဲပေါ့ကွာ' ဟူ၍ ပြောဆိုကာ
ရေငုံနှုတ်ပိတ်နေလိုက်ရတော့သည်။

သို့သော် ဦးလေးဖြစ်သူက မိ
အနေဖြင့် သင်္ချာဘာသာရပ်၌ စိတ်ဝ
စားမှုမရှိသော်လည်း အိုင်းစတိုင
အတွက်ကိုမူ အက္ခရာသင်္ချာစာအု
တစ်အုပ်ဝယ်ပေးလိုက်ရာ ယင်းစာအု
လက်ဝယ် ရောက်ရှိချိန်မှစ၍ စာအု
ထဲရှိ ပုစ္ဆာအားလုံးတို့ကို တစ်နေ့တ
ထိုင်တွက်ပစ်လိုက်သည်။ ဆက်လက်
ဦးလေးဖြစ်သူကပင် ပိုက်သာဂိုရပ်
သီအိုရီများမှတစ်ဆင့် ဂျီဩမေတြ
ပညာကို လေ့လာ လိုက်စားနိုင်ရေ
အတွက် လမ်းဖွင့်ပေးခဲ့သည်။ အိုင်း
တိုင်းသည် ဂျီဩမေတြီ၏ သဘေ
တရားနှင့် သီအိုရီများကို အဖန်ဖ
အထပ်ထပ် နှုတ်တိုက်ကျက်မှတ်က
မေးခွန်းပုစ္ဆာများကိုလည်း သက်သေ
တွက်ပြနိုင်ခဲ့သည်။




**သရုပ်ပြညာလက်ပုံ**



www.burmeseclassic.com

www.burmeseclassic.com

အသက်(၇)နှစ်အရွယ်သို့ ရောက်လာချိန်တွင် ဂီတပညာကို သင်ယူခဲ့ရာ သီချင်းကြီး၊ သီချင်းခန့်၊ ဂန္ထဝင်သီချင်းများ တီးခတ်နိုင်ခဲ့သည်။ နောင်အခါတွင် အိုင်းစတိုင်းသည် တယောကို ပိုမိုကျွမ်းကျင်စွာထိုးနိုင်လာသည်။ မိသားစုဆရာဝန်၏ညီဖြစ်သူ မက်(စ်)က (၂၁) နှစ်ရှိ၍ ဆေးကျောင်းတက်နေချိန် ဖြစ်သည်။ သူက အိုင်းစတိုင်းအတွက် သိပ္ပံပညာနှင့် ဆက်သက်သောစာအုပ်များကို ဝယ်ပေးသည်။ မဟာသမုဒ္ဒရာနှယ်အပြောကျယ်လှသော သိပ္ပံပညာနယ်ကို အိုင်းစတိုင်းသည် ဖွဲကောင်းကောင်းနှင့် လက်ပစ်ကူးလျက်ရှိသည်ကို မက်(စ်) တွေ့မြင်လိုက်ရသောအခါ 'သဘာဝအင်အားစုနှင့် ရုပ်ဓာတ်'အမည်ရှိ စာအုပ်ကိုယူလာပေးပြန်သည်။ ရူပဗေဒပညာရပ်၏ ဖြစ်ပေါ်တိုးတက်မှုသမိုင်းကို ရှင်းလင်းထားသော စာအုပ်ဖြစ်သောကြောင့် ထိုစာအုပ်ကို အိုင်းစတိုင်း ဖတ်ရှုလေ့လာပြီးသည့်နောက်တွင် ပိုမို၍ အဆင့်မြင့်သော ဂျီဩမေထရီသင်္ချာများကို ဆွတ်ယူတက်လှမ်းလာနိုင်ခဲ့သည်။

နောက်မကြာမီကာလအတွင်း၌ အထက်တန်းကျောင်းတစ်ကျောင်းသို့ ပြောင်းရွှေ့ခဲ့ရာ ယင်းကျောင်းသည် လူမှုရေးပညာရပ်များကို ဦးစားပေးသင်ကြားသောကျောင်း ဖြစ်နေသည်။ သင်ရိုးညွှန်းတမ်းကိုကြည့်၍ အိုင်းစတိုင်း စိတ်ပျက်သွားမိသည်။ မိမိအိမ်တွင် မိမိဘာသာ ပညာရပ်များကို ရှာဖွေလေ့လာဖတ်မှတ်နေခြင်းနှင့် နှိုင်းယှဉ်ကြည့်လျှင် ယခုကဲ့သို့ ကျောင်းတက်နေရခြင်းသည် အချိန်ကုန် လူပန်းရုံသက်သက်မျှသာ ဖြစ်သည်ဟု အိုင်းစတိုင်း ထင်မြင်သည်။ စာမေးပွဲအောင်ရုံသက်သက်လောက်နှင့်တော့ အချိန်ဆွဲ၍ ကျောင်းသင်ခန်းစာတို့ကို ကျက်မှတ်နေရန်မလိုဟု ဆိုကာ ကျောင်းစာကိုလည်း ဆက်၍မမှတ်တော့ပေ။

သင်္ချာပညာရပ်ဆိုင်ရာကို ထဲထဲဝင်ဝင် လေ့လာဆည်းပူးလာသည့်ကာလမှစ၍ သင်္ချာပညာက မိမိအား တွေးခေါ်ဆင်ခြင်တုံတရားကို ပြန်လည်သင်ပေးခဲ့သည်ဟု အိုင်းစတိုင်းက ယူဆသည်။ ဆက်လက်၍လည်း ကျောင်းသုံးစာအုပ်တွင်ပါဝင်သောအချက်အလက်တို့သည် ထင်မြင်ချက်တွေလား၊ အမှန်တကယ်တောဖြစ်နိုင်ပါမလားဟူ၍ အိုင်းစတိုင်းသည် ဆင်ခြင်တရားဖြင့် စိစစ်ကြည့်ချင်သောစိတ် ကိန်းဝပ်လာသည်။

❒ ထာဝရဘုရားသခင်နှင့်အိုင်းစတိုင်း

အိုင်းစတိုင်းသည် တစ်ဆင့်တက်၍ ထာဝရဘုရားသခင်ရှိသည်ဟူသော အချက်ကို ကျွန်ုပ်တို့အဘယ်နည်းနှင့် သိနိုင်ပါသနည်း။ စင်စစ် ထာဝရဘုရားသခင် ဟူသည် မည်သည့်နေရာတွင်မျှ မရှိနိုင်ဟူသော အတွေးများ ဆင့်ကဲဆင့်ကဲ ဝင်ရောက်လာသည်။ ထာဝရဘုရားသခင်သည် လူနှင့်တူသယောင်ယောင်ဟူ၍လည်း သမ္မာကျမ်းစာတွင် ဆိုထားသည်။ ဧဒင်ဥယျာဉ်တွင် ထာဝရဘုရားသခင် လမ်းလျှောက်နေသော ခြေသံကို အာဒမ်နှင့် ဧဝတို့က ကြားနေရသည်ဟု ဆိုထားပြန်သည်။ ထိုအချက်ကို မိမိအနေဖြင့် စိုးစဉ်းမျှလက်မခံနိုင်။ ယုတ္တိရှိမှ လက်ခံနိုင်မည်။ သက်သေအထောက်အထားရှိမှ ယုံကြည်နိုင်မည်။ သဘာဝလောကဓာတ်သိပ္ပံစနစ်တွင် လူ၏မူလအစနှင့်ပတ်သက်၍ ထာဝရဘုရားသခင်ဟူ၍လည်းကောင်း၊ အာဒမ်နှင့် ဧဝဟူ၍လည်းကောင်း သီးခြားဖော်ပြထားချက်မရှိ။ စင်စစ် သမ္မာကျမ်းစာသည် ယုတ္တိတန်သော၊ အထောက်အထားအချက်အလက်မှန်သောစာအုပ် မဟုတ်တန်ရာ။ ယင်းစာအုပ်၌ပင် မိုးဇက်သည် ကျောက်တုံးမှ ရေရအောင်လုပ်ယူသည်။ ဂျိုနာသည် ဝေလငါးဝမ်းဗိုက်ထဲ၌ ဝင်နေသည်ဟု ဆိုထားပြန်သည်။ အိုင်းစတိုင်းအနေဖြင့် ထိုစကားတို့သည် စိုးစဉ်းမျှမဖြစ်နိုင် ဟူ၍ ရင်ထဲတွင် စွဲမြဲစွာမှတ်ယူလိုက်သည်။ ထိုစဉ်က အိုင်းစတိုင်းအသက်မှာ အသက်ဆယ့်တစ်နှစ်သားအရွယ်မျှသာ။

အလင်းရောင်ဖျော့တော့လျက်ရှိသော ဖန်မီးအိမ်ကို ငြိမ်းသတ်တာ အမှောင်ထုထဲတွင် အချိန်တန်ကြာမှ တစ်ဦးတည်းထိုင်၍ စိတ်အစဉ်ကို အဝေးသို့ ကစဉ့်ကလျား ပျံ့လွင့်မသွားစေရန် တည်ငြိမ်စွာ စုစည်းထားလိုက်သည်။ အပြင်တွင် လေတိုးသဖြင့် သစ်ရွက်မြည်သံကိုပင် တဖျတ်ဖျတ်ကြားနေရ၏။ အရှေ့ ဘက်မိုးကောင်းကင်တွင် လမင်းကြီးမှာ ထိန်ထိန်သာလျက်၊ ဩကာသလောကကြီးကား လှမြလှပလျက်ရှိသည်။ ဤကမ္ဘာမြေတွင် ထာဝရဘုရားသခင်သာမရှိခဲ့လျှင် မြင်းဇောင်းမှ လွတ်လိုက်သော မြင်းတစ်ကောင်နှယ် အကွပ်မဲ့အထိန်းမဲ့ တိမ်းစောင်းသွားနိုင်ဖွယ်ရှိသည်မဟုတ်လား။ ယခုမူကား အရာအားလုံးတို့သည် သဘာဝတရားအတိုင်း သူ့နေရာနှင့်သူ အဆင်သင့်

လျက်ရှိနေပေသည်။ ထိုညမှစတင်၍ အိုင်းစတိုင်းသည် အိပ်ရာဝင်တိုင်းတွင် ဘုရားစာမရွတ်တော့ပေ။

"ကျုပ်ဘဝမှာ အဲဒီအချိန်ကစပြီး ဘာသာရေးအယူသီးမှုတွေ ကင်းပြီး လွတ်လပ်စွာ တွေးခေါ်တတ်တဲ့ အလေ့အကျင့်တွေ စွဲမြဲလာခဲ့တယ်။ ငယ်စဉ်ကာလက လှည့်စားခံခဲ့ရတဲ့ အယူအဆတွေလည်း ရင်ထဲမှာပျောက်မသွားဘူး၊ ဘယ်ကျမ်းစာ၊ ဘယ်ဘုန်းကြီး၊ ဘယ်လိုပုဂ္ဂိုလ်တွေက ဘယ်လိုပဲပြောပြော သံသယတော့ဖြစ်မိတာပဲ။ ဘယ်လောက်ထိဖြစ်လာသလဲဆိုရင် လူတိုင်း လက်ခံယုံကြည်ထားတဲ့ ထင်သာမြင်သာတဲ့ အချက်တွေကိုတောင် သံသယစိတ်တော့ နည်းနည်းဝင်မိသေးတယ်။ငယ်စဉ်ကရှိခဲ့တဲ့ ဘာသာတရားဆိုတဲ့ နိဗ္ဗာန်ဆိုတာလည်း ခုတော့ ပျောက်သွားပါပြီ။ အဲဒီအယူအဆတွေကပဲ ကျုပ်ကိုယ်ကျုပ် အားကိုးပြီး အသက်ရှင်နိုင်တဲ့ဘဝရောက်အောင် လုပ်ဆောင်လိုက်တာပါ"

ဟု အိုင်းစတိုင်းက ငယ်ရွယ်စဉ်ကလေးဘဝက အတွေ့အကြုံခံစားမှုကို နောင်ကြီးပြင်းလာသောအခါ ပြန်ပြောလေ့ရှိသည်။

အိုင်းစတိုင်းသည် ဂျာမန်တွေးခေါ်ပညာရှင် အင်မင်နျူဝယ်ကန့်၏ 'စစ်မှန်သော ဆင်ခြင်ဉာဏ်ကို ဝေဖန်ဆန်းစစ်ခြင်း' အမည်ရှိကျမ်းကို လည်းကောင်း၊ ဗုဒ္ဓအကြောင်း၊ ခရစ်တော်၊ တမန်တော်များ၊ မိုးဇက်၊ ကွန်ဖြူးရှပ်၊ ဆိုကရေးတီး၊ အာရစ္စတိုတယ်၊ စပင်နိုဇာ၊ ဖော်လတိုင်းယား၊ ရှိုပင်ဟောင်းဝါးစသည်တို့အကြောင်းကို စိတ်ဝင်တစားလေ့လာဖတ်မှတ်သည်။ သို့သော် မိမိစိတ်ကို ညှို့ယူဖမ်းစားနိုင်လွန်းသောဘာသာရပ်မှာ ဂျီဩမေထရီပညာရပ်နှင့် ရူပဗေဒသိပ္ပံပညာရပ်ဆိုင်ရာစာအုပ်များသာ ဖြစ်သည်ကို သိလိုက်ရာတွင်-

အိုင်းစတိုင်း အသက် (၁၅) နှစ်ပြည့်သော နေ့ရက်အတွင်း -

"ခုလောလောဆယ်တော့ မင်းအမေရယ်၊ ငါရယ်၊ မာဂျာရယ်ပဲ ပြောင်းသွားဦးမယ်။ မင်းကတော့ တစ်နှစ်လောက်ဒီမှာပဲနေပြီး တက္ကသိုလ်ရောက်မှ မီလန်ကို ပြောင်းလာပေါ့"

ဟု ဆိုကာ အီတလီတောင်ပိုင်းရှိ မီလန်မြို့သို့ မိသားစုအားလုံး ပြောင်းရွှေ့သွားခဲ့ကြသည်။

အိုင်းစတိုင်းမှာမူကား မိမိနှင့်ကွမ်းဝင်ရင်းနှီးမှုမရှိသော အဘွားကြီးတစ်ဦး



www.burmeseclassic.com

www.burmeseclassic.com

၏ အိမ်ခန်းကျဉ်းကျဉ်းလေးတစ်ခုတွင် ဘော်ဒါအဖြစ်နေခဲ့ရသည်။ မျူနစ်အကျဉ်းထောင်လှောင်ချိုင့်မှ လွတ်မြောက်ရန်အတွက် မက်(စ်) အစ်ကိုဖြစ်သူ ဆရာဝန်ထံမှ အဆုတ်ရောဂါဝေဒနာကြောင့် ခြောက်သွေ့သောဒေသ၌နေသင့်ကြောင်း ဆေးလက်မှတ်ထောက်ခံစာတစ်စောင် မရရအောင် တောင်း၍ ကျောင်းအုပ်ဆရာကြီးထံ ကျောင်းထွက်လက်မှတ်နှင့် သင်္ချာဘာသာရပ်အတွက် ထောက်ခံပေးရန်တောင်းဆိုရာ ကျောင်းအုပ်ဆရာကြီးသည် အပြောအဆိုခက်သည့် ကလေးတစ်ယောက် ဖြစ်လင့်ကစား သင်္ချာထူးချွန်မှုကိုကား အသိအမှတ်မပြုဘဲနေ၍မရသဖြင့် အိုင်းစတိုင်းဆန္ဒကို ဖြည့်ဆည်းပေးလိုက်သည်။

စင်စစ် အိုင်းစတိုင်းသည် သင်္ချာဘာသာရပ်တွင် (၁၅) နှစ်သားအရွယ်ကပင် အင်တီဂရယ်၊ ကာကုလက်(စ်) တို့ကို ကျေကျေညက်ညက် တွက်ချက်ပြီးလေပြီ။ သို့သော် သူ့အခန်းဖော်ကျောင်းသူကျောင်းသားများမှာမူကား အသမတန်းဂဏန်းသင်္ချာလောက်ကိုသာ တွက်ချက်သင်ယူနေရဆဲ။

၁၈၉၅ ခုနှစ်၏ နွေနှောင်းရာသီကုန်လုဆဲအချိန် အိုင်းစတိုင်း၏ ဖခင် ဟားမင်းအိုင်းစတိုင်းခမျာ ၎င်း၏အစ်ကိုတော်တစ်ဦးထံ အိုင်းစတိုင်း၏ပညာရေးအတွက် တစ်လလျှင် ဒေါ်လာနှစ်ဆယ် ထောက်ပံ့ပေးရန် အကူအညီတောင်းခံခဲ့ရသည်။ ယင်းကဲ့သို့ ကူညီရန်တောင်းခံရခြင်းမှာ အိုင်းစတိုင်း၏ ဖခင်သည် စီးပွားပျက်သွားသောကြောင့် ဖြစ်သည်။

အိုင်းစတိုင်းသည် ဂျာမနီသို့မပြန်လို။ သို့ဖြစ်၍ ဆွစ်ဇာလန် ဇူးရစ်မြို့ရှိ စက်မှုလက်မှုအကာယ်ဒမီကျောင်းဝင်ခွင့်လျှောက်ရာ သက်ဆိုင်ရာ စာစစ်သူများက အိုင်းစတိုင်း၏သင်္ချာအရည်အချင်းကို သိရှိသွားကြသော်လည်း တိုက်ရိုက်ဝင်ခွင့်မပေးဘဲ အားရောဝီဇာဘာသာကျောင်းကိုသာ ဝင်ခွင့်ပေးလိုက်သည်။ ထိုမှတစ်ဆင့် အိုင်းစတိုင်းသည် စက်မှုလက်မှုအကာယ်ဒမီသိပ္ပံကျောင်းသို့ဝင်ခွင့်ရသွားသည်။ ထိုကျောင်းတက်နေစဉ်ကာလ၌ပင် သင်္ချာဘာသာရပ်တွင် ထူးချွန်ထက်မြက်သော မီလီဗာနှင့် ခင်မင်ရင်းနှီးခွင့်ရခဲ့သည်။ နောက်ဆုံးနှစ်သို့ရောက်သောအခါတွင်မူ တစ်ဦးနှင့်တစ်ဦး သံယောဇဉ်နှောင်ဖွဲ့ကာ ချစ်ကျွမ်းဝင်မိကြလေသည်။

၁၉၀၀ ပြည့်နှစ်၏ နွေဦးအစတွင် ဇူးရစ်မြို့ စက်မှုလက်မှုသိပ္ပံအကာယ်ဒမီကျောင်းမှ သိပ္ပံဘွဲ့ကို အိုင်းစတိုင်း ရရှိခဲ့သည်။ ထိုစဉ်က သူ့အသက်မှာ (၂၁)နှစ်ပြည့်ခဲ့လေပြီ။ ဘွဲ့ရပြီးဖြစ်သော်လည်း အလုပ်လက်မဲ့ဘဝ၌ပင် ရှိသေးသည်။ အလုပ်ရှာဖွေလျက်ရှိသော်လည်း လွယ်ကူစွာ အလုပ်ရရန်မလွယ်သောခေတ်။ သို့သော်လည်း စားဝတ်နေရေးအတွက် အလုပ်တစ်ခုတော့ မဖြစ်မနေလုပ်မှဖြစ်တော့မည်။ သို့ဖြစ်၍ ဖိနပ်ချုပ်အလုပ်ကိုသော် လည်းကောင်း၊ သို့မဟုတ် မီးပြတိုက်စောင့်အလုပ်ကိုသော်လည်းကောင်း လုပ်ရလျှင်ကောင်းမည်လားဟု စဉ်းစားမိသည်။ ယင်းအလုပ်နှစ်မျိုးသည် မိမိအတွက် တွေးတောစိတ်ကူးရန် အချိန်ပိုရရှိနိုင်မည်ဟု စဉ်းစားမိခြင်း ဖြစ်သည်။ သို့သော် ထိုအလုပ်နှစ်မျိုးစလုံးပင် လက်တွေ့တွင် မဖြစ်နိုင်။ အိုင်းစတိုင်းနှင့် ထိုက်တန်သော အလုပ်မျိုးကိုသာလုပ်သင့်သည်ဟု မီလီဗာက ဆိုသည်။ သို့သော် အလုပ်ရရန် မလွယ်သောကြောင့် ရနိုင်သည့်အလုပ်ကိုသာလုပ်ရမည်ဟု အိုင်းစတိုင်း စိတ်ကူးမိသည်။

## ❒ စုတ်ဆွဲခြင်းနိယာမ

'ဖန်ခွက်တစ်ခွက်ထဲကို ရေထည့်လိုက်သောအခါ ရေ၏မျက်နှာပြင်သည် ညီညာပြန့်ပြူးနေသော်လည်း ဖန်ခွက်နှုတ်ခမ်းသားနှင့်ထိနေသော အပိုင်းကမူ ဖန်ခွက်ပြင်နံရံများကို ချိတ်ဆွဲနေသည်ကို တွေ့ရမည်။

ဤကား စုတ်ဆွဲခြင်းသဘော ဖြစ်သည်။ ပို၍ရှင်းအောင်ပြရလျှင် မီးအိမ်ထဲမှ ရေနံဆီကို မီးစာကစုတ်ဆွဲခြင်းမျိုး၊ မင်တစ်စက်ကို မြေဖြူခဲနှင့်တို့လိုက်သောအခါ မြေဖြူက စုတ်ဆွဲယူလိုက်ခြင်းမျိုး ဖြစ်သည်'

ဟု အိုင်းစတိုင်းက ဆိုသည်။

အိုင်းစတိုင်း အလုပ်ရှာဖွေနေစဉ် ဇူးရစ်မြို့ (ZURICH) ရှာသီဥတုနက္ခတ်တာရာမျှော်စင်တွင် အလုပ်ရလိုက်သည်။ ကိန်းဂဏန်းများတွက်ရန်အတွက် သူ့အား အလုပ်ခန့်ခြင်း ဖြစ်သည်။ သို့သော် ယာယီအလုပ်မျှသာ ဖြစ်သည်။ ၎င်းနောက် ခြောက်လအကြာလောက်တွင် အလုပ်သစ်တစ်ခုကို ထပ်မံရလိုက်ပြန်သည်။ ဝင်တာသာမြို့ရှိ စက်မှုကျောင်းတစ်ကျောင်းမှ ခွင့်ယူသွားသော ပါမောက္ခတစ်ဦး၏နေရာတွင် အစားထိုးခေတ္တဝင်ရောက် အမှုထမ်းခြင်း ဖြစ်သည်။ ဇူးရစ်အနီးရှိ ဝင်တာသာမြို့၌ စက်မှုကျောင်းတွင် အမှုထမ်းနေ[စဉ်]
စုတ်ဆွဲခြင်းနိယာမနှင့် ပတ်သက်သေ[ာ]
စာတမ်းတစ်စောင်ကို ရေးသားခဲ့[ပြီး]
ယင်းစာသားကို ဂျာမန်ဘာသာနှင့် [ရ]
အုပ်ထုတ်ဝေသော ရူပဗေဒမဂ္ဂဇင်းတ[ွင်]
ဖော်ပြခဲ့သည်။ ၁၉၀၁ ခုနှစ်တွင် ဆွ[စ်]
ဇာလန်နိုင်ငံသားအဖြစ်ခံယူပြီး အခွ[င့်]
ရောက်သူတိုင်း ဆွစ်တပ်မတော်တွ[င်]
စစ်မှုထမ်းရလေ့ရှိရာ အိုင်းစတိုင်းသ[ည်]
လည်း (၃) လသာ စစ်မှုထမ်းရန်အတွ[က်]
လျှောက်ထားရာ ကံအားလျော်စွ[ာ]
ဝင်ခွင့်ရလိုက်သည်။

သို့သော် စစ်သားစုဆောင်းရေ[း]
ဌာနတွင် ဆေးစစ်ခံယူရာ၌ အိုင်းစတို[င်း]
၏ ကြုံလှီသေးကွေးသော ခန္ဓာကို[ယ်]
ကိုကြည့်၍ စစ်မှုထမ်းရန်မသင့်[ကြောင်း]
အကြောင်းပြပယ်ချလိုက်သည်။

ထိုအခါ အိုင်းစတိုင်းက -

"ကျွန်တော် ဘာမှမဖြစ်ပါဘူ[း]
ကျန်းမာရေးကောင်းပါတယ်ဗျ"

ဟု ဆင်ခြင်ပေးလိုက်ရာ -

"တို့ဆီမှာ လိုအပ်နေတဲ့စစ်သာ[း]
အရေအတွက်ကိုဖြည့်ဖို့အတွက် သန်မ[ာ]
ထွားကျိုင်းတဲ့ စစ်သားလောင်းတွေဟ[ာ]
လိုအပ်တာထက်တောင်ပိုနေသေးတယ်"

ဟု ပြန်ပြောလိုက်သည်။

စစ်ထဲသို့ဝင်ခွင့်မရသည့်အတွ[က်]
အိုင်းစတိုင်း အလွန်စိတ်ထိခိုက်သွ[ား]
သည်။

ယင်းအဖြစ်ကို မြင်တွေ့ရသေ[ာ]
မီလီဗာက-

"အရင်က စစ်ထဲဝင်ရမှာစိုး[လို့]
မြူနစ်(စ်)က ထွက်ပြေးလာတာ မဟုတ်
လား။ အခုတော့ စစ်ထဲမဝင်ရလို့ စိ[တ်]
ထိခိုက်နေတယ်ဟုတ်လား၊ ရှင်ဟာ[လေ]
အတော့်ကိုခက်တဲ့လူပဲ"

ဟု ဆိုလိုက်ရာ -

"မဟုတ်သေးဘူး မီလီဗာ၊ မဟုတ်
သေးဘူး။ ဆရာဝန်က ကိုယ့်ကို ပယ်[ချ]
ဖို့အခွင့်အရေးမရှိဘူးလို့ ကိုယ်ထင်တယ်"

ဟု အိုင်းစတိုင်းက ဆိုသည်။

၁၉၀၂ ခုနှစ် နွေရာသီ၏တစ်[နေ့]
သော နေ့တစ်နေ့တွင် ဘန်းမြို့ရှိ အစိုး[ရ]
စက်ပစ္စည်းတီထွင်မှုစက်ရုံတွင် စိစစ်ရေ[း]
မှူးရာထူးကို အိုင်းစတိုင်း လက်ခံရ[ရှိ]
လိုက်သည်။ ၁၉၀၃ ခုနှစ်၊ ဇန်နဝါရီ[လ]
တွင် အိုင်းစတိုင်းနှင့် မီလီဗာတို့လက်ထ[ပ်]
လိုက်ပြီးနောက် 'အားမြစ်ကမ်းပေါ်[ရှိ]
အိမ်ကလေးကို ငှားရမ်းနေထိုင်လိုက်ပြ[န်]
သည်။

အိုင်းစတိုင်းသည် နေ့စဉ်နံနက်



www.burmeseclassic.com

www.burmeseclassic.com

တိုင်း အခြား ဆွစ်အမျိုးသား စာရေးစာချီအလုပ်သမားများကဲ့သို့ ဈေးအချိုဆုံးဝတ်စုံကလေးဝတ်ဆင်ကာ နေ့လယ်စာအတွက် ပေါင်မုန့်ထောပတ်သုတ်လေးနှစ်ချပ်၊ သုံးချပ်ကို စက္ကူအိတ်ကလေးတွင်ထည့်ကာ ချိုင်းကြားညှပ်၍ နေ့စဉ်သယ်သွားရှာသည်။

## ရီလေတီဗတီသီအိုရီ

၁၉၀၄ ခုနှစ်၊ မေလတွင် ဆွစ်ဇာလန်နိုင်ငံ ဘန်းမြို့၌ ဟင်အဲလဗတ် အမည်ရသောသားဦးရတနာ ထွန်းကားခဲ့သည်။ သားဦးရပြီး မရှေးမနှောင်း၌ပင် အိုင်းစတိုင်းအား ကမ္ဘာကျော်သွားစေမယ့် ရီလေတီဗတီ (RELATIVITY THEORY) 'သဘာဝလောက၏ အညမည ဖြစ်စဉ်သဘောတရား' ကို မွေးဖွားသန့်စင်ခဲ့လေသည်။ ၎င်းနောက် အိုင်းစတိုင်းသည် စာတမ်းတစ်စောင်ကိုပြုစုခဲ့သည်။ ယင်းစာတမ်းမှာ မော်လီကျူး၏ အရွယ်ပမာဏများဖြည့်စွက်ချက်နည်းလမ်းသစ် (A NEW DETERMINATION OF MOLECULAR DIMENSIONS) ဟူသောစာတမ်း ဖြစ်သည်။ ထိုစာတမ်းဖြင့် ဇူးရစ်တက္ကသိုလ်မှ ဒေါက်တာဘွဲ့ကို အိုင်းစတိုင်း ရယူနိုင်ခဲ့သည်။

နောက်စာတမ်းတစ်စောင်မှာ ရူပဗေဒသဘောတရားကို တော်လှန်လိုက်သည့် ကွမ်တမ်သီအိုရီ (QUANTUM THEORY) ဖြစ်သည်။ ယင်းစာတမ်းတစ်စောင်နှင့်ပင် အိုင်းစတိုင်းကို ရူပဗေဒပညာရှင်အဖြစ်သို့ ပို့ဆောင်ပေးနိုင်ခဲ့ပေသည်။

၁၉၁၀ ပြည့်နှစ်၊ ဇူလိုင်လတွင် အိုင်းစတိုင်းနှင့် မီလီဗာတို့တွင် အက်ဒဝပ် အမည်ရသည့် ဒုတိယမြောက်သားရတနာ ထွန်းကားခဲ့ပြန်သည်။ အိုင်းစတိုင်းသည် ဇူးရစ်တွင် လက်ထောက်ပါမောက္ခရာထူးဖြင့် တစ်နှစ်အမှုထမ်းဆောင်ပြီးနောက် ပရတ်ဂ်မြို့ရှိ ဂျာမန်တက္ကသိုလ်တစ်ခုက ပါမောက္ခရာထူးအတွက် ကမ်းလှမ်းလာသည့်ရာထူးမှာ လက်တွေ့ ရူပဗေဒပညာရပ်ဆိုင်ရာ ပါမောက္ခရာထူးပင် ဖြစ်သည်။ ယင်းရာထူးကို အိုင်းစတိုင်းက လက်ခံလိုက်ပြီး တက္ကသိုလ်ကပေးသောအိမ်သို့ ရွှေ့ပြောင်းခဲ့သည်။ ကျယ်ဝန်းသောအိမ်အပြင် အိမ်ဖော်တစ်ဦးကိုလည်း သက်ဆိုင်ရာက အကူအပံ့သဘောအဖြစ် ဆက်လက်၍ပေးပြန်သည်။ ပါမောက္ခရာထူးကို ထမ်းဆောင်၍ တစ်ဖက်တွင်လည်း 'ဆွဲဆောင်ခြင်းနှင့်အချိန်သဘောတရား' ကို ရေးသားကာ ရူပဗေဒမဂ္ဂဇင်းတွင် ဖော်ပြခြင်းခံရသည်။ ထူးခြားချက်တစ်ခုမှာ ယင်းဆောင်းပါး၏အဆုံးသတ်တွင် '၎င်းဆောင်းပါးတွင် ဖော်ပြထားသော ပြဿနာများမှာ မပြည့်စုံသေးသော မူကြမ်း၊ အတွေးအမြင်များပင်ဖြစ်ကြစေကာမူ နက္ခတ်ပညာရှင်ကြီးများက နှလုံးသွင်း၍ အလေးအနက်ထားကြည့်ထိုက်လေသည်' ဟူသော သမိုင်းတွင်ကျန်ရစ်မည့် ဖြည့်စွက်ချက်ပင် ဖြစ်ပေသည်။

၁၉၁၃ ခုနှစ်အကုန်လောက်တွင် အိုင်းစတိုင်းအား ပရုရှင်းသိပ္ပံအကယ်ဒမီတွင် ရာထူးတစ်ခုလက်ခံရန် ကမ်းလှမ်းလာသည်။ အကယ်၍ ထိုအကယ်ဒမီတွင် လုပ်ကိုင်ခဲ့ပါက စာသင်ပေးရန်မလိုဘဲ သုတေသနရှာဖွေမှုလုပ်ငန်းတစ်ခုတည်းအတွက် လစာကောင်းကောင်းပေးမည်ဟုလည်း ဆိုလေသည်။ အသက် (၃၄) နှစ်မျှသာ ရှိသေးသော ရူပဗေဒပညာရှင်တစ်ယောက်အတွက် ကမ်းလှမ်းလာသော အခွင့်အရေးကား စိတ်ဝင်စားစရာအတိပင် ဖြစ်သည်။ ဥရောပတစ်ခွင်အတွက် အထင်ကြီးဖွယ်၊ အထင်ကြီးစရာ ဂုဏ်ယူဖွယ်ရာရာထူးပင် ဖြစ်သည်။ အိုင်းစတိုင်းသည် ယင်းရာထူးကို လက်ခံပြီးသည့်နောက် ၎င်းဆွဲဆောင်ခြင်းနိယာမအတွက် အချိန်ပြည့်ပင် အလုပ်လုပ်နိုင်သောအခွင့်အရေးကို ရရှိခဲ့လေသည်။

၁၉၁၇ ခုနှစ်၏ နှစ်ဦးပိုင်းကာလတွင် အိုင်းစတိုင်း၏ကျန်းမာရေး ယိုယွင်းစပြုလာသည်။ အစာအိမ်အချဉ်ပေါက်သောရောဂါလား သို့မဟုတ် မည်သည့်ရောဂါများ ဖြစ်နိုင်သည် ဟူ၍လည်း ဆရာဝန်များက တိကျစွာ ဆုံးဖြတ်ချက်မပေးနိုင်ပေ။ အိုင်းစတိုင်း၏ ခန္ဓာကိုယ်သည် အတော်ပင် ပိန်ချုံးကျသွားကာ ပေါင် (၅၀) ခန့် ပေါင်ချိန်ထိုးကျသွားသည်။ သို့သော် ၁၉၁၇ ခုနှစ် နှစ်ဆုံးပိုင်းကာလသို့ ရောက်သောအခါတွင်မူ ကျန်းမာရေးပြန်လည်ကောင်းမွန်ကာ လူကောင်းပကတိအနေအထားသို့ရောက်လာခဲ့သည်။

အိုင်းစတိုင်း နေထိုင်မကောင်းဖြစ်စဉ်က ကလေးနှစ်ယောက်အမေ မုဆိုးမဖြစ်သူ အယ်(လ်) ဆာက အိုင်းစတိုင်း၏ အိပ်ရာဘေးတွင်ထိုင်ကာ တစ်နေကုန်တစ်နေခန်း အနှံ့တာခံပြုစုစောင့်ရှောက်ခဲ့သည်။ ၎င်းနောက် အိုင်းစတိုင်းသည် မီလီဗာနှင့် ကွာရှင်းပြတ်စဲကာ အယ်(လ်)ဆာနှင့် တရားဝင်လက်ထပ်လိုက်သည်။ ၁၉၁၉ ခု၊ ဖေဖော်ဝါရီ ၁၄ ရက်တွင် မီလီဗာနှင့် တရားဝင်ကွာရှင်းပြတ်စဲခဲ့သည်။ ၁၉၁၉ ခုနှစ် ဇွန်လ ၂ ရက်နေ့တွင် အယ်(လ်)ဆာနှင့် တရားဝင်လက်ထပ်ခဲ့သည်။

၁၉၂၀ ပြည့်နှစ်တွင် မိခင်ကြီးအား ဆွစ်ဇာလန်မှ ဘာလင်သို့ အိုင်းစတိုင်း ခေါ်ယူခဲ့သည်။ မိခင်ကြီးသည် မကြာခဏ ဖျားနာကာ ကျန်းမာရေးကျဆင်းစပြုလာသည်။ ထိုနှစ်၌ပင် မိခင်ကြီးသည် ဘာလင်တွင် ကွယ်လွန်သွားခဲ့ရရှာသည်။ အိုင်းစတိုင်းသည် မိမိလက်ပေါ်တွင် မိခင်ကြီး ဆုံးပါးသွားသဖြင့် စိတ်ထဲတွင် အလွန်ပင် ပူဆွေးကြေကွဲခဲ့ရသည်။ အိုင်းစတိုင်းအနေဖြင့် မိမိလက်ပေါ်တွင် ဘဝတစ်ပါးသို့ ဆုံးပါးသွားရရှာသော မိခင်အတွက် လွန်စွာစိတ်ထိခိုက်ကာ ရင်ကွဲလုမတတ် ပူဆွေးသောကရောက်ခဲ့ရသည်။

အိုင်းစတိုင်းသည် အမေရိကန်ပြည်ထောင်စုသို့ ခရီးလှည့်လည်နေစဉ်အတွင်း နယူးယောက်မြို့ ကိုလံဘီယာ တက္ကသိုလ်သို့ ရောက်ရှိသွားသောအခါ ရီလေတီဗတီ (RELATIVIT) အပေါ် အမေရိကန်တို့၏ ထင်မြင်ယူဆချက်များအားလုံးကို ခြုံငုံသုံးသပ်သိရှိလာရသည်။ ကိုလံဘီယာတက္ကသိုလ်မှ ပါမောက္ခများဖြစ်ကြသော ချား(လ်) လိန်းပူးဝါးနှင့် မိုက်ကယ်ပြူတို့သည် ရီလေတီဗတီကို ဝေဖန်တိုက်ခိုက်သူများဖြစ်သည်။ ယင်းပုဂ္ဂိုလ်နှစ်ဦးမှာ အမေရိကန်ပြည် တက္ကသိုလ်ပညာရှင်လောက၏ ထိပ်သီးပုဂ္ဂိုလ်နှစ်ဦးပင် ဖြစ်သည်။

ရီလေတီဗတီနှင့် ပတ်သက်၍ ပါမောက္ခပြူက -

"ဒီပုဂ္ဂိုလ်ကတော့ သဘာဝလောကထဲမှာရှိတဲ့ အမှန်တရားတွေကို သီအိုရီတစ်ခုနဲ့ ကန့်လန့်ကာဖွင့်ပြခဲ့တဲ့ ပုဂ္ဂိုလ်ကျော်ကြီးပေါ့။ ဒီသီအိုရီကတော့ ဟီဗရူးပရောဖက်တွေမှာသာ ရှိနိုင်တဲ့ ထူးဆန်းတဲ့ ဇာတိသရညာဏ်မျိုးနဲ့သာ ဖန်တီးလို့ရတဲ့ သီအိုရီပဲ။ တခြားဘယ်နည်းနဲ့ ဒီသီအိုရီကို ဖန်တီးလို့မရနိုင်ဘူး"

ဟူ၍သော် လည်းကောင်း -

ပါမောက္ခပူးဝါးကမူ -

"အိုင်းစတိုင်းရဲ့ တိကျမှုမရှိတဲ့ ပုံသေနည်းတွေ တစ်ခုနဲ့တစ်ခု ရှေ့နောက်မညီတဲ့ သဘောတရားတွေနဲ့ ဖွဲ့စည်းထားတဲ့ သီအိုရီကို ရီလေတီဗတီ



www.burmeseclassic.com

www.burmeseclassic.com

နာမည်တပ်ပြီး လူတွေကို အပြစ်တွေ အကုသိုလ်တွေတိုးအောင် လုပ်ပေးတဲ့ သီအိုရီပဲ။ ခေတ်သစ်သိပ္ပံပညာအတွက်တော့ ဘယ်လောက်မှ အကျိုးမပြုနိုင်ဘူး”

ဟူ၍ လည်းကောင်း ဝေဖန်အကဲဖြတ်ခဲ့သည်။

ပါမောက္ခပူးဝါး၏ ဝေဖန်ချက်ကို လေ့လာကြည့်သောအခါ အပြုသဘောပါနေသောကြောင့် အိုင်းစတိုင်းအနေဖြင့် သည်းခံနိုင်ခဲ့သည်။ နယူးယောက်မြို့သားတို့က ရီလေတီဗတီကို မကောင်းဘူးဟု ဝေဖန်နေခြင်းသည် စပျစ်သီးချဉ်သည့်ပုံပြင်လို ဖြစ်နေတော့သည်။ အိုင်းစတိုင်းသည် နယူးယောက်မှ ဘာလင်သို့အပြန်ခရီးတွင် လန်ဒန်မြို့သို့ တစ်ထောက်တစ်နားဝင်ခဲ့သည်။ အိုင်းစတိုင်းအဖို့ အင်္ဂလန်သို့ အရဲစွန့်ပြီး ဝင်ခဲ့ခြင်း ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အင်္ဂလိပ်လူမျိုးများသည် ဂျာမနီပြည်ကလူ၊ ဂျာမနီပြည်က ပစ္စည်းဆိုလျှင် အောနှလုံးနာလျက်ရှိသေးသည်။ အိုင်းစတိုင်းသည် လန်ဒန်မြို့ King ဘုရင့်ကောလိပ်တွင် ရီလေတီဗတီ အကြောင်းကို ဟောပြောရသည်။

အိုင်းစတိုင်းသည် ဆွဲဆောင်မှုနိယာမနှင့် လျှပ်စစ်သံလိုက်စက်ကွင်းတို့၏အဆက်ဆက်ကို ရှာဖွေရမည်ဟူသောစိတ်ကူးသည် အိုင်းစတိုင်း၏ ဘဝတစ်ခုလုံးနှင့် ချိန်ဆက်၍ စဉ်းစားရမည့် ပြဿနာဖြစ်လာသည်။ သို့ဖြစ်၍ လောကတစ်ခုလုံးနှင့် အဆက်ဖြတ်ရန် ဆုံးဖြတ်ခဲ့သည်။ အိုင်းစတိုင်းသည် မိမိနောက်သို့ တကောက်ကောက်လိုက်နေကြသောသတင်းထောက်များနှင့် စိုးစဉ်းမျှ အတွေ့မခံဘဲ မိမိ၏သီးသန့်ခန်းလေးထဲတွင် ရက်ပေါင်းများစွာ၊ ညပေါင်းများစွာ၊ အခန်းအောင်းကာ ,ဆွဲဆောင်မှုနိယာမနှင့် လျှပ်စစ်သံလိုက်စက်ကွင်းတို့၏ အဆက်ဆက်ကို သဲသဲမဲမဲ ရှာဖွေ၍နေပါတော့သည်။

၁၉၉၂ သို့ ရောက်သောအခါ အိုင်းစတိုင်း၏ ရီလေတီဗတီအကြောင်းကို တစ်ကမ္ဘာလုံးက သိရှိလာကြလေသည်။ အိုင်းစတိုင်းနှင့် ဇနီးဖြစ်သူ အယ်လ်ဆာတို့သည် အရှေ့တိုင်းနိုင်ငံဖြစ်သည့် သီဟိုဠ်(သီရိလင်္ကာ)၊ တိုလ်ဘိုမှ ဂျပန်အထိ လှည့်လည်ခရီးထွက်ခဲ့ကြသည်။

❐

၁၉၂၁ ခုနှစ်တွင် အိုင်းစတိုင်းသည် နိုဘယ်ဆုကြီးကို THE LAW OF PHOTOELECTRIC EFFCT (ဖိုတိုအီလက်ထရစ်နိယာမ) စာတမ်းဖြင့် ရရှိခဲ့၏။ နိုဘယ်ဆုကြီး၏တန်ဖိုးမှာ ဒေါ်လာ (၄၅၀၀၀) မြန်မာငွေ (၂၂၅၀၀၀) တန်ဖိုးနှင့် ညီမျှသည်။ အိုင်းစတိုင်းအဖို့ ထိုဆုကြေးသည် တစ်သက်လုံးစုဆောင်းထားသည့်ငွေထက်ပင် များလျက်ရှိသည်။ ယင်းငွေကြေးအားလုံးကို တစ်ပြားတစ်ချပ်မှမချန်ဘဲ မီလီဗာထံသို့ ပို့လိုက်လေသည်။ ၁၉၂၈ ခုနှစ်၏ နှစ်ဦးပိုင်းကာလတွင် ဆွစ်ဇာလန်ပြည် ဒါဗိုဒေသရှိ တီဘီရောဂါရှင်များအား ရီလေတီဗတီအကြောင်း ဟောပြောရန် ခရီးထွက်သွားသည်။ လမ်းခရီး ရထားပေါ်မှာပင် မအီမသာဖြစ်လာပြီး ခန္ဓာကိုယ်ထဲမှာ အားနည်းလာသကဲ့သို့ ခံစားလာရသည်။ ထိုမှတစ်ဆင့် မထင်မှတ်ဘဲ ဗိုက်ထဲကအပြင်းအထန်နာလာသည်။ အချိန်ကြန့်ကြာလာသည်နှင့်အမျှ အသက်ပင်ကောင်းစွာမရှူနိုင်တော့ပေ။ သို့ဖြစ်၍ ဒါဗိုဆေးရုံတွင် ရီလေတီဗတီအကြောင်းကို ဟောပြောမည်ဟု စိတ်ကူးရှိခဲ့သော်လည်း ကျန်းမာရေးက အခြေအနေဆိုးဝါးလာသောကြောင့် နောက်တစ်ရက်၊ နှစ်ရက်အကြာ အန်ဂါဒိုင်းဒေသသို့ အရောက်တွင်မှ အိုင်းစတိုင်း ဗုန်းဗုန်းလဲလေတော့သည်။

ဆရာဝန်က ရောဂါအခြေအနေကို စမ်းသပ်ကြည့်ရာ နှလုံးကြီးသည့် ရောဂါဖြစ်နေသည်ဟု ဆိုသည်။ အိုင်းစတိုင်းသည် အသက်ကောင်းကောင်းပင်မရှူနိုင်ဘဲ အမောဖောက်သည်။ အယ်(လ်)ဆာသည် ခင်ပွန်းဖြစ်သူ အိုင်းစတိုင်းကို ဆွစ်ဇာလန်မှ ဘာလင်အထိ တစ်ဆင့်ပြီးတစ်ဆင့် ပြန်လည်ခေါ်သွားသည်။ ထိုအချိန်ကစ၍ အယ်(လ်)ဆာက အိုင်းစတိုင်းအား ဆေးတံနှင့်ဆေးလိပ်ကို လုံးဝရှောင်ကြဉ်ရန်သော်လည်းကောင်း၊ အိပ်ရာထဲမှ မထရန်သော် လည်းကောင်း ပြဋ္ဌာန်းပညတ်လိုက်လေတော့သည်။

အိုင်းစတိုင်းသည် ရောဂါဝေဒနာနှင့်အတူ အိပ်ရာထဲတွင် လဲလျောင်းနေရသည့်ကာလကြာညောင်းလာလေလေ စိတ်ထဲက ခံပြင်းလေလေ ဖြစ်သည်။ ၎င်းအပြင် သားငယ် အတ်ဒဝပ်အတွက် စိုးရိမ်ပူပန်မှုရှိလေသည်။ ၎င်းအပြင် ယခုအချိန်တွင် မိမိသေဆုံးသွားမည်ကိုလည်း စိုးရိမ်နေမိသည်။ စင်စစ် သေရမည်ကို ကြောက်ရွံ့၍ မဟုတ်၊ မိမိ[…] မိသည်မှာ ကျန်ရစ်ခဲ့သူများအတွ[…] နေရေးထိုင်ရေးမှအစ လိုအပ်သော[…] ကြေး အလုံအလောက်မရှိသောကြေ[…] ပင် ဖြစ်သည်။ ၎င်းအပြင် သိပ္ပံပညာ[…] ဆိုင်ရာတို့အတွက် ဆောင်ရွက်ရ[…] အစီအစဉ်များလည်း ရှိနေသောကြေ[…] ဖြစ်သည်။

အိပ်ရာထဲတွင် လဲလျောင်းနေ[…] သော အိုင်းစတိုင်းမှာ ဆရာဝန်မ[…] တစ်ဦးပြီးတစ်ဦး လာရောက်၍ စမ်း[…] စစ်ဆေးခဲ့သည်မှာလည်း ဆရာဝ[…] သလောက်ပင် ဖြစ်သည်။ နောက်[…] တွင် ဒေါက်တာပလက် (ချ်) ဆိုသူ[…] မိမိ၏ရောဂါကို စမ်းသပ်စစ်ဆေး[…] အိုင်းစတိုင်းအား ဆားမစားရန် တို[…] တွန်း ညွှန်ကြားတော့၏။ အိုင်းစတိ[…] သည် ဆရာဝန်ညွှန်ကြားသည့်အတို[…] တစ်ပတ်၊ နှစ်ပတ်ခန့်ရှောင်ပြီးနေလို[…] သောအခါ ကပ်ငြိနေသော ရောဂါ[…] နာများသည် လုံးဝကင်းစင်ပပျော[…] သွားလေပေ[…]သည်။

ရောဂါကင်းစင်ပျောက်သွားသ[…] နှင့် တစ်ပြိုင်နက်တည်း အိုင်းစတိ[…] သည် ရူပဗေဒလုပ်ငန်းကို ပြန်လည်[…] စိတ်ရောကိုယ်ပါ. ထဲထဲဝင်ဝင်လုပ်[…] ပေတော့သည်။ မည်သူမျှ နားမလည်[…] ခဲ့သော အိုင်းစတိုင်း၏ ပေါင်းစပ်[…] ကွင်းသီအိုရီသည် တဖြည်းဖြည်း တ[…] တစ်စနှင့် ဘာသာရေးအငြင်းပွားမှု[…] တစ်ခုဖြစ်မှန်းမသိ ဖြစ်လာလေ[…] သည်။ တစ်ဖက်က အိုင်းစတိုင်းအ[…] ခရစ်ယာန်ဘာသာရေးဂိုဏ်း ခေါ်[…] ဆောင်များက ထောက်ခံနေကြ[…] လည်း အခြားတစ်ဖက်တွင်မူ အ[…] သော ခရစ်ယာန်ဂိုဏ်းခေါင်းဆောင်မ[…] က အိုင်းစတိုင်းအား ဆန့်ကျင်နေကြ[…] သည်။

ဘော်စတွန်မြို့မှ ကာဒီနယ်[…] ကော်နယ်ဆိုသူက စတင်၍ အိုင်းစတိ[…] ကို တိုက်ခိုက်လာသည်။ အိုင်းစတိုင်[…] သီအိုရီများသည် ဘုရားသခင်နှင့်တ[…] ၍လောကကို ဘုရားသခင်က ဖန်ဆ[…] ထားသည်ဆိုသောအမြင်ကို လွန်[…] သံသယဖြစ်စေနိုင်သည့် အတွေးအ[…] များပင်ဖြစ်ပေသည်ဟု ပြောလာသ[…] ထိုပုဂ္ဂိုလ်၏အမြင်ကို ဗာတီကင် (ခ[…] ယာန်သာသနာပိုင်နေထိုင်ရာမြို့) [...] ထုတ်ဝေသော အော့ဗ်ဇားဗေတိုရီ[…] မဂ္ဂဇင်း အယ်ဒီတာအမြင်[…] ထောက်ခံ ရေးသားလိုက်ပြ[…]သည်။



www.burmeseclassic.com

www.burmeseclassic.com

အယ်ဒီတာက အိုင်းစတိုင်း၏ သီအိုရီများသည် လူ့ဘဝတွင် ဘုရားသခင်ရှိကြောင်းယုံကြည်မှုကို ဖျက်ယွင်းစေသည်ဟု ဆိုသည်။ ၎င်းအမြင် အိုင်းစတိုင်းသည် သဘာဝတရားနှင့် ဘုရားသခင်ကို တစ်သဘောတည်းထား၍ ရှုမြင်သောအမြင်သက်ရောက်စေပြီး ထိုအမြင်သည် ဘာသာယုံကြည်မှုကင်းသောအမြင်၊ ဘုရားမဲ့ဝါဒသာဖြစ်ချေသည်ဟု ထပ်ဆင့်စွပ်စွဲလိုက်ပြန်၏။

ထိုကဲ့သို့ အိုင်းစတိုင်းအား ဝေဖန်တိုက်ခိုက်လာခြင်းကို နယူးယောက်မြို့မှ ဘုန်းတော်ကြီး ဟားဘတ်ဂိုးလ်စတိန်းဆိုသူက လွန်စွာ မကျေမနပ်ဖြစ်ခဲ့ရသည်။ ထို့ကြောင့် အိုင်းစတိုင်းထံသို့ သံကြိုးရိုက်ကာ ပွင့်ပွင့်လင်းလင်းပင်-

'ခင်ဗျား၊ ဘုရားသခင်ရှိတယ်ဆိုတာ ယုံသလား'

ဟု မေးလိုက်သည်။

"ကျွန်တော်သည် စပင်နိုဇာ တင်ပြသွားသောဘုရားမျိုးကိုတော့ ယုံကြည်ပါသည်။ ထိုဘုရားမှာ ယခု လောကတွင် ဖြစ်ပေါ်နေသော အရာခပ်သိမ်းတို့ဖြင့် မိမိရှိကြောင်း ဖော်ပြထားသည့် ဘုရားမျိုးသာဖြစ်၍ လူ့ကံကြမ္မာကို ထင်သလို ခြယ်လှယ်နေသည်ဆိုသော ယုံကြည်ချက်တစ်ခုတည်းအပေါ် တည်သည့် ဘုရားသခင်မျိုးတော့ ကျွန်တော် မယုံကြည်"

ဟု အိုင်းစတိုင်းက ချက်ချင်းပင် သံကြိုးစာပြန်ရိုက်လိုက်သည်။

ထိုကဲ့သို့ ပြန်ကြားလိုက်သည့်အတွက် ဂိုး(လ်)စတိန်းမှာ အတော်ပင် ကျေနပ်မှုရရှိသွားကာ အိုင်းစတိုင်းသည် အလွန်ဘာသာရေးကြည်ညိုသောပုဂ္ဂိုလ်တစ်ဦးဖြစ်ကြောင်း ကြေညာလိုက်သည်။ သို့ရာတွင် ၎င်း၏ ကြေညာချက်ကို အကြောင်းပြု၍ လူတော်တော်များက ဒေါသဖြစ်ကြသည်။

'ဂိုး(လ်)စတိန်းသည် အိုင်းစတိုင်းကို တစ်နည်းတစ်လမ်းအားဖြင့် လူများလက်ခံလာအောင် ပြုလုပ်ပေးခြင်းသာ ဖြစ်ဟန် ရှိသည်'

ဟု ချီကာဂိုထုတ် ယေဝတီမဂ္ဂဇင်း ရီဖလက်(စ်)က ဆိုခဲ့ပြန်သည်။

တခြား မဂ္ဂဇင်းတစ်စောင်ကလည်း -

'စင်စစ် ဘာသာရေးရှုထောင့်မှနေ၍ အမှန်အတိုင်းပြောရလျှင် ဤကမ္ဘာကျော် သိပ္ပံပညာရှင်ကြီးသည် ယေဝတီပင် မဟုတ်တော့ပေ။ စင်စစ် ယေဝတီအယူက ယုံကြည်မှုမဟုတ်၊ ဝိညာဉ်သက်သက်သာ ဖြစ်၏။ ဤတား ခရစ်ယာန်ဘာသာသဘောနှင့် ပြောရလျှင် အသွေးသော်သာ ဖြစ်ချေသည်။ ထို့ကြောင့် အိုင်းစတိုင်းသည် ဘာကိုပဲ ယုံယုံ သူသည် ယေဝတီတစ်ယောက်မျှသာဖြစ်ရင် စပင်နိုဇာဝါဒကား ဘာသာရေးဟု ယူလိုသော် ယူနိုင်၏။ မယူလိုသော်လည်း ရ၏။ မည်သို့ပင်ဆိုစေ စပင်နိုဇာဝါဒကား ဘာသာရေးသဘောမဟုတ်။ ၎င်းကို ဆန့်ကျင်သောအမြင်သာ ဖြစ်၏။ ထို့ကြောင့်လည်း စပင်နိုဇာကို ယေဝတီဘာသာက ကျိန်ခဲ့ခြင်းပင် ဖြစ်ချေသည်။ ယခုအထိလည်း သူ့ကို ဘာသာမှုကြဉ်ရခြင်းအကြောင်းမှာ တရားဝင်အကြောင်း ဖြစ်နေသေးသည်။ အကြောင်းမူကား စပင်နိုဇာသည် ဘုရားသခင်၏ သိက္ခာကိုချပြီး ဘုရားသခင်သည်ပင် သူ့စည်းစားသော နိယာမ မဖြစ်ရလေအောင်လုပ်ပစ်လိုက်သည်။

စင်စစ် ယေဝတီဘာသာတွင် ဘုရားသခင်သည် သူ့ဘာသာသူ လွတ်လပ်စွာ တည်နေသည်ဟု ယူခြင်းသာဖြစ်ရကာ စပင်နိုဇာလို နိယာမတစ်ခု မဟုတ်ချေ။ စပင်နိုဇာယူသော ဘုရားသခင်ကား လူသားတို့၏ ကံကြမ္မာကို ဖန်တီးနိုင်သည်မဟုတ်။ အကြောင်းမှာ ဘုရားသခင်သည်ပင်လျှင် သဘာဝလောကမမှုတာအတိုင်းသာ ဖြစ်နေရမည်။ ဤသို့ ဖြစ်ရပ်ကား သူ့အယူသည် ဘာသာရေး ကြည်ညိုစိတ်သန်သူများ မျက်စိတွင် ဘာသာမယုံသောအမြင်၊ ဘုရားမရှိသော အမြင်ထက်ပင် ဆိုးနေချေသေးသည်'

ဟု ဘာသာရေးဆိုင်ရာ အရေးပါသော ဝေဖန်ချက်တစ်ရပ်ကို ရေးလိုက်သည်။

ထိုဝေဖန်ချက်သည် အိုင်းစတိုင်းအတွက် သူ၏ ဘာသာယုံကြည်မှုမရှိသည့် သဘောကို အိုင်းစတိုင်းအနေဖြင့် လက်ခံနိုင်သော်လည်း မိမိအား ဘာသာမဲ့၊ ဘုရားမဲ့ဝါဒသမားဟု ခေါ်ဆိုသမုတ်ခြင်းကိုတော့ လက်မခံနိုင်။ ဤနေရာတွင် အလျဉ်းသင့်၍ ဟိန္ဒူကဗျာဆရာကြီး ရာဘင်ဒြာနတ်(သ်)တဂိုးနှင့် အိုင်းစတိုင်းတို့ ဘာလင်မြို့တွင် ဆုံစည်းခဲ့စဉ် တဂိုးက -

"လောကသစ္စာတရား ဆိုတာက လူသားရဲ့အသိစိတ်ပေါ်မှာ လုံးလုံးတည်နေတာပဲ။ လောက ဆိုတာက လူသားရဲ့ လောကပဲ မဟုတ်လား"

ဟု ဆိုရာ -

အိုင်းစတိုင်းက -

"ဒီအယူအဆကို အနုပညာသဘော၊ ကဗျာသဘောနဲ့ ကြည့်ရင်တော့ ကျွန်တော် သဘောတူပါတယ်"

ဟု ပြန်ပြောရာ -

တဂိုးက -

"ဘာဖြစ်လို့လဲဗျ၊ သစ္စာတရားဆိုတာ လူကသိမှရှိတာမဟုတ်လား"

ဟု ပြန်မေးရာ -

အိုင်းစတိုင်းက-

"သိပ္ပံက လက်ခံတဲ့ အမှန်တရား၊ သစ္စာတရားဆိုတာကတော့ လူကသိမှ ရှိတာမဟုတ်ပါဘူး။ လူမသိလည်း သူ့ဘာသာသူ ရှိမြဲနေတာပဲ။ ဒါပေမယ့် ဒါကို ခင်ဗျားသက်သေထူပြနိုင်သလားဆိုရင်တော့ ကျွန်တော့် သက်သေထူမပြနိုင်ပါဘူး။ ဒါဟာ ကျွန်တော့်ရဲ့ယုံကြည်ချက်သဘောပဲ"

စာရေးဆရာ ဂျော့ဆီလဗက် စတာဗိုင်းရက်နှင့် -

"ကနဦးအစက ဘယ်လောက်ကျင့်သားရနေတဲ့ လူရဲ့အသိဉာဏ်၊ စဉ်းစားဉာဏ်၊ ဦးနှောက်ပဲဖြစ်ဖြစ် လောကကြီးတစ်ခုလုံးကို ခြုံငုံပြီးမသိနိုင်ပါဘူးတဲ့။ ဘာနဲ့အလားသဏ္ဌာန်တူသလဲဆိုရင် အင်မတန်ကြီးကျယ်တဲ့ ပိဋကတ်တိုက်ကြီးတစ်ခုထဲကို ဝင်သွားတဲ့ ကလေးငယ်တစ်ယောက်လိုပဲပေါ့ဗျာ။ ပိဋကတ်တိုက်ထဲမှာဆိုရင် စာအုပ်တွေဟာ ဘာသာစုံရှိတယ်။ အဲဒီလို ဘာသာစုံတဲ့ စာအုပ်တွေဆိုတာလည်း စာကြည့်တိုက်ရဲ့နံရံ ဝဲ၊ ယာမှာ ခန်းလုံးပြည့်၊ ဟိုးခေါင်တိုင်ထိပဲဆိုကြပါတော့။ ကလေးတွေရဲ့အသိမှာတော့ ဒီလောက်များတဲ့စာအုပ်တွေကို လူတစ်ယောက်ဆီက ရေးလိုက်တာဖြစ်မှာပဲလို့ သိတာပေါ့။ ဒါပေမယ့် ဒီလူဟာ ဘယ်သူလဲ၊ စာရေးဆရာဘယ်သူ၊ ဘာအကြောင်းကို ဘယ်လိုရေးထားတယ်ဆိုတာတော့ ဒီကလေးက ဘယ်သိနိုင်ပါ့မလဲ။ ပြီးတော့လည်း ရေးထားတဲ့ ဘာသာစကားကလည်း အစုံမဟုတ်လား။ ဒီတော့ ဒီစကားတွေလည်း သူဘယ်နားလည်နိုင်ပါ့မလဲ။ ဒီကလေးက ဒီလောက်ရှုပ်ယှက်ခတ်နေတဲ့စာအုပ်တွေကို ဘယ်လိုအစီအစဉ်တွေနဲ့ချထားတယ်ဆိုတာသိဖို့ ကြိုးစားစေဦးတော့။ ရေးရေးဝါးဝါး သူ့အသိထဲမှာ မြင်နိုင်ပါ့မလား။ ဒီလိုပဲပေါ့။ ကျုပ်စိတ်ထဲမှာလည်း ဘုရားသခင်ဆိုတာနဲ့ ပတ်သက်လို့ ဒီလိုပဲ



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်နေတယ်။ သို့ပေမယ့် စာအုပ်ရေးတာ သိသိ၊ မသိသိ တစ်စုံတစ်ယောက်ဖြစ်တယ်ဆိုတာ မှတ်သားထားသလို ကျုပ်စိတ်ထဲလည်း ဘုရားသခင် ဆိုတာ ဘာမှန်းမသိပေမယ့်ရှိမှာပဲ။တစ်ခုခုတော့ ဖြစ်မှာပဲလို့မှတ်နေတယ်။ ဒါဆိုရင် ကျုပ်ကို ဘုရားမယုံတဲ့လူ၊ ဘာသာမရှိတဲ့လူ ဆိုနိုင်ပါ့မလား"

ဟု အိုင်းစတိုင်းက ရှင်းပြသည်။

ထိုအခါ ဗိုင်းရက်က အိုင်းစတိုင်းအား -

"ခရစ်တော်ရှိခဲ့ဖူးတယ်ဆိုတာ ယုံလား"

ဟု မေးလိုက်ရာ -

အိုင်းစတိုင်းက-

"ဒါကမေးစရာလိုပါဘူး။ ယေရှုခရစ်တော်ရှိခဲ့တယ် ဆိုတဲ့ အသိကို အမိကမထားဘဲနဲ့ သူ့တရားတွေကို ဘယ်သူမှ ဖတ်နေတော့မှာ မဟုတ်ဘူး။ သူ့တရားတွေထဲမှာပါတဲ့ စကားလုံးတိုင်းမှာ ခရစ်တော်ရဲ့ရုပ်ဟာ ပေါ်နေသားပဲ။ ခရစ်တော်ရဲ့ဘဝဟာ ဒဏ္ဍာရီမဟုတ်နိုင်ပါဘူး"

ဟု အိုင်းစတိုင်းက ပြန်လည် ဖြေကြားသည်။

အိုင်းစတိုင်း၏အမြင်တွင် လောကဖြစ်စဉ်ဖြစ်ရပ်တိုင်းသည် တိကျစွာပြဋ္ဌာန်းချက်ရှိသည်။ အဆုံး၊ အစနှင့်တကွ တိတိကျကျရှိသည်။ သူ့သဘာဝမမှုအတိုင်းဖြစ်နေကြရသည်ဖြစ်၍ ၎င်းတို့အပေါ်တွင် လူကလွှမ်းမိုးခြယ်လှယ်၍မရ။ ပိုးမွှားကလေးကစ ကြယ်နက္ခတ်ဂြိုဟ်များအထိ သူ့ဓမ္မတာနှင့်သူ ပြဋ္ဌာန်းချက်ရှိကြသည်သာ ဖြစ်၏။ လနှင့်တကွအရာခပ်သိမ်းသည် လောကဖြစ်စဉ်နှင့်အညီ လိုက်ဖက်အောင်ကပြနေရသူများသာ ဖြစ်ချေသည်ဟု အိုင်းစတိုင်းက ဆိုသည်။

❒

၁၉၃၀ ပြည့်နှစ်၏ နွေဦးကာလတစ်ခုသော နေ့တစ်နေ့တွင် သားငယ်ဖြစ်သူ အက်ဒဝပ်ထံမှ ရှည်လျားသောစာတစ်စောင်ကို မထင်မှတ်ဘဲ လက်ခံရရှိခဲ့သည်။ ယင်းစာကို အိုင်းစတိုင်း ဖတ်လိုက်ရသောအခါ ဝမ်းနည်းကြေကွဲခြင်း၊ ယူကျုံးမရခြင်း၊ စိတ်ထိခိုက်ခံစားရခြင်း၊ ပဋိဒေဝမီး တောက်လောင်ခြင်းတို့နှင့်အတူ မျက်ရည်မိုးများ ရွာသွန်းဖြိုးခဲ့ရသည်။ ခံစားချက်မီးတောက်မီးလျှံတို့သည် အသည်းနှလုံးကို လောင်ကျွမ်းခဲ့ရလေပြီ။ ကြေကွဲစွာ ခံစားနေရသောသောကမှန်သမျှတို့သည် အိုင်းစတိုင်း၏ရင်ထဲတွင် နေ့စဉ်ပူလောင်ပြင်းပြလွန်းလှချေပြီ။ အလျှံငြီးငြီးတောက်လောင်လျက်ရှိသော သောကမီးတို့ကို အတန်အသင့် ပြေပျောက်ရန်အလို့ငှာ ခရီးရှည်ကြီးထွက်ရန် စိတ်ကူးဝင်လာတော့သည်။

သို့ဖြစ်၍ ကယ်လီဖိုးနီးယားစက်မှုတက္ကသိုလ် ပါမောက္ခ ရောဘတ်မီလကန်၏ ဖိတ်ကြားချက်ကို အိုင်းစတိုင်းလက်ခံလိုက်သည်။ ၎င်းပြင် ဆောင်းရာသီကာလအတွင်း၌ ကယ်လီဖိုးနီးယားစက်မှုတက္ကသိုလ်တွင် ဧည့်ပါမောက္ခအနေဖြင့် ဆောင်ရွက်ပေးပါရန် အဆိုပြုချက်ကိုလည်း အိုင်းစတိုင်းက လက်ခံလိုက်သည်။ အိုင်းစတိုင်းအနေဖြင့် ယင်းစက်မှုတက္ကသိုလ်တွင် အလုပ်ဝင်ရောက်ခြင်းအားဖြင့် မောင့်ဝီလဆင် နက္ခတ်လေ့လာရေးဌာနနှီးနှောဖလှယ်ပွဲများသို့ တက်ရောက် ဆွေးနွေးခွင့်ရရှိမည် ဖြစ်သည်။ ယင်းအချက်သည် အိုင်းစတိုင်းအား လွန်စွာ ဆွဲဆောင်နိုင်စွမ်းရှိသည့်အချက်ပင် ဖြစ်သည်။

အိုင်းစတိုင်းသည် လွန်ခဲ့သော (၁၀)နှစ်ဝန်းကျင်ခန့်က တစ်ကြိမ်ရောက်ရှိခဲ့ဖူးသည်။ ထိုစဉ်က အိုင်းစတိုင်း သွားလေရာနောက်သို့ လူအုပ်ကြီးသည် နောက်မှလိုက်၍ ဝိုင်းထားသည်ကို ယခုတိုင် မျက်စိထဲမြင်ယောင်နေမိသည်။ ယခုတစ်ခေါက်တွင်မူ ထိုကဲ့သို့ အဖြစ်မျိုးရင်ဆိုင်မကြုံတွေ့စေရန် ကြိုးစားသော်လည်း အချည်းနှီးမျှသာ။ သူ့ကိုမြင်လိုက်လျှင်ပင် သတင်းထောက်များ အပြေးအလွှားရောက်ရှိလာတော့သည်။ တက္ကသိုလ်ကျောင်းများ၊ သိပ္ပံပညာရပ်ဆိုင်ရာအဖွဲ့အစည်းများမှသော် လည်းကောင်း အိုင်းစတိုင်းအား ဂုဏ်ပြုပွဲများ၊ သိပ္ပံပညာရပ်ဆိုင်ရာဟောပြောပွဲများ၊ အခါမလပ် သွားရောက် ဟောပြောနေရသည်။ ၎င်းအပြင် အိုင်းစတိုင်းကို ဟောလိဝုဒ်မှ ရုပ်ရှင်အနုပညာများ၊ သရုပ်ဆောင်များကလည်း ဂုဏ်ပြုဖိတ်ကြားခဲ့သည်။ ကမ္ဘာကျော် လူရွှင်တော်မင်းသားကြီး ချာလီချက်ပလင်နှင့်လည်း ဆုံစည်းခွင့်ရကာ ရုပ်ရှင်လုပ်ငန်း၏ သဘောသဘာဝကို သိလိုသဖြင့် ချာလီချက်ပလင်နှင့် ဆွေးနွေးခဲ့သည်။

ချာလီချက်ပလင်သည် ကမ္ဘာကြီး၌ ရင်ဆိုင်တွေ့ကြုံရသော အခက်အခဲများ၊ ဆိုရှယ်လစ်ဝါဒသဘောတရားနှင့် အကြောင်းများတို့ကို အိုင်းစတိုင်းန... တွေ့တုန်းတွေ့စဉ်အခိုက်အတန့်၌ ရ... ဆိုဆွေးနွေးချင်သောဆန္ဒရှိသည်။ ... သော် ရူပဗေဒပညာရှင် အိုင်းစတိုင်း... ကမ္ဘာကျော် လူရွှင်တော်မင်းသား... ချာလီချက်ပလင်နှင့်တွေ့တုန်းတွေ့ခို... ပင်ကိုဗီဇကပင် အရယ်အမော အ... အရွှင် ဝါသနာပါလာသည့်အလျော... ဟာသသဘော၊ ရုပ်ရှင်လုပ်ငန်းသဘော... တို့ကို သိလိုသောဆန္ဒကြောင့် ယ... အကြောင်းအရာတို့ကိုပင် ချာလီချ... ပလင်နှင့် ဆွေးနွေးခဲ့သည်။

နှစ်ဦးသား ဆုံတုန်းဆုံခိုက် ချာ... ချက်ပလင်က အိုင်းစတိုင်း၏ ဓာတ်... တစ်ပုံကို တောင်းယူလိုက်သည်။

အိုင်းစတိုင်းက မိမိ၏ ဓာတ်... ကျောဘက်တွင် 'ကမ္ဘာကျော်စီးပွားရေး... သမားကြီး ချာလီချက်ပလင်သို့' ဟု ... လက်မှတ်ကို ရေးထိုးလိုက်သည်။

(ဆက်ရန်)

ဆရာချမ်းမင်း (LL. B)


မှီငြမ်း -

၁။ THE SPELLBINDING POWER OF PALMISTRY (JOHNNY FINCHAM)

၂။ SECRETS OF HAND READING (NOEL JAQUIN)

၃။ ကြေးမုံသတင်းစာ (၇-၅-၂၀ ၁...)

၄။ ကမ္ဘာကျော်ပုဂ္ဂိုလ်တစ်ရာ (ထွန်းသစ်ဦး)

၅။ ကမ္ဘာကျော်ကြားပုဂ္ဂိုလ်များ၏ မကျော်ကြားသောဖြစ်ရပ်များ (မောင်သိန်းလွင်)

၆။ အိုင်းစတိုင်း (ဆန်းလွင်)

၇။ ၂၀ ရာစု၏အထူးချွန်ဆုံးပုဂ္ဂိုလ... အိုင်းစတိုင်း (တက္ကသိုလ်ကြယ်ပွင့်)

၈။ ALBERT EINSTEIN FROM WIKIPEDIA, THE FREE ENCYCLOPEDIA 'EINSTEIN' REDIRECTS HERE FOR OTHER USES, SEE EIN STEIN (DISAMBIQUATION)

၉။ NOTABLE HOROSCOPES (BANGALORE VENKATA RAMAN)




www.burmeseclassic.com

www.burmeseclassic.com




"အဲတော်ပဲ မြတ်တို့အိမ် အလည်လာတာ ထမင်းပွဲနဲ့ တန်းတိုးတယ်ဟေ့" "အော် မမမြင့်၊ လာ တစ်ခါထဲဝင်စား လိုက်လေ" "ဘာဟင်းချက်လဲဟင်" "မမမြင့်ရေ့..မနေ့က စင်ကာပူက သားကြီးပြန်လာ တယ်လေ၊ အဲ့ဒါ သားကြီးက အုန်းနို့ခေါက်ဆွဲစားချင်တယ်ဆိုလို့ ထမင်းလွတ် ချက်စားနေကြတာပါ" "အမလေး အုန်းနို့ခေါက်ဆွဲဆိုရင် အသံကြားတာနဲ့တင် သွေးတိုးချင်ပြီ။ တော်ပါပြီအေမစားရဲပါဘူး" "မမမြင့်ကလဲ ရောဂါရှိရင်ဆေးရှိပါတယ်။ ကျွန်မလဲ အစက ဒီလိုပဲလေ။ သွေးတိုးရှိလို့ ဟိုဟာမစားရဲ၊ ဒီဟာမစားရဲနဲ့ ရှောင်လိုက်ရတဲ့အစား၊ အခုတော့ စားချင်တာစားလို့ရပြီ မမမြင့်ရဲ့" "အေး အဲ့ဒါကြောင့် ငါအံ့သြနေတာ၊ အရင်ကဆို အစားအသောက်ရှောင်တာ မမထက်တောင် မြတ်ကပိုသေးတယ်။ ခုတော့ အံ့သြဘနန်းပဲ" "ဟုတ်တယ် မမမြင့်ရေ အရင်ကတော့ နည်းနည်းလေးအစားမှားတာနဲ့ သွေးကတိုးတိုးလာတော့ အစားတစ်လုပ်အတွက်နဲ့ ရောဂါမခံစားချင်တာနဲ့ အစားအသောက်ကို ဂရုတစိုက်ရှောင်ကြဉ်စားသောက်ခဲ့တာ။ အခုတော့ စကြာမင်းသွေးတိုးကျဆေး အားကိုးရှိနေပြီ မမမြင့်ရဲ့" "ဟင် ဟုတ်လား၊ တစ်ယောက်ထဲကျိတ်ပြီး သုံးစွဲမနေနဲ့ဦး မမကိုလဲ ပြောအုံးလေ" "လာပါ မမမြင့်ရယ် ဆေးကို နောက်မှပေးမယ်၊ အုန်းနို့ခေါက်ဆွဲကို အရင်တဝကြီးစားပြီးမှ ဆေးဘယ်လောက်စွမ်း သလဲဆိုတာ လက်တွေ့ပြမယ်" "ဟုတ်ရဲ့လား မြတ်ရယ်" "အော် မမမြင့်ရယ် ကျွန်မကိုယ်တိုင် ဒီမှာအားရပါးရ စားနေတာပဲ၊ မမမြင့်ကို ဘေးဖြစ်အောင်တော့မလုပ်ပါဘူး" "စိတ်ချလက်ချသာစားပါ မမမြင့်၊ ကျွန်တော်နဲ့ မြတ်ကတော့ သွေးတိုးစေမယ့် အစားအစာတွေစားပြီး တာနဲ့ ဆေးသောက်လိုက်တာပဲ" "ကဲပါလေ့ လင်ရော မယားပါ ဒီလောက်ညွှန်းနေမှတော့ စားပြီဟေ့၊ များများသာထည့်" "ဟား ဟား၊ ဟင်းဟင်း"

"မြတ်တို့ဇနီးမောင်နှံတိုက်တွန်းလို့ အုန်းနို့ခေါက်ဆွဲကို တဝတပြစားပြီးပြီနော်၊ ကဲ ဆေးမြန်မြန်ပေးတော့လေ"

"ပေးပါ့မယ်မမမြင့်ရယ်၊ ရော့ ရော့ ၅ ပြားသောက်လိုက်"

"မှန်း ဘာဆေးလဲ၊ ဟယ် **စကြာမင်း သွေးတိုးကျဆေးကိုး**"

"ဟုတ်တယ်မမမြင့်ရေ သွေးတိုးရောဂါကာကွယ် ချင်လို့ပဲဖြစ်ဖြစ်၊ သွေးတိုးနေလို့ပဲဖြစ်ဖြစ်၊ သွေးတိုးရောဂါရှိလို့ စားချင်ရက်နဲ့ အစားအသောက် ရှောင်နေရသူများပဲဖြစ်ဖြစ် သွေးတိုးရောဂါနဲ့ပတ်သက်ရင် အိမ်တိုင်းအမြဲဆောင်ထားသင့်တဲ့ဆေးကတော့ **ဆရာမြင့်**ရဲ့ **စကြာမင်း**အမှတ်တံဆိပ် **သွေးတိုးကျဆေး**ပဲ ဖြစ်ပါသတဲ့ရှင်" "သမားတော် **ဆရာမြင့်**ရဲ့ **စကြာမင်းသွေးတိုးကျဆေး**ဆိုရင် ယုံကြည်ပါတယ်။ ဒါနဲ့ အခြားဘာရောဂါတွေအတွက် သုံးစွဲလို့ရလဲဟင်"

"သုံးစွဲနိုင်တဲ့ ရောဂါတွေကတော့. . . သွေးတိုးရောဂါဖြစ်ခြင်း၊ သွေးတက်၊ သွေးတိုးခြင်း၊ သွေးပေါင် အမြဲတမ်းတက်နေခြင်း၊ နောက်ကျောတက်၊ ဇက်ကြောထိုးခြင်း၊ ခေါင်းမူးဝေခြင်း၊ ခေါင်းအုံ့ခဲ၍ လေးလံထိုင်းမှိုင်းနေခြင်း၊ အာရုံကြောအားနည်းခြင်း၊ အကြောအားနည်းခြင်း၊ အဆစ်ရောင်အဆစ်ကိုက်ရောဂါဖြစ်ခြင်း၊ လက်ခြေများ ထုံကျဉ်ကိုက်ခဲခြင်း၊ အတက်စာ နည်းနည်းစားရုံဖြင့် သွေးတက်၊ သွေးတိုးလာခြင်း၊ အစာအိမ်အားနည်းခြင်းစတဲ့ ရောဂါတွေအတွက်လည်း သုံးစွဲနိုင်ပါတယ်"

"ဟယ် ! စကားကောင်းနေလိုက်တာ (၂)နာရီတောင် ကျော်ပါပေါ့လား၊ ပြန်အုန်းမှ ပြန်အုန်းမှ" "ဘယ်လိုလဲ မမမြင့်" "အေးဟဲ့ ဘယ်လိုမှမခံစားရဘူး၊ အရင်ကဆိုရင် ဒီလိုသွေးတိုးစာတွေစားပြီးတာနဲ့ ဆေးခန်း တန်းပြေးရတော့တာပဲ" "ဒါကြောင့် သွေးတိုးရောဂါအတွက် အကောင်းဆုံးဆေးပါလို့ဆို" "ဟုတ်ပတော်၊ ဝမ်းသာလိုက်တာ။ အိမ်က ကိုရဲအတွက်လဲ အုန်းနို့ခေါက်ဆွဲယူသွားအုန်း မှပဲ" "ဒီမှာ မမမြင့်ရေ၊ အဆင်သင့်ထည့်ထားပြီးပြီ။ ရော့၊ ဒါက **စကြာမင်းသွေးတိုးကျဆေး**၊ ကိုရဲကိုလဲ ပြောလိုက်ပါ။ သွေးတိုးအတွက်တော့ စိတ်မညစ်နဲ့တော့လို့"

"အေးအေး၊ ပြောရုံမဟုတ်ဖူး လက်တွေ့ပြလိုက်မယ်"

"ကဲ ကျွန်တော်ရဲ့ဇနီးနဲ့ ညီအစ်ကိုမောင်နှမသဖွယ် ခင်မင်ရင်းနှီးတဲ့ ကိုအေးမင်းနဲ့မအေးမြတ်ဝင်းတို့ရဲ့ စေတနာ ဓမ္မတ္တာကြောင့် အခု ကျွန်တော့်မှာစွဲကပ်နေတဲ့ သွေးတိုးရောဂါဟာ ပိန်းကြာရွက်ပေါ် ရေမတင်သလို ပျောက်ကင်းချမ်းသာရာရခဲ့ပါပြီ။ ဒါ့ကြောင့် စာဖတ်ပရိသတ်ကြီးရေ ကျန်းမာခြင်းဆုလာဘ်နဲ့ပြည့်စုံပြီး စားချင်တာစားရအောင်နော်၊ ဒါပေမဲ့. . . **စကြာမင်းသွေးတိုးကျဆေး**တော့ ဆောင်ထားဖို့တော့လိုလိမ့်မယ်. . ." **ကိုရဲ**

ပင်ရင်း - **စကြာမင်းဆေးတိုက်**

အမှတ် (၆၆၆)၊ (စ) ရပ်ကွက်၊ သုဓမ္မာလမ်း၊
မြောက်ဥက္ကလာပ။ ဖုန်း - ၆၉၁၀၉၁၊ ၇၂၂၅၄၁။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့ [illegible]
ညနေ(၅)နာရီအချိန်ရောက်တိုင်း အပန်းဖြေကျန်းမာရေးလမ်းလျှောက်လေ့ရှိ၏။ မင်းလှမြို့ တောင်ဘက် ရေအေးလမ်းအတိုင်းသွားပြီး မေယာဝတီဘုန်းတော်ကြီးကျောင်းအနီး လက်ဖက်ရည်ဆိုင်မှာ အနားယူ ဝိုင်းဖွဲ့ ပြိုင်းကြခဲ့ကြ ဆွေးနွေးကြကိုင်ကြ ဟိုအကြောင်းဒီအကြောင်း၊ လက်ဖက်ကောင်းကောင်းအကြောင်း အပါအဝင် ဟိုသက်ဆေတ်မှသည် ယနေ့ချိတ်မှ [illegible]ပါ၏။ ကျွန်တော်တို့အစ်စုမှာ ဦး[illegible] (ကုန်သည်)၊ ဦးဆိုမောင် (ပညာရေး) ဦးငြိမ်း (ပေဒင်လက္ခဏာ)၊ ကျော်ကျော် (ပန်းထိမ်) စာရေးသူတို့ပေါ့။

ကိုငြိမ်းမှ ကျွန်တော့်အား -

"ကဲ ဆရာရေ ဆရာက မြို့တကာနယ်အနှံ့ ခြေသန့်ခဲ့သူမို့ ကျွန်တော်တို့အတွက် စိတ်ဝင်စားစရာ၊ သင်ခန်းစာယူစရာတစ်ခုလောက် ပြောဦးမှာတော်ပါလား"

[illegible] ကျွန်ုပ်ပိုင်းတော်သားတစ်[illegible] ညီတူတော်ကို [illegible]နှင့်အညီ အရေးသနကို လိုက်ပြောခဲ့ရတယ်။

ကျွန်တော်တို့အားလုံး ခေတ်ပညာသ[illegible]တွေဖြစ်သလို တရားပါ [illegible] ယုံကြည်ကိုးကွယ်
ဘဝတွေ ဖြစ်ကြတယ်။ ရေတကော့မှာ မမြင်ရတဲ့အရာတွေရှိတယ်လို့ ဝှန်း၊ နတ်၊ ထရွေး သရဲဆိုတာတွေကလည်း လူ့ရခက်သား။ ယုံပါလို့လည်း မတိုက်တွန်းဘူး၊ မယုံပါနဲ့လို့လည်း မတားရက်ဘူးဗျာ။ ကျွန်တော် ခုလိုမသေမပျောက် ခင်ဗျားတို့နှင့် ဆုံခွင့်ရတာ ထားဝယ်သားလေး တန်လင်းကြောင့်လို့။ သူသာမတာယ်ရင် ကျွန်တော် အပါအဝင် စက်လှေပေါ်ရှိ လူ (၃၀) [illegible] မထူးတော့ဘူး။ [illegible] သုံးသပ်ပေတော့။

လွန်ခဲ့တဲ့နှစ်(၃၀)ကျော်က မွန်တို့ဌာနီ ရာမညရဲ့ သံဖြူဇရပ်မြို့မှာ တာဝန်ထမ်းခဲ့ရတယ်။ ၁၉၇၇- ၁၉၈၀ ပြည့်နှစ်ကာလပေါ့။ သံဖြူဇရပ်က မြို့သာငယ်ပေမယ့် သမိုင်းက ကြီးကျယ်ခမ်းနားသား။ သံဖြူဇရပ်မြို့လယ်မှာ ရာပြည့်ဇရပ်၊ ကျိုက္ကမီကားလမ်းဘေးမှာ အင်္ဂလိပ်စစ်သင်္ချိုင်း၊ ဂျပန်တွေဖောက်ခဲ့တဲ့ သံဖြူဇရပ် ဘူတာဆုံးဆူ သေမင်းတမန်ရထားလမ်း၊ တိုင်းရင်းသားတွေရဲ့ သွေးတွေချွေးတွေအသက်တွေနဲ့ တည်ဆောက်ခဲ့တဲ့လမ်း၊ ဝဲကလိကွင်းကရေပူစမ်း၊ သံဖြူဇရပ်အထွန်း တခုန်ချောင်းကျေးရွာအနီး [illegible]

[illegible] အနုဝင်တန်းဆောင်ခါ ဝင်လာလာရှေ့တွင်ပြီး နေလှန်းချက်တဲ့ ဆားကွင်းပြင်ကြီးတွေ၊ လမ်းဘေးဝဲယာ တစ်ဖက်တစ်ချက် တစ်လျှောက်တစ်လေ စိမ်းစိုနေတဲ့ ပြန်မာချောင်းကြက်ပေါင်တောင်ပါ ရော်ဘာဝင်တွေ၊ ပင်လယ်ရေဘယ်လာတဲ့မြို့ကလာဝါလေ ရေလယ်မှာ ဝင်နေတော့မှုတဲ့ ကျိုက္ကမီရေ [illegible]ပါ။ ဒီနေရာတွေက [illegible] မမေ့ရတ်မမေ့ သွားရ [illegible]ပါ။

၁၉၇၇ - ၁၉၈၀ ကာလမှာ တောင်သူလယ်သမားတွေပါ နိုင်ငံတော်ကို တာဝန်ကျေသဟာမှတ်နှုန်းထားအတိုင်း စပါး ရော်ဘာတွေ မဖြစ်မနေရောင်းရတယ်။ ထွက်လာသမျှကို အစိုးရသတ်မှတ်ဈေးအတိုင်း ရောင်းချရတော့ တွက်မခြေကိုက် အကြွေးနဲ့ နပန်းလုံးနေရတာကိုး။ ဒီတော့လည်း အဓိကထွက်ကုန်ဖြစ်တဲ့ ကြက်ပေါင်ဈေးပေါ် အဓိကဖြစ် အခြားလိုက်လုန်း ကျပ်တင်ရလာတဲ့ရော်ဘာပြားတွေကို ထုပ်ပိုးပြင်ဆင်ပြီး ဈေးကောင်းကောင်းပေးဝယ်သူ ကုန်သည်ပွဲစားတွေဆီ ရောင်းရတယ်။ ပွဲစားကုန်သည်တွေကတစ်ဆင့် ပြည်ပကို ဒီလက်ရောင်းမယ် [illegible] သည်ပြန်ဘော့ ရှိရတယ်။

# ရွှေစင်သား

## လှိုင်းလေကြားမှသေရွာပြန်များ





www.burmeseclassic.com

www.burmeseclassic.com



[illegible]
ပင်လယ်ပြင်ကို [illegible]
အကောင်းစားအင်ချင်းနှစ်လုံးတိုင်၊ သုံး
လုံးတိုင်ဇက်လှေကြီးတွေကို သင်္ဘောရှိ
ရေမြို့နယ်အတွင်း ပင်လယ်ပြင်ထွက်
ပေါက်ရှိတဲ့ ပင၊ လာရှူ ထင်းရှူးအနှင်း
နှစ်တရင်၊ ချောင်းဝတွေမှာ ကျောက်ချ
ရပ်နားလာသမျှ ရော်ဘာတွေကို လတ်ခံ
စပ်ကြားတယ်။ ဇက်လှေကြီးတွေဆီကို
ငွေးလှည်းနဲ့တင်ဖို့ ထဲလှေပေါ် ဇက်တင်
[illegible] ပိုရတယ်ပေါ့။
[illegible] ရှည်ပြီး
[illegible]
သုံးသိန်းဝယ်ယူပြီးမှ မြည်[illegible]
တဲ့ ရှေ့နောင်၊ [illegible] သွား
ရောင်းရတယ်။ ထက်ဝက်မြတ်ကြောင်း
ကျန်းမာသည်တာဖိုး ပြောပြသိရတယ်။

[illegible]မြို့၊ အဝတ်အထည်၊ ရေနံဆီ[illegible]
တင်ဆောင်ပြီး မုလဆွတ်ခဲ့တဲ့ ချောင်းဝ
တွေမှာ ဆိုက်ထားတဲ့ လှေတွေ၊ လှည်းတွေ
နဲ့သယ်၊ ရထား၊ ကားတွေပေါ် ကူး
ပြောင်းသယ်ဆောင်ပြီး မြန်မာပြည်အနှံ့
ဖြန့်ဝေရောင်းချနေတဲ့ မှောင်ခိုပွားရေး
မြင့်မားနေတဲ့အချိန်လေ။ မှောင်ခိုပွား
ရေးသမား အရှင်ရှင်ကြီးသည်[illegible]တွေ
ကို [illegible] ပုဒ်မ ၁၄ (၁)
၁၅ (၁) တွေတပ်ပြီး အရေးယူတားဆီး
ခဲ့တယ်။ ဒါပေမယ့် မရပါဘူး။ ဒီရေတိုး
သလို [illegible]လည်း ပိုလို့
သာကြီးပွားလာတယ်။

ကျွန်တော်လည်း အထက်က ရွေး
ချယ်[illegible] သက်ဆိုင်ရာ
[illegible]နဲ့ ပူးပေါင်းပြီး မှောင်ခို
[illegible] သိတ်တပ်ကြောင်း သတင်းရ
တဲ့ [illegible]ခဲ့ရတယ်။ ၁၉၄၈
[illegible]
သင်္ဘော[illegible]လာတော်
[illegible]
[illegible] လယ်
[illegible]ဆောင်းဆုံးတော့
[illegible] ရာစုတော်
[illegible]။ [illegible]ပေါင်းလိုနေမို့ နေတာ



www.burmeseclassic.com

www.burmeseclassic.com

လည်းပူ၊ လယ်ကွင်းမြေတွေကလည်း ကြမ်း၊ ခယောင်းဆူးတွေက ရှောင်မရတာမို့ နာကျင်ပင်ပန်းလိုက်တာ မြန်တောင် မတွေးဝံ့ဘူး။

ပလိုင်တင်ဆိုတဲ့ မွန်ရွာငယ်လေးမှာ ခဏနား၊ သတင်းယူပြီး ပင်လယ်ပြင်ထွက်ပေါက်ရှိတဲ့ သမြေချောင်းဝကနေ အထက်အောက် စုန်ဆန် ရှာပုံတော်ဖွင့်ခဲ့တာ ညနေပိုင်းမိုးချုပ်နေဝင်စမှာ သစ်ကိုင်းတွေ ဖုံးအုပ်ထားတဲ့ မှောင်ခိုလှေကြီးကို ဖမ်းဆီးရမိတယ်။ ရော်ဘာပေါင်အပြည့် နှစ်သိန်းကျော်တင်ပြီး ပြည်ပကိုထွက်ဖို့လုပ်နေစဉ် ဒီရေအကျမို့ သောင်တင်နေလို့ ဖမ်းမိခြင်းဖြစ်တယ်။ ဖမ်းမိတဲ့လှေအမည်က 'သောင်းရတနာ' တဲ့။ အင်ဂျင်သုံးလုံးတပ် စက်လှေကြီးပေါ့။

စက်လှေကြီးကို ရည်မှန်းချက်အတိုင်း ဖမ်းဆီးရမိကြောင်း သတင်းပို့ဖို့ စီစဉ်ရတယ်။ ယခုလို လက်ကိုင်ဖုန်းတွေ မပေါ်သေးတာမို့ အနင်းဘူတာကိုသွား၊ လက်လှည့်ဖုန်းနဲ့ ဆက်တိုက်လှည့်ပြီးမှ 'သောင်းရတနာ'စက်လှေကြီးကို ဖမ်းမိကြောင်း လျှို့ဝှက်သတင်းကို တစ်ရွာလုံးကြားအောင် အော်ဟစ် သတင်းပို့ခဲ့တယ်။

နောက်ရက်မှာတော့ သက်ဆိုင်ရာတာဝန်ရှိသူတွေ၊ စက်လှေမောင်းမယ့်သူတွေရောက်လာပြီး ၅-၄-၁၉၇၈ ရက် ညနေရေပြည့်ချိန်မှာ အင်ဂျင်စက်တွေ နှိုးပြီး စတင်ထွက်ခွာဖို့ ရေမှာချထားတဲ့ ကျောက်ဆူးကိုဆွဲတင်လိုက်ရာ တောက်ခနဲ တောက်ခနဲပြေပြီး ခိုင်ခံ့ကြီးမားတဲ့ သံကြိုးတွေ ရေမှာပြတ်ကျန်ခဲ့တယ်။

အားလုံးစိတ်မကောင်းဖြစ်ရတာက ပင်လယ်ပြင်ခရီး နိမိတ်မကောင်း အန္တရာယ်ရှိတယ်ပေါ့။ ကျွန်တော်ကိုယ်တိုင် အယုံအကြည်မရှိတာမို့ စက်လှေကြီးကို ဆက်ထွက်ခိုင်းပြီး ရော်ဘာအပြည့်တင်စက်လှေပေါ်မှာ အောင်ပွဲခံ ပင်လယ်ပြင်ခရီးနှင်ခဲ့တယ်။ ပင်လယ်ပြင်အတွေ့အကြုံကလည်းမရှိ ခရီးရှည်လည်း မသွားဘူးတာမို့ လှိုင်းဖွေးဖွေးထက်မှာ ပင်လယ်လေအေးကိုရှူရင်း ပျော်စရာပင်လယ်ပြင် ခရီးထွက်နေသူတွေလို့တောင် တင်စားမိတယ်။

ဖြည်းဖြည်းမှန်မှန်နဲ့ ကျိုက္ခမီဘက်ကို မှန်းဆခုတ်မောင်းလာခဲ့ရာ ည (၁၀) နာရီခန့် စက်လှေကြီးရဲ့ ဝမ်းဗိုက်နဲ့ ပင်လယ်ကြမ်းပြင်က တစ်စုံတစ်ခုငြိပြီး ဒုတ်၊ ဒုတ်ဆိုတဲ့ အသံနဲ့အတူ စက်လှေကြီး ရှေ့ဆက်မသွားတော့ဘဲရပ်သွားတယ်။ အင်ဂျင်စက်သံကတော့ မရပ်ဘူး။ ပင်လယ်ပြင်အတွေ့အကြုံရှိသူတချို့ စက်လှေပေါ်က ဆင်းတွန်းလည်းမရဘူး။ စက်လှေကြီး သောင်ပေါ်မှာ ကန့်လန့်တင်နေပြီး ဒီအတိုင်းဆက်ထားရင် စက်လှေကားကြိုးပြုတ်တော့မှာဖြစ်ကြောင်း ရေကြောင်းနားလည်သူတစ်ဦးက အော်ပြောမှ ကျွန်တော်တို့အားလုံး အားငယ်စိတ်၊ကြောက်စိတ်တွေဝင်လာတယ်။

စက်လှေ သောင်ပြင်နဲ့ ငြိသံ တဒုတ်ဒုတ်မြည်သံမစဲခင်မှာ သာတောင့်သာယာနဲ့ ကြည်လင်နေတဲ့ မိုးကောင်းကင်ဟာ ရုတ်ခြည်းမိုးမှောင်ကျ၊ လေပြင်းကလည်းတိုက်၊ လှိုင်းလုံးကြီးတွေကလည်း ဒေါသဟုန်ဟုန်ပြင်းတဝုန်းဝုန်းနဲ့ စက်လှေကို ရိုက်ပုတ်တော့တာပဲ။ လေထန်လှိုင်းကြီးဆိုတာ တကယ်တွေ့တော့မှ ပြောမပြတတ်အောင် ကြောက်စရာကောင်းတယ်။ လေပြင်းကလည်းတိုက်၊ လှိုင်းကလည်းကြီး၊ သောင်ကလည်းငြိနေတာမို့ စက်လှေကြီး တဖြည်းဖြည်းတိမ်းစောင်းနစ်မြုပ်လုဆဲဆဲပေါ့။

မွန်အမျိုးသားဦးရီလည်း တိုင်ကီလွတ်(၁၀)လုံးကို ကြိုးတွေနဲ့ချည်နှောင်ဖောင်ဖွဲ့ ပင်လယ်ထဲချကူးဖို့ပြင်တယ်။ ကျွန်တော်တို့အားလုံး လှေပေါ်ကနေခုန်ချ၊ တိုင်ကီဖောင်ပေါ် ပြောင်းဖို့ပြင်ဆင်ရတယ်။ ကျွန်တော်ရဲ့ အတွေးမှာ ပင်လယ်ပြင်မျောနေမယ့် အလောင်းတွေ၊ နေအိမ်မှာကျန်ရစ်ခဲ့တဲ့ မူကြိုအရွယ် သမီးငယ်နဲ့ ဇနီးဖြစ်သူကို မြင်ယောင်ပြီး ကြေကွဲဝမ်းနည်းမျက်ရည်ဝဲခဲ့တယ်။

ကျွန်တော်တို့အားလုံး ခြေမကိုင်မိလက်မကိုင်မိ ဆောက်တည်ရာမရဖြစ်နေချိန်မှာ ထားဝယ်သားလေး ဟန်လင်း ကျွန်တော့်ထံလာပြီး -

"အစ်ကို ဘာမှမပြောနဲ့။ နောက်ပြောင်တာလည်း မလုပ်နဲ့။ ပိုက်ဆံပါရင် မက်စေ့တစ်စေ့ပေး"

တောင်းသဖြင့် ကျွန်တော့်အိတ်ထဲတွင် အသင့်တွေ့ရသော ကျပ်စေ့အား ပေးလိုက်ပါသည်။

ဟန်လင်းမှ သောက်ရေဖလားခွက်ထဲရေဖြည့်၊ ကျပ်စေ့ထည့်၊ မှောက်လုဆဲ လှေဦးပိုင်း ရွက်တိုင်ထိပ်တွင် ရပ်လျက် ထားဝယ်သံဝဲဝဲဖြင့် -

"ပုလဲငွေမိုး၊ သဲရေစို့၊ ပဲရွှေမြို့အပိုင် အောက်ခရိုင်၌ ရေကင်းအထိ ပိုင်ပေသော နတ်ဦးရှင်ခင်ဗျား"

ဟု ထားဝယ်လို အော်ဟစ်တိုင်တည်ရာ ဟန်လင်းရဲ့ ရွတ်ဖတ်သံအဆုံး မယုံကြည်နိုင်အောင်ပင် မှောင်အတိကျနေသောကောင်းကင်မှာ ကြည်လင်လာသလို တဝုန်းဝုန်းရိုက်ပုတ်နေသော လှိုင်းလုံးကြီးများ အရှိန်ပြင်းပြင်းတိုက်နေသော လေပြင်းမုန်တိုင်းများမှာ ပန်းဝင်လာသော မြိုင်မြင်းကို ကျွမ်းကျင်သော မြင်းစီးသမားမှ ဇက်ကြိုးဆွဲလိုက်သလို ငြိမ်သက်တည်ငြိမ်ပြီး သောင်နဲ့ငြိနေတဲ့ စက်လှေကြီးမှာ ပင်လယ်ရေပြင်ထဲ ရွေ့လျားသွားတာကို မယုံကြည်နိုင်လောက်အောင် အံ့ဩဖွယ် မြင်တွေ့ရပါတယ်။

ကျွန်တော်တို့အားလုံး ထားဝယ်သားလေးအား ဝိုင်းဝန်းပွေ့ဖက်ဂုဏ်ပြုလိုက်မိတယ်။ မကြာမီ ကျွန်တော်တို့စက်လှေပျောက်နေလို့ ကျိုက္ခမီမှ ကူညီဖို့ လွှတ်လိုက်တဲ့ ပဲ့နင်းကြီး ဦးရေးတို့မှ သေနတ်ပစ်ဖောက်ပြီး အချက်ပေးသံ၊ မီးပန်း၊ မီးကုံးများ ဝှေ့ယမ်းအော်ဟစ်အချက်ပြရောက်ရှိလာလို့ ကျွန်တော်တို့အားလုံး သေဘေးမှကင်းဝေးပြီဖြစ်ကြောင်းလက်ခံရပါတော့တယ်။

ကျိုက္ခမီမှလာတဲ့ စက်လှေရဲ့ ဦးဆောင်လမ်းပြမှုအတိုင်း ကျွန်တော်တို့ သောင်းရတနာစက်လှေကြီးခုတ်မောင်းလိုက်ခဲ့ရာ ၆-၄-၇၈နေ့ နံနက်အရုဏ်အချိန် ကျိုက္ခမီမီးပြတိုက်အလွန် ကျိုက္ခမီရေလယ်ဘုရားကို ဖူးမြော်ဦးတိုက်ကန်တော့ခွင့်ရလိုက်တာနဲ့ ကျွန်တော်တို့လှေပေါ်ပါ အယောက် (၃၀) အားလုံး ပင်လယ်ပြင်လှိုင်းလေဖျားကြားမှ သေရွာပြန်လာသူများဖြစ်ကြောင်း ရင်မှာ မှတ်တမ်းတင်လိုက်ပါတော့တယ်။

ကိုင်း - ကိုငြိမ်းရေ၊ ကျွန်တော့်ကိုယ်တွေ့ သေရွာပြန်ဇာတ်လမ်းလည်း ပြီးပြီ။ နေလည်းဇင်တော့မယ်။ အမြန်ရထားလည်းလာပြီမို့ ပြန်ကြစို့။ခင်ဗျားတို့အားလုံး ဝေဖန်ဆုံးဖြတ်ကြပေတော့"

ဟု ပြောရင်း ကျွန်တော်တို့ ရောင်းရင်းတစ်စု မင်းလှမြို့ဆီ ဦးတည်ပြီး တစ်လှမ်းချင်းလှမ်းလျက် အတွေးကိုယ်စီဖြင့် -

(ထားဝယ်သားလေး ဟန်လင်းအား အမှတ်တရ)

ငြင်သား




www.burmeseclassic.com

www.burmeseclassic.com


# ဂန္ဓာရီဝိဇ္ဇာမယသိဒ္ဓိ မြန်မာ့အင်းအမျိုးအစားများအား လေ့လာခြင်း

△ ကြို့ရတနာ-ဆရာဇေယျာလင်း



## (၁-၂-၃) စမလည်ဆွဲအစီအရင်

ပုံဆောင်ဗျည်းအက္ခရာစမအင်းအဖြစ် တတိယမြောက် ဥပမာနမူနာအနေဖြင့် ဖော်ပြလိုသည်ကား အောက်ဖော်ပြပါ 'စမလည်ဆွဲအစီအရင်' တစ်ခုဖြစ်ပါသည်။ စီရင်ရန်လွယ်ကူပြီး အကျိုးရှိစေသော အဆောင်အစီအရင်လည်းဖြစ်သဖြင့် ဖော်ထုတ် တင်ပြလိုက်ရခြင်းဖြစ်ပါသည်။



(၁) (၂)

အထက်ပါပုံဆောင်ဗျည်းအက္ခရာစမအင်းများတွင် အမှတ် (၁) ဗျည်းအက္ခရာစမအင်းပုံအတွက် စ-မ-ဗ-ဝ-ဓ-ဂ-ယ ဟူသော ဗျည်းအက္ခရာစမတို့ကို အင်းဆန်အဖြစ် လည်ကောင်း၊ အမှတ် (၂) ဗျည်းအက္ခရာ စမအင်းပုံအတွက် ပ-ဗ-ဓ-ခ-ယ-န ဟူသော ဗျည်းအက္ခစမတို့ကို အင်းဆန်အဖြစ် လည်းကောင်း အသီးသီးအသုံးပြုလျက် ဖော်ပြပါပုံများအတွက် ပုံဆောင်အက္ခရာစမများအဖြစ် စီရင်ထားပေသည်။ ထိုပုံဆောင်ဗျည်းအက္ခရာစမအင်းပုံများကိုကြည့်ပါက မည်သည့်ပုံစံ၊ ပုံရိပ်ဟု အတိအကျ အမည်တပ် ခေါ်ဝေါ်၍ မရနိုင်ချေ။ အမျိုးအမည်ပုံစံ ရုပ်သွင်ဖြင်အားဖြင့် သိနားလည်ရန်ခက်ခဲသောအက္ခရာစမအင်းပုံများသာ ဖြစ်ပေသည်။

ထိုပုံဆောင်အက္ခရာစမအင်းပုံတို့ကို ရွှေပြား၊ ငွေပြား ရရာကိုအပြားဝိုင်းပြုလျက် ထိုအက္ခရာစမအင်းပုံတို့ကို တစ်ဖက်စီဇရေးဆွဲစီရင်ပြီး ကြိုးတပ်၍ လည်ဆွဲအဆောင်အဖြစ် ဆောင်ထားရမည်။ ယောကျ်ား၊ မိန်းမ၊ ကလေး၊ လူကြီးမဟူ ဤအဆောင်ကို လည်ဝယ်ဆွဲ၍ အစဉ်အမြဲဆောင်လေ။ အကျိုးကား စုန်းတိုက်၊ နတ်တိုက်၊ ပယောဂတိုက်၊ အမှောင့်၊ သူပြုလူပြုတို့မှ လွတ်ကင်း၍ ကိုယ်လုံ၏။ ကလေးများ ထိတ်ခြင်း၊ လန့်ခြင်း၊ ငိုခြင်း၊ ရယ်ခြင်းများရှိက အဆောင်ကိုဆွဲထားက ဘေးရန်ကင်းလွတ် ချမ်းသာရာရ၏။ မကောင်းမိစ္ဆာ အမှောင့်ပယောဂတို့ မချဉ်းကပ်ဝံ့ပေ။ မနှောင့်ယှက်နိုင်။


စီရင်ပုံစီရင်နည်းကား -

ဤပုံဆောင်အက္ခရာစမအင်းရေးဆွဲစီရင်၍ထားသော ရွှေပြား၊ ငွေပြားတို့ကို တစ်ဝဂ္ဂဘုရားတွင် 'ဗုဒ္ဓါဒိ ရတနတ္တယံ' စသော (၉) ဂါထာနှင့် တစ်ဝဂ္ဂဘုရားတွင် (၁၀၈) ကြိမ် စုတ်ရပါမည်။ ထို့နောက် ဗောဓိညောင်ပင်အောက်ဝယ် အောက်ပါဂါထာဖြင့် (၁၀၈) အုပ်စုတ်ရပါမည်။

- ဩကာသ အဂ္ဂကပ္ပ ဗိန္ဒုနာဥပ္ပန္နံ၊ စတုက္ခရံ၊ စတူဟိ၊ ဓာတူဟိ - စတ္တာရော ဝိဇ္ဇာရော စတုဂ္ဂဏံ ကတွာ တပေ့တွိ သွာဟယျ သွာဟာ။ ။

ပြီးလျှင် သိဒ္ဓိတင်ခြင်း၊ အစောင့်သွင်းခြင်း၊ ချုပ်ခြင်းများ ပြုလုပ်ပြီးက ဆောင်၍ရပြီး ဖြစ်ပါသည်။

## (၁-၂-၄) ကြီးလေးကြိုး ဝါးချက်စမအက္ခရာပုံဆောင်အင်း



ယခု နောက်ဆုံး ဥပမာနမူနာအဖြစ် ဖော်ပြလိုက်သော ပုံဆောင်အက္ခရာစမအင်းတစ်ခုမှာ ဝါးချက်မင်းဆရာတော်၏ ကြီးလေးကြိုးပုံဆောင်အက္ခရာစမအင်း ဖြစ်ပါသည်။ ဆီမီးခွက်တွင် လည်းကောင်း၊ ဖယောင်းတိုင်၊ ဖယောင်းပြားတို့တွင် လည်းကောင်း၊ စက္ကူပိတ်စ၊ အဝတ်စတို့တွင် လည်းကောင်း ရေးသားစီရင်ပြီး မီးစာအဖြစ် မီးထွန်းရသောအင်းဖြစ်သည်။ ဝိဇ္ဇာမယ မဟိဒ္ဓိသိဒ္ဓိရှင် နာမည်ကျော် ဝါးချက်မင်းဆရာတော်၏ လက်သုံး မီးထွန်းအင်းအစီအရင်တို့ဖြစ်ပြီး ဉာဏ်ရှိသလို သုံးဟု ညွှန်းထားပေသည်။

## ၁-၃။ ရုပ်ပုံဆောင်ဗျည်းအက္ခရာစမအင်းများ (Different Images of Myanmar Magic Squares with Alphabets)

ဤအုပ်စုဝင် ဗျည်းအက္ခရာစမအင်းများမှာ ဗျည်းအက္ခရာစမများကို အဓိကထား အသုံးပြုလျက် ရုပ်ပုံအမျိုးမျိုးပေါ်လွင်အောင် ရေးသားစီရင်ထားသောအင်းမျိုးများ ဖြစ်သည်။ ပုံစံအမျိုးမျိုး၊ ပုံရိပ်အမျိုးမျိုးတို့ကိုဆောင်သော ပုံဆောင်အက္ခရာစမအင်းများတို့မှာမူ အထက်တွင် တင်ပြဆွေးနွေးခဲ့ပြီးသည့်အတိုင်း မည်သည့်ပုံရိပ်ပုံသဏ္ဌာန်ဟု အတိအကျဆို၍မရသော်လည်း ဤရုပ်ပုံဆောင်ဗျည်းအက္ခရာစမများမှာမူ သိသာထင်ရှားသည့် ရုပ်ပုံများ ပေါ်လွင်အောင် စနစ်ကျသေချာစွာ ရေးဆွဲစီရင်အပ်သော ရုပ်ပုံအက္ခရာဗျည်းစမများဖြစ်ကြသည်။ ဥပမာ ဗုဒ္ဓရုပ်ရုပ်ပုံအက္ခရာစမ၊ ဧဝရုပ်ရုပ်ပုံအက္ခရာစမအင်းများ၊ ယက္ခရုပ်ရုပ်ပုံအက္ခရာစမအင်းများ၊ တိရစ္ဆာန်ရုပ်ပုံအက္ခရာစမများ စသည်။

ယခု ဤဆိုအပ်ခဲ့ပြီးသော ရုပ်ပုံအက္ခရာစမအင်း နမူနာအမျိုးမျိုးကို ထင်ရှားသိသာစေရန် ဖော်ထုတ် တင်ပြလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com




## (၁-၃-၁) ဘိုးဘိုးအောင် ပထမံဓိဗုဒ္ဓရုပ် ရုပ်ပုံအက္ခရာစမအင်း

ယခု နမူနာအဖြစ် ဖော်ပြထားသော ရုပ်ပုံဆောင်ဗျည်းအက္ခရာစမအင်းမှာ အဘပထမံဘိုးဘိုးအောင်စီရင်အသုံးပြုခဲ့သော ဗုဒ္ဓရုပ်ရုပ်ပုံအက္ခရာစမအင်းပုံ ဖြစ်ပါသည်။ ရုပ်ပုံဆောင်ဗျည်းအက္ခရာစမအင်း ဆိုသည့် ဗုဒ္ဓရုပ်ရုပ်ပုံတော်ကို ပေါ်လွင်ထင်ရှားအောင် ဗျည်းအက္ခရာစမများကို အသုံးပြုလျက် ရေးဆွဲစီရင်ထားသောအင်းဖြစ်ပေသည်။ ဤဗုဒ္ဓရုပ်ရုပ်ပုံအက္ခရာစမအင်း၏ အင်းဆန်များကား -

ဂ၊ ဂ၊ ဂ၊ တ၊ စ၊ ဗ၊ ဒ၊ ဥ၊ ရှ၊ င၊ ရှ၊ ဈ၊ ပ၊ ဗ၊ မ၊ ထ၊ ဏ၊ ဃ၊ ခ၊ နု၊ ဠ၊ ထ၊ ဝ၊ ယ၊ တ၊ သ၊ ချ၊ ဋ၊ ဘ၊ ဆ၊ လ၊ ဖ၊ ဈ၊ ည၊ ရ၊ အံ၊ အး၊ က္က၊ ဤ၊ ဥ၊ ဦ၊ ဓ၊ ဩ၊ အ ဟူ၍ ဖြစ်ပြီး ဤအင်းဆန်များ အစဉ်အတိုင်း ရေးသွင်းစီရင်ရပေသည်။ အဘပထမံဘိုးဘိုးအောင်၏ အစီအရင်ဖြစ်သဖြင့် မည်မျှအကျိုးတန်ခိုးသိဒ္ဓိအပေါင်းတို့နှင့် ပြည့်စုံနေမည်ကို အထူးပြောရန်လိုမည် မထင်ပါ။

မြန်မာ့ဂန္ធာရီဝိဇ္ဇာမယအင်းပညာတွင် နဝကိုရပထမံဗုဒ္ဓရုပ်အက္ခရာစမအင်း၊ ဝိဇ္ဇာမဟိဒ္ဓိမဟာဗောဓိပထမံဗုဒ္ဓရုပ်ရုပ်ပုံအက္ခရာစမအင်း၊ သမ္ဗုဒ္ဓမုနိဗုဒ္ဓရုပ်ရုပ်ပုံအက္ခရာစမအင်း၊ ဓမ္မသာမိဗုဒ္ဓရုပ်ရုပ်ပုံအက္ခရာစမအင်း စသည်ဖြင့် ဂိုဏ်းတော်ကြီးများအလိုက် သမားစဉ်အလိုက် ဗုဒ္ဓရုပ်ရုပ်ပုံအက္ခရာစမအင်းမျိုးပေါင်းများစွာရှိကြပါသည်။ ထို့အပြင် မြန်မာ့ဂမ္ဘီရဂန္ဓာရီဝိဇ္ဇာမယအင်းပညာတွင် အခြားရုပ်ပုံဆောင်ဗျည်းအက္ခရာစမအင်းအမျိုးအစားပေါင်းများစွာရှိကြသေးကြောင်းကို ဥပမာအနည်းငယ်စီဖြင့် ထပ်မံ ထုတ်ဖော် တင်ပြလိုက်ပါသည်။

## (၁-၃-၂) ရှင်သီဝလိရုပ်ရုပ်ပုံအက္ခရာစမအင်း



မြန်မာ့ဂန္ဓာရီဝိဇ္ဇာမယအင်းပညာတွင် တွေ့ရလေ့ရှိသော ရုပ်ရုပ်ပုံအက္ခရာစမအင်းမျိုးများစွာထဲတွင် ရှင်သီဝလိရုပ်ရုပ်ပုံအက္ခရာစမအင်းသည် အများဆုံးတွေ့ရလေ့ရှိသောအင်းတစ်မျိုး ဖြစ်ပါသည်။ ထိုရှင်သီဝလိရုပ်ရုပ်ပုံအက္ခရာစမအင်းများမှာလည်း ဂိုဏ်းတော်ကြီးများအလိုက် သမားစဉ်အလိုက် အတွင်းအင်းဆန်အမျိုးမျိုး၊ ပုံတော်ဟန်အမျိုးမျိုးများစွာရှိပါသည်။ ထိုရှင်သီဝလိရုပ်ရုပ်ပုံအက္ခရာစမအင်းများစွာထဲမှ မဟာကောဏ္ဍညဂိုဏ်းမှ ရှင်သီဝလိရုပ်ရုပ်ပုံအက္ခရာစမအင်းတစ်ခုကို နမူနာအဖြစ် ဖော်ထုတ် တင်ပြလိုက်ပါသည်။

အထက်ပါ ရှင်သီဝလိရုပ်ရုပ်ပုံအက္ခရာစမအင်းတော်မြတ်ကို၊ ရှင်သီဝလိရဟန္တာအရှင်မြတ်ကို ကန်တော့ပွဲ၊ ပန်း၊ ဆီမီး၊ ရေချမ်း၊ သက်သတ်လွတ်ဆွမ်း၊ သစ်သီးဆွမ်းများ ကပ်လှူပူဇော်ကာ နေ့ကောင်းရက်သာ၊ အဝင်နက္ခတ်၊ အမြိတ္တ၊ လာဘ်စွတ်ကြိုက်သောကာလ ရေးဆွဲစီရင်ပါလေ။ ရှင်သီဝလိပရိတ်တော်ဖြင့် (၉) အုပ်၊ ရှင်သီဝလိဆယ်ဂါထာဖြင့် (၁၀၈) အုပ် စုတ်ပါ။ သိမ်ဝင်ကြေးပြား၊ ရွှေပြား၊ ငွေပြားနှင့် သန့်စင်သောစက္ကူတို့တွင် စီရင်တော်မူနိုင်ပါသည်။ ဤအင်းအစီအရင်ကို စီရင်ပြီးနောက် သိမ်ဝင်ပေးနိုင်က ပိုကောင်းပါသည်။ အနုတုန်တိုက်၊ဗီယ၊လာဘအရာတွင် အတုမရှိကောင်းလှပါသည်။

## (၁-၃-၃) ဒေဝတာရုပ်ရုပ်ပုံအက္ခရာစမအင်းများ

မြန်မာ့ဂမ္ဘီရဂန္ဓာရီဝိဇ္ဇာမယအင်းပညာတွင် ဗျည်းအက္ခရာစမတို့ကို ရုပ်အက္ခရာစမအင်းများအဖြစ် အမျိုးမျိုးစီရင်ရာတွင် နတ်ဒေဝတာ၊ ကုမ္ဘဏ်ယက္ခတို့၏ရုပ်ပုံစာမအက္ခရာစမအင်းများလည်း အများအပြားရှိကြပါသည်။ ဤနေရာတွင် ဥပမာနမူနာအဖြစ်သိစေရန်


နမူနာအမှတ်(၁)
သူရဿတီဒေဝီရုပ်ပုံအက္ခရာစမအင်း



နမူနာအမှတ်(၂)
ယက္ခဒေဝနတ်ဘီလူးရုပ်ပုံ
အက္ခရာစမအင်း



နမူနာအမှတ်(၃) ဒေဝကိန္နရီရုပ်ပုံ
အက္ခရာစမအင်း





www.burmeseclassic.com

www.burmeseclassic.com

နမူနာအမှတ်(၄) တက္ကသိုလ်ဇော်ဂျီရုပ်ပုံ အက္ခရာစမအင်း



နမူနာအမှတ်(၅) ကေသရာဇာရုပ်ရုပ်ပုံ အက္ခရာစမအင်း



နမူနာအမှတ်(၆) မောယရာဇာရုပ်ရုပ်ပုံ အက္ခရာစမအင်း



နမူနာအမှတ်(၇) စဝေဝပိယပုရွက် ရုပ်ရုပ်ပုံ အက္ခရာစမအင်း



ဒေဝတာရှုပ်ရှုပ်ပုံအက္ခရာစအောင်းအမျိုး ကို ဖော်ပြလိုက်ပါသည်။

တိရစ္ဆာန်ရုပ်ရုပ်ပုံအက္ခရာစအောင်း အစီအရင်များတွင် အသေးဆုံးအရွယ် အစားရှိ တိရစ္ဆာန်မျိုးဝင် ပုရွက်ဆိတ်ပုံ ဆောင်ရုပ်ရုပ်ပုံအက္ခရာစမအင်းအမျိုး အစား ဖြစ်ပါသည်။ ဤပိယပုရွက်ရုပ် ရုပ်ပုံအက္ခရာစမအင်းကို ငွေပြားတွင် ရေးဆွဲစီရင်၍ လက်ဖွဲ့ထိုးဆောင်ရပါ မည်။ အင်းအဟိန်းဂါထာများမှာ ရုပ်ပုံ အက္ခရာစမအင်း၏ အင်းအရံဂါထာ များဖြစ်သော 'ဉ ကတ္တိခနံ ကတ္တိဘောဂံ၊ ဉ ကတ္တိရသံ' ဟူသော ဂါထာဖြင့် (၃၇) အုပ် စုတ်ရပါမည်။

(နှ)နငယ်နကွင်းပိတ်ကို ရေးဆွဲ ရာတွင်မူ 'ဉ ပထမံဗန္ဓုဝဇာတံ၊ ဒုတိယံ ဗီဇကဋ္ဌေဝ၊ တတိယံ၊ စတုတ္ထံ၊ ပဉ္စမံ နကာရံဘဝေ' ဟူ၍ ဖိန်းရွတ်ရေးဆွဲရ ပါမည်။ လက်ဖွဲ့ပြုသောအခါ ထိုနငယ် နကွင်းပိတ်ဘက်မှစ၍ လိပ်ရပါမည်။ ထိုလက်ဖွဲ့ငွေပြားကို နံ့သာငါးပါးရည် နှင့်လောင်းရင်းလိပ်ရပါမည်။ ဤအင်း ကိုဆောင်ရသော အကျိုးကား စီးပွား လာဘ်လာဘတိုးပွားစေ၏။ ပြောသမျှ လည်းအောင်၊ ကာမေသုကိုရှောင်ဟုဆို ထားပါသည်။

ယခုအခါ ကျွန်ုပ်သည် မြန်မာ့ ဂန္ဓာရီဝိဇ္ဇာမယအင်းအမျိုးအစားများတွင် ပထမအုပ်စုဖြစ်သော ဗျည်းအက္ခရာစမ အင်းအမျိုးအစားများအုပ်စုတွင်လေ့လာ တွေ့ရှိရသော ရိုးရိုးလေးထောင့်ကွက် အင်းများ၊ ပုံစံပုံရိပ်အမျိုးမျိုးအသွင် ဆောင် ဗျည်းအက္ခရာစမအင်းများနှင့် ယခုနောက်ဆုံးရုပ်ပုံဆောင် ဗျည်းအက္ခ ရာစမအင်းများထိ ဖော်ထုတ်ဆွေးနွေး ပြရာတွင် ရုပ်ပုံဆောင်ဗျည်းအက္ခရာစမ အင်းများ၌ ဗုဒ္ဓရုပ်ရုပ်ပုံဗျည်းအက္ခရာ စမအင်းများမှသည် ဒေဝယက္ခရုပ်ရုပ်ပုံ အက္ခရာဗျည်းအက္ခရာစမအင်းများထိ နှင့် တိရစ္ဆာန်ရုပ်ရုပ်ပုံဗျည်းအက္ခရာစမ အင်းများတွင် ကေသရာဇာခြင်္သေ့ပုံဗျည်း အက္ခရာစမအင်းမျိုးမှသည် အသေးဆုံး အရွယ်အစားရှိ ပုရွက်ပုံရုပ်ရုပ်ပုံဗျည်း အက္ခရာစမအင်းအထိ နမူနာသာဓက အမျိုးမျိုးဖြင့် ရှင်းလင်းတင်ပြခဲ့ပါသည်။

ဤသို့ တင်ပြနေရခြင်းမှာ မြန်မာ့ အင်းပညာရပ်သည် အနောက်နိုင်ငံသား များ ယူဆသကဲ့သို့ လေးထောင့်ပုံအင်း ကွက်မျိုးများသာမက ပုံစံပုံရိပ်အမျိုးမျိုး ဆောင်သော မြန်မာ့အင်းအမျိုးအစား များကို ခွဲခြားရာတွင် အင်းဆန်တို့သည် [illegible] မြန်မာအင်းဆန်များတွင် အက္ခရာစ များသာမက ဂါထာမန္တန်များကို အင်း ဆန်များအဖြစ် ရေးသွင်းစီရင်အပ်သော ဂါထာမန္တန်အင်းအမျိုးအစားများလည်း ရှိသေးကြောင်း တွေ့ရပါသည်။ သို့ဖြစ် ရာ ထိုဂါထာမန္တန်အင်းအမျိုးအစားများ သည် မည်သို့သော အင်းအမျိုးအစား များဖြစ်ကြသည်ကို ဆက်လက် တင်ပြ ဆွေးနွေးလိုပါသည်။

## ၂။ ဂါထာမန္တန်အင်းအမျိုးအစားများ (Myanmar Magic Squares with Magic Spells or Mantra)

မြန်မာ့ဂမ္ဘီရဂန္ဓာရီဝိဇ္ဇာမယအင်း ပညာတွင် ဂါထာမန္တန်များကို အင်းဆန် များအဖြစ်အသုံးပြုစီရင်အပ်သောအင်း အစီအရင်ပေါင်းများစွာ ရှိကြပါသည်။ စနစ်တကျစစ်တမ်းကောက်ယူထားခြင်း မဟုတ်သော်လည်း ကျွန်ုပ် သတိထား လေ့လာခန့်မှန်းမိသလောက်ပြောရလျှင် မြန်မာ့ဂန္ဓာရီဝိဇ္ဇာမယအင်းအစီအရင် များတွင် ဂါထာမန္တန်အင်းအမျိုးအစား သည် အနည်းဆုံး (၅၀) ရာခိုင်နှုန်းခန့် ရှိမည်ဟု ဆိုနိုင်ပေသည်။ ရှေးမြန်မာ့ ဂန္ဓာရီဝိဇ္ဇာမယအင်းပညာရှင်ကြီးများ ဂါထာမန္တန်တို့ကို အင်းဆန်များအဖြစ် အသုံးပြုလျှင် အင်းအစီအရင်များကို ဖန်တီးစီမံထားစေခဲ့ကြခြင်းမှာ ထိုသက် ဆိုင်ရာ ဂါထာမန္တန်တို့၏ တန်ခိုးအကျိုး သိဒ္ဓိတို့ကို အကျယ်ပြန့်ဆုံး၊ အမြင့်မား ဆုံး၊ အထိရောက်ဆုံးရရှိစေရန် ရည်ရွယ် လုပ်ဆောင်စီရင်ကြသည်ဟု ယူဆရပေ သည်။ ထို့ကြောင့်လည်း 'ဂါထာတစ် သောင်း အင်းကောင်းတစ်ကွက်' ဟု ဆို ခဲ့ကြခြင်း ဖြစ်ပေသည်။ သိမီလိုက်သော ဆရာသမား၊ ပညာရှိကြီးများ ဆိုမိန့်ခဲ့ဖူး သည်မှာ 'အင်းမဆောင်နိုင်လျှင် ဂါထာ ကို ကြိုးစား၍ဆောင်ယူရွတ်ပွားကြလေ' ဟု ဆိုမိန့်လေ့ရှိသည်ကို ကြားနာမှတ် သားဖူးခဲ့ရပါသည်။ ထိုအဆိုအမိန့်တို့ နှင့်ပတ်သက်၍ ဆင်ခြင်စဉ်းစားကြည့် မိသည်မှာ ဤသို့ ဖြစ်ပါသည်။

ဥပမာ သင်္သည် ဂဏန်းသင်္ချာ တွက်သည် ဆိုပါစို့။ အကယ်၍ (၉) ကို အကြိမ်ပေါင်း (၁၂) ကြိမ်မျှ ပေါင်းပါက (၉+၉=၁၈+၉=၂၇+၉=၃၆+၉=၄၅+၉= ၅၄+၉=၆၃+၉=၇၂+၉=၈၁+၉=၉၀+၉=

www.burmeseclassic.com

www.burmeseclassic.com

၉၉+၉=၁၀၈) ဟူ၍ ဖြစ်ပါသည်။ (၉) ပေါင်း (၁၂) ကို ထိုသို့ အလီလီအကြိမ်ကြိမ်ပေါင်းသည်ထက် (၉×၁၂=၁၀၈) ဟူ၍ (၉) ကို (၁၂) နှင့် မြှောက်လိုက်ပါက (၁၀၈) ဟု ချက်ချင်းအဖြေထွက်မည် မဟုတ်ပါလား။ သို့ဖြစ်ရာ (၉) ပေါင်း (၁၂) လုံးကို အလီလီပေါင်းနေရသည်ထက် (၉) ကို (၁၂) နှင့် မြှောက်ခြင်းက (၁၀၈) ဟူသောအဖြေကို ချက်ချင်း လွယ်ကူလျင်မြန်စွာ ရနိုင်မည်သာ ဖြစ်ပေသည်။ ထိုအတူ ဂါထာမန္တန်တစ်ပုဒ်ကို အကြိမ်ရေ အခေါက်ရေ တစ်သောင်းပြည့်အောင်ရွတ်နေရသည်ထက် ထိုသက်ဆိုင်ရာ ဂါထာမန္တန်တစ်ပုဒ်ကို အင်းတစ်ခုအဖြစ် စီရင်ဆောင်ထုံလိုက်ခြင်းက ပိုမိုလျင်မြန်ထိရောက်စွာ ထိုဂါထာမန္တန်တန်ခိုးသိဒ္ဓိအား ရရှိခံစားစေနိုင်သည်ဟု ကျွန်ုပ် ဆင်ခြင်စဉ်းစားမိပေသည်။

ထို့အပြင် ဂါထာမန္တန်တို့ကို အင်းအစီအရင်အဖြစ် စီရင်ဆောင်ယူကြရခြင်း၏အခြားအကြောင်းရင်းများလည်း ရှိမည်ဖြစ်ပြီး ရှေးပညာရှင်ကြီးတို့၏ ဉာဏ်ပညာကို ကျွန်ုပ်တို့ အကုန်လိုက်မမှီနိုင်ရန် မလွယ်ကူလှပါချေ။ မည်သို့ပင်ဖြစ်စေ ဂါထာ၊ မန္တန်များကို အင်းဆန်များအဖြစ်အသုံးပြုလျှင် အင်းအစီအရင်များကိုဖန်တီးပြုလုပ်ခြင်းသည် ယုံကြည်ထားလောက်သော အစွမ်းထက်မြက်သော သိဒ္ဓိတန်ခိုးအကျိုးများစွာရစေနိုင်သည်ဟု ယုံကြည်ချက်ရှိခြင်းကြောင့်သာ ရှေးပညာရှိ ဂန္ဓာရီဝိဇ္ဇာမယကဝိအမော်များက စီမံဖန်တီးထားခဲ့ခြင်းသာ ဖြစ်မည်ဟု အကြွင်းမဲ့ယုံကြည်မိပါသည်။ ထိုဂါထာမန္တန်အင်း အမျိုးအစားများကိုလည်း အောက်ပါအတိုင်း ခွဲခြားလေ့လာ တွေ့ရှိရပြန်ပါသည်။

(၂-၁) ရတနာသုံးပါးတို့နှင့် စပ်ဆိုင်သော ဂါထာမန္တန်များအင်းများ (Magic Squares with Holy Spells or Mantras)

(၂-၂) လောကီပညာဂါထာမန္တန်တို့နှင့် စပ်ဆိုင်သော ဂါထာမန္တန်အင်းများ (Magic Squares with Magical Spells or Mantras) ဟူ၍ ဖြစ်ပါသည်။

**(၁) ရတနာသုံးပါးတို့နှင့် စပ်ဆိုင်သော ဂါထာမန္တန်အင်းများ (Magic Squares with Holy Spells or mantras)**

မြန်မာ့ဂန္ဓာရီဝိဇ္ဇာမယအင်းပညာဖြင့် စီရင်အပ်သော ဂါထာမန္တန်အင်း အမျိုးအစားများတွင် ဘုရား၊ တရား၊ သံဃာရတနာသုံးပါးတို့နှင့်စပ်ဆိုင်သော ဂါထာမန္တန်အင်းပေါင်း မြောက်မြားစွာ ရှိလေသည်။ ထိုရတနာသုံးပါးတို့နှင့်စပ်ဆိုင်သောအင်းများတွင် အသုံးပြုထားသော အင်းဆန်ဂါထာမန္တန်တို့တွင် ကျွန်ုပ်တို့ ဗုဒ္ဓဘာသာ မြန်မာလူမျိုးများ ကျွမ်းဝင်ရင်းနှီးသော ဂါထာမန္တန်များစွာပါရှိသလို ဂန္ဓာရီဝိဇ္ဇာမယပညာရှင်တို့သာ အထူးပြု လေ့လာသဖြင့် ကျွမ်းစင်ရင်းနှီးရသော ဂါထာမန္တန်များလည်း ပါရှိကြပေသည်။ သို့ဖြစ်ရာ ရတနာသုံးပါးတို့နှင့် စပ်လျဉ်းသော ဂါထာမန္တန်တို့အား အင်းဆန်များအဖြစ် အသုံးပြုစီရင်အပ်သောအင်းများကို နမူနာများဖြင့် သိသာထင်ရှားအောင် ရေးသား ဖော်ထုတ်တင်ပြလိုက်ပါသည်။

**နမူနာအမှတ် (၂-၁-၁) သရဏဂုံအင်းတော်**

ဗုဒ္ဓဘာသာဝင်တို့၏ အသက်သည် သရဏဂုံတည်ခြင်းပင် ဖြစ်ပေသည်။ မည်သည့်လူမျိုးမဟူ ဗုဒ္ဓဘာသာသာသနာကို ယုံကြည်သက်ဝင်ကိုးကွယ်လိုက်ပါက အဓိကအားဖြင့် သရဏဂုံဆောက်တည်ရပေမည်။ ဗုဒ္ဓဘာသာမြန်မာလူမျိုးတို့ကား အသက်ရှင်စဉ်ဘဝတစ်လျှောက်လုံး၌သာမက သေဆုံးသွားသည့်တိုင်အောင် ကျန်ရစ်သူတို့က ထိုကွယ်လွန်သူကို သရဏဂုံတင်ပေးလေ့ရှိကြ၏။ ဤအချက်ကား သရဏဂုံသည် ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့အတွက် မည်မျှအရေးကြီးကြောင်း မီးမောင်းထိုးပြလိုက်သောအခြင်းအရာအကြောင်းအချက်တစ်ခု ဖြစ်ပေသည်။ အရိယာပုဂ္ဂိုလ်ဖြစ်သော သောတာပန်၏ အင်္ဂါရပ်တစ်ခုတွင် အသက်ကိုပင်စွန့်၍ သရဏဂုံကို ခိုင်မြဲစွာ တည်ဆောက်ထားခြင်းသည် သောတာပန်အရိယာပုဂ္ဂိုလ်တစ်ဦး၏ ဂုဏ်အင်္ဂါရပ်တစ်ခုပင် ဖြစ်ပေသည်။

သို့ဖြစ်၍ ဘုရား၊ တရား၊ သံဃာရတနာသုံးပါးတို့အား ယုံကြည်ကိုးကွယ်ဆည်းကပ်ရာတွင် ရွတ်ဆိုရသော သရဏဂုံ၏အရေးပါပုံ၊ သရဏဂုံ၏အကျိုးတန်းခိုးကြီးပုံကို ကောင်းစွာသိမြင်နားလည်ထားသော ရှေးမြန်မာဂန္ဓာရီဝိဇ္ဇာမယအင်းပညာရှင်ကဝိအမော်တို့သည် 'သဝေမပါ ကိုးဂါထာ' ဟု ခေါ်ဆိုအပ်သော သရဏဂုံဂါထာတော်မြတ်တို့ကို အခြေပြုလျက် အင်းအစီအရင်

| | | | | |
|---|---|---|---|---|
| ဗု | ဂ | ဓ | ရ | သ |
| မိ | သ | ဒ္ဓံ | စ္ဆာ | မေ |
| ဏံ | မိ | နံ | ရ | ဏံ |
| ယံ | စ္ဆာ | ဂ | သ | မိ |
| စ္ဆာ | ရ | သံ | ဂ | ဏံ |

ပေါင်းများစွာ စီရင်ဖန်တီးထား[illegible] ကြပါသည်။ ယခုအခါ သရဏဂုံအ[illegible] အစီအရင်များအနက်မှ အောက်[illegible] သရဏဂုံအင်းတစ်ခုကို နမူနာအ[illegible] ဖော်ထုတ် တင်ပြလိုက်ပါသည်။

အထက်ပါ သရဏဂုံအင်းပေ[illegible] ကြီးမှာ အင်းဆန်အဖြစ် 'ဗုဒ္ဓံ သရ[illegible] ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံ[illegible] သရဏံ ဂစ္ဆာမိ' ဟူသော ကျွန်ုပ်တို့[illegible] ဘာသာ မြန်မာလူမျိုးများ မိရိုးအ[illegible] အလာအတိုင်း ရွတ်ဆိုနေကျ သရဏ[illegible] သုံးပါးဂါထာကို အသုံးပြု ရေးသားစီ[illegible] ထားသောအင်း ဖြစ်ပါသည်။ အင်း[illegible] မြင်းသွားအတိုင်း အင်းဆန်များရေး[illegible] ရပြီး မြင်းသေ၊ မြင်းကိုက်ကျ၍ အ[illegible] တွင် ဆောင်ယူသူ၏နေ့နံကို ရေး[illegible] မည်။ အင်းဆန်က ရိုးစင်းပြီး အင်း[illegible] သွင်းစီရင်ရန် လွန်စွာ လွယ်ကူ[illegible] လည်း ဤအင်း၏အကျိုး တန်ခိုး[illegible] ကား အလွန်ကျယ်ဝန်းလှ၏။ မိုင်း[illegible] စက္ကူ၊ ရိုးရိုးစက္ကူတို့တွင် ရေးသားစီ[illegible] လျက် ပြာပြုကာ တစ်နေ့ (၉) [illegible] (၄၅) ရက်သောက်လျှင် နတ်တို့ ခ[illegible] စောင့်ရှောက်လာ၏။ စုန်းဆိုး၊ နတ်[illegible] တို့ကို ငေါက်ငမ်းကာဖြင့် ရှောင်ရှား[illegible] ပြေးကြရလေ၏။ သရဏဂုံမှော်ဝ[illegible] တံအားလျော်စွာ သိဒ္ဓိတန်ခိုးအမျိုး[illegible] တို့ကို ရနိုင်၏။ သို့သော် ဆောင်ယူ[illegible] အဖို့ သီလစင်ကြယ်၊ စာဝနာကမ္မ[illegible] အကျင့်စရဏ အားကောင်းရန် လို[illegible] ၏။ မိမိဉာဏ်ရှိသလို သုံးပါ။ အင်း[illegible] အသုံးအကျိုးကား အံကုန်မပြော[illegible] မတတ်နိုင်ချေ။

(ဆင်[illegible]

ဤရတနာ-ဆ[illegible]ဒေယျာ[illegible]

www.burmeseclassic.com

ဆီးဝမ်းသွေးလေမှန်၍ ကျန်းမာလို သူတိုင်း မရှိမဖြစ် သုံးစွဲသင့်တဲ့ . . .

# ကြယ်စင်ထွန်း ဆီးဝမ်းသွေးလေညီညွတ်ဆေး

အမှတ်တံဆိပ်

တိုင်းရင်းဆေး မှတ်ပုံတင်အမှတ် - ၀၀၁၁ Y ၀၀၉၃၇၃ (ကြော်ငြာခွင့်ပြုချက်အမှတ် - [illegible])




"မင်္ဂလာပါဆရာကြီး"ဟူသော နှုတ်ခွန်းဆက် စကားကြောင့် အသံလာရာသို့ ကြည့်မိသည် "ဟော ဘယ်သူတုန်းကွယ့်"၊ "ကျွန်တော် ဆရာကြီးရဲ့ တပည့် ထွန်းကျော်လေ"ဆိုမှ ငယ်တပည့် မောင်ထွန်းကျော် ဆိုတာ မှတ်မိတော့တယ်။ "ကြော် မောင်ထွန်းကျော် ကိုး" "ဟုတ်ကဲ့ခင်ဗျာ၊ ဆရာကြီး ကျောင်းက ပြန်လာတာလားခင်ဗျ" "အေးလေကွယ်၊ ဒါနဲ့မင်းကြည့်ရတာ အဖိုးကြီးအိုပေါက်စ ကျနေတာပဲ၊ ရှည့်နဲ့နဲ့ နဲ့ဘယ်လို ဖြစ်တာတုန်း" "မသိပါဘူးဆရာကြီးရယ် ကိုယ်ရော စိတ်ပါ လေးလံ ထိုင်းမှိုင်းပြီး စားမကောင်း၊ အိပ်မပျော်၊ အားအင်ကုန်ခမ်းသလိုနဲ့ မူးဝေနောက်ကျိ မှတ်ဉာဏ် သတိတွေ လဲ မကောင်းဘူး" "ဟော . . ဒါဆိုမပေါ့နဲ့လေ ဆေးခန်းလေး ဘာလေးမပြဘူးလား" "ပြပါတယ် ဆရာကြီး၊ ဆေးစစ်ဆေးမှုတွေလဲ လုပ်တာစုံနေတာပဲ၊ ဒါပေမယ့် ဘာရောဂါမှ ရှာမတွေ့ဘူးတဲ့" "ဟုတ်လား မင်း ဆီးတွေ ဝမ်းတွေရော မှန်ရဲ့လား" "ကျွန်တော်ရဲ့ ပင်ကိုယ်က ဝမ်းချုပ်တတ်တော့ ဝမ်းပျော့ဆေး၊ ဝမ်းမှန်ဆေးတွေ စုံအောင် သုံးစွဲပါတယ်၊ ဒါပေမယ့် ဝမ်းသာသွားတယ် ကျွန်တော် ခံစားနေရတာ ကတော့ ဒီအတိုင်းပါပဲ ဆရာကြီး" "ဝမ်းပျော့ဆေး ဝမ်းမှန်ဆေးဆိုတိုင်း ရောဂါသက်သာပျောက်ကင်းတာ မဟုတ်ဘူးကွယ့်၊ အချို့ဆေးက ဝမ်းသွားရုံပဲ အကျိုးပြုတာလေ၊ ဝမ်းသွားရုံလောက်ကတော့ ငါ့တပည့် ရယ် ဆေးသောက်ဖို့ မလိုပါဘူး၊ ငှက်ပျောသီး၊ သဘောသီး မှည့်စတဲ့ အသီးအနှံတွေစားပေး၊ ရေများများ သောက်ရင် ရတာပဲ" "ကျွန်တော်က ဝမ်းလဲမှန်ပြီး ဘာရယ်မှန်းမသိ ခံစားနေရတဲ့ ရောဂါလဲ ပျောက်ချင်လို့ပါ ဆရာကြီး" "အင်းဟုတ်တာပေါ့၊ ကျန်းမာခြင်းက လာဘ်တစ်ပါးပဲလေကွယ်" "ဟုတ်ပါတယ် ဆရာကြီး ကျန်းမာခြင်းရဲ့ ဆုလာဒ်ကို မကျန်းမာပါမှ ပိုပြီးတန်ဖိုးရှိမှန်း သိရပါတယ်၊ "ဒါပေါ့လေ ပုထုဇဉ်ရဲ့စရိုက်ကိုက သတိလက်လွတ် နေတတ်ကြတာကိုး" "ဆရာကြီး ကို ကြည့်ရတာ ကျွန်တော်တို့ ငယ်ငယ်တည်းက အခုထိ အမြဲတမ်းကျန်းမာ လန်းဆန်းပြီး တပည့်တွေကို ပညာသင်ကြားပေးရာမှ နိုးကြားတက်ကြွနေတာ ဘာဆေးကောင်းတွေများ သုံးစွဲလို့ပါသလဲ ဆရာကြီး" "ဒီလို ငါ့တပည့်ရဲ့ လူရဲ့ခန္ဓာကိုယ်မှာ အဓိကမဏ္ဍိုင်ဖြစ်တဲ့ ဆီး၊ ဝမ်း၊ သွေး (ချွေး)၊ လေဆိုတဲ့ မလ. ဓာတ်ကြီး (၄)ပါးဟာ ညီညွတ်မျှတ နေပါမှ ကျန်းမာမယ်၊ အရွယ်တင်နုပျိုမယ်၊ ရောဂါကင်း၍ အသက်ရှည် မယ်ကွယ့်၊ ဒီ ဆီး၊ ဝမ်း၊ သွေး (ချွေး)၊ လေဆိုတဲ့ ကျန်းမာခြင်း၏ ပြဋ္ဌာန်း လက္ခဏာဖြစ်တဲ့ ဒီမဏ္ဍိုင်လေးပါးမှ တစ်ပါးပါးဖောက်ပြန်လာရင် ဘာမန် ရောဂါလေးမှစပြီး ဆိုးဝါးတဲ့ ရောဂါကြီးတွေ အထိ ဖြစ်ပေါ်ခံစားရတတ် တယ်လေ၊ ဒီ (၄)မျိုး မညီမညွတ်တော့ဘူးဆိုရင် ရောဂါကြီးတစ်ခု မဟုတ် တစ်ခုတော့ဖြစ်တော့ မယ်ဆိုတဲ့ ရှေးပြုံအချက်ပေး ခေါင်းလောင်းသံ ပဲကွယ့်၊ ဒီတော့ မောင်ထွန်းကျော်ရေ . . . ဆီး၊ဝမ်း၊ သွေး (အမျိုးသားများ ဆိုရင် ချွေး) လေ၊ ဒီလေးခုတွေကို ညီညွတ်မျှတအောင် အမြဲဂရုတစိုက်နဲ့ ပြုပြင် ပေးနေရင် ဆရာလို အသက်ကြီးသော်လဲ ကျန်းမာသွက်လက် ဉာဏ် ရည်ထက်ပြီး လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ဘာသာရေးတွေ ကောင်းကောင်း ဦးဆောင်ဦးရွက်ပြု၍ ကျန်းမာ ပျော်ရွှင်တဲ့ မိသားစုကမ္ဘာလေး တည်ဆောက် နိုင်တာ ပေါ့" "ဆီး၊ ဝမ်း၊ သွေး (ချွေး)လေ ညီညွတ်ပြီး ကျန်းမာအောင် ဆရာကြီးရဲ့ လက်သုံးဆေး များရှိရင် ညွှန်ပြပေးပါဦး" "ဆရာကြီး အမြဲသုံးတဲ့ ဆေးကတော့ . . . ကြယ်စင်ထွန်း ဆီး၊ ဝမ်း၊ သွေး၊ လေ ညီညွတ် ဆေးပဲကွယ့်၊ ဒီဆေးဟာ ဆိုရင် ဝမ်းနုတ်ဆေး မဟုတ်လို့ ခန္ဓာကိုယ်ရဲ့ ပင်မ. ဓာတ်တွေကို ညီညွတ်အောင် ထိန်းညှိပေးတဲ့အတွက် ရောဂါတွေ ကြိုတင် ကာကွယ်နိုင်မယ်၊ ကျန်းမာစေမယ်၊ အသားအရည် ကြည်လင်ပြီး အရွယ်တင်နုပျိုစေတယ်၊ အကြောပြေပြီး ပေါ့ပါးလန်းဆန်းစေတယ်လေ၊ အဲဒါကြောင့် ဆရာတို့ တစ်မိသားစုလုံး "ကြယ်စင်ထွန်း ဆီး ဝမ်း သွေး လေ ညီညွတ်ဆေး" ပဲ အမြဲ သုံးစွဲကြတယ်" "ဆရာကြီးနဲ့ တွေ့ရတာ ဘမားတော် တစ်ဦးနဲ့တွေ့ လိုက်ရသလိုပါဘဲ၊ ဒီနေ့ကစပြီး ကျွန်တော်လဲ "ကြယ်စင်ထွန်း ဆီး၊ ဝမ်း၊ သွေးလေ ညီညွတ်ဆေး" ကိုပဲ သုံးစွဲတော့မယ် "ကျန်းမာရွှင်သာ ပါစေကွယ်"

ကြယ်စင်ထွန်း အမှတ်တံဆိပ် ဆီး၊ ဝမ်း၊ သွေး၊ လေ ညီညွတ်ဆေး အစွမ်းကတော့ ဓာတ် (၄)ပါး ညီညွတ်မျှတစေပြီး၊ အပူ၊ အပုပ် ကင်းစင်ခြင်း၊ ခေါင်းမူး၊ ခေါင်းကိုက်၊ နောက်ကျောတက်၊ ဇက်ကြော တိုးခြင်း၊ တစ်ကိုယ်လုံး ညောင်းညာကိုက်ခဲ၍ လေးလံ ထိုင်းမှိုင်း နေခြင်း၊ သွေးမသန့်ခြင်း၊ ကိုယ်နံ့ပြင်းခြင်း၊ ဒူလာလိပ်ခေါင်း သွေးတူခြင်း၊ ဆီးချုပ်၊ ဆီးကျန်ခြင်း၊ ဝမ်းချုပ် ဝမ်းကျန်ခြင်း၊ လေချုပ်ခြင်း၊ အစားပျက်၊ အအိပ် ပျက်၊ သွေးတက်၊ သွေးတိုးခြင်း စတဲ့ရောဂါ များအတွက် သုံးစွဲနိုင်ပြီး၊ ရောဂါများကို ကြိုတင် ကာကွယ်နိုင်၍ အကြောပြေ ပေါ့ပါးလန်းဆန်း စေတဲ့ဆေး ဖြစ်ပါတယ်။

"မင်္ဂလာပါ ဆရာကြီး" "ဟော မောင်ထွန်းကျော် ကျန်းမာစိုပြည် လို့ပါလားကွယ်" "ဆရာကြီးညွှန်ပြတဲ့ "ကြယ်စင်ထွန်း ဆီး၊ ဝမ်း၊ သွေး လေ ညီညွတ်ဆေး" အစွမ်းကြောင့် ပါခင်ဗျ၊ အဲဒါကြောင့် ဆရာကြီးကို လာကန်တော့တာပါ" "သာဓုကွယ် . . . သာဓု . . . သာဓု"

တက်ကြွလန်းဆန်းပြီး ဘဝအတွက် အကောင်းဆုံး ဖွံ့ဖြိုးဆောင်မှု များနဲ့ ကျန်းမာပျော်ရွှင်တဲ့ မိသားစုကမ္ဘာလေးကို ပိုင်ဆိုင်ချင်ကြတယ် ဆိုရင်တော့ . . . ကျန်းမာလိုသူတိုင်း "ကြယ်စင်ထွန်း ဆီး၊ ဝမ်း၊ သွေး လေ ညီညွတ်ဆေး "ကို သုံးစွဲမှ ဖြစ်မယ်နော် . . .

ထွန်းကျော် (ပညာရေး)

**ပင်ရင်း - ကြယ်စင်ထွန်း** (တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး)
အမှတ် (၂၉၁)၊ နှင်းဆီလမ်းမ၊ (၄)ရပ်ကွက်၊
မြောက်ဥက္ကလာပမြို့နယ်။
ဖုန်း - ၀၉ ၅၀ ၉၉၆၈၂၊ ၀၉ ၄၃၀ ၃၁၀၅၄။

www.burmeseclassic.com

ကျွန်တော်တို့မိသားစုတွင် စုစုပေါင်း မောင်နှမ (၆) ယောက်ရှိပြီး ယောကျ်ားကလေး (၄) ယောက်နှင့် မိန်းကလေး (၂) ယောက် ဖြစ်သည်။

မိန်းကလေး(၂)ယောက်က အကြီးဆုံးနှင့် အငယ်ဆုံးဖြစ်ပြီး ကျွန်တော်တို့ ညီအစ်ကို (၄) ယောက်က အလယ်အလတ် (၂) နှစ်ကြီး၊ (၂) နှစ်ငယ်ဖြစ်ကြသဖြင့် ကျွန်တော်တို့အား ထိန်းသိမ်းစောင့်ရှောက်ရသည့် အမေ့ခမျာ မသက်သာလှပေ။ အားလုံးကလည်း မျောက်မူးလဲအောင်ဆော့ကြသည့်အပြင် လုံးအကြောက်အလန့်လည်း မရှိကြသေးကြောင့် နေ့လယ်နေ့ခင်းများတွင်မ ညဘက်အချိန်မတော်ပါ အိမ်ပြင်ဘ ထွက်ကစားတတ်ကြသဖြင့် အော်မခေါ်မရနှင့် အမေအတော်ပင်စိတ်ညစ်သည်။

တစ်နေ့တွင် အစ်ကိုကြီးတ ယောက် ကျွန်တော်တို့ညီအစ်ကိုသုံး ဘောလုံးကန်နေသောနေရာသို့ မျက်မျက်နှာပျက်ပျက်ဖြင့် ရောက်လာ



www.burmeseclassic.com

www.burmeseclassic.com

သည်။ ခါတိုင်းနှင့်မတူဘဲ မျက်နှာက သည်း စိုးရိမ်ကြောက်လန့်နေသည့်ပုံ ပေါ်နေသည့်အတွက် အစ်ကိုလတ်က မေးလိုက်သည်။

"အစ်ကိုကြီးကလည်း ဘာဖြစ်နေတာလဲဗျာ ငေးတိငေးငိုင်နဲ့။ လာစမ်းပါ ကျွန်တော်တို့နဲ့ ဘောလုံးကန်ရအောင်"

ဘာစကားမှ ပြန်မပြောသေးဘဲ အတန်ကြာအောင် ငေးငိုင်နေပြီးမှ အစ်ကိုကြီးစကားပြန်ပြောခဲ့သည်။

"ဟော့ကောင်တွေ ဘောလုံးကန်တာခဏထားပြီး ဒီနားကိုလာပါဦးကွာ ငါပြောစရာရှိတယ်"

အစ်ကိုကြီး၏ ခေါ်သံကြောင့် ကျွန်တော်တို့လည်း ဘောလုံးတန်ခဏ ရပ်လိုက်ကာ အစ်ကိုကြီးနားဝိုင်းလာခဲ့ကြသည်။

"ငါ အခု ဘမြင့်တို့အိမ်ဘက်က ပြန်လာတာကွ။ အဲဒါ ဘမြင့်ကို သူ့အမေကပြောတယ်တဲ့။ အခုတစ်လော ညဘက်တွေမှာ မှောင်လာရင် မဖဲဝါ ဆိုတဲ့ မိန်းမကြီးတစ်ယောက် လူသေတွေထည့်တဲ့ မသာအခေါင်းကြီးကိုထမ်းပြီး မြို့ထဲရွာထဲကို ဝင်ဝင်လာသတဲ့။ သူဝင်လာပြီဆိုရင် သူ့နောက်မှာတစ္ဆေတွေသရဲတွေ အများကြီးကပ်ပါလာတတ်ပြီး ရွာထဲကခွေးတွေကလည်း တစ်အုပ်ကြီးနောက်ဘက်ကလိုက်အူတယ်တဲ့ကွာ"

"နေပါဦးဗျာ-အစ်ကိုကြီးကလည်း။ အဲဒီမဖဲဝါဆိုတဲ့မိန်းမကြီးက ဘယ်ကနေလာတာလဲ၊ ဘယ်သူလဲဆိုတာလဲပြောပါဦးဗျ"

(အောင်လံ)

# တင်အေးကျော်

## မဖဲဝါကြောက်သော သင်္ချိုင်းစီးတစ္ဆေ





www.burmeseclassic.com

www.burmeseclassic.com

"သုသာန်စောင့်တဲ့ မိန်းမကြီးလို့ ပြောတာပဲကွာ။ အဲဒါက အရေးမကြီးပါဘူး။ အဲဒီမိန်းမကြီးက ညဘက်တွေဆိုရင် သူနဲ့တွေ့တဲ့ကလေးတွေကိုလည်း ထမ်းလာတဲ့အခေါင်းကြီးထဲကိုထည့်ပြီး ဖမ်းခေါ်သွားတတ်တယ်လို့ ပြောတယ်။ ကြောက်စရာကြီးကွာ၊ မင်းတို့တော့မသိဘူး။ ငါတော့ တော်တော်ကြောက်သွားတယ်။ ဒီနေ့တစပြီး ညနေစောင်းရင် အိမ်ကို စောစောပြန်ကြရအောင်။ ညဘက်တွေလည်း အပြင်ကို ထွက်မကစားတာ အကောင်းဆုံးပဲကွ"

အစ်ကိုကြီးစကားဆုံးတော့ ကျွန်တော်တို့ အငယ်သုံးယောက်လည်း နေစရာမရှိအောင်ကြောက်သွားမိကြသည်။ ထို့ကြောင့် ထိုနေ့မှစ၍ညနေမှောင်စပျိုးသည်နှင့် ကျွန်တော်တို့ ညီအစ်ကိုလေးယောက် အိမ်သို့ပြန်ရောက်ကြပြီး ညဘက်တွင်လည်း ယခင်ကလို အပြင်သို့ ထွက်မကစားကြတော့ပေ။

ဘာနှင့်ခြောက်ခြောက် မကြောက်တတ်သောကျွန်တော်တို့ညီအစ်ကိုတစ်စုတစ်ကြိမ်တစ်ခါမှ မသိဘူး၊ မမြင်ဘူးသည့် မဖဲဝါ ဆိုသည့် မိန်းမကြီးနှင့်ကျမှ ကြောက်ဒူးတုန်ကာ ခြေငြိမ်သွားကြသဖြင့် အမေ အတော်ပင်အံ့ဩနေပြီး နောက်ပိုင်းကျမှ အစ်ကိုကြီးကိုမေးကြည့်ကာ အဖြေသိသွားခဲ့သည်။

"အဲဒါကြောင့် သားတို့ကို အမေပြောတာပေါ့။ ညဘက်တွေ အပြင်ကို ထွက်မကစားစေချင်တာ။ အခုတော့ သိပြီမဟုတ်လား။ မတော်လို့များ ဖမ်းခေါ်သွားရင် သုသာန်ထဲမှာ မှောင်ကမှောင်ပြီးတော့ တစ္ဆေတွေသရဲတွေကလည်း အများကြီး။ ကြောက်စရာကြီးနေမှာပဲ"

အမေကလည်း ချော့လဲရောထိုင်ကာ ကျွန်တော်တို့ကို ခြောက်ခဲ့သည်။ ဘာကိုမှမကြောက်ခဲ့သော ကျွန်တော်တို့ ညီအစ်ကိုလေးယောက် ထိုနေ့မှစ၍ အပြင်သို့ မထွက်ကြတော့ပေ။ နောက်ပိုင်းတော်တော်ကြာမှသိရသည်မှာ ဘမြင့်အမေကလည်း ဘမြင့် ညဘက်အပြင်ထွက်ထွက်ကစားသည်ကို တားမရသဖြင့် ခြောက်လိုက်ခြင်း ဖြစ်သည်။

ကျွန်တော် အသက်အရွယ်ရလာမှ ဖတ်ဖူး၊ မှတ်ဖူး၊ ကြားဖူးသည်မှာ အချို့အရပ်ဒေသများတွင် သုသာန်၌ မဖဲဝါစောင့်သည်ဟု ယုံကြည်စွာဖြင့် လုပ်ဆောင်နေမှုများရှိသည်ဟု သိရသည်။

လူတစ်ဦးသေဆုံးခဲ့ပါက အရင်ဦးဆုံး ကျင်းတူးသည့်အဖွဲ့က နံနက်နေမွန်းမတည့်မီ သုသာန်သို့သွားကာ သုသာန်ရောက်တော့လည်း သုသာန်မြေအောက်တွင်ရှိနေသော အခေါင်းများ၊ အလောင်းများနှင့်မတိုးဘဲ မြေလွတ်တွင် လွတ်လပ်စွာတူးခွင့်ရအောင် ပါသွားသည့် လူကြီးတစ်ဦးက သုသာန်စောင့် မဖဲဝါအား တိုင်တည်ပြီး နေရာတောင်းရသည်။

ထမင်းစားပန်းကန်တစ်ချပ်ထဲတွင် နန္ဒင်းလူးထားသည့် ဆန်၊ ဆေးလိပ်၊ ကွမ်း၊ ဆေး၊ လက်ဖက်အစုံ၊ မီးခြစ်တစ်ဘူး၊ ငွေတစ်မတ်နှင့် ထမင်းထုပ်တစ်ထုပ်ထည့်ပေးကာ မြေနေရာတောင်းရကြောင်းနှင့် အကယ်၍ မဖဲဝါအား နေရာမတောင်းခဲ့မိပါက တစ်ခါတစ်ရံ ဆွေးမြည့်နေသော သစ်သားအခေါင်းအမျက်များ၊ ပုပ်ပွနေသောရုပ်အလောင်းများနှင့် တွေ့ရတတ်ပြီး လုပ်ရကိုင်ရခက်ခဲတတ်ကြောင်း သိရသည်။

သို့ရာတွင် ကျွန်တော် အသက်အရွယ်ငယ်ရွယ်စဉ် အစိုးရဝန်ထမ်းဘဝဖြင့် နယ်တကာလှည့်ကာ တာဝန်ထမ်းဆောင်ခဲ့စဉ်က အထက်မြန်မာပြည်ရှိ မြို့ကလေးတစ်မြို့တွင် ဒဏ္ဍာရီဆန်လှသော မဖဲဝါ မဟုတ်ဘဲ အမှန်တကယ်သက်ရှိထင်ရှား သုသာန်စောင့် မဖဲဝါတစ်ဦးနှင့် တွေ့ဆုံဖူးပါသည်။

လွန်ခဲ့သောဆယ်နှစ်ကျော်ကာလခန့်က ဖြစ်ပါသည်။

❐

ကျွန်တော် ရောက်ရှိခဲ့သည့် မြို့လေးက ဧရာဝတီမြစ်ကမ်းဘေးတွင် တည်ရှိပြီး တောင်နှင့် မြောက်အလျားလိုက် မြစ်နှင့်အပြိုင်တည်ရှိနေသဖြင့် မြို့တည်နေပုံက အဝိုင်းမဟုတ်ဘဲ မြို့တန်းရှည် ဖြစ်သည်။

မြို့အစမှ အဆုံးအထိ ခန့်မှန်းခြေအားဖြင့် နှစ်မိုင်ကျော်ကျော် သုံးမိုင်ခန့်ရှိပြီး သုသာန်ကလည်း တောင်သုသာန်၊ မြောက်သုသာန်၊ မွတ်စလင်သုသာန်၊ တရုတ်သုသာန်နှင့် ဟိန္ဒူဘာသာဝင်များ သေဆုံးပါကလည်း မြို့၏မြောက်ဘက်ရှိ ချောင်းကိုဖြတ်ပြီး မီးသင်္ဂြိုဟ်ကြသောကြောင့် အကြမ်းဖျင်းအားဖြင့် စုစုပေါင်း သုသာန်ငါးခုခန့်ရှိသည်။

ယခင်က သုသာန်များမှာ မြို့အလယ်တွင် တည်ရှိခဲ့သော်လည်း စည်ကားဖွံ့ဖြိုးလာသော မြို့ကွက်အနေအထားနှင့် တိုးပွားလာသော လူဦးရေတို့ကြောင့် သက်ဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်းများမှ သုသာန်အဟောင်းများကို ဖျက်သိမ်း၍ သုသာန်အသစ်များသို့ ပြောင်းရွှေ့စေခဲ့သည်။

ဖျက်သိမ်းခဲ့သော သုသာန်အဟောင်းများနေရာတွင် ရုံးအဆောက်အအုံ၊ ဈေး၊ အဝေးပြေးကားကွင်းများနှင့် လူနေအိမ်များ အဆင်ပြေသလိုနေရာချထားပေးခဲ့သည်။

ရွှေ့ပြောင်းခဲ့သော သုသာန်များအနက် မြို့တောင်ဘက်ရှိ သုသာန်နှင့် မြို့မြောက်ဘက်ရှိ သုသာန်နှစ်ခုသည် မြို့နယ်အဖွဲ့အစည်းတစ်ခု၏ လက်အောက်သို့ ရောက်ရှိလာချိန်တွင် ယခင်ကကဲ့သို့ ပစ်စလက်ခတ်ထား၍မရတော့ဘဲ သုသာန်တစ်ခုတွင် အစောင့်တစ်ယောက်စီခန့်ထားရန် မြို့နယ်အလုပ်အကိုင်ရှာဖွေရေးရုံးမှ ကြော်ငြာသင်ပုန်းတွင် အလုပ်သမားအလိုရှိကြောင်း ကြော်ငြာကပ်၍ ခေါ်ယူခဲ့သည်။

သတ်မှတ်ထားသော အရည်အချင်းတွင် ဦးစားပေးအဆင့်အနေနှင့် စစ်ပြန်ရဲဘော်အမျိုးသားများကို အမိန့်ထား၍ခေါ်ယူလိုပြီး အနည်းဆုံးအခြေပညာမူလတန်းအောင်မြင်ရမည်ဟု ဖော်ပြပါရှိခဲ့သည်။ သို့သော်လည်း သတ်မှတ်ထားသော နောက်ဆုံးရက်အထိ စစ်ပြန်ရဲဘော် အမျိုးသားတစ်ဦးနှင့် သာမန်အမျိုးသမီးတစ်ဦးတို့သာ လာရောက် လျှောက်ထားခဲ့သည်။

သို့ဖြစ်၍ သတ်မှတ်ထားသော အရည်အချင်း၊ စည်းကမ်းသတ်မှတ်ချက်အတိုင်း မကြည့်ရှုမစစ်ဆေးနိုင်တော့ဘဲ လာရောက် လျှောက်ထားသော နှစ်ဦးစလုံးအား ခြွင်းချက်မရှိဘဲ သုသာန်စောင့်ဝန်ထမ်းအဖြစ် ခန့်ထားလိုက်ရတော့သည်။

ကျွန်တော် ထိုမြို့သို့ ပြောင်းရွှေ့ရောက်ရှိ တာဝန်ထမ်းဆောင်နေချိန်တွင် ထိုအမျိုးသမီးသည် သုသာန်စောင့်ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်နေသည်မှာ သုံး၊ လေးနှစ်ခန့်ရှိနေပြီ ဖြစ်သည်။ ကျွန်တော့်အနေနှင့် နယ်ခံမြို့သားတစ်ယောက် မဟုတ်သည့်အပြင် မကင်းရာမကင်းကြောင်း အသုဘများ လိုက်ပါပို့ဆောင်ရာတွင်လည်း အလောင်းမြှုပ်နှံရာ သုသာန်ထဲအထိ လိုက်ပါပို့ဆောင်ခဲ့ခြင်းမရှိသည့်အတွက် ထိုအမျိုးသမီးနှင့် တစ်ခါမှတွေ့ဖူးမြင်ဖူးခြင်းမရှိခဲ့ပေ။

ထို့အပြင် အသစ်ပြောင်းရွှေ့ထား



www.burmeseclassic.com

www.burmeseclassic.com

သည့် သုသာန်ကလည်း မြို့နှင့် အလှမ်းဝေးရသည့်အထဲတွင် အနည်းငယ်မြင့်သော တောင်ကုန်းလေးတစ်ခုပေါ်တွင် တည်ရှိသဖြင့် တောင်ခြေအထိသာ အသုဘလက်တွန်းလှည်းအား တွန်း၍ရပြီး တောင်ခြေမှ အလောင်းမြှုပ်နှံရာ နေရာအထိ လိုက်ပို့သူများက အသုဘခေါင်းအား ပခုံးဖြင့် ထမ်းယူသွားရသည်။

ထို့ကြောင့် အသုဘလိုက်ပို့ကြသည့် လူအများစုသည် တောင်ခြေအထိသာ လိုက်ပို့တတ်ကြပြီး အသုဘနှင့်သက်ဆိုင်သည့် ဆွေမျိုးမိတ်ဆွေ အပေါင်းအသင်းများမှလွဲ၍ ကျန်သည့်သူများက မြှုပ်နှံသည့်နေရာထိ လိုက်ပါပို့ဆောင်ခဲလှသည်။

သို့သော် တစ်နေ့တွင် ခေတ်သစ် မဖဲဝါဟုခေါ် ဝေါ်သမုတ်ရမည့် သုသာန်စောင့် မသိန်းတင်နှင့် တွေ့ဆုံရန် အကြောင်းကဖန်လာခဲ့သည်။ အကြောင်းမှာ ကျွန်တော် တာဝန်ထမ်းဆောင်နေသောဌာနမှ ဝန်ထမ်းတစ်ဦး ရုတ်တရက် ဆုံးပါးသွားခဲ့သည်။ တရုတ်ဆိုင်ကယ်များပေါ်လှသောခေတ်ဖြစ်သဖြင့် ဆိုင်ကယ်မတော်တဆဖြစ်ကာ ကွယ်လွန်သွားခဲ့ရခြင်း ဖြစ်သည်။

ထို့ကြောင့် အသုဘလိုက်ပို့ရာတွင် ခါတိုင်းကဲ့သို့ တောင်ခြေအထိသာ သာမန်လိုက်ပို့၍မရတော့ဘဲ မြှုပ်နှံမည့်နေရာအထိ လိုက်ပါပို့ဆောင်ခဲ့ရတော့သည်။ အစိုးရဝန်ထမ်းတစ်ဦးလည်း ဖြစ်သောကြောင့် သေဆုံးသွားသူ ဝန်ထမ်းအား ဌာနနှင့် ပတ်သက်မှုမရှိတော့ကြောင်း ဌာနတာဝန်ရှိသူတစ်ဦးအနေနှင့် ကျွန်တော် အမိန့်ပြန်ပေးရမည် ဖြစ်သည်။

ထိုနေ့က သေဆုံးသွားသူဝန်ထမ်းအား ညနေ (၃) နာရီတွင် မြို့လေး၏ ထုံးစံအတိုင်း သေဆုံးသွားသူ၏ အိမ်နှင့်အနီးဆုံးဖြစ်သောတောင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ခဲ့သည်။ မြို့ခံဝန်ထမ်းတစ်ဦးဖြစ်ပြီး အပေါင်းအသင်းကလည်း များသောကြောင့် အလွန်စည်ကားခဲ့သည်။

ကျွန်တော်ပြောင်းလာကတည်းက သိကျွမ်းခင်မင်လာခဲ့သော မိတ်ဆွေတစ်ဦးဖြစ်သူ မြို့နယ်ရဲစခန်းမှ နယ်ထိန်းခေါင်းဆောင်အရာရှိဖြစ်သူ ကိုအောင်မြင့်လည်း သေဆုံးသူ၏ မိဘများနှင့် ရင်းနှီးသဖြင့် လိုက်ပါပို့ဆောင်သည်ကို တွေ့လိုက်ရသည်။

သုသာန်သို့ရောက်ရှိကြပြီးနောက် အသုဘအလောင်းအား အသင့်တူးထားသောကျင်းထဲသို့ ကြိုးများဖြင့် ဆိုင်း၍ တဖြည်းဖြည်းချလိုက်ကြသည်။ ခေါင်းပေါ်တွင် ဖုံးထားသောခေါင်းဖုံးကို ခွာ၍ သေဆုံးသူ၏ ရုပ်အလောင်းအား မိဘ၊ ဆွေမျိုး၊ မိတ်ဆွေအပေါင်းအသင်းများက နောက်ဆုံးအနေနှင့် ကြည့်ကြ၊ ကန်တော့ကြနှင့် အော်ဟစ်ငိုယိုသံများက ဖုံးလွှမ်းသွားခဲ့သည်။

ထို့နောက် ကျင်းထိပ်မှနေ၍ အသင့်ရေးယူလာသော ရုံးအမိန့်ပြန်တမ်းကို ကျွန်တော် ဖတ်ကြားခဲ့သည်။ သေဆုံးသွားသူ၏အမည်တပ်၍ ယနေ့မှစပြီး ဤရုံးနှင့် မသက်ဆိုင်တော့ကြောင်းနှင့် သွားလိုရာသို့ လွတ်လပ်စွာ သွားခွင့်ပြုကြောင်း ဖော်ပြပါရှိသည့် အမိန့်ပြန်တမ်းဖြစ်သောကြောင့် ကြားကြရသူအပေါင်းနှင့် ဖတ်ကြားရသည့် ကျွန်တော်ကိုယ်တိုင်ပင် စိတ်ထိခိုက်ခံစားရသည်။

ထို့နောက် ခေါင်းအဖုံးအား ပြန်မဖုံးတော့ဘဲ အပေါ်မှတူးထားသော မြေစာခဲများဖြင့် ပြန်ဖုံးရန် ပြင်လိုက်ကြသည်။ ထိုအခိုက် ကျွန်တော့်ဘေးနားတွင် အတူကပ်ပြီး ရပ်ကြည့်နေသော မိတ်ဆွေဖြစ်သူ ကိုအောင်မြင့်အသံက ရုတ်တရက်ပေါ်လာခဲ့သည်။

"ဟေ့-ခဏနေကြဦး မသိန်းတင် ဘယ်မှာလဲ။ ဒီကိုခေါ် လိုက်ပါဦး"

ထိုအခါကျမှ အသားညိုညို၊ အရပ်ရှည်ရှည် မျက်နှာထားတင်းတင်းနှင့် အမျိုးသမီးတစ်ယောက် လူအုပ်ထဲမှ တိုးထွက်လာကာ ကျွန်တော်တို့အနားသို့ ရောက်လာခဲ့သည်။

"ဆရာ၊ ကျွန်မဒီမှာရှိပါတယ်။ ဘာလုပ်ပေးရဦးမလဲ"

"ဘာမှလုပ်ပေးစရာမရှိတော့ပါဘူး။ ရော့ - ဒီမှာအခေါင်းအုပ်တဲ့အင်းပျဉ်ချပ်ဒါကအသုဘလှည်းပေါ်မှာလွှားလာတဲ့ ပုဆိုးနဲ့အင်္ကျီ၊ အဲဒါတွေ ခင်ဗျားယူသွား။ ပြီးတော့ ဘာပစ္စည်းလိုချင်သေးလဲကြည့်ဦး။ လိုချင်တာရှိရင် အခုတစ်ခါတည်းပြောပြီးယူထား။ နောက်ပိုင်းကျမှ လိုချင်တာရှိလို့ အခေါင်းပြန်ဖော်တာတွေဘာတွေမလုပ်နဲ့။ ဒီတစ်ခါမိရင်တော့ အလုပ်လည်းပြုတ်မယ်၊ ခင်ဗျား ထောင်လည်းကျမယ် သိတယ်မဟုတ်လား"

"သိပါတယ်ဆရာ၊ အသုဘရှင်တွေပေးသမျှကိုပဲ ကျွန်မ ယူပါတယ်။ ဆရာပြောသလိုအလောင်းတွေဘာတွေ ပြန်ဖော်ပြီး မပေးတဲ့ပစ္စည်းတွေကိုလည်း ကျွန်မ မယူရဲတော့ပါဘူး"

မသိန်းတင် ပြောပုံဆိုပုံကြည့်ခြင်းအားဖြင့် ယခင်က လုလစ်လျှင်လစ်သလို အခေါင်းများ ပြန်ဖော်ကာ အလောင်းများမှ ပစ္စည်းများကို မကြာခဏယူခဲ့ပုံရပြီး ယခုတော့ တစ်စုံတစ်ခုကို ကြောက်လန့်သွား၍ မလုပ်ရဲတော့ဟန်ရှိသည်။

"ဒါဆိုရင်လည်း ပြီးတာပါပဲဗျာ။ ကဲ - အပေါ်ကမြေပြန်ဖို့ကြတော့ဟေ့"

အလောင်းအား မြေပြန်ဖို့နေစဉ် ကျွန်တော်နှင့် ကိုအောင်မြင့် သုသာန်ရှိရာ တောင်ကုန်းလေးပေါ်မှ ဆင်းခဲ့ကြသည်။

ကျွန်တော် အသံတိတ်နေသဖြင့် ကိုအောင်မြင့်က စကားစလိုက်သည်။

"ဘယ်လိုလဲဗျ၊ ဒီလောက်အသံတိတ်နေပုံထောက်တော့ မသိန်းတင်အကြောင်း စဉ်းစားနေတာထင်တယ်"

"ဟုတ်တယ် ကိုအောင်မြင့်ရေ၊ စောစောက မသိန်းတင်ပြောပုံကြည့်ရတာ နောင်တရသွားတဲ့လေသံမဟုတ်ဘူးဗျ။ တစ်စုံတစ်ခုကို တော်တော်ကြီး ကြောက်လန့်သွားလို့ မလုပ်ရဲတော့တာ





www.burmeseclassic.com

www.burmeseclassic.com

ထင်တယ်"

"ခင်ဗျားခန့်မှန်းတာ တော်သားပဲ။ ဟုတ်တယ်ဗျ၊ မသိန်းတင်က အရင်တုန်းကဆို ဘာအကြောက်အလန့်မှမရှိတာမဟုတ်ဘူး။ တစ်လောကလုံးမှာ သူမလုပ်ရဲတာ ဘာမှမရှိဘူးလို့ ကြွေးကြော်ထားတဲ့သူဗျ။ ဟောဟိုက သစ်ပင်ကြီးအောက်မှာ အိမ်ကလေးတစ်လုံးတွေ့တယ်မဟုတ်လား။ အဲဒါ မသိန်းတင်တစ်ယောက်တည်းနေတဲ့အိမ်ပဲ"

ကိုအောင်မြင့်ပြမှ သုသာန်နှင့်မလှမ်းမကမ်းရှိ ကုက္ကိုပင်ကြီးအောက်တွင် ဆောက်ထားသော သက်ငယ်မိုး၊ ပျဉ်ကာ မြေစိုက်အိမ်လေးတစ်လုံးကို တွေ့လိုက်ရသည်။ ကြည့်ရသည်မှာ အခေါင်းမှပျဉ်များကိုဖြုတ်၍ ကာရံထားခြင်း ဖြစ်ဟန်တူသည်။ အနားသို့ကပ်ကြည့်လိုက်တော့မှ အုတ်ခဲများကို စနစ်တကျ စီခင်းထားပြီး သပ်သပ်ရပ်ရပ်ဆောက်ထားသော အိမ်လေးတစ်လုံးမှန်း တွေ့လိုက်ရသည်။

"ဘယ်လိုလဲဗျ ခင်ဗျား တော်တော်အံ့ဩနေပြီလား။ အိမ်အကာက အခေါင်းက ပျဉ်တွေဖြုတ်ပြီး ကာထားတာ၊ ခင်းထားတဲ့အုတ်တွေကလည်း အုတ်ဂူလုပ်လို့ ပိုတာတွေ။ အသုဘရှင်တွေက ပိုနေတဲ့ပစ္စည်းတွေကို ဘယ်လိုလုပ်ပြီး ပြန်ယူရမလဲဗျ။ အဲဒါကြောင့် အုတ်ဂူလုပ်လို့ပိုတဲ့အုတ်တွေရော ဘိလပ်မြေတွေပါ မသိန်းတင်ကိုပေးခဲ့တာပေါ့။ အဲဒါအပြင် တစ်ခါတလေ မြှုပ်လိုက်တဲ့အခေါင်းမှာ ရွှေသွားတို့ဘာတို့လိုအဖိုးတန်တာ၊ သူကြိုက်တဲ့ပစ္စည်းတွေပါသွားတာ တွေ့ရရင်တော့ လူလစ်ရင် ပြန်ဖော်ယူတတ်တယ်လို့ ပြောကြတာပဲဗျာ။ ဥပဒေနဲ့ မလွတ်ကင်းပေမယ့် သူပြန်ဖော်ယူတာကို ဘယ်သူတွေက တစ်ချိန်လုံး စောင့်ကြည့်နေနိုင်ပါ့မလဲ။ ကျွန်တော်တို့လူမျိုးရဲ့ ထုံးစံကလည်း ရာဇဝတ်မှုတွေ ဘာတွေကြောင့်အလောင်းပြန်ဖော်တာကလွဲရင် ဘယ်သူကမှ ပြန်ဖော်ကြည့်တာမရှိကြဘူးလေ"

"ဟုတ်ပါပြီဗျာ၊ ဒါထက် ခင်ဗျားစောစောတုန်းက မသိန်းတင်ပြောတာကြားလိုက်တယ်မဟုတ်လား၊သူကြောက်လန့်သွားပြီး မလုပ်ရဲတော့တဲ့အကြောင်းကို ခင်ဗျားသိရင် ပြောစမ်းပါဦး"

"ကဲ - ဒါဆိုရင်လည်း လက်ဖက်ရည်ဆိုင်တစ်ဆိုင် ခဏလောက်ဝင်နားကြရအောင်ဗျာ၊ နေကလည်းပူတော့ လက်ဖက်ရည်သောက်ရင်း ကျွန်တော်သိခဲ့ရသလောက် ပြန်ပြောပြပါ့မယ်။ ဒီလိုတဲ့ဗျ၊ နောက်ပိုင်းကျမှ ဘုန်းကြီးကျောင်းကကပ္ပိယကြီးပြောပြလို့ သိရတာ"

ထိုနေ့က လက်ဖက်ရည်ဆိုင်တွင် ဝင်နားရင်း မသိန်းတင်အကြောင်းကို ကိုအောင်မြင့်က ပြောပြခဲ့သည်။

❐

မသိန်းတင်က လက်ရှိနေသောမြို့လေးကမဟုတ်ဘဲ အထက်အညာဒေသရှိ ရွာကြီးတစ်ရွာမှ ဖြစ်သည်။ ငယ်စဉ်ကတည်းက မိဘများဆုံးပါသွားကြသည့်အပြင် ဆွေမျိုးရင်းချာဟူ၍ တစ်ယောက်တလေမှမရှိဘဲ မိခင်ဘက်မှ ဆွေနီးမျိုးစပ်တော်သော အဒေါ်တစ်ယောက်၏အိမ်တွင် နေထိုင်ကြီးပြင်းခဲ့ရသည်။

အဒေါ်ဖြစ်သူကလည်း မိသားစုများသည့်အပြင် စီးပွားရေးကလည်း မချောင်လည်ဘဲ သာမန်လက်လုပ်လက်စားများဖြစ်သဖြင့် မသိန်းတင်ငယ်စဉ်ကတည်းက ကြုံရာကျပန်းအလုပ်များလုပ်ကာ အဒေါ်ဖြစ်သူအတွက် တစ်ဖက်တစ်လမ်းမှ ကူညီပေးခဲ့ရသည်။

အရွယ်ရောက်လာချိန်တွင် ရွာသို့ အလည်ရောက်လာသော ကိုစိုးမြင့်နှင့် တွေ့ပြီး နှစ်ဦးသဘောတူချစ်ကြိုက်ကြသဖြင့် နောက်ပိုင်းတွင် ခိုးရာလိုက်ပြေးခဲ့ပြီး ကိုစိုးမြင့်၏ဇာတိဖြစ်သော ဤမြို့လေးသို့ ရောက်ရှိခဲ့ခြင်း ဖြစ်သည်။

စီးပွားရေးအသင့်အတင့်ပြေလည်သည့် မိသားစုဖြစ်သော်လည်း မိဘမဲ့တစ်ကောင်ကြွက်ဖြစ်သော မသိန်းတင်နှင့် သဘောမတူကြသဖြင့် သားဖြစ်သူကိုပါ အိမ်ပေါ်မှ နှင်ချလိုက်ကြသည်။ ထို့ကြောင့် လင်မယားနှစ်ယောက် မြို့စွန်ကျူးကျော်ရပ်ကွက်ကလေးတစ်ခုတွင် တဲထိုးကာ ဘဝကို ခက်ခက်ခဲခဲရပ်ဆိုင်ခဲ့ကြရသည်။

ခင်ပွန်းဖြစ်သူ ကိုစိုးမြင့်မှာ ခေတ်ပညာအနေဖြင့် ဆယ်တန်းအထိ ပညာသင်ကြားခဲ့သောကြောင့် အစိုးရရုံးတစ်ရုံးတွင် အကူဝန်ထမ်းအဖြစ် ဝင်ရောက်လုပ်ကိုင်ခဲ့ပြီး အားလပ်သည့်အချိန်များတွင် မိတ်ဆွေတစ်ဦး၏ ဆိုက်ကားကို အချိန်ပိုင်းထွက်နင်းပြီးဝင်ငွေရှာခဲ့သည်။ ထို့ကြောင့် လင်မယားနှစ်ယောက်အတွက် စားဝတ်နေရေး၌ အချောင်လည်ကြီးမဟုတ်သည့်တိုင် အကြွေးကင်းကင်းဖြင့်နေနိုင်ခဲ့ကြသည်။

ဤသို့ဖြင့်နေလာခဲ့ရာ တစ်ခုသော ညနေစောင်းတွင် မသိန်းတင်အတွက် မိုးကောင်းကင်ကြီး ပြိုကျလိုက်သလို အဖြစ်ဆိုးတစ်ခုနှင့် ကြုံတွေ့လိုက်ရသည်။

ညမှောင်နေပြီဖြစ်သဖြင့် ထမင်းပွဲပြင်ကာ စောင့်နေသော မသိန်းတင်ဆီသို့ ကိုစိုးမြင့်နှင့်ဆိုက်ကားဂိတ်တစ်ဂိတ်တည်းတွင် အတူနင်းသော ကိုလှမောင်တစ်ယောက် ဆိုက်ကားကို ဒုန်းနင်းကာ မောကြီးပန်းကြီးနှင့် ရောက်လာခဲ့သည်။

"မသိန်းတင် မသိန်းတင်ရေ၊ ခဏလောက်လိုက်ခဲ့ဦးဗျို့။ ကိုစိုးမြင့်ဆိုက်ကား ကားတစ်စီးနဲ့ တိုက်မိလို့တဲ့။ ဂိတ်ကို လာအကြောင်းကြားလို့ ကျွန်တော်လာပြောတာ"-

လာခေါ်သည့် ဆိုက်ကားနှင့် မသိန်းတင် အမြန်လိုက်ခဲ့သည်။

တွေ့လိုက်ရသည့် မြင်ကွင်းက တစ်စက်မှသက်သာစရာမရှိ။ တိုက်မိသည့်ကားက ကုန်တင်သည့် ဆယ်ဘီးကားကြီးဖြစ်ပြီး ဆိုက်ကားတစ်စီးလုံး ကားအောက်ရောက်သွားသည့်အတွက် ဆိုက်ကားရောလူပါ ပြားချပ်နေသည်ကို တွေ့လိုက်ရသည်။ ဆိုက်ကားအမှား မဟုတ်ဘဲ ဝင်တိုက်သည့် ကားမောင်းသမားက အရက်မူးနေသည့်အတွက် အရှိန်မထိန်းနိုင်ဘဲတိုက်မိခြင်း ဖြစ်သည်။

ကိုစိုးမြင့် ဆုံးသွားသည့်နောက်ပိုင်း မသိန်းတင်အနေနှင့် ဆွေမျိုးအရင်းအချာမရှိသည့် အထက်အညာသို့လည်း မပြန်လိုတော့သည့်အတွက် လက်ရှိနေထိုင်သည့် မြို့လေးတွင်သာ ကြုံရာကျပန်းအလုပ်များလုပ်ကိုင်ကာ မိမိ၏ စားဝတ်နေရေးအတွက် ရုန်းကန်ခဲ့ရတော့သည်။

ထိုကဲ့သို့နေလာခဲ့ရာ တစ်နေ့ အလုပ်လုပ်ရာမှအပြန် ရုံးတစ်ရုံးရှေ့တွင် ရေးကပ်ထားသော အလုပ်သမားအလိုရှိကြောင်း ခေါ်စာတစ်ခုကို စိတ်ဝင်စားသဖြင့် သေချာဖတ်ကြည့်လိုက်မိသည်။ ခေါ်သည့်အလုပ်က စစ်ပြန်ရဲဘော်ဟောင်း အမျိုးသားဖြစ်ပြီး အနည်းဆုံး အခြေခံပညာမူလတန်း အောင်မြင်ရမည်ဟု သတ်မှတ်ပါရှိသည်။

မိမိမှာ လေးတန်းအထိ ပညာသင်ကြားဖူးသဖြင့် ပြဿနာမရှိသော်လည်း အမျိုးသမီးတစ်ဦး ဖြစ်နေသည့်အတွက်တော့ စိတ်အားလျော့မိသည်။

သို့သော်လည်း ထိုအလုပ်ကို သူတိုင်းမလုပ်ရဲ မလုပ်ချင်သည့်အလုပ်ဖြစ်

www.burmeseclassic.com

နေသောကြောင့် နောက်တစ်နေ့တွင် ရလိုရငြား လျှောက်လွှာတင်လိုက်သည်။ မိမိအနေနှင့်မူ စားစရာ၊ နေစရာရမည့် ဝန်ထမ်းတစ်ဦးဖြစ်မည့်အပြင် ငယ်စဉ်ကတည်းက တစ္ဆေသရဲနှင့် ပတ်သက်၍လည်း အကြောက်အလန့်မရှိသောကြောင့် ထိုအလုပ်မှာ သိပ်ပြဿနာမရှိဟု ယူဆသည်။

မသိန်းတင် မျှော်လင့်ခဲ့သည့်အတိုင်း ထိုအလုပ်မှာ သတ်မှတ်ထားသည့် နောက်ဆုံးရက်အထိ လာရောက်လျှောက်ထားသူဆို၍ စစ်ပြန်ရဲဘော်ဟောင်းတစ်ဦးနှင့် မသိန်းတင် နှစ်ဦးထည်းသာရှိသဖြင့် လိုအပ်လျက်ရှိသည့် သုသာန်စောင့် ရာထူးနှစ်နေရာအတွက် အင်တာဗျူးပင် ဖြေစရာမလိုတော့ဘဲ ခန့်ထားလိုက်တော့သည်။

ထိုနေ့မှစ၍ မသိန်းတင်တစ်ယောက် သုသာန်စောင့်ဝန်ထမ်းတစ်ဦးအဖြစ် တောင်သုသာန်တွင် တာဝန်ထမ်းဆောင်ခဲ့တော့သည်။ လက်ရှိနေထိုင်သော ကျူးကျော်တဲလေးကို ဖျက်၍ သုသာန်အနီးရှိ ကုက္ကိုပင်ကြီးအောက်တွင် နေဖြစ်ရုံတဲလေးတစ်လုံး ဆောက်လုပ်ကာ နေထိုင်ခဲ့သည်။

နောက်ပိုင်းတွင် ရပ်ထဲရွာထဲသို့လည်း အကြောင်းကြီးငယ်ကိစ္စမရှိဘဲ မသွားတော့။ အကြောင်းကိစ္စရှိ၍ မသိန်းတင် ရပ်ကွက်ထဲသို့ဝင်လာလျှင် ခွေးများက တစ်အုပ်ကြီးနောက်မှလိုက်ကာ အူလိုက်၊ ဟောင်လိုက်လုပ်နေသဖြင့် ရပ်ကွက်ထဲရှိလူများက မသိန်းတင်နောက်မှ မကောင်းဆိုးဝါးတစ္ဆေသရဲများ ကပ်ပါလာသည်ဟု ယူဆပြီး သိပ်မကြည်လင်ကြသလို မသိန်းတင်ကလည်း ကြာလာတော့ စိတ်ညစ်လာ၍ ရပ်ကွက်ထဲမသွားချင်တော့ပေ။

❐



ညနေစောင်းလာပြီဖြစ်သဖြင့် ဝင်လုဆဲဆဲနေမင်းကြီးက အနောက်ရိုးမတောင်တန်းများပေါ်တွင် မေးတင်လျက်ရှိနေပြီ ဖြစ်သည်။ ဆောင်းတွင်းကာလဖြစ်သောကြောင့် ညနေ (၆) နာရီထိုးသည်နှင့် အမှောင်ရိပ်သန်းစပြုလာတော့သည်။

ညနေစာစားပြီးပြီဖြစ်သဖြင့် လုပ်စရာအလုပ်မရှိတော့ဘဲ မသိန်းတင်တစ်ယောက် ဆေးပေါ့လိပ်ကို မီးခိုးထောင်းထောင်းထနေအောင်သောက်ရင်း ဝင်လုဆဲဆဲ နေမင်းကြီးကို ငေးကြည့်နေမိသည်။ စိတ်အာရုံထဲမှာတော့ ညနေပိုင်းကချသွားသော အသုဘအလောင်းပေါ်မှ အသစ်စက်စက် တက်ထရွှန်အဖြူရုပ်အကျီလက်ရှည်နှင့် တက်ထရက်ပုဆိုးအကောင်းစားတစ်ထည်ကိုသာ မျက်လုံးထဲတွင် မြင်ယောင်နေမိသည်။

ယနေ့တစ်နေ့လုံး ညနေစောင်းကချသွားသော ဆင်ဦးစီးတစ်ယောက်၏ အသုဘတစ်ခုသာရှိသည်။ ရိုးမတောင်ပေါ်ရှိသစ်ထုတ်လုပ်ရေးဆင်စခန်းတစ်ခုမှ ဆင်ဦးစီးတစ်ယောက် မိမိစီးနေသည့် သစ်ဆွဲဆင်ကြီး မုန်ယိုနေသည်ကို သတိမထားမိဘဲ အလုပ်အဆမတန်ခိုင်းမိသည့်အတွက် နှာမောင်းနှင့်ဆွဲချကာ ခြေထောက်ဖြင့် နင်းသတ်ခံခဲ့ရသည်။

ချက်ချင်းမသေဘဲ အသက်ငွေ့ငွေ့ရှိသေးသော ဆင်ဦးစီးအား သစ်တင်ကားကြီးဖြင့် မြို့ဆေးရုံကြီးသို့ အလျင်အမြန် ဓာင်ခေါ်လာခဲ့သော်လည်း ရရှိထားသောဒဏ်ရာက ပြင်းထန်လှသဖြင့် ညပိုင်းတွင် သေဆုံးသွားခဲ့ရာ နောက်တစ်နေ့တွင် တောင်သုသာန်၌ သင်္ဂြိုဟ်ခဲ့ခြင်း ဖြစ်သည်။

ဆင်ဦးစီးမှာ လူပျိုကြီးဖြစ်ကာ မိဘများအား လုပ်ကျွေးနေသူဖြစ်သည်။ အသက်ရှင်စဉ်ကတည်းက သူ့အလွန်စွဲလမ်းမြတ်နိုးလှစွာ တစ်ခါတစ်ရံ အလှူမင်္ဂလာဆောင်ရှိမှ ထုတ်ဝတ်လေ့ရှိသော အကျီနှင့် ပုဆိုးအား သေဆုံးသွားသောအခါ သူ့အလောင်းပေါ်တွင် လွှားတင်ပေးခဲ့ပြီး မြှုပ်နှံသောအခါတွင်လည်း အလောင်းနှင့် တစ်ပါတည်း မြှုပ်နှံပေးခဲ့ကြသည်။

ထိုပုဆိုးနှင့် အကျီအား မသိန်းတင်တွေ့မြင်ခဲ့ပြီး ခါတိုင်းကဲ့သို့ပင် မှောင်ရီပျိုးချိန်မှာ ပြန်ဖော်ယူရန် အချိန်ကိုစောင့်ရင်း ဆေးလိပ်ထိုင်သောက်နေခြင်းဖြစ်သည်။မသာပစ္စည်းဆိုလျှင် လူအများစုက မထိချင်မကိုင်ချင်ကြဘဲ ဝေးဝေးမှ တတ်နိုင်သလောက်ရှောင်ကြသော်လည်း မသိန်းတင်အတွက်မူ မသာပစ္စည်းများကသာလျှင် အကျိုးပေးပုံရသည်။ အသုဘအခေါင်းဖျဉ်များ၊ အုတ်ဂူလုပ်သည့်နေရာမှပိုသည့် အုတ်၊ ဘိလပ်မြေများဖြင့် အိမ်ကို ဆောက်ထားသည်သာမက အသုဘရှင်များပေးခဲ့သည့် ထဘီ၊ အကျီ၊ စောင်များနှင့်ဖျာများက အိမ်လေးထဲတွင် အပြည့်ရှိသည်။

ထို့အပြင် တစ်ခါတစ်ရံ သူ့အားမပေးဘဲ အလောင်းနှင့်အတူ မြှုပ်နှံလိုက်သည့် ဇစ္စည်းများကိုပင် လူလစ်လျှင်လစ်သလို ပြန်ဖော်ယူတတ်သေးသည်။ အသုဘတစ်ခုရှိလာလျှင် လိုအပ်သည့် စာရွက်စာတမ်းများအပြည့်အစုံပြုလုပ်ပြီး အရင်ဦးဆုံး ဆက်သွယ်ရသည့်သူမှာ မသိန်းတင်ဖြစ်သည်။

ငွေကြေးတတ်နိုင်သည့်သူများက ငွေပေးလျှင် မသိန်းတင်က နေရာကောင်းနေရာလွတ်များတွင် နေရာချပေးတတ်ပြီး ဆင်းရဲချို့တဲ့၍ ငွေကြေးမတတ်နိုင်သူများအတွက်ကတော့ တွင်းတူးရာတွင် အခေါင်းအပျက်များ၊ လူသေအလောင်းများနှင့် တွေ့ရမည်မှာ သေချာလှသည်။ ထို့ကြောင့် သုသာန်စောင့်မဖဲဝါထက် မသိန်းတင်က ပိုဆိုးသည်ဟု ပြောရမည်ဖြစ်သည်။

မှောင်ရီပျိုးစပြုလာပြီး အလင်းရောင်ပျောက်စပြုပြီဖြစ်သောကြောင့် မသိန်းတင် ဆေးလိပ်ကို ခွက်ထဲမီးသတ်လိုက်ကာ တဲထောင့်တွင် ထောင်ထားသော ပေါက်ပြားနှင့် ဂေါ်ပြားတို့ ဆွဲယူလိုက်ပြီး ဓာတ်မီးကိုင်ကာ သုသာန်ထဲသို့ ဝင်လာခဲ့သည်။ ခပ်စောစောကပင် မြှုပ်နှံထားသော မြေသားဖြစ်၍ အခက်အခဲ သိပ်မရှိဘဲ မိမိလိုချင်နေသော ပုဆိုးနှင့် အကျီကို မသိန်းတင် ပြန်ဖော်ကာယူခဲ့သည်။

ချက်ချင်းပင် အခေါ်မှ ခြေလှ လက်ရာမပျက် မြေပြန်ဖို့ခဲ့ပြီး ...



www.burmeseclassic.com

www.burmeseclassic.com

မပျက် သုသာန်ထဲမှ ပြန်ထွက်ခဲ့ကာ မိမိ၏ တဲလေးဆီသို့ ပြန်လာခဲ့သည်။ တဲပတ်ဝန်းကျင်တွင် အမှောင်ထုက ကြီးစိုးနေပြီဖြစ်သောကြောင့် ဖယောင်းတိုင်ထွန်းလိုက်ကာ အားရကျေနပ်စွာဖြင့် တဲပေါ်တွင် ခဏထိုင်အမောဖြေလိုက်သည်။

တဲကလေးပတ်ဝန်းကျင်တစ်ခုလုံးတွင် မြေတွင်းအောင်းပုရစ်ကလေးများ၊ အခြားပိုးကောင်လေးများ၏ တစီစီနှင့် အော်မြည်နေသံများကလွဲ၍ တိတ်ဆိတ်ငြိမ်သက်နေပြီး အမောပြေလောက်မှ မသိန်းတင် အိပ်ရာခင်းရန် ပြင်လိုက်သည်။

နေ့စဉ်နေ့တိုင်း ပုံမှန်နေနေကျဖြစ်၍ရိုးနေပြီဖြစ်ပြီး အထူးတလည်ကြောက်ရွံ့သည့်စိတ်တမရှိတော့ပေ။ ထိုအခိုက် တဲခေါင်းမိုးဆီမှ ဂစ်ခနဲ ငှက်ဆိုးတစ်ကောင်ထိုးလိုက်သံနှင့်အတူ တဲခေါင်းရင်းဘက်ရှိ ကုက္ကိုပင်ကြီးပေါ်မှ ညဘက်အိပ်တန်းဝင်နေသောကျီးများ တအားအားနှင့်အော်မြည်ကာ ဝုန်းခနဲ လန့်ပျံသွားသောအသံများကြောင့် မသိန်းတင်ရုတ်တရက်လန့်သွားမိသည်။

သို့သော်လည်း ခဏအကြာတွင် ပုံမှန်အတိုင်း ပြန်လည်တိတ်ဆိတ်သွားပြန်သဖြင့် မသိန်းတင် ဖယောင်းတိုင်မီးကို မှုတ်လိုက်ကာ အိပ်ရာပေါ် လှဲလိုက်သည်။

တဲတစ်ခုလုံး သိမ့်ခနဲ လှုပ်သွားသလို ခံစားလိုက်ရသောကြောင့် မသိန်းတင် အိပ်ရာပေါ်မှထထိုင်လိုက်မိသည်။ လျှင်လှုပ်လိုက်သည်ထင်၍ မီးခြစ်ခြစ်ကာ ဖယောင်းတိုင်ကို ပြန်ထွန်းလိုက်သည်။

ဖယောင်းတိုင်မီး၏အလင်းရောင်အောက်တွင် မိမိနေသော တဲလေးတစ်ခုလုံး ယိမ်းထိုးနေသည်ကို တွေ့လိုက်ရပြီး တောက်ခနဲ တောက်ခေါက်လိုက်သံကြီးကို ကြားလိုက်ရသလို တစ်ချက်တစ်ချက် ဆင်များထူးခတ်ရာတွင်သုံးသော သံကြိုးများ တစ်ခုနှင့်တစ်ခု ထိမိသောအသံ ချွင်ခနဲ၊ ချွင်ခနဲကိုပါ တစ်ဆက်တည်း ကြားလိုက်ရပြန်သည်။

တဲတစ်ခုလုံး ဆင်တစ်ကောင်နှင့်ဆွဲနေသလို အဆက်မပြတ် ယိမ်းထိုးနေသည့်အပြင် တောက်ခေါက်လိုက်သောအသံနှင့် သံကြိုးချင်းထိမိသောအသံတို့ကိုလည်း ကြားနေရသောကြောင့် ယခုတစ်ကြိမ်တော့ မသိန်းတင် ဘယ်လိုမှ မနေရဲတော့ဘဲ ဝုန်းခနဲ ခုန်ထလိုက်ကာ တဲတံခါးဆွဲဖွင့်၍ ခြေဦးတည့်ရာပြေးထွက်ခဲ့တော့သည်။

နောက်ဘက်သို့ ပြန်လှည့်မကြည့်တော့ဘဲ ကြောက်ကြောက်လန့်လန့်နှင့် ခြေဦးတည့်ရာ ထွက်ပြေးလာခဲ့သည်မှာ မည်သည့်နေရာသို့ရောက်နေပြီမှန်းပင် မသိတော့။ သည်ကြားထဲတွင် နောက်ဘက်မှခွေးများကလည်း တစ်အုပ်ကြီးလိုက်အူ လိုက်ဟောင်နေသည့်အပြင် တစ်ချက်တစ်ချက် နားထဲတွင် သံကြိုးသံတချွင်ချွင်ကလည်း နောက်ဘက်ဆီမှ လိုက်ပါလာသလို ကြားနေရပြန်သောကြောင့် မကြာခဏ ချော်လဲလိုက်၊ ထပြေးလိုက်နှင့် မနားတမ်း ဆက်ပြေးနေမိသည်။

အချိန်အတော်ကြီးကြာမှ အဆမတန် မောပန်းလာပြီး ဆက်မပြေးနိုင်တော့သောကြောင့် အပြေးခဏရပ်လိုက်မိသည်။ အမောဖြေရင်း ပတ်ဝန်းကျင်ကို သတိထားကြည့်လိုက်မိရာ ဘုန်းကြီးကျောင်းတစ်ကျောင်း၏ကျောင်းပေါက်ဝသို့ရောက်နေမှန်း တွေ့လိုက်ရသောကြောင့် ဘာကိုမှမစဉ်းစားနိုင်သောဘဲ ကျောင်းဝင်းထဲသို့ အမြန်ပြေးဝင်လိုက်တော့သည်။

ကျောင်းအပေါ်ထပ်တွင် စကြံလျှောက်နေသော ဆရာတော်ကြီးက လှမ်းတွေ့လိုက်သဖြင့် ကပ္ပိယကြီးအား လှမ်းပြောလိုက်သည်။

"ကပ္ပိယကြီးရေ ကျောင်းဝိုင်းထဲကို လူတစ်ယောက် ပြေးဝင်လာတာ မြင်လိုက်တယ် ကြည့်လိုက်ပါဦး"

"တင်ပါ့ ဘုရား"

ခဏအကြာ၌ တုန်ယင်မောပန်းနေသော မသိန်းတင်တစ်ယောက် ကပ္ပိယကြီးနှင့်အတူ ဆရာတော်ကြီး၏ရှေ့သို့ ရောက်လာခဲ့သည်။

"ကပ္ပိယကြီး၊ လောလောဆယ် ရေတစ်ခွက်လောက် တိုက်လိုက်ပါဦး။ ပြီးမှ ဒကာမကြီးက ဘယ်ကလဲ၊ ဘာအကြောင်းများကြောင့် အခုလို ညကြီးအချိန်မတော်ပြေးလွှားလာတာလဲ ကျုပ်ကို ပြောပြပါဦး"

ရေသောက်၍ အမောပြေသွားမှ မသိန်းတင် ဖြစ်ကြောင်းကုန်စင်ကို ဆရာတော်ကြီးအား လျှောက်ထားလိုက်သည်။ မသိန်းတင် လျှောက်ထားသမျှကို ဆရာတော်ကြီးသည် စကားတစ်ခွန်းမှ ကြားဖြတ်ပြီးမမေးဘဲ မျက်စိအသာမှိတ်ကာ နားထောင်နေခဲ့သည်။ စကားဆုံးမှ ပြန်လည်ကာ မိန့်ကြားခဲ့သည်။

"ဒကာမကြီးက သေဆုံးသွားသူရဲ့ အနှစ်သက်ဆုံး၊အစွဲလမ်းဆုံးပစ္စည်းကိုမှ သူခွင့်မပြုဘဲ သွားယူခဲ့တာကိုး။ သေဆုံးသွားတဲ့သူဖြစ်စေ၊ အသက်ထင်ရှားရှိနေတဲ့သူဖြစ်စေ၊ သူမပေးဘဲ၊ သူမသိဘဲနဲ့ ယူတာ မကောင်းပါဘူး။ အခုပုံကြည့်ရတာ သေဆုံးသွားတဲ့ ဒီဆင်ဦးစီးဒကာကြီးလည်း သူ့ပစ္စည်းကို ဒီလောက်တောင် စွဲလမ်းနေပုံထောက်ရင် မကျွတ်မလွတ်လောက်ဘူး။ ဒါကြောင့် ရက်လည်တဲ့နေ့ကျရင် သူ့ကို သေသေချာချာဖိတ်ပြီး အမျှအတန်းဝေသင့်တယ်။ အကောင်းဆုံးကတော့ မနက်ဖြန်မနက်မိုးလင်းရင် ဒကာမကြီးက သူ့ပစ္စည်းကို သူ့နေရာမှ ပြန်ထားပေးလိုက်ပါ။ ပြီးတော့လည်း သူ့ကို မေတ္တာပို့၊ အမျှအတန်းဝေပေးလိုက်ပါ။ ဒါဆိုရင် ဒကာမကြီးကို အခုလိုလာပြီး ခြောက်လှန့်တော့မှာမဟုတ်တော့ပါဘူး။ ဒကာမကြီးလည်း နောက်နောင်ကို သူတစ်ပါးကြည်ကြည်သာသာနဲ့မပေးတဲ့ပစ္စည်းတွေကို မယူပါနဲ့။ ဘုန်းကြီးပြောတာ သဘောပေါက်တယ် မဟုတ်လား"

"တင်ပါ့ ဘုရား၊ တပည့်တော်နားလည်သဘောပေါက်ပါတယ်၊ကြောက်လည်း တော်တော်ကြောက်သွားပါပြီ ဘုရား။ နောက်နောင်ကို သူတစ်ပါးကြည်ကြည်သာသာနဲ့ပေးတဲ့ပစ္စည်းကလွဲပြီးမယူတော့ပါဘူး ဘုရား"

"ကဲ - ဒီညတော့ မပြန်ရဲရင်ဟော - ဟိုဘက်မှာ တရားထိုင်နေတဲ့ယောဂီတွေရှိတယ်။ အဲဒီမှာပဲအိပ်သွားလိုက်။ မနက်ဖြန်မနက်ကျမှ ပြန်ပေါ့"

ထိုနေ့မှစ၍ သုသာန်စောင့် မသိန်းတင်တစ်ယောက် အသုဘရှင်များကြည်ကြည်သာသာပေးသမျှကိုသာ ယူတော့ကြောင်းနှင့် ထူးဆန်းသည်မှာ နောက်တစ်နေ့မနက်တွင် မသိန်းတင်တစ်ယောက် သုသာန်ရှိသူ၏ တဲလေးသို့ ပြန်ကြည့်ရာ ယမန်နေ့ညပိုင်းက တစ်ချိန်လုံး ယိမ်းထိုးနေခဲ့သော သူ၏တဲလေးမှာ ယခင်အတိုင်း ခြေရာလက်ရာမပျက် . အကျိုးအပဲ့ အပျက်အစီးတစ်ခုမှမရှိဘဲ ပကတိအတိုင်းအကောင်းသား တွေ့ခဲ့ရကြောင်း ကိုအောင်မြင့်က ပြောပြခဲ့ပါသည်။

(အမည်၊ နေရပ်များ လွှဲပြောင်းရေးသားထားသော ဖြစ်ရပ်မှန်ဇာတ်လမ်းတစ်ပုဒ်ဖြစ်ပါသည်။)

တင်အေးကျော်(အောင်သံ)



www.burmeseclassic.com

www.burmeseclassic.com

## ဦးအောင်လှိုင်(သုဝဏ္ဏ)

# ကိန်းဂဏန်းများနှင့်သင်

Magic Box ၌ ကိုယ်စားပြုကိန်းဂဏန်းများအား ထည့်သွင်းရာ၌ အောက်ပါအတိုင်း ပြုလုပ်ရသည်။

| | | |
|---|---|---|
| 1 | 2 | 3 |
| 4 | 5 | 6 |
| 7 | 8 | 9 |

→ ၁မှ ၉အထိရှိသော ကိန်းဂဏန်းများအား ထည့်သွင်းထားပုံ

K A T H R Y N A N I C E H I L L

2 1 2 8 9 7 5 1 5 9 3 5 8 9 3 3

အထက်တွင် ဖော်ပြထားသည့် Kathryn Anice Hill ဟူသော အမည်တွင် အက္ခရာစဉ်စာလုံးများအား ကိုယ်စားပြုကိန်းဂဏန်းအသီးသီးထည့်သွင်းထားသည်။

အမည်တွင် (၁) ဂဏန်းသည် (၂) ကြိမ် ပါရှိသည်။ ထို့ကြောင့် (၁) ဂဏန်းများပေါင်းခြင်း(၂)ကို Magic box ၏ ဝဲဘက်အပေါ်ဆုံးထောင့်ရှိ box ၌ ထည့်သွင်းရသည်။ အမည်တွင် (၂) ဂဏန်းသည်လည်း (၂) ကြိမ်ပါရှိသည်။ (၂) ဂဏန်းများ ပေါင်းခြင်းအား အပေါ်ဆုံးအလယ် box ၌ ရေးသွင်းရသည်။ အမည်တွင် (၃) ဂဏန်းသည် (၃) ကြိမ်အထိပါရှိသည်။ (၃) ဂဏန်းများ ပေါင်းခြင်းအား အပေါ်ဆုံးယာဘက်ခြမ်းရှိ box တွင် ရေးသွင်းရသည်။ ထိုနည်းဖြင့် ကျန်ရှိသော ကိန်းဂဏန်းများအား ရှေ့တွင် ဖော်ပြခဲ့သည့်အတိုင်း သက်ဆိုင်ရာ box အသီးသီး၌ ရေးသွင်းပါ။

အကယ်၍ ဂဏန်းအစဉ်အတိုင်း မရှိဘဲ ပျောက်နေပါက သက်ဆိုင်ရာ box ၌ ချန်လှပ်ထားပါ။

Kathryn Anice Hill အမည်တွင် အများဆုံး (ထပ်လဲလဲ) ပါဝင်နေသော ဂဏန်းများမှာ 3,5,9 တို့ ဖြစ်သည်။

ထို့ကြောင့် အမည်တွင် ပျောက်ဆုံးနေသော 4, 6 ဂဏန်းများမှာ အမည်ပိုင်ရှင်၏အတိတ်ကံအကြောင်းနှင့် အားနည်းချက်များအား ကိုယ်စားပြုထားသည်။

Magic Box သည် အမည်အား ကိုယ်စားပြုသောမည်သည့်ကိန်းဂဏန်းက အများဆုံးပါဝင်သည်၊ မည်သည့်ကိန်းဂဏန်းများက ပျောက်ဆုံးနေသည်ဆိုသည်ကိုကြည့်၍ ပါဝင်သော ကိန်းဂဏန်းအနည်း၊ အများအလိုက် အဓိကထားကာ အောက်ပါအဓိပ္ပာယ် တစ်မျိုးစီအား ကိုယ်စားပြုပေးသည်။

**Magic box တွင် ပါဝင်သော ကိန်းဂဏန်းများ**

**Magic box #1;**

ကိုယ်တိုင်အားကိုးအားထားလုပ်နိုင်သည့် အရည်အသွေးများ၊ ပင်ကိုအစွမ်းအစကြောင့် သူတစ်ပါး၏အကူအညီမယူဘဲ ရပ်တည်နိုင်ခြင်း၊ လွတ်လပ်စွာနေတတ်ခြင်း၊ ဆုံးဖြတ်ချက်ချနိုင်ခြင်း၊ မိမိအလိုဆန္ဒအတိုင်းအကောင်းအထည်ဖော်ခြင်း၊ ဂုဏ်သိက္ခာရှိခြင်း၊ အတ္တကြီးခြင်းတို့ကို ရည်ညွှန်းသည်။

အကယ်၍ အမည်တွင် (1) သုံးလုံး ပါရှိပါက စရိုက်လက္ခဏာ သာမန်သူလိုကိုယ်လို အခြေအနေ၌သာ ရှိပါမည်။

**များစွာပါရှိသော (၁) ဂဏန်း**

တစ်ဖက်သား၊ လူအများအပေါ် လွှမ်းမိုးချုပ်ကိုင်လိုစိတ်ကြီးသူ၊ အရာရာကိုယ်တိုင်ဦးဆောင်ရခြင်းကို နှစ်သက်သူ၊ ကြမ်းတမ်းခက်ထန်တတ်သူ၊ အတင်းအဓမ္မစေခိုင်းတတ်သူ၊ အင်အားသုံးတတ်သူ၊ စိတ်ဆုံးဖြတ်ချက်ပြတ်သားသူဖြစ်ကြောင်း ရည်ညွှန်းသည်။

**နည်းပါးလွန်းသော/ ပျောက်နေသော (၁)ဂဏန်း**

မိမိကိုယ်မိမိ ယုံကြည်စိတ်မရှိသူ၊ ဆုံးဖြတ်ချက်မပြတ်သားသူ၊ အခြားသူတို့၏ လွှမ်းမိုးခြင်းခံရသူဖြစ်ကြောင်း ဖော်ပြသည်။

**Magic Box # 2;**

အရာရာ သဟဇာတဖြစ်အောင် ပြောဆိုလုပ်ကိုင်နိုင်စွမ်းရှိသူ၊ အများနှင့်ပူးပေါင်းဆောင်ရွက်တတ်သူ၊ သည်းခံနိုင်စွမ်းရှိသူ၊ အသေးအဖွဲကအစ ဂရုစိုက်တတ်သူ၊ သူတစ်ဖက်သားအပေါ် နားလည်ပေးနိုင်သူ၊ အချစ်ရေး၊ အိမ်ထောင်ရေး၌ အလျှော့ပေးတတ်သူဖြစ်ကြောင်း ရည်ညွှန်းသည်။

အကယ်၍ အမည်တွင် (၂) တစ်လုံးတည်းပါရှိပါက သာမန်စရိုက်လက္ခဏာအခြေအနေတွင်သာ ရှိပါသည်။

**များစွာပါရှိသော (၂) ဂဏန်း**

စိတ်ခံစားမှုလွန်ကဲခြင်း၊ ဆတ်ဆတ်ထိမခံတတ်ခြင်း၊ သူတစ်ပါးအပေါ် မှီခိုအားထားခြင်းရှိသူဖြစ်ကြောင်း ဖော်ပြသည်။

**နည်းပါးလွန်းသော/ ပျောက်နေသော (၂)ဂဏန်း**

မိမိလိုအင်ဆန္ဒများအပေါ် သည်းခံတတ်သလို၊ အခြားသူအပေါ်၌လည်း သည်းခံတတ်သူ၊ စိတ်အပြောင်းအလဲမြန်တတ်သူ၊ စိတ်ပျော့သူ၊ အရှက်အကြောက်ကြီးသူ၊ အခြားသူများနှင့် ပူးပေါင်းလက်တွဲနိုင်စွမ်းမရှိသူ၊ ကိုယ်ပိုင်စဉ်းစားဉာဏ်မရှိခြင်းကြောင့် တစ်ဖက်သားအပေါ်၌လည်း နားလည်မှုမပေးနိုင်သူဖြစ်ကြောင်း ရည်ညွှန်းသည်။

**Magic Box # 3;**

မိမိကိုယ်ပိုင်အရည်အသွေးများအား လက်တွေ့ထုတ်ဖော်ပြသနိုင်သူ၊ အထူးသဖြင့် အနုပညာရပ်၌ ထူးကဲစွာ အစွမ်းပြနိုင်သူ၊ အရာရာအပြုသဘောဆောင်ပြောဆို လုပ်ကိုင်တတ်သူ၊ အကောင်းမြင်ဝါဒ လက်ကိုင်ထားသူ၊ ရည်မှန်းချက်ကြီးသူ၊ သူတကာထက်ရှေ့ဆုံးရောက်အောင် ကြိုးစားတတ်သူဖြစ်ကြောင်း ရည်ညွှန်းသည်။

အကယ်၍ အမည်တွင် (၃)



www.burmeseclassic.com

www.burmeseclassic.com

ဂဏန်းတစ်လုံးတည်း ပါရှိပါက အထက်ပါ အခြေအနေများ အသင့်အတင့်သာရှိပါမည်။

**များစွာပါရှိသော (၃) ဂဏန်း**

ရည်မှန်းချက်အလွန်ကြီးမားသူ၊ အကောင်းမြင်တတ်သူ၊ အနုပညာအပေါ် ခံစားနားလည်တတ်သူ၊ ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုရှိသူ၊ ထင်ပေါ်ကျော်ကြားမှုကိုနှစ်သက်သူ၊ လူမှုအသိုင်းအဝန်းအတွင်းဝင်ဆံ့သူ၊ စကားများများပြောတတ်သူ၊ အာဏာမြူတတ်သူဖြစ်ကြောင်း ဖော်ပြသည်။

**နည်းပါးလွန်းသော (၃) ဂဏန်း**

သိမ်ငယ်စိတ်ရှိသူ၊ အပေါ်ယံကြောပြောဆိုလုပ်ကိုင်တတ်သူ၊ လူဝင်ဆံ့မှုမရှိသူ၊ အရှက်အကြောက်ကြီးသူ၊ ရည်မှန်းချက်မထားတတ်သူ၊ မိမိစိတ်ကိုအလိုလိုက်တတ်သူဖြစ်ကြောင်း ရည်ညွှန်းသည်။

**Magic Box # 4;**

စိတ်ဓာတ်ကြံ့ခိုင်စွာ အလုပ်လုပ်တတ်သူ၊ အရာရာအသေးအဖွဲ့ကအစ ထည့်တွက်တတ်သူ၊ နေ့စဉ်ပုံမှန်လုပ်ရသောအလုပ်များအား စိတ်ဝင်စားတတ်သူ၊ စည်းရုံးနိုင်စွမ်းရှိသူဖြစ်ကြောင်း ဖော်ပြသည်။

အကယ်၍ (၄) ဂဏန်းတစ်လုံးတည်းသာပါသော အမည်ဖြစ်ပါက အထက်ပါအခြေအနေများ သာမန်အဆင့်တွင်သာရှိနေပါမည်။

**များစွာပါရှိသော (၄) ဂဏန်း**

ဘဝအား ထူးထူးခြားခြားပုံစံဖြင့်ဖြတ်သန်းလိုသူ၊ စိတ်ရှည်ဖွဲ့သန်စွာဖြင့် အလုပ်လုပ်တတ်သူ၊ အများနှင့်မတူအောင်နေထိုင်တတ်သူ၊ အရာရာတွက်ချက်ချိန်ဆတတ်သူ၊ စည်းမျဉ်းဥပဒေများအား ပြောင်းပြန်လှန်တတ်သူ၊ ပြုပြင်ပြောင်းလဲရေးကို လိုလားသူဖြစ်ကြောင်း ရည်ညွှန်းသည်။

**နည်းပါးစွာပါရှိသော (၄) ဂဏန်း**

အပြောင်းအလဲကို လက်ခံရန်အချိန်ယူစဉ်းစားတတ်သူ၊ သဘောထားအမြင်တျဉ်းမြောင်းသူ၊ စိတ်အပြောင်းအလဲမြန်တတ်သူ၊ အာရုံစူးစိုက်မှုအားနည်းသူဖြစ်ကြောင်း ရည်ညွှန်းသည်။

**Magic Box # 5;**

အရာရာလွတ်လပ်မှုကို လိုလားသူ၊ မမျှော်လင့်သော အပြောင်းအလဲများအား ရင်ဆိုင်ဖြေရှင်းနိုင်စွမ်းရှိသူ၊ ဘဝအတွေ့အကြုံအပေါ် မူတည်၍ အရည်အသွေး မြင့်တက်လာအောင် လုပ်နိုင်သူဖြစ်ကြောင်း ရည်ညွှန်းသည်။

အကယ်၍ အမည်တွင် (၅) ဂဏန်း (၃) လုံး ပါဝင်နေပါက အထက်ပါ စရိုက်လက္ခဏာများ သာမန်အခြေအနေတွင်သာရှိပါမည်။

**များစွာပါရှိသော (၅) ဂဏန်း**

လွတ်လပ်မှုကို ခုံမင်သူ၊ အများပြည်သူတို့နှင့် ထိတွေ့ဆက်ဆံလိုသူ၊ စူးစမ်းလိုစိတ်ရှိသူ၊ အပြောင်းအလဲများသူ၊ စာပေနယ်ပယ်၌ အထူးပါရမီအားကောင်းသူ၊ လိင်အပျော်အပါးကိုစွဲ၍ စိတ်အလိုလိုက်တတ်သူ၊ မူးယစ်ဆေးသုံးစွဲတတ်သူ၊ အရက်သေစာမှိုဝဲသူဖြစ်ကြောင်း ဖော်ပြသည်။

**နည်းပါးစွာပါရှိသော (၅) ဂဏန်း**

အပြောင်းအလဲမလိုလားတတ်သူ၊ ပညာသင်ရာ၌ အခက်အခဲတွေ့သူ၊ အပြောင်းအလဲနှင့် လွတ်လပ်မှုပေါ် အလွဲသုံးစားလုပ်သူ ဖြစ်ကြောင်း ရည်ညွှန်းသည်။

**Magic Box # 6;**

မိသားစုအပေါ်နှင့် မိမိလုပ်ငန်းတာဝန်အပေါ် တာဝန်သိစိတ်ရှိသူ၊ လိုအပ်သော အခြေအနေအလိုက် ကောင်းမွန်စွာ ညှိနှိုင်းတတ်သူ၊ လူအများနှင့် သဟဇာတဖြစ်အောင်နေတတ်သူ၊ ပြောင်းလဲသင့်သည့် အခြေအနေအရ ပြောင်းလဲခြင်းကို လက်ခံနိုင်သူ ဖြစ်ကြောင်း ရည်ညွှန်းသည်။

အကယ်၍ အမည်တွင် (၆)ဂဏန်းတစ်လုံးတည်းသာပါရှိပါက အထက်ပါအခြေအနေများ သာမန်အဆင့်သာရှိပါမည်။

**များစွာပါရှိသော (၆) ဂဏန်း**

မိသားစုနှင့်ပတ်သက်၍ အလေးထား ဦးစားပေးတတ်သူ၊ တာဝန်ယူလိုစိတ်ရှိသူ၊ သက်သောင့်သက်သာနေထိုင်တတ်သူ၊ မင်းစိုးရာဇာဖြစ်နိုင်သူ ဖြစ်ကြောင်း ဖော်ပြသည်။

**နည်းပါးလွန်းသော (၆) ဂဏန်း**

ညှိနှိုင်းမှုကို လက်မခံတတ်သူ၊ ဆုံးဖြတ်ချက်ချရန် အချိန်ယူရသူ၊ အခြေအနေအရပ်ရပ်အား စီမံဆုံးဖြတ်နိုင်စွမ်းလျော့နည်းသူ၊ အချစ်ရေး၊ အိမ်ထောင်ရေး၌ စိန်ခေါ်မှုများသူဖြစ်ကြောင်း ဖော်ပြသည်။

**Magic Box # 7;**

အရာရာခွဲခြမ်းစိတ်ဖြာတတ်သူ၊ သဘောတရားရေးရာနှင့် လက်တွေ့မျှတစွာ ပိုင်းခြားနားလည်တတ်သူ၊ နည်းပညာ ကျွမ်းကျင်သူဖြစ်ကြောင်း ရည်ညွှန်းသည်။

အကယ်၍အမည်တွင်(၇)ဂဏန်းတစ်လုံးတည်းသာပါရှိပါက (တစ်ခါတ ရံ) (၇) ဂဏန်း ပျောက်ဆုံးနေပါက အထက်ပါလက္ခဏာများ သာမန်အခြေအနေတွင်သာရှိပါမည်။

**များစွာပါရှိသော (၇) ဂဏန်း**

အရာရာခွဲခြမ်းစိတ်ဖြာတတ်သူ၊ နည်းပညာအား လက်တွေ့အသုံးချနိုင်သူ၊ အတွေ့အကြုံဗဟုသုတနှင့် ပြည့်ဝသူ၊ လွတ်လပ်စွာနေထိုင်တတ်သူ၊ ငြိမ်းချမ်းစွာနေတတ်သူဖြစ်ကြောင်း ရည်ညွှန်းသည်။ အမည်တွင် (၇) ဂဏန်းများစွာပါရှိခြင်း လွန်စွာရှားပါးလှသည်။

**နည်းပါးစွာပါရှိသော (၇) ဂဏန်း**

အကြောင်းအရာတစ်ခုအား အတွင်းကျကျလေ့လာပြီး ချဉ်းကပ်ဖြေရှင်းအဖြေရှာတတ်သူ၊ ခွဲခြမ်းစိတ်ဖြာတတ်သူ၊ အယူသီးတတ်ပြီး အဆိုးမြင်တတ်သူဖြစ်ကြောင်း ရည်ညွှန်းသည်။

**Magic Box # 8;**

ငွေကြေးဥစ္စာတို့အား ရည်ညွှန်းသည်။ ၎င်းပြင် box-8 သည် တရားမျှတခြင်း၊ ရည်မှန်းချက်အတိုင်း စူးစိုက်ဆောင်ရွက်တတ်ခြင်း၊ ဩဇာအာဏာ လွှဲပြောင်းပေးနိုင်သည်အထိ စိတ်ချခြင်း၊ လုပ်ပိုင်ခွင့်ကို အသုံးပြု၍ အများကောင်းကျိုးတိုးတက်အောင် ဆောင်ရွက်နိုင်ခြင်းတို့ကို ရည်ညွှန်းသည်။

**များစွာပါရှိသော (၈) ဂဏန်း**

ငွေကြေးနှင့်အရေးပါသောရာထူး နေရာအတွက် ဆန္ဒပြင်းထန်တတ်သူ ရုပ်ပိုင်းဆိုင်ရာတိုးတက်မှုကို အလေးထားသူ၊ နောင်တစ်ချိန်၌ ဘာသာရေးကို စိတ်ဝင်တစား လိုက်စားတတ်သူဖြစ်ကြောင်း ရည်ညွှန်းသည်။

**နည်းပါးစွာပါရှိသော (၈) ဂဏန်း**

တရားမျှတလိုစိတ်မရှိသူ၊ အလွှာသဖြင့် ငွေကြေးကိစ္စများနှင့် ပတ်သက်၍ မဲ့တတ်သူဖြစ်ကြောင်း ရည်ညွှန်းသည်။



www.burmeseclassic.com

www.burmeseclassic.com

**Magic Box # 9;**

အမြင်ကျယ်သူ၊ အများကောင်းကျိုးအတွက် စွန့်လွှတ်အနစ်နာခံရဲသူ၊ သူတစ်ဖက်သား၏ ကံကြမ္မာကောင်းစေရန် ဆုံးဖြတ်လမ်းညွှန်ပေးထတ်သူဖြစ်ကြောင်း ရည်ညွှန်းသည်။

အကယ်၍ အမည်တွင်(၉)ဂဏန်း (၃)လုံးပါဝင်နေပါက အထက်ပါအခြေအနေများ သာမန်အနေအထားတွင်သာ ရှိပါမည်။

**များစွာပါရှိသော (၉) ဂဏန်း**

တစ်ဖက်သား ကံကြမ္မာအား ထိန်းချုပ်လိုစိတ်ရှိသူ၊ ကမ္ဘာ့ပြဿနာအရပ်ရပ်အပေါ် အလေးထားလေ့လာတတ်သူ၊ သတ္တိကောင်းသူ၊ ဦးဆောင်နိုင်စွမ်းနှင့် စည်းရုံးနိုင်စွမ်းရှိသူဖြစ်ကြောင်း ရည်ညွှန်းသည်။

**နည်းပါးစွာပါရှိသော (၉) ဂဏန်း**

သနားကြင်နာစိတ်များတင်းမဲ့သူ၊ ဦးတည်ချက်မဲ့နေသူ၊ စိတ်လိုက်မာန်ပါ ပြောဆိုလုပ်ကိုင်တတ်သူ၊ စိတ်တိုလွယ်သူ၊ သဘောထားကျဉ်းမြောင်းသူ၊ တစ်ဖက်သားအပေါ် ကိုယ်ချင်းစာစိတ်မရှိသူ၊ မိမိအရေးကိစ္စကိုသာ အလေးထားတတ်သူဖြစ်ကြောင်း ရည်ညွှန်းပါသည်။

**ဆွဲဆောင်နိုင်မှု အားကောင်းသောအမည်များ**

ချယ်လ်ဒင်းနံစနစ်အရ မိမိအမည်အားပေါင်းခြင်းဖြင့် ရရှိသောဂဏန်းသည် အခြားသူတို့၏ လအလိုက်ရှိနေသော ရက်အလိုက်ကိန်းဂဏန်းများ၊ မွေးလတွင် ကျရောက်သောရာသီခွင်များအား ဆွဲဆောင်လျက်ရှိသည်။

ဥပမာ Bill ဟူသောအမည်အား အက္ခရာစဉ်အလိုက် ကိုယ်စားပြုသောကိန်းဂဏန်းများ အစားထိုး၍ပေါင်းပါက (၉)ဟူသော တန်ဖိုးဂဏန်း ရရှိပါမည်။ အဆိုပါအမည်အား ပေါင်းခြင်းဖြင့် ရရှိသော(၉)သည် အခြားသူတို့၏ မွေးရက်အားပေါင်းခြင်းဖြင့်ရရှိသော (၉)ဂဏန်း (ဥပမာ- ၉ ရက်၊ ၁၈ ရက်၊ ၂၇ရက်တွင် မွေးဖွားသူများ) ကို ဆွဲဆောင်လျက်ရှိသည်။ ရာသီခွင်အနေဖြင့် Bill သည် ဧပြီလ (မိဿရာသီ- Aries)၊ နိုဝင်ဘာလ (ဗြိစ္ဆာ - Scorpio)၊ ဩဂုတ်လ (သိဟ် - Leo) ရာသီခွင်ဖွားတို့အား ဆွဲဆောင်လျက်ရှိသည်။

သင်၏အမည်အားပေါင်းခြင်းဖြင့် ရရှိသောကိန်းဂဏန်းတန်ဖိုးသည် (သို့) သင့်အမည်အား အက္ခရာစဉ်အလိုက် အစားထိုးသောဂဏန်းများ ပေါင်းခြင်းသည် သင်၏ မွေးရာပါ အထုံပါရမီများ၊ ကိုယ်ပိုင်ကျွမ်းကျင်မှုအမျိုးမျိုး၊ အရည်အသွေးများအား ကိုယ်စားပြုထားသည်။

ထို့အတူ သင်မွေးနေ့ဂဏန်းသည် သင့်အား ပညာသင်ယူလေ့လာနိုင်မှု အခြေအနေတို့အတွက် ဖြစ်ပေါ်ကြုံတွေ့ရမည့်အရာတို့အား ညွှန်ပြပေးသည်။ သင့်အမည်အား ပေါင်းခြင်းဂဏန်းသည် ဆရာအဓိပ္ပာယ်အား ရည်ညွှန်း၍ သင့်မွေးနေ့ ရက်ဂဏန်းပေါင်းခြင်းသည် တပည့်အဓိပ္ပာယ်အား ရည်ညွှန်းသည်။ အဆိုပါ တပည့်အဓိပ္ပာယ်ရှိ မွေးနေ့ဂဏန်းသည် အခြားသောသူ၏ ဆရာအဓိပ္ပာယ်ရှိသော ဂဏန်း၏ ဆွဲဆောင်ခြင်းခံရမည် ဖြစ်သည်။

**လတစ်လ၏ မွေးရက်များအလိုက် (မွေးနေ့ဂဏန်းအားပေါင်းခြင်းဖြင့် ရရှိသောကိန်းဂဏန်းအလိုက်) သက်ဆိုင်ရာဂဏန်းပိုင်ရှင်အား ဆွဲဆောင်သော အမည်များ မွေးရက်အလိုက် ၁ ဂဏန်းပိုင်ရှင်အား ဆွဲဆောင်သောအမည်များ**

လတစ်လ၏ ၁ ရက်၊ ၁၀ ရက်၊ ၁၉ ရက်၊ ၂၈ ရက်တို့တွင် မွေးဖွားသူများ(သို့) မိဿရာသီ၊ သိဟ်ရာသီတို့၌ မွေးဖွားသူများတွင်ပါဝင်သောသင့်အား အောက်ပါနာမည်များက ဆွဲဆောင်နေပါမည်။

Adam (အာဒမ်)၊ Ade(အာဒေး)၊ Alan (အလန်)၊ Albert (အဲလ်ဘတ်)၊ ALicia (အလီရှာ)၊ Anthony (အန်ထော်နီ)၊ Audrey (ဩဒရေး)၊ Barbra (ဘာဘရာ)၊ Basil (ဘာဆီးလ်)၊ Baxter (ဘက်တာ)၊ Bijan (ဘီဂျန်)၊ Billy (ဘီလီ)၊ Brenda (ဘရမ်ဒါ)၊ Broderick (ဘရော်ဒါရစ်)၊ Byram (ဘာရမ်)၊ Calvin (ကယ်လ်ဗင်)၊ Carla (ကာလာ)၊ Carlos (ကားလို့စ်)၊ Cheryl (ချာရီ)၊ Chuck (ချက်ခ်)၊ Clara (ကလာရာ)၊ Claudia (ကလော်ဒီရာ)၊ Clandine (ကလော်ဒင်း)၊ Colin (ကောလင်း)၊ Craig (ခရစ်ဂ်)၊ Curtis (ကားတစ်)၊ Cyril (ဆီးရီးလ်)၊ Dan (ဒင်န်)၊ Daniel (ဒယ်နီရယ်)၊ Debbie (ဒက်ဘီး)၊ Doreen (ဒေါ်ရင်းန်)၊ Eddie (အက်ဒီ)၊ Edmund (အက်ဒ်မန်)၊ Eleanor (အွယ်လီနာ)၊ Ellery (အယ်လ်လာရီ)၊ Elmer (အယ်လ်မာ)၊ Elmo (အယ်လ်မို)၊ Errol (အာရိုး)၊ Ermin (အာဝင်း)၊ Estelle (အက်စ်တယ်လီ)၊ Fr-ed (ဖရက်)၊ Galvin (ဂယ်လ်ဘင်)၊ Garland (ဂါးလင်းန်)၊ Gina (ဂီနာ)၊ Gordon (ဂေါ်ဒွန်)၊ Gwen (ဂွိဝမ်းန်း)၊ Guy (ဂိုင်း)၊ Hugh (ဟူချ်)၊ Jamal (ဂျမယ်)၊ Jonah (ဂျိုးနက်ချ်)၊ Juanita (ဂျော်နီတာ)၊ Karim (ကာရင်းမ်း)၊ Killie (ကယ်လီ)၊ Kelsey (ကယ်လ်ဆီး)၊ Kenton (ကန်တန်)၊ Kellie(ကယ်လီ)၊ Kelsey (ကယ်လ်ဆီး)၊Kevin(ကီဗင်)၊Kiana(ကီရာနား)၊ Lenny (လယ် နီ)၊ Lydia (လင်ဒီယာ)၊ Mack (မက်ခ်)၊ Marc (မာ့စ်)၊ Marcus (မားကပ်စ်)၊ Marvin (မာဘင်)၊ Mour-een (မော်ရင်း)၊ Max (မက်စ်)၊ Mimi (မီမီ)၊ Mohammed (မိုဟာမက်)၊Morris (မော်ရစ်စစ်)၊ Obi (အိုဗီ)၊ Ollie (အိုလီး)၊ Paco (ပါကို)၊ Paula (ပေါ်လာ)၊ Patricia (ပက်ထရစ်ရှာ)၊ Ralph (ရက်ဖ်)၊ Ramon (ရေမွန်)၊ Randall (ရမ်ဒဲလ်)၊ Reggie (ရက်ဂျီ)၊ Roger (ရော်ဂျာ)၊ Roy (ရိုင်)၊ Shelby (ရှယ်လ်ဘီ)၊ Sidney (ဆစ်ဒနီ)၊ Stephanie (စတီဖနီ)၊ Stever (စတီဗင်)၊ Val (ဘယ်လ်)၊ Walcott (ဝဲလ်ကော့)၊ Wendel (ဝမ်ဒယ်လ်)၊ Willie (ဝီလီ)၊ William (ဝီလျံ)၊ Zenobia (ဇန်နိုဘီရာ)

**မွေးရက်အလိုက် (၂) ဂဏန်းပိုင်ရှင်အား ဆွဲဆောင်သောအမည်များ**

လတစ်လ၏ ၂ ရက်၊ ၁၁ ရက်၊ ၂၀ ရက်၊ ၂၉ ရက်တွင် မွေးဖွားသူများ (သို့) ကရကဋ်ရာသီတို့၌ မွေးဖွားသူများတွင်ပါဝင်သော သင့်အား အောက်ပါအမည်များက ဆွဲဆောင်နေပါမည်။

Abbott (အဘော့တ်)၊ Abijah (အဘီဂျာ)၊ Aileen (အီလင်းန်)၊ Aime (အေမီ)၊ Annette (အန်းနက်တ်)၊ Arthur (အာသာ)၊ Barbara (ဘာ့ဘရာ)၊ Bar-bra (ဘာဘရာ)၊ Bayard (ဘေးယတ်ဒ်)၊ Bob (ဘော့ပ်)၊ Briam (ဘရီယမ်)၊ Butch (ဘတ်ချ်)၊ Camille (ကမ်မီလီ)၊ Carmen (ကာ့မင်)၊ Cecile (စီဆီလီ)၊ Charlie (ချာလီ)၊ Charlene (ချာလင်းန်)၊ Clark (ကလာ့တ်)၊ Dana (ဒါနာ)၊ Darcy (ဒါစီ)၊ Delores (ဒယ်လ်လိုးစ်)၊ Denny (ဒန်နီ)၊ Denzel (ဒန်ဇယ်)၊ Dorian (ဒိုရီယမ်)၊ Earl (အားလ်)၊ Edsel (အက်ဒ်ဆဲလ်)၊ Efram (အက်ဖ်ရမ်)၊ Eleana (အယ်လီနာ)၊ Elaine (အယ် လိန်း)၊ Elwin (အယ်လ်ဝင်းန်)၊ Emanuel (အီမန်နျူရယ်)၊ Eric (အဲရစ်)၊ Erika (အဲရီကာ)၊ Eugene (ယူဂျင်းန်)၊ Fanny



www.burmeseclassic.com

(ဖဲလ်နီ)၊ Ferm (ဖန်းန်)၊ Foster (ဖော့စတာ)၊ Granville (ဂရင်းဗီလီ)၊ Harry (ဟယ်ရီ)၊ Harvey (ဟာဗေး)၊ Hayward (ဟေးဝါ့ဒ်)၊ Holden (ဟိုဒန်)၊ Jasmine (ဂျက်စ်မင်)၊ Jimmy (ဂျင်မီ)၊ Jerry (ဂျယ်ရီ)၊ Johnine (ဂျော်နီနီ)၊ Jonatham (ဂျိုနသန်)၊ Jordan (ဂျော်ဒန်)၊ Joseph (ဂျိုးဇက်ပ်)၊ Julius (ဂျူးလီးယက်)၊ Justin (ဂျပ်စတင်)၊ Kamal (ကာမယ်လ်)၊ Kendal (ကန်ဒဲလ်)၊ Kimberly (ကင်ဘာလီ)၊ Lamar (လာမား)၊ Leon (လီယွန်)၊ Les (လက်စ်)၊ Leslie (လက်စ္စ လီ)၊ Louis (လူးဝစ်စ်)၊ Melissa (မယ်လီ ဆာ)၊ Michelle (မီရှယ်လီ)၊ Noel (နို ဝယ်လ်)၊ Noreen (နိုရင်း)၊ Parker (ပါကား)၊ Phillip (ဖီးလစ်)၊ Rafael (ရက်ဖဲလ်)၊ Ricardo (ရီကာဒို)၊ Ronna (ရိုနာ)၊ Ruby (ရူဘီ)၊ Sally (ဆယ်လ်လီ)၊ Shirley (ရှယ်လီ)၊ Silas (ဆီးလက်စ်)၊ Simon (ဆီမွန်)၊ Stanton (စတန်တန်)၊ Tamia (တာမီရာ)၊ Tina (တီနာ)၊ Terence (တားရက်စ်)၊ Tracy (ထရေစီ)၊ Trent (ထရန့်)၊ Tristan (ထရစ်စ်တန်)၊ Vance (ဗန့်စ်)၊ Vincent (ဗင်းန့်ဆင့်တ်)၊ Vitale (ဗိုက်တေးလ်)၊ Viviam (ဗီဗီယမ်)၊ Wali (ဝါလီ)၊ Wells (ဝဲလ်စ်)၊ Xavier (ဆာဗီယာ)၊ Yvonne (ဘွန်နီ)၊ Zelda (ဇယ်ဒါ)၊ Zion (ဇွန်ရှန်)။

**မွေးရက်အလိုက် (၃) ဂဏန်းပိုင်ရှင်အား ဆွဲဆောင်သောအမည်များ**

လတစ်လ၏ ၃၊ ၁၂၊ ၂၁၊ ၃၀ရက်တို့တွင် မွေးဖွားသူများ (သို့) မိန်ရာသီ၊ မိန်ရာသီတို့၌ မွေးဖွားသူများတွင် ပါဝင်သောသင့်အား အောက်ပါအမည်များက ဆွဲဆောင်နေပါမည်။

(၃) ဂဏန်းပိုင်ရှင်အား ဆွဲဆောင်သောအမည်များမှာ အောက်ပါအတိုင်းဖြစ်သည်။

Alec (အဲလက်စ်)၊ Ammon (အမ်မွန်)၊ Anita (အန်နီတာ)၊ Anna (အန်နာ)၊ Antonio (အန်တိုနီယို)၊ Babatunde (ဘာဘက်တန်)၊ Ben (ဘန်န်)၊ Bradford (ဘရက်ဒ်ဖို့ဒ်)၊ Carole (ကာရိုးလ်)၊ Conan (ကိုနန်)၊ Dawud (ဒေါ်ရပ်ဒ်)၊ Debi (ဒက်ဘီ)၊ Deon (ဒီယွန်)၊ Dexter (ဒက်စ်တာ)၊ Dorothy (ဒိုရိုသီ)၊ Duane (ဒူနီ)၊ Ella (အယ်လ်လာ)၊ Ellen (အယ်လင်)၊ Erica (အယ်ရီကာ)၊ Ferris (ဖဲရစ်စ်)၊ Fidel (ဖီဒယ်)၊ Gale (ဂေးလ်)၊ Gamal (ဂါမယ်)၊ Garrett (ဂျာရက်)၊



Gaylord (ဂေးလော့တ်)၊ Germain (ဂျာမိန်း)၊ Gus (ဂတ်စ်)၊ Hazel (ဟေဇယ်)၊ Isaiah (အိုဆာရိ)၊ Jay (ဂျေး)၊ Jeam (ဂျင်းန်)၊ Jeffrey (ဂျက်ဖရီ)၊ Julia (ဂျူလီယာ)၊ Laurence (လောရင့်န်)၊ Leland (လီလန်းဒ်)၊ Liza (လီဇာ)၊ Llonice (အယ် ယို နိုက် စ်)၊ Lyle (လိုင်းလ်)၊ Majorie (မေဂျာရီ)၊ Maxine (မက် ဇင်းန်)၊ Mike (မိုက်ခ်)၊ Monica (မော်နီ တာ)၊ Muriel (မော်ရေး)၊ Nathan (နေ သန်)၊ Nathaniel (နေသန်နေး)၊ Ni-cholas (နီကိုလပ်စ်)၊ Ophelia (အို ဖီ လီ ယာ)၊ Pablo (ပတ်ဘ်လို)၊ Patricia (ပက်ထရစ်ရှာ)၊ Patrick (ပက်ထရစ်)၊ Rafi (ရာဖေး)၊ Raul (ရော)၊ Rebecca (ရီဘတ်ကာ)၊ Rex (ရက်စ်)၊ Sarah (ဆာရတ်ချ်)၊ Sergio (ဆာဂျီရို)၊ Scott (စကော့)၊ Shari (ရှာရီ)၊ Soto (ဆိုတို)၊ Tanya (တန်ရာ)၊ Theodore (သီအိုဒေါ)၊ Tilden (တီလ်ဒန်)၊ Tumani (တူမာနီ)၊ Valentin (ဗလန်တင်)၊ Van (ဗန်)၊ Vermon (ဘာမွန်)၊ Walter (ဝေါ်လ်တာ)၊ Warner (ဝမ်းနား)၊ Warren (ဝါရန်)၊ Wendy (ဝမ်ဒီ)။

**မွေးရက်အလိုက် (၄) ဂဏန်းပိုင်ရှင်အား ဆွဲဆောင်သောအမည်များ**

လတစ်လ၏ ၄၊ ၁၃၊ ၂၂၊ ၃၁ရက်တို့တွင် မွေးဖွားသူများ (သို့) ကုံရာသီ၌ မွေးဖွားသူများတွင် ပါဝင်သောသင့်အား အောက်ပါအမည်များက ဆွဲဆောင်နေပါမည်။

(၄) ဂဏန်းပိုင်ရှင်အား ဆွဲဆောင်သောအမည်များမှာ အောက်ပါအတိုင်းဖြစ်သည်။

Abdul (အဗ္ဗဒူ)၊ Al (အယ်လ်)၊ Allan (အလန်)၊ Arnold (အာနိုး)၊ Barclay (ဘာကလေ)၊ Bert (ဘတ်တ်)၊ Beulah (ဘူလာချ်)၊ Blake (ဘလိတ်ခ်)၊ Bruno (ဘရူနို)၊ Carolym (ကာရိုလင်း)၊ Catherine (ကက်သရင်း)၊ Chad (ချာ့ဒ်)၊ Charles (ချားစ်)၊ Claude (ကလော်ဒီ)၊ Coby (ကိုဘီ)၊ Comrad (ကွန်ရက်ဒ်)၊ Dale (ဒေးလ်)၊ Donna (ဒေါနား)၊ Edward (အက်ဒ်ဝပ်)၊ Edwin (အက်စ်ဝင်)၊ Emil (အီမေးလ်)၊ Emmet (အမ်မက်)၊ Emmitt (အမ်မစ်တ်)၊ Erick (အီရစ်ခ်)၊ Ethel (အီသယ်)၊ Felicia (ဖီလီရှာ)၊ Felix (ဖီလစ်)၊ Forrest (ဖော်ရက်စ်)၊ Georgia (ဂျော်ဂျီယာ)၊ Gerri (ဂျာရီ)၊ Greg (ဂျီရက်ဂ်)၊ Hank (ဟန့်ခ်)၊ Harold (ဟာရိုးဒ်)၊ Herman (ဟာမန်)၊ Hilary (ဟီလာရီ)၊ Hiram (ဟီရမ်)၊ Hollis (ဟိုးလစ်ဇ်)၊ Ira (အီရာ)၊ Ishmael (အစ်ရှမေးလ်)၊ Ivan (အိုင်ဗင်န်)၊ Jackie (ဂျက်ကီ)၊ Jaimie (ဂျာမီး)၊ Jeff (ဂျက်ဖ်)၊ Jennie (ဂျင်းနီ)၊ Joe (ဂျိုး)၊ Kathy (ကေသီ)၊ Keirra (ကိုင်ရာ)၊ Kelvin (ကယ်လ်ဗင်န်)၊ Kenneth (ကက်နက်တ်)၊ Kwabena (ကွာဘန်နာ)၊ Laura (လော်ရာ)၊ Lee (လီ)၊ Lester (လက်စ်တာ)၊ Lorne (လွန်း)၊ Lucius (လူရှီးယပ်စ်)၊ Lucy (လူစီ)၊ Luis (လူးရစ်စ်)၊ Lula (လူလာ)၊ Marlon (မာလွန်)၊ Maurice (မောရစ်)၊ Michael (မိုက်ကယ်)၊ Miriam (မာရီယမ်)၊ Odell (အိုဒဲလ်)၊ Ona (အိုနာ)၊ Otto (အော့တ်တို)၊ Pamela (ပါမယ်လာ)၊ Pat (ပတ်တ်)၊ Pete (ပက်တီ)၊ Raheem (ရာဟင်းမ်)၊ Renee (ရီနီး)၊ Robert (ရောဘတ်)၊ Roland (ရိုလန်ဒ်)၊ Ronald (ရော်နယ်)၊ Rosa (ရိုဆာ)၊ Rudy (ရူဒီ)၊ Russel (ရပ်ဆဲလ်)၊ Sammy (ဆမ်မီ)၊ Samuel (ဆမ်မြူရယ်)၊ Sasha (ဆာရှာ)၊ Saul (ဆော)၊ Ted (တက်ဒ်)၊ Trudie (ထရူဒီ)၊ Vicky (ဗစ်ကီ)၊ Wallace (ဝေါလေ့စ်)၊ Wendell (ဝမ်ဒဲလ်)၊ Wynne (ဝင်းနီ)၊ Winston (ဝင်းန်စတန်)၊ Yehudi (ရေဟူဒီ)၊ Yolanda (ရိုလင်ဒါ)။

(ဆက်ရန်)

ဦးအောင်လှိုင်(သုဝဏ္ဏ)



www.burmeseclassic.com

**တနင်္ဂနွေသားသမီးများ**

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး ပန်းပေါင်းစုံ(၅)မျိုးဖြင့် ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို ပုတီးတစ်ပတ်နေ့စဉ်စိပ်ပါ။

**ခရီးသွားလိုသူများ** - စနေနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။

**နိုင်ငံခြားသွားလိုသူများ** - သံဃာတော်အရှင်သူမြတ်များကို ဆွမ်းဆန်စိမ်းများ လောင်းလှူပါ။

**အိမ်ရောင်းလိုသူများ** - အိမ်ကို ခေတ်မရိုက်ပါနှင့်။ တနင်္ဂနွေနာမည်ရှင်များနှင့် စပ်ပြီးရောင်းပါ။

**ကားရောင်းလိုသူများ** - ကားကို ဗုဒ္ဓဟူးနာမည်ရှင် အကျိုးဆောင်နှင့် စပ်ပြီးရောင်းပါ။

**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - တနင်္ဂနွေနံဘွဲ့အမည်ရှိသော ဘုရားစေတီသို့ သွား၍ အရဟံ ဂုဏ်တော်ကို အမိဋ္ဌာန်ပုတီးစိပ်ပါ။

**အိမ်ထောင်ရေးအဆင်မပြေသူများ** - မေတ္တသုတ်ကို နေ့စဉ်ဖြုတ်သက်အလိုက် ရွတ်ဖတ်သရဇ္ဈာယ်ပါ။

**လူမှုရေးအတိုက်အခံများသူများ** - ဘုရားစေတီများသို့သွား၍ ရင်ပြင်တော်တံမြက်စည်းလှည်းခြင်း၊ အမှိုက်များကောက်ခြင်း ဆောင်ရွက်ပါ။

**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ခို၊ ကျီး၊ ခွေးလေးများကို တစ်လှည့်စီအစာကျွေးပါ။

**ကျန်းမာရေး** - ထမင်းစားတိုင်း ဖုဒ္ဓဿဂါထာ (၇) ခေါက် ရွတ်မန်းပြီးစားပါ။

**ထီကံကောင်းလိုသူများ** - ခရီးသွားမည့်လူကြုံနှင့်မှာ၍ထီထိုးပါ။ ကြိုက်ရာထိုးလာပါစေ။

**တနင်္လာသားသမီးများ**

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး အင်္ဂါနံ အသီး၊ အညွန့်၊ ပန်းများဖြင့် ဝေဝေဆာဆာ ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို ပုတီး (၃) ပတ် နေ့စဉ်စိပ်ပါ။

**ကြွေးတောင်းလိုသူများ** - သောကြာနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။

**နိုင်ငံခြားသွားလိုသူများ** - သံဃာတော်အရှင်သူမြတ်များကို သင်္ကန်းလှူပါ။

**အိမ်ရောင်းလိုသူများ** - အိမ်ကို ဇီဇဝါညွန့်လက်တစ်ဆုပ်ဖြင့် မကြာမကြာ စတိရိုက်ပါ။

**ကားရောင်းလိုသူများ** - ကားကို သောကြာနာမည်ရှင်အကျိုးဆောင်နှင့်စပ်ပြီး ရောင်းပါ။

**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - အင်္ဂါနံဘွဲ့အမည်ရှိသော ဘုရားစေတီများသို့ သွား၍ တနင်္ဂနွေထောင့်တွင် ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပါ။ မကြာခဏသွား၍ ဆောင်ရွက်ပါ။

**အိမ်ထောင်ရေးအဆင်မပြေသူများ** - အိမ်ထဲရှိ စနေနံပစ္စည်း အဟောင်းအပျက်၊ အစုတ်များကို ရှာဖွေရှင်းလင်း စွန့်ထုတ်ပစ်လိုက်ပါ။

**လူမှုရေးအတိုက်အခံများသူများ** - သမ္ဗုဒ္ဓေ(၁၀၈)ခေါက် နေ့စဉ်ရွတ်ပါ။ တစ်ဆက်တည်းမရွတ်နိုင်ပါက မှတ်ပြီး ရွတ်ပါ။

**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူနှင့်ဆုံရန်သွားတိုင်း အင်္ကျီအမည်းရောင်မဝတ်ပါနှင့်။

**ကျန်းမာရေး** - ရေသတ္တဝါလေးများကို မကြာမကြာအစာကျွေးပါ။

www.burmeseclassic.com

**ထီကံကောင်းလိုသူများ** - စက်ဘီး၊ ကား စသည်တို့နှင့်ရောင်းသော ထီသည်များထံတွင် မင်္ဂလာစုံတွဲများ နှစ်စောင်တွဲ၊ သုံးစောင်တွဲများ ရွေးချယ်ကံစမ်းထားပါ။

**အင်္ဂါသားသမီးများ**

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး တနင်္ဂနွေနံ အသီး၊ အညွန့်၊ ပန်းများ ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို အမိဋ္ဌာန်ပုတီးများ စိပ်ပါ။
**ကြွေးတောင်းလိုသူများ** - အင်္ဂါနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - တဟီတဟီ အစချီသော ဘုရားရှိခိုးဂါထာကို အမိဋ္ဌာန်ဖြင့် ရွတ်ဖတ်ပူဇော်ပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို အုန်းညွန့်လက်တစ်ဆုပ်ဖြင့် မကြာမကြာစတိရိုက်ပါ။
**ကားရောင်းလိုသူများ** - ကားကို နံ့သာရည်ဖြင့် စတိပက်ဖျန်းပြီးမှ ဗုဒ္ဓဟူးနာမည်ရှင် အကျိုးဆောင်နှင့် စပ်ရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - အောင်ဘွဲ့အမည်ပါရှိသော ဘုရားစေတီများသို့ သွား၍ တနင်္ဂနွေထောင့်တွင် ဓမ္မစကြာရွတ်ဖတ်ပူဇော်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - ဘုရားစေတီများသို့သွား၍ ဖြိုက်ရှစ်ခွင်လှည့်ပြီး ရေသပ္ပာယ်ပါ။ ကိုယ့်မွေးနံရောက်လျှင် အမိဋ္ဌာန်ပုတီးများစိပ်ပါ။
**လူမှုရေးအတိုက်အခံများသူများ** - ဘုန်းတော်ကြီးကျောင်းများသို့သွား၍ ဘုန်းကြီးကုဋီများကို ရေဆေးခြင်း၊ ရေဖြည့်ခြင်းများမကြာမကြာဆောင်ရွက်ပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ခို၊ ကျီး၊ ခွေးလေးများကို တစ်လှည့်စီအစာကျွေးပါ။
**ကျန်းမာရေး** - နွမ်းပါးသူများကို ငွေကြေး၊ ဆေးဝါး၊ အာဟာရများ တတ်အားသရွေ့ ကူညီပေးပါ။
**ထီကံကောင်းလိုသူများ** - တနင်္ဂနွေနံထီဆိုင်တွင် (၁) ဂဏန်းများစွာပါအောင် ရွေးချယ်ကံစမ်းပါ။

**ဗုဒ္ဓဟူးသားသမီးများ**

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး တနင်္လာနံ အသီး၊ အညွန့်၊ ပန်း၊ အာဟာရများဖြင့် ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို ပုတီး (၁) ပတ် စိပ်ပါ။
**ကြွေးတောင်းလိုသူများ** - စနေနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - သီလရှင်ဆရာကြီးများကို ဆွမ်းဆန်များစွာလောင်းလှူပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို ပျဉ်းမလက်တစ်ဆုပ်ဖြင့် မကြာမကြာစတိရိုက်ပါ။
**ကားရောင်းလိုသူများ** - ကားကို သောကြာနာမည်ရှင်အကျိုးဆောင်နှင့် စပ်ပြီးရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - အောင်ဘွဲ့အမည်ပါရှိသော ဘုရားစေတီများသို့ သွား၍ တနင်္ဂနွေထောင့်တွင် ပဋ္ဌာန်းနှင့် ဓမ္မစကြာ ရွတ်ဖတ်ပူဇော်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - ၂၄-ပစ္စည်းကို နေ့စဉ်ဖြိုက်သင်္ချာအလိုက် ရွတ်ဖတ်ပူဇော်ပါ။
**လူမှုရေးအတိုက်အခံများသူများ** - ဘုရားကျောင်းကန်ဇရပ်များသို့ရောက်တိုင်း တံမြက်စည်းလှည်းပါ
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူကို အနက်ရောင်ပစ္စည်းလက်ဆောင်မပေးပါနှင့်။
**ကျန်းမာရေး** - စာကလေးများကို အစာကျွေးပါ။
**ထီကံကောင်းလိုသူများ** - တနင်္လာသားသမီးနှင့် စပ်တူထိုးပါ။ ကိုယ်ကဂဏန်းမရွေးပါနှင့်။

**ကြာသပတေးသားသမီးများ**

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး အင်္ဂါနံ အသီး၊ အညွန့်၊ ပန်း၊ အာဟာရများဖြင့် မပြတ်ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို ပုတီး(၃)ပတ်နေ့စဉ်စိပ်ပါ
**ကြွေးတောင်းလိုသူများ** - အင်္ဂါနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - တစ်နေ့တည်း ဘုရား (၃) ဆူဖူးညှိ၍ အမိဋ္ဌာန်ပုတီးများစိပ်ပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ရှေ့အဝင်ဝတွင် ဆီးခက် (၂) ခက် ချိတ်ဆွဲထားပါ။
**ကားရောင်းလိုသူများ** - ကားကို အင်္ဂါနာမည်ရှင်အကျိုးဆောင်နှင့် စပ်ပြီးရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - 'ရွှေ' ဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့သွား၍ တနင်္ဂနွေထောင့်တွင် ပဋ္ဌာန်းနှင့် ဓမ္မစကြာ ရွတ်ဖတ်ပူဇော်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - မေတ္တာသုတ်ကို နေ့စဉ် ဖြိုက်သင်္ချာအလိုက် ရွတ်ဖတ်ပူဇော်ပါ။
**လူမှုရေးအတိုက်အခံများသူများ** - သမ္ဗုဒ္ဓေ (၁၀၈) ခေါက် နေ့စဉ်ရွတ်ပါ။ တစ်ဆက်တည်းမရွတ်နိုင်သူများ မှတ်ပြီးရွတ်ပါ။



www.burmeseclassic.com

www.burmeseclassic.com

**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ခို၊ ကျီး၊ ခွေးလေးများကို တစ်လှည့်စီအစာကျွေးပါ။
**ကျန်းမာရေး** - ထမင်းစားပြီးတိုင်း ဖုဿသဂါထာရွတ်ရင်း (၁၅) မိနစ်ခန့် လမ်းလျှောက်ပါ။
**ထီကံကောင်းလိုသူများ** - အဂ္ဂိနံထီဆိုင်တွင် (၃) ဂဏန်းများစွာပါအောင် ကံစမ်းထားလိုက်ပါ။

သောကြာ

## သောကြာသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး ပန်းပေါင်းစုံ (၅)မျိုးဖြင့် ဝေဝေဆာဆာ ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို ပုတီး(၁)ပတ်စိပ်ပါ။
**ကြွေးတောင်းလိုသူများ** - စနေနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - တဟိ တဟိ အစချီသော ဘုရားရှိခိုးဂါထာကို အမိဌာန်ပုတီးစိပ်ပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို ကံ့ကော်ညွန့်လက်တစ်ဆုပ်ဖြင့် မကြာမကြာစတီရိုက်ပါ။
**ကားရောင်းလိုသူများ** - ကားကို နံ့သာရည်ဖြင့် စတီပက်ဆေးပြီး စနေနာမည်ရှင်အကျိုးဆောင်နှင့် စပ်ရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - တနင်္လာနံဘွဲ့အမည်ရှိသော ဘုရားစေတီသို့သွား၍ တနင်္ဂနွေထောင့်တွင် ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - အိမ်ထဲရှိ စနေနံပစ္စည်းအဟောင်းအပျက်များကို ရှာဖွေရှင်းလင်းစွန့်ထုတ်ပစ်ပါ။
**လူမှုရေးအတိုက်အခံများသူများ** - လမ်းလျှောက်သွား၍ အနီးဆုံးဘုရားစေတီများ၏ ရင်ပြင်တော်၊ စောင်းတန်းတော်များကို တံမြက်စည်းလှည်းပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူကိုစကားဖြင့်အနိုင်မယူပါနှင့်။
**ကျန်းမာရေး** - ခန္ဓာကိုယ်အောက်ပိုင်းမကောင်းသော နွမ်းပါးသူများကို ဆေးဝါး၊ ဓာတ်စာများ လှူပါ။
**ထီကံကောင်းလိုသူများ** - တနင်္လာသားသမီးများနှင့် ထီစပ်တူထိုးထားပါ။ ကိုယ်တဂဏန်းရွေးမပေးပါနှင့်။

စနေ

## စနေသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး သစ်သီးဆွမ်း၊ သကြားဆွမ်းများဖြင့် မပြတ်ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို ပုတီး (၃) ပတ် နေ့စဉ်စိပ်ပါ။
**ကြွေးတောင်းလိုသူများ** - သောကြာနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - နံနက်စောစောအရုဏ်ဆွမ်းခံကြွလာသော သံဃာတော်များကို ဆွမ်းလောင်းပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို အင်္ဂါနာမည်ရှင်အကျိုးဆောင်နှင့် စပ်ပြီးရောင်းပါ။
**ကားရောင်းလိုသူများ** - ကားကို သောကြာနာမည်ရှင်အကျိုးဆောင်နှင့် စပ်ပြီးရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - အင်္ဂါနံဘွဲ့အမည်ရှိသော ဘုရားစေတီသို့သွား၍ ဓမ္မစကြာရွတ်ဖတ်ပူဇော်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - နှစ်ဦးပေါင်းနံသင့်ပန်းများဖြင့် ဘုရားရှင်အား အိုးတစ်လုံးသတ်သတ်ပူဇော်ထားပြီး နွမ်းတိုင်းလဲပေးပါ။
**လူမှုရေးအတိုက်အခံများသူများ** - ဘုန်းတော်ကြီးကျောင်းများသို့ သွား၍ ဘုန်းကြီးကုဋီများအား ရေဆေးခြင်း၊ ရေဖြည့်ခြင်းကုသိုလ်များ ဆောင်ရွက်ပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူကို အနီရောင်ပစ္စည်းလက်ဆောင်မပေးပါနှင့်။
**ကျန်းမာရေး** - ရေသတ္တဝါလေးများကို အစာကျွေးခြင်း၊ တစ်နိုင်ဝယ်၍ ဘေးမဲ့လွှတ်ခြင်းပြုပါ။
**ထီကံကောင်းလိုသူများ** - အင်္ဂါနံထီဆိုင်တွင် (၆)ဂဏန်းများစွာပါအောင် ရွေးချယ်ကံစမ်းထားပါ။

> ယခုလတွင် -
> စနေစ ကြာသပတေးပိတ်မှည့်ထားသော နာမည်ရှင်များအနေနှင့် အခြားသူများထက် ပိုမိုရွတ်ဖတ်ကျင့်ကြံအားထုတ်ခြင်းဖြင့် အောင်မြင်မှုများစွာကို ရယူပါလေ။
> ဥပမာ- ထက်မ၊ တင်မုန်း၊ နိုင်ဘို၊ ထွန်းပြုံး

*မိမိကောင်းမှုအကြောင်းပြု*
*ဆုမတောင်းဘဲပြည့်ပါစေ*

**ပြည်သိန်းဇော်**



www.burmeseclassic.com

www.burmeseclassic.com

"ကျွန်တော်. . ."

"ပြောလေ"

"နိမိတ်မကောင်းတာတွေတွေ့ပြီး ကတည်းက. . ကျွန်တော့်အမေအတွက် ဆောက်တည်ရာမရတော့ဘူး"

"ဘယ်လို"

"ဟို. . . မနေ့ကပေါ့။ အမေ နေမကောင်းဖြစ်လို့ ဆေးသွားဝယ်တာ၊ အမေက တော်တော်လေးဖြစ်နေတာ။ အဲဒါ ဆေးသွားဝယ်ပြီး အပြန်ကျတော့ ဟို - အမေ့အတွက် မြင်ရ တွေ့ရတာ နိမိတ်မကောင်းဘူး"

"ဘယ်လိုမကောင်းတာလဲ"

"ဟို-နိဗ္ဗာန်ယာဉ်နဲ့ မျက်နှာချင်းဆိုင်တွေ့ပြီး ကားတန်းတွေဘေးမှာ ကပ်ထားတာက အမေနဲ့ နံတူ. . ."

ထိုသူသည် အသံပျောက်သွားတော့၏။ မျက်နှာမော့မလာတော့။ မိခင်ကို အတော်ချစ်သူဖြစ်လေရာ ဆက်မေးလျှင်လည်း သူထပ်ပြောနိုင်တော့မည်မထင်။ ကျွန်ုပ်လည်း တစ်ခုခုကိုတွေးလိုက်ပြီး

"နေပါဦး - ခင်ဗျားက ဘယ်မှာတွေ့တာလဲ၊ ဆေးကကော ဘယ်မှာ သွားဝယ်တာလဲ"

"(---) သွားဝယ်တာ ဆရာ၊ တွေ့တာက (---) နားမှာ"

"သြော် - ခင်ဗျားနှယ်ဗျာ၊ အဲဒီလမ်းကအဲလိုပဲသွားမှာပေါ့ဗျာ။ ခင်ဗျား နိမိတ်ကောင်းကောင်း၊မကောင်းကောင်း၊ သူ့လမ်းသူသွားတဲ့လမ်းလေဗျာ။ သူ့အလုပ်သူလုပ်နေကြတာ။ အဲဒါ ခင်ဗျားနဲ့ ဘာဆိုင်လို့လဲ"

ကျွန်ုပ်၏ စကားကြောင့် ထိုသူ့မျက်နှာ ဆတ်ခနဲမော့လာပြီး ကျွန်ုပ်ကို ကြည့်နေ၏။ တွေဝေသွား၏။

"ဟုတ်တယ်လေ - ခင်ဗျားအဲဒီ နေရာနားကနေထိုင်ပြီး နိမိတ်ကောက်

# ဆရာဦးမောင်မောင်သန်း
## (ရန်ကုန်အရှေ့ပိုင်းမြို့နယ်)
## နိမိတ်စွဲလမ်းတတ်သူများအတွက် သုရဿလက်ဆောင်



www.burmeseclassic.com

www.burmeseclassic.com

နေရင်တော့ ဒါပဲတွေ့နေမှာပဲ။ မဆန်းဘူး"

ခပ်ပြတ်ပြတ်ပြောလိုက်ပြီး တစ်ဖက်သို့ လှည့်နေလိုက်၏။ သူ့အား ချော့ပြောနေလျှင် ပိုဆိုးနိုင်၏။

"အဲ - အဲဒါဆို အမေ့ကို ဒီဆေးတိုက်လို့ရတယ်ပေါ့နော် ဆရာ"

"ဆေးတိုက်ဖို့သွားဝယ်ပါတယ်ဆိုမှ တိုက်ပေါ့ဗျ။ ဘာလုပ်မလို့လဲ။ အဲဒီဆေးတွေကို အခိပ္ပာယ်မရှိ လွှင့်ပစ်ဦးမလို့လား"

"မ. ... မဟုတ်ပါဘူး ဆရာ"

"အေး - အဲဒါဆို တိုက်၊ ခင်ဗျား အမေကိုတစ်ခုခုလုပ်ပေးလိုက်"

"ဟုတ်ကဲ့ - လုပ်ပါ့မယ် ဆရာ"

"စာသင်နေတဲ့ သံဃာတော်အရှင်သူမြတ်တစ်ပါးပါးကို သိက္ခာထပ်ခိုင်းပေတော့"

"ဟာ - ဟုတ်ကဲ့၊ လုပ်ပါ့မယ် ဆရာ"

ပကတိနှင့် ဝိကတိကို ကျွန်ုပ်ရှင်းမပြတော့ပါ။ သံဃာတော်အရှင်သူမြတ်တစ်ပါးပါးကို သိက္ခာထပ်ရန်သာ အကြံပြုလိုက်ပြီး သူ၏မိခင်အား အရှေ့ပြောက်အရပ်ဘက်သို့လှည့်၍ တရော်ကင်ပွန်းနှင့် ခေါင်းလျှော်ခိုင်းလိုက်တော့၏။ အိပ်ရာခွေ့အိပ်ခိုင်းလိုက်၏။

မိုးကုန်လုလုအချိန်တွင် -

ထိုသူနှင့် သူ၏မိခင်ပါ ကျွန်ုပ်ထံသို့ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်လာကြ၏။ သူ၏မိခင်က ကျွန်ုပ်ကို တွေ့ချင်လွန်း၍ဟုဆိုကာ လိုက်လာခြင်း ဖြစ်၏။

ဟုတ်ပါသည်။

နှောင်နှစ်ပေါင်းများစွာ အသက်ရှည်ပါလိမ့်ဦးမည်။

မျက်နှာ ကြည်လင် ဝင်းပနေ၏။ သူတို့ သီလကောင်းကြပုံကို ကျွန်ုပ်တို့အားတျကြရပါလိမ့်မည်။ ဤသို့ သီလကောင်းပြီး အသက်ရှည်အောင်ဝင် ကျွန်ုပ်တို့ များစွာကြိုးစားအားထုတ်ကြရပါလိမ့်မည်ဟု ပီတိဖြစ်နေမိပါ၏။

❐

"ဟုတ်တယ် ဆရာ၊ အလုပ်ရတယ်"

"ရတယ် ဟုတ်လား"

"ဟုတ်တဲ့ - ရတယ်"

"အေး - မှတ်မိပါတယ် သမီးကို၊



www.burmeseclassic.com

www.burmeseclassic.com

ဟိုတစ်လောကလာတာလေ။ အင်တာဗျူး သွားဖြေခါနီးအိမ်ကအထွက်မှာ ကလေး တစ်ယောက် အိမ်ရဲ့မြောက်ဘက်ကနေ လား၊ ဘယ်ကလဲ"

"ဟုတ် - မြောက်ဘက်ကနေ တောင်ဘက်ကို လမ်းလျှောက်ပြီးငိုသွား တယ်"

"အေး၊ အေး - အဲဒါနိမိတ် မကောင်းပါဘူးဆိုပြီး . . ."

"ဆရာက သမီးကို မြောက်ဘက် အရပ်မျက်နှာမူပြီး သမ္ဗုဒ္ဓေဂါထာ (၁၀) ခေါက်ရွတ်၊ ခေါင်းလျှော်ခိုင်းလိုက်တယ် လေ"

"အေးလေ"

"ဘုရားရှေ့မှာ ပုဆစ်တုပ်ထိုင်ပြီး ၂၄-ပစ္စည်းကို (၂၄) ခါတိတိ အနုလုံ၊ ပဋိလုံရွတ်ရတယ်။ တစ်ရက်ပြီးတော့ နောက်နေ့ကစပြီး ဂုဏ်တော်စက်ဝန်းကို ပုတီး (၃) ပတ် (၉) ရက်ဆက်စိပ်ခိုင်း တယ်။ ခုအလုပ်ရပြီ။ ဒါကြောင့် အလုပ် ရလိမ့်မယ်လို့ ဆရာပြောလိုက်တာကို သမီးမှတ်မှတ်ရရမှတ်ထားပြီး ခုအလုပ် ရပြီမှန်းသိသိချင်း ပြေးလာပြီးပြောတာ ဆရာ"

"သမီးနာမည်ဘယ်သူ"

"အေးအေးမာပါ ဆရာ"

"အေး၊ အေး - ဝမ်းသာတယ်"

"ဆရာ မေတ္တာပို့ပေးပါဦးနော်၊ သမီး အလုပ်ထဲမှာ အဆင်ပြေအောင်"

"အေးပါ"

❒

ပုံမှန်တွေ့နေကျအကြောင်း -

ထူးခြားပြီးတွေ့သောအကြောင်း-

နှစ်မျိုးရှိပါသည်။

ပဲပြုတ်သည်လာချိန် မနက် (၆) နာရီခန့်တွင် ပဲပြုတ်ဟု အော်သံကြား လိုက်သည့်အချိန်နှင့် စီးပွားရေးကိစ္စ တွေးနေချိန် တိုက်ဆိုင်နေပါက 'ဟင်း ငါ့စီးပွားတော့ပြုတ်ပါပြီ' ဟု စိတ်ဆင်းရဲ သွား၍မရပါ။ ထိုအချိန်သည် သူ့ပုံမှန် လာရိုးလာစဉ်လာနေကျအတိုင်း ပဲပြုတ် သည်လာနေမည်သာ ဖြစ်၏။ ကိုယ်က နိမိတ်ကောက်ကောက်မကောက်ကောက် ပဲပြုတ်သည်ကတော့ လာနေမည်သာ ဖြစ်၏။

မိုးတွင်းရောက်ချိန် ဝါးလုံးများစု စည်းထားပြီး ထမ်းရောင်းသွားသော ဝါး လုံးသည်၏ အော်သံကြားလိုက်ချိန်နှင့် ကိုယ့်အလုပ်တွေတွေးနေချိန် ဆုံပါက 'အင်း-လုံးလည်ချာလည်လိုက်နေဦးမှာ ပဲ' ဟု တွေး၍မရပါ။ မိုးတွင်းသည် ဝါး လုံးရောင်းချိန်သာ ဖြစ်ပါသည်။

တချို့ရှိသေး၏။

ဈေးထဲတွင် ဈေးဝယ်သွားရင်းနှင့် 'ငါ ဒီနေ့ နိမိတ်မကောင်းဘူး၊ ဒါကုန်ရင် အရင်းပြုတ်ပြီဆိုတာ ကြားခဲ့ရတယ်' ဟု ပြန်ပြောကြသူများလည်း တွေ့ဖူးပါ သည်။

ဈေးသည်အချင်းချင်းသည် နေ့ စဉ် ထိတွေ့ဆက်ဆံနေကြရသူများ ဖြစ် ကြ၍ မိသားစုအသွင်ခင်နေကြသူများ သာဖြစ်၏။ သူတို့သည် လုပ်ရင်းကိုင်ရင်း နောက်ကြပြောင်ကြနှင့်နေကြလေ့ရှိ၏။ သူတို့နားကို ဖြတ်သွား၍ သူတို့နောက် နေကျစကားကိုကြားတိုင်း နိမိတ်ကောက် ၍ မရပါ။ မဖြစ်နိုင်ပါ။

ခလုတ်တံသင်းများသည့်နေရာ တွင် လမ်းလျှောက်ပါက ခလုတ်တိုက် တတ်ပါသည်။ ထိုနေရာမျိုးတွင် ခလုတ် တိုက်၍ နိမိတ်မကောင်းဟု ပြော၍မရ ပါ။ သတိထားလျှောက်ရပါလိမ့်မည်။

ငိုတတ်သည့်အရွယ် ကလေးနား ကဖြတ်သွား၍ ကလေးငိုခြင်းမှာ ကလေး သည် သူ့အလုပ်သူလုပ်ခြင်းသာ ဖြစ်ပါ သည်။ ငိုနေသောကလေးကို ကြည့်၍ နိမိတ်ကောက်မရပါ။

ကားပြင်နေသောသူ၏အနားမှာ ထိုင်နေပြီး ကားပျက်လာသည်ကို ထိုင် ကြည့်၍နိမိတ်ကောက်နေလျှင် သဘာဝ မကျပါ။

ကလေးများစွာ ဆော့ကစားနေ သည့်အနားသို့ ရောက်လိုက်သည်နှင့် ကလေးများ ရန်ဖြစ်သည်ကိုတွေ့လျှင် နိမိတ်မကောင်းဟု ဆို၍မရပါ။ ကလေး



တို့ဘာသာဘာဝ ဆော့ကစားကြ၊ ရန် ဖြစ်ကြမည်သာ ဖြစ်၏။

ရှေ့တွင် နမူနာပြခဲ့သော နိမိတ် ကောက်ကြပုံများကို လေ့လာကြည့်ပါ။ နေ့စဉ် မြင်တွေ့နေကျလမ်းတွင် မြင် တွေ့နေကျ ရှုခင်းကိုမြင်သည်နှင့် နိမိတ် ကောက်၍ မရပါ။

တချို့သော ပုဂ္ဂိုလ်များသည်-

ဤသို့ ပုံမှန်ဖြစ်နေကျအကြောင်း၊ ပုံမှန်တွေ့နေကျအကြောင်းလေးများကို နိမိတ်မကောင်းဟုဆိုကာ စိတ်ရောဂါ ခံစားကြရ၏။ စွဲလမ်းသွားတတ်၏။

ထိုစွဲလမ်းစိတ်သည်သာ ကြောက် စရာအကောင်းဆုံး ဖြစ်ပါသည်။

ထိုစွဲလမ်းစိတ်ဖြစ်လာပါက မည် သည့်နည်းနှင့်မျှ ကုသ၍ မရနိုင်တော့ပါ။

ထို့ကြောင့် -

ပုံမှန်ဖြစ်နေကျအကြောင်း၊ ပုံမှန် မြင်နေတွေ့နေကျအကြောင်း၊ မထူးဆန်း သည့်အကြောင်းများကို နိမိတ်ဖွတ်ယူ၍ စိတ်ခံစားမှုသာ မဖြစ်သင့်သည်များဖြစ် လာပါတော့သည်။ အလွဲလွဲအချော်ချော် များ ဖြစ်လာပါတော့သည်။

ယခု -

သုရှုလက်ဆောင်သည် -

ဤသို့ ခပ်လွယ်လွယ် နိမိတ် ကောက်ပြီး စိတ်ဆင်းရဲနေကြရသူများ ကိုသာ ရည်ညွှန်းပါသည်။

မဖြစ်နိုင်သည်များကို မဖြစ်နိုင်ဟု ပြောပြရုံမှလွဲပြီး ဘာမှထပ်၍မပြော တတ်ပါ။

သို့သော် တချို့သည် စိတ်မခိုင် တတ်ကြပါ။ ချက်ချင်းဆိုသလို စိတ်အား ငယ်သွားခြင်း၊ စိတ်အားပျော့သွားခြင်း ဖြစ်တတ်ပါသည်။ မတွေးသင့်သည်များ တွေးပြီး မဖြစ်သင့်သည်များ ဖြစ်သွား တတ်ပါသည်။

- ဤသုရှုလက်ဆောင်သည် မတွေးသင့်သည်များကိုတွေးရာမှ မဖြစ် သင့်သည်များ ဖြစ်မလာရလေအောင် ကောင်းတဲ့ဘက်သို့ ဦးတည်လိုက်ခြင်းပင် ဖြစ်ပါသည်။

မြင်နေကျတွေ့နေကျ ဘာမှမထူး ဆန်းသော အကြောင်းအရာများထဲမှ တစ်ခုကိုမြင်လိုက်ပြီး စိတ်ညစ်တော့မည် ဆိုသည်နှင့်-

- တရော်ကင်ပွန်းနှင့်ခေါင်းလျှော် ပစ်လိုက်ပါ။

ခေါင်းလျှော်လျှင် ဆင်ခြင်ဖို့ရှိပါ သည်။



www.burmeseclassic.com

www.burmeseclassic.com

ကိုယ်ကောက်ယူသောနိမိတ်သည် ညနေ (၆) နာရီလောက်ဖြစ်နေပြီး ရာသီဥတုမှာ မိုးတွင်း၊ ဆောင်းတွင်းဖြစ်နေလျှင် သွားမလျှော်ပါနှင့်။ ပိုဆိုးသွားပါလိမ့်မည်။

ည (၈) နာရီ (၉) နာရီလောက်မှာ နိမိတ်ယူမိလျှင် ပိုဆိုးပါသည်။ လုံးဝမလျှော်ပါနှင့်။

နောက်နေ့မှ လျှော်၍ရပါသည်။

ဘဏ်နှင့်ချင့်ချိန်ပါ။

- ခေါင်းလျှော်လျှင် သမ္ဗုဒ္ဓေ (၁၀) ခေါက်ရွတ်၍လျှော်ပါ။

◻ တနင်္ဂနွေဖြစ်လျှင် မြောက်အရပ်ဘက်မျက်နှာမူလျှော်ပါ။

◻ တနင်္လာဖြစ်လျှင် အနောက်တောင်အရပ်ဘက်မျက်နှာမူလျှော်ပါ။

◻ အင်္ဂါဖြစ်လျှင် အရှေ့မြောက်အရပ်ဘက်မျက်နှာမူလျှော်ပါ။

◻ ဗုဒ္ဓဟူးဖြစ်လျှင် အရှေ့အရပ်ဘက်မျက်နှာမူလျှော်ပါ။

◻ ကြာသပတေးဖြစ်လျှင် အရှေ့တောင်အရပ်ဘက်မျက်နှာမူလျှော်ပါ။

◻ သောကြာဖြစ်လျှင် တောင်အရပ်ဘက်မျက်နှာမူလျှော်ပါ။

◻ စနေဖြစ်လျှင် အနောက်အရပ်ဘက်များသို့ မျက်နှာမူ၍ခေါင်းလျှော်ရမည် ဖြစ်ပါသည်။

ပြီးသည်နှင့် -

၂၄-ပစ္စည်းကို အနုလုံ၊ ပဋိလုံ (၂၄) ခေါက်တစ်ထိုင်တည်းထိုင်၍ဘုရားရှေ့တွင် ရွတ်ပါ။ အနုလုံ၊ ပဋိလုံပြီးမှ (၁) ခေါက်ဟု မှတ်ယူရပါမည်။ ၎င်းပုံစံအတိုင်း (၂၄) ခေါက် ရွတ်ပါ။

ဤအထိ စိတ်ပေါ့ပါးသွားပြီဆိုလျှင် ပြီးသွားပါပြီ။

လိုအပ်မည်ထင်လျှင် -

ဂုဏ်တော်စက်ဝန်းကို နေ့စဉ်ပုတီး (၃) ပတ် အချိန်ပေးပြီးစိပ်ပါ။ (၉) ရက်တိုင်တိုင်စိပ်ပါ။

(၉) ရက်ပြည့်ပြီးချိန်မှစ၍အားလုံးပြီးပြည့်စုံစွာ အန္တရာယ်ကင်းပြီး နိမိတ်ကောင်းများသာကြုံပါတော့မည်။

နိမိတ်ကောက်ခြင်းဟူသည် -

ထူးခြားသော မြင်ခြင်း၊ ကြားခြင်းသာ ဖြစ်သင့်ပါသည်။

တစ်ခါသော် -

လူတစ်ယောက်သည် -

နေရာတစ်နေရာတွင် သိန်းပေါင်းရာနှင့်ချီတန်သော ဈေးဆိုင်နေရာကို လေလံဆွဲရန်အတွက် လာတိုင်ပင်၏။



ထိုသူက -

"ဆရာရယ်၊ ကျွန်တော် ဒီဆိုင်မှ ပြန်မဆွဲနိုင်ရင်တော့ ဘဝပျက်ပါပြီ"

ဆိုပြီး ပြော၏။

ထိုသူပြောနေစဉ် တစ်ခါမှ မကြုံဘူးသောအကြောင်းတစ်ခု ပေါ်ပေါက်လာ၏။ လူတစ်ယောက်သည် ဘာမပြောညာမပြော အိမ်ထဲဇွတ်ဝင်လာပြီး ကျွန်ုပ်၏ရှေ့တွင်ထိုင်၍ ကျွန်ုပ်အား ဂါရဝပြု၏။

ပြီးမှ -

"ဆရာ၊ ကျွန်တော် ဆရာ့စာဖတ်ပရိသတ်ပါ ဆရာ။ အဝေးတပည့်ပါ။ ဆရာ့စာတွေဖတ်ပြီးလိုက်နာရင်းနဲ့ ဆိုင်နဲ့ကနားနဲ့ဖြစ်လာတာပါ။ ဆရာ့ကို ကျွန်တော့်မိသားစုနဲ့ပါ လာကန်တော့ချင်လို့ မနက်ဖြန် ဘယ်အချိန်လာရမလဲ ဦးဆုံးဝင်စုံစမ်းတာပါဆရာ။ ဒါ ကျွန်တော့် လိပ်စာကတ်ပါ။ ဆန်ဆိုင်ဖွင့်ထားပါတယ်။ ဘုရင့်နောင်ဘက်မှာပါဆရာ"

ဟု ပြောပြီး သူ၏လိပ်စာကတ်လေးကို ရိုရိုသေသေပေး၏။

ကျွန်ုပ်လည်း သူ၏လိပ်စာကတ်အား ကြည့်လိုက်ရာ ရှေ့တွင် ထိုင်နေသူနှင့် နာမည်မတူသော်လည်း နံတူဖြစ်နေတော့၏။

"လုပ်ငန်းတွေ အဆင်ပြေတယ် မဟုတ်လား"

ဟု မေးလိုက်ရာ -

"ဟုတ်ကဲ့ - ပြေပါတယ် ဆရာ"

ဟု အားရပါးရ ပြန်ဖြေ၏။

ကျွန်ုပ်လည်း ဝမ်းသာအားရ ခေါင်းညိတ်ပြလိုက်သောကြောင့် ကျွန်ုပ်ကို ရိုသေစွာ နှုတ်ဆက်ရင်း ထပြန်သွားတော့၏။

ထို့ကြောင့် -

"ကဲ-ခင်ဗျားဆိုင်ရပြီ၊ သေချာပြီ။ ခင်ဗျားစိတ်ပူနေတုန်းမှာ ခင်ဗျားနဲ့ နံတူတစ်ယောက် ဘာမပြောညာမပြော ရောက်လာပြီး သူအဆင်ပြေကြောင်း လာပြောတယ် တွေ့လား"

ဟု ပြောလိုက်ရ၏။

"ခင်ဗျားလိုတာ ဆိုင်၊ သူက ဆန်ရောင်းပြီး အဆင်ပြေနေတာ။ ကတ်ပြားပေးတာက သူ့ဆိုင်ရဲ့ အခိုင်အမာသဘော။ ဒီတော့ အေးအေးသာပြန်တော့"

ဟု ပြောလိုက်ရ၏။

ထိုသူ ဆိုင်ရသွားပါသည်။

အောင်အောင်မြင်မြင်ဖြစ်သွားပါသည်။

ဤသည်မှာ နိမိတ်ကောက်ပြခြင်းဖြစ်ပါသည်။

နိမိတ်သည် တကယ်တမ်းကောက်တော့မည်ဆိုလျှင် လုပ်ယူ၍မရပါ။

ထူးခြားသော အကြောင်းအရာကို စောင့်ကြည့်ရပါသည်။ နားထောင်ရပါသည်။ သို့မဟုတ် ထူးခြားသော အကြောင်းအရာက အလိုလိုမြင်လာ၊ ကြားလာရပါသည်။

ဤသည်ကိုတော့ သိထားဖို့လိုပါလိမ့်မည်။

ထို့ကြောင့် -

နိမိတ်လွယ်လွယ်မကောက်ပါနှင့်။

ကိုယ့်ဆန္ဒပါနေလျှင် နိမိတ်က တစ်မျိုးဖြစ်သွားတတ်ပါသည်။

မကြာခဏ ကောက်တိုင်းလွဲနေလျှင် ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုကင်းမဲ့သွားတတ်ပါသည်။

အရေးကြီးသည်မှာ ကိုယ့်ကိုယ်ကိုယ်ယုံပါ။

ကိုယ့်ကိုယ်ကိုယ်ပြန်ပြီးလေးစားပါ။

ကိုယ့်ကိုယ်ကိုယ်တန်ဖိုးထားပါ။

တွေ့နေမြင်နေကျနိမိတ်များသည် ကိုယ့်အား ဒုက္ခမပေးနိုင်ကြောင်း သိလာပါလိမ့်မည်ဟု -

နိမိတ်ကောင်းဖတ်ရင်း -

ဖြစ်နိုင်သည်များကိုသာ ပေးလေ့ရှိသော သူရဇ္ဇ၏ ထုံးစံအတိုင်း -

နိမိတ်လွယ်လွယ်ကောက်တတ်ကြသူများအတွက် သူရဇ္ဇလက်ဆောင်ပါးလိုက်ပါသည်။

နိမိတ်ကောင်းများဖြင့်သာ -

အောင်မြင်ခြင်းများစွာ ပြည့်စုံကြပါစေ။

ဆရာဦးမောင်မောင်သန်း


(ရင်ကိုအေးပြစေသား)

www.burmeseclassic.com

၂၀၁၄ ခုနှစ်၊ ဩဂုတ်လ

# ကောင်းကျိုးပေးကြ တစ်နေ့တာလမ်းညွှန်

ဒေါ်ခင်ဝေချူ (B.Sc)



**ဩဂုတ်လ ၁ ရက်၊ သောကြာနေ့** - လာဘ်ဂဏန်း(၅)။ စိုးမိုးဂဏန်း(၁၊၇၊၀)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင်က အစိမ်း၊ အပြာ။ အကျိုးပေးနေ့သား အင်္ဂါ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည် အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ 'ဗုဒ္ဓေါဇိနော' (၉) ခါ ရွတ်ဆိုပါ။

**ဩဂုတ်လ ၂ ရက်၊ စနေနေ့** - လာဘ်ဂဏန်း(၆)။ စိုးမိုးဂဏန်း(၂၊၄၊၈)။ လာဘ်နေအရပ် အနောက်တောင်။ လာဘ်အရောင် အဖြူ၊ အစိမ်း။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနင်္လာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက် အိပ်ရာထ တောင်ဘက်လှည့်၍ 'လောကဝိဒူ' (၉) ခါ ရွတ်ဆိုပါ။

**ဩဂုတ်လ ၃ ရက်၊ တနင်္ဂနွေနေ့** - လာဘ်ဂဏန်း (၇)။စိုးမိုးဂဏန်း (၁၊၇၊၉)။ လာဘ်နေအရပ်က အရှေ့မြောက်။ လာဘ်အရောင်က အနီ၊ ခရမ်း။ အကျိုးပေးနေ့သား တနင်္လာ၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ 'ဗုဒ္ဓပူဇေမိ' (၉) ခါ ရွတ်ဆိုပါ။

**ဩဂုတ်လ ၄ ရက်၊ တနင်္လာနေ့** - လာဘ်ဂဏန်း (၈)။ စိုးမိုးဂဏန်း(၁၊၄၊၉)။ လာဘ်နေအရပ်က အနောက်။ လာဘ်အရောင်က အဖြူ၊ အညို။ အကျိုးပေးနေ့သား အင်္ဂါ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်စေရန် နံနက်အိပ်ရာထ မြောက်ဘက်သို့လှည့်၍ 'သုဂတော' (၉) ခါ ရွတ်ဆိုပါ။

**ဩဂုတ်လ ၅ ရက်၊ အင်္ဂါနေ့** - လာဘ်ဂဏန်း (၉)။ စိုးမိုးဂဏန်း(၂၊၇၊၀)။ လာဘ်နေအရပ်က အရှေ့တောင်။ လာဘ်အရောင်က အဖြူရောင်။ အကျိုးပေးနေ့သား ကြာသပတေး၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ 'နမောတဿ' (၉)ခါရွတ်ဆိုပါ။

**ဩဂုတ်လ ၆ ရက်၊ ဗုဒ္ဓဟူးနေ့** - လာဘ်ဂဏန်း (၁)။ စိုးမိုးဂဏန်း(၃၊၄၊၇)။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင်က အနီ၊ အဝါ။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ 'အရဟံ' (၉) ခါ ရွတ်ဆိုပါ။

**ဩဂုတ်လ ၇ ရက်၊ ကြာသပတေးနေ့**- လာဘ်ဂဏန်း (၂)။ စိုးမိုးဂဏန်း (၂၊၄၊၈)။ လာဘ်နေအရပ်က မြောက်။ လာဘ်အရောင်က ပန်းရောင်၊ အစိမ်း။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ 'သံဃာပူဇေမိ' (၉) ခါ ရွတ်ဆိုပါ။

**ဩဂုတ်လ ၈ ရက်၊ သောကြာနေ့** - လာဘ်ဂဏန်း (၃)။ စိုးမိုးဂဏန်း(၁၊၉၊၀)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင်က အဝါ၊ လိမ္မော်။ အကျိုးပေးနေ့သား အင်္ဂါ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ 'ဗုဒ္ဓေါဇိနော' (၉) ခါ ရွတ်ဆိုပါ။

**ဩဂုတ်လ ၉ ရက်၊ စနေနေ့** - လာဘ်ဂဏန်း (၄)။ စိုးမိုးဂဏန်း(၃၊၄၊၈)။ လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင်က နုံသား၊ အဝါ။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ 'လောကဝိဒူ' (၉) ခါ ရွတ်ဆိုပါ။

**ဩဂုတ်လ ၁၀ ရက်၊ တနင်္ဂနွေနေ့**- လာဘ်ဂဏန်း (၅)။ စိုးမိုးဂဏန်း(၁၊၄၊၉)။ လာဘ်နေအရပ်က အရှေ့မြောက်။ လာဘ်အရောင်က အဖြူရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ သောကြာ။ တစ်နေ့တာအကြံအစည် အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ 'ဗုဒ္ဓေါ' (၉) ခါ ရွတ်ဆိုပါ။

**ဩဂုတ်လ ၁၁ ရက်၊ တနင်္လာနေ့** - လာဘ်ဂဏန်း (၆)။ စိုးမိုးဂဏန်း(၂၊၇၊၀)။ လာဘ်နေအရပ်က အနောက်။ လာဘ်အရောင်က အနက်၊ အညို။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ 'သမ္မာသမ္ဗုဒ္ဓေါ' (၉) ခါ ရွတ်ဆိုပါ။

**ဩဂုတ်လ ၁၂ ရက်၊ အင်္ဂါနေ့** - လာဘ်ဂဏန်း (၇)။ စိုးမိုးဂဏန်း(၅၊၇၊၉)။ လာဘ်နေအရပ်က အရှေ့တောင်။ လာဘ်အရောင်က အပြာ၊ မီးခိုး။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ 'ဓမ္မံပူဇေမိ' (၉)ခါရွတ်ဆိုပါ။

**ဩဂုတ်လ ၁၃ ရက်၊ ဗုဒ္ဓဟူးနေ့** - လာဘ်ဂဏန်း (၈)။ စိုးမိုးဂဏန်း(၂၊၈၊၀)။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင်က အစိမ်း၊ မရမ်း။ အကျိုးပေးနေ့သား တနင်္လာ၊ သောကြာ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်



www.burmeseclassic.com

www.burmeseclassic.com

အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ 'အရဟံသိဒ္ဓိ' (၉) ခါ ရွတ်ဆိုပါ။

**ဩဂုတ်လ ၁၄ ရက်၊ ကြာသပတေးနေ့** - လာဘ်ဂဏန်း (၉)။ စိုးမိုးဂဏန်း (၅၊၇၊၉)။ လာဘ်နေ့အရပ်က မြောက်။ လာဘ်အရောင်က အဖြူ၊ အညို။ အကျိုးပေးနေ့သား တနင်္လာ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ 'သတ္တာဒေဝမနုဿာနံ' (၉)ခါရွတ်ဆိုပါ။

**ဩဂုတ်လ ၁၅ ရက်၊ သောကြာနေ့** - လာဘ်ဂဏန်း (၁)။ စိုးမိုးဂဏန်း(၅၊၉၊၀)။ လာဘ်နေ့အရပ်က အရှေ့။ လာဘ်အရောင်က အနက်၊ အနီ။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး၊ ကြာသပတေး။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ 'အရဟံဇိနော' (၉) ခါ ရွတ်ဆိုပါ။

**ဩဂုတ်လ ၁၆ ရက်၊ စနေနေ့** - လာဘ်ဂဏန်း (၂)။ စိုးမိုးဂဏန်း(၁၊၄၊၆)။ လာဘ်နေ့အရပ်က အနောက်တောင်။ လာဘ်အရောင်က ပန်းရောင်၊ အစိမ်း။ အကျိုးပေးနေ့သား တနင်္လာ၊ ကြာသပတေး။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ 'ဝိဇ္ဇာစရဏသမ္ပန္နော' (၉) ခါ ရွတ်ဆိုပါ။

**ဩဂုတ်လ ၁၇ ရက်၊ တနင်္ဂနွေနေ့** - လာဘ်ဂဏန်း (၃)။ စိုးမိုးဂဏန်း(၁၊၉၊၀)။ လာဘ်နေ့အရပ်က အရှေ့မြောက်။ လာဘ်အရောင်ကအစိမ်း၊ မီးခိုး။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ 'ဘဂဝါ' (၉) ခါ ရွတ်ဆိုပါ။

**ဩဂုတ်လ ၁၈ ရက်၊ တနင်္လာနေ့** - လာဘ်ဂဏန်း (၄)။ စိုးမိုးဂဏန်း(၃၊၅၊၈)။ လာဘ်နေ့အရပ်က အနောက်။ လာဘ်အရောင်က အဖြူ၊ အပြာ။ အကျိုးပေးနေ့သား တနင်္ဂနွေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ 'သံဃံပူဇေမိ' (၉) ခါ ရွတ်ဆိုပါ။

**ဩဂုတ်လ ၁၉ ရက်၊ အင်္ဂါနေ့** - လာဘ်ဂဏန်း (၅)။ စိုးမိုးဂဏန်း(၅၊၈၊၀)။ လာဘ်နေ့အရပ်က အရှေ့တောင်။ လာဘ်အရောင် အစိမ်း၊ မီးခိုး။ အကျိုးပေးနေ့သား တနင်္လာ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်သို့ လှည့်၍ 'နမောတဿ' (၉) ခါ ရွတ်ဆိုပါ။

**ဩဂုတ်လ ၂၀ ရက်၊ ဗုဒ္ဓဟူးနေ့** - လာဘ်ဂဏန်း (၆)။ စိုးမိုးဂဏန်း(၃၊၇၊၉)။ လာဘ်နေ့အရပ်က တောင်။ လာဘ်အရောင်က ပန်းရောင်၊ အဝါ။ အကျိုးပေးနေ့သား အင်္ဂါ၊ သောကြာ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ 'အနုတ္တရောပုရိသဒမ္မသာရထိ' (၉) ခါ ရွတ်ဆိုပါ။

**ဩဂုတ်လ ၂၁ ရက်၊ ကြာသပတေးနေ့** - လာဘ်ဂဏန်း (၇)။ စိုးမိုးဂဏန်း (၁၊၂၊၈)။ လာဘ်နေ့အရပ်က မြောက်။ လာဘ်အရောင် အနီ၊ လိမ္မော်။ အကျိုးပေးနေ့သား တနင်္လာ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ 'သမ္မာသမ္ဗုဒ္ဓေါ' (၉) ခါ ရွတ်ဆိုပါ။

**ဩဂုတ်လ ၂၂ ရက်၊ သောကြာနေ့** - လာဘ်ဂဏန်း (၈)။ စိုးမိုးဂဏန်း(၅၊၇၊၉)။ လာဘ်နေ့အရပ်က အရှေ့။ လာဘ်အရောင်က အစိမ်း၊ အနက်။ အကျိုးပေးနေ့သား အင်္ဂါ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ 'ဗုဒ္ဓေါဇိနော' (၉) ခါ ရွတ်ဆိုပါ။

**ဩဂုတ်လ ၂၃ ရက်၊ စနေနေ့** - လာဘ်ဂဏန်း (၉)။ စိုးမိုးဂဏန်း(၂၊၉၊၀)။ လာဘ်နေ့အရပ်က အနောက်တောင်။ လာဘ်အရောင် အနီ၊ လိမ္မော်။ အကျိုးပေးနေ့သား အင်္ဂါ၊ ဗုဒ္ဓဟူး။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ 'လောကဝိဒူ' (၉) ခါ ရွတ်ဆိုပါ။

**ဩဂုတ်လ ၂၄ ရက်၊ တနင်္ဂနွေနေ့** - လာဘ်ဂဏန်း (၁)။ စိုးမိုးဂဏန်း(၄၊၇၊၉)။ လာဘ်နေ့အရပ်က အရှေ့မြောက်။ လာဘ်အရောင်က မီးခိုး၊ အညို။ အကျိုးပေးနေ့သား တနင်္လာ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ 'ဗုဒ္ဓံပူဇေမိ' (၉) ခါ ရွတ်ဆိုပါ။

**ဩဂုတ်လ ၂၅ ရက်၊ တနင်္လာနေ့** - လာဘ်ဂဏန်း (၂)။ စိုးမိုးဂဏန်း(၄၊၅၊၇)။ လာဘ်နေ့အရပ် အနောက်။ လာဘ်အရောင်က အဝါရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ ဗုဒ္ဓဟူး။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ 'သတ္တာဒေဝမနုဿာနံ' (၉) ခါ ရွတ်ဆိုပါ။

**ဩဂုတ်လ ၂၆ ရက်၊ အင်္ဂါနေ့** - လာဘ်ဂဏန်း (၃)။ စိုးမိုးဂဏန်း(၅၊၈၊၉)။ လာဘ်နေ့အရပ် အရှေ့တောင်။ လာဘ်အရောင် အဝါ၊ အပြာ။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနင်္လာ။ တစ်နေ့တာ အကြံအစည်အောင်မြင်စေရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ 'ဓမ္မံပူဇေမိ' (၉) ခါ ရွတ်ဆိုပါ။

**ဩဂုတ်လ ၂၇ ရက်၊ ဗုဒ္ဓဟူးနေ့** - လာဘ်ဂဏန်း (၄)။ စိုးမိုးဂဏန်း(၃၊၅၊၇)။ လာဘ်နေ့အရပ် တောင်။ လာဘ်အရောင်က အနီ၊ ပန်းရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ စနေ။ တစ်နေ့တာ အကြံအစည်အောင်မြင်စေရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ 'အရဟံ' (၉) ခါ ရွတ်ဆိုပါ။

**ဩဂုတ်လ ၂၈ ရက်၊ ကြာသပတေးနေ့** - လာဘ်ဂဏန်း (၅)။ စိုးမိုးဂဏန်း (၂၊ ၅၊ ၀)။ လာဘ်နေ့အရပ် မြောက်။ လာဘ်အရောင် ခရမ်း၊ လိမ္မော်ရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ ကြာသပတေး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ 'သုဂတော' (၉) ခါ ရွတ်ဆိုပါ။

**ဩဂုတ်လ ၂၉ ရက်၊ သောကြာနေ့** - လာဘ်ဂဏန်း (၆)။ စိုးမိုးဂဏန်း(၁၊၄၊၉)။ လာဘ်နေ့အရပ်က အရှေ့။ လာဘ်အရောင်က အဝါ၊ အပြာ။ အကျိုးပေးနေ့သား တနင်္လာ၊ သောကြာ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်သို့လှည့်၍ 'အရဟံဇိနော' (၉) ခါ ရွတ်ဆိုပါ။

**ဩဂုတ်လ ၃၀ ရက်၊ စနေနေ့** - လာဘ်ဂဏန်း (၇)။ စိုးမိုးဂဏန်း(၂၊၅၊၈)။ လာဘ်နေ့အရပ်က အနောက်တောင်။ လာဘ်အရောင်က အဖြူ၊ ခရမ်းရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ အင်္ဂါ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ 'ဝိဇ္ဇာစရဏသမ္ပန္နော' (၉)ခါရွတ်ဆိုပါ။

**ဩဂုတ်လ ၃၁ ရက်၊ တနင်္ဂနွေနေ့** - လာဘ်ဂဏန်း (၈)။ စိုးမိုးဂဏန်း(၂၊၇၊၀)။ လာဘ်နေ့အရပ်က အရှေ့မြောက်။ လာဘ်အရောင်က အဖြူ၊ မီးခိုး။ အကျိုးပေးနေ့သား တနင်္ဂနွေနှင့် ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ 'ဗုဒ္ဓေါ' (၉) ခါ ရွတ်ဆိုပါ။

ဒေါ်ခင်စံသူ (B.Sc)

www.burmeseclassic.com

**တနင်္ဂနွေသားသမီးများ**


အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးကိစ္စများအတွက် တနင်္ဂနွေနံ့မည်ရှင်များနှင့် တိုင်ပ ဆောင်ရွက်ပါ။ အကောင်းဆုံး ကူညီပါလိမ့်မည်။ ရာထူးတိုးစာမေးပွဲဖြေဆိုထားသူများ ရာထူးတိုးပါပြီ။ အလုပ်ရရန် စာမေး ဖြေထားသူများလည်း ရွေးချယ်ခြင်းခံရမည်။ ရပ်ဝေးခရီးသွားရန် ပြင်ဆင်နေသူများ အောင်မြင်မည်။ ငွေကြေးနှင့် ပတ်သက် ပြီး မိတ်ဆွေချင်း အခင်မင်ပျက်တတ်၍ အထူးသတိထားပါ။ ကားရှိသူများ ကားမောင်းမကြမ်းပါနှင့်။ ချစ်သူစုံတွဲများအ စကားပြောအထူးဆင်ခြင်ရမည့်ကာလ ဖြစ်သည်။ လုပ်ငန်းသစ်များ စ၍ရပါပြီ။ ပညာရေးကံများလည်း အခက်အခဲပေါင်း များစွာကြားမှ ထူးထူးခြားခြား အောင်မြင်သွားမည်။ ကျန်းမာရေး ကောင်းနေစေရန် ခါးနာ၊ ခါးမျက်အောင်အလေးအပ မ,မပါနှင့်။ ဝမ်းဗိုက်နှင့်ဆိုင်သောကျန်းမာရေး ဂရုစိုက်ပေးပါ။ ခို၊ ကျီး၊ ခွေးလေးများကို မကြာမကြာအစာကျွေးပါ။ မီးဖွား ခါနီး ကိုယ်ဝန်ဆောင်မိခင်လောင်းများကို ကြုံကြိုက်ပါက ငွေကြေးထောက်ပံ့ပေးပါ။ မိသားစုအတွင်း စကားပြောဆင်ခြင်ပ ကြီးတော်၊ အဒေါ်၊ မိခင်စသည်တို့၏ ကျန်းမာရေး ဂရုစိုက်ပေးပါ။ (၂) ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ အန္တရာယ်ရှိသော အာမခံခြင်းများ၊ စကားကတိပေးခြင်းများ လုံးဝရှောင်ပါ။ ထီထိုးမည်ဆိုပါက တနင်္ဂနွေနံ့မည် ထီဆိုင်များတွင် (၁၊ ၃၊ ၄၊ ၈) ဂဏန်းများနှင့် ကံစပ်နေပါသည်။ သရဏဂုံ-၃၀ကို အမြဲဒ္ဓါန်ဖြင့် ရွတ်ဖတ်ပူဇော်ပါ။ ဆန္ဒများပြည့်လာပါလိမ့်မည်။

**ယတြာ ။ ။** ***ဆေးဝါး တတ်စာ လိုအပ်နေသူများကို ဆေးဝါး တတ်စာ လှူပေးပါ။***

# ခုနှစ်ရက်သားသမီး ဟောစာတမ်း

## ဆရာဦးမောင်မောင်သန်း

၂၀၁၄ ခုနှစ် ၊ ဩဂုတ်လ



www.burmeseclassic.com

www.burmeseclassic.com

**တနင်္လာသားသမီးများ**

အောင်မြင်လိုသော မည်သည့်ကိစ္စမဆို အင်္ဂါနာမည်ရှင်၊ အင်္ဂါသားသမီးများနှင့် တိုင်ပင်ပါ။ (၇) ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ သူများစွန့်တဲ့ ထီးဟောင်း၊ ဖိနပ်ဟောင်းများလက်မခံပါနှင့်။ လူမျိုးကွဲနှင့်စပ်တူအလုပ်မလုပ်ပါနှင့်။ အမှုကိစ္စ၊ ငွေကိစ္စများကို လုံးဝအာမမခံပါနှင့်။ မကျွမ်းကျင်ဘဲ ငွေကြေးစိုက်ပြီး စီးပွားစပ်တူလုပ်ခြင်းများရှောင်ပါ။ ပညာရေးကံများ တစ်ဝက်ကောင်းနေသော်လည်း ကျက်ထားသောစာများ မေ့သွားတတ်၍ ဝီရိယစိုက်ပြီး လေ့လာကျက်မှတ်ပါ။ အိမ်ထောင်ရေးကိစ္စများတွင် စိတ်ချမ်းသာမှုရှိစေရန် ပန်းလှလှလေးများ ဝေနေအောင် ဘုရားပူဇော်ပါ။ လူမှုရေးအတိုက်အခံများရှိနေပါက သမ္ဗုဒ္ဓေ နေ့စဉ် (၁၀၉)ခေါက် ရွတ်ပါ။ ချစ်ရေးချစ်ရာကိစ္စများတွင် စိတ်ချမ်းသာမှု ရရှိပါလိမ့်မည်။ ငှက်ကလေးတွေကို မကြာမကြာအစာကျွေးပါ။ ကျန်းမာရေးကောင်းနေစေရန်အတွက် နွား၊ မြင်း၊ မျောက်၊ ရေမြင်း၊ ဝက်ဝံတို့ကို ကြုံလျှင်ကြုံသလို အစာကျွေးပါ။ ကိုယ်ဝန်ဆောင်မိခင်လောင်းများကို ဆေး၊ ခွန်အားဖြစ်စေမည့် ဓာတ်စာ၊ ငွေကြေး ထောက်ပံ့ပေးပါ။ လေထိထားသော ဝေဒနာရှင်များကိုလည်း ဆေး ငွေ၊ အာဟာရလှူပေးပါ။ အမှုအခင်းဖြစ်နေသူများနှင့် တပူးတွဲတွဲမနေပါနှင့်။ ဥပဒေနှင့်မကင်းသော လောင်းကစားကိစ္စများရှောင်ပါ။ ထီထိုးမည်ဆိုပါက အင်္ဂါနံထီဆိုင်၊ စက်ဘီးနှင့်လှည့်ရောင်းသော ထီသည်လေးများထံမှ (၃) ဂဏန်းများစွာပါအောင် ရွေးချယ်ကံစမ်းနိုင်ပါသည်။

ယတြာ ။ ။ ***နဂါးရုံဘုရားရှေ့တွင် ဖယောင်းတိုင် (၇) တိုင် ထွန်းညှိပူဇော်ပါ။***

**အင်္ဂါသားသမီးများ**

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး စသည့်ကိစ္စများအတွက် အကောင်းဆုံး အကျိုးပေးမည့် နာမည်ရှင်မှာ တနင်္ဂနွေနာမည်ရှင်များ ဖြစ်ပါသည်။ (၅) ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ မြေဝယ်ခြင်းရှောင်ပါ။ အမွေဆိုင်ပြဿနာများ ရှောင်ပါ။ ငွေကြေးကိစ္စများတွင် စာရင်းဇယားနှင့်လုပ်ထားမှ စိတ်အေးရပါမည်။ ကြားက အာမခံခြင်းလည်း မပြုလုပ်ပါနှင့်။ ကားဝယ်လျှင် အဆင်ပြေတတ်သော်လည်း ကားမောင်းမကြမ်းအောင် သတိထားရပါမည်။ မကြာခဏခရီးထွက်ရန် အကြောင်းကိစ္စပေါ်နေတတ်သည်။ ကျန်းမာရေးကောင်းနေစေရန် မနက်ပိုင်းတွင် ငှက်ကလေးတွေ အစာကျွေးပြီး ညနေပိုင်းတွင် လမ်းခွေးလေးများကို ထမင်းဟင်းပုံကျွေးပါ။ ခါးနာ၊ ခါးမျက်မဖြစ်စေရန် အလေးအပင်များ သတိထားပြီးမ ပါ။ လမ်းများများလျှောက်ပေးပါ။ ချစ်သူစုံတွဲများအဖို့ အသွားအလာအနေအထိုင်ဆင်ခြင်ရမည့်ကာလ ဖြစ်ပါသည်။ ပညာသင်နေသူများအတွက် ဇွဲ၊ လုံ့လ၊ ဝီရိယရှိပါက အထူးအောင်မြင်မှုရရှိပါလိမ့်မည်။ အချိန်မဖြုန်းမိပါစေနှင့်။ ဘာအဆို တိုယ့်သဘောနှင့်ကိုယ် ဆောင်ရွက်တိုင်း လွဲချော်နေတတ်ပါသည်။ သရဏဂုံ-၃၀ကို အဓိဋ္ဌာန်ပုတီးများစိပ်ပါ။ ဘုရားရှင်ကို ဆွမ်းတော် (၃)ပွဲ ကပ်လှူပါ။ ရန်လိုတတ်သူ၊ ရန်များတတ်သူများနှင့် သွားအတူလာအတူမလုပ်ပါနှင့်။ ထီထိုးရန်အတွက် အကောင်းဆုံးကတော့ ရပ်ဝေးကို ဘုရားဖူးသွားတဲ့ မိတ်ဆွေတွေနှင့် ထီထိုးလာခဲ့ရန် မှာလိုက်ပါ။ ထီပေါက်တတ်ပါသည်။

ယတြာ ။ ။ ***နေ့စဉ် (၁၅) မိနစ် (သို့) နာရီဝက်ခန့် အာနာပါနရှုမှတ်ပြီး မေတ္တာပို့ အမျှဝေပေးပါ။***

**ဗုဒ္ဓဟူးသားသမီးများ**

အောင်မြင်လိုသောကိစ္စများအတွက် အကျိုးပေးဆုံး နံသင့်သူများထံမှ သောကြာနာမည်ရှင်၊ သောကြာသားသမီးများ ဖြစ်ပါသည်။ (၇)ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ အနက်ရောင်ဖြောင်အကျီဝတ်ပြီး အကြံအစည်မပြုပါနှင့်။ သီလဆောက်တည်နေထိုင်ပြီး ကိုယ်ကျင့်တရားကောင်းအောင်နေပါက အညံ့များလျော့နည်းသွားပါလိမ့်မည်။ ငွေကုန်ကြေးကျများတတ်သောကာလ ဖြစ်နေမည်။ ငွေများဝင်နေပါသော်လည်း မစုမိဘဲဖြစ်တတ်ပါသည်။ ငွေကြေးကိစ္စများတွင် အပေးအယူသတိထား၍ စာရင်းဇယားလုပ်ထားပါ။ အငြင်းပွားစရာကိစ္စများရှိတတ်ပါသည်။ လူမှုရေးကိစ္စများ အတိုက်အခံများလျှင် သမ္ဗုဒ္ဓေဂါထာကို ပုတီးတစ်ပတ်ရအောင်စိပ်ပါ။ အောင်ဂါထာတွေ ရွတ်ပါ။ ၂၄-ပစ္စည်းကို အဓိဋ္ဌာန်ဖြင့် ရွတ်ပါ။ အောင်မြင်မှုရရှိပါလိမ့်မည်။ မနက်တိုင်း ငှက်ကလေးတွေလည်း အစာကျွေးပါ။ ကျန်းမာရေးအတွက် လိုအပ်ပါက 'ဗောဇ္ဈင်'သုတ်တော်၊ ပရိမိတ္တဇာလသုတ်တော်များ ရွတ်ဖတ်ပူဇော်ပါ။ ပညာရေးကံများကောင်းနေပါမည်။ လွန်စွာအိပ်ရေးပျက်မခံပါနှင့်။ ချစ်ရေးချစ်ရာကိစ္စများတွင် တစ်ဦးနှင့်တစ်ဦး စကားနိုင်မလုပါနှင့်။ အရေးတကြီးကိစ္စများ ဆောင်ရွက်ရန်ရှိတိုင်း ဗုန်ခိုးကြီးဘုရား တစ်ဆူဆူမှာရှိသည့် ရုပ်ပွားတော်တစ်ဆူဆူရှေ့တွင် ဖယောင်းတိုင် (၁၀) တိုင် ထွန်းညှိပူဇော်ပြီးမှ သွားပါ။ ထီထိုးမည်ဆိုပါက ကားနှင့် လှည့်ရောင်းသော ထီကားများတွင် (၆) ဂဏန်းများစွာပါအောင် ရွေးချယ်ကံစမ်းထားလိုက်ပါ။

ယတြာ ။ ။ ***ယခုလ ဘုရား (၉) ဆူပြည့်အောင် ဘုရားဖူးပါ။***



www.burmeseclassic.com

## ကြာသပတေးသားသမီးများ

အောင်မြင်မှုရရှိလိုသော စီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ပညာရေးကိစ္စများတွင် ကိုယ့်ကို အကောင်းဆုံးကူညီမည့်သူများမှာ အင်္ဂါနာမည်ရှင်၊ အင်္ဂါသားသမီးများ ဖြစ်ပါသည်။ (၂) ဂဏန်းရှောင်ပြီးအလုပ်လုပ်ပါ။ ကားမောင်းမကြမ်းအောင် ဂရုစိုက်ပါ။ အလုပ်ကိစ္စအတွက် စာမေးပွဲဖြေဆိုထားသူများ အလုပ်ရပါပြီ။ လခကိုတော့ မကြည့်ပါနှင့်။ အလုပ်ရဖို့ အရေးကြီးပါသည်။ အိမ်တွင်းရေး၊ အိမ်ထောင်ရေးများ အဆင်ပြေမည်။ အမွေကိစ္စ၊ မြေကိစ္စများ ဆောင်ရွက်ရန်ရှိပါက မလုပ်သေးဘဲ ဆိုင်းငံ့ထားပါ။ ငှက်ကလေးများကို မနက်တိုင်း အစာကျွေးပါ။ ညနေပိုင်းတွင်လည်း နေ့စဉ် မကျွေးနိုင်ရင်တောင် ရက်ခြားပြီး လမ်းခွေးလေးများကို အစာကျွေးပါ။ မနက်မိုးလင်း မျက်နှာသစ်ပြီးတာနှင့် ဘုရားရှင်ကို ဆွမ်း (၃)ပွဲကပ်လှူပူဇော်ပါ။ သရဏဂုံ -၃၀ကို ရွတ်ဖတ်ပူဇော်ပါ။ မေတ္တာသုတ်ကို နေ့စဉ် ဂြိုဟ်သက်အလိုက်ရွတ်ပြီး မေတ္တာပို့ပါ။ ကျန်းမာရေးကောင်းစေရန် လွန်ကဲစွာ အဆာမခံပါနှင့်။ ခါး၊ ခြေတွေနာအောင် မနေပါနှင့်။ ဆေးလှူပေးပါ။ ပညာရေးကံများ ကောင်းလာပါလိမ့်မည်။ ဖွဲ့မလျှော့ပါနှင့်။ အပျော်အပါးလျှော့ပါ။ ချစ်ရေးချစ်ရာကိစ္စများခဏခဏစကားများရတတ်ပါသည်။ အခြေအတင်ပြောပြီး ရန်ဖြစ်မနေဘဲ ငှက်ကလေးတွေ၊ ငါးကလေးတွေကို အစာကျွေးပေးပါ။ အပျော်အပါးကိစ္စ၊ လောင်းကစားကိစ္စ၊ ငွေကြေးကိစ္စ အထူးဆင်ခြင်ပါ။ ကျင့်ကြံအားထုတ်မှုများစွာဖြင့် ကောင်းကံတွေကိုဆောက်တည်ပါ။ ထီထိုးရန်အတွက် အင်္ဂါနံထီဆိုင်တွင် (၃၊ ၄၊ ၈၊ ၁) ဂဏန်းများပါအောင် ရွေးချယ်ကံစမ်းပါ။

**ယတြာ ။ ။ *လေထိထားသော ဝေဒနာရှင်များကို ဆေး၊ ငွေ၊ အာဟာရ လှူပါ။***

## သောကြာသားသမီးများ

အောင်မြင်လိုသော မည်သည့်ကိစ္စမဆို ကိုယ့်ကိုအကောင်းဆုံးကူညီအကြံပေးမည့်သူမှာ တနင်္ဂနွေနာမည်ရှင်၊ တနင်္ဂနွေသားသမီးများ ဖြစ်ပါသည်။ (၆) ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ သစ်ဟောင်း၊ နာရီဟောင်းများ မဝင်ပါစေနှင့်။ အလုပ်ရှာနေသူများ အောင်မြင်ပါပြီ။ လုပ်ငန်းခွင်အတွင်း ရာထူးတိုးဖြေထားသူများလည်း အောင်မြင်မည်။ အိမ်တွင်းရေး၊ အိမ်ထောင်ရေးများ စိတ်ချမ်းသာမှုရရှိမည်။ လူမှုရေးအတိုက်အခံများရှိနေပါက ၂၄-ပစ္စည်းကို နေ့စဉ် (၂၄) ခေါက် ရွတ်ပါ။ လာဘ်လာဘအတွက် ပန်းပေါင်းစုံ (၃) မျိုး ဘုရားပူဇော်ထားပြီး မဟာဝေဒဗ္ဗမန္တန်တော်ကို နေ့စဉ် (၂၇) ခေါက် ရွတ်ပါ။ ကျန်းမာရေးကောင်းနေစေရန် ခန္ဓာကိုယ်အောက်ပိုင်းမကောင်းသောဝေဒနာရှင်များကို တွေ့ကြုံတိုင်း ဆေး၊ အာဟာရ ငွေလိုရာကို လှူပေးပါ။ ကိုယ်ဝန်ဆောင်မိခင်လောင်း၊ ကလေးမီးဖွားတော့မယ့် မိခင်လောင်းတွေနှင့်ဆုံလျှင် လိုအပ်တဲ့ ဆေး ခွန်အားဖြစ်စေတဲ့ အာဟာရလှူပေးပါ။ ပညာရေးကံတွေကောင်းနေပါသည်။ အောင်မြင်မှုရရှိပါလိမ့်မည်။ ချစ်သူများအဖို့ ပျော်ရွှင်ဖွယ်နေ့ရက်များရောက်ရှိလာပါမည်။ သီလပျက်စေသော လောင်းကစား၊ အပျော်အပါးများရှောင်လေ စီးပွားဖြစ်လေကာလ ဖြစ်ပါသည်။ မရှောင်နိုင်ပါက ရစရာရှိတာမရ၊ ပေးစရာရှိတာ မပေးနိုင်တဲ့ ငွေမှုငွေပြဿနာများဖြစ်လာနိုင်ပါသည်။ ထီထိုးလိုပါက တနင်္ဂနွေနံထီဆိုင်တွင် (၁၊ ၂၊ ၉၊ ၃) ဂဏန်းများ ရွေးချယ်ပါ။

**ယတြာ ။ ။ *မျက်မမြင်ပုဂ္ဂိုလ်များကို ငွေ၊ အာဟာရများစွာ လှူပေးပါ။***

## စနေသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး မည်သည့်ကိစ္စမဆို ကိုယ့်ကိုအကောင်းဆုံးအကြံပေး၊ ကူညီမည့်သူများမှာ အင်္ဂါနာမည်ရှင်၊ အင်္ဂါသားသမီးများ ဖြစ်သည်။ (၈) ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ ဝင်ငွေနှင့်ထွက်ငွေမမျှဖြစ်နေတတ်ပါသည်။ လာဘ်လာဘအတွက်ဖြစ်ဖြစ်၊ ရန်အတိုက်အခံအတွက်ဖြစ်ဖြစ် သရဏဂုံ -၃၀ ကို အဓိဋ္ဌာန်ပုတီးများစိပ်ပါ။ စနေနံပစ္စည်းအဟောင်းမဝင်ပါစေနှင့်။ ထီးစုတ်၊ ဖိနပ်စုတ်များ ရှာဖွေရှင်းလင်းစွန့်ထုတ်ပစ်ပါ။ ကားမောင်းမကြမ်းပါနှင့်။ ငွေကြေးကိစ္စများ ကိုင်တွယ်တာဝန်ယူရပါက စာရင်းဇယားများ တိတိကျကျ ပြုလုပ်ပါ။ ငွေအမြဲလိုလိုလိုနေတတ်သော်လည်း လောဘမကြီးပါနှင့်။ အကြွေးတင်တတ်ပါသည်။ ကိုယ့်ပတ်ဝန်းကျင်မှာ ကိုယ်ဝန်ဆောင်ရှိနေတတ်ပါသည်။ လိုအပ်မည်ထင်တာ လှူပေးပါ။ ပညာရေးကံများကောင်းနေသော်လည်း တစ်ခါတစ်ခါ ပေါ့နေတတ်ပါသည်။ သတိထားပြီး ကြိုးစားလိုက်ပါ။ အောင်မြင်ပါလိမ့်မည်။ ငယ်ရွယ်သူတို့၏ နှလုံးသားရေးရာကိစ္စများ တစ်ဦးနှင့်တစ်ဦး မခံချင်အောင်မပြောပါနှင့်။ အပျက်အပျက်နှင့်ဝေးသွားတတ်ပါသည်။ ရေသတ္တဝါလေးများကို အစာကျွေးပါ။ လွန်စွာအအေးမခံပါနှင့်။ လွန်စွာ အိပ်ရေးပျက်မခံပါနှင့်။ ကျန်းမာရေးကောင်းနေပါလိမ့်မည်။ အမွေကိစ္စ၊ မြေကိစ္စများအတွက် စိတ်အခန့်မသင့်စရာ ကြုံရတတ်ပါသည်။ အချိန်ယူစဉ်းစားဆောင်ရွက်ပါ။ ထီထိုးမည်ဆိုပါက အင်္ဂါနံထီဆိုင်တွင် (၆) ဂဏန်းများစွာပါအောင် ရွေးချယ်ကံစမ်းထားလိုက်ပါ။

**ယတြာ ။ ။ *ခရီးသွားမည့် သံဃာတော်အရှင်သူမြတ်တစ်ပါးပါးကို ဝတ္ထုငွေ ရိုသေစွာ လှူပါ။***

ရ င်. ကို ဗေ ဒ ါ း မြ ေ စ သ ၁ း

**ဆရာဦးမောင်မောင်သန်း**

အမှတ် (၇၅၂)၊ ကုန်းဘောင်(၁၀)လမ်း၊(ဗ)ရပ်ကွက်
တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့



www.burmeseclassic.com